
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

26 AUG 2013

BURMESE CLASSIC .com

# သရဏ

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၁၀)
၂၀၁၃ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com











## ဘာသာရေးဆောင်းပါးများ


၅ ဒုက္ခဘဏ် (ကဗျာ)
မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥယျာဉ်မွသာမိထေရ်)

၆ ပါရမီဘာဝကထာ ပါရမီဖြစ်စကား
မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥယျာဉ်မွသာမိထေရ်)

၁၄ မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း
မြဝင်း(ဒဿန)

၁၇ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီး၏
ဥယျာဉ်မံတောရ
ဝေစည်(ရွှေဘို)

၂၂ အဘယခေမာ ကုန်းသာယာမှ
မေတ္တာရှင် စောမွန်လှမင်းသမီး
တည်ထား သစ္စာဓိဋ္ဌာန် ရွှေစာရံဘုရား
ကံဝင်း

၂၅ ရန်လုံ၊ သက်ရှည်၊ အောင်ဂါထာ
နတ်မောက်မင်းသန့်နိုင်

၂၇ ရွှေကံကူလေပုံသစ်တော်ရပ်ရှင်တော်
မြတ်၏ဓာတ်ပုံတော်များနှင့်
ထူးခြားသောဦးပဥ္စင်းလေး
ဘိုဘို(ရွှေကံကူ)

၃၂ ကရင်ပြည်နယ် ဘားအံမြို့မှ
ဆံတော်ရှင် ကြောင့်ကမ်လာဘ်(ခေါ်)
ကျောက်ကလပ်စေတီတော်
မြမဥ္ဇူဝေ(ကျုံမငေး)

၃၇ အံ့ဖွယ်ကိုးသောင်း မောက်စံကျောင်း
ဒေါက်တာဒေါ်နု(တောင်ကြီး)

၄၆ ပထမံဝိဇ္ဇာရေထွက်ရပ်ပေါက်လောကီ
ပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာ
တော်ကြီး
ပထမံဆရာဦးအေးရွှေ

၅၀ သဲအင်းဂူဆရာတော်ကြီးအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၅၅ မဟာဗောဓိတစ်ထောင် ဆရာတော်
ဘုရားကြီး၏ ခယောင်းလမ်းမှသည်
သုဓောယျ

၅၉ ကလေးနယ်က
ရှေးဟောင်းရာဇဝင်ဂြိုဟ်သို့
ကလေး-ဝင်းသု

၆၉ သာသနာ့ဝေစည် ကယားပြည်နယ်မှ
သီရိမင်္ဂလာတောင်ကွဲစေတီတော်စု
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

၇၉ ဥပုသ်
ချောင်းဆုံအုန်းသွင်

၈၂ တရားအားထုတ်သူတစ်ယောက်
အကြောင်း (၁)
ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)

၈၇ ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၉၁ မြွေမယ်တော်ကြီးသာသနာပြုရာ
စံကားဝါမြေ
အောင်သာကျော်

၉၅ ယဉ်ကျေးမှုအခြေခံ
ဝိဇ္ဇာရပ်တုက သက်သေခံ
စောထွီးသျှင်(မြောက်ဦး)

၉၉ ဒါနနှင့်စပ် သိမှတ်ဖွယ်ရာ
အသျှင်ဝါသဝ(ပဥ္စနိကာယ်)

၁၀၃ တန်ခိုးစွမ်းအင်
ဓာတ်တန်းတင်ဘုရားကြီး
မဟာနွယ်(မန်းတက္ကသိုလ်)

၁၀၇ ပူဇော်စီးဖြန်း မြတ်ပဋ္ဌာန်း
အရှင်နိမ္မလ(ချမ်းအေးတိုက်ခွဲ-၄)
မော်ဘီ

၁၁၀ ထူးခြားဆန်းကြယ်သော
ဗုဒ္ဓ၏တန်ခိုးတော်နှင့်
ကျွန်တော်၏ကိုယ်တွေ့
တက္ကသိုလ်ဝင်းမြင့်

၁၁၃ မျက်နှာသစ်ဂါထာ
ထင်ရှားအောင်

၁၁၄ လောကုတ္တရာရတနာများ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၁၅ ပါရမီရှင်နှင့်
စာရေးဆရာကြီးဦးသုခရုပ်တု
မုဒိတာ(ကျိုက်လတ်)

၁၂၉ ဖွားဖက်တော်ဒုက္ခများ
ချောင်းဆုံအုန်းသွင်

၁၈၄ ကံဇာတ်ဆရာစီမံရာ
အရှင်ဥတ္တရသာရ
(စာဆိုရှင်ဆရာတော်-ညောင်ဦး)

၁၈၈ လက်တွေ့ကြုံမှ ပို၍သိ
အန္တရာယ်ကင်းပါဠိ
ကောင်းစံသာ(မင်းတုန်း)

၂၉၉ မဟာဗောဓိပင်နှင့် သတ္တဌာန
တည်နေရာ အကွာအဝေးများ
ဉာဏ်မြင့်

၃၃၉ စိတ်ကိုအရောင်မဆိုးကြပါနဲ့
ဦးကောဝိဒ(မြိတ်)


## သုတရသဆောင်းပါး


၁၇၅ ရဲဘော်မသေ
လှမိုး(ပညာရေး)

၁၇၉ ၅၂၈ နှင့် ၁၅၀၀
ချောင်းဆုံအုန်းသွင်

၁၈၆ သက်ရှည်ကျန်းမာ
ရောဂါကင်းဝေးနေနိုင်ရေး
စောငဝါ(ပျဉ်းမနား)

၂၀၉ ကမ္ဘာ့လူ့ဂိုဏ်ဝှက်ဆန်းကြယ်
မှတ်တမ်း(၄)
သက်လုံ

၂၂၅ ဆေးနည်းတို(ဆေးမြီးတို)သုံးစွဲလျှင်
သတိယှဉ်
ဦးမင်းဖေ(ရွှေနဝင်း)

၂၃၆ ရွှေဥမင်ဆရာတော်၏စေတီတည်နည်း
မိုးကုတ်ကျော်ကျော်စိုး

၂၃၉ ကျွဲ-နွားအပူအပုပ်ကင်း
ကျန်းမာခြင်းဖြစ်စေရန်
နတ်မောက်မင်းသန့်နိုင်

၂၅၂ ကောက်စိုက်သမတို့အတွက်
နေပြည်တော်ကျော်ကျော်စိုး


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ဂျွန်ယက်တော
**အောင်သန်းချစ်**
စာရေးဆရာနှင့်မှတ်ဉာဏ် (၂)
**မေတ္တာရှင်(ရွှေပြည်သာ)**
ကျောက်ကပ်ကို
ဝရုတစိုက်ပြုစုစောင့်ရှောက်ခြင်း
**ဖွှမ်းထက်နောင်**
မာယာရှင်ကျွန်းစုများ
**လှမ်းထက်**
ခါတ်လုံးပေါက်၍ အလုံရောက်သော
ဆရာတော်အကြောင်း
**အဏ္ဏဝါလှိုင်း**
မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့
**မောင်သန်းဆွေ(ထားဝယ်)**
မြသလွန်ဘုရားကြီး၏
မေတ္တာရိပ်ကြောင့် အသက်ဘေးက
လွတ်မြောက်သွားသော နွားကလေး
**မကွေးလှမြင့်**


## သုရဿဝတ္ထုတို


ကျည်ရောင်တဲ့ ကြည်မောင်နှင့်
ဆူးပန်းတောင်အစွမ်း
**ချောင်းမြ-မြင့်လှိုင်**
လောက်စာလုံး၏အစွမ်း
**ရွှေပြည်စိုး(မိုးကုတ်)**
အရိုးလေးတစ်ချောင်း
**သထုံငယ်ငယ်**
အဖေ ဆိုတာ ဖခင်ပါပဲ
**စိုးခ၀**
ကားသမားလူမုန်းနှင့်ချိုးအမြူတေ
**မောင်မောင်တိုးမြင့်(မုံရွာ)**
ကိုယ်ပိုင်ရိတ်သိမ်းခွင့်မရသော
အလွမ်းလယ်ကွင်းများဆီသို့
တစ်ကျော့ပြန်တမ်းတမှုများ
**မောင်သင်းထုံ(ကျောက်မဲ)**
လားရာဂတိနိမိတ်ပေလား
**မျိုးသစ်**
သပိတ်ကျင်းနယ်မှ
ငါးဖြူတောင်ဘိုးဘိုးကြီး
**သန့်ဇင်**
စေတနာအဆောင်ကောင်း
**ပန်းမြိုင်လယ်-စိန်ဝင်း**
ဂဂ အရေးအခင်းနှင့်ရေနံမြေ
**နွေဦးမွှန်(ရေနံချောင်း)**
ကြက်ခြေခတ်ခရီးသည်
**ဌေးပုလဲ**
ငိုညာဉ်ကလဲ့စား
**မြတ်သရဖူ(အထက်မင်းလှ)**
အပူနှောင့်ဗျာပွေဖန်လေသူ
**မြနန်းရှင်**






၂၃၀ ကလဲ့စား
**ထောင်မှူးကြီးသိန်းဝင်း**
၂၆၆ မထူးဆန်းခြင်းမှထူးဆန်းခြင်း
**ပြည်သိန်းကျော်**
၂၇၈ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
**ပီတာမြဦး**
၃၀၈ ချစ်သက်သေတည် လွမ်းစေတီမှာ
**ဓာတ်ပုံ-မောင်မောင်အေး**
၃၂၂ ဝင့်ကြွေးများကိုပေးဆပ်နေကြခြင်း
**စောမိသွင်(ရန်ကုန်)**
၃၂၈ ပြုလုပ်ခဲ့သောကံတို့၏လားရာ
**ငွေသော်တာလင်း(ညောင်လေးပင်)**
၃၄၂ ငါးရွေးလိုက် ဘသိုက်
**ရီရီဌေး**
၃၄၇ အဘကိုးမြို့ရှင်နတ်မောင်နှမနှင့်
ကိုယ်တွေ့
**တက္ကသိုလ်ဝင်းမြင့်**
၃၆၂ မုဆိုးတစ်ဦး၏ဒိုင်ယာရီ
**ခင်မောင်အေး(မန္တလေး)**
၃၇၈ မိစ္ဆာမတို့အိမ်က
ပြန်လာသူနှစ်ယောက်(၁)
**ဝေယံလင်းခေါ်**
၃၈၆ ဦးညိုမောင်ကိုတွေ့လျှင်ပြောကြပါ
**ဦးထွန်းဝင်း(ဗိဇ္ဇာဓရနယဆေးပညာ)**
၃၉၀ စစ်မှန်သောပုဂ္ဂိုလ်
**စိုးထွန်း(ဉပဒေ)**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၁၅၈ နားချမ်းသာ
**အောင်ကျော်**
၂၉၀ ဉာလမ်းခရီးလွမ်းမပြီးနိုင်
**ဖိုးကျော့**


## သုရဿတိုင်းရင်းဆေး




၁၆ ကြွက်နို့ဗိဇ္ဇပျောက်ဆေးနည်း
**နေဝင်းဝင်း(လွန်ဆေး)**
၂၁ ရေယုန်အတွက်နည်းမခက်
**မိုးစက်အဏ္ဏဝါ(ရောဝတီ)**


၅၄ ဝဲနှင်းခူရောဂါအတွက် ဆေးတစ်လက်
**မိုးစက်အဏ္ဏဝါ(ရောဝတီ)**
၆၈ စပါးကြီးသည်းခြေ တာရှည်ခံအောင်
ပျားရည်နှင့်ပေါင်းစပ်သုံးစွဲနည်း
**မျိုးတင့်(ညောင်လေးပင်)**
၁၁၂ ဆီးကျောက်တည်ပျောက်ဆေး
**ကောင်းထက်(ချောင်းနက်)**
၁၁၈ ဖျဉ်းစွဲရောဂါ ဆေးနည်းတစ်ဖြာ
**နေဝင်းဝင်း(လွန်ဆေး)**
၁၁၉ အစွမ်းထက်သော သမားငိုဂမုန်း
**ဇာတိဂုဏ်-မျိုးမြင့်အောင်**
၁၉၅ ပြာကိုလက်တွေ့အသုံးချကြရအောင်
**သန္ဓါ(ဉပဒေ)**
၂၂၃ ဆင်တုံးမနွယ် ဆေးစွမ်းကြွယ်
**တင်နိုင်ဝင်း(ထမင်းဈေးမြို့)**
၂၆၅ ဆီလေးဆီနှင့်လေချုပ်ဝေဒနာ
**နေပြည်တော်ကျော်ကျော်စိုး**
၂၇၁ ကင်းဂမုန်း၏လက်တွေ့ဆေးအသုံး
**ငွေလင်းရောင်(နတ်မောက်)**
၃၀၅ ခရေပန်းနှင့်ချွေးမိတ်
**နေပြည်တော်ကျော်ကျော်စိုး**
၃၂၀ နွားကြွက်နို့ပျောက်ဆေး
**ကောင်းထက်(ချောင်းနက်)**
၃၄၁ ကြွက်နို့သတ်နည်း
**ဉာဏ်မြင့်**
၃၆၆ နူးနာ၊ ခါးနာ၊
ထုံနာ၊ ကျဉ်နာပျောက်တဲ့ဆေး
**စနေထွန်း(မြစ်သား)**
၃၇၂ အဆိပ်နိုင် ကချင်မရှော့ဆေး
**အောင်ဘုန်းမြင့်(ကချင်ခြေ)**


www.burmeseclassic.com

www.burmeseclassic.com


## သုရဇ္ဇ ပညာရပ်


၁၂၇ ဘေးရန်ကင်းကွာ
လာဘ်များစွာဝင်လာစေသော
အနန္တသုခ မဟာသိဒ္ဓိအင်း
**သုရဇ္ဇ(နဝင်းမြို့)**

၁၃၈ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဗျူဟာ (၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၁၅၁ လုပ်ငန်းခွင်နှင့်စိတ်စွမ်းအင်
**မောင်ကျော်တိုင်**

၁၅၃ ဂန္ဓာရီဝိဇ္ဇာမယပညာနှင့်
သုကိတ္တိမာဂါထာ
**တြိရတနာ-ဆရာဇေယျာလင်း**

၁၆၈ အင်းကောင်းတစ်ကွက်နှင့်
စကြာအသွားများ(၃)
**ဆရာစော-အင်းတစ်ထောင်**

၂၀၅ သံဃာ့ဂုဏ်ဖော်
သုဝဏ္ဏာဘုမ္မိဂါထာတော်နှင့်
ဝိဇ္ဇာမယပညာ
**တြိရတနာ-ဆရာဇေယျာလင်း**

၂၄၀ ကမ္ဘာကျော်စိတ်စွမ်းအင်စုံထောက်ကြီး
ကရာဇက်၏ မှုခင်းညီနောင်အမှု
**မနောသုတေသီ**

၂၄၂ အနီးဆုံးပညာစကားများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၇၃ ခြသေ့်ဂမ္ဘီရ
**ဖုန်းရှီအောင်**

၂၈၆ (၇)ရက်သားသမီးများအတွက်
ကြောက်စရာအကောင်းဆုံးဘုမ္မိကြီး
**ဒေါ်ခင်စံသူ(B.Sc)**

၃၁၆ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၂၅ ကျွန်ုပ်နှင့်နဝင်းဆယ့်တစ်ပါးအင်း
**ဘုန်းခေါင်**

၃၃၆ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**

၃၅၁ အနောက်တိုင်းအင်္ဂရတ်ကျမ်းတို့၏
သဘောသဘာဝ
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၃၆၁ စီးပွားမှာကြီးပွားချမ်းသာကြပါစေ
**မုဒိတာ(ကျိုက်လတ်)**

၃၆၈ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာဒလမင်းခေါင်**


## သုရဇ္ဇလက်တွေ့အသုံးချ


၃၅ လေးသုံး ငါးနှစ် ခွန်နှင့်ရှစ်
**ဇာတိဂုဏ်-မျိုးမြင့်အောင်**

၁၃၃ အသီးထွား၊ အလုံးများစေသော
ဘူးပင်ဖြစ်ရန်
**နတ်မောက်မင်းသန့်နိုင်**

၁၇၄ ရန်အပေါင်းကို
ပျောက်ကင်းစေနိုင်သည့်ရန်ပြုအင်း
**နေဝန်းသစ်**

၂၁၉ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၃၁ မကောင်းမိစ္ဆာရှောင်ခွာပြေးဖို့
**မြတ်သီတာနိုင်(ထနောင်းကုန်း)**

၃၈၄ ခုနစ်နေ့သားသမီးအတွက်
အပွင့်အလန်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၃၉၃ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**

၃၉၅ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၈ နိုင်ငံခြားရောက်နေသူများ
ဆောင်ရန်၊ ရှောင်ရန်
သုရဇ္ဇလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၃ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဇ္ဇစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမ့်မွန်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀

**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂါနီဒီ၊ မီလျံနာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ချိဈေး ( ၂၅၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# ဒုက္ခဘဏ်

ကံစက်လည်ရာ ဤခန္ဓာကား
လေးဖြာခပ်ဖက် ဓာတ်အသက်ကို
ပျက်တိုင်းပင်ပြင် လေးဘက်သင်ဖြင့်
ဆာလျှင်အစာ နာသော်ဆေးကု
ပူ ရေ လေ ဖျန်း ချမ်း နွေးအောင်ပြု
ထိန်းကျောင်းမှုများ
ပြု-စုမကုန် နည်းမျိုးစုံခဲ့
အာရုံအတိုက် သူ့အကြိုက်ဖြင့်
တိုက်ကွက်သောင်းပြောင်း
လိုက်ပွဲဆောင်းရ တောင်းပေးရသေး။
ညောင်းကတစ်ဖန်
ဘယ်ပြန်ညာကပ် ပြောင်းလည်ပတ်မှ
ရပ်၊ သွား၊ ထိုင်၊ လျောင်း ပုတ်လေးကြောင်းထိ
ပြောင်းလှည့်ပေးရ ကံကြွေးချခဲ့
လေးဝဓာတ်စာ ထိုခန္ဓာကား
သင်္ခါလေးခွင် ဘယ်သို့ပြင်လည်း
ပြင်ရင်းကပျက် ပြုရင်းဖျက်သည်
သက်သက်ဒုက္ခစုပါတကား။

ကံတက်ချီရာ မှီရန်လာကား
သကာဥပ သိကာမဖြင့်
များစွ ဒကာ ဒါယိကာပင်
ငါသို့အားထား ထိုသူများလည်း
လေးပါးဓာတ်စာ လေးဖြာသင်္ခ ကံစက်ဝတွင်
ဆယ်ဝကိလေ ဆယ်တွေသံယောဇဉ်
ဆယ်ခွင်ဒုစရိုက် အမှုလိုက်တို့
ထုရိုက်မောင်းမဲ ခံရဆဲသာ
ခေါင်းဆွဲအဝိဇ္ဇာ တဏှာမာန ပပဥ္စကြောင့်
မယားအဆွယ် လင်အဆွယ်မှ
ခင်တွယ်သားမီး ပစ္စည်းအာရုံ
ကာမဂုဏ်တိုင် သူ့ဘုံဆိုင်များ
ကိုင်ပေးထားရ ထိန်းပေးရသေး
ဇရာအိုဘေး ဗျာဓိဘေးနှင့်
သေဘေးကဆွဲ လူ့ရွေးပွဲထဲ
ရှင်ကွဲ သေကွဲ တိုင်ခြေလွဲချိန်
ဝမ်းနည်းပူဆွေး ငိုကြွေးရိုက်ငင် ခွဲပွဲဆင်ဖြင့်
အော်-အင်ကြရ ညည်းတွားရ၏။
လေးဝဖိုလ်ပါ ထိုသူငါလည်း
သင်္ခါလေးခွင် ဘယ်သို့ပြင်စေ
ပြင်ရင်းကပျက် ပြုရင်းဖျက်သည်
သက်သက်ဒုက္ခစုပါတကား။

ကံပျက်ဆည်ရာ ပြည်ဘဏ္ဍာကား
လေးဖြာဆေးဆွမ်း ကျောင်းသင်္ကန်းပင်
ရဟန်းမှီခိုး ဤလေးမျိုးလည်း
ရေခိုးမြေခိုးဥတုခိုးနှင့်
ဓာတ်ခိုးလေးချက် အတွင်းဖျက်ကြောင့်
ဝင်းလက်တောက်ရှင် ဝါဝါလွင်နှင့်
စွမ်းအင်ထက်စွာ ကံရိက္ခာများ
ထိန်ရာမှမှိန် နိသင်တိမ်ခဲ့…။
နေရှိန်ကညှင်း လေကညှင်းနှင့်
မြေဆင်းခြံ၊ကြွက် ပိုးပုရွက်တို့
ထိုးနှက်ကိုက်ဝါး အတိုက်များကြောင့်
ဆောက်ထားအလုံး သင်္ကန်းသုံးတို့
ပြုန်းစားပင်ပြို မဖြိုအိုရ ဆွေးရိုရသေး…။
ခန္ဓာ့ဝမ်းရေး ဆွမ်းကွမ်းဆေးလည်း
အေးခင်းပူခင်း အခိုးကင်းများ
အတင်းလုယက် အတင်းဖျက်ကြောင့်
ယွင်းပျက်ပုပ်သိုး အခြေဆိုးလိမ့်
မှီခိုးလေးဖြာ ထိုရိက္ခာလည်း
သင်္ခါလေးခွင် ဘယ်သို့ပြင်စေ
ပြင်ရင်းကပျက် ပြုရင်းဖျက်သည်
သက်သက်ဒုက္ခစုပါတကား။

ကျေးဇူးတော်ရှင်မဟာစောဒီဂျိုင်းဆရာတော်ဘုရားကြီး

*(၁၃၆၃ ခုနှစ်၊ ဝါခိုလပြည့်နေ့
အသက် ၆၀ ပြည့်မှတ်တမ်း)*

www.burmeseclassic.com

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဥဒေယျမှုဓမ္မသာမိထေရ်)

# ပါရမီဘာဝကထာ ပါရမီဖြစ်စကား



## ဘုန်းရှင်ကံရှင်များ၏တက်လမ်း

**ဓမ္မေသက. . .**

ဤပါရမီတက်နည်းသည်ကား-

တဏှာ လက်ရိပ်ပြ မခံရသဖြင့် သဒ္ဓါချည်း စိတ်ချလက်ချ တက်နည်း ပင် ဖြစ်၏။

ဤတက်လမ်းကို. . .

နောက်နောက် ဖြည့်ကျင့်ခဲ့ဖူးရာမှ ပေါက်ရောက်ခဲ့ကြသည့် ပါရမီရွက်ခွလေးများကြောင့် ဘုန်းနှင့်သမ္ဘာ ကပ်လျက်ပါနေသူများ တက်နိုင်ကြ၏။

တစ်ဖန်-

ဓာတ်ကြမ်းအားပေးသော ဓာတ်သွေးများ မလိုက်သဖြင့် စရိုက်နုညက်ပညာရည် အဆီတက်နေသူများလည်း တက်နိုင်ခွင့်ရကြ၏။ ထိုစဉ်-

တစ်ဦးက နောက်ခံအရှိန်ဖြင့် ကူမြန်ရနေခြင်းကြောင့် ဖြစ်၏။

တစ်ဦးက သွေးစိမ်းဇတ်၊ လေစိမ်းဇတ် မဟုတ်၍ မာရ်တပ်များမကပ်နိုင်ခြင်းကြောင့် ဖြစ်၏။

ဤ သဒ္ဓါအရင်းခံ ပါရမီသို့ ဆန်တက်လမ်းသည် ရွှေတိဂုံစေတီတော်ကြီးသို့ ဖူးမြော်လိုရာ၌ ဓာတ်လှေကားဖြင့် တက်ရောက်နေခြင်းပမာ ဆင်၏။

**ဓမ္မေသက. . .**

အတက်မှန်သမျှ အခက်ကားရှိမြဲ၊ အနည်းနှင့်အများသာ ကွာခြား၏။

အဆန်မှန်သမျှ အလှန်ကား ပေါ်မြဲ၊ အပြင်းနှင့်အပျော့သာ ကွာခြား၏။

သို့ကြောင့် သဒ္ဓါဖြူ အလံထူ တတ်သော ဤတက်နည်း၌လည်း-


မင်းပွဲစိုးပွဲသို့ ဖိတ်ကြားခံရသူ မင်းပွဲစိုးပွဲကြီး၏ တံခါးအဝ အထိန်းအစောင့်တို့ စစ်ဆေးသည်ကို ခံရသေး၏ ပမာ။

မိမိနောက် လိုက်ပါ ထိန်းကြပ်နေသူများကလည်း ပိန္နဲသီး မှည့်၊ မမှည့် လက်ဖြင့်ပုတ်၍ ကြည့်နည်းပမာသော



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

စမ်းသပ်နည်းဖြင့် ပါရမီခါတ် စမ်းသပ်ကြည့်ကြပါဦးမည်။

နယ်ခံ တောစိုးများကလည်း တောဝင်လာသော အိမ်ကြောင်ကို တောမွေးကြောင်က ချောင်၌ဆုံ၊ ဆုံသောနေရာ၌ပင် အနမ်းစုံဖြင့် စမ်းနေပုံပမာ တို့၊ စ,ကြည့်ကြပါဦးမည်။

သဒ္ဓါမဏ္ဍိုင်ခိုင်ခိုင်စိုက်ဖို့ကား အထူး၏ဘေး အထူးဝင်ပေးရသည်အထိ အရေးကြီးသည်။

ယင်းမှာ-

- ဘုရားရှင် ချီးမြှင့်ပေးထားသော ကျင့်နည်းအပေါ် အယုံကြီးနေဖို့လည်း ပါသည်။
- မိမိ၏စိတ်တန်ခိုး စိတ်သတ္တိများအပေါ် အယုံကြီးနေဖို့လည်း ပါသည်။
- သမ္မာနတ်တို့၏ အစွမ်းသတ္တိများအပေါ် အယုံကြီးနေဖို့လည်း ပါသည်။

သို့မှသာ စမ်းလိုရာစမ်း၊ ငါကားရဟန်း ဟူ၍ ဥဒါန်းကျူးခွင့် ရကြပါမည်။

သဒ္ဓါသည် ဆန္ဒ၊ ဝီရိယများသို့လည်း အင်အားမျှတပေးလေ့ ရှိသည်။

သဒ္ဓါသည် သမာဓိ၊ ပညာများသို့လည်း အင်အား ခွဲဝေပို့လေ့ ရှိသည်။

**ခမ္မေသက. . .**

သင့်၌ ထိုသဒ္ဓါသုံးခိုင်ကို ပန်းလည်တိုင်အဖြစ် စိုက်ထူထားပြီးပါက-

စိတ်မည်းတူ အဝတ်တန်းအဖြူအစားထိုး၍ လှန်းရန် ကြိုးစားပေရော့။

ပါရမီငြမ်းဆင့် သင့်စိတ်ကို မြင့်သထက် အမြင့်ဆီသို့ တည်ဆောက်ပေးဖို့ ကြိုးစားပေရော့။

**ခမ္မေသက. . .**

ပါရမီအဆင့်ဆင့်တို့ဖြင့် စိတ်ကို ထိုးလွင့်၍ အဆင့်ဆင့် တက်စေရာ၌ သင့်အား လေပြေစကားထိုး ငါတို့ ပြောကြားလိုသည်မှာ ဤငါတို့ဆိုသော တန်းစဉ်အတိုင်း သင် ပိုင်းတက်၊ ပိုင်းတက် အဆင့်တက်ရလိမ့်မည်မထင်။

ဘာ့ကြောင့်မေး-

- အာရုံတို့၏ အတို့ အမြိုက်ကလည်း ဒါပြီးမှဒါဖြင့် တန်းစီဝင်လာပါလိမ့်မည် မဟုတ်။
- ညဉ်စရိုက် ဓာတ်သွေးများကလည်း ဒါပြီးမှဒါ ထကြွမည်ဖြင့် ခွဲတမ်းချနေကြမည် မဟုတ်။
- မိမိရှိ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယများကလည်း စိတ်ကို ဒါပြီးမှဒါကျင့်ဖြင့် ဆင့်ဆိုကြလိမ့်မည် မဟုတ်။

သို့ကြောင့် ဤပါရမီဖြစ်စကားငါတို့ပြောကြားပေးနေခြင်းသည် သင့်အတွက် သုတဖြစ်ရုံသာ ရည်ညွှန်းသည်။

တောဝင်စခန်း တစ်ဖက်တို့၏အစမ်း၊ တစ်ဖက်တို့၏ အကြမ်းအရမ်း၊ တစ်ဖက်တို့၏ စိန်ခေါ် အားစမ်းပွဲများကလည်း. . .

တစ်ဦးနှင့်တစ်ဦး လာရာလမ်းချင်းက မတူကြသောကြောင့် လည်းကောင်း၊

ညဉ် ဝါသနာစရိုက် လာရာလမ်းချင်းက မတူကြသောကြောင့် လည်းကောင်း ဤအတိုင်းချည်း တွေ့ရပါစေ့မည်ဟု ငါတို့ဝန်မခံရဲ။

သို့ကြောင့်-

သင်သည် ဤပါရမီဖြစ်လမ်းကို လျှောက်လာ၍ ထိုပါရမီစခန်း တက်လှမ်းသောအခါ စစ်သင်တန်းဆင်း အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများသည်-

ရှေ့တန်းပြော တောစခန်း သောင်းကျန်းသူများနှင့် ရင်ဆိုင်ကာ အစွမ်းပြကြရာ၌ သင်တန်းပြဆရာ မှာစကားနားမှာသာထား၊ တစ်ဖက်၏အငွေ့ကိုသာ ပွဲတွေ့တစား၍ ကျင့်သုံးပေးရပါသည့်ပမာမျိုးဖြင့်သာ သင် ပွဲတိုးပါလေတော့ ခမ္မေသက။

**ခမ္မေသက. . .**

ဤ၌ကား သင့်အား ပါရမီဖြစ်စခန်း သုတပန်းတံ ပန်ပေးလိုသဖြင့် သမားရိုးကျအစဉ် ပါရမီဖြစ်အစီအရင်ဖြင့်သာ ငါတို့ ပြဆိုပါအံ့။

ပါရမီခန်း တန်းတိုးလိုသူသည်-

မိမိရှေ့ လက်တွေ့ပြနေသော ပါရမီရှင်ကြီးများအပေါ် အားကျနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

လောကကြား ပွဲကစားရာ၌ ဘဝအခံ ဒဏ်ပေါ် ဒဏ်မကျော်နိုင်သူများလည်း ဖြစ်နိုင်သည်။

အချိန်နှင့် သာသနာက နှိုးဆွ၊ ပါရမီသွေး နိုးထလာသူများလည်း ဖြစ်နိုင်သည်။

ဤသူများ ပါရမီခန်း လှမ်းဝင်လာကြသည်။

ထိုစဉ်. . .

ဒါနနှင့် သီလတို့သည် ဗုဒ္ဓဝါဒီများအတွက် ရှေးဦးလက်သင်ပင် ဖြစ်နေချေရာ-

ဒါနဖြင့် ကောင်းကံဆယ်မည်ကြဲ၊ သီလဖြင့် ဆိုးကံလှန်ပစ်ထားကြမြဲ။

တစ်ဖန်-

သီလက ဆိုးကံကို ဘေးအဖယ်၊ ဒါနက ကောင်းကံကို ပြေးဆယ်ယူထားမြဲ။

**ခမ္မေသက. . .**

ဤ ဒါနနှင့် သီလတို့သည် ပါရမီအခြေ၏ ခြေခံများလည်း ဖြစ်ကြ၏။ သွားလိုရာခရီး ဘယ်၊ ညာ နှစ်ဖက်စီး ဖိနပ်တစ်ရန်နှင့်လည်း တူပါ၏။

ထိုစဉ်-

သီလက နတ် (လူ) ဘဝကို အရယူ၊ ဒါနက ထိုဘဝ ဘောဂဗလပိုင်ရှင်အဖြစ် အလံထူပေးသည်။ သို့ကြောင့် သီလဖြင့် စိတ်ချမ်းသာမှုကို ထူထောင်ပြီး၊ ဒါနဖြင့် ကိုယ်ချမ်းသာမှုကို ထူထောင်ကြရမြဲ။

**ခမ္မေသက. . .**

သင်သည်လည်း သင့်စိတ်ကို ထိုနှစ်ခုဖြင့် ရှေးဦးသူနာပြု လုပ်ဦးလော့။

**ခမ္မေသက. . .**

လောကဝယ်-

ရဟန်းဘောင်က ကျောင်းထောင်ကျ၊

လူဖြစ်ချိန် အိမ်ထောင်ကျ။

ဤထောင်ကျ နှစ်မျိုးဒဏ် ခံကြရစမြဲ။ သို့တစေလည်း ရဟန်းထောင်ကျကား စာမဖွဲ့လောက်။

သင်သည် အိမ်မျှောင်ဘဝဖြင့် အိမ်ထောင်ကျ ဆိုပါတော့။

ထိုသည့်သင်-

မယားထား၊ မယားစားဖို့ ဘို့တစ်လုံးကျော့တင် ရှန်းဖို့ကြိုးစားရတော့ရာ တောနေ တောစီးပွား၊ မြို့နေ မြို့စီးပွား ကံအားထားအလိုက် အပင်စိုက်ပြရလိမ့်။

သို့ဖြင့်ပင်-

အိမ်ထောင် တစ်နှစ်စီး သားတစ်ဆစ်သီးများဖြင့် ဆစ်သီးပွားလည်း များလာခဲ့ပြီ။

မယားဒဏ်၊ သားဒဏ်များမှ စီးဆင်းလာသော လောကဓံ ဒဏ်ခံများကလည်း မနည်းလှ။

သမီးအားပြိုင်၊ သားအားပြိုင် ဖြိုင်ဖြိုင်ထွားမှ ထိုင်စားမည်အကြံကလည်း တယ်မဟန်။


ထိုအခါ-

အားမှားကိုး၊ အားကိုးမှားပေါ့ဖြင့် မာန်ဝင်စိတ်သော့များ လျှော့ကျလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ရာ. . .

သားသမီးကံမကူ၊ ဒါနဖြင့်ခံ၍ ကိုယ့်ကံကိုယ် အဖြူလုပ်ထားမည်။

စီးပွားရေး နာလန်မထူ၊ ဒါနဖြင့်ခံ၍ ကိုယ့်ကံကိုယ် အဖြူလုပ်ထားမည်။

**ဓမ္မေသက. . .**

သင်သည် အနာပြလာသော ကိုယ့်ဘဝ ဖဲရှုံး ကုန်းမွေ့ သဘာဝအတိုင်း ငါ ရဖို့မှ စွန့်လွှတ်ဖို့ဘက် အထွက်ပြလိုက်သည်။

ယင်းကား-

စွန့်လွှတ်ခြင်း ပရိက (ရွှေပြေးစီမံထားသောကံ) ဖြင့် ဒါနပွဲခံလိုက်ခြင်းပင်။

မိမိလက်ရှိ အားကိုးလိုက်၍ ယုတ်-လတ်-မြတ် လက်မီရာဖြင့် အပင်စိုက်ခြင်းပင်။

ထိုစဉ်-

(က) ပစ္စည်းကလည်း စင်စင်ကြယ်ကြယ်၊

(ခ) အလှူခံများကလည်း သီလခြယ်ပုဂ္ဂိုလ်၊

(ဂ) မိမိကိုယ်တိုင်ကလည်း သီလ၊ သရဏဂုံ ဝတ်စုံအပြည့်။

သည်သို့သော ပွဲမျိုးအဖြစ် ပွဲထိုးလိုသော သဒ္ဓါ၊ ဆန္ဒအားများက အတွေးဆန် ဉာဏ်ဖြင့်စီမံကြတော့ရာ. . .

အလှူနေ့ကား ဥပုသ်သီတင်းနေ့များ။

အလှူခံရဟန်းက သီလယူချိန် ဆွမ်းခံလမ်း၌ ဖူးတွေ့ခွင့်ရ ရဟန်း။

အလှူခံပရိသတ်က ဥပုသ်တော် သီလဆောက်တည်ကြမည့်သူများ။

မိမိကိုယ်တိုင်ကလည်း ဥပုသ်တော်သီလ ဆောက်တည်ခွင့်ရအချိန်။

ထိုအခါ-

အလုပ်နားချိန်ကာလ သည်နည်းဖြင့် စွန့်လွှတ်ခြင်းဒါန အင်အားပြလိုက်ပြီ။

အလုပ်ပိတ်ရက်ကာလ သည်နည်းဖြင့် တစ်ပွဲပြီးတစ်ပွဲ ဒါနပွဲ နွှဲပြနေပြီ။

ထိုစဉ်-

ဒါနပွဲကျင်းကာလ တစ်ဝါတွင်းပင် ကြာခွင့်မရ။

မိမိလုပ်မြဲစီးပွားရေးအလုပ်ကား လှုပ်လှုပ်တက်နည်းဖြင့် အရောင်းသွက်လာနေပြီ။

မိမိလုပ်မြဲ ရုံးအလုပ်ကား လှုပ်လှုပ်တက်နည်းဖြင့် ရာထူးတက်လာနေပြီ။

ထိုအခါ သင့်မှာ သဒ္ဓါတစ်ဆင့်တိုး တစ်မိုးရွာတော့သည်။

ကြည့်စမ်း. . .

ဒါနကတောင် သည်လောက် အစွမ်းထက်၊ သီလဆို ဘယ်အထိ ထက်မလဲမသိ။

အငှားသီလကတောင် သည်လောက် အင်အားပြ၊ ကိုယ်ပိုင်ဆို ဘယ်လောက်အစွမ်းပြမလဲ မသိ။

**ဓမ္မေသက. . .**

သင့်ထံမှောက် ရောက်လာသော ဤသဒ္ဓါမိုးက ရေရ မြက်တင် မဟုတ်သော်မှ နွေပိုးထိုး အဖျက်ကိုကား ခါထွက်ပစ်နိုင်စွမ်းရှိ၏။ အညံ့စားမဟုတ်။

ဤ သမ္မာဝိတက်ကြောင့် မိစ္ဆာဝိတက် ဘယ်လောက်ထိ ချက်နာမည်ကို စဉ်းစားကြည့်လေ။

ဤ သမ္မာဝိတက်ကြောင့် ဈာန်သွားကွက် ဘယ်လောက်သွက်လာမည်ကိုလည်း စဉ်းစားကြည့်လေ။

**ဓမ္မေသက. . .**

အတွေးသည် 'သွေး' ကိုလည်း အရေးဆို၏။ 'အတေး' ကိုလည်း တွေးကြို၏အတိုင်း အတွေးသည် ကံမြောက်နှုတ်ထောက်ချ ဖြစ်မည့်အရာ၊ ထိုနှုတ်မနေသာပြီ။ ကိုယ်ထွက်မှဖြစ်မည့်အရာ ထိုကိုယ်လည်း ဝင်ပါရချေပြီ။

ထိုအခါ-

ဒါနကိုလည်း မြင့်တင်တင်၊ သီလလည်း ဆင့်ဝင်ဝင်လျက် ရှိလာစေပြီ။

**ဓမ္မေသက. . .**

ပါရမီခွင်ဝင် သင်၏ ဤသီလအပြင်အဆင်သည်ကား-

ပါဏာတိပါတာဖြင့် လက်ဖက်ပုပ် ထိုးသိပ် သိပ်၍-

အာမဘဉ္ဇဖြင့် ထိပ်စည်းကနေ ကုပ်နှိပ်ထားပုံမျိုးမဟုတ်။

ယင်းသည်. . .

ရာဇဝင်လူဆိုး လူကြီးမင်းက သူ့အိမ် အချိန်ဖြင့်ချိန်း၍ လက်မှတ်အထိုးခိုင်းသောအရာမျှ ဖြစ်ရာ အာမဘဉ္ဇဖြင့် ငုတ်တုတ်ထိုင် ငိုင်နေရုံနှင့် ပြီးစီး၏။

ကြားဖူးသည်မှာ-

သူကြီးမင်း အုပ်ချုပ်ရသော ရွှေခေတ်တုန်းက-

သူကြီးတစ်ပိုင်အတွင်းဝယ် ခိုးမှု၊ တိုက်မှုများကလည်း မကြာမကြာ ဖြစ်ပွားလေ့ရှိ၏။

သို့တစေလည်း မည်သူမည်ဝါပါဟူ၍ကား အတပ်မသိ။

ထိုအခါ-

သူကြီးမင်းသည် ခိုးမှု၊ တိုက်မှုဖြစ်ပွားတတ်ရာ အချိန်ကို မှန်း၍လည်း ရာဇဝင်လူဆိုးများကို သူ့အိမ်သို့လာ၍ လက်မှတ်ထိုးရန် ဆင့်ဆိုစေ၏။

ဆင့်ဆိုသည့်အတိုင်းလည်း အချိန်ပေါက် သွားရောက် လက်မှတ်ထိုးကြရ၏။ တစ်ဖန် နေထွက်ပြီးချိန်၊ နေဝင်စအချိန်မျိုးများ၌လည်း ဆင့်ဆိုထားသေးဆို၏။

သို့ကြောင့် ထိုအချိန်များ၌လည်း သွားရောက် လက်မှတ်ထိုးပေးနေကြရဆို၏ပမာ-

ဒုစရိုက်ဘူး ပခုံးလွယ်၍ ကာမနယ် နည်းအမျိုးမျိုးတို့ဖြင့် ခိုးဖလှယ်နေကြသူ အိမ်ထောင်ကျသမားများကို



www.burmeseclassic.com

www.burmeseclassic.com

လည်း-

လဆန်း (၈) ရက်နေ့ ရောက်တိုင်းလည်း လာကြ- သီလဖြင့် စိတ်ကိုရုံ အာမဘန္တေ ကတိခံ။

လပြည့်နေ့ ရောက်တိုင်းလည်း လာကြ - သီလဖြင့် စိတ်ကိုရုံ အာမဘန္တေကတိခံ။

လဆုတ် (၈) ရက်နေ့ ရောက်တိုင်းလည်း လာကြ- သီလဖြင့် စိတ်ကိုရုံ အာမဘန္တေ ကတိခံ။

လကွယ်နေ့ ရောက်တိုင်းလည်း လာကြ - သီလဖြင့် စိတ်ကိုရုံ အာမဘန္တေ ကတိခံ။

သို့တိုင်လည်း ဉာဉ်စရိုက်ဝါသနာများက မပါး၊ ဒုစရိုက်များလည်း ပွားမြဲပွားနေချေရာ-

နှစ်တစ်ခါကူးတိုင်းလည်း လာခဲ့ကြ- လေး, ငါးရက်အထိ သီလဖြင့် စိတ်တောင်းပန်၊ အာမဘန္တေဖြင့် ကတိခံ။ သည်သို့ပင် သာသနာ့နယ်မြေတာဝန်ခံများက စီမံပေးထားကြရပါ၏။

အတားဖြင့် ငုတ်တုတ်ထိုင်၊ အငိုင်ဖြင့် ငြိမ်စေသော သီလမျိုး။

ဤ၌ကား ထိုသီလမျိုး ပွဲမတိုး။

**ဓမ္မေသက. . .**

ဤ၌ သီလဟူ၍ဆိုလျှင် ဈာန်ကျင့်နည်း တစ်မျိုးမျိုးဖြင့် ကျင့်ခန်းဖွင့်၍ အဆင့်ဆင့်/ အကျင့်မှအတည်/အတည်မှအသိ/အသိမှအပြည့်သို့ ဖြည့်ကျင့်ပေးနေရသော သိက္ခာတင်သီလ သို့မဟုတ် ဈာန်အကျင့်ကို ရည်ညွှန်း၏။

သီလ၊ သိက္ခာ အမည်ခံထားသော ဤဈာန်အကျင့်က-

အာရုံတစ်ခုထိုးထိုးတည်ရန် ဖန်တီးသောဈာန် ဖြစ်ကောင်းဖြစ်မည်။

အတည်တွင် အသိထည့် လက္ခဏာသိအထိ ဖန်တီးသောဈာန် ဖြစ်ကောင်းဖြစ်မည်။

မည်သည့်ဈာန်မဆို အမည်းဖြိုအဖြူသို့ချည်း ဆန်တက်ကြချေရာ-

ဈာန်သီလမှ အဘိညာဉ်သီလ၊ မဂ်သီလ၊ ဖိုလ်သီလအထိ ပြည့်စေနိုင်သည်။

**ဓမ္မေသက. . .**

သင်၏ပါရမီခွင် ဝင်ဦးစကာလရှိ ဤသင့်သီလသည်ကား-

သင့်အတွေးမှဖြစ်သော မိစ္ဆာဝိတက်ဆိုး သုံးမျိုး တိုးမဝင်သာရုံမျှသာ။

သူ့အတွေ့မှဖြစ်သော မိစ္ဆာဝိတက်ဆိုး သုံးမျိုး ခေါင်းထိုးမဝင်သာရုံမျှသာ။

ထိုင်ချိန်များ၌ အတွေး-အပြေးဝင်ခွင့်မရှိ၊ သတိက စောင့်ကြည့်ပေးနေလျှင် တော်ပြီ။

နားချိန်များ၌ မြင်-ကြားများရှေ့ အမည်တွေ့ခွင့် မရှိ၊ သတိအစောင့်ရှိ တော်ပြီ။

များများမဟုတ်၊ ငါးမိနစ်မျှ အတွေးလုံကြည့်။ ပီတိအရည်လှည့်လာမည်။

များများမဟုတ်၊ မိနစ်ပိုင်းမျှ ကိုယ့်စိတ် ကိုယ်ပိုင်ကြည့်။ ပီတိအရည် လှည့်လာမည်။

ဓမ္မအရသာ တစ်ခါတွေ့၊ သင်ဆွေမေ့မျိုးမေ့ ဖြစ်တော့သည်။

ထိုအခါ သင့်မှာ သဒ္ဓါ တစ်ဆင့်တိုး၍ တစ်မိုးရွာလာပြီ။

ကြည့်စမ်း-

အာရုံကြားက ဓမ္မပီတိတောင်သည်လောက်အရသာရှိ၊ အာရုံလွတ်ရာဆို ဘယ်လောက်အထိ အရသာမိလေမလဲမသိ။

အာရုံနှင့်တုဖက် လုယက်ခံစားခွင့်ရ ဓမ္မပီတိတောင် သည်လောက်အထိ သုခကို ဆောင်နိုင်သေးလျှင် ကာမအာရုံမဲ့ထဲက သုခ အဘယ်မျှအေးချမ်းမှုရစေမလဲမသိ။

**ဓမ္မေသက. . .**

သင့်ထံမှောက်ရောက်လာသော ဤသဒ္ဓါမိုးကား ရေရ မြက်တင် မဟုတ်သော်မှ နွေအပူရှိန် ကြွေပျက်အောင် ထိရောက်၏။ အညံ့စားမဟုတ်။

သည်အချိန်-

ဓမ္မအရသာ၏ ဈာန်ပီတိကြောင့် လောကီကြီးပွားရေးဘက် စိတ်ကူးမဆက်တော့။

ဓမ္မအရသာ၏ဈာန်ပီတိကြောင့် ပါရမီဘက် တိုးထက်တိုးလိုစိတ် ထွက်လာပြီ။

သို့ဖြင့်ပင် ပထမ ကာမအာရုံ အဖုံဖုံလက်လွတ်၊ ဘုရားပုထိုးများ၌သာ လှည့်လည်နေတော့သည်။

နောက်သော် ကာမအာရုံထဲ ဘေးပွဲကြည့်အဖြစ်ဖြင့်ပင်မနေလို၊ အာရုံမပြု။ လူမရော ကာမကင်းဆိတ် တောသို့ထွက်တော့သည်။

**ဓမ္မေသက. . .**

လူမရော တောမျိုး သူတို့ကြီးစိုးကြောင်း ပြောခဲ့ပြီးပြီ။

တစ်ဖန်-

လူမရှိ လူရှိမှရမည့် သပ္ပာယများ မပြည့်စုံသည်ကလည်း ရှိသေးသည်။

ထိုအခါ-

အဖော်ရှိမှ အပျော်တတ်သည့် စိတ်ကလည်း ဆန္ဒပြလာ၊

ရှိသမျှနှင့် မရောင့်ရဲနိုင်သေးသည့်စိတ်ကလည်း အလိုမကျဖြစ်လာ။

ထိုသည့်သင်ကား ခတောအကြားတောကစားသမားဖြစ်ရပြီ။

စိတ်ကူးဖြင့် တောထွက်၊ ချောညက်နေ၏။

ကိုယ်တွေ့အဖြစ် တောဝင်၊ ဘာမှ အဆင်မပြေချင်။

ယင်းကား ပြင်ပအနှောင့်အယှက်များကြောင့် မဟုတ်၊ နယ်ကူးစကာလ ဖြစ်လေ့ဖြစ်ထရှိသော စိတ်အထိုင်မကျခြင်းများသာ။

ထိုစဉ်-

နေရာကား ဥတုဘေးရန် ကာကွယ်ရန်မလုံလောက်။

အစားအစာကား ဟင်းမရ ဆွမ်းမျှပင် အနိုင်နိုင်။

ဆေးကား ဝေလာဝေး။ နာလိုနာ၊ ဖျားလိုဖျား လည်စင်းခံပေးရုံသာ။

**ဓမ္မေသက. . .**

ယင်းသည်-

သင့်အတွက် တောဝင်လက်မှတ် ရရန်၏ စမ်းသပ်ခန်း မှတ်ရသည်။

သင့်လက်က သဒ္ဓါထု အတုလား၊ အစစ်လား ခွဲခြားရာ၏ ဓာတ်ခွဲခန်းမှတ်ရမည်။

အကယ်တိတိ. . .

သင်သည် ကောင်းကွက်ကိုမျှော်လျက်က တောထွက်ခဲ့သူ မဟုတ်၊ ရှေးသူတော်ကောင်းတို့၏မွေတာ ကြည်ညိုလှပါသဖြင့် ထွက်ခဲ့သူဖြစ်ပါမူ-

အလောင်းတော်မှာ နန်းမ သုံးဆောင်ပစ်၊ သစ်တစ်ပင်အရင်း၌ပင် ဝင်ရောက်ကျင့်ခဲ့ရသေး၏။

ငါ့မှာကား သူ့လောက်လည်း မစွန့်ခဲ့ရ၊ သူ့လောက်လည်း သစ်ပင်ဝါးပင်ရင်းအထိ မနေရသေး။

သို့ကြောင့်-

အလောင်းတော်နှင့်စာ၊ ငါ့မှာ တော်တော်နေရာကျသေး၏။

ဤ သမ္မာဝိတက်က သင့်သဒ္ဓါ လက်နက်ကို ထက်စေပါလိမ့်မည်။

တစ်ဖန်-

အလောင်းတော်မှာ မင်းသုံးနန်းဖြစ် အကောင်းဆုံး အစားအသောက်



www.burmeseclassic.com

www.burmeseclassic.com

များကို စွန့်လွှတ်ခဲ့ပြီး ဆင်းရဲသားသုံး အကြမ်းစား အစားအစာများ စားသုံးခဲ့ရသေး၏။

ငါ့မှာကား-

မြို့ရွာနေတုန်းကလည်း ကြမ်းအထပ်ထပ် ဝတ်အခါခါပါပဲ၊ ယခုလည်း ကြမ်းလိုကြမ်း, ဝတ်လိုဝတ် ဘာမှအားပြတ်စရာမလို။

**ဓမ္မေသက. . .**

ဤသမ္မာဝိတက်ကလည်း သင့်သဒ္ဓါသွေး ဆေးသားတင်ပေးပါလိမ့်မည်။ သည်အခါ သင့်မှာ အတွေးတစ်မျိုး တိုးဝင်လာပေလိမ့်ဦးမည်။

ယင်းကား-

ငါသည် နေရာကောင်းကောင်း နေချင်၍ တောဝင်လာသည် မဟုတ်၊ အာရုံဆိတ်၍ ပီတိရိပ်ခိုရန် လာခြင်းမျှသာ။

ငါသည် အစားကောင်းကောင်း စားချင်၍ တောဝင်လာသည် မဟုတ်၊ ဘုရားအဆုံးအမ နာခံ၍ ဓမ္မရှာဖွေရန် လာခြင်းမျှသာ။

**ဓမ္မေသက. . .**

နယ်ကူး စိတ်ဖင့် မရင့်သေးသော သဒ္ဓါပွင့်က မဝင့်သာချိန် သည်သို့သော အတွေးမျိုးက နောက်ပိုးဖိ၍ အားဖြည့်ပေးလိုက်သောအခါ-

သင့်မှာ သဒ္ဓါတစ်ဆင့်တိုး တစ်မိုးရွာချပေးတော့သည်။

ကြည့်စမ်း-

အစွဲကင်းကျောင်း၊ ဘယ်လောက်နေထိုင်ကောင်းသလဲ။

အစွဲမပါသော သဒ္ဓါဆွမ်း၊ ဘယ်လောက် အဆင့်အတန်းမြင့်သလဲ။ သည့်နောက် အင်း- ငါသည်ကား အလောင်းတော်များ၏နေရာ ဆက်ခံခွင့်ရလာမှုကိုး၊ အလောင်းတော်သုံး အစားအစာ စားသုံးခွင့်ရလာမှုကိုး။

ဤသဒ္ဓါမိုးကြီးကပါ သွန်းဖြိုးလာပါတော့သည်။

**ဓမ္မေသက. . .**

သင့်ထံမှောက် ရောက်လာသော ဤသဒ္ဓါမိုးက ရေရ မြက်တင် မဟုတ်သော်မှ ရှေ့ထိုင် နွေကာလ ရုပ်သိမ်းစတော့ပြုနေပြီ၊ အညှံ့စားမထင်လေနှင့်။

သည်အချိန်-

နေရာကြောင့်ဖြစ်သော စိတ်အထိုင်မကျမှု၊ ငြိမ်းချမ်းမှုရသွားစေပြီ။

အစာကြောင့်ဖြစ်သော စိတ်အလိုမကျမှု၊ တည်ငြိမ်မှု ရသွားစေပြီ။

တစ်ဆက်တည်း-

မိမိနှင့်အတူနေ တောကောင်ကလေးများ၏ဘဝကို ကြည့်၍လည်း ကိုယ့်လက်ရှိဘဝ ချွေးသိပ်၊ သွေးသိပ်ပေး၍ရသေးသည်။

ယင်းမှာ-

တောကောင်လေးများတို့သည် အတိတ်ကံပေးသက်သက်ဖြင့်သာ ဘဝတည်ဆောက်ခွင့်ရကြရာ မိုးရွာ၍ လုံခြုံစွာ နားနေရန် မရှိကြပါ။ မိုးပြင်း၊ လေပြင်းတိုက်ခိုက်၍လည်း ကာကွယ်ရန် အကြံမရှိကြပါ။

သို့တစေလည်း-

ထို သူတို့ကလေးတွေသည် ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ကြပါ၏။ ကံပေးအသက်၏ ကုန်ဆုံးရက်တိုင်အောင်လည်း နေခွင့်ရနေကြ၏။

ထိုအခါ-

ကြည့်စမ်း၊ ငါ၏တောဝင်ဘဝ ငါနှင့်ဘဝတူတွေကလည်း အများသားပဲ။

ငါ၏တောပျော်ကာလ တောအဖော်တွေကလည်း အများသားပဲ။

သည်အခါ သင့်၌ ဘဝတူကပေးသောပီတိ အင်ပြည့်အားပြည့်ရှိလာပြီ။

**ဓမ္မေသက. . .**

သူတို့ကလေးတွေ၌ လူလိုက်မမီသော အကြည်ဓာတ်လေးများ ကိုယ်စီရှိနေကြ၏။

ကံကပစ်ပေးလိုက်သော (ကမ္မဇိဒ္ဓိ) ကံသတ္တိ ထင်၏။

ယင်းမှာ-

အနံ့ခံကြည့်ရုံမျှဖြင့် ရန်နှင့်မိတ်ကွဲသိစေသော ဉာဏ်ပင်။ ထိုစဉ်သဘာဝဖြစ် ဧရာမကျောက်တုံးကြီးများ တစ်လုံးပေါ် တစ်လုံးဆင့်မိရာမှ ဂူသဏ္ဍာန်ပေါ် နေသောနေရာသို့ သူတို့ဝင်ခိုမည်ကြံ။

ပထမ ဤဂူ လူရှိ၊ လူမရှိ လေအောက်ကနေ အနံ့ခံကြည့်၏။

အကယ်တိတိ ဤဂူ လူဝင်နေကြောင်း ကောင်းကောင်းကြီးသိလျှင်-

ဒုတိယ ထိုလူကား ရန်သူလား၊ မိတ်ဖြစ်လား ခွဲခြား၍ အနံ့ခံကြည့်ပြန်သည်။

အကယ်တိတိ ဤလူကား အဖြူ၊ ငါ့ရန်မူမည့်သူ မဟုတ်ဟု သိလျှင်-

နောက်ဆုံးမှာ ခြေသံမကြားအောင် သွားလေ့ရှိ၏။ အဝေးကရှောင်၍လည်း ကွင်းသွားလေ့ရှိ၏။

လူထက် စိတ်ချရသော တောကောင် တိရစ္ဆာန်များပင်။

**ဓမ္မေသက. . .**

သင့်၌ သည်မျှအထိ စိတ်အထိုင်ကျမှု လက်ဝယ်ရှိလာပြီဆိုလျှင် ဘုရားအလိုကျ ဓမ္မကိုလည်းကျင့်၊ ဓူတကိုလည်း ဆင့်ပေရော့။

ဓမ္မကား သမထ၊ ဝိပဿနာ တစ်ခုခု ကျင့်ဖြည့်ပွား။

ဓူတကား ဓူတင် (၁၃) ပါး နိုင်သမျှဆောင်ထား။

ထိုသို့ မဆောင်မီ မေတ္တာသုတ်လာ ဘာဝနာ ပရိကံ (ကျင့်ပွားမှု မစမီ ရှေ့ပြေးစီမံခြင်း) သို့သော ပလ္လင်ခံ သင်စီမံလေဦး။

ယင်းမှာ-

လက်ဦး သင်၏ကျင့်ဆဲအကျင့်ကို အာရုံပြုပါ။ ပြီးသော် ဤဝန်းကျင်၌ နေထိုင်ကြပေကုန်သော သူအပေါင်းတို့၊ ဤ ငါ၏တောဝင်အကျင့်သည် ဘုရားအဆုံးအမ နာခံ၍ ဓမ္မဓူတကျင့်ရင်းက ဘုရားအဆုံးအမ လက်မိလက်ကျ ရခဲ့ပါမူ-

သင်တို့လိုသောဆု ဝေရန်၊ ငှရန်၊ ပေးကမ်းရန် ငါရည်သန်သည်။ သင်တို့ထံက တောင်းခံရန် မဟုတ်။

သို့ကြောင့်-

သင်တို့ ဤဝန်းကျင်နေ အားလုံးတို့သည် ငါ့အား မိတ်ကောင်းအရာထား ဆက်ဆံကြ၊ မိတ်ကောင်းအဖြစ် အသိအမှတ်ပြုကြ။

ငါကလည်း သင်တို့အပေါ် မိတ်ကောင်းအဖြစ် ဆက်ဆံမည်၊ မိတ်ကောင်းအဖြစ် အသိအမှတ်ပြုသည်။

သည်စကား ထိုအားလုံး သိကြပါစေ၊ ကြားကြပါစေ၊ သက်သေအရာ၌ တည်ကြပါစေ။

**ဓမ္မေသက. . .**

သင်၏ ဤပလ္လင်ခံစကားသည် အချင်းချင်း ကတိထားခြင်းအရာ၌လည်း တည်၏။ မိမိ၏ဝါဒ ကြေညာချက်လည်း ဖြစ်၏။

သင် သည်စကားမပြောကြားမီ၊ ပြောကြားပြီးနောက် သူအားလုံးကို ခြုံ၍မပြောမီ အာရုံဖြင့် ဖိတ်ကြား ပြောအပြီး အာရုံဖြင့် မေတ္တာပွားပေးပါလေ။

ယင်းကား-

ဝန်းကျင်နေ မြင်အပ်, မမြင်အပ်သူအားလုံး၊



www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင်နေ အဝေးရှိ၊ အနီးရှိသူအားလုံး. . .

ဤနှစ်စု အမိအရ အာရုံပြုခြင်းပင်။

**မေ့မွသက. . .**

သင့်စကားထဲ၌-

ဝန်းကျင် ဆိုသဖြင့် အရပ်ဆယ်မျက်နှာစုံ အကုန်ပါသွားပြီ။

မြင်အပ်၊ မမြင်အပ် ဆိုသဖြင့် ဘုတ်ကောင်၊ ဥပါဒါန်ကောင်စုံ အကုန်ပါသွားပြီ။

အဝေး၊ အနီး ဆိုသဖြင့် လက်လှမ်းမမီ၊ လက်လှမ်းမီစုံ အကုန်ပါသွားပြီ။

ဘာကျန်နေသေးသည်၊ ဘာကျန်ရစ်ခဲ့သည် ပြောစရာမကျန်တော့။

သုံးဆယ့်တစ်ဘုံ အကုန်လုံး အကျဉ်းချုံးလိုက်လျှင်ပင်-

ဘူတံအမျိုးအစား၊ ဥပါဒါန်အမျိုးအစားသည် နှစ်ပါးမျှသာ ရှိသည်။

ထိုနှစ်ပါးတို့ကလည်း အဝေးနေ၊ အနီးရှိ သည်နှစ်မျိုးမျှသာ ရှိသည်။

သို့ကြောင့် သင်၏ဆင်ခြင်ဉာဏ်သူ စားကျက်ကွင်းထဲ၌ လောကသုံးခုရှိ အရာအားလုံး သိမ်းကျုံးဝင်ပါနေသည်ကို သတိပြုလေ။

**မေ့မွသက. . .**

နောက်ဆက်ကူး အထူးသိစေလိုသေးသည်မှာ-

မပြောမီ ဖိတ်ကြားရာ၌လည်း မြင်အပ်ကို ရှေ့ထား၊ မမြင်အပ်ကို နောက်ထား၍ဖိတ်။ ပြောအပြီး မေတ္တာပွားပို့ရာ၌လည်း နည်းတူ။

တစ်ဖန်-

အဝေး, အနီး ရှိနေကြရာတွင်လည်း အဝေးကိုလက်ဦးထား၊ အနီးအိမ်ရှင်အရာထား နောက်မှဖိတ်ကြားလေ။

**မေ့မွသက. . .**

ထိုသို့ ရှေ့-နောက်စဉ် မေတ္တာဓာတ် လှပ်ဝင်ရာတွင်-

မြင်အပ်ရာကို အလျင်သိမ်း၍ မမြင်အပ်ရာ ပိုက်ယူခြင်းမျိုးဖြင့် ဆိုသော်-

ထို မမြင်အပ်ရာသည် မြင်အပ်ရာကို အာရုံဝင်၍ မိမိသို့ စစ်ပြင်စရာသူမှာမရှိတော့။

မြင်အပ်ရာ မပါဘဲနှင့်လည်း သူချည်းသက်သက် နှောင့်ယှက်၍မရ။

တစ်ဖန်-

အဝေး၊ အနီး သိမ်းဆည်းရာတွင်လည်း-

အဝေးကို အလျင်နယ်သိမ်းပြီးမှ အနီးကိုပိုက်ခဲ့သော် ထိုအနီးက ရန်မူလည်း သူ့၌ အဝေး၏အကူမရနိုင်၊ အနီးချည်းလည်း အင်အားမရှိ။

သို့ကြောင့်-

မြင်, မမြင် နှစ်ခွင်တွင် အမြင်အလျင်ဖမ်းလေ။

အနီး၊ အဝေး အာရုံပေး အဝေးကစ၍ စည်းရုံးပေးလေ။

ဤ၌ သင် မြင်, မမြင်၊ အနီး, အဝေး အာရုံတန်းစဉ်ရာတွင်-

ဓာတ်လေးပါးဖြင့် ဘုတ်ဖွဲ့တည်ဆောက်ထားသည်ကို အမြင်အဖြစ် အာရုံယူက-

အစွဲဖြင့်သာ ဘဝဖြစ်နေရရှာသူများကို မမြင်အပ်သူအဖြစ် အာရုံယူလေ။ တစ်ဖန် ဘူတံခံ၊ ဘုတ်ဖွဲ့ထားသူချင်း ဖြစ်နေပါမူ-

အနီးရှိကိုကား မြင်အပ်သူ၊ အဝေးနေကိုကား မမြင်အပ်သူအဖြစ် အာရုံယူလေ။

တစ်ဖန်-

အနီးဝန်းကျင်နေချင်း ဖြစ်နေပါမူ မိမိနှင့် မြင်ဖူး၊ တွေ့ဖူး၊ ဆက်ဆံဖူးသူများက မြင်အပ်သူ။

မိမိ မမြင်ဘူး၊ မတွေ့ဘူး၊ မဆက်ဆံဘူးသူဆိုက မမြင်အပ်သူ သတ်မှတ်လေ။

အဝေး၊ အနီး အာရုံယူရာ၌လည်း မိမိနေထိုင်ရာ တောတစ်တော (တောင်တစ်တောင်) ကို အနီး သတ်မှတ်ပါက ကျန်နေရာဒေသ အားလုံးကား အဝေးဖြစ်သွားပြီ။

တစ်ဖန်-

မိမိနေထိုင်ရာ တစ်တောင် တစ်တောင်၌ပင် မိမိ၏ နေမြဲအဝန်းအဝိုင်းကို အနီးအဖြစ် သတ်မှတ်ထားသော် ထိုနေရာမှ ဥပစာလွန် နေရာအားလုံးကား အလိုလိုပင် အဝေးဖြစ်သွားတော့သည်။

ဤသည်မှာ သင် အာရုံပိုင်းတတ်ရန် ပုံတိုင်းပြပေးထားခြင်းပင်။

**မေ့မွသက. . .**

သင့်မှာ စိတ်အထိုင်ချပေးခြင်း ပြီးစီးသွားသဖြင့် စိတ်အထိုင်ကျသွားပါသော် ကိုယ်အထိုင်ချဖို့ပြင်ဆင်ပေရော့။

ကိုယ်အထိုင်ချခြင်းကား. . .

ကမ္မဋ္ဌာန်းထိုင်ခြင်းပင်။

သို့ဖြစ်ရာ-

သင့်မှာ ဆရာတို့ သင်ပြပေးထားသည့်နည်း ရှိပြီးသားကြောင့်၊ သင့်မှာ တောမဝင်ခင် မြို့ရွာများမှာပင် သည်အကျင့်လမ်း သွားပြီးသားကြောင့် မြေညီရာ နွားလည်း ကောင်း၊ ရေစည်လှည်း ဒုန်းစိုင်းမောင်းဖို့သာ ရှိတော့သည်။

**မေ့မွသက. . .**

သင်၏ကေစာရီ (တစ်ပါးထားအကျင့်) အပြင်အဆင်ဖြင့် ဤတောဝင်လာခြင်းသည် သင့်စိတ်-

ဓမ္မဖြင့် ဆင်ယဉ်၊ ဓူတဖြင့် ပြုပြင်ရန်ဖြစ်၏။

ထိုစဉ်-

ဓမ္မကား နေရာဒေသ ရွေးဖို့မလို၊ ကိုယ့်အရှိ ကိုယ်သတိ လျှိုပေးထားရုံနှင့်ပြီးသည်။

ဓူတကား လူမဖက်၊ သူမဖက် ကိုယ်ချည်းသက်သက်မှ လက်ကျမှန်မည်။

သို့ကြောင့် သင်၏ ဤတစ်ပါးထားအကျင့်သည် ဓူတင်အတွက် အမိက ဆိုသည်ကို သင်မမေ့လေနှင့်။

ဓူတင်သည် စိတ်ကြားကပ် ကိုလေသာ ခါထုတ်ပစ်ရာ၏ အကူပစ်လက်နက်။ သိက္ခာယဉ်, ဈာန်ယဉ်များ ရှေ့မသွားသာလောက်အောင် အတားအားကြီးနေချိန်၊ မေ့ထားသော ဗိုလ်များကလည်း အရည်အသွေးညံ့နေချိန်၊ ထိုအချိန်မျိုးများဝယ်. . .

ရန်သူဘက်က ခုခံစစ်ကို အပိုင်ကိုင် အထိုင်ချထားပြီး လာသမျှ ဆီးတားသုတ်သင်ပစ်ချည်း ရှိနေချေရာ အင်အားချင်း ညီမျှနေသော လက်နက်ငယ် အသေးစားလေးများဖြင့် ရှေ့မထိုးဖောက်နိုင်။

ထိုအချိန်ဝယ်-

မော်တာ, အမြောက် စသည့် အကြီးစား အဝေးပစ်လက်နက်ကြီးများဖြင့် တစ်ဖက်ရန်သူ ခေါင်းမဖော်သာအောင် အချက်ချင်းလု၍ ထုပေးနေရသည့်ပမာ၊

တစ်ဖက်ရန်သူ ကျည်ကတ်လဲခွင့် မရသာအထိလည်း ဖိ၍ ထုပေးနေရသည့်ပမာ။

(ဆက်လက်ဖော်ပြပါမည်။)

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဥယျာမ္မေ့သာမိထေရ်)



www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း

# မပြတ်ဆင်ခြင် ဤငါးခွင်ကား

မြဝင်း(ဒဿန)

တစ်ညနေခင်းတွင် ကျွန်တော်နှင့် ကျွန်တော့်တပည့်တို့သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ 'မပြတ်ဆင်ခြင် ဤငါးခွင်ကား' ဟူသော ကဗျာနှင့် စပ်လျဉ်း၍ ဆွေးနွေးဖြစ်ခဲ့ကြပါသည်။ ကျွန်တော့်တပည့်က ရှေးဦးစွာ စကားစပါသည်။

"ကျွန်တော် မနေ့က မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ကဗျာ့နန်းတော်စာအုပ်မှာပါတဲ့ 'မပြတ်ဆင်ခြင် ဤငါးခွင်ကား'ဆိုတဲ့ ကဗျာကို ဖတ်ဖြစ်ခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးက ကျွန်တော်တို့ အမြဲလိုလို ရွတ်ဖတ်နေတဲ့ အဘိဏှသုတ်ကို ကဗျာနဲ့ ရေးဖွဲ့ထားတယ်လို့ ထင်မိတယ် ဆရာ"

"တပည့်ဖတ်လာတဲ့ကဗျာကိုရွတ်ပြပါဦး"

"ကျွန်တော့်ဆီမှာ ကဗျာ့နန်းတော်စာအုပ် ပါလာပါတယ်။ ကျွန်တော် ဖတ်ပြပါ့မယ်။

(ကျွန်တော့်တပည့်သည် လွယ်အိတ်ထဲမှ ကဗျာ့နန်းတော်စာအုပ်ကို ထုတ်၍ 'မပြတ်ဆင်ခြင် ဤငါးခွင်ကား' ပါသော စာမျက်နှာကိုလှန်၍ ဖတ်ပြပါသည်။)

**မပြတ်ဆင်ခြင် ဤငါးခွင်ကား**

❑ အိုခြင်းဇရာ၊ ငါ့ခန္ဓာ၊ ရန်ရှာနေဆဲပင်။
သူ့နှိပ်စက်ဒဏ်၊ ငြိမ်၍ခံ၊ ငါအန်မတုရဲသေး။

❑ နာဖျားရောဂါ၊ ငါ့ခန္ဓာ၊ ရန်ရှာနေဆဲပင်။
သူ့နှိပ်စက်ဒဏ်၊ အံတင်းခံ၊ ငါမလွန်ဆန်ရဲသေး။

❑ သေခင်းကြမ္မာ၊ ငါ့ထံလာ၊ ရန်ရှာနေဆဲပင်။
သူ့အမိန့်သံ၊ ငါနာခံ၊ မာန်မလွှတ်ရဲသေး။

❑ ငါနှင့်ပေါင်းသင်း၊ သူခပင်း၊ ကွေကွင်းကြဦးမည်။
သူတို့ကလား၊ ငါကလား၊ ထားခဲ့ရမှာချည်း။

❑ ငါနှင့်မကွာ၊ ကံသည်သာ၊ သွားရာပါမြဲရှိနေမည်။
ကောင်းလျှင်ကစံ၊ ဆိုးဆိုးဒဏ်၊ အမွေခံရမည်။

❑ ဥစ္စာပိုင်မျိုး၊ ခိုကိုးရိပ်သွင် ငါ့သခင်၊
ကံပင် အရင်းအနှီး။

❑ မကင်းတရား ထိုငါးပါးကို
ယောကျ်ား, မိန်းမ၊
ကာမ မှောင်ခို၊
မခိုလွတ်ရှုန်း၊ ကျန်အားလုံးပါ
ငယ်ခါထပ်ထပ်၊ ကြီးထပ်ထပ်ဖြင့်
မပြတ်ဆင်ခြင် လွတ်လမ်းထွင်ကြ။

❑ နေ့မှာမပြတ်၊ ညမပြတ်ဖြင့်
တပ်အပ်ပီပြင်၊ တိုက်ပွဲဝင်ကြ။

❑ အကယ်တိတိ၊ မေ့မသိကြောင့်
ကျန်သည့်ငါးအင်၊ တရားခွင်ကို
မဝင်-မယှိုင်၊ ရင်မဆိုင်မိ
ငေးမှိုင်တွေမိ၊ အမေ့သိကြောင့်၊
တွေ့မိတွေ့ရာ၊ အလေ့ပါဖြင့်
ဝေ့ကာရှောင်လှည့်၊
တိမ်းဖယ်မိလည်း
မရှိလွတ်ရိုး၊ ဘာဝမျိုးမို့
ပိုင်စိုးတွင်ကျယ်၊ သူ့နယ်ပယ်မှာ
မျက်ကွယ်သေဒဏ် သူ့စီမံ
မခုခံချင်နှင့်တော့။
မျက်ကွယ်နာဘေး၊ ကြိုးမိန့်ပေး
မပြေးချင်နှင့်တော့။
မျက်ကွယ်အိုမင်း၊ ဓာတ်ရိုက်ခင်း





www.burmeseclassic.com

www.burmeseclassic.com

မပြင်းချင်နှင့်တော့။

၁၃၆၃ ခုနှစ်၊
*ဝါခေါင်လပြည့်ကျော် (၃) ရက်*
*ပဋ္ဌိပတ်တောကျောင်း"*

"ကောင်းလိုက်တာ တပည့်ရယ်။ ဆရာတော်ဘုရားကြီးက တကယ့်ကဗျာစာဆိုကြီးကိုး။ အဘိဓမ္မာသုတ်ကို ဆရာတို့တစ်တွေ အမြဲရွတ်ဆိုနေကြတာပဲ။ ပါဠိတော်သက်သက်ဆိုရင်တော့ ရွတ်ရဆိုရတာ ခြောက်ကပ်ကပ်ကြီးဖြစ်နေတာပေါ့။ အခုလို ကဗျာဖွဲ့လိုက်တော့ စိုစိုပြည်ပြည်ဖြစ်သွားတာပေါ့။ နေပါဦး၊ တပည့်ရယ်။ ဆရာ့ဆီမှာ သာသနာရေးဦးစီးဌာန ဝတ်အဖွဲ့ ဝတ်ရွတ်စဉ်စာအုပ်ရှိတယ်။ အဲဒီစာအုပ်ထဲမှာ အဘိဓမ္မာသုတ်ပါဠိရော အနက်ပါ ပါတယ်။ အဘိဓမ္မာသုတ်နဲ့ ဆရာတော်ဘုရားကြီးရဲ့ကဗျာဉာဏ် ဘယ်လိုကွန့်မြူးထားတယ်ဆိုတာ တပည့်တွေ့မှာပေါ့။

(ကျွန်တော်သည် ဘုရားခန်းသို့သွား၍ သာသနာရေးဦးစီးဌာန ဝတ်အဖွဲ့ ဝတ်ရွတ်စဉ်စာအုပ်ကိုယူ၍ ကျွန်တော့်တပည့်အားပေးပြီး အဘိဓမ္မာသုတ်ကို ဖတ်စေပါသည်။ ကျွန်တော့်တပည့်သည် မာတိကာကိုကြည့်ပြီး အဘိဓမ္မာသုတ်ပါသော စာမျက်နှာကို လှန်၍ ဖတ်ပါသည်။)

**နေ့ညဉ့်မပြတ် ဆင်ခြင် ပွားများအပ်သော အဘိဏှသုတ်ပါဠိတော်**

"ပဉ္စမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယ ဝါ ပုရိသဝါ ဝဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။-

ကတမာနိ ပဉ္စ။

၁။ 'ဇရာ ဓမ္မောမှိ၊ ဇရံ အနတီတော' တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

၂။ 'ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတော' တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

၃။ 'မရဏဓမ္မောမှိ၊ မရဏံ အနတီတော' တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

၄။ 'သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ' တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

၅။ 'ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မ ပဋိသရဏော ယံ ကမ္မံ ကရိဿာမိ ကလျာဏံဝါ ပါပကံဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ' တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေန ဝါ"

"မြန်မာပြန်ဖတ်ပြပါဦး တပည့်ရယ်"

"ရဟန်းတို့၊ ငါးပါးကုန်သော ဤအကြောင်းတို့ကို မိန်းမသည် လည်းကောင်း၊ ယောကျ်ားသည် လည်းကောင်း၊ လူသည် လည်းကောင်း၊ ရဟန်းသည် လည်းကောင်း နေ့ညဉ့်မပြတ် ဆင်ခြင်အပ်ကုန်၏။ ငါးပါးကုန်သောအကြောင်းတရားတို့သည် အဘယ်သည်တို့နည်း။

၁။ ငါသည် အိုခြင်းသဘောရှိသည် ဖြစ်၏။ အိုခြင်းသဘောတရားကို မလွန်နိုင်ချေ။ ဤသို့ နေ့၊ ညဉ့်မပြတ် ဆင်ခြင်အပ်၏။

၂။ ငါသည် နာခြင်းသဘောရှိသည် ဖြစ်၏။ နာခြင်းသဘောတရားကို မလွန်နိုင်ချေ။ ဤသို့ နေ့ညဉ့်မပြတ်ဆင်ခြင်အပ်၏။

၃။ ငါသည် သေခြင်းသဘောရှိသည်ဖြစ်၏။ သေခြင်းသဘောတရားကို မလွန်နိုင်ချေ။ ဤသို့ နေ့ညဉ့်မပြတ် ဆင်ခြင်အပ်၏။

၄။ ငါ့အား ခပ်သိမ်းကုန်သော ချစ်နှစ်လိုအပ်ကုန်သောနှလုံးကိုပွားစေတတ်ကုန်သော အဆွေအမျိုး၊ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူတို့နှင့် တစ်ရပ်တစ်ပါးသို့ ပြောင်းသွားသဖြင့် ရှင်ကွဲကွဲရခြင်းသည်လည်းကောင်း၊ ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် သေကွဲကွဲရခြင်းသည် လည်းကောင်း ဖြစ်တတ်ချေ၏။ ဤသို့ နေ့၊ ညဉ့်မပြတ် ဆင်ခြင်အပ်၏။

၅။ ငါသည် ကံသာလျှင် မိမိဥစ္စာရှိသည်။ ကံသာလျှင် အမွေခံရှိသည်။ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကံသာ အဆွေအမျိုးရှိသည်။ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိသည် ဖြစ်၏။ ကောင်းသည်လည်းဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော အကြင်ကံကို ပြုအံ့။ ထိုကောင်းမှု၊ မကောင်းမှုကံ၏ ကောင်းမွေဆိုးမွေခံသည် ဖြစ်ရအံ့။ ဤသို့ နေ့၊ ညဉ့်မပြတ် ဆင်ခြင်အပ်၏။

ရဟန်းတို့ - ဤငါးပါးသော အကြောင်းတရားတို့ကို မိန်းမသည် လည်းကောင်း၊ ယောကျ်ားသည် လည်းကောင်း၊ လူသည် လည်းကောင်း၊ ရဟန်းသည် လည်းကောင်း နေ့၊ ညဉ့်မပြတ် ဆင်ခြင်အပ်ကုန်၏။

အဲဒါ အဘိဏှသုတ်ပဲ တပည့်ရဲ့။ အကြောင်းတရားငါးပါးရှိရာမှာ ပထမအကြောင်းတရားက ငါ့မှာအိုခြင်းတရားရှိတယ်။ အိုခြင်းတရားကို မလွန်ဆန်နိုင်ဘူး။ ဒုတိယအကြောင်းတရားက ငါ့မှာ နာခြင်းတရားရှိတယ်။ နာခြင်းတရားကို မလွန်ဆန်နိုင်ဘူး။ တတိယအကြောင်းတရားက ငါ့မှာ သေခြင်းတရားရှိတယ်။ သေခြင်းတရားကို မလွန်နိုင်ဘူး။ စတုတ္ထအကြောင်းအရာက ငါ့မှာ ချစ်ခင်နှစ်သက်အပ်သူတွေနဲ့ တစ်နေ့ကွဲရမယ်။ ရှင်ကွဲရင်လည်းကွဲရမယ်။ သေကွဲရင်လည်း ကွဲရမယ်။ ပဉ္စမအကြောင်းတရားက ငါ့မှာ ငါပြုတဲ့ကံပဲ အမွေခံရှိတယ်။ အဲဒီကံရဲ့ ကောင်းမွေ၊ ဆိုးမွေကို ခံရမယ်။ အဲဒီအကြောင်းတရားငါးပါးကို မိန်းမရော၊ ယောကျ်ားရော၊ လူရော၊ ရဟန်းပါ နေ့၊ ညဉ့် မပြတ်ဆင်ခြင်ရမယ်တဲ့။

အဲဒီအကြောင်းတရား ငါးရပ်ထဲက ပထမအကြောင်းတရားကို ဆရာတော်ဘုရားကြီးက ဘယ်လိုဖွဲ့ထားသလဲ"

"ကျွန်တော် ဖတ်ပြပါ့မယ် ဆရာ။
အိုခြင်းဇရာ၊ ငါ့ခန္ဓာ၊ ရန်ရှာနေဆဲပင်။
သူ့နှိပ်စက်ဒဏ်၊ငြိမ်၍ခံ၊ငါအန်မတုရဲသေး"

"ဆရာတော်ဘုရားကြီး ရေးဖွဲ့ထားတာ သိပ်လှတာပဲနော်။ ဒုတိယအကြောင်းတရားကို ဆရာတော်ဘုရားကြီး ဘယ်တိုဖွဲ့ထားသလဲ"

"နာဖျားရောဂါ၊ ငါ့ခန္ဓာ၊ ရန်ရှာနေဆဲပင်။
သူ့နှိပ်စက်ဒဏ်၊ အံတင်းခံ၊ ငါမလွန်ဆန်ရဲသေး"

"နောက်တတိယအကြောင်းတရားကိုကော ဘယ်လိုဖွဲ့ထားသလဲ"

"သေခင်းကြမ္မာ၊ ငါ့ထံလာ၊ ရန်ရှာနေဆဲပင်။
သူ့အမိန့်သံ၊ ငါနာခံ၊ မာန်မလွှတ်ရဲသေးတဲ့"

"နောက်စတုတ္ထအကြောင်းတရားကိုကော ဘယ်လိုဖွဲ့ထားသလဲ"

"ငါနှင့် ပေါင်းသင်း၊ သူခပင်း၊ ကွေကွင်းကြဦးမည်။
သူတို့ကလား၊ ငါကလား ထားခဲ့ရမှာချည်း"

"သိပ်ထိမိတဲ့ အဖွဲ့အနွဲ့ပါ တပည့်ရယ်။ ကျစ်ကျစ်လျစ်လျစ်လည်းရှိတယ်။ လှလည်းလှတယ်။ အနက်အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com

လည်းပေါ်တယ်။ 'သူတို့ကလား၊ ငါက လား ထားခဲ့ရမှာချည်း' ဆိုတဲ့အဖွဲ့ကို သိပ်သဘောကျတယ်။ ခဏခဏလည်း ရွတ်မိတယ်။ရွတ်မိတဲ့အခါတိုင်းမှာလည်း သံဝေဂဖြစ်မိတယ်။ ကဲ-ပဋ္ဌမအကြောင်း တရားကို ဆက်ပါဦး"

"ငါနှင့်မကွာ၊ ကံသည်သာ၊ သွားရာ ပါမြဲရှိနေမည်။
ကောင်းလျှင်ကစံ၊ ဆိုးဆိုးဒဏ်၊ အမွေခံရမည်။
ဥစ္စာပိုင်မျိုး၊ ခိုကိုးရိပ်သွင် ငါ့သခင်၊ ကံပင် အရင်းအနှီးတဲ့"

"ဒါ့ထက် ဆရာ၊ ဆရာတော်ဘုရား ကြီးက အဲဒီအကြောင်းတရားငါးပါးကို ဆင်ခြင်ရုံသာမဟုတ်။ 'မပြတ်ဆင်ခြင် တိုက်ပွဲဝင်ကြ' လို့ မိန့်ဆိုထားပါတယ်။ နောက်ပြီးတော့ 'နေ့မှာမပြတ်၊ ညမပြတ် ဖြင့် တပ်အပ်ပီပြင် တိုက်ပွဲဝင်ကြ' လို့ လည်း မိန့်ဆိုထားပါတယ်"

"တပည့်ဖတ်ပြတော့မှသတိရလာ တယ်။ မန်လည်ဆရာတော်ဘုရားကြီး စီရင်တဲ့ ကမ္မဋ္ဌာန်းပေါင်းချုပ်ကျမ်းကြီး ဆိုတာ ရှိတယ်။ အဲဒီကျမ်းကြီးထဲမှာ အဘိဏှသုတ် ပါဠိနိဿယနှင့် သံဝေဂ ကမ္မဋ္ဌာန်းသစ် ဆိုတာပါတယ်။ အဲဒီ အထဲမှာ မန်လည်ဆရာတော်ဘုရားကြီး က တပည့် အခုနက ဖတ်ပြတဲ့အချက် ကို မိန့်ဆိုထားတယ်။ နေပါဦး တပည့် ရယ်၊ ဆရာ မန်လည်ဆရာတော်ဘုရား ကြီးရဲ့ ကမ္မဋ္ဌာန်းပေါင်းချုပ်ကျမ်းကြီးကို သွားယူလိုက်ပါဦးမယ်။

(ကျွန်တော်သည် ဘုရားခန်းသို့ သွား၍ ကမ္မဋ္ဌာန်းပေါင်းချုပ်ကျမ်းကြီးကို ယူပါတယ်။ ထို့နောက် တပည့်ရှိရာသို့ ပြန်လာပြီး အဘိဏှသုတ်နှင့် စပ်လျဉ်း သောရေးသားချက်ကိုဖတ်ပြပါသည်။)

"ထိုငါးပါးသော အကြောင်းတရား တို့ကို အခါမပြတ် ဆင်ခြင်အောက်မေ့ သောသူတို့အား မိမိကိုယ်၌ လည်း ကောင်း၊ ထိုငါးပါးသော အကြောင်း တရားတို့သည် ဖြစ်ကုန်သည်ရှိသော် စိုးရိမ်ခြင်း၊ ပင်ပန်းခြင်း၊ မြည်တမ်းခြင်း၊ ယောင်ယမ်းခြင်းတို့ကို မပြုကုန်မူ၍ သတိသံဝေဂဉာဏ်ကို အဖန်တလဲလဲ ဖြစ်စေ၍ ဒါန၊ သီလ အစရှိသော ကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကြောင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာ သော စီးပွားချမ်းသာကို ရနိုင်လေကုန် ၏။

စင်စစ်အားဖြင့် မိဘဉာတိသား သမီးဆွေမျိုးဖြစ်ကုန်သောသူတို့သည် စိနာဘာဝသဘောနှင့် မကင်းသည်ဖြစ် ၍ တမလွန်ဘဝသို့ ပြောင်းသွားရသည် ဖြစ်အံ့။ ထိုသူတို့ကို အကြောင်းပြု၍ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့မဖြစ်ဘဲ ထိုသေလေကုန် ပြီးသောသူတို့ကို ရည်မှတ်၍ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်၍ ကျင့်ကုန်၍သာလျှင် ထိုကုသိုလ်၏အဖို့ ကို သေလေပြီးသောသူတို့အား ရပါစေ ဟု အမျှပေးဝေကုန်ရာ၏။ ထိုသို့ ပေး ဝေရခြင်းသည် သေလေပြီးသော သူတို့ အား ပေးဝေလေသော ကုသိုလ်အကျိုး ဆက်ကြောင့် နတ်၌ဖြစ်သော စည်းစိမ် ချမ်းသာကို ရသဖြင့် သေလေပြီးသော သူတို့၏အကျိုးကို ရွက်ဆောင်သည် လည်းမည်၏။ မိမိအကျိုးကိုဆောင်ရွက် သည်လည်းမည်၏တဲ့"

"ရှင်းသွားပါပြီ ဆရာ။ အကြောင်း တရားငါးပါးကို ဆင်ခြင်အောက်မေ့ပြီး ဘယ်လိုလွတ်လမ်းထွင်ရမယ်၊ ဘယ်လို တိုက်ပွဲဝင်ရမယ်ဆိုတာ အထိုက်အ လျောက်သဘောပေါက်သွားပါပြီဆရာ"

"အဘိဏှသုတ်နိဿယနဲ့ သံဝေဂ အမျိုးမျိုးအခန်းမှာ မန်လည်ဆရာတော် ဘုရားကြီး မိန့်ဆိုထားတာ အများကြီး ကျန်သေးတယ်။ နောက်တော့ ပြောကြ သေးတာပေါ့"

"ကျွန်တော်လည်း မကြာမကြာ လာပါ့မယ်ဆရာ"

"လာခဲ့ဗျာ"

ထို့နောက် ကျွန်တော့်ကို နှုတ် ဆက်ပြီး ပြန်သွားပါသတည်း။

မြဝင်း (ဒဿန)

---

# ကြွက်နို့ ဒိဋ္ဌပျောက်ဆေးနည်း

နေဝင်းဝင်း(လွန်ဆေး)

တစ်ရက်တွင် ကျွန်တော်နှင့် ဇနီး ဖြစ်သူတို့ ကြံခင်းမြို့နယ် အုတ်တွင်း ကျေးရွာအုပ်စု သရက်ပင်ကွင်းရွာရှိ အဘအောင်မင်းခေါင်ဓာတ်နန်းသို့ရောက် ခဲ့ကြ၏။ ဓာတ်နန်းတွင် ဓာတ်စီးခံပုဂ္ဂိုလ် ဆရာလေး အောင်မျိုးသူနှင့် စကား လက်ဆုံကျစဉ် ကျွန်တော့်အကြည့်က ဆရာလေး၏ ညာဘက်ခြေခုံပေါ် ကြည့် မိရာ သူ၏ခြေခုံပေါ်ရှိ ကြွက်နို့အလုံး လေးမှာ မရှိတော့။

"ဆရာလေး၊ ခြေခုံပေါ်က ကြွက် နို့က ဘယ်ရောက်သွားတာလဲ"

ကျွန်တော်က မေးတော့ ဆရာ လေးက ရယ်မောရွှင်ပျစွာဖြင့် အောက် ပါအတိုင်း ပြောပြလာ၏။

"အဲဒါ လေးလေးရေ . အိမ်က သားကြီး ကျောင်းက ပြန်လာတော့ ဖေဖေ၊ ကြွက်နို့ပျောက်တဲ့ဆေး သားသိ လာပြီ။ အဲဒီအတိုင်းလုပ်ပါ၊ ပျောက်သွား လိမ့်မယ်ပြောတာနဲ့ လုပ်ကြည့်တာ။ ခု လေးလေး မြင်တဲ့အတိုင်းပဲ၊ အဲ့လိုက် ကျွတ်ထွက်သွားတာ"

"ဟုတ်ပါရဲ့ ဆရာလေးရယ်၊ ဆေး နည်းလေးပြောပြစမ်းပါဦး"

"လေးလေးမြင်တဲ့အတိုင်း ဒီခြေခုံ ပေါ်က ကြွက်နို့က ပေါက်နေတာ ကြာ ပြီ။ ပျောက်လည်းမပျောက်ဘူး။ ခု သား ကြီးပြောတဲ့နည်းနဲ့ ချက်ချင်းလုပ်ကြည့် တာ ချက်ချင်းပျောက်သွားတယ် လက် တွေ့ပဲ။ ဆေးနည်းကတော့ ပိန်းရိုးတစ် ထွာလောက်ဖြတ်၊ ထိပ်ဝမှာ ထုံးသုတ် ပြီးရင် ကြွက်နို့ပေါ်ကနေ အထပ်ထပ် တိုက်ပေးတာ။ နောက်မကြာပါဘူး၊ အဲ့ လိုက်ကျွတ်သွားတာပဲ။ ဘာဒဏ်ရာမှလဲ မကျန်ခဲ့ဘူး။ နာတာကျင်တာစပ်တာ လည်း မရှိဘူး"

မှန်ပါသည်။ ဆရာလေး၏ ခြေခုံ ပေါ်က ကြွက်နို့မှာ လုံးဝ ပျောက်ကင်း သွားကာ ဒဏ်ရာ တစ်ခုမျှ မတွေ့ရ။ လွယ်ကူထိရောက်သည့် ကြွက်နို့ပျောက် ဆေးမြီးတိုတစ်ခုဖြစ်ပါကြောင်း လက် ဆင့်ကမ်း ဝေငှအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်းတွင် နေရာသုံးနေရာ ရွှေ့ပြောင်းသီတင်းသုံးတော်မူပါသည်။ ကန့်ဘလူမြို့နယ်အတွင်းရှိ မဟာဗောဓိမြိုင်၊ နတ်တလူတောရနှင့် ယခု ဥဇ္ဇ ယျုခမ်တောရ တို့ ဖြစ်ပါသည်။

စာရေးသူတို့ ရွှေဘိုမြို့သူမြို့သားများသည် မဟာဗောဓိမြိုင်သို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဆွမ်းသွားရောက် လောင်းလှူကြပါသည်။ မှန်လုံကားကြီးများဖြင့် တပျော်တပါး သွားကြပါသည်။ ဆရာတော်ကြီးအား ဆွမ်းလောင်းလှူကြပုံ၊ တရားဟောပုံ၊ ဆွမ်းအလှူရှင်များ ထမင်းစားကြပုံများကို ဗီဒီယိုဖြင့်မှတ်တမ်းတင်ထားပါသည်။ ထိုအခွေကို ကြည့်ခွင့်ကြုံသဖြင့် ဆရာတော်ကြီး၏ ကျောင်းသင်္ခမ်းသည် တောင်ကုန်းလေးပေါ်တွင်တည်ရှိနေပုံ၊ ဆရာတော်ကြီး ဆွမ်းခံကြွရာလမ်းတွင် တောင်စောင်းမြေသားများကို လှေကားထစ်လေးများ ပြုလုပ်ထားပြီး မြေမပြိုရန်



မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ဥဇ္ဇ ယျုခမ်တောရကျောင်း


သစ်သား (၄) လက်မ × (၂) လက်မ လေးများဖြင့် ပေါင်သတ်ထားပုံတို့ကို မြင်ရပါသည်။

ဆွမ်းခံကြွလာသော ဆရာတော်ကြီးအား အလွန်ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ ဆွမ်းလောင်းလှူကြသူတို့၏ မျက်နှာများပေါ်မှ ပီတိအလှများကိုလည်း အားကျဖွယ် တွေ့ရပါသည်။ စိတ်မျက်စိထဲက မထွက်သောပုံမှာ ဆွမ်းခံယူပြီး သပိတ်လွယ်ကာ နောက်ပြန်မကြည့်ဘဲ တောင်ကုန်းမို့မို့လေးပေါ်သို့ မြေလှေကားထစ်များပေါ်သို့ အမှတ်သတိဖြင့် ကြွမြန်းနေသော ဆရာတော်ကြီး၏ပုံပင် ဖြစ်ပါသည်။ ဆရာတော်ကြီး

# ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏

# ဥဇ္ဇ ယျုခမ်တောရ

## ဝေစည်(ရွှေဘို)



ဥဇ္ဇ ယျုခမ်တောရကျောင်းဝင်းကြီး

www.burmeseclassic.com

နောက်သို့ မည်သူကိုမျှ လိုက်ခွင့်မပြုပါ။ ဆွမ်းအလှူရှင်များအားလုံး ဆရာတော်ကြီးအား မျက်စိတစ်ဆုံးအထိ လွမ်းဆွေ့ဝေဝေဖြင့် ဖူးမြော်နေကြခြင်းပင် ဖြစ်ပါသည်။ ထိုမဟာဗောဓိမြိုင်သို့ ရွှေဘိုသူရွှေဘိုသားများ အကြိမ်ကြိမ်သွားကြသော်လည်း စာရေးသူတို့မိသားစုသည် ဖူးခွင့်မကြုံခဲ့ရပါ။

နတ်တလူတောရစခန်း၌ ဆရာတော်ကြီး သီတင်းသုံးနေချိန်တွင် ရွှေဘိုမြို့နှင့် (၂၄) မိုင်သာ ဝေးရကား ရွှေဘိုမြို့တစ်မြို့လုံးနီးပါး သွားရောက်ဖူးမြော်ကြပါသည်။

လွန်ခဲ့သည့်နှစ်က ကျေးဇူးရှင်ဆရာတော်ဘုရားကြီး မိုးမိတ်မြို့နယ် မပဒန်ဂူတွင် သီတင်းသုံးတော်မူပါသည်။ သူရဇ္ဇမဂ္ဂဇင်း၏ကျေးဇူးဖြင့် ကြည်ညိုရပါသည်။ ဆရာတော်ကြီးထံပါးတွင် ဝေယျာဝစ္စပြုလုပ်ပေးသော ဒေါက်တာအိုကေနှင့် ကိုလှသိန်းတို့ ပြောပြသဖြင့်လည်း မိုးမိတ်နယ်သူနယ်သားများအား ဆရာတော်ကြီးမှ ချီးမြှင့်လိုသဖြင့် ကြွရောက်ကြောင်းပါ ကြားသိရပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးနှင့် မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော်တို့ စကားလက်ဆုံ ပြောကြရင်းမှ ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်များကိုပါ နာယူမှတ်သားရပါသည်။ မဟာဗောဓိမြိုင်ဆရာတော်ကြီးမှ -

"ဦးဇဝန၊ ရွှေဘို ကြွဖူးပါသလား"

ဟု အမေးရှိရာ -


မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော် ဦးဇဝနမှ -

"တပည့်တော်ကို ကျောင်းဆရာမကြီး ဒေါ်ခင်ပိုကပင့်လို့ တရားဟောရောက်ဖူးပါတယ် ဘုရား"

ဟု ဖြေတော်မူရာ ထိုတရားအခွေကို နာယူလိုက်ကြရသော မိတ်ဆွေများက စာရေးသူအား မကြာခဏ ဖုန်းဖြင့် မေးကြပါသည်။

ယခုနှစ်တွင် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးသည် ကန့်ဘလူမြို့နယ်၏ တောင်ဘက်အစွန်း ခင်ဦးမြို့နယ်၏ မြောက်ဘက်တွင်ရှိ 'ဥဇ္ဇေ ယျမမ်တောရ' တွင် ဝါဆို ဝါကပ်တော်မူမည် ဖြစ်ပါသည်။ 'ဥဇ္ဇေ ယျမမ်တောရကျောင်း'သည် ရွှေဘိုမြို့မြောက်ဘက် (၂၅) မိုင်အကွာ (ရွှေဘို-မြစ်ကြီးနားကားလမ်း၊ ဗျူဟာလမ်း) ကြီး၏ အရှေ့ဘက် ဘူးကုန်းကျေးရွာ၏ အရှေ့ဘက်(၄)မိုင်အကွာတွင် တည်ရှိသည်။


ဥဇ္ဇေ ယျမမ်တောရမုခ်ဦးအဝင်လမ်း



ဥဇ္ဇေ ယျမမ်တောရ


ဥဇ္ဇေ ယျမမ်တောရအတွင်းရှိ ကျောင်းတိုက်




www.burmeseclassic.com


www.burmeseclassic.com



ဘုးကုန်းရွာအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်



၁၃၇၅ ခု၊ ဝါဆိုလဆန်း (၁၀) ရက် ကျောင်းဖွင့်ပွဲ



ဘုးကုန်းရွာအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင် (မြောက်ဘက်)



ဒု-အရာခံဗိုလ် လဘန်နော်၏ကောင်းမှု လွတ်လပ်ရေးကျောက်တိုင်

ဥေယျာမြဲတောရကျောင်းသို့သွားရာလမ်းတစ်လျှောက်လုံး မြေသားလမ်းသာ ဖြစ်ပါသည်။ ဘုးကုန်းရွာထဲတွင် လွတ်လပ်ရေးကျောက်တိုင်ကို တွေ့ရှိပါသည်။ ကျောက်တိုင်၏အောက်ခြေတွင် 'လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်၍ ရရှိသော မြန်မာ့လွတ်လပ်ရေးသည် အရှည်တည်တံ့နိုင်ပါစေသော၀်' ဟု ရေးထိုးထားပါသည်။ ကျောက်တိုင်၏ အခြားတစ်ဖက်တွင်လည်း 'ဗမာ့တပ်မတော် အမှတ် (၄) အချင်တပ်ရင်းမှ ဒု-အရာခံဗိုလ် လဘန်နော် ကြီးမှူး၍ ၁၃၂၃ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက် 'ဘုးကုံး' (မူရင်းသတ်ပုံ) ကျေးရွာလူထုနှင့် တည်ဆောက်သည်' ဟု ပါရှိပါသည်။ ဗိုလ်ချုပ်၏ ကျေးဇူးတရားကို ဖော်ကျူးပေးသော ထိုကချင်တပ်ရင်း (၄) မှ ဒု-အရာခံဗိုလ် လဘန်နော်ကို အလွန်လေးစားမိပါသည်။

စာရေးသူတို့မိသားစု ထိုလွတ်လပ်ရေးကျောက်တိုင်လေးကို ဓာတ်ပုံရိုက်ယူပြီး လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို (မိသားတစ်စုလုံး ကားပေါ်မှ ဆင်းပြီး) အလေးပြုလိုက်ကြပါသည်။ ဒု-အရာခံဗိုလ် လဘန်နော်အားလည်း (သက်ရှိ မရှိ မသိရသော်လည်း) သူ၏ ဗိုလ်ချုပ်ကို လေးစားကြည်ညိုသော၊ လွတ်လပ်ရေးကို အရှည်တည်တံ့ခိုင်မြဲလိုသောစိတ်ဓာတ်ကို လေးစားသောအားဖြင့် အလေးပြုခဲ့ကြပါသည်။ ယခင်က ဤလွတ်လပ်ရေးကျောက်တိုင်သည် ဘုးကုန်းကျေးရွာအပြင်ဘက် (အရှေ့ဘက်) ရွာထိပ်တွင်ရှိခဲ့ဟန်တူပါသည်။ ယခုမူ ရွာတွင်းရောက်ရှိနေပြီး ခြံစည်းရိုးတိုင်များအကြား ရောက်နေပါသည်။

ဘုးကုန်းရွာမှ မြေသားလမ်းအတိုင်း သွားကြရပါသည်။ အညာဒေသတွင် မိုးအလွန်ခေါင်သဖြင့် မြေသားလမ်းမှာ ချောပြောင်နေအောင်မာကျောနေပါသည်။ ထို့နောက် စကျင်ရွာသို့ ရောက်ပါသည်။ စကျင်ရွာမှ (၂) မိုင်ခန့် သွားလျှင် အဝေးကပင် မြင်နိုင်သော 'ဥေယျာမြဲတောရ' ဆိုသော ဆိုင်းဘုတ်ကို မြင်လိုက်ရသဖြင့် စာရေးသူတို့အားလုံးဝမ်းသာသွားကြပါသည်။

ဥေယျာမြဲတောရ၏အပြင်ဘက်တွင် သက်ငယ်မိုး၊ ဝါးကာ၊ ဝါးခင်းတဲကလေးထဲမှ အလှူရှင်များက ခရီးဦးကြိုပြုကြပါသည်။ အလှူရှင်မိသားစုမှာ ဇီးကုန်း (ထန်းတပင်ဇီးကုန်း) မှ ဖြစ်ပါသည်။ စာရေးသူတို့မိသားစုအား ဖျော်ရည်အေးအေးလေး တိုက်ကျွေးပါသည်။ နာနတ်သီးစိတ်၊ မုန့်ဆီကြော်၊ ဖီးကြမ်း



www.burmeseclassic.com


ဆရာတော်ကြီးအား ဖူးတွေ့ခွင့်မရနိုင်သဖြင့် ဝမ်းနည်းနေကြသော မိသားစု


ဧည့် ယျမ်တောရလမ်းနံဘေးမှ ခြေနင်းရေတွင်းအလှူ


ဧည့် ယျမ်တောရလမ်းမှ ဇရပ်တဲကလေးနှင့် သောက်ရေအိုးစင်


ဧည့် ယျမ်တောရလမ်း၊

ငှက်ပျောသီးမုန့်၊ ထန်းသီးမုန့်ထုပ်လေးများနှင့် အလွန် ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံကြပါသည်။ ထိုအလှူရှင်မိသားစုအား အလွန်ကျေးဇူးတင်မိပါသည်။

ဆရာတော် သီတင်းသုံးသော ကျောင်းဝင်းအတွင်းမှ (ဆရာတော်အား အနီးကပ် ဝေယျာဝစ္စ လုပ်ကျွေးပြုစုကြသော) ဒေါက်တာအိုကေနှင့် ဦးလှသိန်းတို့ ထွက်လာကြပြီး ဆရာတော်ကြီးအား ဖူးတွေ့ခွင့်မရနိုင်ကြောင်းပြောပြပါသည်။ နံနက်ကပင်လျှင် ရွှေဘိုမြို့ပေါ်မှ ကား (၁၀) စီးခန့်လာကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းမှူး ဗိုလ်ချုပ် မြင့်စိုးနှင့် စက်(များ)ပိုင် ဦးလှပေါ်တို့လည်း လာရောက်ကြောင်း၊ ဆရာတော်ကြီး၏ တရားအလုပ်ကို အနှောင့်အယှက်မဖြစ်စိမ့်သောငှာ ကျောင်းဝင်းအတွင်းသို့ပင် ဝင်ခွင့်မပြုဘဲ ကျောင်းဝင်းအပြင်ဘက် 'ဧည့် ယျမ်တောရကျောင်းလွှတ်ပွဲတော်' ဆိုင်းဘုတ်အဝင်ဝမှသာ ဆရာတော်ကြီးအား မှန်းဆပြီး ရှိသေစွာဖြင့် ကန်တော့ကြရပါသည်။

အလှူရှင်များလှူဒါန်းသော လှူဖွယ်ဝတ္ထုအစုစုတို့ကို သက်ကယ်မိုး ဧည့်ဆောင်လေးထဲတွင် စုပုံထားရှိခဲ့ရပါသည်။ ဧည့် ယျမ်တောရကျောင်းလွှတ်ပွဲတော်ကို ဝါဆိုလဆန်း ၁၀ ရက်နေ့က ကျင်းပပြုလုပ်ရာ လူပေါင်း တစ်သောင်းခွဲခန့် လာရောက်ကြကြောင်း သိရပါသည်။ ဆန်တင်း(၉၀)ခန့်ချက်ရကြောင်း သိရပါသည်။

ဆရာတော်ကြီး၏ ဧည့် ယျမ်တောရမှာ ပြေပြစ်သော တောင်ကုန်းမို့မို့လေးပေါ်တွင် ရှိပါသည်။ ကျောင်းဝင်းအကျယ်မှာ ဇကေ (၂၀၀) ဟု သိရပါသည်။ တစ်တောတစ်တောင်လုံး သစ်ကြီးဝါးကြီးများမရှိပါဘဲ လူတစ်ရပ်ခန့် ချုံပင်လေးများကို စိမ်းစိမ်းစိုစို တွေ့ရပါသည်။ သူတော်ကောင်းတို့ကိန်းအောင်းမွေ့လျော်သည့် တောတောင်ဒေသဖြစ်ရကား အလွန် ကြည်နူးသာယာလှပါသည်။ လမ်းဘေးတွင် တည်းခိုနိုင်ရန် ဇရပ်လေးများရှိပါသည်။ ထန်းရွက်မိုး ဝါးတဲလေးကို သခွတ်ပင်လေးဘေးတွင် ဆောက်ထားပြီး သောက်ရေအိုးလေးပါ တည်ထားသည်။ တဲလေးနှင့်ကပ်လျက် စက်ရေတွင်း (ခြေနင်းစက်ရေတွင်းလည်း) တူးပေးထားပြီး ရေချိုးရန် (ရေသုံးရန်) ကျောက်စည်လေးပါ ချထားပါသည်။ (လှူထားပါသည်။) ရေခွက်ငယ်လေးပါထားပေးထားပြီး တဲအတွင်းတွင်

www.burmeseclassic.com

## မိုးစက်အဏ္ဏဝါ(ရောဝတီ)

# ရေယုန်အတွက် နည်းမခက်

စာရေးသူ၏ပညာရင်နို့သောက်စို့ရာဖြစ်သော မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျတောရ ပရိယတ္တိစာသင်တိုက်ကြီးမှ နွေရာသီကျောင်းနားရက်တွင် မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဖြူးစခန်းကျေးရွာ သိရီမင်္ဂလာစံကျောင်းတိုက်သို့ ခေတ္တခဏ ပြန်လည်ရောက်ရှိနေခိုက် ဖြစ်သည်။

ထိုအချိန်တွင် စာရေးသူကို ဂျုံးဂျုံးကျတောရစာသင်တိုက်သို့ ပို့ဆောင်ပေးခဲ့သော အရှင်ပညောဘာသနှင့် မထင်မှတ်ဘဲ ပြန်လည်ဆုံတွေ့ခဲ့ရ၏။ တွေ့တွေ့ချင်းဆိုသလိုပင် စာရေးသူအား -

"အရှင်ဘုရားရေးတဲ့ တိုင်းရင်းဆေးနည်းဆောင်းပါးတွေကို သုရဇ္ဈမဂ္ဂဇင်းမှာဖတ်ရတယ်။ သုရဇ္ဈမဂ္ဂဇင်းကသုတ၊ ရသ၊ စွယ်စုံမဂ္ဂဇင်းလည်းဖြစ်, ဘာသာရေး၊ ဂမ္ဘီရ၊ တိုင်းရင်းဆေး စတာတွေအကုန်ပါတော့ သုရဇ္ဈမဂ္ဂဇင်းကို လစဉ် ပုံမှန်ဝယ်ဖတ်တယ်။ ပင်တိုင်စာဖတ်ပရိသတ်တစ်ဦး ဆိုပါတော့။ တပည့်တော်စုထားတဲ့ မဂ္ဂဇင်းတွေကို ရှာကစာကြည့်တိုက်မှာ ပြန်လှူတယ်။ အခုလို အရှင်ဘုရားရဲ့ တိုင်းရင်းဆေးဆောင်းပါးတွေကို မထင်မှတ်ဘဲ ဖတ်လိုက်ရတော့ အရမ်းဝမ်းသာတယ် ဘုရား"

ဟု စာရေးသူအား ဝမ်းသာအားရ နှုတ်ဆက်လေသည်။ ဆက်လက်၍ စာရေးသူအား -

"အရှင်ဘုရားကို တပည့်တော်က ကိုယ်တွေ့ ရေယုန်ပျောက်ဆေးနည်း လက်ဆောင်ပေးလိုက်မယ်။အရှင်ဘုရားကသာ ဆောင်းပါးရေးပြီး သုရဇ္ဈမဂ္ဂဇင်းကို ပို့ဖြစ်အောင်ပို့ပေးပါ"

စာရေးသူလည်း မဆိုင်းမတွပင် -

"မှန်ပါ့ဘုရား၊ ပို့ဖြစ်အောင်ကို ပို့ပေးပါ့မယ်လို့ ကတိပေးပါတယ်။ အရှင်ဘုရားသာ ဆေးနည်းကို အမိန့်ရှိပါဘုရား"

"ဒီလိုပါ ဘုရား။ တပည့်တော် ဒီနှစ် ရန်ကုန်မှာ သီတင်းသုံးတယ်။ တစ်နေ့တော့ နှုတ်ခမ်းမှာ မထင်မှတ်ဘဲ ရေယုန်ပေါက်လာတယ်။ အစကတော့ သေးသေးပါပဲ။ နောက်တော့ ပွားလာပြီး အတော်လေးကြီးလာခဲ့တယ်။ ဆေးခန်းသွားပြ၊ ဆေးထိုး၊ ဆေးသောက်၊ ဆေးလိမ်းလုပ်တာပဲ မသက်သာဘူး။ နောက်တော့ သူငယ်ချင်းတစ်ပါးက သူ့ကိုယ်တွေ့ပျောက်တဲ့ဆေး ဆိုပြီး ဆေးနည်းပေးတာနဲ့ လိမ်းလိုက်တာ (၂) ကြိမ်၊ (၃) ကြိမ် လိမ်းလိုက်တာနဲ့ အချပ်လိုက်ကွာကျပြီး ပျောက်သွားတာ ကိုယ်တွေ့ပဲ"

ဟု စာရေးသူအား ပြောပြပါသည်။

ထိုဦးပဥ္စင်း ပြောပြသော ဆေးနည်းမှာ နကျယ်အုံအဟောင်းကို လိုသလောက် လက်ဝါးပေါ်တင် ရေနဲ့ဖျော်ပြီး ရေယုန်ပေါ် မထူမပါးလေး လိမ်းပေးပါ။ ဆေးနည်းမှာ အလွန်ရိုးရှင်းလွယ်ကူသော်လည်း ကိုယ်တွေ့ ပျောက်ကင်းသူများ များခဲ့ပြီမို့ အစွမ်းထက် ဆေးနည်းကောင်းတစ်လက် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

ဤတိုင်းရင်းဆေးနည်းအား ပြောကြားပေးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် အရှေ့ရေယိုကျေးရွာမှ အရှင်ပညောဘာသအား အထူးကျေးဇူးတင်ရှိပါသည်။

(လောကုတ်၊လောကီနှစ်လီအကျိုးပွားတိုးစည်ပင်နိုင်ကြပါစေဟု ထာဝစဉ်ဆန္ဒပြုလျက်)

မိုးစက်အဏ္ဏဝါ (ရောဝတီ)

ဆပ်ပြာမှုန့်ထုပ်လေးပါ ချိတ်ဆွဲလှူထားပါသည်။

စကျင်ရွာသည် ကျောက်တုံးများ အလွန်ပေါပါသည်။ ကျောက်သားဖြင့် ခြေနင်းခုံလုပ်ထားသော ဇရပ်လေးမှာ နားနေချင့်စဖွယ်ဖြစ်ပါသည်။

ဆရာတော်အား ဖူးခွင့်မကြုံရသဖြင့် စိတ်မကောင်းဖြစ်နေကြသော စာရေးသူ၏ မိသားစုများကိုလည်း အောင်မြေ/ ဝေဘူဆရာတော်ဘုရားကြီး မိန့်မှာကြားတာကို ပြန်လည် ပြောပြရပါသည်။

အောင်မြေဆရာတော်ကြီးက -

"တို့များကွယ်၊ ကိုယ့်ဟာကိုယ် မပြည့်စုံသေးလို့ တောထဲပုန်းအောင်းပြီး တရားအလုပ်လုပ်ရပါတယ်။ လူတွေက လိုက်လိုက်လာကြလွန်းလို့ ပုန်းစရာတော၊ တောင် မရှိတော့ဘူးကွယ့်"

ဟု မိန့်တော်မူဖူးပါသည်။

အလွန်မှန်ပါသည်။ ဤသို့သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံလေသော ဆရာတော်ကြီးအား လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပုခက်တွင်းကလေးမှသည် တောင်ဝှေးဆောင်ရသူအထိ ဖူးမြော်ကန်တော့လိုသူများရှိနေရကား သူတို့အလိုရှိသလောက်(စာရေးသူတို့ပုထုဇဉ်သားများ) အလိုရှိသလောက်သာ ဖူးခွင့်တွေ့ခွင့်ပေးနေပါလျှင် တရားဓမ္မရှုမှတ်၊ ရေးသားဖို့ မဆိုထားပါနှင့်။ ဆွမ်းဘုဉ်းပေးဖို့အချိန်၊ ကျင်ကြီးစွန့်ဖို့အချိန်တောင်မှ မရနိုင်လောက်ပါ။

ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်းရှိ တသွင်သွင်စီးနေသော စမ်းချောင်းကလေးရှိသည်ဟု သိရပါသည်။ ထိုစမ်းချောင်းလေးကိုလည်း စိတ်မှန်းဖြင့် လွမ်းနေလိုက်ရပါသည်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးအား ကြည်ညိုကြသူများအတွက် မှန်းမျှော်၍ ပူဇော်ကန်တော့နိုင်ကြရန် ဓမ္မဒါနအဖြစ် ဤဆောင်းပါးကို ရေးသားလိုက်ပါသည်။ ဥဒေ ယျခမ်တောရမှ ဓာတ်ပုံရိုက်လာသော မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ တောရကျောင်းကိုပါ ဖော်ပြလိုက်ပါသည်။

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

## အဘယခေမာကုန်းသာယာမှ မေတ္တာရှင်စောမွန်လှမင်းသမီးတည်ထား

# သစ္စာဓိဋ္ဌာန်ရွှေစာရံဘုရား

**ကံဝင်း**

'မြေသင်းနံ့တွေ သင်းကာကြည်
လှည်းတပ်ကြီးနဲ့ ရိက္ခာစုံညီ
အစ်မတော် စောမွန်လှ
အဓိဋ္ဌာန်ပြုတည်
ပျော်ပျော်ရွှင်ကြည်
ရွှေစာရံဘုရား ဖူးကြမည်'

*(အညာကျေးလက်တေး)*


အဘယခေမာ ကုန်းသာယာဟု ခေါ်တော်မူအပ်သော သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်သည်ကား ဒုဋ္ဌဝတီမြစ်ကမ်းအနီးတွင် တည်တော်မူပါသည်။

နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ရက်ကို တပေါင်းလပြည့်နေ့မှ လပြည့်ကျော် (၉) ရက်နေ့အထိ ကျင်းပတော်မူပါသည်။ တပေါင်းလ ဘုရားပွဲကြီးသို့ အညာကျေးလက်ဒေသ အသီးသီးမှ လှည်းတပ်ကြီးများ ချီပြီးသကာလ စားဖွယ်သောက်ဖွယ် စုံလင်စွာ လှည်းများပေါ် တင်ဆောင်ကြလျက် အဖိတ်နေ့ နံနက်အစောကြီး ရွာမှထွက်ခွာလာကြ၏။ လှည်းများစွာလည်း ပေါင်းမိုးများပါရှိကြသဖြင့် နံနက်စောစော သွန်းဖြိုးတတ်သော နှင်းမိုးဒဏ်နှင့် နေ့ဘက် နေပူဒဏ်တို့မှ ကင်းဝေးစေ၏။ ကျေးရွာများ အနီးအဝေးလိုက်၍ အဖိတ်နေ့ မတိုင်မီမှပင် ကြိုထွက်လာသူတွေလည်း ရှိကြ၏။ မည်မျှနီးနီး၊ ဝေးဝေး လပြည့်နေ့ အရုဏ်ဆွမ်းကပ်အမီ ရွှေစာရံဘုရားသို့ ရောက်ကြစမြဲ ဖြစ်၏။

ရွှေစာရံဘုရားပွဲ နီးပြီဆိုကတည်းက ရွာထဲမှာ အသက်ဝင်လှုပ်ရှားလာကြ၏။ လယ်ယာ, ကိုင်း လုပ်ငန်းခွင်မှ အလုပ်သိမ်း၊ တစ်ရာသီ စခန်းသိမ်းပြီးဆိုလျှင်ဖြင့် ရွှေစာရံဘုရားပွဲတော်ကာလ လှူရေးတန်းရေးမှအစ စားနပ်ရိက္ခာ စုံလင်စွာစုဆောင်းကြ၏။ ဘုရားပွဲတော်မှာဝယ်ခြမ်းစရာအတွက် ကောက်ပဲသီးနှံများ ဝယ်လက်ဒိုင်တွေမှာ ရောင်းကြ၏။ တချို့က ဈေးကောင်းပေးဝယ်သောမြို့ပေါ်တက်ရောင်းကြ၏။ ထိုသို့ရောင်းချကြရာတွင် ပေါ်ဦးပေါ်ဖျားသီးနှံတချို့အား ဘုရားမှာလှူရန် ဦးချပြီး သတ်

သတ်စီစဉ်ထားနှင့်ပြီး ဖြစ်၏။ နှစ်စဉ် ရွှေစာရံဘုရား ဦးထိပ်ထား ဘုရားပွဲသို့ အရောက်သွား၍ ပွဲတော်ကာလမှာ ဆွမ်းကပ်ပါရစေ တောင်းဆုခြွေပါသည် ဘုရားဟု စိတ်ကြံသမှု အဓိဋ္ဌာန်ပြုကြ၏။ ရွှေစာရံဘုရားရှင်၏တန်ခိုးရှိန်စော် မေတ္တာဓာတ် အာနုဘော်တို့ကြောင့် ကောက်ပဲသီးနှံများ အထွက်တိုး များပြီး အဆင်ပြေကြလေ၏။

ပွဲတော်ရက်ရောက်ခါနီး၍ ဘုရား



သစ္စာဓိဋ္ဌာန် ရွှေစာရံဘုရား



ရွှေစာရံဘုရားမှ ရသေ့ကြီး ဦးခန္တီကောင်းမှု မဟာမုနိဘုရား



www.burmeseclassic.com

www.burmeseclassic.com

ပွဲလှည်းတပ်ကြီးနှင့် ချီပြီးသွားကြပြီဆိုလျှင်လည်း ဦးစွာပထမ ရွာမှစ၍ ရွှေစာရံဘုရား ဦးထိပ်ထားကာ စုပေါင်းညီညာ ဘုရားရှိခိုးကြ၏။ ဘုရားဦးထိပ်ထားပြီးမှ အနှမ်းပြေ အညာကျေးလက်တေးတွေ ဆိုကြ၏။ စကားတပြောပြော၊ ရယ်စရာတသောသောဖြင့် ပြောကြဆိုကြရင်း ဘုရားပွဲကျင်းပရာ ကွင်းစပ်သို့ ရောက်လာကြ၏။ ဘုရားနှင့်မနီးမဝေး သစ်ရိပ်ဝါးရိပ်ရှိရာအရပ်တွင် လှည်းဝိုင်းကြီးများဝိုင်းလျက် ဝိုင်းဖွဲ့လိုက်ကြ၏။ တခြားသော ရွာအသီးသီးမှ အစုအဖွဲ့လိုက် လှည်းဝိုင်းများလည်း အဆင်သင့်ရာ၊ အဆင်ပြေရာတို့တွင် စခန်းချလျက် အသင့်ပါလာရာ ထင်းမီးသွေးတို့ဖြင့် နေ့ဝတ်ညစာ ချက်ပြုတ်ကြ၏။ လူကြီးများက ဆွမ်းကပ်ဖို့ ဆွမ်းတော်ကြီးတင်ပွဲအတွက် အညာမုန့်များပြုလုပ်နေကြစဉ်မှာဖြင့် ကလေးများက လှည်းဝိုင်းအတွင်းမှာ ပျော်မြူးစွာ ကခုန်ကစားကြလေ၏။

'နံနက် အရုဏ်တက်တော့ ဆွမ်း
တော်ကြီးပွဲ။
ရွာထဲက အပျိုတွေလည်း
အလှအိုးတွေကွဲ. . . ။
သနပ်ခါးရေကျဲ. . . တစ်မျိုးလေး
လှနေဆဲ. . . ။
အစ်မတော် စောမွန်လှ
သမီးကလေးတွေပဲ. . .'

*(တေးပြုစာဆို-အောင်သီဟ)*

ကာလသားခေါင်း ကိုသာဆန်တို့ အိုးစည်အဖွဲ့ကလည်း အိုးစည်သံပေးလက်ခွေ့ကြရင်း သီချင်းတွေဆိုကြ၏။ စာသံပေသံ ကာရန်မညီ၊ စာမညီ ကဗျာမပီသော်လည်း လွန်စွာ နားထောင်ကောင်းလှ၏။ ခဲရာခဲဆစ် စာသီချင်းများမဟုတ်၍ ကလေးများက တစ်ခေါက်၊ နှစ်ခေါက် နားထောင်ရုံမျှဖြင့် အကုန်ရကုန်၏။ အိုးစည်ဝိုင်းနှင့် ဆွမ်းတော်တင် ကွမ်းတော်တင်ကြပြီဆိုလျှင်ဖြင့် ပျော်စရာ အလွန် ကောင်းလှ၏။ နံနက်အရုဏ်မှာ ဆွမ်းတော်တစ်ခါတင်၊ နေ့ဆွမ်းမှာ တစ်ခါတင်၊ နေ့လယ်နှင့် ညနေခင်းတို့တွင် ဖျော်ရည်ကပ်လှူကြ၏။ ညပိုင်းမှာ ပွဲခင်းဈေးတွေဘက်လှည့်၊ မိုင်းမောဝ်ဟော်နန်းရှင် စော်ဘွားကြီးသမီးတော် စဝ်မွမ်းလ (မြန်မာအခေါ် စောမွန်လှ) မင်းသမီး၏ဇာတိချက်ကြွေမွေးရပ်မြေဌာနေဖြစ်သော ယခု နမ့်ခမ်းဆယ်တန့်ရွာနှင့် ရွှေလီ၊ မူဆယ်၊ သိန်းနီဒေသတို့ဆီမှ ရှမ်းတောင်သူများလည်း နှစ်စဉ် အစဉ်အလာမပျက် ဘုရားလာဖူးရင်း ရှမ်းတို့ဒေသထွက်ကုန်အဖုံဖုံရောင်းချကြလေ၏။ ရွှေစာရံဘုရားကြီး၏ထူးခြားသော ဘုန်းတန်ခိုးတော်များအပြင် အစ်မတော် စောမွန်လှ၏မေတ္တာတော်အနန္တကြောင့်ပင်လော မသိ၊ ရွှေစာရံဘုရားပွဲတော်သို့ အောက်ပြည်အောက်ရွာ ပုသိမ်ဒေသများကပင် ဘုရားပွဲသို့ လာရောက်နွဲပျော်ကြ၏။ အောက်ပြည်ထွက် ငါးခြောက်ငါးခြမ်း၊ ငါးပိကောင်၊ ငါးပိကုန်များကိုပင် ဝယ်ယူနိုင်လေ၏။ တချို့ကလည်း ဘုရားဖူးရင်း စရိတ်ကျေရုံ ကာမိရုံ ဒေသထွက်ကုန်များ သယ်ယူရောင်းချ၍ ဘုရားဖူးသူတွေလည်း တွေ့ရ၏။ ကြည့်ချင်ပွဲ၊ ဇာတ်အငြိမ့်ပွဲများလည်း ပါဝင်သဖြင့် အလွန်စည်ကားကျော်ကြားတော်မူသော ဘုရားပွဲတော်ဖြစ်တော်မူပါသည်။

ပွဲတော်၏ထူးခြားမှုတစ်ခုကတော့ ငါးကြီးများ ဘုရားဖူးလာရောက်ကြခြင်းဖြစ်သည်။ ပွဲတော်ရက်အစဖြစ်သော တပေါင်းလပြည့် အဖိတ်နေ့တွင် ငါးထွေ၊ ငါးရွှေ ငါးကြီးများသည် ဒုဋ္ဌဝတီမြစ်ကို ဆန်တက်လာရင်း ဘုရားကမ်းနားအရောက် လာရောက်ကြလျက် ဘုရားဖူးကြ၏။ တချို့က ငါးစာကျွေးရင်း သဒ္ဓါလွန်ကာ ငါးကြီးများ၏ ဦးခေါင်းအား ရွှေချကြ၏။ ထိုဘုရားဖူးလာ ငါးကြီးများအား အစာကျွေးခြင်း၊ ဦးခေါင်းရွှေချခြင်းများပြုလုပ်က စီးပွားတက် လာဘ်ရွှင်၊ ငွေဝင်သည်ဟု ဆိုကြ၏။ ရွှေစာရံသင်္ကြန်ပွဲ နွှဲသူများလည်း တွေ့ရ၏။ ဒုဋ္ဌဝတီမြစ်ကမ်းတွင် ရေဆင်းချိုးကြရင်း ရေပက်ကစားသော အစဉ်အလာသည် ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။ 'ရွှေစာရံရေသောက် ဆယ်ခေါက်ရောက်မည်' ဆိုစကားနှင့်အညီ ရေချိုး၊ ရေသောက် ဘုရားပွဲရောက်သူတိုင်း နှစ်စဉ်နှစ်တိုင်း ဘုရားပွဲသို့ ရောက်ကြသည်ဟု ပြောစမှတ်ပြုကြ၏။

**ရွှေစာရံတန်ခိုး အံ့ဖွယ်ကိုး**

ရွှေစာရံဘုရား၏ အံ့ဖွယ်ကိုးပါးကိုလည်း ဤသို့ ဖော်ပြထားပေသည်။

၁။ ပွဲတော်ရက်အခါတွင် မြစ်ကြီး၊ မြစ်ငယ် အသွယ်သွယ်တို့မှ ငါးသတ္တဝါများရှိခိုးဦးတိုက်လာခြင်း။

၂။ ပွဲတော်ရက်အတွင်း အဆိပ်ရှိသောမြွေ၊ ကျားသစ်၊ ဆင်၊ ကျီးငှက်၊ ခြင်၊ ယင်များ မလာရှိခြင်း။


၃။ လူ၊ ရှင်ရဟန်း များပြားသော်



ရွှေစာရံ့အောင်မြေ (ဝဋ္ဋကမြေ၏ ရာဟုထောင့်၌ ရှိသည်)



ရွှေစာရံဘုရားဒါယိကာမကြီး စောမွန်လှ



စာရေးသူနှင့်မွေ့မိတ်ဆွေများမုခ်ဝမှာအမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

လည်း တည်းခိုနေထိုင်စရာရှိခြင်း။

၄။ ဥတုကပြောင်း လတပေါင်း ဖြစ်သော်လည်း ပွဲတော်လာတို့ အနာအဖျားကင်းခြင်း။

၅။ ပွဲတော်လာ သူတော်စင်တို့အား စော်ကားရမ်းကား ခိုက်ရန်များ မရှိခြင်း။

၆။ သူထက်ငါဦးအောင် ဆွမ်း၊ ရေချမ်းကပ်လှူသော်လည်း လက်ဦးသူတို့ ရှိနေတတ်ခြင်း။

၇။ ဘုရားရှေ့တော်ဝယ် လူချင်းထပ်မျှ ရှိနေသော်လည်း ကောင်းစွာဖူးတွေ့ရခြင်း။

၈။ တကယ်တမ်း ကြည်ညိုသဒ္ဒါစိတ်ဖြင့် လှူဒါန်း ပူဇော်က ပစ္စည်းဥစ္စာ လာဘ်လာဘပေါများခြင်း။

၉။ ဗုဒ္ဓကို လှူဒါန်းပူဇော်၍ လိုရာဆုကို တောင်းသော် ကောင်းမြတ်သည့် ဆုထူးဆုမြတ်များ ရရှိခြင်းတို့ ဖြစ်ပါသည်။

## ရွှေစာရံအစ နားတောင်းတော်က

စောမွန်လှသည် ပုဂံရာမနေပြည်တော်မှ ထွက်ခွာလာခဲ့ရာ ညောင်ဦးရွာ၊ ညဥ့်ရွာ၊ ပလင်း၊ လက်ထုတ်၊ ကောင်းစည်ရွာ၊ တုရွင်းတောင်၊ ဂဝံပတေ့မြို့၊ သစ်စခန်းမ၊ ကျွန်းဘားရွာတို့ကို လွန်မြောက်၍ ယခင်က ပန်းချောင်း၊ ယခု နားတောင်းကျချောင်းနားသို့ ရောက်သော် နားတောင်းကျွတ်လေသည်။ နားတောင်းကျွတ်ရခြင်းမှာ ချောင်းကိုဖြတ်စဉ် ဝတ်လဲတော်အကျီ၊ ထဘီ ဦးခေါင်းပေါ်တင်၍ ချောင်းကိုဖြတ်မိ၏။ ဘဝပါရမီတန်ခိုးတော်ဖြင့် ဓာတ်တော်ကိန်းနေသော နားတောင်းတော်သည် မင်းသမီးနားမှ ဖယ်ခွာ ကောင်းကင်ယံမှာ တည်နေပါတော့သည်။ ရေတွင် နားတောင်းကျွတ်ကျသည်ထင်သောကြောင့် ငုပ်၍ ရှာဖွေသော်လည်း မတွေ့ဘဲ ကောင်းကင်ယံ၌ စာသူငယ်အပေါင်းသောသောညံ ဝန်းရံ၍ နားတောင်းနှင့် တကွ မွေတော်သည် ပြာဋိဟာပြလျက်နေလေသည်။ ဤအခြင်းအရာကိုမြင်သော် စောမွန်လှလည်း သတိရလာပြီး ဝတ်လဲတော်ကိုအောက်သို့ချ၍ တောင်းပန်ရှိကျိုး ရှိခိုးပူဇော်ကာ အဓိဋ္ဌာန်ပြုလိုက်မှ နားတောင်းမွေတော်မြတ်သက်လာ၍ စောမွန်လှ၏နားဝယ် ဝတ်မြဲအတိုင်း တည်လေသည်။ ထိုမွေတော်ဓာတ်ကို ဌာပနာ၍ စေတီတည်လိုစိတ် ပေါ်လာသောအခါ သိကြားမင်းသည် သာသနာ့ဝါးထောင်တိုင်အောင် လူအပေါင်းတို့ ကိုးကွယ်ရာဖြစ်မည်ကို မြင်သဖြင့် အုတ်စု၊ အုတ်ပုံ ညွှန်ပြလေရာ ထိုနေရာ၌ မွေတော်ဌာပနာ၍ လိုဏ်ဝထားကာ ဉာဏ်တော် (၅)တောင်ပမာဏရှိသော ဘုရားလိုဏ်ဂူတည်လေသည်။ ကောင်းကင်၌ မွေတော်ကို စာများရံလျက်တည်သည်ကိုစွဲ၍ 'ရွှေစာရံဘုရား' တွင်၏။ ဘုရားတည်ရာအရပ်၌ အလောင်းတော်သည် မြွေငန်း (၇) ကြိမ်ဖြစ်၍ နေခဲ့ဖူးကြောင်းလည်း သမိုင်းက ဆိုကြသည်။

ရာဇဝင်လာ စောမွန်လှ နားတောင်းကျရာချောင်းမှာမူ ယခု ရွှေစာရံစေတီတော်တည်ရှိရာ အဘယခေမာကုန်းသာယာ၏ အနောက်ဘက်၌ ရှိသည်။ မြောက်မှတောင်သို့ စီးဆင်းနေသော ငင်းချောင်းငယ်က ရှမ်းပြည်နယ်ဘက်မှ စီးဆင်းလာနေသည့် ဒုဋ္ဌဝတီမြစ်သို့ ပေါင်းဆုံ စီးဝင်သွားခဲ့သည်။

## စိတ်ကြဲသမှု အဓိဋ္ဌာန်ပြု၍ သွားရောက်ဖူးမြော် ရွှေစာရံစေတီတော်

ဘုန်းတန်ခိုးတော်ကြီးမား သမိုင်းဝင် သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်ကြီးသို့ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူကြသူ သဒ္ဒါကြည်လင် ပါရမီရှင်တို့သည် ရွှေစာရံစေတီတော်တွင် သစ္စာဓိဋ္ဌာန်ပြု ရှိခိုးကန်တော့ကြပြီးလျှင် ရွှေစာရံစေတီတော်အနီးရှိ ရွှေစာရံအောင်မြေသို့ သွားရောက်ကြလျက် စိတ်ကြဲသမှု အဓိဋ္ဌာန်ပြုကာ အောင်မြေနင်းကြလေ၏။ ထိုသို့ သစ္စာအဓိဋ္ဌာန်အောင်ပွဲခံကြသူများသည် ကတိကဝတ်အတိုင်း တစ်ခေါက် ပြန်ရောက်ကြလျက် သဒ္ဒါဖွေးဖြူ ပေးလှူတော်မူကြပါသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ရှေးဟောင်း သမိုင်းဝင် တန်ခိုးကြီး သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ၌ တည်ရှိပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူ-သီပေါဒေသတို့မှ မြစ်ဖျားခံ စီးဆင်းလာသော ဒုဋ္ဌဝတီမြစ်၏မြောက်ဘက် ဘေးကင်းချမ်းသာ အဘယခေမာကုန်းသာယာဟု ခေါ်ဝေါ်သည့် နေရာတွင် ထင်ရှားစွာ တည်ရှိ ကိုးကွယ်ထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တန်ခိုးကြီးသော ရုပ်ပွားဆင်းတုတော်၊ ပုထိုးတော်၊ စေတီတော်များအနက် လူသိများလှသည့် ရှေးဟောင်းသမိုင်းဝင် ဤသစ္စာဓိဋ္ဌာန် ရွှေစာရံ စေတီတော်လည်း တစ်ဆူအပါအဝင် ဖြစ်ပါသည်။

အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် ရွှေစာရံဘုရားကြီးသို့ သွားရောက် ဖူးမြော်လိုပါလျှင် မန္တလေးမြို့မှ ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ရာ ပြည်ထောင်စုကားလမ်းမကြီးအတိုင်း (၁၃)မိုင်ခန့်ရှိ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာသို့ လည်းကောင်း ၎င်းအုန်းချောကျေးရွာလမ်းခွဲမှ (၃)မိုင် (၂) ဖာလုံရှိ တောင်ဘက်လမ်းခွဲအတိုင်း သွားခဲ့သော် သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီးဆီသို့ ရောက်ရှိနိုင်ပါသည်။

ကင်းဝန်မင်းကြီး၏ စခန်းစဉ်လင်္ကာဖြစ်သော-

အရှေ့ရွှေစာရံ
ပုဂံအနောက်
တောင်မြောက်ယင်မျှော
အညာသီဟတောဟု
ခြောက်ရောင်လင်းသား
သနင်းမှန်ကူ
ကျော်လေးဆူ. . .

ဆိုသည့် လင်္ကာအတိုင်း ကျော်လေးဆူစာရင်းဝင်တော်မူ လွန်စွာထူးခြား သစ္စာဓိဋ္ဌာန် ရွှေစာရံဘုရားသို့ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူကြပြီး စိတ်ကြဲသမှု အဓိဋ္ဌာန်ပြုကြကုန်သော၊ ပဋ္ဌာန်းဆက်ရှိကြကုန်သော သဒ္ဒါထက်သန် စိတ်အားသန်ကြသည့် သဒ္ဒါဖြူစင် စေတနာရှင်အပေါင်းတို့သည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတရား ခံစားကြလျက် အစ်မတော် စောမွန်လှ၏မေတ္တာဓာတ်ကြောင့် နှလုံးစိတ်ဝမ်း အေးချမ်းသာယာ ပြည့်စုံစွာဖြင့် အဓိဋ္ဌာန်ပြီးမြောက် ခရီးရောက်မည်မှာ အမှန်ဖြစ်ပါကြောင်း။

မေတ္တာများစွာဖြင့်
ကံ့ဝင်း

**ကျမ်းကိုး**

၁။ ကင်းဝန်မင်းကြီး၏ စခန်းစဉ်လင်္ကာ
၂။ ဂေါပကထုတ် သမိုင်းဝင် ရွှေစာရံဘုရားသမိုင်း
၃။ သီပေါကိုလတ်ရေး သစ္စာဓိဋ္ဌာန် ရွှေစာရံ
၄။ ရွှေစာရံကျေးရွာနှင့် အညာကျေးလက်ဒေသခံများပြောကြား ဘုရားပွဲမြင်ကွင်းများ
၅။ စကြာကောင်းစံရေး ရွှေစာရံဘုရားအမ စောမွန်လှ
၆။ ကိုယ်တိုင် သွားရောက် ဖူးမြော်လေ့လာမှု
၇။ အမည်မသိ ကျေးလက်တေးပြုဆရာများ



www.burmeseclassic.com

www.burmeseclassic.com



# ရန်လုံ၊ သက်ရှည် အောင်ဂါထာ

နတ်မောက်မင်းသန့်နိုင်

မိတ်ဆွေ ကိုထွန်းနိုင်တစ်ယောက် သေကံမရောက်သက်မပျောက်ဆိုသလို မကွေးတိုင်းဒေသကြီးဆေးရုံမှ ကျန်းမာစွာ ပြန်ဆင်းလာပြီဟု ပြီးခဲ့သည့် သီတင်းပတ်ကတည်းက ကြားသိသော်လည်း သူ့အိမ်သို့ သွားမတွေ့ဖြစ်၊ အကျိုးအကြောင်း အဆိုး၊ အကောင်း မပေး ဖြစ်။ ထို့ပြင် သူ့ဆေးရုံပေါ်မှာတုန်းကလည်း မရောက်ဖြစ်ခဲ့။ လချုပ်၊ နှစ်ချုပ်၊ ရုံး အလုပ်များ ဘယ်လိုမှပစ်ထားမရသဖြင့် သူ့ဆီ မလှည့်သာခဲ့ပေ။ မိတ်ဆွေရင်း မိတ်ဆွေကောင်း မိတ်ဆွေစစ် ဝတ္တရားတော်တော်ပျက်ကွက်နေပြီကောဟုတွေးမိတာ သောကြာနေ့ကတည်းက သူ့အိမ်ဆီသွားတွေ့ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ သို့သော် စနေနေ့ကပင် မသွားဖြစ်ခဲ့။ ရွာမှမရီးဖြစ်သူ ရောက်လာပြီး သူ့လုပ်ငန်းကိစ္စ ဆောင်ရွက်စရာများ ကူညီဆောင်ရွက်နေရသဖြင့် စိတ်က ရောက်သော်လည်း လူကမရောက်ဖြစ်ခဲ့ပေ။

ယနေ့ တနင်္ဂနွေနေ့တွင်တော့ ဘာပဲဖြစ်ဖြစ်၊ ဘာအလုပ်ပဲရှုပ်ရှုပ် သွားဖြစ်အောင်သွားမည်ဟု ဆုံးဖြတ်ပြီး ဈေးဘက်မှလှည့်ကာ ပန်းသီး၊ သပျစ်သီး၊ လိမ္မော်သီးလေးများဝင်ဝယ်၍ သွားခဲ့မိသည်။

※

"ကိုထွန်းနိုင်၊ ကိုထွန်းနိုင်"

"လာဟေ့၊ မင်းနိုင် မဟုတ်လား။ မင်နဲ့ ငါ တယ်လီပသီပေးပို့ထားတယ် ထင်တယ်။ မင်းလာလိမ့်မယ်လို့ ငါ့စိတ်မှာသိနေပြီး မင်းအသံကြားလိုက်ရတော့ ဝမ်းသာလိုက်တာကွာ ဟား ဟား ဟား"

ကိုထွန်းနိုင်ကို ရယ်မောရွှင်လန်း ကျန်းမာစွာ တွေ့မြင်လိုက်ရသဖြင့် ကျွန်တော်လည်း တကယ်ပင် ဝမ်းမြောက်ကြည်နူးရွှင်လန်းသွားပါသည်။

"အေးဗျာ - ဝမ်းသာလိုက်တာ ကိုထွန်းနိုင်ရာ။ ခင်ဗျားကို နာလန်ထစ ခပ်ညှိုးညှိုးငယ်ငယ်ပဲတွေ့ရမလား စိတ်ထင့်နေတာ။ ခုလို ထူထူထောင်ထောင် မာမာချာချာတွေ့လိုက်ရတော့ ကျွန်တော် တကယ့်ကို ဝမ်းသာပါတယ်ဗျာ ဟဲ၊ ဟဲ။ ကဲ - ရှေ့ဗျာ၊ ခါတ်စာဖြစ်မယ်ထင်တာလေးတွေလုပ်လာတာ တည့်မတည့်တော့ မသိဘူး"

"အလကားဒုက္ခရှာဝယ်လာတယ် မင်းနိုင်ရာ၊ ဘာလို့လုပ်လာတာလဲ။ အပြန်ပြန်ယူသွား၊ မင်းမှာ သားသမီးတွေ၊ မြေးတွေ၊ တူတွေ၊ တူမတွေလည်း ကျွေးနေရသေးတာ။ မိတ်ဆွေချင်း ဒါတွေ တကယ့်ကို မလိုအပ်ပါဘူးကွာ။ ဒီထက်ကောင်းတဲ့ဆေးဝါး မင်းငါ့ကိုပေးခဲ့၊ ကျွေးဇူးပြုခဲ့တာ ကြာပြီပဲကွာ။ မင်းကျေးဇူး ဒီတစ်သက်မှာ ငါ့အဖို့ ဆပ်မကုန်ပါဘူးကွာ"

"ဘယ်. . . ဘယ်လို ကိုထွန်းနိုင်ရေ။ ခင်ဗျားစကားကျွန်တော်မရှင်းဘူး။ ကျွန်တော်က ခင်ဗျားကို ဘာဆေးဝါး ပေးခဲ့ဖူးတဲ့ကျေးဇူးလဲ။ ဘယ်တုံးကပေးခဲ့လို့လဲ။ ကျွန်တော်ဖြင့် အမှတ်မထားမိပါဘူး၊ မေ့တောတောဖြစ်နေပြီ"

"ဟားဟားဟားဟား - ထင်တယ်၊ ထင်တယ်။ မင်းမေ့နေလောက်ပါပြီ။ ကဲပါကွာ၊ အေးအေးဆေးဆေးအရင်ထိုင်ပါဦး။ ရေနွေးသောက်ကွာ၊ ကော်ဖီလုပ်ခဲ့ပါဦး တင်တင်ရဲ့"

"နေပါစေ ကိုထွန်းနိုင်ရာ။ ကျွန်တော်သောက်ခဲ့ပြီးပါပြီ"

"ဘယ်ကနေပါစေလဲ၊ သောက်ခဲ့ပြီးလဲ ထပ်သောက်ကွာ။ အရည်ပဲဟာ သောက်ရမယ် ဟဲဟဲ"

ကိုထွန်းနိုင်၏ဇနီး ဒေါ်တင်တင်နွဲ့က ကော်ဖီနှင့်မုန့်ကို ဧည့်ခန်းဆက်တီစားပွဲဝိုင်းသို့လာချရင်း -

"ဩော် - ဘယ်သူများလဲလို့၊ ကိုမင်းနိုင်ကြီးပါရော။ ကျွန်မလည်း ဟင်းအိုးဆီပြန်ခါနီးလို့ စောင့်ကြည့်နေရလို့ ဒီအသံရင်းနှီးပါတယ်လို့ မီးဖိုထဲကနေစဉ်းစားနေတာ။ ကော်ဖီသောက်ပါဦး၊ မုန့်လည်းစားပါ ကိုမင်းနိုင်ရဲ့။ ရှင့်မိတ်ဆွေက ဆေးရုံပေါ်မှာ သတိလည်လာကတည်းက မင်းနိုင်ကျေးဇူး၊ မင်းနိုင်ကျေးဇူးနဲ့ပြောလို့ကို မဆုံးဘူး"

"ဟုတ်လား၊ ဘယ်လိုကျေးဇူးတဲ့လဲ"

"အဲဒါတော့ ရှင်တို့ချင်းပဲ ဆက်မေးကြ၊ ပြောကြပေါ့ရှင်။ ကျွန်မ အရည်သောက်ဟင်းလေးလုပ်လိုက်ချင်သေးလို့ ခွင့်ပြုနော်"

ဟု ဆိုကာ ဒေါ်တင်တင်နွဲ့မှာ အိမ်နောက်မီးဖိုခန်းဆီ ပြန်ဝင်သွားပါသည်။ ထိုအခါ ကျွန်တော်သည် ကိုထွန်းနိုင်သို့သာ ထပ်မံ မေးမြန်းသမှုပြုရပါတော့သည်။

"ကဲ-ရှင်းစမ်းပါဦး ကိုထွန်းနိုင်ရေ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘာဆေးဝါးပေးလို့ ဘယ်လိုကျေးဇူးဆိုတာ”

ကိုထွန်းနိုင်က ရေနွေးကြမ်းတစ်ခွက်သောက်၊ ချောင်းရှင်းလိုက်ပြီးမှ -

“မင်း ငါ့ကိုပေးခဲ့တာ ဆယ်နှစ်လောက်ရှိပြီထင်တယ်ကွ။ ပထမဦးဆုံးအကြိမ် ငါရာထူးတိုးစာမေးပွဲဖြေသွားဖို့ပြင်ဆင်တုန်း မင်းပေးခဲ့တာ။ တကယ်အောင်မြင်ရာထူးတိုးခဲ့တယ်။အဲဒီနောက်အညှိရောင်နယ်စပ်တာဝန်ပြောင်းရတော့လည်း ငြိမ်းချမ်းရေးနဲ့ကြုံပြီး ဘာအန္တရာယ်မှမဖြစ်ခဲ့ဘူး။ ဟော - အခုသေပြီလို့ကို ငါ့ကိုယ်ငါ တွက်ထားတဲ့အချိန်သက်ရှည်ကျန်းမာခဲ့ရတယ်။ ငါ့အဖို့တော့ အထုံရနေပြီလို့ ဆိုနိုင်တယ်ကွ”

“ဟုတ်လား၊ ဘယ်လိုအထုံရနေတာလဲ”

“စိတ်တော့မဆိုးနဲ့ မင်းနိုင်ရာ။ ငါရာထူးတိုး စာမေးပွဲဖြေသွားတော့ မင်းဂါထာတစ်ပုဒ်ရေးလာပြီး ငါ့ကိုပေးတယ်လေ။ နေ့စဉ် သုံးကြိမ် သက်စေ့ရွတ်ပွားပေး။ အန္တရာယ်ကင်း၊ ရန်လုံတယ်၊ အသက်ရှည်တယ်၊ အောင်ပွဲရစေတယ်လို့ မင်းပြောခဲ့တယ်လေ။ မင်းသိခဲ့တဲ့အတိုင်းပဲ ငါက ဘုရားရှိခိုးတာတောင်နေ့စဉ်မှန်တာမဟုတ်တော့ ဂါထာမန္တန်ရွတ်ဖို့ဆို ဝေးရောပဲလေကွာ။ မင်းလာပေးလို့သာ ဝတ်ကျေတန်ကျေ အားနာပါးနာ ဂါထာစာရွက်ယူထားလိုက်ရတာသိပ်အလေးအနက်ကြီး စိတ်ထဲမှာမထားမိဘူး။ အဲဒါ ခွင့်လွှတ်ပါနော် သူငယ်ချင်း။ ငါတောင်းပန်ပါတယ်”

“ရပါတယ် ကိုထွန်းနိုင်ရော၊ ဒါတွေ ပြောနေစရာမလိုပါဘူးဗျာ။ ဆက်သာပြောစမ်းပါ”

“အဲဒီဂါထာစာရွက်လေး မင်းလာပေးပြီး ပြန်သွားတော့ တင်တင်က ငါ့ကိုပြောတယ်။ ကိုထွန်းနော် လေးလေးနက်နက်ရွတ်ပွားပေးပါ။ ရှင်သေချာပေါက်ရာထူးတိုးစာမေးပွဲအောင်မှာပဲ။ ကိုမင်းနိုင်က ရှင့်ကို မိတ်ရင်းဆွေရင်းလိုသဘောပိုက်ပြီး ခင်မင်လွန်းလို့ ခုလိုတကူးတကလာပေးတာ။ ပြီးတော့ ကိုမင်းနိုင်ပေးတဲ့၊ရွတ်တဲ့ဂါထာတွေဟာ အစွမ်းထက် အောင်မြင်တဲ့ဂါထာတွေချည်းပဲ။ ပြီးခဲ့တဲ့နှစ်က သူ့တူမ ဘုတ်ထိုင်း ဉာဏ်တုံးမလေးတောင် တစ်ဘာသာဂုဏ်ထူးနဲ့ ဆယ်တန်းနှစ်ချင်းပေါက်အောင်သွားတာလို့ ပြောတယ်။ ငါကလည်း အတွန့်တက်ပြီး သူ့ဘာသာကြိုးစားလို့ အောင်တာပါကွာလို့ဆိုတော့ ငါ့မိန်းမက ဆတ်ဆတ်ထိမခံဗျာ။ ဂါထာမန္တန်တွေကိုလေးစားပါ၊ ကြိုးစားတိုင်းသာ အောင်မြင်ဆိုရင် လူတိုင်း သမ္မတဖြစ်မယ်၊ လူတိုင်း ဘီလီကိတ်ဖြစ်မှာပေါ့တော်လို့ ပြောမှ ငါလည်း မယားနိုင်ပိပိ အေးပါကွာ၊ လေးလေးစားစားယုံယုံကြည်ကြည် ရွတ်ပွားပါ့မယ်ဆိုပြီး မင်းပေးတဲ့ ဂါထာစာရွက်လေး ရိုရိုသေသေ အိတ်ကပ်ထဲထည့်ပြီး ယူသွားခဲ့တယ်။

ရထားအထက်တန်းတွဲမှာ နေရာယူပြီး သက်သောင့်သက်သာရှိတာနဲ့ မင်းပေးတဲ့ ဂါထာစာရွက်လေးထုတ်ပြီးလေး၊ ငါးခေါက်ကြည့်ရွတ်ရင်း အလွတ်ဆိုနိုင်၊ အဲဒီကနေ ဘယ်လိုဘယ်လို စိတ်ပါသွားတယ်မသိဘူး၊ နာရီဝက်လောက်ကို တောက်လျှောက်ရွတ်ပွားနေမိတော့တယ်ကွာ။ ဘူတာကြီးတစ်ခုမှာ ရထားဝင်တော့မှာပဲ ငါခရီးသွားနေတာတောင် သတိပြုမိရတယ်”

“ဘုရား တရား သံဃာ၊ ဂါထာမန္တန်ဆိုတာ ဒီလိုပါပဲဗျာ။ ယုံမှ ကြည်တယ်။ ယုံကြည်လေးနက်သွားပြီဆိုရင် အရာရာ အေးချမ်းအောင်မြင်မှာပဲ ကိုထွန်းနိုင်ရေ”

“အမှန်ပဲ မင်းနိုင်ရာ၊ ငါစာမေးပွဲရေးဖြေ၊ လူတွေ့အခက်အခဲမှန်သမျှကျော်လွှားနိုင်ခဲ့ပြီး အောင်မြင်ခဲ့တယ်။ ရာထူးတစ်ဆင့်တိုးတော့ နယ်စပ်ဘက်ပြောင်းရပေမယ့် ခလုတ်မထိဆူးမငြိခဲ့ဘူး။ အဲ - အခု ငှက်ဖျားထ သေကောင်ပေါင်းလဲ သတိမေ့သည်အထိ ဖြစ်ပေမယ့် သေကံမရောက် သက်မပျောက်အသက်ရှင်ခဲ့ရပြီ။ လူကမေ့နေပေမယ့်မေ့မြောရင်း အိပ်မက်ထဲမှာလည်း ဒီဂါထာကို ရွတ်နေမိတယ်။ ဒါကြောင့် ငါနဲ့ ဒီဂါထာ အထုံရနေပြီလို့ ပြောရတာ”

“ကိုထွန်းနိုင်ပြောတာတွေ ကြားရသိရတာ ပီတိဖြစ်ဝမ်းသာတယ်ဗျာ။ အဲ-ဒါပေမယ့် ခင်ဗျားကို ကျွန်တော်ပေးတဲ့ဂါထာက ဘာဂါထာမှန်း ကျွန်တော်အခုထိ မသိသေးဘူး။ စဉ်းစားမရဖြစ်နေတယ်ဗျ”

“ရန်လုံ၊ သက်ရှည်၊ အောင်ဂါထာလေကွာ။ အေးပေါ့လေ- မင်းက သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ အများကြီးကိုဓမ္မဒါနဂါထာမန္တန်တွေပေး၊ လမ်းညွှန်အကြံပြုနေရတော့ တစ်ဦးချင်းကို ဘာပေးမိတယ်။ ဘယ်မှတ်မိနိုင်မလဲ”

“အေးဗျာ - ကိုထွန်းနိုင်ပြောမှပဲ မှတ်မိတော့တယ်။ တည့်တည့်ပြောရိုင်းမိပါတယ်ဖြစ်ပြီဗျို့ ဟား ဟား ဟား”

“ဟဲ ဟဲ ဟဲ”

ကျွန်တော်နှင့်ကိုထွန်းနိုင်တို့ လွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်မိကြပါတော့သည်။

ကိုထွန်းနိုင်အား လွန်ခဲ့သည့် ဆယ်နှစ်ကျော်က ဓမ္မဒါနပေးဝေခဲ့သည့် ရန်လုံ၊ သက်ရှည်၊ အောင်ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ပိုမိုယုံကြည် လေးနက်စွာ ရွတ်ပွားနိုင်ရန်အတွက် အနက်မြန်မာပြန်ပါ ဖော်ပြအပ်ပါသည်။

*** ဗုဒ္ဓေါ ရက္ခတု မံ နိစ္စံ၊**
**ဓမ္မော ရက္ခတု မံ သဒါ။**
**သံဃော ရက္ခတု မံ နိစ္စံ၊**
**ဒီဃမာယု ဘဝါမဟံ။**
*** နမတ္ထု တေ သက္ကရာဇ၊**
**ပစ္စုပ္ပန္နေ တိတောဘဝေ၊**
**တေန သစ္စဝဇ္ဇေန၊**
**ဟောတု မေ ဇယ မင်္ဂလံ။**

*အနက်မြန်မာပြန် -*

*မြတ်စွာဘုရားသည် အကျွန်ုပ်အား အမြဲ စောင့်ရှောက်တော်မူပါစေသတည်း။ ဆယ်ပါးသော တရားတော်သည် အကျွန်ုပ်အား အခါခပ်သိမ်း စောင့်ရှောက်တော်မူပါစေသတည်း။ သံဃာတော်မြတ်သည် အကျွန်ုပ်အား အမြဲစောင့်ရှောက်တော်မူပါစေသတည်း။*

*သိကြားမင်းအား ယခုပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ အတိတ်ဘဝ၌လည်းကောင်း ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။*

*ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။*

အနက်မြန်မာပြန်မှာ သိထားရုံသာ ဖြစ်ပါသည်။ နေ့စဉ် သက်စေ့မပျက် ရက်ဆက်ရွတ်ပွားနိုင်ကြပြီး အန္တရာယ်ကင်း ရန်လုံသက်ရှည်၍ အောင်ခြင်းမင်္ဂလာများ ရရှိခံစားနိုင်ကြပါစေသောဝ်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ မာတ်ပုံတော်များနှင့်ထူးခြားသောဦးပဥ္စင်းလေး

၂၀၁၂ ခု၊ (၈) လပိုင်းခန့်က ဖြစ်ပါသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် စင်ကာပူနိုင်ငံခရီးစဉ်နှင့် မြန်မာပြည်အောက်ပိုင်းခရီးစဉ်တို့ ပြီးဆုံးခဲ့ပြီဖြစ်၍ စဉ့်ကိုင်မြို့အောင်မြေသို့ ပြန်လည် ကြွမြန်း ရောက်ရှိတော်မူခဲ့ကာ မန္တလေးမြို့ အပါအဝင် အထက်မြန်မာပြည်ခရီးစဉ် ဒေသစာရီ ကြွမြန်းတော်မူခဲ့ကာ မန္တလေးမြို့ အပါအဝင် မြန်မာပြည်အထက်ပိုင်းခရီးစဉ် ဒေသစာရီကြွမြန်းတော်မူလျက်နေချိန် ဖြစ်ပါသည်။

တစ်နေ့နံနက် (၉) နာရီခန့်တွင် သက်တော်(၃၀)ကျော်အရွယ် ရှမ်းတိုင်းရင်းသား ဦးပဥ္စင်းတစ်ပါး စာရေးသူတို့နေအိမ်သို့ ကြွရောက်တော်မူလာပြီး ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လို၍ လာရောက်ကြောင်း ပြောပါသည်။ စာရေးသူလည်း သာမန် ဘုရားဖူးလာရောက်သည်ဟုယူဆ၍ ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ ကျွဲဆည်ကန်ရပ် ရွှေနေကြီး ဦးစိန်သန်း၊ ဆရာမကြီး ဒေါ်မြမြ၊ သားကိုသိန်းလင်း၊မခင်စုမာ၊ သားမောင်ရသဘို့၏ နေအိမ်မှ ပင့်ဆောင် ပူဇော်လျက်ရှိကြောင်း ပြောပြလျှင် ဦးပဥ္စင်းလေးသည် ရုပ်ရှင်တော်မြတ်၏ မာတ်ပုံတော်များနှင့်ပတ်သက်၍ ထူးခြားဆန်းကြယ်မှုများ ကြုံတွေ့ရသဖြင့် ရုပ်ရှင်တော်မြတ်အား မဖြစ်မနေ ဖူးတွေ့မှ ဖြစ်မည်။ ကြုံတွေ့ခဲ့ရသော ထူးခြားမှုများကိုလည်း ရွှေကံကူမိသားစုအား ပြောပြလို၍ လာရောက်ခဲ့ခြင်းလည်း ဖြစ်ပါသည်ဟုဆိုပါသည်။

ထို့ကြောင့် စာရေးသူတို့လည်း ဦးပဥ္စင်းလေးအား နေရာထိုင်ခင်း စီစဉ်ပေးပြီး ရေနွေးကြမ်းနှင့် အချိုပွဲတို့ ကပ်လှူပါသည်။ ဦးပဥ္စင်းလေးသည် ရေနွေးကြမ်းတစ်ခွက် သုံးဆောင် ဘုဉ်းပေးပြီးသည်နှင့် ရုပ်ရှင်တော်မြတ်၏ မာတ်ပုံတော်များနှင့်ပတ်သက်၍ ကြုံတွေ့ခဲ့ရသောထူးခြားမှုတို့ကို အောက်ပါအတိုင်း ပြောပြပါတော့သည်။

ဦးပဥ္စင်းလေး၏ ဘွဲ့အမည်မှာ ဦးပညာဇောတ ဖြစ်ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့ ရွှေဂူကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်ပါသည်။ ကျောင်းထိုင်ဆရာတော်၏ စီမံပေးမှုဖြင့် မကွေးတိုင်းဒေသကြီး အထက်မင်းလှ






(၁၃-၁၁-၂၀၁၁) နေပြည်တော်ပျဉ်းမနား ရွှေချည်ရပ် ဗိုလ်မှူးကြီး သန့်ဇင် (စက်မှု-၁၊ MD) + ဒေါ်ခင်စန်းဝင်းမိသားစုမှ ပင့်ဆောင်ပူဇော်စဉ် မျက်လုံးတော်ဖွင့်တော်မူပုံ

www.burmeseclassic.com

www.burmeseclassic.com






**၁၅-၃-၂၀၁၃ နေ့တွင် ရန်ကုန်မြို့**
**အောင်ဆန်းကွင်း**
**မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်**
**လေ့ကျင့်ရေးခန်းမတွင် နည်းပြချုပ်**
**ကိုကျော်သန်းခိုင် + မကျော့စမ်းသီတို့မှ**
**ပင့်ဆောင်ပူဇော်စဉ် ရုပ်ရှင်တော်မြတ်အား**
**ထူးခြားသောမျက်နှာတော်အသွင်တစ်မျိုးဖြင့်**
**ဖူးတွေ့ရပုံ**

မြို့ မလွန်ပရိယတ္တိစာသင်တိုက်တွင် စာဝါလိုက်လျက်ရှိပါသည်။ စာဖြေပွဲများပြီးဆုံး၍ စာဝါအနားရသောရက်များတွင် ဦးပဥ္စင်းလေးသည် အာရုံကျရာ အရပ်ဌာနများရှိ စေတီပုထိုးများသို့ သွားရောက်ပြီး တရားထိုင်လေ့ရှိပါသည်။

လွန်ခဲ့သော (၇) နှစ်ခန့်က စာဝါအားရက်တစ်ခုတွင် ဦးပဥ္စင်းလေးသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၏ မြောက်ဘက် တလုတ်မြို့ဟောင်းရှိ ရဟန္တာသမုခ်ခဲ့သော ရှေးဟောင်းသိမ်တစ်ခုသို့ သွားရောက်ပြီး အဓိဋ္ဌာန်ပြု၍ တရားထိုင်ပါသည်။ ဦးပဥ္စင်းလေးသည် (၃) နာရီကြာမျှ တရားထိုင်ပြီး၍ တရားဖြုတ်ကာ မျက်စိဖွင့်လိုက်ရာ အနီးတွင် ကိုရင်လေးတစ်ပါး ရောက်ရှိနေလျက် ကျောင်းထိုင်ဆရာတော်မှ ဦးပဥ္စင်းအား ပင့်ဆောင်ခဲ့ပါရန် စေလွှတ်လိုက်၍ လာရောက် ခေါ်ဆောင်ခြင်း ဖြစ်ကြောင်း လျှောက်ထားပါသည်။ သိမ်နှင့်မဝေးလှသော ဘုန်းတော်ကြီးကျောင်းသို့ ကိုရင်လေး၏နောက်မှ ဦးပဥ္စင်းလေး လိုက်ပါသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာ ရှေးကျောင်းကြီးပင်ဖြစ်၍ ကျောင်းထိုင်ဆရာတော်မှာလည်း သက်တော်ကြီးရင့်လှပြီ ဖြစ်ပါသည်။ ဦးပဥ္စင်းကလေးမှ ဆရာတော်ကြီးအား ဦးချကန်တော့လိုက်လျှင် ဆရာတော်ကြီးသည် ခရီးဦးကြိုနှုတ်ဆက်စကားများ ပြောဆိုပြီး -

"ဦးပဥ္စင်းကိုခေါ်ခိုင်းရတာ တခြားကြောင့်မဟုတ်ပါဘူး။ ထူးခြားတဲ့ ဘုရားတစ်ဆူရဲ့ဓာတ်ပုံ လက်ဆောင်ပေးချင်လို့ပါ။ ဘုရားရဲ့ဘွဲ့အမည်က ရွှေကူတဲ့။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့မှာ ပေါ်ထွန်းလျက်ရှိတယ်။ အလွန်တန်ခိုးကြီးတဲ့ ရုပ်ရှင်တော်မြတ်ပါပဲ။ တစ်နေ့မှာ ဦးပဥ္စင်းလည်း ရုပ်ရှင်တော်မြတ်ကို သေချာပေါက် ဖူးတွေ့ခွင့်ကြုံပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ ပုံတော်ကို ဖူးမြော်ခွင့်ရရှိသူ၊ ပုံတော်လက်ဆောင်ရရှိသူတွေက အချိန်မြန်မြန်တာနဲ့ ကြာတာသာပဲရှိမယ်။ တစ်နေ့မှာတော့ ရုပ်ရှင်တော်မြတ်ရဲ့ရှေ့တော်မှောက်ကိုရောက်ရတဲ့သူတွေချည်း ဖြစ်လို့ပါပဲ။ ဘယ်လိုထူးခြားတယ်၊ ဘာတွေထူးခြားတယ် ဆိုတာတွေကိုတော့ ပြောပြရရင် အများကြီးမို့ ပြောမပြတော့ပါဘူး။ ဦးပဥ္စင်းမှာလည်း ဒီရုပ်ရှင်တော်မြတ်နဲ့ ပဋ္ဌာန်းဆက်ပါရှိခဲ့ရင်တော့ ကိုယ်တိုင်ပဲ ကြုံတွေ့ရပါလိမ့်မယ်။ တပည့်တော်ဆီမှာ ရုပ်ရှင်တော်မြတ်ရဲ့ဓာတ်ပုံတော်ခုနစ်ပုံရှိပါတယ်။ အနှစ်သက်ဆုံးပုံတော်တစ်ပုံ ပင့်ဆောင်ပါ"

ဟု ထူးဆန်းစွာ ဝမ်းမြောက်ဖွယ်မိန့်ကြားတော်မူပါသည်။

ဦးပဥ္စင်းလေးသည် ပုံတော်များကိုဖူးတွေ့ရသောအခါ အလွန်တရာ ကြည်ညိုစိတ်များဖြစ်ပေါ်မိပါသည်။ ရွှေကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ် ဟူသော ဤဘုရား၏ဘွဲ့တော်ကို တစ်ခါမျှ မကြားဘူးပါ။ ပုံတော်များအားလုံးကို နှစ်သက်လှသည်ချည်း ဖြစ်သော်လည်း ကျောင်းထိုင်ဆရာတော်မှ တစ်ပုံသာ ပင့်ဆောင်ခွင့်ပြုသောကြောင့် အရွေးရခက်လှစွာဖြင့် စိပ်ပုတီးပေါ်သို့ တန်ခိုးတော်ဖြင့်ကြွရောက်တော်မူလျက်ရှိသော ပုံတော်ကို ပင့်ဆောင်ခဲ့ပါသည်။

ဦးပဥ္စင်းလေးသည် ထိုပုံတော်ကို ပင့်ဆောင်ခွင့် ရရှိသောနေ့မှစ၍ သွားလေရာသို့ အမြဲတမ်း တစ်ပါတည်း ပင့်ဆောင်၍ တောက်လျှောက် ကိုးကွယ်ပူဇော်လာခဲ့ပါသည်။ ရောက်လေရာ အရပ်တွင် တရားထိုင်သည့်အခါတိုင်း ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ရှေ့တွင် ဖယောင်းတိုင်မီး ပူဇော်၍ထားပါသည်။ ဤသို့ဖြင့် အချိန်ကာလတို့ (၆) နှစ်မျှ ကြာမြင့်ခဲ့သော်လည်း ထူးခြားချက်တစ်စုံတစ်ရာမှ ဖြစ်ပေါ်လာခဲ့ခြင်း မရှိပါ။ သို့သော် ရုပ်ရှင်တော်မြတ်၏ပုံတော်အား ကြည်ညိုလေးမြတ်စွာနှင့်ပင်ဆက်လက် ပူဇော်ခဲ့ပါသည်။

၂၀၁၂ ခုနှစ်၊ (၇) လပိုင်းတွင် ဦးပဥ္စင်းလေးသည် စာဝါလိုက်ရာ မင်းလှမြို့မှ မိုးမိတ်မြို့သို့ ခေတ္တပြန်လည်ရောက်ရှိလျက်ရှိစဉ် ကျောက်မဲမြို့ ဘုန်းတော်ကြီးကျောင်းနှင့် အ-ထ-က ကျောင်းတို့မှ ရွှေကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြမည် ဟူသောသတင်းကို ကြားသိလိုက်ရပါသည်။ ထိုအခါ ဦးပဥ္စင်းလေးသည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လိုသော စိတ်ဆန္ဒတို့ ပြင်းပြစွာ ဖြစ်ပေါ်၍ လာပါသည်။ ထို့ကြောင့် ကျောင်းထိုင်ဆရာတော်ထံ ခွင့်ပန်၍ ကျောက်မဲမြို့သို့ ထွက်ခဲ့ပါတော့သည်။ အနှစ်နှစ်အလလ ဓာတ်ပုံတော်ကိုသာ ပူဇော်ခဲ့ရသော ရုပ်ရှင်တော်မြတ်အား ဤအချိန်တွင်တော့ အားပါးတရ ဖူးမြော်ခွင့် ရရှိတော့မည်ဖြစ်၍ အတိုင်းမသိ ဝမ်းသာမိပါသည်။

သို့သော် ကျောက်မဲမြို့သို့ ရောက်ရှိသောအချိန်တွင်တော့ ခဲလေသမျှ သဲရေကျဖြစ်ရပေပြီ။ ရုပ်ရှင်တော်မြတ်သည် ဤနေ့နံနက်စောစောကပင် မန္တလေးမြို့သို့ ပြန်လည် ကြွမြန်းသွားပြီဟု သိရှိရပြီး မနေ့ညက မြို့မရှမ်းကျောင်းတွင် ပူဇော်ရာ၌ ရောင်ခြည်တော်များ ထင်လင်းစွာ ကွန့်မြူးတော်မူသဖြင့် တစ်မြို့လုံး အုတ်အော်သောင်းနင်းဖြစ်ကာ လူတို့ကျိတ်ကျိတ်တိုးမျှ လာရောက်တိုးဝှေ့ ဖူးမြော်ကြသည်ဟု သိရှိလိုက်ရပါသည်။

ဦးပဥ္စင်းလေးသည် ကျောက်မဲမြို့တွင် ရုပ်ရှင်တော်မြတ်ကို မမီလိုက်တော့သော်လည်း ရောက်လက်စနှင့်မို့ ရုပ်ရှင်တော်မြတ် ညအိပ်သတင်းသုံးတော်မူခဲ့သော ရှမ်းကျောင်းတွင် တစ်ညတာမျှ တည်းခိုရန် ဆုံးဖြတ်လိုက်ပါသည်။ ညပိုင်းတွင် ကျောက်မဲမြို့ရှိ ရွှေဖုံဟောင်းမန်ကျောင်းမှုစေတီတော်ကြီးသို့ သွားရောက်၍ တရားထိုင်ပါသည်။ ဦးပဥ္စင်းသည် ထုံးစံအတိုင်း ရွှေကူရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို နောက်မီဖြင့်ထောင်၍ ဖယောင်းတိုင်သုံးတိုင် ထွန်းညှိပူဇော်ထားရှိလိုက်သည်။ တရားရှုမှတ်နေစဉ် မျက်လွှာချထားသည့်တိုင် အလင်းရောင်တို့ များပြားလာသည်ဟု ခံစားရ၍ မျက်စိကို ဖွင့်ကြည့်လိုက်လျှင် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဦးပဥ္စင်းထိတ်လန့်စိုးရိမ်သွားမိပါသည်။

ဖယောင်းတိုင် (၃) တိုင်စလုံး ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ပေါ်သို့ လဲကျလျက် ဖယောင်းရည်များ စီးကျကာ ထိန်ညီးစွာ တောက်လောင်လျက် ရှိပါသည်။ အောက်ခံသစ်သားပြားသည်လည်း ဖယောင်းရည်များဝ,နေသဖြင့် မီးစွဲလောင်လျက်ရှိပါသည်။ ထိုသို့ဖြစ်နေသည်မှာ အချိန်အတန်ကြာလောက်ပေပြီ။ ဖယောင်းတိုင်များပင် ကုန်လုနီးဖြစ်နေပေပြီ။ ထို့ကြောင့် မီးကို ငြိမ်းသတ်လျှင်လည်း လောင်စရာမရှိတော့ပြီဖြစ်၍ ငြိမ်းခါနီးနေပေပြီ။ သို့ဖြစ်၍ သည်အတိုင်းသာ ကြည့်နေလိုက်ပါသည်။ ခဏကြာလျှင် အလိုလိုမီးငြိမ်းသွားပါသည်။

ပုံတော်၏အောက်ခြေထောင့်စွန်းအနည်းငယ်မျှသာ မီးခဲ့သည်ဖြစ်၍ အလွန်အံ့သြမိပါသည်။

နောက်ညတွင်လည်း ဦးပဥ္စင်းလေးသည် မိုးမိတ်မြို့မှာပင် ဆက်၍ ညအိပ်ရန်ဆုံးဖြတ်လိုက်ပါသည်။ ညအချိန်တွင် ရွှေဟောင်း မန်ကောင်းမှုစေတီတော်ကြီးအတွင်းသို့ သွားရောက် တရားထိုင်ရန် ပြင်ဆင်ပါသည်။ ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို ဖယောင်းတိုင် (၃) တိုင် ထွန်းညှိ၍ မီးပူဇော်လိုက်ပါသည်။ ဤတစ်ကြိမ်တွင်တော့ ဖယောင်းတိုင်များကို ဓာတ်ပုံတော်နှင့် အလှမ်းကွာဝေးရာတွင် ပူဇော်ထားရှိပါသည်။ ထို့နောက် တရားထိုင်ပါသည်။

မျက်လွှာအောက်မှအလင်းရောင်များကိုတွေ့မြင်လာရပြန်ပါသည်။ ယမန်ညကထက်ပင် ပို၍ လင်းထိန်နေသဖြင့် ထိန်လန့်သွားကာ မျက်စိကို အလျင်အမြန်ဖွင့်လိုက်ပါသည်။ မျှော်လင့်တွေးထင်နိုင်ခြင်းပင်မရှိသော ထူးခြားသော ဖြစ်ရပ်တို့ကို တွေ့မြင်လိုက်ရပါသည်။ ရုပ်ရှင်တော်မြတ်ပုံတော်၏ မျက်လုံးတော်အစုံမှ အဖြူရောင်အလင်းတန်းကြီးများ ထွက်ပေါ်၍ ဦးပဥ္စင်း၏ မျက်လုံးအစုံသို့ ထိုးနေခြင်း ဖြစ်ပါသည်။ ဦးပဥ္စင်းသည် ဝမ်းသာအံ့သြခြင်းနှင့်အတူ ထိတ်လန့်တုန်လှုပ်သွားမိပါသည်။ အကြောင်းမှာ ဓာတ်ပုံတော်၏ ယာဘက်တွင် လက်မခန့်ကိုယ်လုံးရှိသော ဖြူဆွတ်တောက်ပ



www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိသည့် မြွေတစ်ကောင်နှင့် ဓာတ်ပုံတော်၏ဝဲဘက်တွင် အရွယ်တူ အဖြူနှင့် အနက်ကျား မြွေတစ်ကောင်တို့ ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို ဖူးတွေ့နေကြခြင်းကြောင့် ဖြစ်ပါသည်။ ထူးဆန်းလှသော မြွေနှစ်ကောင်သည် တစ်နာရီခန့် ကြာမြင့်မှသာ ပြန်လည်ထွက်ခွာသွားကြပါသည်။ ထိုအခါမှ ဦးပဥ္စင်းသည်လည်း ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို မရဲတရဲ ပြန်လည် ပင့်ဆောင်၍ တည်းခိုရာ မြို့မ ရှမ်းကျောင်းသို့ သုတ်ခြေတင်ခဲ့ပါတော့သည်။

လေးစားအပ်ပါသော စာရှုသူမိတ်ဆွေတို့။ ယခုဖော်ပြလိုက်သော ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို မြွေလာရောက်ဖူးမြော်သောဖြစ်ရပ်မှာ ဤတစ်ကြိမ်သည် ပထမဦးဆုံးတော့ မဟုတ်ပါ။ ဤ ရှမ်းတိုင်းရင်းသား ဦးပဥ္စင်းလေး ဖူးတွေ့ရခြင်းနှင့်ဆိုလျှင် (၅) ဦးမြောက်ခန့်ပင်ရှိပြီ ဖြစ်ပါသည်။

ပထမဦးဆုံးဖူးတွေ့ရသူမှာ ၂၀၀၆ ခုနှစ်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး ခ-မ-ရ(၁၁၆)မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့် ဖြစ်ပါသည်။ ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့်သည် ၂၀၀၅ ခုနှစ်က ရုပ်ရှင်တော်မြတ်အား (၁၁၆) ခြေမြန်တပ်ရင်းနေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့သူဖြစ်ပါသည်။ ထိုအချိန်မှစ၍ ရုပ်ရှင်တော်မြတ်၏ အိတ်ဆောင်ဓာတ်ပုံတစ်ခုကို သွားလေရာသို့ ပင့်ဆောင် ပူဇော်လျက်ရှိပါသည်။ ဗိုလ်မှူးကြီးသည် ဤယနေ့တိုင်အောင်လည်း ရုပ်ရှင်တော်မြတ်ကို နှစ်စဉ် ပင့်ဆောင်ပူဇော်နေမြဲ ဖြစ်ပါသည်။

၂၀၀၆ ခုနှစ်တွင် ဗိုလ်မှူးကြီးသည် ကရင်ပြည်နယ် ဘော်စွဲခိုဒေသ ညောင်ပင်ကုန်းစစ်စခန်း ရှေ့တန်းစစ်မြေပြင်သို့ စစ်ဆင်ရေးရောက်ရှိသွားပါသည်။ ရုပ်ရှင်တော်မြတ်၏ပုံတော်အား ၎င်းနေထိုင်ရာ ဘန်ကာအတွင်းနံရံတွင် ပူဇော်ထားရှိပါသည်။

တစ်နေ့ နံနက် (၁၁) နာရီအချိန်တွင် တစ်လံခန့်ရှည်လျားသောရွှေရောင်အဆင်းရှိသည့်မြွေကြီး ရောက်ရှိလာပြီး ဓာတ်ပုံတော်ကို ဖူးမြော်၍နေပါသည်။ ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့်နှင့် အတူ ရဲဘော်များ ဝိုင်းဝန်းကြည့်ရှုနေကြသော်လည်း မြွေကြီးသည် လူများကို မကြောက်။ လှုပ်ရှားမှုမရှိ ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ဖူးမြော်၍နေသည်။ မြွေတို့၏သဘာဝမှာ ခွေနေလျှင် အချိန်ကြာမြင့်စွာ နေနိုင်မည်ဖြစ်သော်လည်း စင်း၍ခေါင်းထောင်ပြီးနေရသည်မှာ လူတို့ မတ်တတ်ရပ်နေရသကဲ့သို့ ညောင်းညာပေမည်။ သို့သော် မြွေကြီးသည် နံနက် (၁၁) နာရီမှ နောက်တစ်နေ့ညနေ (၃) နာရီအထိ (၂၈)နာရီတိတိ ခေါင်းထောင်ပြီး ရပ်လျက်နေနိုင်သည်မှာ အံ့ဩဖွယ်ကောင်းလှပါသည်။

ထိုအခြင်းအရာကို ဒုတိယဗိုလ်မှူးကြီးကိုယ်တိုင် ဓာတ်ပုံရိုက်ကူးထား၍ စာရေးသူထံပေးပို့ခဲ့ပါသည်။ ထိုဖြစ်ရပ်မျိုး အခြား (၃) ဦးတွင် ထပ်မံဖြစ်ပေါ်ကြုံတွေ့ခဲ့ပါသေးသည်။ သို့သော် ဤဆောင်းပါးမှာ ဦးပဥ္စင်းလေးနှင့်ပတ်သက်သည်တို့ကိုသာ ရေးသားရန်ဖြစ်ပါ၍ အခြားပုဂ္ဂိုလ်များ၏ ဖြစ်ရပ်များကို ချန်လှပ်ခဲ့ပါမည်။

ဦးပဥ္စင်းလေး၏ အကြောင်းကို ဆက်လက်ဖော်ပြရလျှင် ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလကွယ်ညတွင် ဦးပဥ္စင်းလေးသည် ရှမ်းပြည်နယ်မြောက်ပိုင်း လောင်းလုံမြို့နယ် ကြက်မလွတ်ရွာအနီး ရှင်မော်တောင်ရှိ ရှေးဟောင်းစေတီတော်သို့ အဓိဋ္ဌာန်ဝင်သွားရောက်ခဲ့သည်။ ဦးပဥ္စင်းလေးသည် ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို ရှေ့တွင် ပူဇော်ထားပြီး ပုတီးစိပ်၍ နေစဉ် ည (၁) နာရီ၊ မိနစ် (၃၀) အချိန်တွင် လက်ခုပ်တီးသံ (၃) ချက်ထွက်ပေါ်လာပြီး ရုပ်ရှင်တော်မြတ်၏ပုံတော်မှ စကားသံများ ထွက်ပေါ်လာပါသည်။ ခဏကြာလျှင် ခေါင်းပေါ်၌ နူးညံ့၍ လေးလံသောခံစားမှုတို့ ဖြစ်ပေါ်၍လာသဖြင့် ပုတီးစိပ်ပြီးသောအခါ ခေါင်းပေါ်သို့ လက်ဖြင့်စမ်းကြည့်လိုက်ရာ ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်သည် ခေါင်းပေါ်သို့ တန်ခိုးတော်ဖြင့်ကြွရောက်တော်မူလျက်ရှိရာ ပေါ့ပါးလှသော ပုံတော်၏အလေးချိန်နှင့်မညီမျှဘဲ လေးလံလျက်ရှိသည်ဖြစ်၍ ပို၍အံ့ဩမိပါသည်။

ဦးပဥ္စင်းလေးသည် အထက်ပါ အကြောင်းအရာတို့ကို ပြောပြပြီး စာရေးသူတို့ မယုံကြည်မှာကိုပင် စိုးရိမ်၍ နေပါသေးသည်။ စာရေးသူနှင့် ဦးပဥ္စင်းလေးတို့ စကားပြောဆိုလျက်ရှိနေစဉ် အခြားဘုရားဖူးကားတစ်စီးလည်း ဆိုက်ရောက်လာရာ ၎င်းတို့က မန္တလေးမြို့ ရုပ်ရှင်တော်မြတ်ကြွရောက်ရာ နေအိမ်၏ လိပ်စာပေးပါ။ အခုချက်ချင်းလိုက်သွားကြမည်ဟုပြောသဖြင့် လိပ်စာလည်း ပေးပါမည်။ ကျေးဇူးပြု၍ ဤဦးပဥ္စင်းလေးကို ပင့်ဆောင်သွားပေးပါဟုဆိုကာ ဦးပဥ္စင်းလေးကို ထည့်လိုက်ပါသည်။ ဦးပဥ္စင်းလေးသည် ထိုနေ့က ရုပ်ရှင်တော်မြတ်ထံ ရောက်ရှိကာ ဖူးမြော်ခွင့်ရရှိသွားပါသည်။ မယ်တော်ကြီးတို့မှ ဦးပဥ္စင်းလေးကို ရုပ်ရှင်တော်မြတ်၏ ပုံတော်များ လက်ဆောင်ပေးလိုက်သေးကြောင်း သိရပါသည်။

ထိုသို့ဖြင့် နေ့ရက်တို့ ကုန်လွန်လာခဲ့ရာ ရုပ်ရှင်တော်မြတ်သည်လည်း (၁၁)လပိုင်းတွင် နေပြည်တော်မှ စတင်၍ ရန်ကုန်ကို ဗဟိုပြုသော မြန်မာပြည်အောက်ပိုင်းခရီးစဉ် ပြန်လည် ကြွမြန်းတော်မူခဲ့ပါသည်။ သို့ဖြင့် ၁၈-၁-၂၀၁၃ နေ့သို့ ရောက်ရှိလာခဲ့ပါသည်။ နံနက် (၁၀) နာရီခန့်တွင် ရှမ်းတိုင်းရင်းသား ဦးပဥ္စင်းလေး ရောက်ရှိ၍လာပြန်သည်။

ခရီးရောက်မဆိုက်မှာပင် ဓာတ်ပုံတော်များမှ ထူးခြားမှုများ ထပ်မံဖြစ်ပေါ်ပြန်၍ မန္တလေးမြို့သို့ ရောက်ရှိခိုက် အချိန်လု၍ လာရောက် ပြောကြားဖြစ်ကြောင်း ပြောပြပါသည်။ ဦးပဥ္စင်းလေးသည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ပြီးနောက်တွင် ကြည်ညိုစိတ်များ ပိုမိုပြင်းထန်လာသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ ပုံတော်များကို ဆတက်တိုး၍ ကိုးကွယ်ခဲ့ပါသည်။

ဤသို့ဖြင့် ၁၃၇၄ ခု၊ နတ်တော်လဆန်း ၁၁ ရက်၊ ည (၇) နာရီ၊ မိနစ် (၃၀) အချိန်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ မန်ရှေးဟောင်းစေတီတော်အတွင်း ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံကို ရှေ့တွင်ထားရှိပြီး တရားထိုင်နေစဉ် လျှပ်စစ်မီးဖြင့်သာ ဆက်သွယ်၍ ဖွင့်ရသောအိတ်ဆောင်DVDပြစက်မှာ အလိုအလျောက်ပွင့်၍လာသည်။ ဤအချိန်၌ စေတီတော်တွင် မီးပျက်လျက်ရှိပါသည်။

ဦးပဥ္စင်းလေးသည် ထိုအခြင်းအရာကြောင့် အံ့ဩခြင်းနှင့်အတူ တုန်လှုပ်မိပါသည်။ အသက်ဝိညာဉ်ကင်းမဲ့သော ဓာတ်ပုံများ ဖြစ်ပါလျက် မည်သည့်အတွက်ကြောင့် ထူးခြားဆန်းကြယ်မှုများဖြစ်ပေါ်၍နေရပါသနည်း။ ဓာတ်ပုံတော်များမှ ထူးခြားမှုများ အမှန်တကယ်ဖြစ်ပေါ်ခဲ့ခြင်းလော။ မိမိစိတ်အာရုံ၏ အထင်အမြင်လွဲမှားမှုများလော။ ဤအကြောင်းအရာများကို အခြားသူများကိုပြောပြပါက ယုံကြည်ကြပါမည်လား။ ထိုအခါ မိမိအား မည်သို့ထင်ကြပါမည်နည်း။ ဤအတိုင်းဆက်သွားလျှင် မိမိတွင် အခက်တွေ့ပေတော့မည်။ ထို့ကြောင့် ဤပုံတော်များကို မိမိထံတွင်

www.burmeseclassic.com

ဆက်လက် ကိုးကွယ်ခြင်း မပြုတော့ဘဲ ရေတွင်မျှောရကောင်းမည်လော၊ ဘုရားစေတီတစ်ဆူဆူတွင် ထားရှိရစ်ရကောင်းမည်လောဟု မကြာခဏ စိတ်ကူးမိပါတော့သည်။ ထိုသို့ စိတ်ကူးလိုက်လျှင်လည်း ညသို့ရောက်လျှင် ရုပ်ရှင်တော်မြတ်သည် အိပ်မက်၌ ကြွရောက်လာပြီး ငါ၏ ပုံတော်များကို မစွန့်ပစ်နှင့်။ ဆက်လက် ကိုးကွယ်ထားပါဟု မိန့်ကြားတော်မူလေ့ရှိသဖြင့် မစွန့်ပစ်ရဲဘဲရှိခဲ့ပါသည်။

ထိုကိစ္စများဖြစ်ပေါ်ပြီး မကြာမီ ဦးပဥ္စင်းကလေးသည် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းစပ်အနီး လူသူတစ်ဦးတလေမျှ မရှိသော ချောင်ပျက်တစ်ခုသို့ရောက်ရှိသွားပါသည်။ ဦးပဥ္စင်းလေးသည် အဓိဋ္ဌာန်ပုတီးစိပ်တရားထိုင်ရန် သွားရောက်ခြင်း ဖြစ်သော်လည်း ထိုနေရာသို့ ရောက်ရှိလျှင် အပြင်းအထန် ဖျားနာပါတော့သည်။ အဖော်မပါ တစ်ပါးတည်း ကြွရောက်တော်မူလာခြင်းကြောင့် ဒုက္ခတွေ့လျက်ရှိပါသည်။ ထိုအချိန်တွင် သရဲကြီးလေးကောင်သည် မိမိအား အန္တရာယ်ပြုရန် ကြောက်မက်ဖွယ် အသွင်သဏ္ဌာန်ကြီးများဖြင့် တရွေ့ရွေ့တိုးကပ်၍လာလျက်ရှိပါသည်။ မိမိသည် ရတနာ(၃)ပါးကို အာရုံပြုထား၍ ကြောက်စိတ်မရှိဟု ဆိုသော်လည်း အားငယ်စိုးရိမ်လျက် ဖောချွေးများပြန်လျက်ရှိပါသည်။

ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်၏ပုံတော်မှ 'ချစ်သား၊ ဘာမှမကြောက်နှင့်၊ ငါဘုရားရှိတယ်'ဟု အသံတော်များ ထွက်ပေါ်လာရာ ကြောက်စိတ်များ ပြေပျောက်ပြီး ဝမ်းသာ အားတက်လျက် 'တင်ပါ့ဘုရား' ဟု ထူးလိုက်ကာ လက်အုပ်ချီမိုးလိုက်လျှင် အနီးသို့ရောက်လာဖြစ်သော သရဲကြီးလေးကောင်သည် ကြောက်လန့်တကြား ထွက်ပြေးသွားပါသည်။ ဦးပဥ္စင်းလေးသည်လည်း ချွေးများ ရွှဲနစ်စွာထွက်ရှိပြီးနောက် မကြာမီ အဖျားကျကာ နေကောင်းသွား၍ အဓိဋ္ဌာန်များကို ဆက်လက်ဝင်နိုင်ခဲ့ပါသည်။ ထိုအခါ ရုပ်ရှင်တော်မြတ်၏ ပုံတော်များကို ပိုမို ယုံကြည်အားထားကိုးကွယ်မိပါတော့သည်။

ဦးပဥ္စင်းလေးသည် အထက်ပါ အကြောင်းအရာတို့ကို စာရေးသူတို့အား ပြောကြားပြီးနောက် ရုပ်ရှင်တော်မြတ်အတွက် လိုရာသုံးစွဲရန်ဟု ဆိုကာ ငွေတစ်သောင်းကျပ် လှူဒါန်းပါသည်။

နယုန်လတွင် တစ်ခေါက် ထပ်မံ လာရောက်ဦးမည်ဟု ဆိုပါသည်။ ထိုအခါ စာရေးသူမှ ဦးပဥ္စင်းလေးကို နေ့ဆွမ်းဆက်ကပ်ပါသည်။ အချိန်မှာ (၁၁) နာရီကျော်နေပြီဖြစ်ရာ မန္တလေးသို့ပြန်ကြွလျှင် ဆွမ်းချိန်မမီနိုင်တော့ပြီကို တွက်ဆမိ၍ ဖြစ်ပါသည်။ သင်္ကန်းတစ်စုံလှူဒါန်းလိုက်သည့်အပြင် ရွာသစ်ကြီးမြို့သို့ ကြွရောက်စဉ်က မျက်နှာတော်များ ပွားများသောပုံတော်နှင့် စစ်ကိုင်းမြို့ ပွင့်သစ်စကြက်စာဆိုင်တွင် ကြွရောက်စဉ်က မျက်လုံးတော် ဖွင့်တော်မူသော ပုံတော်တို့ကို လက်ဆောင်ပေးအပ်ပြီး -

"အရှင်ဘုရား၊ ယခုတပည့်တော်တို့ကိုပြောပြတဲ့ အကြောင်းအရာများကို အပန်းမကြီးရင် စာနဲ့ ရေးပေးခဲ့ပါဘုရား။ ဗီဒီယိုမှတ်တမ်းလည်းယူချင်လို့ ပြန်လည် မိန့်ကြားပေးတော်မူပါဘုရား"

ဟု လျှောက်ထားရာ ဦးပဥ္စင်းလေးမှ လိုလားစွာ ဆောင်ရွက်ပေးသွားခဲ့ပါသည်။ ယနေ့ညနေကားဖြင့် မင်းလှသို့ ပြန်ရမည်ဖြစ်၍ မန္တလေးသို့ပြန်လည်ကြွ မြန်းသွားတော်မူပါသည်။

ကြွခါနီး၌ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များနှင့်ပတ်သက်၍ နောက်ထပ်ထူးခြားမှုများ ဖြစ်ပေါ်ပါကလည်း နေ့စွဲနေ့တကွ အသေအချာ မှတ်သားထားမည်ဖြစ်ပြီး စာရေးသူတို့ထံသို့ အကြောင်းကြားပေးပါမည်ဟု မိန့်ကြားသွားပါသေးသည်။

၂၀-၁-၂၀၁၃ နံနက် (၆) နာရီအချိန် စာရေးသူသည် နိုးနေပြီဖြစ်သော်လည်း ဤနေ့တွင် အအေးပိုသဖြင့် အိပ်ရာပေါ်မှာရှိနေစဉ် ဖုန်းဝင်လာပါသည်။ စောစောစီးစီး ဘယ်ကဆက်ပါလိမ့်ဟု နားထောင်လိုက်သောအခါ ဟိုတစ်နေ့က ကြွရောက်၍လာသော ဦးပဥ္စင်းလေး ဖြစ်နေပါသည်။ မင်းလှမြို့မှ ဖုန်းဆက်နေခြင်း ဖြစ်ပါသည်။ ဖြစ်နိုင်ပါက ယနေ့ညနေခင်းကားနှင့် လိုက်လာခဲ့ပါ။ ဗီဒီယိုကင့်မရာ၊ဓာတ်ပုံကင်မရာများယူဆောင်ခဲ့ပါ။ ဒီမှာ တအားထူးနေလို့ဟု ဆိုပါသည်။ ထိုအခါ စာရေးသူမှ အိမ်တွင် မယ်တော်ကြီးတို့ မရှိကြသည့်အပြင် အဆောက်အအုံ ဆောက်လုပ်နေသည်ဖြစ်၍ မလာရောက်နိုင်ပါ။ ယခုအချိန်အခါတွင် ဗီဒီယို၊ ဓာတ်ပုံကင်မရာများ ပေါ်များပါသဖြင့် အရှင်ဘုရားဘာသာ မှတ်တမ်းရိုက်ကူးထားပါဟု လျှောက်ထားလိုက်ရပါသည်။

ယခုတစ်ကြိမ်ထူးခြားမှုမှာ ယခုတစ်ခေါက် လက်ဆောင်ရရှိလိုက်သော ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တစ်ပုံသည် နောက်မှီမပါဘဲ ကြမ်းပြင်ပေါ်တွင် အလိုအလျောက်ထောင်၍နေခြင်း ဖြစ်ပါသည်။ ကျောင်းတွင်ရှိသော ရဟန်းသံဃာ၊ သာမဏေများနှင့် နီးစပ်ရာမှလူတို့ အံ့သြခြင်းကြီးစွာဖြင့် လာရောက်ဝိုင်းအုံ တိုးဝှေ့ကြည့်ရှုလျက်နေကြသည်ဟု သိရပါသည်။ တကယ်တော့ ယခုဖြစ်ပေါ်ခဲ့သော ထူးခြားမှုသည်လည်း ပထမဆုံးအကြိမ် မဟုတ်ပါ။ ၂၀၁၁ ခုနှစ်လက မန္တလေးမြို့ ကျွဲဆည်ကန်ရပ် ကိုသိန်းလင်း၊ မခင်စုမာတို့၏ နေအိမ်တွင်လည်း ထိုသို့ဖြစ်ပေါ်ခဲ့ဖူးပါသည်။ ထိုစဉ်ဆိုလျှင် ရက်ပေါင်း (၂၀)ကျော်ပင် ကြာမြင့်ခဲ့ပါသည်။ ထိုအခါသမယတွင် မုတ်သုန်လေတို့ ဝင်ရောက်ချိန်ဖြစ်၍ လေကြမ်းလှပါသည်။ ဘုရားကျောင်းဆောင်မှာလည်း ပြတင်းတံခါးတည့်တည့်တွင် ဖြစ်နေ၍ တစ်ခါတစ်ရံ ပန်းအိုးများပင် လွင့်ကျသည်အထိ လေကြောင်းကျနေသော်လည်း ပေါ့ပါးသော ဓာတ်ပုံလေးမှာ တိပ်ဖြင့်ညှပ်၍ကပ်ထားသည့်အလား စွဲမြဲ၍နေသည်ကို စာရေးသူကိုယ်တိုင်ပင် တွေ့ကြုံခဲ့ရပါသည်။

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည်ကား သက်တော်ထင်ရှား ဘုရားရှင်တို့၏ တန်ခိုးတော်အနန္တဟူသော ဂုဏ်ကိုဆောင်လျက် ယနေ့တိုင် ထူးခြားမှုများစွာတို့ ဖြစ်ပေါ်ကြုံတွေ့လျက်ရှိနေသေးပြီး နောင်တွင်လည်း ဆက်လက် ကြုံတွေ့နေရဦးမည်ဖြစ်ပါသည်။

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များသာမက မည်သည့်ရုပ်ပွားတော်၊ စေတီတော်တို့၏ ဓာတ်ပုံတော်များကိုမဆို သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ လေးမြတ်စွာ ပူဇော်ထားရှိကြလျှင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများ လက်ငင်းရရှိကြမည် ဖြစ်ပါသတည်း။

(အထက်ပါဆောင်းပါးတွင် ပါဝင်သော အကြောင်းအရာများကို အသေးစိတ် သိလိုပါက ဦးပညာဇောတ ၀၉-၄၀၃၇၆၈၈၉၉၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့် ၀၉-၅၁၄၀၅၁၄၊ ကိုသိန်းလင်း ၀၂-၇၁၀၂၂ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။)

ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

### ကရင်ပြည်နယ်ဘားအံမြို့မှ


## ဆံတော်ရှင်ကြောင့်ကမ်းလာဘ်(ခေါ်)

**မြမဥ္စုဝေ(ကျုံမငေး)**

# ကျောက်ကလပ်စေတီတော်

ကရင်ပြည်နယ်သည် မြေပြန့်၊ တောင်တန်း ဂူစဉ်တန်းများကြောင့် သာယာရှုမောလှသလို စိမ်းညို့ညို့ တောင်ရိပ်များကြောင့်လည်း အေးချမ်းလှပါသည်။ ဘာသာ၊ သာသနာလည်း စည်ပင်ပြန့်ပွား ထွန်းလင်းသောကြောင့် ရှေးဟောင်း စေတီဘုရားများနှင့် အလွန်ကြည်နူးသဒ္ဓါပွားစရာများနှင့် အတင့်အတယ်ရှိလှသော ပြည်နယ်တစ်နယ်ဟု ဆိုချင်ပါသည်။


ပြည်နယ်၏ အနေအထားကို လေ့လာသောအခါ အရှေ့ဘက်ပိုင်းသည် ကုန်းမြင့်တောတန်းပိုင်းဖြစ်ပြီး အမြင့်ပေ (၅၀၀၀) ခန့်အထိရှိသော တောင်တန်းများရှိနေပါသည်။အနောက်ဘက်ပိုင်းသည် မြေနိမ့်လွင်ပြင်ရပ်ဝန်းဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများဖြစ်ထွန်းလှပါသည်။ ကရင်ပြည်နယ်




သာမညဆရာတော်အဓိဋ္ဌာန်ပွားများခဲ့သော ကြောင့်ကမ်းလာဘ်တောင်လယ်စေတီတော်



သံယာဆောင်ကျောင်း၌ ကိန်းဝပ်နေသော အောင်ချမ်းသာမြတ်စွာဘုရား ရုပ်ပွားတော်



အနီးကပ် ဖူးတွေ့ရသော ကြောင့်ကမ်းလာဘ်စေတီတော်




ကြောင့်ကမ်းလာဘ်သာသနိကနယ်မြေမှ ရှဉ္ဇာမဃာဝိကံမြင့်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



စကျင်ကျောက်သားဖြင့် ထုဆစ်ထားသော ချမ်းသာကြီးရုပ်ပွားတော်မြတ်



ကြောင့်ကမ်လာဘ်တောင်စောင့်နတ်ကွန်း

ကြီးကို ထွေးပွေ့ထားသည့် သံလွင်မြစ်ကြီး၏အလှကလည်း ထူးလှပါသည်။

အထူးသဖြင့် မြေပြန့်လွင်ပြင်တွင် မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများသည် ဗုဒ္ဓဘာသာအယူဝါဒနှင့် ရတနာသုံးပါးပူဇော်ဆည်းကပ်ခြင်းကို လက်ခံယုံကြည်ကိုးကွယ်ကြသော ပြည်နယ်သားအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ရှေးနှစ်ပေါင်းများစွာအခါကပင် တည်ရှိနေသော ရှေးဟောင်း အမွေအနှစ် စေတီဘုရားများ၊ ဂူဘုရားများသည် ပြည်နယ်သား ဗုဒ္ဓဘာသာဝင်များ၏ ပြုပြင်ထိန်းသိမ်းမှုများကြောင့် ယနေ့တိုင် ဖူးတွေ့နေကြရခြင်း ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ကရင်ပြည်နယ်သို့ အပန်းဖြေခရီး၊ တာဝန်ခရီးများအပြင် ဘုရားဖူးခရီးလည်း မကြာခဏ ရောက်ခဲ့ရဖူးပါသည်။ လွန်ခဲ့သောနှစ်များက သာသနာ့တွင် အထင်ကရရှိခဲ့ဖူးသော 'သာမညတောင်နှင့် သာမညဆရာတော်ဘုရား' ထံသို့ ဖူးရောက်ခဲ့ပြီးအပြန် သွားရောက် ဖူးမြော်ခဲ့သော စေတီဘုရားတစ်ဆူရှိပါသည်။ ထိုစေတီဘုရားမှာ 'ကျောက်ကလပ်စေတီ' ဟုခေါ်သော 'ကြောင့်ကမ်လာဘ်စေတီ' ဖြစ်ပါသည်။

ဘားအံမြို့နှင့် မဝေးလှသော အရပ်တွင် ဇွဲကပင်ဆံတော်ရှင်တည်ရာ ဇွဲကပင်တောင်ကြီးနှင့် သုံးမိုင်အကွာ နောင်စမိုင်ရွာတွင် တည်ရှိ စံပယ်နေသောစေတီဖြစ်ပြီး ဆံတော်မြတ် ကိန်းဝပ်ရာစေတီလည်း ဖြစ်ပါသည်။ ယခုအခါ စေတီတော်၏ သမိုင်းကြောင်းများသိနိုင်ရန် မဖြစ်မနေ ကြိုးစားမည်ဆိုသော စိတ်ကူးလည်း ရှိခဲ့ပြီးဖြစ်၍ ကျောက်ကလပ်စေတီတည်ရာ တောင်ခြေရှိ ဘုန်းတော်ကြီးကျောင်းသို့ အရောက်သွားလိုက်ပါသည်။

အကြိမ်များစွာ ရောက်ခဲ့သော်လည်း စာတစ်စောင်အဖြစ် ရေးဖွဲ့ရန်မည်သည့် အထောက်အထားမျှ မရရှိခဲ့သောကြောင့် ပြန်လည် ရေးသားစရာအကြောင်းအရာမဲ့ဖြစ်နေခဲ့ရပါသည်။ သို့ပါ၍ ယခုအခါ တွေ့ရှိရပြီဖြစ်သော ဆရာတော်ထံ မေးမြန်းလျှောက်ထားလိုက်သောကြောင့် ဆရာတော်မှ သမိုင်းဆိုင်ရာ အကြောင်းအရာသည် နာယကဆရာတော်အဆက်လည်း ထားရှိခြင်းမရှိကြောင်း မိန့်ဆိုပါသည်။

စာရေးသူ မေးမြန်း လျှောက်ထားသော ဆရာတော်မှာ ဆရာတော် ဘဒ္ဒန္တဝိမလဖြစ်ပြီး ဤကျောက်ကလပ်သာသနိကနယ်မြေ၌ ခရစ်နှစ် ၁၉၉၇ ခုနှစ်တွင် စတင် ကျောင်းထိုင်ခဲ့ပြီး ထိုနှစ် ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် လိုအပ်နေသော ပြုပြင်မှုများကို ပြုလုပ်ခဲ့ပါသည်။ ကျောက်ကလပ်သာသနိကနယ်မြေတွင် ရှိသင့်သော စေတီ၊ ရုပ်ပွား၊ ကျောင်း၊ ဇရပ်များ တည်ရှိလာစေရန် ဦးစွာ စေတီတစ်ဆူနှင့် ရုပ်ပွားတော်တစ်ဆူ တည်ထားနိုင်ရန် ကြိုးစားခဲ့ရာ စူဠာမဏိကံမြင့်စေတီကို ဦးစွာ တည်ဆောက်ထားခဲ့ပြီးနောက် အောင်ချမ်းသာရုပ်ပွားတော်ကို တည်ခဲ့၏။

ယခင်အခါက ဤနယ်မြေသည် တစ်ဧကကျော်နှင့် ကျောင်းတစ်ဆောင်ရှိခဲ့ရာမှ ယခုအခါ မြေအကျယ် (၃၂. ၄) ဧကကျော်ဖြင့် သာသနိကအဆောက်အအုံများနှင့်အတူ ချမ်းသာကြီးရုပ်ပွားတော်နှင့် လိုတိုင်းပြည့်စေတီတော်များလည်း တည်ထားနေပြီ ဖြစ်ပါသည်။ ဆရာတော် ဘဒ္ဒန္တဝိမလ အရှင်သူမြတ်၏ ကြိုးပမ်းမှုဖြင့် မန္တလေးမြို့ အောင်သီဟ ကျောက်ဆစ်လုပ်ငန်းတွင် (၁၈) လကြာ ထုဆစ်ခဲ့သော ချမ်းသာကြီးမြတ်စွာဘုရား ထိုင်တော်မူ ရုပ်ပွားတော်ကြီးလည်း ရောက်ရှိစံပယ်နေခဲ့ပြီဖြစ်၏။ ကျောင်းဆောင်တော်ကြီးလည်း မကြာမီပြီးတော့မှာ ဖြစ်ပါသည်။

ကျောက်ကလပ်စေတီတော်တည်ရာ အရပ်ဒေသကို မေးမြန်းလျှောက်ထားလိုက်သောအခါ ဘားအံမြို့နယ် ရဲသာကျင်းကျေးရွာအုပ်စု နောင်ခမိုင်ရွာတောင်ကွင်း ကွင်းအမှတ် (၁၁၈၈) ဖြစ်ကြောင်းနှင့် ကျောက်ကလပ်တောင်ခြေရှိ ဤကျောင်းသည် ထူးခြားသော ကျောင်းဖြစ်ကြောင်း မိန့်ကြားပါသည်။ ကျောင်းကလေးသည် တစ်ချိန်သောအခါက သာမညဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သောကျောင်းဖြစ်




www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ကမ်လာဘ်တောင်ခြေကျောင်းအလှူရှင်အား သာမညတောင်ဆရာတော်ကြီးမှ ကိုယ်တိုင်ရေးထိုးမှတ်တမ်းပြုထားမှု



ကြောင့်ကမ်လာဘ်တောင်ခြေကျောင်း၌ သာမညဆရာတော်သီတင်းသုံးခဲ့သည်ကို ကိုယ်တော်တိုင် မှတ်သားခဲ့သော ခုနှစ်မှတ်တမ်း



ကြောင့်ကမ်လာဘ်သာသနာ့နယ်မြေကို စောင့်ရှောက်နေသော ကရင်မောင်နှမ



ယခုလက်ရှိ ကြောင့်ကမ်လာဘ်စေတီ နာယကဆရာတော် ဘဒ္ဒန္တဝိမလအရှင်မြတ်

၍ ပျက်စီးယိုယွင်းမှုရှိလာသည်ကို ပြုပြင်သောအလှူရှင်မှာ ကော့ကျိုက်ရွာမှ ဒေါ်နံ့ပေဖြစ်ကြောင်း ဆိုပါသည်။ ပြုပြင်မှုသက္ကရာဇ်မှာ 'ဒေါ်နံ့ပေ ကောင်းမှု ၁၃၁၉ ခုနှစ်' ဟူ၍ မှတ်တမ်းရေးထိုးထားခြင်းသည် သာမညဆရာတော်ကြီးမှ ကိုယ်တိုင်ရေးထိုးထားသော လက်ရေးဖြစ်ပါသည်။

သာမညဆရာတော်ဘုရားကြီးသည် ဤကျောင်းကလေးတွင် စတင်သီတင်းသုံးနေထိုင်မှုကို တိုင်တစ်တိုင်၌ သံချောင်းစို့ထွင်း၍ မှတ်သားခဲ့သည်မှာ ၁၃၁၄ ခုနှစ်ဟု ရေးထိုးထားသောကြောင့် လွန်ခဲ့သောနှစ်ပေါင်း (၆၀) အချိန်ကဟု မှတ်သားရမှာ ဖြစ်ပါသည်။

သာမညဆရာတော်ဘုရား ဤကျောင်းတွင် သီတင်းသုံး နေထိုင်ခဲ့ပြီးနောက် ဘဒ္ဒန္တဝါယမ (ကော့ကျိုက်ကျောင်းတည်ဆရာတော်) မှ သီတင်းသုံးနေထိုင်ခဲ့ပြီး မြန်မာနှစ် ၁၃၁၄ ခုနှစ်တွင် သာမညဆရာတော်ဘုရား သီတင်းသုံးခဲ့ပြီးနောက် ဆရာတော်သုံးပါး၊ လေးပါးဟု ယူဆရမည့် မထင်မရှား မှတ်သားခြင်းမပြုလိုက်မိသော ဆရာတော်များ သီတင်းသုံးပြီးမှ ဆရာတော် ဘဒ္ဒန္တဝိမလအရှင်မြတ်မှ သီတင်းသုံးခဲ့ခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ဗုဒ္ဓသာသနာအရှည်တည်တံ့နေသော မြန်မာနိုင်ငံတစ်ဝန်းတွင် ရှေးဟောင်းစေတီဘုရားများစွာ တည်ရှိနေသည်မှာ ယုံမှားဖွယ်မရှိ ကိုယ်တွေ့ကြုံခဲ့ရပြီး ဖြစ်ပါသည်။ ကျောက်ကလပ်စေတီကဲ့သို့ ဆံတော်ရှင်စေတီဘုရားများစွာလည်း သမိုင်းဝင်သော်လည်း သမိုင်းမထင်မရှားဖြစ်နေပါသည်။ သမိုင်းကြောင်းထင်ရှားလာစေရန် ကြိုးစားကြဖို့လည်း လိုအပ်နေပါသေးသည်။ သို့သော် စေတနာသဒ္ဒါအားဖြင့်ပြည့်စုံသော ရဟန်းရှင်လူပြည်သူအများမှ လှူဒါန်းအပ်သောကောင်းမှုကြောင့် ထိုသို့သော သာသနိက သာသနာစုဝေးရာနေရာများသည် ဘုရားဖူးများနှင့် စည်ပင်နေသည်မှာလည်း ဂုဏ်ယူစရာပင် ဖြစ်နေပါသည်။

ကြောင့်ကမ်လာဘ်စေတီ (ခေါ်) ကျောက်ကလပ်စေတီ သာသနာ့မြေသည်လည်း ကရင်ပြည်နယ်၏ ရှေးဟောင်း အမွေခံကောင်း စေတီဘုရားအဖြစ် ယခုအခါ စည်ပင်နေပြီဖြစ်သော ကြောင့် ဆရာတော် ဘဒ္ဒန္တဝိမလနှင့် သာသနိကအကျိုးဆောင်များ ညှိဝတ်ပြု ညွှန်ခံသော သက်သတ်လွတ်ထမင်းကို မြိန်ရှက်စွာစားကြရင်း ဘုရားဖူးတစ်ခေါက် အရောက်သွားစေချင်ပါသည်။

မြမဥ္ဇူဝေ (ကျုံမငေး)

**မှီငြမ်းမှု -**

၁။ ကျောက်ကလပ်စေတီ၏ အကျိုးဆောင် နာယကဆရာတော် ဘဒ္ဒန္တဝိမလ၏ မိန့်ဆိုမှုမှတ်တမ်းကို မှီငြမ်းရေးသားပါသည်။

၂။ စာရေးသူ၏ ဘုရားဖူးခရီးမှတ်တမ်းများ။



www.burmeseclassic.com

www.burmeseclassic.com

# လေးသုံး ငါးနှစ် ခွန်နှင့်ရှစ်

ဓာတ်ဝိဇ္ဇာ-မျိုးမြင့်အောင်

၂၀၁၁ ခုနှစ်က ထူးဆန်းသော သတင်းတစ်ပုဒ်အား ဂျာနယ်များတွင် ဖော်ပြခဲ့သည်ကိုတွေ့ခဲ့ရ၏။ ၎င်းသတင်းကို DVD အခွေများဖြင့်လည်း အနယ်နယ်အရပ်ရပ်တွင် ကြည့်ရှုနေကြသည်ကိုလည်း တွေ့ခဲ့ရပါ၏။ ၎င်းသတင်းမှာ အမျိုးသမီးတစ်ယောက်သည် ကျောက်ခဲများကို သူမ၏ပါးစပ်မှ အန်ထုတ်နေခြင်းပင် ဖြစ်၏။ တစ်ကြိမ်၊ နှစ်ကြိမ်မျှ အန်ထုတ်ခြင်းမျိုး မဟုတ်ဘဲ အကြိမ်ကြိမ်အန်ထုတ်နေခြင်းပင် ဖြစ်၏။

စဉ်းစားဖွယ်ရာရှိသည်မှာ မည်သည့်လူသားမဆို ကျောက်ခဲများကိုစားလေ့စားထမရှိပါ။ သို့အတွက် အန်ထုတ်စရာအကြောင်းလည်းမရှိပါ။ သို့ပေမင့် ကျောက်ခဲများကို အန်ထုတ်နေရသည့် အဖြစ်သည် အံ့သြဖွယ်ရှိပေစွ။ ထိုကျောက်ခဲများသည် သူမ၏ အစာအိမ်ထဲသို့ မည်သည့်နေရာမှ မည်သို့ ဝင်ရောက်လာခဲ့သည်ကိုလည်း မည်သူမျှ သိနိုင်အံ့မထင်။ ဆေးပညာအရ လူသား၏ အစာအိမ်သည် ကျောက်ခဲကို ကြေကျက်အောင် ချက်နိုင်စွမ်း မရှိပါ။ သူမ အန်ထုတ်လိုက်သောကျောက်ခဲများကား အကြီးဆုံး ဖန်ခါးသီးအရွယ်မှ အငယ်ဆုံး ဆီးစေ့အရွယ်ခန့်အထိရှိနေသည်ကို တီဗွီတွင် တွေ့မြင်ခဲ့ရ၏။ အဆိုပါဖြစ်ရပ်သည် သဘာဝလွန်ဖြစ်ရပ်ဆန်းတစ်မျိုးဟုသာ ဆိုရပါမည်။

ယနေ့အထိ သဘာဝလွန်ဖြစ်ရပ်ဆန်းများကို သိပ္ပံပညာဖြင့် စမ်းသပ်တိုင်းထွာ၍မရသေးပါ။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ရပ်ဆန်း မျိုးစုံစွာရှိနေကြသည်ကိုလည်း လေ့လာ သိရှိနေကြရပါသည်။ မြန်မာနိုင်ငံ၌ ထိုသို့သောအဖြစ်မျိုး ပေါ်ပေါက်လာခြင်းအား ထူးဆန်းသည်ဟု မဆိုနိုင်ပြန်ပေ။ အခြားသောတိုင်းနိုင်ငံများတွင်လည်း သဘာဝလွန်ဖြစ်ရပ်ဆန်းများရှိနေကြသည်ကို အားလုံးပင် ကြားသိ၊ တွေ့မြင်နေကြရပေ၏။ ကျောက်ခဲများအား အန်ချရသော အမျိုးသမီး၏ ဝေဒနာမျိုးကို မြန်မာတို့က ပယောဂဝေဒနာဟု သတ်မှတ်ခေါ်ဆိုလေ့ပြုကြ၏။ ပယောဂဝေဒနာဆိုသည်မှာလည်း အမျိုးအစားအားဖြင့် များစွာရှိနေကြသည်ကို လေ့လာသိရှိရပေသည်။ စာလေးသွားမည်ဖြစ်၍ အကျယ်မဖော်ပြနိုင်တော့ပါ။ ပယောဂဝေဒနာနှင့် စပ်လျဉ်း၍ အတော်ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်သော ကုသနည်းတစ်ခု ရှိပါသည်။ ကျွန်ုပ်ကိုယ်တိုင် လက်စွဲထား၍ ယနေ့ထိတိုင်အောင် အောင်မြင်စွာ အသုံးပြုနေပါသည်။ ပယောဂနှင့် ကြုံတွေ့လာပါက လူသားများအပေါ် မေတ္တာထား၍ ကူညီလိုသူများအတွက် လည်းကောင်း၊ မိမိကိုယ်တိုင် ပယောဂဝေဒနာနှင့် ကင်းဝေးလိုသူများအတွက် လည်းကောင်း ရေးသားရခြင်း ဖြစ်ပါသည်။

၎င်းနည်းမှာ မှတ်မိရန် လွယ်ကူသလို ပြုလုပ်ရာ၌ ခက်ခဲမှုမရှိပါ။ ခရီးရောက်သည်ဟုလည်း ဆိုရပါမည်။ ကလေး၊ လူကြီးလန့်ဖျပ်၍ အငို၊ အရယ် ဖြစ်ခြင်းများကို စတင်အသုံးပြုခဲ့ပါသည်။ အင်းချရသောအလုပ်မှာ ခက်ခဲပါသည်။ ထို့ပြင် အင်းအသွားနှင့်တကွ အင်းကွက်အတွင်းသို့ ဂဏန်းသွတ်သွင်းတိုင်း ဂါထာ ဟိန်းရသေး၏။ အငို၊ အရယ်၊ လန့်ဖျပ်ခြင်းများအပြင် စုန်းပူး၊ နတ်ပူး၊ နတ်ကိုင် ပယောဂများကိုပါ ပျောက်ကင်းလာသည်ကို တွေ့ရ၏။

(၅) နှစ်ခန့်ကြာသောအခါ ပညာဝေငှလိုသောစိတ် ဖြစ်ပေါ်လာသဖြင့် ခက်ခဲသောကဏ္ဍများမှ မူလတန်ဖိုးကို မလျော့စေသောနည်းဖြင့် ပြောင်းလဲ၍ အသုံးပြုကြည့်ရာ အောင်မြင်သည်ကိုပင်တွေ့ရ၏။ ထိုနည်းတွင် အင်းချရခြင်းနှင့် ဂါထာရှည်များရွတ်ရခြင်းတို့ မပါဝင်တော့သဖြင့် လူတိုင်းအတွက် လွယ်ကူစေ၏။ လူတိုင်းအတွက် မှတ်မိလွယ်ပြီး ပြုလုပ်ရာ၌လည်း မခက်ခဲတော့ပေ။

သို့ဖြင့် (၁၀) နှစ်ကျော်ကြာသောအခါ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အစပ်အဖျားရှိ အလွန်တောခေါင်သောရွာတစ်ရွာသို့ အကြောင်းအားလျော်စွာ ရောက်ရှိခဲ့၏။ ထိုရွာမှ ဦးလှအောင်က ကျွန်ုပ်ထံ ဤနည်းကို တောင်းသည်။ သူသည် အရက်သောက်သူတစ်ဦးဖြစ်နေသည်ကို တွေ့ရ၏။ အရက်သောက်လျှင် ဤပညာသည် မစွမ်းပါ။ ကျွန်ုပ်အဖို့ အခက်တွေ့ရတော့၏။ မြို့ပြနှင့်ဝေးကွာလှပြီး အလွန်တောခေါင်သောနေရာမျိုးတွင် ဤပညာကို ထားရစ်ခဲ့ချင်ပါသည်။ သို့ဖြစ်၍ နောက်ထပ် စမ်းသပ်မှုတစ်ခုပြုရပြန်တော့၏။

ပယောဂကုသရန်အကြောင်းပေါ်လာ၍ ကုသလိုပါက ထိုနေ့မှစ၍ (၇) ရက်တိုင်တိုင် အရက်မသောက်ပါဟု ဘုရားကျောင်းဆောင်ရှေ့တွင် သစ္စာဆိုနိုင်ပါက နည်းပေး၍ရကြောင်း ပြောပြရာ ဦးလှအောင်က လိုလားစွာ လက်ခံပါသည်။ ရွာသားများကလည်း နည်းပေးခဲ့ပါရန် ဝိုင်းဝန်း တောင်းပန်ကြပါသည်။

*(ထိုရွာတွင် အလွန်သောင်းကျန်းနေသော သွေးစုပ်ဖုတ်ကောင်အား ဖယ်ရှားပေးရန် ရောက်ခဲ့ခြင်း ဖြစ်၏။ ထိုအကြောင်းကို စာမလေးစေရန် ချန်ခဲ့ပါမည်။)*

သို့အတွက် ဦးလှအောင်အား ထိုနည်းကိုပေး၍ ပြန်ခဲ့ပါသည်။

(၃) နှစ်ခန့်ကြာသောအခါ ဦးလှအောင်သည် အလုပ်ကိစ္စဖြင့် တောင်ပေါ်မှဆင်းလာရင်း ကျွန်ုပ်ရှိရာ မကွေးမြို့အထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့၏။ သူ အိမ်ပေါ်သို့ တက်လာကတည်းက မူးနေကြောင်းပေါ်လွင်နေပါသည်။ ကျွန်ုပ်အနေဖြင့် အိမ်ရှင်ဖြစ်နေသောကြောင့် ဆန္ဒမရှိပါသော်လည်း ပျူငှာရတော့၏။ ဦးလှအောင်က အာပေါင်အာရင်းသန်သန်ဖြင့် ပယောဂကုရာတွင် အောင်မြင်နေကြောင်း၊ ရွာနီးဝန်းကျင်တွင် ဆရာဖြစ်နေကြောင်း၊ အရက်မသောက်ရသည်က များနေကြောင်း၊ ကြုံတုန်းကြုံခိုက် အားရပါးရ သောက်လာခဲ့မိ၍ ခွင့်လွှတ်စေလိုကြောင်းများကိုပြော၍ သူတို့နယ်ထွက် လက်ဆောင်ပစ္စည်းများကို ပေးပါသည်။ ကျွန်ုပ်လည်း သူ့အား အလိုက်သင့်ဆက်ဆံ၍ ပြန်လိုက်ပို့ပေးလိုက်ပါသည်။

နည်းစနစ်မှာ ဘုရားရှင်၏ ဗောဓိပက္ခိယ (၃၇) ပါးကို အသုံးပြုခြင်းပင် ဖြစ်ပါသည်။ ဦးလှအောင်အား ပေးခဲ့သောနည်းကိုသာ ဖော်ပြမည် ဖြစ်ပါသည်။

အထက်၌ ဖော်ပြထားသော ဗောဓိပက္ခိယတရား (၃၇) ပါးအား (၉) ကွက်အင်းဖြင့် အရှေ့မြောက်ထောင့် တနင်္ဂနွေအကွက်မှ စ၍ ဆိုခဲ့ပြီးသော (၄၄၄၅၅၇၈) တို့ကို မြင်းသွားချ၏။ အရှေ့တောင်ထောင့် အင်္ဂါအရပ်တွင် (၈) ဂဏန်းကျ၏။ အနောက်အရပ်ကြာသပတေးနံတွင် အဖြည့်(၉)ဂဏန်းကျ၍ဆုံး၏။ အလယ်ကွက်တွင် လူနာ၏နံကို ထည့်သွင်း အသုံးပြုခဲ့၏။ နောက်ပိုင်းတွင် မှတ်လွယ်၊ ပြုလုပ်လွယ်နည်းဖြင့် ကုသရာတွင်လည်း အောင်မြင်မြဲပင် ဖြစ်၏။ ရတနာသုံးပါးအား ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ပထမ | ၄ | သတိပဋ္ဌာန် လေးပါး |
| ဒုတိယ | ၄ | သမ္မပဓာန် လေးပါး |
| တတိယ | ၄ | ဣဒ္ဓိပါဒ် လေးပါး |
| စတုတ္ထ | ၅ | ဣန္ဒြေ ငါးပါး |
| ပဉ္စမ | ၅ | ဗိုလ် ငါးပါး |
| ဆဋ္ဌမ | ၇ | ဗောဇ္ဈင် ခုနစ်ပါး |
| သတ္တမ | ၈ | မဂ္ဂင် ရှစ်ပါး |
| ပေါင်းသော် | ၃၇ | ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး |

၉ - လောကုတ္တရာ ကိုးပါး

၉ လောကုတ္တရာကိုးပါး
(အင်းအသုံးတွင်ဖြည့်၍ရေးသည်)

| | | |
|---|---|---|
| ၄ | ၅ | ၈ |
| ၇ | နံ | ၄ |
| ၄ | ၉ | ၅ |

**ဗောဓိပက္ခိယအင်းပုံ**

မှု အားကောင်းဖို့ပင် အဓိကလိုရင်း ဖြစ်၏။ ထို့ကြောင့် ဦးလှအောင်အား အလွယ်ကျက်မှတ်နိုင်ရန် 'လေးသုံးငါးနှစ်ခုနှစ်နှင့်ရှစ်'ဟုသင်ပေးခဲ့ပြီး လုပ်နည်းကိုင်နည်းများကိုပါ သေချာစွာ ပြောပြခဲ့ပါသည်။

ထိတ်လန့်ခြင်း၊ အငိုအရယ်ပြုခြင်း၊ သဘာဝမဟုတ်သော အပြုအမူများဖြင့် နေထိုင်လှုပ်ရှားခြင်း စသဖြင့် ပယောဂဟု ယူဆရသော ဝေဒနာရှင်များအား တွေ့ကြုံလာပါက အောက်၌ဖော်ပြထားသော နည်းစနစ်အတိုင်း ကုသနိုင်ပါသည်။ စေတီ၊ ပုထိုး၊ ဘုရားဆင်းတုတော်တို့၏ ရှေ့မှောက်တွင် ရေသန့်သန့်တစ်ခွက်ကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကိုင်ဆောင်လျက် သဝေမပါ (၉) ဂါထာဖြင့် ရှိခိုးရပါမည်။ လူတိုင်းရပြီး ဖြစ်ပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဤမျှသာဖြစ်၍မခက်ခဲပါ။ မြန်မာတို့ ပြုလုပ်နေကျ ဖြစ်ပါသည်။ ၎င်းနောက် ရေတော်ခွက်ကို ရှေ့မှာချပါ။ ၎င်းနောက် သစ္စာပြုပါ။ အရက်မသောက်သူဖြစ်လျှင် သစ္စာပြုစရာမလိုပါ။ ဦးသုံးကြိမ်ချပါ။

၎င်းနောက် လက်ကိုင်ပဝါအသစ် (သို့) စက္ကူဖြူသန့်သန့်တစ်ရွက်ပေါ်တွင် သဝေမပါ (၉) ဂါထာ ရေတော်ဖြင့်ဆိုခဲ့ပြီးသော (၄၄၄၅၅၇၈) တို့ကို တစ်လုံးပြီးတစ်လုံး တစ်နေရာတည်းမှာပင် ထပ်၍ထပ်၍ရေးပါ။ ရေတော်ကို လက်ညှိုးဖြင့် တို့ယူ၍ ရေးရပါမည်။ ထင်စရာမလိုပါ။ ထိုသို့ ရေးသားနေစဉ် မပြီးမချင်း 'ဗုဒ္ဓစက်၊ ဓမ္မစက်၊ ရဟန္တာစက်' ဟု မပြတ်ရွတ်ပေးပါ။ ပြီးလျှင် ထိုအဝတ်စအသစ်၊ လက်ကိုင်ပဝါ၊ စက္ကူဖြူသန့်သန့်ကို ပယောဂစွဲကပ်နေသူ၏နဖူးပေါ်သို့ ကပ်ပေးလိုက်ပါ။ ကြမ်းတမ်းသော လူနာဖြစ်နေလျှင် လူအားသုံး၍ချုပ်ထားရပါမည်။ နဖူးပေါ်သို့ ကပ်သောအခါ ရေးထားသည့်ဘက်နှင့် ကပ်ရပါမည်။ သေးငယ်သော ပယောဂများဖြစ်လျှင် ငါးမိနစ်အတွင်း ဖယ်ရှားသွားပြီး ဝေဒနာရှင်မှာ သတိပြန်ရ၍ ကောင်းမွန်သွားသည်ကို တွေ့ရပါလိမ့်မည်။

သေပြီးသောသူများကိုဝင်ရောက်ပူးကပ်စားသုံးနေလေ့ရှိသောဖုတ်ကောင်များမှာလည်း အမျိုးမျိုးရှိကြသည်ကို တွေ့ရ၏။ ပြုလုပ်နေထိုင် ပြောဆိုပုံ အမူအရာများပုံတို့သည်လည်း ဖုတ်ကောင်အမျိုးအစားကိုလိုက်၍ ကွဲပြားခြားနားကြသည်ကို တွေ့ရ၏။ ထိုဖုတ်ကောင်များသည် အားလုံးကို သိနေလေ့ရှိသဖြင့် ဖုတ်ကောင်ဟု မထင်ရအောင် အယောင်ဆောင်နိုင်စွမ်းရှိကြ၏။ ဆရာလာမည်ကိုလည်း တင်ကြိုသိထားလေ့ရှိသည်ကို တွေ့ရ၏။ ထိုဖုတ်ကောင်များသည် သေပြီးစလူအား လျင်မြန်စွာ ဝင်ရောက် ပူးကပ်၍ စားသောက် နေထိုင်ခြင်း ဖြစ်၏။

ဖုတ်ကောင်များ ဝင်ရောက် ပူးကပ်စားသုံးနေသော အလောင်းကောင် (သေသူ) မှာ ပုပ်သိုးခြင်း မရှိပါ။ ဗရိယာယ်ကောင်းလှ၏။ သူတို့ ပူးကပ်နေသောသူ၏ မူလပုံစံ၊ အမူအရာအတိုင်းဖြစ်အောင် ပြုမူနိုင်စွမ်းရှိ၏။ ထို့ကြောင့် တစ်ခါတစ်ရံ သေသည်ဟု မထင်ကြရတော့ဘဲ လန့်ခို၍ အချိန်ကြာသွားသည်အထိ ဖြစ်တတ်၏။ ဖုတ်ကောင်ပူးကပ်နေသော ပယောဂကိုလည်း ဖော်ပြပြီးခဲ့သောနည်းဖြင့်ပင် ကုပါ။ အလွန်တန်ခိုးကြီးမားသော သေွးစုပ်ဖုတ်ကြီးများပင်လျှင် (၁၅) မိနစ်အတွင်း ထွက်ခွာသွားကြရသည်ကို ကိုယ်တိုင်ကြုံတွေ့ကြရပါလိမ့်မည်။ ထိုအခါ၌ နေရာတွင်ပင် လဲကျ၍ဖြစ်စေ၊ အိပ်ရာထက်သို့သွား၍ဖြစ်စေ လူသေပြန်ဖြစ်သွားပါလိမ့်မည်။ ၎င်းဖုတ်ဝင်သူများ၏ အလောင်းသည် တစ်ရက်အတွင်း အပုပ်နံ့ထွက်လာသည်ကို တွေ့ကြရပါမည်။ အခွင့်သင့်လျှင် ထူးဆန်းသော ဖုတ်ကောင်များနှင့် တွေ့ကြုံရပုံကို ဗဟုသုတအလို့ငှာ ရေးသားပါဦးမည်။

မိမိတို့အတွက်လည်း ပယောဂအန္တရာယ်မှ တင်ကြို ကာကွယ်နိုင်ပါသည်။မိမိတို့အား ပယောဂမှ အန္တရာယ်ပေးနေသည်ဟု ယူဆရလျှင် လည်းကောင်း၊ ပယောဂရှိနိုင်သောနေရာများသို့ မဖြစ်မနေ သွားရောက်ရမည့်အခါတွင် လည်းကောင်း၊ မြေကြမ်း၊ အိမ်ကြမ်း၊ တောကြမ်းသောနေရာများတွင် ရောက်ရှိနေလျှင် လည်းကောင်း ဘုရားရှင်အား ရည်မှန်း၍ ရေသန့်တစ်ခွက်၊ တစ်ဘူးဖြင့် ကန်တော့ပါ။ သဝေမပါ ဂါထာဖြင့် ကန်တော့ပြီး သစ္စာခံပါ။ အရက်မသောက်လျှင် သစ္စာခံစရာမလိုပါ။ ၎င်းနောက် ဗုဒ္ဓစက်၊ ဓမ္မစက်၊ ရဟန္တာစက်ဟု ရွတ်၍ ရေတစ်ကျိုက်သောက်ပါ။ ဂဏန်း(၇)လုံးဖြစ်၍ (၇) ခါသောက်ပါ။ မိမိတို့ ရောက်ရှိရာနေရာ၊ သွားလိုသည့်နေရာနှင့် မိမိတို့တွင် ပယောဂဆိုင်ရာများ ကင်းရှင်းနေသည်ကို တွေ့ရပါလိမ့်မည်။ ထိုအသုံးပြုခြင်းတွင် ရေတော်ဖြင့် ရေးစရာမလိုတော့ပါ။

ဤနည်းစနစ်သည် သာမန်လူများ အသုံးပြုရာတွင်ပင်လျှင် အစွမ်းထက်မြက်လှသည်ကို တွေ့ခဲ့ရ၏။ စာရိတ္တဖြောင့်မတ်သူ၊ သီလ၊ သမာဓိကြီးမားသူများသာ အသုံးပြုခဲ့ပါက ဆိုဖွယ်ရာမရှိ လောက်အောင်ပင် စွမ်းအားကြီးမား၍ ကျယ်ပြန့်စွာ ခရီးရောက်လိမ့်မည်ဟု ယူဆမိပါသည်။

ဣဿာမစ္ဆရိယနယ်မြေနှင့်မကင်းနိုင်ကြသူများအတွက် ဤနည်းပညာသည် တစ်ကြိမ်မဟုတ်တစ်ကြိမ် ဆိုသလို-အသုံးဝင်လာနိုင်သည်ဟု ထင်မြင်ယူဆမိပါသဖြင့် ရေးသား ဖော်ပြရခြင်း ဖြစ်ပါသည်။

*ဝေနေယျများအား*
*မေတ္တာဖြင့် ကယ်တင်၍*
*ကုသိုလ်ယူနိုင်ကြပါစေ*
*ဇာတိဂုဏ်-မျိုးမြင့်အောင်*



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ကိုးဆောင်း မောက်စံကျောင်း

ဒေါက်တာဒေါ်န (တောင်ကြီး)



မောက်စံကျောင်းဘုရားဆောင်



မောက်စံကျောင်းဘုရားဆောင်မှ ရှေးခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်၏ အနီးကပ်မြင်ကွင်း

မောက်စံကျောင်းတော်ကြီးသည် မောက်မယ်မြို့ ဆီဆုံရပ်ကွက်တွင် တည်ရှိပါသည်။ ကျောင်းတော်ကြီး၏ မူလ ဒါယိကာမှာ မောက်မယ်စော်ဘွားကြီး စိုင်းနွဲ့ခေါ် ကိုးလန်စော်ဘွား ဖြစ်ပြီး မြန်မာနှစ် ၁၂၃၅ ခုနှစ်က ယွန်းဂိုဏ်း နာယကဆရာတော်ကြီးအတွက် ရည်စူး၍ ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ထို ကာလတွင်ပင် သုဓမ္မာဂိုဏ်းချုပ် နာယကဆရာတော်ကြီးအတွက်လည်း ဟိုလွိုင် ကျောင်းခမ်းအရပ်တွင် ကျောင်းခမ်းခေါ် ရွှေကျောင်းတော်ကြီး ကို တစ်ပါးတည်း ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။

ကျောင်းတော်ကြီးများကို တည်ဆောက်ပေးခဲ့ကြသော စော်ဘွားကြီး၏ ဗိသုကာများသည် လက်ရာပြောင်မြောက်သော ဇေတဝန်ကျောင်းတော် ပုစံအတိုင်း (၉) ခန်း (၉) ဆောင်ပြည့် အောင် စနစ်တကျ ပုံစံချ၍ တည်ဆောက်ပေးခဲ့ကြသည်။ မျက်နှာကြက် အတွင်းချောများပေါ်တွင် ရွှေကနုတ်ပန်းချီများ ရေးဆွဲပေးခဲ့ကြပြီး ကျောင်း၏ တိုင်မကြီးများ၊ ရက်မနှင့် ဒေါက်တိုင်များပေါ်တွင် ရွှေဇဝါ၊ ရွှေပိန်းချပ်များ



မောက်စံကျောင်းအရှေ့မြောက်ထောင့်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



မောက်စံကျောင်းဘုရားဆောင်အတွင်း ဖူးမြော်ခဲ့ရသော ရှေးဟောင်းစုဖွဲ့ရုပ်ပွားတော်များ

ဖြင့် လှပစွာ မွမ်းမံပေးခဲ့ကြပါသည်။ သံဃာစင်အကန့်နံရံများပေါ်တွင် ရွှေဘောင်ကွပ်၊ ကွက်စိပ်များဖြင့် ခံ့ညားစွာ တန်ဆာဆင်ပေးခဲ့ကြပါသည်။ နှစ်ပေါင်း (၁၄၀) တိုင်ခဲ့ပြီး ဖြစ်သော်လည်း ဗိသုကာများ၏ လက်ရာအရည်အသွေး မြင့်မားမှု၊ အသုံးချထားသော ပစ္စည်းများ၏ ခိုင်မာမှုများကြောင့် မနေ့တစ်နေ့က လက်ရာများကဲ့သို့ တောင်ပြောင်လှပဆဲ။ မောက်မယ်ရွှေမြို့တော်ကြီးသို့ မျက်စိလည်လမ်းမှား၍ ရောက်လာကြမည့် ရွှေဧည်သည့်များကို လိုက်ပြစရာနေရာဆို၍ မောက်စံကျောင်းတစ်ကျောင်းသာ ရှိပါတော့သည်။

ကျောင်းတော်ကြီးထဲတွင် စာကြည့်ဆောင်တစ်ခုနှင့် နံရံကပ်ဗီရိုများအတွင်း သိမ်းဆည်းထားသော ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်း၏မှ ရွှေပုရပိုက် ပိဋ



ဘုရားဆောင်ကို ကာရံထားသော ရွှေပိန်းချ ပွတ်လုံးဝရန်တာ



www.burmeseclassic.com

www.burmeseclassic.com





မောက်စံစေတီတော် အာရုံခံတန်ဆောင်းအတွင်း သီတင်းသုံးစံပယ်တော်မူနေသော လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်

ကတ်တော်များ ရှိပါသည်။ ၂၀၀၄ ခုနှစ်ခန့်က ဘုရားဆောင်သန့်ရှင်းရေးလုပ်စဉ် အနောက်ဘက်သို့ မျက်နှာမူထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၏ ပလ္လင်နောက် အဖုံးပွင့်သွားစဉ် အဆိုပါ ရှေးဆေးရေး ပေပုရပိုက်များကို တွေ့ရှိခဲ့ရခြင်း ဖြစ်ပါသည်။ ပေပုရပိုက်များကို ဟင်္သပဒါး သုတ်ထားသော ကျွန်းသေတ္တာငယ်များအတွင်း စနစ်တကျ လှပ သေသပ်စွာ ထည့်သွင်းထားသည်ကို တွေ့ရခဲ့ရပြီး သံသေတ္တာတစ်လုံး၏ဘေးတွင် မောက်မယ်၊ မိုင်းမယ်စော်ဘွားကြီး မောင်နုမ တော်ကုသိုလ်တော်ဟု ကမ္ပည်းရေးထိုးထားပါသည်။

အဆိုပါ ပဋိကတ်ပေပုရပိုက်များ တွေ့ရှိမှုကို ထိုစဉ်က သက်ရှိထင်ရှားရှိဆဲ ကျောင်းထိုင်ဆရာတော် အရှင်သူရိန္ဒက မယကဥက္ကဋ္ဌ ဦးမင်းအေးလွင်ထံအကြောင်းကြားရာ ဥက္ကဋ္ဌမှ အထက်သို့ ဆက်လက် တင်ပြသဖြင့် တောင်ကြီးတက္ကသိုလ် သမိုင်းဌာန (ပါမောက္ခ) ဒေါ်ခင်ငြိမ်းကြည်၊ စာရေးဆရာ သမိုင်းသုတေသီ ဦးသိန်းသန်းထွန်းတို့အဖွဲ့ မောက်မယ်သို့ ရောက်ရှိ၍ တွေ့ရှိချက်များကို စိစစ်သောအခါမှ ပဥ္စမသင်္ဂါယနာတင် ပိဋကတ်တော်များဖြစ်ကြောင်း



မောက်စံကျောင်းဘုရားဆောင်အတွင်းမှ ရွှေသင်္ကန်းနှင့် ထူးခြားဆန်းကြယ်နေသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ



www.burmeseclassic.com

www.burmeseclassic.com



မောက်စံကျောင်း မြေစိုက်ဘုရားဆောင်အတွင်းဖူးမြော်ခဲ့ရသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ



မောက်စံကျောင်းဘုရားဆောင်မှ ဘူမိဖဿ ဗုဒ္ဓရုပ်ပွားတော်
(ဤရုပ်ပွားတော် အောက်ရှိ ပလ္လင်တော်အတွင်းမှပိဋကတ်များတွေ့ရှိသည်)

သိရှိရပါတော့သည်။ မည်သို့ပင်ဆိုစေ မောက်မယ်ဇနပုဒ်မှာတော့ ရွှေညှော့သည်ကို ပြစရာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏မူ ပိဋကတ်သုံးပုံ ရွှေပုရပိုက်များရှိပါသတဲ့ခင်ဗျား။

မောက်စံ ကျောင်းတော်ကြီး၏ အာရုံခံတန်ဆောင်းနှင့် သံဃာစင်မျက်နှာကြက်တို့တွင် ရှေးလက်ရာ ရွှေဆေးရေး၊ ရွှေကနုတ်ပန်းချီများ လှပတင့်တယ်စွာ နေရာယူဆဲပင်။ ရွှေဇဝါရွှေပိန်းချပ်တိုင်များ၊ သပ်ရပ်သော မှန်စီရွှေချတိုင်ထိပ်များ၊ ဟသ်ပဒါးနှင့် ရွှေကနုတ်ပန်းများ လိုက်ဖက်စွာ စီခြယ်ထားသောရက်မနှင့် ဒေါက်တိုင်များအောက်ရောက်သွားသောအခါ ဘုရင့်နန်းတော်ထဲရောက်နေသလိုမျိုး ခံစားခဲ့ရပါသည်။ မျက်မှောက်ကာလ မောက်မယ်နယ်၏ ချို့တဲ့သိမ်ငယ်နေမှုများနှင့်နှိုင်းစာလျှင် မောက်စံကျောင်းတော်၏ အတွင်းခန်းအပြင်အဆင်များက ဤနယ်ပယ်သည် တစ်ချိန်တစ်ခါက လျှမ်းလျှမ်းတောက် ကျော်ကြား ထင်ရှားခဲ့သောအရပ် ဖြစ်လေသည်ဟု အခိုင်အမာ ပြောဆိုနေသလို ခံစားမိပါသည်။

ဘုရားဆောင်အား လှပခိုင်ခံ့သော ပွတ်လုံးဝရန်တာဖြင့် ပတ်ကာထားသည့်

www.burmeseclassic.com

www.burmeseclassic.com



မောက်စံစေတီတော်များနှင့် သိမ်ကျောင်း




မောက်စံကျောင်းဘုရားဆောင်အတွင်းမှ
လက်ရာမြောက်လှသော
ရုပ်တော်မှုဗုဒ္ဓရုပ်ပွားတော်

ဝရန်တာထောင့်များတွင် ရုပ်ကြွရွှေနဂါးရုပ်များ ထွင်းထုထားပြီး ဝရန်တာပေါင်များတွင် ရွှေကနုတ်ပန်းများ၊ ဓမ္မစကြာရွှေပွင့်များဖြင့်စီခြယ်ထားသည်။ ပွတ်လုံးအသေးများကို ခပ်စိပ်စိပ်ပေါင်ကွပ်ထားပြီး ဟင်္သာပဒါးနှင့် ရွှေချထားသည်။ အနှစ်(၁၄၀)တိုင်တိုင် ကြံ့ခိုင်သပ္ပာယ်နေပုံမှာ အံ့ဩစရာပင်ကောင်းနေသေးတော့သည်။

ဘုရားဆောင်အတွင်းမှ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ၏ ပုံတော်မှာ တစ်မျိုးတစ်ဘာသာထူးခြားသပ္ပာယ်လှပါသည်။ ဘူမိဖဿပုံတော်များဖြစ်ပြီး သင်္ကန်းတော်များအား မှန်စီရွှေချများဖြင့် အနားကွပ်ထားပါသည်။ မျက်လုံးတော်များမှာ သတ္တဝါများအား မေတ္တာကရုဏာအပြည့်အဝထားနိုင်ပုံကို ဖော်ကျူးထားပါသည်။ လည်ပင်းတော်တွင် ထူးခြားစွာ အရစ်သုံးရစ်ဖော်ထားသည်ကို ဖူးမြော်ခဲ့ရပါသည်။

ကျောင်းတော်၏ ရှေ့မျက်နှာစာတွင် မြေစိုက်ဘုရားကျောင်းဆောင်တစ်ဆောင်ရှိပြီး ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်အများ ကိန်းဝပ်ရာနေရာ ဖြစ်ပါသည်။ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များဖြစ်ပြီး မောက်မယ်မှ ဒါယိကာ၊ ဒါယိကာမများက မိမိတို့စွမ်းနိုင်သလောက် မွမ်းမံပြုပြင်ထားသည်ကိုတွေ့ခဲ့ရပါသည်။ ထိုဘုရားကျောင်းဆောင်အတွင်းရှိ ထိုင်တော်မူ ဘူမိဖဿရုပ်ပွားတော်တစ်ဆူ မင်းဝတ်တန်ဆာနှင့်တူသော ရွှေသင်္ကန်းကပ်ထားသည်ကို ဖူးမြော်ခဲ့ရပါသည်။

ကျောင်းတော်ကြီး၏အရှေ့မြောက်ထောင့်ရှိ အလွန်ကြီးမားသော သစ်ပင်၏အခြေတွင် တေးဝါလား ခေါ် ယွန်းနတ်ကို ပူဇော်သော နတ်စာခွက်ခုံများ ရှိပါသည်။ ယွန်းနတ်ကွန်းများသည် မောက်မယ်ဗိုလ်တဲခေါ် လမ်းရှုံးဟောင်းဝင်းအတွင်း အလွန် ကြီးမားအုပ်ဆိုင်းလှသော ဗောဓိညောင်တောကြီးအတွင်း



မောက်စံကျောင်း ဥပုသ်ဇရပ်အတွင်း၊ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားနေတော်မူပုံ



www.burmeseclassic.com

www.burmeseclassic.com




မောက်စံစေတီတော်များ



မောက်စံကျောင်းပေင်မဘုရားဆောင်ပေါ်မှ ပြာသာဒ်များ



နဂါးရုပ်ခံမှန်စီရွှေချထီးတော်၏အနီးကပ်မြင်ကွင်း



အာရုံခံတန်ဆောင်း၏ ခိုင်ခံ့လှသော ရွှေပိန်းချတိုင်လုံးများ၊ ဆင့်နှင့် ဒေါက်တိုင်များ



မူလလက်ရာများအတိုင်း တွေမြင်ခဲ့ရသော
အာရုံခံတန်ဆောင်းအတွင်းမျက်နှာကြက်ရွှေဆေးလက်ရာများ



ဘုရားဆောင်အား ကာရံထားသော ရှေးလက်ရာ ပွတ်လုံးတိုင်များ

တွင်ရှိသည်။ မောက်မယ်နှင့် မိုင်းမယ်နယ်ကို မြန်မာမင်းအမိန့်တော်ဖြင့် အုပ်ချုပ်ရသော စော်ဘွားကြီး စိုင်းကျောက် (ကိုးလန်စော်ဘွား၏ ခမည်းတော်) က ယွန်းနယ်မှပင့်ဆောင်လာခြင်း ဖြစ်သည်။ နှစ်စဉ်မပြတ် နယုန်လဆန်း ၇ ရက်နေ့တိုင်း ယွန်းဆောခေါ် ယွန်းရိုးရာ တူရိယာများကို တီးမှုတ်ကာ နတ်ကနားပေးလေ့ရှိပါသည်။ ယွန်းအခေါ် (တေးဝါလား) နတ်မင်းအား ရှမ်းဘာသာဖြင့် စပ်နိုင်းဟု တွင်ပါသည်။

မောက်မယ်မြို့၏ အရှေ့တောင်ဘက်အရပ်တွင် လွိုင်ဝေါ်ခေါ် ဂေါဒန်ကျောက်တွင်းတည်ရှိပါသည်။ ရှေးအခါက မောက်မယ်မြို့၊ မိုက်ဟုန်းနှင့် ဆီဆိုင်ရပ်ကွက်သားများသည် လွိုင်ဝေါ်သို့ သွားပြီး ဂေါဒန်ကျောက်များကို လွှမ်းများ



www.burmeseclassic.com

www.burmeseclassic.com


ဖြင့်ဖြတ်တောက်ယူငင်၍ ဂေါဒန်ကျောက် ကျောက်ဆစ်လုပ်ငန်းကို လုပ်ကိုင်ကြပါ သည်။ ဗုဒ္ဓမြတ်စွာ၏ ပုံတော်မှသည် ဆင်ရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်အထိ လည်း ကောင်း၊ လွှတ်လပ်ရေးကျောက်တိုင်မှ သည် ဆေးလိပ်ပြာခံခွက်အထိ လည်း ကောင်း လိုအပ်ရာရာကို ထွင်းထုပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချ ကြပါသည်။ အဆိုပါ ကျောက်ဆစ်လုပ် သားများကလည်း လှိုင်ဝေါ် ဂေါဒန် ကျောက်တောင်စောင့် နတ်ကွန်းအား မောက်စံကျောင်းတော်ဝင်းအရှေ့တောင် ဆောင့်အရပ်တွင် လာရောက် ဆောက် လုပ် ပူဇော်ထားပြီး နှစ်စဉ် တပေါင်းလ ပြည့်နေ့များတွင် ပူဇော်ပွဲများ ကျင်းပ ကြပါသည်။



မောက်စံကျောင်းတွင် မြန်မာနှစ် ၁၃၁၀ ပြည့်နှစ်က
မောင်ကုန္နှင့် မောင်လော ညီအစ်ကိုတို့ ဆောက်လုပ်လှူဒါန်းခဲ့သော သိမ်ကျောင်းတော်



မောက်စံကျောင်းဗုဒ္ဓရုပ်ပွားအါပလ္လင်တော်အတွင်းမှ တွေ့ရှိရသော
ပဥ္စမသင်္ဂါယနာ (မင်းတုန်းမင်းမူ) ပိဋကတ် ရွှေရည်သုတ်ပေစာများ



ရှေးလက်ရာများအတိုင်း တွေ့ရှိခဲ့ရသော
မောက်စံကျောင်းမြောက်ဘက်မုခ်ပေါက်လှေကား
(ခြေနင်းပြားများ တစ်ပေခွဲ အကျယ်နှင့်
သုံးလက်မထု)



မောက်စံစေတီတော်အာရုံခံတန်ဆောင်းအတွင်း
တစုတဝေးတည်း မြင်တွေ့ခဲ့ရသော ဂေါဒန်ကျောက်ဖြူရုပ်တုများ



ဝသုန္ဓရီမြေစောင့်နတ်မင်း၏ရုပ်တု



မောက်မယ်နှင့်မိုင်းမယ်မြို့ကိုစားရသော စော်ဘွားကြီးနှင့် နမတော်တို့
လှူဒါန်းထားသော ရွှေရေးပေပိဋကတ်တော်အား ကျွန်းသေတ္တာငယ်၊ လွယ်ကြိုး
အညွန်းရွှေစာနှင့်တကွ ဖူးမြော်ရပုံ




www.burmeseclassic.com


www.burmeseclassic.com

စာရေးသူ မောက်မယ်မြို့နယ် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၇၄ ခုနှစ်က မောက်စံကျောင်းဆရာတော်မှာ အရှင်ဦးသူရိန္ဒ ဖြစ်ပါသည်။ ဆရာတော်သည် မောက်မယ်မြို့တွင် ဖြစ်ပွားသော ထူးခြားဖြစ်စဉ်များကို မှတ်တမ်းရေးလေ့ရှိပါသည်။ ဆရာတော်၏ မှတ်တမ်းများတွင် မောက်မယ်မြို့၌ နမ့်ယွန်းချောင်း ရေလျှံ၍ ရပ်ကွက်များ ရေလွှမ်းမိုးသည့်နှစ်များကို မှတ်တမ်းတင်ထားသလို ဒေါက်တာဒေါန စတင်ရောက်ရှိသောနေ့စွဲကိုလည်း မှတ်သားထားသည်ကို ဆရာသိန်းသန်းထွန်းတို့အဖွဲ့ ဖတ်ရှုခဲ့ကြရပါသည်ဟု ဆိုသည်။ လက်ရှိ မောက်စံကျောင်းထိုင်ဆရာတော်မှာ အရှင်ဦးဂန္ဓမာဖြစ်ပြီး မူလဆရာတော် ဦးသူရိန္ဒထံတွင်ပင် ပဥ္စင်းခံ၍ ရဟန်းဘောင်သို့တက်လာသူ ဖြစ်သည်။ မောက်မယ်မြို့ မိုင်းပုတ်ကျေးရွာအုပ်စုတိညှာရွာနေ လုံးအောင်လှ၊ ပါစိန်တို့၏ သားကြီး ဩရသ ဖြစ်ပါသည်။ ရဟန်းဝါ ခုနစ်ဝါ ဖြစ်ပါသည်။

မူလဇေတဝန်ပုံကျောင်းမောက်စံမှာ မောက်မယ်မြို့ ဆီဆုံရပ်ကွက်အတွင်း တည်ရှိနေပြီး မိုက်ဟုန်းနှင့် ဆီဆုံရပ်ကွက် ဂေါဒန်ကျောက်ဆစ်ပညာသည်များ၏ထောက်ပံ့မှုများ စဉ်ဆက်မပြတ်ရရှိနေ၍ ကျောင်းတော်ကြီးကို အတော်အတန် ပြုပြင်မွမ်းမံထားနိုင်ကြောင်းတွေ့ရှိရသော်လည်း ကျောင်းတော်ကြီး၏ ရှေးလက်ရာများအတိုင်း ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက်ကား နိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဌာနများက တာ


မောက်စံကျောင်းဘုရားဆောင်မျက်နှာကြက်မှ ရှေးလက်ရာရွှေပိန်းချပ်များ


အာရုံခံတန်ဆောင်းပေါ်မှ ရှေးလက်ရာ ရွှေကနုတ်ပန်းပန်းချီများ


သံဃာစင်ပေါ်မှ လွန်ခဲ့သော နှစ်ပေါင်း (၁၄၀) ကျော်က ရွှေဆေးရေးပန်းချီမျက်နှာကြက်


ဘုရားဆောင်ဝရန်တာပေါ်မှ လက်ရာမြောက်လှသော ရုပ်ကြွနဂါးပန်းပုလက်ရာ


ဘုရားဆောင်မျက်နှာကြက်ပေါ်မှ
ရွှေပိန်းချ ဂဠုန်နှင့်နဂါးရုပ်ပုံများ

www.burmeseclassic.com




မောက်စံကျောင်းမှ ပဋ္ဌာနဂါယနာ (မင်းတုန်းမင်းမူ)ပိဋကတ်ပေထုပ်များ
တွေ့ရှိရာ ပလ္လင်တော်နောက်ကျောဘက်မှ တံခါးပေါက်




ပျံလွန်တော်မူပြီးသော မူလမောက်စံကျောင်း
ဆရာတော် အရှင်ဦးသုရိန္ဒ



စောက်ဝေါ် (ခေါ်) ကျောက်ဖြူတောင်
(ဂေါဒန်ကျောက်)စောင့်နတ်ကွန်း အတွင်းမြင်ကွင်း



မောက်စံကျောင်း
ကျောင်းထိုင်ဆရာတော် ဦးဂန္ဓမာ



ရှမ်းအခေါ် စဝ်နိုင်။ ယွန်းအခေါ် တေးဝါလား (ခေါ်) ယွန်းနတ်ကွန်း



မောက်စံကျောင်းအတွင်း ဂေါဒန်ကျောက် ကျောက်ဆစ်လုပ်သားများ
ထုဒါန်းပူဇော်ထားသော ကျောက်ဖြူတောင်နတ်ကွန်း

ဝန်ယူ စောင့်ရှောက်သင့်သော ရှေးဟောင်းယဉ်ကျေးမှုအဆောက်အုံတစ်ခု ဖြစ်သည်ဟု ထင်မှတ်မိပါသည်။

၂၀၁၃ ခုနှစ်၊ သင်္ကြန်ကာလ အတွင်း မောက်စံကျောင်းတော်ကြီး အတွင်းသို့ ဝင်ရောက် လေ့လာခဲ့စဉ်က ဤကဲ့သို့သော ရှေးလက်ရာ ဗုဒ္ဓယဉ်ကျေးမှု အထင်ကရ အဆောက်အအုံ တစ်ခုအား ကမ္ဘာ့ကုလသမဂ္ဂပညာရေးနှင့် ယဉ်ကျေးမှု (ယူနက်စကို) အဖွဲ့သို့ ပင် ပြုပြင်ထိန်းသိမ်းရန်အတွက် အပ်နှံထားသင့်ကြောင်း စိတ်ကူးဖြစ်ပေါ်မိပါတော့သတည်း။

ဒေါက်တာဒေါ်နု (တောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



### မြေထုံကူးမည့်ဘိုးဘိုးကြီးနှင့်ဆရာတော်

တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသသည် ကျိုက်ထီးရိုးရသေ့တောင်တွင် တရားအားထုတ်နေလေ၏။ ထိုအချိန်တွင် ပထမံပညာသမိုင်း၌ ထူးခြားသောဖြစ်စဉ်တစ်ရပ်သည် ပေါ်ပေါက်ခဲ့လေ၏။ ထိုဖြစ်ရပ်မှာ ပထမံလမ်းစဉ်ကို စတင်ဖော်ထုတ်ပေးခဲ့သော ကုက္ကုသဃ ဘိုးဘိုးရသေ့ကြီးနှင့်သက်ဆိုင်သော အဖြစ်အပျက်ဖြစ်၏။ ထိုအဖြစ်အပျက်ကြောင့် စစ်ကွင်းဆရာတော်ကြီးဘဝတွင်လည်း ကြီးကျယ်စွာသော အကြောင်းအရာများ၊

# ပထမံဆရာဦးအေးရွှေ (၁၀)

## ပထမံပိဋ္ဋကရတွက်ရပ်ပေါက်လောကီပညာနှင့် ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး

အတွေ့ကြုံများကိုလည်း ရရှိစေခဲ့လေ၏။

တစ်နေ့သ၌ ကုက္ကုသဃ ဘိုးဘိုးရသေ့ကြီးသည် စစ်ကွင်းဆရာတော် တရားအားထုတ်နေသည့် နေရာသို့ ရောက်ရှိလေသည်။ ထိုအချိန်က စစ်ကွင်းဆရာတော်သည် ဘိုးဘိုးရသေ့ကြီးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဘူးသေးချေ။ စစ်ကွင်းဆရာတော်အဖို့ကား သူ့ဆရာဖြစ်သည့် ဆရာတော်ကြီး ဦးကုက္ကုသဃကိုသာ သိရှိခဲ့၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း ဘိုးဘိုးကြီးကို တွေ့သောအခါ မည်သည့်ပုဂ္ဂိုလ်မှန်း မသိဘဲ ဘာသိဘာသာ မသိလိုက်မသိဘာသာ နေခဲ့လေ၏။ ထိုအခါ ကုက္ကုသဃ ဘိုးဘိုးရသေ့ကြီးလည်း မနေသာတော့ဘဲ သူလာရင်းကိစ္စအတွက် စကားစရလေတော့၏။ ဘိုးဘိုးကြီးက-

"မောင်ပဥ္စင်း၊ မောင်ပဥ္စင်းဟာ အရင်ဘဝတွေကတည်းက ကျွန်ုပ် ဘိုးဘိုးကြီးကို ထုံကူးတဲ့နေရာမှာ ထုံစောင့်ပေးခဲ့ဖူးတယ်။ အဲဒီအချိန်တွေတုန်းက မောင်ပဥ္စင်းစောင့်ပေးခဲ့ဖူးတဲ့ ထုံတွေကတော့ မီးထုံကို ကျွန်ုပ် ကူးခဲ့တုန်းကလည်း စောင့်ပေးခဲ့ဖူးတယ်။ နောက်ပြီး ဘဝတစ်ခုတုန်းကလည်း မောင်ပဥ္စင်းဟာ ကျွန်ုပ် ရေထုံကူးတုန်းကလည်း ထုံစောင့်ပေးခဲ့ဖူးတယ်။ ဒါကြောင့် ယခုဘဝမှာလည်း မောင်ပဥ္စင်းအနေနဲ့ ကျွန်ုပ်အတွက် မြေထုံကူးမယ့်ကိစ္စမှာ ထုံစောင့်ပေးစေလိုပါတယ်"

ဟု ဆိုလာသောအခါ စစ်ကွင်းဆရာတော်သည် မည်သည့်အကြောင်းအကျိုးဆက်စပ်မှုတို့ကို နားမလည်နိုင်ဘဲ သူ့အား သက်သက်အလုပ်လာရှုပ်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ်သာ ထင်မြင်ယူဆပြီး ကုက္ကုသဃ ဘိုးဘိုးရသေ့ကြီးအား ဖီဖီခါခါ အမူအရာမျိုးဖြင့်-

"ခင်ဗျားကို ကျုပ်မသိဘူး၊ ဘယ်ကမှန်းလည်း မသိဘူး၊ ကျုပ်လုပ်မပေးနိုင်ဘူး"

ဟု အပြတ် ပြန်ပြောလိုက်လေတော့၏။

ထိုအခါ ဘိုးဘိုးရသေ့ကြီးလည်း အခြေအနေကို ကောင်းစွာသုံးသပ်မိပြီး တစ်စုံတစ်ရာကို ချက်ချင်းဆုံးဖြတ်လိုက်ကာ မြောက်အရပ်သို့ လှည့်လိုက်၏။ အမှန်ကား ထိုအရပ်သည် ပုပ္ပားတောင်ရှိရာအရပ်ပင် ဖြစ်လေ၏။ ထို့နောက် ဘိုးဘိုးကြီးသည် နှုတ်မှ 'တဏှာက်ရာ. . . ဒယော. . .' အစရှိသော ဂါထာသုံးပိုဒ်ကို ရွတ်ဆိုလေတော့၏။ ရွတ်ဆို၍ ပြီးသည့်အခါတွင် ဘိုးဘိုးကြီး၏နှုတ်မှ-

"ဟော့ မောင်ကုက္ကုသဃ- ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃာကိစ္စမှလွဲပြီး မင်းရဲ့ဆရာ ငါ့ရဲ့အသံကို ကြားလျှင်ကြားချင်း ယခုအမြန် ငါ့ဆီလာခဲ့ပါ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်နှင့် မရှေးမနှောင်းတွင်ပင် ဆရာတော် ဦးကုက္ကုသဃသည် ကောင်းကင်ယံမှ အမြန်ဆုံးသော ဈာန်ခရီးဖြင့် ကြွရောက်လာပြီး ကုက္ကုသဃ ဘိုးဘိုးရသေ့ကြီး၏အရှေ့ တစ်လံအကွာတွင် လက်ကလေးကိုယှက်ကာ နေလိုက်ပြီးနောက် ဆရာတော် ဦးကုက္ကုသဃက-

"ဘိုးဘိုး မည်သည့်အရာကို အလိုရှိပါသလဲ၊ အလိုရှိရာကို မိန့်တော်မူပါ"

ဟု လျှောက်လေ၏။ ထိုအခါ ကုက္ကုသဃ ဘိုးဘိုးရသေ့ကြီးက-

"မောင်ကုက္ကုသဃ၊ မင်းတပည့် မောင်ပဥ္စင်းကို ကျွန်ုပ် ဘိုးဘိုးကြီးရဲ့ မြေထုံကို စောင့်ပေးဖို့ ပြောပေးပါ"

ဟု ဆိုလိုက်သောအခါ ဆရာတော် ဦးကုက္ကုသဃက ဦးစန္ဒောဘာသဘက် လှည့်လိုက်ပြီးနောက်-

"မောင်ပဥ္စင်း- ဒီပုဂ္ဂိုလ်ဟာ အခြားသူ မဟုတ်ဘူး၊ ငါ့ရဲ့ဆရာ မင်းရဲ့ အဘိုးဆရာ ကုက္ကုသဃ ဘိုးဘိုးရသေ့ကြီးပဲဖြစ်တယ်။ အခု ဆရာက မင်းရဲ့အကူအညီကို လိုနေတယ်။ ဒါကြောင့် မောင်ပဥ္စင်း၊ ဆရာလိုတဲ့ကိစ္စမှန်သမျှ

www.burmeseclassic.com

ကန္တာသဖလည်း ပုပ္ပားသို့ ပြန်ကြွသွားတော့သည်။

စစ်ကွင်းဆရာတော်လည်း ကုဏ္ဍာသယ ဘိုးဘိုးကြီးနှင့်လိုက်ပြီး ထုံကျင်းနေရာ၊ ထုံစောင့်ရမည့်နေရာတို့ကို လိုက်လံကြည့်ရှုရလေတော့၏။

**မြေထုံကူးသည့်အစီအရင်**

ထိုအချိန်က ကုဏ္ဍာသယ ဘိုးဘိုးကြီး ထုံကူးမည့်နေရာအနီးတွင် သူယောင်ပင် ရှိသေး၏။ ထိုသူယောင်ပင်တွင် သူယောင်သီးများ သီးနေလေ၏။ သူယောင်သီးတို့၏ အရွယ်ပမာဏသည် တစ်ထွာခန့် ရှိလေ၏။

ထိုထုံကူးမည့်နေရာသည် ရသေ့



င်း ကူညီလိုက်ပါ”

ဟု ပြောလိုက်သောအခါ စစ်ကွင်းဆရာတော်က ဘိုးဘိုးကြီးအား-

“ဘိုးဘိုး အလိုရှိသမျှ ကူညီပါ့မယ်”

ဟု အာမခံစကား ပြန်ပြောလိုက်လေတော့၏။ ထိုအခါ ဘိုးဘိုးရသေ့ကြီး စစ်ကွင်းဆရာတော်အား ခေါ်ဆောင်သွားလေ၏။ ဆရာတော် ဦး



www.burmeseclassic.com

www.burmeseclassic.com

တောင်တွင်ပင် ရှိ၏။ ထို့နောက် ထုံကူးမည့်မြေနေရာကို သန့်စင်ပြီးနောက် ထုံကျင်းတူးရန် ပြင်ဆင်ကြ၏။ ထုံကျင်းတူးသည်မှာ ပေါက်ချွန်း၊ ပေါက်ပြား၊ ပေါက်တူးများဖြင့် မြေကြီးကိုတူးသည် မဟုတ်ပေ။ ထုံကျင်းတူးသည်မှာ ဝိဇ္ဇာခရနည်းစနစ်ဖြင့် တူးခြင်း ဖြစ်၏။ ထိုသို့ ထုံကျင်းတူးသည့်အဆင့်ကို ဝိဇ္ဇာခရပညာရှင်များ၊ လေ့လာလိုက်စားသူများ အတွက် ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါသည်။

ဦးစွာ ကုဿာသယဘိုးဘိုးကြီးသည် ဝါးကို ချွန်လေ၏။ ဝါးကို ချွန်သည်မှာ မြားတံချွန်သည်ကဲ့သို့ ချွန်အောင် ချွန်ခြင်း ဖြစ်၏။ ထိုသို့ ဝါးတံချွန်ပြီးသောအခါ ဂါထာရွတ်ပြီး ထုံကျင်းတူးမည့်နေရာ တည့်တည့်တွင် စိုက်လိုက်၏။ ထိုအခါ မြားကဲ့သို့ချွန်နေသော ဝါးတံသည် မြေကြီးထဲသို့ ဝေ့ဝိုက်လည်ပြီး ဝင်သွားလေတော့၏။ ထို့နောက် ကြည့်နေရင်းပင် ထိုနေရာသည် ထုံကျင်းကြီးဖြစ်သွားလေတော့၏။ ထိုထုံကျင်းသည် အတော်ပင် နက်လှကြောင်း စစ်ကွင်းဆရာတော်ကြီးက ပြန်လည်မိန့်ကြားခဲ့ဖူးလေ၏။

ထို့နောက် ကုဿာသယ ဘိုးဘိုးရသေ့ကြီးက စစ်ကွင်းဆရာတော်ကြီးအား အလွန်တရာပင် အရေးကြီးလှစွာသော ရှောင်ကြဉ်ရန် လိုက်နာရမည့်အချက်များကို ပြောဆိုလေ၏။ အဆိုပါ ထုံကျင်းစောင့်မည့်ပုဂ္ဂိုလ်သည် တော်ရုံလူနှင့် မဖြစ်ပေ။ သတ်မှတ်ထားသည့် စည်းကမ်းနည်းလမ်းများကို အတိအကျ လိုက်နာရ၏။ တစ်ချက်တလေမျှ တိမ်းစောင်း၍မရပေ။ မှားယွင်း၍မရပေ။ ထို့အပြင် ထုံကျင်းစောင့်သည့်ပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ ပညာ သုံးပါးစလုံးပြည့်စုံရုံမျှဖြင့် မရပေ။ သဒ္ဓါထူး ဗျတ္တိထူးများနှင့်လည်း ပြည့်စုံရန်လိုအပ်လှပေသည်။

ထို့ကြောင့်လည်း ကုဿာသယဘိုးဘိုးကြီးလည်း စစ်ကွင်းဆရာတော်အား သူ၏မြေထုံကို စောင့်မည့်ပုဂ္ဂိုလ် ဖြစ်သဖြင့် အသေအချာပင် မှာကြားလေ၏။

ဘိုးဘိုးကြီးက ဆရာတော်ဦးစန္ဒောဘာသအား-

"ဒီနေရာမှာ အထူးသတိပြုရမှာက မောင်ပဉ္စင်းအနေနဲ့ ဘယ်လောက်ပဲ အရေးကြီးတဲ့ကိစ္စရှိရှိ၊ ဘယ်လိုအမျိုးအဆွေကိစ္စတွေပဲရှိရှိ၊ ဘယ်ဆရာတွေရဲ့ ကိစ္စတွေပဲရှိရှိ၊ ဘယ်ဆရာနဲ့ပဲတွေ့တွေ့၊ ဘယ်ဝိဇ္ဇာနဲ့ပဲတွေ့တွေ့ ဤသတ်မှတ်တဲ့ နေရာကနေပြီး တစ်ဖဝါးမျှ မခွာပါနဲ့။ စည်းအပြင်ကိုမထွက်ပါနဲ့။ စည်းမပေါက်ပါစေနဲ့။ နောက်ပြီး ဘယ်လိုရန်သူနဲ့တွေ့တွေ့၊ ဘယ်လောက် ကြီးမားတဲ့ အန္တရာယ်ကိုပဲတွေ့တွေ့ ကျွန်ုပ်ဘိုးဘိုးကြီးရဲ့ ဤမြေထုံ ထုံကျင်းကို အသက်စွန့်ပြီး စောင့်ရှောက်ပေးပါ မောင်ပဉ္စင်း။ ကျွန်ုပ်ဘိုးဘိုးကြီးရဲ့အသက်ကို မောင်ပဉ္စင်းရဲ့ လက်ထဲကို အပ်ခဲ့မယ်။

အဲဒါ မောင်ပဉ္စင်းအတွက် အရေးကြီးသောတာဝန်ပဲ။ တကယ်လို့ ဒီတာဝန်စည်းကမ်းတွေကို မောင်ပဉ္စင်းအနေနဲ့ ပျက်ကွက်ခဲ့မယ်၊ ဖောက်ဖျက်ခဲ့မယ်ဆိုရင်တော့ ငါလည်း သေမယ်၊ မင်းလည်း သေမယ်။ ငါလည်း မအောင်ဘူး၊ မင်းလည်း မအောင်ဘူး။ အဲဒါကြောင့် မောင်ပဉ္စင်းအနေနဲ့ ငါ့ကို အစွမ်းကုန်စောင့်ရှောက်ပေးပါ"

ဟု ကုဿာသယဘိုးဘိုးကြီးက စစ်ကွင်းဆရာတော်အား မှာကြားစရာရှိသည့်အကြောင်းများ၊ ပြောစရာရှိသည့် စကားများကို စကားကုန်အောင်ပြောဆို မှာကြားခဲ့လေ၏။

အဆိုပါ ထုံကူးခြင်းကိစ္စနှင့်ပတ်သက်ပြီး စစ်ကွင်းဆရာတော်က နောက်ပိုင်းတွင် ပြန်လည်အမိန့်ရှိခဲ့သည်မှာ-

"တို့ အင်းလမ်းစဉ်သမားတွေဟာ တို့လမ်းစဉ်ရဲ့ နောက်ဆုံး တစ်ဆယ့်ငါးပါးမြောက်သိဒ္ဓိဖြစ်တဲ့ အင်္ဂဝိဇ္ဇာ သိဒ္ဓိအင်းသောက်ပြီးရင် ပထဝီအင်း၊ တေဇောအင်း၊ အာပေါအင်း၊ ဝါယောအင်း စတဲ့ ဓာတ်လေးပါးအင်းတွေသောက်လို့ ယွက်ရပ်လမ်း လုပ်ငန်းစဉ် ပြီးပေမယ့် ဓာတ်လေးပါးညီအောင် ညှိရတယ်။ အဲဒီလို ဓာတ်လေးပါးညှိတဲ့ကိစ္စ၊ ဓာတ်လေးပါးညီဖို့ကိစ္စအတွက် ထုံကူးရတယ်။ ထုံကူးတဲ့နေရာမှာလည်း မီးထုံ၊ ရေထုံ၊ မြေထုံ စသည်ဖြင့် ထုံတစ်ခုချင်းကူးပြီး ဓာတ်လေးပါးညီအောင် ညှိသွားရတယ်။ ဒါကြောင့် ထုံကူးခြင်းကိစ္စဟာ မဖြစ်မနေ လုပ်ရမယ့်ကိစ္စပဲ။

ဓာတ်လမ်းစဉ်သမားတွေအနေနဲ့ကတော့ ဓာတ်ကိစ္စပြီးလို့ ပြာရရင် အဲဒီပြာကို နည်းနည်းချင်း ပျားရည်နဲ့စားရတယ်။ ဓာတ်ပြာစားပြီးလို့ (၆) နှစ်လောက်ကြာရင် ဓာတ်လေးပါးညှိလို့ပြီးတယ်။ အဲဒီအခါမှာ အရိုးတွေက ရွှေရိုး၊ ငွေရိုးတွေ ဖြစ်သွားတယ်။ တိုက်ရိုက်သိဒ္ဓိရှင် ဖြစ်သွားတယ်။ ပြဒါးပြာဟာ တစ်ခါတည်း ခန္ဓာကိုယ်ကို ညီအောင်ညှိပြီးသား ဖြစ်သွားတယ်။ ဒါကြောင့် တိုက်ရိုက် ကိစ္စပြီးတယ်။

အဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး လူတိုင်းမသိနိုင်ဘူး။ ပြဒါးပြာစားတဲ့ပုဂ္ဂိုလ်တွေဟာ ပြဒါးပြာစားရင် အန္တရာယ်ရှိလို့ လုံလုံခြုံခြုံ စိတ်ချရတဲ့နေရာမှာ စားရတယ်"

ဟု စစ်ကွင်းဆရာတော်ကြီးက အမိန့်ရှိခဲ့ပါသည်။

ဘိုးဘိုးရသေ့ကြီး ထုံကျင်းတူးနေစဉ်တွင် မြည်ဟိန်းသံလို၊ တော်လည်းသံလို အသံကြီးကိုကြားရပြီး မြေကြီးသည် တုန်လှုပ်သွားကြောင်း ဆရာတော်ကြီးက ထပ်မံမိန့်တော်မူပါသည်။

ထိုသို့ ဝိဇ္ဇာခရနည်းဖြင့် ထုံကျင်းကြီး ဖြစ်သွားသောအခါ ဘိုးဘိုးရသေ့ကြီးက စစ်ကွင်းဆရာတော်အား-

"ကဲ- ငါ့လက်တွေ၊ ခြေတွေကို ကြိုးနဲ့တုပ်ပြီးတော့ ထုံကျင်းထဲကို ထည့်ပေတော့။ ငါ့အသက်နဲ့မင်းအသက်နဲ့က အတူတူပဲ။ ငါသေရင် မင်းသေမယ်။ မှာတဲ့အတိုင်း တစ်သဝေမတိမ်း သေသေချာချာလုပ်ပါ"

ဟု ပြောဆိုလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း ဘိုးဘိုးကြီးအား ကြိုးနှင့်တုပ်ပြီး အောက်ချလျှင် အကယ်၍ အဆင်မပြေမှု တစ်စုံတစ်ရာကြုံတွေ့ပါက ဘိုးဘိုးရသေ့ကြီးသည် ကျင်းထဲသို့ ဖောက်ထိုးကျနိုင်သောကြောင့် တွန့်ဆိုင်းဆိုင်းဖြစ်နေလေ၏။ ထိုအခါ ဘိုးဘိုးရသေ့ကြီးက ဆရာတော် ဦးစန္ဒောဘာသ၏အခြေအနေကို သဘောပေါက်သွားပြီး-

"မောင်ပဉ္စင်း၊ ဘာတွေစဉ်းစားနေတာလဲ။ ဘာမှစဉ်းစားမနေနဲ့၊ ကျုပ်မှာတဲ့အတိုင်းလုပ်ပါ"

ဟု ပြောလိုက်အခါတွင်မှ စစ်ကွင်းဆရာတော်ကြီးလည်း ဘိုးဘိုးရသေ့မှာသည့်အတိုင်း အကောင်အထည်ဖော်ရလေတော့၏။ ထို့ကြောင့် ဘိုးဘိုးရသေ့ကြီးအားကြိုးနှင့်တုပ်ပြီး ထုံကျင်းထဲသို့ စတင်ချရလေတော့၏။

ထိုကဲ့သို့ အောက်သို့ချနေစဉ် ထုံကျင်းအလယ်သို့ ရောက်သောအခါ ဘိုးဘိုးရသေ့ကြီးသည် ထုံကျင်း၏ဘေးပတ်လည်ရှိ မြေသားတို့နှင့် မထိဘဲ အလယ်၌ လည်နေသည်ကိုတွေ့ရလေ၏။

ဘိုးဘိုးရသေ့ကြီးသည် စစ်ကွင်းဆရာတော်အား ထုံကူးသည့်ရက်များအတွင်း အသုံးပြုရန်အတွက် ဆေးလုံးအဖြူလုံးများနှင့် အနက်လုံးများကို ပေးခဲ့လေ၏။ ဆေးအဖြူလုံးများမှာ ထုံကျင်းစောင့်သော စစ်ကွင်းဆရာတော်ကြီးအ



www.burmeseclassic.com

www.burmeseclassic.com

ဘက်ဖြစ်၏။ ထိုဆေးအဖြူများမှာ အလုံး (၃၀) နှင့် အပို (၃) လုံး ဖြစ်၏။ နေ့စဉ် တစ်နေ့တစ်လုံး စားရမည် ဖြစ်၏။ ဆေးအနက်လုံးများမှာ အလုံး (၃၀) ဖြစ်၏။ နေ့စဉ် တစ်နေ့တစ်လုံး ထုံကျင်းထဲသို့ ပစ်ထည့်ရမည် ဖြစ်၏။ ထိုအတွက် ဆေးလုံး နှစ်မျိုးပေးခဲ့လေ၏။

ထိုဆေးလုံးများကို စစ်ကွင်းဆရာတော်သည် တစ်နေ့လျှင်တစ်လုံး အဖြူလုံးကို စားရမည်ဖြစ်၏။ အနက်လုံးကိုကား တစ်နေ့လျှင် တစ်လုံး ထုံကျင်းထဲပစ်ထည့်ရလေ၏။

ကုဏ္ဍာသယ ဘိုးဘိုးရသေ့ကြီး ထုံကူးသည့်အချိန်ကာလမှာ ၁၂၉၂ ခုနှစ်၊ တပေါင်းလဆန်း (၈) ရက်၊ တနင်္လာနေ့ နံနက် (၁၀) နာရီအချိန် ဖြစ်၏။

ဤသို့ဖြင့် စစ်ကွင်းဆရာတော်ကြီးသည် နေ့စဉ်နေ့တိုင်း အချိန်ပြည့် ရက်ပေါင်း (၃၀) တိတိ ထုံစောင့်ရလေ၏။ ထိုသို့ ထုံစောင့်နေစဉ်ကာလအတွင်း နံနက်မိုးလင်းသည်နှင့် သူ့အတွက်ဆေးဖြူတစ်လုံးကို ပါးစပ်ထဲထည့်၊ အနက်ဆေးလုံးကိုကား ထုံကျင်းထဲပေါက်ထည့်လိုက်၏။

ထိုသို့ ထုံကူးသည့်လုပ်ငန်းသည် နှစ်စွာ ရန်သူပေါ်များပြီး ဘေးအန္တရာယ်လည်း ထူပြော၏။ အနှောင့်အယှက်လည်း များလှပေ၏။ ထို့ကြောင့်လည်း ဘိုးဘိုးရသေ့ကြီးသည် ထုံကျင်းအဆင်းမီ ကျင်းပေါ်၌ စည်းဝိုင်းတစ်ခိုင်း ဝိုင်းပေးထားခဲ့ပြီး စစ်ကွင်းဆရာတော်အား မည်သည့်အကြောင်းကြောင့်မျှ စည်းဝိုင်းအပြင်သို့ လုံးဝမထွက်ရန် မှာကြားခဲ့၏။ ထိုစည်းဝိုင်းအတွင်းသို့လည်း မည်သည့်ရန်သူမျှ မဝင်နိုင်ကြောင်း အသေအချာ မှာကြားခဲ့၏။ စစ်ကွင်းဆရာတော်လည်း ဘိုးဘိုးကြီးမှာသည့်အတိုင်း တစ်သဝေမတိမ်းလိုက်နာခဲ့၏။

ဘိုးဘိုးကြီး ကြိုတင်မှာကြားထားခဲ့သည့်အတိုင်းပင် ထုံပြီးခါနီးလေ၊ အဖျက်အဆီးမျိုးစုံ တွေ့ရလေ ဖြစ်၏။ နောက်ဆုံးကြုံတွေ့ရသော အဖျက်အဆီးမှာ ဆရာတော်ကြီး၏ဥပဇ္ဈာယ်ဆရာဖြစ်သော စစ်ကွင်းမှ ဘိုးဘိုးဝဏ္ဏ ရောက်လာပြီး ရေးကြီးသုတ်ပျာ အမူအရာဖြင့်-

"မောင်ပဥ္စင်း၊ ဒီမှာလာပြီး ဘာလုပ်နေတာလဲ။ စစ်ကွင်းမှာ မင်းရဲ့ဆရာတော်ကြီး ဝမ်းတွေသွားပြီးတော့ အသည်းအသန်ဖြစ်နေပြီ။ မင်း အခု အမြန်ပြန်လိုက်ခဲ့ပါ"

ဟု အတင်းခေါ်လေ၏။ ထိုအခါ စစ်ကွင်းဆရာတော်ကြီးက-

"ဒီမှာ ဘိုးဘိုးရသေ့ကြီးကို ထုံစောင့်ပေးနေတယ်။ ဘိုးဘိုးကြီးကို ထုံပြီးအောင်စောင့်ဖို့ ကတိပြုထားတယ်၊ မလိုက်နိုင်ဘူး"

ဟု ပြန်ပြီး ဆိုလိုက်၏။ ထိုအခါ ဘိုးဝဏ္ဏကလည်း-

"မင်း ဘာတွေပဲ အရေးကြီးနေ, ကြီးနေ၊ ဘာတွေပဲ အာမခံထား, ခံထား မင်းအဖေရဲ့သေရေးရှင်ရေးပဲ"

ဟု ဆိုလာပြန်ရာ စစ်ကွင်းဆရာတော်ကလည်း-

"လုံးဝ လိုက်လို့ မဖြစ်ဘူး၊ လုံးဝ မလိုက်နိုင်ဘူး။ လိုက်တာနဲ့ ဘိုးဘိုးကြီးရဲ့ ထုံကူးတဲ့လုပ်ငန်းစဉ်ကြီးတစ်ခုလုံး ပျက်မယ်"

ဟု အပြတ်ငြင်းလိုက်၏။ ထိုအခါ ဘိုးဝဏ္ဏလည်း စည်းဝိုင်းအတွင်းဝင်ရန် ကြိုးစား၏။ သို့သော် ဝင်လို့မရဘဲ ဖြစ်နေလေ၏။ စည်းအပြင်မှပဲနေပြီး ပြောဆိုရလေသည်။

ဤပြဿနာနှင့်ပတ်သက်ပြီး စစ်ကွင်းဆရာတော်ကြီးက ဥပမာပေး မိန့်ကြားခဲ့ရာတွင်-

"ဒီကိစ္စကလည်း အတော်အဖျက်အဆီးများတဲ့ကိစ္စပဲ။ မာရ်နတ်ဖျက်ဆီးသလိုမျိုးပဲ။ အတော်ကို အင်အားကြီးမားတဲ့ အဖျက်အဆီးမျိုးပဲ"

ဟု ဆိုလေ၏။

ထိုကဲ့သို့ အဖျက်အဆီးပေါင်းများစွာအနက် အားလုံးကို ကျော်သွားခဲ့ပြီး ရက်ပေါင်း (၃၀) တိုင်တိုင် ကြံ့ကြံ့ခံ ရင်ဆိုင်ကာ အောင်မြင်ခဲ့လေ၏။ ရက်ပေါင်း (၃၀) ပြည့်မြောက်ပြီးနောက် ဆရာတော်လည်း ထုံကျင်းနှုတ်ခမ်းဝတွင် နောက်ထပ် (၃) ရက်ခန့် ထပ်ပြီး စောင့်နေလေ၏။ ထိုအချိန်အထိ ထူးခြားသောအခြေအနေ တစ်စုံတစ်ရာကို မျှမတွေ့ရပေ။ (၂) ရက်မြောက်သောနေ့တွင် အဆိုပါ ရသေ့တောင်ပေါ်နေရာဆီသို့ သာမဏေယ်နှစ်ပါးသည် ရေအိုးလေးများကိုထမ်းပြီး တက်လာသည်ကိုသာ တွေ့ရ၏။ အခြားသော ထူးခြားချက်ကောင်း တစ်စုံတစ်ရာကား မတွေ့ရပေ။ ထိုသာမဏေယ်များသည် တောင်ပေါ်သို့ ရောက်လာပြီးသောအခါ စစ်ကွင်းဆရာတော်အား ကြည့်ပြီး-

"ကိုယ်တော်ကြီး ဒီမှာ ဘာတွေလာလုပ်နေတာလဲ"

ဟု လှမ်းမေးလိုက်၏။ ထိုအခါ ဆရာတော်က-

"ဒီမှာ ဘိုးဘိုးကြီးထုံကို စောင့်ပေးနေတာ"

ဟု ပြန်ဖြေလိုက်၏။ ထိုအခါ သာမဏေနှစ်ပါးက-

"ဪ - ကိုယ်တော်ကြီးနှယ်၊ ထုံကျင်းဝမှာ နေပြီးတော့ ဘိုးဘိုးကြီး ထွက်သွားတာ မသိလိုက်ဘူးလား"

ဟု လှမ်းပြောပြီး စကားစဖြတ်လိုက်ကာ အတန်ကြာသောအခါတွင်မှ ထိုသာမဏေများက ဆက်ပြီး-

"ကိုယ်တော်ကြီးအနေနဲ့ ကိုယ့်ကတိအတိုင်း ကိုယ်လုပ်စရာရှိတာ လုပ်ကိုင်ပေးပြီးပြီပဲ၊ ဘာလုပ်ဖို့ ထိုင်စောင့်နေရမှာလဲ။ ကိုယ်သွားလိုရာ သွားတော့ပေါ့"

ဟု ပြောလိုက်သောအခါတွင်မှ စစ်ကွင်းဆရာတော်သည် 'ဘိုးဘိုးကြီး ထွက်သွားပြီ' ဟူသော သာမဏေယ်တို့၏စကားကြောင့် သတိရလာပြီး ထုံကျင်းထဲသို့ငုံ့ကြည့်လိုက်လေ၏။ အမှန်တကယ်ပင် ဘိုးဘိုးကြီးကိုမတွေ့ရတော့ပေ။ ထိုအခါတွင်မှ မိမိ၏လက်ရှိအခြေအနေကို ပြန်လည်သုံးသပ်မိတော့၏။

'ဪ- ငါကတော့ ဘာပဲပြောပြော ကိုယ့်မိဘဝမ်းလျှောပြီး သေမယ်ဖြစ်နေတာတောင် မသွားဘဲ ဒီမှာပဲ အသက်စွန့်ပြီး ထုံစောင့်ပေးခဲ့တယ်။ သူ့အနေနဲ့တော့ ထုံစောင့်ပေးတဲ့ငါ့ကို နှုတ်တောင် ဆက်သွားဖော်မရဘူး'

ဟု တောင်တွေး၊ မြောက်တွေးဖြင့် စိတ်မကောင်း ဖြစ်နေမိလေတော့၏။ ထိုအခါတွင်မှ တစ်လလုံးလုံး အစားအသောက် ဘာမှမစားရသေးသည့်အဖြစ်ကို သတိရလေတော့၏။ ထိုသို့သတိရသည်နှင့်တစ်ပြိုင်နက် ဗိုက်ထဲကလည်း လွန်စွာ ဆာလောင်လာလေ၏။ ထို့ကြောင့် သာမဏေယ်များထံမှ သောက်ရေကို ဗိုက်ဆာဆာနှင့် တောင်းသောက်ပြီး မိမိနေရာ မိမိပြန်လာခဲ့ကာ တရားအားထုတ်နေလေတော့၏။ ထိုသို့ တရားအားထုတ်၍ (၁၀) ရက်ခန့်ရှိသောအချိန်တွင်ကား ထူးခြားသောအဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာခဲ့လေတော့၏။

ထိုအဖြစ်အပျက်ကား. . .။

(ရှေ့လဆက်ရန်)

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်။

ထိုနေ့တွင် အဖေ ဦးရန်အောင်၏ ဖခင် ဦးကျား (၇၆) နှစ်သည် သရက်ခရိုင် ဆင်ပေါင်ဝဲမြို့တွင် ကွယ်လွန်သွား၍ အဖေ၏မိခင် ဒေါ်မိလေးသည် သမီးဖြစ်သူ ဒေါ်မြတင်ကို လက်ဆွဲ၍ ရန်ကုန်မြို့ရှိ အဖေ့ထံသို့ ရောက်ချလာသည်။ ထိုစဉ်က အဖေသည် ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း (ယခု - ရှင်ဥပဂုတ်မဏ္ဍပ်အနီး) တွင် နေသည်။ မြဝတီမဂ္ဂဇင်းတိုက်တွင် အယ်ဒီတာလုပ်ရင်း စာပေများ ရေးသားလျက်ရှိသည်။

အဘွားဒေါ်မိလေးက အဖေ့ကို -

"မောင်ရန်၊ နင့်အဖေ အညာမှာ ဆုံးသွားပြီဖြစ်လို့ ငါတို့လည်း အညာမှာ မနေချင်တော့ဘူး။ ရန်ကုန်မှာ ပုံနှိပ်စက်လုပ်ငန်းလုပ်ပြီးနေမလို့၊ နင့်ဆီ ငါတို့လာခဲ့တာပဲ"

"ဒါဖြင့်ရင် အစ်မ (အညာက အမေ) မှာ ပိုက်ဆံဘယ်လောက်ပါလို့လဲ"

"ပိုက်ဆံက ငွေတစ်သိန်းပါတယ်၊ ရွှေလေးနည်းနည်းပါးပါးပါတယ်ပေါ့"

"ပိုက်ဆံတစ်သိန်းတောင်ပါလား၊ အညာကအိမ်ကို ရောင်းလို့ရလာတာလား"

"ကြံကြီးစည်ရာ မောင်ရန်ရယ်

တင်အောင်(စက်မှုတက္ကသိုလ်)

# သဲအင်းဂူဆရာတော်ကြီး အမှတ်တရ





www.burmeseclassic.com

www.burmeseclassic.com

အညာကအိမ်က မသန်းနွယ် (အဖေ၏ညီမအကြီးကွယ်လွန်) ရဲ့ ယောက်ျားက အတင်းလုယူထားလိုက်တာပဲ။ ပိုက်ဆံလည်း တစ်ပြားမှမရပါဘူး။ ဒီငွေတစ်သိန်းရပုံက အညာမှာ ငါက ရွှေကျင်တယ်လေ။ ဆင်ပေါင်ဝဲဆိုတာ ဧရာဝတီမြစ်ကမ်းဘေးမှာပဲ။ တစ်နေ့မှာ ရွှေတစ်ပဲသား၊ တစ်မူးသားရတယ်။ အဲဒီငွေတွေက ရွှေကျင်လို့ရခဲ့တာပဲ"

"ဟုတ်ပြီ အစ်မ၊ ငွေတစ်သိန်းနဲ့ ပုံနှိပ်အကြီးမရနိုင်ဘူး။ နောက်ထပ်ငွေတစ်သိန်းထပ်ရှာဦးအစ်မ။ ငွေနှစ်သိန်းရှိမှ ပုံနှိပ်စက်အကြီးရမယ်"

"ငါ့အရပ်လည်း မဟုတ်တော့ ငါ ငွေကို ဘယ်လိုရှာရမှာလဲ"

"ဟုတ်ပြီ အစ်မ။ ကျွန်တော့်မှာ ဆုတောင်းပြည့်တဲ့ဆာဒူးရုပ်ကြီးရှိတယ်။ သူ့ဆီမှာ အစ်မဆုတောင်း။ သူ့ကို ဆုတောင်းပြည့်ရင် ဘာလှူပါ့မယ်ဆိုပြီး အဓိဋ္ဌာန်ပြုရတယ် အစ်မရဲ့"

"ဒါဆိုရင် နင့်ဘိုးဘိုးကြီးဆီမှာ ငါဆုတောင်းမယ်။ သက်သတ်လွတ်ငါ့သက်စေ့စားမယ်။ ငါ့အသက်က (၇၂) နှစ် ဆိုတော့ (၇၂) ရက်စားမယ်။ ဆုတောင်းပြည့်ရင် နင့်ဘိုးဘိုးကြီးကို ရွှေချပေးမယ်"

အဘွား ဒေါ်မိလေး သက်သတ်လွတ်စားပြီး (၇၂)ရက်ပြည့်သည့်နေ့တွင် မမျှော်လင့်သောနေရာမှာ ငွေတစ်သိန်းရသွားလေသည်။ မူလက မဟိန္ဒရာသူဘော်စင်ကြီးတွင် ရွှေမရှိပါ။ အဘွားက အဦးဆုံးရွှေချသွားလေသည်။ အဘွားက အဖေ့ကို ပုံနှိပ်စက်ဖွင့်ပေးရန် ပြောပြန်လေသည်။

၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်၊ ညနေ (၅) နာရီ။

အဖေနှင့် ကျွန်တော်သည် အရှေ့ရွှေဂုံတိုင်လမ်းတစ်လျှောက် လမ်းလျှောက်လာသည်။ အိမ်အမှတ် (၂၄၁) အိမ်ရှေ့ရောက်သောအခါ အဖေသည် ရပ်၍ ကြည့်လိုက်သည်။ အိမ်ကြီးသည် နှစ်ထပ်အိမ်ကြီး (ငါးပင်လေးခန်း) ဖြစ်သည်။ အိမ်တံခါးများအကုန်ပိတ်ထားပြီး အောက်ထပ်ခြေရင်းအခန်းတွင် အိမ်စောင့်မိသားစုနေကြသည်။ အဖေက ပုံနှိပ်စက်ဖွင့်ရန် သင့်တော်မည် ဟူသောအတွေးဖြင့် အိမ်စောင့်မိသားစုထံ ဝင်၍ အကျိုးအကြောင်းပြောသည်။ အိမ်စောင့်မိသားစု၏ နာမည်မှာ ဦးလှနှင့် ဒေါ်အမာ၊ သူတို့၏ သားလေးမှာ မောင်လှအေး ဖြစ်သည်။ အိမ်စောင့်များက -



မူလပဌမ သဲအင်းဂူဆရာတော် ဦးဥတ္တမ
ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့
မိုးကောင်းဘုရားဝင်း

"ဒီအိမ်က ဘယ်သူမှမငှားပါဘူး။ အိမ်ရှင်က အရာရှိပါပဲ။ ရန်ကုန်မှာမနေပါဘူး"

"ကျွန်တော်က စာရေးဆရာ ရန်အောင်ပါ။ ကျွန်တော် ငှားချင်တယ်လို့ ပြောပေးပါ။ ကျွန်တော် နောက်တစ်ပတ်ကြာရင် ပြန်လာကြည့်ပါ့မယ်"

နောက်တစ်ပတ် ကြာသောအခါ အိမ်စောင့်များက -

"အိမ်ရှင်က စာရေးဆရာ ရန်အောင်ဆို ငှားမယ်တဲ့။ အိမ်ရှင်က နောက်တစ်ပတ်လာမယ်"

"ဟဲ့ဟဲ့ - ဖိုးအုန်းခင်ပါလား။ ဒီတစ်ခါတော့ ဖိုးအုန်းခင်ခေါ် လို့ ခင်ခင်လေးကတော့ ရန်မထောင်တော့ပါဘူးနော် ဟဲဟဲ"

ဖိုးအုန်းခင်ဆိုသူမှာ ဗမာ့ခေတ် ဦးအုန်းခင်၊ မိုးကြိုးဦးအုန်းခင်၊ ခြေလျင်ဦးအုန်းခင်ပင် ဖြစ်ပါသည်။ တစ်ချိန်က အဖေသည် ဗမာ့ခေတ် ဦးအုန်းခင်အကြောင်းကို ဆောင်းပါးထဲတွင် ထည့်ရေးရင်း ဖိုးအုန်းခင်ဟု ရေးလိုက်ရာ ဒဂုန်ခင်ခင်လေးက အဖေ့ကို ရန်ထောင်ခဲ့ဖူးသည်။ ယခုအိမ်ကြီးကို ဦးအုန်းခင်၏သား ဒေါက်တာဦးတင်နွယ်နာမည်နှင့် ထားပါသည်။ အဖေသည် ဦးအုန်းခင်ထံမှ အိမ်ကိုလည်းငှားသည်။ ဦးအုန်းခင်ထံမှ ပုံနှိပ်စက်ကြီးတစ်လုံးကိုလည်း အဖေဝယ်လိုက်လေသည်။

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ အရှေ့ရွှေဂုံတိုင်လမ်း၊ အိမ်အမှတ် (၂၄၁) (ယခု ဂျီအက်စ်ဘက်ထရီဆိုင်ဖွင့်သောနေရာနှင့်ကပ်လျက်)၌ ရန်အောင်ပုံနှိပ်တိုက်နှင့် ရန်အောင်စာပေဖြန့်ချိရေးကို ဖွင့်လှစ်လိုက်ပါသည်။ အဖေ၏ ပုံနှိပ်တိုက်တွင် စတင်လာအပ်သောစာစောင်မှာ ဦးမြသောင်း ထုတ်ဝေသော 'ဓမ္မဗျူဟာစာစောင်' ဖြစ်လေသည်။ ဦးမြသောင်းနှင့်အတူ ကိုခင်လှအောင်ခေါ် စာရေးဆရာ ကျော်နန္ဒအောင် ပါလာလေသည်။

တစ်နေ့တွင် အဖေနှင့် ကျွန်တော်သည် ဦးအုန်းခင်အိမ်သို့ ရောက်သွားရာ ဦးအုန်းခင်က အဖေနှင့်ကျွန်တော်ကို သူ၏ဘုရားကျောင်းဆောင်ကို ပြလေသည်။ သူ၏ ဘုရားကျောင်းဆောင်တွင် သဲအင်းဂူဆရာတော်ကြီး၏ ပုံတော်ကို ဖူးရလေသည်။ အဖေက သဲအင်းဂူဆရာတော်ကြီးထေရုပ္ပတ္တိကို ဦးအုန်းခင်ကို



www.burmeseclassic.com

www.burmeseclassic.com

မေးမြန်းရာ ဦးအုန်းခင်က သဲအင်းဂူကျောင်း (မှော်ဘီ နှောကုန်း) သို့ တစ်လတစ်ကြိမ်သွားကြောင်းနှင့် သွားလျှင်အဖေနှင့် ကျွန်တော်ကို ခေါ်သွားမည်ဖြစ်ကြောင်း ပြောပြလေသည်။

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်၊ နံနက် (၆) နာရီ။

အဖေ၊ ဦးအုန်းခင်၊ ကျွန်တော်နှင့် ကားဆရာ ကိုသက်တို့ လေးဦးသည် ဦးအုန်းခင်၏ ကားလေးဖြင့် မှော်ဘီသို့ လာခဲ့ကြသည်။ မှော်ဘီမြို့သည် ရန်ကုန်မြို့မှ (၃၂) မိုင်ကွာဝေးပြီး ရန်ကုန်-ပြည် သွားရထားလမ်းနှင့်ကားလမ်းပေါ်တွင် တည်ရှိပါသည်။ ရှေးက မွန်တိုင်းရင်းသားများ နေထိုင်ခဲ့သောကြောင့် မွန်ဘာသာဖြင့် မော်တပီဟု ခေါ်ဝေါ်ခဲ့သည်။ မြန်မာဘာသာဖြင့် မော်သည် အစွန်း၊ တပီသည် ဥသျှစ်၊ နှစ်ခုပေါင်းသော် ဥသျှစ်စွန်းဟု ဆိုပါသည်။ (မှော်ဘီဆရာသိန်းရေး- မှော်ဘီမြို့သမိုင်း)

ကားလမ်းတစ်လျှောက်တွင် သစ်ပင်ကြီး၊ ငယ်များကို တွေ့ရသည်။ မင်္ဂလာဒုံလွန်သည်နှင့် ရော်ဘာပင်တောကြီးများကိုတွေ့လာရာ ထောက်ကြံ့အင်္ဂလိပ်စစ်သင်္ချိုင်းရောက်သည်အထိ ဖြစ်ပါသည်။

ထောက်ကြံ့လမ်းဆုံသို့ရောက်လာသောအခါ ရန်ကုန်-ပြည်လမ်းအတိုင်း ဆက်လက် ထွက်ခွာလာရာ (၃၂) မိုင်သို့ ရောက်သောအခါ မှော်ဘီမြို့ထဲဝင်လာပါသည်။ မှော်ဘီမြို့အထွက် လက်ဝဲဘက်မှ လှည်းလမ်းဖြင့် ငါးမိုင်ခန့်သွားရာ အင်းတံတားကို ဖြတ်ပြီးနောက် နှောကုန်းရွာရှိ သဲအင်းဂူကျောင်းသို့ ရောက်ပါသည်။ ကျွန်တော်တို့ရောက်သွားချိန်တွင် သဲအင်းဂူဆရာတော် တရားရှုနေ၍ ခေတ္တစောင့်ရသည်။

သဲအင်းအမည်နှင့် ပတ်သက်၍ ဦးအုန်းခင် ပြောပြသည်မှာ နှောကုန်းရွာပတ်လည်တွင် ညောင်ပင်အင်း၊ ခွေးပုတ်အင်း၊ ကြာအင်း၊ သဲအင်း စသည့် အင်းများရှိသည်။ နှောကုန်းရွာအရှေ့ဘက် (၁) မိုင်ခန့်ဝေးသည့် လယ်ကွင်းပြင်မြေမြင့်တွင် ကျောင်းဆောက်ရန် သတ်မှတ်ကြသည်။ ထိုနေရာသည် သဲအင်း အမည်ရှိသော အင်းဘေးတွင်ရှိသောကြောင့် သဲအင်းဂူကျောင်းဟု ဒေသကို အစွဲပြုပြီး ခေါ်တွင်လာသည်။

သဲအင်း ဟူသောအမည်ကို အစွဲပြု၍ ကျော်ကြားခဲ့သော သဲအင်းဆရာတော်တစ်ပါးရှိခဲ့ဖူးပါသည်။ ထိုဆရာတော်မှာ သာယာဝတီမင်းလက်ထက်၌ မင်းဆရာဖြစ်တော်မူခဲ့သော အညာဒေသ သဲအင်းမှ သူရိယဝံသဘိသီရိပဝရလင်္ကာရ၊ ဓမ္မသေနာပတိ၊ မဟာဓမ္မရာဇာဓိရာဇာဂုရုဘွဲ့တော်ရ သာသနာတော်ပိုင်ဆရာတော် ဖြစ်ပါသည်။ ယခု ကျွန်တော်တို့ ဖူးရမည့် ဆရာတော်မှာ (၁၉၆၂-၇၃) တွင် တေဝိဇ္ဇာပတ္တရဟန္တာဟု ကျော်ကြားသော မှော်ဘီမြို့နယ် သဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ ဖြစ်ပါသည်။

သဲအင်းဂူဆရာတော် အလောင်းအလျာ မောင်အောင်ထွန်းအား မှော်ဘီမြို့နယ် နှောကုန်းရွာနေ (မြင်းမူသား) ဓာတ်ဗိန္ဒောဆရာ ဦးသော်တာနှင့် ဒေါ်မယ်အုံတို့မှ ၁၂၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (တနင်္ဂနွေနေ့)၊ ခရစ်နှစ် ၁၉၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်၊ နံနက် (၈) နာရီတွင် နှောကုန်းရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ဆရာတော်၏မွေးချင်းများမှာ ဒေါ်ဖွားစိန် (သီလရှင်)၊ ဒေါ်သန်းရှင်၊ ဦးအောင်ထွန်း (သဲအင်းဂူဆရာတော်)၊ ဦးထွန်းညွန့်၊ ဦးထွန်းကွန့်၊ ဦးသောင်းစိန် (ခေါ်) ငခွေး (အလံနီ-သတ်)၊ ဦးချစ်ဖူး (ဓာတ်ဗိန္ဒောဆရာ) တို့ ဖြစ်ကြပါသည်။

မှော်ဘီမြို့နှင့် (၅) မိုင်ဝေးသော နှောကုန်းရွာတွင် မွေးဖွားသော မောင်အောင်ထွန်းမှာ ဘုန်းကြီးကျောင်း၌ ပညာသင်ကြားရန် မိဘနှစ်ပါးမှ အပ်နှံပေးသော်လည်း မောင်အောင်ထွန်းအနေဖြင့် စာကောင်းစွာမသင်၊ လစ်လျှင်လစ်သလို ကျောင်းပြေးတတ်ပါသည်။ မိဘများမှ ကျောင်းသွားရန် မုန့်ဖိုးပေးသမျှ ရွာထဲရှိ ကာလသားများနှင့် ဆေးလိပ်သောက်ခြင်း၊ ထန်းရည်သောက်ခြင်းများဖြင့် အချိန်ကုန်ခဲ့ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ မိဘများ ရိပ်စားမိလာပြီး နောက်ဆုံးလက်လျှော့ထားလိုက်ရသည်။

ကျေးရွာအချင်းချင်း အပြေးပြိုင်ပွဲများ ပြုလုပ်ရာ၌ ပြိုင်ဘက်ချင်း ခြေရည်တူဖြစ်လျှင် ဉာဏ်လှည့်သုံးတတ်သောကြောင့် မောင်အောင်ထွန်းမှာ အဆင့်သာနေတတ်သည်။မောင်အောင်ထွန်းသည် သူရသတ္တိအရာ၌ မိမိထက်အသက်အရွယ်ကြီးသည်သာမက တစ်ရွာလုံးက ကြောက်ရွံ့နေခဲ့ရသည့် လူမိုက်ကိုပင် ယှဉ်ပြိုင်ခဲ့သည်။ လူတစ်ဦးသည် မွေးရာပါဇာတိဉာဉ်လည်းရှိ၊ သတ္တိလည်းရှိခဲ့သော် မကောင်းမှုပြုလျှင် အောင်မြင်နိုင်သကဲ့သို့ ကောင်းမှုပြုသောအခါ၌လည်း အောင်မြင်စေနိုင်သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက ရန်ကုန်မြို့ကြီးတွင် လူမိုက်ကြီးများရှိရာ ရန်ကုန်အရှေ့ပိုင်းတွင် ကျွန်းပြန်ငမိုး၊ အလယ်ပိုင်းတွင် ကုလားသူဌေး မတ်စတီး၊ အနောက်ပိုင်းတွင် လမ်းတော်ဖိုးတုတ်နှင့်ပုဏ္ဏားဘကွန်း၊ ရေကျော်၊ ကန်တော်ကလေးဘက်တွင် ကျောက်ပေါက်မမှန်စီလူလေး စသည်တို့ ဖြစ်ကြပါသည်။ နှောကုန်းရွာတွင် လူငယ်ဘဝ ကာလသားများဖြစ်ကြသော အေးမောင်၊အောင်ရင်၊ အောင်ထွန်း (တနင်္ဂနွေသားများ) သူငယ်ချင်းသုံးယောက်တို့သည် ကျေးရွာအတွင်း စိတ်တူကိုယ်တူပေါင်းသင်းကြသည်။

ထိုအချိန်မှာပင် မောင်အောင်ထွန်း (၁၇) နှစ်မှာ အပြေးပြိုင်ပွဲတွင် လက်ခုပ်သံမစဲအားပေးပြီး အပြုံးဖြင့်ကြိုဆိုခဲ့သော နှောကုန်းရွာသူ မဖွားညွန့်နှင့် ဖူးစာဆုံသည်။ သားကျွေးမှုမယားကျွေးမှုများနှင့် ရတက်ပွေနေသည့်ကြားက တစ်ဖက်ကလည်း ကာလသားများသဘာဝအတိုင်းပင် ရွာထဲရှိ ကြက်ဝိုင်း၊ ဖဲဝိုင်းများတွင် မောင်အောင်ထွန်းနှင့် အေးမောင်၊ အောင်ရင်တို့ မပါလျှင် ပွဲမစည်ပါ။

နဲ့သမားပါးကဲ့သို့ မောင်အောင်ထွန်းတို့မှာ ပိန်လိုက်၊ ဖောင်းလိုက် နိုင်ချီတစ်လှည့်၊ ရှုံးချီတစ်ခါဖြင့် လူးလွန့်နေရာ ကြုံကြဖန်ကြပါတော့သည်။ သမ္မာအာဇီဝတော့ မဟုတ်။ ကြေးစားလူမိုက်အနေဖြင့် ခုတ်ရထစ်ရ ပါးပါးလှီးရသည့် လုပ်ငန်းမျိုးစုံတို့ကို စတင် ကျူးလွန်ပါလေတော့သည်။ ပြစ်မှုအား ကျူးလွန်ရန်အတွက် ပြင်ဆင်နေသည့်အချိန်တွင် မိမိဇနီးက မေးမြန်းလျှင် ကြွေးတောင်းရန်ကိစ္စဟု အကြောင်းပြလေ့ရှိသည်။ (မကောင်းပြုရန်ဟု ပြောလေ့မရှိပါ။)

ကနဦး၌ ရွာသားများ မရိပ်မိကြသော်လည်း ရွာသူကြီး ဦးကျော်ကတော့ ရိပ်စားမိသည်။ တစေ့တစောင်း အကဲခတ်ကြည့်နေရသည်။ မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိဟူသောစကားအတိုင်းပင် ၎င်းတို့၏ လုပ်ဆောင်ချက်များမှာ တစ်နေ့တခြား ပုလိပ်ဂါတ်တဲတွင် တိုင်ချက်များလာသည်။ မောင်အောင်ထွန်းတို့အား စွဲချက်တင်နိုင်လောက်သော ခိုင်လုံသည့်အထောက်အထားများ မတွေ့ရှိသောကြောင့် ၁၉၃၂ ခုနှစ်တွင် မောင်အောင်ကျော်ထွန်းအား မှော်ဘီပုလိပ်



www.burmeseclassic.com

www.burmeseclassic.com

ဂါတ်ထဲမှာ နာမည်ကြီးစာရင်းဖွင့်၍ ပုဒ်မ (၁၁၀) ဖြင့် အဖျောက်မြို့နယ် လှည်းကူးကျေးရွာသို့ နယ်ပြောင်းလိုက်သည်။ ထိုသို့ နယ်ပြောင်းချိန်တွင် မောင်အောင်ကျော်ထွန်း၌ ကလေးသုံးယောက် ရရှိနေပြီ။

လှည်းကူးရွာသူကြီး ဦးဘိုးညွန့်အိမ်တွင် မောင်အောင်ထွန်းမှာ ကျွဲ၊ နွားများကို ထိန်းကျောင်းရသည်။ ကျွဲ၊ နွားကျောင်းရန် တာဝန်ကျသော ဦးသာထွန်းနှင့် မောင်အောင်ထွန်းတို့မှာ နေဝင်ခါနီး နွားရိုင်းသွင်းချိန် 'ချည်တိုင်ဟေ့၊ ချည်တိုင်'ဟု အော်ဟစ်လိုက်ရာ ကျွဲ၊နွားများမှာ လူစကားနားလည်ပြီး ငြိမ်သက်စွာ ရပ်နေကြသည်။ ထိုအခါ မောင်အောင်ထွန်းတို့မှာ မပင်ပန်းဘဲ ငုတ်တွင်ကြိုးချည်ရသည်။ ကျွဲ၊ နွားများမှာ ညလုံးပေါက် မှက်၊ ခြင်၊ ယင်များ အကိုက်ခံကြရပြီး နံနက်မိုးလင်းမှသာ ကွင်းထဲသို့ လွှတ်ကျောင်းပါသည်။ ထိုကဲ့သို့ ကျွဲ၊ နွားများအားနှိပ်စက်ခဲ့သည့် ဝဋ်ကြွေးများအား နောက်ပိုင်း သံဝေဂရရှိ၍ တရားအားထုတ်စဉ် မှတ်ကိုက်၊ ခြင်ကိုက်သည်ဖြင့် အတိုးရောအရင်းပါပေးဆပ်ခဲ့ရသည်။ ၁၉၃၅ ခုနှစ်တွင် ဟင်္သာတ တရားရုံး၌ မောင်အောင်ထွန်း ဓားပြမှုဖြင့် ထောင်ဒဏ်(၇)နှစ်ကျသည်။ မောင်အောင်ထွန်းသည် ဟင်္သာတထောင်မှ ပုသိမ်ထောင်၊ ပုသိမ်ထောင်မှ မုံပွလင်အကျဉ်းစခန်းတွင် အပြင်ထုတ်၍ အကျဉ်းသားတစ်ဦးလျှင် တစ်နေ့ ရှစ်ကျင်းကျ ကျောက်ထုရပါသည်။ အပေါ်မှူး အောက်ပူဖြင့် နေပူကျဲကျဲ ကျောက်ထုရသည်ဒဏ်နှင့် သံခြေချင်းခတ်ထားသောကြောင့် သံ၏ပွတ်တိုက်မှုဒဏ်များသည် မောင်အောင်ထွန်းဘဝ တစ်သက်တာတွင် မေ့မရနိုင်သော သံဝေဂဉာဏ်များ ဖြစ်ပေါ်စေခဲ့သည်။

မုံပွလင်ထောင်တွင် အလုပ်ကြမ်းများကို ပင်ပန်းကြီးစွာလုပ်ကိုင်နေသော အချိန်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်လာပါသည်။ အာဏာပိုင်များမှ မောင်အောင်ထွန်းနှင့်တကွ ထောင်ကျအကျဉ်းသားများအား မန္တလေးထောင်သို့ ပြောင်းရွှေ့လိုက်သည်။ ထိုအချိန်က မန္တလေးထောင်ပိုင်ကြီးသည် ကမ္ဘာလှည့်တင်တင်စိန်၏ဖခင် MR.SKINNAR ဖြစ်ပါသည်။ မန္တလေးအကျဉ်းထောင်၌ကျနေစဉ် စစ်ကြီးဖြစ်၍ ထောင်သားများအား ဘေးမဲ့လွှတ်ခဲ့သော်လည်း လမ်းခရီးတွင် တရုတ်စစ်သားများနှင့်တွေ့၍ သေနတ်ဒဏ်ကြောင့် အကျဉ်းသားများ သေဆုံးခဲ့သော်လည်း မောင်အောင်ထွန်းမှာ အသက်မသေခဲ့ပါ။

မောင်အောင်ထွန်း နှောကုန်းရွာသို့ ပြန်ရောက်သောအခါ သူ၏ဖခင်၊ သူ၏ဇနီး၊ သားသမီးငယ်များ မရှိတော့သည်ကို သိသောအခါ မောင်အောင်ထွန်း ဘာမှမြင်နိုင်စွမ်းမရှိတော့ပါ။ တစ်နေ့သော် နံနက်စောစောလင်းအားကြီးအချိန်တွင် ကတုံးဆံတောက် ဘဲမြီးဆံပင်နှင့် ဘောင်းဘီရှည်ကိုဝတ်ထားပြီး ကက်ဦးထုပ်ကို ကျနစွာဆောင်း၍ လွယ်အိတ်ကို ဘေးလွယ်ကာ ခပ်သုတ်သုတ်လျှောက်သွားသူတစ်ယောက်အား လမ်းသွားလမ်းလာများက မြင်လိုက်ကြသည်။ မည်သည်မည်ဝါဟူ၍ သဲကွဲစွာ မသိကြချေ။ မောင်အောင်ထွန်း ဒုစရိုက်နယ်ထဲသို့ သက်ဆင်းပါပြီ။ ထိုအချိန်တွင် မောင်အောင်ထွန်းမှာ အသက် (၂၈) နှစ်ပင်မပြည့်သေးပါ။အမှောင်လောကအတွင်း အပေါင်းအသင်းများနှင့် ၁၉၃၉ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ရာဇဝင်လူဆိုးကြီးဘဝဖြင့် အသက်ရှင်နေခဲ့သောကြောင့် ၎င်းတို့ကျက်စားရာနယ်အတွင်း ပြည်သူလူထုအဖို့ အကြီးအကျယ် ဒုက္ခရောက်ခဲ့ကြသည်။ ဂျပန်ခေတ်တွင် လက်ဖျားငွေသီးနေသောသူများစွာရှိသည့်အနက် ဦးအောင်ထွန်းလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ငွေရှာပုံရှာနည်းများမှာ များလွန်းပါသည်။ သို့သော သမ္မာအာဇီဝဖြင့် ရှာခြင်းမဟုတ်ပါ။ မည်သည့်ကိစ္စမျိုးမဆို ငွေရှိမှသာလျှင် အရာရာ အဆင်ပြေချောမွေ့နိုင်သော လောကကြီးတွင် လက်ထဲဝယ် ငွေများများထားရှိနေသည်မှာ အဆန်းတော့ မဟုတ်ပါ။

ထိုအချိန်တွင် ဦးအောင်ထွန်း နှောကုန်းသူ မကျင်စိန်နှင့် ဒုတိယအကြိမ်အိမ်ထောင်ပြုသည်။ ၎င်းဇနီးနှင့်ကလေးတစ်ယောက်မှာ မကြာမီ ဆုံးပါးသွားသည်။ သေကွဲကွဲရပြန်ပြီ။ ဦးအောင်ထွန်းသည် လက်ဖျားငွေသီးနေသော်လည်း ငွေကို ဟော့ဟော့ရမ်းရမ်း မသုံးချေ။ ငွေကို ဘာသာရေးဘက်တွင် ရက်ရောစွာ လှူဒါန်းလေ့ရှိသည်။ မိမိရပ်ရွာကျောင်းပြုပြင်ရန် ဆရာတော်မှ မှာကြားသည့်အခါ လိုအပ်သလောက် ငွေအား ကျောင်းသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းတတ်ပါသည်။

ဒုတိယဇနီးဆုံးပြီး လူဆိုးဘဝသွားလာလုပ်ရှားရင်းမှ နှောကုန်းရွာအနီးရှိ စွယ်တော်ကုန်းမှ ကရင်အမျိုးသမီး ဒေါ်စီ (ယခု သီလရှင် ဒေါ်ပုညဝတီ) အား ထပ်မံ လက်ထပ် ပေါင်းသင်းရာမှ နောက်ဆုံး ရန်ကုန်မြို့ ကမာရွတ်နေ ဒေါ်သန်းရှိန် (ဦးအောင်ထွန်းထက်ကိုးနှစ်ငယ်) အား ပေါင်းသင်းခဲ့သည်။

ထိုအချိန်တွင် သဲအင်းဂူဆရာတော်ကြီးတရားရှုပြီး၍ အပြင်သို့ထွက်လာရာ ဦးအုန်းခင်ကို တွေ့၍ ဆရာတော်ကြီးက -

"မိုးကြိုးပါလား၊ ဘယ်တုံးက ရောက်နေတာလဲ"

"(၂) နာရီလောက်ရှိပါပြီ ဘုရား"

"ကျုပ်က တရားတစ်ခါမှတ်ရင် အနည်းဆုံး (၃) နာရီပဲ"

ဦးအုန်းခင်က ဆရာတော်ကြီးကို အဖေနှင့် မိတ်ဆက်ပေးရာ-

"ကျုပ်ကစာမတတ်တော့ စာရေးဆရာတို့ဘာတို့မသိဘူး။ မိုးကြိုးတောင်မှ မကြာခဏလာလို့ သိတာ။ ကျုပ်တရားရတဲ့အကြောင်း နှစ်ချက်ရှိတယ်။ တစ်ချက်က ကျုပ်လူဆိုးဘဝက နောက်ဆုံး ဓားပြတိုက်ခဲ့တဲ့အိမ်က လူနေအိမ်မဟုတ်ဘူး၊ ဘုန်းကြီးကျောင်းပဲ။ ညကမှောင်နေ၊ မိုးကရွာနေတော့ အိမ်လို့ထင်ပြီးဝင်လိုက်တာ အထဲကိုရောက်မှ ဘုန်းကြီးကျောင်းမှန်း သိရတယ်။ အဲဒီဆရာတော်က ကျုပ်တို့ဓားပြတွေကိုထိုင်ခိုင်းခဲ့တယ်။ ပြီးတော့ ဘာမိန့်သလဲဆိုတော့ 'ဒကာတို့၊ ဘုန်းကြီးအသက်ကိုလိုချင်ရင်ယူသွား ဒါမဟုတ်ရင် ပစ္စည်းတွေကို လိုချင်ရင်ယူသွားတဲ့'။ အဲဒီမှာတင် ကျုပ်တို့တရားအကြီးအကျယ်ရပြီး ဘုန်းကြီးဝတ်ပြီး တရားကျင့်တော့မယ်လို့ ဆုံးဖြတ်လိုက်တာပဲ။ အဲဒီတုန်းက သံအေး (နှောင် တောင်သုံးလုံးဘိုးသံ) ကတော့ ဘုန်းကြီးမဝတ်သေးဘဲ လယ်ပြန်ထွန်နေသေးတယ်။

နောက်တစ်ချက်က ကျုပ်လူ့ဘဝတုန်းက မိတ်ဆွေတစ်ယောက် စွန်းလွန်းဆရာတော်ထေရုပ္ပတ္တိ လာပေးတယ်။ ကျုပ်က စာတတ်တာမှ မဟုတ်တာ။ စာလုံးတွေ မနည်းပေါင်းဖတ်ရတယ်။ စွန်းလွန်းဆရာတော်ကြီးဟာ ရဟန္တာဖြစ်သွားပြီလို့ ပြောကြတယ်။ ထေရုပ္ပတ္တိစာအုပ်ကြီးထဲက ရုပ်ပုံလေးတွေ လျှောက်ကြည့်တာပေါ့။ ရုပ်ပုံလေးတွေကုန်သွားတော့ စာလေးတစ်ခု သွားတွေ့တယ်။ 'ကာယာသတိပဋ္ဌာန်၊ ကာယာနုပဿနာ၊ ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ၊ စိတ္တာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com

လေးလည်းဖတ်ပြီးရော ခန္ဓာကိုယ်ကြီး တုန်လှုပ်လာပြီးတော့ ငြိမ်သွားတယ်။ 'သူတောင် ရဟန္တာဖြစ်ရင် ငါလည်းကျင့်ရင်ဖြစ်မှာပဲ'လို့ ခံယူလိုက်တယ်။

ဒါနဲ့ ကျုပ်အရိုးကြေကြေ အရေခန်းခန်း တရားကျင့်တော့တယ်။ ကျုပ်နွှောကုန်းသချိုင်းကစပြီး တရားကျင့်တယ်။ ၁၂-၃-၆၁နေ့မှာ နွှောကုန်းရွာကျောင်းဆရာတော် ဦးပညိန္ဒြိယကို ဥပဇ္ဈာယ်ပြုပြီး မယ်တော်ကြီး ဒေါ်မယ်အုံကို ဦးထိပ်ထားလို့ ရဟန်းခံတယ်။ ဘွဲ့က ဦးဥက္ကဋ္ဌ ဖြစ်တယ်။ ကျုပ်တရားရလာတဲ့တစ်နေ့မှာ ကျုပ်ကို တရားစစ်ပေးဖို့ သံဃာတော်ဥက္ကဋ္ဌထံကို လျှောက်ကြည့်တယ်။ ကျုပ်ကို မစစ်ပေးဘူး။ လူဆိုးကြီးကနေ ဘုန်းကြီးဖြစ်လာလို့နဲ့ တူတယ်။ ၁၃၂၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့မှာ သန်လျင်မြို့ တောရကျောင်းဆရာတော် ဦးတိလောညာဏ (ပီကေ) က တရားစစ်ပေးခဲ့တယ်။ (သန်လျင်ဆရာတော်မှာ 'အရိယာဘုံသွား ဉာဏ်လှေကား' စာအုပ်ကြီးကို ပြုစုခဲ့ပြီး နောင်အခါ သပြေကန်ဆရာတော်ကြီးဟု ထင်ရှားခဲ့ပါသည်။)

ထို့နောက်ပိုင်းတွင် သဲအင်းဂူဆရာတော် ဦးဥက္ကဋ္ဌ၏ တရားပွဲများမှာ မြန်မာပြည့်အနှံ့ ကျင်းပလာကြသည်။ ကျွန်တော်သည် သဲအင်းဂူဆရာတော်ကြီးသက်တော်ထင်ရှားရှိစဉ်က မှော်ဘီ နွှောကုန်းရိပ်သာတွင် ကိုးရက်စခန်းဝင်ခဲ့ဖူးသည်။ ကိုးရက်ပြည့်သောနေ့တွင် ဆရာတော်ကြီးက -

"မောင်တင်အောင်၊ မင်းမိဘတွေ မရှိတော့ရင် တန်ဖိုးမဖြတ်နိုင်တဲ့အမွေ ကျန်ခဲ့လိမ့်မယ်"

ဟု ဆိုလေသည်။

ထိုစဉ်က ကျွန်တော့်အသက်မှာ ဆယ်နှစ်သာရှိသေး၍ ပညာအမွေဟု ထင်ခဲ့သည်။ ယခုအချိန်ကျမှ မဟိန္ဒရာသူတော်စင်ကြီးကျန်ခဲ့မှန်း သိလာရပေသည်။

၁၉၇၃ ခုနှစ်၊ ဇွန်လအတွင်း တရားပွဲများသို့ ရက်ချိန်းထားသည့်အတိုင်း ကြွရောက်ချီးမြှင့်နေသော်လည်း သန်လျင်တရားပွဲပြီးသောအခါ သုံးခွမြို့သို့ မကြွနိုင်ဘဲ ရန်ကုန်မြို့သို့ ပြန်ခဲ့ရသည်။ ကျန်းမာရေးအခြေအနေက ဆိုးဝါးလာသည်။ ထို့ကြောင့် ဆရာတော်၏ ညီ ဆေးဆရာ ဦးချစ်ဖူးအိမ်၌ ဆေးဝါးကုသလျက် သီတင်းသုံးနေခဲ့လေသည်။ ရောဂါအခြေအနေ ယုတ်လျော့သွားခြင်းမရှိဘဲ ပိုမိုဆိုးဝါးလာသောကြောင့် ၂၃ - ၆ - ၇၃ တွင် သွားဆရာဝန်ကြီး ဦးကေကြည်မောင်နေအိမ်မှ ရန်ကုန်ဆေးရုံကြီးသို့ ပင့်ဆောင်သွားကြသည်။ ဆေးရုံကြီးပေါ်တွင် (၁၆) ရက်တိုင်အောင် ဆေးကုသသွားခဲ့ပါသည်။ ကျွန်တော်သည် ဆရာတော်ဆေးရုံကြီးတက်နေရာသို့ နေ့တိုင်းရောက်ခဲ့လေသည်။ ၄ - ၇ - ၇၃ တွင် ဆရာတော်အား ခွဲစိတ်ကုသရန် သွေးလိုရာ ဆရာတော်ကြီး၏ သွေးအမျိုးအစားမှာ အေအမျိုးအစား ဖြစ်သည်။ ဆရာတော်ကြီးကို ဒေါက်တာဦးရဲမြင့်၊ ဦးခင်မောင်သော်၊ ဦးတင်အောင်တို့ ကြိုးစားကုပါသော်လည်း ၈ - ၇ - ၇၃ နေ့၊ ညနေ (၄) နာရီ၊ (၄၅) မိနစ်တွင် သဲအင်းဂူဆရာတော်ဘုရားသည် အဿာသ၊ ပဿာသ၊ ထွက်လေ၊ ဝင်လေ၊ နှစ်ထွေသည် ရပ်စဲတော်မူခဲ့သည်။ ခန္ဓာဝန်မချမီလေးတွင် ဆရာတော်က လက်နှစ်ချောင်းထောင်ပြလိုက်သေးသည်။ (ဈာပနကကိစ္စ စိတ်နှစ်စိတ်ဖြစ်မည်ဟု ကျွန်တော် ထင်လိုက်သည်။)

သဲအင်းဂူဆရာတော်ဘုရားက -

၁။ အခု တရားထိုင်နေတာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ဖို့ မဟုတ်ဘူး။ အသေတတ်အောင် အသေကျင့်ခိုင်းတာ -

ဟူ၍ လည်းကောင်း၊

၂။ တရားထိုင်ရင်း ကြရိယာပုတ်ကို မပြင်ကြနဲ့။ သေခါနီးပြင်လို့ရမယ်တဲ့လား -

ဟူ၍ လည်းကောင်း သတိပေးဩဝါဒမိန့်ခဲ့ပါသည်။

သဲအင်းဂူဆရာတော်ကား သာသနာ့ဝယ် 'စာတတ်မှ ပဋိပတ္တိအကျင့်စခန်း မဂ်လမ်းသို့ ရောက်ရှိနိုင်မည်' ဟူသော ထင်မြင်ယူဆချက်ကို ထွန်းပြောင်စွာ ဖယ်ရှားတော်မူခဲ့သည်။ ဆရာတော်ကား စာမတတ်ပေမတတ် ကိုယ်တွေ့အကျင့်မြတ်ကို နှစ်ဆယ့်တစ်လအချိန်ဝယ် ပြင်းထန်စွာ အားထုတ်ခြင်းဖြင့် တရားသိမြင် ပဋိပတ္တိသာသနာ့အာဇာနည်ဖြစ်ခဲ့ရလေပြီ။

ဆရာတော် ခန္ဓာဝန်ချပြီးနောက် မျက်လုံးတော်များသည် ပတ္တမြားလုံးကဲ့သို့ နီရဲနေပြီး ဆံတော်အတိုများကို မြောက်ဥက္ကလာပ (၂) ရပ်ကွက်၊ သုဓိတာ (၁၀) လမ်း၊ အိမ်အမှတ် (၇၈၃) တွင် ဖူးတွေ့ရလေရာ ဆံတော်များရှည်လာနေပါသည်။

*(ဤဆောင်းပါးဖြင့် သဲအင်းဂူဆရာတော်ဘုရားကြီးနှင့် အဖေ ဦးရန်အောင်တို့အား ဦးညွှတ်လျက်)*

တင်အောင်(စက်မှုတက္ကသိုလ်)

---

မိုးစက်အဉ္ဇာဝါ(ဧရာဝတီ)

# ဝဲနှင်းခူရောဂါအတွက် ဆေးတစ်လက်

ဝဲနှင်းခူသည် အရေပြားရောဂါယားနာတစ်မျိုး ဖြစ်သည်။ ဝဲနှင်းခူအစိုနှင့် ဝဲနှင်းခူအခြောက် ဟူ၍ နှစ်မျိုးရှိ၏။ ယခုအခါ ဝဲနှင်းခူပျောက်ဆေးများများစွာပေါ်နေပါသော်လည်း လူတိုင်းပျောက်ကင်းဖို့ ခက်ခဲ၍ ဝဲနှင်းခူဝေဒနာရှင်များ စိတ်ညစ်နေရ၏။

စာရေးသူ ယခုဖော်ပြမည့် ဆေးနည်းမှာ ဝဲနှင်းခူအစိုရော အခြောက်ပါ နှစ်မျိုးစလုံးကို ပျောက်ကင်းစေပါသည်။

ဆေးနည်းမှာ ထိကရုံးဆူးပေါက်ပင်ကို တစ်ပင်လုံးနုတ်၍ အခြောက်လှန်းပါ။ ခြောက်သွားလျှင် အမှုန့်ထောင်းထားပါ။ ရေနံချေးစစ်စစ်အား သွပ်ပြားပေါ်တွင် အပူပေး၍ ထိကရုံးဆူးပေါက်အမှုန့်ကိုရောကာ သမအောင်မွှေပါ။ ၎င်းနောက် မိမိခံသာရုံ အနေအထားကို စမ်းသပ်၍ ဝဲနှင်းခူအနာများပေါ်တွင် သုတ်လိမ်းပေးပါ။ ဤသို့မကြာခဏလိမ်းပေးခြင်းဖြင့် ဝဲနှင်းခူများ အချပ်လိုက်ကွာကျသွားပြီး သက်သာပျောက်ကင်းသွားပါလိမ့်မည်။ ပျောက်ရန်ခက်ခဲသော ဆင်ဝဲနှင်းခူများကိုပင် ဤနည်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

*လောကုတ်၊လောကီနှစ်လီအကျိုး*
*ပွားတိုးစည်ပင်နိုင်ကြပါစေဟု*
*ထာဝစဉ်ဆန္ဒပြုလျက်*

မိုးစက်အဉ္ဇာဝါ(ဧရာဝတီ)

*(ဤဆေးနည်းအား မိန့်ကြားခဲ့သော မွန်ပြည်နယ် ပေါင်မြို့နယ် ကတွန်ကျေးရွာ အဘယသုခကျောင်းမှ ဦးသုမနအား အထူးကျေးဇူးတင်ရှိပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

## ငါခိုင်းတဲ့အတိုင်းလုပ်

ဂျပန်ပြည်က သံပေါင်ကြီးတွေရဖို့ အဆင်မပြေတဲ့ကိစ္စဟာ အင်ဂျင်နီယာ ဦးဝင်းသိန်းရဲ့အဆက်အသွယ်နဲ့ ထားဝရ မိဘကုမ္ပဏီကိုချိတ်မိပြီး အဆင်ပြေသွားခဲ့တယ်။ ဒါပေမယ့် စလက်လောင်းဖို့လုပ်တဲ့အခါ အင်ဂျင်နီယာ ဦးဝင်းသိန်းဟာ ဆရာတော်ကြီးဆီကိုသွားပြီး ဖြေရှင်းချက်ပေးရတဲ့အဖြစ်ကို ရောက်သွားခဲ့တယ်။

"ဦးရေ၊ သံဘင်တွေ(ကျောက်ထုပ်)နဲ့စလက်တွဲပြီး ကျောက်သေးလောင်းဖို့လုပ်နေတုန်း မုံရွာက ရဟန်းတစ်ပါးရောက်လာတယ်။ အဲဒီရဟန်းပြန်သွားလို့မကြာပါဘူး၊ ကုပ်ကြီး (စိုးသိန်းထိုက်) ကျွန်တော့်ဆီကို ရောက်လာတယ်။


"ဦးဝင်းသိန်း၊ ဆရာတော်ကြီးခေါ်ခိုင်းလို့၊ ခဏလိုက်ခဲ့ပါဦးတဲ့"

ဘာကိစ္စများလဲလို့ ကုပ်ကြီးကိုမေးကြည့်တော့-


**မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး၏ခယောင်းလမ်းမှသည် (၂)**

# လေးကျွန်းစကြာရုပ်တော်မှုဘုရားကြီး သမိုင်းမော်ကွန်း


သုဏောယျ



တန်းစီ စလက်လောင်း



အနီးကပ်ညွှန်ကြား



သံချည်သံကွေး



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ဆီ လာကြည့်သွားတဲ့ ရဟန်းက ဆရာတော်ကို ခုလိုလျှောက်သွားသတဲ့။ 'ဒီအင်ဂျင်နီယာက တတ်မထင်ပါဘူး ဘုရား၊ ကျောက်ထုပ်နဲ့ သံချောင်းတွေ တွဲပြီးချည်နေတယ် ဘုရား' တဲ့"

အဲဒီတော့မှ ဆရာတော်ကြီး ကျွန်တော့်ကို ဘာကြောင့်ခေါ်ခိုင်းတယ်ဆိုတာ ကျွန်တော် သိသွားတယ်။ ဒါနဲ့ ဆရာတော်ကြီးကို ရှင်းပြရအောင်ဆိုပြီး သံချည်သံကွေးလုပ်ပုံ၊ စလက်လောင်းပုံတွေကို ကြိုတင်ပြီး ပုံကြမ်းဆွဲသွားခဲ့တယ်။ဟိုရောက်သွားတော့ ဆရာတော်ကြီး မျက်နှာသိပ်မကောင်းဘူး။

ကျွန်တော်လည်း ဝတ်ချပြီးရော-

'မင်းတို့လုပ်ချင်ရာလုပ်နေတယ်၊ ငါခိုင်းတဲ့အတိုင်းလုပ်' တဲ့။

အဲဒီတော့မှ ကျွန်တော်ဆွဲလာတဲ့ ပုံကြမ်းကိုပြပြီး ဘင်ရယ်၊ တိုင်ရယ်၊ သံချောင်းတွေရယ် တစ်ခုနဲ့တစ်ခု တွဲပြီး စလက်လောင်းရမှာဖြစ်ကြောင်း။ ဘင့်သတ်သတ်၊ သံချောင်းတွေသတ်သတ် လောင်းတဲ့စနစ်ဟာ မမှန်ကန်ကြောင်း သေသေချာချာရှင်းပြရတယ်။

အဲဒီတော့မှ ဆရာတော်ကြီးက-

"အေး-ဒါဆိုလည်း ပြီးရော၊ မင်းအခုပြောတဲ့အတိုင်း ဆက်လုပ်"


လို့ မိန့်ပါတယ်။

နောက်တစ်ခါ ဘယ်သူက ဘာတွေပြောပြန်တယ် မသိပါဘူး၊ စလက်လောင်းပြီးတဲ့အခါမှာ ကွန်ကရစ်ကြမ်းတွေကို ရေလောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြဿနာဖြစ်ပြန်ပါရော ဦးရယ်။

"မင်းတို့က အလုပ်မရှိအလုပ်ရှာပြီး ရေလောင်းနေကြတာကိုး" တဲ့။ "တစ်ကပ် တစ်ထပ်ကို (၄၅) ရက်အထိ ရေလောင်းနေတော့ အချိန်တွေကုန်တယ်၊ ကြာတယ်ကွာ" တဲ့။

ဆရာတော်ကြီးက ရပ်တော်မူကြီးကို မြန်မြန်ပြီးချင်တာ၊ ဆောက်လုပ်ရေးကို သဘောမပေါက်တဲ့သူ အချို့က အခုကို သွားသွားပြီးလျှောက်ကြတော့ ကျွန်တော့်မှာ ဆရာတော်ကြီးကို အကြောင်းနဲ့အကျိုး ဆက်စပ်ပြီး ရှင်းပြရပြန်ရော။

ဦး - သိတဲ့အတိုင်း ကွန်ကရစ်ကို (၁ း ၂ း ၄) အချိုးနဲ့ ဖျော်ပြီး လောင်းတာ၊ ရေနိုင်နိုင်လောင်းလေ သူ့ရဲ့သိပ်သည်းမှု၊ ခံနိုင်ရည် (STRENGTH) က ပိုတက်လေပဲ။ (၄၅) ရက် မဟုတ်ဘဲ (၁၅) ရက်တော့ ရေလောင်းပါရစေလို့ ဆရာတော်ကို ဇွဲဆစ်ရပြန်ပါရော ဦး



မဆလာမှု



ဝါးငြမ်းများပေါ်မှာ



ဝါးငြမ်းများပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရယ်။

**သင်တန်းကျောင်းကို လုပ်ခဲ့ရတာ**

ကျွန်တော့်နေ့စဉ်အလုပ်က မနက် (၆) နာရီဆိုရင် ဘုရားကြီးပေါ် ကိုရောက်ပြီး ထောင့်(၄) ထောင့်မှာ အမွှေးတိုင်တွေပူဇော်ပြီး ဘုရားကြီးမှာလုပ်နေကြတဲ့လုပ်သားတွေအားလုံး အန္တရာယ်ကင်းအောင် မေတ္တာပို့၊ အမျှဝေတဲ့ကိစ္စပါပဲ။

လုပ်သားတွေ အားလုံးက ကျွမ်းကျင်သူတွေ မဟုတ်ကြပါဘူး။ ကျောင်းပိတ်ရက်၊ တောင်ယာနားရက်တွေမှာ လာပြီး အချိန်ပိုင်းလုပ်ကြသူတွေလည်း ပါတယ်။ ဒါကြောင့် မျက်နှာလွှဲထားလို့ မရပါဘူး။ ကိုယ်တိုင်ကိုယ်ကျ နေရာတကာမှာလိုက်ပြီး အသေးစိတ် ကြီးကြပ်ရပါတယ်။

သံချည်သံကွေးလုပ်ဖို့ သံချောင်းအတို၊ အရှည်တွေကို တစ်ကွက်စာ စုညေး၊ နံပါတ်တွေတပ်၊ သူ့နေရာနဲ့သူ ကွက်တိဖြစ်အောင် ကိုယ်တိုင်လိုက်ပြီး ချပေးရပါတယ်။

ကွန်ကရစ်လောင်းတဲ့ နေ့တွေမှာဆိုရင် လက်သမားရော၊ ပန်းရန်ရော ကွန်ကရစ်လောင်းတဲ့သူတွေပါ စက် (၃) လုံးနဲ့ပတဲချာလည်နေတာပဲ။ ကွန်ကရစ်ကို သမအောင်မွှေဖို့နဲ့ အချိုးအစားမှန်ဖို့က သိပ်အရေးကြီးပါတယ်။ ဒါကြောင့် ထမင်းစားချိန်မှာ အောက်ကိုမဆင်းဘဲ အားလုံးပြီးတဲ့အထိ ဘုရားပေါ် မှာစောင့်နေရတယ်။


ကွန်ကရစ်လောင်းပြီးရင် မျဉ်းသပ်ဖို့၊ အချောတိုက်ဖို့ လိုပါတယ်။ လောင်းပြီး အချောမသတ်ဘဲ အောက်ကိုဆင်းမသွားရအောင် စည်းကမ်းချက်တစ်ခု လုပ်ထားရတယ်။ အလုပ်ဆင်းသံချောင်းခေါက်မှ အောက်ကိုဆင်းကြရမယ်ဆိုတဲ့ စည်းကမ်းပါပဲ။ ကိုမြင့်စန်းကိုအောက်မှာစောင့်ခိုင်းထားပြီး အပေါ်ကလုပ်ငန်းတွေပြီးတော့မှ ကျွန်တော်က ကိုမြင့်စန်းကို သံချောင်းခေါက်ဖို့ စက်နဲ့လှမ်းပြောရတယ်။ ရပ်တော်မူကြီး တည်ဆောက်ရတာ တစ်နည်းပြောရရင် သင်တန်းကျောင်းကြီးတစ်ခုကို ရောက်နေသလိုလည်း ကျွန်တော်ခံစားရတယ်။

**စိတ်မောစရာကြီး**

ဒေသခံတွေကို အုပ်ချုပ်ရတာ စိတ်မောစရာကြီးပါ ဦးရယ်။ အချိန်မလေးစား၊ အလုပ်မလေးစားသူတွေကလည်း အများကြီး။ သူတို့ကို နည်းမျိုးစုံနဲ့စည်းရုံးရပါတယ်။ ဘာသာရေးတရားတွေလည်း အတော်ဟောရတယ်။ ဘာသာရေးတရားတွေလည်း တော်တော်ဟောရတယ်။ ကျွန်တော် အလုပ်ဝင်ခါစ (၆) လ၊ (၇) လလောက်မှာ အတော်အခက်အခဲတွေနဲ့ ကြုံရတယ်။

'ဒီအင်ဂျင်နီယာ၊ လူတွေကို နွားလို ခိုင်းတယ်။ မတရားခိုင်းတယ်။ ရန်ကုန်များ မှတ်နေလား' စတဲ့ မကျေမနပ်ပြောတဲ့စကားတွေကို နားမဆံ့အောင်ကြားနေရတယ်။


အဲဒီအထဲမှာ အင်ဂျင်နီယာပညာသဘောအရလိုအပ်ချက်တွေ၊ အားနည်းချက်တွေကို စစ်ဆေးတွေ့ရှိရတော့ အမှန်အတိုင်းပြောရရင် ကျွန်တော် စိုးရိမ်ကြောက်ရွံ့မိတယ်။ ဆရာတော်ကြီးနဲ့



သံချည်သံကွေး



အင်ဂျင်နီယာ ဦးဝင်းသိန်းနှင့် ဇနီး



သံချည်သံကွေး



www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်း တရင်းတနှီးဖြစ်လာတော့ ကျွန်တော့်စိုးရိမ်ကြောက်ရွံ့မှုတွေ ကြက်ပျောက်ငှက်ပျောက် အားလုံး ပျောက်သွားတယ်။ ဆရာတော်ကြီးရဲ့ သီလ၊ သမာဓိ၊ မေတ္တာ၊ သိဒ္ဓိ၊ မဟိဒ္ဓိတွေကို ကျွန်တော်သိလာပြီး ဆရာတော်ကြီးကို လုံးဝ ယုံကြည်သွားခဲ့တယ်။ ဆရာတော်ကြီးက 'ဟေ့-အင်ဂျင်နီယာ၊ အဲဒါ လုပ်ဆိုရင် ကျွန်တော် လုပ်တယ်။ မလုပ်နဲ့ကွ' ဆိုရင် ကျွန်တော် မလုပ်တော့ဘူး။

ဆရာတော်ကြီးကလည်း ကျွန်တော့်ကိုရော ကျွန်တော့်ဇနီးကိုပါ တော်တော်စောင့်ရှောက်ခဲ့ပါတယ်။ လုပ်ငန်းအတွက်လိုအပ်တဲ့ လုပ်ငန်းသုံးကိရိယာတွေဆိုရင် ဝယ်ပေးတယ်။ ရုပ်တော်မှူကြီးက တဖြည်းဖြည်းမြင့်လာတော့ ချိန်သီးနဲ့ချိန်လို့မရတော့ဘူး။ အထက်လေက တအားတိုက်တော့ ချိန်သီးနဲ့ချိန်လို့ အဆင်မပြေတော့ဘူး။ ဒါကြောင့် ဆရာတော်ကြီးက သီဟိုလိုက် ဝယ်ပေးပါတယ်။ တိုင်တွေကို တစ်ကပ်ချင်း သီဟိုလိုက်နဲ့ပတ်ရပါတယ်။ အစွန်အဖျားကျတဲ့နေရာတွေမှာ သီဟိုလိုက်နဲ့ အပေါ်မှာချိန်လို့မရတော့ဘူး။ အဲဒါကြောင့် အောက်မှာ CENTRE POINT တွေပေးပြီး တိုင်တွေကို မတ်အောင်ချိန်ရတယ်။ စကားပြောစက်သုံးပြီး နတ်တွေကို ဘယ်၊ ညာရစ်ဖို့ ညွှန်ကြားရပါတယ်။

**ကျွန်တော့်ရဲ့စွန့်စားခန်းတစ်ခု**

ရုပ်တော်မှူကြီး (၁၄) ထပ်ရောက်တဲ့အခါမှာ ဆရာတော်ကြီးက 'H BEAN သံပေါင်ကြီးတွေတင်တဲ့ ဝင့် (WINCH) နဲ့ ငါ့ကို အပေါ်ပင့်ပေး' လို့ မိန့်ပါတယ်။ အဲဒီလိုမိန့်တဲ့အခါမှာ ကျွန်တော် တော်တော်လေး တုန်လှုပ်သွားမိပါတယ်။ ဝင့်ရဲ့သဘောက ကရိန်းများလို မငြိမ်ဘူး။ ထိပ်က မူလီက အရှင်။ သံပေါင်ကြီးတွေတင်တဲ့အခါမှ သံပေါင်ကြီးတွေဟာ ပတ်ချာလည်ပြီး အပေါ်ကို တဖြည်းဖြည်း တက်သွားတယ်။ အပေါ်မှာ အထက်လေက တဟူးဟူးတိုက်နေတာ။ အဲဒီဝင့်ကြိုးတစ်ချောင်းတည်းနဲ့ ဆရာတော်ကြီးကို ဘယ်လိုလုပ်ပြီး အပေါ်ပင့်ရပါ့မလဲ။ ကျွန်တော် အမျိုးမျိုးဉာဏ်ထုတ်ရတယ်။

ဒီကိစ္စဟာ ကျွန်တော်ကလွဲပြီး ဘယ်သူ့ကိုမှ တာဝန်ပေးလို့မရတဲ့ ကိစ္စပါ။ ကျွန်တော်ကိုယ်တိုင် လုပ်ရမှာပါ။ တစ်ခုခုအမှားအယွင်းများ ဖြစ်သွားခဲ့ရင် ကျွန်တော့်ဘဝပျက်ပြီ။ ဆရာတော်ကြီးရဲ့ဆန္ဒဖြည့်ဖို့ ကျွန်တော်ဟာ တစ်ပတ်တိတိ လေ့ကျင့်ရပါတယ်။ ဂါထာတွေ၊ မန္တန်တွေရွတ်၊ ပုတီးတွေလည်း စိပ်ပေါ့ ဦးရာ။

**သံပုံးကြီးနဲ့အစမ်းလေ့ကျင့်**

ကျွန်တော်လည်း သံဖရိန်တွေကို ဂဟေဆက်ပြီး သံပုံးကြီးတစ်ခုလုပ်လိုက်တယ်။ ဘေးပတ်ပတ်လည်မှာ အထပ်သားကာပြီး ဝင်ပေါက်၊ ထွက်ပေါက် တံခါးတစ်ခုလုပ်တယ်။ အဲဒီ သံပုံးကြီးကို ဝင့်နဲ့ တဖြည်းဖြည်းအပေါ်တင်မယ်၊ ဆရာတော်ကြီးကို အဲဒီ သံပုံးကြီးထဲမှာ သီတင်းသုံးဖို့လျှောက်ပြီး (၁၄) ထပ်ကို ပင့်မယ်ပေါ့။ အဲဒါက ကျွန်တော့်စိတ်ကူး။

ဆရာတော်ကြီးကို အဲဒီ သံပုံးကြီးနဲ့မပင့်ခင် စမ်းသပ်တဲ့အနေနဲ့ အလုပ်သမား (၅) ယောက်ကို ပုံးထဲဝင်ခိုင်းပြီး ဝင့်နဲ့ အပေါ်ကို တဖြည်းဖြည်းဆွဲတင်တယ်။ ပုံးကြီးအပေါ်ရောက်လို့ တံခါးလည်းဖွင့်ရော အလုပ်သမား(၅)ယောက်ဟာ မသောက်ဘဲ မူးပြီးထွက်လာကြပါရော ဦးရာ။

ဒီတိုင်းဆိုရင်တော့ မဖြစ်ချေဘူး။ ဒီပုံးကြီးချာလည်မယမ်းရအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုပြီး ဉာဏ်ထုတ်ရပြန်ရော။ ဒါနဲ့ ပုံးကြီးကို ဝင့်နဲ့ဆွဲတဲ့အခါမှာ မယမ်းဘဲငြိမ်အောင် အောက်ကနေပြီး ကြိုးတစ်ချောင်းနဲ့ထိန်းကြည့်တယ်။ ပုံးကြီးက ယမ်းတုန်းပဲ။ ဒါနဲ့ ဟိုဘက်၊ ဒီဘက် ထောင့် (၂) ထောင့်မှာ ကြိုးနဲ့ဆိုင်းပြီး ပလ္လင်ပေါ်ကထိန်းကြည့်တယ်၊ ပုံးကြီးကယမ်းပြီးတက်သေးတယ်။ ဟိုဘက်၊ ဒီဘက် (၂)ယောက်ထိန်းတော့ ဟန်ချက်က မညီပြန်ဘူး။ အဲဒါကြောင့် ထောင့် (၂) ထောင့်က သံချောင်းနဲ့ကြိုးတစ်ချောင်းသုံးပြီး ပလ္လင်ပေါ်က ထိန်းကြည့်တယ်။ အဲဒီနည်းက မဆိုးဘူး။ အသားကျသွားအောင် တစ်ပတ်လောက် လေ့ကျင့်လိုက်တယ်။

**အေး၊ နက်ဖြန်တက်မယ်**

လေ့ကျင့်မှု အဆင်ပြေ၊ စိတ်ချရလောက်ပြီဆိုတော့မှ ဆရာတော်ကြီးကို ကျွန်တော်သွားလျှောက်တယ်။ အဲဒီအခါမှာ ဆရာတော်ကြီးက 'အေး၊ နက်ဖြန်တက်မယ်' လို့ မိန့်လိုက်ပါတယ်။

**ကြိုတင်ပြင်ဆင် အောင်ပွဲဝင်**

ဆရာတော်ကြီးက နက်ဖြန်တက်မယ်လို့လည်း မိန့်လိုက်ရော မနက်ဖြန်အတွက် ကြိုတင်ပြင်ဆင်မှုတွေ ကျွန်တော်လုပ်ရတော့တာပါပဲ။ အဓိကအချက်ကတော့ ဝင့်ကိုမောင်းနေတုန်း မီးပျက်သွားခဲ့ရင် ချက်ချင်း မီးစက်မောင်းဖို့၊ ဘရိတ် တစ်ခုခုဖြစ်သွားခဲ့ရင် အဆေးပေါ် ဆောင်ရွက်ဖို့ စတဲ့ အန္တရာယ်မဖြစ်အောင် ကြိုတင်ကာကွယ်တဲ့ အစီအစဉ်တွေပါပဲ။

ဘရိတ်တုံးရဲ့နောက်မှာ ငါးမူးသံချောင်းတစ်ချောင်းကိုင်ထားတဲ့ လူတစ်ယောက် အဆင်သင့် စောင့်ခိုင်းထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘရိတ်တုံးက သံလိုက်နဲ့ကွာမှ ဘရိတ်မိပါတယ်၊ သံလိုက်နဲ့မကွာရင် ဘရိတ်မမိပါဘူး။ ဒါကြောင့် သံလိုက်နဲ့ဘရိတ်တုံးမကွာခဲ့ရင် အသင့်စောင့်နေတဲ့လူက သံချောင်းနဲ့ ဘရိတ်တုံးကို ကန့်လန့်ပြီး ခွာလိုက်ရမှာဖြစ်ပါတယ်။

ကျွန်တော် အဲဒီနေ့က ရင်တထိတ်ထိတ်ပါပဲ။ ဝင့်ကို ကျွန်တော်ကိုယ်တိုင်မောင်းပါတယ်။ ဝင့်မောင်းနေစဉ်မှာလည်း ဂါထာ မန္တန်တွေ မပြတ်ရွတ်နေမိတယ်။ တကယ့်ကိုထူးခြားတဲ့နေ့နဲ့ ထူးခြားတဲ့ဖြစ်ရပ်ပါပဲ။ အဲဒီနေ့က လေလုံးဝမတိုက်ပါဘူး၊ လေငြိမ်နေပါတယ်။ ဝင့်ကြိုးမှာ ချိတ်ဆွဲထားတဲ့ ပုံးကြီးဟာလည်း ဘယ်၊ ညာ ယမ်းခြင်းမရှိဘဲ ငြိမ်ငြိမ်လေးနဲ့ တန်းတန်းမတ်မတ်တက်နေပါတယ်။ကျွန်တော်လည်း စက်ကိုမောင်းရင်း ရင်တမမနဲ့ဖြစ်နေမိတယ်။ နောက်ဆုံး ရုပ်တော်မှူကြီးရဲ့ (၁၄) ထပ်ကို ရောက်သွားတော့မှ ကျွန်တော် သက်ပြင်းချနိုင်ခဲ့ပါတယ်။ အောက်ကိုပြန်ဆင်းတော့လည်း ပုံးကြီးဟာ ငြိမ်ငြိမ်လေးနဲ့ ပြန်ရောက်ခဲ့ပါတယ်။ ဆရာတော်ကြီးဟာလည်း မောပန်းနွမ်းနယ်ခြင်းမရှိ ရွှင်ရွှင်လန်းလန်းနဲ့ ပုံးကြီးထဲက ထွက်လာခဲ့ပါတယ်။

အဲဒီဖြစ်ရပ်ကို အခု ပြန်တွေးရင် ခုထိ ရင်ထဲမှာ လေးမိပါသေးတယ်။ ဘာမှမဖြစ်ခဲ့လို့သာပေါ့။ အဲဒီတုန်းက တစ်ခုခုသာဖြစ်ခဲ့ရင် ဆိုပြီး နောက်ကြောင်းပြန် သောကတွေ ပေါ်နေမိပါတယ်။

ဆရာတော်ကြီးရဲ့ဘုန်းတန်ခိုးကို ကျွန်တော် ပိုပြီး ယုံကြည်လေးစားကာ အကြည်ညိုတွေ ပွားနေမိပါတယ်။

(ဆက်ရန်)

သုတေသယ



www.burmeseclassic.com

www.burmeseclassic.com


# ကလေးနယ်က


## ကလေး-ဝင်းသူ

# ရှေးဟောင်းရာဇဂြိုဟ်သို့

ပေါက်ကံ့ဘုရင် အလောင်းစည်သူ မင်းကြီးသည် ရွှေနှလုံးမြတ်နိုးတော်မူလှ၍ -

'ရှေးရာဇဂြိုဟ်မြို့နှင့် တူအောင် ငါအမည်ပေးတော်မူမည်။ ရာဇဂြိုဟ် အနောက်ဘက်က တောင်ညိုငါးလုံးကို ဝေဘူသ၊ ဝေဘာရ၊ ပဏ္ဍဝ၊ ဂိဇ္ဈကုဋ္ဌ၊ ဣသိဂိလိဟု အမည်တွင်စေ။





ရာဇဂြိုဟ် ရှာလယ်ဘုန်းတော်ကြီးကျောင်း အနီးဓာတ်ပေါင်းစုစေတီဘုရားဝင်းအတွင်းမှ တံခွန်၊ ကုက္ကား မရှိတော့သော မြင့်မားလှသည့် တံခွန်တိုင်



မြို့သမိုင်းဆိုင်ရာအချက်အလက်များကို ကူညီပြသ ပြောပြပေးခဲ့သော ဆရာဦးကျော်ဖေ (ခုလွှတရပာန်း)



ရှေးဟောင်းရာဇဂြိုဟ်မြို့အဝင်ဆိုင်းဘုတ်




www.burmeseclassic.com

www.burmeseclassic.com


အနောက်မျက်နှာ သီရိပဗ္ဗတတောင်ပေါ်က စီးဆင်းလာခဲ့သော နန်းကရည်ချောင်းကိုလည်း နေရဉ္စယာဟု တွင်စေ။ တောင်အရပ်က စီးဆင်းလာသော ယောနယ်က မောရိယမြစ်ကိုလည်း မြစ်သာမြစ် တွင်စေ။

ရာဇဂြိုဟ်အနီးက တောင်တန်းတွေကိုလည်း မြွေတောင်၊ ဖားတောင်၊ ရွှေတောင်၊ ဇာသာမိကမင်းကြီး ပြောင်းရွှေ့လာခဲ့စဉ်က ပင့်ဆောင်ခဲ့သော ရဟန္တာအရှင်မြင်ကြီးများ သီတင်းသုံးစဉ်က အမိန့်ရှိတော်မူခဲ့သည် ရေကန်ကို လက်ဆေးကန်၊ ဆွမ်းစားပလ္လင်၊ သက်န်းလှန်းကျောက်ဖျာဟု တွင်စေ။


နေရာဟောင်းမြို့ကိုလည်း ပြုစုလေ။ နယ်လည် အထက်နယ်သည် ကြီး



ကလေးမြို့နယ် ရာဇဂြိုဟ်မြို့ဟောင်းရှိ အင်းဝခေတ်လက်ရာ ရှေးဟောင်းစေတီတစ်ဆူအား ဖူးတွေ့ခဲ့ရစဉ်



ရာဇဂြိုဟ်မြို့ဟောင်း စေတီပျက်များအတွင်းက ရရှိခဲ့သော ကြေးလုပ်ဗုဒ္ဓပနာ



ရာဇဂြိုဟ်မြို့ဟောင်း စေတီပျက်များအတွင်းက ရရှိခဲ့သော နိမိတ်ကြီးလေးပါးဗုဒ္ဓပနာများ


ငါထပ်၍ ပေးတော်မူမည်။ အရှေ့ကို သလ္လာဝတီချင်းတွင်း ကောက်ကောက်စင်းစင်း ဖက်ခတ်ဝဲထိ၊ ဖက်ခတ်ဝဲမှ မဟူတောင်ကြီး၊ နှစ်ရောင်တန်းထိ၊ တောင်ကို ပခန်းယောမြေနှင့် ကျောက်ကိုင်း၊ ကင်ပွန်းချိုတောင်ကြီး ပတောက်သုံးမြွာထိ၊ ရေကွဲရေဝေး အနောက်တောင် ဖိုးခေါင်တောင်တို့ထိ၊ အနောက်အရပ်ကို အရိုင်းနေရာ၊ ရိုးမကောက်ကောက်စင်းစင်း ကသည်းတို့နေရာ မဏိပူနယ်မြေနှင့် ကျောက်ကိုင်း မြောက်အရပ် သောင်သွပ်နယ်ကုန် ရာဇဂြိုဟ်လမ်းမထိ ပိုင်ဆိုင်စေ။

အဆောင်အရွက်မှာ ဆင်ပေါက်ထီးပေါက်မ (၇)စီးစီ၊ ကျိုင်း (၂)၊ ရွှေထီး (၂) စင်း၊ စည် (၄)၊ နှဲခရာ (၄)၊ ကွမ်းလောင်း၊ ကွမ်းကျပ်၊ ကွမ်းခွက်၊ ရွှေထွေးအင်၊ အိမ်ဖြူ (၉) ဆောင်၊ ပြတင်းရွှေချမြို့စားစော်ဘွားတို့ ထုံးစံနှင့်ညီအောင် စီစဉ်ဆောင်ရွက်စေ'

အထက်ပါ အမိန့်တော်မြတ်ကား ကလေးရာဇဂြိုဟ်မြို့သစ် ထိမ်းငြင်းစော်ဘွားစောမောင်အား ပုဂံအလောင်းစည်သူမင်းကြီးက နယ်မြေသတ်မှတ်ပေးတော်မူခဲ့သော ရှေးဟောင်းရွှေပေလွှာမှတ်တမ်းမှ ကောက်နုတ်ချက်များ ဖြစ်သည်။

"ငါ ကလေးရာဇဂြိုဟ်သမိုင်း ပြုစုတော့ ပေစာ (၇) စောင်နဲ့ ညှိနှိုင်းပြုစုရေးသားရသကွ"

'ကာလေးမြို့သမိုင်း' ပြုစုသူ ကာလေး အရှင်ပဒုမက စာရေးသူကို မိန့်



မြို့သာက်၊ ရွာသက် နှစ်ပေါင်း (၂၃၃၁) နှစ်ရှိသော နရီတိုင်
(မြို့ချက်ကျောက်တိုင်)



www.burmeseclassic.com

www.burmeseclassic.com

ကြားခဲ့ဖူးပါသည်။

စာရေးသူမှာ တက္ကသိုလ်ဝင်တန်းကျောင်းသားဘဝက ဆရာတော်၏ ကျောင်းတွင်ခိုလှုံ၍ တစ်နှစ်တာကျောင်းတက်ခဲ့ဖူးပါသည်။ ဆရာတော်ကလည်း အင်းတင်သား၊ စာရေးသူကလည်း အင်းတင်သားမို့ ဆွေမျိုးမတော်သော်လည်း တစ်ရွာတည်းသားပေမို့ ပိုမိုရင်းနှီးချစ်ခင်ခဲ့ရပါသည်။

ဆရာတော်က အင်းတင်မြောက်ရွာသား၊ စာရေးသူက အင်းတင်တောင်ရွာသား ဖြစ်သည်။ ဆရာတော်၏ ကလေးမြို့ ဒီပင်္ကရာကျောင်းတွင် တစ်နှစ်တာ နေထိုင်စဉ်အတွင်း ဆရာတော်က သူရေးသားပြုစုသော စာအုပ်များကိုလည်း လက်ဆောင်ပေးပါသည်။ အိုးဝေဂျာနယ်၊ ဗုဒ္ဓမမ္မလောကစာစောင်ပါ ဆရာတော်၏ ဆောင်းပါးများကိုလည်း ပြသသဖြင့် ဖတ်ရဖူးပါသည်။

စာရေးသူ ကျောင်းဆရာ ဖြစ်လာသောအခါ ကလေးနယ်မှ ရဟန်းတော်စာဆို ကာလေး-အရှင်ပဒုမကလွဲ၍ လူသားစာရေးဆရာမရှိသေးပါ။ဖြစ်အောင်ကြိုးစားမည်ဟု အားခဲထားခဲ့၍ စာရေးသားခဲ့ရာ ကလေး-ဝင်းသူ ကလောင်အမည်ဖြင့် ရေးသားနိုင်ခဲ့ပါသည်။

ယခုစာရေးဆရာဖြစ်သောအခါ ကလေးနယ်က ရှေးဟောင်းရာဇဂြိုဟ်မြို့ကို ဖော်ထုတ် ရေးသားချင်စိတ် ဖြစ်ပေါ်လာပါသည်။ သို့အတွက် ကာလေးအရှင်ပဒုမ ရေးသားခဲ့သော 'ကာလေးမြို့သမိုင်း' ကို ရှာဖွေ ဖတ်ရှုရသည်။ ပိုမိုပြည့်စုံစေရန် ရာဇဂြိုဟ်ရွာသား ဆရာကျော်ဖေထံမှ ရရှိထားသော 'ရာဇဂြိုဟ်သမိုင်း' တို့ကိုလည်း ဖတ်ရှုရပြန်သည်။ ရှေးဟောင်း ရာဇဂြိုဟ်သမိုင်း နှစ်မျိုးလုံးမှာ အတူတူပင် ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရပါသည်။ ရာဇဂြိုဟ်ရွာသား ဆရာကြီး ဦးကျော်ဖေထံမှ ရာဇဂြိုဟ်သမိုင်းမှာ ရွှေကား အမည်ခံ စာရေးဆရာက ရာဇဂြိုဟ်ရွာက အသက် (၈၀) ကျော် အဘိုးကြီးကို မေးမြန်းမှတ်တမ်းတင် ပြုစုထားခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ကလေးနယ်ရှိ ရှေးဟောင်း ရာဇဂြိုဟ်မြို့သစ်သို့ လက်ဆောက်မူလတန်းပြဆရာဘဝက တစ်ကြိမ် (၁၉၇၀ ပြည့်နှစ်)၊ အလယ်တန်းပြဆရာဘဝက တစ်ကြိမ် (၂၀၀၁ ခုနှစ်)၊ အထက်တန်းပြဆရာဘဝက တစ်ကြိမ် (၂၀၀၆ ခုနှစ်) သုံးကြိမ်တိတိ ရောက်ရှိခဲ့လာဖူးခဲ့ပါသည်။

ပထမအကြိမ်ကမူ နတ်မြောင်းအ-မ-က ကျောင်းအုပ်ဆရာကြီး ဦးတင့်ဆွေ၏ ဦးဆောင်မှုဖြင့် ကျောင်းသူ၊ ကျောင်းသားများကို လေ့လာရေး ပို့ဆောင်ရင်း ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။ ထိုစဉ်က တည်းခိုသော ရာဇဂြိုဟ်မူလတန်းကျောင်းဆောင်သို့ ရွာထဲမှ မိန်းမကြီး၄ယ်အသွယ်သွယ်က လာရောက်၍ ရေနွေးကြမ်း၊ အမြည်းစုံလင်စွာဖြင့် လာပို့ ဧည့်ခံကြပါသည်။ ရွာရှိ ရွာလူကြီးတစ်ဦးက ရာဇဂြိုဟ်သမိုင်းကို ပြောပြပြီး လိုက်လံပြသပေးပါသည်။ ကျုံး၊ ဘုရားပျက်နှင့် အုတ်သုံးမျိုးစေတီတို့ကို ဖူးမြော်ခဲ့ရသည်။

ဒုတိယအကြိမ်တွင်မူ ကလေးမြို့


အုတ်သုံးမျိုးစေတီအနီးက ရှေးဟောင်းဘုရားငုတ်တိုများ



ရာဇဂြိုဟ်မြို့ဟောင်းက ယနေ့တိုင် တည်ရှိနေဆဲ ကျုံးဟောင်းတစ်နေရာ


ကားတက်မောင်း၍ရသော နေရဥ္စရာမြစ်၏ ရှေးဟောင်းရာဇဂြိုဟ်ရွာကလေးက ဝါးကြမ်းခင်းဝါးတံတား

www.burmeseclassic.com




ရာဇဂြိုဟ်ရွာကျုံးဘေး ဓာတ်ပုံပြိုင်ပွဲတွင် ရာဇဂြိုဟ်ကျေးရွာသူလေး မနီနီဝင်းက သရုပ်ဆောင်ပေးခဲ့ပါသည်



တောင်ငါးလုံးကာဒိုကာ နေရဉ္ဇရာမြစ်ရေ ရစ်ခွေစီးဆင်းနေသော ရှေးဟောင်းရာဇဂြိုဟ်ရွာလေး၏ရှုခင်းမှာ ရှုမငြီးစရာ



အတ်သုံးမျိုးစေတီအနီးက ရေစပ်စပ်သာရှိတော့သည့် ကြာကန်ကြီး



နေရဉ္ဇရာမြစ်ရေချိုး၍ အလှတိုးနေသော ရာဇဂြိုဟ်ရွာသူလေးကလည်း ရှုမငြီးစရာ

နယ်၏ မူလတန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပရာ ရာဇဂြိုဟ်တွဲဖက် အ-ထ-ကသို့ သုံးရက်တာ ညအိပ်ရောက် ရှိခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ကင်မရာလည်းပါသွား၍ ရာဇဂြိုဟ်ရှိ ရှေးဟောင်းစေတီ၊ ကျုံးတို့ကို ဓာတ်ပုံရိုက်ယူနိုင်ခဲ့၏။ စာရေးသူကိုမူ ဒုလ္လဘ ရဟန်းဝတ်နေသော ဆရာ ဦးကျော်ဖေနှင့် ရွာခံတစ်ဦးက လိုက်ပို့ ရှင်းပြခဲ့ကြပါသည်။

တတိယအကြိမ်တွင်ကား ကလေးမြို့ ဘုရင်မဓာတ်ပုံတိုက်ပိုင်ရှင် ကိုလှမောင် (ဦးလောဆိုက်) က ဓာတ်ပုံပြိုင်ပွဲ ရာဇဂြိုဟ်မှာ ပြုလုပ်မည်ဟု ခေါ်သဖြင့် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ရာဇဂြိုဟ်ရွာသို့ ကလေးမြို့ ဓာတ်ပုံအသင်းဝင်များ မှန်လုံကားတစ်စီးငှား၍ သွားရောက်ခဲ့ကြခြင်း ဖြစ်သည်။

ရာဇဂြိုဟ်ကျုံးနေရာ၊ ဘုရားစေတီပျက်များ နောက်ခံထား၍ လည်းကောင်း၊ နေရဉ္ဇရာမြစ်ရှုခင်းသာတွင် ရေအိုးရွက်၍ လည်းကောင်း ဘွဲ့ရ ရာဇာဂြိုဟ်ရွာသူ မော်ဒယ်လ်လေးဖြင့် ဓာတ်ပုံရိုက်ကူး ပြိုင်ပွဲဝင်ကြပါသည်။ စာရေးသူကတော့ စာရေးဆရာသတင်းသမားမို့ သတင်းမှတ်တမ်းတင်ရုံသာ ဖြစ်သည်။

ညနေစောင်းတွင် နေရဉ္ဇရာမြစ်ထဲ၌ ရေအိုးရွက်၊ ရေခပ်နေသော မော်ဒယ်လ်လေး (မနီနီဝင်း) အား ဓာတ်ပုံရိုက်နေကြရာ နေရဉ္ဇရာမြစ်ရေကြည်ကြည်သည် ကျောက်တုံးငယ်လေးများကြားမှ တသွင်သွင်စီးဆင်းနေလေသည်။ ထိုနေရဉ္ဇရာမြစ်ရေကား အနောက်ဘက် ချင်းတောင်တန်းကြီးပေါ်က စီးဆင်းလာသော ချောင်းရေအလျဉ် ဖြစ်သည်။ သည်ချောင်းကို ရှေးက နန်းကရည်ချောင်းဟု အမည်တွင်ခဲ့သည်။

အလောင်းစည်သူမင်းကြီး ဖောင်တော်ဖြင့် မြစ်သာမြစ်အတိုင်း ဆန်တက်လာရာမှ ရာဇဂြိုဟ်စော်ဘွား စောမောင်အား နောက်ကြောင်းရာဇဝင်ကို မေးမြန်း စုံစမ်းရာမှ အိန္ဒိယပြည် ရာဇဂြိုဟ်မြို့ကြီးမှ ပြောင်းရွှေ့လာသူများဖြစ်၍ ငါအမည်ပေးတော်မူမည်ဆိုကာ နန်းကရည်ချောင်းကို နေရဉ္ဇရာမြစ်ဟုတွင်စေဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

နေရဉ္ဇရာမြစ်ရေကား တောတောင်များကို ဖြတ်သန်းစီးဆင်းလာခဲ့သဖြင့် ကြည်လည်းကြည်သည်၊ အေးလည်း အေးသည်။ နေရဉ္ဇရာမြစ်သည် ရာဇဂြိုဟ်ရွာကလေးကို ရစ်ခွေ၍ စီးဆင်းနေလေသည်။ ကျွန်တော်တို့မှာကား ရွာဦးရှိ နေရဉ္ဇရာမြစ်ထဲတွင် ခြေထောက်ရေအေးခံကာ ဓာတ်ပုံရိုက်နေကြခြင်း ဖြစ်သည်။ ပြီးလျှင် ရွာထဲသို့ဝင်ကာ ရှေးဟောင်းစေတီနှင့် ကျုံး၊ မြောင်းတို့ကို လှည့်ပတ် ကြည့်ရှုကြလေသည်။

ရွာလယ်တစ်နေရာအရောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဦးပဥ္စင်း၊ကိုရင်ငယ်များသည် ရွှေဟောင်းစေတီကြီးတစ်ဆူကို ချုံနွယ်များခုတ်ထွင် ရှင်းလင်းနေကြသည်ကို တွေ့ရသည်။ မေးမြန်းကြည့်ရာ အင်း၀ခေတ်လက်ရာ 'အမတ်ကြီးစေတီ' ဟု သိရသည်။ အမတ်ကြီးစေတီရှိ ရွှေဟောင်းလက်ရာအုတ်ချပ်ကြီးများကား ကြီးမှကြီး။ အရှည် (၂) ပေအရွယ် ရှိလေသည်။ ထိုစေတီအုတ်ချပ်များကို ကိုရင်တစ်ပါးက တံမြက်စည်းဖြင့် ရှင်းလင်းသန့်ရှင်းနေရာ ဖုန်တထောင်းထောင်းထ၍နေလေသည်။

ထိုအမတ်ကြီးစေတီကို ရှင်းလင်းရာမှ 'အင်း၀ခေတ်လက်ရာ နိမိတ်ကြီးလေးပါးဌာပနာများ'ကို ရရှိသဖြင့် ကြည့်ရှုဖူးမြော်ခဲ့ရသည်။ ထို့အပြင် အင်း၀ခေတ်လက်ရာ ကြေးလှည်းတစ်စီးကိုလည်း ဌာပနာတိုက်အတွင်းမှရရှိသဖြင့် တွေ့မြင်ကြည်နူးခဲ့ရပါသေးသည်။

ကျွန်တော်တို့အဖွဲ့အား ရ-ယ-က အဖွဲ့၀င်တစ်ဦးက လာရောက်ခေါ်ယူပြီး အုတ်သုံးမျိုးစေတီကို ပြသသည်။ အုတ်သုံးမျိုးစေတီမှာ ရွာ၏တောင်ဘက်ကုန်းမြင့်ပေါ်တွင် တည်ရှိပါသည်။ အုတ်သုံးမျိုးစေတီမှာ အာရုံခံတန်ဆောင်းနှင့် သပ္ပာယ်စွာ တည်ရှိနေသည်။ လေတိုက်တိုင်း ခေါင်းလောင်းသံတို့က တချွင်ချွင်မြည်ဟည်းနေပါသည်။ အုတ်သုံးမျိုးစေတီမှာ ရွှေသင်္ကန်းကပ်လှူထားသဖြင့် နေရောင်တွင် ရွှေရောင်တောက်နေပါသည်၊ နောက်ခံ တိမ်ဖြူဖြူဖွေးဖွေးတို့က အရွှေ့ရွှေ့ ရွှေ့လျားနေရာ ဖူးမြော်ချင်စရာကောင်းလှပါဘိ။ သပ္ပာယ်လှပါဘိ။

ထိုအုတ်သုံးမျိုးစေတီတော်ကား ရာဇဂြိုဟ်မြို့ဟု အမည်မတွင်မီ အိန္ဒိယပြည်မှ ပြောင်းရွှေ့လာခဲ့ကြသော အဖသတ် အဇာတသတ်မင်းဆက် (၅) ဆက်အနွယ်၀င် သန္တပါလမင်း တည်ထားခဲ့သောစေတီ ဖြစ်သည်။ မြို့အမည်မှာ နွယ်ပတ်မြို့ ဖြစ်သည်။ ထိုနွယ်ပတ်မြို့၏ အရှေ့ထောင့် ယခုနေရာတွင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့နှင့်အတူ အုတ်နီ၊ အုတ်ဖြူ၊ အုတ်၀ါ သုံးမျိုးမှာလုပ်ကာ မြေထဲအတောင်လေးဆယ်အနက်တူး၍ နဝရတ်ကိုးပါးဖြင့် ဆန်းကြယ်စွာ စီရင်ထားသော ရတနာကြုတ်အတွင်း ဓာတ်တော်၊ မွေတော်များကိုထည့်သွင်းကာ ရွှေပန်းဆိုင်း၊ ငွေပန်းဆိုင်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် ရတနာ နဂါးစက်တို့ဖြင့် ကြဲမြှောက် ပူဇော်ဌာပနာသွင်းခဲ့သောစေတီ ဖြစ်သည်။

စေတီတော်အား မပျက်စီးနိုင်စေရန်လည်း အမိဋ္ဌာန်သစ္စာပြုကာ သံစက်၊ နဂါးစက်တို့ဖြင့် ခဲရာခဲဆစ် စီမံပြီး အပေါ်က သံတောင် (၅) တောင် ခန့်ရှိပြီး ကျောက်စေတီဖြင့် ဖုံးအုပ်ထားတော်မူလေသည်။ စေတီစတည်စဉ်က ဉာဏ်တော် (၅) တောင်ခန့်သာရှိသည်။ ထိုစေတီကို နောင်လာနောက်သားတို့က ထပ်မံငုံ၍ အုတ်ဖြင့်တည်ထားတော်မူခြင်း ဖြစ်သည်။ ယခုအခါမူ စေတီတော်မှာ ဉာဏ်တော် (၁၈) တောင်မျှ အမြင့်ဆောင်၍နေပါလေသည်။

စတည်စဉ်က အုတ်သုံးမျိုးနှင့် တည်ထားခဲ့သောကြောင့် ယနေ့တိုင် အုတ်သုံးမျိုးစေတီဟု ခေါ်တွင်နေကြဆဲဖြစ်သည်။ အုတ်ဖုတ်သော မြေသယ်ယူသည့် မြေကျင်းကြီးကိုလည်း ရေသွင်း၍ ကြာမျိုးငါးပါးဖြင့် တင့်တယ်စွာ စီမံထားရာ ကြာကန်ကြီးဟု အမည်တွင်လျက်ရှိသည်။ ယခုအခါမူ ထိုကြာကန်ကြီးမှာ တိမ်ကောစပြုနေပြီး ရေစပ်စပ်သာရှိတော့သည်။ ကြာပင်သုံး၊ လေးပင်သာရှိတော့သည်။ ကြာကန်ကြီးကား ပေါင်းမြက်ထူကဲနေသော ကျင်းကြီးပမာ ဖြစ်နေလေပြီတည်း။

ကျွန်တော်တို့သည် ထိုကြာကန်ကျင်းကြီးကိုဖြတ်၍ လှည့်ပတ်ကြည့်မိကြရာ ချုံနွယ်ပိတ်ပေါင်း လွှမ်းခြုံနေသော ရှေးဟောင်းဘုရားငုတ်တိုအဆူဆူတို့ကို တွေ့မြင် ဖူးမြော်ကြရသည်။ အချို့စေတီပျက်တို့မှာ ပေါင်းရှင်းထားသဖြင့် အုတ်ပုံနီနီရဲရဲဘုရားငုတ်တိုများကို ဖူးမြင်ကြရသည်။

ထိုစေတီငုတ်တိုများ၏ အနောက်ဘက်တွင်ကား ရေစပ်စပ်သာရှိတော့သည်။ ကျုံးဟောင်းကြီးကို တွေ့ရသည်။ ထိုကျုံးကြီးမှာ ရာဇဂြိုဟ်ရွာကို ပတ်၍ တည်ရှိနေသည်။ ရှေးက နေရဥ္စရာမြစ်မှ ရေကိုသွယ်ယူ၍ မြို့တွင်းသို့ ရေသွင်းထားသော ရေကျုံးဟု သိရသည်။ ရာဇဂြိုဟ်မြို့ကို ရေကျုံး၊ မြေကျုံး၊ အုတ်ကျုံးများဖြင့် ကျုံးသုံးတန် ပတ်လည်ဝိုင်း၍ တည်ဆောက်ထားရာ ရွာအ၀င်၌ မြေကျုံးကြီးကို ယနေ့တိုင် မြင်တွေ့နိုင်သေးပါသည်။ ရွာအ၀င် ထိုမြေကျုံးကြီးပေါ်၌ ရာဇဂြိုဟ် အမည်ဖြင့် ရေးထိုးထားပါသည်။ ကားလမ်းအ၀င်တွင် တည်ရှိပါသည်။ ထိုမြေကျုံးကြီးကို ရာဇဂြိုဟ်သို့ ဒုတိယခေါက်ရောက်ရှိစဉ်က ရာဇဂြိုဟ်ရွာသား ဆရာဦးကျော်ဖေ (ဒုလ္လဘာရဟန်း) က လိုက်ပြခဲ့ဖူးပါသည်။

"ကဲ - ရေကျုံးတွေ၊ ဘုရားငုတ်တိုတွေ၊ ကြာကန်တွေ ကြည့်ပြီးရင် ပြစရာရှိသေးတယ်။ လိုက်ခဲ့ကြပါ"

ဟု ရ-ယ-က အဖွဲ့၀င်တစ်ဦးက လမ်းပြလုပ်၍ ရွာသို့ ပြန်ခဲ့ကြပါသည်။ ရွာလယ်ကောင်အရောက်တွင်ကား ကျေးရွာရုံး၀င်းအတွင်း ထုံးသုတ်ထားသော (၂×၁) ခြံများအတွင်းရှိ နရီတိုင်ဖြူဖြူကြီးကို တွေ့ရသည်။ မြို့ချက်ကျောက်တိုင်ဟု အမည်ရေးထိုးထားသည်။ နွယ်ပတ်မြို့ခေါ် ရာဇဂြိုဟ်မြို့သစ်မြို့ကို သာသနာနှစ် ၁၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်သည်' ဟု ရေးထိုးထားလေသည်။

နွယ်ပတ်မြို့ခေါ် ရာဇဂြိုဟ်မြို့သစ်ကို သာသနာနှစ် ၁၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၅ ရက်၊ စနေနေ့၌ ဇာလာမိကမင်းကြီးက တည်ထောင်ခဲ့လေသည်။ စူဋ္ဌသမ္ဘ၀မင်းကြီးလက်ထက်ဖြစ်၏။

'သာသနာတစ်ရာစစ်၊ နွယ်ပတ်တည်တဲ့နှစ်' ဟု ထင်ရှားအမှတ်အသားပြုခဲ့ကြသည်။ ထိုစဉ်က နွယ်ပတ်မြို့အတိုင်းအတာမှာ အရှေ့-အနောက် (၄၄၂) တာ၊ တောင်-မြောက် (၁၀၁၅) တာ၊ အ၀န်း (၂၉၁၄) တာ၊ မြို့ရိပ် (၁၀) တောင်၊ မြို့ထုမြေခင်း (၂) တာ၊ မြို့ထိပ် (၁၀) တောင်၊ မြို့ရိုးနှင့်ကျုံးပတ်လျက် ကျုံး၀ (၅) တာ၊ ကျုံးအောက်အနက် (၇) တောင်၊ အရှေ့မျက်နှာ အရှေ့မြောက်ထောင့်စွန်းကစ၍ ကြိမ်ခံတံခါးထိ(၂၅၂) တာ၊ ကြိမ်ခံတံခါး၀ (၂) တာ၊ ကြိမ်ခံတံခါးမှ စည်ပေါက်တံခါးထိ (၂၅၂)တာ၊ စည်ပေါက်တံခါး၀ (၂) တာ၊ စည်ပေါက်တံခါးမှ ကြိမ်၀တံခါးထိ (၂၅၂) တာ၊ ကြိမ်၀တံခါး၀ (၂) တာ၊ ကြိမ်၀တံခါးက အရှေ့တောင်ထောင့်စွန်းအထိ (၂၅၂) တာ ရှိသည်။

တောင်မျက်နှာ၌ အရှေ့တောင်ထောင့်စွန်းမှစ၍ မလုံတံခါးထိ (၁၀၉) တာ၊ မလုံတံခါး၀ (၂) တာ၊ မလုံတံခါးမှ ကြိမ်ဆောင်တံခါးအထိ (၁၀၉) တာ၊ ကြိမ်ဆောင်တံခါး၀ (၂) တာ၊ ကြိမ်ဆောင်တံတားမှ ကြိမ်တံတံခါးအထိ (၁၀၉) တာ၊ ကြိမ်တံခါး၀ (၂) တာ၊ ကြိမ်တံခါးက အနောက်တောင်ထောင့်စွန်းအထိ (၁၀၉) တာ ဖြစ်သည်။

အနောက်မျက်နှာ၌ ပုံတံခါး၊ ဟဲခင်တံခါး၊ ကြိမ်ခင်တံခါးဟူ၍ တံခါး (၃) ပေါက်ရှိသည်။ မြောက်မျက်နှာ၌ ကြိမ်ခိုင်တံခါး၊ ကြိမ်ခုတံခါး၊ ဟဲခိုင်တံခါးဟူ၍ တံခါး (၃) ပေါက်ရှိသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့၌လည်း အလားတူ တံခါး (၃) ပေါက်စီ ဖောက်လုပ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နွယ်ပတ်မြို့ကို ကျုံးသုံးတန်ကာရန်ထားသော်လည်း အုတ်မြို့ရိုးများ မဟုတ်ဘဲ မြေရောကျောက်ပါသည့် မြေကျောက်အုတ်တို့ဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ကျုံးသုံးတန်ကို ဥတုသုံးပါးယှဉ်၍ ရေကန်သုံးဆင့်ခံကာ ရေမပြတ် သွင်းထားသည်။ ကျုံးရေကို အနောက်မျက်နှာရှိ သီရိပဗ္ဗတတောင်ပေါ်မှ စီးဆင်းလာသော နန်းကရည်ချောင်းမှရေကို သွယ်ယူထားခြင်း ဖြစ်သည်။

နွယ်ပတ်မြို့တွင် အရှေ့အရပ်၌ ရှမ်းတိုင်းရင်းသား၊ အနောက်အရပ်၌ ကစက်လူမျိုး၊ တောင်အရပ်၌ သက်လူမျိုး၊ မြောက်အရပ်၌ အင်ကြယ်လူမျိုးတို့ နေထိုင်ကြရသည်။


မြို့အလယ်ချက်မ၌ကား အင်ကြင်းပင်ကြီးကို နုတ်ပယ်၍ ထီးနန်းကနက် တည်ထောင်တော်မူသည်။ မြို့အမည်မှာ 'ဌာနငါးရပ်နွယ်ပတ်တည်ရှိသောကြောင့် နွယ်ပတ်မြို့' ဟု ခေါ်လေသည်။

ထိုနွယ်ပင်မြို့တည် ဇာလာမိကမင်းကြီး ကွယ်လွန်သော် သားတော် လန္တပါလမင်းသည် ၂၀၄ ခုနှစ်၌ နန်းတက်၏။ ထိုမင်းလက်ထက်တွင် မြတ်စွာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်တို့ ရရှိခဲ့ရာ အုတ်သုံးမျိုးစေတီခေါ် မဟာစေတီကြီးကို မြို့အရှေ့မျက်နှာ၌ တည်ထားခဲ့ခြင်း ဖြစ်သည်။ ထိုစေတီ၏ ဓာတ်တော်ပူဇော်ပွဲကို သီရိဓမ္မသောကမင်းကြီး၏ ဓာတ်တော်ပူဇော်ပွဲနှင့် တစ်ပြိုင်နက် တစ်ချိန်တည်း ပူဇော်သည်။ သာသနာတော် ၂၂၄ ခုနှစ်က ဖြစ်သည်။ ထို့ကြောင့် ယခုလက်ရှိ ရှေးဟောင်း ရာဇဂြိုဟ်က အုတ်သုံးမျိုးစေတီ၏ သက်တမ်းမှာ နှစ်ပေါင်း (၂၃၃၁) နှစ်ရှိနေပြီ ဖြစ်ပါသည်။

"ကဲ - ဆရာကြီးတို့၊ မြို့ချက်ကျောက်တိုင်ကို လေ့လာပြီးရင် ဘုန်းကြီးကျောင်းသွားကြဦးစို့"

ဟု ရ-ယ-ကအဖွဲ့ဝင်က နှိုးဆော်လိုက်သောအခါ ကျွန်တော်သည် နွယ်ပတ်မြို့ကြီးအကြောင်း စဉ်းစားနေရာမှ သတိပြန်ဝင်လာပါသည်။ ရာဇဂြိုဟ်ရွာ ဘုန်းကြီးကျောင်းမှာ ရွာဦးတွင် တစ်ကျောင်း၊ ရွာလယ်တွင် တစ်ကျောင်း နှစ်ကျောင်းရှိသည်။ ရွာဦးကျောင်းမှာ သာသနာရကျောင်းဖြစ်ပြီး ရွာလယ်ကျောင်းမှာ ရှေးကစ၍တည်ရှိနေခဲ့သောကျောင်းဟောင်း ဖြစ်သည်။

ရွာလယ်ကျောင်းသို့ သွားရောက်ခဲ့ကြရာ ရွာလယ်ကျောင်းကို အသစ်




စင်နက္ခတ် ၁၀ လုံး ၂-ပါဒ်

**နွယ်ပတ်မြို့ (ခေါ်)**
**ရှေးဟောင်းရာဇဂြိုဟ်မြို့ ဇာတာခွင်**
**(ကလေးမြို့သမိုင်းမှ)**

ပြုပြင် တည်ဆောက်လျက်ရှိသည်။ ကျောင်းထိုင်ဘုန်းကြီးမှာ သက်တော် (၈၀) ကျော်နေပြီ။ စကားနေးနေးသာ ပြောနိုင်တော့၏။ ဆရာတော်ကြီးအား ဦးချပြီး ကျောင်းရှေ့သို့ထွက်လာကြရာ အသစ်စေတီတစ်ဆူနှင့် တံခွန်တိုင် အရှည်ကြီးကို တွေ့ရသည်။ ထိုစေတီမှာ ဓာတ်ပေါင်းစုစေတီဟု အမည်ရသည်။ ဓာတ်ပေါင်းစုစေတီကို ၁၉၉၃ ခုနှစ် ရ-ဝ-တ ဥက္ကဋ္ဌ ဦးထွားဘို လက်ထက်တွင် တည်ထားခဲ့သည်ဟု သိရသည်။ ရှေးဟောင်းစေတီပျက် (၆) ဆူတို့ကို ဖြိုဖျက်ပြီး ရလာသော ဌာပနာများကို ထည့်သွင်း တည်ထားခဲ့သည်ဟု သိရသည်။

ထိုဌာပနာများမှာ (၄) လက်မခန့်ရှိ ရွှေသားအစစ် စေတီတစ်ဆူ၊ (၃) လက်မခန့်ရှိသော ရွှေသားအစစ် ရုပ်ပွားတော်တစ်ဆူ၊ ရွှေသားအစစ်ဗောဓိပင်တစ်ဆူ၊ ငွေသားဗောဓိပင်များ၊ ပဋ္ဌာန်းစာရေးထားသော ငွေပုရပိုက်၊ ငွေသားအစစ်သတ္တဌာနများ၊ ဓာတ်တော်ပုလင်း၊ အဓိဋ္ဌာန်ရေပုလင်းများ ပါဝင်သည်ဟု သိရသည်။

ထိုဓာတ်ပေါင်းစုစေတီအပြင် နန်းဦးမာရ်အောင်စေတီ၊ ရွှေဘုန်းပွင့်စေတီတို့လည်း ရှိသေးသည်ဟု သိရသည်။ ညနေစောင်းနေပြီဖြစ်၍ ထိုစေတီနှစ်ဆူကိုမူ သွားရောက် မဖူးနိုင်ခဲ့တော့ပေ။ ဓာတ်ပေါင်းစုစေတီအနီးရှိ တံခွန်တိုင်ကြီးကား ရှည်မှရှည်လျားလှ၏။ မြင့်မှမြင့်မားလှ၏။ တံခွန်တိုင်ထိပ်က ဟင်္သာရုပ်ကလေးမှာ ရွာအရှေ့ဘက်သို့ မျက်နှာမူနေလေသည်။ လေတွင် ပျံသန်းတော့မယောင်ရှိနေသည်။ ထိုတံခွန်တိုင်တွင်ကား တံခွန်၊ ကုက္ကားကို မတွေ့ခဲ့ရ။

တံခွန်၊ ကုက္ကားတို့ရှိပါမူကား လေတွင် တဝဲဝဲဖြင့် လွင့်ပျံနေမည်ကို မြင်ယောင်မိတော့သည်။

"ကဲ - နေလည်းစောင်းနေပြီ။ ပြန်ကြပါစို့ဗျာ"

ဟု ဆိုကာ ရ-ယ-ကရုံးသို့ ပြန်လာကြပြီး ရုံးရှေ့ရပ်ထားသောကားပေါ် တက်ကြသည်။ ရ-ယ-ကအဖွဲ့ဝင်များနှင့် ရပ်သူရွာသားများကို နှုတ်ဆက်ကြသည်။ နောင်နှစ်နောင်နှစ်တွေမှာလည်း လာခဲ့ကြပါဦးဟု ရွာသူရွာသားတို့က ဖိတ်ခေါ်ကြသည်။ ရေနွေးပွဲ၊ ထမင်းပွဲတို့ဖြင့် နေ့လယ်က ဧည့်ခံကြသည်ကို ကျေးဇူးတင်မိသည်။ ကျွန်တော်တို့တစ်ဖွဲ့လုံးကို ရ-ယ-ကရုံး အပေါ်ထပ်၌ နေ့လယ်စာဖြင့် ရွာက ထမင်းကျွေးခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် ညနေ (၄) နာရီကျော်ကျော်၌ ရှေးဟောင်း ရာဇဂြိုဟ်ရွာကလေးမှ ချင်းတောင်တန်းမှန်လုံကားဖြင့် ပျော်ပါးစွာထွက်ခွာခဲ့ကြသည်။ ရာဇဂြိုဟ်ရွာသူရွာသားတို့ကား လက်ပြ၍ကျန်ရစ်ကြသည်။ ရွာကထွက် နေရဥ္စရာမြစ်ဖြတ် ဝါးတံတားကြီးကို ဖြတ်ကျော်ကြရသည်။ ဝါးတံတားကို ကပ်ကြမ်းရက်၍ ကားကူးနိုင်အောင် တည်ဆောက်ထားခြင်း ဖြစ်သည်။

ထိုဝါးတံတားကလေး၏ အထက်နားတွင် ကျွန်တော်တို့ဓာတ်ပုံအဖွဲ့သည် ရာဇဂြိုဟ်ရွာသူကလေးအား မော်ဒယ်သရုပ်ဆောင်စေ၍ ဓာတ်ပုံပြိုင်ပွဲကျင်းပခဲ့ပြီးပါပြီ။ ထိုနေရဥ္စရာမြစ်ရေကြည်ကြည်ကား ရာဇဂြိုဟ်ရွာကလေးကို ရစ်ခွေစီးဆင်းလျက်ရှိပါသည်။

ထိုနေရဥ္စရာမြစ်အတွင်းမှ ကျောက်တုံးဖြူဖြူဖွေးဖွေးကလေးများ၊ ရေကြည်ကြည်ကလေးတို့ကား ရှေးဟောင်း ရာဇဂြိုဟ်မြို့ကလေးအဖြစ် ရပ်တည်နေပါကြောင်း သက်သေပြုလျက်ရှိပါသည်။ နေရဥ္စရာမြစ်ခေါ် နန်းကရည်ချောင်းရေကြည်ကား ရှေးကစ၍ ယနေ့ထက်တိုင် ရာဇဂြိုဟ်မြို့သူမြို့သား၊ လက်ရှိရွာသူရွာသားတို့၏ စားဝတ်နေရေးကို အကျိုးပြုလျက်ရှိပါသည်။ နေရဥ္စရာမြစ်မှ ရေသွယ်ကာ လယ်ယာစိုက်ပျိုးရေးကိုသာ အဓိက အားထားနေကြရသော ရာဇဂြိုဟ်ရွာသူရွာသားတို့မှာ မြေကြီးက ရွှေသီးနေကြပြီ ဖြစ်ပါသတည်း။ ရှေးဟောင်း ရာဇဂြိုဟ်ရွာကလေး ဖွံ့ဖြိုးပါစေဟု ဆုတောင်းလိုက်ရပါသည်။

ကလေး-ဝင်းသူ



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကျွန်တော်ခေါ်နေကျ နာမည်က 'အကြပ်ကြီး' ပါ။ ကျွန်တော်မှ မဟုတ်ပါဘူး၊ ကျွန်တော်တို့ မွေးမြူရေးခြံကလူတွေနဲ့ သူနဲ့ဆက်နွယ်ပတ်သက်မှုရှိတဲ့ ပတ်ဝန်းကျင်ကလူတွေ အားလုံးကလည်း သူ့ကို အကြပ်ကြီးလို့ပဲ ခေါ်ကြတယ်။

သူ့နာမည်အရင်းက ဦးကြည်မောင်တဲ့။ ဒီနာမည်ရင်းကလည်း သူ့ဇနီး တစ်ခါတလေ စိတ်လိုလက်ရ ရှိလို့ ခေါ်သံကြားမိတာကလွဲရင် များသောအားဖြင့်တော့ မှတ်ပုံတင်ထဲမှာနဲ့ ဝန်ထမ်းကတ်ထဲမှာပဲ အိပ်ပျော်နေရတာများတယ်။

ဟုတ်တယ်။ ကျွန်တော်တောင် သူနဲ့ရင်းနှီးလို့ တစ်နှစ်လောက်နေမှ သူ့နာမည်အရင်းကို သိရတာကိုး။ သိရပေမယ့်လည်း ဦးကြည်မောင်လို့ ဘယ်လိုမှ ပြောင်းခေါ်လို့မရတော့ဘူး။ အကြပ်ကြီးလို့ ခေါ်တာပဲ နှုတ်ကျိုးနေပြီကိုး။

ကျွန်တော်တို့ အကြပ်ကြီးလို့ခေါ်တာလည်း မမှားဘူးလေ။ သူကိုယ်တိုင်က ခ. လ. ရ (၉၃) တပ်က တပ်ကြပ်ကြီးတစ်ယောက်ပါ။ တပ်မတော်မှ အငြိမ်းစားမယူခင်ကတည်းက ကျွန်တော်တို့နဲ့ ရင်းနှီးခဲ့တာပါ။

ရင်းနှီးတယ်ဆိုတာကလည်း သူက ကျွန်တော်တို့ကြက်ခြံမှာ အမြဲတမ်းကြက်ဥလာဝယ်နေကျဖောက်သည်ကိုး။

မနက်လင်းတာနဲ့ ယူနီဖောင်းအပြည့်နဲ့ 'ညီလေးရေ၊ ထုံးစံအတိုင်း အလုံး (၂၀) ထည့်ကွာ' ဆိုပြီး ရောက်လာနေကျလေ။ ရှေ့တန်းဘာညာမထွက်ရဘူးဆိုရင်ပေါ့။ အကြပ်ကြီး ရှေ့တန်းသွားရတဲ့အခါမျိုးဆိုရင်တော့ သူ့ဇနီးကိုယ်တိုင် လာဝယ်တတ်တယ်။

အကြပ်ကြီးတို့လင်မယား အိမ်ထောင်သက် မနည်းတော့ပေမယ့် သားသမီးတော့ တစ်ယောက်မှ မထွန်းကားရှာဘူးလေ။ လင်မယားနှစ်ယောက်တလည်း ဝန်ထမ်းလစာနဲ့ ကုန်စုံဆိုင်ကဝင်ငွေလေးနဲ့ အေးရာအေးကြောင်းတော့ နေနိုင်ကြပါတယ်။

ကျွန်တော်တို့ခြံကို လာဝယ်တဲ့ကြက်ဥကလည်း သူတို့ကုန်စုံဆိုင်လေးမှာ ပြန်တင်ရောင်းတာကိုး။

အကြပ်ကြီးတို့ တပ်ရင်းနဲ့ ကျွန်တော်တို့ မွေးမြူရေးခြံကလည်း ဘယ်လောက်မှ ဝေးတာမဟုတ်ဘူး။ အလွန်လျှောက်ရမှ မိနစ် (၂၀) လောက်ဆိုတော့ အကြပ်ကြီးတို့ လင်မယား တစ်ယောက်မဟုတ် တစ်ယောက်တော့ ကျွန်တော်တို့ခြံမှာ ကြက်ဥ နေ့တိုင်း လာဝယ်ဖြစ်ကြတယ်။

အကြပ်ကြီးနဲ့ကျွန်တော် အတော်အတန်ရင်းနှီးလာတော့ တစ်ခါတလေ အကြပ်ကြီးကို မေးကြည့်မိတာပေါ့နော်-

"အကြပ်ကြီးတို့များ ရှေ့တန်းထွက်ရတယ်သာ ဆိုတယ် သွားတုန်းကလည်း ဒီပုံစံ၊ ပြန်လာတော့လည်း ဒါပဲ။ ရှေ့တန်းမှာ ရန်သူတွေဘာတွေနဲ့ ပစ်ရယ်ခတ်ရယ် မရှိကြဘူးလား"

လို့ မေးလိုက်မိတယ်။

ဟိုတုန်းက ချာတိတ်အတွေး၊ ချာတိတ်အမြင်နဲ့ ဆိုတော့ တစ်ဖက်နဲ့တစ်ဖက် သူတင်ကိုယ်တင် သေစေနိုင်တဲ့ လက်နက်တွေနဲ့ဖိုက်နေကြတာ၊ အနည်းနဲ့အများကတော့ ဒဏ်ရာဒဏ်ချက်လေးတော့ ရှိမှာပဲဆိုတဲ့ အတွေးနဲ့ မေးလိုက်မိတာပါ။

"ဟကောင်ရ၊ ရှေ့တန်းထွက်တိုင်း ရန်သူနဲ့ဖိုက်နေရတာတော့ ဘယ်ဟုတ်မလဲကွ။ တွေ့လို့ပစ်ရခတ်ရတိုင်းလည်း အထိအခိုက်ရှိတဲ့အခါ ရှိသလို၊ မရှိတဲ့အခါလည်း မရှိဘူးပေါ့ဟ။ ငါဆိုလည်း ရှေ့တန်းမှာ မကြာခဏ ရန်သူနဲ့တွေ့ပေမယ့် သိတယ် မဟုတ်လား၊ ငါ့နာမည် ကြည်မောင်တဲ့။ ငါ့ကို အမြဲတမ်း ကျည်ရှောင်တယ်ကွ"

ဒီစကားက သူ့ကို ကျွန်တော် 'အကြပ်ကြီး၊ ဒီတစ်ခေါက် ရှေ့တန်းက ပြန်လာတာ အေးဆေးပဲ မဟုတ်လား' လို့ မေးလိုက်တဲ့အခါတိုင်း အကြပ်ကြီးပြန်ပြောတတ်တဲ့စကားပါ။

အကြပ်ကြီးအနေနဲ့ ဒီစကားကို သူပြောမယ်ဆိုလည်း ပြောလောက်ပါတယ်။ အကြပ်ကြီးနဲ့ကျွန်တော် စသိကတည်းက သူ ကျောက်ကပ်မကောင်းလို့ တပ်မတော်က အငြိမ်းစားယူချိန်အထိ ဆယ်စုနှစ် တစ်စုစာအတွင်းမှာပဲ ရှေ့



# ကျောင်းမြ-မြင့်လှိုင်

## ကျည်ရှောင်တဲ့ ကြည်မောင်နှင့် ဆူးပန်းတောင်းအစွမ်း



www.burmeseclassic.com

www.burmeseclassic.com

တန်းထွက်လိုက်၊ ပြန်လာလိုက်နဲ့ အခေါက်ပေါင်းမနည်းဘူး။ သူနဲ့တပ်စုတစ်စုတည်း ရှေ့တန်းအတူသွားတဲ့လူတွေ အထိအခိုက်၊ အသေအပျောက်ရှိတဲ့အသံ ကြားရပေမယ့် အကြပ်ကြီးကတော့ 'ကြည်မောင်ကွ၊ ကျည်ရှောင်တယ်' ဆိုတဲ့စကားအတိုင်း ဘာအန္တရာယ်မှမရှိခဲ့တာတော့ ကျွန်တော့်မျက်မြင်ပါ။

အကြပ်ကြီး တပ်မတော်က အငြိမ်းစားယူပြီးနောက်ပိုင်း ကျွန်တော့်အစ်ကိုက မွေးမြူရေးခြံမှာ အလုပ်လုပ်ဖို့ သူတို့လင်မယားနှစ်ယောက်စလုံးကို ခေါ်ထားတယ်။ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ကြီး မဟုတ်လေတော့ ကျွန်တော့်အစ်ကိုကလည်း အကြပ်ကြီးကို ပင်ပင်ပန်းပန်း ဘာမှမခိုင်းပါဘူး။

ခြံလုံခြုံရေးနဲ့ ခြံက ချာတိတ်တွေ ထိန်းဖို့ရ တော်ပြီ ဆိုတဲ့သဘောနဲ့ ခေါ်ထားတာ။ သူ့ဇနီး ဒေါ်စန်းစန်းတင့် ဆိုလည်း ချက်ရေးပြုတ်ရေးလောက်ပဲ တာဝန်ယူရတာ။

ကျွန်တော့်အစ်ကိုကလည်း အကြပ်ကြီးကို နဂိုကတည်းက ခင်မင်ရင်းစွဲလည်း ရှိနေတာကိုး။

အကြပ်ကြီးကလည်း ခြံအတွက်တော့ တကယ်အားကိုးရပါတယ်။ ခြံက ကျွန်တော် အပါအဝင် ချာတိတ်တွေ အားလုံးကို ပြောဆိုဆုံးမသလို ညရေးညတာခြံလုံခြုံရေးအတွက်လည်း စိတ်ချရတယ်လေ။

ညညဆို အကြပ်ကြီးနဲ့ကျွန်တော် တော်တော်နဲ့ အိပ်ဖြစ်ကြတာ မဟုတ်ဘူး။ ရောက်တတ်ရာရာစကားတွေ ပြောကြရင်း သူ့ရှေ့တန်းမှာကြုံခဲ့ရတာတွေကို အာပေါင်အာရင်းသန်သန်နဲ့ ပြောပြတယ်။ ပြီးတော့ သူ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလတစ်လျှောက်လုံး ဘေးမသီ ရန်မခ‌ခဲ့တဲ့ အဆောင်လေးအကြောင်းပြောရင်း ကျွန်တော့်ကို ဒါလေးကူးပြီး အာဂုံဆောင်ထားဖို့လည်း ပြောတယ်။

အကြပ်ကြီးပေးတဲ့အဆောင်လေးက ဘာမှတော့ ထူးထူးဆန်းဆန်းကြီး မဟုတ်ပါဘူး။ ဝါကြင့်ကြင့် စာရွက်အပိုင်းလေးမှာ ရေးထားတဲ့ ဂါထာလေး တစ်ပုဒ်ပါ။ ဒါလေးကို အမြဲတမ်းရွတ်ဖတ်ပူဇော်ရင် အန္တရာယ်ကင်းပြီး လူချစ်လူခင်များတဲ့အကြောင်းပြောပြပေမယ့် ဒီတုန်းက ကျွန်တော် စိတ်ဝင်တစား မရှိခဲ့ရိုးအမှန်ပါ။

မရှိတာလည်းမပြောနဲ့လေ၊ အဲဒီအချိန်က ကျွန်တော့်အသက် ဆယ့်ငါး‚ ဆယ့်ခြောက် မြီးကောင်ပေါက်စအရွယ်ဆိုတော့ ဒီဂါထာကလေးထက် ဘယ်ကောင်မလေးကို ဘယ်လိုရည်းစားစာရေးပေးရင်ကောင်းမလဲ၊ ဘယ်လိုကဗျာလေးစပ်ပေးရင် သဘောကျမလဲ ဆိုတာတွေပဲ ခေါင်းထဲရှိနေတတ်တဲ့အရွယ်ကိုး။

အကြပ်ကြီးပြောတုန်းခဏသာ 'ဩော်၊ အင်း၊ ဟုတ်ကဲ့' နဲ့။ အကြပ်ကြီးလည်းကွယ်ရော မေ့မေ့ပျောက်ပျောက်ဖြစ်သွားရောပဲ ဆိုပါတော့။

ဒါနဲ့ အကြပ်ကြီး ကျွန်တော်တို့မွေးမြူရေးခြံရောက်လို့ လေး၊ ငါး၊ ခြောက်နှစ်လောက် ကြာတဲ့အချိန်မှာ ကျွန်တော်လည်း အိမ်ထောင်ကျလို့ ရန်ကုန်ကိုပြောင်းလာခဲ့တယ်။ အကြပ်ကြီးကတော့ ကျွန်တော့်အစ်ကိုရဲ့ခြံမှာပဲကျန်ခဲ့တယ်။ တစ်ခါတစ်ရံ ဖုန်းနဲ့စကားပြောဖြစ်တာကလွဲရင် လူချင်းမတွေ့ဖြစ်ကြတာ ရှစ်နှစ်၊ ကိုးနှစ်တောင် ရှိမလားမသိဘူး။

တစ်လောက ကျွန်တော့်အစ်ကိုနဲ့ အကြပ်ကြီးတို့လင်မယား ရန်ကုန်တက်လာကြတယ်ဆိုတော့ ကျွန်တော့်စိတ်ထဲ ကျွန်တော့်ဆီရောက်ဖူးရအောင်လိုက်လာတယ်လို့ပဲ ထင်လိုက်မိတယ်။ ဒါပေမယ့် ကျွန်တော်ထင်တာ အကုန်လုံးတော့ မမှန်ဘူး။ အကြပ်ကြီးပြောစကားအရတော့ ကျွန်တော့်ဆီလည်း ရောက်ဖူးရအောင်လိုက်ခဲ့ရင်းနဲ့ ဆရာစောငုဝါ (ပျဉ်းမနား) နဲ့လည်း တွေ့ချင်လို့ဆိုတော့ ကျွန်တော်တောင် ကြောင်တောင်တောင် ဖြစ်သွားမိတယ်။

ဟုတ်တယ်လေ၊ ဆရာစောငုဝါ (ပျဉ်းမနား) ဆိုတာ ကျွန်တော်သိတာတော့ သုရဇ္ဇမဂ္ဂဇင်းမှာ ပင်တိုင်ရေးနေတဲ့ ဆရာတစ်ယောက်၊ အကြပ်ကြီးက မြောင်းမြမှာနေတာ။ လူချင်းရော အလုပ်အကိုင်ချင်းပါ တခြားစီ။ အဝေးမှတကယ့်အဝေးကြီး။ ဒါကို အကြပ်ကြီးက ဆရာစောငုဝါနဲ့တွေ့ချင်တယ် ဆိုတော့ မအံ့သြဘဲနေမလား။

ဒါနဲ့-

"အကြပ်ကြီးက ဆရာစောငုဝါကို တွေ့ချင်ရအောင် သူနဲ့သိလို့လား"

လို့ ကျွန်တော် မေးလိုက်တော့ အကြပ်ကြီးက-

"ဒီလိုကွ မြင့်လှိုင်ရ၊ ငါ့အနေနဲ့ ဆရာစောငုဝါကို လူချင်းသိဖို့နေနေသာသာ သူရေးတဲ့စာတောင် တစ်ပုဒ်ပဲဖတ်ဖူးတာပါကွာ။ ဒါပေမယ့် သူ့ကိုတွေ့ပြီး ကျေးဇူးတင်ကြောင်းလေးပြောချင်လို့ ခြံက ငှက်ပျောတစ်ခိုင်တောင်ခုတ်လာခဲ့တယ်" တဲ့။

ကျွန်တော့်အစ်ကိုနဲ့ အကြပ်ကြီးတို့လာကတည်းက ဒီငှက်ပျောခိုင်ကြီးကို မြင်မိပေမယ့် ကျွန်တော့်အတွက်ပဲယူလာတယ်လို့ ထင်ခဲ့မိတာ၊ ခုမှ သဘောပေါက်တော့တယ်။ သဘောမပေါက်သေးတာက အကြပ်ကြီးစကားကို။

ဒါနဲ့ ဆရာစောငုဝါနဲ့တွေ့ချင်တဲ့ အကြောင်းကို သေသေချာချာပြန်မေးကြည့်တော့မှ ဇာတ်ရည်လည်သွားပါတယ်။ ဖြစ်ပုံက ပြီးခဲ့တဲ့ နှစ်လ၊ သုံးလခန့်က ခြံချင်းကပ် အသိတစ်ယောက်ဆီက မဂ္ဂဇင်းစာအုပ်တစ်အုပ် အကြပ်ကြီး ခဏငှားဖတ်တယ်။ အဲဒီမဂ္ဂဇင်းထဲမှာ ဆရာစောငုဝါရေးတဲ့ ကျောက်ကပ်ဝေဒနာအတွက် ဆူးပန်းတောင်းပင်ဆေးအစွမ်းကို ဖတ်လိုက်မိတယ်။

ပထမတော့ အကြပ်ကြီးအနေနဲ့ စိတ်ဝင်တစား မရှိခဲ့ဘူး။ ဒီလိုပဲ နယ်မှာ ဟိုဆေးပင်က ကျောက်ကပ်ကောင်းတယ်ဆို အကြပ်ကြီးစမ်းသောက်တာပဲ၊ ဒီလူက ဒီဆေးပင်က ကျောက်ကပ်ကောင်းတယ်ဆိုလည်း အကြပ်ကြီး စမ်းသပ်ကြည့်တာပဲ။ ဒါပေမယ့် ခဏတော့ ဟုတ်မလိုလိုနဲ့ နောက်တော့ ဘာမှ ဒီလောက်ထိ ထူးထူးခြားခြား ကောင်းတာကို မကြုံခဲ့ရတော့ ဆရာစောငုဝါရေးတဲ့ ဆူးပန်းတောင်းပင်ကိုလည်း 'ဒီပုပ်ထဲက ဒီပဲ' လို့ အထင်ရောက်ခဲ့မိတယ်။

အကြပ်ကြီးအနေနဲ့ ဒီဆူးပန်းတောင်းပင်ကိုသာ စမ်းသုံးကြည့်ချင်ရင် သိပ်ဝေးဝေးတောင် ရှာစရာမလိုဘူး၊ မွေးမြူရေးခြံ အနောက်ခြံစည်းရိုးနားမှာပဲ သုံး‚လေးပင်လောက်ရှိနေတာ သူသိထားတာကိုး။

ဘယ်လိုဆေးဖက်ဝင် အာနိသင်ရှိတယ်ဆိုတာသာ သူ မသိတာ။

ဒါနဲ့ တစ်နေ့တော့ အကြပ်ကြီး ဒီဆူးပန်းတောင်းပင်အစွမ်းကို စမ်းသပ်ကြည့်ဖို့ အကြောင်းဖန်လာတယ်။ အဲဒီနေ့က သန်းခေါင်ကြက်တွန်ချိန်လောက်မှာ အကြပ်ကြီးရဲ့ ကျောက်ကပ်ဝေဒနာက အစွမ်းထပြလာခဲ့တယ်။

ပြီးခဲ့တဲ့ နှစ်ရက်လောက်ကတည်းက အခြေအနေသိပ်မဟန်တာ သတိထားမိလို့ ဆေးခန်းကို တစ်ခါသွားပြထားသေးတယ်။ ဒီနေ့တစ်နေကုန်လည်း သက်သာသလိုရှိနေပြီး အခုလို အချိန်



www.burmeseclassic.com

www.burmeseclassic.com

ကောက်အခါမဟုတ်တော့မှ ကောက်ကာ ငင်တာ ဖောက်လာတာ ဆိုတော့ အကြပ်ကြီးလည်း ကြံရာမရအကွက် ထပေါ်ကြည့်လိုက်တယ်။

အဲဒါက ဘာလဲ ဆိုတော့ ခြံထောက်မှာအသင့်ရှိတဲ့ ဆူးပန်းတောင်းတစ်ပင် သူ့မိန်းမကိုသွားနုတ်ခိုင်းတယ်။ ပြီးတော့ ဆရာစောင်ဝါပြောသလို ပဉ္စင်းလုံး ရေစင်စင်ဆေးပြီး နှစ်ခွက်တစ်ခွက်တင်ကျိုခိုင်းပြီး အဲဒီညပဲ တစ်ခွက်ကုန်း အကုန်သောက်ပစ်လိုက်တယ်။

အကြပ်ကြီးအနေနဲ့ ပျောက်ချိန်ပဲ ဘာန်လို့လား၊ အနာနဲ့ဆေးပဲ သဟဇာတ ကျည့်သွားလေသလားတော့ မသိဘူး။ ညတွင်းချင်းပဲ ဆီးသွားရပြုရတာ အဆင်ချောသွားလို့ သူ့ခမျာ တော်တော်လေး ဝမ်းသာအယ်လဲ ဖြစ်သွားတယ်။

နောက်တစ်နေ့လင်းတော့ ဘာပြောကောင်းမလဲ၊ ဆူးပန်းတောင်းပင်တွေ တစ်နေ့ကို တစ်ပင်နှုန်းနဲ့ နုတ်သောက်လိုက်တာ၊ ခြံမှာရှိတဲ့အပင်တွေ တက်တက်ပြောင်လို့ မြောင်းမြတစ်ဖက်ကမ်း ကွယ်လွယ်ဘက်မှာတောင် သွားရှာနုတ်ရတဲ့အဖြစ်ရောက်ရောပဲ ဆိုပါတော့။

အကြပ်ကြီး ဆူးပန်းတောင်းပင်တွေကျိုသောက်တာ ရက် (၂၀)၊ တစ်ဆယ်လောက်ကြာလာတော့ အသားအရေအအစ သိသိသာသာမှန်လာတာ သူ့ကိုယ့်သူလည်း သတိပြုမိတယ်။ သူပြနေတဲ့ဆေးခန်းက ဒေါက်တာခင်မောင်ဦးအတောင် ဆေးခန်းမလာတာကြာလို့ ကျန်းမာရေးအခြေအနေ ခေါ်မေးရတဲ့အဖြစ်။

သူလည်း မကွယ်မဝှက် ပြောပြလိုက်တယ်။ ဒေါက်တာခမျာလည်း တအံ့တသြပေါ့။ အရင်က တစ်လတစ်ခါလောက် ဆေးခန်းပြေးနေရတဲ့ အကြပ်ကြီး အခုဆို သုံး,လေးလရှိနေပြီ။ ဆေးခန်းကို တစ်ချက်ကလေးမှလှည့်ကြည့်စရာမလိုသေးဘူး ဆိုတော့ ဘာပဲဖြစ်ဖြစ် အနာနဲ့ဆေး တွေ့သွားပြီဆိုတာ ကျိန်းသေသလောက်ရှိနေပြီပေါ့။

"ငါ့အနေနဲ့ ဆရာစောင်ဝါကို တွေ့ချင်ရတဲ့ကိစ္စက အဲဒါပဲ မြင့်လှိုင်ရေ၊ ကျေးဇူးတင်ကြောင်းပြောချင်လို့ပါ" ဆိုတော့-

ကျွန်တော့်အနေနဲ့ အတော်ပြောရခက်သွားတယ်။ ဟုတ်တယ်လေ၊ အကြပ်ကြီး မပြောနဲ့ ကျွန်တော်တောင် ဆရာစောင်ဝါ ရန်ကုန်မှာနေသလား၊ နေပြည်တော်ပျဉ်းမနားပဲနေသလား ဆိုတာကို အတိအကျသိတာ မဟုတ်ဘူး။

သူရေးတဲ့စာလေးတွေ မဂ္ဂဇင်းတွေမှာ မကြာခဏ ဖတ်နေရလို့သာ စောင်ဝါ (ပျဉ်းမနား) ဆိုတဲ့ နာမည်ကို ရင်းရင်းနှီးနှီး သိနေတာ။

ဒါနဲ့ အကြပ်ကြီးကို ဆရာစောင်ဝါနဲ့ တွေ့ရဖို့ မလွယ်တဲ့အကြောင်း အမှန်အတိုင်း ပြောပြလိုက်တယ်။ ဆရာစောင်ဝါကို အကြပ်ကြီးက ကျေးဇူးအထူးတင်ကြောင်းကို သူရဇ္ဇမဂ္ဂဇင်းမှာ စာနဲ့ရေးပြီး ပြောပြပေးပါ့မယ် ဆိုတာကို တော့ အာမခံပေးလိုက်တယ်။

ဆရာစောင်ဝါအတွက် အကြပ်ကြီးယူလာတဲ့ ငှက်ပျောခိုင်ကိုတော့ ဆရာစောင်ဝါကိုယ်စား လမ်းထဲမှာ တန်းဆွမ်းကြွနေတဲ့ ဘုန်းကြီးကျောင်းတွေကို မျှလှူပေးလိုက်တယ်။ ဒီအတွက်လည်း ဆရာစောင်ဝါ ကျေနပ်ပီတိနဲ့ သာဓုခေါ်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

"မြင့်လှိုင်ရေ- ခြံမှာနေတုန်းက ငါ သင်ပေးတဲ့ ဂါထာလေး နေ့တိုင်း ရွတ်ဖတ်ပူဇော်ဖြစ်ရဲ့လားဟေ့"

ဒါကတော့ အကြပ်ကြီး မြောင်းမြပြန်ခါနီး ကျွန်တော့်ကိုမေးလိုက်တဲ့ မေးခွန်းပါ။

ဒီအမေးကလည်း ကျွန်တော့်ကို ဖြေရခက်စေပါတယ်။ ဘာလို့လဲဆိုတော့ ဒီဂါထာလေးကို ရွတ်ဖတ်ပူဇော်ဖို့နေနေသာသာ အခုတောင် အကြပ်ကြီးပြောမှ သတိရစေခဲ့တာကိုး။

အလွတ်ရဖို့တော့ ဝေးရောပေါ့။

ဒါကလည်း ကျွန်တော့်အနေနဲ့ ဘုရားမေ့ တရားမေ့ ဘာသာရေးနဲ့ဝေးတာမဟုတ်ပေမယ့် အကြပ်ကြီးသင်ပေးတဲ့အချိန်က ရည်းစားစာတစ်ကြောင်းလောက်၊ ကဗျာတစ်ပုဒ်လောက် အလေးမထားခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသလို တခုတ်တရ သင်ပေးခဲ့တဲ့ အကြပ်ကြီးကိုလည်း အားနာမိတာအမှန်။

ဒါနဲ့-

"အကြပ်ကြီးရေ၊ ပြောလည်းခံရမှာပဲ။ ဒီဂါထာလေးကို မေ့တေ့တေ့ဖြစ်နေလို့ ကျွန်တော့်ကို ပြန်ရေးပေးခဲ့ပါဦး" လို့ ကျွန်တော် ပြောလိုက်တော့-

"ငါလုပ်ရရင် မင်းတော့နာတော့မှာပဲ၊ ခြံမှာတုန်းကတော့ ရသလေးဘာလေးနဲ့-တောက်"

တတ်နိုင်ဘူးလေ၊ အကြပ်ကြီး ထရိုက်လည်းခံရမှာပဲ။ ဟုတ်တယ်လေ၊ လူပျို့လူလွတ်ဘဝမှာ ဒီဂါထာလေးကို စိတ်ဝင်တစားမရှိခဲ့ပေမယ့် အခု ကလေးနှစ်ယောက်နဲ့ ဖခင်နေရာရောက်လာချိန်မှာတော့ ဒီဇနီးမယား၊ သမီးသားတွေအတွက် အန္တရာယ်ကင်းရှင်းစွာ စီးပွားရှာနိုင်ဖို့ လိုလာပြီလေ။

ဒီအတွက် လူချစ်လူခင်များဖို့လည်း လိုတာပဲ မဟုတ်လား။

အကြပ်ကြီးကတော့ ပါးစပ်ကသာ 'ငါထလုပ်လိုက်ရ နာတော့မှာပဲ' လို့ ပြောနေပေမယ့် ကျွန်တော့်အတွက်တော့ သူ သိပ်ယုံကြည်အားထားခဲ့တဲ့ ဂါထာလေးကို ရေးပေးခဲ့ရှာတယ်။

ဒီဂါထာလေးကို ကျွန်တော်ရွတ်ဖတ်ပူဇော်နေတာ မကြာသေးလို့ ဘာမှ ထူးထူးခြားခြား မကြုံတွေ့ရသေးဘူး ဆိုတာကိုတော့ ဝန်ခံပါတယ်။ ဒါပေမယ့် ဒီဂါထာလေးကို နှစ်ရှည်လများ ယုံယုံကြည်ကြည်ရွတ်ဖတ်ပူဇော်ခဲ့တဲ့ အကြပ်ကြီးကတော့ သူတစ်ပါးပယောဂနဲ့ မဲ့တစ်ပေါက်မစွန်းခဲ့ဘူးဆိုတာတော့ ကျွန်တော့်မျက်မြင်ပဲ။

လူချစ်လူခင်လည်း အတော်များတယ်။ တပ်ကအငြိမ်းစားယူတာနဲ့ ကျွန်တော့်အစ်ကိုက သူ့ခြံမှာအလုပ်တန်းခန့်တာသာကြည့်တော့။

ငယ်စဉ်က အစားအသောက် မဆင်ခြင်လို့ပဲ ဖြစ်ဖြစ်၊ အတိတ်က ကံကြွေးရှိလို့ပဲ ဖြစ်ဖြစ် ကျောက်ကပ်ဝေဒနာ နှစ်ရှည်လများ ခံစားခဲ့ရတာ မှန်ပေမယ့် အချိန်ကျလာတော့ သူ့ရောဂါနဲ့ သဟဇာတဖြစ်မယ့် ဆေးနည်းပါတဲ့ စာအုပ်ကို တိုက်တိုက်ဆိုင်ဆိုင် ယူဖတ်မိတယ်လေ။

စာဖတ်ဝါသနာပါလှတာ မဟုတ်တဲ့ အကြပ်ကြီး၊ ကျောက်ကပ်ဝေဒနာခံစားရမယ့် ဝဋ်ကြွေးပဲကုန်လို့လား၊ သူ အမြဲရွတ်ဖတ်ပူဇော်နေတဲ့ ဂါထာလေးရဲ့ အကျိုးကျေးဇူး အစွမ်းကြောင့်လား ဆိုတာကိုတော့ ကျွန်တော့်ဉာဏ် တစ်ထွာတစ်မိုက်နဲ့ မဝေခွဲနိုင်ခဲ့ဘူး။

အခုဆို ကျွန်တော့်အစ်ကိုနဲ့ အကြပ်ကြီးတို့ မြောင်းမြပြန်သွားကြပြီ။ ဆရာစောင်ဝါကို ကျေးဇူးအထူးတင်ကြောင်းလည်း အကြပ်ကြီးကိုယ်စား ကျွန်တော်ကပဲ ဒီစာလေးနဲ့ ဆိုပါရစေ။ အကြပ်ကြီး ဦးကြည်မောင်ရေးပေးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

# စပါးကြီးသည်းခြေတာရှည်ခံအောင် ပျားရည်နှင့်ပေါင်းစပ်သုံးစွဲနည်း

စပါးကြီးသည်းခြေအစစ်ကို ရရန် ခဲယဉ်းသည်။ စပါးအုံးသည်းခြေနှင့် မှားတတ်သည်။ စပါးကြီးသည်းခြေစစ်၊ မစစ် စမ်းသပ်နည်းကို ဤဆောင်းပါးတွင် တင်ပြမည်မဟုတ်ပါ။ စပါးကြီးသည်းခြေစစ်၊ မစစ် စမ်းသည်နည်းကို လေ့လာသိရှိလိုပါလျှင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် သုရဿတီမဂ္ဂဇင်းတွင် ဆရာဝင်းဇော်(သုံးဆယ်)၏ 'ဆေးစွမ်းထက်သည့် စပါးကြီးသည်းခြေ' ဆောင်းပါးကို ဖတ်ရှုရန် ရည်ညွှန်းပါသည်။ စပါးကြီးသည်းခြေစစ်စစ်ကို မည်ကဲ့သို့ တာရှည်ခံအောင် ထားသိုနိုင်၍ ပျားရည်နှင့် ပေါင်းစပ် သုံးစွဲနည်းကိုသာ တင်ပြမည် ဖြစ်ပါသည်။

စပါးကြီးသည်းခြေသည် တန်ဖိုးကြီးမားသည်။ အသေး၊ အကြီးလိုက်၍ (၂) သောင်းမှ (၅) သောင်းအထိ ဈေးပေါက်ကြောင်းပြောကြသည်။ စပါးကြီးသည်းခြေသည် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ လက်စွဲ သက်စောင့်ဆေး ဖြစ်သည်။ ကလေးများတက်လျှင် စပါးကြီးသည်းခြေ သွေးလိမ်းပြီး အတက်ကျစေသည်။ လေဖြတ်ရွဲ့စောင်း၊ ဖျားနာခြင်းများအတွက် မပါမပြီး ခရီးရောက်သောဆေးတစ်လက် ဖြစ်သည်။ ထိုကဲ့သို့ အသုံးများ တန်ဖိုးကြီးမားသော်လည်း ထားသိုနည်းများ မတတ်ပါက ပျက်စီးတတ်သည်။ မည်မျှပင် ခြောက်သွေ့စေကာမူ နှစ်၊ လ၊ ရက် ကြာသောအခါ ဆွေးမြည့်ခြင်း၊ ပိုးစား၊ ပိုးထိုးခြင်းတို့ဖြင့် ရာသီဥတုအနေအထားကိုလိုက်၍ ပျက်စီးဆုံးရှုံးတတ်သည်။ ထိုသို့ပျက်စီးမှုမရှိရလေအောင် ထားသိုနည်းရှိပါသည်။

ထိုနည်းကို စာရေးသူသည် စာရေးသူ၏ယောက္ခမတော်စပ်သူ မြန်မာသမားတော်ကြီး ဦးခေမာ (ပုဇွန်မြောင်းရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး) ရှိစဉ်က သိရှိမှတ်သားခဲ့ရသည့် လွယ်ကူသောနည်း ဖြစ်သည်။ သဘာဝပျားရည်စစ်စစ်ပုလင်းငယ်တွင်း၌ စပါးကြီးသည်းခြေကို စိမ်ထားရုံသာ ဖြစ်သည်။ ပျားရည်၏ သဘာဝမှာ ပုပ်သိုးဆွေးမြည့်ခြင်းကို ကာကွယ်နိုင်စွမ်း၍ စပါးကြီးသည်းခြေမှာ ပုံစံမပျက် နှစ်၊ လ တာရှည်စွာ အထားခံပါသည်။

ပျားရည်စစ်စစ်နှင့် စပါးကြီးသည်းခြေတို့မှာ မိတ်ဖက်များဟု ဆိုနိုင်ပါသည်။ စပါးကြီးသည်းခြေစိမ်ထားသော ပျားရည်ကို လျှာနှင့်တို့ကြည့်လျှင် အချိုဓာတ်လျော့ပြီး ခါးသက်သက်ဖြစ်သွားသည်။ ထိုခါးသက်သောပျားရည်နှင့် လူကြီး၊ လူငယ်၊ ကလေးတို့ကို ကုသပေးခြင်းဖြင့် သက်စောင့်ဆေးသဖွယ်ဖြစ်သွားသည်။

တက်နေသောကလေးကို သုတ်လိမ်းပြီး အထပ်ထပ် နှိပ်နယ်သပ်ချ၍ အတက်ရပ်စေသည်။ လေဖြတ်၍ရွဲ့စောင်းနေသူကို လိမ်းကျံနှိပ်နယ်ပေးခြင်းဖြင့် အရွဲ့အစောင်းမှအတည့်အကောင်းဘဝကိုရောက်စေသည်။ နေမကောင်းခံတွင်းပျက်နေသူ၏ လျှာကို ခြစ်ချ၍ ပျားရည်ခါး လိမ်းကျံပေးလျှင် အစာတောင်းသူဖြစ်လာသည်။ အသက်အရွယ်ကြီးရင့်သူများ အာခံတွင်း၌ တစ်နေ့တစ်ကြိမ်၊ နှစ်ကြိမ်လောက် သုတ်လူးပေးခြင်းဖြင့် ခံတွင်းသန့်ခြင်း၊ သွားများယိုင်နဲ့ခြင်း၊ လေဖြတ်ခြင်းအန္တရာယ်တို့မှ ကာကွယ်နိုင်သောအကျိုးများကို ခံစားရသည်။ အနာပေါက်၊ အကျိတ်အဖုထိခိုက်ရှနာများကို သုတ်လူးပေးလျှင် သက်သာပျောက်ကင်းသည်။

ပျားရည်စိမ်စပါးကြီးသည်းခြေနှင့်ပတ်သက်၍ စာရေးသူကိုယ်တွေ့ ကူညီခဲ့ဖူးသောဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။ လွန်ခဲ့သော (၄) နှစ်ခန့်က ဖြစ်သည်။

မဒေါက်မြို့ တံခွန်တိုင် ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဦးပဥ္စင်းကြီး ဦးသောပါက (ခေါ်) ဦးသောင်းတင်သည် လေဖြတ်၍ ပါးတစ်ခြမ်းရွဲ့သွားသည်။ စာရေးသူသည် စပါးကြီးသည်းခြေစိမ်ထားသော ပျားရည်နှင့် ပါးစပ်အတွင်းသို့ ထည့်သွင်းသုတ်လူးပေးခဲ့သည်။ ပါးပြင်၊ မေးစေ့တို့ကို သုတ်လိမ်းပြီး အကြိမ်ကြိမ်ဆွဲချ၍ နှိပ်နယ်ပေးသည်။ ပါးရွဲ့ပြီး စကားမပြောနိုင်သောအခြေအနေမှ စကားပြန်ပြောနိုင်ခဲ့သည်။ (ထိုသို့ ပြုလုပ်နေစဉ် ကျန်းမာရေးမှူးနှင့် လိုအပ်သော ဆေးကိုလည်းထိုးသည်။) ဦးပဥ္စင်းကြီးသည် သက်တော် (၉၄) နှစ်ကျမှ လူကြီးရောဂါနှင့် မျံလွန်တော်မူခဲ့သည်။

အများပြည်သူတို့အတွက် ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆေးစွမ်းထက်သည့် ပျားရည်စိမ် စပါးကြီးသည်းခြေကို သက်စောင့်ဆေးအဖြစ် ဆောင်ထား၍ လိုအပ်သလို သုံးစွဲနိုင်ကြစေရန် စေတနာရှေ့ထား တင်ပြလိုက်ပါသည်။

မေတ္တာရည်လျက်
မျိုးတင့် (ညောင်လေးပင်)

---

ဂါထာလေးကိုလည်း သုရဿတီစာဖတ်ပရိသတ်အတွက် ထည့်သွင်း ဖော်ပြပေးလိုက်ပါတယ်။

**အန္တရာယ်ကင်း၊ ပွဲတိုင်းအောင်ဂါထာ**

နမော ဗုဒ္ဓကာရံ အတ္တနောပါပံ ဝိနသန္တု။
နမော ဗုဒ္ဓကာရံ မိတ္တပါပံ ဝိနသန္တု။
နမော ဗုဒ္ဓကာရံ ရာဇပါပံ ဝိနသန္တု။
နမော ဗုဒ္ဓကာရံ ဉာတိပါပံ ဝိနသန္တု။

**အနက်**

**နမောဗုဒ္ဓကာရံ** - မြတ်စွာဘုရားကို ရှိခိုးရခြင်းကြောင့်၊ **အတ္တနောပါပံ**-မိမိ၏ (အကျွန်ုပ်၏) မကောင်းမှု အကုသိုလ်များကို၊ **ဝိနသန္တု**-ပယ်ဖျောက်နိုင်ပါစေ။

**နမောဗုဒ္ဓကာရံ** - မြတ်စွာဘုရားကို ရှိခိုးရခြင်းကြောင့်၊ **မိတ္တပါပံ**-မိတ်ဆွေအပေါင်းအသင်းများ၏ မကောင်းမှု အကုသိုလ်များကို၊ **ဝိနသန္တု**-ပယ်ဖျောက်နိုင်ပါစေ။

**နမောဗုဒ္ဓကာရံ** - မြတ်စွာဘုရားကို ရှိခိုးရခြင်းကြောင့်၊ **ရာဇပါပံ**-မင်းအစိုးရတို့၏ မကောင်းမှု အကုသိုလ်များကို၊ **ဝိနသန္တု**-ပယ်ဖျောက်နိုင်ပါစေ။

**နမောဗုဒ္ဓကာရံ** - မြတ်စွာဘုရားကိုရှိခိုးရခြင်းကြောင့်၊ **ဉာတိပါပံ**- ဆွေမျိုးမိတ်သင်္ဂဟတို့၏ မကောင်းမှုအကုသိုလ်များကို၊ **ဝိနသန္တု**- ပယ်ဖျောက်နိုင်ပါစေ။

မြောင်းမြ-မြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com




ဘီလူးချောင်းရဲ့ ရေစီးပုံဟာ အတော့်ကို မဟာဆန်ပါတယ်။ ဆင်မညိုသော လမ်းလျှောက်နည်းလို ငြိမ့်ငြိမ့်သိမ့်သိမ့်လေးပါ။ ရေရဲ့ အရောင်ဟာလည်း မြရောင်လို စိမ်းကြည်ကြည်လေးနဲ့ အလွန်လှပါရဲ့။ ဘယ်အချိန်ကြည့်ကြည့် ရေရဲ့အမြင့်ဟာလည်း မပြောင်းသွားပါဘူး။ ဆည်က ချိန်ဆပြီး ရေလွှတ်ပေးနေလို့ ရေအတက်အကျ အလျော့အပါးမရှိတာလို့ တည်းခိုရာ အိမ်ရှင်ဦးထွန်းချုပ်က ပြောပြပါတယ်။

*'မောင်×××ကြားယောင်သေးလား၊ ဘီလူးချောင်းကရေစီးသံတွေ×××'*

ဆိုတဲ့ ချိုပြုံးရဲ့အသံချိုချိုလေးကို သတိရပြီး ညလူခြေတိတ်တဲ့အခါ အိမ်ဘေး သစ်သားရေဆိပ်တံတားနားကနေ

တောင်ကွဲစေတီတော်ပေါ်မှ ဘုရား စေတီနဲ့ ကျောင်း ဇရပ်တွေ



ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ရှေး/သု)

## သာသနာ့စေစည်ကာယားပြည်နယ်မှ
# သီရိမင်္ဂလာတောင်ကွဲစေတီတော်ရ









www.burmeseclassic.com

www.burmeseclassic.com

ဘီလူးချောင်းရဲ့ရေစီးသံကို နားထောင်ကြည့်မိပါရဲ့။ ကိုယ့်အတွက် အိမ်ရှင်က ခင်းပေးထားတဲ့ အိပ်ရာဟာ ဘီလူးချောင်းအစပ်က သစ်သားအဆောင်လေးမှာပါ။ အဲဒီရက်က ကဆုန်လဆန်းမို့ လကလည်း မှိန်မှိန်ကလေးသာလို့။ ဘီလူးချောင်းက ငွေရောင်တလဲ့လဲ့နဲ့ ညင်ညင်သာသာ စီးဆင်းနေတာမို့ ရေစီးသံဟာ တိုးတိတ်လွန်းလှတယ်။

'မောင်နဲ့တွေ့စ ဒီစမ်းရေယဉ်××× ရိပ်မလေ×××စခန်းတစ်ခွင်လှိုင်နေ××× ပန်းသဇင်ခိုင်ဝေ×××ကယားသဇင်လေးတွေ××ပွင့်ပုံဆန်းလှသလေ××တွေ့ချင်စမ်းလှပေ×××' တဲ့။

ရေဒီယိုလေလှိုင်းသံခေတ်မဟုတ်တော့ပေမယ့် 'ဘီလူးချောင်းကရေစီးသံ' သီချင်းဟာဖြင့် ကိုယ့်နားစည်မှာ ရိုက်ခတ်နေဆဲပါ။

လှိုင်ကော်ညဟာ အိပ်ပစ်ဖို့ နှမြောလောက်အောင်ကို လှပနေလေရဲ့။

အိမ်ရှင် ဒေါ်စောတင့်က ပြလို့ ကယားသဇင်ဥတွေလည်း ဘီလူးချောင်းဘေးက သူတို့ရဲ့ သစ်သားအိမ်လေးတံစက်မြိတ်မှာ ချိတ်ဆွဲထားတာ နေ့လယ်က မြင်ဖူးခဲ့ပါပြီ။ သြော်- နှစ်ပေါင်းများစွာ ရောက်ချင်ဇော အာသီသတွေပြင်းထန်ခဲ့ရတဲ့ ကယားပြည်နယ်မြို့တော် လှိုင်ကော်ကိုဖြင့် ရောက်ဖူးခဲ့ရပြီ ဆိုတဲ့အသိဟာ အလွန် ကျေနပ်စရာပါ။ နက်ဖြန်ဆိုရင်ဖြင့် အိပ်မက်ထဲမှာတောင် ထည့်မက်ခဲ့ဖူးတဲ့ တောင်ကွဲစေတီထူးကို ဦးခိုက်ရပေဦးမယ်။ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်များပေပ။

## ကရင်နီတို့နယ်မြေ ကယားပြည်

နောက်တစ်နေ့မှာတော့ လှိုင်ကော်ကို တာဝန်နဲ့ရောက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးဌာနမှာ အမှုထမ်းနေတဲ့ ကိုမြင့်ကိုကိုနဲ့ မကြူတို့က သူတို့ကားနဲ့ တောင်ကွဲစေတီတော်ကို လိုက်ပို့ကြပါတယ်။ ဆီရိဒေါလမ်း သူတို့အိမ်ကနေ ပင်လယ်ကဗွီးပင်တွေ စီတန်းစိုက်ထားတဲ့ လမ်းလယ်ကျွန်းတွေနဲ့ လှပတဲ့ ကန္တာရဝတီလမ်း၊ ပန်းနုရောင်ငုစပ်ပင်တွေ ပွင့်ဝေနေတဲ့ ကန္တာဟောဝန်ပန်းဉယျာဉ်၊ ဉယျာဉ်အလယ်က ဖားစည်တွေ ဝန်းရံထားတဲ့ လွတ်လပ်ရေးကျောက်တိုင်၊ အချိုးကျန တင့်တယ်လှတဲ့ မြို့နာမ်စေတီ၊ ဆေးရောင်စုံတံတားလေးဖြတ်ပြီး ခင်းထားတဲ့ နောင်ယားကန်၊ တက္ကသိုလ်



တောင်ကွဲစေတီတော်ရဲ့အခြေ


တောင်ကွဲစေတီတော်ရဲ့အခြေ


လှိုင်ကော်မြို့ကို ကွေ့ပတ်ပြီး ဖြတ်စီးနေတဲ့ ဘီလူးချောင်း၊



www.burmeseclassic.com



ကျောင်းတွေ၊ သီရိမင်္ဂလာဈေးကြီး၊ ရွှေဘောင်စေတီတွေကိုလည်း လှည့်လည်ပြီး ပတ်ပြခဲ့ပါသေးတယ်။ ဖြောင့်တန်းပြီး ကျယ်ဝန်းလှတဲ့လမ်းညီညီချောချောကြီးတွေမှာ စိန်ပန်းနီတွေ ကြပက်ထားတဲ့ ကယားတို့ မြို့တော် လွိုင်ကော်ဟာ လှလှချည်ရဲ့။


ကယားပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ပြည်နယ်တစ်ခုပါ။ ဟိုတုန်းကတော့ ကရင်နီနယ်လို့လည်း ခေါ်ခဲ့ဖူးရဲ့။


မင်းတုန်းမင်းကြီးက ကရင်နီနယ်ကို အုပ်ချုပ်စိုးပိုင်ရတဲ့ စတုတ္ထမြောက်စောလဖော်မင်းကြီးအတွက် 'ပဗ္ဗတသီဟရာဇာ စောလဖော်မင်းကြီး'တံဆိပ်ကို ချီးမြှင့်ခဲ့တယ်။ ကရင်နီမြောက်ပိုင်းကိုလည်း 'ကန္တရဝတီမြို့' အဖြစ် ချီးမြှောက်ပေးခဲ့ပါတယ်။ လွိုင်ကော်မြို့မြောက်ပိုင်းထိပ်မှာ ကျွန်းတိုင်ကြီးနဲ့ မြို့အမည်ကို ရွှေစာလုံးများထွင်းပြီး စိုက်ထူစေခဲ့တယ်။ ဒီအကြောင်းတွေကို မြန်မာ့စွယ်စုံကျမ်းမှာ မှတ်တမ်းတင် ဖော်ပြထားလေရဲ့။

ပြည်နယ်ရဲ့ မြို့တော်ကတော့ လွိုက်ကော်(လွိုင်ကော်-လွယ်ကော်)မြို့ပဲဖြစ်ပါတယ်။ ဒီအမည်ကို ရှမ်းတိုင်းရင်းသားများက စတင် ခေါ်ခဲ့ကြပြီး ဘီလူးချောင်းအနောက်ဘက်ကမ်းအနီးမှာ တည်ရှိနေတဲ့ တောင်ကလေးကို အကြောင်းပြုကာ ခေါ်တွင်ခဲ့ကြခြင်းပါ။ အဲဒီတောင်ဟာ သီးသီးခြားခြား ထီးထီးမားမားရပ်တည်နေတာမို့ ဒေသခံ ရှမ်းဘာသာစကားနဲ့ 'လွယ်ခေါ်' လို့ အမည်ပေးခဲ့ပါတယ်။ မြန်မာလိုတော့ 'သီးခြားသန့်သန့်တည်နေတဲ့တောင်'ပေါ့။ 'လွယ်ခေါ်'ကနေ 'လွယ်ကော်'၊ အဲဒီကတစ်ဖန် 'လွိုင်ကော်' ဖြစ်လာပါတယ်။ ခုတော့



တောင်ကွဲစေတီတော်ပေါ်ကို ပို့ဆောင်ပေးတဲ့ ဓာတ်လှေကား





www.burmeseclassic.com










လှိုင်ကော်တောင်ကိုလည်း 'ရွှေတောင်' လို့ ခေါ်ဝေါ်နေပါပြီ။

ဒီမြို့ကို မြန်မာနှစ် ၁၂၀၀ ပြည့်နှစ်မှာ 'ဦးသိရိ' က အကြီးအမှူးပြုပြီး တည်ထောင်ခဲ့တာပါ။ လှိုင်ကော်မြို့လို့ အမည်မတွင်ခင်ကတော့ 'သိရိတော-သိရိဒေါ'လို့လည်း ခေါ်ဆိုခဲ့ဖူးပါတယ်။

**ငွေတောင်သူ့အလွမ်း**

ကန္တာဟောဝန်ပန်းခြံရှေ့က လမ်းဆုံမှာတော့ ရွှေရောင်ပန်းပုရုပ် ကိန္နရီ-ကိန္နရာမောင်နှံဟာ တောင်ပံယှက်ကာ ကခုန်နေရဲ့။ ကယားတိုင်းရင်းသားတွေဟာ သူတို့ကိုယ်သူတို့ ကိန္နရာ၊ ကိန္နရီတို့ကနေ ဆင်းသက်လာတယ်လို့လည်း တွေးထင်ကြတယ်။ သာသောင့်သာယာရှိလှတဲ့ ကယားတို့ရဲ့တောတောင်တွေမှာ ကိန္နရီတွေ ပျော်မြူးနေထိုင်ခဲ့ပုံပါ။

ကယားတို့ရဲ့ရိုးရာပုံပြင်လာ ငွေတောင်ပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ သမီးတော် ဒွေးမယ်နော်နဲ့ ညီမ (၇) ဖော် ရေကစားတဲ့ရေကန်၊ 'ဒွေးမယ်နော် ငွေတောင်ပြည်ပြန်ခန်း' မှ ဒွေးမယ်နော် ကိန္နရီမင်းသမီးလေး သစ္စာအဓိဋ္ဌာန်ပြု





တောင်ကွဲစေတီတော်ပေါ်မှအဆင်း ကျောက်-အုတ်လှေကားများ



www.burmeseclassic.com

www.burmeseclassic.com







လှိုင်ကော်မြို့ကျက်သရေဆောင် ကမ္ဘာ့ပေါဝန်ပန်းဥယျာဉ်

တဲ့ 'ဒွေးမယ်နော် သစ္စာကန်'များလည်း ယခုတိုင် ရှိနေသေးရဲ့။ ကယားပြည်နယ်ဟာ သစ္စာတရားထွန်းကားရာမြေပင် ဖြစ်ပါတယ်။

အဲဒီသစ္စာကန်အပြင် စိတ်ရွှင်လန်းစွယ် ရှုမောသာယာလှတဲ့ မထေးကူရေတံခွန်စခန်းနဲ့လှိုင်ကော်အရှေ့တောင်ဘက် (၁၂) မိုင်ခန့်မှာရှိတဲ့ လောပိတရေတံခွန်စခန်းတို့လည်း သာသောင့်သာယာရှိပါသေးတယ်။

**တစ်ခါက ကယားတို့ပြည်**

မြန်မာနှစ် ၁၈၄၅ ခုတွင် အရှေ့ကယားပြည် ကန္တာရဝတီနယ် ကယားမင်းဟာ ပထမဖဖော်ကြီး ကွယ်လွန်၍ ထိုနှစ်မှာပဲ ဒုတိယမြောက် စောဖျာဖဖော်ကလေး ဆက်ခံခဲ့ပါတယ်။ ခရစ်နှစ် ၁၈၈၆ ခုနှစ်မှာ စောဖျာဖဖော်ကလေး ကွယ်လွန်ပြန်တော့ တတိယမြောက် စောဖျာဖဖော် (စောဖျာလင်) ဆက်ခံပါတယ်။ အဲဒီနှစ်မှာပဲ စောဖျာလင် ကွယ်လွန်သွားပြန်ရာ စတုတ္ထမြောက် စောဖျာဖဖော်(မဟာစောလဖော)က အရိုက်အရာကို ဆက်ခံခဲ့တယ်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမှာ သီပေါဘုရင်မင်းမြတ် ပါတော်မူပြီးတဲ့နောက် ဗြိတိသျှအစိုးရဟာ ရှမ်းပြည်နယ်ကို သိမ်းယူခဲ့ပါတယ်။ ဆက်လက်ပြီး အရှေ့ကယားပြည် စတုတ္ထမြောက် စောဖျာ မဟာစောလဖော်ကို အကြိမ်ကြိမ် ခေါ်ယူပေမယ့် မလာနိုင်ကြောင်းနဲ့ ကယားပြည်သို့သာ လာရောက် တွေ့ဆုံဖို့ပဲ ဗြိတိသျှအစိုးရကို ပြန်ကြားဖိတ်ခေါ်လိုက်တယ်။ အဲဒီအခါ ဗြိတိသျှအစိုးရကလည်း မည်သည့်အကြောင်းအရင်းကိုမျှ ပြန်ကြားခြင်းမပြုဘဲ တိတ်တဆိတ်လျှို့ဝှက်စွာနဲ့ ၁၈၈၈ ခုနှစ်၊ ဒီဇင်ဘာလမှာ မိုးဗြဲနယ်ခြား ကန့်ကျိုင်းစခန်းကို ဗြိတိသျှအစိုးရစစ်တပ်များ ရောက်ရှိလာပါတော့တယ်။

ဒီလိုနဲ့ အရှေ့ကယားပြည် စောဖျာမဟာစောလဖော်စစ်တပ်နဲ့ တိုက်ပွဲတွေဖြစ်ကြပါတယ်။ ဒီဇင်ဘာလ ၂၉ ရက်နေ့ကစပြီး လောတမမြို့ ဖရေမနေရဲ့သားတွေဖြစ်တဲ့ ကျဲရယ်နဲ့ ဦးရယ် ဦးဆောင်ပြီး စတင်တိုက်ခိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကယားစစ်တပ်ရှုံးပြီး နောက်ဆုတ်ပေးလိုက်ကြရပြီးတဲ့နောက် စောဖျာမဟာစောလဖော်ဟာ ဖဖိုးဒေါ(စောလုံ)မြို့တော်ကို ဆက်လက် ချီတက်သွားပါတယ်။ မဟာစောလဖော်ဟာ အညံ့မခံဘဲ ဆက်လက်တိုက်ခိုက်ဖို့ ပြင်ဆင်နေခဲ့တယ်။

ခရစ်နှစ် ၁၈၈၉ ခုနှစ်၊ ဇန္နဝါရီလ ၈ ရက်နေ့မှာတော့ ဖဖိုးဒေါ (စောလုံ) မြို့တော်မှာ ယော်နန်း တည်ဆောက်ရာမှာ ကြီးမှူးအုပ်ချုပ်တဲ့ အင်းသား ရှမ်းအမျိုးသား ဦးနီဟာ မဟာစောလဖော်ထံ သွားရောက် တွေ့ဆုံပါတယ်။ သူ့ရဲ့ကိုယ်တွေ့ဖြစ်တဲ့ ဗြိတိသျှစစ်တပ်အင်အား အခြေအနေ ဖြစ်ရပ်မှန်ကိုလည်း တင်ပြခဲ့တယ်။ အဲဒီအခါမှာ မဟာစောလဖော်ဟာ ဆက်လက်မတိုက်တော့ဘဲ သူ့နေရာကို တူဖြစ်သူ စဝ်လဝီ (ဝီရယ်) ကို လွှဲအပ်ခဲ့ပြီး တိမ်းရှောင် ထွက်ခွာသွားလိုက်ပါတော့တယ်။

ဦးနီလည်း တူတော် စဝ်လဝီထံ သွားရောက်ကာ စေ့စပ်ဆွေးနွေးပြန်ပါတယ်။ အဲဒီနောက် ဗြိတိသျှစစ်တပ်ရောက်လာတဲ့အခါ အင်္ဂလိပ်စစ်ဗိုလ်နဲ့ ညှိနှိုင်း ဆွေးနွေးကြတယ်။ ဆွေးနွေးမှုအပြီးမှာတော့ တူတော် စောလဝီကို ဆက်လက်အုပ်စိုးဖို့ သဘောတူခဲ့ကြပါတယ်။ ဒီလိုနဲ့ အရှေ့ကယားပြည် ကန္တရဝတီ စောဖျာရာထူးကို ၁၈၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ဖဖိုးဒေါ (စောလုံ) မြို့တော်ဟော်နန်းမှာ စဝ်လဝီကိုပဲ တင်မြှောက်လိုက်တယ်။

၁၈၈၉ ခုနှစ် ကန္တရဝတီ စောဖျာ စဝ်လဝီလက်ထက်မှာ ကျေးဇူးသစ္စာစောင့်သိပြီး အမြော်အမြင်ရှိတဲ့ ဦးနီကို အမတ်ကြီးရာထူးနဲ့ သီရိဒေါ (လွိုင်ကော်)မြို့ကို အပိုင်စားပေးလိုက်ပါတော့တယ်။ အမတ်ကြီးဦးနီဟာ သီရိဒေါမြို့ကို ပြုပြင်ခြင်း၊ ရောင်းဝယ်ဖောက်ကားရန် ဌာနဈေးကြီးကို တည်ဆောက်ခြင်းစတာတွေ ပြုလုပ်ပြီးစီးစေခဲ့တယ်။ ဆက်လက်ပြီးလည်း အမတ်ကြီးဦးနီ အကြီးအမှူးပြုပြီး ဘာသာသာသနာအတွက် ဘုရားတည်၊ ကျောင်းဆောက်တွေ စတင် လုပ်ကိုင်ခဲ့ပါတယ်။


### သီရိမင်္ဂလာတောင်တော်

ဖြောင့်ဖြူးလှတဲ့ လွိုင်ကော်မြို့ကြီးရဲ့လမ်းအကွေ့မှာတော့ တောင်ကွဲစေတီကြီးကို ဘွားခနဲ ဖူးတွေ့လိုက်ရပါတော့တယ်။ ဒီလမ်းအကွေ့ကနေ ဆက်သွားရင် ငွေတောင်ဘက်ကို ရောက်ပါမယ်။ ကိုယ်တို့ မြန်မာပြည်သားတွေ ဘယ်လောက်များ မှတ်တမ်းမှတ်ရာထားလိုစိတ်နည်းပါးသလဲဆိုရင် ဒေသခံတွေကို တောင်ကွဲစေတီစုကိုဦးခိုက်နေတဲ့ လမ်းမကြီးကို ဘာလမ်းလဲလို့ ကိုယ်ကမေးတိုင်းအားလုံးကပဲ လွယ်လွယ်ကူကူ 'တောင်ကွဲစေတီသွားတဲ့လမ်းပဲလေ' လို့ ဖြေတတ်ကြရဲ့။

နာမည်တွေဘယ်လိုရှိရှိ အလွန်လှပပြီး ကျော်ကြားလှတဲ့ တောင်ကွဲစေတီခြေတော်ရင်းကိုတော့ ရောက်ခဲ့ရပါပြီ။ 'သီရိမင်္ဂလာတောင်တော်စေတီ' ဆိုတဲ့ ခံ့ခံ့ညားညားမုခ်ဦးကြီးအောက်ကဝင်ခဲ့တယ်။ ကားဝင်လမ်းဘေးမှာလည်း ဘုရားဈေးဆိုင်တွေ၊ဓာတ်ပုံဆိုင်၊အအေးဆိုင်တွေက သပ်သပ်ရပ်ရပ်နဲ့ပါ။ ကိုမြင့်ကိုကိုက သူ့ကားကို ဓာတ်လှေကားအတက်ပေါက်နဲ့ မလှမ်းမကမ်း မြေပြင်မှာ ရပ်ခဲ့ပြီး ကိုယ်တို့ တောင်ပေါ်ကို ဓာတ်လှေကားနဲ့ လွယ်လင့်တကူတက်ခဲ့ကြပါတယ်။ ဓာတ်လှေကားကလည်း အခမဲ့ပါ။ အလှူခံတောင် မရှိပါဘူး။ အပေါ်ရောက်လို့ ဓာတ်လှေကားရုံကအထွက်မှာလည်း အမိုးပါတဲ့ လျှောက်လမ်းနဲ့ပေါ့။ လျှောက်လမ်း သံဆန်ခါကွက်က ဝဲ-ယာကိုကြည့်လိုက်တော့ လှလိုက်တဲ့ မြို့ကွက်မြို့ခင်းတွေကို တွေ့လိုက်ရတယ်။

'ဟိုမှာ ရွှေတောင်စေတီ၊ ဟိုမှာဈေး၊ ဟိုမှာ ဘီလူးချောင်း. . . ' နဲ့ ကိုမြင့်ကိုကိုနဲ့ မကြူတို့က လက်ညှိုးညွှန်ပြနေကြပါတယ်။ လျှောက်လမ်းကနေ တောင်တော်ဆီအကူးမှာတော့ မိုးမှုန်လေးတွေ တဖွဲဖွဲကြပက်နေပါတယ်။ ဒါပေမယ့်လည်း တန်ဆောင်းထဲဆီ ပြေးဝင်မခိုသေးဘဲ တောင်တော်ကို အနီးကပ် ခြုံငုံပြီး မြင်နေရလို့ မိုးဖွဲတွေကြားကပဲ တဝကြည့်နေမိသေးရဲ့။ သြော်-နှစ်အတော်ကြာကတည်းက သွားချင်လှချည်ရဲ့လို့ ဆန္ဒပြင်းပြခဲ့ရတဲ့ တောင်ကွဲစေတီပဲလေ။ တောင်ကွဲစေတီလို့နာမည်ကျော်ကြားလှတဲ့ လွိုင်ကော်မြို့က သီရိမင်္ဂလာတောင်တော်က စေတီတော်တွေဟာ ကယားပြည်နယ်ရဲ့ ထင်ရှားတဲ့ အမှတ်အသားတစ်ခုလည်း ဖြစ်ပါရဲ့။ စေတီတော်တွေလို့ ပြောရတာကတော့ စေတီတော်က တစ်ဆူတည်းမဟုတ်ဘဲ အကွဲကွဲအမြွာမြွာ ကျောက်တောင်ထိပ်တွေမှာ အဆူဆူရှိနေလို့ ဖြစ်ပါတယ်။





လွိုင်ကော်မြို့ကျ အထင်ကရ အလှအပ နောင်ယားကန်



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်စုပေါ့။

ခါတ်လှေကားလျှောက်လမ်းအဆုံးမှာ ပထမဆုံး ဖူးတွေ့လိုက်ရတာကတော့ 'ရွှေပြည်အေး'စေတီတော်လေး ဖြစ်ပါတယ်။ ၁၉၅၈ ပြည့်နှစ်မှာ အများပြည်သူရဲ့ စုပေါင်းကုသိုလ်ဒါနနဲ့ တည်ခဲ့တာဆိုတော့ နှစ် (၆၀)ကျော်ခဲ့ပြီပေါ့။

တောင်ကွဲစေတီတော်အစုဟာ ကယားပြည်နယ်ရဲ့အထင်ကရဖြစ်သလို လွိုင်ကော်မြို့ရဲ့ ကျက်သရေဆောင်လည်း ဖြစ်ရဲ့။ သီရိမင်္ဂလာတောင်တော်ဟာ လွိုင်ကော်မြို့တောင်ဘက်အရပ် မှာရုံစာသင်တိုက်နဲ့ မိုးကောင်းဘုရားကြီးအကြားမှာ တည်ရှိတယ်။ ကျောက်တောင်အကြီးကြီးတစ်ခုတည်း မဟုတ်ဘဲ ကျောက်တောင်တောင်ထွတ်ကြီး (၉) ခု စုစုဝေးဝေးနဲ့ သဘာဝအနေအထားအရ ထူးခြားစွာ ဖြစ်ပေါ်လျက်ရှိနေတာပါ။ ကျောက်တောင်တစ်ခုချင်းတလည်း လုံးချောကျောက်တုံးကြီးတွေလိုမဟုတ်ဘဲ အကွဲကွဲအအက်အက်နဲ့ပေါ့။ ဒါပေမယ့် တောင်တွေဟာ လက်ရာမြောက် ပန်းပုပညာရှင် ထုလုပ်ထားသလို တကယ့်ကို လှပပါတယ်။ အဲဒီကျောက်တောင်တွေတစ်ခုကနေ တစ်ခုကူးဖို့ကိုတော့ သံတံတား၊ သစ်သားတံတား၊ အုတ်တံတားတွေ နည်းမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံနဲ့တည်ဆောက်ပြီးဆက်စပ်ထားပါရဲ့။ ဘာသာရေးအဆောက်အအုံနဲ့ တံတားတွေက တွဲဆက်ထားလို့များ တောင်ကွဲတွေက ကွဲထွက်မသွားတာလား၊ တောင်တွေကွဲမထွက်သွားလို့ဘဲ အဆောက်အအုံတွေ တည်မြဲနေတာလား။

တောင်ကွဲစေတီစုတွေရှိတဲ့တောင်တော်ရဲ့အမြင့်ကတော့ (၃၇၈) ပေရှိပါတယ်။

ဒီတောင်တော်စုကို မြန်မာလို 'တောင်ကွဲတောင်'၊ ရှမ်းလို 'လွိုင်ဖာတက်'၊ ကယားလို 'ဖော်ဖြ' လို့ ခေါ်ပါတယ်။

တောင်တော်နဲ့ပတ်သက်ပြီး သိုက်တဘောင်အဆိုအရတွေနဲ့ ကယားတို့ရဲ့ ယူဆချက်များကလည်း ရှည်လျားစွာ ရှိနေပါရဲ့။

အဲဒါတွေရဲ့အချုပ်ကတော့ 'ဤတောင်တော်ႏ ႍ ကိုးစိတ်ကိုးမြွာကွဲနေသော်လည်း သာသနာပြုမင်း ပေါ်ထွန်းလာသောအခါ၊ ဤတောင်တော်တွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်လတ္တံ့' လို့ ဆိုထားခဲ့ပါတယ်။

အဲဒီလိုနဲ့ ခေတ်အဆက်ဆက်မှာ အုပ်ချုပ်သူအသီးသီး၊ အလှူရှင်အထွေထွေက တောင်ထွတ်တွေရဲ့အပေါ်နဲ့ တောင်ကြားတွေမှာ တောင်ကွဲစေတီတော်စုနဲ့ ဘုန်းကြီးကျောင်းတွေ၊ ဇရပ်-တန်ဆောင်းတွေကို အခါအားလျော်စွာ သဒ္ဓါပေါက်သလို အခြေအနေပေးတိုင်း ဆောက်လုပ် တည်ထားလာခဲ့ကြတာ ဖြစ်ပါတယ်။ စိတ်ကူးတည့်သလို တည်ထား ကိုးကွယ်ခဲ့ကြပေမယ့် ကိုယ်တို့ရဲ့ ပြည်ထောင်စုကြီးလိုပဲ တောင်ကွဲစေတီတော်စုဟာ မတူကွဲပြားခြင်းတွေနဲ့အတူ လှပတဲ့ပန်းချီကားတစ်ချပ်လို ဖြစ်လာခဲ့လေရဲ့။ ကယားပြည်နယ် ယဉ်ကျေးမှုပြတိုက်မှာ ပြသထားတဲ့ 'ပန်းချီထွန်းဝင်း' ရဲ့ တောင်ကွဲစေတီပုံပန်းချီကားကိုလည်း မြင်ခဲ့ရတော့ တကယ့်ကို အချိုးညီပြီး အထားအသိုလှပတဲ့ ရှုခင်းပါပဲရယ်လို့ စိတ်ထဲက တွေးမိပါတယ်။

**တောင်ကွဲစေတီတော်သမိုင်း**

၁၈၉၉ ခုနှစ်မှာ သာသနာပြုဆရာတော် တလီလောဘုန်းကြီးရဲ့ ညွှန်ကြားချက်အရ အဘွားပေါင်အုံ၊ ပွဲစားညင်းတို့က ရွှေယပ်တောင်ကို ဌာပနာပြုပြီး ဉာဏ်တော် (၂၂) တောင်ရှိတဲ့ 'ရွှေယပ်တောင်စေတီတော်' ကို စတင်တည်ထား ကိုးကွယ်ခဲ့တယ်။

၁၉၁၃ ခုနှစ်ရောက်တော့ ဉာဏ်တော် (၉) တောင်ရှိတဲ့ 'ရွှေရင်အေးစေတီတော်' နဲ့ ၁၉၁၄ ခုနှစ်မှာလည်း ဉာဏ်တော် (၉) တောင်ရှိတဲ့ 'ကျောက်သမ္ဗန်စေတီတော်' ကို တည်ထားခဲ့ပြန်တယ်။


၁၉၂၉ ခုနှစ်မှာ ဉာဏ်တော် (၁၆) တောင်ရှိ 'အောင်တော်မူစေတီတော်' ကို ရပ်နီး၊ ရပ်ဝေးအလှူရှင်များကောင်းမှုနဲ့ တည်ထားကိုးကွယ်ခဲ့တယ်။ ၁၉၂၉ ခုနှစ်မှာပဲ ဉာဏ်တော် (၁၆) တောင်ရှိ 'ဆုတောင်းပြည့်စေတီတော်' ကို အရံစေတီ (၆) ဆူနဲ့အတူ ဒေါ်အေးခင်၊ ဒေါ်အေးတင်ခေါင်းဆောင်တဲ့ နန္ဒင်းမှုန့်ထောင်းအမျိုးသမီးများအဖွဲ့ရဲ့ စုပေါင်းဒါနနဲ့ တည်ထားပြန်တယ်။


၁၉၃၃ ခုနှစ်မှာ ဉာဏ်တော် (၂၄) တောင်ရှိ 'ပြည်လုံးချမ်းသာစေတီတော်' ကို ဦးဘအေး ဦးဆောင်ဦးရွက်ပြုပြီး အများပြည်သူများ စုပေါင်းကုသိုလ်ကောင်းမှုနဲ့ တည်ထားကိုးကွယ်ခဲ့တယ်။ အဲဒီစေတီတော်ဟာ တောင်ကွဲစေတီတော်စုရဲ့ ပင်မစေတီတော် ဖြစ်လာပါတယ်။ ၁၉၃၃ ခုနှစ်အတွင်းမှာပဲ ဉာဏ်တော်(၉)တောင်ရှိ 'အောက်ကျိုက်ထီးရိုးစေတီတော်' ကိုလည်း တည်ထားခဲ့ပါသေးတယ်။

၁၉၃၄ ခုနှစ်မှာတော့ ဉာဏ်တော် (၁၂) တောင်ရှိ 'အထက်ကျိုက်ထီးရိုးစေတီတော်' ကို ဆက်လက်ပြီး တည်ထား ကိုးကွယ်ခဲ့ပြန်တယ်။

မြန်မာနိုင်ငံတော် နယ်နိမိတ်အတွင်းမှာ ကရင်နီ (ကယားပြည်ထောင်စု) ပါဝင်လာခဲ့ပြီးနောက် ခရစ်နှစ် ၁၉၄၈ ခုနှစ်မှာ ပါလီမန်အတွင်းဝန် ဦးစိန်နဲ့ သမားတော်ကြီး ဦးဘအေးတို့က မြို့တော်ကို 'သီရိဒေါ်' လို့ အမည်ပြောင်းစေခဲ့တယ်။ 'တောင်ကွဲ' ဆိုတဲ့ အမည်










www.burmeseclassic.com

www.burmeseclassic.com



နာမဟာလည်း ကွဲအက်ခြင်း ဆိုတဲ့ အနက်အဓိပ္ပာယ်နဲ့မို့ မသင့်လျော်ဘူး ရယ်လို့ ကျက်သရေတိုးအောင် 'သီရိတောင်' လို့ ခေါ်ဝေါ်စေခဲ့တယ်။ အများကလည်း ခေတ်ကာလအလျောက် 'မင်္ဂလာသီရိတောင်' လို့ သဘောတူခဲ့ကြတယ်။ ဒါပေမယ့် ဒီနေ့အထိ ခပ်လွယ်လွယ်ပဲ ခေါ်တွင်နေခဲ့ကြတာကတော့ တောင်ကွဲစေတီရယ်လို့ပါပဲ။ အဲဒီနောက် ၁၉၅၀ ပြည့်နှစ်မှာတော့ ဉာဏ်တော် (၁၄) တောင်ရှိ 'ရွှေပြည်အေးစေတီတော်' ကို ဦးဆရာရုပ်၊ ဒေါ်စိန်မြတို့က ဦးဆောင်ပြီး အများပြည်သူရဲ့ စုပေါင်းကုသိုလ်ဒါနဖြင့်တည်ထားခဲ့ပြန်ပါတယ်။

၁၉၅၆ ခုနှစ်မှာ ဦးသန်းလွင်ခေါင်းဆောင်တဲ့ ဂေါပကအဖွဲ့မှ တောင်ပေါ်တက်တဲ့ သံလှေကားနှစ်စင်းကို တပ်ဆင်ခဲ့ပါတယ်။

၁၉၅၉ ခုနှစ်မှာလည်း ဦးသန်းလွင်၊ ဦးအေးချိုတို့ ဦးဆောင်တဲ့ ဂေါပကအဖွဲ့ဟာ အရှေ့ဘက်နဲ့ အနောက်ဘက်ကူးတဲ့ သစ်သားပေါင်းကူးတံတားများကို သံတံတားပေါင်းကူးအဖြစ် အစားထိုး ဆောက်လုပ်ခဲ့ပြန်ပါတယ်။



ကန္နာရဝတီ ကလသားပြည်နယ်ရဲ့သင်္ကေတ ကိန္နရီ၊ ကိန္နရာမောင်နှံ

၁၉၆၁ ခုနှစ်မှာတော့ ဦးထွန်းတင်၊ ဦးတင်ဝင်း၊ ဦးရှိန်းတို့ရဲ့ ဂေါပကအဖွဲ့က တောင်တော်ပေါ်ကစေတီတော်ကိုးဆူကို မှန်သက်န်းများစီကာ ဆက်ကပ် ပူဇော်ခဲ့ကြတယ်။ သီရိမင်္ဂလာတောင်ကွဲတောင်မှာ ကျောက်ကုန်သည်ကြီး ဦးမြ ဆောက်လုပ် လှူဒါန်းခဲ့တဲ့ လေးထပ်ကျောင်းကြီး ပျက်စီး ယိုယွင်းနေတာကိုလည်း မူလပုံစံမပျက် အသစ်တစ်ဖန် ပြန်လည် ဆောက်လုပ်ခဲ့လို့ ဒီနေ့အထိ တွေ့မြင်နိုင်ခဲ့တာပါ။ တောင်ပေါ်တက်တဲ့ လမ်းဟောင်းလမ်းကြမ်းတွေကိုလည်း လမ်းချောလမ်းသစ်တွေဖြစ်အောင် ပြုပြင်ခဲ့ကြပါတယ်။ လေးထပ်ကျောင်းထဲမှ ဆုတောင်းပြည့်စေတီတော်ကိုကူးတဲ့လမ်းကိုလည်း လေးထပ်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှပိတ်ပြီး စေတီတော်ပေါ်တက် ချဲလမ်းသစ်များအဖြစ်ပြုလုပ်ကာ ဝရန်တာများအသစ်ဆောက်လုပ်ခဲ့ကြတယ်။

ဒီလိုနဲ့ ၁၉၇၀ ပြည့်နှစ်လောက် ရောက်ပြန်တဲ့အခါမှာတော့ ခေါ်ဝေါ်လို့ ပိုအဆင်ချောအောင် 'သီရိမင်္ဂလာတောင်' လို့ ဘွဲ့မည်တော် ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပြန်တယ်။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့တောင်လို့ အဓိပ္ပာယ်ရပေ့။ ပြီးတော့ အောင်တော်မူစေတီတော်ရင်ပြင်နဲ့ ဉာဏ်လင်းစာပေမွှာရုံကိုတော့ ၁၉၈၇ ခုနှစ်မှာ တည်ဆောက်လိုက်ပါတယ်။ ၁၉၈၈ ခုနှစ်မှာတော့ အောင်တော်မူစေတီတော်ရင်ပြင်နဲ့ ရွှေယပ်တောင်စေတီတော်ကိုကူးတဲ့ ပေ (၄၀) ရှည်တဲ့ သံတံတားပေါင်းကူးတစ်ခု ဆောက်လုပ်ခဲ့ပြန်ရဲ့။

**အဘက်ဘက်မှပြည့်စုံအောင် ဆောင်ရွက်ချက်များ**

၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှာ သီရိမင်္ဂလာတောင်ကွဲစေတီတော်များကို ကယားပြည်နယ်ရဲ့ ဂုဏ်ကျက်သရေဆောင်ဖြစ်ဖို့အတွက် 'သီရိမင်္ဂလာတောင်ကွဲစေတီတော်များ ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးအဖွဲ့' ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအဖွဲ့အစည်းလက်ထက်မှာ အလှူခံဌာန ဓမ္မာရုံအဆောက်အအုံသစ်၊ အုတ်တံတိုင်းကာရံခြင်း၊ ရုပ်တော်မူဘုရား၊ ဂြိုဟ်ကြီးရှစ်လုံးနဲ့ အဆောက်အအုံသစ်၊ တောင်ပေါ်သို့ မြေပြင်မှ လွယ်ကူစွာ သွားလာနိုင်သောတောင်တက်လမ်း ပြုလုပ်ခြင်း၊ တောင်တက်လမ်းနဲ့ ရင်ပြင်များမှာ သံပိုက်များနဲ့ လမ်းရပ်များ တပ်ဆင်ခြင်း၊ စေတီတော်များ ထုံးသင်္ကန်းကပ်လှူခြင်း၊ ထီးတော်များကို ရွှေမင်များဖြင့်ကပ်လှူခြင်း၊ အဆောက်အအုံများဆေးပြန်သုတ်ခြင်း၊ တောင်တော်နဲ့ တောင်တော်ပတ်ဝန်းကျင်မှာ လျှပ်စစ်မီးတွေ အပြည့်အဝလင်းရေးအတွက် မီးလိုင်းသစ်များ တပ်ဆင်ခြင်း၊ စေတီထီးတော်များ အသစ်ကပ်လှူပူဇော်ခြင်း ဆိုတာတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။

၁၉၉၂ ခုနှစ်မှာ ဉာဏ်တော် (၁၂) တောင်ရှိ 'ဇေယျာသိဒ္ဓိပါရမီစေတီတော်' ကို လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှာ ဉာဏ်တော် (၉) တောင်ရှိ 'ကန္တရဝတီစေတီတော်' ကို လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှာ ဉာဏ်တော် (၅) တောင်ရှိ 'ရွှေပိတုန်းစေတီတော်' ကို လည်းကောင်း အသီးသီး တည်ထား ကိုးကွယ်ခဲ့ကြပြန်ပါတယ်။ ဘုရားစေတီတွေအပြင် ကျောင်း၊ တန်ဆောင်းနဲ့ ဇရပ်တွေကိုလည်း တည်ဆောက်လှူဒါန်းခဲ့ကြတယ်။ လွိုင်ကော်မြို့ ရတနာကုန်သည်ကြီး ဦးမြကလည်း လေးထပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးခဲ့တယ်။

၁၉၉၉ ခုနှစ်၊ မတ်လဆန်းမှာတော့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာရောက်သူတွေ ပိုမို သဒ္ဓါကြည်ညိုစိတ်တွေ ပွားများစေဖို့ ဘက်စုံ မွမ်းမံတည်ဆောက်မှု စီမံချက်တွေ ဆက်လက် လုပ်ဆောင်ခဲ့ပြန်တယ်။ အဲဒီလိုပြုလုပ်ရာမှာ ပင်မတောင်တော် ပြည်လုံးချမ်းသာစေတီတော်မှာ ရင်ပြင်ပတ်လမ်းမရှိလို့ ဘုရားဖူးတွေ စေတီတော်တစ်ပတ်လုံးကို မဖူးမြော်နိုင်တာ၊ မူလ မှန်သင်္ကန်းတွေ အရောင်မှေးမှိန်နေတာ၊ ဘုရားဖူးတွေ နားနေအာရုံပြုဖို့ နေရာမရှိတာတွေကို ပြုပြင် ဖြည့်စွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ညအချိန်မှာ တောင်တော်ပေါ်က စေတီတော်တွေကို ပိုမိုသဒ္ဓါ ကြည်ညိုစွာ ဖူးမြော်နိုင်ဖို့လည်း လျှပ်စစ်မီးတွေကို ပြုပြင်မွမ်းမံပြီး အပြည့်အဝ ထိန်ထိန်ညီးစေခဲ့ရဲ့။ တောင်တော်ပေါ်ကို တက်ရောက် မဖူးမြော်နိုင်ကြတဲ့ သက်ကြီးရွယ်အိုများနဲ့ ဘုရားဖူးပြည်သူတွေအတွက်လည်း တောင်တော်ရဲ့ မြောက်ဘက်ခြေရင်းကနေ ကြည်ညိုပူဇော်နိုင်ဖို့လည်း အာရုံခံမွှာရုံ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ဒီလိုလုပ်ငန်းတွေလုပ်ဆောင်နိုင်ဖို့ ဦးစီးကော်မတီနဲ့ ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဆောင်ရွက်ခဲ့ကြရပါတယ်။ ဘက်စုံပြုပြင်ရေးလုပ်ငန်းစဉ်တွေမှာ စေတီတော် (၁၇)ဆူ ပြုပြင်မွမ်းမံပြီး ရွှေသင်္ကန်းသစ်များကပ်လှူခြင်း၊ ထီးတော်အသစ်များ တင်လှူခြင်း၊ ပင်မတောင်တော် ပြည်လုံးချမ်းသာစေတီတော်ရဲ့ အရှေ့ဘက်ရင်ပြင် အာရုံခံတန်ဆောင်းနဲ့ ကျောက်စီလှေကားတည်ဆောက်ခြင်း၊ တောင်ဘက်အနောက်ဘက်ရင်ပြင်များတည်ဆောက်ခြင်း၊ ပြည်လုံးချမ်းသာစေတီနဲ့ ရွှေယပ်တောင်စေတီတော်နှစ်ဆူ ဆက်သွယ်တဲ့ တံတားနှစ်စင်း တပ်ဆင်ခြင်း၊ တောင်ပေါ်ရှိစေတီများကို လျှပ်စစ်မီးဆလိုက်များနဲ့ မီးပူဇော်ခြင်း၊ မီးကြိုး, မီးတိုင်များ ပြုပြင်တပ်ဆင်ခြင်းနဲ့ တောင်တော်မြောက်ဘက်ခြေရင်းမှာ အာရုံခံမွှာရုံ တည်ဆောက်ခြင်းတွေ ပါဝင်ပါတယ်။

အဲဒီနောက် ဦးစိုင်းအောင်သိန်း (ဥက္ကဋ္ဌ)၊ ဦးအောင်ဆန်း (ဒု-ဥက္ကဋ္ဌ)၊ ဦးသာစု (အတွင်းရေးမှူး)နဲ့ ဦးအောင်ချင်း (ဘဏ္ဍာရေးမှူး) တို့ ပါဝင်တဲ့ ဂေါပကအဖွဲ့ဝင် (၁၄) ဦးနဲ့ ဆက်လက်ဆောင်ရွက်ခဲ့ပြန်တယ်။ ၂၀၀၃ ခုနှစ်မှာတော့ တောင်ပေါ်မှာ တံခွန်တိုင်တစ်ခု၊ လှေကားထစ်များပြုပြင်ခြင်းနဲ့ ဒေသထွက်ကျောက်ပြားများခင်းခြင်း၊ သဘော်ဦးဘုရား မြန်မာမှုတပ်ဆင်ခြင်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူထိန်းသိမ်းခြင်းတွေကို ပြုလုပ်ခဲ့တယ်။

၂၀၀၄ ခုနှစ်မှာလည်း တောင်တော်အဝင်မုခ်ဦး၊ ပြည်လုံးချမ်းသာစေတီတော်မုခ်ပေါက်များပြုပြင်ခြင်း၊ ရွှေယပ်တောင်စေတီ ကြာမှောက်ကြာလန်များပြုပြင်ခြင်း၊ ရင်ပြင်ကြွေပြားခင်းခြင်း၊ ပြည်လုံးချမ်းသာစေတီအရှေ့ဘက်မုခ်သံပန်းတပ်ဆင်ခြင်း၊ စေတီနဲ့ ဆင်းတုတော်များကို ရွှေသားအစစ်သင်္ကန်းတော်များကပ်လှူခြင်း၊ ရုပ်တော်မူဘုရားမျက်နှာတော်ပြုပြင်ခြင်း၊ ဘုရားဆောင်ပြုပြင်ခြင်းနဲ့ ဘုရားဝင်းတောင်ဘက်အုတ်တံတိုင်းကာခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့ပြန်ပါတယ်။

၂၀၀၅ ခုနှစ်မှာ ရုပ်တော်မူဘုရားကို ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပါတယ်။

၂၀၀၆ ခုနှစ် ရောက်တဲ့အခါ တောင်တော်အတက်-အဆင်းလမ်း မီးတိုင်များ စိုက်ထူခြင်း၊ အောက်ရင်ပြင်ကွန်ကရစ်ခင်းခြင်းနဲ့ တယ်လီဖုန်းအမှတ် ၂၂၁၇၃ ကို တပ်ဆင်နိုင်ခဲ့တယ်။ သက်ကြီးရွယ်အိုတွေတောင်ပေါ်တက်ရောက်ပြီး ဘုရားဖူးမြော်နိုင်ဖို့ တောင်တော်ရဲ့ အရှေ့တောင်ဘက်မှာ ဓာတ်လှေကား တည်ဆောက်ဖို့ ပန္နက်တင်မင်္ဂလာကို ပြုလုပ်ခဲ့ပြီး ထူး-ဂရုအော့ဖ်ကုမ္ပဏီနဲ့ အဲယားပုဂံလီမီတက်မိသားစုတို့ရဲ့ လှူဒါန်းမှုနဲ့ အောက်ခြေအထိုင်ခုံကိုလည်း တည်ဆောက်ခဲ့ပါတယ်။ အဲဒီနှစ်အတွင်းမှာပဲ (၇) ရက်သားသမီး အလှူရှင်များက မြို့ပေါ်ရှင်ပြုပွဲများ၊ ရိုးရာတောင်ပိုင်ဘိုးဘိုးကြီး နတ်ပြရာမှာ အဆင်ပြေစေဖို့ တောင်ပိုင်ဘိုးဘိုးနဲ့ (၃၇)မင်းနတ်နန်းကြီးကိုလည်း ဆောက်လုပ် လှူဒါန်းခဲ့ကြတယ်။

၂၀၀၇ ခုနှစ်မှာတော့ မိုးကြိုးခသွားတဲ့ အောင်တော်မူစေတီတော်မြတ်ကို ရွှေသင်္ကန်း ပြန်လည် ကပ်လှူပူဇော်ခြင်း၊ ပြည်လုံးချမ်းသာမြောက်ဘက်မုခ်မှာ မြန်မာမှုတပ်ဆင်ခြင်း၊ သောက်သုံး



www.burmeseclassic.com

www.burmeseclassic.com

ရေအဆင်ပြေစေရန် အဝီစိတွင်းတူးဖော်ခြင်းနဲ့ ဘက်စုံဓမ္မာရုံအရှေ့မျက်နှာစာ တိုးချဲ့ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပြန်ပါတယ်။ ထူး-ဂရုအေဘ့ဖ်ကုမ္ပဏီ(Htoo group of Co.) နဲ့ အဲယားပုဂံလီမိတက် (Air Bagan Ltd.) မိသားစုတို့ကလည်း ဓာတ်လှေကားတည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကြောင့်လည်း ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ဓာတ်လှေကားကို အောင်မြင်စွာ ဖွင့်လှစ် အသုံးပြုနိုင်ခဲ့ပါရဲ့။

**တောင်ထိပ်က ဝက်ပါ**

ဓာတ်လှေကားကထွက်ကတည်းက ဘုရားတွေ့ရင်ဖူးလိုက်၊ တန်ဆောင်းဇရပ်တွေ့ရင် နားလိုက်၊ တံတားတွေတွေ့ရင် တက်လိုက်-ဆင်းလိုက်၊ လက်ရန်းတွေရှိတဲ့ ရှုခင်းသာမျှော်ခင်းတွေရှိရင် ပတ်ဝန်းကျင်ကို ငေးလိုက်နဲ့ တစ်တောင်ဆင်း-တစ်တောင်တက်လျှောက်လာလိုက်တာ တောင်ပေါ်တစ်ခွင်ကိုနှံ့ပါရော။ တစ်နေရာရောက်မှ နောက်ကိုပြန်ပြန်ကြည့်ရင် ဘယ်လိုဆင်းပြီး ဘယ်လိုတက်လာခဲ့တယ်ဆိုတာတောင် တွေးရခက်ခက်ပါ။ တောင်ထိပ်တွေပေါ်မှာ ဝက်ပါလမ်းတွေ ဖောက်ထားသလိုပါပဲ။ တောင်ကွဲစေတီတော်စုရဲ့ ပင်မစေတီတော်ဖြစ်တဲ့ 'ပြည်လုံးချမ်းသာ' စေတီတော်၊ ကျိုက်ထီးရိုးပုံစေတီတော်၊ ရွှေယပ်တောင်စေတီတော်၊ ကျောက်သမ္ဗန်စေတီတော်၊ ကန္ဒာရဝတီစေတီတော်၊ မုဒြာအမျိုးမျိုးနဲ့ ဆင်းတုတော်တွေရှိရာ ဇရပ်များ၊ ကျောက်တောင်နှစ်ခုကို ကြားကနေဆက်ပြီး သစ်သားနဲ့ ခက်ခက်ခဲခဲ ဆောက်ထားတဲ့ လေးထပ်ကျောင်း၊ ဟင်္သာရုပ်နဲ့ တံခွန်တိုင်၊ တောင်ထိပ် ကျောက်သားပြင်ပေါ်က ခြေတော်ရာပုံရေအိုင်ငယ်၊ တောင်ကမ်းပါးယံတွေမှာ ကုပ်ကပ်တွယ်တက်နေတဲ့ တောက်တဲ့လက်ဝါးရွက်ကြီးတွေကို ဖူးတွေ့ခဲ့၊ ဖြတ်သန်းခဲ့ရပါတယ်။ အဆင်းနားမှာတော့ သဘော်ဦးပုံ ဇရပ်တစ်ဆောင်က ကျောက်ဆောင်တွေကြားက ဗိသုကာဟန်အဆန်းနဲ့ ထိုးထွက်နေရဲ့။

နောက်ဆုံးတော့ အလျှုံခံဌာနလေးကို ဖြတ်ဆင်းပြီး မြေပြင်ထက်ကို ပြန်ရောက်လာပါတော့တယ်။ မြေပြင်ကနေ ပြန်ကြည့်ပြန်တော့လည်း တောင်ကွဲစေတီတော်ရှိရာ ကျောက်တောင်စုဟာ နောက်ထပ်အသွင်သဏ္ဌာန်တစ်ခုကို ပြောင်းသွားပြန်ပါတယ်။ ရှုထောင့်အမျိုးမျိုးကနေ မြင်ကွင်းအဖုံဖုံကို ပေးစွမ်းတဲ့ အံ့ဘနန်းလှပတဲ့ တောင်တော်ပါပဲ။

စေတီတော်ခြေရင်းမှာ ကြီးမားလှတဲ့ ညောင်ပင်ကြီး၊ ညောင်ပင်ရင်းမှာတော့ ကကြိုးတန်ဆာအစုံအလင်နဲ့ မြင်းတစ်ကောင်။ အဝေးခပ်လှမ်းလှမ်းကနေ ရှမ်းအိုးစည်သံသဲ့သဲ့လည်း ကြားနေရတယ်။ 'ဒီမှာ ရှင်ပြု နားသတွေလှည့်ရင်လည်း ဒီဘုရားကို လာပြကြတယ်။ ရှင်လောင်း လှည့်တာက သိပ်ခမ်းနားပြီး အရောင်စုံအသွေးစုံနဲ့ လှပတယ်။ ကိုအေးကို ပြချင်လိုက်တာ' လို့ ဘုရားဖူးမထွက်လာခင်က ပြောခဲ့တဲ့ မကြူက-

"ဟော - ကိုအေး ကံကောင်းတယ်။ ခုပဲ ရှင်လောင်းလှည့်တာလာနေပြန်ပြီ။ အသံတွေကြားနေရတယ်"

လို့ ဝမ်းသာအားရပြောတယ်။

စေတီတော်အရင်းမှာတော့ ယနေ့ခေတ်မြန်မာပြည်က ဘုရားစေတီတွေရဲ့ သဘာဝအတိုင်း နတ်ကွန်းနတ်နန်းတွေလည်း အဆောင်တစ်ခုနဲ့ တခမ်းတနားရှိနေရဲ့။ (၃၇) မင်းတောင်ပိုင်ဘိုးဘိုးကြီး နတ်နန်း ပါတဲ့။ အပြေးအလွှား အထဲဝင်ကြည့်လိုက်တော့ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် အပါအဝင် မြန်မာပြည်မှာ ကြားကြားသမျှ နတ်တွေကိုမှ စုံလို့။

ရုပ်တုတော်တွေမှာလည်း ပွဲတွေထိုး၊ ပဝါတွေဆက်နဲ့ ဝေဝေဆာဆာပါ။ ပဲခူးမယ်တော် နံကရိုင်းမယ်တော်တွေအပြင် ကရင်မောင်နှမနတ်ရုပ်တစ်စုံပါပါသေး။

နတ်နန်းက ပြန်အထွက်မှာတော့ ရှင်လောင်းလှည့်ပွဲလည်း ကားတွေနဲ့ ဘုရားဝင်းထဲကို ဝင်လာနေပါပြီ။ နားသလည်းပါရဲ့။ အမိုးဖွင့်ကားပက်လက်ပေါ်မှာ အကျအန ပြင်ဆင်ပြီး လှည့်လာတာပါ။ နတ်နန်းကို လာပြတာလား၊ ဘုရားကို လာပြတာလား၊ နှစ်မျိုးလုံးကိုပဲလား တွေးရင်း ကားရပ်ထားရာဆီကို အသော့နှင်လိုက်ပါတယ်။

**အတိတ်တဘောင်နဲ့ တောင်ကွဲစေတီစုများ**

"ငွေတောင်ဆည်ဘက်ကို ဆက်သွားကြမယ်"

လို့ ကိုမြင့်ကိုကိုကပြောရင်း ကားမောင်းထွက်လာတော့ နောက်မှာ တရိပ်ရိပ်ကျန်ရစ်ခဲ့တဲ့ တောင်ကွဲစေတီတော်စုကြီးကို နောက်ထပ် မြင်ကွင်းတစ်မျိုးနဲ့ ကြည့်လာခဲ့နိုင်ပါတယ်။ ဒီတောင်ကွဲစေတီတွေနဲ့ ပတ်သက်လို့ 'သီးခြားစီတည်ရှိနေတဲ့တောင်ထွတ်တွေကို ပေါင်းစည်းပေးနိုင်ရင် ကယားပြည်နယ်ကြီး စည်ကားလာမယ်' ဆိုတဲ့ အတိတ်တဘောင်လည်း ရှိခဲ့ပါတယ်။

ခုခါမှာတော့ အစိတ်စိတ်အမြွှာမြွှာ ကွဲပြား,နေတဲ့ တောင်ထွတ်တွေဟာ တောင်ကွဲစေတီတော်စုကြီးတစ်ခုအဖြစ် စုစုစည်းစည်း တည်ရှိနေပါပြီ။ ကယားပြည်နယ်ကြီး စည်ပင်သာယာလာဖို့ ငြိမ်းချမ်းရေးပန်းတွေလည်း ပွင့်နေပါပြီ။ ရာသီဥတုမျှတကာ သာယာစိုပြည်ပြီး သီးနှံ၊ သားငါးပေါများတဲ့ ကယားပြည်နယ်ကြီးဟာ နေချင့်စဖွယ်ကောင်းတဲ့ သာသောင့်သာယာနယ်မြေတစ်ခု ဖြစ်တာလည်း ကိုယ်တွေ့မြင်ခဲ့ရပါပြီ။

"ကျွန်မက အညာသူပေမယ့် အရွယ်ရလို့ နားနားနေနေနေဖို့ နေရာတစ်ခုကိုသာ စိတ်ကြိုက်ရွေးချယ်ရရင် ဒီလွိုင်ကော်ကို ကြိုက်တယ်။ ဒီမှာပဲ အေးအေးချမ်းချမ်း နေသွားချင်တယ်"

လို့ တည်းခိုအိမ်ရှင် မကြူပြောတဲ့ စကားဟာ မှန်လိုက်တာလို့ ကိုယ်လည်း ထောက်ခံမိတယ်။ ဒါတောင် မကြူက ကိုယ့်လို ဘီလူးချောင်းမှာ ရေဆင်းကူး ဖူးသေးတာ မဟုတ်ဘူး။ ကိုယ်က စပ်စပ်စုစုနဲ့ ရက်တိုတိုလေးအတွင်း ဘီလူးချောင်းမှာ အကြိမ်များစွာ ရေဆင်းကူးခဲ့တယ်။ လွိုင်ကော်သားတွေကတော့ 'ဘီလူးချောင်းမှာ ရေကူးဖူးရင် လွိုင်ကော်ကို ပြန်ကိုလာရတယ်' လို့ပြောကြရဲ့။ ခရီးဝေးပြီး မနီးသေးတဲ့ ကယားမြေကို နောက်တစ်ကြိမ်ပြန်လာခွင့် ကြုံမကြုံမသိပေမယ့် ကိုယ်ကတော့ ဒီကအပြန်မှာ ကန္ဒာရဝတီနယ် မရောက်ဘူးသေးတဲ့သူတွေကို သာယာလှပကဲ့ ငွေတောင်ပြည်ရဲ့အလှအကြောင်း ဝမ်းသာအားရပြောပြနေမိမှာ သေချာလှရဲ့။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

**စာကိုး -**

*ကန္ဒရဝတီဟော်ကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် လက်ကမ်းစာစောင်*

*ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ(ကယား)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ*

*Encyclopædia Britannica, 2012.*



www.burmeseclassic.com

www.burmeseclassic.com



# ဈောင်းဆုံအုန်းသွင် ဥပုသ်

ကျွန်တော်ငယ်စဉ်က တစ်ခုသော ဝါခေါင်လဆန်း (၈) ရက်နေ့တွင် အဖေနှင့်ကျွန်တော် အခြားရွာတွင်နေသော အဖေ့အစ်မဝမ်းကွဲအိမ်သို့ ကိစ္စတစ်ခုဖြင့် ရောက်သွားပါသည်။

"မြန်မြန်လုပ်။ မွန်းတည့်တော့မယ်၊ အချိန်မရှိဘူး။ မွန်းမလွဲခင် အဝစားထားရမှာ၊ မနက် အရုဏ်တက်ရင်စားဖို့လည်း သေသေချာချာလုပ်ထားဦး"

ကျွန်တော်တို့ အိမ်ပေါ်ရောက်ချင်း ကြားရသည့်အသံက အိမ်ရှေ့ဧည့်ခန်းမှအဖေ့အစ်မက မီးဖိုခန်းမှ သူ့သမီးကို လှမ်းအော်ပြောနေသော အထက်ပါအသံ ဖြစ်ပါသည်။

အဖေ့ကိစ္စမှာ စကားတစ်ခွန်း၊ နှစ်ခွန်းပြောရုံသာ ဖြစ်သဖြင့် ကြီးတော်စကားဆုံးသည်နှင့် အဖေက ပြောပါသည်။ ပြီးတော့ ကိစ္စပြီးသွားပါပြီ။

"မောင်ဖိုးထွန်း၊ ထမင်းစားပြီးမှပြန်။ အစ်မနဲ့ အတူစားလိုက်"

ကြီးတော်က အဖေ့ကို ပြောပါသည်။ အဖေက-

"ကျွန်တော်တို့စားခဲ့ပြီးပြီ အစ်မ၊ မစားတော့ဘူး။ အလုပ်တွေက ရှိသေးတယ်"

ဟု ပြန်ပြောပါသည်။ ကြီးတော်က-

"ထမင်းမစားရင်လည်း လက်ဖက်ရည် (ရေနွေးကြမ်း) သောက်သွားဦး"

ဟု ဆိုပါသည်။

ထိုအခိုက် သူ့သမီးက သူ့အတွက် ထမင်းပွဲ(တစ်ယောက်စာ ခုံဝိုင်းကလေးဖြင့်) ပြင်ပြီး ယူလာပါသည်။ ထို့နောက် ကျွန်တော်တို့အတွက် ရေနွေးကြမ်းနှင့် ထန်းလျက်လာချပေးပါသည်။ ကြီးတော်က မွန်းလွဲသွားမည်စိုးသဖြင့် ကမန်းကတန်း စားနေပါသည်။

ပြီးတော့-

"မောင်ဖိုးထွန်း၊ ဒီနေ့ ဥပုသ်မရဘူးလား။ အစ်မက ခြေထောက်က နာနေလို့ ဆွမ်းခံကိုယ်တော်ကိုပင့်ပြီး သီလယူလိုက်ရတယ်"

*(ထိုစဉ်က ဥပုသ်စောင့်သူများသည် ဘုန်းတော်ကြီးကျောင်းသို့ ကန်တော့ပွဲ၊ ဆွမ်းချိုင့်တို့ဖြင့်သွားပြီး တစ်နေကုန် ကျောင်းမှာပင် နေကြပါသည်။)*

ဟု ပြောပါသည်။ အဖေက-

"ဒီနေ့တော့ လွှတ်လိုက်ရတယ် အစ်မ၊ ကွမ်းခြံက ဒီနေ့ဆက်လုပ်မှ ဖြစ်မှာမို့။ ခုလည်း အရေးကြီးလို့သာ လာရတာ၊ ပြန်ရောက်တာနဲ့ နားချိန်မရတော့ဘူး"

ဟု ပြန်ဖြေပါသည်။

ကြီးတော်က-

"အေး၊ အလုပ်ကလည်း အလုပ်ပေါ့ကွယ်။ ဒါပေမယ့် ဝါတွင်း ဥပုသ်နေ့တိုင်းမှာ မပျက်မကွက် ဥပုသ်စောင့်ရတာ မိဘဘိုးဘွား အစဉ်အဆက် လုပ်ခဲ့ကြတဲ့ အလုပ်ပဲ၊ ရိုးရာမပျောက်စေနဲ့"

ဟု ပြောပါသည်။

အဖေက 'ဟုတ်ကဲ့ အစ်မ' ဟုသာ ပြန်ပြောခဲ့ပါသည်။

လမ်းတွင် အဖေက-

"ဥပုသ်သည်ကလည်း ဗာဟီရတွေ များလိုက်တာ။ ည ဗိုက်ဆာမှာစိုးလို့ မွန်းတည့်ခါနီးမှ မဟားတရား တဝစားရတယ်၊ မနက်စားဖို့လည်း လုပ်ထားရသေးတယ်"

ဟု ပြောပါသည်။

အဖေပြောသည့် 'ဗာဟီရ' ဆိုသည်ကို ကျွန်တော် နားမလည်ခဲ့ပါ။ မှတ်တော့မှတ်မိနေခဲ့ပါသည်။ ပြီးတော့ ကြီးတော်ပြောသည့် 'ဥပုသ်စောင့်တာ မိရိုးဖလာ ရိုးရာ' ဆိုသည်ကိုလည်း မှတ်မိနေခဲ့ပါသည်။

ဥပုသ်သီလ ဟူ သည်-

ဤအမူ၊ ဤအမူ စသည်များကို 'ပြု' ။ လူ၊ နတ်၊ နိဗ္ဗာန် ချမ်းသာမျိုးကို အကျိုးပေးသည်။ 'ဆောင်'ရမည် ဟူ၍ အကျင့်သီလ နှစ်မျိုးရှိသည့် အနက် ဒုတိယအမျိုးဖြစ်သော ဆောင်ရန်အမျိုးတွင် ပါဝင်ပါသည်။

ဥပေါသထသီလ၊ ဥပုသ်သီလဟု ခေါ်ကြပါသည်။ အထူးသဖြင့် မြင့်မြတ်သောအကျင့်သီလ ဖြစ်ပါသည်။

ခြောက်ထပ်ကြီးဘုရား ဂေါပကအဖွဲ့ဝင် ဒေါက်တာမြတ်ထွဋ်၏ ဓမ္မဒါနကျေးဇူးဖြင့် ဥပုသ်နှင့်ပတ်သက်ပြီးဟောကြားထားတော်မူသည့် သာသနတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တဒေါက်တာ နန္ဒမာလာဘိဝံသ မထေရ်မြတ်၏တရားကို နာရပါသည်။ နားမကောင်းသဖြင့် ကြားရသမျှ၊ မှတ်မိသမျှဖြင့် စာဖတ်ပရိသတ်များကို ဓမ္မဒါနလက်ဆင့်ကမ်းပါမည်။

❂

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ကျောင်းအမကြီးဝိသာခါသည် ဘုရားသီတင်းသုံးတော်မူရာ ကျောင်းတော်သို့လာပြီး ဥပုသ်စောင့်ပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကျောင်းအမကြီးဝိသာခါအား 'ဥပုသ်သုံးမျိုးတရား' ဟောကြားတော်မူပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ဥပုသ်သုံးမျိုးမှာ-

(၁) **ဂေါပါလဥပုသ်**- နွားကျောင်းသားဥပုသ်၊

(၂) **နိဂဏ္ဌဥပုသ်** - ဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်တွင် ထင်



www.burmeseclassic.com

www.burmeseclassic.com

ရှားသော တိတ္ထိကြီး ခြောက်ဦးရှိသည့်အနက် နိဂဏ္ဌနာဋပုတ္တသည်လည်း ပါသည်။ ထိုသူ၏ဝါဒကို နိဂဏ္ဌဝါဒဟု ခေါ်သည်။

(၃) **အရိယာဥပုသ်** - ရဟန္တာ အစရှိသည့် အရိယာ သူတော်စင်များ စောင့်ထိန်းသည့် ဥပုသ်သီလ ဟူ၍ ဖြစ်ပါသည်။

**(၁) နွားကျောင်းသားဥပုသ်**

နွားကျောင်းသားသည် မိမိထိန်းသိမ်းရသည့် နွားအုပ်ကို စားကျက်ကောင်းကောင်းသို့ မောင်းပြီး ထိန်းကျောင်းသည်။ စားကျက်ကောင်းကောင်း ဟူသည် မြက်နှင့်ရေကောင်းကောင်းရသောနေရာ ဖြစ်၏။ မြက်နှင့်ရေကောင်းကောင်းရသည့် စားကျက်ကောင်းကောင်းတွင် နွားများသည် တစ်နေကုန် ဝအောင်စား၊ ရေတဝသောက်ပြီး ဗိုက်တင်းအောင်၊ ဖောင်းအောင် အာဟာရဖြည့်ခဲ့ရသည်။ ညနေ နွားသိမ်းချိန်ကျမှ နွားကျောင်းသားသည် နွားများကို ပြန်မောင်းလာပြီး ခြံတွင်းသို့သွင်းကာ သိမ်းလိုက်သည်။

နွားများကို နွားခြံအတွင်း သိမ်းသွင်းပြီးနောက် နွားကျောင်းသားသည် နောက်နေ့တွင် မည်သည့်စားကျက်၌ သွားကျောင်းရမည်နည်း၊ မည်သည့်စားကျက်က မြက်, ရေပေါသနည်းဟု နောက်နေ့အတွက် စဉ်းစားထားသည်။ နောက်နေ့တွင် စဉ်းစားထားသည့် စားကျက်သို့ သွားကျောင်းပြန်သည်။

ဥပုသ်သည်သည် ညဗိုက်ဆာမည်စိုးသဖြင့် နံနက်ဝိုင်း၊ မွန်းမလွဲမီ ရသမျှအချိန်များအတွင်း အစားအသောက်များကို ဗိုက်ဖောင်းအောင်စားထားပြီး နံနက်အရုဏ်တက်၊ ဥပုသ်ထွက်ချိန်တွင် စားသောက်ရန် အစားအသောက်များကိုလည်း ဂရုတစိုက် ပြင်ဆင်ထားသည်။ ထိုဥပုသ်သည်၏မူဟန်မှာ နွားကျောင်းသားမူဟန်နှင့်တူနေသည်။ စောင့်ထိန်းရမည့် သီလထက် အစားအသောက်ကို ပို၍ အလေးပြုသော ထိုဥပုသ်သည်၏ ဥပုသ်သည် နွားကျောင်းသားဥပုသ်ပင် ဖြစ်တော့သည်။

ဤတွင် ကျွန်တော် ငယ်စဉ်က တွေ့ဖူးခဲ့သော ကြီးတော်၏အဖြစ်ကို သွားသတိရမိသည်။

ထို့ပြင်-

ကြီးတော်သည် ဥပုသ်ကို မိရိုးဖလာထုံးစံအဖြစ် စောင့်သည်။

**(၂) နိဂဏ္ဌဥပုသ်**

နိဂဏ္ဌဂိုဏ်းသားများသည် သတ်မှတ်ထားသော ဥပုသ်နေ့တွင် ဥပုသ်စောင့်ကြသည်။

သူတို့စောင့်ထိန်းရသည့် အချက်များမှာ-

(က) ငါသည် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ ယူဇနာ (၁၀၀) (မိုင် ၁၀၀၀ ကျော်) အပြင်ဘက်တွင်ရှိသော သက်ရှိသတ္တဝါများကို ညှဉ်းဆဲသတ်ဖြတ်ခြင်းမပြု။

*(ပါဏာတိပါတကံရှောင်)*

(ခ) ငါသည် မည်သူနှင့်မျှမပတ်သက်၊ ငါ့ကို မည်သူမျှ ကြောင့်ကြစရာမလို၊ ငါကလည်း မည်သူ့ကိုမျှ မကြောင့်ကြ။

*(ပုဂ္ဂိုလ်သံယောဇဉ်၊ မိသားစုသံယောဇဉ်ဖြတ်)*

(ဂ) ပစ္စည်းဥစ္စာမှန်သမျှ ငါ့ပစ္စည်းမဟုတ်၊ ငါနှင့်ဘာမှမဆိုင်။

*(ပစ္စည်းသံယောဇဉ်ဖြတ်)*

ဟူ၍ အဓိဋ္ဌာန်ပြုရသည်။

ထိုကဲ့သို့ အဓိဋ္ဌာန်ပြုပြီးနောက် မိသားစုနှင့် ပုံမှန်နေထိုင်ကြသည်။

ထိုခေတ်က မိုင် (၁၀၀၀) ကျော်ရှိသောခရီးကို မည်သူမျှနေ့ချင်းရောက်အောင်မသွားနိုင်၊ ထို့ကြောင့် ယူဇနာ (၁၀၀) (မိုင် ၁၀၀၀) အပြင်ဘက်က သက်ရှိသတ္တဝါကို မသတ် ဆိုခြင်းသည် ယူဇနာ (၁၀၀) အတွင်းရှိ သက်ရှိသတ္တဝါကိုသတ်ချင်သတ်မည်ဟူ၍ အဓိပ္ပာယ်ရပေသည်။

မည်သူနှင့်မျှမပတ်သက် ဟူ၍ အဓိဋ္ဌာန်ပြုထားပြီး မိသားစုနှင့်ပုံမှန်ပတ်သက်၊ ဆက်ဆံနေသဖြင့် လိမ်လည်ရာကျပါသည်။ မုသာဝါဒကံဖြစ်နေသည်။

ပစ္စည်းဥစ္စာမှန်သမျှ ငါ့ပစ္စည်းမဟုတ်ဟု ဆိုပြီး မိမိဘာသာ ပစ္စည်းများကို ယူငင်သုံးစွဲသဖြင့် ခိုးယူသုံးစွဲရာကျပါသည်။ အဒိန္နာဒါနကံ ဖြစ်နေပါသည်။

**၃။ အရိယာဥပုသ်**

သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်သို့သွားရာ တစ်ခုတည်းသော လမ်းစဉ်၊ တစ်ခုတည်းသော ကျင့်စဉ်မှာ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ် ဖြစ်ပါသည်။ ထိုမဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဖြင့်သာလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတည်းဟူသော အရိယာပုဂ္ဂိုလ် အဆင့်ဆင့်ဖြစ်ပြီး သံသရာမှလွတ်မြောက်ကာ နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူကြရပါသည်။

ထိုမဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို (၁) သီလမဂ္ဂင်၊ (၂) သမာဓိမဂ္ဂင်၊ (၃) ပညာမဂ္ဂင် ဟူ၍ သုံးပါးခွဲထားပါသည်။ ၎င်းကို သီလ-သမာဓိ-ပညာ၊ သိက္ခာသုံးပါး၊ သာသနာသုံးပါး ဟူ၍ ခေါ်ဆိုပါသည်။

သီလမဂ္ဂင်သုံးပါးမှာ-

(၁) သမ္မာဝါစာ၊
(၂) သမ္မာကမ္မန္တ၊
(၃) သမ္မာအာဇီဝ

. . . ဖြစ်၍ မြန်မာလို-

ကောင်းမွန် မှန်ကန်သော စကားကို ပြောဆိုခြင်း၊

ကောင်းမွန် မှန်ကန်သော ကာယကံမှုကိုပြုခြင်း၊

ကောင်းမွန် မှန်ကန်သော အသက်မွေးမှုကိုပြုခြင်း ဟူ၍ သုံးပါး ရှိပါသည်။

သမာဓိမဂ္ဂင်သုံးပါးမှာ-

(၁) သမ္မာဝါယာမ၊
(၂) သမ္မာသတိ၊
(၃) သမ္မာသမာဓိ။

ကောင်းမွန်မှန်ကန်စွာ အားထုတ်ခြင်း၊

ကောင်းမွန် မှန်ကန်စွာ သတိရှိခြင်း (အောက်မေ့ဆင်ခြင်သတိ)၊

ကောင်းမွန် မှန်ကန်စွာ သမာဓိ (တည်ကြည်မှု) ရှိခြင်းတို့ ဖြစ်ပါသည်။

ပညာမဂ္ဂင်နှစ်ပါးမှာ-

(၁) သမ္မာဒိဋ္ဌိ၊
(၂) သမ္မာသင်္ကပ္ပ။

ကောင်းမွန် မှန်ကန်သော အမြင် (အယူ)၊

ကောင်းမွန် မှန်ကန်သော အကြံတို့ ဖြစ်ပါသည်။

ထိုမဂ္ဂင်ရှစ်ပါးတွင် သီလမဂ္ဂင်သုံးပါးသည် အခြေခံ ဖြစ်ပါသည်။ အကြောင်းကျိုးဆက်ဖြင့် ဆိုရသော် သီလကြောင့် သမာဓိဖြစ်ပြီး သမာဓိကြောင့် ပညာ ဖြစ်ရပါသည်။ ပညာသည် ဉာဏ်ဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့အတွက် သီလသည် အခြေခံအချက်၊ အရေးကြီးသောအချက် ဖြစ်ပါသည်။

သီလမဂ္ဂင်သုံးပါးတွင် . . .

သမ္မာဝါစာ၌-

(က) မုသာဝါစာ၊
(ခ) ဖရုသဝါစာ၊
(ဂ) ပိသုဏဝါစာ၊
(ဃ) သမ္ဖပ္ပလာပဝါစာ

ဟူ၍ ရှောင်ကြဉ်ရမည့် စကား



www.burmeseclassic.com

www.burmeseclassic.com

(၄) မျိုး ရှိပါသည်။

မြန်မာလို-

မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း အစရှိသည့် ကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သင့်မြတ်သူနှစ်ဦးကို အဆင်မပြေ မသင့်မြတ်ဖြစ်အောင် ကုန်းချောစကား ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းပေါ့ပျက် အနှစ်မထွက်သောစကားများ ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်းဟူ၍ ဖြစ်သည်။

ဤမှာ ရှောင်ခြင်း (မကောင်းဘူး၊ မပြောနဲ့) ဖြစ်၍ ဆောင်ခြင်း (ကောင်းတယ်၊ ပြော) ကိုပါ တစ်ဆက်တည်းသိပြီး ဆောင်ရမည် ဖြစ်ပါသည်။

ပြောရမည့်(ဆောင်ရမည့်)စကားများမှာ-

(က) ဟုတ်မှန်သော သစ္စာစကားကို ပြောဆိုခြင်း၊

(ခ) သူတစ်ပါး စိတ်နှလုံးချမ်းမြေ့စေမည့် ကြည်လင်အေးမြ ချိုသာသောစကား (ချိုသာစွာ) ကို ပြောဆိုခြင်း၊

(ဂ) တစ်ဦးနှင့်တစ်ဦး ချစ်ခင်မပျက် ပေါင်းသင်း ဆက်ဆံကြစေမည့် (စေ့စပ်သော) စကားကို ပြောဆိုခြင်း၊

(ဃ) မျက်မှောက်-သံသရာ နှစ်ဖြာသောအကျိုးကို ဖြစ်ထွန်းစေမည့်စကားကို ပြောဆိုခြင်းတို့ ဖြစ်ပါသည်။

သမ္မာကမ္မန္တတွင်-

(က) ပါဏာတိပါတာ၊

(ခ) အဒိန္နဒါနာ၊

(ဂ) ကာမေသုမိစ္ဆာစာရ

ဟူ၍ ဖြစ်ပြီး မြန်မာလို-

သူတစ်ပါး၏အသက်ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းမှရှောင်ကြဉ်ခြင်း၊

သူတစ်ပါး၏ပစ္စည်းဥစ္စာကို အဓမ္မနည်းဖြင့်ယူခြင်း၊

သူတစ်ပါး၏သားမယားကို ကျူးလွန်ပြစ်မှားခြင်းတို့မှ ရှောင်ကြဉ်ရမည်ဟူ၍ ရှောင်ရန် သုံးချက် ပါရှိပါသည်။

ရှောင်ရန်ကို ရှောင်ခြင်းနှင့်အတူ ဆောင်ရန်ဖြစ်သည့် သက်ရှိသတ္တဝါများ သက်ရှည် ကျန်းမာစေကြောင်း ကောင်းမြတ်သော စေတနာဆန္ဒဖြင့် လှူလပြုခြင်း၊ သူတစ်ပါးတို့ တရားသောနည်းဖြင့် စီးပွားဥစ္စာ ချမ်းသာကြီးပွားစေကြောင်း ကောင်းမြတ်သော စေတနာ ဆန္ဒဖြင့် တတ်အားသရွေ့ ကူညီထောက်ပံ့ လှူလပြုခြင်း၊ သူတစ်ပါး၏သားမယားကို မိမိ၏အစ်မရင်း နှမရင်းကဲ့သို့ သဘောထားကာ ချမ်းသာ ဘေးကင်းစေကြောင်း ကောင်းမြတ်သော စေတနာဆန္ဒဖြင့် လှူလပြုခြင်းတို့ကိုပါ ပြုရပါမည်။

သမ္မာအာဇီဝတွင် မိစ္ဆာဇီဝ (အာဇီဝ) မှားယွင်းသော(ယုတ်၊ အမှားအယွင်း) အသက်မွေးခြင်းမှရှောင်ကြဉ်ခြင်း ဟူ၍ ဖြစ်ပါသည်။ လူများအတွက် မိစ္ဆာဇီဝ ငါးမျိုး ရှိပါသည်။

၎င်းတို့မှာ (လူများအတွက်)-

(၁) သတ္တဝါများ၏အသက်ကို သေစေတတ်သည့် အဆိပ်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်း၊

(၂) သတ္တဝါများ၏အသက်ကို သေစေရန် ပြုလုပ်ထားသော လက်နက်မျိုးစုံ ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) လူကုန်ကူးခြင်း (ယခု ကမ္ဘာအနှံ့ ဖြစ်ပွားနေသော လူမှောင်ခိုလုပ်ငန်း)

(၄) အသက်ကုန်ကူးခြင်း၊ ကြက်, ဝက် စသည့် သားထွက်တိရစ္ဆာန်များအား မွေးမြူရောင်းချခြင်း၊ ဝယ်ရောင်းခြင်း၊

(၅) မူးယစ်စေတတ်သော သေရည်၊ အရက်၊ မူးယစ်ဆေးဝါး စသည်များကို ထုတ်လုပ်၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ ဖြစ်ပါသည်။

အတိုချုပ်အားဖြင့်-

*'အဆိပ်၊ လက်နက်၊ လူ၊ အသက်၊ အရက်(မူးယစ်ပစ္စည်း)ငါးမျိုးပါ၊ ရောင်းဝယ်ဖောက်ကား ပြုသူများ လားရအပါယ်ရွာ'*

ဟူ၍ ဖြစ်ပါသည်။

ဆောက်တည်ထားသော သီလကို လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်ထားခြင်းအားဖြင့်-

(၁) အဘိဇ္ဈာ

*(သူတစ်ပါးပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်လိုခြင်း)၊*

(၂) ဗျာပါဒ

*(သူတစ်ပါးကို သေကျေ ပျက်စီးစေခြင်း)၊*

(၃) မိစ္ဆာဒိဋ္ဌိ

*(ကံကံ၏အကျိုးကို မယုံကြည်ခြင်း)*

. . တည်းဟူသော မနောဒုစရိုက်သုံးပါးတို့မှလည်း ကင်းလွတ်နေပြီ ဖြစ်ပါသည်။ ကံကံ၏အကျိုးကို ယုံကြည်ခြင်း၊ သတ္တဝါများ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံစေလိုသည့် စေတနာဆန္ဒလည်း ပါပြီဖြစ်၍ ရှောင်ရန်ရော ဆောင်ရန်ပါ ပြီးပြည့်စုံသွားပါသည်။ ဒုစရိုက် (၁၀) ပါးမှလည်း ကင်းလွတ်နေပြီ ဖြစ်ပါသည်။

သိကြားမင်းက-

'ငါလို သိကြားဖြစ်ချင်ရင် သီလဆောက်တည်'

ဟုသာ ဆိုပါသည်။

မြတ်စွာဘုရားရှင်က သီလသည် ရဟန္တာဖြစ်သည်အထိ အကျိုးပေးသည်ဟု ဟောတော်မူပါသည်။ ထို့ကြောင့် သီလသည် အရိယာတို့၏အကျင့်ဖြစ်၍ သီလစောင့်ထိန်းသူ (ဥပုသ်သီလစောင့်သူ) သည် အရိယာတို့၏ကျင့်စဉ်အစိတ်အပိုင်းကို ကျင့်သုံးနေသူဖြစ်၍ အရိယာအနွယ်ဝင် ဖြစ်ပါသည်။ မိမိကိုယ်ကို မိမိ ဤသို့ ဆင်ခြင်အောက်မေ့ပြီး ဆောက်တည်ထားသော ဥပုသ်သီလကို မကျိုးမပေါက်အောင် ဂရုစိုက် ထိန်းရပေမည်။

မိရိုးဖလာ ထုံးတမ်းစဉ်လာဖြစ်၍ ဥပုသ်စောင့်ရသည် ဟူသော အသိဖြင့် စောင့်ခြင်းထက် အပါယ်မလားဘူး၊ လူ့ချမ်းသာ,နတ်ချမ်းသာများကို ရရှိခံစားရမယ်ဆိုသည့်အသိဖြင့် စောင့်ခြင်းက ပို၍အကျိုးများပါသည်။ ထို့ထက် ဥပုသ်စောင့်ခြင်း၊ သီလစောင့်ခြင်းသည် အရိယာ သူတော်စင် ရဟန္တာတို့၏အကျင့်ဖြစ်သည်။ အပါယ်မလားရုံမက လူ့ချမ်းသာ, နတ်ချမ်းသာမျှမက နိဗ္ဗာန်ချမ်းသာကိုပါ ရရှိခံစားနိုင်သည်။ ငါသည် အရိယာသူတော်စင်တို့၏အကျင့်ကို ကျင့်နေသူဖြစ်၍ အရိယာအနွယ်ဝင် ဖြစ်နေသည်။ ထိုအဖြစ်မှလျှောကျ ဆုတ်ယုတ်ခြင်း မရှိအောင် ငါ ဂရုစိုက်စောင့်ထိန်းရမည် ဟူသော အသိဖြင့် စောင့်ခြင်းက ပို၍ မြတ်ပါသည်။ ထိုဥပုသ်သည် အရိယာဥပုသ် ဖြစ်ပါသည်။ ဤကား အသိဉာဏ်ပညာပေတည်း။

လောကတွင် အသိဉာဏ်ပညာနှင့်ယှဉ်ပြီးပြုသော အမှုမှ အကျိုးများပါသည်။ ဤသို့ အသိဉာဏ်ပညာရရှိရန်မှာ နာကြား၊ ဖတ်ရှု၊ ဆွေးနွေး၊ လေ့လာမှတ်သားခြင်း ပြုရပါမည်။ မြတ်စွာဘုရားက 'သင့်တင့်လျောက်ပတ်တဲ့အချိန်မှာတရားနာရမည်' ဟု မင်္ဂလာတရားတွင် ဟောကြားထားပါသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်များ အသိဉာဏ်တိုးပွားပြီး လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာကို ရကြပါစေ။

ချောင်းဆုံအနန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



(မြောင်း)

# ထုံးတောင်-အရှင်ဓမ္မပီယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း

**အဆုံးဆီခရီးအစ**

ရဟန်းတော် အရှင်ပိဓဝကသည် တစ်စုံတစ်ရာကို တွေး၍ စိတ်စောနေဟန်ရှိသည်။ ခါးပတ်သင်းပိုင်ကို ရေအထပ်ထပ်နှင့် လက်လိပ်ထိုးလျှော်ဖွပ်နေရင်းက သူ့ရင်တွေခုန်လာသလိုလို၊ ခြေဖျားလက်ဖျားတွေ အေးလာသလို ခံစားနေရ၏။

ကောကြာမှလျှော်ဖွပ်ပြီးသွားသော သင်းပိုင်ကို ရေညှစ်ပြီး ဖြန့်လျက် နှစ်ခါသုံးခါလောက် ခါကာ ရေကန်အနီးက ဝါးလုံးတန်းမှာ လှန်းလိုက်သည်။ ခန္ဓာကိုယ်ပေါ်မှာတော့ ကိုယ်ရုံဧကသီသင်္ကန်းကြီးကို တစ်ပိုင်းက ခါးမှာပတ်လျက်၊ တစ်ပိုင်းက ကိုယ်အပေါ်ပိုင်းကို ဖုံးလွှမ်းထား၏။ ဧကသီသင်္ကန်းတစ်ထည်ဖြင့် ကိုယ်အပေါ်ပိုင်း၊ အောက်ပိုင်း လုံခြုံအောင်ဝတ်နည်းကို အရှင်ပိဓဝက တိစီဝရိတ်ခုတင်မဆောင်ခင်ကပင် ဝတ်တတ်အောင်လေ့ကျင့်ခဲ့ရ၏။ တိစီဝရိတ်ခုတင်ကို ဆောက်တည် ကျင့်သုံးသော ရဟန်းများမှာ သင်းပိုင်(ခါးဝတ်) ဧကသီ (ကိုယ်ရုံ)၊ ဒုကုဋ် (နှစ်ထပ်သင်္ကန်း) စသည့် သင်္ကန်းသုံးထည်ကိုသာ ဘုရားရှင် ခွင့်ပြုတော်မူ၏။ အပိုသင်္ကန်းကို အလှူခံလျှင်၊ သုံးစွဲလျှင် ဓုတင်ပျက်၏။

အရှင်ပိဓဝကမှာ တိစီဝရိတ်ခုတင်ကို ဆောက်တည်ပြီး သင်္ကန်းသုံးထည်ဖြင့် သုံးစွဲနေသော အချိန်ကာလ တစ်နှစ်နီးပါးရှိပြီ ဖြစ်၏။ ထိုအတောအတွင်း အခြား မည်သည့်အဝတ်အထည်၊ သင်္ကန်းကိုမျှ မသုံးစွဲ မဝတ်ရုံခဲ့ပေ။ ကိုယ်ပိုင်အဝတ်အထည် ဆို၍ သင်္ကန်း သုံးထည်မှအပ လက်သုတ်အရွယ် သင်္ကန်းစုတ်လေးနှင့် မျက်နှာသုတ်ပဝါသေးသေးတစ်ထည်သာ ရှိခဲ့၏။ ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း စတာတွေလည်း အလှူခံခွင့်မရှိပေ။ ဒီအတွက် အဝတ်အထည်နှင့် ပတ်သက်ပြီး အလွန်ခေါင်းပါး ခြိုးခြံစွာ ကျင့်ရသော်လည်း အဝတ်အထည်နှင့်စပ်လျဉ်း၍ ထိန်းသိမ်းစောင့်ရှောက် ကြောင့်ကြစိုက်ရသည့် ဒုက္ခမျိုးစုံကင်းဝေး၏။ အလိုနည်းသော



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတော်များအဖို့ အင်မတန် စိတ်ချမ်းသာစရာကောင်းသေး၏။

နောက်ပြီး ရဟန်းတော် အရှင်ဝိဝေက၏ ယခု ဝတ်ရုံ သုံးစွဲနေသော သင်္ကန်းသုံးထည်မှာလည်း အလှူခံရရှိသော သင်္ကန်းများ မဟုတ်ပေ။ ပြီးခဲ့သောနှစ်က အရှင်ဝိဝေက သီတင်းသုံးရာ ရွာဦးကျောင်းက ပျံလွန်တော်မူသွားသော အာဂန္တုရဟန်းတစ်ပါး၏သင်္ကန်းကို မီးသင်္ဂြိုဟ်ခါနီးမှ ချွတ်ယူထားသော ပံ့သကူသင်္ကန်းကြီးစစ်စစ် ဖြစ်သည်။ ထိုသင်္ကန်းကို ဝတ်ရုံဖို့ ဆုံးဖြတ်စဉ်က အရှင်ဝိဝေကအဖို့ ခက်ခက်ခဲခဲအားယူခဲ့ရသည်။ လူသေကောင်မှခွာယူရရှိသော သင်္ကန်းမှာ ပံ့သကူဓုတင် ဆောက်တည်သော ရဟန်းများအတွက် ရာဂတဏှာကို ပယ်ခွာပေးနိုင်စွမ်းရှိတာမှန်၏။ မြတ်စွာဘုရားရှင်နှင့်တကွ တပည့်သာဝကကြီးများလည်း ပံ့သကူသင်္ကန်းကို မြတ်မြတ်နိုးနိုး ကောက်ယူ သုံးစွဲတော်မူလေ့ရှိကြ၏။ သို့သော် ယနေ့ခေတ် ရဟန်းများအတွက်မူ အတွေးနှင့်ပင် ဝတ်ရုံသုံးစွဲစရာသင်္ကန်းအဖြစ် သတ်မှတ်ဖို့ ခက်ပေလိမ့်မည်။

အရှင်ဝိဝေကမှာ မြတ်စွာဘုရား နှစ်သက်သော၊ ရာဂတဏှာကို ပယ်ခွာနိုင်စွမ်းသောပံ့သကူသင်္ကန်းကြီးကို အားတင်း၍ ဝတ်ရုံသုံးစွဲကြည့်ခဲ့၏။ အစဦးပိုင်းမှာတော့ ရွံကြောက်ကြီးဖြစ်နေသေးသော်လည်း နောက်ပိုင်းမှာ ဒီကိစ္စကို တွေးမိတိုင်း ပီတိဖြစ်၏။ အဝတ်အထည်နှင့် ပတ်သက်သော နှစ်သက်လိုချင်မှု၊ လော်လည်ဖောက်ပြန်မှုတွေကင်းဝေး၏။ ပံ့သကူဓုတင်ဆောင်အဖြစ် လိုလိုချင်ချင် ကျင့်သုံးနိုင်ခဲ့လေသည်။

ယခုတော့ အရှင်ဝိဝေကမှာ ပိုင်ဆိုင်တာဆို၍ သံသပိတ်တစ်လုံးနှင့် မသာက ကောက်ယူခဲ့သော သင်္ကန်းသုံးထည်သာရှိ၏။ ငွေနှင့်ပတ်သက်၍လည်း ရဟန်း (၅) ဝါ ပြည့်၍ ဆရာအရှင်၏ ကျောင်းတော်မှ ထွက်လာကတည်းက အာလယပြတ် စွန့်လွှတ်ခဲ့သည်။ ငွေကို အလှူခံခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း အလျှင်း မပြုလုပ်တော့ပေ။ သည်အတွက် အခက်အခဲတွေ့မည် ထင်သော်လည်း နောက်ပိုင်းမှာ အားလုံးအဆင်ပြေတာကို တွေ့လာရသည်။

ယခုအခါတွင် အရှင်ဝိဝေကမှာ ရဟန်းသိက္ခာ (၁၀) ဝါ ရခဲ့ပြီး ဖြစ်၏။ ဆရာအရှင်၏ကျောင်းမှာ ရဟန်းအများနှင့် စုပေါင်း၍ ရဟန်းတို့ တတ်မြောက်သင့်သော အခြေခံစာပေတို့ကို သင်ယူခဲ့သည်။ ဗုဒ္ဓမြတ်စွာ ဟောကြားသော ငြိမ်းချမ်းမှုကို စာတွေ့နှင့် လေ့လာ၏။ ကိုယ်တွေ့အနေနှင့်ကတော့ ငြိမ်းချမ်းမှုနှင့် ပိုပြီး ဝေးလာသလို ခံစားရ၏။ အသက်(၃၀)လောက်မှ ရဟန်းဘောင်သို့ ရောက်တာကြောင့် ငယ်ရွယ်သော ရဟန်းသာမဏေများနှင့် သဟဇာတ ဖြစ်အောင် နေနိုင်ဖို့ အတော်ကြိုးစား နေထိုင်ခဲ့ရသည်။

အရှင်ဝိဝေကမှာ လောကီပညာရပ်အနေနှင့် သိပ္ပံဘွဲ့တစ်ခုကို ရရှိခဲ့သော်လည်း ဗုဒ္ဓစာပေနှင့်ပတ်သက်လို့ကတော့ မိရိုးဖလာအဆင့်မျှပဲ ရှိ၏။ မြို့ကြီးတစ်မြို့က ခေတ်ပညာတတ်မိဘနှစ်ပါးမှ ပေါက်ဖွားလာသော သူ့အဖို့မှာ လောကီပညာသင်ယူဖို့သာ အဓိကဖြစ်၏။ မိဘနှစ်ပါး၏ကျေးဇူးကြောင့် ခေတ်ပညာကို မကြောင့်မကြ ပျော်ပျော်ပါးပါး သင်ယူခွင့်ရခဲ့၏။ တစ်ချိန်က မန္တလေး တက္ကသိုလ်၏ ရေနီမြောင်းဘေးမှာ ချစ်သူနှင့် လက်တွဲလျှောက်ရင်း တမာရနံ့ သင်းပျံ့သော ပန်းရနံ့များကို ရှူရှိုက်ခဲ့၏။ နီနီရဲရဲ ပွင့်အာနေကြသော စိန်ပန်းပင်ကြီးများအောက်မှာထိုင်ရင်း ချစ်တေးတွေ သီခဲ့ကြ၏။ မန္တလေးတောင်၊ ဘုရားကြီး စသည်တို့မှာ သူငယ်ချင်းအပေါင်းအသင်းများနှင့် ပျော်ရွှင်စွာ လည်ပတ်ခဲ့ကြသည်။ အားကစားပြိုင်ပွဲ၊ ဂီတဆည်းဆာပွဲတွေမှာ ပျော်ရွှင်စွာ ဆင်နွှဲကြရင်း (၄)နှစ်တာ တက္ကသိုလ်ကျောင်းသားဘဝကို ဖြတ်သန်းပြီး ဘွဲ့တစ်ခုကို ရယူနိုင်ခဲ့သည်။

ဒီတော့ ဒီလိုပုဂ္ဂိုလ်မျိုးက ရဟန်းဖြစ်လာတော့ ဘုန်းကြီးကျောင်းမှာ ကလေးအရွယ်ကစလို့ သင်္ကန်းဝတ်နေကြသော ရဟန်း၊ သာမဏေတို့၏ ပြုမူလုပ်ကိုင်ဆောင်ရွက်မှု၊ စိတ်နေသဘောထားကို နားလည်အောင် ကြိုးစားပြီး ပေါင်းသင်းဆက်ဆံရ၏။ တစ်ဖက်မှာလည်း ဗုဒ္ဓမြတ်စွာသာသနာ၏ဓမ္မဝိနယကိုသင်ယူရင်း ဓမ္မစာပေတွေကို အပတ်တကုတ် လေ့လာ ဖတ်ရှုရသည်။ နားလည်ရခက်ခဲသော အကြောင်းခြင်းရာများစွာကို ပြေလည်အောင် ဖြေရှင်းပေးနိုင်စွမ်းရှိသည့် အသိ၊ အကျင့်နှင့်ပြည့်စုံသော ဆရာမြတ်ကို ချဉ်းကပ်ခွင့်ရခဲ့ခြင်းကပင် ဒုလ္လဘတရားတစ်ခုဆိုတာ နောက်တော့မှ အရှင်ဝိဝေက တဖြည်းဖြည်း သဘောပေါက်ကျေးဇူးတင်လာရသည်။

အရှင်ဝိဝေကမှာ သာသနာ့ဘောင်ကို သဒ္ဓါတရား ထက်ထက်သန်သန်နှင့် ကြိုတင်စီစဉ်ပြီးမှ ရောက်လာခဲ့သည်လည်း မဟုတ်ပေ။ ဘွဲ့တစ်ခုယူပြီး လောကအလယ်မှာ လုပ်ကိုင်စားသောက်ဖို့ အပိုပညာတွေ သင်ယူနေဆဲမှာ ပြင်းထန်သော လောကဓံမုန်တိုင်းတစ်ခုကြောင့် သံဝေဂဉာဏ်ခပ်ပါးပါးနှင့် နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းကို ဝင်ရောက် လေ့လာရင်း ဆရာအရှင်၏ မေတ္တာနှင့်သွန်သင်ဆုံးမမှုကြောင့် ရဟန်းဝတ်နှင့်မြဲနေခြင်းသာ ဖြစ်သည်။ ဘွဲ့ရပြီးစ သာမန်လူငယ်တွေလို ခေတ်ပေါ်ကွန်ပျူတာနည်းပညာတွေ၊ အင်တာနက်သုံးစွဲနည်းတွေ၊ ဘာသာခြားစကားတွေကို လေ့လာသင်ယူဖူးသော မိုဘိုင်းမျိုးဆက်သစ်တစ်ဦးအဖို့ ရဟန်းဘဝမှာ အရာရာကို သံသယမေးခွန်းတွေနှင့် စူးစမ်းလေ့လာနေခဲ့၏။ မိမိ၏အသိနည်းနည်း၊ အတွေးတိမ်တိမ်နှင့် ကိုက်ညီမှု မတွေ့တိုင်း သီတင်းသုံးဖော်တွေ၊ စာချဆရာတော်တွေနှင့် ငြင်းရင်းခုံရင်းဖြင့် ငြိမ်းချမ်းမှုပန်းတိုင်ပျောက်နေခဲ့သည်။

မြတ်စွာဘုရားရှင် ဟောတော်မူသော ငြိမ်းချမ်းမှုကို တွေ့အောင်ရှာဖို့ စိတ်ကူးများမှာ ရှုပ်ထွေးပွေလီ ဂနာမငြိမ်မှုတွေနှင့်အတူ အားထုတ်ရာကို အရောက်သွားဖို့ နှောင့်နှေးနေလေသည်။

ရဟန်းသိက္ခာ(၅)ဝါပြည့်မှ ဆရာအရှင်နှင့် ခပ်ခွာခွာနေဖို့ အခွင့်ရတာကြောင့် အရှင်ဝိဝေကမှာ ရဟန်းအများနှင့် စုဝေးနေထိုင်ရာကျောင်းမှ စတင်ထွက်ခွာဖြစ်ခဲ့သည်။ မြန်မာပြည်အနှံ့က ကမ္မဋ္ဌာန်းရိပ်သာများမှာ ဆရာနည်းကျရအောင် တရားအားထုတ်ဖြစ်ခဲ့သည်။ ဝိပဿနာသက်သက်ကို စတင်အားထုတ်သောကမ္မဋ္ဌာန်း၊ သမထနှင့်စပြီး ဝိပဿနာသို့ကူးသောကမ္မဋ္ဌာန်းစုံလှ၏။ ရိပ်သာများမှာ နေထိုင်ခွင့်ပြုသည့် အတိုင်းအတာထိနေပြီး အားထုတ်ခဲ့၏။ အတော်အတန် ငြိမ်းအေးမှုကိုရခဲ့သည်ဟု ဆိုနိုင်သော်လည်း လိုရာပန်းတိုင်ကိုတော့ မရောက်ခဲ့ပေ။ ဒီနောက်မှာတော့ တောတွေ၊ တောင်တွေမှာ လှည့်လည်သီတင်းသုံးရင်း အကျင့်တတ် ရဟန်းမြတ်များထံ ချဉ်းကပ်ပြီး ဓုတင်ကျင့်သုံးနည်း၊ တရားကျင့်သုံးနည်းများကို နည်းခံသင်ယူခဲ့သည်။

ယခုတော့ အရှင်ဝိဝေက ရောက်ရှိ သီတင်းသုံးနေသော ကျောင်းမှာ မြို့ကလေးတစ်မြို့၏အစွန်မှ ဦးပဥ္စင်းကြီးတစ်ပါးတည်း သီတင်းသုံးနေသော



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းလေး ဖြစ်သည်။ ဘုန်းကံနည်းသော သက်ကြီးရွယ်အို ဦးပဉ္စင်းကြီးထံမှာ ကိုယ့်ဆွမ်းကိုယ်ခံစားပြီး ခေတ္တနေထိုင်ခွင့်ပြုဖို့ လျှောက်ထားတော့ ဦးပဉ္စင်းကြီး၏ သက်ာမကင်းသောမေးခွန်းများစွာကို ဖြေကြားခဲ့ရသည်။ အရှင်ဝိဝေကဦးပဉ္စင်းကြီးကို စိတ်မကွက်ပါ။ သူ့လိုသပိတ်တစ်လုံး၊ သင်္ကန်းနွမ်းဖတ်ဖတ်နှင့် ရဟန်းတစ်ပါးကို အကြောင်းမသိဘဲမည်သူက လက်ခံချင်ပါမည်နည်း။ ပစ္စည်းလာဘ်လာဘ၊ ဂုဏ်ပကာသနတွေနှင့် လွှမ်းခြုံနေသော ရဟန်းလောက၊ လူ့လောကမှာ သင်္ကန်းပရိက္ခရာလောက်မှ အပြည့်အစုံ မဆင်မြန်းထားနိုင်သော မြတ်စွာဘုရားရှင်၏ အလိုကျ ရဟန်းတစ်ပါးကို လက်ခံဖို့ ခဲယဉ်းမည်ဖြစ်ကြောင်း လူ့လောကမှာ အတန်အသင့်ကျင်လည်ခဲ့ရသော အရှင်ဝိဝေက နားလည်သဘောပေါက်ပါသည်။ ဒီအတွက် စာပေပရိယတ် အခြေခံနည်းပါးသော ဦးပဉ္စင်းကြီးကို စိတ်ရှည်လက်ရှည်နှင့် သူ့ရှင်းပြ၏။ နောက်တော့ သဒ္ဓါတရားကောင်းသော ဦးပဉ္စင်းကြီးက လိုလိုချင်ချင်နှင့်ပင် သူ့နေသောကျောင်းအောက်ထပ်မှာနေဖို့ ခွင့်ပြုလိုက်သည်။

အရှင်ဝိဝေကမှာ ဆရာအရှင်၏ စာသင်တိုက်မှ ထွက်ခွာလာပြီးကတည်းက ဓူတင်အကျင့်တွေကို စမ်းသပ်ကျင့်သုံးကြည့်ခဲ့ဖူး၏။ သို့သော် သုသာန်ဓူတင်ကိုတော့ ကျင့်သုံးခဲ့ဖူးခြင်းမရှိသေးပေ။ သုသာန်မှာနေတာနှင့် တရားထူးရမယ် ဆိုတာကိုလည်း သံသယရှိနေသေး၏။ သို့သော် နောက်ဆုံးမှာတော့ တောထဲတောင်ထဲမှာ အားထုတ်နေရင်းနှင့် တဖြည်းဖြည်း တည်ငြိမ်လာသော သမာဓိအစွမ်းကြောင့် သူ့ကိုယ်မှာ ထူးခြား ပေါ်လွင်နေသော ရာဂစရိုက်၏ အပြစ်ကို မြင်တွေ့လာရသည်။ ရာဂစရိုက်ကို ဦးကျိုးအောင် မနှိမ်နင်းနိုင်သရွေ့ တောထဲမှာပဲနေနေ၊ ရိပ်သာတွေမှာပဲ အားထုတ်ထုတ် စိတ်အညစ်အကြေးကို ဖယ်ရှားနိုင်စွမ်းမရှိမှန်း သဘောပေါက်လာသည်။

သို့အတွက် ရာဂတဏှာအစေးကို ခြောက်သွေ့စေနိုင်သော အသုဘကမ္မဋ္ဌာန်းနှင့် မရဏာနုဿတိကမ္မဋ္ဌာန်းများကို လက်တွေ့အားထုတ်နေသော ဆရာတော်ကြီးတစ်ပါးထံမှာ လေ့လာသင်ယူခဲ့သည်။ ထို့နောက် လက်တွေ့ အားထုတ်ဖို့ရန် အဆင်ပြေသောနေရာကို ရှာဖွေရင်းနှင့် သုသာန်မနီးမဝေးမှာရှိသော ဦးပဉ္စင်းကြီးကျောင်းကို ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်သည်။

အရှင်ဝိဝေကမှာ သုသာန်ဓူတင် အတွေ့အကြုံ မရှိသေးသောကြောင့် ကြောက်ရွံ့စိတ်ဝင်နေသည်။ ခေတ်လူငယ်ပီပီ တစ္ဆေသရဲကို မယုံဘူးဆိုသော်လည်း ကြောက်တာကတော့ ကြောက်တာပင်။ တစ်ခါက အင်တာနက်ပေါ်တွင် တွေ့လိုက်ဖူးသော သုသာန်ဓူတင်ဆောင် ရဟန်းတစ်ပါး၏ကိုယ်တွေ့တင်ပြချက်ဆိုတာတွေကိုတွေးပြီး ကြောက်စိတ်ဝင်နေတာလည်း ဖြစ်နိုင်လေသည်။

**အင်တာနက်ပေါ်ကသုသာန်အတွေ့အကြုံ**

မြတ်စွာဘုရားရှင်က -

'အပါယ်လေးပါးဟာ မေ့လျော့သူတို့အတွက် အမြဲနေရာ အိမ်ဂေဟာ' ဟု မိန့်တော်မူထားသည်။

အိမ် ဆိုသည်မှာ အိမ်သူအိမ်သားများအတွက် အမြဲနေရာဖြစ်သကဲ့သို့ အပါယ်လေးပါးမှာလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စသော သတ္တဝါများအတွက် အမြဲနေရာလို့ မိန့်တော်မူလိုရင်းပင်။

ဒေသနာအရ အပါယ်လေးပါးကို ရောက်စေနိုင်သော တရားနှစ်ပါး ရှိသည်။ (ဒိဋ္ဌိ) အယူအစွဲနှင့် (ဝိစိကိစ္ဆာ) အမှန်ကို လက်မခံနိုင်ခြင်းတို့ ဖြစ်၏။ ထိုတရားနှစ်ပါးကြောင့် ကိုယ့်အိမ်ကိုယ့်ရာ၊ ကိုယ့်ရွာကိုယ့်ဒေသ၊ ကိုယ်သုံးစွဲနေကျ မိသားစုအသိုက်အဝန်းကို အစွဲသန်အယူမှားပြီး အပါယ်လေးပါးနှင့် အမြဲမကွာနေကြရတာများ၏။

'လောဘနှင့်သေ ပြိတ္တာပြည်' ဆိုသလို မိသားစုစီးပွားဥစ္စာကို တွယ်တာကပ်ငြိ ချစ်ခင်စွဲလမ်းသော သံယောဇဉ်ကြောင့် သေသောအခါ ပြိတ္တာဖြစ်ကြရသူတွေ အလွန်များ၏။ ထို ပြိတ္တာ ဆိုသည်မှာ မကျွတ်မလွတ်နိုင်သေးသော နာနာဘာဝေါတစ်မျိုးဖြစ်ပြီး တစ္ဆေသရဲဟု အခေါ်ခံနေကြရသူတွေ ဖြစ်သည်။

ထိုသို့ မကျွတ်မလွတ်သောတစ္ဆေသရဲ နာနာဘာဝအဖြစ်နှင့် သုသာန်မှာ ပုံစံအမျိုးဖြင့်တွေ့ရလေ့ရှိပုံကို သုသာန်ဓူတင်ဆောင်ရဟန်းတစ်ပါးက ဝက်(ဘ်)ဆိုက်မှာ တင်ထားခြင်းဖြစ်သည်။ ရဟန်းတော်၏ အဆိုအရကတော့ သံဝေဂယူနိုင်ကြဖို့ဟု ဆို၏။ သူ၏ အတွေ့အကြုံမှာ -

သုသာန်ဓူတင် ဆောက်တည်ရာ၌ သုသာန်တိုင်းမှာ ထိတ်စရာလန့်စရာအာရုံတွေ၊ အသံဗလံတွေ မမြင်ရ၊ မကြားရပါစေနှင့်ဟု အဓိဋ္ဌာန်ထားသော်လည်း မြင်ရသည့် အာရုံတွေကများလှသည်။ ညည်းညူသံ၊ ညည်းတွားအော်ဟစ်နေသံတွေကလည်း အော်ဂလီဆန်ချင်စရာကောင်းလှသည်။ မြင်ရသည့်အာရုံတွေက ထိတ်လန့် ချောက်ချားစရာ ဖြစ်၏။ မည်းမည်းအကောင်ကြီးတွေ သုသာန်တိုင်းလိုလိုမှာ တွေ့ရ၏။ လူလိုလိုအကောင်တွေ၊ တချို့ခေါင်းမပါ၊ တချို့ ခေါင်းသာမြင်ရသည် ကိုယ်မတွေ့ရ။ အရုပ်ဆိုးအကျည်းတန်သတ္တဝါတွေလည်း မျိုးစုံလှသည်။ အဝတ်မပါဗလာ လူယောကျ်ား၊ လူမိန်းမ စုံလှသည်။ မိန်းမတွေ ဆံပင်ဖားလျားချလို့ အရှင်၏ရှေ့မှ ဖြတ်သွားဖြတ်လာ လုပ်နေကြသည်။ အချို့က တိုတို၊ အချို့က ရှည်မျောမျော။ အပေါ်ပိုင်းခန္ဓာရှည်ပြီး အောက်ပိုင်း ခြေထောက်တွေ တိုတိုပုံမျိုးပါသလို အပေါ်ပိုင်းခန္ဓာက ပုတိုတိုနှင့် အောက်ပိုင်း ခြေတံရှည်လျားလျားတွေလည်းပါသည်။ ခန္ဓာကိုယ်က အချွန်အတက်တွေထွက်နေသော သတ္တဝါတွေလည်း တွေ့ရ၏။ ထူးခြားသည်မှာ တွေ့သမျှသတ္တဝါတွေက မျက်နှာကို မမြင်ရကျောခိုင်းနေတာသာ တွေ့ရခြင်းဖြစ်၏။

နွားတွေလို ချိုနှစ်ချောင်းနှင့်သတ္တဝါတွေလည်းပါ၏။ အချို့အကောင်တွေ၏မျက်လုံးတွေက စကောလောက် ကြီး၏။ အချို့ကောင်တွေက ပါးစပ်ပေါက် တအားကျယ်သလောက် အသံကတော့ သေးသေးစူးစူးဖြစ်၏။ အချို့ကောင်တွေ ပါးစပ်မှာ သံမှိုပွင့်လောက်ပဲရှိ၏။ တစ်ခါတစ်ရံ အနားမှာကပ်ပြီး မြေကြီးထဲက ထွက်လာတတ်သည်။ သစ်ပင်လို၊ ကုက္ကိုပင်လို ပင်စည်ကြီးတွေထဲကနေ မျက်လုံးကြီးပြူးပြီး ကြည့်နေတာ တွေ့ရတတ်၏။

သုသာန်တစ်ခုမှာတော့ သချိုင်းအုတ်ဂူကြီးတစ်ခုလုံး လှုပ်လာပြီး မည်းမည်းအကောင်ကြီးတစ်ကောင် ထွက်လာသည်။ ဤအရှင်အား ကြည့်ပြီး သူ့ဂူထဲ ပြန်ဝင်သွားသည်။ ဂူထဲက ထွက်လာတော့လည်း အပေါက် ဟူ၍ မရှိ၊ ဂူထဲ ပြန်ဝင်သွားတော့လည်း အပေါက်မတွေ့ရချေ။

သင်းပိုင်အစုတ်နှင့် ဘုန်းကြီးလိုလို ပြိတ္တာကြီးကိုလည်း မြင်တွေ့ရဖူးသည်။ ထိုဘုန်းကြီး၏ပါးစပ်မှာ လောက်တွေကအပြည့်။ နှာခေါင်းရင်းကနေပြီး မေးဖျားထိ လောက်တွေက တဖွားဖွားကိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤမကောင်းအနိဋ္ဌာရုံတွေကို မြင်တိုင်းမြင်တိုင်း ဤအရှင်သည် ဘဝသံသရာအဆက်ဆက်က ဆွေမျိုးတောင်း တော်စပ်ခဲ့ဖူးသူများ ဖြစ်လေမလား ဆင်ခြင်မိ၏။ ဤအရှင် နားလည်မိသည်မှာ ပြုမိမှားခဲ့သော အကုသိုလ်ကံတွေက ခေါင်းအမျိုးစုံအောင် ပြောင်းသဲပေးနေခြင်း ဖြစ်သည်။

မြတ်စွာဘုရား ဟောကြားခဲ့သော ပေတဝတ္ထုတွေထဲမှာလည်း နေ့စံ့ညခံ၊ နေ့အက်မှာ သုခစံနေသူတွေ ဒုနှင့်ဒေးဖြစ်သည်။ ဤအရှင်ကိုပြသော အာရုံတွေကြည့်ပါက အမျိုးမျိုးအဖုံဖုံ ဆင်းရဲဒုက္ခတွေကြီးလွန်းလှသည်။

ပေါ်လာသမျှ အနိဋ္ဌာရုံများအား ပေါ်တိုင်းပေါ်တိုင်း ဖျောက်ဖျက်ပစ်ပါ၏။ အချို့အာရုံများက မေတ္တာပို့၊ အမျှဝေလိုက်လျှင် ချက်ချင်း ပျောက်ပါ၏။ အချို့က မပျောက်။ အတော်ကြီးကြာအောင် စူးစူးနစ်နစ်လုပ်မှ ပျောက်သွားတာလည်းရှိ၏။ သို့သော် အသစ်အသစ်အာရုံတွေက တိုးတိုးပေါ်လာပြန်၏။ တရားအမှတ်ပျက်လောက်အောင် ဖြစ်၏။ မေတ္တာပို့ အမျှဝေလိုက်၊ ပျောက်သွားလိုက်၊ အမျှဝေလိုက် မေတ္တာပို့လိုက်လုပ်နေရ၏။

တစ်ခါတစ်ရံတော့လည်း ပေါ်လာသမျှအာရုံတွေကို သံသရာဆွေမျိုးတွေဖြစ်မည် ဟူသော ကရုဏာအတွေးနှင့် တရားနာ၊ သာဓုခေါ် ချင်လို့လာတာဖြစ်မည် ဟူသော အတွေးနှင့် 'တရားဟောမည်၊ တရားနာလာကြလော့' ဟု ခိတ်ပြီး ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်တို့ကိုရွတ်၊ သရဏဂုံပေး၊ သီလပေးပြီး ကုသိုလ်တို့ကို အမျှဝေရပါသည်။

အချို့သုသာန်တွေက အတော်ကြမ်း၏။ အနံ့အသက်တွေမကောင်း။ အသက်ရှူခက်လောက်အောင် ဖြစ်၏။ မြင်ရသည့်အာရုံတွေကလည်း ဆိုးမှဆိုး။ စစ်တွေသုသာန်မှာ မြင်ရသည်က တစ်မျိုးဖြစ်သည်။ လူလေးယောက် လူသေအခေါင်းကြီးတစ်ခုကို ရှေ့နောက်ထမ်းလာကြသည်။ ဤအရှင်နား ရောက်သောအခါ အခေါင်းကြီးကိုချပြီး -

"ကောက်ထည့်ကွာ၊ ကောက်ထည့်ကွာ"

ဟု တစ်ယောက်က အမိန့်ပေးသည်။ ဤအရှင်ကို အခေါင်းထဲ ထည့်ခိုင်းခြင်း ဖြစ်သည်။ အမိန့်သာပေးသည်။ တစ်ယောက်မှ ကောက်မထည့်။ နောက်တော့ 'မထည့်ရင် နေကွာ' ဟု ဆိုပြီး ထိုအခေါင်းကြီးကို ပြန်ထမ်းသွားကြသည်။

တစ်ရက်တွင်လည်း ဤအရှင် တရားမှတ်နေတုန်း လက်မောင်းတစ်ဖက်ကို အေးစက်စက်အရာကြီးနှင့် အကပ်ခံလိုက်ရသလို ဖြစ်သည်။ ရှည်လျားသောလျှာကြီးနှင့် အလျက်ခံလိုက်ရသလို ခံစားလိုက်ရခြင်း ဖြစ်သည်။ တရားပျက်လောက်အောင် ဖြစ်သည်။

ဤအရှင်အား ကျောက်တုံးကြီးနှင့် ဖိသတ်ရန်လာသော ပြိတ္တာကြီးတစ်ကောင်ကိုလည်း တွေ့ဖူးသည်။ ကျောက်တုံးကြီးတစ်တုံးကို လိမ့်ကာလိမ့်ကာနှင့် လာနေခြင်း ဖြစ်သည်။ အနားရောက်လာတော့ အမျှဝေလိုက်မှ ပျောက်သွားသည်။ တွေ့သမျှ မြင်သမျှအာရုံများကို ရေးလျှင် များစွာဖြစ်၏။ အကုသိုလ်အကျိုးပေးကို သံဝေဂယူနိုင်ရုံ အနည်းငယ် ဖော်ထုတ် ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

## နဝမူတဂါစာရဆရာတော်၏ ကိုယ်တွေ့သုသာန်ဓူတင်

ဟင်္သာတမြို့မှာ သီတင်းသုံးသော နဝမူတဂါစာရဆရာတော်၏ သုသာန်ဓူတင်အတွေ့အကြုံများနှင့် ပတ်သက်၍လည်း အရှင်ဝိဝေက လေ့လာခဲ့ဖူးပါသည်။

ဆရာတော်မှာ အဓိဋ္ဌာန်ကျင့်စဉ်များကို ပျိုမျစ်နုနယ် ငယ်ရွယ်စဉ်ကပင် စွမ်းစွမ်းတမံ ပြတ်ပြတ်သားသား အားထုတ်ခဲ့ဖူးသော အတွေ့အကြုံရှိ၏။ ဆရာတော်က ဓူတင်အကျင့်များကို အဓိဋ္ဌာန်ကျင့်စဉ်အနေဖြင့် ကျင့်သုံးရသည်မှာ နက်နဲလွန်းသောကြောင့် အောင်မြင်ဖို့ မလွယ်ကူကြောင်း ထောက်ပြဖူးသည်။ ခိုင်မာပြတ်သားသောစိတ်ဓာတ်၊ ပြင်းထန်သော ဖွဲ့ လုံ့လ၊ ဝီရိယ၊ ထက်သန်သောဆန္ဒများရှိဖို့ လို၏။ အထူးအရေးကြီးဆုံးမှာ ရင့်သန်ထက်မြက်သောပါရမီရှိဖို့ လိုရင်းဖြစ်သည်။

ဆရာတော်၏ကျင့်စဉ်ကာလများမှာ ပရလောက၏ အမွှေးနံ့သာများ၊ အပုပ်နံ့များ စသည်တို့အပြင် မြွေကြီးများနှင့် အချို့ အထင်မှား၍ ကင်းလှည့်ပတ္တရောင်တို့၏ ကြည့်ရှုစစ်ဆေးခြင်းများကိုပင်ခံခဲ့ရသည်။

ဟင်္သာတ ထင်းထိုးသုသာန်မှာ သုသာန်ဓူတင် စတင်တည်ဆောက်ခါစတွင် အသက်အရွယ်ငယ်ရွယ်လွန်းသေးသောကြောင့် အကြောက်ပို၍ မျက်လုံးနှင့် နှာခေါင်းမှလွဲပြီး တစ်ကိုယ်လုံးကို သင်္ကန်းခေါင်းမြီးခြုံပြီး တစ်ညလုံး မထတမ်း ထိုင်နေခဲ့၏။ ခန္ဓာကိုယ်အထက်ပိုင်းတစ်ခုလုံး ရေခဲတုံးတမျှ အေးစက်နေပြီး ခါးအောက်ပိုင်းတစ်ခုလုံးမှာ မီးကျီးခဲတမျှ ချစ်ချစ်တောက်ပူနေခဲ့သည်။

တစ်ပတ်၊ ဆယ်ရက်ကြာအောင် ညစဉ် ကြောက်ရွံ့နေပေမယ့် (၁၂) ရက်မြောက်သောအခါမှာတော့ သေခြင်းတရားနှင့်ပတ်သက်၍ သတ္တဝါအားလုံး သေကြရမည်။ (၃၁) ဘုံ အလုံးစုံ အကုန်သေရမည်။ မိမိတစ်ယောက်တည်း သေရမှာမဟုတ် ဆိုသည့် အသိတရားရပြီး ပြတ်ပြတ်သားသား ပွားများရှုမှတ်နိုင်ခဲ့၏။

မိုးချုပ်သည်ဆိုသည်နှင့် မနီးမဝေးရှိ အုတ်ဂူလိုဏ်ခေါင်းထဲမှ သုသာန်တွင် အနေကြာပုံရသည့် မြွေကြီးတစ်ကောင် ခေါင်းပြူထွက်လာတတ်ပြီး ညဉ့်နက်မှ (၃) ကြိမ် (၃) ခါ ဦးညွှတ်ဝပ်တွားကာ ပြန်ဝင်သွားတတ်သည်။ ဒီအချိန်မှာ အဖွတ္တိကရှုကွက်အဓိကထားပြီး ဟဒယဝတ္ထုကိုစိုက်၍ မလွတ်တမ်း ရှုမှတ်နေရလေ့ရှိသည်။

သုသာန်ဓူတင် ကျင့်စဉ်အတွင်း သုသာန်ရှေ့ သူသေခေါင်းပေါ်မှ အစားအစာများကို သုသာန်စောင့်များ လောင်းလှူကြသည့်အတိုင်း ရှုမှတ်မှုနှလုံးသွင်းလျက် ဘုဉ်းပေးရ၏။ လူသေများ မြှုပ်နှံထားရာ သင်္ချိုင်းမြေပုံများမှာ ဧကစာရီ သီတင်းသုံးရင်း တရားတော်များ ပွားများ အားထုတ်ခဲ့ရသည်။ ဤသို့ စားသုံးရသဖြင့် မာန်မာနများ တဖြည်းဖြည်းကျကာ တရားသဘောကို သိလာစေခဲ့သည်။ သုသာန်ဓူတင်ဆောင်သည့်အတွင်း အနေအထိုင် ကျစ်လျစ် သိပ်သည်းပြီး လူ့အနည်းငယ်လောက်သာ အသိပေး အသိခံခဲ့သည်။ ကျင့်စဉ်အဓိဋ္ဌာန်များအတွင်းမှာ ရာသီဥတု ဘေးဒဏ်၊ သားရဲတိရစ္ဆာန်အန္တရာယ်၊ သူခိုးဓားပြဘေးရန်တို့ကို လျစ်လျူရှုခဲ့ရသည်။တောထဲ တစ်ပါးတည်းမကြောက်မရွံ့ အားထုတ်ရသည်မှာ အပြောလွယ်သလောက် အလွန်ခက်သည်။ အနုအကြမ်း တိုက်ကွက်တွေ မျိုးစုံအောင်တွေ့ရတတ်သည်။

ပြည်မြို့ ပထမပါဒစေတီတော်တွင် အဓိဋ္ဌာန်ဝင်စဉ်ကဆိုလျှင် စတင်အားထုတ်သည့်နေ့မှာပင် ပါဒလေးတောင်ရှိ ကျားပါးစပ်လိုဏ်ဂူကြီး တိုး

www.burmeseclassic.com

လျှိုပေါက်ပွင့်လာပြီး ဂူကြီးထဲမှ ရွှေ ငွေ၊ သယံဇာတမျိုးစုံတို့ ဝင်းလက်၍ ထွက်ပေါ်လာတာ တွေ့ရ၏။ ဂရုမထားဘဲ အဖွတ္တိက ကာယရှုကွက်ကို အဖန်အထပ်ထပ်ရှုနေမှ တံခါးကြီးသည် ကြောက်ရွံ့သွားသည့်အလား တဖြည်းဖြည်း ပြန်ပိတ်သွားလေသည်။

ဤသို့ အဓိဋ္ဌာန်ကျင့်စဉ်များအား ထုတ်နေစဉ်ကာလအတွင်း ပြည်ပါဒကြီးတောင်ထိပ်မှာ ည(၁၁)နာရီကျော်ကျော်အချိန်၌ အမျိုးသမီးလေးယောက်တို့၏ အနုနည်းနှင့် ဖြားယောင်းခြင်း၊ မြွေပွေးများနှင့် အဆက်မပြတ်တွေ့ရတတ်ခြင်း၊ အားထုတ်သောနေရာနှင့် မဝေးကွာလှသောအရပ်တွင် သုသာန်စောင့်မြွေကြီးနှင့် ညပေါင်း (၂၀) ခန့် နေရခြင်း၊ ရင်စို့လောက်မြင့်သော၊ အရပ်ရှည်လျားသော၊ အမွေးအမှင်များနှင့် မည်းနက်တောက်ပြောင်နေသော ခန္ဓာကိုယ်ကြီးရှိသည့် ခွေးသရဲကြီးတစ်ကောင်သည် တောင်နှင့်မြောက် ခေါက်တုံ့ခေါက်ပြန်လျှောက်နေခြင်း၊ ငန်းဥများမှ ငန်းမြွေလေးများပေါက်နေသော ငန်းမြွေမိသားစုအသိုက်ကြီးနှင့် (၉) ရက် တိတိနေရခြင်း၊ တောပုန်းမှ အသက်အန္တရာယ်ကို ရန်ရှာခြင်း၊ ရွှေဗိမာန်ကြီးမှ ပုဂ္ဂိုလ်ထူးတစ်ဦးနှင့် တွေ့ကြုံခြင်း စသော အနု၊ အကြမ်းမျိုးစုံကို သည်းခံ၍ ကျော်လွှား ဖြတ်သန်းကာ အောင်ပန်းဆင်နိုင်ခဲ့သည်။

ဓူတင်ဆရာတော်၏ အဓိဋ္ဌာန်ကျင့်စဉ်များအတွင်းမှာ များစွာသော အနှောင့်အယှက်များ၊ ထူးဆန်းအံ့သြဖွယ်ရာများကို ကိုယ်တွေ့ ကြုံခဲ့ရ၏။ အခြား အန္တရာယ်မျိုးစုံ မကျော်လွှားနိုင်သောအခက်အခဲ အံ့ဖွယ်တို့လည်း များစွာရှိခဲ့ပေလိမ့်မည်။ ထိုဒုက္ခအန္တရာယ်နှင့် ထိုအံ့ဖွယ်တို့ကား ဓူတင်ဆောင်အရှည်ဝါသီယောဂီတို့အတွက် အဆန်းမဟုတ်တော့ချေ။ တိတ်ဆိတ်အေးချမ်းစွာ လောကကြီးမှ ဖယ်ခွာ၍ သံသရာလွတ်ကြောင်း တစ်ကိုယ်တည်း အလွတ်ရုန်းကန်ရင်း သီလ၊ သစ္စာ၊ မေတ္တာ၊ ခန္တီသဘာဝစွမ်းရည်တို့ဖြင့် မိမိ၊ သူတစ်ပါးနှစ်ဖြာနှစ်ဝ အကျိုးရှိအောင် စွမ်းဆောင်တော်မူနိုင်ကြသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကမူ -

'နေဝင်သည်နှင့် တစ်ပြိုင်နက်ဘုရားဝတ်တတ်၊ ပရိတ်ရွတ်၊ အမျှဝေမေတ္တာပို့ရသည်။ ညဉ့်နက်သည်ထက်နက်လာလျှင် တစ်ချိန်တွင် ကြက်သီးမွေးညင်းများထလောက်အောင် မသဲမကွဲအသံများကြားရသည်။ အနံ့ဆိုးများနံစော်သည်။ ထိုအခါ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို တိုင်တည်၏။ တစ္ဆေ၊ မြေဖုတ်၊ ပြိတ္တာ၊ အမနုဿတို့ကို ဖိတ်ခေါ်၏။ ပထမဆုံး အရှေ့အရပ်သို့မျက်နှာမူလျက် အရှေ့အရပ်ရှိ ပေတယက္ခအပေါင်းတို့အား 'ငါသည် ဤလောက၌ သင်တို့၏ မိဘ၊ ဆရာ၊ ဆွေမျိုးအရာတည်ပြီး သာသနာတော်အကျိုးကို၊ သတ္တဝါများရဲ့အကျိုးကို ဆောင်ရွက်ရန်လာခဲ့ခြင်းဖြစ်သည်။ သင်တို့ကလည်း မိဘအရာ၊ ဆွေမျိုးအရာပြု၍ နှောင့်ယှက်ခြင်းမပြုဘဲ အေးချမ်းစွာ နေကြရမည်' ဟု အမိန့်ထုတ်၍ အမိန့်တော်ပြန်လိုက်သည်။ ကျန်အရပ်သုံးမျက်နှာကိုလည်း ဤနည်းအတိုင်းပင် တိုင်တည်လိုက်သည်။ ထိုသို့ မိန့်တော်မူကာ မေတ္တာဘာဝနာပွား၍ ကမ္မဋ္ဌာန်းထိုင်ရာ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိတော့ပါပေ'

ဟု မိန့်ကြားတော်မူဖူးသည်။

## ကိုယ်တွေ့ ဓူတင်မှတ်ချက်

နဝဓူတင်္ဂါစာရဆရာတော်သည် နှစ်ပေါင်း (၃၀) ကျော် ကျင့်သုံးခဲ့သော ဓူတင်အကျင့်မြတ်များနှင့် စပ်လျဉ်း၍ ဤသို့မှတ်ချက်ပြုထား၏။

'ဒီတရားမျိုးဟာ အလိုနည်းတဲ့ ပုဂ္ဂိုလ်များအတွက်သာဖြစ်တယ်။ အလိုကြီးတဲ့ပုဂ္ဂိုလ်တွေနဲ့ မထိုက်တန်ဘူး။ ရောင့်ရဲတင်းတိမ်တဲ့ ပုဂ္ဂိုလ်မြတ်တို့ရဲ့ အရာသာ ဖြစ်တယ်။ မရောင့်ရဲမတင်းတိမ်တတ်တဲ့ပုဂ္ဂိုလ်တွေနဲ့ လားလားမှ မထိုက်ဘူး။ ဆိတ်ဆိတ်ငြိမ်ငြိမ်နေလေ့ရှိတဲ့ ပုဂ္ဂိုလ်မြတ်တို့ရဲ့အရာသာ ဖြစ်တယ်။ ရောရောထွေးထွေး ရှုပ်ရှုပ်ပွမ်းပွမ်းရှိတဲ့ ပုဂ္ဂိုလ်မိုက်တို့နဲ့ မထိုက်တန်ဘူး။ အရိုးသာကျန်စေ၊ အရေသာကျန်စေ၊ အသားအသွေးတွေ ခန်းခြောက်သွားပါစေ၊ တရားတော်မြတ်ကို မရရင် မလျှော့ဘူးဆိုတဲ့ ဇွဲ လုံ့လ၊ ဝီရိယကြီးတဲ့ ပုဂ္ဂိုလ်မြတ်တွေရဲ့အတွက်သာဖြစ်တယ်။ ဇွဲ လုံ့လ၊ ဝီရိယကလည်း နည်းပါး၊ ပျင်းရိတာကလည်းများ၊ အိပ်ချင်တာကလည်း တအား ဆိုတဲ့ 'အလသ' လူပျင်းလူပျော့တွေနဲ့ လားလားမှမထိုက်ပါဘူး။

အောက်မေ့လက်စွဲ သတိမြဲတဲ့ ပုဂ္ဂိုလ်မြတ်တို့ရဲ့အရာမျိုးသာ ဖြစ်တယ်။ ပေ့ါလျော့ချွတ်ယွင်းသတိကင်းတဲ့ပုဂ္ဂိုလ်တွေနဲ့ နည်းနည်းမျှမထိုက်ပါဘူး။ တည်ကြည်ခိုင်ခံ့တဲ့ပုဂ္ဂိုလ်မြတ်တွေရဲ့အရာမျိုးသာ ဖြစ်တယ်။ မတည်မကြည် ဖောက်လွဲဖောက်ပြန် မှောက်လိုမှောက်၊ လှန်လိုလှန်၊ တပြောင်းပြန်ပြန်ပုဂ္ဂိုလ်တွေနဲ့တော့ လားလားမျှ မထိုက်ပါဘူး။ ဇာတိပဋိသန္ဓေနဲ့ယှဉ်တဲ့ တိဟိတ်ဥက္ကဋ္ဌ မြတ်သော ဝိညူတို့ရဲ့အရာပဲ ဖြစ်ပါတယ်။ ပညာနည်းပါးတဲ့ ဒုပ္ပညတို့ရဲ့အရာမဟုတ်ပါဘူး။ ဒီတရားမျိုးဟာ အကျယ်ကိုမကြိုက်၊ အကျဉ်းကိုလိုက်တဲ့ ပုဂ္ဂိုလ်မြတ်တို့ရဲ့အရာသာ ဖြစ်တယ်။ အကျဉ်းကိုမလိုက်၊ အကျယ်ကိုကြိုက်တဲ့ပုဂ္ဂိုလ်မိုက်တို့နဲ့ လားလားမှမထိုက်'

ဟု ဘုရားရှင် ဟောကြားသော မဟာပုရိသဝိတက်ကြီး(၈)ပါး ဒေသနာကို ကိုးကား၍ မှတ်ချက်ချထားလေသည်။

ဆရာတော်သည် နဝဓူတင်္ဂါစာရနာမည်ခေါ်တွင်နိုင်လောက် အောင်လည်း ဓူတင် (၁၃) ပါးစလုံးကို ထက်ထက်သန်သန် စွမ်းဆောင်ခဲ့ပြီး ဖြစ်၏။ ယခုထက်တိုင်လည်း နေ့စဉ်မလဲမလျောင်းသော နေသဇ္ဇိဓူတင် အပါအဝင် ဓူတင်ကိုးပါးကို ဇွဲ လုံ့လ၊ ဝီရိယနှင့် ဆက်လက်အားထုတ်မြဲ ဖြစ်သည်။

ဤဓူတင်အကျင့်တွေကို မကျိုးမပေါက်အောင် ကျင့်စွမ်းနိုင်သော ဆရာတော်၏ ရင့်ကျက်သော ပါရမီအရှိန်ကို အရှင်ဝိဝေက ခန့်မှန်းပူဇော်မိပါသည်။ ကိုယ်တိုင်လည်း ဓူတင်ဆောင် ရဟန်းတစ်ပါးအဖြစ်ကို အားကျပြီး ကျင့်နိုင်အောင်လည်း ကြိုးစားခဲ့သည်။ အချို့သော ဓူတင်အကျင့်တွေမှာ ဆောင်နိုင်ဖို့ အလွန်ခက်ခဲ၏။ နေ့စဉ် မလဲမလျောင်းဘဲနေဖို့၊ လွင်တီးခေါင်မှာနေဖို့၊ တစ်နေ့လုံးမှာ တစ်နေရာတည်း၊ တစ်ထပ်ဆွမ်းသာစားဖို့၊ တောမှာနေဖို့၊ သုသာန်မှာနေဖို့ စတာတွေမှာ တွေးကြည့်ရုံနှင့်ပင် ကိလေသာတွေ ထွက်ပြေးစေမှန်းသိပါသည်။ ဆယ်ပါးသော ကိလေသာတို့မှာ ဓူတင်ကို ကြောက်ကြရိုးအမှန်ပင်။ မသိမှုအဝိဇ္ဇာနှင့် စွဲလမ်းမှုတဏှာတို့ကို ဓူတင်အကျင့်မြတ်တို့ဖြင့် တရစပ် ဖောက်ခွဲချေမှုန်း ဖျက်ဆီးနိုင်စွမ်းရှိပါသည်။

သို့အတွက် ရဟန်းတော် အရှင်ဝိဝေကမှာ လုံ့လ၊ ဝီရိယ ထက်သန်စွာဖြင့် ဓူတင်အကျင့်မြတ်တွေကို ကျင့်စွမ်းနိုင်ဖို့ ကြိုးစားအားထုတ်နေခြင်း ဖြစ်လေသည်။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မပီယ (ရွှေဘြာင်)



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ၏ ပါရမီတော်လမ်းများ

# ပဉ္စသိရိ

## ဥပေက္ခာဘာဝနာ

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် စတုတ္တနိပါတ် ကောကိလဝဂ် ပီဌဇာတ်တော်တွင် ဗာရာဏသီသူဌေးအဖြစ်ဖြင့် ဘုရားအလောင်းတော် ရှင်ရသေ့အား ဆွမ်းဆက်ကပ်ခွင့် ရခဲ့ပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်း



www.burmeseclassic.com

www.burmeseclassic.com

တော်သည် ဗာရာဏသီမြို့တော်တွင် နေထိုင်လျက်ရှိကြသော ပြာဟ္မဏနွယ်ဝင် ပုဏ္ဏားတို့အိမ်တွင် ဖွားမြင်လာခဲ့၏။ ထိုခေတ်ထိုအခါက မဇ္ဈိမနယ်မြေတစ်ခွင်လုံးရှိ မင်းမျိုး၊ ပုဏ္ဏားမျိုး လုလင်ပျိုတို့သည် တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ ယောကျ်ားသားတို့တတ်သင့်တတ်ထိုက်သော အဋ္ဌာရသပညာရပ်များကို သင်ယူနေကြ၏။ ထို့ကြောင့် အလောင်းတော် သတို့သား အရွယ်ရောက်သောအခါ အခြားလုလင်ပျိုတို့နည်းတူ တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ ပညာသင်၏။ တက္ကသိုလ်မြို့တော်က ဒိသာပါမောက္ခဆရာကြီးထံ၌ သုံးနှစ်သုံးမိုး တပည့်ခံ၍ အတတ်ပညာများကို လိုလိုလားလား ကြိုးကြိုးစားစား သင်ယူသဖြင့် ပညာရပ်အားလုံးကို တစ်ဖက်ကမ်းခပ် တတ်မြောက်လာလေသည်။

ထိုအခါတွင် အလောင်းတော်လုလင်သည် ဒိသာပါမောက္ခဆရာကြီးကို ဦးခိုက်ရှိခိုးပြီးလျှင် မိဘရပ်ထံ ပြန်လာခဲ့၏။ ကြိုးစားပမ်းစား သင်ယူတတ်မြောက်လာခဲ့သည့် အတတ်ပညာတို့ဖြင့် မိဘများကို ပြုစုလုပ်ကျွေး၏။

ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ သမ္မာသမ္ဗုဒ္ဓဘုရားဆုကြီးကို ပန်ဆင်ထားခဲ့ရသည့်အားလျော်စွာ အလောင်းတော်မြတ်၏ အတွင်းစိတ်နှလုံးသည် တောထွက်၍ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း၍ နေထိုင်ကျင့်သုံးရန် အမြဲတမ်း ကိုင်းညွှတ်၍နေလာခဲ့၏။ ဘဝသံသရာ၌ ဖြစ်တော်ပေါင်းမျိုးစုံ ကြုံလာခဲ့ရာမှ လူ့ဘဝသို့ရောက်လာခိုက်တွင် အိမ်ထောင်ပြုလာခဲ့သည်လည်း ရှိ၏။ အိမ်ထောင်ရေးကို ဝေးဝေးရှောင်ကာ လူပျိုကိုယ်လွတ်ဘဝဖြင့် နေလာခဲ့သည်လည်းရှိ၏။ ဤဗိဋ္ဌဇာတ်တော်တွင်မူ လူပျိုကိုယ်လွတ်ဘဝဖြင့် မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရင်း စီးပွားဥစ္စာများကို ကြိုးကြိုးစားစား ရှာဖွေစုဆောင်း၏။ စီးပွားဥစ္စာရနိုင်မည့် လုပ်ငန်းတစ်ခုခုသည် သမ္မာအာဇီဝလမ်းကြောင်းအမှန်အတိုင်း တည်ရှိနေပါက အလုပ်ကြမ်းသော၊ အလုပ်နုသော ရွေးချယ်မနေပါ။ ကာယအား၊ ဉာဏအား နှစ်ပါးစုံ ပြည့်ဝသော ယောကျ်ားပျိုတစ်ယောက်၏ စွမ်းအားရှိရှိသမျှကိုထုတ်၍ လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် နဂိုကမှန်းထားခဲ့သည့် အချိန်ထက် မြောစီးစွာ ပြီးစီးခဲ့ကြပါပေသည်။



ဤသို့ဖြင့် အလောင်းတော်ပုဏ္ဏားလုလင်သည် ရရှိလာသော ပစ္စည်းဥစ္စာစုကို မိဘများလက်၌ စာရင်းအင်းနှင့်တကွ အပ်နှံ၏။ ထို့နောက် ထိုဥစ္စာစုကို မှန်မှန်ကန်ကန် အသုံးပြု၍ မိဘနှစ်ပါးတို့အား မိမိကိုယ်စား ပြုစုလုပ်ကျွေးနိုင်မည့်သူကို ရှာကြံကြည့်ရှုရာ မိမိတို့အမျိုးထဲက နှမတော်စပ်သူကို တွေ့ရသဖြင့် နှမဖြစ်သူနှင့် ထိုအရေးကိစ္စကို ဆွေးနွေးကြည့်၏။ နှမဖြစ်သူမှာ ပစ္စည်းဥစ္စာချို့တဲ့ရှာသော်ငြားလည်း လူကြီးမိဘတို့ကို ရိုရိုသေသေ ပြုစုလုပ်ကျွေးလာခဲ့သဖြင့် အစ်ကိုဖြစ်သူ၏စကားကို လေးစားစွာ လက်ခံလေသည်။

ဤတွင် အလောင်းတော်လုလင်သည် နှမဖြစ်သူကို မိဘများထံ အပ်နှံ၍ ရသေ့ပြုရန် ခွင့်ပန်ပြီးလျှင် ဗာရာဏသီမြို့တော်မှ ထွက်ခွာလာခဲ့၏။ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ခွာ၍ ရသေ့ရဟန်းပြုလာလျှင် လူတွေနှင့် ကင်းဝေးနိုင်သမျှ ကင်းဝေးလေကောင်းလေဖြစ်သည်။ ထို့ကြောင့် အလောင်းတော် လုလင်သည် လူဝတ်ကြောင်ကို စွန့်လွှတ်၍ ရသေ့ဘဝကို ခံယူပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ ဇာတိရပ်ထံ ဗာရာဏသီမြို့တော်ကြီးကို နောက်ကြောင်းပြန်လှည့်၍ ကြည့်ရုံကလေးမျှ မပြုတော့ဘဲ လုံးလုံးကြီးကျောခိုင်းကာ ဟိမဝန္တာတောကြီးသို့ဝင်လာခဲ့လေသည်။

လူသူအရောက်အပေါက် မရှိနိုင်လောက်သည့်နေရာသို့ ရောက်သောအခါ အလောင်းတော် ရှင်ရသေ့သည် တောထဲမှာ အလွယ်တကူ ရနိုင်သော သစ်ခက်၊ သစ်ရွက်၊ သစ်သားနှင့် ဝါးတို့ဖြင့် တစ်ပါးနေလောက်ရုံ မိုးလုံလေလုံ သင်္ခမ်းကျောင်းကလေးကို ဆောက်လုပ်၏။ ဤသို့ နေရေးကိစ္စပြည့်စုံသွားသောအခါ တောထဲက စား၍ရနိုင်ကောင်းသည့် သစ်သီးတို့ဖြင့် စားရေးကိစ္စကို ပြီးစီးစေ၏။ သောက်ရေအတွက်မှာမူ ရသေ့ဝတ်စဉ်ကတည်းက မိမိကိုယ်နှင့် ထက်ကြပ်မကွာပါလာခဲ့သော မြေသပိတ်ဖြင့် အနီးအပါးက စမ်းချောင်းကလေးမှာ တသွင်သွင်စီးဆင်းနေသည့် ရေကြည်ရေအေးလေးကို ခပ်ယူ၍ ရနိုင်ပါပေသည်။

တောပျော်ရသေ့တစ်ပါးအဖို့ ဤမျှလောက်သော အထောက်အပံ့ရှိနေလျှင် ပြည့်စုံလုံလောက်နေပြီဖြစ်၍ အလောင်းတော် ရှင်ရသေ့သည် မိမိနှင့် သင့်လျော်ရာ ကသိုဏ်းရှုကွက်ကို အခြေခံ၍ သမထကမ္မဋ္ဌာန်းများကို စီးဖြန်းလာခဲ့ရာ မကြာမီမှာပင် ဈာန်သမာပတ်အဆင့်ဆင့်ကို ရရှိလာပေသည်။ ရရှိလာသော ဈာန်သမာပတ်တို့ကို အထက်မှ အောက်သို့၊ အောက်မှ အထက်သို့ အပြန်ပြန်အလှန်လှန် အစုန်အဆန်ပွားများရင်း အလောင်းတော် ရှင်ရသေ့သည် မွေ့လျော်စွာ နေလာခဲ့၏။ မိမိ၏ကိုယ်ခန္ဓာက အစားအစာ တောင့်တလာသောအခါ လက်လှမ်းမီသမျှ သစ်သီးဝလံတို့ကို ရှာဖွေစားသောက်၏။ ရေမွတ်သိပ်လာသောအခါ သပိတ်ထဲ မှာ အရန်သင့်ခပ်ထားသော ရေအေးအေးကို တဝကြီးသောက်လိုက်၏။

ဤသို့ဖြင့် နေ့တွေ၊ ရက်တွေ ကုန်မှန်းမသိ ကုန်ဆုံးလာခဲ့ကြ၏။ မိုးလေလုံရုံ ဆောက်လုပ်ထားသည့် သင်္ခမ်းကျောင်းကလေးတွေ ဆွေးဆွေးသွားသဖြင့် အသစ်အသစ်ဆောက်လုပ်ရတာပင် ဘယ်နှကြိမ်ရှိသွားမှန်း မသိနိုင်တော့ပါ။

သင်္ခမ်းကျောင်း အသစ်အသစ်တွေ အကြိမ်ကြိမ်ဆောက်လာခဲ့ရသော်ငြားလည်း အလောင်းတော်မြတ် ကိုယ်ခန္ဓာသည် ကြံ့ခိုင်တောင့်တင်းနေဆဲ ဖြစ်၏။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်းအလုပ်ကို အထောက်အကူပြုပေးနိုင်စွမ်းရှိနေဆဲ ဖြစ်၏။ သို့ရာတွင် နှစ်တွေ၊ လတွေ များသည်ထက်များလာသည်တွင်ကား ကိုယ်တွေလက်တွေမှာ မအီမသာဝေဒနာများကို ခံစားလာရ၏။ ဤသို့သော ဝေဒနာများ ခံစားလာရသောအခါ မိမိရှေ့က တောပျော်ရှင်ရသေ့တို့၏ အစဉ်အလာတစ်ခုကို သတိပြုလာရ၏။

ရှေးရှေးက တောပျော်ရသေ့သူတော်စင်များသည် မိမိတို့ မွေ့လျော်



www.burmeseclassic.com

www.burmeseclassic.com

ပျော်ပိုက်ရာ ဟိမဝန္တာတောကြီးမှ ခေတ္တခဏ ထွက်ခွာ၍ လူတို့၏ရပ်ရွာများသို့ ချဉ်းကပ်ကာ ဆွမ်းဘောဇဉ်များကို ဘုဉ်းပေးကြရ၏။ တောထဲတွင် သစ်သီးမျိုးစုံသာရှိ၍ အချဉ်အရသာနှင့် ဆားငန်အရသာတို့ကို မရနိုင်ချေ။ ထိုကဲ့သို့ ကိုယ်ခန္ဓာ အသွေးအသားအတွက် လိုအပ်ချက် ဖြစ်နေသော အချဉ်ဓာတ်နှင့် ဆားငန်ဓာတ်ကို မရသဖြင့် ကိုယ်တွေ့လက်တွေ့ မအီမသာခံစားလာရခြင်း ဖြစ်၏။

ထို့ကြောင့် ထိုအာဟာရဓာတ်များရနိုင်မည့် လူတို့ရပ်ရွာသို့ တောပျော်ရသေ့သူတော်စင်များ ချဉ်းကပ်လာခဲ့ရ၏။ ဤကဲ့သို့ ချဉ်းကပ်လာခဲ့ရသည်ကို အကြောင်းပြု၍ ပေါ်ပေါက်လာခဲ့သော ဖြစ်ရပ်တွေအဖုံဖုံ၊ ဇာတ်လမ်းဇာတ်ကွက်အစုံစုံကို ငါးရာ့ငါးဆယ်ဇာတ်တော်များတွင် အမြောက်အမြား ကြားနာဖူးကြပါလိမ့်မည်။

ဤကဲ့သို့ ရှေးရှေးက တောပျော်ရသေ့သူတော်စင်တို့၏ အစဉ်အလာရှိခဲ့သည့်အတိုင်း ဟိမဝန္တာတောကြီးမှ ထွက်ခွာလာခဲ့၏။ တော့အစပ်ရှိ အစွန်အဖျားကျေးရွာများသို့ဝင်၍ ဆွမ်းခံရာတွင် တောသူတောင်သားဆင်းရဲသားတို့ကလည်း မိမိတို့၏ စားဦးစားဖျားကို ထက်သန်လှသောသဒ္ဓါတရားဖြင့် အိမ်ပေါက်စေ့ လောင်းလှူကြ၏။ တောသူတောင်သား ဆင်းရဲသားတို့က မိမိတို့စားနေကျ ထမင်းများ၊ ဟင်းများကို လောင်းလှူရသဖြင့် ဆွမ်းကလည်း ကြမ်းလှပါ၏။ ဟင်းတွေကလည်း သစ်ရွက်ပြုတ်သာသာ။ သို့ရာတွင် တောထဲက သစ်သီးကြီးငယ်နှင့်စာလျှင် ဒီဆွမ်းနှင့်ဒီဟင်းများကပင် အမွန်အမြတ်ဖြစ်နေပါသေးသည်။

အလောင်းတော် ရှင်ရသေ့သည် ထိုတောရွာကလေးတွင် စခန်းထောက်ပြုရုံလောက်သာ သီတင်းသုံးကာ ရှေ့သို့ ခရီးဆက်လာခဲ့၏။ နံနက်ခင်းအချိန်တွင် လမ်းကြုံသည့်ရွာသို့ဝင်၍ ဆွမ်းခံဘုဉ်းပေး၏။ နေ့လယ်နေ့ခင်း နေပူပြင်းသည့် အချိန်များ၌ တောထဲက အရိပ်ကောင်းရာ သစ်ပင်ရင်းမှာ နားခိုနေ၏။ ညနေခင်းရောက်လာ၍ အပူရှိန်များ လျော့ကျလာလျှင် ခရီးဆက်လက်ထွက်ခွာခဲ့ပြန်၏။

ဤသို့ဖြင့် တစ်တောဝင်တစ်တောထွက်၊ တစ်တောင်ကျော်တစ်တောင်ဆင်း၍ ခရီးဆက်လာခဲ့ရာ ဗာရာဏသီမြို့တော်သို့ ဆိုက်ရောက်လာ၏။ ဗာရာဏသီမြို့တော်အနီး၌ ပြည့်ရှင်မင်း၏ ဥယျာဉ်တော်ရှိ၏။ ရေတွင်းရေကန်များ၊ သစ်ပင်ပန်းမန်များဖြင့် မွေ့လျော်ဖွယ်ရှိ၏။ ပြည့်ရှင်မင်း၏ ဥယျာဉ်တော် ဖြစ်သည့်အတိုင်း နေ့ရောညပါ အစောင့်အရှောက်များရှိနေကြ၏။ သို့ရာတွင် ထိုခေတ်ထိုအချိန်က ထုံးတမ်းစဉ်လာအရ အစောင့်အရှောက်တို့သည် ဥယျာဉ်တော်သို့ ရောက်လာလေသမျှ ခရီးသွားအာဂန္တုရသေ့ရဟန်းတို့ကို တားဆီး ကန့်ကွက်ခြင်းမပြုကြပါ။ ပြည့်ရှင်မင်းကိုယ်တိုင်က အကြည်အသာ ခွင့်ပြုထားခဲ့သဖြင့် အစောင့်အရှောက်တို့ကလည်း အလောင်းတော် ရှင်ရသေ့ကို ရိုသေလေးမြတ်စွာ ကြိုဆိုကြပါပေ၏။

အလောင်းတော် ရှင်ရသေ့သည် ထိုတစ်ညတာကာလ၌ သင့်တင့်လျောက်ပတ်သောနေရာတွင် အပန်းဖြေ ကျိန်းစက်ကာ နံနက်စောစောနိုးထလာ၏။ ရေကန်ထဲကရေကြည်ရေအေးဖြင့် မျက်နှာသစ်ပြီးလျှင် ဆွမ်းခံဝင်ရမည့်အချိန်ကို ငံ့လင့်နေ၏။

အလောင်းတော်မြတ်သည် ရသေ့သူတော်စင်ဘဝ၌ ရာနှုန်းပြည့်မွေ့လျော်ကာ သုခနှင့် ဇကဂ္ဂတာစျာန် အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထစျာန်ကို ကြိမ်ဖန်များစွာ အလေ့အလာပြုကာ အထူးအလေးထား၍ပွားများလာခဲ့၏။ ထိုအတွင်း ဥပေက္ခာပါရမီကို အထူးအလေးထား၍ ဖြည့်ကျင့် ဆည်းပူးခဲ့၏။ ထို့ကြောင့် အလောင်းတော် ရှင်ရသေ့၏မနောစိတ်အစဉ်၌ ဥပေက္ခာဘာဝနာအရှိန်အဝါ အားကောင်းစွာ တည်ရှိနေ၏။ ဥပေက္ခာဘာဝနာ၏ အရှိန်အဝါကြောင့် အရှင်မြတ်၏စိတ်သန္တာန်၌ ကိုယ့်အဆွေကိုယ့်အမျိုးတွေ ဘယ်လိုများနေကြပါလိမ့် ဟူ၍ မတွေးမိတော့ချေ။ ဆွေတွေမျိုးတွေ၏ မျက်နှာရိပ်များသည်ပင် မထင်ဟပ်လာတော့ချေ။ ဥပေက္ခာအလေ့အထုံက အထွတ်အထိပ်သို့ ရောက်နေသဖြင့် မိမိ၏ အမိအဖများနှင့် ပတ်သက်၍ပင် မစဉ်းစားမိတော့ချေ။

သို့ဖြစ်၍ မိမိ၏ဇာတိချက်မြုပ်ဖြစ်သော ဤဗာရာဏသီမြို့တော်ကြီးတွင် အလောင်းတော်ရှင်ရသေ့သည် တကယ့်ကို သူစိမ်းပြင်ပြင်ဖြစ်နေတော့၏။ ယခုမှ အသစ်စက်စက်ရောက်လာသည့် ခရီးသွားအာဂန္တုရသေ့တစ်ပါးအဆင့်မှာသာ ရှိနေတော့၏။ သို့ဖြစ်၍ အချိန်တန်၍ ဆွမ်းခံဝင်မည်ပြုသောအခါ ဥယျာဉ်စောင့်များထံ ချဉ်းကပ်၍ -

"ဒကာတို့၊ ဒီမြို့မှာ သဒ္ဓါတရားထက်ထက်သန်သန်နဲ့ဆွမ်းလောင်းတတ်တဲ့အိမ် ဘယ်နားမှာရှိပါသလဲ"

ဟု မေးမြန်းကြည့်ရ၏။

ဤတွင် ဥယျာဉ်စောင့်အမှုထမ်းများက-

"အရှင်ဘုရား၊ ဒီဗာရာဏသီမြို့တော်ကြီးတစ်ခုလုံးမှာ မနုဗလသူဌေးအိမ်က သဒ္ဓါတရားအထက်သန်ဆုံးဖြစ်ပါတယ်"

ဤသို့ လျှောက်ထားပြီးလျှင် ထိုအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်မည့်လမ်းကို ညွှန်ပြလိုက်ကြလေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာအလောင်းလျာသည် ဗာရာဏသီမြို့တော်၌ မနုဗလ အမည်ရသော သူဌေးဖြစ်ခဲ့၏။ ဘိုးဘွားဘီဘင်အစဉ်အဆက်မှစတင်၍ သူတော်စင်ရသေ့ရဟန်းတို့အား ကြည်ညိုလေးမြတ်စွာ ဆည်းကပ်လာခဲ့သည့်အတိုင်း သူ၏လက်ထက်တွင်လည်း အစဉ်အလာမပျက် ဆက်ခံ၍ လှူဒါန်းလာခဲ့၏။

အလောင်းတော် ရှင်ရသေ့သည် ဥယျာဉ်စောင့်များ လမ်းညွှန်လိုက်သည့်အတိုင်း ကြွလာသဖြင့် မနုဗလသူဌေးအိမ်ရှေ့သို့ ရောက်လာပါ၏။ သို့ရာတွင် ထိုနေ့ထိုအချိန်မှပင် မနုဗလသူဌေးမှာ ပြည့်ရှင်မင်း၏နန်းတော်သို့ အကြောင်းကိစ္စတစ်ခုဖြင့် သွားနေရခိုက်ဖြစ်နေ၏။ ထိုအချိန်တွင် အိမ်မှာရှိနေကြသောလူများကလည်း အမှတ်တမဲ့နေမိကြသဖြင့် အလောင်းတော်ရှင်ရသေ့ကို မည်သူမျှ မမြင်ခဲ့ကြပေ။

ဤတွင် အလောင်းတော် ရှင်ရသေ့သည် သဒ္ဓါတရားကောင်းလှပါသည်ဆိုသော ထိုအိမ်မှ ဘာတစ်ခုမှမရဘဲ ထွက်ခွာလာခဲ့ရ၏။ ဤသို့ ဗလာသက်သက် ထွက်ခွာလာခဲ့ရသော်ငြားလည်း အလောင်းတော်ရှင်ရသေ့၏စိတ်မှာ တုန်လှုပ်ခြင်း ဟူ၍ လုံးဝ မရှိပါ။

'ဥယျာဉ်စောင့်များ အသိအမှတ်မှားနေတာသာ ဖြစ်ပါလိမ့်မည်။ သည်အိမ်၏ အလေ့အထက သည်အတိုင်းသာရှိနေလို့သာ ဖြစ်ပါလိမ့်မည်'

ဤသို့ ဥပေက္ခာရှေ့သွားရှိသော သည်းခံခွင့်လွှတ်စိတ်ဖြင့် အခြားအိမ်များဆီသို့ လှမ်းလာခဲ့၏။ ဗာရာဏသီမြို့တော်တွင် ခရီးသွားတောပျော်ရသေ့များ ရောက်လာတတ်သည် မှန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ အုံ့နှင့်ကျင်းနှင့် နောက်လိုက်နောက်ပါတွေ တစ်ပြုံကြီးနှင့်။ ရံဖန်ရံခါမှာတော့ တစ်ပါးချင်း၊ နှစ်ပါးချင်း။ တစ်ခါတစ်ရံမှာမူ ခရီးသွားအာဂန္တုပုဂ္ဂိုလ် ဟူ၍ လုံးဝ မရှိပေ။ ထို့ကြောင့် ဗာရာဏသီမြို့တော်ကလူများမှာ ထိုနေ့မှာလည်း ဆွမ်းလောင်းစရာတာဝန်မရှိသေးဘူးဟူသောအတွေးဖြင့် ကြောင့်ကြမဲ့နေမိကြ၏။

ထို့ကြောင့် အလောင်းတော်ရှင်ရသေ့မှာ ဗာရာဏသီမြို့တော်ကြီး၏လမ်းမကြီးဆုံးသွားသည့်တိုင် ဆွမ်းတစ်ဇွန်းမျှမရှိဘဲ လာလမ်းအတိုင်း ပြန်ကြွလာခဲ့ရပေသည်။ အပြန်လမ်းတွင်လည်း မနပလ သူဌေးအိမ်ရှေ့သို့ရောက်ရပြန်၏။ သို့ရာတွင် တစ်ကြိမ်တစ်ခါ ဆွမ်းရပ်ပြီးပြီဖြစ်၍ နောက်တစ်ကြိမ် ဆွမ်းရပ်ရန် အကြောင်းမရှိတော့ပါ။ ထို့ကြောင့် ဒီအတိုင်း ရှေ့သို့လှမ်းကြွလာရာတွင် -

"အရှင်ဘုရား - ရပ်တော်မူပါဦးဘုရား၊ ရပ်တော်မူပါဦးဘုရား"

နောက်ကျောဘက်မှ လျှောက်ထားသံ ကြားလိုက်ရသဖြင့် အလောင်းတော် ရှင်ရသေ့က ငြိမ်သက်စွာရပ်ပေးလိုက်၏။ ဤတွင် လျှောက်ထားခဲ့သောအသံရှင်သည် အလောင်းတော်ရှင်ရသေ့၏ရှေ့မှောက်သို့ လက်အုပ်ချီကာရောက်လာ၍ -

"အရှင်ဘုရား၊ တပည့်တော်က မနပလသူဌေး ဖြစ်ပါတယ်။ ဒီအိမ်အအိမ်ထောင်ဦးစီးဖြစ်ပါတယ်။ အခုလေးတင်ပဲ တပည့်တော် ရွှေနန်းတော်ကြီးက ပြန်လာခဲ့ပါတယ်။ တပည့်တော်တို့အိမ်ရှေ့လမ်းပေါ်မှာ အရှင်ဘုရားနဲ့ တွေ့ဆုံလိုက်ရတာ ကံကောင်းလှပါတယ်။ ကဲ- တပည့်တော်တို့အိမ်တွင်းသို့ ဝင်တော်မူပါဘုရား"

ဤသို့သော လျှောက်ထားချက်အရ အလောင်းတော် ရှင်ရသေ့သည် ပင့်လျှောက်သူ၏အိမ်တွင်းသို့ကြွရောက်လာ၏။ မနပလသူဌေး၏ အိမ်သူအိမ်သားတို့သည် ရှင်ရသေ့ကို ရိုသေလေးမြတ်စွာ ဦးခိုက်ကြိုဆိုပြီးလျှင် အိမ်ဦးခန်း၌ အဖိုးထိုက်အဖိုးတန် သားမွေးကော်ဇောကြီးများခင်းပေးကြ၏။ ကော်ဇောပေါ်၌ ရှင်ရသေ့ ထိုင်ပြီးသောအခါ အရန်သင့်ရှိနေပြီးသော ဆွမ်းဘောဇဉ်များ ဆက်ကပ်ကြ၏။

ဆွမ်းဒါယကာ မနပလသူဌေးသည် အလောင်းတော်ရှင်ရသေ့ ဆွမ်းဘုဉ်းပေးနေစဉ် မည်သို့မျှ မလျှောက်



ထားဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ကြည်ညိုနေပြီးလျှင် ရှင်ရသေ့ ဆွမ်းဘုဉ်းပေးပြီးခါမှ အမေးစကားဖြင့် လျှောက်ထား၏။

"အရှင်ဘုရား၊ တပည့်တော် ရောက်အလာမှာ အရှင်ဘုရား ဟိုဘက်ဆီက ပြန်ကြွလာတာ တွေ့ရပါတယ်။ အလာခရီးမှာတုန်းကတော့ ဒီနေရာကို ရောက်ခဲ့မယ် ထင်ပါတယ်။ အဲဒါ ဟုတ်ပါသလား ဘုရား"

"ဟုတ်ပါတယ် ဒကာ"

"ဒီတော့ ဒီအိမ်ရှေ့မှာ ဆွမ်းရပ်ခဲ့ပါသေးသလား ဘုရား"

"ရပ်ခဲ့ပါတယ် ဒကာ"

"အရှင်ဘုရား၊ ဆွမ်းရပ်လိုက်တဲ့အခါ အိမ်ထဲက တစ်ယောက်ယောက်က အိမ်ထဲကိုပင့်ပြီးတော့ ထိုင်စရာခင်းပေးခဲ့ပါရဲ့လား"

"ခင်းမပေးခဲ့ပါ ဒကာ"

"ဒါဖြင့်သေချာပါပြီ။ အရှင်ဘုရားကို ဘယ်သူကမှ သောက်ရေအေးအေး ဆက်ကပ်ခဲ့မှာ မဟုတ်ပါဘူး၊ ဆွမ်းလောင်းခဲ့မှာလည်း မဟုတ်ပါဘူး။ ဒါတွေဟာ သူတို့အိမ်သူအိမ်သားတွေရဲ့ ပေါ့လျော့မှု ဖြစ်ပါတယ်။ ဒါပေမယ့် တပည့်တော်က ဒီအိမ်က အိမ်ထောင်ဦးစီးဖြစ်နေလေတော့ ဒီအပြစ်တွေအားလုံးကို တပည့်တော်က ဦးခေါင်းနဲ့ ခံယူပါတယ်။ အခုလို အရှင်ဘုရားကို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် ပြုခဲ့မိတာကို သည်းခံတော်မူပါ ဘုရား"

"ဒကာ၊ ငါတို့မှာ ဆွမ်းရတာနဲ့ မရတာ ဘာမှမကွာခြားပါဘူး။ ကိုယ်ခန္ဓာရဲ့လိုအပ်ချက်အရ ဆွမ်းခံချိန်ရောက်လာလို့ ဆွမ်းခံဝင်ခဲ့တယ်။ ဆွမ်းရရင် ဆွမ်းဒကာ၊ ဒကာမတွေကို မေတ္တာပို့ပြီးစားမယ်။ ဆွမ်းမရရင်လည်း ဉယျာဉ်တော်ကို အေးအေးဆေးဆေး ပြန်ပြီးတော့ ဈာန်သမာပတ်များ ဝင်စားနေမယ်။ ဒီလိုသဘောထားပြီး ဒကာ့အိမ်ရှေ့က ထွက်လာခဲ့ပါတယ်။ အေး- အဲဒီမှာ ငါတို့စိတ်ထဲမှာ အတွေးတစ်ခုကဝင်လာခဲ့တယ်။ ဒကာတို့အိမ်က ဆွမ်းမရဘဲ ပြန်ထွက်လာခဲ့ရတာနဲ့ ပတ်သက်လို့ပါ။ အဲဒီတွေးဆချက်က ဘာလဲဆိုတော့ ဩော်- ဒီအိမ်ဟာ ဉယျာဉ်စောင့်တွေ လျှောက်ထားခဲ့သလို မဟုတ်ပါဘဲလား။ သူတို့ အသိအမှတ်မှားနေဟန်တူပါရဲ့။ သူတို့အပြောမှားသွားဟန်တူပါရဲ့။ ဒီလိုဆွမ်းမလောင်းဘဲနေတာဟာ ဒီအိမ်ရဲ့အလေ့အထပဲ ဖြစ်လောက်ပါရဲ့။ ဒီလိုအတွေးတစ်ခုဖြစ်ခဲ့တာ မှန်ပါတယ်"

"သည်းခံတော်မူပါ အရှင်ဘုရား။ ဒီအိမ်ရဲ့အလေ့အထဟာ အဲဒီလိုမဟုတ်ရပါဘူးဘုရား။ အဲဒီအချိန်မှာ တပည့်တော်ကလည်း အိမ်အပြင်ရောက်နေပါတယ်။ အိမ်မှာရှိတဲ့သူတွေကလည်း အမှတ်တမဲ့နေခဲ့မိကြလို့သာ ဖြစ်ပါလိမ့်မယ်။ တကယ်တော့ဖြင့် တပည့်တော်တို့အိမ်ဟာ သူတော်စင်ရသေ့ရဟန်းများကို ကြည်ညိုကြပါတယ်။ ရောက်လာတာ့မြင်လျှင်မြင်ချင်း ဝမ်းမြောက်ဝမ်းသာဆီးကြိုကြပါတယ်။ ထိုင်စရာခင်းပေးကြပါတယ်။ အမောပြေသောက်ရအောင် သောက်ရေအေးအေးဆက်ကပ်ကြပါတယ်။ အဲဒါတွေပြီးတော့ ဆွမ်းဘောဇဉ်များ ဆက်ကပ်ကြပါတယ်။

အရှင်ဘုရား၊ အခုလို ကုသိုလ်ကောင်းမှုပြုလာကြတာတွေဟာ တပည့်တော်ရဲ့လက်ထက်ရောက်မှ အသစ်ပေါ်လာတာ မဟုတ်ပါဘူး။ ဟိုရှေးရှေးကတည်းက အမိအဖများ၊ အဘိုးအဘွားများလက်ထက်ကတည်းက ရှိလာခဲ့တဲ့ အလေ့အထဖြစ်ပါတယ် ဘုရား"

"သာဓု၊ သာဓု၊ သာဓု"

မနပလသူဌေး၏ လျှောက်ထားသံအဆုံးတွင် အလောင်းတော်ရှင်ရသေ့ ကြည်ကြည်သာသာ ကောင်းချီးပေးလိုက်၏။

ထို့နောက် အလောင်းတော် ရှင်ရသေ့သည် မနပလသူဌေးအား တရားစကားတို့ဖြင့် ချီးမြှောက်၍ (၃) ရက်ခန့်နေပြီးလျှင် ဟိမဝန္တာသို့ ကြွတော်မူလေ၏။

ဝဏ္ဏသိဒ္ဓိ




www.burmeseclassic.com

www.burmeseclassic.com





တောင်ခြေရှိ ကိုးနဝင်းစေတီတော်




ပြည်လုံးအေး ရန်ပြေမာန်ပြေစေတီတော်

အောင်သာကျော်

# မြွေမယ်တော်ကြီးသာသနာပြုရာစကားဝါမြေ

လွန်ခဲ့သည့်လအတွင်းက ပဲခူးမြို့ ဝန်းကျင်ရှိ စံကားဝါမြေသို့ ရောက်ရှိသွားဖြစ်ခဲ့ပါသည်။ ပဲခူးမြို့ စံကားဝါမြေ ထူးမခြားနား အဥ္စနာရာမ ကျိုးတောင်တောရတွင် ထူးခြားဆန်းကြယ်စွာ သာသနာတော် ပွင့်ထွန်းနေကြောင်း ကြားသိခွင့်ရခဲ့ကတည်းက စံကားဝါမြေသို့ တစ်ခါတစ်ခေါက် အရောက်သွားဦးမည်ဟု စိတ်ဝယ် ရည်မှန်းထားခဲ့မိသည်မှာ ကြာပြီပင် ဖြစ်သည်။ ယခုမူ ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ပင် ခိုင်သစ်သစ်လုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က ပဲခူးရှိ ဘုရားစုံလှည့်လည်ဖူးနိုင်ရန် ကားစီစဉ်ပေးသဖြင့် ရေးဖော်ရေးဖက်များဖြစ်သည့် ဆရာကိုမိုး(ရွှေပြည်သာ)၊ ဆရာမောင်ထည်ဝါ(ပျော်ဘွယ်)၊ ဆရာ



မြွေမယ်တော်ကြီးစက်ရာနေရာ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ခင်ရွှေ၊ ဆရာမြင်းမူအေးဆောင်တို့နှင့်အတူ ပဲခူးမြို့သို့ ထွက်လာဖြစ်ရခြင်းပင် ဖြစ်သည်။

ပဲခူးသို့ ရောက်ရှိသည်နှင့် ရွှေမော်ဓောစေတီတော်မြတ်ကြီးထံပါး ဝင်ရောက်ကာ ဦးခိုက်ဖြစ်ကြသည်။ ပြီးသည်နှင့် စံကားဝါမြေဆီသို့ ဦးတည်မိဖြစ်ကြသည်တွင် ဆရာမြင်းမူအေးဆောင်က -

"စံကားဝါမြေသွားတာကတော့ဟုတ်ပါပြီ။ လမ်းမှာ မုဋ္ဌောငယ် ဆံတော်ရှင်စေတီတော်ရှိတယ်။ အဲဒီလမ်းက ဖြတ်ရမယ့်အတူတူ ဆံတော်ရှင်စေတီတော်ကို အရင်ဝင်ဖူးကြရအောင်ဗျာ"

ဟု ဆိုလာသဖြင့် ဆံတော်ရှင်စေတီတော်တည်ရာ တောင်ကုန်းလေးအနီး ကားရပ်ကာ တောင်ကုန်းလေးပေါ်ရှိ ဆံတော်ရှင်စေတီတော်အား ဝင်ရောက် ဖူးမြော်ဖြစ်ကြသည်။ တောင်ကုန်းလေးပေါ် လှည့်ပတ်ရင်း အနောက်မြောက်အရပ်ခပ်လှမ်းလှမ်းတွင် စံပယ်တော်မူနေသည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့် အရှေ့တောင်ဘက်ခပ်လှမ်းလှမ်းတွင် တည်ရှိနေသည့် စံကားဝါမြေကို လှမ်းမျှော်ကြည့်မိကြသည်။ ဆံတော်ရှင် စေတီတော်ကို ဖူးမြော်ပြီးသည်နှင့် စံကားဝါမြေဆီသို့ ဦးတည်ကာ လှမ်းဖြစ်ကြတော့သည်။

စံကားဝါမြေသည် ထူးမခြားနား အဋ္ဌနာရာမ ကျိုးတောင်တောရ မူလပထမဆရာတော်ကြီးနှင့် သိုက်နန်းရှင်မြွေမယ်တော်ကြီး စောနန်းဝေတို့ သာသနာပြုကြရာမှ သာသနာ ပွင့်ထွန်းလာခဲ့ခြင်းပင် ဖြစ်ပေသည်။ မူလပထမဆရာတော်ဘုရားကြီး ဘန္တဇာဂရမှာ ရှမ်း-တရုတ်လူမျိုးဖြစ်ပြီး ၁၂၆၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင် မွေးဖွားခဲ့သည်ဖြစ်ရာ ၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော်၄ရက်နေ့တွင်မှ ဘဝနတ်ထံစံမြန်းတော်မူခဲ့ရာ အသက်ရာကျော်ရှည်ခဲ့သည့် ဆရာတော်ကြီးတစ်ပါးပင် ဖြစ်သည်။ သက်တော်ရှည် ဆရာတော်ဘုရားကြီးသည် သာသနာတော် အဓွန့်ရှည်ခိုင်မြဲရေးအတွက် အသက်နှင့် ခန္ဓာကို ပဓာနမထားဘဲ သာသနာပြုမည် ဟူသော အဓိဋ္ဌာန်ချက်ဖြင့် စံကားဝါသာသနာ့နယ်မြေအတွင်းနှင့် အခြားသောဒေသများ၌ သာသနာပြုကိစ္စများကို စိတ်ရောကိုယ်ပါ ဆောင်ရွက်မှုတို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိခဲ့သည်။



ကုန်းတော်ပေါ်ရှိ နဂါးရုံဆင်းတုတော်

စံကားဝါသာသနာ့နယ်မြေအတွင်း စေတီပုထိုးများနှင့်သာသနိကအဆောက်အုံများ၊ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များအား ပညာသင်ကြားနိုင်ရေးအတွက် အခမဲ့တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ တည်ထောင်ပေးခဲ့သည်။

စံကားဝါမြေအတွင်း ဝင်ရောက်မိသည်နှင့် စိတ်လက်ပေါ့ပါးသွားကာ စိတ်လက်လန်းဆန်းကြည်လင်မှုဖြစ်သွားခဲ့ရသည်။ တောင်ကုန်းပေါ်တွင် စေတီတော်မြတ်တစ်ဆူ၊ တောင်ကုန်းအောက်ခြေတွင် စေတီတော်တစ်ဆူနှင့် စံကားဝါမြေအတွင်း စည်ပင်ဝေဆာနေသော သာသနိကအဆောက်အအုံအမြောက်အမြားဖြစ်ထွန်းလျက်ရှိနေသည်ကို တွေ့ရသည်။ တောင်ကုန်းအောက်ခြေတွင် တည်ထားသည့် စေတီတော်နှင့် မလှမ်းမကမ်းတွင် ရှိနေသော အဆောက်အအုံအတွင်းသို့ဝင်သွားဖြစ်ရာ အဆောက်အအုံအတွင်း ဇရာမမြွေကြီးတစ်ကောင် နေထိုင်ရာနေရာနှင့် ရေချိုးရန် ရေကန်ငယ်တစ်ခု တည်ရှိနေသည်ကို တွေ့ရသည်။ ထိုအဆောက်အအုံတွင်းမှာပင် ထွက်ရာပေါက်လမ်းသို့ လျှောက်လှမ်းသွားခဲ့ကြသည့် သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ရုပ်တုများနှင့်အတူ သိုက်နန်းရှင်မြွေမယ်တော်ကြီး စောနန်းဝေ၏ ရုပ်တုရှိနေသည်ကို တွေ့ရသည်။ ရုပ်တုများရှေ့တွင် ယုံကြည်မှုဆိုင်ရာ အုန်းပွဲ၊ ငှက်ပျောပွဲများထိုးကာ တင်မြှောက်ထားသည်ကို တွေ့ရသည်။

သိုက်နန်းရှင် မြွေမယ်တော်ကြီး စောနန်းဝေမှာ ၁၂၅၀ ပြည့်နှစ်၊ ကဆုန်လတွင် မွေးဖွားခဲ့သူဖြစ်ရာ အသက် (၁၁၉) နှစ်ရှိပြီပင် ဖြစ်သည်။ ရှမ်းသိုက်နန်းအဆက် မြွေအမျိုးအနွယ်ဖြစ်ကာ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင်တည်သည့် ဘော်ကြိုဘုရားသိုက်နန်းမှ အခက်အခဲအတားအဆီးများကိုကျော်လွှားကာ စံကားဝါမြေသို့ အရောက်လာပြီး သာသနာပြုခြင်းပင် ဖြစ်သည်။ မြွေမယ်တော်ကြီး စောနန်းဝေသည် ဘော်ကြိုဘုရားသိုက်နန်းမှ မိုင်ပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com

...သောစံကားဝါမြေသို့ သာသနာ ...သော စိတ်ဓာတ်ပြင်းပြစွာဖြင့် (၃) ... (၁) မိုးခန့်အကြာ လာခဲ့ရာ ၁၃၆၁ ... တပေါင်းလဆန်း ၆ ရက်နေ့တွင်မှ ...ရောက်ရှိလာခဲ့သည်။ မြွေမယ်တော်ကြီး ... စံကားဝါမြေသို့ လာခဲ့ရာတွင် ...မြို့ သာကေတမြို့နယ် (၂) ရပ် ...နေ ဒေါ်ကျင်ရွှေ၏ နေအိမ်သို့ ...ရောက်ရှိခဲ့ပြီးမှ (၁၄) နှစ်အရွယ် သမီး ...တစ်ဦးအား ဝင်ရောက် ပူးကပ်ကာ ... အတိတ်ဘဝဖြစ်ကြောင်းများကို ...ပြကာ စံကားဝါမြေသို့ ပို့ပေးရန် ...တောင်းဆိုခဲ့ရာ ဒေါ်ကျင်ရွှေတို့အဖွဲ့ ... မြွေမယ်တော်ကြီးကို စံကားဝါမြေ ...ရောက်ပို့ပေးခဲ့ရခြင်းပင် ဖြစ်သည်။

မြွေမယ်တော်ကြီး၏အတိတ်ဘဝ ...ကြောင်းမှာ စိတ်ဝင်စားဖွယ်ကောင်း ...သည်။ မြွေမယ်တော်ကြီးမှ (၁၄) နှစ် ...သမီးငယ်အား ဝင်ရောက် ပူးကပ်ကာ ...ပြသဖြင့် သိခွင့်ရခဲ့ကြသည်မှာ မြွေ ...မယ်တော်ကြီး စောနန်းဝေသည် လွန်ခဲ့ ...သော နှစ်ပေါင်း(၆၀၀)ကျော်က မိန်းက ...လေးဘဝဖြင့်နေခဲ့စဉ် သဘာဝဘေးဒဏ် ...ရာယ်အမျိုးမျိုးဖြင့် ရင်ဆိုင်ခဲ့ရရာ ...မြေပြေးရာထွက်ပြေးစဉ် ယခု ကျိုး တောင်တောရ ဆရာတော်ဘုရားကြီး ထိုစဉ်က ရသေ့ကြီးဘဝဖြင့် တရားထိုင် စိတ်ပုတီးစိပ်ကာ ကျင့်ကြံ အားထုတ်နေသည့် တောအုပ်အတွင်းသို့ ရောက်သွားခဲ့သည်။ ရသေ့ကြီးက ကျွေးမွေးပြုစုစောင့်ရှောက်ထားခဲ့သည်။ အသက် (၁၄) နှစ်အရွယ်မှပင်စ၍ ရသေ့ကြီးနှင့်အတူ တရားအားထုတ်ခဲ့ရာ (၁၃) နှစ်ကြာခန့်အထိ တရားအားထုတ်ဖြစ်ခဲ့သည်။

တစ်နေ့တွင် ရသေ့ကြီး၏ မိန့်မှာစကားကို နာခံမှုမပြုဘဲ ရသေ့ကြီးသတ်မှတ်ပေးထားသည့်နေရာကို ကျော်လွန်ကာ အစာရှာထွက်သွားဖြစ်သည်။ ရန်သူ၏လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရပြီး အသက်မထွက်ခင် အချိန်ပိုင်းလေးအတွင်း မိမိအားသတ်သောရန်သူကို ပြန်လည် သတ်လိုသည့် ဒေါသစိတ်လွှမ်းမိုးမိဖြစ်ရာ အသက်ထွက်သည်နှင့်မြွေဘဝသို့ ရောက်ခဲ့ရသည်။ ထိုသို့ဖြင့် ရောက်ရှိသွားခဲ့သော သိုက်မြွေဘဝမှ လွတ်မြောက်ချင်သဖြင့် ယခင်ဘဝက တော်စပ်သော ရသေ့ကြီး ယခု ကျိုးတောင်တောရ မူလပထမဆရာတော်ကြီးထံ အရောက်သွားလိုစိတ် ပြင်းပြခဲ့သည်။


ပြင်းပြသောဆန္ဒအတိုင်း မြွေဘဝဖြင့် ဘော်ကြိုဘုရားသိုက်နန်းမှ ဆရာတော်ဘုရားကြီးထံ အရောက်ခရီးနှင်ခဲ့ရာ -

ပထမအကြိမ်လာစဉ်က လမ်းတွင် အသက်ဆုံးရှုံးခဲ့ရပါသည်။ ဒုတိယအကြိမ်လာစဉ်က စထွက်ထွက်ခြင်းပင် အသက်ဆုံးရှုံးခဲ့ရသည်။ တတိယအကြိမ်လာစဉ်က လမ်းတစ်ဝက်တွင် အသက်ဆုံးရှုံးခဲ့ရသည်။ စတုတ္ထအကြိမ်လာစဉ်က လမ်းတွင် မိုင်းမိ၍ အသက်ဆုံးရှုံးခဲ့ရပါသည်။ ထိုသို့လူသားတို့၏ရက်စက်ယုတ်မာမှု သဘာဝဘေးဒဏ်တိုက်ခိုက်မှုတို့ကြောင့် သာသနာပြုသွားရန် ထွက်လာသည့် လမ်းကြောင်းပျက်စီးခဲ့ရမှုများကို ပြန်လည်ဆန်းစစ်ကြည့်သောအခါ သာသနာပြုခရီးထွက်ရန်အတွက် ဘော်ကြိုဘုရားတွင် ဆုတောင်း၍ အပျိုစင်တစ်ကိုယ်ရေတစ်ကာယအပျိုကြီးဘဝဖြင့်လာခဲ့တော့မှ မိမိသာသနာပြုရန် ရည်မှန်းမိဋ္ဌာန်တင်ထားခဲ့မိသည့် စံကားဝါမြေသို့ ရောက်ရှိလာကာ နှစ်ပေါင်း (၆၀၀) က ရသေ့ကြီးအသွင်ဖြင့် ပဋ္ဌာန်းဆက်ရှိခဲ့ရသည့် စကားဝါမြေ ကျိုးတောင်တောရကျောင်းတိုက် ဦးစီးနာယက သက်တော်ရှည် ဘဒ္ဒန္တဇာဂရမဟာထေရ်အား ဖူးတွေ့ခွင့်ရရှိခဲ့ခြင်းပင် ဖြစ်သည်။


မြွေမယ်တော်ကြီး စံကားဝါမြေသို့ လာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၂) ရပ်ကွက်သို့ ရောက်ရှိပြီး (၁၄) နှစ်အရွယ် သမီးငယ်တစ်ဦးအား ဝင်ရောက်ပူးကပ်ကာ သူ၏ဘဝဖြစ်ကြောင်း အစုံအလင်ကို ပြောပြခဲ့ပြီး သူ့အား စံကားဝါမြေသို့ ပို့ပေးရန်



မြွေမယ်တော်ကြီးနန်းအတွင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ရုပ်တုများ၊



မယ်တော်ကြီးနန်းရှေ့ရှိ ကန်တော့ပွဲများ



မြွေမယ်တော်ရုပ်တုနှင့် သက်ရှိ မြွေမယ်တော်ကြီး ချိုးရေကန်



www.burmeseclassic.com

www.burmeseclassic.com

တောင်းဆိုခဲ့သည်။ သာကေတမြို့နယ် (၂) ရပ်ကွက်နေ သာသနာ့ဒါယိကာများက မူလပထမ ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရထံ သွားရောက်လျှောက်ထားကြရာ ဆရာတော်ဘုရားကြီး အထိတ်တလန့် တအံ့တသြ ဖြစ်ခဲ့ရ သည်။ ချက်ချင်းပင် သာကေတမြို့နယ်သို့ လိုက်သွားခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ညဉ့် (၉) နာရီအချိန်တွင် သာကေတ (၂) ရပ်ကွက်ရှိ မြွေမယ်တော်ကြီးရောက်ရှိနေသည့် အိမ်သို့ ရောက်ရှိသွားခဲ့သည်။ ဆရာတော်ရောက်လာသည်နှင့် မြွေမယ်တော်ကြီးသည် အမျိုးသမီးငယ်အား ဝင်ရောက်ပူးကပ်ပြန်ကာ -

"တပည့်တော် စောနန်းဝေ ဖြစ်ပါသည်။ တပည့်တော်သည် ဟိုးတစ်ချိန်ဆရာတော်ကြီး ရသေ့ဘဝတုန်းက မွေးစားသမီးဖြစ်ခဲ့ပြီး တပည့်တော်မသည် ရှမ်းစော်ဘွား သိုးတိုးဘွား၏ မြစ်တော်ဖြစ်ပါသည်"

ဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားတော့သည်။

ထိုည၌ ဆရာတော်ဘုရားကြီးအား လျှောက်ထားတော့သည်။ မြွေမယ်တော်ကြီးမှ ထူးဆန်းသော အိပ်မက်ကို ပေးခဲ့ရာ ဆရာတော်ကြီး၏ သီလအား၊ သမာဓိအား ကောင်းမွန်လှသဖြင့် အတိတ်ဘဝက ရသေ့ကြီးဖြစ်စဉ်များ အာရုံဝယ်ထင်းထင်းပေါ်လာခဲ့ပြီး ဒကာ၊ ဒကာမတို့အား ပြန်မိန့်တော်မူရာ ဒကာ၊ ဒကာမများအံ့အားတသင့်ဖြစ်ကြရသည်။ မြွေမယ်တော်ကြီးလည်း အမျိုးသမီးငယ်အား ဝင်ရောက် ပူးကပ်ပြန်ကာ -

"တပည့်တော်မသည် ဆရာတော်ဘုရားကြီးနှင့် ပြန်လည် ဆုံစည်းရသည့်အတွက် များစွာဝမ်းမြောက်မိကာ ပီတိဖြစ်ရပါသည်။ပီတိဖြစ်မိရသည့်အလျောက် တပည့်တော်မ ငယ်စဉ်တုန်းကကဲ့သို့ ဆရာတော်ဘုရားကြီး၏ ပခုံးပေါ်သို့ တက်လိုပါသည့် ဘုရား"

ဟု လျှောက်ထားသည်။

ဆရာတော်ဘုရားကြီးမှ မိမိနှင့် အမှန်တကယ် ပဋ္ဌာန်းဆက်ပါခဲ့လျှင်မူ မိမိ၏ကိုယ်ပေါ်သို့တက်လိုပါက ပေါ့ပေါ့ပါးပါးအသွင်ဖြင့် ငါးမိနစ်သာ အချိန်ပေးနိုင်ကြောင်း ပြန်လည် မိန့်တော်မူခဲ့သည်။

ထိုသို့ ခွင့်ပြုတော်မူသဖြင့် မြွေမယ်တော်ကြီးသည် ဆရာတော်ကြီး၏ ပခုံးထက်သို့ ညင်သာစွာဖြင့် ခွင့်ပြုသည့် (၅) မိနစ် ကြာနေခဲ့သည်။ ထိုသို့ ဆရာတော်ကြီးပခုံးထက်သို့ မြွေမယ်တော်ကြီး တက်ရောက်ချိန်တွင် ကင်မရာဆရာအများအပြားက ထူးဆန်းသည့် မြင်ကွင်းတစ်ခုအဖြစ် မှတ်တမ်းတင်ရန် ဓာတ်ပုံရိုက်ကြသော်လည်း တစ်ဦးတည်းသော ကင်မရာသမားထံတွင်သာ ပုံရိပ်ထင်ကျန်သည့် ဖြစ်ရပ်ဆန်းနှင့် ကြုံခဲ့ကြရသည်။

မြွေမယ်တော်ကြီးမှ ဆရာတော်နှင့်အတူ စံကားဝါမြေတွင် သာသနာပြုရန် လိုက်ပါလိုကြောင်း ဆရာတော်အား လျှောက်ထားသည်။ ဆရာတော်ဘုရားကြီးမှ ဆရာတော်ကြီး၏ အသက်အရွယ်ကြီးမားနေပြီဖြစ်သည့်အတွက် မစောင့်ရှောက်နိုင်ကြောင်း၊ အစာရှာမကျွေးနိုင်ကြောင်း၊ ကျောင်းအတွင်းရှိ တိရစ္ဆာန်များနှင့်လည်း တည့်မည်မဟုတ်ကြောင်းများပြောဆိုကာ ခေါ်ရန်ငြင်းဆန်သော်လည်း မြွေမယ်တော်ကြီးမှ -

"တပည့်တော်မ သာသနာပြုရန် လိုက်ပါမည်ဘုရား။ တပည့်တော် မည်သည့်သတ္တဝါကိုမျှ အန္တရာယ်ပြုခြင်း၊ သတ္တဝါများအထိတ်တလန့်ဖြစ်စေတတ်သောအပြုအမူများ လုံးဝပြုမူမည်မဟုတ်ပါ။ ကျောင်းအတွင်းရှိ သတ္တဝါများနှင့် တည့်အောင် နေထိုင်ပါမည်ဘုရား"

ဟု လျှောက်ထားသည်။ မြွေမယ်တော်ကြီးသည် သစ္စာအဓိဋ္ဌာန်ပြုချက်မှန်ကန်ပါက အစာရေစာများ သူ့အလိုအလျောက် ရောက်ရှိလာမည် ဟူသော ယုံကြည်မှုအပြည့်ထားလျက် စံကားဝါမြေသို့ လိုက်ပါကာ သာသနာပြုရန် ဆုံးဖြတ်ချက်ချထားခြင်းပင် ဖြစ်သည်။

ဆရာတော်ကြီးလည်း မနေသာတော့ဘဲ ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်း တောင်ကုန်းကြီးတွင် စေတီတော်တစ်ဆူတည်ရန် သာသနာပြုတာဝန်အပ်နှင်းကာ မြွေမယ်တော်ကြီးကို စံကားဝါမြေသို့ ခေါ်ဆောင်သွားခဲ့သည်။ စံကားဝါမြေရှိ ကျီးတောင်တောရကျောင်းတိုက်သို့ ရောက်သည်နှင့် ကျောင်းတိုက်အတွင်းရှိ ဘုရားကျောင်းဆောင်တည်ရာအခန်းတွင်းသို့ တန်းတန်းမတ်မတ်ဝင်သွားကာ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က ရှေးဟောင်းသမိုင်းဝင် ကြက်ပျံမကျ ငွေရောင်ပြ စေတီ (ယခု) ပြည်လုံးအေးရန်ပြေမာန်ပြေစေတီတော်မြတ်ကြီးအား ပြန်လည်တည်ထားရန် အာရုံပြုတော့သည်။

မြွေမယ်တော်ကြီး စောနန်းဝေသည် ဘုရားတည်၊ ကျောင်းဆောက်ရန်အတွက် အဓိဋ္ဌာန်ဝင်တိုင်း အစာကိုလုံးဝမစားဘဲနေကာ ဘုရားတည်ပြီးမှ၊ ကျောင်းဆောက်ပြီးမှ အစာပြန်စားလေ့ရှိသည့် အဓိဋ္ဌာန်ဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လေ့ရှိသည်။

မြွေမယ်တော်ကြီး စောနန်းဝေ၏ ပံ့ပိုးမှုများနှင့် စံကားဝါမြေ ကျီးတောင်တောရကျောင်းတိုက်၏ ဦးစီးနာယကပဓာနဆရာတော် သက်တော်ရှည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရမဟာထေရ် ကြီးပမ်းသာသနာပြုတော်မူခဲ့ရာ စံကားဝါမြေအတွင်းရှိ တောင်ကုန်းကြီးပေါ်တွင် ပြည်လုံးအေးရန်ပြေမာန်ပြေစေတီတော်မြတ်ကြီး တင့်တယ်စွာ တည်ရှိနေသလို တောင်ကုန်းအခြေ၌လည်း ကိုးတောင်ပြည့် ဘော်ကြိုစေတီတော်မြတ်ပွင့်ထွန်းလျက်ရှိနေပေသည်။ စေတီတော်နှင့် မလှမ်းမကမ်းတွင် သိုက်နန်းရှင် မြွေမယ်တော်ကြီး နေထိုင်ရာ နန်းဆောင် တည်ရှိသည်။ ထိုနန်းဆောင်အတွင်းတွင်ကား ထွက်ရာလမ်းသို့မြန်းသွားကြသည့်ဝိဇ္ဇာလမ်းလျှောက်သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများ၏ ရုပ်တုများ၊ ကန်တော့ပွဲများ ပြည့်နှက်လျက်ရှိနေသည်။ သိုက်နန်းရှင် မြွေမယ်တော်ကြီးရုပ်တု၊ မြွေမယ်တော်ကြီး ရေချိုးရာ ရေကန်နှင့် လက်ရှိ မြွေမယ်တော်ကြီး စံမြန်းလျက်ရှိနေသည်ကို တွေ့ရသည်။

ရွှေရောင်တဝင်းဝင်းဖြင့် လင်းလက်ဝေဖြာနေသည့် စေတီတော်နှစ်ဆူထံပါး အရောက်လာကာ ဆုတောင်းကြသူများ၊ အဓိဋ္ဌာန်ဝင်ကြသူများ များပြားလျက်ရှိနေသည်ကို တွေ့ရသည်။ သိခွင့်ရသည်မှာ သိုက်ဆက်၊ ပဋ္ဌာန်းဆက်ရှိသူများအရောက်လာကာ သာသနာပြုလုပ်ငန်း ဆောင်ရွက်မှုအတွက် ဆုတောင်းခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများပြုပါက လွန်စွာ ဆုတောင်းပြည့်ဝလှပါသည်ဟုပင်။

မည်သို့ပင်ဖြစ်စေ တစ်ခါတစ်ခေါက်အရောက်သွားကာ ဖူးမြော်ကြည်ညိုမည်ဆိုပါက အံ့ဖွယ်ကောင်းလှသည့် အတိတ်သမိုင်း အပြည့်အစုံကို နီးနီးစပ်စပ် လေ့လာခွင့်ရနိုင်ကြမည့်အပြင် ထွန်းလင်းဝေဖြာလျက်ရှိနေသည့် စံကားဝါမြေသာသနာ့အောင်မြေ၏ ပွင့်ထွန်းဆောဆာနေမှုများကို မြင်တွေ့ခံစားရင်း မုဒိတာပွားနိုင်ကြမည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

စံကားဝါမြေမှပြန်ထွက်လာတော့ နေပင် အတော်လေးစောင်းနေပြီပင်။ လွမ်းမောဖွယ်ကောင်းသော ဆည်းဆာလွန်အလှဝယ် ထင်ထင်ရှားရှားပေါ်လွင်နေသည့် စံကားဝါမြေသာသနာ့အောင်မြေကို ပြန်လှည့်ကြည့်မိရင်း လမ်းညွှန်ဆောင်းပါးတစ်ပုဒ် ရေးသားဦးမည်ဟု ဆုံးဖြတ်ချက်ချလိုက်မိပါတော့သည်။

*ဖူးခွင့်ကြုံနိုင်ကြပါစေ*

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

# ယဉ်ကျေးမှုအခြေခံ ဝိဇ္ဇာရုပ်တုကာသက်သေခံ

**စောထွီးသျှင် (မြောက်ဦး)**



**သီတာဒေဝ အနီးကပ် မြင်တွေ့ရပုံ**

'ရခိုင်အစ မာရယုက' ဟု ဆိုရိုးစကားရှိသည်။ မာရယုမင်းသည် အဇ္ဇုနရှင်ရသေ့နှင့် ကန္နမာယုဆတ်မ (သက္ကျ)၏ သားတော် ဖြစ်ပါသည်။ မာရယုမင်းသား အရွယ်သို့ရောက်လတ်သော် ပထမဝေသာလီပြည်၌ ဘီလူးဝင်စားသည်ကို သိကြားမင်းပေးအပ်သော လေး၊ အရိန္ဒာသုံးပျံနှင့် ပစ်ခွင်းထိုးသတ်ရာ အောင်မြင်ခဲ့သဖြင့် ဝေသာလီပြည်၌ ဘိသိက်ခံယူခဲ့ပေသည်။ ထိုအကြောင်းကို ရခိုင်ရာဇဝင်လင်္ကာ၌ 'သိကြားလက်နက် ထိန်ထိန်ထွက်သည်၊ စကြာအရောင်၊ ဝင်းဝင်းပြောင်နှင့်၊ တောတောင်ခိုမှီ၊ အလဇ္ဇီဘီလူး၊ လူစားကြူးကို၊ ဂုဏ်ထူးအာဏာ၊ ဘုန်းမိုးဖြာ၍၊ လိုရာအောင်မြင်၊ အောင်မြို့ဝင်၍၊ ခေါ်တွင်ရခိုင်၊ ခုတိုင်မပျက်၊ မော်ကွန်းထွက်၍၊ မင်းဆက်ပျော်မှီ၊ ဝေသာလီတွင်' ဟု ဆိုလေသည်။ ထို့ပြင် မာရယုမင်းသည် ပထမဝေသာလီမှာ ဘီလူးတို့ နှိပ်စက်ဝင်စားသောမြို့ ဖြစ်လေသောကြောင့် နေထိုင်ခြင်းမှာ မအပ်ပြီဟု ဝေသာလီမြို့ကိုစွန့်၍ တစ်ပါးသောမြို့ရွာရှာအံ့ဟု ရဲမက်ဗိုလ်ပါနှင့် ထွက်သွားလေ၍ သီရိမာ မည်သော သရေချောင်းဖျား လက်ယာဘက်ကမ်းနား၌ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာမှ ဈာန်ဖြင့် ကြွလာသော နာဂိန္ဒရသေ့နှင့် တွေ့လေ၏။ ရှင်ရသေ့က ဘယ်အတွက် မင်းကြီးလာသနည်းဟု မေးလေသော် မင်းကြီးက မြို့ရွာရှာဖွေသောအဖြစ်ကို လျှောက်လေလျှင် ဤအရပ်သည် ဘုမ္မိနက်သန်မှန်၍ အလွန်လျှင် မြတ်ပေ၏ဟု ရှင်ရသေ့က ဆိုပေ၏။

ထိုမာရယုမင်းက ဘုမ္မိနက်သန်မှန်သောအဖြစ်ကို အကျွန်ုပ်တို့ မသိနိုင်ပါဟု ရှင်ရသေ့ကိုလျှောက်ထားတောင်းပန်လေသော် ဘုမ္မိစလမန္တန်ကိုရွတ်လေလျှင် ဆင်ကဲ့သို့ မြည်ဟည်းလျက် ခရုသင်းအဆင်းကဲ့သို့ အငွေ့သည် လက်ယာရစ်လှည့်၍ ကောင်းကင်သို့ တက်လတ်လေသည်ကို မြင်ရာမှ ဘုမ္မိနက်သန်မှန်သောအဖြစ်ကို မင်းကြီးတို့ သိရလေသည်။ တစ်ဖန် မင်းကြီးက ထိုမြို့ကို မည်သို့သောအမည်မှည့်ရပါအံ့နည်းဟု လျှောက်ပြန်၏။ ရှင်ရသေ့က ကကုသန်၊ ကောဏာဂုံ၊ ကဿပတို့လက်ထက်က ဓညဝတီဟု အစဉ်အတိုင်း အမည်ကို ဗျာဒိတ်ပေးတော်မူလေပြီး နောင်ပွင့်တော်မူလတ္တံ့သော ဂေါတမနှင့် အရိမေတ္တယျမြတ်စွာဘုရားတို့သည် ဓညဝတီအမည်ဟောင်းကိုတွင်စေအံ့သတည်းဟု အမည်ဟောင်းကိုပင် ပညတ်ခေါ် ဝေါ်ကြလေဟု မိန့်တော်မူကာ ထိုရသေ့သည် မြောက်ဘက် ဟိမဝန္တာသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသည်။

ယင်းအချိန်မှစ၍ မာရယုမင်းသည် ပထမဓညဝတီမြို့ကို တည်ထောင်ခဲ့ပြီး ဘီစီ ၃၃၂၅ ခုမှစ၍ ဘီစီ ၃၂၆၃ ခုနှစ်တိုင်အောင် အုပ်စိုးခဲ့လေသည်။ ယင်းကို ရခိုင်မင်းသမီးချင်း အပိုဒ် (၆) တွင် 'ဘေးစောသကျ၊ အဇ္ဇုနလျှင်၊ ကပိလဟု၊ ပြည်မဋ္ဌာရှောင်၊ မြို့ချောင်တောတွင်း၊ သီတင်းသုံးရာ၊ ကြမ္မာလေခတ်၊ ဈာန်လွတ်လျှော၍၊ ရသေ့မျိုးပွား၊ ဆတ်မ (သက္ကျ) သားဟု၊ မာရယုလျှင်၊ တပြုံမြို့ထီး၊ သင်းကြီးအောင်လာ၊ သည်းချာဒေဝီ၊ သမီးဘီနှင့်၊ ယှဉ်မှီတကွ၊ ဓညရွှေပြည်' ဟု တွေ့ရသည်။



**ဦးမြဝါရုပ်တု (ကြေးဆင်းတု)**



**ဦးမြဝါအား အနီးကပ် မြင်တွေ့ရပုံ**



**ဗားမဲ့ဆရာတော်ကို မြင်တွေ့ရပုံ**




www.burmeseclassic.com

www.burmeseclassic.com


ထိုသို့လျှင် ရခိုင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုမြင့်မားမှုသည် ဘီစီ ၆၀၀ ကျော်က စတင်ခဲ့သည်။ တတိယ ဓညဝတီမြို့တည် စန္ဒသူရိယ၏ဘိုးတော် ဝိသုရာဇာမင်းလက်ထက် ထူထောင်ခဲ့သော မြို့ရိုး၊ နန်းတော် တည်ဆောက်မှုကို ကြည့်ခြင်းအားဖြင့် ရခိုင်ယဉ်ကျေးမှုမြင့်မားခဲ့မှုကို တွေ့ရှိနိုင်ပေသည်။ မည်သည့်လူမျိုးမဆို ယဉ်ကျေးမှုရုပ်ပိုင်းဆိုင်ရာ မြင့်မားလာသည်နှင့်အမျှ နာမ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုမြင့်မားမှုဟု ဆိုအပ်သော တန်ခိုးပါဝါတို့ကို ရရှိစေအပ်သော နည်းပညာများ ရှာကြံအားထုတ် ကျင့်ကြံလာသည်များကိုလည်းတွေ့ရှိရပြန်သည်။ သို့ဖြစ်၍ ရခိုင်ဒေသ၌ ဗုဒ္ဓမပွင့်မီ စန္ဒသူရိယမင်း၏ ဘိုးတော် ဝိသုရာဇာမင်းတို့ခေတ်ဝန်းကျင်၌ တန်ခိုးကြီးသော ရသေ့(ဝိဇ္ဇာ)ပုဂ္ဂိုလ်များရှိခဲ့ကြောင်း 'မန္တယတန' ရှေးဟောင်းပေစောင်ကျမ်းအရ သိရပေသည်။ ထိုပုဂ္ဂိုလ်တို့သည် ဗေဒင်၊ ကျမ်းများကို အခြေခံ၍ တန်ခိုးသိဒ္ဓိများကို ရရှိစေနိုင်သော မဏိဇောတမန္တန်၊ ပထဝီဇယမန္တန်' အစရှိသော မန္တန်များကို စနစ်တကျ သိဒ္ဓိရောက်အောင် ရွတ်ဆို ပွားများခဲ့လေသည်။

ဗုဒ္ဓပွင့်၍ ရခိုင်ဒေသသို့ ဗုဒ္ဓ ရောက်ရှိခဲ့သော်လည်း အချို့သော ရသေ့တို့သည် ဗုဒ္ဓ၏ တပည့်သာဝကအဖြစ်ခံယူခဲ့၍ အချို့သောရသေ့တို့မှာမူကား မိမိတို့၏မန္တန်ကျင့်စဉ်ကို အထွတ်အမြတ်ထားကာ ရသေ့ဘဝနှင့်ပင် နေထိုင်ခဲ့ကြပေသည်။ ထိုရသေ့တို့တွင် ထင်ရှားသောရသေ့မှာ အရှင် 'နာဂဒီပ' ဖြစ်လေသည်။

တတိယဓညဝတီခေတ်ကို ကျော်လွန်လာခဲ့ပြီး ဒုတိယဝေသာလီခေတ်ကို ကောဇာ ၂၄၉ ခုနှစ်၊ အေဒီ ၃၂၇ ခုနှစ်တွင် မဟာတိုင်းစန္ဒြားမင်း စတင် ထူထောင်ခဲ့လေသည်။ ယင်းဝေသာလီကို ထူထောင်ခဲ့ရာ၌ ယဉ်ကျေးမှုမြင့်မားခဲ့မှုကို ရှေးဟောင်းသုတေသနဌာနမှ တူးဖော်ချက်အရ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပေသည်။ နောက်တစ်ချက်မှာလည်း ကျောက်တစ်လုံးတည်းဖြင့် ဉာဏ်တော် (၁၇) ပေကျော်ရှိ ဘုရားကြီးကို လက်ရာမြောက်အောင် ထုလုပ်ထားပြီး ဝေးလံခေါင်ဖျားသောအရပ်ဒေသမှ ယခုသီတင်းသုံးနေသော အရပ်ဒေသသို့ ရောက်အောင် ပင့်ဆောင်ခဲ့လာသည့် နည်းပညာများကို ကြည့်ရှုခြင်းဖြင့် လည်းကောင်း၊ ရွှေ ငွေတို့ဖြင့် သွန်းလုပ်ထားသည့်ဒင်္ဂါးများကို ကြည့်ရှုခြင်းဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုမြင့်မားခဲ့မှုကို ငြင်းစရာမရှိအောင် တွေ့ရှိနိုင်ပေသည်။


ဦးမြဝါကျောက်ဆစ်ရုပ်တု


ဗားမဲ့ဆရာတော်ကို အနီးကပ် မြင်တွေ့ရပုံ


ဦးမြဝါအဆောက်အအုံအား မြင်တွေ့ရပုံ

ထို့အတူ စိတ်ပိုင်းဆိုင်ရာ 'ဝိဇ္ဇာမရ'ကျမ်းနှင့် 'ရာဇပုံ'ကျမ်းအားဖြင့် ထင်ရှားသောဝိဇ္ဇာများမှာ -

၁။ သီရိသီဒါဒေဝ၊
၂။ သီရိသုဓမ္မလင်္ကာရ၊
၃။ သီရိခေမာဝရ၊
၄။ သီရိသုဒိဗ္ဗ၊
၅။ သီရိသုမင်္ဂလ၊
၆။ သီရိရေဝတ၊
၇။ သီရိအနောမဒဿီ၊
၈။ သီရိဒဿီ၊
၉။ သီရိပါရဂူ၊
၁၀။ သီရိသာမ၊
၁၁။ သီရိဒေဝရာဇာ၊
၁၂။ သီရိမဟာဒေဝသိဒ္ဓိ

စသော ရသေ့ဝိဇ္ဇာဓိုရ်များ ဖြစ်ကြသည်။

ထိုဝိဇ္ဇာဓိုရ်များသည် အမလံမန္တန်၊ ယက္ခသိနေဟမန္တန်စသော မန္တန်များကို အခြေခံ ကျင့်ကြံပြု၍ သိဒ္ဓိများရရှိကာ ထွက်ရပ်စခန်းသို့ ရောက်ရှိခဲ့လေသည်။ ထိုပုဂ္ဂိုလ်တို့ ကျင့်ကြံနေထိုင်ခဲ့သော နေရာမှ ဝေသာလီမြို့တော်ဟောင်း၏ အရှေ့ဘက်ရှိ ဇော်ဂျီမြောင်နှင့် ညောင်ချဉ်မြောင်တို့ဆုံကြရာ ဥမင်သုံးဆယ်တွင် အုတ်ဂူတစ်ခုစီဖြင့် ရသေ့ (ဝိဇ္ဇာ) (၃၀)တို့ သီတင်းသုံးနေထိုင်ကြပြီး ဂန္ဓာရီ ထွက်ရပ်လမ်းကို ကြိုးစားခဲ့ကြသည်။ (ဥမင်သုံးဆယ်မှာ ယခုအခါ ဝေသာလီမြို့တော်ဟောင်း၏ အရှေ့တောင်ဘက်၊ သင်းကျစ်တော်တောင်တန်း၏ အရှေ့ဘက်၌ ရှိသည်။) ထွက်ရပ်ပေါက်ဝိဇ္ဇာဓိုရ်များ၏ လက်သုံး အမလံမန္တန်တော်ကြီးကို ဖော်ပြရသော် -

www.burmeseclassic.com

www.burmeseclassic.com



သီတာဒေဝကို မြင်တွေ့ရပုံ
(ကျောက်ဆစ်ရုပ်)



သီတာဒေဝအား အနီးကပ် မြင်တွေ့ရပုံ
(ကျောက်ဆစ်ရုပ်)



ဝေသာလီမင်းသမီးအား မြင်တွေ့ရပုံ



ဝေသာလီမင်းသမီးအား အနီးကပ်မြင်တွေ့ရပုံ

### အမလံမန္တန်တော်ကြီး

*ဩြောင်း - အမလံ သိဒ္ဓိကာမဥ္စ မာလာလဘတ္တိ သဗ္ဗလာဘံ လဘိ ဿတိ၊ သတ္တရောဋ္ဌိ ဘဂန္တုမေ။ အာစိတျာ၊ စန္ဒအင်္ဂါရံဘောမ၊ ဗုဒ္ဓ ဂုရု သောကြဿဂြဟပတ္တိ၊ သောရီ ရာဟုကိတဥ္စ ပူဇာလောန ဟန္တု မေ။ အာရက္ခာ သတ္တုသင္ဘေ မေတ္တေ စိတ္တေ န သဗ္ဗဒါ ဝဏ္ဏိဝဏ္ဏာ ပတ္တိ ပတ္တာ ပမတ္တော ဒေဝသာကရော ယ၊ နတာမယာ သတ္တုံသတ္တျာ သတ္တကာ ပတ္တိစိတ္တာ နစိတ္တာ မတိ ဌာနေ နမ္မသျာ၊ မယှသော ဟတ္တေ ဇတေန စတုရောလောပေါ မကတ္တာ ကန္တုမုတ္တမံ၊ အင်္ဂီရာသီ ဂုရုပေတံ တဏ္ဍာတမိ ဂြဟပတ္တိ ဒုသုဝိဏ္ဏံ ဒုပဘာစ် သုဂတော တေနသန္တံ သန္တကန္တုမန္တု မုသောဟ။*

ယင်းဝေသာလီခေတ်တွင် မန္တန် ဝိဇ္ဇာမိုရ်နှင့် ရွက်နုရောဒန္တိ၊ ကန့်ချုပ်နက်၊ ဇလပ်နီ စသော ပင်ချင်းပြီး သိဒ္ဓိပေါက် ဆေးပင်များကိုရရှိစေသော ဆေးဝိဇ္ဇာ, သစ်စိမ်း၊ သျှိသျှား၊ သဖန်းခါး၊ ပရန္ဒဝါ၊ သကြား၊ ထောပတ် စသောဆေးများကို ပေါင်းစပ်၍ စားသောက်ပြီး သိဒ္ဓိရရှိစေ သော ဆေးဝိဇ္ဇာများ, ဒုတ္ထာ၊ ဇဝက်သာ၊ ကျောက်ချဉ်၊ ယမ်းစိမ်း၊ ဆေးဒန်း၊ ကန့်၊ ပြဒါး စသော သတ္တုများကို အဂ္ဂိရတ် ပညာဖြင့် ပြုလုပ်၍ သိဒ္ဓိပေါက်ကာ ထွက်ရပ်ပေါက်ကာ ထွက်ရပ်ရောက်ခဲ့ သော ပြဒါးဝိဇ္ဇာများရှိခဲ့သည်ဟု သင်း ကျစ်တော်ဆေးလိုက်ဂျမ်းခေါ် ဝိဇ္ဇာသ ယျာသြသတဆေးကျမ်းကြီးအရ သိရှိရ ပေသည်။ ထိုပြဒါးဓာတ်သားများကို ကျွမ်းကျွမ်းကျင်ကျင် စီရင်နိုင်ခဲ့ပုံကို ဝေသာလီ သတ္တုသွန်းဘုရား ဆင်းတု တော်တို့တွင်လည်း တွေ့ရှိရပေသည်။ သို့ဖြစ်၍ ဝေသာလီခေတ်တွင် မန္တန် ဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ သုံးမျိုးရှိ ကြောင်း သိရှိရလေသည်။

အေဒီ ၈၁၈ ခုနှစ်တွင် ဝေသာလီ ခေတ် ကုန်ဆုံးပြီး လေးမြို့ခေတ်သို့ ကူး ပြောင်းလာခဲ့၏။ ထိုလေးမြို့ခေတ်တွင် လည်း ဝိဇ္ဇာသုံးမျိုးရှိခဲ့၏။ လေးမြို့ခေတ် တွင် ထင်ရှားသော ရခိုင်ဆရာတော်တစ် ပါးဖြစ်သည့် 'ရခိုင်သူမြတ်' သည် ပုဂံသို့ ရောက်ရှိနေ၍ ပုဂံ၌ သာသနာပြုရန် ကြာမြင့်နေသဖြင့် ရခိုင်ဒေသရှိ တပည့် များက လွမ်းဆွတ်အောက်မေ့ကာ ဆရာ တော်အား ပြန်လာစေလိုကြောင်း 'ကန် ဖေ' အရပ်ဒေသ၌ ဘုရား၊ ပုထိုးတည်၍ ကက်ကင်းပြုလုပ်ကာ အဆိုပါဘုရား၌ ဆီမီးထွန်းညှိသဖြင့် ပုဂံဒေသမှာ မတည် မငြိမ်ဖြစ်လာသည်တစ်ကြောင်း၊ ဆရာ တော်၏ခန္ဓာကိုယ်မှာ မနေထိုင်နိုင်အောင် ပူလောင်လာသည်က တစ်ကြောင်းတို့ ကြောင့် ဤအကြောင်းအရာများကို ဆင်ခြင်သုံးသပ်ကြည့်သည့်အခါ တပည့် များ၏ 'ဝိဇ္ဇာမယ' ပညာဖြင့် ပြုလုပ်ထား သည်ကို သိရှိလေသည်။

ထိုအခါ ဆရာတော်သည် -

"တပည့်တို့ ငါမကြာခင်ပြန်လာ မယ်။ တပည့်ရဲ့ အစီအရင်ကို ရုပ်သိမ်း လိုက်"

ဟု တပည့်အား စာအားဖြင့် အကြောင်းကြားလိုက်လေသည်။ ဤ ဖြစ်ရပ်များကို 'ဓာတ်ရိုက်ဓာတ်ဆင် ငါဘုရင်' စသော အင်းကျမ်း၌ တွေ့ရှိရ ပေသည်။

တစ်ဖန် လေးမြို့ခေတ် ဘုရင်နန်း ကျကြီး (ခရစ် ၁၂၇၃ - ၁၂၇၇) လက် ထက်တွင် ရှင်ငယ်စိတ္တရနှင့် နာရဒတို့ မှာ မြောက်ဦးမြို့ မနောဟရီ စမ်းရေ အိုင်တစ်ခု၌ရှိနေကြစဉ် ရေဘူးတောင်း တစ်ခုသည် လူမပါဘဲ အလိုအလျောက် စမ်းရေအိုင်၌ ရေခပ်ဆင်းပြီး ပျံတက် သွားသည်ကို မြင်ကြသောအခါ ဘူး တောင်းနောက်သို့ ခြေရာခံပြီး လိုက် သွားကြလေသည်။ ထိုအခါ ရသေ့ကြီး (ဝိဇ္ဇာ) တစ်ပါးနှင့် တွေ့လေ၏။ သို့နှင့် သူတို့သည် ထိုရသေ့ကြီး (ဝိဇ္ဇာ) ထံတွင် ခြေဆုပ်လက်နယ် ရေပူရေချမ်းကမ်း လှမ်းပြီး (၁၀) လတိုင်တိုင် ပညာသင် ကြားခဲ့လေသည်။ ဤသို့ဖြင့် နောက်ဆုံး ၌ သူတို့သည် နာနာရုအတတ်နှင့် ယက္ခ သိန္နောဟမန္တန်ကိုရရှိတတ်မြောက်ခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com

### ယက္ခသိန္နောဟမန္တန်တော်ကြီး

*ဩမ် - ဂန္ဓဗ္ဗရာဇော၊ အန္ဒတူရ ပပ္ပတော၊ ရက္ခမန္တေဒ၊ တတောဒသတ္တဝရာ၊ ပေဒါဏ္ဍူ ကုလုံချတသမူအ၊ ဟတ္တာ၊ မဂ္ဂသုဇတော၊ သိန္နေဂုရုမဟာပပ္ပတ္တာ၊ သဗ္ဗအဟံမန္ဒသဒါ ပိယုံမယုံပိယာ၊ ဝိယာသောတိ၊ ဝိနယကာဇရုံဟော - ဝေရိကတမော - မဟာပေရမိသွာ- အာဂစ္ဆန္တုထက်-ထက်။*

သို့ဖြစ်၍ လေးမြို့ခေတ်တွင်လည်း ဂမ္ဘီရအနုပညာဖြစ်သော ဝိဇ္ဇာမယအတတ်တို့သည် သိမ်မွေ့ နူးညံ့စွာဖြင့် တိုးတက်ကြီးပွားလာခဲ့သည်ဟု သိရှိရပေသည်။

မင်းစောမွန်ဘုရင်သည် လေးမြို့ (လောင်းကြက်မြို့) မှ မြောက်ဦးမြို့သို့ ခရစ် ၁၄၃၀ ပြည့်နှစ်တွင် ပြောင်းရွှေ့နန်းစံခဲ့လေသည်။ မြောက်ဦးမြို့တော်ကို တည်ဆောက်သည့်အခါ မြို့ရိုး၊ နန်းတော်၊ တံတိုင်း၊ ကျုံးမြောင်း၊ ပစ္စင်၊ ရင်းတား၊ တံခါး၊ စေတီ၊ ပုထိုးများကို ကြည့်ရှုသောအားဖြင့် ယဉ်ကျေးမှု မြင့်မားတိုးတက်ခဲ့ကြောင်း ထိုရုပ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားသည်နှင့်အမျှ ဘာသာရေးအရ ရဟန္တာပုဂ္ဂိုလ်များရှိခဲ့ကြောင်း သိရှိရပြီး 'ဝိဇ္ဇာမဟာ'ပညာတွင်လည်း တောင်ညိုဆရာတော် အဂ္ဂမုနိ (အဂ္ဂစိန္တြေယျ) စသော ပုဂ္ဂိုလ်များသည် လောကီ၊ လောကုတ္တရာ အတတ်မျိုးစုံကို တတ်မြောက်၍ တပည့်သူငယ်တို့အား ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ အင်းကျမ်း၊ ယတြာကျမ်း စသောအတတ်မျိုးစုံတို့ကို သင်ကြား ပို့ချပြီး ထွက်ရပ်စခန်းသို့ ရောက်ရှိခဲ့လေသည်။

ထိုဆရာတော်၏ တပည့်တို့တွင် ထင်ရှားသောတပည့်တို့မှာ ရှင်ငယ်ဆရာဦးမြဝါ (ဝိဇ္ဇာ) သည် လည်းကောင်း၊ နန္ဒသာရခေါ် ဗားမဲ့ဆရာတော် (ဝိဇ္ဇာ)သည် လည်းကောင်း ထင်ရှားခဲ့လေသည်။ ထိုပုဂ္ဂိုလ်တို့သည် မန္တန်အတတ်ပညာကိုသော် လည်းကောင်း၊ ပြဒါးဝိဇ္ဇာအတတ်ပညာကို လည်းကောင်း၊ ဆေးကျမ်းမျိုးစုံအတတ်ပညာကို လည်းကောင်း၊ အင်းမျိုးစုံ ပြုရင်စီရင်နိုင်သော အင်းပညာကိုသော် လည်းကောင်း ကျွမ်းကျွမ်းကျင်ကျင်တတ်သိခဲ့လေသည်။ ထိုအကြောင်းအရာများကို ထိုပုဂ္ဂိုလ်များလုပ်ဆောင်ထားခဲ့သော အင်းကျမ်း၊ အင်းပြားစသောအထောက်အထားများကို ကြည့်ရှု၍ သိရှိနိုင်ပေသည်။

### ကမ္ဘာတွင်မရှိသေးသည့် ဦးမြဝါစီရင်ခဲ့သောအင်း

မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီး၏အပြင်ထပ်လိုဏ်နံရံများတွင် ဦးမြဝါ ရေးထိုးထားသော အင်းကို အောက်ပါအတိုင်း စီမံထုဆစ်ထားလေသည်။

*ဩကာသ၊ ဩကာသ၊ ဩကာသ၊ ဗုဒ္ဓကုရ၊ ကောင်းမြတ်လှသည်၊ အစကြိုးကြာ ဆယ့်ခြောက်ခါနှင့်၊ ဟသာ ကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျိုးညို သုံးခါ၊ သံသာကျူးဟိတ်၊ ကရဝိက် ငါး၊ လေးကား ကိန္နရီ၊ စာမရီ ဆယ့်ငါး၊ မျောက်ကား တစ်ဆယ်၊ ဆင်ဝယ် ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး၊ ဇကေး သိန္ဓဝ၊ ကျွဲအငှနှင့်၊ သံမြသာညောင်း ဥဒေါင်း နှစ်ခါ၊ သာလိကာ သတ္တာ၊ ဒွါဒသ ကြက်၊ ဝက်ဖြစ် ဆယ့်သုံး၊ ပေါင်းရုံများစွာ၊ တစ်ရာ့သုံးဆယ်၊ ခြောက်ဖြစ်ဝယ်ကို၊ အန္တရာယ်မရှိ၊ ဘေးမထိသည့်၊ မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းဟု၊ အောက်မေ့သဒ္ဒါ၊ ကြည်ဖြူစွာလျှင်၊ ခါခါမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။*

ရှေးဂန္ဓာရီပညာရှင် ဖြစ်သော ဦးမြဝါသည် လောကီပညာရပ်တွင် အန္တရာယ်ကင်းအင်းအဖြစ် အသုံးပြုခဲ့၏။ အန္တရာယ်ကင်းအင်း ဆိုသည်မှာ မြတ်စွာဘုရား၏ ကျင်လည် ပါရမီဖြည့်ခဲ့သော တိရစ္ဆာန်ဘဝများ၌ အန္တရာယ်မျိုး ဘေးမထိခဲ့သော သန့်စင်သည့် (၁၃၆) ဘဝဖြစ်သော ဂဏန်းများ ဝဲမှယာအလိုက် အတန်းလိုက် လေးကွက်ပတ်လည် (၁၆) ကွက်အတွင်း (၁၆) ဂဏန်းကစပြီး အပြည့်ဖြည့်သွင်းထားခဲ့သော စတုရန်းတစ်ခု ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

အန္တရာယ်ကင်းအင်းတွင် ဂဏန်းများကို အပြည့်ဖြည့်သွင်းပြီး အလျားလိုက်တည်ရှိသော ဂဏန်းများကိုဖြစ်စေ၊ ဒေါင်လိုက်တည်ရှိနေသော ဂဏန်းများကိုဖြစ်စေ၊ ထောင့်ဖြတ်အလိုက် တည်ရှိနေသော ဂဏန်းများကိုဖြစ်စေ ပေါင်းလိုက်ပါက ပေါင်းလဒ်မှာ (၃၄) ပဲ ရသည်။

ထို့ကြောင့် ဤအင်းသည် စကြဝဠာကြီးတစ်လုံးအား အန္တရာယ်ကင်းရှင်းစေလိုသော အနန္တမေတ္တာသက်ဝင်နေသည့် အံ့ဖွယ်အင်းတစ်ခုဖြစ်ပြီး (၃၄) ဂဏန်းကိုလည်း ရှေးဂမ္ဘီရပညာရှင် ဦးမြဝါက အထွတ်အမြတ်ဆုံး ဂဏန်းအဖြစ် သတ်မှတ်ခဲ့ပါသည်။

တစ်နည်းအားဖြင့် လောကတွင် (၃) ဂဏန်းသည် ရတနာမြတ်သုံးပါးကို ကိုယ်စားပြုသလို လောကသုံးပါးကိုလည်း ကိုယ်စားပြုခဲ့သည်။ (၄) ဂဏန်းမှာလည်း ဓါတ်ကြီးလေးပါးကို ကိုယ်စားပြုသည်။ လောကသုံးပါးနှင့် ဓါတ်ကြီးလေးပါးမှာ တစ်ခုကိုတစ်ခု သဟဇာတအမှီသဟဲပြုနေကြ၍ လောကကြီး၌ (၃၄) ဂဏန်းမှာ မရှိမဖြစ်သော အမြတ်ဆုံးဂဏန်းဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် ဤအင်းမျိုးသည် ဤသို့ ထူးဆန်းလှသဖြင့် ဂမ္ဘီရပညာရှင် ဦးမြဝါက ကမ္ဘာတွင်မရှိသေးသည့် အင်းအဖြစ် စီမံထည့်သွင်းထားခြင်း ဖြစ်လေသည်။

သို့ဖြစ်၍ ရခိုင်တိုင်းရင်းသားတို့သည် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု မြင့်မားခဲ့သည်နှင့်အမျှ နာမ်ပိုင်းဆိုင်ရာ တန်ခိုးပါဝါများကို ဖြစ်စေနိုင်သော မန္တန်ဝိဇ္ဇာအတတ်၊ ပြဒါးဝိဇ္ဇာအတတ်၊ ဆေးဝိဇ္ဇာအတတ်၊ အင်းဝိဇ္ဇာအတတ် စသော ဂမ္ဘီရ အနုပညာ ယဉ်ကျေးမှုပညာရပ်များကို တတ်သိနားလည် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့လေသည်။ ဤသို့ဖြင့် ယဉ်ကျေးမှုအခြေခံ ဝိဇ္ဇာရပ်က သက်သေခံနေပေသတည်း။

စောထွီးသျှင် (မြောက်ဦး)

**ကျမ်းကိုး -**


၁။ အရှင်စန္ဒမာလာလင်္ကာရရေး - ရခိုင်ရာဇဝင်သစ်ကျမ်း၊ တတိယတွဲ (၁၂၉၃-ခု၊ တပို့တွဲလ).

၂။ ထွန်းရွှေခိုင် (စစ်တွေကောလိပ်) ရေး - ရခိုင်ရှေးဟောင်းမြို့တော်များစာအုပ် (၁၉၈၅ ခု၊ ဖေဖော်ဝါရီလ)

၃။ သကျမာရ်အောင်တောရ ဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ ပြောကြားချက်များ

၄။ စာရေးသူ၏ ကွင်းဆင်းလေ့လာချက်များ




www.burmeseclassic.com

www.burmeseclassic.com

အသျှင်ဝါသဝ(ပဒ္ဓနိကာယ်)

# ဒါနနှင့်စပ်၍ သိမှတ်ဖွယ်ရာ



မြတ်စွာဘုရားရှင်သည် သတ္တဝါတို့အား တရားဓမ္မဟောကြားရာတွင် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာအားဖြင့် အစဉ်အတိုင်း ဟောကြားတော်မူပါသည်။ ထိုတွင် လှူဒါန်းမှုနှင့်ဆက်စပ်ကာ ဒါနကထာသည် ပြုလုပ်ရလွယ်ကူသဖြင့် ပထမဆုံးပြုလုပ်အပ်သောကြောင့် ရှေးဦးစွာ ဟောတော်မူခြင်း ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင် အလောင်းတော်ဘဝဖြင့် ဖြည့်ကျင့်ခဲ့ရသော ပါရမီဆယ်ပါးတို့တွင်လည်း ပထမဦးဆုံး ဖြည့်ကျင့်ရသော ပါရမီမှာ ဒါနပါရမီပင် ဖြစ်သည်။ ဒါန ဟူသည် မိမိပိုင်ဆိုင်ထားသော ပစ္စည်းဝတ္ထုတို့ကို သူတစ်ပါး အသုံးပြုနိုင်ရန်အတွက် စွန့်လွှတ်လှူဒါန်းခြင်းပင် ဖြစ်လေသည်။

ထိုသို့ လှူဒါန်းကြရာ၌-

မိမိကိုယ်တိုင်သာလှူ၍ သူတစ်ပါးကို လှူဖို့ရန် မတိုက်တွန်းသောသူ၊

မိမိကိုယ်တိုင် မလှူဘဲ သူတစ်ပါးကိုလှူဖို့ရန်အတွက် တိုက်တွန်းသောသူ

မိမိကိုယ်တိုင်လည်းလှူ၍ သူတစ်ပါးကိုလည်း လှူဖို့ရန် တိုက်တွန်းသောသူ

မိမိကိုယ်တိုင်လည်း မလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ရန် မတိုက်တွန်းသောသူ ဟူ၍ လေးမျိုးရှိကြသည်။

ထိုပုဂ္ဂိုလ်လေးမျိုးတို့သည် အမျိုးအစားအားဖြင့် ကွဲပြားသည့်အတွက်ကြောင့် အကျိုးပေးတဲ့နေရာမှာလည်း ကွဲပြားသွားလေသည်။

မိမိကိုယ်တိုင်သာလှူ၍ သူတစ်ပါးကို လှူဖို့ရန်အတွက် မတိုက်တွန်းသောသူသည် ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းဥစ္စာသာပေါများပြီး အခြွေအရံ ရှားပါးလေသည်။ ဒီနေရာမှာ အခြွေအရံဟုဆိုရာ၌ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် သားသမီးများကို ဆိုလိုခြင်း ဖြစ်သည်။ လူ့လောကတွင် ပစ္စည်းဥစ္စာပေါများပေမယ့် မိဘတွေက တစ်ယောက်တည်းမွေးထားသည့်အတွက်ကြောင့် ညီအစ်ကို မောင်နှမ မရှိသူတွေ၊ တချို့ပုဂ္ဂိုလ်များကျတော့ ညီအစ်ကိုမောင်နှမတွေ ရှိပါလျက် မိမိကိုယ်တိုင်က သားသမီးမထွန်းကားသည့်အတွက်ကြောင့် အခြွေအရံ ရှားပါးနေကြတဲ့သူတွေကို တွေ့ရတတ်ပါသည်။ ထိုပုဂ္ဂိုလ်တို့သည် အတိတ်ဘဝတုန်းက အလှူဒါနပြုကြတဲ့အခါမှာ မိမိကိုယ်တိုင်သာလှူ၍ သူတစ်ပါးကိုလှူဖို့ရန်အတွက် မတိုက်တွန်းခဲ့ကြသူများပင် ဖြစ်သည်။ မိမိကိုယ်တိုင် မလှူဘဲ သူတစ်ပါးကိုလှူဖို့ရန်အတွက် တိုက်တွန်းသောသူသည် ဖြစ်လေရာဘဝတိုင်းမှာ အခြွေအရံသာပေါများပြီး ပစ္စည်းဥစ္စာရှားပါးလေသည်။ ဒီလို ဆွေမျိုးမိတ်သင်္ဂဟနှင့် သားသမီးတွေသာ ပေါများပြီး ပစ္စည်းဥစ္စာ ချို့တဲ့နေကြတဲ့ မိသားစုတွေကိုတော့ နေရာဒေသအနှံ့ အပြားမှာ တွေ့ရှိနိုင်ပါသည်။ ထိုပုဂ္ဂိုလ်တို့သည် အတိတ်ဘဝတုန်းက ဒါနပြုကြတဲ့နေရာမှာ မိမိကိုယ်တိုင်က မလှူဘဲ သူတစ်ပါးကိုသာ လှူဖို့ရန်အတွက် တိုက်တွန်းခဲ့ကြသူများပင် ဖြစ်သည်။

မိမိကိုယ်တိုင်လည်းလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ရန်တိုက်တွန်းတဲ့သူကတော့ ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းဥစ္စာနှင့်လည်းပြည့်စုံ၊ အခြွေအရံလည်း ပေါများလေသည်။ မိမိကိုယ်တိုင်ကလည်း မလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ရန်အတွက် မတိုက်တွန်းတဲ့သူကတော့ ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းဥစ္စာချို့တဲ့သည့်အပြင် အခြွေအရံလည်း ရှားပါးလေသည်။ လူ့လောကတွင် ပစ္စည်းဥစ္စာချို့တဲ့ရုံတင်မက ဆွေမျိုးမိတ်သင်္ဂဟနှင့် သားသမီး မရှိကြသောသူတို့ကိုလည်း တစ်ခါတစ်ရံ၌ တွေ့ကြုံရတတ်ပါသည်။ ထိုပုဂ္ဂိုလ်မျိုးသည် အသက်အရွယ်ကြီးပြင်းလာတဲ့အခါမှာ မိမိအားပြုစုစောင့်ရှောက်ပေးမည့် ညီအစ်ကိုမောင်နှမနှင့် သားသမီးမရှိသည့်အတွက်ကြောင့် တစ်ကောင်ကြွက်ဘဝဖြင့် နိဂုံးချုပ်ကြရမှာပါ။ ဒါကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံ၊ အခြွေအရံလည်းပေါများဖို့အတွက် ဒါနပြုကြတဲ့အ



www.burmeseclassic.com

www.burmeseclassic.com

ခါမှာ မိမိကိုယ်တိုင်လည်းလှူ၍ သူတစ်ပါးကိုလည်း လှူဖို့ရန်အတွက် တိုက်တွန်းသင့်ပါသည်။

**အလှူခံပုဂ္ဂိုလ်မရွေးစေလို**

အလှူခံပုဂ္ဂိုလ် ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ မဃဒေဝလင်္ကာကျမ်း၌-

'ကောင်းကျိုးကုသိုလ် နောင်ဖို့လိုက ပုဂ္ဂိုလ်ယုတ်,မြတ် မမှတ်သင့်ရေး သဒ္ဓါစေး၍ မရွေးအပ်စွာ တွေ့ရာရာအား စေတနာမြတ်နိုး ဖြစ်စေကြိုးလော့'

ဟူ၍ စပ်ဆိုထားပါသည်။

မန်လည်ဆရာတော်ဘုရားကြီးက-

'ဒါနအမှုကို ပြုလုပ်ကြသည့်နေရာမှာ နောင်သံသရာအဖို့ ကောင်းကျိုးလိုလားပါလျှင် အလှူခံပုဂ္ဂိုလ်တို့အား အယုတ်, အမြတ် မရွေးချယ်ဘဲ စေတနာ သဒ္ဓါတရားအပြည့်အဝဖြင့် လှူဒါန်းပေးကမ်းပါလော့'

ဟု မိန့်ဆိုထားခြင်းပင် ဖြစ်ပါသည်။ ဘုရားရှင် ကိုယ်တော်တိုင်ကလည်း အလောင်းတော်ဝေဿန္တရာမင်းကြီးဘဝတုန်းက ဇူဇကာပုဏ္ဏားအား ပေးလှူခဲ့ဖူးသည့်ထုံးကို နှလုံးမူ၍ အလှူခံပုဂ္ဂိုလ်မရွေးချယ်သင့်သည့်အကြောင်းကို သတိပြုစေလိုပါသည်။ ဥပရိပဏ္ဏာသ ပါဠိတော် အဋ္ဌကထာတို့၌လည်း ဒါနအမှုကို ခံယူထိုက်သော ပုဂ္ဂိုလ်ဆယ့်လေးယောက်ရှိကြောင်းကို ပြဆိုထားပါသည်။ ထိုပုဂ္ဂိုလ်တို့မှာ တိရစ္ဆာန်သတ္တဝါများ၊ လူဒုဿီလဟု ခေါ်ဆိုအပ်သော တံငါ, မုဆိုး စသော ဒုစရိုက်မှုကိုပြုလုပ်ကြသူများ၊ လူသီလဝန္တဟု ခေါ်ဆိုအပ်သော ငါးပါးသီလမြဲသူများ၊ ရသေ့, ပရိဗိုဇ်ဟုခေါ်ဆိုအပ်သော ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်များ၊ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဟု ဆိုအပ်သော ဖိုလ်သို့ မျက်မှောက်ပြုရန် မဂ်၌ကျင့်ဆဲသော ပုဂ္ဂိုလ်လေးယောက်၊ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သော ဖိုလ်လေးပါး၌ တည်နေသော ပုဂ္ဂိုလ်လေးယောက်၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ဟူ၍ ဆယ့်လေးယောက် ရှိပါသည်။

*(သမုတိသံဃာ ဟူ၍ ခေါ်ဆိုအပ်သော ပုထုဇဉ် သီလဝန္တသံဃာတော်များမှာ မဂ္ဂဋ္ဌာန်ခေါ် အရိယာပက္ခသို့ ပါဝင်ကြသည်ဖြစ်၍ ၎င်းတို့ကို အသီးအခြားမဆိုအပ်ကုန်။ မဂ်သို့ရောက်သည် ဖြစ်စေ၊ မရောက်သည်ဖြစ်စေ မဂ်,ဖိုလ်သို့ရောက်ရန် သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးပါး၌ ကျင့်ဆဲ၊ တည်ဆဲရှိကုန်သောကြောင့် သမုတိသံဃာကို မဆိုထားနှင့်၊ သံရဏဂုံတည်သည့် သာမဏေလေးပင် ဖြစ်လင့်ကစား ထိုအရိယာပက္ခ၌ ထည့်သွင်းရေတွက်အပ်၏ဟု ဆရာမြတ်တို့ မိန့်မှာတော်မူခဲ့သည်။)*

နိမိကဏ္ဍသုတ္တန်၌လည်း ဘုရားရှင်က အနုဂါမိက ဥစ္စာမြုပ်နှံရာ ခုနစ်ဌာနကို ဟောတော်မူခဲ့ပါသည်။ ထိုဌာနများမှာ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ထည့်သွင်းဌာပနာ၍ တည်ထားအပ်သော ဓာတုစေတီ၊ ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်တို့ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ပေရွက်၊ စက္ကူရွက် စသည်တို့၌ ရေးသားထားအပ်သော ဓမ္မစေတီ၊ ဘုရားရှင်၏ သဏ္ဌာန်တော်ကဲ့သို့ ထုလုပ်ပူဇော်ထားသည့် ရုပ်ပွားဆင်းတုတော်ဟု ခေါ်ဆိုအပ်သော ဥဒ္ဒိဿကစေတီ၊ ဘုရားရှင်သုံးဆောင်တော်မူခဲ့သည့် သင်္ကန်း၊ သပိတ်၊ ရေစစ်၊ ခါးပန်း စသော ပရိက္ခရာတို့ကို ထည့်သွင်းဌာပနာ၍ တည်ထားအပ်သော ပရိဘောဂစေတီ၊ ထိုစေတီလေးပါးတို့တွင် တစ်ပါးပါး၌လှူဒါန်းခြင်း၊ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့ကို ရည်စူး၍လှူဒါန်းခြင်း၊ သံဃာတော်တစ်ပါးချင်းစီကို လှူဒါန်းခြင်း၊ မိမိထံသို့ရောက်ရှိလာသော ဧည့်သည်တို့အား ပေးကမ်းလှူဒါန်းခြင်း၊ မိခင်ကိုပေးကမ်းလှူဒါန်းခြင်း, ပြုစုလုပ်ကျွေးခြင်း၊ ဖခင်ကိုပေးကမ်းလှူဒါန်းခြင်း, ပြုစုလုပ်ကျွေးခြင်း၊ မိမိထက်အသက်ကြီးသူ ဂုဏ်ကြီးသူတို့အား ပေးကမ်းလှူဒါန်းခြင်း, ပြုစုလုပ်ကျွေးခြင်း ဟူ၍ ခုနစ်ဌာနရှိပါသည်။ ထိုသို့သော ပုဂ္ဂိုလ်ဌာနတို့အား ပေးလှူရာ၌လည်း လှူကောင်းသော ဗစ္စည်းဝတ္ထု၊ မလှူကောင်းသော ပစ္စည်းဝတ္ထု ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် လှူကောင်းသော ဒါနဝတ္ထု (၁၀) မျိုးကို သုတ်ပါထေယျ ပါဠိတော် အဋ္ဌကထာတို့၌ ပြဆိုထားသည်။

ထို (၁၀) မျိုးမှာ-

၁။ ဆွမ်းအလှူ
၂။ အဖျော်ရည်အလှူ
၃။ ကျောင်းဇရပ်အလှူ
၄။ အဝတ်သင်္ကန်းအလှူ
၅။ ယာဉ်အလှူ
၆။ ပန်းအလှူ
၇။ နံ့သာ-နံ့သာပျောင်းအလှူ
၈။ အိပ်ရာ-ကော်ဇောအလှူ
၉။ နံ့သာမှုန့်ရေမွှေးအလှူ
၁၀။ ဆီမီးအလှူ

တို့ ဖြစ်ပါသည်။

ထို့ပြင် လှူကောင်းသော ဒါနဝတ္ထု (၆) မျိုးရှိကြောင်းကိုလည်း စရိယာပိဋကတ် အဋ္ဌကထာတို့က ထပ်မံ၍ ဆိုကြပြန်သေးသည်။

ထို (၆) မျိုးမှာ-

၁။ 'အဆင်း ဟူသောအလှူ ဖြစ်ပါစေ' ဟု နှလုံးပြု၍ အဖြူ၊ အနီ စသော အထူးထူးသော အဆင်းရှိသောပန်း၊ အဝတ်သင်္ကန်းတို့ကို ပေးလှူခြင်း ရူပဒါန။

၂။ 'အသံဟူသော အလှူဖြစ်ပါစေ' ဟု နှလုံးပြု၍ ကြေးစည်၊ ခေါင်းလောင်း၊ စည် အစရှိသည်တို့ကို စေတီရင်ပြင်၌ထား၍လှူခြင်း၊ ဓမ္မကထိကပုဂ္ဂိုလ်တို့အား အသံကို ထွက်စေတတ်သော စက်ပစ္စည်းနှင့် ဆေးဝါးတို့ကို ပေးလှူခြင်း၊ အများပြည်သူတို့အား တရားနာကြကုန်လော့ဟု လှည့်လည်၍ကြွေးကြော်ခြင်း၊ တရားစာပေကျမ်းဂန်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ တရားဟောခြင်း၊ အနုမောဒနာပြုခြင်းဟု ဆိုအပ်သော သဒ္ဒဒါန။

၃။ 'အနံ့ဟူသော အလှူဖြစ်ပါစေ' ဟု နှလုံးပြု၍ စန္ဒကူးနံ့သာ အစရှိသည်တို့ကို ပေးလှူခြင်း ဂန္ဓဒါန။

၄။ 'ရသဒါနဖြစ်ပါစေ' ဟု နှလုံးပြု၍ ဆွမ်းခဲဖွယ်ဘောဇဉ်၊ သစ်သီး အစရှိသည်တို့ကို ပေးလှူခြင်း ရသဒါန။

၅။ 'အတွေ့အထိဟူသော အလှူဖြစ်ပါစေ' ဟုနှလုံးပြု၍ နေရာထိုင်ခင်း၊ ညောင်စောင်း၊ ခေါင်းအုံး၊ သင်ဖြူး စသော နူးညံ့သည့်အလှူဝတ္ထုတို့ကိုပေးလှူခြင်း ဖောဋ္ဌဗ္ဗဒါန။

၆။ ဓမ္မဒါနသည် သုံးမျိုးကွဲပြားလေသည်။ ထောပတ်၊ ဆီ အစရှိသည်တို့ကို ပေးလှူခြင်း ဩဇာဒါန၊ အဝတ်သင်္ကန်းနှင့်တကွ အဖျော်ရည် စသည်တို့ကို ပေးလှူခြင်း ပါနဒါန၊ မကျန်းမာသော ရဟန်းသံဃာတို့အား ဆေးဝါးကုသစေခြင်းငှာ ဆေးသမားတို့ကို



www.burmeseclassic.com

www.burmeseclassic.com

ခေါ်၍ ကုသစေခြင်း၊ ပိုက်, ကွန်, မား, လှံ, လေး, မြား လက်နက်စသည်တို့ကို ပျက်စီးစေခြင်း၊ အနှောင်အဖွဲ့တို့မှလွတ်စေခြင်း၊ အသက်ကိုမသတ်စိမ့်သောငှာ အရံအတားကိုပြုခြင်း တည်းဟူသော ဇီဝိတဒါန၊ ထိုသုံးမျိုးတို့ကို မမွဒါန၌ အကျုံးဝင်ကုန်သည်ဟု မှတ်ရပါမည်။

ထိုသို့ အလှူဒါနပြုကြရာ၌ လှူကောင်းသော အလှူဝတ္ထု (၁၀) မျိုးရှိသလို မလှူကောင်းသော အလှူဝတ္ထုသည်း (၁၀) မျိုး ရှိပါသည်။ ထိုအလှူဝတ္ထုမျိုးကို အပါယ်လားကြောင်း အလှူ (၁၀) မျိုး ဟူ၍ မိလိန္ဒပဥှာပါဠိတော်၌ ဆိုလေသည်။

ထို (၁၀) မျိုးမှာ-

၁။ သေရည်သေရက် မူးယစ်ဆေးဝါးအလှူ၊
၂။ မိန်းမအလှူ၊
၃။ ကချေသည်အလှူ၊
၄။ နွားလား၊ မြင်းလားအလှူ၊
၅။ ကာမဂုဏ်ကို နှိုးဆွစေတတ်သော ပန်းချီဆေးရေးပြကွဒိန်အလှူ၊
၆။ တုတ်၊ ဓား လက်နက်အလှူ၊
၇။ သတ္တဝါတို့ သေကျေ ပျက်စီးရန်အတွက် အဆိပ်အလှူ၊
၈။ လက်ထိတ်၊ သံခြေချင်း၊ နှောင်ကြိုးအလှူ၊
၉။ ကြက်၊ ဝက် စသော သားကောင်အလှူ၊
၁၀။ မှန်ကန်မှုမရှိသော အလေးချိန်ခွင်၊ တောင်း၊ ခွက် အလှူတို့ ဖြစ်ပါသည်။

ထိုဝတ္ထု (၁၀) မျိုးသည် လှူဒါန်းသောပုဂ္ဂိုလ်အား အပါယ်သို့ရောက်စေနိုင်သောကြောင့် မလှူအပ်သော ဝတ္ထုဝစ္စည်း မည်ပါသည်။

အထက်၌ ဆိုခဲ့ပြီးသော အလှူဝတ္ထုတို့ကို လှူဒါန်းကြရာ၌လည်း (၈) ပါးသော အကြောင်းတရားတို့ကြောင့် လှူဒါန်းရသည်ကို အင်္ဂုတ္တရပါဠိတော်နှင့် သံဂီတိသုတ် ပါဠိတော်တို့က-

'ရောက်လာ၍လှူ၊ ကြောက်၍လှူနှင့်၊ တစ်ဖန်ပြန်လှူ၊ ပေးလိမ့်လှူတည့်၊ ရှေးသူတို့ငြိမ်း၊ မချက်စွမ်းနှင့်၊ ချီးမွမ်းရလို၊ မင်္ဂဖိုလ်လိုသည်၊ မိန့်ဆိုဒါနရှစ်မျိုးတည်း'

ဟု မိန့်ဆိုပါသည်။

ထို (၈) မျိုး၏အဓိပ္ပာယ်မှာ-

၁။ မိမိတို့ နေရာဌာနသို့ အလှူခံပုဂ္ဂိုလ်ရောက်ရှိလာ၍လှူခြင်း၊
၂။ သူတစ်ပါးတို့ ကဲ့ရဲ့ကြမည်ကို ကြောက်ရွံ့သောကြောင်း လည်းကောင်း၊ မင်းပြစ် မင်းဒဏ်ကို ကြောက်သောကြောင့် လည်းကောင်း လှူရခြင်း၊
၃။ သူတစ်ပါးက မိမိအား လှူသောဝတ္ထုကို မိမိက အခြားသူတစ်ယောက်အား တစ်ဖန်ပြန်၍ လှူခြင်း၊
၄။ မိမိရရှိလာမည့် အကျိုးလာဘ်လာဘကို မျှော်ကိုး၍လှူခြင်း၊
၅။ မိရိုးဖလာအစဉ်အဆက်ကြောင့် ပေးလှူရခြင်း၊
၆။ ရဟန်းတော်များ ချက်မစားကောင်းသောကြောင့်လှူရခြင်း၊
၇။ သူတစ်ပါးတို့၏ချီးမွမ်းခြင်းကို ခံယူလိုသောကြောင့်လှူခြင်း၊
၈။ မင်္ဂ ဖိုလ် နိဗ္ဗာန်ကို ရလိုသောကြောင့်လှူခြင်းတို့ ဖြစ်ပါသည်။

ထိုသို့ လှူဒါန်းကြရာ၌လည်း ပဋိဂ္ဂါဟကဝိသုဒ္ဓိဒါန၊ ဒါယကဝိသုဒ္ဓိဒါန၊ ဥဘယအဝိသုဒ္ဓိဒါန၊ ဥဘယဝိသုဒ္ဓိဒါန ဟူ၍ (၄) မျိုး ရှိပါသည်။ ထိုလေးမျိုးတို့တွင် သီလမရှိသော အလှူပေးပုဂ္ဂိုလ်က သီလရှိသော အလှူခံပုဂ္ဂိုလ်အား ပေးလှူအပ်သောဒါနသည် ပဋိဂ္ဂါဟကဝိသုဒ္ဓိဒါန မည်ပါသည်။ သီလရှိသော အလှူပေးပုဂ္ဂိုလ်က သီလမရှိသော အလှူခံပုဂ္ဂိုလ်အား ပေးလှူအပ်သော ဒါနသည် ဒါယကဝိသုဒ္ဓိဒါန မည်ပါသည်။ အလှူပေး ပုဂ္ဂိုလ်နှင့် အလှူခံပုဂ္ဂိုလ်တို့ နှစ်ပါးစုံသီလမရှိဘဲ ပေးလှူအပ်သော ဒါနသည် ဥဘယအဝိသုဒ္ဓိဒါန မည်ပါသည်။ အလှူပေးပုဂ္ဂိုလ်နှင့် အလှူခံပုဂ္ဂိုလ်တို့ နှစ်ပါးစုံသီလရှိလျက် ပေးလှူအပ်သော ဒါနသည် ဥဘယဝိသုဒ္ဓိဒါန မည်ပါသည်။ ထိုလေးပါးတို့တွင် ဥဘယဝိသုဒ္ဓိဒါနသည် အကျိုးတရား ကြီးမားလေသည်။

## ကိုယ်ကျိုးတောင့်တ မလှူရ

ရှေးပညာရှိများက 'ဒါန ဆိုတာ လိုချင်လို့ပေးတာမျိုး မဖြစ်သင့်ဘူး' ဟု မိန့်ဆိုခဲ့ပါသည်။ မှန်ပါသည်၊ ဒါနဆိုတာ စွန့်လွှတ်ခြင်းပါပဲ။ လောကမှာ 'ထောင်မြင်လို့ ရာစွန့်' ဆိုတဲ့ဆိုရိုးစကားလို တစ်ခုခုပြန်ရဖို့ တစ်ခုခုပေးကမ်းခြင်းသည် အဲဒီအထဲမှာ ဘာစွန့်လွှတ်မှုမှမပါပါဘူး။ ဒါကြောင့် လူတစ်ယောက်သည် သူ ဘယ်လောက်စွန့်လွှတ်နိုင်သလဲဆိုတာကိုကြည့်ပြီး သူ ဘယ်လောက်ရင့်ကျက်လာသလဲဆိုတာကို တိုင်းတာလို့ရသည်။ စွန့်လွှတ်ခြင်း၊ မလိုချင်ခြင်းသည် ဘုရားရှင်အလိုကျ ချမ်းသာခြင်းအစစ်လည်း ဖြစ်ပေသည်။ တစ်နည်းအားဖြင့် သူ ဘယ်လောက်မလိုချင်တော့သလဲ ဆိုတာကိုကြည့်ပြီး သူ ဘယ်လောက်ချမ်းသာသလဲဆိုတာကို တိုင်းတာလို့ ရပါသည်။ မလိုချင်တဲ့သူသည် ချမ်းသာသူအစစ် ဖြစ်သည်။ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ၊ လိုချင်နေသမျှကာလပတ်လုံး ဆင်းရဲနေဦးမည် ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တိုင်ကလည်း ဘုရား မဖြစ်ခင် ကာလတစ်လျှောက် ပြုလုပ်ခဲ့သော ဒါနအားလုံးတို့သည် ကိုယ်ကျိုးအတွက်ကိုမျှော်ကိုး၍ ဘာတစ်ခုမှမပြုလုပ်ခဲ့ပါဘူး။ ထင်ရှားတဲ့ သာဓကတစ်ခုကတော့-

တစ်ခါက မြတ်စွာဘုရားရှင်သည် နောက်ပါ ရဟန်းငါးရာတို့နှင့်အတူ ထူဏ အမည်ရှိသော ပုဏ္ဏားရွာတစ်ရွာသို့ ကြွသွားတော်မူခဲ့ပါသည်။ ထိုအခါ ရွာခံပုဏ္ဏားများက ဘုရားရှင် ကြွလာသည့်အကြောင်းကို သိကြတဲ့အတွက်ကြောင့် ဘုရားရှင်နှင့် နောက်ပါရဟန်းတော်များတည်းခိုခွင့်မရအောင် ရေတွေကိုဖြတ်တောက်ပစ်ဖို့ စီစဉ်ကြပါသည်။ မိမိတို့ရွာသားများအတွက်သာ ခုနစ်ရက်စာရေကို ခပ်ယူသိုလှောင်ထားစေပြီး ရေတွင်း၊ ရေကန်အားလုံးကို မြက်တွေ၊ အမှိုက်တွေနှင့်ဖို့ထားလိုက်ကြသည်။ ဘုရားရှင်က ဒီအကြောင်းတွေကို သိထားပေမယ့်လည်း အဲဒီရွာကိုအရောက်ကြွတော်မူခဲ့ပါသည်။

ရွာအနားကိုရောက်၍ သစ်ပင်တစ်ပင်အောက်မှာ ခေတ္တနားနေပြီး အရှင်အာနန္ဒာကို ရေခပ်ခိုင်းပါသည်။ အရှင်အာနန္ဒာက ဖြစ်ကြောင်းစုံလင်ကို လျှောက်ထားပေမယ့် ဘုရားရှင်က သုံးကြိမ်တိုင်တိုင် ဆက်ပြီး တိုက်တွန်းသည့်အတွက်ကြောင့် မငြင်းဆန်တော့ဘဲ ရေသွားခပ်ရပါသည်။ အရှင်အာနန္ဒာသည် ရေတွင်းအနီးသို့ ချဉ်းကပ်မိတာနှင့်တစ်ပြိုင်နက် တွင်းထဲကရေတွေဟာ အပေါ်မှာ ပိတ်ဆို့ထားသည့် အမှိုက်တွေကို တွန်းဖယ်ပြီး လျှံထွက်လာသည့်အတွက်ကြောင့် ကြိုးတပ်၍ ငင်စရာမလိုဘဲ အလွယ်တကူပင် သပိတ်နှင့်ပဲ ခပ်ယူနိုင်ခဲ့ပါသည်။ ဒီအကြောင်းကို အံ့သြဝမ်းမြောက်စွာဖြစ်နေသည့် အရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ထားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

မှာ ဘုရားရှင်က-

'ငါဘုရားဟာ ပါရမီဖြည့်စဉ်ကာလတစ်လျှောက် ကုသိုလ်ကောင်းမှုပြုရာ၌ မိမိအတွက်တောင့်တခြင်းအလျှင်းမရှိဘဲ သူတစ်ပါးအတွက်သက်သက်သာ ရည်မှန်း၍ပြုလုပ်ခဲ့တယ်။ တောင့်တမှုဆိုတာကို ဘယ်တုန်းကမှ မပြုခဲ့သည့်အတွက်ကြောင့်လည်း တောင့်တခဲ့တဲ့အရာကိုမရရှိခြင်းကြောင့် ကြုံရတဲ့ ဒုက္ခဆိုတာလည်း ငါဘုရားအတွက် ဘယ်တော့မှ မရှိနိုင်ဘူး။ လိုအပ်တဲ့အရာကို စိတ်ထဲက ဆုံးဖြတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဘယ်သူမှ ဟန့်တား ဖျက်ဆီးလို့မရဘဲ ပြည့်စုံရတယ်'

လို့ မိန့်ကြားတော်မူခဲ့ပါသည်။

**ဒါနတရားအကျိုးကြီးမား**

မြတ်စွာဘုရားရှင်က ဒါန၏အကျိုးတရား ကြီးမားကြောင်းကို ဒီဃနိကာယ်ပါဠိတော်တို့၌-

'ဒါနတရား မည်သည်ကား ချမ်းသာသုခတို့၏ လည်းကောင်း၊ ပြည့်စုံခြင်း သမ္ပတ္တိတို့၏ လည်းကောင်း အကြောင်းရင်း ဖြစ်၏။ စည်းစိမ်ဥစ္စာတို့၏ တည်ရာလည်း ဖြစ်၏။ သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်နေကြရသော သတ္တဝါတို့၏ မှီခိုပုန်းအောင်း လဲလျောင်းရာလည်း ဖြစ်၏။ ဤပစ္စုပ္ပန်လောက၊ တမလွန်လောကတို့၌လည်း ဒါနနှင့်တူသော မှီတည်ရာ၊ အာရုံပြုရာ၊ စောင့်ရှောက်ရာ၊ ပုန်းအောင်းလဲလျောင်းရာ မည်သည် မရှိဟု ဟောတော်မူခဲ့ပါသည်။ ထို့ပြင် 'အာရုဗ္ဗဏဒွေန အာလမ္ဗန ရုံဖွဲ့သဒိသံ ဒါနံ' ဟူသော အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူသည်နှင့် အညီ အားနည်း၍ အိုမင်းမစွမ်းသောသူသည် နိမ့်ရာမှမြင့်ရာသို့တက်လိုသည် ဖြစ်အံ့၊ ထခြင်း၊ ရပ်ခြင်း၊ သွားခြင်းငှာ အလိုရှိသည် ဖြစ်အံ့၊ ကြိုးစကိုဆွဲ၍ တက်ခြင်း၊ ထခြင်း၊ ရပ်ခြင်း၊ သွားခြင်းကိစ္စကို ပြုရလေကုန်ဘိသကဲ့သို့ . ထို့အတူ ဒါနစေတနာတည်းဟူသော ကြိုးစကိုဆွဲ၍ လူ့ပြည်၊ နတ်ပြည်သို့ တက်ကြရကုန်၏။ ဘုရား အစရှိသော အရိယာသူတော်ကောင်းတို့သည်လည်း ဒါနစေတနာတည်းဟူသောကြိုးစကိုဆွဲ၍ သဗ္ဗညုတဉာဏ် နိဗ္ဗာန်တိုင်အောင် တက်ရောက်တော်မူကြကုန်၏။ ထို့ကြောင့် ဒါနစေတနာသည် ဆွဲရာကြိုးနှင့်လည်း တူ၏။ ထို့ပြင် ဒါနတရားသည် နတ်ပြည်သို့ တက်ရာ စောင်းတန်းလှေကားနှင့်လည်း တူ၏။ မြတ်သောရိက္ခာထုပ်လည်း ဖြစ်၏။ ဖြောင့်မတ်သောခရီးလမ်းလည်းဖြစ်၏။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၏ ရကြောင်း ရောက်ကြောင်း အထောက်အပံ့ကောင်းလည်း ဖြစ်၏။ အစိုးရခြင်းကိုလည်း ဖြစ်စေတတ်၏' ဟူ၍ ဒေသနာတော်တို့က ညွှန်ပြကြသည်။ ထို့ကြောင့်လည်း ဘုရားရှင်က ဒါနအရာ၌ မလိမ္မာကုန်သေးသောသူတို့အား လိမ္မာစေခြင်းအကျိုးငှာ ဒါနံဒေထ- လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ သင်တို့သည် မေ့လျော့၍ မနေကြကုန်လင့်။ ဒါနတရားကိုအားထုတ်၍ ဖြည့်ကျင့်ကြကုန်လော့ဟု တိုက်တွန်းနှိုးဆော်တော်မူခဲ့ခြင်းပင် ဖြစ်ပါသည်။ ဤနေရာ၌ အချို့ အချို့သောသူတို့က ဒါနပြုရာ၌ ရုပ်ပွားဆင်းတုတော်နှင့် စေတီတော်တို့အား ဆွမ်း၊ သင်္ကန်း၊ ပန်း၊ ရေချမ်း၊ ဆီမီး အစရှိသည်တို့ကို လှူဒါန်းခြင်းသည် အကျိုးမရှိဟုဆိုကြကုန်၏။ ထိုအယူဝါဒကို ချေဖျက်ဖို့ရန်အတွက် အလှူဝတ္ထုပစ္စည်းကို အလှူခံပုဂ္ဂိုလ်က မသုံးဆောင်သော်လည်း အကျိုးရှိကြောင်းကို ကထာဝတ္ထုအဋ္ဌကထာ၌ 'ယသ္မာ ပန ပဋိဂ္ဂါဟကေန ပဋိဂ္ဂဟေတွာ အပရိဘုတ္တေပိ ဒေယျဓမ္မေ ပုညံ ဟောတိယေဝ တသ္မာ သကဝါဒီဝါဒေါ ဗလဝါ- အကြင်ဒါယကာသည် လှူဖွယ်ဝတ္ထုပစ္စည်းကို အကြင်သူအားပေးလှူ၏။ ထိုအလှူခံပုဂ္ဂိုလ်သည် ထိုပစ္စည်းကို သုံးဆောင်သည် ဖြစ်စေ, မသုံးဆောင်သည် ဖြစ်စေ၊ စွန့်ပစ်သည် ဖြစ်စေ, မစွန့်ပစ်သည် ဖြစ်စေ လှူသော ဒါယကာအား ကောင်းမှုကုသိုလ်သည် ဖြစ်၏' ဟု မိန့်ဆိုထားပါသည်။ ထို့ကြောင့် အလှူဒါနပြုလုပ်ကြရာ၌ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပြုလုပ်နိုင်ဖို့ရန်သာ အရေးကြီးပါသည်။

**ဒါနပြုရာဦးဆောင်ပါ**

လူ့လောကတွင် အများပြည်သူ ကုသိုလ်ကောင်းမှုပြုလုပ်နိုင်ရန် နှိုးဆော်တိုက်တွန်းသော နိဗ္ဗာန်ဆော်ပုဂ္ဂိုလ်များ ရှိကြသည်။ ထိုသို့ နှိုးဆော်တိုက်တွန်းသော နိဗ္ဗာန်ဆော်အလုပ်သည် အလွန်မှန်မြတ်သောအလုပ်ပင် ဖြစ်လေသည်။ နိဗ္ဗာန်ဆော်၏အဓိပ္ပာယ်မှာလည်း အများပြည်သူတို့အား လူ့ချမ်းသာ၊ နတ်ချမ်းသာမျှသာမက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တိုင်အောင် ရောက်စေဖို့ရန်အတွက် နှိုးဆော်တိုက်တွန်းသောသူပင် ဖြစ်သည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ မှတ်သားဖွယ်ရာသာဓကတစ်ခုကို ထုတ်နုတ်တင်ပြရလျှင် မန္တလေး ရတနာပုံခေတ်တွင် မင်းကွန်းတောရမှာ သီတင်းသုံးနေတော်မူသည့် ဥဒုမ္ဗရချောင်ဆရာတော်ဘဒ္ဒန္တပဏ္ဍဝံသ မထေရ်မြတ်ကြီးက-

'ပဏ္ဍိတဉာဏ်ရှင်က တရားဖြင့် မိန့်ဆို လူပေါင်းကုဋေတို့ အထွေထွေလှူဒါန ပြုကြကြည်ညို ကုဋေကုန်လူပေါင်းတို့ ရကောင်းသည့် ကုသိုလ်ကို တစ်စုလိုပုံထား၊ နှိုးဆော်သည့်ပုဂ္ဂိုလ်၏ မြတ်ကုသိုလ် ကံအဟုန်နှင့် နှစ်ပုံကို ထောက်မျှော်ရှု ဘယ်စုကများ'

ဤကဲ့သို့ ပုစ္ဆာထုတ်၍ မန်လည်ဆရာတော်ဘုရားကြီးက မေးမြန်းတော်မူခဲ့ပါသည်။ ထိုမေးခွန်း၏အဓိပ္ပာယ်မှာ ပညာရှင်တစ်ယောက်၏ ကုသိုလ်ကို တစ်ပုံထား၊ လူပေါင်းကုဋေတို့ပြုလုပ်ကြသည့် ကုသိုလ်ကို တစ်ပုံထား၍ ဒီနှစ်ပုံမှာ ဘယ်အပုံကများသနည်းဟု မေးတော်မူခြင်း ဖြစ်ပါသည်။ ထိုအမေးကို မန်လည်ဆရာတော်ကြီးက အင်္ဂုတ္တိုရ်အဋ္ဌကထာကို အထောက်အထားပြု၍-

'ပဏ္ဍိတဉာဏ်ရှင်က တရားဖြင့် မိန့်ဆို လူပေါင်းကုဋေတို့ အထွေထွေလှူဒါန ပြုကြကြည်ညို ကုဋေကုန်လူပေါင်းတို့ ရကောင်းသည့် ကုသိုလ်ကို တစ်စုလိုပုံထား နှိုးဆော်သည့်ပုဂ္ဂိုလ်၏ မြတ်ကုသိုလ် ကံအဟုန်နှင့် သည့်နှစ်ပုံ အညီဘက်ဟု ကျမ်းထွက်ရှိသား'

ဤသို့ ဖြေဆိုတော်မူခဲ့ပါသည်။

ဆိုလိုရင်းအဓိပ္ပာယ်မှာ နှိုးဆော်တိုက်တွန်းသော သူတစ်ယောက်၏ ကုသိုလ်နှင့် တိုက်တွန်းခံရသူ လူပေါင်း ကုဋေတို့၏ ကုသိုလ်နှစ်မျိုးမှာ ညီတူညီမျှဖြစ်သည်ဟု ဆိုလိုပါသည်။ ထို့ကြောင့် သူကျိုး၊ ကိုယ့်ကျိုး နှစ်မျိုးလုံးကို ပြီးစေနိုင်သော နှိုးဆော်တိုက်တွန်းမှု နိဗ္ဗာန်ဆော်လုပ်ငန်းသည် မှန်မြတ်သော အလုပ်ဖြစ်သည့်အတွက်ကြောင့် မလျော့သော ဇွဲ လုံ့လတို့ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြပါဟု အကြံပြုတိုက်တွန်းလိုက်ရပါသည်။

စာဖတ်သူများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒနှင့် ထာဝရပြည့်စုံကြပါစေ

အသျှင်ဝါသဝ(ပဋ္ဌာနိကာယ်)

**မှီငြမ်း**

ဂမ္ဘီရတ္ထဒေသနာ
ပညာဝိမံသနကထာကျမ်း
ဒါနဖလပ္ပဝတ္တိကျမ်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]စ်တိုးနတ်တောင်ပေါ်၌ တည်ထားသော
[illegible]စေတီတော်ပုံ

# တန့်ခိုးစွမ်းအင်
# မာတ်တန်းတင်ဘုရားကြီး

မဟာနွယ်(မန်းတက္ကသိုလ်)

ကျွန်ုပ်သည် တန်ခိုးစွမ်းအင်မာတ်တန်းတင်ဘုရားကို ဖူးမြော်ရန် စိတ်ရည်သန်ခဲ့သည်မှာ ကြာပါပြီ။ ထမြောက်အောင်မြင်မှု မရှိခဲ့ပါ။ ယခုနှစ် ဧပြီလဆန်းစကပင် သူငယ်ချင်းများနှင့်အတူ သွားရောက် ဖူးမြော်ရန် တိုင်ပင်ထားခဲ့ကြ၏။

ထိုသို့တိုင်ပင်ထားသည့်အားလျော်စွာ ကျွန်ုပ်တို့သည် ဧပြီလ ၁၃ ရက်နေ့ သင်္ကြန်အကြိုနေ့မှာပင် နံနက်(၄)နာရီအချိန်ခန့်တွင် နေအိမ်မှထွက်ခွာလာကြသည်။ ကျောက်ဖြူမြို့ ဂျပန်မမော်တော်ဆိပ်ကမ်းသို့ နံနက် ၅ နာရီအချိန်မှာ ဆိုက်ရောက်လာကြ၏။

'တန်ခိုးစွမ်းအင်မာတ်တန်းတင်' ဘုရားသို့သွားရန် မော်တော်၊ စက်လှေများက ဘုရားဖူးသွားသူများအား စီတန်းကာ ကြိုဆိုနေကြ၏။ ကျွန်ုပ်တို့သည် စက်လှေတစ်စီးပေါ်သို့ တက်ကြ၏။ ဘုရားဖူးသွားသူများသည် စက်လှေပေါ်သို့ တက်ရောက်ကြသောအခါ စက်လှေသည် နံနက် ၆ နာရီတိတိအချိန်မှာ ကျောက်ဖြူမြို့ ဂျပန်မဆိပ်ကမ်းမှ စတင်ထွက်ခွာလာကြ၏။

စက်လှေသည် တရွေ့ရွေ့ဖြင့် မောင်းနှင်လာကြရာ အမ်းမြို့နယ် မင်းတက်ကျေးရွာသို့ ညနေ (၅) နာရီခန့်တွင် ဆိုက်ရောက်လာခဲ့ကြ၏။ မင်းတက်ကျေးရွာမှတစ်ဆင့် မာတ်တန်းတင်ဘုရားဘက်သို့ ငွေကျပ်တစ်ရာဖြင့် ချောင်းကလေးကို စက်လှေဖြင့် ဆက်လက်ကူးခဲ့ရပါ၏။ ဘုရားရှိရာဘက်သို့ ဘုရားဖူးသွားခရီးသည်များသည် ရောက်ရှိကြ၏။ စက်လှေပေါ်မှ ဆင်းသက်ကြ၏။

အဆိုပါ ဆိပ်ကမ်းမှ ဆိုင်ကယ်များက ကြိုဆိုနေကြ၏။ ကျွန်ုပ်တို့သည် ဆိုင်ကယ်ကိုမစီးကြဘဲ ခြေကျင်ခရီးဖြင့် ကွင်းကလေးတစ်ကွင်းကို ဖြတ်သန်းကြ၏။ ကွင်းကို ဖြတ်သန်းလိုက်သောအခါ တန်ခိုးစွမ်းအင်မာတ်တန်းတင်ဘုရားကြီးသို့ ရောက်ရှိကြ၏။

တန်ခိုးစွမ်းအင်မာတ်တန်းတင်ဘုရားကြီးသည် ရခိုင်ပြည်နယ်အတွင်းမှ တန်ခိုးကြီးဘုရားများအနက် တစ်ပါးအပါအဝင် ဖြစ်ပါ၏။ ဘုရားပွဲတော်ကို သင်္ကြန်အကျနေ့မှသည် သင်္ကြန်အတက်နေ့ထိ ပွဲတော်ကို ကျင်းပလေ့ရှိကြ၏။

ဘုရားပွဲတော်ကျင်းပရက်မတိုင်မီကပင် ဘုရားဖူးဗုဒ္ဓဘာသာဝင်များသည် ဖိတ်မန္တကမပြုရဘဲ အနယ်နယ်အရပ်ရပ်မှ စုဝေးရောက်ရှိလာကြ၏။

အထူးသဖြင့် မင်းဘူး၊ ငဖဲ၊ မကွေး၊ ပြည် စသည့်မြို့နယ်များကလည်း ဘုရားဖူးမြော်ရန် ရောက်ရှိလာကြ၏။

## ညှိခံကျွေးမွေး

ဘုရားဖူးရောက်ရှိလာကြသော ဗုဒ္ဓဘာသာဝင်များအား နယ်မြေဒေသခံ ရခိုင်အမျိုးသားများက ထမင်း၊ ဟင်း စသည်တို့ဖြင့် တည်ခင်းဧည့်ခံကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com

ပြုစုကြ၏။

ဘုရားဖူးသူများ တည်းခိုနားနေစေရန် မိုးလုံ၊ လေလုံ အဆောက်အအုံ အဆောင်များကိုလည်း ဆောက်လုပ်ထားကြ၏။ သောက်ရေ၊ ချိုးရေ၊ သုံးရေများကိုလည်း လိုလေသေးမရှိ ပြည့်စုံဘိ၏။


အထူးသဖြင့် ဘုရားဖူးလာသူများသည် ဗုဒ္ဓ၏ ရောင်ခြည်တော်မြတ်ကို မျက်ဝါးထင်ထင် ဖူးမြော်လိုသော ဆန္ဒဖြင့် လာရောက်ကြသူများသာ ဖြစ်ကြ၏။

မှန်ပါသည်။ တန်ခိုးစွမ်းအင်ဓာတ်တန်းတင်ဘုရားသို့ ဖူးမြော်ပူဇော် ကန်တော့ရန် ရောက်လာကြသူများသည် ဗုဒ္ဓမြတ်စွာ၏ ရောင်ခြည်တော်ခြောက်သွယ်မြတ်ကို မျက်ဝါးထင်ထင် ဖူးမြင်ရသူများသာ ဖြစ်ကြ၏။

ဗုဒ္ဓ၏ ရောင်ခြည်တော်မြတ်ကား ဘုရားပွဲတော်ရက်အတွင်းမှာသော်လည်းကောင်း၊ နှစ်ဆန်းတစ်ရက်၊ နှစ်ရက်နေ့မှာသော်လည်းကောင်း ရောင်ခြည်တော်များ ကွန့်မြူးလာကြ၏။ ယင်းကြောင့်လည်း ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် တန်ခိုးစွမ်းအင် ဓာတ်တန်းတင်ဘုရားသို့ ဘုရားဖူးရန် ရောက်ရှိလာကြခြင်းသာ ဖြစ်ပါ၏။

## ထူးဆန်းအံ့ဩဖွယ်ကောင်းသော မြတ်ဗုဒ္ဓ၏ရောင်ခြည်တော်

တန်ခိုးစွမ်းအင်ဓာတ်တန်းတင်ဘုရားရှင်က ရောင်ခြည်တော်မြတ် ကွန့်မြူးလာလျှင် ရွှေတောင်၊ ငွေတောင်ဘုရားတို့နေရာ၌ ရောင်ခြည်တော်များ ကျရောက်ကာ ထိန်ဝေဖြာရောက်ရှိပါ၏။ ဘုရားကြီးမှ နှစ်စဉ်နှစ်တိုင်း ရောင်ခြည်တော် ကွန့်မြူးလေ့ရှိ၏။ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်နှင့် နတ်တောင်တို့အကြောင်းကိုလည်း ထည့်သွင်း ဖော်ပြပါမှ ပြည့်စုံနိုင်ပါလိမ့်မည်။



ဆုတောင်းပြည့် သမိုင်းဝင် ရွှေတောင်ဘုရားကြီးပုံတော်

## ရွှေတောင်၊ ငွေတောင်၏ထူးခြားချက်များ

၁။ မြတ်စွာဘုရား အလောင်းတော် နှစဉ်အခါက ရွှေတောင်၊ ငွေတောင်၌ ရသေ့ရဟန်းဘဝဖြင့် နေထိုင်သီတင်းသုံးလျက် တရားဘာဝနာပွားများ အားထုတ်ခဲ့ခြင်း။

၂။ ဘုရားအလောင်း ရသေ့၏ ရုပ်ကြွင်းအရုတ်ဓာတ်တော်စုများကို ရွှေတောင်၊ ငွေတောင်၍ ရတနာတို့ဖြင့် စေတီတည်၍ထားရှိခြင်း။

၃။ ဘုရားအလောင်းတော် နှစဉ်အခါတွင် ကြိုးကြာငှက်မင်းဘဝဖြင့် ရွှေတောင်၊ ငွေတောင်၌ ကျင်လည် ကျက်စားခဲ့ခြင်း။

၄။ ဓညဝတီပြည့်ရှင် ဘုရင်သူရိယစိတ္တရမင်းကြီးထံမှ လည်းကောင်း၊ ပါဠလိပုတ်ပြည်ရှင်ဘုရင် သီရိဓမ္မာသောကမင်းကြီးထံမှ လည်းကောင်း ရရှိသော မြတ်စွာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များကို ဝိဇ္ဇာလေးဦး ပင့်ဆောင်လျက် ရွှေတောင်၊ ငွေတောင်၌ စေတီတည်၍ ပူဇော်ခဲ့ကြခြင်း။

၅။ ဝိဇ္ဇာဇော်ဂျီတို့ ပျော်ပါးနေထိုင်ရာ တောတောင်ဖြစ်ခြင်း။

၆။ သူတော်ကောင်း သူမြတ်လောင်းတို့ ရှေးအစဉ်အဆက်ကပင် အမြဲမပြတ် တရားဘာဝနာ ကျင့်ကြံအားထုတ်နေထိုင်သည့် တောတောင်ဖြစ်ခြင်း။

၇။ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရွှေတောင်၊ ငွေတောင်သို့ ကြွရောက်တော်မူလျက် ဤရွှေတောင်၊ ငွေတောင်၌ ငါဘုရားရှင်၏ သရီရဓာတ်တော်၊ မွေတော်များကို ဌာပနာ၍ ဘုရားစေတီ တည်ထားပူဇော်ကြလိမ့်မည်ဟူ၍ ဗျာဒိတ်စကား မိန့်ကြားခဲ့သော တောင်ထူးတောင်မြတ်ဖြစ်ခြင်း။

၈။ ထူးဆန်းသော ရွက်နုပင်ပျော် (အသက်ရှည်ဆေးပင်) ဂမုန်းပင်အမျိုးမျိုး၊ နတ်စောင့်ဆေးပင်များ ပေါက်ရောက်ရှင်သန်ရာ တောတောင်ဖြစ်ခြင်း။

၉။ နတ်တို့၏စောင်းသံ၊ တူရိယာသံများကို မကြာခဏကြားရခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ ညဥ့်သန်ခေါင်အချိန်၌ ထူးဆန်းသောအရောင်အဝါများကို တစ်ခါတစ်ရံမြင်တွေ့ရခြင်း။

၁၁။ ရှေးက တောကြီးမြိုင်ကြီးဖြစ်သော်လည်း တောရိုင်းတိရစ္ဆာန်များက လူသားများအား အန္တရာယ်မပြုခြင်းစသော ထူးခြားချက်များကို ဤရွှေတောင်၊ ငွေတောင်၌ တွေ့ရှိရပါသည်။

**ရွှေတောင်၊ ငွေတောင် သဘာဝ ရှုမဝ**

ရွှေတောင်၊ ငွေတောင်သည် သဘာဝနာ ရှာမှီးသူတို့၏ နားခိုရာ ပျော်မွေ့ရာ၊ တရားအားထုတ်ရာ ဖြစ်ပါ၏။ ဆိတ်ငြိမ်အေးချမ်းသာယာသော တောသဘာဝ၊ တောင်သဘာဝဖြစ်၍ လည်း ရှေးယခင်ကပင် စဉ်ဆက်မပြတ် သူတော်စင်များ၊ သီတင်းသုံး နေထိုင်ခဲ့ကြပေသည်။ တကယ့်သာသနာ့ရိပ်သာ ဖွယ် ဘုမိနက်သန်မြေမြတ်မွန်ပင် ဖြစ်ပေသည်။

**ပတ္တမြားစေတီ**

ရွှေတောင်၏ မြောက်ဘက်တွင် ပတ္တမြားတောင် ဟူ၍ ရှိပါ၏။ ရွှေတောင်နှင့် ပတ္တမြားတောင်သည် တစ်ဆက်တည်းဖြစ်၏။ ပတ္တမြားတောင်သည် ရွှေတောင်ထက် ပေ (၁၀၀) ကျော်ခန့် မြင့်၏။ ရွှေတောင်နှင့်ပတ္တမြားတောင်ကိုဆက်စပ်လျက် တံတားသဖွယ် ခင်တန်းတစ်ခု ဆက်သွယ်ထားသဖြင့် သွားရေးလာရေး မခက်ခဲပါ။ ပတ္တမြားတောင်ထိပ်မှ လှမ်းမျှော်ကြည့်လျှင် တန့်ခိုးစွမ်းအင်ဓာတ်တန်းတင်ဘုရားကြီး၏ ရွှေထီးတော်ကို မြူမှောင်ကြားထဲ ကြယ်ရောင်၊ လရောင်ပမာ ပူဇော်နိုင်ပါ၏။

ပတ္တမြားတောင်ထိပ်တွင် ၁၃၅၂ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့နံနက် ၉ နာရီ (၄၅) မိနစ်အချိန်မှာ ပတ္တမြားစေတီတော်ကို ပန္နက်တင် အုတ်မြစ်စီမင်္ဂလာကို ကျင်းပ ပြုလုပ်ကြ၏။

**လောကနာထစေတီတော်**

ရွှေတောင်၊ ငွေတောင်၊ နတ်တောင်၊ ပတ္တမြားတောင် ဟူ၍ တောင်လေးလုံး တည်ရှိ၏။ ရွှေတောင်၊ ငွေတောင်၊ နတ်တောင်တို့မှာ ဖိုခုံလောက်ကဲ့သို့ သုံးလုံးဆိုင်တည်ရှိပြီး ရွှေတောင်နှင့် ပတ္တမြားတောင်မှာ တစ်ဆက်တည်းတည်ရှိ၏။ ထိုတောင်များ၏ အမြင့်ပေမှာ -

၁။ ရွှေတောင်၏အမြင့်ပေမှာ (၁၀၁) ပေ၊

၂။ ငွေတောင်၏အမြင့်ပေမှာ (၁၅၅) ပေ၊

၃။ ပတ္တမြားတောင်၏ အမြင့်ပေမှာ (၂၀၀)ပေနှင့် နတ်တောင်၏အမြင့်ပေမှာ (၂၄၀) ပေ အသီးသီး ဖြစ်ကြ၏။

အဆိုပါ တောင်များတွင် အမြင့်ဆုံးဖြစ်သော ပေ (၂၄၀) ရှိ နတ်တောင်မည်ခေါ် တောင်ထိပ်ပေါ်၌ လောကနာထ ဘွဲ့နာမဖြင့် စေတီတစ်ဆူ တည်ထားကြပါ၏။


လောကနာထစေတီတော်မြတ်၏ ဉာဏ်တော်အမြင့်မှာ (၃၅) ပေ ဖြစ်၏။ အထက်ပစ္စယံတွင် စေတီငယ် (၁၂) ဆူ၊ မုခ်ငယ် (၈) မုခ်နှင့် အောက်ပစ္စယံတွင် မုခ်ကြီး (၄) မုခ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသဖြင့် အလွန်ပင် ကြည်ညိုဖွယ်ကောင်းလှပါ၏။

**ဓာတ်တော်ကွန့်မြူးလက်တွေ့ဖူး**


ရွှေတောင်၊ ငွေတောင်နှင့် တန်ခိုးစွမ်းအင်ဓာတ်တန်းတင်ဘုရားကြီးသည် သမိုင်းကြောင်းအရ ဆက်စပ်နေသဖြင့် ဤအခန်းကဏ္ဍမှာ ဓာတ်တော် ကွန့်မြူးပုံများကို ကိုယ်တိုင်ဖူးမြော်ပူဇော်ရသော ပုဂ္ဂိုလ်တို့၏ပြောစကားကို တင်ပြပါမည်။

ရွှေတောင်ဆရာတော် ဘဒ္ဒန္တနန္ဒိယသည် တန်းတင်ဓာတ်တော်ဘုရားကြီးရင်ပြင်တော်တွင် ၁၃၃၇ ခုနှစ်မှ ၁၃၄၈ ခုနှစ်ထိ သီတင်းသုံးနေထိုင်လျက် ဗုဒ္ဓဝေယျာဝစ္စများကို ဆောင်ရွက်နေစဉ် ဆရာတော်ကိုယ်တိုင် ဓာတ်တော်ကွန့်မြူးနေသည်ကို ဖူးမြော်ရခဲ့၏။

ဓာတ်တော်ဘုရားကြီးမှ ပုလဲလုံး၊ ရွဲလုံးကလေးများကို အစုအပြုံလိုက် ဖြန့်ကြဲလိုက်သလို သွယ်တန်းလျက် ရွှေ



ပတ္တမြားစေတီပုံတော်



၁၃၆၆ ခုနှစ်၊ နှစ်ဆန်း (၁) ရက်နေ့ည ရောင်ခြည်တော်ကွန့်မြူးနေစဉ် ဖူးမြော်ရပုံ



ပတ္တမြားတောင်ခြေရင်း မျှာရုံ



www.burmeseclassic.com

www.burmeseclassic.com


တန်းတိုးနတ်တောင်ပေါ်မှနေ၍ ရွှေတောင်ငွေတောင်၌ တည်ဆောက်ထားသော ဘုရားပုထိုး အဆောက်အဦးများနှင့် သဘာဝရှုခင်းပုံ

တောင်ဘက်သို့ ထက်ကောင်းကင်က ချာန်ယာဉ်စီးကာ လျှင်လျားစွာ ကြွသွားသည်ဟု ဆိုပါ၏။ ရွှေတောင်သို့ရောက်လျှင် ကောင်းကင်တစ်ခုလုံး လင်းထိန်နေရာ ဖြူဖွေးသောအရောင်၊ ဝါရွှေသော အရောင်အလင်းကို (၅) မိနစ်ခန့် လင်းတစ်ခါ၊ မှိန်တစ်လှည့် ဖူးမြင်ရသည်ဟု ဆရာတော်က မိန့်ဆိုပါ၏။

ဆရာတော် တွေ့မြင်ရသော ထူးဆန်းသည့် အရာဝတ္ထုတစ်ခုမှာ ညဉ့်အချိန် (၉)နာရီခန့်တွင် ရွှေတောင်တောင်ထိပ်ပေါ်က ဖြူဖြူဖွေးဖွေး အရောင်အလင်းတစ်ခု ကောင်းကင်သို့ သွယ်သွယ်တန်းတန်း ထိုးတက်လျက် လျှပ်စစ်မီးရောင်လို အလင်းတန်းသည် မြေပြင်နားဘက်မှ သေးငယ်ပြီး ကောင်းကင်ဘက်က ကျယ်ပြန့်စွာ ဖြာထွက်နေသည်ကို ဆရာတော်ကြီးသည် တန်းတင်မာတ်တော်ဘုရားရင်ပြင်တော်မှ ဖူးမြင်ရပါ၏။ အဆိုပါ အလင်းတန်းသည် (၁၅) မိနစ်ခန့်အကြာမှ ပျောက်ကွယ်သွားသည် ဆိုပါ၏။

ဒါယကာတစ်ဦးကလည်း ၁၃၃၀ ပြည့်ခန့်က ဖူးတွေ့ရသည်ဟု ဆိုပါ၏။ တစ်နေ့သော ညနေဆည်းဆာချိန် ဘုရားပူဇော်ရန် တန်းတင်မာတ်တော်ဘုရားကြီးသို့သွားရာ ဘုရားအနီးရောက်လျှင် စေတီတော်ကြီး၏ သပိတ်မှောက်နှင့် ထီးတော်တို့တွင် ဖြူသော၊ ရွှေသော အရောင်အဝါများသည် လူးလာတဲ့ ခေါက် စကြိုလျှောက်သကဲ့သို့ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးမြင်ရ၏။ ပြေးသွားလိုက်၊ ရပ်တန့်လိုက်၊ လင်းချည်၊ မှိန်ချည်ဖြင့် ကြည်နူးဖွယ်ရာ ဖူးမြော် ပူဇော်ရသည်ဟု ဆိုပါ၏။

အောင်သပြေရွာမှ ဦးပဉ္စင်းတစ်ပါး တန်းတင်မာတ်တော်ဘုရားကြီး ရင်ပြင်တော်တွင် သီတင်းသုံး နေထိုင်ခဲ့၏။ ယင်းအချိန်က မာတ်တော်ဘုရားကြီး၌ လျှပ်စစ်မီးစက်မရှိသေးပါ။ လက်တောင် (၂၀) ကျော်ရှည်သော သစ်သားတိုင်တွင် လေထိုးမာတ်မီးကို ကြိုးဖြင့် ဆွဲတင်၍ ဦးပဉ္စင်းကြီး နေ့စဉ်နေ့တိုင်း ဘုရားကြီးအား မီးပူဇော်ပါ၏။

ဦးပဉ္စင်းကြီးသည် လကွယ်နေ့တစ်နေ့ ဘုရားကြီးအား မီးပူဇော်ရန် လေထိုးမာတ်မီးကို ထွန်းညှိလျက် ကြိုးဖြင့် ဆွဲတင်နေစဉ် စေတီတော်သို့လည်း မော်ကြည့်လိုက်၏။ ထိုအခါ မာတ်မီးအလင်းရောင်ကို လွှမ်းဖုံးလျက် စေတီတော်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေ၏။ မာတ်တော် ကွန့်မြူးနေခြင်းပင် ဖြစ်၏ဟု ဦးပဉ္စင်းကြီးက ပြောပြခဲ့ပါ၏။

ဤသို့ဖြင့် တန်ခိုးစွမ်းအင်မာတ်တန်းတင်ဘုရားကြီးကား နှစ်စဉ်နှစ်တိုင်း ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးလျက်ရှိပါ၏။

ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်သွယ်ကို ဖူးမြော်လိုပါက ရခိုင်ပြည်နယ် အမ်းမြို့နယ် တန်ခိုးစွမ်းအင်မာတ်တန်းတင်ဘုရားကြီးသို့ ကြွလှမ်းခဲ့ပါလို့ ဖိတ်မန္တကပြုလိုပါ၏။

ဘုရားကြီး၏ မာတ်တော်ရောင်ခြည်တော် ကွန့်မြူးသောအချိန်မှာ တာသကြာန်အချိန်အခါပင် ဖြစ်ပါ၏။ တစ်နှစ်တလေမှာ နှစ်ဆန်း ၁ ရက်၊ ၂ ရက်နေ့များတွင် ခြောက်ရောင်ခြည် ကွန့်မြူးလာပါ၏။

ဗုဒ္ဓဘာသာဝင်များ ကုသိုလ်တရားတိုးပွားစေရန်ရည်သန်၍ ဤဆောင်းပါးကို ရေးသားလိုက်ရပေ၏။ ကုသိုလ်ဒါနသဒ္ဓါရှင်လန်း ဖြစ်ထွန်းနိုင်ကြပါစေ။

*နိဗ္ဗာန်အကျိုးမျှော်၍*
*နှီးဆော်ရပါ၏*

မဟာနွယ် (မန်းတက္ကသိုလ်)

**ကိုးကားချက် -**

၁။ တန်းတင်မာတ်တော်သမိုင်း
၂။ ဂေါပကအဖွဲ့ဝင်လူကြီးများ ပြောပြချက်
၃။ ယူဇန(ကျောက်ဖြူ) ရွှေတောင်ဘုရားကြီးသမိုင်း
၄။ စာရေးသူကိုယ်တိုင် ကွင်းဆင်း လေ့လာချက်

www.burmeseclassic.com

# ပုဇော်စီးဖြန်း မြတ်ပဋ္ဌာန်း

အရှင်နိမ္မလ(ချမ်းအေးတိုက်ခွဲ-၄)မော်ဘီ



ဂေါတမ မြတ်စွာဘုရားသည် ...ဘာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူ၏။ ဘုရားဖြစ်ပြီးနောက် စတုတ္ထသတ္တာဟ၌ စံနေတော်မူခိုက် အဘိဓမ္မာ(၇)ကျမ်းကို သုံးသပ် ဆင်ခြင်တော်မူ၏။

အဘိဓမ္မာပိဋကမှာ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်္ဂကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းများ ဖြစ်၏။ အဘိဓမ္မပိဋက (၇) ကျမ်းဟု ခေါ်၏။

ဓမ္မသင်္ဂဏီကျမ်းမှစ၍ သုံးသပ်ဆင်ခြင်ပါသည်။ ယမိုက်ကျမ်းကို သုံးသပ်ပြီးသည်အထိ ရောင်ခြည်တော်ခြောက်သွယ် မထွက်ပေါ် မကွန့်မြူးသေးပေ။ ခုနစ်ကျမ်းမြောက်သော ပဋ္ဌာန်းတရားတော်ကြီးကို သုံးသပ် ဆင်ခြင်သောအခါမှ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ် ကွန့်မြူးလာလေသည်။

မြတ်စွာဘုရားသည် (၇) ကျမ်းကို ခြောက်ဝါအလွန် ခုနစ်ဝါအရောက် သက်တော် (၄၂) နှစ်အရွယ်တွင် တာဝတိံသာ၌ ဟောတော်မူ၏။ အဓိကအားဖြင့် မယ်တော် မိနတ်သားကို နို့ဖိုးကျေးဇူးဆပ်လို၍ ဟောကြားခြင်း ဖြစ်သည်။ နတ်ပြဟ္မာပရိသတ်များကိုလည်း ဟောတော်မူ၏။

အဘိဓမ္မာ (၇) ကျမ်းကို တာဝတိံသာနတ်ပြည်၌ ရက်ပေါင်း (၉၀) သုံးလကြာအောင် ဟောတော်မူရ၏။ ရှေးပညာရှိတို့ စဉ်ဆက်မှတ်သားထားချက်အရ ဓမ္မသင်္ဂဏီကျမ်း (၁၂) ရက်၊ ဝိဘင်း (၁၂) ရက်၊ ဓာတုကထာ (၆) ရက်၊ ပုဂ္ဂလပညတ် (၇) ရက်၊ ကထာဝတ္ထု (၈) ရက်၊ ယမိုက် (၂၀) ရက်၊ ပဋ္ဌာန်းကျမ်း (၂၅) ရက် ဟောကြားခဲ့ကြောင်း မှတ်သားရပါသည်။

အကျယ်နည်းဖြင့် ဟောခဲ့၏။ အရှင်သာရိပုတ္တရာကို ပြန်ဟောတဲ့အခါမှာ အကျဉ်းနည်းဖြင့် ဟောတော်မူ၏။ အရှင်သာရိပုတ္တရာသည် သူ၏ တပည့်ရဟန်းငါးရာကို မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြား ပို့ချခဲ့၏။ ပဋ္ဌာန်းတရားတော်ကြီးကို ယနေ့ရဟန်းရှင်လူတို့ နာယူသင်ကြားပို့ချနေနိုင်ခြင်းမှာ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကြောင့် ဖြစ်ပါသည်။

ပဋ္ဌာန်း ဟူသော ဝေါဟာရသည် ပဋ္ဌာန ဆိုသော ပါဠိမှ ဆင်းသက်လာခြင်း ဖြစ်၏။

ပဋ္ဌာနံ - အမျိုးမျိုးသောကြောင့်
ပဋ္ဌာန - ဝေဖန်ခြင်း
ပဋ္ဌာန - ကျက်စားသွားလာရာ
ထို့ကြောင့် -

(က) အကြောင်းအမျိုးမျိုးကို ဟောတော်မူသောကျမ်း၊
(ခ) ကုသိုလ်တရားတို့ကို ၂၄-ပစ္စည်းတို့ဖြင့် ဝေဖန်ထားသောကျမ်း၊
(ဂ) သဗ္ဗညုတဉာဏ်၏ လွတ်လွတ်လပ်လပ် ကျက်စား သွားလာရာကျမ်းဖြစ်၍ ပဋ္ဌာန်းကျမ်းဟု ခေါ်ဆိုခြင်း ဖြစ်၏။

လောကကြီးတွင် အကျယ်ဝန်းဆုံးဖြစ်တဲ့ အရာဌာနကြီး လေးမျိုး ရှိ၏။

၁။ သံသာရသာဂရ - သံသရာပင်လယ်ကြီး၊
၂။ ဇလသာဂရ - ရေပင်လယ်ကြီး၊
၃။ နယသာဂရ - ပဋ္ဌာန်းကျမ်းကြီး၊
၄။ ဉာဏသာဂရ - ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီး။

ပဋ္ဌာန်းကျမ်းကြီးမှာ နယသာဂရအဖြစ် မှတ်တမ်းတင်ခံရသဖြင့် အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးဟုခေါ် ဆိုကြ၏။

ပဋ္ဌာန်းပါဠိတော်သည် ဆဋ္ဌမသင်္ဂါယနာတင်မူ ပါဠိတော်အုပ်ရေ (၅) အုပ်ရှိပြီး စာမျက်နှာပေါင်း (၂၆၄၀) ရှိ၏။ အသံမစဲ မနားတမ်းဖတ်သွားပါက (၁၃၂) နာရီ ရွတ်ဖတ်ရ၏။

ပဋ္ဌာန်းကျမ်းတော်ကြီးမှာ ပါဠိအနေအဖြစ် အနန္တအပိရမာဏ အဆုံးအပိုင်းအခြားမရှိအောင် ကျယ်ဝန်းလှသောကျမ်းကြီးဖြစ်၍ ထိုကျမ်းကြီးပုဒ်အစဉ်နှင့် အဓိပ္ပာယ်များကို ပြည့်ပြည့်စုံစုံ ဖွင့်ပြမည်ဟု တစ်စုံတစ်ယောက်က ကြိုးစားခဲ့လျှင် အသက်သာကုန်ဆုံးသွားဖွယ်ရာရှိသည်။ ပဋ္ဌာန်းကျမ်းကြီးကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီးမည် မဟုတ်ပေ။

ရုပ်စုံပဋ္ဌာန်းဆရာတော်ဟု ကျော်ကြားသော ဆရာတော် ဦးကုဏ္ဍသတ္တသည် ပဋ္ဌာန်းဆိုင်ရာ လေ့လာသူများ အလွယ်တကူ သဘောပေါက် နားလည်စေရန် ပဋ္ဌာန်း-၂၄ပစ္စည်း၏အဓိပ္ပာယ်ကို သရုပ်ဖော် ရုပ်ပြပန်းချီကားများ ရေးဆွဲ၍ ရှင်းလင်းပြသောကြောင့် ပဋ္ဌာန်းကျမ်းစာကို ရဟန်းရှင်လူများ ပိုစိတ်ဝင်စားလာကြ၏။ ပဋ္ဌာန်း-၂၄ပစ္စည်းနှင့် ပစ္စယုပ္ပန်တရားများကို လောကဥပမာဖြင့် ယှဉ်တပ်၍ ရေးဆွဲပြသထားသောကြောင့် ရုပ်ပုံပန်းချီကားကို ကြည့်လိုက်ရုံဖြင့် ပဋ္ဌာန်းကို အလွယ်တကူ ရိပ်စားမိကြသည်။

၂၄-ပစ္စည်း ရုပ်စုံပဋ္ဌာန်း

| | ပစ္စည်းအမည် | လောကဥပမာ |
|---|---|---|
| ၁။ | ဟေတု | ရေသောက်မြစ် |
| ၂။ | အာရမ္မဏ | တောင်ဝှေး၊ ကြိုးတန်း |
| ၃။ | အဓိပတိ | စကြာမင်းအုပ်စိုးနည်း |
| ၄။ | အနန္တရ | စကြာမင်း နတ်ရွာစံ၊ သားကြီး အမွေခံ |
| ၅။ | သမနန္တရ | စကြာမင်း တောထွက်၊ သားကြီး အမွေဆက် |
| ၆။ | သဟဇာတ | ဆီမီးတောက်သော် အလင်းပေါ် |
| ၇။ | အညမည | သစ်သားသုံးခွ ချက်ချင်းမ |
| ၈။ | နိဿယ | သစ်ပင်တည်ရာ မြေပမာ |
| ၉။ | ဥပနိဿယ | မိုးကြီးပမာ |
| ၁၀။ | ပုရေဇာတ | ကမ္ဘာဦးက နေနှင့်လ |
| ၁၁။ | ပစ္ဆာဇာတ | လင်းတငယ် အစာမျှော် |
| ၁၂။ | အာသေဝန | ရှေးရှေးထုံးထား၊ နံ့သာလား |
| ၁၃။ | ကမ္မ | မျိုးစေ့သဘာဝပမာပြ |
| ၁၄။ | ဝိပါက | ချမ်းရိပ်နားနေ၊ သွန်းလေပြည် |
| ၁၅။ | အာဟာရ | အိမ်ကိုကျားကန် ပံ့သဏ္ဍာန် |
| ၁၆။ | ဣန္ဒြိယ | ပဒေသရာဇ်ဘုရင် အုပ်စိုးနည်း |
| ၁၇။ | ဈာန | သစ်ပင်၊ တောင်ထိပ်ပေါ် မှကြည့်သူ |
| ၁၈။ | မဂ္ဂ | ပမာကူးတို့ ဆောင်ယူပို့ |
| ၁၉။ | သမ္ပယုတ္တ | စတုမဓူရောသည့်တူ |
| ၂၀။ | ဝိပ္ပယုတ္တ | ရသာခြောက်ပါး ရောစပ်ထားသို |
| ၂၁။ | အတ္ထိ | မြေကြီးမြင်းမိုရ် ထောက်ပံ့သလို |
| ၂၂။ | နတ္ထိ | ငြိမ်းသေလေပြီး ဆီမီးပမာ |
| ၂၃။ | ဝိဂတ | နေရောင်ပျောက်ကင်း လရောင်လင်း |
| ၂၄။ | အဝိဂတ | ငါးတို့ပျော်ရာ မဟာသမုဒ္ဒရာ |

ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြား နာယူခြင်းကြောင့် ရုပ်, နာမ်, ဓမ္မ, ခန္ဓာအစဉ်သဘာဝကို ပိုင်းခြား ဝေဖန်တတ်သော နာမရူပပရိစ္ဆေဒဉာဏ်ရင့်သန်လာခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရာလမ်းကြောင်း အထောက်အပံ့ကောင်းဖြစ်စေခြင်း၊ ဘေးဥပဒ်အန္တရာယ်ရန်အသွယ်သွယ်တို့ ကင်းဝေး၍ ကိုယ်၊ စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်းနှင့် ကျက်သရေမင်္ဂလာအဖြာဖြာပြည့်စုံခြင်းအကျိုးများ ရရှိနိုင်ပါသည်။

ဒေါ်ခင်ဌေးမြင့် ရေးသား ပူဇော်သော ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြားနာယူခြင်း၏ အကျိုးတရားများကို ပစ္စည်းပိုင်းခွဲ၍ ဖော်ပြထားပါသည်။

၁။ အတ္ထိပစ္စည်းတွင် လောဘ၊ ဒေါသ၊ မောဟစိတ်များကြောင့် မကောင်းသော ရုပ်၊ နာမ် ဖြစ်ရပြီး အလောဘ (မလိုချင်မှု ပေးစွန့်မှု)၊ အဒေါသ(မေတ္တာ)၊ အမောဟ(ပညာ)ကြောင့် နာမ်နှင့် ရုပ်များ အေးချမ်းမှုရရှိကြောင်း သိရပါသည်။

'ကမ္မပစ္စည်း' နှင့် 'ဝိပါကပစ္စည်း' တွင် ကောင်းသောမျိုးစေ့စိုက်မှ ကောင်းသောအသီးသီးရမည်ဖြစ်သလို ကောင်းသောကံ၏အကျိုး (ဝိပါက်) ရရှိမည်ဖြစ်ကြောင်း သိရပါသည်။

'ဥပနိဿယပစ္စည်း' တွင် ရှေးကုသိုလ်တရားတို့သည် နောက်ကုသိုလ်တရားများ၏ မှီရာအကြောင်းရပ် ဖြစ်ကြောင်း၊ ရှေးအကုသိုလ်တို့ကလည်း ထိုနည်းတူပင်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင် 'အာသေဝနပစ္စည်း'တွင် ကုသိုလ်တရားများ ထပ်ခါတလဲလဲ ပြုလုပ်၍ ကုသိုလ်တရားပွားလာပုံ၊ အကုသိုလ်များ ထပ်ခါတလဲလဲပြုလုပ်၍ ပိုညစ်နွမ်းပုံများ သိရှိရသဖြင့် မကောင်းသော အကုသိုလ်များကို ရှောင်၍ ကောင်းမှုကုသိုလ်ကို တိုးပွားအောင် ကြိုးစားသင့်ကြောင်း သိရှိရပါသည်။

အာရမ္မဏပစ္စည်းတွင် အာရုံခြောက်ပါးကြောင့် အာရုံကို သိခြင်း၊ ဝိညာဏခြောက်ပါးဖြစ်ပေါ်လာပုံ၊ အာရုံက ရုပ် ဖြစ်ပြီး ဝိညာဏမှာ နာမ် ဖြစ်ကြောင်း သိခွင့်ရပါသည်။

'အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း' ကို လေ့လာသောအခါ စိတ်သည် ရေအလျဉ် စီးဆင်းသလို ရှေ့စိတ်နောက်မှ နောက်စိတ်လိုက်နေ၍သာ ဆက်တိုက်ဟု ထင်နေရကြောင်း၊ ရှေ့စိတ်ပျက်သုဉ်း၍သာ နောက်စိတ်ဖြစ်ပေါ်လာရကြောင်း၊ စိတ်မှာ အစဉ်မြဲမနေ၍ ဖြစ်ပျက်အနိစ္စသဘောကို ဆင်ခြင်ရပါသည်။

ရှေ့စိတ်ပျက်သုဉ်းပြီး နောက်စိတ်အစဉ်လိုက်၍ ဖြစ်ပေါ်ပုံကို ရှေ့စိတ်မရှိခြင်းသဘောအရ လည်းကောင်း၊ ကင်းခြင်း 'ဝိဂတပစ္စည်း' သဘောအရ လည်းကောင်း သိလာရပါသည်။

စိတ်အစဉ်ဆက်ရာတွင် ဤဘဝစုတိစိတ်သည် နောက်ဘဝပဋိသန္ဓေစိတ်ဖြစ်လာသဖြင့် ဤဘဝပြီးလျှင်ပြတ်သည်ဟူသော ဉစ္ဆေဒဒိဋ္ဌိလည်းပြုတ်သွားစေပါသည်။

အသက်လိပ်ပြာကောင်က အမြဲရှိပြီး တစ်ဘဝမှတစ်ဘဝသို့ ကူးသည် ဟူသော သဿတဒိဋ္ဌိလည်း ပြုတ်သွားစေပါသည်။ အကြောင်းအကျိုးကြောင့် ဖြစ်တဲ့ ရုပ်၊ နာမ်သာရှိကြောင်းကို သိရှိရသဖြင့် သူ, ငါအစွဲ သက္ကာယဒိဋ္ဌိလည်း ပြုတ်သွားစေပါသည်။

ရုပ်နှင့်နာမ်များ အတူတကွ ထင်ရှားရှိခိုက်တွင်သာ ကျေးဇူးပြုခြင်းကို 'အတ္ထိပစ္စည်း' သဘောအရ လည်းကောင်း၊ မကင်းချုပ်ခိုက်တွင် အကျိုးပြုခြင်းကို 'အဝိဂတပစ္စည်း' သဘောအရ လည်းကောင်း အကျိုးသက်ရောက်ကြောင်း သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သဟဇာတပစ္စည်းတွင် နာမ်များ၊ ရုပ်များ၊ ရုပ်,နာမ်များ အတူတကွ ဖြစ်ပေါ်ကြပုံ၊ 'အညမညပစ္စည်း'တွင် ယင်းတို့အပြန်အလှန်ဖြစ်စေပျက်စေပုံ၊ 'နိဿယပစ္စည်း'တွင် ယင်းတို့ တစ်ခုကိုတစ်ခု အမှီသဟဲပြုကြပုံတို့ကို စုံလင်စွာ သိရသဖြင့် ရုပ်, နာမ်တရားတို့သည် ကိုယ်၏ စေခိုင်းချက်မပါ၊ ကိုယ့်အလိုမပါ၊ သူ့သဘောအတိုင်း သူဆောင်နေသော ကိုယ်မပိုင်သော အနတ္တတရားများသာ ဖြစ်ကြောင်း သဘောပေါက်လာရပါသည်။

အာရုံများနှင့် ဝတ္ထုများသည် 'ပုရေဇာတပစ္စည်း' သဘောအရ ရှေ့ကဖြစ်နှင့်၍ 'ပစ္ဆာဇာတပစ္စည်း' သဘောအရ နာမ်တရား(သိစိတ်)များက နောက်ပေါ်လိုက်၍ဖြစ်ရပါသည်။ နောက်မှဖြစ်သော စိတ်ထားနာမ်တရားများ ကောင်းမှ ရှေ့ကဖြစ်နှင့်သော ကိုယ်ကာယရုပ်တရားများ ရှင်သန်လန်းဆန်းနိုင်မည်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

ကျွန်ုပ်တို့သည် ယခင်က အာဟာရဆိုလျှင် စားစရာအဖြစ်သာ သိထား၏ ယခုမှ ရုပ်အာဟာရ၊ နာမ်အာဟာရ အကြောင်း သိရှိရပါသည်။ နာမ်အာဟာရ မည်မျှအရေးကြီးပုံကို အာဟာရပစ္စည်းတွေ တွေ့မြင်ခဲ့ရပါသည်။

'အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း' တွင် ရုပ်၊နာမ်အစိုးရပုံတို့ကို သိလာရခြင်းကြောင့် ကိုယ်၊စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်း၍ ကောင်းမှုများကို အထူးကြိုးစားပြုလုပ်ရမည် ဖြစ်ကြောင်း သိရသည်။

သုဂတိဘုံသို့ သွားရာလမ်းနှင့် နိဗ္ဗာန်သို့ သွားရာလမ်းကို 'မဂ္ဂပစ္စည်း' တွင် တွေ့နိုင်ပါသည်။

သမာဓိထူထောင်ရာတွင် အရေးကြီးသည့်အချက်များကို 'ဈာနပစ္စည်း'ကို လေ့လာခွင့်ရပါသည်။

နာမ်အချင်းချင်းသည် အမျိုးတူ၍ ရောနှောနေကြောင်းကို 'သမ္ပယုတ္တပစ္စည်း' တွင် တွေ့ရှိနိုင်ပြီး ရုပ်နှင့်နာမ်တို့မှာမူ မျိုးမတူသဖြင့် အတူဖြစ်ကြသော်လည်း ရောနှော၍မရကြောင်းကို 'ဝိပ္ပယုတ္တပစ္စည်း'တွင် တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ရုပ်, နာမ်သဘောကို ပိုမို နားလည်ခွင့်ရပါသည်။

ပဋ္ဌာန်း တရားတော်မြတ်ကြီးကို လေ့လာရခြင်းဖြင့် ကုသိုလ်၊ အကုသိုလ်တရားများ၊ ရုပ်၊ နာမ်တရားများကို သိနိုင်ရပါသည်။ ရုပ်နှင့် နာမ်တို့မှာလည်း ကြောင်းကျိုးတိုက်ဆိုင်၍သာ ဖြစ်လာရခြင်း၊ မတည်မြဲကြောင်း၊ ဖြစ်-ပျက်အနိစ္စသဘောမျှသာဖြစ်ကြောင်း၊ ကိုယ့်အလိုဆန္ဒမပါ သူ့သဘောသူသာဆောင်သော အနတ္တတရားများသာ ဖြစ်ကြောင်းကို သိရှိရပါသည်။ အချုပ်အားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ဆိုသော နာမ်နှင့်ရုပ် ပိုင်းခြားသိသောဉာဏ်ကို ရရှိစေပါသည်။

တစ်ခါတွင် မဟာဂတိဂမိယတိဿဒတ္တ အမည်ရသော မထေရ်သည် မဟာဗောဓိကို ဖူးမြော်ရန် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မှ တစ်ဖက်ကမ်းရှိ ဇမ္ဗူဒိပ် (အိန္ဒိယ) သို့ သင်္ဘောစီး၍ သွား၏။ မထေရ်သည် မဟာသမုဒ္ဒရာရေပြင်ကြီးကိုကြည့်၍ ဤကဲ့သို့ စဉ်းစားနေ၏။ မဟာသမုဒ္ဒရာကြီးက ကျယ်ဝန်းသလား သို့မဟုတ် နည်းစုံပြွမ်းသော သမန္တပဋ္ဌာန်းကျမ်းကြီးက ကျယ်ဝန်းသလား။ ဤသို့ကြံစည်တွေးတောရင်း မဟာသမုဒ္ဒရာ၏ကမ်းကို တွေ့မြင်လေ၏။

'ဤသမုဒ္ဒရာအောက်တွင် မြေပြင်ရှိ၏။ အထက်တွင် ကောင်းကင်ပြင်ဖြင့် ပိုင်းခြားထား၏။ ရေပြင်ကြီး၏ တစ်ဖက်တွင် စကြဝဠာတောင်တန်းဖြင့် နှုတ်ခမ်းသတ်ထား၏။ ရေပြင်ကြီး၏ အခြားတစ်ဖက်တွင် ဆိုက်ကပ်စရာ ဆိပ်ကမ်းရှိ၏။ ပဋ္ဌာန်းကျမ်းကြီးသည် ထက်,အောက်၊ ဝဲ,ယာ ဘယ်မှာမှ ကလနားသတ်မှတ်ချက်မရှိ။ နက်နဲကျယ်ဝန်းလှပေတကား'

ဤသို့ ဆင်ခြင် စဉ်းစားရင်း ဓမ္မာရမ္မဏ ပီတိဖြစ်ပေါ်လာလေ၏။ ထိုနောက် ပီတိကို ခွာ၍ ဝိပဿနာကို ပွားများလေသော် တစ်တိုင်ချင်းဖြင့် ကိလေသာကွာ၍ အရဟတ္တဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များတွင် ပဋ္ဌာန်းတရားတော်ကြီးသည် အလေးနက်ဆုံး၊ အခက်ခဲဆုံး၊ အထူးခြားဆုံး၊ အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်ပေတော့သည်။

အသိဉာဏ်ပညာကြီးရင့်ကြောင်း၊ ကိလေသာကွာရှင်းကြောင်း ဖြစ်သော ပဋ္ဌာန်းပါဠိတော်ကြီးများကို သာသနာတော်ကြီးနှင့် တွေ့ကြုံဆဲအခါတွင် လူဖြစ်ရကျိုးနပ်ကြရလေအောင် လေးလေးစားစား မှတ်သား ဆောင်ရွက်သင့်ကြပေသည်။

အရှင်နိမ္မလ
(ချမ်းအေးတိုက်ခွဲ-၄ )မော်ဘီ

**ကိုးကားသောကျမ်းစာရင်း**

၁။ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ တိပိဋက ဓရ ဓမ္မဘဏ္ဍာဂါရိက (ရေစကြိုဆရာတော်)
၂။ ပဋ္ဌာန်းပူဇော်ပွဲ မာဂဓီ (သာစည်)
၃။ ပဋ္ဌာန်းတရားတော် အနှစ်သာရနှင့် အကျိုးကျေးဇူးများ ဒေါ်ခင်ဌေးမြင့် (Hilda)

မိုးစက်အလင်္ကာဝါ(ရောဝတီ)

## ငှက်ဖျားရောဂါအတွက် ဆေးတစ်ခွက်

ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အဖြစ်များဆုံးသော ရောဂါတစ်ခု ဖြစ်လေသည်။ ငှက်ဖျားရောဂါအတွက် ပျောက်ကင်းစေနိုင်သော မြန်မာတိုင်းရင်းဆေးများ စွာရှိသည့်အထဲမှ ဆေးနည်းကောင်းတစ်လက် ဖော်ပြပေးပါရစေ။

ပထမဦးစွာ -

၁။ ကွမ်းရိုး (၂၇) ရိုး
၂။ ငရုတ်ကောင်း (၂၇) စေ့
၃။ တောရိုင်းကွမ်းရွက် (၂၇) ရွက် (ထိပ်ပိုင်းနှင့်အမြီးပိုင်းတစ်လက်မခန့်ဖြတ်ပစ်ပါ။)

ရိုးရိုးကွမ်းရွက်နှင့်လည်း ရသည်။ သို့သော် တောရိုင်းကွမ်းသည် ဤနေရာ၌ အဓိက အသုံးဝင်၏။ ၎င်းဆေးအမည်သုံးမျိုးအား ညက်နေအောင် ကြိတ်ခြေ၍ (၂၇) လုံးရအောင်လုံးပါ။ တစ်ရက်လျှင် (၃) လုံးနှုန်း သောက်ရမှာဖြစ်ပြီး (၉) ရက်စာ ဖြစ်ပါသည်။ ဆေး (၂၇) လုံး (၉) ရက်စာသည် ဆေးတစ်ဖုံစာ ဖြစ်၏။ ရောဂါမပျောက်သေးလျှင် နောက်တစ်ဖုံထပ်၍ဖော်စပ်သောက်သုံးနိုင်ပါသည်။ ငှက်ဖျားတွင်သာ မဟုတ်။ ရိုးရိုးအဖျားအမျိုးမျိုးတို့အတွက်လည်း အသုံးဝင်ပါကြောင်း ရေးသားဖော်ပြပေးလိုက်ရပါသည်။

*လောကုတ်လောကီနှစ်လီအကျိုး*
*ပွားတိုးစည်ပင်နိုင်ကြပါစေဟု*
*ထာဝစဉ်ဆန္ဒပြုလျက်*
မိုးစက်အလင်္ကာဝါ (ရောဝတီ)




www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဆန်းကြယ်သော ဗုဒ္ဓ၏တန်ခိုးတော်နှင့်ကျွန်တော်၏ကိုယ်တွေ့

တက္ကသိုလ်ဝင်းမြင့်



ကျွန်တော်၏ဆောင်းပါးကို အထက်က ခေါင်းစဉ်တပ်မှသာ ပြည့်စုံလိမ့်မည်ဟု ကျွန်တော် ယူဆပါသည်။ ဗုဒ္ဓတန်ခိုးတော်သည် ထူးခြားဆန်းကြယ်သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိယုံကြည်ကြပြီး ဖြစ်ပါသည်။ ကျွန်တော်မှသာလျှင် ကိုယ်တွေ့ခံစားရသည်မဟုတ်ပါ၊ ဗုဒ္ဓဘာသာဝင်တိုင်း ကိုယ်တွေ့ခံစားရပါသည်။ အချို့သော ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓတန်ခိုးတော်ကြောင့် သေကံမရောက် သက်မပျောက်နိုင်သော ကိုယ်တွေ့ဖြစ်စဉ်များ ရှိနေကြပါသည်။ ကျွန်တော်လည်း ထူးခြား ဆန်းကြယ်သော ဗုဒ္ဓတန်ခိုးတော်ကြောင့် ကိုယ်တွေ့ ခံစားရသည်များကို အခိုင်အမာပြု၍ ပြောပြလိုပါသည်။

ဗုဒ္ဓတန်ခိုးတော်ဟု ဆိုလျှင် ဗုဒ္ဓဟောညွှန်ပြသည့် ဓမ္မတရားတော်၏အစွမ်းသည်လည်း အပါအဝင် ဖြစ်ပါသည်။

ရှမ်းပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ် ကျွန်တော် ငှက်ဖျားနှင့် အသားဝါဖြစ်၍ ဆေးချက်လွဲမှားသောကြောင့် အသက်ဆုံးရှုံးရတော့မည့် နောက်ဆုံးနေ့များသို့ ရောက်ရှိခဲ့ရပါသည်။ ဆေးချက်လွဲမှားရခြင်းမှာ ဆရာဝန်များကြောင့် မဟုတ်ပါ၊ ပတ်ဝန်းကျင်မှ စေတနာဖြင့် ဝိုင်းဝန်းပြုစုကြရင်းမှ ဆေးချက်လွဲမှားသွားခြင်း ဖြစ်ပါသည်။ တာဝန်ကျရာမြို့မှာ ကွမ်းလုံမြို့ ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပါသည်။

ငယ်စဉ်ကပင် ဗုဒ္ဓစာပေများကို လေ့လာဖတ်ရှုကျက်မှတ်သည့် ဝါသနာစိတ်အားထက်သန်မှုက ရှိခဲ့ပါသည်။ ငှက်ဖျားနှင့်အသားဝါ ဖြစ်သည့်ကာလများ၌ ကျွန်တော်သည် ပရိတ်ကြီး (၁၁) သုတ်ကို ကျက်မှတ်နေသည့်အချိန် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ငှက်ဖျားရောဂါ ခံစားနေရ ကြောင့် ကောင်းစွာ ထမင်းမစားနိုင်သော် လည်း စာကျက်တာတော့ မပျက်ပါ။ နက်အိပ်ရာထ ကော်ဖီနှင့် မုန့်စားပြီး လက်ကုလားထိုင်တွင်ထိုင်ကာ ရှုံး မီ ပရိတ်ကြီး (၁၁) သုတ်ကို ကျက် ပါသည်။ မနေ့ကအထိ ကျက်ထား သောစာများကို ပြန်လည် ရွတ်ဆို ပြီးနောက် ယနေ့ကျက်ရမည့် စာ အသစ်ကို ဆက်လက် ကျက်မှတ်ပါ သည်။ ဝန်ထမ်းအိမ်ရာဖြစ်၍ ဘုရား ရှိရာ ဧည့်ခန်းတွင် ကျွန်တော် လက်ကုလားထိုင်နှင့် စောင်ခြုံပြီး ကျက်နေသည်ကို မနီးမဝေး အိမ် ဘက် မီးဖိုချောင်မှ ဇနီးသည်က ၍ မြင်တွေ့နိုင်ပါသည်။

ယနေ့ ကျွန်တော် ကျက်မှတ်နေ မှာ ခန္ဓပရိတ် အစပိုင်းဖြစ်ပါသည်။ ရောက်တိုင်း ငှက်ဖျားတက်သော ကြောင့် နံနက်အိပ်ရာထချိန် စောင်ခြုံ စာကျက်ခြင်း ဖြစ်ပါသည်။

အလွန် အားနည်းလွန်းနေသော ကြောင့်လား မပြောတတ်ပါ၊ ကျွန်တော် ကျက်နေစဉ် သတိလစ်သွားပါတော့ ။ မည်မျှ လွန်လွန်ကဲကဲ သတိလစ် သနည်းဆိုပါလျှင် (၃) ရက်ခန့်ကြာ ပါသည်။ အိမ်ရှင်မက ပတ်ဝန်းကျင် ခေါ်၊ ဆေးရုံပို့၊ ဆေးရုံတွင် သတိ ရသလိုဖြစ်ပြီး သွေးပါသော အရည် အော့အန်၊ ပြန်၍သတိမေ့၊ လုံးဝ မရတော့ခြင်း ဖြစ်သွားပါသည်။ တော်က သတိမရတော့သဖြင့် မေ့ ထိုးထားသကဲ့သို့ ဝေဒနာမခံစားရ လည်း ဇနီးသည်နှင့် ဆွေမျိုးမိတ် တပည့်တပန်းများကတော့ ပျာယာ ၍ အလုပ်ရှုပ်ကုန်ကြပါသည်။

ဆရာဝန်များက ရောဂါပြင်းထန် ကြောင့် နေ့မကူးနိုင်တော့ဘူး ဟူ၍ပင် စကား ပြောလာကြပါသည်။ ဇနီး တော့ ဓာရဏပရိတ်ကို အ မပြတ်ရွတ်ဆိုပါသည်။ သာသနာ ကျောင်းထိုင်ဆရာတော်ဘုရားကြီး သည်-

'ဒကာကြီးတောင် ရောဂါအပြင်း ခံစားနေရသေးတာ၊ ငါက တစ်ည မကျိန်းရလို့လည်း ဘာအရေး ဒကာကြီး အမြဲဝတ်လေ့ရှိတဲ့အင်္ကျီ ကျောင်းကနေ အင်္ကျီကိုကြည့် ကြီးကို အာ ုံပြုပြီး မေတ္တာကမ္မ ဋ္ဌာန်း ဖြန့်းမယ်'

ဆိုကာ ဆောင်ရွက်ပေးပါသည်။

အခြား မိတ်ဆွေများကလည်း ဆေးဝါး၊ ဗေဒင် ယတြာတို့ဖြင့် ဆောင် ရွက်ပေးကြပါသည်။ ဟိုပန်မြို့နယ်တွင် တာဝန်ကျသော ကျွန်တော်နှင့်တစ်ပတ် စဉ်တည်း သူငယ်ချင်း ကိုစန်းလွင်က လည်း သူ့ထံ အသင့်ပါလာသည့် စပါး ကြီးသည်းခြေကို ရေစိမ်၍ ထိုရေကို ကျွန်တော့်အားတိုက်ပါသည်။ သတိမေ့ နေသဖြင့် ပါးစပ်ကို ဇွန်းဖြင့်ကန့်လန့်ပြီး ပါးစပ်ထဲ လောင်းထည့်ရပါသည်။ ကွမ်း လုံနှင့်ဟိုပန် မဝေးလှသဖြင့် ကိုစန်းလွင် က ရန်ကုန်-မန္တလေးခရီးတို့မှ ပြန်လာ တိုင်း ကျွန်တော့်ထံ ဝင်လာလေ့ရှိရာ ယခုလည်း ဘုရားတန်ခိုးတော်နှင့် ကျွန် တော့်ကုသိုလ်ကံတို့ကြောင့် တိုက်တိုက် ဆိုင်ဆိုင် တစ်နေရာက ဝယ်လာသော စပါးကြီးသည်းခြေနှင့်အတူ ရောက်ရှိ လာခြင်း ဖြစ်ပါသည်။

ကျွန်တော် သတိပြန်ရသောအခါ အားမရှိသည်မှအပ ငှက်ဖျားနှင့်အသား ဝါရောဂါလည်း ပျောက်ကင်းနေပြီ ဖြစ် ပါသည်။ ဆရာဝန်များကိုလည်း အထူး ကျေးဇူးတင်ရပါသည်။ ခေတ်မီ ဆေး ကောင်းဝါးကောင်းများဖြင့် ကုသပြီး အားဆေးများ သွင်းပေးပါသည်။

မိတ်ဆွေ အချို့က ကျွန်တော့်ကို မေးကြပါသည်။ သတိမေ့နေသောအခါ ဘာတွေ တွေ့ရသလဲ၊ ဘယ်ကိုရောက် သွားသလဲဟု။ သို့သော် ကျွန်တော် ဘာ မှလည်း မတွေ့ရပါ၊ ဘယ်ကိုမှလည်း ရောက်မသွားပါ။ ကျက်မှတ်ဆဲ ခန္ဓ ပရိတ်အစပိုင်းကို ရွတ်နေရင်းမှ သတိရ သောအခါ ဆေးရုံမျက်နှာကြက်ကို မြင် ရပါသည်။ (၃) ရက်ခန့်ကို ဒီလောက် ကြာမှန်းလည်း မသိပါ၊ ဘေးက ပြန် ပြောပြမှသာ သိရပါတော့သည်။

ခန္ဓပရိတ်တော်၏အစွမ်း၊ ဓာရဏ ပရိတ်တော်၏အစွမ်းနှင့် ဆရာတော် ကြီး၏ မေတ္တာကမ္မဋ္ဌာန်း အစွမ်းသည် ကျွန်တော့်ကို သေတွင်းမှလွတ်ကင်းစေခဲ့ ပါသည်။ ဗုဒ္ဓ၏ထူးခြားဆန်းကြယ်သော တန်ခိုးတော်ကို ကျွန်တော် ခံစားရခြင်း ပင် ဖြစ်ပါသည်။

ကျွန်တော့်ဘဝတွင် ဗုဒ္ဓ၏ထူးခြား ဆန်းကြယ်သော တန်ခိုးတော်ကို ကိုယ် တွေ့ ထပ်မံ ကြည်ညိုရပြန်ပါသည်။ ကျွန်တော် ငယ်စဉ်ကစ၍ စကားပြော လျှင် အသံကောင်းကောင်း မထွက်ပါ။ အသံတိုးပါသည်၊ အသံသေးပါသည်။ ကျယ်ကျယ်ပြော၍မရပါ။ အလုပ်တာ ဝန်ထမ်းဆောင်ရာ၌ အစည်းအဝေးခန်း ခန်းမဆောင်၊ ကွင်းပြင်ကျယ်ကြီးများ တွင် မိုက်ကရိုဖုန်း၊ အသံချဲ့စက်များဖြင့် ပြောဆိုရသဖြင့် အဆင်ပြေသော်လည်း ကျွန်တော်၏ပြောစကားအချို့ကို လုံးစေ့ ပတ်စေ့ နားမလည်ကြသည်များလည်း ရှိပါသည်။ ကျွန်တော်၏အသံကို ကျွန် တော်ကိုယ်တိုင် စိတ်ပျက်ပါသည်။ ဤ သို့ဖြင့် အငြိမ်းစားယူသည့်ကာလအထိ ပင် ဖြစ်ပါသည်။

အငြိမ်းစား ယူပြီးသည့်အခါမှ ကျွန်တော့်စိတ်က အာသာဆန္ဒတစ်ခု ဖြစ်ပေါ်လာပါသည်။ ဆရာတော် သံ ဃာတော်ကြီးများ အသံနေအသံထား ကောင်းကောင်းနှင့် ပရိတ်တော်များ ရွတ်ဆိုတော်မူကြသည်ကို ကျွန်တော် အလွန်ကြည်ညို၍ အားကျပါသည်။ လူ ပုဂ္ဂိုလ် ဥပါသကာကြီးများ အသံသြဇာ ကောင်းကောင်းနှင့် ရွတ်ဆိုပူဇော်ကြ သည်ကို ကျွန်တော် အားကျပါသည်။ ဗုဒ္ဓကိုပူဇော်ရာတွင်၊ ကုသိုလ်ကောင်းမှု ပြုရာတွင် ကာယကံဖြင့်လည်း ပူဇော်ပြု လုပ်လိုပါသည်၊ ဝစီကံဖြင့်လည်း ပူဇော် ပြုလုပ်လိုပါသည်၊ မနောကံဖြင့်လည်း ပူဇော်ပြုလုပ်လိုပါသည်။

ထိုရည်ရွယ်ချက်ဖြင့် ကျွန်တော် အသံထွက်အောင် ကြိုးစားပါတော့ သည်။ ထိုကာလများတွင် အိမ်၌ ကျွန် တော်တစ်ယောက်တည်း ရှိနေသဖြင့် ဘေးကလူများကို အားနာစရာမလိုဘဲ ကျွန်တော့်စိတ်ကူးရှိသည့်အတိုင်း ကြိုး စား ဆောင်ရွက်နိုင်ပါတော့သည်။

ကျွန်တော် ပရိတ်ရွတ်ဆိုတော့ မည့်အခါတွင် ဖြစ်စေ၊ တရားထိုင်တော့ မည့်အခါတွင်ဖြစ်စေ ဦးစွာပထမ ရတ နာမြတ်သုံးပါးကို ကန်တော့ပါသည်။ ကန်တော့ရာတွင် ဗုဒ္ဓ၏ အလုံးစုံသော သတ္တဝါတို့အပေါ် ထားရှိသော မဟာ ကရုဏာတော်မြတ်ကြီးကို လည်း ကောင်း၊ ထိုမဟာကရုဏာတော်ကြောင့် ပင် လူတကာတို့ ကျင့်ဆောင်နိုင်ရန် အ လွန့်အလွန် ခက်ခဲလှသည့် စိတ်ဖြင့်ကြံ ဆမှု (၇) သင်္ချေ၊ နှုတ်ဖြင့်ဆုတောင်းမှု (၉) သင်္ချေ၊ ပါရမီ (၁၀) ပါး အပြား (၃၀) ကို ခက်ခက်ခဲခဲ ကာယကံမြောက် ကျင့်ကြံအားထုတ်မှု (၄) သင်္ချေ၊ ကမ္ဘာ တစ်သိန်း ကာလရှည်ကြီးတစ်လျှောက် လုံး ဖြည့်ကျင့်ခဲ့သည့် မဟာပါရမီတော် မြတ်ကြီးကို လည်းကောင်း၊ မဟာကရု ဏာတော်နှင့် မဟာပါရမီတော်မြတ်တို့ ကြောင့် ရရှိတော်မူသော သဗ္ဗညုတ ဉာဏ်တော်မြတ်ကို လည်းကောင်း ရည်



www.burmeseclassic.com

www.burmeseclassic.com

# ဆီးကျောက်တည်ပျောက်ဆေး

ကောင်းထက်(ချောင်းနက်)

စာရေးသူ (၁၂) နှစ်သားခန့်ကပါ။ စာရေးသူ၏ ဘကြီး ဦးစံဘော်မှာ အသက် (၆၀) ခန့်ရှိနေပါပြီ။ ဘကြီး၏ ဆေးဖော်သုံးစွဲပုံကို စာရေးသူ မြင်တွေ့ခဲ့ရပါသည်။ စာရေးသူက ဘကြီးလိုအပ်သော သဘော်သီးအစိမ်းကို သဘော်ပင်ပေါ်တက်၍ ဆွတ်ခူးပေးခဲ့ရတာကိုး။

ဘကြီးဦးစံဘော်က ဆေးဖော်ရန်အတွက် ထန်းပင်ကျရည် တစ်မြူအိုး (လေးပုလင်းဆံ့)ဝယ်ယူထားပါသည်။ ထိုထန်းရည်အိုးထဲသို့ စာရေးသူ ဆွတ်ခူးပေးသော သဘော်သီးစိမ်း (လူကြီးလက်သီးဆုပ်သာသာခန့်)ကို ရေဆေးသန့်ရှင်း၍ ထိပ်လှီး၊ ဓားနှင့် လေးစိတ်စိတ်ကာ အစေ့များ ဖယ်ထုတ်ပြီး သဘော်သီးအခွံရော အသားပါ ပါးပါးလှီး၍ ထည့်ပါသည်။

ထို့နောက် ဆတ်သွားပင်။ အချို့နေရာများတွင် ကပ်စေးနဲ့ပင်ဟု ခေါ်ပါသည်။ အသီးမှာ ဆူးကောက်ကလေးများပါ၍ ပစ်ပေါက်ပါက အကျႌ လုံချည်တွင် ကပ်နေပါသည်။ အသီးမှည့်ရင့်ပါက နွားမြီး၊ မြင်းမြီးများတွင် ကပ်တတ်ပါသည်။ ထိုဆတ်သွားပင်တစ်တောင်ခန့်တစ်ပင်လုံးပဥ္စင်းပါးကို ဓားနှင့် နုပ်နုပ်စဉ်း၍ ထန်းရည်အိုးထဲထည့်ပါသည်။ ထို့နောက် အိုးကိုဖုံး၍ အဝတ်နှင့်လုံစွာ စည်းကာ စပါးထဲ မြှုပ်ထားပါသည်။

စပါးထဲတွင် မြှုပ်ထားပြီး (၇) ရက်ပြည့်ပါက ဖော်ယူ၍ အရည်ရောအဖတ်ပါစားသုံးပါသည်။ တစ်ခါသောက် လက်ဖက်ရည်ပန်းကန်တစ်လုံးခန့်၊ အဖတ်နှစ်ဖတ်၊ သုံးဖတ်ခန့်ပါ။ တစ်နေ့လျှင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် စားသုံးပါသည်။ ဆီးရွှင်၊ ဆီးပေါ်သည်ဟု ဆိုပါသည်။ စာရေးသူလည်း တစ်ကြိမ်ဖော်စားဖူးပါသည်။ ဆီးအနယ်အနှစ်များပါပါလာပါသည်။ ဆီးရွှင်ပါသည်။

ထိုဆေးကိုဖော်ထားသော ဘကြီးမှာ ရောဂါဘယကင်းလျက် အသက် (၈၅) နှစ်အထိ နေသွားရသည်။ ဘကြီးဆုံးတာကြာပါပြီ။ ဘကြီး၏ဆီးရွှင်ဆေးနည်းကို ဖော်ပြပေးအပ်ပါသည်။ ငွေကုန်ကြေးကျနည်း၍ ပင်ပန်းဝန်လေးမှုမရှိသဖြင့် ဆီးအတွက် ဖော်ယူသုံးစွဲကြည့်ပါရန် တင်ပြပါသည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။

*(ဘကြီး ဦးစံဘော်အား သတိရကျေးဇူးတင်စွာဖြင့် ဘကြီးအား အမှတ်တရပေ့ါ။ ဘကြီး ကောင်းရာဘုံဘဝရောက်ပါစေလို့. . .)*

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ကောင်းထက် (ချောင်းနက်)

---

မှန်း၍ 'ဗုဒ္ဓ' ဟုဆိုကာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု ရွတ်ဆို ပူဇော်ကန်တော့ပါသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာကိုယ်တိုင် ဆရာ မရှိ ပကတိ ကိုယ်တိုင်သိရှိ ဟောကြားတော်မူသော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟု ဆိုအပ်သော နိကာယ်ငါးရပ်ကို ရည်မှန်း၍ လောကီအကျိုး၊ လောကုတ္တရာအကျိုးကိုပေးစွမ်းရှိသည့် 'ဓမ္မ' ဟုဆိုကာ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဟု ရွတ်ဆိုပူဇော် ကန်တော့ပါသည်။ ထို့နောက် ဗုဒ္ဓဟောကြားတော်မူသော ဓမ္မဒေသနာတော်မြတ်များကို မမီလိုက်ရ၊ မဖူးလိုက်ရ၊ မကြားလိုက်ရ၊ မသိလိုက်ရသူ ကျွန်တော် အပါအဝင် ဝေနေယျများ သိရကြားရအောင် ခေတ်အဆက်ဆက် အခက်အခဲပေါင်းများစွာကြားမှ လက်ဆင့်ကမ်း သယ်ဆောင် သာသနာပြုကြကုန်သော သံဃာတော်မြတ်များ။ ဗုဒ္ဓကိုယ်စားပြု ရှိတော်မူကြသည့် ကုသိုလ်ပြုရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည့် သံဃာမြတ်များအား 'သံဃ' ဟု ဆိုကာ 'သံဃံ သရဏံ ဂစ္ဆာမိ' ဟု ရွတ်ဆို ပူဇော်ပါသည်။

ထို့နောက်မှ ပရိတ်တော်ရွတ်ဖတ်ခြင်း၊ တရားရှုမှတ်ခြင်းတို့ကို ပြုလုပ်မြဲပြုလုပ်ပါသည်။

ဗုဒ္ဓဘုရားရှင်အား အာရုံပြုနေစဉ် 'တပည့်တော် အသံကောင်းစွာ ထွက်ပေါ်ပါစေသတည်း' ဟု ရည်မှန်းလိုက်ပြီး ပရိတ်တော်ကို ရွတ်ဖတ်ပါသည်။ မူလရွတ်ဆိုနေကျအသံဖြင့် မဟုတ်ဘဲ လည်ပင်းကြောများနှင့် လျှာခင်ကို ညှစ်၍အော်ကာ ရွတ်ဆိုရာ ဘေးမှတစ်ဦးတစ်ယောက်ကြားလျှင် နားထောင်၍ လုံးဝ မကောင်းနိုင်ပါ။ ကိုယ်တိုင်လည်း နားကြား၍ မကောင်းပါ။ သို့သော် အသံကြီးကြီး တစ်ချက်တလေထွက်လာသဖြင့် အားမလျှော့ဘဲ စာတစ်ပိုဒ်တည်းကို မရမနေ ထပ်ကာ ထပ်ကာ ရွတ်ဆိုပါသည်။ အသံကြီးကြီးထွက်သည့်အကျင့် ရလာပါသည်။ အသံထွက် မညီညာလှသော်လည်း မူလအသံနှင့် မတူတော့သည်ကို သတိပြုမိပါသည်။

နောက် အကြံရသဖြင့် အိတ်ဆောင် ကက်ဆက်လေးကိုယူကာ အသံဖမ်းရင်း ရွတ်ဆိုကြည့်ပါသည်။ အာဋာနာဋိယသုတ်မှ 'သဒေဝကဿ၊ လောကဿ၊ သဗ္ဗေ ဇေတေ ပရာယဏာ၊ တေသာဟံ သိရသာပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ' ဟူသောအပိုဒ်ကို အသံကြီးထွက်အောင် ခက်ခက်ခဲခဲရွတ်ဆို၍ အသံသွင်းကာ ပြန်ဖွင့်နားထောင်ပါသည်။ ကက်ဆက်ထဲတွင် ကြားနေကျ မူလအသံမဟုတ်ဘဲ ပို၍ နားထောင်ကောင်းလာသည်ကိုတွေ့ရသဖြင့် ကျေနပ်အားတက်မိပါတော့သည်။ ဘုရားတန်ခိုးတော်ပေပဲဟု သဘောပေါက် ခံယူမိပါသည်။

သို့သော် အကျင့်မရသေးပါ။ စကားပြောလျှင်တော့ မူလအသံအတိုင်းသာ ဖြစ်နေပါသေးသည်။ နောက်ရက်များတွင် ညစဉ်ဆက်တိုက် ပရိတ်တော်များ ရွတ်ဖတ်၍ အသံကိုလေ့ကျင့်ပါသည်။ (၁၀) ရက်ခန့်လေ့ကျင့်လိုက်ရာ အသံကြီးကြီးဖြင့် ပရိတ်တော်များ၊ တရားစာများကို ကောင်းမွန်ချောမောစွာ ရွတ်ဆိုနိုင်လာပါတော့သည်။ နေ့လယ် နေ့ခင်းများတွင် သတင်းစာကို လေ့ကျင့် ဖတ်ရှုပါသည်။ ဖတ်ရှုရာတွင် အဆင်ပြေသော်လည်း အများနှင့် ထိတွေ့ပြောဆိုသည့်အခါ အကျင့်မရသေး၍ အခက်အခဲများ ရှိနေပါသေးသည်။ (၆) လလောက်နေသောအခါ အသံကျယ်ကျယ်ဖြင့် ပြောဆိုနိုင်လာပါတော့သည်။ တစ်နှစ်လောက်နေသောအခါ အသံ အနိမ့်၊ အမြင့်၊ အသံနေ အသံထားတို့ဖြင့် ကောင်းစွာပြောဆိုနိုင်လာပါသည်။

ဤကား ဗုဒ္ဓ၏ထူးခြားဆန်းကြယ်သော တန်ခိုးတော်ကြီးကို ကျွန်တော် ကိုယ်တွေ့ခံစားမိခြင်း ဖြစ်ပါတော့သတည်း။

တက္ကသိုလ်ငြိမ်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာသစ်ဂါထာ

ထင်ရှားအောင်



စာရေးသူသည် စာဖတ်သူအပေါင်းကို ဗုဒ္ဓဘုရားရှင်၏ ဂါထာတော်များအနက်မှ စာရေးသူ နေ့စဉ်နှင့်အမျှ ရွတ်ဖတ်ပူဇော်နေသော ဂါထာတော်ကို စာဖတ်သူတို့အား မျှဝေစေချင်သော ဆန္ဒများစွာ ဖြစ်ပေါ်မိသည့်အတွက် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။ ဂါထာကို ယုံယုံကြည်ကြည် ပူဇော်ခြင်း၊ နေ့စဉ်ရွတ်ဖတ်ခြင်း၊ ယာဉ်မောင်းနေစဉ် ရွတ်ဖတ်ခြင်း၊ အန္တရာယ်နှင့် ကြုံတြိုက်လာပါက သတိတရ နှုတ်မှအမြဲမပျက် ရွတ်ဖတ်နေမိပါက ဘေးဥပဒ်အန္တရာယ်ကင်းစင်လွင့်ပျောက်နိုင်ကြောင်း အထူးအာမခံပါသည်။ ခြွင်းချက်အနေဖြင့် ရှေးက မိမိပြုလုပ်ခဲ့သော (ကံ) အကြောင်းတရား၏ ဝဋ်ကြွေးကိုမူ စာရေးသူအနေဖြင့် လုံးဝတတ်နိုင်ခြင်းမရှိသည်ကိုတော့ ဝန်ခံရပါမည်။ ဘုရားရှင်နှင့်တကွ သာဝကကြီးများ၊ ရဟန္တာကြီးများပင် မလွတ်ကင်းနိုင်သော ဝိပါက်ဝဋ်ကြွေးများကို ပေးဆပ်ခြင်းဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရသည်ကို စာဖတ်သူအပေါင်းသိရှိပြီးဖြစ်၍ စာရေးသူ ရေးသားမည့် ဂါထာအကြောင်း ဆက်လက်တင်ပြသွားမည် ဖြစ်ပါ၏။

စာရေးသူ၏ မိဘများသည် ချမ်းသာသူများ မဟုတ်ကြပါ။ သို့သော် ဘာသာတရားကိုမူ လွန်စွာကိုင်းရှိုင်းပြီး ဖခင်ဖြစ်သူမှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့သူ ဝန်ထမ်းဖြစ်သည်။

သူလုပ်ကိုင်ရသော အလုပ်မှာ ဆောက်လုပ်ရေးအလုပ် ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်မြို့တော်၏ အထင်ကရ အဆောက်အအုံကြီးများမှာ သူ့လက်နှင့်လွဲခဲ့သောလုပ်ငန်းများ မရှိသလောက်ပင်။ သို့ဆိုလျှင် ကျွန်ုပ်၏ ဖခင်ကြီးဆောက်လုပ်ခဲ့သော လုပ်ငန်းတို့သည် သာမန်နိမ့်နိမ့်အဆောက်အအုံ မဟုတ်သည်ကိုတော့ တွေးဆသိမြင်နိုင်ကြပေလိမ့်မည်။ လွန်စွာ မြင့်မားသော အဆောက်အအုံများကိုသာ ဆောက်လုပ်ရသည့်အတွက် အသက်အန္တရာယ်ဟာ အချိန်မရွေး ကျရောက်နိုင်ပြီး အန္တရာယ်နှင့် လွန်စွာ နီးကပ်လျက် ပြုလုပ်ရလေသည်။

ဖခင်ကြီးသည် အသက် (၆၀) ပြည့်မှ အငြိမ်းစား ပင်စင်ယူခဲ့ပါသည်။ လုပ်ငန်းခွင်မှာ နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်းများစွာကို ဖြတ်ကျော်လုပ်ကိုင်ခဲ့သော ဆောက်လုပ်ရေးအတတ်ပညာရှင်တစ်ဦး ဖြစ်ပါသည်။ သူ့လုပ်ငန်းတစ်လျှောက် ကြီးမားသောအန္တရာယ်ဟူ၍ လုံးဝမရှိခဲ့ပါချေ။ ဖခင်ကြီး ယခုကဲ့သို့ အန္တရာယ်မဖြစ်ခြင်းကို သားဖြစ်သူ စာရေးသူအား လုပ်ငန်းအမွေနှင့် ရတနာသုံးပါးကို အမွေအဖြစ်လည်း ပေးခဲ့ပါသည်။

ဖခင်ကြီးက -

"သား၊ ရတနာသုံးပါးနှင့်တကွ သာဝကကြီးများ၊ ရဟန္တာများ၊ အမိ၊ အဖ၊ ဆရာသမားများ၊ ကိုယ့်ထက် အသက်ကြီးသူများကို ဂါထာသဖွယ် အမြဲမပြတ်ရိုသေပါ။ ယုံကြည်စွာရွတ်ပါ။ ဘယ်သောအခါမှ သားအပေါ် အန္တရာယ်တစ်စုံတစ်ရာမပြောနဲ့ မြူတစ်မှုန်တောင် မခဘူး"

လို့ ပြောကြားခဲ့ပါတယ်။

ဖခင်ကြီးပြောတဲ့အချိန်မှစ၍ စာရေးသူသည် ငယ်စဉ်အခါမှစ၍ ယုံယုံကြည်ကြည်နှင့် ရွတ်ပါသည်။ နေ့စဉ်နေ့တိုင်း မရွတ်မဖြစ်ရွတ်ဖြစ်အောင် ရွတ်ခဲ့ပါသည်။ ဖခင်ကြီးက ဘုရား၊ တရား၊ သံဃာကို ဘယ်သောအခါမှ မမေ့နဲ့သား ဟူ၍လည်း အမြဲမပျက်သတိပေးခဲ့ပါသည်။ သို့အတွက်ကြောင့် ဖခင်ကြီးကို ချစ်သည်ကတစ်ကြောင်း၊ ကြောက်သည်ကတစ်ကြောင်း၊ စိတ်ဝင်စားမှုအား ကြီးလာသောအခါ ယုံကြည်မှုနှင့် ပေါင်း၍ ဂရုစိုက်ပြီး ရွတ်ဖတ်သည့်နောက်ပိုင်း မရွတ်ရလျှင် မနေနိုင်တဲ့အဆင့်ရောက်လာပါသည်။ နေ့စဉ်နေ့တိုင်း ရွတ်ဖတ်နေသည်မို့လည်း ယခုအချိန်အထိ ဘေးဥပဒ်အန္တရာယ်တစ်စုံတစ်ရာကျရောက်ခြင်းမရှိသလို လူချစ်လူခင်ပေါ်များ၍ လုပ်ငန်းများလုပ်ကိုင်ရာတွင်လည်း ဘယ်အလုပ်မဆို ချောချောမွေ့မွေ့ လုပ်ကိုင်နိုင်ခဲ့ပါသည်။ များပြားသော အန္တရာယ်များ၊ ထူပြောသော တိုက်အမြင့်များပေါ် သို့ အဆောက်အအုံလုပ်ငန်းများ လုပ်ကိုင်နေသော်လည်း မြူတစ်မှုန်မျှ ကျရောက်ခြင်းမရှိသလို လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း အဆင်ပြေ ချောမွေ့ပါသောကြောင့် ဤဂါထာကို လက်ဆင့်ပွားခြင်းဖြင့် ကုသိုလ်ပြုနိုင်ရန် ရည်ရွယ်၍ ရေးသားလိုက်ရပါသည်။

နံနက်မိုးသောက်အလင်းရောင်၍ အိပ်ရာမှထသော် မျက်နှာသစ်ရန်အတွက် သွားတိုက်၊ ပလုတ်ကျင်းပြီးလျှင် ရေဖလားထဲ ရေအပြည့်ထည့်၍ မိမိမျက်နှာမူသောအရပ်၌ ဗုဒ္ဓဘုရားရှင်ကို အာရုံပြုထားပြီး ရေခွက်ကို လက်နှစ်ဖက်ဖြင့် နဖူးအနား တော့ထားပြီး 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ (၃) ကြိမ်ရွတ်ဆိုပါ။ ပြီးလျှင် ရေခွက်ထဲမှ ရေဖြင့် ပထမ မျက်နှာသစ်



www.burmeseclassic.com

www.burmeseclassic.com

# လောကုတ္တရာရတနာများ

## လူမိုက်တို့၏သွားရာလမ်း

※ အာရုံဝတ္ထု၊ မီးစာစုကို၊ မှူမှူရရ၊ နင်အားကျလည်း၊ မားပြသေမင်း၊ သူတပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး ဖြစ်လုနီးပြီ။

※ ယီးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊

※ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တစ်သက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း။

*(ပထမလယ်တီဆရာတော်ဘုရားကြီး)*

## အသိစိပ်လျှင် တရားမြင်

※ စားသိ သွားသိ၊ ပြုတိုင်းသိ၊ အသိမကျဲရာ။

※ အသိကျဲလျှင်၊ ကိလေဝင်၊ မထင်နာမ်ရုပ်ပါ။

※ နာမ်ရုပ်မထင်၊ သူငါပင်၊ ချစ်ခင်စွဲလမ်းကာ။

※ အသိစိပ်လျှင်၊ ကိလေစင်၊ ထင်မြင်နာမ်ရုပ်ပါ။

※ နာမ်ရုပ်ထင်မြဲ၊ သူငါစွဲ၊ ပြိုကွဲဒိဋ္ဌိကွာ။

*(မိုးကုတ်ဆရာတော်ဘုရားကြီး)*

## ဝိပဿနာရှုစရာ

※ နှစ်ဖြာနာမ်ရုပ် အပုပ်ဟောင်းစို၊ ခန္ဓာငါးခု မည်ပြုခေါ် ဆို၊ ဘာတစ်ခုမှ စိုးမရလို၊ အနိစ္စ ဒုက္ခ ဤသည့်ကိုယ်။

※ လက္ခဏာသုံး နှလုံးမူလေ၊ မြင်မြင်သမျှ ဝယမမွေ၊ (ပျက်စီးတတ်သောသဘောရှိ၏။) ရေပွက်လားသို့ မခြားပုံသေ၊ တစ်မှိတ်တွက် ဖြစ်ပျက် အသခေျ။

*(ကန်တွင်းဆရာတော်)*

## မရဏာနုဿတိ

※ ကြီးသူတွေလည်း သေပွဲဝင်ပြီး၊ ရွယ်တူတွေလည်း၊ မနည်းသေပြီ၊ ငယ်သူတောင်မှ သေရချေသည်၊ ငါတို့လည်း မလွဲသေရမည်။

*(မဟာစည်ဆရာတော်)*

※ တစ်နှစ်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန် တစ်နှစ် နီးခဲ့ပြီ။

※ တစ်လကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန် တစ်လ နီးခဲ့ပြီ။

※ တစ်ရက်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်ရက်နီးခဲ့ပြီ။

*(မိုးကုတ်ဆရာတော်ဘုရားကြီး)*

※ ကံကိုမှီကာ၊ လူဖြစ်လာ၊ သူငါများတို့သည်။

※ နှစ်တစ်ရာတွင်း၊ သေနယ်တွင်း၊ သက်ဆင်းကြရမည်။

※ မွေးဖွားသူဟာ၊ သေရမှာ၊ သေချာလှတော့သည်။

※ မသေသေးခင်၊ ကုသိုလ်ပင်၊ ကြိုတင်ပြုရမည်။

*(ရွှေရတုတိပိဋကဓရဆရာတော်)*

## ကြိုတင်ပြင်ဆင်သွားလမ်းစဉ်

※ ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။ တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်။

※ ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာသွားရမည်။ တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်သွေးဘယ်သား၊

※ မကယ်ပြီ။ ရောမီးတောင်၊ ကိုယ်ထည်လောင်၊ သေအောင်မြိုက်တော့သည်။

※ ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ။ ခဏမစဲ အိုစမြဲ၊ ကိုယ်လည်းသေဘက်နီးခဲ့ပြီ။

※ မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ။ ဒါန၊ သီလ၊ ဘာဝနာ၊ လမ်းသာတွင်လိမ့်မည်။

*(အရှင်ဇနကာဘိဝံသ)*

## အာဟာရ ပဋိကူလ ဘာဝနာ

※ မွန်မွန်မြတ်မြတ်၊ စားသောက်လတ်၊ ရှုမှတ်ဘာဝနာ။
ပါးစပ်တစ်ပေါက်၊ စားကာသောက်၊ ကိုးပေါက်ယိုစီးတာ။
နှစ်နှစ်သက်သက်၊ စားသောက်လျက်၊ အထွက်ရွံစရာ။
စားတော့ဝိုင်းကာ၊ ထုတ်သည့်ခါ၊ ကွယ်ရာပုန်းလို့သာ။
တစ်ညတာမျှ၊ သိုလှောင်ကြ၊ ပုပ်ရအကုန်သာ။
ပဋိကူလ၊ အာဟာရ၊ ပွားကြဘာဝနာ။

*(ရှေးဆရာတော်ကြီးများ)*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

ရန်လက်ဖြင့် မျက်နှာသစ်ပါ။ ပထမတစ်ကြိမ်သစ်လျှင် ရွတ်ရမည်မှာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဟူ၍ တစ်ကြိမ်ရွတ်ပါ။ ထို့နောက် ဒုတိယမ္ပိ၊ အဲဒီနောက် တတိယမ္ပိ ဟူ၍ (၃) ကြိမ်ရွတ်ပြီး မျက်နှာကို သပ်ချပါ။

ဆက်လက်၍ စတုတ္ထအကြိမ် သာဝကကြီးများကိုလည်း ကန်တော့ပါ၏။ ပဥ္စမအကြိမ် ရဟန္တာကြီးများလည်း ကန်တော့ပါ၏။ ထို့နောက် အမိ၊ အဖ၊ ဆရာသမားပြီးလျှင် တစ်နှစ်၊ တစ်လ၊ တစ်ရက်၊ တစ်နာရီ၊ တစ်စက္ကန့်ကြီးသူများ၊ ၎င်းနောက် အကျွန်ုပ်၏ အသက်သခင် ကျေးဇူးရှင်များကိုလည်း ကန်တော့ပါ၏။ခင်ပွန်းကြီးဆယ်ပါးကိုလည်း ကန်တော့ပါ၏ ဟူ၍ ရွတ်ဆို ကန်တော့ရန်။ (ဆုတောင်းရန်)

ဤသို့ ကန်တော့ရသော အကျိုးကြောင့် ဘုရားတပည့်တော် ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်ကို ကျော်ဖြတ်နိုင်သောသူ ဖြစ်ရပါလို၏ အရှင်ဘုရား ဟူ၍ ရွတ်ဖတ်ပြီး နောက်ဆုံး ရွတ်ဖတ်ရန်မှာ ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု၊ ဟူ၍ သုံးကြိမ်ရွတ်ဖတ်ပြီးချိန်တွင် ရေခွက်ထဲမှ ရေလည်းကုန်၊ ရွတ်ဖတ်ခြင်းလည်း ပြီးဆုံးပါသည်။

ထိုသို့ ပြုလုပ်ပြီး မိမိလိုရာ သမ္မာအာဇီဝ အလုပ်အကိုင်များကို လုပ်ကိုင်ခြင်းဖြင့် လူချစ်လူခင် ပေါများဖြင့် အန္တရာယ်ခပ်သိမ်းကင်းငြိမ်းနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

ထင်ရှားအောင်



www.burmeseclassic.com

www.burmeseclassic.com

# ပါရမီရှင်နှင့် စာရေးဆရာကြီးဦးသုခရုပ်တု

## မုဒိတာ(ကျိုက်လတ်)

၁၃၇၅ ခု၊ နယုန်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ ၁၆ - ၆ - ၂၀၁၃နေ့သည် ကျိုက်လတ်မြို့တွင်း နံနက် (၆) နာရီချိန်မှစ၍ ကျိုက်လတ်မြို့သူမြို့သားများမှာ လှုပ်လှုပ်ရှားရှား တက်ကြွနေကြသည်။ ၁၅-၆-၂၀၁၃ စနေနေ့ ညနေပိုင်းအချိန် မြို့တွင်း လှည့်လည် ဆော်ဩနေသော အသံချဲ့စက်မှ နက်ဖြန်နံနက် (၉) နာရီ အချိန်တွင် ကျိုက်လတ်မြို့သား ဆရာကြီး ဦးသုခ၏ရုပ်တုဖွင့်ပွဲနှင့် ကျိုက်လတ်မြို့ သုခမေတ္တာ နာရေးကူညီမှုအသင်းမှ အ-ထ-က (၂) ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည့် ရန်ကုန်နာရေးကူညီမှုအသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်က 'ပရဟိတလုပ်ငန်း လူမှုရေးနယ်ပယ်' ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို နေ့လယ်(၁၂)နာရီ အချိန် ဟောပြောမည့် ဖိတ်ကြားသံကို ကြားရသည်။

ကျိုက်လတ်မြို့သား ဆရာကြီး ဦးသုခသည် အနုပညာစွယ်စုံတတ်ကျွမ်းသော ပါရမီရှင်ကြီး ဖြစ်သည်။ စာရေးဆရာကြီး၊ ရုပ်ရှင်ဒါရိုက်တာ၊ အကယ်ဒမီ (၆) ဆုရပုဂ္ဂိုလ်၊ ရုပ်ရှင်ဇာတ်ဆောင်၊ နာမည်ကျော် ဘဝသံသရာသီချင်းနှင့် ဂုဏ်သီချင်းတို့ကို ကိုယ်တိုင် ရေးစပ်သီကုံး၍ ကိုယ်တိုင်သီဆိုခဲ့သူ၊ ထူးချွန်ခဲ့သူ ဖြစ်သည်။ စာပေနှင့်ပတ်သက်၍ ဦးအုံးဖေ (ပခုက္ကူ) ၏ တစ်သက်တာစာပေဆု၊ ဓမ္မဗိမာန်တစ်သက်တာစာပေဆု၊ . ဝိဇ္ဇာပညာထူးချွန်ဆု၊ ဂုဏ်ထူးဆောင်စာပေပါရဂူဒေါက်တာဘွဲ့၊ လူမှုထူးချွန်ပထမဆင့်၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ အာဆီယံပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆုနှင့် နတ်ရေကန်ရွှေစောင်းဆုများကို ရရှိခဲ့သောပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (ဝိုင်အမ်ဘီအေ) ၏ နာယကဖြစ်၏။ ဆရာကြီး ဦးသုခသည် နာရေးကူညီမှုအသင်း (ရန်ကုန်) ကို စတင်လမ်းညွှန်တည်ထောင်ခဲ့သူ ပါရမီရှင်ကြီး ဖြစ်သည်။




ဆရာကြီးဦးသုခ၏ရုပ်တုကို သူ၏ဇာတိ ကျိုက်လတ်မြို့တွင် စိုက်ထူရန်အတွက် ဆရာကြီးကို ကြည်ညိုသော၊ ရိုသေသော၊ လေးစားသော၊ အားကျသော ပုဂ္ဂိုလ်တစ်ဦးရှိခဲ့သည်။ 'သူတော်ချင်းချင်း၊ သတင်းမွှေ့မွှေ့၊ ပေါင်းဖက်တွေ့' ဆိုသည့် စကားပမာ ပါရမီရှင်အချင်းချင်းဆုံတွေ့ကြရာမှ နာရေးကူညီမှုအသင်းကြီး စတင်ပေါက်ဖွားလာခဲ့တော့၏။ ထိုပုဂ္ဂိုလ်တစ်ဦးမှာ မြင့်မြတ်သော နာရေးကူညီမှုအသင်း (ရန်ကုန်) ၏ ဥက္ကဋ္ဌ ဦးကျော်သူ ဖြစ်၏။ ပါရမီရှင်တို့သည် မြင့်မြတ်သော လုပ်ငန်းများကို လုပ်နေရင်း မြင့်မြတ်သောသူတို့၏ စိတ်ထားအတိုင်း ပူဇာစပူဇာနေယျာနံ-ပူဇော်ထိုက်သူကိုပူဇော်ခြင်း၊ ဂါရဝေါစ - ရိုသေထိုက်သူကို ရိုသေခြင်း၊ အပ္ပမာဒစ - ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်း၊ အနဝဇ္ဇကမ္မ - အပြစ်ကင်းသောအမှုကို ပြုလုပ်ခြင်း၊ ဒါနဥ္စ - ပေးကမ်းလှူဒါန်းခြင်း၊ အတ္တသမ္မာပဏိဓိ- မိမိကိုယ်၊ စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း၊ နိဝါတ မင်္ဂလာ - မိမိကိုယ်ကိုနှိမ့်ချခြင်း စသော မြတ်စွာဘုရားဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်များနှင့်အညီ လိုက်နာဆောင်ရွက်လိုသောကြောင့် သူကိုယ်တိုင် ကျိုက်လတ်ဇာတိဖွား ကျိုက်လတ်သားမဟုတ်ပါဘဲနှင့် ဆရာကြီး ဦးသုခကို ကြည်ညိုလွန်းလှ၍ ကျေးဇူးဆပ်ဂုဏ်ပြု ပူဇော်သည့်အနေဖြင့် ပါရမီရှင် ဦးကျော်သူက ဆရာကြီး ဦးသုခ မျိုးစေ့ချပေးခဲ့သော နာရေးပရဟိတလုပ်ငန်းများကို ဆက်လက် အမွေခံ၊ မိမိဘဝကို ဇနီးသည်နှင့်အတူ အနစ်နာခံပြီး စွန့်လွှတ် လုပ်ဆောင်နေရင်း အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com





ရုပ်တုကို သိန်း(၆၀)ကျော် အကုန်အကျခံပြီး စိုက်ထူပေးခြင်း ဖြစ်ပေသည်။

ဆရာကြီး၏ရုပ်တုကို ကျိုက်လတ်မြို့ ဈေးကြီးအနီး ပန်းခြံထဲတွင်ထားနိုင်ရန်၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် မြို့မိမြို့ဖများ တိုင်ပင် ဆွေးနွေးကြပြီး ရန်ကုန်မှ ဦးကျော်သူက စေလွှတ်လိုက်သူ အင်ဂျင်နီယာဦးတင်မောင်မြင့်၊ ဦးဝံသ(ဦးကျော်သူကိုယ်စား)၊ ပန်းရန်ပညာရှင်များနှင့် ကျိုက်လတ်မြို့မှ ဗဟိုတရားရုံးရှေ့နေကြီး ဦးစိုးမြင့်တို့ ဆွေးနွေး စီစဉ်ကာ ဇန်နဝါရီလ ၁၆ ရက်နေ့အမီ ရုပ်တုကိုဖွင့်လှစ်နိုင်ရန် အပြီးလုပ်ကြရ၏။

ဆရာကြီး ဦးသုခ၏ ရုပ်တုမှာ ကျိုက်လတ်မြို့ (၈) လမ်းနှင့် (၉) လမ်းကြား၊ ယခင်ကမ်းနားလမ်း၊ ယခုအခေါ် ဗိုလ်ချုပ်လမ်းပေါ်ရှိ ပန်းခြံအတွင်း၌ စိုက်ထူထား၏။ ပန်းခြံအတွင်း စိုက်ထူထားနိုင်ရန် သက်ဆိုင်ရာ စည်ပင်အုပ်ချုပ်ရေးမှူးနှင့် မြို့မှလူကြီးနှစ်ဦးတို့ စတင်တိုင်ပင်ဆွေးနွေးခဲ့ရာမှ စည်ပင်အုပ်ချုပ်ရေးမှူးကြီးက ရုပ်တုထားရှိခဲ့သော် မိမိကပင် ရေပန်းများ၊ မီးတိုင်များ ပံ့ပိုးကူညီပေးမည် ဖြစ်ကြောင်းကို စိတ်အားထက်သန်စွာပြောခဲ့သည်။ ပြောသည့်အတိုင်း ယခုရုပ်တုထားရှိရာ ပန်းခြံနှင့်ရုပ်တုတွင် မီးများထိန်လင်းနေပြီဖြစ်ရာ စည်ပင်အုပ်ချုပ်ရေးမှူးကြီးအား မြို့လူထုကိုယ်စား ကျေးဇူးတင်ရပါသည်။

ဇန်နဝါရီလ ၁၆ရက်၊ တနင်္ဂနွေနေ့တွင် ဖွင့်လှစ်ခဲ့သော ဆရာကြီးဦးသုခ၏ရုပ်တုဖွင့်ပွဲတွင် ရုပ်တုအလှူရှင် ဦးကျော်သူနှင့်ဇနီး၊ စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်နှင့်နာရေးကူညီမှုအသင်း(ရန်ကုန်)မှ အမျိုးသမီး၊ အမျိုးသားအဖွဲ့ဝင်များ၊ ဗိုလ်ကလေးတင့်အောင် ဦးဆောင်သော ရုပ်ရှင်မင်းသား ကိုလူမင်းနှင့် ရုပ်ရှင်လောကမှ ရုပ်ရှင်မင်းသမီးများ၊ အခြား ဧည့်သည်တော်များ၊ တိုင်းဒေသကြီးမှ စိုက်ပျိုးရေးဝန်ကြီး ဦးစန်းမောင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျိုက်လတ်မြို့မှ ဆရာကြီး ဦးသုခကို ဂုဏ်ပြုအမည်ဖြင့် 'သုခမေတ္တာ' နာရေးကူညီမှုအသင်း (ကျိုက်လတ်) မှ ဥက္ကဋ္ဌ ဦးတင့်အောင် အပါအဝင် အမှုဆောင်များ၊ ရပ်ကွက်အလိုက် နာရေးအသင်း အမှုဆောင်များနှင့် အသင်းသားအသင်းသူများပါ ရုပ်တုဖွင့်ပွဲသို့ တက်ရောက်ကြပါသည်။

ဆရာကြီးဦးသုခကိုယ်တိုင် စပ်ဆိုသီကုံးရေးသားခဲ့သော ဘဝသံသရာ သီချင်းနှင့် ကျိုက်လတ်မြို့သား ဂျာမနီဒိန်းမတ်ပြန် ဆိုင်းပညာရှင် ရဲနိုင်လင်းက ဦးဆောင်၍ ဘဝသံသရာသီချင်းကို မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ဧည့်ခံဖြေဖျော်ရာ ပရိသတ်ကြီးကပါ တပျော်တပါးကြီး လိုက်လံ သီဆိုသံများမှာ ကျိုက်လတ်မြို့သူမြို့သားများ၏ ဂီတဗီဇကို ဖော်ကျူးမှုသက်သေပင် ဖြစ်တော့သည်။

ဖွင့်ပွဲကို ဗိုလ်ကလေးတင့်အောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီးနောက် ဦးကျော်သူတို့ ဦးဆောင်သော နာရေးကူညီမှုအသင်း(ရန်ကုန်)မှ အဖွဲ့ဝင်အဖွဲ့သားများသည် (၉) လမ်း ဦးပြုံးချိုရုပ်တုအနီးရှိ ကျိုက်လတ်မြို့ သုခမေတ္တာ နာရေးကူညီမှုအသင်းသို့ လာရောက်ကြပြီး သုခမေတ္တာအသင်းမှ ဧည့်ခံကျွေးမွေးသော မုန့်ဟင်းခါးများစားသောက်ပြီး ဦးကျော်သူနှင့်ဇနီးတို့အဖွဲ့ ကျိုက်လတ်မြို့အရှေ့ပိုင်း ကားလမ်းကြီး ဝဲ၊ ယာတွင် ကံ့ကော်၊ သပြေ၊ စိန်ပန်း စသော သစ်ပင်များကို စိုက်ပျိုးခြင်း၊ လမ်းမကြီးများ, ဆေးရုံရှေ့ရှိ လမ်းဘေးမှ အမှိုက်များကို ကောက်ယူ ရှင်းလင်းကြပါသည်။

အထက(၂)ပတ္တမြားခန်းမကြီးထဲတွင် နေ့ (၁၂) နာရီအချိန်၊ စာရေးဆရာကြီး ဒေါ်သန်းမြင့်အောင် (ဒု-ဥက္ကဋ္ဌ) နာရေးကူညီမှုအသင်း(ရန်ကုန်)က (ပရဟိတလုပ်မှုရေးနယ်ပယ်) ဟူသော ခေါင်းစဉ်ဖြင့် ကျောင်းသူကျောင်းသားများနှင့် ဆရာ၊ ဆရာမများ မြို့ပေါ်မှ ပရိသတ်များအား ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် နာရေးကူညီမှုအသင်း (ကျိုက်လတ်မြို့) ဥက္ကဋ္ဌ ဦးတင့်အောင်က ဟောပြောသူ စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

**ပါရမီရှင်**

ပါရမီ ဟူသည် ပရမာန်-မြင့်မြတ်သူတို့၏၊ ကမ္မ - အလုပ်သည်၊ ပါရမီ - ပါရမီမည်၏။ မြင့်မြတ်သူတို့၏ အလုပ် (တစ်နည်း) မြင့်မြတ်သော အလုပ်ဟုလည်း ပြောနိုင်ပေသည်။ မြင့်မြတ်သောအလုပ်ကိုလုပ်မှ မြင့်မြတ်သူ ဖြစ်နိုင်၏။


ပါရမီမြောက်သောအလုပ် ဖြစ်မြောက်ရေးတွင် အဇ္ဈတ္တအတွင်းအင်္ဂါတစ်ပါးဖြစ်သော မှန်မြတ်သောရည်ရွယ်ချက်။ ဗဟိဒ္ဓအပြင်အင်္ဂါတစ်ပါးမှာ အပြစ်ကင်းသောအလုပ်ဖြစ်ဖို့လို၏။


ယောက်ျားကောင်းတို့၏ အင်္ဂါ(၃)ရပ်ရှိသည်။ (၁) လောကအပေါ် ကြင်နာတတ်ဖို့လို၏။ (၂) အနစ်နာခံတတ်ဖို့လို၏။ (၃) သူတစ်ပါးအကျိုးကိုဆောင်ရွက်ပေးတတ်ဖို့ လို၏။ ထိုအင်္ဂါ (၃) ရပ်ကို ပြည့်စုံအောင် ဖြည့်ကျင့်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com








လောကတွင် အတ္တဟိတရှိ၏။ ပရဟိတလည်းရှိ၏။အတ္တဟိတကိုလည်း ဆောင်ရွက်ရ၏။ ပရဟိတကိုလည်း ဆောင်ရွက်ရ၏။

မြတ်စွာဘုရားသခင်သည် အတ္တဟိတ-ပရဟိတနှစ်မျိုးလုံးကို ဆောင်ရွက်သူ ဖြစ်၏။ နှစ်မျိုးစလုံးကို ဆောင်ရွက်ခြင်းမှ မရှိမပင်ပဒါကျ၏။

မြတ်စွာဘုရားသခင် ပါရမီဖြည့်ကျင့်ခြင်းသည် အတ္တ မိမိအတွက် ဘုရားဖြစ်ချင်၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်း မဟုတ်ပေ။ ဝေနေယျသတ္တဝါတို့အား သံသရာဝဋ်ဒုက္ခမှကယ်တင်နိုင်ခြင်းအလို့ငှာ ဘုရားဖြစ်ချင်၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်း ဖြစ်၏။ ပါရမီဖြည့်ကျင့်ခြင်း ဆိုသည်မှာ လောကနှင့် ဆက်ဆံရာတွင် မိမိက အနစ်နာခံခြင်းပင် ဖြစ်၏။ သူ့အကျိုးကိုဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ထိုသို့ အနစ်နာခံခြင်းနှင့် သူ့အကျိုးကို ဆောင်ရွက်ပေးခြင်းများမှာ မိမိနှင့် ဆက်ဆံရသော လောကအပေါ်မှာ စေတနာရှိမှ ဖြစ်သည်။ မေတ္တာရှိမှ ဖြစ်၏။ လောကအပေါ်မှာ ကရုဏာရှိမှဖြစ်ပေသည်။ တကယ်တမ်း (စေတနာ၊ မေတ္တာ၊ ကရုဏာ) ရှိလာပြီဆိုလျှင် မိမိကိုယ်ကျိုးကိုမငဲ့ဘဲ အနစ်နာခံနိုင်လာ၏။ သူ့အကျိုးကို ဆောင်ကြဉ်းလာနိုင်၏။

အနစ်နာခံနိုင်ခြင်း ဆိုသည်မှာလည်း မိမိ၌ တွယ်တာတပ်မက်သော၊ လောဘမရှိမှ ဖြစ်သည်။ အနစ်နာခံနိုင်ခြင်း၊ သူ့အကျိုးကိုဖြည့်ချင်ခြင်းအတွက် ရည်ရွယ်ပြီး၊ ပါရမီများကို ဖြည့်ကျင့်ခြင်း ဖြစ်သည်။ အခြား ဘာဆန္ဒမှ မရှိပေ။ ဘာမှတောင့်တမှုလဲမရှိ။

ကုသိုလ်တွင် ရိုးရိုးကုသိုလ်နှင့် ပါရမီကုသိုလ်နှစ်မျိုးရှိရာ ရိုးရိုးကုသိုလ်မှာ ရယူရေးကို ဦးတည်သော ကုသိုလ်ဖြစ်၏။ အပေါင်းလက္ခဏာဖြစ်သည်။ ပါရမီကုသိုလ်မှာ စွန့်လွှတ်ရေးကို ဦးတည်သောကုသိုလ်ဖြစ်၍ အနုတ်လက္ခဏာဖြစ်၏။

ရိုးရိုးကုသိုလ်မှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ရာထူးဂုဏ်သိန်ပစ္စည်းဉစ္စာတို့ ရရှိရေးကို တပ်မက်ခြင်းဖြစ်၍ ပါရမီကုသိုလ်မှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ စည်းစိမ်ဉစ္စာ၊ ရာထူးဂုဏ်သိန်တို့၌ တပ်မက်ခြင်းကို စွန့်လွှတ်ခြင်း ဖြစ်၏။ ဓမ္မဝါဒထွန်းကားရေး၊ လူ့အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာတွင် မိမိအသက်၊ မိမိ၏ ဘဝဍ်ပင် တပ်မက်ခြင်းကို စွန့်လွှတ်၏။

ရိုးရိုးကုသိုလ်ကို ရိုးရိုးလူသားတို့က တန်ဖိုးထား မြတ်နိုးကြ၏။

ပါရမီကုသိုလ်ကို မြင့်မြတ်သောလူသားတို့က တန်ဖိုးထားမြတ်နိုးကြ၏။

ဆရာကြီး ဦးသုခ၏ ပါရမီကို ဆက်ခံရရှိပြီး မိမိ၏ဘဝဇာတ်လမ်းများ အောင်မြင်နေချိန်တွင် အတ္တကိုယ့်အတွက် ကြီးပွားချမ်းသာရေးလမ်းကြောင်းများမှ စွန့်စွန့်စားစားဖယ်ခွာပြီး ဇနီးမောင်နှံနှစ်ဦး စိတ်တူကိုယ်တူ အေးအတူပူအမျှ အခက်အခဲ အကျဉ်းအကျပ်များကို မတွန့်မဆုတ် ကျားကုတ်ကျားခဲ ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ပရဟိတ နာရေးလုပ်ငန်းခရီးကြမ်းကို အလုမ်းမပျက် ဆောင်ရွက် သယ်ပိုး ရှေ့ကိုတိုးသည့် ပါရမီရှင် ဦးကျော်သူနှင့်တကွ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ အမှုဆောင်လူကြီးများ အသင်းသူအသင်းသားများအားလုံးသို့ ကျိုက်လတ်မြို့သူမြို့သားအားလုံးတို့က ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာနှင့် မြင့်မြတ်သောသူများ ဖြစ်ကြပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

မုဒိတာ(ကျိုက်လတ်)

www.burmeseclassic.com

# ဖျဉ်းစွဲရောဂါ ဆေးနည်းတစ်ဖြာ

နေဝင်းဝင်း(လွန်ဆေး)

'ကတိသစ္စာ တည်သောခါဝယ်၊ သြဇာလေးနက် ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်'

ဟု ရှေးစကား ရှိပါသည်။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့်ပြည့်စုံသော အရိယာသူတော်စင်တို့၏မေတ္တာစွမ်းအင်ဖြင့်. ချိုးမြွှင့်သောရေစင်ရေချမ်းကိုပင် သောက်သုံး၊ လိမ်းကျံရုံနှင့် ရောဂါဝေဒနာတို့ ယူပစ်သလိုပျောက်ကင်းသည်များရှိပါသည်။ ဓာတ်စာဖြင့်ကုသခြင်း၊ အသီးအရွက်, အမြစ်, ဥ, အခေါက်တို့ကို စီမံသုံးစွဲစေခြင်း၊ လိမ်းကျံစေခြင်းများဖြင့် ဝေဒနာပျောက်ကင်းရခြင်းများလည်း ရှိပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင် ပြသကုသမှု ခံယူနေရာမှ ပိုမိုဆိုးဝါး အခြေမလှ၍ လက်လွှတ်ရတော့မည့်ဆဲဆဲ၊ မြန်မာ့ဆေးမြီးတိုဖြင့် ကုသမှုခံယူခဲ့ရ၍ အသက်မသေ၊ ဝေဒနာပျောက်ကင်းချမ်းသာရခဲ့ကြသူများကိုလည်း တွေ့ကြုံခဲ့ဖူးပါသည်။

ယခု ရေးသား ဖော်ပြလိုသည့် ဆေးမြီးတိုသည် ဝါးတစ်ပင်၏အရွက်တစ်မျိုးတည်းကို အဓိကအသုံးပြု ကုသပျောက်ကင်းရသည့် အကြောင်းအရာဖြစ်ပါသည်။ လက်တွေ့အသုံးချ သက်သာ ပျောက်ကင်းခဲ့သူမှာ ကျွန်တော်တာဝန်ထမ်းဆောင်သည့်ဌာနမှ ရုံးစောင့်ဝန်ထမ်း မောင်ဝင်းလွင်ဦး ဖြစ်ပါသည်။ သူသည် အသက် (၄၀) နှစ်ခန့်ရှိပြီး အရက် အလွန်အကျွံသောက်သူဖြစ်သည်။ သူတစ်ယောက်သာလျှင် အရက်ကြောင့်ဖြစ်သောရောဂါနှင့် ဆေးရုံတက်လိုက်၊ အရက်ဖြတ်လိုက်။ ဆေးရုံကဆင်း၊ ပြန်သောက်လိုက်နှင့် အရက်သံသရာလည်နေသည်။

လွန်ခဲ့သော နှစ်လခန့်ကတော့ မောင်ဝင်းလွင်ဦးတစ်ယောက် အရက်အလွန်အကျွံသောက်သည့်ဒဏ်ကြောင့် အသားဝါရောဂါဖြင့် အရေးပေါ် ဆေးရုံတင်ရပြန်သည်။ ကြပ်မတ်ကုသသည့်ကြားမှ ဝေဒနာမသက်သာသည့်အပြင် ဝမ်းဗိုက်က တဖြည်းဖြည်း စူထွက်ဖောင်းကားလာသည်။ လူက ပိန်ပိန်၊ ဗိုက်က ပူပူနှင့် မသက်သာသည့် အနေအထားကြောင့် မိဘများက ဆရာဝန်ကြီးထံ ခွင့်ပန်၍ ဆေးရုံမှဆင်းလာခဲ့သည်။ အရပ်စကားနှင့်ဆိုပါက ရေဖျဉ်းစွဲရောဂါ ဖြစ်သည်။ ဖျဉ်းစွဲရောဂါမှာပင် ရေဖျဉ်း၊ လေဖျဉ်း၊ သွေးဖျဉ်း၊ ဘီလူးဖျဉ်းဟူ၍ အမည်အမျိုးမျိုးရှိသည်ဟု ကြားဖူးပါသည်။ သူ၏ဖျဉ်းက ရေဖျဉ်းဟု သိရပါသည်။

❂

မောင်ဝင်းလွင်ဦး၏ဖခင် ဦးမြင့်သိန်းက သိုက်ဝါးရွက်တွေ ခူးယူလာကာ အိမ်ရောက်သည်နှင့် ရေစင်စင်ဆေးသည်။ ဆေးပြီးသိုက်ဝါးရွက်များကို မြေအိုးတန်တန်တွင် ရေနှင့်ရောထည့်ကာ သုံးခွက်တစ်ခွက်တင်ကျိုပါသည်။ ပွက်ပွက်ဆူအောင်ကျိုပြီးနောက် အအေးခံထားသည်။ သိုက်ဝါးရွက်ကျိုပြီး အရည်များအအေးခံထားစဉ် ကြိုတင်ရှာဖွေထားသော ပေါင်းချောင်ပတ် (ကောက်ညှင်းပေါင်းပြုလုပ်ရာ၌ မြေအိုးနှစ်လုံးအကြား အငွေ့မထွက်စေရန် ပတ်ထားသောအဝတ်စ) ဖြင့် မောင်ဝင်းလွင်ဦး၏ရင်ညွန့်အောက်မှကပ်လျက် မလျော့မတင်း ချည်ထားပေးပါသည်။

ထို့နောက် အေးနေပြီဖြစ်သော သိုက်ဝါးရွက်အရည်အိုးကို အနားတွင်ချလျက် ကိုင်းခွက်တစ်ခုနှင့် သောက်နိုင်သရွေ့ မရပ်မနား ဆက်ကာ ဆက်ကာ သောက်စေပါသည်။ အခြားအရည်များ မသောက်စေပါ။ ထမင်းစားချိန်စား၍ တစ်နေ့လုံး၊ တစ်ညလုံး သောက်စေပါသည်။ သိုက်ဝါးရွက်အရည်သောက်ပြီးနောက် မကြာခဏ ဆီးသွားသည်။ ဝမ်းလည်း မကြာခဏသွားရသည်။

နံနက်မိုးသောက် အိပ်ရာထချိန်တွင် ယမန်နေ့ကချည်ထားသော ပေါင်းချောင်ပတ်မှာ ရင်ညွန့်အောက်မှ ဝမ်းဗိုက်ပေါ်သို့ လျှောကျနေသည်ကို တွေ့ရသည်။ မြင်မကောင်းအောင် ဖောင်းကားနေသော ဝမ်းဗိုက်မှာ သိသိသာသာ လျော့ကျပိန်သွားတာတွေ့ရသည်။ ဒုတိယနေ့တွင်လည်း သိုက်ဝါးရွက် ခူးယူကာ ထပ်မံကျိုရသည်။ သောက်နိုင်သရွေ့ ဆက်ကာ ဆက်ကာ သောက်ရသည်။ ဆီးသွားလိုက်၊ ဝမ်းသွားလိုက်၊ ဆေးရည်သောက်လိုက်နှင့် ဝမ်းဗိုက်ဖောင်းနေသည်မှာ တစ်နေ့ထက်တစ်နေ့ လျော့ကျလာပါသည်။ လေးရက်မြောက်နေ့တွင် မောင်ဝင်းလွင်ဦး၏ ဖျဉ်းစွဲ ပူဖောင်းနေသောဝမ်းဗိုက်မှာ ပုံမှန်အနေအထား ပြန်လည်ရောက်ရှိလာပါသည်။

ယခုနေ့ကာလတွင် မောင်ဝင်းလွင်ဦးသည် အရက်သေစာသောက်စားခြင်းမှ လုံးဝ ရှောင်ကြဉ် ချမ်းသာ၊ ကျန်းမာစွာဖြင့် ဌာနတာဝန်များကို ပြန်လည်ထမ်းဆောင်လျက်ရှိသည်ကို ဝမ်းမြောက်စွာ မြင်တွေ့ရပြီဖြစ်ကြောင်း ဝေဒနာရှင်တို့ နည်းယူနိုင်ကြစေရန် ရေးသားတင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

www.burmeseclassic.com

www.burmeseclassic.com




# အစွမ်းထက်သော
# သမားငိုဂမုန်း

ဓာတိဂုဏ်=မျိုးမြင့်အောင်

ကျွန်ုပ်သည် အစွမ်းသတ္တိရှိသည့် ဆေးဖက်ဝင်အပင်များကို အထူးဂရုပြု စောင့်ကြည့်လေ့လာ စမ်းသပ်သော ဝါသနာထုံသူတစ်ဦး ဖြစ်ပါသည်။ တိုင်းရင်းဆေးပညာ သင်တန်းတွင်လည်း ဆရာဖြစ်သင်တန်း အောင်လက်မှတ်ရသည်ထိ လေ့လာဆည်းပူးခဲ့ဖူးပါသည်။ အသက် (၂၀) ခန့်မှ ယခု အသက်(၆၀) ကျော်ကာလအတွင်း အစွမ်းသတ္တိ ထူးခြားသောဆေးပင်များကို ကုထုံးနှင့်တကွ သေချာစွာမှတ်သားခြင်း ပြုခဲ့ပါသည်။ ဆေးဖက်ဝင် တစ်ပင်တည်းဖြင့် အစွမ်းသတ္တိထူးခြားသော ဆေးပင်များကို ကုထုံးနှင့်တကွ သေချာစွာ မှတ်သားခြင်း ပြုခဲ့ပါသည်။ ဆေးဖက်ဝင်တစ်ပင်တည်းဖြင့် အစွမ်းထက်ခြင်းများကို ပိုမိုဂရုပြု မှတ်သားခဲ့ပါသည်။

မဂ္ဂဇင်းများတွင် အခါအခွင့်သင့်သလို ဆေးပင်နှင့် ကုထုံးများအကြောင်း ဖော်ပြ ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ပျောက်ကင်းသောရောဂါ၊ ဆေးပင်နှင့် ကုထုံးတို့အား ကိုယ်တွေ့သိရှိပြီးမှသာ ရေးသားခြင်းပြုပါသည်။ ရောဂါတစ်မျိုးအတွက် ပျောက်ကင်းစေနိုင်သော ဆေးပင်သည် ရှိရစမြဲပင်ဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်။ မတိုက်ဆိုင်ကြ၍လည်းကောင်း၊ မတွေ့ဘူး၊မကြုံဘူးကြ၍လည်း ကောင်း ဖြစ်ပွားသောရောဂါနှင့် ပျောက်ကင်းသောဆေးပင်တို့ကို ယှဉ်တွဲ၍မသိနိုင်ကြရခြင်းသာ ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ ကျွန်ုပ်တို့ မသိရှိနိုင်ကြရသေးသော အစွမ်းထက် ဆေးဖက်ဝင်အပင်များသည် မြန်မာ့မြေပေါ်ဝယ် အမှန်တကယ်ရှိနေလိမ့်ဦးမည်ဟုလည်း သုံးသပ်မိပါသည်။ လုံလောက်သော လေ့လာဖော်ထုတ်နိုင်စွမ်းရှိခဲ့ပါက မြန်မာ့မြေသည် ကမ္ဘာ့မြေပေါ်၌ ဆေးဖက်ဝင်အပင်များ၏ဂုဏ်ရှိန်ဖြင့် လွန်စွာ တင့်တယ်နေလိမ့်မည်ဟုလည်း မမှိတ်မသုန် ယုံကြည်ယူဆမိပါသည်။

ယခုဖော်ပြမည့် 'သမားငိုဂမုန်း' ဟု အမည်ရသည့် ဆေးပင်အား အရပ်သားအခေါ်ဖြင့် 'နတ်ဆေးဥ' ဟု ပြောကြသည်ကို တွေ့ရ၏။ ထိုဆေးပင်ကို အသေးစိတ် ထပ်မံလေ့လာရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

ဤဆေးပင်၏မူရင်းပိုင်ရှင်သည် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၆) ရပ်ကွက်တွင်နေထိုင်သော ဦးကံမြင့် ဖြစ်ပါသည်။ ကျွန်ုပ်က (၅) ရပ်ကွက်တွင် နေထိုင်၏။ ရပ်ကွက်နီးချင်းဖြစ်သလို လူချင်းလည်း ရင်းနှီးခင်မင်သူများ ဖြစ်ပါသည်။ ဦးကံမြင့်၏ပြောစကားအရ နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးဖြစ်သော ဦးဥတ္တမသာရ အရှင်သူမြတ်ကြီးခန္ဓာဝန်မချမီက မိန့်ကြားသွားသောအမည်မှာ 'သမားငိုဂမုန်း' ဟုဆိုပါသည်။ ဤဆေးပင် ပေါက်ရောက်လေ့ရှိသော အရပ်ဒေသ၌ သမားတော်များ ဆေးကုသရန် ရောဂါရသူ ရှားပါးသွားသဖြင့် ထိုအမည်ရခြင်းဟု ဆိုပါသည်။ ထိုဆေးပင်ပေါက်ရောက်သောအရပ်ဒေသက လူများက တစ်စုံတစ်ရာ ရောဂါဝေဒနာကပ်ရောက်လာပါက ထိုဆေးပင်မှ ဥကိုယူ၍စားလိုက်လျှင် သက်သာ ပျောက်ကင်းသွားကြသည်ဟု ယုံကြည်ကြသဖြင့် ၎င်းဆေးဥကို 'နတ်ဆေးဥ' ဟု ခေါ်ဝေါ်ကြလေ၏။

ကျွန်ုပ်၏ကိုယ်တွေ့အားဖြင့်လည်း ထိုသမားငိုဂမုန်းဥ၏ အစွမ်းကို အံ့သြဖွယ်ရာ တွေ့ရှိရခြင်းကြောင့် ယခုကဲ့သို့ ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ ကိုယ်တွေ့သိရှိရခြင်းကို နေရာမှန်၊ အမည်မှန်များဖြင့် ရေးသားပါမည်။

ဤဆေးပင်ပိုင်ရှင် ဦးကံမြင့်သည် ရွှေပြည်သာမြို့ (၆) ရပ်ကွက်တွင် နေထိုင်သူ ဖြစ်၏။ ကျွန်ုပ်က (၅) ရပ်ကွက်တွင်နေပြီး သူနှင့်ရင်းနှီးပါသည်။ နေ့စဉ်နံနက်တိုင်း ကျွန်ုပ်နှင့်အတူ လက်ဖက်ရည်ဆိုင်တွင် အတူထိုင်ကြရင်း စကားဝိုင်းဖွဲ့လေ့ရှိပါသည်။ တစ်နေ့ ကျွန်ုပ်တို့ လက်ဖက်ရည်သောက်နေကြစဉ် ဆိုက်ကားနင်းသူတစ်ယောက် ရောက်ရှိလာပြီး ဦးကံမြင့်အနီးတွင် ယှဉ်ထိုင်လျက်-

"ဦးကံမြင့်၊ ကျွန်တော့်ကို ဟိုနတ်ဆေးဥ သုံးဥလောက် ပေးပါဦး။ ကျွန်တော့်မိန်းမရောဂါကတော့ ပျောက်သွားပြီ။ ကျွန်တော့်အဒေါ် ရင်ခေါင်းအောင့်နေတာ နှစ်လကျော်နေပြီ၊ ဆေးစား၊ ဆေးသောက်တာလည်း မသက်သာဘူး။ အိမ်က မိချော သက်သာသွားတာကိုတွေ့တော့ အဒေါ်ကလည်း အဲဒီ နတ်ဆေးဥကို တောင်းပေးဖို့ ပြောနေတယ်။ ပေးနိုင်သေးရင်ပေါ့ဗျာ"

"ငါက ဆေးကို မနှမြောပါဘူး၊ ဒါပေမယ့် ဆေးပင်က တစ်နှစ်မှတစ်ခါပဲ ဥချတာကွ။ ဥချတဲ့အချိန် တူးပြီးသိမ်းထားရတာ။ မျိုးပြတ်သွားမှာစိုးလို့ ပြန်ပြီးပျိုးရသေးတယ်။ လက်ကျန်ကတော့ နည်းလွန်းနေပြီ။ ဒီတစ်ခါတော့ ယူသွားပေါ့ကွာ၊ အိမ်ကို ငါ စာရေးပေးလိုက်မယ်"

"ဟာ - ကျေးဇူးပါပဲ။ စာသာရေးပေးလိုက်ပါ၊ ကျွန်တော်သွားပြီး ယူလိုက်ပါ့မယ်။ အဒေါ့်ရောဂါပျောက်သွားရင် နောက်တစ်မျိုး ထပ်ပြီးသိရတာပေါ့"

ဆိုက်ကားဆရာသည် ဦးကံမြင့်ရေးပေးသောစာရွက်ကိုယူ၍ ထွက်ခွာသွား၏။ ကျွန်ုပ်လည်း သူတို့ပြောစကားများသည် မိမိဝါသနာပါသောကိစ္စ ဖြစ်နေသဖြင့်-

"ဦးကံမြင့်၊ ဘာဆေးဥလဲဗျ။ တော်တော်စွမ်းသလား"

"ကျွန်တော် ဆေးဥပေးလိုက်တဲ့လူတွေကတော့ သက်သာသွားကြတာချည်းပဲ။ ဒါကြောင့် အခုလို လာလာတောင်းနေကြတာပေါ့ဗျာ။ မျိုးတောင်ပြုတ်တော့မလို ဖြစ်နေလို့ တော်တော်ကြပ်မတ်ပြီး ပေးနေရတယ်"

"ဘာဆေးပင်လို့ ခေါ်သလဲ"

"ဘယ်သိမလဲ၊ ကျွန်တော်ကဆေးအကြောင်းမှမသိတာ။ တောင်ပေါ်ကိုရောက်ခဲ့တုန်းက ကျွန်တော့်မိတ်ဆွေပေးလိုက်တာ။ သူ အမြတ်တနိုးထားတဲ့ဆေးပင်လို့ ပြောတာပဲ။ သူ့အသက်ကို ကျွန်တော်ကကယ်ခဲ့ဖူးတယ်လေ၊ ဒါကြောင့် ဒီဆေးပင်မျိုးဥကို ပေးတာပေါ့။ ကျွန်တော်လည်း ပထမတော့ အမှတ်တမဲ့ပါပဲ။ မြေလွတ်တဲ့နေရာမှာ စိုက်ထားလိုက်တယ်၊ နှစ်နှစ်လောက်ရှိတော့ အပင်တွေပွားလာတယ်။ ဆေးပင်က ဥချတဲ့အချိန်မှာ ကျွန်တော့်မိတ်ဆွေပြောသလို ခေါင်းကိုက်၊ ဗိုက်နာ၊ ဇက်ကြောထိုး ဆိုသလိုပေါ့ဗျာ။ အဲသည်လိုဖြစ်နေတဲ့ အိမ်နီးချင်းပတ်ဝန်းကျင်ကို စားခိုင်းကြည့်တယ်၊ ပျောက်သွားကြသဗျ။ အခုဆို ငါးနှစ်လောက်ရှိပြီ၊ အဲသည်လိုပဲ ပေးရင်း ပေးရင်းနဲ့ အတော်ကြီးကျယ်တဲ့ရောဂါတွေပါ သက်သာ ပျောက်ကင်းသွားတာကိုတွေ့ရတယ်။ ကျွန်တော်လည်း အံ့သြနေရတော့တာပဲ။ ပေးရတာ များလာပြီ၊ ကြာလာတော့လည်း ဘာရောဂါတွေပျောက်တယ်ဆိုတာ မမှတ်မိတော့ပါဘူး။ ရောဂါတော်တော်များများပျောက်တယ်လို့ပဲ မှတ်ထားလိုက်တော့တယ်။ ကျွန်တော်က အလကားပေးတာဗျ။ ကိုယ်က မေတ္တာနဲ့ပေးတာကို တချို့က ငွေပေးပြီးဝယ်လို့ရမလား မေးသေးတယ်။ အဲဒီလူမျိုးတွေကိုတော့ ဆေးဥကိုလည်း မပေးဘူး၊ ဘယ်လောက်ပေးပေး မရောင်းဘူးလို့ ပြောလွှတ်လိုက်တယ်။ ကျွန်တော်က ဒါမျိုးကျရင် လုံးဝ အားမနာတတ်ဘူး"

သူ၏ မေတ္တာ စေတနာထားပုံကို လေးစားမိပါသည်။ သို့သော်လည်း ဆေးပင်၏အစွမ်းကိုကား သူပြောသလောက် ဖြစ်နိုင်ပါ့မလားဟု သံသယဝင်မိသည်ကိုတော့ ဝန်ခံရပါလိမ့်မည်။ သို့သော် ကြုံကြိုက်ခဲ့ပါက ဟုတ်လိုဟုတ်ငြား မိမိ၏ဝါသနာအရ စမ်းသပ်လေ့လာခွင့်ရရှိစေရန် ရည်ရွယ်၍-

"ဒီလိုဆိုလည်းဗျာ၊ ကျွန်တော် လိုအပ်လာတဲ့အခါများရှိလာရင် ဦးကံမြင့်ဆီမှာ တောင်းပါရစေ။ ပေးနိုင်မလား"

"ဘယ်သူမဆို အလကားပေးနေတာပဲဗျာ၊ ရပါတယ်"

"ဥ မချတဲ့အချိန် ဆိုရင်တော့ အခက်ပဲဗျာ၊ နော်"

"အဲဒီ ဆေးဥက အရိပ်ထဲမှာသာထားလိုက်၊ သေးသေးလေး ဖြစ်သွားပြီးမည်းခြောက်သွားတယ်။ ဆေးဥကိုစားတော့မယ်ပဲ ဖြစ်ဖြစ်၊ စိုက်တော့မယ်ပဲဖြစ်ဖြစ် ရေထဲမှာ တစ်ညသာစိမ်ထားလိုက်၊ နဂိုအတိုင်း ပြန်ပြီးဖြစ်သွားတယ်။ ကျွန်တော်ဆိုရင် လူအများကို ပေးနေရတော့ အဲ့သလိုပဲ လုပ်ထားရတယ်။ ဒါကြောင့် မျိုးမပြတ်တာပေါ့"

"ထူးဆန်းသားပဲနော်။ ကဲဗျာ- ကျွန်တော်လိုအပ်တဲ့အချိန်ကျရင် လာတောင်းမယ်၊ ကြိုပြီးပြောထားတာနော်"

"ရပါတယ်၊ လိုအပ်ရင်လာခဲ့ပါ"

ကျွန်ုပ်တို့လည်း အချိန်ကျသည်နှင့် လမ်းခွဲလိုက်ကြတော့၏။ ထိုနေ့မှစ၍ (၁) နှစ်ကျော်ကျော်အချိန်တွင် ထိုဆေးဥအား သတိရစရာအကြောင်းတစ်ခုပေါ်လာပါသည်။ မကွေးမြို့မှ ကျွန်ုပ်နှင့် လွန်စွာရင်းနှီးသော မိတ်ဆွေကြီး ဦးခင်မောင်ကြည်က သမီးဖြစ်သူ မသန္တာ၏ကျန်းမာရေးကိစ္စအတွက် ကျွန်ုပ်ထံဖုန်းဆက်၍အကူအညီတောင်းပါသည်။ သူ့သမီး၏ရောဂါသည် (၂) လကျော်ကြာသည်အထိ မသက်သာကြောင်း၊ အကောင်းဆုံးဖြစ်သော တိုင်းရင်းဆေး၊ အနောက်တိုင်းဆေးများဖြင့် ငွေများစွာအကုန်အကျခံ၍ ကုသပါသော်လည်း မထူးခြားကြောင်း၊ ယခုအခါဝယ် မကွေးတိုင်းဒေသကြီးဆေးရုံကြီးပေါ်မှ သီးသန့်ခန်း၌ပင် ကုသမှုခံယူနေရကြောင်း၊

www.burmeseclassic.com

သမားတော်ကြီး၏ ဆေးစစ်ချက်အရ အမတီဘီ ဖြစ်နိုင်ခြေရှိသဖြင့် ဓာတ်မှန်ရိုက်ခြင်း၊ သွေး၊ သလိပ်၊ ဆီးများကို သည်း အထူးစစ်ဆေးနေကြောင်း။ အသွေးပိန်လှီသွားပြီး စိုးရိမ်ရသည့်အခြေအနေသို့ ရောက်နေပြီဟု ယူဆရကြောင်း သည်တို့အား ကျွန်ုပ်ကို ပြောပြရှာပါသည်။ ကျွန်ုပ် များစွာစိတ်မကောင်းဖြစ်ရတော့၏။ ဦးခင်မောင်ကြည်နှင့် ကျွန်ုပ်သည် နှစ်ပေါင်း (၂၀) ခန့် လက်တွဲ၍ အလုပ်လုပ်ခဲ့ကြသူများ ဖြစ်၏။ ဝေဒနာရှင် မသန္တာမှာ ကျွန်ုပ်တို့ချိုပိုးလာခဲ့သော မိန်းကလေး ဖြစ်၏။ ယခုဆိုလျှင် (၂၈) နှစ်ခန့် ရှိလောက်ပေပြီ။ ကျွန်ုပ်သည် ဆေးပင်တစ်ပင်တည်းဖြင့် ရောဂါတစ်မျိုးကိုပျောက်ကင်းစေသော အစွမ်းသတ္တိ အစဉ်တစိုက်လေ့လာသူဖြစ်မှန်း ဦးခင်မောင်ကြည်က သိထားသောကြောင့် ဆေးဆရာမဟုတ်သော ကျွန်ုပ်အား အကူအညီတောင်းခြင်း ဖြစ်ပါသည်။

ကျွန်ုပ်လည်း မိမိသိရှိထားသော ဆေးဖက်ဝင်အပင်များတွင် အသုံးတည့်သည်၊ မတည့်သည်ကို သိရှိနိုင်ရန် မသန္တာ၏ရောဂါဖြစ်စဉ်အား ပြန်လည်ဆန်းစစ်ရတော့၏။ ဦးခင်မောင်ကြည်၏ ပြန်လည်ပြောကြားချက်အရ ကျွန်ုပ်သိရှိပြီးနှင့်သော ဆေးဖက်ဝင်အပင်များနှင့် မသန္တာ၏ရောဂါဖြစ်စဉ်မှာ အပ်စပ်မှုမရှိချေ။ သို့အတွက် ဦးကံမြင့်၏နတ်ဆေးဥဆိုသည်ကို စမ်းသပ်သည့်အနေဖြင့် အသုံးပြုရန် စဉ်းစားမိခြင်း ဖြစ်၏။ အမှန်မှာ ရလိုရငြား ကြိုးစားခြင်းမျိုးသာ ဖြစ်ပေသည်။ လူနာ၏အခြေအနေအရ ရခဲ့လျှင် ရှုံးတော့မည်ဆဲဆဲမှာ အမြတ်ပေါ်ခြင်းဖြစ်လာနိုင်မည်ဆိုသော အတွေးဖြင့် အကြံကုန် ဂဠုန်ဆားချက်ခြင်း ဖြစ်သည်ဟု ရိုးသားစွာဝန်ခံပါသည်။

လူနာ၏ရောဂါဖြစ်စဉ်မှာ မရပ်မနား ချောင်းဆိုးခြင်း ဖြစ်၏။ တစ်ခါချောင်းဆိုးလျှင် (၁၀) မိနစ်မှ (၂၀) မိနစ်ကြား ကြာအောင် ချောင်းဆိုးခြင်း ဖြစ်၏။ (၁)နာရီအတွင်း (၂)ကြိမ်ခန့်ချောင်းဆိုး၏။ (၂၄)နာရီမပြတ် ချောင်းဆိုး၏။ အစားအသောက်တွင်လည်း အကြမ်းခန်းကန် (ရေနွေးကြမ်း) တစ်လုံးခန့်မျှသာ ပို၍ စားမရ။ ဤမျှ အစားပျက်၊ အအိပ်ပျက်သောဒဏ်ကို (၃)လနီးပါး ခံစားရသူတစ်ယောက်အဖို့ မည်မျှခံစားရမည်ကို စဉ်းစားကြည့်နိုင်ပါသည်။ ဓာတ်မှန်ရိုက်သောအခါ အူမကြီးတွင် အမည်းစက်အရိပ်များတွေ့ရသဖြင့် ဆီး၊ သလိပ်၊ သွေးတို့ကိုပါ ဓာတ်ခွဲခန်းသို့ပို့၍ စစ်ဆေးနေခြင်း ဖြစ်၏။ ဝမ်းဗိုက်နှင့် ရင်ခေါင်းတို့တွင် အနည်းငယ်လှုပ်လိုက်တိုင်း မခံမရပ်နိုင်အောင် နာကျင်ခံစားနေရ၏။ သို့ဖြစ်၍ ကျွန်ုပ်လည်း ချက်ချင်းပင် စီစဉ်ရတော့၏။

ဦးကံမြင့်ထံ ဆေးဥများ သွားရောက်တောင်းယူ၍ အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်ထံ ပရိတ်ရေကိုပါ သွားရောက်တောင်းယူရပါသည်။ သိပ္ပံဆေးပညာဖြင့် စမ်းသပ်ရန်ခက်ခဲသောပယောဂဝေဒနာများပါ ယှဉ်တွဲနေခဲ့ပါက အလွယ်တကူ သန့်စင်စေရန် ဖြစ်၏။ ဆီးဖြူသီးခန့် ဆေးဥ (၃) ဥနှင့် ဆီးချဉ်သီးခန့် ဆေးဥ (၅) ဥ ရခဲ့ပါသည်။ ထိုနေ့မှာပင် ညနေ (၄) နာရီကားဖြင့် မကွေးသို့ခရီးဆက်ခဲ့၏။ နံနက်စောစော (၄) နာရီခန့်တွင် မကွေးသို့ရောက်၏။ လာကြိုသောမော်တော်ဆိုင်ကယ်ဖြင့် ချက်ချင်း ဆေးရုံသို့သွားပြီး ဆေးရုံစောင့်အား အကြောင်းအကျိုးပြောပြ၍ လူနာရှိရာအခန်းသို့ သွားခွင့်ရခဲ့သည်။ ဝေဒနာရှင် မသန္တာမှာ ခုတင်ပေါ်၌ ပက်လက်အနေအထားဖြင့် ရှိနေ၏။ အလွန် ပိန်လှီနေသည်ကို တွေ့ရပါသည်။ ကျွန်ုပ်၏လက်ထဲတွင် ကိုင်ထားသော မေတ္တာရှင်ဆရာတော်၏ ပရိတ်ရေဘူးနှင့်ဆေးဥများကို ပက်လက်အနေအထားမှ ရှိသေစွာ လက်အုပ်ချီမိုး ရှိခိုးခြင်း ပြုရှာပါသည်။ ကျွန်ုပ်လည်း ငယ်သော ဆေးဥများမှာ တစ်ခါစားဖြစ်ကြောင်း၊ ကြီးသောဥများမှာ သုံးခါစားဖြစ်ကြောင်း၊ အိပ်ရာထအချိန်တွင် (၁) ကြိမ်၊ အိပ်ရာဝင်ချိန်တွင် (၁) ကြိမ်စား၍ ပရိတ်ရေကိုပွားပြီးသောက်ရမည်ဖြစ်ကြောင်း၊ ဆေးဥကိုဝါး၍စားရန်သာ ဖြစ်ကြောင်း၊ ဆေးစားသည့်အခါတိုင်း သရဏဂုံတည်၍ စားရမည်ဖြစ်ကြောင်းများကို ရှင်းပြပြီးနောက် ပရိတ်ရေနှင့် ဆေးဥတို့အား ပေးအပ်လိုက်ပါသည်။ ၎င်းနောက် ဆေးရုံမှ ဦးခင်မောင်ကြည်၏ အိမ်သို့သွား၍ စကားအနည်းငယ်ပြောပြီး အနားယူလိုက်ပါသည်။

နောက်တစ်နေ့ ဓာတ်ခွဲခန်းမှ ဆေးစစ်စာထွက်လာသောအခါ ရောဂါပိုးမတွေ့ရကြောင်းကို သိရှိကြရသဖြင့် အားလုံး ဝမ်းသာကြရပေသည်။ နောက်ထပ် (၂) ရက်တိတိ ဆက်လက်၍ ဆေးစစ်သောအခါ ရောဂါပိုး မတွေ့ရလျှင် ဆေးရုံမှဆင်းနိုင်ပြီဟု သမားတော်ကြီးက ညွှန်ကြားပါသည်။ နောက်ထပ် (၂) ရက်တိုင်တိုင် ဆေးစာအရ ရောဂါပိုးကင်းရှင်းကြောင်းသိရပြီး ဓာတ်မှန်တွင်ထင်နေသော အမည်းစက်များပါ မရှိတော့သည်ကို ဓာတ်မှန်အရသိကြရလေ၏။ ထိုနေ့က ဆေးရုံမှဆင်းကြရမည့်အချိန်တွင် မသန္တာနှင့် သူ၏မိသားစုများ ပျော်ရွှင်စွာ ရယ်မောနေကြသော မြင်ကွင်းအား ယခုတိုင် ကျွန်ုပ်၏မျက်စိထဲ၌ မြင်ယောင်နေမိပါသေးသည်။ ကျွန်ုပ်လည်း လူအများပြောကြသော နတ်ဆေးဥဆိုသည့် သမားငိုဂမုန်း၏အစွမ်းထက်ပုံကို ယုံကြည်လက်ခံလိုက်ရပါတော့၏။

သမားငိုဂမုန်း၏ ပုံသဏ္ဌာန်ကို သေချာစွာသိရှိနိုင်ရန် ကျွန်ုပ်ထံ၌ ပျိုးထားသောအပင်အား ဓာတ်ပုံဖြင့် ဖော်ပြပေးလိုက်ပါသည်။ ဆေးဥ၏ပုံသဏ္ဌာန်ကိုမူ ဦးကံမြင့်ထံ၌ လက်ကျန်မရှိတော့၍ လည်းကောင်း၊ ဥချိန်မဟုတ်သဖြင့်လည်းကောင်း မဖော်ပြနိုင်တော့ပါ။ ဆင်ဆင်တူသောပုံသဏ္ဌာန်ကို ပြောရလျှင် ချင်းတက်မှပွားထွက်လာသော ချင်းတက်ငယ်နှင့်တူပါသည်။ အပင်မှာ (၂) ပေမှ (၃) ပေခန့်အထိ မြင့်ပါသည်။ မေတ္တာစေတနာကို ဦးထိပ်ပန်ဆင်၍ ကုသခြင်းကြောင့်ပင်လား၊ ရောဂါနှင့်တိုက်ဆိုင်သွားသောကြောင့်ပင်လား၊ ဆေးပင်၏အစွမ်းသတ္တိကပင်လျှင် ရောဂါအတော်များများကို ပျောက်ကင်းနိုင်စွမ်းရှိ၍ပင်လား မခွဲခြားတတ်တော့ပါ။ ဖော်ပြပြီးခဲ့သည့်အတိုင်း ရောဂါတစ်ခုပျောက်ကင်းသွားသည်ကတော့ ကိုယ်တွေ့အားဖြင့် သေချာနေပါသည်။ ယခု စာရေးနေသည့်အချိန်တွင် ဝေဒနာရှင် မသန္တာမှာ ကျန်းမာဝဖြိုး အလှတိုး၍ ရောဂါကင်းစင် ပျော်ရွှင်နေကြောင်းကို သိရှိရပါသည်။

သို့ဖြစ်ပါသောကြောင့် လူသားတို့အတွက် အကျိုးပြု ဆေးကောင်းတစ်မျိုး တိုးပွားလာသည်ဟု ယုံကြည်မိပါသဖြင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ သေချာစွာလေ့လာသိရှိ အသုံးပြုနိုင်ရန်အတွက် ဆေးဥ၏ပုံသဏ္ဌာန်နှင့် အရွယ်ရောက်နေသောဆေးပင်၏ပုံကို အခါအခွင့်သင့်လျှင် ထပ်မံဖော်ပြပေးမည်ဟု စဉ်းစားထားပါသည်။

*ကျန်းမာခြင်းဖြင့် ဘဝမြှင့်နိုင်ကြပါစေ*

ဇာတိဂုဏ်-မျိုးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

**လေးခွနှင့်လေးများ**

လောက်စာလုံးဖြင့် ပစ်ရသော လေးခွကို နေပြည်တော် ပျဉ်းမနားဝန်းကျင်က မျှော့ရေခွဟု ခေါ်၏။ ဆွဲဆန့်၍ရသော ကြက်ပေါင်မျှင်ဖြင့် ပြုလုပ်ထားသဖြင့် ထိုအခေါ်ကား ဆီလျော်မှု ရှိလေ၏။ ကြက်ပေါင်မျှင်ကို မျှော့နှင့် တင်စားခြင်း ဖြစ်၏။

ကျွန်ုပ်တို့ မိုးကုတ်ကမူ ဘတ်ခွဟု ခေါ်ကြပါသည်။ ပစ်လိုက်လျှင် ဘတ်ခနဲ မြည်သဖြင့် မြည်သံကိုစွဲ၍ ဘတ်ခွဟု ခေါ်ခြင်း ဖြစ်ပါသည်။ သို့အတွက် ဆီလျော်သည်ဟု ဆိုရပေမည်။

အချို့သောအရပ်ကမူ လေးခွဟု ခေါ်ကြပါသည်။ လေးသဖွယ်ဆွဲ၍ပစ်ရသဖြင့် ခွကလေးပါသောလက်နက်အား

ထိုဒူးလေးတွင်လည်း ကရင်ဒူးလေး၊ ဗမာဒူးလေး ဟူ၍ (၂) မျိုး ရှိသည်။ ဗမာဒူးလေးမှာ လေးကိုင်းရှည်၏။ ကိုင်းပြားသေး၏။ ကရင်ဒူးလေးကား လေးကိုင်းတို၏။ ကိုင်းပြားကြီး၏။ ထိုလေးတို့၏လေးညှို့ကြိုးမှာ တင်နေမကျလျှင် မည်မျှ အားကောင်းပါစေ၊ မောင်းမတင်နိုင်ကြပါ။ တင်နေကျသူတို့သာ အသက်အောင့်၍ အားကိုစုပြီး ဆတ်ခနဲ ဆွဲတင်နိုင်ကြ၏။ မတင်ဘူးသူတို့မှာ ဖင်ထိုင်၍ ခြေကန်ကာ ဆွဲတင်ကြရလေ၏။ ထိုဒူးလေးတို့ကား အားနှင့်

မဆိုင်ပါ၊ အလေ့အကျင့်နှင့်သာ ဆိုင်ပါသည်။

ဒူးလေးတင်မည်ဆိုပါက ဒူးလေး၏ဒင်ကို ချက်တွင်ထောက်ကာ ညာလက်၏လက်ညှိုးနှင့် လက်ခလယ်အားညှို့ကြိုးတွင် အားသွင်းဆုပ်ကိုင်ကာ အသက်အောင့်၍ ဆတ်ခနဲ ဆွဲတင်ရ၏။ ထိုအခါ မောင်းထစ်ထဲသို့ တစ်ချက်တည်းနှင့်ရောက်သည်။

မောင်းတင်ပြီးသည်နှင့် မျှော့ကြောင်းခေါ် မြားလမ်းပေါ်သို့ မြားကို



ရွှေပြည်စိုး(မိုးကုတ်)

လောက်စာလုံး၏အစွမ်း

လေးခွဟုခေါ်ခြင်းသည်လည်း ဆီလျော်မှုရှိပါသည်။ ရန်ကုန် စသော ဒေသတို့၌ လေးခွဟုခေါ်ကြသည်။

လေး ဟူသည်မှာ ရှေးအခါက မြန်မာတို့၏ အဝေးပစ်လက်နက် ဖြစ်သည်။ ထိုအဝေးပစ်လက်နက်မှာ မြားဖြင့် ပစ်ရသော ဒူးလေး၊ လင့်လေး၊ လောက်စာလုံးဖြင့်ပစ်ရသော လောက်လေး ဟူ၍ လေး (၃) မျိုး ရှိပါသည်။

ဒူးလေးမှာ သေနတ်ကဲ့သို့ ခလုတ်ဖြင့်ပစ်ရသောလေး ဖြစ်သည်။ တူမီးသေနတ်များမပေါ်မီက တောလိုက်မုဆိုးများ အားထားရသော ပြင်းထန်သည့် လက်နက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တင်ရ၏။ မြွားလမ်းကြောင်းတွင် စေး ကပ်သော အင်္ဂတွဲ မှားမယောင်း စသည် သုတ်လိမ်းထားသဖြင့် မြွားသည် လမ်း ကြောင်းပေါ်တွင် ကပ်နေ၏။ လှုပ်ရှား သော်လည်း မြုတ်မကျတော့ပေ။

လင်္ငလေးမှာမူ တိုက်ပွဲဝင်လေး ဖြစ်သည်။ မြတ်စွာဘုရားလက်ထက်အ ခါက စစ်သူကြီး မဟာမန္ဒလကိုင်သော လေးသည် လင်္ငလေး ဖြစ်သည်။ ဆင် ပြောင်(၅)စီး အားမာန်ကြီးသော စစ်သူ ကြီး မဟာမန္ဒလကိုင်သော လေးသည် လေးကိုင်းသို့ ညှို့ကြိုးတင်လျှင် မိုးခြိမ်း သံထွက်၍ မင်လျှင် မိုးကြိုးသံထွက်သည် ဟု ဆိုသည်။

မြတ်စွာဘုရား အလောင်းတော် လေးစွမ်းမြရန် လေးညှို့တင်သောလေး မှာလည်း လင်္ငလေးသာလျှင် ဖြစ်ပါ သည်။ လင်္ငလေးကား လေးကိုင်းနှင့် လေးညှို့သာပါရာ အတော်မင်စန့်ကျဉ်း သောလေး ဖြစ်သဖြင့် အလျင်အမြန်မင် ခတ်ရသောတိုက်ပွဲများတွင် အဝေးမင် လက်နက်အဖြစ် လွန်စွာအရေးပါ၏။

ရာမဇာတ်တော်တွင် ရာမမင်း သားတင်သည်မှာလည်း လင်္ငလေးသာ ဖြစ်ပါသည်။ ရှေးအစဉ်အလာရှိခဲ့သည် မှာ လင်္ငလေးသာ ဖြစ်ပါသည်။ ဒူးလေး ဟူသည်မှာ သေနတ်များပေါ်ပြီးနောက် ပိုင်းတွင် သေနတ်ကဲ့သို့ မောင်းခလုတ် နှင့် တီထွင်ကြံဆကာ အောင်မြင်ခဲ့ခြင်း ဖြစ်မည် ထင်၏။


တစ်ချက်ကောင်း ချိန်၍ ပစ်မည် ဆိုပါက ဒူးလေးကား လွန်စွာ အသုံးဝင် လှ၏။ အလွန်ကြီးသော တောကျွဲနေါ် ပြောင်ကြီးများကိုမင်လျှင် လီဆူးတို့က တစ်ချက်တည်းနှင့် ရအောင်မင်ယူနိုင် ကြ၏။

သုတ်ဆိုကိုင်သော မြွားများကား တစ်ထွေ့ခွန်၊ နှစ်ထွေ့ခွန် တည်းဟူသော အဆိပ်အလွန်ပြင်းသည့် အဆိပ်လူးမြွား များဖြစ်ရာ ထိမြွားမှန်ပါက အများဆုံး နှစ်ချက်သာခုန်နိုင်ပြီး အဆိပ်တက်ကာ သေဆုံးရလေ၏။

ဒူးလေးကား မောင်းတင်ပြီးမှ မင် ၍ရသဖြင့် အမြန်မင်၍မရပါ။ လင်္ငလေး သာလျှင် စစ်မြေပြင်တို့၌ သုံးနိုင်ကြပါ သည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားကား သူ၏လင်္ငလေးဖြင့် လျှပ် တစ်ပြက် အချက်တစ်ထောင် မင်နိုင် စွမ်းရှိသဖြင့် လင်္ငလေး မည်မျှသျှက်သည် ဟူသည်မှာ သက်သေမင် ဖြစ်ပါသည်။ အလောင်းတော်၏ခွန်အားမှာ ဆင် ပြောင် (၁၀) စီး အားမာန်ကြီးသဖြင့် လင်္င လေးကလည်း မင်ရာတွင်သျှက်၍၊ လေး မည်ရာတွင်လည်း တစ်ဖက်ကမ်းခပ်၍ ဖြစ်သည်။

လောက်လေးကို အချို့တို့က လောက်လွှဲဟုလည်း ခေါ်ကြပါသည်။ ညှို့ကြိုးတွင် လောက်စာအိမ်ကလေးပြု ကာ လောက်စာလုံးထည့်၍ အနည်း ငယ်လွှဲမင်ရသော လက်နက် ဖြစ်သည်။ ပုံစံမှာ လင်္ငလေးပုံစံပင် ဖြစ်သည်။

လေးကိုင်းအား အများအားဖြင့် ဝါးရင်းသားဖြင့် ပြုကြလေ့ ရှိပါသည်။ လောက်စာလုံးမှာမူ ရွှံ့ဖြင့်လုံးကြလေ့ရှိ ပြီး လေးခွဖြင့်မင်သော လောက်စာလုံး ထက် အနည်းငယ် ကြီး၏။ ယခုခေတ် တွင်မူ ကိုင်သူ မှု၍ မမြင်အားတော့ချေ။





www.burmeseclassic.com

www.burmeseclassic.com

ခေတ်မီတိုးတက်သော ကြက်ပေါင်ကြီးများဖြင့်ပြုလုပ်ရသော လေးခွတို့သာ လောက်လေး၏နေရာကို အစားထိုးဝင်ရောက်ခဲ့ပြီ ဖြစ်သည်။

လောက်လေး အပစ်တော်သော ရှေးလူတို့ကို ကျွန်ုပ်တို့မီလိုက်ပါသည်။ ပြန်ကပြေးရွာ ကျောင်းကြီးဆရာတော်သည် လောက်လေးပစ်တော်သည်ဟု နာမည်ကြီး၏။ ကျွန်ုပ်တို့သိတတ်သော အရွယ်တွင် ကျောင်းကြီးဆရာတော်မှာ အိုမင်း၍ လေးမကိုင်တော့ပြီ။

ပြန်ကပြေး ကြားကျောင်းဆရာတော် ဦးပဥ္စင်းကုလားကြီးမှာမူ အရွယ်ကောင်းသေး၍ လေးကိုင်၏။ ကျောင်းဝင်းထဲ ဝင်ရောက်မွှေနှောက်တတ်သော ကျွဲ၊ နွား၊ ဝက်တို့ကို လောက်လေးဖြင့် လှမ်းပစ်လေ့ ရှိ၏။ တိရစ္ဆာန်တို့သည် လောက်စာလုံးကို လွန်စွာကြောက်ကြ၏။ မည်မျှမှန်ချက်ပြင်းသနည်းဆိုသော် နွားမတမ်းမပင်လျှင် တုံးခနဲ လဲကြောင်း သိရ၏။ မည်မျှလက်ဖြောင့်သနည်းဆိုသော် အုန်းပင်တစ်ပင်နှင့်တစ်ပင် ခုန်ကူးသော ရှဉ့်အား မှန်အောင်ပစ်နိုင်စွမ်း ရှိကြောင်း သိရ၏။

ရှေးက ကြားကျောင်းရှိ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်းလပြည့် ဝန်းကျင်တွင် တန်ဆောင်တိုင်ပွဲအဖြစ် နှစ်စဉ်ကျင်းပ၏။ ထိုပွဲတော်တွင် လူဆိုးလူမိုက်တို့ ပေါ်များလှရာ ပွဲငြိမ်အောင် ဦးပဥ္စင်းကုလားကြီးသည် ကြိမ်တုတ်တစ်ချောင်းဖြင့် အုပ်ချုပ်လေ့ရှိ၏။ ဦးပဥ္စင်းကုလားကြီးကား သူ့ခေတ်နှင့်သူ့အခါ ရွာအပေါ် သြဇာညောင်းသော ဆရာတော် ဖြစ်၏။ ထို ဦးပဥ္စင်းကုလားကြီး ကျော်ကြားသော ဝိသေသကား လောက်လေးပစ် အလွန်ကျွမ်းကျင်ခြင်းပင် ဖြစ်၏။ လောက်လေးကိုင်သူကိုမြင်ရခြင်းသည် ဦးပဥ္စင်းကုလားကြီးသာ နောက်ဆုံး ဖြစ်ပါသည်။ နောင်တွင် မတွေ့ရတော့ချေ။

ကျွန်ုပ်တို့ မှန်ကျောင်းဆရာတော်သည်လည်း ကျွန်ုပ်တို့ငယ်စဉ်တုန်းက လောက်လေးကိုင်ဖူး၏။ သို့သော် ကျွမ်းကျွမ်းကျင်ကျင် မဟုတ်ဘဲ ထိုလောက်လေးကို ခဏနှင့် ပြန်လည် စွန့်လွှတ်သည်ကို တွေ့ရ၏။ သို့ကြောင့် အနီးကပ်မြင်ဖူးခြင်း ဖြစ်သည်။ ဦးပဥ္စင်းကုလားကြီးကို အားကျ၍ ကိုင်ဟန်ရှိသော်လည်း ဖြစ်ဖြစ်မြောက်မြောက် မရှိသောအခါ စွန့်ပစ်ခဲ့ခြင်း ဖြစ်ဟန်တူ၏။

ထိုလောက်လေးကား မပစ်တတ်ခဲ့သော် လေးကိုင်သောလက်အား ပြန်၍ ထိမှန်တတ်သဖြင့် အတော်ဂရုပြုရသောလက်နက် ဖြစ်ပါသည်။ ဘုန်းကြီးမရှိခိုက် ထိုလေးကိုယူ၍ပစ်ကြည့်ကြ၏။ လွဲ၍ပစ်ရသဖြင့် အတော်ပစ်ရခက်လေ၏။ လေးခွကဲ့သို့ ပစ်မှတ်ထိရန် လွန်စွာခက်ခဲ၏။

ထိုသို့သော လေးမျိုးလေးနွယ်မှဆင်းသက်လာသည့် လေးခွမှာမူ ပြည်နှင့်အဝန်းကြီး,ငယ်မဟူ ကိုင်တွယ်ကြလေ၏။ အသင့်ပြုလုပ်ပြီးသော လေးခွတို့မှာလည်း ဆိုင်တို့တွင် အသင့်ရှိ၏။ သစ်သားခွရှိ၏။ ကွဲချိုခွရှိ၏။ ကြိုက်ရာကို အလွယ်တကူ ဝယ်ယူနိုင်၏။ သားရေပင်၊ လောက်စာအိမ်၊ ချည်ရန်မျှောရေပင်အသေးတို့မှာလည်း ဆိုင်တို့တွင် အလျှံပယ်ရှိ၏။

ထိုလေးခွကို အများဆုံးကိုင်တွယ်ကြသူများမှာ တောသူတောင်သား၊ တောင်သူယာလုပ် မားမခုတ်တို့သာဖြစ်ပါသည်။ သူတို့သည် တောထဲ၌ ကျွဲကျောင်းခြင်း၊ နွားကျောင်းခြင်း၊ မှိုရှာ, မျှစ်ရှာသွားခြင်း စသည်ဖြင့် တောထဲသွားသောအခါ ကြက်ငှက်ပစ်ရန် လည်းကောင်း၊ မိမိကိုယ်ကို ကာကွယ်ရန်အတွက် လည်းကောင်း၊ ကျွဲ,နွားများကိုပစ်၍ ဟန့်ရန်အတွက် လည်းကောင်း ကိုင်တွယ်ခြင်း ဖြစ်လေ၏။

ဘုန်းကြီးကျောင်းသား တို့သည် ဘုန်းတော်ကြီးမှ မည်မျှဟန့်တားပါစေ၊ ဘုန်းတော်ကြီးမသိအောင် ိုးဝှက်ကာကိုင်ကြကာ ဘုန်းပေ ား ကိစ္စတစ်ခုခုရှိ၍ အပြင်သို့ကြွသည်နှင့် လေးခွအစွမ်းပြကြတော့၏။

လေးခွနှင့်ပစ်ရန် လောက်စာလုံးဟူသည်ကား ကျောင်းသားတို့ နေ့စဉ်လောက်စာလုံးကာ ခေါင်မန်းကဲတမ်းကစားလေ့ရှိသဖြင့် လွန်စွာပေါများလှ၏။ ဘုန်းကြီးကျောင်းသားတို့သည်လည်းကောင်း၊ နွားကျောင်းသား, ကျွဲကျောင်းသားတို့သည် လည်းကောင်း အုပ်စုဖွဲ့ကာ သစ်ပင်ကြီးများပေါ်ရှိ သစ်ကိုင်းသစ်ခက်တို့ကို ဝိုင်း၍ လက်တည့်စမ်းလေ့ရှိ၏။ လောက်စာလုံးသံသည် တဖြောက်ဖြောက်နှင့်နေ၏။

ထိုသို့ လေးခွလက်တည့်စမ်းသောအခါ သစ်ပင်တို့၌အမှီပြုနေရသော ပရလောကသားခေါ် သရဲ တစ္ဆေတို့သည် လောက်စာလုံးဒဏ် ခံကြရသည်ဟု ကြားဖူးပါသည်။ ထို့ကြောင့် ဘုန်းကြီးကျောင်းသားနှင့် နွားကျောင်းသားကို သရဲ တစ္ဆေတို့ ကြောက်ကြသည်ဟု ငယ်စဉ်ကပင် ကြားဖူးခဲ့၏။ နွားကျောင်းသားနှင့် ဘုန်းကြီးကျောင်းသားလက်ထဲသို့ လေးခွရောက်ခဲ့သော် ကြက်, ငှက်လည်း မချမ်းသာ၊ သရဲ တစ္ဆေတို့လည်း မချမ်းသာ ဖြစ်ကြရပါသည်။

တင်ပြလိုသည်မှာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သာယာကုန်းရွာလေးတွင် ဟိုးရှေးအခါက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကလေး ဖြစ်ပါသည်။

**မီးသရဲ**

သာယာကုန်းရွာလေးကား နေပြည်တော် ပျဉ်းမနား-တောင်ညိုသွားကားလမ်း၏တောင်ဘက် ကုန်းမို့မို့တွင် တည်ရှိပါသည်။ ထိုရွာကလေးကား ရွာလယ်ကုန်းထိပ်ပေါ်၌ ရှေးပျူခေတ်က တည်းက တည်ထားကိုးကွယ်ခဲ့သော 'ဘိတ်ဘိတ်ရောင်၊ ယခုခေတ်အခေါ် ဖိတ်ဖိတ်ရောင် စေတီတော်ကြီးကြောင့် ထင်ပေါ်ကျော်စောပါသည်။ သာယာကုန်း ဟူသည်နှင့်အညီ သာတောင့်သာယာရှိသော ရွာကလေးဖြစ်ကာ သီးပင်စားပင်ဖြစ်သော အုန်းပင်၊ သရက်ပင်၊ ပိန္နဲပင်တို့ဖြင့် အုပ်ဆိုင်း၍နေ၏။

ထိုသာယာကုန်းရွာကလေး၏ အနောက်ဘက် ခပ်လှမ်းလှမ်းတွင် ပြန်ကပြေးရွာအလယ်ပိုင်းရပ်မှ ဦးဖိုးကျော့ပိုင်ဆိုင်သောမြေကွက် ရှိ၏။ ထိုမြေကွက်၏အနောက်ဘက်စည်းရိုးတွင် ကြီးမားသော ညောင်ပင်ကြီးတစ်ပင် ရှိလေ၏။ ထိုညောင်ပင်ကြီး၏ဘေး၌ လှည်းလမ်းကလေးရှိ၏။

ကားလမ်းနှင့်ညောင်ပင်မှာ တစ်ခေါ် လောက်ဝေးကွာ၏။ ထိုညောင်ပင်လမ်းသို့ မိန်းကလေးများ နေ့အခါ၌ပင်လျှင် တစ်ဦးတစ်ယောက်တည်းမသွားရဲကြပေ။ ညအခါ၌ဆိုလျှင် ယောကျ်ားပင်လျှင် တစ်ဦးတစ်ယောက်တည်း သွားရဲခြင်း မရှိချေ။

ထိုညောင်ပင်ကား မီးသရဲ တူသည် နာမည်ကြီးလှ၏။ ညအခါသွားသူတိုင်းနီးပါး ထိုညောင်ပင်မှ မီးသရဲကို အထိတ်တလန့် မြင်ဖူးကြ၏။ ဆန်တောဝိုင်းမျှ ကြီးမားသော မီးလုံးကြီးသည် ညောင်ပင်ပေါ် တက်လိုက်၊ ပြန်ဆင်းလိုက်နှင့် ပြလေ့ရှိ၏။ ရံဖန်ရံခါ နောက်မှ တလိမ့်လိမ့်ဖြင့် လိုက်လာလေ့ရှိ၏။ ထိုအခါ ဖနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် ပြေးကြရခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

[illegible]သည်။

မသိနားမလည်၍ ထိုညောင်ပင် [illegible]အနီး သွားရင်းလာရင်း အပေါ့အပါး [illegible]ခဲ့ပါက ထိုသူသည် ကောက်ကာ [illegible] ဝေဒနာတစ်ခုခုခံစားရတတ်၏။ [illegible]အခါတွင် မည်သည့်ဆေးကုချက်မှ [illegible]တော့ဘဲ ပယောဂဆရာဆီ ပြေးရ [illegible]၏။ ပယောဂဆရာ၏ စစ်ဆေး [illegible]ရှိချက်၊ မေးမြန်းချက်အပေါ် မူ [illegible]၍ ညောင်ပင်ကြီးအနီး မရှိမသေ [illegible]သော အပြုအမူတို့ ပေါ်ပေါက်၏။

ထိုသို့ သရဲဖမ်းစားကြောင်းသိရ [illegible]နှင့် ညောင်ပင်ကြီးအနီးတွင် ကြက် [illegible] အမဲသားတစ်ခုခုဖြင့် တောင်းပန်ရ [illegible]။ ထိုသို့ တောင်းပန်ကျွေးမွေးလိုက် [illegible] ခံစားနေရသောဝေဒနာသည် [illegible]ချင်းပျောက်၏။

အစဉ်အဆက် နာမည်ဆိုးနှင့် [illegible]ကြားခဲ့သော ညောင်ပင်ကြီးအား [illegible]တို့သည် ဝေးဝေးရှောင်ကြ၏။ မလွဲ [illegible]မှ ထိုလမ်းမှဖြတ်သန်းကြလေ၏။

**[illegible]ယပ်ကြခြင်း**

ထိုခေတ် ထိုအခါကား ယခု [illegible]ကဲ့သို့ စပါးခြွေစက်များ မပေါ် [illegible]ပါ။ လယ်ကွင်းတွင် ဦးစွာ တလင်း [illegible]ရ၏။ တလင်းဟူသည်မှာ လယ်မြေ [illegible]မြေသားကို ဦးစွာ ပြောင်အောင်ရှင်းရ [illegible]။ အမှိုက်များသန့်ရှင်းပြီးလျှင် ကောက် [illegible]ပုံမည့်နေရာ၊ စပါးနယ်မည့်နေရာ [illegible] မာကျောကျစ်လျစ်အောင် လှည်း [illegible]ကြိတ်ခြင်း၊ ကျွဲ၊နွားတို့ဖြင့်လှည့်ပတ် [illegible]စေခြင်းပြုရ၏။ ပြီးလျှင် အပေါက်အ [illegible]မရှိအောင် နွားချေးဖြင့် ကျံရ၏။ ထို [illegible] တလင်းပြီးလျှင် ကောက်လှိုင်းတို့ [illegible]၏။ ကောက်လှိုင်းတို့သည် တလင်း [illegible]တွင် တောင်ပုံရာပုံ ဖြစ်သည်။

ကောက်လှိုင်းများအား စပါးနယ် [illegible] တလင်းတွင် စက်ဝိုင်းကဲ့သို့စီရ၏။ [illegible]လျှင် ကျွဲ၊နွားတို့အား စပါးများမစား [illegible]ရန် နှာခေါင်းတွင် နှီးခြင်းစွပ်ပေးပြီး [illegible]စုလိုက် ဝိုင်းကြီးပတ်ပတ်နင်းစေကာ [illegible]နယ်ရ၏။

ကြိမ်ဖန်များစွာနယ်ပြီးသော် စပါး [illegible]ကြွေကုန်သဖြင့် ကောက်ရိုးတို့ကို [illegible]ကောက်ဆွဖြင့်ဖွကာ ဖယ်ထုတ်ရ၏။ [illegible]ကောက်ရိုးကို သီးခြားပုံထားရ၏။ စပါး [illegible] အောက်ခြေ၌ကျန်ရစ်၏။ ထိုစပါး [illegible]အပေါ်တွင် ကောက်လှိုင်းများထပ် [illegible]ကာ နယ်ရပြန်၏။ ထိုသို့ သုံး၊လေးကြိမ် [illegible]ယ်ပြီးသော် စပါးများ အတော်ပင် စုပုံလာ၏။ စုပုံလာသောစပါးတို့မှ ကောက်ရိုးအပိုင်းအစများအား ဆန်ကောဖြင့် ယပ်၍ထုတ်ခြင်းကို စပါးယပ်သည်ဟု ခေါ်ပါသည်။

စပါးယပ်ရန် ပြောင်စင်သောနေရာကိုပြုရ၏။ တလင်းနှင့်မနီးမဝေးတွင် ကပ်၍လုပ်ရ၏။ စပါးနှင့် ကောက်ရိုးအမှုန်အမှိုက်များရောနေသော တလင်းမှ စပါးတို့ကို အချို့က ဆန်ခါကျဲဖြင့် လှုပ်ချပေး၏။ အောက်မှလူများက ဆန်ကောဖြင့်ဝိုင်းယပ်ကာ အမှုန်တို့ကို လွင့်စေ၏။ အချို့က ဆန်ကောဖြင့် မြှောက်ဝှေ့ပေး၏။ အောက်မှဝိုင်း၍ယပ်ကြ၏။ သို့နှင့် အမှုန်အမှော်ကင်းစင်သော စပါးတို့ကို ရပါသည်။ ထိုသို့ရသည်နှင့် စပါးကို နေလှန်းရ၏။ ကျီသွင်းရ၏။ ကျန်သော ကောက်လှိုင်းတို့ကို မကုန်မချင်း နယ်ကြရပြန်၏။ ထိုစပါးနယ်သော၊ စပါးယပ်သော အလုပ်ကား လယ်ပိုင်ရှင်ကြီးအချို့ဆိုလျှင် ဆောင်းကုန်လုနီးမှ ပြီးစီးကြ၏။

(ယခုခေတ်တွင်မူ ရိတ်ပြီးသည်နှင့် ကောက်လှိုင်းတို့စုပုံကာ စပါးခြွေစက်ဖြင့် ခြွေလိုက်သည်နှင့် အချိန်တိုတိုနှင့်ပြီး၏။ ထွက်လာသောစပါးတို့သည် အမှုန်အမှော်ကင်းစင်ပြီးဖြစ်ရာ ခြောက်သွေ့ရန် နေလှန်းရုံရှိ၏။)

သာယာကုန်းမှ ဘကြီးကျန်၏ လယ်တောတွင် ဘကြီးကျန်အကူအညီတောင်းမှုကြောင့် သာယာကုန်းရွာသားများ ဖြစ်ကြသော ကိုမြအုန်း၊ ကိုကျော်ဝင်း၊ ကိုမင်းအောင်၊ ကိုမောင်ညြ၊ ကိုအေးကို၊ ကိုတင်လှတို့သည် နေဝင်ရိုးရီ၌ ဘကြီးကျန်၏လယ်တောသို့ရောက်လာကြ၏။

စပါးယပ်ခြင်းအလုပ်အား အများအားဖြင့် နေ့တွင် မလုပ်ကြဘဲ ညတွင်သာလုပ်လေ့ရှိပါသည်။ နေ့အခါလုပ်ပါက နေပူလွန်းသဖြင့် ချွေးအလွန်ထွက်ကာ စပါးမှုန် စပါးမှော်တို့ဖြင့် အတော်ယားသောကြောင့်ဖြစ်ပါသည်။ လထွက်သောညများတွင်သာ လရောင်ကို အမှီပြု၍ စပါးယပ်လေ့ရှိကြပါသည်။ ထိုသို့ စပါးယပ်လျှင် လေတိုက်ရန် အလွန်လိုအပ်၏။ လေကူပါက လူသက်သာလှပါသည်။ တောသူတောင်သားတို့ခေလေ့အရ လေတိုက်စေရန် လေခေါ်သောအားဖြင့် လေကလေးတရှူးရှူးချွန်ရ၏။

လကွေးကွေးဖြင့် ညအရေးလှနေသလို ကိုမြအုန်းတို့အုပ်စုမှာလည်း တက်ညီလက်ညီ စပါးယပ်ကြရာ ည (၉) နာရီခန့်တွင် တလင်းတွင်းမှစပါးများ ယပ်၍ပြီးကြ၏။

အလုပ်ပြီးသော် လယ်ရှင်ဘကြီးကျန်က လယ်ရှင်ဝတ္တရားအရ ထန်းရည်ခါးနှင့် ကြက်သားကာလသားချက်ဖြင့် ဧည့်ခံ၏။ မောမောနှင့် သောက်ကြရာ ထန်းရည် (၃) မြူနှင့် ကြက်သားတစ်အိုးတက်တက်ပြောင်လေတော့၏။ ထိုအခါ အချိန်တန်၍ အိမ်ပြန်ရန်သာ ရှိပါတော့သည်။

ထိုသို့ပြန်လျှင် ဦးဖိုးကျော့စည်းရိုးအနီးရှိ လှည်းလမ်းမှ ပြန်ရမည်ဖြစ်ရာ မီးသရဲရှိသည်ဆိုသော ညောင်ပင်ကြီးအား မလွှဲမသွေ ဖြတ်ကျော်ကြရပေမည်။ သူတို့ပြန်ချိန်သည် ည (၁၀) နာရီခန့်ရှိပေပြီ။

"ဟေ့ မြအုန်း၊ ညောင်ပင်ကြီးနားရောက်လို့ မီးသရဲခြောက်ရင် မပြေးတမ်းနော် ဟေ့ကောင်။ မင်းမှာ မျှော့ရေခွ ပါလား"

"ငါက ကြို့တွက်ပြီးသားပါကွ ကျော်ဝင်းရ၊ ငါလည်း မျှော့ရေခွ ပါပါတယ်။ ဟိုကောင်တွေကော မျှော့ရေခွ ပါကြလား"

"ညခရီးသွားရမယ် ဆိုကတည်းက မျှော့ရေခွနဲ့ လောက်စာလုံး လွယ်အိတ်တစ်ဝက် ထည့်ယူလာခဲ့တာကွ။ ငါတို့မှာ အားလုံး ပါတယ်။ ဒီညတော့ မီးသရဲကို လက်တည့်စမ်းရသေးတာပေါ့ကွာ။ ငါ့လက်က အပ်ထောင်ထားရင်တောင် မှန်အောင်ပစ်နိုင်တာ မင်းတို့လည်း သိသားပဲ"

ဟု ကိုမင်းအောင်က ဆို၏။ ထိုအခါ ကိုမြအုန်းတလည်း အားကျမခံ-

"အောင်မာ- ငါလည်း ပျံနေတဲ့ ငှက်တောင် မှန်အောင်ပစ်နိုင်တဲ့ကောင်ပါကွ"

ဟု ကိုယ်ရည်သွေးပြန်၏။ ထိုသို့ ကိုယ်ရည်သွေးရာတွင် ကိုကျော်ဝင်းကလည်း-

"ဘယ်လောက်မြင့်တဲ့သရက်သီး ဖြစ်ပါစေ၊ အညှာကို တည့်တည့်မှန်အောင် ငါကလည်း ပစ်နေကျပါကွ"

ဟု ကြွားပြန်၏။

တောသူတောင်သားများ ဟူသည် တောထဲတောင်ထဲ ကြက်ပစ်၊ ငှက်ပစ်၊ သရက်သီးပစ်နှင့် ကြီးပြင်းလာကြရာ သူတို့ (၆) ယောက်စလုံး ပစ်မလွဲသောလက်ကို ပိုင်ဆိုင်ထားကြသူများသာ ဖြစ်ပါသည်။ အလွန်ပေသော ကျွဲများပေလျှင် လောက်စာလုံးကိုတော့ အ



www.burmeseclassic.com

www.burmeseclassic.com

လွန်ကြောက်ကြလေ၏။ နွားကျောင်းသား၊ ကျွဲကျောင်းသားတို့၏အဝေးပစ်လက်နက်ကား မျှော့ရေခွံသာဖြစ်ရာ မျှော့ရေခွံသံ တဖြန်းဖြန်းအသံပေးလိုက်လျှင် ကျွဲ၊နွားတို့ ကြောက်လွန်း၍ ပျာယာခတ်နေတတ်သည်၊ စကားကိုနားထောင်ကြသည်။ ယခုလည်း အားလုံးတပင် မပြေးတမ်း မီးသရဲကိုပစ်မယ်ဟု ညှိနှိုင်း၍ လာခဲ့ကြလေ၏။

**မီးသရဲနှင့်လေးခွရှင် (၆) ဦး**

"ဟော့ကောင် မောင်အေး၊ ဟိုးရှေ့မှာ ညောင်ပင်ကြီးကို ခပ်ပျပျမြင်နေရပြီကွ။ မီးသရဲခြောက်အောင် အသံပေးကွာ"

ဟု ကိုမြအုန်းက ဆိုလေရာ ကိုမောင်အေးသည် ကျောင်းသားဘဝက ကျက်ခဲ့ရသော ကဗျာတစ်ပုဒ်ကို ခွန်းထောက်ဆိုသကဲ့သို့ မင်းသားသံဖြင့် ဟဲလေတော့၏။ ကိုမောင်အေးကား မင်းသားကဲ့သို့ အလွန်အသံကောင်းသူဖြစ်ကာ သူ့ခွန်းထောက်သည် တိတ်ဆိတ်သော ညဥ့်ယံကိုရိုက်ခတ်လာ၏။

"မြသားရယ်. . . တဲ့. . ရေယမုံ
မြစ်ရော. . . နဒီကြောမှာ. . .
မျော. . . မျောကြဒိုက်ပုံ. . .
ကျူဝါးရုံ. . .
ကျူဝါးရုံ. . . တူစုံကွယ့်သာမောဘုံမတီးရယ်နဲ့. . .
ငှက်ကြီးရွှေဝံပိုတို့ရယ်. . .
စီးခိုလို့မျော. . .
စီးခိုလို့မျော. . . "

တောယံကို ရိုက်ခတ်လာသော ခွန်းထောက်သံဆုံးသည်နှင့် သူတို့လည်း ညောင်ပင်နှင့်မလှမ်းမကမ်းရောက်လာခဲ့ကြ၏။ သူတို့၏အာရုံသည် ညောင်ပင်ဆီသို့ ရောက်နေကြပြီး မီးသရဲကိုတွေ့မြင်လိုလှရာ သူတို့၏ဆန္ဒသည် ခဏနှင့်ပင် ပြည့်လေ၏။ အဘယ်ကြောင့်ဆိုသော် ညောင်ပင်ထိပ်ဖျားမှ နီရဲသောမီးလုံးကြီးသည် မီးစက်မီးမှုန်များ တဖွားဖွားဖြင့် တဖြည်းဖြည်း အောက်ကိုကျလာနေ၍ ဖြစ်သည်။ ပမာဏမှာ သေးသေးမဟုတ်၊ ဆန်ကောလတ်မျှ ကြီးမားလေ၏။

မီးလုံးကြီးကား ညောင်ပင်ပေါ်တက်သွားလိုက်၊ ပြန်ဆင်းလာလိုက်နှင့် လုပ်နေရာ ကြည့်၍အတော်ကောင်းကြ၏။ (၆) ယောက်အုပ်စုမို့ ကြောက်စိတ်မရှိဘဲ ကြည့်၍ပင် ကောင်းသေးတော့၏။ သူတို့သည် တိုင်ပင်စရာမလိုဘဲ လွယ်အိတ်ထဲသို့ လက်ကိုယ်စီရောက်သွားကြကာ လောက်စာလုံး လဂ်တစ်ဆုပ်စာနှင့် မျှော့ရေခွံကို နှိုက်ထုတ်လိုက်ကြ၏။ အားလုံး အသင့်အနေအထားဖြစ်သွားကြလေပြီ။ စက္ကန့်ပိုင်းအတွင်းမှာပင် သူတို့သည် ညောင်ပင်ကြီးနားရောက်ကြကာ မီးလုံးကြီးအား မနားတမ်း ဝိုင်းပစ်ကြလေ၏။ ပစ်ချက်တို့ကြောင့် မီးလုံးကြီးသည် မီးမှုန်များ လွင့်စဉ်ထွက်ကာ အထက်-အောက် အမြန်အတက်၊ အဆင်းလုပ်နေပြန်၏။

ပစ်မလွဲလက်များဖြစ်သဖြင့် လေးခွ (၆) ခု၏ မနားတမ်းပစ်နေသော လောက်စာလုံးဒဏ်ကို မီးလုံးကြီး မရှုမလှ ခံစားနေရလေ၏။ ကိုမြအုန်းတို့အုပ်စုကလည်း တက်ညီလက်ညီ လေးခွစစ်ခင်းသကဲ့သို့ မနားတမ်းပစ်နေရာ မီးလုံးကြီးသည် ဒဏ်ခံနိုင်စွမ်းရှိဟန်မတူဘဲ မျဉ်းဖြောင့်သဖွယ် တစ်လံမျှသော မီးချောင်းသဖွယ် ဖန်ဆင်းပြပြန်၏။

နီရဲသော မီးချောင်းကိုလည်း မနားတမ်း မှန်အောင်ပစ်ကြပြန်ရာ မီးချောင်းကျိုးသံ တဖြောင်းဖြောင်းကြားရပြီး ဝေါ့ ဟူသော အသံကြီးကို ကြားရကာ မီးချောင်းပျောက်ကွယ်သွားလျက် မှုန်မည်းမည်းအရာကြီးသည် ညောင်ပင်ပေါ်မှ တောင်ဘက်ရှိ ကုန်းပြင်ပေါ်သို့ ပျံသန်းကျရောက်၏။ လူပြေးသကဲ့သို့ ပြေးသဖြင့် သူတို့အုပ်စုသည် ညာသံပေးကာ လိုက်၍ပစ်ကြပြန်၏။

တောပြုံသကဲ့သို့ အသံကြီးပေးကာ မည်းမည်းအရာကြီးသည် အမြန်ပြေးသဖြင့် သူတို့အုပ်စု ကြာကြာမပစ်လိုက်ရတော့ပေ၊ ခဏနှင့်ပင်ပျောက်ကွယ်သွားလေ၏။ ကိုမြအုန်းတို့အုပ်စုလည်း အကောင်ကြီးပြေးရာ တောင်ဘက်သို့ ငေးကြည့်ရင်း ကျန်ခဲ့ကြ၏။

"ကဲ- မီးသရဲ ဘာတတ်နိုင်သေးတုန်းကွ၊ ငါတို့အုပ်စုနဲ့တွေ့တော့ ဖင်လန်ပြီးပြေးရတော့တာပဲ"

ဟု ကိုမြအုန်းက ဆို၏။

သူတို့သည် သာယာကုန်းရွာထဲသို့ အောင်မြင်စွာ ပြန်လာခဲ့ကြ၏။ ထိုအဖြစ်ကို သူတို့တစ်သက်မေ့မည်မဟုတ်ကြပေ။

**လောက်စာလုံး၏အစွမ်း**

ဘကြီးကျန်၏သားဖြစ်သူ ကိုတင်မောင်သည် ဦးဖိုးကျော့အကွက် ထယ်ရေးဝင်နေခြင်း ဖြစ်သည်။ ထယ်ရေးစပ်သောအခါ သရက်တောကျောင်း၏ ခေါင်းလောင်းထိုးသံကို သဲ့သဲ့ကြားရရာ ဘုန်းတော်ကြီးကျောင်းများ ဆွမ်းစားချိန် နံနက် (၁၁) နာရီတိတိရှိပြီကို ခေါင်းလောင်းသံကြောင့် သိရ၏။

ထယ်ရေးဝင်နေသည်မှာ တစ်ဦးတည်း မဟုတ်ပါ။ သာယာကုန်းရွာမှ (၁) ရှဉ်း၊ ပြန်ကပြေးမှ (၂) ရှဉ်း၊ စုစုပေါင်း (၃) ရှဉ်း ဖြစ်သည်။ ထိုသို့သော ထယ်ရေးဝင်ရာသို့ ပြန်ကပြေး မဒေါ့ပင်ရပ်မှ ကိုအောင်မြင့်ဆွေလည်း အလည်အပတ်ရောက်ရှိနေချိန်ဖြစ်ရာ ထယ်များဖြုတ်၍ နွားများလွှတ်ထားပြီးဖြစ်သဖြင့် သစ်ရိပ်တွင်နားကာ ထမင်းစားကြလေ၏။

ထမင်းစားအပြီးတွင် ဦးဖိုးကျော့အကွက်၏စည်းရိုး၌ရှိနေသော ညောင်ပင်ကြီးအား မေးငေါ့ပြကာ အရင်တမီးသရဲ လွန်စွာသောင်းကျန်းခဲ့ကြောင်းကို အထက်ပါအတိုင်း ပြန်ကပြေးသားများအား ပြောပြနေခြင်း ဖြစ်ပါသည်။

"ကိုအောင်မြင့်ဆွေရေ- လူကြမ်းတော့ နတ်ကြမ်းမခံနိုင် ဆိုတာလိုပါပဲ၊ အဲဒီ ကိုမြအုန်းတို့အုပ်စု မျှော့ရေခွံနဲ့ဝိုင်းပစ်ကြတော့ အဲဒီ မီးသရဲဟာလည်း လောက်စာလုံးဒဏ် မခံနိုင်ဘဲ ဒီညောင်ပင်ကြီးကနေ အပြီးထွက်ပြေးသွားတော့တာပါပဲ။

အဲဒီရဲ့နောက်မှာ ဒီညောင်ပင်ကြီးဟာ ခြောက်တာလှန့်တာ၊ မီးလုံးကြီးပြတာ၊ ဖမ်းစားတာ ဆိုတာ လုံးဝ မရှိတော့ပါဘူး။ အားလုံး ထိတ်လန့်ခြင်းကင်းစွာနဲ့ ဒီလမ်းကိုသွားနိုင်ကြပါပြီ။ သူ့အရိပ်မှာလည်း အေးချမ်းစွာခိုလှုံနိုင်ကြပါပြီ။

တစ်ချိန်က အမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ ညောင်ပင်ကြီးဟာ ခုတော့လည်း သူမဟုတ်သလိုပါဘဲဗျာ၊ ဘယ်အချိန်သွားသွား ထိတ်လန့်စရာမကြုံရတော့ပါဘူး။ အဲဒါဟာ ကိုမြအုန်းနဲ့ တိုကျော်ဝင်းတို့ရဲ့ လောက်စာလုံးအစွမ်းကြောင့်လို့ ဆိုရမှာပါ"

ဟု သာယာကုန်းရွာသား ကိုတင်မောင်က ပြောပြလေ၏။

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးကုတ်)

*(နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်မှ ကိုအောင်မြင့်ဆွေအား ကျေးဇူးတင်လျက်)*



www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဓ(နဝင်းမြို့)

## ဘေးရန်ကင်းကွာ လာဘ်များစွာဝင်လာစေသော

# အနန္တသုခ မဟာသိဒ္ဓိအင်း

တစ်နေ့သ၌-

ကျွန်ုပ်သည် သူရဇ္ဇမဂ္ဂဇင်း မေလထုတ်ကိုဖတ်နေစဉ် ဖြစ်ပါသည်။ ထိုစဉ် အခန်းတွင်းဝင် မောင်သိန်းမြင့်နှင့် မောင်စောမြင့်သန်းတို့ နှစ်ယောက်ပြိုင်တူရောက်လာခဲ့ကြသည်။ ယခု ကျွန်ုပ်ထံရောက်လာခဲ့ကြသော တပည့်နှစ်ယောက်စလုံး စာစုံဖတ်ကြသော်လည်း မောင်သိန်းမြင့်က ပါဠိတော်နှင့်စာကြီးပေကြီးတို့ကို ဖတ်သလို မောင်စောမြင့်သန်းက ဝိဇ္ဇာ ဓမ္မီရဆိုလျှင် အလွတ်မပေး။ မောင်သိန်းမြင့်ကတော့ ဝေးဝေးနေတတ်သူ ဖြစ်ပါသည်။

အမေးအမြန်းထူပုံကဆိုလျှင် ပုံပြင်လာ မောင်ပေါက်ကျိုင်း ဝင်စားသလားဟုပင် အထင်ရောက်လောက်ပါသည်။ နှစ်ယောက်စလုံးက အမေးထူကြသဖြင့်ပင် ကျွန်ုပ်က 'မေးပါများ ရန်ဖြစ်ရမည်သလို ဖြစ်နေကြပါဦးမယ်ကွာ။ တစ်ခါတည်းရှိ မေးလိုက်မြန်းလိုက်နဲ့ ကြာတော့ စိတ်မရှည်ချင်အောင် ဖြစ်လာလိမ့်မယ်' ဟုပင် ဟန့်ထားရသူတို့ ဖြစ်လေသည်။

မောင်သိန်းမြင့်က ဆိုလျှင် လူကိုပင် ပြောနှင့်၊ စာချဆရာတော်တစ်ပါးကိုပင် 'ပဋိစ္စသမုပ္ပါဒ်လာတဲ့ မီးဆယ့်တစ်ပါးကို မသိချင်ပါဘူး ဘုရား။ အခြားမီးနဲ့ပတ်သက်တဲ့အကြောင်းကို သိပါရစေ' ဟု လျှောက်ထား၍-

> သတ္တိမေ ဘိက္ခဝေ အဂ္ဂိက တမေ သတ္တ၊ ရာဂဂ္ဂိ၊ ဒေါသဂ္ဂိ၊ မောဟဂ္ဂိ၊ အာဟုနေယျဂ္ဂိ၊ ပဟာပတဂ္ဂိ၊ ဒက္ခိဏေယျဂ္ဂိ၊ ကဋ္ဌဂ္ဂိ၊ ဣမေ ခေါ ဘိက္ခဝေ သတ္တအဂ္ဂိတိ။

*(မဟာယညဝဂ္ဂ၊ စာမျက်နှာ-၄၂၈ အရ ပုဒ်စဉ်နံပါတ် ၃၊ ပထမ အဂ္ဂိသုတ်)*


မှာလာသော မီး (၇) ပါးတို့ကိုပင်၊ စာပို့စာချဝန်ကို ထမ်းဆောင်တော်မူသော ဆရာတော်ကိုပင်အလုပ်ပေးခဲ့တဲ့ တပည့် ဖြစ်လေသည်။

နှစ်ယောက်စလုံးက လူလည်များ ဖြစ်တော့ အချဉ်ရှာကြလေတော့သည်။ တစ်ယောက် တစ်ယောက် အချဉ်ဖမ်းကြရာ ဒီတစ်ခါတော့ မောင်စောမြင့်သန်း မိသွားလေတော့၏။ ဖြစ်ရပ်ဖြစ်စဉ်မတူသော်လည်း အခိုင်းမတတ်လေတော့ သူ့အမေးခိုင်းတာကို မောင်သိန်းမြင့်ကလုပ်မပေး။ သူ့မှာလည်း သိချင်ဇောက ဖျားနေလေတော့ သူကိုယ်တိုင် လုပ်ရ၊ မေးရလေတော့၏။

ကျွန်ုပ်တို့မြို့နယ်အတွင်းက ကျေးရွာတစ်ရွာမှ ကာလသားခေါင်း တစ်ယောက်၏ ကာလသားများကို အခိုင်းမတတ်၍ ကိုယ်တိုင်ရေအိုးထမ်းရသည့်အဖြစ် စာဖတ်သူမိတ်ဆွေများ ရှင်ပြုံးစေရန် အခွင့်ကြုံခိုက် တင်ပြလိုက်ပါသည်။

ဖြစ်ပုံအကျဉ်းမှာ ဤသို့ ဖြစ်လေ၏။

'ရွာတစ်ရွာတွင် ရပ်ရေးရွာရေးအရ ပျော်ပွဲရွှင်ပွဲတစ်ပွဲ ကျင်းပရလေသည်။ ထိုပျော်ပွဲတွင် မြို့ပေါ်၌နာမည်ကြီးသောအငြိမ့်ဇာတ်ပွဲကို ငှားရမ်းလေ၏။ ညနေ နေမဝင်မီအချိန်ကလေးတွင် ကာလသားခေါင်းသည် ဇာတ်စင်ရှိရာသို့ ရောက်သွားလေတော့သည်။ ထိုအချိန်တွင် အငြိမ့်အဖွဲ့၌ ဆိုင်းအဖွဲ့၊ မင်းသမီး၊ လူရွှင်တော် စသည်တို့ စုံစုံလင်လင်



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိလာနေပြီ ဖြစ်သည်။

ကာလသားခေါင်းမှာလည်း ဇာတ်စင်ကိုဝင်ပြီး လိုအပ်တာ ကူညီလုပ်ကိုင်ပေးနေစဉ် မင်းသမီးက ကာလသားခေါင်းကို ပြောလေ၏။ မင်းသမီးပြောသည့်စကားကမူ 'အစ်ကိုကြီးရယ်- ညီမတို့ဇာတ်စင်မှာ ရေသောက်စရာလည်း မရှိသေးဘူး၊ သောက်ရေတစ်အိုးတော့ လုပ်ပေးပါဦး' ဟုပြောခြင်းဖြစ်လေသည်။

ကာလသားခေါင်းလည်း ဇာတ်စင်ပေါ် တက်လိုက်ပြီး ဖွင့်နေသောအသံချဲ့စက်မှသီချင်းကိုပိတ်ပြီး အော်လိုက်လေတော့သည်။

အော်လိုက်ပုံက 'ခပ်ညှံ့ညှံ့ကာလသားတစ်ယောက် အငြိမ့်ခုံရှိရာကို ရေတစ်အိုးလောက်ခပ်ခဲ့' ဟုပြောလေတော့သည်။

အဖြစ်က ဒါပါပဲ။ ခပ်ညှံ့ညှံ့အဖြစ်မခံနိုင်ကြတဲ့ ကာလသားများက မည်သူမျှ အငြိမ့်ရှိရာကို သောက်ရေအိုးမပို့တော့သဖြင့် ကာလသားခေါင်းမှာ ခါးတောင်းကျိုက်ကြီးနှင့် ရေတစ်အိုးထမ်းပို့ခဲ့ရတဲ့အဖြစ်လိုပေါ့။ အခုလည်း မောင်စောမြင့်သန်းခမျာ သူ သိချင်တဲ့ အကြောင်း မေးရလေတော့သည်။

ကျွန်ုပ်တပည့် မေးခဲ့သော သစ္စာလေးပါးအင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောပြရလေသည်။ ဓမ္မကမ္ဘာပေါင်း (၈၄၀၀၀) ကို ဟောရာတွင် သစ္စာလေးပါး အထွတ်ထားပြီး ဟောရတာ ဖြစ်သလို မြတ်စွာဘုရားရှင်သာလျှင် ဆရာမရှိ မိမိအလိုလို သိတော်မူသော သစ္စာဖြစ်ကြောင်းကိုပါ ပြောပြရပါတော့သည်။

သစ္စာလေးပါးကို အင်းစီမံကြခဲ့သော ရှေးရှေးက ဆရာတော်သခင်တို့ကမူ သစ္စာလေးပါးအင်းကို အဝင်နှင့်အထွက် ဟူ၍ ခွဲပြထားလေသည်။ သစ္စာလေးပါး အဝင်အင်းသည် စီးပွားလာဘ်လာဘ ဥစ္စာခနေနှင့် ရာထူးရှိန်ဝါ ဩဇာအာဏာတို့ တိုးပွားနိုင်ကြောင်းကို ညွှန်ပြထားလေသည်။

သစ္စာလေးပါး အထွက်အင်းကိုမူ ဘေးဥပဒ် အန္တရာယ်အပေါင်းကို ကာကွယ်ကြောင်း၊ ရန်တကာအေးငြိမ်းစေကြောင်းတို့ကို ဖွင့်ဆို ပြသထားပြန်ပါတော့သည်။ သို့ဆိုပါလျှင် သစ္စာလေးပါး အဝင်အင်းနှင့် အထွက်အင်းကို ပူးတွဲဆောင်ရွက်မည်ဆိုပါလျှင် လက်ဝဲရောလက်ယာပါ (၂) ခုစလုံး ခရီးရောက် ပြီးမြောက်မှာအမှန်ဖြစ်သည်ဟုပင် ခံယူရမည် ဖြစ်လေတော့သည်။

**အဝင်အင်း**


| | | | |
|---|---|---|---|
| | သ | ဒု | |
| နိ | မ | ဒု | မ |
| မ | နိ | ဒု | နိ |
| | သ | သ | |

**အထွက်အင်း**


| | | | |
|---|---|---|---|
| | ဒု | ဒု | |
| မ | သ | ဒု | နိ |
| ဒု | သ | သ | မ |
| | နိ | မ | |

သစ္စာလေးပါး အဝင်အင်းနှင့် အထွက်အင်း (၂) မျိုးပေါင်းလိုက်လျှင် အနန္တသုခ အင်းမဟာဟု ခေါ်ဆိုထားလေသည်။ သစ္စာလေးပါး အဝင်အင်းနှင့် အထွက်အင်းတို့ကို သီးခြားဖော်ပြပေးထားလိုက်ပါသည်။ သစ္စာလေးပါး အင်းဆန်ကောက်ပုံနှင့် အင်းသွားနမူနာများကို ဂဏန်းသင်္ချာဖြင့် အင်းကွက်များတွင် ဖော်ပြပေးထားပါသည်။

**အဝင်အင်းနမူနာပြ**



**အထွက်အင်းနမူနာပြ**



အင်းဆန်အရကောက်ပုံမှာ-

(က) ဒုက္ခသစ္စာ=(သမုဒယ+မဂ္ဂ+နိရောဓ)= သ, မ, နိ ဟုကောက်ရန်။

(ခ) သမုဒယသစ္စာ=(ဒုက္ခ+နိရောဓ+မဂ္ဂ)= ဒု, နိ, မ ဟုကောက်ရန်။

(ဂ) နိရောဓသစ္စာ= (သမုဒယ+မဂ္ဂ+ဒုက္ခ)= သ, မ, ဒု- ဟုကောက်ရန်။

(ဃ) မဂ္ဂသစ္စာ=(သမုဒယ+ နိရောဓ+ဒုက္ခ)= သ, နိ, ဒု ဟုကောက်ရန်။

သစ္စာလေးပါး အဝင်နှင့်အထွက်အင်း (တစ်နည်း) အနန္တသုခ မဟာသိဒ္ဓိအင်းစီမံမည် ဆိုပါလျှင်-

လွန်စွာ သန့်ရှင်းသောနံကာ * အစိမ်းနုရောင်ပေါ်တွင် အသေးစိတ်ပြထားသည့်အတိုင်း အင်းပေါင်သား၍ စနစ်မှန်အောင် အင်းဆန် ရေးသွင်းပါ။ ပြီးလျှင် သစ္စာလေးပါးအင်း (၂) လက်ကို ကျောချင်းကပ်ပြီး ပလတ်စတစ်လောင်းပါ။ နောက် သိဒ္ဓိတင်ပါရန်။

အင်းချရာတွင် ခက်ခဲလျှင် အဆောင်အဖြစ် ဆောင်လိုသူများနှင့် မိမိတို့၏နေအိမ်ဘုရားခန်းနှင့် အလုပ်ခန်းတို့တွင် လည်းကောင်း၊ ဈေးဆိုင်များ၊ မတ်ကတ်များတွင် ချိတ်ဆွဲလိုသည့် အတိုင်းအတာအရ အဝင်-အထွက် ဘေးချင်းယှဉ်ပြီး ရိုက်ကူးနိုင်ကြပါသည်။

အောက်ပါအတိုင်း သိဒ္ဓိတင်ပါရန်-

(က) ဒိဝါတပတိဂါထာ ပုတီးတစ်ပတ်စိပ်ရန်၊

*(ဂါထာတစ်ပုဒ် ပုတီးတစ်လုံးချ၍ ၁၀၈ ဂုဏ်တော် ပုတီးတစ်ပတ်စိပ်ပါရန်)*

(ခ) နမောတေ ဂါထာတော် ပုတီးတစ်ပတ်စိပ်ပါရန်၊

(ဂါထာတစ်ပုဒ် ပုတီးတစ်လုံးချ၍ ၁၀၈ ဂုဏ်တော် ပုတီးတစ်ပတ်စိပ်ရန်) ဖြစ်ပါသည်။

စတင်ဆောင်ရွက်သည့်နေ့မှ (၇) ရက်တိတိ ဆောင်ရွက်ပါရန်။ ထိုပုတီးစိပ် စိပ်ရာတွင် မိမိတို့ နေ့စဉ်ပြုကျင့်မြဲဖြစ်သော နိစ္စဓူဝကျင့်ဝတ်နှင့်တွဲပြီး ဆောင်ရွက်နိုင်ကြပါသည်။ ရက်စေ့ ပြီးမြောက်သွားပါက အဆောင်အနေဖြင့် သုံးနိုင်ကြပြီ ဖြစ်ပါတော့သည်။

မိမိကိုယ်တိုင် အနန္တသုခ မဟာသိဒ္ဓိကြီးကို မုချ ရရှိခံစား၊ စံစားနိုင်ကြပါစေရန် ရေးသား တင်ပြလိုက်ရပါတော့သည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

သုဒ္ဓ(နှင်းဦး)



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ဆွေးနွေးခြင်းဟာ ကျွန်တော့်နဲ့ (၈) ကြိမ်မြောက် ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးမယ့်ခေါင်းစဉ်ကိုတော့ 'ဖွားဖက်တော်ဒုက္ခများ' လို့ အမည်ပေးပါမယ်။

မွေးကတည်းက ပါလာတဲ့ဒုက္ခတွေကို ပြောတာပါ။ မွေးကတည်းကကို တစ်လှမ်းပြန်ဆုတ်လိုက်ရင် ပဋိသန္ဓေနေကတည်းက၊ နောက်တစ်လှမ်း ထပ်ဆုတ်လိုက်ရင် ဟိုဘက်ဘဝက၊ နောက်တစ်လှမ်း ထပ်ဆုတ်လိုက်ရင် သံသရာမှာ ကျင်လည်ခဲ့ရတဲ့ ဘဝများစွာ အဆက်ဆက်ကလို့ ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုရင် သံသရာမှာ ကျွန်တော်တို့ဘဝကို စ,ရတာနဲ့ ဒုက္ခကို ရတာကိုး။ ဒီလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံရ-လို့ စွန်းလွန်းဆရာတော်ဘုရားကြီးပြောတာကို ကျွန်တော် ကြားခဲ့ဖူးပါတယ်။ မှတ်မိကြမှာပါ။ သမုဒယကြောင့် ဒုက္ခကို စ,ကတည်းက ရခဲ့တာပါ။

ပြီးခဲ့တဲ့အပတ်ကပြောခဲ့တဲ့ မွေး၊ အိုနာ၊ သေ ဆင်းရဲတာလည်း ဖွားဖက်တော်ဒုက္ခပါပဲ။ နောက် ဖွားဖက်တော်ဒုက္ခတွေ အများကြီးရှိပါသေးတယ်။ အဲဒါတွေကို ဒီနေ့ပြောဖို့ အစပျိုးတာပါ။ ငကျိုးက ငကန်းကို ဘယ်သွားဖို့လမ်းညွှန်မလဲလို့လည်း ပြီးခဲ့တဲ့အပတ်က မေးခွန်းထုတ်ခဲ့ပါတယ်။ ငကျိုးညွှန်မယ့်လမ်းကတော့ အများဆုံးဟာ ဖွားဖက်တော်ဒုက္ခများဆီကိုပဲ ဖြစ်ပါတယ်။ ဒီဒုက္ခများထဲက ထင်ရှားတဲ့ဒုက္ခတွေကို ပြောပါ့မယ်။ ထင်ရှားတဲ့ဒုက္ခ (၁၀)မျိုး ရှိပါတယ်။ အဲဒါကို ကိလေသာ (၁၀) ပါးလို့ ခေါ်ပါတယ်။ ကိလေသာဆိုတာ ပါဠိစကား၊ မြန်မာလိုတော့-

'သတ္တဝါများရဲ့ကိုယ်, စိတ်နှစ်ပါးကို ဆင်းရဲညစ်နွမ်း၊ ပူပန်စေတတ်တဲ့တရား' တဲ့။ ပူပန်ဆင်းရဲအောင်လုပ်တတ်တဲ့ တရားပေါ့။

အဲဒါတွေက-

၁။ **လောဘ** - လိုချင်တပ်မက်ခြင်းသဘော။

၂။ **ဒေါသ** - ကြမ်းတမ်း၊ ဖျက်ဆီး၊ ပြစ်မှားခြင်းသဘော။

၃။ **မောဟ** - အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်ကို မသိတဲ့သဘော။

၄။ **မာန** - ထောင်လွှားတဲ့သဘော။ လောကမှာ ငါမှတစ်ပါး အလကား, ငါသာအမြတ်ဆုံးလို့ အထင်ရောက်နေတဲ့သဘော။ လောကမှာ ငါ အညံ့ဆုံးပဲလို့ထင်ပြီး

ဖွားဖက်တော်ဒုက္ခများ

ဆောင်းဆုံအုန်းသွင်







www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓာတ်ကျနေတာလည်း မာနပဲ။ မိမိအရည်အချင်းကို ထုတ်ဖော်ခြင်းပဲ။

၅။ **ဒိဋ္ဌိ** - အထင်မှား၊ အယူမှားခြင်းသဘော။ ဒိဋ္ဌိသုံးမျိုးအကြောင်းကိုရှေ့ကပြောဖူးပါတယ်။ နောက်လည်း ထပ်ပြောပါဦးမယ်။

၆။ **ဝိစိကိစ္ဆာ**-ကုသိုလ်အရေး, တရားအရာတို့မှာ ဟုတ်ပါ့မလား၊ မှန်ပါ့မလား၊ ဖြစ်ပါ့မလား စသဖြင့် ယုံမှားသံသယဖြစ်ခြင်းသဘော။

၇။ **ထိနံ** - ကုသိုလ်ရေးမှာစိတ်မခန့်ခြင်း (မခိုင်ခံ့ခြင်း) သဘော။

၈။ **ဥဒ္ဓစ္စ**- ကုသိုလ်ရေး၌ စိတ်ပျံ့လွင့်ခြင်း၊ တုန်လှုပ်ခြင်းသဘော။

၉။ **အဟိရိက** - မကောင်းမှုပြုဖို့ မရှက်ခြင်းသဘော။

၁၀။ **အနောတ္တပ္ပ** - မကောင်းမှုပြုဖို့ မကြောက်ခြင်းသဘောတို့ပဲ ဖြစ်ပါတယ်။

ဒီကိလေသာတွေဟာ ကျွန်တော်တို့ရဲ့ခန္ဓာထဲမှာ ကိန်းအောင်းပြီး ကြုံတိုင်း အဆင့်သုံးဆင့်နဲ့ လှုပ်ရှားတယ်။ ဘယ်လိုလဲဆိုတော့-

**၁။ အနုသယကိလေသာ**

ဥပါဒ်-ဌီ-ဘင် (ဖြစ်၊ တည်၊ ပျက်) အားဖြင့် ဘဝများစွာကစပြီး မိမိတို့ရဲ့ ခန္ဓာအစဉ်မှာ အမြဲတစေ ကိန်းမြဲနေသလို ပါလာတဲ့ (ပါလာတဲ့ ဆိုတာ တင်စားပြောတာ။ ဘဝဖြစ်တိုင်း၊ ဖြစ်တိုင်း သူရှိနေတော့ အမြဲပါလာသလို ဖြစ်နေတာပေါ့။) တကယ်တော့ အကြောင်းညီညွတ်ရင် ဖြစ်လာတတ်တဲ့ ကိလေသာမျိုးစေ့ပဲ။ သူက ထင်ရှားရှိနေတာ မဟုတ်ဘူး။

**၂။ ပရိယုဋ္ဌာန ကိလေသာ**

ဥပါဒ်- ဌီ- ဘင်အားဖြင့် ထင်ရှားရှိကာ (ထင်ရှားရှိကာ ဆိုတာ အနုသယဖြစ်ပြီးမှ သူဖြစ်ရမှာမို့ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားရှိကာလို့ ပြောတာ။ အနုသယက ဥပါဒ်၊ ဌီ၊ ဘင်မှာ ထင်ရှားမရှိဘူး။ မျိုးစေ့သဘော ရှိနေပြီး အကြောင်းတိုက်ဆိုင်မှ ပေါ်လာတာ။) ဆိုင်ရာ အကြောင်းတိုက်ဆိုင်မှုကြောင့် အနုသယမှတစ်ဆင့်တက်ပြီး ဆူပွက်သောင်းကျန်းလာတာကို ပြောတာ။ ဒါပေမယ့် မနောကံမှာပဲ ရှိသေးတယ်။

**၃။ ဝီတိက္ကမ ကိလေသာ**

ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးမှာ ထကြွသောင်းကျန်းလာပြီး ဖောက်လွဲဖောက်ပြန်ဖြစ်အောင် ပြုလုပ်တ[illegible]လွန်တဲ့ ကိလေသာမျိုး။ လောင်ကျွမ်းတယ်လို့လည်း ခေါ်တယ်။ ဒီသုံးပါးစလုံးကို-

'လောင်ကျွမ်း၊ ဆူပွက်၊ မျိုးမပျက် သုံးချက်ကိလေသာ'

လို့ အတိုရွတ်ကြပါတယ်။

လောဘကို တဏှာလို့လည်း ခေါ်တယ်၊ ရာဂလို့လည်း ခေါ်တယ်။ တဏှာလောဘ၊ တဏှာရာဂလို့လည်း တွဲပြီး ခေါ်သေးတယ်။ ပြီးတော့ ရမ္မက်လို့လည်း ခေါ်သေးတယ်။ အလိုရမ္မက်၊ အလိုလောဘလို့လည်း တွဲပြီးခေါ်သေးတယ်။ ဘယ်လိုပဲခေါ်ခေါ် သူ့ရဲ့မူလကတော့ လောဘပဲ။

လောဘကို ကော်စေးနဲ့လည်း ပမာပေးထားတယ်။ ကော်စေး ဆိုတာ ရိုးရိုးကော်မျိုးကို ပြောတာမဟုတ်ဘူး။ ကပ်ပြီးရင် ခွာလို့မရနိုင်လောက်အောင် စွဲတဲ့ကော်မျိုး၊ အထပ်သားကပ်တဲ့ကော်မျိုး၊ စူပါဂလူးကော်မျိုး။ ကိလေသာထဲမှာ သူကအဆိုးဆုံးပဲ။ သူလှုပ်ရှားပုံက ဒေါသလို မပြင်းထန်ဘူး။ လိုချင်တာမရလို့ စိတ်ရောဂါစွဲပြီး အိပ်ရာထဲ ခွေခွေလေး လဲရာကနေ သေတဲ့အထိ ဖြစ်သွားတာမျိုးပေါ့။ ကြမ်းစရာရှိရင် သူက ဒေါသကို လွှဲပေးလိုက်တယ်။ လုဟယ်၊ တိုက်ဟယ် ဆိုရင် လုရ၊ တိုက်ရတာက လောဘအတွက်။ လုတဲ့၊ တိုက်တဲ့အခါကျတော့ ဒေါသနဲ့လုပ်ရတယ်။ အလှူခံတဲ့ပုံစံနဲ့လုပ်လို့မရဘူး။

ဒေဝဒတ်အလောင်း ရွှေကုန်သည်ဟာ ဘုရားအလောင်းရွှေကုန်သည် လက်ထဲ ရွှေခွက်ပါသွားလို့လိုက်တာ လောဘနဲ့လိုက်တာ၊ ပြန်လိုချင်လို့။ ဒါပေမယ့် သေတော့ ဒေါသနဲ့သေတာ။ လောဘနဲ့ မောဟဟာ ချွတ်ရအခက်ဆုံး အညစ်အထေးပဲ။

ပစ္စည်းတစ်ခုကိုမြင်လို့ လိုချင်စိတ်စဖြစ်တာမျိုး မပျက်ပါလာတဲ့ (အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့) အနုသယကိလေသာပဲ။ မရရင် မနေနိုင်လောက်အောင် လိုချင်စိတ်ပြင်းပြလာတာက အနုသယကနေ ကြီးထွားလာတဲ့၊ ဆူပွက်လာတဲ့ ပရိယုဋ္ဌာန ကိလေသာပဲ။ ဘာပဲလုပ်ရလုပ်ရ လုပ်မယ်၊ ရမှဖြစ်မယ်ဆိုပြီး စိတ်ကိုမထိန်းနိုင်အောင် ပေါက်ကွဲသွားတာက ဝီတိက္ကမကိလေသာပဲ။ ဒီအဆင့်သုံးဆင့်ဟာ ကိလေသာတိုင်းမှာ ဖြစ်တာပဲ။

လောဘပြီးတော့ ဒေါသအကြောင်း ပြောရအောင်။

အများသိတဲ့အတိုင်း ဒေါသ ဆိုတာ ကြောက်စရာကြီးပဲ။ ဒေါသကို ဖျက်ဆီးသဘောလို့ စောစောကပြောခဲ့တယ်။ ဘယ်သူ့ကို အရင်ဖျက်ဆီးသလဲ။ ဒေါသဖြစ်သူကို အရင်ဖျက်ဆီးတယ်။ ဒေါသဖြစ်လာတာနဲ့ သူ့စိတ်ဟာ ပျက်စီးသွားပြီ။ တစ်စုံတစ်ရာကို ကြားလို့ ဒေါသဖြစ်တယ် ဆိုပါစို့။ မကြားခင်က သူ့စိတ်ဟာ နူးညံ့နေမယ်၊ သိမ်မွေ့နေမယ်၊ ကြည်လင်နေမယ်။ ဒေါသဖြစ်စရာကြားလို့၊ မြင်လို့ ဒေါသဖြစ်လိုက်တာနဲ့ စောစောက နူးညံ့သိမ်မွေ့ ဖြူစင်နေတဲ့ စိတ်ဟာ ပျက်စီးသွားပြီ။ ဘယ်လိုပျက်စီးသလဲ။ မီးလောင်သလို လောင်မြိုက်ပြီး ပျက်စီးတာ။

စိတ်ပျက်စီးသွားတာနဲ့ ရုပ်ကလည်း ပျက်စီးသွားပြီ။ စောစောက စိတ်နူးညံ့လို့ ကြည်လင်နေတဲ့၊ ပျော့ပျောင်းနေတဲ့ မျက်နှာဟာ ဒေါသမီးလောင်လိုက်တာနဲ့ ဘီလူးရုပ်ပေါက်သွားပြီ။ အဲဒီ ဒေါသအလျောက် တစ်ဖက်သားကို သွားရောက်ညှဉ်းဆဲမှု၊ ဖျက်ဆီးမှု၊ ဖျက်ဆီးမှုအောင်မြင်မှ ဒေါသအဖြစ်ခံရသူက ပျက်စီးမှာ။ မတွေ့လို့၊ အရေးမလှလို့ရှုံးခဲ့တယ်ဆိုရင် ကိုယ့်တစ်ဖက်တည်းအပျက်ပဲ။ဒေါသသမားဟာ အရှုံးသမားပဲ။ အရှုံးချည်းပဲ။ ဘယ်အရာကို ဘာနဲ့ဖြစ်ဖြစ် စိတ်အေးအေးနဲ့ပစ်ရင် ထိနိုင်ပေမယ့် ဒေါသနဲ့ပစ်ရင် လွဲပြီ။ ဒါကြောင့် လေးမြားပစ်သမား၊ သေနတ်ပစ်သမား သိုင်းသမားများဟာ စိတ်တည်ငြိမ်ဖို့ အဓိကထားပြီး လေ့ကျင့်ရတာ။ လက်ဝှေ့သမား၊ သိုင်းသမားများဟာ တစ်ဖက်လူကို နိုင်ချင်ရင် ဒေါသဖြစ်အောင် ဆွကြတယ်။

ဒေါသဟာ ပြင်းထန်တယ်၊ ဒါပေမယ့် ပြေလွယ်တယ်။ လောက်စာလုံးနဲ့အပစ်ခံရသလိုပဲ။ တစ်ချက်တော့ အတော်နာတယ်၊ ဒါပေမယ့် အကြာကြီးနာမနေဘူး။ စွဲမနေဘူး။ လောဘကျတော့ ဒီလိုမဟုတ်ဘူး။ ခွာမရတဲ့ ကော်စေးနဲ့ကပ်ထားသလို စွဲတယ်။ မင်္ဂနဲ့ဖြုတ်တဲ့အခါ ဒေါသ အရင်ပြုတ်တယ်။ လောဘက နောက်ဆုံးမှ ပြုတ်တယ်။

ဒေါသမှာ ထက်သောဒေါသနဲ့ နုံ့သောဒေါသ ဆိုပြီး နှစ်မျိုးရှိတယ်။ စိတ်ဆိုးတာ၊ အမျက်ထွက်တာက ထက်သောဒေါသ။ စိတ်ပျက်၊ စိတ်ငယ်၊ အားနည်း၊ ကြေကွဲ၊ စိတ်ဓာတ်ကျတာက



www.burmeseclassic.com

www.burmeseclassic.com

သောဒေါသပဲ။

လောဘနဲ့ဒေါသပြီးရင် မောဟပဲ။ မောဟဆိုတာ အဝိဇ္ဇာပဲ။ အကောင်းနဲ့ အဆိုးကို ပြောင်းပြန်မြင်တယ်။ ဒါကြောင့် မလုပ်သင့်တာလုပ်လို့ ဆုံးရှုံးရတယ်၊ လုပ်သင့်တာမလုပ်လို့ ဆုံးရှုံးရတယ်၊ သူလည်း အရှုံးသမားပဲ။ သူက ဆိုးတယ်။ အကုသိုလ်တိုင်းမှာ သူပါတယ်၊ အကုသိုလ်ဆိုတာ မလုပ်သင့်တဲ့ အလုပ် မဟုတ်လား။ မလုပ်သင့်တဲ့အလုပ်ကိုလုပ်တာ သူ့ကြောင့်ပဲ။ သူလည်း လောဘနဲ့အတူ နောက်ဆုံးမှပြုတ်တယ်။

အဲဒီ လောဘ၊ ဒေါသ၊ မောဟဆိုတာ ကိလေသာအားလုံးရဲ့ အရင်းအမြစ်ပဲ၊ သူ့ကို ရေသောက်မြစ်လို့ ခေါ်တယ်၊ သစ်ပင်တစ်ပင်မှာ အမြစ်ရယ်၊ ပင်စည်ရယ်၊ အကိုင်းအခက်၊ အရွက် တို့ရှိတယ် မဟုတ်လား။ အမြစ်သေးလေးတွေပြတ်လို့ သစ်ပင်မသေဘူး။ ရေသောက်မြစ်ပြတ်ရင်၊ မရှိတော့ရင် သစ်ပင်သေပြီ။ ပင်စည်တို့၊ အကိုင်းအခက်တို့ဆိုတာက ဒီရေသောက်မြစ်အားနဲ့ ရှင်သန်နေရတာ။ စောစောက ပြောခဲ့တဲ့ ကိလေသာ (၁၀) ပါးအနက် ဒီ (၃) ပါးကို နုတ်လိုက်ရင် (၇) ပါးကျန်တယ်၊ အဲဒါ အားလုံး ဒီ (၃) ပါးထဲ ဝင်သွားတာပဲ။ ဥပမာ- မာနက လောဘမှာပါတယ်။ အဟိရိကနဲ့အနောတ္တပ္ပက ဒေါသမှာပါတယ်။ မောဟက အားလုံးမှာပါတယ်။

မာနဆိုတာ ကိုယ့်အရည်အချင်းကို ကိုယ်ဆုပ်ကိုင်ခြင်းဖြစ်လို့ လောဘပဲ။ မာနမှာလည်း ထက်တဲ့မာနနဲ့ နုံတဲ့မာနဆိုပြီး နှစ်မျိုးရှိတယ်။ ငါနဲ့ငါသာ ကောင်းစရာဆိုတာ ထက်တဲ့မာန၊ ငါ ညံ့လှချည်လားဆိုတာ နုံတဲ့မာန။ နှစ်မျိုးလုံးကို ဆုပ်ကိုင်ထားတာ လောဘပဲ။

ပြီးတော့-

မာနဟာ အကုသိုလ်စိတ်တော့ အကုသိုလ်စိတ်ပဲ၊ ဒါပေမယ့် မှီဝဲအပ်တဲ့ မာနနဲ့ မမှီဝဲအပ်တဲ့မာနဆိုပြီး နှစ်မျိုးရှိတယ်။ ဥပမာ- သူများဥပုသ်စောင့်နိုင်၊ တရားကျင့်နိုင်ရင် ငါဘာလို့မစောင့်နိုင်၊ မကျင့်နိုင်ရမလဲဆိုတာ မှီဝဲအပ်တဲ့ မာန။ မြတ်စွာဘုရား အလောင်းဟာ သုမေဓာရှင်ရသေ့ဘဝက ဒီပင်္ကရာ မြတ်စွာဘုရားနဲ့တွေ့တော့ သူက ဈာန်၊ အဘိညာဉ်ရထားတဲ့ ရသေ့။ ရဟန္တာဖြစ်နိုင်တဲ့ အရည်အချင်း ရှိတယ်။ ဒီပင်္ကရာ မြတ်စွာဘုရားကလည်း အခုဘဝနဲ့ ဘုရားတမ်းဝင်ချင်ရင် ရဟန္တာဖြစ်မယ်လို့ မိန့်ကြားတယ်။ ဒါပေမယ့် ဘုရားအလောင်း သုမေဓာက-

'ငါလို အရည်အချင်းရှိသူက ဘာကြောင့် တစ်ယောက်တည်း ကိုယ်လွတ်ရုန်းမလဲ၊ သတ္တဝါအများကို ကယ်မ,သွားရမှာပေါ့' လို့ ဆိုပြီး သူ့အရည်အချင်းအပေါ် မှီဝဲဟပ်တဲ့ မာနနဲ့ ဘုရားဆုကိုပဲ ပန်ခဲ့တယ်။ အဲ- လောကမှာ ငါသာအတတ်ဆုံး, အတော်ဆုံး၊ ကျန်တဲ့လူတွေဟာ အလကားပဲဆိုတာတော့ မမှီဝဲအပ်တဲ့ မာနပဲ။

လောဘ၊ ဒေါသ၊ မောဟ၊ မာန ပြီးရင် ဒိဋ္ဌိပဲ။ ဒိဋ္ဌိအကြောင်းကို အရင်ကလည်း ပြောခဲ့ပါပြီ။ ဒါပေမယ့် ယခု ထပ်ပြောပါဦးမယ်။ ဒိဋ္ဌိသုံးပါးရှိတဲ့အထဲမှာ သဿတဒိဋ္ဌိတစ်ပါးဟာ မိစ္ဆာဒိဋ္ဌိတစ်ပါးဟာ သမ္မာဒိဋ္ဌိနဲ့မှားယွင်းနိုင်တဲ့အတွက်ပါပဲ။ ပြီးတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့မလေ့ထုံးစံနဲ့လည်း ရောထွေးနေတဲ့အတွက် ဖြစ်တယ်။ ဗုဒ္ဓဘာသာအယူနဲ့လည်း မှားစရာတွေ ရှိနေတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေဟာ သံသရာကိုယုံတယ် (အရင်ဘဝ၊ အခုဘဝ၊ နောက်ဘဝ)၊ ကံ,ကံရဲ့အကျိုးကို ယုံတယ်။ သမ္မာဒိဋ္ဌိပေါ့။ အဲ- သဿတဒိဋ္ဌိအယူရှိသူများဟာလည်း အရင်ဘဝ၊ အခုဘဝ၊ နောက်ဘဝရှိတာကို ယုံတယ်။ ကံ,ကံရဲ့အကျိုးကိုယုံတယ်။ ကံ,ကံရဲ့အကျိုးကိုယုံတဲ့အတွက် နောက်ဘဝကောင်းဖို့၊ သံသရာက လွတ်မြောက်ဖို့အတွက် ကောင်းမှု (သူတို့ ယူဆတဲ့ ကောင်းမှု) ပြုကြတယ်။

ဒီမှာ ကျွန်တော်တို့ ဗုဒ္ဓဘာသာနဲ့ လုံးဝ ကွဲနေတာက သံသရာက လွတ်မြောက်တဲ့အနေပါပဲ။ ကျွန်တော်တို့က ရုပ်နဲ့နာမ် ချုပ်ငြိမ်းခြင်းဟာ သံသရာက လွတ်မြောက်ခြင်းလို့ ယူပြီး သူတို့က သန့်ရှင်းတဲ့ဝိညာဉ်နဲ့ပေါင်းပြီး ဆင်းရဲဒုက္ခဘဝကို ပြန်မလာတော့ဘဲ အမြဲချမ်းသာနေတာလို့ ယူတယ်။

နောက်တစ်ခု၊ ကျွန်တော်တို့က ဘဝကူးတာ စောစောက ပြောခဲ့သလို ကံအရှိန်ကူးတာ၊ ဝိညာဉ်လိပ်ပြာကူးတာ မဟုတ်ဘူးလို့ ယုံကြည်ပြီး သူတို့က ဝိညာဉ်ကောင်၊ လိပ်ပြာကောင်အဖြစ်နဲ့ ခန္ဓာအိမ်အဟောင်းမှ ခန္ဓာအိမ်အသစ်ကို ကူးတယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ရှေးမလေ့ (အခုလည်းရှိဆဲ) မှာ ကလေး အမေသေရင် ကလေးနဲ့အမေကို လိပ်ပြာခွဲတယ်ဆိုတာပဲ။ ဝိညာဉ်လိပ်ပြာ အယူအဆလို ဖြစ်နေတယ်။ ဒါကို ခွဲသိဖို့ လိုတယ်။

နောက်ဒိဋ္ဌိတစ်မျိုးက ဥစ္ဆေဒဒိဋ္ဌိပဲ။ ဥစ္ဆေဒဆိုတဲ့ မိစ္ဆာဒိဋ္ဌိ၊ အယူများဟာ အဆိုးဆုံးပဲ။ သူက သုဂတိဘဝကို တားတယ်။ အပါယ်အကျိုးပေးတယ်။ ရှေ့ကပြောခဲ့ဖူးပြီ၊ သူက ကျွန်တော်တို့ ဗုဒ္ဓဘာသာအယူနဲ့ အချက် (၁၀) ချက်မှာ လုံးဝ ဆန့်ကျင် ကွဲလွဲတယ်။ အချက် (၁၀) ချက်ဆိုတာ-

၁။ ပေးကမ်း၊ လှူဒါန်းခြင်းအတွက် ကုသိုလ်ကောင်းကျိုး ဆိုတာ မရှိဘူး။
၂။ အကြီးအကျယ် လှူဒါန်းလို့လည်း ဘာကောင်းကျိုးမှမရဘူး။
၃။ အနည်းငယ် လှူဒါန်းလို့လည်း ဘာကောင်းကျိုးမှ မရဘူး။
၄။ ကံ,ကံရဲ့အကျိုးဆိုတာ မရှိဘူး။
၅။ အမိမရှိဘူး။ အမိအပေါ်ကောင်းမှု၊ မကောင်းမှုပြုလို့ ကောင်းကျိုး၊ ဆိုးကျိုးမရနိုင်ဘူး။
၆။ အဖမရှိဘူး။ အဖအပေါ်ကောင်းမှု၊ မကောင်းမှုပြုလို့ ကောင်းကျိုး၊ ဆိုးကျိုး မရဘူး။
၇။ နတ်ပြည်၊ ငရဲပြည် ဆိုတာ မရှိဘူး။
၈။ ဒီလောက ဆိုတာ မရှိဘူး။ (ကံကြောင့်ဖြစ်တဲ့သတ္တဝါ၊ မမြင်အပ်တဲ့သတ္တဝါ၊ မြင်အပ်တဲ့သတ္တဝါ ဘာမှမရှိဘူး။ အကြောင်းတွေ တိုက်ဆိုင်လို့ လူ၊ တိရစ္ဆာန် စတာတွေ ဖြစ်လာတာ။ သေရင် မြေကြီးနဲ့ပေါင်းပြီး မြေဩဇာဖြစ်သွားတာပဲတဲ့။)
၉။ သေပြီးရောက်ရတဲ့ နောက်ဘဝ၊ တမလွန်ဘဝဆိုတာ မရှိဘူး။
၁၀။ လူတို့ကို ကောင်းရာညွှန်ပြတတ်တဲ့ဘုရား အစရှိသည့် ပုဂ္ဂိုလ်ထူးများ၊ ရသေ့ရဟန်း၊ သူတော်စင်များ၊ အကျင့်သီလနဲ့ ပြည့်စုံသူများဆိုတာလည်း မရှိဘူးတဲ့။

ဒီအယူ၊ ဒီအမြင် (ဒိဋ္ဌိ) ရဲ့ အဓိကအချက်ကတော့ ကံ,ကံရဲ့အကျိုးကို ပစ်ပယ်ခြင်းပါပဲ။ ဒီအပေါ် အခြေတည်ပြီး ဒီအယူတွေဖြစ်လာတာပဲ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ နိဗ္ဗာန်သွားရာ တစ်ခုတည်းသောကျင့်စဉ်ဟာ မဂ္ဂင်ရှစ်ပါးပဲလို့ အခိုင်အမာ ယုံကြည် ခံယူထားကြပါတယ်။ အဲဒီ မဂ္ဂင်ရှစ်ပါးထဲ ပညာမဂ္ဂင်ဖြစ်တဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်မှာ-

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ။



www.burmeseclassic.com

www.burmeseclassic.com

၂။ ဒဿဝတ္ထုကသမ္မာဒိဋ္ဌိ။
၃။ စတုသစ္စသမ္မာဒိဋ္ဌိ။

- ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတာ ကံ၊ ကံရဲ့အကျိုးကို ယုံတာ။
- ဒဿဝတ္ထုက သမ္မာဒိဋ္ဌိ ဆိုတာက ကောင်းကျိုးရတဲ့ ကောင်းမှု (၁၀)ပါးကိုယုံတာ။ အဲဒီ ကောင်းမှု (၁၀) ပါးဆိုတာ စောစောက ပြောခဲ့တဲ့ ဥစ္ဆေဒ မိစ္ဆာဒိဋ္ဌိတွေ မယုံဘူးဆိုတဲ့ (၁၀) ပါးကို ယုံတာပါ။
- စတုသစ္စ သမ္မာဒိဋ္ဌိ ဆိုတာက သစ္စာလေးပါးကို ယုံတာပေါ့။

ဥစ္ဆေဒဒိဋ္ဌိသမားက အထက်ပါ သုံးပါးအနက် နှစ်ပါးကို ပစ်ပယ်လိုက်ပြီ ဆိုတော့ နောက်ဆုံးတစ်ပါးအတွက် ပြောစရာမလိုတော့ဘူးပေါ့။

သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပြီးတော့ သက္ကာယဒိဋ္ဌိပေါ့။ ဒါလည်းပြောပြီးသားပါပဲ။ ကိလေသာ (၁၀) ပါးမှာ ပါလာလို့ ထပ်ပြောရတာပါ။ သက္ကာယဒိဋ္ဌိ ဆိုတာ အတိုချုပ်က 'ငါစွဲ' ကို ပြောတာပေါ့။ ရုပ်နဲ့နာမ် (ခန္ဓာငါးပါး ရုပ်နာမ်တရား) ကို ငါ၊ ငါ့ခန္ဓာလို့ စွဲထင်စွဲမှတ်တာပဲ။ ငါ၊ ငါ့ခန္ဓာဆိုတော့ ငါ့သား၊ ငါ့မယား၊ ငါ့ဥစ္စာ ဆိုတာတွေပါဖြစ်ပြီး သံယောဇဉ်နှောင်ကြိုးက များလည်းများ၊ မြဲလည်းမြဲပေါ့။ ဒီတော့ သံသရာက ဘယ်လိုရုန်းထွက်နိုင်တော့မလဲ။ ဒီအမြင်၊ ဒီအစွဲနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဘယ်လိုမှမရနိုင်ဘူး။ ဒါကြောင့် မဂ်၊ ဖိုလ်ကို တားတယ်လို့ ပြောတာ။ ဒါနမှု၊ သီလမှုတွေရှိလို့ သုဂတိဘုံကို ရောက်နိုင်တယ်။ ဒီအစွဲကြောင့် အပါယ်မကျဘူး။

ရုပ်နဲ့နာမ်ကို ခွဲခြားသိခြင်းဟာ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ရုပ်နဲ့နာမ်တို့ရဲ့ သိမ်းဆည်းထောက်ပံ့မှုကို သိခြင်းဟာ ပစ္စယာပရိဂ္ဂဟဉာဏ်၊ အဲဒီဉာဏ်နှစ်ပါးကိုမရဘဲ၊ မသိဘဲ ဝိပဿနာတရား အားထုတ်လို့ မရဘူး။ ယထာဘူတဉာဏ် မဖြစ်ဘူးလို့ ပါမောက္ခချုပ်ဆရာတော် ဟောတော်မူကြောင်း ကျွန်တော် ရှေ့က ပြောခဲ့ပြီးပြီနော်။ အခု ထပ်ပြီးတော့ ရုပ်နဲ့နာမ်တို့ရဲ့အရင်းအမြစ်နဲ့ ဖွဲ့စည်းပုံ (ဓာတ်ကြီးလေးပါး၊ ခန္ဓာငါးပါး) မသိရင် အခုပြောခဲ့တဲ့ ဒိဋ္ဌိသုံးမျိုး မပြုတ်ဘူး။ ရုပ်နဲ့နာမ်ကို ဘာကြောင့်ဖြစ်တယ်။ (အဝိဇ္ဇာ၊ တဏှာ၊ ကံ) ဘယ်လို ထောက်ပံ့သိမ်းဆည်းကြတယ်ဆိုတာမသိရင် ကင်္ခါ (ယုံမှားသံသယဖြစ်ခြင်း) မပြုတ်ဘူး။ ကင်္ခါမပြုတ်ရင် ဝိပဿနာဉာဏ်မရနိုင်ဘူးလို့လည်း ဟောပါတယ်။

ဒိဋ္ဌိပြီးတော့ ဝိစိကိစ္ဆာပဲ။

ဝိစိကိစ္ဆာ ဆိုတာ ယုံမှားသံသယဖြစ်ခြင်း (ကင်္ခါ) ကို ပြောတာ။ တရားနာတယ်၊ တရားစာဖတ်တယ်။ ပြီးတော့ ဒီတရားဟာ ဘုရားဟောဟုတ်ရဲ့လား၊ တရားစစ် တရားမှန် ဟုတ်ပါ့မလား ဆိုတာမျိုး။ တစ်နည်းနည်းနဲ့ ဝိပဿနာတရား ကျင့်ကြံအားထုတ်နေရင်းက ငါ အားထုတ်နေတဲ့တရားဟာ မှန်ရဲ့လား၊ ဟုတ်ရဲ့လား၊ ဒီတရားနဲ့မဂ်ဖိုလ် ရနိုင်ပါ့မလား စသည်ဖြင့် ယုံမှားသံသယတွေ အမျိုးမျိုးဝင်နေတာမျိုးပေါ့။ မိမိလုပ်နေတဲ့အလုပ်ကို မိမိ မယုံကြည်ရင် ဘယ်ဖြစ်မလဲ။ ပြီးတော့ ဒီသံသယစိတ်တွေနဲ့ စိတ်ကနောက်ကျိုပြီး ဘယ်လို သမာဓိ ရနိုင်တော့မလဲ။

အဲဒီလိုဖြစ်ရခြင်းရဲ့အကြောင်းက ဒိဋ္ဌိမပြုတ်လို့ဘဲ။ ဒိဋ္ဌိမပြုတ်တော့ အမြင်မမှန်ဘူး။ အမြင်မမှန်ရင် တရားမရဘူးပေါ့။ ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာ အလိုလိုပြုတ်တယ်လို့ ပြောတာ ဒါကြောင့်ပဲ။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်ရင် သောတာပန်ဖြစ်ပြီ။ သောတာပန်ဟာ ကိလေသာ (၁၀) ပါးမှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ နှစ်ပါးကို ပယ်တယ်။

ပြီးတော့ ထိနနဲ့ဥဒ္ဓစ္စပဲ။ စိတ်မခိုင်ခံ့ခြင်းနဲ့ စိတ်ပျံ့လွင့်ခြင်းပဲ။ ကိလေသာ ဆိုတာ ပူပန်စေတဲ့တရားလို့ပြောတယ် မဟုတ်လား၊ စိတ်အေးချမ်းမှု မရဘူးပေါ့။ စိတ်အေးချမ်းမှု၊ ဖြူစင်မှု တရား ရနိုင်မယ်လေ။ မခိုင်ခံ့တဲ့စိတ်၊ ပျံ့လွင့်တဲ့စိတ်ဟာ ဘယ်အေးချမ်းမလဲ။ စိတ်ကို မငြိမ်မသက်၊ ဆူဆူပွက်ပွက်၊ ပူပူလောင်လောင်ပဲ ဖြစ်စေမှာပေါ့။ ဒါကိုလည်း ပယ်သတ်ရမယ်။

နောက်တစ်ခုက အဟိရိကပဲ။ အဟိရိက ဆိုတာ မကောင်းမှုကိုပြုရမှာ မရှက်ခြင်းတဲ့။ နောက်ဆုံးအချက်နဲ့ပါ ပေါင်းပြီး ပြောပါ့မယ်။ နောက်ဆုံးက အနောတ္တပ္ပတဲ့။ အနောတ္တပ္ပ ဆိုတာ မကောင်းမှုပြုရမှာ မကြောက်ခြင်းတဲ့။

ဒီတရားနှစ်ပါးကို ပညာရှိသူတော်ကောင်းများက လောကကိုဖျက်ဆီးတဲ့ တရားလို့ ဆိုကြပါတယ်။ ဒီတရားနှစ်ပါးကို လက်ကိုင်ထားသူ များလာရင်၊ ဒီတရားနှစ်ပါး လွှမ်းမိုးလာရင် လောကကြီးဟာ ဆူပွက်၊ လောင်ကျွမ်းနေမှာပဲ။ ဒီနေ့ ကမ္ဘာကြီးဟာ အေးချမ်းသာယာပြီး စည်ပင်ဝပြောနေသလား၊ ကပ်သုံးပါးဆိုက်ပြီး ဆူပွက် လောင်ကျွမ်းနေသလား၊ အကြောင်းမဲ့သတ်ဖြတ်မှု (အကြမ်းဖက်မှု၊ ဒေသန္တရစစ်များနဲ့ ရာဇဝတ်မှုများ) တွေ ပြည့်နှက်နေတယ်။ လူတွေရဲ့ လောဘ၊ ဒေါသကြောင့် ဖြစ်လာတဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု စတာတွေကြောင့်ရော စောစောက သတ်ဖြတ်မှုတွေကြောင့်ပါ စားနပ်ရိက္ခာရှားပါးခြင်း၊ ငတ်မွတ်ခြင်းနဲ့ ရောဂါဘယထူပြောခြင်းဆိုတဲ့ ဘေးတွေကလည်း ကြောက်ခမန်းလိလိ များပြားနေတယ်။ မကောင်းမှုမှန်း၊ မတရားမှန်း သိပေမယ့် အင်အားကြီးသူက အင်အားကိုအားကိုးပြီး မညှာမတာလုပ်တယ်။ ဒါတွေအားလုံးဟာ အဟိရိကနဲ့ အနောတ္တပ္ပ ဆိုတဲ့ မကောင်းမှုပြုရမှာ မရှက်ခြင်းနဲ့ မကြောက်ခြင်းကြောင့်ပဲ။ ဒီအတွက် ကမ္ဘာမှာ သေကျေပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဘယထူပြောခြင်းဆိုတဲ့ ကပ်ကြီးသုံးပါး ဆိုက်နေတာပဲ။ ဒါဟာ ဆုတ်ကပ်မှာ ဖြစ်လာရတဲ့အကြောင်းတရားတွေပဲ။

ဘယ်သူတွေ ဘယ်လိုပဲ မရှက် မကြောက် လုပ်နေကြပါစေ၊ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံများဖြစ်တဲ့ ကျွန်တော်တို့ကတော့ ရှောင်ရမှာပဲ။ အထူးသဖြင့်တော့ တရားရှာသူယောဂီများအတွက် အထူးသတိရှိရှိနဲ့ ရှောင်ရမယ့် တရားပါပဲ။ အဟိရိကနဲ့ အနောတ္တပ္ပကို ရှောင်ခြင်းဟာ ဟိရိနဲ့ဩတ္တပ္ပတရားကို ဆောင်ခြင်းပါပဲ။ ဟိရိနဲ့ ဩတ္တပ္ပတရားဟာ လောကပါလတရားပဲ။ လောကကြီးကို အေးချမ်းသာယာပြီး စည်ပင်ဝပြောစေတဲ့တရားပါပဲ။

ပြောခဲ့တဲ့ ကိလေသာ (၁၀) ပါးဟာ လူတိုင်းရဲ့ခန္ဓာမှာ အစဉ်ကိန်းအောင်းနေတယ်။ အကြောင်းပေါ်လာရင် သူတို့ဟာ မျိုးမပျက်၊ ဆူပွက်လောင်ကျွမ်းဆိုတဲ့ အဆင့်သုံးဆင့်နဲ့ လူကို ဖျက်ဆီးတာပဲ။ အဲဒီမှာ အခြံအရံလို့ပြောရမလား၊ နောက်ဆက်တွဲလို့ ပြောရမလားမသိဘူး။ အစွယ်အပွားတွေ ရှိသေးတယ်။ အဲဒါတွေက-

၁။ အဘိဇ္ဈာတဲ့။

သူတစ်ပါးပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်ချင်တဲ့ လောဘပဲပေါ့။ နည်းမျိုးစုံနဲ့ သူတစ်ပါးပစ္စည်းကို ရယူလိုတဲ့ဆန္ဒပေါ့။ သူက ဒုစရိုက် (၁၀) ပါးမှာ မနောဒုစရိုက်အဖြစ် ပါတယ်။ စိတ်ကပြုတဲ့ မနောကံမြောက်တာပဲ။ အဲဒီ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

တနာ (ကံ) ဟာ အပါယ်အကျိုးပေး
တယ်။

၂။ ဗျာပါဒတဲ့။

သူတစ်ပါးကို သေကျေ ပျက်စီး
လိုတဲ့စိတ်ပဲ။ သူက ဒေါသထဲပါမှာ
သူလည်း မနောဒုစရိုက်ထဲမှာပါ
အကုသိုလ်စေတနာ (ကံ) ဖြစ်လို့
ယ်အကျိုးပေးနိုင်တယ်။

၃။ ကုက္ကုစ္စတဲ့။

နောင်တရခြင်း၊ ပူပန်နေခြင်းပေါ့။
ကောင်းမှု သိမ့်မဟုတ် လုပ်စရာရှိတာကို
ပ်မိလို့ ကောင်းကျိုးဆုံးရှုံးမှု စတာ
အတွက် တမြေ့မြေ့ နောင်တရနေ
မျိုးပေါ့။ ကျွန်တော်ပြောခဲ့တဲ့ မလ္လိ
ဒေဝီလို့မျိုးပေါ့။ သူလည်း အကု
စိတ်ပဲပေါ့။

၄။ ဣဿာ၊ မစ္ဆရိယတဲ့။

မနာလိုခြင်း၊ ဝန်တိုခြင်းသဘော
နာလိုခြင်းနဲ့ ဝန်တိုခြင်းဟာ အတူ
ထင်ရပေမယ့် တကယ်တော့ ဖြစ်
အခြေခံချင်း ကွဲလွဲတယ်။ မနာလို
သူတစ်ပါးကောင်းစားတာ၊ အ
ပြေတာကို မနာလိုတာ။ ဝန်တိုတာ
ကိုယ်နဲ့ပတ်သက်တဲ့ သက်ရှိ၊ သက်
သူများနဲ့ပတ်သက်မှာကို မလို
တာ။ ဈေးမှာ ကောက်ညှင်းပေါင်း
နဲ့ ပဲပြုတ်သည် ဈေးအတူရောင်း
ယ်ဆိုကြပါစို့။ ပဲပြုတ်သည်က
က်ညှင်းပေါင်းသည်ထက် ဈေးပို
င်းရလို့ ကောက်ညှင်းပေါင်းသည်က
လိုဖြစ်တာ။ ရောင်းတဲ့ပစ္စည်းချင်း
တဲ့အတွက် ဘာမှထိခိုက်စရာ မရှိ
ဒါပေမယ့် သူတစ်ပါးအဆင်ပြေ
ကိုယ့်ထက်သာတာကို မနာလိုဖြစ်
မလိုလားတာ။ အိုးထိန်းသည်နဲ့
သည် ဇာတ်လမ်းလိုပေါ့။

တကယ်လို့ ကောက်ညှင်းပေါင်း
ချင်းဆိုရင်တော့ ကိုယ့်ဖောက်သည်
ဖောက်သည်ဖြစ်သွားမှာစိုးပြီး ဝန်တို
အတူလာမရောင်းစေချင်ဘူး။ လာ
င်းအောင်၊ လာရောင်းရင် ထပ်မ
နိုင်အောင် နည်းမျိုးစုံနဲ့ ရန်လုပ်
ယ်၊ ဇမ္ဗူကဇာတ်မှာ ဇမ္ဗူကလောင်း
ကျောင်းဘုန်းကြီးဟာ သူ့ဒကာက
ဂန္တုရဟန်းကို ဂရုစိုက်တာမြင်တော့
ဒကာ၊ သူ့ဒကာဖြစ်သွားမှာစိုးလို့
မျိုးသော ဆဲရေးခြင်းနဲ့ အာဂန္တုကို
တယ်။ အဲဒါ ဝန်တိုတာ။ အာဂန္တု
န်းက ရဟန္တာဖြစ်နေတာလို့ တော
ကျောင်းဘုန်းကြီးသေတော့ အဝီစိငရဲ
သွားတယ်။

နောက်တစ်မျိုးကတော့-

၁။ သောကတဲ့။

စိုးရိမ်သောကလို့လည်း စိုးရိမ်မှုနဲ့
တွဲပြီး သုံးလေ့ရှိတယ်။ အဆိုးဖြစ်လာ
မလားဆိုပြီး အနာဂတ်ကိုကြိုတင်စိုးရိမ်
နေခြင်းမျိုးပေါ့။ စာမေးပွဲသွားဖြေတဲ့
ကလေး ဖြေနိုင်ပါ့မလား၊ ခရီးသွားနေ
သူ ဘေးကင်းပါ့မလား၊ ဝယ်ထားပြီး
ရောင်းမယ့်ပစ္စည်း မြတ်ပါ့မလား၊ ရှုံး
သွားမလား စသည်ဖြင့်ပေါ့ စိုးရိမ်နေ
တာ။

၂။ ပရိဒေဝတဲ့။

သက်ရှိ၊ သက်မဲ့တို့နဲ့ပတ်သက်ပြီး
အပူတပြင်းစိုးရိမ်တာ။ ပျာယာခတ်ပြီး
ကူပါ၊ ကယ်ပါ ဖြစ်နေတာ။ ဒီအဖြစ်မျိုး
ကို ဘေးလူက ပရိဒေဝမီး တောက်
လောင်နေလိုက်တာလို့ ပြောကြတယ်
မဟုတ်လား။

၃။ ဒုက္ခတဲ့။

ခန္ဓာကိုယ်နဲ့ပတ်သက်ပြီး ဆင်းရဲ
ရတာမျိုးပေါ့။ ဖျားနာ၊ မောပန်း စတာ
တွေပေါ့။

၄။ ဒေါမနဿတဲ့။

ဒါက စိတ်အလိုမကျတာ။ တစ်စုံ
တစ်ခုကြောင့် စိတ်အလိုမကျတာ၊ စိတ်
ဆင်းရဲတာ။

၅။ ဥပါယာသတဲ့။

ဆို့တက် မေ့မြောလောက်အောင်၊
အသက်ပါ ဆုံးလောက်အောင် စိတ်
ဆင်းရဲတာ။

အဲဒီ ငါးမျိုးက လောဘ၊ ဒေါသ၊
မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့
ခြောက်မျိုးနဲ့ပေါင်းပြီး မီး (၁၁) ပါးလို့
ခေါ်တာ။ ဆင်းရဲတာမှန်သမျှ မီးပဲလို့
ပြောတယ် မဟုတ်လား။ အဲဒီငါးမျိုးဟာ
တစ်မျိုးပြီးတစ်မျိုး ဆင့်ကဲဆင့်ကဲ ဖြစ်
တာလည်း ရှိတယ်၊ တစ်မျိုးစီဖြစ်တာ
လည်း ရှိတယ်။ ပုံစံတွေကိုတော့ နောက်
အပတ်မှပြောတော့မယ်။ အခုပြောခဲ့
တာအားလုံးဟာ ဖွားဖက်တော် ဒုက္ခ
တွေပဲ။ သံသရာတစ်လျှောက်လုံး ကံအ
နေနဲ့လိုက်ပြီး မောင်းနှဲဘု ထိသလို အ
ကြောင်းတိုက်ဆိုင်တာနဲ့ ပေါ်တာပဲ။

"ကဲ- ဒီနေ့တော့ ဒါလောက်နဲ့ပဲ
နားကြပါစို့။

ယောဂီများ မဂ်ပေါက်၊ ဖိုလ်
ပေါက် နိဗ္ဗာန်ရောက်အောင် ကြိုးပမ်း
အားထုတ်နိုင်ကြပါစေ"

"သာဓု သာဓု သာဓု"

ချောင်းဆုံအခုန်းသွင်

# အသီးထွား၊ အလုံးများစေသော ဘူးပင်ဖြစ်ရန်

နတ်မောက်မင်းသန့်နိုင်

'အိမ်နောက်ဖေး ဈေးတည်ပါ' ဆို
တဲ့ရှေးလူကြီးသူမစကားအတိုင်း ကျွန်
တော့်အိမ်နောက်ဘက် မြေကွက်လပ်မှာ
ချဉ်ပေါင်၊ ဖရုံ၊ ခဝဲ၊ ငရုတ်၊ ဘူးပင်များ
စိုက်ပျိုးထားပါတယ်။ ဘူးပင်ကတော့
စင်တင်ပေးရပါတယ်။ ကျန်အပင်များကို
စင်တင်ပေးရန် မလိုပါ။ ဖရုံပင်ကို စင်
တင်ပေးမယ်ဆိုရင်တော့ ဖြစ်ပါတယ်။
ဒါပေမယ့် မြေနေရာကျဉ်းတော့ စင်တင်
မပေးနိုင်ပါဘူး။ ထားပါတော့။ ဘူးပင်က
စင်တင်ပေးပေမယ့် အသီးနည်းပြီး အ
လုံးသေးနေ၊ ညှက်နေပါတယ်။

တစ်နေ့မှာ စာရေးဆရာ နတ်
မောက်-လှမြင့်သစ် ရောက်လာပြီး သူ
ပြောတဲ့အတိုင်း လုပ်ကိုင်ပေးလိုက်တာ
အသီးများ၊ အသီးထွားတဲ့ဘူးပင်ဖြစ်လာ
ပါတယ်။

ဆရာလှမြင့်သစ် ပြောတဲ့နည်းက
တော့-

ဘူးပင်အခြေအထက် ပင်စည်
နွယ်တစ်တောင်ခန့်မှာ ကျွန်းသားနဲ့
သပ်ရိုက်ပေးထားရမယ်။ အပင်ခြေကို
လက်နဲ့ယက်ပြီး ဆန်ကွဲမှုန့်နို့ဆီဘူး (၃)
ဘူး ပုံပေးရပါမယ်။ ထမင်းရည်အေး
အေးကို သုံးရက်တစ်ကြိမ်လောင်းပေး၊
ရေကို တစ်ရက်ခြား လောင်းပေးရပါ
မယ်။

အထက်ပါအတိုင်း ပြုလုပ်ပေးခဲ့
ရာမှ (၄၅) ရက်အတွင်းမှာ ဘူးသီးတွေ
ပွတ်ခဲနေအောင်သီးပြီး အလုံးလည်း
ထွားကျိုင်းလာပါတယ်။

အဲဒီမှာ ဂမ္ဘီရနည်းလေးတစ်မျိုး
ပါဝင်သေးတယ်။

ဘူးစင်မှာ အမဲရိုး (နွားရိုး) များ
ကြိုးသေးသေးနဲ့ချည်ပြီး ချိတ်ဆွဲပေး
ထားရပါသေးတယ်။ လက်တွေ့နည်းပါ။
မည်သည့်ဘေးထွက်ဆိုးကျိုးမျှ မရှိပါ။
ဘူးပင်အသီးထွား အလုံးများစေပါတယ်
ခင်ဗျား။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# သထုံငယ်ငယ်

## အရိုးလေးတစ်ချောင်း

ပဲခူးရိုးမက မိုးငွေ့ မိုးရိပ်တို့ဖြင့် မှိုင်းဝေညို့ဆိုင်းနေ၏။ နွေအခါက ရွက်ဝါတို့ခါချ၍ ရိုးတံပြိုင်းပြိုင်းဖြင့် နွေသရုပ်ဖော်ကျူးခဲ့ကြသော ရိုးမ သခင် ကျွန်း၊ ပျဉ်းကတိုးပင်ကြီးတို့က ရွက်စိမ်းသစ်တို့ဖြင့် ရိုးမအား မှိုင်းညို့စေလျက်ရှိသည်။ နံနက်ခင်းကတည်းက တဖွဲဖွဲ ရွာသွန်းနေသော ရိုးမမိုးက တောလမ်းငယ်တစ်လျှောက် ရွှံ့စေးတို့ဖြင့် စေးကပ်နေစေ၏။ ပခုံးထက်က ကျောပိုးအိတ်ဝန်ကြောင့် ခြေကုန်လက်ပန်းလည်းကျလှပြီ။ ကြာလာတော့ ဘေးပတ်ဝန်းကျင်ကို မကြည့်နိုင်တော့၊ ကိုယ့်ခြေထောက်ကို ကိုယ်ပြန်ကြည့်ရင်း ခေါင်းငိုက်စိုက်လျက် တောလမ်းအတိုင်းလျှောက်နေရ၏။ ရှင်နေမင်းကြီးကလည်း ရိုးမတောင်စွယ်ကို နှုတ်ဆက်ပေတော့မည်။ ဝါးရုံတောဆီမှ ရစ်ငှက်၊ တောကြက်တို့ တောင်ပံခတ်သံကို ရံဖန်ရံခါ ကြားရ၏။ တောင်လျှိုထဲက တောဆင်တို့၏ဝါးချိုးသံက ဦးမောင်တို့ကို 'မနားနဲ့' ဟု ပြောနေသယောင်ထင်ရသည်။

"ရောက်ပြီဟေ့"

ရှေ့ဆုံးမှဦးဆောင်သွားနေသော ဆင်ခေါင်းကြီး၏အသံကြောင့် ဦးမောင် ခေါင်းမော့ကြည့်မိသည်။ ဦးမောင်တို့ ရောက်နေသော တောင်ကြောအောက်တွင် မြူခိုးတို့ ရစ်သိုင်းလွှမ်းခြုံနေသော ချောင်းငယ်တစ်စင်းကို တွေ့ရသည်။ ချောင်းစပ်တွင် အပြာရောင်မိုးကာစဖြင့် မိုးထားသော တဲကြီးတစ်လုံးကိုလည်း တွေ့ရသည်။ ဆင်ခေါင်းကြီးက ရောက်ပြီပြောသော်လည်း တဲစခန်းသို့ရောက်ရန် တောင်ကြောအဆင်းရှည်ကြီးကို အတန်ကြာဆင်းရပေဦးမည် ဖြစ်၏။

"ဖထီးရေ-စခန်းကိုတွေ့နေရပြီဆိုတော့ ဖထီးတို့သွားနှင့်ကြ၊ ကျွန်တော်ခဏနားပြီး လိုက်လာခဲ့မယ်"

"အေး. . အေး ဖဒိုရေ။ အကြာကြီးနားမနေနဲ့၊ မှောင်တော့မှာနော"

ပြောပြောဆိုဆို တောင်ကြောလမ်းအတိုင်းဆင်းသွားသော ဆင်ခေါင်းကြီးတို့ကိုကြည့်ရင်း ပခုံးပေါ်မှာကျောပိုးအိတ်ကို ဖြုတ်ချလိုက်သည်။ ဆင်သမား တစ်ဖွဲ့လုံးက ဦးမောင်ကို 'ဖဒို' ဟုသာ ခေါ်ကြသည်။ အဓိပ္ပာယ်ကို ကောင်းကောင်းမသိသော်လည်း လေးစားမှု ခေါ်ကြသည်ကိုတော့ ဦးမောင် နား လည်မိသည်။

တစ်နေကုန် တဖွဲဖွဲစွေနေသော မိုးက တိတ်သွားပြီ ဖြစ်သည်။ တော အထပ် တောင်အသွယ်တို့က စိမ်းညို့ ညို့ ရှိနေ၏။ တောင်ကြောအောက်ရှိ ချောင်းရိုးငယ်က တောင်ကြောကြီးနှင့် အပြိုင် ရစ်ခွေ စီးဆင်းနေ၏။ ချောင်း ဘေးရှိ တဲစခန်းမှအူထွက်လာသော မီး ခိုးတို့က တောရိပ်စိမ်းစိမ်းအား နောက်ခံ ပြုလျက် တိမ်ခိုးတိမ်ငွေ့တို့ဖြင့်ရောယှက် ပေါင်းသင်းသွားကြပုံမှာ ကြည်နူးဖွယ် ၏။ ချောင်းရိုးထဲတွင် ရေချိုးဆင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သောလူအချို့ကို မှုန်ပျပျ တွေ့ရသည်။ ချောင်းထဲတွင် ရေစိမ့်လိုက်ရရင်ငင်ပန်းသမျှ ပြေလျော့သွားမှာပဲဆိုသောအတွေးနှင့် ကျောပိုးအိတ်ကိုကောက်လွယ်လိုက်ပြီး တောင်ကြောအဆင်းလမ်းအတိုင်း ဆင်းလာလိုက်သည်။ သစ်ထုတ်ဆင်စခန်းပီပီ တဲနှင့်နီးလာသည်နှင့် ဆင်ခြေရာတို့က ဗွက်ထနေ၏။

"ဝုတ်. . . ဝုတ်. . ဟောင်း"

"ငနီ၊ ဟဲ့- ငနီ"

ဆင်ခေါင်းကြီး၏ ငေါက်ငမ်းသံ၊ ခွေးမာန်ဖီသံများကြောင့် ဆင်ခြေရာတို့ကို ရှောင်တိမ်းရင်း လျှောက်လာသော ဦးမောင် ကမန်းကတန်း ခေါင်းမော့ကြည့်မိသည်။ ခွေးနီကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com

ကောင် ဦးမောင်ထံ ခုန်ဝင်လာသည်ကို တွေ့ရ၏။ ကြောက်စိတ်ကြောင့် မိမိကိုယ်ကို ဘာလုပ်ရမှန်း မသိသေးခင်မှာပင် ပခုံး၌လွယ်ထားသော ကျောပိုးအိတ်ဖြင့် ခွေးနီအား ရိုက်ပစ်လိုက်မိ၏။

"ကိန်"

✪

ချောင်းရိုးရေက စိမ်းလဲ့ကြည်လင်နေ၏။ ကျောက်တုံးများကြားတွင် ငါးငယ်ကလေးများကို တွေ့ရသည်။ ကြည်လင်အေးမြသော ချောင်းတွင် ရေစိမ်နေသော်ငြားလည်း ဦးမောင်၏စိတ်တို့က မကြည်လင်နိုင်။ စိုးရိမ်စိတ်၊ ကြောက်စိတ်တို့ဖြင့် ချောင်းကမ်းစပ်သို့ မကြာမကြာ ကြည့်မိသည်။ ဆင်ခေါင်းကြီးငေါက်ငမ်း ရိုက်နှက်လိုက်ပြီးကတည်းက ငနီကြီးကို ဦးမောင် မတွေ့ရတော့ပေ။ ကျောပိုးအိတ်ဖြင့်ရိုက်လိုက်စဉ် ဦးမောင်အား စူးစူးရဲရဲကြည့်နေသော ငနီ၏ပုံရိပ်က ဦးမောင်၏မျက်လုံးထဲမှ မထွက်နိုင်တော့ပေ။

ငနီသည် မြို့ပေါ်တွင် တွေ့နေမြင်နေကျ သာမန်ခွေးမျိုး မဟုတ်။ ဆင်သမားတို့ အမဲလိုက်ရန် မွေးထားသော ခွေးကြီး ဖြစ်၏။ ဒီဆင်စခန်းတွင် အမဲလိုက်ခွေး (၉) ကောင် ရှိသည်။ ငနီက ခွေးအုပ်၏ အသန်မာ အထွားကျိုင်းဆုံးသော ခေါင်ခွေး(ခေါင်းဆောင်ခွေး) ဖြစ်၏။ အမဲလိုက်ခွေးပီပီ ရက်စက်ကြမ်းကြုတ်၏။ ချောင်းမြောင်းတိုက်ခိုက်ရာတွင် ကျွမ်းကျင်၏။ တစ်ချက်၊ နှစ်ချက်ကိုက်ပြီး ကျေနပ်သွားမည့်ခွေးမျိုး မဟုတ်။ ကိုက်မိပြီဆိုလျှင် မသေမချင်း တစ်စစီကိုက်ဖြဲမည့်ခွေးများ ဖြစ်သည်။ ခေါင်ခွေးကြီးမှ စတင်တိုက်ခိုက်ပြီ ဆိုသည်နှင့် ကျန်နောက်လိုက်ခွေးများကလည်း စနစ်တကျ ဝိုင်းဝန်းတိုက်ခိုက်ကြမည် ဖြစ်သည်။ အမဲလိုက်ခွေးများသည် သားကောင်ငယ်များကို တစ်ရှိန်ထိုးလိုက်လံ ဖမ်းဆီးလေ့ရှိသော်လည်း မိမိတို့ထက် အင်အားကြီးသော အမဲကောင်များဖြင့် ရင်ဆိုင်ရသောအခါ မထင်မှတ်လောက်အောင် တိုက်ခိုက်မှုမျိုးနဲ့တိုက်ခိုက်တတ်သည့် တိရစ္ဆာန်များ ဖြစ်၏။

အမဲလိုက်ခွေးတို့သည် သားကောင်နဲ့တွေ့ပြီဆိုသည်နှင့် သားကောင်လှုပ်ရှားနိုင်မည့်ဧရိယာ ကျဉ်းသွားစေရန် လေးဖက်လေးတန်မှ ဝိုင်းဝန်း ပိတ်ဆို့ထားလိုက်ကြသည်။ ခေါင်ခွေးကြီးက သားကောင်ရှေ့တည့်တည့်မှ နေရာယူကာ ကိုက်မည့် ခဲမည့်ဟန် အမျိုးမျိုးဖြင့် သားကောင်ကို ခြောက်လန့်၏။ သားကောင်က ရှေ့မှခေါင်ခွေးကြီးအား တိုက်ခိုက်ရန်တာစူလိုက်သည်နှင့် သားကောင်နောက်ရှိ နောက်လိုက်ခွေးများက သားကောင်၏နောက်မှ ဝင်ရောက်တိုက်ခိုက်ကြသည်။ သားကောင်သည် ကြောက်လန့်တကြား အနောက်ရှိ အမဲလိုက်ခွေးများဘက်သို့ လှည့်လိုက်သည်နှင့် ခေါင်ခွေးကြီးက တစ်ဖန် ဝင်ရောက်တိုက်ခိုက်ပြန်၏။ အချိန်ကြာလာသည်နှင့် အမဲကောင်မှာမောပန်းလာပြီး အမဲလိုက်ခွေးတို့ကို အရှုံးပေးရလေတော့သည်။

"ဖဒိုရေ- ရေအမြန်ချိုးဟေ့၊ အချိန်မစောတော့ဘူးနော. . ."

တဲပေါ်မှ ဆင်ခေါင်းကြီးအော်သံကြောင့် ရေချိုးခြင်းကို လက်စသတ်လိုက်ပြီး တဲဆီသို့ပြန်လာခဲ့လိုက်သည်။ ချောင်းကမ်းပါးသို့ တက်လိုက်ချိန်တွင် တစ်စုံတစ်ယောက်စောင့်ကြည့်နေသလို ဦးမောင် ခံစားလိုက်ရ၏။ မသိမသာ ဘေးပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်လိုက်တော့ ချောင်းရိုးအစပ်ရှိ ဆူးရစ်ချုံအောက်၌ ငနီကြီးကို တွေ့ရသည်။

'ငါ့ကို လာချောင်းနေတာလား'

ဟူသောအတွေးနဲ့အတူ ကြောက်ရွံ့စိတ်မှ ဒေါသစိတ်သို့ ကူးပြောင်းလာရသည်။

'တွေ့ကြသေးတာပေ့ါကွာ။ မင်းကလည်း ဒီခွေးအုပ်မှာ ခွေးခေါင်းဆောင်၊ ငါကလည်း ဒီလူအုပ်မှာ လူခေါင်းဆောင်'

ဦးမောင် စိတ်ထဲမှကြုံးဝါးရင်း တဲပေါ်သို့ တက်လာခဲ့၏။

လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင် မရှိသော ရိုးမညက ပိန်းပိတ်မှောင်လျက်ရှိ၏။ ကြည်နူးစရာ မရှိ၊ နှစ်လိုဖွယ် မရှိ။ ချောင်းရိုးထဲမှ ကျောက်ဖားအော်သံ၊ ပုရစ်အော်သံတို့ ဆူညံ၍နေ၏။ အဝေးဆီမှ ညဉ့်ငှက်အော်မြည်သံကို မနှစ်လိုဖွယ် ကြားရသေးသည်။ တဲအပေါ်ဘက်တောင်ကမ်းပါးဆီမှ တောလုံငှက်၏ အော်သံကို အဆက်မပြတ် ကြားနေရ၏။ တောဓလေ့အရ တောလုံငှက်အော်သံကြားပါက ဒီအနီးနားတွင် အန္တရာယ်ပေးနိုင်သော တောကောင်ကြီးမရှိ ဟူ၍ မှတ်ယူကြသည်။ တကယ်တော့ ရိုးမတွင် တောဆင်ရိုင်းမှလွဲ၍ အန္တရာယ်ပေးနိုင်သော တောကောင်ကြီးများ မရှိတာကြာခဲ့ပြီ။ ရိုးမက တောရိုင်းမဟုတ်တော့၊ လူသံ, ကားသံ, စက်လွှသံများဖြင့် ယဉ်ပါးခဲ့၏။ သစ်ထုတ်ခြင်း၊ လူများအခြေချနေထိုင်ခြင်းတို့က ရိုးမကို ချည့်နဲ့စေခဲ့သည်။ ရိုးမ၏တောင်ကြောတိုင်း သစ်တိုက်ကားလမ်းတွေသာ ဖြစ်ကုန်၏။ တောကောင်ကြီးတွေလည်း ပျောက်ဆုံးကုန်၏။ တောကောင်ငယ်တို့ကိုသာ ရံဖန်ရံခါ တွေ့ရတော့၏။

ပင်ပန်းခြင်းကြောင့် ဦးမောင်အိပ်မပျော်နိုင်။ တောင်စဉ်ရေမရ တွေးတောရင်း အပေါ့သွားချင်လာပြန်၏။ ခေါင်းရင်းရှိ လက်နှိပ်ဓာတ်မီးကိုယူလိုက်ပြီး ခြင်ထောင်အပြင်ထွက်လိုက်၏။ နာရီကိုကြည့်လိုက်တော့ ည (၈) နာရီကျော်ရုံ ရှိသေးသည်။ မှောင်လာသည်နှင့် အိပ်ချင်ချင်၊ မအိပ်ချင်ချင် ကိုယ့်ခြင်ထောင်ထဲကိုဝင် ကြိတ်မှိတ်အိပ်ရတာက တောစခန်း၏ထုံးစံပင်။ ခြင်၊ မှက်၊ ဖြုတ်အပြင် ပိုးလောင်းဟုခေါ်သော ဖြုတ်အသေးစားကလေးများက ခြင်ထောင်အပြင်မှာ အုံနှင့်ကျင်းနှင့် ရှိနေကြသည်။ တဲအောက်မှ ခွေးအုပ်လှုပ်ရှားသံကို ကြားရ၏။ ငနီကြီး ရှိနေမလား ဆိုသော အတွေးကြောင့် အပေါ့သွားချင်စိတ်တို့ လွင့်ပျောက်ကုန်သည်။ တစ်ယောက်ယောက်ကိုခေါ်နှိုးရင် ကောင်းမလားဟု စဉ်းစားမိသည်။ တကယ်တမ်းကျတော့ ဦးမောင် မနှိုးရက်ပြန်။ ဆင်သမားတို့သည် နံနက် (၂) နာရီထိုးသည်နှင့် ဆင်ကောက်ရန် အိပ်ရာမှထရ၏။ ကျန်လူများကလည်း မိုးမလင်းခင် အိပ်ရာထ ထမင်းစားပြီး လုပ်ငန်းခွင်ဝင်ကြရသူများ ဖြစ်သည်။ ဦးမောင်သည် အပေါ့သွားချင် စိတ်ကို အောင့်အည်းရင်း ခြင်ထောင်ထဲသို့ ပြန်ဝင်ခဲ့၏။

'နေနှင့်ဦးပေါ့ ငနီကြီးရာ၊ မိုးလင်းရင် ငါ့အကြောင်းသိစေရမယ်'

ဦးမောင် ဒုတိယအကြိမ် ကြုံးဝါးရင်း ကြိုးစားအိပ်လိုက်လေတော့၏။

✪

ဦးမောင်စကားကြောင့် ဆင်ခေါင်းကြီးက ဦးမောင်အား ပျာပျာသလဲ တောင်းပန်ရှာသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ ဖဒိုရယ်၊ ငနီကြီးကို ရွာပြန်ပို့ဖို့ဆိုရင် တစ်ရက်လောက် အလုပ်တွေပျက်ဦးမယ်။ ပြီးတော့ ငနီကြီးမရှိရင် ကျန်တဲ့ခွေးတွေနဲ့ ငါတို့ ဘယ်လိုလုပ် ဟင်းစားရှာမလဲ။ အောက်စခန်းကလည်း ငါတို့ကိုရိုက္ခ

www.burmeseclassic.com

ခြောက်လောက်ပဲ ပို့ပေးနိုင်တာ။

ပြီးတော့ သူတို့ရှိတော့ ငါတို့မှာ အန္တရာယ်ကင်းတယ်လေ။ ငါတို့မမြင်နိုင်တဲ့ ပိုးကောင်မွှားကောင်တွေ သူတို့က မြင်တော့ ငါတို့ကြိုရှောင်နိုင်တာပေါ့။

ဖဒို ငနီကြီးအတွက် မပူနဲ့၊ ငါ တာဝန်ယူတယ်။ ကဲ- လာလာ၊ ညက မျောက်တစ်ကောင်ရလို့ ချေးခါးချက် ထားတယ်။ ထမင်းစားရအောင်"

ဆင်ခေါင်းကြီးစကားကြောင့် ဦးမောင် သက်ပြင်းသဲ့သဲ့ချမိသည်။ ဟုတ် ည်း ဟုတ်ပါသည်၊ ဆင်စခန်းတွင် အမဲလိုက်ခွေးကောင်းကောင်းမရှိလို့က တော့ ကုလားပဲ၊ ငါးသေတ္တာ၊ အသားတု ဖြင့်သာ နှစ်ပါးသွားရပေလိမ့်မည်။ ချောင်းရိုးထဲမှာ ငါးရှာနိုင်သော်လည်း ၍ချောင်းရေများလာလျှင် ငါးမရ ပေ။

အခုပဲကြည့်လေ၊ ခွေးကောင်းရှိ တော့ အစုံရပြီပေါ့။ သံသယစိတ်တွေနဲ့ ကြီးမိသည့် မိမိကိုယ်မိမိ ပြန်ရှက် ၏။ မျောက်ချေးခါးဟင်းနံ့ကလည်း ဦးမောင်၏နှာခေါင်းဝသို့ ကလူကျီစယ် ပြုဖြစ်၍ ဘာမှဆက်မပြောတော့ဘဲ ထမင်းဝိုင်းသို့ဝင်ထိုင်လိုက်၏။ ထမင်း ဆိုသော်လည်း မီးဖိုဘေး ဝါးကြမ်း ပေါ်တွင် ဝိုင်းဖွဲ့စားသောက်ကြခြင်း ဖြစ်သည်။ ထမင်းဝိုင်းအလယ်တွင် မျောက်ချေးခါးနှင့်မျောက်သား ရော ထားသောဟင်းကို ဒန်အိုးကြီးဖြင့် ထားသည်။ မိုးဦးကျတွင်ပေါပေါရ ကောက်နွယ်ကို ကြော်ချက်ချက် ဇလုံကြီးဖြင့် တည်ခင်းထား၏။ တော့ ငါးပိရည်၊ တို့စရာ။ တို့စရာက စုံလှသည်။ မျှစ်စို့နုနုကြီးတွေကို လိုက်ပြုတ်ထားပြီး ဆိတ်ဖူး၊ ကြီး၊ တောကန်စွန်းနွယ်တို့ဖြင့် စဖွယ် ဖြစ်၏။

ဆင်သမားတို့၏ထမင်းဝိုင်းက အ မဟုတ်၊ အဝစားထမင်းဝိုင်း ဖြစ် ထမင်းသာမက ဟင်းကိုပါ အဝစား သည်၊ ဝမ်းအပြင် အိတ်မရှိဘူး ဆို လူစားမျိုးမှာ ဆင်သမားများကိုဆို ဖြစ်မည်ထင်သည်။ ထမင်းဝိုင်း သံ၊ ပန်းကန်သံတို့အပြင် မျောက် တ်သံတို့ဖြင့် ဝေဆာနေ၏။ ကြွင်း သောအရိုးတို့ကို ဝါးကြမ်းပေါက်မှ အောက်သို့ ပစ်ချပေးကြသည်။ တဲ တ်တွင် ငနီကြီးတို့အဖွဲ့က ကျလာ အရိုးတို့ကို ပွဲတော်တည်ရန်အသင့် ကြ၏။ ဒါက ဆင်သမားတို့၏ အ လေ့အထပင် ဖြစ်သည်။ ဆင်သမားနှင့် အမဲလိုက်ခွေးတို့၏ ဒိုးတူပေါင်ဖက် နေထိုင်ကြသော ယဉ်ကျေးမှုလည်း ဖြစ်ပေလိမ့်မည်ဟု ဦးမောင် ထင်မိသည်။

"ဖဒို-ထည့်စားဟေ့၊ ဟင်းတွေအများကြီးရှိသေးတယ်"

ဆင်ခေါင်းကြီးက ပြောပြောဆိုဆို ပန်းကန်ထဲသို့ ဟင်းများခပ်ထည့်ပေးနေစဉ် တဲအောက်မှ ငနီကြီး လှမ်းကြည့်နေသည်ကို ဦးမောင် တွေ့ရသည်။

"ရန်သူတောင် လက်နက်ချရင် ကျေအေးကြသေးတာပဲ၊ မင်းနဲ့ငါလည်း ကျေအေးကြတာပေါ့"

တီးတိုးရေရွတ်ရင်း ငနီကြီးရှိရာသို့ အရိုးတစ်ချောင်း ဦးမောင် ပစ်ပေးလိုက်သည်။ ငနီကြီးသည် ဦးမောင်ပစ်ပေးသောအရိုးကိုကိုက်လျက် ဦးမောင်အား တွေတွေကြီးကြည့်နေ၏။ ဦးမောင် ကျေနပ်စွာပြုံးရင်း ထမင်းဝိုင်းမှထလိုက်သည်။

"ဖထီးရေ၊ ပေကြိုးယူခဲ့ဖို့ မမေ့နဲ့ဦးနော်"

ဦးမောင်က တောတက်ရန် အဝတ်အစားလဲရင်း ဆင်ခေါင်းကြီးအား သတိပေးလိုက်သည်။ ဒီတစ်ခေါက် ဦးမောင်၏တာဝန်မှာ သစ်ထုတ်ရန်လျာထားသော သစ်ကွက်အတွင်းရှိ သစ်ပင်များအား လုံးပတ် ပေမီ, မမီ၊ သစ်ထုတ်နိုင်ခြင်း ရှိ,မရှိ စာရင်းကောက်ယူ၍ တံဆိပ်ရိုက်မှတ်ပေးရခြင်းဖြစ်၏။

❂

"ဖထီးရေ၊ ဒီတစ်ကြောပြီးရင် နားကြမယ်. . တဲပြန်ဖို့အချိန်လင့်နေပြီ"

"အေးဟေ့- ဖဒို ခြေ, လက်ဆေးရင်း ချောင်းထဲမှာနားနေလိုက်၊ ငါတို့အခုဆင်းလာခဲ့မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဖထီးရေ၊ မှတ်တံဆိပ်တွေ မကျန်စေနဲ့နော်"

ဦးမောင်က ပြောပြောဆိုဆိုဖြင့် ချောင်းစပ်ရှိကျောက်တုံးပေါ် ထိုင်ချပြီး တောစီးဖိနပ်ကို ချွတ်လိုက်သည်။ တောစီးဖိနပ်နှင့်ခြေအိတ်ကို ဆေးကြောနေစဉ် ဦးမောင်၏အနောက်မှ တောတိုးသံသဲ့သဲ့ ကြားရသည်။ ဖထီးတို့အဖွဲ့ပြန်လာသည်အထင်နှင့် ဦးမောင် နောက်သို့ လှည့်ကြည့်လိုက်၏။

ကြောက်ရွံ့စိတ်ကြောင့် ဦးမောင် ကြက်သေသေသွားရသည်။ ရှေ့တည့်တည့်မှာတော့ အဝါရောင် အောက်ခံပေါ်မှာ အနက်ရောင်အစက်အပြောက်များနှင့် ကျားသစ်ကြီးတစ်ကောင်က ဦးမောင်အား စိမ်းစိမ်းကြီး ကြည့်နေ၏။ ကျားသစ်ကြီးက စူးစူးဝါးဝါးအော်သံပြု၍ ရှေ့လက်နှစ်ဖက်ကို ကွေးညွှတ်ကာ ဦးမောင်ထံ ခုန်အုပ်လိုက်သည်။

"ဝုတ်. . . ဝုတ်"

"ဂူးဂဲ. . ."

"ကိန်. . . ဂိန်"

ရုတ်တရက် ဦးမောင်အနောက်မှ အနီရောင်အရိပ်တစ်ခုထွက်ပေါ်လာပြီး ကျားသစ်ကြီးနှင့်လုံးထွေးလျက်ရှိသည်ကို ဦးမောင် တွေ့ရသည်။ ချောင်းရိုးတစ်လျှောက် ကျားသစ်မာန်ဖီသံ၊ ခွေးသံနှင့် ဆူညံနေ၏။ တောင်ကြောပေါ်မှ ဆင်ခေါင်းကြီးတို့အဖွဲ့ ပြေးဆင်းလာသည်ကိုလည်း ဦးမောင် တွေ့ရသည်။ မကြာမီ ကျားသစ်နှင့်လုံးထွေးနေသော အနီရောင်အရိပ်သည် ဦးမောင်နှင့်မလှမ်းမကမ်းသို့ လွင့်စဉ်ထွက်လာပြီး ကျားသစ်မှာလည်း ချောင်းစပ်ရှိတောအတွင်း တိုးဝင်ပျောက်ကွယ်သွားလေ၏။

"ငနီ. . ."

ဦးမောင်သည် ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်ရင်း အနီရောင်အရိပ်ရှိရာသို့ ပြေးသွားလိုက်သည်။

ငနီသည် ကျားသစ်ကုတ်ထားသောဒဏ်ရာကြောင့် ဝမ်းဗိုက်တစ်ခုလုံးပွင့်ထွက်လျက် ရှိ၏။ ရဲရဲနီသောသွေးတို့က ချောင်းရေနှင့်ရောထွေးလျက်နေ၏။ ငနီ၏မျက်လုံးတို့က ပွင့်လျက်သား၊ ဦးမောင်ကို တစ်ခုခုပြောနေသလိုပင် ထင်ရသည်။

"ငနီ. . မင်း ဘာလို့ ဒီလိုလုပ်ရတာလဲကွာ. . .။

မင်းက အမဲလိုက်ခွေးတစ်ကောင်လေကွာ. . . အမဲလိုက်ခွေး ဆိုတာ သားကောင်ကို ဘယ်တော့မှ ရှေ့တည့်တည့်ကနေ. . ."

ဦးမောင်၏စကားလုံးတို့ တဖြည်းဖြည်း တိုးဝင်ပျောက်ကွယ်သွားပြီး မျက်ဝန်း၌ မျက်ရည်တို့နှင့် စိုစွတ်လျက်ရှိနေ၏။

"ဘာကြောင့်လဲ ငနီရာ၊ တကယ်ဆို မင်းနဲ့ ငါနဲ့ကြားက ပတ်သက်မှုဟာ အရိုးလေးတစ်ချောင်းတည်း. . .


တကယ့်ကို အရိုးလေးတစ်ချောင်းတည်းပါကွာ"

သထုံငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com





# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဗျူဟာ-၁၆၈

ဦးအောင်လှိုင်(သုဝဏ္ဏ)

**၃၅။ အခန်းအတွင်းရှိ စွမ်းအင်တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်စေခြင်း**

အခန်းတွင်းရှိ နံရံများနှင့် ပစ္စည်းအသုံးအဆောင်များတွင် ပါရှိသော အရောင်များအချင်းချင်း ဓာတ်မတည့်သည့်အခါများ၌ ၎င်းတို့ကိုယ်စားပြုစွမ်းအင်များ တစ်ခုနှင့်တစ်ခု ပဋိပက္ခ ဖြစ်တတ်ပါသည်။ ထိုအခါမျိုးတွင် အခန်းတွင်းနေထိုင်သူအတွက် စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်မတည်မငြိမ် (ယောက်






ယက်ခတ်) ခြင်း ဖြစ်နေပါမည်။ အထူးသဖြင့် နံရံ၊ ခန်းဆီး၊ ကော်ဇောနှင့် အရေးကြီးသောအခန်း (အိပ်ခန်း) အတွင်းရှိ အရောင်များ ပဋိပက္ခဖြစ်ခြင်းက ကာယကံရှင်အတွက် ဘေးဥပဒ်ကြီးစွာ ဖြစ်စေပါသည်။

ယန်စွမ်းအင်နှင့် မြေဓာတ်ကိုယ်စားပြုအခန်းအတွက် နံရံကို အနီရောင်ရင့်ရင့် (ဆေးရောင်) သုတ်ပေးရပါမည်။

အခန်းအတွင်း ကိုယ်စားပြုအရပ်ထောင့်အလိုက် အနီရောင်ကို မှန်ကန်စွာ အသုံးပြုထားသော်လည်း အိပ်ခန်း ဖြစ်ပါက အနီရောင်ရင့်ရင့် မသုံးသင့်ပါ။

**၃၆။ အလိုက်ဖက်ဆုံးအရောင်များကို ပေါင်းစပ်ပေးခြင်း**

အလိုက်ဖက်ဆုံးအရောင်များကို အောက်ပါအတိုင်း ပေါင်းစပ်ပေးခြင်းဖြင့် ကျက်သရေမင်္ဂလာရှိစေသော အတိတ်နိမိတ်ကို ရစေပါသည်။



**အနက်နှင့်အဖြူ**

အနက်သည် ယင်ဓာတ်ကိုယ်စားပြုပြီး အဖြူက ယန်ဓာတ်ကို ကိုယ်စားပြုသည်။ ၎င်းအရောင် (၂) မျိုးသည် စကြဝဠာအတွင်း အရာရာတိုင်းအား အကောင်းဆုံးအနေအထားဖြင့် စွမ်းအင်မျှတစေသည့်သဘောကို ဖော်ပြသည်။

**အနီနှင့်ရွှေရောင်**

အနီရောင်သည် စိုးမိုးအုပ်ချုပ်ခြင်း၊ ကြီးကျယ်မြင့်မြတ်ခြင်း၊ ကျက်သရေမင်္ဂလာရှိခြင်းနှင့် ယန် (Yang) စွမ်းအင်၏အတွင်းသဘော (အနှစ်သာရ) ကို ကိုယ်စားပြုသည်။ ၎င်းပြင် မီးဓာတ်ကိုကိုယ်စားပြုပြီး အထက်သို့ဆန်တတ်





www.burmeseclassic.com

www.burmeseclassic.com

...သွားတတ်သည့်သဘာဝကိုပြသည်။ ...ရောင်၏ အခြားဂုဏ်အင်လက္ခဏာ ...မှာ ပျော့ရှင်ခြင်း၊ အောင်မြင်ခြင်း၊ ...ဉစ္စာတိုးတက်ခြင်းတို့ပင် ဖြစ်၏။ ...ရောင်သည် အတိတ်နိမိတ်ကောင်း ...လည်း အိပ်ခန်းအတွင်း ယန်ဓာတ် ...နတဲစေရန် သတိပြု သုံးစွဲပါ။ ရွှေ ...ရောင်သည် အနီရောင်နှင့်သင့်တင့်လိုက် ...မှုအရှိဆုံးအရောင် ဖြစ်သည်။ အနီ ...ရွှေရောင် ပေါင်းစပ်ပြီးသောအခါ '...ကွယ်စောင့်ရှောက်ခြင်း' ဟူသည့် ...ဟွယ် (နိမိတ်) ကို ဖြစ်စေပါသည်။ ...(၂)မျိုးစပ်အရောင်သည် မကောင်း ...စွမ်းအင် ဟူသမျှအား ကျော်လွှား ...စွမ်း ရှိသည်။



**...နှင့်ငွေရောင်**

ခရမ်းရောင်နှင့် ငွေရောင် ပေါင်း ...တ်ပါက ဝင်ငွေကောင်းခြင်း၊ စီး ...ဉစ္စာတိုးတက်ခြင်း၊ ထင်ပေါ်ကျော် ...ခြင်း ဟူသည့် အတိတ်နိမိတ်ကို ...ဆောင်ပါသည်။ တရုတ်ကန်တုံဘာသာ ...အရ ခရမ်းနှင့်ငွေကို ပေါင်းစပ်၍ ... chee (သို့) ငွေကြေးဟုအဓိပ္ပာယ် ...ပါသည်။ ခရမ်းရောင်သည် စီးပွား ... တုံလုံကြွယ်ဝမှုကို အားပေးပြီး ငွေ ...သည် သတ္တုသဘာဝရှိပြီး ခရမ်းရောင် ...ရည်များဖြင့် ဖွဲ့စည်းထားသည်။ ...နှင့်ငွေပေါင်းစပ်သည့်အရောင် (၂) ...အား အနောက်မြောက်အရပ်ကို ...နှာမူသောအခန်းတွင် ထားရှိခြင်း ... အကောင်းဆုံး ဖြစ်သည်။

**... ပုံသဏ္ဌာန် အရွယ်အစား အမျိုးမျိုး ...ဝိုင်း လေးထောင့်) တို့အား ဖုန်းရွှေ ...အရ အနက်အဓိပ္ပာယ်ဖော်ခြင်း**

အခြေခံအကျဆုံးသောပုံသဏ္ဌာန် ...ရွယ်အစား (၅) မျိုးနှင့် ၎င်းတို့ကိုယ်စားပြုဓာတ်များအား ဖော်ပြပါမည်။

**အဝိုင်းသဏ္ဌာန်**

ရွှေဒင်္ဂါးသဘော သက်ဝင်စေပြီး သတ္တုဓာတ် ကိုယ်စားပြုသည်။

**လေးထောင့်သဏ္ဌာန်**

မိသားစုသဘော၊ ရင်းနှီးကျွမ်းဝင်သည့်သဘော သက်ဝင်စေပြီး မြေဓာတ်ကိုကိုယ်စားပြုသည်။

**ထောင့်မှန်စတုဂံသဏ္ဌာန်**

ကြီးပွားတိုးတက်စေသည့်သဘော ပါပြီး သစ်သားဓာတ်ကို ကိုယ်စားပြုသည်။

**တြိဂံသဏ္ဌာန်**

အပေါ်ဘက်ဆန်တက်၊ လှုပ်ရှားသည့်သဘော သက်ဝင်စေပြီး မီးဓာတ်ကို ကိုယ်စားပြုသည်။


**ကွေးကောက်နေသည့်သဏ္ဌာန်**

ရေ၏သဘောသက်ဝင်စေပြီး ရေဓာတ်ကို ကိုယ်စားပြုသည်။

ပုံသဏ္ဌာန် အရွယ်အစား အမျိုးမျိုးနှင့်ကိုယ်စားပြုဓာတ်များကို သိရှိနားလည်ပြီးနောက် မိမိနေထိုင်ရာအိမ်၏ အခန်းများက မည်သည့် ပုံသဏ္ဌာန်နှင့် မည်သည့်ဓာတ် ကိုယ်စားပြုနေကြောင်း ခွဲခြားသိမြင်ကာ ဆောင်ရန်၊ ရှောင်ရန် အချက်များအတွက် ကြိုတင်ပြင်ဆင်နိုင်ပါသည်။

အောက်ပါ နမူနာပုံကို လေ့လာပါ။

နမူနာပုံအရ လေးထောင့် (စတုရန်း) ပုံရှိသော အခန်းအတွင်း၌ ထောင့်




(၈) ထောင့် ပါရှိသောစားပွဲ ထားရှိခြင်းက သင့်တင့်ကောင်းမွန်ပါသည်။

အနောက်မြောက်အရပ်တွင် ရှိသောမီးဖိုချောင်ကြောင့် အတိတ်နိမိတ် မကောင်းနိုင်ပါ။ ၎င်းအပြင် နံရံကိုကွေ့ဝိုက်၍ စွန်းထုတ်ထားသော ပြတင်းကြောင့် မကောင်းသောစွမ်းအင် ဖြစ်စေပါသည်။

အထက်တွင်ဖော်ပြခဲ့ပြီးသော ပုံသဏ္ဌာန်များအား သူ့နေရာနှင့်သူ သင့်တင့်လိုက်ဖက်အောင် အသုံးပြုရာတွင် ၎င်းတို့၏အချိုးအစားအတိုင်း အပြည့်အဝ ပါဝင်စေရပါမည်။

လေးထောင့်(စတုရန်း)ပုံစံကို သုံးပါက ထောင့်တစ်ခုလိုနေခြင်း (မပြည့်ခြင်း) မဖြစ်စေရ။

ထောင့်မှန်စတုဂံကိုသုံးပါက မျက်နှာပြင် ဖြက်အကျယ် ကျဉ်းလွန်းခြင်း၊ ထောင့်တစ်ခုခု ပျောက်ဆုံးနေခြင်း မရှိစေရ။



An octagonal table in a square room is ideal.

A northwest kitchen and cut-off corners are both inauspious.

Bay windows and built in cupboards both form inauspicious shapes.



www.burmeseclassic.com

www.burmeseclassic.com

အဝိုင်းသင်္ကေတန်သုံးပါက စက်ဝိုင်းခြမ်းပုံစံထက် စက်ဝိုင်းအပြည့်ပုံစံကို အသုံးပြုပါ။

*(စက်ဝိုင်းခြမ်းသင်္ကေတန် ကွေ့ဝိုက်ထားသည့်ပြတင်းပေါက်ပုံစံများက နိမိတ်မကောင်းစေသောကြောင့် ဖြစ်သည်။)*

ပါ့ကွာပုံစံ သို့မဟုတ် အနား (၈) ထောင့်ပါ (အဋ္ဌဂံ) ပုံစံရှိ စားပွဲအား ထမင်းစားခန်းအတွင်းထားရှိခြင်း၊ ကော်ဖီစားပွဲအဖြစ် သုံးစွဲခြင်းဖြင့် ကျက်သရေမင်္ဂလာတိုးစေပါသည်။

အိမ်၏အရှေ့တောင်အရပ်နှင့် အရှေ့အရပ်၌ ထောင့်မှန်စတုဂံပုံနံရံ ရှိပါက ကြီးပွားတိုးတက်ခြင်း၊ အောင်မြင်ခြင်းနိမိတ်ကို ဆောင်ပါသည်။


ထောင့်မှန်စတုဂံပုံက သစ်သားဓာတ်ကို ကိုယ်စားပြုသည်။

လေးထောင့်စတုရန်းပုံသည် မြေဓာတ်ကိုယ်စားပြုပြီး ထမင်းစားခန်းအတွက် အထူးသင့်လျော်သည့် အနေအထား ဖြစ်သည်။ ၎င်းအပြင် မိခင်အဖြစ် ရပ်တည်သည့်သဘော၊ မိသားစုနှင့်သဟဇာတဖြစ်သည့်သဘောကိုပါ ရည်ညွှန်းသည်။

အဝိုင်းပုံသည် သတ္တုဓာတ်ကိုယ်စားပြုပြီး အနောက်နှင့် အနောက်မြောက်အရပ်အတွက် အထူးသင့်တော်သောပုံစံ ဖြစ်သည်။ ၎င်းအပြင် ဖခင်အဖြစ် ရပ်တည်သည့်သဘော၊ ကံကောင်းခြင်းဖြစ်စေသည့်သဘောတို့ကို ရည်ညွှန်းသည်။

**၃၇။ အခန်းအား သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်း**

မိမိ နေထိုင်ရာ အခန်းအတွင်း ပစ္စည်းထားရှိပုံ ရှုပ်ထွေးနေခြင်းရှိပါက အခန်းအတွင်း စွမ်းအင်များ ကမောက်ကမဖြစ်ပြီး စိတ်ပိုင်းရော ရုပ်ပိုင်းပါ ထိခိုက်လာနိုင်ပါသည်။ မိမိရှိနေသည့်အခန်းသည် ရုံးခန်း ဖြစ်စေ၊ အိမ်ခန်း ဖြစ်



Clear out clutter  Keep rooms dirt-free

စေ ရှုပ်ပွနေသောပစ္စည်းများအား သူ့နေရာနှင့်သူ နေသားတကျ စီစဉ်ထားရှိပေးနိုင်ခြင်းဖြင့် ကောင်းသောစွမ်းအင်များ အလွယ်တကူ ဝင်ရောက်စီးဆင်းလာနိုင်ပါသည်။


အခန်းအသုံးပြုသူတိုင်းလိုလို အလုပ်ကိစ္စ များပြောင်သည့်အခါများ၌ စုပုံရှုပ်ပွနေသော ပစ္စည်းများအား ချက်ချင်းလက်ငင်း မရှင်းနိုင်ဘဲ ရှိနေတတ်သည်။ ထိုအခါ ရက်အတန်ကြာသည်နှင့် ၎င်းအရှုပ်အထွေးများမှ မကောင်းသောစွမ်းအင်များ ဖြစ်ပေါ်လာပြီး မိမိကြိုးစားလုပ်ကိုင်နေသမျှ ကိစ္စအားလုံး မအောင်မြင်အောင် အတားအဆီးအဖြစ် ပိတ်ဆို့နေပါမည်။ လက်တွေ့အသုံးချမည့် စာရွက်စာတမ်းများ၊ အရေးကြီးမှတ်တမ်းများမှအပ သတင်းစာ၊ ဂျာနယ်ဟောင်းများအား ရှင်းထုတ်ပစ်သင့်ပါသည်။


အထက်ပါ အရှုပ်အထွေး၊ အစုအပုံများအား ရှင်းပြီးလျှင်ပြီးချင်း မိမိအတွက် စိတ်ရော ကိုယ်ပါ လတ်ဆတ်ရှင်လန်းစွာဖြင့် ကောင်းသော ချီဓာတ်များကို လက်ခံနိုင်ပါမည်။

**၃၉။ မိမိအတွက် အသင့်တော်ဆုံး နေရာတစ်ခု ဖန်တီးခြင်း**

မိမိအတွက် သင့်တင့်လိုက်ဖက်မှုရှိသောအခန်းတစ်ခုကို ဖန်တီးရာ၌ အသေးအဖွဲ့ဖြစ်သည့်ပစ္စည်းတစ်ခုအား နေရာရွှေ့ပြောင်းပေးလိုက်သည်နှင့် စွမ်းအင်အကောင်း,အဆိုး ကွဲပြားသွားတတ်သည်ကို ဦးစွာ သတိပြုပါ။

ပရိဘောဂများ နေရာချထားပုံနှင့် ပစ္စည်းအထားအသို မှန်ကန်မှုရှိစေခြင်းကြောင့် ကောင်းသောချီဓာတ်များ







ဝင်ရောက်နိုင်သည်ကို သဘောပေါက်လာပါမည်။

အိမ်အတွင်းပစ္စည်းများ မည်မျှပင်များပြားစေကာမူ ကောင်းသောချီဓာတ်ဝင်ရောက်နိုင်ရန် လမ်းကြောင်းရှင်းပေးထားရန် လိုပါသည်။

ထိုသို့ စီစဉ်ရာ၌ အဝင်တံခါးပေါက်နှင့် ထောင့်ဖြတ်ပုံစံ မျက်နှာချင်း





www.burmeseclassic.com

www.burmeseclassic.com


ဆိုင်တွဲသောနေရာ၌ ရှင်းလင်းနေရပါမည်။

**၁။ ပရိဘောဂများ စီစဉ်ထားရှိပုံဖြင့် ချီ ဆက်စီးဆင်းရာလမ်းကြောင်း ဖန်တီးခြင်း**

မိမိနေအိမ် (သို့) ရုံးခန်းအတွင်း ပရိဘောဂများ စီစဉ်ထားရှိပုံအလိုက် ချီဓာတ်ဝင်ရောက်မည့် လမ်းကြောင်းကို ဖန်တီးပေးနိုင်ပါသည်။ ကောင်းသောချီဓာတ်တို့၏သဘာဝအရ အခန်းအတွင်းသို့ လျှင်မြန်စွာ ဝင်ရောက်လာတတ်သောချီဓာတ်ထက် (လှုပ်ရှားမှုမြန်သောချီဓာတ်) ဖြည်းညင်းစွာ ဝင်လာတတ်သောချီဓာတ် (လှုပ်ရှားမှုနှေးကွေးသောချီဓာတ်) က ပို၍ ကျက်သရေမင်္ဂလာရှိစေပါသည်။



ချီဓာတ်သည် ငှင်းလာနေကျလမ်းကြောင်းအတိုင်းသာ အမြဲ လာလေ့ရှိတတ်ခြင်းကြောင့် လမ်းကြောင်းတစ်လျှောက် အတားအဆီး၊ အပိတ်အဆို့ မရှိစေရန် သတိပြုပါ။ ဝင်ရောက်လာသောချီဓာတ်သည် ဝင်ပေါက်မှအစပြု



၍ တစ်ခန်းလုံးအား လှည့်ပတ်စီးဆင်းကာ (ပုံပါအတိုင်း) အခန်းတစ်ခန်းပြီး တစ်ခန်းသို့ ဆက်တိုက် ဝင်ရောက် စီးဆင်းနေပါမည်။


**၄။ စွမ်းအင်ကောင်းများ (သို့) မင်္ဂလာရှိသော ချီဓာတ်များ စီးဝင်လာစေရန် အခန်းတိုင်းကို သန့်ရှင်းထားခြင်း**


အချို့သောအိမ်များတွင် အများဆုံးအသုံးပြုရာအခန်း၌ပင် လိုအပ်သောပစ္စည်းများ ထားလေ့ရှိတတ်သည်။ အိမ်ကျယ်၍ အခန်းပေါင်းများစွာ ရှိသော်လည်း အချို့အခန်းများကို အသုံးမပြုဘဲ ပိတ်ထားခြင်း (သို့) တစ်နေ့တလေ ဝင်ရောက်သန့်ရှင်းခြင်းပင် မပြုမိဘဲ ရှိနေတတ်သည်။

ဖုန်းရွှေရှုထောင့်အရ ချီဓာတ်၏ သဘာဝသည် အများဆုံးအသုံးပြုရာအခန်းတစ်ခုတည်း (သို့) ထောင့်တစ်နေရာတည်းကိုသာ ကွက်ကျားစီးဆင်းသည် မဟုတ်ဘဲ တစ်အိမ်လုံးရှိ အခန်းတိုင်းလိုလိုအား ဝင်ရောက် စီးဆင်းလေ့ရှိသောကြောင့် ချီဓာတ်များ တာရှည်စီးဆင်းနိုင်စေရန် (သို့) မြဲနေစေရန် ထိန်းသိမ်းသည့်သဘောဖြင့် အိမ်ရှိ အခန်းအားလုံးအား အသုံးပြုခြင်း၊ သန့်ရှင်းပေးခြင်း နေ့စဉ် လုပ်ပေးသင့်ပါသည်။

**၄၂။ အိမ်၏ သီးခြား အထွတ်အမြတ်ထားရာအခန်းအတွင်း ချီဓာတ် ဝင်ရောက် စီးဆင်းစေခြင်း**

အိမ်အတွင်း လူအများစု အသုံးပြုရာနေရာနှင့် အထွတ်အမြတ်ထားရာနေရာ (အခန်း) ဟူ၍ ခွဲခြားထားသင့်သည်။ အထွတ်အမြတ်ထားရာအခန်းသည် အများအားဖြင့် ဘုရားခန်းပင်ဖြစ်သည်။ အထွတ်အမြတ်ထားရာအခန်းသို့ လူအများ အဝင်၊ အထွက် (ကြိမ်ဖန်များစွာ) မလုပ်သင့်ပါ။ ဘုရားခန်းဖြစ်ခြင်းကြောင့် သာမန်ထက် ယင်ဓာတ်အနည်းငယ်ပိုနေပါမည်။ ဘုရားခန်းအတွင်း ယင်ဓာတ်၏ကျေးဇူးကြောင့် အိမ်၏စီးပွားဥစ္စာတိုးတက်မှုများအတွက် အထောက်အပံ့ကောင်းများ ရရှိပါမည်။ အိမ်၏အထွတ်အမြတ်ထားရာအခန်းကို အိမ်အတွင်းဘက်၌ စီစဉ်ထားရှိသင့်သည်။ ဘုရားခန်းသည် သာမန်အခန်းများထက် မြင့်မြတ်သန့်စင်ခြင်း ရှိသောကြောင့် ကြမ်းပြင်မှ ပိုမိုမြင့်သောနေရာ (အခြားပစ္စည်းများထက်) မြင့်သောနေရာ၌ ထားရှိရပါမည်။ အိမ်၏အထွတ်အမြတ်ထားသည့်အခန်းအတွက် အမြဲတစေကောင်းသော ချီဓာတ်များ အဆက်မပြတ် စီးဝင်နေပါမည်။



ဘုရားခန်းပြီးလျှင် ဒုတိယ အထွတ်အမြတ်ထားရာ မိမိ၏ကိုယ်ပိုင်အခန်းတစ်ခန်းကို သီးခြား သတ်မှတ်ထားရှိနိုင်ပါသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မိမိတာဝန်ခံအဖြစ် တာဝန်ယူ ဆောင်ရွက်နေသော လုပ်ငန်းခွင်ဖြစ်သည့် မန္တလေးမြို့ မဟာမြို့ပတ်လမ်းဖောက်လုပ်ရေးအလုပ်စခန်းများဆီသို့ နေ့စဉ် ဆိုင်ကယ်တစ်စီးဖြင့် လှည့်လည်ကာ စစ်ဆေးကြည့်ရှုနေလေသည်။ ထိုသို့ လုပ်ငန်းများအား စစ်ဆေးရန်သွားစဉ် တပည့်ဖြစ်သူ တပ်ကြပ်စံအောင်နှင့်အတူ ဆိုင်ကယ်စီး၍သွားလေ့ရှိသည်။

ယင်းသို့ မြို့ပတ်လမ်းလုပ်ငန်းခွင်များနှင့်အတူ စည်ပင်သာယာရေးလုပ်ငန်းခွင်များဖြစ်သော ကုသိုလ်တော်ဘုရားရင်ပြင်တွင် ကျောက်ပြားစီခြင်း၊ အတုမရှိ ကျောင်းတော်ကြီး ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ ပရိယတ္တိတက္ကသိုလ်ကျောင်းသစ်ဆောက်လုပ်ရေး၊ ရွှေစာရံဂေါက်ကွင်းတည်ဆောက်ရေးနှင့် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ လှည့်လည်ပြီး စစ်ဆေးနေရသည်။

ကျွန်ုပ်လက်အောက်တွင် ကွပ်ကဲစီမံ အုပ်ချုပ်နေရသော ရဲဘက်အကျဉ်းသား (၅၀၀) ယောက်အား နေ့စဉ် လုပ်ငန်းခွင်များဆီ သက်ဆိုင်ရာမှ စီစဉ်ပေးသော ကားများဖြင့် သယ်ယူပို့ဆောင်က မန္တလေးမြို့ပေါ် အနှံ့အပြားမှာ လုပ်ဆောင်ခိုင်းထားသည်။

ယင်းကဲ့သို့ မန္တလေးမြို့ မဟာမြို့ပတ်လမ်းဖောက်လုပ်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သော ကုသိုလ်တော်ဘုရားပေါ်တွင် ကျောက်ပြားစီခြင်း၊ ကျောက်စာတိုင်များ ထုံးသုတ်နေခြင်း လုပ်ငန်းခွင်အား သွားရောက် စစ်ဆေး ကြည့်ရှုနေခဲ့စဉ်ဖြစ်ပါသည်။

ထိုစဉ် ဘုရားရင်ပြင်တော်ပေါ်ရှိ ခရေပင်အိုကြီးနားတွင် သန့်ရှင်းရေးလုပ်ဆောင်နေသော အသက်ငါးဆယ်ခန့် အကျဉ်းသားကြီးတစ်ဦးကို လှမ်းမြင်နေခဲ့လေသည်။ ကျွန်ုပ်လည်း ဘုရားရင်ပြင်တော်ပေါ်တွင် လုပ်ငန်းဆောင်ရွက်နေသော အကျဉ်းသားဘုတ်များကို လိုက်လံ စစ်ဆေးကြည့်ရှုပြီးနောက် ခရေပင်ကြီးအောက် ခုံတန်းလျားတွင် ခေတ္တအမောဖြေထိုင်နေလေသည်။

ဘုရားရင်ပြင်ပေါ်ဝယ် သန့်ရှင်းရေးလုပ်ဆောင်နေသော အကျဉ်းသားကြီးအား မိမိထံခေါ်လာရန် တပ်ကြပ်စံအောင်ကို ခိုင်းလိုက်လေသည်။ မကြာမီ တပ်ကြပ်စံအောင်နှင့်အတူ အကျဉ်းသားကြီးပါလာသည်။ ကျွန်ုပ်၏ဘေးရှိ ခုံတန်းလျားလွတ်နေသောနေရာမှာထိုင်ခိုင်းပြီး အမှုဖြစ်ပွားခဲ့သည့်အဖြစ်မှန်ကို မေးမြန်းကြည့်နေမိသည်။

"ခင်ဗျားကဘာအမှုဖြစ်တာလဲ"

"လူသတ်မှုပါ ထောင်ပိုင်ကြီး"

"ခင်ဗျားက အသက်ကြီးမှ လူသတ်မှုဖြစ်ရတယ်လို့။ ဒေါသကို ထိန်းသိမ်းဖို့ကောင်းနေပြီ။ ရန်ဖြစ်ကြရင်း သတ်ခဲ့မိတာလား"

"မဟုတ်ပါဘူးခင်ဗျာ။ ကိုယ့်သားအရင်းကို တုတ်နဲ့ လှမ်းပစ်မိရာက သေဆုံးသွားခဲ့တာ"

"ဗျာ - ကိုယ့်သားအရင်းကိုကိုယ် သတ်ခဲ့တယ်ဟုတ်လား"

"ဟုတ်ပါတယ် ထောင်ပိုင်ကြီးရယ်။ အဲဒီအချိန်တုန်းက ကျွန်တော်ကလည်း လူမှန်းမသိအောင် အရက်တွေမူးနေခဲ့တယ်။ ကျွန်တော့်မိန်းမနဲ့ အရက်ဝယ်မပေးတဲ့ကိစ္စနဲ့ စကားများနေတယ်။ နောက် ကျွန်တော့်ကို ကလန်ကဆန်လုပ်ရမလားဆိုပြီး ဒေါသပေါက်ကွဲသွားလို့ ထင်းချောင်းနဲ့ကောက်ပစ်လိုက်တာ ကြားက သားရဲ့ခေါင်းကို ထိမှန်ပြီး သေသွားခဲ့ပါတယ်"

"အို - ကျွတ် ကျွတ်၊ ဖြစ်မှဖြစ်ရလေဗျာ။ သားလေးကကော ဘယ်အရွယ်လောက်ရှိနေပြီလဲ"

"လူပျိုပေါက်အရွယ်လေးပါ"

"အင်း - အရွယ်ကောင်းလေးပဲ နှမြောစရာကောင်းလိုက်တာ။ အခုအဲဒီအမှုနဲ့ ထောင်ဘယ်လောက်ကျလာလဲ"

"ငါးနှစ်ကျပါတယ်"

"အေးဗျာ - ခင်ဗျားအကြောင်း ကြားရတာ စိတ်မကောင်းစရာဘဲ။ ဒါနဲ့ အမှုဘယ်လိုဖြစ်ပွားသွားခဲ့တယ်ဆိုတာ သိရအောင် အစအဆုံးပြောပြစမ်းပါဗျာ။ ခင်ဗျားလို မဆင်မခြင်လုပ်တတ်သူတွေကို ပညာပေးအနေနဲ့ ရေးပြီး သင်ခန်းစာယူနိုင်အောင်ပေါ့"

ကျွန်ုပ်သည် အကျဉ်းသားကြီး ကျူးလွန်လာခဲ့သောအမှုအခြေအနေကို တီးခေါက်မေးကြည့်နေမိသည်။ တကယ်တော့ အရက်သေစာကို သောက်စား ကျူးလွန်ထားသူများသည် အနည်းနှင့်အများ အများတို့ကျူးလွန်ရန် ဝန်မလေးကြပေ။ ဒီကြားထဲ ဒေါသတရားကပါ စွက်ဖက်လာသောအခါ ဥပဒေစတ်





# အမေဆိုတာ ဖခင်ပါပဲ

စိုးဝေ



www.burmeseclassic.com

ကျောင်းထဲ အလိုလိုရောက်လာခဲ့ရသည်။ ဆရာကျောင်းသားကြီးက အမှုဖြစ်စဉ်လေးကို အစအဆုံးပါအတိုင်းပြောပြနေလေသည်။

*

ဆယ်တန်းစာမေးပွဲအောင်စာရင်း ထွက်ရှိလာသောနေ့တွင် ကျောင်းသူကျောင်းသားများသည် မိမိတို့မျှော်လင့်ချက်ကိုယ်စီဖြင့် စုပြုံတိုးဝှေ့ကြည့်ရှုနေကြသည်။ မြို့နယ်ရုံးရှေ့တွင် ကပ်ထားသော ဆယ်တန်းစာမေးပွဲအောင်စာရင်း ကြည့်ရှုနေသည့်အထဲတွင် မောင်ချမ်းသာ ဆိုသူလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

ဤကဲ့သို့ ဆယ်တန်းစာမေးပွဲအောင်စာရင်းများကိုကြည့်ရန် ရုံးရှေ့တွင် သူထက်ငါ တိုးဝှေ့ကြည့်နေကြသောကြောင့် ကျောင်းသူကျောင်းသားများ မိဘအုပ်ထိန်းသူများနှင့်စည်စည်ကားကားဖြစ်နေသည်။

"ဟာ - နွယ်နီ၊ ငါအောင်တယ် ဟ ဂုဏ်ထူးနှစ်ခုတောင်ပါတယ်"

"ဟင် - ငါလည်း ဂုဏ်ထူးတစ်ခုနဲ့အောင်တယ်တော့၊ ဝမ်းသာလိုက်တာ"

ကျောင်းသူလေးနှစ်ဦးမှာ လူအုပ်ကြားမှ တိုးထွက်လာကြကာ တစ်ဦးကိုတစ်ဦး ဖက်ယမ်းလျက် ဝမ်းသာရွှင်မြူးနေကြသည်။

ထိုစဉ် မောင်ချမ်းသာလည်း လူအုပ်ကြား တိုးခွေ့ကြည့်နေရင်း၊ အောင်စာရင်းစာရွက်ပေါ်မှာ မိမိအမည်ကို ရှာဖွေကြည့်နေရင်း -

"ဟာ - ငါအောင်ပြီ၊ ဂုဏ်ထူးသုံးခုတောင် ပါလာတယ် ဝမ်းသာစရာပဲ။ အိမ်က အဖေနဲ့ အမေကြားရင် ဘယ်လောက်များ ဝမ်းသာဂုဏ်ယူလိုက်ကြမလဲ"

ဤသို့ ဆယ်တန်းအောင်စာရင်းပေါ်မှ မိမိအမည်နှင့်ယှဉ်လျက် ဂုဏ်ထူးသုံးခုချည်းများပင် ပါလာသောကြောင့် ဝမ်းသာရွှင်မြူးစိတ်ဖြင့် စက်ဘီးလေးကို နင်းကာ အိမ်ဆီပြန်လာနေခဲ့လေသည်။ မိမိအောင်မြင်မှုအပေါ် ဝမ်းသာပီတိဖြစ်ကာ မိဘများကို အားပါးတရ ပြောပြချင်စိတ်များက ရင်မှာတလိပ်လိပ်တက်လာသောကြောင့် စက်ဘီးကို အားစိုက်နင်းလာနေသည်။

တကယ်တော့ မောင်ချမ်းသာတို့လို ဆင်းရဲနွမ်းပါးကြသူများမှာ မိမိဘဝကို တိုးတက်မြင့်မားစေလိုသော ရည်ရွယ်ချက်ဖြင့် ကျောင်းစာကိုသာ အပတ်တကုတ် သင်ယူကျက်မှတ်ရင်း ယခုလို အောင်မြင်လာခဲ့သည်မှာ မည်မျှဂုဏ်ယူဝမ်းမြောက်စရာဖြစ်မည်ကို တွေးသာကြည့်ရော။

မောင်ချမ်းသာ၏ မိဘများမှာ တောရွာကလေးမှ ပြောင်းလာကာ ရထားသံလမ်းဘေးနားတွင် ယာယီတဲအိမ်ကလေးဆောက်လုပ်ပြီး လံထင်းများကို ဖြတ်တောက်ကာ ထင်းချောင်းကလေးများစည်းပြီး ရောင်းဝယ်လုပ်ကိုင်စားသောက်နေကြသော လက်လုပ်လက်စားများ ဖြစ်သည်။ ဖခင်ဖြစ်သူက လံထင်းလေလံဆွဲသူထံမှ တစ်ဆင့်ဝယ်ပြီး ဖြတ်တောက်ကာ ရလာသော ထင်းချောင်းများကို စည်း၍ရောင်းချနေကြသည်။

ယခုလို မောင်ချမ်းသာတစ်ယောက် ဆယ်တန်းစာမေးပွဲအောင်စာရင်းကို ဝမ်းသာအားရ ကြည့်ရှုပြီး စက်ဘီးစီးပြန်လာစဉ် အိမ်မှာတော့ မိဘနှစ်ပါးမှာ ခွန်းကြီးခွန်းငယ် အော်ဟစ် ပြောဆိုကာ စကားများ ရန်ဖြစ်နေခဲ့ကြသည်။

"ဟဲ့ - ငါထင်းတွေဖြတ်ရလို့ ပင်ပန်းနေပြီ။ ငါအရက်သွားသောက်မလို့ ပိုက်ဆံပေးစမ်း"

"ကျွန်မမှာမရှိဘူး။ သားကလေးပြန်လာမှ ထင်းကြွေးသွားတောင်းခိုင်းပြီး ငွေရမှာပေါ့။ ရှင်မနက်ကတည်းက တစ်လုံးသောက်နေခဲ့ပြီး. . ."



www.burmeseclassic.com

"ငါ ဒီနေ့ အရမ်းပင်ပန်းလွန်းလို့ ရှိတဲ့လက်ကျန်တစ်ပိုင်း သောက်ရတာ မဝသေးဘူး။ နင် မနေ့က ထင်းရောင်းထားတဲ့ငွေ ဘယ်ရောက်သွားပြီလဲ"

"အို - အဲဒါက သားလေး ဆယ်တန်းအောင်ရင် တက္ကသိုလ်ဆက်တက်ဖို့ စုထားဆောင်းထားရသေးတယ်။ ရှင် အရည်တွေမြိုဖို့မဟုတ်ဘူး"

တဲအိမ်ကလေးအတွင်း ကွပ်ပျစ်ပေါ်ဝယ် ကိုဘအောင်တစ်ယောက် အရက်မူးယစ်ရီဝေကာ လဲလျောင်းနေရာမှ ဇနီးဖြစ်သူ မအေးရီကို ပြဿနာရှာနေခြင်း ဖြစ်သည်။ ကွပ်ပျစ်လေးပေါ်ဝယ် ထင်းချောင်းတစ်ချောင်းကို ခေါင်းခုအိပ်နေရာမှ အရက်သောက်ချင်သည့် အာသာဆန္ဒများပြင်းပြလာသောကြောင့် ဇနီးဖြစ်သူထံမှ အရက်ဖိုးငွေတောင်းနေခြင်း ဖြစ်ပါသည်။

"ဟေ့ - မလိုချင်ဘူး။ အဲဒီငွေက အရေးမကြီးသေးဘူး။ ဆယ်တန်းတောင် အောင်မယ့်ကောင်မဟုတ်ဘူး။ ဘယ်တက္ကသိုလ်တက်ဖို့ ငွေစုထားရမှာလဲ။ ခုလောလောဆယ် ငါအရက်သောက်ရဖို့ အရေးကြီးတယ်"

"မလုပ်ပါနဲ့ ကိုဘအောင်ရယ်။ ဒီငွေကိုတော့ လုံးဝမထိစေချင်ဘူး။ ကျွန်မသားလေးခမျာ ဆယ်တန်းအောင်ချင်လွန်းလို့ အပတ်တကုတ် စာကြိုးစားနေရှာတာ ရှင်လည်းအမြင်ပဲဥစ္စာ"

"ဟေ့ - မိကျောင်းမင်း ရေခင်းပြမနေနဲ့။ အေ့. . . ငါအရက်သိပ်သောက်ချင်နေပြီ။ မင်းပေးမလား၊ မပေးဘူးလား။ ငါသည်းမခံတော့ဘူးနော်"

"အို - ရှင်လုပ်ချင်သလိုသာလုပ်။ ကျွန်မကတော့ ကျွန်မသားလေး ထင်းရောင်းပြီး ပင်ပင်ပန်းပန်းရှာထားတဲ့ငွေကို မပေးချင်ဘူး"

"ကဲ- ဒီလောက်တောင်မပေးချင်ဦးကွာ"

ထိုအချိန်တွင် မောင်ချမ်းသာမှာလည်း တဲအိမ်လေးရှေ့သို့ ရောက်လာနေပြီး တဲရှေ့မှာ စက်ဘီးလေးကို ဒေါက်ထောက်နေစဉ် အိမ်ထဲမှ ဆူဆူညံညံ အသံများဖြင့် အော်ကြီးဟစ်ကျယ် စကားများနေသောမိဘနှစ်ပါး၏ရန်ဖြစ်နေသံကို ကြားနေရသည်။ မိမိတို့ မိသားစုမှာ ထင်းဖြတ်ထင်းရောင်းဖြင့် အလုပ်အကိုင်ကို ပင်ပင်ပန်းပန်းလုပ်ကိုင်ရှာဖွေစားသောက်နေရသည်။ ဖခင်ဖြစ်သူမှာ ပင်ပန်းမှုဒဏ်ကို အကြောင်းပြကာ နေ့စဉ် တစ်ခွက်တစ်ဖလား ပုံမှန်သောက်နေခဲ့ရာမှ ကြာလာတော့ တစ်နေ့ တစ်ပုလင်းက နှစ်ပုလင်းအထိ ပိုသောက်လာဖြစ်နေသည်။ လင်မယားနှစ်ယောက် တကျက်ကျက်နေ့စဉ်ရန်ဖြစ်နေကျ ဖြစ်သည်။

ခါတိုင်း အိမ်မှာ မိမိကအလုပ်ဝိုင်းကူလုပ်နေစဉ်အခါမှာ လည်းကောင်း၊ စာကျက်နေစဉ်အခါမှာ လည်းကောင်း ယင်းသို့ စကားများခိုက်ရန်ဖြစ်ပွားနေကြလျှင် ကြားမှနှစ်ဦးနှစ်ဖက်ပြေလည်အောင် ညှိနှိုင်းပေးသဖြင့် ကိစ္စပြီးပြတ်သွားခဲ့ကြသည်။ ဒီနေ့ဆယ်တန်းအောင်စာရင်းများထွက်နေသည့်နေ့ ဖြစ်သောကြောင့် အိမ်မှ အစောကြီးထကာ စက်ဘီးစီးပြီး မြို့နယ်ရုံးအထိသွားကြည့်နေရသဖြင့် အိမ်မှာမရှိဘဲဖြစ်နေသည်။

ယခုအောင်စာရင်းသွားကြည့်ခဲ့ပြီး မိမိဂုဏ်ထူးသုံးခုဖြင့် အောင်မြင်လာခဲ့သည်ကို မိဘနှစ်ပါးစလုံးအား ဝမ်းသာဂုဏ်ယူချင်စရာ ပြောပြချင်လွန်းသောကြောင့် စက်ဘီးကို အားသွန်နင်းကာ အိမ်သို့ ပြန်ရောက်လာသည်။ ထိုစဉ် အဖေနှင့်အမေတို့၏ ထုံးစံအတိုင်း ခွန်းကြီးခွန်းငယ် အော်ကြီးဟစ်ကျယ် ပြောဆိုစကားများနေသံကို ဝင်ရောက်ဖျန်ဖြေပေးရန် အိမ်ထဲသို့ အမြန်ပြေးဝင်လိုက်သည်။

ထိုအချိန်တွင် ဖခင်ဖြစ်သူ၏ ဒေါသတကြီးပြောဆိုလိုက်သံနှင့်အတူ ကွပ်ပျစ်ပေါ်မှာ အသင့်တွေ့ရှိနေသော ထင်းချောင်းဖြင့် အားကုန်ပစ်ပေါက်လိုက်သည်ကို လှမ်းမြင်လိုက်သဖြင့် မိခင်ဖြစ်သူရှေ့မှ ဆွဲပွေ့ကာကွယ်ပေးလိုက်သည်။

"ဒုတ်"

"အား"

ဟူသောအသံနှစ်ခု တစ်ပြိုင်နက်ထွက်ပေါ်လာပြီး ဦးဘအောင် ပစ်လိုက်သော ထင်းချောင်းမှာ ဇနီးဖြစ်သူ မအေးရီရှေ့မှ ပြေးဝင်ပိတ်ကာကွယ်ပေးလိုက်သော မောင်ချမ်းသာ၏ နောက်စေ့အား အရှိန်ပြင်းပြင်းထိမှန်သွားလေသည်။

"အို - ကိုဘအောင်၊ ရှင်ဘယ်လိုလုပ်လိုက်တာလဲ။ ကြည့်ပါဦး ကျွန်မသားလေးခေါင်းကို ထိသွားပြီ။ -သား . . . သားလေး"

"မူး. . . မူးလိုက်တာအမေရယ်"

မောင်ချမ်းသာမှာ ခေါင်းနောက်ဘက်ကို ထင်းစအရှိန်ပြင်းစွာထိမှန်သွားသည့်ဒဏ်ကြောင့် မိခင်ရှေ့မှ ဝင်ဖက်ကာကွယ်ထားသည့် လက်နှစ်ဖက်ပိုက်ထားလျက်မှ ညည်းတွားကာ ပုံလဲကျသွားလေတော့သည်။

"အမလေး - ကိုဘအောင်ရယ်။ ရှင် တစ်ဖွတ်ထိုး မိုက်မိုက်ကန်းကန်းလုပ်လို့ ကျွန်မသားလေး ကိုယ်ကျိုးတော့နည်းပါပြီ အီး. . . ဟီး"

ကိုဘအောင်မှာလည်း မိမိအရက်သောက်ချင်လွန်းသည့်စိတ်ဆန္ဒကို ဇနီးဖြစ်သူက မဖြည့်ဆည်းပေးသဖြင့် အရက်သမားတို့ ထုံးစံအတိုင်း သားဖြစ်သူ မဆင်မခြင် နီးရာထင်းချောင်းဖြင့် ဇနီးဖြစ်သူအား ပစ်ပေါက်လိုက်စဉ် သားဖြစ်သူမှာ အချိန်မီပြေးဝင်ကာကွယ်လိုက်သဖြင့် မိခင်အစား ကြားမှဓားစာခံဖြစ်သွားသည်။

"အမေ - သားခေါင်းတွေအရမ်းမူးလာတယ်။ ရေ. . . ရေပေးပါ"

မိခင်ဖြစ်သူ မအေးရီမှာ ပဋာစာရီလူးအဖြစ်ဆိုးနှင့် ကြုံရသလို မိမိရင်ခွင်မှာ ပိုက်ပွေ့ထားသော သားကလေး၏ အသာချပြီး သောက်ရေအိုးစင်မှရေကို ပြေးခပ်တိုက်နေရှာသည်။ ကိုဘအောင်တစ်ယောက်ကတော့ ကွပ်ပျစ်လေးပေါ်မှာ ငူငူကြီးထိုင်လျက် ကြက်ကြီးလည်လိမ်သလို ကြောင်တောင်တောင် ငေးကြည့်နေသည်။

"အား. . . အား ကျွတ်. . . ကျွတ် အဖေရယ် ရက်စက်လိုက်တာဗျာ။ သားလေ ဒီနေ့ဆယ်တန်းအောင်စာရင်းထွက်တာ သွားကြည့်လာခဲ့ပြီး ဂုဏ်ထူးသုံးခုနဲ့ အောင်ခဲ့တာကို အဖေတို့၊ အမေတို့ ဝမ်းသာဂုဏ်ယူစေချင်လို့ ဝမ်းသာအားရ ပြေးလာခဲ့ပြီး ပြောပြမလို့"

"ဟင် - သားလေး ဆယ်တန်းကို ဂုဏ်ထူးသုံးခုနဲ့တောင် အောင်တယ်၊ တွေ့လား ကိုဘအောင်၊ ကျုပ်သားလေး တက္ကသိုလ်ဆက်တက်နိုင်အောင် ကျုပ် ကျိတ်ပြီးငွေစုထားခဲ့တာ။ ခုတော့ မြင်ပြီ မဟုတ်လား"

မိခင်ဖြစ်သူ မအေးရီခမျာ သားဖြစ်သူ ဆယ်တန်းကို ဂုဏ်ထူးသုံးခုနှင့် အောင်မြင်သည်ဆိုသောစကားကို နားမှာကြားလိုက်ရသောကြောင့် သားခေါင်းမှဒဏ်ရာကိုပင်မေ့ကာ ယောကျ်ားဖြစ်သူ ကိုဘအောင်ကို အားရဝမ်းသာစွာ ဂုဏ်ယူပြောဆိုနေသည်။

ကိုဘအောင်မှာလည်း သားလေး ဆယ်တန်းကို ဂုဏ်ထူးနှင့်အောင်မြင်လာခဲ့မှုအပေါ် ဝမ်းသာဂုဏ်ပြုသည့်အနေဖြင့် ကွပ်ပျစ်ပေါ်မှခုန်ဆင်းကာ ဇနီးဖြစ်သူ ပွေ့ထားသော သားလေး မောင်ချမ်းသာကို ဝမ်းသာအားရစွာဖြင့် ပါးကိုဖက်ယမ်းနမ်းရှုပ်နေလေသည်။

"ခုတော့ အမေတို့၊ အဖေတို့ ဝမ်းသာ ကြည်နူးနေတာကို မြင်တွေ့နေရတော့ သားသေပျော်ပါပြီဗျာ"

"အိုး-သားရယ်၊ မဦးမချွတ်စကား



www.burmeseclassic.com

www.burmeseclassic.com

ပြောပါနဲ့ကွယ်"

"ဟုတ်တယ် အမေ။ သားခေါင်း အရမ်းမူးလာပြီ၊ မျက်လုံးတွေပြာ သားမနေရတော့ပါဘူး အမေ

"အို - ဘယ်လိုပြောလိုက်တာလဲ ယ်။ သားဘာမှမဖြစ်နိုင်ပါဘူး။ ကွဲမသွားတဲ့ဥစ္စာ"

မိခင်ဖြစ်သူ မအေးရီမှာ သားဖြစ် င်းအနောက်ဘက်နေရာကို လက် မ်းသပ်ရှာဖွေရင်းပြောနေသည်။

"ကဲ - ကိုဘအောင်။ ခင်ဗျားတို့ ကြည့်နေလို့မဖြစ်ဘူးဗျ။ မောင် ကို ဆေးရုံမြန်မြန်တင်မှကောင်း ကျုပ် ဆေးရုံကားကို အရေးပေါ် တ်ပြီးခေါ်လိုက်မယ်"

အိမ်နီးနားချင်းဖြစ်သူ ဦးအေး င်က ဝင်ရောက် ပြောဆို သတိပေး သားဖြစ်သူအတွက် စိုးရိမ်သော ပွားသွားခဲ့ကြလေသည်။

"အဖေ"

"အဖေရှိပါတယ် သား"

"အဖေရယ်၊ ကျွန်တော် ဆယ် အောင်ချင်လွန်းလို့ ကျားကုတ် ကြိုးစားလာခဲ့တာ ခုတော့ သဲထဲ သလိုဖြစ်ရပြီ။ အဖေနဲ့ အမေတို့ ခဏစကားများခိုက်ရန်ဖြစ်ပွား တာကိုမြင်တော့ မိသားစုတွေ င်းခဲ့ပင်ပန်းခြင်းက လွတ်မြောက် င် ငါးဆယ်တန်းအောင်ရင် စစ်ဗိုလ် ပ်မယ်ဆိုတဲ့ စိတ်ကူးရည်မှန်းချက် ကျက်ခဲ့ရပြီလေ"

"အဖေ မှားပါတယ် သားရယ်။ တောင်းပန်ပါတယ်"

"အဖေမှားလို့ နောင်တရလည်း တ်ကျသွားပါပြီ အဖေရယ်"

"အဖေ့ကို ခွင့်လွှတ်ပါ သားရယ် . . ဟီး"

ကိုဘအောင်မှာ ယခုမှ မိမိအမှား ကြ် နောင်တရနေခဲ့သော်လည်း ကြမ္မာက ကိုယ့်သားကို ကိုယ့် နှင့်သတ်မိခဲ့သလို အဖြစ်ဆိုးနှင့် ဆုံနေရလေသည်။ မိဘအတွက် လေး ကြိုးကြိုးစားစားနှင့် လုံ့လ သစိက်ထုတ်ကာ ကြိုးပမ်းလာခဲ့သမျှ လှော်ရင်းတက်ကျိုးသလို အဖြစ်ဆိုး ကြုံသွားခဲ့လေတော့သည်။

"အဖေ၊ နောက်ဆုံးအနေနဲ့ သား ကတိတစ်ခုပဲပေးပါ"

"ပေးပါ့မယ် သားရယ်"

"အဖေ အရက်လုံးဝမသောက် ပါဘူးလို့ ကတိပေးပါဗျာ။ အဖေ့ ကြောင့် အမေလည်းစိတ်ဆင်းရဲရ၊ ကျွန်တော်လည်း ဒုက္ခရောက်ရပြီ။ ဒီအရက် သေစာကို သောက်စားမူးယစ်ရမ်းကား နေမယ့်အစား လူကောင်းသူကောင်း တစ်ယောက်လိုနေပြီး မိသားစုဝမ်းစာ ရေးကို အဖေကြိုးပမ်းထမ်းရွက်စေချင် တယ်"

"စိတ်ချပါ သားရယ်။ အဖေ နောက် အရက်လုံးဝမသောက်ပါဘူးလို့ ကတိပေးပါတယ်ကွာ"

"ကဲ - ကိုဘအောင် ဆေးရုံကား ရောက်နေပြီ။ မြန်မြန်တင်ကြရအောင်"

အိမ်နီးနားချင်း ဦးအေးမောင်မှ သားအဖနှစ်ဦး အမြင်မှန်ရကာ ကတိ ကဝတ်များ တောင်းဆိုနေကြသည်ကို စောင့်ကြည့်ရင်း လောဆော်လိုက်လေ သည်။ ဆေးရုံကားလေးမှာ မန္တလေး ပြည်သူ့ဆေးရုံဆီ ဦးတည် မောင်းနှင် သွားခဲ့လေသည်။

*

"ခင်ဗျားသားလေးက ဆေးရုံ ရောက်တော့ သေဆုံးသွားခဲ့တာပေါ့"

"ဟုတ်ပါတယ် ထောင်ပိုင်ကြီး ရယ်။ ဆေးရုံကြီးအရေးပေါ် ဌာနကိုတင် ပြီး ဆရာဝန်တွေက ဂရုတစိုက်ကြပ်မတ် စစ်ဆေးကုသကြတော့ ဦးနှောက်နဲ့အာရုံ ကြောဆေးရုံမှာ ဆက်တင်ကုသပေး ရင်း ဦးနှောက်ထဲကို သွေးယိုစီးမှုဖြစ်ပွား ပြီး နောက်တစ်နေ့မနက်မှာပဲ သေဆုံး သွားခဲ့ပါတယ်"

"အင်း - ခင်ဗျားရဲ့မဆင်မခြင်လုပ် ရပ်ကြောင့် ဆယ်တန်းကို ဂုဏ်ထူးသုံးခု နဲ့အောင်မြင်လာခဲ့တဲ့ ပညာတတ်လူရည် မွန်လူရည်ချွန် နိုင်ငံ့သားကောင်းဇာနည် တစ်ဦး အကျိုးမဲ့သေဆုံးခဲ့ရတာပဲ အဖတ် တင်တယ်"

"ဟုတ်ပါတယ် ထောင်ပိုင်ကြီး ရယ်။ကျွန်တော် အရက်သေစာသောက် စားမူးယစ်ရမ်းကားခဲ့မိလို့ သားကလေး ကတော့ သူ့အပေါ် မချစ်လို့ ရက်ရက် စက်စက်လုပ်ရက်တဲ့ လူသတ်သမားလို့ ထင်သွားမှာပဲ"

"ဘယ်ဟုတ်မလဲ ဦးဘအောင် ရယ်။ မိဘဆိုတာ ကိုယ်မွေးထုတ်လာခဲ့ တဲ့ သားအပေါ် ချစ်ကြသူချည်းပါ။ မချစ် ဘဲ ဘယ်နေပါ့မလဲဗျာ။ ကျွန်တော်လည်း ကျွန်တော်ချစ်တဲ့သား ဘိုဘို့အပေါ် မှာ ချစ်တာပေါ့။ သားကတော့ သူ့အပေါ် ကျွန်တော် မချစ်ဘူး၊ ယုယကြင်နာမှုမရှိ ဘူးလို့ မှတ်ထင်ခဲ့တာပေါ့။ ကျွန်တော် တို့လို အဖေတွေဆိုတာ ဖခင်စိတ်ရှိကြ တဲ့လူတွေပါပဲ။အမေတွေလိုတော့ လက် ပွန်းတတီးနေပြီး ယုယကြင်နာမှုတွေနဲ့ ပိုက်ထွေးယုယနိုင်ဖို့ အချိန်မပေးနိုင်လို့ သာ။ ဘာသိဘာသာနေကြပေမယ့် ရင် ထဲမှာတော့ ဖခင်စိတ်နဲ့ အသည်းနှင့် အောင် ချစ်နေကြသူတွေပါ"

"ဟုတ်ပါတယ် ထောင်ပိုင်ကြီး ရယ်။ ကျွန်တော်လည်း သားကလေး တစ်ယောက်တည်း မွေးလာကတည်းက ကိုယ့်အတွက် အားကိုး ယုံကြည်စရာ သားလေးတစ်ယောက်ဖြစ်လာလိမ့်မယ် လို့ မျှော်လင့်ခဲ့တယ်။ တကယ်တော့ သားဘက်က တာဝန်ကျေပွန်ပြီး ကိုယ့် ဘက်က တာဝန်မကျေသလို ဖြစ်သွားခဲ့ တာပဲ"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ဦးဘ အောင်ရယ်။ ခင်ဗျားလည်း ခုဆို နောင်တတွေရနေလောက်ပါပြီ။ ကိုယ် ပြုခဲ့တဲ့အမှားအတွက် ဆင်ခြင်သုံးသပ် ပြီးတော့ သားကို ကတိပေးထားခဲ့တဲ့ အတိုင်း အရက်သေစာလုံးဝမသောက် ပါနဲ့။ ခုလို ကံကောင်းထောက်မလို့ ကုသိုလ်တော်ဘုရားဘုတ်မှာ တာဝန်ကျ နေတာ။ ကိုယ်ပြုခဲ့တဲ့ အမှားတွေကို ဘုရားရိပ်တရားရိပ်မှာ နေထိုင်အလုပ် လုပ်ရင်း ကောင်းမှုကုသိုလ်တွေလုပ်ပြီး သားလေးကို အမျှဝေပေးနေပါဗျာ"

"စိတ်ချပါ ထောင်ပိုင်ကြီးရယ်။ ကျွန်တော် သားလေးကို ပေးအပ်ထား ခဲ့တဲ့ ကတိတည်နိုင်အောင် ဟောဒီ ကုသိုလ်တော်ဘုရားမှာ သစ္စာဆိုတိုင် တည်ပြီး အလုပ်အားလပ်ခွင့်ရချိန်မှာ တရားဘာဝနာ ကျင့်ကြံပွားများ အား ထုတ်နေပါတယ်"

"သာဓု၊ သာဓု၊ သာဓုပါဗျာ။ ကဲ- ကျွန်တော်လည်း ရှေ့အလုပ်စခန်းတွေ ဆီ ဆက်ပြီးစစ်ဆေးစရာရှိလို့သွားဦး မယ်ဗျာ"

ကျွန်ုပ်သည် တပည့်ကျော် တပ် ကြပ်စံအောင်၏ ဆိုင်ကယ်လေးပေါ် ခွ ထိုင်စီးကာ ကုသိုလ်တော်ဘုရားပရဝဏ် ထဲမှ စီးနင်းထွက်ခွာလာခဲ့လေတော့ သည်။

လောကကြီးမှာ ဆန်းကြယ်သော ဖြစ်ရပ်များ ဖြစ်ပွားလျက်ရှိသည့်အနက် ကိုယ့်သားအရင်းကို မဆင်မခြင် ထင်း ချောင်းဖြင့် ကောက်ပစ်လိုက်ရာမှ ထိ မှန်သေဆုံးသွားခဲ့ရသည့်အဖြစ်ကို ပြန် လည် တွေးမိတိုင်း အကျဉ်းသားကြီး ဦးဘအောင်တစ်ယောက် စိတ်နှလုံး ထိခိုက်ကြေကွဲစွာ တမြေ့မြေ့ခံစားနေရ မည်မှာ မလွဲဧကန် ဖြစ်ပါတော့သည်။ ဒါကြောင့် အဖေဆိုတာ ဖခင်စိတ်ရှိခဲ့ကြ သော်လည်း တစ်ခါတစ်ရံမှာတော့. . .။

စိုးခေ



www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်တိုးမြင့်

## ကားသမားလူမုန်းနှင့် ချိုးအမြုတေ



တစ်နေ့တွင် မသက်တို့၏ ငွေကြယ်စင်စာပေ၊ (၈၀)လမ်းမှ စာရေးသူ ဝယ်လာသော ၂၀၁၁ ခုနှစ်၊ ဇွန်လထုတ် သူရဇ္ဇမဂ္ဂဇင်းအဟောင်းကို အမှတ်တမဲ့ ကောက်ယူ၍ ဟိုလှန်ဒီလှန်နှင့် ကြည့်မိရာ စာရေးသူ မဖတ်ဖြစ်သေးသော ဆရာမောင်မောင်သိန်း (ဇီးကုန်း) ၏ 'ငါးဦးခေါင်း၌ဖြစ်သောပုလဲနှင့် ဝါးအမြုတေ' ဆောင်းပါးကို ဖတ်ကြည့်မိသည်တွင် သက်ရှိ၊ သက်မဲ့ သစ်ပင်၊ တိရစ္ဆာန်တို့မှ ဖြစ်ထွန်းပေါ်ပေါက်လာသော အမြုတေတို့သည် ထူးခြားဆန်းကြယ်သော တန်ခိုးသိဒ္ဓိများ၊ အစွမ်းသတ္တိများ ရှိကြကြောင်းနှင့်-

၁။ စိန္တာမယသိဒ္ဓိ-စိတ်ကြံရာဖြစ်စေခြင်း၊

၂။ ဥဒကသိဒ္ဓိ - ရေပြင်ပေါ်တွင် လျှောက်သွား၊ အိပ်နေနိုင်၊

၃။ ပထဝီသိဒ္ဓိ- မြေလျှိုးနိုင်၊မြေကြောရှုံ့နိုင်ခြင်း၊

၄။ ဓနသိဒ္ဓိ-ရွှေ၊ ငွေ၊ ရတနာ လိုရာရနိုင်ခြင်း၊

၅။ အာယုသိဒ္ဓိ- အသက်ရှည်၍ အရွယ်ပျိုစွာနေနိုင်ခြင်း၊

၆။ အာကာသသိဒ္ဓိ-ကောင်းကင်ခရီး ပျံသန်းနိုင်ခြင်း၊

၇။ အာရောဂျသိဒ္ဓိ- အနာကင်းခြင်း၊

၈။ ကာယသိဒ္ဓိ- ဓား၊ လှံ၊ သေနတ်၊ အမြောက်လက်နက်မထိနိုင်ခြင်း၊

၉။ ပိယသိဒ္ဓိ-လူသတ္တဝါတို့၏ချစ်ခင်နှစ်သက်မှုကိုခံရခြင်း၊

၁၀။ ဣဒ္ဓိဝိဓသိဒ္ဓိ-သိဒ္ဓိစျာန်တန်ခိုးဖြင့် အထူးထူး ဖန်ဆင်းနိုင်ခြင်း

ဟူ၍ သိဒ္ဓိဆယ်ပါးအား ရှင်းလင်းထားသည်ကို စာရေးသူ ဖတ်ရသောအခါ. . .

စာရေးသူ၏ဇာတ်လိုက်ကြီး ကားသမားလူမုန်း ပြောပြသော ချိုး (အမြုတေ) လက်ဝယ်ရရှိ၍ ကာယသိဒ္ဓိအစွမ်းကြောင့် သေနတ်၊ လက်ပစ်ဗုံးတို့ဖြင့် ပစ်ခတ်လုပ်ကြံခံရသော်လည်း အသက်ဘေးမှ လွတ်ခဲ့ရသူတစ်ယောက်အကြောင်းကို စာရေးသူ ပြန်လည်သတိရမိပြီး တစ်ဆင့်၊ တစ်ဆင့် ဖောက်သည်ချ၍ ရေးသားတင်ပြလိုက်ပါသည်။ တင်ပြရာတွင် ကားသမားလူမုန်း၏အပြောအတိုင်း ရေးသားမည်ဖြစ်ပါသဖြင့် ရေးတော့အမှန်၊ ဖတ်တော့အသံ ဆိုသကဲ့သို့ (အမြုတေ) အား အမတေဟု ရေးသားခွင့်ပြုပါရန် ဦးစွာ ပန်ကြားအပ်ပါသည်။

✿

ကျွန်တော် ကားသမား မောင်လူမုန်း ကားအငှားလိုက်ရာက တွေ့ရ၊ ကြုံရတဲ့ လူလောက၊ လူ့ဘဝမှာ သင်ခန်းစာယူစရာတွေ ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်တွေ ဆရာ့ကိုပြောပြတော့ ဆရာက တစ်ဆင့် စာဖတ်သူတွေကို ပြန်လည်တင်ပြပေးတဲ့အတွက် ကျွန်တော် လူမုန်း ဝမ်းသာဂုဏ်ယူပါတယ် ဆရာ။ အခု တစ်ခါကတော့ ဟိုလွန်ခဲ့တဲ့နှစ်တွေက အတော်လေး ခေတ်စားခဲ့တဲ့ တိရစ္ဆာ ကရတဲ့ အမတေ၊ ချိုးအမတေကို အ မှတ်မထင် လက်ခံရယူပြီးတဲ့နောက် ချိုးအမတေဟာ ကာယသိဒ္ဓိပြီးလို့ အ သက်မသေဘဲ သေဘေးကလွတ်မြော လာသူတစ်ယောက်အကြောင်းနဲ့ အဲ ချိုးအမတေကို လူမုန်းကိုယ်တိုင် တို တွယ်ကြည့်ခဲ့တဲ့အကြောင်း ပြောပြ မယ်။ ပြီးတော့ ဒီဇာတ်လမ်းက တ ဆင့်ပြော ဆိုပေမယ့် မယုံကြည်နိုင်စ အကြောင်းမရှိလို့လည်း ဆရာ့ကို ဖြစ်အောင် လူမုန်း ပြောတာပါ။

မိုးကြိုးသွား၊ အမတေမျိုးစုံနဲ့လ ပံခါး ဆိုတာတွေ ရောင်းကြတယ်၊ ကြတယ် ဆိုပြီး တစ်လောက အတော



www.burmeseclassic.com

www.burmeseclassic.com



ခေတ်စားလိုက်သေးတယ်။ ဒါတွေ ရောင်းကြဝယ်ကြ၊ စစ်ကြဆေးကြ၊ စမ်းသပ်ကြနဲ့ဆိုတော့ လူမုန်းတို့ကားသမားတွေ ကားအငှားစိပ်တာပေါ့။ ဒီကိစ္စတွေအတွက် လူမုန်းကား လာငှားလို့ ကားထိုက်ပြီး တွေ့ရသမျှတော့ တစ်ခါမှ အရောင်းအဝယ်ဖြစ်တာ မတွေ့ရပါဘူးဗျာ။ မိုးကြိုးသွားဝယ်တယ်၊ ဝယ်မယ်ဆိုပြီး စစ်ကြဆေးကြတော့ မအောင်မြင်လို့ အရောင်းအဝယ်ပျက်သွားတယ်။ မိုးကြိုးသွားဆိုတဲ့ သံပြားလိုလို၊ ကျောက်သွားကျောက်ပြားလိုလို၊ ကြေးပြားလိုလို ပုံစံမျိုး တွေ့တော့တွေ့ရပါတယ်။ သူတို့စမ်းတဲ့နည်းက ဖွင့်ထားတဲ့ရေဒီယိုပေါ်တင်ရင် မိုးကြိုးသွားစစ်ရင် ရေဒီယိုရပ်သွားရမယ်၊ သဘောကတော့ လျှပ်စစ်စီးကြောင်းကို ဖြတ်လိုက်တဲ့သဘော။ ရေဒီယိုပေါ်တင်ကြည့်တယ်၊ မရပါဘူး။ ရေဒီယိုက အော်နေတာပဲ။ သက်တံကိုဖြတ်ကြည့်တယ်၊ ဒီအတိုင်းပဲ။ လက်နှိပ်ဓာတ်မီးပေါ် တင်ထိုးတော့လည်း လင်းလို့၊ ဝင်းလို့။



www.burmeseclassic.com

www.burmeseclassic.com

အမတေ ဆိုတဲ့ ပစ္စည်းတွေက လည်း အမျိုးကိုစုံလို့။ နွားက ရတာ၊ ဆင်က ရတာ၊ ဝက်က ရတာ၊ ချိုး၊ ကြက်၊ အို-စုံလို့။ ပြီးတော့ ဆင်မာန်စွယ်၊ ဝက်စွယ်နပင်းပိတ်။ ဒါတွေ စစ်လို့၊ စမ်းလို့ အောင်ခဲ့ရင် ငွေကတော့ပြောမနေနဲ့၊ သိန်းရာအောက် နည်းနည်းမှ မလျှော့ဘူး။ အမတေတွေ သေနတ်ပစ်စမ်း၊ ဖန်းခနဲ, ဒိုင်းခနဲ. . . ဟာ- သွားပြီ၊ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး။

အင်း. . . လူမုန်း တွေးမိတာက တော့ ဆရာရယ်၊ သူတို့က အမတေ ပစ္စည်းတွေကို ကာယသိဒ္ဓိအတွက် အဓိကထား စစ်ကြတာ။ ဒီပစ္စည်းတွေက သိဒ္ဓိဆယ်ပါးမှာ ဘယ်သိဒ္ဓိနဲ့အစွမ်းသတ္တိရှိမှန်းမှ မသိတာ၊ မရှိတဲ့သိဒ္ဓိ စမ်းလို့ကတော့ ဘယ်အောင်နိုင်ပါ့မလဲ။ ပြီးတော့ ဒီ အမတေခေါ်တဲ့ သိဒ္ဓိဝင်ပစ္စည်း၊ ပြီးလက်ခံတဲ့သူရဲ့ သီလ, သမာဓိ, သိက္ခာတွေကလည်းပြည့်စုံမှ အစွမ်းထက်မယ်၊ သတ္တိပြမယ်လို့ လူမုန်း ယူဆပါတယ်။

လက်ပံခါးဝယ်မယ့်အဖွဲ့နဲ့ လူမုန်းကားအော်ဒါလိုက်တုန်းကမျှား ဆရာရယ်။ အလောင်းတော်ကဿပတော ကြီးရဲ့ဟိုဘက်၊ ပုံတောင်ပုံညာတောကြီးထဲ ခြေကျင်တစ်ရက်လျှောက်၊ တောကြီးအလယ်ရောက်တော့ လက်ပံခါးပင်လို့ပြောတဲ့သစ်ပင်ကို ဆောက်သွားသံတွေလေး,ငါး,ဆယ်ချောင်းနဲ့ရိုက်ထား၊ လက်ပံခါးမှန်ရင်တဲ့ အဲဒီရိုက်ထားတဲ့ ဆောက်သွားသံဟာ တစ်ညသိပ်ပြီး နောက်နေ့ရောက်လို့ကြည့်လိုက်ရင် သစ်သားထဲဝင်ထားတဲ့နေရာအဆုံးဟာ ပြတ်လုခမန်းစားသွားတာ တွေ့ရမယ်တဲ့။ အဲဒါ ရိုက်ထားပြီး တောထဲမှာ တဲဆောက်၊ တစ်ညအိပ် နားနားနေနေ နေ၊ နောက်နေ့ရောက်တော့ ဆောက်သွားသံတွေ ပြေးကြည့်တာ ထူးမခြားနား။ ဘာမှမဖြစ်ဘူး၊ ဒီအတိုင်းပဲ။ လူမုန်း ဗဟုသုတရအောင် ခြေညောင်းခံပြီး လိုက်ခဲ့တာ တောကြီးတောင်ကြီးအလယ် ညအိပ်ဖူးတာအမြတ်ပဲ။ ဝယ်မယ့်သူတွေကို လက်ပံခါးစစ်ရင် ဘာသုံးမှာလဲလို့ မေးတော့ မပြောဘူးဗျ။ နောက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြည့်တော့မှ လက်ပံခါးသားကို အင်္ဂရတ်နည်းပညာနဲ့ အသုံးချလိုက်ရင် ရွှေဖြစ်တယ်တဲ့ဗျား။ ဟုတ်, မဟုတ်တော့မသိဘူးနော် ဆရာ၊ လူမုန်းကြားတာ၊ သိတာ ပြောရတာ။ တစ်ခုမှ မအောင်မြင်တဲ့ လက်ပံခါးတွေ၊ မိုးကြိုးသွားတွေ၊ အမတေဇာတ်လမ်းတွေကို မေ့လောက်မှ ဒီဇာတ်လမ်းက သိရတာ ဆရာရဲ့. . .။

တစ်ရက်မှာ လူမုန်းတို့ကားဂိတ်ကို လူမုန်းရဲ့သူငယ်ချင်း ဆီဘောက်ဆာကားမောင်းတဲ့ ကိုတင်ဝင်း ရောက်လာတယ်။

"လူမုန်းကြီး-မင်း မနက်ဖြန် အားလား၊ ဘယ်သွားစရာရှိလဲ"

"အားပါတယ်၊ ဘယ်သွားချင်လို့လဲ"

"အေးကွာ၊ အားရင် တို့လင်မယား ရွှေဂူဖြူဘုရား သွားချင်လို့ မနက် (၆) နာရီလောက် အိမ်လာခဲ့ကွာ။ ဒီက လက်ဖက်ရည်သောက်ပြီး သွားမယ်။ မနက်စာကတော့ ကျောက္ကာမြောက်ရွာမှာ တောဟင်း၊ တောထမင်းလေး စားရအောင်။ မနက် တို့ အဆင်သင့်လုပ်ပြီး စောင့်နေမယ်"

ပြောပြီး ကိုတင်ဝင်း ပြန်သွားတယ်။ နောက်နေ့ရောက်တော့ ရွှေဂူဖြူဘုရားကိုသွား၊ ဟိုရောက်တော့ သူတို့လှူစရာတွေလှူ၊ ဘုရားမျက်နှာကြက်တော်တွေဆင်၊ မီးပန်းဆိုင်းတွေတပ်နဲ့ ထမင်းစားချိန်ရောက်တော့ ကျောက္ကာမြောက်ရွာက ဆိုင်ကို သွားကြတယ်။ မှတ်မှတ်ရရ တောဟင်း၊ တောထမင်းလေးတွေ မန်ကျည်းရွက်ချဉ်ရည်၊ ပဲနီပြုတ်၊ ငရုတ်သီးထောင်း၊ ခရမ်းသီးခြောက်ချက်၊ နွားနို့ချက်၊ ကြက်သားကာလသားချက်၊ ငံပြာရည်ဖျော်။ အတို့အမြုပ်လေးတွေက ပျဉ်းတော်သိမ်ရွက်၊ ဉသျှစ်ရွက်၊ ရှောက်ရွက်၊ သခွားသီးနဲ့ စားကောင်းသလား မမေးနဲ့။ အဲဒါ ထမင်းစားရင်း ဟင်းခပ်တော့ ကိုတင်ဝင်းလက်မှာဝတ်ထားတဲ့ လက်စွပ်ကျောက်ကို လူမုန်း သတိထားလိုက်မိတယ်။ ကျောက်က အနက်ဘက်များများနဲ့ အပြာရောင်၊ မီးခိုးရောင်ရောနေတော့ လူမုန်း ဘာကျောက်လဲဆိုတာ သိချင်စိတ်များလာတာနဲ့-

"ဟ-ကိုတင်ဝင်းရဲ၊ မင်းလက်ကကျောက်က မဟူရာကျောက်လားကွ"

"ဒါ ကျောက်မဟုတ်ဘူး လူမုန်းရဲ၊ အင်မတန်အစွမ်းထက်တဲ့ ချိုးအမတေကွ။ ပွဲတွေပြီးသား။ ထမင်းစားပြီးမှ ဒီအကြောင်း အေးအေးဆေးဆေး ပြောပြမယ်"

ထမင်းစားပြီး ထမင်းဆိုင်က ဧည့်ပြုတဲ့ လက်ဖက်သုပ်၊ ထန်းလျက်၊ ဆီးယိုနဲ့ ရေနွေးကြမ်းသောက်ကြရင်း ကိုတင်ဝင်းက ချိုးအမတေအကြောင်း ပြောပါတော့တယ်။

"ဒီလိုကွ-လူမုန်းရ။ မင်းနဲ့ငါ ငယ်ငယ်လေးကတည်းက အတူနေလာတာ၊ ငါ့အကြောင်း မင်းသိသားပဲ။ အားအားရှိရင် တောပစ်ထွက်နေတဲ့ကောင်လေ။ သန်းဆွေ၊ တက်တူ၊ သာအောင်တို့နဲ့ ချင်းတွင်းအနောက် ပုံတောင်ပုံညာဘက် ရောက်လိုက်၊ တစ်ခါ တစ်ခါ မဟာမြိုင်တောရောက်လိုက်။ အနီးအနားက ရွှေမြင်တင်တော၊ တောင်တစ်လုံးတောင်တော၊ အုဘ်ဖိုလက်ပံ၊ ဝက်ရဲ၊ တို့ မပစ်ဘူးတဲ့တော မရှိသလောက်ဘဲ။ လည်သာအကျီတောင်မှ ကိုယ်ပစ်လို့ရတဲ့အမဲကောင်သားရေနဲ့ ချုပ်ဝတ်တဲ့ကောင်။ သားရေနယ်ပေးတဲ့သူက သားရေရုံပိုင်ရှင် သန်းမြင့်ကြီးလေကွာ။ အဲလို ဘုရားမှန်းမသိ, တရားမှန်းမသိ၊ အကုသိုလ်အလုပ်တွေနဲ့ချည်း ပျော်နေတဲ့ကောင်၊ ကျွတ်ချင်တော့ တစ်ရက်မှာ ကမ္ဘာကျော်သာသနာပြုဆရာတော်ကြီးထံ ရောက်သွားတယ်။ ငါ သွားချင်လို့သွားတာ မဟုတ်ဘူးကွ၊ တို့ဌာနကလူကြီး သွားချင်လို့ ငါ ကားမောင်းပြီး လိုက်ပို့တာ၊ ဟိုရောက်တော့ ဆရာတော်ကြီးကို ဝင်ဖူးကြတာပေါ့ကွာ။ အဲဒီအချိန်မှာ လူလည်းရှင်းနေတဲ့အချိန်ကွ။ ဆရာတော်ကြီးက တို့ဌာနဆိုင်ရာအကြီးအကဲကို နှုတ်ဆက်ပြီး ငါ့ကိုလှမ်းခေါ်တယ်။ 'ဟဲ့ကောင်- လာ၊ ရှေ့တိုးခဲ့။ မင်း ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ အကုသိုလ်အတော်များတဲ့ကောင်။ ရော့-မင်းအိမ်မှာ ကိုးကွယ်ထား။ အကုသိုလ်အလုပ်တွေ မလုပ်နဲ့တော့။ အားရင် ငါ့ဆီလာခဲ့၊ ဘုန်းကြီးကျောင်းနဲ့လည်း အတော်ဝေးတဲ့ကောင်' လို့ ပြောပြီး ဘုရားတစ်ဆူ ပေးလိုက်တယ်။ ငါနဲ့ ဆရာတော် တစ်ခါမှမတွေ့ဘူးဘဲနဲ့ ဆရာတော်က ငါ့အကြောင်းကိုသိနေတယ်။ အတော် အံ့ဩစရာကောင်းတယ်ကွ။ ငါလည်း ကြက်သီးမွေးညင်းတွေထ၊ ခေါင်းတွေကြီးသွားအောင် လန့်သွားတာ။ အဲဒါ ဆရာတော်ကြီးနဲ့ ငါ ဘယ်လို ပဋ္ဌာန်းဆက်လဲတော့ မသိဘူး။ ဆရာတော်ကြီးကတော့ သိမှာပေါ့။ အဲဒီကတည်းက အကုသိုလ်အလုပ်တွေ မလုပ်တော့ဘဲ အားရင် ဆရာတော်ဆီသွား၊ ခြေဆုပ်လက်နယ်ပြု၊ ဆရာတော်ရဲ့ဝေယျာဝစ္စတွေ လုပ်ပေးနဲ့ ဆရာတော်ကြီးရဲ့တပည့်သားအရင်းလို ရင်းနှီးခဲ့ရာက (၁၀)နှစ်ကျော်လောက်ကြာသွားပြီး တစ်နေ့မှာ ဧ...
သည်အဖူးမျှော်ခံတဲ့အချိန် မဟုတ်...အ



www.burmeseclassic.com

www.burmeseclassic.com

ငါက ဆရာတော့်ကို ခြေဆုပ်လက်ဆုပ်ပြုပေးနေစဉ်မှာ ဆရာတော်ကြီးနဲ့ ဖူးမြော်ခွင့်တောင်းနေတဲ့ ခရီးဝေးကလာ ဧည့်သည်တစ်ယောက် ရောက်နေတဲ့အကြောင်း ဦးပဥ္စင်းတစ်ပါးက လာလျှောက်တယ်။ ဆရာတော်က လွှတ်လိုက်ပါလို့ပြောပြီး မကြာခင်မှာဘဲ အသားညိုညိုတတ်လတ်၊ တို့နဲ့ အသက်မတိမ်းမယိမ်းအရွယ် လူတစ်ယောက် ရောက်လာပြီး ဆရာတော်ကို ဝတ်ပြုတယ်။ ဝတ်ပြုလို့အပြီးမှာ ဆရာတော်ကြီးက သတင်းကြောင်းထူးပြီလားဟေ့-မောင်သိန်းနိုင် လို့လည်း မေးလိုက်ရော ရောက်လာတဲ့ဧည့်သည်ဟာ အလွန်အံ့ဩတဲ့ မျက်နှာနဲ့ ပါးစပ်ဟာ အဟောင်းသားဖြစ်ပြီး တော်တော်နဲ့ စကားပြန်မပြောနိုင်တဲ့အထိ ဖြစ်သွားတယ်။

အတော်ကြာမှ-

'မှန်လှပါ ဘုရား။ ဘုရားတပည့်တော် အမေမွေးတဲ့အသက်မရှိတော့ပါဘုရား ဆရာတော်ပေးတဲ့ အသက်ပဲ ရှိတော့တာပါ ဘုရား။ တစ်ကြိမ်မက နှစ်ကြိမ်တောင် သေဘေးကလွတ်ခဲ့ရပြီဘုရား' အစချီပြီး ဖြစ်ကြောင်းကုန်စင်လျှောက်ထားတယ်။ သူလျှောက်လို့ပြီးတဲ့အခါ ဆရာတော်က-

'ရော့-မောင်တင်ဝင်း ဒါကို ပြုတ်လိုက်ညည်၊ ဒိုင်းလွှလေးနဲ့ လေးစိတ် စိတ်ပါ' လို့ မိန့်တာနဲ့ လေးစိတ် စိတ်ပြီး ဆရာတော်ကို အပ်လိုက်တော့ ငါ့ကို တစ်စိတ်၊ ကိုသန်းနိုင်ကိုတစ်စိတ် ပြန်ပေးပြီး ကျန်တာ သူ သိမ်းထားလိုက်တယ်။ အစက ဘာမှန်းသိတာ မဟုတ်ဘူး နောက်မှ ကိုသိန်းနိုင်က သူ့ဘဝအကြောင်း ဒီအမတေရဲ့အစွမ်း ပြောပြမှ သိရတော့တာ။

ကိုသိန်းနိုင်ဟာ မြန်မာပြည်အစွန်အဖျားက မထင်မရှား ရွာလေးတစ်ရွာမှာ ကြီးပြင်းလာခဲ့ရာက အရွယ်ရောက်လာတော့ တစ်ဖက်နိုင်ငံမှာ သွားအလုပ်လုပ်တယ်။ တောနေ တောစား၊ တောရွာမှာကြီးခဲ့ရသူ ဖြစ်ပေမယ့် ကြီးပွားချမ်းသာရမယ်ဆိုတဲ့ ဇိဇိတ်အရင်းခံပြီး ကြိုးသားကြိုးစားတဲ့ ဖွဲ့ လုံ့လ၊ ဝီရိယထားသူဆိုတော့ မူးယစ်ဆေးဝါး၊ အပျော်အပါး လောင်းကစားတွေ စိတ်မဝင်စားဘဲ ရသမျှငွေစုဆောင်း၊ အခစားလုပ်ရင်းက လုပ်ငန်းအတွေ့အကြုံရပြီး အလုပ်လုပ်လာလိုက်တာ အသက် (၂၅) နှစ်မှာ ကိုယ်ပိုင်လုပ်ငန်းလေး စလုပ်နိုင်ပြီတဲ့။ ပင်လယ်ထဲက ရေလုပ်ငန်းသမားတွေဆီ စက်လှေကလေးတစ်စင်းနဲ့သွားပြီး ငါး၊ ပုစွန်တွေ လိုက်ဝယ်၊ တစ်ဖက်နိုင်ငံသွားရောင်း လုပ်နေရာက တစ်ညမှာ အိပ်မက်မက်တယ်။ အိပ်မက်က ပီပီပြင်ပြင်မက်တာတဲ့။ သစ်ပင်၊ ဝါးပင်တွေ သိပ်ကြီးကြီးမားမား မရှိတဲ့ တောင်တန်းတစ်ခုပေါ် ရောက်နေပြီး ဘုန်းကြီးတစ်ပါးနဲ့ တောင်တန်းပေါ် တွေ့တော့ ဘုန်းကြီးကို ထိုင်ပြီးဝတ်ချတယ်။ အဲဒီအခါ ဘုန်းကြီးက-

'မင်း ဒီတောင်တန်းတွေပေါ် တစ်ချိန်မှာ သာသနာပြုရမယ်။ သာသနာပြုနိုင်လောက်တဲ့ စည်းစိမ်ချမ်းသာလည်း ရမယ်' လို့ အမိန့်ရှိပြီး အိပ်ရာက နိုးလာတယ်တဲ့။

အတိတ်နိမိတ်တော့ ကောင်းတာပဲလို့ အောက်မေ့ပြီး အလုပ်လုပ်လိုက်တာ၊ အဲဒီနှစ်မှာပဲ ငါးဖမ်းသင်္ဘောလေး တစ်စီး ဝယ်နိုင်ခဲ့တယ်။ ဒီသင်္ဘောလေးတစ်စီးနဲ့ စလုပ်လိုက်တာ တစ်စီးက နှစ်စီး၊ နှစ်စီးက သုံးစီးနဲ့ သင်္ဘောတွေအများအပြားပိုင်လာတဲ့အခါ နှစ်အတော်ကြာ အိပ်မက်ကို မေ့မေ့ပျောက်ပျောက်နေလာခဲ့ရာက တစ်ခါ အိပ်မက်မက်ပြန်တယ်။ အဲဒီအရင် အိပ်မက်ထဲမှာမက်စဉ်က ဖူးခဲ့ရတဲ့ ဘုန်းကြီးရဲ့မျက်နှာတော်အတိုင်းပဲတဲ့။ ဒီတစ်ခါ တွေ့တာကတော့ ဘုရားစေတီတော်ကြီးတစ်ဆူရဲ့ခြေတော်ရင်းမှာ ဘုန်းကြီးက-

'စည်းစိမ်ဥစ္စာကတော့ ချမ်းသာပါရဲ့၊ အကုသိုလ်ကလည်း ကြီးပါရဲ့၊ အန္တရာယ်ကလည်း များလှသကွယ်။ မနာလိုသူ၊ ရန်သူများကလည်း မင်းမှာများလှတယ်။ မင့်သာသနာပြုရဦးမယ်။ ကယ်ဖို့အချိန်လေးတော့ ကျန်ပါသေးရဲ့၊ ကျန်ပါသေးရဲ့' နဲ့ မိန့်ကြားပြီး ဘုန်းကြီးက တောင်ကုန်းပေါ် ကို ကြွသွားတယ်။

ဒီအိပ်မက် မက်ပြီးကတည်းက ဒီဘုန်းကြီးရဲ့မျက်နှာတော်ပဲ အမြဲ မြင်နေမိတယ်တဲ့။ ပြီးတော့ ဒါဟာ သာမန်ရိုးရိုးမက်တဲ့အိပ်မက် မဟုတ်ဘူး၊ သူ့ဘဝမှာ နှစ်ကြိမ်မြောက်မက်တာ။ အိပ်မက်ထဲမှာ ဘုန်းကြီးမိန့်ကြားခဲ့တာလည်း အမှန်တွေချည်းပဲမို့ တစ်နေ့မှာ သက်ရှိထင်ရှား ဖူးမြော်ခွင့်ရမယ်လို့ ယုံကြည်ထားတယ်တဲ့။ သူက မြန်မာပြည်သားပေမယ့် လုပ်ငန်းတွေက တစ်ဖက်နိုင်ငံမှ ဟိုမှာပဲနေတော့တယ်။ အလုပ်လုပ်ကောင်းတဲ့ဆီမှာပဲ နေတာလေ။ ဥစ္စာစီးပွားတွေ ရှာရင်းနဲ့ နှစ်တွေအတော်ကြာတော့ အလုပ်ထဲမှာ မွန်းကျပ်လာတာနဲ့ စိတ်အပန်းဖြေရင်း မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ခဲ့တယ်။ လုပ်ငန်းတွေကိုတော့ အိမ်သူဇနီး တစ်ဖက်နိုင်ငံသူကို လွှဲထားခဲ့သတဲ့။ မြန်မာပြည်အောက်ပိုင်းကစပြီး တစ်မြို့ဝင်၊ တစ်မြို့ထွက်နဲ့ ဘုရားတွေ၊ ဘုန်းတော်ကြီးကျောင်း အများကြီး ဖူးခဲ့၊ ဝင်ခဲ့၊ လှူခဲ့ရင်းက မြန်မာပြည် အထက်ပိုင်းကိုရောက်လာပြီး ကမ္ဘာကျော် သာသနိကအဆောက်အအုံတွေ၊ ဘုရားကြီးတွေ တည်ဆောက်သာသနာပြုတော်မူနေတဲ့ ဆရာတော်ကြီးကို နံနက်စောစော ဝင်ရောက် ဖူးလိုက်တယ် ဆိုရင်ပဲ ကိုသိန်းနိုင် တစ်ကိုယ်လုံး နှလုံးသားတွေရော တုန်လှုပ်သွားပြီး အံ့ဩဝမ်းသာသွားတော့တယ်။ အိပ်မက်ထဲက ဘုန်းတော်ကြီးကို ဖူးရပြီ၊ ဖူးရပြီနဲ့ နှလုံးတွေ တဖျပ်ဖျပ်ခုန်နေတဲ့အချိန်၊ ဆရာတော်ကြီးက လူတွေအများကြီးထဲမှ သူ့ကို ကြည့်တယ်။ 'မင်း ရွှေလာခဲ့' လို့ ခွေခေါ်ပြီး 'ရော့-မင်း ဒါဆောင်ထား၊ ကိုယ်နဲ့မကွာစေနဲ့' ပြောပေး ပေးလိုက်တယ်။

"မင်းနာမည်ဘယ်လို ခေါ်သလဲ"

"သိန်းနိုင်ပါ ဘုရား"

"ဘယ်ကလာသလဲ"

"ဇာတိက မြန်မာပြည်အောက်ပိုင်း မရမ်းရွာကပါဘုရား။ အခုနေတာကတော့ တစ်ဖက်နိုင်ငံ ရနောင်းမြို့မှာပါ ဘုရား"

"ဩော်-အေး. . . အေး"

ဆရာတော်ကြီး ဒီလောက်ပဲ စကားပြောရပြီး ဧည့်သည်တွေအများကြီး ရောက်လာတာနဲ့ ကျောင်းတော်ကထွက်၊ ဘုရားတွေလည်ဖူးကြတော့ ပို အံ့ဩရတာက အိပ်မက်ထဲမှာ ဆရာတော်ကြီးနဲ့တွေ့ခဲ့တဲ့ ဘုရားစေတီတော်ကြီးကိုဖူးရသလို တောင်တန်းတွေပေါ် ကိုလည်းရောက်ခဲ့ရလို့ အိပ်မက်တွေက မှန်နေပြီ၊ ဆရာတော်ကြီးချီးမြှင့်တဲ့ အဆောင်ဟာလည်း အများထဲမှာ သူ့တစ်ယောက်တည်းရွေးပေးတာ အကြောင်းမဲ့ မဟုတ်ဘူးလို့ တွေးမိပြီး အဲဒီနေ့က စ,လို့ ကိုယ်နဲ့မကွာဆောင်ထားခဲ့တယ်။

မြန်မာပြည်အထက်ပိုင်း ဘုရားဖူးခရီးစဉ်တွေပြီးလို့ နေရပ်ပြန်ရောက်၊ အလုပ်ထဲရောက်ခဲ့ပေမယ့် လောဘဇောတွေနဲ့ အလုပ်တွေသာလုပ်နေတာ၊ လှူဖို့တန်းဖို့၊ သာသနာပြုဖို့ စိတ်ကူးမရှိသေးဘူး။ လောဘတွေဖုံးလွှမ်းနေတော့ ဘာသာရေးကိုမေ့နေတာလည်း ပါတာပေါ့။ ဘုရားဖူးပြန်လာပြီး (၆)လလောက် ကြာတော့ တစ်ရက်မှာ သူနေထိုင်တဲ့ ရနောင်းကနေ သူပိုင်တဲ့ သင်္ဘောတွေ၊ ဂိုဒေါင်တွေရှိရာ ဖန်ဖလကိုအလာ လမ်းမှာ သူစီးလာတဲ့ကားကို M 16 သေနတ်



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ထားတဲ့လူနှစ်ယောက်က ဆီးပစ်တယ်။ ကျည်မထွက်ဘူး၊ ချောက်ချောက်ဆိုတဲ့ မောင်းဆွဲတဲ့အသံပဲ ထွက်တယ်။ သူ့ကားလွန်သွားမှ ကတ်လိုက်ဆွဲလိုက်တဲ့သေနတ်သံတွေ တဖြောဖြောထွက်လာခဲ့တယ်တဲ့။

သူတို့နိုင်ငံခြားက သေနတ်တွေကလည်း ပေါချင်တိုင်းပေါ၊ သူလို မြန်မာတစ်ယောက်က ဒီငါးဖမ်းသင်္ဘောတွေ၊ ကုန်တိုက်ကြီးတွေပိုင်ပြီး သူဌေးဖြစ်နေတာကို မနာလို မရှုဆိတ်တဲ့သူတွေ၊ လုပ်ငန်း လုပ်ကွက် လုချင်တဲ့သူတွေ အများကြီးရှိတာပေါ့။ နောက်တော့ အစောင့်အရှောက်တွေနဲ့ သွားရတယ်တဲ့။ သူသတိလစ်မယ့်အချိန် အမြဲစောင့်နေတဲ့ ရန်သူတွေဟာ နောက်တစ်ခါ လေး၊ ငါးနှစ်လောက်အကြာ သူ့မိသားစုစီးလာတဲ့ကားကိုလက်ပစ်ဗုံးနဲ့ထုတာ၊ နှစ်လုံး။ ဘယ်တစ်ချက်၊ ညာတစ်ချက် လာမှန်တယ်။ လက်ပစ်ဗုံးမကွဲဘူး။ သူ တော်တော်လန့်သွားတယ်တဲ့။ ဒါဟာ နှစ်ကြိမ်တိုင် ဆရာတော်ကြီးပေးလိုက်တဲ့ အဆောင်ကြောင့် မသေတာဘဲ။ အိပ်မက်ထဲမှာပြောသလို သာသနာပြုရဦးမယ် ပြောတယ်။ မဖြစ်ဘူး၊ ဆရာတော်ကြီးဆီ သွားတော့မယ်။ စိတ်ကူးပြီး ရက်ပိုင်းအတွင်းမှာပဲ လုပ်ငန်းတွေကို အလွန်စိတ်ချရတဲ့ညီဝမ်းကွဲတစ်ယောက်ကိုလွှဲ၊ အိမ်သူဇနီးနဲ့ ကလေးတွေလုံခြုံရေးကို စီမံပေးပြီး ဆရာတော်ကြီးဆီ လာခဲ့တာ။

ရောက်ရောက်ချင်း 'အကြောင်းထူးပလားဟေ့ မောင်သိန်းနိုင်' လို့ မေးလိုက်တော့ ကျွန်တော် သိပ်ကို အံ့သြသွားရတယ်ဗျာ။ နေ့တိုင်းနေ့တိုင်းဘုရားဖူးလာတဲ့ဧည့်သည်တွေ ထောင်သောင်းချီပြီး အဖူးအမြော်ခံနေရတဲ့ ဆရာတော်ကြီး၊ ဒကာ, ဒကာမတွေ အများကြီးနဲ့ ဆက်ဆံနေရတဲ့ဆရာတော်ကြီးက (လွန်ခဲ့တဲ့ ငါးနှစ်လောက်က) မိနစ်ပိုင်းလေး စကားပြောလိုက်ရတဲ့ ကျွန်တော့်ကို နာမည်နဲ့တကွမှတ်မိတာကို အလွန် အံ့သြတာပါ။ ဘယ်လိုလူမှ ဒီလိုမှတ်မိနိုင်စရာ အကြောင်းမရှိပါဘူးတဲ့။

အဲဒီနေ့ကတည်းက သူ့စီးပွားရေးလုပ်ငန်းတွေကို သိပ်မလုပ်တော့ဘဲ ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းကြီးတွေမှာ လိုအပ်တဲ့ဘက်က ပံ့ပိုးဖြည့်ဆည်း လှူဒါန်းနေခဲ့တယ်။ ဆရာတော်ကြီးက ဆင်ခံဘုရားကြီးတည်ချင်တယ် ပြောတာ၊ ချက်ချင်း ထတည်, ထလှူတယ်။ ဘုရားတွေတည်၊ ကျောင်းတွေဆောက်၊ လိုအပ်တဲ့နေရာတွေလှူဒါန်းနေတာအများကြီးပါပဲ။ သိန်းထောင်ပေါင်းများစွာလှူခဲ့ပါတယ်။

ဗြော်- ဒီပစ္စည်းကို အစက သူရော ငါပါ ဘာမှန်းမသိကြသေးဘူးကွ၊ သူလည်း လေး, ငါးနှစ်ဆောင်ထားတာ ဘာမှန်းမသိဘူး။ နောက်မှ ဆရာတော်ကြီးက ချိုးအမတေလို့ပြောမှ သိရတာ။ ဆရာတော်ကြီးဆီမှာကတော့ အစွမ်းထက်တဲ့ ဓာတ်လုံးတွေ၊ အင်းတွေ၊ လက်ဖွဲ့တွေ၊ ဂမ္ဘီရပစ္စည်းတွေ အများကြီးရှိတယ်။ ကြုံရင်ကြုံသလို အသုံးချလိုက်တာ, လူသတ္တဝါတွေကယ်တင်တာ၊ တစ်ခါက ကန့်သတ်နယ်မြေကို သတ်မှတ်ထားတဲ့နေရာမသိဘဲ ဝင်မိလို့ အစောင့်တွေက သေနတ်နဲ့ထိုးချိန်လိုက်တာ၊ လန့်ပြီး သည်းခြေပျက် စိတ်ဖောက်သွားတဲ့ (၁၈) နှစ်လောက်အရွယ်ရှိတဲ့ ကလေးတစ်ယောက် ဆရာတော်ဆီရောက်လာတယ်။ဆရာတော်ကြီးက သွေးစမ်းကြည့်၊ အခန်းထဲဝင်၊ ဓာတ်ပြာထည့်ထားတဲ့ ပုလင်း ယူလာပြီး လစ်ပိုတစ်ပုလင်းစာ ပျားရည်ထဲကို အပ်ကလေးနဲ့ (လက်ချပ်အပ်ပြောတာနော်) အဲဒီ အပ်ကလေးနဲ့ ကော်ပြီး ဓာတ်ပြာထည့်လိုက်တာ ဘာမှ မကြာဘူး၊ ခဏလေးနဲ့ ပျားရည်တွေ ဖန်ခွက်လျှံအောင် ပွက်ထလာတယ်။ အပွက်ငြိမ်သွားမှ ဇွန်းကလေးနဲ့ကော်တိုက်ခိုင်းတယ်။ အဲဒီ ပျားရည်မကုန်ခင်မှာဘဲ ပျောက်ပါတယ်။ 'ယူသွား၊ သွားတော့' ဆိုပြီး ပြန်ခိုင်းတယ်။ တကယ်လည်း ပျားရည်မကုန်ခင် ပြန်ကောင်းသွားတယ်။

အဲဒီလို အစွမ်းထက်တာတွေ အများကြီး။ ဒါပေမယ့် လူတိုင်း မသိဘူး၊ ကြုံမှကြုံသလို အသုံးချ ကယ်တင်တာ။ ဆရာတော်ကြီး ပြတိုက်ကြီးဆောက်တော့ ပြတိုက်မပြီးသေးဘူး။ ရှေးဟောင်းပစ္စည်းတွေ အများကြီး လာပြီးလှူကြ, ရောင်းကြ၊ ရောင်းရင်လည်း ဆရာတော်ကြီးက ဝယ်တယ်။ တချို့လည်း ငွေလိုချင်လို့ အတုတွေလာရောင်းရင်-

"ဟ-မင်းပစ္စည်းက အတုကြီးကွ၊ အစစ်မဟုတ်ဘူး၊ နောက် လိမ်မရောင်းနဲ့"

'မှန်လှပါဘုရား၊ တပည့်တော်ငွေအသုံးလိုလို့ပါ' ပြောရင် ပစ္စည်းလည်းပြန်ပေးတယ်၊ ငွေလည်း ထုတ်ပေးခိုင်းလိုက်တယ်။ တချို့လည်း ငွေမယူဘဲ အမတေလို့ယူဆရတဲ့ ဂမ္ဘီရပစ္စည်း လာလှူကြတယ်။ လာလှူကြတဲ့အထဲမှာလည်း လူတွေတင်မဟုတ်ဘဲ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေလည်း ပါမှာပဲ။ ဆရာတော်ကြီး အကျင့်သီလ၊ စရဏတရားတွေကို ကြည်ညိုတဲ့ အထက်ပုဂ္ဂိုလ်တွေက သာသနာပြုလုပ်ငန်းတွေ ကူညီတဲ့အနေနဲ့ လာလှူကြတာလည်း ပါမယ်ထင်တယ်။ ဆရာတော်ကြီးလို ပုဂ္ဂိုလ်မျိုးကတော့ လာလှူတဲ့ပစ္စည်း အစွမ်းသတ္တိ ရှိ,မရှိ သိပြီးသားနေမှာပေါ့။ စမ်းနေစရာမလိုဘူးလေ။

ကိုသိန်းနိုင်ကို တစ်ယောက်တည်းရွေးပြီး ထုတ်ပေးလိုက်တာလည်း ဒါတွေမြင်လို့ ပေးလိုက်တာဖြစ်မှာပဲ။ အရင့်အရင်ဘဝတွေက အကြောင်းအကျိုးပဋ္ဌာန်းဆက်ခဲ့ကြတာ ဖြစ်မှာပေါ့။ ဆရာတော်ကြီးရဲ့နိုင်ငံခြားခရီး တော်တော်များများမှ ကိုသိန်းနိုင် ပါတယ်။ ဆရာတော်ကြီးရဲ့လုပ်ငန်းတွေမှာဝင်ပြီး လှူလိုက်တန်းလိုက်၊ နေရပ်ပြန်လိုက်နဲ့ ပြန်လိုက်, သွားလိုက် လုပ်နေတာ ဆရာတော်ကြီး ပျံလွန်တော်မမူခင် လေး, ငါးနှစ်လောက်အလို တစ်ဖက်နိုင်ငံ၊ ဟို... တယ်တစ်ခုမှာ ကိုသိန်းနိုင် လုပ်ကြံခံ... လိုက်ရလို့ သေသွားရှာတယ်။ အဲဒါ... ဆရာတော်ကြီးချီးမြှင့်ထားတဲ့အဆောင် ပါတဲ့ကြုတ်နဲ့ ဆွဲကြိုးကို အိမ်သာထဲဝင်မှာမို့ မသန့်တဲ့အထဲ မယူချင်လို့ ချွတ်... ထားခဲ့တဲ့အချိန်မှာ လုပ်ကြံမှုအောင်မြင်... သွားတာလို့ သူ့ဆွေမျိုးသားချင်းတွေက... ပြောတယ်။

ဆရာတော်ကြီးကတော့ ကိုသိန်း... နိုင်သတင်းကြားတော့ 'အင်း. . . လူ... သတ္တဝါတွေ ကိုယ်က ကယ်ချင်တိုင်း... ကယ်လို့တော့ မရပေဘူးလေ၊ သူ... ဘဝက ကံ ကံ၏အကျိုးဆိုတဲ့ ကုသိုလ်... အကုသိုလ် အကျိုးဆက်တွေကလည်း ... သေးတာကိုး' လို့ မိန့်ရှာပါတယ်။

ကိုသိန်းနိုင်ဇာတ်လမ်း ဆုံးသွား... တော့ လူမုန်းက ကိုတင်ဝင်းကို မေး... တယ်။

"ကိုတင်ဝင်း၊ မင့်ပစ္စည်း စမ်း... လား"

"ဟာ-မစမ်းပါဘူး လူမုန်းရာ ... ကရောင်းစားမှာမှ မဟုတ်တာ။ ပြီးတော့... ငါက ဒါကို အဆောင်တစ်ခုအနေ... မဟုတ်ဘဲ ဆရာတော်ကြီးရဲ့ ... တော်ကို အမှတ်ရ ကြည်ညိုနေရအောင်... အမှတ်တရပစ္စည်းအနေနဲ့ လက်စွပ်... ထားတာ"

လို့ ပြောပါတယ်။

ခုတော့ ကိုတင်ဝင်းတစ်ယော... အလုပ်ကပင်စင်ယူပြီး ကုမ္ပဏီတစ်ခု... အလုပ်လုပ်နေသော သမီးငယ်ရှိရာ ... ကုန်သို့ ပြောင်းရွှေ့နေထိုင်နေပြီ ... ကြောင်း။

မောင်မောင်ဘိုးမြင့်(မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

# မောင်ကျောက်တိုင်

## လုပ်ငန်းခွင်နှင့်စိတ်စွမ်းအင်

လုပ်ငန်းခွင်နှင့်ပတ်သက်၍ မိမိတိုင်းပြည်အတွင်းရှိ ကုမ္ပဏီချင်း ပြိုင်ရသည်၊ နိုင်ငံခြားတိုင်းပြည်ကြီးများမှ ကုမ္ပဏီများနှင့်လည်း ပြိုင်ရသည်၊ ဖွံ့ဖြိုးဆဲ တတိယနိုင်ငံများနှင့်လည်း ပြိုင်ရသည်။ ထုတ်ကုန်ချင်းတူလျှင် မိမိပစ္စည်းက ဈေးချိုအောင်၊ ပိုသပ်ရပ်အောင်၊ အသုံးတည့်အောင် မနေမနား ကြံစည်ရသည်၊ သုတေသနပြုရသည်။ တတ်ကျွမ်းသော ပညာရှင်များ၊ အင်ဂျင်နီယာများကို သူ့ထက်ငါ အလုအယက် ရှာရသည်၊ မွေးရသည်။

ဤသို့ ကြံစည် ကြိုးစားနေလျက် နောက်ဆုံးတွင် ကုမ္ပဏီတွေ တစ်ခုပြီးတစ်ခုပြုတ်ကျနေသည်။ လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု ပိတ်ရသည်။ အကြံတူချင်း ဖက်စပ်လုပ်ရသည်။ ဈေးကွက်အသစ်ရှာရ၏။ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ သွားရောက်ပြီး ဈေးကွက်အသစ် ဖန်ရသည်။ မဖွံ့ဖြိုးသေးသောနိုင်ငံများနှင့် ဖက်စပ်လုပ်ရသည်။ သို့စဉ်လျက်ပင် ၁၉၈၇ ခုနှစ်အတွင်းက အရင်းရှင်စီးပွားရေးစနစ်၏ အသည်းနှလုံးဖြစ်သော စတော့ဈေးကွက်ကြီး သွက်သွက်ခါသွားသည်၊ ပြိုလဲသွားသည်။

ထိုအခါ ဝယ်သူအကြိုက် လိုက်လျောပြီး လူပေါ် လူဇော်လုပ်နည်း ဆက်ဆံရေးနှင့်မလုံလောက်တော့။ ဒေး(လ်)ကာနက်ဂျီ၏နိဿရည်းများ မတိုးနိုင်တော့သည့်အခြေသို့ ရောက်လာသည်။ ထို့ကြောင့် နည်းသစ်လမ်းသစ်များ ရှာကြံရသည်။ နည်းလမ်းအသစ်များ ရှာကြံသည့်တိုင်းပြည်များအနက် အမေရိကန်သည် ထိပ်ဆုံးမှာပြေးနေသည်။ အမေရိကန်တွင် စိတ်စွမ်းအင်ကို အသုံးပြု၍ လုပ်ငန်းခွင်တိုးတက်ရေး၊ ကုန်ထုတ်တိုးတက်ရေးကိုဆောင်ရွက်သော ခေတ်သစ်လှုပ်ရှားမှုခေါ် ကုန်ထုတ်လေ့ကျင့်ရေးအဖွဲ့ချင်စီများ ပေါ်ထွက်လာသည်။

ခေတ်သစ်လှုပ်ရှားမှုကို ဟဲလိုးဝါနာဘတ်ဟာဒ်က ဦးဆောင်သည်။ ကုန်ထုတ်လုပ်ငန်း ကျဆင်းခြင်း၊ နှေးကွေးခြင်း၊ ယှဉ်ပြိုင်မှုကျဆင်းခြင်းတို့ကို တားဆီးပြီး ကုန်ထုတ်တိုးတက်အောင်၊ ပစ္စည်းအရည်အသွေး ကောင်းမွန်လာအောင်၊ ရောင်းကွက်၌ယှဉ်ပြိုင်နိုင်အောင်၊ ကုန်ထုတ်သူအလုပ်သမားများ၏ စိတ်ဓာတ်ကို စနစ်တကျမြှင့်တင်ပေးခြင်း၊ စိတ်စွမ်းအင်ကောင်းမွန်လာအောင် လေ့ကျင့်ပေးခြင်းဖြင့် ဆောင်ရွက်သည်။

အလုပ်သမား (၆၇၀၀၀) ရှိသော ကာလီဖိုးနီးယားရှိ 'ပစီဖိတ်ဘဲ(လ်)' တယ်လီဖုန်းကုမ္ပဏီသည် 'ကရုန်းလေ့ကျင့်ခန်း' များကို လေ့ကျင့်လျက်ရှိသည်။ ပစီဖိတ်ဘဲ(လ်)ကုမ္ပဏီသည် ခေတ်သစ်





www.burmeseclassic.com

www.burmeseclassic.com

လှုပ်ရှားမှုတွင် ထိပ်ဆုံးမှအောင်မြင်နေသော ချား(လ်)ကရုန်းကို ဆရာတင်ငှားရမ်းပြီး ကုမ္ပဏီလုပ်သားများကို လေ့ကျင့်စေသည်။ ထို့ကြောင့် 'ကရုန်းလေ့ကျင့်ခန်း' ဟု ခေါ်သည်။ လုပ်သားတိုင်းသည် ကုမ္ပဏီကြီးပွားရေးအတွက် ပဓာနအချက်များဖြစ်သော လုပ်ငန်းတိုးချဲ့ရေး၊ အသိစိတ်ဓာတ်ပြည့်ဝရေး၊ လွတ်လပ်ရေး၊ စနစ်ကျရေး၊ အပြန်အလှန်အကျိုးပြုရေးနှင့် စူးစိုက်စွာဆောင်ရွက်နိုင်ခြင်း စသော အချက်ကြီး (၆) ချက်ကို အချိန်ရှိသရွေ့ သတိရနေစေရန်အတွက် စိတ်ထဲ စွဲမြဲအောင် လေ့ကျင့်ရသည်။ ရွတ်ဆိုရသည်လည်း ရှိသည်။ ပဓာနအချက်တစ်ချက်စီကို စိတ်ဖြင့်အာရုံပြုပြီး ဘာဝနာပွားနေရသည်လည်း ရှိသည်။ တစ်ခါတစ်ရံ စိတ်ညှို့ပညာကိုအသုံးပြု၍ ညှို့စကားပြောခြင်း (Hypnosis Suggestion) များကိုလည်း လေ့ကျင့်ခန်းတွင် အသုံးပြုရသည်။

ကရုန်းလေ့ကျင့်ခန်းများသည် စိတ်ပညာရှင် ဂါကျိ (Gusdjiett) ၏ စိတ်ပညာသင်ကြားချက်များအား အခြေပြုထားပြီး အရှေ့တိုင်းမှဘာဝနာနည်းကိုပါ တွဲဖက်အသုံးချခြင်း ဖြစ်သည်။ ပစိဖိတ်ဘဲ(လ်) ကုမ္ပဏီအနေဖြင့် ကရုန်းလေ့ကျင့်ခန်းအတွက် ဒေါ်လာ သန်းပေါင်း (၁၄၇) သန်း အကုန်အကျခံခဲ့သည်။ ကုမ္ပဏီ၏ကုန်ထုတ်လုပ်မှုမှာ ကရုန်းလေ့ကျင့်ခန်းယူပြီးနောက် (၂၃) ရာခိုင်နှုန်း တိုးတက်လာသည်။

အခြား စက်မှုလုပ်ငန်းရှင်ကုမ္ပဏီများဖြစ်သော ပရော့တာနှင့် ဂမ်းဘဲကုမ္ပဏီ၊ ဖို့မော်တော်ကားကုမ္ပဏီ၊ ပိုလာရွိုက်ကုမ္ပဏီ၊ ဖားယားစတုန်းတာယာကုမ္ပဏီ စသော လုပ်ငန်းရှင်ကြီးများကလည်း အလားတူပင် ကရုန်းလေ့ကျင့်ခန်းစနစ်ဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်လာကြသည်။ မိမိတို့ကုမ္ပဏီမှ အင်ဂျင်နီယာများ၊ ရုံးဝန်ထမ်းများ၊ ထုတ်လုပ်သောအလုပ်သမားများအား ကရုန်းလေ့ကျင့်ခန်းကို မယူမနေရ လေ့ကျင့်ခန်းယူစေသည်။

ဖားယားစတုန်းကုမ္ပဏီမှ မန်နေဂျာ ဂလေတန်မှာ ကရုန်းလေ့ကျင့်ခန်းယူရန်ငြင်းဆန်သဖြင့် အလုပ်မှထုတ်ပယ်ခြင်းခံရသည်။ အခြား အလုပ်သမားများက လေ့ကျင့်ခန်းယူရန် မငြင်းဆန်သော်လည်း ရှားပါးစရိတ်နှင့် လူမှုဖူလုံရေးထောက်ပံ့ကြေးများကိုပိုပေးရန် တောင်းဆိုကြသည်။ ကုမ္ပဏီများကမူ ညှိနှိုင်းမရ



နိုင်သောကိစ္စများကို နောက်မတွန့်ရ ဟူသော စိတ်ပညာရှင်ကြီးဂါကျိ၏ ဩဝါဒအတိုင်း ဘောနပ်(စ်)များ ပေးခြင်းဖြင့် ထေလိုက်ကြဟုသာ အဖြေပေး၏။ ဤကုမ္ပဏီကြီးများသည် အလုပ်သမားတို့၏လုပ်အားခကို တိုးမပေးနိုင်သော်လည်း တစ်နှစ်လျှင် ကရုန်းလေ့ကျင့်ခန်းအတွက် ဒေါ်လာ သန်းပေါင်း (၄၀၀၀)ခန့် အကုန်အကျခံသည်ဟု ခန့်မှန်းရသည်။

စိတ်စွမ်းအင်နည်း၊ ဘာဝနာနည်းများကို အသုံးပြုရာတွင် မြို့ကြီးပြကြီး ကုမ္ပဏီကြီးများသာမက မြို့ငယ်၊ လုပ်ငန်းငယ်များတွင်လည်း များစွာ တွင်ကျယ်လျက်ရှိသည်။ ကုမ္ပဏီကြီးများကဲ့သို့ ငွေကိုရေလိုသုံး၍ ကရုန်းကဲ့သို့ စိတ်စွမ်းအင် ပါရဂူများကို ကြေးကြီးပေး၍ ငှားရမ်းသုံးစွဲခြင်းမပြုနိုင်သော နယ်များရှိ လုပ်ငန်းရှင်ကလေးများသည် နီးစပ်ရာ ကမ္ဘဋ္ဌာန်းရိပ်သာတစ်ခုခုတွင် ဘာဝနာပွားခြင်းဖြင့် အဖြေရှာကြသည်။ အမေရိကန်တွင် မဟာရိရှိနှင့် ဈင်ရိပ်သာများ မှိုလိုပေါက်နေရာ ယင်းရိပ်သာများတွင် ဘာဝနာပွား၍ စိတ်စွမ်းအင်တိုးတက်မြင့်မားပြီး ရောင်းပန်းဝယ်ပန်းလှအောင် ကြိုးစားကြသည်။

လူဦးရေ (၁၀၀၀၀)ကျော်ရှိသော အိုင်အိုဝါပြည်နယ် ဖဲယားဖီး(လ်) (Fair Field) မြို့တွင် အိန္ဒိယယောဂီ မဟာရိရှိ၏ရိပ်သာ ရှိသည်။ မဟာရိရှိမှာ ဟစ်ပီမဟာဂုရုဟုကျော်ကြားနေသူ ဖြစ်သည်။ ရိပ်သာအဆောင် နှစ်ခုအနက် တစ်ဆောင်သည် အမျိုးသမီးများ ဘာဝနာပွားရန် ဖြစ်သည်။ သီးခြားခွဲထားပြီး နေ့စဉ် ယောဂီပေါင်း (၃၀၀) ခန့်သည် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဘာဝနာပွားကြသည်။ ဘာဝနာပွားခြင်း၏ အဓိက ရည်ရွယ်ချက်မှာ စိတ်တည်ငြိမ်အေးချမ်းစွာဖြင့် အနန္တဓာတ်ကြီးကို မျက်မှောက်ပြုရေး ဖြစ်သည်။

ဘာဝနာစခန်း ပြီးဆုံးသွားသောအခါ ရိပ်သာတွင်တွေ့ဆုံကြသော ယောဂီချင်း မိတ်ဆက်ကြ၊ အရောင်းအဝယ်လုပ်ကြဖြင့် စိတ်စွမ်းအင် ကြည်လင်ထွန်းလင်းလာရုံမက စိတ်စွမ်းအင်ပါရှိပြီး အလုပ်ဖြစ်သွားကြသည်။ ထို့ကြောင့် ၁၉၈၄ ခုနှစ်အတွင်း ဖဲယားဖီး(လ်)မြို့၏ စီးပွားရေးမှာ (၅၇) ရာခိုင်နှုန်း တိုးတက်လာသည်။ အချို့သော ယောဂီများမှာ လုပ်ငန်းများ အကြီးအကျယ်အောင်မြင်လာကြသည်။ ထိုသို့ အောင်မြင်လာကြသည့်သူများတွင် အင်ဂျင်နီယာများနှင့် ရေခဲမုန့်လုပ်ငန်းရှင်များ ပါဝင်သည်။

ဈင်ဘာဝနာစခန်း ဝင်ပြီးနောက် မော်တော်ဆိုင်ကယ်ပြင်ရာ ခါတိုင်းကထက် ပိုမို အောင်မြင်လာကြောင်း မော်တော်ဆိုင်ကယ်ပြင်ဆရာတစ်ဦးက ထုတ်ဖော်ပြောသည်။ နေရာမရှိ၍ ဆိတ်ငြိမ်ရာ ရေချိုးခန်းအတွင်း ဘာဝနာပွားနေသူ အမျိုးသမီးတစ်ဦးကလည်း သူ၏လုပ်ငန်းများ ပိုမိုအောင်မြင်လာကြောင်း ပြောပြသည်။ စင်စစ်အားဖြင့် ယနေ့ အမေရိကန်ပြည်တွင် ခေတ်မီသောကုမ္ပဏီဒါရိုက်တာများ၊ လုပ်ငန်းရှင်များ၊ စာရေးဆရာများ၊ ဆီနေတာအမတ်များ၊ အင်ဂျင်နီယာများနှင့် အလုပ်သမားများသည် ဘာဝနာနည်းဖြင့် စိတ်စွမ်းအင်မြင့်မားလာ၍ မိမိတို့လုပ်ငန်းခွင်တွင် အလွန် အသုံးဝင်ကြောင်း တစ်နေ့တခြား သိမြင်လာကြသည်။ ထို့ကြောင့် ဘာဝနာကို တစ်နေ့တခြား စိတ်ဝင်စားသူ လေ့ကျင့်သူ များပြားလာသည်။

ဘာဝနာ မှန်မှန်ပွားများခြင်းဖြင့် စိတ်ငြိမ်လာသည်။ စူးစိုက်မှုအားကောင်းလာသည်။ အာရုံများထက်မြက်လာသည်။ ဤအရည်အချင်းများကို ယောဂီသည် လုပ်ငန်းခွင်တွင်အသုံးချသောအခါ လုပ်ငန်း ပိုမို စနစ်ကျလာသည်။ အလုပ်တွင်လာသည်။ အရည်အသွေး တိုးတက်လာသည်။ ပိုမိုလျင်မြန်လာသည်။ ပိုမိုစနစ်ကျလာသည်။ အကြံသစ် ဉာဏ်သစ်များ ထွက်ပေါ်လာသည်။

ထို့ကြောင့် ဘာဝနာပွားခြင်းသည် နောင်တမလွန်ဘဝ ကောင်းစားရေးနှင့် သံသရာမှလွတ်မြောက်ရေးသာမကဘဲ ယခုလက်ငင်း လူနေမှုဘဝကိုပါ ငွေမကုန်ဘဲ အကျိုးထူးလာနိုင်သည်ဟု ဆိုပါက လွန်အံ့မထင်။

မောင်ကျော်ဘိုင်

www.burmeseclassic.com

www.burmeseclassic.com



## ဂန္ဓာရီဝိဇ္ဇာမယပညာနှင့်

# သုကိတ္တိမာဂါထာ

△ တြိရတနာ-ဆရာဇေယျာလင်း

ဂါထာ မန္တန်များကို ဝါသနာပါ လေ့လာ လိုက်စားလာသည်ဆိုသောသူ များနှင့် ဂန္ဓာရီ ဝိဇ္ဇာမယပညာတို့ကို အတော်အတန် လိုက်စားဖူးပါသည် ဆိုသောသူများအား 'သုကိတ္တိမာ' ဂါထာကို သိပါသလားဟု မေးလိုက်လျှင် အတန်ငင် နှုတ်ဆိတ်သွားကြပါလိမ့်မည်။ ငယ်စဉ်က ဂန္ဓာရီ ဝိဇ္ဇာမယပညာများကို ဝါသနာထုံ လေ့လာလိုက်စားခဲ့ပါသည်ဆိုသော ကျွန်ုပ်ကိုယ်တိုင်ကိုပင်လျှင် လွန်ခဲ့သောနှစ်(၃၀)ကာလလောက်က ကျွန်ုပ်ကိုယ်တိုင်လည်း နှုတ်ပိတ် ငြိမ်သက်နေမိသည်သာ ဖြစ်ပါသည်။ သို့သော် ထိုစဉ်အခါ ငယ်သေးသဖြင့် 'အင်း၊ အဲ- ကြားဖူးသလိုလိုတော့ရှိသား' ဟု မခံချင်စိတ်ဖြင့် ရောကောသောကော လုပ်မိပေသည်လား မသိ။ အကယ်စင်စစ်မူ ထိုကာလတသာ ထိုသို့မေးခဲ့ပါက သုကိတ္တိမာ ဂါထာကို မြင်ဖူး တွေ့ဖူးရန် ဝေးစွ၊ ကြားပင်မကြားဘူးသော ကျွန်ုပ် အကယ်ပင် အခက်တွေ့မိမှာ အမှန်ပင်။

ဂါထာမန္တန်များနှင့်မစိမ်းလှသော ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအဖို့ မိရိုးဖလာ ဘိုးစဉ်ဘောင်ဆက် ဆွေစဉ်မျိုးဆက် ဆောင်ယူ ရွတ်ပွားနေကျအများဆောင်ယူလေ့ရှိသော ဂါထာမန္တန်များစွာ သိကြ၊ ကြားဖူးနားဝရှိကြ၊ ဆောင်ယူ ရွတ်ပွားလေ့လည်း ရှိကြပါသည်။ အနည်းဆုံး မိမိဆောင်ယူရွတ်ပွားလေ့မရှိသည့်တိုင်အောင် အချို့သော ဂါထာ မန္တန်တို့ကိုမူ ကြားဖူးကြ၊ မြင်ဖူးကြပါသည်။ ဥပမာ- သုဂတောငါးချက် ဂါထာ၊ ဝ'ကိုးလုံးဂါထာ၊ ဇယစက္ကော ဂါထာ၊ အောင်ခြင်းရှစ်ပါး ဂါထာများသည့် ဂါထာများကို အချို့က ကြားဖူးကြ၊ အချို့ကတော့ ဆောင်ယူလေ့ရှိတတ်ကြသော ဂါထာ မန္တန်တို့ ဖြစ်ပါသည်။ တစ်ဖန် ပဌာန်ဇေယမန္တန်၊ စိန္တာမဏိ (အဓိဋ္ဌာန်ဂါထာ၊ အပိတ်ဂါထာ) ဂါထာ သည်တို့သည် အလွတ်အာဂုံရသူ၊ ဆောင်ယူသူနည်းသော ဂါထာ မန္တန်တော်ကြီးများ ဖြစ်ကြပါသည်။ သို့သော် အထက်တွင် ကျွန်ုပ် ဆိုခဲ့သည့်အတိုင်း ယခု တင်ပြအံ့သော သုကိတ္တိမာ ဂါထာတော်ကား ကြားဖူးနားဝရှိသူ အတော်နည်းမည့် ဂါထာမျိုး ဖြစ်ပါသည်။ အကြောင်းမူကား ဤဂါထာသည် ဂါထာမန္တန်စာအုပ်များ၌ပင် (ကျွန်ုပ် လေ့လာတွေ့ရှိသလောက်) မပါသလောက်ပင် ဖြစ်သည့်အပြင် ဤဂါထာသည် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာကျမ်းများနှင့် အစီအရင်များ၌သာ အသုံးပြု ဖော်ပြလေ့ရှိသည့် ဂါထာမျိုး ဖြစ်သောကြောင့်ပင်။ ထိုသို့ ဂန္ဓာရီ ဝိဇ္ဇာမယ အစီအရင်များ၌သာ အသုံးပြုလေ့ရှိသဖြင့် အများပြည်သူတို့ သိမြင်နိုင်ရန်ခဲယဉ်းလှသော ရှက်ပုန်းသီးဂါထာမျိုးဖြစ်သဖြင့် ယခုကဲ့သို့ ဖော်ထုတ်တင်ပြလိုက်ရခြင်း ဖြစ်ပါ၏။

သာမန်လူများအတွက် ဤသုကိတ္တိမာဂါထာသည် သာမညဂါထာဟု ထင်စရာရှိသော်လည်း ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာကို ထဲထဲဝင်ဝင် လေ့လာလိုက်စားပြီး ဝိဇ္ဇာမယအင်း အစီအရင်များ၊ ဝိဇ္ဇာမယနတ်မှော်ဝင် ဆေးဝါးများကို စီရင်ဆောင်ယူမည့်သူများအဖို့ကား မလွဲမသွေ သိရှိအပ်၊ အသုံးပြုအပ်သော ဂါထာတစ်ခု ဖြစ်ပါသည်။ သို့ဖြစ်၍ ဤဂါထာသည် ဝိဇ္ဇာမယပညာ ဂါထာတစ်မျိုးဟု မှတ်ယူသင့်သော ဂါထာတစ်ပုဒ် ဖြစ်ပါသည်။ ဂန္ဓာရီ ဝိဇ္ဇာမယပညာဟူသည် မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော တန်ခိုးသိဒ္ဓိတို့ကို ရယူနိုင်ရန် လိုအပ်သော ဂါထာ၊ မန္တန်၊ မန္တရား၊ အင်းအိုင်၊ လက်ဖွဲ့၊ ဆေးဝါးအစီအရင်တို့ကို ကြံဆစီရင်လုပ်ဆောင်ရသည့် အတတ်ပညာမျိုးဖြစ်ရကား ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာအစီအရင်တို့တွင် အမျိုးမျိုး၊ အကြိမ်ကြိမ် သုံးလေ့ရှိသော ဂါထာ မန္တန်တို့သည် သာ န် ဂါထာမန္တန်မျိုး မဟုတ်လေဘဲ တန်ခိုးထက်မြက်သော ဂါထာ မန္တန်များသာ ဖြစ်ကြသဖြင့် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်တို့ လက်စွဲလက်ကိုင်ပြု သုံးစွဲလေ့ရှိသော ဤသုကိတ္တိမာဂါထာသည်လည်း ကောင်းမြတ်သောအကျိုး တန်ခိုးသိဒ္ဓိကို ပေးစွမ်းနိုင်သောဂါထာမျိုးသာလျှင် ဖြစ်ရမည်သာ။ သို့အားလျော်စွာ လူအများ သိမြင်ယဉ်ပါး ကြားဖူးလေ့မရှိသော ဤသို့သော ရှက်ပုန်းသီးဂါထာ သုကိတ္တိမာကို အများသိ၍ သိသောသူများ ဖော်စားသုံးစွဲ ဆောင်ယူနိုင်ကြပါစေခြင်းအလို့ငှာ ပညာဝေမျှ ဖော်ထုတ်တင်ပြလိုက်ရပါသည်။ ဦးစွာ ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာသုံး သုကိတ္တိမာဂါထာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

**သုကိတ္တိမာဂါထာ**

သုကိတ္တိမာ သုဘာစာရော၊
သုသီလဝါ သုဘာဂတော။
ယသ သိမာဝ စေမိရော၊
ကေသရောဝါ အသမ္ဘိတော။

သုကိတ္တိမာ ဂါထာကား အထက်ပါအတိုင်း ရှစ်လုံး တစ်ပါဒ၊ လေးပါဒ ဂါထာတစ်ပုဒ်၊ အက္ခရာဝလီ (၃၂) လုံးသာရှိသော ဂါထာလေးမျှသာ ဖြစ်၏။ ဂါထာသည် ကြီးမားခြင်း မရှိ သေးငယ်လှသော်လည်း ငယ်သာငယ် အသုံးကျယ်သည့်ဂါထာဟု ဆိုရမည့် ဂါထာတစ်ပုဒ် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ဤသုကိတ္တိမာဂါထာနှင့် သုဝဏ္ဏဘုမ္မိဂါထာတို့သည် အကွယ်အကာ၊ ကိုယ်လုံနှင့် နတ်မှော်ဝင်ဆေးများအတွက် အမိက အသုံးပြုလေ့ရှိသော ဂါထာတို့ ဖြစ်ပါသည်။ ဤ သုကိတ္တိမာ ဂါထာကိုပင် အင်းဆန်အဖြစ်သုံးကာ အဝင်အင်း၊ အထွက်အင်းအဖြစ် ဂန္ဓာရီ ဝိဇ္ဇာမယ သိဒ္ဓိဆေးဝါးအစီအရင်များတွင် အများဆုံး အသုံးပြုလေ့ရှိပါသည်။ ဤဂါထာကို ဂါထာအဖြစ် သီးသန့် ဆောင်ယူလိုသူများအတွက် ဗားမဲ့ဆရာတော်ကြီး စီရင်ခဲ့သော သုကိတ္တိမာ အန္တရာယ်ကင်းဂါထာမူတစ်ပုဒ်ကို ဦးစွာကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဗားမဲ့ဆရာတော်၏ သုကိတ္တိမာ ဂါထာ (ဗားမဲ့မူ)**

သုကိတ္တိမာ၊ သုဘာစာရော၊ သု



www.burmeseclassic.com

www.burmeseclassic.com

သီလဝါ သုပါကဍ္ဍော၊
ယသ သိမာဝ စေတိရော၊ ကေ
သရောဝါ အသမ္ဘိတော။
(သွေ့) သွေ့ဟယံ ဒ ဒံ သွေ့မာယံ
ပီယံ၊ သွေ့ဟ ယံဝရာ သွေ့ဟယံ
သုခါ၊
ဗုဒ္ဓအတံ အဟံကာယေ၊ ပူဇေ
တွာ ရာမတေသုခါ။

ဤဂါထာကို ဟားမဲ့မူအတိုင်း စာလုံးပေါင်းအက္ခရာများကအစ မူရင်းမပျက် ဖော်ပြလိုက်ပါသည်။ ဤဂါထာကို မပြတ်ပွားများ ရွတ်ဖတ်ဆောင်ယူလေပါက ဘေးအပေါင်း၊ အန္တရာယ်အပေါင်းမှ ကင်းလွတ်၏။ မီးကွင်း၏။ မီးဘေးမှကင်းလွတ်နိုင်၏ ဆိုမိန့်ထားပါသည်။

### သုကိတ္တိမာဂါထာနှင့်အင်းစမပညာ


ဤသုကိတ္တိမာအင်းကို အင်းစမပညာရှင်များကလည်း ဤဂါထာကို အင်းဆန်ပြုလျက် (၃၂) ကွက် ပုဆစ်ပုံအင်းများဖြင့် ဝင်အင်း၊ ထွက်အင်း စီရင်ကာ အသုံးပြုကြပါသည်။ မဟာပဋ္ဌမံထွက်ရပ်လမ်း ပညာတက်စဉ်၌ ဤသုကိတ္တိမာ ဝင်အင်း၊ ထွက်အင်းများကို ဝိဇ္ဇာမယ အင်းစမ ပညာရှင်များသည် သောက်အင်းအဖြစ် စီရင်သောက်သုံးလေ့ ရှိကြပါသည်။ ထိုသုကိတ္တိမာ ဝင်အင်း၊ ထွက်အင်း ပုံစံများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

သု ရော ဂ ဝါ
ဿိ ဘာ ရော ကိ သု တော
မာ စာ တော အ ရော တ္တိ
သု သ ဝ သ ယ သီ
ဘာ သိ ဝါ မိ မာ ကေ
စေ သု သ လ

**သုကိတ္တိမာ ဝင်အင်း**

တော ကေ သ သု
ကိ သ ဘာ ဿိ ရော ယ
သု သ သု မာ သု သ
မာ တ္တိ ဝါ စာ တော မိ
ရော ဘာ ဝ သီ အ ရော
လ ဝါ ဂ စေ

**သုကိတ္တိမာ ထွက်ဝင်း**



ဖော်ပြပါ သုကိတ္တိမာ ဝင်အင်း၊ ထွက်အင်းများကို ဝိဇ္ဇာမယသိဒ္ဓိ အင်းစမပညာရှိများ၊ အထူးသဖြင့် မဟာပဋ္ဌမံထွက်ရပ်လမ်းပညာ တက်စဉ်များတွင် သောက်အင်းများအဖြစ် စီရင်သောက်သုံးရပါသည်။ ထို့ပြင် အချို့သော အင်းအစီအရင်များတွင်လည်း သုကိတ္တိမာဂါထာကို အင်းဆန်အဖြစ်ထည့်သွင်း၍ သုံးစွဲထားသည်ကိုလည်း တွေ့ရပါသည်။ ထိုအစီအရင်များထဲမှ အောက်ဖော်ပြပါ အစီအရင်ကို ကောက်နုတ်ဖော်ထုတ်တင်ပြလိုက်ပါသည်။

ဖော်ပြပါ လူပုံအဆောင်အင်းအစီအရင်ကို လေ့လာကြည့်ပါက လူပုံ၏ ကိုယ်အထက်ပိုင်း၌ သုကိတ္တိမာဂါထာကို အသုံးပြုရေးသွင်းထားသော (၁၆) ကွက်အင်းကို တွေ့ရမည် ဖြစ်ပါသည်။ ဤလူပုံအဆောင်အင်း အစီအရင်ကို ရှေးကဆရာများကိုယ်တိုင် စီရင်ဆောင်ထားတတ်သလို တပည့်များအားလည်း စီရင်ပေးထားလေ့ရှိပါသည်။ ပယောဂရောဂါ၊ အတိုက်အခိုက်များအတွက် အလွန်ကောင်းသောအဆောင် ဖြစ်ပါသည်။ စုန်း၊ နတ်၊ ပယောဂ၊ အတိုက်၊ လူပြု၊ စုန်းပြုများအတွက် အဆောင်ကိုပြ၍ အမိန့်ပေးနိုင်ပါသည်။ ပီယ၊ လာဘများလည်း ပွင့်လန်းစေသည်။ အစစအရာရာကောင်းလှ၍ ဉာဏ်ရှိတိုင်းသုံးနိုင်ကြောင်းညွှန်းဆိုထားပေသည်။ ဤအစီအရင်ကို စီရင်သောအခါ ကန်တော့ပွဲ (၃)ပွဲပေးပြီး ထီး၊ တံခွန်၊ ကြက်လျှာတို့ ပါစေရမည်။ သင်ဖြူးခင်းပြီး အပေါ်မှ ပိတ်ဖြူ (၅) တောင်၊ ပိတ်နီ(၅)တောင် ခင်းရပါမည်။ အင်းအဟိန်းဂါထာအနေဖြင့် သုကိတ္တိမာဂါထာ (၁၀၈) အုပ် စုတ်ရပါမည်။

ဝိဇ္ဇာမယသိဒ္ဓိအင်းစမပညာရှင်များသည် ဤသုကိတ္တိမာဂါထာကိုပင် အင်းအရံဂါထာအဖြစ်သုံးတတ်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ အထူးအားဖြင့် စတုဝီသခေါ် စမွာနုဝထောင့်ထုတ်အင်းများတွင် အင်းအရံဂါထာအဖြစ် အသုံးပြုစီရင်ထားကြောင်းတွေ့ရလေသည်။

### စမွာနုဝ စတုဝီသ (၂၃) လေးထောင့်ထုတ်အင်းအရံအသုံး

စတုဝီသ စမွာနုဝ (၂၃) ထောင့်ထုတ်အင်းတွင် သုကိတ္တိမာဂါထာကို ရံ၍ ယောက်ျားရုပ်၊ မိန်းမရုပ် ရင်ချင်းအပ်ရေးပြီး စက္ကူတွင်ချ၍ စီရင်ရပါသည်။ ဤအင်းစီရင်သောကာလ လိုသောသူ၏နံသင့် ဘုရားတွင် မုန့်၊ ယို၊ ဆီမီး၊ တံခွန်၊ ပေါက်ပေါက်တို့ ပူဇော်ပြီး ထိုအင်းကိုမြှုပ်ပါက (၁၂) ယူဇနာပင် ကွာဝေးသော်လည်း မရောက်မနေ လာရသည်ဟု ဆိုသည်။ တစ်လ၊ နှစ်လ သွားရသောခရီး (ရှေးက)ကပင် ရောက်အောင်လာရ၏။ ထို (၂၃) ထောင့်ထုတ် စမွာနုဝအင်း နမူနာအား အောက်တွင် ဖော်ပြလိုက်ပါသည်။

| | | | | |
|---|---|---|---|---|
| ၂၃ | ၃၀ | ၁၅ | ၂၉ | ၂၃ |
| ၂၈ | ၂၆ | ၂၄ | ၂၆ | ၂၈ |
| ၂၇ | ၂၂ | ၂၉ | ၂၂ | ၂၇ |
| ၂၈ | ၂၆ | ၂၄ | ၂၆ | ၂၈ |
| ၂၃ | ၃၀ | ၂၅ | ၃၀ | ၂၃ |

**စတုဝီသစမွာနုဝ**
**(၂၃)ထောင့်ထုတ်အင်းနမူနာ**



www.burmeseclassic.com

www.burmeseclassic.com

### ဝိဇ္ဇာမယသိဒ္ဓိ ဆေးဝါးအတတ်ပညာနှင့် သုကိတ္တိမာဂါထာ

ဤသုကိတ္တိမာဂါထာကို ဝိဇ္ဇာမယသိဒ္ဓိ ဆေးပညာရှင်များကလည်း ယင်းတို့၏နတ်ဆေးဝါး၊ မှော်ဝင်ဆေးဝါး အစီအရင် များစွာတွင် မကြာခဏ ထည့်သွင်းသုံးစွဲလေ့ရှိကြောင်း တွေ့ရပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ထင်ရှားသောသာဓကလည်း ဖြစ်သည့်အပြင် ဝိဇ္ဇာမယသိဒ္ဓိ ဆေးဝါးအတတ်ပညာတွင် အရေးပါသော နတ်မှော်ဆေးဝါး အစီအရင်ကြီးများတွင် အဝင်အပါဖြစ်သော ဝိဇ္ဇာမယသိဒ္ဓိ မဟာမြိုင်ဆေးစီရင်ပုံ၊ စီရင်နည်းတစ်ခုကို ဦးစွာဖော်ပြလိုပါ၏။

### မဟာမြိုင်ဆေးတော်ကြီးစီရင်နည်း

ဤဆေးတော်ကြီးကို ဖော်ရန် ပေါင်းကြီးချက်၊ ကျားကြီးလျှာ၊ ကြစု၊ ပိတောက်မှို၊ ပုဏ္ဏရိက်၊ က္ကသရမူလီ၊ ဇသမိန်၊ ဖုံးမသိန်၊ ကတိုးစစ်၊ နံ့သာမျိုးငါးပါး၊ ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုန်းပေါင်း၊ မဟာပိန္နဲနတ် လက်ဝဲ,လက်ယာ ရစ်သည့်ပန်း၊ ဆေးကမြင်း၊ ကတ္တူကဆည်း နန်းတရုပ်၊ ထင်းရှူး၊ ဥပသကာ၊ ... ချောင်းခြား၊ စန္ဒကူးနီ၊ သီလာ ... ဂေါရာစဉ်း၊ ပစ္စည်းရွက်၊ ပဲနံ့သာ ...၊ မဲပန်းညိုပန်း၊ ဒါရူရွက်၊ ကမ္ဘကူ ... ရင်း၊ မြေစာပင်မြက်သီး။ ထိုဆေးအ ... များကို အမျှစီစု၍ စမ္ဗာနဝ ပဌမ အင်း လေးထောင့်ထုတ်စမ္ဗာနဝအင်း၊ ... လဂ် အလယ်လေး (၃) ဆိုင်အင်းခံ၊ အင်းထောင့်လေးထောင့်၌ အရဟံလေး ... ၊ ဥဏ္ဏာလုံအညွန့်တပ် (နဝင်းစမ ... ကို ဆိုလိုသည်။) အရဟံအင်းကို ... ၆၇၇၅၉၃ ရုံ။ တာဏာလေဏာ စ ... အင်း (ဤအင်းအကြောင်း ကျွန်ုပ် ... လေပြီ) ကို အောက်-အထက်ရုံ။ ... အင်းများကို ကျောက်ဖျဉ်တွင်ခံပြီး ... အဝတ်အစားအသစ်တစ်စုံ တင်၍ ... ကြိတ်ရမည်။ ထို့ပြင် နတ်ပွဲယမကာ ... အလင်ပြုပြီး ဖျင်ဖြူ, ဖျင်နီ၊ အုန်း၊ ... ပျော၊ ကွမ်း၊ လက်ဖက်၊ မုန့်ဖြူ, မုန့်နီ၊ ... မင်းရှစ်ညီ၊ နွားနို့၊ ထောပတ်၊ ပန်း ... တံခွန်၊ ကြက်လျှာရှစ်တိုင်စီပြု၍ ... အလိုက် ပူဇော် ခင်းကျင်း၍ထားရ ... ထို့နောက် သကိန်းနတ်ဘုရင်ကို ... ဆွမ်းသင်ပုတ်၊ တံခွန်၊ ကုက္ကား၊ ... တောင်းတိုင်၊ အမွှေးတိုင် အစုံအညီ ... ဘုရားကိုရွှေချကပ်လှူပါ။ အား ... လျှင် တနင်္ဂနွေအရပ်မှ စ၍ ပင့်ရ ... နေ့မှာ-


*'အို ဘုရား၊ ပစ္စေကဗုဒ္ဓါ ဘုရားလာ၊ သွားကြတော်မူ၍ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တော်သုံးပါးကို ဘုရားသခင် ရတော်မူသည့်အတိုင်း ကျွန်ုပ်အား သနားတော်မူပါ'*

ထိုအတိုင်း အရပ်ရှစ်မျက်နှာကို လှည့်၍ ပင့်ပါ။ ထိုအချိန်တွင် ဆေးကိုလည်း ရှစ်မျက်နှာလှည့်၍ နတ်တို့ကို ပူဇော်ပြီး တစ်ခါတည်း ညက်အောင် ကြိတ်ရမည်။ ထို့နောက် ဆေးကို သုကိတ္တိမာဂါထာနှင့် (၁၀၀၀) စုတ်ပါ။ ထို့နောက် သိန္နောယံဝါဂါထာနှင့် (၁၀၀၀)၊ ဇဝံအစိန္တိယာဂါထာ သုံးပုဒ်နှင့် (၁၀၈) အုပ်စုတ်။ ၎င်းနောက် သူရဿတီဂါထာ အခေါ် ဆုတောင်းများနှင့် (၁၀၈) အုပ်စုတ်ပါ။ ပြီးလျှင် ဤမဟာမြိုင်ဆေးတော်ကို ရွှေကြုတ်၊ ငွေကြုတ်တို့၌ ကောင်းစွာထည့်၍ သိမ်းဆည်းထားပါ။

ဆေး၏အကျိုးကား ဣတ္ထိယသျှိ၊ ရာဇာသျှိ၊ သဗ္ဗသျှိ သျှိသုံးပါးကို လိုသော် ဆေးကို မျက်စိနှစ်ဖက်၌ကွင်း၊ နဖူးတွင်မှန်ကူ၊ ရင်ကိုလည်း သုတ်ထားသော် နတ်၊ လူ ဟူသမျှ ချစ်ခင်ကြည်ညိုလေးမြတ်၏။ မိန်းမ မီးမဖွားနိုင်ရှိနေက နဖူးကိုဆေးဖြင့် မှန်ကူပေး၊ ကောင်းစွာဖွား၏။ မြွေကိုက်သော်၊ အဆိပ်ရှိသတ္တဝါကိုက်သော် အနာကိုပွတ်ပေး၊ ချမ်းသာ၏။ စကားတတ်သောကျေးငှက်၏ အတောင်နှင့် ဆေးကိုတို့ပြီး နားကြပ်ပေးက သူရဿတီနတ်ဒေဝီ စကားသုံးခွန်း ဆိုပြောလာလိမ့်မည်။ ထိုသုံးခွန်းအနက် နှစ်ခွန်းကိုယူက မှန်၏။ အိမ်၊ ကျောင်း၊ နန်းဆောက်ရန်ရှိသောတွင်းကို တစ်တောင်ခန့်တူးပြီး လူခြေတိတ်သော ညဉ့်အချိန် ဆေးကိုနားမှာလူးပြီး နားထောင်ပါက ငိုသံကြားလျှင် သချိုင်းဖြစ်နေရာ ဖြစ်၏။ စည်သံ ပြောသံကြားသော် သူဌေးတို့နေရာ၊ ဆုံသံ,မောင်းသံကြားလျှင် သူဆင်းရဲတို့နေရာအရပ်၊ စောင်းညှင်းသံကြားလျှင် မင်းညီမင်းသားတို့နေရပ် ဖြစ်၏။ စစ်မက်ထွက်သော်၊ စစ်ချီသော် မျက်စိကိုဆေးနှင့်ကွင်း၍ ကောင်းကင်ကို ကြည့်ပါလေ။ သိကြားမင်း ရေအိုးပိုက်ထားဟန်မြင်သော် စစ်နိုင်အံ့။ လူပကတိကိုမြင်သော် စစ်ရှုံးအံ့၊ နောက်ရင်းပြန်ဆုတ်လေ။

ဆေးကြိတ်၊ ဆေးစီရင်သောကာလ နေ့ကောင်းရက်မြတ်၊ နက္ခတ် ခပါဒ်ကောင်း ကြုံစေရမည်။ ဆေးကြိတ်မည့်နေရာကို ရာဇမတ်ဝင်းကာ၊ ပိတာန်မိုး (မျက်နှာကြက်မိုး) ရမည်။ ဆေးကြိတ်သောရေမှာ နှင်းဆီနံ့သာဆီ၊ မဟာဂီရိရေ (အိမ်တွင်းနတ်ကိုတင်သောရေ) တို့ဖြင့် ကြိတ်ရမည်။

ထို့ပြင် သုကိတ္တိမာဂါထာကို စက်ဝန်းအင်းအဖြစ် မဟာမြိုင်နတ်ဆေးကြီးတစ်ခုတွင် ထပ်မံသုံးထားကြောင်း တွေ့ရပြန်ပါသည်။ သို့သော် ဤဆေးနည်းမှာ အလွန်ရှည်လျား ရှုပ်ထွေးလွန်းလှသောကြောင့် ဆေးစီရင်နည်း အသေးစိတ်အား ဖော်ပြခြင်းမပြုတော့ဘဲ ထိုဆေးနည်းတွင်သုံးထားသော ဆေးကြိတ်ရာ၌ စီရင်အသုံးပြုသည့် သုကိတ္တိမာ စက်ဝန်းအင်းပုံစံ နမူနာကိုသာ ဖော်ပြလိုက်ပါသည်။



သုကိတ္တိမာ ဂါထာစက်ဝန်းအင်း

### သုကိတ္တိမာဂါထာသုံး ဒီပံမီးထွန်းအင်းအစီအရင်များ

ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရပ်တစ်ခုဖြစ်သော ဝိဇ္ဇာမယသိဒ္ဓိ အင်းစမပညာရပ်တွင် ဒီပံမီးထွန်းအင်းအစီအရင်များစွာရှိကြသည်။ မီးဆိုသည်မှာ တေဇောဂြိုဟ်ဓာတ်နံ့သဘောအရ အင်္ဂါ(၁-၀) ဖြစ်လေရာ အင်္ဂါတေဇော၏ဓာတ်တန်ခိုးသည် ဘုန်းတန်ခိုးကြီးစေခြင်း၊ တန်ခိုးဟောဇော်အာနုဘော်ကြီးခြင်း၊ အတိုက်အခံ ရန်တို့ကို တုံ့ပြန်နိုင်သည့်သဘောရှိခြင်း၊ အကျိုးတန်ခိုးသိဒ္ဓိကို လျင်မြန်ပြင်းထန်ကြီးမားစွာ ရရှိစေနိုင်သောသဘောရှိသဖြင့် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီအစီအရင်အမျိုးမျိုးတို့ကို စီရင်ရာတွင် ဖြစ်စေ၊ ဝိဇ္ဇာမယကျင့်စဉ်များကို ကျင့်ကြံအားထုတ်သည် ဖြစ်စေ၊ ဝိဇ္ဇာမယလုပ်ငန်းရပ်များ အရေးကြုံ, အရေးပေါ် လုပ်ဆောင်နိုင်ရန် ဖြစ်စေ၊ အင်္ဂါဓာတ်ကို ဆောင်သော ဆီမီး, မီးအလင်းတိုင်များ ထွန်းညှိခြင်းကို မဖြစ်မနေလုပ်ကြရ၏။ သို့မှသာ အစီအရင်လုပ်ဆောင်သော အစီရင်များ လျင်မြန်ပြီးမြောက် အောင်မြင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com

မိမိလိုလားအပ်သောအကျိုး တန်ခိုးသိဒ္ဓိများ လျင်မြန်စွာရရှိစေရန် အောင်မြင်ပြီးမြောက်မှုအဟုန် လျင်မြန် ပြင်းထန်စေရန် အရေးကြုံ အတိုက်အခိုက် အပြိုင်အဆိုင်များကို တုံ့ပြန်ရင်ဆိုင်ရန်၊ တန်ပြန်ရန် စသောကိစ္စရပ်များအတွက် ဒီပံမီးထွန်းအင်း အစီအရင်များကို စီရင်အသုံးပြုလေ့ရှိကြပါသည်။ မြန်မာ့ဂန္ធာရီဝိဇ္ဇာမယ လောကီပညာတွင် ဤသို့ဆိုခဲ့ပြီးသော ဒီပံမီးထွန်းအင်း အစီအရင်ပေါင်းများစွာ ရှိပါသည်။ ထိုအစီအရင်များတွင် ယခု ဆွေးနွေးတင်ပြနေသည့် သုကိတ္တိမာ ဂါထာကို အင်းဆန်အဖြစ် အသုံးပြုထားသော အထက်တွင်တင်ပြခဲ့သည့် သုကိတ္တိမာ စက်ဝန်းအင်းနှင့် သုကိတ္တိမာဂါထာအင်းကို အသုံးပြု ထည့်သွင်းစီရင်ထားသော ဒီပံမီးထွန်းအင်းအစီအရင်များထဲမှ အချို့ကို ကောက်နုတ်တင်ပြသွားမည် ဖြစ်ပါသည်။ သို့မှသာ ဤသုကိတ္တိမာဂါထာသည် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာနယ်တွင် မည်မျှအရေးပါပြီး အသုံးကြွယ်ကြောင်း ပိုမိုသိမြင်လာကြမည် ဖြစ်ပေသည်။

**(၁) ဒီပံမီးထွန်းအင်း အစီအရင်နှင့် သုကိတ္တိမာ ဂါထာစက်ဝန်းအင်း**

ရတနာဒီပံမီးထွန်းအင်းအစီအရင်သည် ရှေးမြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်ကြီးမှသည် ယခုမျက်မှောက်ကာလအထိ အင်းစမပညာရှင်များ၊ ယတြာ မာတ်ရိုက် ဓာတ်ဆင်ပညာရှင်များ လွန်စွာကိုးစား အားထားယုံကြည်စွာ ဆောင်ယူစီရင် အသုံးပြုနေသော ဒီပံမီးထွန်းအင်း အစီအရင်ကြီးတစ်ခု ဖြစ်ပါသည်။ ဖော်ပြထားသည့် ရတနာဒီပံ မီးထွန်းအင်းအစီအရင်ကိုကြည့်ပါက ယခု တင်ပြဆွေးနွေးနေသော သုကိတ္တိမာ ဂါထာကို အသုံးပြုထားသည့် သုကိတ္တိမာစက်ဝန်းအင်းကို ဒီပံအစီအရင်၏အလယ်တွင် ထည့်သွင်းသုံးစွဲ စီရင်ထားသည်ကို တွေ့ရပါလိမ့်မည်။ ဤရတနာဒီပံမီးထွန်းအင်းအစီအရင်ကြီး၏ အင်းအညွှန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ရတနာဒီပံအင်းအညွှန်း**

'ရတနာဒီပံ၊ တည်ဟန်အစ၊ သောဌသကို၊ တည်ထ အောက်ဆုံး၊ ပေါင်းရုံးတောင်-မြောက်၊ ရှေ့-နောက်ဝန်းကျင်၊ ခေါ်တွင်စမ္မာနဝ (၂၁၆) ခု ကယ်မှ၊ တည်ထပလ္လင်၊ အောက်တွင်အညီ ပထဝီနှင့်၊ စုံညီသိပ်သိပ်၊ သုကိတ္တိမာ၊ စက်ဝန်းရာက၊ ပါသာဒရေး၊ ဧဝံအစိန္တိယာ၊ ဒုပိကာပိတ်၊ စွန်းထိပ်ခေါင်မှာ၊ ပုဒိအာနှင့်၊ သညာတသီး၊ မိမိနံပင်၊ အလယ်ခွင်ဝယ်၊ မြပင်သွတ်လေ၊ စီရင်ပေမှ၊ လုံစေဘုံဘိ၊ ဇဟိမိတ္တံ၊ စုတ်နိုးဟန်ကား၊ နိုင်းစံမမျှော်၊ ဂုဏ်တော်ကိုးပါး၊ နောက်ကတုဋ္ဌေဟိ၊ ချုပ်စေလော့၊ ချရေးမှတ်၊ ဆေးမြတ်ဟသ်ပဒါး၊ ပန်းပေါင်းများနှင့်၊ ခန့်ထားစီရင်၊ အဂ်ါ, စနေ၊ နက္ခတ်အမြတ်၊ ကမ္ပတ်တကြောင်း၊ ချိန်ခါကောင်းဝယ်၊ နတ်ကောင်းနတ်ရကာ၊ ငွေစင်ငါးကျပ်၊ ဆုလာဘ်အုန်းသီး၊ ငှက်ပျောဖီးနှင့် မုန့်ကြီး,မုန့်ငယ်၊ ကြိုင်မွှေးနံ့သာ၊ ကွမ်းယာလက်ဖက်၊ မပျက်စေရာ၊ လေးခုသာတည်း၊ ဆရာပြုသူ၊ ဖြူစွာအဝတ်၊ လဲချွတ်စီရင်၊ ချထုပ်ပြင်တော့၊ ချည်မျှင်မီးစာ၊ သတ္တိသားစစ်၊ တည်တုံလစ်မှ၊ ဆေးဒသနှင့်၊ နာမတမူ၊ ငဖြူကြီး, ငဖြူငယ်၊ ငနက်ကြီး, ငနက်ငယ်၊ လေမီးမိုးများ၊ ဆေးခြောက်ပါးတွင်၊ ဆင့်ပြားလင်းဆိပ်၊ ဆေးကြိတ်သွင်းမှု၊ ရောထုံပြုမှ၊ စတုကာဠ၊ သီသမှန်လျှင်၊ မြေတွင်းဖယောင်း၊ အပေါ်လောင်းလေ၊ ကောင်းထွေစိမ်သော၊ နှင်းဆီရော၍၊ ချည်ချောကိုပွတ်၊ မွတ်မွတ်ချောချော၊ ရေးသောစက္ကူ၊ အင်းကိုယူလော့၊ လိမ်မူကြပ်ကြပ်၊ ငါးကျပ် ဖယောင်းလောင်း၊ အပေါင်းထိန်ထိန်၊ ရွှေကိန်းချမြောက်၊ ဝါးကျည်ထောက်တွင်၊ သူတို့လေချင်က၊ လိုအင်ဆန္ဒရှိသမျှကို၊ စိတ်ကရွတ်ဖတ်၊ ဆုတောင်းလတ်ကာ၊ ရာဇာမင်းထံ၊ သားမှန်မူ၊ ထိုသသူကို၊ ဆုယူတောင်းက၊ သားပုတ္တာသို့၊ ဒေါသမျက်ပြေ၊ ချစ်ကြိုးခွေ၍၊ ကြီးထွေမြောက်ထ၊ ရွှာပြည်ရလိမ့်၊ ဒေဝပိယ၊ ထွန်းလျှံအငွေ့၊ တန်ခိုးရှေ့က၊ ငြိမ်းစွကြည်ညို၊ မေတ္တာပို့သည်၊ မင်းဆိုသမျှ၊ အောင်အပ်လှ၏။ ရာဇ-ကတ္တိ၊ သျှိသိဒ္ဓိလည်း၊ ပြီးဘိတေဇာ၊ မေတ္တာသိန္နေ၊ ချစ်ကြိုးခွေသည်၊ ထွေရာသောင်းပြောင်း၊ ကုန်ရောင်းကုန်သွယ်၊ သွယ်သောဥစ္စာ၊ မြတ်စွန်းရာ၏။ ရောဂါဒုက္ခ၊ ကိုယ့်ပ, ကိုယ်တွင်း၊ မသန့်ရှင်း၍ အိမ်တွင်း,အိမ်ပြင်၊ စုန်းမှင်နတ်ရဲ စွဲလမ်းမိစ္ဆာ၊ သီဟာဗျဂ္ဃ၊ အနိဋ္ဌပေါင်း၊ မကောင်းရန်သူ၊ တစ်ယူဇနာ ဆုတ်ခွာကဲမြောက်၊ ဘုန်းတောက်ရောင်လင်း၊ လူချင်းသူပြု၊ ပညာမျှလည်း၊ ဂုရုဆရာ၊ ဟုတ်တိုင်းမှာသည်၊ ဇာတာအာယု၊ မိတ္တုဆင်တိုင်း၊ ယိမ်းယိုင်ယွင်းဖောက်၊ သက်ရောက်သက်ခတ်၊ စန်းလွှန်းပြတ်နှင့်၊ ဥပါဒ်မိတ္တူ၊ စန်းလဂ်မျှလည်း၊ တစ်ခုမှုမကပ် ကင်းစေတတ်သည်၊ မြတ်သောဆရာ ပညာ



တည်း'

ဤကား ဖော်ပြပါ ရတနာဒီပံ အင်းအစီအရင်နှင့် ပတ်သက်၍ စီရင်နည်းနှင့် အင်းအကျိုးသွားတို့ကို ဖော်ပြ သော အင်းညွှန်းလင်္ကာမူရင်း ဖြစ်ပါ သည်။ လင်္ကာ၌ အင်းစီရင်နည်းနှင့် အကျိုးတို့မှာ ထင်ရှားပေါ်လွင်လှပါသဖြင့် ဆောင်းပါးလေးအံ့စိုး၍ ထပ်မံရှင်းပြခြင်း မပြုတော့ပါ။ သို့သော် ထိုမဟာရတနာ ဒီပံအင်း အစီအရင်ကို ထွန်းညှိထားစဉ် အတွင်း ရွတ်ဆိုရမည်။ ဆုတောင်းစာ ကား ဆက်တိုက် ဖော်ပြလိုက်ပါသည်။

**ရတနာဒီပံဆုတောင်း**

၁။ သတ္တာန္တံ- ခုနစ်ဆူသော၊ သမ္ဗုဒ္ဓါန်- မြတ်စွာဘုရားတို့အား၊ နမော-ရှိခိုး ပါ၏။

၂။ ရတနာဒီပံ၊ တန်ခိုးလျှံသည်၊ မ ဂုဏ်၊ မြူမှုန်မှောင်ခွင်း၊ မင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာ၊ ပညာစီစဉ်၊ အညွှန်းယှဉ်၍၊ ကြည်ရွှင်လွန်းညို၊ ပူဇော်ဘိသား၊ သိဒ္ဓိအစု၊ ပညာမှုကြောင့်၊ ယခုစောစွာ၊ ဘယာပဋ္ဌဝိ၊ ငါးလီရန်မျိုး၊ ကြမ္မာညှိုး သုံးဆယ့်နှစ်၊ ရပ်ပြစ်ရှစ်တန်၊ ဒဏ်လည်းဆယ်ထွေ၊ များသွေဥပဒ်၊ မကပ်မငြိ၊ ပြကတိသည်၊ ဆနဝုတိကင်းစေသော်။

အရပ်ရှစ်မျက်နှာ၊ သွားလေရာလည်း၊ တနာလူများ၊ ကြင်နာပွား၍၊ သားရင်းအသွင်၊ မေတ္တာဝင်သည်၊ မြင်မြင်သမျှ ချစ်စေသော်။

လောကပါလ၊ နတ်လေးဖြာနှင့်၊ ဣန္ဒာသိကြား၊ အစထားသည်၊နတ်များစောင့်ရှောက်မ,စေသော်။

သုရဿတီမယ်ဒေဝီနှင့်၊ စန္ဒီရက္ခာ၊ မိန္ဒရာမေ၊ စရိုပေသား၊ ကိုးသွေဒေဝီ၊ မဟေသီတို့၊ ပီယေမေတ္တာသားပမာလျှင်၊ မချာနိစ္စ မ,စေသော်။

သု, ဇံ, ပံ, မ၊ ဂေါမန္တဟု၊ ဒေဝငါးဖြာ၊ နတ်သမာလည်း၊ လိုရာအောင်ဆုပေးစေသော်။

သတ္တဘာဂ၊ ဝါမသူရာ၊ အစဖြာသား၊ မြဲစွာစောင့်ကြပ်၊ ကိုယ်စောင့်နတ်ဟု၊ ခေါ်မှတ်တွင်လစ်၊ တစ်ကျိပ်နှစ်ပါးလည်း၊ ကြင်ချစ်မြဲစွာ၊ တရုဏာဖြင့်၊ မကွာနေ့-ည မ,စေသော်။


ဘုမ္မာရက္ခ၊ အာကာသနှင့်၊ ပဗ္ဗတအခေါင်၊ ဂူချောင်မကျန်၊ ဘုံပိမာန်၌ ပျော်စံနေပေ၊ ဒေဝေ ဒေဝါ၊ နတ်များစွာလည်း၊ သတ္တာတိသ၊ နတ်ဒေဝနှင့်၊ တကွအတူ၊ ချစ်ကြည်ဖြူ၍၊ ထို့တူကောင်းကျိုးပေးစေသော်။

မိန္ဒာဒေဝ၊ ပေတ အသူရကာယ်၊ သွယ်သွယ်များပြား၊ အစိမ်းအဝါးနှင့် စုန်းကတစ်ထွေ၊ ကဝေ ဖော်ဒ်း ယှဉ်မှီဖမ်းစား၊ ဆိုးဝါးပယော ပညာမျှလည်း၊ ဒူရ ဝေးစွာရှိစေသော်။

နိမိတ်မျိုး၊ ငှက်ဆိုးအစ၊ နက္ခတ္တနှင့် ပါပဂြိုဟ်၊ အမနာပ၊ အထမင်္ဂလာ၊ အဖြာဖြာလည်း၊ လျင်စွာယခု ပျောက်စေသော်။

စီးပွားဥစ္စာ၊ မဟာလာဘ၊ လာဘ်ကြီးရ၍၊ ဒိန ဒိနေ၊ ဆန်ရေစပါး၊ ပေါကြွယ်ပြားသည်၊ စီးပွားလိုတိုင်းဘက်စေသော်။

ဤသုကိတ္တိမာ ဂါထာစက်ဝန်း



အင်းအား ထည့်သွင်းအသုံးပြုစီရင်အပ်သော ဂန္ဓာရီ ဝိဇ္ဇာမယ သိဒ္ဓိအင်းပညာရှင်တို့၏လက်စွဲ ဒိပ်မီးထွန်းအင်းအစီအရင်တစ်ခုဖြစ်သည့် ရတနာဒိပ် မီးထွန်းအင်း အစီအရင်အကြောင်း ဖြစ်ပေသည်။ ဤသုကိတ္တိမာ စက်ဝန်းအင်း ပါဝင်သော ဒိပ်မီးထွန်းအင်း အစီအရင်များစွာ ရှိပါသေးသည်။

ဥပမာ-မဟာဒိပ်မီးထွန်းအင်း၊ မင်္ဂလာဒိပ်မီးထွန်းအင်း အစီအရင် စသည်များစွာ ရှိနေပါသေးသည်။ ထို့အပြင် နောက်ဆုံးတစ်ခုအနေဖြင့် သုကိတ္တိမာဂါထာကို အမိကအင်းဆန်အဖြစ် ရေးသွင်းစီရင်ထားသော ဒိပ်မီးထွန်းအင်း အစီအရင်တစ်ခုကို ဖော်ပြလိုက်ပါသည်။

## (၂) ယတြာဒိပ်မီးတိုင်အင်း အစီအရင်

ဤယတြာဒိပ် မီးတိုင်အင်း အစီအရင်မှာ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော ဒိပ်မီးထွန်းအင်း အစီအရင်များကဲ့သို့ သုကိတ္တိမာစက်ဝန်းအင်းကို ကြားညှပ် အလယ်သွင်း ပြုလုပ်စီရင်ထားသော အစီအရင်မျိုး မဟုတ်ဘဲ သုကိတ္တိမာ ဂါထာကို အမိကအင်းဆန်အဖြစ် ရေးသွင်းစီရင်ထားသည့် ဒိပ်မီးထွန်းအင်း အစီအရင် ဖြစ်ပါသည်။

စီရင်နည်းမှာ နေ့ကောင်းရက်သာ နက္ခတ် ခပါဒ်ကောင်းကို ရွေးချယ်ပြီး ဘုရားတစ်ပွဲ၊ နတ်ကြီးများတစ်ပွဲ ကန်တော့၍ အသီးသီးပူဇော်ပြီးနောက် မိုင်းကိုင်စက္ကူတွင် ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုန်းပေါင်းများကို ဟသ်ပဒါးနှင့်ဖျော်၍ ဖော်ပြအင်းပုံစံအတိုင်း သေချာစွာ ရေးစီရင်ရပါမည်။ မိမိလိုသူ၏ဆံပင်ကို အလယ်ကွက်တွင်ထည့်၊ အောက်ကွက်လယ်တွင် သူ့နံ, ကိုယ့်နံ နှစ်နံပေါင်း ထည့်ပြီး အင်းကိုမီးစာပြု၍ထွန်းပါက လိုသောသူသည် မည်မျှကွဲကွာနေပါစေ၊ ရောက်လာရပါသည်။

စိတ်အခန့်မသင့်၍ ကွဲကွာလိုပါသော် အလယ်ကွက်တွင် မိန်းမပုံကို ထည့်၊ အပေါ်ကွက်တွင် ယောက်ျားနံကို ထည့်ပြီးထွန်းပါလျှင် ကွဲကွာသွားကြ၏။ ဤနည်းတို့ကိုမှီးလျက် အခြားကိစ္စများကို ဉာဏ်နှင့်ယှဉ်၍အသုံးပြုနိုင်ပါသည်။ ဤယတြာဒိပ်မီးထွန်းအင်း အစီအရင်ပုံကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ဤမျှဆိုလျှင် သုကိတ္တိမာ ဂါထာဟူသော ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်သုံးဂါထာသည် ပညာရပ်နယ်ပယ်၌ မည်မျှအရေးပါ၍ အသုံးကျယ်၊ အသုံးကြွယ်သည်ကို ထင်သာမြင်သာရှိလောက်ကြပြီဟု ထင်ပါသည်။ တစ်ခါတစ်ရံ သီးနှံသစ်ပင်များ၌ပင်လျှင် အရသာကောင်း၍ အဆင်းလည်းလှသော သစ်သီးကောင်းများသည် အရွက်များဖုံးနေသဖြင့် ကောင်းပင်ကောင်းသော်ငြားလည်း ရွက်ပုန်းသီးများအဖြစ် လူမသိ၊ သူမသိ ဖြစ်နေတတ်ကြသည်။ ထိုနည်းတူ ဤသုကိတ္တိမာ ဂါထာမြတ်သည်လည်း ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်တွင် လူမသိသူမသိ မထင်မရှားဖြစ်နေသည့် ရွက်ပုန်းသီးဂါထာတစ်ပုဒ် ဖြစ်ပါသည်။ ယခု ကျွန်ုပ်သည် ထိုဂန္ဓာရီ ဝိဇ္ဇာမယသုံး ရွက်ပုန်းသီးဂါထာတစ်ပုဒ်ကို ဖော်ထုတ်ပြလိုက်ပြီ ဖြစ်ပါသည်။ မသိသူကျော်သွား၊ သိသူဖော်စား ဆိုသည့်အတိုင်း အများသိနိုင်ရန် ဖော်ထုတ်ပြလိုက်ပါပြီ။ သိသူများ ဖော်စားပြီး မသိသူများကား. .။

*အနန္တ စကြဝဠာ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ*


မေတ္တာများဖြင့်

တြိရတနာ-ဆရာဒေယျာလင်း



www.burmeseclassic.com

www.burmeseclassic.com



# အောင်ကျော်

သုရဇ္ဇမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်

*(ယခင်လမှအဆက်)*

ကျွန်ုပ်သည် ဆရာမာပါ သင်ပြပေးလိုက်သော ခန္ဓာတွင်း အပူလှိုင်းကျင့်စဉ်ကို အပြင်းအထန်ကျင့်သည်။ အစာရေစာကို ခြိုးခြံစားသောက်သည်။ လအနည်းငယ် ကြာသောအခါ ကျွန်ုပ်သည် အာဟာရချို့တဲ့သည့် လက္ခဏာများပြလာသည်။ မူးလဲသည်။ အားအင်ချည့်နဲ့နေသည်။ ကျင့်စဉ်၏ဒဏ်ကိုမခံနိုင်အောင် အားနည်းနေသည်။ ခံနိုင်ရည်လျော့ပါးနေသည်။သို့တိုင်အောင် ကျွန်ုပ်သတ်မှတ်ထားသည့်အဆင့်ကို မရောက်သေးချေ။

ကျွန်ုပ်သည် ဆရာမာပါကို စိတ်ထဲရည်မှတ်ပြီး တိုင်တည်လိုက်ပါသ[illegible] ကျွန်ုပ် အားပြတ်၍ သေမသွားခင် [illegible] ချင်သောအဆင့်ရောက်အောင် ကူ[illegible] ပန်ကြားလိုက်သည်။

ထိုသို့ တိုင်တည်ပန်ကြားပြီး [illegible] လက်လေ့ကျင့်ရာ၌ ကျွန်ုပ်၏အာ[illegible] အရပ်ပုသော နတ်သမီးတစ်သိုက် [illegible] လာသည်။ နတ်သမီးတို့က ဆရာ[illegible] စေလွှတ်လိုက်၍ ရောက်လာရခြ[illegible] ကြောင်း အသိပေးသည်။ ထို[illegible] ကျွန်ုပ် ကျင့်ကြံအားထုတ်နေရာ၌ [illegible] သော ချို့ယွင်းချက်တို့ကို ထောက်[illegible] သည်။ လွဲနေသည်တို့ကို တည့်မ[illegible] ကြသည်။ ထို့နောက် ကျွန်ုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးပုပုတို့ ကွယ်ပျောက်သွားကြသည်။

ကျွန်ုပ်သည် နတ်သမီးတစ်သိုက် သွန်ပြသည့်အတိုင်း ကျင့်ကြံအားထုတ်ရာ ကိုယ်ခန္ဓာအတွင်း အပူလှိုင်းများ စီးဆင်းလာသည်။ လိုသလို ထိန်းကျောင်းပေးနိုင်လာသည်။ သဘာဝပတ်ဝန်းကျင်၏အအေးဒဏ်ကို အမှုမထားဘဲ ခံနိုင်ရည်ရှိသူအဖြစ်သို့ ရောက်သွားသည်။ အာဟာရကို အဖြစ်မျှမှီဝဲနေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အားအင်ပြန်ပြည့်လာသည်။ ချည့်ချည့်နဲ့နဲ့ ဖြစ်နေခြင်းများ ကွယ်ပျောက်သွားသည်။ ကျွန်ုပ်သည် တစ်နှစ်တိုင်တိုင် ဆက်လက်လေ့ကျင့်သည်။

တစ်နှစ်ကျော်ချိန်တွင် စိတ်ထဲ၌ ဂူအပြင်သို့ထွက်ချင်စိတ်များ တဖွားဖွား ပေါ်လာသည်။ တားမနိုင်ဆီးမရဖြစ်လာသဖြင့် ဂူအဝရှိရာသို့သွားသည်။ ဂူအပြင်သို့ထွက်မည်ပြုစဉ် ကျွန်ုပ်ဆိုထားသည့် ကတိသစ္စာကို သတိရမိသည်။ ကျွန်ုပ်သည် လှမ်းနေသောခြေလှမ်းတို့ကို တုံ့ခနဲ ရပ်ပစ်လိုက်သည်။ ကျွန်ုပ်သည် ကဗျာတစ်ပုဒ်ကို ရေးစပ်သီဆိုလိုက်သည်။

ပြင်ပလောက၏အနှောင့်အယှက် ကင်းကင်းဖြင့်နေထိုင်ခွင့် ဆိုသည့်အခွင့် အရေးထူးကြီးကို လက်ဝယ်ရရှိထားပါလျက် လက်ထဲမှလွှတ်ပစ်မိမလို ဖြစ်နေသော မီလာရီပ၏ အပီအသမိုက်မဲပုံကို ကဗျာတစ်ပုဒ်အဖြစ် သီဆိုရေရွတ်လိုက်သည်။

ကျွန်ုပ်သည် စိတ်၏သဘာဝတစ်ခုကို မျက်ဝါးထင်ထင် သိလိုက်ရသည်။ ကျွန်ုပ်သည် စိတ်ကို အတွင်းဘက်ဆီသို့ စုစည်းနေရသူ ဖြစ်သည်။ ဗဟိုချက်ဆီသို့ စုစည်းနေရသူ ဖြစ်သည်။ စိတ်၏သဘာဝက အပြင်သို့သာ လားရာပြုနေသည်၊ အပြင်သို့သာ ပျံ့လွင့်ချင်နေသည်။

ငှက်တစ်ကောင်ကိုဖမ်းပြီး လှောင်ချိုင့်အတွင်းထားကာ အစာရေစာဝလင်စွာကျွေးမွေးထားသော်လည်း ငှက်သည် မပျော်ပိုက်၊ လှောင်ချိုင့်အပြင်သို့သာ ထွက်ချင်နေသည်။ လှောင်ချိုင့်အပြင်သို့ ရောက်လျှင် ယခုလို အစာရေစာကိုလာကျွေးမည့်သူမရှိ၊ သတ်ဖြတ်စားသောက်ခြင်းကိုခံရမည့်ရန်ကလည်း ရှိနေသေးသည်၊ မိုး၊ လေ အစရှိသည့် သဘာဝဘေးအန္တရာယ် အသွယ်သွယ်ကလည်း ရှိနေသေးသည်။ သို့ပါလျက် ငှက်က အပြင်သို့သာ သွားလိုနေသည်။ လူ့စိတ်၏ သဘာဝသည်လည်း အလားတူပင် ဖြစ်နေသည်။ အပြင်သို့သာ ပျံ့လွင့်ချင်နေသည်။

ကျွန်ုပ်သည် နောက်ထပ် (၃)နှစ် တိုင်တိုင် ဂူထဲတွင် အပြင်မထွက်စတမ်း ဆက်လက်နေထိုင်သည်။ ဆက်လက်ကျင့်ကြံအားထုတ်သည်။ (၃) နှစ်ပြည့်ပြီးသည့်နောက်တွင် တစ်ရက်၌ စားနပ်ရိက္ခာ လုံးဝ ပြတ်လပ်သွားသည်။ ကျွန်ုပ်သည် စားစရာတစ်ခုခုရှိလိုရှိငြား ဂူအပြင်သို့ ထွက်ကြည့်သည်။ ဂူအဝအနီးတွင် မတ်တတ်ရပ်ရင်း လှည့်ပတ်ကြည့်လိုက်သည်။ တောရိပ်တောင်ရိပ်တို့ကြားတွင် နေရောင်ထိုးကျနေသော နေရာတစ်ခုကို တွေ့သည်။ စမ်းချောင်းငယ်တစ်ခုကိုလည်း တွေ့သည်။ စမ်းချောင်းအနီးတွင် ခွေးလေးယားပင်များ တောထအောင် ပေါက်ရောက်နေကြသည်ကိုလည်း တွေ့သည်။ ဘယ်နေရာကိုကြည့်ကြည့် သဘာဝအလှကို မျက်စိပသာဒ ဖြစ်မိသည်။

ကျွန်ုပ်သည် ဂူထဲမှ ကျွန်ုပ်၏ ပစ္စည်းတို့ကိုယူပြီး စမ်းချောင်းဆီသို့ဆင်းသည်။ ချောင်းအနီးတွင် စတည်းချပြီး တရားကျင့်ကြံသည်။ ခွေးလေးယားအရွက်တို့ကို ရေဖြင့် ပြုတ်သောက်သည်။

ကျွန်ုပ်သည် ခွေးလေးယားရွက်ပြုတ်ရည်ကို အာဟာရအဖြစ် မှီဝဲကာ ဆက်လက် ကျင့်ကြံအားထုတ်နေသည်။ အာဟာရချို့တဲ့မှုကြောင့် ကျွန်ုပ်၏ကိုယ်ခန္ဓာသည် အရိုးပေါ် အရေတင်အဖြစ်သို့ဆိုက်ရောက်နေသည်။ အသားအရေမှာလည်း အစိမ်းရောင်သန်းနေသည်။ အဝတ်အစားတို့မှာလည်း စုတ်ပြတ်နေသည်။ ကျွန်ုပ်သည် အာဟာရပြတ်လပ်မှုကြောင့် သေမင်းဆီသို့ ရောက်သွားဖွယ်ရာရှိနေသည်။

ကျွန်ုပ်သည် ဆရာမာပါ ပေးလိုက်သော ကျမ်းစာရွက်လိပ်ကို သတိရမိသည်။ စာတစ်လုံး ဘုရားတစ်ဆူ ဟူသောစကားအတိုင်း ကျမ်းစာများဖော်ပြထားသည့် စာရွက်လိပ်ကို ဦးထိပ်ပန်ဆင်လိုက်သည်။ ထိုသို့ ခေါင်းပေါ်တွင် စာရွက်လိပ်ကို အထွတ်အမြတ်ထား၍ ခပ်ကြာကြာ ရွက်ထားလိုက်သောအခါ ဆာလောင်မှုများ ပြန်ပျောက်သွားလေ့ရှိသည်။

ဤနည်းဖြင့် ဆာလောင်မွတ်သိပ်မှုကို ဖြေဖျောက်သည်။ စိတ်ဓာတ်ခွန်အားကို ပြန်ဖြည့်သည်။ စာရွက်လိပ်ကို ခေါင်းပေါ်မှ ပြန်ချသောအခါ ဘာများရေးထားပါလိမ့်ဟု ဖတ်ရှုလိုစိတ် တစ်ခါတစ်ရံတွင် ပေါ်ပေါက်သည်။ မဖွင့်မိအောင် မိမိကိုယ်မိမိ တားရသည်၊ ထိန်းရသည်။ ဖတ်ရှုရန် အချိန်မကျသေးဟု သိနေသဖြင့် ယခုလို ဖတ်ရှုလိုသည့်စိတ်ဆန္ဒကို ချုန်းအုပ်၍ထိန်းရခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ပိန်ချုံးနေပြီ။ သေကံမရောက်သေး၍သာ မသေဘဲ ဆက်လက်အသက်ရှင်နေခြင်း ဖြစ်သည်။ အာဟာရ ဟူ၍ ခွေးလေးယားပင်ကိုသာမှီဝဲနေရသည်။ ခွေးလေးယားအာဟာရဖြင့် တစ်နှစ်နီးပါး ဆက်လက်အသက်ရှင်နိုင်ခဲ့သည်။

ထိုသို့ရှိရာမှ တစ်ရက်တွင် အနှောင့်အယှက်ပေါ်သည်။ မုဆိုးတစ်သိုက် အမဲလိုက်ရင်း ကျွန်ုပ် စတည်းချနေသည့်နေရာသို့ ရောက်လာကြသည်။

နံရိုးပြိုင်းပြိုင်းထကာ လူရုပ်မပေါ်တော့သည့် ကျွန်ုပ်ကိုမြင်မြင်ချင်း၌ သရဲတစ္ဆေထင်မှတ်ကာ ထွက်ပြေးကြသည်။ အတန်ကြာမှ အရဲတင်းပြီး ပြန်ရောက်လာသည်။ ကျွန်ုပ်ကို ခိုးကြောင်ခိုးဝှက် ချောင်းကြည့်နေကြသည်။ တောကခြောက်လှန့်ခြင်း မဟုတ်၊ လူစင်စစ်ဖြစ်ကြောင်း သေချာအောင်စောင့်ကြည့်နေကြသည်။ နာနာဘာဝ မဟုတ်မှန်း သေချာသောအခါ ကျွန်ုပ်အနီးသို့ သတိအပြည့်ဖြင့် ချဉ်းကပ်လာကြသည်။

ကျွန်ုပ်ကို ထူးဆန်းအံ့သြဖွယ်ရာတစ်ခုအဖြစ် အနီးကပ်ကြည့်ရှုကြသည်။ ကျွန်ုပ်သည် လူနှင့်မတွေ့ရသည်မှာ အတော်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် စကားပြောဖို့ မေ့နေသည်။ ပြုံးပြဖို့လည်း မေ့နေသည်။ သူတို့ထဲမှ တစ်ယောက်က-

"လူတော့ လူပဲ၊ ဒါပေမယ့် လူနဲ့မတူဘူး"

ဟု အူကြောင်ကြောင်မှတ်ချက်ကိုချသည်။ ထိုအခါကျမှ ကျွန်ုပ် ပြုံးမိသည်။ မုဆိုးတစ်သိုက်သည် ကျွန်ုပ်ကို စမ်းချောင်းနံဘေးတွင် ထားရစ်ခဲ့ပြီး ထွက်သွားကြသည်။ သူတို့သည် ကျွန်ုပ် စတည်းချခဲ့သည့်ဂူကို တွေ့သွားကြ၏။

ဂူထဲတွင် ဘာတစ်ခုမှ မည်မည်ရရ မတွေ့သောအခါ ကျွန်ုပ်ထံသို့ ပြန်ရောက်လာကြသည်။

တစ်ယောက်က-

"စားစရာတွေ ဘယ်မှာဝှက်ထားသလဲ"

ဟု မေးမြန်းသည်။

နောက်တစ်ယောက်က-

"ငါတို့ ဗိုက်ဆာနေလို့ ကူညီစမ်းပါ။ စားစရာကို ဝယ်ဆိုရင် ဝယ်ပါ့မယ်၊ မပေးရင်တော့ မင်းကို ငါတို့သတ်ရလိမ့်မယ်"

"အထင်တကြီးမရှိကြပါနှင့်။ ကျွန်တော့်မှာ စားစရာဆိုလို့ ဟောဟိုက ခွေးလေးယားပင်တွေပဲ ရှိပါတယ်။ စားစရာရှိရင်ထုတ်ကျွေးဖို့ ဝန်မလေးပါဘူး။ အခုလို ခြောက်လှန့်ပြီးတောင်းနေဖို့ မလိုပါဘူး၊ ခင်ဗျားတို့ ရောက်ကတည်းကတည်းခင်းဧည့်ခံမှာပါ"

ကျွန်ုပ်ပြောစကားကို မုဆိုးတို့က မယုံကြည်ကြချေ။ မုဆိုးတစ်ယောက်က ကျွန်ုပ်ကိုဖမ်းချုပ်ပြီး လေထဲပင့်မြှောက်ကာ မ,ထားလိုက်သည်။ အရိုးပေါ်အရေ



www.burmeseclassic.com

www.burmeseclassic.com

ပြစ်အောင် ပိန်ချုံးနေသော ကျွန်ုပ်ကိုယ်အလေးချိန်သည် သန်မာသောအဖို့ ဂွမ်းစိုင်လို ပေါ့ပါးနေပေလိမ့်။

"မင်းဆီက စားစရာကို ငါတို့ လုဖို့စိတ်ကူးမရှိဘူး။ တန်ရာတန်ကြေး ဝယ်ဖို့ပဲ ကြံရွယ်ထားတယ်။ ဒါ မယ့် မင်းကဝှက်ထားတော့ အကြမ်းကို သုံးရတော့မယ်"

ထိုသို့ ပြောပြီးသောအခါ ကျွန်ုပ် လွှတ်ချလိုက်ရာ မြေသို့ အရှိန်ဖြင့် ကျသည်။ ထို့နောက် စားစရာ သိုထားသည့်နေရာကို မေးမြန်းကြသည်။ ကျွန်ုပ်က မရှိပါကြောင်းပြောသည်ကို မယုံကြချေ။ ကျွန်ုပ်၏ပိန်လှီ ကိုယ်ခန္ဓာကို မြှောက်လိုက်၊ ပစ်ချ အကြိမ်ကြိမ်ပြုကြသည်။ ကျွန်ုပ် အနီးများ ကွဲအက်ကုန်သည်။ မခံမ အောင် နာကျင်နေတော့သည်။ အောင် မုဆိုးတို့ကို စိတ်မကွက်မိ သူတို့ယုံကြည်အောင် ပြောမပြနိုင် မိမိအဖြစ်ကိုသာစိတ်ညစ်မိသည်။

သူတို့ထဲမှ တစ်ယောက်သည် ဝင် လက်ရှောင်နေသည်။ ကျွန်ုပ် အ လှုပ်ဖြစ်နေသည်ကို တွေ့သောအခါ ဝင်ရောက်ဟန့်တားသည်။

"တော်ကြရင်ကောင်းမယ်။ သူ့ကို ရတာ တောတောင်ထဲလာနေပြီး အားထုတ်နေတဲ့ သူတော်စင်ဖြစ် တယ်။ ပြီးတော့ သူ့ကိုယ်ခန္ဓာကို ကြည့်ကြဦး။ ပိန်လှီနေလိုက်တာ ကောင်းအောင် ဖြစ်နေတယ်။ အ အစားကလည်း စုတ်ပြတ်သတ်နေ ။ ငါတို့က ဗိုက်ဆာနေပြီး စားစရာ အပေါ် စိတ်တိုတာကို သူ့အပေါ် လွတ်ပုံချနေသလို ဖြစ်နေတယ်။ သက်အနိုင်ကျင့်သလို ဖြစ်နေတယ်။ ကြပါတော့၊ သူ့ကိုညှဉ်းပန်းလည်း ထုတ်ကျွေးစရာ ဘာတစ်ခုမှရှိမှာ ဘူး"

ထို့နောက် သူက မြေ၌ ပုံလျက် နေသော ကျွန်ုပ်အနီးတွင် မုဆိုး ထိုင်လိုက်သည်။ သူက-

"ရှင်ရသေ့၊ သင်ဟာ ခန္တီတရား ရှိသူ ဖြစ်ပါတယ်။ သင့်ကို နှိပ် လုပြုကြသူတွေထဲမှာ ကျွန်တော် ဘူး။ သင်မေတ္တာပို့ရင် ကျွန်တော့် ထည့်ပို့ပေးပါ"

ဟု ပြောသည်။ ကျန်သူတို့က ဝါး ရယ်မောလိုက်ကြသည်။

တစ်ယောက်က-

"ဟေ့- ငါတို့ကိုလည်း မေတ္တာပို့ရင် သတိရပေးပါ။ မင်းကို ချီလိုက်၊ မြှောက်လိုက်၊ ပစ်ချလိုက်လုပ်တဲ့သူတွေ ဆိုတာကို မမေ့ပါနဲ့"

ဟု အရွှန်းဖောက်ကာ ပြောလိုက်သည်။

ထို့နောက် မုဆိုးတို့သည် ကျွန်ုပ်ထံမှထွက်ခွာသွားကြသည်။ ကျွန်ုပ်သည် နာရီအတန်ကြာသည်အထိ မလှုပ်နိုင်သဖြင့် ခွေခွေလေး လဲနေတော့သည်။ ကျွန်ုပ်အနေဖြင့် သူတို့အားလုံးကို ဇွတ္တမယူပါ။ သို့သော် သူတို့သည် သူတော်ကောင်းတရားကို ကျင့်ကြံနေသူအား ညှဉ်းပန်း နှိပ်စက်သည့်အတွက် ဒဏ်ခတ်ခံကြရရှာသည်။

သူတို့ကို ဒေသအာဏာပိုင်တို့က စားပြမှုများ ကျူးလွန်ခဲ့သူအဖြစ် အရေးယူခြင်းခံရသည်။ သူတို့က မုဆိုးဟု လျှောက်လဲသော်လည်း အမှုမှမလွတ်။ ကျွန်ုပ်ကို နှိပ်စက်ခြင်းမပြုသူက တရားလိုသက်သေ ဖြစ်သွားသဖြင့် ပြစ်ဒဏ်မှ သက်သာရာကိုရသည်။ သူတို့အဖွဲ့၏ ခေါင်းဆောင်ကို သေဒဏ်ချမှတ်လိုက်သည်။ ကျန်သူအားလုံးကို မျက်လုံးများဖောက်ထုတ်ပစ်ရန် စီရင်ချက်ချသည်။ သူတို့သည် စုံလုံးကန်းနေသောအကန်းဘဝဖြင့် နေကြရလေသည်။

ထိုအကြောင်းတို့ကို အမှုမှလွတ်ခဲ့သူက ကျွန်ုပ်ကို လာကန်တော့ရင်း ပြောပြသည်။ ကျွန်ုပ်အနေဖြင့် သတ္တဝါ တစ်ခု ကံတစ်ခုဟုသာ မှတ်ယူလိုက်ရပေသည်။

ထိုသို့ ဖြစ်ပျက်ခဲ့ပြီး နောက်တစ်နှစ်အကြာ၌ ကျွန်ုပ်တွင် အဝတ်အစားလုံးဝနီးပါး ကုန်သွားသည်။ ရှိသမျှလက်ကျန်အဝတ်အစားတို့သည် ရိစုတ်ကုန်ကြသည်၊ ဝတ်၍မရနိုင်တော့ချေ။ သို့ဖြစ်ရာ အိပ်ရာခင်းအဖြစ်အသုံးပြုသော စာမရီသားရေချပ်ကို နံငယ်ပိုင်းအဖြစ်ဝတ်ဆင်ရသည်။ ဒေါ်လေးက ဘာလီစေ့များ ထည့်ပေးလိုက်သော အဝတ်အိတ်အဖြူကို ပိတ်စအဖြစ်အသုံးပြုကာ ကိုယ်ခန္ဓာ အပေါ်ပိုင်းကို ဖြစ်သလိုပတ်ခြုံကာ ဝတ်ဆင်ရသည်။

ကျွန်ုပ်သည် ရာသီဥတု သာသာယာယာရှိသော ကာလတို့၌ စမ်းချောင်းနံဘေးတွင် နေထိုင်ကာ ကျင့်ကြံအားထုတ်သည်။ နှင်းများဖြူဖြူဖွေးသော ဆောင်းကာလတွင် ဂူအတွင်း၌နေထိုင်သည်။

တစ်ရက်၌ ကျွန်ုပ်သည် ဂူအတွင်း တရားထိုင်နေစဉ် မုဆိုးတစ်သိုက် ဂူအတွင်းသို့ဝင်လာကြသည်။ ကျွန်ုပ်က ထိုင်မြဲရှိသည့်အတိုင်း ဆက်ထိုင်နေလိုက်၏။

သူတို့အထဲမှ တစ်ယောက်က ကျွန်ုပ်အနီးသို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်လာသည်။ ကျွန်ုပ်ကို လက်ဖျားဖြင့်တို့ထိကြည့်သည်။ သူ့အနေဖြင့် နာနာဘာဝလော၊ လူလော သိလို၍ လာစမ်းခြင်းဖြစ်သည်။

ကျွန်ုပ်က-

"လူပါ၊ လူစင်စစ်ပါ"

ဟု ပြောလိုက်သည်။

ထိုအခါ မုဆိုးတစ်ယောက်က-

"သင်ဟာ သိုးပါဂလား"

ဟု မေးလေသည်။

ကျွန်ုပ်သည် ကြောင်အမ်းအမ်းဖြစ်သွားသည်။ ကျွန်ုပ်အနေဖြင့် မိမိအမည်ကို အခေါ်မခံရသည်မှာ နှစ်ကာလအတော်ကြာနေခဲ့ပြီဖြစ်ပေရာ ရုတ်တရက် အမေးခံရသောအခါ ကြောင်သွားသည်။ မိမိအမည်ကို ရုတ်တရက် မမှတ်မိချေ။ ခဏကြာမှ ကျွန်ုပ်က သိုးပါဂ ဟုတ်မှန်ကြောင်း ပြောပြလိုက်သည်။

ထိုအခါ အမည်မေးသူက-

"သိုးပါဂ၊ ရွာကို တစ်ခေါက် ပြန်ရောက်သေးတယ် မဟုတ်လား။ နောက်တော့ ပြန်ပျောက်သွားတယ်။ အဲဒီကတည်းက ဒီဂူမှာ မင်းနေလာခဲ့တာလား"

ဟု မေးသည်။

အခြားတစ်ယောက်က-

"ငါတို့ကို ရှိတာလေးချကျွေးစမ်းပါဦး။ ရာသီဥတုက ရုတ်တရက်ထဖောက်တယ်။ ဘာသားကောင်မှမရလို့ ငါတို့ ငတ်ပြတ်နေကြတယ်"

ဟု စကားကို လုပြောလိုက်သည်။

ကျွန်ုပ်က-

"ကျွန်တော့်မှာ ခင်ဗျားတို့စားတဲ့ အစားအစာမျိုး လုံးဝ မရှိပါဘူး။ ကျွန်တော်စားတာကို ခင်ဗျားတို့ စားနိုင်ကြမှာ မဟုတ်ဘူး"

ဟု ပြောပြလိုက်သည်။

ထိုသူက ခေါင်းမာသည်။

"သိုးပါဂ- မင်းလည်း လူပဲ၊ ငါတို့လည်း လူပဲ။ လူချင်းအတူတူ မင်းစားလို့ရရင် ငါတို့လည်းစားလို့ရတယ်။ ကျွေးမှာသာကျွေးလိုက်စမ်းပါ၊ ငါတို့ကကြေးမများပါဘူး"

"ကောင်းပါပြီ၊ စားချင်သပဆိုရင် ကျွေးမယ်။ ချက်ပြုတ်ဖို့ မီးဖိုလိုက်ပါ၊ ခင်ဗျားတို့လည်း မီးလှုံရတာပေါ့"

သူတို့က မီးဖိုပေးသည်။ ကျွန်ုပ်က သတ္တုခွက်ကြီးကို ဖိုခုံလောက်ပေါ် တင်သည်။ ရေဖြည့်သည်။ ရေပွက်ပွက် ဆူသောအခါ ခွေးလေးယားရွက်စိမ်း



www.burmeseclassic.com

www.burmeseclassic.com

စိမ်းတို့ကို ရေနွေးထဲသို့ ထည့်ချလိုက်သည်။ ထို့နောက် အိုးကို မီးဖိုပေါ် မှချလိုက်သည်။

ထိုအခါ မုဆိုးတစ်ယောက်က-

"အသားလေး ဘာလေးတောင် မထည့်ပေးတော့ဘူးလား၊ အသားမပေးချင်ရင် အရိုးလေးတော့ ထည့်ပေးသင့်ပါတယ်"

ဟု ပြောလေသည်။

ကျွန်ုပ်က-

"တကယ်မရှိလို့ပါ။ ရှိရင် ပြောနေဖို့ မလိုပါဘူး၊ ထည့်ပေးမှာပါ။ လက်မတွန့်ပါဘူး"

ဟု ပြောလိုက်သည်။

ထိုအခါ အခြားတစ်ယောက်က-

"ဒီလို ခွေးလှေးယား ရေလုံပြုတ်ချည်းဆိုရင် မစွံဘူး။ ဘာလီမှန့်ကလေး နည်းနည်းတော့ ထည့်ပေးသင့်ပါတယ်။ ယာဂုလိုလို ဘာလိုလိုဆိုရင် သောက်လို့ရနိုင်တယ်။ ဆာဆာနဲ့ လွေးလိုက်ရင် အရသာအတော်ကောင်းမယ်"

ဟု ပူဆာသည်။

ကျွန်ုပ်က ခွေးလှေးယားမှတစ်ပါး အခြား ဘာဆိုဘာမှမရှိကြောင်း ရှင်းပြလိုက်သည်။

တစ်ယောက်က မြည်းကြည့်၏။ ထို့နောက် ထွီခနဲ ထွေးထုတ်သည်။

"ဘာမှအရသာမရှိဘူး၊ ဆားလေးဘာလေး ထည့်ပါဦး"

ဟု သူက အတွန့်တက်သည်။

ကျွန်ုပ်က ဆားတစ်ပွင့်ပင်လျှင် မရှိပါကြောင်း ပြောပြရသည်။

ထိုအခါ တစ်ယောက်က-

"ဒီလိုဟာမျိုးစားပြီး ဒီလို ပိန်လှီနေတာ နည်းတောင်နည်းသေးတယ်။ တော်တော်ပျင်းတဲ့ ရှင်ရသေ့၊ ကိုယ့်ဗိုက်ထဲထည့်ဖို့ကိုတောင် ဝါယမ မစိုက်ချင်ဘူး"

ဟု မှတ်ချက်ချသည်။

သူပြောသည်မှာမှန်သည်။ ကျွန်ုပ်အနေဖြင့် အစားတစ်လုတ်အတွက် လုံ့လ မစိုက်ထုတ်လိုပါ၊ တရားအလုပ်အတွက်သာ လုံ့လစိုက်ဖို့ အားသန်နေ၏။

နောက်တစ်ယောက်က-

"သိုးပါဂအဖြစ်က ဆိုးလှပါတယ်။ အိမ်တစ်အိမ်အိမ်မှာ အစေခံဝင်လုပ်ရင်တောင် တစ်ဝမ်းတစ်ခါးတော့ဝပါတယ်။ ဒီထက်ကောင်းတာတော့ စားရသောက်ရမှာပါ"

ဟု ပြောသည်။

ကျွန်ုပ်က ရှင်းပြလိုက်သည်။

"ကျွန်တော်ဟာ ရပ်ဝေးကိုသွားပြီး ဘာသာပြန်ကျမ်းပြု ဆရာမာပါထံမှာ ပညာသင်ယူခဲ့ပါတယ်။ သင်ယူခဲ့တဲ့ ပညာတွေဟာ ဥစ္စာရှာဖို့ တစ်ခုမှမပါဘူး၊ တရားရှာဖို့ ရည်မှန်းချက်အတွက် သက်သက်ပါပဲ။ ဒီအတွက် အပြင်းအထန် ကြိုးစားနေရပါတယ်။ ဒီတော့ အစားအစာအတွက် အချိန်မပေးနိုင်ဘူး"

ထို့နောက် ကျွန်ုပ်က မိမိ၏ရည်မှန်းချက်ကို ရှင်းပြသည့် ကဗျာတစ်ပုဒ်ကို ကောက်ကာငင်ကာ သီကုံးလိုက်ပြီး သူတို့ကို ဆိုပြလိုက်သည်။ သူတို့သည် ကျွန်ုပ် ရွတ်ဆိုပြသော ကဗျာရေယဉ်ကြောတွင် မျောပါသွားကြသည်။

ထို့နောက် ကျွန်ုပ်အဖို့ အချိန်သည် ရွှေထက် တန်ဖိုးရှိနေ၏။ တရားကျင့်ကြံရန်အချိန်တို့ လျော့ပါးကုန်မည်ကိုစိုးသဖြင့် သူတို့ကို ပြန်ကြဖို့ တိုက်တွန်းလိုက်သည်။

ထိုအခါ တစ်ယောက်က-

"သိုးပါဂဆိုတဲ့အတိုင်း ခင်ဗျားအသံက တကယ်ကို နားချမ်းသာတဲ့အသံပါပဲ။ ဒါပေမယ့် ခုလို နှင်ထုတ်တဲ့စကားကိုကြားရတာတော့ နားခါးလှပေတယ်"

ဟု ပြောသည်။

ထို့နောက် မကျေမချမ်းဖြစ်ရင်း ထွက်သွားကြသည်။ သူတို့သည် ဂူအပြင်သို့ရောက်သောအခါ ကျွန်ုပ်ရွတ်ပြသောကဗျာကို သီချင်းလုပ်ဆိုကာသွားကြသည်။

သူတို့ နေထိုင်သည့် ရပ်ရွာသို့ ရောက်သောအခါ၌လည်း ပွဲလမ်းသဘင်ကျင်းပသောအခါ ၎င်းကဗျာကို သီချင်းအဖြစ်သီဆိုကြရာမှ လူတကာနှုတ်ဖျားတွင် ရေပန်းစားသွားသည်။

❂

ကျွန်ုပ်၏ကဗျာသည် သီချင်းအဖြစ်သို့ရောက်ရှိပြီး ရေပန်းစားသွားသောအခါ ပွဲလမ်းသဘင်တို့၌ မသီဆိုလျှင်မပြီးသည့်သီချင်းအဖြစ်သို့ ရောက်ရှိသွားသည်။ တစ်ကြိမ်၌ ထိုသို့ သီဆိုနေကြသံကို ကျွန်ုပ်၏ညီမ ပီတ ကြားသွားသည်။ သူက စိတ်ဝင်တစားဖြစ်မိသဖြင့် ဂီတစာဆို မည်သူမည်ဝါဆိုသည်ကို မေးမြန်းသည်။ ထိုအခါ သီဆိုနေကြသည့် လူအုပ်ထဲမှ ကျွန်ုပ်တို့မောင်နှမကိုသိသူတစ်ဦးက-

"သီချင်းစပ်တဲ့သူက တခြားသူမဟုတ်ဘူး၊ နှင့်အစ်ကို သိုးပါဂပဲ။ သူနေတဲ့ဂူကို ငါတို့ရွာက မုဆိုးတစ်သိုက်ရောက်ခဲ့စဉ်က သိုးပါဂက ဆိုပြလိုက်တာကို အခု ပြန်ဆိုပြနေကြတာပါ"

ဟု ပြောပြလိုက်သည်။

နောက်တစ်ယောက်က-

"နှင့်အစ်ကိုက ခွေးလှေးယား[illegible] စားပြီးနေတာ နှစ်နဲ့ချီနေပြီ။ အာဟာ[illegible] ပြတ်ပြီး သေရွာကိုရောက်ဖို့ နည်းနည်း[illegible] ပဲလိုတော့တယ်"

ဟု ဖြည့်စွက် ပြောကြားလိုက်[illegible] သည်။ ပီတသည် ဝမ်းပန်းတနည်းဖြ[illegible] ကာ ငိုကြွေးလေသည်။

"ပြောရက်လိုက်ကြတာ။ ကိုယ်[illegible] ချင်းစာကြည့်ကြပါဦး။ အဖေက ကျွန်[illegible] လူမှန်းမသိတတ်ခင်ကတည်းက သေ[illegible] သွားတယ်၊ နောက်တော့ အမေကလည်း[illegible] ကျွန်မကိုထားရစ်ပြီး သေရွာကိုသွား[illegible] အစ်ကိုလည်း ပျောက်သွားတာ ကြာ[illegible] ကျွန်မက သူဖုန်းစားအဖြစ်ဖြင့် နေရ[illegible] ဘဝကို ဆိုက်ရောက်နေပြီ"

ပီတသည် ချုံးပွဲချငိုသည်။ ထိုအ[illegible] ခါ ပွဲလမ်းသဘင်သို့ရောက်နေသော [illegible] စေးက သူဖုန်းစားမ၏ငိုယိုပြောဆိုသံ[illegible] ကြားလိုက်ရာမှ သူဖုန်းစားမသည် ပီ[illegible] ဖြစ်နေမှန်း သိသွားသည်။ ငိုကြွေး[illegible] သောပီတဆီသို့ရောက်လာပြီး ချော့[illegible] အားပေးသည်။

"စိတ်အားမငယ်ပါနဲ့၊ သိုးပါဂ[illegible] တဲ့ဂူကို ငါတို့သွားကြမယ်။ သူရှိနေ[illegible] မယ် ထင်ပါတယ်"

ရက်အတန်ကြာတွင် သူတို့နှစ်[illegible] သည် ကျွန်ုပ် စခန်းချနေသည့်ဂူဆီ[illegible] ခရီးနှင်ကြသည်။ သူတို့သည် ကျွန်ုပ်[illegible] တွက် ခေါင်ရည်ယူလာကြသည်။ ဘာ[illegible] လီမှုန့်များလည်း အိတ်တစ်လုံးဖြင့်ထ[illegible] သယ်လာကြသည်။

ဂူထဲသို့ဝင်ဝင်ချင်း အရိုးပြိုင်းပြိုင်း[illegible] ဖြစ်နေသော ကျွန်ုပ်ကို မြင်သောအ[illegible] လန့်ဖျပ်သွားကြသည်။ အရိုးတို့သ[illegible] ငေါထွက်နေကြ၏။ မျက်တွင်းဟော[illegible] ပက်ဖြစ်နေသည်။ ဆံပင်တို့မှာ ရှည်[illegible] လျားလျားရှိနေကြရာ၌ ဖွာလန်နေ[illegible] ထိုးထိုးထောင်ထောင်ဖြစ်သည့်ဆံပင်[illegible] လည်း ရှိသည်။ လူရုပ်မပေါ်သဖြင့် ထ[illegible] ဖျပ်သွားကြခြင်း ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် သူတို့နှစ်[illegible] ရောက်လာကြလိမ့်မည်ဟု လုံးဝ မမျှ[illegible] လင့်ထားသဖြင့် တအံ့တဩ ဖြစ်သွား[illegible] သည်။ ပါးစပ်အဟောင်းသားဖြင့် မျ[illegible] လုံးပြူးကာ ငေးကြောင်ကြည့်နေမိသ[illegible]

ပီတသည် ကျွန်ုပ် အာဟာရပြ[illegible] ၍ သေတော့မည်ဟု ပြောထားသည်[illegible] ပြန်သတိရသွားသည်။

သူက-

"သိုးပါဂ၊ နင် သေပြီး မ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...တ်လို့ သရဲတစ္ဆေဖြစ်နေတာလား။ ငါ ...ကို ရန်မမူပါနဲ့၊ မခြောက်လှန့်ပါနဲ့"

ဟု ပြောသည်။

ကျွန်ုပ်က-

"ငါက သိုးပါဂပါ။ လူစင်စစ် အ...စ်ပါ၊ မသေသေးပါဘူး"

ဟု ပြောလိုက်သည်။

ထိုအခါ ပီတက-

"အစ်ကိုကြီး"

ဟု တစ်ချက်အော်ဟစ်၍ ကျွန်ုပ်...က်သည်။ ထို့နောက် ဝမ်းသာလုံးဆို့...ာ မေ့လဲသွားသည်။ ကျွန်ုပ်နှင့် ဇီစေး...တို့က ပီတကို သတိပြန်ရအောင်လုပ်...ကြရသည်။ သတိပြန်ရလာသောအ...ငိုကြွေးလေတော့သည်။

"အမေဆုံးကတည်းက အစ်ကို့ကို ...က်ရှာနေတာ အတော်ကြာခဲ့ပြီ။ အ... ပြန်တွေ့ရတော့တယ်။ အမေဆုံး...တော့ အိမ်ကြီးထဲမှာတစ်ယောက်တည်း ...ရတယ်။ အိမ်ကြီးကို ကျိန်စာသင့်နေ...အိမ်ကြီးလို့ ယူဆကြလို့ နင်းဝံ့သူမရှိ...။ တစ်ယောက်တည်းနေရတော့ စား... သောက်ရေးအတွက် အခက်ကြုံ...တယ်၊ ဒါနဲ့ အစ်ကို့ကိုလိုက်ရှာရင်း သူ...စားအဖြစ် နယ်တကာလှည့်ပြီးလိုက်...နေလိုက်တယ်။ ဟိုးအဝေးကြီးအထိ ...ောက်တယ်။ ရှာမတွေ့တော့ အစ်ကို...သည်း သေပြီလို့တောင် ထင်မိတယ်။ ...ကို မသေသေးဘူးဆိုတာသိရတော့ ...မ်းဝမ်းသာသွားတယ်။ အစ်ကိုရှိနေ...နေရာကိုသိသိချင်း ဇီစေးကို အဖော်...ပြီး လိုက်လာခဲ့တာ ခရီးပန်းရမှန်း ...ောင် မသိတော့ပါဘူး။ ဒါပေမယ့် ...ကို့ဖြစ်အင်ကိုမြင်ရတော့ ရင်ထဲမှာ ...ငင့်သွားမိတယ်။ ညီမလေးထက် ...ောင် အခြေအနေက ဆိုးနေတယ်"

ထိုအခါ ကျွန်ုပ်က မိမိလျှောက်...သော ဂန္ဓာရီခရီးလမ်းမှာ ခရီးပေါက်...သော စိတ်ထဲ တစ်ခုတည်းသောလို...ချက်အဖြစ်ခံယူထားကြောင်း ကဗျာ...ကား ဆိုပြလိုက်သည်။ ကျွန်ုပ်အ...ဖြင့် တင်းတိမ်ရောင့်ရဲခြင်းသည်သာ ...သင့်မြတ်ဆုံးဟုယူဆကြောင်း ကဗျာ...ပိုင်းတွင် ထည့်စပ်လိုက်သည်။

ကဗျာကို နားထောင်ပြီးသောအ... ပီတက-

"အစ်ကိုပြောတာတွေက အမှန်...။ မှန်တယ်ဆိုရင်တော့ အတော်...ချမ်းမြေ့စရာကောင်းမှာ သေချာ...တယ်၊ ဒါပေမယ့် ညီမ မယုံဘူး။ အစ်ကို့...သာ လူတိုင်းလိုက်လုပ်ရရင် သေကုန်...လိမ့်မယ်။ ညီမ နယ်တကာကိုရောက်ဖူးပြီးပြီ၊ အစ်ကို့လို ဒုက္ခဆင်းရဲ အတိပြီးတဲ့နေထိုင်နည်းမျိုးနဲ့နေထိုင်တဲ့သူ တစ်ယောက်မှမတွေ့ဖူးဘူး။ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲမနေစမ်းပါနဲ့"

ဟု ပြောသည်။

ထို့နောက် ယူဆောင်လာသော အစားအစာတို့ကို ထုတ်ကျွေးသည်။ ကျွန်ုပ်သည် ယခုလို အစာမည်မည်ရရ မစားရသည်မှာ ကြာမြင့်နေပြီဖြစ်သဖြင့် လည်ချောင်းက မျိုမချတတ်အောင်ဖြစ်နေသည်။ မျိုချလိုက်တိုင်း နင်နေသည်။ သို့ဖြစ်ရာ ခေါင်ရည်ဖြင့် မျှောချရသည်။

သူတို့ ပြန်သွားသောအခါ အစာကောင်းကောင်းစားလိုက်ရသဖြင့် လန်းပြီး ကျန်ရစ်သည်။ ညဘက်တွင် ညလုံးပေါက် တရားထိုင်ဖြစ်သွားသည်။

နောက်တစ်နေ့ နံနက်တွင် အားအင်ပြည့်ဖြိုးသည့် အရသာကို ခံစားရသည်။ စိတ်ဓာတ်ကလည်း ရွှင်လန်းနေသည်။ ထိုသို့ရှိရာမှ ဖျတ်ခနဲ သတိဝင်သည်။

ကျွန်ုပ်သည် လောကီစည်းစိမ်ကို တဒင်္ဂ ရလိုက်သကဲ့သို့ရှိသည်။ ထိုစည်းစိမ်တိုတိုကလေးကို နံနက်အထိ ယစ်မူးနေဆဲ ရှိသည်။ တရားထိုင်ရာ၌ စိတ်က ညီမလေးပီတနှင့် ဇီစေးတို့ထံ ရောက်ရောက်သွားသည်။ သို့ဖြစ်ရာ စိတ်ဆင်ရိုင်းကို သတိဖြင့် ချုန်းအုပ်ရသည်။

ရက်အတန်ကြာပြီးသောအခါ ဇီစေးသည် ညီမလေးပီတကို အဖော်ပြုပြီး နောက်တစ်ခေါက် ထပ်ရောက်လာသည်။ အသားကျပ်ကင်နှင့် ခေါင်ရည်တို့ကိုယူလာပြီး ကပ်လှူရန် ရောက်လာကြသည်ဟု ဆိုကြသည်။

ကျွန်ုပ်သည် ကိုယ်လက်သန့်စင်ရန်အတွက် စမ်းချောင်းသို့ ရောက်ရှိနေချိန်တွင် ရောက်လာကြခြင်း ဖြစ်သည်။ ကျွန်ုပ်သည် အဝတ်အစားမပါသဖြင့် သူတို့သည် ယိုသူမရှက် မြင်သူရှက် ဖြစ်ကုန်ကြသည်။ ရှက်ကိုးရှက်ကန်းဖြစ်နေကြရင်း ကျွန်ုပ်ထံမှ မျက်နှာလွှဲထားကြသည်။

ကျွန်ုပ်သည် ဂူသို့ပြန်သည်။ သားရေအပိုင်းအစကို နံငယ်ပိုင်းအဖြစ် ဝတ်ဆင်လိုက်သည်။ ဘာလီအိတ်အပြဲကို ကိုယ်တွင် ပတ်ခြုံလိုက်သည်။ ထို့နောက် သူတို့ ကျွေးမွေးသော အသားနှင့်ခေါင်ရည်ကို သုံးဆောင်သည်။

ပီတက-

"အစ်ကို့ကို ကြည့်ရတာ တအားပိန်လှီနေတယ်။ အစာစားမှ ဖြစ်မယ်။ အနီးအနားကရွာတွေမှာ တောင်းခံပြီး စားသောက်ပါလား။ အင်း - ဒီအတိုင်းသွားလို့တော့မဖြစ်ဘူး၊ ညီမလေးနောက်တစ်ခေါက်လာရင် ဝတ်စရာယူလာပေးမယ်"

ဟု ပြောသည်။

ဇီစေးကလည်း ကူပြောပေးသည်။

"ဟုတ်တယ်၊ ကျွန်မလည်းအဝတ်အစား ယူလာပေးမယ်။ တောင်းရမ်းဖို့အတွက် ဇလုံအလတ်စားတစ်ခုလည်း ယူလာပေးမယ်"

ကျွန်ုပ်သည် စားလက်စကို ရပ်လိုက်သည်။ လက်ကာပြပြီး တားလိုက်သည်။

"မလုပ်ကြပါနဲ့။ ဘယ်အချိန်သေမယ်ဆိုတာ မသိဘူး။ မသေခင်အချိန်ကလေး ရသလောက်ကို တရားအားထုတ်မှ တန်ကာကျမယ်။ ငါလိုချင်တဲ့အဆင့်ကို မရောက်သေးသရွေ့ ဘာတစ်ခုမှ အလျှော့မပေးနိုင်ဘူး။ သေချင်သေသွားပါစေ၊ သေရကျိုးနပ်တယ်။ အစားအသောက်တွေအပေါ် သာယာနေတာကို ငါမလိုလားဘူး။ အဝတ်အစားအပေါ် သာယာတာကိုလည်း ငါမလိုလားဘူး။ နင်တို့လာကျွေးတဲ့ အစားအစာကိုလည်း ငါမစားချင်ဘူး။ နင်တို့လာပေးတဲ့အဝတ်ကိုလည်း ငါမဝတ်ချင်ဘူး၊ လာမပေးကြနဲ့။ နင့်တို့ကိုလည်း ငါမတွေ့ချင်ဘူး၊ လူတွေကြားထဲကိုလည်း ငါပြန်မသွားဘူး"

"ညီမလေးကို အဲဒီလိုမပြောပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနဲ့"

"နင်တို့အမြင်မှာတော့ ငါ့ကိုကြည့်ရတာ အတော်စိတ်ဆင်းရဲစရာကောင်းနေလိမ့်မယ်ဆိုတာ ငါနားလည်ပါတယ်။ ဒါပေမယ့် ငါ့အဖို့တော့ အခုလိုနေရတာကို အကြိုက်ဆုံးပဲ။ ကံကောင်းလွန်းလို့ အခုလိုနေခွင့်ကိုရတယ်လို့ ငါမှတ်ယူပါတယ်"

ကျွန်ုပ်တို့မောင်နှမ ဆွေးနွေးနေသည်ကို ဇီစေးက ဝင်ရောက် ပြောဆိုသည်။

"အောက်လမ်း လောကီပညာရှင်အဖြစ်ကနေ အခုလို သူတော်ကောင်းတစ်ယောက်ဖြစ်လာတာ ဝမ်းသာစရာပဲ၊ ဂုဏ်ယူအားကျစရာပဲ"

ထိုအခါ ပီတက-

"မျက်တွင်းဟောက်ပက်၊ အရိုးငေါက်ငေါက်ဖြစ်နေတာကို ဂုဏ်ယူစရာလို့ မထင်ပါဘူး။ ဝတ်စရာတောင် မည်မည်ရရမရှိရှာတဲ့အဖြစ်ကို အားမကျပါဘူး။ ဘာပဲဖြစ်ဖြစ် ဝတ်စရာလောက်တော့ ဖူလုံသင့်ပါတယ်။ နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com

ခေါက် ထပ်လာတဲ့အခါ အစ်ကိုကြီးအတွက် ဝတ်စရာ ယူလာခဲ့ပေးဦးမယ်။ ဂန္ဓာရီခရီးလမ်းကိုလျှောက်ရာမှာ စားစရာတွေ၊ ဝတ်စရာတွေဖူလုံတာကြောင့် နှောင့်နှေးစရာအကြောင်းမရှိပါဘူး။ အထောက်အပံ့ဖြစ်ဖို့သာ ရှိပါတယ်။ အစာအာဟာရအတွက် တောင်းရမ်းရယူတာကိုမပြုရင် အာဟာရပြတ်ပြီး သေရွာကိုရောက်သွားဖို့ပဲ ရှိတယ်။ တရားထူးကိုရလိုတဲ့ဆန္ဒ မပြည့်ဝခင်မှာ သေသွားရလိမ့်မယ်"

သူတို့ပြန်သွားသောအခါ အစားကောင်းကို မစားစဖူး အစားထူးလိုက်သည့်အတွက် အားအင်ပြည့်ဖြိုးနေ၏။ ကိုယ်ခန္ဓာသည် တက်ကြွနေသဖြင့် စိတ်ကိုပင့်တင်သည်။ စိတ်သည် လွင့်ချည်းနေတော့သည်။ ကျွန်ုပ်၏စိတ်သည် မငြိမ်မသက်ဖြစ်နေတော့သည်။

တစ်နေ့လုံး ဂနာမငြိမ်ဖြစ်နေ၏။ စိတ်ကိုငြိမ်အောင်ထိန်းလေ၊ ကြွလေ ရွလေ ဖြစ်နေတော့သည်။ ကျွန်ုပ်သည် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အနှစ်နှစ်အလလ ကျင့်ကြံ အားထုတ်ခဲ့သမျှ ပျက်ပြီလောဟုလည်း တွေးပူမိသည်။ နောက်ဆုံး၌ ကြံရာမရဖြစ်နေရာမှ ဆရာမာပါ ပေးလိုက်သော ကျမ်းစာလိပ်ကို သတိရမိပါသည်။ တင်ပျဉ်ခွေထိုင်ရင်း ကျမ်းစာလိပ်ကို ဦးခေါင်းထက်တွင်တင်ထားရင်း ငြိမ်ငြိမ်လေး ထိုင်နေလိုက်သည်။ လူကသာ ငြိမ်သည်၊ စိတ်က မငြိမ်။ ကယောက်ကယက် ရောက်ချင်ရာ ရောက်နေသည်။

ကျွန်ုပ်သည် အရေးကြုံနေပေပြီ။ သို့ဖြစ်ရာ ဆရာမာပါ ပေးလိုက်သော ကျမ်းစာလိပ်ကို ကြိုးဖြေ၍ ဖြေချလိုက်သည်။ ဂူအတွင်းရှိ မှုန်ပျပျ အလင်းရောင်အောက်တွင် စာပါအခြင်းအရာတို့ကို ဖတ်ရှုကြည့်လိုက်သည်။

ကျွန်ုပ်သည် အံ့ဩတုန်လှုပ်သွားသည်။ ရေးသားဖော်ပြထားသည်တို့မှာ ကျွန်ုပ် လက်ငင်းကြုံနေရသည့်ပြဿနာနှင့် တစ်ထပ်တည်းကျနေသည်။ မည်သို့ တွေ့ကြုံရမည်၊ ထိုအခါ မည်သို့ပြုရမည်ဆိုသည်တို့ကို အသေးစိတ် ညွှန်ကြားပေးထားသည်။ စားကောင်းသောက်ဖွယ်တို့ကို ကာလရှည်ကြာ မစားဘဲနေခဲ့ရာမှ ရုတ်တရက် ပြန်စားသောက်မိသောကြောင့် ဖြစ်ရသည်ဟုလည်း ရှင်းပြထားသည်။

ကျွန်ုပ်၏ကိုယ်ခန္ဓာမှ နာ့ဗ်ကြောအဖွဲ့အစည်းသည် ကျင့်ကြံအားထုတ်မှုကြောင့် အလုပ်လုပ်ပုံ ပြောင်းလဲနေ၏။ ထိုသို့ ပြောင်းလဲရာ၌ အာဟာရချို့တဲ့မှုကြောင့် နေးကွေးနေရသည်ဟုလည်း ရှင်းပြထားသည်။

ပီတ ယူလာသော ခေါင်ရည်ကို ကျွန်ုပ် သောက်လိုက်ခြင်းကြောင့် နာ့ဗ်ကြောအဖွဲ့အစည်းသည် မြူးကြွလာ၏။ စားနေကျနှင့် လွန်စွာကွာခြားသော အစာအာဟာရကို စားလိုက်ခြင်းက နာ့ဗ်ကြောအဖွဲ့အစည်း မြူးကြွခြင်းကို အရှိန်တက်အောင် ပင့်တင်ပေးလိုက်သကဲ့သို့ ရှိသည်။ ထိုအခါ စိတ်သည်လှုပ်ခတ်လေတော့သည်။ ဂနာမငြိမ်ဖြစ်ရလေတော့၏။ ကျွန်ုပ် ဖြစ်ကြုံနေရသည့် ပြဿနာ အကြောင်းရင်းခံကို နားလည်သဘောပေါက်သွားသည်။

ဆရာမာပါ ပေးလိုက်သော ကျမ်းစာလိပ်ထဲတွင် မည်သို့သော စိတ်လေ့ကျင့်ခန်းကိုယူရမည် ဆိုသည်ကို ကိုယ်ခန္ဓာအနေအထား မည်သို့ထားရမည်က အစ အသေးစိတ် ဖော်ပြထားသည်။

ကျွန်ုပ်သည် ကျမ်းစာလိပ်တွင် ဖော်ပြထားသည့်အတိုင်း စိတ်လေ့ကျင့်ခန်းကိုလုပ်လိုက်ရာ နာရီအနည်းငယ်အကြာတွင် စိတ်သည် တည်ငြိမ်စပြုလာသည်။ ငြိမ်သက်ခြင်း၏အရသာကို ရလာသည်။ ကြည်လင်လာသည်။ ထို့နောက် စိတ်သည် နယ်ပယ်သစ်ဆီသို့ မြင့်တက် ရောက်ရှိသွားသည်။ ထဲထဲဝင်ဝင် ရောက်ရှိသွားသည်။ ကျွန်ုပ်သည် ဧကောဓမ္မောကို ချက်ချင်းသိသွားသည်။ ပြုသူနှင့်အပြုခံနှစ်ရပ်သည် တစ်ခုတည်း ဖြစ်သွားသည်။ ပြုသူ ဟူ၍လည်း မရှိ၊ အပြုခံ ဟူ၍လည်း မရှိ။ တစ်ချိန်တည်းမှာပင် ပြုသူလည်း ရှိနေသည်၊ အပြုခံလည်း ရှိနေပြန်သည်။ ပြုသူသည်လည်း အပြုခံ ဖြစ်နေသည်၊ အပြုခံသည်လည်း ပြုသူဖြစ်နေသည်။ ပြုသူနှင့် အပြုခံတို့အကြား ကွာဟမှု၊ ဆက်နွယ်မှု အစရှိသည်တို့ကို ချက်ချင်း ထိုးထွင်းသိရှိနားလည်သွားသည်။

ကျွန်ုပ်သည် ပြဿနာကို မကြုံခဲ့ရသဖြင့် ယခုလို အမြင်ကြုံဖို့ အခွင့်မသာဘဲ ရှိနေခဲ့သည်။ ဇီစေးနှင့် ပီတတို့ ယူဆောင်လာသော အစာအာဟာရနှင့် ခေါင်ရည်ကြောင့် ပြဿနာကိုကြုံသည်။ စိတ်တို့ ယောက်ယက်ခတ်သည်။ လွင့်သည်၊ ပျံ့သည်။ ငြိမ်အောင် ထိန်းမရသည့်ပြဿနာကို ရင်ဆိုင်ဖြေရှင်းလိုက်သောအခါ၌ ခုလို အမြင်သစ်ကို ကျွန်ုပ် ရရှိသွားသည်။ သို့ဖြစ်ရာ ဇီစေးနှင့်ပီတတို့ကို ကျေးဇူးတင်မိရပေသည်။ ဤသို့ ကြုံရပေအံ့ဟု တင်တင်ကြိုကြို သိပြီး ကျမ်းစာလိပ်ကိုပေးလိုက်သော ဆရာမာပါကိုလည်း စိတ်ထဲရည်မှတ်ရင်း ကန်တော့လိုက်သည်။

ကျွန်ုပ်သည် စိတ်လေ့ကျင့်ခန်းကို ဖိဖိစီးစီး ဆက်လက် လေ့ကျင့်သည်။ ကျွန်ုပ်သည် တန်ခိုးတက်လာသည်။ ကျွန်ုပ်သည် ဆက်လက်၍ ဖိဖိစီးစီးဆက်လက် လေ့ကျင့်ပြန်ရာ၌ ကိုယ်ခန္ဓာကို လေထဲ စိတ်ရှိတိုင်း ကြွတက်အောင်ပြု နိုင်သောအဖြစ်သို့ ရောက်ရှိသွားသည်။ ကျွန်ုပ်သည် ဖိဖိစီးစီး ဆက်လက်လေ့ ကျင့်ပြန်ရာ၌ မိမိ၏ကိုယ်ခန္ဓာကို လိုရာ ပုံသို့ ပြောင်းလဲနိုင်သူအဖြစ်သို့ ရောက် လေသည်။

ကျွန်ုပ်သည် အိပ်မက်ဆန်ဆန်ဖြစ် နေသဖြင့် အိပ်မက်လော၊ တကယ်ဖြစ် နေသလော မကွဲမပြားဖြစ်နေသည်မှာ ရက်အတန်ကြာသည်အထိ ဇဝေဇဝါဖြစ် နေခဲ့သည်။ ငါသည် အိပ်စက်ရင်း အိပ် မက်မြင်မက်နေခြင်းလော၊ နိုးနေသူလော ဟူသည်ကို မသဲမကွဲ ဖြစ်နေခဲ့သည်။

ကျွန်ုပ်သည် နေ့ခင်းကြောင် တောင်၌ အိပ်မက်ယောင်ရင်း လျှောက် လုပ်နေသူလော၊ နိုးနေရင်း လျှောက် လုပ်နေသူလောဆိုသည်ကို မဝေခွဲတတ် အောင် ဖြစ်နေခဲ့သည်။

ကျွန်ုပ်သည် တတိယမြောက်ဂူသို့ ပြောင်းရွှေ့နေထိုင်သင့်ချေပြီဟု တွေးဆ မိသည်။ ထိုသို့ နေကြည့်လိုက်မှ အိပ် မက်လော, တကယ်လောကို ကွဲကွဲပြား ပြား သိနိုင်မည်၊ အိပ်မက်ရှည်ကြီးတစ်ခု ကိုမြင်မက်နေခြင်း မဟုတ်ကြောင်း သေ ချာသိနိုင်မည်ဟု တွေးဆမိသည်။ သို့ဖြစ် ရာ ကျွန်ုပ်သည် တတိယမြောက်ဂူသို့ သွားလိုက်သည်။ ရုတ်ခြည်းဆိုသလို ရောက်သွားသည်။

ငါတော့ အာဂလူ ဖြစ်ချေပြီဟု ပီတိဖြစ်မိသည်။ ကျွန်ုပ်သည် တတိယ မြောက်ဂူတွင် ဆက်လက်နေထိုင်သည်။ ခန္ဓာတွင်းရှိ အပူလှိုင်းတို့ကို အမိကထား သည့် ကျင့်ကြံအားထုတ်မှုကို အားသွန် ကာ ကျင့်ကြံအားထုတ်သည်။ တစ်ဆင့် ပြီးတစ်ဆင့် ကျင့်သည်။ လေထဲပျံ့သန်း ခြင်းကိုလည်း လေ့ကျင့်သည်။ တစ်ခါ လေထဲပျံ့ရင်း ရွာတစ်ရွာပေါ်သို့ ရောက် သွားသည်။

၎င်းရွာတွင် ဆွေမျိုးနီးစပ်သူတစ် ဦး နေထိုင်သည်။ ၎င်းဆွေမျိုး၏ခွေး သည် ကျွန်ုပ်၏လက်ချက်ဖြင့် သေဆုံး ခဲ့သည်။ ကျွန်ုပ်သည် ငယ်ရွယ်စဉ်က အောက်လမ်း လောကီပညာရှင်တစ်ဦး အဖြစ် အစွမ်းပြခဲ့ဖူးသည်။ လူသေ



www.burmeseclassic.com

www.burmeseclassic.com

(ဘု) ဦး တစ်ပြိုင်တည်းသေအောင်ပြု
ရာ၌ ချွေးမသည် တစ်ဦးအပါအဝင်
သည်။
ကျွန်ုပ်သည် မြေပြင်သို့ ငုံ့ကြည့်
၍ လယ်ကွင်းထဲတွင် လယ်ထွန်နေကြ
သော ဆွေမျိုးသားအဖနှစ်ယောက်ကို
သည်။ သားက စာမရီကို ရှေ့မှဆွဲ
သည်။ အဖေက စာမရီနောက်မှ ထွန်
ကိုနှင်းရင်း လိုက်သည်။ သားက မိုး
သို့ မော့ကြည့်သည်၊ ကျွန်ုပ်ကိုတွေ့
သည်။ တအံ့တဩဖြင့် ဖခင်ကို
သည်။
"ဟိုမှာ ကြည့်ပါဦး၊ လူပျံတစ်
ယောက် ရောက်နေတယ်"
ထို့နောက် သားဖြစ်သူသည် မှင်
တက်မိရင်း မတ်တတ်ရပ်ကာ ကျွန်ုပ်ကို
ကြည့်နေသည်။ ထိုအခါ ဖခင်က
တိုသွားသည်။
"ကိုယ့်အလုပ်ကို ကိုယ်လုပ်စမ်း၊
ကြောက်ရုပ်လို ရပ်မနေနဲ့။ အဲဒီလူပျံတ
သတ်မှာ မီလာဆိုတဲ့ အကောင်ပါ။
ကောင်းတာဆိုလို့ ဘာတစ်ခုမှ မရှိတဲ့
ကောင်ပါ။ သူ့အမေကလည်း အတော်
စက်တယ်။ အရေးလုပ်ပြီး မော့
ကြည့်မနေနဲ့၊ အလုပ်ပျက်တယ်"
ထို့နောက် ဖခင်က-
"သူ့အရိပ်အောက် မရောက်စေ
နဲ့ ကျိန်စာသင့်လိမ့်မယ်"
ဟုလည်း ပျာပျာသလဲ သတိပေး
သည်၊ ကျွန်ုပ်၏အရိပ်ကို ရှောင်ရှား
သည်၊ သားက မရှောင်၊ ရပ်၍မော့
ကြည့်မြဲ ကြည့်နေသည်။
"အဖေက ဘာလို့ မကောင်းပြော
ရတာလဲ။ သူက ကောင်းသည် ဖြစ်
စေ ဆိုးသည်ဖြစ်စေ ကျွန်တော်ကတော့
အံ့ဩးတယ်။ လေထဲပျံနိုင်တာ နည်း
အစွမ်းလား။ ကျွန်တော်လည်း သူ့လို
ပျံတတ်ချင်လိုက်တာ"
သိပ်မကြာခင်မှာပင် 'လူပျံ မီလာ
ပါ ထွန်းနေသည်' ဟူသော သတင်း
သည် ပျံ့နှံ့သွားသည်။ ကျွန်ုပ်နေထိုင်ရာ
ကို လိုက်လံ ရှာဖွေကြသူများလည်း ရှိ
လာသည်။ ပရိသတ်ကိုရှောင်ပါဟု ဆရာ
တော်မှာကြားလိုက်သည့်စကားကို သတိ
ရမိသည်။
ကျွန်ုပ်သည် လူသူအရောက်အ
ပေါက်နည်းသည့်ဂူသို့ပြောင်းရန် အချိန်
တန်ချေပြီဟု သုံးသပ်မိသည်။ သို့ဖြစ်ရာ
ဆရာမာပါ ချမှတ်ပေးလိုက်သည့် ဂူစဉ်
၏ စတုတ္ထမြောက်ဂူသို့ ရှောင်ပုန်းရန်
ဆုံးဖြတ်လိုက်သည်။ စတုတ္ထမြောက်ဂူ
သည် ဇဝရတ်တောင်တွင် အစိအရီရှိ
နေကြသည့်ဂူများအနက် တစ်ခု ဖြစ်၏။

✿

ကျွန်ုပ်သည် တတိယမြောက်ဂူကို
စွန့်ခွာပြီး စတုတ္ထမြောက်ဂူသို့သွားဖို့ပြင်
သည်။ ကျွန်ုပ်နှင့်အတူ ယူသွားစရာ ဟူ
၍ ပစ္စည်းတစ်ခုသာ ရှိသည်။ နှုတ်ခမ်း
ပဲ့နေသည့် မြေအိုးတစ်လုံးသာ ရှိသည်။
၎င်းမြေအိုးသည် ကျွန်ုပ် နေ့စဉ် စားသုံး
နေသည့် ခွေးလေးယားရွက်ပြုတ်သည့်
အိုး ဖြစ်သည်။ ကျွန်ုပ်သည် အိုးကို ပခုံး
ထက်တွင်တင်၍ ဂူပြင်သို့ ထွက်သည်။
တောင်ခြေဆီသို့ ဆင်းသည်။
ကျွန်ုပ်သည် အားအင်ချည့်နဲ့နေ
သဖြင့် လမ်းကောင်းကောင်းမလျှောက်
နိုင်ချေ၊ ဒယိမ်းဒယိုင်ဖြစ်နေသည်။ ဟန်
ချက်မပျက်အောင်ထိန်း၍လျှောက်ရာမှ
ခြေခွေယိုင်ကာ လဲကျသည်။ မြေအိုး
သည် မြေ၌ ဆောင့်မိသည်။ ခွပ်ခနဲ ကွဲ
သည်။ ကျွန်ုပ်၌ ယူသွားစရာဟူ၍ လက်
ညှိုးထိုးပြစရာ ဤအိုးတစ်လုံးသာရှိခဲ့ရာ
မှ ယခုအခါ ယူသွားစရာနတ္ထိ ဖြစ်သွား
သည့်အဖြစ်ကို ကြုံရလေသည်။ ကျွန်ုပ်
နှင့် လက်ပွန်းတတီးနေခဲ့သော မြေအိုး
သည် ကျွန်ုပ်ကိုထားရစ်ခဲ့ချေပြီ။
ကျွန်ုပ်သည် အိုးခြမ်းကွဲအပိုင်းအ
စတို့ကို ကြည့်ရင်း တုန်လှုပ်သွားသည်။
မမြဲသောသဘာဝကို သတိကြီးစွာရမိ
သည်။ အိုးသည်လည်း မမြဲ ကွဲလေပြီ။
ငါသည်လည်းမမြဲ အချိန်မရွေး အသက်
နှင့်ကိုယ် အိုးစားကွဲနိုင်သည်။ အချိန်ကို
တန်ဖိုးထားမှဖြစ်မည်။
အောင်မြင်စပြုလာသည့်အပေါ်
ပီတိဝေဖြာရင်း မိမိ၏အစွမ်းများကို သုံး
စွဲရန်အတွက် အချိန်ဖဲ့သုံးနေမိသည်ကို
ဆင်ခြင်ရမည်ဟု မိမိကိုယ်မိမိ သတိပေး
လိုက်သည်။ အိုးကျကွဲခြင်းသည် ကျွန်ုပ်
ပေါ့ပေါ့လျော့လျော့ဖြစ်စပြုနေသည်ကို
ဆင်ခြင်မိဖို့ သင်ခန်းစာပေးလိုက်ခြင်း
ဖြစ်သည်။
ကျွန်ုပ်သည် ကဗျာတစ်ပုဒ်ကို
ကောက်ကာငင်ကာ စပ်လိုက်သည်။ ခပ်
ကျယ်ကျယ် ရွတ်ဆိုလိုက်သည်။ အိုး
သည် ကျွန်ုပ်ကို သွန်သင်ဆုံးမခဲ့သည်။
ထို့ကြောင့် အိုးသည် ကျွန်ုပ်၏ဆရာ
ဇကန်ဖြစ်နေတော့သည် စသဖြင့် ရွတ်
ဆိုလိုက်သည်။
ကျွန်ုပ်သည် အသံပါရမီထူးဖြစ်
ပေရာ အသံအောင်လှပေသည်။ ကျွန်ုပ်
၏ကဗျာရွတ်သံကို ခပ်ဝေးဝေးတစ်နေ
ရာရှိ မုဆိုးတစ်သိုက် ကြားသွားသည်။
သူတို့သည် အသံလာရာကို မှန်းဆ၍
ရောက်လာကြသည်။ အိုးကွဲစတို့အနီး
ဖင်ထိုင်ချကာ ကဗျာရွတ်ဆိုနေသော
ကျွန်ုပ်ကို တွေ့သွားကြသည်။
ကျွန်ုပ်သည် ကဗျာကို ရွတ်ဆိုရာ
၌ အာတွေ့ လျှာတွေ့ ဖြစ်သွားသဖြင့်
နောက်ထပ်တစ်ခေါက် ရွတ်ဆိုသည်။
မုဆိုးတို့သည် ငြိမ်သက်စွာ နားထောင်
ကြသည်။ ကဗျာရွတ်ဆို၍ပြီးသွားသည့်
အခါ မုဆိုးတစ်ဦးက-
"ရှင်ရသေ့သည် အသံပါရမီပါသူ
ဖြစ်လို့ နားထောင်ရတာ အလွန်ကောင်း
ပါတယ်။ အိုးကွဲဘေးမှာ ငုတ်တုတ်ထိုင်
ပြီးဘာလုပ်နေတာလဲ။ အိုးကလည်း စိမ်း
နေတယ်၊ ရှင်ရသေ့ရဲ့အသားအရေက
လည်း စိမ်းနေတယ်။ ဘာလို့ စိမ်းနေကြ
တာလဲ"
ဟု မေးသည်။
ကျွန်ုပ်က ခွေးလေးယားကို နေ့
စဉ် ပြုတ်သောက်သဖြင့် အိုးလည်းစိမ်း၊
လူလည်းစိမ်းနေရကြောင်းပြောပြသည်။
ထိုအခါ မုဆိုးတစ်ယောက်က သူတို့၌
ပါလာသောအစားအစာကို သူတို့နှင့်အ
တူတကွ စားသောက်ရန် ဖိတ်ခေါ်၏။
လူငယ်တစ်ယောက်က-
"သင့်ရဲ့ ကြန်အင်လက္ခဏာဟာ
အလွန်ကောင်းတယ်။ ဒါပေမယ့် ကိုယ်
ခန္ဓာကို ပြည့်ဖြိုးအောင် ကောင်းကောင်း
စားဖို့လိုနေတယ်။ အားအင်ပြည့်ဖြိုးတဲ့
အခါမှာ စစ်မှုထမ်းရင် သင်ဟာ စစ်
သည်ကောင်းအဖြစ်ကိုရောက်မှာ သေ
ချာတယ်။ လက်နက် အပြည့်အစုံဖြင့်
မြင်းကုန်းနှီးပေါ်မှာ တော်တော်ကြည့်
ကောင်းမှာ သေချာတယ်။ တကယ်လို့
သင်ဟာ ကုန်သည်လုပ်မယ်ဆိုရင်လည်း
ကြွယ်ဝတဲ့ကုန်သည်အဖြစ်ကို ရောက်ရှိ
သွားမှာ သေချာတယ်။ တစ်ဆွေလုံး
တစ်မျိုးလုံးကို ဝဝလင်လင် ကျွေးမွေး
စောင့်ရှောက်နိုင်မှာ သေချာတယ်။ သူ
တစ်ပါးထံမှာ သူရင်းငှားအဖြစ် လုပ်ကိုင်
ရင်တောင် လူတန်းစေ့နေနိုင်မယ့် ကြန်
အင်လက္ခဏာ သင့်မှာ ရှိနေတယ်။ အ
စားကောင်း စားရမယ်၊ အဝတ်ကောင်း
ကိုဝတ်ရမယ့် ကြန်အင်လက္ခဏာ သင့်
မှာရှိနေတယ်။ ဒီတော့ ယခုလို ဖြစ်သလို
နေပြီး ငတ်ပြတ် ဆင်းရဲနေမယ့်အစား
တစ်ခုခုလုပ်လို့ စဉ်းစားသင့်တယ်"
ဟု အကြံပြုသည်။
အသက်ကြီးသူတစ်ယောက်က-
"သူ့ကိုကြည့်ရတာ မောင်ရင်ပြော
တဲ့ လောကီစည်းစိမ်တို့ မက်ပုံမရဘူး။
ရှင်ရသေ့ဟာ တရားမှာသာ မွေ့ပျော်
ဟန်တူပါတယ်။ ဒီတော့ လောကီကိုပြန်



www.burmeseclassic.com

www.burmeseclassic.com

လာဖို့ မပြောသင့်ဘူး"

ဟု ပြောသည်။

ကျွန်ုပ်က-

"အများအမြင်မှာတော့ ကျွန်တော်ဟာ သနားစရာအလွန်ကောင်းနေမှာပါ။ စုတ်ပြတ်နေတယ်၊ ဆင်းရဲနေတယ်၊ ငတ်မွတ်နေတယ်။ တကယ်တော့ ကမ္ဘာလောကတစ်ခွင်လုံးမှာ စိတ်အချမ်းမြေ့ဆုံးလူစာရင်းထဲမှာ ကျွန်တော်ဟာ ထိပ်ဆုံးက ပါနေပါတယ်။ ကျွန်တော့်လို ထွန်းပေါက်တဲ့အဆင့်ကိုရောက်အောင် လုပ်နိုင်သူက လက်ချိုးပြီး ရေတွက်လို့ရတယ်။ ဒီလိုပြောလိုက်တော့ ညာနေတယ်လို့ ထင်ကြမယ်။ နားလည်ဖို့လည်း မလွယ်ပါဘူး။ ကျွန်တော့်လို ခင်ဗျားတို့လည်း အခိုက်အတန့်အားဖြင့် စိတ်ချမ်းမြေ့တဲ့သူဖြစ်သွားအောင် သာယာတဲ့အသံဖြင့် ကဗျာတစ်ပုဒ်ကို ဆိုပြပါဦးမယ်"

ဟု ပြောလိုက်သည်။

ထို့နောက် ကဗျာတစ်ပုဒ်ကို ကောက်ကာငင်ကာ သီကုံးပြီး သံနေသံထားဖြင့် ရွတ်ဆိုလိုက်သည်။

"မိတ်ဆွေတို့ခင်ဗျား၊
ဟုတ်တယ်. . . မိမိကိုယ်ကိုသာ
ကိုးကွယ်ရာ၊
မိမိသည်သာ ကျောင်းတော်ရာ။
ဟုတ်တယ်. . . ရင်၌တည်သော
နှလုံးအိမ်မှာ
တရားတို့မွေ့လျော်ရာဖြစ်အောင်
ဆောင်ရွက်လိုက်စမ်းပါ။

မိတ်ဆွေတို့ခင်ဗျား၊
စိတ်မြင်းရိုင်းကို
ကုန်းနှီးတင်၍စီးနိုင်ဖို့ရာ
ဟုတ်တယ်. . . တရားအသိ အမြဲရှိဖို့ လိုပေတာ။
စိတ်မြင်းရိုင်းကို ယဉ်ပါးစေဖို့ရာ
မည်သည့်တိုင်တွင် ချည်ထားမည်နည်း။
မည်သည့်အာဟာရ ကျွေးရမည်နည်း။
မည်သည့်ရေ တိုက်ပေးရမည်နည်း။
ဟုတ်တယ်. . . တရားထိုင်ခြင်း
ဟူသည့်တိုင်တွင် မြင်းရိုင်းကို
ချည်ရမည်။
ဟုတ်တယ်. . . တရားဓမ္မ ဟူသည့် စိတ်အာဟာရကို အမြဲမပြတ်ကျွေးနေဖို့ လိုသည်။
ဟုတ်တယ်. . . အသိတရားစမ်းချောင်းမှာ ရေဆင်းသောက်ခိုင်းပါ။

ယဉ်ပါးလာစပြုသည့်အခါ
ဆက်လက်ပြီးတော့ သင်ပေးပါ။
မိတ်ဆွေတို့ခင်ဗျား၊
လောကဓံကို ကြံ့ကြံ့ခံနိုင်အောင်၊
အရာရာဟာ မာယာတွေပါ ဆိုတာ
သိသွားအောင် လုပ်ပေးလိုက်စမ်းပါ။
ဆန္ဒကုန်းနှီးကိုတင်
သတိဖြင့်စီး၊ ရှေ့ဆက်ခရီးနှင်
ပရဟိတ သံမဏိခမောက်ကို
ဆောင်း
အသိဉာဏ်ဇက်ကြိုးကိုဆွဲ
မြင်းရိုင်းထက်မှ
အို. . . လူသား။

အတွင်းမှာ ကျင့်ကြံမှုအကျႌ
အပေါ်မှာ သင်ယူမှုဝတ်ရုံ
သန္တိဌာန်ခါးပတ်
ခန္တီတရား ဒိုင်းကာ
တရားအသိ ဓားရှည်
ခိုင်စွာကိုင်စွဲ
သူနွဲ့မယ့် စစ်ပွဲ။

မြားတွေနဲ့ သူပစ်ခွင်း
အမုန်းလည်း ကင်း
အချစ်လည်း ကင်း
မေတ္တာလေးထက်က
ကရုဏာပွား
မုဒိတာပွား
ဥပေက္ခာတရား
သူဆောင်ထား"

မဆိုးတို့သည် ကျွန်ုပ် ရွတ်ဆိုပြသည်ကို နှစ်ခြိုက်စွာ နားထောင်ကြ၏။ အားရကျေနပ်မှုကို ရရှိသွားကြသည်။ ကျွန်ုပ်ကို နှုတ်ဆက်ပြီး ထွက်သွားကြသည်။

သူတို့ ထွက်ခွာသွားကြပြီးသည့်နောက် အတန်ကြာသောအခါမှ ကျွန်ုပ်သည် ခရီးဆက်ရန်အတွက် ထိုင်ရာမှထလိုက်သည်။ ထို့နောက် လေထဲပျံ့သန်းကာ ခရီးနှင်သည်။ လမ်းတွင် တောင်ကုန်းမြင့်မြင့်တစ်ခုကို တွေ့သောအခါ တောင်ထိပ်ပေါ် သို့ သက်ဆင်းလိုက်ရင်း ခရီးတစ်ထောက်နားလိုက်သည်။

လူသွားလမ်းကလေးတစ်ခုတွေ့သဖြင့် လမ်းအတိုင်း လျှောက်သွားလိုက်ရာ တောင်နံရံမှ စိမ့်စမ်းရေထွက်ကျနေသောနေရာတစ်ခုသို့ ရောက်သွားသည်။ ရေကို လက်ဝါးနှစ်ဖက်စုံကပ်၍ခံယူပြီး သောက်သုံးလိုက်သည်။

ထိုစဉ်မှာပင် မိန်းကလေးတစ်သိုက် အနားသို့ ရောက်လာကြသည်။ တစ်ယောက်က အထိတ်တလန့်ဖြစ်ကာ အာမေဋိတ်ပြုသည်။

"အမလေး- ကြည့်ကြပါဦး။ လူလား၊ နာနာဘာဝလား"

အခြားတစ်ယောက်က-

"လူတော့ လူပါ၊ ဒါပေမယ့် လူရုပ်မပေါ်တော့ဘူး။ ဒီလိုအဖြစ်မျိုးမှ ရောက်လေရာဘဝတိုင်း ကင်းဝေးပါစေ"

ဟု ပြောသည်။

ကျွန်ုပ်သည် ရေသောက်ပြီးသွားသောအခါ သူတို့ရှိနေသည့်ဘက်သို့ လှည့်ကာ မျက်နှာမူလိုက်သည်။

ကျွန်ုပ်က-

"မိန်းကလေးတွေ. မသိဘဲ ရမ်းမပြောကြနဲ့။ ငါ့လို မဖြစ်ဖို့လည်း ဆုတောင်းနေဖို့ မလိုပါဘူး။ နောက်ထပ်ဘဝပေါင်းတစ်ရာမက သံသရာမှာကျင်လည်ရင်တောင် ငါ့လိုအဖြစ်ကို နင်တို့မရဘူး။ ငါ့လိုအဖြစ်မျိုးကိုရချင်ရင် ငါ့လို ကျင့်ကြံအားထုတ်မှ ရမယ်။ ဒီလိုအဖြစ်မျိုး၊ ဒီလို အဆင့်အတန်းမျိုးကို ရဖို့ကို လွယ်တယ်လို့ ထင်နေသလား"

ဟု ပြောလိုက်သည်။

ထို့နောက် ကျွန်ုပ်က ကဗျာတစ်ပုဒ်ကို လက်တန်းစပ်ဆိုရင်း သီဆိုပြလိုက်သည်။

လောက၌ မိမိတန်ဖိုးထားသောအရာကိုသာ အဖိုးတန်သည်၊ အမျိုးမြင့်မြတ်သည်ဟုထင်နေလျှင် မှားမည်။ မိမိက သူတစ်ပါးကို ဆင်းရဲလေစွဟု မြင်သော်လည်း သူတစ်ပါးက မိမိကို သနားစရာသတ္တဝါအဖြစ် ရှုမြင်နေနိုင်သည်ကို သတိချပ်သင့်ကြောင်း သီဆိုပြလိုက်၏။

သူတို့အထဲမှ တစ်ယောက်က-

"လက်စသတ်တော့ သင်က သူတော်စင်ကိုး။ တောတောင်ထဲ တစ်ကိုယ်တည်းနေထိုင်ရင်း ကျင့်ကြံ အားထုတ်နေတဲ့သူမှန်း မသိကြလို့ ပြောမှားဆိုမှားဖြစ်ရတာကို ဗွေမယူပါနဲ့။ သင့်အမည်ကို ပြောပြပါဦး"

ဟု ပြောရာ ကျွန်ုပ်သည် မီလာရီပ ဖြစ်ကြောင်း ပြောပြလိုက်သည်။

"တစ်ချိန်တုန်းက ကလေးသူငယ်အသံသာယာလို့ နားချမ်းသာလို့အမည်တွင်တယ်။ လူလားမြောက် အရွယ်ရောက်တော့ တရားနောက် ကောက်ကောက်ပါအောင် လိုက်တယ်။ ငါဟာ ဘယ်သူလဲ မသိရင် မှတ်ထား၊ လူတွေနှင့်ဖျား တန်ခိုးထွားတဲ့လူသားအဖြစ် နာမည်ကြီးတဲ့ မီလာရီပ"

"အင်မတန် သတင်းကြီးနေတဲ့ သူတော်စင် မီလာရီပမှန်း တကယ်မသိလို့ ပြောမိတာတွေကို ခွင့်လွှတ်ပေးမှပါ ရှင်"



www.burmeseclassic.com

www.burmeseclassic.com

ဟု မိန်းကလေးက လက်အုပ်ချီချင်း တောင်းပန်သည်။ ဦးသုံးကြိမ်ချပြီး ကန်တော့သည်။ ထို့နောက် မိန်းကလေး အစ်သိုက်သည် ရှိသေ ပျပ်ဝပ်စွာဖြင့် ကျွန်ုပ်ရှေ့မှောက်မှ ထွက်သွားကြသည်။

သူတို့ ထွက်သွားပြီးသည့်နောက် အတန်ကြာအောင်နေလိုက်ပြီးမှ ကျွန်ုပ်သည် သွားလက်စဖြစ်သည့် ဇဝရတ်တောင်သို့ ဆက်လက် ခရီးနှင်သည်။

ဇဝရတ်တောင်သို့ ဆိုက်ရောက်သောအခါ ဆရာမာပါ၏ ဂူစဉ်အရ စတုတ္ထမြောက်ဂူဖြစ်သည့် ဂူဆီသို့ သွားသည်။ အဆိုပါ ဂူသည် ဂန္ဓာရီခရီးကို လျှောက်လှမ်းသူတို့ကြားတွင် 'သူရိန်ရဲတိုက်' ဟု အမည်တွင်သော ရသေ့ဂူဖြစ်သည်။ ခန္ဓာတွင်းအပူလှိုင်းကို အသားပေး ကျင့်ကြံအားထုတ်ရသူတို့ မသားမဖြစ် လာရောက်ရသောဂူ ဖြစ်၏။

ဂူအနီးတွင် ချောက်တစ်ခု ရှိ၏။ ထိုချောက်သည် (၆)ပေခန့်ကျယ်သည်။ ထိုချောက်ကိုဖြတ်သန်းရန်အတွက် သစ်သားတစ်ခုကို တံတားထိုးပေးထားသည်။ မိမိနေထိုင်ရာ သူရိန်ရဲတိုက်ဂူသို့ လူမလာစေလိုလျှင် အဆိုပါ သစ်လုံးကို ဂူဘက်သို့ဆွဲယူပြီး တံတားကိုယာယီအားဖြင့် ဖယ်ရှားထားနိုင်သည်။

ကျွန်ုပ်သည် အစဉ်အလာကြီးမားသော သူရိန်ရဲတိုက်ဂူထဲတွင် လအတန်ကြာသည်အထိ ကျင့်ကြံအားထုတ်ရာ အဆင့်များ ထပ်တက်နိုင်ခဲ့လေသည်။

သူရိန်ရဲတိုက်ဂူတွင် ကျွန်ုပ်ကဲ့သို့ လာရောက်ကျင့်ကြံကြသူများ အစဉ်အဆက်ရှိခဲ့ပေရာ အနီးတစ်ဝိုက်ရှိ ရွာတို့သည် ဤဂူသို့ အရောက်လာပြီး စားနပ်ရိက္ခာ ကပ်လှူကာ ကုသိုလ်ယူလေ့ရှိ၏။ ကျွန်ုပ်ကိုလည်း စားနပ်ရိက္ခာ မပြတ်ရအောင် ဆက်ကပ် လှူဒါန်းကြသည်။

သူရိန်ရဲတိုက်ဂူသည် စားရေးသောက်ရေးအတွက် အဆင်ပြေသည်။ လူသူတို့လာကြသော်လည်း သူတို့သည် ယဉ်ကျေးသိမ်မွေ့ကြသည်။ အနှောင့်အယှက်ပေးလေ့ မရှိကြချေ။ လူမလာစေလိုသောအခါမျိုး၌ တံတားထိုးသည့် သစ်လုံးကို ဆွဲယူပြီး ဖယ်ထားလိုက်လျှင် ဧည့်သည်တို့သည် ဧည့်သည်မလာစေလိုသောကာလဟုသဘောပေါက်ကြသည်။ ချောက်တစ်ဖက်ကမ်းမှ အသံလုံလုံဖြင့် နှုတ်ဆက်ပြန်သွားကြသည်။ တံတားထိုးပေးပါဟု ပူဆာလေ့မရှိကြပေ။

ကျွန်ုပ်သည် သူရိန်ရဲတိုက်ဂူတွင် တက်လှမ်းရမည့်အဆင့်တို့တက်နိုင်ခဲ့ပြီးသောအခါ ဂူကို စွန့်ခွာရန် ဆုံးဖြတ်လိုက်သည်။ ဆရာမာပါချမှတ်ပေးလိုက်သော ဂူစဉ်အရ ပဉ္စမမြောက်ဂူသို့ နေရာရွှေ့ပြောင်းမည်ပြုသောအခါ ညီမလေးပီတာ ရောက်လာသည်။ ကျွန်ုပ်ခြုံရန်အတွက် စောင်တစ်ထည် ယူလာပေးသည်။ သူသည် တတိယဂူသို့ သွားရောက်ခဲ့ရာ၌ ကျွန်ုပ်မရှိတော့သဖြင့် ဘယ်လိုလိုက်ရှာရမှန်းမသိ ဖြစ်နေခဲ့သည်။ ကျွန်ုပ်၏ သတင်းကို ထောက်လှမ်းနေခဲ့သည်။ ရှိနေသည်ဟု သတင်းကြားသည့်ဆီသို့ လိုက်သည်။ ထိုသို့လိုက်ရင်း ယခု ဤဂူသို့ သူရောက်လာသည်ဟု ပြောပြသည်။

သူလာရာလမ်း၌ ရသေ့တစ်ဦးကို ကြုံခဲ့သည်။ ဘာရီလိုစတာဝဟု အမည်တွင်သောဆရာတစ်ဦး ဖြစ်သည်။ ဘာရီလိုစတာဝသည် တောက်ပြောင်သော ဝတ်ရုံကို ခုံညားထည်ဝါစွာ ဆင်မြန်းထားသည်။ သူ့ထံပါး၌ တပည့်တပန်းလည်း အများအပြားရှိနေသည်။ ကပ်လှူသော ပစ္စည်းဥစ္စာ အများအပြားကိုလည်း အမြဲရနေသည်။ ပီတာသည် ပရိသတ်တရုန်းရုန်းဖြင့် ဖြစ်နေသော ရသေ့ဘာရီလိုစတာဝကိုကြည့်ရင်း ဤသို့ အတွေးပေါ်သည်။

'ငါ့အစ်ကိုလည်း သူ့လိုနေရင် သူ့ထက်မက ရမှာ သေချာတယ်။ မောင်နှမ နှစ်ယောက်စလုံး ချမ်းချမ်းသာသာဖြင့် မကြောင့်မကြ နေကြရမယ်။ ရသေ့ဘာရီလိုစတာဝက စွမ်းတာ ဘာဟုတ်သေးလဲ၊ ငါ့အစ်ကိုက သူ့ထက် အပုံကြီးစွမ်းတယ်။ လေထဲတောင် ပျံသန်းနိုင်စွမ်းရှိတယ်။ ငါ့အစ်ကိုသာ ရပ်ရွာတစ်ခုခုမှာအခြေချပြီးနေထိုင်ခဲ့ရင် ပရိသတ်က များလွန်းလို့ ဓားယူရမယ်'

ပီတာသည် သူ့စိတ်ကူးကို ပြောပြသည်။ ကျွန်ုပ်ကို သူနှင့်အတူလိုက်ခဲ့ရန် စည်းရုံးသည်။

"ဒီအတိုင်း ဆက်နေဖို့ မသင့်ဘူး။ အဝတ်ဗလာ၊ ကိုယ်တစ်ခု၊ ဖြစ်သလိုစားပြီးနေတာဟာ တရားရှာတာလို့ ဆင်ခြေမပေးပါနဲ့။ ကိုယ်အင်္ဂါသန်စွမ်းပါလျက် ဘာမှမလုပ်ဘဲနေတာဟာ ရှက်ဖို့ကောင်းတယ်။ ညီမ ယူလာပေးတဲ့စောင်ကို ခါးမှာပတ်ပြီး လိုက်ခဲ့ပါ။ ရသေ့ဘာရီလိုစတာဝ ဘယ်လိုနေတယ်ဆိုတာကို လိုက်ကြည့်ပါ။ သူက ထိုင်ရင် ပလ္လင်ပေါ်မှာထိုင်တယ်။ သူ့ကို ထီးဖြူမိုးပေးထားသေးတယ်။ သူဝတ်ထားတဲ့ ပိုးထည်ကလည်း အိစက် တောက်ပြောင်နေတယ်။ သောက်ဖို့လက်ဖက်ရည်ကလည်း အမြဲအဆင်သင့်။ ခေါင်းရည်ဆိုလည်း အဆင်သင့်။ တပည့်တပန်းတွေကလည်း ဝိုင်းဝိုင်းလည်နေတာပဲ။ သူ့ကို ဖူးမြော်ဖို့ စောင့်နေကြတဲ့ပရိသတ်ရှေ့ကို သူထွက်လာပြီဆိုရင် တပည့်တွေက ခရုသင်းတွေမှုတ်ပြီး ကြိုဆိုကြတယ်။ ကပ်လှူတဲ့ပစ္စည်းတွေကလည်း မနည်းဘူး။ သူ့ဆီမှာ တပည့်ခံပြီး ပရိသတ်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို အစ်ကို သင်သင့်တယ်၊ နည်းနာခံယူသင့်တယ်"

"အဲဒီလိုလုပ်ဖို့ လာမပြောပါနဲ့။ ငါ့မှာ ဝတ်ကောင်းစားလှမရှိတာကို မသိမ်ငယ်ပါနဲ့၊ မရှက်ပါနဲ့။ ငါက လူဖြစ်ရကျိုးနပ်အောင် တရားထူးရဖို့ကိုပဲ အလေးထားတယ်။ ငါ့စိတ်ဟာ သန့်ပြန့်တယ်။ ငါ့စိတ်ဟာ မြင့်မြတ်တယ်။ လောဘတွေ၊ ဒေါသတွေဖြင့် ဥစ္စာစီးပွားကို ရှာရင်း ဒုက္ခပင်လယ်ပြင်မှာ ကူးခပ်နေရတဲ့ဘဝတွေကို ငါသနားတယ်။ အခုလို ငါနေထိုင်နေတာဟာ ပျင်းရိပြီး အလုပ်မလုပ်ချင်လို့မဟုတ်ဘူး။ ဝင်ငွေရအောင် မလုပ်တတ်လို့လည်း မဟုတ်ဘူး။ ငါ့ရဲ့ ဆရာမာပါက လောကီစည်းစိမ်မှန်သမျှ လက်ထဲမထားဖို့ မှာကြားခဲ့တယ်။ လောကီစည်းစိမ်မှန်သမျှကိုလည်း မရှာဖို့ မှာကြားခဲ့တယ်။ ဒီတော့ အစားကောင်းစားဖို့ကို ငါမတမ်းတဘူး၊ အဝတ်ကောင်းဝတ်ဖို့ကိုလည်း ငါ မတောင့်တပါဘူး၊ တပည့်တပန်းတွေ သိုင်းဝိုင်းနေဖို့ကိုလည်း ငါမလိုလားဘူး။ ငါတစ်ယောက်တည်းနေရင်း ငါရှာနေတဲ့တရားကိုတွေ့အောင် ရှာချင်တယ်။ အမေ မွေးရကျိုးနပ်တဲ့ သားကောင်းတစ်ယောက် ဖြစ်အောင် ငါလုပ်မယ်။ ရခဲလှတဲ့ လူ့ဘဝကို တန်ဖိုးရှိရှိ အသုံးချမယ်"

"အစ်ကိုက ရသေ့ကြီး ဘာရီလိုစတာဝလို မစွမ်းဆောင်နိုင်လို့ လျှောက်ပြောနေတာပါ။ ဆင်ခြေတွေ၊ အကြောင်းပြချက်တွေ လျှောက်ပေးနေတာပါ။ သူ့လို မအောင်မြင်နိုင်တာကြောင့် ဂူထဲလာပုန်းရှောင်နေတာပါ။ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးကို ညီမ တတ်နိုင်သရွေ့ ထောက်ပံ့ပေးပါမယ်။ အစ်ကိုကြီးအနေဖြင့် ဂူတစ်ခုခုမှာ စွဲစွဲမြဲမြဲ နေပေးစေချင်ပါတယ်။ ဒီဂူက ဟိုဂူ အပြောင်းအရွှေ့တွေမလုပ်ပါနဲ့။ ဒါမှ ညီမလေးအနေဖြင့် အစ်ကိုကြီးဆီ လာတွေ့ဖို့ လွယ်ပါလိမ့်မယ်။ လောလောဆယ်မှာ ညီမလေးပေးတဲ့စောင်ကို နှစ်ပိုင်းပိုင်းပြီး တစ်ပိုင်းကို နံငယ်ပိုင်းအဖြစ် ဝတ်ပါ။ ကျန်တစ်ပိုင်းကို ကိုယ်ပေါ်ခြုံဖို့ အသုံးပြုပါ။ ညီမလေး မကြာခင်မှာ ပြန်လာခဲ့မယ်"

ပီတာသည် သူ့ဖုန်းစားဘဝကို ခံယူထားသူဖြစ်ပေရာ လှည့်လည်တောင်းရမ်းရန် ထွက်ခွာသွားသည်။

(ဆက်ရန်)

အောင်ကျော်




www.burmeseclassic.com

www.burmeseclassic.com

ဆရာစော-အင်းတစ်ထောင်

# အင်းကောင်းတစ်ကွက်နှင့် စကြာအသွားများ(၃)



ဗားမဲ့ လက်တွေ့ကျမ်းများထဲတွင် အင်းကွက်ပေါင်းများစွာ၊ အမျိုးအစားပေါင်းများစွာ ပါရှိသည်။ အင်းပေါင်းများစွာထဲမှာ ယခုဖော်ပြမည့် သဗ္ဗဘိဘူအင်းလည်း ပါရှိ၏။ စကြာအသွားဖြင့် ရေးဆွဲထားသောအင်းမှာ ဤအင်းပင်ဖြစ်ပါသည်။ အင်းကွက်ပေါင်းများစွာထဲမှာ မထင်မရှား တိတ်တဆိတ်ဖော်ပြထားသည်မို့ ကျော်လွှားသွားကြမည်။ မကျော်ဘဲ အသွားကိုလည်း လေ့လာမိလျှင် ယခင်အသွားများနှင့် မတူတာလောက်ကိုသာ သတိပြုမိကြမည် ထင်သည်။ ဗားမဲ့ကျမ်း သုံးကျမ်းလုံးမှာမှ တစ်ကြိမ်သာလျှင် မြင်ခွင့်ရလိုက်သော ဤအင်းကွက်ကို လေ့လာကြည့်ကြမည်။ ပ-တွဲ၊ စာ (၁၅၃) မှ ဖြစ်ပါသည်။ မူရင်းသတ်ပုံများအတိုင်းဖော်ပြလိုက်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| | ရိ | ဘိ | ရော | ဒေ | |
| ဗ္ဗာ | က | ဗ္ဗ | က္ခိ | ဘူ | တု |
| ပ | ဒ္ဒူ | သ | မေ | သ | ဝ |
| တ္တိ | သ | မော | သ | ဏော | သ |
| တ္တ | ဝ | ဝိ | ဒါ | ဂု | ဗ္ဗာ |
| | သော | ရု | သ | ဗ္ဗ | |

အင်းဆန်ဂါထာကား-

သဗ္ဗာ ဘိဘူ သဗ္ဗဝိဒူ၊
သဗ္ဗဒေဝ ဂုရုတ္တမော။
သဗ္ဗာသဝ ပရိက္ခိဏော၊
သဒါ သေတ္တိ ကရောတုမေ။

မြင်းသွားချရမည်။

ဤအင်းတော်ကို ရွှေပြား၊ ငွေပြားတို့မှာ အင်းချစီရင်ပြီးလျှင် အင်းဆန်ဂါထာတော် (၁၀၀၀) နှင့် (၇) အုပ် စုတ်မန်း၍ လက်ဖွဲ့ထိုး၍ဆောင်။ မိုင်းကိုင်စက္ကူမှာချ၊ ပြာပြု၍လည်း မျိုရမည်။ အုန်းသီးသန့်သန့်အရည်နှင့်မျို။

စည်းစိမ်ချမ်းသာ၊ အခြွေအရံများသောအင်းတော်။

ကျမ်းထဲ၌ ဤမျှသာပါ၏။ အင်းဆန်ဂါထာကို အောက်တွင် အနက်ဖွင့်ပေးလိုက်သည်။

**သဗ္ဗဒေဝဂုရုတ္တမော** - ခပ်သိမ်းသော နတ်, ဗြဟ္မာအပေါင်းတို့၏ ကြီးမြတ်သောဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ **သဗ္ဗာဘိဘူ၊ သဗ္ဗလောကာဘိဘူ**-ခပ်သိမ်းသောလောကကို နှိမ်နင်းလွှမ်းမိုးတော်မူပါပေ၏။ **သဗ္ဗဝိဒူ** - ခပ်သိမ်းသောတရားအပေါင်းကို သိမြင်တော်မူပါပေ၏။ **သဗ္ဗာသဝ**- ခပ်သိမ်းသောအာသဝေါတရားတို့သည်၊ **ပရိက္ခိဏာ**-ကုန်ခန်းတော်မူပါပေ၏။ **တံ ဗုဒ္ဓံ**-ထိုဗုဒ္ဓဘုရားရှင်အား၊ **အဟံ**-အကျွန်ုပ်သည်၊ **နမာမိ** - ရှိခိုးပါ၏။ **သော**- ထိုဘုရားရှင်သည်၊ **မေ** - အကျွန်ုပ်အား၊ **သောတ္တိ** - ချမ်းသာခြင်းကို၊ **သဒါ**- အခါခပ်သိမ်း၊ **ကရောတု**- ပြုပါစေသတည်း။

ပုံ(၁)

| | | | | | |
|---|---|---|---|---|---|
| | ၂၂ | ၃ | ၃၀ | ၁၁ | |
| ၂ | ၂၉ | ၁၀ | ၂၃ | ၄ | ၃၁ |
| ၂၁ | ၈ | ၂၅ | ၃၂ | ၁၇ | ၁၂ |
| ၂၈ | ၁ | ၁၆ | ၉ | ၂၄ | ၅ |
| ၁၅ | ၂၀ | ၇ | ၂၆ | ၁၃ | ၁၈ |
| | ၂၇ | ၁၄ | ၁၉ | ၆ | |

ပုံ (၁) တွင် အင်းဆန်များကို နံပါတ်တပ်၍ပြထားပြီး ပုံ (၂) တွင် နံပါတ်စဉ်အလိုက် အသွားများပြထားပါသည်။ ပုံ (၃) ကား ဖွဲ့စည်းဖြစ်ပေါ်လာသော စကြာပုံကို ထင်ရှားစွာ မြင်နိုင်စေရန် ဆွဲပြထားသောပုံ ဖြစ်ပါသည်။


ဤနေရာသို့ ရောက်သောအခါ ဖော်ပြခဲ့သောအင်းတော်သည်-

(က) မြင်းသေ မြင်းကိုက် ဖြစ်သည်ကိုလည်းကောင်း၊


(ခ) လက်ဝဲရစ် အရေအတွက် နှစ်ခုသာရှိသည်ကို လည်းကောင်း (ဒီထက် ပိုနည်း၍ မရနိုင်။)၊

(ဂ) စကြာပုံကို ပေါ်လွင်စွာ ဆောင်လျက်ရှိသည်ကို လည်းကောင်း၊

ပုံ(၂)



ပုံ(၃)



အင်းကောင်းတစ်ကွက်၏ ဂုဏ် အင်္ဂါ (၃) ချက်ကို တွေ့နေရပါပြီ။ ဆ လက်ပြီး စတုတ္ထမြောက် ဂုဏ်အင်္ဂါဖြ သော စကြာအသွားလည်း ရှိနေသေ ကြောင်း ဖော်ပြပါမည်။

အင်းဆန် (၃၂) လုံးပါသည်။ ထ ကို ထက်ဝက်ခွဲလျှင် (၁၆) လုံးစီရသည် (၁) မှ (၁၆) အထိ တစ်ဝက်၊ (၁၇) (၃၂) အထိ တစ်ဝက်။ ပထမတစ်ဝက် အင်းဆန်တစ်လုံးနှင့် ဒုတိယတစ်ဝက် အင်းဆန်တစ်လုံးတို့ကို သက်ဆိုင်ရာ စီအစဉ်အတိုင်း နှစ်လုံးစီတွဲပါမည်။ ရှ ရှင်းလင်းလင်း သိမြင်စေရန် တွဲပြထာ ပါသည်။

အထက်တစ်လုံးနှင့် အောက် တစ်လုံးဖြစ်သော ၁-၁၇၊ ၂-၁၈၊ ၃-၁ စသည်ဖြင့် အတွဲပေါင်း (၁၆) တွဲ ရ သည်။ စက်ဖွဲ့မည့်အတွဲများဖြစ်ပါသ အတွဲတိုင်းသည် (၁၆) လုံးစီ ကွာ



www.burmeseclassic.com


www.burmeseclassic.com

**အင်းဆန် (၃၂) လုံးအား ပထမတစ်ဝက်မှအင်းဆန်တစ်လုံးနှင့် ဒုတိယတစ်ဝက်မှ အင်းဆန်တစ်လုံးကို အစီအစဉ်အတိုင်း နှစ်လုံးစီတွဲပြပုံ**

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |

အတွဲတိုင်းကိုဆက်သွယ်သော မျဉ်းကြောင့်များသည် အင်းကွက်၏ဗဟိုကို ဖြတ်ကြသည်။

ပုံ (၄)




ပုံ (၄)။ အင်းကွက်၏ အပြင်ဘက် အလွှာရှိ အင်းဆန်များကို တစ်လုံးမကျန် အတွဲလိုက်စက်ဖွဲ့ပြထားခြင်း ဖြစ်သည်။ (၂) နှင့် (၁၈)၊ (၃) နှင့် (၁၉) သည်ဖြင့် စက်အတွဲများကို အပေါ်က ဇယားနှင့် ပြန်တိုက်ကြည့်ပါ။ ထိုအတွဲ တစ်တွဲစီသည် ဗဟိုကိုဖြတ်နေကြောင်း တွေ့ရမည်။ ရှစ်လုံးဖွဲ့အပြင် စက်နှစ်စက် အတွက် အင်းဆန် (၁၆) လုံး စက်ဖွဲ့ပြီး ဖြစ်၏၊ စကြာတစ်ခု၏အသွင်သဏ္ဌာန် စတင်နေပြီ ဖြစ်သည်။


*(စက်ဖွဲ့ခြင်းအကြောင်း 'အင်းကောင်းတစ်ကွက်နှင့်စက်များ' ဆောင်းပါး၌ ဖော်ပြပြီးပါပြီ။)*

ပုံ (၅)။ အင်းကွက်၏အလယ်လွှာ အင်းဆန်များကို တစ်လုံးမကျန် စက်ဖွဲ့ထားပုံ ဖြစ်ပါသည်။ လေးလုံးဖွဲ့အပြင် စက်တစ်ခုနှင့် ရှစ်လုံးဖွဲ့အတွင်း စက်တစ်ခု နှစ်စက်ပေါင်း (၁၂) လုံး စက်ဖွဲ့


ပုံ (၅)



ပုံ (၆)



ပုံ (၇)



ထားသည်။

ပုံ (၆)။ အင်းကွက်၏အတွင်းဘက်ဆုံးအလွှာရှိ အင်းဆန်လေးလုံးကို စက်ဖွဲ့ထားပုံ ဖြစ်ပါသည်။ လေးလုံးဖွဲ့ အတွင်းစက် ဖြစ်၏။

ပုံ (၇)။ အင်းကွက်၏အလွှာအားလုံး၌ စက်ဖွဲ့ပြီးသောပုံ ဖြစ်ပါသည်။ စကြာတစ်ခု၏အနှစ်သာရပုံရိပ်တို့ ထင်ရှားစွာ ပေါ်လွင်နေပြီ ဖြစ်၏။ လေးလုံးစက်ဖွဲ့ခြင်းမျိုး၊ ရှစ်လုံးဖွဲ့စက်ဖွဲ့ခြင်းမျိုး မဟုတ်ဘဲ အင်းဆန်တိုင်း၊ အင်းဆန်တိုင်းအား တစ်လုံးမကျန် စက်ဖွဲ့ထားသော အသွား ဖြစ်ပါသည်။ ချွတ်ယွင်းချက်မရှိပြီးပြည့်စုံသောအသွား ဖြစ်၏။ ဤအသွားကို စကြာအသွားဟုခေါ်၏။ အင်းကောင်းတစ်ကွက်၏ စတုတ္ထမြောက်ဂုဏ်အင်္ဂါရပ် ဖြစ်တော့သည်။

✿

ဘားမဲ့ဆရာတော်သည် ပညာသိုက်တစ်ခုကိုဖွင့်ပေးနိုင်စွမ်းသော သော့တစ်ချောင်းပမာဖြစ်သည့် အင်းတစ်ကွက်ကို လူအများမြင်ကွင်း၌ ပေါ်ပေါ်ထင်ထင် ထားခဲ့ပါသည်။ သို့သော် တိတ်ဆိတ်စွာ ဖြင့်သာ။ ပြီးတော့ တစ်ကွက်တည်းသာ။

ယခင်ဆောင်းပါး၌ဖော်ပြခဲ့သော စကြာပုံဆောင်အင်း (၄) ကွက်နှင့် ယခုဆောင်းပါးမှ စကြာသွားအင်း(၁)ကွက်သည် မြင်းသေမြင်းကိုက်၌သာ လမ်းဆုံးနေကြသော အင်းပညာရှင် အချို့အား ထိရောက်စွာလမ်းဖွင့်ပေးမှာ သေချာ၏။ ပြန့်ကျဲလျက်ရှိသော အစွမ်းထက်အသွားများကို စာဖတ်သူများ တစ်စုတစ်စည်းတည်း တွေ့မြင်နိုင်ကြပါပြီ။

စကြာအသွားသည် အင်းဆန်၌သာ မဟုတ်၊ အုပ်စုဖွဲ့အင်းများ၏အသွား၌လည်း စကြာအသွားသည် ရှိ၏။ ထို့အပြင် ကျင့်စဉ်များ အင်းတက်စဉ်များ၌လည်း စကြာအသွားပါရှိ၏။ အင်းပညာနှင့် ပတ်သက်သော လုပ်ဆောင်ဖွယ်မှန်သမျှတို့တွင် စကြာအသွား ပါရှိ၏။ မလွတ်ပါ။

စာဖတ်သူများအား စကြာအသွားများသို့ရောက်သည်အထိ ဖော်ထုတ်ပြသ၍ပြီးပါပြီ။ အင်းပညာရပ်ထဲ၌ အသွားများ၏အခန်းကဏ္ဍသည် ဤသို့ ဤနှယ်ဖြစ်သည်ဟု ဖော်ပြပေးချင်သော စိတ်စေတနာအရင်းခံကြောင့် မသိသူကျော်သွား၊ သိသူဖော်စား သဘောမထားနိုင်ဘဲ ဖတ်မိသူအားလုံး သိကြစေရန် ဖော်ပြပေးပါ၏။ ထို့ပြင် အင်းပညာရပ်သည် မျက်ရမ်းမှန်းဆပညာရပ်တစ်ခု မဟုတ်ကြောင်းကို သိစေလိုသော စေတနာလည်း ပါပါသည်။

သတိပေးစရာတစ်ခုလည်း ရှိ၏။ အဖိုးဖြတ်ခြင်းငှာ မစွမ်းသာသော ပတ္တမြားတစ်လုံး၏အသုံးသည် ညအခါ မီးထွန်းရန်မဟုတ်ပါ။ ထို့အတူ စကြာအင်းတစ်ကွက်၏အသုံးသည်လည်း သာမန်ကိစ္စများအတွက် မဟုတ်ပါ။ ခြင်္သေ့ဆီ မည်သည် သိင်္ဂီရွှေခွက်နှင့်သာ ထိုက်တန်သကဲ့သို့ စကြာအင်းများသည်လည်း ထိုက်တန်သူများအတွက်သာဖြစ်ကြောင်း အသိပေးရင်း. . . ။

စာဖတ်သူအပေါင်း ထိုက်တန်သူများ ဖြစ်ကြပါစေ။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ထာဝရရှိကြပါစေ။

*အနန္တငါးပါးနှင့်တကွ ဘားမဲ့ဆရာတော်အား ဦးထိပ်ထားလျက်*

ဆရာစော(အင်းဘစ်ထောင်)



www.burmeseclassic.com

www.burmeseclassic.com

၁၉၆၀ ပြည့်နှစ်ဝန်းကျင်လောက်က ပြင်ဦးလွင်မြို့ဟာ သစ်ပင်ပန်းမန်တွေ ထူထပ်စွာပေါက်ပြီး နေပြောက်မထိုးတဲ့ တောကြီးတွေထူထပ်၊ ချေ, ဒရယ်, စိုင်, ဆတ်တို့လို တောကောင်တွေတောင်မှ မြို့အနီးအနား လာရောက်ကျက်စားကြတာကို ကိုမြင့်ဝေ မှတ်မိနေပါတယ်။ ၁၉၆၀ ကနေ ၁၉၈၀ ပြည့်နှစ်လောက်အထိ မြို့ပတ်လမ်းရဲ့အပြင်ဘက်ဆိုတာ တောကြီးသမို့ အမှောင်ထုကတောင် စိုးမိုးနေတုန်းပါပဲ။ ပိုးစာခြံတော၊ ညောင်နီတစ်ဝိုက်ကတောတွေဆိုတာ ဆံပင်အုံကောင်းတဲ့ အပျိုမရဲ့ ခေါင်းပုံစံမျိုး တောတွေက ထူထပ်နေကြတာတွေ့ရရဲ့။ ဒီတော့လား ကိုမြင့်ဝေ ကလေးဘဝက အဖော်အပေါင်းတွေနဲ့ ထင်းခုတ်၊ မှိုနုတ်၊ ကြိမ်သီးကောက်၊ ကြို့သီးကောက်သွားခဲ့ကြတာတွေကို အမှတ်ရပါရဲ့။


မှိုစိမ်းစား၊ မှိုနီ၊ မှိုအုန်းနက်၊ ငှက်ဆွတ်မှို၊ တောင်ပို့မှို၊ မှိုဝါတွေနုတ်ခဲ့ကြတယ်။ ဒီအထဲက တောင်ပို့မှိုဆိုတာက 'တစ်နှစ်တစ်ခါ ပေါ်လို့လာ၊ ငါလည်းမင်းလောင်း ထီးဖြူဆောင်း' ဆိုတဲ့ စကားထာထဲကလိုပါပဲ၊ တစ်နှစ်တစ်ခါ မှန်မှန်ထွက်တတ်တော့ လူတွေက မှိုပေါက်တဲ့ရက်စွဲကို ပြက္ခဒိန်မှာ သေချာမှတ်ထားပြီးမှ နောက်တစ်နှစ် အဲဒီနေ့ရောက်ရင် ပေါက်တဲ့မှိုကျင်း သွားရှာ၊ တချို့လူတွေ စနစ်ကျပုံများ မှိုကျင်းမြေပုံလုပ်ထားကြသတဲ့။

တောင်ပို့မှိုတွေက တစ်နှစ်တစ်ခါပေါက်ကြတယ်ဆိုပေမယ့် မှိုစိမ်းစား၊ မှိုနီ၊ မှိုဝါတွေကတော့ ရည်းစားထားတဲ့ မိန်းကလေး မျက်နှာများသလိုမျိုး သူပေါက်မည့်ရက်က ခန့်မှန်းရခက်လှပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့ မိုးရွာပြီးနေပူတာနဲ့ နောက်တစ်နေ့ထပွင့်ကြလို့ပါပဲ။ မှိုစိမ်းစားတွေ တကယ်ပွင့်ပြီဆိုရင် မြေပြင်မှာ ကော်ဇောနီကြီး ဖြန့်ခင်းထားသလို ပွင့်တာမို့ တောထဲမှိုနုတ်သွားတဲ့လူတိုင်း မှိုမရဘူးရယ်လို့မရှိကြပါဘူး။ တောင်ပို့မှိုတွေကျတော့ အဖူးအပွင့်မညီကြတော့၊ ဒီနေ့ အပွင့်တွေပဲ နုတ်တော့မယ်၊ ကျန်တဲ့အဖူးတွေ ဦးထားခဲ့မယ်လို့ မှတ်မရပါဘူး။ ဘာလို့လည်းဆိုတော့ နောက်တစ်နေ့ တခြား ဦးသူတွေ နုတ်နုတ်သွားတတ်ကြလို့ပါတဲ့ ခင်ဗျာ။

မှိုမနုတ်တော့ဘဲ ထင်းပဲခုတ်မယ်၊ လောင်စာထင်းလိုချင်တယ်ဆိုရင်တော့ တောထဲမှာ အင်ကြင်း၊ ထောက်ကြံ့၊ ရင်းကူ၊ သမလန်း၊ ရုံး၊ ကြက်စာတွေကလည်း ပေါမှပေါ၊ ဖြောင့်မှဖြောင့်ဆိုတော့ စိတ်တိုင်းကျ ကြိုက်ရာအပင် ရွေးခုတ်နိုင်ပါသေးတယ်။ ကိုမြင့်ဝေတို့လို ကလေးတွေက လူကြီးတွေနောက် အပျော်သဘောမျိုး လိုက်လာကြတာပါဆိုရင်တော့ ကြိမ်သီး၊ ရုံးသီး၊ ဇရစ်၊ မျှစ်၊ မြင်းခွာရွက်၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ တောင်ဆီးသီးတွေလည်း ရှိပါတယ်။ လူမိုက်ကလေးတွေ မသိမမြင်ကြလို့သာပေါ့၊ အလေ့ကျပေါက်နေတဲ့ လူတစ်ရပ်လောက်အမြင့် ဆေးခြောက်ပင်ကြီးတွေဆိုတာကတော့ ပဒေသာပင်ကြီးတွေ ငွားငွားစွင့်စွင့် ပေါက်နေကြတာ မြင်လားမြင်ရပါရဲ့။

ပြင်ဦးလွင်မြို့ပေါ်မှာ မှည့်ခေါ် ထားခဲ့ကြတဲ့ နာမည်တွေဆိုတာ ကြ ပါဦး။ ပြည်တော်သာ၊ ညောင်နီ၊ ကုလား ကုန်း၊ ကချင်စု၊ ကျားတွင်း၊ အင်းထိ မိုးကြိုး၊ ခဲလယ်ကုန်း၊ အနီးစခန်း၊ ဆ ခေါင်းကြီး၊ ရေချမ်းအိုး၊ ညောင်ကာ ယား၊ ပင်လိမ်၊ တောင်ပြို၊ ကျော တောင်၊ ပွဲကောက်၊ သံတောင်၊ နေ တောင်၊ ဉာဏ်တော၊ ဉာဏ်ကွဲ၊ တုံး ယူဂိုဆလပ်၊ အမှိုက်ကျင်းတဲ့။ ဒီနာမ တွေလေ့လာပြီးမှ မြို့ရဲ့ပထဝီအနေအ ထားကို တစ်ထိုင်တည်းနဲ့ လေ့လာ သား ဖြစ်သွားပါလိမ့်မည်။

ကိုမြင့်ဝေငယ်ငယ်တုန်းက ပြင်ဦး လွင်မှာ ဦးဖုန်းလို့ခေါ်တဲ့ ရခိုင်ကြီးနဲ့ ဆ မင်ခဲ့ရဖူးပါတယ်။ ကိုမြင့်ဝေက ဦး ဘယ်မှာနေသလဲ (ရပ်ကွက်) လို့ မေ တော့ ဦးဖုန်းက ပြောပါတယ်။ ဆ ကောလမ်းထိုက်မှာ နေတယ်တဲ့။ ဦး ပြောတာကို ဘယ်လိုမှကိုနားလည် မရတာ။ ဦးဖုန်းပြောတာက ပြင်ဦးလွ





www.burmeseclassic.com

www.burmeseclassic.com

...နေရာတွေထဲက ဒါတော့ဖြစ် ရပ်...အသစ်တစ်ခုရဲ့နာမည်ပဲ ဖြစ်ရမည်...ဘင်မိပါတယ်။ ကိုမြင့်ဝေက ဦးဖုန်း...ကို နားမလည်တော့ ဦးဖုန်းက...ပြောပါတယ်။

"မင်းကွာ၊ မေမြို့သားဖြစ်နေပြီး...တော့ ဆက်ကောလမ်းထိုက်မှ မသိဘူး...

လို့ ပြောတာ ခံရပါသေးတယ်။

အဲဒီတုန်းက ကိုမြင့်ဝေ မသိလို့...ယ်ပါ၊ ဦးဖုန်း ပြောတာက မြမာ...ရပ်ကွက်ထဲက '(၁၉) လမ်းထိပ်' လို့...တာပါ။ နို့-သိမှမသိတဲ့ဟာဘဲ။ မြို့...မှာ ကားသံ၊ လူသံ၊ သီချင်းသံတွေ...နေသလောက် မြို့ရဲ့ဆင်ခြေဖုံး...အရပ်တွေဆိုတာက ပကတိငြိမ်...လို့ လေကောင်းလေသန့်ရတယ်။...နံ့မွှေးကြိုင်ကြိုင်၊ ငှက်ကျေးလေးတွေ...တေးသံသာလည်း နားဆင်နိုင်တယ်။...ချမ်းမှုကိုမြတ်နိုးတဲ့ သူတော်စင်တွေ...တရားရှာမှီး ရိပ်ကြီးခိုချင်စရာ...င်းလှတဲ့နေရာတွေပါ။

ငယ်ငယ်တုန်းက ကိုမြင့်ဝေနဲ့...သွားဖက်တွေကတော့ ကိုကံထူးတဲ့၊...င်းဦးတဲ့၊ ကိုသောင်းလွင်တဲ့။ တကယ့်...ငယ်ချင်းကောင်းတွေပါ။ အဲဒီက...း က ကိုသောင်းလွင်ဆိုတာက သီ...ချင်းဆိုကောင်းတဲ့လူပေါ့။ ကိုမြင့်ဝေတို့က တောတွေတောင်တွေထဲ ရောက်တဲ့အချိန် ကိုသောင်းလွင်ရဲ့တောသဘာဝအဖွဲ့ သီချင်းလေးများ နားထောင်လိုက်ရလို့ကတော့ အို-ဘာပြောကောင်းမလဲ၊ လောကမှာ ဘာနဲ့မှနှိုင်းလို့မရတဲ့ အေးချမ်းပီတိဖြစ်ရတဲ့ အရသာမျိုး ခံစားရပါတယ်။ အဲဒီတုန်းက ကိုမြင့်ဝေတို့ဆိုတာ လူငယ်လေးတွေဆိုတော့ ပခုံးပေါ်က ဘယ်လောက်ပဲလေးလံနေတဲ့ ထင်းစည်းကြီးက ဖိစီးနေပလေ့စေပါ၊ သီချင်းဆိုလိုက်, နောက်လိုက်ပြောင်လိုက်၊ နောက်ပြီးတော့ ရယ်လိုက်ကြနဲ့ တကယ်ကို အပူအပင်ကင်းတဲ့ဘဝမျိုး ပိုင်ဆိုင်ခဲ့ကြဖူးပါတယ်။ ဩဘ်-ဒီနေ့မှာတော့ တံတားအောက်က ရေတွေစီးသွားခဲ့ကြသလိုပါပဲ၊ အဲဒီလိုဘဝ ပြန်ခံစားချင်လို့တော့ ငွေကြေးတန်ဖိုး ဘယ်လောက်ပဲပေးပေး၊ ရနိုင်ကြတော့မှာ မဟုတ်ပါဘူး။

ကိုမြင့်ဝေရဲ့သူငယ်ချင်းတွေထဲက ကိုသောင်းလွင်ဆိုတဲ့လူက အဆိုကောင်း၊ အသံကောင်းရယ်ဗျ။ သူဆိုတာက တွံတေးသိန်းတန်ရဲ့သီချင်းတွေ။ အသီးတစ်ရာအညှာတစ်ခု၊ မြသီတာအကြိုထောက်ပေမယ့်၊ ပန်းနွယ်ကစိမ်း။ အဲဒီလို သီချင်းတွေပေါ့ဗျာ။ တောထဲတောင်ထဲသွားရင်း ပတ်ဝန်းကျင်ကိုလည်း အားနာစရာမလိုတဲ့အချိန်၊ တွံတေးသိန်းတန်အသံများ လွှတ်ဟဲလိုက်ရလို့ကတော့လားဗျာ. . ဘာပြောကောင်းလိုက်မလဲ။ မြို့ထဲမှာလား။ မြို့ထဲမှာကျတော့ ညမှောင်မှောင် လမှောင်မှောင်တို့၊ နန်းချယ်ရီတို့ကလည်း ဆိုကြပါတယ်ဗျာ။ တကယ်လို့ ကိုယ်က တစ်ယောက်တည်း အမှောင်အောက် ရင်ခွဲရုံ၊ ဆေးရုံတို့နားသွားရတဲ့အခါ မရဲဘဲ ကျွဲငြိစီး ဆိုတာလို သီချင်းဆိုရင်းသွားတော့ စိတ်က သီချင်းထဲရောက်၊ ကြောက်စိတ်ပြေ၊ အားဆေးတောင်မှဖြစ်ပါသေးရဲ့ဗျာ။ ဟုတ်ဘူးလား။

အဲဒီ ကိုသောင်းလွင်ပေါ့။ စိန်မေဝင်းရုံက ဇာတ်ကားကောင်းတာမို့ (၇) နာရီခွဲပွဲ သွားကြည့်၊ ရုပ်ရှင်ပြီးတော့ (၉) နာရီခွဲ, (၁၀) နာရီ။ အပြင်မှာက မှောင်နေပြီရယ်။ ကိုသောင်းလွင်က သူတစ်ယောက်တည်းပြန်ရမှာ။ ဇာတ်ကားက ပြပြီးတာကြာနေတော့ ကြည့်သူက သိပ်မရှိဘူး။ အဲဒီညက ပြည်တော်သာဘက်ပြန်တဲ့လူကို မမြင်တာပါ။ ရုပ်ရှင်ရုံကနေ ကိုသောင်းလွင် သူနေတဲ့ ပြည်တော်သာ (၄) လမ်းပြန်ရင် မဖြစ်မနေ ဆေးရုံရှေ့ကပြန်ရမှာ။ ဆေးရုံရှေ့ကပြန်ရင် ရင်ခွဲရုံရှေ့ကပြန်ရမှာရယ်။ ဘာပဲဖြစ်ဖြစ် ယောက်ျားပဲကွာ ဆိုပြီး ဆေးပေါ့လိပ်က



## ကိုယ်ပိုင်ရိုက်သိမ်းခွင့်မရသော အလွမ်းလယ်ကွင်းများဆီသို့ တစ်ကျော့ပြန်တမ်းတမှုများ





www.burmeseclassic.com

www.burmeseclassic.com

လေးမီးညှိ, သီချင်းတစ်ပိုဒ်ဟဲလိုက်၊ ဆေးလိပ်လေးဖွာလိုက်, နောက်တစ်ပိုဒ် ဟဲလိုက်။ ပတ်ဝန်းကျင်ကလည်း တိတ်နေ၊ လူကလည်း ကြောက်တော့ သီချင်းဆိုလို့ကလည်း ကောင်းလိုက်သမှဗျာ။ ကြောက်တော့ အသံက တုန်၊ တုန်နေတော့ အလွမ်းအဆွေးသီချင်းက သဘာဝကျ၊ ကဲ-မနိုပ်ဘူးတဲ့လားဗျာ။

"ကိုယ့်လူ၊ မီးတစ်တို့လောက်"

"ဟုတ်ကဲ့-ရပါတယ်ဗျာ၊ ရော့။ ဟာ- ကိုယ့်ဆရာကလည်း နံလိုက်တာလွန်ရောဗျာ၊ ရေလေးဘာလေးတော့ ချိုးဦးမှပေါ့ဗျ။ လူကြားသူကြားထဲနေတဲ့ဟာ၊ ဘာလဲ-ချမ်းလို့လားဗျ။ ရေချိုးဦး၊ နံတယ်"

"နံဆို ကိုယ့်လူရယ်. . သေတာမှ မကြာသေးဘူး၊ (၇) ရက်ပဲရှိသေးတဲ့ဟာ"

"ဩော်ဩော်"

ဆိုပြီး မီးညှိပြီးတဲ့ ဆေးပေါ့လိပ်ယူ၊ ကိုသောင်းလွင် ကိုယ့်လမ်းကိုယ်ဆက်လာခဲ့တာ။ အဲဒီတုန်းက မတွေးမိဘူးရယ်။ နံတယ်။ နံတာက ရေမချိုးလို့၊ ရေမချိုးလို့နံတာ မဟုတ်ဘူး။ သေတာ မကြာသေးဘူး၊ (၇) ရက်ပဲ ရှိသေးတာ။ (၇) ရက်ဆို ပုပ်ပြီ၊ ပုပ်တော့ ပုပ်စော်နံမှာပေါ့။ ပုပ်စော်နံတယ်ဆိုရင် အစောကဆေးရုံရှေ့ မီးတစ်တို့တောင်းတာ လူမဖြစ်နိုင်ဘူး၊ လူမဖြစ်နိုင်ရင်. . . ဟာ-သရဲ သရဲ. . . သရဲနဲ့တွေ့ခဲ့တာပဲ။ ငါ့ကိုသရဲခြောက်ပဟော့လို့ တွေးမိတော့ ကိုသောင်းလွင် ဘာမှကို လှည့်မကြည့်တော့ပါဘူး။ ဖိနပ်တွေဘာတွေကျွတ်၊ အိမ်အရောက်ပြေးခဲ့တာ ကျွတ်တဲ့ဖိနပ် မနက်ကျမှ ပြန်ကောက်ရပါတယ်။

ဒါကတော့ ကိုမြင့်ဝေရဲ့သူငယ်ချင်း ကိုသောင်းလွင်တစ်ယောက် သီချင်းအဟဲကောင်းလို့ သရဲနဲ့တွေ့ခဲ့ရတဲ့ ကိုယ်တွေ့လေး ဖြစ်ပါတယ်။

၁၉၇၀ ပြည့်နှစ်လောက်က ဉာဏ်တောဘုန်းကြီးကျောင်းတစ်ကျောင်းထဲ ကျားသစ်ဝင်ခဲ့ဖူးပါတယ်။ ကျားသစ်ဟာ ညကတည်းကဝင်နေပြီးတော့ ကျောင်းအောက်မှာအိပ်နေတဲ့ပုံပါ။ မနက်အရုဏ်တက်ချိန်မှာ ဘုန်းကြီးကျောင်းကကပ္ပိယတစ်ယောက်ဟာ ကျားသစ်အိပ်နေတဲ့ကျောင်းပေါ်အတက်၊ ထွက်ကိုက်လို့ ဆေးရုံတင်ကြတော့ (၄၂)ချက်ချုပ်ခဲ့ရပါတယ်။ ကံကောင်းလို့ အသက်မသေ၊ ဒုက္ခိတ မဖြစ်ခဲ့ရတာပါ။

၁၉၇၀ ပြည့်နှစ်လောက်ကပါပဲ၊ ဗဟိုလျှပ်စစ် စစ်တပ်မှာ လူပျိုစစ်သည်များဟာ မနက် (၄) နာရီလောက် အိမ်သာသွားကြမလို့ အိမ်သာတံခါးကို ဆွဲဖွင့်လိုက်တော့ အထဲမှာ မျောက်ဝံတစ်ကောင် ဝင်ထိုင်နေတာ တွေ့ခဲ့ကြရဖူးပါတယ်။ ၁၉၈၁ ခုနှစ်ကတော့ ဗဟိုလျှပ်စစ်တပ်ရဲ့ စစ်ရေးပြကွင်းနေရာမှာ စစ်ရေးပြနေကြတုန်း တောထဲက ချေတစ်ကောင်က တပ်ရင်းရှေ့ကနေ ဖြတ်ပြေးတာ အားလုံးမြင်ခဲ့ရပါတယ်။

၁၉၈၅ ခုနှစ်မှာတော့ ရုံးတစ်ရုံးထဲမှာ ချေတစ်ကောင်ဝင်လာပါတယ်။ ချေက ရုံးထဲက လက်နှိပ်စက်ရိုက်နေတဲ့ စာရေးမနားအထိဝင်လာတာနဲ့ စာရေးမကတောင် ချေရဲ့နားရွက်ကို ဖမ်းဆွဲထားလိုက်ပါသေးတယ်။ နောက်တော့ ရုံးထဲကလူတွေထွက်လာပြီး အဲဒီ ချေကို ဝိုင်းဖမ်းကြတဲ့အခါ ချေအရှင်တစ်ကောင် ရခဲ့ဖူးပါတယ်။ ကိုမြင့်ဝေတို့လူမျိုးတွေရဲ့အယူအဆတစ်ခုက ရပ်ထဲရွာထဲ ချေဝင်လာရင် နိမိတ်မကောင်းဘူး၊ မြို့ရွာပျက်တတ်တယ်ဆိုပြီး ပရိတ်ဘာညာရွတ်ကြတာ ရှိပါရောလား။ တိုက်ဆိုင်မှုလားတော့ဖြင့် မဆိုနိုင်ပါဘူး၊ အဲဒီ ချေဝင်ခဲ့တဲ့ရုံးက ဦးစီးမှူး အလုပ်ပြုတ်ခဲ့ဖူးတယ်။ ချေနားရွက်ဆွဲတဲ့ စာရေးမကတော့ ရုံးကနေအိမ်ကို စက်ဘီးနဲ့အပြန် စက်ဘီးလဲလို့ လက်ကျိုးခဲ့ရဖူးပါတယ်။ ချေနဲ့ဆိုင်,မဆိုင်တော့ ကိုမြင့်ဝေ မပြောတတ်ပါဘူး၊ အဓိက ပြောချင်တာကတော့ ပြင်ဦးလွင်မြို့ဟာ ၁၉၈၅ ခုနှစ်လောက်အထိ မြို့နယ်တစ်ဝိုက်မှာ တောတွေ တောင်တွေ ထူထပ်စွာပေါက်ရောက်နေတုန်းပဲဆိုတာ သိစေချင်တာပါ။

ရပ်ကွက်ကြီး (၈)၊ ရပ်ကွက်ကြီး (၉)၊ ရပ်ကွက်ကြီး (၁၀) ဆိုတဲ့ ပဒေသာမြို့သစ်တည်ရှိခဲ့တဲ့နေရာဟာ အရင်က သစ်ပင်ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်စွာပေါက်ရောက်ခဲ့တဲ့နေရာပါ။ ၁၉၇၈ ပြည့်နှစ်လောက်က တောင်ပုလု ဆရာတော်ဘုရားကြီးရဲ့တပည့် အီတလီ၊ မလေးရှား၊ အမေရိကန်လူမျိုး ရဟန်း (၃)ပါးဟာ ဒီရွှေစည်းခုံတောရမှာ တရားအားထုတ်ခဲ့ကြဖူးပါတယ်။ အဲဒီတုန်းကတော့ တကယ့်ကို နာမည်နဲ့လိုက်အောင် ကျောင်းဟာ တောတောင်ထဲမှာရှိခဲ့တာပါ။

ဒီလို တရားအားထုတ်ကြတော့ အီတလီရဟန်းတော်နှင့် မလေးရှားရဟန်းတော်တို့ဟာ မာန်မာန အနည်းငယ်ရှိနေတာမို့ တရားထူး မရရှိခဲ့ကြပါဘူး။ ဒါပေမယ့် အမေရိကန်ရဟန်းတော်ကဖြင့်ရင် အခု ပြင်ဦးလွင်မြို့ ပဒေသာကွက်သစ်ဖြစ်နေတဲ့ ဟိုအရင်က တောဖြစ်ခဲ့တဲ့နေရာမှာ တရားထူးရသွားခဲ့ပါတယ်။ အဲဒီတုန်းက ရေချမ်းအိုး တောင်ရွာ၊ မြောက်ရွာက ကုန်စိမ်းသည်တွေဟာ အဲဒီ ရွှေစည်းခုံတောရကျောင်းရဲ့ဘေးကနေဖြတ်ပြီးခါမှ မြို့ထဲမှာရှိတဲ့ ဇရပ်ကတုံးဈေးတို့၊ သုမင်္ဂဈေးတို့သွားရောင်းကြရတယ်။ ဈေးကအစောကြီးဖွင့်တော့ ဈေးအမီ အိမ်ကနေ မနက် (၃) နာရီ၊ (၄) နာရီလောက်ထ၊ လက်ထဲမှာလည်း မီးတုတ်တွေနဲ့ မိန်းမတွေ ဈေးသွားရောင်းကြရပါတယ်။ တစ်ရက်မနက်မှာတော့ ရေချမ်းအိုးရွာက ဈေးသည်တွေဟာ ရွှေစည်းခုံတောရကျောင်းရဲ့အရှေ့ဘက် တောအုပ်ထက်က သစ်ပင်အညွန့်ဖျားပေါ်မှာ ကောင်းကင်ထဲ လေထုထဲ ဆရာတော်တစ်ပါး တရားအားထုတ်နေတာ အံ့ဩစရာ ဖူးတွေ့ကြရဖူးပါတယ်။

၁၉၈၁ ခုနှစ်လောက်က ကိုမြင့်ဝေနဲ့အပေါင်းအပါတစ်စုဟာ ပြင်ဦးလွင်မြို့ရဲ့တောင်ဘက်ထဲမှာရှိတဲ့ ညောင်ရွာ ဘုန်းကြီးကျောင်း နတ်ရေကန် သန့်ရှင်းရေးလုပ် ကုသိုလ်ယူကြမလို့သွားခဲ့ကြဖူးပါတယ်။ လက်ထဲမှာလည်း ဓား၊ ဂေါ်ပြား၊ ပေါက်ပြား၊ တောင်းတွေ၊ ဒယ်ပြားတွေ အစုံသယ်ယူလာခဲ့ကြတာပါ။ ဒီအရပ်ကလူတွေကတော့ ဒီရေကန်က အလွန် နတ်ကြီးလှတယ်လို့ ပြောကြားဖူးပါတယ်။ ကိုမြင့်ဝေတို့က ငယ်ဆိုတော့ နတ်ကြီးတာ ဟုတ်,မဟုတ် ကန်ဆယ်နေကြရင်း စမ်းသပ်ကြည့်ချင်တဲ့စိတ်တွေက တဖွားဖွား ပေါ်နေကြပါတယ်။

ပထမ ကိုမြင့်ဝေက နတ်ဆိုတာ မယုံကြည်တာမို့ နတ်ရေကန်နားက နေထိုင်လောက်တဲ့သစ်ပင်က သစ်ကိုင်း တစ်ကိုင်းကို လက်ထဲကဓားနဲ့ ဝုန်းခနဲ ချိုင်ချလိုက်ပါတယ်။ ကိုမြင့်ဝေလက်ထဲကဓားဟာ ဖက်ထိပ်ဓားပါ။ ဖြတ် လက် (၄) လုံးလောက်အကျယ်၊ အသွား အရှည်က (၁) ပေခွဲလောက်ရှိတဲ့ ဓားပြားပါ။ ဓားရဲ့သံက ကောင်းတယ်။ ဆိတ်ရိတ်ဓား၊ သင်တုန်းဓားတွေလို ထက်ကလည်း အလွန်ထက်ပါတယ်။ ဆိပ်က အုန်းပင်သုံးပင်တံဆိပ်။ အမေရိကန်ကထုတ်လုပ်ပြီးတော့မှ စစ်သုံး တောရှင်းတဲ့နေရာမှာသုံးတဲ့ဓားပါ။

ကိုမြင့်ဝေဟာ သစ်ပင်တစ်



www.burmeseclassic.com

www.burmeseclassic.com

တ်နေကိုင်းကိုချိုင်နေတုန်းမှာပဲ ဘာ တယ်မဆိုနိုင်ပါဘူး၊ ကိုမြင့်ဝေလက် တမား ရုတ်တရက် လေထဲမြောက် ပြီးမှ ကိုမြင့်ဝေလည်း မြေကြီးပေါ် ထိုင်လျက်လဲကျသွားခဲ့ပါတယ်။ အဲ အချိန်မှာ လေထဲမြောက်တက်သွားတဲ့ ထိပ်ဓားဟာ အပေါ်ကနေ ပြန်ကျ တော့ ပက်လက်လန်လဲနေတဲ့ ကို ဝေရဲ့ပေါင်ကြား၊ ပေါင်ရင်းနဲ့ လက် လုံးအကွာမှာ အသွားတွေက ကိုမြင့် ဘက်လှည့်ပြီး ဒုတ်ခနဲ လာစိုက်နေ ကြောက်မက်ဖွယ်ရာတွေ့လိုက်ရပါ ယ်၊ တကယ်လို့များ ဓားသွားနဲ့လက် လုံးမခြားဘဲ တည့်တည့်သာစိုက်ခဲ့ ကိုမြင့်ဝေ နေရာတင် ပွဲချင်းပြီးရ တ်ကိန်းမျိုးပါ။ တကယ်လို့ အသက်မ ဘူးဘဲထား၊ ဓားက ပေါင်ခြံမှာစိုက် တော့ အရှင်လတ်လတ် သင်းကွပ် တဲ့ကိန်းဆိုက်မှာ။ မတွေးစရာပါ။ အဲ သာ ဖြစ်ခဲ့ရင် တရုတ်ရာဇဝင်ကား ထဲက သင်းကွပ်ခံရတဲ့ အပျိုထိန်း တုန်းကြီးလို ဘဝဆုံးမည့်အရေး လန့်စရာကောင်းလှပါတယ်။

အဆုံးမတော့ ကိုမြင့်ဝေ အဲဒီနေ့ အသိရလိုက်တာက လူငယ်တွေ တွေဘာတွေရှိတာ မယုံကြည်ရင် မကိုးကွယ်ရင်ထားဦး၊ နတ်တွေ တော့ဖြင့် မနှောင့်ယှက် မစော်ကား သင့်တဲ့အကြောင်း ကိုမြင့်ဝေရဲ့ တွေ့နဲ့ယှဉ် ဆင်ခြင်ကြဖို့ ပြော ရတာပါ။

၁၉၈၁ ခုနှစ်လောက်က ကိုမြင့် နဲ့ သူငယ်ချင်းတစ်စုဟာ ပြင်ဦးလွင် င်ဘက်ထဲဆီမှာရှိတဲ့ ညောင်နီရွာ လည်ရောက်ခဲ့ကြပါတယ်။ ပညတ် ဓာတ်သက်ပါသလား၊ ညောင်နီ ဝိုက်ကမြေတွေဆိုတာ အနီရောင် ပါ၊ တချို့ မြေတွေဟာ နီတဲ့အပြင် နေရာက သံတုံးသံခဲတွေများဖြစ် ကြသလားမဆိုနိုင်ပါဘူး။ ထူးတာ ညောင်နီတစ်ဝိုက်မှာရှိတဲ့ သရက်၊ တား လက်ပံ၊ ညောင်ချဉ်၊ အဲဒီအ တွေရဲ့အရွက် အညွန့်တွေ ဆိုတာ နီနေကြပါတယ်။ ညောင်နီဆိုတဲ့ ည်နဲ့လိုက်အောင် ညောင်နီရွာက တွေရဲ့ပါးတွေဆိုတာ မင်ဆေးမ ပါဘဲ ချိုပြုံးရဲ့ 'ကျောင်းပိတ်ရက်' ထဲကလိုပါပဲ။

'ပါးကလေးတွေ နီမြန်းလို့ရယ်၊ ကောင်းလှပေ xxxပျိုပျိုသွားဦး ကိုကိုရယ် xxx အတူလိုက်ကွယ်။ ရှမ်းမလေးတွေ ချောတယ်ပေါ်တယ်. . '

ညောင်နီရွာသူမကလေးတွေဟာ အတော့်ကို ချောကြပါတယ်။ အဲဒီနေ့ က ကိုမြင့်ဝေတို့ ညောင်နီကနေပြန်လာ ကြတော့ ကြက်တစ်ပိဿာဝယ်လာပါ တယ်။ အိမ်ရောက်ရင် ပျော်ပွဲစားကြ မယ့်ဆိုတဲ့ အစီအရင်နဲ့ပါ။ ဖြစ်ချင်တော့ အဲဒီအချိန်တစ်ဝိုက်လောက်က ညောင်နီ ရွာက နတ်ရေကန်မှာ ကြောက်စရာအ ဖြစ်အပျက်ကြုံခဲ့တဲ့အချိန်ကလည်း မပြေ သေးတော့ အရက်သောက်ပြီးကြောက် စိတ်ကိုဖြေချင်နေတာနဲ့ အရက်ဝိုင်းတိုး တာ ဟန်ကျတာပါပဲ၊ အဲဒီအချိန်မှာပဲ ကိုမြင့်ဝေရဲ့သူငယ်ချင်း ကိုမြင့်ဆွေက-

"ဟေ့ကောင်- ကြက်သားဟင်းထဲ ငါ ကုလားနံ့နံ့ပင်တွေ ထည့်ချက်ထား တယ်။ အရမ်းမွှေး၊ အရမ်းကောင်း၊ အ ရမ်းအရသာရှိသပေါ့ကွာ"

လို့ ပြောပါတယ်။

ဆာနေတဲ့ ကိုမြင့်ဝေလည်း ထမင်း တစ်ပန်းကန်အမြန်ခူး၊ ထမင်းပေါ်ကြက် သားဟင်းရည်တွေဆမ်းပြီးမှ အားပါး တရ စားပါတယ်။ ဒီလိုပဲ စားသောက်ပွဲ ပြီးလို့ ကိုမြင့်ဝေအိမ်ပြန်လာတော့ စိတ် ထဲ တစ်မျိုးကြီးပဲ။ ကိုယ့်ကိုယ်ကိုယ် တခြား တိုင်းပြည်တစ်ခုခုကိုပဲရောက်နေ သလိုလို၊ လူပုလေးတွေရှိတဲ့ တိုင်းပြည် များရောက်နေသလားပေါ့လေ။ ဘာဖြစ် လို့လဲဆိုတော့ ကိုမြင့်ဝေရဲ့ရှေ့ လမ်းပေါ် မှာမြင်နေရတဲ့ ယောက်ျား၊ မိန်းမတွေ အားလုံးက မူကြိုကျောင်းသားတွေအ ရွယ် ပုပုကလေးတွေ ဖြစ်ကုန်ကြလို့ပါ။ အိမ်တွေလည်းသေး၊ သစ်ပင်တွေလည်း သေး၊ ကားတွေဆိုတာကလည်းသေး၊ ကိုမြင့်ဝေအမြင်မှာ အားလုံးကသေးနေ ကြတာ တွေ့ရပါတယ်။ ဘာများဖြစ်တာ ပါလိမ့်မလဲပေါ့လေ။

ကိုမြင့်ဝေ ရေဆာလို့ရေသောက် မည်ဆိုတော့ သောက်ရေအိုးနဲ့ ရေခွက် က သေးလွန်းနေတော့ ကိုင်မရဘူး။ အဲ ဒီတုန်းက ရေသန့်ဆိုတာ မပေါ်သေး ဘူး။ ဒါနဲ့ ရှုပ်ပါတယ်ကွာ ဆိုပြီး ရေချိုး ဒန်ဖလားကြီးယူ၊ ရေကန်ထဲကရေတွေ တဂွပ်ဂွပ်သောက်တော့မှပဲ ရေငတ်ပြေ ပါတော့တယ်။ အဲဒီနေ့က ကြက်သား ဟင်းချက်တဲ့လူက ဟင်းအိုးထဲ ကုလား နံ့နံ့ဆိုပြီး ထည့်တဲ့အရွက်တွေက အဲဒီနေ့ က တကယ်တော့ ဆေးခြောက်ရွက်တွေ တဲ့။ ဆေးခြောက်အစွမ်းကြောင့် မျက်စိ အမြင်တွေကျဉ်းမြင်၊ မြင်သမျှဟာသေး နေကြတာ။ ဆေးခြောက် နောက်တစ် မျိုးက မျက်ကျယ်တဲ့။ အဲဒါကတော့ အ သေးကို အကြီးကြီးလို့မြင်ရတဲ့ဆေးစွမ်း ရှိသတဲ့။ တော်ပါပြီ။ ကိုမြင့်ဝေတော့ ရဲ မလား, အကြောက်ပြေမလား အောက် မေ့ပါတယ်၊ ပိုကြောက်ရတော့ နောက် ဆို ကုလားနံ့နံ့ ဖြစ်ဖြစ်၊ ဆေးခြောက် ဖြစ်ဖြစ် လုံးဝကို မစမ်းသပ်ရဲတော့တာ ပါ။

ဒီတစ်ခါတော့ ကိုမြင့်ဝေ ပိုးစာခြံ တောထဲမှာ တောခြောက်ခံရတာလိုလို၊ စပါးကြီးမြွေကပဲ ချက်ညှို့ထားလို့ မျက်စိ အမြင်တွေဝေဝါး၊ ရောင်စုံပုံရိပ်တွေမြင် ရတာမျိုး ကြုံခဲ့ရဖူးပါတယ်။

တကယ်တော့ ပိုးစာခြံ၊ ပိုးစာ တောဆိုတာ ကိုမြင့်ဝေတို့ မြို့ထဲနဲ့က တော့ အခေါက်ခေါက်အခါခါ ဥဒဟို သွားလာခဲ့တာမို့ ပြောရရင် အိမ်ဦးနဲ့ ကြမ်းပြင်၊ ရေအိုးနဲ့ရေမှုတ် မှုစရာမလို ဘူးလို့သဘောထားခဲ့တဲ့တောပါ။ မဟုတ် လည်း ထင်းခုတ်၊ မျှစ်ချိုး၊ မှိုရှာ၊ ငှက်ပစ်၊ သူငယ်ချင်းတွေနဲ့လည်ပတ်ခဲ့တဲ့တောမို့ ပါပဲ။ အဲ-တစ်ကြိမ်မတော့ အဲဒီလို ဘာ မဟုတ်၊ မမှုလောက်တဲ့တောမှာပဲ ကို မြင့်ဝေတစ်ယောက် မယုံနိုင်စရာကောင်း လောက်အောင် တောမှောက်ခံရ၊ စပါး ကြီးချက်ညှို့ခံရခဲ့တာတွေကတော့ ပြော မယုံ၊ ကြုံမှသိကြရမည့် အဖြစ်မျိုးပါ။

အဲဒီနေ့က ကိုမြင့်ဝေနဲ့ သူ့အစ်ကို ကိုမြင့်လွင်တို့ ပိုးစာတောကို ထင်းခုတ် အသွား၊ တောဝင်စမှာ ဖြစ်တာပါပဲ။ ကို မြင့်လွင်က ရှေ့ကသွားနှင့်လို့ ဘာမှသိပုံ မပေါ်ပေမယ့် ကိုမြင့်ဝေရဲ့ခြေထောက် မှာတော့ ထူးခြားတဲ့ အထိအတွေ့ ကြောင့် ခြေစုံရပ်လို့ ငြိမ်နေမိပါတယ်။ အောက်ကိုငုံ့ကြည့်တော့ လူရဲ့ပေါင် လောက်တုတ်မည့် စပါးကြီးမြွေတစ် ကောင်၊ အကွက်အကွက်ကြီးတွေနဲ့ လူး လွန့်လှုပ်ရှားနေတာတွေ့ရပါတယ်။ ညာ ဘက်ခြုံထဲဆီက ထွက်လာ၊ မတ်တတ် ရပ်နေတဲ့ ကိုမြင့်ဝေရဲ့ခြေချောင်း ဆယ် ချောင်းစလုံးပေါ်ကနေ တရွေ့ရွေ့ ဖြတ် ကျော်နေတာများ အသည်းယားစရာပါ။ ကြောက်လည်းကြောက်၊ လှုပ်ကလည်း မလှုပ်ဝံ့။ ဇောချွေးတွေပြန်ပြီးတော့ လူ တစ်ကိုယ်လုံး မူးဝေနောက်ကျိသွားခဲ့ပါ တယ်။

မြွေဖြတ်ပြီး နာရီဝက်လောက် ကြာတဲ့အထိက အကြောက်လွန်ပြီး အဲဒီ နေရာတွင် သတိမေ့နေတဲ့သဘောပါ။ နောက်မှ သတိဝင်လာပြီး စက်ရုပ်လိုပါ ပဲ၊ ဆက်လှုပ်ရှားဖြစ်ပါတယ်။ မြွေနဲ့တွေ့



www.burmeseclassic.com

www.burmeseclassic.com

နေဝန်းသစ်

# ရန်အပေါင်းကို ပျောက်ကင်းစေနိုင်သည့်

# ရန်ပြုအင်း

ဤနည်းမှာ ဗားမဲ့ဆရာတော်ဘုရားမှ ညောင်ရမ်းမင်းတရားကြီးအား ရန်အပေါင်းနှင့်ပတ်သက်၍ ပြိုပျက်စေရန် ပြုလုပ် စီမံပေးတော်မူသည့် အစီအရင် ဖြစ်သည်။

ဤအင်းကို စီရင်တော့မည် ဆိုလျှင် နှစ်ဖက်ကာဏ်း ထွက်နက္ခတ် သိဒ္ဓိစုတ်ကြိုက် အင်္ဂါနေ့ ဆွမ်းခံပြန်ချိန်၌ သိမ်ဝင်သပိတ်ကွဲကိုဖြစ်စေ၊ နတ်အိုးကွဲကိုဖြစ်စေ စီရင်ရမည်။

**ရန်ပြုအင်းပုံစံ**

| | | | |
|---|---|---|---|
| | ဖ | မ | |
| ခ | ဟ | ဖ | ဟ |
| မ | ခ | မ | ဖ |
| | ဟ | ခ | |

အင်းဆန် ဖ၊ ဟ၊ ခ၊ မ အက္ခရာများကို ရေးသွင်းရမည်။

မှတ်ချက်။ ။ ဤအင်းကို ခြံစောင့်၊ အိမ်စောင့်အတွက်ဆိုလျှင် အင်းလေးခုစီရင်၍ အိမ်ထောင့်၊ ခြံထောင့်တွင် မြှုပ်ရမည်။

အဆောင်အတွက်သက်သက်ဖြစ်ပါက တစ်ခုသာစီရင်၍ မိမိကိုယ်၌သော်လည်းကောင်း၊ အိမ်၏မြင့်ရာအရပ်၌သော်လည်းကောင်း၊ အိမ်ကြမ်းလျှင် ဥရုတိုင်၌သော်လည်းကောင်း မြှုပ်ထားရမည်။ မြေကြမ်းလျှင် ထိုကြမ်းသောမြေ၏ အလယ်ဗဟို၌ မြှုပ်နှံရမည်။

အိပ်တွင်ထည့်၍ အမြဲဆောင်သွားပါက ရန်သူ ဟူသမျှ ကြောက်ရွံ့လေးစား၍ မေတ္တာထားလာကြရ၏။ လူ၊ နတ်တို့ ချစ်ခင်ကြ၏။ စုန်း၊ တစ္ဆေ၊ ကဝေ၊ မြေဖုတ်တို့ မဖမ်းစားနိုင်။ ဘီလူး၊ ကုမ္ဘဏ်၊ ရက္ခိုက်တို့ ခေါင်းမထောင်ဝံ့ကြ။

လူပြုသူပြု အတိုက်အမျိုးမျိုးနှင့်ကြုံပါက အင်းကို ရေစိမ်၍ မျက်စဉ်းခတ်၊ ဝမ်းထဲသို့တိုက်။ မခံနိုင် ပြေးရသည်။

ဤအင်းသည် မင်းဘေးစိုးဘေး၊ ခိုးသားဓားပြဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ သားရဲတိရစ္ဆာန်ဘေး၊ မိစ္ဆာရန်ဘေး၊ မိစ္ဆာပယောဂဘေး စသော ဘေးအပေါင်းတို့ ပြိုပျက်စေသော အင်းဖြစ်[...]ပြီး ဘုန်းတန်ခိုးအာဏာကြီး၍ ဩဇာ[...] တိက္ကမတို့နှင့် ပြည့်စုံစေနိုင်သည့် အင်း[...] ဖြစ်၏။

အင်းကို စီရင်မည့်သူသည် ပထ[...] မိမိကိုယ်ကို သန့်ရှင်းစေ၍ အနည်းဆုံး[...] ငါးပါးသီလကို ဆောက်တည်ပြီး တန်[...] ကြီးဘုရားစေတီ၌ အင်းစီရင်နည်း[...] အတိုင်း စီရင်ရမည် ဖြစ်သည်။

ထို့နောက် အောက်ပါမန္တန်[...] (၁၀၈) အုပ်စုတ်ရမည်။

**အစုတ်မန္တန်**

ဉုံ-သိဒ္ဓိကိစ္စ နမောဗုဒ္ဓါယ၊ အ[...] ဗိန္ဒု အာပေါ ပထမံ။

အဂ္ဂဗိန္ဒုဝါယောပထမံ၊ အဂ္ဂဗိန္[...] ပထဝီပထမံ၊ အဂ္ဂဗိန္ဒုတေ[...] ဝထမံ။

ဝေရိပလာယကံ သဗ္ဗပမော[...] က္ကသယာစရိယေန သိဒ္ဓိကမ္မံ[...] ဗုမော န သွဟုံ။

အဘိုး၏ ပေမူ၌ တွေ့ရှိသ[...] အတိုင်း စာဖတ်ပရိတ်သတ်ကြီး[...] အကျိုးမျှော်ကိုးလျက် ဗဟုသုတလ[...] ဖြစ်စေ၊ ပြုလုပ်အားထုတ်လိုပါကလ[...] ပြုလုပ်နိုင်ကြပါစေဟူသော စိတ်စေ[...] နာဖြင့် ပညာဒါနပြု ဆက်လက် တ[...] လိုက်ပါ၏။

*အားလုံးကိုယ်စိတ်နှ[...]*

*ရွှင်လန်းချမ်းမြေ့နိုင်ကြ[...]*

နေဝန်း[...]

---

ပြီး (၇) နာရီခွဲလောက်မှာ ကြိမ်သီးကောက်တယ်။နောက်တော့ ထင်းတောဆီ မရောက်ကြတော့ဘဲ ပိုးစာတောအလယ်က လှည်းလမ်းလေးခွဆုံမှာ ကိုမြင့်လွင်နဲ့ ညီအစ်ကိုနှစ်ယောက် တွေ့ကြတယ်။ အဲဒီကစပြီး မျက်စိလည်တော့တာပါပဲ။ အရှေ့-အနောက်လည်း မသိ၊ လမ်းရှာနေတာနဲ့ကို (၉) နာရီလောက်ရှိနေပါပြီ။ ကိုမြင့်လွင်မှာ ဘယ်လိုနေမည်မှန်းမသိပေမယ့် ကိုမြင့်ဝေရဲ့မျက်စိအမြင်အာရုံတွေမတော့ ပြာနေပါပြီ။ ကိုမြင့်ဝေ ထင်ပါတယ်၊ အဲဒီတုန်းကဆိုမျက်စိတွေဟာ ခွေးရူးမျက်စိများလို မြင်ကွင်းကျဉ်းပြီး မှုန်ဝါးနေလောက်တယ်။

ပြီးတော့ ရှေ့မှာမြင်နေရတယ်ဆိုတာတွေက ခရမ်းရောင်လိုလို၊ မရန်းစေ့ရောင်လိုလိုတွေချည်း မြင်နေရတယ်။ လှည်းလမ်းလေးခွဆုံကနေ ဘယ်ကိုပြန်ရမှန်းမသိတော့ဘူး။ အရှေ့ဘက်လမ်းသွားကြည့်ပါတယ်၊ နောက်ဆုံး ဒီနေရာပဲ ပြန်ရောက်ပါတယ်။ အဲဒီလမ်းသွားနေတာနဲ့ကို (၁) နာရီ ကြာတယ်။ ဒါနဲ့အနောက်ဘက်လမ်း သွားကြည့်တော့လည်း (၁) နာရီလောက်ကြာတော့ ဒီနေရာပဲ ပြန်ရောက်ပြန်ရော။ ဒုက္ခပါပဲ၊ ဘယ်လမ်းလျှောက်လျှောက် (၁) နာရီကြာပြီး လမ်း (၄) ခွဆုံပြန်ရောက်တော့ညီအစ်ကိုနှစ်ယောက် အိမ်မပြန်နိုင်တော့ပါဘူး။ နောက်ဆုံးတော့ မျက်စိတွေက အမြင်ဝေဝါး၊ လူတွေကလည်းမောတော့ နှစ်ယောက်သား ဖြစ်ချင်ရာဖြစ်ကွာ ဆိုပြီး လက်နဲ့ လှည်းလမ်းကြောင်းနှုတ်ခမ်းစမ်း၊ လူတွေက လေးဖက်ထောက် လျှောက်လိုက်ကြတာ နောက်ဆုံးမှ ပိုးစာခြံအစပ်ရောက်[...] ကြတော့တာပါလား။

ထူးတာက ပိုးစာခြံအစပ်ရော[...] တော့ မျက်စိပြာတာတွေ မရှိတော့[...] မျက်စိထဲမလည်း မရန်းရောင်တွေ မ[...] တော့ဘူး။ အမြင်အာရုံပြန်ကောင်း[...] တော့ ဗိုက်ကလည်းဆာ၊ အကြောက်[...] လည်းပြေ၊ ပျော်ကလည်းပျော်တော့ [...] ယောက်သား အိမ်ကိုအပြေးပြန်လာ[...] ကြပါတယ်။ အိမ်ရောက်တော့ ည [...] နာရီတောင်မှထိုးလို့ မှောင်နေပေါ့။ အဲ[...] ကတော့ ကိုမြင့်ဝေဘဝမှာ ထူးဆန်း[...] တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းတစ်ခု[...] ခင်ဗျာ။

မောင်သင်းထုံ(ကျော[...]



www.burmeseclassic.com

www.burmeseclassic.com

# ရဲဘော်မသေ

## လှမိုး(ပညာရေး)

၁၉၉၃ ခုနှစ် ဇွန်လဟု ထင်ပါ သည်၊ နေ့, လ, ရက်ကိုမူ ကောင်းစွာမ မှတ်မိတော့။ ရန်ကုန်မိုးသည် ထိထိ ရောက်ရောက်မရွာ၊ မိုးကောင်းကင်တစ် ခွင်လုံး အုံ့မှိုင်းနေခြင်းသာ ဖြစ်သည်။ ကျွန်တော်သည် နှစ်ပေါင်း (၄၀) ကျော် အလုပ်လုပ်ခဲ့သည့် ပညာရေးလောကမှ အနားယူခဲ့ပြီဖြစ်၍ ပန်းဆိုးတန်းလမ်းရှိ စာအုပ်အဟောင်းဆိုင်များသို့ နေ့စဉ်ခြေ လှည့်ခဲ့မိသည်။ သို့ဖြစ်၍ ကျွန်တော့် မိတ်ဆွေ ဦးဘကြည် (ကွယ်လွန်) ၏ ပုဂံစာအုပ်တိုက်ရှိသည့် (၃၇) လမ်းသို့ မနက်စောစော ထွက်လာသည်။ စနေနေ့ ဖြစ်သဖြင့် ပန်းဆိုးတန်းလမ်းမပေါ်တွင် ကျွန်တော်ကားအသွားအလာ ရှင်းလျက် ရှိနေသည်။ ထိုနေ့ နံနက်စောစောကရွာ ခဲ့သောမိုးကြောင့် ပန်းဆိုးတန်းလမ်း မကြီးပေါ်တွင် ရေအိုင်များပေါ်ထွန်း လျက်ရှိပြီး လမ်း၏ဝဲ,ယာရှိ အဆောက် အအုံများသည် ဆေးအသစ်သုတ်ထား သကဲ့သို့ တောက်ပြောင်လျက်ရှိနေလေ သည်။

ကျွန်တော်သည် (၃၇) လမ်းအ တွင်း ဝင်ရောက်လာခဲ့ပြီး ပုဂံစာအုပ် တိုက်အတွင်းဝင်ရောက်မိသည်နှင့် ကျွန် တော်သည် ကြက်သေသေသွားမိတော့ ၏။ ဥရောပတိုက်သား နှစ်ဦး၊ သုံးဦးနှင့် ကျွန်တော်နှင့်ရွယ်တူ ဆံပင်ဖြူစရှိသော အသက် (၆၀) ကျော်စဟု ယူဆရသည့် အနောက်တိုင်းဝတ်စုံကို ဥရောပတိုက် သားတစ်ယောက်ကဲ့သို့ ကျကျနနဝတ် ဆင်ထားသော မြန်မာအမျိုးသားတစ် ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ မြန်မာအမျိုးသားဖြစ်သူမှာ လည်း ကျွန်တော့်ကိုမြင်သည်နှင့် ပါးစပ် အဟောင်းသားဖြစ်သွားပြီး ဝမ်းသာအား ရ 'ဖေား-ကိုလှမိုး' ဟု ရင်းရင်းနှီးနှီး နှုတ် ဆက်လိုက်သည်နှင့် ကျွန်တော်မှာလည်း အံ့အားသင့်သွားသည်။

ကျွန်တော်သည် မျက်စိများကိုပင် မယုံနိုင်။ ဟုတ်မှဟုတ်ပါ့မလား၊ ကျွန် တော့်ကျောင်းနေဖက် ကိုကျော်ဝင်း လော၊ ဝေခွဲမရ ဖြစ်နေသည်။ ထိုပုဂ္ဂိုလ် ကပင် 'ကျွန်တော်ကျော်ဝင်းပါ' ဟု ပြော လိုက်မှဇဝေဇဝါဖြစ်နေသော ကျွန်တော့် စိတ်သည် တည်ငြိမ်သွားသည်။

မှန်ပါသည်။ ကိုကျော်ဝင်း၊ ကိုစိန် ရိုး (ယနေ့ စာရေးဆရာ အနောက်တံခါး မှူးကြီး) နှင့် ကျွန်တော်တို့သည် ရန်ကုန် တက္ကသိုလ်သို့ ၁၉၅၁ ခုနှစ်က အတူ ရောက်ခဲ့ကြသော ကျောင်းနေဖက်သူ ငယ်ချင်းများ ဖြစ်ကြသည်။ ကိုကျော် ဝင်း၏ဖခင်ဖြစ်သူမှာ စလင်းမြို့ဆရာဝန် ကြီးအဖြစ် အမှုထမ်းနေသူ ဖြစ်သည်။ ကျွန်တော်သည် ထိုစဉ်က စစ်ကိုင်း ကျောင်းဆောင် အခန်း (၂၂) တွင် ကို သန်းတင် (မကွေး-ကွယ်လွန်) နှင့်အတူ ကျောင်းအိပ်ကျောင်းစား နေထိုင်သူများ ဖြစ်ရာ သူတို့နှစ်ယောက်မှ အပြင် ကျောင်းသားအဖြစ် တက္ကသိုလ်သို့တက် ရောက်သူများဖြစ်ရကား နေ့စဉ် ကျွန် တော်တို့အခန်းတွင် စတည်းချကြသည်။

တက္ကသိုလ်မှဘွဲ့ရ၍ ကျွန်တော် ပညာရေးလောကသို့ ဝင်ရောက်သွား သောအခါ ကိုကျော်ဝင်းတစ်ယောက် အမေရိကန်ပြည်ထောင်စုရောက်သွားပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး





www.burmeseclassic.com

www.burmeseclassic.com

ဌာန (မြန်မာနိုင်ငံ) အဖွဲ့ခွဲတွင် အမှုထမ်းနေသည်ဟု သတင်းကြားရပြီး နှစ်ပေါင်း (၄၀) နီးပါး မတွေ့ကြရ။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှပင် ပုဂံစာအုပ်တိုက်တွင်ဆုံမိကြခြင်း ဖြစ်သည်။ သူနှင့် ကျွန်တော်တို့သည် ရှေးဖြစ်ဟောင်းများကို ဝမ်းသာအားရ ပြောဆိုနေကြသည်များကို သူနှင့်ပါလာသော နိုင်ငံခြားသား နှစ်ယောက်မှာ တအံ့တသြ ကြည့်နေကြသည်။ ကိုကျော်ဝင်းပြောပြသဖြင့် သူနှင့်ပါလာသူများမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာမည်ကျော် ဗိုလ်ချုပ်ဝင်းဂိတ်၏ ခြင်ဒစ် ပြောက်ကျားတပ်မှ သေရွာပြန်များဖြစ်သည်ဟု သိရ၏။

သူတို့နှင့်အတူ ၁၉၄၄ ခုနှစ်၊ မြစ်ကြီးနားခွင် ထိုးစစ်များတွင် မားရီး(လ်)၏လူဆိုးလူမိုက်များဟု (Maruder) နာမည်ကျော်ခဲ့သော အမေရိကန်ပြောက်ကျားတပ်မှ သေမင်းလက်မခံသဖြင့် ပြန်လာခဲ့ကြသည်။ စစ်ပြန်ဟောင်းကြီးများလည်းပါသည်ဟုသိရသည်။ သူတို့သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျဆုံးခဲ့ရသော သူတို့ရဲဘော်များအား ဂါရဝပြုရင်း ထိုစဉ်ကာလက ဖက်ဆစ်ဂျပန်တို့မောင်းနှင်ထုတ်ရေးတွင် တစ်ဖက်တစ်လမ်းမှပါဝင်ခဲ့ကြသော မြန်မာနိုင်ငံသားရဲဘော်ရဲဘက်များလည်း တွေ့ဆုံရန်လာရောက်ခဲ့ကြခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုစဉ်က မြန်မာအစိုးရအာဏာပိုင်များ၏သဘောတူညီချက်အရ စစ်ပြန် အညတရ ရဲဘော်များသည် မြစ်ကြီးနား၊ မိုးကောင်း၊ အင်းတော်သို့ သွားရောက်၍ ဒုတိယကမ္ဘာစစ်အတွင်း သူတို့ ရဲဘော်ရဲဘက်များကျဆုံးခဲ့ကြသော နေရာများ၊ သူတို့အား ခင်ခင်မင်မင် ခရီးဦးကြိုပြုခဲ့သည့် မြန်မာတိုင်းရင်းသားများကို ပြန်လည်တွေ့ဆုံရန်လာရောက်ကြခြင်း ဖြစ်သည်ဟု သိရသည်။ ကိုကျော်ဝင်းကို နောက်ဆုံးတွေ့လိုက်ရခြင်း ဖြစ်သည်။ ယခုအခါ ကိုကျော်ဝင်းမှာ အမေရိကန်ပြည်ထောင်စုတွင် ကွယ်လွန်ခဲ့ရှာပြီ ဖြစ်သည်။

ထိုနေ့က ကျွန်တော့်အဖို့ ကျွန်တော် ကျောင်းသားဘဝက လေးစားခဲ့ကြရသော ခြင်ဒစ်တပ်ဖွဲ့ဝင်ဟောင်းကြီးများနှင့် ဗိုလ်ချုပ်မရီ(လ်) လူဆိုးလူမိုက်တပ်ဖွဲ့ဟောင်းများကို ခေတ္တတွေ့ခဲ့ရခြင်းသည် ယနေ့ထိမမေ့နိုင်။ ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်ကြီးကာလတွင် ဖွားမြင်ခဲ့ပြီး ဂျပန်ခေတ်တွင် လူလူသူသူဖြစ်လာခဲ့ကြရသူများဖြစ်ရာ ဒုတိယကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံများ၊ စိတ်မချမ်းမြေ့ဖွယ်ရာများကို ခါးစည်း၍ခံခဲ့ကြရသည်။ မြန်မာနိုင်ငံ တိုက်ပွဲစဉ်များကို လက်တွေ့နှင့် သူပြောကိုယ်ပြော ပါးစပ်ဂေဇက်များကိုလည်း နားမဆံ့အောင် ကြားခဲ့ကြရာ ထိုစဉ်ကာလက ခြင်ဒစ် ပြောက်ကျားများနှင့် ယင်းအဖွဲ့ကိုခေါင်းဆောင်သော ဝင်းဂိတ်အကြောင်းနှင့် သူ၏ခရီးရှည်ထိုးဖောက်နည်း ပြောက်ကျားစစ်ဆင်နည်းများကိုလည်း ကြားခဲ့ရ၏။ ကျွန်တော်တို့ ဂျပန်ခေတ်အတွင်း တိတ်တခိုး လက်ဆင့်ကမ်း ဖတ်ရှုခဲ့ရသော လေနတ်သား သတင်းစာများတွင်လည်း ဝင်းဂိတ်အကြောင်း ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့ကြရသည်။ သူ၏စစ်ဆင်နည်းများသည် သမားရိုးကျနည်းများ မဟုတ်မူဘဲ တစ်ခေတ်ကျော်နေသည်ဟု ထင်ကြသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်သာမက အာရှတစ်ခွင်တွင် ဂျပန်ဘုရင့်ဟပ်များ၏လှိုင်းတံပိုး အောက်၌ မဟာမိတ်တို့ မရှုမလှအရေး နိမ့်နေစဉ် ဂျပန်တို့ကိုတိုက်၍ မနိုင်နိုင် ဟု အစွဲကြီးစွဲနေစဉ် ဗိုလ်ချုပ်ဝင်းဂိတ် က ဂျပန်တို့အား တိုက်ခိုက်၍နိုင်နိုင် ကြောင်း လက်တွေ့တိုက်ခိုက်၍ အောင် ပွဲဆင်ပြလိုက်သောအခါ စစ်အောင် သတင်းငတ်နေသော မဟာမိတ် သည် ဝင်းဂိတ်၏အဝေးချီစစ်အောင် သတင်းကို ရေဒီယိုမှသာမက သတင်း ကြီးများကလည်း မျက်နှာဖုံးသတင်းအ ဖြစ် ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် ဝင်းဂိတ်သည် မြန်မာနိုင်ငံ တိုက်ပွဲ များတွင် ထူးထူးခြားခြား ဟိတ်ကြီး သည်။

စစ်ကြီးပြီးဆုံး၍ တက္ကသိုလ် ဝဏ်သို့ရောက်လာခဲ့ကြပြီး အင်္ဂလိပ်





www.burmeseclassic.com

www.burmeseclassic.com

လှသူသူဖတ်နိုင်ခဲ့သော ကျွန်တော်သည် ဝင်းဂိတ်နှင့်ပတ်သက်သော စာအုပ်များ၊ သူ စနစ်တကျတည်ထောင်၍ ဦးဆောင်ခဲ့သော ခြင်ဒစ်တပ်မဟာများနှင့်ပတ်သက်၍ရေးသားကြသည့် စာအုပ်စာတမ်းများကို လက်လှမ်းမီသလောက် ရှာဖွေ စုဆောင်းထားခဲ့သည်။ ဝင်းဂိတ်နှင့် သူ့ခြင်ဒစ် စစ်သားများအကြောင်း ပြောရမည်ဆိုလျှင် ကျွန်တော့်မှာ ထမင်းမေ့ ဟင်းမေ့သူဖြစ်ရာ ကျွန်တော့်သူငယ်ချင်းအများကမူ ကျွန်တော့်အား ဗြိတိသျှအလိုတော်ရိ၊ ဗြိတိသျှစစ်ဗိုလ်ချုပ်များကိုလေးစားသူဟု ပြောင်ပြောင်တင်းတင်း ပြောဆိုခြင်းကိုပင် ခံခဲ့ရသည်။

ကျွန်တော်သည် ဗြိတိသျှတို့၏ နယ်ချဲ့ဝါဒကို ခါးခါးသီးသီးမုန်းသူ ဖြစ်ပါသည်။ သို့သော် ကျွန်တော် သဘောကျသည်မှာ ဗြိတိသျှဗိုလ်ချုပ် ဝင်းဂိတ်နှင့် သူ၏ခြင်ဒစ်အဖွဲ့ဝင် တပ်သားများသာ ဖြစ်ပါသည်။ သူသည် အချို့သော ဗြိတိသျှဗိုလ်ချုပ်များနှင့်မတူ၊ တစ်မျိုးထူးသူတစ်ယောက်ဖြစ်ရကား သူ့အား အချို့က စိတ်ပုံ့လွင့်သူတစ်ယောက်ဟု ယူဆထားသည်။ သို့သော် သူသည် မည်သူ့ကိုမျှ ဂရုမစိုက်၊ အရေးမထား။ သူ ထင်သည်ထင်လျှင် ပြောရဲဆိုရဲ လုပ်ရဲသူ ဖြစ်၏။ သူကား ရဲရင့်သည်၊ စွန့်စားသည်၊ ကိုယ့်ကိုယ် အပင်ပန်းခံနိုင်သူ ဖြစ်သည်။ ဉာဏ်ဓာတ်က ပြင်းလှ၏။ ဆုံးဖြတ်သည့် နေရာတွင် တိကျပြတ်သားသည်။ နူးညံ့ ပျော့ပျောင်းစွာ ဆက်ဆံရမည့် နေရာတွင် ဖယောင်းလိုပျော့ပျောင်းသူ ဖြစ်၏။ သို့သော် မာသည့်အခါတွင်မူ သံမဏိသံချောင်းပမာ ဖြစ်သည်။

သူ့လက်အောက်မှ အရာရှိ အရာခံ အကြပ်၊ တပ်သားများကို ညှာတာသည့်အခါတွင်လည်း သူ့လောက် နူးညံ့ပျော့ပျောင်းသူ မရှိဟု ဆိုရမည့်သို့ ဖြစ်၏။ သို့သော် ခက်ထန်ကြမ်းတမ်းရာ၌ ဇမ္ဗူတစ်လွှားဟု ဆိုရလောက်အောင် ကြမ်းတမ်းသူ ဖြစ်၏။ သူ့ကိုယ်ခန္ဓာကအပဟန့်သေးသော်လည်း သူ ဒေါသာန်ထသည့်အခါတွင် တစ်ဖက်သားအား ကြွက်စုတ်ကလေးဖြစ်သွားစေလေ့ရှိသည်ဟု သူ့တပည့် ရဲဘော်ရဲဘက်များက ပြောလေ့ရှိသည်။

မှန်ပါသည်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ထူးထူးခြားခြား ပေါ်ထွန်းခဲ့သော စစ်ခေါင်းဆောင်များအနက် ဝင်းဂိတ်သည် ရာထူးအငယ်ဆုံး ဖြစ်သည်။



သို့သော် သူ၏ ထူးခြားသော စစ်ဆင်နည်းကို သူတစ်ယောက်သာလျှင် ကြံစည် စိတ်ကူး၊ လက်တွေ့အကောင်အထည်ဖော်ခဲ့သူ ဖြစ်သည်။ စစ်သမိုင်းစာအုပ်ကြီးများအတိုင်း မဟုတ်ဘဲ တစ်မူထူးခြားသော စစ်ဆင်နည်းကို သူတစ်ယောက်သာ ကြံစည်စိတ်ကူးသူ ဖြစ်ရကား သူနှင့်ခေတ်ပြိုင် စစ်အရာရှိကြီးများကမူ 'ထူး၍ ရူးသူ' ဟု ကွယ်ရာတွင် သရော်တော်တော်၊ ပြောင်ချော်ချော် ပြောလေ့ရှိကြသည်။ သူ၏ အများနှင့်မတူ၊ ထူးထူးခြားခြား ကြံစည်မှုကို ဗြိတိသျှဘုရင့်တပ်မတော် စစ်ဌာနချုပ်မှ ဦးစီးအရာရှိများကမူ သူ၏စစ်ဆင်ရေးစီမံချက်များ၊ အကြံပြုချက်များကို ချောင်ထိုးထားကြသည်။ 'လေထဲတိုက်အိမ်ဆောက်သူ' ဟု ဝိုင်း၍ ကင်ပွန်းတပ်ကြသည်။ သို့သော် သူကမူ မည်သူ့ကိုမျှ ဂရုမစိုက်၊ မည်သူ့ကိုမျှ ဦးမညွှတ်။ အများအား ဆရာလုပ်သလို တပည့်အဖြစ် ခံယူရန်လည်း ဝန်မလေး။

သူ၏ ရန်သူနယ်အတွင်း အဝေးချီ ထိုးဖောက်စစ်ချီ၍ တိုက်ခိုက်စေသည့် ပြောက်ကျားစစ်ဆင်ရေးလေ့ကျင့်ရာတွင် သူ့တပ်မဟာမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့်အတူ တစိုက်မတ်မတ်လေ့ကျင့်သည်။ ခရီးကြမ်းသွားသည့်အခါ ရေငတ်ခံနိုင်အောင် ကျင့်သည်။ သူ၏ ထူးဆန်းသော အရည်အချင်းများကို တန်းစီနံပါတ်ထိုးရလျှင် ကုန်နိုင်မည်မထင်။ သို့ဖြစ်၍ ဝင်းဂိတ်ကို ကျွန်တော် လေးစားမိပါသည်။ သူ တည်ထောင်လေ့ကျင့်ခဲ့သည့် ခြင်ဒစ်တပ်မဟာမှတပ်သားအများကို လေးစားသည်။ သူတို့သည်လည်း ဗိုလ်ချုပ်ဝင်းဂိတ်ကဲ့သို့ မိမိတို့အသက်ကို ဖက်ရွက်ပမာ သဘော



www.burmeseclassic.com

www.burmeseclassic.com

ထားသူများဖြစ်ကြသည်သာမက ရင်ကို မြေကတုတ်သဖွယ် သဘောထားသူများ ဖြစ်သည်။ မိမိတို့အချင်းချင်း ရဲဘော်ရဲဘက်စိတ်ရှိကြသူများ ဖြစ်ရကား ဤကဲ့သို့ ရဲဘော်များမမေ့ကြသည်မှာ ဘာဆန်းသလဲဟု ဆိုရမည် ဖြစ်၏။ သို့ဖြစ်၍ ကျွန်တော်သည် ခြင်ဒစ်အဖွဲ့နှင့်ပတ်သက်သော စာရွက်စာတမ်းမှန်သမျှ မလွတ်တမ်း လက်လှမ်းမီသလောက် စုဆောင်း၍ဖတ်ရှုခဲ့ပါသည်။

ဤ သူရဇ္ဇ မဂ္ဂဇင်းကြီးတွင်လည်း ဝင်းဂိတ်နှင့်ပတ်သက်သည့် ဆောင်းပါးများရေးသားခဲ့ပြီး ဖြစ်ပါသည်။ မှန်ပါသည်၊ ဝင်းဂိတ်သည် ကျွန်တော့်အတွက် ဒဏ္ဍာရီတစ်ခုဖြစ်သကဲ့သို့ သူ့ခြင်ဒစ်တပ်ဖွဲ့ဝင်များကိုလည်း ထာဝစဉ် လေးစားမိ၏။ ယင်းခြင်ဒစ်တပ်ဖွဲ့ဝင်များတွင် ကျွန်တော်တို့ မြန်မာနိုင်ငံသားများလည်း ပါဝင်ခဲ့ကြသဖြင့် များစွာ ဂုဏ်ယူမိသည်။ ဝင်းဂိတ်၏ခြင်ဒစ်တပ် မြန်မာနိုင်ငံစစ်မျက်နှာတွင် ရုတ်တရက်ပေါ်လာသော အကြောင်းကို ထိုစဉ်က မဟာမိတ်လေယာဉ်ပျံများ ကြဲချလေ့ရှိသော လေနတ်သားသတင်းစာများတွင် အကျယ်တဝင့် ဖတ်ရှုရသောအခါ တအံ့တသြ ဖြစ်မိကြသည်။ ဖက်ဆစ်ဂျပန်တို့ကို မုန်းတီးနေသော မြန်မာလူထုအဖို့ ခြင်ဒစ်တို့၏စစ်သတင်းကို ချဲ့ထွင်ပြောကြသည်။ အမှန်အားဖြင့် ခြင်ဒစ်မှာ ခြင်္သေ့ကို ဆိုလိုသည်။ စကားမပီသဖြင့် ခြင်ဒစ်ဖြစ်သွားခြင်းသာ ဖြစ်သည်။

ခြင်ဒစ် ဟူသောအမည်ကို ယင်းအထူးတပ်ဖွဲ့အား တည်ထောင်လေ့ကျင့်ပေးသူ လူထူးလူဆန်း ဗိုလ်ချုပ်ဝင်းဂိတ်ကိုယ်တိုင် မှည့်ခေါ် ကင်ပွန်းတပ်သော အမည် ဖြစ်၏။ မြန်မာလူထု၏ အမျိုးသားရေးလက္ခဏာ၊ ဘာသာရေးလက္ခဏာများတွင် အကျုံးဝင်သော ခြင်္သေ့ ဖြစ်၏။

ခြင်ဒစ်တပ်ကို ပထမ ဗြိတိသျှအပျော်တမ်းတပ်သား (၁၀၀) နှင့် မြန်မာလူမျိုး တပ်ရင်းတစ်ရင်းဖြင့် စတင်ဖွဲ့စည်း၍ စတင် လေ့ကျင့်ခဲ့ကြသည်ဟု မှတ်တမ်းအရ သိရ၏။ မြန်မာတိုင်းရင်းသား နည်းပြများက တပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံတော်တွင်း အခြေအနေများနှင့် တောအတွင်း မည်ကဲ့သို့ နေထိုင်စားသောက်နည်းများကို သင်ပြကြရသည်ဟု သိရ၏။ ထို့နောက် အမှတ်(၇၇)တပ်မဟာကို စနစ်တကျ တည်ထောင်နိုင်ခဲ့သည်။

မှန်ပါသည်၊ မမေ့နိုင်သော ဝင်းဂိတ်၏ ခြင်ဒစ်တပ်များသည် ဂျပန်တို့ သိမ်းပိုက်ထားသော မြန်မာနိုင်ငံအတွင်း မိုင်ပေါင်း (၇၀၀) အထိ ထိုးဖောက်ချီတက်နိုင်ခဲ့သည်။ ကမ္ဘာ့စစ်သမိုင်းတွင် အလွန်တွေ့ခဲသော စစ်ဆင်နည်း ဖြစ်သည်။ ခြင်ဒစ်တပ်သားအများသည် ပိန်းပိတ်အောင်မှောင်နေသော ညအချိန်များတွင်ပင် ထူထပ်သော ဖျိုက်တောကြီးများ၊ စိမ့်မြေများ၊ ဆူးချုံတောများ၊ ဝါးတောများကို လမ်းထွင်၍သွားခဲ့ကြရ၏။ မဆင်ဘဲနှင့် တဝုန်းဝုန်း ရွာချလာသော မိုးလေထဲ၌ ပေါင်(၇၀)လေးသော ကျောပိုးအိတ်နှင့် သေနတ်ကို ပခုံးပြတ်မတတ် လွယ်၍ ပေ (၅၀၀၀) ကျော်၊ (၆၀၀၀) နီးပါးမြင့်သည့်တောင်များကို ဖြတ်ကျော်ကြရသည်။

ရွံ့ဗွက်များနှင့် မျှော့သတ္တဝါကြားတွင် ဖြစ်သလိုအိပ်စက်၍ ရည်မှန်းချက်ကို အကောင်အထည်ဖော်ကြရသည်။ ခြင်ဒစ်တို့၏ ပထမတာဝန်မှာ ထိုစဉ်က မြစ်ကြီးနားခွင်တွင် ထိုးစစ်ဆင်နေသော ဗိုလ်ချုပ်ကြီး စတီဝဲ(လ်)၏ တရုတ်တပ်များဘက်သို့ ဂျပန်တပ်များ စစ်ကူမသွားစေရန် လမ်းပန်းအဆက်အသွယ် ဖြတ်ရန်နှင့် ထိုတပ်များ မိုးကောင်းနှင့် မြစ်ကြီးနားလေယာဉ်ကွင်းများကို သိမ်းပိုက်နိုင်ဖို့ တစ်ဖက်တစ်လမ်းမှကူညီရန် ဖြစ်သည်။

ခြင်ဒစ်တပ်များသည် မြန်မာနိုင်ငံအတွင်း နှစ်ကြိမ်တိတိ အဝေးချီ စစ်ချီမှုအား အသက်ကို ဖက်ရွက်ပမာထား၍ ပြုလုပ်ခဲ့ကြသည်။ လမ်းပန်းအဆက်အသွယ်များ၊ မီးရထားလမ်းများ၊ တံတားများ၊ ဂျပန်တပ်မတော်၏ဆက်သွယ်ရေးစခန်းများ၊ ရိက္ခာစုဆောင်းသိုလှောင်ထားသည့်စခန်းများကို ဖျက်ဆီးနိုင်ခဲ့သည်သာမက ဂျပန်တို့၏ အင်ဖာ၊ ကိုဟီမာသိမ်းပိုက်ရေးစစ်ကြောင်းများသို့ ပေးပို့မည့် လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာများ၊ စစ်အသုံးဆောင်များကို ပေးပို့နိုင်ခြင်းမရှိအောင် ဟန့်တားနိုင်ခဲ့၏။

ခြင်ဒစ်တို့၏ အဝေးချီထိုးဖောက်စစ်ဆင်ရေးကြောင့် ဗြိတိသျှနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များအဖို့ ထူးထူးခြားခြား စိတ်ဓာတ်မြင့်တက်စေခဲ့သည်ဟု သိရ၏။မဟာမိတ်တပ်သားအများကမူ ဂျပန်တပ်သားအများသည် တောတွင်းစစ်ဆင်နည်း၊ ပြောက်ကျားစစ်ဆင်နည်းတွင် ဧကရာဇ်များဟု ထင်ထားခဲ့ကြ၏။ ခြင်ဒစ်တပ်များကလည်း တောတွင်းစစ်ဆင်ရေးတွင် သူမတူအောင်စွမ်းဆောင်နိုင်ခြင်းကိုပြသခဲ့သောအခါ မဟာမိတ်တပ်သားများ၏ စိတ်ဓာတ်ရေးရာ မြင့်တက်မှုရှိခဲ့သည်ဟု သိရ၏။

ခြင်ဒစ်တပ်ဖွဲ့ဝင်များ၏ မှတ်တမ်းများအရ ထိုတပ်ဖွဲ့ဝင်များတွင် အသက်အကြီးဆုံးမှာ (၄၀) နှစ်သာ ရှိရမည်ဟု ကန့်သတ်ထားခဲ့၏။ ပထမအကြိမ် အဝေးချီ ခြင်ဒစ်တပ်ဖွဲ့တွင် ပါဝင်သော အသက်(၄၀)ကျော်သူများအနက် ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် မြန်မာဗိုလ်မှူးဖြစ်သူ ဦးအောင်သင်း (နောင်အခါ မြန်မာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်ဖြစ်လာပြီး လွတ်လပ်ရေးရခါစက ရှေ့တိုင်းဒေသကြီးတိုင်းမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။) တို့ ဖြစ်သည်ဟု သိရ၏။

မှန်ပါသည်။ ခြင်ဒစ် ဖြစ်ရန်မှာ မလွယ်ကူ၊ ရဲရင့်၍ အပင်ပန်းအဆင်းရဲ ခံနိုင်သူ လူငယ်များ၏အလုပ်သာ ဖြစ်သည်။ သူတို့ ဆောင်ရွက်ခဲ့သည်။ အဝေးချီ ထိုးဖောက်စစ်ဆင်ရေးသည် စစ်ရေးအရ အကျိုးအမြတ်ရခဲ့သော်လည်း ပါဝင်ခဲ့ကြရသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ အကျအဆုံး များခဲ့သည်။ သာဓကအားဖြင့် ဗိုလ်မှူးချုပ် ဖာဂူဆန်၏စစ်ကြောင်းတွင် ပါဝင်သူ (၃၁၈)ယောက်အနက် (၂၂၃)ယောက် ဆုံးရှုံးခဲ့ရသည်။ ပျောက်ဆုံးနေသူများအနက် စစ်ကြီးပြီးဆုံးသောအခါ (၂၀) ယောက် ပြန်တွေ့ခဲ့သည်။ သူတို့အား ဒေသခံတိုင်းရင်းသားများက အကူအညီ ပေးခဲ့ကြသည်ဟုဆိုသူ ခြင်ဒစ်တပ်ဖွဲ့ဝင် မြန်မာများ၊ မြန်မာတိုင်းရင်းသားများသည်လည်း မြန်မာ့သတ္တိကို ပြခွင့်ရခဲ့ကြသည်။ ဤခြင်ဒစ်တပ်ဖွဲ့တွင် ဝင်းဂိတ်သည် တိုပီ ဖော့ဦးထုပ်ကိုဆောင်းကာ သေနတ်ကိုလွယ်၍ ရှေ့ဆုံးမှချီတက်ခဲ့သူ ဖြစ်၏။ သို့သော် သူ့အသက် (၄၁) နှစ်အရွယ် အကြီးအကျယ်အောင်မြင်မှု ရနေသည့်အချိန် ၁၉၄၄ ခုနှစ်၊ မတ်လ (၂၄) ရက်နေ့တွင် လေယာဉ်ပျံပျက်ကျ သဖြင့် ကွယ်လွန်ခဲ့ရသည်။ သူသည် တပည့်များကိုချစ်ခင်သူ ဖြစ်သည်။ သူ့တပည့် ရဲဘော်များကလည်း တညီတညွတ်၊ တစ်စုတစ်ပေါင်းတည်း သူ့အား ချစ်ခင်သလို အချင်းချင်း ရဲဘော်ရဲဘက်စိတ် ရှိကြသည်။

မှန်ပါသည်။

ရဲဘော်မသေ၊ သေသော်ငြားလည်း... လားပါ။

လှမိုး(ပညာရေး)

Ref;

Prisoners of Hope.

By Mcchael Calvert.



www.burmeseclassic.com

www.burmeseclassic.com

# ၅၂၈ နှင့် ၁၅၀၀

## ချောင်းဆုံအုန်းသွင်

၁၃၇၅ ခု၊ နယုန်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့ ဖြစ်ပါသည်။ တနင်္ဂနွေနှင့် ...သည်တိုက်ပြီး နေလည်းသာသဖြင့် ခြောက်ထပ်ကြီးဘုရားသို့သွားခဲ့ပါသည်။ ဘုရားမီးပူဇော်၊ ဘုရားရှိခိုးပြီးနောက် ရှင်ဥပဂုတ္တကျောင်းတော်သို့ သွားခဲ့ပါသည်။ လူအလွန်ရှင်းပါသည်။ မထေရ်မြတ်အား ဝတ်ပြုပြီးနောက် ခေတ္တနား နေလိုက်ပါသည်။

ထိုအခိုက် အသက် (၅၀) ခန့်နှင့် (၁၀) ခန့်သာထင်ရသော လူနှစ်ယောက် ...တော့်အနား လာဝတ်ဖြည့်ပြီး ထိုင်ကြပါသည်။

ထိုအခါ လူငယ်က -

"ဆရာ၊ မိဘနဲ့ သားသမီးအချစ်၊ မောင်ချစ်နှမချစ် ဆိုတဲ့ (၅၂၈) သွယ် မေတ္တာဟာ ဘယ်လိုမေတ္တာမျိုးလဲ။ဘာကွာပါလဲ။ ပြီးတော့ သမီးရည်းစားအချစ်၊ လင်မယားအချစ်ဆိုတဲ့ (၁၅၀၀) ကိလေသာအချစ်ဟာကော ဘယ်လိုမျိုး... မှိုးနေတဲ့စကားဖြစ်ပေမယ့် တကယ် ...နန မသိဘူးဆရာ"

ဟု မေးလိုက်ပါသည်။

ထိုအခါ လူကြီးက -

"အဲဒီစကားကို လူအတော်များများပြောနေကြပေမယ့် တစ်ခုမှမဟုတ် ...ဆိုတာကို သိပုံမရကြဘူး။ သိသူတွေ ...လည်း အများသိအောင် မလုပ်ကြဘူး ...ရဲ့။ ငါတော့ မတွေ့မိဘူး။ အများ ...ပြောရုံမကဘူး။ ရေးလည်းရေးကြ ...တယ်၊ ဘာတဲ့ - (၅၂၈) သွယ်အချစ် ... (၉၇၂) ပေါင်းမိလို့ ဆိုပြီး (၉၇၂) ...ည်နဲ့ သီချင်းတောင်စပ်လိုက်သေး ...တယ်၊ မဆီမဆိုင် (၅၂၈) နဲ့ (၁၅၀၀) ...ရောလိုက်တယ်။ (၅၂၈) က သက်... (၁၅၀၀) ကိလေသာက သက်...ပဲ နုတ်လို့ပေါင်းလို့မရဘူး။ မေတ္တာ ...ကိလေသာပဲ။

ပြီးတော့ မောင်နှမ၊ မိဘ၊ သားသမီး အချစ်ဟာ (၅၂၈) မဟုတ်သလို (၁၅၀၀) ကိလေသာဟာလည်း သမီးရည်းစား၊ လင်မယားမှာသာ ဖြစ်တာ မဟုတ်ဘူး။ (၅၂၈) သွယ်မေတ္တာဆိုတာ အင်မတန် သန့်ရှင်း ကြည်လင် အေးမြတယ်။ အဲဒီမှာ လောဘမပါဘူး။ ဒေါသမပါဘူး။ (၁၅၀၀) မှာ လောဘ၊ ဒေါသ၊ မောဟ အစုံပါတယ်။

(၅၂၈)သွယ်မေတ္တာ ဆိုတာ သတ္တဝါတွေကို (၁၂) မျိုး ခွဲခြားသတ်မှတ်လိုက်တယ်။ အဲဒါတွေက အလွယ်ပြောရရင် -

၁။ သတ္တဝါအားလုံး၊
၂။ သက်ရှိသတ္တဝါအားလုံး၊
၃။ ဖြစ်တည်ဆဲသတ္တဝါအားလုံး၊
၄။ အမည်နာမရှိတဲ့သတ္တဝါအားလုံး၊
၅။ ခန္ဓာကိုယ်ထင်ရှားရှိသူအားလုံး၊
၆။ အမသတ္တဝါအားလုံး၊
၇။ အဖိုသတ္တဝါအားလုံး၊
၈။ အရိယာပုဂ္ဂိုလ်အားလုံး၊
၉။ အရိယာမဟုတ်သူအားလုံး၊
၁၀။ နတ်အားလုံး၊
၁၁။ လူအားလုံး၊
၁၂။ အပါယ်ဘုံပါးအားလုံး ရယ်လို့ဖြစ်ပါတယ်။

အဲဒီ (၁၂) မျိုးကို မေတ္တာ (၄)မျိုး ပို့တယ်။

အဲဒါတွေက -

၁။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ၊
၂။ စိုးရိမ်ခပ်သိမ်းကင်းငြိမ်းပါစေ၊
၃။ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ၊
၄။ မိမိကိုယ်ကို ချမ်းသာအောင် ဖန်တီးနိုင်ပါစေလို့ ဖြစ်တယ်။

အဲဒီပုဂ္ဂိုလ်သတ္တဝါ (၁၂) မျိုးကို မေတ္တာ (၄) မျိုးနဲ့ မြှောက်တော့ (၄၈) ပါး ရတယ်။ အဲဒါအရပ်မျက်နှာမသတ်မှတ်တာ။ ပြီးတော့ အရပ် (၁၀) မျက်နှာက သတ္တဝါ (၁၂) မျိုးကို မေတ္တာ (၄) ရပ်နဲ့ (၁) ရပ်စီခွဲပြီး ပို့တော့ (၄၈၀) ရတယ်။ မူလ (၄၈) နဲ့ ပေါင်းတော့ (၅၂၈) ရတယ်။ သူတို့ဆီက ဘာမှပြန်လိုချင်တာမရှိလို့ လောဘမဖြစ်ဘူး။ သူတို့နဲ့ ပတ်သက်ပြီး စိုးရိမ်ခြင်း၊ ပူဆွေးခြင်း မရှိတဲ့အတွက် ဒေါသလည်းမဖြစ်ဘူး။ စိုးရိမ်တယ်၊ ဝမ်းနည်းတယ် စတာတွေဟာ ဒေါသပဲ။

(၁၅၀၀) ကိလေသာ ဆိုတာက လူမှာအဓိကကျတဲ့ ရုပ်(၁၈)ပါးရှိတယ်။ နာမ်(စိတ်+စေတသိက်)က (၅၃) ပါးရှိတယ်။ မမြဲ၊ ဆင်းရဲ၊ အစိုးမရ၊ မတင့်တယ် ဆိုတဲ့ လက္ခဏာ (၄) ပါးရှိတယ်။ ပေါင်းလိုက်ရင် (၇၅) ရတယ်။ အဲဒါ အတွင်းသန္တာန်+အပြင်သန္တာန်(၂)ပါးနဲ့ မြှောက်ရင် (၁၅၀) ရတယ်။ အဲဒါ ကိလေသာ(၁၀)ပါးနဲ့ မြှောက်ရင် (၁၅၀၀) ရတယ်။ အဲဒါ (၁၅၀၀) ကိလေသာပဲ။ တစ်ခုစီပြောပြနေလို့ မှတ်မိမှာမဟုတ်ဘူး။ အဲလောက်ပဲသိထား။ လောဘကို အခြေအနေလိုက်ပြီး (၁) လောဘ၊ (၂) တဏှာ၊ (၃) ရာဂနဲ့ အတူတူပဲ။ လိုချင်တယ်၊ စွဲလမ်းတယ်၊ တပ်မက်တယ်ပေါ့။

မိဘနဲ့ သားသမီး၊ ညီအစ်ကိုမောင်နှမချင်း၊ လင်နဲ့မယား၊ သမီးရည်းစား စတာတွေရဲ့ မေတ္တာလို့ခေါ်တဲ့ ချစ်ခြင်းဟာ အဲဒီသုံးမျိုးထဲကပဲ။ မိဘ၊ မောင်နှမတွေက ကြည်နူးမှု၊ ကျေနပ်မှု၊ ဝမ်းသာမှု စတဲ့ လောဘတွေနဲ့ ချစ်ကြတာ။ သမီးရည်းစား၊ လင်မယား စတာတွေဟာ စွဲလန်းမှု၊ တပ်မက်မှု တဏှာ၊ ရာဂနဲ့ချစ်ကြတာ။ အဲဒါတွေအားလုံး လောဘချည်းပဲ။ ပြီးတော့ တစ်ဦးကိုတစ်ဦး စိုးရိမ်မှု၊ ပူပန်မှု၊ ကြောင့်ကြမှု၊ ပူဆွေးမှုတွေ အကြောင်းအားလျော်စွာ ရှိကြတဲ့အတွက် အဲဒါတွေက ဒေါသချည်းပဲ။ အဲဒီတော့ ကိလေသာချည်းပေါ့။ အဲဒီလိုမှတ်ထား။

ကျွန်တော်လည်း စာဖတ်နည်းသေး၍လားမသိ။ ဒီအကြောင်း ရှင်းထားသည်ကို မတွေ့မိပါ။ မိမိကိုယ်မိမိ 'စာရေးသူ' ဟု ခံယူထားသည့်အတွက် မသိသေးသော စာဖတ်ပရိသတ်များသိစေရန်၊ ဗဟုသုတပွားစေရန်၊ မှားစေရန် ထပ်ဆင့် တင်ပြလိုက်ရပါသည်။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ စိုးရိမ်ခပ်သိမ်းကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ။ မိမိတို့ကိုယ်ကို ချမ်းသာအောင် ဖန်တီးနိုင်ကြပါစေ။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

ဇဝကန် - မှန်သည့်စကားတစ်ခွန်းမှာ -

မရဏာမေဓုဝံ။

ကျွန်ုပ်တို့အတွက် သေခြင်းတရားသည်သာ မြဲ၏။ မှန်ပါသည်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးတို့ ပြုပြင်စီရင်မှုကိုခံနေရသော လူ့ဘဝသက်တမ်းတွင် နောက်ဆုံးသေခြင်းဖြင့် နိဂုံးချုပ်ရပေမည်။ သတ္တဝါတို့သေခြင်းတွင် အကြောင်းတရား လေးပါးရှိသည်။

သက်တမ်းကုန်၍သေခြင်း
(အာယုက္ခယ)
ကံအစွမ်းကုန်၍သေခြင်း
(ကမ္မက္ခယ)
အသက်၊ ကံ နှစ်ပါးစုံကုန်၍သေခြင်း (ဥဘယက္ခယ)
ကံတစ်ပါးက ဖြတ်သတ်၍ သေခြင်း (ဥပစ္ဆေဒက)

ဆုတ်ကပ်ကာလတွင် ဂေါတမဘုရားရှင် ပွင့်တော်မူသော လူ့ဘုံသက်တမ်း (၁၀၀) ကာလ ဖြစ်သည်။ အသက် (၇၅) နှစ်သက်တမ်း၌ (၇၅) ပြည့်သောအခါ သေဆုံးခြင်းမှာ ကံတရားရှိသော်လည်း သက်တမ်းကုန်ဆုံးပြီး သေခဲ့ခြင်းပင်။ (မီးစာရှိသေးသည့်တိုင် ဆီခန်း၍ မီးငြိမ်းရသည့်အဖြစ်)

ဘဝတစ်ခုကို စီမံလိုက်သော ကံသည် ပဋိသန္ဓေတည်ချိန်မှစ၍ ဘဝကို မပြတ်စေရန် အစဉ်တစိုက် ဖန်တီးတတ်၏။ ထိုမူလစီမံလိုက်သောကံအစွမ်းကို အားပေးကူညီသည့် (ပဝတ္တိအခါပြုကျင့်သော) အခြားကံများလည်းရှိသေးသည်။ ထိုမူလစီမံလိုက်သော (အတိတ်) ကံနှင့် အားပေး ကူညီကြသည့် (ပစ္စုပ္ပန်) ကံ၊ ယင်းကံတို့ အစွမ်းကုန်လျှင် သက်တ[...] မကုန်သေးလင့်ကစား ဇကန် မုချသေ[...] တော့မည်။ (ဆီမခန်းသေးသော်လည်း[...] မီးစာကုန်၍ မီးငြိမ်းရသည့်အဖြစ်)

အချို့သတ္တဝါတို့မှာ သက်တ[...] လည်းကုန်၊ ကံစွမ်းလည်းကုန်၍သေ[...] ရသည်။ (မီးစာကုန် ဆီခန်း၍ မီးငြိမ်း[...] သည့်အဖြစ်)

အချို့သောသတ္တဝါတို့သည် သ[...] တမ်းမကုန်သေးသည့်နည်းတူ ကံအစွ[...] လည်း မကုန်တတ်သေး။ သို့တစေ ရှေ[...] ရှေးဘဝကဖြစ်စေ၊ ယခုဘဝတွင်ဖြစ်[...] ပြုမိသောအကုသိုလ်ကံက အခွင့်ရသွ[...] သဖြင့် တစ်နည်းနည်းနှင့် သေရတော[...] သည်။ လတ်တလော အသေဆိုး[...] ကြောင့် သေရခြင်းမှာ ကံတစ်ပါးသ[...] ဖြတ်၍ သေရခြင်းမျိုးပင်။ (မီးစာမ[...] ဆီမခန်းဟု ဆိုစေကာမူ လေပြင်းတို[...] ခတ်မှုအရ မီးငြိမ်းရသည့်အဖြစ်)

သေတော့မည့်သူတစ်ယောက်[...] ဖို့ မသေမီ နာရီဝက်ခန့်အလိုကတ[...] က (ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်) သုံး[...] အနက် တစ်မျိုးမျိုးထင်လာတတ်၏။

ကံဆိုသည် ကုသိုလ်၊ အကုသို[...] (စေတနာ) ဖြစ်ပါသည်။



မျိုးသစ်

လားရာဂတိ နိမိတ်လေလား



www.burmeseclassic.com

www.burmeseclassic.com

ကမ္မနိမိတ်ဆိုသည် ထိုကုသိုလ်၊ အကုသိုလ်ပြုလုပ်စဉ်က တွေ့ကြုံသုံးစွဲခဲ့သော အာရုံများ ဖြစ်သည်။

ဂတိနိမိတ်ဆိုသည် သေပြီးနောက် ရောက်မည့်ဘဝ၌ တွေ့ကြုံခံစားရမည် ဖြစ်သော အာရုံများ ဖြစ်သည်။

သတ္တဝါတို့ သေခါနီး စက္ကန့်ပိုင်း အလိုတွင်ဖြစ်သော စိတ်ထား (မရဏာသန္နဇော) သည်သာ အပါယ်လေးဘုံသို့ ကျရမည်။ အထက်လူ့ဘုံ၊ နတ်ဘုံသို့ တက်ရမည်ကို အဆုံးအဖြတ်ပေးခဲ့ခြင်းပါ။ သတ္တဝါတစ်ဦး သေပြီးနောက် ဖြစ်နိုင်သော ဂတိ (၅) မျိုး (ဘဝ (၅) မျိုး) ရှိသည်။

ဒေဝဂတိ - နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ(၂၀)၌ နတ်ဗြဟ္မာဖြစ်ခြင်း၊

မနုဿဂတိ - လူ့ပြည်၌ လူဖြစ်ခြင်း၊

တိရစ္ဆာနဂတိ - တိရစ္ဆာန်ဖြစ်ခြင်း၊

နိရယဂတိ - ငရဲဘုံ၌ ငရဲသားဖြစ်ခြင်း၊

ပေတဂတိ - ပြိတ္တာဘုံ၌ ပြိတ္တာဖြစ်ရခြင်းတို့ပင်။

ကွယ်လွန်ခါနီးပုဂ္ဂိုလ်တို့ လားရာဂတိအတွက် ထင်ရှားပြသသည့် နိမိတ်ဟု မှတ်ယူလောက်သော အကြောင်းတို့နှင့် တွေ့ဖူးကြုံဖူးပါသည်ဆိုလျှင် -

*

ဘကြီး ဦးစိန်ခနှင့် ကြီးတော် ဒေါ်အေးရင်တို့ ဇနီးမောင်နှံမှာ သားယောက်သမီးခံမရှိ (နှစ်ယောက်သား) အသက်အရွယ်ကြီးရင့်သူတွေ။ တစ်ယောက်ကိုတစ်ယောက် အမှီသဟဲပြု နေကြရသည်။ ဆွေဆွေမျိုးမျိုးကလည်း အနီးအနားတွင်မနေ။ အားကိုးအားထားစရာမမြင်။ ခပ်လှမ်းလှမ်း ရပ်ကွက်ထဲတွင်နေသူ တူမတစ်ယောက်ကိုသာ အနီးဆုံးဟု ဆိုရမည်။ တူမဖြစ်သူအိမ်သို့ အဝင်အထွက်ရှိသကဲ့သို့ တူမကလည်း လစဉ် မပြတ်တမ်း ဆီ၊ ကြက်သွန်ဖြူနီ၊ ငါးခြောက်ငါးခြမ်း၊ လက်ဖက်ခြောက်၊ လိုအပ်သမျှတို့ကို ထောက်ပံ့ပေးကမ်းမြဲဝါ။ တူမ၏ ခင်ပွန်းကလည်း ကြည်ဖြူသည်။

ဦးစိန်ခတို့ ဇနီးမောင်နှံက အနေကျစ်လျစ်သည်။ အစားလည်း ဟော့ဟော့ရမ်းရမ်းမရှိ။ တူမအိမ်အလည်လာသည့်တိုင် ကျွေးတိုင်း မစား။ တရားသမားတွေပီပီ လိုချင်လောဘစိတ်လည်း





www.burmeseclassic.com

www.burmeseclassic.com

ကင်းသည်။ နေထိုင်မကောင်းဖြစ်သည့်အခါ တူမက အတင်းအကျပ် ဆေးခန်းပို့ ဆေးကုပေးမည်စိုးသဖြင့် တော်ရုံတန်ရုံကိစ္စ အသိမပေး။

"ဘယ်ဟုတ်လဲဘကြီးရယ်။ နေထိုင်မကောင်းတာပြောရမှာပေါ့။ ရောဂါမကြီးလောက်ဘူးထင်ပြီး မပြောတော့ မသိဘူးလေ။ မသိတော့ မကုတာဟာ အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ပေါက်နေရမယ်"

တရားသမားပီပီ တစ်ဖက်သားအပေါ် အားနာစိတ်ကလည်းကြီးပါဘိ။ သူ့ကြောင့် တစ်ပါးသူ စိတ်ထဲပြုငြင်သွားမည်ကို မလိုလား။ ဘကြီးစိန်ခတို့ ဇနီးမောင်နှံအလုပ်မှာ ခြံပတ်လည်ရှိ အုန်းပင်များမှ အုန်းလက်တို့ကိုသင်၍ အုန်းတံမြက်စည်းလုပ်ရောင်းခြင်းပင်။ စီးပွားဖြစ်လောက်သည့်လုပ်ငန်းမဟုတ်သဖြင့် လောက်ငအောင် စားသောက်နိုင်သည်ပင် အံ့ဩစရာ။ အိမ်ရှိရာ ခြံကျယ်ထဲတွင် သီးပင်စားပင်လေးများက ထိုးထိုးထောင်ထောင် မှောင်မှောင်ဝေဝေ။ ပေါ်ဦးပေါ် ဖျားသီးခဲ့သောကြောင့် အသီးနှင့်အညွှန့်မပြတ်ရနိုင်သည့် ဘူးခင်းကြီးမှာ စိမ်းစိမ်းအုပ်အုပ်။ သီးပင်ဝေပင်များ၊ စိုက်ပင်တို့မှ ရနေသော တစ်ဖက်တစ်လမ်းက ဝင်ငွေဖြစ်သည်။ ကုပ်ကုပ်ကျစ်ကျစ် စစ်စစ်စီစီစားနိုင်သူတွေမို့ မစို့မပို့ဝင်ငွေလေးနှင့် ပြည့်စုံအောင် ဖန်တီးနိုင်ကြ၏။ ချီးကျူးရမည့်ပုဂ္ဂိုလ်များပါလေ။

ဘကြီးဦးစိန်ခ မမာမကျန်းဖြစ်နေချိန်မှာ မကြာတတ်၊ ပြင်းပြင်းထန်ထန်ရောဂါမခံစားရဘဲ ဆုံးပါးသွားခဲ့သည်။ ဦးစိန်ခ ကွယ်လွန်ပြီးနောက် သူ့ဆန္ဒအရ သူ့တူမ၏ ခင်ပွန်းအား စာအုပ်ဘီရိုတစ်လုံးအမွေပေးခဲ့ခြင်းမှာလည်း ထူးထူးခြားခြား။ မိုးကုတ်တရားစာအုပ်များ၊ စွန်းလွန်းထေရုပ္ပတ္တိနှင့် တရားစာအုပ်များ၊ လယ်တီဆရာတော်ဘုရားကြီးဒီပနီများနှင့် တရားမှတ်တမ်း (လက်ရေးမူ) တို့ ဖြစ်နေသည်။ တူမခင်ပွန်းကလည်း စာသမားတစ်ယောက်။ သို့သော် သူ့တွင် မရှိသေးသည့် ဝိပဿနာစာအုပ်များပါလေ။ တစ်ချိန်က ပုတီးသမားသက်သက်ဘဝမှ ယခု ဝိပဿနာ (ဘဝနာ) သမားလုံးလုံးဖြစ်ခဲ့ရပေပြီ။ ဘကြီးဦးစိန်ခ ကွယ်လွန်သွားသော်လည်း ကြီးတော် ဒေါ်အေးရင်က ခင်ပွန်းသည် ခေါင်းချရာအရပ်ကို စွန့်ခွာခြင်း မရှိ။ ဘယ်ဆွေဘယ်မျိုးအိမ်ကိုမှ လိုက်မနေ။ တူမလုပ်သူက အဖော်မိန်းကလေးတစ်ယောက်ပို့ထားရ၏။ ကြီးတော်အေးရင်လည်း အသက်ကြီးပြီမို့ ရွှေတစ်လှည့်၊ ငွေတစ်လှည့်ဖြစ်လာခဲ့သည်။ တစ်လတွင် ဖျားဖျားနာနာမှာ တစ်ချီ၊ နှစ်ချီတော့ ဖြစ်လာစမြဲ။

"တူမရယ်၊ ညည်းကို ပေးစရာရှိလို့ ရှေ့နေရှေ့ရပ်ခေါ်ခဲ့ပါကွယ်"

တူမလုပ်သူက ဘာအမိပ္ပာယ်မှန်းမသိ။ သူ့အသိအကျွမ်းထဲက တစ်ဦးတစ်ယောက် ခေါ်သွားသည်။ ရှေ့နေတော့မဟုတ်၊ တရားသူကြီး။ တူ၊ တူမဆယ့်ခြောက်ယောက်အနက် သေတစ်ပန်သက်တစ်ဆုံး စောင့်ရှောက်သူများကို အမွေများပေးခဲ့ခြင်းပါ။ အိမ်၊ ခြံနှင့်သူ့ပိုင်ငွေ၊ ရွှေက ငါးကျပ်သားကျော်ကျော်ကို မသေမီ နှစ်ရက်အလိုတွင် စာချုပ်စာတမ်းဖြင့်ပေးခဲ့ခြင်းက အဆန်း။

"ဟဲ့ -သမီးလေး၊ ဟိုမှာနင့်ဘကြီးရယ် ပန်းရထားကြီးစီးလို့ ငါ့လာခေါ်နေတယ်အေ"

ရွှင်ရွှင်ပျပျပြောနေသော ကြီးတော်ကြီးစကားကြောင့် အစောင့်ကလေးမက ဟိုဟိုဒီဒီကြည့်သော် ဘာမှမမြင်။ နာရီဝက်ခန့်တွင် ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်း အသက်ဖြတ်သွား၏။ သူတို့ဇာတ်သိမ်းပုံက လှလှပပ။

*

ဦးဘစိန်းကို လူချစ်လူခင်များသည်။ တွေ့သူတိုင်း ခင်မင်ကြသည်။

တူ၊ တူမတွေ ခေါ်လေ့ရှိသည့်အတိုင်း 'ဖေစိန်း' တွင်နေသောကြောင့် ခင်မင်သူတချို့က ဦးဖေစိန်းကြီး ဟူ၍သာ။ ဦးဘစိန်းက အားအားရှိလျှင် ပရိတ်နှင့် ဘုရားဂါထာတော်များကို ရွတ်ဖတ်နေကျ။ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ အမျှဝေသည်စီလျက်။ ညအိပ်ရာဝင်ခါနီးမှာလည်း နိစ္စဘတ်ဝတ်မပျက်ခဲ့။ ဘုရားတရားသံတို့ လွှမ်းနေသည်နှင့် အမျှ စိတ်ထားသဘောထားက ကောင်း၏။ တွေ့ကြုံခဲ့သည် တူ၊ တူမတို့၏ မိတ်ဆွေသူငယ်ချင်းများကိုပင် ကြုံကြုံသလို ပြောဆိုဆုံးမတတ်သည်မှာ သူ့ဓလေ့။ သူတို့ဇနီးမောင်နှံတွင် သားသမီးမရှိ။ တူ၊ တူမတွေကိုပင် ချစ်နေရသည်။ ဦးဘစိန်းက ဇနီးအောက် (မောင်အငယ်) ၏ သားကြီးကို အချစ်ဆုံးဖြစ်သကဲ့သို့ ဇနီးသည် ဒေါ်ကျင်လှက ညီမအငယ်၏ သားကြီးကို အချစ်ဆုံးပါ။

"သားလေး မှတ်ထား။ သူ့စကား

များ မြစ်ထဲရေရှိတယ်ဆိုရင်တောင် သွား
ကြည့်ရဦးမယ်ဆိုတာမျိုး မဖြစ်စေနဲ့"

"တိုရင်ဖြတ်၊ ရှည်ရင်ဆက်။ ကျ
လျှင့်သပ်ပင်း၊ ချောင်လျှင်ထွင်းတဲ့။ အဲ
ဆက်ဆံရေးကိုပြောတာပဲ။ တိုတိုနဲ့ဖြတ်
သင့်တဲ့လူကို တိုတိုနဲ့ဖြတ်ရမယ်။ အရှည်
ဆက်ဆံသင့်တဲ့လူ အရှည်ဆက်ပေါ့"

"ဆိုခဲ့စေ မြဲစေ၊ ဆိုလွယ်စေ ပြယ်
စေ။ စကားပြောရင် အမြဲသတိထား
မယ့်အချက်တွေပါပဲ။ ပြောခဲ့ပြီး မြဲ
မယ်ကွယ့်"

ဦးဘစိန်း(ဖေစိန်း)ဟာ ရှေး (
တန်းအောင်သူပီပီ ပညာဗဟုသုတ
ပြည့်ဝသည်။ သူချစ်သော တူလေး
လည်း အမြဲဆုံးမသွန်သင်ပဲ့ပြင်ပေး
သည်။ အားလပ်ချိန်တိုင်းလိုလို အင်္ဂလိ
စာသဒ္ဒါနှင့် စကားပြောလေ့ကျင့်ပေး
တတ်၏။ ဦးဘစိန်းမှာ ငယ်စဉ်ကတည်
က လွှထောင်အလုပ်လုပ်လာခဲ့သော်
လည်း အသက်ရလာသောအခါ တ
မာရေးကြောင့် အလုပ်မလုပ်နိုင်တော့
ပေ။ သူချစ်သောတူ ဆယ်တန်းအောင်
သည့်နှစ်တွင် ပီတိဖြစ်ရခြင်းမှာ ပြော
မပြတတ်အောင်ပင်။ တက္ကသိုလ်ရော
သည့်အခါ ဂုဏ်ယူမဆုံး။

တူလေးအလုပ်ဝင်ပြီး ကိုယ်ပိုင်
လစာရသဖြင့် ငွေကန်တော့ခဲ့ရာ မျ
ရည်မျက်မိုးများကျသည်အထိ ကြည်
ပီတိဖြစ်ရသည်။ တူတော်မောင် အိမ်
သွားသောအခါ(မူလမိသားစုအိမ်)
တစ်ပတ်တစ်ခါထက်မနည်းသွားရော
လည်ပတ်လျက်ရှိသဖြင့် သံယောဇဉ်
ချင့်တွက်နိုင်လောက်၏။ ထိုစဉ်က
တော်မောင် အိမ်ထောင်ကျပြီး သာ
တစ်ယောက်၊ သမီးတစ်ယောက်ပင်
နေပေပြီ။ ဦးဘစိန်း (ဖေစိန်း) ကို မိ
သဖွယ် ချစ်ခင်လေးစားသူ ဖြစ်သ
လိုသေးမရှိ ကျွေးမွေးပြုစုရှာသ
အိမ်အပြန်တွင်လည်း ချိုင့်နှင့်ထည့်
လိုက်သည်။ သို့ဖြင့် ဦးဘစိန်း (ဘစိ
သူတို့အိမ်တွင် ပျော်သည်။ စိတ်လ
ချမ်းသာ၏။

ဆောင်းရာသီ၏လတစ်လ
ဦးဘစိန်း နေထိုင်မကောင်းဖြစ်ပါသ
တူတော်မောင်က အလုပ်မအားသ
ကြားမှ ရက်ခြားလိုလိုရောက်ခဲ့ရာ
အပ်သည့် ဆေးဝါးပစ္စည်းမှအစ
မမာနှင့်တည့်မည့် မုန့်ပဲသရေစာ
ဝယ်ခြမ်းသွားခဲ့၏။ နေမကောင်းပေ
သတိမမေ့။

"လူလေးတို့အိမ်ကိုသွားချင်တ



www.burmeseclassic.com

www.burmeseclassic.com

ကွာ"

"နေကောင်းတော့ သွားရမှာပေါ့ ကိုဘစိန်းရယ်"

"သူတို့အိမ်မှာနေရတာ စိတ်ချမ်းသာတယ်"

"ဟုတ်မှာပေါ့၊ ရှင့်စိတ်တိုင်းကျ နေရတာကိုး"

နောက်ဆုံး ကွယ်လွန်မယ့်နေ့အထိ တတတတပြောနေတုန်း။ တူတော်မောင်ဆီကိုသာအာရုံပြုနေသလားမသိ။ ကွယ်လွန်ပြီးနောက် တူတော်မောင့်ဇနီး ကို အိပ်မက်ပေးပြန်၏။ လာနေမလို့ဆို တဲ့ တတိယမြောက်မွေးလာသည့် ကလေး နှစ်လောက်တွင် သွားရည်ကျသဖြင့် ဆေးခင်မေးရာ ဖခင်ဘက်မှ အကြီးအကဲ တစ်ဦးဝင်စားကြောင်း အဟောထွက်၍ အကျီ လုံချည်၊ တောင်ဝှေး ခမ်းညီးပေး ၍ သွားရည်ကျရပ်သွားသည်။ ဝက်သား၊ အမဲသားတန်၊ ငါးမြင်းအဆီတဝင်းဝင်းနှင့် ဟင်းချက်စာ ခေါက်ဆွဲ အသားကင်၊ အခေါက်ကင်ကြွက်ပုံတို့မှာ ဖစိန်းနှင့် ချွတ်စွပ်။

*

သူ့နာမည် ကိုလှ၊ သူ့အလုပ်က အရက်ပုန်းချက်သည်၊ ရပ်ရွာထဲ ဝက်သော် ရောရှိလည်း သူမငြင်း။ (တစ်ချိန်က ထန်းလျက်နှင့်ချက်သည့်အရက်ပုန်း များခေတ်စားစဉ်ကာလက ဖြစ်သည်။) တစ်ဦးတစ်ယောက်နှင့် စိတ်အခန့်မသင့် လျှင် ဓားနှင့် ရှင်းရန်၊ တုတ်နှင့် ရှင်းရန် ကလေး။ သူ့ဝန်းကျင်ပတ်ကုံးတွင် လူကြီး လူမိုက်တစ်ယောက်။ သူ သူတစ်ယောက်ကိုတော့ လေးလေးစား စား ရှိသေခင်မင်၏။ စာရေးသူ၏ ဖခင် ကြီးကို ဖြစ်သည်။ ဖခင်ကြီးက သူတို့ နှင့်မနီးမဝေးတွင် ဆန်စက်တည်ထား သဖြင့် ငွေကြေးအရ ခင်မင်ခြင်းပေလား။

"မဟုတ်ဘူး သားရဲ့။ သူ့အသက် ကို သူများကလုပ်ကြံမယ့်ဆဲဆဲကနေ ကာကွယ်ရလို့ သူ့အရှောင်ခိုင်းလိုက်တော့ အသက်မသေတဲ့ကျေးဇူး၊ ကယ်လိုက် တဲ့ကျေးဇူးဆိုရမယ်"

"ဒီလူကြီးက လုပ်ရဲကိုင်ရဲနဲ့ ဇက တော့ မသေးဘူး"

"သားက ဒါပဲသိတာကိုး။ သူဟာ တစ်ခါက ဓားပြကြီးကွယ့်။ နောက်မှ ထောင်ကျသွားလို့ မာန်စွယ်ကျိုးသွား တာ၊ ခုလည်းကြည့်လေ၊ သူလုပ်နေသမျှ တွေ အကုသိုလ်တွေချည်းပဲ။ အဖေတို့ ကတော့ ကိုယ့်ရပ်ကိုယ့်ရွာပစ်ပြီး စီးပွားရှာသူ



တွေကတော့ လူတိုင်းနဲ့သင့်မြတ်အောင် ပေါင်းထားရတယ် သားရဲ့"

ထိုစဉ်က အရက်ပုန်းကို ရဲများ ဖမ်းဆီးနေသည့်အချိန်။ ဘာပဲလုပ်လုပ် ထောင်မကြောက်တန်းမကြောက်လုပ်ပဲ့ သည့်လူစား။ သူတို့တစ်ခါနှစ်ခါ အဖမ်း ခံရသည့်တိုင် ယောက်ဖလုပ်သူက အစား ဝင်သွားသည်။ (အရက်မှုမှာ ထိုအခါက ထောင်တန်းမကျ၊ ဒဏ်ငွေဆောင်ရ သည့်ကာလ)။ ကိုလှတစ်ယောက် ဓား ထိုးမှုနှင့်တစ်ခါ၊ရိုက်မှုနှင့်တစ်ခါ အချုပ် ကျခဲ့သော်လည်း ကြာရှည်ကြာမျှား ထောင်ကျခဲ့ဖူးခြင်း မရှိ။ ကျေအေးလျှော တင်ပြီးလွတ်ခဲ့သည်သာ။ တရားရုံးတွင် အထိုက်အလျောက်သာကုန်ခဲ့၏။

"ဒီလူကြီးလုပ်တာပဲအဖေရဲ့။ ဘာ ဖြစ်လို့ ထောင်မကျတာလဲ"

"အရှည်အရှည်မဖြစ်ချင်လို့ပေါ့ သားရယ်။ လူမိုက်ဆိုတာ အငြိုးအတေး ကြီးတတ်တယ်ကွယ့်။ တုပြိုင်မမိုက်ချင် လို့ပေါ့"

ကိုလှ အသက်မငယ်တော့။ (၆၀) ကျော်လောက်ပြီ။ ဆိုးမြဲပေမြဲတေမြဲ။ စာရေးသူတို့ပင် ဆယ်တန်းအောင်ခဲ့ပြီ။ ကိုလှ တစ်ဖြစ်လဲ ဦးလှမှာ အရက်မချက် တော့ဘဲ ငွေချေး၊ ပစ္စည်းအပေါင်ခံ သည်။ တစ်ခါတစ်ရံ ကြိတ်ဝိုင်းထောင်၍ အကောက်ကို မြက်မြက်စက်စက်ယူ သည်ဟု ကြားဖူး၏။ ငွေချေးသူများ သူ့ကို ကလိမ်ကကျစ်မလုပ်ဝံ့။ ရက်ချိန်း စေ့သည်နှင့်တစ်ပြိုင်နက် သူ့လက်ထဲ တွင် တုတ်ကောက်တစ်ချောင်းဖြင့် ရောက်လာတော့မည်။ သူ့ပိုက်ဆံညာဝံ့ သူက တကယ့်အာဂလူပေပဲ။

နွေကျောင်းပိတ်ရက် စက်ထဲ ရောက်ခဲ့သည်။

"သားရေ၊ မင်းခဏခဏပြောတဲ့ ကိုလှကြီး နေမကောင်းတော်တော်ဖြစ် နေတယ်။ တကယ်တော့ ကြောက်ကွဲ ခတ်လိုက်တာပဲ။ သူ့ကို မော်မကြည့်ရဲတဲ့ ကောင်ပါ။ လူတောထဲပါးရိုက်မိတော့ ရှက်သွားပြီး နောက်အလှည့်မှာ လုံနဲ့ထိုး

လိုက်တာတဲ့။ ဆေးရုံမတက်ဘူးလေ"

အပြန်လမ်းသင့်သဖြင့် လှည့်ဝင် သွားမသိသည်။ သူ့အိမ်မှာလည်း သူတွေ ရှုံးစုရှုံးစု။ အခြေအနေက မကောင်း သည့် အနေအထားမျိုး။

"ဟေ့ကောင်တွေ ငါမလိုက်ချင် ဘူး၊ ငါ့ကို မခေါ်နဲ့။ သွားကြ၊ သွားကြ။ မင်းတို့ ငါနားမလာရဘူး ပြောနေတယ် နော်"

ငယ်သံငယ်ရင်းပါအောင် အော် ဟစ်နေသည့်သူ့အသံမှာ ကြောက်စရာ။

"သူ့ကိုလူမည်းကြီးတွေလာခေါ် လို့တဲ့ဗျာ၊ အော်နေတာပဲ"

အော်သံတွေ တိတ်ဆိတ်ငြိမ် သက်သွားချိန် သူ့မျက်နှာရှုံ့မဲ့လျက် သေ သွားခဲ့ပြီ။

*

ဘကြီးဦးစိန်ခသေဆုံးစဉ်က အနီး အနားတွင်ရှိမနေသော်လည်း ကြီးတော် ဒေါ်အေးရင် သေဆုံးသည့်အခါ အစောင့် တာဝန်ပေးထားသော ကလေးမ၏ အပြော။ သက်ပျောက်ဆွမ်းသွတ်သည့် နေ့ အမှုအတန်းဝေသောအခါ တစ်အိမ် လုံး ကြိုင်လှိုင်သွားရလောက်အောင် ထူးထူးခြားခြား အမွှေးနံ့မှာ တရားနာ သူများကို အံ့အားသင့်စေ၏။

ဦးဘစိန်း (ဖစိန်း) မသေမီ တူ တော်မောင် အိမ်သွားမည့်အကြောင်း တတွတ်တွတ်ပြောခဲ့သလို၊ လာနေမည် ဟူ၍လည်း အိပ်မက်ပေးခဲ့သည်။ နောက်လူဝင်စားဖြစ်ကြောင်း တိုက်ဆိုင် မှုတွေ တွေ့နေရ၏။ တူတော်မောင် အပေါ် ထားသည့်အချစ်မှာလည်း ဖခင် ရင်းပမာ။

ဦးလှ၏ ဘဝတာ တစ်သက်လုံး အကုသိုလ်မှုတို့ ပြွမ်းတီးနေသကဲ့သို့ သေဆုံးရသည့်အကြောင်းကပင် ဥပစ္ဆေ ဒကကံ။ သေဆုံးသည့်အထိ အမှုမဖွင့် ဘဲ ဆေးရုံလည်းမတက် လက်စားချေဖို့ သာစီစဉ်နေခဲ့သော ဒေါသစိတ်။ မသေ မီ မြင်ရ ကြားရသည့်အော်သံဟစ်သံ၊ ပုံပန်းသဏ္ဌာန်တို့မှာ မကြိုက်မနှစ်သက် ဖွယ်များပါ။

ထိုအဖြစ်အပျက်သုံးခုစလုံးတွင် တူမ၏ခင်ပွန်း ဦးဘစိန်းအချစ်ဆုံးတူ တော်မောင်တို့မှာ စာရေးသူပင် ဖြစ်ပါ ကြောင်း ဝန်ခံရမည်သာ။ လားရာဂတိ နိမိတ်များမှာ ထူးခြားပေစွ။

သဗ္ဗေသတ္တာ ကမ္မသကာ

မျိုးသစ်



www.burmeseclassic.com

www.burmeseclassic.com

(စာဆိုရှင်ဆရာတော်-ညောင်ဦး)

# အရှင်ဥတ္တရဉာဏ

## ကံဇာတ်ဆရာ စီမံရာ



'ကံ' ဆိုသည်မှာ 'ကမ္မ' ဟူသော ပါဠိဘာသာမှ ဖြစ်ပေါ်လာသော မြန်မာဝေါဟာရဖြစ်ပြီး ကံ ဆိုတာ ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရှိပါသည်။ အဲဒီ ကံတွေကတော့ ကိုယ်နှင့်ပြုလုပ်တဲ့ ကာယကံ၊ နှုတ်နှင့်ပြောဆိုတဲ့ ဝစီကံ၊ စိတ်နှင့်ကြံစည်တဲ့ မနောကံဟု သုံးမျိုးရှိပါသည်။ ယင်းကံသုံးမျိုးသည် စေတနာအရင်းခံပြီး ဖြစ်ပေါ်လာသောကြောင့် ထိုစေတနာကို 'ကံ' ဟု ခေါ်ဆိုလာခြင်း ဖြစ်သည်။

'ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်၏။
ကံသာလျှင် အမွေအနှစ်ရှိ၏။
ကံသာလျှင် အဆွေအမျိုးရှိကုန်၏။
ကံသာလျှင် အဆွေခင်ပွန်းရှိကုန်၏။
ကံသာလျှင် ကိုးကွယ်အားထားရာ ရှိကုန်၏။
ကံသာလျှင် သတ္တဝါမှန်သမျှတွေကို အယုတ်၊ အလတ်၊ အမြတ် စသည်အားဖြင့် ထူးခြား ကွဲပြားအောင် စီမံဖန်တီးပေးတတ်လေ၏'

ဟူ၍ ကံနှင့်ပတ်သက်သမျှတွေကို ဘုရားရှင် မိန့်ကြားတော်မူခဲ့ပါသည်။

ဇာတ်ဆရာ ဆိုသည်မှာ မင်းသား၊ မင်းသမီး၊ သရုပ်ဆောင်မှန်သမျှတွေကို စီမံအုပ်ချုပ်လျက်ရှိသူကို ခေါ်ပါသည်။ မင်းသမီး၊ မင်းသားတို့ကလည်း ထိုဇာတ်ဆရာ၏စီစဉ်ညွှန်ကြားသည့်အတိုင်း ငိုရမည့်အခန်းဆို ပရိသတ်များစွဲငြိသွားအောင် ငိုပြလျက် သရုပ်ဆောင်ကြရသလို ရယ်ရမည့်အခန်းဆိုလည်း ရယ်ပြကြလေသည်။ ဒါတွေအားလုံးသည် ဇာတ်ဆရာစီမံဖန်တီးသလို သရုပ်ဆောင်ပြရသည် မဟုတ်ပါလော။ ထိုနည်းတူစွာ လူ့ဘုံ၊ လူ့ဘဝကို ရောက်ရှိလာကြသော လူသားမှန်သမျှလည်း ကံဇာတ်ဆရာ၏ စီမံဖန်တီးမှုအောက်မှာ တစ်သဝေမတိမ်း လိုက်နာနေကြရတာ ဓမ္မတာပဲ ဖြစ်ပေသည်။ ကံဇာတ်ဆရာ၏စီမံဖန်တီးမှုကလည်း အတိုချုပ်ပြီး ပြောရလျှင် ကောင်းတဲ့ (ကုသိုလ်) ကံနှင့် မကောင်းတဲ့ (အကုသိုလ်) ကံ ဟူ၍ နှစ်မျိုးပဲ ရှိသည်။

ကောင်းတာကိုလုပ်၊ ကောင်းတာကိုပြော၊ ကောင်းတာကို ကြံစည်လျှင် ကောင်းတဲ့ (ကုသိုလ်) ကံတွေ ဖြစ်သလို မကောင်းတာကိုလုပ်၊ မကောင်းတာကိုပြော၊ မကောင်းတာကို ကြံစည်လျှင် မကောင်းတဲ့ (အကုသိုလ်) ကံ ဖြစ်၏လို့ မြတ်ဗုဒ္ဓက မိန့်ခြွေခဲ့ပါသည်။ လောကတွင်နေထိုင်ကြသည့် ဇာတ်ဆရာများသည် ငွေရှိသောသရုပ်ဆောင်များဆိုလျှင် မျက်နှာက တစ်မျိုး၊ ငွေမရှိသောသရုပ်ဆောင်များကျတော့ မျက်နှာက တမ့ုဖုံ၊ ဆင်းရဲ, ချမ်းသာ ရွေးချယ်ပြီး ဆက်ဆံပြောဆိုတတ်သော ဇာတ်ဆရာများလည်း လောကတွင် အများကြီးရှိနေဆဲပါ။ ကံဇာတ်ဆရာ၏စီမံအုပ်ချုပ်မှုကျတော့ ထိုသို့ မဟုတ်ပေ၊ ငွေရှိသည်ဖြစ်စေ, မရှိသည် ဖြစ်စေ၊ ရာထူး အာဏာပါဝါရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ၊ မျက်နှာမပေး တစ်ပြေးညီတည်း အားလုံး ခံစရာရှိလည်း ခံစားကြရသလို စံစရာရှိလည်း စံစားကြရပေသည်။ ကံဇာတ်ဆရာစီမံရာကို မည်သူမဆို ခံကြရတာ ဓမ္မတာပဲ ဖြစ်သည်။ ဘုရားအလောင်းတော်ကြီးများသည်ပင် နောက်ဆုံး ဘုရားဖြစ်သည့်ဘဝကိုင်အောင် ကံဇာတ်ဆရာ၏စီမံရာနောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့ရသေးသည်ပင် မဟုတ်ပါလား။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အတိတ်ဘဝကပြုလုပ်ခဲ့သော ဝဋ်ကြွေးကံမှန်သမျှပေးဆပ်ပြီးမှ ပရိနိဗ္ဗာန်ပြုခဲ့ရပေသည်။ ဝဋ်ဆိုသည်မှာ 'ဝဋ္ဋ' ဟူသော ပါဠိဘာသာမှ ဖြစ်ပေါ်လာပြီး ဝဋ္ဋကို မြန်မာပြန်လျှင် 'ကျင်လည်ခြင်း၊ လည်တတ်သောဝဋ်၊ သံသရာဝဋ်ဆင်းရဲ' ဟု အဓိပ္ပာယ်ရှိသည်။ ထိုထက် သံသရာမှပြုလုပ်ခဲ့သော အကုသိုလ်ကံ ဝဋ်ကြွေးမှန်သမျှတို့ကို ပြန်လည်ပေးဆပ် ခြင်း ဖြစ်သည်။

ဘုရားရှင် ပေးဆပ်ခဲ့ရသော ဝ တော် (၁၂) ပါးကို အကျဉ်းမျှ ဖော်ပြ မည်။

(၁) မြတ်စွာဘုရားရှင်သည် အ လောင်းတော်ဖြစ်စဉ် တစ်ခုသောဘ ဝယ် မုနာဠိ မည်သော သေသော ကြူးဖြစ်၍ သုရဘိ အမည်ရှိသော ပ ကဗုဒ္ဓါ အရှင်သူမြတ်ကို 'ဤသူကား သူလေးပါး ဆိတ်ကွယ်ရာအရပ်၌ တ လိုက်စား မွေ့လျော်ပျော်ပါး၍ တ မရှိ ဒုဿီလ ဖြစ်၏' ဟု စွပ်စွဲကာ ပြေ မိမှားခဲ့လေသည်။

ထို မကောင်းမှု အကုသိုလ် ကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစား ရပြီး နောက်ဆုံးဘဝ ဘုရားဖြစ်တော် သောအခါတွင် လူသူအများ အထင် အောင် သုန္ဒရီပရိဗိုဇ်မ၏စွပ်စွဲခြင်းကို ခံ့ရလေသည်။

(၂) ဘုရားရှင်သည် အလော တော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် သ ဘိဘူ အမည်ရှိသော ပစ္စေကဗုဒ္ဓါ အရှ မြတ်၏ နန္ဒ မည်သော တပည့်သာဝ ဖြစ်ခဲ့၍ ထိုသဗ္ဗာဘိဘူ ပစ္စေကဗုဒ္ဓါ ရှင်မြတ်ကို 'သီလမရှိ သူယုတ်မာ ဖြစ်၏' ဟု စွပ်စွဲစကား ပြောဆိုခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို မကောင်းမှု အကုသိုလ်ကံကြောင့် အနှစ် (၁၀,၀၀၀) ကြာအောင် ငရဲ၌ခံစားခဲ့ရပြီး လူဖြစ်လာသောဘဝများတွင်လည်း လူသူလေးပါးတို့၏ မဟုတ် မတရား စွပ်စွဲသည်ကို ခံခဲ့ရပြီး နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူသောအခါ ပရိသတ်ဗိုလ်ပုံအလယ်တွင် စိဉ္စမာန မိန်းမယုတ်၏ မဟုတ်မတရား စွပ်စွဲခြင်းကို ခံတော်မူခဲ့ရလေသည်။

(၃) မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် လူအများလေးစားကော်ရော် ပူဇော်အပ်သော ဗေဒင်သုံးရပ် ကမ်းဆုံးခပ်အောင်တတ်မြောက်သူ ပုဏ္ဏားပါမောက္ခ ဆရာကြီးဖြစ်၍ တပည့် လုလင် (၅၀၀) တို့ကို မဟာဝုန်တော၌ ဗေဒင်ကျမ်းများကိုသင်ကြားပို့ချ ပြသနေစဉ် အဘိညာဉ်ငါးပါးရှင် ဘီမ မည်သော ရသေ့သူမြတ်ထံအရပ်သို့ ကြွရောက်လာသည်ကို မြင်၍ ကြည်ညိုရမည့်အစား နှလုံးသွင်းမှားယွင်းကာ 'ဤရသေ့ကား ကာမစည်းစိမ်ကိုခံစားသူ ရသေ့စဉ်းလဲဖြစ်မည်' ဟု တပည့်တို့ကို စွပ်စွဲစကား ပြောမိခဲ့လေသည်။ ထိုတပည့်တို့က ဆရာ၏စကားကို အားရဝမ်းသာလက်ခံကာ မြို့ရွာအတွင်း ဆွမ်းခံကြွနေသော ထို ဘီမ ရှင်ရသေ့ကို 'ဤရသေ့ကား ကာမစည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲ ဖြစ်သည်' ဟု အိမ်တိုင်းအိမ်တိုင်းရှိ လူအများအား ပြောကြားလေသည်။

ထိုအကုသိုလ်ကံ၏အကျိုးဆက်ကြောင့် ထိုတပည့် (၅၀၀) တို့သည် နောက်ဆုံးဘဝ ဘုရားရှင်လက်ထက်အခါ တပည့် ရဟန်း (၅၀၀) ဖြစ်ကြကာ သုန္ဒရီပရိဗိုဇ်မ တိတ္ထိသတ်၍သေခြင်း ဟူသောအကြောင်းကြောင့် လူအများ၏ မဟုတ်မတရား စွပ်စွဲကဲ့ရဲ့ခြင်းကို ခံရလေသည်။ သူ့တပည့် သာဝကတို့ကို စွပ်စွဲ ပြောဆိုခံရခြင်းသည်လည်း ကိုယ်တော်မြတ်ကို စွပ်စွဲခံရသည်သာ မည်လေ၏။

(၄) မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် မိကွဲ၊ ဖတူဖြစ်သော ညီငယ်၏ဥစ္စာကို လိုချင်တပ်မက်မှု ဖြစ်သောကြောင့် ညီငယ်ကိုသတ်ဖြတ်၍ တောင်ချောက်ကြား၌ ပစ်ချရုံမျှမက ကျောက်တုံးဖြင့် တစ်ဖန် ထပ်၍ ဖိညှပ်ကြိတ်ခြေမှုပြုခဲ့လေသည်။

ထိုမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူသောအခါ၌ ရှင်ဒေဝဒတ်၏ ကျောက်မောင်းဆင်ပြီး သတ်ပစ်ချခြင်းခံရ၍ ခြေမတော်ကို ကျောက်ချပ် ကျောက်လွှာ စဉ်ထွက်လာကာ သွေးစိမ်းတည်အောင်အထိ အတိုက်အခိုက်ခံရလေသည်။

(၅) မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် အမြော်အမြင် အဆင်အခြင်နည်းပါး စကားလေလွင့် မသင့်စနိုး သူငယ်ဆိုးဖြစ်၍ လမ်းခရီးဝယ် မြူးထူးပျော်ပါးဆော့ကစားနေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကိုမြင်သောအခါ ကြည်ညိုရမည့်အစား မကြည်ညိုဘဲ နှလုံးသွင်းမှားကာ လမ်း၌ရှိသောကျောက်ခဲများကို ကောက်ယူကာ အရှင်မြတ်ကို ပစ်ခတ်ပြစ်မှားမိခဲ့လေသည်။ ထိုမကောင်းမှုကံ၏အကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူသောအခါ ကိုယ်တော်မြတ်ကို အသေသတ်ဖို့ရန် ရှင်ဒေဝဒတ်က လူသတ် လေးသမားများ စေလွှတ်သည်ကို ခံတော်မူခဲ့ရလေသည်။

(၆) ဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝ၌ ဆင်ထိန်းယောကျ်ားဖြစ်ခဲ့၍ ဆွမ်းခံဝင်လာသော ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်အား ဆင်ဖြင့်နင်းသတ်တော့မည့်ဟန် အဖန်ဖန် ခြောက်လှန့်ကာ ပြစ်မှားမိခဲ့လေ၏။

ထိုမကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ရာဇဂြိုဟ်ပြည်ဝယ်အရက်များစွာသောက်၍ အကြမ်းစိတ်အရိုင်းစိတ်ပေါက်နေသော နာဠာဂိရိဆင်က ကိုယ်တော်မြတ်ကို နင်းသတ်ရန် ရှေးရှုချဉ်းကပ်လာသည်ကို ခံတော်မူခဲ့ရလေသည်။

(၇) ဘုရားအလောင်းတော်နုစဉ် အချိန်က တစ်ခုသောဘဝ၌ ပြည့်ရှင်မင်းဖြစ်၍ မင်းမာန်တက်ကာ ဒုစရိုက်မှုကို မစဉ်းစားဘဲ ယောကျ်ားတစ်ယောက်ကို ကိုယ်တိုင် လှံဖြင့်ထိုးကာ သတ်မိခဲ့လေသည်။ ထိုမကောင်း အကုသိုလ် အကျိုးဆက်ကြောင့် ငရဲ၌ အနှစ်များစွာခံစားခဲ့ရပြီး ဤနောက်ဆုံးဘဝ၌ ရှင်ဒေဝဒတ် ကျောက်မောင်းဆင်ပြီး ချသောအခါ ကျောက်လွှာ ကျောက်ချပ် ခြေမတော်၌ ထိခိုက်၍ သွေးစိမ်းတည်သော အနာရောဂါကိုကုစားရန်အတွက် ဆရာဇီဝကက ခြေမတော်အား ဓားဖြင့်ခွဲသည်ကို ခံယူတော်မူရလေသည်။

(၈) ဘုရားလောင်းတော် နုစဉ် တစ်ခုသောဘဝတွင် တစ်ခုသော တံငါရွာ၌ တံငါသည်၏သားဖြစ်၍ မိမိဆွေမျိုး တံငါသည်တွေက ငါးများအား ရက်ရက်စက်စက် သတ်ဖြတ်သည်ကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့လေသည်။

ထို အကုသိုလ် အကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူသောအခါ ဦးခေါင်းကိုက်ရောဂါ မကြာခဏဖြစ်သည်ကို ခံတော်မူရ၏။

*(မှတ်ချက် ။ ။ ရှေးအခါက ငါးတို့ကို ရက်ရက်စက်စက် သတ်ခဲ့ကြသော ဆွေမျိုးတံငါတို့သည်ကား ဘုရားရှင်လက်ထက်တော်အခါ သာကီဝင်မင်းများဖြစ်လာကြ၍ ဝိဋ္ဋူဘ၏ အသတ်အဖြတ်ခံကြလေသည်။)*

(၉) မြတ်စွာဘုရားရှင်သည် နုစဉ် အချိန်ခါက ဖုဿဘုရားရှင်၏သာသနာတော်၌ တပည့်သာဝက ရဟန်းတော်တို့ကို 'သင်တို့သည် မုယောခဲကိုသာ ခဲကြစားကြလော့၊ သလေးဆွမ်းတို့ကို မစားကြကုန်လင့်' ရေရွတ်စကား ပြောမိမှားခဲ့လေသည်။

ထို မကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံးဘဝဘုရားဖြစ်တော်မူသောအခါ ဝေရဉ္ဇာပြည်၌ ဝေရဉ္ဇာပုဏ္ဏား လျှောက်ထား ပင့်ဖိတ်ချက်အရ ဝါကပ်တော်မူစဉ် ဝါတွင်းသုံးလပတ်လုံး မုယောမုန့်ကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူရလေသည်။

(၁၀) ဘုရားရှင် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝတွင် လက်ဝှေ့သမားဖြစ်တော်မူ၍ အခြား လက်ဝှေ့သမားတစ်ဦးကို ခါးကျိုးအောင်ရိုက်ချိုးထိုးသတ်မိလေသည်။

ထို မကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် နောက်ဆုံးဘဝဘုရားဖြစ်တော်မူသောအခါ ခါးတော်ညောင်းညာနာကျင် ကိုက်ခဲခြင်း ဆင်းရဲဒုက္ခကို ခံတော်မူရလေသည်။

(၁၁) မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် ဆေးဆရာဖြစ်၍ ဆေးဖိုးဝါးခ မပေးလိုသော သူဌေးသားတစ်ယောက်ကို ဝမ်းလားဆေး တိုက်ကျွေးမိခဲ့လေသည်။

ထို မကောင်းမှု အကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူသောအခါ ပရိနိဗ္ဗာန်စံခါနီးအချိန် သွေးဝမ်းသွန်သည့် ရောဂါဝေဒနာ ကိုယ်တော်မြတ်မှာ စွဲကပ်လာရလေသည်။

(၁၂) ဘုရားရှင် အလောင်းတော်ဖြစ်စဉ် ကဿပ မြတ်စွာဘုရား လက်



www.burmeseclassic.com

www.burmeseclassic.com

# သက်ရှည်ကျန်းမာ ရောဂါကင်းဝေးနေနိုင်ရေး

စောငုဝါ(မျဉ်းမနား)

အသက်ရှည်ပြီး ကျန်းမာစွာနှင့် ရောဂါကင်းဝေးနေနိုင်ရန် လုံးဝမလွယ်ကူကြောင်း ကိုယ်တိုင် အရွယ်လွန်လာသည့်အခါ ကိုယ်တွေ့ ခံစားတွေ့ရှိ၍ လက်တွေ့ မှန်ကန်မှုရှိကြောင်း အချိန်ရလာလေ အသိတိုးလေပါပဲ။ အရွယ်ကြောင့် ကိုယ်ခန္ဓာစွမ်းအားတွေကျလာရုံမက ခန္ဓာကြောင့် ဝေဒနာပါရလာပြန်ပါ၏။ ယခင် ကျန်းမာစဉ်က ခံစားခဲ့ရသော ဘဝအရသာနှင့် ယခုနာတာရှည် ဝေဒနာစွဲကပ်ခံစားရသော ဘဝအခြေအနေတွေကို နှိုင်းယှဉ်ခံစားကြည့်လေ လက်ရှိဘဝကို အားရကျေနပ်မှု မရလေပါဘဲ။ သာမန်အသိနှင့် လက်ရှိဘဝအခြေအနေကို ကျော်လွှားနိုင်ဖို့ မလွယ်ကူနိုင်တော့ဘဲ လက်မှိုင်ချ စိတ်ဓာတ်ပါကျနေမိတာ ဝန်ခံပါ၏။

ကိုယ်တိုင်ခံစားလာရသောအခါ အသိရှိပေမယ့် လက်တွေ့ ကျင့်သုံးနိုင်ရန် အလွန်ခက်ခဲပင်ပန်းနေမိတာ အမှန်ပါ။ ဝေဒနာကြောင့် စွမ်းအားမရှိ။ ဒါကိုကျော်လွှားနိုင်ဖို့ ကြိုးစားတိုင်း မလွယ်ကူလှတော့ လက်မှိုင်ချ ဘဝကို အရှုံးပေးဖို့အထိ ဖြစ်လာပါရော။ ကိုယ်၌က ကျန်းမာရေးဆောင်းပါးတွေ ရေးနေ

သလို ခန္ဓာရှိလျှင် ဝေဒနာရှိမြဲ ဆိုတာထာဝရအသိရှိထားသလို ဝေဒနာခံစားနေရသူများအား စိတ်မချပစ်နှင့်၊ စိတ်တင်းထား။ စိတ်ချပစ်လျှင် ခန္ဓာပါကျသွားနိုင်ကြောင်း ထောက်ပြအသိပေးနေတာလည်း ကြာပါပြီ။

လက်မှိုင်ချ စိတ်ဓာတ်ပါကျနေစဉ် ခြံထဲသို့ (---)ရက်နေ့က အသက် (၈၈) နှစ်ရှိ ဦးအောင် ခြံထဲသို့ရောက်လာပြီး သူ့ဘဝ ဖြတ်သန်းနေထိုင်မှု ဘဝကျင့်စဉ်အချို့အား ပြောပြရုံမက အားမာန်အပြည့်နှင့် လက်တွေ့လည်း လှုပ်ရှားပြသခဲ့ပါသည်။ စာရေးသူက (၇၇) နှစ်အသက်ငယ်ပေမယ့် ဝေဒနာခံစားနေရစဉ် သူ့ဘဝအကြောင်းနှင့် ရင်ဆိုင်ကျော်လွှားနေပုံတို့ကို သိလာရာမှ ဝေဒနာအချို့ကိုလည်း လှုပ်ရှားမှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ကြောင်း ကောက်ချက်ချအဖြေထုတ်ယူ ရရှိနိုင်ခဲ့ပါ၏။ အကျိုးဆက်အဖြစ် မျှော်လင့်ချက် အားမာန်တိုးခဲ့ရပါ၏။

စာရေးသူ ခံစားနေရတာက သွေးတိုးနှင့် နှလုံးရောဂါ။ အတော့်ကို သတိထား နေထိုင်နေပါလျက် တစ်ခါတလေ ရောဂါကြောင့် သွေးတိုးဝင်လာ

သည့်အခါ မရှုနိုင်မကယ်နိုင်။ အသက်ရှူ၍မရ မဝတော့။ ဘယ်လိုပဲကြိုးစားပြီး အသက်ရှူရှူ ဗိုက်ကြော၊ ရင်ဘတ်ကြောတွေ တင်းရင်းလာတော့ ဆေးရုံ၊ ဆေးခန်း ပို့ရပါလေရော။ အသက်ရှူကိရိယာတွေနှင့် အောက်ဆီဂျင်ဘူး အကူအညီပါ ယူရပါ၏။ ဝေဒနာဆိုးသည့်အခါ အသက်ပါ ပါသွားရလောက်အောင် ခံစားခဲ့ရတာ မကြာခဏပါပဲ။ သောက်ဆေးတွေ ပုံမှန်သောက်ရသလို လိုအပ်သည့်အတွက် သွေးသွင်း၊ ဆေးသွင်းကုသခံခဲ့ရတာလည်း အကြိမ်ကြိမ်ပါပဲ။

စေတနာရှင်များ၏ သွေးဖြင့် အသက်ဆက်နိုင်ခဲ့၍ ကျေးဇူးကြီးမား လှပါ၏။ ဒါပေမယ့် သွေးသွင်းမှုခံယူပြီး တိုင်း နောက်ဆက်တွဲ အကျိုးဆက်တွေ ကြောင့် စာရေးသူတစ်ယောက် ယားယံ လှသလို ရာသီက ပြင်းထန်လွန်းတော့ သွေးပွက်ထလာတာ တစ်ကိုယ်လုံးပါပဲ။ ထိမိခိုက်မိလျှင်လည်း သွေးခြည်ဥဖြစ် ရော။ တတ်ကျွမ်းသော ဆရာ၊ ဆရာမ တို့ ပြောပြရာတွင် အရေပြားအထူးကု နှင့်ပြပါတဲ့။ တတ်သိထားသောသဘာ လိမ်းဆေးဖြင့်လိမ်း၍ ကုသရာမှာလည်း သက်သာ ခဏပါပဲ။ ညအိပ်ရာဝင်သည် နှင့်ခေတ်မီအယားပျောက်ဆေးသောက် ရ၏။ တစ်ရေးနိုးလာသည်နှင့် ကိုယ်ခန္ဓာ အနှံ့မှာ ရွစိရွစိနှင့် ယားလာပြန်ရော၊ လက်နှင့်မီသမျှ ကုတ်ရာ ဖုထ အနာဖြစ် လာပြန်ရော။

အိပ်ရေးပျက်တော့ ဝေဒနာ တိုး၊ အားကပိုယုတ်လာပြန်ပါ၏။ အဲ တော့ အားဆေးတွေသောက်ရပြန်ပါ

ထက်တော်၌ ဇောတိပါလ မည်သော ပုဏ္ဏားလုလင်ဖြစ်ခဲ့ပြီး ကဿပ မြတ်စွာဘုရားကို '၍ ဦးပြည်းရဟန်းအဖို့ရာ သဗ္ဗညုတရွှေဉာဏ်တော်သည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။ သဗ္ဗညုတ ရွှေဉာဏ်တော် ဟူသည်မှာ အလွန်တရာ ရခဲသောတရား ဖြစ်သည်' ဟု နှုတ်ဖြင့် ပြစ်မှားပြောကြားမိခဲ့လေသည်။

ထို မကောင်းမှု အကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် နောက်ဆုံးဘဝ၌ တောထွက်၍ ဘုရားဖြစ်ရန် ဒုက္ကရ စရိယာကျင့်တော်မူသောအခါ အခြားတစ်ပါးသော ဘုရားအလောင်းတော်တို့မှာ ရက်၊ လ အနည်းငယ်သာ ထိုက်သည့်အလျောက် ကျင့်တော်မူခဲ့ရသော်လည်း ရှင်ဂေါတမ ဘုရားအလောင်းမှာမူ ဖော်

ပြပါ ဝစီဝိပါက် ဝဋ်တော်လိုက်မှုကြောင့် (၆) နှစ်ကြာအောင် ဒုက္ကစရိယာအကျင့်ကို ကျင့်တော်မူရလေသည်။

ထိုကဲ့သို့ ဘန်းတော် အနန္တ၊ ကံတော် အနန္တ၊ တန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ပင် အတိတ်ဘဝ များစွာက ပြုလုပ်ခဲ့သော မကောင်းသည့် အကုသိုလ်ကံဇာတ်ဆရာ၏စီမံရာ ဝိပါက ဝဋ်တော် (၁၂) ပါးကို ပေးဆပ်တော်မူပြီးမှ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ရလေသည်။ ပုထုဇဉ်လူသားများအနေနှင့် ကံဇာတ်ဆရာ၏စီမံရာကို ခံကြ၊ စံကြရတာ လောကဓမ္မတာပင် ဖြစ်သည်။

သို့ပါ၍ ယခုအချိန်ကစပြီး ဘဝသံသရာတစ်လျှောက်ပါသွားစေနိုင်သည့် မကောင်းမှု အကုသိုလ် ဒုစရိုက်ဆိုးများ ကို မလုပ်မိ, မပြောမိ, မကြံစည်မိစေ အထူး ရှောင်ကြဉ်နိုင်ကြစေရန်၊ ကောင်း မြတ်သောကုသိုလ်တရားများကိုသာ စဉ် ပွားများ အားထုတ်နိုင်ကြစေ စိတ်ရည်သန်လျက် ရေးသားတင်ပြလို ရပါတော့သည်။

အရှင်ဥတ္တရ(သာ)

(စာဆိုရှင်ဆရာတော်-ညောင်...)

**ကျမ်းကိုး**

၁။ သာသနာရေးဦးစီးဌာနမှ ထုတ် ဝေသော ဗုဒ္ဓဘာသာတ... တော် (အခြေခံအဆင့်)။

၂။ အရှင်ဓမ္မသာမိဘိဝံသ၏ ... မဟာဗုဒ္ဓဝင်။



www.burmeseclassic.com

ည်။ အားဆေးကလည်း ပုံမှန်သောက် နေတော့ ဗိုက်ထဲမှာ တဂွိဂွိနှင့် အစာ ောင်းနေတာ အလွန်အခံရခက်လှပါ ။ အစားစားပြန်တော့လည်း အသင့် တင့်သာစား၍ရ၏။ နောက်ဆက်တွဲ ဝါတစ်မျိုးတိုးလာတာက အစားအ ာက်အနည်းငယ်စားပြီးတာနှင့် နှာ ည်တွေ စီးကျလာတာ ခံရခက်လှ၏။ ည်တွေသုတ်ရတာလည်း အလုပ် ။ အစာစားနေတုန်းဆိုတော့ ဆက် စားချင်တော့။ ဆေးခန်းမှာ ကလေး ဆေးသွားဝယ်ရင်း သောက်ဆေး မျိုးရ၍ မှီဝဲရပြန်၏။ အစာစားပြီး နေ့တစ်ကြိမ်သောက်ရတာပါ။ စာ နေချိန်အထိတော့ မထူးခြားသေးပါ။

စားပွဲမှာ အစာစားနေတုန်း ရုတ် နှာရည်တွေကျလာပြီး ဟပ်ချီးဆို အောင့်၍မရလောက်အောင် ပါးစပ် အစာလုတ်ပါထွက်သွားပါရော။ ာကြောင့်ပါလဲ။ ဆေးဝါးလည်း စုံ သဘာဝရာသီပြောင်းလဲမှုကြောင့် အကြောင်းရင်းရှာခဲ့မိပြန်ပါ စာရေးသူက တောမှာ မွေး၊ တော ကြီးပြင်းလာရသူပါ။ စာရေးသူ မွေး အိမ်က ကုန်းအမြင့်လေးပေါ်မှာ ောင်ဘက်ကို မျက်နှာမူထားပါ၏။ တွက်များကို ဖြတ်သန်းတိုက်ခတ် သောလေကြောင်းကို ငယ်ငယ်က စိတ်မှာ စွဲထင်မှတ်မိနေခဲ့တာပါ။ သဖြင့် အနောက်တောင်ဘက် က မိုးသက်လေများဝင်လာပြီး မိုး အိမ်တိုက်တွေ့ ပါလာတာ မိုးကျ တာကိုလည်း စွဲထင်နေမိပါ၏။ မိုးရွာ ဆော့ကစားခဲ့ဖူးပါ၏။ကြာလာတော့ တ်လေခံစားမှုနှင့် မကြာခင် မိုးရွာ မှာကိုလည်း အသိမှာ မှတ်သားစွဲ နေခဲ့မိတာ။ အသက် (၇၀) ကျော် လှမ်းမီရာဒေသအနှံ့ရောက်နေခဲ့ရ လည်း ထိုအတိုင်းပါပဲ။ မိုးစနေ ရာဟုတ့်။

ယခုတော့ ဆိုထုံးအချို့လည်း တော့ပါဘူး။ လွန်ခဲ့သောနှစ်အချို့ ပွားခဲ့သော သဘာဝရာသီဖောက် ပြောင်းလဲမှုကြောင့် ယခုအခါ အ တ်တောင်မုတ်သုံလေလမ်းကြောင်း ပြီး အရှေ့မြောက်မှ လေကြောင်း ဖြစ်ပေါ်လာသလို ထိုသို့ဖြစ်ပေါ် ရာမှ အကျိုးဆက်အဖြစ် အပူလွန် အအေးလွန်ကဲခြင်း၊ မိုးနည်းခြင်း ခြင်းများအဖြစ် လေကြီး၊ မိုးကြီး မြေငလျင်များလှုပ်ခြင်း၊ ရေရှား ပါးခြင်းဘေးဒုက္ခတွေအပြင် ဖျားကြနာ ကြ ရောဂါဆန်းများ၊ ပိုးမွှားရောဂါဒဏ် များ ပိုမိုခံစားလာကြရပါ၏။ လက်ရှိနေ ထိုင်ရာ အိမ်သည်လည်း တောင်ဘက် မျက်နှာပြုဆောက်ထား၍ လေတိုက်မိုး ရွာပုံကို အထူးပြုလေ့လာနေစရာမလိုဘဲ မြင်တွေ့၊ ထိတွေ့မှုအရ လေလမ်းကြောင်း ပြောင်းလဲတိုက်ခတ်နေပုံကို အသိမှာတိုး လာရပါ၏။

ထိုသို့ ပြောင်းလဲမှုဖြစ်စဉ်နှင့် အကျိုး ဆက်အချို့ကို မိုးလေဝသဌာနမှ ထုတ် ပြန် ကြေညာထားတာကို ကြားသိရ ခဲ့သလို လက်တွေ့လည်း မှန်ကန်လှပါ သည်။ အကျိုးဆက်အဖြစ် ဒီနှစ်မှာ နောက်မိုးမဆက်၊ မရွာ၍ ရေတွင်း၊ ရေ ကန်တွေငှရေဆုတ်လာလေသည်။ စာရေး သူ၏ ပျိုးဥယျာဉ်ခြံထဲရှိ ပိုက်တွင်းနှင့် ရေတွင်းများလည်း ရေတွေ အတော် ဆုတ်သွားကြ၍ ရေအခက်အခဲနှင့်ကြုံရ ပြန်ပါ၏။ ရသမျှရေနှင့်အပင်ကို ရေပေး သွင်းပြုစုနေခဲ့သော်လည်း ပုံမှန်အရည် အသွေးများ ပြန်မရ၊ အချို့ ဆုံးရှုံးမှုကြုံ ခဲ့ရ၏။ မိုးရွာလာပြန်တော့လည်း အစို ဓာတ်မရ၊ မြေပေါ် အပေါ်ယံလောက်နှင့် အပူပြန်တော့အထက်ပူ၊ အောက်ပူဖြစ် လာပြန်ရော အနေရခက်လိုက်တာ။

အရှေ့လေနှင့်အတူ မိုးသားတွေ တက် မိုးရွာလာပြန်တော့ ယခင်က ခံစားခဲ့ရဖူးသော မိုးတွင်းအေးပုံနှင့်မတူ။ ဆောင်းအအေးလို စိမ့်နေလိုက်တာ။ ဝေဒနာရှိသူအတွက် အအေးဓာတ် ကြောင့် ခြေဖျား၊ လက်ဖျားတွေ အမြဲ အေးနေသလို လေတိုက်မခံနိုင်၊ ဟပ်ချီး ဟပ်ချီးနှင့် ဆောင်းတစ်ကြော့ပြန် ခံစား လာရပါ၏။

စောငုဝါ(ပျဉ်းမနား)

*

အထက်ပါ စာမူမှာ ကျေးဇူးရှင် ဖခင်ကြီး ဦးစောလင်း (စောငုဝါ - ပျဉ်းမနား) ၏ နောက်ဆုံး ရေးသားသွား သောစာမူ ဖြစ်ပါသည်။ ဖခင်ကြီးခမျာ ခံစားနေရသော ဝေဒနာဒုက္ခဆင်းရဲများ ကို စာရွက်ပေါ်သို့ စာသားများအဖြစ် ချရေးသွားခဲ့ရှာတာပါ။ ဤစာမူကို ဖခင်ကြီး ရေးသားနေချိန်မှာ အားအင် ကုန်ခန်းပြီး ရောဂါဝေဒနာဒဏ်ကို ကြိတ်မှိတ်ခံစားနေရချိန်ပါ။ သူ့မှာရှိသမျှ အင်အားလေး စုစည်းပြီး တစ်ကြောင်း ရရ၊ နှစ်ကြောင်းရရ အချိန်များစွာပေးပြီး ရေးသားခဲ့တာပါ။ နေထိုင်မကောင်းဖြစ် နေခဲ့တာတစ်နှစ်ကျော်ကြာပါပြီ။ ဆေးရုံ တက်ရတာလည်း အကြိမ်ကြိမ်ပါ။ စေတနာရှင်များ၏ သွေးကိုသွင်းရင်း အသက်ဆက်နေခဲ့ရပါသည်။ နေထိုင် မကောင်းသည့်ကြားမှပဲ မလျှော့သော အားမာန်များနှင့် စာပေများကို သူ၏ စာဖတ်ပရိသတ်များအတွက် စဉ်ဆက် မပြတ်အောင် ကြိုးစား၍ ဆက်လက် ရေးသားနေခဲ့ပါသည်။ အားအင်တွေ ကုန်ခန်းလာတော့ အရင်လို လှုပ်လှုပ် ရှားရှားသိမ်မလုပ်နိုင်ဘဲ အိမ်ထဲမှာပဲ ပက်လက်ကုလားထိုင်နှင့် အမြဲထိုင်နေ ရပါ၏။ သက်သောင့်သက်သာဖြစ်စေ လို၍ ခုတင်ပေါ် လှဲနေဖို့ ပြောလျှင် ည အိပ်ချိန်မှလွဲ၍ လုံးဝလက်မခံပါ။ ဖခင် ကြီးမှာ စိတ်ဓာတ်မာလှသူဖြစ်၍ ဝေဒနာ ကြီးခံစားနေရဦးတော့ အိပ်ရာထဲလဲနေ သော လူမမာအဖြစ် လုံးဝမခံယူလိုသော စိတ်ဓာတ်အပြည့်ဖြင့် ဘဝနေဝင်ချိန်ကို ကြံ့ကြံ့ခိုင်ရင်ဆိုင်သွားသူပါ။ သားသမီး များ စိတ်ဆင်းရဲမှာစိုးသဖြင့် နေထိုင် မကောင်းတာ၊ ဝေဒနာများ ခံစားရတာ ကို နှုတ်က ဘယ်သောအခါမှ ဖွင့်ဟ မပြောခဲ့ရှာပါ။ သို့သော်လည်း ဖခင်ကြီး ကို စိုးရိမ်စိတ်နှင့် အရိပ်တကြည့်ကြည့် ပြုစုနေရင်း မသက်သာတာကို ရင်ထဲမှာ အလိုလိုခံစားသိရှိနေရပါ၏။

တတ်စွမ်းနိုင်သမျှ ကြိုးစား ကုသ ဂရုစိုက်နေရင်းကပဲ ဖခင်ကြီးခမျာ ၅-၇-၂၀၁၃၊ သောကြာနေ့မှာပဲ သူချစ် သော သားသမီးများနှင့် သူ၏ စာဖတ် ပရိသတ်များကို မျက်ကွယ်ပြုပြီး ဘဝ တစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ ရှာပါပြီ။

ဖခင်ကြီး ပြီးဆုံးအောင် ရေးသား မသွားခဲ့နိုင်ရှာသော်လည်း ဖခင်ကြီး၏ နောက်ဆုံးစာပေလက်ရာကို ဖခင်ကြီးရဲ့ စာဖတ်ပရိသတ်များ မျှဝေခံစားနိုင် အောင် ဂါရဝပြု တင်ပြအပ်ပါသည်။ ရင်ထဲ ခံစားမိသလို တတ်စွမ်းသမျှ ရေး သားထားပါသဖြင့် အမှားအယွင်း တစ်စုံ တစ်ရာပါခဲ့ပါက နားလည် ခွင့်လွှတ် ဖတ်ရှုပေးဖို့ မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးရှင် ဖခင်ကြီး မြင့်မြတ်သော တစ်နေရာဆီမှ မြင်တွေ့ပြီး ဝမ်းမြောက် နိုင်ပါစေဟု မျှော်လင့် ဆုတောင်းရင်း ရှိခိုးကန်တော့လျက်။

သမီး-စောငုဝါ

www.burmeseclassic.com



ကျောင်းစံသာ(မင်းတုန်း)

# လက်တွေ့ကြုံမှ ဝိရှိသိ အသွားရာယ်ကင်းပါငြ

တိတိကျကျဆိုရပါလျှင် လွန်ခဲ့သော နှစ်ပေါင်း (၂၅) နှစ်ခန့်က ဖြစ်၏။ ထိုအချိန်က ကျွန်ုပ်သည် သာသနာ့ဝန်ထမ်းဘဝဖြင့် နေထိုင်လျက်ရှိ၏။ (၈၈) အရေးအခင်းကိစ္စဖြစ်ပြီးသည့်နောက် မိမိ၏ ဆရာရင်းဖြစ်တော်မူသည့် မင်းတုန်းမြို့နယ် သံဃာ့နာယကဥက္ကဋ္ဌ ဘဒ္ဒန္တအာသဘဆရာတော်ဘုရားကြီး၏ ပြန်လည် ခေါ်ဆောင်မှုကြောင့် မိမိဇာတိ တံတားကျောင်းရှိ ရှင်ငယ်၊ ရဟန်းငယ်များကို စာဝါများ ပို့ချနေချိန်လည်း ဖြစ်၏။

အကျွန်ုပ်နေထိုင်သော တံတားရွာသည် မင်းတုန်းမြို့နှင့် မလှမ်းမကမ်းတွင် တည်ရှိပြီး အိမ်ခြေပေါင်း နှစ်ရာကျော်ခန့်ရှိ၏။ ဘာသာသာသနာထွန်းကား၏။ စေတီ၊ ပုထိုး၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ကန် တည်းဟူသော သာသနိကအဆောက်အအုံတို့ ပေါများ၏။ ကျောင်း၏ အဝန်းအဝိုင်းလည်း ကျယ်ပြန့်၏။ ငှက်ပျော၊ ပိန္နဲ၊ သရက်၊ မာလကာ စသော စားဖွယ်သောက်ဖွယ် သစ်ပင်တို့နှင့်လည်း ဝေဝေဆာဆာရှိလှ၏။

ကျေးဇူးရှင် ဆရာတော်ကြီးသည် အကျွန်ုပ်အား နှစ်ထပ်တိုက်ကျောင်းဆောင်တစ်ဆောင်၌နေစေပြီး နေ့၊ ညစာဝါများကို ပို့ချခိုင်း၏။ အပေါ်ထပ်၌ ဆရာတူတပည့် ရဟန်းတစ်ပါးနှင့်အတူ ကျွန်ုပ်နေ၏။ အောက်ထပ်၌မူ ရဟန်းသာမဏေ (၄) ပါး နေထိုင်၏။

အကျွန်ုပ်သည် တစ်နေ့သော ည (၁၂) နာရီခန့်တွင် အပေါ့အပါးသွားရန်ဟူသော ရည်ရွယ်ချက်ဖြင့် အပေါ်ထပ်မှ အောက်ထပ်သို့ မာတ်မီးတစ်လက် ထွန်းညှိပြီး ဆင်းလာခဲ့၏။ ထိုလှေကားနှင့် ကျောင်းတံခါးမကြီးသည် အလွန်နီး၏။ ကျောင်းသည် အနောက်ဘက်သို့ လှည့်၍ မျက်နှာစာပြုထား၏။ လှေကားနှင့်နီးသော တံခါးပေါက်၏ လက်ဝဲဘက်တွင် ကိုရင်ကြီးတစ်ပါးသည် ခုတင်နှင့် နေ၏။ ထိုခုတင်နှင့်နေသောကိုရင်သည် ရေနံဆီမီးအိမ်ကလေးကို ခေါင်းရင်း၌ ညှိထွန်းထားပြီး ခုတင်ပေါ်မှခြေထောက်နှစ်ချောင်း တွဲလောင်းချထိုင်ကာ ဆေးလိပ်သောက်လျက်ရှိ၏။ ထိုကိုရင်ကြည့်ရသည်မှာ တစ်ရေးနိုးရာမှ ထပြီး ဆေးလိပ်ဖွာနေခြင်းနှင့်မတူပေ။ ခြင်ထောင်ကို တင်ထား၏။ အိပ်ရာခင်းထားခြင်းမရှိ။ မီးအိမ်ကိုထွန်းထားဆဲ။

ထိုအခြင်းအရာကို မြင်သော အကျွန်ုပ်က -

"ကိုရင်ကြီး၊ အခုထက်ထိ မအိပ်သေးဘူးလားဟင်"

ဟု မေးရာ ထိုကိုရင်ကြီးက -

"တပည့်တော် အိပ်မရလို့ပါဘုရား"

ဟု တိုတိုပင်ဖြေ၏။

ထိုအခါ ကျွန်ုပ်က -

"ဘာဖြစ်လို့အိပ်မရတာတုံး ကိုရင်ကြီး"

ဟု ထပ်ဆင့်မေးလိုက်ပြန်၏။

ထိုအမေးကို ကိုရင်ကြီးက -

"တပည့်တော်အိပ်တိုင်းအိပ်တိုင်း ပျော်လုဆဲဆဲအချိန်မှာ မည်းမည်းကောင်ကြီးတစ်ကောင်လာပြီး လူပေါ်ကိုတက်တက်ပြီးလာဖိတယ်ဘုရား။ သူ့ကိုယ်မှာလည်း အမွေးအမှင်တွေနဲ့ ရုပ်ကလည်း အတော်ဆိုးတယ်ဘုရား"

ဤသို့ဖြေ၏။

ကိုရင်ကြီး၏စကားဆုံးသောအခါ အကျွန်ုပ်ကပင် -

"ကိုရင်ကြီး - သမ္ဗုဒ္ဓေတို့၊ ဣတိပိ သော ဆိုတဲ့ ဘုရားဂုဏ်တော်တို့ကို ရ[illegible] သားပဲကွာ။ အဲဒါတွေမရွတ်ဘူးလား"

ဟုမေးရာ -

"ဦးပဥ္စင်းပြောတာတွေ အကုန်ရွတ်ပါတယ်ဘုရား။ အဲဒါတွေရွတ်တော့ သူက ရယ်တောင် ရယ်နေသေးတယ်ဘုရား"

ဟု စိတ်ပျက်လက်ပျက်နှင့် ပြန်ဖြေ၏။

အကျွန်ုပ်သည် ကိုရင်ကြီးကို သနားစိတ်ဝင်သွားမိ၏။

"ဒီလိုဖြစ်နေတာ ဘယ်နှညရှိပြီတုံး"

"မှန်ပါ့ဘုရား၊ အခုညနဲ့ဆိုရင် သုံးညရှိပါပြီဘုရား"

"အရင်ညတွေက ဘာဖြစ်လို့ မပြောသလဲ ကိုရင်ကြီး"

"တပည့်တော်လည်း အမှတ်တ[illegible] နေမိပါတယ်ဘုရား။ ပြီးတော့ ညတိုင်းလည်း ဒီလိုဖြစ်မယ်မထင်လို့ပါ ဘုရား"

"ဒီလိုလုပ်ပေတော့ ကိုရင်ကြီး ဒီနေ့ည တပည့်တော်အနားမှာ လာအိပ်ကြားလား။ ကိုရင်ကြီး ဘာမှမဖြစ်စေ[illegible]ဘူး"

"တင်ပါ့ဘုရား"

ကျွန်ုပ်လည်း ဤသို့ပြော[illegible] အပေါ့အပါးသွားပြီး ကျောင်းပေါ် တ[illegible] လာခဲ့၏။ ကိုရင်ကြီးလည်း အိပ်ရာလိ[illegible] ယူကာ အကျွန်ုပ်၏ ခုတင်ဘေးနား[illegible] အိပ်၏။

နံနက်မိုးလင်းသောအခါ -

"ကိုရင်ကြီး၊ ညက ဟိုအကောင် လာသေးသလား"

ဟု မေးရာ -

"လာတော့လာသေးတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်ဖြေလေ၏။

"ကိစ္စမရှိပါဘူး။ တံခါးပိတ်ထား ...တောင်ဝင်ရဲထွက်ရဲတဲ့ကောင်။ ဒီနေ့ ... လုံးဝမလာရဲအောင် တပည့်တော် ...ပေးမယ်။ ဘာမှတွေးမနေနဲ့"

ဤသို့ဖြင့် အကျွန်ုပ် ကိုရင်ကြီးကို ...သိမ့်အားပေးလိုက်၏။ ကျောင်း၏ ...ပေါက်ဝ အောက်ထပ်တံခါးပိတ်ထား ...လည်း အဘယ်ကြောင့် ဝင်နိုင်၊ ...ထွက်နိုင်ရသနည်း။ သမ္ဗုဒ္ဓေဂါထာ၊ ကျ...သော စသော ဘုရားဂုဏ်တော်ပါဠိ... ကို အဘယ်ကြောင့် မကြောက်ရ ...နည်း။ စသည်စသည်ဖြင့် တွေးမိ၏။ ...အပြင် နောက်တစ်ခု သိချင်သော ...ရာရှိသေးသဖြင့် -

"ကိုရင်ကြီး၊ အဲဒီမည်းမည်းကောင် ... ဘယ်ကနေလာတယ်ဆိုတာကော ...လား"

ဟု မေးသောအခါ ကိုရင်ကြီးက ...ညွှန်ပြီး -

"တပည့်တော်တို့ ကျောင်းခြံဝိုင်း ...ဝင်ပေါက်ဝဇရပ်ပေါ်က ဆင်း ...တာကို မြင်ရပါတယ်ဘုရား"

ဟု၍ ဖြေ၏။

ထိုကိုရင်ကြီးပြောသောဇရပ်သည် ...တကယ်ပင် ကျောင်းဝင်ပေါက်ဝ ...ကျောင်းသို့ဦးတည်ဝင်ရာလမ်း၏ လက် ...ဘက်၌ရှိ၏။ ထိုဇရပ်၌ အသုဘတင် ... ကျွန်ုပ်တို့ တောလက်ကျေးရွာဓလေ့ ... ခုတင်တစ်လုံးရှိ၏။ အသုဘပေါ် ...လျှင် ၎င်းခုတင်ကို အသုဘရှိရာ ရွာ ...သို့ဖြစ်စေ၊ ရွာအပြင် ဇရပ်သို့ဖြစ် ... သုဆောင်၍ အသုဘရုပ်ကလာပ် ... တင်ထားလေ့ ရှိ၏။ တချို့ပြောဆို ...တာကို ကြားရဖူးသည်မှာ ခုတင်ပေါ် ...အမျိုးသမီးတစ်ဦး ကျောပေးထိုင်နေ ...သည်ကို မြင်တွေ့ပြီး ကြောက်ဖျားဖျား ...ကြောင်း၊ လူမရှိဘဲ ပြေးသံလွှားသံ၊ ...ပြောဆိုသံတို့ကို ကြားရကြောင်း ...စသည်ဖြင့် အမျိုးမျိုးပင်။

"ဘာပဲပြောပြော ဘယ်နေရာကပဲ ...လာ မကြောက်ပါနဲ့။ ကိုရင်ကြီး ...ချမ်းသာသာနဲ့ အိပ်နိုင်အောင်လုပ် ...မယ်"

ဟု ထပ်ဆင့်၍ ကျွန်ုပ် ကတိပေး...၏။

ကတိပေးပြီးသောအခါ အဘယ် ...ဖြင့် ထိုအန္တရာယ်ကို ကာကွယ်ရ ...နည်းဟု စဉ်းစား၏။ ကျွန်ုပ် ...ကျွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ...ကနိကာယ ကျောင်းတိုက်တွင် ဝိနည်းနောက်ပိုင်းကျက်စဉ်က ဝိနည်းစူဠဝါပါဠိတော်တွင်လာရှိသော အန္တရာယ်ကင်းပါဠိအတွေးထဲပေါ်လာ၏။

ယင်းပါဠိကို စာရွက်တစ်ရွက်မှာ စာလုံးပီပီသသရေးပြီး ကိုရင်ကြီးလက်ထဲထည့်ကာ အသံထွက်မှန်ကန်အောင်၊ ဌာန်-ကရိုဏ်းကျကျ ရွတ်ဖတ်သရဇ္ဈာယ်နိုင်အောင်ချပေးလိုက်ပြီး -

"ဒီပါဠိဟာ တပည့်တော်ရဲ့ အမြတမ်း လက်သုံးအဆောင်တွေထဲကတစ်ခုပဲ ကိုရင်ကြီး။ ဒီဂါထာကို အလွတ်ရအောင်ကျက်ပြီး ကိုရင်ကြီး သက်စေ့ရွတ်ပေတော့"

ဟု ကျွန်ုပ် ပြောလိုက်၏။

ကိုရင်ကြီးလည်း ထိုစာရွက်ကို ကိုင်ကာ တတွတ်တွတ်ကျက်မှတ်နေတော့၏။ မျှားမကြာမီ အလွတ်ရသွား၏။

ကျွန်ုပ်လည်း ထိုမျှနှင့်မနေဘဲ ထိုအန္တရာယ်ကင်းပါဠိကို စာရွက်ထူထူတစ်ခု၌ ကျကျနနရေးကာ ထိုပါဠိဖြင့်ပင် စာရွက်ကို ကိုင်၍ (၉) ခေါက်ရွတ်ပြီး ကျောင်း၏ ဝင်ပေါက်ဝ တံခါးကျည်းပေါင်တွင် သံမှိုဖြင့် ရိုက်နှက်လျက်ကပ်ထားလိုက်၏။ ဤသို့ဖြင့် တစ်ညကုန်လွန်သွားသောအခါ ကိုရင်ကြီးကိုခေါ်ပြီး -

"ညက ဟိုမည်းမည်းကောင် ကိုရင်ကြီးလာသေးသလား"

ဟု မေးလိုက်၏။

ကိုရင်ကြီးက -

"မှန်ပါ့ဘုရား။ ညကလာတော့ လာပါသေးတယ်ဘုရား။ ဒါပေမယ့် အထဲကိုမဝင်နိုင်ဘူးထင်ပါရဲ့။ အပြင်ကနေ တပည့်တော်ကို လက်ယပ်ခေါ်ပြီး မင်းသတ္တိရှိရင်ထွက်ခဲ့၊ မင်းသတ္တိရှိရင် ထွက်ခဲ့လို့ စိန်ခေါ်နေပါတယ် ဘုရား"

"ဘာပဲပြောပြော ကိုရင်ကြီး ကောင်းကောင်းမွန်မွန် အိပ်ပျော်တယ် မဟုတ်လား"

ဟု မေးလျှင် -

"ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာအိပ်ရပါတယ်ဘုရား"

ဟု ပြန်ဖြေ၏။

ထိုအချိန်မှစ၍ မည်းမည်းကောင်ကြီး၏ အန္တရာယ်မှ လွတ်ကင်းသွားတော့၏။

ကိုရင်ကြီးကို ပေးလိုက်သော အန္တရာယ်ကင်းပါဠိ၊ တံခါးကျည်းပေါင်တွင် ကပ်ထားသော အန္တရာယ်ကင်းပါဠိသည် နာနာဘာဝ၊ ဝိနာဘာဝ နှောင့်ယှက်သော အန္တရာယ်ကိုသာမက သူတစ်ပါး၏လက်ချက်၊ လက်နက်ပယောဂ ဘေးဒုက္ခအမျိုးမျိုးတို့ကို ကာကွယ်နိုင်၏။ ဟန့်တားနိုင်၏။ ယုံကြည်လေးနက်သောစိတ်ဖြင့် ပါဠိအသံထွက်မှန်မှန်ကန်ကန် ဌာန်၊ ကရိုဏ်းကျကျ နံနက်ရောညပါ နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သွားလေရာလာလေရာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုပါလျှင် အထူးကောင်းလှသော ပါဠိ ဖြစ်၏။ ဘုရားနှုတ်တော်ထွက်ဖြစ်၏။ ထို့ကြောင့် အလွန်အားကိုးထိုက်၏။ နေ့စဉ် သက်စေ့ရွတ်နိုင်က ပို၍ကောင်း၏။

စက္ကူ၊ ကျောက်သင်ပုန်း၊ ကြေးပြား စသည်တို့၌ ပုဒ်ပိုဒ်မခြားဘဲ ပီပီသသ ထင်ထင်ရှားရှားရေး၍ မိမိနေထိုင်ရာ ကျောင်း၊ အိမ်၊ တည်းခိုခန်း၊ ဈေးဆိုင် စသော အဆောက်အအုံများ၏ မြင့်သောနေရာ၌ဖြစ်စေ၊ တံခါးပေါ်၌ဖြစ်စေ ချိတ်ဆွဲထား၍ရ၏။ အလုံးစုံသော ဘေးအန္တရာယ်အသွယ်သွယ်တို့မှ ဧကန်မုချ လွတ်မြောက်သည်မှာ ကိုယ်တွေ့လက်တွေ့ဖြစ်ပါ၏။ ထို့ကြောင့် သန္နိဋ္ဌာန်ချ ယုံကြည်၍ အားကိုးစရာ အလွန်ကောင်းပါ၏။ ထိုအန္တရာယ်ကင်းပါဠိမှာ အောက်ပါအတိုင်း ဖြစ်၏။

*အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။ (ဧတေန သစ္စဝဇ္ဇေန မမဝှိ အညောဝါမာ ဇီဝိတာ ဝေါရောပေတု။)*

ဘိက္ခဝေ - ရဟန်းတို့၊ ယံယေန ကာရဏေန - အကြင်သို့သော အကြောင်းဖြင့်၊ တထာဂတံ - ငါဘုရားကို၊ ပရူပက္ကမေန - သူတစ်ပါး၏ လုံ့လပယောဂဖြင့်၊ ဇီဝိတာ - အသက်မှ၊ ဝေါရောပေယျ - ချငြားအံ့။ ဧတံ - ဤအရာသည်၊ အဋ္ဌာန် - အရာမဟုတ်၊ အနဝကာသော - အခွင့်မဟုတ်၊ ဘိက္ခဝေ - ရဟန်းတို့၊ တထာဂတာ - ဘုရားရှင်တို့သည်၊ အနုပက္ကမေန - လုံ့လမပြုဘဲသာလျှင်၊ ပရိနိဗ္ဗာယန္တိ - ပရိနိဗ္ဗာန်ပြုကုန်၏။

ဧတေန သစ္စဝဇ္ဇေန - ဤသို့ ဘုရားရှင်၏မှန်ကန်သောစကားကြောင့်၊ မမဝှိ - အကျွန်ုပ်ကိုလည်း၊ အညောဝါ- တစ်စုံတစ်ခုသော ဘေးရန်သည်လည်း၊ ဇီဝိတာ - အသက်မှ၊ မာဝေါရောပေတု- မချနိုင်ပါစေသတည်း။ (သစ္စာပြုစကား)

ကောင်းစံသာ (မင်းတုန်း)



www.burmeseclassic.com

www.burmeseclassic.com

# သန့်ဇင် သပိတ်ကျင်းနယ်မှ ဝါးဖြူတောင်ဘိုးဘိုးကြီး

သန့်ဇင်

သပိတ်ကျင်းနယ်မှ
ဝါးဖြူတောင်ဘိုးဘိုးကြီး

မန္တလေး-တံကောင်း ကြံညှပ်ခရီးသည်တင်ကားကြီး ဝါးဖြူတောင်လမ်းခွဲသို့ ဆိုက်ရောက်လာသည်။ လက်ယာဘက်လမ်းခွဲသည် မိုးကုတ်သို့သွားရာလမ်း ဖြစ်သည်။ သီးသန့်ခရီးသည်တင်ဗင်ကားလေးများ လမ်းဆုံတွင်ရပ်နားနေကြသည်။ ဟိုင်းလတ်ကားများမှာ ခေါင်မိုးပေါ်တွင် ဝန်စည်စလယ်အထုပ်ကြီးများဖြင့် မြင်လို့မကောင်း။ သူတို့သည် မိုးကုတ်သို့သွားသည့်ကားများ ဖြစ်ကြသည်။ မိုးကုတ်ဘက်သို့ ခရီးသည်တင်ကားကြီးများသွားသည်ကို သိပ်မတွေ့ရ။ အကွေ့အကောက်အလွန်များ၍ ဖြစ်မည်။

ကျွန်ုပ်သည် သပိတ်ကျင်းဘက်သို့ ခရီးထွက်လာသူ ဖြစ်သည်။ ကားကြီး ခေတ္တရပ်နားစဉ် အောက်သို့ဆင်းလိုက်သည်။ အပေါ့သွားလိုမှုနှင့် ဆေးလိပ်ပေါ် သောက်ချင်လာ၍ မလှမ်းမကမ်းသို့ ထွက်လာခဲ့သည်။ ခရီးသည်တစ်ဦးက ဝါးဖြူတောင်ဟုပြောသည်။ ကားလမ်း ညာဘက် တောင်ကုန်းမြင့်မြင့်အခြေသို့ ရောက်သည်။ ကျွန်း၊ အင်၊ ကညင်ပင်





www.burmeseclassic.com

www.burmeseclassic.com



များ အထွေးထွေးပေါက်ရောက်နေသည်။ အပေါ့်သွားမည်လုပ်တော့ ...ကောင်းဘီရှည်ဝတ်ထားသဖြင့် ထိုင်...၍မရ။ အနီးရှိခရီးသည်က ဝါးဖြူ...င်က နတ်ကြီးသည်၊ တိုးလျှိုး...င်းပန်ပြီးသွားလိုက်ဟု အကြံပေး...

"တောပိုင်၊ တောင်ပိုင်ကြီးများ ... မအောင့်နိုင်လို့ မတ်တတ်ရပ် ...လိုက်မိပါတယ်။ ခွင့်လွှတ်ပေးဖို့ ...င်းပန်ပါတယ် ခင်ဗျာ"

ရပြီ။ ဒီလောက်ဆိုလျှင် အဆင် ...သွားမည် ထင်သည်။ တစ်လမ်းလုံး ...သည်းခဲ့သမျှ ဝန်ပေါ့သွား၍ လူမှာ ...ဆန်းသွားရသည်။ စီးကရက်တစ် ...အား မီးညှိဖွာရှိုက်လိုက်ပြီး ဝါးဖြူ ...င် ဆိုသည်အား လှေ့လာကြည့်မိ ...၊ စိမ့်အေးသောအရသာ၊ တောထူနှင့် ခြင်ကြီးတွေက ဇရာမ။ ဖြူသော ဝါးပင်ကိုကြည့်မိသည်၊ မတွေ့ရပါ။ ဘာဖြစ်လို့ ဝါးဖြူတောင်ဟုခေါ်သနည်း။ အတူပါလာသူ ခရီးသည်က ဝါးဖြူတောင်သည် နတ်ကြီးသလို ငှက်ဖျားကလည်း ကြီးသည်တဲ့။ လူနှံ့ရ၍ဝိုင်းလာသော ခြင်ကြီးများကြောင့် ကြောက်ပြီး ကားလမ်းဘက် ခပ်သွက်သွက်ဆင်းလာခဲ့ရသည်။ တော်ကြာ အဖြူရောင်ဝါးပင်ကို မတွေ့ရဘဲ ငှက်ဖျားနှင့်တွေ့သွားနိုင်သည်။ ကားကြီးပြန်ထွက်မည်ဖြစ်၍ ဟွန်းတီး၍ခေါ်သည်။ (၇)မိုင်လမ်းဆုံမှာဆင်းပြီး သပိတ်ကျင်းဘက်သို့ ဆိုင်ကယ်ကယ်ရီများနှင့် ထွက်လာခဲ့ကြသည်။ ခရီးသည်တင်ကားကြီးကတော့ တကောင်း ကြံညှပ်ဘက်သို့ ဒယိမ်းဒယိုင်ဖြင့် ခရီးဆက်သွား၏။ တောတောင်တို့အလယ် 'သပိတ်ကျင်းမြို့မှကြိုဆိုပါသည်' ဟူသော ဆိုင်းဘုတ်နှင့်အတူ စိမ့်စိမ့်အေးသော အရသာအား ပွေ့ဖက် ခံစားမိလိုက်သည်။

⭘

လမ်းမှာတွေ့ခဲ့ရသော ဝါးဖြူတောင်အကြောင်း ပြောပြတော့ ကျွန်ုပ်မိတ်ဆွေက ရယ်ပါလေတော့သည်။

ပြီးတော့မှ-

"သွားမလုပ်နဲ့ ကိုသန့်ဇင်ရေ၊ ဝါးဖြူတောင်က ဒီနယ်ဘက်မှာ နတ်ကြီးတယ်။ ဝါးဖြူတောင်ဘိုးဘိုးကြီး ဆိုတာ နာမည်ကြီးပေါ့"

"ဘယ်လိုနာမည်ကြီးတာလဲ၊ လုပ်စမ်းပါဦး ကိုကျော်သန်းရဲ့"

"ကျွန်တော် ပြောပြပါ့မယ်။ ခင်ဗျားက စာရေးဆရာဖြစ်နေတော့ ဇာတ်လမ်းလေးလည်း ရသွားတာပေ့ါ။ ကျွန်တော့်ဘဝမှာ မှတ်မှတ်ရရဖြစ်ခဲ့ပြီး နောင်မလုပ်ရဲအောင် ဒဏ်ခတ်သလိုမျိုး ကြုံခဲ့ရတာဟာ ဝါးဖြူတောင်မှာ ဖြစ်ပျက်ခဲ့တာတွေပဲ"

ကျွန်ုပ် အလွန်စိတ်ဝင်စားလာပြီး အသံဖမ်းစက်အား ခလုတ်ဖွင့်၍ စားပွဲရှေ့ ချထားလိုက်သည်။ ကိုကျော်သန်းသည် ရေနွေးကြမ်းတစ်ခွက်အား ငုံ့သောက်လိုက်ပြီးနောက် ခံတွင်းရှင်းလိုက်သည်။

"လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်က (၇) မိုင်ရွာဘက်မှာ ကျွန်တော် စီးပွားရေးတစ်ခု သွားလုပ်တယ်။ ကြံလုပ်ငန်း ဆိုပါတော့ဗျာ။ အဲဒီဘက်ရွာတွေ



www.burmeseclassic.com

www.burmeseclassic.com

မှာ ကြံစိုက်ခင်းတွေ ရှိတယ်။ ကြံရာသီ
ရောက်ရင် ကြံခင်းတွေကို ပုတ်ပြတ်ဝယ်
လိုက်ပြီး ပွက်ရည်ချက်တဲ့လုပ်ငန်းပေါ့
ဗျာ။ (၁၀)ဧကလောက်ဝယ်ပြီး ပွက်ရည်
ချက်ရင် အချိန် (၅၀၀၀) အသာလေး
ပဲ။ ပြီးတော့ ကျွန်တော်က အမဲလိုက်
လည်း ဝါသနာပါတယ်ဗျ။ ကျွန်တော့်
မှာ စပယ်ရှယ်ပွိုင့်တူးတူးတစ်လက် ရှိ
တယ်။ တော်ရုံ ချေလောက်၊ ဆတ်
လောက်ကတော့ အသာလေးပဲဗျ။ အဲဒီ
တုန်းက သပိတ်ကျင်းနယ်အရှေ့ဘက်က
တောအလွန်ထူတယ်ဗျ။ သားကောင်
အရမ်းပေါတယ်။ အခုများတော့ ရွှေ
ကုမ္ပဏီတွေကြောင့် တောတွေလည်း
ပြုန်း၊ သားကောင်တွေလည်း အရှေ့
ဘက် တောနက်ရာ ပြေးကုန်ကြပါပြီ"

"ဆက်ပြောပါဦးဗျ၊ စုံစုံစေ့စေ့
လေး။စိတ်ဝင်စားစရာကောင်းရင် သူရဇ္ဇ
မဂ္ဂဇင်းအတွက် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်
လာမှာပေါ့"

"ဒီလိုဗျ. . ."

❂

ကိုကျော်သန်းသည် သပိတ်ကျင်း
မြို့၌ လူချစ်လူခင်ပေါပြီး စီးပွားရေးလုပ်
ငန်းရှင်တစ်ယောက် ဖြစ်သည်။ မန္တလေး
၌ ပုဂ္ဂလိက သကြားစက်များ ဖြစ်တည်
လာပြီး ကုန်ကြမ်းအတွက် ကြံမှထွက်
သော ပွက်ရည် (တင်လဲရည်) လိုအပ်
လာတော့ ပတ်ဝန်းကျင်ဒေသမှ ကုန်
သည်များက ကြံမှပွက်ရည်ချက်လုပ်ပြီး
တင်ပို့ကြသည်။ ကိုကျော်သန်းလည်း
(၇)မိုင်ရွာမှာ (၁၀) ဧကခန့် ကြံစိုက်ခင်း
တစ်ခုအား ပုတ်ပြတ်ဝယ်လိုက်ပြီး ပွက်
ရည်လုပ်ငန်းလုပ်ဖို့ ပြင်ဆင်သည်။ (၇)
မိုင်ရွာ ဆိုသည်မှာ သပိတ်ကျင်းမှ (၇)
မိုင်ဝေး၍ (၇)မိုင်ဟု အမည်တွင်နေခြင်း
ဖြစ်သည်။

ပွက်ရည်ထုတ်ဖို့ ကြံကြိတ်စက်၊ မီး
ဖို၊ အဆောက်အအုံတဲ၊ အလုပ်သမား
စသည်များအား ကြံခင်းနှင့်မနီးမဝေးရွာ
စပ်မှာ စီစဉ်သည်။ ကြံခင်းကြီးကိုတော့
မခုတ်သေးပါ။ ကြံဆိုသည်က ကြိတ်ဝါး
ခါနီးမှ ခုတ်လှဲတာ အကောင်းဆုံး ဖြစ်
သည်။ သို့မဟုတ်ပါက ခုတ်ပြီး (၂) ရက်၊
(၃) ရက်ဆို အရည်ခြောက်ပြီး အလေး
ချိန်လျော့သွား၏။

နံနက်ခင်း အဆာပြေစားသောက်
ကြပြီး ကြံတဲ၌ အလုပ်သမားတွေ ကိုယ်
စီလုပ်ငန်းခွင်ဝင်ကြသည်။ ကိုကျော်သန်း
က ဂျင်းဘောင်းဘီ၊ တောစီးဖိနပ်၊ ခါး
ပတ်အိတ်နှင့် သူ၏ ပွိုင့်တူးတူးရိုင်ဖယ်
ကို ပြင်ဆင်နေသည်။

"မောင်ဝင်း၊ မင်း ငါနဲ့လိုက်ခဲ့။
ဟင်းစားလေး ဘာလေးရအောင် တော
တက်မယ်။ တောခုတ်ဓားနဲ့ ရေဘူးထည့်
လာခဲ့။ ဟိုကောင်တွေ အလုပ်ကောင်း
ကောင်းလုပ်။ ငါ နေ့လယ်ခင်းလောက်
ပြန်ရောက်မယ်။ အနည်းဆုံး ချေလောက်၊
ဝက်လောက်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ။ ပါအောင်ပစ်
လာနော်၊ ကျွန်တော်တို့ ငရုတ်သီး
ထောင်းပြီး စောင့်နေမှာ"

ဆရာတပည့်နှစ်ယောက် ရွာပြင်
တောစပ်မှ အရှေ့စူးစူးသို့ ထွက်လာခဲ့
ကြသည်။ (၇) မိုင်ရွာမှ အရှေ့မြောက်
ဘက်သို့ထွက်လျှင် မောင်တော်နှမတော်
တောင်ကြောသို့ ရောက်ရှိပြီး အရှေ့
တောင်ဘက်သို့ဆင်းလျှင် ဝါးဖြူတောင်
တောသို့ ရောက်သည်။ ကိုကျော်သန်း
တို့နှစ်ယောက် အကောင်ငယ်ပေါသည့်
ဝါးဖြူတောင်ဘက်သို့ ဆင်းချသွားသည်။
လျှိုများ၊ ကုန်းမြင့်များကို ဖြတ်လာကြ
သည်။ခပ်ဝေးဝေးမှာတော့ ဝါးဖြူတောင်
သည် မှုန်ပျပျ။ တောသည် အောက်ခြေ
ရှုပ်လာပြီး အပင်ကြီးတွေက နေရောင်
လုသောကြောင့် ဖြောင့်စင်းပြီး မြင့်မား
လှသည်။ ခပ်စိပ်စိပ်ပေါက်နေသော
ကျွန်းပင်များ၊ ကညင်၊ ဒိန်းဒူး၊ သစ်ရာ
စသော သစ်ကောင်းများ ပေါလှသည်။
ဝါးရုံပင်ကြီးအခြေ၌ ဖြူတစ်ကောင်တူး
ဆွပြီး အစာရှာနေသည်ကို တွေ့ရသည်။
မောင်ဝင်းက လက်တို့ပြီး ပြသည်။

"နေစမ်းပါကွာ၊ ဖြူလောက်နဲ့ဟင်း
တစ်အိုး မဖြစ်ပါဘူး။ ချေလောက်၊ ဝက်
လောက်ကိုရှာစမ်းပါ။ တောင်ဘက်ဆက်
ဆင်းမယ်"

ဆရာတပည့်နှစ်ယောက် ဟိုဒီတိုး
ရင်းဖြင့် ဝါးဖြူတောင်ဘက် ရောက်လာ
သည်။ နေလည်းအတော်မြင့်လာပြီဖြစ်
သည်။ တောငှက်လေးများက ဟိုမှဒီမြူး
ထူးပျံသန်းနေကြ၏။ သူတို့နှစ်ယောက်
မနားတမ်းတောတိုးလာရသဖြင့် အ
တော်မောနေကြပြီ ဖြစ်သည်။ ဘာ
ကောင်မှ မတွေ့ပါ။

"ဆရာ၊ ခဏလောက်နားကြရင်
ကောင်းမယ်။ မောနေပြီ"

"အေးကွာ၊ ရှေ့ကုန်းပေါ်က
ကညင်ပင်ကြီးအောက်မှာ နားတာပေါ့"

တောင်ကုန်းက သိပ်မမြင့်လှပါ။
သစ်ပင် ခပ်ကျဲကျဲပေါက်နေပြီး ကုန်းထိပ်
၌ ကညင်ပင်ကြီးတစ်ပင် ထီးထီးကြီး
ပေါက်နေသည်။ နှစ်ယောက်သား ခြေ
ပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။ ရေ
ဘူးထုတ်၍ သောက်လိုက်ကြပြီး စီးက
ရက်ဘူးထုတ်ပြီး တစ်လိပ်စီ မီးညှိလိုက်
ကြ၏။ ကိုကျော်သန်း သေနတ်ကိုဘေး
ချပြီး ဟိုဒီကြည့်မိသည်။ ဝါးဖြူတောင်
တောသည် ပကတိငြိမ်သက်နေသည်။
လေလည်းမတိုက်၊ သစ်ရွက်တွေတောင်
မလှုပ်၊ တောတိုးသံလည်း မကြားရ။ သူ
စိတ်ပျက်လာသည်။ ဒီတောထဲက သတ္တ
ဝါတွေ ဘယ်ရောက်ကုန်ကြပြီလဲ။ သူ
ဝါသနာအရ တောလိုက်လာတာ သုံး
လေးနှစ် ရှိပြီ၊ သားကောင်မရဘဲ ပြန်ခဲ့
ရသည် ဟူ၍ မရှိ။ ဒီနေ့က ဘာဖြစ်လို့
သားကောင်ရှားပါးနေရသနည်း။ စိတ်
ပျက်ပြီး သက်ပြင်းချလိုက်သည်။

"တောက်- ဝါးဖြူတောင်ဘိုးဘိုး
ကြီးကလည်း ယုန်တစ်ကောင်၊ ကြောင်
တစ်မြီးမှတောင် မပေးဘူး။ ကပ်စေး
လိုက်တာ"

"ဟာ- ဆရာ. . ."

မောင်ဝင်းက အလန့်တကြား
သည်။ ကိုကျော်သန်း မသိသလို
လိုက်သည်။ မောင်ဝင်းသည် အလွန်
ယူသီးသူ ဖြစ်သည်။ တောထဲဖြစ်၍
ပြောမှားဆိုမှားအား အလွန် ကြော
သည်။ တောသည် ငြိမ်သက်လွန်း
သည်။ လေမတိုက်သော်လည်း ဆော
လယ်ကာလဖြစ်၍ သိပ်မပူ။ သို့သော်
သူတို့နှစ်ယောက်မှာကား ချွေးတို့ဖြင့်
စွတ်နေကြသည်။ ချွေးတိတ်သွားတော့
မှ-

"လာကွာ၊ မြောက်ဘက်ပြန်တ
ကြရအောင်။ ရွာပြန်ရင်းနဲ့ ကြည့်သွား
တာပေါ့။ ဒီတစ်ခါတွေ့ရင်တော့ သေ
သေး၊ ကြီးကြီး ပစ်မယ်ကွာ"

နှစ်ယောက်သား ထပြီး တော
ကုန်းပေါ်မှအဆင်း-

"ဂွျတ်. . . ဂွျတ်. . . ဝုန်း. . ."

သစ်ပင်ပြိုလဲသံကြီးကြောင့်
ယောက်သားအလန့်တကြားဖြင့် နော
လှည့်ကြည့်လိုက်ကြသည်။ သူတို့ထိုင်
သော ကညင်ပင်ကြီးသည် အရှေ့ဘ
ကုန်းစောင်းသို့ ပြိုလဲကျသွားသည်
တွေ့လိုက်ရသည်။ သူတို့နှစ်ယောက်
လွှန် ကံကောင်းသွားပါသည်။
တိုက်ဘဲ ဘာဖြစ်လို့ ဒီအပင်ကြီးလဲ
တာလဲ။ ထိုင်နေတုန်းက မလဲ၊ ထသွား
လဲသွားခြင်းကြောင့် ဆက်မသွား
ဘဲ အခြေအနေကို အကဲခတ်နေ
မောင်ဝင်းမှာအကြောက်လွန်၍မျက်

www.burmeseclassic.com

www.burmeseclassic.com

ာ သွေးမရှိတော့။ သူ စဉ်းစားမိလိုက်ပြီ။ သူ မှားသွားၿ၏။ ရုတ်တရက် အမှတ်တမဲ့ ပြောလိုက်သော စကားသည် ာတောင်မကြိုက်သည့်စကား ဖြစ်နေပါလား။ သူ တစ်ခုခုလုပ်မှဖြစ်တော့မည်။ ဒီပြင်ဆို တောမှောက်တော့မည်။ ရာယ်ကြီးလာမည့် အရိပ်လက္ခဏာ တွေ့လာရ၏။ ဝါးဖြူတောင်ဘက်သို့ မျက်နှာလှည့်ပြီး ခြေစုံရပ်လိုက်၏။ တ်အုပ်ချီ၍ စကားစ,လိုက်သည်။

"ဝါးဖြူတောင် ဘိုးဘိုးကြီးခင်ဗျာ၊ ကျွန်တော် စကားပြောမှားသွားပါတယ်။ ဘယ်လိုမှ စိတ်ထဲမှာ ပြစ်မှားချင်တဲ့ သဘော မရှိပါဘူး။ သားကောင်မရလို့ တ လွတ်ခနဲ ထွက်သွားမိတာပါ။ တားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်။ ခွင့်လွှတ်ပေးပါ ဝါးဖြူတောင် ဘိုးဘိုးကြီးခင်ဗျာ"

ကိုကျော်သန်း လက်အုပ်ချီ၍ အသေပေးလိုက်သည်။ မောင်ဝင်းမှာ ဖင်ဘူးတောင်းထောင်၍ကန်တော့လေ၏။ သူတို့နှစ်ယောက် ချောင်းရိုးအတိုင်း ဆင်းလိုက်သွားကြသည်။ ဖြတ်ကို မကြည့်ကြ။ ချောင်းရိုးကလမ်းသော်လည်း (၇) မိုင်ဘက် ရောက်မှ သေချာသည်။ တောတိုးပြီးဖြတ်ကိုလိုက်သော် တောခြောက်တော့ သေချာနေပါပြီ။ ချောင်းရိုးအကွေ့ တောက်အတိုင်း ဆင်းချသွားပြီး နေ့ (၂) နာရီလောက်မှာ ရွာစပ်သို့ တ်သည်။ သူတို့နှစ်ယောက်လုံးက သားများဖြစ်ပြီး တောကျွမ်း၍သာ တော့သည်။

❂

ကြံတဲရောက်တော့ အလုပ်သမား ငုတ်တုတ်ထိုင်၍ မှိုင်နေကြသည်။ ာက်ဖဝမ်းကွဲဖြစ်သူက မျက်နှာမကောင်းလှပါ။ တဲမှာ ဘာတွေဖြစ်နေကြသနည်း။

"ဘာတွေဖြစ်နေကြတာလဲ၊ ငါ့ကို ကြပါဦး"

ကိုကျော်သန်း မေးလိုက်သောအ ယောက်ဖဖြစ်သူက စိတ်ပျက်သည့် ဖြင့် ဖြေသည်။

"မပြောချင်တော့ပါဘူး" ကိုလေး ကြံခင်းကိုသာ လိုက်ကြည့်တော့"

"ကြံခင်းမှာ ဘာတွေဖြစ်နေပြီလဲ၊ ခင်း မီးလောင်လို့လား"

မေးရင်းဖြင့် ကြံခင်းဘက်သို့မျှော်ကြည့်မိသည်၊ ဘာမှမထူးခြား။ အလုပ်သမားတစ်ယောက်က-

"ဆရာရေ- နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ ကြံခင်းထဲ ဝင်မွှေနေတာ"

"ဘာကောင်ကြီးလဲ"

"ဆင်ကြီးဗျ၊ တောဆင်ကြီး ဖြစ်မယ်။ ကျွန်တော်တို့လည်း ဒီကောင်ကြီးဝင်လာလို့ ခြောက်လွှတ်တာ၊ မရဘူး"

ကိုကျော်သန်း တဲထဲကို ကြည့်လိုက်တော့ ခြောက်လုန့်တီးခတ်ကြသော ဝါးဆစ်များ၊ ရေပုံး၊ ဒန်အိုး၊ ပန်းကန်များ ပိန်လိမ်နေသည်ကို တွေ့လိုက်ရပါ၏။

ကိုကျော်သန်း အတော်ဒေါသထွက်သွားသည်။ သူ့ကြံခင်းတော့ ပျက်ပြီ။

"လာ- လိုက်ခဲ့ကြ၊ ကြံခင်းဘက်သွားမယ်"

သေနတ်ကို ကျည်အပြည့်ထိုး၍ ပြေးထွက်သွားသည်။ အလုပ်သမားတွေက နောက်မှလိုက်လာကြသည်။ ကြံခင်းနှင့်မနီးမဝေးရောက်တော့ ဆင်ကြီးကို တွေ့ရသည်။ ဆင်ကြီးသည် ကြံပင်များအား စားသည်က နည်းနည်း၊ ချိုးဖွဲ့နင်းခြေနေသည်။ ကိုကျော်သန်း ဒေါသဖြစ်သွားပြီး သေနတ်ဖြင့် လေး၊ ငါးချက်ဆက်တိုက်ပစ်လိုက်သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . ."

ဆင်ကြီးက အရေးပင် မစိုက်။ ကျည်ဆန်ထိသွားသည်ကိုပင် တုတ်တုတ်မလှုပ်။ ခြင်ကိုက်သလောက်ပင် အရေးမထားဘဲ ကြံပင်များအား နင်းခြေနေသည်။ ကိုကျော်သန်း ဆင်အနားသို့ မသွားရဲပါ၊ ခပ်ဝေးဝေးမှကြည့်ပြီး စဉ်းစားရကျပ်နေ၏။

"ဒီကောင်ကြီး ဘယ်အချိန်ကဝင်လာတာလဲ"

"နေ့လယ် (၁၁) နာရီ"

"ဟိုက်- ငါတို့ တောထဲမှာ သစ်ပင်ကြီးလဲကျတဲ့အချိန်ပါလား"

ကိုကျော်သန်း သဘောပေါက်သွားပါ၏။ သူ စ,ခဲ့သောပြဿနာသည် ဆေးမမီတော့ပါလား။ ဘာဆက်လုပ်ရမှန်းမသိ၍ ရွာအပြင်ဘက် ကြံတဲအနီး ကုက္ကိုပင်ကြီးအောက်၌ ဝိုင်းဖွဲ့ထိုင်နေကြပြီး ဆင်ကြီးဝင်ဖျက်နေသောကြံခင်းအား ငေးကြည့်နေမိကြပါသည်။

ကြံခင်းဆင်ဝင်သည့်သတင်းကြားရသဖြင့် ရွာထဲမှလူများလည်း လာကြည့်ကြ၏။ အဖြစ်အပျက်က လက်ပိုက်ကြည့်နေရုံသာတည်း။ ဆင်ကြီးသည် သန်စွမ်းလှသော ကြံခင်းကြီးအလယ်၌ စားသည်က နည်းနည်း၊ နှာမောင်းဖြင့် ဆွဲနုတ်လိုက်, နင်းခြေလိုက်ဖြင့် အလုပ်ရှုပ်နေသည်။ ရွာပြင်မှ လူအုပ်ကြီးက တဟေးဟေး အော်သော်လည်း လှည့်မကြည့်ပါ။ ကိုကျော်သန်း ဝယ်ထားသည့် အခင်းတစ်ကွက်ကိုသာ အပြီးတကြီးဖြင့် ဖျက်ဆီးနေခြင်း ဖြစ်သည်။

"ဆရာ၊ ဝါးဖြူတောင်ဘိုးဘိုးကြီးက ကျွန်တော်တို့ကို နောင်ကြဉ်သွားအောင် ဆုံးမနေပြီနဲ့တူတယ်"

"ငါလည်းမပြောတတ်တော့ပါဘူး မောင်ဝင်းရယ်"

စိတ်ပျက်လက်ပျက်ဖြင့်ထိုင်၍ ကြံခင်းအား ငေးကြည့်နေသော ကိုကျော်သန်း၏အတွေးများက ကြံပွက်ရည်ကုန်သည်များ၏မျက်နှာ၊ မန္တလေးမှ သကြားစက်ပိုင်ရှင်များ၏ မျက်နှာများကိုသာ ပြေးပြီးမြင်ယောင်နေမိပါသည်။ သူတို့ကို မည်သို့ပြောပြီး မည်သို့ရှင်းပြရမည်နည်း။ ဆင်ကြီးကတော့ ကြံခင်းအလယ်မှာ ခုန်ဆွ ခုန်ဆွဖြင့်။

❂

"မောင်ကျော်သန်း၊ မင်းဟာက တစ်ခုခုတော့မှားနေပြီ ထင်တယ်"

ဝိုင်းကြည့်နေကြသော ရွာသားများထဲမှ အသက်ကြီးကြီး အဘွားအိုတစ်ဦးက ပြောလာသည်။ အဘွားရွှေမှာ တစ်ရွာလုံးလေးစားကြသည့် ရှေ့မီနောက်မီအဘွားကြီးတစ်ဦး ဖြစ်သည်။

"ကျွန်တော်လည်း ဘာပြောရမှန်းကို မသိပါဘူး ဘွားရွှေရယ်"

"မင်းတို့ တောထဲမှာအမဲလိုက်ရင်း ဘာတွေလုပ်လာကြလဲ၊ အဘွားကိုပြောစမ်းပါဦး"

မနက်က ဝါးဖြူတောင်နားမှာဖြစ်ပျက်ခဲ့သည်ကို ပြောပြလိုက်တော့ ဘွားရွှေ သဘောပေါက်သွားသည်။

"အင်း. . ငါထင်တော့ထင်သား။ ဒီလိုလုပ်၊ ရွာထဲမှာ အုန်းသီး၊ ငှက်ပျောသီး သွားဝယ်စမ်း။ လက်ဖက်ပွဲရယ်၊ ကွမ်းယာရယ်ပြင်ထား။ ငါလုပ်ပေးမယ်"

အလုပ်သမားတစ်ယောက်အား ခိုင်းလိုက်သည်။ ခဏတွင်းပင် အုန်းသီးတစ်လုံး၊ ငှက်ပျောသီးဖီး၊ သပြေခက်တွေနှင့် ပြန်ရောက်လာ၏။ ဘွားရွှေက တောစပ်မှာ ခုံလေးခင်းပြီး ပွဲပြင်သည်။ လက်ဖက်ပွဲနှင့် ကွမ်းယာပန်းကန်လေးပါ တင်ထားပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းပြီးသော် ကိုကျော်သန်းအား ကျုံ့ကျုံ့လေးထိုင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com

“ဝါးဖြူတောင် ဘိုးဘိုးကြီးရှင်၊ ကလေးတွေက အမိုက်အမဲလေးတွေပါ။ တစ်ခါတလေမှားတာကို သည်းခံ ခွင့်လွှတ်တော်မူပါ။ အဘိုးကို ဒီက မောင်ကျော်သန်းက ဆီမီး၊ အမွှေးနံ့သာ၊ အုန်းငှက်ပျော၊ ကွမ်း ဆေး လက်ဖက်များနှင့် ကန်တော့နေပါတယ်၊ တောင်းပန်နေပါတယ်။ ခွင့်လွှတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်ရှင်။ ဟဲ့- မောင်ကျော်သန်း၊ ကန်တော့လိုက်လေ”

ကိုကျော်သန်းကား ကန်တော့ပွဲနောက်မှာထိုင်ပြီး ရွာပြင်တောစပ်သို့မှန်းကာ ဦးသုံးကြိမ်ချလိုက်ပါသည်။ သူ ဝါးဖြူတောင်ဘိုးဘိုးကြီးအား အတော်လေးကြောက်နေပြီ ဖြစ်ပါသည်။

ထိုအခိုက် တောစပ်မှ အဘိုးအိုတစ်ဦး လျှောက်လာသည်ကို မသဲမကွဲမြင်တွေ့လိုက်ရပါသည်။ အဘိုးအိုမှာ တဖြည်းဖြည်း နီးလာသည်။ သူတို့လူအုပ်ဆီသို့ လာနေခြင်း ဖြစ်သည်။ အနီးရောက်တော့ အဘိုးအို၏ပုံပန်းသဏ္ဌာန်အား သဲသဲကွဲကွဲမြင်ကြရသည်။ အသားဖြူဖြူဖြစ်ပြီး နှုတ်ခမ်းမွေးအဖြူရောင်ကကော့နေ၏။ ကွမ်းသီးလုံးခန့် သျှောင်လေးက ဦးခေါင်းမှာ ငုတ်စိစိ။ ပုဆိုးကွက်ကျဲနှင့် ဖျင်ပိတ်စ ရှမ်းတိုက်ပုံဝတ်ထားသည်ကို တွေ့မြင်ကြရသည်။

“ငါ့မြေးတို့ ဘာတွေဖြစ်နေကြတာလဲ”

လေသံအေးအေးလေးဖြင့် အဘိုးအိုက မေးသည်။ အဘွားရွှေက-

“ဒီကလေးရဲ့ကြံခင်းကို ဆင်ဝင်ပြီးနင်းနေလို့ ဝါးဖြူတောင်ဘိုးဘိုးကြီးကို ကန်တော့ပြီး တောင်းပန်နေတာပါ”

“ဟုတ်ပါတယ် အဘိုးရယ်၊ ကျွန်တော် မနက်က တောလိုက်တော့ တောထဲမှာ ဘာရယ်မဟုတ်ပါဘူး၊ နှုတ်ကဆော့လိုက်မိတာပါ။ တောထဲမှာလည်း ကံကောင်းလို့ သစ်ပင်ပေါ်ပြီး မသေတယ်။ အခုလည်း ဆင်က ကြံခင်းထဲ ဝင်ဖျက်နေပြန်ပါပြီ”

“ဩော်- ဒါလား၊ ဒီဆင်လေးများ မောင်းထုတ်လိုက်ပေါ့ကွ”

“မောင်းထုတ်တာလည်း မရဘူး အဘိုးရဲ့။ လူတွေကို ဂရုတောင်မစိုက်ဘူး။ စားတာလည်း မဟုတ်ဘူး၊ ဝင်ဖျက်နေတာ”

အဘိုးအိုက-

“အဘ မောင်းထုတ်ပေးရမလား”

ကြည့်နေကြသည့်ရွာသားများ အံ့အားသင့်သွားကြသည်။ သူတို့လို အားကောင်းမောင်းသန်ရွာသားများတောင် အနားမကပ်ရဲဘဲ ကြောက်နေရသည့် တောဆင်ရိုင်းကြီးအား အဘိုးအိုက မောင်းထုတ်ပေးမည်တဲ့။

‘ဖြစ်နိုင်ပါ့မလား’

‘တော်ကြာဆင်နင်းသွားရင် ဘယ်လိုလုပ်မလဲ’

တူညီသောအတွေးများဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

ကိုကျော်သန်းမှာ အကြံကုန်နေပြီဖြစ်၍ ကောက်ရိုးတစ်မျှင်ကဲ့သို့ အားကိုးရှာသည့်အလား အကူအညီတောင်းလိုက်မိသည်။

“ဆင်ကြီး ထွက်သွားမယ်ဆိုရင် လုပ်ပေးပါ အဘိုးရယ်။ ကျွန်တော်တော့ ရှိစုမဲ့စုစီးပွားလေး ပျက်ပါပြီ”

အဘိုးအိုသည် ကွမ်းလေး တမြုံ့မြုံ့ဖြင့် ကိုကျော်သန်းအား တစ်ချက်ကြည့်ပြီးနောက် ကြံခင်းရှိရာသို့ဦးတည်ထွက်သွားပါတော့သည်။

ရွာသားတွေက ရင်တမမဖြင့် ထိုမြင်ကွင်းအားကြည့်နေကြသည်။ ကြံတရှိရာ ရွာစပ်နှင့် ကြံခင်းသည် မဝေးလှပါ။ မြင်ကွင်းအား ထင်ထင်ရှားရှား တွေ့နေရသည်။ အဘိုးအိုသည် ဆင်ကြီးရှိရာသို့ တစ်လှမ်းချင်းသွားနေ၏။ ကြံစိုက်ခင်းအစပ်သို့ရောက်တော့ အဘိုးအို ရပ်လိုက်သည်။ ဆင်ကြီးသည် ကြံပင်များအား နင်းခြေနေရာမှရပ်လိုက်ပြီး အဘိုးအိုဘက်သို့လှည့်လိုက်၏။ နှာမောင်းကြီးမြှောက်ပြီး အဘိုးအိုအားကြည့်နေသည်။ အဘိုးအိုက ဆင်ကြီးအား လက်ညှိုးထိုးပြီး ဘာတွေပြောနေသည်ကိုတော့မကြားရပါ၊ ပြောနေသည့်ပုံကိုတော့ တွေ့နေရပါသည်။

ဘာမှမကြာလိုက်. . .

အဘိုးအိုသည် တောစပ်ဘက်သို့ ထွက်သွားသည်ကို တွေ့လိုက်ရပါသည်။ ကြံခင်းထဲမှဆင်ကြီးမှာ အဘိုးအိုနောက်မှ အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကဲ့သို့ ညင်သာစွာဖြင့် တစ်လှမ်းချင်းလျှောက်ပြီး လိုက်သွားသည်ကို တွေ့မြင်လိုက်ကြရသည်။ အဘိုးအိုနှင့်ဆင်ကြီး တောထဲဝင်ပြီး ပျောက်ကွယ်သွားသည်အထိ ကိုကျော်သန်းနှင့် ရွာသားများ စကားတစ်ခွန်းမှ မဟမိကြပါ။ အံ့ဩဖွယ်ရာ ထိုမြင်ကွင်းအား ကြောင်ပြီး ကြည့်နေမိကြသည်။ စောစောက ကမ္ဘာပျက်နေသော ကြံခင်းမှာ ယခုအခါမှာတော့ ငြိမ်သက်လျက်။

“ဟဲ့ဟဲ့- မောင်ကျော်သန်း”

“ဘာလဲ ဘွားရွှေ”

ဘွားရွှေ၏အသံကြောင့် ရွာသား[illegible] တွေ အသက်ဝင်လာကြသည်။

“ငါ့စိတ်ထင် ပြောရရင် ဒီအဘိုး[illegible] ကြီးဟာ လူမဟုတ်ဘူး”

“ဟုတ်တယ်၊ ကျွန်တော်လည်း[illegible] တစ်မျိုးကြီးထင်နေတယ်။ ဘာလဲတော့[illegible] မသိဘူး”

“ဟုတ်မှာပါ၊ ဝါးဖြူတောင်ဘိုးဘိုး[illegible] ကြီး ဖြစ်မှာပါ။ မင်းကို မှတ်လောက်[illegible] အောင် ဆုံးမပြီးမှ သူ့အကောင်ကြီး[illegible] လာပြန်ခေါ်သွားတာ”

ရွာသားများကား တစ်ယောက်[illegible] တစ်ပေါက်ပြောဆိုကြရင်း အဘိုးအို[illegible] သွားရာ တောစပ်သို့ ထိုင်ကန်တော့[illegible] တော့သတည်း။

❂

“ဒါနဲ့ ကိုကျော်သန်းရေ၊ ခင်ဗျား[illegible] ကြံခင်းက ပွက်ရည် ဆက်ထုတ်ဖြစ်သေး[illegible] လား”

“မပြောချင်ပါဘူး စာရေးဆရာ[illegible] ရယ်။ ကြံခင်းထဲဝင်ပြီး သိမ်းလိုက်တော့[illegible] မဖြစ်စလောက်ကြံပင်တွေရယ်၊ အ[illegible] အကြေတွေပဲ ရတယ်။ ကြိတ်ပြီး ပွက်[illegible] ရည်ချက်လိုက်တာ ပိဿာချိန် (၁၀[illegible] လောက်၊ ဒယ်ပိုင်း (၁၀) ပိုင်းလောက်[illegible] ထွက်တော့တယ်။ ငွေတွေကုန်လို့ [illegible] ကမိန်းမနဲ့ နောင်ဂျိန်ပလေးရသေးတ[illegible]

ထိုအချိန်မှစ၍ အမဲပစ်ဝါသ[illegible] ပါသော ကိုကျော်သန်းတစ်ယောက် [illegible] ပစ်ထွက်သည်ဆိုလျှင် ဝါးဖြူတော[illegible] တော၊ မောင်တော်နှမတော်တောင်[illegible] ဘက်သို့ မလှည့်ဖြစ်တော့ကြောင်း[illegible] တခြား တောထဲသို့ ရောက်လျှင်လ[illegible] စကားမဟဘဲ ကွမ်းကိုသာ တွင်တွ[illegible] နေကြောင်း သိရသည်။ တောတော[illegible] တို့၏နတ်ကြီးမှု၊ လမိုင်းနတ်တို့၏အ[illegible] မခံမှုတို့အား ကိုကျော်သန်းတစ်ယော[illegible] စီးပွားပျက်လောက်အောင် တွေ့[illegible] လိုက်ရပါတော့သည်။

*စာဖတ်သူ ပရိသတ်ကြီး အေး[illegible] ကြပါစေဟု ဆန္ဒပြုရင်းဖြင့်*

သ[illegible]

*(သပိတ်ကျင်းမှ ကိုကျော်သ[illegible] ကျေးဇူးတင်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

# ပြာကို လက်တွေ့အသုံးချကြရအောင်

သန္ဒါ(ဥပဒေ)

နယ်ဒေသတွေရဲ့ အိမ်တွေမှာ ဥ် ထမင်း၊ ဟင်းချက်ပြုတ်ဖို့ လောင် ဖြစ် ထင်း၊ မီးသွေး၊ လွှစာမှုန့်၊ ပဲခွံ ည်တို့ကိုသာ အများဆုံးအသုံးပြုကြ င့် နေ့စဉ်နှင့်အမျှ ပြာများ ရရှိစေ ည်၊ လောင်ကျွမ်းပြီး မီးဖိုထဲတွင် နေခဲ့သည့်ပြာသည် အလွန်အသုံး သောအရာ ဖြစ်ပါသည်။

အိမ်တိုင်းမှာ မိမိတို့ဝါသနာအရပဲ စ် ကိုယ့်ဝိုင်းမြေ အပိုအလွတ်ရှိ ဖြစ်ဖြစ် စိတ်ကြည်လင်ကြစေရန် တ် သီးပင်စားပင်၊ ပန်းပင် စသဖြင့် မျိုးစိုက်ပျိုးထားတတ်ကြပါသည်။ အားဖြင့် ဘူးပင်များ၊ ငှက်ပျော ဒန့်သလွန်ပင်များ စသည့် မိမိ အလိုက် အမျိုးမျိုးပင်ဖြစ်ပါသည်။

ငှက်ပျောပင်သည် တစ်သီးစားပင် သော်လည်း မူလအပင်ဘေးမှထွက် သားတက်များမှ ထပ်မံ သီးတတ် သည်။ မိမိဝိုင်းထဲမှာ တစ်နိုင်ပဲစိုက် ဓိုး်ပွားဖြစ်ခြံနဲ့ပဲစိုက်စိုက် ငှက်ပျော သည် အရွက်ဖားဖားနှင့် စိမ်းစိုနေ ကြောင့် ကြည့်လိုက်တိုင်း မျက်စိ ဖြစ်ရစေပါသည်။

ငှက်ပျောအမျိုးပေါင်းများစွာရှိ ထဲတွင် သီးမွှေးငှက်ပျောသည် နူးညံ့၍ အရသာချိုပါသည်။ ည်နှင့်လိုက်အောင် အနံ့မွှေးပြီး ငှက် တစ်ခိုင်လျှင်လည်း အဖီးပေါင်း ဆယ့်ကိုးဖီး၊ အဖီးနှစ်ဆယ်ထိအောင် တ်တာကြောင့် တွက်ခြေလည်း တဲ့အပင် ဖြစ်သည်။

သီးမွှေးငှက်ပျောပင်စိုက်ပျိုးသူများ နှင့် စိုက်ပျိုးမှုထုံးစံအတိုင်း ရေ င်းပေးခြင်း၊ ပေါင်းရှင်းမြေဆွ မြေ တွေးခြင်းများကို ထုံးစံအတိုင်း ပြု ကြရပါသည်။ ထိုသို့ ပြုလုပ်ပေးမှ ငှက်ပျောပင်နှင့် ပတ်သက်ပြီး ကျေးဇူးရရှိမှာဖြစ်ပါသည်။

ထိုသို့ ငှက်ပျောပင်၏ ထုံးစံများကို ပြုလုပ်ပေးခြင်းများအပြင် မီးဖိုမှ ပြာမှုန့်များကို အပင်ခြေရင်းမှာ ပုံပေးကြည့်လိုက်ပါ။ အပင်ကို ထိခိုက်မှုမဖြစ်စေဘဲ အပင်ကိုပိုမိုရှင်သန်စေခြင်း၊ အသီးအခိုင်များ ပိုမို ကြီးထွားလှပခြင်း အကျိုးကျေးဇူးကို ရရှိစေပါလိမ့်မည်။

လက်တွေ့ သီးမွှေးငှက်ပျောပင်ခြေမှာ ပြာပုံကြည့်လိုက်ပါ။

ဒန့်သလွန်ပင်ကို စာဖတ်သူတို့ သိကြပါလိမ့်မည်။ ငံသွေးတိုးနဲ့ ပတ်သက်ပြီး အစွမ်းထက်သော ဓာတ်စာဆေးပင်ဖြစ်တာကြောင့် လူသိများ ထင်ရှားပါသည်။ ဒါကြောင့်လည်း ဈေးမှာဆိုလျှင် ဒန့်သလွန်အရွက်စည်း၊ ဒန့်သလွန်သီးတောင့်များကို ဈေးကောင်းပေး၍ ဝယ်စားကြရပါသည်။ ဒန့်သလွန်ပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး ကရိကထ စရိတ်စကလည်းမရှိတာကြောင့် တစ်ခါရှင်အောင် စိုက်ထားလျှင် တစ်သက်လုံး စားမကုန်ရောင်းမကုန်ပါ။

စာဖတ်သူဝိုင်းထဲမှာရှိနေတဲ့ ဒန့်သလွန်ပင် ယခုထက်ပိုပြီး အပွင့်လှိုင်လှိုင်ပွင့် အသီးဖြိုင်ဖြိုင်သီးပြီး သီးသမျှလည်း တင်ချင်တယ်ဆိုရင်တော့ အလွယ်ရတဲ့ ပြာကိုပဲ အပင်ခြေရင်းမှာ များများပုံပေးလိုက်ပါ။ မုချအကျိုးရှိစေပါလိမ့်မည်။

ရာသီအလိုက် သီးပင်စားပင်များကို စိုက်ပျိုးကြတဲ့အိမ်တွေမှာ ဘူးပင်ကိုတွေ့ရတတ်ပါသည်။ ဘူးပင်ကိုလည်း ဒီလိုပါပဲ။ ခုသီးနေတဲ့သီးနှန်းထက် ပိုသီးအောင် အပွင့်တွေလှိုင်လှိုင်ပွင့်ပြီးမှ ကြွေကျသွားခြင်းတွေမဖြစ်စေဘဲ အသီးတင်စေရန် ပြာကိုပုံပေးပါ။

မြန်မာတိုင်းရင်းဆေးနယ်ပယ်တွင် မသေဆေးပင်ဟု ထင်ရှားသော ရှားစောင်းလက်ပပ်ပင်၏ခြေရင်းပတ်ပတ်လည်တွင်လည်း ပြာကိုပဲ ပုံပေးထားပါ။ အပင်ကို ပိုမိုရှင်သန်ကြီးထွားစေပါသည်။

ပြာသည် မကောင်းသော အနံ့အသက်များကို စုပ်ယူဖယ်ရှားပေးတာကြောင့် အိမ်သာကျင်းထဲနှင့် အိမ်သာကျင်းပေါ် ပတ်ပတ်လည်တို့တွင် ပြာကို ထည့်ပေးခြင်း၊ ပုံပေးခြင်းများ ပြုပေးပါ။ အနံ့သက်ဆိုးများဘေးမှကင်းစေပါမည်။

စာဖတ်သူတို့ အိမ်မီးဖိုချောင်မှ နေ့စဉ် ကိုင်တွယ် အသုံးပြုနေကြသော လက်ခုဝတ်များ၊ လက်နှီးများ၊ လက်သုတ်ဝတ်များအား ဖြူစင်သန့်ရှင်းစေလိုပါက ပြာမှုန့်များအား ရေနှင့် လောင်းဖျော်လိုက်ပါ။ ခဏကြာလျှင် ပြာမှုန့်များ အနည်ထိုင်သွားပြီး အပေါ်ယံ ရေကြည်ရပါမည်။ ၎င်းအပေါ်ရေနှင့် ဖွပ်လျှော်ပါ။ အုံ့ညြလောက်အောင် ကြေး (ကျိုး) ကျွတ်ပြီး သန့်ရှင်းသွားစေပါသည်။

မိမိတို့အိမ်မှာ နေ့စဉ် ချက်ပြုတ်စားသောက်နေတဲ့ ပန်းကန်တွေ၊ အိုးခွက်တွေကို ဆေးကြောတဲ့အခါ ဆပ်ပြာမှုန့်တွေ၊ ဆပ်ပြာခရင်တွေ အမျိုးမျိုးသုံးကြပါတယ်။ အချို့ လက်ကိုပူနေတာမျိုးတွေ၊ လက်အရေပြားတွေ ခြောက်သွေ့သွားတာမျိုးတွေ ဖြစ်တတ်ပါတယ်။ ဆပ်ပြာသုံးပြီး အိုးခွက်ဆေးတဲ့အခါ ဆပ်ပြာပြောင်စင်အောင်မဆေးမိဘဲ ရေကို သာမန်ကာလျှံကာပဲ ဆေးလိုက်မိတဲ့အခါ လူကိုဥပဒ်ဖြစ်စေနိုင်သည်။ ကိုယ့်စားဖိုလယ်ကပြာကို အသုံးပြုပြီးသား အိုးခွက်တွေကို ဆေးကြောလိုက်ပါ။ လက်လည်းမထိခိုက် အိုးခွက်မှအနံ့သက်တွေလည်း ပြောင်စင်စေပြီး ဘေးဥပဒ်လည်း မဖြစ်စေပါ။

မီးဖိုက ပြာတွေကို မသုံးတတ်၍ အလကားမဖြစ်စေရဘဲ လက်တွေ့ နေ့စဉ် အကျိုးရှိရှိ အသုံးချနိုင်စေရန် ရေးသား တင်ပြအပ်ပါသည်။

သန္ဒါ (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

လူတို့ လောကသဘာဝ ဇာတ်ခုံကြီးမှာ လူအမျိုးမျိုး ကကြိုးအထွေထွေ နေထိုင်မှုစရိုက်အသီးသီး ရှိနေကြတာတော့ အမှန်ပေပဲပေါ့။ ဒီနေရာမှာ ကိုယ့်ဇာတ်ထုပ် ကိုယ်ရေး၊ ကိုယ်တိုင် ဒါရိုက်တာနဲ့ မင်းသားလုပ်ပြီး ကပြနေကြရတဲ့သူတွေ ရှိနေသလို ဇာတ်ဆရာအလိုကျ ကပြရသူတွေ၊ သူများကြိုးဆွဲပါမှ ထပြီး ကပြကြရတဲ့ ရုပ်သေးရုပ်ပမာဖြစ်ကြတဲ့ သူတွေလည်း ဒုနဲ့ဒေး ရှိနေကြတာပါပဲ။

ကိုယ်ဖြစ်လိုသည့်ဆန္ဒ အာသီသကိုတော့ ကိုယ့်စိတ်နှင့်နှိုင်းသော် ရှိင်းမည် မထင်ပါ။ အများတကာ ကြိုးဆွဲပါမှ ကပြရသည့်ပမာ လုပ်ကိုင်ဆောင်ရွက်ရသည့်အဖြစ်မျိုးကို မရောက်စေချင်တာလည်း အမှန်ပါ။ မိမိစိတ်ထဲက မပါဘဲ မကျေမနပ်ဖြင့် မလုပ်ချင်မကိုင်ချင်၊ မသွားလာချင်၊ မပြောဆိုချင်ပါဘဲနှင့် အများအလိုကျ အလိုက်သင့် အကြိုက်ဆောင်ပြီး လုပ်ရသည့် အပြုအမူမျိုးလောက် စိတ်သောက ဆင်းရဲရတာမျိုး မရှိနိုင်ဟုပင် ထင်မြင်ယူဆမိပါရဲ့။

ပန်းမြိုင်လယ်-စိန်ဝင်း

## စေတနာအဆောင်ကောင်း

လူတိုင်းလူတိုင်းမှာ အရာရာတိုင်း အမြဲတမ်းအောင်မြင်၍ အဆင်ပြေချောမွေ့စွာ နေထိုင် လုပ်ကိုင်နိုင်ကြသည်တော့ မဟုတ်နိုင်ပါ။ ကိုယ့်အလိုမကျပါဘဲနှင့် သူတစ်ပါးစိတ်ကြိုက်ကိုသာ လုပ်ကိုင်နေရသူများ၊ သူများစကားကို နားမဝင်၊ ကိုယ့်စကားကိုသာအရာထား ငါ့စကားနွားရ ပြောတတ်သူများနှင့် ကြုံဆုံခဲ့ရလျှင် အဘယ်မှာ အဆင်ပြေချောမွေ့နိုင်ပါမည်နည်း။


လွန်ခဲ့သည့် (၁၅) နှစ်တာကာလက ကျွန်ုပ် နယ်စက်ရုံတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း လက်ပွန်းတတီး ရင်းနှီးစွာကြုံဆုံခဲ့ရသည့် ဝန်ထမ်းလောကသဘာဝနှင့် ဝန်ထမ်းမိသားစုများ၏ဘဝတစ်စိတ်တစ်ပိုင်းကို အခြေပြု၍ သူ့အလိုလိုက်ပြီး ကိုယ့်စိတ်ကြိုက်မဖြစ်ခဲ့ရသူများနှင့် သူ့အလိုမလိုက် ကိုယ့်စိတ်ကြိုက်ဖြစ်ခဲ့ရသူများအား တစ်ထောင့်တစ်နေရာမှ စေတနာအဆောင်ကောင်း ပေး၍ ကူညီခွင့်ရခဲ့ဖူးပါသည်။ ထိုစေတနာထားပြီး ကူညီခဲ့မှုအပေါ် ပြန်လည်၍ မုဒိတာပွားလို့ ရေးသားလိုက်ခြင်းဟု ဆိုပါရစေ။

✪

ကျွန်ုပ်သည် စက်ရုံတစ်ရုံရှိ ရထား (စက်မှု)ဝန်ထမ်းအများစုကို စီမံဆောင်ရွက်ပေးရသော စက်ရုံစာရေးကြီးနှင့် စက်သုံးဆီစာရေးတာဝန်ကို ပူးတွဲ၍ ကာလ ဆယ့်စုနှစ်တစ်ခုနီးပါး ထမ်းဆောင်ခဲ့ရပါသည်။ ဝန်ထမ်းအများစုဟု ဆိုလိုက်ရခြင်းမှာ မြန်မာပြည်တစ်နံတစ်လျား နယ်ပယ်ဒေသ အသီးသီးတို့မှာ ရောက်ရှိလာကြပြီး ဌာနတာဝန်ကို ထမ်းဆောင်နေကြရသူများ ဖြစ်ပါ၏။ ဝန်ထမ်း ဟူသည် ဌာန၏လုပ်ငန်းလိုအပ်ချက်အရ ထားရာနေ၊ စေရာသွားပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရသူများပင် ဖြစ်ပေသည်။ နေရာစုံတော့ စရိုက်တွေအစုံပါလာကြ၏။ လူမျိုးစုံတော့ ကိုးကွယ်သည့် ဘာသာတွေလည်း အစုံပင်။ အပြောအဆို၊ အမူအကျင့်၊ ဓလေ့ထုံးတမ်းတွေလည်းအစုံနှင့် ကြုံရပါတော့သည်။ ဆိုရလျှင်တော့ မ,ပေါင်းတစ်ထောင်သော သားသမီးများ စုဝေးနေထိုင်ရာ စက်ရုံဝန်ထမ်းများပင်တည်း။

ကျွန်ုပ်သည် ထိုထိုသော ဝန်ထမ်းများ၏လုပ်ငန်းတာဝန်ပိုင်း၊ နှစ်တိုးလစာကိစ္စ၊ ခွင့်ကိစ္စ၊ အလုပ်တက်,ဆင်းကိစ္စနှင့် ဝန်ထမ်းအခွင့်အရေး မျက်ခြည်မပြတ်ရေး စသော ကိစ္စအဝဝတို့ကို တာဝန်ယူ၍ ဆောင်ရွက်ပေးရသည့် စက်ရုံစာရေးကြီးတာဝန်သည် အမှန် ကြီးလေးသောတာဝန် ဖြစ်ပါ၏။ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ မိဘသဖွယ်ခံယူ၍ ကျောသား၊ ရင်သားမခွဲခြားဘဲ တန်းတူညီမျှအုပ်ချုပ်ရပါ၏။

'လူကပြား၊ ရေလက်ကြား၊ အိမ်တန်းလျား' ဟူသည် မပေါင်းအပ်၊ မသွား… အပ်၊ မနေအပ်သောအရာများဖြစ်သည်ဟု ရှေးလူကြီးစကား မှတ်သားဖူးပါ၏။ ယခုတော့ ဝန်ထမ်းအများစုသည် မ… မဖြစ်၊ မဖြစ်မနေ အိမ်တန်းလျားများမှာ နေကြရ၏။ လူပေါင်းစုံ၍ စကားပေါ… စုံ၏။ မလိုလားအပ်သော အိမ်နီးချင်း ပြဿနာ၊ ကလေးချင်းမတည့် ရန်ဖြ… သည့်ပြဿနာ၊ လင်မယားပြဿနာ ကိုယ့်ထက်သာ မနာလို စောင်းမြောင်း ဆဲဆိုပြီး မုဒိတာမပွားနိုင်သည့်ပြဿနာ အဝတ်အစား ဂုဏ်တုဂုဏ်ပြိုင်ပြဿနာ အိမ်မွေးတိရစ္ဆာန် မွေးသူနှင့် မမွေးသူ၏ပြဿနာ စသော ပြဿနာပေါင်း…



…လည်း သောင်းခြောက်ထောင်မက ဖြစ်… လေ့ဖြစ်ထရှိတတ်ပေရာ ရှေးဦးပြေလည် အောင် ညှိနှိုင်းပေးရသည်မှာလည်း အ… ခါခါပင်။

တစ်ခါတလေ လွန်စွာ ဦးနှောက်ခြောက်စရာ ကောင်းလှပါသည်။ ကျွန်… အနေနှင့်မူ ကြီးသည့်အမှုငယ်အောင် ငယ်သည့်အမှု ပျောက်အောင်သာ စီ… ဖျန်ဖြေပေးလေ့ရှိပါသည်။ သို့ပါသော်… ငြား ပြဿနာတစ်ရပ်ကို ဖြေရှင်းမှုပြု… ရာတွင် အနိုင်၊ အရှုံး ဟူသည် ရှိနေတတ်…



www.burmeseclassic.com

www.burmeseclassic.com

မြဖြစ်ပေရာ တစ်ဖက်ကမ်းပြို၊ တစ်ဖက်ဆောင်ထွန်းဖြစ်ရသည့် သဘာဝမမှုတာ ရှောင်လွှဲ၍ မရနိုင်ပါပေ။ ဆိုရလျှင် အနိုင်ရလိုက်သူက ပျော်နိုင်၊ ပြုံးနိုင်ပေမယ့် အရှုံးနှင့်ရင်ဆိုင်လိုက်ရသူမှာတော့ များသည်၊ မှန်သည်ကို ဂဃနဏ စိစစ်ဆေခန်ခွဲခြားခြင်း မပြုတော့ဘဲ ဆုံးဖြတ်ပေးသုံကိုပင် အမုန်းကြီးမုန်းခြင်း ခံရမှုများနှင့်လည်း ကြုံရဆုံရ တွေ့ခဲ့ရဖူးပါပြီ။

ရှိပါစေတော့လေ၊ တစ်နေ့နေ့တော့ စေတနာ့အမှန်ကို သိနားလည်လာလိမ့်မည်ပေါ့လို့ပဲ စွဲမှတ်ထားလိုက်ရပါတော့သည်။ တစ်ခါတလေမှာတော့ မရှုနိုင်မကယ်နိုင်ဖြစ်ရသည့် ဥပဒေနှင့်ဆန့်ကျင်ငြိစွန်းသော အမှုအခင်း ဖြစ်မှုတစ်စုံတစ်ခုဖြစ်လာခဲ့လျှင်တော့ ဖြစ်မှုနှင့်ညီမျှသောပြစ်ဒဏ်ကိုသာ ခံစားကျခံပေရောပေါ့ဟုသာ မလွှဲမရှောင်သာနဲ့ ဥပေက္ခာပြုလိုက်ရသည်များနှင့်လည်း ကြုံတွေ့ခဲ့ရဖူးပါရဲ့။

မည်သို့ပင်ဆိုစေတော့ တတ်နိုင်သမျှသော အောက်ခြေပြဿနာတွေမှန်သရွေ့ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းခဲ့ရသည်သာများပါ၏။ တစ်ခါတစ်ရံမှာတော့ တရုတ်ရုပ်သံဇာတ်လမ်းတွဲထဲကလို ခိုင်ဖုန်းတရားရုံးမှ တရားသူကြီးပေါင်ချိန်တဲ့သို့ ဩဇာတိက္ကမ ကြီးစွာဖြင့်လေ့လာစူးစမ်းပြီးမှ ပြေလည်မှုရရှိစေရန် ဆောင်ရွက်ပေးခဲ့ရသည်များလည်း ရှိခဲ့ပြန်ပါသည်။

အပြစ်ပေး အရေးယူရန် ခိုင်လုံသောဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား မဖြစ်မနေအပြစ်ပေးနိုင်ရန်အတွက် ခေါင်းဖြတ် အပြစ်ပေးနိုင်သည့် ခွေးခေါင်းဓားစက်တော့ မရှိပါ။ သို့ပါသော်လည်း အပြစ်အထင်ရှားရှိသူများအား ကိုယ့်ဓား ကိုယ်ယူဆောင်လာရန် မျက်နှာထားတင်းတင်းဖြင့် အမိန့်ပေးစေခိုင်းလိုက်ပါ၏။ သည့်နောက်မှာတော့ ပြစ်ချက်၏အတိမ်အနက်အလိုက် နေ



www.burmeseclassic.com

ရာကန့်သတ် ပြသပေးကာ သူ့ခြားနှင့် သူကိုယ်တိုင် စက်ရုံဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းနှင့်မြက်များအား ရှင်းလင်းစေခဲ့ပါသည်။ လင်မယားရန်ဖြစ်၊ အရက်မူး ယစ်ရမ်းကား ဆဲဆိုသူများ၊ ဌာနလုပ်ငန်း တာဝန် မကျေပွန်သူများအား ပြစ်ဒဏ် အဖြစ် ရထားနယ်မြေ စက်ရုံဝန်းကျင်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် အကျိုးရှိရှိ အပြစ်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

ဝန်ထမ်းများမှာ ဌာနပိုင် လိုင်းတန်းလျားများတွင် နေထိုင်ကြရခြင်း ဖြစ်ပေရာ အချင်းချင်း ချစ်ကြည်ရင်းနှီး ပျော်ရွှင်စွာ နေထိုင်ဆက်ဆံကြသည်ကို မြင်တွေ့နေရလျှင် စိတ်ချမ်းသာပြီး မုဒိတာပွားရပါသည်။ တစ်ယောက်နှင့်တစ်ယောက် မသင့်မမြတ်ဖြင့် ငြူစူစောင်းမြောင်းဆဲဆို ရန်ဖြစ်လို့ ပြဿနာတွေနှင့် လာတိုင်ကြပြီဆိုလျှင်တော့ ရှင်းရ၊ ပြောရ၊ ကရုဏာဒေါသတွေပါ ဖြစ်ခဲ့ရတော့ ပါရော။

ကျွန်ုပ်၏ အမယ်ဘုတ်ရဲ့သူချည် ခင်ထွေးကြီးကို ပွေ့ပွေ့ပိုက်ပိုက်နှင့်ရှင်းလင်းခဲ့ရသည့် ဝန်ထမ်းကာလ အမှတ်တရများထဲမှ မှတ်မှတ်ထင်ထင် အိမ်ထောင်ရှင်နှစ်စုကို နှိုင်းယှဉ်၍ ပြောပြချင်ပါသည်။

ပထမအိမ်ထောင်ရှင်တွေက ကိုထွန်းထွန်းနဲ့ မယဉ်ယဉ်မိသားစုပါ။ သူတို့မှာ သားသမီးသုံးယောက် ပွားစီးခဲ့ပါတယ်။ ကိုထွန်းထွန်းက သာမန်စက်ရုံလုပ်သားငယ်တစ်ယောက်ပါ။ ရိုးသားပြီး ကြိုးစားပါတယ်။ သားသမီးတွေရှေ့ရေးအတွက် ကြိုတွေးပြီး အပိုစုဆောင်းငွေလေးရအောင် နေ့တာဝန်ကျလျှင် ညဘက်ဆိုက်ကားနင်း၊ ညတာဝန်ကျတော့လည်း နေ့ဘက်ဆိုက်ကားနင်းလို့။ ပထမတော့ အငှားအုံနာခပေး နင်းတာပါ၊ နောက်တော့လည်း ကိုယ်ပိုင်ဆိုက်ကားလေးဖြစ်လာတော့ အုံနာခမပေးရတော့ဘူး။ ရတဲ့အချိန်လေး ဆိုက်ကားထွက်လိုက်တာပါပဲ။ မတော်မတရားတာ မလုပ်ဘူး။ အရက်၊ လောင်းကစား၊ မိန်းမ ကင်းတယ်။ မတော်လောဘ မထားဘူး။ မယဉ်ယဉ်ကလည်း မယားဝတ္တရားငါးပါးဖြစ်တဲ့ 'ကိစ္စကိုင်တွယ်၊ နှစ်သွယ်ချီးမြှောက်၊ မဖောက်မြားရ၊ ခနထိန်းချုပ်၊ အလုပ်မပျင်း၊ ဤငါးခင်း၊ မယွင်းမချွတ်၊ မယားဝတ်' ဆိုတဲ့ ကျင့်ဝတ်ကို စောင့်စည်းလိုက်နာ ထိန်းသိမ်းလို့ စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်းပေမို့ ဘာကိုမှ အပြစ်ပြောစရာမရှိအောင်ပါဘဲ။

လင်နဲ့မယား၊ သားနဲ့အမိ၊ အိမ်နီးနားချင်းတွေနဲ့ ပြောဆိုဆက်ဆံမှုဟာ နူတ်ချိုပြီး ယဉ်ကျေးတယ်၊ ဆရာတွေနဲ့ ကြီးသူတွေကို ရိုသေတယ်၊ ရွယ်တူကို လေးစားပြီး ငယ်သူကိုတော့ သနားသည်းခံကြတယ်။ လင်စည်း မယားစည်း လိုက်နာကြသလို နှစ်ဦးစလုံးဟာ ဘာသာတရားကို ရိုသေကိုင်းရှိုင်းကြတယ်။ ယဉ်ကျေးလိမ္မာတဲ့ အိမ်ထောင်ဖက်တွေပါ။

ပြောစရာက 'ခမ္ဘာ-သောက-အင်း၀-ရာဇာ အိမ်ထောင်ဖက်အသက်မရှည်ရာ' ဆိုတဲ့ ရှေးစကားနဲ့ 'တနင်္ဂနွေ-ဗုဒ္ဓဟူး အိုးမခွေးဘူး' ဆိုတဲ့ ဆိုရိုးစကားတွေဟာ ကိုအောင်ထွန်းထွန်း တနင်္ဂနွေသားနဲ့ မယဉ်ယဉ် ဗုဒ္ဓဟူးသမီးတို့လက်ထက်ကျမှပဲ တကယ့်ကို ပြောင်းပြန်ကြီး။ အောင်ထွန်းထွန်းကို ကျုပ်တို့က လွယ်လွယ်ပဲ ထွန်းထွန်းလို့ ခေါ်တာ။

သူတို့ လင်မယားအကြောင်းကို တစေ့တစောင်းလေ့လာကြည့်တော့ သူမကြိုက်တာ ကိုယ်မလုပ်သလို ကိုယ်မကြိုက်တာကိုလည်း သူ မလုပ်ဘူးတဲ့။ ဒေါသထန် မာန်ပြင်းတဲ့စကားမျိုး ဘယ်ခါမှမပြောဘူး။ သည်းခံခြင်း၊ အမှန်ပြောဆိုခြင်း၊ ဘာကိုမှထိမ်ချန်လျှို့ဝှက်ခြင်း မရှိပါဘူး ဆိုတဲ့ စောင့်ထိန်းလိုက်နာမှုတွေကြောင့် ဘာပြဿနာမှမဖြစ်ကြတာပါဆိုတဲ့ သုံးသပ်ချက်အမှန်ကို သိရကြားရပေတာပါပဲ။

သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ဖက်ဟာ ရှိတာလေးနဲ့ လှအောင်ဝတ်တယ်၊ ရတာလေးနဲ့တင်းတိမ်ပြီး ဝအောင်စားတယ်။ မမော်ဘူး၊ မကြွားပါဘူး။ အပျော်အပါး ပွဲလမ်းသဘင် မမက်ဘူး။ ဒီတော့ နှစ်ကိုယ်တူချစ်သမျှ စိတ်ချမ်းသာကြရပေတာပေါ့။

❂

နောက်အိမ်ထောင်ဖက်တစ်စုံက ကိုဘသိန်းနဲ့ မညိမ်းမေ ဆိုတဲ့ အကြင်လင်မယားတွေပါ။ ကိုဘသိန်းက စက်ခေါင်းစက်ပြင်ပါ။ လုပ်သက်ရင့်ပြီး အတွေ့အကြုံပညာဝါအရ လုပ်ငန်းခွင်မှာတော့ တော်တတ်ကျွမ်းကျင်ဆိုတဲ့ အဆင့်မှာပါပဲ။ ဒါပေမယ့် ဘယ်လိုပင်တော်တော် တတ်တတ်၊ သူ့ပညာတွေ၊ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေကို တဖြည်းဖြည်းချင်း တိုက်စား ဝါးမျိုနေတာကတော့ မေ့လျော့ပေါ့ဆမှုကို ဖြစ်စေတတ်တဲ့ ရမ္မက်မပြေ ယမကာ သူရာရည် အရက်ကို သောက်စားတတ်လို့ပေါ့။ တစ်ခါတလေဆို အကြောင်းမ ဟုတ်ပေမယ့် ကြာလာတော့ ပေါင်းနေတဲ့မယားကပါ အရိုအသေကင်းလာတာမျိုးတွေ ဖြစ်လာရော။ ကိုဘသိန်းနဲ့အခါ သင့်လို့ အခွင့်သာတိုင်း သောက်စားတတ်တဲ့အကျင့်ဆိုးက သူတို့မိသားစုအပေါ် ကို လောင်းရိပ်ကြီးမိုးထားသလို ဖြစ်နေတယ်။ မိသားစုဘဝဟာ အညွန့်မြှုထွက်ဖို့ဝေးစွ၊ တဖြည်းဖြည်း ပိန်ချည့်လို့ သေးကွေးလာခဲ့ရပြီပေါ့။

ဟော- သူတို့လင်မယားကျတော့ တစ်မျိုးဗျ။ 'ဥသာ-စိန်ပန်း-ဒန်းလှ-တံရှာ' ဆိုတဲ့ အိမ်ထောင်ဖက်ရွေးတဲ့ စာနဲ့ အညီသား။ ကိုဘသိန်းက ကြာသပတေး၊ မညိမ်းမေက အင်္ဂါ ဆိုတော့ 'စိန်ပန်း' နဲ့ ကိုက်တယ်။ စီးပွားဖြစ်မယ်၊ အဆင်ပြေမယ်၊ အသက်ရှည်မယ်။ ဒီလိုဆို ထားတာ။ ဒါပေမယ့် အိုးရွဲ့နဲ့ စလောင်း တာထင်ရဲ့၊ မညိမ်းမေကလည်း မစား ဝခမန်း ရနိုးနိုး မျှော်ကိုးချက်နဲ့ လေထ တိုက်အိမ်ဆောက်ပြီး လောင်းကစားတွေ နဲ့ လုံးလည်လိုက်ပြီး ပြားချပ်ချပ် ပိန် ကပ်ကပ်တွေဖြစ်လို့။ လင်က မူးပြီးစိုင်း တော့ သူက ထူးပြီးရိုင်းတယ်။ လင်က ချိုရင် သူက ခါး၊ မယားစကားရိုင်းတော့ လင်ကဆဲ။ ကြာကြာဝါးလေလေ၊ ခါး လေလေဆိုတဲ့အခြေအနေမျိုးကိုတောင် ရောက်လာခဲ့ရပြီပေါ့။

လင်မယားချင်းရန်ဖြစ်တယ်၊ အိမ် နီးနားချင်းနဲ့မတည့်ဘူး၊ အလုပ်တာဝန် တွေ ပျက်လာတယ်။ အပြစ်ပေးရတာ များလာလို့ စက်ရုံဝန်းကျင်က ချုံနွယ် ပိတ်ပေါင်း မြက်ပင်ရိုင်းတွေဟာ ပေါင်း စရာတောင် အချိန်မရတော့သလိုပါဘဲ ထိခနဲဆို ကိုဘသိန်းနဲ့ မညိမ်းမေ။ တစ် ခါတလေများဆို လမ်းမပေါ် တက် ဖ သတ်ကြတာ ထဘီတွေ၊ ပုဆိုးတွေကျွတ် လို့။ ဘယ်သူမှတောင် ဝင်မဆွဲရဲတဲ့အ ဖြစ်မျိုးနဲ့တောင် ကြုံခဲ့ရပါရဲ့။ ယိုသူ မရှက် မြင်သူရှက်ပေါ့။

နောက်ဆုံးတော့ အပြစ်ပေးစရာ တောင်မကျန်ချင်တော့ဘူး။ အပြစ်ပေး ဖို့ကိုတောင် အားနာလာပြီ။ ဒါကြောင့် နောက်ဆုံးလက်နက်အဖြစ် ကျုပ် ရုံး နှစ်ယောက်လုံးခေါ်ပြီး ပြည်တော်အေး တရားဟောပေးလိုက်ရပါတော့တယ်။

"ခင်ဗျားတို့ဗျာ-အရက်တရား ကြတော့ဘူးလား။ ခင်ဗျားတို့ထက်



www.burmeseclassic.com

www.burmeseclassic.com

လည်းငယ်၊ အသက်လည်းငယ်တဲ့ အောင်ထွန်းထွန်းနဲ့ မယဉ်ယဉ်မိသား ကြည့်ကြစမ်းပါ။ ဆင်းရဲလည်း ပြောင်ပြောင်၊ ချမ်းသာလည်း ပြောင်ပြောင်ပဲ။ လင့်မယား စကားများ ရန်ဖြစ် ဘယ်နှခါကြားဖူးလဲ"

ကိုဘသိန်းရော မညိမ်းမေပါ ခေါင်း လို့။ မညိမ်းမေက ကိုဘသိန်းကို စောင်းခဲပြသလို ကိုဘသိန်းက ပြန်ပြီး အံကြိတ်ပြလိုက်တာကို ခနဲ မြင်လိုက်ရပါတယ်။

"ကဲ-ခင်ဗျားတို့ကလည်း ပြောနေ ကြားထဲက။ ကျုပ်မေးတာကို ဖြေကြ

ဆိုတဲ့ ခပ်ထန်ထန်လေး မာန်သွင်း ပြောလိုက်တော့မှ နှစ်ယောက်သား တူ-

"မကြားပါဘူး" တဲ့။

ပြီးတော့ မညိမ်းမေက အတွန့် ပြီး-

"ဘယ်ရန်ဖြစ်မှာလဲ ဆရာရယ်၊ အောင်ထွန်းထွန်းက အရက်မသောက် မှုဘူး၊ မရမ်းဘူး။ ရတဲ့လစာ မယဉ် အကုန်လုံးအပ်တာ"

လို့ ဆိုတော့ ကိုဘသိန်းက-

"ဟဲ့ - ဗိုင်းတာမရဲ့။ မယဉ်က င်းဘူး၊ လောင်းကစားမလုပ်ဘူး။ အ အဝတ်၊ အစား အကြွေးမယူဘူး

လို့လည်း ဆိုလိုက်ရော အနာနဲ့ တွေ့သွားပြီမို့ မညိမ်းမေလည်း ောင်စပ်ဖျဉ်းကြီး ဖြစ်သွားသလို ရှုံ့မဲ့ မျက်စောင်းတွေကိုသာ ထပ်ကာပစ် နေပါတော့တယ်။ ဒီနေရာမှာ ကျုပ် ပြောသာတဲ့အခွင့်အရေးကို မြောင်းပေး သူတို့ကပင် ဖန်တီး လိုက်သလို အကွက်ဝင် နေရာကျ ပေတာမို့-

"ဟုတ်ပြီဗျာ၊ ကိုဘသိန်းရဲ့အရက် တ်တဲ့အပြစ်ကို မညိမ်းမေက တင် လို မညိမ်းမေရဲ့ရေလိုက်မှားတဲ့ စီး လောင်းကစားရယ်၊ အပျင်းရော ယ်၊ အကြွေးယူတဲ့ပြဿနာရယ်ကို သိန်းက ထောက်ပြလိုက်ပြီဗျာ။ ဒီ တာ နှစ်ယောက်စလုံး အမှားတွေ ပြီး အမှန်ကိုသာပြင်လိုက်ကြရင် အဆင်ပြေသွားကြမှာပေါ့ဗျာ။ ပြီး ကိုအောင်ထွန်းထွန်းနဲ့ မယဉ်ယဉ် အဆင်ပြေကြတာဟာ အခြားတော့ ဘူးဗျ၊ သူတို့မှာ ဘာသာတရား င်းချုပ်ထားတဲ့ စည်းကမ်းတွေ ရှိ အတိအကျလည်း လိုက်နာကြ တယ်။ အဲဒါက ငါးပါးပဉ္စသီ ဆိုတဲ့ စည်းကမ်းကျင့်ဝတ်ကို ခါးဝတ်ပုဆိုး၊ ထဘီ လိုမြဲမြဲအောင် စောင့်ထိန်းကြတယ်။ သူ များအသက်မသတ်ဘူး၊ မခိုးဘူး၊ သူများ အိမ်ရာမပြစ်မှားဘူး၊ ညာမပြောဘူး၊ အရက်မသောက်ဘူး၊ ရှိတာလေးနဲ့တင်း တိမ် ရောင့်ရဲနိုင်တယ်၊ မတရားလောဘ မရှိဘူး။ ပြီးတော့ သူတို့မှာ ကျုပ်ပေး ထားတဲ့အဆောင်ကောင်းရှိနေကြလို့ပဲ"

"ဗျာ"

"ရှင်"

နှစ်ဦးစလုံး အံ့အံ့ဩဩနဲ့ အာမေ ဋိတ်သံတွေတောင် ထွက်ကျလို့-

"ဟာဗျာ. . . ဒါတော့ ဆရာ မတရားဘူး။ ကိုယ့်ဝန်ထမ်းချင်းအတူတူ ကိုအောင်ထွန်းထွန်းတို့ကျတော့ မျက် နှာလိုက်ပြီး ပေးတယ်၊ ကျွန်တော်တို့ကျ တော့ ဘာလို့မပေးတာတုံး"

"ဟုတ်တယ် အောင်ထွန်းထွန်းတို့ က- ငါးပါးသီလထိန်းတယ်၊ ခင်ဗျားတို့ လည်း သူတို့လို ငါးပါးသီလကို အတတ် နိုင်ဆုံးထိန်းဗျာ။ ငါးပါးသီလကို အကုန် မထိန်းနိုင်တောင် အနည်းဆုံး ကိုဘသိန်း က အရက်ဖြတ်၊ မညိမ်းမေက နှစ်လုံး ဖြတ်"

"ဟာဗျာ ဆရာကလည်း၊ ကျွန် တော့်နှစ်လုံးကိုဖြတ်ရင် နတ်ကွတ်ဖြစ် သွားမှာပေါ့။ မလုပ်ပါနဲ့"

ကိုဘသိန်းက ပြူးတူးပြတဲ-

"အဲဒါကိုပြောတာမဟုတ်ဘူးလေ ဗျာ။ လောင်းကစား နှစ်လုံး၊ သုံးလုံးနဲ့ ကြွေးတင် ကျွန်ဖြစ်မယ့် ကိစ္စတွေကို မလုပ်ဖို့ပြောတာ။ အဲဒါဆို ခင်ဗျားတို့ အိမ်ထောင်ရေးသာယာပြီပေါ့ဗျာ။ ဘယ် လိုတုန်း၊ လိုက်နာမှာလား"

"သူ အရက်မသောက်ရင် ကျွန်မ လည်း လောင်းကစားမလုပ်တော့ဘူး"

"အိုကေဗျာ။ ကဲ- ဒါဆိုရင်တော့ ခင်ဗျားတို့ လင်မယားနှစ်ယောက်စလုံး အတွက် ချမ်းသာမယ့်အဆောင်ကောင်း ပေးမယ်။ ဒါ ကျုပ်က စေတနာပါလို့ပေး တာ။ ကျုပ်စေတနာကို လေးစားလိုက် နာတဲ့အနေနဲ့ ညတိုင်းဘုရားဝတ်တက်၊ ငါးပါးသီးလခံယူ၊ အဓိဋ္ဌာန်ထားပြီး အ နည်းဆုံး ပုတီးတစ်ပတ်စိပ်။ ခင်ဗျားတို့ လင်မယား မကြီးပွား မတိုးတက်ဘူး၊ စိတ်မချမ်းသာရဘူးဆိုရင် ကျုပ်ကိုကြိုက် သလိုသာလုပ်။ ကျုပ် ရဲရဲဝံ့ဝံ့ကြီးကို အာ မခံတယ်ဗျာ"

လို့ ဆိုတဲ့ အာမခံချက် ရဲရဲကြီး ပေးလိုက်တာကြောင့် ကိုဘသိန်းနဲ့ မညိမ်းမေတို့ရဲ့ ပြုံးယောင်လဲ့တဲ့မျက်နှာ တွေကို အထင်းသားမြင်လိုက်ရပါတယ်။

သူတို့ကို စေတနာအပြည့်အဝနဲ့ ပေးလိုက်တဲ့ အဆောင်ကောင်း ဆု တောင်းဂါထာက တောင်တွင်းဆရာ တော် ခင်ကြီးဖျော် သို့မဟုတ် မကာရ လောပ (မ)တစ်လုံးကျေ အတုလဆရာ တော် ခင်ကြီးဖျော်၏ သူ့အလိုမလိုက် ကိုယ့်စိတ်ကြိုက် ဖြစ်စေဖို့ ဆုတောင်း ဂါထာကိုပင် ကျွန်ုပ်က ရေးပေးလိုက်ခြင်း ဖြစ်ပါ၏။

**သဗ္ဗံ ပရဝသံ ဒုက္ခံ၊**
**သဗ္ဗံ ဣဿရိယံ သုခံ၊**
**သဗ္ဗံ ပရဝ သမတ္တု၊**
**သဗ္ဗံ ဣဿရိယံ ဘဝေ။**

**အနက်**

**သဗ္ဗံ**-ခပ်သိမ်းသော၊ **ပရဝသံ**-သူ တစ်ပါးအလိုသို့ လိုက်ရခြင်းသည်၊ **ဒုက္ခံ**- ဆင်းရဲ၏။ **သဗ္ဗံ**-ခပ်သိမ်းသော၊ **ဣဿရိယံ**-စိတ်ကိုအစိုးရခြင်းသည်၊ **သုခံ**- ချမ်း သာ၏။ **ပရဝသံ**- သူတစ်ပါးအလိုသို့ လိုက်ရခြင်းသည်၊ **မေ**- ငါ့အား၊ **သ အတ္တု** -မဖြစ်စေသတည်း။ **သဗ္ဗံ**-ခပ်သိမ်းသော၊ **ဣဿရိယံ**- စိတ်ကိုအစိုးရခြင်းသည်၊ **ဘဝေ**-ဖြစ်ပါစေသတည်း။

BURMESE CLASSIC .com

အဆောင်ကောင်းအဖြစ် ကျွန်ုပ် ရွတ်ဆိုနေကျ ဂါထာကို ခပ်တည်တည် ပေးလိုက်ခြင်းပင် ဖြစ်ပါ၏။

ဂါထာကိုရွတ်ဖတ်ပြီး ပုတီးစိပ်နေ ကြသည့် ကိုဘသိန်းနှင့်မညိမ်းမေတို့ကို မည်သည့်အကျိုးပေးမည်ကိုတော့ သေ ချာရေရာ မသိနိုင်သေးပါ။ လောလော ဆယ်မှာတော့ ကိုဘသိန်းကြီးက အရက် ပြတ်သွားသလို မညိမ်းမေလည်း လောင်း ကစားတွေ လုံးလုံးမလုပ်တော့။ အီညံ့, အီညံ့နှင့် လင်မယားရန်ဖြစ်သံ၊ ဆူသံဆဲ သံတွေလည်း ဆိတ်သုဉ်းသွားခဲ့ပါပြီ။

သူတို့ဇနီးမောင်နှံနှင့်မိသားစုတစ် စုလုံး စိတ်ချမ်းမြေ့ ပျော်ရွှင်နေတာကို မြင်တွေ့နေရတော့ စေတနာအဆောင် ကောင်းပေးလိုက်ရတဲ့ပီတိနဲ့ သူတို့ရဲ့ဘဝ တစ်ဆစ်ချိုး အပြောင်းအလဲကလေးအ ပေါ် မုဒိတာတွေ ပွားခဲ့ရပါတယ်။ ထို့ ထက် ပို၍ ကျေနပ်ပီတိ ဝမ်းဆီထိသည့် ပမာ တစိမ့်စိမ့် ကြည်နူးမိသည်မှာတော့ ဝါတွင်း ဥပုသ်နေ့တိုင်း လင်မယားစုံတွဲ လိုက် ဥပုသ်ကျောင်းကို စိတ်တူကိုယ်မျှ ချီတက်သွားကြခြင်းပင် ဖြစ်ပါတော့ သည်။

*မွှော်ဟဝေ ရက္ခတိ ဓမ္မစာရီ*

ပန်းမြိုင်လာယ်-စိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ- တော်သတ္တိမရှိဘူးလား၊ သွေးကြောင်နေတဲ့ အလကားလူ။ အသံတွေမကြားဘူးလား။ တစ်မြို့လုံး အင်တိုက်အားတိုက် ချီတက်ဆန္ဒပြနေတဲ့အချိန်မှာ အေးတိအေးစက်နဲ့ ကိုယ်နဲ့မဆိုင်သလိုဘဲ၊ တော့်အစား ကျုပ်ရှက်တယ်"

အတွေ့အကြုံပြည့်စုံဖို့နေနေသာသာ၊ တိုင်းရေးပြည်ရေးအဖြာဖြာမပြောနဲ့ ရပ်ထဲရွာထဲ သာရေး၊ နာရေးကိစ္စတွေတောင်မှ ယောင်လို့ပင်လှည့်မကြည့်ဘူးခဲ့သည့် ဇနီးဖြစ်သူ၏စကားကို မကြားယောင်ပြု၍ ကိုဦးက တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေ၏။ မြစိမ်းရောင်လက်ပုံစံအတက်မှသည် မြေနီခင်းအဆင်း တောင်ဘက်ဖျားဆီသို့ အဆမတန် များပြားမည် ထင်ရသော လူအုပ်ကြီး ရောက်ရှိလာနေပြီဟု ခန့်မှန်းမိ၏။ 'ဒို့အရေး၊ ဒို့အရေး' ဟူသည့် အော်ဟစ်တောင်းဆိုသံတွေက မိုးခြိမ်းသံတမျှ တစ်စ တစ်စနှင့် ကျယ်လောင်စွာကြားနေရပြီ ဖြစ်၏။

"ဘာလဲ- တော်·ဘယ်ရှောင်သွားမလို့လဲ"

"မင်း ဘာမှမသိရင် အသာနေ၊ ငါ ဖိုးလှကြီးလမ်းခွဲကစောင့်မလို့ လုပ်နေတာ။ သွားမယ်၊ ဆိုင်ကိုဂရုစိုက်"

နေရာတကာ လူတွင်ကျယ်လုပ်ချင်သော ဇနီးဖြစ်သူကို ကျောခိုင်းခဲ့ပြီး လမ်းပေါ်သို့ ကိုဦး ထွက်လိုက်၏။ ဝေ့ဝဲ၍ကြားနေရသော လူအုပ်ကြီး၏အသံတွေက တဖြည်းဖြည်းနှင့် ကျယ်လောင်နီးကပ်လာချေပြီ။ ကိုဦး၏ယောက္ခမ ဒေါ်မြင့်ငွေးက မုဆိုးမကြီးဖြစ်၍ သမီးကြီးနှစ်ယောက်ဖြစ်သည့် ခင်သန်းရီက ထွန်းထွန်းကျော်နှင့် အိမ်ထောင်ဦးစွာကျခဲ့ပြီး နောက် (၁) နှစ်ခန့်အကြာတွင် အငယ်မ ခင်သန်းငွေးက ကိုဦးနှင့်လိုက်ပြေးခဲ့၏။ ကိုဦးနှင့် ခင်သန်းငွေးက အသက် (၁၅) နှစ်ခန့် ကွာ၏။ ငယ်ရွယ်သူဖြစ်နေ၍လည်း နွဲ့ဆိုးဆိုးပြီး နေရာတကာ၌ အမျိုးမျိုးအနိုင်ယူကာ ရှေ့ကဦးဆောင်ချင်နေသည့် ခင်သန်းငွေးမှာ ကိုဦးကို ဘယ်ကိစ္စပဲဖြစ်ဖြစ် အလျှော့မပေးတတ်။ သူကသာ အနိုင်ရမှ၊ ဆုံးဖြတ်ရမှ ကျေနပ်သူ ဖြစ်၏။

'မိန်းမငယ်ငယ်လေးကို ယူထားသူဆိုတာ ကိုယ်မဖတ်တတ်သည့် စာအုပ်ထူထူကြီးကိုဝယ်ပြီး သူများဖတ်ဖို့ သိမ်းထားရတဲ့လူနဲ့ တူတယ်' ဟူသော အနောက်တိုင်းစကားတစ်ခုက ဘယ်သို့ရည်ညွှန်းသည် မသိ၊ မိန်းမငယ်ငယ်လေးယူပြီး ကသိကအောက်ဖြစ်နေသူတွေထဲမှာတော့ ကိုဦးက ထိပ်ဆုံးမှာ ရှိ၏။ မယားညီအစ်ကိုနှစ်ယောက် ဖြစ်သည့် ထွန်းထွန်းကျော်နှင့် ကိုဦးတို့မှာ မြန်မာ့ရေနံမှုဝန်ထမ်းများ ဖြစ်ကြ၏။ ယောက္ခမဖြစ်သူ ဒေါ်မြင့်ငွေးကို အငယ်သမီး(၂)ယောက်၊ သားငယ်(၁)ယောက်နှင့်စားသောက်ရေးပြေလည်စေရန် အားလုံးညှိနှိုင်းတိုင်ပင်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင် ထောင်ပေးထား၏။ အမှတ် (၂) အ. ထ. က နှင့် မျက်နှာချင်းဆိုင်လမ်းတစ်ဖက်တွင်ရှိသော ယုဇနလက်ဖက်ရည်ဆိုင်၊ ကိုသန်းမြင့် စာအုပ်ဆိုင်နှင့် အနီးဝန်းကျင်ရှိ ဈေးဆိုင်များရှေ့တွင်သာမက လမ်းဘေးဝဲ,ယာတွင် ပျားပန်းခတ်မျှ လူတွေပြည့်ကျပ်၍လာခဲ့ပြီ၊ ချီတက်လာကြသော အလှာပေါင်းစုံမှ ဆန္ဒပြလူအုပ်ကြီးအား အားပေးကြိုဆိုရန် ပူးပေါင်းချီတက်ရန် စောင့်ဆိုင်းနေခြင်း ဖြစ်၏။ 'ဒို့အရေး၊ ဒို့အရေး၊ ဒို့အရေး၊ ဒို့အရေး' ဟူသော အော်ဟစ်ကြွေးကြော်သံတွေက ဘဝင်ထိလျှံတက်အောင် ကျယ်လောင်စွာ တဖြည်းဖြည်း ကြားနေရပြီ။

ကိုဦးက ရဲစခန်းရှေ့မှ တစ်ဆင့် မြင်းလှည်းဆိပ်ကျောက်တန်း ရွှေစင်ဦး လက်ဖက်ရည်ဆိုင်၊ ထိုမှ ဒေါ်ကြည်ပေါက်နှင့် ဖိုးထူးတို့ နာမည်ကျော် ကွမ်းယာဆိုင်ထိ နောက်ကိုပြန်လှည့်မကြည့်

BURMESE CLASSIC .com

## ၈၈ အရေးခင်းနှင့် ရေနံမြေ

## နွေဦးမွန် (ရေနံချောင်း)






www.burmeseclassic.com

www.burmeseclassic.com

ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ ...စ်ပါတီစနစ်ကို အမြစ်ကလှန်ပြီး နိုင်ငံ...တော်၏အနာဂတ်ခရီး လှပသာယာစည်...ငံဝပြောရေးကို ဖန်တီး ရှေ့ဆောင်ချင်...ကြသည့် တိုးတက်သော နိုင်ငံရေးအမြင်...ရှိသည့် ကျောင်းသားများ၊ ပညာတတ်...များ လူတန်းစား အလွှာအသီးသီးတို့၏ ...တော်လှန်ရေးကား တစ်နိုင်ငံလုံးနှင့်အတူ ...နမြို့တော်၌လည်း ကူးစက်လှုပ်ရှား...လာ၏။

ရွှေစင်ဦး လက်ဖက်ရည်ဆိုင်မှ ...မြောက်ဘက်အနီး အရှေ့သို့ ကွေ့ပတ်...သွားသည့် ကားလမ်းမအတိုင်း ဆန္ဒပြချီ...တက်လာသူများ၏ ရှေ့ပြေးအဖွဲ့ရောက်...ရှိလာ၏။ 'ဒို့အရေး၊ ဒို့အရေး' ဟူ၍ ...အားမာန်အပြည့်ဖြင့် နောက်ကြောင်း...မှ ...ရွှေ့စတမ်း ရှေ့ဆုံးတန်းလူအုပ်၏ ...အားဝဲ,ယာ တစ်ဖက်တစ်ချက်တွင် ကြိုး...ကြိုတွပ်ကဲ၍ လိုက်ပါနေကြသော ချီ...တက်ပွဲအဖွဲ့၏ ခေါင်းဆောင်များထဲ၌ ...ကြီး၏လုပ်ဖော်ကိုင်ဖက် ရင်းနှီးသူတွေ ...အများဆုံးပါနေ၏။ လမ်းဘေးမှ ကြည့်...အားပေး၍နေကြသော လူအုပ်ကြီးမှာ လည်း ဆန္ဒပြသူများနှင့်တစ်သားတည်း ရော၍ ချီတက်ရာတွင် လိုက်ပါသွားကြ၏။ စိတ်လှုပ်ရှားဖွယ်၊ ကြက်သီးထဖွယ်၊ နိုးကြားတက်ကြွဖွယ် စိတ်ဓာတ်တွေက အားလုံးသို့ ကူးစက် စည်းလုံးစေမိခဲ့ပြီး ဖြစ်၏။ သို့သော် ထိုအထဲ၌မပါရန် ကိုဦး က ဆုံးဖြတ်ပြီးပြီဖြစ်၍ ရှောင်နိုင်သမျှ ရှောင်၏။ ရင်းနှီးသူတွေအမြင်ခံ၍ လုံးဝ မဖြစ်၊ သူ့ကိုတွေ့သွားလို့ကတော့ ဇွတ် အတင်းဆွဲခေါ်၍ ချီတက်ပွဲအတွင်း စာ ရင်းသွင်းလိုက်ကြမှာသေချာ၏။ ချီတက် ဆန္ဒပြသူလူအုပ်ထဲတွင် မြန်မာ့ရေနံဝန် ထမ်းတွေလည်း အများဆုံးပါနေ၏။ အ မြင်ခံလို့မဖြစ်၊ ဆန္ဒပြ အော်ဟစ်ချီတက် လာသူတွေ သခင်ဖိုးလှကြီးလမ်းသို့ ချိုး ကွေ့လိုက်ကြ၏။ ထိုမှ အောင်ပန်းရိုး တံတား၊ ပုဂံတန်းလျားအတက်၊ လက် သမားအလုပ်ရုံရှေ့မှတစ်ဆင့် ခိုတောင် သယ်ယူပို့ဆောင်ရေးရှေ့ရှိ အဝိုင်းကြီး၌ စုရပ်လုပ်ကြရန် ရည်ရွယ်ထားကြပြီး ဖြစ် ၏။

ကိုဦးက ဖိုးထူးဆိုင်ပေါ်သို့ မြောက်ဘက်တံခါးမှ တက်လိုက်၏။ လို အပ်သော စားစရာသောက်စရာများကို မှာပြီး ဖိုးလှကြီးလမ်းဆင်းအတိုင်း တ



www.burmeseclassic.com

ရွှေ့ရွှေ့ဝေးသွားသော ဆန္ဒပြလူအုပ်ကြီးကိုကြည့်ပြီး သက်ပြင်းမောတစ်ချက်ချလိုက်၏။ ထိုနေ့ကား ၆. ၈. ၁၉၈၈ နေ့ဖြစ်၏။ ရေနံမြို့တော်က တစ်နိုင်ငံလုံးအုံကြွချီတက်ဆန္ဒပြခဲ့ကြသည့် ၈. ၈. ၁၉၈၈ ထက် (၂) ရက်စော၏။ အာဏာရှင်စနစ်ကို အမြစ်ကလှန်ကြပေတော့သည်။

ရှေ့၌ချထားသည့် အသင့်လှော်ပြီးဖြစ်သည့် မြေပဲစေ့လေးတွေကို တမြုံ့မြုံ့ဝါးရင်းက ဆန်သပိတ်အရေးအခင်းဖြစ်သည့် ၁၉၇၄ နှစ်များဆီသို့ စိတ်အတွေးတွေက တဖြည်းဖြည်းနှင့် ခရီးနှင်မိရပြန်ချေပြီ။

BURMESE CLASSIC .com

❂

"ဟကောင်လေး - နာရီတကြည့်ကြည့်နဲ့ ဘာစောင့်နေတာလဲ"

"ဟို. . ဟို ဂေဂျာကား စောင့်နေတာ ဦးလေး၊ ကျွန်တော်အလုပ်ပြန်လေ"

အသက် (၂၀) ကျော် ကိုဦးက ယာယီနေ့စားအဖြစ် မြန်မာ့ရေနံ၌ အလုပ်ရရှိနေသည်မှာ တစ်ပတ်ပင် မပြည့်သေး၊ တွင်းကုန်းမှာနေသော ကိုဦးက ညောင်လှသံကန်ကြီး (ရေနံစုပေါင်းသိုလှောင်ရာသံကန်) ၌ နံနက် ၆ နာရီ အလုပ်ဝင်ရပြီး နေ့ခင်း (၂) နာရီတွင် အလုပ်ထွက်ရမည် ဖြစ်၏။ သူတို့ ရေနံမြေဝန်ထမ်းများ အလုပ်သွား၊ အလုပ်ပြန်အတွက် ကြိုပို့ဖယ်ရီကား (ဟီးနိုး) များရှိ၍ 'ဂေဂျာကား' ဟူ၍ ဝန်ထမ်းများက ခေါ်ကြ၏။

ထိုဖယ်ရီကား (ဂေဂျာကား) ကို စောင့်နေသော်လည်း ခါတိုင်းအချိန်ထက် (၁) နာရီမက စွန်းသွားပြီ၊ ရေနံမြေမှ မော်တော်ယာဉ်များ တစ်စီးတလေမှမတွေ့။ ကိုဦး ကားစောင့်နေသည်က ယခု (GOLD PETROL ရုံးရှေ့) ကားလမ်းမအစပ်၌ ဖြစ်၏။ ဘေးမှ ဦးကြီးတစ်ယောက်က ကိုဦး ပြန်ပြောသောစကားကို နားထောင်ပြီး သဘောကျစွာပြုံး၏။

"ဂေဂျာကားတွေ၊ ဖယ်ရီတွေ တစ်စီးမှလာမှာမဟုတ်တော့ဘူး ကောင်လေးရ။ သပိတ်စခန်းကို မင်းတို့ရေနံအလုပ်သမားတွေ အကုန်လုံး ရောက်ကုန်ပြီ၊ ဘယ်သူမှ အလုပ်မဆင်းတော့ဘူး။ မင်းလည်း သပိတ်စခန်းကိုဝင်တော့"

"ခင်. . ခင်ဗျာ- ဦးကြီးဘာပြောတယ်၊ သပိတ်မှောက်ထယ် ဟုတ်လား"

"အေး-ဟုတ်တယ်၊ ဟိုကျ မင်းတွေ့လိမ့်မယ်။ ဟော-ညောင်လှလိုင်းကားလာပြီ။ ငါလည်း မြို့ထဲသွားမှာ၊ ကောင်လေး တက်. . . တက်"

အိတ်ကပ်ထဲ၌ ပိုက်ဆံဆို၍ မတ်စေ့ တစ်စေ့သာပါ၏။ ညောင်လှလိုင်းကားက လူတစ်ယောက် ငါးမူးပေးရ၏။ သူ၏အခက်အခဲကို ဖြေရှင်းပေးလိုက်သူကလည်း သပိတ်မှောက်နေပြီဟုပြောခဲ့သော ဦးကြီးပင် ဖြစ်၏။

"ကဲ-ကောင်လေး၊ ဈေးမြောက်ဘက် ရတနာမဥ္ဇူတန်ဆောင်းရင်ပြင်မှာ သပိတ်စခန်းဖွင့်ထားတယ်။ မင်း အဲဒီကိုသွားတော့၊ ငါလည်း ဈေးဝယ်စရာရှိသေးတယ်"

ဦးကြီး ထွက်သွားသည်နှင့် ဈေးမြောက်ဘက်သို့ ကိုဦး လာခဲ့၏။ အုတ်လှေကားမှတစ်ဆင့် တန်ဆောင်းရင်ပြင်ပေါ်သို့ သူ တက်လာခဲ့၏။ အားပါး- များမှများ။ ရင်ပြင်တစ်ခုလုံး သပိတ်မှောက် ဆန္ဒပြသူတွေနှင့် ပြည့်သိပ်နေ၏။ မလူးသာ မလွန့်သာအောင် ရှိ၏။ ကျွက်စီ ကျွက်စီ၊ အုတ်အုတ်အသံတွေကလည်း နားမခံသာအောင် ကြားနေရ၏။ ဆန်သပိတ် ဆိုပါလား။ ဝါးခြမ်းပြားထိပ်ရှိ စာတန်းရေးထားသည့် ကတ်ထူလေးတွေ တွဲထား၏။ ရေနံမြေမှထုတ်လုပ်ရေးဌာန၊ အင်ဂျင်နီယာဌာန၊ ဘူမိ၊ လျှပ်စစ်၊ အုပ်ချုပ်ရေး၊ စတို စသည်ဖြင့် ဌာနပေါင်းစုံမှ ကိုယ့်အစုနှင့်ကိုယ် နေရာယူထား၏။ အရှေ့ဘက် စင်မြင့်ပေါ်၌ လက်ဝါးကပ်ပုံစံဝါးလုံး၌ နက်ပြာရောင်အကျီကိုစွပ်ထားပြီး ဝါးလုံးထိပ်၌ ထုတ်လုပ်ရေး တွင်းပြင်လုပ်သားများ ဆောင်းကြသော သံဦးထုပ်ဖြူကို တင်ထား၏။ 'ကျွန်တော်တို့အားလုံးရဲ့ သပိတ်ခေါင်းဆောင်ပါ ခင်ဗျ' ဟူ၍ လည်းကောင်း မကြာခဏပြောပြီး ထိုနက်ပြာရောင်အကျီနှင့် ဦးထုပ်ဖြူကို လက်ညှိုးထိုးပြကြ၏။

'ဆန် (၈) ပြည်ရရှိရေး'

'ဒို့အရေး'

'ဖြုတ်ထားတဲ့ အလုပ်သမားများ ပြန်လည်ခန့်ထားရေး'

'ဒို့အရေး'

ဟူသောကြွေးကြော်သံကို မကြာခဏ တိုင်ပေးကြ၊ အော်ကြ၏။ ဆန်သပိတ်အရေးအခင်း၌ ရေနံမြေမှ ဦးဆောင်လှုပ်ရှားစီစဉ်သူများမှာ မန်နေဂျာရုံးမှ စာရေးကြီး ဦးသော်ဝင့်၊ ငွေစာရင်းဌာနမှ ကိုမောင်ဆွေ၊ အုပ်ချုပ်ရေးဌာနစာရေးကြီးကိုသောင်းကွန့်၊ သယ်/ပို့ဌာနမှ ကိုဖိုးစမ်း၊ ရွှေကြာင့်ဘက်မှ ကိုမြင့်သန်းမောင်၊ ပါတီယူနစ်ရုံးမှ ကိုခင်ရွှေနှင့်ရဲဘော်ဘခင် ဆိုသူတို့ကိုလည်း ကိုဦးတွေ့ရ၏။

ရတနာမဥ္ဇူရင်ပြင်တော်၌လည်း ချက်ပြုတ်ရေးအဖွဲ့ရှိ၏။ ရာဟုထော... နေရာ၌ ထိုအဖွဲ့ နေရာယူ၏။ သပိတ်မှောက် ရေနံအလုပ်သမားအဖွဲ့အား ... ပေါ်ရှိ ရပ်ကွက်အသီးသီးမှ မနက်၊ ... ထမင်းထုပ်များဖြင့် ကျွေးမွေး၏။ အချို့... မီ မော်တော်ယာဉ်များဖြင့်ပို့၏။ သပိတ်မှောက်ဝန်ထမ်းအင်အားက (၁၂၀၀) ... ခန့်ရှိ၍ ရပ်ကွက်အသီးသီးမှပို့လာသည့် ထမင်းထုပ်က (၁၀၀၀) ဖြစ်နေလျှင် ... အပ်သော လူ (၂၀၀) အတွက် ရင်ပြင်ပေါ်ရှိ ချက်ပြုတ်ရေးအဖွဲ့မှ တာဝန်... ကျွေးမွေးရ၏။ လိုအပ်သည့် ဆန်၊ ... ဆား၊ ငရုတ်၊ ကြက်သွန်နှင့် အစစအရာ... ရာ အားလုံးကို မြို့မဈေးကြီးရှိ ဈေးသ... ဈေးသား အားလုံးမှ လိုလေသေး... ထောက်ပံ့ပေးနေကြ၏။ သပိတ်စခန်း... မြန်မာ့ရေနံဝန်ထမ်းများအပြင် မြို့ပေါ်... ဆေးလိပ်ခုံ၊ ရက်ကန်းနှင့် အခြား ပုဂ္ဂ... ကလုပ်ငန်းများမှ အလုပ်သမား အစု... ဝေးများစွာလည်း ရောနှောပါဝင်လာ... တော့၏။

ရပ်ကွက်အသီးသီးမှ ပေးပို့သော... အချို့သော ထမင်းထုပ်များတွင် (၁... တန်၊ (၅) ကျပ်တန် ငွေစက္ကူများအပြ... ရေးထားသော စာတိုလေးများလည်း ... ၏။ 'မောင်ကြီး အားမလျှော့နဲ့၊ တော... ထား'၊ 'အနာခံမှအသာစံရမည်'၊ 'အေ... တော်ပုံအောင်ပါစေ'၊ 'ဒို့အရေး ဒို့အရေး... ပြီးမှ အချစ်ရေးဆွေးနွေးမယ်နော်' ... သော ကြည်နူးဖွယ်၊ အားတက်ဖွယ်... ဂုဏ်ယူဝမ်းမြောက်ဖွယ်စာကြောင်းလေး... များ ဖြစ်၏။ ထမင်းထုပ် ဝေတိုင်း ... တိုင်း ငွေပါသော၊ စာတိုကလေးများ... သော ထမင်းထုပ်များကို ကိုဦး ဘယ်... တော့မှ မရ။ ရင်ပြင်ပေါ်၌ အရေးပေါ်... ချက်ရသည့် ပျော့မနပ်ထမင်းကိုသာစား... ခဲ့ရ၏။ သို့သော် တက်ကြွ စည်းလုံး... သောအလုပ်သမားတွေကြား၌ သူပျော်... ပါ၏။

လုပ်ငန်းခွင်၌ စာအုပ်ဖတ်မိ၍... ဘုရားရှိခိုးနေ၍၊ ပုတီးစိပ်နေ၍၊ ... လျောင်းမိနေ၍ အမှတ်မထင်တွေ့မိ... အလုပ်ဖြုတ်ပစ်ခဲ့သော အရာရှိဆိုးတ... ဦးကြောင့် ဝန်ထမ်း (၇၀) ကျော် အလု... ရပ်နားရသည်ကို လည်းကောင်း၊ ဆ... (၄)ပြည်နှင့်မလုံလောက်၍ နောက်ထ... ဆန် (၄) ပြည် တိုးပေးရန် ဟူ၍ လည်း... ကောင်း ဆန္ဒပြတောင်းဆိုနေသော ... လုပ်သားများထု၏လိုအပ်ချက်ကား ဆ... (၈)ပြည်ရရှိရေး- ဒို့အရေး. . .ဒို့အရေး



www.burmeseclassic.com

www.burmeseclassic.com

တ်ထားသည့်အလုပ်သမားများ ပြန်ည့်ခန့်ထားရေး- ဒို့အရေး. . . ဒို့အရေး ဟူသော ပူဆာမှုများသာ ဖြစ်ပါ ပူပူဆူဆူ လုပ်နေကြသည် မဟုတ် သို့သော် အစိုးရဝန်ထမ်းများ၏ ဆန္ဒပြ တောင်းဆိုပွဲတွင် ပုဂ္ဂလိကလုပ်ငန်းမှဝန်ထမ်းများ ရောနှောပါဝင်လာ သည့်အတွက် စိတ်အနှောင့်အယှက်ဖြစ် ရာနှင့်ကြုံရသည်ဟု သပိတ်မှောက်ခေါင်းဆောင်တစ်ဦးမှ ပြောပြ၏။

မနက်ပိုင်း ထမင်းထုပ်ဝေချိန်နှင့် ညနေစောင်း ထမင်းထုပ်ဝေချိန်များတွင် နာမဥ္ဇူ ရင်ပြင်တော်ပေါ်၌ လူအင်အားပြည့်လျှံနေသလောက် ထမင်းထုပ်ပြီးသည်နှင့် အလုပ်သမားများ လျော့သွားသည်ကို သတိမူမိသဖြင့် ကိုဦး အနီးရှိ အင်ဂျင်နီယာဌာနမှ ဦးစိမ်းနောင်ကို မေးကြည့်မိ၏။

"ဒီလိုကွ- တချို့ အလုပ်သမားတွေကသပိတ်စခန်းကိုလာတယ်၊ ထမင်းထုပ်ယူပြီးတာနဲ့ အလုပ်သွားဆင်းတယ်။ တို့ဌာနက လူကြီးတွေက အလုပ်မဆင်းတာကို ဆင်းချင်လာအောင် စားရာအကောင်းစားတွေ ပို့တယ်။ အိတ် ငွေထည့်ပေးတယ်ကွာ။ ကားနဲ့ဝေးနေရင် လိုက်ပို့ပေးတယ်ကွာ။ သပိတ်မှောက်အောင် စည်းရုံးတာပေါ့ကွာ။ နှစ်သီးစားအလုပ်သမားတွေက အဲ ခွတုပ်နေကြတာ"

"ဟာ- ကောင်းရော့ဗျာ"

ဒီလောက်သာ ကိုဦး ပြောနိုင်တော့၏။ခေါင်းဆောင်များဖြစ်ကြသော စာရေးကြီး ဦးသော်ဝင့်၊ ရဲဘော်ဘဒင်နှင့် သုံး, လေးဦးအား ဆွေးနွေးရန် ဆိုင်ရာမှ ဧည့်ရိပ်သာ(၁၇)သို့ ခေါ် ဆန္ဒပြအဖွဲ့မှခေါင်းဆောင်များအား ပို့လျှင် ဘယ်လိုလုပ်မလဲ ဟူ၍ မေး ဆုတ်၏။ 'ညဥ့် (၁၂) နာရီထိုးလို့မှ တို့ခေါင်းဆောင်တွေပြန်မရောက် လုပ်ချင်ရာလုပ်ပါ' ဟူသော ကတိ ကို လာခေါ်သူများမှ ပြော၏။ မှတ်မိသည်က မြို့နယ်ပြည်သူ ကောင်စီဥက္ကဋ္ဌ ဆရာဦးနေဝင်းနှင့် တိုင်း သူကောင်စီ အလုပ်အမှုဆောင်အ ဦးမောင်ကို (မြန်မာ့ရေနံတူးဖော် နှင့်စက်ရုံဆောက်) တို့နှစ်ဦးပင် ဖြစ်

❂

"ထောက်လှမ်းရေး ဗိုလ်မှူးက တယ်။ ကျွန်တော့်အိတ်ထဲမှာ ငွေ ) ရှိတယ်တဲ့၊ ခင်ဗျားတို့ အလုပ်သမားခေါင်းဆောင် (၅) ယောက်က တစ်ယောက်ကို (၁၀)ပေးပါလို့ တောင်းနေရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ ပြောကြပါဦးလို့ မေးတယ်ဗျာ။ သဘောကတော့ ကျွန်တော်တို့တောင်းဆိုတာတွေကို မပေးနိုင်ဘူးလို့ ငြင်းတာနဲ့အတူတူပဲ။ နောက်ပြီး ထပ်ပြောတယ်. . .

တာဝန်ရှိသူများနှင့် သွားရောက်ဆွေးနွေးပြီး သပိတ်စခန်းသို့ ပြန်လည်ရောက်ရှိလာသောအဖွဲ့မှ စာရေးကြီး ဦးသော်ဝင့်မှ ပြန်လည်ရှင်းပြနေခြင်းဖြစ်၏။ သူက စကားကိုခဏဖြတ်၍ မျက်မှန်အထက်မှဝင့်ပြီး အလုပ်သမားထုကို ဝေ့ကြည့်လိုက်၏။

"နောက်ပြီး ထပ်ပြောတယ်၊ ကျွန်တော်တို့ဆွေးနွေးချက်ကို လက်မခံဘဲ ဆက်ပြီး ဆန္ဒပြသပိတ်မှောက်နေဦးမယ် ဆိုရင် ညဥ့် (၁၂) နာရီကျော်တာနဲ့ မာ ရှယ်လော. . .

ဦးသော်ဝင့်ရှင်းပြနေသည့်စကားက ဆုံးသေးဟန်မတူ၊ 'မာရှယ်လော' ဟူသောစကားကို ကြားလိုက်သည်နှင့် တချို့မှာ မြောက်ဘက် ဝဲပုံကျောင်းဘက်သို့ လည်းကောင်း၊ တောင်ဘက် ဈေးကြီးရှေ့ရှိ လမ်းမဘက်သို့ လည်းကောင်း၊ အနောက်ဘက် ဈေးလမ်းကြားဘက်သို့ လည်းကောင်း သံစကာတံခါးများ သော့ခတ်ထားသည့်ကြားမှ အပေါ်မှကျော်လွှား၍ ခုန်ချရှောင်တိမ်းသွားကြတော့၏။ ဘယ်လိုမှစုစည်း၍ မရတော့ဘဲ ဆန္ဒပြသပိတ်အဖွဲ့မှာ အလိုအလျောက် ပြိုကွဲ၍သွားလေတော့၏။

'အရေးရှိရင် မျှော်မရှုပ်နဲ့ ကျုပ်ပြေးပေါက်ပိတ်လိမ့်မယ်' ဟူသော ရောင်တော်ပြန်တွေကြောင့် တစ်မြို့နယ်လုံးက အင်တိုက်အားတိုက် ပံ့ပိုးကူညီခဲ့သော ၁၉၇၄ ခုနှစ်၊ ဆန်သပိတ်အရေးအခင်း ပျက်ယွင်း နောက်ဆုတ်ခဲ့ရ၏။

အတိတ်မြေကမ္ဘာမှ စိတ်ခြေရာတွေ ခရီးနှင်၊ ပစ္စုပ္ပန်ရင်ခွင်သို့ပြန်လည်ဝင်ရောက်မိချိန်၌ ခပ်မိုက်မိုက်စတိုင်နှင့် လက်နှစ်ဖက်ခါးထောက်ပြီး သူ့ကိုစိုက်ကြည့်နေသော ဇနီးဖြစ်သူကို ကိုဦး မြင်လိုက်ရ၏။

"ဩော်-တော်က ဒီမှာ ဘာလုပ်နေတာလဲ၊ လိုက်မသွားဘူးလား"

"ငါ. . . ငါ. . ငါပြော. . "

"ငါတွေ ဘာတွေ လာပြောမနေနဲ့၊ လာ- တော်နဲ့ကျုပ် အိမ်ကျမှ စာရင်းရှင်းမယ်"

လှသလောက် ဒေါသကြီးတတ်သော ခင်သန်းငွေးနောက်ကို ခေါင်းငိုက်စိုက်ဖြင့် လိုက်ပါသွားသော ကိုဦးကို ကြည့်ပြီး ကိုဖိုးထူးက တိုးတိုးလေး ရေရွတ်လိုက်၏။

"အငယ်လေးကိုမှ ယူထားချင်တဲ့လူ၊ ဆူဆူပူပူလုပ်တာလေးတော့ ခံလိုက်ဦးပေါ့ကွယ်"

ဟူ၍ ဖြစ်၏။

❂

"ကဲ-ခင်ဗျားတို့ကို ကျုပ် လိုရင်းပဲပြောမယ်။ ရေနံမြေတစ်ခုလုံးနီးနီး ရုပ်ဒေါင်း ဖြစ်နေပြီ။ စက်တွေ မခုတ်နိုင်တော့ဘူး။ ရေနံလိုင်း လက်တံလိုင်းတွေ (၄)လက်မလိုင်း၊ (၁၀)လက်မ ရေနံပင်မလိုင်းတွေကို ဖောက်နေ၊ ဖြတ်နေတာလည်း ခင်ဗျားတို့အသိပဲ။ (၁၀) ရေနံလိုင်းဆိုရင် ဝါးတစ်ပြန် တစ်ဖွဲ့နှုန်းလောက် ဝင်ပြီး ဖျက်ဆီးနေ၊ ရေနံတွေဖောက်ယူနေတယ်။ သံကန်တန်းတွေဆိုရင်လည်း ရေနံအဝင်မရှိတော့ဘူး။ ရှိပြီးသား၊ ထည့်ပြီးသားတွေကို ဘာမှမဖြစ်အောင် ဝိုင်းထိန်းနေရတယ်။ ကျုပ်တို့ဌာနက ရေနံမြေလုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရတဲ့အဖွဲ့ ဆိုတာ အားလုံးနားလည်ပြီးသား။ ဘယ်အလုပ်သမားတွေ သပိတ်စခန်းသွားသွား၊ ခင်ဗျားတို့သွားစရာမလိုဘူး။ ကိုယ့်မူလတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ။ တစ်နိုင်ငံလုံး အုပ်ချုပ်ရေး ဖရိုဖရဲလို ဖြစ်နေပြီ။ သတိထားရမယ့်အချိန်ရောက်နေပြီ။ ကိုယ့်စည်းကိုလုံပါစေ။ လက်နက်၊ ကျည်ဆန်တွေကို လုံခြုံရေးအရ သိမ်းလိုက်ပြီ။ စည်းရုံးရေးအား၊ အတွေ့အကြုံအားပေါင်းပြီး အကောင်းဆုံးဖြစ်အောင်လုပ်ပေးပါ။ ခင်ဗျားတို့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုမှာပါ"

ဌာနမှူးဗိုလ်ကြီးက ရှည်လျားစွာရှင်းပြပြီး ရုံးခန်းထဲဝင်သွား၏။ သူရှင်းပြခဲ့သည့်အတိုင်းလည်း မှန်နေ၏။ ရေနံမြေတစ်ခုလုံး တူးဆွ ဖြတ်၊ ဖောက်၊ ဖျက်ဆီးခံနေရသည်မှာ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ် ရေနံမြေတစ်ခုလုံးမြေလှန်ခဲ့သည်ထက်ပင် ပိုပေဦးမည်။ အပျက်အစီးက များနေ၏။ တရားဥပဒေစိုးမိုးရေး မရှိတော့။ ရေနံမြေဝန်ထမ်းအချို့ကလည်း သပိတ်စခန်း (လည်ပေါ်တန်ဆောင်း) သို့ သွားသူကသွား၏။ အလုပ်ဆင်းသူက ဆင်း၏။

အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံတွေလည်း နီးကြားတက်ကြွသော စည်းလုံးညီညွတ်ကြသည့် တော်လှန်ရေးလှိုင်းအရှိန်အဟုန်ကြောင့် ယိုင်နဲ့ကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

အာဏာရှင်စနစ်တွေ ကျဆုံးကုန်ကြပြီ။ တစ်ပါတီစနစ်ဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မ. ဆ. လ) သည်လည်း မထနိုင်စတမ်း လဲပြိုအဆုံးသတ်ကိစ္စပြတ်ရချေတော့မည်။ တော်လှန်သော၊ မှန်ကန်တက်ကြွသော ပြည်သူလူထု၏ရှေ့ရှုရှိုးတက်ရာလမ်းကြောင်းကား ဖြောင့်တန်းနေပေတော့၏။

သို့သော်. . .

အမှန်အကန်သမားတွေကြားထဲ အကြံအဖန်သမားတွေ ပါတတ်၏။ အလုပ်လုပ်နေသူအထဲမှာ အလုပ်ရှုပ်တတ်သူတွေ ပါတတ်၏။ ပွဲစီစဉ်သူတွေကြားထဲမှာ ပွဲလှန့်ပြီး ဖျာခင်းနေချင်သူတွေ ရောနေ၏။ ခါတော်မီ နိုင်ငံရေးသမားတွေက ပြည်သူကို လေးစားပြီး နိုင်ငံကိုချစ်တတ်သော ရိုးဖြောင့်သူတွေ မြှောင်ကပ်ပြီး တတ်ယောင်ကားနှင့် စားဖားလုပ်ရန် ကြံနေ၏။ ပုဂ္ဂိုလ်ရေးရန်ငြိုးတွေကို ရှေ့တန်းတင်၊ ဆွေစဉ်မျိုးဆက် ပဋိပက္ခကို နောက်ကြောင်းပြန် အကြံကြီးစွာဖြင့် ကမ္ဘာမီးလောင်စဉ် ဆီမီးခွက်တောက်၊ မဖြစ်လောက်သည့် တန်ခိုးပါဝါကို အကောင်းမှတ်ပြီး ခြေဖြတ်၊ လက်ဖြတ်၊ ခေါင်းဖြတ်သတ်သည့် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များ သပိတ်စခန်းအသီးသီးတွင် နေရာဝင်ယူနေကြပြီ ဖြစ်၏။ လေတိုက်သည့် ကူးတို့ဆိပ်မှ အိတ်ဖွင့်လိုက်သည့်ပမာ အရာရာထိန်းမရတော့လောက်အောင် အခြေအနေတွေက ဆိုးနေပြီ ဖြစ်၏။ ဝန်ထမ်း(၂)ဦးနှင့် ကျောင်းသား (၁) ဦး ကျဆုံးရပြီ။ ရေနံမြို့၏သပိတ်စခန်းတွင် ရေနံမြေမှ နာမည်ကြီးသူ၊ ခြေချုပ်ရှိသူများ၊ ရေနံမြေအတွင်းပစ္စည်း ဖောက်ဖျက်ကျူးလွန်တတ်သူ၊ စည်းကမ်းမဲ့သူများ နေရာယူတွင်ကျယ်နေတော့၏။ နိုင်ငံရေးတကယ်လုပ်နေကြသော ပညာတတ် ကျောင်းသားလူငယ်များ မဲနှင့်နီပါး အတူထား၍ နီပါး မဲစော်နံကြပေတော့မည်။ ဗဟိုထိန်းချုပ်မှုစနစ် ရှာမရပြီ။ တစ်တောတစ်ကြက်ဖ၊ တစ်ဒေသ တစ်စည်းကမ်း၊ ကိုယ့်ထီးနဲ့ကိုယ့်နန်း၊ ကိုယ့်လမ်းကိုကိုယ်ထွင်၊ မဆင်မခြင် ဖြစ်ချင်ရာဖြစ်နေကြတော့၏။ အခြေအနေက လေပြည်မှသည် မုန်တိုင်းဆီသို့ ဦးတည်နေပြီလားမသိနိုင်တော့။

❂

"အစ်ကိုကြီး၊ ညတာဝန်ကျတာမဟုတ်လား။ ချောင်ခိုသာအိပ်ပေတော့၊ မိုးလင်းမှထလာခဲ့။ ကျုပ်တို့ ပွဲတော်ရှိတယ်"

"အေးပါကွာ၊ အေးပါကွာ။ တာဝန်အရမို့သာ လာရတာပါ၊ မင်းတို့ကိစ္စမင်းတို့လုပ်ပါ"

ရှမ်းဘောင်းဘီတွေ ဝတ်ထားပြီး ခါး၌ ဂျင်ဂလိလက်နက်များ အစီအရီချိတ်ဆွဲထားသော လူငယ် (၅)ယောက် ကိုဦးကို လာတွေ့၏။ သူတို့အဖွဲ့က ရှာထိပ်နှင့်အနီးဆုံးရေနံတွင်းအမှတ် (---) မြေပြင်ပေါ်၌ ဖျာ (၅) ချပ်ထက်မကဆက်၍ခင်းထားပြီး အရက်ပုလင်းများ၊ စားစရာအစုံအလင်များ တင်ထား၏။ ရေနံမြေကို (ရှပ်ဒေါင်း) လုပ်ထား၍ ရေနံတွင်းက စက်မခုတ်။ မော်တာ၌တပ်ဆင်ထားသည့် ပန်ကာကြိုးများကို သက်ဆိုင်ရာမှသိမ်းဆည်းထား၏။ ကိုဦးကိုလာရောက်တွေ့ဆုံသည့်အဖွဲ့များက ဝက်ဝံပုဆိုးကို လိမ်ကျစ်၍ မော်တာကြိုးသဖွယ် အသုံးပြုတပ်ဆင်၍ ရေနံတွင်းမှ စက်ခလုတ်ကို ဖွင့်၏။ ဝက်ဝံပုဆိုးတွေကလည်း ခိုင်ခံ့လွန်းလှ၏။ မော်တာကြီးအစား အလုပ်လုပ်နေ၏။ ဝိတ်ပြားတုံးကြီးက အဆက်မပြတ်လည်နေ၍ ရေနံတွင်း မောင်းတံကငြိမ့်၏။ လော့ဝါးတွေက အထက်တက်လိုက်၊ အောက်ဆင်းလိုက်နှင့် အောက်က အိုးပုတ် (Nuts) များကို သူတို့အဖွဲ့က လျှော့ထားသဖြင့် ရေနံများ ပန်းထွက်လာကြပြီ။

မူးနေသူ၊ လူစိတ်ပျောက်နေသူအနားသို့ကပ်မိပြီး စကားပြောမိက အန္တရာယ်ရှိနိုင်သဖြင့် ထိုနေရာမှ ကိုဦး အသာရှောင်ထွက်ခဲ့၏။ ကမ်းပါးစပ်ရှိ ရေနံသံကန်တန်းရှိရာ ကုန်းမော့မော့သို့ တက်လိုက်၏။ ရေနံပေတိုင်း တစ်ယောက် ရှိ၏။ သူ့မျက်နှာကလည်း ဆီးရွက်ထက်ပင်ငယ်လိမ့်ဦးမည်။ နေတတ်ထိုင်တတ်မှ အန္တရာယ်ကင်းမည်ဖြစ်ကြောင်း သူလည်းကောင်းကောင်းသိပုံပေါ်၏။ ဂျင်ဂလိနှင့် ရှမ်းဘောင်းဘီဝတ်လူစုအနီးမှာ လူ (၃၀) အထက်မှာ ရှိမည်ထင်ရ၏။ ဝက်ဝံပုဆိုးကို မော်တာကြိုးလုပ်၍ စက်ခုတ်နေကြသည်မှာ အဆင်ပြေနေကြပုံပေါ်၏။ ပုံးကြီး၊ ပုံးငယ်တွေနှင့် အလျှို အလျှို ရွာထဲသို့သယ်ယူနေကြ၏။ ကိုဦးက တာဝန်မှူး ကင်းစခန်းသို့ အခြေအနေကိုသတင်းပို့ရန်အတွက် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်နှင့်-

'ဝုန်း' ဟူသော အသံကြီးက ဘယ်ကပေါ်ထွက်လာမှန်းမသိ၊ ကျယ်လောင်စွာ ကြားလိုက်ရ၏။ မြေကြီးတွေ တုန်ခါသွား၏။ နားတွေ ပွင့်ထွက်မတတ်။ တစ်မြို့လုံးမက (၁၀) မိုင်၊ (၁၅) မိုင်ခန့်ကပင် ကြားလောက်နိုင်မည့်အသံကြီးဖြစ်လေ၏။ တစ်သက်နှင့်တစ်ကိုယ် [illegible] လောက်ပြင်းထန်သည့် ပေါက်ကွဲသံ [illegible] မကြားဘူးမိ။

ရေနံတွင်း (---) ကို စက်ခုတ်၍ [illegible] အနိုင်အထက်ပြုမူနေကြသော မူးရူးနေ[illegible] ကြသည့် ဂျင်ဂလိကိုယ်စီနှင့် အဖွဲ့သား[illegible] များအားလုံး အပိုင်းအစ အချိုင်းချိုင်း[illegible] ဝေ့လဲပြိုရင်းက ရွာဘက်သို့ ထွက်ပြေး[illegible] ကုန်ကြပြီ။ လှမ်းအော်ခေါ်လည်း မရ[illegible] တော့-

"ဟကောင်တွေ ဘာသံကြီးလဲဟ[illegible] ဘယ်ကပစ်လို့ကြားနေရတာလဲ။ ပြော[illegible] ကြပါဦး၊ စုံစမ်းကြပါဦး"

ကိုဦးအော်သံမှလွဲ၍ မည်သည့် အသံမျှမကြားရတော့။ ရေနံမြေတစ်ခု[illegible] လုံး၊ တစ်မြို့လုံး တိတ်ဆိတ်သွားသလို ထင်ရ၏။ ငြိမ်လိုက်သမှ ငြိမ်ငြိမ်လေး ရှိနေ၏။

❂

စစ်တပ်က ပစ်ခတ်၍ ဝင်လာပြီ ဆိုပြီး 'ဝုန်း' ဆိုတဲ့အသံကြီး ကြားတတည်းက လည်ပေါ်သပိတ်စခန်းကလူတွေလည်းပြေးကြလွှားကြတာနဲ့ သပိတ်စခန်းပြိုကွဲသွားသလို မြို့ကို ညတွင်းချင်းဝင်လာမယ့်စစ်တပ်ကလည်း အဲဒီ 'ဝုန်း' ဆိုတဲ့ ပေါက်ကွဲသံကြီးကြောင့် ထူးခြားတယ် ဆိုပြီး ညတွင်းချင်းဝင်မလာခဲ့ဘဲ မနက်မှဝင်လာသတဲ့။

"ဟင်-အဲလိုဆိုရင် အဲဒီအသံကြီးက ဘယ်ကပစ်လိုက်လို့ ကြားရတာလဲ"

ဖိုးသစ်က သူ့ကို ပြုံးစိစိကြည့်ပြီး ခပ်လေးလေး ပြောလိုက်၏။

"ဒီလို အရီးရေ၊ ကျုပ်တို့ဘေးမဲ့တမောင်ချောပေါ့။ နွားကျောင်းသွားရင်း ဒလက်ပါတဲ့ ပုံးဆန်တစ်ဆန် တွေ့သတဲ့။ အဲဒီ ပုံးဆန်ကိုအိမ်မယူခဲ့ဘဲ တောထဲမှာ နွားချေးခြောက်ကို မီးရှို့ပြီး အဲဒီနွားချေးတွေအောက်မှာထားခဲ့တာတဲ့၊ မီးရှို့ထားတဲ့ နွားချေးတွေအောက်က ပုံးဆန်က ပေါက်ကွဲသွားတာပေါ့"

"ဟောဗျာ-အဲလိုလား"

"ဟုတ်တယ် အရီး၊ မောင်ချော[illegible] လည်း အဲဒီကိစ္စကြောင့် ကြောက်လန့်ပြီး စစ်ထဲဝင်သွားတယ်။ ခုဆို တပ်ကြပ်ကြီးလား၊ စီကျူဆိုလား ဖြစ်နေပြီတဲ့"

မောင်ချော မီးရှို့ခဲ့သော ပုံးဆန်ကြီးသာ မပေါက်ကွဲခဲ့လျှင် မြို့သို့ဝင်လာသည့်စစ်တပ်နှင့် လည်ပေါ်သပိတ်စခန်းတို့ မည်သို့ ထိပ်တိုက်တွေ့ကြမည်ကို ကျွန်ုပ် စိတ်ကူး၍ကြည့်နေမိတော့၏။

နွေဦးမှန်(ရေနံချောင်း)



www.burmeseclassic.com

www.burmeseclassic.com

# သံဃာ့ဂုဏ်ဖော် သုဝဏ္ဏဘုမ္မိဂါထာတော်နှင့် ဝိဇ္ဇာမယပညာ



△ တြိရတနာ-ဆရာဇေယျာလင်း

ကျွန်ုပ်သည် ဂါထာမန္တန်များ အကြောင်းကို အဘယ်ကြောင့် ဖော်ထုတ်ရေးသားနေပါသည် ဆိုသည်ကို ရှေ့ဆောင်းပါးများ၌ အတန်ပင် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် သုဝဏ္ဏဘုမ္မိအမည်ရှိသော ဂါထာတော် အကြောင်းကို ရေးသားတင်ပြမည်ဖြစ်ပြီး ဤဂါထာတော်ကို အဘယ်ကြောင့် ရေးသား တင်ပြရသည်ကိုလည်း ပြောပြလိုပါသေးသည်။ ပြောရခြင်းမှာလည်း အကြောင်းရှိ၍ ဖြစ်ပါသည်။ ထိုအကြောင်းမှာလည်း ဤမဂ္ဂဇင်းစာဖတ်ပရိသတ်အပေါင်းနှင့် အများပြည်သူတို့အတွက် အကျိုးရှိစေမည့်အကြောင်းများ ဖြစ်၍ပါတည်း။

ဂါထာမန္တန်များကို လေ့လာကြည့်လျှင် လူသိများသော ဂါထာ မန္တန်များ (ဥပမာ-သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိဂါထာ၊ သဝေမပါကိုးဂါထာ စသည်)၊ လူသိနည်းသော ဂါထာမန္တန်များ (ဥပမာ-ကုစ္ဆန္တောဂါထာများ၊ ကု စ ချက်၊ သံ စ ချက်ဂါထာများ)၊ အလွန် လူသိနည်းသော ဂါထာ မန္တန်များ (တြိသီဟောဂါထာ၊ ပြောင်းကိုးတန်ဂါထာ စသော ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာ ဂါထာမန္တန်များသည်) ဟူ၍ ရှိကြရာတွင် ဤယခု ဖော်ပြအံ့သော သုဝဏ္ဏဘုမ္မိဂါထာတော်သည် လူသိများသောဂါထာထဲတွင် ပါသည်။ သို့သော် ဤဂါထာတော်ကို ဘေးအန္တရာယ်ကင်း ဂါထာမျှလောက်သာ ဂါထာ မန္တန် စာအုပ်များတွင် ဖော်ပြထားလေ့ရှိသဖြင့် သာမန်စာဖတ်သူများအဖို့ ဩော်-အန္တရာယ်ကင်းဂါထာတစ်ပုဒ်ဟုလောက်သာ သဘောထားမိကြသည်သာ များပါသည်။ ဤနေရာတွင် ကျွန်ုပ် အလေးထား တင်ပြလိုသည်ကား ဤဂါထာတော်သည် သာမန်ဂါထာ မဟုတ်၊ ဤဂါထာတော်၏နောက်ခံသမိုင်းသည် မြန်မာ့ထေရဝါဒ ဗုဒ္ဓသာသနာ သမိုင်းနှင့် ဆက်စပ်နေသောဂါထာ၊ ဗုဒ္ဓဝင်, မဟာဝင်, ရာဇဝင်, သာသနာဝင်ဟု ရှိရာမှ သာသနာဝင် ဂါထာတစ်ပုဒ်ဟု ဆိုရမည့် ဂါထာတစ်ပုဒ်ပင်ဖြစ်ကြောင်း အပြင် 'သံဃာ့ဂုဏ်တော်ကို ပုံဖော်ပြောပြနေသောဂါထာ' ဟုပါညွှန်းဆိုလောက်သည့် ဂါထာတော်မြတ်တစ်ခု ဖြစ်သည်ဟု အလေးအနက် သိရှိနေလိုကြခြင်းကြောင့် ဤသုဝဏ္ဏဘုမ္မိဂါထာတော် အကြောင်းကို ယခု ရေးသားဖော်ထုတ်တင်ပြလိုက်ရခြင်း ဖြစ်ပါလေသည်။ ဤအကြောင်းခြင်းရာများအား အဘယ့်ကြောင့် ကျွန်ုပ် အလေးထား ရေးသားနေရပါသနည်း ဆိုသော်-

သုံးလောကတွင် အတုမရှိဆုံးဖြစ်၍ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၊ အမင်းမင်းတို့၏ပူဇော်အထူးကို ခံယူတော်မူလိုက်သော သစ္စာလေးပါးတရားတို့ကို ဖော်ထုတ်ဟောကြား ဆိုဆုံးမ၍ သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲတို့မှ လွတ်ကင်းအောင် ဆောင်ယူတော်မူသော ကျေးဇူးတော်ရှင် ဂေါတမ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် မလ္လာမင်းတို့၏ဥယျာဉ် ရဂုံသာမောအင်ကြင်းတော၌ ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် သာသနာနှစ် ၂၃၅ ခုနှစ်အကြာတွင် ပါဋလိပုတ်ပြည်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးကို အကြီးအမှူးပြုလျက် အသောကမင်းကြီး၏အထောက်အပံ့ဖြင့် တတိယသင်္ဂါယနာတင်ခဲ့သည်။ သို့- သင်္ဂါယနာတင်ပြီးနောက် သာသနာတော်ကြီး အရှည်ကြာ တည်တံ့ခိုင်မြဲ ပြန့်ပွားစေရေးကို မျှော်တွေးလျက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူသည်။ ထိုအခါ အရှင်သောဏထေရ်နှင့် ဥတ္တရထေရ်တို့ အမှူးပြုသော မထေရ်တို့သည် သီရိမဟာသောကမင်းကြီး ထီးနန်းစိုက် စိုးစံရာ သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်အရပ်သို့ သာသနာပြုရန် ကြွချီတော်မူခဲ့ကြလေသည်။

ထိုအချိန်က သုဝဏ္ဏဘုမ္မိ သထုံပြည်သည် သမုဒ္ဒရာနှင့်နီးကပ်စွာတည်ရှိနေပြီး သမုဒ္ဒရာထဲမှရေစောင့်ဘီလူးမနှင့် အပေါင်းအပါဘီလူးများသည် သမုဒ္ဒရာမှတက်၍ နန်းတွင်းအိမ်၌ ဖွားမြင်သောသားသူငယ်တို့ကို ဖမ်းယူစားသောက်လေ့၊ နှောင့်ယှက်လေ့ရှိကြသဖြင့် လူအများ ဘီလူးရန်ကို စိုးရိမ်ကြောက်လန့်နေကြသောအခါ ဖြစ်လေသည်။ ထိုကာလမျိုး၌ အရှင်သောဏနှင့် ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘုမ္မိအရပ် သထုံပြည်သို့ ရောက်ရှိသွားကြသောအခါ မိဖုရားကြီး၌ သားဖွားနေသောကာလ ဖြစ်နေလေသည်။ ထို့ကြောင့် ဘီလူးများ၏ရန်ကို လူအများ ကာကွယ်စောင့်ရှောက်နေကြချိန်လည်း ဖြစ်လေသည်။ ထိုစဉ် ရောက်ရှိလာကြသောမထေရ်များကို ဘီလူးတွေလားဟု ထင်မှတ်မှားကြကာ သတ်ဖြတ်ရိုက်ပုတ်ရန် လက်နက်ကိုယ်စီဖြင့် ပြေးလာ ချဉ်းကပ်ကြလေသည်။ ထိုအခါ မထေရ်မြတ်တို့က 'ငါတို့သည် သင်တို့ထင်မှတ်နေသောဘီလူးများမဟုတ်။ ငါတို့သည် သူ့အသက်ကိုလည်း မသတ်၊ သူတစ်ထူးကိုလည်း ညှဉ်းပန်းနှိပ်စက်ခြင်း မပြု။ အကျင့်သီလနှင့် သိက္ခာပုဒ်များကို စောင့်ထိန်းနေကြသည့် ရဟန်းများ ဖြစ်ကြသည်' ဟု ရှင်းလင်းဖြစ်ကြသည် ဟု ရှင်းလင်းမြွက်ကြားပြောဆိုကြ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ထိုစဉ်ခိုက်မှာပဲ သမုဒ္ဒရာရေစောင့်ဘီလူးမသည် အခြွေအရံ များစွာ (၅၀၀) ကုန်သော ဘီလူးများနှင့်တကွ သမုဒ္ဒရာမှတက်လာကြလေ၏။ ဘီလူးများကို မြင်သည်နှင့် လူအပေါင်းတို့သည်လည်း ထိတ်လန့် ကြောက်ရွံ့ကာ အော်ဟစ်ထွက်ပြေးကုန်ကြတော့သည်။

ထိုအခါ တန်ခိုးပြာဋိဟာ အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံတော်မူသောမထေရ်မြတ်ကြီးနှစ်ပါးသည် ဘီလူးတို့ထက် ခန္ဓာကိုယ်အတ္တဘော နှစ်ဆကြီးသည့် ဗြာဟ္မာဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခုပါသော မနုဿီဟပုံကို ဖန်ဆင်းလျက် ဘီလူးတို့ကို တားဆီးခြောက်လှန့် ဝိုင်းလိုက်စေရာ ဘီလူးတို့လည်း ယင်းတို့ထက် တန်ခိုးကြီးမား ကြောက်လန့်ဖွယ် မနုဿီဟကို မြင်သောခဏ ထိတ်လန့်ကြောက်ရွံ့လျက် ထွက်ပြေးကြလေသည်။ မထေရ်တို့လည်း ထိုဘီလူးတို့အား မမြင်၊ ဝေးလံရာအရပ်ထိ ထွက်ပြေးစေအောင်ပြုပြီးနောက် ထက်ဝန်းကျင်အရပ်မှ ပရိတ်တော် အရံအတားများကိုလည်းပြုခဲ့လေသည်။ ထို့နောက် စုဝေးရောက်ရှိလာကြကုန်သော သုဝဏ္ဏဘုမ္မိ လူအပေါင်းတို့အား ဗြဟ္မဇာလသုတ် တရားတော်မြတ်ကို ဟောကြားတော်မူရာ လူအပေါင်းတို့ သရဏဂုံတည်ကြပြီး ခြောက်သောင်းမျှသောလူတို့ တရားထူးများ ရရှိခဲ့ကြ၏။ ထို့အပြင် အမျိုးသား သုံးထောင့်ငါးရာ၊ အမျိုးသမီး တစ်ထောင့်ငါးရာတို့ သာသနာ့ဘောင်သို့ ဝင်ခဲ့ကြသည်။

ထိုအဖြစ်အပျက် သာကေတို့ အခြေပြုကာ ထိုနေ့၌ဖွားမြင်သော သူငယ်မင်းသားငယ်ကို အရှင်သောဏနှင့် အရှင်ဥတ္တရတို့၏ဘွဲ့မည်များကိုရည်လျက် သောဏုတ္တရမင်းသား (အရှင် သောဏ + ဥတ္တရ) ဟု အမည်မှည့်ခေါ်ခဲ့ကြလေသည်။ ထိုကာလမှစတင်၍ သုဝဏ္ဏဘုမ္မိ သထုံပြည်အဝန်း ကလေးသူငယ်များ၊ လူအများကို ဘီလူးရန်နှင့်မကောင်းမိစ္ဆာအပေါင်း၊ ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှကင်းဝေးရန် မထေရ်မြတ်နှစ်ပါးတို့ ဘီလူးရန်နှိမ်နင်းစဉ်က ဖန်ဆင်းခဲ့သော 'ဗြဟ္မာဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခု ပါဝင်သော မနုဿီဟရုပ်ပုံအား ထန်းရွက်၊ ပေရွက်၊ စလူရွက်တို့၌ ရေးဆွဲလျက် ဆောင်ထားကြလေတော့၏။ ဤအကြောင်း နောက်ခံသမိုင်းကို အခြေပြုလျက် အောက်ဖော်ပြပါ သုဝဏ္ဏဘုမ္မိဂါထာတော်မြတ် ပေါ်ပေါက်လာရပါသည်။

သုဝဏ္ဏဘုမ္မိ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ၊
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသယုံ။

**မဟိဒ္ဓိကာ**-အဘိညာဉ်တန်ခိုး အမျိုးမျိုးအဖုံဖုံနှင့် ပြည့်စုံတော်မူကြကုန်သော၊ **သောဏုတ္တရာ**- အရှင်သောဏ, အရှင်ဥတ္တရ နှစ်ဝဉ္စာန်းမော် မထေရ်ကျော်တို့သည်၊ **သုဝဏ္ဏဘုမ္မိ**- ရွှေအဆင်းပမာ အသရေလင်းဖြာ မြေအဆင်းအဝါနှင့်ပြည့်စုံသည့် သထုံပြည်သို့၊ **ဂန္တွာန**- သာသနာ့အရေးကြောင့် လာသမျှဘေးတို့ကို ကင်းဝေးစေရန် စိတ်ကြံကြည်ဖြူကြွတော်မူကုန်၍၊ **ပိသာစေ**-ရောဂါရန်စွယ် အန္တရာယ်အဝဝတို့ကို အမှန်တကယ်ပြုလုပ်တတ်သော မြေဖုတ်ဘီလူးတို့အား၊ **နိဒ္ဓမိတွာန**- အတုယူလို့မဆုံး၊ အဏာမြူပုံးမကာ အနန္တဂုဏ်မိုး ကြွဒ္ဓိပါဒ်တန်ခိုးတို့ဖြင့် ပယ်ချိုးနှင့်ထုတ်တော်မူကုန်၍၊ **ဗြဟ္မဇာလ**- အရှေ့သာသနာ အသရေဖြာအောင် အသေအချာဟောထုတ် ဗြဟ္မဇာလသုတ်တော်မြတ်ကို၊ **မဒေသယုံ**- ပီသမှန်ကန် နှုတ်သံမြွက်ဖော် ရွတ်တော်မူကြလေကုန်ပြီ။

အထက်ပါ သုဝဏ္ဏဘုမ္မိ ဂါထာတော်၏ပါဠိအနက်ကို တွဲဖက်လေ့လာကြည့်ပါလျှင် ဤဂါထာတော်သည် အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်မြတ်ကြီးနှစ်ပါးတို့ သုဝဏ္ဏဘုမ္မိသထုံပြည်သို့ သာသနာပြု ရောက်တော်မူလာကြသည့်အကြောင်း သာသနာဝင်ဖြစ်ပဉ်ကို သိရ၏။

တစ်ဖန် သုဝဏ္ဏဘုမ္မိ သထုံပြည်ကိုဒုက္ခပေးနေသော မိစ္ဆာဘီလူးတို့၏ရန်ဘေးမှ ကင်းဝေးချမ်းသာစေခဲ့ကြောင်းနှင့် ထိုသုဝဏ္ဏဘုမ္မိ သထုံပြည်မှ လူအပေါင်းတို့အား အရှင်မြတ်တို့က ဗြဟ္မဇာလသုတ်တော် တရားမြတ်အား ဟောကြားချီးမြှင့်တော်မူခဲ့ခြင်းကြောင့် လူအပေါင်းတို့ သရဏဂုံ၌တည်ခဲ့ကြ၏။ များစွာသောလူတို့ တရားထူးရခဲ့ကြ၏ ဟူသော အကြောင်းတို့ကို ပြန်ပြောင်းသတိရ အောက်မေ့ကြည်ညိုသဖြင့် ဘုရားရှင်၏တပည့်သာဝက သံဃာအရှင်မြတ်တို့၏ဂုဏ်ကျေးဇူးကို အထူးသိအပ် ကြည်ညိုလေးမြတ်ကြရပါ၏။ ထို့ကြောင့် ဤဂါထာမြတ်က ထုတ်ဖော်လှစ်ဟ ပြောပြနေသော ဤအကြောင်းအရင်းကောင်း၊ သတင်းအချက်အလက်တို့ကို အကြောင်းပြု၍ ဤဂါထာတော်မြတ်အား ကျွန်ုပ်က 'သံဃာ့ဂုဏ်ဖော် သုဝဏ္ဏဂါထာတော်' ဟု ခေါင်းပါးခေါင်းစဉ်တွင် ထည့်သွင်းပူဇော်ထားခြင်း ဖြစ်ပါလေသည်။ ထို့ကြောင့် ဤဂါထာတော်သည် သာမညဂါထာတစ်ပုဒ် မဟုတ်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ဘုရားရှင်၏ထေရဝါဒဗုဒ္ဓသာသနာတော် ရောက်ရှိလာသည့်အကြောင်း သာသနာဝင်နောက်ခံသမိုင်းနှင့် အရှင်သောဏနှင့်အရှင်ဥတ္တရမထေရ် သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်တော်ကိုလည်း ဖော်ထုတ်လှစ်ဟပြောပြနေသော ဂါထာတော်မြတ်ဖြစ်ပါသည်။ ထို့ပြင် ဤဂါထာတော်မြတ်သည် မကောင်းမိစ္ဆာ၊ ပြိတ္တာ၊ သင်းကွဲ၊ သရဲ၊ ရက္ခိုသ်၊ ဘီလူး အပေါင်း မကောင်းမှန်သမျှ ကြောက်ရွံ့ကြသော တန်ခိုးကြီးသည့် ဂါထာတော်လည်း ဖြစ်ပါသည်။ အထက်ပါ အကြောင်းခြင်းရာတို့ကို အရင်းပြုလျက် သုဝဏ္ဏဘုမ္မိ သထုံပြည်တွင် ဘီလူးရန်ကင်းဝေးစေရန် အိမ်တိုင်း၌ မထေရ်မြတ်နှစ်ပါးတို့ဖန်ဆင်းခဲ့ကြသော မနုဿီဟပုံများကို ရေးဆွဲဆောင်ထားကြလေ့ရှိခဲ့ပြီး သထုံဝန်းကျင် တောင်ကုန်း အချို့တို့၌ မနုဿီဟပုံ ကျောက်ထွင်းရုပ်များ ရှိနေခဲ့သည်ဟု ဆိုပါသည်။ ထို့အပြင် ထိုကာလမှစလျက် မြန်မာနိုင်ငံအဝန်း ဘုရားစေတီ ပုထိုးတို့တွင် မနုဿီဟပုံများ ထွင်းထုထားတတ်ကြသည်ကို တွေ့ရလေခြင်း ဖြစ်ပါသည်။

ထိုသို့ နောက်ခံသမိုင်းကြောင်းကောင်းခြင်းဖြင့် ထင်ရှားပေါ်ပေါက်လာသော ဤသံဃာ့ဂုဏ်ဖော် သုဝဏ္ဏဘုမ္မိ ဂါထာတော်၏အကျိုး တန်ခိုးသိဒ္ဓိတို့ကောင်းစွာ နားလည် ဆင်ခြင်မိသော မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်ကြီးများသည် ဤဂါထာတော်မြတ်ကို ဂါထာ မန္တန်အနေဖြင့် လည်းကောင်း၊ အင်းအစီအရင်ဖြင့် လည်းကောင်း၊ ဝိဇ္ဇာမယ သိဒ္ဓိဆေးဝါး အစီအရင်များတွင်လည်းကောင်း အမျိုးမျိုးထည့်သွင်းအသုံးပြု စီရင်ခဲ့ကြကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ဤသုဝဏ္ဏဘုမ္မိ ဂါထာတော်သည် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်၌ အသုံးကျယ်၍၊ အသုံးတွင်ကျယ်လှကြောင်း အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါပေသည်။

**ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနှင့် သုဝဏ္ဏဘုမ္မိဂါထာတော်**

**၁။ ဂါထာမန္တန်အဖြစ်အသုံး**

ဤသုဝဏ္ဏဘုမ္မိဂါထာတော်ကို



www.burmeseclassic.com

www.burmeseclassic.com

ထာမန္တန်အဖြစ် သုံးရာတွင် အထူးသဖြင့် အမှောင့်ပယောဂများအား နှိမ်နင်းရာ၌ အသုံးပြုရပါသည်။ စုန်းပူး၊ နတ်ပူး၊ အမှောင့်ပယောဂများ ပူးခြင်း, ကပ်ခြင်း, နှောင့်ယှက်ခြင်းပြုပါက ရတနာသုံးပါးအားရှိခိုးလျက် မီးအလင်းတိုင်၊ အမွှေးတိုင်များလှူပြီး ဘုရားသောက်တော်ရေကို စွန့်လျက် ဤသုဝဏ္ဏဘုမ္မိဂါထာဖြင့် (၉) အုပ်၊ (၃၇) အုပ် စုတ်ပြီး သူနာအားတိုက်ခြင်း၊ ရေမန်းဖြင့် တောက်ခြင်းပြုပါက အမှောင့်ပယောဂများ ကြောက်ရွံ့ထွက်ခွာသွားကြပါမည်။

ထို့အပြင် အိမ်တွင်း၊ ခြံဝင်းများ၌ အခြောက်အလှန့်၊ အနှောင့်အယှက်ရှိလျှင် ရေ၊ သဲတို့အား ဤသုဝဏ္ဏဘုမ္မိဂါထာတော်ဖြင့် (၁၀၈) အုပ် စုတ်ပြီး အိမ်တွင်း၊ ခြံဝင်းများ၌ ပက်၍ပေးပါက အခြောက်အလှန့် အနှောင့်အယှက်များ တင်းပျောက်ကြပါလိမ့်မည်။

ထို့ပြင် ဤဂါထာတော်မြတ်ကို နေ့၊ ညမပြတ် အမြဲဆောင်ယူရွတ်ဖွားပါက သူတစ်ထူးတို့ မကောင်းမကြံနိုင်။ စုန်း၊ နတ်ဆိုး၊ အမှောင့်ပယောဂတို့ မချဉ်းကပ်ဝံ့။ မနှောင့်ယှက်နိုင်ပါ။

**၂။ အဆောင်အစီအရင်အဖြစ် အသုံးပြုခြင်း**

အိမ်တွင်း၊ ခြံဝင်းတို့၌ အခြောက်အလှန့် ကြမ်းလွန်းခြင်း၊ အိမ်၌ ကလေးသူငယ်များ မကြာခဏ ထိတ်လန့်ခြင်း၊ ငိုခြင်း၊ ရယ်ခြင်း၊ သူတစ်ထူးတို့မကောင်းကြံစည် အတိုက်အခိုက်ရှိသည်ဟုထင်ရခြင်းတို့ ဖြစ်ခဲ့ပါက ပေရွက်၊ ထန်းရွက်၊ တွေ့၊ ကြေးပြားတို့၌ ဖော်ပြထားသည့်အတိုင်း မနုဿီဟပုံကို သုဝဏ္ဏဘုမ္မိဂါထာတော်ဖြင့်ရံလျက် ရေးဆွဲပြီး ဂါထာဖြင့်(၁၀၀၀)စုတ်၊ မတတ်နိုင်ပါက(၁၀၈)အုပ်စုတ်လျက် အိမ်လေးထောင့်၊ခြံလေးထောင့်တို့၌ ချိတ်ဆွဲထားခြင်း၊ ကပ်ထားခြင်းပြုလုပ်ပေးပါက ဘေးရန်ကင်းဝေးအေးချမ်းစေပါသည်။

**ဂန္ဓာရီ ဝိဇ္ဇာမယ အင်းပညာနှင့် သုဝဏ္ဏဘုမ္မိဂါထာ**

ဤ သုဝဏ္ဏဘုမ္မိ ဂါထာတော်ကို သာမန်အားဖြင့် အန္တရာယ်ကင်းဂါထာတစ်ခုအဖြစ်သာ အသိများကြပါသော်လည်း ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များအဖို့ကား အမျိုးမျိုးအသုံးပြုစီရင်ရသော သဗ္ဗဂုဏ်အကျိုးအမျိုးမျိုး ရရှိစေသည့် ဂါထာမန္တန်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် အင်းစမ ပညာရှင်များက အင်းအစီအရင်များအဖြစ် ဆောင်ယူအသုံးပြုကြသည်။ ဝိဇ္ဇာမယ သိဒ္ဓိဆေးအတတ်ပညာရှင်များကလည်း ယင်းတို့၏ ဆေးဝါးမှော် အစီအရင်များတွင် ထည့်သွင်းအသုံးပြုလေ့ရှိကြပါသည်။ ဦးစွာ ယခု အင်းအစီအရင်တို့အဖြစ် ပညာရှင်များအသုံးပြုပုံအချို့ကို ရွေးချယ်ကောက်နုတ်တင်ပြပါမည်။

**၁။ သုဝဏ္ဏဘုမ္မိအင်းတော်အသုံး**

ဤအင်းတော်တွင် အင်းဆန်အဖြစ် သုဝဏ္ဏဘုမ္မိဂါထာတော်ကို သုံးထားပါသည်။

| | | | | | |
|---|---|---|---|---|---|
| နွာ | ဝ | မ္မိ | ဟိ | သော | ရာ |
| ဘု | | န | တ္တ | | ဒ္ဓိ |
| သု | ဂ | ဏ္ဏာ | ကာ | မ | နု |
| ဟွ | မ | ယျံ | စေ | မိ | ဝိ |
| သ | | ဇာ | န | | နို |
| လ | ဗြ | ဒေ | ဒ္ဓ | သာ | တွာ |

အင်းဆန် ရေးသွင်းနည်းမှာ မြင်းသွားအတိုင်း (၉) ကွက်ပတ်လည် လက်ယာရစ် (အလယ်ကွက်ချန်လှပ်လျက်) ရေးသွင်းသွားရမည် ဖြစ်ပါသည်။

အင်းအဟိန်းမှာ အဆိုပါ အင်းဆန်ဂါထာဖြစ်သော သုဝဏ္ဏဘုမ္မိဂါထာဖြင့် (၁၀၈) ခေါက် စုတ်ရပါမည်။

ဤအင်း၏အသုံးကား-

(၁) စုန်းပယောဂ၊ နတ်ပယောဂ၊ အမှောင့်ပယောဂ အမျိုးမျိုးကို နိုင်လိုသော် အင်းအလယ်လေးကွက်တွင်း၌ (ဃ)လေးလုံးကို သွင်း၍ စီရင်ပါ။

(၂) လူ၊ နတ်အပေါင်းတို့ ချစ်ခင်စေရန် အနုပိယကိုလိုသော် အလယ်လေးကွက်၌ (သ) လေးလုံးသွင်း။

(၃) ဆည်မြောင်း၊ ကန်၊ ချောင်းပျက်လိုသော် အလယ်လေးကွက်၌ (စ) လေးလုံးသွင်း။

(၄) မြို့၊ ရွာ ပျက်လိုသော် အလယ်လေးကွက်၌ (က) လေးလုံးသွင်း။ (အတိုက်အင်းများ ဖြစ်သည်။)

(၅) မလိုသူထွက်သွားစေလိုသော် သူ့အဝတ်မှာ ဤအင်းကိုချ၍ အလယ်လေးကွက်တွင် (ဋ) လေးလုံးသွင်း၍စီရင်ပြီး လမ်းလေးခွမှာ မြှုပ်သော် (၉) ရက် အများဆုံးခံမည်၊ ထွက်သွားရ၏။ ဉာဏ်ရှိတိုင်းသုံး၍ရ၏။

**၂။ ပယောဂရန်နိုင် သုဝဏ္ဏဘုမ္မိအင်း**

| | | | | | |
|---|---|---|---|---|---|
| | သု | န | ဒ္ဓိ | လ | |
| သ | ဟိ | ဇာ | ဝ | သော | ကာ |
| နို | နွာ | ယျံ | မ | န | ဏ္ဏာ |
| မ | ဒေ | ဒ္ဓ | ဟွ | ပိ | ဏု |
| ဂ | စေ | ရာ | တွာ | ဘု | ဗြ |
| | မိ | မ္မိ | သာ | တ္တ | |

**သုဝဏ္ဏဘုမ္မိဝင်အင်း**

| | | | | | |
|---|---|---|---|---|---|
| | ယျံ | ဗြ | သာ | မ္မိ | |
| ဝ | စေ | ဂ | သ | န | ဝိ |
| မ | ဟွ | သု | ဘု | သော | ဒေ |
| နို | ဏ္ဏ | ရာ | နွာ | ကာ | တွာ |
| ဇ | ဟိ | ဒ္ဓ | ဏု | မ | န |
| | တ္တ | လ | ဒ္ဓိ | မိ | |

**သုဝဏ္ဏဘုမ္မိထွက်အင်း**

ဖော်ပြပါ သုဝဏ္ဏဘုမ္မိ ဝင်အင်း၊ ထွက်အင်း နှစ်မျိုးကား ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်မှာ အမျိုးမျိုးသုံးလေ့ရှိသော အင်းများပင် ဖြစ်ပါသည်။

ထိုအင်းများ၏အသုံးကား-

(၁) စုန်းပယောဂ၊ နတ်ပယောဂ၊ ပြိတ္တာ၊ သင်းကွဲ၊ သရဲ၊ သဘက်၊ ယက္ခ၊ ဘီလူးဝင်ပူး၊ ဝင်နှောက်ပြုပါက အင်း၏ထောင့်လေးထောင့်ကွက်လပ်၌ သံ၊ ဂုံ၊ ပ၊ မ ကိုသွင်းပြီး အင်းပြာချ၍တိုက်ခြင်း၊ ကြေးပြားတွင်စီရင်၍ ရေစိမ်၍တိုက်ခြင်း၊ အင်းများပေါ်တွင် ဖယောင်းတိုင်ထွန်း၍ အင်းဆန်ဂါထာဖြစ်သော သုဝဏ္ဏဘုမ္မိဂါထာတော်ကို မပြတ်ဆောင်ရွက်ပေးခြင်းများပြုလုပ်ပါက မည်သည့် အမှောင့်ပယောဂမျှ မခံနိုင်ပါ။ အမှောင့်ပယောဂအရာ၌ ရှေးဆရာများ အလွန်ချီးကျူးသော အင်းအစီအရင်တစ်ခု ဖြစ်ပေသည်။

(၂) အတိုက်အခံ အပြိုင်အဆိုင်ပေါ်ပေါက်လျှင် ဖြစ်စေ၊ ရုံးပြင်ကနားရောက်လျှင် ဖြစ်စေ၊ ကြီးသူများ, မင်းအစိုးရများနှင့် ပြောရန်ဆိုရန် ကိစ္စထူးရှိပါက အင်းလေးထောင့်တို့၌ က- ဃ- ဏ-ဋ ကြီးလေးကြီး အက္ခရာစမများကို သွင်းပါ။

(၃) အကြံအစည်အောင်လိုသော်၊



www.burmeseclassic.com

www.burmeseclassic.com

လိုရာကိစ္စ ပြီးမြောက်လိုသော် အင်းလေးထောင့်တို့၌ စ-ဓ-ဗ-ဝ အက္ခရာစမကြီးလေးလုံးကို ရေးသွင်းစီရင်ဆောင်ယူပါလေ။

(၄) ဤအင်းများကိုပါ ထောင့်ရှိကွက်လပ်လေးခုကိုဖျောက်သော် ပုဆစ်ပုံအင်းကွက်များ ဖြစ်လာ၏။ ထိုအင်းများကို အချို့ ပဌမံပညာတက်လမ်းတွင် သောက်အင်းများအဖြစ် အသုံးပြုကြကြောင်းလည်း တွေ့ရပေသည်။

(၅) ဤအင်းများကို ကြေးပြား၊ သိမ်ဝင်သပိတ်ကွဲများ၌ရေးစီရင်ပြီး အိမ်ခြံဝင်း၊ မြို့, ရွာ လေးထောင့်တို့၌ မြှုပ်နှံပါက ဘေးအပေါင်း၊ ရန်အပေါင်း၊ အန္တရာယ်အပေါင်း ဝေးစေပေသည်။ ရှေးလူကြီးများ စီရင်အသုံးပြုပေါင်းများခဲ့လေပြီ။

## ဂန္ဓာရီ ဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာနှင့် သုဝဏ္ဏဘုမ္မိဂါထာတော်

အင်းစမ ပညာရှင်များက သုဝဏ္ဏဘုမ္မိဂါထာဖြင့် စီရင်အပ်သော အင်းများကို အသုံးပြုသကဲ့သို့ ဂန္ဓာရီ ဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာရှင်များသည်လည်း ယင်းတို့၏နတ်ဆေးဝါး၊ မှော်ဝင်အစီအရင်များစွာ၌ ဤသုဝဏ္ဏဘုမ္မိအင်းများကို မကြာခဏ အသုံးပြုထည့်သွင်းစီရင်လေ့ရှိကြောင်း များစွာ တွေ့ရပါသည်။ ထိုဝိဇ္ဇာမယသိဒ္ဓိ ဆေးဝါးအစီအရင်များစွာထဲမှ ဥပမာ သာဓကအဖြစ်လည်းကောင်း၊ ဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာတို့နှင့်ပတ်သက်၍ ထိုက်သင့်သော ပညာ၊ ဗဟုသုတ ရစေရန်နှင့် ဆောင်ယူအသုံးပြုလိုပါကလည်း အသုံးချနိုင်စေရန်အလို့ငှာ ဤသုဝဏ္ဏဘုမ္မိအင်းများကို အသုံးပြု စီရင်ထားသည့် ဝိဇ္ဇာမယသိဒ္ဓိ ဆေးဝါးအစီအရင် အချို့ကို ရွေးချယ်ကောက်နုတ် ဖော်ပြလိုက်ပါသည်။

### ၁။ ဆေးညီနောင်မှော်ဆေး

ဝိဇ္ဇာမယသိဒ္ဓိ ဆေးအစီအရင်ဖြစ်သော ဤဆေးညီနောင်အမည်ရှိ ဆေးမှာ စုန်း၊ နတ် ပယောဂများကို နှိမ်နင်းနိုင်သောဆေးဝါးတစ်မျိုး ဖြစ်ပါသည်။ ဝိဇ္ဇာမယသိဒ္ဓိ ဆေးပညာရှင်တို့ လက်စွဲသုံးသော ဆေးဝါးအစီအရင်တစ်ခု ဖြစ်ပါသည်။

ဤဆေးစီရင်နည်းကား-

ဦးစွာ စုဆောင်းရယူရမည့် ဆေးအမည်များမှာ သစ်ထိပ်၊ သစ်တံခါး၊ သစ်လင်းစွဲ၊ ကျွတ်ပျံ၊ နရွဲပျံ၊ မိုးနံ့ပျံ၊ သစ်ခေါင်းခွပျံ၊ ငှက်ပျောပျံ၊ ဂမုန်းလူအရိုး၊ ဂမုန်းမြင်းသွား၊ ဂမုန်းလိပ်မသွား၊ ဂမုန်းပြာသာဒ်၊ ဂမုန်းကြက်သွေး၊ ဤဆေးများကို အမျှစီတည်၍ ဂမုန်းသုံးဆယ်ပြည့်အောင်လောင်း၊ တစ်ဆယ့်နှစ်ရာသီပန်းပေါင်း၊ နတ်ကနား ကိုးကနားမှ ပန်းပေါင်း၊ သိမ်ကိုးသိမ်မှပေါက်ပေါက်၊ တန်ခိုးကြီးဘုရားမှ ဆန်၊ ပန်း (ဘုရားပေါင်းကိုးဆူမှရယူစုဆောင်းရန်)၊ မဇ္ဈပရိတ်ရေးပြီး ထိုဆေးများနှင့်နတ်အိုးတွင်ထည့်ပြီး အကျွမ်းဖုတ်ပြီး ထိုပြာနှင့်လောင်း။ အတွင်းနတ်အိုး၊ အပြင်နတ်အိုး၊ တောနတ်အိုး ထိုသုံးမျိုးကိုလည်းလောင်း။ တစ်ဖန် နံ့သာဖြူ,နီ၊ ဒေဝတာလောင်း၊ ကရမက်၊ ကံ့ပလူ၊ ဥပသကာ၊ တွင်းနက်ကြီး၊ တွင်းနက်ငယ်၊ လင်းလေသုံးပါး၊ ဆိပ်ဖူး၊ ဆိပ်ဖလူး၊ သစ္စာပန်း၊ ပန်းနု၊ ပန်းဥ၊ စစ်တံ၊ စစ်ကြီး၊ ဘုရားတံတိုင်းမှသစ်ပင်ကြီး၊ ဂူရင်းမှာကပ်ပေါက်သည့် သစ်ပင်ကြီး၊ ရွာအနီးရှိ အထိကရ နတ်ရဲသစ်ပင်ကြီး၊ ထိုအပင်များမှအခေါက်များကို ရယူရာတွင် မိမိချက်နှင့်တိုင်းပြီး ချက်နှင့်တစ်တိုင်းတည်းနေရာမှ အထက်ကို ပင့်ခွာ၍ယူရမည်။ ထိုဆေးများ တစ်ကျပ်သားစီလောင်း။ ဆေးသား ငါးကျပ်သားလျှင် ဆေးဒန်း နှစ်ကျပ် နှစ်မတ်နှုန်းထည့်၍ကြိတ်ရမည်။ ဆေးကြိတ်သောအခါ ခံအင်းအဖြစ် ပထမ စပ္ပာနဝအင်းနှင့်ခံ၍ကြိတ်။ ထို့နောက်တစ်ဖန် သုဝဏ္ဏဘုမ္မိဝင်အင်း (အထက်တွင်ဖော်ပြခဲ့ပြီး) ကိုချ၍ ထပ်ကြိတ်။ ပြီးလျှင် သုကိတ္တိမာအင်းကိုချ၍ထပ်ကြိတ်။ ဆေးညက်လျှင် ဆေးသားတစ်ဝက်ကိုခွဲ၍ ဆေးစေတီပြုလုပ်ပါ။

ကျန်သည့်ဆေးကို စစ်တုံ ၂ ပဲ၊ ဆိပ်ဖူး၊ ပန်းဥ၊ ငရုတ်၊ လင်းလေ သုံးပါးတို့ကိုလည်း (၂) ပဲစီ၊ ဆေးဒန်းတစ်ကျပ်၊ ကန့်တစ်ပတ်လောင်းပြန်ပြီး သုဝဏ္ဏဘုမ္မိနှင့် ခံ၍ကြိတ်ပြန်။ တစ်ဖန် သုကိတ္တိမာအင်းကိုခံပြီး တွင်းရေ၊ မြစ်လယ်ရေ၊ ကန်ရေ၊ သစ်ခွရေ (သစ်ပင်ခွကြား၌တင်သောရေ) ထိုရေလေးမျိုးနှင့် ထပ်မံကြိတ်။ ပြီးလျှင် ဆေးတောင့်ပြုလုပ်၍ထားပါ။ ဆေးစေတီသည် နောင်တော်ဆေး၊ ဆေးတောင့်ကား ညီတော်ဆေး၊ ထိုဆေးနှစ်ပါးကိုရည်၍ 'ဆေးညီနောင်မှော်ဆေး' ဟု ခေါ်ခြင်း ဖြစ်သည်။ စုန်း၊ နတ်၊ အမှောင့်ပယောဂမှန်း နှိမ်နင်းနိုင်သည့်ဆေးများ ဖြစ်တော့သည်။ မှော်ဝင်လိုသော တပည့်များကိုမူကား ထိုးဆေး အမြဲထိုးစေပြီး ဆေးကို တစ်နေ့တစ်ရွေး စားစေပါက ဆေးစောင့်တစ်တစ်သက်လုံးစွဲ၍ စောင့်တော့သည်။ မှော်တန်ခိုးလည်း စွဲမြဲထက်မြက်သည်။ အမှောင့်ပယောဂ အကြမ်းအရာ၌ လိုသလိုသုံးတော့ ဟူ၏။

### ၂။ အနုလာဘ်ဝင်အစီအရင်

ဝိဇ္ဇာမယသိဒ္ဓိဆေး အတတ်ပညာဖြင့် စီရင်အပ်သော သာသနာ (၅၀၀၀) ဆေးနှင့် ဖယောင်းတိုင်ပြုလုပ်ပြီး သုဝဏ္ဏဘုမ္မိ ဝင်အင်းကိုခံ၍ မီးထွန်းရပါမည်။ ထိုသို့ မီးထွန်းစဉ်အတွင်း သူရဿတီမန္တန်နဲ့ မပြတ်ရွတ်ပါက အလိုရှိတိုင်းပြည့်စုံစေပါသည်။

ဤသည်တို့ကား သုဝဏ္ဏဘုမ္မိဂါထာကို အင်းအစီအရင်ပြုလျက် ဝိဇ္ဇာမယသိဒ္ဓိဆေးဝါးအစီအရင်များ၌ ထည့်သွင်း အသုံးပြုပုံများအနက်မှ ဥပမာသာဓကအဖြစ် ကောက်နုတ်ဖော်ပြချက်များမျှသာ ဖြစ်ပါသည်။ ဆောင်းပါးလေးအံ့စိုး၍ ဤမျှသာ အကျဉ်းကောက်နုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ စင်စစ်သိသော်ကား ဤသုဝဏ္ဏဘုမ္မိ ဂါထာတော်သည် သာမန် ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာသုံး ဂါထာတစ်ပုဒ်မျှသာမက သုဝဏ္ဏဘုမ္မိ သထုံပြန်လျှင် ရှေးကအရှင်သောဏနှင့် ဥတ္တရမထေရ်မြတ်တို့ကြွရောက်သာသနာပြုပုံ၊ လူအပေါင်းတို့ကို မိစ္ဆာဘီလူးဆိုးတို့ရန်ကြားမှ ကင်းဝေးအောင်စောင့်ရှောက်တော်မူခဲ့ကြပုံ၊ မြတ်သော ဗြဟ္မဇာလသုတ်တော်မြတ် ဒေသနာတရားကြောင့် လူအပေါင်းတို့ တရားထူးရ သရဏဂုံတည်ခဲ့ကြစေနိုင်ခဲ့သော မထေရ်မြတ် သံဃာတော်တို့၏ ဂုဏ်တော်တို့ကိုပါ သတိရ ကြည်ညိုသဒ္ဓါပွားကုသိုလ်စိတ်ဖြစ်စေသော ဂါထာတော်မြတ် ဖြစ်ပါသဖြင့် 'သံဃာ့ဂုဏ်ဖော် သုဝဏ္ဏဘုမ္မိဂါထာတော်' ဟု ဝိဂြိုဟ်ပြု၍ ဖော်ထုတ်တင်ပြလိုက်ရပါသည်။

သူတော်ကောင်းအပေါင်းတို့ နှစ်ထောင်းအားရ ဆောင်ယူ ရွတ်ပွားနိုင်ကြပါစေသော်။

*အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ*

မေတ္တာဖြင့်

ဘြိုဇာနာ-ဆရာဝေယျသင်း



www.burmeseclassic.com

www.burmeseclassic.com

# သက်လုံ

## ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ်မှတ်တမ်း (၄)



ကျွန်ုပ်သည် ဤကမ္ဘာ့လျှို့ဝှက် ဆန်းကြယ်မှတ်တမ်းကို ပြုစုရာ၌ ပါဝင် ဖော်ပြသမျှသော အတ္ထုပ္ပတ္တိများကို ကျွန်ုပ် အားလုံး သိနားလည်၍ ဖြေရှင်း နိုင်သည်ဟုမဆိုလိုချေ။ အချို့မှာ ဖြစ် ဖြစ်ရပ် ရှင်းမပြနိုင်လောက်အောင်ပင် ...ဝှက်လျက်ရှိပြီး တွေ့ရိုးတွေ့စဉ် ...တ်ဘဲ ဆန်းကြယ်သောဖြစ်ထွေ အ ...တွေ့အကြုံများကို မှတ်တမ်းတင်နေခြင်း ...သော ဖြစ်ပေသည်။ နက်နဲသော လော ...ပညာ၊ ဆန်းကြယ်သောမနောဝိညာဉ် ... အံ့သြဖွယ်သော သဘာဝလွန် ဖြစ် ...များကို လက်လှမ်းမီသမျှ ကမ္ဘာ့နိုင်ငံ ...မှဖော်ပြချက်များအားအမှီပြု၍ ပြုစု ...ကဲရှိပေရာ အချို့မှာ ကျွန်ုပ် ဉာဏ်မီ ...မှု ဖြေရှင်းနိုင်ပါသော်လည်း အချို့ ...ရပ်များ၏အဖြေများကိုမူ အချိန်ကာ ...ာသော်လည်း ဖြေရှင်းပေးလိမ့်မည်၊ ...သို့မဟုတ်ပါမူ မလျှော့သောလုံ့လဖြင့် ...ကြိုးမားလှပေသော လောကီပညာ ...တေသီတို့က ဖြေရှင်းကြပေလိမ့်မည်။ ...ပ်ကား မှတ်တမ်းတင်သူတစ်ဦးမျှ ...ဖြစ်ပေရာ အလုံးစုံကို ရှင်းလင်းပေး ... တာဝန်လည်း မရှိ၊ ဉာဏ်လည်း မမီ ... အင်္ဂလိပ်ဘာသာ ချို့တဲ့ရှာသော ...ာလောကီပညာ သုတေသီများနှင့် ...င်္လိပ်ဘာသာကို နားလည်တတ် ...ာက်သော်လည်း မဖတ်ဘူး၊ မကြား ...သေးသော ပုဂ္ဂိုလ်များအတွက် ဤ ...တမ်းများသည် အထောက်အကူဖြစ် ...နေကား ကျွန်ုပ်၏ ရိုးရင်းအာသီသ ... ဖြစ်လေတော့သတည်း။

**...တီ**

အထက်ပါခေါင်းစဉ်ကို ဖတ်လိုက် ...တို့သည် ရုတ်တရက်ကြောင်တောင် ...ာင် ဖြစ်သွားနိုင်ကြပေ၏။ သို့ရာ ... 'နှင်းလူ' ဟုဆိုလိုက်လျှင်ကား (၈၅) ...နှုန်းမျှသော စာဖတ်ပရိသတ်များ ... သဘောပေါက် ရှင်းလင်းသွားကြ ...ည်၊ ယေတီ (ခေါ်) နှင်းလူကို ကမ္ဘာ့ ...အသီးသီးမှ များစွာ စိတ်ဝင်စား လျက် ရှိကြသည်။ ကျွန်ုပ် လက်လှမ်းမီသမျှ မှတ်စု များအရ ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလထုတ် အင်္ဂလိပ် စာစောင်တစ်ခုထဲ၌ ယေတီ (ခေါ်) နှင်းလူနှင့်ပတ်သက် ၍ အောက်ပါအတိုင်း တွေ့ရ လေသည်။

နီပေါပြည်မြောက်ပိုင်း မွတ်ဇတန်း နယ်ပိုင် ရာဂျာထံပါးတွင် နှင်းလူ၏အ ရေခွံ လက်ဝယ်ရရှိနေပြီဟု နီပေါပြည် မြို့တော် ကတ်မန္ဒူရှိ သတင်းစာတစ် စောင်က ဖော်ပြလိုက်သည် ဆို၏။ ရာ ဂျာ (ဝါ) စော်ဘွား၏အဆိုအရ အရေခွံ သည် (၆)ပေမျှရှည်၍ အရောင်အဆင်း အားဖြင့် ခပ်မည်းမည်းအရောင် ရှိလေ သည်။ထိုအရေခွံကို ကတ်မန္ဒူသို့ မကြာ မီ ယူဆောင်လာမည် ဆို၏။ နှင်းလူ အသေကောင်ကိုတွေ့ရာ၌ အခြား တိရစ္ဆာန်တစ်ကောင်၏ လက်ချက်ဖြင့် သေဆုံးရခြင်းဖြစ်သည်ဟုယူဆကြသည် ဆို၏။

ထို့နောက်တွင်ကား ယေတီ၏ သတင်းဆက်မှာ ပြတ်တောက်သွားခဲ့ပြီး တစ်ဖန် ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လထုတ် ထိုစာစောင်တွင်ပင် ပြန်ပေါ်လာပြန်လေ သည်။ ဧဝရတ်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သော ဆာအက်ဒမန် ဟီလာရီသည် နှင်းလူကိုရှာဖွေရန် ဟိမ ဝန္တာသို့ တစ်ခေါက်ပြန်လည်သွားရောက် ဦးမည် ဆို၏။ သူနှင့်အဖွဲ့ဝင် (၁၄) ယောက်တို့အား ၁၉၆၀ ပြည့်နှစ်၊ စက် တင်ဘာလမှ ၁၉၆၁ ခုနှစ်၊ ဇွန်လအထိ တက်ရောက်ရှာဖွေရန် နီပေါပြည်၏ခွင့် ပြုချက်ကို ရရှိထားပြီ ဆိုလေသည်။ သူ့ အား ငွေကြေးထောက်ပံ့သူကား ကမ္ဘာ့ စွယ်စုံကျမ်းကြီးကို ပုံနှိပ်ထုတ်ဝေခဲ့သော ကုမ္ပဏီကြီးဖြစ်သည့် FIELD ENTERPRISES EDUCATIONAL CORPORATION က ကျခံ ထောက်ပံ့မည်ဖြစ်ပြီး စုစုပေါင်း ကုန်ကျမည့် ခန့်မှန်းခြေ ငွေ ပေါင်းသည် စတာလင်ပေါင် (၆၀၀၀၀) ဖြစ်၏။

ယေတီကိုသတ်ပစ်ရန်ကိုမူ နီပေါ အစိုးရကတားမြစ်သည်ဖြစ်၍ ဟီလာရီ ၏အကြံမှာ သူ၏ အထူးပြုလုပ်ဖန်တီး ထားသော သေနတ်ဖြင့်ပစ်၍ ဖမ်းဆီး ရန် ဖြစ်ပေသည်။ သူ့သေနတ်မှာ ကျည် ဆန်မထွက်ဘဲ ဆေးထိုးအပ်သာထွက် မည်ဖြစ်ပြီး ဆေးရည်တစ်မျိုးပါ ပါဝင် ထွက်သွားမည် ဆို၏။ ထိုဆေးထိုးတံ သေနတ်ဖြင့် ကိုက် (၁၀၀) အတွင်း ပစ် ခတ်ဖမ်းယူနိုင်မည်ဟုလည်းဆို၏။ ဆေး ရည်မှာ အသက်အန္တရာယ်မဖြစ်စေဘဲ အိပ်ပျော်ခြင်းမျှသာ ဖြစ်စေတတ်သည်



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလေ၏။ ဤသတင်းထွက်ပေါ်ပြီးသည့်နောက်တွင် ကမ္ဘာ့စိတ်ဝင်စားသူလူစုက နားစွင့်လျက်ကပင် ဆာဟီလာရီသည် နှင်းလူ ဖမ်းမိသည်၊ မမိသည်ကို မကြားသိရသေးပေ။ သို့သော် ဂျပန်နိုင်ငံ တိုကျိုမှ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၁)ရက်ကပေးပို့သော ကြေးနန်းသတင်းတစ်ရပ်ကို မြန်မာ့အလင်း သတင်းစာတွင် ၁၄- ၁၂- ၆၀ နေ့က ကျွန်ုပ်တို့ ဖတ်ရှုလိုက်ရပေသည်။

ထိုသတင်းအရ ဆာဟီလာရီသည် ယေတီရှာဖွေရာမှ ဝါရှင်တန်သို့ အသွား တိုကျိုတွင်ရပ်နားရင်း ၁၁-၁၂-၆၀ နေ့က ယေတီခေါ် လူတစ်ပိုင်း ဝက်ဝံတစ်ပိုင်း နှင်းလူမျိုးမှာ တကယ်တော့ မရှိပါဟု ပြောဆိုသွားသည်ဆို၏။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက် နေ့စွဲဖြင့် ပေးပို့သော ဆိုဗီယက်(ရုရှား)ပြည်ထောင်စု မော်စကိုမှ သတင်းတစ်ရပ်ကို ၂၀-၁၂-၆၀ နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုရပြန်၏။ ထိုသတင်းကား ဆိုဗီယက်သိပ္ပံပညာရှင်တစ်ဦးက ကမ္ဘာပေါ်ရှိ တောခေါင်တောင်ဖျားဒေသများတွင် နှင်းလူရှိ၏။ သို့သော် နှင်းလူသည် လူမဟုတ်ဘဲ လူဝံထက်အဆင့်အတန်းမြင့်သော သတ္တဝါတစ်မျိုးသာဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။

နှင်းလူအရေးမှာ ဤသို့ ရှုပ်ရှုပ်ထွေးထွေးနှင့်ရှိနေစဉ်ပင် ပို၍ ရှုပ်ထွေးစေသော သတင်းတစ်ရပ်ကို တွေ့မြင်၊ ကြားသိရပြန်တော့သည်။ ထိုသတင်းကား ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့စွဲဖြင့် ပေးပို့သော လန်ဒန်မြို့မှ သတင်းတစ်ရပ်ဖြစ်၍ ၂၄-၁၂-၆၀ နေ့ထုတ် ကြေးမုံသတင်းစာထဲတွင် ဖတ်ရှုရလေသည်။

ထိုသတင်းကို လိုရင်းဖော်ပြရမည်ဆိုလျှင်-

ဆာဟီလာရီသည် နှင်းလူဦးခေါင်းခွံတစ်ခုကို သိပ္ပံနည်းအရ စမ်းသပ်ရန် နယူးယောက်မြို့သို့ယူဆောင်သွားပြီး ထိုမှ လန်ဒန်မြို့သို့ ဆက်လက်ခရီးထွက်ခွာရန် စီစဉ်ခဲ့သည်ဆို၏။ ထိုသို့ စီစဉ်ရာတွင် မကြာမီ နယူးယောက်မြို့ပေါ်၌ လေထဲတွင်တိုက်မိကာ ပျက်ကျခဲ့သော လေယာဉ်ပျံနှင့် မူလက လိုက်ရန်စီစဉ်ပြီးမှမလိုက်ဖြစ်ခဲ့သဖြင့် လေယာဉ်ပျက်ရာ၌ မပါဝင်ဘဲ လွတ်မြောက်သွားခဲ့လေသည်။

ဆာဟီလာရီနှင့် လိုက်ပါလာသူ နီပေါလူမျိုးတစ်ဦးက ဤသို့ သေဘေးမှ လွတ်မြောက်ခြင်းသည် နှင်းလူဦးခေါင်းခွံကြောင့် ဖြစ်သည် ဆို၏။ သို့ရာတွင် ဆာဟီလာရီကမူ နှင်းလူ ဦးခေါင်းခွံကြောင့် မလိုက်ဖြစ်ခြင်းမဟုတ်ဘဲ လေယာဉ်ပျံထွက်ခါနီးမှ အရေးပေါ်ကိစ္စကြောင့် ခရီးစဉ်ပြောင်းလိုက်သဖြင့်သာ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်းကို လန်ဒန်ရှိ သတင်းစာဆရာများကို ရှင်းလင်းပြောပြသည် ဆို၏။ ဆာဟီလာရီ၏ စကားများကား ရှေ့ကဖုံး နောက်ကပေါ် ဖြစ်နေချေပြီ။ ဒီဇင်ဘာလ (၁၁) ရက်နေ့ကပင် တိုကျိုမြို့တွင်ရှိစဉ်က နှင်းလူ အမှန်တကယ်မရှိဟုဆိုပြီး ထိုလ (၂၂) ရက်နေ့၌ နှင်းလူဦးခေါင်းခွံလက်ဝယ်ရှိကြောင်း ပြောနေပြန်သည်။ အဘယ့်ကြောင့်နည်း။ ပထမတစ်ကြိမ် ဧဝရတ်တောင်တက်စဉ်ကပင် သေနေသော သို့မဟုတ် သတ်ပစ်ခဲ့သော နှင်းလူကို ဆာဟီလာရီ တွေ့ရှိခဲ့သလော။ တစ်နေရာရာတွင်သို့ဝှက်ပြီးမှ ကြေးငွေ ထိုက်ထိုက်တန်တန်ရရန် ဈေးဆစ်ပြီး တစ်ခေါက်ပြန်လာခြင်း ဖြစ်သလော၊ သို့တည်းမဟုတ် ကတ်မန္ဒူက သတင်းပါ ရာဂျာထံတွင်ရှိသော နှင်းလူ၏ဦးခေါင်းကိုပင် ရခဲ့လေသလော။ ထိုသို့ဆိုလျှင် အဘယ်ကြောင့် တိုကျိုတွင် လျှို့ဝှက်ထားခဲ့ရပါသနည်း။

အကြောင်းတစ်ခုကိုလည်း ထည့်သွင်း စဉ်းစားသင့်သေးသည်။ နီပေါအစိုးရက မသတ်ဖြတ်ရဟု တားမြစ်ထားသည်ကိုပင် တိတ်တဆိတ်သတ်မိခဲ့ရာက လျှို့ဝှက်ယူဆောင်လာခဲ့ရာ နောက်ဆုံး မဖုံးဖိသာမှ ပေါ်ပေါက်လာရခြင်းလည်းဖြစ်တန်ရာသည်။ တစ်နည်းအားဖြင့်လည်း သူ့အား ငွေကြေးထောက်ပံ့သူ ကော်ပိုရေးရှင်းနှင့် စာချုပ်ချုပ်ဆိုရာ၌ တစ်စုံတစ်ခုသော စည်းကမ်းချက်ကြောင့် လျှို့ဝှက်ထားရခြင်းလည်း ဖြစ်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ မူလက နှင်းလူ ရှိ၊ မရှိ ဟူသော ပြဿနာရပ်သည် ယခုအခါတွင် ဆာဟီလာရီသည် နှင်းလူကို တကယ် တွေ့၊ မတွေ့ ဟူသောပြဿနာအဖြစ်သို့ ပြောင်းလဲသွားခဲ့ချေပြီ။ ဆာဟီလာရီသည် ၁၉၆၁ ခုနှစ်၊ ဇွန်လပိုင်းအထိ ဟိမဝန္တာတောင်သို့တက်ရောက်၍ နှင်းလူကိုရှာဖွေရန် နီပေါအစိုးရက ခွင့်ပြုထားခဲ့ပေရာ ကျွန်ုပ်တို့လည်း ဆက်လက်စောင့်စား နားစွင့်နေပေရဦးမည်။ ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ်တစ်ရပ်ဖြစ်သော ယေတီ (ခေါ်) နှင်းလူ၏အတ္ထုပ္ပတ္တိနိဂုံးကို စောင့်ကြည့်ကြပါဦးစို့။

**သူ့ဆုတောင်း**

ကျွန်ုပ်တို့၏စိတ်ဓာတ်သည် လွန်
စွာမှ တန်ခိုးရှိသည်ကို သက်ဝင်ယုံကြည်
သူကား ရှားပါးလှသည်ဟုပင် ဆိုရပေ
မည်။ ကျွန်ုပ်တို့သည် လွန်ခဲ့သောအဖြစ်
အပျက်များကို မှတ်သားထားနိုင်သလို
ရှေ့တွင်ဖြစ်ပျက်မည်များကိုလည်း သိ
တန်သလောက် သိရှိထားနိုင်ပုံရလေ
သည်။ ထိုသို့သော ကြိုတင်သိမြင်မှုများ
ကို အာရုံနိမိတ်အဖြစ် လည်းကောင်း
အိပ်မက်နိမိတ်အဖြစ်လည်းကောင်း တစ်
စွန်းတစ်စ သိရှိခွင့်ရလေ့ရှိကြပေသည်။

အထက်ဖော်ပြပါ အချက်နှင့်ရပ်
အနက် အာရုံနိမိတ်နှင့်ပတ်သက်၍ ဘိ
ထရစ် တေ ရပ်ဆယ်(လ်) ဆိုသူ အမျိုး
သမီးကိုယ်တိုင် ရေးသားထားသော သူ
၏ကိုယ်တွေ့ဖြစ်ရပ်ကို သင့်လျော်သလို
ထုတ်နုတ်ယူငင်၍ ဘာသာပြန်ဆိုပြခြင်း
ဖြင့် ကျွန်ုပ်၏ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ်
မှတ်တမ်းအတွက် တစ်ကဏ္ဍ ဖြစ်ပါစေ
သတည်း။ ဘိထရစ်သည် အသက် (၂...)
နှစ်အရွယ်ကပင် သူ၏စိတ်သည် တန်ခိုး
ရှိသည်ကို သံသယကင်းရှင်းစွာ သိရှိခဲ့
လေသည်။ ယခုအခါတွင် သူ မြင်တွေ့
သော အာရုံနိမိတ်များမှာ မှုန်ရီမှုန်ဝါး
မဟုတ်ဘဲ တိကျပြတ်သားလှလေသည်။
ထိုအမြင်များကို ညအိပ်ရာဝင်ခါနီး အ
ချိန်မျိုးတွင် မြင်ရလေ့ရှိလေ၏။

အက်ဆက်နယ် ဟောကဝဲအရပ်
တွင်နေစဉ်တုန်းက ဤဖော်ပြလတ္တံ့
သော အာရုံနိမိတ်ကို သူတွေ့ရှိခဲ့ရခြင်း
ဖြစ်လေသည်။ ညအိပ်ရာဝင်၍ အခန်း
မီးများပိတ်လိုက်သောအခါတွင် အခန်း
နံရံ၌အလင်းရောင်ပေါ်လာပြီး တဖြည်း
ဖြည်း နံရံတစ်ခုလုံး ပျံ့နှံ့သွားလေတော့
သည်။ ထိုအလင်းရောင်ထဲတွင် ရုပ်ရှင်
များပြသကဲ့သို့ သူကိုယ်သူပြန်၍ မြင်ရ
သည် ဆို၏။ သူသည် အသက် (၂၂)နှစ်
အရွယ်ရှိ သမီးကလေး ပယ်(လ်)မလာ
၏ခုတင်ဘေးတွင် ထိုင်လျက်ရှိနေသည်
ကို တွေ့ရလေ၏။ ပယ်(လ်)မလာမှာ အ
တော်ပင် နာမကျန်းဖြစ်နေဟန်ရှိသည်။
တစ်မိနစ်၊ နှစ်မိနစ်လောက်အကြာတွင်
ထိုကဏ္ဍတစ်ခုလုံး ပျောက်ကွယ်သွားပြီး
တစ်ဖန် အလင်းရောင်ပေါ်လာပြန်တော့
ဒုတိယအခန်း ဆက်လက် ပြသပြန်လေ
တော့သည်။ ဤအကြိမ်တွင် သမီးလေး
မှာမပါရှိတော့ဘဲ သူ့ကိုယ်သူသာလျှင်



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်၌ မှောက်လျက်ငိုနေသည်ကို တွေ့ရ၏။

ထိုအခန်းလည်း ခဏနှင့်ပင် ပျောက်ကွယ်သွားကာ တတိယအခန်း ပေါ်လာပြန်သည် ဆို၏။ သူကိုယ်သူ ခုတင်ဘေးတွင် ဒူးထောက်၍ ဘုရားသခင်ထံတွင် ဆုတောင်းနေဟန်ကို တွေ့ရပြီး ပျောက်ကွယ်သွားလေတော့၏။ ရှေးယခင်က အတွေ့အကြုံများတွင် ဤကဲ့သို့ ကြိုတင်သိမြင်ခြင်းများသည် လွဲမှားခဲ့သည်ဟုမရှိခဲ့ဘဲ ခုနစ်ရက်အတွင်းတွင်ပင် အပြင်လောက၌ ဖြစ်ပျက်ခဲ့ကြသည်ချည်း ဖြစ်၏။ သို့ဖြစ်သောကြောင့် ဘိထရစ်မှာ သမီးဖြစ်သူ ပယ်(လ်)မလာအတွက် များစွာ စိတ်ပူပန်သောကရောက်လျက်ရှိနေတော့သည်။ ဤနယ်သို့ ပြောင်းလာခါစဖြစ်၍ ဆရာဝန်မတစ်ဦးကလွဲပြီး အခြား အသိအကျွမ်းမရှိသည်ဖြစ်သောကြောင့် ထိုဆရာဝန်မ ဒေါက်တာ ရက်ကလစ်ကို အကျိုးအကြောင်းပြောပြသော်လည်း ဆရာဝန်မသည် စိတ်ဝင်စားပုံ မရှိချေ။ ဘိထရစ်က (၇)ရက်စေ့ရောက်သော သောကြာနေ့တွင် ဒေါက်တာကို မုချခေါ်ရမည်ဟု ဝင်ပြောခဲ့သေး၏။ ဆရာဝန်မကမူကား ခပ်အေးအေးပင်၊ ထိုသောကြာနေ့ကျော်လွန်လျှင် သူ့ထံလာ၍ အာရုံကြောအား ထုံဆေးယူစားရန်သာ ပြောဆိုလိုက်၏။

အဆိုပါ သောကြာနေ့တွင်ပင် ညချမ်းပွဲတစ်ခုရှိ၍ သူတို့သားအမိသွားရောက်ကြပြီး အနောက်နိုင်ငံများ၏ ထိုပွဲမျိုးများ၌ ရှိလေ့ရှိထဖြစ်သော လက္ခဏာဆရာမ၏ ဟောခန်းသို့ဝင်၍ပင် လက္ခဏာကြည့်သေးရာ လက္ခဏာဆရာမက ဘိထရစ်အား 'ရှင်ချစ်တဲ့သူတစ်ယောက်ဟာ ဒုက္ခရောက်စရာရှိတယ်၊ ဒီတော့ အို-နောက်ဆုံး ကောင်းသွားမှာပဲလို့ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းအားပေးပြီး ဆုတောင်း. . ဆုတောင်း၊ အတ်နိုင်တာဆိုလို့ ဒါပဲရှိတော့တယ်' ဟု ပြောလိုက်လေသည်။ သူ လက္ခဏာဆရာမ၏ဟောခန်းမှထွက်၍ သမီးထံသွားသောအခါ သမီးမှာ သူငယ်ချင်းများနှင့် ရေခဲမုန့်စားနေကြသည်ကို တွေ့ရလေသည်။

သူတို့ သားအမိနှစ်ယောက် ထိုနေရာ၌ အတန်ကြာနေပြီး နေဝင်ချိန်လောက်တွင် အိမ်သို့ပြန်လာခဲ့ကြလေသည်။ အိမ်သို့ရောက်သောအခါ ပယ်(လ်)မလာသည် ကျောင်းသင်ခန်းစာများကို မှတ်ကျက်ရေးမှတ်ပြီးသော် ဘိထရစ်နှင့်အတူ ညစာစားပြီး အိပ်ရာဝင်ကြလေ၏။ ဘိထရစ်သည် အိမ်ဖော်မလေးကို အိပ်ခိုင်းလိုက်ပြီး သူကိုယ်တိုင်မှာမူကား ညဥ့်သန်းခေါင်တိုင်အောင် ထိုင်စောင့်မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ပယ်(လ်)မလာ၏အိပ်ခန်းတွင်းသို့ အသာဝင်ရောက်သွားလိုသောဆန္ဒကို ချိုးနှိမ်ပြီး သန်းခေါင် မြန်မြန်ကျော်စေရန်သာ တောင့်တလျက်ရှိလေတော့သည်။ ည(၁၀)နာရီတွင် သူသည် နာရီကိုကြည့်လျက်ပင် ရှိချေသေး၏။ (၁၁) နာရီထိုးသောအခါ စိတ်သက်သာရာရလာလေသည်။ တစ်စုံတစ်ရာမဖြစ်တန်တော့ဟု တွေးမိ၏။ (၁၁) နာရီ (၁၅) မိနစ်တွင်မူကား ဘိထရစ်သည် အိပ်ငိုက်၍ ပင်လာလေတော့သည်။

(၁၁) နာရီ (၂၀)တွင်ကား စူးရှသောအော်သံကို ကြားလိုက်ရသဖြင့် ပယ်(လ်)မလာ၏အိပ်ခန်းရှိရာ အိမ်ပေါ်ထပ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားမိလေတော့သည်။ သမီးကလေးသည် သူ့ကိုကြောက်လန့်သည့်အသွင်ဖြင့် စိမ်းစိမ်းကြီး စိုက်ကြည့်ကာ ဘယ်သူလဲ၊ သွားသွားဟု အက်ကွဲသောအသံဖြင့် နှင်ထုတ်လေတော့၏။

"သမီးရယ်၊ မေမေလေ"

ပယ်(လ်)မလာသည် မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်၍ ငိုရှိုက်လေ၏။

"သမီး အိပ်မက် မက်နေတာပါ သမီးရယ်"

ဘိထရစ်သည် ကြိုးစား၍ အသံကို တည်ငြိမ်အောင်ထားပြီး ပြောလိုက်သောအခါ ပယ်(လ်)မလာသည် မော်ကြည့်လိုက်သော်လည်း သူ့ကို မှတ်မိပုံမပေါ်သေးချေ။ ပယ်(လ်)မလာ၏ပါးပြင်ကလေးများမှာနီရဲနေပြီး ကိုယ်ခန္ဓာသည်လည်း တုန်ယင်နေသည်ကို တွေ့လိုက်မှ သတိရပြီး ပြဒါးတိုင်နှင့် အဖျားကိုတိုင်းကြည့်လိုက်မိလေသည်။ ပယ်(လ်)မလာ၏အပူရှိန်မှာ (၁၀၄) ဒသမ (၅) ရှိလေ၏။ အိမ်ဖော်မလေးကိုနှိုး၍ ဆရာဝန်မထံ တယ်လီဖုန်းဆက်၍ ခေါ်ခိုင်းရတော့၏။ ဆရာဝန်မသည် ရောက်လျှင်ရောက်ချင်းပင် ဘိထရစ်၏ ကြိုတင် ပြောဆိုချက်များကို မထီမဲ့မြင်ပြုမိခြင်းအတွက် တောင်းပန်စကား ဆိုရှာ၏။ ဆရာဝန်မရောက်လာသောအခါ ပယ်(လ်)မလာ၏အပူချိန်မှာ (၁၀၅) ပင် ရှိနေချေပြီ။

ဆရာဝန်မ၏ ညွှန်ကြားချက်ဖြင့် ပယ်(လ်)မလာကို ဆေးရုံတင်လိုက်ရ၏။ တစ်ပတ်လုံးလုံးပင် ဘိထရစ်သည် ဆေးရုံ၌အချိန်ကုန်၍ ညကျမှပင် အိမ်သို့ပြန်ပြန်လာရ၏။ ပယ်(လ်)မလာ၏ ရောဂါဝေဒနာကား ထူးခြားမလာချေ။ ဘိထရစ်သည် အားမလိုအားမရဖြစ်ပြီး ဆရာဝန်မကို ပယ်(လ်)မလာ၏ ရောဂါဇာစ်မြစ်အကြောင်း အမှန်အတိုင်းပြောပြရန် အတင်းအကြပ် မေးမြန်းလေတော့၏။ ဆရာဝန်မကား မျက်နှာပျက်သွား၏။

"ကျွန်မနဲ့ ဒေါက်တာကင်းဘဲ(လ်)ဟာ ဒီရောဂါနဲ့ပတ်သက်ပြီး သဘောကွဲလွဲနေကြတယ်ရှင့်။ ကျွန်မရဲ့အယူအဆကတော့ သူ့ရောဂါဟာ ကျောက်ကပ်ရောဂါပဲ။ ဒီရောဂါမျိုး ကျွန်မတော့ နှစ်ကြိမ်တွေ့ဖူးတယ်"

"ဆက်ပါဦး ဒေါက်တာ"

"တစ်ယောက်က သေတယ်၊ တစ်ယောက်ကတော့ တစ်သက်လုံး မစွမ်းမသန်ဖြစ်သွားတယ်"

ဘိထရစ်သည် ဘာတစ်ခွန်းမှပြန်မပြောတော့ဘဲ အိမ်သို့ပြန်ပြေးကာ အခန်းတံခါးပိတ်၍ အိပ်ရာပေါ်၌ မှောက်လျက်ငိုလေတော့၏။ သေရင်သေ၊ မသေရင် မစွမ်းမသန်ဖြစ်ရမယ် ဟူသည်ကို ထပ်တလဲလဲ တွေးနေမိသည်။ ဘိထရစ်သည် ဖြုန်းခနဲ သူ့အာရုံနိမိတ်ကို သတိရလာလေတော့၏။ ယခု ကြုံနေရသော အဖြစ်သည် သူ့အာရုံဒုတိယပိုင်းပင် ဖြစ်သည် မဟုတ်လော။ တစ်ချိန်တည်းလိုလိုပင် လက္ခဏာဆရာမ၏ သတိပေးသံသည် နားထဲ၌ပြန်လည်၍ကြားယောင်လာလေသည်။

'ဆုတောင်း. . . ဆုတောင်း၊ ဒါပဲရှိတယ်'

ချက်ချင်းပင် သူသည် ခုတင်ဘေးနားတွင် ဒူးထောက်၍ ဆုတောင်းလေတော့သည်။ ထို့နောက် ဆေးရုံသို့သွား၍ ပယ်(လ်)မလာထံ ရောက်သောအခါ၌ ပယ်(လ်)မလာ၏အဖျားသွေးမှာ ကျအင်းသွားပြီဖြစ်လျက် မျက်လုံးများသည်လည်း ကောင်းမွန် ကြည်လင်နေပြီကို တွေ့ရလေတော့သည်။ ဘိထရစ်သည် ဤအကျိုးအကြောင်းကို ပြန်လည်ဖော်ပြသော ၁၉၅၈ ခုနှစ်ဝယ် ပယ်(လ်)မလာသည် လူကောင်းပကတိဖြင့် ပိုလီယိုပြန်လည်ထူထောင်ရေးစခန်းဝယ် အလုပ်လုပ်ကိုင်လျက်ပင် ရှိနေချေပြီ။ မိခင်ဖြစ်သူ ဘိထရစ်၏ ဆုတောင်းကား အလွန်တရာမှပင် အကျိုးကျေးဇူးရှိလှသည်တကား. . .။

သက်လုံ



www.burmeseclassic.com

www.burmeseclassic.com

အာခေါင်ခြောက်နေသည်။ လျှာသည်ပင် လှုပ်ရှားရခက်နေ၏။ လည်ချောင်းက ပူလောင်နေသည်။ အစာအိမ်အတွင်းက အစာတောင်းဆိုနေသည်။ အဝတ်အထည်က ဗလာနတ္ထိ။ တစ်ပိုင်းတစ်စမျှပင် မရှိပေ။ ကျင်ကြီး၊ ကျင်ငယ်တွေ ပေပွနေသည်။ နံစော်နေသည်။ အဝတ်မပါသော ကျောပြင်နှင့် အခင်းမရှိသော ခုတင်တို့ ထိကပ်နေသည်။ ကျောနှင့် တင်ပါးတို့တွင် အနာတွေ ပေါက်နေသည်။ အနာမှထွက်သောအပုပ်ရည်များ စို့ရွဲနေသည်။

"ရေ. . . သောက်ပါရစေ. . ."

ပူလောင်နေသော လည်ချောင်းအတွင်းကတိုးဝှေ့ထွက်လာသည့် အသံသည် ကွဲအက်လာ၏။

"ထမင်းလည်း. . . ဆာတယ်"

အစာအိမ်ကပူလောင်နေ၍အော်ပြောမိသည်။ လှိုက်မောဆို့နစ်နေသော အသံကိုကြားကြမည် ထင်ပါ၏။ ရယ်မောသံများ၊ စကားသံများတိတ်သွား၏။ ငြိမ်သွား၏။ အစာနှင့်ရေ ပေးလာမည့်ကရုဏာရှင်၏အသံကိုကား မကြား[illegible] ချေ။

"ရေ. . . သောက်ချင်ပါတယ်"

ဒေါ်ဟစ် တောင်းဆိုမိပြန်၏။ မြေပြိုနိုင်အောင် ဆောင့်နင်းလာသောခြေသံပြင်းပြင်းကို ကြားရ၏။

"ရေ. . . ရမယ်နော်"

ချိုမြိန်ခြင်းမရှိသောအသံကို ကြားရ၏။ အသံရှင် အနီးသို့ရောက်လာ၏။ ကိုယ်ကို ခပ်ကြမ်းကြမ်းလေး ထုမတ်ပေး၏။

"ရေကို ဝအောင်သောက်ထား လိုက်၊ အခါခါ မတောင်းပါနဲ့"

တိုးတိုးတိတ်တိတ် လေသံပြင်းပြင်းနှင့် ကြိမ်းမောင်း၏။ အထက်တစ်ဝက်၊ အောက်တစ်ဝက် ရေကို အားပါး

ငွေးပုလဲ

ကြက်ခြေခတ်ခရီးသည်





www.burmeseclassic.com

www.burmeseclassic.com

တရ မျှိုချနေမိ၏။ ဝလင်သွားခြင်း မရှိပေ။ ရေကို ထပ်သောက်ချင်စိတ် ရှိနေသည်။ မူမမှန်စိတ်နှင့် အားတိုင်းအော်နေသည်ဟု ကြားရသူအပေါင်းက ထင်နေကြပေမည်။ ဝမ်းနည်းပူဆွေးစိတ်တရိပ်ရိပ် တက်လာသည်။ အဝတ်မပါကိုယ်လုံးတီးနှင့်နေရသည်။ အနာများမှ ယိုထွက်လာသော သားနံ့ရည်များသည် ရွှဲရွှဲ ပုပ်ပဟောင်နေ၏။ အချိန်မှန် ရေသောက်ရ၊ အစာ အချိန်မှန် မစားရဖြစ်နေသည်။ အော်ကြ၊ ငေါက်ကြခြင်းကိုသာ နေ့စဉ်ခံနေရသည်။ ကိုယ့်ကိုယ်ကိုယ် ပြန်လည် သုံးသပ်နေမိသည်။ မိမိသည် လူသားစင်စစ်မှဟုတ်ပါသေးရဲ့လား။ အသက်မသေဘဲနှင့် ဖုတ်၊ ပြိတ္တာဘဝသို့ ကူးပြောင်းသွားပြီလား။ ငရဲသားများက ခုတင်ပါထမ်းပြီး ငရဲပြည်သို့ အရောက်ခေါ်သွားခြင်း ခံရလေပြီလား။ ထိတ်လန့် ချောက်ချားစွာ စဉ်းစားနေမိ၏။

စိတ်အစဉ်သည် လေနှယ် လွင့်မျောသွား၏။ တိမ်နှယ် ခရီးနှင်နေ၏။ ငယ်ပျိုကာလက အနေလှလှ၊ အခြေကျကျနှင့် ရွှေဘဝကို ရခဲ့ဖူးပါ၏။ ချမ်းသာသည်ဟုထင်ပြီး ပျော်ခဲ့ဖူးပါ၏။ မြဲသည်ဟုထင်ပြီး မော်ခဲ့ဖူးပါ၏။ ပိုင်ဆိုင်မှုတွေကိုအစိုးရသည်ဟုထင်ကာ ထောင်လွှားခဲ့ဖူးပါ၏။

အခုတော့လည်းလေ. . . ။

✪

အခုတော့လည်းလေ. . .

ကိုအောင်မြင်ကို ပညတ်သွားရာ ဓာတ်သက်ပါသူဟု ဆိုကြ၏။ ကံ၊ ဇာတာ၊ စန်း၊ လဂ်-လျှမ်းတက်နေချိန်ဆိုတော့ လုပ်တိုင်းအောင်မြင်သည်။ ပြောတိုင်းလည်း တင့်တယ်သည်။ ဉာဏ်ကြီးသည်။ ကံကောင်းသည်။ လုံ့လ၊ ဝီရိယရှိသည်။ ပီရိသေသပ်စွာ လုပ်ကိုင်တတ်သည်ဟု ချီးမွမ်းထောမနာပြုကြ၏။

စီးပွား ဥစ္စာမနေ တိုးတက်အောင် စွမ်းဆောင်နိုင်သော ကိုအောင်မြင်အား ဇနီးမယားနှင့်သားသမီးတို့ကလည်း အိမ်ဦးနတ်ကြီးအဖြစ် ကိုးကွယ်ကြ၏။ ရိုသေကြ၏။ စားဦးစားဖျား ကျွေးမွေးကြ၏။ အကျီု ပုဆိုး မညှိုးရလေအောင် ပြုစုကြ၏။ ခေါင်ဒါ၊ ရေမွှေး သင်းပျံ့နေအောင် ပက်ဖျန်းပေးကြ၏။ အိပ်ရာဝင်၊ အိပ်ရာထ ရှိခိုးကော်ရော် ရိုသေကြ၏။ ဩဇာအာဏာစက် ဝင်းဝင်းလက်အောင် တောက်ပြောင်ခဲ့၏။ ဘီယာတစ်ကျိုက်၊ စီးကရက်တစ်ရှိုက်ဖြင့် ညှိခံကြ၏။ ကိုအောင်မြင်၏ အောင်မြင်ခြင်းအဖုံဖုံကို စာဖွဲ့လို့ကုန်နိုင်မည် မထင်ပေ။

လုပ်ငန်းတွေ အောင်မြင်နေသော ကိုအောင်မြင်တို့မိသားစုသည် မိမိတို့ဇာတိ တောမြို့တွင် မနေချင်ကြတော့ပေ။ မပျော်မွေ့တော့ချေ။ မြို့ကြီးပြကြီးတွင် တိုက်ကြီးကြီး၊ လုပ်ငန်းကြီးကြီးတို့ဖြင့် နေရအောင် ပြောင်းရွှေ့ရန် စီစဉ်ကြတော့သည်။ မိမွေ၊ ဘမွေ ဥယျာဉ်ခြံမြေ စိုက်ပျိုးမြေတို့ကို ရောင်းချခြင်းပြုလေသည်။

"ဒါယကာ အောင်မြင်ရေ၊ ဘုန်းကြီးက ပြောဆိုဆုံးမရမယ့်တာဝန်ကြောင့် ပြောပါရစေ"

မြို့ဦးကျောင်းတိုက် ပဓာနဆရာတော်ကိုယ်တိုင် အိမ်သို့ကြွရောက်လာပြီး ဩဝါဒစကား မြွက်ကြား၏။

'ဘိုးဘွား၊ မိဘ အမွေတွေကို အကုန်ရောင်းချပြီး မြို့ကို ပြောင်းခြင်းအတွက် ဆရာတော် မဝေဖန်ပါ။ ဘိုးဘွား၊ မိဘတို့ ဆောက်လုပ်လှူဒါန်းထားသော သိမ်တော်ကျောင်းကြီး ပျက်စီးနေသည်ကို မြုပြင်ရန်' ဟောပြော၏။ 'လောကစည်းစိမ် လယ်ယာမြေနှင့် ရွှေ ငွေတို့ကို အမွေခံသလို မိဘတို့ရဲ့ လောကုတ္တရာအမွေ ဒါနကောင်းမှုကိုလည်း ဆက်လက် ထိန်းသိမ်းစေချင်ကြောင်း'

ဆရာတော်က ဟောပြောသည်။

"မြို့ပြ စီးပွားရေးနယ် ဆိုတော့ အရင်းအနှီးများသူက အပေါ်စီးရတတ်ပါတယ်။ ဒါကြောင့် အရင်းအနှီးကို မလျော့စေချင်ပါ ဘုရား။ စီးပွားရေး





www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ရင် သိမ်ကျောင်းကြီးကို ဆက်ဆက်ပြုပြင်လာပါ့မယ် ဘုရား"

"အေးအေး- ဒကာတော်ရဲ့ ကတိစကားအတိုင်း အကျိုးများပါစေကွယ်"

ကိုအောင်မြင်၏ကတိစကားသည် လေထဲသို့လွင့်မျောသွား၏။ လေရူးတွင် ဝေ့ဝဲပါသွားသော နွေရွက်ဝါလေးများနှင့်အတူ ပျောက်ကွယ်သွား၏။

ဇွဲ၊ လုံ့လကို အရင်းတည်သောကြောင့် မြို့ပြစီးပွားရေးနယ်ပယ်တွင်လည်း ကျားသစ်တစ်ကောင်လို တွင်ကျယ်၏။ သိမ်းငှက်တစ်ကောင်လို ကြီးစိုးလာ၏။ စီးပွားရေးလုပ်ငန်းတွေ တစ်ခုပြီးတစ်ခု တိုးချဲ့လာ၏။ နေ့မနား၊ ညမအား အလုပ်ထဲတွင် နှစ်မြှုပ်ထား၏။ နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း ရွှေဖြစ် ငွေဖြစ်အောင် အသုံးချ၏။ နာရီစက္ကန့်တံလေးတွေ တချက်ချက် အသံပေးပြီးလှုပ်ရှားလေတိုင်း ငွေစက္ကူ တဖျပ်ဖျပ်ရေတွက်သံလို ထင်နေမိ၏။ အရင်းနှီးအင်အားနည်းပါးမည်ကို စိုးထိတ်နေမိ၏။ သားသုံးယောက်အား ရှင်ပြုအလှူ မင်္ဂလာပွဲပြုလုပ်စဉ်ကလည်း စိုက်ထုတ်ရမည့်ငွေနှင့် ပြန်လည်အကျုံးရမည့်ငွေကို ဇယားချ တွက်ချက်ပြီး ပြုလုပ်ခဲ့၏။

ထောင်မြင်လို့ရာစွန့်ကြသည့် ကုန်သည်စိတ်နှင့်ပြုသော ဒါနမှုတစ်ပါး အလှူမပြုမိဘူးချေ။ တရားနာခြင်း၊ ဥပုသ်ဆောက်တည်ခြင်းတို့ကိုလည်း မပြုမိဘူးချေ။ ငွေရမည့်လုပ်ငန်းအချိန်ဇယားထဲက ဖဲ့ခြွေပေးရမည်ကို စိုးထိတ်နေသည်။ ရှာရင်ရသည်၊ လုပ်ရင်ဖြစ်သည်၊ ကြိုးစားရင် တိုးပွားမည်ဟု မှုသေကိန်းတွက်ဆထား၏။

ထို့ကြောင့် စီးပွားရေးနယ်ပယ်တွင် ကိုအောင်မြင်၏စကားတစ်ခွန်းကို ပတ္တမြားတစ်ရွှန်းလို တန်ဖိုးထားခဲ့ကြ၏။ ပြောသမျှ ဩဝါဒဖြစ်ကြ၏။ ဆိုလေသမျှ လမ်းညွှန်ဖြစ်ခဲ့၏။ ကိုအောင်မြင်၏ နှုတ်မှထွက်သောစကားများသည် ငွေစကား၊ ရွှေစကား၊ စိန်စကား ဖြစ်နေ၏။ တန်ဖိုးဖြတ်ရန်ပင် ခက်ခဲ၏။

၀

"အဘိုး၊ အဘွား၊ အမိအဖတို့ရဲ့ ကောင်းမှုဖြစ်တဲ့ ရွာလမ်းကူးဇရပ်ကြီး ပြိုလဲသွားတယ်ကွယ့်။ ပြုပြင်စေချင်လို့ နိဗ္ဗာန်ဆော်အဖြစ် ရောက်လာရတာပါကွယ်"

အဖေ၏တစ်ဝမ်းကွဲညီတော်သော ဘထွေးတစ်ဦးက စကားဆိုလေ၏။ ကံအကျိုးပေးလို့ စီးပွားရေး အရှိန်မြင့်မားနေစဉ် ကုသိုလ်ကို ထပ်ဆောင်းပြုသင့်ကြောင်း တရားပြ၏။ အဘိုး၏ကောင်းမှုဇရပ်ကြီးသည် အရာရာပြည့်စုံ၏။ ကြီးကျယ်ခမ်းနား၏။ မြန်မာ့ဗိသုကာလက်ရာ အပြောက်အမွမ်းတို့ဖြင့်တန်ဆာဆင်၏။ အဘိုးထိန်ဇရပ်ဟုဆိုလျှင် အညာကျေးလက်တွင် မေးချင်သူကိုမေး၊ သိကြ၏။ သစ်သားပေါ်ကြွယ်ချိန် ဆောက်ထားသောကြောင့် ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ ခါးပန်း စသော အသားများက အလွန်ထုထည်ကြီးမား၏။ ရဟန်းတော်များနှင့် အမျိုးသားများ အိပ်စက်နားနေရန် တစ်ခန်း၊ အမျိုးသမီးများ အိပ်စက်နားနေရန်တစ်ခန်းတို့ဖြင့် ခါးဖြတ် (တစ်ဝက်) ကာရံပြီး သီးသန့်ထားသည်။ မီးဖိုခန်းပါသည်။ လှည်း၊ နွား နားနေရန်နေရာပါသည်။ နွားကျွေးရန် စားခွက်ရှိ၏။ ရေတွင်းနှင့်၊ ရေကန်နှင့်၊ ရေအိုးနှင့် ပန်းသင့်၏။ အုန်းပင်၊ မာလကာပင်၊ ဆီးပင်၊ ဆီးဖြူပင်၊ တမာပင်၊ ထနောင်းပင်၊ မန်ကျည်းပင်တို့ဖြင့် အေးရိပ်ကိုပေး၏။

ခရီးဝေးသွား နွားလှည်းများ၊ ခြေကျင်ခရီးသည်များ အရိပ်ကိုခိုကြ၏။ အပန်းဖြေကြ၏။ နားနေကြ၏။ အိပ်စက်ကြ၏။ သီးနှံမျိုးစုံတို့ကိုလည်း ခူးဆွတ်စားသုံးနိုင်၏။ ချက်ပြုတ်စားသောက်နိုင်၏။ ရေမိုးချိုးနိုင်၏။ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးအတွက် ကွန်းခိုရန်နေရာ ဖြစ်တော့သည်။

"အဘိုးထိန်ဇရပ်ကြီးကို သားကြီး ဦးဖိုးလင်းပြုပြင်လိုက်တော့ ပိုပြီး သာယာလာတယ်လေ"

အဘိုး၏အမွေခံဖြစ်သော ဇရပ်ကြီးတွင် အဖေ၏အမည်ပါ ယှဉ်တွဲပြီး ပေါ်လွင်လာ၏။ သိမ်ကျောင်းဒါယကာ၊ ဇရပ်နှင့် ရေတွင်း, ရေကန် ဒါယကာဟု အဘိုးနှင့်အဖေတို့ကို အနယ်နယ် အရပ်ရပ်က ကြည်ညိုလေးစားကြသည်။

နှစ်ပေါင်း (၁၀၀) ကျော်ပြီဖြစ်သော ဦးဖိုးထိန်ဇရပ်ကြီး ဦးဖိုးလင်းက ပြုပြင်ခဲ့သော်လည်း အနိစ္စသဘော ရွေ့လျောချေပြီ။ မိုးဦး၊ လေဦး၊ မုန်တိုင်း၊ လေရိုင်းတွင်ပြိုလဲသွားသည်ဆို၏။ ပျက်စီးသွားသော ထိုဇရပ်ကို အသစ်တည်ဆောက်ပြုပြင်ရန် ကိုအောင်မြင်အား သိုင်းဝိုင်း ဟောပြောနေခြင်း ဖြစ်၏။

"လောကဝဋ္ဋစရိယ ဆိုတဲ့ ပရဟိတလုပ်ငန်းကိုပြုလုပ်ရင် ကံသစ်၊ ဉာဏ်သစ်နှင့် ဥစ္စာစည်းစိမ်အသစ်တွေ တိုးပွားတတ်ပါတယ်ကွယ်"

လေလံပွဲသို့သွားရန် အချိန်နီးနေပြီဖြစ်သောကြောင့် ကိုအောင်မြင်သည် ဖင်တကြွကြွ ဖြစ်နေ၏။ နာရီကို ခဏခဏ ကြည့်နေသည်။ အရိပ်အကဲကို နားမလည်နိုင်ရှာသော တောက ရှေးအဘိုးကြီးသည် ဒါနကထာကိုဖွင့်ဆဲ ဖြစ်၏။ ဟောမြဲ ဟော၏။ မြန်မာမှုနယ်မြေက အဖိုးတန် ရိုးရာဇရပ်အကြောင်းကို ငြိတာချဲ့၏။ အဌကထာဖွင့်မဆုံး ဖြစ်နေ၏။

"လမ်းဆက်သွယ်ရေးတွေကခေတ်မမီ၊ ခြေကျင်ခရီး, နွားလှည်းခရီးနဲ့ ည အိပ်နေ့ရှည်သွားရတဲ့ ကာလကတော့ ဇရပ်ရှိမှဖြစ်မှာပေါ့ ဘထွေးရာ။

ခုလို လမ်းတံတားတွေကလည်း ကောင်းပြီး အမြန်ယာဉ်တွေကလည်း ကောင်းနဲ့ အချိန်တိုအတွင်း လိုရာ ရောက်နိုင်တဲ့ခေတ်မျိုးမှာ ဇရပ် ဆိုတာ မလိုတော့ပါဘူးဗျာ"

ချိုကြည်သောအသံထွက်နှင့် ဘ ပြောဘောက်ပြော ပြောချလိုက်မိသည်။ ဟုတ်သည်၊ လေလံပွဲ မမီလျှင် သိန်းရာ ချီပြီး နစ်နာနိုင်ပေသည်။ ကိုအောင်မြင် ဒါပဲ စိတ်စောနေ၏။ အဖေ၏ညီတစ် ဝမ်းကွဲတော်သော ဘထွေးဖြစ်သူအား ရှိသေ လေးစားရမည် ဆိုသော မြန်မာ့ ဓလေ့ကို မေ့သွား၏။ ကုသိုလ် အကျိုး ထူးပေးသည့် တူသော လမ်း၊ ဇရပ် ဆောက်လုပ်ရေးအကြောင်းကို စိတ်ဝင် စားရန် အချိန်မပေးနိုင်ပါ။

"ဇရပ် ဆိုတာ ကျေးလက်နေ ပြည်သူတို့ရဲ့ စိတ်အလှကို ပြတာကွယ်။ မြန်မာလူမျိုးတို့ရဲ့ အများအကျိုးဆောင် စိတ်ဓာတ်ကို ဖော်ညွှန်းနေတဲ့ သာဓ ပဲကွယ့်။ ဒီတော့ ငါ့တူ မလုပ်ချင်ရင် လည်း ရွာသားတွေက စုပေါင်းလုပ်ကြ ရမှာပဲပေါ့ကွာ"

"ဘထွေးရာ၊ လေလံပွဲသွားဖို့ အ ချိန်ရောက်ပြီ။ ကျပ်တစ်သိန်းလှူလိုက် ပါ့မယ်၊ ကျေနပ်ပါဗျာ"

"စေတနာသာ ပမာနပါကွာ"

စေတနာသုံးတန် တစ်ခုမှ ဖြစ် ပေါ်မလာပါ။ ဇရပ်အကြောင်း ဟော ပြောနေတာကို နားထောင်နေရသည့် အချိန်တွေကိုသာ နှမြောနေမိ၏။ ထ လှူလိုက်ရသော ကျပ်ငွေတစ်သိန်းအ တွက် ဝမ်းသာကြည်နူးခြင်းလည်း ဖြ မလာပေ။ အလုပ်ကိစ္စတစ်ခုကို အချိ တိုတိုနှင့် ပြီးမြောက်သွားအောင် စိ ခြင်း ဖြစ်သည်။ ကုန်ဆုံးသွားမည့် တွေကို ငွေကျပ်တစ်သိန်းဖြင့် ဝယ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်မည်ဟု သဘောထားလိုက်သည်။

"သာခု. . . သာခု. . . သာခု၊ ဤသို့ပြုရ ကုသလကြောင့်. . ကြောင့် . . . ကြောင့်. . ."

ဆုပေးလက်ှကို နားမထောင်အားပေ။ ထိုင်ရာကထလိုက်သည်၊ လက်ကာပြလိုက်သည်။ လျှင်လျှင်မြန်မြန် ထွက်လာခဲ့သည်။ စီးပွားရေးကိစ္စများတွင် လက်ဦးမှုရယူနိုင်သူက အသာစီးရတတ်သည်။

ဘထွေးသည် တူတော်မောင်၏ ဆက်ဆံမှုကို ခိုးလိုးခုလု ဖြစ်နေ၏။ ဆုပေးလက်ှကြီးကို ဆက်ပြီးရွတ်ဆိုနေရလျှင် မကောင်းနိုးနိုး၊ ကောင်းနိုးနိုး စဉ်းစားရခက်နေ၏။ ပါးစပ်ဟောင်းလောင်း၊ မျက်လုံးကြောင်တောင်နှင့် ငေးပြီးကျန်ရစ်တော့၏။

❂

အချိန်ကို ကောင်းစွာ အသုံးချတတ်သောကြောင့် ဒီရေအလား စီးပွားရေး တိုးတက်လာသည့် ကိုအောင်မြင်သည် အချိန်ကို ဖြစ်နိုင်ခြေထက် ပို၍ အသုံးပြုမိသဖြင့် ကံကြမ္မာဆိုးနှင့် ကြုံရလေပြီ။ အလွန် ကောင်းမွန်သောလမ်းပေါ်တွင် အရှိန်အဟုန်နှင့် ပြေးသွားနေသော ကားလေး၏အမြန်နှုန်းကို နှေးသည်ဟုထင်နေ၏။ အလျင်လိုနေသော ကိုအောင်မြင်၏ စိတ်ပြေးလွှားနှုန်းကို ကားလေးက မီအောင် မလိုက်နိုင်ချေ။ မြန်နှုန်းကို ဆက်ကာ ဆက်ကာ တိုးမြှင့်နေ၏။ ကားလေးသည် အရှိန်ကိုမထိန်းနိုင်တော့သဖြင့် တိမ်းမှောက်တော့၏။

ဇနီးဖြစ်သူ မယဉ်ယဉ်လှနှင့် ဒရိုင်ဘာတို့ နေရာတွင်သေဆုံးကြသည်။ သူတို့က ကံထူးပေစွ။ နာတာရှည်ဝေဒနာတို့ ခါးသီးစွာ မခံစားရတော့ပေ။ ကိုအောင်မြင်သည်သာလျှင် ကံမကောင်းအကြောင်းမလှ၍ အသက်ရှင် ကျန်ရစ်သည်ဟု ဆိုရမည် ထင်ပါသည်။ ဆေးရုံပေါ်တွင် လပေါင်းများစွာ နေရသည်။ ပါမောက္ခများ၊ သမားတော်များနှင့် ကြိုးစားကုသကြ၍ အသက်မသေပါ။ လူဘ်ပြိတ္တာပမာ နာတာရှည်ဘဝဖြင့် ဝဋ်ကြွေးဆပ်နေရသည်။ ကံကြမ္မာဆိုးသည် အကြီးကြီးလေစွ။

ဆီးချိုရောဂါကြောင့်ပုပ်လာသော ခြေနှစ်ချောင်းကို ဒူးဆစ်က ဖြတ်လိုက်ရသည်။ ညာဘက်လက်ကိုလည်း လက်မောက်ဝတ်က ဖြတ်လိုက်ရသည်။ သေတောင်ပက်လက် ဟူသော စကားကို ကြားဖူးပါ၏။ အသက်မထွက်သော်လည်း ပက်လက်မှတစ်ပါး ပြင်ပြီးနေလို့မရ။ နေ့ပက်လက်၊ ညပက်လက် ဖြစ်နေသည်။ လူတစ်ဦးက တွဲထူ ကူမပြီး ဖေးမပွေ့ဖက်ထားနိုင်မှထိုင်နိုင်၏။ ကိုအောင်မြင်၏ မပီမသစကားတို့သည် အရှိန်အဝါကင်းမဲ့လေပြီ ဖြစ်၏။ ခေါင်းညိတ်၊ ခေါင်းခါနှင့် အင်း၊ အဲ မှတစ်ပါး ပြောသမျှစကားတို့ အသုံးမဝင်တော့ပေ။

သားသုံးယောက်တို့က ဝိုင်း၊ ခြံ၊ တိုက်တာ၊ ကား၊ အလုပ်ရုံ စသည်တို့ကို ခွဲဝေယူကြလေပြီ။ ခြေနှင့်လက် လေးဖက်ထဲက တစ်ဖက်သာ အကောင်းကျန်တော့သော ဘယ်ဘက်လက်မနှင့် လက်ပွေနှိပ်ပြီး စာချုပ်ကိုအတည်ပြုပေးလိုက်ရသည်။

'လက်ဝဲလက်မက ဘာကြောင့် များ ဖြတ်တဲ့အထဲ ပါမသွားရတာလဲကွာ. . .'

ဒေါသဖြစ်နေမိ၏။ လက်ဝဲလက်မသည် အသုံးချခံ ဖြစ်ရှာချေပြီကော။

တွေးရင်း တွေးရင်း ရင်တွေပူလာ၏။ အာခေါင်တွေ ခြောက်သွေ့လာ၏။

"ရေ. . . ရေပေးကြပါ"

အထပ်ထပ် အခါခါ အော်နေမိ၏။ တစ်ဦးတစ်ယောက်မျှ ရောက်မလာကြပါ။

"ရေ. . ရေသောက်ချင်ပါတယ်"

အကြိမ်ကြိမ် အခါခါ အော်ပြီးတောင်းဆိုနေမိ၏။

"ဧည့်သည်တွေရှိမှန်းသိလို့ အရှက်ခွဲနေတာလား။ ရေသောက်လိုက်၊ သေးပေါက်လိုက်နဲ့ တော်တော်ကို ဒုက္ခပေးတယ်"

အလိမ္မာ အိမ်ပါ ချွေးမတော်၏ အော်သံ ဖြစ်သည်။ မိုးဦး၊ လေဦးတွင် ပစ်ချလိုက်သော မိုးကြိုးသံအလား တုန်ဟည်းသွားသည်။

အခုတော့လည်း စီးပွားရေးလုပ်ငန်းရှင်ကြီး ဦးအောင်မြင်အတွက် ရေတစ်စက်တောင် သောက်ဖို့ အခက်ပါလား. . . ။

အသုံးလည်းမဝင်၊ စွန့်ပစ်ရန်လည်းခက်သော အပျက်အစီးတွေ သိုလှောင်ထားသည့် ဂိုဒေါင်ဘေးက ခုတင်လေးပေါ်တွင် အထီးကျန်နိုင်လှ၏။ အမြဲတမ်း ပက်လက်နေရသောကြောင့် အပူလောင်နာတွေသည် တင်ပါးနှင့်ကျောတို့တွင် နေရာလပ်မရှိအောင်ပေါက်နေ၏။

"ပစ္စည်းတွေအစွဲကြီးနေလို့ ဘိုးဘိုးကြီး မသေနိုင်တာနေမှာ မေမေရဲ့။ သေတောင်မှ ဒီတိုက်ကြီးကိုစွဲပြီး သရဲကြီးဖြစ်နေဦးမလား မသိဘူးနော်"

"ဒီတိုက်ကြီး စွဲသေလို့ သရဲကြီးဖြစ်နေတော့လည်း မကြောက်ပါနဲ့ သားရယ်၊ ဘုန်းကြီးတွေပင့်ဖိတ်ပြီး ကမ္မဝါနဲ့နှင်ထုတ်မှာပေါ့"

ချွေးမနှင့်မြေးတို့၏ ပြောဆိုသံကို ဦးအောင်မြင် ကြားလိုက်ပါ၏။ သေသူကိုကောင်းမှုကုသိုလ်ပြုပြီး အမျှပေးဝေကြသည်ဟုသာ ကြားဖူးပါသည်၊ အခုတော့ အစွဲသေနှင့် သရဲ, တစ္ဆေဖြစ်တောင် မောင်းထုတ်ပစ်ကြဦးမည် ဆိုပါလား။ မေတ္တာ၊ စေတနာ နည်းပါးကြပါပေ၏။ စာနာမှု၊ ထောက်ညာမှု၊ ကြင်နာမှု ကင်းဝေးကြပါပေသည်။

ဦးအောင်မြင် မြိုးမြံချွေတာစွာ စုဆောင်းခဲ့ပါ၏။ မအိပ်မနေ ပြေးလွှားရှာခဲ့ပါ၏။ စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေတို့ကို လုံးဝ သုံးစွဲခွင့်မရှိတော့ချေ။ သုံးစွဲခြင်းလည်း မပြုနိုင်တော့ပါ။

'ဥစ္စာစု ထိုက်သူဖို့'

ဟူသော စကားသည် မှန်ပါပေသည်။

အစာရေဆာ မဝတာဝ၊ အဝတ်ဗလာနှင့်နေရသည်။ ကျင်ကြီး, ကျင်ငယ်များ ယိုကျ၊ ထွက်ကျနေသည်ကိုပင် မသိနိုင်အောင် ကိုယ်ခန္ဓာက ပျက်စီးနေပြီ။ ဦးအောင်မြင်သည် တွေးလေ၊ ဆွေးမပြေ ဖြစ်လာသည်။ သောကတွေ ဝေနေ၏။ ဒေါသတွေ လျှံနေ၏။ လောဘတွေဖွဲ့နှောင်နေ၏။ ဝမ်းနည်းပူဆွေးစွာ မျက်ရည်တို့သာ တလိမ့်လိမ့် စီးဆင်းလာ၏။ ဤသို့ ကိုယ်၊ စိတ် ဆင်းရဲစွာဖြင့် အသက်သေလျှင် ဘဝကူးကောင်းဖို့ အရေး တွေးဝံ့စရာ မရှိချေ။

စီးပွားရေး လုပ်ငန်းတွေကို စီမံကိန်းချပြီး လုပ်ခဲ့နိုင်ပါသည်။ အရှုံးမရှိအောင် ဆောင်ရွက်နိုင်ခဲ့၏။ အောင်မြင်မှု များစွာရအောင် လုပ်ကိုင်နိုင်ခဲ့သော ဦးအောင်မြင်၏ဘဝနိဂုံးသည်. . . ။

ပရမ်းပတာနှင့် အောင်မြင်ခြင်းကင်းမဲ့စွာဖြင့် ဘဝသံသရာ၏အရှုံးခရီးရှည်ကြီးကို ပူလောင်ပင်ပန်းလျက် ခရီးဆက်ရပေဦးမည်။

ချေးပုလဲ

*(ဝန်ခံချက်- သံဝေဂရကြစေရန် တကယ့်ဖြစ်ရပ်ကို ဝတ္ထုရေးပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် ရှေ့နေလောကသို့ ၁၉၈၄ ခုနှစ်တွင် စတင် ဝင်ရောက်ခဲ့ပြီး အမှုပေါင်း များစွာကို တရားလိုဘက်မှ လည်းကောင်း၊ တရားခံဘက်မှ လည်းကောင်း တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ခဲ့ရာတွင် လူသတ်မှုတစ်ခု၌ တရားစွဲအဖွဲ့အစည်းမှ တရားခံအဖြစ်မှားယွင်းစွဲဆို

(အထက်မင်းလှ)

# မြတ်သရဖူ

## ဝိညာဉ်ကလဲ့စား





www.burmeseclassic.com

www.burmeseclassic.com



မှအား သေသူ၏ဝိညာဉ်မှ အိပ်မက်အတိမ်ကြီမ်ပေး၍ ၎င်းအား မည်သူက မည်သို့သတ်ကြောင်း အမှုမှန်ပေါ် ပေါက်ရေးအတွက် ကျွန်မတို့အားကူညီဆောင်ရွက်ပေးခဲ့ခြင်းအား ယနေ့တိုင်မမေ့နိုင်ခဲ့ပါ။

လွန်ခဲ့သည့်(၁၀)နှစ်ခန့်က ကျွန်မတို့ မြို့နယ်အတွင်း ရေဆူဆရာတော်ကြီး သာသနာပြုသည့် မြကင်းတောင်တောင်ခြေ၌ ယခုအချိန်ကဲ့သို့ ရေနံမော်များဖြင့် စည်ကားခြင်းမရှိသေးဘဲ တောင်ယာလုပ်သည့်တဲစုလေးများ သုံး၊ လေးအိမ်စု၍နေထိုင်စဉ်က ဖြစ်ပါသည်။

တစ်နေ့၌ ကျွန်မသည် အရဟံ ဇကျောင်တော် ပုတီးစိပ်နေစဉ် အမျိုးသမီးတစ်ဦး ကျွန်မရှေ့သို့ရောက်လာပါသည်။ ထိုအမျိုးသမီးမှာ ကျွန်မ စာသင်ခဲ့သည့်တပည့်အမည်တူ မခိုင်ကြီး ရှိ၍ ကျွန်မတို့နှင့် အလွန် ရင်းနှီးသည့် မခိုင်လေးဖြစ်ပါသည်။ မခိုင်လေးသည် မြကင်းတောင် တောင်ခြေအနီးတဲတိုက်၌ နေထိုင်ရင်း ဈေးကုန်များတင်၍ ရောင်းချနေသူ ဖြစ်ပါသည်။ သူမသည် အကျီနီညိုပြောင်အနွေးထည်ဝတ်၍ လုံချည်အညိုရောင်အပြောက်များ ဝတ်ဆင်ပြီး ထူးခြားချက်မှာ ဆံကိုအမျိုးအစား ရွှေရောင်လက်ပတ်နာရီ ပတ်ထားပါသည်။ ကျွန်မရှေ့တွင် လာထိုင်၍ ကျွန်မအား ရိုသေစွာ ကန်တော့ရင်း-

'ဆရာမကြီး၊ ကျွန်မတို့ မိသားစုကို ကယ်ပါဦး။ တရားခံအစစ်ကို ပေါ်အောင် လုပ်ပေးပါ။ အခုဖမ်းသွားတာ တရားခံ မဟုတ်ပါဘူး။ တကယ့်တရားခံ အစစ်ဆီမှာ ကျွန်မ အခု ပတ်ထားတဲ့ လက်ပတ်နာရီ ရှိပါတယ်'

မျက်ရည်များပြည့်နေသည့် အားကိုးကြီးသည့်မျက်စိအစုံနှင့် ကျွန်မအား လက်အုပ်ချီ ကြည့်နေသည့် မခိုင်အား ကျွန်မက-

'အေး- သမီး၊ အမှန်အတိုင်းဖြစ်စေရမယ်'

ဟု ပြော၍ မှိတ်ထားသည့်မျက်စိ ဖွင့်ကြည့်သည့်အခါ ကျွန်မရှေ့တွင် မည်သူမျှ မရှိတော့ဘဲ အမိဋ္ဌာန်စိပ်ပုတီး လက်ကကိုင်လျက်ရှိနေပါသည်။ ကျွန်မသည် အမိဋ္ဌာန်ပြီးအောင် ဆောင်ရွက်ပြီး အိမ်အောက်ထပ်ရှိ မိသားစုထံ မခိုင်လာခြင်း ရှိ၊ မရှိ မေးမြန်းရာ မလာကြောင်းပြော၍ စိတ်မကောင်းလွန်းသဖြင့် ထိုစဉ်က ဖုန်းအဆက်အသွယ်မရှိသည့် မခိုင်တို့တဲတိုက်သို့ တူတစ်ဦးအားကားကြုံနှင့်လိုက်၍ သွားကြည့်ရန်လွှတ်နေစဉ် မခိုင်၏ဖခင်မှာ အော်ဟစ်ငိုယိုပြီး ကျွန်မ၏အိမ်အတွင်းသို့ ဝင်လာပါသည်။

"ဆရာမရယ်. . . ခင်ဗျားတပည့်မခိုင်လေးတော့ မနေ့က ယာအတွက်လုပ်အားပေး သွားအခေါ် မှာ အသတ်ခံရတယ်။ သူ့အကြိုက်ဆုံး ရွှေရောင်နာရီနဲ့ ပါသွားတဲ့ငွေအားလုံး အလုခံလိုက်ရတယ်။ ကယ်ပါဦး ဆရာမကြီးရယ်၊ အခုဖမ်းသွားတဲ့ မိုးအောင်ဆီကလည်း ဘာမှမတွေ့ရဘူး။ ပြီးတော့ မိုးအောင်နဲ့ကျွန်တော်တို့ကလည်း ဆွေမျိုးအရင်းအချာတွေပဲ၊ မခိုင်ရဲ့ဦးလေးတော်တာပဲ။ လုပ်အားချဖို့ မိုးအောင်တို့ကို သွားခေါ်တာပဲ ဆရာမကြီးရဲ့"

ပြောပြောငိုငို ပြုလုပ်နေသည့် ဦးအောင်သောင်းရှိန်အား အငိုရပ်သည်အထိ စောင့်ကြည့်ပြီးမှ-

"စိတ်ချပါ ဦးအောင်သောင်းရှိန်၊ ကျွန်မ တရားခံမိုးအောင်ရဲ့ရှေ့နေအဖြစ် လိုက်ပေးပြီး တရားခံအစစ် ဖော်ပေးပါ့မယ်"

"အဖြစ်မှန်ပေါ်အောင် ဖော်ပေးပါ ဆရာမကြီးရယ်၊ ကျွန်တော်တို့မိသားစုက ရှေ့နေစရိတ်ပေးပါ့မယ်"

ကျွန်မ၏ ရှေ့နေသက်တမ်းတစ်လျှောက်တွင် နစ်နာသူ တရားလိုဘက်မှ တရားခံအတွက် ရှေ့နေငှားပေးသည့် ထူးခြားသည့်အမှု ဖြစ်ပါသည်။

❂

ကျွန်မသည် ဆေးရုံသို့ရောက်ရှိနေသည့် မခိုင်၏ရုပ်အလောင်းကို သွား၍ကြည့်ရာ ကျွန်မ အမိဋ္ဌာန်ပြုလုပ်နေစဉ် ရောက်လာသည့် အဝတ်အစားနှင့် တွေ့ရပါသည်။ သွေးထွက်သံယို ရှိ၊ မရှိ မေးကြည့်ရာ လည်ပင်းအား ထွန်သွားနှင့်ရိုက်သတ်၍ အလောင်းကို လမ်းဘေးချုံထဲသို့ ဆွဲပစ်ထားပြီး မခိုင်ဝတ်ထားသည့် နာရီနှင့် ပါသွားသည့်ငွေ ပျောက်ဆုံးကြောင်း သိရပါသည်။

တရားစွဲအဖွဲ့အစည်းဖြစ်သည့် အမှုလိုက်စခန်းမှူးနှင့်တွေ့ဆုံခဲ့ရာ-

'အမှုအား စုံထောက်၍ ပြည့်စုံစွာတည်ဆောက်နေကြောင်း၊ သက်သေအထောက်အထားမတွေ့ပေမယ့် မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

သတ်သည်ကိုတွေ့သည့် ဆိတ်ကျောင်းသမားသက်သေရှိကြောင်း၊ တရားခံ မိုးအောင်ဖြစ်ကြောင်း (၉၀)ရာခိုင်နှုန်း ညွှန်ပြနေကြောင်း' အားတက်သရောပြော၍ နေသဖြင့် ကျွန်မလည်း စိတ်လေးလေးနှင့်ပြန်လာခဲ့ပါသည်။

သေဆုံးသူ မခိုင်လေး၏ဖခင် ဦးအောင်သောင်းရှိန်၊ အစ်ကိုများ၊ ဦးကြီး၊ ဦးလေး အားလုံးက ကျွန်မအား မခိုင်လေးကိုသတ်သူသည် မိုးအောင် မဟုတ်နိုင်ကြောင်း။ မိုးအောင်ဆီက သက်သေခံပစ္စည်း လုံးဝ မတွေ့သလို ရန်ငြိုးလည်း မရှိ ဖြောင့်ချက်လည်း မပေးဘူး။ သူ မဟုတ် ဆိုတာကလည်း မခိုင်လေးက မိုးအောင့်ကိုလာခေါ်တော့ တို့တွေနဲ့ အတူရှိပြီး မခိုင်လေး ညနေစောင်း နှုတ်ဆက် ပြန်သွားတဲ့အချိန်မှာ မိုးအောင် ကိုယ်တိုင် ထန်းပင်တက်ပြီး ရတဲ့ထန်းရည်ကို တို့တွေနဲ့အတူ သောက်နေရင်း အတူရှိတယ်၊ မှောင်မှလူစုကွဲသွားတယ်။ မိုးအောင် မဖြစ်နိုင်ဘူး။

ကျွန်မ မခိုင်လေး၏ဖခင် ဦးအောင်သောင်းရှိန်နှင့် အစ်ကို၊ မောင်များ အားလုံးသည် စခန်းမှူးနှင့်သွားတွေ့ပြီး မိုးအောင် မဟုတ်နိုင်ကြောင်း ပြောသည့်အခါ စခန်းမှူးက-

"တရားခံက ငြင်းမှာပါပဲ။ မိုးအောင်မှ မိုးအောင်ပါ။ မိုးအောင်သတ်တာကို ကိုယ်တိုင်မြင်တဲ့ ဆိတ်ကျောင်းသားလေးက မိုးအောင်လုပ်ပုံကိုင်ပုံတွေ ပြသလို့ ဓာတ်ပုံရိုက်ထားပါတယ်။ မိုးအောင် အသုံးပြုပြီး ရိုက်တဲ့ ထွန်သွားလည်း ချုံထဲထည့်ထားတာ ဆိတ်ကျောင်းသားပြလို့ တွေ့တယ်။ မိုးအောင် အခင်းဖြစ်စဉ်ကအဝတ်အစားတွေလည်း ဆိတ်ကျောင်းသားလေးကပဲ ဆွဲပြလို့ အားလုံး ဓာတ်ပုံနဲ့တကွ အမှုတွဲမှာ တင်ပြထားပါတယ်"

ဟု အားတက်သရောပြောသဖြင့် ကျွန်မက-

"ဒါဖြင့် သက်သေခံ နာရီနဲ့ ငွေရော မိုးအောင်ဆီက တွေ့ပါသလား"

ဟု မေးသည့်အခါ စခန်းမှူးက-

"သက်သေခံနာရီနဲ့ ငွေကိုတော့ မိုးအောင်က လုံအောင်ဖွက်ပြီး မပြောတော့ မတွေ့ဘူး။ ဒါပေမယ့် သက်သေအခိုင်အလုံရှိပြီပဲ၊ ရှေ့အပတ်ထဲမှာ ခရိုင်ရုံးမှာတရားစွဲတင်ပါမယ်"

ဟု ပြော၍ အားလုံးပြန်လာခဲ့ပါသည်။

ညအချိန် ကျွန်မ အိမ်အောက်ထပ် ကုလားထိုင်၌ထိုင်၍ မေတ္တာသုတ် ရွတ်နေစဉ် အိမ်ရှေ့မှ ရုတ်တရက် သေဆုံးစဉ်ကအဝတ်အစားနဲ့ မခိုင် ရောက်လာပြီး-

'ဆရာမကြီး၊ ကျွန်မကိုသတ်တာ ဆိတ်ကျောင်းသားပါ။လည်ပင်းကိုတုတ်နဲ့ရိုက်၊ကျွန်မနာရီ သူ့ဆီမှာပါ။ မိုးအောင် မဟုတ်ပါဘူး။ အဖြစ်မှန်ဖော်ထုတ်ပေးပါ၊ အဖြစ်မှန်ဖော်ထုတ်ပေးပါ'

ဟု အသံစာစာအော်ရင်း မျက်စိတစ်မှိတ်အတွင်း ပျောက်သွားပါသည်။

နောက်နေ့နံနက်တွင် ကျွန်မထံ မခိုင်၏မိသားစုအားလုံး ရောက်လာပြီး မခိုင်၏ဖခင်က-

"ဆရာမကြီး၊ မခိုင်လေး မိုးအောင်တို့ရွာသွားပြီး မကြာခင်မှာ မခိုင်ရဲ့ ပိတ်ထားတဲ့ ဈေးဆိုင်ထရံကိုဖောက်ပြီး သက်သေဆိုတဲ့ ဆိတ်ကျောင်းသားလေးက ဆေးလိပ်တွေ၊ မုန့်တွေ ဝင်ခိုးနေတာကို ငါကိုယ်တိုင် တွေ့တယ်။ ဒီကောင် အရင်ကလည်း ခဏခဏ ခိုးဖူးတော့ ဒီတစ်ခါခိုးတာကို မခိုင်လာရင် ပြန်တိုင်မယ်၊ နင့်ကို မခိုင်က ရဲကင်းတိုင်ပြီး ရဲကဖမ်းပြီးထောင်ချမှာလို့ ပြောတော့ မခိုင်သွားတဲ့ဘက်ကို ဆိတ်အုပ်မောင်းပြီးထွက်သွားတယ်။ အမှုထဲမှာ ခေါ်စစ်တဲ့သက်သေတွေကလည်း လမ်းမှာ မိုးအောင်လာတာမမြင်ဘဲ မခိုင်လေးနောက်က ဆိတ်တွေနဲ့ ဒီကောင်လေး လိုက်သွားတာမြင်ရတယ်လို့ ပြောတယ်။ မသတ်တဲ့လူလည်း အပြစ်မကျစေချင်ဘူး၊ သတ်တဲ့လူလည်း မလွတ်စေချင်ဘူး။ ကယ်ပါဦး ဆရာမကြီး"

ဟု ပြောနေခိုက်တွင် ဂျာနယ်တစ်စောင်ကိုင်၍ဝင်လာသည့် မခိုင်၏အစ်ကိုကြီး ထွန်းလှဘော်က-

"ဆရာမကြီးရေ အမှန်တရားရောက်ဖို့ နည်းလမ်းမရှိတော့ဘူးလား"

ပြောပြောဆိုဆို ဂျာနယ်ပေး၍ ဖတ်ကြည့်ရာ ဖြစ်ရပ်မှန်ဇာတ်လမ်းဟု ရေးထားပြီး 'ဆိတ်ကျောင်းသားလေးကြောင့်အမှုမှန်ပေါ်ပေါက်' ဟုခေါင်းစဉ်ဖြင့် ဆိတ်ကျောင်းသားလေးမှ မိုးအောင်ပြစ်မှုကျူးလွန်ပုံပြသသည့် ဓာတ်ပုံမှတ်တမ်း၌ ထွန်သွားအားကိုင်၍ မခိုင်လေး၏လည်မျိုအား ရိုက်သည့်ပုံ၊ မိုးအောင်အားညွှန်ပြပုံတို့ဖြင့် ဖွဲ့နွဲ့၍ မိုးအောင်သတ်ကြောင်း ရေးသားထားသည်ကို တွေ့ရပါသည်။

လူသတ်မှုကိုလည်း ခရိုင်ရုံးသို့လွှဲပြီးဖြစ်၍ ခရိုင်ရုံး၌ အမှုစတင်စစ်ဆေးရတော့မည် ဖြစ်ပါသည်။ ကျွန်မကပင် မခိုင်လေး၏ မိဘ၊ ဦးကြီး၊ ဦးလေးများအား အမှုမှာ ခရိုင်တရားရုံးသို့တင်ပို့ပြီးဖြစ်၍ ထိုသက်သေများကိုသာစစ်ရမည်ဖြစ်သဖြင့် မိုးအောင် လွတ်မည်မထင်ကြောင်း ပြောခဲ့ပါသည်။ မခိုင်လေး၏ မိဘ၊ ဆွေမျိုးများက မိုးအောင်မှာ အမှန်တကယ် ပြစ်မှုမကျူးလွန်ဟု ယုံကြည်ကြောင်း၊ တရားစွဲအဖွဲ့အစည်းဖြစ်သည့် ရဲချုပ်ထံ အသနားခံစာဖြင့် ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါရန် နောက်ဆုံးအားကိုးရာအဖြစ် အကူအညီတောင်းဆို တင်ပြလျှောက်ထားစာပို့မည်ဖြစ်ကြောင်း။ အမှုစစ်ဆေးရာတွင်လည်း တရားသူကြီး, ဥပဒေအရာရှိများထံ ဖြစ်ရပ်မှန် ပေါ်ပေါက်ရေး အကူအညီပေးရန် ပြောမည်ဖြစ်ကြောင်း ပြော၍ မိသားစု ဆွေမျိုးတစ်စု အုပ်စုလိုက် ပြန်သွားကြပါသည်။

မကြာမီ မင်းဘူးခရိုင်တရားရုံး၌ လူသတ်မှု စတင် စစ်ဆေးခဲ့ပါသည်။ တရားလိုပြသက်သေအဖြစ် စစ်ဆေးစဉ် ထိုဆိတ်ကျောင်းသား ထွက်ဆိုချက်များသည် ကိုယ်တိုင်ဖြောင့်ဆိုသကဲ့သို့ သေသူနှင့်မိုးအောင် စတင်တွေ့သည့်နေရာ ပြုလုပ်ပုံ၊ သေသူလဲကျသွားပုံ၊ မိုးအောင်က တစ်ချက်ရိုက်စဉ် လှုပ်လာ၍ သုံးချက်တိတိဆက်ရိုက်ရပုံ၊ မခိုင်ကို မည်သို့ချုံအတွင်း ဆွဲသွင်းသွားပုံ စသည်တို့ကို တိကျစွာ ထွက်ဆိုခဲ့ပါသည်။ ခရိုင်ဥပဒေအရာရှိက ထိုသို့ မခိုင်ကိုသတ်သူသည် ရုံးရှေ့တရားခံ ဟုတ်, မဟုတ် ကြည့်ပါဟု အကြိမ်ကြိမ်ပြောသော်လည်း လုံးဝ မိုးအောင်ကိုလှည့်မကြည့်ပါ၊ မိုးအောင်ဖြစ်ကြောင်းသာပြောခဲ့၍ ထူးခြားသည့် သက်သေအဖြစ် တရားသူကြီး၊ ဥပဒေအရာရှိကိုယ်တိုင် တအံ့တသြ ဖြစ်ကြရပါသည်။

ထိုနေ့က တရားလိုပြသက်သေ ဆိတ်ကျောင်းသားအား စစ်ဆေး၍ မင်းလှမြို့သို့အရောက်တွင် တိုင်းရဲမင်းကြီးက မြို့နယ် (၃) မြို့နယ်မှ စခန်းမှူးများအား ဖြစ်ရပ်မှန်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့မှ ချက်ချင်းပင် ဆိတ်ကျောင်းသမားအား ခေါ်ယူ၍ အမှုနှင့်ပတ်သက်ပြီး အမှန်တရားရရှိရေး စစ်ဆေးဖော်ထုတ်ရာ စာစောင်ဂျာနယ်များက သက်သေအဖြစ်ရေးသားခဲ့သည့် အမှု၏ အရေးကြီးသည့် တရားလိုမြင်တွေ့သက်သေ ဆိတ်ကျောင်းသားလေးမှာမကွယ်ဝှက်ဝံ့တော့ဘဲ မခိုင်လေးအလောင်းတွေ့ရာ ချောင်းစပ်အနီး ကျောက်တုံးများအောက်၌ ဖွက်ထားသည့် မခိုင်လေး၏ သက်သေခံနာရီနှင့်



www.burmeseclassic.com

www.burmeseclassic.com

ငင်းအိမ်ရှိ ဝါးစုဘူးအတွင်းမှ မခိုင်လေး ထံကယူထားသည့်ငွေများ ထုတ်ဖော်ပေးခြင်း၊ မြို့နယ်တရားရုံးတွင် ၎င်းအလိုအလျောက် ဖြောင့်ချက်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၎င်း၏ဖြောင့်ချက်များမှာ ခရိုင်တရားရုံး၌ မိုးအောင်က မခိုင်လေးကိုသတ်ဖြတ်ကြောင်းပြောဆိုသည့် အကြောင်းအရာအတိုင်း ထပ်တူဖြစ်သည်ကို နောက်ပိုင်း၌ သိရပါသည်။

ထိုသို့ ဖြစ်ရပ်မှန် တရားခံအစစ်ဖော်ထုတ်ပြီးနောက်ပိုင်း မိုးအောင်ကို လွှတ်ခြင်း၊ ၎င်းဆိတ်ကျောင်းသားအား တရားစွဲတင်ခြင်းများကို ဥပဒေနှင့်အညီ ပြုလုပ်ခဲ့ကြပါသည်။

❂

မိုးအောင် လွတ်မြောက်ပြီး တစ်ပတ်ခန့်အကြာ မြို့နယ်ရုံး၌ အမှုစစ်ဆေးပြီး နေ့ခင်း (၂) နာရီခန့် အိမ်သို့ပြန်ခဲ့ရာ အိမ်ရှိ အစ်မဝမ်းကွဲက-

"ညီမ မလာခင်လေးတင် ကလေးတစ်ယောက် လာတယ်။ အိမ်ခြံတံခါးဖွင့်ပေးတာ မဝင်ဘဲ အိမ်ရှေ့ကပဲ မခိုင်လေးနာရီကို ကျောက်ဝတ်တောင်ဘုရား ဥာပနာ ထည့်ပေးပါလို့ ဆရာမကြီးက အဖေတို့ကိုပြောပေးပါ။ အဖေတို့လည်း နောက်က လာနေပါပြီ။ သူလည်း ခရီးထွက်တော့မှာမို့လာနှုတ်ဆက်တယ်လို့ ပြောပြီး ပြန်သွားတယ်"


ဟု ပြော၍ ရုပ်သဏ္ဌာန်၊ အဝတ်အစားတို့အားမေးကြည့်ရာ သေဆုံးစဉ် အဝတ်အစားဝတ်ထားသည့် မခိုင်လေး ဖြစ်ကြောင်း သိရပါသည်။

မကြာမီပင် မခိုင်လေးမိသားစုမှာ ခိုင်လေးပြောသည့်အတိုင်း ရောက်ရှိလာပြီး အမှုမှန်ပေါ်ပေါက်၍ ကျေးဇူးတင်သဖြင့် ခြံထွက်ငှက်ပျောဖီးများနှင့် လာ၍လက်ဆောင်ပေးသဖြင့် မခိုင်လေး နာရီအား ကျောက်ဝတ်တောင်ဘုရား ဥာပနာထည့်ရန် ပြောခဲ့ပါသည်။

သို့ဖြစ်၍ တရားစွဲအဖွဲ့အစည်းမှ တရားခံအဖြစ် မှားယွင်း၍ တရားစွဲထားသည်ကို သေသူ၏ဝိညာဉ်မှ ဘဝမကူးပြောင်းနိုင်သေးဘဲ ၎င်းအား သတ်သူကို ဥပဒေအဆုံးအမ ခံယူနိုင်ရေး၊ တရားခံအစစ်ပေါ်ပေါက်ရေး ၎င်းကို မည်သို့သတ်ကြောင်း ကိုယ်တိုင်ပြောကြားခဲ့သည့် ဝိညာဉ်ကလေးစားအား ယနေ့ထိ မမေ့နိုင်တော့ပါ။

မြတ်သရဖူ(အထက်မင်းလှ)

*(ဖြစ်ရပ်မှန် ဖြစ်ပါသည်။ အမည်များ လွှဲပြောင်းထားပါသည်။)*



# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

၂၀၇ ကြိမ်မြောက်-

သူဌေးကြီးများ၊ သူကြွယ်ကြီးများ ပေါ်ထွက်လာကြပေဦးတော့မည်။

ချမ်းသာခြင်းများစွာကို ဖြစ်လာစေတော့မည့် သူဌေး၊ သူကြွယ်ကြီးများဆီသို့ ရောက်ရန် တာစူနေကြပါပြီ။

**တနင်္ဂနွေသားသမီးများ**

စက်တင်ဘာလမှာ ၁၇-၂၁-၂၅ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးပေါင်းစုံနှင့် မကြာခဏ ဆွမ်းတော်ကပ်လှူပါ။

အောက်တိုဘာလမှာ ၅- ၇- ၁ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

စက်တင်ဘာလမှာ ၁၉-၂၂-၂၈ ရက်များမှာ ထီထိုးပါ။

နဂါးရုံဘုရားတစ်ဆူဆူ ရှေ့တွင် ဆီမီး၊ အမွှေးတိုင်များ၊ ပန်းများနှင့် ဘုရားရှင်အား ရှိသေစွာ ပူဇော်ကန်တော့ပြီး ဤကောင်းမှုကုသိုလ်များကို သမ္မာဒေဝ နတ်ကောင်း၊ နတ်မြတ်များအား အမျှဝေပါ။

အောက်တိုဘာလ ၄- ၈- ၆- ၇ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

စက်တင်ဘာလမှာ ၉-၂၀-၂၃-၂၇ ရက်များမှာထီထိုးပါ။

ဘုရားရှင်အား ယခုတစ်လလုံး မုန့်လုံးရေပေါ်နှင့် ဆွမ်းတော်ကပ်လှူပါ။

အောက်တိုဘာလမှာ ၇- ၅- ၁ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

စက်တင်ဘာလမှာ ၂၁-၂၄ ရက်နေ့များမှာထီထိုးပါ။

ဘုရားတစ်ဆူဆူတွင် လျှပ်စစ်မီး ညလုံးပေါက်ပူဇော်လိုက်ပါ။

ညလုံးပေါက် လျှပ်စစ်မီး ပူဇော်သော ကုသိုလ်စာရွက် ဘောက်ချာဖြတ်ပိုင်းတွင် နာမည်မရေးပါနှင့်၊ ၎င်းကုသိုလ်စာရွက်ဖြတ်ပိုင်းကို ဘုရားဆောင်တွင် တင်ထားပါ။

အောက်တိုဘာလမှာ ၅-၇-၆-၂-၉ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

စက်တင်ဘာလမှာ ၁၇-၂၂-၂၅-၂၈ ရက်များမှာ ထီထိုးပါ။ ဘုရားရှင်အား ယခုတစ်လလုံး မုန့်လုံးရေပေါ် ဆွမ်းများနှင့်ကပ်လှူပူဇော်ပါ။

အောက်တိုဘာလမှာ ၇- ၅- ၃ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

စက်တင်ဘာလမှာ ၉- ၁၉- ၂၃ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား သစ်သီးဆွမ်းကပ်လှူပြီး မည်သည့်ဂါထာမန္တန် ပုတီးစိပ်ကိုမဆို (၁၅)မိနစ် အသံထွက်ရွတ်၍ပူဇော်ပါ။ ပြီးရင် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကို အမျှဝေပါ။

အောက်တိုဘာလတွင် ၇- ၅- ၁ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**စနေသားသမီးများ**

စက်တင်ဘာလ ၉-၂၀-၂၁-၂၄-၂၇ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွား၍ ဂြိုဟ် (၈) ခွင်လုံးမှ တစ်ခုခုနှင့်ဘုရားပူဇော်ပါ။ ဥပမာ-ဆီမီး၊ ရေ၊ ပန်း နှစ်သက်ရာနှင့်ပူဇော်ပါ။ ဂြိုဟ် (၈) ခွင်လုံးလှည့်၍ ပူဇော်ပြီး အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလတွင် ၅- ၆- ၇- ၃ ဂဏန်းများနှင့်ကံစပ်နေပါသည်။

*စက်တင်ဘာလတွင် (၂၀)ရက်နေ့တွင် မည်သည့်နေ့သားသမီးမဆို ထီထိုးဖြစ်အောင်ထိုးပါ။*

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com


စာရေးသူတို့အသက်ရှင်နေထိုင်ရာ (၃၁) ဘုံအတွင်းဝယ် သုဂတိဘုံသား လူဘုံအတွင်း၌ ဒုဂ္ဂတိဘုံသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ ရောယှက်နေထိုင်ကြကြောင်း အဘိဓမ္မာဒေနာမှာ ဘုရားရှင် ဟောဖော်ညွှန်းပြခဲ့ပေသည်။ ထိုသို့နေထိုင်ကြစဉ် နာမ်လောကဆိုင်ရာများနှင့် တွေ့ကြုံဖူးသူများ ရှိကြပါသည်။ ယခုလည်း စာရေးသူကိုယ်တိုင် (၂၀၁၀ ပြည့်နှစ်တွင်) တွေ့ကြုံခဲ့ရသည့်ဖြစ်စဉ်အမှန်ကို ဖွင့်ဖော်ရသော် -

*

ခင်ထားညိုအား ကျွန်မ၏ သမီးဖြစ်သူနှင့် သူငယ်ချင်းအဖြစ် သိခဲ့ပါသည်။ တစ်ရပ်ကွက်တည်း နေပေမယ့် ကားတစ်မှတ်တိုင်ကွာဝေးကြသည်။ ခင်ထားညိုတို့ မိသားစုသည် ထမင်း၊ ဟင်း

# အပူနှောင့်ဂျာပွေပန်လေသူ

## မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

သံကြိုးကွင်းကို ဆောင့်ဆွဲဖြတ်လိုက်ပုံက ကြောက်စရာကောင်းလှသည်။ သို့နှင့် အပြင်မထွက်စေရန် သုံး၊ လေးဦးဝိုင်း ချုပ်ထားကြသည်။ မရပါ၊ ရုန်းကန် ဆောင့်တွန်းပြီး လူမာမှဟုတ်ပါလေစဟု တွေးထင်ရလောက်အောင် အားကောင်း မောင်းသန်လျှောက်လှမ်း၍ သစ်ပင်ကြီး အောက်သို့ ထွက်ခွာသွားတော့သည်။ သစ်ပင်အောက်ရောက်တာနှင့် ဆံပင် ဖားလျားချ၊ ငုတ်တုတ်ထိုင်၊ လက်ဆန့် တန်းပြီး မျက်လုံးပြူးကြီးနှင့် မျက်တောင် မခတ် လုပ်ဆောင်နေပုံက တစ္ဆေသရဲ ကား အပြင်မှာကြည့်နေရသလိုပင်။

လူပတ်ဝန်းကျင် ဆိုတော့ ထို သတင်းကပြောလာကြသည်။ နားလည် သူများက ဝိုင်းပြောလည်း ညီအစ်ကို မောင်နှမတွေကလက်မခံကြပါ။ နောက် ဆုံး သင်တန်းကာလပြီးစီး၍ ပြန်လာ သော သမီးခမျာ သူငယ်ချင်းဖြစ်သူ၏ အကြောင်းကြားပြီး စိတ်မကောင်းကြီး စွာဖြစ်ရတော့သည်။

"သမီးသူငယ်ချင်းဆီသွားရင် ရွှေ ပေါက်ပင်ဆရာတော်ကြီးရဲ့ မေတ္တာပို့ ပရိတ်ရေတိုက်ကြည့်လိုက်ပါ။ ထူးခြားမှု ရှိ၊ မရှိ အမေ့ဆီ ဖုန်းဆက်ပါ"

သေသေချာချာ မှာကြားလိုက် သည်။ သမီးပြန်ရောက်လာပြီး -

"အမေ့ဆီ ဖုန်းမဆက်တာက ဘေးမှာလူတွေရှိနေလို့ပါ။ သမီးရောက် သွားတော့ ခင်ထားညိုက တုံးလုံးလဲ နေလျက်က လေသံတောင်ဟ,ဟစကား မပြောနိုင်ဘူး။ သမီးပေးတဲ့လက်ဆောင် လည်း လှမ်းတောင်မယူနိုင်ရှာဘူး။ ဒါနဲ့ သမီးက 'အမေက မှာလိုက်တယ်။ နင့် ရောဂါသက်သာသွားအောင် ပရိတ်ရေ သောက်လိုက်တဲ့'။ ပရိတ်ရေသောက်ဖို့ အဖုံးဖွင့်ရုံပဲရှိသေးတယ်။ ဝုန်းဆို လဲ နေရာကထထိုင်ပြီး မကျေမနပ် လူကို ဝါးစားတော့မယ့်အကြည့်နဲ့ ကြည့်ပြီး တောက်ခေါက်သံကြီးက ခန္ဓာကိုယ်နဲ့ မလိုက်လိုက်တာ။ ပြီးတော့ အိမ်အ နောက်ဘက်အခန်းဆီ ထပြေးသွားပြီး ပုန်းနေတာ အံ့ဩစရာပဲ အမေရယ်"

"သမီးတော့ သူ့ကို နှိပ်ပေးခဲ့ရ သေးလား"

"ဒါပေါ့၊ သူနားလာသမျှလူကို နှိပ် ခိုင်းနေတော့တာပဲ"

ကျွန်မသိလိုက်ပါပြီ။ နာမ်လောက သားတို့၏သဘာဝအရ လူ၏ သွေးသား ဓာတ်ကို စုပ်ယူခြင်းရှိကြောင်း။ ပြန်လာ ပြီး နောက်နေ့ သမီးဖျားနာတော့သည်။



ကျွန်မကတော့ ဆရာတော်ကြီးများ၏ မေတ္တာပရိတ်ရေနှင့်အဖျားကျဆေးတိုက် လိုက်သည်။ သမီးကိုလည်း ပရိတ်၊ ပဋ္ဌာန်း များ ပူဇော်ခိုင်းရသည်။

နောက်ဆုံးတော့ ခင်ထားညို၏ အစ်မကြီးကိုယ်တိုင် ကျွန်မထံ ရောက် လာပြီး တိုင်ပင်သည်။ ဒီတစ်ခါမှာတော့ တိုက်ကြီးမြို့နယ် ဂျီးဖြူတောင် သာသန စခန်းမှ ဆရာတော် ဦးအဂ္ဂသာရ၏ ကျွန်မအား ချီးမြှင့်ထားသည့် ကြေးပြား အင်းပေါ်မှာ အခံပြု၍ ခင်ထားညို၏ အိပ်ရာခေါင်းရင်းအနီးမှာ ထွန်းပေးထား စေသည်။ 'ပူတယ်၊ ပူတယ်'ဟုအော်ကာ လူးလိမ့်ပြီး သူများထူမှထနိုင်သူက အိမ် နောက်ခန်းသို့ ထပြေးကြောင်း လာပြော ပြသည်။

"သည့်ထက်သေချာအောင် ရွှေ ပေါက်ပင်ဆရာတော်ပုံပါတဲ့ မေတ္တာပို့ ဗွီစီဒီကို တစ်ချိန်လုံး ဖွင့်ပေးထားကြည့် ပါလား"

သူတို့ကလည်း ပြောတဲ့အတိုင်း ဆောင်ရွက်ရှာသည်။

"အန်တီရေ၊ ပူတယ်လောင်တယ် အော်ပြီး အိမ်ပြင်ဘက် တရားသံမကြား ရတဲ့နေရာကို ပြေးတော့တာပဲ"

"ဒါဆိုရင် သမီးတို့ညီမ ခင်ထား ညို မဟုတ်တာ သေချာပြီ။ တတ်ကျွမ်း တဲ့ဆရာခေါ်ပြီး ဆောင်ရွက်ချင်ဆောင် ရွက်ပါ"

ဟု ပြောပြရသည်။

ခင်ထားညိုအား ပူးကပ်နေသော နာမ်လောကသားအား ရှင်းလင်းရန် ဆရာရောက်လာသည်ဆို၍ ကျွန်မအား ခင်ထားညိုအနားမှာနေပေးရန် အစ်မ ဖြစ်သူခေါ် သဖြင့်သွားခဲ့သည်။ ခင်ထား ညိုသည် ကျွန်မအား ကျောခိုင်းထားပြီး 'သွား - မလာနဲ့' ဟု ပြောလာသည်။

ကျွန်မတာလည်း တတ်သမျှ မှတ်သ မေတ္တာပို့သပေးနေမိစဉ် ကျွန်မ၏ မ ဓာတ်တွင် သူသည် ဇူလိုင် ၇ ရက် နောက်ဆုံးထွက်ခွာရတော့မည်ဟု သိ သည်။ (ခြွင်းချက် - စာရေးသူသ ဗေဒင်၊ အကြားအမြင်ဆရာမ မဟုတ ပါ။) နေ့စဉ် အာစိဏ္ဏကံ ကျင့်စ အားကြောင့်ဟု ထင်ပါသည်။

ပင့်လာသော ဆရာကတော့ ထားညို၏ မွေးရက်ကို ကျော်တာ ကောင်းသွားမည်ဆိုသည်။ သန် ၇-၇-၂၀၁၀ နေ့တွင် အုန်း၊ ငှက် ပွဲပေး၍ ခင်ထားညိုနှင့်သက်ဆိုင် ပုဂ္ဂိုလ်အား ပွဲများပေး၍ ဆေးကုသ ဖြစ်ကြောင်း ပြောပါသည်။

ထိုနေ့ညမှာပင် ခင်ထားညို ယောက် ဆေးရုံပို့ပေးရန် တော တော့သည်။ အိမ်သားတွေကလည်း တစ်ဖက်၊ ဆေးရုံတစ်ဖက် အလုပ် လို၍ ပို့ရန်ငြင်းဆန်ကြသည်။ ထိ ခင်ထားညိုသည် သူ၏လက်သည် နှင့် သူ့ကိုယ်သူ ကုတ်ဖဲ့ကာ သွေး အောင် ထိုးဆွပြီး သောင်းကျန်း သဖြင့် ဆေးရုံကိုပို့ရတော့သည်။

ဇူလိုင် ၆ ရက်နေ့မနက် ကျွန် ဆေးရုံသတင်းမေးသွားစဉ် ခင်ထ သည် ခုတင်ထက်ထိုင်ပြီး ပြုံးက က စကားတွေပြောနေပြန်သည်။ လောကသားများသည် လွန်စွာ များကြောင်း ဆရာသမားများ ဖူးတာ သတိရ၍ အကဲခတ်ကြည့် သည်။

သမီးကတော့ ဆေးရုံစောင့် ချင်သည်ဟု ဆိုသည်။ ညနေ သ ကအပြန် ဆေးရုံစောင့်သွားရန် ပြ နေစဉ် -

"သမီးသူငယ်ချင်းက ဇူလိုင် ရက် နောက်ဆုံးပဲ။ အခုဆေးရုံ ရင် မနက်ကအခြေအနေနဲ့တူ ကြည့်ပြီး ဖုန်းဆက်ပါ၊ ဒါမှ အ ပေးစရာရှိတာပြောပေးလို့ရမှာ သိမ်ဝင်ပုတီးကို ယူသွား၊ သူ့ကို အာရုံပြုခိုင်းပြီး ဘေးကနေ သ မပြတ် ပုတီးစိပ်ပေးနေပါ"

သမီးဆေးရုံသွားပြီး ခဏ ဖုန်းဆက်သည်။ အခြေအနေ သည်ဟု။ ည (၁၀) နာရီ ဖုန်း သည်။ အခြေအနေမကောင်းပါ က ဘုရားအာရုံပြုဖို့ပြောတာ နက်ကြီးနဲ့ မောင်းထုတ်ကြောင် မနပ် စိုက်ကြည့်ပြီး ဒေ



www.burmeseclassic.com

www.burmeseclassic.com

နေလျှင် အမပင်ဟု လည်းကောင်း ခွဲခြား သတ်မှတ်ကြ၏။ အမပင်သည် အလွန်ကြီးမားသော ဥများဥ၍ အဖိုပင်မှာ ဥမဥဟု ဆိုကြပါသည်။ ဆင်တုံးမနွယ်ကို ဖြတ်လိုက်လျှင် အတွင်း၌ အပေါက်ကလေးများပါရှိကြောင်း တွေ့ရမည်။

အရွက်များမှာ ပင်စည်မှ ခပ်ကျဲကျဲ အရွက်လွှဲထွက်၏။ အဆစ်များပါရှိပြီး အဆစ်တစ်ခုလျှင် အရွက်တစ်ရွက်သာ ထွက်သည်။ အရွက်များချွန်၍ အသည်းနှလုံးပုံသဏ္ဍာန်ရှိသည်။ ကွမ်းရွက်နှင့် လည်းကောင်း၊ ညောင်ရွက်နှင့် လည်းကောင်း အရွက်ချင်းဆင်တူသည်။ ထင်ရှားသော ရွက်ကြောများ ရွက်ညှာထိပ်မှ ရွက်ချပ်အတွင်း ဖြာထွက်သည်။ ရွက်ညှာမှာ ကွမ်းရိုးကဲ့သို့ ရိုးတံရှည်ဖြစ်သည်။အရွက်သားမှာ ကွမ်းရွက်လောက် မချောမွေ့ဘဲ အနည်းငယ်ကြမ်းရှသည်။

အချိန်တန်လျှင် ပင်စည်မှအမြစ်များ ရှည်လျားစွာ တွဲလျောင်းကျလာတတ်သည်။ အဆစ်များမှ ပန်းခိုင်ထွက်၍ အပွင့်များမှာ အဝါရောင်ရှိသည်။ အသီးမှာ နီသည်၊ အချိန်တန်လျှင် ဥလည်း ဥပါသည်။

ဆင်တုံးမနွယ်သည် သူကိုယ်၌က အသက်ပြင်း၍ သေခဲသကဲ့သို့ လူကိုလည်း အသက်ရှည်စေပါသည်။

အိန္ဒိယဆေးကျမ်းများအရ တမာပင်ပေါ်သို့ နွယ်၍တက်သော ဆင်တုံးမနွယ်သည် ဆေးသုံးစွဲရာ၌ အကောင်းဆုံး ဖြစ်သည်။

ဆင်တုံးမနွယ်၏ထူးခြားချက်များမှာ -

၎င်းကို ထောပတ်နှင့် စားသော်လေကို နိုင်၏။

၎င်းကို ပျားရည်နှင့်စားသုံးသော် သလိပ်ကို နိုင်၏။

၎င်းကို ချင်း (ဂျင်း) ခြောက်နှင့် စားသုံးသော် အစာကိုကြေစေ၏။

**ဆင်တုံးမနွယ်ဆေးနည်းများ**

ဆင်တုံးမနွယ်ကို နုပ်နုပ်စဉ်း၍ အခြောက်လှန်းပါ။ ထို့နောက် လေငြိမ်ရာတွင် ပြာချ၍ ရုက္ခမူဆားအဖြစ် သုံးကြိမ်ပြန်ချက်ပါ။ ၎င်းဆား ငါးမူးသားကို ပျားရည်တစ်ပိဿာနှင့်ရောစပ်၍ သုံးရက်နေလှန်းပါ။နေလှန်းတိုင်း ခလောက်၍ မွှေပေးပါ။

၎င်းရုက္ခမူဆား ပျားရည်ဆေးကို ကော်ဖီဇွန်းသေးသေးဖြင့် နံနက်၊ ည တစ်ကြိမ်စီ သောက်သုံးခြင်းဖြင့် ကိုယ်ငွေ့ဓာတ်ကောင်း၍ အခြားရောဂါများ မကပ်ရောက်နိုင်ဘဲ ဆံဖြူ၊ သွားကျိုး၊ မျက်စိမှုန်ခြင်းမှ ကင်းဝေးကာ အမြဲတမ်း နုပျိုလန်းဆန်း ခွန်အားပြည့်စွမ်းစေပါသည်။ ဤဆေးနည်းအတိုင်း စွဲစားပါက အာယုဝဍ္ဎန အသက်ရှည်ဆေးကြီး ဖြစ်တော့၏။

(မြန်မာ့ရိုးရာ
ဆေးစွမ်းကောင်းများစာအုပ်မှ)

ဆင်တုံးမနွယ်ကို ဓားဖြင့်စဉ်း၍ ဆန်ဆေးရည်နှင့် စိမ်သောက်ပါက လူများသာမက ကျွဲ၊ နွားများကိုပင် ဝဖြိုးသန်မာစေ၏။

(နာနာနယကျမ်း)

ဆင်တုံးမနွယ် (ပင်စည်) တစ်ပိဿာကို နုပ်နုပ်စဉ်း၍ ရေစင်အောင် ဆေးပါ။ မြေအိုးတွင် ဆေးငါးဆယ်ကျပ်သားနှင့် ရောကာ အခြောက်လှန်းပြီး အမှုန့်ပြုပါ။ ထို့နောက် ပျားရည်တွင် ပျော်ဝင်သည်အထိ စိမ်ထားပါ။ ၎င်းကို ကော်ဖီဇွန်းဖြင့် တစ်နေ့တစ်ဇွန်းကျ စားပါ။ အစာကြေခြင်း၊ လေနိုင်ခြင်း၊ ဆီး, ဝမ်းမှန်ခြင်း၊ ရုပ်ပျိုကိုယ်နုခြင်းနှင့် အသက်ရှည်ခြင်း အကျိုးထူးများကို ရရှိခံစားရမည်။

ပဠင်းပါးကို အခြောက်လှန်း ပြာချ၍ ၎င်းပြာနှင့် ရေကို ပျော်ရုံသာရော၍ ခန်းအောင်ချက်ပါ။ ဆင်တုံးမနွယ်ရုက္ခမူဆားကို ရရှိပါမည်။ ၎င်းဆားသည် အစာအိမ်လေနာရောဂါနှင့် ရေငတ်ဝမ်းကျရောဂါတို့ကို သက်သာ ပျောက်ကင်းစေ၏။

အသားဝါရောဂါအတွက်မူ အရွက်ကိုကြိတ်ပြီး ဒိန်ချဉ်နှင့် ရောတိုက်ပါ။ သက်သာပျောက်ကင်းစေပါသည်။

အရေပြားရောဂါဖြစ်လျှင် ဆင်တုံးမနွယ်သီးမှအရည်ကို အနာပေါ် လိမ်းပေးပါ။ မီးယပ်ဖြူဆင်းလျှင် ပဠင်းပါးကို နုပ်နုပ်စဉ်း၊ ရေနှင့်ပြုတ်သောက်ပါ။

သွေးတိုး၊ လေငန်းရောဂါ ကာကွယ်ဆေး ပြုလုပ်လိုလျှင် ပဠင်းပါးကို အခြောက်လှန်း၍အမှုန့်ပြုပါ။ ထို့နောက် ပျားရည်နှင့်တော၍ ဆီးကင်းလုံးခန့် လုံးထားရပါမည်။ တစ်ခါသောက် သုံးလုံးမှ ငါးလုံးအထိ တစ်နေ့တစ်ကြိမ်သောက်

သုံးပါ။ သွေးတိုးနှင့် လေငန်းရော[illegible] ကာကွယ်နိုင်ပါသည်။

ဆီးသွားရာတွင် ဆန်ဆေး[illegible] ကဲ့သို့ နောက်ကျိနေခြင်း သို့မဟုတ် [illegible] ဖြူသွားခြင်းဖြစ်ခဲ့သော် ဆင်တုံးမ[illegible] ကို နုပ်နုပ်စဉ်း ရေစိမ်၍ဖြစ်စေ၊ ကျ[illegible] ကျိုချက်၍ဖြစ်စေ တစ်နေ့နှစ်ကြိမ် [illegible] သောက်ပေးပါ။ နောက်တစ်နည်း[illegible] ၎င်းကို အမှုန့်ပြု၍ ပျားရည်နှင့်တေ[illegible] လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာမျှ လုံး[illegible] ပြီး နွေးတက်ကျိုရည်နှင့်သောက်[illegible]

မြင်းသရိုက်ခေါ် လိပ်ခေါင်း[illegible] အတွက် ဆင်တုံးမနွယ်နှင့် မုတ်စ[illegible] သုံးပါး (၂၅) ကျပ်သားစီ၊ ကြောင်[illegible] ရွက်၊ မန်ကျည်းမှည့်၊ ကြက်သွန်နီ၊ [illegible] သီး ငါးကျပ်သားစီတို့ကို ရောကြိတ်[illegible] ထို့နောက် ရေအနည်းငယ်ထည့်၍ [illegible] အေးအေးဖြင့်ချက်ပါ။ တစ်နေ့တစ်[illegible] ခပ်များများသောက်ပါ။

သွားမကျိုး၊ ဆံမဖြူဆေး[illegible] ဆင်တုံးမနွယ်ဥတစ်လုံး၊ ဖန်ခါး[illegible] ခြောက်၊ နွားမြေရင်း၊ ဖာလာ၊ [illegible] ကောင်း၊အိပ်မွေ့သီး၊ကန့်ချုပ်နီ၊တုံ့[illegible] ဝတ်ဆံတစ်ကျပ်သားစီကို ရောကြိ[illegible] သကြား (၅၄) ကျပ်သားနှင့် သမအော[illegible] ပြုပြီးတေထားပါ။ နံနက်၊ ည လက်[illegible] ရည်ဇွန်းတစ်ဇွန်းစာ သောက်ပါ။ [illegible] အကျိုးကား အညောင်းအကိုက်၊ [illegible] အကျဉ်၊ ဒူလာ၊ မီးယပ်တို့ကိုပျောက်[illegible] စေသည့်အပြင် သွားမကျိုး၊ ဆံမ[illegible]

ဆင်၊ မြင်း၊ ကျွဲ၊ နွားဆေး[illegible] ဖော်စပ်သုံးစွဲနည်းမှာ ဆင်တုံးမ[illegible] မြင်းစဂုံနီမြစ်၊ ကျွဲနပေါင်းမြစ်၊ နွ[illegible] ရင်းပဠင်းပါးတို့ကို အမျှကြိတ်ပါ။ [illegible] ဆေးကို ဆင်အားကျွေးလိုလျှင် ဆ[illegible] မနွယ်ကဲ၍တိုက်၊ မြင်းအတွက် မြင်း[illegible] မြစ်၊ ကျွဲအတွက် ကျွဲနပေါင်းမြစ်၊ [illegible] အတွက် နွားမြေရင်း ကဲ၍ကဲ၍ [illegible] ထည့်၍) တိုက်ကျွေးပါ။ ဆင်၊ မြင်း [illegible] နွားများ ရောဂါကင်း၍ သန်မာဝ[illegible] ပါသည်။

ဆေးကျမ်းအလီလီ၌ ဆ[illegible] မနွယ်ဆေးနည်းမှာ များစွာကျန်ရှိ[illegible] သေးသည်။ အလွန် အစွမ်းထက်[illegible] ကြောင့် ရှာဖွေလေ့လာ ဖော်စပ် [illegible] တော်မူနိုင်ကြပါသည်။

တင်နိုင်ဝင်း (ထမင်းဈေး[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

# ဆေးနည်းတို(ဆေးမြီးတို) သုံးစွဲလျှင် သတိယူဦး

'ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်းမလွယ်နဲ့' ဆိုသော ဆိုရိုးစကားကို လူတိုင်း သိကြပါသည်။ ၎င်းဆိုရိုးနည်းတူ 'ဆေးမြီးတိုသုံးလည်း မလွယ်နဲ့' ဟု ကျွန်တော်က ထပ်ဆင့်၍ ဆိုရိုးပြုစေချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့မြန်မာလူမျိုးများသည် ဆေးမြီးတိုနည်းများကို အလွယ်တကူရပြီး အန္တရာယ်မရှိသောက်ပါဟု အလွယ်မှတ်ယူပြီး မိမိသဘောအတိုင်း ထင်သလို စမ်းသပ်သုံးစွဲနေကြသည်မှာ ထုံးစံတစ်ခုလိုဖြစ်နေပါသည်။

ဆေးမြီးတိုရဲ့ အားသာချက်ကလည်း လွယ်ကူစွာရှာဖွေနိုင်ခြင်း၊ လက်လှမ်းတမီဖြစ်ခြင်း၊ စီမံဖော်စပ်ရသည်မှာ ခက်ခဲမှုမရှိခြင်း၊ ငွေကုန်ကြေးကျမများခြင်း၊ ခေတ်ကာလ အခြေအနေကတောင်းဆိုနေခြင်း စသည့် အချက်များကြောင့် သုံးစွဲသူများကို သုံးစွဲချင်လာအောင် စွဲဆောင်မှုရှိနေပေသည်။ သို့သော် ဆေးမြီးတိုတိုင်းသည် သုံးစွဲသူလူကို အန္တရာယ် ကင်း, မကင်း ဆိုသည့်အချက်ကိုတော့ သတိပြု ဆင်ခြင်သင့်သည်။

ဆေးမြီးတိုတိုင်း အန္တရာယ်မကင်းဟုမဆိုလိုပါ။ သို့သော် အချို့သောဆေးမြီးတိုများသည် တန်ဆေး လွန်ဘေးဟုဆိုသော ဥပဒေသထဲတွင် အကျုံးဝင်နေပြီး လွန်ပါက လူကိုအန္တရာယ်ပေးသည့်အဆင့်ကိုရောက်သွားပေသည်။ ထိုအခါ ဆေးအဖြစ်မှ ဘေးအဖြစ်သို့ သက်ဆင်းသွားတော့သည်။

ထို့အပြင် မြန်မာ့ရိုးရာတိုင်းရင်းဆေးများအပေါ်တွင်လည်း အခြားဆေးပညာရှင်ကြီးများက လက်ညှိုးထိုးစရာ၊ ရှုတ်ချစရာ ဖြစ်လာပါသည်။ 'ဖြစ်မှာပေါ့ ဘာမှန်းညာမှန်းမသိတဲ့ ဆေးမြီးတိုတွေ၊ ဆေးတွေ သုံးနေတာကိုး'ဟု အသံထွက်လာကြပေမည်။

အမှန်ကတော့ မြန်မာ့နည်း၊ မြန်မာ့ဟန်အတိုင်း သတိပြု မဆင်ခြင်ဘဲ (ပညာရှင်နှင့်မတိုင်ပင်ဘဲ) မိမိသဘောဖြင့် သုံးစွဲနေကြခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်သည် တိုင်းရင်းဆေး ဟူသော ပညာရပ်ကြီးတစ်ခုလုံးအပေါ် အပြစ်ဖို့လာကြသည်ကို ကြုံတွေ့ကြရမည် ဖြစ်သည်။

အသည်းရောဂါ အထူးကုဆရာဝန်ကြီးတစ်ဦးဆိုလျှင် သူ၏ဟောပြောပွဲတိုင်းတွင် အသည်းရောဂါဖြစ်စေသည့် အကြောင်းတရားများထဲ၌ မြန်မာ့ဆေးမြီးတိုများ သုံးစွဲခြင်းကြောင့် အသည်းရောဂါကို ပို၍ ဆိုးဝါးစေသည်ဟု အမြဲထည့်၍ ပြောဆိုလေ့ရှိပါသည်။ သူပြော





www.burmeseclassic.com

www.burmeseclassic.com

တာမဟုတ်ဘူးလား ဆိုတော့လည်း ဟုတ်နေသည်ကို တွေ့ရသည်။ ဤသို့ ဖြစ်ရခြင်းအကြောင်းမှာ ဆေးမြီးတိုသုံးစွဲသူများသည် စစ်မှန်သော တိုင်းရင်းဆေးပညာရှင်များနှင့်မတိုင်ပင်ဘဲ မိမိသဘောဖြင့် ထင်တိုင်းကြဲနေကြသည့်အတွက် ဤသို့ ဖြစ်နေရခြင်း ဖြစ်ပါသည်။

ဒါပေမယ့် စစ်မှန်သောတိုင်းရင်းဆေးပညာရှင်ကြီးများက သူပြောတာကို လက်မခံနိုင်ပါ။ အကြောင်းမှာ မည်သည့်ဆေးမြီးတိုဖြစ်ပါစေ ပညာရှင်အဆင့် သိမြင်ချိန်ဆ သုံးစွဲလျှင် အသည်းရောဂါကို ထိရောက်အောင် သုံးစွဲနိုင်ပါသည်။

*(အဲ-အတိုင်းအရှည်မဲ့ ပရမ်းပတာလုပ်လို့တော့ မရဘူးပေါ့ဗျာ။)*

ကဲ- ဒီအကြောင်းအရာတွေကို ပြောရမည် ဆိုလျှင်တော့ ပုဂံရာဇဝင်ပြောရသလို တုတ်ထမ်းပြောရမယ့်ကိန်းတွေ အများကြီးပဲရှိပါသည်။ ဒီလောက်နှင့်ပဲ ရပ်ကြပါစို့။ အဓိကပြောချင်တာက ဆေးမြီးတိုများကို သုံးစွဲမည်ဆိုလျှင် ပထမ ၎င်းဆေးနည်းသည် မိမိတွင်ဖြစ်ပေါ်နေသော ရောဂါဝေဒနာနှင့် သင့်တော်, မတော်ကို ချိန်ဆ တွေးခေါ်ဆုံးဖြတ်ပေးနိုင်သည့် စစ်မှန်သော တိုင်းရင်းဆေးပညာရှင်များနှင့်တိုင်ပင်ပါ။ ဆွေးနွေးပါ။

စစ်မှန်သော တိုင်းရင်းဆေးပညာရှင်ကြီးများကလည်း ဤကဲ့သို့ တိုင်ပင်ဆွေးနွေး မေးမြန်းခြင်းမျိုးကို ဆွေးနွေးတိုင်ပင်ခ ပိုက်ဆံငွေကြေး တစ်ပြားမှ မယူကြဘဲ အခမဲ့ ကြိုဆိုလက်ခံကြပါသည်။

(ဒါပေသည့် တတ်ယောင်ကားဆရာယောင်၊ သမားယောင်များနှင့်တော့ သွား၍မဆွေးနွေးမိစေနဲ့ပေါ့ဗျာ။ ဒါဆိုရင် ကိုသာဆိုး ဖြစ်သွားမယ်။ ဒါကိုလည်း သတိထားပါ။)

လူတိုင်းသည် မိမိတို့ နေ့စဉ်တွေ့မြင်သုံးစွဲနေကျ ပစ္စည်းပစ္စယ၊ အစားအစာများအပေါ်တွင် သာမန်အနေဖြင့် အန္တရာယ်မရှိဟု မှတ်ယူထားကြသည်။

ဥပမာတစ်ခုအနေဖြင့် လူတိုင်းနေ့စဉ် ရေသောက်ကြသည်။ ရေသန့်ရှင်းလျှင် အန္တရာယ်မရှိဟု သိမြင်ကြသည်။ ဒါပေမယ့် ပညာရပ်အမြင်၊ ပညာရှင်အဆင့်အမြင်နှင့်ပြောရလျှင် ထိုသန့်ရှင်းသောရေသည်ပင်လျှင် ပြင်းထန်သည့်အဆိပ်စာရင်းထဲ ပါဝင်နေတတ်သည်ကို တွေ့ရသည်။

**ရှင်းချက်** ။ ။ အိန္ဒိယ အာယုဗ္ဗေဒဆေးကျမ်းများတွင် ကျိုးချက်ထားသော ညသိပ်ရေ၊ ရက်ကျော် ရေကျက်အေးသည် ပြင်းထန်သောအဆိပ်ဖြစ်သည်ဟု အတိအလင်းပြဆိုထားသည်။

*(ချက်ချင်းသောက်သုံး၍တော့ လူမသေပါ။ သို့သော် ရေရှည် ကြာမြင့်စွာသောက်သုံးပါက ၎င်းရေသည်ပင်လျှင် အဆိပ် ဖြစ်လာပါသည်။)*

ပြောရလျှင် ဆေးမြီးတိုလောကတွင် ဇယားတွေ အများကြီး ရှိခဲ့သည်။ ရှိနေသည်။ နောက်လည်း ရှိနေဦးမှာပါပဲ။

ဥပမာ -

(က) စူလာနဖာ
(ခ) ပိစပ်ရွက်
(ဂ) ဏ္ဍသရမူလီရွက်
(ဃ) ဂမ္ဘီရပြဒါးပြာ(ခေါ်)ရှောင်ဆေး
(င) ဓာတ်စာပေးဆေးမြီးတိုများ. .

စသည် စသည်ဖြင့် အများကြီးရှိခဲ့သည်။

**(က) စူလာနဖာ** ဆိုလျှင် ရေးသားသူကလည်း အင်နှင့်အားနှင့် ရေးသည်။ ညွှန်းသည်။ သုံးစွဲကြသူများကလည်း စူလာနဖာအပင် မျိုးပြုတ်လုခမန်း သုံးစွဲခဲ့ကြသည်။

သို့သော်နောက်ဆုံးစစ်တမ်းထုတ်ကြည့်တော့ အတိုင်းအရှည်မသိ သုံးစွဲကြသူများ ဒုက္ခရောက်ကြသည်။ ဆေးရုံဆေးခန်းသို့ရောက်ရသည်ထိ အန္တရာယ်ကြုံခဲ့ကြသည်။

စူလာနဖာအပင်တွင် အောက်ဇာလိပ်အက်စစ်ဓာတ် များစွာ ပါဝင်နေသည့်အတွက် ခဏတာ အချိန်တိုသုံးစွဲလျှင် ဆီးရွှင်၍ နေရထိုင်ရကောင်းသလိုရှိသည်။ ဒါပေမယ့် ရက်ရှည်စွဲသောက်လာလျှင်မူ ကိုယ်တွင်းကလီစာများတွင် သွေးယို၍, ဆီးသွေးပါ၍ အမည်းရောင်ဆီးသွားခြင်း၊ ဝမ်းသွေးပါ၍ ဝမ်းအမည်းရောင်သွားခြင်း၊ ကျောက်ကပ်ရောင်၍ ဒဏ်ဖြစ်ခြင်း စသည့် side effect ရ၍ ဒုက္ခတွေ့ရသည်။

**(ခ) ပိစပ်ရွက် (ခေါ်) ကုန်းဗေဒါ**သည်လည်း ထိုနည်းလည်းကောင်းပင်။ ဝါဒဖြန့်ချိမှု အားကောင်း၍ အုံနှင့်ကျင်းနှင့် သုံးစွဲကြသည်။ ပိစပ်ရွက်မှာလည်း အောက်ဇာလိပ်အက်စစ်ဓာတ် များစွာ ပါဝင်၍ ကျောက်ကပ်ကို ထိခိုက်သည်။ အတိုင်းအရှည်သိရန် လိုသည်။

**(ဂ) ဏ္ဍသမူလီ** ရွက်သည်လည်း ရက်တိုသုံးစွဲလျှင် မသိသာသော်လည်း ရက်ရှည် စွဲသောက်လာလျှင် ၎င်းမှာပါဝင်သော အရစ္စတိုလိုခစ် အက်စစ်ဓာတ် (Aristolochi Acid) ကြောင့် ကျောက်ကပ်ပျက်စီးပြီး ဆီးလမ်းကြောင်းကင်ဆာကိုဖြစ်စေသည်ဟု သုတေသနပြု၍ အတိအလင်းတွေ့ရှိရသည်။

**(ဃ) ဂမ္ဘီရပြဒါးပြာ (ခေါ်) ရှောင်ဆေး**သည် အမှန်က ဆေးမြီးတို မဟုတ်ပါ။ ကျွမ်းကျင်လိမ္မာသော သမားတော်များသာ လိုအပ်မှအရေးပေါ်သုံးရသော ဓာတ်ဆေး ဖြစ်သည်။ သို့သော် ယခုအခါတွင် ဆေးမြီးတိုအဖြစ် မှတ်ယူကြပြီး အလွယ်သုံးစွဲနေကြသည်မှာ ရင်လေးစရာပင် ဖြစ်သည်။

Heavy Metal ခေါ်သော ဓာတ်ဆေးများသည် နားလည်ကျွမ်းကျင်မှုမရှိဘဲသုံးစွဲလျှင် အင်မတန် အန္တရာယ်ကြီးပါသည်။

**(င) ဓာတ်စာပေး ဆေးမြီးတိုများ**တွင် အစာအာဟာရဖြစ်၍ နည်းအတော်များများသည် မည်သည့်အန္တရာယ်မှမဖြစ်ကြသော်လည်း တချို့သောဓာတ်စာ ဆေးမြီးတိုများသည် အန္တရာယ်ပေးတတ်ပါသည်။

**ဥပမာ (၁)**

*'ငရုတ်ကောင်းတစ်ထောင်၊ ကြက်တစ်ကောင်၊ ဗိုလ်ခြေတစ်ထောင် အားကိုဆောင်၊ အမောင် ဖျားနိုင်ဆေး'*

ဟူသော စာချိုး ဆေးမြီးတိုသည် သာမန်ကြည့်လျှင် ဘာမှအန္တရာယ်မရှိပါ။ သို့သော် သူ၏စားသုံးနည်းမှာ ဖျားနာစွဲ တာရှည်ပြီး အားအင်ချည့်နဲ့နေသူကို ငရုတ်ကောင်း အစေ့ (၁၀၀၀) နှင့် ကြက်တစ်ကောင်လုံးကိုချက်ပြီး တစ်ခါတည်းကုန်အောင်စားခိုင်းခြင်း ဖြစ်၏။ ၎င်းဓာတ်စာ စားပြီးလျှင် လူနာသည် မနေနိုင်မထိုင်နိုင်အောင် ကိုယ်တွင်းမှ ပူလောင်လာပြီး ရေထဲတွင်ဆင်း၍ စိမ်နေရသည်အထိ ဖြစ်သည်။

အဲသည့်နောက်ပိုင်း ခန္ဓာကိုယ်မှ အခိုးတရှိန်ရှိန်ထွက်ပြီး အဖျားသက်သာလာသည်။ ဒါဆိုရင် စာဖတ်သူများက ဆေးနည်းကောင်းသည်ဟု ထင်ပေမည်။ နောက်ပိုင်းဇာတ်လမ်းကျမှ ဒုက္ခတွေ့ရမည်။ လူနာသည် ဓာတ်စာဆေးစားပြီး (၁)မတ်၊ (၁၀) ရက်ခန့်တွင် နာလန်ပြန်ထလာပြီး အဖျားအရှင်းပျောက်သွားပါသည်။

သို့သော် အဖျားပြတ်သွားသော်လည်း ယောက်ျားဆိုလျှင် ပန်းမလာတော့ပါ။ ပန်းသေပြီး လုံးဝ မလာပါ။ မိန်းမဆိုရင် မီးယပ်သွေးခန်းပြီး သွေး



www.burmeseclassic.com

www.burmeseclassic.com

မပေါ်တော့ပါ။ ဓာတ်စာ ဆေးမြီးတို၏ side effect ကို လူနာသည် တစ်ဘဝစာ ခံစားသွားရပါသည်။

ငရုတ်ကောင်းအစေ့ (၁၀၀၀) ၏ ပြင်းအားကို စာဖတ်သူ ပရိသတ်ကြီး တွက်ဆကြည့်ကြပါ။

**ဥပမာ (၂)**

အဖောရောင်ပျောက် ဓာတ်စာ ဆေးနည်းဖြစ်သော ရွှေဖရုံသီး + မှို + ကြက်ဟင်းခါးသီး + ကြက်သားကို ရောချက်၍ လူနာကို တဝကျွေးခြင်း ဖြစ်ပါသည်။ ထိုဓာတ်စာကို ခြေ၊ လက်၊ မျက်နှာအန်း၍ ဖောရောင်နေသူကို တဝချက်၍ကျွေးလိုက်သော် ဓာတ်စာစားပြီး လူနာသည် (၂) နာရီ၊ (၃) နာရီအတွင်း ချွေးသီးချွေးပေါက်များထွက်လာပြီး နေမထိထိုင်မသာဖြစ်ကာ ဆီး၊ ဝမ်းများသွားမည်။ ဆီး၊ ဝမ်း လေး,ငါးကြိမ်ခန့်သွားပြီးသော် အဖောအရောင် သိသိသာသာ စပြီးကျလာမည်။ ကဲ- သည်ဆေးမြီးတို ဓာတ်စာ မကောင်းပေဘူးလား။

ပထမ အဖောအရောင်သမားကို ဤဓာတ်စာဆေးနည်းဖြင့် ပျောက်သွား၍ လက်ဆင့်ကမ်းပြီးနောက် ဒုတိယအဖောအရောင်ရောဂါသည် လူနာအား ၎င်းဓာတ်စာနည်းအတိုင်း ချက်၍ တဝကြီး စားပစ်လိုက်သည်။

ဓာတ်စာစားပြီး နာရီဝက်အတွင်း မချိမဆံ့ဖြစ်ပြီး အသက်ရှူပါ ရပ်လုခမန်း ဖြစ်လာသည်။ အိမ်သားများကလည်း ဘာလုပ်ရဘာကိုင်ရမှန်း မသိကြ၍ ဆေးရုံသို့အမြန်ဆုံးပို့ကြသည်။ ဆေးရုံရောက်ပြီး လူနာသတိလစ်သွားသည်။ နောက် လုံးဝသတိပြန်မလည်ဘဲ အနိစ္စရောက်သွားသည်။

ကဲ- စာဖတ်သူ ပရိသတ်ကြီး၊ အထက်ပါ အဖြစ်အပျက်နှစ်ခုကို ကြည့်ပြီး စိတ်ထဲတွင် ဇဝေဇဝါ မဖြစ်ဘဲ... စိတ်ထဲတွင် ဇယားနောက်မသွားဘူးလား။ သာမန်အသိအမြင်လေးဖြင့် သူကောင်းသွား၍ ငါကတော့ သည်ဆေးမြီးတိုကို လုပ်ကြည့်မည်ဟုတွေး၍ လုပ်ကြည့်သည်။ ဒါပေမယ့် သူကျတော့ OK ပြီး ကိုယ့်အလှည့်ကျတော့ ဒုက္ခရောက်ရော ဖြစ်နေပြီ။

ဤဖြစ်စဉ်ကို သဘောပေါက်အောင် ရှင်းပြပါမည်။

ပထမလူနာသည် ခြေ၊ လက်၊ မျက်နှာအန်း၍ ဖောရောင်နေသော်လည်း ထိုလူနာသည် အကြောင်းတရားတစ်ခုခုကြောင့် ရုတ်တရက် ကျောက်ကပ်ရောင်ပြီး ဖောရောင်လာခြင်း ဖြစ်သည်။ အသည်းပုံမှန်ဖြစ်သည်။ Liver Function ကောင်းသည်။ B ပိုး C ပိုး မရှိ။ ယခင် ဖောရောင်ခြင်း မဖြစ်မီက ကျန်းမာရေး ကောင်းတင်းသည်။

ထိုသို့သော လူနာမျိုးကို အထက်ပါ ဝိရောဓိဓာတ်စာမျိုး ပေးကျွေးလိုက်သည့်အခါ၊ တစ်နည်းဆိုရသော် ဝိရောဓိဓာတ်စာသည် Food poison သဘောမျိုး အဆိပ်သင့်အစာ ဖြစ်သည်။ သာမန်လူကောင်းကိုကျွေးလိုက်လျှင် ကျိန်းသေ Food poison ဖြစ်သည်။

လူနာကို ၎င်းဓာတ်စာကျွေးလိုက်သည့်အခါမှာလည်း Food poison လက္ခဏာများ ပြလာသည်။ ဒါပေမယ့် လူနာသည် အကြောင်းတစ်ခုခုကြောင့် ရုတ်တရက် ကျောက်ကပ်ရောင်ပြီး ခန္ဓာကိုယ်ထဲတွင် မကောင်းသော အဆိပ်ဓာတ်များ ဝင်ခိုအောင်း၍ ဖောရောင်လာခြင်းဖြစ်သည့်အတွက် ကျောက်ကပ်၏လုပ်ဆောင်ချက် Function ခေတ္တခဏ အားနည်းနေခြင်း ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ဝိရောဓိဓာတ်စာကို စားလိုက်သဖြင့် အဆိပ်(၂)ခု ထိပ်တိုက်တွေ့ဆုံပြီး ခန္ဓာကိုယ်တွင်း ဇီဝကမ္မလုပ်ဆောင်မှုကို တန်ပြန်နှိုးဆော်မှုပြုလိုက်သဖြင့် ခေတ္တအလုပ်မလုပ်၊ အားနည်းနေသော ကျောက်ကပ်သည် တန်ပြန်နှိုးဆော်မှုအရှိန်ကြောင့် အလုပ်ကိုကောင်းစွာပြုလုပ်လာပြီး ဆီး၊ ဝမ်းများကို စွန့်ထုတ်လာသည့်အတွက် အဖောအရောင် လျော့လာပြီး ပုံမှန်အနေအထားကို ရလာသည်။

ဤ ပထမလူနာသည် အသည်း Liver Function ကောင်းနေ၍သာ ထိုဇီဝကမ္မ တန်ပြန်နှိုးဆော်မှုဒဏ်ကို ခံနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဤလူနာသည် ရောဂါသက်သာခြင်းကို တွေ့ရသည်။

ဒုတိယ လူနာအမျိုးအစားသည် အသည်း Liver Function အားနည်း အသည်းကျစ်ပြီး နာတာရှည် ကျောက်ကပ်ရောင်၍ ဖောရောင်လာခြင်း ဖြစ်သည့်အတွက် အထက်ပါ Food poison ကဲ့သို့သော ဝိရောဓိဓာတ်စာကိုစားလိုက်သောအခါ ဖြစ်ပေါ်လာသည့် ဇီဝကမ္မတန်ပြန်လှုံ့ဆော်မှုဒဏ်ကို အသည်းကမခံနိုင်ဘဲ ကျောက်ကပ်မှာ ဖိအားပြင်းထန်စွာပေးခြင်းခံရ၍ အဖောအရောင် မလျော့ဘဲ သွေးအတွင်း အဆိပ်များစုပုံ၍ ရောဂါပိုတိုးကာ ဒုက္ခရောက်ရခြင်း ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းအရာတို့သည် ပညာရှင်နယ်ပယ်အတွင်း၌ နေ၍ ချင့်ချိန်တွက်ဆ တွေးခေါ်ပြခြင်း ဖြစ်သည်။ စစ်မှန်သောဆေးပညာရှင်ဆိုလျှင် အထက်ပါဖြစ်ရပ်နှစ်ခုတွင် မည်သူ့ကို ဓာတ်စာဆေးနည်းတို့နှင့်ကု၍ မည်သူ့ကို မကုအပ်၊ မကုထိုက်သည်ဟု မှန်ကန်စွာ ဆုံးဖြတ်နိုင်မည် ဖြစ်သည်။

သာမန်လူ အတွေးအခေါ်မျိုးနှင့် လူနာနှစ်ယောက်လုံးကို ဓာတ်စာဆေးနည်းတို့နှင့် ကုသလျက် တစ်ယောက်ရှင်၊ တစ်ယောက်သေ ဆိုသည့်အဖြေမှာ မလွဲဧကန် ဖြစ်မည်။ ဆေးပညာရပ်နယ်ပယ်၏ ကျယ်ဝန်း နက်ရှိုင်းမှုကို သိမြင်နိုင်ပြီဟု ထင်ပါသည်။ သာမန်လူများအလွယ်တကူ သတိပြု ဆင်ခြင်နိုင်စေရန် အချိန်အဆ များသွားလျှင် အန္တရာယ်ပေးတတ်သော ဆေးမြီးတိုအုပ်စုများကို တတ်နိုင်သမျှ ဖော်ပြပေးလိုက်ပါသည်။

**သတိပြု ဆင်ခြင်သင့်သည့် ဆေးမြီးတို အုပ်စုများ**

၁။ Heavy Metal (ခဲ) စိန်၊ ပြဒါး၊ ဆေးဒန်း စသည့် ဓာတ်ဆေးပစ္စည်းများပါဝင်သည့် ဆေးမြီးတို အုပ်စုများ။

၂။ ဆေးရွက်ကြီး ပါဝင်သော ဆေးအုပ်စု။

၃။ ကျားမနိုင်အဆီ ပါဝင်သော ဆေးအုပ်စု။

၄။ ကနစို ပါဝင်သော ဆေးအုပ်စု။

၅။ ဟုန်းပင်၊ ဟုန်းမြစ် ပါဝင်သော ဆေးအုပ်စု။

၆။ ဒေါင်းသည်းခြေ၊ ငါးပွတင်းသည်းခြေ ပါဝင်သော ဆေးအုပ်စု။

၇။ ဆီမီးတောက်ဥ ပါဝင်သော ဆေးအုပ်စု။

၈။ ရုက္ခမူဆားများ ပါဝင်သော ဆေးအုပ်စု။

၉။ တွဲဖက်စားသုံးလျှင် အစာအဆိပ်သင့်စေနိုင်သည့် ဓာတ်စာဆေးအုပ်စုများ။

၁၀။ ဆီးရောဂါအတွက်ပေးသော ဆေးမြီးတိုအုပ်စု။

**ရှင်းချက်** ။ ။ ဆီးရောဂါအတွက် သုံးသော ဆေးမြီးတို အပင်၊ အရွက်များသည် သောက်သုံးခါစတွင် ဆီးများကို ဖောဖောသီသီသွားစေသည့် ဆေးပင်, ဆေးရွက်များ ဖြစ်သည်။ ထိုဆေးပင်, ဆေးရွက်များတွင် များသောအားဖြင့် အောက်ဇားလိပ်အက်စစ်ဓာတ် များပြား



www.burmeseclassic.com

www.burmeseclassic.com

စွာ ပါဝင်သောဆေးပင်များ ဖြစ်ကြ၏။ ထိုအောက်ဇားလစ်အက်စစ်ဓာတ်မှာ စွဲ၍စားသုံးခဲ့လျှင် ကျောက်ကပ်ကိုဒဏ်ဖြစ်စေပြီး ကျောက်ကပ်ပျက်စီးခြင်းအဆင့်သို့ ရောက်သွားတတ်ပါသည်။

ထို့ကြောင့် ဆေးမြီးတိုနည်းများကို တိုင်းသိပြည်သိ၊ ပြည်သူလူထုသိအောင် တင်ပြရေးသားကြမည်ဆိုလျှင် ရေးသားတင်ပြသည့်ပုဂ္ဂိုလ်သည် ၄ဆေးပညာရပ်များအပေါ်တွင် အဘယ်မျှ လေ့လာသိမြင်ထားပါသနည်း။ ဆေးပင်၊ ဆေးဝါးတို့၏ အကျိုး, အပြစ် အတိုင်းအရှည်ကို တတ်သိနားလည် ကျွမ်းကျင်ပါသလားဟုမိမိကိုယ်ကိုဆန်းစစ်ပြီးမှ တိုင်းသိပြည်သိရေးသားကြပါဟု ပန်ကြားအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆေးမြီးတိုကြောင့် ဒုက္ခရောက်ရသည့် ရင်နာစရာကိုယ်တွေ့ဖြစ်ရပ်မှန်လေးတစ်ခုကို ပြည်သူအများ သိမြင်ခံစားနိုင်စေရန် ရေးသားတင်ပြပါမည်။

❂

ဟိုး. . . လွန်ခဲ့သော အနှစ် (၃၀) ကျော်ကာလက ကျေးလက်တိုက်နယ်ဆေးရုံတစ်ခုတွင် အမှန်တကယ်ဖြစ်ခဲ့သည့် ဖြစ်ရပ်မှန် ဆေးမြီးတိုဇာတ်လမ်းတစ်ခု ဖြစ်ပါသည်။

ထိုစဉ်အချိန်ကာလက ယခုခေတ်လို လမ်းပန်းဆက်သွယ်ရေး ကောင်းပြီး ဆရာဝန်များ ပေါများစွာ ဖြစ်တည်နေသောကာလ မဟုတ်ပါ။ ကျေးလက်ဒေသတစ်ခုတွင် ဆရာဝန်တစ်ယောက်ရဖို့ဆိုသည်မှာ ဒုလ္လဘတရားပင် ဖြစ်သည်။ ထိုသို့သော အချိန်ကာလမျိုးတွင် တစ်ခုသော ကျေးလက်တိုက်နယ်ဆေးရုံတစ်ခု၌ မထင်မှတ် မမျှော်လင့်သော သတင်းဆိုးတစ်ခု ဖြစ်ပေါ်လာပါသည်။

အကြောင်းကတော့. . . ထိုကျေးလက်တိုက်နယ်ဆေးရုံ၏ တစ်ဦးတည်းသော ထမီအပြာရောင်ဝတ် အထက်တန်းသူနာပြု ဆရာမကြီး၏ နာရေးသတင်းပင် ဖြစ်သည်။ ကျေးလက်ဒေသကြီးတစ်ခုလုံး အံ့သြ တုန်လှုပ်သွားခဲ့ရသည်။

ဆရာမကြီးသည် အတွေ့အကြုံရင့်ပြီး လုပ်တတ်ကိုင်တတ်၊ ဆရာဝန်ပေါင်း မြောက်မြားစွာနှင့်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ရပြီး ဆရာဝန်များကပင် အားကိုးအားထားပြုရသော ဆရာမကြီး ဖြစ်သည်။

စေတနာ၊ အနစ်နာ၊ ပညာ ပြည့်ဝစွာဖြင့် ဗဟိုတိုက်နယ်ဆေးရုံမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ကျေးလက်တစ်နယ်လုံးက ချစ်ခင်လေးစား အားကိုးရသည့်သူ ဖြစ်သည်။

ဤကဲ့သို့သော ဆရာမကြီးတစ်ယောက် မမျှော်လင့်ဘဲ ဆုံးရှုံးမှုဖြစ်ခဲ့ရသဖြင့် ကျေးရွာတစ်ခုလုံး၏လက်ရုံးကြီး ပြုတ်သလို ခံစားနေရသည်။

ထိုသတင်းကိုကြားရတော့ လူတိုင်းမယုံနိုင် ဖြစ်နေကြသည်။ ဆရာမကြီးသည် ကျန်းမာဖျတ်လတ် သွက်လက်စွာ သွားလာလှုပ်ရှား တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေသည်ကို လူတိုင်းမြင်နေကျ ဖြစ်သည်။

ဒါပေသည့် နာရေးသတင်းကတော့ အမှန် ဖြစ်နေသည်။ ကျေးရွာသူ၊ ရွာသားများ ဆရာမကြီးနေအိမ်သို့ သူထက်ငါ အမြန်ပြေး၍ နာရေးသတင်းမေးသွားကြသည်။

ထိုအခါမှ ဆရာမကြီး၏သမီးအကြီး (၉) တန်းကျောင်းသူလေးက ဖြစ်ကြောင်းကုန်စင်ပြောပြ၍ အားလုံး ယူကျုံးမရ ဖြစ်ကြရသည်။

ဖြစ်ပုံက သည်လို. . .

ဆရာမကြီးသည် ကျန်းမာဖျတ်လတ်သွက်လက်စွာနေတတ်သော်လည်း လူမသိ သူမသိ၊ လူကြားထဲတွင် အနေရအထိုင်ရခက်သော ရောဂါတစ်ခု ရှိ၏။ အကြောင်းက ဝမ်းမကြာခဏချုပ်၍ အပုပ်ကြွပြီး တုတ်ထ တုတ်ထိုးခြင်း မခံမရပ်နိုင်အောင် မကြာခဏ ဖြစ်တတ်သည်။

ရောဂါထလာပြီဆိုလျှင် လူရှေ့သူရှေ့ မရှောင်နိုင်ဘဲ နှိုက်ရ၊ ကုတ်ရဖြင့် ဆရာမကြီး အလွန် အနေရခက်သည်။ အင်္ဂလိပ်ဆေး၊ မြန်မာဆေး စုံနေအောင် စားသည်။ လုပ်သည်။ သို့သော် ခဏသာ ရသည်၊ ပြန်၍ဖြစ်သည်။

ထိုစဉ်အချိန်ကာလက ယခုခေတ်အခါလို ဆေး (၁) လုံး သောက်ရုံဖြင့် သန်ကောင်၊ တုတ်ကောင် တစ်ဆွေလုံး တစ်မျိုးလုံးပြုတ်သော အင်္ဂလိပ်ဆေးများလည်း မပေါ်သေးပေ။

တစ်နေ့တွင် ဆရာမကြီး၏ခံစားနေရသောအဖြစ်ကို လူနာစောင့် အမေကြီးတစ်ဦးက မိန်းမချင်းမေးမြန်းပြီး ဆေးမြီးတိုတစ်ခုလုပ်ကြည့်ပါဟု ပြောသည်။

ဆရာမကြီးကလည်း ဆေးပေါင်းစုံဖြင့်လုပ်၍မရသောဝေဒနာကို ပျောက်ချင်စိတ် ပြင်းပြစွာဖြင့် စိတ်ဝင်စားသွားသည်။

'ဆရာမကြီးရယ်. . . တုတ်ထတာများ ဘာမှမခက်ပါဘူး၊ ကွမ်းစားတဲ့ဆေးရွက်ကြီးကို လက်နှင့်ပွတ် လိပ်ပြီး စအိုထဲထည့်ထား၊ ချက်ချင်းပျောက်ပေါ့' ဟု ပြောသည်။

ဆရာမကြီးကလည်း ဆေးရုံထိပ်ကကွမ်းယာဆိုင်မှ ဆေးရွက်ကြီးအနည်းငယ်တောင်းယူပြီး လက်တွေ့လုပ်ကြည့်သည်။ ဟုတ်ပေသည်၊ ချက်ချင်းသက်သာသွားသည်။ ဒါပေမယ့် သုံး,လေးရက်ကြာတော့ ပြန်၍တုတ်ထလာပြန်သည်။ ထိုအခါ ဆေးနည်းပေးသော အမေကြီးကိုတွေ့၍ အကျိုးအကြောင်းပြောပြသည်။

အမေကြီးက ဒါဆို ဆရာမကြီး ဆီမှာ တုတ်ကောင်တွေက အတော်အိမ်ဖွဲ့ပြီးနေ၍ ဖြစ်သည်။ သည်တစ်ခါ ဆေးရွက်ကြီးကို ပြုတ်ရည်လုပ်ပြီး ဝမ်းချုကြည့်ပါလားဟု ပြောသည်။

ဆရာမကြီးကလည်း ဒါ ဖြစ်နိုင်ခြေရှိသည်၊ ဆေးရွက်ကြီး အနည်းငယ်လိပ်၍ထည့်တာတောင် သုံး, လေးရက်နေရတာ အဆင်ပြေ သက်သာတယ်။ ဆေးရွက်ကြီးပြုတ်ရည်ကိုသာ ဝမ်းချုလိုက်ရင် ကျိန်းသေကောင်းနိုင်သည်ဟု ယူဆသည်။

နောက်တစ်နေ့တွင် ဆေးရွက်ကြီးကို ကိုယ်တိုင် (၅) ကျပ်သားဝယ်၍ ပြုတ်သည်။ ဝမ်းချုပုံးထဲ ပြုတ်ရည်ကိုထည့် အဆင်သင့်ပြင်ပြီး သမီးအကြီးလေးကို-

'အမိုးကို ပိုက်ထည့်ပြီး ဝမ်းချုပေး သမီး'

ဟု ဝမ်းချုခိုင်းသည်။

ကလေးကလည်း အမေပြောသည့်အတိုင်း စအိုထဲပိုက်ထည့်၍ ဝမ်းချုပုံးကိုမြှောက်ပြီး ဆေးပြုတ်ရည်ကုန်အောင်ထည့်ပေးလိုက်ကာ ပိုက်နှင့်ဝမ်းချုပုံးကိုဆေးကြောသန့်စင်ရန် ရေကပြင်သို့ သွားပြီးဆေးသည်။

ဆေးကြောပြီး (၅)မိနစ်ခန့်အကြာ အိပ်ခန်းအတွင်းသို့ ဝင်လာပြီး-

'အမိုး ဘယ်လိုနေလဲ၊ ဝမ်းသွားမလား' ဟု မေးသည်။

သို့သော် အမေ့ထံမှ စကားပြန်အသံ မကြားရ။ ဒါနဲ့ အနားကပ်၍ သေချာကြည့်လိုက်တော့ ချွေးသီးချွေးပေါက်များထွက်ပြီး မျက်နှာတစ်ပြင်လုံးပြာနှမ်း၍ သတိလစ်နေသည်ကို တွေ့လိုက်ရသည်။


သမီးလေးလည်း ဘာလုပ်ရ ဘာ



www.burmeseclassic.com

www.burmeseclassic.com


ထုတ်ဝေသူ
တိုး
အောင်စာပေ
၃၇၂၂)
သူ
ဦးနှိုင်းတိုက်
ဆပလကွက်သစ်
၂၉၉)






ဖြန့်ချိရေး
မိတ်ဆက်စာပေ
အမှတ် ၃၀၊ ဏ/ထပ်
ရွှေတောင်တန်းလမ်း၊
လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၁-၂၂၇၆၄၁

ပထမအကြိမ်
၂၀၁၃၊ ဩဂုတ်လ

လိုတရ အနောက်တိုင်းလောကီပညာ
သက်လင်း

အနောက်တိုင်းလောကီပညာ၏သမိုင်းကြောင်း၊ အနောက်တိုင်းလောကီပညာ၏ အခြေခံသဘောတရားများ၊
လိုတရ ငွေကြေးနှင့်အလုပ်အကိုင်၊ အချစ်ရေး ကာကွယ်တိုက်ခိုက်နည်းများ၊ ဂျစ်ပစီမှော်နည်းများ နှင့်
ချိန်သီးဖြင့် မိမိသိလိုရာ အဖြေရှာနိုင်သောနည်းများကို မိမိဘာသာလုပ်ကိုင်နိုင်မည်။


ရှမ်းမသိဖြစ်ပြီး အပြင်သို့ အမြန်ထွက်လာကာ အိမ်နှင့် ကိုက် (၅၀) တိုက်နယ်ဆရာဝန်ကြီးအိမ်သို့ အသွားပြီး-

'ဆရာကြီး- အမိုးကြီး ဘာဖြစ်လဲဘူး၊ အမြန်လာပါဦး'

ဟု ပြောပြီး အိမ်သို့ ပြန်ပြေးလာသည်၊

ဆရာဝန်ကြီးရောက်၍ စမ်းသပ်သောအခါ နှလုံးခုန်ရပ်၍ သေဆုံးသည်ကို တွေ့လိုက်ရသည်။

အားလုံး ယူကျုံးမရဖြစ်ပြီး အဆုံး ကြုံတွေ့လိုက်ရသည်။ အဖြစ်က ဆေးမြီးတို side effect ဒဏ်ကို လိုက်ရခြင်း ဖြစ်သည်။

ဆေးရွက်ကြီးနှင့် ပတ်သက်သော မြီးတိုများ ဆေးမြီးတိုလောကတွင် များများ တွေ့ရသည်။

ဥပမာ- ယောကျ်ားများ အူကျ၍ ရွက်ကြီးနှင့် အခြား ဆေးဖက် နှစ် သုံးမျိုးနှင့်ရောထောင်းပြီး အူကျ ပေါင်တွင်စည်းခိုင်းသည့်နည်း။ ပန်း ခင်ကျပ်ရောဂါသည်ကိုလည်း ၎င်း ဆင်တူ လုပ်ခိုင်းတတ်ကြသည်။

ဆေးရွက်ကြီးသတ္တိက မည်မျှ ပြင်းထန်သလဲဆိုလျှင် ပေါင်တွင် ဆေးစည်းပေးလိုက်ပြီး (၁၅) မိနစ်အတွင်း ဆေးစည်းခံရသူသည် ပျို့အန်မူးဝေ၍ အော်ကလီဆန်လာသည်။ အကယ်၍ အခန့်မသင့်ပါက သည့်ထက် ပို၍ ဆိုးလာမည်။

ဤသည်မှာ အရေပြားအမာ ပေါင်သားပေါ်တွင် ဆေးရွက်ကြီးနှင့်တွေ့ထိပြီး အရေပြားသွေးပြန်ကြောလေးများမှ ဆေးကိုစုပ်ယူခြင်းကြောင့် ဖြစ်သည်။

ဆေးရွက်ကြီး(၅)ကျပ်သားပြုတ်ရည်ကို စအိုထဲသို့ထည့်လိုက်သည့်အခါ အတွင်းအူနံရံများမှ သွေးပြန်ကြောလေးများသည် အရည်စုပ်ယူမှုသတ္တိ အလွန်မြန်ဆန်ပါသည်။

ထို့ကြောင့် ဆေးရွက်ကြီးပြုတ်ရည်ထဲမှ နီကိုတင်းနစ်ဓာတ်က သွေးကြောထဲသို့ အင်နဲ့အားနဲ့စီးဝင်ပြီး နှလုံးကို နှိုးဆွမှုပြင်းထန်၍ နှလုံးရပ်သွားခဲ့ခြင်း ဖြစ်သည်ဟု ဆေးပညာရပ်ပိုင်းအနေဖြင့် သုံးသပ်တွေ့ရှိရသည်။

ဆေးပင်, ဆေးဝါး, ဆေးပစ္စည်းတို့၏အာနိသင်၊ သုံးစွဲသင့်သည့်အတိုင်း အရှည်ပမာဏ၊ အလွန်,အယုတ်သဘောတရားများကို သိရှိနားလည် တတ်ကျွမ်းမှုမရှိဘဲ ဆေးမြီးတို ဆေးနည်းများကို ထင်သလိုသုံးစွဲခဲ့ကြလျှင် အဘယ်မျှအန္တရာယ်ကြီးပြီး ဆုံးရှုံးနစ်နာမှုများဖြစ်ကြရသည်ကို စာဖတ်သူများ သိမြင်သဘောပေါက်လောက်ပြီဟု ထင်ပါသည်။

အထက်ပါ သာဓကဖြစ်စဉ်များကို အခြေခံ၍ ဆေးနည်းတို (ဆေးမြီးတို) များတွင် အန္တရာယ်ဆိုတာ လက်တစ်ကမ်းတွင်ရှိနေပါလားဆိုတာကို စာဖတ်သူများ သတိပြုဆင်ခြင် သိမြင်နားလည်လက်ခံခဲ့လျှင် ကျွန်ုပ် ဤစာကိုရေးရကျိုးနပ်ပြီဟု မှတ်ယူပါသည်။

သတိမမူဘဲ ကိုယ်ထင်ရာကိုယ်လုပ်၊ ကိုယ့်သဘောကိုယ်ဆောင်နေလျှင်တော့. . .

သဗ္ဗေသတ္တာ ကမ္မသကာပါပဲ ခင်ဗျာ။

*လူသားတိုင်း အသိမှန်၊ အမှန်ကိုသိ၍ ကျန်းမာစွာ အသက်ရှင်ရပ်တည်နိုင်ကြပါစေ*

ဦးမင်းဇင်(ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၂ ခုနှစ်တွင် ကျွန်တော် ဘွဲ့ရကျောင်းပြီးသဖြင့် အ,သုံးလုံးလုပ်အားပေး မလိုက်နိုင်တော့။ သို့သော် အလုပ်က မရသေးသဖြင့် အားလပ်နေပါသည်။ မတ်လ အ,သုံးလုံးရာသီချိန် ဖြစ်သဖြင့် ခရီးထွက်ရန် ပိုးကထလာပြန်သည်။ အညာနွေသည် ရန်ကုန်ထက် ပိုပူသည်။ သို့သော် ထိုအညာနွေကို ကျွန်တော် လွမ်းသည်။ အညာတမာပန်းရနံ့ကို ကျွန်တော် သဘောကျသည်။ နွားချေးခြောက်နံ့သင်းသော အညာကျေးရွာများအတွင်းရှိ သရက်ပင်ရိပ်၌ သရက်သီးစိမ်းစားရသည်ကို ပြန်သတိရသည်။

သူရဋ္ဌမဂ္ဂဇင်း
၂၀၁၃ ခုနှစ် အောက်တိုဘာလ အတွဲ (၁၃) အမှတ် (၁၀)

www.burmeseclassic.com

www.burmeseclassic.com



## တောင်မှူးကြီးသိန်းဝင်း

တ်သီးနီရဲရဲ တစ်ကိုယ်လုံးစိမ်းနေသော ကြက်တူရွေးများကလည်း အုပ်လိုက် သရက်သီးစိမ်းစားကြသည်။ သူတို့စား သည်က ကျွန်တော့်လိုမဟုတ်၊ သရက် င်ကြီးပေါ်ရှိ ကြုံရာသရက်သီးကို ထိုး ဆိတ်၍စားကြရာ အလေအလွင့်အတော် များသည်။ သရက်ပင်အောက်၌ သရက် သီးအပုံအရွဲ့များက တောင်ပုံရာပုံ။ ကြက်တူရွေးများလည်း ကျွန်တော့်လိုပင် နေပူပူ အချဉ်ကြိုက်ကြသော ငှက်မိုက် များ ဖြစ်ပုံရသည်။

အညာတွင် တကယ်တော့ အသီး အနှံရှားပါသည်။ လမ်းဘေး၌ပေါက်နေ သော တောဆီးသီး၊ ဥသျှစ်သီး၊ သီးသီး နှင့် အရိုင်းဝင်နေသော သရက်သီး လောက်သာ ပေါပါသည်။ ရာသီရောက် သည်နှင့် ကျွန်တော် ရန်ကုန်တွင် မနေ နိုင်တော့။ (၃) နှစ်ဆက်တိုက် ကျောက် ဆည်၊ အမရပူရ၊ မုံရွာမြို့နယ်များသို့ အသုံးလုံးသင်တန်းသွားခဲ့သဖြင့် ယခု ကျောင်းကြီးပြီးတော့လည်း မနေတတ် ပြန်။ ထို့ကြောင့် မိဘများအား ခွင့်ပန် ၍ ၁၉၇၀ ပြည့်နှစ် ဘီအေအသုံးလုံး လုပ်အားပေးခဲ့ဖူးသော အမရပူရမြို့နယ် ရှမ်းရွာကြီးသို့ မီးရထားဖြင့် တစ်ဦးတည်း ခရီးထွက်ခဲ့ပါတော့သည်။

ရှမ်းရွာကြီးမှာ အမရပူရမြို့နယ် အစွန်ဖြစ်သဖြင့် အတွင်းကျပြီး သွားလာ ရခက်ခဲသည်။ မန္တလေးမှတစ်ဆင့် စီးရ သော လိုင်းကားက ရွာအထိမရောက်။ လေးငါးမိုင်လမ်းလျှောက်ရသေးသည်။ လုပ်အားပေးခဲ့စဉ်ကတော့ လမ်းဆုံရွာ တွင် တာဝန်ကျသော ရွာမှလှည်းဖြင့် လာကြိုသဖြင့် အဆင်ပြေသည်။ ယခု တော့ ဘုန်းမောင် တစ်ယောက်တည်း ခြေကျင်နှင်ရတော့သည်။

ရှမ်းရွာကြီးသို့သွားရန် လမ်း (၂) လမ်း ရှိသည်။ တစ်လမ်းက တောင်မြို့ ဦးပိန်တံတားဘက်မှ သွားရပြီး နွားမွေး သော ကုလားရွာများကို ဖြတ်ကျော်၍ ကံဘဲ့လမ်းဆုံရွာအထိ လိုင်းကားရောက် သော်လည်း ကံဘဲ့တာဆုံရွာမှတစ်ဆင့် ရေပုပ်ရွာအထိ ဗွက်တောလမ်းကြီးအ တိုင်း နှစ်မိုင်ခန့် အတွင်းသို့လမ်းလျှောက် ပြီး ဝင်ရသည်။ လမ်းဟု ဆိုသော်လည်း နွားမွေးပြီး နွားနို့နှင့် မလိုင်ခံလုပ်သော ရွာများဖြစ်ကြသဖြင့် ရွာလည်းလမ်းမ ကြီးမှာ မိုးရာသီတွင် ဗွက်တောအတိ။ နွေရာသီတွင် နွားခြေရာနှင့် လှည်းဘီး ရာ၊ ကျင်း၊ အိုင်များအတိ။

လမ်းဆုံးတော့ ရေပုပ်ရွာသို့ ရောက်သည်။ ထိုရွာကြီးက အတွင်းကျ သော်လည်း လူနေအိမ်ခြေများပြီး စည် ကား၍ ကြွယ်ဝချမ်းသာသူ ပေါသည်။ မန္တလေးမြို့သို့သွားသော လိုင်းကားကြီး (၂) စီးကိုပင် ရေပုပ်ရွာက ထောင်ထား နိုင်သည်။ ချက်ပလက်ဗိုက်ပူခရီးသည် တင်ကားကြီးများ ဖြစ်သည်။ နွေရာသီ လမ်းသွားလျှင်တော့ ထိုကားကြီးများက ရေပုပ်ရွာအထိ ဝင်လာတတ်သည်။ ရေ ပုပ်ရွာမှ အတွင်းသို့ တစ်မိုင်ခန့် လမ်း လျှောက်ဝင်တော့မှ ဆည်တော်ကြီးမှ မြို့နယ်အတွင်းသို့ ရေပေးဝေသော ရေ မြောင်းရှိသည်။ ရေနီများသာ အမြဲတမ်း စီးနေသဖြင့် ရေနီမြောင်းဟု ခေါ်ကြ သည်။ ရေမြောင်းပေါ်၌ ညာဘက်က ကန်ပေါင်ရိုးလှည်းလမ်း၊ ကမ်းစပ်၌ ကြီး မားသော သစ်ပင်ကြီးများ၊ ရှားပါးသော် လည်း ဘယ်ဘက်မြေသားကန်ပေါင်ရိုး



www.burmeseclassic.com

www.burmeseclassic.com

ကားလမ်းဘေး၌ ဆည်မြောင်းဌာနက စိုက်ပျိုးထားသော သရက်ပင်၊ လက်ပံပင်၊ ယူကလစ်ပင်ကြီးများက လူကြီး (၂) ဖက်စာခန့် ကြီးမားကြသည်။ မြောင်းရေဓာတ်နှင့်သစ်ပင်ကြီးများအရိပ်ကြောင့် လွန်စွာအေးမြသောတာပေါင်လမ်း ဖြစ်ချေသည်။ ယင်းတာပေါင်လမ်းအတိုင်း တစ်မိုင်ခန့် လမ်းလျှောက်လျှင် ရှမ်းရွာကြီးသို့ဝင်သည့် တာပေါင်မြောင်းကူး သစ်သားတံတားသို့ ရောက်သည်။ ထိုမှ လယ်တောအတွင်း ထန်းပင်၊ ဝါးပင်များဖြင့် ညို့ညို့မှိုင်းမှိုင်းလှမ်းမြင်နေရသည်က ရှမ်းရွာကြီး။ ရေနီမြောင်းနှင့် တစ်ဖာလုံခန့် ဝေးသေးသည်။

ဤရွာကလည်း လယ်စိုက်၊ နွားမွေးပြီး ရေသွင်းလယ်ကွင်းများအကြား မြေနိမ့်ပိုင်း၌ ရွာတည်ထား၍ တစ်ရွာလုံး ဗွက်ထနေသည်။ ကျောင်း၌သင်ခဲ့ရသည့် သိပ္ပံမောင်ဝ၏ ပစ္စန္တရစ်ရွာနှင့် ထူးမခြားနားလှပေ။ အိမ်ခြေ (၅၀) ခန့်ရှိသော ရှေးဟောင်းရွာကလေး ဖြစ်သည်။ နှစ်ထပ်အိမ်ကြီးအိမ်ကောင်းဆို၍ သုံး၊ လေးအိမ်ထက် မပိုပါ။ ရွာကို ထန်းပင်နှင့် ဝါးနက်ဝါးချုံက ဝိုင်းရံနေသည်။ လယ်ယာလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများသာလုပ်ကိုင်ကြသည့် ရွာများ ဖြစ်ကြသည်။

နောက်ဝင်လမ်းတစ်လမ်းရှိသေးသည်။ မန္တလေးမြို့အထွက်၊ ပြင်ဦးလွင်ကားလမ်း၊ အောင်ပင်လယ်ကို ကျော်လျှင် တောင်ခြေ ကျောက်မီးတာဆုံရွာအနီး၊ ဆည်မြောင်းလမ်းအတိုင်း အတွင်းသို့ ဝင်ရခြင်း ဖြစ်သည်။ မကျီးကန်၊ တံတိုင်းရှည်၊ ထိန်ပင်၊ မိုင်လေးဆယ်၊ ဒဟပ်ကန်းရွာများလွန်တော့ ရှမ်းကုန်းရွာကြီးသို့ ရောက်သည်။

ရှမ်းရွာကြီးမှာ ရှေးဟောင်းရွာကြီးဟု ဆိုသည်။ ပုဂံခေတ် မိဖုရားစောမွန်လှ၏ အဆက်အနွယ်တော်များ နေထိုင်ခဲ့ကြသဖြင့် ရှမ်းရွာဟု အမည်တွင်ခြင်း ဖြစ်သည်။ ရွာအရှေ့တွင် ဆည်တော်ကြီးမှလာသည့် ရေနီမြောင်း၊ ရွာနောက်ဘက်၌ ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်) နှင့် ကြွက်နဖားတောင်၊ တောင်ခြေတွင် ရွှေစာရံစေတီတော်အား ရွာနှင့် ဆက်စပ်နေသော ကွင်းပြန့်အဆုံးတွင် ထုံးဖြူဖွေးဖွေးဖြင့် လွန်စွာ သာယာသပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

ဆည်တော်ကြီးမှလာသောမြောင်းရေကို မှီခို၍ ရေသွင်းလယ်မြေများဖြစ်ကြသဖြင့် နွေ၊ မိုး၊ ဆောင်း စပါးစိုက်သည်။ ပဲအမျိုးမျိုးစိုက်သည်။ အချို့ခေတ်မီသူများက လယ်မစိုက်။ မွေးမြူရေး၊ ဆီးပင်များ စိုက်ကြသည်။ အရင်းအနှီးများသော်လည်း ထိုလုပ်ငန်းက အမြတ်အစွန်းများ၍ တွက်ခြေကိုက်သည်ဟု သိရသည်။ ဆီးကိုင်းပင်ပေါက်များကို ပထမဝယ်ယူ၍ စနစ်တကျ မြေချ စိုက်ပျိုးရသည်။ မြေဩဇာကျွေးရသည်။ ပိုးသတ်ဆေးဖျန်းရသည်။

ဆောင်းနှင့် နွေတို့တွင် အသီးများသီးသည်။ အညာဒေသဖြစ်သဖြင့် ဆီးပန်းသီးလောက်မကြီး။ သံပရာအကြီးစားခန့်လောက်တော့ရှိမည်။ ခြံဖြတ်အဝယ်လာသူများက အကြီး၊ အသေး၊ အလတ်ရွေး၍ ခြင်းကြားကြီးများဖြင့်ထည့်ကာ အပြတ်ဝယ်ယူကြခြင်း ဖြစ်မည်။

မိုးဦးကျတော့ ဆီးသီးတုံးပြီး အရွက်များခြောက်၍ကျချိန်တွင် အပင်ခွဆုံမှအကိုင်းတက်များချန်၍ ဓားထက်ထက်ဖြင့် ခုတ်ရသည်။ ထိုဆီးကိုင်းများကို ပိုင်းတစ်နေလှန်းပြီး စနစ်တကျ စုပုံ၍ ထင်းအဖြစ်သုံးရသည်။ ဆီးထန်းလျက်နှင့် မလိုင်ခဲ ကျိုရာတွင် ဆီးသားထင်းခြောက်က အဆိုက်ခံသည်။ ဆီးသီးပင် ဇကပေါင်းများစွာ စိုက်ပျိုးခြင်းဖြစ်သဖြင့် တစ်နှစ်စာ ထင်းခြောက်လုံလောက်ပါသည်။ မိုးလယ်ရောက်သည်နှင့် ဆီးပင်များအတက်ထွက်၍ ရွက်နုဝေပြီး မိုးကုန်သည်နှင့် အပွင့်ပွင့်ကာ ဆီးကင်းကလေးများ လိုက်လာသည်။ ဆောင်းနှင့် နွေတွင် ဖြိုင်ဖြိုင်သီးတော့သည်။ ပိုးသတ်ဆေးများ ကြိုတင်ဖျန်းရသည်။ အတော်တော့ ယုယရသည်။ ဆီးပင်စည်ကြီးထွားလာပြီးသည်နှင့်အမျှ ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသွားသည်။

သက်တမ်း (၈) နှစ်ခန့် ကျော်လာပြန်တော့လည်း သီးထွက်နည်း၍ သီးလုံးငယ်သွားသည်။ အသက်အရွယ်ကြီးရင့်ပေပြီ။ ထိုအခါ ပင်စည်ပါ နုတ်၍ ထင်းအဖြစ်ရောင်းပြီး ဆီးပင် ပျိုးသစ်ပျိုးကိုင်းများအား ဝယ်ယူ၍ ထပ်မံစိုက်ပျိုးရသည်။ စိုက်ပြီး တစ်နှစ်သားအတွင်း သီးကင်းစ၍ ငှက်စာဆော်သည်။ သုံးနှစ်သားခန့်မှ ရောင်းတမ်းဝင် အသီးများသီးတော့သည်။ စိုက်ပျိုးရေးဆီးသီးက လယ်ယာစပါး စိုက်ပျိုးခြင်းထက် ကရိကထ နည်းပြီး ဝင်ငွေပိုသည်ဟု သိရသည်။ သို့သော် သီးကင်းစအချိန် နားမလည်၍ ဂရုမစိုက်နိုင်၊ ပိုးသတ်ဆေး မဖျန်းနိုင်လျှင်တော့ သီးလုံးများမှာ ပိုးဖောက်၍ အမြင်မလှ ရောင်းတမ်းမဝင်
တော့ဘဲ အရှုံးပေါ်တတ်ပါသည်။ ထို
အခါမျိုးတွင်လည်း လည်ပတ်မှုများက
ထိုဆီးသီးများကို အခြောက်လှန်းပြီး
အမှုန့်ကြိတ်၍ ဆီးထန်းလျက်လုပ်ကာ
ရောင်းကြပြန်သည်။ ဆီးထန်းလျက်က
လည်း မလိုင်ထန်းလျက်လိုပင် လူကြိုက်
များသည်။

*

ကျွန်တော် သည်တစ်ခေါက်
အ,သုံးလုံးသင်တန်းတာဝန်မရှိ။ သက်
သက် အလည်သွားခြင်းသာ ဖြစ်သည်
အားလပ်နေသဖြင့် ရွာတွင်း အိမ်တကာ
လှည့်၍ ကြုံရာတွင် စားသည်။ ထမင်း
စားသည်နှင့် အညာမလေ့ နီးစပ်ရာ
အိမ်များက ဟင်းတစ်ခွက်စီ လာပို့ကြ
သည်။ ညနေပိုင်းကျတော့ ရွာကာလ
သားများနှင့်အတူ ဒုဋ္ဌဝတီမြစ်ကမ်း
တစ်လျှောက် နားဋ္ဌောင်းကျချောင်းနှင့်
ရွှေစာရံစေတီဘက်သို့ လေးခွကိုယ်စီဖြင့်
ငှက်ပစ်ထွက်ကြသည်။ တောငှက်လေး
များမှာ တောကြီးတောင်ကြီးထဲ၌မနေ
လူနှင့်နီးသော လယ်ကွင်း၊ မြက်တော
စပ်၊ ဆီးပင်၊ တမာပင်၊ ရှားပင်နှင့် ဝါး
များတွင် အနေများသည်။

စားကျက်မြက်တောကွင်း၌ ဒိုး
တောင်ဘို့ခေါ် တောင်ပီစူးငှက်ကလေး
များနေကြသည်။ သူက မြက်တောတွင်း
မှ ပိုးမွှားလေးများကို စားသည်။ ခေ
ပေါ်၌ ပျံဝဲလျှင် နိမ့်တုံ၊ မြင့်တုံဖြင့် ထူး
ဆန်းစွာ ပျံသန်းတတ်သည်။ အတော
က ချိုးငှက်လောက်သာရှိသော်လည်း
ခေါင်းပေါ်၌ လှပသော ရောင်စုံအမောက်
အဖြစ် အမွေးချွန်ချွန်ကလေးပါသည်။
အတောင်ပံက အလွန်သန်မာပြီး အမြီး
ကလည်း ကြက်ဖအမြီးလို ရှည်သည်။
ကိုယ်ကတော့ အဖြူနှင့် အနက်တွေ
ချုပ်တတ်များတွင် ဗွတ်စာမွဲနှင့် သပ်
လွယ်၊ တဲတလိတ်စွယ်ငှက်ကလေးများ
လည်း ပေါသည်။ စာကလေးထက်ကြီး
ပြီး၊ အမြီးက အတော်ရှည်သည်။ လယ်
ပင်ကြီးများအပေါ်၌ ဆက်ရက်ငှက်များ
ဆူညံစွာ အုပ်လိုက်နေသည်။ လယ်
ပွင့်နီနီရဲရဲဖြင့် ဆက်ရက်ငှက်များ ဆော
ဆိုသံမှာ နွေမိန် တပေါင်းလ၏ သ
သကန်အမှန် ဖြစ်ချေသည်။ တော
ရက်ငှက်များမှာ မြို့ဆက်ရက်ငှက်များ
ထက် အကောင်ပိုကြီးသည်။ နှုတ်သီး
ခြေထောက်ကလည်း အမည်း။ မြို့
ရက်ငှက်များက နှုတ်သီးအဝါ၊



www.burmeseclassic.com

www.burmeseclassic.com

ယောက်အဝ၊ သာလိကာငှက်နှင့် တူသည်။ သာလိကာက နှုတ်သီးအနီဖြစ်၍ ခွဲခြားနိုင်သည်။ ဆက်ရက်ရောသာလိကာငှက်ပါ အဆက်မပြတ် ဆူညံစွာ အော်မြည်တတ်သည်။ ထို့ကြောင့်လည်း 'ဆက်ပံပင်ဆက်ရက်ကျ' ဟူ၍ စကားများသောကလေးများကို စကားပုံခိုင်းနှိုင်းကြပါသည်။ တမာပင်ပုကလေးများပေါ်၌ ချိုးလည်ပြောက်အုပ်က ရှိသေးသည်။ ဘဝတီးနှင့် တောကျီးကန်းကြီးများကတော့ ထန်းပင်များပေါ်၌ အသိုက်လုပ်၍နေကြသည်။

ထိုညနေက ငှက်ပစ်ထွက်ကြရာ ချိုးလေးငါးကောင်၊ ဗွတ်စာမွဲနှစ်ကောင်၊ ဆက်ရက်ငှက်ငါးကောင်၊ တောကျီးကန်းနှစ်ကောင်နှင့် ရှဥ့်ကလေးသုံးကောင်ရသည်။ ကျွန်တော် လက်တည့်စမ်းရင်း Fly shot ပစ်သော တောင်ပီစူးငှက်တစ်ကောင်လည်းရသည်။ ညနေ ထန်းရည်ဝိုင်းတွင် ငှက်ကင်၊ ငှက်ကြော်၊ အမြည်းများ ဖြစ်ပေလိမ့်မည်။

ညနေစောင်း ရေမိုးချိုး၊ အဝတ်အစားလဲပြီးသည်နှင့် ရွာအနောက်ဘက်အစွန် ကာလသားခေါင်း ဘိုကြီးတဲ၌ ဆုံကြသည်။ လူစုံတက်စုံဖြစ်ကြသဖြင့် ဝိုင်းလုပ်ဝိုင်းစား၊ အမြည်းကစုံသည်။ ထန်းရည်ခါး ငှတ်ခါးတောင်ဖြင့် လိုက်ငှက်လှသည်။ ထိုနေ့က ကျွန်တော် စာမည်ပြောင်ပေးထားသော ဖားမင်းနှင့် လိပ်မင်း ညီအစ်ကိုကလည်း ဒုဋ္ဌဝတီမြစ်ထဲမှရလာသော တွင်းအောင်းဖားကြီးများနှင့် ဇင်းချောလိပ်ကြီးတစ်ကောင် ရလာသဖြင့် ကိုင်ပြီးချက်ပြုတ်ရန် ပြင်ဆင်နေကြသည်။

ရွာကာလသားများက ကျွန်တော်အပါအဝင် (၉) ယောက်တိတိ။ ပထမငှက်သားများဖြင့် ထန်းရည်ခါးကို မြည်းကြသည်။ လိပ်သားကျက်တော့လည်း လိပ်သားနှင့် ဖားသားကို မြည်းကြသည်။ လိပ်သားမှာ အရိုးနုလေးများဖြင့် ချက်ထားသောကြောင့်မည်းပါ၊ လိပ်အသည်းက ပို၍ စားကောင်းသည်။ 'ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲ' ဟု စာဆိုပင် ရှိသည် မဟုတ်ပါလော။ ကျွန်တော် ထိုစဉ်ကတည်းက မုဆိုးဇာတာပါသည်ထင်ပါသည်။ တောကောင်သားမရွေး အားလုံးစားသည်။

ထိုစဉ် ကာလသားခေါင်း ဘိုကြီးက -

"ညစာစားဖို့အတွက် ကြွက်သားနဲ့ အာလူးဟင်းတော့ ကျန်သေးတယ်။



အမြည်းကတော့ ကုန်ပြီ။ ထန်းရည်ခါးတွေတော့ လေး၊ ငါးမြူ ကျန်နေသေးတယ်။ ဘယ်လိုလုပ်ကြမလဲ"

လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုက -

"ကျွန်တော်တို့ ညီအစ်ကို ရွာအနောက်ဘက်တမာပင်တန်းက ချိုးပစ်ပေးမယ်လေ"

ပန်းပဲဆရာ ကံဆောင်နှင့် ကံမောင်ညီအစ်ကိုက -

"ကျွန်တော်တို့ကတော့ ထန်းပင်ပေါ်တက်ပြီး ကျီးကန်းသိုက်နှိုက်ပေးမယ် ဆရာ"

ကျွန်တော်က -

"ကဲကဲ - ဒီလိုလုပ်ကြရအောင်။ ညရေးညတာ စုစုဝေးဝေးသွားကြတာ ကောင်းပါတယ်။ လေးခွကိုယ်စီပါကြတယ် မဟုတ်လား။ တုတ်မီး (လက်နှိပ်ဓာတ်မီး) တော့ လိုတယ်။ အုပ်စုလိုက် အကုန်သွားကြမယ်။ တစ်ခုပြီးတစ်ခု လုပ်ကြတာပေါ့"

"ကောင်းတယ်၊ ဆရာလေးပြောတဲ့ အစီအစဉ်ကို သဘောကျတယ်။ အားလုံးသွားကြတော့ အကောင်များများရတာပေါ့။ ကိုဘိုကြီးက ခေါင်းဆောင်ပါ။ သူက နေရာကျွမ်းတယ်။ တုတ်မီးသုံးလက်ပါတယ်။ ဆရာလေးဟာနဲ့ပေါင်းရင် လေးလက်၊ လုံလောက်ပါတယ်"

"ကဲ -သွားကြစို့။ ခြေခင်းလက်ခင်းသတိထားကြ။ တစ်ယောက်တည်း လောဘကြီးပြီး ခွဲမထွက်နဲ့။ နှစ်ယောက်တစ်တွဲနေကြ"

ကျွန်တော်ကပြောပြီး အဖွဲ့အားရေတွက်ကြည့်တော့မှ (၉) ယောက်တိတိ။ ကျွန်တော်က အတွဲမရှိ ဘက်ပဲ့နေသည်။ ကျွန်တော်တို့အုပ်စု လေးခွကိုယ်စီ၊ လောက်စလုံးလွယ်အိတ်ကိုယ်စီ၊ တုတ်မီးများဖြင့် ရွာအနောက်ဘက် ကန္တာရတောစပ်သို့ ထွက်ခဲ့ကြသည်။ ကန္တာရတောဆိုသော်လည်း ဒုဋ္ဌဝတီမြစ်နှင့် နီးသဖြင့် နွေရာသီဖြစ်သော်လည်း ရေဓာတ်ရ၍ စိမ်းလန်းနေသည်။ တမာပင်ပုလေးများနှင့် တန်ဆောင်ပင်များ၊ မိုးနံ့ဆူးချုံနှင့် ဆူးရစ်ချုံများက တန်းစီနေသည်။ အောက်ခြေရှင်းသည်။ သို့သော် ကန္တာရဆူးချုံတော ဖြစ်သဖြင့် အလွန်သတိထားရသည်။ အမြဲစိမ်းလန်းနေပြီး ဆူးဖြူဖြူကလေးများရှိသော မြစိမ်းဆူး စူးမိလျှင် အဆိပ်တက်ပြီး အနာက အတော်နှင့် မပျောက်တတ်ပါ။ မြစိမ်းဆူးစူးမိသည်နှင့် ဆူးဖြူကလေးက ကျိုးပြီး ကျန်နေတတ်သည်။ ချက်ချင်းနုတ်နိုင်လျှင်တော့ သက်သာသည်။ မနုတ်နိုင်ပါက အနာဖြစ်ပြီး အတော်နှင့်မပျောက်တော့။ အနာပတ်ဝန်းကျင် ရောင်ကိုင်းလာပြီး သွေးစုနာလို အထဲ၌ အကျိတ်အခဲဖြစ်ခါနီး နီရဲနေတော့သည်။ အတော် အဆိပ်ပြင်းသော မြစိမ်းဆူးဖြစ်သည်။

*

ကျွန်တော်တို့အဖွဲ့ ပထမဆုံး တမာပင်တန်းကို ဝိုင်းလိုက်ကြသည်။ တမာပင်ပုလေးများမှာ လူနှစ်ရပ်ကျော်မြင့်သည့် ပုပု၊ ဝိုင်းဝိုင်းအကိုင်းအခက်ကလေးများအပေါ်၌ ချိုးငှက်များတန်းစီ၍ အိပ်နေကြသည်။ ချိုးငှက်ပစ်ရာတွင် စည်းကမ်းကရှိသေးသည်။ အစွန်ဆုံးအကောင်ကို မပစ်ရပေ။ အလယ်က အကောင်ကို တစ်ချက်တည်း ပစ်ရသည်။ တစ်ကောင်ကျသွားသည်နှင့် နောက်တစ်ကောင်က လွတ်နေသောနေရာသို့ ရွှေ့ပြီးတိုးကပ်လာသည်။ ဆက်ပစ်ရုံသာ။ ဝိုင်း၍ အစုလိုက် မပစ်ရ။ လောက်လေးခွလက်တည့်သူက တစ်ကောင်ချင်း ခြွေရုံသာ။ ကျသွားသည့် အကောင်များကိုလည်း ချက်ချင်း မကောက်ရ။ အားလုံးစုံမှ ကောက်ရသည်။ ထိုညက တမာပင်တစ်ပင်တည်း ချိုး (၅) ကောင်ရသည်။

ထိုသို့ တမာပင်တန်းအား တစ်ပင်ချင်းပစ်လာခဲ့ကြရာ သုံးပင်မြောက်တမာပင်အနီးရောက်တော့ ချိုး (၁၀) ကောင် တန်းစီပြီး အိပ်နေကြသည်။ ကာလသားခေါင်းဘိုကြီး ပစ်ရမည့်အလှည့် ဖြစ်သည်။ စပစ်သည်နှင့် သူ့လေးခွကြီးက 'ဘလပ်' ဆိုပြီး သားရေကြိုးပြတ်သွားသဖြင့် လောက်စာလုံးက လိုရာမထိ။



www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြည့်နေကြသော လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုက လက်မြန်ကြသဖြင့် ချိုးနှစ်ကောင် ကျကျန်ရစ်ခဲ့ပြီး ကျန် ချိုးအုပ် လန့်ပျံပြေးတော့သည်။ ပင်ခြေသို့ ကျလာသော ချိုးနှစ်ကောင်အား ကျွန်တော်က တုတ်မီးဖြင့် ထိုးကြည့်ရာ သစ်ပင်ရင်း တောင်ပို့ကြီးအနီး၌ ပါးပျဉ်းထောင်နေသော မြွေကြီးတစ်ကောင်ကို တွေ့ရသည်။ မျက်လုံးနီရဲရဲ ပါးပျဉ်းခွက် လက်ဝါးအရွယ်ခန့် ငန်းဝါကျားကြီး ဖြစ်သည်။

"နောက်ကိုအမြန်ဆုတ်ကြပေတော့။ တမာပင်ခြေရင်း တောင်ပို့နားမှာ ငန်းမြွေကြီး ပါးပျဉ်းထောင်နေတယ်။ သတိထားကြ"

တုတ်မီးများဖြင့် စုပြုံထိုးလိုက်ကြစဉ် လက်မြန်သော လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုက မြွေကြီး၏ ပါးပျဉ်းအားလေးခွကိုယ်စီဖြင့် ပစ်လိုက်ကြသည်။

"ဖောက်. . ဖောက်"

မြွေကြီး ပါးပျဉ်းနောက်လန်သွားစဉ် ပန်းပဲဆရာ ကံဆောင်နှင့် ကံမောင်တို့ညီအစ်ကိုက ဝါးစိမ်းတုတ်ကိုယ်စီဖြင့် ဝိုင်းရိုက်ကြရာ ငန်းမြွေကြီးကို ရသည်။ အလျား(၇)တောင်ခန့်၊ လုံးပတ်ထွာဆိုင် အလေးချိန်က (၃) ပိဿာခန့်ရှိပေလိမ့်မည်။ ဗိုက်ကြီးက ဖောင်းနေသည်။ ကာလသားခေါင်း ဘိုကြီးက -

"ကဲ - အမြည်းလုံလောက်ပြီပေါ့ ပြန်ကြစို့။ ဟိုမှာ လုပ်ရကိုင်ရမှာနဲ့ သန်းခေါင်ကျော်သွားလိမ့်မယ်"

ချိုးသေများ ကောက်ပြီးနောက် ပြန်လာကြရာ ကံဆောင်နှင့် ကံမောင်ညီအစ်ကိုက ငန်းမြွေကြီးအား ခွေ၍ကြိုးဖြင့်တုပ်ပြီး ဝါးစိမ်းတုတ်ဖြင့် ထမ်းလာကြသည်။ တည်းခိုအိမ် ပြန်ရောက်တော့ ည(၉)နာရီခန့်ရှိချေပြီ။ ကျွမ်းကျင်သူများဖြစ်ကြသဖြင့် ဝိုင်းဝန်းလုပ်ကိုင်ကြရာ ည (၁၀) နာရီခန့်တွင် ချက်ပြုတ်ကြော်လှော်ရန်အဆင့်သင့်။ ငန်းမြွေကြီးမှာ အမကြီး ဖြစ်သည်။ ဝမ်းဗိုက်ထဲမှ ဥ (၁၀) လုံးရသည်။ ကြက်ဥခန့်ရှိသည်။ ကံမောင်၊ ကံဆောင် ညီအစ်ကိုနှင့် လိပ်မင်း၊ ဖားမင်းညီအစ်ကိုတို့အပြင် ကာလသားခေါင်း ဘိုကြီးတို့က စားကြသည်။ လိပ်ဥထက်ဆိမ့်သည်ဟု ဆိုသည်။ ကျွန်တော်တို့ကတော့ မစားရဲ၍ မစားကြ။

ဖတ်ဖူးမှတ်ဖူးသောစာများအရ ငန်းမြွေမျိုးမှာ မြွေပွေးနှင့် မြွေဟောက် အဆိပ်နှစ်မျိုးပေါင်းစပ်ထားပြီး အလွန်အဆိပ်ပြင်းကြောင်း သိနေသည်။ သူ့အသားမှာ အဆိပ်ရှိသောသတ္တဝါမျိုး စိတ်ဝင်ဖြစ်၍ အလွန်အရသာရှိကြောင်းလည်း သိရသည်။ ထို့အပြင် ငန်းမြွေမအား သတ်မိလျှင် ငန်းမြွေထီးက မြစ်၊ ချောင်း၊ ပင်လယ်၊ မြို့၊ ရွာခြားသည် အထိ ရေမြေအဆုံး လိုက်လံ ကလဲ့စားချေတတ်ကြောင်းလည်း ရုပ်ရှင်များတွင် ကြည့်ဖူးသည်။ ထို့ကြောင့် ငန်းမြွေမကြီး ဦးခေါင်းပြတ်ကြီးအား တွင်းနက်နက်တူး၍မြှုပ်ရန် ကျွန်တော်က အကြံပေးတော့ လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုက ပြောသည့်အတိုင်း လုပ်ကြသည်။ ကံဆောင်၊ ကံမောင်နှင့် ကာလသားခေါင်း ဘိုကြီးတို့ကတော့ အယုံအကြည်မရှိ။

ငန်းမြွေကိုယ်ကြီးအား တစ်ထွာခန့်စီပိုင်း၍ အိုးကြီးဖြင့် ပြုတ်သည်။ ကျက်တော့ ပြုတ်ရည်ကို သည်အတိုင်းထားပြီး အသားတုံး၊ အရေခွံအားခွဲ၍ အသားမျှင်များအားခြစ်ချရာ မွှေးကြိုင်နေသောအသားမျှင်များ ဇလုံကြီးနှင့် တစ်လုံးစာရသည်။ အသားမျှင်အချို့ကို ရှောက်ရည်ညှစ်၊ ရှောက်ရွက်ပါးပါးလှီး၍ သုပ်သည်။ အချို့ကို ငရုတ်သီးစပ်စပ်ဖြင့် ကြော်သည်။ အရေခွံကိုလည်းမပစ်၊ စဉ်းတီတုံးပေါ်တွင် နုပ်နုပ်စဉ်း၍ မြွေအရိုးများဖြင့် အစောပိုင်းက ချန်ထားသော ပြုတ်ရည်ထဲထည့်၊ ကြက်သွန်ဖြူနီကို ဆီသုတ်၍ ငရုတ်ကောင်းမှုန့်နှင့် ရှောက်ရွက်ထည့်ကာစွပ်ပြုတ်လုပ်သည်။ ချိုးငှက်များကိုတော့ အမြည်းအတွက် ကြော်သည်။ မွှေးကြိုင်ပြီးအရသာရှိလွန်းလှသဖြင့် ကျွန်တော်လည်း ထန်းရည်မူးမူးနှင့် ဝင်စားသည်။

ကာလသားခေါင်း ဘိုကြီးက နောက်ပြောင်သည်မှာ -

"ဆရာလေးရေ - ကျွန်တော်တို့ ဗိုက်ထဲမှာ လိပ်တွေ၊ ဖားတွေ၊ ငှက်တွေနဲ့ မြွေသားကတော့ ရန်ဖြစ်ကုန်တော့မှာပဲ။ ဗိုက်ထဲမှာ တဂွိဂွိနဲ့ နေလို့တော့ ကောင်းသားဗျ။ စားလို့ကောင်း၊ နေလို့ကောင်း၊ ခွန်အားပါ တိုးလာတော့ အဟောသုခံချမ်းသာပေစွ ဟား ဟား ဟား"

ကျွန်တော်တို့ ညစာစားသောက်ကြပြီးချိန်တွင် ည (၁၂) နာရီခန့်ရှိချေပြီ။ ကျွန်တော် တည်းခိုအိမ်ပြန်ရောက်တော့ အဘဦးသာနီးက မအိပ်သေး။ မီးခွက်ထွန်း၍ ကျွန်တော့်အား ထိုင်စောင့်နေခြင်း ဖြစ်သည်။

"ဆရာလေးရယ်၊ နောက်ကျလှချေလား။ ညဥ့်သန်းခေါင်တောင်ကျော်ရော့မယ်"

"ဟုတ်ပါ့ အဘရယ်၊ ကာလသားခေါင်း ဘိုကြီးတို့ ညလယ်စာ ချက်ပြုတ်ကျွေးနေတာနဲ့ နောက်ကျသွားတာပါ"

"ရပ်ရွာကတော့ အေးချမ်းပါတယ်။ ဒါပေမယ့် ဒီအရပ်က ညဥ့်နက်သန်းခေါင် မြွေပါးကင်းပါးအန္တရာယ်ရှိတတ်တယ်။ အညာအရပ်ဆိုတော့ နေပူပြင်းလွန်းတော့ ညအချိန်ရောက်တာနဲ့ တွင်းအောင်းသတ္တဝါတွေက အပြင်ထွက်ပြီး ဖုတ်လူးတတ်တယ်။ အထူးသဖြင့် အဆိပ်ပြင်းတဲ့မြွေတွေပဲ။ ကျုပ်တောင် ဆရာလေးကို စိတ်ပူလို့ လိုက်ခေါ်မယ် လုပ်နေတာ။ အနှောင့်အယှက်ဖြစ်မှာ စိုးလို့ မီးခွက်ထွန်းပြီး ထိုင်စောင့်နေတာ"

"ခွင့်လွှတ်ပါ အဘ။ လူတ (၉) ယောက်တောင်စုံတော့ ထပြန်လို့ မကောင်းဘူးလေ။ နောက်ပြီး သူတို့နယ်က ငှက်မျိုးစုံကြော်၊ လိပ်သား၊ ဖားသား၊ ကြက်သားဟင်းနဲ့ နောက်ဆုံး မြွေသားတောင်ပါသေးတယ်"

ကျွန်တော် အကြောင်းစုံ ရှင်းပြီး ပျော်စရာကောင်းပုံကို ပြောပြတော့ အဘက -

"အင်း - လူငယ်တွေ ဆိုတော့ မသိကြဘူး။ အဘတို့ လယ်တွင်း (၉) ခရိုင်နယ်မြေမှာ လူ (၉) ယောက် အလုပ် မလုပ်ရဘူး။ အထူးသဖြင့် ခရီးမသွား ဘူး။ မြွေသားမစားရဘူး၊ အန္တရာယ် တယ်ကွယ့်။ နောက်ဆုံး (၉) ယော ပေါင်းမိတာကို သိတာနဲ့ နားလည်သူ ကျောက်ခဲတစ်လုံးကို ကောက်ပြီး 'မော ကျောက်ခဲ၊ မင်းပါရင် ငါတို့အဖွဲ့ (၁၀ ယောက်နော်။ ကိုးယောက်မဟုတ်တော့ ဘူး' လို့ ပြောရတယ်"

"ဒါဆို အန္တရာယ်ကင်းရော့လား အဘ"

"အသေအချာအန္တရာယ်ကင်းတာ ပေါ့။ လယ်တွင်း (၉) ခရိုင်ကလူ ရှေးရှေးကတည်းက အခုအချိန်အ အရိုးစွဲအောင် ယုံကြည်ပြီးလုပ်ကြတယ်"

"ဒါဆို ကျွန်တော် ဘယ်လိုလု မလဲ အဘ"

"ဆရာလေးက ငယ်သေးသည်ပဲ၊ မ နားမလည်လို့ ဖြစ်ရတာ။ မေတ္တာ အမျှဝေပြီး ပိုင်ရာဆိုင်ရာကို တောင်း ပေါ့။ အဘကလည်း ကူပြီး တောင်း ပေးပါ့မယ်။ မသိနားမလည်လို့ ပြစ် အမိုက်အမဲကလေးကို ခွင့်လွှတ်ဖို့ပေ"

"ဟုတ်ကဲ့ပါ အဘ"

ညဥ့်နက်မှအိပ်ရာဝင်သော်



www.burmeseclassic.com

www.burmeseclassic.com

အတော်နှင့် အိပ်မပျော်ပါ။ စိတ်ထဲ၌ မြွေတွန်သံများကြားနေရသည်။ ပူအိုက်လွန်းသဖြင့် ယပ်တောင်တဖျတ်ဖျတ်ခတ်ရင်း မနက် (၃) နာရီခန့်မှ အေးလာ၍ အိပ်ပျော်သွားသည်။

မနက်(၆)နာရီခန့်တွင် ရွာတွင်း၌ ညည့်စွာအော်ဟစ်ငိုသံများကြောင့် ကျွန်တော် အိပ်ရာက လန့်နိုးသည်။ အဘက တော့ အိမ်ရှေ့ ကနားဖျင်းအောက်ရှိ အညာခလေ့ လေးထောင့်ခုံရှည်စားပွဲကြီးနားတွင်ထိုင်ရင်း အဖန်ရည်သောက်ရင်း ကျွန်တော် အိပ်ရာကအနိုးကိုစောင့်နေပါသည်။

"အဘ၊ ရွာထဲမှာဘာဖြစ်ကြတာလဲ"

ကျွန်တော်က မေးတော့ အဘက—

"သြော် - ဆရာလေး နိုးပြီလား။ အဘ ကိစ္စပေါ့။ ကံဆောင်၊ ကံမောင် ညီအစ်ကိုတော့ သွားရှာပြီ။ ငန်းဦးကွက်ကြီးကိုက်သွားတာတဲ့။ မြွေထီးကြီးနေမှာပါ။ ကျုပ်လည်း ညကတည်းက ဆရာလေးကို စိတ်မချလို့ တစ်ညလုံး မအိပ်ဘဲ ဓားတစ်လက်၊ တုတ်မီးတစ်လက်နဲ့ မီးခွက်ထွန်းပြီး စောင့်နေတာ။ မြွေတွန်သံတော့ ကြားရတယ်။ မြွေမကြီးကိုသတ်ပြီး မြွေဥစားတဲ့သူတွေကို အရင်ကလဲ့ အားချောဟန်တူပါတယ်"

ကျွန်တော်အတော်တုန်လှုပ်သွားသည်။ ကျွန်တော်လည်း မြွေမကြီးအသားစားခဲ့သည်လေ။ ကျွန်တော်နှင့်အဘ ထမင်းကြော်နှင့် နွားနို့အနည်းငယ်စားသောက်ကြပြီး ရွာတောင်ပိုင်းမှာဲအိမ်သို့ထွက်ခဲ့ကြသည်။ ကံမောင်တို့အိမ်တွင် အသုဘမေးသူနှင့် မနက်စောစော အလွန်စည်ကားနေသည်။ ကံမောင်နှင့် ကံဆောင်တို့ ညီအစ်ကိုမှာ ခင်အိုကြီးအား လုပ်ကျွေးနေသူများဖြစ်ကြသည်။ ဖခင်ပန်းပဲဆရာကြီးမှာမူတော့။ အလောင်းများအား အိမ်ရှေ့တွင် ကာလသားခေါင်း ဘိုကြီးနှင့်အဖွဲ့က ပြင်ဆင်ပေးနေသည်။ ပန်းပဲလုပ်ငန်းအပူရှိန်ကြောင့် ကြေးနီရောင်ပေါက်နေသော ညီအစ်ကိုနှစ်ဦး၏ အသားအရေမှာ ငန်းမြွေကြီးအဆိပ်ကြောင့် ညိုပြာနှမ်းနေသည်။ အနီးတွင်ရှိသော လိပ်မင်းနှင့် ဖားမင်းတို့ ညီအစ်ကိုမှာ ကြောက်လန့် ညှိုးငယ်နေကြသည်။ သူတို့လည်း မြွေမကြီးကို သတ်၍ မြွေဥနှင့် မြွေသားကို စားခဲ့ကြသည်လေ။ ဆွေမျိုးများက စုဝေး၍ ငိုပွဲဆင်နေကြသည်။ မိခင်အိုကြီးကိုတော့ မမြင်မိပါ။ စုံစမ်းကြည့်တော့ ငိုလွန်းသဖြင့် တက်သွားပြီး သတိလစ်လစ်သွားသဖြင့် ဆရာတော် ဘုန်းကြီးက ကျောင်းပေါ်ခေါ်၍ ဆေးကုသပေးနေကြောင်း သိရသည်။

ညနေပိုင်းတွင် ရွာထုံးစံအရ အစိမ်းသေများဖြစ်ကြသဖြင့် နေ့ချင်းအသုဘချရသည်။ တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြရသည်။ သူကြီးနှင့် ကာလသားများအဖွဲ့ညီသဖြင့် အသုဘမှာ အလွန်စည်ကားသည်။

ထိုညက ကျွန်တော်အိပ်မက်မက်သည်။ ကံဆောင်နှင့်ကံမောင်ညီအစ်ကိုက ကျွန်တော့်အား အိပ်မက်ပေးခြင်းဖြစ်သည်။

"ဆရာလေး၊ မြန်မြန်ရန်ကုန်ပြန်တော့။ အန္တရာယ်နီးလာပြီ။ မြွေထီးကြီးက အငြိုးကြီးတယ်။ မြွေသားစားသူအားလုံးကို အနံ့ခံပြီး အကုန်လိုက်သတ်မှာ။ တခြားအပေါင်းအသင်းတွေကိုလည်း သတိပေးပါ။ ကျွန်တော်တို့ ညီအစ်ကိုကတော့ မိဘကို လုပ်ကျွေးပြုစုခဲ့ကြလို့ နေရာကောင်းရလာတယ်။ ခြံထောင့်မန်ကျည်းပင်ကြီးမှာ အဘဘိုးသူတော်ကြီးနဲ့အတူနေရပါတယ်။ အရေးတကြီးအမိကမှာချင်တာကတော့ ဆရာလေး ရန်ကုန်အမြန်ပြန်ပါ"

ကျွန်တော် အိပ်မက်က လန့်နိုးတော့ မနက်အရုဏ်ဦး တစ်ရွာလုံးတိတ်ဆိတ်နေသည်။ တစ်ချက်တစ်ချက် လင်းကြက်တွန်သံကို ကြားသည်။

"အောက်. . အီး. . အီး. အွတ်"

ကျွန်တော် ဘာလုပ်ရမည်နည်း၊ အိပ်မက်က အထင်အရှား ငန်းမြွေကြီးကိစ္စအား ပေါ့ပေါ့ဆဆနေ၍ မရတော့။ ကာလသားများအားလုံးကို သတိပေးရတော့မည်။ အဓိကအရေးကြီးသည်က မြွေဥစားထားသော လိပ်မင်း၊ ဖားမင်း ညီအစ်ကိုနှင့် ကာလသားခေါင်း ဘိုကြီး။ ယနေ့ ကျွန်တော် အိပ်ရာက စောစောထတော့ အဘ ဦးသာနိုးက ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်နေသည်။ အဘညီမ ဒေါ်နက်က ထမင်းကြော်နေသည်။ ကျွန်တော် မျက်နှာသစ်ပြီး အဘနှင့်အတူ ထမင်းကြော်စားကြသည်။ ယနေ့ စောသေးသဖြင့် နို့ညှစ်ကုလား မလာသေးပါ။

ကျွန်တော် မနက် (၆) နာရီခန့်၌ ယင်းလိပ်မင်း၊ ဖားမင်း ညီအစ်ကိုနှစ်ဦး အိမ်ဘက်သို့ထွက်ခဲ့ရာ ဝိရိယကောင်းသော ညီအစ်ကိုက ဒုဋ္ဌဝတီမြစ်ဘက်သို့ ငါးရှာဖားရှာရန် ထွက်သွားချေပြီ။ ထို့ကြောင့် ကျွန်တော်ရွာအစွန်အနောက်ဖျား ကာလသားခေါင်း ဘိုကြီးအိမ်သို့ ထွက်ခဲ့ပါတော့သည်။

ကိုဘိုကြီး၏ ညီနှင့် ညီမက နွားစာစဉ်းရင်းမှ ရပ်၍ ကျွန်တော့်အား အဖန်ရည်၊ ထန်းလျက်၊ မြေပဲကြော်နှင့် ဧည့်ခံကြသည်။ ကိုဘိုကြီးက ညဉ့်နက်မှ အသုဘအိမ်က ပြန်လာသဖြင့် မဆိုးသေးဟုဆိုသည်။ ကျွန်တော် အဖန်ရည်သောက်ရင်း ရန်ကုန်ပြန်တော့မည်ဖြစ်ကြောင်း နှုတ်ဆက်ရသည်။ ကျွန်တော်ပြန်တော့မည်အလုပ် ဘိုကြီးအမေက သူ့သားအား ဝင်နှိုးသည်။

"ဘိုကြီး၊ ထတော့ဟဲ့။ ဒီမှာ ဆရာလေး ရန်ကုန်ပြန်တော့မှာမို့ လာနှုတ်ဆက်နေတယ်"

"ဟော့တော့ - အသားအရေတွေ အေးစက်ပြီး ပြာနှမ်းနေတာပဲ။ ဟင် - သံား ဘိုကြီး အသက်မရှိတော့ပါလား။ လုပ်ကြပါဦး အရပ်ကတို့ရဲ့ ဟင့်. . . ဟင့်. . . အီး"

ကျွန်တော်တို့ အခန်းထဲ ဝင်ကြည့်တော့ ကိုဘိုကြီး အသားအရေ ပြာနှမ်းနေပြီး မျက်ဖြူလန်နေသည်။ သွားရှာပေါ့တစ်ယောက်။ မြွေဥစားသူများ တစ်ညပြီးတစ်ညဖြစ်နေရာ မြွေသားစားမိသော ကိုယ့်အလှည့် ဘယ်တော့လဲမသိ။ ထို့ကြောင့် ကျွန်တော် ထိုနေ့မနက်ခင်း၌ပင် ရေပုပ်ရွာမှ မ⸗က် (၉) နာရီထွက်သော ဘတ်(စ်)ကားကြီးဖြင့် မန္တလေးမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်ခဲ့ပါတော့သည်။ ရန်ကုန်သို့ရောက်တော့လည်း ခြံဝင်းနှင့်နေရသောမိဘများအိမ်တွင် မနေတော့။ အစ်ကိုကြီးမိသားစု နေထိုင်ရာ ရန်ကုန်မြို့ လယ်ကောင်တိုက်ခန်းအပေါ်ဆုံးလွှာ (၆) ထပ်တွင် သွားနေသည်။

တစ်လခန့်ကြာတော့ အဘဦးသာနိုးထံမှ စာရောက်လာသည်။ ကျွန်တော် ရွာမှပြန်ပြီး နောက်နေ့ညတွင် လိပ်မင်း၊ ဖားမင်းတို့ညီအစ်ကို ငန်းမြွေကြီးကိုက်၍ ဆုံးကြောင်း၊ မြွေသားစားမိသူ ကာလသားများလည်း တစ်ညတစ်ယောက် ဆုံးကြသဖြင့် ထွက်ပြေးကြရာ ရွာတွင် ကျီးနှင့်ဖုတ်ဖုတ်သာ ကျန်တော့ကြောင်း သိရပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ဝါကျွတ်တော့မှာ ဖြစ်ပါတယ်။ ဝါလကင်းလွတ် သီတင်းကျွတ်တာနဲ့ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့ကနေပြီး (၁၁) ရက်နေ့အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပကာ နောက်ဆုံးနေ့ (၁၁) ရက်နေ့မှာ ကျောက်ဖျာရွာရဲ့ မဟာဘုံကထိန်ခင်းကျင်း လှူဒါန်းတဲ့ပွဲ ဖြစ်ပါတယ်။ အကြိုရက်တွေပါဆိုရင် (၇) ရက်မျှ ကျင်းပပြုလုပ်တဲ့ပွဲပါ။ အဲဒီပွဲမှာ နေ့စဉ် ကုသိုလ်ရှင်တွေက ဖိတ်မန္တကပြုပြီး ကျောင်းမှာ နေ့စဉ် ကျွေးမွေးဧည့်ခံတာကြောင့် ကျပ်ပြင်ဒေသနဲ့ ရွာနီးချုပ်စပ်ကလူတွေ နေ့စဉ်လာရောက်ကြပါတယ်။

အဲဒီအချိန်က ရွာမှာ ရပ်မိရပ်ဖအဖြစ် အမြဲဦးဆောင်ခဲ့တဲ့ သူကြီးဦးထွန်းညိုနဲ့ ဆရာချိုတို့ မရှိတော့တာကြောင့် ကျွန်တော်ရယ်၊ ကိုစိန်မောင်းရယ်၊ ကိုကျော်ငွေရယ် ဦးဆောင်ပြီး လုပ်နေကြတာပါ။

ကျောက်ဖျာကျောင်းဆရာတော် ဦးနာဂိန္ဒက ခေါ်ခိုင်းလိုက်တယ်ဆိုလို့ ညနေ တွင်းအပြန်မှာ ဆရာတော်ဆီကို ရောက်ပါတယ်။ ကထိန်နဲ့များ ပတ်သက်နေမလားလို့ တွေးနေမိပါတယ်။ ဘုရားဝတ်ပြုဆရာတော်ကို ဝတ်ပြုအပြီး ထိုင်လိုက်တယ်ဆိုရင်ပဲ ဆရာတော်က စကားစ,ပါတယ်။

"ကျော်စိုးကြီး နေကောင်းရဲ့လားဗျ"

"မှန်ပါ ကောင်းပါတယ် ဘုရား။ ဒါထက် ဆရာတော်က တပည့်တော်ကို ခေါ်ခိုင်းလိုက်တယ်ဆိုလို့ တပည့်တော် လာခဲ့တာပါ"

"အေး - ဟုတ်တယ်ဗျာ။ တိုင်ပင်စရာလေးရှိလို့ ခေါ်ခိုင်းလိုက်တာပါ"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ဒီလိုဗျ၊ ဘုန်းကြီးမှာ ဆန္ဒတစ်ခု ဖြစ်ပေါ်နေတယ်။ အဲဒါက ရွာမှာ ဟုတ်ဟုတ်ငြားငြား စေတီတော် မရှိဘူးဖြစ်နေတယ်။ အဲဒါ စေတီကြီးကြီးတစ်ဆူ တည်ချင်တယ်။ ဘုန်းကြီးရောက်လာ ကျောင်းမှာ ဆွမ်းစားဆောင်လည်း ဆောက်ပြီးပြီ။ ကျောင်းရဲ့မျက်နှာကြက် လည်းတပ်ပြီးပြီ။ ကျောင်းဆောင်လည်း ထုတ်ပြီးပြီ။ အာဂန္တုဆောင်လည်းခဲ့ပြီး ပြီ။ ရေလောင်းကုဋ်တွေလည်းဆောက် ပြီးပြီ။ စောင်းတန်းအုတ်လှေကားလည်း လုပ်ပြီးပြီ။ ကျောင်းဝိုင်းကို အုတ်တံတိုင်း လည်းခတ်ပြီးပြီ။ ကျောင်းအောက်ထပ် မှာ ကျွေးမွေးဧည့်ခံဖို့ တိုက်ခံလည်း လုပ် ပြီးပြီ။ မမှာရုံကြီးလည်း ဆောက်ပြီးပြီ။ ဆွမ်း၊ ဆွမ်းဟင်းချက်တဲ့ ရုံကြီးလည်း

# မိုးကုတ်ကျော်ကျော်စိုး
# ရှေ့ဉမင်ဆရာတော်၏
# စေတီတည်နည်း





www.burmeseclassic.com

www.burmeseclassic.com

ဆောက်ပြီးပြီ။ သာသနိကပစ္စည်းတွေလည်း ပြည့်စုံခဲ့ပြီ။ ဘုန်းကြီးရောက်မှ အရာရာ တိုးတက်ပြည့်စုံခဲ့တာ ကျော်စိုးကြီးလည်း အမြင်ပဲလေ"

"မှန်ပါ၊ မြင်ပါတယ်ဘုရား"

ဟုတ်ပါတယ်။ ရှေးဟောင်းကျောင်းအိုကြီးကို ဘုန်းကြီးဦးအောင်ရသက်ထက်မှာဖျက်ပြီး ကျောင်းသစ်ဆောက်ခဲ့တာပါ။ ဒါပေမယ့် ပြီးပြည့်စုံမှုမရှိသေးပါဘူး။ နောက်ပိုင်း ဘုန်းကြီးဦးအောင်ရဟာ ကျောက်ဖျာရွာက ဦးစံကျော်ရဲ့သမီးနဲ့ ရည်ငံမိတာကြောင့် လူထွက်ပြီး အိမ်ထောင်ပြုသွားပါတယ်။ အဲဒီမှာ ဘုန်းကြီးဦးစိန်လွင် ရောက်လာပြန်ပါတယ်။ ဦးစိန်လွင်လက်ထက်မှာလည်း တိုးတက်ခြင်းမရှိဘဲ ဦးစိန်လွင်လည်း လူထွက်ကာ ဝမ်းတွင်းသဲတောတအေယျှုကြီးနဲ့ အိမ်ထောင်ပြုသွားပြန်ပါတယ်။ ရွာမှာ ဘုန်းကြီးမရှိတာကြောင့် ဦးစိန်လွင်ရှိစဉ်က ခန်းနေဦးပဥ္စင်းဘဝနဲ့ လာနေသွားတဲ့ ဦးနာဂိန္ဒဟာဖြင့် အနေအထိုင်တော်ကြောင်း ကျွန်တော် အပါအဝင် လူအများရဲ့ တိုက်တွန်းချက်ကြောင့် ဦးနာဂိန္ဒ (သာသနဓဇ ဓမ္မာစရိယ) ကို သွားရောက် ပင့်ဆောင်ပြီး တိုးကွယ်ရာမှာ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ကျောက်ဖျာကျောင်းဟာ တစ်ဟုန်ထိုး တိုးတက်ခဲ့တာ ကျွန်တော့်မျက်စိအောက်မှာပါ။

"အဲဒါ သိမ်ရဲ့ခေါင်းရင်းက ကိုးတောင်ပြည့် စေတီတော်လေးကို စေတီတော်ကြီးအဖြစ် တည်ချင်တယ်။ အဲဒါ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ ခေါ်ပြီး တိုင်ပင်ကြည့်တာပါ"

"မှန်ပါ၊ အဲဒါက တပည့်တော်တာဝန်ထားပါ။ ကထိန်အမီ စေတီတော်ကြီးပုံဆွဲပြီး လာသမျှ ဧည့်ပရိသတ်တွေ သိအောင် ချိတ်ဆွဲပြီး ကြော်ငြာပါ့မယ် ဘုရား"

"အေးဗျာ-ကောင်းပါလေရဲ့။ ဘုန်းကြီးရဲ့ရင်ထဲမှာ စေတီတော်ကြီး တည်ချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်နေတယ်။ ဘုန်းကြီးမသေမီ ဒီကျောင်းမှာ ဘုရားတန်ဆောင်း၊ ကျောင်းကန်အားလုံး ပြည့်ပြည့်စုံစုံဖြစ်သွားအောင် ဆောင်ရွက်ခဲ့ချင်တယ်"

"မှန်ပါ၊ ကောင်းပါတယ်ဘုရား။ ဆရာတော်ရဲ့ဆန္ဒပြည့်ဝမှာပါဘုရား"

"အေး - ကျော်စိုးကြီးရယ် သာဓုဗျာ၊ သာဓု၊ သာဓု"

ဆိုပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရှာပါတယ်။ ဒါနဲ့ ကျွန်တော်ဟာ ကတ်ထူစက္ကူတစ်ဖက်ချောကြီးတစ်ရွက်ဝယ်ကာ ပုဂံစေတီဆန်ဆန် စေတီတော်ပုံကြီးရေးဆွဲပြီး အောက်မှာ 'ကျောက်ဖျာကျောင်း၌ တည်ထား ကိုးကွယ်မည့် စေတီတော်ကြီးပုံ။ မည်သူမဆို ကုသိုလ်ပါဝင်နိုင်ပါသည်' ဆိုပြီး ကျောက်ဖျာပဋ္ဌာန်းနဲ့ ကထိန်ပွဲမှာ ချိတ်ဆွဲပြသထားပါတယ်။ နှစ်စဉ် ပဋ္ဌာန်းပွဲ၊ ကထိန်ပွဲရဲ့ ကုသိုလ်ပုံရိပ်ဖြစ်တဲ့ ဓာတ်ပုံတွေကိုလည်း ပြသထားပါတယ်။

လူတွေစိတ်ဝင်တစားကြည့်တော့ကြည့်ကြပါရဲ့။ တစ်ဦးတလေမျှ လှူဒါန်းမည့်သူ မပေါ်ပါဘူး။ ကထိန်ပွဲ မဲအလှူကိုသာလှူကြပါတယ်။ သံဃာတော်တွေ





www.burmeseclassic.com

www.burmeseclassic.com

မဲနှိုက်ရာမှ ကျောက်ကြမ်းကြီး ဆရာတော်က ပထမဆုမဲကို ပေါက်သွားတာကြောင့် စေတီတော်တည်ရန်အတွက် ဆိုပြီး ကျွန်တော့်ထံ ဝတ္ထုငွေ (၃၀၀) ကျပ် လှူဒါန်းသွားပါတယ်။ ဒါပဲရလိုက်တာပါ။

ကထိန်ပြီးတော့ ဘုန်းတော်ကြီး စိတ်မာတ်ကျသွားဟန်ရှိပါတယ်။ ကျွန်တော်နဲ့တွေ့တော့ ပြောတယ်။

"ကျော်စိုးကြီးရဲ့၊ တို့ရဲ့စေတီတော်ကြီးစီမံကိန်းက ဖြစ်မှဖြစ်ပါ့မလားကွာ"

"ဘာလို့မဖြစ်ရမှာလဲ ဘုရား။ တပည့်တော်တို့တစ်ရွာလုံး ကျောက်တူးနေကြတာပဲ။ ရွာကလူတွေ ကျောက်ကြီးရရင်ဖြစ်ပြီပေါ့ ဘုရား"

လို့ လျှောက်တော့ ဘာမှပြန်မပြောတော့ပါဘူး။ မြတ်စွာဘုရားရဲ့ တန်ခိုးတော်ကြောင့်ထင်ရဲ့။ အဲဒီနှစ် ဆောင်းရာသီမှာ ရွာက ကျောက်ကြီးရသူတွေ အတော်များတယ်။ အဲဒီမှာ စေတီတော်ကြီး တည်ဆောက်ဖို့ သိန်းချီလှူဒါန်းကြလေတော့ နဝကမ္မငွေအတော်များများရရှိခဲ့ပါတယ်။ ဆရာတော်ရော ကျွန်တော်ပါ အားတက်သရောရှိခဲ့ကြပါပြီ။

နောင်နှစ်ကထိန်မှာကျတော့ စေတီတော်ကြီးတည်ဆောက်ရန် အလှူတော်ငွေများရပါတယ်။ ရတနာကုန္ဒေကုမ္ပဏီ ဦးပိုင်လီမိတက်ကလည်း လိုသမျှကျောက်ခဲတွေ လှူဒါန်းမည် ဆိုတာကို ဆရာတော်ထံ လာလျှောက်ကြောင်း သိရပါတယ်။ ဦးပိုင်ဟာ နေ့စဉ် ကျောက်တုံးကျောက်ခဲတွေကို ကားတွေနဲ့ ဝေးရာကို စွန့်ပစ်နေရတာပါ။ အဲဒီခဲတွေ စေတီတည်ရန် လာပို့ပေးမယ်ဆိုတော့ အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကားဆိုတာလိုပေါ့လေ။ အတော်အဆင်ပြေတာပါ။ ကျောက်ပြဿဒ်-ကျောက်ဖျာသွားကားလမ်းမှာလည်း ခဲအစင်းပေါင်းများစွာလာချပေးလို့ အလွန်အဆင်ပြေပြီး တန်ဖိုးကြီးမားလှပါတယ်။ ငွေနဲ့ဝယ်ရင် တန်ဖိုးမနည်းပါဘူး။

ကထိန်တွေပြီးလို့ ဆောင်းရာသီအရောက်မှာ ဆရာတော် အခေါ်ရှိတာနဲ့ ကျွန်တော်ကျောင်းကို ရောက်ရပြန်ပါတယ်။

"ကျော်စိုးကြီး"

"ဘုရား"

"အေး - တို့တွေ ဒီနှစ်ဆောင်းကစပြီး စေတီတော်ကြီး တည်မှဖြစ်တော့မယ်ကွ။ ရတနာကုန္ဒေကုမ္ပဏီဦးပိုင်ကလည်း လမ်းတစ်လျှောက်မှာ နေ့စဉ် ခဲတွေလာချပေးနေပြီ။ အဲဒါ ဉာဏ်တော်အမြင့် တွက်ကြည့်ကြရအောင်"

"ဆရာတော်က ဉာဏ်တော်အမြင့် ဘယ်လောက်တည်ချင်တာပါလဲ ဘုရား"

"အတောင်နှစ်ဆယ်၊ အစိတ်လောက်ဆို ရပြီထင်ပါရဲ့။ အဲဒါမှ စေတီတော် ရေရှည်တည်တံ့နိုင်မယ်။ စေတီတော်ကြီးလွန်း၊ မြင့်လွန်းပြန်ရင်လည်း ရွာနဲ့မမျှဖြစ်ပြီး နောင်မှာ မပြုပြင်မထိန်းသိမ်းနိုင်ရင် အခက်ကြုံလိမ့်မယ်။ အဲဒါ အတောင်(၂၀)နဲ့ တွက်ကြည့်ကြစို့လား"

"တွက်နည်းရှိလို့လား ဘုရား"

"ရှိတယ်ဗျ၊ ဟောဒီမှာ မိတ်ဆွေဘုန်းတော်ကြီးဆီက ဘုန်းကြီးကူးခဲ့တာရှိတယ်။ ရွှေဥမင်ဆရာတော်ရဲ့ စေတီတည်နည်းတဲ့ အရင်ဖတ်ကြည့်လိုက်ဦး။ ပြီးမှ တွက်ချက်ကြည့်ပြီး အတည်ပြုကြရအောင်"

"ကောင်းတာလုပ်တာပဲ ဘုရား။ တွက်စရာလိုသေးလို့လား"

"ဩော် - ခင်ဗျားတို့၊ ကျုပ်တို့က လောကီနယ်ထဲမှာပဲရှိနေသေးတာလေ။ လောကီရဲ့အယူအဆတွေကို ပစ်ပယ်ထားလို့မရဘူးဗျ။ အစကောင်းမှ အနှောင်းသေချာတာ။ ပြီးတော့ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးခု ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်တဲ့အမျိုးတဲ့ဗျ။ ဘုရားတည်ပြီးမှ မကြိုက်လို့ ပြန်ပြင်တယ်ဆိုတာ ဘယ်ကောင်းမှာလဲ။ ကဲကဲ - အသေအချာ ဖတ်ကြည့်ပါဦး"

ဆိုတာနဲ့ ကျွန်တော် ဆရာတော်ရဲ့စာရွက်ပေါ်က လက်ရေးဝိုင်းဝိုင်းတွေဆီ အာရုံရောက်သွားပါတယ်။

**ရွှေဥမင်ဆရာတော်၏စေတီတည်နည်း**

- ＊ စေတီတည်ကာ မျိုးလေးဖြာ မြဲစွာမှတ်ကုန်ကြ။
- ＊ မိုက်ပေါင်း ဉာဏ်တော် တည်ပြီးသော် ခွန်သော် စားအပ်စွ။
- ＊ တစ်ခုကြွင်းပြန် မရဏံ ရှောင်ရန်သတိခ။
- ＊ နှစ်ခုကြွင်းသော် မင်းပူဇော် မြဲနော်မှတ်ကုန်ကြ။
- ＊ သုံးခုကြွင်းလျှင် မီးဘေးမြင် ငလျှင်မိုးကြိုးခ။
- ＊ လေးခုကြွင်းအပ် များတွေလတ် လူနတ်ပူဇော်ရ။
- ＊ ငါးခုကြွင်းကား လာဘ်နည်းပါး အများမှတ်ကုန်ကြ။
- ＊ ခြောက်ခုကြွင်းမှာ များသတ္တာ ပူဇာရှိဦးကြ။
- ＊ ကြွင်းခုနစ်ခု ငြင်းခုံမှု လူထုပျက်ပြားရ။
- ＊ ရွှေဥမင်ခေါ် ဆရာတော် မိန့်ဖော်တွက်နည်းမှ။
- ＊ ပုဒ္ဓဗိသုကာ ကျမ်းအလာ မြဲစွာမှတ်ကုန်ကြ။
- ＊ သံပေါက်ရေးသား မျိုးလေးပါးမှတ်သားလွယ်ရန်ပြ။

ဟူ၍ ဖြစ်ပါသည်။

"အရှင်ဘုရား၊ သံပေါက်အလိုအရ နှစ်ခုကြွင်းရယ်၊ လေးခုကြွင်းရယ်၊ ခြောက်ခုကြွင်းရယ် ဒီသုံးမျိုးပဲ ကောင်းတာ တွေ့ရတယ်။ အဲဒါ ဆရာတော် ဉာဏ်တော်အမြင့် ဘယ်လောက်ရည်ရွယ်ထားပါသလဲ"

"အေးဗျာ၊ ဘုန်းကြီးကြိုတင်တွက်ထားတာတော့ အတောင်(၂၀)ပဲ။ အဲဒါ တွက်ကြည့်စမ်းပါ"

"မှန်ပါ၊ အတောင် (၂၀) ဆိုတော့ (၃) မိုက် (၁) တောင်နှုန်းနဲ့ အတောင် (၂၀) ကို မိုက်ဖွဲ့ရင် မိုက်ပေါင်း (၆၀) ရပါတယ်။ အဲဒီမိုက်ပေါင်း (၆၀) ကို (၇) နဲ့ စားရင် (၄) ကြွင်းပါတယ် ဘုရား၊ (၄) ကြွင်း ဆိုတော့ '(၄) ခုကြွင်းအပ် များတွေလတ် လူ၊ နတ်ပူဇော်ရ ဆိုတဲ့ ကိန်းပါ ဘုရား"

(၂၀ × ၃ = ၆၀ ÷ ၇ = ၄ ကြွင်း)

"အေးဗျ၊ ဟုတ်တယ်။ အဲဒီ အတောင်(၂၀)ဟာ ကိန်းကောင်းတယ်။ အတောင်အစိတ်နဲ့တွက်ကြည့်တာ (၅) ကြွင်းတယ်၊ သိပ်မကောင်းဘူး။ အဲဒီတော့ စေတီတော်ကြီးကို အတောင် (၂၀) ပဲ အတည်ပြုလိုက်ကြရအောင်"

"စေတီတော်ပုံစံကို ဘယ်ပုံတည်ဆောက်မယ်စိတ်ကူးပါသလဲ ဘုရား"

"ရှစ်မျက်နှာစေတီတည်မယ်ဗျာ၊ အရပ်မျက်နှာမှာ ရုပ်ပွားတော်တွေပူဇော်မယ် မကောင်းဘူးလားဗျာ"

"မှန်ပါ၊ ကောင်းပါတယ်ဘုရား"

"ဒါဆို ရွာထဲက ရပ်မိရပ်ဖတွေကို ပန်းရန်တွေခေါ်ဖို့၊ ပစ္စည်းတွေဝယ်ဖို့ ခေါ်ပြောမှဖြစ်တော့မယ်"

ဆိုပြီး ရပ်မိရပ်ဖတွေနဲ့ ခေါ်ပြီး တိုင်ပင်ပါတယ်။ စေတီတည်နေကျ မုံရွာကပန်းရန်ဆရာတွေကို ငှားပါတယ်။ ကျောင်းမှာနေ၊ ကျောင်းမှာစားပြီး လုပ်ငန်းစ,ပါတယ်။ ကျွန်တော်နဲ့တကွ ရွာလူတွေဟာ စေတီတော်ကြီးအတွက် လိုအပ်သမျှ လုပ်အားလှူဒါန်းကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တိုးတောင်ပြည့်စေတီတော်လေးကို ငုံ့ထားတာ စေတီတော်ကြီးစတင်တည်ဆောက်ပါတယ်။ အဲဒီမှာ စေတီတော်ကြီးအနီးက ကံ့ကော်ပင် (၃) ပင်ဟာ အချိန်အခါမဟုတ်ပါဘဲ ကံ့ကော်ပွင့်တွေ မနားတမ်းပွင့်ကာ စေတီတော်ကြီးကို ပူဇော်နေတာပါပဲ။ တစ်ခါမှ ခုလို အခါမဲ့ပွင့်တာမကြုံဖူးပါဘူး။ ဒါကလည်း ဆရာတော်ဦးနာဂိန္ဒပြလို့ သတိထားမိကြခြင်းပါ။

တောင်စောင်းမှာ တည်ရတာဆိုတော့ လှေကားအဆင့်ဆင့်၊ ပန်းခုံအဆင့်ဆင့်နဲ့ အတော်လေးကို လှပပါတယ်။ ရင်ပြင်တော်ကိုလည်း အတော်ကျယ်ဝန်းအောင် ပြုပြင်ထားပါတယ်။ အာရုံခံတန်ဆောင်းလည်းတည်ဆောက်ထားပါတယ်။ ခဲကားအစင်းပေါင်း(၁၀၀)ကျော်ကုန်ပါတယ်။ စေတီတော်ကြီးဟာအပြင်မှာ အုတ်နဲ့ အချောကိုင်ထားပေမယ့် အထဲမှာ ကျောက်စိုင်ကျောက်ခဲကြီးတွေနဲ့ တည်ဆောက်ထားတာမို့ အလွန် ခိုင်ခံ့ပါတယ်။ ကျောက်ဖျာမှာ စေတီတော်ကြီး တည်နေတယ် ဆိုတဲ့သတင်းကြားတာနဲ့ လာရောက် လှူဒါန်းသူတွေဆိုတာကလည်း ဝင်လာမစဲ တဖွဲဖွဲပါ။

အဲဒီအချိန်မှာ တစ်ပြိုင်တည်းဆိုသလိုပါပဲ။ ဦးပိုင်ကုဋေကုဋာက ရေအေးရွာမှာရှိတဲ့ ရှေးဟောင်းစေတီတော်တွေကို ပြုပြင်မွမ်းမံပါတယ်။ ရေအေးရွာဟာမိုးမာဘုရင်လက်ထက်ကတည်းက ဆင်တန်း မြင်းလမ်း စခန်းတစ်ထောက်နားတဲ့ ရွာကလေးပါ။ အဲဒါကြောင့် ရှေးဟောင်းစေတီတော်တွေ ငုတ်တိုဖြစ်နေတာ ကြာပါပြီ။ ဦးပိုင်ကြောင့် ကြည်ညိုဖွယ်ကောင်းတဲ့ စေတီတော်တွေ ပြန်ဖြစ်ခဲ့ရပါပြီ။

အဲဒီ ရေအေးစေတီတော်တွေနဲ့ ကျောက်ဖျာစေတီတော်ကြီး၊ အရံစေတီ (၂) ဆူတို့ကို မိုးကုတ်မြို့ မြို့လယ်ရပ်ကမိုးဖူးတော်လုပ်ငန်းပိုင်ရှင်ဖြစ်တဲ့ ဦးပိန်၊ ဒေါ် အေးအေးမိုးတို့မိသားစုနဲ့ မိခင်ကြီးဒေါ်မြိုင်က လှူဒါန်းပါတယ်။ ဦးပိန်ဆိုတာ အဲဒီတုန်းက နှစ်ဆယ်ကျော်အရွယ်ပဲ ရှိသေးတာပါ။ လှူဒါန်းမှုအဝဝဟာ ငွေအင်းအတော်လေးကုန်ပါတယ်။ ကျွန်တော်တို့ရွာဘက်တွေမှာ လူတွေရဲ့ရင်ထဲမိုးဖူးတော် ဦးပိန် ဆိုပြီး ပြောစမှတ်တွင်အောင် ကျန်ရစ်ခဲ့ပါတယ်။

ဒီလိုနဲ့ စေတီတော်ကြီး တည်တဲ့အမှု ပြီးသွားပြီး ထီးတော် စိန်ဖူးတော်တင်လှူပြီး အနေကဇာပွဲ ဆင်နွှဲကြပါတယ်။ စိန်ဖူးတော်ကို ဦးပိန်ကိုယ်တိုင် တတ်ရောက် တပ်ဆင် လှူဒါန်းပါတယ်။

စေတီတော်ကြီးရဲ့ ဘွဲ့အမည်ကို 'ရန်ပြေမာန်ပြေ ရှစ်မျက်နှာ ဆုတောင်းပြည့်စေတီတော်' လို့ သမုတ်ပါတယ်။

စေတီတော်ကြီး ထီးတော်တင်တော့ ကျွန်တော် ဝမ်းသာလွန်းလို့ မျက်ရည်ကျမိပါတယ်။ ဆရာတော်ကြီးရဲ့ ဆန္ဒကို အကောင်အထည်ဖော်ခဲ့နိုင်လို့ပါပဲ။ ဒီလိုနဲ့ စေတီတော်ကြီးရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် ကျင်းပဖို့ တန်ခူးလပြည့်နေ့ကို သတ်မှတ်ပါတယ်။ တပို့တွဲလပြည့်က ကျောက်ပြဿဒ်တောင် ဆုတောင်းပြည့် ဘုရားပွဲပါ။ တပေါင်းလပြည့်က မိုးကုတ်မြို့ ဖောင်တော်ဦးဘုရားပွဲပါ။ အဲဒါကြောင့် တန်ခူးလပြည့်နေ့ကို ကျောက်ဖျာဘုရားပွဲဆိုပြီး သတ်မှတ်လိုက်ပါတယ်။ ရွာတွေက တန်ခူးလဆန်း ၁၄ ရက်မှာ ဆွမ်းတော်ကြီးလာပို့ကြပါတယ်။ အိုးစည်ဗုံမောင်းတွေနဲ့ စည်ကားသိုက်မြိုက်တဲ့ပွဲပါ၊ လာသမျှတွေကို ဧည့်ခံကျွေးမွေးကာ အလွန်ပျော်စရာကောင်းတဲ့ ကုသိုလ်ပွဲကြီးပါပဲ။

ကျွန်တော်ဟာ နေပြည်တော်ကို ရောက်နေခဲ့တာကြောင့် ဓာတ်ပုံများနဲ့ ဖော်မပြနိုင်တာ ခွင့်လွှတ်ပါ။ သို့သော်လည်း ကျွန်တော့် မှတ်စုစာအုပ်မှာ ဆရာတော်ဦးနာဂိန္ဒဆီက ကူးလာခဲ့တဲ့ 'ရွှေဥမင်ဆရာတော်ရဲ့ စေတီတည်နည်း' လက်ာသံပေါက်ကလေးရှိနေသေးတာကြောင့် ဗုဒ္ဓဗိသုကာကျမ်းအလာကို သိစေချင်တဲ့စေတနာနဲ့ တင်ပြလိုက်ရခြင်းဖြစ်ပါတယ်။

ဆရာတော်ဦးနာဂိန္ဒလည်း ပျံလွန်တော်မူတာ ကြာပါပြီ။ ရှေးလူတွေလည်း ကွယ်လွန်ကုန်ကြပါပြီ။ ဒါပေမယ့် ကျောက်ဖျာစေတီတော်ကြီးကတော့ ထာဝရ စံပယ်လျက်ရှိနေပါတယ်။ မိုးကုတ်အနောက်ပိုင်းက ကျောက်ဖျာသို့ တစ်ခေါက်တစ်ခါ ရောက်မည်ဆိုပါက 'ရန်ပြေမာန်ပြေ ရှစ်မျက်နှာ ဆုတောင်းပြည့် စေတီတော်ကြီး' သို့ သွားရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

*(ကျောက်ဖျာရွာသို့အမှတ်တရ)*

*ချမ်းမြေ့ကြပါစေ*

မိုးကုတ်ကျော်ကျော်စိုး

နှတ်ဟောက်မင်းသန့်နိုင်

# ကျွဲ – နွားအပူအပုပ်ကင်း၍ ကျန်းမာခြင်းဖြစ်စေရန်

စက်မှု၊ လက်မှုနည်းပညာများ တိုးတက်ထွန်းကားလာသည် မှန်သော်လည်း ကမ္ဘာနှင့်အဝန်း တောင်သူလယ်သမားများမှာ ကျွဲ၊ နွားများကို လယ်ယာမြေလုပ်ငန်း၌ လက်လွှတ်၍ မရသေးပေ။ အသုံးပြုနေရဆဲ ဖြစ်ပါသည်။

၎င်း ကျွဲ၊ နွားများသည် အစာကောင်းစွာ စားပါလျက် ရှင်လန်းတက်ကြွမှုမရှိဘဲ ပိန်လှီနေခြင်း၊ ကြီးထွားသန်စွမ်းမှုမရှိခြင်းဖြစ်နေပါက ထိုကျွဲ၊ နွား၏ဝမ်းတွင်း၌ အပူခိုး အပုပ်ခိုးများ ခိုအောင်းပြီး သန်ကောင်၊ တုတ်ကောင်များရှိနေခြင်းကြောင့်ဟု ခန့်မှန်းသိရှိနိုင်ပါသည်။

သို့အတွက် ကျွဲ၊ နွားများ ပိန်လှီဖျော့တော့နေပါက အပူအပုပ်ကင်း၍ သန်ကောင်၊ တုတ်ကောင်ကျဆင်းကာ ကျန်းမာခြင်းဖြစ်စေရန်အတွက် အောက်ပါအတိုင်း အလွယ်အသာ ကုစားနိုင်ပါသည်။

စိမ်းစိမ်းစိုစိုဩဇာရွက် လက်တွင်းတစ်ဆုပ်ခူးယူပြီး မီးဖိုချောင်သုံးဆားဟင်းသောက်ဇွန်း (၂) ဇွန်းကို ညက်အောင်ရောထောင်း၍ အရည်ရော အဖတ်ပါ တိုက်ကျွေးပေးပါ။

သုံးရက်ခန့် ဆက်တိုက် တိုက်ကျွေးပေးလျှင် ၎င်းကျွဲ၊ နွားသည် အပူအပုပ်နှင့် သန်ကောင်၊ တုတ်ကောင်များ ဝမ်းနှင့်အတူ ကျဆင်းထွက်လာပါမည်။ ၎င်းတို့၏မစင်ကို မွှေကြည့်ပါ၊ တွေ့မြင်ရပါမည်။ အပူအပုပ်များသော ကျွဲချေး၊ နွားချေးသည် အလွန်ပင် အနံ့ဆိုးသည်ကိုလည်း သိရပါမည်။

ကျေးလက်သုံး ဆေးနည်းတစ်လက် တင်ဆက် ရေးသားပါသည်။

နှတ်ဟောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

# မနောသုတေသီ

## ကမ္ဘာကျော် စိတ်စွမ်းအင်စုံထောက်ကြီး ကရာဇက်၏ မုဒိမ်းညှိနှောင်အမှု

ဟော်လန်ပြည် မြောက်ပိုင်းမြို့တော် အက်ဆန်မြို့မှ အမှုကိုင်အရာရှိ မစ္စတာ အိပ်တီစီဟာ ပါမောက္ခ တင်ဟက်ဆီကို ဇူလိုင်လကုန်မှာ ဖုန်းဆက်တယ်။ မြောက်ပိုင်း ဒရင်သီပြည်နယ်က ဆိုတော့ မိုင် (၁၀၀) လောက်အဝေးက နေ ဖုန်းဆက်တာပါ။

" မုဒိမ်းမှုနဲ့ ပတ်သက်လို့ သဲလွန်စ တွေ ဖော်ပေးနိုင်တဲ့ စိတ်စွမ်းအင် စုံထောက်ရဲ့ အကူအညီ လိုနေတယ်ဗျ။ ဒီလို စိတ်စွမ်းအင်စုံထောက် အကူအညီများ ရှာဖွေပေးနိုင်ပါသလား"

လို့ အမှုကိုင်အရာရှိက ပါမောက္ခ တင်ဟက်ကို အကူအညီတောင်းလာတယ်။

"ရနိုင်ပါတယ်"

လို့ ပရစိတ်ပညာရှင် တင်ဟက်က ပြန်ပြောတယ်။

ဩဂုတ်လ (၁၀) ရက်နေ့၊ နံနက် (၁၀) နာရီမှာ အက်ဆန်မြို့တရားရုံးကို ပါမောက္ခတင်ဟက် ရောက်လာတယ်။ တရားရုံးရဲ့သီးသန့်စားပွဲပေါ်မှာ အမှုနဲ့ ပတ်သက်တဲ့အထုပ်တွေ (၅)ထုပ်လောက် တင်ထားတာကို ပါမောက္ခ တင်ဟက်တွေ့လိုက်ရတယ်။ နာရီဝက်လောက်ရှိတော့ စိတ်စွမ်းအင်စုံထောက်ကြီး ကရာဇက် ရောက်လာတယ်။ အမှုအကြောင်းနဲ့ သက်သေခံပစ္စည်းတွေအကြောင်းကို ကရာဇက်ကိုမပြောဖို့ ပါမောက္ခ တင်ဟက်က ကြိုတင် မှာထားတယ်။ တတ်နိုင်သမျှ စကားကိုလျှော့ပြောထားမှသာ ကရာဇက်စိတ်စွမ်းအင်ကို မထိခိုက်မှာ ဖြစ်လို့ပါ။ မေးတဲ့လူရဲ့စိတ်နဲ့ ကရာဇက်စိတ် ဆက်သွယ်မိရင် တကယ့်အမှုနဲ့ သဲလွန်စတွေနဲ့ လွဲချော်သွားမှာမို့ပါ ပါမောက္ခတင်ဟက်က အမှုကိုင်အရာ ကို မှာထားတယ်။

ကရာဇက်ဟာ စားပွဲပေါ်က အ ထုပ်တစ်ထုပ်ကို ကောက်ကိုင်လိုက်ပြီး အာရုံယူလိုက်တယ်။ ဖွင့်မကြည့်သေး နဲ့ သူမြင်ရတဲ့အာရုံကို ကရာဇက်က ပြောပြလိုက်တယ်။

"ဒီအထုပ်ထဲမှာ ဆေးရွက်ကြီးငွေ ငုံဖို့ထည့်ထားတဲ့ဆေးဘူး ရှိတယ်"

*(ဖွင့်ကြည့်တဲ့အခါ ဆေးဘူး နေလို့ ကရာဇက်ပြောတာ မှန်တယ်)*

"အိမ်တစ်လုံး မြင်ရတယ်။ အိမ် က ခပ်နိမ့်နိမ့်ပါ။ အဝင်တံခါးရဲ့ တ လျက်သား ပြတင်းပေါက်နှစ်ပေါက် တယ်။ ဘယ်ဘက်မှာ ပြတင်းပေါက်တ ပေါက် ရှိတယ်။ အိမ်ထဲမှာ လူကြီးနှ ယောက် ရှိတယ်။

အဲဒီ လူနှစ်ဦးမှာ အကြီးလူက အ သက်(၅၀)ကျော်လောက်ရှိပြီး ကျန်တ ယောက်ကတော့ အသက်ငယ်တယ် *(အမှုကျူးလွန်သူမှာ လူလတ်ပိုင်း နှောင်နှစ်ဦး ဖြစ်တယ်။)* သူတို့နှစ်ဦး နက် တစ်ဦးက ဒီဆေးဘူးကို သူ့အိ ကပ်ထဲ ထည့်ထားတယ်"

သူ့အမြင်အာရုံ မှန်၊ မမှန် သိ အောင် အထုပ်ကိုဖွင့်ကြည့်ခွင့်ပေး ပြောရာ တရားရုံးကခွင့်ပေးလို့ ဖွင့်ကြ တော့ ဆေးဘူးတစ်ခု တွေ့ရပါတယ် နောက်အထုပ်တစ်ခုကို ဖွင့်ကြည့် တောင်းရာ ဖွင့်ကြည့်ခွင့်ပြုလိုက်တယ် ဒုတိယအထုပ်ထဲက အိတ်တစ်လုံးကို ထုတ်လိုက်ပြီးတော့ ဒီအိတ်ဟာ နှ ပတ်သက်တယ်လို့ ကရာဇက်က ပြော လိုက်တယ်။

"ဒီအိတ်ဟာ ရေမြောင်းထဲ ဆယ်လာတာ။ ရေမြောင်းလည်း မြင် တယ်။ မြက်ခင်းထဲက ရေမြောင်း အိမ်ကို တစ်ခါ ပြန်မြင်ရတယ်။ ဒီအိ ထဲကို ကလေးထည့်ထားတာလားပဲ"

*(မိန်းကလေးကို ဤအိတ်ထဲထ ထားကြောင်း မှန်သည်။)*

ကရာဇက်က သူ့အမြင်အာရုံ ပေါ်ပေါက်လာတာကို ဆက်ပြောတ

"ဟုတ်ပြီဗျာ၊ မိန်းကလေးကို အိတ်ထဲ ထည့်ထားတာတဲ့။ ဒီအိတ် နွားတွေကိုချမ်းတဲ့အခါ ခြုံပေးတဲ့အိတ် ဗျ။ တော်တော် ကြောက်စရာကောင်း တာပဲ။ သူတို့က မိန်းကလေးကိုသတ် ဖို့ ကြံစည်ကြတယ်။ တစ်ယောက် အရှင်လတ်လတ် မြေမြှုပ်သတ်





www.burmeseclassic.com

www.burmeseclassic.com

တယ်၊ တစ်ယောက်က ရေထဲနှစ်သတ်ချင်တယ်လို့ အချီအချ ငြင်းခုံနေကြတယ်၊ *(အမှုပေါ်တဲ့အခါ ဒီအချက်ဟာ အမှန်ဖြစ်နေတယ်။)* ဒါပေမယ့် သူတို့ဟာ သူတို့ရဲ့အကြံအစည်တွေကို လက်လျှော့လိုက်ကြတယ်"

ကရာဇက်က သူ့အမြင်အာရုံကို ခေတ္တနားပြီး တစ်ဖန် အာရုံပြုကြည့်ပြန်တယ်။

"ဒီနေရာမှာ သူတို့နှစ်ဦး လူသတ်ဖို့ ကြိုးစားခဲ့ကြတာ အမှန်ပါပဲ။ တစ်ဦးရဲ့အောက်သွားဟာ ပွဲ့နေတယ်။ ဘယ်ဘက်အောက်သွားဟာ ပွဲ့နေတယ်။ *(အမှန်ဖြစ်ကြောင်း သိရတယ်။)* နွားနို့သယ်ဆောင်တဲ့ အဝါရောင် နို့မြင်းလှည်းကို တွေ့ရတယ်။ အက်ဆန်မြို့နဲ့ (၇) ကီလိုမီတာဝေးတဲ့မြို့ကိုသယ်ဆောင်ရတာပါ။

ဒီမိန်းကလေးရဲ့မိခင်ဟာ အရပ်ပုအိုင့်အိုင့်ပဲ၊ ခပ်တုတ်တုတ်ပဲ။ မျက်နှာဝိုင်းဝိုင်းနဲ့ ဆံပင်ကို အလယ်ကခွဲပြီး ဆံပင်တွေ နောက်လှန် ဖြီးကပ်နေတယ်။ မိန်းကလေးက ပုံမှန်မဟုတ်ဘူး။ ဆွံ့အ, နေသလား မသိဘူး။ ခုံဖိနပ်တစ်ဖက် တွေ့ရတယ်။ သူစီးသလား မပြောတတ်ဘူး"

*(ဒီအမြင်အာရုံတွေမှန်ကန်ကြောင်း ရဲအရာရှိက နောင်အခါ ဝန်ခံတယ်။)*

စားပွဲပေါ်မှာရှိတဲ့ပစ္စည်းဟာ ဘာတွေဖြစ်တယ်၊ ဘယ်သူ့ရဲ့ပစ္စည်းတွေဖြစ်တယ်ဆိုတာ တိတိကျကျ ပြောပြတယ်။ သက်သေခံပစ္စည်းတွေကို ကိုင်တွယ်ကြည့်ရှုပြီးတော့-

"ဒီပစ္စည်းတွေရဲ့ အာရုံအမြင်တွေဟာ ရှုပ်ထွေးနေတယ်။ ဒီအမှုတင်မကဘူး ဒီပြင်ရာဇဝတ်မှုတွေကိုလည်း ကျူးလွန်ခဲ့ကြတယ်။ အခြားအမှုတွေနဲ့ ဒီအမှုနဲ့ပတ်သက်တဲ့ အမြင်အာရုံတွေ ရောထွေးနေတယ်၊ ရှုပ်နေတယ်"

လို့ ကရာဇက်က ပြောတယ်။

*(မှန်တယ်။ ဒီလူနှစ်ဦးဟာ အရင်ကလည်း ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့ကြတယ်လို့ ရဲအရာရှိက ဝန်ခံတယ်။)*

"ကောက်ရိုးထားတဲ့ တဲတစ်လုံး မြင်ရတယ်။ ဒီတဲထဲကို မိန်းကလေးကို ခေါ်သွားပြီး အဓမ္မကျင့်ကြတာ။ ကလေးလေးရဲ့အော်သံတွေ ကြားနေရတယ်။ မိန်းကလေးရဲ့အော်သံ ဖြစ်မှာပဲ။ အနီးအနားမှာ ဈေးပွဲတော်ရှိဟန်တူတယ်။ ဒီပွဲကအသံတွေကို ကြားနေရတယ်။ ဒီပွဲတော်ရက်အတွင်းမှာ မုဒိမ်းကျင့်မှုဖြစ်ခဲ့တာ ဖြစ်တယ်"

*(နောင်အခါ အမှုစစ်ဆေးတဲ့အခါ ပွဲတော်ရက်အတွင်းမှာဖြစ်ကြောင်း သိရတယ်။ ဒါကြောင့် ကရာဇက်ရဲ့အာရုံထူးဟာ မှန်ကန်တယ်လို့ ရဲအရာရှိက ပြောတယ်။)*

"ဟင်ဒရစ်ဆိုတဲ့နာမည်ကို ကြားလိုက်ရတယ်။ သေသေချာချာကို ကြားလိုက်ရတာ။ *(မသင်္ကာသူနှစ်ဦးအနက် တစ်ဦးရဲ့နာမည် ဖြစ်တယ်။)* တဲထဲမှာ ကောက်ရိုးပုံပေါ်မှာ မုဒိမ်းကျင့်တာ ဖြစ်တယ်"

လို့ တဲအနေအထားကိုပြောရင်း ကရာဇက်က ပြောပြတယ်။

"ကျုပ်ဟာ အလွန် နာကျင်မှုကို ခံစားရတယ်။ မိန်းကလေးခံစားရတဲ့ဝေဒနာမျိုး ခံစားရတယ်။ ရေတွေလည်း မြင်ရတယ်။ ဒီလို ခံစားရတာဟာ ရေနဲ့ဆိုင်သလား မပြောတတ်ဘူး။ ကျုပ်အာရုံတွေ ရှုပ်ထွေးလာတယ်"

*(ကရာဇက်ရဲ့အမြင်အာရုံတွေဟာ မုဒိမ်းကျင့်ခံရတာနဲ့ ရေမြောင်းထဲနှစ်ပြီး သတ်ဖို့ကြံစည်တဲ့ စိတ်ကူးနဲ့ ရောထွေးသွားဟန်တူတယ်။ ဒီအချိန်မှာ မုဒိမ်းသမားနှစ်ဦးရဲ့ စိတ်ကူး အကြံအစည်တွေဟာ မနောပုံရိပ်သန္တာန်အနေနဲ့ကျန်ရစ်ခဲ့တယ်။ ဒီလို မုဒိမ်းကျင့်တဲ့ပုံရိပ်နဲ့ ရေနှစ်သတ်ဖို့ကြံတဲ့ပုံရိပ်တွေ ရောထွေးသွားတာဖြစ်နိုင်တယ်လို့ ပါမောက္ခ တင်ဟက်က ယူဆတယ်။)*

"ဒီကလေးမလေးကို မုဒိမ်းကျင့်ပြီး လည်ပင်းကို ညှစ်သတ်တယ်။ ဒါပေမယ့် မသေပါဘူး။ ဘယ်လိုသတ်ရင်ကောင်းမလဲလို့ ညီအစ်ကိုနှစ်ယောက် ငြင်းခုံရင်းနဲ့ မသတ်ဖြစ်ဘူး။ လည်ပင်းညှစ်ရုံပဲ ညှစ်ရသေးတယ်။

ဆေးဘူးပိုင်ရှင်နဲ့ စီးကရက်ဘူးပိုင်ရှင်နှစ်ဦးဟာ ဒီအမှုကို ကျူးလွန်သူတွေပဲ။ ညီအစ်ကိုဖြစ်ပြီး တပူးတွဲတွဲလုပ်နေကျပဲ။ ဆေးဘူးရှင်ကတော့ လိင်ကိစ္စနဲ့ပတ်သက်လာရင် မထိန်းနိုင်မသိမ်းနိုင်ဖြစ်တတ်တယ်။ ဒါပေမယ့် ငွေရေးကြေးရေးကိစ္စမှာတော့ စိတ်ချရတယ်။ လိင်နဲ့ပတ်သက်လာရင် ဝုန်းခနဲ ဒိုင်းခနဲ ထလုပ်တတ်တယ်။ ဘာမှ မစဉ်းစားဘူး၊ လုပ်ပြီးမှသာစဉ်းစားတတ်တယ်။ သူဟာ ဟိုတစ်ယောက်လောက် သတ်ချင်ဖြတ်ချင်စိတ် မရှိဘူး။ စီးကရက်ဘူးနဲ့ ဟိုတစ်ယောက်ကတော့ ရာဇဝတ်မှုကျူးလွန်ချင်တဲ့စိတ် ရှိတယ်။ သူဟာ ရာဇဝတ်မှုတွေကို တားမရအောင် ကျူးလွန်လေ့ရှိတယ်။ မိန်းကလေးကို တဲဆီဆွဲခေါ်လာပြီး မုဒိမ်းကျင့်တာ သူပဲ။ ပြီးတော့ သတ်ဖို့လည်း ကြိုးစားသေးတယ်။ ကျန်တစ်ယောက်က သတ်တာကို သဘောမတူဘူး။ ဒါကြောင့် နှစ်ဦးသား စကားများကြတယ်။

*(ကရာဇက်ရဲ့ပြောပြချက်တွေဟာ မှန်ကန်တယ်လို့ ရဲအရာရှိက ပြောတယ်။)*

ဟော- အခု အခြားအမှုကို အာရုံမှာ မြင်ရတယ်။ စစ်အတွင်းက စီးကရက်ဘူးနဲ့လူ ကျူးလွန်ခဲ့တာ။ (၁၄)နှစ်အရွယ် ဂျူးမိန်းကလေးငယ်တစ်ဦး မုဒိမ်းကျင့်ခံရတယ်။ စစ်အတွင်းမို့ ဂျာမန်စစ်သားတစ်ဦးက မုဒိမ်းကျင့်သွားတယ်လို့ပဲ သိကြတယ်၊ ဘယ်ဂျာမန်စစ်သားလဲဆိုတာ မသိကြဘူး။ အမှန်က ဒီစီးကရက်ဘူးနဲ့လူက မုဒိမ်းကျင့်ပြီး ဂျာမန်စစ်သားကို လွှဲချတာ။ စစ်အတွင်းဆိုတော့လည်း ဂျူးတွေကိုမုန်းတဲ့ ဂျာမန်တွေဟာ ဒီလိုလုပ်နေကျဆိုတော့ ဂျာမန်စစ်သားပဲ မုဒိမ်းကျင့်မှာပါလို့ ယုံလိုက်ကြတယ်"

တရားရုံးတွင် သက်သေခံပစ္စည်းကို အာရုံပြုပြီး မြင်သရွေ့ကို အားလုံး မှတ်တမ်းတင်ပြီးတော့ အမှုဖြစ်ပွားခဲ့တဲ့ နွားတင်းကုပ်ဆီကို အားလုံးသွားကြည့်ကြတယ်။ နွားတင်းကုပ်ကိုရောက်တော့ နွားတင်းကုပ် အနေအထားဟာ ကရာဇက်မြင်ခဲ့တဲ့အတိုင်း ကိုက်ညီနေတယ်။ တင်းကုပ်ထဲမှာရှိတဲ့ ကောက်ရိုးတွေကတော့ မရှိတော့ဘူး။ နွားတင်းကုပ်ထဲရောက်တော့ ဘယ်နေရာမှာ မုဒိမ်းကျင့်တယ်၊ ဘယ်အချိန်မှာဖြစ်တယ် ဆိုတာကို ကရာဇက်က ထပ်ပြီး အမြင်အာရုံရတယ်။ ဒီလို အသေးစိတ်ဖြစ်ခဲ့ပုံတွေဟာ အမှန်အတိုင်းပါပဲလို့ ရဲတွေက ဝန်ခံတယ်။

နွားတင်းကုပ်ကအပြန် ညနေပိုင်း တရားရုံးမှာ တစ်ကြိမ်ဆုံကြတယ်။ စီးကရက်ဘူးနဲ့လူရဲ့ ရာဇဝတ်မှုတွေနဲ့ သူ့အကျင့်စရိုက်တွေကို ကရာဇက်က အမြင်အာရုံနဲ့ကြည့်ပြီး ပြောရတာပါ။ ရဲတွေကသိချင်တယ်ဆိုလို့ ထပ်ပြီးကြည့်ပေးရတာပါ။ ဒီလို အမြင်အာရုံနဲ့ကြည့်ပြီးတဲ့အခါ ကရာဇက်က ရှိနေသူအားလုံးကိုပြောလိုက်တယ်။

"ဒီလူဟာ မကြာခင်မှာ ကြိုးဆွဲချသတ်သေလိမ့်မယ်လို့ အာရုံအတိအကျရတယ်"

နောက် သုံး၊ လေးပတ်လောက်အကြာမှာ ကရာဇက်ရဲ့ဟောကိန်း မှန်နေတာ တွေ့ရတယ်။


မနောသုတေသီ

*REF; CROIST.*



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီ"


တစ်ခွန်းတည်း အသံပြု၍ ဝင်လာသူမှာ မောင်ကျော်မြင့်။

အချိန်မှာ နံနက် (၆) နာရီခွဲပြီဖြစ်၏။

မနေ့က ညနေပိုင်း (၆) နာရီတွင် 'သား၊ မင်းလာမှဖြစ်မယ်လေ။ ကြုံရာကားနဲ့လိုက်ခဲ့။ ဒီကျမှ မင်းရယ်၊ ငါရယ်၊ ညီလေးရယ် တို့သုံးယောက် ခရီးထွက်ကြတာပေါ့' ဟု လှမ်းပြောလိုက်ရာ ည (၇) နာရီထိုးတွင် ဖုန်းပြန်ဝင်လာ၏။ 'ထွက်လာပြီ' ဟူသော စကားတစ်ခွန်းကိုသာဆို၍ ရန်ကုန်သို့ ရောက်လာခဲ့သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုအေးမြေသား)
## အနီးဆုံးပညာစကားများ

မောင်ကျော်မြင့် ရောက်လာချိန်တွင် စောစောစီးစီးလာသူ ဧည့်သည်တစ်ဦးကို ရက်ရှေပေးနေရသောကြောင့် ကျွန်ုပ်တို့ ခရီးထွက်ခွာချိန်မှာ (၇) နာရီထိုးပင် ဖြစ်၏။

ဘုရားဝတ်ပြုပြီးပြီဖြစ်၍ ခရီးထောင်ထွက်ခွာရန် ကားလေး၏ ရှေ့ခန်းတွင် ထိုင်လိုက်၏။

သားနှင့် မောင်ကျော်မြင့်တို့က နောက်မှာထိုင်လျက်။

စတင်ပါပြီ။

ကား စတင်ထွက်ပြီ ဆိုသည်နှင့် ကျွန်ုပ်၏ ထုံးစံအတိုင်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ကြိုတင် မေတ္တာပို့ခြင်းများကို ပြုလုပ်တော့၏။ ကားဆရာကိုထွန်းရွှေကလည်း ညင်ညင်သာသာမောင်းရင်း ထွက်ခွာလာကြပြီ ဖြစ်၏။

ကျွန်ုပ်တို့သည် -

မင်္ဂလာဒုံမှ သပြေရိပ်ဆိုင်ကြီးတွင်နံနက်စာ အဆာပြေ စားကြ၏။

ပြီးမှ တဖြည်းဖြည်းမောင်းလာရင်း ရွှေညောင်ပင်တွင် ပွဲလှူ၍ ခရီးရှည်ကြီးကို စတင်ခဲ့ကြပါပြီ။

မောင်ကျော်မြင့်။

ကျွန်ုပ်၏ သားတပည့်ဖြစ်သော မောင်ကျော်မြင့်သည် မင်းဘူးတွင် နေထိုင်သူဖြစ်ပြီး တပည့်ပေါင်းများစွာနှင့် ပျော်ပျော်နေတတ်သော ကျူရှင်ဆရာဦးကျော်မြင့် ဖြစ်၏။ တပည့်များ၏ချစ်ခင်လေးစားခြင်းကိုခံရသော ဆရာတစ်ဦးဖြစ်သော်လည်း ကျွန်ုပ်နှင့်တွေ့လျှင် သားသမီးလိုနေပြီး ပညာသင်ကြားသူဖြစ်သောကြောင့် ကျွန်ုပ်မှာ ၎င်းကလေးအား သံယောဇဉ်ကြီးရ၏။

ယခုလည်း နောက်ခန်းတွင် သားနှင့်အတူလိုက်လာရင်း သူတို့ညီအစ်ကိုနှစ်ယောက် ပညာခန်းများပြောလာကြ၏။ ကျွန်ုပ်က ရွတ်ဖတ်သရဇ္ဈာယ်လျက်။

နေ့စဉ် ပရိသတ် နှစ်ဆယ်၊ သုံးဆယ်ခန့်ကို အကြံပေးရခြင်း၊ အခါပေးရခြင်းများကြောင့် ကျွန်ုပ်မှာ နားနားနေနေချိန် အလွန်နည်းပါးလှပါသည်။ ခရီးတစ်ခုထွက်တော့မည်ဆိုလျှင် နေ့စဉ်နှင့်အမျှ လာရောက်ကြသော ပရိသတ်ကြီး၏ သံယောဇဉ်ကိုငဲ့၍ တော်တော်စဉ်းစားရပါ၏။

ထို့ကြောင့်လည်း -

ယခု စတင် သွားနေပြီ ဖြစ်သော မင်းဘူးခရီးသည် (၁၀) နှစ်ဝန်းကျင်ခန့်ကင်းကွာခဲ့ရပါ၏။ လာခဲ့မည်ဟုပြောပြီး မရောက်ဖြစ်။

ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် မပိုင်ပါ။

ကျွန်ုပ်ကို ကျွန်ုပ်၏ ပရိသတ်ကြီးကသာ ပိုင်သည်ဟု ခံယူထားသူ ဖြစ်၏။

ကျွန်ုပ်၏ပရိသတ်ကြီးအတွက်သာ အချိန်များစွာပေးထားသူဖြစ်သောကြောင့် ကိုယ်ပိုင်အားလပ်ချိန် အလွန်နည်းပါသည်။

နေ့စဉ်နှင့်အမျှ အကြံပေးခြင်း၊ အခါပေးခြင်းများပြီးသည်နှင့် စာရေးရပြန်ပါ၏။

စာရေးသည်ဟုဆိုလိုက်သည်မှာ လွယ်ပါသည်။ သို့သော် တကယ်တမ်းရေးလျှင် တော်တော်စဉ်းစားတွေးခေါ်၍ စာစီရပါသည်။

ဗဟုသုတပေးရသော၊အသိပညာပေးရသော၊ ပညာနှင့်ယှဉ်သော ဆောင်းပါးများကို ရေးရသည့်အခါ မှန်ကန်တိကျအောင် ရေးရပါသည်။

ကိုယ်ရေးသည့် ပညာခန်းများကို ဖတ်ရှုပြီး လိုက်လံ ပြုလုပ်ကြသည့်အခါ လွဲချော်တိမ်းပါးလျှင် စာရေးသူ၏ တာဝန်ဖြစ်သောကြောင့် အတော်သတိထားရေးရ၏။ ဆောင်းပါးတစ်ပုဒ်ဖြစ်ရန် လေး၊ ငါးရက် အချိန်ယူရ၏။ စာချစ်သူများ၏ ရင်တွင်းရောက်အောင် ဝါကျတည်ဆောက်ပုံမှအစ ဂရုစိုက်ရ၏။

ဥပမာ -

'အေးကွာ၊ ကျေးဇူးကြီးတဲ့ မင်းရဲ့မိဘတွေကို ရိုရိုသေသေဆက်ဆံရတော့မယ်ဆိုတော့' ဟု ရေးလျှင် မိဘကိုရိုသေခိုင်းရတော့မည့်သူမှာ အလွန်ကျေးဇူးကြီးသူဖြစ်သွားပါပြီ။

'ခွေးထမင်းကျွေးဖို့ ကော်ပန်းကန်ယူ ထမင်းစားပြီးသည်နှင့် ခွေးကျွေးခိုင်းလိုက်တော့၏' ဆိုလျှင်လည်း ခွေးကျွေးလျှင် ထည့်ကျွေးရမည့် ကော်ပန်းကန်မှာ ကိုယ့်အတွက် ဖြစ်သွားတော့မည်ဖြစ်၏။

ထို့ကြောင့် ပညာပေးဆောင်းပါးတစ်ပုဒ်ဖြစ်လာရန် မလွယ်ပါ။

ထို့ပြင် -

'ဒီညနေမှာ ဒီလူရောက်ကိုရောက်လာလိမ့်မယ်။ ရောက်လာရင် အကျိုးအနက်ရောင်ဝတ်လာလိမ့်မယ်။ဒီလူဟာ ခင်ဗျားကိုမြင်တာနဲ့ ငွေကြေးကိစ္စပြောလိမ့်မယ်။ ပြီးရင် ခင်ဗျားဆီက ငွေချေးသွားလိမ့်မယ်'

ဆိုပြီး ပြောလိုက်ရာ ညနေစောင်းသည်နှင့် ထိုသူရောက်လာပါတော့သည်။ ကျွန်တော့်စကားမှန်နေပြီ ဖြစ်၍ ကျွန်တော့်သူငယ်ချင်းမှာ ပါးစပ်အဟောင်းသားဖြစ်နေစဉ် အကျိုအနက်



www.burmeseclassic.com

www.burmeseclassic.com

ရောင်ဝတ်ထားသောထိုလူက ကျွန်တော့် သူငယ်ချင်းနှင့် ငွေကြေးစကားများပြော ပြီး ငွေချေးသွားတော့၏။ သူငယ်ချင်း ခမျာ ပါးစပ်အဟောင်းသားနှင့် -

'ဟာ - မင်းသိလှချည်လားကွာ'

ဟူ၍ကတုန်ကယင်နှင့်ပြောလိုက် လေရာ. . .'

ဟူသော စာရေးခြင်းမှာ ပညာပြ ခြင်းသာ ဖြစ်၏။ ပညာပေးခြင်း လုံးဝ မဟုတ်။

ကျွန်ုပ် ရေးချင်သည်မှာ ပညာ ပေးခြင်းကိုသာ ရေးချင်၏။

ပညာပြခြင်းများကိုသာ ရေးပြရ လျှင် အံ့သြဖွယ်၊ ထိတ်လန့်ဖွယ်၊ တုန် လှုပ်ဖွယ်ကောင်းလှသော ထူးဆန်းသည့် ပညာပြကွက်များ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် လုံးချင်းဝတ္ထုကြီးများ တစ်အုပ်ကြီးတစ် အုပ် ဆက်တိုက်ထွက်လာနိုင်၏။

ကျွန်ုပ်ကား ပညာကိုချစ်သူဖြစ်နေ သောကြောင့်၊ ပညာကိုမြတ်နိုးသူဖြစ်နေ သောကြောင့်၊ ပညာကို ရိုသေလေးစား သူဖြစ်နေသောကြောင့် ပညာပေးခြင်း၊ ပညာလက်ဆင့်ကမ်းခြင်းကိုသာ စိတ် ဝင်စား၏။

ဤသည်တို့မှာ -

ပညာပေးဆောင်းပါးတစ်ပုဒ် ဖြစ် လာရန် မလွယ်ကူခြင်းများပင် ဖြစ်၏။ ဆိုခဲ့ပြီးသည့်အတိုင်း ပညာနှင့်ယှဉ်၍ အသိပညာဗဟုသုတပေးရသောဆောင်း ပါးများကို ရေးရသည့်အခါ မှန်ကန်တိကျ အောင် ရေးရပါသည်။

ဆောင်းပါးတစ်ပုဒ် ဖြစ်လာရန် မလွယ်ပါ။

ကျွန်ုပ်ကို ချစ်သော ပရိသတ်ကြီး အတွက် ဤသို့အချိန်များစွာပေးထားသူ ဖြစ်သောကြောင့် လက်နှင့်ဘော(လ်)ပင် သည် ဆယ့်နှစ်ရာသီတွဲနေရသလို ဖြစ် နေ၏။

တစ်နေရာသွားရန် အတော်စဉ်း စားရ၏။

နောက်ဆံအမြဲတင်းနေပြီး နေ့စဉ် လာနေကြသည့် ပရိသတ်ကြီးကို ငဲ့ရ၏။

ထို့ကြောင့် ခရီးတော်တော်နှင့် မထွက်ဖြစ်ခြင်း ဖြစ်ပါသည်။

ယခု -

မင်းဘူးမြို့မှ ရွှေရောင်မြေမိသား စု၏ အလှူအထွက် ခရီးထွက်ခဲ့ခြင်း ဖြစ် ၏။

အလှူပွဲ ကျင်းပမည့် နေ့သည် ၁၃၇၅ ခု၊ နယုန်လပြည့်နေ့ (၂၃-၆- ၂၀၁၃) တနင်္ဂနွေနေ့ ဖြစ်ပြီး-

အလှူတော်နေရာမှာ ဇရပ်ကြီး တောင်ပေါ်ကျောင်းတွင် ဖြစ်၏။

ရွှေရောင်မြေ၏ ဖခင်ကြီး ဦးဝင်းမြင့်နှင့် ရွှေရောင်မြေ၏မိခင်ကြီး ဒေါ်ခင်ပြုံးမြင့်တို့ ဦးဆောင်၍ ရွှေရောင် မြေမိသားစုမှ ဘုရားအနေကဇာတင်နှင့် မင်းဘူး (စကု) မြို့နယ် ဇရပ်ကြီးတောင် ပေါ်ကျောင်းနေ သံဃာတော်အရှင် သူမြတ် (၄) ပါးအား သိက္ခာထပ်၊ ရှင်ပြု မင်္ဂလာပြုပြီး ဇရပ်ကြီးတောင်ပေါ် ကျောင်း 'ဝိမုတ္တိသုခ' ကျောင်းဆောင် သစ်အား ရေစက်ချမင်္ဂလာ ကျင်းပပြု လုပ်မည့်အလှူကြီး ဖြစ်ပါသည်။

မင်းဘူးမြို့ကို မရောက်သည်မှာ (၁၀) နှစ်နီးပါး ကြာခဲ့ပြီဖြစ်ရုံမက ယခု ရွှေရောင်မြေ ညီအစ်ကိုမောင်နှမများ၏ အလှူကြီးနှင့်ပါကြုံနေရပြီဖြစ်၍ မင်းဘူး မြို့သို့ ခရီးထွက်ခွာခဲ့ရပါတော့သည်။

မျက်လုံးထဲတွင် လှပသောရှုမျှော် ခင်းများ၊ လယ်ကွင်းကြီးများနှင့် အစု လိုက်သွားလာနေကြသည့်ဆိတ်ကလေး များ၊ နွားများကို မြင်နေရသော်လည်း စိတ်က တောင်စဉ်းစားမြောက်စဉ်းစား ဖြစ်နေမိ၏။

'အင်း- ဒီအချိန်ဆိုရင် ငါ့ဆီလာ ကြမယ့်ပရိသတ်တွေလှည့်ပြန်ကြရတော့ မှာ။ ကားငှားလာကြရင် ကားခတွေကုန် ဦးမယ်'

ဟုစဉ်းစားရင်း ကျွန်ုပ်ကိုချစ်သော ပရိသတ်ကြီးကို သတိရနေမိ၏။

ဂုဏ်တော်တစ်ထောင်လည်းရွတ် ဖတ်ပြီးပါပြီ။ ပဌာန်းပါဌ်တစ်ထောင် လည်း ရွတ်ဖတ်ပြီးပါပြီ။ ပရိတ်တော်တွေ လည်း ရွတ်ဖတ်ပြီးပါပြီ။ မေတ္တာသုတ်ဆို လျှင် အကြိမ် (၅၀) ပင် မကတော့။

တစ်လမ်းလုံး မြင်ရတွေ့ရသော ရုက္ခစိုးများ၊ ကွင်းပိုင်ကြီးများ၊ နယ်တော် ရှင်များ၊ မြို့တော်ရှင်များကိုလည်း မေတ္တာပို့လာခဲ့သည်မှာ တောက် လျှောက်။

သုံးဆယ်မြို့နှင့် သာယာဝတီမြို့ ကိုဖြတ်သန်းသွားစဉ် သားငယ်ငယ်လေး တုန်းက သားနှင့်အတူ သွားခဲ့လာခဲ့ ဆော့ကစားခဲ့သည့်နေရာများကို ကြည့် နေမိ၏။ သတိရသဖြင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ သားလည်း ဟိုငေး ဒီငေးငေးရင်း မောင်ကျော်မြင့်နှင့် စကား ပြောလာ၏။

တစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်လာ ရင်း -

အုတ်ဖို။

အုတ်ဖိုမြို့ အုတ်ဖိုတာဆုံကို ဖြတ် နေစဉ် ဖခင်ကြီးကို သတိရ၏။ အု သားဖြစ်ပြီး အုတ်ဖိုတွင်ပင် ပြန်လ ခေါင်းချသွားသော ဖခင်ကြီးကို သတိ ၍ ရှိခိုးနေလိုက်၏။

ကားလေးမှာ တရိပ်ရိပ်ပြေး ကြို့ပင်ကောက်ကို ဖြတ်ကျော်နေ ငယ်စဉ်က ကရာတေးဆရာလုပ်ခဲ့သ များကို သတိရနေမိ၍ သွားရင်းလာ တပည့်များကို ရှာနေမိပြန်၏။

ရောက်ပါပြီ ဇီးကုန်းမြို့။

အေးမြသာယာမြို့သစ် (၇) ရှိ ညီမလေးတို့အိမ်ရှေ့သို့ ကား ဆိုက်လိုက်သည်နှင့် ညီမလေး၏ခင် ကိုဝင်းမောင်နှင့်သားတို့က ထွက်ကြ ထမင်းဟင်းစုံလင်စွာ ဧည့်ခံသော ည လေးတို့မိသားစုထမင်းဝိုင်းမှာ ပျော်စ ကြီးဖြစ်နေ၏။ နားနားနေနေနှင့် စ လက်ဆုံကျဖြစ်၏။

စားပြီးကြပြီဖြစ်၍ ညီမလေး အိမ်တွင် ဘုရားဝတ်ပြုပြီး ခရီးဆ ထွက်ခွာလာခဲ့ပါတော့သည်။

ဇီးကုန်းမြို့မှအထွက် -

"ဆရာကြီး"

"ဟေ - ဘာတုံး သား ေ ကျော်မြင့်"

"ကိုယ်နဲ့မသင့်တဲ့ ရန်တွေ ယတြာချေတဲ့အခါ. . ."

"အဲဒီရန်အတိုင်းပဲ ချေလိုက် သားရဲ့"

"ဥပမာ ဆရာကြီး၊ ကိုယ့်ကို ဟူးသားတစ်ယောက်ယောက်က ရ နေပြီ၊ ရန်ပြုနေပြီဆိုရင်"

"အဲဒီဗုဒ္ဓဟူးကိုချေပေါ့။ ရန် မှာဆိုရင်တော့ ဝက်ဝံတို့၊ ရေမြင်း အစာဝအောင် ကျွေးရတာပေါ့။ မ အရုပ်ဆိုရင် လေထိုးထားတဲ့ လေ သည်ကို ဆေးလှူ လိုအပ်ရင် ဆေ လှူ။ အစားအစာလှူပေါ့"

"ဪ - ဟုတ်သားနော်"

"ခက်နေသေးရင် ရင်ပြင်တော် တံမြက်စည်းလှည်း၊ ရင်ပြင်တော် ရှင်းရေးလုပ်၊ ရင်ပြင်တော်မှာ အ ကောက်ပေါ့။ ဒါဟာ ဗုဒ္ဓဟူးကို ရိုက်ချေပစ်တာပဲ"

"ဒါက ဗုဒ္ဓဟူးသားသမီး ယောက်ယောက်က ရန်လုပ်ရင်ပေါ့ ဆရာကြီး။ တကယ်လို့များ ဗုဒ္ဓဟူး လို့ မဟုတ်ဘဲ ရန်များနေတဲ့သ ယောက် ဆိုပါတော့"

"ဪ - မင်းသိချင်တာ ငါ



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ လူတစ်ယောက် ရန်များနေပြီ၊ အတိုက်အခိုက်တွေများနေပြီဆိုပါတော့။ သားစုတွင်းဖြစ်ဖြစ်၊ ပတ်ဝန်းကျင်မှာဖြစ်ဖြစ်၊ လုပ်ငန်းခွင်ထဲမှာဖြစ်ဖြစ် ကိုယ့်အပေါ်မှာ အမြင်မကြည်လင်ဘူး၊ ရန်ရှာတယ်။ ဒါမျိုးမို့လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"အေး - လွယ်တယ်လေ သားရဲ့။ ဦးညို၊ ခေမာ၊ သုတ၊ ဝေရီလေ သား။ ပညာခန်းကြီးလေ။ မင်း ဒီတိုင်းချေရတော့မှာပေါ့။ ရန်ကို ဒါရိုက်ချေလေ။ ဆိုပါစို့ကွာ၊ တနင်္ဂနွေသားသမီးတစ်ယောက် မင်းပြောသလိုကြုံနေပြီ ဆိုပါတော့။ ဒါဖြင့် သူ့ရန်က. . ."

"ဦးညို၊ အင်္ဂါ ဆရာကြီး"

"အေး - ဒါကိုပဲ ချေပေါ့ သားရဲ့။ စာကလေးကျွေးမယ်၊ စာကလေးလွှတ်မယ်၊ ဆိတ်ကလေးတွေကျွေးမယ်၊ စိတ်ရောဂါသည်ကို အာဟာရဒါနပြုမယ်၊ ငွေထောက်ပံ့မယ်၊ ဒါတွေပေါ့"

"အဲဒါမျိုးခက်နေရင် အင်္ဂါနံဘွဲ့တော်ရှိတဲ့ ဘုရားစောင်းတန်းတွေမှာ အမြိုက်စည်းသွားလှည်းလို့ရလား ဆရာကြီး"

"သိပ်ကောင်းတာပေါ့။ လှည်းရုံတင်မကဘူး၊ လှူ။ အင်္ဂါနံဘွဲ့တော်ရှိတဲ့ ဘုရားမှာ သန့်ရှင်းရေးတွေလုပ်။ သိပ်ကောင်းတာပေါ့"

"ဆရာကြီး၊ ဘယ်နှကြိမ်လောက် လုပ်ရလဲ"

"မာတ်ထိအောင်တော့လုပ်ရတာပေါ့ သားရဲ့။ တစ်ကြိမ်နဲ့တော့ ဘယ်ထိရောက်မလဲ။ လေး၊ ငါးကြိမ်တော့ သွားလှည်းရတာပေါ့။ စာကလေးကျွေးလည်း ဒီလိုပဲ။ မာတ်ထိအောင် နေ့စဉ် ကျွေးရတာပေါ့။ စာကလေးလွှတ်လည်း ဒီလိုပဲ တစ်ကောင်တည်းတော့ ဘယ်ရပါ့မလဲ။ မာတ်ထိခြင်းဆိုတာရှိတယ်။ ဘာမဆို အကြိမ်ကြိမ်တော့ လုပ်ရတာပေါ့"

"ဆရာကြီး၊ အဲဒါ သက်ရောက်တိုင်နဲ့ ချိန်ရတာတွေ ရှိသေးလား"

"မချိန်နဲ့လေ၊ မလိုဘူး။ ဒါက ရန်မာတ်။ ရန်ဂြိုဟ်ကိုချေတာပဲ။ သူ့အတိုင်းသန့်သန့်လေးချေ။ ဒီထွက်မလာခင်လေးတင် လူတစ်ယောက်ကို အဲဒီနည်းနဲ့ ငါချေပေးခဲ့တာ။ တော်တော်လေးစိတ်ချမ်းသာသွားလို့ ဟိုနေ့က ရောက်လာသေးတယ်။ သူက တနင်္လာသားကွ"

"ဒါဆို ခေမာ ဆိုတော့ ကြာသပတေးကိုချေရတာပေါ့နော် ဆရာကြီး"

"အေး - သူ့မှာကွာ၊ လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အဆင်မပြေတာ တော်တော်လေးပေါ့။ ကြည့်ရတာ ယတြာလည်း စုံလာပုံရပါတယ်။ ငါနဲ့ လည်းတွေ့ရော အဲဒီကြာသပတေးတစ်လုံးတည်းကိုချေတာ။ မျက်မမြင်၊ မျက်စိ ဝေဒနာရှင်၊ ဆေးတို့၊ အာဟာရတို့ လှူခိုင်းတာ။ သူကလည်း တတ်နိုင်တဲ့သူဆိုတော့ လှူတယ်ဟေ့။ ဆက်တိုက်ကိုလှူတာ။ ပြီးတော့ ဗိုက်မကောင်းတဲ့သူကို ဒါနပြုခိုင်းတယ်။ အတော်ပဲ။ သူ့မိတ်ဆွေတစ်ယောက် အစာအိမ်ဝေဒနာဖြစ်နေတာ။ ဆေးဖိုးတွေသူတော်တော်များများလှူလိုက်တယ်။ သူ့ကို ငါ မျောက်လည်းကျွေးခိုင်းသေးတယ်။ သုံးသောင်းဖိုးလောက်တော့ ကျွေးဖြစ်သွားတယ်။ ဒါတွေဟာ တစ်လ၊ နှစ်လ ဆက်လုပ်နေတာကွ။ ရက်ခြားရက်ခြားပြီး လုပ်တာပေါ့ကွာ။ အဲဒီမှာ သူ့ကိစ္စတွေ တော်တော့ကို အဆင်ပြေလာပြီး သူ့သဘောသူ့ဆန္ဒတွေဖြစ်လာတယ်။ မိတ်ပျက်နေတာတွေကနေ ရန်ပျက်ကုန်တာပေါ့ကွာ"

"ရန်ပျက်တော့ မိတ်"

"အေးပေါ့။ ဒီထွက်မလာခင်လေးတောင် သူရောက်လာသေးတယ် လက်ဆောင်တွေနဲ့"

"ဆရာကြီး၊ ဒါကျတော့ ဗုဒ္ဓဟူးသားသမီးကပဲ ရန်လုပ်လုပ်၊ အင်္ဂါကပဲ ရန်လုပ်လုပ်၊ တစ်နေ့ချင်းမလိုတော့ဘူး နော်"

"မလိုတော့ဘူးလေ၊ (၇)နေ့ (၇)နံထဲက ဘယ်သူပဲရန်လုပ်လုပ်။ ဘာရန်လဲ၊ အပြင်ရန်။ ဟုတ်ပြီ။ အဲဒီအပြင်ရန်ကိုတည့်တည့်ချေလိုက်တာပဲ။ ရှင်းတယ် သူက"

"ရှင်းတယ်"

"မာတ်ထိအောင်တော့ အရေးကြီးတယ်။ ဒီပေါ်မှာ အာရုံစူးစိုက်ထားရမယ်။ တချို့ပြဿနာတွေကျတော့ မေတ္တာပို့လို့ မရဘူးကွ။ ငါစိတ်ဆင်းရဲသလို မဆင်းရဲပါစေနဲ့ဆိုပြီး ကျွန်မက/ကျွန်တော်က ထိုင်မေတ္တာပို့နေတာပဲဆိုလို့ မရဘူး။ ဒီလိုမျိုး ခံစားချက်ကြီးနဲ့ ဘယ်ကမေတ္တာကကောရောက်မှာမို့လို့လဲ အငေးကြီး။ အေး - ကိုယ့်မှာဘာဖြစ်လဲ။ ရန်ပေါ်တယ်။ ဒီရန်ကိုချေ၊ ပြီးပြီ။ ရန်ဆိုတာ အနိဋ္ဌပဲ။ အနိဋ္ဌကို ဘုရားလှူလို့ မရဘူး။

ငါလူတစ်ယောက်တွေ့ဖူးတယ်။ ကိုယ်နဲ့ရန်ဖြစ်တဲ့သူ၊ ဥပမာဆိုပါတော့ စနေသားနဲ့မတည့်ရင် နှင်းဆီပန်း ဘုရားလှူခိုင်းတယ်၊ တစ်မျိုးပဲ။ ငါတော့ မလှူခိုင်းဘူး။ ဘာလို့လဲဆိုတော့ မတည့်ပါဘူးဆိုမှ အနိဋ္ဌဖြစ်နေပြီလေ။ ဒီအနိဋ္ဌကိုပဲ ဖြစ်အောင်ချေရမှာပေါ့။ ကျေအောင်ချေရမှာပေါ့"

*(ဤရန်ချေနည်းကို ဆရာနှင့်အတူ သွားစဉ်လာစဉ်က ဆရာ့နောက်သို့ တကောက်ကောက် လျှောက်လိုက်ရင်း ရခဲ့ပါသည်။ ထိုစဉ်က ဆရာ ဘာလို့ ဒီလူကို ဒီလိုလုပ်ခိုင်းရတာပါလိမ့်ဟု တွေးရင်း စဉ်းစားမရခဲ့ပါ။ သွား - စိတ်ဝေဒနာရှင်တွေကို အာဟာရဒါနပြုလိုက်။ သွား- မျောက်ကျွေးလိုက်။ သွား- ဆင်ကျွေးလိုက်။ သွား-နွားကျွေးလိုက်။ သွား-ဒုက္ခိတကို ရှာဖွေပြီး ဒါနပြုလိုက် ဟူသော စကားသံများကို နေ့စဉ်လိုလိုပင် ကြားနေခဲ့ရသော်လည်း ဘာလို့ ဘာကိုချေခိုင်းသည်မှန်း မသိခဲ့ရ။ တဖြည်းဖြည်း ကြာလာတော့မှ သြော် - ဒါဟာ ဒီလိုပါလားဟု သိခဲ့ရ၏။ သို့သော် ဆရာသင်မပေးမချင်း မသိသောသူကဲ့သို့ပင် ဆိတ်ဆိတ်နေခဲ့ရပါသည်။ ဆရာက ဒါဒီလိုကွဟု သင်ပေးမှသာ လေးညို့က ပစ်လွှတ်လိုက်သည့်မြားနှယ် ထိချက်ပြင်းအောင် စတင် ပြုလုပ်ခဲ့ရပါ၏။)*

နောက်ထပ် သင်ပေးသော ပညာခန်းများမှာ ကျွန်ုပ် မရေးသေးသော ပညာခန်းများ၊ မဖွင့်ဆိုသေးသောပညာခန်းများ ဖြစ်၏။ အတွေးအခေါ်များပင်ဖြစ်၏။ ဂဏန်းတစ်လုံး၊ ဂြိုဟ်တစ်ဂြိုဟ်ကိုမြင်သည်နှင့် စဉ်းစားပြီးမှ ဆုံးဖြတ်ရသော ပညာခန်းများဖြစ်၍ သူသည်လည်း စာအုပ်နှင့် အမိအရ လိုက်မှတ်ထားတော့၏။

"မင်းကလည်း စာအုပ်နဲ့လာပြန်ပြီ၊ ဆရာအုန်းလိုပဲ။ ငါတုန်းက ဒီလိုမှတ်လို့မရဘူး။ ဒီလိုမှတ်ခဲ့ရတာ မဟုတ်ဘူး။ ဦးနှောက်နဲ့ကို မှတ်ရတာ။ မင်းလည်း ခေါင်းနဲ့မှတ်လေကွာ"

"အဟဲ - နည်းနည်းတော့ မှတ်ပါရစေ ဆရာကြီး။ မေ့သွားမှာစိုးလို့ပါ"

ကျွန်ုပ်ပြုံးနေလိုက်၏။

တစ်မြို့ပြီး တစ်မြို့ကို ဖြတ်ရင်း ပြည်တောင် ရောက်လာချေပြီ။ ညက်ညောလှသောလမ်းကြီးများကို သဘောကျလွန်း၍ -

"သားရေ စကိတ်နဲ့တောင်စီးလာလို့ရတယ်။ ကြည့်စမ်း-ကောင်းလိုက်တဲ့ လမ်းကြီးတွေ"

ဟု သားကို လှည့်ပြောမိ၏။

သည့်နောက်တွင်တော့ -



www.burmeseclassic.com

www.burmeseclassic.com

မမြင်ဘူးသေးသော စိမ်းစိုလှပသည့်ရှုခင်းများ၊ လမ်းဘေးဝဲ၊ ယာတစ်လျှောက် ကြီးမားလှသည့် ကုက္ကိုပင်ကြီးများ၊ အတော်ပင်ကြီးမားနေပြီဖြစ်သည့် ကျွန်းပင်ကြီးများကိုကြည့်ရင်း ကားဆရာကိုထွန်းရွှေနှင့် စကားတပြောပြောလိုက်လာခဲ့၏။ နောက်ခန်းတွင် သားနှင့်မောင်ကျော်မြင့်တို့နှစ်ယောက်က ပညာခန်းများ ဟိုတစ်ကွက်ဒီတစ်ကွက်ပြောရင်း လိုက်လာကြ၏။ ဆိုင်းဘုတ်များကိုကြည့်၍ နာမည်နှင့် လုပ်ငန်း အပ်စပ်၊ မအပ်စပ်ကို နှစ်ယောက်သား ဝေဖန်ကြရင်း၊ ကိုယ့်အယူအဆကိုယ်ပြောကြရင်း ပညာဘောင်ထဲမှစကားများနှင့် သူတို့နှစ်ဦး၏စကားဝိုင်းလေးမှာ စိုပြည်လှ၏။

လှပသော ရှုမျှော်ခင်းများကိုကြည့်ရင်း မြစ်ကြီးကိုကြည့်၍ လေကိုအားရပါးရရှူနေမိ၏။ လမ်းမှာ မြင်သမျှဘုရားစေတီပုထိုးများကို အာရုံပြုရှိခိုးရင်း မြေလတ်ဒေသမှ မိတ်ဆွေများကိုမေတ္တာပို့နေမိ၏။ အလုပ်မအားလွန်းသည့်ကြားမှလာရသောခရီးဖြစ်၍ ပြည်မှာ နားပင်မနားခဲ့ရ။ ပြည်-ပေါင်းတည်မှ မိတ်ဆွေများသည် ကျွန်ုပ် ရောက်လာသည်ကိုသိလျှင် မည်မျှဝမ်းသာလိုက်ကြမည် မသိ။

ကိုးပင်။

ကိုးပင်ကို ဖြတ်သန်းသွားချိန်တွင် လွန်ခဲ့သော (၁၀) နှစ်ခန့်က အတွေ့အကြုံတစ်ခုကို သတိတရနှင့် ပြုံးနေလိုက်မိ၏။

မြေလတ်မှ လှပသော ရွာနာမည်လေးများကို သဘောကျရုံမက ညီညာပြန့်ပြူးချောမွေ့လှသောလမ်းကြီးများ၏ ဘေးဘက်ဘယ်၊ ညာတွင် စီကာရီကာပေါက်နေကြသော ကုက္ကိုပင်ကြီးများကို ကျွန်ုပ် အလွန်သဘောကျ၏။

အောင်လံမြို့ကြီး စည်ကားပုံကိုကြည့်ရင်း ကျွန်ုပ်ထံသို့ ခင်မင်စွာရောက်လာကြလေ့ရှိသော အောင်လံမြို့ကြီးမှ မိတ်ဆွေများနှင့် အောင်လံမြို့သူမြို့သားများကို မေတ္တာပို့နေမိ၏။

ကျွန်ုပ်တို့နေထိုင်ရာ ဒေသတွင် တမာပင်ကြီးကြီး သိပ်မတွေ့ရ။ ယခုလမ်းဘေးဝဲ၊ ယာတွင် စနစ်တကျ လှပသော ကုက္ကိုပင်ကြီးများ၊ တမာပင်ကြီးများ၊ မန်ကျည်းပင်ကြီးများကိုကြည့်ရင်း အလွန် သဘောကျလှပါသည်။ စိမ်းစိုလှပသော လယ်/ယာကွက်ကြီးများမှာ မျက်စိတစ်ဆုံး ကြည့်၍ပင်မဝ။

ကြီးမားလှသော တမာပင်ကြီးများကြားမှ ကားလေး ဖြတ်သန်းနေစဉ် ကားပြူတင်းပေါက်မှနေ၍ သန့်ရှင်းလတ်ဆတ်လှသောလေများကို အားရပါးရရှူရင်း ပီတိဖြစ်နေရ၏။ ကုက္ကိုပင်ကြီးများဆိုလျှင် ယောက်ျားကြီး လေး၊ငါးဖက်ခန့် ရှိလောက်၏။ အချို့ကတောင် မကလောက်။ တစ်ပင်လည်းမက၊ နှစ်ပင်လည်းမက။ လမ်းတစ်လျှောက်လုံး။

မကြာပါ။ မကွေးမြို့၏ သပ်ရပ်လှပပုံကို ဟိုငေးဒီငေးကြည့်ရင်းမှ အလွန်မြင့်မားထည်ဝါလှသည့် သံပေါင်ကြီးများနှင့် တည်ဆောက်ထားသော ဧရာဝတီမြစ်ကြီးကူးတံတား(မကွေး)ကို ဖြတ်ကျော်နေပြီဖြစ်ရာ လှပသော မြင်ကွင်းများမှာ ကြည့်မဝရှုမဆုံး။

ရောက်ပါပြီ မင်းဘူး။

ခရီး၏ အဓိကရည်ရွယ်ချက်ဖြစ်သော မင်းဘူးမြို့ကို ရောက်ချိန်မှာ (၆) နာရီဝန်းကျင်ခန့်ဖြစ်၍ မမှောင်သေး။

ကျွန်ုပ်ကို ဦးဆုံး စတင်ခရီးဦးကြိုပြုကြသူများမှာ ကျွန်ုပ်အလွန်သံယောဇဉ်ကြီးရသော ကိုစိုးနှင့် မနီလာတို့မိသားစုဖြစ်၏။ သူတို့သည် အဝေးမှ သားသမီးများဖြစ်ရာ ကျွန်ုပ်အား ဖခင်တစ်ဦးကဲ့သို့ အားရဝမ်းသာနှင့် ခရီးဦးကြိုပြုကြသောကြောင့် အမောများပြေသွားရပါတော့သည်။

နာရီဝက်နီးပါးခန့် နားပြီးမှ ရွှေရောင်မြေမိသားစုဆီ ခရီးဆက်ကြ၏။

ရတနာမြတ်(၃)ပါးဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထား၍ အောင်မြင်စွာ အိမ်သစ်တက်ခဲ့စဉ်က ကိုယ်တိုင်ပါဝင်ခဲ့သော ရွှေရောင်မြေမိသားစု၏သုံးထပ်တိုက်ကြီးဆီ နောက်တစ်ကြိမ် ပြန်လည်ရောက်ရှိလာခဲ့ရပြန်ပါပြီ။

ရွှေရောင်မြေ၏ဖခင်ကြီး အစ်ကိုကြီး ဦးဝင်းမြင့်နှင့် ရွှေရောင်မြေ၏မိခင်ကြီး အစ်မကြီး ဒေါ်ခင်ပြုံးမြင့်တို့အား နှုတ်ဆက်ရင်း သားအဖနှစ်ယောက် ခေတ္တ အနားယူလိုက်ကြပါသည်။

ညဘက်တွင် ကျွန်ုပ်၏ နေ့စဉ်မပျက် ရွတ်ဖတ်သရဇ္ဈာယ်နေကျဖြစ်သည့် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီး ရွတ်ဖတ်၍ ဘုရားပူဇော်ခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း ပြု၏။ သားက အဓိဋ္ဌာန်ပုတီးများ မပျက်စိပ်၏။

ဘုရားရှင်အား ပန်းပေါင်းစုံနှင့် ပူဇော်ထားသည်မှာ အလွန်သပ္ပာယ်လှ၏။

ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကိုသာ ဦးထိပ်ထားသည့် ပူဇော်ခြင်းများမှလွဲ၍ အခြားမလိုသည်များ မရှိ။ ရှင်းလင်းပြီး သန့်နေ၏။ ဘုရားဆောင်မှာ လင်းနေသောကြောင့် ကျွန်... အလွန်သဘောကျစွာ ကြည်ညိုနေလိုက်ပြီး မေတ္တာများ အထူးပို့သနေမိပါ၏။

တနင်္ဂနွေနေ့။

၂၃-၆-၂၀၁၃။

အလှူနေ့ ဖြစ်ပါသည်။

ဇရပ်ကြီးတောင်ပေါ်ကျောင်း... ဝိမုတ္တိသုခကျောင်းဆောင်သစ်ထဲတွ... ဘုရားဝတ်ပြု နံနက်စာစားကြရင်း တ... ရောက်လာကြသည့်ဧည့်သည်များကြ... မှ သားအဖနှစ်ယောက် တောင်ပေါ်... စေတီတော်သို့ သွားရောက် ဖူးမြော်ကြ... ၏။ ထက်ကြပ်မကွာလိုက်နေသ... မောင်ကျော်မြင့်ပါမက ရွှေရောင်မြေ... ၏ အငယ်ဆုံး ကိုနောင်ပါ ကျွန်ုပ်တို့နှ... အတူ တောက်လျှောက်လိုက်ရင်း ဘုရား... ဖူး၏။

ကျွန်ုပ်တို့(၄)ယောက်သည် ဘုရား... ပေါ်တွင် အတော်ကြာအောင်နေကြပြီး... မှ သိမ်ဆင်းလောင်းကြ၏။ သိမ်ဆင်း... သည် အလွန်စည်ကားလှလေရာ တန်း... စီ၍ ကြွကြသော သံဃာတော်အရှင်သူ... မြတ်များကို ကြည်ညိုစွာနှင့် မှတ်တမ်း... ရိုက်ကူးထားလိုက်၏။

"ဆရာကြီး"

"ဟေ"

"မတရားရန်များလွန်းရင် မနေ့... ဆရာကြီးသင်ပေးသလိုပဲ ရန်ကိုချေရ... ပေါ့နော"

"အေး"

ဘုန်းကြီးကျောင်းလှေကားတွင်... အေးအေးလူလူထိုင်ကြရင်း မောင်ကျော်... မြင့်က ပညာယူ၏။

သားက နာမည်နှင့် ပတ်သက်... သော ပညာခန်းများကို ပြောပြလေရာ... မောင်ကျော်မြင့် အတော်သဘောကျ... ၏။

သားဆိုလျှင် နေ့ခင်းဘက် ကျွန်ုပ်... ကိစ္စရှိ၍ အပြင်သွားသည်ဖြစ်စေ၊ ဘုရား... သွားလျှင်ဖြစ်စေ ကလေးနာမည်ပေးများ... ရောက်လာလျှင် သူပေးနေပြီ ဖြစ်၏... တဖြည်းဖြည်း တဖြည်းဖြည်းနှင့် သင်... ကြားလာခဲ့ရရုံမက ဖခင်၏နေ့စဉ်ပြော... ဆိုပုံ အယူအဆများကို နာယူမှတ်သား... ခဲ့ရ၍ ယခု အတော်လေးကို နာမည်... ပေးနေပြီ ဖြစ်၏။ အချို့ဆိုလျှင် ခေတ်... ဆန်လှသော သူ၏ နာမည်လှလှ... များကို ပို၍ပင် သဘောကျကြ၏။ ဆရာ...

www.burmeseclassic.com

မင်းပြည့်၊ ဆရာမင်းပြည့် ဖြစ်နေကြ၏။

မင်းပြည့် ဟူသော အမည်မှာ သူ၏ငယ်နာမည် ဖြစ်သည်။

ကျွန်ုပ်၏မိခင်ကြီးမှ သူ့မြေးအား ခေါ်ခဲ့သော ငယ်နာမည် ဖြစ်၏။

သူ၏ငယ်သူငယ်ချင်းတော်တော်များများက မင်းပြည့်ဟုပင် ခေါ်ကြ၏။ အနုပညာအလုပ်များ ပြုလုပ်လာတော့မှ ကျွန်ုပ်က သူ့အား မင်းထက်မောင်မောင်ဟု ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

"မောင်ကျော်မြင့်"

"ဗျာ - ဆရာကြီး"

"ကိုယ့်ဆီလာတဲ့ ကိုယ့်မိတ်ဆွေတွေ၊ ကိုယ့်ကိုခင်ကြတဲ့ ကိုယ့်မိတ်ဆွေတွေကို စကားများမှားနေရင် ပြင်ပြင်ပေး"

"ဗျာ-ဆရာကြီး၊ ဘယ်လိုမှားတာမို့လဲ"

"အေး- ငါပြောမယ်။ ခုန တို့လာတုန်းက မြို့ထဲမှာ တစ်ယောက်ပြောလိုက်သံကြားတယ်။ မင်းလည်း သတိထားမိမယ်။ ငါလည်း သတိထားမိခဲ့တယ်။ ကံမကောင်းရင် ဘုရားနင်းကန်ရှိခိုးပေါ့ကွာဆိုပြီး တစ်ယောက်က သူ့သူငယ်ချင်းတစ်ယောက်ကို လှမ်းပြောလိုက်တာ"

"ဩော် - ဟုတ်ကဲ့"

"အေး - အဲဒီစကားကြီးကို နားထောင်ကြည့်။ ဘုရားနင်းကန်ရှိခိုးဆိုတာ မပြောထိုက်တဲ့စကား၊ မပြောသင့်တဲ့စကား မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"နင်းကန်ရှိခိုးစရာ မဟုတ်ဘူးလေ"

"ဟုတ်တာပေါ့ ဆရာကြီး"

"နင်းတာရယ်၊ ကန်တာရယ်က ဒီလိုတွဲမသုံးသင့်ဘူးလေ"

"ဟုတ်ကဲ့"

"ပြီးတော့ တချို့ပြောတယ်။ဘုရားရှိခိုးပေါ့ကွာ၊ ဘာသာရေးဖိလုပ်ပေါ့ဆိုတာမျိုး။ ဒါလည်း မပြောသင့်ဘူး။ ဖိပြီးရှိခိုးစရာမဟုတ်ဘူးလေ။ဒါလည်း အသုံးအနှုန်းမှားနေတယ်။ နောက်ပြီးရှိသေးတယ်၊ ဘုရားနာနာရှိခိုးပေးဆိုတာမျိုး။ ဒါလည်း မဟုတ်သေးဘူးကွ"

"အယ် - ဟုတ်တယ်နော် ဆရာကြီး"

"အေး - ကျန်သေးတယ်။ ဘုရားကို ပုဆိန်ပေါက်ရှိခိုးတယ်ဆိုတာ"

"ဩော် - ဟုတ်ကဲ့"

"ဒါလည်း မပြောသင့်ဘူးကွ။ ဘယ့်နှယ် - ဘုရားသွားပြီး ပုဆိန်ပေါက်ရှိခိုးရမှာတုံး။ မဟုတ်ကဟုတ်က"

"အမှန်ကတော့ ဆရာကြီးရယ်၊ ခပ်လွယ်လွယ်သုံးကြတာပေါ့။ ဘုရားကို ခပ်မြန်မြန်ရှိခိုးလိုက်တာကို တင်စားပြောကြတာ"

"အေး- မင်းပြောသလို ဘုရားကို ခပ်မြန်မြန်ရှိခိုးလိုက်ရတယ် ဒါမှမဟုတ် ကပျာကယာ ဦးသုံးကြိမ်ဝတ်ပြုလိုက်ရတယ်ဆိုရင် ပိုကောင်းတာပေါ့"

"ဟုတ်ကဲ့"

"ဘုရားကိုမတရားရှိခိုးတာဆိုလို့လည်း မဟုတ်သေးဘူး။ ဘုရားကို တော်တော့်ကို ရှိခိုးတာပဲပြောရင် ပိုကောင်းတာပေါ့"

"ပိုကောင်းတာပေါ့"

"ငါ့ဆီလာတဲ့မိတ်ဆွေတွေဆို တချို့တစ်ဦးစ၊ နှစ်ဦးစ အဲဒီလိုလေးတွေပြောပြရတယ်။ တချို့ဆို ကျွန်တော်က အလုပ်မသွားခင် ဘုရားလေးဘာလေး ရှိခိုးလိုက်သေးတယ် ဆိုတာ ရှိသေးတယ်ကွ။ အမှန်က ဘုရားလေး မပြောသင့်ပါဘူး။ ဘုရားကြီး၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ သုံးလောကထွတ်ထား ဘုရားသခင်။ ဒါကို စကားလုံးခပ်ပေါ့ပေါ့နဲ့ ဘုရားလေးဘာလေးမသုံးသင့်ဘူး။ အတုမရှိတဲ့မြတ်စွာဘုရားသခင်"

"ဟုတ်ပါတယ် ဆရာကြီး"

"အေး- အဲဒါပဲ။ တွဲဖက်မသုံးသင့်တဲ့စကားမျိုးဆိုရင် ကိုယ့်မိတ်ဆွေတွေကို လက်ဆင့်ကမ်းပေးရတယ်။ ဒါမှ ကိုယ်ကလည်း မိတ်ဆွေကောင်းပီသမယ်။ ကိုယ်သိတာလေးတွေကို ဝေမျှရတယ်။ ကိုယ်ကလည်း မသိသေးရင်မှတ်သားရတယ်၊ နာယူရတယ်။ နားထောင်ရတာ ရှိတယ်၊ မှတ်သားရတာရှိတယ်"

"ဟုတ်ကဲ့"

အချိန်မှာ မွန်းတည့်ပြီဖြစ်၍ ကျွန်ုပ်တို့သားအဖနှင့် မောင်ကျော်မြင့် သုံးဦးသား ဝိမုတ္တိသုခကျောင်းဆောင် သစ်ကြီးထဲတွင် နံနက်စာစားကြ၏။ များပြားလှသော ဧည့်သည်များနှင့် အလွန်ပင် စည်ကားလှသောကြောင့် ပီတိဖြစ်ရပါသည်။

နေ့ခင်း ရွှေရောင်မြေအိမ် ခေတ္တ ပြန်၍ အနားယူပြီး -

ညနေ (၄) နာရီခန့်တွင် ကျွန်ုပ်တို့သုံးဦးသည် ကျွန်ုပ် အလွန်ချစ်သော ကိုခင်မောင်လွင်ကြီးကိုဝင်ခေါ်ပြီး စက္ကိန်းတဲဘုရားသို့ ဘုရားဖူးသွား၏။

ပွင့်ပွင့်လင်းလင်းကြီးနှင့် ချစ်စရာကောင်းလှသောကြောင့် သူ့အား အမြဲသတိတရရှိနေရ၏။ မောင်ကျော်မြင့်နှင့် ကိုခင်မောင်လွင်တို့နှစ်ဦးမှာ ကျွန်ုပ်၏မျက်နှာကို အရိပ်တကြည့်ကြည့်ကြည့်၍ အမြဲနေတတ်ကြသော၊ အလွန်အလိုက်သိတတ်ကြသော အဝေးမှသားများဖြစ်သောကြောင့် သူတို့နှင့်ပြန်ဆုံ၍ စက္ကိန်းတဲဘုရားသွားဖူးရသည်ကို ပီတိများနှင့် ပြည့်နေတော့၏။ ထိုသားနှစ်ဦးနှင့် ပြန်ဆုံရသည်ကို ဝမ်းသာလွန်းလှပါသည်။

သို့သော် မင်းဘူးကို ၂၀၀၄ ခုနှစ်တုန်းက ရောက်ခဲ့စဉ်က ကျွန်ုပ် သွားချင်သည့်နေရာကို ဂရုတစိုက် လိုက်လံပို့ဆောင်ပြီး ဗဟုသုတပေါင်းများစွာရှင်းပြပေးခဲ့သော ကိုစန်း -

ကျွန်ုပ်သွားလေရာသို့ အေးဆေးငြိမ်သက်စွာ လိုက်ပါလေ့ရှိသော ကိုလှမြင့် -

အမြဲတမ်းပြုံးနေတတ်သည့် ဘကိုးတို့ ပါမလာသောကြောင့် စိတ်ထဲတွင် ဟာတာတာဖြစ်နေရ၏။

သူတို့တွေသည် ရပ်ဝေးရောက်သူကရောက်နေကြပြီး အလုပ်မအားသူကမအားကြသောကြောင့် မဆုံဖြစ်။

သူတို့တွေသည် ကျွန်ုပ်အမြဲတမ်းသတိရပြီး အမြဲတမ်းမေတ္တာပို့နေရသည့် ရပ်ဝေးမှ သားသမီးများ ဖြစ်ကြ၏။

ကိုခင်က ခေတ်ပုံတဖျပ်ဖျပ်နှင့် မှတ်တမ်းတင်၏။

သားကို ခေတ်ပုံတော်တော်များများရိုက်၏။

စက္ကိန်းတဲဘုရားကြီးတွင် ပူဇော်ခြင်းများစွာနှင့် ပူဇော်ကန်တော့ကြပြီး လစဉ် လပြည့်နေ့တိုင်း မည်သည့်အခါမျှ ဝတ်မပျက်ခဲ့သည့်ပူဇော်ခြင်းဖြစ်သော ရှင်ဉပဂုတ္တရဟန္တာမထေရ်အရှင်မြတ်ကြီးအား ကန်တော့ပွဲနှင့် ပူဇော်ခြင်းကို သားက ပူဇော်၏။ သားသည် ရှင်ဉပဂုတ္တရဟန္တာမထေရ်အရှင်မြတ်ကြီးအား လပြည့်နေ့တိုင်း ပွဲအစုံအလင်နှင့် ပူဇော်ခဲ့သည်မှာ ၂၀၀၈ ခုကတည်းက ဖြစ်၏။ တစ်ကြိမ်မှ မပျက်ခဲ့။

ယခု လပြည့်နေ့နှင့် မင်းဘူးမြို့ရောက်ချိန် တိုက်ဆိုင်နေလေရာ ရဟန္တာအရှင်မြတ်ကြီးအားပူဇော်ရန် ကန်တော့ပွဲအား သမီး နီလာမှ အဆင်သင့်ဖြစ်အောင် စီစဉ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

စက္ကိန်းတဲဘုရားကြီးပေါ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ကြည့်၍မဝ ရှု၍မဆုံးနိုင်သော ဧရာဝတီမြစ်ကြီးကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com

မျှော်ကြည့်ရင်း လူမှာ အတော်ပင် လန်းလန်းဆန်းဆန်းဖြစ်သွားရတော့၏။

ဘုရားဖူးပြီးအပြန် . ကိုစိုးနှင့် မနီလာတို့အိမ်ဝင်၍ စကားများစွာပြောဖြစ်၏။ စိတ်ချမ်းသာရပါသည်။ သူတို့ကလည်း သူတို့၏ဖခင်ကို ဂရုစိုက်သလိုပင် အလွန်ဂရုစိုက်ကြ၏။

သမီးတို့ဆီတွင် အတော်ကြာအောင်နေပြီးမှ ရှေးဟောင်းစေတီတော်မြတ်ကြီးဖြစ်သည့် မမင်းပူးဘုရားကို ဝင်ကန်တော့ကြ၏။ ပထမတစ်ခေါက်လာစဉ်က ထီးတော်တင်ရန် စီစဉ်နေကြောင်းကြားခဲ့ရပြီး ယခု ထီးတော်တင်ထားသည့်အပြင် ရွှေရောင်တော်တဝင်းဝင်းနှင့် အလွန်မှ သပ္ပာယ်လွန်းလှသော မမင်းပူးစေတီတော်မြတ်ကြီးကို အားရဝမ်းသာစွာ၊ ကြည်နူးပီတိများစွာနှင့် ကန်တော့ခဲ့ရ၏။ မမင်းပူးဘုရားဖူးစဉ် ကျွန်ုပ်ကို အလွန်ခင်သော ဆရာချစ်တို့ ဇနီးမောင်နှံနှင့်ပါ ကြုံရပြန်၏။ နှုတ်ဆက်စကားဆိုကြပြီးသည်နှင့် မမင်းပူးဘုရားမှ ပြန်ထွက်လာကြ၏။

ချမ်းသာကြီးဘုရား။

အလွန်ကြီးမားသပ္ပာယ်လှသော ရုပ်ပွားတော်မြတ်ကြီးပင် ဖြစ်၏။ အတော် မော့ကြည့်ဖူးရ၏။ ကျွန်ုပ်သည် ပီတိဖြစ်လွန်း၍ အကြိမ်ကြိမ်အခါခါ ဦးနှိမ်ရိုကျိုး ရှိခိုးကန်တော့နေမိ၏။

ရန်ကုန်တွင် အလုပ်မအားမလပ်လွန်း၍ ကျန်ရစ်ခဲ့သော ညီလေး မောင်အောင်မြတ်ကို သတိရနေမိ၏။ သူသာပါလာလျှင် တအံ့တဩနှင့်ဖူးပြီး မှတ်တမ်းများစွာတင်မှာသေချာ၏။ ရတနာ(၃)ပါးကို အလွန်ကြည်ညိုသောညီလေးဖြစ်၍ ဘုရားများဖူးတိုင်း သူ့ကို သတိရ၏။

ချမ်းသာကြီးဘုရားဖူးပြီးအပြန်-

သားတပည့် မောင်ကျော်မြင့်နေအိမ်သို့ ရောက်အောင်ဝင်လည်ဖြစ်၏။

ရိုးသားစွာ ပွင့်ပွင့်လင်းလင်းကြီးပြောတတ်သော သူ၏ မိခင်ကြီးသည် အားရဝမ်းသာနှင့်ကြို၏။

မောင်ကျော်မြင့်တို့ မိသားစုနှင့် ရင်းနှီးစွာ စကားပြောရ၏။

စုစုစည်းစည်းနှင့် ဥမကွဲသိုက်မပျက် ပျော်ရွှင်စွာ နေထိုင်ကြသော အေးချမ်းလှသည့်မိသားစုများကို တွေ့ရခြင်း၍ ဝမ်းသာရ၏။

အိမ်ကြီးပေါ် တက်လိုက်သည်နှင့် မောင်ကျော်မြင့် ကျွန်ုပ်အပေါ် ထားရှိသော ဂါရဝတရားကို ကိုယ်တိုင် မြင်တွေ့ သိလိုက်ရပါသည်။

"အေး- မင်းဘူးမှာ မင်းရှိနေပြီပဲ။ ငါသဘောကျတယ်။ အကြံပြုဖို့ လိုအပ်တဲ့ မင်းရဲ့မိတ်ဆွေတွေ၊ မင်းဆီလာတဲ့ သူတွေကို မင်းအကြံပေးရတော့မယ်။ အခါပေးရတော့မယ်။ ကျူရှင်တွေသင်နေရလို့ မအားမှန်းတော့ သိတယ်။ ဒါပေမယ့် အားတဲ့အချိန်တွေ၊ ရတဲ့အချိန်တွေမှာပေါ့ကွာ။ ဒီလိုပဲ စ,ရမှာပဲ။ ခုပဲ ငါသိရသလောက် မင်းပရိသတ်မနည်းဘူး။ သား၊ မင်းနည်းနည်းတော့အပင်ပန်းခံလိုက်။ ဖြစ်ပါ့မလားဆိုတာ မလိုချင်ဘူး၊ ဖြစ်အောင်လုပ်။ မင်းဖြစ်ကိုဖြစ်တယ်။ မင်းကို ငါယုံတယ်"

ကျွန်ုပ်၏ စကားများမှာ သူ့အတွက် အင်အားများအဖြစ်သို့ ပြောင်းလဲသွားပြီး သူ၏ သွေးကြောများထဲသို့ စီးဝင်ပျံ့နှံ့သွားပြီဟု ထင်လိုက်ရ၏။

သူသည် ကျူရှင်သင်ကြားပြသပေးနေသော ဆရာတစ်ဦးဖြစ်ပြီး တပည့်ပေါင်းများစွာ၏ ဂါရဝတရားနှင့် ရိုသေလေးစားမှုကိုခံရသူ ဖြစ်သော်လည်း ကျွန်ုပ်နှင့်တွေ့လျှင် ကလေးလေးလိုနေတတ်၏။

ကျွန်ုပ်ကလည်း ပညာပေးရုံမက ဆူစရာရှိလျှင်ဆူ၏။ ငေါက်စရာရှိလျှင် ငေါက်၏။ မည်မျှဆူဆူ တစ်ချက်မျှမျက်နှာမပျက်။

ညနေပိုင်းတွင် သဘောဖြူလှသော ကိုခင်မောင်လွင်ကြီးအိမ်ကို ခေတ္တအလည်ဝင်ဖြစ်၏။

ထိုည -

နေ့ခင်းက ရိုက်ခဲ့သော ဓာတ်ပုံများကို မကွေးတွင် အားချင်းသွားကူး၍ ညတွင်းချင်းလာပို့သော ကိုခင်မောင်လွင်ကိုကြည့်ရင်း ပြုံးနေမိ၏။ ကျွန်ုပ်တို့သားအဖကို အလွန် ဂရုစိုက်လွန်းပါသည်။

ကျွန်ုပ်တွင် လှလှပပဓာတ်ပုံဘာမှမရှိပါ။ ထိုနေ့က နေ့ခင်းဘက်ရိုက်၍ အားချင်းသွားကူးပြီး ဘောင်ပါ ကျကျနနထည့်၍ ယူလာသော ကျွန်ုပ်၏ဓာတ်ပုံကြီးကိုကြည့်၍ အံ့ဩသွားရ၏။ မြန်လိုက်သမှ။

*(ကျွန်ုပ်သည် သူ့အား အမြဲသတိတရဖြစ်နေခြင်းကြောင့် ကျွန်ုပ်၏အလုပ်ခန်းတွင် ကိုခင်မောင်လွင် ရိုက်ကူးပေးခဲ့သော ဓာတ်ပုံကြီးကို တင်ထားလိုက်တော့၏။ ဓာတ်ပုံမြင်တိုင်း သူ့ကို သတိတရရှိလှ၏။)*

အိပ်ခါနီး ပဋ္ဌာန်း၊ ပရိတ်များရွတ်ပြီးသည်နှင့် ကျောအညောင်းဆန့်လိုက်ရာ ဘာမှန်းပင်မသိတော့အောင် အိ[illegible] ပျော်သွားတော့၏။ မိုးမလင်းတလင်းတွင်မှ သား ပုတီးထိုင်စိပ်နေမှန်း သိ[illegible] တော့၏။

ယနေ့ -

မောင်ကျော်မြင့်သာမက သွား[illegible] ရာ တကောက်ကောက်လိုက်၍ ပါ[illegible] ဖြည့်သော ကိုခင်မောင်လွင်ကိုပါခေါ်[illegible] ရွှေစက်တော် ဘုရားဖူးခရီးထွက်ခဲ့[illegible] တော့၏။

ရောက်ရပြန်ပါပြီ။

နိမ့်လိုက်၊ မြင့်လိုက်နှင့် တော[illegible] ကုန်းများကြားတွင် စိမ်းစိုလှပနေသော သစ်ပင်ကြီးများကိုကြည့်ရင်း တောင်ပို[illegible] ကြီးများ၊ ရုက္ခစိုးကြီးများ၊ တောစော[illegible] များကို မေတ္တာပို့နေလိုက်၏။

ဩော် - ရှေးရှေးက ဘုရားဖူး[illegible] သွားကြရသည်မှာ တကယ့်တောကြီး[illegible] မှာပါလားဟုတွေးနေမိ၏။ ယခုလို တာ[illegible] လမ်းမပေါက်ခင်ကဆိုလျှင် အတော့်[illegible] ကြည်ညိုသဒ္ဓါပွားကာ ခြေကျင်သွား[illegible] ကြခြင်း ဖြစ်၏။

ရွှေစက်တော်။

ညစဉ်ပဋ္ဌာန်းရွတ်ပြီးတိုင်း အော[illegible] စက်တော်ရာမှ ခြေတော်ရာကို အာ[illegible] ပြု၍ ရှိခိုးဦးခိုက်လွန်းသောကြောင့်လ[illegible] မသိ။ ရောက်ရပြန်ပြီ၊ ဖူးရပြန်ပြီ။

ကျွန်ုပ်တို့သည် ပေါင်ရင်းသာသ[illegible] လောက်သာနက်သော မန်းချောင်း[illegible] ဖြတ်ကူးကြရင်း အောက်စက်တော်ရာ ကို သွားရောက်ဖူးမြော်ကန်တော့ကြ၏။ ရေစီးသန်လှပါဘိ။ မနည်းထိန်းလျှောက်ရ၏။ စက်တော်ရာဖွင့်ချိန် မဟုတ်သော်လည်း အနီးကပ်ဆုံးသို့ ရောက်လာရပြီး ဖူးခွင့်ရသောကြောင့် ဤခရီးကို စီစ[illegible] ပေးသော ရွှေရောင်မြေမိသားစုများနှင့် ယခု လိုက်လံပို့ဆောင်ကြသော ကျွန်ုပ်၏သားတပည့်များကို ကျေးဇူးတင်လွန်း၍ မေတ္တာပို့နေရ၏။

အထက်စက်တော်ရာ။

ရွှေသက်န်းများ ကပ်လှူခွင့်ပြု[illegible] သောကြောင့် တာဝန်ရှိသူများကို ကျေး[illegible] ဇူးတင်လွန်းလှပါသည်။

ရွှေသင်္ကန်းများ အားရပါးရ က[illegible] လှူပူဇော်ပြီးသည်နှင့် ကျွန်ုပ်၏ နေ့စ[illegible] မပျက် ရွတ်ဖတ် ပူဇော်ခြင်းဖြစ်သော ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးနှင့်ပူဇော် ကန်တော့၏။ ပရိတ်တော်များနှင့် ပူဇော် ကန်တော့၏။ ပြီးမှ မေတ္တာဘာဝနာ[illegible] များ၍ မေတ္တာအထူးပို့၏။



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးကြီးမားလွန်းလှသော စေတီ မြတ်ကြီးဖြစ်သည့်အတွက် ကျွန်ုပ် တ်အစဉ်များမှာ ဗုဒ္ဓါနုဿတိဘာ များနှင့်သာ အချိန်ရှိသရွေ့ ပြည့်နေ တော့၏။ ကျွန်ုပ်၏ အားလပ်ချိန် ါးမှုများကြောင့် ဤသို့ မြင့်မြတ် သော၊ အေးချမ်းလှသောနေရာမျိုးကို တ်ခဲလှသည့်အတွက် မေတ္တာပို့သ ကို မနားတမ်းပြု၏။

သားသည်လည်း ရွှေပြားသက်န်း တပ်လှူပြီး အမိဋ္ဌာန်ပုတီးများစိပ်၏။ င်ကျော်မြင့်နှင့် ကိုခင်မောင်လွင်သာ တားဆရာသည်လည်း ကြည်ညို ွားစွာဖြင့် ရွှေသက်န်းများ ကပ်လှူ ကြ၏။

ပြီးမှ မျောက်ကလေးများကို ငှက် သီးများကျွေးကြ၏။

"ဆရာကြီးခင်ဗျာ"

"ဟေ- ဘာတုံး သားမောင်ကျော်

"ဟိုတစ်ခေါက် ဘုရားဖူးလာတုန်း ည်း ဒီလိုမြင့်မြတ်တဲ့နေရာမှာပညာ ပေးခဲ့တယ်နော်။ ခုလည်း ကိုယ့် တပည့်တွေကို. . ."

"ကြော်. . . အေးအေး-ပေးရမှာ ဒါပေမယ့် ခုလိုတန်ခိုးကြီးမားလွန်း တဲ့ ရွှေစက်တော်စေတီတော်မြတ်ကြီး ဘုရားဖူးလာတုန်း ပေးရမယ်ဆိုရင် တကယ့် အရေးကြီးတဲ့ ပညာခန်း ပေးချင်တယ်။ အဲဒါကတော့ အိမ် အိမ်ရဲ့ အိမ်ထောင်ဦးစီးများ ဘာမှ ပ်ရေကိုင်မရဖြစ်လာပြီဆိုရင်၊ ပြော ဆိုတာတွေလည်း မအောင်မြင်တော့ ဘုန်းတွေကံတွေကျသလိုဖြစ်လာပြီ ရင်၊ အတိုက်အခံရန်တွေများနေပြီဆို သူ့ကိုမင်းတစ်ခုခုလုပ်ပေးရတော့မှာ ချာတယ်"

"ဟုတ်ကဲ့"

"အဲဒီလိုလုပ်ပေးရတော့မယ်ဆိုရင် သန်းလုပ်ပေးလို့မရဘူး။ အဲဒီအိမ် ထောင်ဦးစီးရဲ့ ဘုရားဆောင်ကို အရင် သွာ့လာ။ ဘုရားကွယ်နေသလားကြည့်"

"ဗျာ - ဆရာကြီး၊ ဘယ်လိုကွယ် လဲ"

"အေး - ဆိုပါစို့ကွာ။ ခပ်လွယ် ယ်ပြောရရင် ဘုရားဆောင်ဟာ မှောင် နေသလား၊ အလင်းရောင်မရှိဘူးလား ါ့ကွာ"

"ကြော် - ဟုတ်ကဲ့"

"တချို့ဆို အိမ်ကလင်းပြီးထိန်နေ တာပဲ။ ဘုရားဆောင်ကျ မီးလုံးလေး မဖြစ်စလောက်လေးနဲ့။ ပြီးတော့ မှိန်မှိန် လေး"

"ကြော်"

"တချို့ဆိုမှောင်တောင်နေတယ်"

"ဟာ - ဆရာကြီး၊ မီးမထွန်းတာ မျိုးလား"

"ဟုတ်တယ်။ အိမ်မှာကွာ၊ တစ် အိမ်လုံးထိန်နေအောင် မီးတွေထွန်းလိုက် တယ်။ ဘုရားမီးသီးသန့်မထွန်းကြတော့ ဘူး။ အိမ်မီးနဲ့ပဲ လင်းထားလိုက်တယ် ပေါ့"

"ကြော် - ဒါမျိုးလည်းရှိသေးတာ ကိုး"

"ငါလူတစ်ယောက်အကြောင်းပြော ပြမယ်။ သူဟာ စက်မှုလက်မှုလုပ်ငန်းနဲ့ အကျိုးပေးတဲ့သူ။ ဒါပေမယ့် သူဟာ ဘယ်တော့မှ ကျန်းမာတယ်မရှိဘူးဖြစ် ဖြစ်လာတယ်။ နောက်အိမ်တစ်လုံးကို ပြောင်းလဲပြီး ပိုဆိုးလာတယ်။ အောက် လူတွေကလည်း တော်လှန်ပေါ့လေ။ ဒါ နဲ့ ငါ့ဆီရောက်လာတော့ ငါ့အတွေ့ အကြုံရ ဘုရားဆောင်ကိစ္စကို မေးလိုက် တယ်။ ဘုရားမီးဘယ်လိုပူဇော်သလဲ မေးလိုက်တယ်။ ထွေထွေထူးထူးမပူဇော် ကြဘူး။ တစ်အိမ်လုံးက လင်းထိန်နေ တော့ ဘုရားဆောင်လည်း ဒီအလင်း ရောင်ပဲတဲ့။ အဲဒီတော့မှ ငါသဘော ပေါက်တယ်။ ဘုရားဆောင်ကို အလင်း သတ်သတ်နဲ့ ပူဇော်ခိုင်းလိုက်ရတယ်။ အဲဒီလို ဘုရားဆောင်လင်းသွားမှ သူ လည်း တော်တော့်ကို အဆင်ပြေသွား တယ်"

"ကြော် - ဟုတ်ကဲ့၊ ဒါဟာ မထင် မှတ်တဲ့ကိစ္စနော်"

"အေး - ဘုရားကွယ်တယ်ဆိုတာ ကတော့ အိမ်ပေါ်ကို လှမ်းတက်လိုက် တာနဲ့ ဘုရားဆောင်ဟာ သပ္ပာယ်နေရ မယ်။ ဦးဆုံးလှမ်းမြင်ပြီးဖူးနိုင်ရမယ်။ ပြီး တော့ ဘုရားဆောင်ဟာ မှောင်မနေရ ဘူး"

"ဟို - အခန်းဖွဲ့စည်းတာနဲ့တော့ မဆိုင်ဘူးနော်"

"မဆိုင်ဘူး၊ ဘုရားဆောင်ရှိတဲ့ အခန်းထဲဝင်ပြီးမှ ဘုရားဖူးရတာရှိတယ် လေ။ ဒါကျတော့ ဘုရားဆောင်ထဲ ရောက်အောင် သွားရမှာပေါ့။ ငါပြော တာက ဧည့်ခန်းမှာ ဘုရားဆောင်ရှိတာ မျိုး၊ အိမ်ခန်းမကြီးမှာ ဘုရားဆောင် ပူဇော်ထားတာမျိုးဆိုရင် ဘုရားဆောင် ရှေ့မှာ တွဲလောင်းဆွဲထားတဲ့ ဗီနိုင်းတို့ ဘာတို့လိုမျိုးပေါ့။ ကွယ်နေလို့ မရဘူး။ ဘာမှကွယ်နေလို့ မရဘူး။

ဘုရားကို အလင်းမလှူတာ သိပ် မကောင်းဘူး။ အိမ်ထက် ဘုရားမီးက မှိန်နေပြန်ရင်လည်း သိပ်မကောင်းဘူး။ အဲဒါ ဘုရားကွယ်တာနဲ့တူတူပဲ။ ဘုရား ဆောင်ရဲ့ အလင်းဟာ ထိန်နေရမယ်။ ကြည်နူးစရာကိုဖြစ်နေရမယ်။

နောက်တစ်ယောက်က အဲသလို မျိုး။ သူဟာ အပယ်ခံကြီးလိုမျိုးပေါ့ကွာ။ သူ့ရဲ့ သားသမီးတွေက သူ့ကို တစ် ယောက်မှ စကားမပြောဘူး။ သူစကား ပြောရင် ဒိတ်အောက်တယ်တဲ့ကွာ။ သူ့ ခမျာ ခံစားနေရတာ ကြာပေါ့။ ကြာ တော့ စိတ္တဇကြီးလိုတောင်ဖြစ်လို့။ သူ့ သားသမီးတွေရဲ့မျက်နှာကိုတောင် စေ့စေ့ မကြည့်ရဲတော့သလိုဘဲ"

"ဟာ"

"အဲဒီအချိန်မှာ ငါနဲ့တွေ့တာ"

"ကြော်"

"တွေ့တော့ သူ့ကိုမေးကြည့်လိုက် တော့ သူ့ဘုရားဆောင်မှာ ဘုရားမီး ပူဇော်တဲ့ မီးလုံးသေးသေးလေးတောင် ကျွမ်းနေတာကြာပြီတဲ့"

"ကြော်. . . မှိန်ရုံတင်မကဘူး၊ ကျွမ်းပါနေတာ"

"အေး - ဘယ်လိုလုပ်ပြီး အိမ် ထောင်ဦးစီး ဘုန်းရှိပါတော့မလဲ။ ဒါ ကြောင့် သူ့ကို ဘုရားမီးချက်ချင်းအသစ် တပ်ခိုင်းလိုက်ရတယ်။ ပြီးတော့ လင်း အားကောင်းတဲ့မီးလုံးကို တပ်ခိုင်းလိုက် ရတယ်။ အဲဒီတော့မှကွာ၊ သူ့ခမျာလူရာ သွင်းခံရတော့တယ်။

ပြောရမယ်ဆိုရင် ဘုရားဆောင် ဟာ အိမ်ရဲ့ အထွတ်အမြတ်ပဲလေ။ အရောင်ထွက်ကိုနေရမယ်၊ လင်းကိုနေရ မယ်။ ပဲ့တာကျိုးတာတွေမရှိရဘူး။ ဖြစ် နိုင်ရင် မွှေးကြိုင်သင်းပျံ့နေရမယ်။ အနံ့ ရိုင်းရိုင်းမဟုတ်ဘူးနော်။ သန့်ရှင်းနေရ မယ်။ ဒါမှ အဲဒီအိမ်ရဲ့ အိမ်ထောင်ဦးစီး ဟာ ဘုန်းကံရှိနေမယ်၊ ကျန်းမာနေမယ်၊ စီးပွားဥစ္စာအဆင်ပြေနေမယ်။သူ့အတွက် အစီအရင်တွေဘာတွေလိုအပ်ရင်လည်း မင်းလုပ်ပေးလိုက်တာနဲ့ တန်းပြီးအဆင် ပြေမယ်။ ဒီလိုမှမဟုတ်ဘဲ ဘုရားဆောင် မှာ အလင်းရောင်မရှိရင် မင်းလည်း အဲဒီ အိမ်ထောင်ဦးစီးကို ဘာမှမာတ်ရိုက် မာတ်ဆင်လုပ်ပေးလို့မရဘူး"

"ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဆရာကြီး"

"အေး - အခုငါပြောတဲ့ပညာခန်း ဟာ မင်း လူတစ်ယောက်ကို မာတ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်တာနဲ့ တန်းပြီးအဆင်ပြေစေတဲ့နည်းပဲ။ ဘာအထစ်အငေါ့အခုအခံမှ မရှိတော့ဘူးပေါ့ကွာ။ လိုအပ်လာရင် ထောင့်စေ့အောင်ကြည့်တတ်ဖို့ပဲ သင်ပေးတာပါ။ မင်းဘူးရောက်တုန်းမှာတော့ ငါကြည့်ကြည့်တယ်။ အိမ်တိုင်းလိုလိုပါပဲ။ ဘုရားဆောင်မှာ လင်းထိန်လို့၊ ပန်းပေါင်းစုံတွေနဲ့။ တော်တော်ကြည်ညိုဖို့ ကောင်းတယ်။ ဝမ်းသာတယ်ကွာ၊ ကြည်နူးတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

တောင်တော်မြတ်၏အစပ်နားဆီမှ မတ်တတ်ရပ်ရင်း ကြည့်၍မဆုံးနိုင်သော လှပသည့် ရှုမျှော်ခင်းများကို အားရပါးရ ကြည့်နေမိ၏။

ရွှေစက်တော်ကို ဦးတိုက်၍ ကွေ့ပတ်စီးဆင်းနေသော လှပသည့် မန်းချောင်းကိုကြည့်ရင်း ရင်ထဲတွင် အေးမြလျက်ရှိ၏။

ရွှေစက်တော်ဘုရားဖူးပြီးအပြန်တွင် နဂါးပွက်တောင်သို့ ခေတ္တ ဝင်ရောက်ပြီး မေတ္တာပို့၊ အမျှအတန်းများဝေ၏။

ရန်ကုန်မှ စထွက်ကတည်းက တောက်လျှောက် မနားတမ်းသွားနေရသောခရီးဖြစ်၍ အိပ်ချိန်လေးသာ နားဖြစ်လေရာ လူမှာ အနည်းငယ် ပင်ပန်းလာ၏။ ကျွန်ုပ်ရောက်လာသည်ကိုကြား၍ ကျွန်ုပ်နှင့်တွေ့ချင်ကြသော မိတ်ဆွေများ အတော်လေး များပြားကြောင်းလည်း ကြားနေရ၏။ မောင်ကျော်မြင့်ဆီ ဖုန်းများဆက်တိုက်ဝင်နေ၏။ ကျွန်ုပ်မှာ နေပူထဲတောက်လျှောက်သွားနေရသောကြောင့်လားမသိ၊ လျှာမှာလည်း အပူနာလိုဖြစ်လာပြီး စကားပြော၍မကောင်း။

*(ရန်ကုန်တွင် မိုးများဆက်တိုက်ရွာနေသောရက်များ ဖြစ်၏။ ရာသီဥတုမှာ ညပိုင်းရောက်လျှင် အေးချင်သယောင်ယောင်လေး ရှိ၏။ ယခု မင်းဘူးသို့ အားချင်းခရီးထွက်လာလိုက်သည့်အခါ ရေပြောင်းမြေပြောင်းဖြစ်သွားလားမသိ။ ရေမချိုးရဲသည်လည်း ပါကောင်းပါပေလိမ့်မည်။ လျှာတွင် အပူနာလေးများ ဖြစ်လာ၏။*

*မင်းဘူးတွင် တောက်လျှောက်ရှိနေစဉ် စကားကိုထိန်းပြောနေရ၏။ စကားပြောတိုင်း အပူနာဖြစ်နေသည့် လျှာထိပ်ကို ထိန်းနေရသောကြောင့် စကားတစ်လုံးပြောရန်အတွက် အတော်ဝန်လေးသလို ခံစားရ၏။ လျှာမှာ နာလွန်းလှ၏။ ဘုရားများသွားဖူးလျှင် လူမှာ မနည်းဟန်လုပ်၍ နှုတ်ဆိတ်စွာသွားလာနေရမှန်း မောင်ကျော်မြင့်လည်း သိ၏။ လျှာနာလွန်းသောကြောင့် ပါးစပ်ကို စုထားရသလိုလုပ်နေရ၏။ ဝမ်းထဲတွင် အပူဓာတ်များပြားသွား၍လားမသိ။ အပူကန်သလိုမျိုးကြီး ခံစားနေရ၏။ ရာသီဥတုအပြောင်းအလဲနှင့် ခရီးပန်းသောကြောင့်ဖြစ်ပုံရ၏။ လူမှာ ခရီးထွက်လေ့သိပ်မရှိသောကြောင့် ပင်ပန်းသွားဟန်ရှိ၏။ ရန်ကုန်ပြန်ရောက်သည့်နေ့မှ နောက်ထပ် (၄) ရက်ခန့် လူမှာ မကောင်းသေး။ အပူနာများမလျော့သေး။ ကျန်းမာရေးညီညွတ်အောင် အတော်ပင် ကြိုးစားနေရ၏။ တောက်လျှောက် ကားစီးနေသောကြောင့် ယိမ်းထိုးနေသလို ဖြစ်နေ၏။*

*ထိုခံစားမှုများကြောင့် မင်းဘူးမြို့လေးကိုရောက်ခဲ့စဉ်က ကျွန်ုပ်ကို ခင်ကြသော ပရိသတ်အားလုံးနှင့် မဆုံနိုင်ခဲ့ရခြင်း ဖြစ်ပါသည်။*

*ပထမတစ်ခေါက်ရောက်စဉ်က အချိန်လည်းရ၍ ရက်ကြာသောကြောင့် ပရိသတ်များစွာနှင့် ကြုံခဲ့ဆုံခဲ့၊ တွေ့ခဲ့ အကြံပြုခဲ့နိုင်သော်လည်း ယခုတစ်ခေါက်မှာ မင်းဘူးတွင် နှစ်ရက်သာနေဖြစ်ခဲ့ပြီး ရေပြောင်းမြေပြောင်း ရာသီဥတုပြောင်းကြောင့် အပူနာများဖြစ်လာလေရာ ပရိသတ်အနည်းငယ်နှင့်သာ တွေ့ဆုံနိုင်ခဲ့ပါသည်။*

*ဤသို့ မဆုံနိုင်ခဲ့သည့်အတွက် - ပရိသတ်ကြီး၏ မေတ္တာကို လေးစား ဂါရဝထားသောအားဖြင့် ဤဆောင်းပါးတွင် လူတိုင်းသိသင့်သိထိုက်သော၊ လူတိုင်း လိုက်နာဆောင်ရွက်နိုင်သော ဗဟုသုတပညာများ၊ ဆောင်ရန်, ရှောင်ရန်များကိုအထူးထည့်ပေးလိုက်ပါသည်)*

"ကဲ - သားရေ မောင်ကျော်မြင့်"

"ဗျာ"

"ငါနဲ့တွေ့ဖို့ မင်းကို ဖုန်းလှမ်းလှမ်းဆက်နေကြတဲ့ မိတ်ဆွေတွေကို ပြောပြလိုက်ပါကွာ။ တော်တော်ကို လျှာတွေနာနေလို့ပါ။ မင်းသိတဲ့အတိုင်း စကားပြောရတာ ဗလုံးဗထွေးနဲ့။ ဒါကြောင့် မေတ္တာရပ်ခံပေးပါ။ ငါ့ကိုခင်ကြတဲ့ ပရိသတ်ကြီးကို ငါ တော်တော့်ကို သံယောဇဉ်ဖြစ်ရပါတယ်။ အခုလည်း တွေ့နိုင်သလောက်ကိုတော့ ငါတွေ့တာပဲလေ။ စကားပြောလာရင် လျှာထိပ်ကနာလာပြန်ရော။ အခုတစ်ခေါက်မှာ တချို့မတွေ့မဆုံလိုက်ကြတဲ့ ငါ့ပရိသတ်ကြီးအတွက် ငါတာဝန်မကျေလိုက်လို့ တို့သားအဖ နောက်တစ်ခေါက်ထပ်လာဖို့ တိုင်ပင်နေ[illegible]တယ်။ အဲဒီအခါကျ ငါအရမ်းခင်တဲ့ ပရိသတ်ကြီးကို အချိန်ပေးပြီး တွေ့မယ် ဆုံမယ်၊ အကြံပေးမယ်၊ လိုအပ်တာ[illegible] တွေ ပြောပြမယ်။ မင်းပြောတဲ့ က[illegible] တွေ နာမည်တွေကိုလည်း အဲဒီ[illegible] ပြောင်းကြတာပေါ့။ လိုအပ်ရင် ပြော[illegible] ပေးမယ်။ မမှည့်ရသေးရင်မှည့်ပေးမယ်"

ကျွန်ုပ်က တော်တော်လေးမေ[illegible] ရပ်ခံစကားဆိုသော်လည်း မောင်ကျော်မြင့်မှာ မျက်နှာမကောင်း။ သို့သော် ကျွန်ုပ်ကို သူနားလည်ပေး၏။

သူ၏ စေတနာကို သိပါသည်[illegible] ရောက်တုန်းရောက်ခိုက် တွေ့ချင်သူများ[illegible] ကို အချိန်ပေးစေချင်မှန်း သိပါသည်[illegible] သို့သော် လူမှာမနားမနေသွားလာနေ[illegible] ၍ မဟန်နိုင်။ ကားချည်းစီးနေရသော[illegible] ကြောင့် ယိမ်းထိုးသလိုကြီး။ စကား[illegible] မနည်း အားစိုက်၍ လျှာအနာထိန်းနေ[illegible] မှန်းလည်း သူသိ၏။

ထိုညမှသာ ရွှေရောင်မြေမိသား[illegible] နှင့် အေးအေးဆေးဆေး စကားပြော[illegible] ဖြစ်ပါတော့သည်။

ညအိပ်ခါနီးတိုင်း ရွှေရောင်မြေ[illegible] ဖခင်ကြီး ဦးဝင်းမြင့်သည် ကျွန်ုပ်တို့သား[illegible] အဖကို အလွန်ခင်မင်စွာနှင့် အချိန်[illegible] ကြာ စကားပြောဧည့်ခံ၏။

ထိုညလည်း ပဌာန်း၊ ပရိတ်[illegible] ရွတ်အပြီး ကျောဆန့်လိုက်သည်နှင့် [illegible] မှန်းပင် မသိတော့။

အင်္ဂါနေ့။

ရန်ကုန်ပြန်ရန် ပြင်ဆင်ပါပြီ။

နံနက်စောစောကပင် အဆာ[illegible] စားပြီးပြန်ရန်စီစဉ်သော်လည်း ရွှေ[illegible] မြေညီအစ်ကိုမောင်နှမများနှင့် [illegible] ပြောချိန် နည်းလွန်းနေ၍ စကား[illegible] ပြောဆိုဖြစ်ကြ၏။ စ,ရောက်ကတ[illegible] က ယခုပြန်မည့်နေ့ကျမှသာ အေး[illegible] ဆေးဆေးဆေး စကားပြောဖြစ်[illegible] ၏။

သူတို့မိသားစုသည် လူတိုင်း[illegible] အလုပ်မအားကြ။ အလွန်အလုပ်မ[illegible] ၏။

ကျွန်ုပ်တို့သားအဖကလည်း [illegible] တစ်စီးနှင့် နေ့စဉ် ဘုရားဖူးထွက်[illegible] ရွှေရောင်မြေမိသားစုနှင့် စကားလ[illegible] မကျဖြစ်ကြ။

မကြာခင်လက်ဆောင်ပစ္စည်း[illegible] နှင့်အတူ ဆရာချစ် ရောက်လာ၏။ [illegible] ကယ်နောက်တွင် မောင်ကျော်[illegible] ထိုင်လျက်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်သည် အလွန်ကို ခင်မင် [illegible]ရာ ယခုတစ်ခေါက် ဆရာချစ် [illegible]သို့ မရောက်ခဲ့၍ ရင်ထဲတွင် ကွက် [illegible]တစ်ခု ကျန်သွားသလို ခံစားရပါ [illegible]။

မောင်ကျော်မြင့်နှင့်သားနှင့်နာမည် [illegible]ခန်းများကို အားရပါးရပြောနေ [illegible]။

သားပြောပြသော နာမည်ပညာ [illegible]များကို မောင်ကျော်မြင့် အလွန် [illegible]သာကျ၏။ သားက နာမည်ကြား [illegible]နှင့် ဒီလူ ဘာဖြစ်နေသည်၊ ဘယ် [illegible]ဟုပြောခြင်းကို မောင်ကျော်မြင့် [illegible]သာကျ၏။

နံနက်စာ အဆာပြေစားပြီးကြပြီ [illegible]၍ -

ရန်ကုန်သို့ ပြန်ကြရန် ရွှေရောင် [illegible]သားစုများကို နှုတ်ဆက်လိုက် [illegible]ည်။ မအားမလပ်ကြသည့်ကြားမှ [illegible]ပ်များပြားလွန်းလှသည့် ကျွန်ုပ်ကို [illegible] အလည်ရောက်စေချင်သော [illegible]ဖြင့် ဖိတ်ကြားကြပြီး မအားကြ [illegible]ကြားမှပင် လိုလေသေးမရှိ ဂရု [illegible]တ်ရှိခဲ့ကြသောကြောင့် ကျေးဇူး [illegible]တင်ရလွန်းပါသည်။

ကျွန်ုပ်ကို ခင်မင်စွာ လာရောက် [illegible]ဆောင်ပေးကြသောပစ္စည်းများကို [illegible]နောက်ခန်းထဲထည့်၍ ကားစထွက် [illegible] ပြင်ဆင်ပါပြီ။

အပြန်ခရီးတွင် ကျွန်ုပ်အလွန်ချစ် [illegible] ကိုခင်မောင်လွင်ကြီးဆီ ဝင်နှုတ် [illegible]၏။

"ဟာ - ပြန်တော့မလို့လား"

"ပြန်တော့မယ်လေ ကိုခင်"

"ဟာ - ဘာဖြစ်လို့လဲ"

"ဩော် - ရန်ကုန်မှာလည်း နေ့ [illegible]နေ့တိုင်း များပြားလွန်းတဲ့ပရိသတ် [illegible]ကို ဘယ်နှရက်ကြာမယ်ဘာညာဆို [illegible] အကြောင်းမကြားဘာမကြားထွက် [illegible]ခဲ့တာကိုး။ နောက်တစ်ခေါက်ပေါ့"

"ဟာ - ဒီမှာလည်း ဆရာလာတာ [illegible] မတရားတွေ့ချင်နေကြတာ။ ဆရာ [illegible]ချိန်ရလို့ တွေ့သာတွေ့ပေးလိုက်ရရင် [illegible]ဆန်နေမှာပဲ"

ကျွန်ုပ် ပြုံးနေလိုက်၏။ ကိုခင် [illegible]ောင်လွင်သည် ပြောပြောဆိုဆိုနှင့် [illegible]ထဲပြေးဝင်သွားပြီး ရန်ကုန်ယူသွား [illegible] လက်ဆောင်များ ကားပေါ် တင်ပေး [illegible]တ်၏။ လက်အုပ်လေးချီရင်း မတ် [illegible]တ်ရပ်၍ ကျန်နေခဲ့သော ကိုခင်မောင် [illegible]င်ကိုကြည့်နေရင်း ထွက်လာခဲ့၏။

ပထမဦးဆုံး မင်းဘူးကို စတင်ရောက်သည့်နေ့က ဦးဆုံးဝင်နှုတ်ဆက်ခဲ့သော ကိုစိုး၊ မနီလာတို့ဆီ ဝင်လိုက်ပြီး ရန်ကုန်ပြန်မည့်အကြောင်း ပြောရင်း နှုတ်ဆက်၏။

လက်ဆောင်ပစ္စည်းများ ကား၏ အနောက်ခန်းသို့ တင်ကြပြီးသည်နှင့် ကျွန်ုပ်ကို ဂါရဝပြုနေသော ကိုစိုး၏လက်ကလေးအား ကိုင်ထားလိုက်၏။

"သမီး မကွေးထိလိုက်ပို့မယ်"

အမှန်မှာ ကိုစိုးလည်း လိုက်ချင်နေပေမည်။ သူ့မှာ အလုပ်တာဝန်များ ရှိနေ၍သာ နေရစ်ခဲ့ရ၏။ သမီးနီလာက ပြောပြောဆိုဆိုနှင့် ကားထဲ ဝင်ထိုင်လိုက်၏။

ရွှေရောင်မြေမှ မထွက်ခွာခင် လက်ဆောင်များနှင့် ရောက်လာသော ဆရာချစ်သည်လည်း အလုပ်ချိန်ဖြစ်နေသည့်ကြားမှ မကွေးထိ လိုက်ပို့ရန် မောင်ကျော်မြင့်ကို ဆိုင်ကယ်နောက်တွင် တင်လိုက်၏။

သံပေါင်ကြီးများနှင့် ကြီးကျယ်ခမ်းနား လှပသော ဧရာဝတီမြစ်ကူးတံတား (မကွေး) ကို ဖြတ်ကျော်နေချိန်တွင်တော့ လှပသောရှုခင်းများကို ဟိုကြည့်ဒီကြည့်ကြည့်ရင်း မင်းဘူးကို နောက်တစ်ကြိမ်လာလျှင် အနည်းဆုံးတစ်ပတ်ခန့် အချိန်ယူပြီး ဘုရားများဖူး၊ ပရိသတ်များနှင့်တွေ့မှဖြစ်မည်ဟု စဉ်းစားနေမိ၏။

မကွေး။

နေမြင့်နေပြီဖြစ်၍ မကွေးမှ မိတ်ဆွေများထံသို့ပင် ဝင်မလည်ဖြစ်တော့။ ရွှေရောင်မြေမိသားစုဖြစ်သော ကိုသူတို့ဆိုင်ရှေ့တွင် ကားခဏရပ်၍ အားလုံးကို နှုတ်ဆက်လိုက်၏။

"ကဲ- သမီးနီလာ၊ မင်းဘူးရောက်တုန်း ဂရုစိုက်ကြတာကို ပီတိဖြစ်ရပါတယ်"

"ဟုတ်ကဲ့၊ ဆရာက ကိုယ့်မိဘပဲလေ"

"အေး-ဟုတ်တယ်။ ရတနာ(၃)ပါးကို မမေ့ကြနဲ့နော်"

"ဟုတ်ကဲ့"

"ဆရာချစ်၊ မကွေးထိလိုက်ပို့တာ ကျေးဇူးအများကြီးတင်ပါတယ်"

"ဟုတ်ကဲ့ပါ"

ဆရာချစ်၏လက်လေးအားကိုင်၍ နှုတ်ဆက်ပြီးသည်နှင့် တစ်ချိန်လုံး မခွာဘဲ တကောက်ကောက်လျှောက်လိုက်နေခဲ့သည့် သားတပည့် မောင်ကျော်မြင့်၏ ပခုံးလေးအား ညင်သာစွာ ဖက်ထားလိုက်၏။

"သွားမယ်နော် သား"

"ဟုတ်ကဲ့"

ဖခင်တစ်ဦးသဖွယ်သံယောဇဉ်နှင့် စရောက်ကတည်းက မခွာဘဲတကောက်ကောက်လျှောက်လိုက်နေခဲ့သော သားမောင်ကျော်မြင့်မျက်နှာ အနည်းငယ် ပျက်သွား၏။

"နောက်တစ်ခေါက်ပေါ့ သားရယ်၊ အချိန်ရအောင်ယူပြီး ငါနဲ့ မင်းညီလေးနဲ့ ထပ်လာခဲ့ဦးမယ်။ မင်းဘူးကိုလာရတာ တော်တော့်ကိုစိတ်ချမ်းသာတယ်"

"ဟုတ်ကဲ့"

ကားထဲသို့ ဝင်ထိုင်လိုက်သော သားကို မောင်ကျော်မြင့် လှမ်းကြည့်လိုက်ရင်း -

"ဟေ့ကောင် မောင်မောင်"

"ဗျာ - အစ်ကိုကျော်မြင့်"

"ဆရာကြီးနဲ့အတူ ဆရာကြီးနားမှာ မင်းရှိနေတယ်။ ဒီမှာ ငါရှိနေတယ်။ တို့ညီအစ်ကိုနှစ်ယောက်က ဆရာကြီးရဲ့ ပညာအယူအဆတွေအတိုင်း အခု စ,နေကြပြီနော်"

"ဟုတ်တယ် အစ်ကို၊ ဟုတ်တယ်"

ကားလေး စ,ထွက်ပါပြီ။

လက်လေးများပြ၍ မကွေးတွင် နေရစ်ခဲ့ကြသော အဝေးမှ သားသမီးများကိုလှည့်ကြည့်လိုက်ရင်း မေတ္တာများပို့နေလိုက်တော့၏။

ဤခရီးကို -

ဖြစ်မြောက်အောင် စတင်ခဲ့ရုံမက လိုလေသေးမရှိအောင်ဂရုစိုက်ခဲ့ကြသော ရွှေရောင်မြေမိသားစုကြီးနှင့် -

အနားမှ မခွာတမ်း ပါရမီဖြည့်လိုက်ပါခဲ့ကြသော အဝေးမှသားများဖြစ်ကြသည့် ကိုကျော်မြင့်၊ ကိုခင်မောင်လွင်။

ကျွန်ုပ်နှင့် မဆုံဖြစ်ခဲ့သော်လည်း မေတ္တာများစွာဖြင့်ခင်မင်ကြသည့် ကျွန်ုပ်၏စာဖတ်ပရိသတ်များ။

အေးချမ်းသာယာလှသောမင်းဘူးမြို့မှ မေတ္တာရှင်များအားလုံး. . .

ဘုန်းကြီးကြပါစေ။

ကျန်းမာကြပါစေ။

ချမ်းသာကြပါစေ။

စီးပွားဥစ္စာများ ဒီရေအလား တိုးပွားကြပါစေ။

ရှိပြီးရင်း ရှိကြပါစေ။

ပြည့်ပြီးရင်း ပြည့်ကြပါစေ။

ဆင်းရဲနဲ့ ငရဲ ကင်းကြပါစေ။

တရားထူးတရားမြတ်များ ပွားများ အားထုတ်နိုင်ကြပါစေ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# ကောက်စိုက်သမတို့အတွက်

## နေပြည်တော်ကျော်ကျော်မိုး

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတော်ဖြစ်သလို ဆန်စားတဲ့နိုင်ငံ ဖြစ်တာကြောင့် စပါးကို အဓိကထားပြီး စိုက်ပျိုးကြပါတယ်။

ခေတ်တွေအဆင့်ဆင့်ပြောင်းလဲတိုးတက်ခဲ့ပြီး မိုးရေသောက်လယ်ကနေ ဆည်ရေသောက်တွေဖြစ်လာသလို လက်မှုလယ်ယာကနေ စက်မှုလယ်ယာခေတ်ကို ရောက်နေခဲ့ပါပြီ။

စိုက်ပျိုးနည်းတွေကလည်း သမားရိုးကျကနေပြီး သိပ္ပံနည်းကျ စိုက်ပျိုးတဲ့အခါမှာ စပါးတွေအထွက်တိုးခဲ့သလို တစ်သီးစားကနေ သုံးသီးစားအထိ ပြောင်းလဲ တိုးတက်လာခဲ့ပါပြီ။

သို့သော်လည်း ဒါဟာ ရာနှုန်းပြည့် ဆောင်ရွက်နိုင်သေးတာ မဟုတ်ပါဘူး။ မိုးကိုမျှော်ရတဲ့ မိုးကောင်းလယ်မြေဒေသတွေ၊ သမားရိုးကျ စိုက်ပျိုးထုတ်လုပ်နေတဲ့ဒေသတွေ ရှိနေဦးမှာပါ။ ဒီအခါ သိပ္ပံနည်းကျ အစေ့ချစိုက်ပျိုးခြင်းမလုပ်ဘဲ ပျိုးကြ၊ ပျိုးနုတ်လုပ်ပြီး သမန်းလယ်ပြင်ထဲ လက်နှင့် ကောက်စိုက်ကြတဲ့ဒေသတွေ ရှိနေဦးမှာပါ။ အဲဒီဒေသမျိုးတွေမှာ ကောက်စိုက်ရာသီရောက်ရင် ကောက်စိုက်သမတွေ တွေ့ကြုံရတတ်တဲ့ သမန်းကိုက်ခြင်းကြောင့် လက်ရောင်လေ့ရှိတဲ့ လက်ပျဉ်းဝေဒနာကုသတဲ့နည်းလေးပါပဲ။

ဒီနည်းလေးကို ကျွန်တော့်ညီမအလတ်ဖြစ်တဲ့ မဌေးညွန့်က သူ့အပျိုဘဝကောက်စိုက်လိုက်စဉ်က ကိုယ်တွေ့ကြုံခဲ့တာလေးတွေကို အမှတ်တရ ပြန်လည် ပြောပြရာကနေ အမှတ်တမဲ့ရရှိလိုက်တဲ့ တန်ဖိုးရှိတဲ့နည်းတွေပါ။

ဦးစွာ ဆေးနည်းမပြောပြမီ မျှော့၊ ကျွတ်ပေါတဲ့ လယ်မြေတွေမှာ မျှော့၊ ကျွတ်မကိုက်ရအောင် စတီသဘောတောပိုင်တောင်ပိုင်၊ လယ်ပိုင်ယာပိုင်တို့ကို တိုလျှိုးတောင်းပန်တဲ့နည်း ဖြစ်ပါတယ်။

စိမ့်စမ်း၊ အင်း၊ အိုင်နဲ့ နီးစပ်တဲ့လယ်တွေမှာ ကောက်စိုက်သမတွေအတွက် အဓိကအန္တရာယ်က မျှော့နဲ့ ကျွတ်တွေပါပဲ။ မိန်းမအများစုဟာ မျှော့နဲ့ ကျွတ်ကိုတော့ အလွန်ကြောက်ကြပါတယ်။ မျှော့နဲ့ ကျွတ် ဆိုတာ သူတို့သွေး မဝမချင်း တွယ်ကပ်စုပ်နေတတ်ပြီး သွေးဝမှ ခွာချသွားကြတာပါ။ အဲဒါကြောင့် မျှော့၊ ကျွတ်ပေါတဲ့ လယ်တွေမှာ ကောက်စိုက်တော့မယ်ဆိုရင် လုံလုံခြုံခြုံ တင်းတင်းရင်းရင်း ဝတ်ဆင်သွားဖို့လည်း လိုအပ်ပါတယ်။

မျှော့၊ကျွတ်ကြောက်တာကတော့ ဆေးရွက်ကြီးပါပဲ။ သို့မဟုတ် ဆားနဲ့လည်း ရပါတယ်။ ဆားနဲ့ထိရင် မျှော့၊ ကျွတ်၊ တီကောင်တွေ အရည်ပျော်ကုန်တတ်ပါတယ်။ ကောက်စိုက်လာပါတယ်ဆိုမှ ဒါတွေဆောင်ထားပြီး ကောက်စိုက်နေပြန်ရင်လည်း ခရီးရောက်မှာ မဟုတ်ပါဘူး။ ဒါမှမဟုတ် လက်ဝါးနဲ့ ဖြန်းခနဲရိုက်ရင်လည်း လန့်ပြီး ကွာကျပါတယ်။ ဒါပေမယ့် ကောက်ကို အပြိုင်စိုက်ကြရတဲ့အခါ သူ့ထက်ငါ နောက်မကျရလေအောင် အတော်အတန်ကို ဂရုမစိုက်အားပါဘူး။ ဒါကြောင့် ကောက်မစိုက်မီ တန်းစီတဲ့နေရာမှာ လယ်ပိုင်ယာပိုင်တွေကို တောင်းပန်တဲ့နည်းဖြစ်ပါတယ်။

'ဤလယ်ယာမြေကိုစောင့်ရှောက် စိုးမိုးသော လယ်ပိုင်ရှင်ကြီးရှင့်။ ကျွန်မတို့မှာ မရှိလို့လုပ်ကိုင်စားရသူများ ဖြစ်ပါတယ်။ လုပ်ငန်းတွင်ကျယ်စေဖို့ မျှော့မကိုက်အောင်၊ ကျွတ်မကိုက်အောင် စောင့်ရှောက်တော်မူပါ။ လယ်ပိုင်ကြီးကို အရိုအသေပြုပါ၏'

ဆိုပြီး မိမိတို့ တတ်သလို လယ်စောင့်နတ်ကို တိုင်တည်ပါက မျှော့၊ ကျွတ်များ မကိုက်ဘူးလို့ မဌေးညွန့်က ပြောပြပါတယ်။

ကောက်စိုက်သမတွေ ခံစားရတတ်တာက သမန်းကိုက်လို့ ဖြစ်ရတဲ့ လက်ပျဉ်းဝေဒနာပါ။ လက်ပျဉ်းဖြစ်တယ် ဆိုတာ ကောက်စိုက်တဲ့ လက်ဟာ ဒဏ်ဖြစ်ပြီး ရောင်ကိုင်းလာတာပါ။ လက်ဆစ်တွေဟာ ဖောင်းကားလာပြီး တင်းလာပါတယ်။ ပြီး - နာလာပါတယ်။ ဆုပ်လို့ကိုင်လို့ မကောင်းတော့ပါဘူး။ ကောက်စိုက်ရာသီလေးမှာသာ ကောက်စိုက်အလုပ်ပေါ်တာမို့ လက်လွှတ်မခံဘဲ လက်ပျဉ်းဖြစ်လည်း ပေတေပြီး လိုက်ကြတာပါပဲ။ ကောက်စိုက်ရာမှာ ညာသန်သူက ညာနဲ့ စိုက်တယ်။ ဘယ်သန်သူက ဘယ်နဲ့ စိုက်တယ်။ သန်တဲ့[illegible] က ကောက်စိုက်ပြီး မသန်တဲ့ဘက်[illegible] ပျိုးကို ဆုပ်ကိုင်ထားရတယ်။ ပြီး[illegible] ပျိုးခွဲပေးထားရတယ်။ (၂) ပင်စိုက်[illegible] (၂) ပင်အဆင့်သင့်ခွဲပြီးသား ဖြစ်နေ[illegible] ပါ။ ကောက်စိုက်လက်က မနားတမ်း[illegible] ပြီး တစ္စပ်စွပ်စိုက်နေတာပါ။ သူ့ထက်[illegible] အပြိုင်အဆိုင်ဆိုတော့ စက်ရုပ်တ[illegible] လို ခပ်သွက်သွက် လှုပ်ရှားစိုက်[illegible] ကြရတာပါ။ လက်မှာ လက်ပျဉ်းဖြ[illegible] တာတောင် သတိမရအားကြပါဘူး[illegible]

အဲဒီ လက်ပျဉ်းဖြစ်နေတဲ့လ[illegible] ဘယ်အခါကျမှ သတိရကြသလဲဆို[illegible] ကောက်စိုက်နားလို့ ထမင်းစား[illegible] အချိန်မှာပါပဲ။ ထမင်းစားတော့ လ[illegible] ဖောင်းကားပြီး နာနေပါပြီ။ ဒီအ[illegible] သုတ်သူကြီးလို့ခေါ်တဲ့ ကောက်[illegible] ခေါင်းက အတွေ့အကြုံ ဗဟုသု[illegible] တော့ကာ လက်ပျဉ်းဖြစ်နေတဲ့ မဌေး[illegible] ကို -

"ဟဲ့ - မဌေးညွန့်ရဲ့။ နင်က [illegible] ပျဉ်း၊ ငါက ကန်သင်းလို့ အသက်[illegible] ပြီး ကန်သင်းနဲ့ ခုနစ်ချက်ပွတ်လို[illegible] နင့်လက်ပျဉ်း ချက်ချင်းပျောက်တ[illegible]

လို့ ပြောတာကြောင့် မဌေး[illegible] လည်း 'နင်က လက်ပျဉ်း၊ ငါက [illegible] သင်း' ဆိုပြီး ကန်သင်းနဲ့ ပွတ်တို[illegible] တယ်။မြန်သလားမမေးနဲ့။ ထမင်း[illegible] ကောက်စိုက်တော့ကာ လက်ဟာ [illegible] ပေါ့ပါးပါးဖြစ်နေပါပြီ။ အဲဒီကော[illegible] သူကြီးက နေပြည်တော်သူ မ[illegible] ဘူး။ ဧရာဝတီတိုင်းဒေသကြီးက[illegible] ပါတယ်။ အမည်တောင် မမှတ်မိ[illegible] ဘူးလို့ ဆိုပါတယ်။

ဒီတော့ ခုလို မိုးရာသီ[illegible] စိုက်ချိန်မှာ ကောက်စိုက်သူမများ [illegible] ပျဉ်းဝေဒနာဖြစ်ခဲ့ပါက ကုသနိုင်[illegible] စေရန် မျှဝေလိုက်ခြင်း ဖြစ်ပါတ[illegible]

ညီမလတ် မဌေး[illegible]
ကျေးဇူးတင်[illegible]

ချမ်းမြေ့[illegible]

နေပြည်တော်ကျော်[illegible]




www.burmeseclassic.com


www.burmeseclassic.com

# ကျွန်တော် ဂျွန်ယက်တော

အောင်သန်းချစ်



အမတ်ဂျင်ဝက်ပုံ



ဂျွန်ယက်တော

၁၉၈၉ ခုနှစ် ဒေါ်အောင်ဆန်း စုကြည် ပထမဆုံးအကြိမ် နေအိမ် အကျယ်ချုပ်ကျနေစဉ်က ဖြစ်တယ်။

တစ်နေ့မှာ အောင်ပုဗ္ဗာတ်နန်း ထံ အဘကြွလာပြီး -

"(၁၄) လမ်းခြံထဲက အောင်သိန်း ကျော် ယာယီစံနန်းမှာ ငါ့သားလေးကို (၇) ရက်စခန်းသွင်းထားမယ်။ သမီး မငွေပွားနဲ့ မကြာဖြူတို့က ငါ့သားလေး ကို အစစအရာရာ ကူညီကြရမယ်။ ရှစ်ပါးသီလနဲ့ တရားထိုင်နေမှာမို့ အစား အစာကိုတော့ မွန်းမတည့်ခင် တစ်ကြိမ် ပဲ ကျွေးရမယ်။ (၇) ရက်စခန်းမပြည့်မီ ဘယ်သူနဲ့မှ တွေ့ခွင့်မရှိဘူး။ ခြံတံခါး သော့ပိတ်ထားရမယ်။ လိုအပ်တာတွေ ကို ငွေပွားနဲ့ ကြာဖြူတို့က ကြိုတင်ပြင် သွားကြ"

"ဟုတ်ကဲ့ပါ အဘ"

အဘခေတ္တစကားဖြတ်ထားပြီးမှ-

"ဒါပေမယ့် (၇) ရက်စခန်းဝင်နေ ချိန်မှာ အောင်သိန်းကျော်ကို တစ်ခေါက် လာတွေ့ခိုင်းမယ်။ အောင်သိန်းကျော် ရောက်လာရင် ခြံတံခါးဖွင့်ပေးလိုက်ကြ။ အဘမိန့်တဲ့အတိုင်း အောင်သိန်းကျော် ဆက်လုပ်လိမ့်မယ်"

နာမ်ကိန်းရှင်နဲ့ အမျိုးသမီးကြီး နှစ်ဦးသာ ခြံထဲမှာ အထီးတည်းရှိနေခဲ့ တဲ့ (၅) ရက်ပြည့်ပြီး (၆) ရက်မြောက် နံနက်မှာ ကျွန်တော် အောင်ပုဗ္ဗာတ်နန်း က ထွက်ခဲ့ရပါတယ်။ (၇) ရက်စခန်းမစ မီကတည်းက အဘက ကျွန်တော့်ကိုကြို တင်ပြီး တရားစခန်းဝင်နေတဲ့ (၆) ရက် မြောက်နေ့ နံနက် (၅) နာရီအရောက် (၁၄) လမ်းခြံကို မင်းအရောက်သွားရ မယ်။ ငါ့သားလေးကို ကျန်းမာပါရဲ့လား၊ တရားထိုင်ရတာ အဆင်ပြေရဲ့လား စတာတွေမေးပြီး အောင်ပုဗ္ဗာတ်နန်း ဆီပြန်ခဲ့ပါ။ ဓာတ်နန်း ပြန်ရောက်ပြီး အဝတ်အစားတွေ မလဲမချင်း မင်းကိုယ် မင်း အမေရိကန်တစ်ယောက်လို သဘော ပေါက်နေရမယ်"

လို့ မိန့်ထားခဲ့ပါတယ်။

ဒါကြောင့်လည်း တီရှပ်၊ ဂျင်း ဘောင်းဘီ၊ လမ်းလျှောက်ဖိနပ် စတာ တွေ ဆင်မြန်းပြီး အမေရိကန်တစ် ယောက်ဟန်ပန်နဲ့ (၁၄) လမ်း ခြံဝဆီ သွားခဲ့တယ်။ အစောင့်နှစ်ဦးဖြစ်ကြတဲ့ မငွေပွားနဲ့ မကြာဖြူတို့ ခြံတံခါးလာဖွင့် ပေးကြတယ်။ ကျွန်တော်ကတော့ နာမ် ကိန်းရှင်ဆီ ဆက်လျှောက်သွားခဲ့တယ်။ အဘမိန့်ထားတဲ့အတိုင်း နာမ်ကိန်းရှင်က လည်း ကျွန်တော်နဲ့ ခေတ္တသာ စကား ပြောတယ်။ ဒီလိုနဲ့ ၁၉၈၉ ခုနှစ်ထဲမှာ အဘခိုင်းတဲ့အတိုင်း အမေရိကန်လူမျိုး ဧည့်သည်တစ်ဦးအဖြစ် ဟန်ဆောင်ခဲ့ရ တယ်။

၂၀၀၉ ခုနှစ်၊ မေလ ၃ ရက်နေ့မှာ အမေရိကန်နိုင်ငံသား ဂျွန်ယက်တော က အင်းယားရေပြင်ကို ဖြတ်ကူးပြီး ဒေါ်အောင်ဆန်းစုကြည်၏အိမ်အတွင်း ကို မဖိတ်ခေါ်ဘဲ ရောက်သွားခဲ့လို့ ဂျွန်ယက်တောကို နိုင်ငံတော်အသရေ ဖျက်မှုနဲ့ တရားစွဲပြီး ဒေါ်အောင်ဆန်း စုကြည်ကိုလည်း နေအိမ်အကျယ်ချုပ် ချိုးဖောက်တယ်လို့ တရားစွဲဆိုပြီး အင်း စိန်အကျဉ်းထောင်ဆီ ရွှေ့ပြောင်းချုပ် နှောင်ထားလိုက်တဲ့သတင်းကို ကြားရ တယ်။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် နေ့မှာ တရားရုံးက ဒေါ်အောင်ဆန်း စုကြည်ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၃) နှစ် ပြစ်ဒဏ်ချလိုက်ပေမယ့် လျှော့ ပေါ့ပေးပြီး နေအိမ်အကျယ်ချုပ် (၁၈) လ တိုးမြှင့်ခဲ့တယ်။

ဂျွန်ယက်တောကတော့ ဒေါ် အောင်ဆန်းစုကြည် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိနေလို့ ကောင်းကင်ဘုံက သတိပေးခိုင်းတဲ့အတိုင်း သူသွားရောက် ခဲ့ရတာပါလို့ ပြောကြားတယ်။ ဩဂုတ် လ ၁၄ ရက်နေ့မှာ အမေရိကန်လွှတ် တော်အမတ်ဂျင်ဝက် မြန်မာနိုင်ငံရောက် လာတယ်။ အာဏာပိုင်အဖွဲ့တွေနဲ့ ဆွေး နွေးပြီး ဂျွန်ယက်တောကို အမေရိကန် ပြည်ထောင်စုပြန်ခေါ်သွားတယ်။ မြန်မာ ပြည်သားတွေအဖို့ ဂျွန်ယက်တောက ပဟေဠိတစ်ပုဒ်ဖြစ်နေတော့တယ်။ အဲဒီ ကစပြီး ကျွန်တော့်ကိုတော့ အဘသား သမီးတွေက ယက်တောလို့ ခေါ်ခဲ့ကြ တယ်။

အဘဘိုးမင်းခေါင် စေခိုင်းခဲ့သမျှ ကို ကျွန်တော်တို့ ဉာဏ်မမီ သဘော မပေါက်ပေမယ့် ကျေကျေပွန်ပွန် ထမ်း ဆောင်ခဲ့ကြတယ်။ နှစ်ပေါင်းအတန်ကြာ တော့ မျက်မြင်ကြုံရမှ ဒီအတွက် ဒါတွေ ကို ကြိုတင်ဓာတ်ယတြာဆင်ခဲ့ကြရပါ လားလို့ ကျွန်တော်တို့ သိလာကြပါ တယ်။ တိုင်းပြည်ကိုတောင် ၁၉၈၆ ခုနှစ် ကတည်းက အောင်ဆန်းခေတ် ဒုတိယ မြန်မာနိုင်ငံတော်လို့ အမည်ပေးထားပြီး ဒုတိယလွတ်လပ်ရေးအတွက် တစ်ပြည် လုံး တစ်နံ့တစ်လျား လှုပ်ရှားကြလိမ့် မယ်လို့ ကြိုတင် မိန့်ထားခဲ့ပါတယ်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်က တော့ ဂျွန်ယက်တောအဖြစ် မြန်မာနိုင်ငံ အရှုပ်တော်ပုံဇာတ်ကားမှာ သရုပ်ဆောင် ခဲ့ပြီးပါပြီ။

အောင်သန်းချစ်



www.burmeseclassic.com

*(ယခင်လမှအဆက်)*

**မေတ္တာဖြင့်စီးပွားရှာခြင်း ၂၀၁၊ ၂၀၂**

ချွေးနဲ့စာခေါ် သူတစ်ပါး မတွေးဘူး၊ မရေးဘူးသော အနှစ်သာရလေးများကို တွေးနိုင်၊ ရေးနိုင်မှ စာရေးဆရာများ၊ စာဖတ်နာသူများက ကြိုက်ကြကြောင်းတင်ပြ၍ ပြည့်စုံနေပြီဖြစ်သဖြင့် မှတ်ဉာဏ်အကြောင်းကို ပြန်ဆက်ပါမည်။ ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်ကြီးများတွင် မင်းကွန်းတိပိဋကဆရာတော်ကြီးကို ကမ္ဘာ့ဉာဏ်ပညာအကြီးဆုံးပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ထားသည့် ဆရာတော်ကြီးသည် တိပိဋကဘွဲ့ထူးကို ဉာဏ်ကောင်းအကြောင်းတစ်ခုတည်းဖြင့် ရခဲ့သည် မဟုတ်ပေ။

နေ့မနားညမနား အုပ်ရေနှစ်ဆယ်သောကျမ်းစာအုပ်ကြီးကို ကျက်ရသည်။ ကျက်ပြီးပစ်ထားလို့မရ။ နေ့စဉ် စာပြန်ရမဂ္ဂဇင်းတစ်စောင်ကို တစ်နာရီအတွင်း တစ်လုံးမကျန် အာဂုံဆောင် ကျက်နိုင်သည်။

သူ့ကို လူအများက ချီးမွမ်းကြသောအခါ မစ္စတာ ဖူးဟောလစ်က ယခုလို ပြန်ပြောတတ်၏။

“ကျွန်တော့်ကိုမွေးတဲ့နေ့က ဘယ်သူကမှ သားဖွားဆေးရုံကိုလာပြီး မှတ်ဉာဏ်ကောင်းတဲ့ဆေး မကျွေးခဲ့ပါဘူးဗျာ”

မွေးရာပါ အလိုလို မှတ်ဉာဏ်ကောင်းခြင်းမဟုတ်။ ကြိုးစားအားထုတ်ယူလို့ရတာဟု သူက ပြောလိုရင်းဖြစ်သည်။ သူသည် ငယ်စဉ်က မှတ်ဉာဏ်မကောင်းသူတစ်ယောက်သာ ဖြစ်သည်။ မှတ်ဉာဏ်နှင့်ပတ်သက်၍ အမြဲစိတ်ညစ်ခဲ့ရသူ ဖြစ်သည်။ သူသည် သာမန်အလီသူကလွဲ၍ လူတစ်ယောက်နှင့် တစ်ယောက် ပင်ကို ဉာဏ်ရည်ချင်း တူကြသည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံမှ မှတ်ဉာဏ်ဝိဇ္ဇာတစ်ဦးဖြစ်သူ ဒေါက်တာဂျိုင်းဘရားသား(စ်) မှတ်ဉာဏ်ကောင်းအောင်ကြီးစားပုံမှာ အတုယူစရာကောင်းသည်။

တစ်ခါတွင် ရုပ်မြင်သံကြားကုမ္ပဏီတစ်ခုက ပေးထားသော ခေါင်းစဉ်များအနက် ကြိုက်ရာခေါင်းစဉ်ကို ရွေးပြီး လက်တန်းမေးသော မေးခွန်းများကို ဖြေဆိုရမည်။ ဖြေဆိုနိုင်ပါက ဒေါ်လာ (၆၄၀၀၀) ဆုချမည်ဟု ကြေညာသည်။ လေ့လာမှတ်သားချိန်ကိုလည်း ရက်အတန်ကြာပေးသည်။ ဒေါက်တာဘရားသား(စ်)သည် လက်ဝှေ့ပွဲအကြောင်းကို

# စာရေးဆရာနှင့်မှတ်ဉာဏ်

**မေတ္တာရှင်(ရွှေပြည်သာ)**



သည်။ ဆရာတော်ကြီး တိပိဋက အာဂုံပြန်စဉ်က ပါးစပ်မှအမှုန်လေးတွေထွက်နေသည်ကို ဘေးမှကြည့်နေသူများက မြင်နေရသည်။ပထမတော့ တံတွေးမှုန်လေးများဟု ထင်ကြသည်။ ထို့နောက် သေချာသိနိုင်ရန်အတွက် စာရွက်အဖြူလေးနှင့်ခံကြည့်သောအခါတွင်မှ သွေးမှုန်လေးတွေဖြစ်နေကြောင်း တွေ့ကြရသည်။စာကျက်ရ စာပြန်ရလွန်းအားကြီးသဖြင့် လည်ချောင်းမှ သွေးမျှင်ကြောအသေးလေးများ ပြတ်ထွက်ပြီး ပါးစပ်မှလေနှင့်အတူ အပြင်သို့ထွက်နေခြင်းဖြစ်သည်။

မည်သည့်နေရာ၌မဆို အောင်မြင်ချင်သူများသည် သူတစ်ပါးထက် ပိုပြီး အပင်ပန်းခံ ကြိုးစားသော လမ်းဟောင်းမှတစ်ပါး တခြားဖြတ်လမ်းမရှိဟူသောအဆိုကို နောက်ထပ် သက်သေတစ်ခုထုတ်ပြချင်၍သာ ဖြစ်ပါသည်။

၂၀ ရာစုတွင် မှတ်ဉာဏ်ပါရဂူကြီးဟု သတ်မှတ်ခံရသောသူတစ်ယောက်ရှိသည်။ သူ့အမည်ကို ဘားနစ်ဖူးဟောလစ်ဟုခေါ်ကြသည်။ သူသည် စာမျက်နှာ (၉၀) ကျော်ရှိသော အမေရိကန်ပေါင်းတစ်ခု၊ ကလေးကဗျာလေးတစ်ပုဒ်ကိုပင် အပင်ပန်းခံကျက်ခဲ့ရသူဖြစ်သည်။ သည်လောက်မှ ဉာဏ်ထိုင်းချင်တဲ့ဟာ၊ ထိုင်းဦးကွာဟု မခံချင်စိတ်ဖြစ်ပြီး တွေ့ရာစာများကို အလွတ်ရအောင်ကျက်ရာမှတစ်ဆင့် အလုပ်ကသင်သွားပြီး မှတ်ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်လာခဲ့ခြင်းပင်။

သိပ္ပံပညာရှင်များနှင့် စိတ်ပညာရှင်အားလုံးတို့က သူ့ကို လက်တွေ့စမ်းသပ်ချက်အရ ဝမ်းတွင်းမှ စိတ်ရောဂါရောဂါနှင့် အခြားရောဂါကြီးများပါလာ

www.burmeseclassic.com

ဖြေဆိုရန်ယူလိုက်သည်။

သူသည် ထိုသို့ ရွေးပြီးသည်နှင့် သက်ဝေ့နှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ရှာဖွေ ဖတ်ရှုသည်။ သက်ဝေ့ဝိဇ္ဇာများ၊ လက်ဝှေ့ချန်ပီယံများ ထံ ချဉ်းကပ်၍လည်း မေးမြန်းလေ့လာသည်။ အချိန်ကြာ၍ပြိုင်ပွဲဝင်သောအခါ မေးခွန်းအားလုံးကို မှန်ကန်အောင် ဖြေဆိုနိုင်သဖြင့် ဒေါ်လာ (၆၄၀၀၀) ကို အရယူနိုင်ခဲ့သည်။ ၁၉၆၇ ခုနှစ်ခန့်က ဒေါ်လာ ဖြစ်သောကြောင့် ယခုခေတ်အနေနှင့်ဆိုလျှင် မနည်းပေ။ ဒေါက်တာဘရားသား(စ်)က မှတ်ဉာဏ်ကောင်းရန်နှင့်ပတ်သက်၍ သူ့ကိုယ်တွေ့ကို ယခုလို ဆွေးနွေးခဲ့သည်။

၁။ မှတ်သားလိုသောဆန္ဒ ပြင်းပြရမည်။

၂။ ဖွဲသန်သန်နှင့် အလေ့အကျင့် ပြုလုပ်ရမည်။

၃။ ဂရုတစိုက် မှတ်သားရမည်။

၄။ မိမိကိုယ်မိမိ ယုံကြည်ရမည်။

မှတ်ချက် - မှတ်ဉာဏ်နှင့် ပတ်သက်၍ ယခုထက် အကျယ်သိသူများသည် ဦးသာညွန့် ရေးသားသော 'မှတ်ဉာဏ်ထက်သန်လိုသော်'စာအုပ်ကို ဖတ်ပါ။ ၁၉၆၇ ခုနှစ်တွင် စာပေဗိမာန်မှ ထုတ်ဝေသည့် ဦးသာညွန့်သည် မြန်မာစာပေပညာရှင်ကြီးများဆီသို့ အပင်ပန်းခံသွားကာ မှတ်ဉာဏ်ကောင်းအောင် စာပေဖတ်ရှုမှတ်သားပုံများကိုပါ ယင်းစာအုပ်ထဲတွင် ရေးသားသည်။

ထိုပညာရှင်ကြီးတို့၏ အတွေ့အကြုံများသည် မှတ်ဉာဏ်ကောင်းလိုသူများ၊ စာရေးဆရာကောင်းဖြစ်ချင်သူများအတွက် အရေးတကြီး သိထိုက်သဖြင့် ကောက်နုတ် ဖော်ပြလိုက်ပေသည်။

ပထမဆုံး တွေ့ဆုံမေးမြန်းခဲ့သောသူမှာ ပထမဆုံး ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း ဆရာကြီးဖေမောင်တင် ဖြစ်သည်။ တက္ကသိုလ်တွင် မြန်မာစာ ပြဋ္ဌာန်းနိုင်အောင် ဆရာကြီး ကြိုးစားခဲ့ခြင်း ဖြစ်သည်။ စာရေးဆရာတိုင်း လက်ကိုင်ပြုရသည့် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

စာပေသမိုင်းစာအုပ်ကြီးကို ပြုစုခဲ့သူလည်း ဖြစ်သည်။ ထို့အပြင် ဝိသုဒ္ဓိသင်အဋ္ဌကထာနှင့် အဋ္ဌသာလိနီအဋ္ဌကထာ ပါဠိစာအုပ်ကြီးများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သော ဆရာကြီးလည်း ဖြစ်သည်။

ဆရာကြီးက မှတ်ဉာဏ်ရင့်သန်စေရန် အရေးကြီးဆုံးအချက်မှာ သတိပင် ဖြစ်သည်။ မှတ်မိချင်လျှင် သတိနှင့်ဖတ်၊ သတိနှင့် လေ့လာရမည်။ သတိနှင့်ပြုလုပ်ခြင်းသည် အမှုမဲ့အမှတ်မဲ့ ပြုလုပ်ခြင်းထက် မှတ်မိရန် လွယ်ကူသည်ဟု ပြောပြသည်။

'ဉာဏ်ရင့်သန်တယ်၊ မှတ်ဉာဏ်ကောင်းတယ်ဆိုတာ မွေးဇာတိကပါလာတာမျိုးပဲလို့ ပြောဆိုကြတယ်။ ဆရာ့အထင်တော့ တစ်ယောက်နဲ့တစ်ယောက် အနည်းအကျဉ်းတော့ ကွာခြားချင်ကွာခြားမှာပေါ့။ ဒါပေမယ့် အရေးအကြီးဆုံးကတော့ ကြိုးစားမှုပါပဲ။ ဘယ်အရာကိစ္စများမဆို အပင်ပန်းခံပြီး ကြိုးစားလေ့လာမှသာ ထူးချွန်လာတတ်တယ်။

စကော့တလန်က ပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ တောမက်ကာလိုင်းက လူတကာထက် ထူးချွန်လိုရင် ပထမဦးစွာ လူတိုင်းထက်ပိုပြီး ဆင်းရဲပင်ပန်းခြင်းကို ခံနိုင်သော ဖွဲ့သတ္တိရှိဖို့ လိုတယ်လို့ ပြောဖူးတယ်။ ဒါကြောင့် ထူးချွန်တယ်၊ တော်တယ်၊ ဉာဏ်ကောင်းတယ်ဆိုတဲ့ လူတွေဟာ ကြိုးစားလေ့ကျင့်လာတဲ့လူတွေလို့ မှတ်ရမယ်ကွယ့်'

ဟု ဆရာကြီးက မိန့်ကြားသည်။

ဆရာကြီးသည် စာအုပ်တစ်အုပ်ကိုဖတ်လျှင် အရေးကြီးသောအချက်များကို တစ်ချက်ပြီးတစ်ချက် သတိထား၍ မှတ်ကာ ဖတ်သဖြင့် စာအုပ်ပြီးဆုံးသွားသောအခါ ထိုထူးခြားသောအချက်များသည် ခေါင်းစီးစာလုံးကြီးသဖွယ် ခေါင်းထဲ၌ ကျန်နေခဲ့သည်ဟု ဆို၏။ တစ်နည်းအားဖြင့်ဆိုလျှင် စာပိုဒ်တစ်ပိုဒ်စီ၏သော့ချက်များသည် ခေါင်းထဲတွင် စွဲမြဲကျန်ခဲ့သည်ဟု ဆိုသည်။

'မှတ်ဉာဏ်ကောင်းတယ် ဆိုတာ ဖတ်တဲ့စာအားလုံး မှတ်မိရမယ်တော့ ဘယ်ဟုတ်မလဲ။ လိုတာကို မှတ်မိဖို့ အရေးကြီးတယ်ကွယ့်။ ပြီးတော့ မှတ်ဉာဏ်ကို အထောက်အကူပြုတဲ့နည်းတွေကိုလည်း အသုံးပြုရတယ်ကွယ့်။

ဆရာစာဖတ်ရင် အနားမှာ ကတ်ပြားတချို့နဲ့ ခဲတံတစ်ချောင်းထားတယ်။ သိလိုတဲ့အချက်၊ အရေးကြီးတဲ့အချက်တစ်ခုကိုတွေ့ရင် ကတ်ပြားကလေးပေါ်ရေးပြီး စာမျက်နှာနဲ့တကွမှတ်ထားလိုက်တယ်။ ဒီစာအုပ်ထဲမှာပဲ အခြားတစ်နေရာမှာ အဲဒီအချက်ကို ထပ်တွေ့ရင် အဲဒီစာမျက်နှာကိုညွှန်းပြီး ထပ်ရေးထားလိုက်တယ်ကွယ့်။ ဒီလိုကတ်ပြားလေးတွေများလာတော့ ဘာသာရပ်အလိုက် အက္ခရာထပ်စီထားလိုက်တယ်။ ဒါဟာ မှတ်ဉာဏ်ကို အထောက်အကူပြုတဲ့နည်းပဲ။ ဖတ်တော့ တစ်ခါမှတ်မိတယ်။ ကူးတော့ တစ်ခါမှတ်မိတယ်။ နောက်လိုတော့လည်း ပြန်ပြီးတော့ ကြည့်နိုင်တယ်မဟုတ်လား'

ဟု ဆရာကြီးက ဆက်ပြောသည်။

ဆရာကြီးသည် စာဖတ်သွားစဉ် စကားလုံးကောင်းကောင်းများ၊ အဖိုးတန်စကားပုံများ၊ ကိုးကားစရာကောင်းသော စာတိုစာစကလေးများကို တွေ့လျှင် ချက်ချင်းကူးယူထားလေ့ရှိသည်။ တချို့စာပိုဒ်အရှည်ကြီးများကို အတိုချုံး၍ ကူးယူထားတတ်သည်။ လူလတ်ပိုင်းအရွယ်ကမူ ဆရာကြီးသည် မိမိမှတ်သားထားသော အကြောင်းအရာသည် မည်သည့်စာအုပ်၊ မည်သည့်စာမျက်နှာတွင်ရှိကြောင်းကို တပ်အပ်သေချာပြောနိုင်ခဲ့သည်ဟု ဆိုသည်။

ဆရာကြီး ဦးဖေမောင်တင်သည် အဋ္ဌသာလိနီနှင့် ဝိသုဒ္ဓိမဂ်ကျမ်းတို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သော ပါဠိပညာရှင်တစ်ဦး ဖြစ်သည့်အလျောက် ပါဠိကဗျာ၊ ပါဠိဂါထာများကို အထူးနှစ်ခြိုက် စိတ်ဝင်စားသော ပုဂ္ဂိုလ်ဖြစ်သည့် ဆရာကြီးသည် ဓမ္မပဒဝတ္ထုများထဲမှ ဂါထာအားလုံးလိုလိုကို နှုတ်တိုက်ရရှိခဲ့သည်။ ယခု အသက် (၇၇) နှစ်အရွယ်၌ပင် ဂါထာအတော်များများကို ရရှိသေးသည်ဟု ဆိုသည်။ ဆရာကြီးသည် ပါဠိကဗျာကိုမဟုတ်။ အင်္ဂလိပ်ကဗျာများကိုလည်း အာဂုံဆောင်ထားခဲ့သည်။

ကဗျာများတွင် စကားလုံးပြေပြစ်ခြင်း၊ လိုင်းထဘိသကဲ့သို့ အသံအနိမ့်၊ အမြင့်ရှိခြင်း၊ ကာရန်ညီခြင်းတို့ကြောင့် ရွတ်ဆို၍လည်း ကောင်းသည်။ ရွတ်ဆိုစဉ်တွင် စိတ်လည်းပျော်သည်။ နှုတ်တက်ရရှိရန်လည်းလွယ်ကူသည်။ ကဗျာကိုလည်း နှုတ်တက်ကျက်ထားခြင်းသည် နောင်အခါ အကြောင်းရပ်တစ်ခုခုကို မိမိရေးသား ပြောဆိုမည့်အခါ စကားလုံးများကို အလွယ်တကူ ကောက်ယူ၍ ရနိုင်သည်ဟု ဆရာကြီးက မိန့်ကြားသည်။

ဆရာကြီးသည် စာပေကိုသာ
သတိထား၍ ဖတ်သည် မဟုတ်။ လမ်း
လျှောက်စဉ် သို့မဟုတ် ခရီးသွားစဉ်တွင်
လည်း ပတ်ဝန်းကျင်ကို ဂရုမူသည်။ မိ
တွေ့ဆုံသောပုဂ္ဂိုလ်များအပေါ်တွင်လည်း
စိတ်ဝင်စားမှုရှိသည်။ မစ္စတာလု(စ်)နှင့်
မစ္စတာဖာနီဗယ်(လ်)တို့ ရန်ကုန်၌ ရှိ
စဉ် ဆရာကြီးသည် ညနေဘက်တွင်
သူတို့နှစ်ဦးနှင့်အတူ အင်းယားက
စောင်း၌ လမ်းလျှောက်လေ့ ရှိသည်။
မစ္စတာလု(စ်)နှင့် မစ္စတာဖာနီဗယ်(လ်)
တို့သည် လမ်းလျှောက်ရင်း စာပေအ
ကြောင်းများ၊ ကမ္ဘာ့ရေးရာများ၊ အကျ
ခာတ်အားအကြောင်း စသည်ဖြင့် လေး
နက်သော ဘာသာရပ်များကို ဆွေးနွေး
လေ့ရှိသည်။

ဆရာကြီးမူကား ပတ်ဝန်းကျင်ရှိ
သစ်ပင်ပန်းပင်များ၊ ရာသီအလိုက်ပွင့်
ကြသောပန်းများ စသည်တို့ကို လေ့လာ
မှတ်သားရင်း လမ်းလျှောက်လေ့ရှိသည်
ဟု ဆို၏။ တစ်ခါတစ်ရံ မိတ်ဟောင်း
ဆွေဟောင်းများနှင့် တွေ့ကြုံပြန်လျှင်
လည်း နှုတ်ခွန်းဆက်သပြီးလျှင် ယခု
ဘယ်မှာနေသည်၊ ဘာအလုပ်အကိုင်
လုပ်နေသည် စသည်ဖြင့် မေးစမ်းလေ့ရှိ
သည်။ ထိုပုဂ္ဂိုလ် ကျော်လွန်သွားသည့်
အခါမှ မစ္စတာလု(စ်)နှင့် မစ္စတာဖာနီ
ဗယ်(လ်)တို့က ထိုသူသည် မည်သူမည်
ဝါဖြစ်ကြောင်းကို ဆရာကြီးအား မေး
မြန်းလေ့ရှိကြသည်။

ဆရာကြီးက မည်သူမည်ဝါဖြစ်
ကြောင်း ပြန်ပြောသည့်အခါ ထိုပုဂ္ဂိုလ်
မှာ မစ္စတာလု(စ်) သို့မဟုတ် မစ္စတာ
ဖာနီဗယ်(လ်) ၏ သိဟောင်းကျွမ်း
ဟောင်းဖြစ်တတ်သည်။ ထိုအခါ မစ္စတာ
လု(စ်)နှင့် မစ္စတာဖာနီဗယ်တို့က မိမိတို့
က နှုတ်ခွန်းဆက်ခြင်းမပြုလိုက်ရသဖြင့်
ဝမ်းနည်းကြောင်း ပြောပြတတ်သည်ဟု
ဆိုလေသည်။ ဤကား ဆရာကြီး၏ ဝနု
စိုက်မှတ်သားခြင်း၏ အကျိုးကျေးဇူး
များပင် ဖြစ်၏။

## ဦးဘဘော

မြန်မာလူမျိုးတို့အား မျက်စိဖွင့်
ပေးသူတစ်ဦးလည်းဖြစ်၊ လွတ်လပ်ရေး
တိုက်ပွဲများတွင် ခေါင်းဆောင်ခဲ့သူတစ်
ဦးလည်းဖြစ်သော နိုင်ငံရေးခေါင်းဆောင်
ဟောင်းကြီးတစ်ဦးဖြစ်သူ ဦးဘဘော
စာပေလေ့လာခဲ့ပုံ၊ မှတ်ဉာဏ်ရင့်သန်
လေ့ကျင့်ခဲ့ပုံနည်းများကို ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပါဦးမည်။ စာရေးသူသည် ခေါင်းဆောင်ကြီး ဦးဘဘေနှင့် သွားရောက်တွေ့ဆုံသည့်အချိန်တွင် ဦးဘဘေသည် အသက် (၈၃) နှစ်ပင် ရှိနေလေပြီ။

သို့သော် ဘကြီးဘဘေသည် အင်္ဂလိပ်-မြန်မာမဂ္ဂဇင်းသတင်းစာတစ်စုံကြီးကို အနီးတွင်ချလျက် လေ့လာဖတ်ရှုနေသည်ကိုတွေ့ရသည်မှာ အလွန်ပင် နှစ်သက်အားရစရာကောင်းလှပါသည်။ စာပေလေ့လာပုံအကြောင်းနှင့် ပတ်သက်၍ ဘကြီးဘဘေက ပြောပြသည်မှာ -

'ကျုပ်ကျောင်းသားဘဝတုန်းက ဆိုရင် စာဖတ်ရင် အနားမှာ ခဲတံတစ်ချောင်း၊ အဘိဓာန်တစ်အုပ်၊ မှတ်စုစာအုပ်တစ်အုပ်ထားပြီး ဖတ်လေ့ရှိတယ်။ စာတစ်ပိုဒ်ကို ဖတ်သွားရင်း နားမလည်တဲ့စာလုံးတစ်လုံးပါရင် ချက်ချင်းအဘိဓာန်ဖွင့်ပြီးကြည့်လိုက်တာပဲ။ နားမလည်တဲ့စာလုံးကို ဘယ်တော့မှကျော်သွားပြီးဖတ်လေ့မရှိဘူး။ အဲဒီစာလုံးဟာ စကားဆက်နဲ့ဖြစ်ဖြစ်၊ အခြားအကြောင်းတစ်ခုနဲ့ဖြစ်ဖြစ် ဆက်စပ်ပြီး မှတ်မိနိုင်ပြီလို့ထင်ရင် မကူးထားဘူး။

စာလုံးကလည်းပြောင်းတယ်၊ မှတ်သားစရာလည်းကောင်းတယ်ဆိုရင်တော့ ချက်ချင်း စာအုပ်ထဲမှာ ကူးထည့်လိုက်တာပဲ။ အဲဒီလို စာတစ်ပိုဒ်ကို ဖတ်လို့ ...စေ့ပတ်စေ့ နားလည်ပြီဆိုမှ နောက်တစ်ပိုဒ်ကို ဆက်ဖတ်တယ်။ နားမလည်သေးဘူးဆိုရင်တော့ ထပ်ပြီးဖတ်ရတယ်။ စာအုပ်တစ်အုပ်ဖတ်တယ် ဆိုပါတော့။ ပထမ နှစ်ခန်း၊ သုံးခန်းကို ဒုက္ခခံပြီး အဲဒီလိုဖတ်လိုက်ရင် ကျန်တဲ့အခန်းတွေအတွက် တော်တော်လွယ်သွားတယ်ကွယ့်။ စာအုပ်တစ်အုပ်ကို ဖတ်ပြီးတဲ့နောက် (၁၅) ရက်၊ (၁) လ ဆိုသလိုကြာတဲ့အခါ ဒီစာအုပ်ကိုပဲ ဒုတိယအကြိမ် ထပ်ဖတ်တယ်။ လွယ်တဲ့စာအုပ်...ဆိုရင်တော့ တစ်ကြိမ်တည်းနဲ့ ပြီး...တာပေါ့။ ဒီလို မှတ်မှတ်သားသားဖတ်...တဲ့နောက် စာအုပ်ပြီးသွားတယ်ဆိုရင် ...အုပ်ကို ပိတ်လိုက်ပြီး ဒီစာအုပ်ထဲက ...တာတွေမှတ်မိသလဲ၊ ဘယ်အချက်ကို ...တကယ်ကျေညက်ရဲ့လားလို့ မေးခွန်း...တ်ပြီး တိုက်ကြည့်ရတယ်ကွယ့်။ စာ...အုပ်နောက်ပိုင်းမှာ အညွှန်းပါတဲ့စာအုပ်...ဆိုရင်တော့ အဲဒီအညွှန်းကို တစ်ခုကြည့်...၊ ဘယ်လောက်မှတ်မိသလဲ ပြန်စဉ်း...းလိုက်လုပ်တော့တာပဲ။

ကိုယ်မသိချင်တာ၊ ကိုယ်နဲ့မဆိုင်တာပဲကိုတော့ ဖယ်ထားတာပေါ့။ အညွှန်းကိုမြင်ရုံနဲ့ အဲဒီအကြောင်းရပ်ခေါင်းထဲမှာ ချက်ချင်းပေါ်မလာရင် စာအုပ်ကိုလှန်ပြီး ချက်ချင်းပြန်ကြည့်တော့တာပဲ။ ဒီအလေ့အကျင့်ကတော့ ခုကိုင်အောင်ပါပဲ။ ဒီနည်းကို ညွှန်းပေးခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ကျုပ်တို့ခေတ်က ပါမောက္ခတစ်ဦးဖြစ်တဲ့ မာရှယ်အင်းလေးပဲ ဖြစ်တယ်'

ဟု ဘကြီးဘဘေက ပြောပြသည်။

ဘကြီးဘဘေသည် စာအုပ်တစ်အုပ်ကို ဖတ်သွားစဉ် အကြောင်းတစ်ခုနှင့် ပတ်သက်၍ ထိုစာအုပ်ရေးသူက အခြားစာအုပ်ကို ကိုးကားထားသည်ဖြစ်စေ၊ အခြားစာအုပ်တစ်အုပ်မှ ထုတ်နုတ်ထားသည်ကိုဖြစ်စေ တွေ့ရသည့်အခါ ထိုမျှနှင့်မတင်းတိမ်ဘဲ စာရေးဆရာ ကိုးကားသော မူရင်းစာအုပ်ကို မရအရရှာဖွေ၍ ဖတ်ရှုတတ်လေသည်။

ရှိတ်စပီးယား၏ စာပေများကို လေ့လာသည့်အခါ ရှိတ်စပီးယားသည် ဤအကြောင်းကို ဤစာအုပ်၌ မည်သို့ဖွဲ့ဆိုထားသည်၊ ထိုစာအုပ်၌ မည်သို့ဖွဲ့ဆိုထားသည်ဟု နှိုင်းယှဉ်ဖတ်ရှုရမှ ပိုမိုအရသာရှိသည်ဟု ဆို၏။ ရှိတ်စပီးယား၏စာပေကို အရသာခံလိုမူ သူ့စာအုပ်တစ်အုပ်တည်း ဖတ်ရှု၍ သိနိုင်မည်မဟုတ်သဖြင့် ဘကြီးဘဘေသည် ရှိတ်စပီးယားရေးသားသော ပြဇာတ်အားလုံးကို ဖတ်ရှု လေ့လာခဲ့သည်ဟု ဆို၏။

ဘကြီးဘဘေသည် စာပေလေ့လာသည့်အခါ စာအုပ်ထဲတွင် မင်နီ၊ မင်ပြာတို့ဖြင့် ပွေရှုပ်နေအောင် မျဉ်းသားခြင်း၊ ရေးခြစ်ခြင်းပြုလုပ်တတ်သူမဟုတ်ပေ။ အလွန်အရေးကြီးသောအချက်များကို တွေ့ရှိလျှင် စာကြောင်းအောက်တွင် မျဉ်းသားမည့်အစား စာကြောင်းများနံဘေးတွင် အနည်းငယ် မျဉ်းသား၍ မှတ်သားတတ်လေသည်။ စာပေကိုနှုတ်တက်ကျက်ခြင်းထက် အဓိပ္ပာယ် နားလည်အောင် ကျေကျေညက်ညက် ဖတ်ခြင်းကို ပိုမိုနှစ်သက်သည်ဟု ဆိုသည်။

ဘကြီးဘဘေအဖို့ မှတ်မှတ်သားသား နှုတ်တိုက်ကျက်ခဲ့သော စာပေများစွာမှာ သဂြိုဟ်ကျမ်းနှင့် သီချင်းကြီးသီချင်းခံများပင် ဖြစ်သည်။ အခြားပျို့ကဗျာများ၊ မှတ်ဖွယ်မှတ်ရာတို့ကိုမူ ခရီးသွားဟန်လွှဲ ဆိုသလို သာမန်ဖတ်သွားရုံမျှဖြင့် အာရုံရခဲ့သည်ကများသည်ဟု ဆိုသည်။ မဟာဂီတ ဝိသောဓနီကျမ်းပြုဒေဝဏ္ဏနွာ ဦးမောင်ကြီးနှင့် အဆိုကျော်ဦးလူကလေးတို့မှာ ဘကြီးဘဘေနှင့် ဆိုးဖက်တီးဖက်များ ဖြစ်သည်ဟု ဆိုသည်။

ဘကြီးဘဘေသည် သီချင်းကြီး သီချင်းခံ အတော်များများကို ရရှိခဲ့သည်ဟု ဆို၏။ စာရေးသူနှင့် တွေ့ဆုံစဉ်က မြမြမောင်းမောင်းပတ်ဖျိုးကို ခပ်တိုးတိုးညည်းရင်း ယခုမူများမှာ ယခင်မူများနှင့် မတူကွဲပြားနေကြောင်းကို ထောက်ပြပါသေးသည်။ နိုင်ငံရေးအဖြစ်အပျက်၊ ပုဂ္ဂိုဟ်ရေးရာ အစရှိသည့် အကြောင်းရပ်များကို မှတ်မိခြင်းနှင့် ပတ်သက်၍ ဘကြီးဘဘေက-

'ကျုပ်ကတော့ သတင်းစာဆရာလည်းဖြစ်၊ နိုင်ငံရေးသမားလည်းဖြစ်ဆိုတော့ မြန်မာနိုင်ငံရေးအဖြစ်အပျက်တွေဆိုရင် စဉ်းစားလိုက်တာနဲ့ တသီတတန်းကြီးပေါ်လာတော့တာပဲ။ ကျုပ်က မောင်တို့လို စာအုပ်တွေ ရှာဖွေဖတ်နေစရာ ဘယ်လိုလိမ့်မလဲ။ ရာဇဝင်ဇာတ်ကောင်အဖြစ်နဲ့ ပါဝင်ကပြရတဲ့လူ ဆိုတော့ အတိတ်ရော ပစ္စုပ္ပန်ပါ အားလုံး မှတ်မိနေတာပေါ့။ တစ်လောက မိတ်ဆွေတစ်ယောက် ရောက်လာပြီး မေးတယ်။ မြန်မာပြည်ကို ဝေလမင်းသား (နန်းစွန့်သွားသော အက်ဒွပ်ဘုရင်) ဘယ်တုံးကလာသလဲလို့။ ကျုပ်က ဝေလမင်းသားဟာ ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလမှာ ရန်ကုန်ကို ရောက်တယ်။

အဲဒီတုန်းက နိုင်ငံရေးသမားတွေဖြစ်ကြတဲ့ ဦးချစ်လှိုင်၊ ဦးကွန်း၊ ဦးဘလှိုင်၊ ဦးဘဦး (မန္တလေး)၊ ဦးစိန်း (မြန်မာ့အလင်း)၊ ဦးဘစိ၊ စီပီခင်မောင်တို့ကို ဝေလမင်းသားမရောက်မီ ဟိုပို့ဒီပို့ပို့ထားလိုက်တယ် မဟုတ်လားလို့ ပြောလိုက်တော့ သူလည်း အတော်အံ့ဩသွားတယ်ကွယ့်'

ဟု ဘကြီးဘဘေက ဆက်လက်ပြောပြသည်။

ဘကြီးဘဘေသည် ထိုအဖြစ်အပျက်များကိုသာမက နေရာဌာနများကိုလည်း ကောင်းစွာမှတ်မိလေသည်။ လမ်းသွားလျှင် သတိထား၍ လေ့လာ မှတ်သားလေ့ရှိသဖြင့် ယခင်ကတည်းကရှိခဲ့သော အဆောက်အအုံကြီးများ၊ ဈေးဆိုင်ကနားများ၊ နေရာဟောင်းများတွင် အသစ်ဆောက်လုပ်ထားသော အဆောက်အအုံသစ်များ စသည်တို့ကို မှတ်မှတ်သားသားပြောစွမ်းနိုင်ပေသည်။

လူ၏ပုံပန်းသဏ္ဌာန်ကို မှတ်မိခြင်း



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပတ်သက်၍ကား ရုပ်ပြောင်းနေသူများကို ရုတ်တရက် မှတ်မိရန် ခဲယဉ်းသည်ဟု ဘကြီးဘဘောက ပြောပြသည်။ သို့ရာတွင် လူကို မှတ်မိခြင်းမှာ ဘိုင်စကယ်စီးတတ်ခြင်းနှင့် တူသဖြင့် ပထမတွင် မေ့လျော့နေတတ်သော်လည်း အဆက်အစပ်များကို တစ်ယောက်ယောက်က သတိဖော်ပေးလျှင်သော်လည်းကောင်း၊ ချက်ချင်း ပြန်လည်သတိရမိလာတတ်သည်ဟု ဘကြီးဘဘောက ဆိုပါသည်။

ဘကြီးဘဘောသည် နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည့်အတိုင်း ဥပဒေပြုကောင်စီထဲ၌ လည်းကောင်း၊ အပြင်၌လည်းကောင်း များစွာဟောပြောခဲ့ရသောပုဂ္ဂိုလ် ဖြစ်၏။ ထိုသို့ ဟောပြောခဲ့ရာများတွင် စာရွက်ဖြင့်ရေးသားဟောပြောခြင်းများ မရှိသလောက်ဖြစ်သည်ဟု ဆိုသည်။ မိမိ ဟောပြောလိုသည့် အချက်အလက်များကို တင်ကူးရှာဖွေပြီးလျှင် ကျေကျေညက်ညက်ဖြစ်အောင် လေ့လာထားပြီးနောက် အချက်အလက်များကို ဟောပြောမည့် အစီအစဉ်အတိုင်း ခေါင်းစဉ်ကလေးများအဖြစ် ရေးသားထားလိုက်သည် ဆို၏။

တရားဟောစင်မြင့်ပေါ်သို့ တက်သည့်အခါ ခေါင်းစဉ်ကလေးများကို ရေးထားသောစာရွက်ကို ရှေ့တင်ချ၍ ဟောပြောလေ့ရှိသည်ဟု ဆိုသည်။ ဟောပြောရသည်မှာ မပင်ပန်းလှ။ ကြံစည်စိတ်ကူးရှာဖွေရသည်မှာ ပင်ပန်းလှသည်။ သူတစ်ပါးကမေးလျှင် မည်သို့ဖြေရမည်ကိုလည်း ကြိုတင်စဉ်းစားထားရသည်ဟု ပြောပြပါသည်။

ဥပဒေပြုကောင်စီထဲ၌ လည်းကောင်း၊ ဘိလပ်မျက်နှာစုံညီဆွေးနွေးပွဲများ၌ လည်းကောင်း၊ သူတစ်ပါး၏ မိန့်ခွန်းကို ပြန်လည်ချေပရသည့်အခါမျိုးလည်းကောင်း များစွာ ကြုံကြိုက်ခဲ့သည်ဟု ဆိုသည်။ ထိုအခါမျိုးတွင် ဘကြီးဘဘောသည် တစ်ဖက်သား၏မိန့်ခွန်းကို သတိကြီးစွာဖြင့် နားစိုက်ပြီးလျှင် ယင်းမိန့်ခွန်းထဲမှ လိုရင်းအချက်တို့ကို တစ်ချက်ပြီးတစ်ချက် မှတ်ယူထားလိုက်သည်။

မိမိက ပိုင်နိုင်စွာ ချေပနိုင်မည့် အချက်ကိုလည်း မျဉ်းသား၍ မှတ်ထားလိုက်သည်။ ဤသို့ဖြင့် ပြန်လည်ချေပနိုင်စွမ်းရန်အတွက် မှတ်ဉာဏ်သည် အလွန်အရေးကြီးသည်ဟု ဘကြီးဘဘောက ဆိုပါသည်။ ရုတ်တရက် ချေပနိုင်ရန်အတွက် ယခင်က လေ့လာထားသော ဗဟုသုတရှိရမည်။ ဥပမာဥပမေယျပညာရှိရမည်။ အလားတူကိစ္စများတွင် ဆောင်ရွက်ခဲ့သော ထုံးတမ်းစဉ်လာများကိုလည်း သိရသည်။

ထိုအချက်များကို ချက်ချင်း ပြန်လည် အမှတ်ရမှသာ မိမိချေပချက် ခိုင်လုံပြီး အသာရနိုင်ပေသည်ဟု ဘကြီးဘဘောက ပြောပြသည်။ ဘကြီးဘဘောကား ယနေ့တိုင်အောင် စာပေ၌ လည်းကောင်း၊ ဗဟုသုတ၌ လည်းကောင်း ရောင့်ရဲတင်းတိမ်ခြင်းမရှိ လေ့လာ စည်းပူးလျက်ရှိသည်ဟု အတုယူစရာကောင်းလှသည်။

**ဒေါက်တာဘဟန်**

ဥပဒေပညာရှင်ကြီးလည်း ဖြစ်၊ အဘိဓာန်ကျမ်းပြုပုဂ္ဂိုလ်ကြီးလည်း ဖြစ်သော ဥပဒေပါမောက္ခဟောင်း ဒေါက်တာဘဟန်က မိမိစာပေလေ့လာခဲ့ပုံနှင့် မှတ်ဉာဏ်ရင့်သန်လာပုံအကြောင်းများကို အောက်ပါအတိုင်း ပြောပြပါသည်။

'ဆရာတို့ ကျောင်းသားအရွယ်တုန်းက မှတ်ဉာဏ်ရင့်သန်စေနည်း စာအုပ်တို့၊ မှတ်ဉာဏ်အတွက် အထောက်အကူပြုတဲ့စာအုပ်တို့ မပေါ်သေးဘူးကွယ့်။ ရန်ကုန်မှာလည်း မရှိသေးဘူး ဆိုပါတော့။ ဆရာတို့က ကိုယ့်ဘာသာကိုယ် ကြိုးစားပြီး ကိုယ့်နည်းနဲ့ကိုယ် လေ့လာ မှတ်သားခဲ့ရတာပါပဲ။ ဆရာငယ်စဉ်တုန်းက မအူပင်မြို့ အလယ်တန်းကျောင်းမှာ ပထမ စာသင်ခဲ့ရတယ်။ မိခင်ကြီးကလည်း ဆရာမဖြစ်တော့ မိခင်ကြီးရဲ့ စောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာခဲ့ရတယ်။ မိခင်ကြီးရဲ့ ဆုံးမပဲ့ပြင်မှုဟာ ဆရာ့ရဲ့ဘဝကို များစွာ အထောက်အကူပြုခဲ့တယ်။ဩဇာလည်း လွှမ်းမိုးခဲ့တယ်ကွယ့်။ မိခင်ကြီးက အင်္ဂလိပ်စာကို တစ်နေ့တစ်လုံးစီကျက်ခိုင်းတယ်ကွယ့်။ ဆရာကလည်း မပျက်မကွက် ကျက်လာလေတော့ တစ်နေ့မှာ စကားလုံးအသစ်တစ်လုံးတစ်လုံးစီတိုးလာခဲ့တာပေါ့။

နောက် ရန်ကုန်မြို့ရောက်လာပြီး စိန့်ပေါ(လ်)ကျောင်းမှာ စာသင်တယ်။ ပြီးတော့ ကာလကတ္တားမြို့မှာ သွားသင်တယ်။ ဘီအေစာမေးပွဲကိုတော့ ရန်ကုန်တက္ကသိုလ်ကပဲအောင်ခဲ့တယ်။ ဟိုတုန်းက ဘီအေမှာဆိုရင် သိပ္ပံဘာသာနဲ့ဝိဇ္ဇာဘာသာ နှစ်ခုလုံးကို သင်ရတယ်ကွယ့်။ ဘီအေအောင်ပြီးတဲ့နောက် သိပ္ပံဌာနမှာ သရုပ်ပြဆရာအဖြစ်နဲ့ ဆောင်ရွက်ရ
တယ်။လခလည်းရတယ်။စာပေလေ့လာ
ဖို့လည်း အခွင့်အလမ်းရတာပေါ့။ ဆရာ
အဖို့ စာပေလေ့လာရတာ၊ မှတ်ရတာ
သားရတာ အပျော်ဆုံးပဲကွယ့်။ ဆရာက
အင်္ဂလိပ်ဝတ္ထုတွေများများဖတ်တယ်။

ဝတ္ထုဖတ်တဲ့အကျိုးက အင်္ဂလိပ်
တွေ နေ့စဉ်သုံးနေကျ စကားတွေကို နား
လည်လာတယ်။ စကားလုံးကြွယ်ဝေ
တယ်။ ပြီးတော့ အင်္ဂလိပ်စကားပြော
အတွက် အထောက်အကူရတယ်ကွယ့်။
သရုပ်ပြဆရာအဖြစ်ကထွက်ပြီး အတွင်း
ဝန်ရုံးစာတော်ပြန်ဌာန ဦးထွန်းငြိမ်းလက်
အောက်မှာဝင်ပြီး အလုပ်လုပ်တယ်။ ဒီ
တော့ ဆရာ့ စာပေဗဟုသုတနယ်ပယ်
ပိုပြီး ကျယ်ပြန့်လာတာပေါ့။ ဦးထွန်း
ငြိမ်းက 'မောင်ဘဟန်က အင်္ဂလိပ်စာကို
နိုင်နိုင်နင်းနင်းတတ်ပေမယ့် မြန်မာစာမှာ
မနိုင်သေးဘူး' ဆိုတာနဲ့ ဆရာလည်း မခံ
ချင်စိတ်နဲ့ ရဟန်းလူထွက်တစ်ဦးထံမှာ
သဒ္ဒါတို့၊ ပါဠိဂါထာတို့၊ ဗုဒ္ဓဘာသာဝင်
စာပေတို့ အထူးလေ့လာခဲ့တယ်။

အဲဒီမှာလုပ်နေတုန်းက ဦးထွန်း
ငြိမ်းက အဘိဓာန်တစ်အုပ်ပြုစုတော့
ဆရာအများကြီးအကူအညီပေးခဲ့တယ်။
ဦးထွန်းငြိမ်းစာအုပ်မှာ ဆရာ့လက်ရာ
တွေ အများကြီးပါတာပေါ့။ အဲဒီအချိန်
က ဆရာ့အသက်ဟာ (၂၈) နှစ်ပဲရှိသေး
တယ်။ မဟာဝိဇ္ဇာစာမေးပွဲကို အတွင်း
ဝန်ရုံးမှာ အလုပ်လုပ်စဉ်မှာ အပြင်
ကျောင်းသားအနေနဲ့ ဝင်ရောက်ဖြေဆို
ခဲ့တယ်။ အဲဒီမဟာဝိဇ္ဇာစာမေးပွဲအတွက်
အင်္ဂလိပ်ဝတ္ထုပေါင်းသုံးရာကျော်လောက်
လေ့လာခဲ့ရတယ်။ အဲဒီ ဗဟုသုတတွေ
ဟာ ဆရာအဖို့ အခုတိုင်အောင် အသုံး
ဝင်နေတာကွယ့်'

ဟု ပြောကြားသည်။

ပါမောက္ခကြီး ဒေါက်တာဘဟန်
သည် စာပေလေ့လာသည့်အခါ ခဲတံ
တစ်ချောင်းနှင့် မှတ်စုစာအုပ်တစ်အုပ်
ကို အနီးတွင်ထား၍ လေ့လာလေ့ရှိ
သည်။ စာလုံးလှလှလေးဖြစ်စေ၊ တစ်ပုဒ်
ကောင်းကလေးဖြစ်စေ တွေ့လျှင် ထို
မှတ်စုစာအုပ်ထဲသို့ ချက်ချင်း ကူးသွင်း
လိုက်သည်။ ပါမောက္ခကြီးသည် ယနေ့
တိုင်အောင် ထိုနည်းကို ကျင့်သုံးလျက်ရှိ
သည်ဟု ဆိုသည်။ ထိုသို့ မှတ်စုစာအုပ်
ထားခြင်းသည် အဘိဓာန်ပြုစုရာ၌ များ
စွာ အထောက်အကူရသည်ဟု စာရေးသူ
အား ပြောပြသည်။

'တချို့သူတွေက မှတ်စုစာအုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှ ရေးမှတ်ကြပါရဲ့။ ပြီးတော့ စာအုပ်ကို ပစ်ထားတတ်ကြတယ်။ ဒီတော့ ကိုယ်လိုချင်တဲ့အခါကျတော့ စာကိုရှာရမယ့် နေနေသာသာ စာအုပ်ပါ ပျောက်နေတတ်ကြတယ်။ ဒါကြောင့် စာကို လေ့လာတဲ့အခါ လိုလိုချင်ချင် လေ့လာရတယ်ကွယ့်။ မူရင်းစာအုပ်နဲ့ မှတ်စုစာအုပ်ကိုပါ ရှိရှိသေသေသိမ်းဆည်းထားရတယ်။ ပြီးတော့ မှတ်မိအောင် မကြာခဏ ပြန်လည် လေ့လာရတယ်ကွယ့်'

ပါမောက္ခကြီး ဒေါက်တာဘဟန်သည် နှုတ်တက်ကျက်နည်းမျိုးကို စိတ်မဝင်စားချေ။ မိမိနှစ်ခြိုက်သဘောကျသော စာပေများကို မကြာခဏ ပြန်လည်ဖတ်ရှုခြင်းဖြင့် နောင်တွင် အလိုလို နှုတ်တက်ရရှိလာတတ်သည်ဟု ဆိုပါသည်။ သမ္မာကျမ်းစာအုပ်ကို ထိုနည်းအတိုင်း လေ့လာခဲ့သည်ဟု ဆိုသည်။ သမ္မာကျမ်းစာကို လေ့လာရာတွင် လှပသော စကားလုံးများကို တွေ့ရခြင်း၊ ပြောင်မြောက်သော ဥပမာဥပမေယျများကို တွေ့ရခြင်း၊ ဝါကျများတိုသဖြင့် မှတ်သားရလွယ်ကူခြင်း၊ လူ၏စိတ်နေစိတ်ထား အကျင့်စာရိတ္တကို ခိုင်မာစေခြင်းအကျိုးထူးများကို ရရှိနိုင်သည်ဟု ဆိုပါသည်။ ထို့မှတစ်ပါး မြန်မာစာပေကျမ်းဂန်များတွင် ဗုဒ္ဓစာပေလွှမ်းမိုးမှုများရှိနေသဖြင့် အနောက်နိုင်ငံစာပေများကို လေ့လာလိုလျှင် သမ္မာကျမ်းစာများကို လေ့လာထားသင့်သည်ဟု ဆရာကြီး ဒေါက်တာဘဟန်က ဆိုပါသည်။

ဝတ်လုံတော်ရ ဒေါက်တာဘဟန်က ရှေ့နေလိုက်ရာတွင် မှတ်ဉာဏ်အရေးကြီးပုံကို ပြောပြသည်။ ရှေ့နေရှေ့ရပ်များသည် ကျမ်းပြုပုဂ္ဂိုဟ်များနည်းတူ အကိုးအကားမြောက်မြားစွာ ဖတ်ရှုရသည်။ ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုပုံတို့ကိုလည်းကောင်း၊ ရှေးက စီရင်ထုံးဖွဲ့ထားသော စီရင်ချက်များကို လည်းကောင်း သိရှိရန် လိုအပ်ပေသည်။

ထိုသို့ သိရှိနိုင်ရန်အတွက် အပင်ပန်းခံ၍ ဖတ်ရှုလေ့လာခြင်း၊ မှတ်သားခြင်းများသည် လွန်စွာအရေးကြီးသည်။ စာအုပ်တစ်အုပ်ထဲ၌ စီရင်ထုံးဖွဲ့ပုံတစ်ခုကို ကိုးကား ဖော်ပြထားသည်ဆိုပါစို့။ ဆရာကြီးသည် ထိုကိုးကားချက်ကို ဖတ်ရှုခြင်း ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ စီရင်ထုံးအပြည့်အစုံကို မရအရ ရှာဖွေဖတ်ရှုတတ်လေသည်။ ယုန်ထောင်ကြောင်မိဆိုသော စကားပုံအတိုင်း မိမိအလိုရှိသော အကြောင်းရင်းတစ်ခုကို ရှာဖွေရင်း တစ်ခါတစ်ရံ စိတ်ဝင်စားဖွယ်ရာကောင်းသော စီရင်ထုံးတစ်ခုကိုလည်း တွေ့ရှိတတ်လေသည်။

ထိုသို့ တွေ့ရှိသော စီရင်ထုံးကို မှတ်သားထားခြင်းဖြင့် နောင်အခါ မိမိလိုက်ပါဆောင်ရွက်ရမည့် အမှုများအတွက်များစွာ အထောက်အပံ့ရနိုင်သည်ဟု ဆိုပါသည်။ ဆရာကြီးသည် မိမိလိုက်ပါဆောင်ရွက်ခဲ့သော အမှုတွဲများကို ကောင်းစွာ သိမ်းဆည်းထားလေသည်။ နောက်တစ်ကြိမ်တွင် အလားတူအမှုနှင့် အမှုသွားအမှုလာ တူ၊ မတူကို တိုက်ဆိုင်ကြည့်လေသည်။ ကိုးကားရမည့် စီရင်ထုံးအသစ်များကို ထပ်၍ဖြည့်လေ့ရှိသည်။ ထိုနည်းမှာ အချိန်ကို တိုတိုနှင့်ခရီးပေါက်သောနည်းလမ်း ဖြစ်သည့်ဟု ဆိုသည်။

'လိုရင်းကတော့ကွယ်၊ မှတ်ဉာဏ်ထက်မြက်ချင်လို့ရှိရင် သူ့ကိုအစားကျွေးပေးရမယ်။ အလုပ်လုပ်ခိုင်းပေးရမယ်။ ကိုယ်ဘာမှမလုပ်တဲ့လူအဖို့ မှတ်ဉာဏ်သုံးစရာနေရှာ ဘယ်ရှိတော့မလဲကွယ့်။ မိမိကိုယ်တိုင်က ရှာဖွေရမယ်။ ဖတ်ရှုရမယ်။ မှတ်သားထားရမယ်။ အလိုရှိတဲ့အခါ အသုံးချကြည့်ရမတဲ့။ ဒါမှ မှတ်ဉာဏ်က တက်တက်လာမှာပေါ့'

ဒေါက်တာဘဟန်သည် အသက် (၇၆) နှစ်ရှိပြီး ဖြစ်သော်လည်း သူမိန့်ဆိုသည့်အတိုင်း လုံ့လဝီရိယကိုလျှော့သော ပုဂ္ဂိုလ် မဟုတ်ပေ။ ယခုလည်း အပတ်တကုတ် ကြိုးစားအားထုတ်လျက်၊ အလုပ်လုပ်လျက်ပင်ရှိသေးသည်။ ဆရာကြီးသည် အဘိဓာန်ပြုစုမှုတွင် ဝါသနာထုံသည့်အလျောက် ဝတ်လုံလိုက်ရင်း မအားမလပ်သည့်ကြားမှပင် အချိန်ယူလျက် ယူနီဗာစတီ အင်္ဂလိပ်- မြန်မာ အဘိဓာန်ကြီးကို လွန်ခဲ့သည့် (၁၅) နှစ်ခန့်ကစ၍ ပြုစုခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ပထမတွဲကို စတင်ပုံနှိပ်နိုင်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် နောက်ဆုံးအတွဲဖြစ်သည့် အတွဲ (၁၀) ကို စက်တင်ပုံနှိပ်လျက်ရှိသည်။ ဤမျှခက်ခဲကျယ်ဝန်းလှသောအဘိဓာန်လုပ်ငန်းကြီးကို ပါမောက္ခကြီးသည် တပည့်တပန်းများမထားဘဲ ဤမျှကာလအတွင်း ပြီးစီးအောင် တစ်ဦးတည်း ပြုစုရေးသားခဲ့သည်မှာ ပါမောက္ခကြီး၏ ဇွဲသတ္တိမှတ်ဉာဏ်တို့ကို ချီးကျူးအတုယူစရာပင် ဖြစ်တော့သည်။

**ဆရာကြီးရွှေဥဒေါင်း**

သတင်းစာဆရာ၊ ဘာသာပြန်ဆရာနှင့် ကျမ်းပြုပုဂ္ဂိုလ်ကြီးလည်း ဖြစ်သော ဆရာကြီး ရွှေဥဒေါင်းနှင့် သွားရောက် တွေ့ဆုံကာ ဆရာကြီး စာပေလေ့လာခဲ့ပုံ၊ မှတ်ဉာဏ်ထက်သန်အောင် လေ့ကျင့်ခဲ့ပုံများကို မေးမြန်းရာ ဆရာကြီးက အောက်ပါအတိုင်း ပြောပြသည်။

'ဆရာ့ကို စာပေစပြီးသင်ကြားပေးတာကတော့ ဖခင်ကြီးပါပဲ။ ဆရာ သုံးနှစ်သားအရွယ်လောက်မှာ ဖခင်ကြီးက လမ်းသွားရင်း ပခုံးပေါ် ထမ်းပြီး သွားလေ့ရှိတယ်။ ဒီလိုထမ်းချီသွားရင်း စာပေအတိုအထွာကလေးများသင်ကြားပေးခဲ့တယ်။ အဲဒီအချိန်ကစပြီး ဖခင်ကြီးသင်ပေးတာမှန်သမျှကို နှုတ်တက်သင်ယူခဲ့တာပါပဲ။ ဆရာ (၁၁)၊ (၁၂) နှစ်သားအရွယ်လောက်မှာ ဖခင်ကြီးက ဆရာ့ကို ထမ်းပြီးလမ်းလျှောက်တုန်းပဲရှိသေးတယ်။ ဆရာတို့ခေတ်တုန်းကတော့ (၁၄) နှစ်၊ (၁၅) နှစ်အရွယ်တွေဟာ လုံချည်ကွင်းသိုင်းတုန်းကိုးကွယ့်။ ဒါနဲ့ (၁၀) နှစ်၊ (၁၁) နှစ်အရွယ်မှာ ဖခင်ကြီးက သင်္ချိုဟ်သင်ပေးတော့ သင်္ချိုဟ်စိတ်ပိုင်းကို ဖခင်ကြီး ပခုံးပေါ် မှာပဲ တတ်လာခဲ့တယ်။ ဒီလိုငယ်ငယ်ကလေးကတည်းကပဲ နှုတ်တက်အာဂုံ သင်အံလာခဲ့တော့ ဆရာအဖို့နှုတ်ကျက်မှတ်ရတာဟာ သိပ်ဝန်မလေးလှပါဘူး။

စာကို နှုတ်တက်ရအောင် အထပ်ထပ်တော့ ကျက်ရတာပဲ။ ဒါပေမယ့် တခြားသူငယ်ချင်းတွေနဲ့ ပြိုင်ကျက်ရင်တော့ ဆရာက ခပ်ငစာစောခပ်မြန်မြန်ရလေ့ရှိတတ်ကွယ့်'

ဆရာကြီးသည် ငယ်စဉ်က အာဂုံဆောင်ထားခဲ့သော စာပေများအားလုံးကို အသက်(၇၇)နှစ်အရွယ် ယခုအချိန်၌ နှုတ်တက်မရရှိတော့ငြားသော်လည်း အဖိုးတန်သည်ဟု ဆရာကြီးက ယူဆထားသောစာများကိုမူ နှုတ်တက်ရသေးသည်ဟု ဆိုသည်။ ဆရာကြီးသည် ငယ်ငယ်ရွယ်ရွယ်ကကျက်မှတ်ခဲ့သောစာပေများကို ယနေ့တိုင်အောင် မှတ်မိနေခြင်းမှာ ထိုစာများကို စာရေးသည့်အခါဖြစ်စေ၊ စကားပြောသည့်အခါဖြစ်စေ မကြာခဏ ထုတ်နုတ် ကိုးကားခဲ့သည်။

ကောင်းသောစာပေများကို မိမိတစ်ယောက်တည်း အနားယူနေစဉ် အချိန်များတွင်လည်း နှုတ်လုံးသွင်းလေ့ရှိသည်ဟု ဆရာကြီးက မိန့်ဆိုသည်။

ဆရာကတော့ ပေ့ါပေ့ါဆဆနေသူ မဟုတ်ဘူးကွယ့်။ အလွန်သတိရှိ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ပြီးတော့ ဆရာက Sensitive ဖြစ်တယ်ကွယ့်။ နာလွယ်တယ်၊ သိလွယ်တယ်။ အမှတ်သညာကြီးတယ် ဆိုကြပါစို့။ ဆရာတို့ကောင်းတာလုပ်ရင်လည်း အဲဒါကိုမမေ့ဘူး၊ တော်တော်နဲ့မမေ့ဘူး။ အဲဒီ အမှတ်သညာကြီးတာတို့၊ နာတတ်တာတို့ကို ကောင်းတဲ့ဘက်မှာ လှည့်ပြီး အသုံးပြုလိုက်တော့ မှတ်ဉာဏ်အတွက် အထောက်အကူဖြစ်လာတာပါပဲ။

ဆရာက ခပ်ငယ်ငယ်ကစပြီး ဘာကိုမဆို သတိနဲ့လုပ်လာတော့ အလုပ်တစ်ခုကိုလုပ်ရင် တမင်သက်သက်သတိထားစရာမလိုဘဲ လုပ်ရိုးလုပ်စဉ်လိုဖြစ်သွားတော့တာပဲ။ ဥပမာ မနက်လေးနာရီ အိပ်ရာကထရမယ်ဆိုရင် ဘယ်သူမှ နှိုးစရာမလိုဘဲ လေးနာရီရောက်တော့ နိုးလာတာပဲ။ ဒီလိုအလေ့အကျင့် ခိုင်မာလာလေတော့ သွားစရာ၊ လာစရာကိစ္စများပေါ်လာရင် အချိန်နောက်ကျလို့ ပျက်ကွက်ရတယ်ဆိုတာမရှိဘူး။ ဆရာအဖို့ ရထားမမီလိုက်တာ၊ ကားမမီလိုက်တာဆိုတာမျိုးတွေ မဖြစ်ဖူးပါဘူး။ သူတစ်ပါးက ဖိတ်မန္တကပြုထားရင် မသွားနိုင်ရင်မသွားဘဲနေလိုက်တယ်။ သွားမယ်ဆိုရင်တော့ အချိန်မီသွားတတ်ပါတယ်"

ဆရာကြီးသည် လမ်းသွားလျှင်လည်း သတိနှင့်သွား၍ မှတ်သားစရာများတွေ့လျှင် ဂရုတစိုက် မှတ်သားထားလေသည်။ နေ့စဉ် သွားလာ နေထိုင်စဉ်တွင် ကြုံရသောအဖြစ်အပျက်၊ မြင်တွေ့ရသောအခြင်းအရာ၊ ကြားသိရသောသတင်းများကို စိတ်ဝင်စားစွာ လေ့လာခြင်းနားထောင်ခြင်း မှတ်သားခြင်းပြုလုပ်သည်မှာ နောင်အခါတွင် ဝတ္ထုရေးသားရာ၌ ထည့်သွင်းအသုံးချရန်ဆိုသောရည်ရွယ်ချက်ဖြင့်မဟုတ်ဘဲ သာမန်လုပ်ရိုးလုပ်စဉ်ကိစ္စတစ်ရပ်ပင် ဖြစ်သည်ဟု ဆရာကြီးက မိန့်ကြားခဲ့သည်။

ဝတ္ထုရေးသားလိုသည့်အခါ သို့မဟုတ် အကြောင်းရပ်တစ်ခုကို သရုပ်ဖော်လိုသည့်အခါမျိုးတွင် မိမိတွေ့ကြုံခံစားရသည့် အဖြစ်အပျက် အချက်အလက်တို့ကို ခေတ္တစဉ်းစားလိုက်ရုံဖြင့် တသီတတန်းကြီး ပြွတ်ပြွတ်သားသား ထင်ထင်ရှားရှား ပေါ်လာတတ်သည်ဟု ဆိုသည်။ ဆရာကြီးသည် နိုင်ငံခြားဝတ္ထုများကို ဘာသာပြန်ရာ၌ လည်းကောင်း၊ မှီ၍ရေးသားရာ၌လည်းကောင်း မြန်မာမှုမြန်မာဟန်များပေါ်လွင်စေရန်အတွက် ယခင် တွေ့ကြုံမှတ်သားထားသော ဗဟုသုတများကို အသုံးပြုရသည့်ဟု ဆို၏။

ယုတ်စွအဆုံး ဇာတ်ကောင်တစ်ကောင်ကို အမည်ပေးရာ၌ပင် သူဆောင်ရမည့်အကွက်နှင့် ကိုက်ညီသော အမည်ကို စိတ်ကူးဖြင့်ပေးရသည်ထက် အဖြစ်မှန်တစ်ခုခုထဲမှ ကိုက်ညီမည့်အမည်ကို ပေးလိုက်ရလျှင် ပိုမို၍ခိုင်လုံသွားသည်။ အားရှိသွားသည်ဟုထင်ကြောင်းပြောပြသည်။

ဆရာကြီးသည် လူအမည်ကိုမှတ်သားရန်ကိစ္စပေါ်လာလျှင် မိမိသိဖူးကျွမ်းဖူးသူများထဲမှ တူသော နာမည်တစ်ခုခုနှင့်တွဲ၍မှတ်သားလေ့ရှိသည်။ အကယ်၍ သိဖူး၊ ကျွမ်းဖူးသူထဲမှာ ရုတ်တရက်ရှာမတွေ့လျှင် ဆရာကြီးကိုယ်တိုင် ရေးသားဖူးသော ဝတ္ထုထဲမှဖြစ်စေ၊ ဖတ်ဖူးသောဝတ္ထုထဲမှဖြစ်စေ ဇာတ်ကောင်တစ်ကောင်၏အမည်နှင့်တွဲ၍ မှတ်သားထားခြင်း ဖြစ်သည်။ မှတ်မိရန် လွယ်ကူသည်ဟု ဆိုသည်။ ကိန်းဂဏန်းများကို မှတ်သားခြင်းနှင့်ပတ်သက်၍ ပြောပြသည်မှာ -

"ကိန်းဂဏန်းတို့၊ ရာဇဝင်ထဲက သက္ကရာဇ်တို့ မှတ်တဲ့အခါ ထွင်လုံးကလေးတွေလုပ်ပြီး မှတ်ရတယ်ကွယ့်။ ဒီထွင်လုံးလေးတွေဟာ မကြာခဏလုပ်နေကျတော့ ထွင်ဖို့နည်းလမ်းဟာ အလိုလိုပေါ်လာတတ်တယ်ကွယ့်။ သိပ်ပြီးရှည်ရှည်းဝေးဝေးစဉ်းစားမနေရဘဲ ကြံစည်ရတာလွယ်တယ်လို့ဆိုချင်ပါတယ်။ ဥပမာဆိုပါတော့၊ ဆရာရဲ့ဦးဖေစိန်းဟာ ၅ - ၁ - ၆၆ရက်နေ့ ကွယ်လွန်ခဲ့တယ်။ ရန်ကုန်မြို့၊ (၄၄) လမ်း၊ အမှတ် (၅၃) မှာနေတယ်။ ဒီတော့ ဆရာက ကြံစည်ကြည့်တယ်။ (၄၄) ကို (၄) နဲ့ (၄) ပေါင်းရင် (၈) ရတယ်။ (၅၃) ကို (၅)နဲ့ (၃) ကို ပေါင်းရင် (၈) ရတယ်။

၄ + ၄ = ၈

၅ + ၃ = ၈

အဲဒီကိန်းလေးနှစ်တန်းကို မျက်စိထဲမှာ ထင်ထင်ကြီးမြင်လာအောင် လေ့ကျင့်မှတ်သားထားတယ်ကွယ့်။ တကယ်လို့များ -

၄ + ၄ = ၈ နေရာမှာ ၆ + ၂ = ၈ ဖြစ်နေမယ်။

၅ + ၃ = ၈ နေရာမှာ ၇ + ၁ = ၈ ဖြစ်နေမယ်ဆိုရင် မျက်စိထဲမှာ တစ်ခါတည်း ကိုးရိုးကားရားဖြစ်သွားတော့တာပဲ။ ဒါဟာ ဆရာမှတ်ပုံမှတ်နည်းပုံစံတစ်ခုပါပဲ။

ကြီးကျယ် မြင့်မြတ်သော အလုပ်များကိုလုပ်ရဲဖို့နှင့် ပတ်သက်ပြီး ရခိုင်တိပိဋကဆရာတော် အရှင်ကုဏ္ဍပါလ၏ ဩဝါဒဖြင့် မှတ်ဉာဏ်ကောင်းအောင် လေ့ကျင့်ပုံအခန်းကို နိဂုံးချုပ်လိုက်ရ သည်။

မွန်မြတ်ကြီးကျယ်သောလုပ်ငန်း များကို သာမန်ပုဂ္ဂိုလ်များ မဆောင်ရွက် နိုင်ကြဘဲ ပါရမီရှင်များသာ ဆောင်ရွက် နိုင်သည်။ ပါရမီရှင်ဟုတ်၊ မဟုတ်သိနိုင် ရန် ကြီးကျယ်ခက်ခဲလုပ်ငန်းကြီးများကို ကိုယ်တိုင် အားထုတ် ဆောင်ရွက်ခြင်း အားဖြင့် စမ်းသပ်ကြည့်သင့်ပါသည်။ ကိုယ်တိုင်အားထုတ်မှုမရှိဘဲ လုပ်ငန်း ကြီးကျယ်ခက်ခဲပုံကိုတွေးဆပြီး ကြောက် ရွံ့ ဆုတ်နစ်နေလျှင် ပါရမီရှင် ဟုတ် မဟုတ် မသိနိုင်ပါ။

ဥပမာ အာမိကမ္ဘိက တိပိဋကဓ မင်းကွန်းဆရာတော်ကြီးသည် တိပိဋက ဓရစာမေးပွဲကြီး၏ ကြီးကျယ်ခက်ခဲပုံကို တွေးကြောက်လျက် အားမထုတ်ဘဲနေ ခဲ့မယ်ဆိုလျှင် ပါရမီရှင် ပုဂ္ဂိုလ်ထူးကြီး ဖြစ်မလာနိုင်ပါ။ သို့ဖြစ်လျှင် မြန်မာပြည် ၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည် လည်း ကောင်း၊ တိပိဋကဓရပုဂ္ဂိုလ်ထူးများကို မွေးထုတ်ပေးရာ တိပိဋကနိကာယ ကျောင်းတိုက်ကြီးသည် လည်းကောင်း ရန်ကုန်-မန္တလေး သာသနာ့တက္ကသိုလ် ကြီးများ စသည်တို့သည် လည်းကောင်း ဖြစ်လာနိုင်ဖွယ်မရှိပါ။

မင်းကွန်းတိပိဋကဓရဆရာတော် ကြီးသည် ပါရမီရှင်ဟုတ်၊ မဟုတ် သိရ အောင် တိပိဋကဓရစာမေးပွဲကြီးကို ကိုယ်အားထုတ် ဆောင်ရွက် စမ်းသပ်ခဲ့ ကြောင့် ပထမဦးဆုံး တိပိဋကဓရ ပါရမီ ရှင် ပုဂ္ဂိုလ်ထူးကြီးတစ်ပါး ဖြစ်လာခဲ့ပြီး မြန်မာပြည် ဗုဒ္ဓသာသနာတော်၌ ထွန်း တောက်လျက် အကျိုးပြုလုပ်ငန်းကြီး ပေါင်းများစွာကို ဆောင်ရွက်ပေးတော် မူနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပါရမီရှင် ဟုတ်၊မဟုတ် (ပါရမီရှိ၊မရှိ) သိရအောင် ကြီးကျယ်ခမ်းနား ခက်ခဲသော လုပ်ငန်း များကို တွေးကြောက်မနေဘဲ ကိုယ်တိုင် အားထုတ် ဆောင်ရွက်လျက် စမ်းသပ် ကြည့်သင့်လှပါသည်။

(တိပိဋကဓရ တိပိဋကကောဝိဒ ရခိုင်ဆရာတော်အရှင်ကုဏ္ဍပါလ)

မေတ္တာရှင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကပ်သည် ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးသည့်အစိတ်အပိုင်းများစွာဖြင့် ဖွဲ့စည်းထားသောအင်္ဂါအစိတ်အပိုင်းပင် ဖြစ်၏။ ဗိုလ်စားပဲစေ့၊ ပဲနောက်စေ့ပုံသဏ္ဌာန်ရှိ၍ အရွယ်အစားမှာ လက်သီးဆုပ်ခန့်ရှိ၏။ ခန္ဓာကိုယ်အတွက် ကျောက်ကပ်၏ အဓိကလုပ်ဆောင်မှုများမှာ သွေးများကို သန့်ရှင်းပေးခြင်း၊ ခန္ဓာကိုယ်အတွင်းရှိ အရည်များမျှတရန်ထိန်းသိမ်းခြင်း၊ ခန္ဓာကိုယ်မှ အညစ်အကြေးများ စွန့်ပစ်ပေးခြင်း၊ သွေးဖိအားထိန်းညှိပေးခြင်းနှင့်၊ ဟော်မုန်းများ ထိန်းညှိပေးခြင်း စသည်တို့ ဖြစ်သည်။


တစ်နေ့တာအတွင်း ကျောက်ကပ်၏ လုပ်ဆောင်မှုမှာ သွေးပမာဏ (၂၀၀ ကွာတ) သယ်ဆောင် သန့်စင်ပေး၍ (၂ကွာတ)ကို အညစ်အကြေးအဖြစ် စွန့်ပစ်ပြီး ရေပိုရေလျှံများကိုလည်း စွန့်ပစ်ပေးပါသည်။ အညစ်အကြေးနှင့် ရေပိုများကို ဆီးအဖြစ် ဆီးမသွားခင်အထိ သိုလှောင်ထားပါသည်။


ထိုကဲ့သို့ များလှစွာသော လုပ်ဆောင်မှုများကို အချိန်နှင့်အမျှ လုပ်ဆောင်ပေးလျက်ရှိသည့် ကျွန်ုပ်တို့၏ကျောက်ကပ်ကိုဂရုတစိုက် ပြုစုစောင့်ရှောက်ရန် လိုအပ်သည်မှာ အထူးရေးသားပြောစရာတောင် လိုမည်မထင်ပါ။ ကျောက်ကပ်၏ အခြားလုပ်ငန်း လုပ်ဆောင်ချက်များကိုလည်း အကျဉ်းချုံးတင်ပြလိုပါသည်။



# ကျောက်ကပ်ကို ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်း

စွမ်းထက်နောင်




**ကျောက်ကပ်၏လုပ်ဆောင်ချက်များ**

၁။ အညစ်အကြေးများ စွန့်ပစ်ခြင်း (Elemin)

၂။ သွေးဖိအား ထိန်းညှိလုပ်ဆောင်ပေးခြင်း (Control blood Pressure)

၃။ သွေးနီဉ ထုတ်လုပ်ရန် လှုံ့ဆော်ခြင်း (Stimulates production of red blood cells)

၄။ ဗီတာမင်ဒီဓာတ် ရရန် လှုံ့ဆော်ခြင်း (Vitamean D activation)

၅။ ဆီးကျိတ်၏လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်စေခြင်း (Prostaglandin synthesis)

၆။ ခန္ဓာကိုယ်အတွင်း အက်စစ်နှင့် အယ်ကာလီ အချိုးမျှတစေခြင်း (Acid and Base balance)

၇။ ခန္ဓာကိုယ်တွင်း အရည်များအချိုးမျှတစေခြင်း (Fluid balance)

၈။ ခန္ဓာကိုယ်အတွင်း ရေနှင့် သွေးအတွင်းရှိ ဓာတ်ပစ္စည်းများ အချိုးမျှတစေခြင်း (Electrolyte balance)

တစ်ခါတစ်ရံ ကျောက်ကပ်၏ ကောင်းမွန်သည့် လုပ်ဆောင်မှု အရည်အသွေးကို ထိခိုက်ကျဆင်းစေသည့် မဆင်မခြင် စားသောက်လိုက်သော အရက်၊ ဖျော်ရည်၊ ယမကာအစားအသောက်များကြောင့်လည်း ကံမကောင်းစွာဖြင့် အဆိပ်အတောက်များ၏ ဝန်ပိုကို ထမ်းဆောင်နေရသေး၏။

စားသောက်လိုက်သည့် အစားအစာများကြောင့် ကျောက်ကပ်များတွင် လုပ်ဆောင်မှုအရည်အသွေးများ ကျဆင်းလာပြီး ကျောက်ကပ်တွင် ရောဂါရသဖြင့် ခန္ဓာကိုယ်အတွင်း ရောဂါမျိုးစုံဖြစ်ပွားရပါသည်။ အဓိကဖြစ်ပွားသည်မှာ ကျောက်တည်ခြင်း ဖြစ်သည်။ ဆီးထဲတွင် ပါဝင်သော ဆားအမျိုးမျိုး၏ အမှုန်အမွှားလေးများသည် ကျောက်ကပ်၏ အတွင်းမျက်နှာပြင်၌ စုဝေးရောက်ရှိပြီး ကျောက်အဖြစ် ဖွဲ့စည်း ဖြစ်ပေါ်လာခြင်းပင် ဖြစ်၏။

ကျောက်ကပ်အတွင်း ကျောက်တည်ပြီဆိုပါက ခန္ဓာကိုယ်နောက်ပိုင်း ခါးနာခြင်းနှင့် ကျောက်ကပ်တည်ရှိနေရာ ပတ်ဝန်းကျင်၌ နာကျင်မှုဝေဒနာများ ခံစားရ၏။ ဆီးထဲတွင် သွေးပါလာတတ်သည်။ အဆုတ်အတွင်း ရေဝင်ခြင်းနှင့် ခြေထောက်၊ ဝမ်းဗိုက်နှင့် ခန္ဓာကိုယ်အနှံ့



www.burmeseclassic.com

www.burmeseclassic.com

တွင်ရေဝင်၍ ဖောရောင်ခြင်းလက္ခဏာ တွေ့ရ၏။ ကျောက်ကပ်သည် ခန္ဓာကိုယ် အတွင်းမှ အညစ်အကြေးအဆိပ်အပုပ် စွန့်ပစ်ထုတ်ပယ်သည့်အင်္ဂါများအနက် အရေးပါဆုံး ဖြစ်သည်။ သွေးရည်ထဲမှ အဆိပ်ကို စစ်ထုတ်ပြီး ဆီးမှတစ်ဆင့် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ပေးသည်။ ခန္ဓာကိုယ်အတွင်း အဆိပ်အပုပ်များသည် ကျောက်ကပ်၏ခံနိုင်ဝန်အားထက် ကျော်လွန်များပြားနေလျှင် ကျောက်ကပ်၏ လုပ်ငန်းစွမ်းရည် ကျဆင်းစေနိုင်ပြီး ဆီးတွင် သွေးပါခြင်း၊ ဖောရောင်ခြင်း၊ ခါးနာခြင်းဖြစ်တတ်၏။ ထို့ပြင် ကျောက်ကပ်သည် ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ပိုတက်စီယမ်၊ ဆိုဒီယမ်ဓာတ်ဆားများ ညီညွတ်မျှတအောင် ထိန်းပေးသည်။ အဆိပ်အပုပ်များ ရှင်းထုတ်မှုဖြစ်စဉ်နှင့် ဆက်စပ်နေသော ကိုယ်အတွင်းအရည် လှည့်ပတ်မှုများကို ထိန်းချုပ်ပေး၏။ ဆီးထဲတွင် အဆိပ်အတောက်အလွန်များနေ၍ အချိန်မီမစွန့်နိုင်လျှင် နောက်တစ်ဖန် စုပ်ယူသည်ကို ခံရနိုင်ပြီး သွေးရည်ထဲ ပြန်လည်ရောက်ရှိသွားလျှင် ယူရစ်အက်စစ်များ သွေးရည်ထဲတွင် များပြားလာပြီး ရောဂါမျိုးစုံဖြစ်ပွားနိုင်၍ ကျန်းမာရေးကို ဒုက္ခပေးနိုင်သည်။

ကျောက်ကပ်သည် ခန္ဓာကိုယ်၏ အညစ်အကြေးစစ်ထုတ်ပေးသောအင်္ဂါဖြစ်၍ အဆိပ်အပုပ်များစွာ စုပုံမှုကြောင့် ကျောက်ကပ်၏ လုပ်ငန်းဆောင်တာများ ဝန်ပိပြီး ထိုအဆိပ်အတောက်များသည် ကျောက်တည်ခြင်းနှင့် ဆီးအဆိပ်သင့်ခြင်းရောဂါများ ဖြစ်ရသည့် အဓိကအကြောင်းရင်း ဖြစ်ပါသည်။

လူကြီးတစ်ယောက်၏ ဆီးအိမ်တွင် ဆီးပမာဏ ၅၀၀ စီစီ ခန့် ဆန့်၏။ ၂၅၀ စီစီခန့် ပြည့်လာလျှင် ဆီးသွားချင်လာ၏။ အပြည့်ဖြစ်လာလျှင် မအောင့်နိုင်တော့ပါ။ ထို့ကြောင့် ဆီးသွားချင်လာလျှင် မအောင့်ထားသင့်ပါ။ အသက်(၅၀)ကျော်၊ (၆၀)ကျော် လူကြီးတို့၌မူ သဘာဝအရ ဆီးကျိတ်ကြီးလာ၍ ဆီးသွားခက်တတ်၊ ပိတ်တတ်သည်။ ဆီးအိမ်သည် ကျောက်ကပ်နှစ်ခုအတွင်း၌ အစဉ်အမြဲ ဖြစ်ပေါ်နေသော ဆီးများကို ထိန်းသိမ်းသိုလှောင်ထားသည်။

ဆီးလမ်းကြောင်းတစ်လျှောက် ကျောက်ကပ်မှ ထွက်ရှိလာသော ဆီးကို ဆီးအိမ်သို့ သယ်ယူသည့် ဆီးပြွန်နှစ်ခု၊ ဆီးအိမ်တစ်ခုနှင့် ဆီးအိမ်မှဆီးကို အပြင်သို့ သယ်ယူသော ကျင်ချောင်းတို့ဖြစ်၏။ ကျင်ချောင်းကို ဆီးအိမ်ဝတွင် ဆီးကျိတ် (Prostate Gland) က ဝန်းရံထား၏။ ကျင်ချောင်းသည် ဆီးထွက်ရာလမ်းကြောင်းဖြစ်သကဲ့သို့ သုက်ထွက်ရာလမ်းကြောင်းလည်း ဖြစ်သည်။ ကျောက်ကပ်ထဲမှ ဖြစ်သမျှ ဆီးသည် ဆီးပြွန်မှတစ်ဆင့် ဆီးအိမ်ထဲသို့ အမြဲကျနေ၏။ ဆီးပြွန်၌ ကျောက်တည်လျှင်၊ ဆီးအိမ်ပိတ်လျှင် ဆီးအိမ်ထဲသို့ ဆီးမကျနိုင်သဖြင့် ကျောက်ကပ်ရောဂါရနိုင်၏။ ဆီးလမ်းကြောင်းတစ်နေရာ၌ ရောဂါဖြစ်လျှင် ကျောက်ကပ်ပါ ရောဂါရ၏။ ကျောက်ကပ်၌ ရောဂါရလျှင် သွေးတိုးရောဂါပါ ရတတ်၍ သွေးတိုးရောဂါရလျှင် နှလုံးရောဂါ၊ ဦးနှောက်သွေးကြောပြတ်ရောဂါများပါ ရတတ်၏။ အမိုက်ကအစ ပြာသာဒ်မီးလောင်ခြင်းသကဲ့သို့ ဖြစ်သည်။ သို့ဖြစ်၍ ဆီးရောဂါများ မခံစား မရရှိစေရန် နေထိုင်စားသောက်သင့်ပါသည်။ ရေများများသောက်၍ ဆီးကို စနစ်တကျ သန့်သန့်ရှင်းရှင်းသွား၍ ဆီးသွားပြီး သန့်ရှင်းစွာ လက်ဆေးပါ။ တစ်ကိုယ်ရေ ကျန်းမာရေးကို ဂရုစိုက်ပါ။ လိမ္မော်ရည်၊ ရှောက်ရည် စသော သစ်သီးရည်ကို များများ သောက်ပါ။ ဆီးကောင်းလျှင် အသက်ပင်ရှည်၏။

ရေကိုလုံလောက်စွာသောက်ခြင်းအားဖြင့် ကိုယ်တွင်းအရည်များတွင်ရှိသောအဆိပ်အတောက်များကို ကျဲပျော့စေရုံသာမက ကျောက်ကပ်၏ ဇီဝကမ္မလုပ်ငန်းကိုလည်း အားပေးနိုင်၍ အဆိပ်အတောက်များကို ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ပေးနိုင်သည်။ ထို့ကြောင့် နေ့စဉ် မနက်စာမစားမီမှာ ရေအဝသောက်သင့်ပါသည်။

ကျောက်ကပ်အတွင်း ကျောက်တည်လျှင် ကျောက်များအရည်ပျော်ကျစေရန်၊ သန့်ရှင်းရေးလုပ်ဆောင်ရန် လိုအပ်မည် ဖြစ်၏။ ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း၊ ဆီးအိမ်အတွင်းမှ အဆိပ်အတောက်များကို သန့်ရှင်းစေခြင်းဖြင့် ကျောက်ကပ်၏ကျန်းမာရေး ပိုမို တိုးတက်လာ၍ ဆီးလမ်းကြောင်းရှိ ရောဂါပိုးများကိုလည်း သန့်ရှင်းစေပါသည်။ ကျောက်ကပ်သန့်ရှင်းမှု နည်းမှာ အမျိုးမျိုးရှိ၏။

**ကျောက်ကပ်ကိုသန့်ရှင်းရေး**

ကျောက်ကပ်သန့်ရှင်းခြင်း ဆိုသည်မှာ အဘယ်နည်း။ ကျောက်ကပ်ကို သန့်ရှင်းစေသော လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ ကျောက်ကပ်အတွင်းတွင် ဖွဲ့စည်းဖြစ်ပေါ်နေသော ကျောက်များကို ပျော်စေခြင်းဖြင့် ကျောက်ကပ်သန့်ရှင်းစေခြင်းပင် ဖြစ်၏။ ကျောက်ကပ်ကို သန့်ရှင်းစေခြင်းဖြင့် ကျောက်ကပ်၏ ကျန်းမာရေးသန်စွမ်းမှုကို တိုးတက်အောင် လုပ်ဆောင်ခြင်း ဖြစ်ေ ကျောက်ကပ်၏တစ်သျှူးများအတွင်း အဆိပ်အတောက်၊ အညစ်အကြေးများကို ဖယ်ရှား သန့်ရှင်းခြင်းပင် ဖြစ်၏။

ဆေးဖက်ဝင်အပင်များ များစွာရှိ၏။ ၎င်းတို့အထဲတွင် ထင်ရှားသော ကျောက်ကပ်သန့်ရှင်းရေးလုပ်မှုမှာ ဖရဲသီးဖြင့် သန့်ရှင်းစေခြင်း ဖြစ်၏။ ဆီး ရောဂါရှိသူများ ထိုနည်းကိုမသုံးသင့်ပါ။ ဖရဲသီးတွင် ရေများစွာပါဝင်ပြီး ကယ် လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့ဖရပ်၊ ပိုတက် စီယမ်၊ ဆိုဒီယမ်နှင့် ကြေးနီ၊ သံ၊ သွ ဓာတ်များ အနည်းငယ်ပါဝင်၏။ ဖရဲသီး သည် ဆီးပိုမို၍သွားစေ၏။ ဖရဲသီးဖြင့် သန့်ရှင်းစေခြင်းနည်းမှာ နံနက်မှ ည အထိ အခြားမည်သည့်အစားအစာ မစားသောက်ဘဲ ဖရဲသီးစား၍ ရေသ အဝသောက်ခြင်း ဖြစ်ပါသည်။

အခြားသော သစ်သီးဖျော်ရည် များ သောက်ခြင်းဖြင့်သော် လည်း ကောင်း၊ အရည်များများ (ကော်ဖီ အပ) သောက်ခြင်းဖြင့် လည်းကောင်း တစ်နေ့ကို ဆီးတစ်ဂါလန်ခန့်သွားရ ပြုလုပ်ခြင်းပင် ဖြစ်၏။ ထိုသို့ပြုလုပ်နေ စဉ် ခန္ဓာကိုယ်လှုပ်ရှားမှု အကြီးအကျယ် လှုပ်ရှားမှုမျိုး မပြုရပါ။ လမ်းလျှောက် ခြင်း၊ တရားထိုင်ခြင်း ပြုလုပ်နိုင်၏။ တစ် ပတ်အတွင်း ကျောက်များပျော်သွားနိုင် ၏။ သို့သော်လည်း သေချာရန် နှစ်ပတ် ခန့် ဆက်လုပ်ရပါမည်။ ထိုကဲ့သို့ လုပ် ဆောင်နေစဉ်အတွင်း အရေးကြီးသည် မှာ စားသောက်နေထိုင်မှုပုံစံကို ပြုပြင် ပြောင်းလဲပြီး ကျောက်တည်နိုင်သော အစားအစာ၊ အဆီများကို ရှောင်ကြဉ် ရန် လိုအပ်သည်။ ဥပမာ ကော်ဖီ၊ ဆိုဒါ ကာဗွန်ဒိုင်အောက်ဆိုဒ်အငွေ့ထည့်ထား သော အချိုရည်များ၊ ဘီယာ၊ အရက် အသားပြုပြင်ထားသောအစာများတို ရှောင်ကြဉ်ရန် လိုအပ်ပြီး အခြားအစား အစာများကို စားသောက်နိုင်သည်၊ အရည်များစွာ နေ့စဉ် စားသောက်ရန် လိုအပ်သည်။ နေ့စဉ် ပေါ့ပေါ့ပါးပါးလေ့ ကျင့်ခန်းလုပ်သင့်၏။ ကျောက်ကပ်ပုံမှန် လုပ်ဆောင်နိုင်သည်အထိ လုပ်ဆောင်ရ မည်။ တာရှည်စွာ ခန္ဓာကိုယ်အတွင်း အဆိပ်အတောက်များ၊ အညစ်အကြေး များ စုပုံနေမှုကြောင့် သန့်ရှင်းရေးလုပ် ဆောင်မှုအချိန်မှာ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ကြပါ။

ခန္ဓာကိုယ်အလေးချိန်များနေခြင်း နှင့် ဝဖြိုးနေခြင်းတို့သည်လည်း ကျောက် ကပ်ရောဂါကိုဖြစ်စေသော အကြောင်း တစ်ခုဖြစ်၍ ခန္ဓာကိုယ်အလေးချိန်များ ခြင်းကို လျှော့ချထိန်းသိမ်းရန်လိုအပ်ပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ခန္ဓာကိုယ်အလေးချိန် လျှော့ချရာတွင် အများအားဖြင့် အစားအသောက်ရှောင်ကြဉ်၊ လျှော့စားခြင်းနှင့် အားကစားတစ်ခုခု ပြုလုပ်ခြင်းဖြင့် လျှော့ချနိုင်ပါသည်။ အားကစားဖြင့် ခန္ဓာကိုယ်အလေးချိန် လျှော့ချနိုင်ခြင်းသည် ကောင်းမွန်သော်လည်း အလွန်အမင်းအစားအစာလျှော့စားခြင်း၊ မစားသောက်ဘဲနေခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဆိုးဝါးစေသည်ကို သတိပြုရမည် ဖြစ်ပါသည်။

ဝလွန်းသူများ အလေးချိန်ကို ရုတ်တရက် မလျှော့ချရ။ တဖြည်းဖြည်းနှင့် နည်းနည်းချင်းသာ လျှော့သင့်၏။

**ကျောက်ကပ်ကျောက်တည်မှုကို ဖြစ်ပေါ်စေသောဓာတ်ဆားများ**

ကျောက်ကပ်အတွင်းတွင် အမျိုးအစားမတူ ကွဲပြားသော ကျောက်များရှိနိုင်ပါသည်။ ထိုကျောက်များကို သန့်ရှင်းရန် ရက်အနည်းငယ် သို့မဟုတ် လအတန်ကြာရှိနိုင်ပါသည်။ တစ်ခါတစ်ရံ သောက်ရေဖြင့်ပင် သန့်ရှင်းနိုင်သကဲ့သို့ ဆေးဖက်ဝင်ပစ္စည်းများဖြင့် သန့်ရှင်းရန် လိုအပ်ပါသည်။ ဆီးအတွင်းကျောက်များအစိုင်အခဲ(Crystal) ဖြစ်ပေါ်မှုသည် ဓာတ်ဆားအမျိုးမျိုးကြောင့် ဖွဲ့စည်းဖြစ်ပေါ်နိုင်ပါသည်။

ကျောက်ကပ်အတွင်း၌ ကျောက်တည်မှုသည် အမှုန်အမွှားအသေးများမှ တဖြည်းဖြည်း အစိုင်အခဲအဖြစ် ကြီးထွားလာခြင်းဖြစ်၍ ထိုသို့ ဖြစ်ပေါ်မှုကို ကျောက်ကပ်တွင် ကျောက်တည်ခြင်း (Nephrolithasis) ဟု ခေါ်၏။ ကျောက်ကပ်ကျောက်တည်မှုကိုဖြစ်ပေါ်စေသော ဓာတ်ဆားတို့မှာ ကယ်လ်စီယမ်အောက်ဆလိတ်(Calcium oxalate) ယူရစ်အက်စ် (Uric acid)၊ ခရစ္စတင်း(Cystine) သို့မဟုတ် အက်စ္စတင်း (Xanthine) များဖြစ်သည်။ ဆီးထဲတွင် အထက်ပါဓာတ်ဆားများ များစွာပါဝင်၍ ကျောက်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။ ထိုဓာတ်ဆားများသည် အချိန်တန်ကြာလျှင် အမှုန်အမွှားမှ အလွန်အမင်း စုပေါင်း ဖွဲ့စည်း၍ ကျောက်များ အသွင်သဏ္ဌာန် ဖြစ်ပေါ်လာ၏။

ကယ်လ်စီယမ်အောက်ဆလိတ် ဓာတ်ဆားများ ဖွဲ့စည်း၍ ဖြစ်ပေါ်လာသောကျောက်ကို ကယ်လ်စီယမ်အောက်ဆလိတ်ကျောက် (Calcium oxalate stones) ဟု ခေါ်ပြီး ကျောက်ကပ်တွင် ကျောက်တည်မှုအများဆုံးဖြစ်စေသော ကျောက်ဖြစ်သည်။ ယူရစ်အက်စစ်ဓာတ်ဆားများ ဖွဲ့စည်း၍ ဖြစ်ပေါ်လာသော ကျောက်ကို ယူရစ်အက်စစ်ကျောက် (Uric-acid stones) ဟု ခေါ်ပြီး ကျောက်ကပ်တွင် ကျောက်တည်နိုင်ရုံမက လေးဖက်နာရောဂါကိုပါဖြစ်စေသောကျောက်ဖြစ်သည်။ ခရစ္စတင်းဆီးကျောက်သည် အမိုင်နိုအက်စစ်ကြောင့် ဖွဲ့စည်း၍ဖြစ်ပေါ်လာသောကျောက်ဖြစ်သည်။ ထိုသို့ ကျောက်များ ဖွဲ့စည်းဖြစ်ပေါ်လာသောအခါ ဆီး၏ပမာဏနည်းလာ၍ ဆီးသွားမှုခက်ခဲလာခြင်း၊ နာတာရှည်ရောဂါများ၊ ရေဓာတ်ချို့တဲ့မှုရောဂါများ ဖြစ်ပွားလာပါသည်။ ရေဓာတ်ချို့တဲ့ခြင်း သို့မဟုတ် ပုံမှန်မဟုတ်သောဓာတ်ဆားများကြောင့် ဖြစ်သော ကျောက်အနည်အမှုန်များ ဖွဲ့စည်းဖြစ်ပေါ်ခြင်း၊ ကျောက်ကပ် ပုံမှန်အလုပ်မလုပ်နိုင်သောကြောင့် ဆီးလမ်းကြောင်း၌ ရောဂါပိုးများဝင်ခြင်း၊ ဆီးကိုတ်ရောင်ခြင်း၊ လေးဖက်နာရောဂါခံစားရခြင်း၊ နောက်ဆက်တွဲရောဂါများအဖြစ် သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် အခြားရောဂါများ ဖြစ်နိုင်ပါသည်။

ထိုဓာတ်ဆားများသည် စွန့်ပစ်ရမည့် ဆီးများတွင် မပျော်ဝင်မှုကြောင့် တဖြည်းဖြည်းအနည်ထိုင်လာပြီး အစိုင်အခဲသဏ္ဌာန် ဖြစ်ပေါ်လာခြင်းမှာ တာရှည်လာပါက ကျောက်အစိုင်အခဲသည် ကြီးမားလာပြီး အထွေထွေရောဂါများ ဖြစ်ပွားလာနိုင်သည့်အပြင် အသက်အန္တရာယ်ပါ စိုးရိမ်ရပါသည်။ ကျောက်များသည် ကျောက်ကပ်တွင်သာမက ဆီးအိမ်၊ ဆီးပြွန်များတွင်ပါ ဖြစ်ပေါ်တည်ရှိလာနိုင်ပါသည်။

ကျောက်များဖြစ်ပေါ်လာခြင်းမှာ ဓာတ်ဆားများ၊ သတ္တုဓာတ်များနှင့် ဓာတုပစ္စည်းများ ဖွဲ့စည်းဖြစ်ပေါ်မှုကြောင့် ဖြစ်၍ တစ်နည်းအားဖြင့်ဆိုရသော် လူ၏ စားသောက်သော အစားအစာများကြောင့် ဖြစ်ပါသည်။

**ကျောက်ကပ်ကျောက်တည်မှုကို မည်သို့ကာကွယ်မည်နည်း**

၁။ ရေများများသောက်ပါ။ ရေသန့်ဖြစ်ရပါမည်။ သင်၏ ခန္ဓာကိုယ်အလေးချိန်၏ ပေါင် ½=180Lb =90oz အောင်စ ကို အနည်းဆုံး နေ့စဉ် သောက်ပါ။ ခန္ဓာကိုယ်အလေးချိန် (၁၈၀) ပေါင်ရှိပါက တစ်ဝက်ကို သောက်သုံးရမည့် အောင်စအဖြစ် သတ်မှတ်ရပါမည်။ (၉၀) အောင်စ ဖြစ်၏။ (၁)လီတာဆံ့ ရေသန့်ပုလင်း (၆) ပုလင်းခန့် ဖြစ်သည်။

၂။ ဖရဲသီးများများစားပါ။ ကဖင်းဓာတ်ပါဝင်သော ကော်ဖီ၊ လက်ဖက်ရည် သုံးဆောင်လိုပါက တစ်နေ့ (၂) ခွက်သာ သောက်ပါ။ သစ်သီးဖျော်ရည်များသောက်ပါ။

၃။ အရက်သောက်ပါက၊ အရက် (၁) အောင်စ သောက်မိပါက ရေ (၆) အောင်စမှ (၁၂) အောင်စ သောက်ပါ။

၄။ ရေငတ်မခံပါနှင့်။

၅။ ကော်ဖီ၊ ချော့ကလက်ပြုပြင်ထားသောအစားအစာများ၊ စည်သွတ်ဘူးများ၊ ဆား၊ သကြား၊ အဆီများသောအစားအစာများ ရှောင်ကြဉ်ပါ။

၆။ သင့်တော်သည့် အစာအစားများကိုစားသောက်ပါ၊ မိမိ၏ အစားအစာကို မိမိကိုယ်တိုင် ရွေးချယ်စားသုံးပါ။

၇။ မိမိ၏ ဘဝနေထိုင်မှု ပုံစံပြောင်းပါ။

၈။ နေ့စဉ် သင့်တော်သော ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်ပါ။

**ကျောက်ကပ် ကျောက်တည်မှု၊ ကျောက်ကပ်ကျန်းမာရေး အားနည်းမှု လက္ခဏာများ**

ခါးနောက်ပိုင်း နောက်ကျောနာကျင်ခြင်း၊ ကျောက်ကပ်၏ဝန်းကျင် နာကျင်ခြင်း၊ Edema (Water holding) ကိုယ်ဖောကိုယ်ရောင်ဖြစ်ခြင်း (ရေများစုဝေး၍) အသည်းတွင် ရောင်ခြင်း၊ လက်ချောင်း၊ ခြေချောင်း၊ ပေါင်နှင့် ဝမ်းဗိုက်တို့ ရောင်၍ ဖောင်းကားနေခြင်း၊ ဆီးထဲတွင် သွေးပါခြင်းများကို ဖြစ်စေနိုင်ပါသည်။ ကျောက်တည်ခြင်းမှာ ခါးအလယ်ပိုင်းမှ အောက်ပိုင်း ကျောက်ကပ်တည်နေရာနှင့် ကျောဆစ်ရိုးပတ်ဝန်းကျင် နာကျင်တတ်သည်။

မိမိ၏ခန္ဓာကိုယ်အတွင်း သန့်ရှင်းစင်ကြယ်စေရန် အရည်များစွာ၊ လုံလောက်စွာ သောက်သုံးပါက ခန္ဓာကိုယ်သန့်ရှင်းပြီး တစ်ရက်လျှင်ဆီးတစ်ဂါလန်ခန့်သွားမည် ဖြစ်ပါသည်။

ကိုယ်ဖောကိုယ်ရောင်ခြင်းနှင့် အသည်းတွင် ရောင်ခြင်း၊ လက်ချောင်း၊ ခြေချောင်း၊ ပေါင်၊ ဝမ်းဗိုက်ရောင်ခြင်းများကို ပျောက်ကင်းစေရန်အတွက် ကျောက်ကပ် သန်မာမှုရှိရန် လိုအပ်ပါသည်။ ကျောက်ကပ်အတွင်းရှိ ကျောက်ကို သန့်ရှင်းစေသော သဘာဝ ဆေးဖက်ဝင်အပင် များစွာရှိပါသည်။

**ကျောက်ကပ်သန့်စင်စေသော ဆေးဖက်ဝင်ပစ္စည်းများ**

၁။ ဖရဲသီးဖျော်ရည်ဖြင့် ကျောက်ကပ်ကျောက်များသန့်ရှင်းခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၂။ ပြောင်းဖူးအမွေး (Corn silk tea) သည် ဆီးပိုမိုသွားစေပြီး ကျောက်ကပ်စွမ်းအင်ကို ပြန်လည်ရရှိစေ၏။

၃။ တရုတ်နံနံ (Parsley leaves and rook tea) ဖြင့် သန့်ရှင်းခြင်း။

ဖရဲသီးစေ့ဖျော်ရည်ဖြင့် ကျောက်ကပ်နှင့် ဆီးအိမ်များမှ ကျောက်များကို သန့်ရှင်းစေနိုင်ပါသည်။

ဖရဲသီးစေ့လတ်လတ်ဆတ်ဆတ် တစ်ဇွန်းမှ သုံးဇွန်းကို ထုထောင်းခြေ၍ ရေတစ်လီတာ ဆူအောင် ပြုလုပ်ထားသော ရေနွေးဖြင့် လောင်းထည့်ပြီး အေးပါက သောက်ရန် ဖြစ်၏။ လတ်လတ်ဆတ်ဆတ်သောက်ရန် ဖြစ်၏။ တစ်ပတ်ကို သုံးရက် အနည်းဆုံးတစ်ကြိမ် ပြုလုပ်ရမည်။

ပြောင်းဖူးမွေးတွင် ဗီတာမင်(K) နှင့် ပိုတက်စီယမ်ဓာတ်များ ပါဝင်၏။ ဆီးလမ်းကြောင်းရောဂါများ၊ ဆီးကျိတ်ရောဂါ၊ ဖောရောင်ခြင်း၊ အိပ်ရာထဲ ဆီးသွားခြင်းများကို သက်သာ ပျောက်ကင်းစေပြီး ဆီးဆေး၊ ပိုးသတ်ဆေးအဖြစ် သုံးနိုင်၏။ ဆီးလမ်းကြောင်းကို ချောမွေ့စေ၏။

တရုတ်နံနံကို ဖောရောင်ခြင်းနှင့် ဆီးလမ်းကြောင်း ကျောက်တည်ခြင်းအတွက်သုံး၏။ ယူရီးယား၊ အဆိပ်များနှင့် ယူရစ်အက်စစ်များကို လျော့နည်းစေ၍ အာဟာရများစွာပါဝင်သည်။

ထို့အပြင် သခွားသီးသည် ဆီးရွှင်စေသည့်အတွက် ဆီးလမ်းကြောင်းကို သန့်ရှင်းပေးပြီး ကျောက်ကပ်၏ အဆိပ်အပုပ်ရှင်းထုတ်အားကိုပွားများစေသည်။ သခွားသီးတွင် ပါဝင်သော အက်စစ်သည် အဆုတ်၊ အစာအိမ်နှင့် အသည်းတို့၏ အဆိပ်အပုပ်ရှင်းထုတ်မှုကို ကူညီပံ့ပိုးပေးနိုင်ပါသည်။

ခန္ဓာကိုယ်အတွင်း ရေပါဝင်မှုသည် ခန္ဓာကိုယ်အလေးချိန်၏ တစ်ဝက်ကျော်တွင် ပါဝင်သည်။ ကလာပ်စည်းဆဲလ်များအတွင်းနှင့် တစ်သျှူး၊ အသားများတွင် ရေပါဝင်သည်။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများ၏ လုပ်ဆောင်မှုများဖြစ်သော သွေးလည်ပတ်ခြင်း၊ အစာခြေခြင်း၊ အာဟာရစုပ်ယူခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်း၌ ရေသည် အဓိကကျ၏။ ရေသည် သွေးနှင့် သားနံ့ရည် (Lymph) တို့၏ အခြေခံပင် ဖြစ်၏။ ကြွက်သားများ ကျန်းမာသန်စွမ်းစေရန်၊ အရေပြားများ ကျန်းမာစေရန်၊ အရိုးအဆစ်များနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ချောဆီအဖြစ်သော် လည်းကောင်း၊ ခန္ဓာကိုယ်၏အပူချိန်ကို ထိန်းသိမ်းရန်သော် လည်းကောင်း လိုအပ်သည်။

ခန္ဓာကိုယ်၏ အစိတ်အပိုင်းများအားလုံးသည် ပုံမှန်လုပ်ဆောင်ရန် ရေမပါဝင်ပါက မလုပ်ဆောင်နိုင်ပါ။ မိမိသည် အသက်အရွယ် ကြီးမြင့်လာပြီဖြစ်ပါက ရေသုံးဆောင် မှုတမှု ဂရုတစိုက်အလေးပေး လုပ်ဆောင်သင့်သည်။ အသက်အရွယ်ကြီးရင့်သူ၊ နာမကျန်းဖြစ်နေသူများသည် ခန္ဓာကိုယ်အတွင်း ရေဓာတ်ချို့တဲ့မှု (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းအထိရှိကြောင်း တွေ့ရှိရ၏။

အသက် (၅၆) နှစ်အထက်လူကြီးများသည် ရေဆာမှုအာရုံခံစားမှုပျောက်ဆုံးနေတတ်၏။ မိမိကိုယ်မိမိ ရေဆာမှန်း မသိကြတော့ပါ။ အသက်အရွယ်ကြီးမြင့်သူများ မိမိ၏အနီးအနားပတ်ဝန်းကျင်၌ မိမိတစ်နေ့သောက်သုံးရမည့် ရေကို ရေသန့်ဘူးများဖြင့် ထားရှိသင့်ပါသည်။

ထို့ပြင် အသက်အရွယ်ကြီးရင့်သူများ ရေကို ဆာဆာ၊ မဆာဆာ အတိုင်းအဆဖြင့် သောက်သင့်ပါသည်။ တစ်နေ့အနည်းဆုံးရေ (၆) ခွက်မှ (၈) ခွက်အထိ သောက်သင့်ပါသည်။ ရေသည် အစာခြေစနစ်အတွက် လွန်စွာအရေးကြီးပါသည်။ အစားအစာများတွင် ရေပါဝင်မှုနည်းပါးခြင်းသည် အစာခြေမှုကို ခက်ခဲစေ၏။ ဝမ်းချုပ်ခြင်း၊ ကြွက်တတ်ခြင်း၊ လေချုပ်ခြင်း၊ လိပ်ခေါင်းရောဂါဖြစ်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်းများ ဖြစ်နိုင်ပါသည်။ ထိုရောဂါများမဖြစ်စေရန် ရေများများသောက်ခြင်း၊ အမျှင်ပါသော အစားအစာများ စားသုံးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ အရည်များ ဆုံးရှုံးခြင်းအတွက် ပြုလုပ်ရန်အဖြေမှာ ရိုးရိုးစင်းစင်းပင်ဖြစ်၏။ ရေများများ သောက်ရန် ဖြစ်၏။

ခန္ဓာကိုယ်၏ အစိတ်အပိုင်းများ ပုံမှန်လုပ်ဆောင်ရန်အတွက် တစ်နေ့ရေ(၆) ခွက်မှ (၁၀) ခွက် သန့်ရှင်းသောရေကို လိုအပ်ပါသည်။ ရေသောက်ခြင်းဖြင့် အစာခြေစနစ်ကို ကူညီကောင်းမွန်စေရန်မက ခန္ဓာကိုယ်အရေပြားကျန်းမာစိုပြည်ခြင်း၊ မျက်စိအကြည့်ကောင်းမွန်ခြင်း၊ ဆံပင်များတောက်ပခြင်းကို ဖြစ်စေ၏။ ဆာလောင်မှုအချက်ပြဖြစ်ပေါ်ခြင်းသည် ခန္ဓာကိုယ်မှ ရေလိုအပ်နေ၍ အချက်ပြခြင်း ဖြစ်၏။ အစာမစားမီ ရေသောက်ခြင်းသည် မိမိကိုယ်ကို စောင့်ရှောက်ခြင်းပင် ဖြစ်၏။ အသီးများတွင် ရေဓာတ်များစွာ ပါဝင်၍ အရည်ရွှမ်းသော သစ်သီးများ စားသုံးပါ။

ကျောက်ကပ်တွင် ရေမလျော့နည်းရန် အထူးသတိထားပါ။ ရေငတ်မခံပါနှင့်။ ပေါ်မုန်းဓာတ်များသည် ... အနည်း၊ အများပေါ် မူတည်၏။ ... အလွန်ဆုံးရှုံးခြင်း သို့မဟုတ် အ... သောက်ပါက ရေများစွာ လိုအပ်သည်... ချွေးထွက်များပါက ရေပိုမိုလိုအပ်သည်... ရေဆုံးရှုံးပါက သွေးဖိအားမြင့်ခြင်း၊ ... ဖက်နာရောဂါဖြစ်ခြင်း၊ ကျောက်တည်... ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းများ... တတ်ပါသည်။ ကျောက်ကပ်သည် သွေး... ကို သန့်စင်စစ်ပေးရသဖြင့် သွေးနှင့်... လာသော ရောဂါပိုးများသည်လည်း... ကျောက်ကပ်သို့ရောက်၍ ဒုက္ခပေးတ... ၏။ ဆီးသွားပြီးတိုင်း ကျင်ချောင်းဝ... ဆေးကြောသန့်စင်ရမည်။ လက်များ... ဆေးကြောပါ။ ဆီးသွားပြီးမဆေးကြော... ဘဲထားပါက ယောကျ်ားများနှင့် မိန်း... များတွင် ယောကျ်ားတန်ဆာကင်ဆာ... သားအိမ်ကင်ဆာများ ရစေနိုင်ပါသည်... မိန်းမများသည် ယောကျ်ားများထက်... ကျင်ချောင်းတိုသဖြင့် ရောဂါရလွယ်... သည်။

ထို့ပြင် ကျင်ချောင်းမှတစ်ဆင့်... ဆီးပြွန်တို့မှတစ်ဆင့် ရောဂါအမျိုးမျိုး... ဝင်ရောက်ပြီး ကျောက်ကပ်အပါအဝင်... ဆီးလမ်းကြောင်းတစ်ခုလုံးကို ရောဂါ... စေနိုင်သည်။ ပူအိုက်လွန်းခြင်းကြော... အမြဲချွေးထွက်သူများသည်လည်း ဆီး... နည်း၊ ဆီးပျစ်ပြီးနောက် တဖြည်းဖြည်း... ကျောက်တည်စေတတ်သည်ဟု ဆေး... ပညာရှင်များ ယူဆကြသည်။ ချွေးထွ... လွန်းသူများ၊ အားကစားလေ့ကျင့်သူများ... သည် ရိုးရိုးလူများထက် ရေကို ပို၍ သ... တော် မျှတရန် သောက်သုံး၍ တစ်ကိုယ်... ရေကျန်းမာရေးကို ဂရုစိုက်ရပါမည်။ ရေထဲတွင် ထုံးကျောက်ပါဝင်လျှင် ဆီး... ကျောက်တည်တတ်သဖြင့် ရေကို ကျို... ချက်သောက်သင့်ပါသည်။ လိမ္မော်ရည်... သံပရာ၊ ရှောက်ရည်၊ သစ်သီးဖျော်ရည်... များများသောက်ပါ။ ဆီးရောဂါတစ်ခု... ဖြစ်လျှင် နားလည်ကျွမ်းကျင်သောဆရာ... ဝန်များ၊ ပညာရှင်များနှင့် ပြသကုသမှု... ခံယူသင့်ပါသည်။

စေတနာ၊ မေတ္တာဖြင့် ရေးသား... သောဆရာဝန်ကြီးများ၊ ပညာရှင်များ... စာအုပ်စာတမ်းများနှင့် အင်တာနက်... ကိုးကား၍ ဆီးနှင့်ဆိုင်သောရောဂါများ... ကင်းဝေးစေရန်၊ တတ်နိုင်သမျှ မိမိ... ကျောက်ကပ်ကို စောင့်ရှောက်နိုင်စေ... 'ကျောက်ကပ်ကိုပြုစုစောင့်ရှောက်ပါ'... ရေးသားလိုက်ရပါသည်။

စွမ်းထက်နေ...

**ကိုးကား** -

အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# ဆီလေးဆီနှင့်လေချုပ်ဝေဒနာ

'ဆီး - ဝမ်း - သွေး - လေ ဤလေးထွေ၊ ခတ်တွေမှန်မှ ကျန်းမာကြ' ဆိုတဲ့ မြန်မာတို့ရဲ့စာဆို ရှိပါတယ်။ အဲဒီမှာ ဆီးချုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း ဆိုတာတွေကို လူရယ်လို့ဖြစ်လာရင် ခံစားဖူးကြမှာပါ။ ကျန်းမာရေးအလွန်ကောင်းတဲ့လူတွေကိုတော့ ခြွင်းချက်လို့ ဆိုရမှာပါ။ သွေးချုပ်တာကျတော့ အမျိုးသမီးများသာ ဆိုင်ပါတယ်။

ကျွန်တော်ကတော့ ဆီးမချုပ်ဘူးပေမယ့် ဝမ်းချုပ်တဲ့ဝေဒနာကြောင့် စအိုကွဲနာဖြစ်တတ်ပါတယ်။ အဲဒါကြောင့် အလွယ်တကူ ဝမ်းပျော့ဆေးဝယ်ပြီး ဆောင်ထားလိုက်တာပါပဲ။ အကြာကြီးနေမှ တစ်ခါတလေသာဖြစ်တတ်တာမို့ ဘယ်ပြီး ဂရုမစိုက်တတ်ပါဘူး။

သို့ပေမယ့် လေချုပ်တာကျတော့ အတော်လေးကို ကြောက်စရာကောင်းဘာတွေ တွေ့ရတယ်။ လေချုပ်ပြီဆိုလို့ကတော့ ဗိုက်တစ်ခွင်လုံးမှ်နာတော့တာပါပဲ။ ဒါဆိုရင် ကျွန်တော်ဟာ ဘယ်၊ ညာမှာရှိတဲ့ ခါးကြောကို လက်ကလေးနဲ့ အသာနှိပ်ပေးလိုက်တာနဲ့ တစ်ခဏအတွင်းမှာပဲ ချုပ်နေတဲ့လေတွေ ပွင့်ထွက်သွားပြီး လေလည်တာကြောင့် သက်သာ ပျောက်ကင်းရလေ့ရှိပါတယ်။ ဒါကသာမန်လေချုပ်ခြင်းအတွက်သာ ရတာပါ။ တကယ် လေချုပ်ပြီ ဆိုလို့ကတော့ မရပါဘူး။

ကျွန်တော် မိုင်းရှူးရတနာမြေမှာ ဒက်စပ်တစ်ခုကို ကိုင်တွယ်ပြီး မန်နေဂျာတာဝန်ယူထားချိန်ပါ။ တစ်နေ့တာလုပ်ငန်းများလွန်းတာကြောင့် အစားမမှန်၊ အအိပ်မမှန်ဖြစ်ရလေ့ရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဆီးချုပ်သလား၊ ဝမ်းချုပ်သလား၊ လေချုပ်သလားတောင် သတိမထားနိုင်အောင်ရှိရပါတယ်။ တစ်နေ့တာလုပ်ငန်းလည်ပတ်ရေးအတွက် ထောင့်စေ့အောင် ဆောင်ရွက်ရတာမို့ ဖတ်ဖတ်မောပါပဲ။

ညနေ (၄) နာရီ ကျင်းသားတွေ ခဲရွေးတွေ အလုပ်နားကြပေမယ့် ကျွန်တော်နဲ့အင်ချက်မတွေကတော့ ကျောက်ညှပ်ကြရပါတယ်။ ကျောက်ညှပ်ပြီးလို့ရလာတဲ့ကျောက်တွေကို တံဆိပ်စည်းပြီး ဒိုးခန်းဂိုဒေါင်မှာအပ်ရပါတယ်။ ညနေ (၅) နာရီကျော်မှ လုပ်ငန်းခွင်ကနေ ကျွန်တော်နေတဲ့ ရုံးခန်းကို ပြန်ရောက်ပါတယ်။ ရုံးခန်းရောက်တာနဲ့ ကိုယ်လက်သန့်စင်ပြီး လောပန်၊ လက်ထောက်မန်နေဂျာတွေနဲ့ ထမင်းဝိုင်းစားလေ့ ရှိတယ်။

စားပြီးတာနဲ့ တစ်နေ့တာသုံးစွဲတဲ့ ငွေစာရင်းတွေ ပြုစုရတယ်။ လောပန်ကညှိခန်းမှ စာရင်းကြည့်ဖို့ ထိုင်စောင့်နေလေ့ရှိတယ်။

စားပြီးတာနဲ့ တစ်နေ့တာသုံးစွဲတဲ့ ငွေစာရင်းတွေ ပြုစုရတယ်။ လောပန်ကညှိခန်းမှာ စာရင်းကြည့်ဖို့ ထိုင်စောင့်နေလေ့ရှိတယ်။ အဲဒီလို တစ်နေ့တာနေ့ဆိုရင်လည်း နေ့အတွက်ပူရ၊ ညဆိုပြန်ရင်လည်း ညဆိုင်းဆင်းတဲ့လူတွေအတွက် ပူရပြန်တော့ ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘဲ အလုပ်ထဲနစ်မြုပ်နေတတ်ပါတယ်။

အဲဒီလို စာရင်းတွေလုပ်နေတုန်းမှာ ဗိုက်ထဲကထိုးအောင့်ပြီးနာလာလိုက်တာ ဘယ်အထိနာလာသလဲ ဆိုရင် အသက်တောင် ရဲရဲမရှူရဲအောင်နာတာပါဘဲ။ ခဏနေတော့ ချွေးတွေပြန်လာပါတယ်။ ဒါက ကိုယ့်ဟာကိုယ် ကျိတ်ပြီး ဖြစ်နေတာပါ။

အတန်ကြာလာတော့ ဒီဝေဒနာနဲ့ ငါသေရတော့မယ်ထင်တယ်ဆိုပြီး ကြံရာမရတာနဲ့ ဖြေဆေးတစ်ထုပ် ရေနဲ့မျှောချပြီး သောက်လိုက်ပါတယ်။ အမှန်တော့ လေချုပ်တာပါပဲ။ ပထမ ခါးကြောနှိပ်ကြည့်ပါသေးတယ်။ တကယ်နာလာတော့ ဘာမှလုပ်လို့မရတော့ပါဘူး။ ဆေးမှူးဆီ စက်နဲ့ လှမ်းခေါ်ဖို့ သတိရပေမယ့် တုတ်တုတ်မှကိုလှုပ်လို့မရတော့တာပါဘဲ။

ခဏနေတော့ နည်းနည်းလှုပ်လို့ရတာနဲ့ ဆေးမှူးဆီ စကားပြောစက်နဲ့ လှမ်းခေါ်ရပါတယ်။ ကျွန်တော်ခေါ်တာကို နံရံသာခြားပြီးထိုင်နေတဲ့ လောပန်ကြားတဲ့အခါ ချက်ချင်း အခန်းထဲ ပြေးဝင်လာပြီး ကြည့်ပါတယ်။ ဖြစ်စဉ်ပြောပြတော့ -

"ဦးကျော်စိုးရာ ငါတို့အနီးမှာရှိနေတာ ခေါ်မှပေါ့ကွ။ ဒါမျိုးဆိုတာ ရုတ်တရက် သေသွားတတ်တယ်။ နည်းနည်းသက်သာသွားလို့ တော်သေးတာပေါ့ကွာ"

လို့ ဆိုပါတယ်။

ဆေးမှူးက အခြားအဆောင်ကို ရောက်နေတာပါ။ ခဏအတွင်းမှာပဲ ရောက်လာကာ ပြုစုတာကြောင့် ဝေဒနာသက်သာသွားပါတယ်။ ဒါဟာ အလုပ်ပိလို့ လေချုပ်တာတောင်မသိတဲ့အနေအထားမှာ ခံစားလိုက်ရတဲ့ ကြောက်လန့်ဖွယ် လေချုပ်ဝေဒနာပါ။

အဲဒီ လေချုပ်ခြင်းနဲ့ ပတ်သက်လို့ နေပြည်တော်မြို့မဈေး ရွှေရည်ဝင်းစာပေက ဦးသောင်းစိန်နဲ့ စကားစပ်မိတော့ ဦးသောင်းစိန်က သူ့ကိုယ်တွေ့ကို ပြောပြထားပါတယ်။

"ကျွန်တော်လည်း လေချုပ်တဲ့ဝေဒနာ မကြာမကြာခံစားရလေ့ရှိတယ်။ အဲဒါကြောင့် မြန်မာဆေးလေးတွေ ဝယ်ပြီး ဆောင်ထားရတယ်။

တစ်နေ့မှာ ရသေ့တစ်ပါးနဲ့ စကားစပ်မိတော့ အဲဒီရသေ့က လေချုပ်တာ ဘာမှမခက်ပါဘူး။ ဆေးကထောင်းစရာ၊ ထုစရာလည်း မလိုဘူး။ ချက်စရာ ပြုတ်စရာလည်း မလိုဘူး။ နှမ်းဆီရယ်၊ အုန်းဆီရယ်၊ မုန်ညင်းဆီရယ်၊ ရေနံဆီရယ်။ အဲဒီဆီလေးဆီကို အတူရောမွှေပြီး ရင်ခေါင်းကနေ အောက်ကိုဆွဲချပြီးလိမ်းလိုက်။ ခဏအတွင်း လေတဒူဒူနဲ့လည်လာလိမ့်မယ်။ လူသာ အိပ်ပျော်ရင် အိပ်ပျော်မယ်၊ လေကတော့ အိပ်မပျော်ပါဘူး။ တဒူဒူနဲ့နိုးကြားနေလိမ့်မယ်။ အဲဒီဆေးကို ဒကာလက်တွေ့သုံးကြည့်ပါလို့ ပြောလာတာကိုးဗျ။

ဒါနဲ့ ဆေးနည်းကလည်း လွယ်တော့ ကျွန်တော် လက်တွေ့ ဖော်စပ်ပြီး သုံးကြည့်တယ်။ ဟုတ်တယ်ဗျို့၊ လေတဒူဒူနဲ့အတော်လေးကို ကောင်းတဲ့နည်းပဲဗျ"

လို့ ဆိုတာကြောင့် အဲဒီလေချုပ်ဝေဒနာ သက်သာ ပျောက်ကင်းစေတဲ့ ဆီလေးဆီဆေးနည်းကို အမှတ်တရ သံပေါက်ကဗျာလေးရေးပြီး ကျွန်တော်ရဲ့မှတ်တမ်းမှာ ထည့်လိုက်ပါတယ်။

**ဆီလေးဆီ**

- နှမ်းဆီ၊ အုန်းဆီ၊ မုန်ညင်းဆီ
  တစ်လီ ရေနံပေ။
- ဆီလေးဆီအား ဆတူထား
  အသားကျအောင်မွှေ။
- လေမသက်က ရင်ခေါင်းမှ
  သပ်ချလိမ်းပါလေ။
- လူသာအိပ်စက် လေမပျက်
  ဆက်လက်တဒူဒူနေ။ ။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

"မောင်ကံ၊ သွားမပြောနဲ့ သား"

"အို - အမေကလည်းဗျာ"

"အမေကမလည်းနဲ့၊ သွားမပြောနဲ့ မပြောရဘူး"

အမေလုပ်တဲ့လူက ပြောလိုက်တယ်ဆိုရင်ပဲ မောင်ကံ မလှုပ်တော့ပါဘူး။ သက်ပြင်းနှစ်ခါ၊ သုံးခါလောက်ချပြီး သူ့အမေနဲ့ ခပ်လှမ်းလှမ်းမှာ ခေါင်းကြီးငိုက်စိုက်နဲ့ထိုင်လို့။

"မှတ်ထားဟေ့၊ တင်ဆိုင်တဲ့တစ်ဆိုင်တည်းရှိတယ်။ ကိုယ့်ခွေးကို ရေနွေးနဲ့ လှမ်းပက်တာမကြိုက်ရင် ကိုယ့်ခွေးကိုယ်ခေါ်ထား။ ငါ့ခြံထဲလာလို့ကတော့ ရေနွေးကြည့်ထား။ လူပါပါမလာနဲ့ ဘဝပျက်သွားမယ်။ ဘဲဥအခွံကြေသလို ကြေသွားမယ်၊ ဘာမှတ်လဲ"

ဟိုဘက်ခြံက မတင်ဆိုင်ကြီးရဲ့ အသံကြောင့် မောင်ကံတို့ သားအမိနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပါတယ်။ မတင်ဆိုင်ကြီး အော်အော်ပြောနေတာကို နား မထောင်ချင်လည်းထောင်နေရရင်းက သူ့အိမ်ရှေ့ ဖိနပ်ချွတ်မှာဝပ်နေတဲ့ ခွေးမလေး မြီးတိုကို လှမ်းကြည့်နေပါတယ်။

"ပြီးတော့လာသေးတယ်။ငါ့တမာပင်ကို ခုတ်မယ်လေးဘာလေးနဲ့။ ခုတ်ကြည့်စမ်း သတ္တိရှိရင်။ ဒီနေ့ ခုတ်တာနဲ့ နောက်နေ့ ကိုယ့်အလောင်းကို ထမ်းချသွားရမယ် မှတ်ထား"

မောင်ကံမျက်နှာ ဆတ်ခနဲ မော့လာပြီး သူ့အမေကို ကြည့်လိုက်ရင်း -

"ဒါကတော့ အမေရာ၊ ကိုယ့်ခြံရှေ့မှာ သူ့အပင်အကိုင်းတွေ လာရှုပ်ယှက်ခတ်နေလို့ပြောတာပဲ"

"ဩော် - မပြောနဲ့ဆို။ ခုတ်လည်း မခုတ်နဲ့"

"မဟုတ်ပါဘူး၊ အမေဘာကြောက်နေတာလဲ။ ကိုယ့်ထမင်းကိုယ်စားပြီး"

"မောင်ကံ၊ ငါ နင့်အမေ။ ငါပြောရင်ငြိမ်နေ"

မောင်ကံက အမေတစ်ခုသားတစ်ခုမို့၊ အမေကို ချစ်လည်းချစ် ကြောက်လည်း ကြောက်တာမို့ ဘာမှထပ်မပြော တော့ပါဘူး။ သူ့လက်ချောင်းတွေဟာ လက်သီးဆုပ်ထားသလားပဲ။ ပြောချ တဲ့စကားတွေကို တံတွေးနဲ့ မျိုချလိုက် ရပါတယ်။ ပြီးတော့ သူ့မျက်လုံးက ထ မှာထောင်ထားတဲ့ ပေါက်ဆိန်ဆီအလို ရောက်သွားပါတယ်။ သူဟာ ဘာမပြော ညာမပြော ပေါက်ဆိန်ကို သွားယူလိုက် ဦးပြီး -

"ခြံထဲဆင်းထင်းခွဲဦးမယ် အမေ"

"အေးအေး"

ကြာပါပြီ။

မောင်ကံတို့သားအမိနှစ်ယောက် နဲ့ မတင်ဆိုင်ကြီးနဲ့ ခုလိုခွန်းကြီးခွန်းငယ် ဖြစ်နေတာ ကြာပါပြီ။ ဖြစ်တယ်ဆိုေ မယ့် မောင်ကံတို့သားအမိက မပြောရှ



www.burmeseclassic.com

www.burmeseclassic.com

…ဘူး။ မတင်ဆိုင်ကသာ နင်းကန်ပြော…တာ။ ခဲလုံးရောက်ရောက်ပြန်ပြီ၊ အမှိုက်…ပွင့်လွင့်ပြန်ပြီနဲ့။ စကားတောင်ကျယ်…ကျယ်မပြောရဲလောက်အောင်ဘဲ။ ဒီဘက်…မှာ ကိုယ့်ဟာကိုယ် သားအမိနှစ်ယောက်…ယ်ရင်တောင် ဟိုဘက်ကနေ ဟဲ့-ခွေး…ဆိုပြီး လှမ်းငေါက်တာ၊ ရှားတယ်။ နေရာ…တကာလိုက်တင်စီး၊ နေရာတကာလိုက်…အပြစ်ရှာနဲ့။

အမှန်က မောင်ကံတို့သားအမိက…ရှာခံ၊ မတင်ဆိုင်ကြီးဟာ ဟိုဘက်ရွာက။…ဘက်ရွာမှာလည်း ဒီလိုပဲ ဟိုလူ့တင်စီး…ဒီလူ့ရန်စနဲ့မို့ မနေတတ်မထိုင်တတ်၊…ပြောတတ်လို့ ပြဿနာတွေတက်လာ…တယ်နဲ့တူပါရဲ့။ မောင်ကံတို့အိမ်ဘေးက…ဒေါ်လေးမြကြီးရဲ့ခြံကို ဝယ်လိုက်ပြီးနေ…တာ၊ သူလည်း သားအမိနှစ်ယောက်…တည်းပဲ။ ဒါပေမယ့် သူ့သားက…အသောက်သမား၊ မူးလာရင် ရစ်ချင်…တယ်။ မအေက နှုတ်ကြမ်းအာကြမ်း၊…သားက ငမူး ဆိုတော့ သူတို့ကို လူတွေက သိပ်အဖက်မလုပ်ချင်ကြဘူး။ ဒါပေမယ့် မရဘူး။ သူ့သားက အဲဒီအရက်နံ့နံနေတဲ့ ကိုယ်ခန္ဓာကြီးနဲ့ပဲ လူတောထဲ အတင်းတိုးတာပဲ။ လူတွေက မခေါ်ချင်လည်းခေါ်၊ မပြောချင်လည်းပြောပေါ့။ မတင်ဆိုင်ကြီးကျတော့ ရွံ့ကြောက်ကြီးလိုဖြစ်နေလို့လား မသိဘူး။ မခေါ်ချင်လည်း ခေါ်နေကြရတာပေါ့။

မတင်ဆိုင်ဟာ သူ့ခြံကတမာကိုင်းကိုသာ ဘာလေးညာလေးပြောတာ။ မောင်ကံတို့အိမ်ရှေ့ပန်းရုံက ပန်းတွေဆိုရင် သွားခူးတာပဲ၊ ခပ်တည်တည်ပဲ။ ဒါပေမယ့် မောင်ကံ့အမေ မဉာဏ်က ရော မောင်ကံကရော မပြောရှာပါဘူး။

ဂရုစိုက်မယ်ထင်လို့လား၊ ဝေးသေး။ မျက်နှာကတမင်တင်းထားလိုက်သေးတယ်။ ပြောရဲပြောကြည့်ဆိုတဲ့ပုံ။

သူ့သားနဲ့မေတ္တာရှိတဲ့ ကလေးမလေးတစ်ယောက်ရှိခဲ့ဖူးတယ်။ သူတို့အိမ်ကို လာလာလည်ဖူးတယ်။ တစ်ရက်ကလေးမလေးရဲ့မိဘတွေကို စော်ကားမော်ကားပုတ်ခတ်ပြောလို့ ကလေးမလေးက -

"ဒေါ်ကြီးရယ် အဖေတို့ အမေတို့ကို အဲလိုမပြောပါနဲ့"

လို့ ပြောလိုက်ရုံလေးနဲ့ ကလေးမလေးကို ပါးရိုက်မလို့လုပ်တာလေ သူ့သားက မနည်းဆွဲရတယ်။ ဝုန်းဒိုင်းကိုကြဲနေတာပဲ။ ပါးစပ်ကညစ်တီးညစ်ပတ်တွေ ဆဲလိုက်ဆိုလိုက်တာဆိုတာ လူကြားလို့တောင်မကောင်းဘူး။

အဲဟို ကလေးမကလေးခမျာ ဒါလောက် စရိုက်ကြမ်းတမ်းတာကြီးမျိုးကို မတွေ့ဘူးတော့ လန့်သွားတယ်ထင်ပါရဲ့။ အဲဒီနေ့ကဆင်းပြေးပြီးတဲ့နောက်ပိုင်း သူ့သားကိုဘာအဆက်အသွယ်မှတောင် မလုပ်တော့ဘူး။

နောက်ကလေးမလေးတစ်ယောက် ဒီလိုပဲ သူ့သားနဲ့ကြိုက်တာ။ ကောင်မလေးက ဆိုင်ရှိတယ်။ ဈေးရောင်းတယ်။ အဲဒီကောင်မလေးဆီက ဟိုလောက်ပေးပါဦး၊ ဒီလောက်ပေးပါဦး ဆိုပြီး ငွေတွေခဏခဏချေးပြီးတော့ ပြန်မပေး။

တစ်နေ့ကျတော့ ကောင်မလေးကကြွေးတောင်းတယ်။ အေးအေးလေး တောင်းတာပါ။ အဲဒါကို ကြွေးတောင်းရပ့ါမလားဆိုပြီး -

"ဟဲ့ကောင်မ၊ ငါ့အိမ်ပေါ်က ခုဆင်း"

ဆိုပြီး ထင်းချောင်းနဲ့ ကောက်ပစ်



# မထူးဆန်းခြင်းမှ ထူးဆန်းခြင်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာလေ ကံကောင်းလို့။

ဟိုသူငယ်မလေးခမျာ အံ့အားကြီးသင့်လို့ပေါ့။ ဒါလောက် ကြမ်းတမ်းခက်ထန်တာကြီးနဲ့ သွားပတ်သက်မိပါရောလားဆိုတဲ့ နောင်တတွေရပြီး အဲဒီအိမ်ကနေဆင်းသွားလိုက်တာ လှည့်တောင်မကြည့်တော့ဘူး။

ဒီနောက်ပိုင်း သူ့သားကို ကြိုက်ရဲတဲ့လူမရှိသလောက်ဘဲ။

သူ့ကိုကြောက်ကြတာကိုး။

သူက ဘယ်သူ့ကိုဖြစ်ဖြစ် တင်စီးလိုက်ရမှ၊ အပေါ်စီးက ဆက်ဆံလိုက်ရမှ-

စကားကိုကြောပြီး ပြောလိုက်ရမှ-

ဒီလူနဲ့ မျက်နှာချင်းဆိုင် စကားပြောရင်းက ဒီလူ ဟိုဘက်နားရောက်သွားတာနဲ့ မျက်နှာက မေးငေါ့ထိုးပြီး ချက်ချင်း အတင်းပြောတာ။

အဲလိုလူစားတွေ။

ရပ်ထဲရွာထဲမှာ သူကရန်စလိုက်လို့ တစ်ဖက်ကမခံနိုင်လို့ ပြန်ပြောတာနဲ့ အိုး - ကက်ကက်ကိုလန်ရော။ အော်ကြီးဟစ်ကျယ်နဲ့ အော်လည်းအော်နိုင်ပါ့၊ ဆဲလည်းဆဲနိုင်ပါ့ ညစ်တီးညစ်ပတ်။

သူက အော်ဆဲ၊ သူ့သား ငမိုးက လက်ထဲမှာ ကြံရာတုတ်တစ်ချောင်းနဲ့ ခြံရှေ့ထွက်ရပ် ဆိုတော့ လူတွေဟာ စိတ်ဆင်းရဲလွန်းလို့ မတန်ဘူးဆိုပြီး ဖက်မဖြစ်တော့ဘူး။

အဲဒီမှာ ပိုဆိုးတာပဲ။

သူတို့ကို လူတွေက ကြောက်ကြတယ်ပေါ့လေ။

အမှန်က ဖက်မဖြစ်ချင်တာ။

အဆိုးဆုံးကတော့ မောင်ကံတို့သားအမိပေါ့။

လမ်းတွေ့လို့ ခေါ်ပြန်ရင် မျက်နှာက တစ်မျိုး၊ သူတို့ကပဲ မခေါ်ချင်သလိုလို။ မလွှဲသာလို့ စကားလက်ခံပြောရသလိုလို။

ဟော- မခေါ်ပြန်တော့ ဘာအချိုးချိုးတာလဲ။ ဘာဘဝင်တွေမြင့်နေလို့လဲ ဖြစ်ပြန်ရော။

ဆိုပ်လည်းစူး၊ စားလည်းရှူးဆိုတာ ဒါမျိုးတွေလား မသိပါဘူး။

အေးချမ်းတဲ့ ရွာလေးထဲကို မကောင်းဆိုးဝါးရောက်နေသလိုကြီးပဲ ခံစားနေကြရတော့တာပေါ့။

"ဟဲ့သား မောင်ကံ"

"ဗျို"

"ဟဲ့ - တာဆုံဘက်က မသိုင်းတို့အိမ်မှာ ရသေ့တစ်ပါး ကြွလာတယ်တဲ့။ သွားကြည့်ရအောင်"

"အမေကလည်းလေ ဟိုဆိုရောက်ပြန်ပြီ၊ ဒီဆိုရောက်ပြန်ပြီ"

"အံမယ်- ဒီရသေ့က ဘာမဆိုကြိုသိတယ်ဆိုလားဟဲ့"

"အမေသွားချင်လို့လား"

"အေး"

"သွားချင်ကျွန်တော်လိုက်ပို့မယ်"

ဒါနဲ့ -

မညာဏ်တို့ သားအမိ တာဆုံက မသိုင်းတို့အိမ်ဘက် ရောက်ရပြန်ပေါ့။

သျှောင်ကို ထိပ်တည့်တည့်မှာ ကျစ်ကျစ်ပါအောင် ထုံးထားပေမယ့် သျှောင်ထုံးက သိပ်မကြီးလှပါဘူး။

ဥပမိတော်တော်ကောင်းတယ်လို့ ပြောရမယ်။ ဘာမုတ်ဆိတ်မွေး၊ ဘာနှုတ်ခမ်းမွေးမှ မရှိဘူး။ သစ်ခေါက်ဆိုးရောင်သင်္ကန်းနဲ့။

"ဒေါ် သိုင်းမိတ်ဆွေလား"

"ဟုတ်ပါတယ်"

ဦးရသေ့ကတော့ ပြုံးပြီးကြည့်နေတာပါပဲ။ မျက်ခွံလေးက ဖောင်းအစ်အစ်လေးနဲ့ဆိုတော့ မျက်ပေါက်ကျဉ်းသလိုလို။ ဒါပေမယ့် သူအဲဒီလိုပြုံးပြီးကြည့်နေတဲ့ဒဏ်ကို မောင်ကံ မခံနိုင်လို့လားမသိဘူး။ ခေါင်းငုံ့လိုက်၊ ဟိုလှည့်လိုက်ဒီလှည့်လိုက်နဲ့ ဟိုဘက်ဒူးထောက်ထိုင်လိုက်၊ ဒီဘက်ဒူးထောက်ထိုင်လိုက်နဲ့ ကြမ်းပြင်ကို ငုံ့ကြည့်နေရင်းက ချွေးတွေပြန်နေသလိုပဲ။

"အမေ"

"ဟေ"

"ကျွန်တော်ဘာဖြစ်လာမှန်းမသိဘူး၊ ရင်တွေတုန်တယ်"

"ဘယ်လိုဖြစ်လို့လဲ မောင်ကံ"

"ကျွန်တော် အဲဒီ ဦးရသေ့ကို အရမ်းကြောက်နေသလိုပဲ"



"ဟိုသူငယ်"

သူ့အမေကို ခပ်တိုးတိုးပြောနေ တဲ့ မောင်ကံဟာ ဦးရသေ့ရဲ့အသံကြော ဒိတ်ခနဲဖြစ်သွားပြီး မော့ကြည့်လိုက်ရင် ပုဆစ်တုပ်ပြောင်းထိုင်လိုက်ပါတယ်။

"ဘာမှတောင်တောင်ဤဤတွေ တွေးမနေနဲ့၊ မင်းဒီနားလာစမ်း"

မောင်ကံ မရဲတရဲ တိုးကပ်သွ တာပေါ့။ ဒေါ်ညာဏ်ကတော့ သူ့သား အရေးတယူလုပ်လို့လားမသိဘူး၊ တ ပြုံးနဲ့။

"မင်းတို့သားအမိကို ငါကြည့် ပါပြီကွ။ မင်းတို့တော်တော်အေးတာ ရန်လည်းမလိုကြဘူး။ ဒါမှပေါ့ သူငယ် ရန်ဖြစ်လို့ နိုင်တယ်ဆိုတာ နိုင်တာ မဟုတ်တာ။ တစ်ဖက်သားက ယှဉ်မ ရဲလို့ အသာငြိမ်သွားတာပဲဖြစ်တ ကွယ့်။ ငါဆဲနိုင်တယ်၊ ငါပြောနိုင်တ ဆိုတာ အရည်အချင်းမှ မဟုတ်တာ၊ ရိုက်နိုင်တယ်ဆိုတာလည်း အရည် ချင်းမဟုတ်ဘူး။ သည်းခံနိုင်တာ အရည်အချင်းပဲ၊ သူတော်ကောင်းအ ပဲ။ တော်ရုံလူ မလုပ်နိုင်ဘူး။ အဲ တော်ရုံလူမလုပ်နိုင်တာကို လုပ်နိုင်မှ အရည်အချင်းကွယ့်။ လူတော် တယ်။ သူတစ်ပါးက ဆဲနေလို့ဆိုနေ ကိုယ်က မတုန်မလှုပ်ဘဲ ငြိမ်နေတာ အရည်အချင်းပဲ။ ဥပေက္ခာပြုနိုင်ရင် တော့တောင် ကောင်းသေး။ မေတ္တာ နိုင်ရင်တော့ အတိုင်းထက်အလွန် မင်းအဲလိုအရည်အချင်းတွေနဲ့ မပြ ချင်ဘူးလား"

မောင်ကံ တစ်မျိုးဖြစ်သွားတ ဦးရသေ့ပြောနေတဲ့ စကားတွေမှာ သူ နေသလိုလို၊ သူနဲ့တိုက်ဆိုင်နေသလို သူ့ပဲပြောနေသလိုလိုမို့ သူ့ရင်ထဲမှာ ဆန်းနေပါတယ်။

"ပြည့်စုံချင်ပါတယ်ခင်ဗျ"

"အေး - ဒါဖြင့် ငါခိုင်းတဲ့ပု ကို မင်းစိပ်မလား"

"ဟုတ်ကဲ့-စိပ်ပါ့မယ်။ ဒါပေမ

"အာရုံကတော့ တဖြည်းဖြ လာမှာပေါ့ကွယ်။ အရေးကြီးတာ ရတနာမြတ်(၃)ပါးကို မမေ့ဖို့ဘဲ"

"ဟုတ်ကဲ့"

"စားလည်းမမေ့ရဘူး၊ သွား မမေ့ရဘူး၊ ရပ်နေလည်းမမေ့ရဘူး နေလည်းမမေ့ရဘူး၊ ထိုင်နေလည် ရဘူး။ ဥပမာကွယ် မင်းထမင်းစာ အေး - ရတနာမြတ်(၃)ပါးကို ပြီးစား။ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊



www.burmeseclassic.com

www.burmeseclassic.com

ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဒီလိုရွတ်စား။ ရွတ်စမ်း"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ"

"ဟုတ်ပြီ၊ သွားရင်လည်းရွတ်နေ။ တစ်ခုခုလေးကို ထိလိုက်ကိုင်လိုက်ရင်လည်း ရွတ်နေ။ ဘယ်တော့မှ သတိလက်မလွှတ်စေနဲ့။ သရဏဂုံကို ကိုယ်လုံးခြုံထားရလိမ့်မယ်"

"ဟုတ်ကဲ့"

ဆီးထန်းလျက်ပန်းကန်လေးလာချပေးတဲ့ မသိုင်းကတော့ ဒေါ်ဉာဏ်နဲ့လေပေးဖြောင့်နေလေရဲ့။ ဦးရသေ့နားမှာတော့ မောင်ကံ။

ဦးရသေ့က တရားနဲ့ယှဉ်ပြီး ဆုံးမစကားလေးတွေ တစ်ခွန်းစနှစ်ခွန်းစပြောပေမယ့် မောင်ကံ ခေါင်းသာညိတ်နေတာ၊ နားမလည်လောက်ဘူး။

တော်တော်လေးပြောပြီးတဲ့နောက်ပိုင်း -

ဦးရသေ့ဟာ သူ့ဘေးနား စားပွဲခုံသေးသေးလေးပေါ်က (၁၀၈) လုံးပုတီးလေးယူလိုက်ပြီး မောင်ကံကို ပေးလိုက်ပါတယ်။

"ဆို တစ်လုံးချင်း -
ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ"

မောင်ကံလည်း လိုက်ဆိုပါတယ်။ ဦးရသေ့က ရှေ့ကတိုင်ပေး၊ မောင်ကံက သူ့သနောက်ကလိုက်ဆိုနဲ့ တစ်အောင့်လောက်ကြာတော့ -

"အေး- အဲဒီလိုရွတ်တာမှန်တယ်။ ဒါပေမယ့် မင်းအလွတ်မရလောက်ဘူး။ ဟောဟို ခဲတံလေးယူ စာအုပ်လေးထဲက တစ်ရွက်ဖြုလိုက် လိုက်ရေး"

ဆိုပြီး သရဏဂုံ-၃၀ကို နှုတ်တိုက်ချတ်လို့ ရေးခိုင်းပါတယ်။

မောင်ကံရေးတာကတော့ စာလုံးပေါင်းတွေ မှန်ချင်မှလည်း မှန်မှာပေါ့။ သူရေးတတ်သလိုရေးတာကိုး။

မသိုင်း ပြောသလိုဆိုရင်တော့ ဦးရသေ့ဟာ မောင်ကံတို့အရွယ်အသက် (၂၀) (၂၅) ဝန်းကျင်လူငယ်လေးတွေ တွေ့ရင် အဲဒီလိုပဲ သရဏဂုံ-၃၀ကို ပေးနေရှိတယ်တဲ့။ နှုတ်တိုက်လည်းသင်ပေးတယ်၊ ရေးလည်းရေးခိုင်းပြီး မှတ်ခိုင်းတယ်ဆိုပဲ။ မသိုင်းတို့ကို ဦးရသေ့ ခဏခဏ ပြောဖူးတာကတော့ ဒီလိုအရွယ်လေးတွေမှာ ရတနာမြတ် (၃) ပါးကို

- ဇာတိ ပရိယန္တံ-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။
- မရဏ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  မရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  မရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- မရဏကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  မရဏကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  မရဏကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- အရဟတ္တမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- အရဟတ္တမဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တမဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တမဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- နိဗ္ဗာနကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာနကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာနကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

တော်တော်လေး ကြည်ညိုနေဖို့လိုပြီဆိုတဲ့ စကားပါပဲ။

ခုလည်း မောင်ကံကို ပေးလိုက်ပါပြီ။

မောင်ကံဟာ သရဏဂုံ-၃၀ကို စပြီးရတဲ့နေ့ကစပြီး ဘုရားဆောင်ရှေ့မှာ စာရွက်ကိုင်ပြီး အပြန်ပြန်အလှန်လှန် ရွတ်တော့တာပါပဲ။

ဦးရသေ့ပြောပြခဲ့တဲ့အတိုင်း သူဟာ ဘုရား၊ တရား၊ သံဃာကို အာရုံပြုပြီး ကြည်ညိုစိတ်တွေနဲ့ ရွတ်ပါတယ်။

ဒေါ်ဉာဏ်ဆိုဝမ်းသာလို့ပေါ့။ သူ့သားလေးဟာ အေးအေးနေတတ်ပြီး စိတ်ကောင်းရှိမှန်းသိလို့ သူတော်ကောင်းတရားကိန်းအောင်းသူမို့ ဦးရသေ့က ဒီဂါထာကို ပေးလိုက်တာဆိုပြီး လူမြင်တိုင်း ပြောလို့ကို မဆုံးဘူး။

အဆင်ပြေပါတယ်။

မောင်ကံလေးဟာ တကယ်တော့ နေ့စားနဲ့လိုက်လုပ်တဲ့ ပန်းရန်အလုပ်သမားလေးပါ။ ရသမျှ မအေကိုပေးပြီးမှ ကလေးမုန့်ဖိုးတောင်းသလို လက်ဖြန့်တောင်းသုံးတဲ့လူငယ်လေးပါ။

ခု ဦးရသေ့နဲ့တွေ့ပြီးနောက်ပိုင်း နေ့တိုင်း မပြတ် ပုတီးစိပ်လာတော့ သူ့အလုပ်တွေပိုလို့အဆင်ပြေလာသား။ သူဟာ ပိုပြီးတော့လည်း အေးလာတယ်။ သူတို့ဘေးက မတင်ဆိုင်ကြီးနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

လာရင်လည်း ပိုပြီးသည်းခံလာနိုင်တယ်။

စမ်းသပ်တယ်ဆိုပြီး လူကြီးသူမတွေပြောတာ ဒါပဲနဲ့တူပါရဲ့။ မောင်ကံလေးဟာ သရဏဂုံ-၃၀ကို စွဲစွဲမြဲမြဲစိပ်လာတော့ မတင်ဆိုင်ကြီးရဲ့ရန်က ပိုဆိုးလာတယ်။ သူ့သားကဆို မောင်ကံကိုမားတွေဘာတွေနဲ့တောင် ခုတ်မလို့ကြိမ်းလားမောင်းလားနဲ့။

ဒါကို မသိုင်းကြားတော့ -

"လူလေး အပု၊ သွားပြီးဖက်မဖြစ်နဲ့။ မသိချင်ယောင်၊ မကြားချင်ယောင်သာဆောင်နေ။ သူတို့က ကြမ်းကြမ်းကြီးတွေ၊ လူလေးက အေးအေးရယ်။ ရန်သွားမဖြစ်နဲ့"

ဆိုပြီး အမြဲပြောပါတယ်။

မောင်ကံက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကိုကြိတ်တောက်တစ်ချက်ခေါက်လိုက်ရင်း -

"ဟင်း - ငါ ဘာလို့ သူတို့ကိုကြောက်သလိုလို၊ ရွံ့သလိုလိုဖြစ်နေရတယ်မသိဘူး"

ဆိုတဲ့ စကားကို ညည်းတွားမိလိုက်ပါရဲ့။

ဒါပေမယ့် သူစိတ်ခဲတတ်မကျအောင် မသိုင်းကရော သူ့အမေမညာဏ်ကပါ ဝိုင်းအားပေးကြရတာပေါ့။

စိပ်ပါတယ်။ မောင်ကံလေးဟာ သရဏဂုံ-၃၀ကို နေ့စဉ် တစ်နာရီလောက် စိပ်နိုင်လာတယ်။

ဒီလိုနဲ့ သူဟာ မြို့မှာ အဆောက်အဦးဆောက်ဖို့ဆိုပြီး သူဌေးတစ်ယောက်က ခေါ်တာနဲ့ နေ့စားအလုပ်သမားလေးဘဝနဲ့ပဲ ပန်းရန်ခေါင်းဆောင်သူ့ဆရာနဲ့ လိုက်သွားရပါတယ်။

သူတို့ အဲဒီမှာ သုံးလလောက်ကြာမလားဘဲ။

သူဟာ သူ့အမေ မညာဏ်ကို ဘယ်လိုမှ စိတ်မချဘူး။ အချိန်လေးရတာနဲ့ သူ့အမေဆီ ပြန်ပြေးလာတာပဲ။

ပြောတော့သာ အမေ ဘာမှမကြောက်နဲ့၊ ကျွန်တော်ရှိတယ်ပေါ့။ သူကြည့်တော့ မတင်ဆိုင်တို့အိမ်ဘက်ကိုရဲရဲတောင်မကြည့်ရဲဘူး။

ဒီလိုနဲ့ နေလာရင်းနဲ့ -

သုံးလပြည့်ပြီး ရက်လေးစွန်းစွန်းမှာ မောင်ကံ ရွာကိုပြန်ရပါပြီ။ သူ့ဆရာပါ ပြန်ပါလာတာမို့ သူတို့တွေအားလုံး (၄) ယောက်။ ပျော်ပျော်ပါးပါးနဲ့ ပြန်လာကြတာပေါ့။ ဟိုဘက်ရွာထိပ်လည်းရောက်ရော မွန်းလွဲနေရောင်ဒဏ်ကြောင့် သူ့ဆရာက လှည်းငှားတယ်။

လှည်းက လယ်ကွင်းကြီးတွေကိုဖြတ်ပြီး ဒီဘက်ရွာကို လာရတာ။ ဒီဘက်ရွာက မောင်ကံတို့ရွာ။

ပျော်ပျော်ပါးပါးနဲ့ နွားလှည်းစီးလာကြရင်း ရွာနဲ့ခပ်လှမ်းလှမ်း ရွာပြင်မှာလူငါးယောက်၊ ခြောက်ယောက်လောက်ခပ်စုစုလေးကိုမြင်လို့ သူတို့လှမ်းကြည့်ရင်း သတိထားလိုက်မိပါတယ်။ နေရာက ရွာပြင်သုသာန်အစပ်မှာပါ။

တဖြည်းဖြည်းနဲ့ အနားရောက်လာတော့ -

လူအုပ်ရဲ့ရှေ့ဆုံးမှာ မျက်ရည်လည်ရွဲနဲ့ ဒယိမ်းဒယိုင်ဖြစ်လိုက်၊ ပြေးလိုက်ဖြစ်နေတာ ငမူး။ မတင်ဆိုင်ကြီးရဲ့သား ငမူး။

ဒါနဲ့ ချက်ချင်းပဲ မောင်ကံ့မျက်လုံးတွေဟာ အသက်မရှိတော့တဲ့ ပက်လက်ကြီးကို လှမ်းကြည့်လိုက်ပါတယ်။

"ဟာ - ဒေါ်တင်ဆိုင်ကြီးပါလား"

မောင်ကံကလှမ်းအကြည့် မောင်ကံ့ဆရာနှုတ်က အလိုလိုထွက်သွားတဲ့စကားပါ။ လှည်းကတုံ့ခနဲရပ်မလိုလိုဖြစ်သွားပေမယ့် မောင်ကံ့ဆရာရဲ့ မျက်ရိပ်မျက်ကဲကြောင့် လှည်းမောင်းသူလည်း တောက်လျှောက် ဆက်မောင်းသွားပါတော့တယ်။

ရွာထဲဝင်စပြုတော့မှ ဒေါ်တင်ဆိုင်ကြီးရဲ့ကိစ္စကိုလိုက်ပို့ကြတဲ့ အိမ်နီးချင်းတွေ (၁၀) ယောက်၊ (၁၅) လောက်တွေ့ပါတယ်။ ဒေါ်ညာဏ်လည်းပါရဲ့။

"အမေ၊ ကျွန်တော် ပြန်လာပြီ။ ပြန်နှင့်မယ်"

"အေး၊ အေး"

ဒါပါပဲ။

တန်ဖိုးကြီးမားလှတဲ့၊ ရခဲလှတဲ့ လူ့ဘဝမှာ -

အကုသိုလ်စိတ်တွေနဲ့ အချိန်ကုန်နေတာကို အောင်နိုင်ခြင်းလို့ အထင်ရောက်ခဲ့တဲ့ ဒေါ်တင်ဆိုင်။

ဟိုလူ့ကို တင်စီးလိုက်၊ ဒီလူ့ကို ရန်စလိုက်၊ ဟိုလူ့ကို အကြောကြီးနဲ့ ဆက်ဆံလိုက်လုပ်ခဲ့တဲ့သူ့ရဲ့အကျင့်တွေကို သူသယ်မသွားနိုင်တော့ပါဘူး။ သူ့ကို လူတကာက မော်တောင်မကြည့်ရဲဘူးဆိုတဲ့ တလွဲမာနတွေလည်း ကျန်ခဲ့ပါပြီ။

တော်တော်များများ အမြင်မှာတော့ တစ်ဖက်ရွာက ဈေးလာရောင်းတဲ့ ဒေါ်ကြီးတစ်ဦးနဲ့ အကြီးအကျယ်ဖြစ်ပြီးတဲ့နောက်ပိုင်း အိပ်ရာထဲ ဗုန်းဗုန်းလဲသွားတာလို့ မြင်ကြလေရဲ့။

"ဟိုအဒေါ်ကြီးက ပညာသည်ပေါ့လေ"

"မခံတော့တဲ့သူနဲ့ကျ သူ့အလှည့်ဖြစ်သွားပြီပေါ့"

ဒါက လူပြောသူပြော။

အမှန်ကတော့ သူ့စေတနာက သူ့ကို ပြန်သတ်လိုက်တယ်လို့ ပြောရရင်လွဲမလား။

ဘာပဲပြောပြောလေ -

စေတနာ ဆိုတာ အကျိုးပေးတာပဲ။

နောင်ဘဝမကူးခင် ခုဘဝမှာအကျိုးပေးတာ။

*

မောင်ကံတို့ သားအမိအကြောင်းကို တွေးလိုက်တိုင်း ဒေါ်တင်ဆိုင်တို့သားအမိပါ ပါလာတတ်ပါတယ်။

အမှန်က မောင်ကံလေးက စိတ်ဆတ်တယ်။

မခံနိုင်လာတော့တဲ့ တစ်နေ့မှာ ဒေါ်တင်ဆိုင်တို့သားအမိနဲ့ မောင်ကံနဲ့ ပြဿနာအကြီးအကျယ်ဖြစ်တော့မှာကို ဦးရသေ့က ရိပ်မိတယ်နဲ့တူပါရဲ့။ လူငယ်လေးတစ်ယောက်အနေနဲ့ မဖြစ်သင့်တာတွေဖြစ်ရင် လူအညွန့်တုံးသွားမှာကို စိုးရိမ်ပုံရပါတယ်။ ဒါကြောင့် ရတနာမြတ်(၃)ပါးကိုပဲ အကြိမ်ကြိမ်အထပ်ထပ် အာရုံပြုနေခိုင်းလိုက်တာ။

ဘာပဲပြောပြော ရန်မဖြစ်တော့ဘူးလေ။

ရန်ဖြစ်ချင်စိတ်တွေမရှိတော့ဘူး။

အဲဒါကိုက ပြဿနာဖြစ်စရာမရှိတော့ဘူး။ လူငယ်လေးတစ်ယောက်ကို ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးနဲ့ ထိန်းကွပ်ပေးလိုက်တာ။

ဦးရသေ့ မောင်ကံလေးကို ပေးလိုက်တဲ့ သရဏဂုံ-၃၀ကတော့ ကျွဲ့ [illegible] သယပါပဲ။

ဦးရသေ့က မလိုအပ်လို့ ဘာမှ မပြောပေမယ့် မောင်ကံလေး အလု[illegible] တွေ အဆင်ပြေလာသား။

သရဏဂုံ-၃၀ပုတီးစိပ်ဟာ အတော်လေးကို အစွမ်းသတ္တိကြီးမားလှပါတယ်။

သရဏဂုံ-၃၀ကို နေ့စဉ်(၃)နာရီ (၄) နာရီလောက် ပုတီးစိပ်ကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆုံဖူးပါတယ်။

တစ်ဦးကို တစ်မျိုးစီစွမ်းကြပါ[illegible]

တချို့က အရေးကြီးတဲ့[illegible] တစ်ယောက်ယောက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com

# ကင်းဂမုန်း၏လက်တွေ့ဆေးအသုံး

## ငွေလင်းရောင်(နတ်မောက်)

တစ်နေ့သ၌ ကျွန်ုပ်၏နေအိမ်တွင် ထမင်းချက်မီးဖိုတိုက်ငယ်လေး ဆောက်လုပ်ရာ ပန်းရန်ဆရာနှင့် သူ၏ နောက်လိုက်လုပ်သားများသည် မဆလာနယ်သူ၊ အုတ်ခဲသယ်သူများနှင့် လွန်စွာ အလုပ်ရှုပ်လျက်ရှိနေသည်ကို ကျွန်ုပ်သည် တိုယောင်ယောင်သည်ယောင်ယောင်နှင့် လှည့်ပတ်သွားကာကြည့်နေမိလေသည်။

ထိုစဉ်အတွင်း ကျွန်ုပ်၏ဇနီးသည်မှ -

"ဖအေကြီး၊ သူများတွေ အလုပ်လုပ်နေတဲ့နေရာမှာ ယောင်ခြောက်ဆယ်သွားလုပ်နေတယ်။ တီဗွီက နံနက်ခင်းသတင်းလာနေပြီ။ လာနားထောင်လှည့်၊ ကြည့်လှည့်။ ပြီးတော့မှ သတင်းလက်လွတ်သွားပြီနဲ့မဆိုနဲ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ ဆက်ခနဲတွန့်သွားပြီး -

"အေးပါ၊ အေးပါ၊ လာပါပြီ မအေကြီးရာ"

ဟု ဇနီးမယား၏စကားကို အစဉ်လေးစားခဲ့သူပီပီ ချက်ချင်းပင် နေအိမ်အောက်ထပ်သို့ မပြေးရုံတစ်မည် လှမ်းသွားလိုက်မိပါသည်။

နံနက်ခင်းသတင်းအပြီးတွင် ကျွန်ုပ်မှာ ရေချိုး၊ ထမင်းစားရန် စိတ်ကူးလိုက်မိစဉ်မှာပင် -

"ဦးလေး၊ ရုံးအားရက်ဆိုတော့ တီဗွီကြည့်ဖိမ်ယစ်နေတာလား"

ဟု ဟောဟောဒိုင်းဒိုင်းပြောဆိုဝင်ရောက်လာသူမှာ ကျွန်ုပ်၏ တူတော်မောင်ရွှေနေ မောင်ကျော်ဇေယျာဦး ဖြစ်နေလေသည်။

"လာကွာ လူလေး၊ မင်းဘယ်က လှည့်လာတာလဲ"

"ဘယ်ကမှလှည့်လာတာ မဟုတ်

---

သလို ကြိုကြိုသိတယ်လို့ ပြောပြဖူးပါတယ်။

တချို့က ဘဝအဆင့်ဆင့်မြင့်တက်သွားတယ်လို့ ပြောကြပါတယ်။ တကယ်သည်းကြီးပွားချမ်းသာသွားတာ၊ အောင်မြင်သွားတာ တွေ့နေရပါတယ်။

တချို့ကျတော့ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံလို့ရတယ်လို့ ပြောကြပါတယ်။ အဲဒါကတော့ လူတော်တော်များများကို ပြောကြတာပါ။ ထူးဆန်းတဲ့ သူတို့အတွေ့အကြုံတွေဆိုရင် ကြက်သီးမွေးညင်းထလောက်ပါရဲ့။ တကယ့်ကို ကြားဘူးတာတွေပါ။ မမြင်ရတဲ့ပုဂ္ဂိုလ်တွေရဲ့ ကူညီမှုကို မကြာခဏရတယ်လို့ ပြောကြပါတယ်။

တချို့ဆို အဆိပ်အတောက်ရှိတဲ့ သတ္တဝါတွေနဲ့ကြုံရင် အဲဒီသတ္တဝါတွေ ဝေးဝေးကပဲ ပြေးကုန်တယ်။ အဆိပ်ရှိတဲ့သတ္တဝါကို တော်တော်နိုင်တယ်လို့ ပြောကြပါတယ်။

ရတနာမြတ်(၃)ပါးဂုဏ်ကျေးဇူးတော်ပါပဲ။

အစွမ်းသတ္တိဆိုတာ တစ်မျိုးတည်းတော့ပါဘူး။

ရတနာ(၃)ပါးကိုယုံကြည်သူတိုင်းအတွက် တစ်ယောက်တစ်မျိုးစီ အစွမ်းသတ္တိတွေဖြစ်လာရတာပါ။

အမှန်က -

လိုအပ်နေတဲ့ အကြောင်းအရာမှန်သမျှကို တစ်နည်းနည်းနဲ့ ပြည့်ပြည့်လာစေတဲ့အတွက် ကုဇ္ဇာသယဂါထာတော်လို့ကို ပြောကြတာပါ။

သရဏဂုံ-၃၀ကို တစ်ပါးချင်း ပီပီသသ ရွတ်ဖတ်ပြီး ပုတီးတစ်လုံးချင်း စိပ်သွားမယ်ဆိုရင် ငါးပတ်တိတိပြည့်မှာ 'နိဗ္ဗာနကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ' နဲ့ ဆုံးပါတယ်။

နည်းနည်းလေးအာရုံလွဲလိုက်တာနဲ့ လွဲသွားပါတယ်။

အာရုံတော်တော်မိလို့ မလွဲတော့ဘူးဆိုရင်လည်း ထင်မထားတဲ့ကိစ္စတွေနဲ့ ချည်း ကြုံရတော့တာပါပဲ။

သရဏဂုံ-၃၀နဲ့ ပတ်သက်ပြီး ကြီးမားတဲ့ အောင်မြင်မှုကြီးတွေ အကြောင်း၊ ထင်မထားတဲ့ ထူးဆန်းတာတွေအကြောင်း အများကြီး ကြုံရဖူးလို့ အများကြီးလည်း ရေးပြခဲ့ဖူးပါပြီ။

အဲဒီလို သရဏဂုံ-၃၀နဲ့ပတ်သက်တဲ့အကြောင်းတွေထဲက စာမဖွဲ့လောက်တဲ့ သာမန် အညတရ လူငယ်လေးတစ်ယောက်ကို သွားသတိရလို့ စာဖွဲ့လိုက်မိတာပဲ ဖြစ်ပါတယ်။

မောင်ကံဟာ သူလိုကိုယ်လိုကလေးပါပဲ။

မိခင်ကိုလုပ်ကျွေးနေတဲ့ဂုဏ်လေးရှိတော့ သူတော်ကောင်းနဲ့ တွေ့ပြီး သရဏဂုံ-၃၀ကို ရခဲ့သူပါ။

ခုထိလည်း ပုတီးစိပ်နေပါရဲ့။

သူ့အလုပ်အကိုင်လေးနဲ့ သူလည်း အဆင်ပြေနေပါတယ်။

ခုထိလည်း သူ့အမေကို လုပ်ကျွေးနေတာမို့ သူ့အမေနဲ့မခွဲပါဘူး။

ဘာမှမထူးဆန်းတဲ့ မောင်ကံလေးရဲ့ အကြောင်းကို သတိတရတွေးလိုက်မိရင် ဒါမှမဟုတ် တစ်ခါတစ်ခါ စိတ်ကူးထဲရောက်လာမိရင် အဲဒီမထူးဆန်းတဲ့ကြားက ထူးဆန်းလှတဲ့ ပုတီးစိပ်အကြောင်းဟာ အမြဲပါလာလေ့ရှိပါတယ်။

ဒါကြောင့် -

ပြောမယုံ ကြုံမှသိရလောက်အောင် အစွမ်းသတ္တိကြီးမားလွန်းလှတဲ့ သရဏဂုံ-၃၀ကို အခုပဲ စရွတ်၊ အခုပဲ စစိပ်ပြီး အခုကပဲစလို့ အောင်မြင်မှုတွေ လက်ဝယ်ပိုင်ပိုင် ရယူလိုက်ကြဦးစို့ရဲ့။

*မိမိကောင်းမှုအကြောင်းပြု-*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ဦးလေးဆီ သက်သေခံဥပဒေအဖွင့် ကျမ်းရှိတယ်ဆိုလို့ လေး၊ ငါးရက်ငှားချင်လို့ တမင်လာခဲ့တာ"

"ဟော"

ကျွန်ုပ်မှာ ဥပဒေစာအုပ်များကို ငှားလေ့ရှိသူမဟုတ်ပါ။ ကျွန်ုပ်၏စာအုပ်ကိုလည်း မငှား၊ သူများထံမှလည်း ငှားလေ့ရှိသူ မဟုတ်ပါ။ သို့အတွက် ဆတ်ခနဲဖြစ်သွားရပါသည်။ ကျွန်ုပ်တွေဝေနေစဉ်မှာပင် တူတော်မောင် မောင်ကျော်ဇေယျာဦးက ထပ်ဆင့်ပြောလာပြန်သည်။

"ငါးရက် မကြာပါဘူး ဦးလေးရာ။ သုံးရက်နဲ့အပြီးဖတ်ပါ့မယ်။ ဦးလေး စာအုပ်ငှားလေ့ငှားထမရှိဘူးဆိုတာ သိပါတယ်။ ခုတစ်ခါတော့ လိုက်လျောပါဦး။ ကျွန်တော့်မှာ ဦးသက်ဖေစာအုပ် ရှိပါတယ်။ ဦးလေးကို ငှားပါ့မယ်ဗျာ"

"ဦးသက်ဖေစာအုပ် ငါ့မှာလည်း ရှိတယ်ကွ။ လက်ဖက်ရည်မသောက်ဘဲ နေချင်နေမယ်။ စာအုပ်မဝယ်ဘဲ မနေနိုင်ဘူးကွ။ မင်းတို့တွေ လက်ဖက်ရည်ဆိုင်လိုက်၊ ဘီယာဆိုင်ထိုင်လိုက်နဲ့ ထိုင်ချင်ကြတယ်။ စာအုပ်ဝယ်ဖို့ကျတော့ တွန့်တိုကြတယ်"

ထိုသို့ ကျွန်ုပ်မှ ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သော်လည်း မောင်ကျော်ဇေယျာဦးမှာ သူ၏အလျှော့မပေးတတ်သည့်ဉာဉ်အတိုင်း -

"ဟီးဟီး - မထိုင်ပါဘူး ဦးလေးကလည်း"

"ဘာမထိုင်ဘူးတုံး။ မင်းနဲ့ ဝင်းမင်းသူရသောင်း ဟိုတစ်ပတ်က မကွေးဟီးရိုးဖုံနဲ့ မင်းဘူးက ကြယ်စင်သစ်ကို သွားတယ်ဆို။ ဟို ကြီးမိုက်ကြီး လှမြင့်ဆိုတဲ့ကောင်လည်း ပါတယ်လို့ ငါကြားတယ်။ ငါ့ကိုလာပြောကြတယ်"

"မဟုတ်ပါဘူး ဦးလေးရယ်၊ မလိုသူတွေကပြောနေတာပါ။ ကျွန်တော်တို့ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးသွားတာပါ တကယ်ပါ"

မောင်ကျော်ဇေယျာဦးမှ ဆင်သေကို ဆိတ်သားရေနှင့်ဖုံးရန် ကြိုးစားနေသည်။ အမှန်မှာ ထိုနေ့က ကျွန်ုပ်ကိုယ်တိုင် မိတ်ဆွေဦးဝါလင်းနှင့်အတူ သီးသန့်စားသောက်ခန်းထဲရှိနေပြီး ၎င်းနှင့်မောင်ဝင်းမင်းသူရသောင်းတို့ကို တပ်အပ်သေချာ မြင်လိုက်သည်ကို သင်းမသိချေ။

"အေး - ထိုင်ထိုင်၊ မထိုင်ထိုင် မင်းလိမ်တဲ့အတွက် စာအုပ်မငှားနိုင်ဘူးဒါပဲ"

ဟု ကျွန်ုပ်မှ ခပ်ပြတ်ပြတ် ဘူးခံပြောလိုက်ရာ မောင်ကျော်ဇေယျာဦးမှ-

"ကျွန်တော်ဖြောင့်ချက်ပေးပါ့မယ် ဦးလေး။ ဦးလေးပြောတဲ့နေ့က သွားမိတာ အမှန်ပါ။ ဦးလှမြင့်နဲ့ ဝင်းမင်းသူရသောင်းက မဲဆွယ်လို့ ပါသွားတာပါ"

"တော်တော် ဟော့ကောင်၊ လူပါပါလို့ နွားကျားကိုက်တာကွ။ သူများကို အပြစ်ပုံမချနဲ့။ မင်းမလိုက်ချင်ရင် ဟိုလူတွေက တရွတ်တိုက်ဆွဲမခေါ်ပါဘူး။မင်းဟာက ဖြောင့်ချက် မဟုတ်ဘူး။ ဖြောင့်ကွယ်စကားကွ၊ ဖြောင့်ကွယ်စကား"

ထိုသို့ ကျွန်ုပ်နှင့် တူတော်မောင်ကျော်ဇေယျာဦးတို့ အချေအတင်စကားများနေချိန်မှာပင် အုတ်ခဲသယ်နေသော ပန်းရန်လုပ်သားများထံမှ အားခနဲအော်သံကြားလိုက်ရသဖြင့် အပြေးသွားကြည့်လိုက်မိရာက -

"အုတ်ခဲကြားက ကင်းမြီးကောက် ထိုးလိုက်တာ။ ခံရလိုက်တာဗျာ၊ ခါကိုခါချရတယ်"

ဟု အနီးအရှိ လုပ်သားတစ်ဦးက ပြောလေသည်။

ပန်းရန်ဆရာကြီးမှ ပြေးလာပြီး -

"မင်းတို့ ငါပြောတယ်။ အုတ်ခဲပုံက ပုံထားတာကြာပြီကြည့်လုပ်လို့၊ အမှုမဲ့အမှတ်မဲ့ စကားတပြောပြောလုပ်တော့ ခု - ကင်းထိပြီ။ သွား၊ သွား မန်ကျည်းစေ့သွေးပြီး အစွယ်ရာပေါ် ကပ်ထားလိုက်၊ အဆိပ်ကို မန်ကျည်းစေ့က စုပ်သွားပြီး ချက်ချင်းသက်သာတယ်"

ထိုသို့ဆိုသဖြင့် ကျွန်ုပ်နေအိမ်ဝိုင်းအတွင်း မန်ကျည်းစေ့ရှာကြရာ လိုအပ်မှပင် တစ်စေ့မျှ မတွေ့ရှိချေ။ ယင်းကဲ့သို့ လိုအပ်သောမန်ကျည်းစေ့မတွေ့ရသော အခါ -

"ဦးလေး၊ ဦးလေးအိမ်မှာ-ဂမုန်းတွေမျိုးစုံစိုက်ထားတာပဲ။ ကင်းဂမုန်း မရှိဘူးလား"

ဟု မောင်ကျော်ဇေယျာဦးမှ မေးရာ -

"ငါမသိဘူး၊ မင်းဒေါ်လေး မေးကြည့်"

ဟု ပင် ပြောလိုက်မိပါသည်။

မကြာမီမှာပင်-

"ခုနက ကင်းထိုးခံရတဲ့လူ လာလာ - ဒီနားလာ။ ဒီမှာ ကင်းဂမုန်းရှိတယ်"

ဟု မောင်ကျော်ဇေယျာဦးမှ လှမ်းခေါ်ပါသည်။

ထို့နောက် ကင်းအထိုးခံရသူကို ကင်းဂမုန်းအရွက် လေး၊ ငါးရွက်ဝါးစားခိုင်းပါသည်။ ပြီးတော့ ကင်းဂမုန်းမှထွက်လာသော နွားနို့ရောင်ဖြူဖြူအစေးများကိုလည်း ကင်းထိုးအစွယ်ရာပေါ်သို့ လိမ်းစေပါသည်။ ဆယ့်ငါးမိနစ်ခန့်ရှိသောအခါ ကင်းထိုးခံရသူမှာ -

"ဟား - သက်သာသွားပြီဗျ၊ ကင်းဂမုန်းက တော်တော်စွမ်းပါလား၊ ကျေးဇူးတင်ပါတယ် ဆရာ"

ဟု မောင်ကျော်ဇေယျာဦးကို ပြောလေသည်။

"ရပါတယ်ဗျာ၊ ခုလို တိုက်ဆိုင်ကြုံရတွေ့ရင် ကူညီရအောင် ဗဟုသုတရှာဖွေ ဖတ်ထားတာပါ"

ဟု မောင်ကျော်ဇေယျာဦးက မိန့်မိန့်ကြီး ဆိုလိုက်လေသည်။ ထိုပန်းရံအလုပ်သမားလည်း သတိဖြင့် ဆက်လက်၍ အုတ်ခဲသယ်လေတော့သည်။

ကင်းဂမုန်းပင်မှာ ပင်စည်လက်တံမှ အရွက်သေးလေးများ တစ်ဖက်စီထွက်ပြီး ကင်းခြေများ (အချို့ဒေသတွင် ၎င်းကင်းထိုးလျှင် ဖျားနာတတ်သဖြင့် ကင်းခြေဖျားဟုခေါ်တတ်သည်။) သဏ္ဌာန်နှင့်ဆင်ဆင်တူပါသည်။ ကိုင်းချိုး၍ မြေအိုးထဲ ထိုးစိုက်လျှင်ပင် အလွယ်တကူ ရှင်သန်ဖြစ်ထွန်းပါသည်။

ကင်းမြီးကောက်၊ ကင်းမလက်မည်း၊ ကင်းခြေများ ထိုးပါက ကင်းဂမုန်းအတွက် သုံး၊ လေးရွက်ဝါးစားပြီး ၎င်းဂမုန်းမှဖြူဖြူအစေးများ သုတ်လိမ်းပေးပါက မိနစ်ပိုင်းအတွင်း ကင်းဆိပ်ပြေသက်သာ ပျောက်ကင်းစေပါသည်။ ကျွန်ုပ် လက်တွေ့သိမြင် ဗဟုသုတ တိုးပွားလာသောနေ့တစ်နေ့ ဖြစ်ပါသည်။

သို့အတွက် ထိုနေ့က စာအုပ်ငှားရန်အလွန်တွန့်တိုနှမြောတတ်သော ကျွန်ုပ်သည် တူတော်မောင် မောင်ကျော်ဇေယျာဦးအား ဂုဏ်ပြုသည့်အနေဖြင့် သက်သေခံဥပဒေအဖွင့်ကျမ်းစာအုပ်ကို လှိုက်လှဲ ဝမ်းသာစွာ ငှားလိုက်ပါတော့သည်။

ကျန်းမာချမ်းသာလန်းဖြာကြပါစေ

ငွေလင်းရောင်(နတ်မောင်း)

www.burmeseclassic.com

www.burmeseclassic.com

ခြင်္သေ့ဂုဏ်ရည်
နှင်းရှိအောင်





တကယ့်တကယ် ပြောရစတမ်းဆိုလျှင် ပကတိ ခြင်္သေ့ရုပ် မဟုတ်သော မြန်မာမှုခြင်္သေ့ရုပ်သည် မြန်မာနိုင်ငံ၏ အမှတ်တံဆိပ်၊ အမျိုးသားရေးအမှတ်တံဆိပ်ဖြစ်ဖို့ သင့်လှပေသည်။ အကြောင်းမှုကား ရှေးမြန်မာဘုရင်တို့၏ မြန်မာမှုခြင်္သေ့ရုပ်ခံ သီဟာသနပလ္လင်တော်သည် နိုင်ငံ့အချုပ်အခြာအာဏာ၏ပြယုဂ်အဖြစ် တွေ့ရှိနေရပေသည်။ ရှေးမြန်မာဘုရင်တို့၏ စစ်ထွက်အလံစိမ်းတွင် မြန်မာမှုခြင်္သေ့ရုပ်များကိုတွေ့ရပေသည်။ မြန်မာပြည်တစ်ဝန်းက စေတီပုထိုး၊ ဘုရား၊ သိမ်၊ ကျောင်းအနီးတွင် မြန်မာမှုခြင်္သေ့ရုပ်များကို တွေ့ရမြဲဖြစ်သည်။ ရန်ကုန် မြို့တော်ခန်းမအနီး ဗန္ဓုလပန်းခြံထဲက လွတ်လပ်ရေးကျောက်တိုင်ခြေရင်းတွင်လည်း မြန်မာမှုခြင်္သေ့ရုပ်များ ဝိုင်းရံနေသည်ကို တွေ့ရလေသည်။ မြန်မာနိုင်ငံတော်၏ အမှတ်တံဆိပ်တွင်လည်း မြန်မာမှုခြင်္သေ့ရုပ်ပါရှိနေသည်။ နောင်လွတ်လပ်ရေးရပြီးနောက်ထုတ်ဝေသော ငွေစက္ကူတချို့နှင့်အကြွေစေ့တချို့တို့၌လည်း မြန်မာမှုခြင်္သေ့ရုပ်များကို တွေ့ရှိရသလို အဖွဲ့အစည်းတချို့၏ အမှတ်တံဆိပ်များတွင်လည်း မြန်မာမှုခြင်္သေ့ရုပ်များကို တွေ့ရှိရပြန်သေးသည်။ ထိုထိုအကြောင်းရင်းခံများကြောင့် မြန်မာနိုင်ငံ၏အမှတ်တံဆိပ်၊ အမျိုးသားရေးတံဆိပ်မဖြစ်သင့်ဘူးလားဟု မေးချင်စရာဖြစ်သည်။ ပြီး-ပန်းနွယ်ပန်းခက်၊ ကနုတ်ပန်းတို့နှင့် စီရင်ခြယ်သထားသော မြန်မာမှုခြင်္သေ့



www.burmeseclassic.com

www.burmeseclassic.com

ရုပ်သည် အလှအပသက်သက်ပဲလား၊ ဂမ္ဘီရများ ယှက်နွယ်နေသလားဟု တွေးချင့်စရာ ဖြစ်သည်။

ငင်းထက် ပိုမို စိတ်ဝင်စားစရာကောင်းသောအချက်တစ်ခုက မြန်မာနိုင်ငံတစ်ဝန်းက ဘုရားစေတီပုထိုး၊ သိမ်၊ ကျောင်းအနီး၌ ခြင်္သေ့ရုပ်များထားရှိကြခြင်း၏အကြောင်းရင်းခံကိုပင် ဖြစ်သည်။ အများအားဖြင့် သိရှိနေကြသည်က ဖခမည်းတော် ခြင်္သေ့မင်းကို သတ်ဖြတ်မိသော သီဟဗာဟုမင်းက သူ့အပြစ်ကြွေးကို ချေဖျက်နိုင်ရန်အတွက် ဘုရားစေတီများကို ဖူးမြော်ပူဇော်ရန်ရောက်တိုင်း ဖခင် ခြင်္သေ့မင်းကို ရှိခိုးတောင်းပန်နိုင်ရန်အတွက် ဘုရားစေတီများအနီးဝယ် ခြင်္သေ့ရုပ်များ ထားရှိလေ့ရှိသည် ဟူသော အယူကိုပင် ဖြစ်သည်။

သို့တစေ သုံးပုံတစ်ချူ သုံးပုံအိတ်ထောင်ကျမ်း အပါအဝင် တချို့ကျမ်းများ၏အလိုအရမူ ခုနစ်ရက်တိုင်တိုင် နိရောဓသမာပတ်ဝင်စားနေသော ပဒုမ္မဗုဒ္ဓဘုရားရှင်ကို နေရာမရွေး ကြည်ညိုသဒ္ဓါပွားပူဇော်ရင်းဖြင့် အသက်စွန့်သွားသော ဂေါတမဗုဒ္ဓဘုရားရှင်လောင်းလျာ ကေသရာဇာခြင်္သေ့မင်းကို ရည်စူးကာ ဘုရားစေတီများ၏အနီးတွင် သို့ကလို ခြင်္သေ့ရုပ်များထားရှိသည်ဟု ဆိုထားသည်။ ဘုရားစေတီသို့ ဘုရားဖူးရောက်ရှိလာသောသူများသည် ဘုရားလောင်း ခြင်္သေ့မင်းကို ဘုရား၊ တရား၊ သံဃာ ရတနာအပေါ်၌ ၁၁သက်စွန့်ကြည်ညိုသဒ္ဓါပွား ပူဇော်ကြည်ညိုရန် တိုက်တွန်းနှိုးဆော်ချက် သရုပ်ဟု ဆိုကြသည်။

သို့ဖြစ်သည့်တိုင် နောက်ပိုင်းကာလများတွင် ဘုရားစေတီများအနီး၌ ခြင်္သေ့ရုပ်ထားရှိခြင်း၏ ရည်ရွယ်ချက်များပြောင်းရွှေ့လာပုံပေါ်လာသည့် လက္ခဏာများကို တွေ့ရှိရသည်။ 'သုံးထောင်သချ်ာ ဟိမဝန္တာ အာဏာစိုးလျက် သီဟစက်' ဟူသော စာဆိုနှင့်အညီ တောဘုရင်ခြင်္သေ့ရုပ်များအား ဘုရားစေတီပုထိုး၊ သိမ်၊ ကျောင်း စသည်တို့ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရည်ရွယ်ထားရှိလာသည့်သဘောများကို တွေ့ရှိလာရသည်။ ထို့ကြောင့် ဘုရားစေတီများ မုခ်ဝတွင် မာန်ပါပါ ဝင့်ထည်နေသော ခြင်္သေ့ရုပ်များကို အတွေ့ရများလာသည်။ ဤသည်တို့နှင့်ဆက်နွယ်နေသည်ဟု ဆိုရမည်လား၊ မြန်မာ့လောကီပညာရပ်များထဲ၌ တိုက်ခြင်္သေ့ရုပ်၊ ခံခြင်္သေ့ရုပ်အစီအရင်များရှိသည် ဟူ၍ ကြားဖူးနား၀ ရှိဖူးပါသည်။

တစ်ခါ ရှေးမြန်မာကြီးတို့သည် လှည်းဦးတိုက်၊ လှေဦးတိုက်၊ ကားဦးတိုက်ကျသော အိမ်များ၊ ခြံများသည် ခိုက်တတ်သည်၊ ဘေးဥပဒ်အန္တရာယ်ကြုံတတ်သည်ဟု ယုံကြည်စွဲလမ်းကြသည်။ ထို့ကြောင့် ယင်းသို့ ဦးတိုက်မှုများနှင့်ကြုံနေရသော အိမ်များ၊ ခြံများ မျက်နှာစာတွင် ကျားရုပ်များ၊ ပန်းခြံများ၊ ရေအိုးစင်များ၊ ဘေးရန် သတိပေးဆိုင်းဘုတ်များ ထားရှိလေ့ရှိကြသည်။ သို့သော် တချို့သောအရပ်များတွင် ထိုသို့ ဦးတိုက်မှုကြုံနေသော အိမ်များ၊ ခြံများ ဥပစာတွင် ခြင်္သေ့ရုပ်များ ထားရှိသည်ကို လေ့လာဆန်းစစ်ဖွယ်ရာ တွေ့ရှိရခြင်းပင် ဖြစ်သည်။ ပို၍ သဘာဝကျသလိုရှိသည်ဟု ထင်သည်။ သုတေသနပြုစရာပင်။

နောက်- အလေးဂရုပြုဖွယ်ရာတစ်ခုက ဘုရားစေတီများ၏မုခ်ဝတို့တွင် ခြင်္သေ့ရုပ်များကို တသီးတသန့် တွေ့ရှိရမှုများသော်လည်း တချို့သော ဘုရားစေတီများတွင် ခြင်္သေ့ရုပ်နှင့် ကျားရုပ်များကို တွဲဖက်လျက် တည်ရှိထားသည်ကို ရှားရှားပါးပါး တွေ့ရှိရခြင်းပင် ဖြစ်သည်။ ဥဒါဟရုဏ်ဆိုရသော်-

၁။ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံက ဓမ္မစေတီ ဓမ္မပါလဘုရားရှေ့က ခြင်္သေ့ရုပ်နှင့် ကျားရုပ်။
၂။ လှည်းကူးမြို့နယ် အောင်စကြာရှင် ကျိုက်ဒေးဝိစေတီတော် အရှေ့ဘက်မုခ်က ခြင်္သေ့ရုပ်နှင့် ကျားရုပ်။
၃။ ပြည်မြို့နယ် ရွှေဆံတော်စေတီတော် မြောက်ဘက်မုခ်က ခြင်္သေ့ရုပ်ပါးစပ်ထဲက ကျားရုပ်။
၄။ တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်း ရွှေရောင်တော်ဘုရား မြောက်ဘက်မုခ်က ခြင်္သေ့ရုပ်ပါးစပ်ထဲက ကျားရုပ်နှင့်လူရုပ်။
၅။ တောင်ငူမြို့နယ် မြတ်စောညီနောင်ဘုရားဝင်းမှ မသိသူကျော်သွား သိသူဖော်စား ကမ္ပည်းရေးထိုးသော ခြင်္သေ့ရုပ်လက်ပေါ်မှ ကျားရုပ်နှင့် ခိုရုပ် စသည်တို့ပင် ဖြစ်သည်။

ဤနေရာမှာ မေးခွန်းထုတ်ချင်စရာကောင်းလှသည်က ငင်းတို့သည် ဂန္ဓာရီပညာရပ်တစ်ခုခု၏ ဂမ္ဘီရသော့ချက်များ ဖြစ်နေလေသလား၊ အထူးသဖြင့် အင်္ဂိရတ်ပညာ၏လမ်းညွှန်ချက်ဖြစ်နေလေသလား။

ထို့ပြင်တစ်ဝ ဘုရားစေတီတ...
၌ ထူးခြားစွာတွေ့ရှိရသော ရုပ်တုထ...
မျိုးကတော့ ခြင်္သေ့ကိုယ်ခန္ဓာနှစ်ခု...
ဦးခေါင်း အပါအဝင် လူကိုယ်ခန္ဓာထ...
ပိုင်း ပါဝင်သော မနုဿီဟရုပ်ပင် ဖြ...
သည်။ ဤနေရာမှာ စကားချပ်အ...
ထည့်ပြောချင်သည်မှာ ခြင်္သေ့ဦးခေ...
နှင့် လူကိုယ်ခန္ဓာရှိသော နရသီဟ ...
သည့်သတ္တဝါတစ်မျိုးသည် ဗုဒ္ဓဘုရား...
များ ပွင့်တော်မူသော ကာလများတွ...
ပေါ်ပေါက်တတ်သည် ဟူ၏။ ယင်း...
သည် အဝတ်အစားဆင်ယင်တတ်သ...
ဟူ၏။

ပြန်ကောက်ပြောရလျှင် မနုဿ...
ဟတို့သည် ဘယ်သို့ဘယ်ပုံပေါ်ပေါ...
လာသနည်း။

သုဝဏ္ဏဘူမိတိုင်း သထုံပြည့်ရှ...
သီရိမာသောကမင်း လက်ထက် သူ...
မိဖုရားများမှမွေးသမျှ မွေးကင်းစကလေး...
ငယ်များကို ရေဘီလူးမများလာရော...
စားသောက်သဖြင့် တိုင်းပြည်ချော...
ချားလျက် ရှိသည်။ တစ်ခါသော် သုဝဏ္ဏ...
ဘူမိ သထုံပြည်သို့ မဇ္ဈိမဒေသမှ ရှ...
သောဏမထေရ်နှင့် ရှင်ဥတ္တရမထေ...
တို့ ဗုဒ္ဓသာသနာပြုရန် ရောက်ရှိလာ...
သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်၊ ထ...
ကာလ၌ ပြည့်ရှင်မင်းကြီး၏ မိဖုရား...
ခေါင်ကြီးမှ ရင်သွေးငယ်တစ်ပါးမွေးဖွား...
လေသော် ထုံးစံအတိုင်း ရေဘီလူးမများ...
စားသောက်ရန်လာကြသဖြင့် ရှင်သော...
ဏမထေရ်နှင့် ရှင်ဥတ္တရမထေရ်တို့က...
ကြီးမားသော မနုဿီဟရုပ် ဖန်ဆင်း...
ထိုရေဘီလူးမတို့အား ခြောက်လှ...
မောင်းထုတ်လေသော် ထိုရေဘီလူးမတို့...
သည် နောက်ထပ် ပြန်မလာဝံ့လော...
အောင် ကြောက်ရွံ့ ထွက်ပြေးလေကြ...
သည် ဟူ၏။ ဤသည်မှ အစပြု...
သာသနိကအဆောက်အအုံများ၊ တခြား...
အဆောက်အအုံများ၊ မြို့ရွာအရံအတား...
တို့တွင် မနုဿီဟရုပ်တုများကို စီရင်...
ထားရှိကြလေသည်။ ယင်းသို့ထားရှိခြင်း...
အား ဘေးဥပဒ်အန္တရာယ် ဟူသမျှကို...
တားဆီးကာကွယ်ပေးနိုင်သည်ဟု ယုံ...
ကြသည်။ ပြီး- ပေရွက်၊ ထန်းရွက်၊ ကြေး...
ပြား၊ ငွေပြား၊ ရွှေပြားတို့တွင် မနုဿီဟ...
ရုပ်ကို ရေးဆွဲစီရင်ပြီး ဘီလူး၊ သရဲ မိစ္ဆာ...
စုန်း၊ ကဝေ ဘေးရန်မှ ကာကွယ်...
အတွက် အဆောင်လက်ဖွဲ့အဖြစ် အသုံး...
ပြုခဲ့ကြသည် ဆို၏။

ဤနေရာမှာ ဆက်နွယ်ပြောချင်...



www.burmeseclassic.com

www.burmeseclassic.com

ရောလေးတစ်ခုကတော့ ရှေးအီဂျစ်တို့၏စဖင့်ခေါ် မနုသီဟရုပ်နှင့် စပ်လျဉ်း၍ ဖြစ်သည်။ ထိုစဖင့်ရုပ်များကို ရှေးအီဂျစ် ဖာရိုဘုရင်တို့၏ သင်္ချိုင်းဂူများဖြစ်ကြသော ပိရမစ်များ၏အနီးတွင် တွေ့ရလေ့ရှိသည်။ ထိုစဖင့်ရုပ်များ၏ အသွင်သဏ္ဌာန်သည် လူမျက်နှာနှင့် ခြင်္သေ့ကိုယ်ခန္ဓာ၊ ခြေ၊ လက် ပါဝင်သော ရုပ်တုများ ဖြစ်ကြသည်။ ထိုစဖင့်ရုပ်၏မျက်နှာများသည် ပိရမစ်အတွင်း၌ နတ်ရွာစံ ဖာရိုဘုရင်၏မျက်နှာနှင့် တစ်ပုံစံတည်းဖြစ်အောင် ထုလုပ်ထားကြလေ့ရှိသည်။ ပြီး-ထိုစဖင့်ရုပ်တို့ကို ရှေးအီဂျစ်တို့၏ကိုးကွယ်ရာ 'ရား' နေတော်ဘုရား၏ကိုယ်ပွားတော်ဟု ယုံကြည်ဆက်ခံကြခြင်း ဖြစ်သည်။ ဖာရိုဘုရင်သူမိုဆေး အနိမ့်စံရစဉ်တုန်းက ကန္တာရထဲ တောကစားထွက်စဉ် ပင်ပန်းသဖြင့် သဲထဲတစ်ဝက် နစ်မြုပ်နေသော စဖင့်ရုပ်တစ်ရုပ်၏အရိပ်တွင် ခိုနား၍အိပ်စက်နေစဉ် အိပ်မက်တစ်ခု မြင်မက်လေသည်။ ထိုအိပ်မက်ထဲ၌ ထိုစဖင့်ရုပ်သည် သတ်ဝင်လှုပ်ရှားလာပြီး သူသည် 'ရား' နေနတ်ဘုရားဟုပြောဆိုကာ သင်သည် ကြာမီ ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်သည်။ တကယ်လည်း မကြာမီတွင် ဖခမည်းတော်ပြည့်ရှင်မင်းကြီး နတ်ရွာစံသဖြင့် သူမိုဆေးသည် ထီးမွေနန်းမွေ ဆက်ခံခွင့်ရရှိခဲ့သည်။ နောက်ပိုင်းက စဖင့်ရုပ်များ၏ရင်ဘတ် (ဝါ) ရင်ဘတ်အောက်တွင် ရတနာသိုက်ရှိသည်ဟု ယူဆပြီး တူးဖော်မှုလည်းရှိသည်ဆို၏။

သို့လိုပင် ရှေးဂရိ၊ ဘေဘီလုံ၊ ပါရှား စသော ဒေသဘက်တွင် စဖင့်ခေါ် မနုသီဟရုပ်များ တွေ့ရှိရပါသေးသည်။ သို့သော်လည်း ထိုဒေသဘက်မှ စဖင့်ရုပ်များသည် ရှေးအီဂျစ်စဖင့်ရုပ်များနှင့် မတူ ကွဲပြားမှုများရှိသည် ဆို၏။ ယင်းတို့မှာ လူ၏ဦးခေါင်း၊ ခြင်္သေ့၏ခြေ,လက်၊ နွားသိုး၏ကိုယ်ခန္ဓာ၊ လင်းယုန်ငှက်၏ အတောင်ပံတို့ဖြင့် ဖွဲ့စည်းပေါင်းစပ်ထားခြင်း ဖြစ်၏။ ဤသည်ကို ရှေးပညာရှိတို့က လူဦးခေါင်းက သိခြင်းကို၊ ခြင်္သေ့ခြေလက်များက ရဲဝံ့ခြင်းကို၊ နွားသိုးကိုယ်ခန္ဓာက သန္နိဋ္ဌာန်ချနိုင်ခြင်းကို၊ လင်းယုန်ငှက် တောင်ပံများက ဆိတ်ဆိတ်နေခြင်းကို ဖော်ကျူးသည်ဟု ဖွင့်ဆိုကြသည်။ တစ်နည်းပြောရသော် ထိုအင်္ဂါရပ်ကြီးက-

၁။ သိခြင်း၊

၂။ ကျင့်ကြံခြင်း၊

၃။ ကျင့်ကြံရန်စိတ်ဆုံးဖြတ်မှုရှိခြင်း၊

၄။ ဆိတ်ဆိတ်နေခြင်း

ဟူ၍ ပို့ချပေးနေသည်ဟု ဖွင့်ဆိုကြပေသေးသည်။

တစ်ဖန် မြန်မာ့စေတီဘုရားများတွင် မကြာခဏ တွေ့ရတတ်သော ရုပ်တုတစ်မျိုးမှာ လောကနတ်ရုပ်များဖြစ်သည်။ ဤလောကနတ်ရုပ်သည် စည်းဝါးတီးခတ်ကာ နွဲ့နွဲ့ပျောင်းပျောင်းနှင့် ကကြိုးသွယ်နေဟန်ရှိပြီး ဆင်ပျံရုပ်ခံ၊ ခြင်္သေ့ပျံရုပ်ခံလျက် ရှိတတ်သည်။ မြေလျှိုးမိုးပျံနိုင်ကြကုန်သော ခြင်္သေ့မင်းနှင့် ဆင်မင်းတို့ မိုးကောင်းကင်တစ်နေရာတွင် ပြင်းပြင်းထန်ထန် ခိုက်ရန်ဖြစ်ပွားနေသည်ကို လောကနတ်က စည်းဝါးတီးခတ် ကကြိုးသွယ်ကာ ရန်မီးအား ပြေငြိမ်းစေခဲ့သည်ကို အကြောင်းပြု၍ သို့ကလို ရုပ်တုများ စီရင်ထားရှိတတ်သည်ဟူ၏။ လောကနတ်ရုပ်သည် ငြိမ်းချမ်းစေခြင်း၊ ဘေးရန်ကင်းငြိမ်းစေတတ်သည့်အကျိုးသက်ရောက်မှုကို ဖြစ်စေတတ်သည် ဟူ၏။

ပြီး- စိတ်ဝင်စားစရာတစ်ခုက မဟာယာနဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ယုံကြည်မှုတစ်ခုဖြစ်သော ဗောဓိသတ္တဘုရားလောင်းတော် အဝလောကီကေသရ၏ ကိုယ်ပွားတော်တစ်ခုဖြစ်သော သီဟနာဒ လောကီကေသရ၏ရုပ်တုသည် မျက်လုံးသုံးလုံးရှိလျက် ဆံကျစ်မကိုဋ်ကို တန်ဆာဆင်ယင်ခြင်းမရှိဘဲ ကျားသားရေကိုခြုံထားကာ ညာဘက်တွင် မြွေဟောက် ရစ်ပတ်ထားသော ခက်ရင်းသုံးခွကို ဆောင်ပြီး ဘယ်လက်တွင် အထူးထူးသော နံ့သာပန်းများ ဝေဆာနေသည့် ကြာပန်းကလပ်ကြုတ်ရှိနေကာ လက်ဝဲလက်မှ ထွက်ပေါ်လာသော ပဒုမ္မာကြာပွင့်ပေါ်တွင် အရောင်တလက်လက် ဧတောက်ပသော သန်လျက်တစ်လက်ရှိနေပြီးလျှင် ခြင်္သေ့ရုပ်ခံပလ္လင်ပေါ်တွင် (ဝါ) ခြင်္သေ့ရုပ်တုပေါ်တွင် ထိုင်စံပယ်နေဟန်ရှိသည် ဆို၏။ ထို သီဟနာဒ လောကီကေသရရုပ်တုရှေ့တွင် ပွဲတင် ပ,သပူဇော်ပြီး အနာကြီးရောဂါများကိုကုသလျှင် ပပျောက်မှုရှိသည် ဟူ၏။

မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ အလိုအရလည်း သီဟကဏ္ဍမုဒြာပုံ ဆင်းတုတော်၏ဟန်အသွင်မှာ လက်ချောင်းထိပ်ဖျားများအား လက်မနှင့်ထိကာ ခြင်္သေ့၏နားရွက်ပုံသဏ္ဌာန်ကဲ့သို့ လက်ကွင်းဝိုင်းပြထားသော ဟန်ပန်မျိုး ဖြစ်၏။ ယင်းသည် ဝီရ ရသ၊ ဝီရိယ ပါရမီကို ရည်ညွှန်းသည် ဆို၏။ ဤပုံတော်ကို ကိုးကွယ်ဆည်းကပ်လျှင် ခြင်္သေ့မင်း၏ ရဲရင့်ခြင်းကဲ့သို့သော သူရသတ္တိကြွယ်စေတတ်၏။ ဘေးရန်အပေါင်းကို အောင်မြင်စေတတ်၏။ ဒိဗ္ဗသောတ အဘိညာဉ်ကို ရရှိစေတတ်၏။ ရန်သူတစ်ဖက်သားကို အနိုင်ရယူနိုင်၏။ ဘီလူး၊ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေများရန်မှ ကင်းဝေးနိုင်၏ဟုဆိုထားသည်ကို တွေ့ရှိရသည်။

တစ်ခါ ဤနေရာမှာ ခြင်္သေ့နှင့် နှီးနွယ်မှုရှိနေသော အယူတော်မင်္ဂလာ ပညာဆိုင်ရာတစ်ခုကို ထည့်သွင်းဖော်ပြချင်ပါသေးသည်။ ရခိုင် မြောက်ဦးပြည့်ရှင် နရပတိမင်းကြီးက လေးမြို့စား သိုက်တတ်ငလက်ရုံးအမတ်ကို-

'ကြာနီထောင်သောင်း၊ ကြာကောင်းထောင်ရာ၊ ပွင့်သောခါလည်း၊ မယ်တို့ပန်ရာ၊ ပဒုမ္မာလည်းမပါသေး၊ ယင်းကြာပွင့်ကား၊ သာတောင့်သာယာ၊ ရခိုင်မှာသာ၊ ပွင့်စပါမည်၊ ယင်းကြာပွင့်ကို၊ နဂါးအရကြိုးလတ်မည်၊ နဂါးမရ၊ တန်ခိုးကြီးစွာ၊ ခြင်္သေ့သာလျှင် ရလိမ့်မည်၊ ခြင်္သေ့ဆွတ်ပြီး၊ ဘုရားကြီးမှာတင်လိမ့်မည်၊ ခြင်္သေ့နှစ်ခု အမြီးလှုပ်ကာ၊ မဟောက်သာ၊ သင်းလည်းဘာသာ၊ တစ်ခုခြင်္သေ့၊ အမြီးလှုပ်ကာ၊ ဟောက်လေကား၊ ပဋိတ္တရား၊ ခြားနားရွာပြည်၊ ပြုလိမ့်မည်၊ အရှေ့တခြား၊ သံတံခါးကို၊ ခြားလိမ့်မည်'

ဟူသည့် သိုက်စာကို ဖွင့်ဆိုစေခဲ့သည်။

လေးမြို့စား သိုက်တတ် ငလက်ရုံးအမတ်က-

'အရှင်မင်းကြီး- နဂါး၊ ခြင်္သေ့ ဆိုသည်မှာ အရှင်မင်းကြီးအနွယ်တော်တွင် နောင်ရှိလာမည့် စနေသား၊ အင်္ဂါသားမင်းဆက်တို့ပင် ဖြစ်ပါသည်။ အရှင့်အနွယ်တော်အဆုံး သောကြာသားကို ဗုဒ္ဓဟူးသား ဖျက်လိမ့်မည်၊ ဗုဒ္ဓဟူးသားခြောက်ဆက်အဆုံးတွင် အင်္ဂါသားဖြစ်လာလိမ့်မည်။ ယင်းအင်္ဂါသားကို နဂါးအရကြိုးလိမ့်မည်၊ နဂါးအဆုံးတွင် အင်္ဂါသားဖြစ်လိမ့်မည်။ အင်္ဂါသားအဆုံးတွင် ကြာသပတေးသား ဖြစ်လာလိမ့်မည်။ ထိုမင်းလက်ထက်တွင် တိုင်းပြည်ပျက်လိမ့်မည် ဘုရား'

ဟု ဖွင့်ဆိုလျှောက်ထားခဲ့သည်။

ဤကဲ့သို့ပင်လျှင် ၁၆ ရာစုက ထင်ရှားခဲ့သော ပြင်သစ် ပုရောဟိတ်



www.burmeseclassic.com

www.burmeseclassic.com

နော်စထရာဒေးမတ်(စ်)၏ အနာဂတ်ဟောကိန်း (သိုက်စာ) များထဲတွင် ခြင်္သေ့ဖြင့် ဖော်ညွှန်းနေသော ပြင်သစ်ဘုရင် ဒုတိယဟင်နရီနှင့်ပတ်သက်သည့် ဟောကိန်းတစ်ခု ပါရှိလေသည်။

ယင်းမှာ. . .

- စီးချင်းထိုးကြရာတွင် ခြင်္သေ့ငယ်က ခြင်္သေ့ကြီးကို အနိုင်ယူလိုက်ပြီ။
- ရွှေလှောင်ချိုင့်အတွင်းက မျက်လုံးအစုံကို ဖောက်ပစ်လိုက်ပြီ။
- တစ်ချက်တည်းဖြင့် ဒဏ်ရာနှစ်ခု ရရှိစေလိုက်ပြီ။
- ယင်းဒဏ်ရာများကြောင့် ခြင်္သေ့ကြီး မရှုမလှသေဆုံးရလေပြီဟူ၍ ဖြစ်၏။

လက်တွေ့တွင်လည်း ပြင်သစ်ဘုရင် ဒုတိယ ဟင်နရီသည် သူ့ညီမတော် အယ်လီဇဘက်၏မင်္ဂလာပွဲနှင့် သူ့သမီးတော် မာလိုက်၏မင်္ဂလာပွဲတို့ နှစ်ခုပေါင်းအတွက်ပြုလုပ်သော ပျော်ပွဲရွှင်ပွဲတွင် အဆိုပါ ဟင်နရီဘုရင်နှင့်သူ့ကိုယ်ရံတော်တပ်မှူး မောင်ဂိုမာရီတို့ စီးချင်းထိုးကစားကြရာ မောင်ဂိုမာရီ၏လှံတံက ဘုရင်ကြီး၏သံခေါင်းစွပ်ထဲသို့ မတော်တဆ ထိုးဖောက်ဝင်သွားပြီး ဘုရင်ကြီးမျက်လုံးတော်ကို ထိခိုက်ဒဏ်ရာရရှိစေသွားခဲ့လေသည်။ ထိုဒဏ်ရာကြောင့်ပင် ဘုရင်ကြီးသည် ရက်အနည်းငယ်အတွင်း နတ်ရွာစံခဲ့ရလေသည်။ မှတ်သားစရာတစ်ခုမှာ ထိုအခါက ပြင်သစ်ပြည်၏ အမှတ်တံဆိပ်သည် ခြင်္သေ့ရုပ်ဖြစ်နေခြင်းပင် ဖြစ်သည်။ ထိုစဉ်က အလံတော်နှင့် ဒိုင်း, လွှားများ၊ အနွယ်တော်များနှင့် သူ့ရဲကောင်းများ၏ရင်ဘတ်များတွင် ခြင်္သေ့ရုပ်များ တပ်ဆင်ထားလေ့ရှိသည် ဟူ၏။

ထို့နောက်တစ်ဖန် မြန်မာ့အင်္ဂုရတ်ပညာဆိုင်ရာ၌လည်း ခြင်္သေ့ကိုသော့ချက်ပြုသော ဝှက်စာ ပဟေဠိလင်္ကာများမှ တချို့ကို နမူနာအဖြစ်ကောက်နုတ်တင်ပြချင်ပါသေးသည်။

ယင်းတို့မှာ-

'ကျားကျော့ပေါ်တွင်၊ ခြင်္သေ့တင်၊ မစင်စင်အောင်သုံးခါဆေး၊ ကျောက်ချဉ်ဆေးဒန်း၊ ကန့်စိမ်းယမ်း၊ အခန်းလုံးအောင်ဆေး၊ ဟင်းရိုင်းကဲမိုး၊ နာနာထိုး၊ အခိုးသေမှုအေး'

ဟူ၍ လည်းကောင်း၊

'ခြင်္သေ့ဆိုရွှေဆေးအိုးကို သောက်ချိုးမနိုင်၊ ပိဋကတ်တွင်၊ ဗထက်ခြိုက်ကိုလုံးလုံးပိုင်မှ၊ ချက်နိုင်ပြည့်စုံ၊ ဓာတ်အားလုံးကို သိ၍ကုန်၏'

ဟူ၍ လည်းကောင်း၊

'ခြင်္သေ့ဆိုသည့် ဟိုင်းဓာတ်စုတွင် ခွဲခြားသိမှု၊ ကြောင်နှင့်ကြွက်ကို အမှန်ရှု'

ဟူ၍ လည်းကောင်း စသဖြင့် ဖြစ်၏။

ထို့ပြင်တစ်ဝ ခြင်္သေ့နှင့် နှီးနွယ်နေသော မြန်မာ့လောကီပညာဆိုင်ရာတချို့ကို သဘောမျှတင်ပြချင်ပြန်သေးသည်။ အင်းပညာ၊ စမပညာအားဖြင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း တချို့တွင် ခြင်္သေ့ရုပ်များ ဆေးမင်ကြောင်ထိုးလေ့ရှိခဲ့ကြသည်။ ယင်းသည် ကာယသိဒ္ဓိအတွက်ဟု ဆိုကြသည်။ အင်းဝပြည့်ရှင်သာလွန်မင်းကြီးသည် ဗားမဲ့ဆရာတော်ကြီး၏စီရင်ပေးမှုဖြင့် လက်ဝဲနံတောင်း၊ လက်ယာနံတောင်းတို့တွင် ခြင်္သေ့ရုပ်စမရုပ်များကို ထိုးနှံ့ထားသည် ဆို၏။ ၎င်းတို့ကို ကိုင်မိ၊ ပွတ်မိလျှင် ဓားကိုင်ချင်စိတ်၊ လှံကိုင်ချင်စိတ်တို့ ပြင်းထန်လာကာ စိတ်သဘောသည်လည်း ခက်ထန်မာကျောလာသည် ဟူ၏။

ပြီး- ဘုမ္မိယသိုက်အတွက် အစောင့်အရှောက်ကို စီရင်သောအခါဝယ် ဆိုင်ရာ စမများကိုချပြီး ခြင်္သေ့ရုပ်များ ရေးဆွဲကာ ထောင့်လေးထောင့်၌ စီရင်မြှုပ်နှံထားလျှင် ထိုဘုမ္မိယသိုက်ကို ခြင်္သေ့တို့က စောင့်ရှောက်တတ်သည် ဟူ၏။ နောက်- ခြင်္သေ့ရုပ်လောကီပညာအစီအရင်များစွာရှိသည့်အနက် ရှားရှားပါးပါး အတွေ့ရနည်းသော နည်းတစ်နည်းမှာ တွေ့ရခဲသော ရှားစောင်း (ရှားစောင်းကြီး) ပင်အနှစ်ကို ရှာဖွေရရှိလျှင် ခြင်္သေ့ရုပ် ပြုလုပ်စီရင်ရသည် ဖြစ်၏။ ၎င်းသည် အတိုက်ဓာတ်၊ အခံဓာတ်၊ အပွင့်ဓာတ်များကို ရရှိခံစားရတတ်သည် ဟူ၏။ ဓားမတိုးသော ရှားစောင်းပင်နှင့်ပြုလုပ်ထားသည့်လှံတံတွင် အင်းချထားသောလှံအရွက်ကို တပ်ဆင်ပြီး အိမ်မှာဆောင်ထားလျှင် ခိုးသားဓားပြရန် ကင်းဝေးသည် ဟူ၏။

နောက်-စိတ်ဝင်စားစရာတစ်ခုကရှေးမြန်မာကြီးတို့သည် ရောက်နိုင်ခဲ၊ ဖြစ်နိုင်ခဲသော အိမ်ခေါင်မိုးပေါ်ကို အကြောင်းမဲ့သက်သက် သူ့အလိုအလျောက် ခွေးတက်ရောက်နေလျှင် ထိုခွေးကို စိတ်လိုက်မာန်ပါ မောင်းချခြင်းမပြုဘဲ ခေါင်မိုး တံစက်မြိတ်အောက်ကနေပြီး ပိတ်ဖြူကိုဖြန့်ကိုင်လျက်နောက်တစ်ယောက်က 'အရှင်ခြင်္သေ့မင်း၊ ဒီပိတ်ဖြူခင်းပေါ် ကြွရောက်တော်မူပါ' လို့ ပြောဆိုစေပြီး တခြားတ... ယောက် ထိုခွေးကို ညင်ညင်သာသာ... မောင်းချလျှင် ထိုခွေးသည် ပိတ်ဖြူပေါ်... ဆင်းသက်သည်ဖြစ်စေ၊ တခြားနေရာ... ဆင်းသက်သည် ဖြစ်စေ ထိုကိစ္စသည်... အောင်မြင်စွာ ပြီးစီးသွားပြီ ဖြစ်သည်... ဤတွင် မေးခွန်းထုတ်စရာဖြစ်လာသည်... က ထိုသို့ အဘယ်ကြောင့် လုပ်ဆော... ရသည် ဟူခြင်းပင် ဖြစ်၏။ ခွေးသည်... အနိဋ္ဌာရုံ ဖြစ်သည်၊ အိမ်ခေါင်မိုးသည်... ဣဋ္ဌာရုံ ဖြစ်သည်။ ထို့ကြောင့် ခွေးသည်... အိမ်ခေါင်မိုးပေါ် အကြောင်းမဲ့သ... သက် ရောက်နေခြင်းသည် ထိုအိမ်သား... တို့အား ဘေးဒုက္ခမျိုးစုံ ကြုံစေတ... သည်ဟု ယုံစွဲကြသည်။ ထိုဘေးဒု... များ ကင်းဝေးစေရန်အတွက် အနိဋ္ဌာ... ခွေးအား ဣဋ္ဌာရုံ ခြင်္သေ့ဟု ကင်ပွန်းတ... ကာ ထိုသို့ အစီအရင်ပြုလုပ်ပေးရသည်... ဟူ၏။ မှတ်သားစရာပင်။ ဤနေရာ... လင်းတငှက်နားသည်ကို ဟင်္သာငှက်... သည်ဟု သမုတ်သလိုပင် ဖြစ်မည်ထ... သည်။

အားလုံးကိုခြုံ၍ လိုရင်းကိုပြော... လျှင် ခြင်္သေ့နှင့် နှီးနွယ်နေသမျှ ... ဆိုင်ရာများကိုသာ 'ဆန်စဉ်ရာ ... ပွေ့လိုက်' ရှာဖွေပြောဆိုနေမည်ဆိုလျှ... 'ပြောမဆုံးနိုင်ပေ တောသုံးဆယ့်... ကုဋေ' ဖြစ်နေပေလိမ့်မည်။ သို့အတွ... ကြောင့် ဤနေရာတွင် ရှေးပညာရှိ... စီရင်ခဲ့သော ခြင်္သေ့မင်းပရိတ်ဖြင့် အဆုံး... သတ်လိုက်ပါစေ။

## ခြင်္သေ့မင်းပရိတ်

- သုကိတ္တိမာ သုဘာစာရော၊ ... ညာနော သုဟိဒေသိသော၊ လောကေဓိမာ မဟာဝီရော၊ ... မာ သဟ ဒပဒေါ။
- တိက္ခာယ ဥပ္ပတ္တိဒိဿာ၊ ... တာန် ပရိစ္စိန္နေ၊ နမေသမော ယာမာနတ္ထိ၊ ... မေ ဒါနပ ဝါရမိ။
- သီဟောစ သီဟတေဇေန၊ ... ဟာသီဟော မဟာတေဇော၊ အဟော မမ ဗလံ ဓာရော၊ ... ယံအင်္ဂေါ သီဟော တေဇော၊
- သိဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ၊ သိဒ္ဓိကာ... တထာ သိဒ္ဓိ၊ သိဒ္ဓိတေဇေန သံယုတ္တံ၊ န... တေ သိဒ္ဓိ ကမ္မန္တေ။

ဖုန်း...အောင်...



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ Y ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော့ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ" ဆိုမှ ဪတပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိသွားတယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ။ ချည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီးရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်တုန့်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ ကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်းမသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။" "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နှီးနှောတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးထွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင် ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ် ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်။ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ။ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ်" "ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဖက်ကြော တိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီးညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း** - **ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

www.burmeseclassic.com



# အမှန်လွန်အမှား

## အကျဉ်းထောင်လောကမှ ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ

တရားရုံးတော်၌ တရားခံတစ်ဦး ပြစ်မှု ထင်ရှား ကျူးလွန်ခြင်း ရှိ၊ မရှိ ဆိုသည်ကို အဓိကအားဖြင့် သက်သေထွက်ဆိုချက်များအပေါ် မူတည်၍ စီရင်ဆုံးဖြတ်လေ့ရှိကြသည်။ တရားလိုဘက်က သက်သေပြမှု တိကျခိုင်လုံလျှင် တရားခံကို သင့်တော်သော ပြစ်ဒဏ်ချမှတ်လေသည်။ တရားခံဘက်က ခုခံချေပမှု အားသာ၍ မှန်ကန်သည်ဟု ရုံးတော်က ယူဆလျှင် တရားခံကို အမှုမှ လွှတ်ပေးရမည်။

ရုံးတော်၌ သက်သေခံခြင်းနှင့်စပ်လျဉ်း၍ သက်သေခံဥပဒေတွင် 'အသက်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ စိတ်မနှံ့သည်ဖြစ်စေ၊ မေးသည့်မေးခွန်းများကို အကြောင်းနှင့်လျော်စွာ ဖြေနိုင်စွမ်းရှိသည်' ဟု တရားရုံးတော်က ထင်မြင်ယူဆလျှင် သက်သေခံနိုင်သည်။ ဆွေမျိုးတော်စပ်သူများ၊ ဇနီးမောင်နှံများ ဖြစ်နေစေကာမူ ရုံးတော်က လက်ခံလျှင် သက်သေခံနိုင်၏။

မှုခင်းတစ်ခုတွင် သက်သေဦးရေ မည်ရွေ့မည်မျှဖြစ်ရမည်ဟု ကန့်သတ်ထားခြင်း မရှိချေ။ အမှုသွားအမှုလာပေါ် မူတည်၍ လက်ခံနိုင်သည်။ သက်သေအရေအတွက်ထက် ယုံကြည်ထိုက်သော သက်သေခံချက် အရည်အချင်းကသာ ပို၍ အရေးကြီး၏။





www.burmeseclassic.com

www.burmeseclassic.com

အမှုကို စီရင်ဆုံးဖြတ်ရာ၌ သက်သေခံချက်က အလွန် အရေးပါသဖြင့် သမာသူများက မလျော်ဩဇာသုံး၍သည်းကောင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍လည်းကောင်း၊ ငွေကြေးဖြင့်ဖျားယောင်းသွတ်ပေး၍လည်းကောင်း မှန်ကန်စွာ ထွက်ဆိုနိုင်အောင် နောက်ကွယ်မှ လုပ်ကြံတတ်ကြသည်။

အထူးသဖြင့် တရားလို၊ တရားခံနှင့် အလွန်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးရင်းချာများ၊ လင်မယားအောက်စပ်သူများ စသည့် သွေးသားသံယောဇဉ်နီးစပ်သော သက်သေများကို ပစ်မှတ်ထား၍ ဖျက်ဆီးတတ်ကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုသက်သေခံများသည် ကိုယ့်လူအလိုကျ ဘက်လိုက်၍ ထွက်ဆိုတတ်ခြင်းကြောင့် ဖြစ်၏။

ထိုယူဆချက်မှာ ဖြစ်တတ်သော လူ့သဘာဝအရ အစဉ်သဖြင့် မှန်ကန်နိုင်ကာ ယုတ္တိလည်းတန်သောအတွေးအမြင် ဖြစ်၏။ တရားရုံးများတွင် ထိုဖြစ်ရပ်မျိုး ယခင်ကလည်း မကြာခဏ ကြုံတွေ့ခဲ့ရဖူးပြီး ယခုလည်းရှိနေဆဲဖြစ်ကာ နောင်တွင်လည်း ဆက်လက် ဖြစ်ပေါ်နေနိုင်၍ ဖြစ်၏။

သို့တစေ -

ထိုတွေးခေါ်ယူဆချက်နှင့် လုံးဝ ဆန့်ကျင်ကာ သွေးသားသံယောဇဉ်ကို





www.burmeseclassic.com

www.burmeseclassic.com

ပါ အမြစ်ကလှန်ပစ်ခဲ့သော အလွန်ဆန်းကြယ်သည့် သက်သေခံချက်တစ်ရပ်ရှိခဲ့ဖူးသည်ဆိုလျှင် ယုံကြည်နိုင်ကြပါမည်လား။

ယင်းသံယောဇဉ်ဆိုး၏ သားကောင်အဖြစ် ကျွန်ုပ် တာဝန်ကျရာ ဗဟိုအကျဉ်းထောင်တစ်ခုသို့ရောက်လာသော သွားဆရာဝန်အကျဉ်းသား မောင်မောင်စိုး၏ ဂမ္ဘီရဆန်သော ဖြစ်ရပ်ဆန်းသည်ကား -

⁕

"အမှန်အတိုင်းပြောရရင် ကျွန်တော့်ကိုယ်ကျွန်တော် ဒီယာဉ်တိုက်မှုကြောင့် ထောင်ကျလာလိမ့်မယ်လို့ လုံးဝထင်မထားခဲ့ဘူး ဆရာ။ ဘာဖြစ်လို့လဲဆိုတော့ တစ်အချက် အချိန်က ည (၉)နာရီကျော်နေပြီ။ နှစ်အချက် ကားလမ်းမမီးပျက်နေတယ်။ သုံးအချက်က မိုးသဲသဲမဲမဲရွာနေတယ်။ လေးအချက် မျက်မြင်သက်သေမရှိဘူး။ဒီတော့ ဆရာစဉ်းစားကြည့်၊ ဒီအမှုက ဘယ်လိုမှပေါ်လာစရာအကြောင်းမရှိဘူးလေ"

"ဒါနဲ့ မောင်ရင့်ကားနဲ့ ဘယ်သူ့ကို တိုက်မိခဲ့တာလဲကွယ့်"

တစ်နေ့ နံနက်ပိုင်း၌ ထောင်ကျရုံးဝယ် လူသစ်ကြည့်နေစဉ်က ဖြစ်၏။ ထုံးစံအတိုင်း ထောင်ပုံစံ (၂၁) ခေါ် အကျဉ်းသားမှတ်ပုံတင်စာအုပ်ပါအချက်များအရ ယာဉ်တိုက်မိ၍ လူသေမှုဖြင့် ထောင်ဒဏ် (၅) နှစ်ကျလာသော သွားဆရာဝန် ကိုမောင်မောင်စိုး ဆိုသူ၏ အမှုဖြစ်စဉ်ကို စစ်ဆေးမေးမြန်းကြည့်မိ၏။

"ကျွန်တော့်ကားနဲ့ တိုက်မိခဲ့တာတော့ အပျိုအရွယ် မိန်းကလေးတစ်ယောက်ပဲ ဆရာ။ ကားရှေ့မီးရောင်ထဲကို ဖြုန်းခနဲရောက်လာလို့ ဘရိတ်ဖမ်းဖို့ အချိန်မရလိုက်ခင်လေးမှာ ဒုန်းခနဲ အသံမြည်ပြီး တိုက်မိသွားတာပါ။ လူရောလက်ထဲကထီးပါ ကားရှေ့လေးငါးဆယ်ကိုက်ရောက်အောင် တလိမ့်ခေါက်ကွေးလွင့်စဉ်သွားတာပါ။ ကျွန်တော်လည်း လန့်ဖျပ်ပြီး ကားကို ရပ်မယ်ဆိုပြီး အရှိန်လျှော့မိပြီးမှ ရပ်ရင် အရပ်ကလူတွေဝိုင်းရိုက်မှာ ကြောက်တာနဲ့ လီဗာတင်ပြီး အမြန်မောင်းပြေးလာခဲ့မိတယ်။နောက်မှ သတင်းကြားရတာကတော့ အဲဒီမိန်းကလေး ဆေးရုံကြီးရောက်ခဲ့ပြီး နောက်တစ်နေ့ နေ့လယ်ပိုင်းမှာ သေဆုံးသွားတယ်ဆိုတာပါပဲ။ အဲဒီယာဉ်တိုက်မှုကို ရဲဘက်က အပူတပြင်းစုံစမ်းနေတယ်လို့လည်း ပြောသံကြားရပါတယ်။ ကျွန်တော်ကတော့ ကြွေမပျက် ဆေးရုံကြီးမှာ ဂျူတီဝင်လိုက်၊ ညဘက် ဆေးခန်းထိုင်လိုက်ပါပဲ"

"ဒါနဲ့ မောင်ရင့်အမှုက ဘယ်လိုလုပ် အစပေါ်သွားခဲ့တာလဲကွယ့်"

ကျွန်ုပ်ကတီးခေါက်ကြည့်မိသည်။

"အဲဒါက အချင်းဖြစ်နေရာနဲ့ ကိုက်တစ်ရာကျော်လောက်မှာရှိတဲ့ လမ်းဆုံမီးပွိုင့်ဂိတ်က စတာပါ။ အဲဒီမီးပွိုင့်ဂိတ်မှာ မော်တော်ပီကယ်တစ်ယောက် အမြဲရှိတယ်။ အဲဒီ ရဲဝန်ထမ်းက ညဘက် (၉) နာရီပတ်ဝန်းကျင်မှာ သူ့မီးပွိုင့်က ညတိုင်းလိုလို ဖြတ်သန်းသွားတတ်တဲ့ ကျွန်တော် အပါအဝင် ကားဖြူသုံးစီးကို ကောင်းကောင်း မှတ်မိနေတယ်လေ။ ကားတိုက်ခံရတဲ့ မိန်းကလေး မသေခင် သတိတစ်ချက်လည်လာတုန်း ရဲက သူ့ကို တိုက်သွားတဲ့ကားကို မှတ်မိလားမေးတော့ မိန်းကလေး 'ကားအဖြူရောင်' လို့ ဖြေပြီးအသက်ထွက်သွားတယ်တဲ့ဆရာ"

"ဪ"

"ဒီတော့ ကျွန်တော့်ကားကလည်း အဖြူရောင်စူပါရှယ်ဖြစ်နေတော့ မီးပွိုင့်ရဲက သူသိနေတဲ့ ကားဖြူသုံးစီးဆီလိုက်ရင်းက ကျွန်တော့်ဆီ ရောက်လာပါလေရော။ ကားသုံးစီးထဲမှာ ကျွန်တော့်သွားဆေးခန်းနဲ့ အချင်းဖြစ်နေရာက အနီးဆုံးဖြစ်ပြီး တိုက်တိုက်ဆိုင်ဆိုင် ဆေးခန်းပိတ်ချိန်ကလည်း ည (၉) နာရီ ဖြစ်တော့ ပိုပြီးအာရုံစူးစိုက်တာခံရတာပေါ့။ ဒါပေမယ့် ကျွန်တော်ကလည်း ဆရာဝန်ဆိုတဲ့ ဝိတ်နဲ့ ကြွေမပျက်ဖြစ်နေတာရယ်၊ အဓိကအရေးကြီးတဲ့ မျက်မြင်သက်သေမရှိတာရယ်ကြောင့် ဘယ်လိုမှ အရေးမယူနိုင်သေးဘူးပေါ့လေ"

"ဒါဆို ဘယ်အချိန်ကျမှ ဘယ်လိုသဲလွန်စရသွားခဲ့တာများလဲကွယ်"

"အဲဒါကတော့ မျက်မြင်သက်သေ မရှိပေမယ့် ရဲဘက်က 'အကြားသက်သေ' တစ်ခုကို ခြေရာခံမိသွားတာက စတာပါပဲ"

"နေပါဦး၊ အကြားသက်သေဆိုတာ ဘာကိုဆိုလိုတာများလဲ"

"ပြောရရင် တိုးတက်လာတဲ့ အိုင်တီခေတ်အပေါ်မှာ အမှုလိုက်ရဲရဲ့ စေ့စပ်သေချာမှုကြောင့်ဆိုပါတော့ ဆရာ။ သူက ကျွန်တော်တို့လင်မယားရဲ့ မိုဘိုင်းလက်ကိုင်ဖုန်းတွေကိုပါ စစ်ဆေးလာတယ်လေ။ အဲဒီမှာ အချင်းဖြစ်တဲ့ည (၉) နာရီမထိုးခင်လေးမှာ ကျွန်တော့်မိန်းမက ကျွန်တော့်ဆီ ဖုန်းခေါ်ထား တာပေါ်နေသလို ကျွန်တော့်ဖုန်းမှာလည်း လက်ခံပြောကြားခဲ့တာ ပေါ်နေ တယ်လေ"

"ဟုတ်လားကွယ့်၊ အဲဒီတော့"

"အဲဒီတော့ ရဲက ကျွန်တော်တို့ လင်မယားကို တစ်လှည့်စီ ပညာသား ပါ ထောက်မေးရင်းက ဖုန်းပြောနေတုန်း ယာဉ်တိုက်မှုဖြစ်ခဲ့တာပါ ပေါ်သွားတာ ပေါ့ ဆရာ"

"ဖြစ်ရလေကွယ်"

"ပိုဆိုးတာက ဖုန်းပြောနေတုန်း ကျွန်တော့်မိန်းမနားထဲမှာ တစ်စုံတစ်ခု တိုက်မိတဲ့ 'ဒုန်း' ဆိုပြီး ကြားမိတာကို ပြောလိုက်မိတာပါပဲ ဆရာ"

"ဟေ"

ကျွန်ုပ် ပါးစပ်ဟောင်းလောင်းဖြစ် သွားမိသည်။ စိတ်ထဲမှလည်း ထိုမိန်းမ အပြစ်တင်နေမိသည်။ ဒီမိန်းမနှယ် ရန်ကော။ ကိုယ့်ယောက်ျား ဒုက္ခဖြစ်မ ကိစ္စကို လက်လွှတ်စပယ်ပြောချလိုက် တယ်လို့။ မယုံကြည်နိုင်အောင်လည်း အံ့အားသင့်မိသည်။

"ဒါနဲ့ မောင်ရင့်မိန်းမက ဘာ အလုပ်လုပ်လဲကွယ့်"

"မိန်းမက မြို့နယ်တရားသူကြီး ဆရာ"

"ဟေ - ဘယ်လို"

ကျွန်ုပ်မှာ အံ့သြလွန်းလို့ အသ ရှူရိုက်ရန်ပင် တဒင် မေ့သွားမိသည် ကျွန်ုပ်၏ ပထမစိတ်ကူးက သူ့မိန်းမ သူမှာ ပညာမတတ်သူ၊ ဗဟုသုတနည်း ပါးသူဖြစ်၍သာ ယခုလို မဆင်မခြင် ပြောခဲ့ခြင်း ဖြစ်မည်ဟု ထင်မိသည် ခုတော့ သာမန်ပညာတတ်မျှသာမဟုတ် ဘဲ ဥပဒေပညာဖြင့် အသက်မွေး သော ဉာဏ်ရည်ရော ဆင်ခြင်တုံတရား ပါ မြင့်မားသည့် တရားသူကြီးဖြစ် သောအခါ အံ့သြပြီးရင်းအံ့သြမိသည်

"မောင်ရင့်မိန်းမက ဥပဒေ ကောင်းကောင်းနားလည်တတ်ကျွမ်း တရားသူကြီးတစ်ယောက်ပဲဟာ။ ရဲရှေ့ ထွက်ဆိုချက်ဆိုတာ ဥပဒေအရ တ မဝင်မှန်း သူသိပြီးသားပဲလေ။ ရုံးတော် ရှေ့ရောက်မှပဲ တကယ်သက်သေခံ အောင် ပြင်ဆင်ထွက်ဆို အစစ်ခံမယ် တူပါတယ်ကွယ်"

"အဲဒီလို တကယ်ဖြစ်ခဲ့ရင် ကောင်းတာပေါ့ ဆရာရယ်။ အဲလို ပြောင်းလဲထွက်ဆိုခဲ့လို့ကတော့ ကျွ



www.burmeseclassic.com

www.burmeseclassic.com

ာော် ခုလိုထောင်ကျလာပါတော့မလား ဗျာ"

"ဟေ၊ မောင်ရင့်မိန်းမက တကယ် ပဲ ပြင်ဆင်မထွက်ခဲ့ဘူးလားဟင်"

"ဟင့်အင်း"

"ဒါဖြင့် သူက ဘယ်လိုထွက်ဆို ခဲ့သလဲ"

"သူ့ရဲရှေ့မှာထွက်ဆိုခဲ့တဲ့အတိုင်း ဤသည်မရွေး ထွက်ဆိုခဲ့တယ်လေ"

ကျွန်ုပ်မှာ စကားပင်မပြောနိုင် တော့အောင် မှင်တက်မိနေသည်။

"ဒီတော့ တရားလို အစိုးရရှေ့နေ ကြီးက ရဲရှေ့ထွက်ချက်နဲ့ တိုက်ဆိုင်စစ် ဆေးပြလိုက်တော့ သူ့ထွက်ချက်ဟာ ရုံး လေးရှေ့မှာ သက်သေခံဝင်သွားတော့ တာပေါ့။ ဒါကြောင့်လည်း ကျွန်တော် ပြီးဆိုခဲ့တာတွေ အရာမထင်တော့ဘဲ ကျွန်တော်ရဲ့ ပြစ်မှုထင်ရှား စီရင်တာခံခဲ့ရ တာပေါ့ဆရာ"

"ဟူး. . ."

ကျွန်ုပ်မှာ တာဝေးအပြေးသမား တစ်ယောက် မောကြီးပန်းကြီးဖြင့် ပန်း ဝင်လာသလို သက်ပြင်းရှည်ကြီးတစ် ချက်း မှုတ်ထုတ်လိုက်မိသည်။ စိတ်ထဲမှာ တော့ အတော်လေး ဘဝင်မကျချင်လှ။ ထိုမိန်းမ၏ အတွင်းသဘောကို ဘယ်လို နားမလည်နိုင်။ ဤလောက၌ ခင်ပွန်း ဖြစ်သူကို ဘဝပျက်အောင်လုပ်တတ် သော သည်လိုဇနီးသည်မျိုး ရှိလိမ့်မည် ထင်။

ကေန္တ ဤဖြစ်ရပ်မှာ သွေးရိုးသား ရိုး ဟုတ်ပါလေစ။ သာမန်အခြေအနေ ဆိုတော့ မဟုတ်တန်ရာ။ ထိုမိန်းမစိတ် ထဲတွင်ရေးရာ ချို့ယွင်းနေ၍သာ ဖြစ်ရ မည်၊ ဒါဆိုလျှင် သူဘယ်လိုလုပ်၍ မှန် မှန်ကန်ကန် တရားစီရင်နိုင်ပါတော့အံ့ နည်း၊ သည်လိုလည်း မဟုတ်သေး။

တစ်ခုတော့ရှိသည်။ ခင်ပွန်းဖြစ် သူ အိမ်ထောင်ရေး ဖောက်ပြန်နေ၍ ဇနီးဖြစ်သူက အငြိုးအတေးထားကာ ထောင်ရောက်အောင် တမင်လုပ်နေတာ များလား။

"ဒါနဲ့ မောင်ရင်တို့ အိမ်ထောင် ရေးကတော့ အဆင်ပြေကြရဲ့လားကွယ့်"

ကျွန်ုပ်က သွေးတိုးစမ်းမေးကြည့် မည်။

"ကျွန်တော်တို့က တစ်ယောက်ကို တစ်ယောက် ချစ်လွန်းလို့ လက်ထပ်ယူ ကြတာပါ ဆရာ။ အိမ်ထောင်သက် တစ်နှစ်ကျော်အတွင်း ရန်ဖြစ်ဖို့နေနေသာ စကားတောင်တစ်ခါမှမများဖူးဘူး။



ပြီးတော့ ကျွန်တော်အမှုဖြစ်တဲ့အချိန်မှာ သူက ကိုယ်ဝန်အရင့်အမာကြီးနဲ့လေ"

"ဘာ - ကိုယ်ဝန်အရင့်အမာနဲ့"

ကြည့်စမ်း၊ ဒီမိန်းမ ကိုယ်ဝန်ကြီး နဲ့ တရားခွင်တက်ပြီး ခင်ပွန်းသည်ကို ချောက်ထဲတွန်းချတာပါကလား။

"နေပါဦး၊ ဒါက ပထမဆုံး ကိုယ် ဝန်လားကွယ့်"

"ဟုတ်ကဲ့ ဆရာ"

"မောင်ရင့်နှယ်၊ သားဦးကိုယ်ဝန် ဆောင်ထားတဲ့မိန်းမရဲ့စိတ်ဆိုတာ ဝါဂွမ်း ဖတ်လေးလို အလွန်နူးညံ့သိမ်မွေ့တာ ကွယ့်။ မောင်ရင်က ဂရုတစိုက်နဲ့ မဖျောင်းဖျမိလို့ထင်ပါရဲ့"

"ဖျောင်းဖျပါရောလားဆရာရယ်။ မင်းရဲ့ မွေးရာပါ ဗီဇအရ ငါ့မျက်နှာကို အရေးမထားချင်နေ၊ မကြာခင် လူ့လော ကထဲရောက်လာမယ့် တို့ရင်သွေးလေး မျက်နှာကိုတော့ထောက်ထားသင့်တယ် လို့။ ဒါပေမယ့် အကြောင်းမထူးပါဘူး"

"နေပါဦး၊ ခုန မောင်ရင့်စကားထဲ မှာ မွေးရာပါဗီဇဆိုလားကြားလိုက်တယ်။ အဲဒါဘာကိုဆိုလိုတာလဲ"

မောင်မောင်စိုးက စိတ်ပျက်လက် ပျက်ဟန်ဖြင့် -

"ကျွန်တော်နဲ့သူ့နဲ့ကြားမှာ အဓိက ပြဿနာက အဲဒါပဲ ဆရာ။ ဒါကို ဗီဇပဲ ခေါ်မလား၊ မာနပဲဆိုမလား၊ ရောဂါလို့ပဲ ခေါ်ရမလား ကျွန်တော်လည်း မပြော တတ်တော့ပါဘူး ဆရာရယ်။ အဲဒါနဲ့ ပတ်သက်လာရင် ကျွန်တော် မပြောနဲ့၊ သူ့စိတ်ကိုသူတောင် မထိန်းချုပ်နိုင်ဘူး"

"ဟင်- ဟုတ်လား၊ အဲဒါက ဘယ် လိုများလဲဟင်"

ကျွန်ုပ် စိတ်ဝင်တစားမေးမိ၏။

"ကျွန်တော့်ဇနီးက တစ်ဦးတည်း သောသမီးဖြစ်ပြီး အလိုလိုက်ခံခဲ့ရလို့ လားမသိဘူး။ သူ့မှာ အတ္တမာနဆန်တဲ့ အကျင့်ဆိုးတစ်ခုရှိတယ်။ သူမှန်တယ် ထင်ရင် ဘယ်သူဘာပြောပြော လက် မလျှော့ဘဲ ဇွတ်လုပ်တတ်တာပါ။ အဲဒါ မိဘဆွေမျိုးတွေရဲ့စကားကို နားမထောင် တဲ့အပြင် ကျောင်းက ဆရာသမားတွေ ကအစ လက်လျှော့ထားရမတတ် အင်မတန် ခေါင်းမာတတ်တာပဲ။ သူငယ် ချင်း အပေါင်းအသင်းဆို ဝေလားဝေးပဲ ဆရာ"

"ဩော်"

"အဲ - တစ်ခုရှိတာက သူကမှန် တယ်လို့ပြောလိုက်တဲ့ဟာက တကယ် လည်း မှန်ကန်နေတာမျိုး ဖြစ်နေတတ် တယ်။ မှန်ကန်လွန်းနေတယ်ဆိုပါတော့ ဆရာ။ ကျွန်တော် ဆိုလိုချင်တာက လူမှု ဆက်ဆံရေးမှာက မှန်တိုင်းလည်းမပြော ရဘူးလေ။ တစ်ဖက်လူ နာသာခံခက် မဖြစ်အောင် ပြောသင့်တဲ့စကားမှ ပြော ရတာမဟုတ်လား။ ဒါကို ကျွန်တော့်ဇနီး က မကြိုက်ဘူး။ ဒါဟာ လူအချင်းချင်း သက်သက်လိမ်ညာလှည့်စားနေကြတာ။ လူမှုရေးအရချော်ပြီး စိတ်ထဲကမပါဘဲ အပေါ်ယံစကားလေးနဲ့ ဟန်ဆောင် ဆက်ဆံနေကြတာ။ ဒါကြောင့် ဒီလောက ကြီးမှာ ပရမတ္ထသစ္စာ အမှန်တရား ပျောက်ကွယ်နေတာတဲ့ ဆရာ"

"အင်း - သူပြောတာလည်း မှား တာမှ မဟုတ်ဘဲကွယ်"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်၍ ထောက်ခံမိသည်။

"ဟုတ်လား ဆရာ။ အင်းလေ၊ ခု ဟာက မှန်လွန်းလို့ ခက်နေရတာပေါ့ ဗျာ"

"အင်း - ဆိုပါဦး၊ ဘယ်လိုခက်နေ တာလဲကွယ့်"

"ခက်တာတွေကတော့ ပြောရင် ဆုံးမှာ မဟုတ်တော့ဘူး။ ကျွန်တော့် မိန်းမမို့လားတော့ မသိဘူး။ တစ်ခါတ လေ သူကြည့်ရတာ ဘဝဘဝက အထုံ ရေစက်ပါလာတာ ထင်ရတယ်။ သူမြတ် နိုးတဲ့အမှန်တရားအတွက်ဆိုရင် လူတွေ အပေါ် ချစ်ခြင်း၊ မုန်းခြင်း၊ အားနာခြင်း၊ အလိုက်အထိုက်ဆက်ဆံခြင်း စတဲ့ လူမှု ကျင့်ဝတ်တွေကိုတောင် ပြောင်ပြောင် တင်းတင်း ဥပေက္ခာပြုထားနိုင်တာကို တောင်တွေ့ရတယ်ဆရာ"

ကျွန်ုပ်က တစ်ချက်ပြုံးပြလိုက်ပြီး-

"ဒါဆို မောင်ရင်တို့ အိမ်ထောင် ကျလာတာတောင် အံ့သြရမလိုဖြစ်နေ ပြီ"

"မှန်တယ်ဆရာ။ သာမန်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် မဖြစ်နိုင်တဲ့ကိစ္စဘဲ"

"နို့ - ချစ်လို့လက်ထပ်ခဲ့ကြတာ ဆိုကွယ့်"

"အဲဒါက ကျွန်တော်က စချစ်တာ မဟုတ်ဘူး။ သူက မိန်းမနောက်ပိုးလုပ်ပြီး အတင်းလိုက်ကြိုက်လို့ပါ"

"အိုး. . ."

ကျွန်ုပ် လက်လန်သွားသည်။ ပြီးမှ-

"အေးလေ၊ အဲလိုစိတ်ဖွဲ့ကြီးတဲ့ မိန်းမမို့လို့လည်း မောင်ရင်နဲ့တွေ့ရသလို အမှန်တရားကိုယုံကြည်လို့လည်း တရားသူကြီး ဖြစ်လာတာပေါ့ကွယ်။ ဆရာ့အတွေ့အကြုံအရတော့ အမှန်တရားဆိုတာ မြတ်နိုးဖွယ်ဖြစ်နေမယ့် လူမှုဆက်ဆံရေးနယ်ပယ်မှာ သိပ်မှန်လွန်းနေပြန်ရင်လည်း အမှားဖြစ်သွားတတ်တယ်"

"ဟုတ်ကဲ့ ဆရာ၊ အဲဒီကျွန်တော့်မိန်းမတရားသူကြီး တရားခွင်ရှေ့မှာ သက်သေခံတော့ တရားလိုရှေ့နေက 'သင်သည် ပြဋ္ဌာန်းဥပဒေနှင့်အညီ အမှန်တရားကို ဖော်ထုတ်ပေးနေသော တရားသူကြီးတစ်ဦး ဖြစ်သည် မဟုတ်လား' လို့ မေးလိုက်တာနဲ့ အမှန်တရားကိုကိုးကွယ်လွန်းတဲ့ သူ့ရဲ့ မွေးရာပါဗီဇက တစ်လောကလုံးကို လျစ်လျူရှုပစ်လိုက်တယ်လေ။ အဲဒါကြောင့်လည်း ကျွန်တော် ထောင်ကျလာတာပေါ့"

မှန်သည်။ သွားဆရာဝန်ကိုမောင်မောင်စိုး၏စကားက သူ့ကို နှစ်သိမ့်ပေးရန် စကားလုံးရှာမရလောက်အောင် မှန်ကန်ပါပေသည်။ ကျွန်ုပ်တစ်သက်နှင့် တစ်ကိုယ် သည်လိုအဖြစ်မျိုး သည်တစ်ကြိမ်သာ ရှားရှားပါးပါး ကြုံတွေ့ဖူး၍ တုန်လှုပ်မိသည်ကိုတော့ ဝန်ခံရပါမည်။

ထို့ထက်မှာမူ ကျွန်ုပ်စိတ်ထဲ ထိုမိန်းမကို ကြောက်ရတော့မလိုလို၊ ရွံ့ရတော့မလိုလည်း ခံစားမိ၏။ ဘွဲ့ရပညာတတ် တရားသူကြီးတစ်ယောက်ဖြစ်နေသည့်အပြင် သူမကိုယ်တိုင် ကိုယ်ဝန်အရင့်အမာကြီးနှင့်ဖြစ်နေပါလျက် အမှန်တရားကို လက်မလျှော့ဘဲ ခင်ပွန်းဖြစ်သူကို ဥပဒေနှင့်အညီ ထွက်ဆို၍ ထောင်ထဲပို့လိုက်ရဲအောင် သွေးအေးလွန်းသောကြောင့် ဖြစ်လေသည်။

ထို့ထက်ထို့ထက်မှာမူ ထိုမိန်းမ၏ ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်စီးဆင်းနေသည်တို့မှာ သွေးရိုးသားရိုးမဟုတ်မူဘဲ ကျွန်ုပ်တို့ သာမန်ဦးနှောက်ဖြင့် လိုက်မမီနိုင်လောက်အောင် ထူးခြား ဆန်းကြယ်၍ ဂမ္ဘီရဆန်လွန်းသော စိတ်ဝိညာဉ်တို့ ကြီးစိုးခြယ်လှယ်နေမည်ဟု ယူဆယုံကြည်မိ၍လည်းဖြစ်၏။

"မောင်မောင်စိုးက သူ့မိန်းမကို ထောင်ဝင်စာတွေ့ဖို့ ငြင်းလိုက်တယ်တဲ့"

အစပိုင်းမှာတော့ ကိုမောင်မောင်စိုး၏ ရင်ထဲ မည်သို့ခံစားနေရမည်ကို မခံစားမိနိုင်ခဲ့သော်လည်း နောက်ပိုင်းရက်များ၌ သူထောင်ဝင်စာကိုငြင်းသည့်သတင်း ကြားသောအခါမှ သူ့မိန်းမ မျက်နှာကို မကြည့်ချင် မမြင်ချင်တော့အောင် နာကြည်းမုန်းတီးသွားကြောင်း ခံစားလိုက်ရမိ၏။

✻

ဘဝ ဟူသည် ခေါက်ရှာငှက်ပျံသလို နိမ့်ချည်၊ မြင့်ချည်ဖြစ်ပေရာ ကိုမောင်မောင်စိုး၏ ကံကြမ္မာသည်လည်း တစ်သမတ်တည်းမနေပါချေ။ အယူခံတွင် တစ်နှစ်နိုင်ခဲ့လေရာ ထောင်ကပေးသောလျှော့ရက်များနှင့်ပါဆိုက သုံးနှစ်ကျော်ခန့်နှင့် လွတ်လေတော့မည်။

"ကိုမောင်မောင်စိုးထောင်ကလွတ်ရင် သူ့မိန်းမကို ကွာရှင်းမယ်တဲ့"

ထိုသတင်းကို သူလွတ်ခါနီးမှာ ကြားရခြင်းပင်။ သူ၏ ရင်တွင်းခံစားချက်ကို မဝေဖန်လိုသော်လည်း အိမ်ထောင်စုတစ်ခု ပြိုကွဲမည်ကိုတော့ ကျွန်ုပ် စိတ်မသက်မသာဖြစ်မိ၏။ သို့သော် ကျွန်ုပ်အနေနှင့်လည်း သူတို့ကြားဝင်စွက်ဖက်နိုင်သည်မဟုတ်။

"အေးကွယ်၊ အဆိုးတွေပျောက်ကွယ်ပြီး အကောင်းတွေရောက်လာတဲ့ ဘဝမျိုးဖြစ်ပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

သူထောင်မှလွတ်သည့်နေ့နံနက်တွင် ကျွန်ုပ် ဆောင်ရွက်ပေးနိုင်သည်ကား ဤမျှသာပင်။ ထောင်ဘူးဝတံခါးလေးမှထွက်ရန် အခြားသော အကျဉ်းသားလွတ်လူများနှင့် အတူတန်းစီရပ်စောင့်နေသော ကိုမောင်မောင်စိုး၏ လှုပ်ရှားပုံမှာ အသက်ကင်းမဲ့သူလို ထင်ရသည်။ အခြားထောင်လွတ်အကျဉ်းသားများလို ပျော်ရွှင်မြူးထူးနေသော အရိပ်အယောင်များ စိုးစဉ်းမျှ မတွေ့ရ။

ထောင်ဘူးဝရှေ့ပေါ်တီကိုအောက်တွင်ကား ယနေ့ထောင်လွတ်အကျဉ်းသားများကိုလာကြိုသော မိသားစုဝင်များကို တွေ့ရ၏။ သူတို့၏ မျက်နှာဝယ် တစ်လောကလုံးတွင် သူတို့လောက် ပျော်ရွှင်တာမရှိဟု ကြွေးကြော်နေသလို အနာဂတ်မျှော်လင့်ချက်များနှင့် ပြည့်[...]
နေကြ၏။

ယင်းတို့ထဲဝယ် နက်မှောင်[...] ဆံကေသာကို တစ်ပတ်လျှိုထုံး[...] နှင်းဆီနီနီရဲရဲတစ်ပွင့်ပန်ထားသည့် အ[...] ထောင်ထောင်မောင်းမောင်းနှင့် ဥ[...] ရုပ်ခံ့ညားလှသော အမျိုးသမီးတစ်ဦး[...] ထူးထူးခြားခြားတွေ့ရ၏။ သူမနံဘေး[...] ဝယ် အသားဖြူဆွတ်ဆွတ်နှင့် သုံး[...] အရွယ် ချစ်စဖွယ် ကလေးမလေးတ[...] ယောက် ရှိနေသည်။

"မောင်၊ မြင့်လေ"

ကိုမောင်မောင်စိုး ထောင်ဘူး[...] ရှေ့ရောက်လာသည်နှင့် ထိုအမျိုးသ[...] က မျက်နှာချင်းဆိုင်ရပ်လျက် ခပ်ပြုံးပြုံး[...] နှုတ်ဆက်လိုက်သည်။ ကိုမောင်မောင်[...] က စက်ရုပ်မျက်နှာနှင့် တစ်ချက်[...] ကြည့်ကာ တစ်ခါမှမမြင်ဘူးသူလို [...] လွှားသွားရန် လုပ်သည်။

"မောင်၊ ဒါမောင့်သမီးလေး[...] ခင်ခင်စိုးတဲ့"

အမျိုးသမီးက သူမဘေးမှကလေး[...] မလေးကို စွေ့ခနဲ ကောက်ချီလိုက်[...] ကိုမောင်မောင်စိုးလက်ထဲထည့်ပေးလို[...] သည်။ သူ့ကို မျက်လုံးပြူးပြူးလေးနှ[...] ကြည့်ရင်း ငိုမဲ့မဲ့ဖြစ်နေသောကလေး[...] မလေးမျက်နှာကို ငေးစိုက်ကြည့်ရင်း [...] သက်ဝင် လှုပ်ရှားလာသည်။

"ဒါ. . . ဒါမောင့်သမီးလေးဟု[...] လား"

"ဟုတ်တယ်လေ၊ မောင့်သမီး[...] လေးပေါ့"

"ဒါဆို ဖေဖေတို့ အိမ်ပြန်ကြ[...] နော် သမီးလေး"

စောစောက လငပုပ်ဖမ်းထ[...] သလို ဖြစ်နေသော ကိုမောင်မောင်စိုး[...] မျက်နှာမှာ ရုတ်ခြည်း တိမ်စင်လ[...] လင်းလက်သွားသည်။ သူက သမီး[...] ပွေ့ချီကာ ခြေလှမ်းကျဲကြီးဖြင့် လျှော[...] ထွက်သွားသည်။ ဇနီးသည် တရား[...] ကြီးမက နောက်မှ ကောက်ကောက်[...] အောင် လိုက်သွားပါလေ၏။

အချစ်နှင့် တည်ဆောက်သော[...] ဤကမ္ဘာဝယ် မျိုးဆက်သစ် ရင်[...] သည်းချာတို့၏ သံယောဇဉ်နှောင်ကြိုး[...] ကသာ အစဉ်သဖြင့် ချစ်သက်[...] အောင် ကုစားပေးနိုင်တော့မည် မဟု[...] ပါလား။

[...]တာဦး



www.burmeseclassic.com

www.burmeseclassic.com

# မာယာရှင်ကျွန်းစုများ

လျှမ်းထက်


၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ပထမအပတ်အတွင်း ဖတ်ရှုခဲ့ရသော အင်တာနက်သတင်းတစ်ပုဒ်တွင် ထူးထူးခြားခြား စိတ်ဝင်စားဖွယ်ရာ သဘာဝလွန်သတင်းတစ်ပုဒ် ပါဝင်နေသည်ကို ကျွန်တော်များ တွေ့ရှိခဲ့ရသည်။ ထိုသတင်းမှာ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း တည်ရှိသော ပြင်သစ်အစိုးရပိုင် နယူးကယ်လီဖိုးနီးယားကျွန်းစုနှင့် ဩစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းခြေအကြားရှိ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း တည်ရှိသည်ဟုကမ္ဘာ့မြေပုံစာအုပ်များတွင် ဖော်ပြထားသော စန္ဒီကျွန်းမှာ တောင်ပစိဖိတ်အဏ္ဏဝါပြင်ထက်မှ ရုတ်တရက် ပျောက်ကွယ်နေသည့်သတင်း ဖြစ်၏။

ထိုကျွန်းသည် လူများနေထိုင်သော ကျွန်းတစ်ကျွန်း မဟုတ်သော်လည်း အတော်အသင့် ကြီးမားသော ကျွန်းကြီးတစ်ကျွန်း ဖြစ်သဖြင့် အဘယ်ကြောင့် ရုတ်တရက် ပျောက်ကွယ်သွားသည်ကို ရှင်းရှင်းလင်းလင်း မသိရှိရသေးဟု သတင်းတွင် ဖော်ပြခဲ့၏။

လွန်ခဲ့သော နိုဝင်ဘာလအတွင်းကပင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ် ကျောင်းတိုက်ကြီးမှ အဏ္ဏဝါဗေဒပညာရှင်များနှင့် အဏ္ဏဝါသုတေသီများ လိုက်ပါလာသော အဏ္ဏဝါသုတေသနသင်္ဘောသည် ကမ္ဘာ့မြေပုံစာအုပ်နှင့် အဏ္ဏဝါမြေပုံစာအုပ်များတွင် သမိုင်းအဆက်ဆက် ဖော်ပြထားသော စန္ဒီကျွန်းတွင်စခန်းချ၍ သုတေသနပြုရန် ရည်ရွယ်ထားကြပြီး ထိုကျွန်းကို ကမ္ဘာ့မြေပုံစာအုပ်နှင့် အဏ္ဏဝါမြေပုံစာအုပ်ပါ အညွှန်းရှာဖွေခဲ့ကြသည်။ ရက်သတ္တပတ်သုံးပတ်ကျော် ကြာမြင့်ခဲ့သော်လည်း ထိုစန္ဒီကျွန်းကိုရှာဖွေမတွေ့ရှိရဟု အထက်ဖော်ပြပါ ဆစ်ဒနီမြို့မှ ထုတ်ဝေသော ဆစ်ဒနီတိုင်း(မ်) သတင်းစာကြီးက ရေးသားဖော်ပြခဲ့သည်။

ထိုသတင်းကိုပင် အေပီသတင်းဌာနမှ သတင်းပေးပို့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှထုတ်ဝေသော သတင်းစာကြီးများတွင် ယင်းသတင်းကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့၏။ စီအင်အင်ရုပ်သံလွှင့်ကလည်း ထိုစန္ဒီကျွန်း ရုတ်တရက် ပျောက်ဆုံးနေကြောင်း သတင်းကိုထုတ်လွှင့်သွားခဲ့သည်။ အံ့ဖွယ်သရဲဖြစ်ခဲ့ရသည်။ လက်ရှိအသုံးပြုနေသော မြေပုံစာအုပ်များနှင့် တောင်ပစိဖိတ်ဒေသတွင်အသုံးပြုနေသော မြေပုံစာအုပ်များတွင် စန္ဒီကျွန်း၏တည်နေရာ အနေအထားကို တိတိကျကျ ဖော်ပြထားရာ လက်ရှိအခြေအနေတွင် ထိုကျွန်းအားရှာဖွေမတွေ့ရှိရခြင်းမှာ ပဟေဠိသဖွယ်ဖြစ်နေသည်။

ဤကဲ့သို့ စန္ဒီကျွန်း ရုတ်တရက် ပျောက်ဆုံးနေရမှုသည် အဏ္ဏဝါအောက်တွင် ပြင်းထန်သော ငလျင်လှုပ်ခဲ့ခြင်းကြောင့်လော့ သို့မဟုတ် ထိုကျွန်းကို စတင်တွေ့ရှိပါသည်ဟု ဆိုသောလူများ၊ မြေပုံတွင်း ထိုကျွန်းရှိသည်ဟု ဖော်ပြခဲ့သည့် အဏ္ဏဝါမြေပုံပြုစုသူများ၏ မှားယွင်းမှုလော ဆိုသည်မှု ရှင်းရှင်းလင်းလင်းမသိရသေးဟု သတင်းများက ဖော်ပြခဲ့သည်။ ၁၄ ရာစုနှင့် ၁၅ ရာစုအချိန်များအတွင်းက လူတို့သည် ပင်လယ်သမုဒ္ဒရာများကို ကြောက်ရွံ့ကြပါသည်။ သမုဒ္ဒရာ၏ကျယ်ပြောလှသော ရေထုအတွင်း အလွန်ကြီးမား၍ အမျိုးအမည်မသိရသော ရေသတ္တဝါကြီးများ၊ အလျှံတဝင်းဝင်း၊ မီးတောက်မီးလျှံများထုတ်လွှတ်ရှိသည့် နဂါးကြီးများရှိသည် ဟူ၍လည်းကောင်း၊ ပိန်းပိတ်အောင် မှောင်နေသော အဏ္ဏဝါပြင်များ၊ ရေငွေ့များထောင်းထောင်းထ၍ ပွက်ပွက်ဆူနေသော ပင်လယ်ခရီးသည် ပြန်လမ်းမရှိသောခရီးဖြစ်သည်ဟု ယုံကြည်လက်ခံ






www.burmeseclassic.com

www.burmeseclassic.com

ထားကြသည်။

ထိုသူပြောကိုယ်ပြော ပါးစပ်ပြော ယုံတမ်းသမိုင်းများကို လက်မခံလိုသော ရဲရင့်သော လူစွန့်စားများသည် ပင်လယ်ခရီးကို စွန့်စား၍ သွားလာခဲ့ကြ၏။ ထိုစဉ်က လူသားတို့အသုံးပြုသည့်လှေများမှာ ကြံ့ခိုင်စွမ်းရည် မရှိခြင်း၊ နည်းပညာတိုးတက်မှုမရှိခြင်းတို့ကြောင့် ပင်လယ်ခရီးများမှာ ဒုက္ခအမျိုးမျိုး တွေ့ခဲ့ကြရသည်။

သို့သော် ခရစ်နှစ် ၁၄၁၈ ခုနှစ်နှင့် ၁၄၂၀ ပြည့်နှစ်အတွင်း လူစွန့်စားများ၏ ကြိုးစားမှုကြောင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းအများအပြားကို တွေ့ရှိခဲ့ကြရ၏။ ဤသို့ စွန့်စားသွားလာမှုများတွင် ပေါ်တူဂီလူမျိုးတို့သည် ထူးခြားသူများဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သူတို့သည် အနောက်အာဖရိကနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ အိန္ဒိယ၊ သီဟိုဠ် (ယနေ့သီရိလင်္ကာ)၊ မြန်မာနိုင်ငံ၊ အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား)၊ တရုတ်နိုင်ငံ၊ တောင်အမေရိကတိုက်နှင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းစုများသို့ ပေါက်ရောက်နိုင်ခဲ့သဖြင့် အကျိုးဖြစ်ထွန်းလာပါက ဥရောပတိုက်အတွင်း ကြွယ်ဝချမ်းသာဆုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ရ၏။ ကမ္ဘာ့ရေကြောင်းလောကကိုလည်းလွှမ်းမိုးနိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့၏။

ပေါ်တူဂီနိုင်ငံ၏တိုးတက်လာမှုကို စံယူ၍ ဟော်လန်နိုင်ငံ၊ စပိန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့မှ စွန့်စားသွားလာသူများသည်လည်း အရှေ့ဖျားနိုင်ငံများသို့ ရေကြောင်းခရီးဖြင့်သွားလာခဲ့ကြသည်။ ဤသို့သွားလာခဲ့ရာတွင် ထူးထူးခြားခြား ဟိုးဟိုးကျော်ခဲ့သူမှ စပိန်နိုင်ငံမှ ဖာဒီနန်မက်ဂျဲ(လ်)လန် ဖြစ်သည်။ သူသည် ခရစ်နှစ် ၁၅၁၉ ခုနှစ်တွင် သင်္ဘောငါးစီးဖြင့် တောင်အမေရိကတိုက် တောင်ဘက်စွန်းကိုဖြတ်၍ အရှေ့အိန္ဒိယကျွန်းစု (ယနေ့-အင်ဒိုနီးရှား) အတွင်းရှိ ဟင်းခတ်အမွှေးအကြိုင်ကျွန်းများ (Spice Island) ကို ရှာဖွေရန် ထွက်ခွာခဲ့ရာမှ တောင်ပင်လယ် (ယခု ပစိဖိတ်သမုဒ္ဒရာ) တွင်းသို့ဝင်ရောက်လာခဲ့ရာ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းအများပေါ်သို့ ဖြေချခဲ့နိုင်သည်။ နိုင်ငံတကာမှ စွန့်စားသွားလာသူများသည်လည်း နောင်အခါ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ရောက်ရှိလာခဲ့ကြပြီး ကျွန်းစုအများပေါ်သို့ ခြေချနိုင်ခဲ့ကြ၏။



ဤသို့ဖြင့် နယ်သစ်ရှာသူများ၊ စွန့်စားသွားလာသူများသည် ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှ ကျွန်းပေါင်းများစွာကိုတွေ့ရှိခဲ့ကြပြီး နာမည်အမျိုးမျိုးပေးခဲ့ကြသည်။ အထူးသဖြင့် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း၌မူ ကျွန်းပေါင်း မရေတွက်နိုင်အောင် တွေ့ရှိခဲ့သည်ဟု ဆို၏။ မှန်ပါသည်၊ အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား) နှင့် ဖိလစ်ပိုင် ကျွန်းစုများသည် ကျွန်းပေါင်းထောင်ချီ၍ရှိခဲ့သည်။ အချို့ကျွန်းငယ်လေးများမှာ လူများနေထိုင်ခြင်း မပြုခဲ့ကြ။

ဤကဲ့သို့ပင် လူသူနေထိုင်ခြင်း မရှိသော ကျွန်းစုများနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားမှုများ ရှိခဲ့ရာ ယနေ့ဆိုလျှင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ လူသူနေထိုင်ခြင်းမရှိသော ကျွန်းများနှင့်ပတ်သက်၍ ထိုကျွန်းစုပိုင်ဆိုင်မှုအား အာရှတိုက်နိုင်ငံများအတွင်း အငြင်းပွားမှုများ ဖြစ်ပွားခဲ့လျက်ရှိ၏။

ပစိဖိတ်သမုဒ္ဒရာအတွင်း ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော စန္ဒီကျွန်းကဲ့သို့ လူတို့တွေ့ရှိပြီး ရုတ်တရက် ပျောက်ကွယ်သွားသော ဖြစ်ရပ်ဆန်းများသည် ယခုမှပေါ်လာသော ထူးခြားဖြစ်စဉ်များ မဟုတ်ပါ။ သမိုင်းအဆက်ဆက် ဤစန္ဒီကျွန်းကဲ့သို့ ရုတ်တရက် ပျောက်ကွယ်သွားသော ကျွန်းများ၊ ရုတ်တရက် အဏ္ဏဝါပြင်ထက်ပေါ်လာသော ကျွန်းများရှိခဲ့သည်ဟု ဆိုသည်။ ဤဖြစ်ရပ်ဆန်းများနှင့်ပတ်သက်၍ သိပ္ပံပညာရှင်များ၊ အဏ္ဏဝါဗေဒပညာရှင်များအတွင်း အငြင်းပွားမှုများ အတောမသတ်အောင် ရှိခဲ့သည်။

ပညာရှင်အချို့ကမူ ဤသို့ ထူးခြားဖြစ်စဉ်များသည် လူတို့နားမလည်နိုင်သေးသော သဘာဝတရား၏လျှို့ဝှက်ချက် ဖြစ်သည်။ သမိုင်းအဆက်ဆက် သဘာဝတရားကြီးသည် လူသားတို့အား အချို့သောအရာများကို ဖုံးကွယ်ထားခဲ့သည်။ သာဓကအားဖြင့် ရှေးပဝေသဏီက လူသားတို့သည် သာမန်မျက်စိဖြင့် မမြင်ရသော ပိုးမွှားများအကြောင်း သိခွင့်မရခဲ့ကြ။ လီယူဝင်ဟုတ်၏မှန်ဘီလူး တီထွင်နိုင်မှုကြောင့် သမိုင်းအဆက်ဆ သဘာဝတရားက လျှို့ဝှက်ထားသော သာမန်မျက်စိဖြင့် မမြင်နိုင်သော သတ္တ လောကအကြောင်း သိခွင့်ရခဲ့သည်။ ထို အတူ အထက်ဖော်ပြပါကျွန်းများ ရုတ် တရက် ပေါ်လာခြင်း၊ ပျောက်ကွယ်သွား ခြင်း စသော ပဟေဠိကိုလည်း တစ်နေ့ တွင်မူ သုတေသီများသည် လူအများ လက်ခံလာနိုင်သော၊ သဘာဝကျသော အဖြေကိုထုတ်ပေးနိုင်မည်ဖြစ်သည် ဆို ကြသည်။

အချို့ သုတေသီများကမူ ဤသို့ ကျွန်းများပေါ်လာခြင်း၊ ပျောက်ကွယ် သွားခြင်းများသည် အဏ္ဏဝါတံလျှပ်များ ကြောင့် ဖြစ်နိုင်သည်ဟု ဆိုသည်။ သာ ဓကအားဖြင့် ပူပြင်းသော နွေရာသီအ ချိန်များတွင် မော်တော်ကားလမ်းမကြီး များ၏ မျက်နှာပြင်ပေါ်ကို ကြည့်ပါက တံလျှပ်များကို မြင်တွေ့နိုင်ပါသည်။ ညီ ညာပြန့်ပြူးသော လွင်ပြင်များ၊ သဲကန္တာ ရများ၊ ရေခဲမြစ်များ၊ ရေခဲပြင်များပေ ရှိလေထဲ၌ တံလျှပ်များ ဖြစ်ပေါ် တတ်ကြပါသည်။ သို့သော် ပင်လယ် သမုဒ္ဒရာများနှင့် ဆက်စပ်နေသော အ ဏ္ဏဝါတံလျှပ်များသည် ကုန်းမြေ လွင်



www.burmeseclassic.com

www.burmeseclassic.com

ပြင်များ၊ သဲကန္တာရများပေါ်၌ ဖြစ်တတ်သော တံလျှပ်များထက် များစွာ ပို၍ ဆန်းကြယ်ပါသည်။

ထိုတံလျှပ်များကို (Mirage) ဟု ခေါ်ကြ၏။ ထိုတံလျှပ်များမှာ ကျွန်းကြီးများ၊ မြို့ကြီးများ၊ ရဲတိုက်ကြီးများ စသော လှပသော မြင်ကွင်းကျယ်များအဖြစ် မြင်တွေ့ရလေ့ရှိပါသည်။

အဏ္ဏဝါသုတေသီအများကမူ ပင်လယ်တံလျှပ်အား နှစ်မျိုး၊ နှစ်စားခွဲခြားသတ်မှတ်ကြပါသည်။ သာလွန်တံလျှပ် (Superior Mirage) နှင့် သာမန်ထက်နိမ့်ကျသောတံလျှပ် (Inferior Mirage) တို့ဖြစ်သည်။ ဤအဏ္ဏဝါတံလျှပ်များသည် တစ်ခါတစ်ရံ မြင်ရသူများ၏ မျက်စိများကိုလှည့်စားတတ်ပါသည်။ ပမာအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း တာဝန်ထမ်းဆောင်နေသော အမေရိကန်ပြည်ထောင်စု ရေတပ်မတော်မှ ရေငုပ်သင်္ဘောတစ်စင်းသည် ဤဆောင်းပါးတစ်နေရာတွင်ဖော်ပြထားသော ဂွမ် (Guam) ကျွန်းအနီးတွင် ဂျပန်ဘုရင့်ရေတပ်မတော်မှတိုက်သင်္ဘောကြီးများကို တွေ့ရှိရသည်ဟု သတင်းပေးပို့ခဲ့သဖြင့် အမေရိက ပြည်ထောင်စု ရေတပ်မတော်မှ လေယာဉ်တပ်ဖွဲ့တစ်ဖွဲ့ကို ထိုကျွန်းအနီးသို့ စေလွှတ်ခဲ့ပြီး တောင်ပစိဖိတ်သမုဒ္ဒရာရှိ အမေရိကန်ပြည်ထောင်စု ရေတပ်ဖွဲ့ကြီးကိုလည်း ဂျပန်ဘုရင့်ရေတပ်မတော်မှ ရေတပ်ဖွဲ့တစ်ဖွဲ့ ရောက်ရှိနေသည်ဟု တပ်လှန့်ထားခဲ့သည်။ သို့သော် သေသေချာချာ စူးစမ်းထောက်လှမ်းမှုများ ပြုလုပ်သောအခါ ထိုသတင်းပေးပို့သော ရေငုပ်သင်္ဘောမှ တာဝန်ရှိသူများသည် အဏ္ဏဝါတံလျှပ်အတွင်း ဂျပန်ဘုရင့်ရေတပ်မတော်မှသင်္ဘောကြီးပုံများကို မြင်ရခြင်းသာ ဖြစ်တော့သည်။

သမိုင်းအဆက်ဆက် ဤဆောင်းပါးအစတွင် စန္ဒီကျွန်းကဲ့သို့ ရုတ်တရက်ပေါ်လာပြီးပျောက်ကွယ်သွားခဲ့သည့် ထူးခြားဖြစ်စဉ်များ ရှိခဲ့ပါသည်။ ခရစ်နှစ် ၁၈၇၉ ခုနှစ်က အီတလီနိုင်ငံ ဂျီနိုဗာမြို့မှထွက်ခွာလာသော ပိုဒက်စတာ အမည်ရှိ လူစီးကုန်တင်သင်္ဘောမှရေယာဉ်မှူး ပီနိုချီအိုသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ဗာလာပလာခရီကျွန်းမှ မိုင် (၈၇၀) ခန့် ကွာဝေးသော အဏ္ဏဝါပြင်တွင် အမည်မသိကျွန်းတစ်ကျွန်းကို တွေ့ရှိခဲ့ရသည်။ ထိုကျွန်းမှာ အဏ္ဏဝါပြင်ထက် ပေ (၅၀) ကျော်ခန့် မြင့်တက်နေပြီး အလျားတစ်မိုင်ခန့် ရှည်လျား၍ သစ်ပင်များ ဖုံးလွှမ်းနေသော ကျွန်းတစ်ကျွန်းဖြစ်ပြီး ငှက်များနှင့်အခြားတိရစ္ဆာန်များရှိသော်လည်း လူများနေထိုင်သော ကျွန်းတစ်ကျွန်းမဟုတ်ဟုဆိုသည်။ ယင်းကျွန်းမှာ ထိုစဉ်ကာလက ထုတ်ဝေသော မြေပုံပေါ်တွင်ဖော်ပြထားသော ကျွန်းတစ်ကျွန်း မဟုတ်ပေ။ သို့ဖြစ်၍ ရေယာဉ်မှူးကြီး ပီနိုချီအိုသည် သက်ဆိုင်ရာ အီတလီနိုင်ငံ ရေကြောင်းသွားလာရေးအဖွဲ့သို့ ထိုကျွန်း၏တည်နေရာ အနေအထားအသေးစိတ်ကို သတင်းပေးပို့ခဲ့သည်။

ချီလီနိုင်ငံ ရေကြောင်းသွားလာရေးအဖွဲ့သို့လည်း သတင်းပေးပို့ခဲ့ပြီး ထိုကျွန်းအား ရေယာဉ်မှူးကြီး ပီနိုချီအိုသည် သူ့သင်္ဘောအား ဂုဏ်ပြုသည့်အနေဖြင့် 'ပိုဒက်စတာ' ကျွန်းဟု ကင်ပွန်းတပ်ခဲ့၏။ ထိုကျွန်းကို အီတလီနိုင်ငံ ရေကြောင်းသွားလာရေးအဖွဲ့မှ ထုတ်ဝေသော အဏ္ဏဝါမြေပုံစာအုပ်များနှင့်ချီလီအစိုးရမှထုတ်ဝေသော မြေပုံစာအုပ်များတွင် ထည့်သွင်းဖော်ပြခဲ့ကြသည်သာမက နိုင်ငံတကာမှထုတ်ဝေသော မြေပုံစာအုပ်များတွင်လည်း ထည့်သွင်းဖော်ပြခဲ့ကြသည်။

သို့သော် ထိုအဏ္ဏဝါပြင်အနီးမှ ဖြတ်သန်းသွားလာခဲ့ကြသော နိုင်ငံတကာမှသင်္ဘောများက အထက်ဖော်ပြပါ ပိုဒက်စတာကျွန်းအား ရှာဖွေမတွေ့ရဟု သတင်းများပေးပို့ခဲ့ကြသည်။ အီတလီနိုင်ငံရေတပ်မတော်နှင့် ရေကြောင်းသွားလာရေးအဖွဲ့တို့မှ အဏ္ဏဝါမြေပုံဆွဲအဖွဲ့ဝင်များကို ယင်းဒေသသို့စေလွှတ်၍ ပိုဒက်စတာကျွန်းအား ရှာပုံတော်ဖွင့်စေခဲ့သည်။ ရက်, လ ကြာသော်လည်း ထိုကျွန်းမှာ ရှာဖွေမတွေ့ရ၊ ရုတ်တရက် ပျောက်ကွယ်နေတော့၏။ ရှာဖွေရေးအဖွဲ့များလက်လျှော့ခဲ့ကြရသည်။ သို့ဖြစ်၍ ၁၉၃၅ ခုနှစ်တွင် ထုတ်ဝေသော အဏ္ဏဝါမြေပုံစာအုပ်တွင်မူ ထိုကျွန်းအား ဖော်ပြခြင်းမပြုခဲ့တော့၊ ကမ္ဘာ့မြေပုံစာအုပ်မှပယ်ဖျက်ခဲ့သည် ဟူ၍လည်း သိရ၏။

ခရစ်နှစ် ၁၉၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကလည်း ဗြိတိသျှအမျိုးသားပိုင် လူစီးကုန်တင်သင်္ဘော အက်(စ်)အက်(စ်) ဂလီဝါလွှန်သည် အင်္ဂလန်နိုင်ငံ လီဗာပူး(လ်)မြို့မှ အထည်အလိပ်များတင်ဆောင်၍ အနောက်အိန္ဒိယကျွန်းစုသို့ ထွက်ခွာလာခဲ့သည်။ ယင်းသင်္ဘောမှသင်္ဘောယာဉ်မှူးကြီးနှင့် သင်္ဘောပေါ်မှ အမှုထမ်းများ၊ ခရီးသည်အများသည် နာမည်ကျော် အီစတာကျွန်းအနီးတွင် အတော်အသင့်ကြီးမားသော ကျွန်းတစ်ကျွန်းကို တွေ့ခဲ့ရသည်ဟု ဆိုသည်။ ထိုသင်္ဘောမှ ယာဉ်မှူးကြီးနှင့် တာဝန်ရှိ အင်္ဂလန်နိုင်ငံ ရေကြောင်းသွားလာရေးအဖွဲ့အား ထိုကျွန်းတွေ့ရှိမှုကို တည်နေရာအနေအထား တိတိကျကျနှင့် အစီရင်ခံစာ တင်သွင်းခဲ့သည်။ ဗြိတိသျှရေကြောင်းသွားလာရေးအဖွဲ့နှင့် ဗြိတိသျှဘုရင့်ရေတပ်မတော်မှ တာဝန်ရှိသူများသည် အထက်ဖော်ပြပါကျွန်းအား ရှာပုံတော်ဖွင့်ခဲ့ကြ၏။ ရက်သတ္တပတ်ပေါင်းများစွာရှာဖွေခဲ့ကြသော်လည်း ထိုကျွန်းကိုရှာဖွေမတွေ့ရဟု သတင်းများထွက်ပေါ်လာခဲ့၏။

၁၉၅၅ ခုနှစ်၊ အောက်တိုဘာလတွင်းကလည်း အမေရိကန်ပြည်ထောင်စု ရေတပ်မတော်မှ ခေတ်မီ အဏ္ဏဝါလေ့လာရေးနှင့် အဏ္ဏဝါတိုင်းတာရေးသင်္ဘောသည် အမေရိကန်ပြည်ထောင်စု ရေတပ်စခန်းတည်ရှိရာ ဟိုနိုလူလူကျွန်းမှ မိုင်ပေါင်း (၃၈၅) ကွာဝေးသော အဏ္ဏဝါပြင် တစ်နေရာတွင် ထူးဆန်းသော ကျွန်းတစ်ကျွန်းကို တွေ့ခဲ့ရသည်ဟု သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သည်။ သို့ဖြစ်၍ အမေရိကန်ရေတပ်မတော်မှ ထိုဒေသသို့ ကင်းထောက်လေယာဉ်များ စေလွှတ်ရှာဖွေသောအခါ ထိုကျွန်းကို ရှာဖွေမတွေ့ရဟု သိရသည်။ ဤကဲ့သို့ အလားတူဖြစ်ရပ်များကို အမေရိကန်ပြည်ထောင်စု ရေတပ်မတော်မှ မှတ်တမ်းများ၊ ဗြိတိသျှဘုရင်မကြီး၏ ရေတပ်မတော်မှမှတ်တမ်းများ၊ နိုင်ငံတကာမှ ရေကြောင်းသွားလာရေးအဖွဲ့များ၏မှတ်တမ်းများတွင် တွေ့ကြရပါသည်။ အဏ္ဏဝါတွင်းမှ ရုတ်တရက်ပေါ်လာသော ကျွန်းများနှင့် ရုတ်တရက်ပျောက်ကွယ်သွားသောကျွန်းများ အကြောင်းကို ယနေ့ထိ အဏ္ဏဝါသုတေသီများသည် တစိုက်မတ်မတ် စူးစမ်းလေ့လာခဲ့ကြသော်လည်း သဘာဝကျသောအဖြေကို မရရှိသေးဟု ဆိုကြ၏။

သဘာဝတရားသည် လျှို့ဝှက်ဆန်းကြယ်လှပေသည်။

လျှမ်းထက်

*Ref; Unexplained. (Internet.)*



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်စိန်သူ (B.Sc)

# (၇)ရက်သားသမီးများအတွက် ကြောက်စရာအကောင်းဆုံး ဘုမ္မိကြီး

ဆရာထံမှ သင်ခဲ့၊ သိခဲ့ရသော လူတိုင်း ကြုံတွေ့ရနိုင်သည့် ဘုမ္မိကြီး အကြောင်း တင်ပြလိုပါသည်။

မိမိ၏ အသက်သည် လေးခွင် မြောက် ဘုမ္မိဂြိုဟ်မှာအိပ်ပြီး (၈)နှင့် စား လျှင် (၇) ကြွင်းခဲ့ပါက ၎င်းနှစ်ကို ဘုမ္မိ ကြီးကျသောနှစ်ဟု ခေါ်သည်။ ဘုမ္မိကြီး နယ်တွင် သက်ရောက်နေလျှင် ရာထူး၊ ဂုဏ်၊ စည်းစိမ်၊ အသက်ပိုင်းတွင် မိမိ ဘဝတစ်သက်တာတွင် အဆိုးဝါးဆုံး၊ အကြမ်းဆုံး၊ အန္တရာယ်အကြီးမားဆုံး ကာလ ဖြစ်ပါသည်။ ရန်သူမျိုးငါးပါးဘေး ကြောင့်သော် လည်းကောင်း၊ သူတစ်ပါး လုပ်ကြံကြံစည်မှုကြောင့်သော် လည်း ကောင်း မမျှော်လင့်သော၊ မထင်မှတ် သောပုံစံအမျိုးမျိုးဖြင့် ဂုဏ်၊ ရာထူး၊ စည်းစိမ်၊ အသက်၊ သိက္ခာတို့သည် လျှပ် တစ်ပြက် ပျက်စီးတတ်ပါသည်။

ဘုမ္မိကြီး တည့်တည့်ကျသော ရာဟု၊ သောကြာ၊ တနင်္ဂနွေ၊ တနင်္လာ ဂြိုဟ်တို့တွင် တနင်္ဂနွေသားသမီး၊ တနင်္လာသားသမီး၊ အင်္ဂါသားသမီး၊ ဗုဒ္ဓဟူးသားသမီးတိုင်းသည် ဂုဏ်၊ စည်းစိမ်၊ ရာထူး ပျက်စီးဆည့်အပြင် ကြောက်စရာကောင်းသော ရောဂါ ဝေဒနာများကို ပိုမိုခံစားရတတ်ပါသည်။

ကြာသပတေး၊ သောကြာ၊ စနေသား သမီးတို့သည် ဘုမ္မိကြီးကျရောက်ချိန် တွင် အသက်မသေသော်လည်း စိတ် ဆင်းရဲခြင်း၊ ရုပ်ဆင်းရဲခြင်းကြီးစွာခံစား ရတတ်ပါသည်။ ရာဟုဂြိုဟ် ဘုမ္မိကြီး သည် အိမ်ထောင်ရေးပြဿနာ ကြုံရ ခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊ အရှက်တကွဲဖြစ်ရခြင်းများနှင့်ကြုံရတတ် ပါသည်။ သောကြာဂြိုဟ် ဘုမ္မိကြီးသည် ကျေးဇူးကန်ခြင်း၊ နှုတ်ကြမ်း၊ စိတ်ကြမ်း၊ လူကြမ်း ဆန့်ကျင်တော်လှန်တတ်သည်။ တနင်္ဂနွေဂြိုဟ် ဘုမ္မိကြီးသည် ဂုဏ်၊ ရာထူး၊ စည်းစိမ်၊ အိုးအိမ်အဆောက် အအုံတို့ ပျက်စီးတတ်သည်။ ဆုံးရှုံးတတ် သည်။

တနင်္လာဂြိုဟ် ဘုမ္မိကြီးသည် မတရားငွေကြေးလောင်းကစား၊ လာဘ် စားပြုလျှင်၊ လုပ်ဆောင်လျှင် ပျက်စီး တတ်သည်။ ဆုံးရှုံးတတ်သည်။ အင်္ဂါ ဂြိုဟ် ဘုမ္မိကြီးသည် စိတ်လိုက်မာန်ပါ တစ်ဖက်သတ်အနိုင်ယူ၊ ဒေါသကြီးမား သူများ ရုတ်တရက် ပျက်စီးလွယ်သည်။

ဗုဒ္ဓဟူးဂြိုဟ် ဘုမ္မိကြီးသည် လူ လိမ်လူကောက်၊ ရေသာခို အချောင် လိုက်သူများ ရောဂါအမျိုးမျိုး၊ ဒုက္ခအဖုံ ဖုံ တွေ့ရတတ်သည်။

ကြာသပတေးဂြိုဟ် ဘုမ္မိကြီး သည် မတရားလောဘ၊ ဖြတ်လမ်းစီးပွား ရေး၊ စွန့်စားလုပ်ကိုင်သူများ ရှိတာကုန် ပြီး ပျက်စီးလွယ်သည်။







www.burmeseclassic.com

www.burmeseclassic.com


တနင်္ဂနွေသားသမီးများဘုမ္မိကြီးကာလ




တနင်္လာသားသမီးများဘုမ္မိကြီးကာလ




အင်္ဂါသားသမီးများဘုမ္မိကြီးကာလ




ကြိုတင် ကာကွယ်မှုအနေနှင့် တနင်္ဂနွေဂြိုဟ် ဘုမ္မိကြီးတွင် မာန်မာန လျှော့ပါ။ တနင်္လာဂြိုဟ် ဘုမ္မိကြီးတွင် မှန်ကန်တဲ့ ငွေ၊ ဖြူစင်တဲ့ငွေ ရယူပါ။ အင်္ဂါဂြိုဟ် ဘုမ္မိကြီးတွင် ဒေါသပယ်၊ မေတ္တာပွား၊ ပြုံးလာသူ အရှုံးပေးပါ။ ဗုဒ္ဓဟူးဂြိုဟ် ဘုမ္မိကြီးတွင် ကိုယ်ချင်းစာ တရားရှိပါ။ ကြာသပတေးဂြိုဟ် ဘုမ္မိကြီးတွင် သီလစောင့်ပါ။ ရသမှုနှင့် ရောင့်ရဲပါ။ လောဘမတတ်ရ။ ရာဟုဂြိုဟ် ဘုမ္မိကြီးတွင် အိမ်ထောင်ရေး အရှုပ်အရှင်းကို မိမိကိုယ်တိုင်လည်း မရှုပ်နှင့်။ သူတစ်ပါးအိမ်ထောင်ရေးအရှုပ်အရှင်းကိုလည်း မကူညီနှင့်။ အိမ်ထောင်မှု သန့်ရှင်းအောင်နေပါ။ သောကြာဂြိုဟ် ဘုမ္မိကြီးတွင် နှုတ်ထွက်စကား ချိုသာပါ။ ကျေးဇူးသိတတ်ပါ၊ ဆန့်ကျင်တော်လှန်မှုများကို တတ်နိုင်သလောက်ရှောင်ကြဉ်ပါ။

ဘုမ္မိကြီးအထူးယတြာအနေနှင့်တော့ နေမင်းပရိတ်ကို မနက် (၁၀၈) ခေါက်၊ ည (၁၀၈) ခေါက် ရွတ်ဆိုပူဇော်ပါ။ ရတနာသုံးပါးကို ယုံယုံကြည်ကြည် ဆည်းကပ်ပါ။ မေတ္တာသုတ် အစရှိတဲ့ ပရိတ်တော်၊ ပဋ္ဌာန်းကို ရွတ်ဖတ်ပူဇော်ပေးပါ။ ရတနာသုံးပါး၊ အနန္တောအနန္တ ငါးပါးကို ယုံကြည်ပူဇော်နေသူ၊ ငါးပါးသီလမြဲသူ၊ ဗုဒ္ဓရဲ့ဂုဏ်တော်တွေကို ရွတ်ဆို ပူဇော်နေသူတွေကတော့ ဘုမ္မိကြီးရဲ့ ဆိုးကျိုးကို ကြီးကြီးမားမား မခံစားတတ်။

### နေမင်းပရိတ်တော်

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တော သိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပ္ပန္နောသို၊
တဿ မေ သရဏံ ဘဝ။

**တနင်္ဂနွေသားသမီး**

အသက် ၃၁ နှစ်၊ ၃၉ နှစ်တွင် ဗုဒ္ဓဟူးဂြိုဟ်မှာအိပ်ပြီး ရာဟုဂြိုဟ်သက်ရောက်ကြသည်။ ဘုမ္မိကြီးကျသောကြောင့် အိမ်ထောင်ရေး၊ မိသားစုအရှုပ်အရှင်းများကြုံရတတ်သည်။ ဂုဏ်သိက္ခာကျ၊ အရှက်တကွဲဖြစ်ရတတ်သည်။


**တနင်္လာသားသမီး**


အသက်(၄၇)နှစ်တွင် သောကြာဂြိုဟ် ဘုမ္မိကြီးတည့်တည့် ကျရောက်သည်။ သေကွဲ၊ ရှင်ကွဲဖြစ်ရတတ်သည်။ ဂုဏ်၊ ရာထူး ပျက်လွယ်သည်။ ရုတ်တရက် ကျန်းမာရေးညံ့တတ်သည်။




www.burmeseclassic.com

www.burmeseclassic.com




**အင်္ဂါသားသမီး**

အသက် (၃၉) နှစ်၊ (၄၇) တို့တွင် တနင်္ဂနွေသက်ရောက်၍ ဘုမ္မိကြီးကျ သည်။ အမှုအခင်းဖြစ်တတ်၊ အိုးအိမ် အတွက်သောကရောက်ရ။ ရာထူး၊ စည်း စိမ်ပျက်တတ်၊ ရောဂါဝေဒနာ ထူပြော တတ်သည်။

**ဗုဒ္ဓဟူးသားသမီး**

အသက် (၄၇)၊ (၅၅) နှစ်တို့တွင် ဘုမ္မိကြီးတည့်တည့်ကျရောက်သည်။ ငွေ ကြေးဥစ္စာမနေ ကုန်လွယ်၊ ပျက်စီးလွယ် သည့်အပြင် အသက် (၄၇) နှစ်သည် ဂြိုဟ်အိပ်အကူးအပြောင်း ရာဟုတွင် ဆုံသဖြင့် အိမ်ထောင်မှုနှင့် ငွေကြေး ပြဿနာများ၊ အလျော်အစားကိစ္စများ ဒုက္ခအမျိုးမျိုးကြုံတွေ့ရတတ်သည်။

**ကြာသပတေးသားသမီး**

အသက် (၅၅) နှစ်တွင် ဘုမ္မိကြီး တည့်တည့်ကျသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ရုပ်ပင်ပန်းဆင်းရဲသောဂြိုဟ် ဖြစ်သည်၊ နာတာရှည်ရောဂါဖြစ်တတ်၊ လေဖြတ် တတ်သည်။ ခြေ၊ လက်၊ မျက်စိတို့တွင် ဥပဒ်ရောက်တတ်သည်။ ဘုန်းကြီး၊ သီလ ရှင်အား မိမိနိုင်သလောက်လှူပါ။ ရုပ် အပင်ပန်းခံပါ။ ပတ်ဝန်းကျင်သန့်ရှင်း ရေးလုပ်ပါ။

**သောကြာသားသမီး**

အသက် (၄၇) နှစ်တွင် ဘုမ္မိကြီး ကျသည်။ လိုချင်လောဘတရားကြီးပြီး လုပ်ကိုင်လျှင် အားလုံးဆုံးရှုံးမှုကြုံတွေ့ ရတတ်သည်။ အိုးအိမ်စွန့်လွှတ်ပျောက် ပျက်ကုန်တတ်သည်။ ဒုက္ခိတများအား ပေးကမ်းလှူဒါန်းပါ။

**စနေသားသမီး**

အသက် (၄၇) နှစ်၊ (၅၅) နှစ်တွင် ဘုမ္မိကြီးကျသည်။ စိတ်ဆင်းရဲခြင်း၊ လူ ရေး၊ စီးပွားရေးပျက်စီးလွယ်ခြင်း၊ စပ်တူ လုပ်ငန်းများ ပျက်စီးခြင်း၊ ခြေ-လတ် အနာတရ ထိခိုက်မှုဖြစ်ခြင်း၊ စည်းစိမ် ဥစ္စာ၊ လုပ်ငန်းများပျက်ပြားတတ်ခြင်း ဒေါသအလျောက်ပြုမှုခြင်းများ ကြုံတွေ့ ရတတ်သည်။ ငွေပဒေသာပင်လှူဒါသ လျှော့၊ မေတ္တာပွားပါက ဘုမ္မိကြီးအဆိုး မှ လွတ်မြောက်နိုင်ပါသည်။

*

မိမိဘယ်အသက်တွင် ဘုမ္မိကြီးကျ ရောက်မည်ကို ကြိုတင်သိရှိပါက ကြို တင် ကာကွယ်ထားလို့ရပါသည်။ ဘုမ္မိ ကြီးနှင့် ပတ်သက်၍ -

"ဘုမ္မိကြီးက သိပ်ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com

ဝင်းဆေးတိုက် မှ ဆေးစွမ်းကောင်းသုံးလက် ထုတ်လုပ်ဖြန့်ချိလျက်ရှိပါပြီ

အစာမကြေ၊ လေမသက်၍ အနေခက်သူများအတွက်



အင်ကြင်းပန်း
အမှတ်တံဆိပ်
လေသက်ဆေး

အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာမစားချင်ဖြစ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ အသံဝင်ခြင်း၊ အသက်ရှူမဝဖြစ်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ လေအန်၊ ဝမ်းဗိုက်နာခြင်း၊ အော့ခြင်း၊ လေချဉ်ခြင်းများ ပျောက်ကင်းစေပြီး အစာကြေလေသက်၊ အပူငြိမ်း၍ စားဝင်အိပ်ပျော်စေပါသည်။
မှတ်ပုံတင်-1911 YR 006354၊ လိုင်စင် - ၂/၂၀၀၉၊ တဆထလ/တိုး(၁၀၇၈)

ချောင်းဆိုး၊ ရင်ကျပ်၊ မှတ်ပုံတင်-0613 Y 010361
သလိပ်ကပ်သူများအတွက်



အင်ကြင်းပန်း
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေး

ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊
အသံဝင်ခြင်း၊ မောပန်းခြင်းတို့ကို သုံးစွဲနိုင်ပါသည်။

မွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ အနာစိမ်းမှအစ
အရေပြားရောဂါ အမျိုးမျိုးအတွက်
မှတ်ပုံတင်-0813 Y 010535




အင်ကြင်းပန်း
အမှတ်တံဆိပ်
အနာကျက်ဆေးမှုန့်

အနာစိမ်း၊ ရေယုံသဲဝဲ၊ ထိခိုက်ရှနာ၊ ခြေကွဲနာ၊ မီးလောင်နာ၊ နှင်းခူအစို အကြောက်၊ ဗိုက်ထွက်ခြင်း၊ အသားအရေယားယံခြင်း၊ မွေး၊ အုံ၊ ဖြူတ် ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - **ဝင်းဆေးတိုက်** ဦးစိုးလင်း + ဒေါ်ဝင်းဝင်းဇော်
အမှတ် - ၂၆၁၆/ခ ၊ လှော်ကားလမ်း ၊ (၇၁) ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့ ။
ဖုန်း - ၀၁-၅၉၀၅၇၈ ၊ ၀၉ ၇၃၁၃၃၄၀၀

စနေသားသမီးများဘုမ္မိကြီးကာလ




ကောင်းတယ်။ လူတိုင်းနီးပါးကြုံကြရမှာပဲ။ ဒါပေမယ့် ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး ရိုသေကိုင်းရှိုင်းသူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ ငါးပါးသီလမြဲသူ၊ သမ္မာအာဇီဝကျတဲ့လုပ်ငန်းလုပ်ကိုင်သူတွေမှာတော့ အနည်းငယ်သာ ဆိုးစေတယ်။ မာန်မာနထောင်လွှားသူ၊ ကိုယ်ကျင့်တရားချို့ယွင်းသူ၊ မတရားအမြတ်ကြီးစားသူ၊ ဖြတ်လမ်းစီးပွားရေးနဲ့ ငွေရှာသူများကျတော့ လူသေရင်သေ ဒါမှမဟုတ် ဘဝသေတော့တာပဲ"

ဟု ဆရာ့ထံမှာ သင်ကြားခဲ့ရပါတယ်။

ဒါကြောင့် ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ ကျေးဇူးရှင်များအား ပူဇော်ကန်တော့ပြီး ငါးပါးသီလမြဲအောင်၊ ကိုယ်ကျင့်တရားကောင်းအောင် ကြိုးစားအားထုတ်သူများသည် ဘုမ္မိကြီးအဆိုးမှ ကာကွယ်နိုင်ပါလိမ့်မည်။ ဘယ်သူတွေပဲညီညီ မိမိကလွတ်မြောက်နိုင်ပါလိမ့်မည်။

*ဆရာ့ကျေးဇူး*
*အထူးအောက်မေ့လျက်*

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com



*(ယခင်လမှအဆက်)*

ဂျပန်တို့၏ ကြည်းတပ်များက အင်ဖာရှိ ဗိုလ်ချုပ်ကြီး စကွန်း၏ အမှတ် (၄) တပ်မကြီးကိုဝိုင်းထားစဉ် ဗင်ဆင်၏ လေတပ်နှင့် အမေရိကန်လေတပ်က စစ်ကူလာသည့် စစ်သည်တော် (၁၂,၀၀၀) ကို တစ်ဖွဲ့စီ လီ၍ သယ်ယူပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိထားကြသော စစ်သည်တော် (၁၀,၀၀၀) ကို အင်ဖာမှအိန္ဒိယပြည်မသို့ တင်ယူသွားနိုင်ခဲ့သည်။

ရန်သူကို ကြံ့ကြံ့ခံ၍ တိုက်ခိုက်နေကြသော စစ်သည်တော်များအတွက် သကြားတန်ချိန် (၄၂၃)၊ ဆန်တန်ချိန် (၉၁၉)၊ ဆေးရုံရှိ လူနာများအတွက် ကြက်အရှင် (၅၀၀၀)၊ ဗီတာမင်ဆေးလုံး (၅,၂၅၀,၀၀၀)၊ လားနှင့်မြင်းစာတန်ချိန် (၁,၃၀၃)၊ ဓာတ်ဆီနှင့် စက်ဆီ ဂါလန်ပေါင်း (၈၃၅,၀၀၀)၊ အင်္ဂလန်မှချောစာအိတ်ကြီးပေါင်း (၁၂,၀၀၀)၊ စီးကရက်ဘူးပေါင်း (၄၃,၄၇၅,၇၆၀) နှင့် စုစုပေါင်းရာရှင်ပေါင်ချိန် (၁၄,၃၁၇,၀၀၀) ကို လေကြောင်းမှနေ၍ ထောက်ပံ့နိုင်ခဲ့လေသည်။

အင်ဖာကဲ့သို့သော ရေရှည်တိုက်ပွဲ၌ ထိုးစစ်ဆင်လာသူနှင့် ခံစစ်ပြုနေသူ နှစ်ဦးနှစ်ဖက်အနက် ခံစစ်ပြုနေသူဘက်မှ တိုက်ပွဲ၏ဒီရေကာ ပင်း၍တက်လာကာ အနိုင်ကို ကြိုတင်၍ နိမိတ်ဖတ်ခဲ့သော ဧပြီ (၁၄) ရက်နေ့တည်း။

အဘယ်ကြောင့်ဆိုသော် ဤနေ့ ဤရက်၊ ဤအချိန်၊ ဤအခါ၌ အမှတ် (၄) တပ်မကြီးအောက်တွင် ရှိနေသမျှ သော တပ်မ,မှန်သမျှသည် အင်ဖာလွင် ပြင်တွင် လည်းကောင်း၊ လွင်ပြင်ပတ် ပတ်လည်တွင် လည်းကောင်း စုရုံးမိပြီး သားဖြစ်နေကြကြောင်းပင်တည်း။

တပ်မအားလုံး စုရုံးနေရာယူထား ကြသောစစ်မျက်နှာမှာ မြင်းခွာသဏ္ဍာန် ရှိလျက် မိုင် (၁၀၀) ဝန်းကျင် ကျယ်၏။ မြောက်ဘက်တွင် ကန်ဂလာတုန်ဘ တောင်ဘက်တွင် တီးတိန်လမ်းပေါ် သော တော်ဘန်ထိကျယ်ဝန်း၍ ကြား



www.burmeseclassic.com

www.burmeseclassic.com



# ဤလယ်မခရီး လွမ်းမပြီးနိုင်

သူရဋ္ဌမဂ္ဂဇင်း အခန်းဆက်ဝတ္ထု | ရှည်



တွင် နန်ရှိဂန်၊ ကမန်ရှန်နန်နှင့် ဂူဂန့တို့တွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိနေသည်။

ကန်ဂလာတုန်ဘီနှင့် ကမန်တွင်နေရာယူထားသော ဘရစ်၏ အမှတ်(၅) တပ်မက မြောက်ဘက်နှင့် အရှေ့ဘက်မှထိုးစစ်ဆင်နေသောဂျပန်များကို တွန်းလှန်တိုက်ခိုက်နေစဉ် ဂရေစီ၏ အမှတ် (၂၀) တပ်မက ရှန်နန်တွင် အခြေစိုက်တပ်စွဲကာ အင်ဖာလွင်ပြင်သို့ တမူးနှင့်အရှေ့တောင်ဘက်မှဝင်ရောက်ရန် လုံးပန်းနေသော ဂျပန်များကို တိုက်ခိုက်၍လည်းကောင်း၊ ရောဘတ်၏ အမှတ် (၂၃) တပ်မက တောင်ဘက်စစ်မျက်နှာမှတက်လာသော ဂျပန်များကို ပြင်းပြင်းထန်ထန် တိုက်ခိုက်၍ လည်းကောင်း ရှိနေကြသည်။

ကိုဝင်၏ အမှတ် (၁၇) တပ်မမှာမူ တီးတိန်မှဝိုင်းထားသော ဂျပန်များကိုဖောက်ထွက်လာပြီးနောက် တိုက်ပွဲတစ်လျှောက်တွင်ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များကို ဆေးဝါးကုသရင်း အင်ဖာလွင်ပြင်တွင်ပင် အရံတပ်အဖြစ် အပန်းဖြေနေကြသည်။

ဂျပန်တို့က အင်ဖာ - ကိုဟီမားလမ်းကို (၂၉) နေ့ ည (၈) နာရီခွဲအချိန်တွင် ဖြတ်တောက်ပစ်လိုက်သည့်အချိန်





www.burmeseclassic.com

www.burmeseclassic.com

မှစ၍ အင်ဖာနှင့် လွင်ပြင်ပတ်ဝန်းကျင်တွင် တပ်စွဲလျက်ရှိသော တပ်မ (၄) ခုမှ စစ်သည်များ၊ လားများ၊ အမြောက်များ၊ မော်တော်ကားများ၊ တင့်ကားများ၊ သေနတ်များကို နေ့စဉ် လှုပ်ရှားနေနိုင်ရန်အတွက် လေကြောင်းကသာ ရိက္ခာထောက်နေရတော့သည်။

ဤမျှ အင်အားကြီးမားသော တပ်ဖွဲ့ကြီးတစ်ခုလုံးကို မဟာမိတ်တို့က လေကြောင်းကချည်း ရိက္ခာထောက်၍ စစ်တိုက်စေခဲ့သောဖြစ်ရပ်မှာ ကမ္ဘာ့စစ်သမိုင်းတွင် အင်ဖာတိုက်ပွဲတစ်ခု၌သာ ကြုံဖူးကြလေသည်။

အင်္ဂလိပ်တပ်များကို ဤသို့ လေကြောင်းမှ ရိက္ခာထောက်ပေးနေသော်လည်း ဂျပန်များအတွက်မူ ဤသို့ လေကြောင်းမှ ရိက္ခာထောက်ပေးရန် အစီအစဉ်မရှိခဲ့ပေ။ အင်ဖာတိုက်ပွဲကို အပူတပြင်း လှုံ့ဆော်ပေးခဲ့ပြီးနောက် အင်ဖာတိုက်ပွဲကို ကွပ်ကဲနေရသော ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချိသည် တောအတန်တန်၊ တောင်အထပ်ထပ်ကို ကျော်ဖြတ်၍ ချီတက်လာရသော သူ့တပ်မများအတွက် လေကြောင်းဖြင့် ရိက္ခာထောက်ရေးကို စီစဉ်၍မပေးခဲ့။

ဂျပန်စစ်သည်တော်များမှာ မိမိ၏ရိက္ခာကို မိမိသယ်၍ လည်းကောင်း၊ ရောက်လေရာ ပေါက်လေရာ ရွာတိုင်းတွင် စစ်အမိန့်ဖြင့်ရိက္ခာရှာဖွေ၍ လည်းကောင်း၊ မိမိတို့ဝမ်းစာရေးပြဿနာကို မိမိတို့ဘာသာ ဖြေရှင်းကြရသည်။ ထို့ပြင် ဖျားသူနာသူ၊ ဒဏ်ရာရသူများအား ဂျပန်တို့ ခြေကုပ်ယူထားသော မြန်မာပြည်သို့ ပြန်၍သယ်ယူသွားရန် လေယာဉ်လည်း မရှိ။ အလျင်စလို ပြုပြင်ထားသော တောလမ်း၊ တောင်လမ်းများမှနေ၍ မပြောပလောက်သော လတ်ဆတ်သည့်ရိက္ခာနှင့် ခဲယမ်းအချို့ရောက်လာတတ်ပြီး ဒဏ်ရာပြင်းထန်သူများကို အထမ်းသမားများနှင့်သာ ထုတ်ယူသွားနေကြရသည်။

မိုးဖြိုင်ဖြိုင်ကျရန်လည်း တစ်လလောက်သာ လိုတော့၏။ မည်သို့ဖြစ်စေ မတ္တာဂူချိကမူ အင်ဖာသည် တိုတောင်းလှသောအချိန်အတွင်းမှာပင် မလွဲမသွေ သူ့လက်ခုပ်ထဲမှရေဖြစ်လာရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်လျက်ပင် ရှိနေသည်။

အင်ဖာကိုသာ သိမ်းမိလျှင် ယခုမျက်မှောက် ကြုံတွေ့နေရသော အခက်အခဲမှန်သမျှသည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း ပြေပျောက်ပြီးသွားဖြစ်သွားပေလိမ့်မည်။ အင်ဖာတွင် သူ၏ဂျပန်တပ်မတော်ကြီး စားနိုင်သည်ထက် ရိက္ခာများ၊ အသုံးပြုရန် လိုအပ်သည်ထက်ပိုနေသော ယာဉ်ရထားများ ရှိနေသည်ကို သူက တွက်ချက်ထားပြီးဖြစ်၏။

ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချိကသူ့တွက်ကိန်းနှင့်သူ ဟန်ကျနေစဉ် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး စကွန်းကလည်း မိမိအစီအစဉ်နှင့်မိမိ အသက်ရှူကွက်ကလေးတစ်ကွက် ရလာသည်ကို သတိပြုမိလာသည်။

စကွန်းအဖို့ အခက်အခဲပေါင်း၊ အကျပ်အတည်းပေါင်း၊ ပြဿနာပေါင်းများစွာ ရှိနေစေကာမူ သူနှင့် အမှတ် (၁၄) တပ်မတော်ကြီးကို အုပ်ချုပ်နေသော ဗိုလ်ချုပ်ကြီး ဆလင်းတို့ ရေးဆွဲခဲ့ကြသော အစီအစဉ်တွင် နံပါတ်-တစ် ဖြစ်သည့် တက်လာသောရန်သူအား ကန့်သတ်သောထိုးစစ်ကို ထိုးပြီးနောက် တပ်အားလုံးကို အင်ဖာလွင်ပြင်တွင် စုစည်းထားရန် ဟူသော အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ထိုးစစ်ဆင်လာသော ဂျပန်တို့အား ချေမှုန်းသုတ်သင်ရန် ဟူသော နံပါတ်-တစ် အစီအစဉ်ကို မည်ကဲ့သို့ အကောင်အထည်ဖော်ရမည်ကိုသာ စကွန်းမှာ စဉ်းစားရန် လိုတော့၏။

ဖမ်းဆီးရမိသော စာရွက်စာတမ်းများ၊ ခဲတံအနီအပြာများနှင့် တေးထားသော ဂျပန်တို့၏မြေပုံများ၊ သုံ့ပန်းများထံမှ မေးမြန်းဖြေကြားချက်များနှင့် စုံစမ်းထောက်လှမ်းချက်များအရ ဂျပန်တို့၏အင်အား၊ ဂျပန်တို့၏အခြေအနေ၊ ဂျပန်တို့၏ရည်ရွယ်ချက်များကို အတော်အတန် သိလာရပြီး ဖြစ်၏။

အင်ဖာ၏တောင်ဘက်တွင် ဂျပန်တို့၏ အမှတ် (၃၃) တပ်မသည် ကိုဝင်၏ အမှတ်(၁၇)တပ်မ၊ ရောဘတ်၏ အမှတ်(၂၃)တပ်မတို့၏လက်ချက်ကြောင့် အတော်ပင် အထိနာနေပြီး ဖြစ်သည်ကို တွက်ဆထားသည်။ သို့သော် ဂျပန်တို့၏ တပ်မမှာအင်အားရှိမြဲရှိနေလျက် နောက်ထပ်စစ်ကူတပ်များသာရောက်လာမည်ဆိုလျှင် တိုတောင်းလှသောအချိန်အတွင်း ရှေ့တန်းကို ထိုးစစ်ကြီးဆင်လာနိုင်မည့် အခြေအနေရှိနေသေး၏။

ဂျပန်တို့၏ အမှတ် (၁၅) တပ်မမှာမူ အင်ဖာမြောက်ဘက်ရှိ ကန်ဂလာတုန်ဘီနှင့် အရှေ့မြောက်ဘက်ရှိ လီတန်အကြားတွင် ဖြန့်ချထားသည်မှာ ထင်ရှားလှသည်။ ဤတပ်မမှတပ်ဖွဲ့နှစ်ဖွဲ့သာ အင်ဖာစစ်မျက်နှာသို့ရောက်နေပြီး ကျန်တပ်ဖွဲ့တစ်ဖွဲ့မှာ အင်ဖာသို့ချီတက်လာနေဆဲပင် ရှိနေသေးသည်။

အမှတ် (၁၅) တပ်မကို ကဘုန်ရွာ... တွင် ချထားခြင်းကိုထောက်၍ ရန်သူ ဂျပန်သည် ဤဘက်မှစ၍ မကြာမီ ထိုး... စစ်ကြီးဆင်လာတော့မည်ဟု အကဲခတ်... ရလေသည်။ ဂျပန်တို့၏ အမှတ် (၃၁) တပ်မသည် မည်သည့်နေရာသို့ရောက်... နေသည်ကို ထင်ထင်ရှားရှား မသိ... သော်လည်း ထိုတပ်မ,မှာ ကိုဟီမားကို... သာ တိုက်ခိုက်သိမ်းယူရန် ညွှန်ကြား... ထားကြောင်း တွေ့ရှိရလေသည်။

ထောက်လှမ်းရရှိချက်များအနက်... စိတ်ဝင်စားဖွယ်ကောင်းသော အချက်... တစ်ချက်မှာ ဂျပန်တို့၏ ထိုအစီအစဉ်... တွင် အင်္ဂလိပ်တို့၏ဆက်သွယ်ရေးလမ်း... ကြောင်းများကို အဓိကပစ်မှတ်အဖြစ်... သတ်မှတ်ထားချက်ပင် ဖြစ်၏။ အခြား... စိတ်ဝင်စားစရာ အချက်တစ်ချက်မှာ... တပ်မှူးများအား လက်ဝဲနှင့် လက်ယာ... တောင်ပံများတွင် မည်သို့ဖြစ်စေကာမူ... သတ်မှတ်ထားသောပစ်မှတ်ကိုသာ အ... ရောက်ချီတက်ကြရမည်ဟု အမိန့်ပေး... ထားချက်ပင် ဖြစ်၏။

ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချိက... အင်္ဂလိပ်တို့၏ ဆက်သွယ်ရေးလမ်း... ကြောင်းများကို ဖြတ်တောက်ပစ်လိုက်... သည်နှင့်တစ်ပြိုင်နက် အင်္ဂလိပ်နှင့်အင်... လိပ်လက်အောက်ရှိ အိန္ဒိယတပ်များ... ဂေါ်ရခါးတပ်များသည် အင်ဖာမှ အိန္ဒိ... ယပြည်ကြီးဆီသို့ ရောက်ရာပေါက်ရာ... တောလမ်း တောင်လမ်းများမှ ဆုတ်... သွားကြလိမ့်မည်ဟု ယုံကြည်ခဲ့ကြောင်း... ထင်ရှားလှပေသည်။

ယခုအချိန်၌ ဂျပန်တပ်များသည်... ရိက္ခာအခက်အခဲနှင့် မတွေ့ရသေး... သော် ခဲယမ်းမီးကျောက်များ ပြတ်သည်... နှင့် မကြာမီတွေ့ကြရပေတော့မည်... စကွန်းက ယူဆထားသည်။ ထို့ကြောင့်... ဂျပန်တို့၏ စစ်ကြောင်းကြီး(၃)ကြောင်း... အနက် အလယ်ကြောင်းချီ အမှတ်(...) တပ်မ,အား ပထမဦးဆုံး ပစ်မှတ်အဖြစ်... သတ်မှတ်ကာ ချေမှုန်းရန် အချိန်... ရောက်ပြီဟု ဗိုလ်ချုပ်စကွန်းက ဆုံးဖြတ်... လိုက်၏။

အပြီးသတ် ချေမှုန်းရေးတိုက်ပွဲ... ဧပြီလ (၁၂) ရက်နေ့တွင် စသည်... အင်ဖာကို ရန်သူဂျပန်တို့က အလုံး... ဝင်မစီးနိုင်ရန်အတွက် တပ်မ(...)ခု... အင်ဖာတွင်အမြဲရှိနေရမည်ဖြစ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

တပ်မ(၂)ခုကိုသာ အင်ဖာလွင်ပြင်အပြင်ဘက်သို့ ထွက်၍တိုက်ခိုက်စေမည် ဖြစ်သည်။

ဤသို့ တိုက်ခိုက်ရာ၌ ဂျပန်တို့သည် ယခုရှိနေသော တောထဲတောင်ထဲ၌သာ ရှိနေကြဦးမည်ဖြစ်ရာ တပ်မ (၂) ခုတွင် ပါဝင်သော တပ်မဟာများသည် မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးမှ လားဝန်တင်သယ်ယူပို့ဆောင်ရေးသို့ပြောင်းရမည်ဖြစ်ရာ အကယ်၍ မလိုအပ်ပါက လေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးကိုချည်းအားကိုးရတော့မည်ဖြစ်၏။ သို့မှသာ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်နေကျ ဂျပန်များ မည်သို့မျှ အနှောင့်အယှက် မပေးနိုင်ဘဲ ဖြစ်သွားမည်။

အင်ဖာတွင်ရှိနေမည့် တပ်မ (၂) ခုနှင့် အင်ဖာအပြင်ကိုထွက်၍တိုက်မည့် တပ်မ (၂) ခု၏ ရိက္ခာပြဿနာကို စဉ်းစားရာ၌ တပ်မ (၄) ခုအား ယခုပေးနေကျ အပြည့်အဝပေးနေသည့် စံချိန်အတိုင်း ဆက်၍ပေးမည်ဆိုက မေလ (၅) ရက်နေ့ထိ လုံလုံလောက်လောက်ကြီး ပေးနိုင်သည်။ အပြည့်အဝပေးနေသည့် စံချိန်အတိုင်း မဟုတ်ဘဲ ထက်ဝက်သာ ပေးမည်ဆိုပါ တပ်မ (၄) ခုသည် မေလ တစ်လလုံးကုန်သည်အထိ ယခုရှိနေသောရိက္ခာကို စားသွားနိုင်မည် ဖြစ်၏။

ဗိုလ်ချုပ်ကြီးစကွန်းသည် နောက်ထပ်ရိက္ခာမလိုဘဲ မေလတစ်လလုံးစားသွားနိုင်မည့်အစီအစဉ်ကို ရွေးချယ်လိုက်သည်။

ဂျပန်ဘက်တွင် ကြုံတွေ့လာရသည့်ရိက္ခာပြဿနာကို မှန်းဆ၍ ကြည့်လိုက်သောအခါ ဂျပန်တို့သည် အရပ်နယ်၌ တပ်ဖြန့်၍ထားမည်ဆိုပါက နီးစပ်ရာကျေးရွာများမှ စားနပ်ရိက္ခာများကို ဧပြီလကုန်ထိ လုံလုံလောက်လောက်ရနိုင်စရာရှိသည်။ ဧပြီလကုန်၍ အင်ဖာကိုမသိမ်းနိုင်လျှင် ဂျပန်တို့သည် ရိက္ခာအတွက် အခက်ကြီးတွေ့ရတော့မည်မှာ သေချာသည်ဟု တွက်၍ရသည်။

ဗိုလ်ချုပ်ကြီးစကွန်းသည် ဤကဲ့သို့သော အကြောင်းအချက်အမျိုးမျိုးကို တွက်ဆပြီးနောက် အမှတ် (၁၇) နှင့် (၂၀) တပ်မ နှစ်ခုအား အင်ဖာလွင်ပြင်၌ အစောင့်ထား၍ အမှတ် (၅) နှင့် (၂၃) တပ်မ နှစ်ခုအား ဂျပန်တို့၏ အဓိက စစ်ကြောင်းကြီးဖြစ်သော အမှတ် (၃၁) တပ်မကို အင်ဖာလွင်ပြင် အပြင်ဘက်သို့ထွက်၍တိုက်ရန် ဆုံးဖြတ်လိုက်သည်။

(၁၇) နှင့် အမှတ် (၂၀) တပ်မ နှစ်ခုသည် ရှန်နန်မှ တီးတိန်-အင်ဖာ လမ်းပေါ်ရှိ ဘီရှန်ပူတောင်ဘက်အထိ ရှည်သော အင်ဖာလွင်ပြင် စည်းဝိုင်းကို တင့်ကားတပ်အချို့နှင့်အတူ လှည့်လည် လှုပ်ရှားနေသော တပ်မဟာတစ်ခုနှင့် စောင့်ကြပ်ကာကွယ်နေရမည် ဖြစ်၏။

အမှတ် (၅) နှင့် (၂၃) တပ်မနှစ်ခုတို့အနက် အမှတ် (၅) တပ်မသည် အင်ဖာမြောက်ဘက်ရှိ အင်ဖာ-ကိုဟီမားလမ်း တစ်ဖက်တစ်ချက်တွင် နေရာယူထားသော ဂျပန်တို့၏ အမှတ် (၁၅) တပ်မမှတပ်များကို လိုက်လံချေမှုန်းရန် လည်းကောင်း။

အမှတ် (၂၃) တပ်မသည် အင်ဖာ အရှေ့မြောက်ဘက်ရှိ လီတန်နှင့် ဥခရယ်မှ ဂျပန်တို့၏ အမှတ် (၁၅) တပ်မကို ဖယ်ရှားရန် လည်းကောင်း တာဝန်ယူရသည်။

ဗိုလ်ချုပ်ကြီးစကွန်းက သူ၏အပြီးသတ်ချေမှုန်းရေး တိုက်ပွဲအစီအစဉ်ကို စပင်မစသေးမီ ဂျပန်တို့သည် ထိုအစီအစဉ်ကြီးတစ်ခုလုံးကို ပျက်သုဉ်းသွားနိုင်လောက်သော ထိုးစစ်ကြီးတစ်ခုကို အံ့ဩလောက်အောင် ဆင်နွှဲလာလေသည်။

ဖြစ်ရပုံကား ဤသို့တည်း။

ဂျပန်တို့၏ အမှတ် (၃၁) တပ်မမှ လက်ဝဲချီစစ်ကြောင်းသည် သံဂဟတ်မှ အင်္ဂလိပ်တပ်များနှင့် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားနေစဉ် (၃၁) တပ်မသည် သူ၏ပစ်မှတ်ဖြစ်သော ကိုဟီမားလမ်းသို့ သွားရာ အတားအဆီးများကို ဖယ်ရှားလျက် ချီတက်လာလေတော့၏။

ကိုဟီမားစစ်မျက်နှာနှင့်ပတ်သက်၍ ဖေဖော်ဝါရီလအတွင်းက ဗိုလ်ချုပ်ကြီးစကွန်း တွက်ချက်ထားခဲ့သည့် အချက်အလက်များမှာ ယခုအချိန်တွင် မြင်းကောင်းခွာလိပ်ဖြစ်နေသည်ကို တွေ့လာရ၏။ ဗိုလ်ချုပ်ကြီး စကွန်းသည် ကိုဟီမားစစ်မျက်နှာသို့ ရောက်လာနိုင်မည့် ဂျပန်အင်အားကို တွက်ချက်ခဲ့ရာ၌ များယွင်းစွာ တွက်ချက်မိခဲ့လေသည်။

သို့သော် ဤကန္တာရခရီးကြမ်းမှပင် လှမ်းတက်ကာ ကိုဟီမားစစ်မျက်နှာသို့ ရောက်လာသည့် ဂျပန်အင်အားမှာ တပ်မဟာတစ်ခုစာလောက်ပင် ရှိနေသည်ကို အံ့ဩစွာတွေ့ရတော့၏။ အမှတ် (၃၁) ဂျပန်တပ်မမှ တပ်ကြီးတစ်ခုလုံးလိုပင် ကိုဟီမားကို ခြိမ်းခြောက်နေလေပြီ။

မတ်လ (၃၀)ရက်နေ့တွင် အမှတ် (၃၀) တပ်မသည် ကိုဟီမားနှင့် မိုင်အနည်းငယ်သာကွာသော မြို့တောင်ဘက်ကိုရောက်လာပြီးနောက် အင်ဖာ-ကိုဟီမားလမ်းကို ဖြတ်တောက်ပြီး ဖြစ်နေသည်။ ဤတပ်မသည် လမ်းတစ်ဖက်တစ်ချက်တွင် တပ်စွဲပြီးနောက် ကိုဟီမားကို ဆက်၍ဆက်၍တိုက်တော့သည်။ ဧပြီလ (၈) ရက်နေ့မှအစပြု၍ အပြင်းထန်ဆုံး ထိုးစစ်ကို ဆင့်ကဲဆင့်ကဲ ဆင်နွှဲလာသည်။

အမှတ် (၃၁) တပ်မ၏ တောင်ဘက်တောင်ပံတွင်ရှိနေသော ဂျပန်(၁၅) တပ်မမှ တပ်အချို့သည် သံဂဟတ်တိုက်ပွဲတွင် စွယ်ယောင်ပြသဘောနှင့်သာ ပါဝင်ကြပြီးနောက် လီတန်သို့ ဆက်၍ ချီတက်သွားကြသည်။ လီတန်တွင် အမှတ်(၅)တပ်မမှ ဒုတိယတပ်ရင်းတစ်ရင်းက တတ်နိုင်သမျှကာကွယ်နေရ၏။ ပန်ချာပီစစ်သားများပါသော ဤတပ်ရင်းမှာ ရခိုင်စစ်မျက်နှာမှ အင်ဖာသို့ ပထမဦးဆုံး လေကြောင်းဖြင့် ချီတက်လာသောတပ်ရင်း ဖြစ်သည်။ မကြာမီပင် ဤတပ်ရင်းက တပ်တစ်တပ်အဖြစ်ပါဝင်နေသော အမှတ်(၁၂၃)တပ်မဟာသည် ရခိုင်မှရောက်လာသော လီတန်နှင့် (၁၂) မိုင်ကွာရှိ ယန်ဂါပိုကီတွင် နေရာယူလိုက်၏။

လီတန်မှတပ်ရင်းသည် တတ်နိုင်သမျှ ကာကွယ်ပြီးနောက် ဂျပန်တို့၏ အင်အားက အဆမတန်များနေသောကြောင့် အမှတ် (၁၂) တပ်မဟာရှိရာသို့ ဆုတ်လာသည်။ ဂျပန်တို့က နောက်မှ ထက်ကြပ်မကွာလိုက်လာခြင်းမရှိသဖြင့် တပ်မဟာသည် ကမန်ချောင်းတွင် အခိုင်အမာတပ်စွဲရန် အချိန်ရသွားလေသည်။

ကမန်ချောင်းသည် အကျဉ်းဆုံးနေရာ၌ပင် ကိုက် (၈၀၀) ကျယ်၏။ ဤကမန်ချောင်းကို ဥခရယ်မှ လာသောလမ်းက ဖြတ်သွားသည်။ ကမန်ချောင်းတစ်ဖက်တစ်ချက်တွင် ကျောက်ခဲကဲ့သို့ မာနေသော လယ်ကောကြီးများ (ကောနေသောလယ်မြေ) ရှိ၏။ လူနေအိမ်ခြေ (၁၀) အိမ် (၁၅) အိမ်ခန့်သာ ရှိနေခဲ့သော တမန်ရွာကလေးတွင် ယခုအချိန်၌ တစ်အိမ်၊ နှစ်အိမ်ခန့်သာ ကျန်နေတော့၏။ လယ်ကောကြီးထဲတွင် ကျွဲ၊ နွားနှင့် ကြက်၊ ဘဲ အချို့မှာ လွတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com

လပ်လပ်ကြီး အစာရှာစားနေကြသည်။

ကမန်ချောင်းတစ်ဖက်တစ်ချက်ရှိ တောင်များပေါ်က မျှော်ကြည့်လိုက်လျှင် ယန်ကာပိုကီ ဟိုမှာဘက်ရှိ အရပ်ဒေသများကို ရှင်းရှင်းကြီး မြင်နေရသည်။ တောင်များပေါ်တွင် မြက်ပင်ရှည်ကြီးများ ဖုံးလွှမ်းနေပြီး သစ်ပင်အနည်းငယ်သာရှိသည်။ သို့သော် ဤတောင်များပေါ်မှနေ၍ မြောက်ဘက်သို့ တက်လာသည် ဖြစ်စေ၊ တောင်ဘက်သို့ ဆင်းလာသည်ဖြစ်စေ သစ်တောမှာ ပို၍ ထူထပ်လာသည်ကို တွေ့ရပေမည်။

ကမန်ချောင်း တောင်ဘက်ရှိ တောင်များပေါ်တွင် ဒုဗိုလ်မှူးကြီးဝု ဦးစီးသော တပ်ရင်းက နေရာယူထားပြီး မြောက်ဘက်ရှိ တောင်များပေါ်တွင် ဒုဗိုလ်မှူးကြီး ဟော့ကင်း အုပ်ချုပ်သော တပ်ရင်းက နေရာယူထားသည်။

တမန်ချောင်းအတိုင်း ချီတက်လာရမည့် ဂျပန်များအတွက် ပို၍ အခက်အခဲတွေ့စေရန် ကမန်ချောင်းတောင်ဘက်နှင့် မြောက်ဘက်ကို ဖြတ်လျက် အလွန်ထူထပ်၍ အလွန်လည်းရှည်လျားမြင့်မားသော သံဆူးကြိုးအတားအဆီးကိုစိုက်ထူထားသည်။ သံဆူးကြိုးအတားအဆီးသို့ ချဉ်းကပ်သည့်နေရာများတွင် မြေမြှုပ်ဗုံးများ၊ ခလုတ်တိုက်ဗုံးများအနှံ့အပြားချထားပြီး သံဆူးကြိုးထိပ်တစ်ဖက်တစ်ချက်တွင် စက်သေနတ်သမားများကို ထူထူကြီးချထား၏။

သံဆူးကြိုး အတားအဆီး၏ နောက်ဘက်(၂)မိုင်ကွာ လမ်းဘေးတစ်ဖက်တစ်ချက်တွင်လည်း အခိုင်အမာ တပ်စွဲထားသော တပ်တစ်တပ်သည် တောထဲ၌ ကိုယ်ယောင်ဖျောက်လျက်ရှိနေ၏။ ဤစခန်းသို့ လီတန်မှ တပ်ရင်းတစ်ရင်းရောက်ရှိလာသည်။ ဤစခန်း၏ နောက်ဘက်တွင် အမှတ် (၁၂၃) တပ်မဟာ၏ဌာနချုပ်ကို ဖွင့်လှစ်ထားသည်။

ဌာနချုပ်တွင် အမြောက်တပ်၊ အင်ဂျင်နီယာတပ်၊ တင့်ကားတပ်နှင့် မြင်းတပ်မှ တပ်ဖွဲ့အသီးသီးရှိနေကြသည်။ စစ်မြေပြင်သူနာပြုစခန်းကို ကျင်းနက်နက်တူးကာ အပေါ်သို့ဗုံးဆန်ကျ၍ မပေါက်ကွဲနိုင်သော အကာအကွယ်များနှင့်ဖုံးထားသည်။ အမျိုးမျိုးသောမိုင်းဗုံးများက ဌာနချုပ်စည်းဝိုင်းကို ရန်သူများ ချဉ်းကပ်မလာနိုင်အောင် ပြုလုပ်ထားသည်။

ဤကဲ့သို့ အခိုင်အမာ တပ်စွဲထားသော ကမန်ချောင်းစခန်းကို ပေ(၄၀၀၀) မြင့်သော နန်ချိဂမ်တောင်ကြီးက ခပ်လှမ်းလှမ်းမှနေ၍ မိုးကြည့်နေသည်။ သံဂဟတ်မှ ဆုတ်ခွာလာခဲ့ရသော အင်္ဂလိပ်တပ်များသည် ရန်သူဂျပန်တပ်များ ဆက်လက်၍ ချီတက်လာ၊ မလာကို အမြဲကင်းထောက်လျက်ရှိနေကြ၏။

ဂျပန်တို့အလုံးအရင်းဖြင့်ချီတက်လာနေကြသည်ကို မမြင်ရ။ သို့သော် ဧပြီ(၄)ရက်နေ့ ညဥ့်သန်းခေါင်သို့ရောက်လာသည့်အခါတွင်ကား 'ကမန်ချောင်း' တောင်ဘက်တွင် တပ်စွဲထားသော တပ်ရင်းဆီက သေနတ်သံများ ပြင်းပြင်းထန်ထန် ပေါ်ထွက်လာတော့၏။ မကြာမီမှာပင် ဌာနချုပ်စခန်းရှိ အမြောက်တပ်အား ကူပစ်ပေးရန် တောင်ဘက်ရှိတပ်က မီးကျည်ဖြင့် အချက်ပြလာသည်။

ဌာနချုပ်နောက်ဘက်တွင် နေရာယူထားသော အမှတ် (၂၈) အမြောက်တပ်က ချက်ချင်းပင် ရန်သူများရှိရာသို့ ပစ်ပေးသည်။ ဂျပန်တို့သည် လှိုင်းလုံးကြီးများ ဆင့်ကာဆင့်ကာ လှိမ့်ဝင်လာသကဲ့သို့ ကမန်ချောင်းတောင်ဘက်တွင် တပ်စွဲထားသော ဝု၏ တပ်ရင်းကို စ၍ တိုက်တော့သည်။ နံနက် (၃) နာရီသို့ ရောက်သောအခါ ကမန်ချောင်းကို ဖြတ်၍ ကာဆီးထားသော သံကြိုးနှင့် မလှမ်းမကမ်းတွင် ဂျပန်များကျင်းတူး၍ နေရာယူရန် ပြင်ဆင်လာသံကို ကြားလာရသည်။

မိုးလင်း၍ ဂျပန်များကျင်းတူးခဲ့သောနေရာကို သွားကြည့်သောအခါ ဂျပန်တစ်ယောက်ကိုမျှ မတွေ့ရ။ သံဆူးကြိုးအကာအကွယ်နှင့် အနီးတစ်ဝိုက်တွင်သာ ပြန့်ကျဲနေသော ဂျပန်အလောင်းကောင်များကို တွေ့ရသည်။ သို့သော် ရန်သူ ဂျပန်လက်ဖြောင့်တပ်သားများသည် သစ်ပင်များပေါ်တွင်တက်ပုန်း၍ ပစ်ခတ်တိုက်ခိုက်လာကြပြန်သည်။

သို့နှင့် ဂျပန်တို့သည် ဝု၏တပ်ခွဲ တစ်ခွဲ နေရာယူထားသော တောင်ကုန်းတစ်ခု၏အစွန်းကို သိမ်းပိုက်ရန် တိုက်ခိုက် ကြိုးစားလာပြန်သည်။ ထိုအချိန်မှာပင် ဌာနချုပ်မှတင့်ကားတပ်များရောက်ရှိလာ၏။

စစ်မျက်နှာအရပ်ရပ်မှ အခြေအနေအားလုံးကို အမြဲစောင့်ကြည့်နေသော အမှတ် (၅) တပ်မမှ ဦးစီးဖြစ်သူ ဘရစ်သည် ကမန်ချောင်းသို့ ချက်ချင်း ရောက်လာကာ ကိုက် (၃၀၀) ခန့် အကွာမှနေ၍ တိုက်ပွဲအခြေအနေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာ အကဲခတ်နေ၏။

ဂျပန်တို့သည် တောင်ထိပ်တစ်ခုမှတစ်ခုသို့ ကူးပြောင်း၍ ခံစစ်ပြုလျက်ရှိရာ တင့်ကားတပ်တစ်ခုတည်းဖြင့် ဖြိုရန် ခက်နေသည်။ ဝု၏တပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် ဂျပန်များကို တောင်ထိပ်ပေါ်မှမောင်းချရန်ကြိုးစားနေသည်။ သို့သော် ညနေ (၅) နာရီထိုးလာသည့်တိုင် ဂျပန်များကား တောင်ထိပ်တွင် ကျန်နေသေးသည်။

ဖမ်းမိသော ဂျပန်သုံ့ပန်းတစ်ဦး၏ပြောပြချက်အရ အမှတ် (၁၅) တပ်မမှ ဂျပန်စစ်သား (၁၁၂)ဦးအား ဗွီတောင်ကုန်းကိုသိမ်းပိုက်အရယူရန် တာဝန်ပေးခြင်းခံရသည်ဟု ဆိုသည်။ ပြန့်ကျဲနေသော ဂျပန်အလောင်း (၉၈) လောင်းကို တွေ့ရခြင်းအားဖြင့် ဂျပန်ဘက်မှ (၁၃) ယောက်သာ အသက်ရှင်သည်ဟု ခန့်မှန်းရသည်။

အမှတ် (၅) တပ်မအတွက် ဤတိုက်ပွဲမှာ တပ်ဦးဘီလူးဟု ဆိုသော ရန်သူ(၁၀၀)နီးပါးကို သုတ်သင်နိုင်လိုက်ခြင်းမှာ အင်ဖာစစ်မျက်နှာတွင် အင်္ဂလိပ်တို့အတွက် ပထမဆုံးအောင်ပွဲပင် ဖြစ်သည်။

တပ်မသည် မကြာမီရက်အတွင်း၌ ဤထက်ပြင်းထန်သော တိုက်ပွဲများနှင့် ရင်ဆိုင်ကြရတော့မည် ဆိုသည်မှာလည်း ပို၍ သေချာသွားတော့သည်။ အဘယ်ကြောင့်ဆိုသော် အင်ဖာကိုသိမ်းယူမည့် ဂျပန်တို့သည် ကမန်ချောင်းကို မလွဲမသွေ ကျော်ဖြတ်ကာ ချီတက်လာတော့မည် ဖြစ်ခြင်းကြောင့်တည်း။

အမှတ် (၉) တပ်မဟာက ကမန်ချောင်းတွင် တပ်စွဲနေသော အမှတ် (၁၂၃) တပ်မဟာသို့ ပြောင်းရွှေ့မလာ မီကပင် ဂျပန်များသည် မိုဗွန်အနီး တောင်များတွင်နေရာယူနှင့်ပြီး အင်ဖာလွင်ပြင်၏အရှေ့မြောက်ဘက်တွင်တည် ရှိပြီး အင်ဖာလွင်ပြင်ကို ဆီးမိုး၍မြင်နေ ရသောအနေအထား ရှိလေသည်။

ဂျပန်တပ်အချို့သည် မိုင်... ယခင်က အင်္ဂလိပ်တို့၏ ရိက္ခာစခန်း ဟောင်းဖြစ်သော ကန်ဂလာတုန်... ဆင်းလာပြီးနောက် တိုက်ကင်းအဖွဲ့များ ကို အင်ဖာလွင်ပြင်သို့ ရဲရဲဝံ့ဝံ့ပင် ... လွှတ်လျက်ရှိနေသည်။

အင်ဖာလွင်ပြင်၏ အနေ... မြောက်ဘက်ရှိ တောင်များအကြား ... ရေကန်ကြီးတစ်ကန်ရှိရာ ထို... နေ၍ အင်ဖာသို့ ရေများသွင်း... သည်။ ထို့ကြောင့် ဂျပန်တို့၏ ...



www.burmeseclassic.com

www.burmeseclassic.com

သွပ်ရှားလာမှုမှာ များစွာစိုးရိမ်ကြောင့်ကြစရာဖြစ်လာတော့၏။

ရေကန်မှ ရေစုပ်စက်ကို စောင့်နေသူ မဏိပူရလူမျိုး ဒရဝမ်ကြီးတစ်ဦးသာရှိသည်။ သူတွင် လက်နက်ဆို၍ ဝါးရင်းတုတ်ကြီးတစ်ချောင်းသာ ရှိသည်။ တစ်မြို့လုံးအား ရေပေးနေသော ရေတန်မှ ရေစုပ်စက်ကိုစောင့်ကြပ်ရန် ဝါးရင်းတုတ်ကိုင်သော ဒရဝမ်ကြီးတစ်ဦးတည်းသာ အစောင့်ထားရှိသည်ဆိုသည်မှာ ယခုလို စစ်မက်ကြီးဖြစ်နေသောကာလ၌ 'ကဲ-မယုံချင်နေ' ဟုသာ ဆိုရလို ဖြစ်နေလေသည်။

တစ်ညသ၌ ဤဒရဝမ်ကြီးသည် ရေစုပ်စက်မှ အခြားသို့ ကိစ္စတစ်ခုနှင့်သွားနေခိုက် ဂျပန်စစ်သားအချို့ရောက်လာပြီး ရေစုပ်စက်မှပစ္စည်းအချို့ကို ထုခွဲဖျက်ဆီးသွားသည်။ သူတို့က ဤပစ္စည်းများကို ထုခွဲဖျက်ဆီးပစ်ခဲ့လျှင် ရေစုပ်စက်ကြီး ဆက်၍မလည်နိုင်တော့ဟု ယူဆသွားဟန်တူသည်။

ဂျပန်စစ်သားအချို့ ထွက်ခွာသွားပြီးနောက် ဒရဝမ်ကြီး ရောက်လာသောအခါ ရေစုပ်စက်မှ ပျက်စီးနေသောပစ္စည်းများကို တွေ့ရတော့သည်။ ဒရဝမ်ကြီးမှာ ဂျပန်စစ်သားများ လာရောက်ဖျက်ဆီးသွားသည်ကိုမသိ၍ ကြောက်လန့်ခြင်းမဖြစ်မိသော်လည်း သူစိုးရိမ်သည်မှာ အလုပ်ပြုတ်မည့်အရေးသာဖြစ်သည်။ ထို့ကြောင့် သူသည် အရန်အဖြစ်ထားသော ရေစုပ်စက်အသစ်ကို တပ်ဆင်၍ စ,လည်လိုက်သည်။ ထိုအချိန်မှစ၍ အင်ဖာသို့ ခါတိုင်းလိုပင် ရေတောင်းရေသန့် ရောက်ရှိနေသည်မှာ ရန်သူဂျပန်များ အဝိုင်းခံထားရသည်မှ လွတ်မြောက်သည်အထိ ဖြစ်လေသည်။

ဧပြီလ (၅) ရက်နေ့တွင် ဗိုလ်မှူးချုပ် 'ဆောလမွန်' ဦးစီးသော အမှတ် (၃) တပ်မဟာမှာ အင်ဖာအရှေ့ဘက်ရှိတောင်ကုန်းပေါများသောဒေသနှင့် ပေ (၁၀၀၀) ခန့်မြင့်၍ ကိုက် (၇၀၀၀) ခန့်ရှည်သော နန်ရှိဂမ် တောင်ကုန်းကိုစောင့်ကြပ်ရန် တာဝန်ပေးခြင်း ခံရ၏။

တပ်မဟာသည် ကန်ဂလာတုန်ဘီမှ ရိက္ခာများ ရွှေ့ပြောင်းရေးကိုလည်းစောင့်ကြပ်နေရသည်ဖြစ်ရာ နောက်ထပ်တိုးလာနေသော နယ်မြေဒေသအားလုံးကို တစ်ပြိုင်တည်းထိန်းထားရန်အတွက် ခွန်အားများစွာ လိုနေတော့၏။

ထို့ကြောင့် တပ်ရင်း (၂) ရင်းသာလျှင် စောင့်ရှောက်သည့်တိုင် လုံလောက်နိုင်မည် မဟုတ်သော နန်ရှိဂမ်တောင်တန်းကို တပ်စု (၂) စုနှင့်သာစောင့်နေရသည်။ နန်ရှိဂမ်တောင်တန်းသည် ဗိုလ်ချုပ်ကြီးစကွန်း၏ အမှတ် (၄) တပ်မကြီးဌာနချုပ်နှင့် (၆)မိုင်ခန့်သာကွာကာ ကန်ဂလာလေယာဉ်ကွင်းနှင့် (၄) မိုင်သာဝေးသည်။ တောင်တန်းအကြားနှင့် အမှတ်(၄)တပ်မကြီးဌာနချုပ် ကန်ဂလာလေယာဉ်ကွင်းတို့အကြားတွင် ရှုံးအဖွဲ့သားများသာ အများအပြားပါသည့်ကင်းဘုတ်များရှိသည်။

ထို့ကြောင့် ရန်သူဂျပန်တပ်များသာ နန်ရှိဂမ်မှ ဖောက်ထွင်း ဝင်ရောက်ရောက်လာခဲ့သော် တပ်မကြီးဌာနချုပ်နှင့် အမိကလေယာဉ်ကွင်း၊ ရိက္ခာဂိုဒေါင်များ၊ ဓာတ်ဆီလှောင်ကန်များနှင့် ခဲယမ်းမီးကျောက်တိုင်များရှိရာ အင်ဖာစည်းဝိုင်းခံတပ်သို့ တောက်လျှောက်ကြီးရောက်သွားနိုင်သည့်အန္တရာယ်ရှိနေသည်။

သို့သော် ဂျပန်တို့သည် ဤအချက်ကို သိသည်၊ မသိသည်ကိုကားမပြောတတ်ပေ။

နန်ရှိဂမ်သည် ကွင်းပြင်ပြောင်ပြောင်တွင် အထီးထီးတည်နေသော တောင်တန်းငယ် ဖြစ်၏။ တောင်ထိပ်၌ တောင်ကုန်းလေးများသည် အသီးသီးဖြာထွက်ကာ တစ်ခုနှင့်တစ်ခု လျှိုလေးများနှင့် ဆက်စပ်လျက်ရှိသည်။ တောင်တန်း၏ အမြင့်မှာ ပေ (၁၀၀၀) ရှိပြီး အရှည်မှာ ကိုက် (၇၀၀၀) ခန့်ရှိသည်။ သို့သော် နက်စောက်သောတောင်စောင်းများနှင့် အတက်ရအဆင်းရအလွန်ခက်သည်။ တောင်ထိပ်ပေါ်ရှိ တောင်ကုန်းကလေးများ၌ ကိုက်(၅၀၀)အထိ အသီးသီးကျယ်ဝန်းသည့် မတ်စောက်သော တောင်စောင်းများ၌ မြက်ပင်ရှည်များနှင့် သစ်ပင်ပုလေးများပေါက်ရောက်နေ၏။

တောင်ထိပ်ပေါ်တွင် သစ်ပင်များပေါက်ရောက်နေသော်လည်း ထူထပ်ခြင်းမရှိ။ အင်ဖာနှင့် အနီးဆုံးဘက်တွင် တောင်တန်းနှင့် တောင်ဆွယ်နှစ်ခုသည် ကွင်းပြင်ပေါ်သို့ စွန်းထွက်အုပ်မိုးနေသည်။ ကွင်းမှ တောင်ထိပ်ပေါ်သို့အရောက် စစ်သားတစ်ဦး ကျောပိုးအိတ်နှင့် သေနတ်ကိုလွယ်၍ တက်မည်ဆိုလျှင် တစ်နာရီခန့်ကြာမည်။

နန်ရှိဂမ်သည် ထိုးစစ်ဆင်ရန်အတွက် အလွန်ကောင်းမွန်သော တောင်တန်းဖြစ်နေသလို ခံစစ်ပြုရန်အတွက်လည်း အလွန် ခိုင်မာသော သဘာဝခံတပ် ဖြစ်နေလေ၏။

ဧပြီလ ၆ ရက်နေ့တွင် ဒုဗိုလ်မှူးကြီးတစ်ဦးခေါင်းဆောင်သော အင်္ဂလိပ်တပ်စု (၂)စုသည် နေပူကျဲကျဲကြီးထဲတွင် နမ်ရှိဂမ်တောင်တန်းကို တက်ရောက်ကြပြီးနောက် မှောင်စပြုလာသည်နှင့် တစ်ပြိုင်နက် ကတုတ်ကျင်းများတူး သံဆူးကြိုးများ ကာရန်ကာ တောင်တန်း၏ တောင်ဘက်အစွန်းတွင် နေရာယူပြီး ဖြစ်နေကြ၏။

ထိုနေ့ည (၃) နာရီအချိန်တွင် ဂျပန်တပ်ခွဲ (၂)ခွဲသည် မိုးသက်မုန်တိုင်းကျနေသည်ကို အခွင့်ကောင်းယူ၍ တောင်ထိပ်ပေါ်သို့ တက်လာကာ အင်္ဂလိပ်တပ်စု (၂) စုကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ ဧပြီ (၇) ရက် နံနက်(၆)နာရီအချိန်သို့ ရောက်လာသောအခါ အင်္ဂလိပ်တို့ဘက်မှ (၂၄) ယောက်ကျဆုံးနေပြီး အဘက်ဘက်မှလည်း ဝိုင်းထားခြင်းကိုခံနေရသည်။ ထို့ကြောင့် ဗိုလ်မှူးကြီးသည် မိမိ၏ရဲဘော်များအား ထိုးဖောက်၍ထွက်ရန် အမိန့်ပေးရတော့၏။

မြင်မြင်ထင်ထင်ရှိလာသည့်အချိန်တွင် အင်္ဂလိပ်လေတပ်က ဂျပန်များရှိနေသော တောင်ကုန်းကို လာရောက်တိုက်ခိုက် ဗုံးကြဲပေးသည်။ သို့သော် ဂျပန်များကား တောင်ကုန်းကို အမိအရတွယ်ထားကြသည်။

ဤ ဂျပန်တပ်ခွဲ (၂)ခွဲမှာ အမှတ် (၁၅)တပ်မတွင်ပါဝင်သော အမှတ်(၅၁) တပ်ရင်းမှဖြစ်ရာ ဂျပန်တို့သည် နန်ရှိဂမ်တောင်တန်းကို တပ်ရင်းလိုက် အပိုင်စီးထားရန် အကြံရှိသည်ဟု ယူဆရ၏။

ဤမျှ အချက်အချာကျသော နန်ရှိဂမ်တောင်တန်းကို ဂျပန်တို့လက်သို့ ဝကွက်အပ်ရမည့်အရေးမှာ ရင်လေးဖွယ်ကောင်းလှသည်။ နန်ရှိဂမ်သည် ဗိုလ်ချုပ်ကြီးစကွန်း၏ အမှတ်(၄)တပ်မကြီးဌာနချုပ်နှင့် (၆) မိုင်ခန့်ကွာကာ ကန်ဂလာလေယာဉ်ကွင်းနှင့် (၄)မိုင်သာဝေးသည်။ တစ်နည်းဆိုရသော် နန်ရှိဂမ်သည် အင်ဖာစည်းဝိုင်းခံတပ်၏ တံခါးမကြီးဖြစ်နေလေသည်။

ဤသို့ဖြင့် ဘတစ်ပြန်ကျားတစ်ပြန် နန်ရှိဂမ်ကို တိုက်ခိုက်နေကြရာ ဧပြီ (၁၃)ရက်သို့ ရောက်လာသည်။ နန်ရှိဂမ်တောင်ခြေရင်းသို့ ဝ၏တပ်ရင်းရောက်လာသည့်အချိန်တွင် မှောင်မြဲမှောင်လျက်ပင် ရှိသေးသည်။ သို့သော် နေထွက်သည်နှင့် တစ်ပြိုင်နက် လုပ်စရာကိုင်စရာ တစ်ပုံတစ်ခေါင်းကြီးရှိနေသည့်အတွက် စောစောက ကြို၍လာခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ဝုသည် သူ၏စစ်သည်တော်များအတွက် လက်ဖက်ရည်ကျကျနှင့် ချိုချိုတစ်ခွက်စီတိုက်နိုင်အောင် တောင်ခြေရင်းတွင်ပင် စီစဉ်လိုက်၏။

နေထွက်လာသည်နှင့် တစ်ပြိုင်နက် ဝုသည် သူ၏ တပ်ခွဲမှူးနှစ်ဦးကိုခေါ်ကာ နယ်မြေအနေအထားကို တတ်နိုင်သမျှ လိုက်လံပြသရင်း အသေးစိတ်ညွှန်ကြားချက်ပေး၏။ ဆယ်နာရီခွဲရန်မိနစ်အနည်းငယ်အလိုတွင် အုပ်ဖွဲ့၍ ပျံသန်းလာသော အပေါ့စား ဗုန်းကြဲလေယာဉ်သံများ ဆူညံစွာ ပေါ်ထွက်လာပြီးနောက် နန်ရှီဂမ်တောင်ထိပ်ကို ထိုးစိုက်၍ ဂျပန်များ အခိုင်အမာ တပ်စွဲထားသော တောင်ကုန်းများကို ဗုန်းကြဲတိုက်ခိုက်တော့၏။

အပေါ့စားဗုန်းကြဲလေယာဉ်များက အပျိုတော် (၁၂) ခန်းနှင့် ဖြိန်းဖြိန်းကွဲသွားအောင် အသုံးတော်ခံသွားပြီးနောက် မကြာမီ အကြီးစား ဗုန်းကြဲလေယာဉ်ကြီးများ ရောက်လာကာ နန်ရှီဂမ်တောင်ထိပ်ကို ဘီလူးထွက်ထွက်နေကြပြန်သည်။

ဖုန်လုံးကြီးထဲတွင် သစ်ကိုင်း၊ သစ်ခက်၊သစ်ရွက်များနှင့်အတူ ပေါင်တခြား၊ ကိုယ်တခြား၊ ခေါင်းတခြား၊ လက်တခြား ဖြစ်နေသော အလောင်းကောင်များ မိုးပေါ် ပျံတက်လာကြ၏။ တောင်ထိပ်တစ်ခုလုံးမှာ မဟာအဝီစိပွက်သလို ဖြစ်နေသည်။

ဗုန်းကြဲလေယာဉ်ပျံကြီးများက ဘီလူးထွက်ထွက်သွားပြီး မိနစ် (၂၀) ခန့်အကြာတွင် စိန်ဗေဒါကြီး၏ပတ်ကြမ်းတိုက်သံနှင့်တူသော အမြောက်ကြီး(၈၈) လက်တို့၏ ပစ်ခတ်လိုက်သံက နားကွဲမတတ် တရစပ်ပေါ် လာပြန်သည်။

ဤသို့ဖြင့် အင်ဖာတိုက်ပွဲတွင် အဓိကဇာတ်ရုပ်ဖြစ်သော နန်ရှီဂမ်တောင်သည် အင်္ဂလိပ်တို့၏လက်ထဲကျသွားလေသည်။ ဗိုလ်ချုပ်ကြီး မတ္တာဂူချီ၏ 'အင်ဖာမှ ဒေလီကို ချီတက်ကြစို့' ဟူသော အိပ်မက်သည်လည်း ပျက်ပြေသွားလေတော့သည်။

❑

ထွန်းကျော်လင်း ကာလကတ္တားတွင် ကျောင်းသွားတက်နေသည်မှာ သုံးလပင် မကြာသေး။ ဖလောင်းချိတ်ကို စာရောက်လာသည်။

*သို့/*

*ရက်စွဲ-၂၂၃၊*

*ဦးအောင်တိုင်၊ ဦးသန်းကျော်*
*အရာရှိရိပ်သာ*
*ဖလောင်းချိတ်မြို့*
*ဟီလီတရိုက်စာတိုက်*
*အာသံပြည်*

*ဘိုးဘိုး၊ ဘွားဘွား၊ ပါပါ၊ မေမေ၊ ဖြူဖြူတို့ ခင်ဗျား။*

*ကာလကတ္တားကို ရောက်လာကြတဲ့ ရန်ကုန်၊ စစ်တွေက နိုင်ငံရေးကျောင်းသားတွေနဲ့ ကာလကတ္တားမှာ တွေ့လို့ ကိုထွန်းတို့သတင်းကိုလည်းသိရပါတယ်။ သူတို့က ကိုထွန်းတို့နဲ့ အဆက်အသွယ်ရှိလို့ ကျွန်တော်တို့မိသားစု ရာဇဌာနီရောက်နေကြတယ်ဆိုတာလည်း သတင်းပါးလိုက်ပါတယ်။ ကျွန်တော် ပို့လိုက်တဲ့သတင်းက ကိုထွန်းတို့ဆီ မုချ ရောက်မှာပါ။ ကိုထွန်းတို့နဲ့ ကျွန်တော်လည်း ရန်ကုန်၊ စစ်တွေ၊ မြန်မာပြည်က ကျောင်းသားနိုင်ငံရေးသမားတွေနဲ့ ဆက်ထားတယ်။*

*ကိုအောင်ကျော်ဦး အရင်ကပြောသလို ခု ကိုထွန်းတို့ ဗိုလ်ရန်အောင်တပ်ခုညဝတီမှာ မရှိတော့ဘူး။ မြန်မာပြည်ကို ပြန်ပြောင်းရတယ် ပြောတယ်။ သူတို့ ဗမာ့တပ်မတော်က မကြာမီ တော်လှန်ရေးတစ်ခု ဆင်နွှဲကြရလိမ့်မယ်တဲ့။ အဲဒါကြောင့် ကျွန်တော်လည်း ကိုထွန်းတို့နဲ့ အတူ တိုက်ပွဲဝင်နိုင်အောင် လေထီးသင်တန်းတက်ဖို့ ကာလကတ္တားရောက်နေကြတဲ့ ခညဝတီက ရခိုင်ညီအစ်ကိုတော်များနဲ့ လေထီးသင်တန်းတက်ဖို့လိုက်သွားပြီ၊ ဘာမှမပူကြပါနဲ့။ ယောက်ဖအောင်ကျော်ဇေယျာလည်း ပါ,ပါတယ်။ ကျွန်တော်တို့ စစ်ဆင်ရေးက ကိုထွန်းတို့ ရောက်နေကြတဲ့ ဗမာ-ရခိုင်နယ်ကြားရိုးမတစ်နေရာကို လေထီးနဲ့ဆင်းပြီး စစ်ဆင်ရေးလုပ်ကြရမှာ။ ရာဇဌာနီက ဆွေမျိုးတွေအားလုံးကိုလည်းသတိရကြောင်း ပြောလိုက်ပါ။ သားတို့အတွက် ဘိုးဘိုး၊ ဘွားဘွား၊ ပါပါ၊ မေမေ၊ ဖြူဖြူတို့ ဘာမှမပူကြပါနဲ့၊ မကြာမီ သားတို့ မိသားစု ကိုယ့်ပြည်ကိုယ့်ရွာမှာ ပြန်ဆုံကြမှာပါ။*

*ဘိုးဘိုး၊ ဘွားဘွား၊ ပါပါ၊ မေမေ၊ ဖြူဖြူတို့ကို အမြဲသတိရလျက်။*

*တော်လှန်ရေးကြီး မုချ အောင်ရမည်။*

*ထွန်းကျော်လင်း (ကိုယ်)*

*ခေတ္တ-ဂျီအက်(စ်)အိုင်*
*အဝီဘာရာစာတိုက်*
*ကာလကတ္တားမြို့*
*အိန္ဒိယပြည်။*

"ဘုရား၊ ဘုရား"

ထွန်းကျော်လင်း၏ စာကို တစ်ယောက်တစ်လှည့်စီဖတ်ပြီး ဦးအောင်တိုင်တို့မိသားစုနှင့် ရာဇဌာနီ၊ ဖလောင်းချိတ်၊ ပန်းဝါ၊ စစ်တကောင်းရှိ ဆွေမျိုးတွေမှာ ဘုရားတ,မိလိုက်ကြသည်။

'ဗမာ့တပ်မတော်က မကြာမီတော်လှန်ရေးတစ်ရပ် ဆင်နွှဲမည်။ ကိုထွန်းတို့နဲ့အတူ တိုက်ပွဲဝင်နိုင်အောင်' ဟူသောစကားက သူတို့အတွက် ပို၍နားရှုပ်စရာ။ ထွန်းကျော်မင်းနှင့် ထွန်းမြင့်တို့က မြန်မာပြည်ရှိ ဂျပန်တပ်တွင် ထွန်းကျော်လင်းနှင့် ဂျပန်တွေကို အားပေးနေသောအောင်ကျော်ဇေယျ ဝရမ်းပြေးတို့က ယခု အိန္ဒိယပြည် ကာလကတ္တားခေတ္တ ဂျီအက်(စ်)အိုင်ဟူသောနေရာက ပေးစာ။ သူတို့ညီအစ်ကိုတွေ မည်သို့တွေ့နိုင်ကြမည်နည်း။ ဂျီအက်(စ်)အိုင်ဟူသောနေရာကလည်း ဘယ်နေမှန်းမသိ။ ခေတ္တဟုသာ ပါသည်။

ဤသည်ကို သူတို့က ဟီလီတရိုက်မြို့ပိုင်လေး ဇေယျာကျော်ထွန်း ရောက်လာသောအခါ ဦးအောင်တိုင်တို့မိသား[illegible]က ဝိုင်းမေးကြ၏။ ဇေယျာကျော်ထွန်းက ဂျီအက်(စ်)အိုင်ဆိုသည်မှာ ကာလကတ္တားမြို့နှင့် မိုင်နှစ်ဆယ်ခန့် ဝေးသော မဟာမိတ်တို့၏စစ်ဌာနချုပ်ဟု ဆိုသည်။

ကာလကတ္တားရှိ အမှတ် (၁၃၆) တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးဌာနချုပ်ကို မြန်မာပြည်နှင့် ခညဝတီက နိုင်ငံရေးသမားများ တည်ထောင်ထားကြကြောင်းတော့ သူလည်း သတင်းကြားသည်ဟု ပြော၏။ သူတို့မှာ မြို့ရွာအုပ်ချုပ်ရေးဘက်ကသာဖြစ်သဖြင့် စစ်ဘက်လူများကိုမေးမှ ထွန်းကျော်လင်းတို့တော်လှန်ရေးကို သိရမည်ဟု ပြော၏။ အိန္ဒိယပြည်ကြီးမှာ အကျယ်ကြီး ဖြစ်သဖြင့် သူလည်း မခန့်မှန်းတတ်။

ထွန်းကျော်လင်းတို့ တော်လှန်ရေးဆိုသည်ကို ဂဃနဏမသိကြသဖြင့် ဤကိစ္စကို စစ်ဘက်က လူများအား မမေးရန်၊ တစ်ယောက်နှင့်တစ်ယောက်လည်း မမေး၊ မပြောကြရန် ဆွေမျိုးများက အကြောက်လွန်ကာ ဟီလီတရိုက်မြို့ပိုင်လေးဇေယျာကျော်ထွန်းကိုပင် စစ်ဘက်ကလူများအား မမေးပါရန် [illegible]



www.burmeseclassic.com

www.burmeseclassic.com

လွှတ်လိုက်ကြသည်။

ကမ်းသာတွင်နေခဲ့ကြစဉ်က အရှေ့ပြည် (ဗမာပြည်) ရန်ကုန်ကောလိပ်ကျောင်းသွားတက်သောထွန်းကျော်မင်း ဂျပန်စစ်တပ်ဘက် ရောက်သွားစဉ်က ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူတို့က ဦးအောင်တိုင်နှင့် ဦးသခင်ကျော်တို့ကို အပြစ်တင်ခဲ့ကြသလို ယခုတော့ ဂျပန်နှင့် အင်္ဂလိပ်ဘက် နှစ်ဖက်တွင် ညီအစ်ကိုအရင်းနှစ်ယောက် ဘယ်ဘက်ဘယ်လိုဖြစ်သွားကြမှန်းမသိသော်လည်း ကာလကတ္တား၌ ကျောင်းသွားနေရန် စာတို၊ စာရှည် အမျိုးမျိုးရေးပေးလိုက်သော သော်ဒလီပါရာက ထွန်းကျော်လင်းတို့ အဖိုးလေး ဦးစံလှဘော်ဆီသာ ထွန်းကျော်လင်းပြဿနာကရောက်သွားပြန်လေသည်။

သို့သော် ရာဇဌာနီရှိ သော်ဒလီပါရာက ဦးစံလှဘော်ကိုကား မည်သူကမျှ သွား၍ အပြစ်မတင်ရဲကြ။ ဦးအောင်တိုင်တို့ မိသားစုလည်း ထွန်းကျော်လင်းစာထဲပါသလို တစ်နေ့နေ့တွင် ကိုယ့်မြို့ကိုယ့်ပြည်၌ ပြန်လည်တွေ့ကြရမည်ဟူသော စကားကိုသာ ယုံယုံကြည်ကြည်နှင့် စိတ်နှလုံးတုံးတုံးချကာ ရာဇဌာနီက စောင့်မျှော်နေကြရုံသာ။

❑

ဦးကျော်ခေါင်နှင့် ဒေါ်ရွှေအိမ်သူတို့သည် မျက်စိပျက်မျက်နှာပျက်နှင့် ဘန်ဂလိုပေါ် တက်လာကြသည်။ ဧည့်ခန်း၌ တစ်ယောက်တည်းထိုင်နေသော ဒေါ်ကြာဦးဖြူကို ဘာမပြောညာမပြောနှင့် ထိုင်၍ရှိုခိုးကြသည်။ ဒေါ်ရွှေအိမ်သူက ရှိုခိုးရင်းကပင် ရှိုက်ကြီးတငင်ငိုချလိုက်၏။

"ဟဲ့ - နင်တို့ဟာ ဘာဖြစ်လဲလို့"

ဒေါ်ရွှေအိမ်သူက ရှိခိုးပြီးသော်လည်း ရုတ်တရက်စကားမပြောနိုင်သေးဘဲ ငိုရှိုက်နေတုန်းပင် ရှိသေးသဖြင့် ဒေါ်ကြာဦးဖြူက ထပ်မေးသည်။ ဦးကျော်ခေါင်မှာလည်း ဒေါ်ကြာဦးဖြူ၏မျက်နှာကိုပင် မကြည့်ရဲဘဲ ခေါင်းအောက်စိုက်ကာ ဘယ်ကဘယ်လိုစပြောရမှန်းမသိဖြစ်နေပုံရသည်။

ဦးသခင်ကျော်တို့ မိသားစု သုံးယောက်မှာ ဒေါ်ကြာဦးဖြူလို ကုလားထိုင်တွင် ဝင်မထိုင်ကြဘဲ ဦးကျော်ခေါင်တို့အနား၌ပင် ကြမ်းခင်းပေါ် ထိုင်လိုက်ကြသည်။

"အကျွန့်သမီး မိုက်တွင်းနက်ပါတယ် အရှင်ရှင်။ အဲ. . . အဲဒါ အရှင်ရှင်တို့ကို ကန်တော့ပြီး လာ. . . လာပြောရတာပါ"

"ငိုမနေစမ်းပါနဲ့ ရှင်းရှင်းပြောစမ်းပါအေ။ ညည်းသမီးတွေဘာဖြစ်လို့လဲ"

"အကြီးမ လှဒါသူပါ အရှင်ရှင်။ နားနဲ့မနာ ဖဝါးနဲ့နာပါ၊ အ. . . အပြစ်ပေါ်နေ ဟီး. . . ဟီး. . ."

"ဟယ်"

"ဟင်"

ဦးအောင်တိုင်တို့မိသားစုအားလုံး ဟယ်၊ ဟာ ဖြစ်ကုန်ကြသည်။

'အပြစ်ပေါ်နေသည်' ဆိုခြင်းမှာ သူတို့ဒေသစကား ကလေးရှိနေသည်၊ ကိုယ်ဝန်ဆောင်နေရသည်ကို ဆိုလိုခြင်းဖြစ်သည်။

"အဲ - ဒါဆို. . ."

"အရှင်ရှင်တို့ ကိုငယ်နဲ့လို့ ပြောပါတယ်။ အကျွန်လည်း မနေ့ကမှ သိတာပါ။ အကျွန့်အပြစ်ပါ။ သူ့အဖေနဲ့အကျွန်လည်း စစ်တကောင်းကို မရောက်ဘူးလို့ လိုက်သွားမိပါတယ်။ သားကြီးကလည်း စစ်တပ်ရိက္ခာကိစ္စနဲ့ အိမ်မှာမရှိတော့"

ဒေါ်ရွှေအိမ်သူက စကားမဆက်နိုင်ဘဲ ငိုရှိုက်နေပြန်၏။

ဒေါ်သန္တာဖြူကတော့ သိသိသာသာပင် အံကြိတ်လိုက်သည်။ 'သူ့သားကို တမင်အမိဖမ်းကြသည်။ မိဘကိုက အလိုတူ အလိုပါမို့ ခုလိုဖြစ်ရတာ။ သမီးမိန်းကလေးတွေ မွေးထားပြီး ဆိုဆုံးမမှုမရှိ ပိုင်းကောင်းကျောက်ဖိမထားတတ်။ ဖလောင်းချိတ်ရောက်ပြီး ဘယ်လောက်မှ မကြာသေး။ သမီးတွေကို ဗန်းပြပြီး ဈေးထဲမှာ ဆိုင်ထွက်စီးပွားရှာနေသည့်မိန်းမ။ ခုတော့ လာပြီး ဟန်လုပ်ငိုပြနေတာ။ နင့်သမီးတွေအကြောင်း နင်မသိဘူးလား။ ကောင်မလေးတွေကိုယ်က ပျံတံတံနန့်တံ့တံ့။ ခု အကြီးမက ငါ့သားနဲ့လို့ နင်တို့ ပါးစပ်နဲ့ပြောတာ ငါက ယုံရမှာလား။ နောက်အငယ်ကောင်မတစ်ကောင်ရှိသေးတယ်။ ဈေးထဲမှာ ကုလားနဲ့ မရရင် ကံကောင်းတယ်မှတ်'။ ဒေါ်သန္တာဖြူသည် ဒေါ်ရွှေအိမ်သူကို စိတ်ထဲက ရန်တွေ့နေသည်။

မည်သူမျှ စကားမပြောနိုင်ကြဘဲ ခဏနှုတ်ဆိတ်သွားကြသည်။ ပြီးတော့မှ ဒေါ်သန္တာဖြူက -

"အကျွန်တို့ ကိုငယ်က ကာလကတ္တားမှာ ကျောင်းသွားနေတာ သုံး၊ လေးလတောင်ရှိပြီဆိုတော့ ခုဟာ. ."

"ဟုတ်ပါတယ် ယောက်မရယ်။ အကျွန့်သမီး အပြစ်ပေါ်တာလည်း သုံးလကျော်မှ အကျွန်လည်း သိရတာပါ။ အကျွန့်သမီး မိုက်ပါတယ်၊ အကျွန့်မှာလည်း မိဘဝတ္တရားထိမ်းသိမ်းမှု ပျက်ကွက်လို့ ခုလိုဖြစ်ရတာပါ။ အကျွန်ယောက်မကြီးတို့ကို အပြစ်မဆိုပါဘူး။ အကျွန့်သမီး ကာယိန္ဒြေမထိန်းသိမ်းလို့ပါ၊ အကျွန်တို့ အပြစ်ပါ။ အခင်ကြီးတို့၊ အရှင်ရှင်တို့အားလုံးကို ကန်တော့ပါရဲ့ တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် သန္တာရယ်။ ကျွန်တော်တို့ အုပ်ထိန်းမှု ညံ့ဖျင်းသွားလို့ပါ။ သမီးကိုလည်း မနေ့က သိသိချင်း ကျွန်တော် စိတ်မထိန်းနိုင်လို့ သတ်မိမလောက်ဖြစ်ခဲ့ရပါတယ်။ သမီးကလည်း မနေ့ကတစ်နေ့လုံး အခန်းထဲမှာ ငိုချည်းနေပါတယ်။ ထမင်းလည်း ထမစားပါဘူး၊ ဒီသမီးကအကြီးဆိုတော့ သူ့အမေအလိုလိုက်ထားတာလည်းပါတယ်လေ။ လိမ္မာလှချေရဲ့ဆိုတဲ့ ရွှေအိမ့်သမီး၊ ခုတော့ ယောက်မမြင်းစီးထွက်ပြတာ။ တစ်ပြည်တစ်ရွာမှာ ဒီလိုလာဖြစ်ကြရတာ ကျွန်တော်တို့ရင်ထဲမှာ ဘယ်လိုခံစားကြရမလဲဆိုတာ ကိုသခင်တို့၊ အခင်ကြီး၊ အရှင်ကြီး၊ သန္တာတို့လည်း တွေးမိကြမှာပါ။ အဲဒါကြောင့် ကျွန်တော်တို့ ခု လာပြီး ရှိခိုးတောင်းပန်ကြတာပါ"

ဤတစ်ခါတော့ ဦးကျော်ခေါင်က သူ၏လုပ်ဖော်ကိုင်ဖက် ဒိုင်အာခီလူကြီးဟောင်း ဦးသခင်ကျော်၏မျက်နှာကို ညှိုးညှိုးငယ်ငယ်ကြည့်၍ တောင်းပန်စကားဆို၏။

သူ့ဇနီး ယခင်ကပင် ပြောထားပြီးသားဖြစ်၍ ဦးသခင်ကျော်အနေမှာ သူ့သား ထွန်းကျော်လင်း၏အကြောင်းကိုလည်း သိပြီးသားမို့ သက်ပြင်းတစ်ချက်ကို ရှည်ရှည်လျားလျားချလိုက်မိ၏။

"အရှင်ရှင်တို့၊ အခင်ကြီးတို့ကို သမီးမိုက်မကိုယ်စားလည်း တောင်းပန်ပါတယ်။ အကျွန်တို့မှာတော့ အရှင်ရှင်တို့ကပေးတဲ့အပြစ်. . ."

"ဟဲ့-ရွှေအိမ်၊ ကိုငယ်က ငါ့မြေးပါ၊ ငါ့သားမဟုတ်ဘူး။ နင်တို့ သူ့မိဘနဲ့မှ ပြောကြ။ စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်ကြရတဲ့အထဲ တစ်ပူပေါ် နှစ်ပူဆင့် ငါစိတ်ညစ်လိုက်တာ။ ဖြူဖြူလာ စမ်းကွယ်၊ အဘွားတို့ ရဇပါရာကို သွားကြရအောင်"

ဒေါ်ကြာဦးဖြူက ပြောပြောဆိုဆို ထသွား၏။

"အမေ၊ ရဇပါရာကိုရောက်ရင် ဒီ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတွေကို ဟိုမှာမပြောလိုက်ပါနဲ့ဦး။ သော်ဒလီပါရာက ကိုငယ်ကျောင်းနေဖို့ စာတို၊ စာရှည်ရေးပေးလိုက်တဲ့ အဘိုးလေးသိရင်လည်း စိတ်ကောင်းမှာ မဟုတ်ဘူး။ ခုကိစ္စရော ကိုငယ့်ကိစ္စပါ မပြောလိုက်ပါနဲ့ဦးနော် အမေ"

ဒေါ်သန္တာဖြူက သူဆွေမျိုးတွေ သိလျှင် ရာဇဝတ်ဒုက္ခ ရာဇဌာနီလာပြီး ဒီကောင်မတွေ ရှုပ်ရှုပ်ရှက်ရှက်ဟုကဲ့ရဲ့ကြမှာစိုး၍ ကမန်းကတန်း သတိပေးစကားလှမ်းပြောလိုက်ရသည်။ သူတို့မှာ ရာဇဌာနီ၊ ဟီလီတရိုက်၌ အစဉ်အလာကြီးမားသော သော်ဒလီမျိုးတွေဖြစ်ကြသဖြင့် ကဲ့ရဲ့သူအချို့ကလည်း ကဲ့ရဲ့ကောင်းကဲ့ရဲ့ကြပေလိမ့်မည်။

"အေးလေ၊ ဖြစ်မိပြီးမှတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာပဲ စဉ်းစားကြရတော့မှာပေါ့ ကိုကျော်ခေါင်ရယ်"

"ဟုတ်ပါတယ် ကိုသန်းရယ်။ အကျွန်တို့က ယောကျ်ားသား ကိုငယ့်ကို အပြစ်မတင်ပါဘူး၊ အကျွန့်သမီးမိုက်ဖြစ်ပါ၊ အဲဒါကြောင့် အကျွန်တို့ဘက်ကပဲ အားလုံးအကုန်အကျခံပြီး ကိုငယ်နဲ့ သမီးကို လောလောဆယ်လူသိရှင်ကြား မင်္ဂလာဆောင်ပေးကြရ. . ."

"ဟင် - ညည်းသမီးနဲ့ ငါ့သားကို မင်္ဂလာဆောင်ပေးဖို့ ဟုတ်လား"

"ဟုတ်ပါတယ် ယောက်မကြီးရယ်။ အားလုံးလည်း အရှက်တကွဲ အကျိုးနည်းမဖြစ်ကြရအောင်လို့ ပြောမိတာ"

ဒေါ်ရွှေအိမ်သူ စကားမဆုံးမီပင် ဒေါ်သန္တာဖြူက ငိုပြီးဝုန်းဒိုင်းထသွား၏။ ပြီးတော့ တစ်နေ့ကမှရောက်လာသော သူ့သား ထွန်းကျော်လင်းစာကိုယူလာကာ -

"ဒီမှာရော့ ဒီစာပဲဖတ်ကြည့်။ ငါ့မှာ သားကြီးတစ်ယောက် ဂျပန်နဲ့လိုက်သွားလို့ပူရတာတစ်မျိုး၊ ခုသားငယ်ကပါ တစ်ခါ ဘယ်ဘက်မှန်းလဲမသိဘူး ထွက်သွားပြန်တော့ ငါ့ရင်မှာခံနိုင်တော့မလား ရွှေအိမ်ရဲ့။ တစ်ခါ နင့်သမီးကိစ္စကပေါ် လာပြန်တော့ ငါသေသာသေလိုက်ချင်တယ်ဟဲ့ ကောင်မရယ်"

"ဟာကွာ သန္တာကလည်း၊ သူတို့ကမှ မင်းသားအကြောင်းကို မသိသေးလို့ ပြောတာဘဲ။ ကဲ - ကိုကျော်ခေါင်လည်း ကိုငယ့်စာကို ဖတ်ကြည့်ပါဦးဗျာ။ ပြီးတော့မှ ကျွန်တော်တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲဆိုတာ တိုင်ပင်ကြရအောင်နော် ရွှေအိမ်"

"အကျွန်တို့ကတော့ ထွန်းထွန်းတို့ မိဘ၊ ဘိုးဘွား သဘောအတိုင်းပါ ကိုသန်းရယ်။ အကျွန်တို့မှာလည်း မိန်းကလေးရှင်ဆိုတော့ သိတဲ့အတိုင်းပါ"

ဤတစ်ခါ ရှိုက်ကြီးတငင် ငိုမဆုံး ဖြစ်နေသူမှာတော့ ဒေါ်သန္တာဖြူပင်။ ဒေါ်ရွှေအိမ်သူက ဒေါ်သန္တာဖြူအနားတိုးကပ်ဖက်ထားပြီး-

"ယောက်မကြီးရဲ့သောကကိုလည်း ရွှေအိမ် ဟိုတုန်းကပင် စာနာမိပါတယ် ယောက်မကြီးရယ်။ ခုတော့ ဘယ်လို စီစဉ်ကြရင်ကောင်းမလဲ ဆိုတာသာ ယောက်မကြီးတို့၊ အကျွန်တို့ တိုင်ပင်ကြရမှာပါ။ ယောက်မကြီး စိတ်ကိုထိန်းပါ။ ရွှေအိမ့်မှာလည်း ဒီသမီးအတွက် ရင်ထဲမှာ မီးလိုပူနေပါတယ်။ ခုလို ကိုငယ် စစ်ထဲလိုက်သွားပြန်တယ်ဆိုတော့ ရှူးမတတ်ခံစားနေရပါတယ် ယောက်မကြီးရယ်"

ဤသို့ဖြင့် အခြေအနေကို အားလုံးသုံးသပ်ကြသည်။ အထူးသဖြင့် လှဒါသူအတွက်က ပတ်ဝန်းကျင်တွင် အရှက်တကွဲအကျိုးနည်းမဖြစ်ရအောင် ဝိုင်းစဉ်းစားကြရသည်။ နောက်ဆုံးမှာတော့ လှဒါသူကို ဘယ်သူမေးမေး ထွန်းကျော်လင်းနှင့် မိမိအရပ်မှာတုန်းကပင် လက်ထပ်ပြီးသား။ ယခု ကျောင်းဆက်နေဖို့ ကာလကတ္တားကို ပို့ထားသည်။ ဤသို့ ပတ်ဝန်းကျင်ကို သတင်းလွှင့်ထားရမည်။

ထွန်းကျော်လင်း လှဒါသူဆီကို ဝင်ထွက်သွားလာနေသည်ကို ပတ်ဝန်းကျင်ကလည်း မြင်နေ၊ တွေ့နေကြရာ မယုံကြည်နိုင်စရာမရှိ။ တစ်ခုတော့ရှိ၏။ လှဒါသူသည် ထွန်းကျော်လင်းတို့အိမ်ကို ဟန်မပျက် ဝင်ထွက်သွားလာနေရမည်။ ထွန်းကျော်လင်းတို့ မိသားစုကလည်း လှဒါသူတို့အိမ်ကို အဝင်အထွက်ရှိနေကြရမည်။ ဒါမှလည်း ပတ်ဝန်းကျင်က သူတို့ပြောသလို ယုံကြည်လက်ခံကြမည်။

ဤသို့ အစီအစဉ်ဆွဲပြီးကြသောအခါ လှဒါသူကလည်း ဦးအောင်တိုင်နှင့် ဦးသန်းကျော်၊ ဒေါ်သန္တာဖြူတို့ကို လာကန်တော့သည်။ ဒေါ်ရွှေအိမ်သူနှင့်အတူ အပြန်တွင် ဒေါ်သန္တာဖြူကလည်း သူတို့ သဲတန်းကအိမ်ထိ လိုက်ကြည့်လိုက်ပို့ကြသည်။

ဦးကျော်ခေါင်ကတော့ တပ်ထဲသွားပြီး သူ့သားအောင်ကျော်ဦးကို သွားရှာ၏။ အောင်ကျော်ဦးမှာ စစ်တပ်ထဲ ရိက္ခာသွင်းနေသူမို့ ထွန်းကျော်လင်း စာထဲပါသော ဂျီအက်(စ်)အိုင်ဆိုသည်ကို တပ်ထဲက ဗိုလ်ကြီး၊ ဗိုလ်မှူးတို့ကိုမေး လျှင်သိနိုင်သည်။ သိလျှင် အောင်ကျော်ဦးကို ထွန်းကျော်လင်းအဖေနှင့် ကာလကတ္တားလွှတ်ရမည်။

လေထီးသင်တန်းကျောင်းမှ ပြန်နုတ်၍ရလျှင် ထွန်းကျော်လင်းကို ပြန်နုတ်ရမည်။ လှဒါသူကိစ္စကိုလည်း အသိပေးရမည်။ ဤသို့သော ရည်ရွယ်ချက်နှင့် ဦးကျော်ခေါင် စစ်တပ်ထဲ လိုက်သွားပြီး အောင်ကျော်ဦးကို ရှာရ၏။ သို့သော် အောင်ကျော်ဦးက ကာလကတ္တားသို့ ထွက်သွားသည်မှာ သုံး၊ လေးရက်ပင်ရှိပြီဟု တပ်ထဲကပြောလိုက်သဖြင့် ဦးကျော်ခေါင်မှာ အမောဆို့ပြီး ပြန်လာရလေသည်။

လောလောဆယ် ပြဿနာမှာ ထွန်းကျော်လင်းနှင့် လှဒါသူတို့ကိစ္စဖြစ်သဖြင့် အောင်ကျော်ဦး ရောက်လာသောအခါ ထွန်းကျော်လင်းရှိနေသည်ဆိုသော ခေတ္တ ဂျီအက်(စ်)အိုင်ဆိုသော အရပ်ကို မေးမြန်း စုံစမ်းခိုင်းကြသည်။ သူနှင့် ရင်းနှီးသော ဗိုလ်မှူး၊ ဗိုလ်ကြီးတို့ကို အောင်ကျော်ဦးကစုံစမ်းရာ ဂျီအက်(စ်) အိုင် ဆိုသောအရပ်ကိုသိ၍ ကာလကတ္တားကိုလိုက်သွားကြသည်။ ဦးသန်းကျော်၊ ဦးအောင်တိုင်၊ အောင်ကျော်ဦးတို့ ရောက်သွားသောအခါ ထွန်းကျော်လင်းက ဂျီအက်(စ်)အိုင်မှာ မရှိတော့။

လေထီးဆင်းသင်တန်းတက်နေ လေတပ်ဌာနချုပ်ကို ရောက်သွားပြီဟု ဆို၏။ လေတပ်ဌာနချုပ် တည်ရှိရာ အရပ်ကို မေးသောအခါ ဗိုလ်မှူးကြီး တစ်ယောက်က လျှို့ဝှက်လေတပ်စခန်း ဖြစ်သဖြင့် သူလည်းမသိ။ သိလျှင်လည်း ပြောပိုင်ခွင့်မရှိဟု ဆိုသည်။

ဗိုလ်မှူးကြီးက -

"ခင်ဗျားတို့ ခုလိုက်သွားကြရင်လည်း တွေ့မှာမဟုတ်တော့ဘူး။ တာဝန်ကျတဲ့နေရာ ခုလောက်ဆို ထွက်သွားကြရောပေါ့"

ဟု ပြောသဖြင့် လက်မှိုင်ချ၍ပြန်လာကြရသည်။

(ဆက်ရန်)

ဗိုးဗေ...



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်မြင့်

# မဟာဗောဓိပင်နှင့် သတ္တဌာန တည်နေရာ အကွာအဝေးများ

**ဟံသာဝတီဘုရားရှိခိုး**

ပထမံ ဗောဓိပလ္လင်ကံ
ဒုတိယဥ္စ အနိမိသံ။
တတိယံ စင်္ကမဠ္စေဝ၊
စတုတ္ထံ ရတနာဃရံ။
ပဥ္စမံ အဇပါလဥ္စ။
မုဥ္စလိန္ဒဥ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ။
သတ္တဌာနံ အဟံ နမေ။

**ပထမံ** - ရှေးဦးစွာသော၊ **ဗောဓိပလ္လင်ကံ** - အတောင်တစ်ရာ ကြီးစွာမြင့်ခေါင် ဗောဓိညောင်မှ 'လေးတောင်ကွာ ရှမ်း ဧသံခန်းဝယ်' ခြူးပန်းခြူးနွယ် အံ့ဖွယ်ရတနာ ဆန်းကြယ်စွာသား၊ သစ္စာလေးဆင့် ပွင့်တော်မူရာ ပလ္လင်သာကို လည်းကောင်း။

**ဒုတိယံ** - နှစ်ကြိမ်မြောက်သော၊ **အနိမိသဥ္စ** - ရွှေညောင်ရွက်စိမ်း ငါးမာရ်ငြိမ်း၏။ 'ရှေ့ယိမ်းခြောက်ခွင် ဧသံခွင်၌' ပလ္လင်ရတနာ၊ မာရ်အောင်ရာဟု၊ သကျာမိပတိ၊ ထွတ်ဘုန်းရှိလျှင်၊ မျက်စိမမှိတ်၊ ဖိလ်စိတ်ရည်ရော်၊ ရပ်တန့်မျှော်၍ နေတော်မူရာ အနိမိသာ ရပ်ခန်းဝါကို လည်းကောင်း။

**တတိယံ** - သုံးကြိမ်မြောက်သော၊ **စင်္ကမဥ္စ** - ဗောဓိပင်မှ၊ **အနိမိသ** - 'ဌာနနှစ်ပါး အလည်ကြားတွင်' အလျားရှေ့နောက် အခေါက်ခေါက်လျှင်တန့်ထောက်မနား စင်္ကြံသွား၍ ရွှေဘွားတော်ကြာစင်္ကျရာ၌ ရတနာအတိ ဝင်းပြောင်ငြိသား သီရိလျှံဝါ စင်္ကြံသာကို လည်းကောင်း။

**စတုတ္ထံ** - လေးကြိမ်မြောက်သော၊ **ရတနာဃရဥ္စ** - ဗောဓိပင်မှ၊ သမိပဟုသာလှမြေပြင် ဗာယပ်ခွင်ဝယ်' ခဲအင်ဘွာ ဘိဓမ္မာကို စိတ်ဖြာခွဲခြမ်း ဉာဏ်တော်လျှမ်း စူးစမ်းဆင်ခြင် စံရှင်ပျော်ရာ ရတနာဃရ ကျော်ပေါက်ပြသား ဘုံဖန်ဆင်း ရွှေအိမ်နန်းကို လည်းကောင်း။

**ပဥ္စမံ** - ငါးကြိမ်မြောက်သော၊ **အဇပါလဥ္စ** - ဗောဓိပင်မှ၊ 'ပြဗ္ဗဒါသာ ရှေ့မျက်နှာ၌' ကောင်းစွာရောက်ထ မြမြသွန်းသွန်း ရွှေရည်ဆန်းသို့ ရိပ်နန်းဝင်းပြောင် ဆိတ်ကျောင်းညောင်မှာ ခြောက်ရောင်ထွန်းပ သုံးလူ့ဘဝဟု ရသမွေ့ရလျော် နေတော်မူမှန်း အရပ်ဆန်းကို လည်းကောင်း။

**ဆဋ္ဌမံ**-ခြောက်ကြိမ်မြောက်သော၊ **မုဥ္စလိန္ဒံ** - ရွှေ၊ ငွေ၊ သန္တာ၊ နီလာ၊ ပတ္တမြား၊ ငါးပြားအရောင် ဝင်းဝါပြောင်သား ရွှေညောင်တော်ရှေ့ တောင်စပ်ကွေ့တွင် ချမ်းမြေ့မိုးပြင်း ရွာဘိခြင်းကို ရေမင်းနာဂါ ပါးပျဉ်းကာ၍ ချမ်းသာရိပ်မြုံ ပျော်ပိုက်ထုံသည်၊ မုဥ္စလိန္ဒာ ရွှေကြာနံ့လှိုင် ပန်းစုံအိုင်ကို လည်းကောင်း။

**သတ္တမံ** - ခုနစ်ခုမြောက်သော **ရာဇာယတနံ** - ရတနာသီရိ ဗောဓိပင်ဝန်း တောင်ရပ်စွန်းတွင် လင်းလွန်းမြည်ညို ပင်ရိပ်ခို၍ ဗြဟ္မစိုရ်လေးပါး တရားထုံလျက် သုံးဘုံမြကွင်း တရားမင်း၏ ပျော်ခင်းစံရာ ရာဇာယတန ရပ်ဇေယျကို လည်းကောင်း။

**ဣတိ-သတ္တာနံ**- ဤသို့မြတ်စွာ၊ တင်အပ်ရာသား၊ ရတနာထူးလည်၊ ရပ်ခုနစ်မည်ကို၊ **အဟံ**- အကျွန်ုပ်သည်၊ **နမေ နမာမိ** - ကုမုဒြာ ရွှေကြာပွင့်ငုံ ဆယ်ချောင်းရုံလျက် ကြည်ယုံမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဤဘုရားရှိခိုး၌ ဗောဓိပင်မှ မည်သည့်အရပ်ဒေသ၌ သတ္တဌာနများတည်ရှိကြောင်းပါရှိသည်။ ဗောဓိပင်မှမည်မျှ အကွာအဝေး၌ရှိကြောင်း ဖော်ပြမထားပေ။

**ဘုရားဌာပနာပုံကျမ်း**

၁။ ဘုရားရှင် ပလ္လင်နှင့်တကွ ပေါက်၍ထိုင်နေဟန် (ပလ္လင်္ကသတ္တာဟ)
၂။ ဗောဓိပင်မှသည် အရှေ့မြောက်ထောင့်၌ ဗောဓိပင်ကို ကြည့်နေဟန် (အနိမသသတ္တာဟ)။
၃။ မြောက်စူးစူး စင်္ကြံနှင့်တကွ ဗောဓိပင်ကိုကြည့်နေဟန် (စင်္ကမသတ္တာဟ)
၄။ အနောက်မြောက်ထောင့် ရတနာဃရ ရွှေအိမ်နှင့်တကွ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆင်ခြင်တော်မူဟန် (ရတနာဃရသတ္တာဟ)
၅။ အရှေ့စူးစူး အဇပါလ ညောင်ပင်အောက်၌ ဗောဓိပင်ကို အာရုံပြု၍ နေဟန် (အဇပါလသတ္တာဟ)
၆။ အရှေ့တောင် မုဥ္စလိန္ဒာအိုင်နားကျည်းပင်ရင်း၌ နဂါးပါးပျဉ်းမိုးဟန် (မုဥ္စလိန္ဒသတ္တာဟ)
၇။ တောင်စူးစူး ရာဇာယတန လင်းလွန်းပင်ရင်း၌ ဗောဓိပင်ကို အာရုံပြုနေဟန် (ရာဇာယတနသတ္တာဟ)

ဤဘုရားဌာပနာပုံကျမ်းကား ကူးခန်းကြီးမြို့ ရွှေဥမင်ဆရာတော်ဘုရားကြီး ရေးသား ပြုစုတော်မူသည့် ကျမ်းဖြစ်၏။ ဤကျမ်းကို ရေးသားစီရင်တော်မူရာ၌ ရှေးက ပုဂံ အာနန္ဒာစေတီတော်၊ မင်္ဂလာစေတီတော်၊ နဂါးစေတီတော်၊ အပယ်ရတနာစေတီတော်၊ လောကနန္ဒာစေတီတော်နှင့် စစ်ကိုင်းမြို့ ကောင်းမှုတော်ကြီးဘုရားတို့၏ ဘုရားဌာပနာပုံနှင့်ညီစွာ ရှေးပုဂံထုံးကို ရယူ၍ စီရင်တော်မူသည်ဟု သိရပါသည်။

ဤကျမ်းကို မင်းကွန်းတိပိဋကဓရ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး တည်းဖြတ်ပြီး ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေထားသည်ဟုလည်းသိရပါသည်။ ဤဌာပနာပုံကျမ်း၌ ဗောဓိပင်နှင့် သတ္တဌာနစေတီတော်များ၏တည်ရှိရာအရပ်ဒေသများသာ ဖော်ပြပါရှိပြီး ဗောဓိပင်နှင့် အကွာအဝေး တိုင်းအတာများကိုကား ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပါသည်။

**မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)**

မဟာဗုဒ္ဓဝင် (ဒုတိယတွဲ) ၌ သတ္တဌာနစေတီတော်များနှင့်စပ်လျဉ်း၍ သတ္တဌာနစေတီတော်များ၏တည်ရှိရာအရပ်ဒေသကို လည်းကောင်း၊ မဟာဗောဓိပင်နှင့် အကွာအဝေး အတိုင်းအတွာကို လည်းကောင်း လုံးဝ ဖော်ပြခြင်းမရှိဘဲ ဗုဒ္ဓဝင်စာဖတ်ပရိသတ်တို့ သဒ္ဓါတရားတိုးပွားစိမ့်သောငှာ လယ်တီဆရာတော်ဘုရားကြီး၏ သတ္တဌာနဘုရားရှိခိုး (၇) ပုဒ်ကိုသာ ဖော်ပြထားသည်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထိုသတ္တဋ္ဌာနများ၏တည်ရှိရာ အရပ်ဒေသများ ဖော်ပြပါရှိပြီး အကွာအဝေးအတိုင်းအတာကား မပါချေ။ ထိုသတ္တဋ္ဌာနဘုရားရှိခိုး (၇) ပုဒ်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။ ကြည်ညိုသဒ္ဓါပွားနိုင်ကြပါစေ။

*၁။ ဘုန်းတော်ထွန်းထိန်စောမုနိန်-ပညိန္ဒြေ၊ ချွေရာမှန်ဘိ၊ ဗောဓိကြငှန်း၊ ရွှေညောင်းနန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစံပယ်သည်၊ ဘုန်းကြွယ်လက်ဦးပွဲပေကို။*

*၂။ နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပုံ့မှ၊ 'ဇေသံတူရှူ ရပ်တော်မူလျက်'၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိန်းစိန်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည်၊ ကြည်လင်ညွတ်နူးနွယ်ပေကို။*

*၃။ သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ 'မြောက်ခွင်ဥတ္တရာ'၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီမြောက်၍၊ ဘုန်းတော်ဘုရား၊ ပျော်စံစားသည်၊ တရားဆင်ခြင်လျက်ပေကို။*

*၄။ လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင့်မှ၊ ပလ္လင်ထွန်းတောက်အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည် ရောင်ရှင်ခြောက်ဖြာညီးလို့ကို။*

*၅။ ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ 'ရှေ့ခွင်ပြဇ္ဇာ'၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်း၌၊ ဘုန်းခေါင်ပရမေ၊ စံပယ်နေသည်။ ရှိသေမြတ်နိုးဖွယ်ပေကို။*

*၆။ ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ 'အရှေ့တောင်'၌ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုးစုံသည်၊ မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စံပယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်ချခြင်းကြောင့်၊ မြွေမင်းရပ်တန့်၊ ပါးပျဉ်းဖြန့်လျက်၊ ချီးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်၊ ရှေးကျိုးသမ္ဘာတော်ကြောင့်ကို။*

*၇။ ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ 'တောင်ပြင်လက်ယာ'၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်ပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည်။ ကြီးမားဉာဏ်တော်ဖွင့်လို့ကို။*

*ထိုအရပ်များ၊ ခုနစ်ပါးကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာ၊ ဝန္ဒမာန၊ ဂါရဝဖြင့်၊ ဦးချညွတ်ကျိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်းပြည့်စေသော်။*

ဤလယ်တီဆရာတော်ဘုရားကြီး၏ သတ္တဋ္ဌာနဘုရားရှိခိုး၌ မဟာဗောဓိပင်နှင့် မည်သည့်အရပ်တွင် သတ္တဋ္ဌာနစေတီတော်များ တည်တော်မူသည်ကို ဖော်ပြထားခြင်း၊ အကွာအဝေးကား ဖော်ပြထားခြင်း မရှိပေ။

**ပုထိုးတော်ကြီးဘုရားဌာပနာပုံစာတမ်း**

၁။ အပရာဇိတ ဘုမ္မိ အောင်မြေဗုဒ္ဓဟေပင်မင်းအောက် အရှေ့မြောက် '(၄) တောင်ကွာ' အပရာဇိတပလ္လင်တော် သတ္တာဟ။

(ဤဘုရားသမိုင်းဌာပနာပုံစာတမ်းတွင် ဗောဓိပင်နှင့် တည်ရှိရာအရပ်၌ အကွာအဝေးများကို တွေ့ရသည်။)

၂။ ဗောဓိပင်မှ အရှေ့မြောက် လေးလံကွာ၌ အနိမိသသတ္တာဟ။

၃။ ဗောဓိပင်မှ မြောက်အရပ် စင်္ကြံမသတ္တာဟ။ (အကွာအဝေးဖော်ပြမထား။)

၄။ ဗောဓိပင်မှ အရှေ့အရပ် (၃၂) လံကွာ၌ အဇပါလသတ္တာဟ။

၅။ ဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်၌ ရတနာဃရသတ္တာဟ။ (အကွာအဝေးဖော်ပြမထား)

၆။ ဗောဓိပင်မှ အရှေ့တောင်အရပ် (၅၂) လံကွာ မုစ္စလိန္ဒသတ္တာဟ။ (အကွာအဝေး ဖော်ပြထားသည်။)

ဤပုထိုးတော်ကြီးဌာပနာစာတမ်း၌ ဗောဓိပင်နှင့် သတ္တဋ္ဌာနစေတီတော်များတည်ရှိရာအရပ်ဒေသအပြင် အကွာအဝေးအတိုင်းအတာ ပမာဏများကိုပါ ဖော်ပြပါရှိပါသည်။ ဗောဓိပင်နှင့်အပရာဇိတပလ္လင်အကွာအဝေးကို ဖော်ပြထားသည်မှာ ထူးခြားမှုပင် ဖြစ်ကြောင်း သတိပြုမိပါသည်။

ပုံ (၁) ကို ကြည့်ပါ။

**စိတ္တသုခ ဝတ်ရွတ်စဉ် (၅)**

*၁။ ရွှေညောင်သီရိ၊ ပင်ဗောဓိ၏ ဘူမိဇေသံ၊ ရှေ့မြောက်ယံတွင်၊ တစ်လံခြားကွာ၊ အပရာဇိတပလ္လင်သတ္တာဟ (ဗောဓိပင်နှင့် ပလ္လင်အကွာအဝေးကို ဖော်ပြထားသည်)*

*၂။ ဗောဓိပင်အောက်၊ အံ့လောက်ထင်ရှား၊ (၁၀) လံခြားရှိ၊ အနိမိသသတ္တာဟ (အကွာအဝေးဖော်ပြမထား)*

*၃။ ပင်ဗောဓိနှင့် အနိမိသအကြား ရှေ့နောက်လျှား၍ (၂) လံခြားကွာ စင်္ကြံမသတ္တာဟ။*

*၄။ ဗောဓိအောင်ခန်း၊ ရွှေညောင်နန်းနှင့်၊ တန်းတန်းမဖြောင့်၊ နောက်တောင်ထောင့်ဝယ်၊ ဘုန်းကြောင့်ဖြစ်လာ၊ ရတနာဃရသတ္တာဟ။ (အကွာအဝေးဖော်ပြမထား)*


*၅။ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်မှ တိုင်တန်တက်ဖွဲ့၊ သုံးဆယ်နှစ်လံ၊ ရှေ့ယံတိကျ၊ အဇပါလသတ္တာယာ။*

*၆။ ဗောဓိညောင်ရှေ့၊ တောင်စော်ကွေ့မှန်၊ ဆယ့်ငါးလံတွင်၊ နေစံရိပ်ငြိမ် မုစလိန္ဒာသတ္တာဟ။*

*၇။ ဗောဓိတောင်တွင်၊ မြသွင်စိမ်းလဲ့၊ သချာဖွဲ့သော် တစ်ဆယ့်တစ်လံ ပျော်စံနေရာ၊ ရာဇာယနသတ္တာဟ။*

ဤသို့ထူးလည်း ခုနစ်လီဖြင့်၊ မှတ်ရည်ချင့်တွက်၊ ခုနစ်ရက်လျှင်၊ ဆတက်ပွားတိုး၊ လေးဆယ့်ကိုးရက်ပတ်လုံး နိသိန္န - ဘာဝနာပွားလျက်နေတော်မူ

ပုထိုးတော်ကြီးဘုရားဌာပနာစာတမ်းအရ




ပုံ (၁)



www.burmeseclassic.com

www.burmeseclassic.com

သော ဟူ၍တွေ့ရသည့်ပြင် မဟာဗောဓိပင်နှင့်တည်နေရာ၊ အကွာအဝေးများကို တွေ့ရသည့်အပြင် မဟာဗောဓိပင်နှင့် ပလ္လင်အကွာအဝေးပါ ပါရှိသည်ကို ထူးခြားစွာတွေ့ရသည်။

ပုံ (၂) ကို ကြည့်ပါ။

**သမန္တစက္ခုဒီပနီကျမ်း**

သမန္တစက္ခုဒီပနီကျမ်းဟု ဖော်ပြလိုက်ရသော်လည်း၊ ဤစာရေးသူအနေနှင့် ထိုကျမ်းကို မိမိကိုယ်တိုင် ဖတ်ရှုရသည် မဟုတ်ကြောင်း ဝန်ခံရမည် ဖြစ်ပါသည်။ ထိုကျမ်းမှာ မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီး၏ နာမည်ကျော်ကျမ်းကြီး ဖြစ်ပါသည်။ ထိုကျမ်းကိုမှီငြမ်းပြု၍ ဆရာနိုင်ဇော်က ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ၊ မဟေသီမဂ္ဂဇင်း၌ ဒက္ခိဏာသာခါ ဆောင်းပါးကို ရေးသားခဲ့သည်။ ယင်းဆောင်းပါး၌ ပါရှိသော သတ္တဌာနီ တည်ရာအရပ်ဒေသနှင့် အကွာအဝေးများကို မိမိသည် မှတ်စုစာအုပ်၌ ရေးမှတ်ယူထားလိုက်ပါသည်။ ထိုမှတ်စုတွင် ပုံကြမ်းဆွဲပြီး ရယူထားပါသည်။

ပုံ (၃) ကို ကြည့်ပါ။

ဤပုံအရ မဟာဗောဓိပင်သလ္လက်သတ္တာဟမှအရှေ့မြောက်အရပ်၌ရှိသော အနိမိသသတ္တာဟ၏ အကွာအဝေးမည်မျှရှိသည်ဟု ဖော်ပြထားခြင်း မရှိပေ။ အခြားသတ္တာဟဌာနများ၏ အကွာအဝေးကိုကား မည်မျှကွာဝေးကြောင်း ပေအတိုင်းအတာဖြင့် ပြသထားသည်ကို တွေ့ရပါသည်။

ဤစာရေးသူတင်ပြခဲ့သည့် သတ္တဌာနများနှင့်စပ်လျဉ်း၍ တွေ့ရှိရသည့် အချက်များအပေါ် ခြုံငုံစဉ်းစားပါလျှင် သတ္တဌာနများတစ်ခုနှင့်တစ်ခု တည်ရှိရာအရပ်ဒေသများ ကွဲလွဲမှုမရှိကြောင်းတွေ့ရပေသည်။ သို့သော် အကွာအဝေးပမာဏများကားတစ်ခုနှင့် တစ်ခုမတူညီဘဲ ကွဲလွဲနေလျက်ရှိနေသည်ကို စိစစ်တွေ့ရှိရပါသည်။ ဤသို့ ဘာကြောင့် ကွဲပြား ခြားနားနေသည်ကို စဉ်းစားမိပါသည်။ စာဖတ်သူများ မည်သို့စဉ်းစားမိမည် သေချာမပြောနိုင်လည်း မိမိစဉ်းစားမိသည်ကား ဤဆောင်းပါးတွင် တင်ပြခဲ့သည့် ကျမ်းပြုပုဂ္ဂိုဟ်တို့သည် မိမိတို့ တွေ့မြင်ဖတ်ရှုမိသည့် ကျမ်းများကို မှီငြမ်းပြုပြီး မိမိတို့တွေ့ရှိရသည့်အတိုင်းပင် ရေးသားခဲ့ကြလိမ့်မည်ဟု စဉ်းစားမိခြင်းပင် ဖြစ်ပါသည်။

ဤစာရေးသူ စဉ်းစားမိသည့် အခြားအကြောင်းတစ်ခုရှိသည်ကို တင်ပြလို၏။ အခြားမဟုတ်ပါ၊ ဗုဒ္ဓဝင်ကျမ်း (ဒုတိယတွဲ-အနုဒီပနီ) ၌ ဖတ်ရှုမိသည့်အချက် ဖြစ်ပါသည်။ မဟာမာယာဒေဝီမိဖုရားကြီးကို ကပိလဝတ်ပြည်မှ ဒေဝဒဟတ်ပြည်သို့ ပို့ဆောင်ရသောအခန်းတွင် ကပိလဝတ်နှင့်ဒေဝဒဟတ်အကြား '(၅) ယူဇနာ' ရှိသောအရပ်ကို 'ခတ်အပ်သောတလင်းအသွင် သန့်ရှင်းစင်ကြယ်စွာ ညီညွတ်စေ၍' ဟူ၍ ဇိနတ္ထပကာသနီကျမ်းကဆိုပါသည်။ တစ်ဖန် တထာဂတဉဒါနဒီပနီကျမ်းက ကပါလဝတ်နှင့် ဒေဝဒဟတ်ပြည်တို့အကြားခရီးအကွာအဝေး 'ယူဇနာ (၁၀)' ကို 'ညီညွတ်လှအောင်တူးဆွခဲ့ထွင်ဖို့ပြင်စေ၍' ဟူ၍ ဆိုပါသည်။


အဋ္ဌကထာ(၂)ကျမ်း၏အဆိုအမိန့်မတူညီသည်ကိုတွေ့ရသဖြင့် ဗုဒ္ဓဝင်အဋ္ဌကထာနှင့် ဇာတကအဋ္ဌကထာတို့ ဖွင့်ပြချက်အတိုင်း ခရီးအကွာအဝေးကိုလည်း ဖော်မပြ၊ လမ်းကိုလည်း ညီညွတ်အောင် ပြုပြင်စေ၍ ဟူ၍သာ သာမန် ဖွင့်ဆို ရေးသားခဲ့ကြောင်း ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး အနုဒီပနီ၌ ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

သို့ဖြစ်၍ အထက်တွင်ဆိုခဲ့သည့် သတ္တဌာနစေတီတော်များ မဟာဗောဓိပင်နှင့် အကွာအဝေးများ မတူညီဘဲ ဖြစ်နေသည်ကို ရှေရှေဝေးဝေး စဉ်းစားမနေတော့ဘဲ မင်းကွန်းဆရာတော်ဘုရားကြီး၏ထုံး နှလုံးမူကာ မှတ်ယူကြရန်သာရှိပါကြောင်း တင်ပြလိုက်ရပါသည်။


ဉာဏ်မြင့်

**မှီငြမ်းပြုကျမ်းများ -**

၁။ ဟံသာဝတီဘုရားရှိခိုး
၂။ ဘုရားဌာပနာပုံကျမ်း
ရွှေဥမင်ဆရာတော်ကြီး
၃။ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)
၄။ ပုထိုးတော်ကြီးဘုရားဌာပနာပုံ
စာတမ်း
၅။ စိတ္တသုခဝတ်ရွတ်စဉ်
၆။ သမန္တစက္ခုဒီပနီကျမ်း
မုံရွေးဇေတဝန်ဆရာတော်ကြီး




ပုံ (၂)




ပုံ (၃)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်တွင် ဂန္ဓာရီဝိဇ္ဇာလမ်းလိုက်စားသူ အတော်များများရှိကြသည်။ တချို့က ဖိုထိုးကြသည်။ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာလမ်းလိုက်၏။ တချို့က အင်းအတတ်ကိုလိုက်စားပြီး အင်းဝိဇ္ဇာလိုင်းကို လိုက်စားကြသည်။ တချို့ကျတော့ ဆေးအတတ်ကို လိုက်စားပြီး ဆေးဝိဇ္ဇာလိုင်းကို လိုက်စားကြသည်။ ဝိဇ္ဇာလမ်းသည် အတော်ဇာတ်ရှုပ်သည်။ နားလည်ဖို့ ခက်ခဲသည်။ လမ်းမှားလိုက်မိလို့ ငွေကုန်၊ အချိန်ကုန်နှင့် ဒုက္ခရောက်တဲ့သူတွေရှိသလို လမ်းမှန်ရောက်လို့ သိဒ္ဓိပေါက်တဲ့သူတွေလည်းရှိပါသည်။

ဝိဇ္ဇာဂန္ဓာရီလမ်းလိုက်စားကြသော ခရီးသွားတို့ ဝိဇ္ဇာနှင့် ပတ်သက်သော အကြောင်းအရာတို့ကို အထောက်အကူရစေချင်သော စေတနာဖြင့် ရေးသားဖော်ပြရပါသည်။ တောင်လုံးလှဆရာတော်၏ ဟောပြောချက်များမှ ဆီလျော်အောင် ရေးသား တင်ပြရပါသည်။ ယနေ့ည ဆရာတော်ဘုရားကြီးမှ ပြဒါးဝိဇ္ဇာနှင့်ပတ်သက်၍ ပြောပြပါသည်။

"ဆရာတော်ဘုရား ပုဂံခေတ်က ရှင်အဇ္ဇဂေါဏဆိုတဲ့ရဟန်းတစ်ပါး ဝိဇ္ဇာဖြစ်သွားပုံကို တစ်ဆင့်စကားနဲ့ သိခဲ့ရတယ်။ တကယ့်အဖြစ်အပျက်လားဘုရား"

"ပုဂံဘုရင်က ဝိဇ္ဇာလိုင်းကို အားမပေးဘူး။ ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွားဖို့ ကြိုးစားနေကြတာ။ ဓာတ်လုံးနဲ့ ဖိုထိုးလာတဲ့ဆရာတော်တစ်ပါးရှိတယ်။ ရှင်မထီးလို့ခေါ်တယ်။ သူ့ဗီဇကို မစွန့်နိုင်ဘူး။ ဖိုပဲထိုးနေတာ။ ဓာတ်လုံးအ... လည်း အောင်ဖို့ နည်းနည်းလိုနေတာ... ဘုရင်ကသိလို့ ဂန္ဓာရီအတတ်တွေကို... လုပ်တယ်၊ ထေရဝါဒနဲ့ ဆန့်ကျင်တယ်... ဆိုပြီး နောက်ဖိုမထိုးအောင် မျက်လုံး... ဖောက်ပစ်တယ်။ ရှင်မထီးဆရာတော်... က ဖိုထိုးတာ စိတ်နာပြီး မအောင်တဲ့... ဓာတ်လုံးကို အိမ်သာထဲ စွန့်ပစ်လိုက်... တယ်။ ညဥ့်သန်းခေါင်ကျော်တော့... ဘိုးသူတော်က ပြောတယ်။ အရှင်ဘုရား... ကုဋီက မီးထလောင်နေသလို အရောင်... တွေထွက်နေတယ်ဘုရားလို့ လျှောက်... တာပေါ့။ ဆရာတော်က သိတယ်။ ဓါ...



# အဇ္ဈာဝါလှိုင်း
## ဓာတ်လုံးပေါက်၍ အလုံရောက်သော ဆရာတော်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်လုံးတော့ အောင်သွားပြီပေါ့။ ဘိုးသူတော်ကို အိမ်သာကျင်းထဲက ဓာတ်လုံးကို သွားယူခိုင်းတယ်။ သေသေချာချာ သန့်ရှင်းအောင်လုပ်ပြီး သူ့မျက်စိနှစ်ကွင်းကို အလင်းရအောင် ဓာတ်လုံးနဲ့တို့လိုက်တာပေါ့။ နဂိုမျက်စိက အလုံးကျန်တဲ့ ညာဘက်မျက်စိကကြီးပြီး အလုံးမကျန်တဲ့ ဘယ်ဘက်မျက်စိက သေးနေတာပေါ့။ မျက်စိတစ်ဖက်ကြီး၊ တစ်ဖက်သေးမို့ ရှင်အဇ္ဇဂေါဏလို့ အမည်တွင်လာတာပေါ့"

"မှန်ပါဘုရား။ ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်တပ်ထားတာလို့ ပြောကြတယ် ဘုရား"


"ဒါကတော့ ဘယ်ကျမ်းမှ အတိအကျရေးပြထားတာ မရှိဘူး။ တစ်ဆင့်စကားဆိုတော့ မှန်တာ၊ မှားတာ မသိဘူးပေါ့။ အကြီးက နွားမျက်စိနဲ့ တူတယ်၊ အသေးက ဆိတ်မျက်စိနဲ့တူတယ်ဆိုပြီး ပြောတာလည်း ဖြစ်နိုင်တာပဲ"

"ပြဒါးရှင်လုံးကြောင့် သိဒ္ဓိရှိလို့ လုပ်ချင်တာ အကုန်လုပ်လို့ ရတာပေါ့ဘုရား"

"ဒီပြဒါးရှင်လုံးကြောင့် ခုထိ အသက်ရှင်နေဆဲ၊ ရှိနေဆဲပဲလို့ ပူဇော်ကြရှိခိုးကြတာပဲ။ ဒါကတော့ ပုဂံခေတ်က ရဟန်းတစ်ပါး ဓာတ်လုံးပေါက်သွားလို့ အလုံရောက်သွားတာ ရှိခဲ့ဖူးတယ်"

"အမိန့်ရှိပါဦး ဘုရား"

"ဘွဲ့ကတော့ ဦးခေမာလို့ ခေါ်တယ်၊ တနလ်ာသားပေါ့။ ဒီဆရာတော်က ပုပ္ပားတောင်ရဲ့အရှေ့ဘက် ယာကြီး





www.burmeseclassic.com

www.burmeseclassic.com

တောရွာကပဲ"

"သန်းကြီးကုန်းတို့၊ သေနတ်ပင်ရွာတို့၊ ယာကြီးတောတို့ ဆိုတာ ကြားဖူးတယ် ဘုရား"

"သူကတော့ ဖိုထိုးတာ၊ ယမ်းထိုးတာ"

"ရမ်းထိုးတာဆိုတော့ မသိဘဲ၊ နားမလည်ဘဲ အရမ်းလုပ်တဲ့ သဘောလားဘုရား"

"မဟုတ်ဘူးကွယ့်၊ ပြဒါးသေအောင် ဖိုထိုးတာ။ ဘာထည့်ထိုးရမှန်းမသိလို့ ယမ်းစိမ်းကိုထည့်ထည့်ထိုးလို့ ယမ်းထိုးတာလို့ ခေါ်တာ။ အချိန်သာကုန်တယ်၊ ဘာမှဖြစ်မလာဘူး။ မီးသွေးဖိုးကုန်တယ်၊ လုံဖိုးကုန်တယ်။ ဘာမှဖြစ်မလာဘူး။ နောက်တော့ အခဲလေးအလုံးလေးဖြစ်သွားတယ်။ ရွှေကျွေးတော့လည်း စားတာပဲ။ ဘာသိဒ္ဓိမှဖြစ်မလာဘူး။ စိတ်ညစ်ညစ်နဲ့ ဘုရားရှေ့ကခြင်္သေ့ကြီးပါးစပ်ထဲ ထည့်ထားလိုက်တယ်။ ဖိုကြီးဖျက်ပြီး ဘယ်တော့မှ ဖိုမထိုးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်"

"စိတ်နာသွားတာပေါ့ ဘုရား"

"တစ်နေ့တော့ သူခိုးတစ်ယောက်က ဆရာတော်ကျောင်းထဲကပစ္စည်းကိုခိုးဖို့လာတယ်။ လူမလစ်တော့ ပုန်းမိပုန်းရာ ဝင်ပုန်းတာ ခြင်္သေ့ကြီးရဲ့အောက်မှာ ဝင်ပုန်းမိနေတာပေါ့။ လူမလစ်လို့ ခြင်္သေ့ကြီးခြေထောက်(၄)ချောင်းကြားမှာ ဝပ်နေတာပေါ့။ ညလူခြေတိတ်သန်းခေါင်ကျော်တော့ ခြင်္သေ့ကြီးက လှုပ်လာတယ်။ ခေါင်းတွေ ဘေးဘယ်ညာယမ်းလာတယ်။ ခြေထောက်လေးချောင်လုံးစုံရပ်ပြီး ကောင်းကင်ကို ထပျံတော့တာပေါ့"

"တော်တော်ထူးဆန်းတာပဲ"

"သူခိုးကတော့ ကြောင်သွားတာပေါ့။ ကြောက်လို့ သေးတွေဘာတွေထွက်ကျပြီး အိမ်ကိုထွက်ပြေးတာပေါ့။ အမှန်က ခြင်္သေ့ကအသက်ရှိတာမဟုတ်ပါဘူး။ သူ့ပါးစပ်ထဲမှာထည့်ထားတဲ့ဓာတ်လုံးက အသက်ဝင်လာတာ။ သိဒ္ဓိပေါက်လာတာပေါ့။ ဓာတ်လုံးပေါက်ဖို့ရွှေကျွေးဖို့လိုတာ ဆရာတော်က မသိဘူး။ ဓာတ်လုံးက ရွှေစားချင်တော့ ခြင်္သေ့ကြီးကိုအသက်သွင်းပြီး ကောင်းကင်ခရီးကနေ ဟိမဝန္တာသွားတာ။ ရွှေတောင်ကြောမှာ ရွှေသွားစားနေတာ။ စားလို့ဝရင်ပြန်လာတာပေါ့။ နံနက်မိုးလင်းတော့ ခြင်္သေ့ကြီးက သူ့နေရာသူ ပြန်ရောက်နေတာပေါ့။

သူခိုးက စဉ်းစားတယ်။ ငါတွေ့ခဲ့တာ တကယ့်အဖြစ်အပျက်ပဲ။ အိမ်မက်တော့မဟုတ်ဘူး။ ဒါနဲ့ နောက်နေ့ညခြင်္သေ့ကြီးကို စောင့်ကြည့်နေတာပေါ့။ ညဥ့် (၁) နာရီဆို ထပျံတော့တာပဲ။ (၄)နာရီထိုးရင် ပြန်ရောက်လာတယ်။ ဒီအဖြစ်အပျက်ကို သူခိုးက ကောင်းကောင်း သိတယ်"

"မှန်ပါ။ သူခိုးလည်း ပါရမီရှိတယ်လို့ ပြောရမှာပဲ"

"ဒီလိုနဲ့ သူခိုးက တစ်ဆင့်တက်ပြီး စဉ်းစားတယ်။ ဒီခြင်္သေ့ကြီး ဘယ်သွားတာလဲလို့ သိချင်လာတယ်။ ဒီညတော့ ခြင်္သေ့ကြီးကိုစီးပြီး လိုက်သွားမယ်ဆိုပြီး ကြံတာပေါ့။ အိမ်က ကြိုးတစ်ချောင်းယူလာတယ်။ ညဥ့် (၁) နာရီမထိုးမီ ခြင်္သေ့ကြီးကို ကြိုးနဲ့သိုင်းချည်ပြီး ခြင်္သေ့ကျောပေါ် ခွထိုင်နေတာပေါ့။ လိမ့်မကျအောင် သိုင်းချည်ထားတဲ့ကြိုးနဲ့ သူ့ကိုလည်း ချည်ထားတာပေါ့"

"သူခိုးလည်း အတော်အကြံပိုင်တာပဲ"

"သိပ်မကြာပါဘူး။ ခြင်္သေ့ကြီးလည်း ကောင်းကင်ခရီးနဲ့ ဟိမဝန္တာကိုသွားတော့ သူခိုးလည်းလိုက်ပါသွားတာပေါ့။ တောင်ထိပ်ကိုလည်းရောက်ရော အံ့ဩစရာကောင်းတာက ရွှေတွေ၊ ငွေတွေ၊ စိန်တွေ၊ ပတ္တမြားတွေ ပုံနေတဲ့တောင်ပေါ် ရောက်နေတာပေါ့။ ခြင်္သေ့ကြီးက ရွှေတွေရှာပြီးစားတာပေါ့။ သူခိုးက လောဘကြီးတော့ ခြင်္သေ့ပေါ်က ဆင်းပြီး သူ့လုံချည်နဲ့ တစ်ထုပ်ကြီး ရတနာတွေကောက်တာပေါ့။ စုပုံပြီး လောဘတက်နေတုန်း ဖြုန်းဆို ခြင်္သေ့ကြီးက ကောင်းကင်ပေါ်ထဲ ပျံတက်သွားတာပေါ့"

"ဟာ - ဒီတစ်ခါသူခိုးဒုက္ခရောက်ပြီပေါ့"

"သူခိုးလည်း ဒုက္ခအကြီးအကျယ်ရောက်တော့တာပေါ့။ သူ့မှာ စုချည်ထားတဲ့ရတနာတွေက ရေတစ်ပေါက်လောက် တန်ဖိုးမရှိဘူး။ ရွှေတွေ၊ ငွေတွေက ထမင်းတစ်လုတ်လောက် တန်ဖိုးမရှိဘူး။ ငါဘယ်ရောက်နေတာလဲ၊ ငါတော့ သေတော့မှာပဲဆိုပြီး ငိုနေတာပေါ့။ နေထွက်လာပြီး မကြာမီ ဝိဇ္ဇာတစ်ပါး ရောက်လာတယ်"

"ဟောပါဦး ဘုရား၊ အရှိန်ရလာပြီ"

"အားကိုးရာမဲ့နေတဲ့သူခိုးက ဝိဇ္ဇာရောက်လာတော့ အားကိုးတာပေါ့။ သူ့ကိုကယ်ပါ။ ဝိဇ္ဇာပြောသမျှ နားထောင်ပါ့မယ်ဆိုပြီး ငိုပြီးတောင်းပန်တာပေါ့။ ဝိဇ္ဇာက ပြောတယ်။ ငါပြောတာကို နား ထောင်ရင် အိမ်ပြန်ပို့ပေးမယ်လို့ ပြော တယ်"

"ဘာဖြစ်သေးလဲ ဘုရား"

"မင်းက လောဘကြီးတယ်။ သူ တစ်ပါးပစ္စည်းကိုခိုးတယ်။ ငါးပါးသီလကို တစ်သက်လုံး ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ထိန်းနိုင်မလားလို့ မေး တယ်။ အသက်နဲ့လဲပြီး အာမခံပါတယ်။ ငါးပါးသီလကို စောင့်ထိန်းပါ့မယ် ဆိုပြီး ကတိပေးတယ်။ ဟုတ်ပြီ၊ ဒါဆိုရင် မင်း တစ်နိုင် ဒီရတနာတွေယူသွား။ တစ် သက်လုံး စားလို့မကုန်ဘူး ကြားလား လို့ ပြောတယ်။ ဝိဇ္ဇာပေးသလောက်ပဲ ယူ လာတာပေါ့"

"ဝိဇ္ဇာကဘာနဲ့ပြန်ပို့သလဲဘုရား"

"ဝိဇ္ဇာကပြောတယ်။ ဒီခြင်္သေ့နား က ဆရာတော် ဦးခေမာကိုပြောလိုက်။ သူထိုးတဲ့ဓာတ်လုံးပေါက်နေပြီ။ ဓာတ် လုံးကိုယူပြီး အလုံကိုလိုက်ခဲ့လို့ မှာလိုက် တယ်။ ဒီည ခြင်္သေ့လာရင်စီးသွားတော့ လို့ဆိုပြီး ဝိဇ္ဇာလည်းပျောက်သွားတာ ပေါ့။ ဒါနဲ့ ညဥ့်(၁)နာရီထိုးတော့ ဝီဝီ ဆိုပြီး အသံမြည်လာပြီး သူ စီးလာတဲ့ ခြင်္သေ့ကြီး လာတော့တာပဲ။ ဝိဇ္ဇာပြော သလို ခြင်္သေ့ကြီးပေါ်ကိုတက်ပြီး ပြန် မဆင်းတော့ဘူး။ ခြင်္သေ့ကြီးကလည်း ရွှေတွေစားပြီး ဝတော့ ကောင်းကင်ကို ပျံတက်လာပြီး ယာကြီးတောရွာဘုရား ရှေ့ကိုပြန်လာတာပေါ့။ ဘုရားရှေ့လည်း ရောက်ရော ခြင်္သေ့က အုတ်နဲ့ အင်္ဂတေ နဲ့လုပ်တဲ့ ခြင်္သေ့ကြီး ပြန်ဖြစ်သွားတာ ပေါ့"

"သူခိုးက ဆရာတော်ကို မပြော ဘူးလား"

"ဝိဇ္ဇာမှာတဲ့အတိုင်း ဆရာတော် ကို လျှောက်တာပေါ့။ ဆရာတော်က လည်း သူခိုးကို အကြောင်းစုံ မေးတာ ပေါ့။ သူခိုးကလည်း ဖြစ်ပျက်ခဲ့သမျှကို တစ်လုံးမကျန် ပြန်ပြောတာပေါ့။ ဒါနဲ့ ဆရာတော်ထံမှာ ငါးပါးသီလခံပြီး တစ် သက်လုံး လုံ့လုံ့ခြုံခြုံ စောင့်ထိန်းနေသွား တာပေါ့။ သူခိုးဘဝကနေ ဘုရားဒကာ ဖြစ်ပြီး ဘဝပြောင်းသွားတာပေါ့။ ဆရာ တော် ဦးခေမာကလည်း သူထိုးထားတဲ့ ဓာတ်လုံးပေါက်ပြီဆိုတာသိသွားတယ်။ ခြင်္သေ့ပါးစပ်ထဲကဓာတ်လုံးကိုပြန်ယူပြီး ဝိဇ္ဇာမြို့တော် အလုံကို လိုက်သွားတာ ပေါ့"

"ဆရာတော်က ဝိဇ္ဇာတွေ



www.burmeseclassic.com

www.burmeseclassic.com

# ခရေပန်းနှင့် ချေးမိတ်

## နေပြည်တော်ကျော်ကျော်စိုး

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းမှာ တည်ရှိတဲ့ နိုင်ငံတော် ပရဆေးဥယျာဉ်ကြီးရဲ့အနီးမှာ သီရိဂန္ဓမာသပြေအေးမိုးကုတ်ဝိပဿနာစမ္မရိပ်သာကြီး တည်ရှိပါတယ်။ ပျဉ်းမနား-တောင်ညိုသွား ကားလမ်းမကြီးကနေ လွတ်တော်ကိုသွားတဲ့ လမ်းနှစ်သွယ်ကြားမှာ တည်ရှိနေတာပါ။ တောင်ညိုလမ်းကနေ မြောက်ဘက်ကုန်းရိုးကို ဖောက်ဝင်တဲ့ လမ်းနှစ်သွယ်ပါ။ သစ်ပင်ပန်းမန်တွေနဲ့ အလွန်ပဲလှပပါတယ်။

အဲဒီသီရိဂန္ဓမာသပြေအေးရိပ်သာမှာ ၁၁-၄-၂၀၁၃ ကနေ ၂၁-၄-၂၀၁၃ အထိ (၁၀)ရက်တရားစခန်း ကျွန်တော်ဝင်ဖြစ်ပါတယ်။ တစ်ရက်ကို (၈) ကြိမ် တရားနာ၊ တရားထိုင်လုပ်ရပါတယ်။ နံနက်တိုင်း (၄) နာရီခွဲ အိပ်ရာကထပြီး (၅) နာရီမှ (၆) နာရီအထိ တရားထိုင်ရပါတယ်။ တရားထိုင်ချိန်မှာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတိပ်ခွေနာပြီး နားက တရားနာ၊ ဉာဏ်က ခန္ဓာကို ရှုမှတ် ပွားများကြရပါတယ်။ (၆) နာရီမှာ တရားစခန်း ခေတ္တဖြတ်ပြီး ကျန်တဲ့ ဣရိယာပုတ်နဲ့ ရှုမှတ်နိုင်ပြီး (၆) နာရီကျော်ကျော်မှာ နံနက်စားသုံးဆောင်ကြရပါတယ်။ (၇) နာရီမှာ ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းရှိတာမို့ တစ်နာရီနီးနီး ကြိုက်

---

အကြောင်း အတော်သိတာပဲ။ တပည့်တော်လည်းမှတ်သားထားပါ့မယ်ဘုရား။ နောက် ဂန္ဓာရီလမ်းလိုက်တဲ့သူတွေလည်း ဗဟုသုတရတာပေါ့ ဘုရား"

"အေး - ကောင်းတော့ကောင်းပါတယ်။ တစ်ခါတလေကျတော့ ဝိဇ္ဇာအတတ်၊ ဝိဇ္ဇာအသိရှိမှ ပြီးမြောက်တယ်ကွယ့်။ သူများပြောသံကြားနဲ့တော့ ရမ်းလုပ်လို့ ခရီးမပေါက်နိုင်ဘူး။ တချို့ကိစ္စတွေက တည်တည့်ယူလို့မရဘူး"

"အမိန့်ရှိပါဦး ဘုရား"

"တစ်ခါက ရန်ကုန် သရက်တောကျောင်းမှာ သတင်းသုံးတဲ့ ဆရာတော်တစ်ပါးလည်း ဖိုထိုးခဲ့ဖူးတယ်။ စာပေတွေ လေ့လာတယ်။ စရဏလည်း ရှိတယ်။ သူထိုးတဲ့ဓာတ်လုံးက တစ်ဆင့်ထိုနေတာ။ သူကလည်း ဘာကြွေးရမှန်းမသိဘူး။ ပုဂံခေတ်က ရှင်အဇ္ဈဂေါဏကုန်းက ချေးရည်စိမ်လို့ ဓာတ်လုံးပေါက်တယ်။ ငါ့ဓာတ်လုံးလည်း ချေးရည်စိမ်မယ်ဆိုပြီး ပုံးနဲ့ထည့်ထားတဲ့ ချေးပုံးကြီးကို ယူလာတာပေါ့။ ကျောင်းကို အလုံပိတ်ပြီး ချေးပုံးကြီးထဲကို ဓာတ်လုံးပေါက်ထည့်လိုက်ရော"

"ဓာတ်လုံးက သိဒ္ဓိရှိသွားသလားဘုရား"

"ဓာတ်လုံးက ချေးပုံးထဲကျမသွားဘူး။ ဝုန်းဆို အပေါ်ပျံတက်သွားတာ။ ဆရာတော်က လိုက်ဖမ်း၊ ဓာတ်လုံးက ထွက်ပြေး၊ ရှေ့ကပြေး နောက်ကလိုက်ပေါ့။ သိပ်မကြာပါဘူး။ သွပ်ပြားတွေလန်ပြီး အပေါက်ဖြစ်တဲ့နေရာကနေ ကောင်းကင်ပျံတက်သွားတာ ပျောက်သွားတာပေါ့"

"ဆရာတော် ဘာဖြစ်သွားလဲ"

"ဆရာတော်က ချေးပုံးကြီးက တစ်ဖက်၊ အပေါ်သွပ်ပေါက်ကို လက်ညိုးထိုးပြီး ရပ်နေတာ။ နောက်တော့ ရူးသွားတာပေါ့"

"တပည့်တွေရောက်လာပြီး ဆရာတော်ကိုမေးတော့လည်း ဘာမှမမှတ်မိဘူး။ သွက်သွက်ခါအောင်ရူးသွားတာပေါ့။ ဒါကြောင့် ပြောတာပေါ့ ဘုရား။ ဒီဖိုထိုးတဲ့အလုပ်ကို မလုပ်ပါနဲ့ဆို။ ခုတော့ ရူးသွားပြီပေါ့လို့ တပည့်တွေက မြည်တွန်တောက်တီးကြတာပေါ့"

"တစ်ဆင့်ပြောစကားတိုင်းလည်း မှန်တယ်လို့ အတည်ယူလို့ မရဘူးပေါ့ဘုရား"

"ဟုတ်တာပေါ့။ ဒါကြောင့် ဝိဇ္ဇာလမ်းလိုက်စားတာဟာ ရှုပ်ထွေးတယ်။ နားလည်ဖို့၊ သိဖို့ အတော်ခက်ခဲတယ်။ စမ်းတဝါးဝါးနဲ့ ဘဝပျက် အကျိုးမဲ့ဖြစ်တဲ့သူတွေလည်း အများကြီးပေါ့"

"ဒါဖြင့်ရင် ဘာလို့ ဝိဇ္ဇာလမ်းကို လိုက်စားကြတာလဲ ဘုရား"

"ဝိဇ္ဇာတွေက သာသနာစောင့်ရှောက်ကြတယ်။ သာသနာပြုနေကြတယ်။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဗုဒ္ဓဘုရားသာသနာမှာ ကျွတ်တမ်းဝင်အောင် မလုပ်ကြဘူးကွယ့်။ ဝိဇ္ဇာဖြစ်အောင်လုပ်မယ်။ သူတို့အတတ်ပညာနဲ့ အသက်ရှည်အောင် အသက်ဆန့်ထုတ်ကြတယ်။ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တွေဟာ အခြားဘဝတစ်ပါးကိုရောက်မသွားကြဘူး။ အရိမေတ္တယျဘုရားပွင့်အောင် စောင့်နေကြတာ"

"ဒါဆိုရင် သူတို့က နတ်ဖြစ်လို့ အသက်ရှည်တာလား"

"နတ်တော့ မဟုတ်ဘူး။ သိဒ္ဓိရှင် မဟိဒ္ဓိရှင်တွေဖြစ်ပြီး ဘုရားကို စောင့်တာ။ ဘုရားပွင့်မှ သူတို့က ကျွတ်တမ်းဝင်မယ်လို့ အယူရှိကြတာပေါ့"

"လူတွေဟာ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တွေဖြစ်ချင်တာက အဆန်းတကြယ်တွေလိုချင်လို့ပေါ့ ဘုရား။ ဒါမှ လူတွေက အထင်ကြီးမှာ"

"ဒီလိုပဲ ယူဆရတာပေါ့။ ဝိဇ္ဇာလမ်းစဉ်ဟာ ထင်သလောက် မလွယ်ဘူး၊ အထင်သေးလို့လည်းမရဘူး။ ဝိဇ္ဇာဆိုတာ ရှိတယ်။ ဝိဇ္ဇာဖြစ်ချင်ရင်တော့ ရမ်းမလုပ်ကြနဲ့။ ဝိဇ္ဇာနဲ့တွေ့အောင် ရှာပါ၊ ဝိဇ္ဇာပြောတဲ့အတိုင်းကျင့်ပါလို့ ဆရာတော်မှာလိုတယ်။ ကဲ - ဒီညတော့ နားကြတာပေါ့"

"မှန်ပါ့ဘုရား၊ တပည့်တော် ရှိခိုးဦးချပါတယ် ဘုရား"

ဝိဇ္ဇာဖြစ်ချင်သော ဂန္ဓာရီပုဂ္ဂိုလ်များ ဝိဇ္ဇာနှင့်တွေ့ရှိနိုင်ရန်အတွက် ဝိဇ္ဇာအကြောင်းကို နားလည်သော တောင်လုံးလှဆရာတော်ထံ လာရောက်ကြပါရန် လမ်းညွှန်ပေးခဲ့ပါရစေ။

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကြုရိယာပုတ်နဲ့ နေနိုင်ရှုမှတ်နိုင်ကြပါတယ်။ ရဟန်းရှင်လူသီလရှင် (၄၀၀) ကျော် ရှိပါတယ်။

အဲဒီလို နံနက်စာ သုံးဆောင်ပြီး ပြန်လာတိုင်း ရဟန်းတော်တစ်ပါးက ခရေပင်အောက်မှာ ခရေပွင့်တွေကို သပိတ်ဖုံးနဲ့ လိုက်ကောက်နေလေ့ရှိတယ်။ ကျွန်တော်လည်း ဝင်ကောက်ကူတဲ့အခါ ကောက်ကူလေ့ရှိပြီး တစ်ခါတစ်ရံ ရိပ်သာပရိဝုဏ်အတွင်းရှိ ဇကန္တသန္တိစေတီတော်ကြီးရင်ပြင်အနီးရှိ ဗုဒ္ဓမုံထုံ (နေစာလှုံ) ကျောက်ဆင်းတုရုပ်ပွားတော်ကြီးမှာ ခရေပန်းများ ရသလောက် ကောက်ပြီး သွားရောက် လှူဒါန်းလေ့ရှိတယ်။

ဒီလိုနဲ့ ရိပ်သာ (၁၀) ရက် တရားစခန်းပွဲဟာ နောက်ဆုံးနေ့ ရောက်လာပါတယ်။ သင်္ကြန်ရုံးပိတ်ရက်ကုန်ပါပြီ။ အဲဒီရဟန်းတော်ဟာ ကောက်လို့ရသမျှ ခရေပန်းတွေကို ရေဆေးပြီး ပန်ကန်ပြားကြီးနဲ့ တရားဟောမဏ္ဍပ်ရုံကြီးအတွင်းရှိ ကြေးဆင်းတုရုပ်ပွားတော်ကြီး (၂) ဆူမှာ နေ့စဉ်လှူဒါန်းလေ့ရှိပါတယ်။ ဒါကြောင့် ကုသိုလ်ရအောင် ကူညီပြီးကောက်ပေးနေခြင်းပါ။

ဒီနေ့ (၂၁-၄-၂၀၁၃) သင်္ကြန်ရုံးပိတ်ရက် နောက်ဆုံးနေ့ တရားပွဲသိမ်းမည့်နေ့ပါ။ နေ့စဉ် ကောက်နေကျဦးပဉ္စင်းကို အခြားဦးပဉ္စင်းတစ်ပါးကလည်း ခရေပွင့်လေးတွေကို ကောက်ကူနေပါတယ်။ ခရေအကြွေလေးတွေမှာ ပျားတွေက နပန်းလုံးပြီး ဝတ်ရည်စုပ်နေကြတာ အများအပြား မြင်တွေ့နေရပါတယ်။

"ခရေပန်းလေးတွေက မွှေးလိုက်တာနော်"

လို့ ကျွန်တော်က ပဋိသန္ဓာရစကားဆိုတဲ့အခါ ကောက်နေကျ ဦးပဉ္စင်းက ကြွေလည်း မွှေး၊ ဝေလည်း မွှေး ဆိုတဲ့ ဆိုတဲ့ ကဗျာကို ရွတ်ပြပါတယ်။ ပြီးမှ -

"ခရေက သစ္စာရှိတဲ့ပန်း ဒကာကြီးရဲ့။ သူဟာ နွမ်းခြောက်သွားသည့်တိုင် သူ့ရနံ့ကို မစွန့်ဘူး။ သစ္စာရှိရှိမွှေးတဲ့ပန်း။ အလွန်မြတ်နိုးဖို့ကောင်းတယ်။ အဲဒါကြောင့် ခုလို ဒုလ္လဘလာဝတ်တိုင်း ခရေပန်းလေးတွေကောက်ပြီး ဘုရားမှာ အမြဲလှူလေ့ရှိတယ်"

"အရှင်ဘုရားက ဝန်ထမ်းလားဘုရား"

"ဟုတ်တယ် ဒကာကြီး။ ခုလို သင်္ကြန်အခါတိုင်း ရုံးပိတ်ရက်တွေမှာ အချိန်ကို အလဟဿမဖြစ်စေဘဲ နှစ်စဉ် ဒုလ္လဘဝတ်ရင်း တရားအားထုတ်ဖြစ်တယ်။ အဲဒါကြောင့် ဆရာတော်နဲ့ရော ကျောင်းနေရဟန်းတော်များနဲ့ပါ ရင်းနှီးနေပါပြီ။ ဆရာရင်း၊ဒကာရင်းတွေ ဖြစ်နေပါပြီ"

"ဒီနေ့ညနေထွက်တော့မှာလားဘုရား"

"နက်ဖြန်ရုံးတွေပြန်ဖွင့်ပြီဆိုတော့ ထွက်ရမှာပေါ့ ဒကာကြီးရယ်။ ဝန်ထမ်းတွေဆိုတာက ကိုယ့်ကိုယ်ကိုယ်မပိုင်ကြဘူးလေ။ နိုင်ငံတော်က ပိုင်တာဆိုတော့ (၁၀) ရက်စခန်းပဲ အဓိဋ္ဌာန်ထားကြတာပါ"

လို့ ပြောပြနေစဉ်မှာပဲ ဘေးမှာ ပန်းကောက်နေတဲ့ ကိုယ်တော်ကဝင်ပြီး ပြောပါတယ်။

"အရှင်ဘုရား၊ တပည့်တော်ကို ပန်းခြောက်လေးတွေ ပေးလိုက်ဦးလေ မေ့နေဦးမယ်"

"မမေ့ပါဘူး ကိုယ်တော်။ မနေ့က စွန့်တဲ့ပန်းတွေ အိတ်နဲ့ထည့်ပြီး သိမ်းထားပါတယ်။ ကိုယ်တော့်အတွက်ပါ"

"အရင်နေ့တွေက ပန်းတွေကော မရှိဘူးလား ကိုယ်တော်"

"မရှိတော့ဘူး ကိုယ်တော်ရဲ့။ ဒကာတွေ၊ ဒကာမတွေတောင်းလို့ ပေးလိုက်ရတယ်"

ဒါကို ကြားတော့ ခရေပန်းဟာ ဆေးအသုံးဝင်လိမ့်မယ်ဆိုတာကို သိလို့ ချက်ချင်းထမေးမိပါတယ်။

"အရှင်ဘုရား၊ ခရေပန်းခြောက်က ဘာဆေးအသုံးဝင်ပါသလဲဘုရား"

"ခုလို နွေရာသီမှာ လူတွေမိတ်ဖုတွေထွက်တတ်ကြပါတယ်။ အဲဒီလိုမိတ်ထွက်ရင် ခရေပန်းခြောက်ကို သနပ်ခါးနဲ့ သွေးလိမ်းရင် ပျောက်တယ်။ ဦးပဉ္စင်းဆိုရင် နွေရာသီ မိတ်ဖုထွက်တိုင်း ခရေပန်းခြောက်နဲ့ သနပ်ခါးကို ရောသွေးပြီး လိမ်းလိုက်တာပဲ။ တစ်ခါ၊ နှစ်ခါ လိမ်းလိုက်တာနဲ့ ပျောက်တယ်။ အချို့ကျတော့ အမှုန့်ပြုပြီး ပျားရည်နဲ့ စားကြတယ်။ ရောဂါအတော်များများပျောက်တယ်လို့ သိရတယ်"

လို့ အမိန့်ရှိပါတယ်။

နွေရာသီဆိုတာ ကျွန်တော်နေတဲ့ မိုးကုတ်မှာ ရက်ပိုင်းလောက်ပဲရှိတာပါ။ သင်္ကြန်ကျပြီးတာနဲ့ မိုးစတင်ရွာသွန်းလေ့ရှိတာကြောင့် ပူချိန်ဆိုတာ မရှိပါဘူး။ မိုင်းရှူးရတနာမြေဟာလည်း မိုး[...] ကုတ်လောက် မအေးပေမယ့် အတော်[...] လေး နေထိုင်ကောင်းတာကြောင့် မိတ်[...] လုံးဝမထွက်ပါဘူး။

၂၀၁၁ ခုနှစ်မှာ နေပြည်တော်ကို[...] ပြောင်းလာလိုက်တာနဲ့ အပူဒဏ်ကိုခံ[...] ပြီး မိတ်ဖုတွေ တစ်ကိုယ်လုံး နီရဲနေ[...] အောင်ထွက်ပါတော့တယ်။ မိတ်ထွက်[...] တယ်ဆိုတာ ချွေးထွက်လွန်ပြီး ချွေးခံ[...] တာကြောင့် ဖြစ်ပေါ်တဲ့ ဝေဒနာပါ[...] အချိန်နဲ့အမျှ ချွေးတွေယိုစီးနေမှတော့ မခံနိုင်ရင်ခံနိုင်မလားဗျာ။ အပူဒဏ်[...] မခံစားရတာ နှစ်ပေါင်း (၅၀) နီးပါး[...] တော့ အလေ့အကျင့်မရှိတော့ဘူးလေ[...]

ခရေပန်း ဆိုတာ တောင်ပေါ်မှာ[...] ရော မြေပြန့်မှာပါ ဒေသအနှံ့ ပေါက်[...] ရောက်နိုင်တဲ့အပင်ကြီးပန်းမျိုးပါ။ အချို့[...] က ခရေပန်းကို ခရားပန်းလို့ ခေါ်ကြ[...] တာလည်း တွေ့ဖူးတယ်။ ခရေဖြစ်ဖြစ်[...] ခရားဖြစ်ဖြစ် သူ့အပွင့်ခြောက်ဟာ သန[...] ခါးနဲ့ သွေးလိမ်းရင် မိတ်ဖုပျောက်နိုင်[...] ကြောင်းကြားသိရတာကြောင့် စမ်းသပ်[...] လိမ်းကြည့်ကြစေလိုပါတယ်။ ခရေက[...] လည်းမွှေး၊ သနပ်ခါးကလည်းမွှေး ဆို[...] တော့ အဲဒီမိတ်ပျောက်ဆေးကို လိမ်း[...] လိုက်တာနဲ့ နှစ်လိုဖွယ် ရနံ့လေးတွေနဲ့ တစ်ကိုယ်လုံးမွှေးကြိုင်ပြီး အေးမြနေ[...] လိမ့်မယ်။ ဆိုးကျိုးလုံးဝမရှိနိုင်တဲ့နည်း[...] လို့ဆိုရမှာပါပဲ။

ကျွန်တော်တို့ငယ်ငယ်က မိတ်[...] ထွက်ရင် သရက်စေ့နဲ့ ဆားသွေးလိမ်း[...] လေ့ရှိကြတယ်။ ပျောက်တာ၊ မပျောက်[...] တာထက် လိမ်းလိုက်ရင် အလွန်စပ်တာ[...] ကို တွေ့ရပါတယ်။ ကုတ်ဖဲ့ထားတဲ့နေရာ[...] တွေ ဆားရည်နဲ့လိမ်းမှတော့ မစပ်ဘဲ[...] မလားဗျာ။

ခုတော့ နိုင်ငံတော်ဝန်ထမ်းဒုလ္လဘ[...] ရဟန်းတော်ရဲ့ မိတ်ဖုပျောက်ဆေးနည်း[...] လေး ရခဲ့ပါပြီ။ သို့သော်လည်း ခုထိတော့[...] မိတ်ဖုတွေ ကျွန်တော့်ကိုယ်မှာ မထွက်[...] သေးတာကြောင့် မစမ်းသပ်ရသေး[...] ဘူး။ ကဆုန်၊ နယုန် စွေ့စွေ့ခုန်တဲ့။ အဲ[...] ကျမှ မိတ်တွေထွက်မယ်ထင်ပါရဲ့။

(ဒုလ္လဘရဟန်းသို့ ကျေးဇူးတင်လျ[...])

ချမ်းမြေ့ကြပါစေ[...]

နေပြည်တော်ကျော်ကျော်[...]



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးထုတ်လုပ်မှတ်ပုံတင်အမှတ်-0112 YR 007991

## သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထား

ကိုရဲ



"အကော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေါ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲမမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

. . "အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

ဤဒေသ ဤနေရာတွင် ယခင် (၁၀) စုနှစ်တစ်ခုက စိမ်းစိုသာမော ဂနိုင်တောနှင့် မိုးထိမြင့်ခေါင် သေလာ တောင်ကြီး အုံ့ချိုးဖွယ်ရာရှိခဲ့သည်ဟုဆို ပါလျှင် ဒဏ္ဍာရီလား၊ ပုံပြင်လားဟု ဆို ကြမည် မလွဲပါ။ ပုံပြင်ဒဏ္ဍာရီမဟုတ် ပါ။ ထိုတောင်ကြီးများ အမှန်ပင်ရှိခဲ့ ပါ၏။ အန္တတ္တသညာခေါ် စရာကား ကြေးစင်တောင်တည်း။

စပယ်တောင်၊ ကြေးစင်တောင် တို့သည် ပတ်ဝန်းကျင် အရပ်လေးမျက် နှာမှ မျှော်ကြည့်လျှင် (၁၀) မိုင်ခရီးက ပင် မြင်နိုင်သောတောင်များ ဖြစ်သည်။ ရာသီဥတု အပြောင်းအလဲပေါ် မူတည် ၍ တစ်ခါတစ်ရံ တောင်ထိပ်၌ တောင်ဆိုး တို့ ရစ်သိုင်းလျက်လည်း တွေ့ရတတ် ၏။

မြို့တော် သလ္လာဝတီသို့ စုန်ဆန် သွားလာကြသော ရေကြောင်းခရီးသွား သူတို့လည်း မြစ်အနောက်ဘက်ကမ်း မနီးမဝေးတွင် သာယာကြည်နူးဖွယ် ကျောက်မျက်တောင်ထိပ်မှ စေတီတော် အား ဖူးတွေ့နိုင်သလို နောက်ဘက် အဝေးဆီတွင် ပြာရီညို့မှိုင်းသော ကြေးစင်တောင်၊ စပယ်တောင်တို့ကို မိမိတို့ စီးနင်းလိုက်ပါလာကြသော ရေယာဉ်များပေါ်မှ တွေ့မြင်နိုင်သလို ရေဦး၊ စိုင်ပြင်၊ ဘုတလင်၊ အလုံ၊ မုံရွာ ကားလမ်းတစ်လျှောက်နှင့် သာစည်၊ ကျောက်ကာ၊ မုံရွေး၊ ကြေးမှုံမကျန် လှမ်း မြင်နိုင်သည့်တောင်ကြီးများဆိုလျှင် လွန် အံ့မထင်။

စပယ်တောင်၊ ကြေးစင်တောင် တစ်ခို ထန်းတောညိုညိုများကြားမှ ကံကုန်း၊ ဒိုးတော၊ ကြေးစည်ကျ၊ ရွာသာ၊ ငါးတဲစု၊ ထန်းတောကြီး၊ ရေကြည်ပင်၊ ရွှေပန်းခိုင်၊ သဲတောကြီး၊ မြရိပ်ညို၊ စုန်း ကျင်း၊ တည်ပင်ကန်၊ ဝါးတန်း၊ ဖောင်း တော စသော ကျေးရွာတို့သည်လည်း ထိုတောင်ကြီးများ၏ကျေးဇူးနှင့်မကင်း ကြ။ ယုတ်စွအဆုံး မိုးဦးကျ ကဆုန်၊ နယုန်လများတွင် မျှစ်ရှာ၊ မှိုနုတ်၊ ဆူး ပုပ်ရွက်နု၊ သင်းဝင်ရွက်နု၊ နရှာကြီးရွက် လဲလူရွက်၊ ဂုံရွက်တို့ လှိုင်လှိုင်ပေါ ချက်ပြုတ်ရန်အတွက် ဟင်းရွက်ခူးတ ကြသည့် လုံမပျိုတို့၏ ကျေးလက်တေး သံများ စပယ်တောင်၊ ကြေးစင်တော တောင်ရိုးတစ်ခွင် ပျံ့လွင့်လျက်။

ယုန်၊ ချေ၊ သမင်ပြောက်တို့လည် ပေါ၏။ တောခွေးအ,တို့လည်း ရှိ တစ်ခါက ချေထောင်ထားသော သ ကိုင်းတွင် ကျားမိနေသဖြင့် သေနတ် ပစ်ရသည်အထိ ကျယ်ပြန့်သွား စပယ်တောင်၊ ကြေးစင်တောင်တို့သည် ကံကုန်း၊ ဒိုးတော၊ မြရိပ်ညို စသော ပတ်ဝန်းကျင်ရွာများကိုသာ ကျေးဇူး သည်မဟုတ်သေး။ မြန်မာနိုင်ငံတော အတွက်ပါ အကျိုးပြုမည့် တန်ဖိုးအန ထိုက်သော ကြေးနီသတ္တုရိုင်းသိုက်ကြ တည်ရှိရာ ဘူမိနက်သန်နေရာပေတည် ကြေးစင်တောင်၊ စပယ်တောင်တို့နှ မလှမ်းမကမ်း တောင်ဘက် (၃) မိုင် အကွာရှိ လက်ပတောင်းတောင်အုပ် လည်း ကြေးနီသတ္တုရိုင်းသိုက်များစု ရာ ဖြစ်သည်။

ကြေးစင်တောင်တစ်ဝိုက် ရွာ များအကျိုးသာမက တစ်နိုင်ငံလုံးအကျိ အတွက် စပယ်တောင်၊ ကြေးစင်တော

# ဓာတ်ပုံ-မောင်မောင်အေး

## ချစ်သက်သေတည် လွှမ်းစေတီမှာ





www.burmeseclassic.com

www.burmeseclassic.com

(လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်) ဘူမိဗေဒဌာနကြီးမှ ကြေးနီသတ္တုရိုင်းသိုက် လေ့လာ ရှာဖွေရေးလုပ်စဉ်က ဖြစ်ပါသည်။

"ကမ္ဘာ့ဏ် ဆိုတာ အာဋ္ဌာနာဋိယ သုတ်တော်ထဲက စာစကားပါ။ ကျုပ်တို့ အရပ်စကားနဲ့ပြောရရင် အုတ်တစောင့် (ဥစ္စာစောင့်) ပေါ့ဗျာ။ ဟောဒီ ကြေးစင်တောင်မှာ ရွှေဘုံသာဘိုးဘိုးနဲ့ ဥစ္စာစောင့်မချောချောလေး ရှိသဗျ။ ဆရာမောင်မောင်အေးတို့လူပျိုလေးတွေ ရေစက်ပါရင်တော့ တွေ့ရလိမ့်မယ်"

ဟု ဦးဘမြင့်က တကယ်လိုလို၊ နောက်ပြောင်သလိုလို ပြောဖူး၏။

၂၀၁၂ ခုနှစ်အတွင်းက သလ္လာဝတီမြို့တော်သို့ ရောက်သွားသောအခါ ၁၉၆၀ ပြည့်နှစ်တွင် ပထမအကြိမ်၊ ၁၉၆၃ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၇၂-၁၉၇၆ ခုနှစ်တွင် ငါးနှစ်ဆက်တိုက် တတိယအကြိမ်အဖြစ် ကြေးနီသတ္တုရိုင်းသိုက်လေ့လာရှာဖွေရေး ဘူမိဗေဒလုပ်ငန်းခွင်များ၌ သဲတစ်ဆုပ်၊ အုတ်တစ်ချပ်ပါဝင် ဆောင်ရွက်ခဲ့ဖူးသည့် ကြေးစင်တောင်ကြီးကို အမှတ်တရ လှမ်းမျှော်ကြည့်မိရာ -

"ဟောဗျာ"

ဟူ၍ပင် ရေရွတ်မိကာ မျက်စိကို ပွတ်၍ ထပ်ကြည့်ရပြန်ပါသည်။ ပြာရီညို့မှိုင်းသော တောင်ခိုးဖြူဖြူများ ခြုံသိုင်းနေတတ်သော ကြေးစင်တောင်ကြီး မြင်ကွင်းမှ ပျောက်ကွယ်ခဲ့ပြီတည်း။

ကြေးနီသတ္တုတွင်းများ တူးဖော်ထုတ်လုပ်သည့်နည်းစနစ်အရ 'ဟင်းလင်းဖွင့်တူးဖော်နည်း Open Cut' Method ဖြင့် တောင်ထိပ်ပိုင်းမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် Stepping Method ဖြင့် တစ်လွှာချင်း ဖြိုချကာ တောင်ခြေမြေပြင်ညီရောက်သောအခါ၌လည်း မြေအောက်အနက်ပိုင်းအား တစ်လွှာချင်း Step by Step ခရုပတ်ဖြိုဆင်းတူးဖော်နည်းဖြင့် တူးဖော်ရလေရာ ကျွန်တော်တို့မိတ်ဆွေ ကြေးစင်တောင်ကြီးလည်း ဤနည်းဖြင့် မျက်စိအောက်က ကွယ်ပျောက်ခဲ့လေပြီတည်း။

မျက်စိမြင်ကွင်းမှ ပျောက်ဆုံးသွားသော ကြေးစင်တောင်ကြီးရှိရာသို့ ငေးမျှော်ကြည့်ရင်း အတိတ်ပုံရိပ်တို့သည် စိတ်အာရုံဝယ်လူပ်ရှားပေါ် လွင်လာရာ-

ကြေးစင်တောင်ကြီးနှင့် စပယ်တောင်အကြားရှိ သတ္တုရိုင်းသိုက်လေ့လာရှာဖွေရေး ဘူမိဗေဒစခန်းလေးသည် တောတောင်ထဲတွင် ဖြစ်သော်ငြားလည်း အစီအစဉ်တကျ တည်ဆောက်ထားသဖြင့် နေချင့်စဖွယ် သာယာလှပနေပါသည်။ မြောက်ဘက်ဆုံး ကုန်းမြင့်လေးတွင် စည်းဝေးခန်းမနှင့် ရုံးခန်း၊ မျက်နှာချင်းဆိုင်၌ ဓာတ်ခွဲခန်း၊ တောင်ဘက်နား၌ စားသောက်ဆောင်နှင့် ဝန်ထမ်းများအတွက် အဆောင်များ၊ ထိုမှလွန်သော် မိသားစုပါသော ဝန်ထမ်းများနေသည့် တဲအိမ်လေးများ၊ ဓာတ်ခွဲခန်းအနောက်ဘက်၌ စတိုအဆောက်အအုံများနှင့် စက် ယန္တရားများထားသည့်နေရာ စသည်ဖြင့် စနစ်တကျ တည်ဆောက်ထားပါသည်။

ကြေးနီသတ္တုသိုက်၏ ပမာဏကို တွက်ချက်ရန်အတွက် မြေအောက်အနက်ပေ မည်မျှအထိရှိသည်ကို အတိအကျသိရှိရန် အင်အားကောင်းသော လွန်တွင်းတူးစက် (Drilling Machine) ကြီးများဖြင့် နေ့ဆိုင်း၊ ညဆိုင်း (Day Shift/ Night Shift) အလှည့်ကျ (၂၄) နာရီလုံး တူးဖော်ကြရပါသည်။ စက်တွင်းတူးဖော်သော အင်ဂျင်နီယာတစ်ဖွဲ့လျှင် အလုပ်ချိန် (၈) နာရီစီ တူးဖော်ကြရပါသည်။ မာကျောသည့်ကျောက်လွှာများနှင့် ကြေးနီသတ္တုရိုင်း ပါဝင်သော ကျောက်လွှာ (Copper Ore) များကို ထွင်းဖောက် တူးဖော်နိုင်သော စိန်သွားတပ်လွန် Diamond Bit (part of a tool for drilling holes) ဖြင့် တူးဖော်ရခြင်းဖြစ်သည်။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၌ တွင်းတူးလွန်စက်ကြီး (၅) လုံးဖြင့် (၅) နေရာခွဲ၍ တူးကြရပါသည်။ တစ်ဆိုင်းလျှင် လွန်စက်အင်ဂျင်နီယာတစ်ဦး၊ လက်ထောက်နှစ်ဦး၊ လုပ်သားလေးဦးနှင့် သတ္တုရိုင်းပါသော လွန်စာတောင့် Core များမှတ်တမ်း Logging ပြုရန် ဘူမိဗေဒပညာရှင်တစ်ဦးတို့ ပါဝင်ပါသည်။

၁၉၇၃ ခုနှစ်မတိုင်ခင်ကာလများက စနစ်ဟောင်းဖြင့် တူးဖော်ကြရသဖြင့် အနက်ပေတစ်ထောင်ခန့်ရောက်အောင် (၂) လ၊ (၃) လ ကြာတတ်ပါသည်။ ၁၉၇၃ ခုနှစ်ရောက်သောအခါ ဂျပန်အင်ဂျင်နီယာများရောက်လာကာ သူတို့နှင့်တစ်ပါတည်း ယူဆောင်ခဲ့သော တွင်းတူးစက်သစ်ကြီးများနှင့် ဝါယာလိုင်းနည်းစနစ်တို့ကြောင့် အနက်ပေ တစ်ထောင်ခန့်ကို တစ်ပတ်အတွင်း တူးနိုင်ခဲ့ပါသည်။

စနစ်သစ်ကြောင့် တူးဖော်မှုမြန်သလို လွန်တွင်းနေရာလည်း တစ်ပတ်တစ်ခါလောက် ပြောင်းရွှေ့တူးရသဖြင့် လွန်တွင်းနေရာ Drill Site သတ်မှတ်တိုင်းတာပေးရသော ဆာဗေယာ (မြေတိုင်းပညာရှင်) ကျွန်တော် (မောင်မောင်အေး) လက်မလည်အောင် တိုင်းတာရေးကိရိယာ သီအိုဒိုလိုက်တစ်လုံးဖြင့် မနားရတော့ပါ။ လက်ထောက်ဆာဗေယာ ကိုသန်းဝင်း (အငြိမ်းစား) (ယနေ့ ကျူရှင်လောကတွင်အောင်မြင်နေသော ဆရာသန်းဝင်း) ရှိနေ၍ တော်ပါသေးသည်။

**လက်ဝှကာဆရာကြီးစန္ဒြ၏ ဟောချက်မှန်ခြင်း**

ကြေးနီသတ္တုရိုင်းသိုက် လေ့လာရှာဖွေ တိုင်းတာရေးမှ ကြေးနီသတ္တုသန့်စင်ထုတ်လုပ်ရေးအဆင့်သို့ ပြောင်းလဲတော့မည်ဖြစ်၍ လေ့လာရှာဖွေရေးအဆင့်လုပ်ငန်းများအား သက်ဆိုင်ရာ ဘူမိဗေဒပညာရှင်များ၊ လွန်တွင်းတူးဖော်စက်ဘက်ဆိုင်ရာအင်/ယာများ၊ ဓာတုဗေဒဓာတ်ခွဲခန်းပညာရှင်မှအစ လုပ်ငန်းနှင့်ပတ်သက်သူ ဝန်ထမ်းအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းနေကြရပါသည်။ ကြေးနီသတ္တုရိုင်းသန့်စင်စက်ရုံငယ် Pilot Plant လည်း ဂျပန်အင်/ယာများနှင့် တည်ဆောက်နေပြီ ဖြစ်သည်။

ကျွန်တော်လည်း လွန်တွင်းအသစ်နေရာများ တိုင်းတာခြင်းသာမက ကြေးစင်တောင်စခန်းနှင့် ပုလဲ-ဂန့်ဂေါလမ်းမကြီးသို့ဆက်သွယ်ရမည့် တစ်မိုင်ကျော်ရှည်သောလမ်းမကြီးတစ်လမ်းပါ တာဝန်ယူ၍ ဖောက်လုပ်နေရပါသည်။ ထိုလမ်းသစ်သည် ပုလဲ-ဂန့်ဂေါလမ်းမဘေးရှိ ဝါးတန်းရွာနားတွင်ဆုံမည် ဖြစ်ပါသည်။ လမ်းဖောက်လုပ်ငန်းတွင် စက်ယန္တရားများပါ အသုံးပြုရသဖြင့် ကျွန်တော့်လက်အောက်တွင် ကိုမတ်စု (KO-MATSU Bulldozer D.8) တစ်စီး၊ ကက်တာပီလာမော်တော်ဂရေဒါလမ်းချော လမ်းညှိစက်တစ်စီး၊ လမ်းကြိတ်စက်တစ်စီး ကျောက်သယ်မြေသယ် ဟီးနိုးဒမ်... နှစ်စီးရှိနေပါသည်။

စက်ယန္တရားကြီးများ မောင်းနှင်သည့် ယာဉ်မောင်းများက သူတို့ ရည်ရွယ်ချက်များဖြင့် -

"ဆရာမောင်မောင်အေးက လမ်း အင်ဂျင်နီယာလုပ်နေပြီး ကားလေး



www.burmeseclassic.com

www.burmeseclassic.com

မမောင်းတတ်သေးဘူးဆိုရင် ဘယ်ဟုတ်မှာလဲ။ ဒီခေတ်မှာ မိန်းကလေးတွေတောင် ကားမောင်းနေကြတာပဲ။ ကျွန်တော်သင်ပေးပါမယ် ဆရာရဲ့"

ဟု ဆိုကာ စည်းရုံးသိမ်းသွင်းကြသလို ဘူဒိုဇာဆရာကလည်း -

"ဘူဒိုဇာကြီး မောင်းဖူးတယ်ရှိအောင် မောင်းကြည့်ပါ။ ဒါမျိုးအခွင့်အရေးရခဲတယ်"

ဟူ၍ တစ်နည်း။

"ဂီယာ(Gear)တစ်ဒါဇင်လောက်ပါတာဆိုလို့ ကျွန်တော့် မော်တော်ဂရေဒါပဲ ရှိတယ်။ လေ့လာကြည့်ပါဦး လမ်းဗိုလ်ကြီး"

ဆိုသူက မော်တော်ဂရေဒါမောင်းသူ။

ကျွန်တော်က ကားကို ကိုယ်တိုင်မောင်းဖို့ဝေးစွ၊ ထိုင်စီးလိုက်ရတာတောင်မှ ကြောက်လို့ သမ္မုဒ္ဒေကို တဖွဖွရွတ်ဆိုရင်း ကားစီးတတ်သူဖြစ်လေတော့ သူတို့ ရည်ရွယ်ချက် မအောင်မြင်။

*(သူတို့ အရပ်ဒေသ အသုံးအနှုန်းအရ လမ်းအင်/ယာကို လမ်းဗိုလ်ဟု ခေါ်ပါသည်။)*

မအောင်မြင်ပေမယ့်လက်မလျှော့။ သူတို့ အောင်မြင်လျှင် သူတို့လိုချင်တဲ့ အခွင့်အလမ်းလေးကို ကျွန်တော်က နာစေးနေလိုက်ရုံမျှ။

တစ်ခါမက စည်းရုံးပါများတော့ ကျွန်တော် ကားမောင်းခြင်းအတတ်ကို တတ်ခဲ့ရသည်။ ဘူဒိုဇာ၊ မော်တော်ဂရေဒါ၊ လမ်းကြိတ်စက်တို့ကိုလည်း ကျွမ်းကျင်စွာ မောင်းတတ်ခဲ့ပါသည်။ ထိုအတောအတွင်း ဟီးနိုးဒမ်ပါကားမောင်းသူတစ်ယောက် အလုပ်မှထွက်သွားသဖြင့် သူနေရာ လူသစ်မခန့်တော့ဘဲ ကျွန်တော်ကိုယ်တိုင် တာဝန်ယူမောင်းနှင်ပါတော့သည်။ ယာဉ်မောင်းနှင်ခွင့်လိုင်စင်အမှတ် (အို ၅၇/၇၆) ပင် ရရှိခဲ့ပါသည်။

မော်တော်ယာဉ် မောင်းနှင်ခွင့်လိုင်စင်ရသောအခါ ကျွန်တော် ငယ်စဉ်က ရန်ကုန်မြို့ မြေနီကုန်း အင်္ဂလန်မင်းလမ်းတွင်နေသော လက္ခဏာဆရာကြီးဆရာစန္ဒြထံ လက္ခဏာကြည့်ဖူးသည်ကို အမှတ်ရမိပါသည်။

"မင်းအသက်(---)နှစ်မှာ ကားမောင်းတတ်ပြီး ကိုယ်ပိုင်ကားမောင်းရမယ်"

ဆိုသော ဟောကြားချက်ပါ။ ပင်ကိုမူလစိတ်တွင် ကားမောင်းလိုသောဆန္ဒလုံးဝမရှိသူဖြစ်သောကြောင့် -

"ဆရာ့ရဲ့လက္ခဏာပညာကို နားမလည်ပေမယ့် ကျွန်တော့်ဘဝမှာ ကိုယ်ပိုင်ကားမောင်းဖို့ဆိုတာ ဘယ်လိုမှဖြစ်လာနိုင်စရာမမြင်ဘူး"

ဟု ခွန်းတုံ့ပြန်ခဲ့ဖူးပါသည်။

ယခုတော့ ဆရာစန္ဒြ ဟောကြားချက် ကွက်တိမှန်နေပါပေါ့လား။

**ဥစ္စာစောင့်မချောချောလေးလား**

ကြေးနီသတ္တု သန့်စင်ထုတ်လုပ်ရေးစက်ရုံဝယ် Pilot Plant တည်ဆောက်ရေးအတွက် လိုအပ်သောဆောက်လုပ်ရေးသဲများကို တောင်ခြေရှိ ယမားချောင်းအတွင်း သဲသောင်ခုံများမှ ဒမ်ပါထရပ်ကားကြီး (၄)စင်းဖြင့် သယ်ယူရပါသည်။ ထိုကား (၄) စီးတွင် တစ်စီးကို ကျွန်တော် မောင်းပါသည်။ ကားပေါ်သို့ သဲတင်ရာတွင် လူက သယ်ပိုးတင်ခြင်းမဟုတ်ဘဲ Shovel Loader စက်ဂေါ်ကြီးဖြင့် တင်ပေးခြင်းဖြစ်ရာ နှစ်ဂေါ်တင်လျှင် ကားတစ်စီးပြည့်ပါသည်။ (၅) မိနစ်ပင် မကြာပါ။

ကျောက်စရစ် (Gravel) များကို ကြေးစင်တောင်စခန်းနှင့် (၁၀)မိုင်ကျော်ကွာဝေးသော ဆားလင်းကြီးမြို့အနီးရှိ ကျောက်စရစ်ကုန်းများတွင် သွားရောက်သယ်ယူရပေရာ တစ်နေ့လျှင် ကားတစ်စင်း သုံးခေါက် သယ်ရသည်။ (၁၀)မိုင်ခန့် ဆိုသော်လည်း လမ်းကြမ်းသောကြောင့် တစ်ခေါက်လျှင် (၃) နာရီခန့် မောင်းရပါသည်။ မိုးလင်းသည်နှင့် စားသောက်ဆောင်တွင် ထမင်းကြော်၊ ရေနွေးကြမ်း စားသောက်ပြီး ကားလေးစီးလုံးထွက်ကြသည်။ ကိုတင်အောင်၊ ခင်မောင်မြ၊ ကိုစိုးမြင့်တို့က တကယ့်ဒရိုင်ဘာများဖြစ်၍ ကျွန်တော်က ဗော်လန်တီယာ (Volunteer) ဒရိုင်ဘာဖြစ်သော်လည်း သူတို့နည်းတူပင် အပင်ပန်းခံကာ မောင်းနှင်ပါသည်။

ထိုနေ့က ၁၉၇၄ ခု၊ မတ်လ၏ တစ်ခုသော ညနေချမ်းတွင် ကျွန်တော်တို့ ကျောက်စရစ်သယ်ကား (၄) စီးလုံး ကျောက်တင်ပြီးချိန်တွင် နေမင်းကြီးလည်း အနောက်ရိုးမပေါ် ဝယ် ပန်းသီးနီနီကြီးတစ်လုံးတင်ထားသည့်နှယ် ဝင်ခါနီးဆဲဆဲ တစ်နေ့တာကို 'တာ့တာ'လုပ်၍ နှုတ်ဆက်နေဘိသို့။

ကိုတင်အောင်တို့အုပ်စုက ရှေ့အရင် မောင်းနှင်ထွက်ခွာကြပါသည်။ ကျွန်တော်က သူတို့ထက် ဝါငယ်သောကြောင့်တစ်ကြောင်း၊ ဗော်လန်တီယာဒရိုင်ဘာဖြစ်၍တစ်ကြောင်း နောက်ဆုံးမှ လိုက်စေပါသည်။ ကျွန်တော့်အား ကားမောင်းသင်ပေးသော ကိုတင်အောင်က -

"လမ်းဗိုလ်ကြီးရေ၊ ဒီဆားလင်းကြီးလမ်းက မကောင်းတော့ ကျွန်တော်တို့ပဲ ရှေ့ကမောင်းပါမယ်။ လမ်းဗိုလ်ကြီး ဖြည်းဖြည်းသာ လိုက်ခဲ့ပေတော့"

ဟု တလေးတစားဆိုရှာပါသည်။

ဖောင်းကတာရွာမရောက်ခင် နေလုံးပျောက်၍ မှောင်စပြုပြီဖြစ်သောကြောင့် ရှေ့မီးကြီးဖွင့်ကာ မောင်းခဲ့ရာ ဖောင်းကတာရွာ မြောက်ဘက်နားအရောက်တွင် ကားလမ်းဘေးမှ လက်ပြကာ ရပ်ခိုင်းနေသော မိန်းကလေးတစ်ယောက်ကို မြင်ရသဖြင့် -

"ဘယ်ကိုလိုက်မှာလဲ"

မေးရင်း ရပ်ပေးလိုက်ပါသည်။

ပလတ်စတစ်ဆွဲခြင်း အနီရောင်ဆွဲလျက် အဖြူရောင်အင်္ကျီလက်ရှည်၊ ကျောင်းစိမ်းထဘီနှင့် အသက် (၂၀) ဝန်းကျင်ခန့် ဆရာမလေးဖြစ်ဟန်တူသော မိန်းမချောလေးတစ်ယောက်ဖြစ်ကြောင်း တွေ့ရပါသည်။

"ကျွန်မ ရွှေဘုံသာရွာ လိုက်ချင်လို့"

ဆိုသော စကားသံမှမဆုံးသေး၊ ကျွန်တော်က သူ့ဘက်ခြမ်းမှ တံခါးကို ဖွင့်ပေးပြီးနေပါပြီ။ ရှေ့ကား (၃) စီးက ဘာကြောင့်များ ဒီမိန်းကလေးကို တင်မသွားရသလဲဟုလည်း တွေးနေမိသည်။ ကျွန်တော်တို့ ကျောက်သယ်ဒမ်ပါကားကြီး (၄) စီးလုံးပင် ယာဉ်နောက်လိုက် စပယ်ယာမပါဘဲ ကားတစ်စီး ယာဉ်မောင်းတစ်ယောက်စီဖြင့်သာ မောင်းကြခြင်း ဖြစ်ပါသည်။ ခရီးကလည်း (၁၀) မိုင်ကျော်ရုံသာရှိသလို ဟီးနိုးဒမ်ပါကား အသစ်စက်စက်ကြီးများလည်း ဖြစ်၍ စပယ်ယာမပါခြင်း ဖြစ်ပါသည်။

မိန်းမချောလေး ကားပေါ်ရောက်ပြီးချိန်မှစ၍ ကားခေါင်းခန်းအတွင်းတွင် သင်းပျံ့သောအနံ့တစ်မျိုး မွှေးကြိုင်နေပါသည်။ နောက်ဆုံး ကားလည်းဖြစ်၊ စပယ်ယာလည်း မပါလေသည့်အတွက် သံသယစိတ်လေးဖြင့် တကယ့် လူသားမဟုတ်ဘဲ ပရလောကသားများပေလားဆိုသောအတွေးဝင်လာသလို သူပြော



www.burmeseclassic.com

www.burmeseclassic.com

သော ရွှေဘုံသာရွာကိုလည်း မကြားဘူးပါ။ သို့အတွက် -

"စောစောက မိန်းကလေး ပြောတာ ရွှေဘုံသာရွာ ဟုတ်တယ်နော်"

ဟု ဆိုရာ မိန်းမချောလေးကလည်း ချက်ချင်းပင် -

"ဟုတ်ပါတယ် ကိုကြီးရဲ့၊ မယုံလို့လား"

ဟု တုံ့ပြန်အပြုံးလေးဖြင့်ဆိုရာ-

"မယုံလို့ မဟုတ်ပါဘူး၊ မကြားဘူးလို့ပါ"

"ဩော် - အစ်ကိုကြီးကလည်း၊ ရွှေဘုံသာရွာ ဆိုတာ ဖောင်းကားရွာ မရောက်ခင် ကားလမ်းမြောက်ဘက်မှ လှမ်းမြင်နေရတဲ့ ရွှေဘုံသာတောင်ခြေက ရွာလေးပေါ့။ နောက် ကိုကြီးသိချင်နေတာတစ်ခုရှိသေးတယ် မဟုတ်လား။ ကျွန်မ နာမည်လေ။ မြသီဂီပါတဲ့"

ဟု ဆိုလိုက်သဖြင့် ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပါသည်။ အမှန်ပင် မေးမည်ဟု စိတ်ကူးဆဲ ဖြစ်ပါသည်။ ထို့ကြောင့် မလုံမလဲဖြစ်ကာ မြသီဂီ ဆိုသော မိန်းမချောလေးကို မဝံ့မရဲ တစ်ချက်ခိုးကြည့်လိုက်ပါသည်။ ခေါင်းခန်းအတွင်းမှ မီးလုံးလေးဖွင့်ထားသဖြင့် ထင်ရှားစွာ တွေ့မြင်နေရသည်။

ဆားလင်းကြီးလမ်းသည် ယခုလို ညဘက်များတွင် ကားအသွားအလာနည်းသောလမ်း ဖြစ်ပေရာ လမ်းတစ်လျှောက်လုံး မျက်နှာချင်းဆိုင်မှ လာသောကားလည်း တစ်စီးတလေမျှ မတွေ့ရချေ။ ကျွန်တော်လည်း မြသီဂီဆိုသော မိန်းမလေးအား မည်သည့်စကားမျှမဆိုတော့ဘဲ ကားကိုသာ ဂရုတစိုက်မောင်းနှင်ခဲ့ပါသည်။ မကြာမီပင် ညောင်ပင်ကြီးရွာတောင်ဖျားသို့ ရောက်ရှိလာပြီဖြစ်၍ အရှိန်လျှော့ကာမောင်းခဲ့ပါသည်။

ဤညောင်ပင်ကြီးရွာသည် သလ္လာဝတီမြို့တော်၏အနောက်ဘက်တစ်လွှားတွင် အချက်အချာကျသောနေရာဖြစ်ပါသည်။ ပခုက္ကူ၊ ရေစကြို၊ လင်းကတော၊ ကျားတက်၊ ဆားလင်းကြီးဘက်မှလာသော မော်တော်ကားလမ်းနှင့် ဂန့်ဂေါ၊ ကျော၊ ခင်အေး၊ ပုလဲ၊ မင်းတိုင်ပင်၊ ယင်းမာပင် စသည်တို့မှလာသော ကားလမ်းတို့ဆုံရာ အချက်အချာကျသည့် ရွာကြီး ဖြစ်ပါသည်။ စာတိုက်ခွဲ၊ ရဲစခန်း၊ အလယ်တန်းကျောင်းတို့ရှိသလို လမ်းဆုံမှ ကမ်းနားတစ်ဝိုက် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင် ဈေးကလေးတို့ဖြင့် စည်ကားလှပါသည်။ ညောင်ပင်ကြီးမှ သလ္လာဝတီမြစ်ကို ဖြတ်ကူးလိုက်လျှင် တစ်ခေတ်တစ်ခါက အဆိုကျော် သန်လျှင်လှလှရီ သီဆိုသည့် ကျော်ကြားလှသော သီချင်း 'သလ္လာဝတီမြို့တော်' ခေါ် မုံရွာသို့ ရောက်ပါပြီ။

ကျွန်တော်သည် ကြေးစင်တောင် ဘူမိဗေဒစခန်းဝန်ထမ်းများ၏ စားသောက်ခန်း Mess ၏ တာဝန်ခံလည်း ဖြစ်သောကြောင့် ယနေ့ ညစာဟင်းမကောင်းကြောင်း သိနေရာ ညောင်ပင်ကြီးဈေး ကိုဘဆင့်ထမင်းဆိုင်မှ ဟင်းတစ်ခုခုတော့ ဝယ်သွားမည်ဟု ဆုံးဖြတ်ရင်း လမ်းဆုံ ဘီအီးယမကာဆိုင်ရှေ့၌ ရပ်ထားသည့် ကိုတင်အောင်တို့ ကားအုပ်စုဘေးတွင် ရပ်လိုက်ပါသည်။

"မြသီဂီရေ၊ ကိုဘဆင့်ထမင်းဆိုင်မှာ ဟင်းသွားဝယ်ချင်လို့ ခဏလေး စောင့်နော်"

ဆိုရင်း ထွက်ခဲ့ပါသည်။

ဟင်းဝယ်ပြီးအပြန်တွင် ယမကာဆိုင်၌ဝိုင်းဖွဲ့နေသည့် ကိုတင်အောင်တို့ အုပ်စုအား ကျွန်တော့်ကား ရှေ့မှမောင်းနှင့်မည်ဖြစ်ကြောင်း လှမ်းပြောလိုက်ရာ ကိုတင်အောင်က -

"လောလှချေလား လမ်းဗိုလ်ကြီးရဲ့။ ကားပေါ်မှာ ခရီးသည်လည်း တစ်ယောက်မှမပါဘဲနဲ့ တစ်ခွက်တစ်ဖလားချလိုက်ပါဦး"

ဟု လှမ်းအော်သဖြင့် လက်ကာပြကာ ကားရှိရာသို့ ထွက်ခဲ့ပါသည်။ ကားပေါ်မှာ မြသီဂီထိုင်နေတာ သူတို့ မမြင်လို့ဖြစ်မှာပါဟုတွေးရင်း စက်နှိုး၍ ထွက်ခဲ့ပါသည်။ မြသီဂီ၏မျက်နှာလေးကို မသိမသာ ခိုးကြည့်မိရာ မြသီဂီကလည်းအကြည့်နှင့် မျက်လုံးချင်းဆုံသွားကြပါသည်။

မြသီဂီ ဆိုသော အမည်မျိုးကို ဤဒေသ၌ မကြားဘူးသလောက်ပင်။ နာမည်လေးက လှသလို ရုပ်ရည်လည်း ချော်မောလှပသူလေး ဖြစ်သည်။ မြသီဂီ၏မျက်နှာလေးတွေ့ရသောအခါ ရင်းနှီးကျွမ်းဝင်ဖူးသောသူတလေးဟု စိတ်တွင် ခံစားရမိသည်။ မိန်းကလေးချောချော မြင်လျှင် ခံစားမိသောစိတ်ကြောင့်ပေလားဟုလည်း တွေးပါသည်။

တစ်ဦးနှင့်တစ်ဦး တွေ့ကြဆုံကြ ကြိုက်ကြ ချစ်ခင်ပေါင်းသင်းရေးနှင့် ပတ်သက်၍ ဘဝပေါင်းများစွာ အတိတ်သံသရာက အလှူဒါန အတူတကွ ပြုလုပ်ခဲ့ကြခြင်း၊ ရေစက်အတူချခဲ့ကြခြင်း၊ တစ်ဦးနှင့်တစ်ဦး သစ္စာဆို ဆုပန်ခဲ့ကြဖူးလျှင် ယခုဘဝ၌လည်း ဆုံတွေ့၍ အတူလက်တွဲကြရသည်ဟု မြတ်စွာဘုရားက ဟောကြားခဲ့သည်။ ဤအကြောင်းကြောင့်ပေလား။

အို-ငါဘာတွေလျှောက်တွေးနေမိပါလိမ့်။ မြသီဂီ ဆိုတဲ့ မိန်းကလေးနဲ့ ခုမှ တွေ့ဖူးတာဆိုရင်း အတွေးစိတ်များကို ဖယ်ထုတ်လိုက်ရပါသည်။ ကားကိုလည်း ဖြည်းဖြည်းသာ မောင်းနှင်နေသော်လည်း ကျော်ဖြတ်ရမည့်ခရီးတွေက ရောက်လွယ်လိုက်တာဟု ထင်မိပါသည်။ ခုပင်လျှင် ညောင်ပင်ကြီး အ-လ-ကကျောင်း၊ အောင်ချမ်းစီကွေ့၊ ကျော်ရွာ၊ နွားချီတောင် တစ်ခုပြီးတစ်ခု . . . ။

ယခုလို နေဝင်မိုးချုပ်တွင် အဖော်မပါ တစ်ကိုယ်တည်း ယာဉ်မောင်းခန်းတွင် လိုက်ပါဝံ့သော မိန်းကလေးသည် လူသားစင်စစ် ဟုတ်ပါ၏လော၊ နာနာဘာဝဆိုသော ပရလောကသူလေးပေလော။

ဒီလောက် ချောမောလှပတဲ့ မိန်းကလေးဟာ ပရလောကသားတော့ မဟုတ်နိုင်ပါဘူး။ ပရလောကသားဆိုရင် ငါ့ကားကိုဘာယ်စီးမှာလဲ။ သူတို့ကမှဖို့ဖို့တန်ခိုးနဲ့သွားမှာပေါ့ဟုတွေးရင်း ကျော်ရွာအလွန်ရှိ ကားလမ်းမြောက်ဘက်ဘေးနားမှ ထုံးဖွေးဖွေးစေတီလေးနား ရောက်လာသောအခါ မြသီဂီ ပြောသော ရွှေဘုံသာလမ်းခွဲနီးပါပေါ့လားဟု တွေးရင်း သူဆင်းတော့မှာပါလား ဆိုသည့်အသိကြောင့် ရင်တွင်းဝယ် ဆွေးမြည့်စွာ ခံစားရပါသည်။

ထိုစဉ်မှာပင် -

"ကိုကြီးရေ၊ ရှေ့က ထနောင်းပင်ကြီးနားရပ်ပေးပါ"

ဆိုသံကြောင့် မြသီဂီ၏ မျက်နှာလေး လှမ်းကြည့်မိရာ သူကလည်း ရီဝေတဲ့မျက်လုံးလေးတွေနဲ့ ကျွန်တော့်ကို ပြန်ကြည့်နေပါသည်။ ထနောင်းပင်ကြီးနား ရောက်သောအခါ ဘရိတ်နင်းရင်း ညင်သာစွာ ရပ်ပေးလိုက်ပါသည်။

မြသီဂီလည်း ကားပေါ်က ဆင်းပြီးမှ သတိရဟန်ဖြင့် -

"ဩော် - မေ့လို့ ကိုကြီးရေ၊ ကားခမှ မပေးရသေးတာ"

ဆိုလျက် သူ့ပိုက်ဆံအိတ်ကလေးထဲမှ ငါးကျပ်တန်တစ်ရွက် ထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com

သည်။

"မလိုပါဘူး မြသီဂီရယ်၊ စေတနာနဲ့ ကူညီတာပါ"

"ကျေးဇူးပဲ ကိုကြီးရေ၊ သွားမယ်နော်"

ဟု နှုတ်ဆက်ထွက်ခွာသွားသော မြသီဂီအား မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်တိုင် အမှောင်တွင်းသို့ ကြည့်နေမိပါသည်။

ကျွန်တော် ကားခမယူခြင်းသည် မြသီဂီတစ်ဦးသာမဟုတ်ပါ။ ကျွန်တော်မောင်းသောကားအားစီးသူတိုင်း မည်သူကိုမျှ ကားခမယူပါ။ ဇော်လန်တီယာ ဒရိုင်ဘာဖြစ်၍တစ်ကြောင်း၊ ငွေကြေးအတွက် မောင်းခြင်းမဟုတ်သည် တစ်ကြောင်းတို့ကြောင့် ခရီးသည်များထံမှ ကားခမယူခြင်းပါ။

ကြေးစင်တောင်ဝန်းကျင်ရွာများဖြစ်သော မြရိပ်ညို၊ ရွှေပန်းခိုင်၊ ရေကြည်ဝင်၊ ထန်းတောကြီး၊ ရွာသာ စသော ရွာများမှ လမ်းကြုံ၍ စီးဖူးသူတိုင်း ကားခမယူသောကြောင့် ညောင်ပင်ကြီးဆိပ်ကမ်းရောက်လျှင် မုန့်ကျွေးခြင်း၊ လက်ဖက်ရည်တိုက်ခြင်းဖြင့် ကျေးဇူးတုံ့ပြန်ကြပါသည်။

စခန်းပြန်ရောက်သောအခါ စက်ရုံတွင် ကျောက်စရစ်များချပြီး ရေမိုးချိုးကာ ဝယ်လာသောဟင်းဖြင့် ညစာစားလိုက်ပါသည်။ ဆားလင်းကြီးကားလမ်းတလည်းကြမ်း၊ တစ်နေ့ကို ကျောက်လည်းသုံးခေါက်ရအောင် သယ်ရလေသောကြောင့် အိပ်ရာပေါ် လှဲချ၍ မကြာမီ အိပ်ပျော်ခြင်းသို့ရောက်သွားပါသည်။

**ချစ်သက်သေတည် လွမ်းစေတီသို့**

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ။

"ကိုကြီး. . . ကိုကြီး"

ခေါ်သံလိုလို ကြားသောကြောင့် အိပ်နေရာမှနိုးသွားကာ ထထိုင်လိုက်ပါသည်။

လပြည့်ခါနီး တပေါင်းလ၏ ညသည် ထိန်ထိန်သာလျက်ရှိသည်။ ကြေးစင်တောင်စခန်းတစ်ခုလုံး လရောင်အောက်တွင် အိပ်မော်ကျနေသည့်အလား တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ တစ်ခါတစ်ရံ ကြေးစင်တောင်မှ ညဆိုင်းအလုပ်ဆင်းနေကြသည့် ကျောက်တူးစက်သံများသဲ့သဲ့မျှသာကြားရသည်။

ခေါ်သံကြားရာဆီသို့ မျက်စိကို



ပွတ်သပ်၍ကြည့်မိရာ အပေါ်၊ အောက် အစိမ်းနုရောင်ဝမ်းဆက် ဝတ်ဆင်ကာ ကေသာတွင် ပန်းတွေဝေနေအောင် ပန်ထားသည့် မိန်းကလေးတစ်ဦး ရပ်လျက်ရှိသည်ကို မြင်ရသဖြင့် တကယ်လား၊ အိပ်မက်လား ဝေခွဲမရ၍ ကျွန်တော်၏ ဘေးတစ်ဖက်ခုတင်တွင် အိပ်နေသည့် လက်ထောက်ဆာဗေယာမောင်သန်းဝင်းကို လှမ်းကြည့်မိရာ အသက်ရှူသံပြင်းပြင်းဖြင့် အိပ်မောကျလျက်ရှိသည်ကို တွေ့ရပါသည်။

အခန်းတွင်း၌လည်း သင်းပျံ့သော မွှေးရနံ့တစ်မျိုး ကြိုင်လှိုင်လျက်ရှိသဖြင့် မိန်းကလေးပန်ထားသောပန်းများမှဖြစ်ပေလိမ့်မည်ဟု မှတ်ယူမိပါသည်။ ထူးဆန်းသည်က အခန်းတွင်းဝယ် လရောင်မရှိဘဲ မိန်းကလေးအား သဲကွဲစွာ မြင်နေရခြင်းပါ။ မိန်းကလေး၏ မျက်နှာကို မြင်ဖူးသည် ထင်သော်လည်း ဘယ်မှာမြင်ဖူးသည်ဟု စဉ်းစားမရချေ။

"မမှတ်မိဘူးလား ကိုကြီးရဲ့၊ မြသီဂီလေ"

ဟု ဆိုလေမှ ညနေက ကားပေါ်တွင် ပါလာသော မိန်းကလေးပါလားဟု။

ရွှေဘုံသာလမ်းခွဲတွင် ဆင်းနေခဲ့ပါလျက် ဘာကြောင့် အိပ်ရာဘေးတွင် ရောက်နေရသလဲ။

မအိပ်ခင်က ပိတ်ထားခဲ့သော အိပ်ခန်းတံခါးကော မည်သူဖွင့်ထားသလဲ။ မောင်သန်းဝင်း တစ်ရေးနိုးအပြင်ထွက်ရင်း မေ့၍ မပိတ်မိလေသလား။ အတွေးပေါင်းများစွာကြောင့် ဘာစကားမှမဆိုမိ။

"ကိုကြီး၊ ဘာတွေတွေးနေတာလဲ။ လာပါ၊ အပြင်က လရောင်အောက်သွားရအောင်"

ဟု ဆိုရင်း ထွက်ခွာသွားသော မိန်းကလေးနောက်သို့ ကျွန်တော်လည်း အလိုလိုလိုက်သွားမိပါသည်။

"ကိုကြီးကို လာခေါ်တာ။ ဟိုးသလ္လာဝတီမြစ်ကမ်း ကျောက်မျက်တောင်ပေါ်ကစေတီလေးကို သွားရအောင်"

ဆိုတဲ့ မြသီဂီ၏ ပြောစကားကြောင့် ချက်ချင်းပင် သတိဝင်လာကာ-

"အို - မဟုတ်တာ၊ ညအချိန်မတော်ကြီးသွားလို့ဘယ်ဖြစ်မလဲ"

ဟု ပြောလိုက်ပါသည်။

ကျောက်မျက်တောင်စေတီ ဆိုသည်မှာ ကျွန်တော်တို့ဘူမိဗေဒစခန်း၏ အရှေ့ဘက် (၃) မိုင်ခန့်အကွာ သလ္လာဝတီမြစ်ကမ်းနားရှိ ကျောက်မျက်တောင်ပေါ်မှစေတီတော် ဖြစ်ပါသည်။

"ဘာမှမစိုးရိမ်ပါနဲ့ ကိုကြီးရဲ့။ ဒီဒေသတစ်ဝိုက်မှာ သွားချင်တဲ့နေရာကို အချိန်းမရွေးသွားလို့ရတယ်။ မြသီဂီနောက်ကသာလိုက်ခဲ့"

ဟု ဆိုလျက် ကျွန်တော်တို့နေသည့် ကြေးနီဆောင်ဘေးနားမှ အောက်ဘက် ယာကွက်များသို့သွားသော လမ်းကလေးအတိုင်းဆင်းသွားသည့် မြသီဂီ၏နောက်ပါးမှ ကျွန်တော်လည်း လိုက်ပါလျက်သားဖြစ်နေပါသည်။ ကျွန်တော်၏စိတ်၊ ကျွန်တော်၏ကိုယ်ဖြင့် လိုက်ပါနေခြင်းမဟုတ်ဟု ထင်မိသည်။

ဒုံးတောရွာနှင့် ကံကုန်းရွာကြားရှိ ထန်းတောများအတွင်းမှ မြေလမ်းလေးအတိုင်းလျှောက်ကာ ကျောက်မျက်ရွာမြောက်ဘက်ထိပ်မှ တောင်တက်လမ်းလှေကားထစ်များအတိုင်း တက်ခဲ့ကြပါသည်။ ဤကျောက်မျက်တောင်ထိပ်ရှိ စေတီတော်နှင့် ကြေးစင်တောင်စခန်းသည် ခြေကျင်ခရီးတစ်နာရီခန့်လျှောက်ရပါသည်။ ယခုမူ (၅) မိနစ်ပင်မကြာဟု ထင်ပါသည်။ အိပ်မက်များလားဟု သံသယဝင်မိပါသော်လည်း အိပ်မက်မဟုတ်ပေ။

ကျောက်မျက်စေတီတော်ထံပါးသို့ရောက်ရှိချိန်တွင် လေပြည်လေညင်းလေးများတိုက်ခတ်နေသဖြင့် ထီးတော်မှ ဆည်းလည်းသံလေးများ သာယာကြည်နူးစွာ ကြားနေရပါသည်။ လမင်းကြီးကလည်း ထိန်ထိန်သာနေသလို စေတီတော်၏ အရှေ့ဘက်တောင်ခြေမှ



www.burmeseclassic.com

www.burmeseclassic.com

ပတ်ကာ ညင်သာစွာ စီးဆင်းနေသော သလ္လာဝတီမြစ်ကြီး၏ ရေပြင်သည်လည်း ငွေဇာပဝါဖြန့်ခင်းထားဘိအလား လရောင်ဖြင့် တဖိတ်ဖိတ်တောက်ပနေပါသည်။

တစ်ဖက်ကမ်းတွင် လှမ်းမြင်နေရသည့် သလ္လာဝတီမြို့တော်မှပြာလဲ့သောမာကျူရီမီးရောင်များက ကွက်တိကွက်ကျားလင်းနေသလို အနောက်ဘက်တွင် မြင်နေရသည့် ကြေးစင်တောင်ထိပ်ရှိ တွင်းတူးစက်ကြီးများ၏ မီးရောင်ကလည်း ကြယ်ပွင့်လေးများအလား မှုန်ဝါးစွာဖြင့် . . . ။

"ကိုကြီး၊ ဘာတွေငေးကြည့်နေတာလဲ"

ဆိုသောအသံကြားလိုက်မှ အနား၌ မြသိင်္ဂီတစ်ယောက်ရှိနေကြောင်း အမှတ်ရလာပါသည်။

"ဟောဟိုထန်းတောတွေကြားမှာ မြင်နေရတဲ့ ညို့ညို့ဆိုင်းဆိုင်း ဂုံတောရွာရယ်၊ ကြေးစေကျွရွာ၊ ဒုံးတောရွာ၊ ကံကုန်းရွာတွေရဲ့သမိုင်းကြောင်း ကိုကြီး သိလား"

ဟု ဆိုသဖြင့် ကျွန်တော်က -

"ကိုကြီးက ဒီနယ်သား မဟုတ်တော့ မသိပါဘူး ညီမလေးရယ်"

"ဒီလို ကိုကြီးရယ်၊ ဟိုးလွန်ခဲ့တဲ့တစ်ချိန်ကပေါ့။ ဒီကျောက်မျက်တောင်ပေါ်မှာ ဂန္ဓာရီကျင့်စဉ်တွေလိုက်နေတဲ့ ကိုရင်တစ်ပါးသီတင်းသုံးတယ်။ တစ်နေ့မှာတော့ မလိုက်သင့်တဲ့အာရုံမှားတစ်ခုကိုပြုမိလို့ ကျင့်စဉ်တွေပျက်ပြား၊ အမှားမှားအယွင်းယွင်းတွေဖြစ်ပြီး ကိုရင်ဘုဉ်းပေးတဲ့ဆွမ်းထဲမှာ ကျောက်အကွဲစတစ်စပါသွားပြီး လည်ချောင်းမှာစူးသွားတယ်။ ထွက်အောင်လုပ်ပေမယ့် မရတော့ဘူး။ ကျင့်စဉ်စရဏပျက်လို့ ဆိုင်ရာက ဒဏ်ခတ်တာပေါ့။

လည်ချောင်းဝေဒနာက ဆိုးသထက်ဆိုးလာပြီး စိတ်ဖောက်ပြန်သွားတယ်။ ဒါကြောင့် ဂုဏ်တော်စိပ်ပုတီးရယ်၊ ကြေးစည်လေးရယ်ယူပြီး ကျောက်မျက်တောင်အနောက်တစ်လွှား ခြေဦးတည့်ရာသွားတယ်။ ဦးစွာပထမ လက်ကဆွဲလာတဲ့ကြေးစည်လေးကျခဲ့တယ်။ စိတ်တွေမမှန်လို့ ပြန်ကောက်ဖို့ သတိမရဘူး။

အတော်လှမ်းလှမ်းတစ်နေရာကိုရောက်တော့ လက်မှာပတ်ထားတဲ့ ဂုဏ်တော်ပုတီးကျခဲ့တယ်။

ဝေဒနာတွေပိုဆိုးလာတာကြောင့် ခြေဦးတည့်ရာ ဒုန်းစိုင်းပြေးရာက ဟောဟိုက ညို့မှိုင်းနေတဲ့ ကုန်းတက်ကလေးလည်းရောက်ရော ကံကုန်ပျံလွန်တော်မူသွားရှာတယ်တဲ့။

ကြေးစည်လေးကျခဲ့တဲ့ နေရာကို ကြေးစေကျွရွာ၊ ဂုဏ်တော်ပုတီးကျခဲ့တဲ့ နေရာကို ဂုံတောရွာ၊ ဒုန်းစိုင်းပြေးခဲ့တဲ့ နေရာကို ဒုံးတောရွာ၊ ကံကုန်လဲကျ ပျံလွန်တဲ့နေရာကို ကံကုန်းရွာရယ်လို့ ရွာတွေတည်ခဲ့ကြတယ်။

*(ထိုရွာများ ယခုတိုင် ကြေးစင်တောင်သတ္တုတွင်းအရှေ့ဘက်တွင် ရှိပါသည်။)*

မြသိင်္ဂီ၏ စကားအဆုံးတွင် ကျွန်တော်က -

"ကိုရင့်ရဲ့အဖြစ်က ဆိုးလိုက်တာနော် မြသိင်္ဂီရယ်"

လို့ ဆိုတော့ -

"ကိုရင့်အဖြစ်ထက်ဆိုးပြီး သနားစရာကောင်းတဲ့ သစ္စာရှင်မလေးရှိသေးတယ် ကိုကြီးရဲ့"

လို့ ဆိုပြန်တာကြောင့် ကျွန်တော်လည်း စိတ်ဝင်စားလာကာ -

"ဆက်ပါဦး မြသိင်္ဂီရယ်"

ဟူ၍ . . . ။

"ကိုကြီးက ဒီကြေးနီသတ္တုရှာဖွေရေးစီမံကိန်းမှာ ရောက်နေတာကြာပြီဆိုတော့ မြရိပ်ညိုရွာ သိမှာပေါ့"

"သိရုံမကဘူး၊ ရွာကိုပါ ရောက်ဖူးတယ်။ ကျောင်းဆရာ ကိုတင်ရွှေ မရီတို့ဆိုတာ ကိုကြီးမိတ်ဆွေတွေပဲ"

ဟု ဆိုကာ မြသိင်္ဂီ၏ ချောမောလှပသောမျက်နှာလေးကိုကြည့်ရင်း သူပြောမည့်ဇာတ်လမ်းလေးကို နားစွင့်နေပါသည်။

"ဟိုးကမြင်နေရတဲ့ ယမားချောင်းကြီးရဲ့မြောက်ဘက်ကမ်းက မြရိပ်တောင်နဲ့မနီးမဝေးမှာ မြရိပ်ညို ဆိုတဲ့ ရွာကြီးရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတဲ့ ဇေယျာထွန်းနဲ့ မြသိင်္ဂီတို့ဇနီးမောင်နှံလည်း အဲဒီရွာကြီးမှာနေကြတယ်။

သူတို့ ဇနီးမောင်နှံဟာ မိဘရိုးရာတောင်သူလုပ်ငန်းနဲ့ လုပ်ကိုင်စားသောက်ကြရင်း ပိုလျှံတဲ့ ပဲ၊ ပြောင်းတွေကို သလ္လာဝတီမြစ်ကြီးရဲ့အရှေ့ဘက်ကမ်းက ဗဒုံမြို့မှာ သွားရောက် ရောင်းချတယ်။ ဗဒုံ ဆိုတာ ဟောဟိုက မီးရောင်တွေမြင်နေရတဲ့ အလုံမြို့ပါပဲ။

ဗဒုံမြို့မှာ တောင်ယာထွက် သီးနှံတွေရောင်းချရင်းနဲ့ ကြေးထည်ပစ္စည်းလုပ်တဲ့ ပန်းတဉ်းဆရာကြီး ဦးငြိမ်းနဲ့ ခင်မင်ရင်းနှီးလာကြတယ်။

ဦးငြိမ်းက သူလုပ်တဲ့ ကြေးထည်ပစ္စည်းတွေကို တစ်နှစ်မှာ နှစ်ကြိမ်လောက် အောက်ပြည်အောက်ရွာကို သွားရောက် ပေးသွင်း ရောင်းချတယ်။

တစ်ခါမှာတော့ ဇေယျာထွန်းလည်း ဦးငြိမ်းနဲ့အတူ အောက်ပြည်အောက်ရွာကို ကုန်ရောင်းကုန်ဝယ်လိုက်ကြည့်ချင်တာကြောင့် မြသိင်္ဂီနဲ့ တိုင်ပင်ပေမယ့် မြစ်ကူးချောင်းခြား ခရီးဝေး သွားဖို့ မြသိင်္ဂီက ခွင့်မပြုတာကြောင့် မအောင်မြင်ခဲ့ဘူး။ ဒါပေမယ့် ဇေယျာထွန်းက မကြာမကြာသွားခွင့်တောင်းတာကြောင့် လိုက်လျောခွင့်ပြုလိုက်ရပါတယ်။

အောက်ပြည်အောက်ရွာအရောင်းအဝယ်မသွားခင် တစ်ရက်မှာ ဆရာငြိမ်းထံက ဝယ်လာခဲ့တဲ့ ကြေးဆည်းလည်းလေးတစ်လုံးမှာ ဇေယျာထွန်းနဲ့မြသိင်္ဂီ ကောင်းမှုလို့ စာတန်းရေးထိုးလို့ ဇနီးမောင်နှံ ဘဝဆက်တိုင်း ပေါင်းရပါစေကြောင်း ချစ်သက်သေတည်ရင်း ဒီကျောက်မျက်စေတီထီးတော်ထံပါးမှာ တင်လှူခဲ့ကြပါတယ်။ ဟောဟိုအရှေ့ဘက်တည့်တည့်က ဆည်းလည်းလေးပေါ့။

ဇေယျာထွန်းလည်း ဆရာငြိမ်းနဲ့အတူ အောက်ပြည်အောက်ရွာကို အရောင်းအဝယ်လိုက်ပါသွားခဲ့ပါတယ်။

ဇေယျာထွန်းခရီးထွက်နေစဉ်အတွင်း မြသိင်္ဂီလည်း မိန်းကလေးအဖော်တွေရရင် ဒီကျောက်မျက်တောင်စေတီတော်ထံပါး အရောက်လာလို့ တောင်းလေးများ ကပ်လှူပူဇော်ရင်း ဇေယျာထွန်းတစ်ယောက် ရောင်းပန်းဝယ်ပန်းကောင်း၍ ဘေးမသီရန်မခ အပြန်လမ်းလှပါစေကြောင်း ဆုခွေ့တောင်းရင်း ဇေယျာထွန်းတို့ အညာလှေကြီးနဲ့ စုန်ဆင်းသွားရာ သလ္လာဝတီမြစ်ပြင်တစ်ကြောကို လှမ်းမောစွာ ငေးမျှော်ရင်းကြည့်ခဲ့ရတဲ့လွမ်းစေတီလေးဆိုရင်လည်း မမှားပါဘူး။

ပြန်ရောက်သင့်တဲ့ရက်မှာ အထက်ဘက်ကမ်းကူးပြီး သတင်းမေးရတာလည်း အခါခါပါ။ နှစ်လကျော်လို့ သုံးလအတွင်း ဝင်ခဲ့ပါပြီ။ ချစ်သူ ဇေယျာထွန်းတို့က မရောက်လာသေး။

တစ်နေ့ အလုံဘက်ကမ်းအခြေမှာ မကြားရဲစရာသတင်းက ဇေယျာထွန်းနဲ့ ဆရာငြိမ်းကြီးတို့ ကုန်ရောင်း



www.burmeseclassic.com

www.burmeseclassic.com

အပြန် သာယာဝတီနယ် ဂရန်တော တန်းအရောက်မှာ ပါသမျှငွေ ဓားပြတိုက်ခံရတော့ ပြန်လည်ခုခံတဲ့ ဇေယျာထွန်းရော ဆရာငြိမ်းပါ ဓားပြများက သတ်လိုက်တယ်ဆိုတဲ့ သတင်းဆိုးကြီးပါ။

ကြားရတဲ့သတင်း မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း အလုံဘက်ကမ်းက ပြန်လာတဲ့ မြသီဂီတို့ လှေကလေးဟာ သလ္လာဝတီနဲ့ ယမားချောင်းတို့ဆုံရာ ရေစီးသန်တဲ့မြစ်လယ်အရောက် မိုးသက်လေပြင်းတွေ ကျရောက်လာပြီး လှိုင်းလုံးကြီးများထကြွကာ လှေကိုမထိန်းနိုင်တော့ဘဲ မြစ်လယ်မှာ နစ်မြုပ်ရာက ကံဆိုးမလေးမြသီဂီ အသက်ဆုံးခဲ့ပါတယ်။

ကြေးစင်တောင်ကိုစောင့်တဲ့ ရွှေဘုံသာဘိုးဘိုးက ခေါ်ထားလို့ မြသီဂီလည်း ဒီဘဝရောက်နေတာပါ"

ဟု ဆိုရင်း ဇာတ်ကြောင်းလေးကို ကြေကွဲစွာ အဆုံးသတ်လိုက်တဲ့ မြသီဂီကို အထိတ်တလန့်ကြည့်ရင်း -

"ဒါ. . . ဒါဆို မြသီဂီက လူသားမဟုတ်တဲ့ပရလောကသူပေါ့။ ကိုကြီးကို ဘယ်အတွက်ခေါ်လာပြီး ဒီအကြောင်းတွေ ပြောရတာလဲ"

ဟု အထိတ်တလန့်မေးရာ -

"မေးရက်လိုက်တာ ကိုကြီးရယ်။ မြသီဂီ အနှစ်နှစ်အလလက စောင့်စားခဲ့ရတဲ့ ချစ်သူ ဇေယျာထွန်းဟာ ကိုကြီးပဲပေါ့"

ဆိုသဖြင့် -

"ဟာ - မဖြစ်နိုင်ဘူး။ ကိုကြီးက ဟိုးအောက်ပြည်အောက်ရွာ လက်ပံတန်းမြို့က မောင်မောင်အေးပဲဟာ"

ဆိုတော့ -

"ခုဘဝမှာ မောင်မောင်အေးဖြစ်နေတဲ့ကိုကြီးဟာ ဓားပြသတ်လို့ အသက်ဆုံးသွားတဲ့ မြသီဂီရဲ့ချစ်သူ ဇေယျာထွန်းဆိုတာ မြသီဂီ သိတယ်။ ဒါကြောင့် ကိုကြီးနဲ့ မြသီဂီတို့ ချစ်သက်သေတည်ခဲ့တဲ့ ဒီစေတီတော်ထံပါး ခေါ်လာခဲ့ပြီး ပြောပြတာပဲ"

ဆိုကာ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လျက် -

"ဒီတစ်ခါတော့ မြသီဂီထံပါးက ဘယ်ကိုမှသွားခွင့်မပြုနိုင်တော့ဘူး"

ဟု ပြတ်သားစွာ ဆိုနေသည့်အတွက် ကျွန်တော် အထူးပင်ထိတ်လန့်သွားပါသည်။

မြသီဂီပြောသလို ယခင်အတိတ်ဘဝက မြသီဂီ၏ချစ်သူ ဇေယျာထွန်းဟုတ်၊ မဟုတ် ကျွန်တော့်တွင် ဇာတိသရညာဏ်မရှိ၍ မသိနိုင်ပါ။ ဟုတ်သည်ဆိုစေဦး။ ကျွန်တော်က လူသားစင်စစ်၊ မြသီဂီက ပရလောကသူ။ ဘဝချင်းမတူကြ။ 'မြသီဂီထံပါးက ဘယ်ကိုမှသွားခွင့်မပြုနိုင်တော့ဘူး' ဆိုသည်က ကျွန်တော်၏ဝိညာဉ်ကို နုတ်ယူမှုရပေမည်။ သို့ဆိုလျှင်. . .။

ဆက်မတွေးရဲတော့သည်နှင့် ကျွန်တော် အမြဲထုံမွှမ်းလေ့ရှိသော သမ္ဗုဒ္ဓေဂါထာတော်ကို ဘုရားအာရုံပြုရင်း မျက်စိမှိတ်ကာ အကြိမ်ကြိမ်ရွတ်ဆိုနေစဉ် -

"တယ်မိုက်လှပါလား မြသီဂီ"

ဆိုသံနှင့်အတူ ရွှမ်းခနဲ ကျာပွတ်ရိုက်သံမျိုးတစ်ချက်ထွက်ပေါ်လာကာ -

"အချိန်တန်ရင် ပြန်ဆုံရမယ်လို့ ဘိုးဘိုးပြောထားတဲ့စကား နားမထောင်ဘူး။ ခုချက်ချင်းပြန်ပို့လိုက်"

ဟူသော အမိန့်ပေးသံကြားရပြီး တိတ်ဆိတ်ငြိမ်သက်သွားပါသည်။

သမ္ဗုဒ္ဓေဂါထာတော် ရွတ်ဆိုခြင်းရပ်နား၍ မဝံ့မရဲ မျက်စိဖွင့်ကြည့်လိုက်ရာ မြသီဂီကိုသော် လည်းကောင်း၊ ဘိုးဘိုးဆိုသော အသံရှင်ကိုသော်လည်းကောင်း မည်သူ့ကိုမျှမတွေ့ရတော့ဘဲ ကျွန်တော်၏အိပ်ရာပေါ်တွင် တစ်ကိုယ်တည်းထိုင်ရင်း သမ္ဗုဒ္ဓေရွတ်နေသည့်အနေအထားမျိုးဖြစ်ရာ အိပ်မက်လားဟု စဉ်းစားသော်လည်း မဟုတ်ချေ။ ဝေခွဲရခက်လှပါသည်။

မနက်လင်းသောအခါ အလုပ်နားရက်လည်းဖြစ်၍ စားရိပ်သာတွင် စွန်တာနီပဲပြုတ်ဖြင့်ကြော်ထားသော ထမင်းကြော်ကို စားသောက်ပြီး နီကွန်ဘိုင်နီကူလာမှန်ပြောင်းယူ၍ လက်ထောက်ဆာဗေယာ ကိုသန်းဝင်း (ခ) အကောက်ကိုပါခေါ်ကာ ညက မြသီဂီနှင့်သွားခဲ့ကြသည့်လမ်းအတိုင်း ကျောက်မျက်တောင်စေတီတော်သို့ထွက်ခဲ့ကြသည်။

ကျောက်မျက်တောင်ပေါ်စေတီတော်ရှိရာသို့ နံနက်(၉)နာရီ၌ ရောက်ရှိပါသည်။ ယမန်နေ့ညက မြသီဂီနှင့် အတူထိုင်ခဲ့သောနေရာတွင် ထိုင်ကာ စေတီတော်အား ရှိခိုးဝတ်ပြုပါသည်။

မြသီဂီပြောပြခဲ့သော ထီးတော်ရှိ ဆည်းလည်းများမှ အရှေ့အရပ်တည့်တည့်ရှိ ဆည်းလည်းအား နီကွန်ဘိုင်နီကူလာမှန်ပြောင်းဖြင့်ကြည့်ရာ လေတိုက်နေသဖြင့် စာကိုဖတ်မရပါ။ လေငြိမ်သွားသောအချိန်မှ ဘိုင်နီကူလာဖြင့်ထပ်ကြည့်ရာ 'မြရိပ်ညိုရွာ၊ ဇေယျာထွန်း+မြသီဂီကောင်းမှု' ဟူ၍ ထင်ရှားစွာတွေ့မြင်ရပါသည်။

ကျွန်တော်မောင်မောင်အေးသည် ယခင် အတိတ်ဘဝက ဇေယျာထွန်းဟုတ်သည်၊ မဟုတ်သည်ကို မသိရပါသော်လည်း အနမတဂ္ဂသံသရာ၏လည်ပတ်မှုသဘောတရားများကို ဆင်ခြင်ရင်း ချစ်သူဇေယျာထွန်းအား အစွဲအလမ်းကြီးမားစွာဖြင့် စောင့်မျှော်နေရှာသော ပရလောကသူလေး မြသီဂီတစ်ယောက် ဤဘဝမှကျွတ်လွတ်ပါစေဟုဆုတောင်းကာ အိတ်ထဲတွင်ပါခဲ့သော ငွေ(၁၀၀၀)ကျပ်ကို စေတီတော်အလှူခံပုံးတွင်ထည့်သွင်းလှူဒါန်း၍ မြသီဂီအား အမျှပေးဝေပြီး ကြေးစင်တောင်ဘူမိဗေဒစခန်းသို့ ပြန်ခဲ့ပါသတည်း။

**စာကြွင်း။** ။ လွန်ခဲ့သောနှစ်ပေါင်း (၄၀) ခန့် (၁၉၇၂-၇၆) က ကြေးစင်တောင်သတ္တုရိုင်းသိုက်လေ့လာရှာဖွေရေး ဘူမိဗေဒတွင်းဆင်းလုပ်ငန်းများဆောင်ရွက်စဉ် တစ်ခုသောည၌ လူလော၊ ပရလောကသားလော ခွဲခြားရန်ခက်သည့် မိန်းကလေးတစ်ဦးနှင့် ကျွန်တော်ဆုံခဲ့ရပါသည်။ ထိုဖြစ်ရပ်မှာ ကြေးစင်တောင်စခန်းတွင် အတူတကွတာဝန်ထမ်းဆောင်ကြသော အပေါင်းအသင်းများကြားတွင် အုတ်အော်သောင်းတင်းဖြစ်သွားရုံမျှမကဘဲ အနီးဝန်းကျင်ရှိ ငါးတဲစု၊ ရွာသာတို့ထိပင် သိကုန်ကြရာ ရွာသာမှ ရှေ့မီနောက်မီသက်ကြီးရွယ်အိုတို့က ထိုတောင်တွင် အမှန်ပင် ဝေမာနိကတို့ရှိကြောင်း ထောက်ခံကြ၏။

ကြာခဲ့ပြီဖြစ်သော ထိုဖြစ်ရပ်အား မေ့မေ့ပျောက်ပျောက်ရှိခဲ့ရာမှ အသက်ရှင်ဆဲ လုပ်ဖော်ကိုင်ဖက် ပင်စင်စားကြီးများဖြစ်သည့် ကိုသန်းဝင်း(ခ)အကောက်လက်ထောက်ဆာဗေယာ၊ ကိုကျော်စိန်ဝင်း လက်ထောက်အင်/ယာ၊ ဒေါ်အေးမြင့် (ကွယ်လွန်သူ အင်/ယာတစ်ဦး၏ ဇနီး) တို့နှင့် ဘဏ်တွင် ဆုံတွေ့ရာမှ ဝေမာနိကမလေး၏ ဇာတ်လမ်းအား သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ရေးသားပါရန် တိုက်တွန်းကြသောကြောင့် ကျွန်တော့်ကိုယ်တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်အား ဇာတ်လမ်းဖွဲ့ ရေးသား တင်ပြအပ်ပါကြောင်း။

ခတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ



**Libra the Scales**

**တူရာသီ (ချိန်ခွင်)**

**စက်တင်ဘာ (၂၄) ရက်မှ အောက်တိုဘာ (၂၃) ရက်အတွင်း မွေးဖွားသူများ**

အိမ်ထောင်ရေး၊ လုပ်ဖော်ကိုင်ဖက်၊ ရန်ငြိုးရန်စ၊ ရန်သူ စသည့် အကြောင်းအရာများကိုဖော်ပြသည့် ရာသီရုပ်မှာ (အမည်အားဖြင့်) 'ချိန်ခွင်' ဖြစ်သည်။ တစ်ဖက်စောင်းနင်းဖြစ်မှုကို ရှောင်ရှားလျက် တရားမျှတမှုကိုလိုလားကြောင်း ဖော်ပြသည်။ လူ့အသိုင်းအဝန်းအတွင်း စနစ်တကျ စီမံကိုင်တွယ် ဖြေရှင်းနိုင်မှုများကို ကိုယ်စားပြု ဖော်ပြ၏။ တရားဥပဒေအရ ညီညွတ်မျှတစွာစီရင်တတ်ခြင်းနှင့် စစ်မှန်သော (ဖြူစင်ရိုးသားသော) ပညာရှိတို့၏အတွင်းသဘောသဘာဝကို ဖော်ပြသည်။

ရက်စက်ကြမ်းကြုတ် ရိုင်းစိုင်းခြင်းကို မုန်းတီးကြောင်း တူရာသီဖွားများ၏ စရိုက်လက္ခဏာများက ဖော်ပြပါသည်။ စိတ်ရင်းစိတ်ထား စေတနာ ကောင်းမွန်သူများ ဖြစ်သည်။ တစ်ခုမဟုတ်တစ်ခု အမြဲလုပ်နေတတ်သော (အငြိမ်မနေ၊ အနားမယူတတ်ကြသည့်) လူစားများ ဖြစ်သည်။ တစ်ခါတစ်ရံ၌ အလေသုံးဆယ်နိုင်တတ်ကြသည်။

တူရာသီဖွားများ၏ အခြေခံသဘာဝသည် ချိုမြိန်ခြင်း၊ လင်းလက်တောက်ပခြင်းနှင့် အလှအပ ဟူသမျှအပေါ် မြတ်နိုး တန်ဖိုးထားတတ်ကြသည်။ ၎င်းရာသီဖွားများသည် ပင်ကိုစရိုက်လက္ခဏာအရ ညီညွတ်မျှတခြင်း၊ တည်ငြိမ်မှုရှိခြင်းကို လိုလားကြသော်လည်း အချို့သော အခြေအနေများ၌ စိတ်အပြောင်းအလဲမြန်တတ်ကြသည်။ ခုချက်ချင်းဆိုသလို စိတ်ဓာတ်တက်ကြွလာပြီး တစ်ခဏအတွင်းမှာပင် ၎င်းတက်ကြွမှု လျော့ပါးကျဆင်းသွားတတ်သည်။ လတ်တလော၌ပင် လမ်းတစ်လမ်းကိုသွားရန် ရွေးချယ်ပြီးသား ဖြစ်သော်လည်း တစ်ခဏအချိန်တွင်းမှာပင် အခြားတစ်လမ်းကို ရွေးချယ်တတ်ပြန်ပါသည်။ သဘောကောင်းသူများဖြစ်သော်လည်း တစ်ခါတစ်ရံ စိတ်ကောက်တတ်ကြသည်။ ဉာဏ်ရည်ထက်မြက်သူများ ဖြစ်သော်လည်း တစ်ခါတစ်ရံ မယုံကြည်နိုင်လောက်အောင် အယုံလွယ်တတ်သည့် ထုံထိုင်း နုံအ,သည့် အခြေအနေမျိုးနှင့်လည်း တွေ့မြင်ရတတ်ပါသည်။

တူရာသီဖွားတို့ အဆုံးစွန်ထားရှိသော မဟာရည်ရွယ်ချက်မှာ အဘက်ဘက်၌ ညီညွတ်မျှတ၊ ညီညာချောမွေ့စေလိုခြင်းပင် ဖြစ်သည်။ ဗီးနပ်(စ်)နတ်သမီး၏ပါးချိုင့် ပါရှိတတ်ခြင်းဖြင့် ၎င်းရာသီဖွားတို့၏ မျက်နှာပေါက်အား ပိုမိုနှစ်လိုဖွယ် အလှကျက်သရေ တိုးစေပါသည်။ အပေါ်ယံ (အပြင်ပန်းအားဖြင့်) ပျော့ပျောင်းသည့်ဟန်ရှိသော်လည်း စိတ်မထိန်းနိုင်လောက်အောင် ဒေါသအိုးပေါက်ကွဲတတ်သည့်အခါလည်း ရှိတတ်ပါသည်။ ဗီးနပ်(စ်)နတ်သမီး၏ပင်ကိုအသံမှာ ခေါင်းလောင်း (သို့) ဆည်းလည်းကလေးများကဲ့သို့ ချိုသာကြည်လင်ခြင်းရှိသော်လည်း ဒေါသထွက်နေသော တူရာသီဖွား၏အသံက ဝမ်းခေါင်းအတွင်းမှ ညစ်အော်လိုက်သည့် မနှစ်မြို့ဖွယ်၊ မသာယာဖွယ်အသံ ဖြစ်နေတတ်သည်။

တူရာသီဖွားတို့၏ ပါးစပ်ပေါက် (သို့) နှုတ်ခမ်းလွှာများသည် လေးကိုင်းသဖွယ် တင့်တယ်စွာ ညွတ်ကွေးနေတတ်ပါသည်။ ငယ်ရွယ်သူ အမျိုးသားများဖြစ်လျှင် ခန့်ချောချောတတ်ကြပြီး မိန်းကလေးဖြစ်ပါက လှပကြော့ရှင်းတတ်ကြသည်။ သို့သော် ရုပ်ရည်ရူပကာချောမော လှပသူတိုင်းလည်း တူရာသီဖွားများမဟုတ်ကြပါ။ တစ်ခါတစ်ရံ တူရာသီဖွား အမျိုးသမီးများ ယောကျ်ားဆန်ဆန် တောင့်တောင့်ဖြောင့်ဖြောင့် ပုံစံဖြင့် ရှိနေတတ်ပြီး အမျိုးသားတို့ လုပ်နိုင်စွမ်းသောအရာမှန်သမျှကို သူမ တို့ကပါ ပါဝင်လုပ်ဆောင်နိုင်သည်ကို တွေ့ရသည်။ ထိုသို့ ရေးသားဖော်ပြခြင်း အတွက် ကျန်ရှိတူရာသီဖွားများ မိန်းမ ဆန်ကြသည်ဟု မဆိုလိုပါ။ သာမန်အား ဖြင့် ရုပ်ဆိုးသည်ဟု ပြောရလောက် အောင်မရှိသည့် ရာသီဖွားများမှာ တူရာ သီဖွားများပင် ဖြစ်သည်။ ၎င်းရာသီဖွား များသည် တစ်ခါတစ်ရံ ဆံပင်ကောက် ကွေးတတ်ကြသည်။ တူရာသီဖွားတို့၏ စိတ်သန္တာန်၌ ချိန်ခွင်လျှာညီနေပြီ ဆိုပါ က လုံးဝဥဿုံ နှစ်သက်ကြည်နူးဖွယ်ရာ အဖြစ် တွေ့မြင်ရတတ်သည်။

အရာရာကို တည်ငြိမ်အေးချမ်း စေလိုသည့်သဘောထားရှိသူပီပီ တခြား သူစိမ်းတစ်ရံများ အကြီးအကျယ်ပြဿ နာတက်နေ၊ တိုက်ခိုက်နေပါက ကြား ဝင်လျက် ငြိမ်းချမ်းစွာ ပြေလည်မှုရ အောင် ညှိနှိုင်း စေ့စပ်ပေးတတ်ကြ သည်။ ပွရောင်းနေသည်များကို တ[illegible] လျစ်စွာဖုံးဖိစေခြင်း၊ ဖရိုဖရဲဖြစ်နေသည် များကို သူ့နေရာနှင့်သူ နေသားတကျ ပြန်လည် (သပ်ရပ်စွာ) ထားရှိနိုင်ခြင်း များသည် တူရာသီဖွားတို့၏ မွေးရာပါ ဂုဏ်အင်လက္ခဏာများပင် ဖြစ်သည်။ တစ်ခုမဟုတ်တစ်ခု လုပ်နေရမှ ကျေနပ် သူများပီပီ အကြောင်းကိစ္စတစ်ခုခုဖြင့် ညဥ့်နက်သန်းခေါင် (မအိပ်မနေ) အလုပ် များနေတတ်သည်။ ပုံစံအားဖြင့် လ[illegible] သတ္တဝါတို့ကဲ့သို့ တာရှည်အလုပ်လုပ် နိုင်ကြသူများ ဖြစ်သည်။

ပင်ကိုသဘာဝအရ ချိန်ခွင်လျှာ ညီတတ်သောသဘောရှိသော်လည်း [illegible] သားသဘာဝအရ စိတ်နှင့် စိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ်တည်းမကျသည့်အခါမျိုးများ၌ အစစအရာရာ လွဲချော်မှုများ ဖြစ်တတ်ပါသည်။

တူရာသီဖွားများသည် ကိုယ်၊ စိတ်၊ နှလုံး ထိခိုက်နိုင်မည့် အနေအထားမှန်သမျှကို ရှောင်ရှားတတ်ကြသည်။ ကျန်းမာရေးထိခိုက်နိုင်မည့် အစားအသောက်နှင့် အနေအထိုင်ကို ဂရုစိုက် ဆင်ခြင်တတ်ကြသည်။ အချိုအဆိမ့်စားသုံးခြင်းဖြင့် အဝလွန်ခြင်း၊ ဝမ်းဗိုက်ဆိုင်ရာရောဂါဖြစ်တတ်ခြင်းနှင့် ခန္ဓာကိုယ်အရေပြားပေါ်၌ အစက်အပြောက်များ ထွက်ပေါ်လာခြင်းများ ရှိတတ်သည်ကို သတိပြုရပါမည်။ အရက်သေစာသောက်သုံးတတ်သူများအဖို့ ကျောက်ကပ်နှင့်ဆီးအိမ်ဆိုင်ရာရောဂါပြဿနာများ ဖြစ်တတ်သည်။ ၎င်းအပြင် ယားနာပေါက်ခြင်း၊ ခေါင်းကိုက်တတ်ခြင်းနှင့် အရေပြားလောင်ခြင်းများ ရှိတတ်ပါသည်။ ခန္ဓာကိုယ်တစ်ခုလုံးအနေဖြင့် ဆတ်ဆတ်ထိမခံနိုင်ဆုံးသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှာ ရင်အုံဧရိယာတစ်ဝိုက်ပင် ဖြစ်သည်။ အများဆုံးဖြစ်တတ်သည့် အနာရောဂါမှာ ခြေထောက်ပိုင်းနှင့် အများဆုံး သက်ဆိုင်နေတတ်သည်။ သို့သော်လည်း သာမန်အခြေအနေများ၌ အများတကာထက် ကျန်းမာရေးကောင်းသူ၊ အနာအဆာကင်းသူများ ဖြစ်ကြပါသည်။ စိတ်ကျန်းမာရေး(သို့)စိတ်ပျော်ရွှင်မှုအတွက် နှစ်သက်ကြည်နူးစရာ စာအုပ်များ ဖတ်ရှုခြင်း နူးညံ့သာယာသော ဂီတသံစဉ်သီချင်းများနားဆင်ခြင်းတို့ လိုအပ်ပါသည်။

တူရာသီဖွားများသည် အရာရာ၌ ခြင်းခုံပြောဆိုတတ်လေ့ရှိသည်။ ထိုသို့သောအပြုအမူက သူ့အား ပြဿနာဖြစ်စေပါသည်။ သို့သော်လည်း ၎င်းအကျက် အဖြေမှန်ရရှိ သဘောပေါက်စေသည်။ လုပ်ငန်းဆိုင်ရာ သဘောတူချက်များ၌ ကောက်ကျစ်ခြင်းမရှိ၊ ရိုးသားဖြောင့်မတ်စွာ ဆန္ဒပြုတတ်သည်။ အသေးအဖွဲ့ကိစ္စရပ်များအား ချဲ့ကားပြောဆိုလုပ်ဆောင်ခြင်းကို မုန်းတီးကြသည်။

တူရာသီဖွားများ၏ စရိုက်လက္ခဏာကို နားလည်နိုင်ရန် ၎င်းရာသီဖွားတို့၏ အခြေခံ စရိုက်လက္ခဏာကို အကြွင်းမဲ့ကျသိအောင် ကြိုးစားရပါမည်။

**တူရာသီဖွား (အမျိုးသား)**

သင့်အနေဖြင့် ၎င်းရာသီဖွား အမျိုးသားတို့ထံမှ အကြံဉာဏ်ကောင်းများစွာ ရရှိပါလိမ့်မည်။ သင့်တွင်ရှိနေသော အခက်အခဲပြဿနာအားလုံးအား ၎င်းကိုယ်တိုင်ကပင် ကူညီဖြေရှင်းသွားပါမည်။ အချစ်ရေးမှအစ အရာရာကို နှိုင်းချိန် တိုင်းတာလေ့ ရှိကြသည်။ တူရာသီဖွားများသည် အချစ်ကို ဖန်တီးတတ်ကြသည်။ အနုပညာ၊ အလှအပနှင့်ပတ်သက်၍ သိဟ်ရာသီဖွားများထက် ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်စွမ်းရှိကြသည်။

တူရာသီဖွားတို့၏ ကောက်ချက်ချခြင်း၊ ဆုံးဖြတ်ခြင်းများသည် တရားမျှတခြင်း၊ တိကျခြင်း၊ လက်တွေ့ဆန်ခြင်းသဘောများ ရှိသည်။ ၎င်းအမျိုးသားတို့သည် သားသမီးများအပေါ်၌လည်း မျက်နှာမလိုက်ဘဲ တန်းတူကျွေးမွေး စောင့်ရှောက်ကြသည်။ သားသမီးများအား ငယ်စဉ်ကတည်းကပင် မျှတစွာ ဆုံးဖြတ် နေထိုင်တတ်ရန် လေ့ကျင့်ပေးတတ်ကြသည်။ တူရာသီဖွားဖခင်တို့သည် တိတ်ဆိတ်သော်လည်း ဩဇာအာဏာထက်မြက်ကြသည်။

**တူရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွားအမျိုးသမီးများသည် အိမ်ထောင်မကျမီနှင့် အိမ်ထောင်ကျပြီးအချိန်များအထိ အလုပ်လုပ်တတ်ကြသည်။ လုပ်၍စိတ်ဝင်စားမှုရှိသော ပစ္စည်းများကို ဝယ်ယူတတ်ကြသည်။ သူမ၏စရိုက်လက္ခဏာအရ အဘက်ဘက်မှညီညွတ်မျှတခြင်းကို လိုလား၏။ သူမတို့အနေဖြင့် တစ်ဦးတည်း အလုပ်လုပ်နေရခြင်းကို မနှစ်သက်တတ်ပေ။ မည်သည့် အလုပ်ဌာနတွင်မဆို နေရာကောင်းရတတ်ကြသည်။ ဥပမာအားဖြင့် ကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌနေရာ၊ အမှုဆောင်အရာရှိချုပ် ရာထူးများ၌ နေရာယူ ဆောင်ရွက်ပေးရတတ်သည်။ သူမ(တို့)၏ခင်ပွန်းများကိုယ်စား အကြောင်းကိစ္စမှန်သမျှအား စီမံဆောင်ရွက်ပေးနိုင်ကြသည်။ မိတ်ဆွေအသစ်များကို ရှာဖွေတတ်ကြသည်။ မိမိလင်ယောကျ်ားဖြစ်သူသွားရာလမ်းတစ်လျှောက် ခလုတ်တံသင်းများရှိပါက ရှင်းလင်း ဖယ်ရှားပေးတတ်သည်။ မိမိခင်ပွန်းမဖြေရှင်းနိုင်သည့် အမှုကိစ္စအဝဝကို ဝိုင်းဝန်းစဉ်းစားဖြေရှင်းပေးသည်။

အခြေခံအားဖြင့် ဉာဏ်ရည်ထက်မြက်ပြီးသားဖြစ်သူများပီပီ အရာရာကို ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်သည့် အံ့မခန်းဖွယ်အစွမ်း ရှိသည်။ မိမိ၏အဆွေခင်ပွန်းဖြစ်သူတို့ လမ်းမှားသို့ ရောက်ရှိနေသည့်တိုင် ညင်သာစွာ ဖေးကူလျက် လမ်းမှန်ပေါ်ရောက်အောင် ပြန်လည်တင်ပေးတတ်ကြသည်။

၎င်းတူရာသီဖွား အမျိုးသမီးများသည် မရိုးသားမှုမှန်သမျှကို ရှောင်ကြဉ်တတ်ကြသည်။ ရင်းနှီးသူ ဖြစ်သော်လည်း ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော စာအိတ်အား လုံးဝဖွင့်ဖောက်ကြည့်ခြင်း မရှိကြပေ။ မိမိမိတ်ဆွေ၏ကုမ္ပဏီလုပ်ငန်း အတွင်းရေး (လျှို့ဝှက်ချက်) များကို မသက်ဆိုင်သောသူထံ လုံးဝ အသိပေးပြောကြားခြင်း မရှိတတ်ပေ။

တူရာသီဖွားမိခင်တို့အနေဖြင့် မိမိသားသမီး (ရင်သွေးငယ်) များအပေါ် အစွမ်းကုန်စောင့်ရှောက်တတ်ကြသည်။ သားသမီးများဘက်မှ မိခင်၏စကားအပေါ် နာခံမှုမရှိခဲ့လျှင် သူမဘက်မှ ဒေါသကြီးတတ်ပါသည်။

**တူရာသီဖွား (ကလေး)**

၎င်းရာသီဖွား ကလေးများသည် ဆုံးဖြတ်ချက် ပိုင်နိုင်စွာ မချနိုင်တတ်ကြပေ။ ၎င်းတို့အား အလောသုံးဆယ် တိုက်တွန်းခြင်းများအပေါ် မနှစ်မြို့တတ်ပေ။ ၎င်းကလေးများအား ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်ရန် လေ့ကျင့်သင့်ပါသည်။

တူရာသီဖွားတို့သည် အပေါ်ယံ (အပြင်ပန်း) အားဖြင့် ခေါင်းမာသည့်ပုံစံ ရှိတတ်ကြပါသည်။ သို့သော်လည်း တရားမျှတမှုကို လိုလားသူများ ဖြစ်သည်။


တူရာသီဖွား ယောကျ်ားကလေး၊ မိန်းကလေးများသည် အမှန်တရားကို ရှာဖွေရန်အတွက် မွေးဖွားလာသူများဖြစ်၏။ သနားကြင်နာတတ်သော နှလုံးသားနှင့်မျှတမှုကိုလိုလားကြသည်။ ၎င်းရာသီဖွား ကလေးများသည် မာကျောသောနှလုံးသားပိုင်ရှင်များကိုပင် ပျော့ပျောင်းနူးညံ့အောင် ပြုပြင်နိုင်စွမ်းရှိကြသည်။

ကလေးများပင် ဖြစ်သော်လည်း လူကြီးလူရွယ်များ၏ အတင်းအဖျင်းပြောခြင်းများကို မနှစ်သက်တတ်ကြပေ။ အရွယ်ငယ်သော်လည်း ကိုယ်ရေးကိုယ်တာကိစ္စများ ဝင်စွက်ဖက်ခြင်းကို သဘောမကျကြပေ။ မိမိအပေါ် ကြားဝင်စွက်ဖက်ခြင်းအား လက်မခံလို သူတစ်ပါးအပေါ် (ကိုယ်ရေးကိုယ်တာကိစ္စ) ဝင်ရောက်နှောင့်ယှက်ခြင်းလည်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြပေ။ ကလေးဘဝကတည်းက ပင် ပြဿနာအရှုပ်အထွေးများအား မနှစ်သက်သလို မိမိအခန်းနှင့် ပတ်ဝန်းကျင်၌ ညစ်ပတ်ပေရေနေခြင်း၊ ရှုပ်ထွေးခြင်းများကိုလည်း မနှစ်သက်တတ်ကြပေ။ သန့်ရှင်းရေးအပိုင်းနှင့်ပတ်သက်၍ မည်သူ၏တိုက်တွန်းချက်မှုမပါရှိဘဲ မိမိကိုယ်တိုင် ဆန္ဒအလျောက် ဝင်ရောက်ရှင်းလင်း သုတ်သင်တတ်သည်။

**တူရာသီဖွား (သူဌေး)**

တရားမျှတစွာဖြင့် စီးပွားရေးလုပ်ကိုင်တတ်သောသူများ ဖြစ်သည်။ ၎င်းရာသီဖွားသူဌေးတို့၏ မသိစိတ်မှ အလိုဆန္ဒများသည် အရာဝတ္ထုပစ္စည်းနှစ်ခု (သို့) လူပုဂ္ဂိုလ်နှစ်ဦးတို့ကို အလိုရှိတတ်ကြသည်။ လုပ်ငန်းများလုပ်ရာ၌ မိမိနှင့်တွဲဖက်လုပ်ကိုင်သူအပေါ် မျှတစွာဆက်ဆံတတ်ခြင်းကြောင့် တူသောအကျိုးပေးကို ပြန်လည်ရရှိခံစားရပါသည်။ မိမိနှင့် တွဲဖက်လုပ်ကိုင်သူအနေဖြင့် လိမ္မာကျွမ်းကျင်မှုနှင့် ပင်ကိုစွမ်းရည်များယုတ်လျော့နေသည့်တိုင် လိုအပ်သလို ဖြည့်စွက်၍ ထောက်ပံ့ကူညီပေးတတ်ကြ၏။

အခြားသောသူဌေးများကဲ့သို့ စားပွဲတွင်ထိုင်လျက် အမိန့်ပေး ညွှန်ကြားခြင်းသက်သက်ဖြင့် မနေတတ်ကြပေ။

တူရာသီဖွား သူဌေးတို့၌ ဆန့်ကျင်ဘက်အကြောင်းတရားနှစ်ခုက အမြဲတစေ အားပြိုင်လွန်ဆွဲနေတတ်သည်။ ခြစည်းရိုးပေါ် ခွထိုင်လျက် မိမိ၏ဘယ်ဘက် (သို့) ညာဘက် တစ်ဖက်ဖက်သို့ ဆင်းရမည့်အရေး စဉ်းစားနေသူနှင့် တူပါသည်။ မရပ်မနားစတမ်း(ဆက်တိုက်) အလုပ်လုပ်နေသော်လည်း ဆောင်ရွက်သော အမှုကိစ္စတိုင်း၌ မျှတမှုရှိရေးကို အလုပ်တစ်ခုသဖွယ် စိစစ်လေ့ရှိသည်။

၎င်းရာသီဖွား သူဌေးတို့သည် မိမိလုပ်ကိုင်လိုသည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ နူးညံ့ ညင်သာစွာ ပြုံးချို၍ အစ၊ အဆုံး ပွင့်လင်းစွာဖွင့်ပြောလျက် ဆွေးနွေးတတ်ကြသည်။

တူရာသီဖွားသူဌေး အများစုသည် တစ်ဖက်သားပေါ် ကျလောက်အောင် ပြောဆိုတတ်ခြင်း၊ ယုံအောင်ပြောနိုင်ကြခြင်း၊ အချေအတင်ပြောဆိုနိုင်ခြင်း စသည့် အရည်အချင်းများကို ပိုင်ဆိုင်
ထားကြသည်။ တူရာသီဖွားများတွင် မိမိ
အပြစ်အား အခြားသူပေါ်သို့ ပုံချတတ်
သူ ဟူ၍ အတော်အတန်တွေ့ရခဲသည်။
အမှားနည်းနိုင်သမျှ နည်းအောင်နေပြီး
မျှတစွာဆောင်ရွက်တတ်သူသာ များပါ
သည်။

တူရာသီဖွားဖြစ်သော ပညာရှိ
သူဌေးတို့သည် မိမိတို့၏ ကိုယ်၊ စိတ်
နှလုံးအား အမြဲတစေ ညီညွတ်မျှတမှု
ရှိစေရန် ကြိုးစား အားထုတ်ကြသည်။
မိမိလုပ်ငန်းဝန်းကျင်တစ်ဝိုက် အမျိုးမျိုး
သော ပြဿနာများအား မည်သူမျှ မ
စဉ်းစားမိသော တွေးခေါ်ဆင်ခြင်မှုများ
ဖြင့် စီမံဖြေရှင်းတတ်ကြသည်။

၎င်းရာသီဖွားသူဌေးတို့၏ အခန်း
တွင် နံရံများပေါ်၌ ယခင်ရခဲ့ဖူးသော
ဂုဏ်ထူးဆောင် ဆုတံဆိပ်ဖလားများ
အောင်လက်မှတ်၊ ဂုဏ်ပြုလက်မှတ်များ
နှင့် ပန်းချီကားများ ချိတ်ဆွဲထားသည်
ကိုတွေ့ရတတ်သည်။ တူရာသီဖွားသူဌေး
များသည် မိမိတို့ပြောကြားမည့် လုပ်
ငန်းဆိုင်ရာအကြောင်းအရာ စကားရပ်
တို့အား မပြောမီကပင် အကောင်းဆုံး
ဖြစ်အောင် ကြိုတင် ပြင်ဆင်ထားတတ်
ကြသည်။ နေ့စဉ်လိုလို အလုပ်များနေ
တတ်ခြင်းကြောင့် တစ်ခါတစ်ရံ အာ
ကြောများအတွက် အန္တရာယ်ရှိသည်အ
ထိ ကျန်းမာရေးထိခိုက်တတ်ပါသည်။

အထက်ပါ အရည်အချင်းများနှင့်
ပြည့်စုံသော သူဌေး (အမျိုးသမီး) များ
သည် အခြား ရာသီဖွားများမှာထက် တူ
ရာသီဖွားများ၌ အများဆုံးတွေ့ရတတ်
သည်။ စီးပွားရေးလုပ်ငန်းပိုင်းနှင့်ပတ်
သက်၍ ပြန့်ကျဲနေသည်များကို တစ်
စီကောက်၍ သူ့နေရာနှင့်သူ အစီအစဉ်
ကျအောင် ပြန်လည်နေရာချထားနိုင်
ခြင်း၊ ဘက်ပေါင်းစုံ၌ တရားမျှတမှုရှိ
ဖြင့် တိုးတက်အောင်ကြံဆောင်နိုင်ခြင်း
မိမိခင်ပွန်း (သို့) လုပ်ဖော်ကိုင်ဖက်တို့
အရေးကြီးသောကိစ္စရပ်များအတွက် ဆုံး
ဖြတ်ချက်မချနိုင်သည့်အခြေအနေ၌ ဝ
ဝင်ကောက်ချက်ချပေးခြင်း စသည့် စွမ်း
ရည်များကို ပိုင်ဆိုင်ထားပါသည်။

တူရာသီဖွားအမျိုးသမီးများသည်
ငြင်းချက်ထုတ်စရာ မရှိလောက်အောင်
လှပချောမောတတ်ကြသည်။ စကား
ပြောဆိုရာ၌ နူးညံ့ပျော့ပျောင်းစွာပြော
တတ်ကြသည်။ သူမထံ လာရောက်
သည့် Customers နှင့် Client (လာ
ကျ၊ ဝယ်နေကျ ဖောက်သည်)များသည်
လည်း သူမ၏စတိုင်ဟန်ပန်တွင်တ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကျက်သရေရှိသောအပြုံးအောက်၌ ရှန်းမထွက်နိုင်အောင် ရှိနေခဲ့ကြသည်။ သူမအနေဖြင့် နှစ်လိုဖွယ်အပြုံးဖြင့် တုံ့ပြန် ပြောဆိုနေသော်လည်း ရင်တွင်း၌ ဆန္ဒအမှန် (ရည်ရွယ်ချက်များ) အားလုံးဝ အပျောက်မခံတတ်ကြပေ။ သူမအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ခြင်း ပိုင်နိုင်ပြီဆိုပါက အရာအားလုံးကို ဖြတ်ကျော်နိုင်ပြီ ဖြစ်သည်။

တူရာသီဖွား သူဌေးမများသည် အချို့သောနေရာများ၌ အမျိုးသားများထက် ရဲတင်းတတ်ကြသည်။ ပြောရဲဆိုရဲခြင်းလွန်ပြီး (နှုတ်သီးကောင်းလျှာပါး) ဖြစ်သည်ထိ ဆိုးရွားစွာ တုံ့ပြန်တတ်ကြသည်။ သူမ၏လက်အောက်တွင် အလုပ်လုပ်သော သင်မှ အမှားတစ်စုံတစ်ရာပြုလုပ်မိခဲ့သော် သူမနှုတ်မှဖွင့်မပြောသော်လည်း အကြောင်းရင်းမှန် အစ၊ အဆုံး သိရှိပြီး မသိချင်ယောင်ဆောင်နေတတ်ပါသည်။

တူရာသီဖွား သူဌေး (အမျိုးသမီး) များသည် ခေတ်ဆန်သောအဝတ်အစားများ ပေါများလှပါသည်။ သူမ(တို့)၏ ပေါကြွယ်ဝမှုကို ဝန်ထမ်းမိန်းကလေးအများစုကပင် မနာလိုသည်အထိဖြစ်တတ်သည်။

တူရာသီဖွားသူဌေးတို့၏ ငွေကြေး (စီးပွား) ရှာဖွေမှုသည် တစ်ဖက်စွန်းမရောက်ဘဲ ကြားနေအမြင်တွင် ရှိနေကြသည်။ ထို့အတူ သူ့လက်အောက်တွင် အလုပ်လုပ်သော သင့်အားလည်း အရာရာကို တစ်ဖက်စွန်းမရောက်စေဘဲ တရားမျှတစွာ စီမံ ကိုင်တွယ်တတ်ရန် လက်ထပ်သင်ကြားပေးပါမည်။ ကောင်းမွန်သော အကျင့်စရိုက် လက္ခဏာများ အမွေခံခွင့်ရရှိရန် သင့်အနေဖြင့် ၎င်းသူဌေးမျိုးအပေါ် သစ္စာစောင့်သိရန်သာ လိုအပ်ပါသည်။

**တူရာသီဖွား (အလုပ်သမား)**

၎င်းရာသီဖွားတို့၏ သဘာဝအရ ချိန်ခွင်လျှာညီသကဲ့သို့ စိတ်တည်ငြိမ်မှုမရှိသောအခါများ၌ အမှားမှားအယွင်းယွင်းပြုမိတတ်ကြသည်။ တူရာသီဖွားတို့အတွက် အရေးကြီးဆုံးသော အချက်သည် ဟန်ချက်ညီနေခြင်းပင် ဖြစ်သည်။

တူရာသီဖွား (အလုပ်သမား) များသည် ၎င်းတို့ကို စိတ်အနှောင့်အယှက်တစ်စုံတစ်ရာမဖြစ်စေပါက လုပ်ငန်းခွင်အတွင်းတာဝန်ကျေပွန်အောင် ပျော်ရွှင်စွာလုပ်ကိုင်တတ်ကြသည်။ နေ့စဉ်အထိ



တွေ့ရသော အတွင်း၊ အပြင် လူထုပရိသတ်နှင့် ပြဿနာမရှိပါက ၎င်းတို့၏ ရှိရင်းစွဲစွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာပါသည်။

အနုပညာခံစားမှုရသပိုင်း၌ ၎င်းရာသီဖွားတို့အား ဆရာတင်အပ်သည်။ အများနှင့်မတူသော သုခုမအမြင် ရှိကြသည်။ မည်သည့်အလုပ်၌မဆို စိတ်ကူးစိတ်သန်း ထက်မြက်တတ်ကြသည်။ မိမိတို့လုပ်အားနှင့်ညီမျှသော လုပ်အားခကိုမရခဲ့ပါက ခုခံပြောဆိုပိုင်ခွင့် အခွင့်အရေးကို အပြည့်အဝ အသုံးချတတ်ကြသည်။

အချို့သော တူရာသီဖွား အမျိုးသမီး(အလုပ်သမား)များသည် ကျောက်စိမ်းရောင်မျက်လုံးပါရှိပြီး လိင်မှုကိစ္စ၌ အရှက်မဲ့စွာ ပြောင်ကျတတ်ကြသည်။ အဆိုပါ မိန်းကလေးများသည် ခြေကျင်တောင်တက်ကဲ့သို့သော ခရီးကြမ်းသွားလာခြင်းကို ဝါသနာပါတတ်ကြသည်။ တစ်ခါတစ်ရံ စာကြည့်တိုက်များ၌ စာဖတ်ရင်း အချိန်ဖြုန်းတတ်ကြသည်။ စာဖတ်ခြင်းနှင့် အားကစားတစ်ခုခု လုပ်တတ်ခြင်းက သူမတို့၏မွေးရာပါစရိုက်လက္ခဏာ ဖြစ်သည်။

တူရာသီဖွား (အမျိုးသား)အလုပ်သမားဖြစ်လျှင်လည်း ကုမ္ပဏီတစ်ခု၏ အရောင်းဈေးသည်လုပ်နေရင်း တစ်ဖက်၌ ဥပဒေဆိုင်ရာ ဘွဲ့ဒီဂရီတစ်ခုခုရရှိရန် ကြိုးစား ဆည်းပူးနေတတ်သည်။ လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းခွင်၏ ပြင်ပ၌ အခြား အသက်မွေးဝမ်းကျောင်း (ကြေးစားအဆင့်) ထိ လုပ်နိုင်ကြသူများလည်း ရှိကြသည်။ အတွေ့အကြုံ ဗဟုသုတ ပညာစုံတတ်သည့်အလျောက် အသိုင်းအဝန်းအမျိုးမျိုးနှင့် ထိတွေ့ပတ်သက်နေတတ်သည်။ တရားမျှတမှုကို ရှေ့တန်းတင်တတ်သည့်သဘောကြောင့် ၎င်းတို့အတွက် အလုပ်အကိုင်၊ နေရာဒေသမရှားဘဲ ရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများအဆင့်မှ ယုတ်စွအဆုံး ပလေးဘွိုင်းမဂ္ဂဇင်းများ၌ပင် ပါဝင် ပတ်သက်နေတတ်သူများမှာ တူရာသီဖွား (၉၀)ရာခိုင်နှုန်း၏ အမျိုးသားများပင် ဖြစ်သည်။

တစ်ဦးတည်းနေထိုင်တတ်သည့် သဘာဝမရှိသော တူရာသီဖွားများသည် အိမ်ထောင်သည် (သို့) စေ့စပ်ထားသူ (သို့) အိမ်ထောင်ကွဲ တစ်မျိုးမျိုးတွင် ပါဝင်နေပါသည်။ လှေတစ်စီးတည်း၌ တစ်ဦးတည်းတက်ကိုင်ကာ မလှော်ချင်ကြသူများ ဖြစ်သည်။

၎င်းရာသီဖွားများအား အော်ဟစ်ကြိမ်းမောင်း ဆူပူ၍ လည်းကောင်း၊ ဖိအားပေး၍ လည်းကောင်း၊ အတင်းအကျပ်စေခိုင်းသည့်ပုံစံဖြင့် လည်းကောင်း မပြုလုပ်အပ်ပေ။ ချိုသာ ညင်သာစွာ ပြောဆိုဆက်ဆံ၍ မိမိလုပ်ငန်းများစိတ်တိုင်းကျ ပြီးပြည့်စုံအောင် ညွှန်ကြားစေသင့်ကြောင်း ဆိုင်ရာသူဌေးများမှသတိပြုသင့်ပါသည်။ အလုပ်သမားဘဝပင်ဖြစ်သော်လည်း အတွေးအခေါ် အကြံအစည် မြင့်မားသူများ ဖြစ်သောကြောင့် အချို့သောကိစ္စများ၌ ဒီပလိုမေစီကျကျ ပြောဆို ဆောင်ရွက်ပေးနိုင်ကြပါသည်။ အလုပ်ရှင် (သူဌေး) များအနေဖြင့် တူရာသီဖွား အလုပ်သမား (ကျား) ဖြစ်စေ၊ (မ) ဖြစ်စေ သက်ဆိုင်ရာ ရာထူးတာဝန်တစ်ခုခုပေးအပ် (ခန့်အပ်) ပြီး ၎င်းတို့၏ စွမ်းဆောင်ရည် မည်မျှရှိသည်ကို စောင့်ကြည့်လေ့လာသင့်ပါသည်။ ၎င်းတို့ တာဝန်ယူ ဆောင်ရွက်ရသည့် အလုပ်တွင် အလုပ်ရှင် ဂုဏ်သိက္ခာ၊ ငွေကြေး ထိခိုက်နစ်နာမှုများမဖြစ်အောင် ဆောင်ရွက်သွားနိုင်သည်ကို ကျေနပ်ဖွယ်တွေ့ရှိရပါမည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

# နွားကြွက်နို့ပျောက်ဆေး

ကောင်းထက်-ချောင်းနက်

နွားများတွင် ကြွက်နို့ပေါက်တတ်ပါသည်။ နွားကြီးများ၊ နွားမများ၊ နွားကလေးများတွင် မပေါက်ပါ။ နွားသိုးများတွင်သာ ပေါက်တတ်ပါသည်။ လူတွင် ပေါက်သော ကြွက်နို့ပုံသဏ္ဌာန် ဖြစ်ပါသည်။ ခုံညင်းခန့်၊ ဆီးဖြူသီးလုံးခန့် ဖြစ်ပါသည်။ ပိုးထလာလျှင် အလွန်ယားပါသည်။ နီးရာအိမ်တိုင်၊ ချည့်တိုင်၊ ဝင်းတိုင်၊ သစ်ပင်ကြီးများကို ပွတ်ပါသည်။ အဖုများမှ သွေးစို့လာမှ အယားပြေသည် ထင်ပါသည်။ ယင်းသို့ နွားသိုးများတွင် ကြွက်နို့ပေါက်ပါက အောက်ပါဆေးနည်းကို သုံးပါ။ နွားမွေးဝါသနာရှင် တောင်သူဦးကြီးများ သိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်။

*

စာရေးသူက နွားမွေးဝါသနာရှိသဖြင့် နွားမများ အဖက်ပေး မွေးမြူခဲ့ပါသည်။ ပေါက်နွားမကြီးအကောင် (၂၀) ကျော်ပါ။ ပေါက်ဖွားလာသော နွားထီး၊ အမကလေးများကို အဖက်မွေးမြူလိုသူများအား ခွဲခွဲပေးထားပါသည်။

တစ်နေ့တွင် ညီဝမ်းကွဲ ကိုကျော်မှ နွားမွေးလိုကြောင်း၊ သို့သော် နွားသိုးပေါက်ကလေးများသာ မွေးလိုကြောင်း ပြောလာပါသည်။ သို့သော် စာရေးသူ နွားအုပ်တွင် ခွဲစရာမရှိ၍ ဈေးမှ နွားသိုးလေး ဝယ်ပေးပါမည် ပြောကာ နွားဈေးသို့ သွားခဲ့ပါသည်။

စာရေးသူတို့ တောင်တွင်းကြီးမြို့က သောကြာနေ့တိုင်း နွားဈေးခင်းပါသည်။ နွားဈေးဆိုသော်လည်း နွား၊ ကျွဲ၊ ဝက်၊ မြင်း အစုံရောင်းဝယ်ကြပါသည်။ ထိုမျှမကသေး၊ တောင်သူလယ်သမားသုံး ကိရိယာတန်ဆာပလာစုံ ရောင်းပါသည်။ ခား၊ သံကပါ၊ တူးရွင်း၊ ချူ ခလောက်၊ ထွန်တုံး၊ ထွန်တံ၊ လှည်းအိမ်၊ ဆောင်ပန်း၊ နှင်တံ၊ တံပိုးကြီး၊ ထွန်သွား၊ အို-စုံလို့ပါပဲ။ နွားကလည်း စုံလိုက်သမှ အရွယ်စုံ၊ အသွေးအရောင်စုံပါပဲ။

စာရေးသူ နွားဈေးသို့ နံနက် (၉) နာရီခန့် ရောက်သွားပါသည်။ နွားမစုံသေးပါ။ လာကြတုန်း၊ ဝင်ကြတုန်းပါ။ မွန်းတည့်ခန့် နွားစုံ၍ နေ့လယ်(၂)နာရီ၊ (၃)နာရီခန့်ကျမှ အရောင်းအဝယ်ဖြစ်ကြပါသည်။ အရောင်းအဝယ်တွင် နှစ်ဖက်စလုံးမှ နွားဆရာ (နွားပွဲစား) များပါကြပါသည်။ စာရေးသူက နွားသိုးများကို ကြည့်ပါသည်။ စာရေးသူက နွားဆရာ ဦးစိုးမြင့်ဆိုသူကိုဆရာတင်ထားပါသည်။ စာရေးသူက နွားသိုးများကို ကြည့်ကာ ကြိုက်တဲ့နွားကို ပြရပါသည်။ သူက အရောင်းပွဲစားနှင့်ဈေးညှိ၏။ အဆင်ပြေက ဝယ်ဖြစ်သည့်ထုံးစံပေါ့။

ဒါနှင့် စာရေးသူက နွားရှာရာ နွားဖြူနီ ဘို့ကောက် အလှအပလေးတစ်ကောင်ကို ကြည့်၏။ သို့သော် နွားသိုးလေးမှာ ဘို့ရှေ့လည်ပင်း၏ ဟိုဘက်ဒီဘက်တွင် ကြွက်နို့ဖုများပါနေ၏။ စာရေးသူ မျက်စိကျနေသည်ကို ဦးစိုးမြင့်သိ၍ ဦးစိုးမြင့်က -

"ဆရာ၊ အဲဒီနွားလေးသဘောကျနေသလား"

ဟု မေးရာ -

"ဟာ - သဘောတော့ကျပါရဲ့။ ကြွက်နို့တွေနဲ့ မဖြစ်ပါဘူး"

ဟု ဆိုရပါသည်။

ဦးစိုးမြင့်မှ -

"ဆရာ သဘောကျရင် ဝယ်သာဝယ်ပါ။ ကြွက်နို့ပျောက်အောင် ကုပေးပါ့မယ်။ ကျုပ်တာဝန်ယူတယ်"

ဟု ဆိုလာသဖြင့် ဈေးညှိကြရာ ရောင်းသူကလည်း ကြွက်နို့ကိုစိတ်ပျက်သဖြင့် (၃၅၀၀) ခန့်တန်သော နွားကို (၂၀၀၀) ဖြင့် ဈေးတည့်ကြပါသည်။

နွားလေးဝယ်ပြီး တစ်ပတ်ခန့်ကြာသောအခါ ဦးစိုးမြင့်က -

လင်းမြွေအရေခွံကြီးတစ်ခုယူလာကာ စာရေးသူထံမှ ထန်းလျက်သုံးလုံးတောင်း၍ လင်းမြွေအရေနှင့်ရောကြိတ်ပါသည်။ ညက်သောအခါ နွားကလေးကိုခွံပါသည်။ နွားကလေးက ထန်းလျက်နံ့ရ၍ စားပါသည်။

ဦးစိုးမြင့်က -

"လင်းမြွေရေချည်းဆိုရင် နွားက မစားဘူးဗျ၊ ထန်းလျက်နဲ့ရောမှစားတာ"

ဟု ပြောပါသည်။

နောက်တစ်ပတ်ခန့်တွင် နောက်တစ်ကြိမ်ထပ်ကျွေးပြန်ပါသည်။

သို့နှင့် နောက်တစ်ပတ်ခန့်ရှိသောအခါ ကြွက်နို့များ အလွှာလိုက် ကွာကျကာ နွားချောသွားပါပြီ။ စာရေးသူလည်း ဝမ်းသာနေမိသည်။

နောက်တစ်လခန့်ကြာသောအခါ နွားကလေးမှာ အမာရွတ်မှ အမွေးများ စုံစွာပေါက်လာသဖြင့် အလွန် ချောမောလှပသောနွားလေး ဖြစ်သွားပါသည်။ စာရေးသူ သိလို၍ နွားဈေးသို့ နွားမောင်းလိုက်ခဲ့ပါသည်။ နွားကလေးကို မြင်တွေ့သူများမှ (၄၀၀၀)အထိ အလိုက်ပေးဝယ်ကြပါရဲ့။ စာရေးသူမရောင်းခဲ့ပါ။ နွားမွေးသူ ကိုကျော်ဝေကလည်း အလွန်သဘောကျလို့ ဆက်လက် မွေးမြူပါတော့သည်။

စာရေးသူကလည်း ဦးစိုးမြင့်အား-

"ဒီနည်းလေးကို မဂ္ဂဇင်းကနေ ဖြန့်ဝေပါရစေ"

ဟု ပြောသောအခါ သဘောတူ ခွင့်ပြုသဖြင့် နွားကလေးများတွင် ကြွက်နို့ပေါက်၍ စိတ်ဆင်းရဲနေသူ တောင်သူဦးကြီးများအတွက် စေတနာထားကာ ဖော်ပြလိုက်ပါသည်။

တောတွင်းကြီးမြို့နယ် ချောင်းနက်အရှေ့ရွာမှ နွားဆရာ(နွားပွဲစား)တောင်သူ ဦးစိုးမြင့်အား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

*အားလုံး ကျန်းမာ ချမ်းသာကြပါစေ*

ကောင်းထက် (ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com



## ဆရာချမ်းမင်းရဲ့ ၁၉၇၀ ခုနှစ်မှစတင်၍ လက္ခဏာဗေဒင် ဟောပြောခဲ့သူ ချမ်းမင်းမှ

အတွဲ-၂၉၊ အမှတ်-၃၊ ၁၉၃၅-ဇူလိုင်လတွင် ထုတ်ဝေသော ရှုမဝမဂ္ဂဇင်း၏ စာမျက်နှာ (၉၉)၌

မိမိဓာတ်ပုံနှင့်အတူ ကြော်ငြာထည့်သွင်း၍ ယနေ့တိုင် လက္ခဏာဗေဒင်ဟောပြောခဲ့သူ၊

ထိုင်းနိုင်ငံ၊ ဘန်ကောက်၊ ချင်းမိုင်၊ လန်ပန်း၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ၊ ပီနန်၊ ဇော်ဘူ၊

ဂျပန်နိုင်ငံ၊ အိုစကာ၊ တိုကျိုမြို့တို့တွင် (၉)နှစ်ကြာ လက္ခဏာဗေဒင်ဟောပြောခဲ့သူ

သမြေ ဇောတိသဝေ နက္ခတ္တရောင်ခြည် ရုပ်ရှင်အမြုတေ၊ ပေဖူးလွှာ၊ သုတသဘင်၊ ရုပ်ရှင်သရုပ်သစ်
သူရွှေ Wellness မဂ္ဂဇင်းတို့တွင် လက္ခဏာဗေဒင်ဆောင်းပါးများကို ရေးသားလျက်ရှိသူ။

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား?** "မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"ရဲ့ ...ာ ပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာအဓိဋ္ဌာန်ဝင်ပြီးမှ ...တော်ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊ လအထိ ...ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉-ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော်ဘုရားသက်တော် (၈၂)ထိသာ ...ရှည်နိုင် မည်၊ မည်သည့်ရောဂါဝေဒနာခံစားရမည်ကို (၇)နှစ်ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇောတိသဝေ မဂ္ဂဇင်း အမှတ် ... စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

"ဂျပန်နိုင်ငံမှာ (၈)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ ...ကြာကို သတင်းစာထဲမှာတွေ့လို့ချက်ချင်းသွားမေးတာ တွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။ ...က ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်-မြေယာ ဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာချမ်းမင်းက ၁၉၉၀ ... နောက်ပိုင်းမှာ သန်းကြွယ်သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာ ...က်လောက်သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်းစကားပါးခြင်း ဖြစ်ပေသည်။ ...ခြင်း - နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၃)

**အမှတ်တရရဲ့အမှတ်တရ** - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး တကာရှိအိတိုစံကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ လာရောက် ...သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇) ဇူလိုင်၊ ၂၀၀၂၊ စာမျက်နှာ - ၁၃၂-၁၃၃-၁၃၄-၁၃၅)

"ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်ကထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီးအဆိုတော်သီချင်းရေးဆရာပရိုဂျူဆာ ကို ...ခဲ့ခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြှုပ်ထားတဲ့အကြောင်း၊ သူတို့မိန်းမမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ ...လာဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်း ...န်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော် ...ညှော့ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့ဆုံခြင်း ...င်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ-၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်-၂၈၈၊ စာမျက်နှာ-၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

... - ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း (တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း)
ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၇) နာရီ မှ ညနေ (၃) နာရီအတွင်း)

www.burmeseclassic.com

www.burmeseclassic.com

# (ရန်ကုန်) စောမိုးသွင်

## ဝင့်ကြွေးများကို ပေးဆပ်နေကြခြင်း



လက်သည်း၊ ခြေသည်းများက ရှည်နေပြီ။ ထဘီကလည်း အရောင်အဆင်းမရှိ၊ အကွက်မပေါ်။ ပိန်လှီသော ခန္ဓာ၊ ကုပ်ပေါ် ဝဲကျနေသော ဆံပင်အတို၊ ဖိနပ်မပါသော ခြေထောက်တို့ဖြင့် လမ်းမတစ်လျှောက်၊ ဈေးဆိုင်တန်းတစ်လျှောက် ကျွေးမွေးပေးကမ်းနေကျအိမ်ပတ်ဝန်းကျင်တို့တွင် သူမကို တွေ့နိုင်လေသည်။ သူ့အနေများသည်က မြို့လယ်ကောင် ခန်းမနားရှိ သစ်ပင်ကြီးအောက်တွင် ဖြစ်သည်။ ထဘီတရွတ်တိုက်ဝတ်ထားပြီး ဆောင်းတွင်းဆိုလျှင် ခြုံစရာမရှိ၊ အနွေးထည်မရှိသော သူ့ကို အနွေးထည်တစ်ပတ်ရစ်လေးများ၊ ထဘီအဟောင်းလေးများပေးသော်လည်း သူ့ကိုယ်ပေါ်တွင် ကြာရှည်မခံ။ ဘယ်မှာလွှင့်ပစ်ခဲ့သည် မသိ။

သူစားဖို့က မပူရပါ။ ဈေးဆိုင်တို့၊ လက်ဖက်ရည်ဆိုင်တို့၊ အိမ်တို့မှလည်း ထမင်းဟင်းများ၊ မုန့်များ၊ လက်ဖက်ရည်ကအစ ပေးပါသည်။ တစ်ခါတစ်ရံ သူ့လက်ထဲမှာ ဆေးလိပ်တွေ့ရပြီး သစ်ပင်အောက်တွင် အေးအေးလူလူ ဆေးလိပ်ဖွာနေတတ်သည်။ ကျွတ်ကျွတ်အိတ်တစ်လုံးထဲတွင် ဘာတွေပါသည် မသိ၊ ထိုအိတ်ကလွဲ၍ ဘာပစ္စည်းမှ အပိုမရှိ။ စကားလည်းမပြော။ သူ့မျက်နှာတွင် အ

www.burmeseclassic.com

www.burmeseclassic.com

ပြုံးအရယ် မရှိ။ တချို့ စိတ်မကောင်းသူများက ကြမ်းသည်။ စကားများသည့်လူက များသည်။ ပါးစပ်က တတွတ်တွတ်ရွတ်ပြီး လျှောက်သွားသည့်သူကသွား၊ ကသည့်လူက က၊ နို့ဆီခွက်တို့, ပစ္စည်းမျိုးစုံ လည်ပင်းတွင်ဆွဲသည့်လူက ဆွဲနှင့် ကိုးရိုးကားရားနေကြသည်။ သူကတော့ လှုပ်လှုပ်လှဲ့လှဲ့၊ ခြေတစ်လှမ်း ယိုင်နဲ့နဲ့ လှမ်းကာ အားမရှိသလို သွားလာနေတတ်သည်။ ဒါကြောင့်ပဲ လူတွေက သူ့ကို ပိုသနားကြသည်။

တစ်ခါက ဆေးပေါ့လိပ်ကိုဖွာကာ ထဘီကို စွန်တောင်ဆွဲ၍ ဈေးဘက်သို့ လျှောက်လာနေသည်။ မျက်နှာတွင် သနပ်ခါးအဖွေးသား၊ နှုတ်ခမ်းနီပင်ပါသေးသည်။ ဒေါ်မမတို့အဖွဲ့ လက်စွမ်းပြထားသည်ထင့်။ အင်္ကျီကလည်း ဖြူဖြူစင်စင်နှင့် သူ့ကိုကြည့်ရသည်မှာ သန့်သန့်ရှင်းရှင်း ဖြစ်နေသည်။ ရေချိုးပေးပြီး အင်္ကျီပါ လဲပေးလိုက်ကြဟန်တူ၏။ တချို့များ စိတ်ရှည်လက်ရှည် သူ့ကိုရေခေါ်ချိုးပေးကြ၊ သနပ်ခါးလိမ်းပေးကြ၊ ပန်းပန်ပေးကြနှင့် အဝတ်အစားပါ လဲပေးထားသည့်နေ့များတွင် သပ်သပ်ရပ်ရပ်လေး ရှိနေတတ်သည်။

နာမည်လည်း မေး၍မရ၊ စကားလည်းမပြောသော သူမ၏အသက်သည် (၁၅)နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အရွယ်ရှိမိန်းမတစ်ယောက်တည်း လမ်းမပေါ်သွား၊ လမ်းမပေါ်စားကာ သစ်ပင်အောက်တွင်အိပ်နှင့် ကြာလျှင်ခက်မည်။ ဟုနာမည်ကို ဆိုးကြသည်။ သူမ နေမကောင်းသောရက်များတွင် ပေပွနေသောထဘီသည် ဖုန်တွေ တလူးလူးနှင့် ဘယ်လိုမှ မြင်၍မတင့်တယ်ပါပေ။

"မိန်းမဖြစ်ရတာ မကောင်းပါဘူး။ ယောကျ်ားရူးက ဘယ်လိုနေနေ ကြည့်လို့ကောင်းသေးတယ်၊ မိန်းမရူးကတော့ စိတ်ညစ်စရာပဲ။ ဘာမှလဲနားမလည်၊ အသိစိတ်ကမရှိနဲ့ သူ့အတွက် စဉ်းစားကြရမယ်။ ဟိုလူကပေး၊ ဒီလူကကျွေးလို့ စတ်ပေမယ့်လည်း ညရေးညတာ တစ်ယောက်တည်းနေရတာ။ ညစ်ညစ်ပတ်ပတ် ပေပေပွပွနဲ့ လျှောက်သွားလာနေတာ။ သူ့ကို သချိုင်းဇရပ်မှာ နေရာပေးထားကြရင် မကောင်းဘူးလား။ သချိုင်းဇရပ်က လူသေမှ ဇရပ်ကိုလာကြ၊ တရားနာကြ၊ တခြားအချိန်ဆို ဘယ်သူမှနေကြမဟုတ်ဘူး။ နွားကျောင်းသားတွေ ရောက်တာပဲများတယ်။ သူတို့ကိုကြည့်ခိုင်းထားရင် ပိုအဆင်ပြေတာပေါ့"

"သူစားဖို့ကျတော့ကော ဘယ်သူက တကူးတက သွားကျွေးကြမှာလဲ"

"အခု ရွာတန်းရှည်က တဖြည်းဖြည်း တိုးချဲ့လာတာ သချိုင်းနဲ့နီးနေပြီ၊ ရွာထဲသွားတောင်းစားလည်းရတာပဲ"

"မဖြစ်နိုင်ပါဘူး။ သူတို့တွေတောင် မနက်စောစော တောင်ယာသွားကြနဲ့ မိုးလင်းရင် ရွာထဲ အမယ်အိုကြီးတို့၊ အဘိုးကြီးအိုတို့နဲ့ ကလေးတွေ၊ ကြက်,ဝက်တွေ ပဲကျန်ခဲ့တာများတာ။ သူတို့ရွာက ဘုန်းကြီးကျောင်းကတောင် ရွာထဲဆွမ်းခံမကြွဘဲ တို့မြို့လေးဆီကြွတာ။ သချိုင်းထဲ တစ်ယောက်တည်းထားရမှာ အရွယ်ကလည်းရှိသေးတယ်၊ သူများစော်ကားသွားရင် ဘယ်လိုလုပ်မလဲ"

"သူ့ကိုထားလည်း နေဦးမှကိုး။ စိတ်မမှန်သူဆိုတာ သူတို့စိတ်ထင်ရာ လျှောက်သွားနေတာ။ သန်းဆောင်ဆို (၇) မိုင်ဝေးတဲ့မြစ်ဆိပ်အထိ လျှောက်သွားနေပြီး အဲဒီက လက်ဖက်ရည်ဆိုင်ရှေ့ ဒန်ခွက်လေးကိုင်ပြီး သွားသွားရပ်တောင်းနေတာ။ ဒီမြို့လေးထဲမှာတော့ သူ့ကို သနားမယ့်သူ၊ ကျွေးမွေးမယ့်သူတွေအများကြီးပဲ။ သူနေသာသလို နေပါစေကွာ၊ မကြည့်ချင်ရင် မျက်နှာလွှဲနေကြပေါ့။ ကိုယ်ကြည့်မှမြင်ရတာပဲ၊ သူနေတဲ့သစ်ပင်အောက်ကလွဲရင် လက်ဖက်ရည်ဆိုင်ရှေ့ပဲ အသွားအလာများတာ၊ မြို့ထဲပဲနေပါစေ"

အများနှင့်တစ်ယောက် ဆွေးနွေးပွဲတွင် အများကအနိုင်ရကာ သူမလည်း သူ့ဘာသာနေ၊ သန်းဆောင်လည်း သူ့ဘာသာနေနှင့် ထိုမြို့လေးထဲတွင် စိတ်မမှန်သူနှစ်ယောက် ရှိခဲ့လေသည်။ စိတ်မမှန်တာချင်းတူသော်လည်း သန်းဆောင်က ပိုအဆင့်မြင့်သည်။ အစက အလုပ်အကိုင်ရှိသည်။ သူစိတ်မကောင်းသည်က ယဉ်ယဉ်လေးပါပေ။ စက်ကြီးတွေပေါ် ဟိုတက်ဒီတက်၊ ဟိုလျှောက်ပြေးဒီလျှောက်ပြေးနှင့်မို့ သူလုပ်သည့်ဌာနက စက်ကြီးပြင်ဌာနဖြစ်ရာ ထိခိုက်မည်စိုး၍ သူ့ကို ဆေးပင်စင်ပေးလိုက်ရ၏။

အစကတည်းက သူက ဒီမြို့မှာ သူ့အိမ်ရှိသည်။ အိမ်ထောင်မရှိသော်လည်း မိသားစုဆွေမျိုးရှိသည်။ သူစိတ်ဖောက်ပြန်လာသည့်အခါ အလုပ်က ပင်စင်လစာပင် ရသေးသည်။ စိတ်သာမကောင်းသည်၊ ပင်စင်ထုတ်ရက်ဆို သူ့ဘာသာ လာထုတ်သည်။ လူနာမည်များကိုမှတ်မိသည်။

အလုပ်မရှိတော့သည့်နောက် အိမ်မှာလည်းမနေဘဲ ဝန်ထမ်းများ ကားစောင့်သည့်နေရာ အမိုးအကာအောက်တွင် ခုံတန်းရှည်ကြီးများလည်းရိုက်ထား၍ ထိုနေရာကို သူ့မူပိုင်သတ်မှတ်ကာ နေသည်။ မနက်စောစောထတတ်ပြီး သူ့အိပ်ရာလိပ်လေး သူသိမ်းကာ သပ်သပ်ရပ်ရပ်ထားတတ်ခြင်းက မစာဥထက်တော်သည်။ 'မစာဥ' ဟု အမည်ပေးထားကြခြင်းပင်။

"သန်းဆောင်က နာမည်တွေလည်း မှတ်မိတယ်။ စားကောင်းအောင်လို့ အရူးယောင်ဆောင်နေလား မသိဘူး"

ဟု တချို့ကလည်း ထိုသို့ စ,ပြီး ပြောကြသည်။ ရေမချိုး၊ ဖိနပ်မပါဘဲ ခေ့ပူပူ,မိုးရွာရွာ လျှောက်သွားနေသော်လည်း အကြီးအကျယ်ဖျားနာခြင်း တစ်ခါမှမတွေ့ခဲ့ပါပေ။ ဆံပင်မညှပ်၍ ဆံပင်ရှည်ရှည်၊ ညှဉ်းသိုးသိုး၊ ခန္ဓာကိုယ်တွင် ကြေးအထပ်ထပ်ဖြင့် နှစ်ပေါင်း (၁၅)နှစ်နီးပါး သက်တမ်း ကြာမြင့်ခဲ့လေသည်။ သူနှင့် အလုပ်အတူလုပ်ဖက် အလုပ်လုပ်တုန်းက သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များက ကြုံလျှင် ကျွေးမွေးသွားကြသည်။ သူ့ဘာသာ လက်ဖက်ရည်ဆိုင်ရှေ့ ရပ်တောင်းစားခြင်းဖြင့် အဆင်ပြေနေသော်လည်း သူ့ကြည့်ရသည်မှာ စိတ်မသက်သာပါ။ တစ်ခါတစ်ရံ ဘယ်ကရလာသည်မသိသော ဘုန်းကြီးသင်္ကန်းကို ခါးတွင်ပတ်ကာ အပေါ်မှာ အဝတ်မဝတ်ဘဲ ဒန်ဖလားကိုင်သောလက်ကို ရှေ့ဆန့်တန်းပြီး လမ်းလေးခွဆုံတွင် မတ်တတ်ရပ်နေတတ်သည်။

တစ်ခါများ ကျွန်တော်နှင့်တွေ့သည့်အခါ သူက နာမည်တပ်ကာ ခေါ်နှုတ်ဆက်သည်။ ကျွန်တော် ရုံးသွားသည့်လမ်းသည် လက်ဖက်ရည်ဆိုင်ဘေးမှဖြတ်သွားရ၍ မနက် (၆) နာရီခွဲကျော်ကျော်တွင် သူကလည်း လက်ဖက်ရည်ဆိုင်နံဘေး ဒန်ခွက်လေးကိုင်ကာ မတ်တတ်ရပ်နေ၍ အမြဲဆုံကြသည်။ တစ်ခါတလေ သူ့အတွက် မုန့်တို့၊ စီးကရက်တို့ကို သူ့ဒန်ခွက်လေးထဲ ထည့်ပေးခဲ့ပါသည်။ သူနှင့်ကြုံလျှင်ကျွေးဖို့ ထမင်းကြမ်းအကျန်၊ ဟင်းအကျန်က အစ ယူလာခဲ့သော်လည်း သူနှင့်မတွေ့သည့်နေ့တွင် သစ်ပင်အောက်မှ စိတ်မကောင်းသူ သူမကို တကူးတက သွားပေးခဲ့ရသည်။ ဟိုက တစ်မြို့လုံးပတ်ကာ ရှာစားတတ်သည်၊ သူမကတော့ သူ့အိပ်နေကျ သစ်ပင်အောက်နှင့် လက်ဖက်ရည်ဆိုင်ရှေ့ သစ်ပင်အောက်တွင်သာ



www.burmeseclassic.com

www.burmeseclassic.com

အနေများလေသည်။

တစ်ခါတော့ ကျွန်တော် ရုံးက အပြန် ဧည့်သည်ပါလာ၍ လမ်းကြားမှ မပြန်ဘဲ လမ်းမမှပြန်လာရာ သူနေတတ်သည့် ထနောင်းပင်ကြီးရှေ့မှ ဖြတ်အလျှောက်တွင် သီချင်းဆိုသံကိုကြားလိုက်ရသည်။

"လူကလေးရဲ့အိပ်ချိန်တန်. . .
ဖျိုင်းရှေ့ကပြန်။
လူကလေးရဲ့ အိပ်ချိန်နီး. . .
ဖျိုင်းရှေ့ကဆီး။
မေမေ့သားလေး ဘယ်ရောက်နေ. . .
သားပျောက်ရှာလို့လေ၊
မေမေ့သားလေး ဘယ်ရောက်နေ. . ."

ထိုသို့ ဆက်ဆိုပြီး သူက ရှိုက်ကာငိုလိုက်သည်။

"မင်းမှာ သားရှိလား။ မင်း ဘယ်မြို့က လာတာလဲ။ မင်းအိမ်ကို မှတ်မိပြီလား"

သူမသည် မျက်ရည်ကိုလက်ခုံနှင့်သုတ်ကာ အငိုရပ်သွားသည်။ ကျွန်တော့်ကိုစိုက်ကြည့်နေရာမှ တစ်ဖက်လှည့်ပြီး ကျောခိုင်းထိုင်လိုက်သည်။ ဘာမှပြန်မပြော။

"ခင်ဗျားဗျာ၊ စိတ်မကောင်းတဲ့သူ သူဆိုချင်ရာ ဆိုမှာပေါ့"

"မဟုတ်ဘူးဗျ။ သူ ကျွန်တော်တို့မြို့ကိုရောက်နေတာ တစ်နှစ်ကျော်ပြီ၊ တစ်ခါမှ ပြုံးခြင်းရယ်ခြင်း၊ စကားပြောခြင်း မတွေ့ဖူးဘူး။ သူ့ကို ရေခေါ်ခေါ်ချိုးပေးပြီး အဝတ်အစားဆင်တဲ့ ဒေါ်မမတို့အဖွဲ့ကိုတောင် စကားမပြောဘူးတဲ့။ အခု သီချင်းတွေဘာတွေ ဆိုနေလို့ ထူးဆန်းနေတာ။ သူ ကလေးအမေလားမသိဘူး။ ကလေးလေးတွေ၊ အထူးသဖြင့် ပြေးလွှားဆော့ကစားတတ်ခါစ အရွယ်လေးတွေမြင်ရင် စိုးဂ်,စိုက်ကြည့်နေတတ်တာ"

သူမက စကားပြန်မပြောတော့လည်း ကိုယ့်ဘာသာဆွေးနွေးရင်း အိမ်ပြန်ခဲ့ကြသည်။

○

မစာဥက သူ့ကိုတွေ့လျှင် မော့မော့ကြည့်တတ်သည်။ သူကလည်း မုန့်ပေး၊ ထမင်းကျွေးနှင့် တစ်နေ့မှာ သူ့အိမ်ရှေ့သို့ မစာဥရောက်လာခဲ့သည်ကို သူမသိ။ အိပ်ခန်းထဲ စာဖတ်နေ၍ အပြင်သို့မထွက်ဖြစ်ပါပေ။ အိမ်ထဲသို့ရပ်ကြည့်နေသည်မှာ ဘယ်လောက်ကြာသည်မသိ၊ အိမ်ရှေ့ကခေါ်သံကြားမှ ထွက်လာခဲ့မိသည်။

"လူပျိုကြီးရေ-အိမ်ရှေ့မှာရှင့်ဧည့်သည်ရောက်နေတာ ကြာလှပြီ၊ ထွက်တွေ့လိုက်ပါဦး"

မစာဥ ထမင်းဆာ၍ ရောက်လာသည်ထင့်၊ ဒီနေ့ ရုံးပိတ်ရက်မို့ မစာဥနားခိုရာ သစ်ပင်ရှေ့မှ သူဖြတ်သွားတာမမြင်၍ လိုက်လာသည်လား။ ထမင်းထုပ် ကမန်းကတန်းထုပ်ကာပေးလိုက်မှ ထွက်သွားသည်။ မစာဥသည် အရင်လိုမဟုတ်၊ ဆာလျှင် သူ့ကို ကျွေးမွေးတတ်သည့်အိမ်ရှေ့များသို့ သွားရပ်ရပ်နေတတ်သည်။

"မစာဥ ဝလာလိုက်တာ။ အရင်လိုမဟုတ်ဘူး၊ မျက်နှာလည်း ပြည့်လို့။ အချိန်မှန်စားရတယ် ထင်တယ်။ ရောက်လာခါစက ပေစုတ်စုတ်၊ ပိန်လှီလှီနဲ့။ အခုမှ လူကောင်းနဲ့နည်းနည်းတူလာတယ်"

"လူနဲ့တူလာလို့ ခက်နေတာပေါ့။ ဟိုလူက ထမင်းကျွေးလိုက်၊ ရေခေါ်ချိုးပေးလိုက်၊ အဝတ်အစားဆင်လိုက်နဲ့ ဝတာ မဟုတ်ဘူး လူပျိုကြီးရေ၊ ဗိုက်ကြီးနေတာ"

ကျွန်တော့်မှာ 'ဗျာ' ဟူသာ တစ်ခွန်းတည်း အသံထွက်လိုက်နိုင်သည်။

"ဟာဗျာ-အရူးမတောင် မရှောင်ပါလား၊ ယုတ်မာလိုက်ကြတာ"

ကျွန်တော်က ထိုသို့ ပြောတော့ အိမ်ဘေးက ဒေါ်ခက်ခက်က ရယ်၏။

"ရှင့်အိမ်ရှေ့ လာလာရပ်နေတယ်၊ ကလေးမွေးပြီးရင် ကလေးလာထားသွားဦးမယ်"

ဒေါ်ခက်ခက်က စ,ပြီးပြောသော်လည်း ကျောတွန့်သွားသည်။ ဒီအရွယ်အထိ ရည်းစားမထား၊ မိန်းမ မယူ၊ အေးအေးလူလူနေသော ကျွန်တော့်ကို သူတို့က အပျော်စ,ကြတာကိုပင် စိတ်အဆိုးကြီးဆိုးရသည်။

"ခင်ဗျားတို့ဗျာ၊ စ,စရာရှားလို့။ ကျွန်တော့်ကိုနောက်စ,ရင် ခင်ဗျားတို့နဲ့မခေါ်တော့ဘူး"

ကိုယ်ဝန်ရှိတော့ နှစ်ယောက်စာမို့ ပိုဆာရှာသည်ထင့်၊ မြို့ထဲလှည့်နေတာကို တွေ့ရသည်။ ဗိုက်တရားခံမပေါ်သော်လည်း မစာဥက မွေးချိန်တန်တော့ သားယောကျ်ားလေး မွေးဖွားခဲ့သည်။ ဆောင်းတွင်း အေးစိမ့်စိမ့်ညကာလတွင် သူ့ဘာသာမွေးထားကာ ဘယ်သူ့မှလည်းအသံမပေးနှင့်။ သူ အကူအညီ

တောင်းရင်တောင် ထိုအချိန်က လမ်း
သွားလမ်းလာပြတ်ချိန်၊ ဈေးဆိုင်တွေ
လည်းပိတ်ချိန်မို့ ဘယ်သူမှ မသိ။ မနက်
မှ သူလည်း ခွေခွေလေးလဲနေသည်၊ သူ့
ကလေးကလည်း တောင့်တောင့်လေး
နှင့်သေနေသည်။ သက်ဆိုးမရှည်ရှာပါ
သူတို့သားအမိကို ဝိုင်းကြည့်နေသော
သူများကို ပြူးကြောင်ကြောင်နှင့် ကြည့်
နေသည်။ ကလေးကိုယူတော့ အတင်း
လိုက်လုနေသည်။

"သား. . သား၊ ကျုပ်သား ဘာလို့
လာခိုးနေတာလဲ။ အရင်တုန်းကလည်း
ခိုးသွားကြလို့ ကျုပ် ဒီကို ပြောင်းလာ
တာ။ တော်တို့ ပြန်ပေးနော် ကလေးကို
ဘာတွေနဲ့ထုပ်နေတာလဲ၊ ကလေးသေ
တော့မယ်။ လုပ်ကြပါဦး၊ ကလေး
သထုံနေပါတယ်တော့"

ကလေးအလောင်းကို ပိတ်စနဲ့
ထုပ်ထားသည်ကို အတင်းလုကာ
ဖြေနေသည်။ သူ့ကိုဝိုင်းချုပ်ကာ ဆေး
ပို့ရသည်။ ကလေးကိုတော့ ချက်ချင်း
မြေမြှုပ်လိုက်ရသည်။

"ကလေးလည်း ဝင့်ကျွတ်သွား
တာပေါ့။ အရူးမသားအဖြစ်နဲ့ နေရ
ထက် သေရတာ ပိုကောင်းဦးမယ်။ အ
ခဏပါ၊ ကြာရင် မေ့သွားမှာပါ။ အရင်
ကလည်း စော်ကားခဲ့တဲ့သူရှိလို့ ကလေး
မွေးဖူးတယ်ထင်တယ်၊ အရင်ကလည်း
ခိုးသွားကြတယ်လို့ ပြောနေတာ"

သူ့ကို အိပ်ဆေးထိုးပေးထား
ဆေးရုံတွင် ခဏထားခဲ့သည်။ ဆေး
တွင် သူငိုငိုနေ၍ ကလေးမွေးပြီးငိုလျှင်
မီးယပ်ခေါင်းကိုက် ဖြစ်မည်ဆိုး၍ သူ့
ထဲ စတိုလိုထားသည့် တဲလေးကို
ပေးကာ ခေါ်ထားလိုက်သည်။ သူ
နိုင်ပါ။ သွားလာနိုင်သည်နှင့် သူသစ်
အောက် ပြန်ရောက်သွားသည်။

○

"ရှင်- ဟိုကျွေး ဒီကျွေးနဲ့ အ
က အိမ်ရှေ့လာလာရပ်နေတာ သူ
တွေက စ,သလိုပြောကြတာ ရှင် မ
ပေမယ့် ကျွန်မ ရှက်တယ်။ ကလေး
ထားတာ မကြာသေးဘူး၊ ကလေးအ
လားနဲ့ ရှင့်ကိုစ,နေတာ ရှင်မသိဘူးလား

"စ, စကွာ၊ အရေးမစိုက်ဘူး
တွေက ကိုယ်လည်း မကြည့်ရှု၊ မသ
ကြဘူး၊ ဒုက္ခရောက်နေတဲ့သူကို ကူညီ
ကောင်းမှန်းမသိတဲ့အပြင် ဟိုလူနဲ့စ
နဲ့စနဲ့။ ထမင်းဆာလို့ပေးတတ်တဲ့
ရှေ့တွေလိုက်ရပ်နေတာပေါ့၊ ခုလ



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းခေါင်
# ကျွန်ုပ်နှင့် နဝင်းဆယ့်တစ်ပါးအောင်း

စနေနေ့-

ကျွန်ုပ်သည် နေအိမ်မှ (၄) ဖာလုံ အဝေးလောက်မှာတည်ရှိနေသော ဘိုးတော်အောင်မင်းခေါင် ဦးစီးတည်ထားခဲ့သော 'ရွှေမင်းဒင်' ဘွဲ့မည်ရသည့် ဘုရားတန်ဆောင်း၏ တနင်္ဂနွေထောင့်တွင် ရောက်ရှိနေပါသည်။

ထိုစေတီတော်မှာ ပလ္လင်အောက်ခြေမှ စိန်ဖူးတော်အထိ ကိုးတောင်ပြည့် စေတီဥဂ္ဂဏ်တော် ရှိမည်ထင်ပါသည်။ ကျွန်ုပ်သည် ရှေးဦးပြုဖွယ်များပြုလုပ်ပြီး အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်နေပြီ ဖြစ်ပါသည်။

ကျွန်ုပ်သည် ထက်ဝယ်ဖွဲ့ခွေထိုင်ပြီး ခါးကိုမတ်မတ်ထား၏။ ခေါင်းကိုအနည်းငယ်ငိုက်ထားပြီး မျက်စိကို စုံမှိတ်ထားပါသည်။ နှာသီးဖျားကို အပြင်လေ (ဝါယော)နှင့် ထိခိုက်မှု၊ ရှူသွင်းခြင်းနှင့် အတွင်းမှပြန်ထုတ်သည့် (ဝါယော) လေတို့ နှာသီးဖျားနှင့်ထိခိုက်မှုကို သတိကြီးစွာ မှတ်နေပါပြီ။

တစ်ခဏလေးမှာပင် ဝင်လေ, ထွက်လေတို့ မှတ်နေသည့်အသိ ပျောက်သွားလေ၏။ ထိုခဏမှာပင် ကျွန်ုပ်ထိုင်နေရာ၏လက်ယာဘက်အရပ်မှ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပုဂ္ဂိုလ်တစ်ယောက် မတ်တတ်ရပ်နေလေသည်။ နောက်စကားပြောသံကြား၍ ကြည့်လိုက်မိပါတော့သည်။

ကျွန်ုပ်ကိုကြည့်နေသော ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် အဘိုးအိုသည် လွန်စွာ လေးစားဖွယ် ဖြစ်၏။ မျက်လုံးတို့မှာလည်း အရောင်တဖျပ်ဖျပ်တောက်ပနေ၏။ ကျွန်ုပ် မော့ကြည့်စဉ်မှာပင် အောက်ပါအတိုင်း ပြောလေတော့၏။

'လူကလေး- မင်း ကြိုးစားနေတဲ့ သီလခန်း၊ စရဏခန်းတို့ကို အဘ သဘောကျပါတယ်။ ဒါကြောင့် မင်းကို တာဝန်တစ်ခုပေးချင်တယ်။ လွန်ခဲ့သော (၃) လလောက်က လူကလေးလဲရောက်နေခဲ့တဲ့ နဝင်း ဗျည်းစမ စကြာအင်းကို မင်းလည်း အသုံးဘာမရှိသလို၊ သုံးမှာလည်း မဟုတ်ဘူးဆို အဘ သိတယ်။

တကယ်လည်း လိုချင်နေတဲ့သူလက်ထဲရောက်အောင် သွားပေးလိုက်ပါ

အားအားယားယား သူများအိမ်ရှေ့ကို ထိုက်ရပ်ပါ့မလား။ ထမင်းထည့်ပေးလိုက်၊ ချက်ချင်းပြန်သွားလိမ့်မယ်"

"ပေးနေ ကျွေးနေလို့ လာလာနေ တာ။ မပေးရဘူး၊ သိကွာကျတယ်"

မစာဥကြောင့် ကိုလေပွေတို့လင် မယားနှစ်ယောက် စကားများကြရသည်။ မစာဥက နားမလည်တော့ အိမ်ရှေ့ကို လာ,လာရပ်သည်။ မိန်းမဆူသော်လည်း ကျွေးမြဲပေးမြဲပါပေ။

"မစာဥတစ်ယောက် အဝေးပြေး ကားလမ်းမကြီးပေါ်မှာ ဆိုင်ကယ်တိုက် လို့ ဆုံးသွားပြီတဲ့။ စိတ်မကောင်းလိုက် တာဟယ်၊ သူက မြို့ထဲကမြို့ပြင်ကိုထွက် တာ မဟုတ်ဘူး။ ဘာလိုလုပ်ပြီး အဝေး ပြေးလမ်းမကြီးအထိ ရောက်သွားရတာ လဲ"

"ပြောရခက်ပါတယ်။ မစာဥ အိမ် ရှေ့လာ,လာရပ်ပြီး ထမင်းတောင်းတာ ကြိုက်လို့ ကိုလေပွေမိန်းမက ကားနဲ့ တင်ခေါ်သွားပြီး အဝေးမှာသွားပစ်ခဲ့ တာ ကားလမ်းဘေးထားခဲ့တော့ ကား ဆောက်ကို အတင်းပြေးလိုက်တုန်း တစ် ဟုန်တလာတဲ့ ဆိုင်ကယ်နဲ့ ဝင်တိုက်မိ တာ မသေခင် သတိရသွားသေးတယ် တဲ့"

"ဟုတ်လား- ဘာတွေပြောသွား သေးလဲ"

"သူက ပုလဲနယ်ဘယ်ကတဲ့။ ဆိုင်ကယ်တိုက်လို့ပဲ သူနဲ့သူ့ကလေး ဒဏ်ရာရပြီး ကလေးကသေသွားလို့ သူလည်း ခေါင်းထိပြီး စိတ်နောက်သွားရာက အိမ်ကထွက်လာတာ မိုင် (၂၀) ကျော်ခရီးကို ဘယ်လိုရောက်လာလဲ မသိပါဘူး။ သူ့မိဘဆွေမျိုးတွေဆီ အကြောင်းကြားပေးလိုက်တာ၊ ခေါ်သွားတုန်းကတော့ မသေသေးဘူး။ နောက်မှသေသွားတာတဲ့"

"သနားပါတယ်ဟယ်။ သတိပြန်ရမှပဲ ကံဆိုးရှာတဲ့ မစာဥပါလား"

"မစာဥက မူလတန်းပြ ဆရာမတဲ့။ လူ့ဘဝဆိုတာ ဘယ်အချိန်မှာ ဘာဖြစ်မယ်၊ ဘယ်လိုဘဝမျိုးရောက်ကြမယ်ဆိုတာ သိနိုင်တာ မဟုတ်ဘူး။ သူများကို လွယ်လွယ်ကူကူနဲ့ အရူးတို့၊ နင်ရူးနေသလားတို့ ဆိုတဲ့ စကားတွေ လွယ်လွယ်ကူကူ နှုတ်ကမထွက်တာကောင်းမယ်။ ဝစီဘေဒ ထိတိုင်းရှတဲ့။ မစာဥဆို သူ့ဘဝ ဒီလိုဖြစ်မယ်လို့ ဘယ်ထင်ပါ့မလဲ။ မသေခင် သတိရသွားသေးတော့ မိဘဆွေမျိုးတွေက သင်္ဂြိုဟ်ခွင့်၊ တွေ့ခွင့်ရသွားသေးတာပေါ့"

"သူ့ဘဝက ဒီလိုဖြစ်ရမယ့် ဝဋ်ကြွေးကြောင့် ဖြစ်ကြရတာ"

"ဟုတ်တာပေါ့။ ဘယ်သူက ရူးချင်ပါ့မလဲ၊ ဘဝဝဋ်ကြွေးကြောင့် ဖြစ်ကြရတာ"

ကျွန်တော်ကတော့ သူတို့ ဘာကြောင့် စိတ်နောက်တာဖြစ်ဖြစ်၊ အလှူကြီး မလှူနိုင်သော်လည်း ကျွန်တော့်မွေးနေ့တို့ဆိုလျှင် စိတ်မကောင်းသူများကို ထမင်းထုပ် အကြီးကြီးထုပ်ကာ သူတို့သွားတတ်သည့်နေရာများကို လိုက်ရှာကာ ထမင်းထုပ်လှူသည့်အလှူ လုပ်တတ်ပါသည်။ လူကောင်းတွေလို ရှာမစား၊ ချက်မစားနိုင်ဘူး မဟုတ်ပါလား။

တချို့ကလည်း စိတ်နောက်ခြင်းသည် မျိုးရိုးလိုက်သည့်ရောဂါဟု ပြောကြသည်။ အဖေ၊ အမေ စိတ်နောက်သူဖြစ်လျှင် သားသမီးတစ်ယောက်ယောက်ကလည်း လိုက်ပြီးစိတ်နောက်ခြင်း ဖြစ်တတ်သည်ဟု ပြောကြသည်။ ကလေးမွေးပြီး မီးတွင်းထဲ စိတ်ဖောက်သွားတာတို့၊ ပစ္စည်းတွေလွှင့်ပစ်တာတို့၊ ကိုင်ပေါက်ပစ်တာတို့ တွေ့ခဲ့ရဖူးသည်။ သေချာကုတော့ ပြန်ကောင်းသွားသည်ကို တွေ့ရပါသည်။ လမ်းမပေါ်တွင် စိတ်လွတ်ကာ လျှောက်သွားနေကြသူများကတော့ ကုပေးမည့်လူလည်း မရှိ၊ ဘယ်ကမှန်းလည်း မသိ၊ သိသော်လည်း ဆွေမျိုးများကကုမပေးကြ။ ဝဋ်ကြွေးဆိုသည်မှာ ပါလာလျှင် ရှောင်လို့မရပါပေ။ ဘဝများစွာတို့သည် ဝဋ်ကြွေးများကို ပေးဆပ်နေကြရပါသည်။

စောမိသွင်(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com

ကွာ။ မင်းပေးတဲ့သူဆိုရင် သိပ်ဝမ်းသာမှာပါကွာ၊ သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်ပေါ့။ သွားဖြစ်အောင်တော့သွားပါ'

ဟု ပြောပြီး ကျွန်ုပ်အပြောကိုပင် မစောင့်တော့ပါ။ ရုပ်ခြည်းပျောက်ကွယ်သွားပါတော့သည်။

ကျွန်ုပ်သည် ထိုနေ့က ကမ္ဘာ့ဌာန်းအာရုံစောစောသိမ်းပြီး အိမ်သို့ပြန်လာခဲ့ပါတော့သည်။ သို့နှင့် ကျွန်ုပ်မှာ ပြောသွားခဲ့သောနေရာဖြစ်သည့် ရွှေမုဋ္ဌောစေတီသို့ လုံးဝ မသွားဘဲနေခဲ့ပါသည်။ ပထမ လာပြောသောနေ့မှာ စနေနေ့ဖြစ်ပါသည်။ (၇) ရက်မြောက်သောနေ့ဖြစ်ပါသည်။ တိတိကျကျပြောရလျှင် သောကြာနေ့ညက ဖြစ်ပါသည်။

ကျွန်ုပ်သည် အိမ်မှာပင် ဘုရားခန်း၌ နိစ္စဓူဝကျင့်ဝတ်ကို ဆောင်ရွက်နေချိန် ဖြစ်သည်။ ညအချိန်မှာ (၉)နာရီခွဲခန့်ဖြစ်မည် ထင်ပါသည်။ အဘယ့်ကြောင့်ဆိုလျှင် ကျွန်ုပ် ဘုရားခန်းဝင်ခဲ့သည်မှာ ည(၉)နာရီအချိန်က ဖြစ်ပါသည်။ ထိုအချိန်တွင် ပြီးခဲ့သော စနေနေ့က ကျွန်ုပ်ကို လာရောက်တာဝန်ပေးသွားခဲ့သော အဘိုးအို ကျွန်ုပ်ထံရောက်ရှိလာခဲ့ပါတော့သည်။


'လူကလေး၊ မင်းသွားနေတဲ့လမ်းကြောင်းကိုလည်းသတိထားဦးလေ။ မင်းသွားနေတဲ့ကျင့်စဉ်က မေတ္တာ + သစ္စာကျင့်စဉ် မဟုတ်လား။ သူတစ်ပါးရဲ့အခက်အခဲကို မေတ္တာဖြင့်ကူညီပေးရမယ်လေ။ နောက်တစ်ခုက မင်းသွားချင်တဲ့လမ်းပေါ်ရောက်အောင် ပို့ပေးနေတာကို မင်း သစ္စာကိုက်မလုပ်ချင်ဘူးလား၊ သွားဖြစ်အောင်သွားပြီး ကူညီပေးလိုက်ပါ' ဟု ပြောခဲ့ပါတော့သည်။

ဟုတ်ပါသည်။ ကျွန်ုပ်ထံ လွန်ခဲ့သော (၃) လလောက်က ရောက်ရှိနေခဲ့သော နဝင်းဗျည်းစမ ကိုးကွက်အင်းကို ကျွန်ုပ် လုံးဝ သုံးရန်ဆန္ဒမရှိပါ။ ထိုဆန္ဒကို ကျွန်ုပ်အား လာပြောပြနေသော အဘိုးက သိနေပါသည်။ ဒီညမှာတော့ ကျွန်ုပ် စိတ်ဆုံးဖြတ်လိုက်ပါပြီ။ ထိုဗျည်းစမအင်းကိုရှာဖွေပြီး နောက်နေ့ နေ့ခင်းတွင် သွားရောက်ပေးမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

'သာဓု၊ သာဓု၊ သာဓု'

ဟု သာဓုသုံးကြိမ်ခေါ်သံကိုပင် ကျွန်ုပ် ကြားလိုက်ရပါသည်။

ကျွန်ုပ်သည် ဗျည်းစမအင်းကိုရှာ



နဝင်းဆယ့်တစ်ပါးအင်း

ဖွေပြီး ဘုရားကိုသွားရန် မနက်စောစောပင် ပြင်ဆင်ထားလိုက်ပါသည်။ ကျွန်ုပ်တာဝန်ယူရသောရုံးတွင် မနက်အလုပ်ကိစ္စများ အပြီးလုပ်ကိုင်လိုက်ပါသည်။

*(ထိုစဉ်ကာလက ရုံးဌာနများတွင် စနေနေ့၌ နေ့တစ်ဝက်၊ ၁၂ း ၃၀ နာရီအထိ တက်ကြရပါသည်။ စာရေးသူ)*

ကျွန်ုပ်သည် ထိုစနေနေ့က (၁၁) နာရီထိုးသည်နှင့် ရုံးမှဝန်ထမ်းကို မှာခဲ့ပြီး ဘုရားသို့ထွက်လာခဲ့ပါသည်။ ကျွန်ုပ်သွားရသည့် ရွှေမုဋ္ဌောဘွဲ့တော်ရှိသော စေတီတော်သည် သီရိမ္ဗာသောကမင်းကြီး တည်ထားခဲ့သော စေတီတော် ဖြစ်သည်။ မုခ်လေးမုခ် ရှိပါသည်။ သို့သော် အနောက်ဘက်မုခ်ကမူ အများသူငါ သွားလာ၍ မရပါ။ ဘုန်းတော်ကြီးကျောင်းဝင်းကရှိနေ၍ ဖြစ်ပါသည်။

စေတီတော်၏ အရှေ့ဘက်မုခ်၊ တောင်ဘက်မုခ်၊ မြောက်ဘက်မုခ် (၃) မုခ်က အများသူငါ ဝင်ရောက်နိုင်ကြပါသည်။ ထိုမုဋ္ဌောစေတီသည် စေတီတော်၏အနောက်ဘက်တွင် ရေတွင်း၊ ရေကန်တို့ ရှိပါသည်။ ရေကန်မှာ ပဒုမ္မာကြာတို့ ပေါက်ပါသည်။

ကျွန်ုပ်သည် စေတီတော်မြောက်ဘက်အရပ်မှနေပြီး လျှောက်လှမ်းလာခဲ့ရာ မြောက်ဘက် အာရုံခံတန်ဆောင်း အတွင်းတွင် ကျွန်ုပ်ထံလာပြောခဲ့သော ပုဂ္ဂိုလ်ကြီးက တရားထိုင်နေသည့်အ တိုင်း လှမ်းမြင်နေရပါသည်။

*(ကျွန်ုပ်သည် ယနေ့အထိပင် ထို စေတီကို သွားရောက်ဖူးမြော်လျှင် အ ရှေ့ဘက်မုခ်မှသာဝင်မြဲ ဖြစ်ပါသည်။ အ ခြားမုခ်များမှ ဝင်ရောက်ခြင်း မရှိပါ။ စာ ရေးသူ)*

ကျွန်ုပ်သည် ခြေလှမ်းကျဲကျဲလှမ်း ပြီး အရှေ့ဘက်မုခ်မှဝင်လာခဲ့ပါသည်။ အရှေ့ဘက်အာရုံခံထဲတွင် အသက်အ ရွယ် (၇၀) ကျော်အရွယ်လောက် ခေါင်း တုံးနှင့်အဘိုးတစ်ယောက် တနင်္ဂနွေ ထောင့်တွင်ရှိသော ခုတင်ပေါ်တွင်ထိုင် နေ၏။ ကျွန်ုပ်မှာ ထီး၊ ဖိနပ်၊ လွယ်အိတ် တို့ကို ထိုအဘိုးထိုင်ရာအနီးတွင် သူ သုတ်လေးထားလိုက်ပြီး လက်ဟန်ပြ ထို အရှေ့ဘက်တန်ဆောင်း အာရုံ မြောက်ဘက်အပေါက်မှ ထွက်စဉ်တွင် ကျွန်ုပ် အလာတုန်းက လှမ်းမြင်ခဲ့ရသော ပုဂ္ဂိုလ် ထိုင်ရာမှထလိုက်သည်

www.burmeseclassic.com

ကြားရပါတော့သည်။

ကျွန်ုပ် ထိုပုဂ္ဂိုလ်ထသည်ဟုပြောလိုက်ရခြင်းမှာ ဘုရားဖူးများထိုင်နိုင်ရန် ထန်းလက်ဖြင့် ရက်လုပ်ထားသော ဖျာငယ်များ ရှိပါသည်။ ထိုဖျာပေါ်ထိုင်နေသူ ထစဉ်တွင် ဖျာမှာရွေ့လျားသွားပြီး ကြမ်းနှင့်ထိတွေ့သောအသံကို ကြားရခြင်းကြောင့် ဖြစ်ပါသည်။ကျွန်ုပ် မြောက်ဘက်အာရုံခံရောက်ချိန်တွင် လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရတော့ပါ။

ကျွန်ုပ်မှာ (၁) မိနစ်လောက်အတွင်း လျှင်မြန်စွာကွယ်ပျောက်သွားခဲ့၍ ဘုရားပရဝဏ်ကို လှည့်လည်ပြီး အပြေးရှာပါတော့သည်။ ပရဝဏ်အတွင်းရှာပြီး ဘုရားအပြင်ဘက်ကို ရှာပြန်ပါသည်။ ကျွန်ုပ် ရှာဖွေချိန်ကို ချိန်ဆကြည့်လျှင်မည်မျှ မြန်ဆန်စွာသွားသူတစ်ယောက်အနေဖြင့် မျက်စိအမြင်အောက်က ပျောက်မသွားနိုင်ပါ။ ယခုတော့ အစအနကိုပင် မတွေ့ရ မမြင်ရတော့ပါ။

ကျွန်ုပ်သည် လွယ်အိတ်ထားခဲ့ရာ အရှေ့ဘက်အာရုံခံသို့ ပြန်လာခဲ့သည်။ ထူးထူးခြားခြားဖြစ်နေသည်မှာ ဘုရားဖူးလာသူ အခြားအဖွဲ့လိုက်၊ တစ်ယောက်ချင်း မရှိပါ။ ကျွန်ုပ်သည် ထီးနှင့်ဖိနပ်ခေတ္တထားရန်ပြောပြီး ကျွန်ုပ်ပြုဖွယ်များ သွားရောက်ပြုလုပ်ခဲ့ပါတော့သည်။ ကျွန်ုပ် ဘုရားဖူး၊ ပုတီးစိပ်နှင့် အာနာပါနရှုမှတ်ခဲ့သည်မှာ (၂) နာရီလောက်ရှိသွားခဲ့ပါသည်။ ကိစ္စပြီး၍ အရှေ့ဘက်အာရုံခံအတွင်း ရောက်သောအခါတွင် မူလကတည်းကထိုင်နေသော အဘိုးသည် ထိုင်လျက်ပင် ရှိနေပါသေးသည်။ ကျွန်ုပ်မှာလည်း လူသူလေးပါးရှင်းချိန်ဖြစ်၍ ကျွန်ုပ်အား သွားပြီးအင်းအပေးခိုင်းသော ပုဂ္ဂိုလ်ဖြစ်မှာ သေချာသလောက်ဖြစ်နေပြီဟု ယူဆပြီး အောက်ပါအတိုင်းစကားပြောလိုက်ပါသည်။

"ဦးကြီးကို ကျွန်တော် ပစ္စည်းတစ်ခုပေးချင်တယ်၊ လက်ခံမလား"

ဟု မေးလိုက်ပါသည်။

"ငါ့တူက ဘာပစ္စည်းပေးမှာလဲ၊ မေတ္တာနဲ့ပေးတာဆိုတော့ ဦး လက်ခံပါတယ်"

ဟု ပြန်ပြောလေသည်။

ကျွန်ုပ်သည် လွယ်အိတ်ထဲတွင် ထည့်ယူလာခဲ့သောအင်းကို ထုတ်ယူပြီး ဦးကြီးကို ပေးလိုက်ပါသည်။ ကျွန်ုပ်ပေးလိုက်သော ကိုးနဝင်း ဗျည်းစမ စကြာအင်းကို သေချာစွာစူးစိုက်ကြည့်ပြီး ဝမ်းသာအားရ ပြောလေတော့သည်။ အင်းကို သီးခြားဖော်ပြထားပါသည်။

"ဝမ်းသာလိုက်တာ၊ ဦးအတော်ကို ဝမ်းသာပါတယ်။ ဦး ဒီအင်းပျောက်သွားတာ တစ်လကျော်သွားပြီကွယ့်၊ အခု ဘယ်နေရာကတွေ့လာခဲ့တာလဲ ပြောစမ်းပါ"

ဟု မေးနေတော့သည်။

ကျွန်ုပ်မှာ ဦး-ပျောက်ခဲ့သောအင်းမဟုတ်ကြောင်း၊ အတူအင်း(ပုံစံတူအင်း) ဖြစ်မည်ထင်ကြောင်းတို့ကို ရှင်းလင်းပြောပြရလေသည်။ ထိုဦးကြီးက သူဖြစ်စဉ်ကို အောက်ပါအတိုင်း ပြောပြနေတော့သည်။

"ဦးက ဒီဘုရားကို လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) ကျော်လောက်ကစပြီး ဝေယျာဝစ္စတွေ လာလုပ်ခဲ့တာကွ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ဦးလည်း နေကုန်လောက် ဘုရားမှာပဲ နေဖြစ်ခဲ့တယ်ကွ။ တစ်နေ့တော့ ဦးလည်း မနက်အရုဏ်တက်ပြီးချိန်လောက် ဘုရားကိုရောက်ခဲ့တယ်။ အဲဒီမှာ အံ့ဩစရာအဖြစ်နဲ့ ကြုံရတော့တာပဲကွယ်။

ဘုရားပရဝဏ်က တံတိုင်း(၂)ထပ်ဆိုတော့ တံတိုင်း(၂)ခုကြားကိုအရင်ရှင်းတာပေါ့ကွယ်။ ပြီးမှ အတွင်းရင်ပြင်ကို သန့်ရှင်းရတာပေါ့။ နောက် အာရုံခံထဲဝင်ပြီး ရှင်းလင်းတဲ့အချိန်မှာ အတွင်းဂန္ဓကုဋိထဲမှာ အညိုဝတ်ပုဂ္ဂိုလ်တစ်ဦး တရားထိုင်နေတာကိုမြင်ရပါတယ်။ အံ့ဩသွားတာက ဘုရားသော့က ဘုန်းကြီးကသိမ်းထားတာဆိုတော့ ဘုန်းကြီးရဲ့မိတ်ဆွေလားပေါ့။ ဒီလို စဉ်းစားနေစဉ်မှာပဲ ထိုင်နေတဲ့ အညိုဝတ်ပုဂ္ဂိုလ်က အပြင်ထွက်လာပါတော့တယ်။

ဦး-ဆိုလေ၊ အံ့ဩလိုက်ရတာလွန်ရော။ ဦးက လုံးဝကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်ခဲ့ဘူးကွ။ အဲဒီ အညိုဝတ်ပုဂ္ဂိုလ်က ပြောတယ်။ 'ဒကာ- မင်းက ဘုရားမှာ အမြဲလာပြီး ဘုရားဝေယျာဝစ္စတွေ လုပ်ပေးနေတာ နှစ်တောင်အတော်ကိုကြာလာပြီပဲ။ တို့လည်း တစ်လတစ်ခေါက်လောက် ဘုရားလာဖူးတိုင်း ဒကာကို တွေ့မြဲ၊ မြင်မြဲ ဖြစ်နေတယ်။

ရတနာသုံးပါး ကြည်ညိုတဲ့သူဆိုတော့ ဘေးရန်အားလုံးကင်းရှင်းပြီး စီးပွားဥစ္စာတိုးတက်မှာ အမှန်ပဲကွ။ ဒကာမှတ်ထားပေတော့။ ကံမကုန်ရင် ပြန်တော့ဆုံနိုင်ပါတယ်။ အခု ငါပေးခဲ့တဲ့အင်းကိုအသေအချာသိမ်းပေတော့' လို့ပြောပြီး ပေးခဲ့တာကွယ့်။

ဦးလည်း အဲဒီအချိန်ကနေစပြီး ဘုရားကိုလည်း နေ့မကောင်းရင်တောင် မလာဘဲမနေဘဲ ဝေယျာဝစ္စတွေ လုပ်ခဲ့တာ ဒီနေ့အထိပေါ့။ ဖြစ်ချင်တော့ ပြီးခဲ့တဲ့တစ်လလောက်က ဦးကို ရသေ့ကြီးပေးခဲ့တဲ့ ဒီအင်း ပျောက်သွားခဲ့တာလေ၊ ဦးဖြင့် စက္ကူမြင်သမျှ လိုက်ပြီးကောက်ကြည့်မိတော့တာပေါ့ကွာ။

ဦးတို့အရပ်ထဲကလူတွေနဲ့ သမီးကလည်း ဦး ရူးပြီပေါ့။ စက္ကူတောင်ကောက်နေပြီလို့ ပြောနေကြတာကွ။ ဦးက သမီးကိုရှင်းပြတော့လည်း လက်မခံဘူးကွ။ ဘုရားမသွားဖို့ဘဲ တားနေကြတာ။ ဦးကလည်း ဘယ်သူကတားတားမနေဘူး မောင်ရေ၊ ဘုရားကိုလာနေတာပဲ။ ကဲ- အခုတော့ ဦးပျောက်သွားတဲ့အင်း ပြန်ရပြီ။ ဒီတစ်ခါ အပျောက်မခံနိုင်တော့ဘူး၊ လုံခြုံအောင်သိမ်းမှ ဖြစ်တော့မယ်"

ဟု ပြောပြီး ထပါတော့သည်။

"ကျုပ်တူ ခဏနေဦး"

ဟု ပြောပြီး သောက်ရေအိုးစင်က ရေတစ်ခွက်ခပ်လာပြီး ဘုရားရှေ့သွားထိုင်ကာ နှုတ်က တဖွဖွပြောပြီး အင်းကို သောက်ပစ်လိုက်ပါတော့သည်။

လွန်စွာ ပျော်ရွှင်သော မျက်နှာပေးဖြင့် ကျွန်ုပ်ထံ ပြန်လာထိုင်ပြီး ထိုအင်းရပြီးကတည်းက စစ်တွင်းကာလ အန္တရာယ်ကင်းရှင်းခဲ့ပုံနှင့် ယနေ့အထိ မပူမပင်နေနိုင်၊ စားသောက်နိုင်ကြောင်း၊ လွန်စွာပင် ယုံကြည်ကိုးစားပုံတို့ကိုပြောပြနေပါတော့သည်။

ကျွန်ုပ်အားလည်း လိုအပ်သော ကိစ္စအဝဝကိုပြောပါရန် အတန်တန်ပြောနေပါတော့သည်။ ကျွန်ုပ်မှာလည်း ဦးကြီးကိုကြည့်ပြီး အပျော်ကူးလာခဲ့ပါတော့သည်။ ကျွန်ုပ်လည်းနှုတ်ဆက်ပြီး ဘုရားမှပြန်လာခဲ့ပါသည်။

လွန်ခဲ့သော နှစ် (၄၀)လောက်က ကြုံတွေ့ခဲ့ရသောအဖြစ်မှန်ကို ယခုစာချစ်သူမိတ်ဆွေများထံ ပြန်လည်တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ဝိဇ္ဇာဓရ ဂန္ဓာရီပညာနယ်ပယ်သည် လွန်စွာပင် ကျယ်ဝန်းနက်ရှိုင်းလှပါတော့သည်။

*ပညာတိုးပွား၍ ကြီးပွားချမ်းသာကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

"မေသော်၊ မေသော်-ထစမ်းပါဦး ဟာ၊ ငါ အစ်ကိုကြီးကို အိပ်မက်မက်နေလို့"

ကျွန်တော် လှုပ်နှိုးလိုက်လို့ မေသော်နိုးသွားပြီး မီးခလုတ်ဖွင့်လိုက်တာတွေ့သည်။ အိပ်မက်ကြောင့် ကျွန်တော် ငူငူငိုင်ငိုင် ဖြစ်နေမိ၏။

"ဒီမှာ ရေ ကိုကျော်၊ သောက်လိုက်ဦး။ အိပ်မက်ဆိုးနဲ့တူတယ်။ နက်ဖြန်ဆို အစ်ကိုကြီးသေတာ (၆) လရှိပြီဆိုတော့ ကိုကျော် စိတ်စွဲပြီး မက်တာဖြစ်မှာပါ။ ရေသောက်ပြီးပြန်အိပ်လိုက်နော်"

မေသော် ခပ်တိုက်သော ရေကိုသောက်ပြီးပြန်အိပ်သည်အထိ အိပ်မက်ကို ပြန်စဉ်းစားရင်း အစ်ကိုကြီးကို သတိရမိသည်။

အစ်ကိုကြီးနဲ့ကျွန်တော်က မောင်နှမ (၄) ယောက်ထဲမှာ အကြီးဆုံးနဲ့ အငယ်ဆုံး။ကြားထဲမှာက ကျွန်တော့်အစ်မခဲ့တဲ့ ကျွန်တော်တို့မောင်နှမ(၄)ယောက်မှာ အစ်ကိုကြီးက တစ်မိပေါက် တစ်ယောက်ထွန်းလို့ ပြောရမည်။ ငယ်စဉ်ကတည်းက သားဦးဆိုပြီး အလိုလိုက်ခဲ့တဲ့အတွက် အဖေဆုံးပါးသွားခဲ့ပေမယ့်လည်း အစ်ကိုကြီးက အမေနှင့်မိသားစုအပေါ် လုံးဝ မသိတတ်ပါ။

ဆယ်တန်းလည်း အောင်အောင်မဖြေ။ အမေ့ကို ကူလုပ်ဖို့ ဝေးစွ၊ အမေရှာသမျှထဲက ယူ၍ လက်ဖက်ရည်ဆိုင်ထိုင်၊ ဘီလိယက်ထိုး၊ ကွမ်းစား၊ ဆေးလိပ်သောက်နဲ့ သုံးဖို့၊ ဖြုန်းဖို့သာ နားလည်သည်။ အစ်ကိုကြီးအောက်က ကျွန်တော်တို့မောင်နှမ (၃) ယောက်ကို အကြီးဆုံးဆိုပြီး ဘယ်တုန်းကမှညှာတာခဲ့တာ မရှိ။

အစ်မ(၂)ယောက်ကို အမေ အားကိုးရသမျှ အစ်ကိုကြီးတော့ ပြောမရဆိုမရဖြင့် အမေ လက်လျှော့ထားခဲ့တာကြာပြီ။ အစ်မကြီး (၁၀) တန်းအောင်တော့ စာပေးစာယူသာယူပြီး အမေ့တာဝန်ကို တစ်ဖက်တစ်လမ်းက ကူထမ်းသည်။ ဘွဲ့ရလျှင် အမေ့ဆိုင်ကိုကိုယ်တိုင်ဦးစီးပြီး အမေ့ကို နားစေခဲ့၏။ အစ်မလတ်ကလည်း လိမ္မာသည်။ စာပေးစာယူဖြင့်ဘွဲ့ရတော့ ရုံးတစ်ရုံးမှာ စာရေးမဝင်လုပ်ကာ အိမ်စားစရိတ်ကို တစ်ဖက်တစ်လမ်းမှထောက်ပံ့ရှာသည်။ ကျွန်တော့်အစ်ကိုကြီးကတော့ လည်ရာပြန်



ငွေသော်တာလင်း(ညောင်လေးပင်)

ပြုလုပ်ခဲ့သောကံတို့၏လားရာ

(၂) ယောက် ရှိသေးသည်။ အဖေက ကျွန်တော် (၁၁) နှစ်သားအရွယ်တည်းက ဆုံးသွားရှာပြီ။ အဖေရှိစဉ်က အိုးပိုင်အိမ်ပိုင်ရရှိထားခဲ့တဲ့အတွက် နေရေးမပူရပေမယ့် စားဖို့ ဝတ်ဖို့ကိုတော့ ကျွန်တော့်အမေ ကုန်စုံဆိုင်လေးဖွင့်ပြီး ရှာဖွေခဲ့ရ၏။

(၂)နှစ်ခြားတစ်ယောက်နှုန်းနဲ့မွေး




www.burmeseclassic.com

www.burmeseclassic.com

စားရေးတာဝန်ကို ပျော်ပျော်ကြီးထမ်းလို့ကောင်းနေဆဲ။

မောင်နှမတွေကို အနိုင်ကျင့်လွန်းတဲ့အတွက် တစ်နေ့ မလတ်နဲ့ အစ်ကိုကြီးစကားများကြရာ အစ်ကိုကြီးက လက်ပါသွားသည်။ အကျိုးဆက်ကတော့ အစ်မလတ်စိတ်နာပြီး ယောကျ်ားနောက်လိုက်သွား၏။ ပြန်အပ်ပြီးလို့ မင်္ဂလာကိစ္စပြီးစီးသွားပေမယ့် အိမ်မှာမနေတော့ဘဲ အိမ်ငှားနေကာ အစ်ကိုကြီးကို ခပ်ကင်းကင်းသာ နေသွားသည်။ မောင်နှမတစ်ဝေတွကြားမှာ အမေကတော့မျက်ရည်တစမ်းစမ်းဖြင့် ရှိနေတော့၏။

ကျွန်တော်(၁၀)တန်းအောင်တော့ အငယ်ဆုံးဆိုပြီး အမေက တက္ကသိုလ်ဆက်တက်စေခဲ့တဲ့အတွက် တက္ကသိုလ်ကျောင်းသားဖြစ်သွားပြီး အိမ်မှာအနေနည်းခဲ့သည်။ ဒါကြောင့် အစ်ကိုကြီးမိန်းမယူမည်ဆိုတော့ မင်္ဂလာပွဲလုပ်ခါနီးမှ ကျွန်တော် သိခဲ့ရ၏။ ကျွန်တော်တို့အိမ်ရဲ့တိုးတက်ရာ တိုးတက်ကြောင်းကို ဘာမှမလုပ်ပေးခဲ့ပေမယ့် သူ့မင်္ဂလာပွဲကိုတော့ တင့်တင့်တယ်တယ် လုပ်ပေးဖို့ တောင်းဆိုခဲ့တာကြောင့် အမေ့ လက်ဝတ်လက်စားများ ရောင်းထုတ်လိုက်ရပါ တော့သည်။



ရင်နာစရာကောင်းအောင် ကျွန်တော့်အစ်ကိုကြီး ထပ်မံလုပ်သွားပုံက မင်္ဂလာပွဲအပြီးမှာ လက်ဖွဲ့ငွေများကို တစ်ပြားတစ်ချပ်မှ ချန်မထားခဲ့ဘဲ အစ်ကိုကြီးကိုယ်တိုင် အားလုံးယူသွားခဲ့တာပင်။ အမေနဲ့အစ်မကြီးတို့ ကျိတ်ငိုကြတာကို ကျွန်တော်မြင်ခဲ့ရတဲ့အတွက် အစ်ကိုကြီး အပေါ်မှာ အတော့်ကြီးလွန်းသူ့ဆိုပြီး စိတ်ခုမိခဲ့သည်။ နှုတ်ကတော့ ဖွင့်မပြောဖြစ်ပါ။ အမေနဲ့အစ်မကြီး ကိုတော့ ကျွန်တော်က လူကြီးလုပ်ပြီး နှစ်သိမ့်ပေးခဲ့ရပါသည်။ စိတ်ကြောင့်ကြေ ဆိုတဲ့အတိုင်း အဲဒီအချိန်မှ စ,ကာ အမေ့ကျန်းမာရေး ယိုယွင်းလာခဲ့တဲ့ အတွက် ကျွန်တော်တို့ စိတ်ပူခဲ့ရ၏။

ကျွန်တော် ကျောင်းပြန်တက်ပြီး ဘယ်လောက်မှမကြာ၊ သတင်းကြားရပါပြီ။ ယူသွားသော လက်ဖွဲ့ငွေတွေကို လုပ်ငန်းမလုပ်ဘဲ သုံးဖြုန်းပစ်ပုံပေါ်သည်။ ယောက္ခမနှင့်မတည့်တော့၍ မိန်းမကိုအပါခေါ်ပြီး အမေ့အိမ်ပေါ်ပြန်ရောက်လာခဲ့သည်။ သားသမီးဆိုတော့လည်း မပြောရက်မဆိုရက်တော့ဘဲ ထုံးစံအတိုင်း အိမ်ပေါ်တင် ကျွေးထားရတော့၏။

ထိုနှစ်မှစကာ ကျွန်တော့်ကျောင်းစရိတ်၊ အမေ့ဆေးဖိုးနဲ့ အိမ်စီးပွားရေးမကောင်း ဖြစ်လာခဲ့သည်။ အစ်ကိုကြီးကတော့ လုံးဝ အားမကိုးရတဲ့အပြင် မိန်းမဖြစ်သူကလည်း အတော်လည်သည်။ အစ်မကြီး ဦးစီးရောင်းနေသော ကုန်စုံဆိုင်မှာကူညီလုပ်ကိုင်ပေးရင်း ငွေများကို ရရင်ရသလို ယူနေတဲ့အတွက် အစ်ကိုကြီးယူသုံးတာနှင့်ဆိုလျှင် နှစ်ဖက်ကုန် ဖြစ်နေတော့သည်။ ကျွန်တော် ကျောင်းပိတ်လို့ ပြန်လာတိုင်း ထိုအကြောင်းကို အစ်မကြီးက ရင်ဖွင့်ပြီး ငိုရှာသည်။ အမေသိရင် ကျန်းမာရေးမကောင်းရတဲ့အထဲ စိတ်ဆင်းရဲမှာစိုး၍ ဖွင့်မပြောရက်ရှာပါတဲ့။ ကျွန်တော်က အငယ်ဆုံးဖြစ်ရုံသာမက အစ်ကိုကြီးကို ငယ်ကြောက်မို့ ဘာပြောနိုင်ပါမည်လဲ။ အစ်မကြီးကိုသာ ပိုက်ဆံတွေ လုံလုံခြုံခြုံထားဖို့ ပြောရပါတော့သည်။

ကျွန်တော် နောက်ဆုံးနှစ်ကျောင်းတက်ချိန်ရောက်လာတော့ အစ်ကိုကြီးမိန်းမနဲ့ အစ်မကြီးတို့ရဲ့အဆင်မပြေမှုက အထွတ်အထိပ်ရောက်လာခဲ့၏။ ဒါကိုအခွင့်ကောင်းယူပြီး အိမ်ခွဲပေးဖို့ အမေ့ကို အစ်ကိုကြီးအရေးဆိုလာခဲ့ရာ အစ်ကိုကြီး ဂျီတိုက်လွန်းတာကို မခံနိုင်တော့ဘဲ ဘေးမှာပိုနေတဲ့ မြေတစ်ခြမ်းကို ရောင်းပေးလိုက်ရတော့သည်။

ထိုခြံ့ကွက်သစ်မှာ ခြံဝယ်၊ အိမ်ဆောက်ပြီး အစ်ကိုကြီးခွဲနေလိုက်တဲ့အတွက် အနီးကပ်ပြဿနာလေးတွေ ကင်းသွားတာတော့ အမှန်ပင်။ ကျွန်တော်တို့အိမ် စီးပွားရေးကတော့ အတော်လေးကို ယိမ်းယိုင်ပြီး ကျန်ခဲ့ပြီ။ အစ်မကြီးလက်ဝတ်လက်စားတွေကို ကိုယ်ပေါ်မှာ ပင်မတွေ့ရတော့။ အိမ်ထောင်ကွဲ အစ်မလတ် စီးပွားရေးအဆင်ပြေလာတဲ့တွက် အမေ့ဆေးဖိုးကိုသာမက ကျွန်တော့်ရဲ့နောက်ဆုံးနှစ်ကျောင်းစရိတ်ကိုပါ တတ်နိုင်သမျှထောက်ပံ့ပေးနေလို့ ကျွန်တော် စိတ်အေးချမ်းစွာ ပညာဆက်သင်နိုင်ခဲ့တာ ဖြစ်သည်။ ယောက်ဖဖြစ်သူကလည်း ကျွန်တော်တို့မိသားစုအပေါ် နားလည်သိတတ်၍ ကျေးဇူးတင်ဖို့ ကောင်းလွန်းလှ၏။

အမေဆုံးပါးတော့ ကျွန်တော် ကျောင်းပြီးခါစပင် ရှိသေးသည်။ ကျွန်တော့်လုပ်စာလေးတောင် အမေ စားမသွားရရှာပါ။ အမေသေပြီး (၆) လ



www.burmeseclassic.com

www.burmeseclassic.com

လောက်နေတော့ အစ်မလတ်ကျေးဇူးဖြင့် သူအရင်ကလုပ်ခဲ့သောရုံးမှာ ကျွန်တော် အလုပ်ရခဲ့သည်။ မောင်နှမတစ်တွေ ပျော်လို့မှမဆုံးသေးပါ၊ အစ်ကိုကြီးက တစ်စခန်းထလာပြန်သည်။ မိဘအမွေအိမ်လေးကိုရောင်းပြီး အမွေပေးပါတဲ့။ အစ်မကြီးကတော့ လုပ်ရက်လိုက်တာဆိုပြီး ရင်ထုငိုရှာသည်။ အစ်မလတ်ကတော့ နဂိုကတည်းက ခပ်ကင်းကင်းနေတဲ့အတွက် အံကြိတ်ပြီး မဲ့ပြုံးသာပြုံးနေတော့၏။

အစ်ကိုကြီး မရမကတောင်းလာတဲ့အမွေအတွက် အစ်မလတ်စီစဉ်ပုံကပြတ်သည်။ အိမ်တန်ဖိုးသင့်၍ လေးပုံပုံကာ၊ တစ်ပုံကို အစ်ကိုကြီးအား အမ်းပေးလိုက်၏။ တော်ရုံလူများလုပ်နိုင်ခဲသောအလုပ်ကို အစ်မလတ်လုပ်ပြသွားသည်မှာ သူရတဲ့အမွေပုံကို မယူရှာဘဲ ကျွန်တော်တို့ မောင်နှမ (၂) ယောက်အမည်နဲ့ အိမ်ပိုင်ဆိုင်မှုစာချုပ်ကို ချုပ်ပေးခဲ့တာ ဖြစ်သည်။ အစ်ကိုကြီး ရှက်တတ်မည်ဆိုလျှင် ပယ်ပယ်နယ်နယ်ရှက်လို့ရသည်။ အစ်မလတ်ကျေးဇူးနဲ့ ကျွန်တော်တို့အမေ ခေါင်းချသွားရာ အိမ်လေးကို မဆုံးရှုံးရတော့ပါ။

ကျွန်တော့်အစ်မကြီးတစ်ယောက် သံဝေဂတွေ ဘယ်လောက်ရသွားရှာသလဲ မသိ၊ သူ့မိတ်ဆွေရဲ့သမီးလေးနဲ့ ကျွန်တော့်ကို နေရာချပေးကာ သီလရှင်အဖြစ်ဝတ်သွားတော့သည်။ အစ်မကြီး မရှိတော့သောအိမ်ကို အစ်ကိုကြီး အမြဲဝင်ထွက်ဖို့ အကွက်ရသွားပြီဟုလည်း ပြောရမည်။ ငယ်နိုင်ဖြစ်သော ကျွန်တော့်ကို အစ်ကိုကြီး ဂရုမစိုက်ပါ။

ကျွန်တော်တို့ သူ့အပေါ် စိတ်နာရလောက်အောင် အစ်ကိုကြီး နှိပ်စက်ခဲ့ပေမယ့် သူ့မဟုတ်သလိုပါဘဲ။ ကျွန်တော့်အိမ်ကို အမြဲ ဝင်ထွက်ပြီး ရှိတာလှန်လှောစားသွားရုံသာမက သူ့အိမ်အတွက်ပါ ခပ်တည်တည် တောင်းသွားသေးသည်။ ဝက်သားဟင်းတော့ သူ အလွန်ကြိုက်၏။ ကျွန်တော် သတိထားမိသလောက် အစ်ကိုကြီးဟာ ဝတစ်လုံးနဲ့ ရတစ်လုံးသာသိသူ ဖြစ်သည်။ အစ်ကိုကြီး လှူတာတန်းတာ၊ သူတစ်ပါးကိုပေးကမ်းတာ တစ်ခါမှ မမြင်ဘူး၊ မကြားဘူးပါ။

အစ်ကိုကြီးအပေါ် ကျွန်တော်က ညီအစ်ကိုအရင်းမို့ နားလည်သော်လည်း ကျွန်တော့်မိန်းမက တစ်ခါတစ်ခါအမြင်မကြည်ပါ။ ကျွန်တော်က ဖျောင်းဖျပြောပြရပါသည်။ အစ်မလတ်က ကင်းကင်းနေတော့ အစ်ကိုကြီးအနိုင်ကျင့်စရာ ကျွန်တော်တစ်ယောက်တည်း ရှိတော့တာ မဟုတ်လား။ နောက်ပိုင်းတွင်တော့ သဘောထားပြည့်တဲ့ ကျွန်တော့်မိန်းမကလည်း အစ်ကိုကြီးအပေါ် သိပ်မငြိုငြင်တော့တဲ့အတွက် ကျွန်တော်နဲ့အစ်ကိုကြီးကြားမှာ ပြဿနာနည်းခဲ့တယ်ဟု ပြောရပေမည်။

အစ်ကိုကြီး လေဖြတ်ပြီး ဆုံးသွားတော့ အသုဘကိစ္စကို ကိုယ်ဖိရင်ဖိ ကျွန်တော် သွားလုပ်ပေးခဲ့ပါသည်။ စိတ်နာနေသော အစ်မလတ်ပင် အစ်ကိုကြီး မသေခင် ဝေဒနာခံစားနေရတုန်းက လိုအပ်သော ငွေကြေး၊ ဆေးဝါးအကူအညီပေးခဲ့သေး၏။ အသုဘစရိတ်တောင် ထုတ်ပေးရှာပါသေးသည်။

အခုဆို အစ်ကိုကြီးဆုံးသွားတာ မနက်ဖြန်ဆိုရင်ပဲ (၆) လပြည့်တော့မှာပါ။ ယနေ့ည ကျွန်တော့်အိပ်မက်ထဲမှာ အစ်ကိုကြီးကို တွေ့လိုက်ရသည်။ ညှိုးနွမ်းစုတ်ပြတ်နေပုံက မြင်ရသူအဖို့ စိတ်မချမ်းသာစရာအသွင်နှင့်ပါ။

'ညီလေး၊ အစ်ကိုကြီး အစာမစားရတာ ကြာနေပြီကွာ။ အစ်ကိုကြီးကို ထမင်းကျွေးပါ'

အသနားခံတဲ့လေသံလေးနဲ့ ကျွန်တော့်ဆီမှာ ထမင်းတောင်းစားနေတာမို့ ကျွန်တော် ကပျာကယာ မီးဖိုထဲဝင်ပြီး ဝက်သားဟင်းနဲ့ထမင်းတွေနယ်ကာ ပြန်ထွက်လာခဲ့သည်။

'ရော့-အစ်ကိုကြီး၊ ဒီမှာ ဝက်သားဟင်းနဲ့နယ်လာတယ်။ စားစား၊ အစ်ကိုကြီး'

အစ်ကိုကြီးဟာ ဝမ်းသာအားရနဲ့ ထမင်းပန်းကန်ကို လှမ်းယူလိုက်တဲ့အခါ ကျွန်တော့်လက်ကို တစ်စုံတစ်ရာ ပင့်ရိုက်လိုက်သလို ဖြစ်သွားပြီး ထမင်းပန်းကန် မြောက်တက်သွားကာ မြေကြီးပေါ်သို့ကျသွားပါတော့တယ်။ ပြန်ကောက်ကြည့်တော့ ထမင်းတွေအားလုံး ဖုန်အလူးလူး ဖြစ်နေပါပြီ။ အစ်ကိုကြီးကတော့ တွေတွေကလေး လှမ်းကြည့်နေလေရဲ့။ ကျွန်တော် ကမန်းကတန်း အိမ်ထဲပြန်ဝင်ကာ ထမင်းနဲ့ဟင်းကို ထပ်နယ်ခဲ့ပြန်ပါသည်။ အစ်ကိုကြီးကို လှမ်းအပေးမှာ ယခင်ကအတိုင်း ထပ်ဖြစ်ပြန်၏။ အိပ်မက်ထဲမှာ ကျွန်တော် အံ့ဩတုန်လှုပ်နေသလို အစ်ကိုကြီးကလည်း အာသာငမ်းငမ်းနဲ့စားချင်ရှာလို့ ယူကျုံးမရဖြစ်နေပုံပါ။

ကျွန်တော် ဇွဲမလျှော့သေးပါဘူး။ အိမ်ထဲကိုအပြေးပြန်ဝင်ပြီး ထမင်းထပ်ယူလာခဲ့သေးသည်။ ဒီတစ်ခါတော့ ကျွန်တော့်လက်နဲ့ အစ်ကိုကြီးကို ထမင်းပန်းကန် ထပ်မပေးရဲတော့ပါ။ ကျွန်တော့်လက်ကို ဘာမှမမြင်မတွေ့ရတဲ့ တစ်စုံတစ်ရာက ပင့်ပြီး ရိုက်ရိုက်ချနေမှန်းသိလို့ ထမင်းပန်းကန် အစ်ကိုကြီးလက်ထဲရောက်ရန် ဘယ်လိုပေးရမလဲဟု အပြေးအလွှား စဉ်းစားနေမိသည်။

ထိုအချိန်မှာပဲ အစ်ကိုကြီးနဲ့ ကျွန်တော့်နား ခပ်လှမ်းလှမ်းမှာရှိနေတဲ့ မန်ကျည်းပင်ကိုင်းကြီးမှာ အလွန်ကြီးတဲ့ ချိန်ခွင်ကြီးချိတ်ထားတာကို လှမ်းတွေ့လိုက်ရသည်။ ထိုချိန်ခွင်ကြီးထဲမှာ သေတ္တာကြီးနှစ်လုံးက အလေးချိန်ညီညီရှိနေကြ၏။ ကျွန်တော်လည်း ကမန်းကတန်းပဲ ထိုသေတ္တာတစ်လုံးပေါ် ထမင်းပန်းကန်ပြားကို ပစ်တင်လိုက်ကာ-

'အစ်ကိုကြီး မြန်မြန်ယူစားလိုက်၊ မြန်မြန်လေးယူစားလိုက်'

လို့ အလောတကြီး အော်ပြောလိုက်သည်။ အစ်ကိုကြီးကလည်း အပြေးကလေး လှမ်းယူရှာသည်။ ထမင်းပန်းကန်နားကို လက်ကလေးလှမ်းရုံရှိသေးသည်၊ တစ်စုံတစ်ယောက်က ဆွဲမြှောက်လိုက်သလို ချိန်ခွင်ကြီးဟာ ဗြုံးခနဲ တစ်ဖက်စောင်းတက်သွားရာ ကျွန်တော်တင်ပေးလိုက်သော ထမင်းပန်းကန်မှာ လွင့်တက်သွားပြီး ယခင်တွေကလို မြေကြီးပေါ် မှောက်ကျသွားတော့၏။

ကျွန်တော် သွားမကောက်ဖြစ်တော့ပါ။ ဖုန်အလူးလူးဖြစ်နေမှာ အသေအချာပင်။ ထမင်းတွေကို နှမြောတသစွာငေးကြည့်နေတဲ့ အစ်ကိုကြီး မျက်ဝန်းမှာမျက်ရည်တွေနဲ့ပါ။ အဲဒီအဖြစ်ကို တုန်တုန်လှုပ်လှုပ်ကြည့်နေရင်း ကျွန်တော် အိပ်ရာကလန့်နိုးခဲ့တာ ဖြစ်သည်။

ခု ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားကြည့်ရာတွင် အစ်ကိုကြီးတစ်ယောက် အစွဲအလမ်းတစ်ခုဖြင့်သေပြီး အပါယ်(၄)ဘုံထဲက ပြိတ္တာဘုံကိုရောက်နေတာ ဖြစ်မည်။ သူ့မိသားစုနဲ့ ကျွန်တော်တို့ပြုလုပ်ပေးခဲ့သမျှသော ကုသိုလ်ကောင်းမှုတို့၏အဖို့ဘာဂကို သာဓုခေါ်ဆိုနိုင်ပုံ မရပါ။ ရောက်ရာဘုံဘဝမှာ အငတ်ငတ်အပြတ်ပြတ်ဖြစ်နေရုံမက ကျွန်တော်ကျွေးတဲ့ အိပ်မက်ထဲက ထမင်းကို စားခွင့်မရနိုင်လောက်အောင် အကုသိုလ်အကြောင်းသတ္တိတို့ ဘယ်လောက်တောင် ဖိစီးထားပြီး မသိ၊ ကျွန်တော် အထူးပင် သံဝေဂရနေမိပါတော့သည်။

ငွေသော်တာထင်
(ဒေါပင်လေး...)



www.burmeseclassic.com

www.burmeseclassic.com

ဘဝအတွက်ထူခြားတဲ့နေ့လေး-

၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်။

ကျွန်တော် ပင်စင်စားဘဝ ဖြစ်ခဲ့သည်။ မိမိဘဝ၏ သုံးပုံနှစ်ပုံသောအချိန်အတွင်း ဝန်ထမ်းဘဝတွင် ပေးဆပ်ထားခဲ့ရ၍ ဝန်ထုပ်ဝန်ပိုးကြီးလွတ်သွားသလို စိတ်လက်ပေါ့ပါးစွာ ခံစားရသည်။

ပင်စင်စားဘဝတွင် အချိန်မှန်အိပ်၊ အချိန်မှန်စား၊ တရားထိုင်၊ ပုတီးစိပ်၊ စာဖတ်၊ စာရေးဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းကို ရှာဖွေဆောင်ရွက်ခဲ့သည်။



# မြတ်သိကျားခိုင်

(ထင်နောင်းကုန်း)

## မကောင်းမိစ္ဆာ ရှောင်ခွာပြေးဖို့



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းဘဝက လစဉ်ဝယ်ဖတ်ခဲ့သော ဂမ္ဘီရနှင့်သက်ဆိုင်သော စာပေမဂ္ဂဇင်းများကို တစ်အုပ်ပြီးတစ်အုပ်ဖတ်ရှုခဲ့ပါသည်။ အများအားဖြင့် တစ္ဆေ၊ သရဲ၊ သဘက်၊ ဝိဇ္ဇာဉ်ဆိုင်ရာ ပရလောကသားများနှင့် ပတ်သက်ဆက်စပ်သော ဖြစ်စဉ်များ၊ ကိုယ်တွေ့ဖြစ်ရပ်များ တော်တော်များများ ဖတ်ခဲ့ရသည်။ ထိတ်လန့်ခဲ့ကြသည်၊ ကြောက်ရွံ့ခဲ့ကြသည်၊ ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့ကြသည်၊ မေ့မြောကြသည် စသည်ဖြင့် အဖြစ်စုံ ဖတ်ရှုခဲ့ရ၍ ကျွန်တော့်ဘဝတွင် တွေ့ကြုံခဲ့ရသော သရဲတစ္ဆေများ၏ ခြောက်လှန့်မှု ကြမ်းတမ်းပုံနှင့် ကျွန်တော်၏ သီလ၊ သမာဓိအားကိုးဖြင့် ဖယ်ရှင်းမောင်းထုတ်နိုင်ခဲ့ပုံကို ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ရေးသားခဲ့ပါသည်။

❊

ကျွန်တော်သည် သိပ္ပံဘွဲ့ (ဘူမိ) ရပြီး ပညာရေးဘွဲ့ (BEd) ဘွဲ့ကိုလည်း ရရှိထားသူ ဖြစ်ပါသည်။ သိပ္ပံပညာတတ်ဖြစ်ပြီး သရဲတစ္ဆေ၊ မမြင်ရသော ဝိဇ္ဇာဉ်၊ မကောင်းမိစ္ဆာကို ယုံကြည်သူလားဟု မေးစရာရှိပါသည်။ တောမှာနေသူဖြစ်ပြီး ကျောင်းသားဘဝက ဘူမိကျောင်းသားဖြစ်၍ ကွင်းဆင်းရာတွင် တောစုံ၊ တောင်စုံ၊ ဒေသစုံ ရောက်ဖူးသလို ဝန်ထမ်းဘဝတွင်လည်း ဒေသအတော်များများ ပြောင်းရွှေ့ရ၏။ တောအရပ်၊ တောင်အရပ်များဖြစ်၍ မျိုးစုံသော အတွေ့အကြုံ အဖြစ်ဆန်းများတွေ့ကြုံခဲ့ဖူးပါသည်။ သရဲတစ္ဆေတကယ်ရှိတယ်ဆိုတာ လက်တွေ့တွေ့ပြီး ရှိတယ်ဆိုတာ ကျွန်တော် လက်ခံခဲ့ပါသည်။ ယုံကြည်သူရှိသလို မယုံကြည်သူတွေလည်း ရှိကြပါလိမ့်မည်။ မိမိပတ်ဝန်းကျင်နှင့်ဆိုင်မည် ဖြစ်ပါသည်။ ငယ်ငယ်ကပင် တစ္ဆေသရဲဝိဇ္ဇာဉ်နှင့် ပတ်သက်သည်ကို နားယဉ်ခဲ့ပါသည်။ သို့သော် ကျွန်တော် ထိုစဉ်က မယုံခဲ့ပါ။ မယုံသူမို့ ယခင်ကတိုင် ရှိသည်၊ တွေ့တတ်သည်ဆိုသည့်နေရာမျိုးသို့ပင် သွားရောက်ခဲ့ပါသည်။ သို့သော် ရှာတိုင်း၊ သွားတိုင်းလည်း မတွေ့တတ်ပေမယ့် တွေ့ရှိရင်ဆိုင်ရာတွင် မရှာမသွားရသည်ကတော့ လက်တွေ့ဖြစ်ခဲ့သည်။ အကောင်အထည်၊ အနံ့အသက်၊ အသံဖြင့် ပြသခြင်းကို ထိုမြို့နေလူတန်းစားထက် တောနေလူတန်းစားများက ပိုမို စိတ်ဝင်စားကြပါသည်။

၂၀၀၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်။

ဘဝရဲ့အလှည့်အပြောင်း မထင်မှတ်တဲ့အချိန် မထင်မှတ်သောရာထူးနဲ့ မထင်မှတ်သောဒေသရဲ့ အလယ်တန်းကျောင်းတစ်ကျောင်းဆီသို့။ ရာထူးက ကျောင်းအုပ်။ ကွန်းဟိန်းမြို့နယ် တာကော် အ-လ-က။

ဒီလိုနှင့် မူလရာထူးကို လွှဲအပ်ပြီး ကွန်းဟိန်းမြို့သို့ ရောက်ရှိခဲ့ပါသည်။ မြို့အနေအထားသည် အလွန်လှပသာယာပြီး စိတ်သဘောထားဖြူစင်ရိုးသားကာ ကူညီလိုစိတ် အပြည့်အဝရှိသော တိုင်းရင်းသားများကို စတင်တွေ့ရှိရပါသည်။ တာကော်ကျောင်းက တောင်ကြီး-ကျိုင်းတုံကားလမ်းတွင် သံလွင်မြစ်ဖြတ်တံတားတာကော်အနီးတွင်ရှိပြီး တပ်အခြေခံထားကာ နယ်မြေတိုင်ရင်းသားကလေးများနှင့် တပ်၏ကလေးငယ်များ လိုအပ်ချက်အရ ဖွင့်ကြောင်း သိရသည်။ မိမိသွားချင်သောအချိန် စိတ်ရှိတိုင်းသွားလို့မရသည်ကို သိလိုက်ရသည့်အပြင် သွားလိုက တောင်ကြီး-ကျိုင်းတုံ ဆယ်ဘီးကားကြီးများအုပ်စုကို တောင်းပန်တိုးလျှိုးခြင်းဖြင့် ငှင်းဂိတ်စောင့်ရဲများ၊ စစ်သားများမှတစ်ဆင့် တင်ပေးမှသာ ရောက်ရှိနိုင်ကြောင်း သိရသည်။

မြို့နယ်ပညာရေးမှူးမှ တပ်ဘက်ဆိုင်ရာ ဗျူဟာမှူးသို့ တာကော်ကျောင်းအတွက် ကျောင်းအုပ် ရောက်ရှိပြီဖြစ်ကြောင်း သတင်းပို့၍ အဘဗျူဟာမှူးကြီးမှ ဩဝါဒပေးရန်နှင့် ငှင်းထံလွှတ်ရန် သိရ၏။ အဘဗျူဟာမှူးကြီး၏ ဩဝါဒကို သွားရောက် ခံယူခဲ့ရပါသည်။ အဘဗျူဟာမှူးကြီးမှ ဩဝါဒ၏ လိုရင်းမှာ -

"တပ်က ကလေးတွေနဲ့ ဒီဒေသတိုင်းရင်းသားကလေးတွေဟာ မြို့နဲ့ဝေးတော့ ပညာသင်ကြားမှုအခက်အခဲရှိတယ်။ ကိုယ့်သားသမီးများကို တတ်စေတော်စေချင်သလို တတ်အောင်၊ တော်အောင်၊ ထူးချွန်အောင်၊ စည်းကမ်းရှိအောင် စေတနာအထူးထားပြီး ဘက်စုံပညာ သင်ကြားလေ့ကျင့် ကြပ်မတ်ပေးစေချင်ပါတယ်။ လိုတာရှိရင် ပြောပါ။ အဲဒီတပ်ဘက်သွားဖို့ရှိတယ်။ နက်ဖြန်အသင့်ပြင်ထား"

ဟူ၍ ဩဝါဒပေးပါသည်။

နောက်ရက်တွင် အဘဗျူဟာမှူးကား နောက်မှ လုံခြုံရေးကားဖြင့် ကွန်းဟိန်းမှ (၃) နာရီခန့်ထွက်ခဲ့ရာ တပ်ရှိရာကျောင်းသို့ (၇) နာရီ အချိန်လောက်ရောက်ရှိပြီး တပ်၏ တောင်ကုန်းခြေ

ကားလမ်းတွင် ကြိုသူများအား အဘ
ဗျူဟာမှူးတပ်မှ တပ်တာဝန်ခံများနှ
ထိုစဉ်က ရှေ့တန်းထွက်နေကြ၍ တပ
ရင်းမှူးမရှိ၊ တပ်ရင်းမှူးကတော်အစ
နှင့် တပ်ရေးတာဝန်ခံတို့အား ကျော
၏ ဆရာကြီးအား ဂရုစိုက်ရန်နှ
ကျောင်း၏ လိုအပ်ချက်များကို ကူည
ပံ့ပိုးရန် စားရေး၊ နေရေးအားလုံး စီစ
ပေးရန် မှာကြား၏။ ဆက်လက်ထွက်ခွ
သွားပါသည်။

အချိန်ကြာလာသည်နှင့်အမျှ တပ
ရင်းမှူး၊ တပ်ရင်းမှူးကတော်၊ တပ
အရာရှိများ၊ ရဲဘော်များ၊ ရဲမေများတို့
၏ စိတ်ရင်းစေတနာကောင်း သဘော
ထားပြည့်မှုတို့ကြောင့် ဤလိုနေရာဒေ
မျိုး ရောက်ရှိခြင်းအတွက် ဖြေသိမ့်
သည်။ ကိုယ့်ကိုယ်ကိုယ်လည်း လက်
သုန္ဒြရလို ခံစားမိခဲ့ရသည်။ တပ်ရောက်
ပြီး အဘဗျူဟာမှူးကိုယ်တိုင် အပ်နှံ
ဖြစ်၍ မျက်နှာမငယ်ရပါ၊ ကျောင်းမှာ
ဖွင့်စဖြစ်၍ ကျောင်းဝန်ထမ်းများအတွ
အိမ်သာမရှိသေးပါ။ တပ်ရေးဗိုလ်ကြီး
ဆရာကြီးအတွက် သီးသန့်မဖြစ်ပေမယ
နေစရာအတွက် တပ်ရင်းကင်းဗဟိုကန်
အောက်တပ်ရင်းရုံးနောက် အရာရှိငယ်
များအဆောင်တွင် ထားပေးပြီး စာ
သောက်ရေးအတွက်ပါ စီစဉ်ပေး
သည်။

သိပ်မကြာပါ။ အဆောင်နေ တပ
ကြပ်ကြီးစာရေးနေမျိုးမှ -

"ဆရာကြီး၊ ဒီအဆောင်ကလည်
သရဲအလွန်ခြောက်တယ်။ ဒီအဆောင်
မဟုတ်၊ တပ်ထဲမှာရှိတဲ့ရဲဘော်အဆောင
များနဲ့ တပ်ရင်းဆေးခန်းလည်း ခြောက်
တာပဲ"

တပ်ကြပ် တင်မင်းမှ -

"ဟိုတုန်းက သောင်းကျန်းသူ
စခန်းဆိုတော့ ရက်ရက်စက်စက်သတ်
ကြ၊ သေကြတော့ အစိမ်းသေများတ
နဲ့ တူတယ်။ တောကြီးတောင်ကြီး
တော့ ငှက်ဖျားဒဏ်နဲ့သေသူတို့ မသတ်
သူများကို ဖမ်းဆီး နှိပ်စက်စစ်ဆေး
ဟုတ်ရင်လည်းဟုတ်လို့၊ ငြင်းရင်လည်း
ငြင်းလို့ ဆိုပြီး အကြောင်းပြ သတ်ခဲ့
နေရာထင်တယ်။ ဆရာကြီး၊ ကျောင်း
လည်း သောင်းကျန်းသူတွေ စခန်း
တုန်းက သချိုင်းကုန်းကြီးကို မြေ
စက်နဲ့ တိုးချထားတာ။ နေရာပေး
ကို မြို့သချိုင်းကုန်းရွှေ့သလို လုပ်
မဟုတ်တော့ ကျောင်းဘက်က ပြ
ကြောင်းသိရတယ်။ တပ်က ညှ



www.burmeseclassic.com

www.burmeseclassic.com

သူတွေထဲက အတော်များများ သဲကြီး မဲကြီး သရဲအလုံးခံရတာများတယ်”

ဟု ပြောသံကြားခဲ့ရပါသည်။

ဆရာကြီး ရဲဘော် သန်းလွင်က လည်း -

“ကျောင်းပိတ်ရက်ဆို ကျောင်းက သီးခြားဆိုတော့ ကလေးတွေ၊ ရဲမေတွေ အပြင် သရဲကြောက်တတ်တဲ့ ရဲဘော် အချို့ တောင်ကျောင်းကုန်းပေါ် မတက် ရဲကြဘူး”

ဟု ဆိုသည်။

တပ်ရောက်ပြီး နောက်တစ်နေ့ ကျောင်းဘက်ဆင်းကြည့်တယ်။ တပ်ရှိ ရာတောင်ကုန်းမှ ပေ (၃၀၀၀) ကျော် လောက် အောက်ဆင်းပြီး အနောက် ဘက် မိုင်ဝက်ခန့်လောက်တွင် တောင် ကုန်းငယ်ငယ်ပေါ်၌ မြေညှိထားပြီး ကျောင်းဆောက်ထားတာ တွေ့ရသည်။ ကျောင်းရှေ့တွင် သစ်ဆိမ့်ပင်များရှိ သလို အောက်ဘက်က ကားလမ်း။ ကျောင်းအရှေ့ဘက်တွင်လည်း သစ်ဆိမ့် ပင် (၁၀) ပင်ခန့်ရှိပြီး ဝါးရုံတောများ၊ ဝင်းသဖွယ်ရှိပြီး တောင်ဘက်တွင် တောင်ကုန်းအဆင်းဖြစ်ပြီး အောက်တွင် ဝါးရုံပင်များနှင့် လျှိုမြောင်ကြီးရှိသည်။ ကျောင်းအနောက်ဘက်တွင် လျှိုမြောင် ပြီး ကားလမ်းမှအနည်းငယ်သွားလျှင် GE တပ် ဆောက်လုပ်ရေးစခန်းရှိပြီး တာဝန်ခံမှာ ဆရာကြီးလှနိုင် (နမ့်မဆန် ) ဖြစ်ပြီး လူငယ်သလောက် စိတ်ထား ကောင်းကူညီသူဖြစ်သည်။ ကျောင်းလိုအပ် ချက်မှအစ ကိုယ်ကျိုးမဖက်သူဖြစ်ပြီး ကျွန်တော်၏ လက်ဝဲသုန္ဒြေရာဘဝတွင် အစစကူညီသူ၊ အားပေးသူလည်း ဖြစ် ပါသည်။

ဘယ်ဘက်ကြည့်ကြည့် မြင့်မား သော တောင်ကုန်းကြီးများ ဝန်းရံပြီး ကားလမ်းမှလွဲ၍ ဘယ်ဘက်မှ သွား၍ ရပါ။ ကျောင်းတောင်ဘက်လျှိုထဲဆင်း သွင် အောက်ပေ (၃၀၀၀) လောက်တွင် စီးထွက်နေသော စိမ့်စမ်းရှိပြီး တပ် သားစု၊ ရဲဘော်နှင့် GEဝန်ထမ်းများ ဆင်းချိုးတာ တွေ့ရသည်။

သည်လိုနှင့် အဆောင်ပြန်ရောက် တော့ တပ်ကြပ်ကြီးစာရေးနေမျိုးမှ -

“ကျောင်းအုပ်ကြီး အကြံဉာဏ် ပေးစမ်းပါ။ အခက်အခဲက တစ်လ ၅) ခါ၊ (၆) ခါလောက် ဖြစ်တယ်။ )နာရီလောက်ဆို ဗလတောင့် င့်နဲ့ အကျီလက်ပြတ်ဝတ်ထားတဲ့ စ်ခါတလေ ရေဒီယိုလေးတောင်

ပါသေး။ အထက်တောင်ကုန်းက ဆင်း လာပြီး ကျွန်တော့်ရင်ဘတ်ပေါ် ခွစီးတာ ဘီးလူးစီးသလို ရုန်းရခက်ပြီး ကျွန်တော် က ရုန်းရကန်ရအော်ရနဲ့ အော်သံလည်း အခြားသူ မကြားဘူး။ အခြားသူလည်း မမြင်ဘူး”

ကျွန်တော်က -

“ငါ့ညီ ဘုရားရှိခိုး၊ ခန္တာအပ်အိပ်၊ မေတ္တာသုတ်ရွတ်အိပ်၊ သရဏဂုံထာဝစဉ် ရွတ်ပေါ့ကွာ”

ဟု အကြံဉာဏ်ပေးခဲ့ပါသည်။

ဟုတ်လောက်၏။ မောင်နေမျိုး မှာ ဖြူဖြူခံ့ခံ့ချောချောလေးဖြစ်ပြီး တစ် နေ့တခြား အိပ်ရေးပျက်ကာ ချုတ်ချုချာ ဖြစ်နေတာ တွေ့ရသည်။ နောက်တစ်လ လောက်အကြာတွင် ဇာတိသို့ ဆေးကု ပြန်သွားပြီး မကြာမီ ဆုံးပြီဟု ကြားရ သည်။ ကျွန်တော်တွက်မိပါသည်။ စိတ် ကယောက်ကယက်ဖြစ်ပြီး အိပ်ရေးပျက် ဒဏ်တွေပဲလို့။

နောက်နှစ်လလောက်ကြာသော အခါ ကျွန်တော် သရဲခြောက်ကြမ်းသည့် သင်္ချိုင်းကုန်းဟောင်းပေါ်မှ ကျောင်းသို့ ပြောင်းရွှေ့ပြီး ရုံးခန်းတွင်း အိပ်ခန်းပြု နေခဲ့ပါသည်။ တားကြပါသည်။ သို့သော် ကျွန်တော်က မိမိ သီလ၊ သမာဓိအား ကိုးဖြင့် ဖွတ်ပြောင်းခဲ့သည်။ ကျောင်းဖွင့် စဖြစ်၍ ကျောင်းစောင့်မခန့်ရသေးပါ။ ဆရာများမှာလည်း ဆရာမများသာ ဖြစ် သည်။



ကျောင်း၌ စအိပ်သည့်ညမှစ၍ နေ့ဝင်သည်နှင့် မအိပ်မချင်း အမွှေးတိုင် ကိုးတိုင်ထွန်း၊ ဖယောင်းတိုင်များနှင့် မီး ပူဇော်ပြီး ကျောင်းရှေ့မြေကွက်လပ်တွင် ပက်လက်ကုလားထိုင်တစ်လုံးချ၊ ပုတီး မစိပ်မီ လယ်တီဆရာတော်ဘုရားကြီး၏ ပရလောကသားများသို့ မိတ်ဖွဲ့နည်း အတိုင်း တောစောင့်နတ်၊ တောင်စောင့် နတ်၊ အာကာသစိုး၊ ဘုမ္မစိုးများနှင့် နယ် တော်ရှင် အဘ ကိုးမြို့ရှင်သို့ မေတ္တာ အထူးပို့သပြီး -

“ကျောင်းဝင်းအတွင်းရှိ မမြင်ရ သော ပေတယက္ခအပေါင်းတို့။ ငါသည် ဤကျောင်းသို့ အစိုးရမင်းမိန့်ဖြင့် လာ နေသော ကျောင်းအုပ် ဖြစ်သည်။ သင် တို့၏မိဘအရာ၊ ဆွေမျိုးအရာတည်၍ သဘောထားကြလော့။ ငါကလည်း သင် တို့အား မိဘအရာ၊ ဆွေမျိုးအရာထား သည်။ သင်တို့အား နှောက်ယှက်အန္တ ရာယ်ပေးရန်မဟုတ်။ ငါ့အား စောင့် ရှောက်ကူညီကြလော့”

ဟု အကြိမ်ကြိမ် မိတ်ဖွဲ့ပါသည်။

တပ်နှင့်ကလည်းဝေး၊ သီးခြား တောင်ကုန်းနေရာများဖြစ်ပြီး အမှောင် ကလည်း ထူထပ်ပိန်းပိတ်တော့ ကျော ထဲစိမ့်သလိုလိုတော့ဖြစ်သေး။ နေစရာ ကလည်း အံရာရှိငယ်များနှင့်နေရတော့ မိမိကဒေါင်းယောင်ဆောင်နေသောကျီး ဖြစ်သလိုခံစားရ၍ မိမိရှိ သီလ၊ သမာဓိ အားကိုးဖြင့် အထီးကျန်နေခြင်း ဖြစ် သည်။ မိမိဘဝပြန်ဆန်းစစ်တော့ ဘုရင့် နောင် ဖောက်ဖျက်ကိန်းပဲလို့ ယူဆထား တော့ ကြောက်တာလန့်တာ ဖြေသာနေ သည်။ တကယ်တော့ ညမှောင်လာလေ အချိန်ညဉ့်နက်လေ စိတ်က ခြောက်ခြား စရာတော့ကောင်းသား။

ပုတီးစိပ်နေစဉ် ကျောင်းကုန်းပေါ် လူအုပ်စုတစ်စုတက်လာသလို ကျောင်း ဝင်းပေါက်ဘက်တွင် လှမ်းမြင်ရ၏ ဒါလည်း နောက်မြင်တွေ့နေကျမြင်ကွင်း၊ အချိန်သာ ကွာခြားနေသည်။

မိမိစိတ်မှ တွေးမိသည်။ ဘယ် လောက်မေတ္တာပို့ပို့၊ ဘုရားစာရွတ်ရွတ်၊ သင်္ချိုင်းကုန်းဟောင်းဆိုတော့ နာခံသူ၊ မနာခံသူအမျိုးမျိုး။ သူတို့အသိုက်အအုံ ဖျက်စဉ်က မြို့သင်္ချိုင်းများ ဖျက်သလို နေရာပေးရွှေ့ပေးသယ်ပေးတာမှမဟုတ် ဘဲလို့ပဲ ယူဆမိသည်။

ည (၁၁) နာရီလောက် အိပ်ရာ ဝင်ရုံရှိသေး ရုံးခန်းပေါ် ခဲ (၂) ချက်နှင့် ကျောင်းဆောင်ပေါ် (၃) ချက် ကျလာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အပြင်ထွက်ခေတ်မီးထိုးကြည့်မိသည်။ တစ်အောင့်လောက်ကြာတော့ ကင်းပုန်းမှ တပ်ကြပ် ဆရာတင်မင်းတို့၊ ဆရာတပ်ကြပ်သန်းလွင်တို့ ရောက်လာပြီး -

"ဆရာကြီး၊ ခဲထုသံကြားလို့။ တပ်က ရဲဘော်တွေတော့ မဟုတ်ဘူး၊ ဆရာကြီး ကြောက်တတ်ရင် ကျွန်တော်တို့ ကျောင်းထဲနေပေးမယ်"

"မလိုပါဘူး ဆရာကြီးတို့။ ဒါပွဲဦးထွက်ညအတွေ့အကြုံပေါ့။ သူတို့နေရာဖျက်ထားတော့ ဒီလောက်တော့ နှောင့်ယှက်မှာပေါ့။ သူတို့ ဒိထက် ဒုက္ခမပေးနိုင်လောက်ပါဘူး။ ဆရာကြီးတို့ကို ကျေးဇူးတင်ပါတယ်"

အိပ်သာပျော်သွားသည်။ ကျောင်းဆောင်ဘက်တွေဆီက ရယ်မောသံသဲ့သဲ့မျိုး၊ ငိုရှိုက်သံလိုလိုမျိုး ကြားမိသား။

နောက်နေ့များတွင် ဆက်တိုက်မဟုတ်သော်လည်း ညည်းတွားသံမျိုးလိုလို၊ ရန်ဖြစ်သံတွေလို တိုးညင်းစွာကြားနေရသည်။ ဘုရင့်နောင်ဖောင်ဖျက်မထားလျှင် ထပြေးချင်လောက်ပါသည်။ နနွင်းနံ့လိုလို၊ မီးနေနံ့လိုလို၊ ပုပ်အဲ့အဲ့ညှီစို့စို့အနံ့တွေကလည်းပေးပါသည်။ ညစဉ် မဟုတ်သော်လည်း တစ်ခါတစ်ရံ ဆွဲအူလိုက်တဲ့ ခွေးအူသံများကလည်း တောရုံလူဆိုလျှင် ကြောက်လန့်မိမှာအမှန်။ ကျွန်တော်ကတော့ တောခွေးတွေ၊ ခွေးအတွေအသံပဲဆိုပြီး စိတ်ချလက်ချ အိပ်ပစ်လိုက်သည့် ညပေါင်းကအများကြီး။

ဒါတွေသိတဲ့ GE တပ် ဆောက်လုပ်ရေးတာဝန်ခံ ဆရာကြီး လှနိုင်က ကျွန်တော့်ကို သူတို့နှင့် လာအိပ်ရန် ခေါ်ခဲ့ပါသည်။ ကျွန်တော့်ကို အစ်ကိုကြီးတစ်ဦးသဖွယ်ခင်မင်၍ စားစရိတ်တာဝန်ယူသည့်အပြင် သုံးဖြုန်းရန်မှအစ တာဝန်ယူသူဖြစ်၍ ကျွန်တော်တွေ့ကြုံရ ခံစားနေရသည်ကို အားလုံးသိသည်။ လူပင်ငယ်သော်လည်း အလွန်လေးစားထိုက်သောပုဂ္ဂိုလ်မျိုး၏ အားပေးမှု ကူညီမှုကြောင့် ကျွန်တော်၏ မကြောက်သံသရာ ပိုခိုင်မာရပ်တည်နိုင်ခဲ့သည်။

တစ်ခါတစ်ရံ လျှပ်စီးလက်ပြိုးပြိုးပြက်ဖြစ်လျှင် ကိုယ့်ရှေ့မှာ လူရိပ်မည်းကြီးလိုလို၊ ကိုယ့်နောက်က လူပြေးလိုက်သလိုမျိုးတွေ မြင်ကြားရသည်။ ဝါးရုံပင်များ၏လှုပ်ရှားသံ၊ သစ်ပင်များရဲ့အရွက်ချင်းရိုက်သံများကလည်း ညသန်းခေါင်အချိန်များတွင် သရဲသဘက်များ လက်ဝါးချင်းရိုက်၍ ယိမ်းကပျော်မြူးနေကြသည့်အလား အသံမျိုးစုံကြားရသည်။ တောခြောက်သည် မဟုတ်ပါ။ တောခြောက်ခြင်းအတွေ့အကြုံက ကျွန်တော်အမိဋ္ဌာန်တစ်ခု ပြုလုပ်စဉ်က တွေ့ဖူးပြီးဖြစ်ပါသည်။ မိုးရက်များတွင် ကင်းသမားများ ကျောင်းဆောင်တွင်း လာရောက် နားခို၊ မိုးခိုလျှင် ရှုးရှုးမူးမူးရမ်းရမ်းကားကားသမားကို အသေအကျေ နပန်းလုံးလွတ်၍ ပြေးရသော ရဲဘော်များလည်း ရှိလာသည်။

နောက်ရက်တွေမှာ ထူးခြားတာက ကျွန်တော်နှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပုဂ္ဂိုလ်များ၊ ရဲဘော်များကို လုံးဝမပြသလို၊ မလုံးသလို ကျွန်တော့်အပေါ် တင်းတင်းမာမာရှိနေသူ၊ ရိုင်းရိုင်းစိုင်းစိုင်းရှိသူ၊ မူးရူးလာသူကိုတော့ လုံးသည်။ ကြောက်အောင်လှန့်တတ်သည်။ အထူးသဖြင့် ကျွန်တော် ကွန်းဟိန်းလစာထုတ်သွားလျှင် (၃) ရက်လောက်ကြာသည်။ ကျွန်တော့်ပိုင်ပစ္စည်း၊ ကျောင်းပိုင်ပစ္စည်းတွေအတွက် စိတ်ချရသည်ဟု ကျွန်တော် ယုံကြည်မိသည်။ အပြန်မတော့ 'ဆရာကြီးကျောင်းက ဘယ်သူကိုတော့ အသေအကျေ လုံးလွှတ်လိုက်တယ်။ ထွက်ပြေးရတယ်' ဟု အမြဲကြားနေရသည်။

ကျောင်းပေါ် ခဲကျမှုနည်းသွားသော်လည်း မှတ်မှတ်ရရ ၂၀၀၃ ခု၊ စက်တင်ဘာလ ၉ ရက်။ ကျွန်တော်က ညစဉ် မေတ္တာသုတ် အနည်းဆုံး (၉) ခေါက်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ ရွတ်သည်။ ၂၄ပစ္စည်းပဋ္ဌာန်း (၂၄) ပတ် အဓိဋ္ဌာန်စီပ်သည်။ ဂုဏ်တော်တွန်ချာစိပ်သည်။ အဲဒီနေ့ည (၁၀) နာရီလောက်မှာ ပဋ္ဌာန်း (၂၄)ပတ်တွင် (၁၃) ပတ်အရောက် ခဲတစ်လုံး ဝုန်းဆို ရုံးခန်းအပေါ် ကျလာသည်။ အဓိဋ္ဌာန်မပျက်ရန်အသာနေလိုက်သည်။ နောက်တစ်ပတ်ပြီးလုနီးတွင် ကျောင်းဆောင်တောင်ဘက်မှ တံခါးများကို သိသိသာသာ တဝုန်းဝုန်းလုပ်လာသည်။ ကျွန်တော်မနေသာတော့။ မေတ္တာပို့တာမကြိုက်တဲ့ကောင်၊ လွတ်လမ်းကျွတ်လမ်းမနီး၊ ဘုရားစာမကြိုက်တဲ့ အကြီးစားပြိတ္တာတွေပဲ၊ ရှင်းမှပဲဆိုပြီး ပြတင်းပေါက်မှ ခုန်ဆင်းပြီး ရိုင်းရိုင်းပျပျ ဆဲပစ်လိုက်သည်။

"ဒါကျောင်းကွ။ အစိုးရမင်းမိန့်နဲ့ ဆောက်ထားတဲ့ကျောင်း၊ မင်းမိန့်နဲ့လာတဲ့ ကျောင်းအုပ်ကွ"

ပစ်ကောနှစ်ကော ဆဲပစ်လိုက်သည်။ တစ်ယောက်တည်း ဘက်မရှိတော့ အရူးလိုပင်။ နောက် လောက်လေးနဲ့ မည်းမည်းမြင်ရာ ထုပစ်လိုက်သည်။ ကျောင်းက တောင်ကုန်းကမ ထိပ်ပေါ်၊ တပ်က နည်းနည်းဝေးတဲ့ တောင်ကုန်းကြီးပေါ်။ တပ်ကလည်း ရှေ့တန်းသွားကြသည်။ ဘယ်သူမှလဲ ခဲပစ်မည့်သူမရှိ။ ကြမ်းလို့ရမ်းလို့လား တော့မသိ၊ နောက်ကျွန်တော်ပြောင်းတဲ့ အထိ ခဲတစ်လုံးမှ ကျမလာတာကတော့ လက်တွေ့ပဲ။ မကျတော့လည်း အသံစုံ အနံ့စုံ၊ နည်းမျိုးစုံဖြင့် ခြောက်လှန့်နေတာ ရှိပါသည်။ ရေးမကုန်နိုင်ပါ။

မကြာမီ သားငယ် မိုးဟိန်း (ယခု ဗိုလ်ကြီးမိုးဟိန်း) ကျွန်တော့်ကျောင်း အဌမတန်းနေရန် လိုက်လာပြောင်းလာသည်။ ကျွန်တော် စိုးရိမ်သွားသည်။ သားငယ်က မကြောက်တတ်။ သရဲများ နပမ်းလုံးတတ်သော ကျောင်းဆောင်ထဲ စာသွားကျက်ချင်ကျက်သည်။ အိပ်ချင် လျှင် အိပ်နေတတ်သေးသည်။ ရုံးကိ အစည်းအဝေးကိစ္စဆိုလျှင် သားငယ် တစ်ယောက်တည်း။ မိတ်ဆွေများ ခေါ်ကြ၊ ကူညီကြသည်။ သူ့သူငယ်ချင်း များက ကျောင်းထဲလာပြီး အတူမအိပ် ရဲ။

ညစဉ်လိုလို ညဦးပိုင်း ကျောင်း ရှေ့ ကျွန်တော်ထံ တပ်မှ ရဲဘော်ဆရာ ကြီးများ၊ GE မှ ဆရာကြီးလှနိုင်တို့ လာ တတ်၊စကားပြောတတ်ကြပါသည်။ တစ် နေ့တော့ ဗိုလ်ကြီးမင်းသူမှ-

"ကျောင်းက ရဲဘော်တချို့တော့ လုံးလွှတ်တယ်။ ဆရာကြီးကတော့ ဘာ လို့ အလုံးမခံရလဲ"

လို့ အမေးရှိလာတယ်။

"ဒီလို ဗိုလ်ကြီး၊ ကျွန်တော်ငယ် ငယ်ကတိုင် အဘတို့၊ အဖေတို့က ဆရာ တွေဆိုတော့ ပယောဂဆေးထိုးပေးတော့ ရှိသလို အ-ထ-ပြဘဝတုန်းက နာမည် ကြီးဆရာဇတော်တစ်ပါးက အကာအ ကွယ်ထိုးပေးဖူးတယ်။ ဒါ့အပြင် ၁၉... လောက်တုန်းက အဓိဋ္ဌာန်တွေ လုပ်... တာ ပြတ်တာမရှိဘူး။ တရားထိုင်တယ် ပဋ္ဌာန်းတွေဘာတွေရွတ်တော့ ကျွန် တော့်ကို အဝေးကပဲ အနံ့၊ အသံ... လောက်ပဲခြောက်လို့ရတယ်"

လို့ ရှင်းပြခဲ့ပါသည်။

ဒီကြားထဲ ရဲဘော် ဘယ်သူ...

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့သမီးကလေး နေမကောင်းဘူး တဲ့,လန့်တယ်တဲ့၊ ကျောင်းက ဘယ်လို ပြတာ၊ဘယ်လိုမြင်ခဲ့ရတာ။ အဆိုးဆုံးက ဗိုလ်ကြီးမောင်ဝင်းသမီးလေး သေကောင် ပေါင်းလဲဖြစ်တော့ ကျွန်တော်နှင့် ဆရာမ ဒေါ်သန်းသန်းငွေ (ယခု-နေ ပြည်တော်) တို့မှ သိသမျှ ရွတ်ဖတ်ပေး၊ ယတြာပေးနှင့် တပ်ဆေးမှူးတို့ကြောင့် အသေလွတ်ခဲ့ရသည်။

မျိုးဇော် တတိယတန်း ကျောင်း သား အသက်ကြီးပုံ။ အသက်က (၁၅) နှစ်။ တပ်ကြပ်ကြီး လှကြိုင်သား။ ခိုး တာကတော့ ကမ်းကုန်။ တပ်ထဲလည်း လက်မြှောက်ရ၊ တပ်ကြပ်ကြီးများမှ လည်း လက်သံပြောင်းသူတွေက ပညာ ပေး၊ ဘဉ်ကမပျောက်။ တပ်ရေးဗိုလ်ကြီး ကလည်း ကြိုက်တဲ့အပြစ်ပေး၊ ဘဉ်က မပြင်။ အဲဒီကလေး ထိတ်လန့်ဖျားနာပြီး နေကောင်းတော့ ပြောပြတယ်။

"ဆရာကြီး ကြက်ခြံက ကြက်ဥ ဆရာကြီးမရှိတုန်း ဝင်ခိုးတာ ဘယ်လိုမှ ထင်မထားဘဲ လူမည်းမည်းဝဝကြီးက ရိုက်လိုက်တာ"


လန့်ဖျပ်ဖျားနာ၍ ကျွန်တော့် တပည့် ကျန်းမာရန် ဂရုစိုက်ရသေး။

ဒီလိုတွေဖြစ်လာတော့ စဉ်းစား လာရပြီ။ ကလေးတွေကို ဒီလိုခြောက် တာလှန့်တာမျိုးဆို ကြောက်စိတ်ကြီးပြီး ထိတ်လန့်ကြောင်တာ၊ စိတ်ချောက်ချား တာ၊ ရူးတာ၊ သေတာတွေ ဖြစ်နိုင်သည်။ ရေရှည်မကောင်း။ ကျောင်းရေရှည်သာ ယာရေး၊ အနှောင့်အယှက်ကင်းရေးအ တွက် အောက်ပါအစီအစဉ်ကို ဆောင် ရွက် လုပ်ကိုင်ခဲ့ပါသည်။


အစီအရင်ပြုလုပ်တာက ကျောင်း အားရက် တနင်္ဂနွေနေ့တစ်နေ့။ တာကော် တံတားအောက် သံလွင်မြစ်သဲသောင်မှ လူမနင်းသော သဲမြေသန့်သန့်ယူသည်။ လူမနင်းတဲ့ သဲတော့ မရှိ။ ဒါကြောင့် သဲသောင်ပြင်ရှိ သဲ၏အပေါ် လွှာဖယ်၍ အလယ်မြေကို ယူရပါသည်။ အောက် ဆုံးမြေလည်း မဖြစ်ရပါ။ သဲက နို့ဆီဘူး (၉) ဘူး။

ဆန်နို့ဆီဘူး (၉) ဘူးတို့ကို သန့် ရှင်းသော လင်ပန်းတွင်ထည့်၍ နံနက် (၉) နာရီခန့်တွင် ပန်း၊ ရေချမ်း၊ အမွှေး တိုင်၊ ဖယောင်းတိုင်တို့ ကပ်လှူ၍ ဆန် သင်ပန်း၊ သဲလင်ပန်းများ ကပ်လှူခြင်း နှင့်အတူ ဆန်လင်ပန်းတွင် စ-ဓ-ဗ-ဝ မကို အောက်ပါအတိုင်း ရေးပါ။

စကို ရေးစဉ်တွင် -
စ -စက္ခုမှာ စရ မာစိဋ္ဌော။
စ-ပြီးအောင်ဆွဲ။
ဓကို ရေးစဉ်တွင် -
ဓ-ဓမ္မညျု ဓမ္မ သာမိကော။
ဓကို ပြီးအောင်ဆွဲ။
ဗကို ရေးစဉ်တွင် -
ဗ-ဗလူပေတော ဗလဓရော။
ဗကို ပြီးအောင်ဆွဲ။
ဝကို ရေးစဉ်တွင် -
ဝ-ဝရဒေါ ဒေတု မေ ဝရံ။
ဟူ၍ ဆန်တွင် စမရေးပါ။



**ဆန်ပေါ်တွင်သဲမန်းစမ**



**သဲပေါ်တွင်သဲမန်းစမ**

သဲမန်းစမရေးရာတွင် ကကြီးအစ မှ ငအဆုံး -

*ဉုံ - ကကြီး၊ ဉုံ - ယကြီး၊ ဉုံ - ဃကြီး၊ ဉုံ - ငကြီး၊ ကြီးလေး ကြီးထက်၊ သိဒ္ဓိအပေါင်းထက်၊ ပျောက်ဆရာပျောက်၊ ကြောက် စရာကြောက်*

ဟိန်း၍ ရွတ်၍ စမပုံဆွဲပါ။

ထို့နောက် သဲမန်း၊ ဆန်မန်းကို အောက်ပါ တောသူသားရဲနှင်ဂါထာဖြင့် (၃၇) ခေါက် ရွတ်ပါ။

*ဉုံ - စတုဒိသာ၊ သီလဝန္တ၊ ဗျဂ္ဃ ယက္ခ၊ မဟိသကံ၊ မနုဿဟတ္ထိ သဿဧာရာနိ၊ သပ္ပေါရာဇာ သီဟော၊ ဒိပဒ္ဒရေဂတော။*

တတ်နိုင်လျှင် မေတ္တသုတ်၊ ရတန သုတ်၊ အာဋာနာဋိယသုတ်တော်များ (၉) စီ ရွတ်ပါ။ မတတ်နိုင်လျှင် မရွတ် လည်း ရပါသည်။

ထို့နောက် -

'ဤကျောင်းဝိုင်းရှိ မြင်ရ မမြင်ရ ပုဂ္ဂိုလ်များ။ သင်တို့သည် ဤအချိန်အခါ တွင် ဤကျောင်း၊ ဤဝင်း၊ ဤအရပ်နှင့် မပတ်သက်တော့၍ သင်တို့ လိုရာသွား နိုင်ရန် စီရင်ပါသည်။ ဘုရားငါးဆူအမိန့်၊ ဆရာ့ဆရာကြီးများအမိန့်'

ဟူ၍ အသံပြင်းပြင်းဖြင့် ဟိန်းရပါ သည်။

၎င်းနောက် ကျောင်းဝင်းထောင့် (၈) ထောင့်အား ပဋ္ဌာန်း-၂၄ပစ္စည်းဖြင့် မွေးနံ တနင်္ဂနွေထောင့်မှ စ၍စည်းချ။ ကျောင်းဝင်းအပေါက်ချန်၍ ဆန်မန်း၊ သဲမန်းများကို နေရာလပ်မကျန်အောင် ပက်ဖျန်းပြီးလျှင် ကျောင်းဝင်းပေါက်မှ အမိန့်ပြန်တမ်းထုတ်ရပါသည်။

'ဤဆန်တစ်စေ့၊သဲတစ်ပွင့်သည် အစောင့်တစ်ဦးဖြစ်ပါစေ။ ကျောင်းတွင်း ရှိ မိစ္ဆာကောင်များ လာရောက် နှောင့် ယှက်နေထိုင်တိုက်ခိုက်သူများသည် ခြေ ဝင်ခြေပြတ်၊ လက်ဝင်လက်ပြတ်၊ ခေါင်း ဝင်ခေါင်းပြတ်၊ မည်သည့်အခြောက်အ လှန့် အတိုက်အခိုက်၊ အပြုအသမျိုးမဆို ကိုယ့်ဒဏ်ကိုယ်ခံစေ၊ တန်ပြန်အတိဖြစ် စေ ဆိုပြီး အံကြိတ်၍ ဖနောင့်ဖြင့် (၃) ချက်တိတိဆောင့်ပါ။ ကျန်သဲမန်း၊ ဆန် မန်းဖြင့် လက်ပြန်ပက်ဖျန်းပြီး ပိတ်လိုက် ပါ။ 'အစောင့်များ ဖြစ်စေသတည်း။ ဘုရားငါးဆူနှင့် အထက်ဆရာကြီးများ အမိန့်ဖြစ်သည်' ဆိုပြီး အမိန့်ပြန်။

ထိုသို့စီရင်ပြီးသည့်နောက် နောက် နှစ် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်များတွင် အနှောင့်အယှက် အခြောက်အလှန့်များ ချွတ်ချွတ်သံမျှမကြားရသလို ယခုအချိန် တွင်လည်း တာကော် အ-လ-က သည် အေးချမ်းသာယာဖွံ့ဖြိုးပြီး အနှောင့်အ ယှက်များမရှိကြောင်း မိတ်ဆွေများထံမှ သိရှိရပါသည်။

*(၂၀၀၃ ခုနှစ်ဝန်းကျင်က အဖြစ် အပျက်အမှန်အား အမည်အနည်းငယ် လွှဲပြောင်း၍ ရေးသားထားပါသည်။)*

*ဆင်းရဲကင်းပျောက်*
*ချမ်းသာရောက်ကြပါစေ*

မြတ်သိင်္ဂီ(ထနောင်းကုန်း)




www.burmeseclassic.com

www.burmeseclassic.com

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့် လက္ခဏာ



**A termination of the Mars assistant line on the life line indicates a loss of motivation.**

**အသက်လမ်းကြောင်းပေါ်၌ အဆုံးသတ်သော အင်္ဂါဂြိုဟ်အကူလမ်းကြောင်း**

အင်္ဂါဂြိုဟ်အကူလမ်းကြောင်းသည် အသက်လမ်းကြောင်းပေါ်၌ အဆုံးသတ်နေပါက မိမိ၏ စွမ်းဆောင်ရည်များ (ယာယီအားဖြင့်) ကျဆင်းနေသည့်သဘောကို ညွှန်ပြပါသည်။

**Union Line (ပေါင်းစည်းညီညွတ်မှုသဘောပြလမ်းကြောင်း)**

အဆိုပါ လမ်းကြောင်းအား ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ တွေ့ရှိရသည်။ Union Line ရှိနေရာကို ကြည့်ခြင်းဖြင့် ရုပ်လောကအပေါ် တွယ်တာကပ်ငြိမှုအခြေအနေ(အဆင့်အတန်း)ကို သိရှိနိုင်သည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ် ရှိ Union Line သည် ဗုဒ္ဓမှ ရုပ်လောကရှိ လူသားအားလုံးအား အကြွင်းမဲ့ မေတ္တာထားသော်လည်း ရုပ်ဝတ္ထုပစ္စည်းများအပေါ် တွယ်တာကပ်ငြိစိတ် လုံးဝမရှိကြောင်း ကိုယ်စားပြုထားသည်။



**Mercury is referred to as the Buddha, the Enlightened One.**

**(မေတ္တာရေး၌) တာဝန်ယူတတ်ခြင်းသဘော ကိုယ်စားပြုသည့် Union Line**



**Union lines represent profound relationships.**

အမျိုးသားနှင့် အမျိုးသမီးတို့၌ Union Line ပါဝင်မှုအနေအထား ကွဲပြားတတ်သည်။ ဥပမာ သာသနာ့ဘောင်ဝင် သီလရှင်၌ Union Line ပါဝင်သော်လည်း လောကီချစ်ခြင်းမေတ္တာဆိုင်ရာ ဆက်ဆံရေးကို ဦးစားမပေးဘဲ သာသနာရေးဆိုင်ရာလုပ်ငန်းများကိုသာ ဦးစားပေးသူ ဖြစ်နေပါမည်။ တစ်ဖန် Union Line လုံးဝမပါရှိသူ အမျိုးသားအနေဖြင့် မိမိအလိုဆန္ဒမပါသည့်တိုင် မိသားစုစိတ်ကျေနပ်စေရန်အတွက် အိမ်ထောင်ပြုရတတ်ပါသည်။ Union Line သည် လေးနက်သော ဆက်ဆံရေး၊ မေတ္တာရေးနှင့် ပတ်သက်၍ တာဝန်ယူတတ်ခြင်းသဘောကိုယ်စားပြုပါသည်။

**အနေအထားမှန်သော Union Line**

Union Line သည် ဖြောင့်တန်းရှည်လျားလျက် ဇောက်နက် ထင်ရှားစွာရှိနေရပါမည်။ ၎င်းလမ်းကြောင်းတစ်လျှောက် အခြား(ကြားဖြတ်)လမ်းကြောင်းများရှိမနေသင့်ပါ။

အကယ်၍ Union Line ဗုဒ္ဓဟူးဂြိုဟ်ကိုယ်စားပြုလက်ချောင်း (လက်သန်း) ၏ နောက်ကျောအထိရှိနေပါက မေတ္တာရေးနှင့်ပတ်သက်သည့်ကိစ္စများ အတိတ်ဘဝကတည်းကရှိနေခဲ့ကြောင်း




**The origin of the union line can sometimes be traced to the back of the hand.**

ဖော်ပြနေပါသည်။

ထို့ကြောင့် မိမိဘဝအတွင်း ပထ[illegible] ဆုံးအကြိမ် ချစ်သူ(လက်တွဲဖော်)ဖြစ်[illegible] သူနှင့် ဆုံတွေ့ပါက ရင်းနှီးသူသလို[illegible] မြင်ဖူးသလိုလို၊ စိတ်ကအလိုလိုသိကျွ[illegible] နေသည့်ပုံစံဖြင့် ခံစားမှုဖြစ်ပေါ်လာတ[illegible] ပါသည်။

**အိမ်ထောင်ဖက်ဖြစ်နိုင်၊ မဖြစ်နိုင် ဆုံးဖြ[illegible] ရွေးချယ်ခြင်း**

အိမ်ထောင်ဖက်အဖြစ် ရွေးချ[illegible] ရာ၌ သင့်တင့်လိုက်ဖက်မှု ရှိ၊ မရှိသိ[illegible] ရန် ဖို၊ မနှစ်ဦးစလုံး၏ လက်ဝါးနှစ်[illegible] စလုံးအား စစ်ဆေးရန် အရေးတ[illegible] လိုအပ်ပါသည်။ မိမိလက်တွဲဖော်၌ ([illegible] မ နှစ်ဦး အပြန်အလှန်) Union Li[illegible] မပါရှိခဲ့ပါက ချစ်သူဘဝနှင့် အိမ်ထော[illegible] သည်ဘဝရောက်ပြီးကာလများ၌ [illegible] ရှည်ဆက်ဆံရေးအတွက် အခက်အခ[illegible] နေပါမည်။

Union Line သည် သက်ဆိုင်[illegible] ၏ Active hand တွင် ပါရှိတတ်သေ[illegible] လည်း တစ်ချိန်တည်း (သို့) တစ်ပြ[illegible] တည်း၌ inactive hand တွင် ပါရှိနေ[illegible] မဖြစ်နိုင်ပါ။ သို့သော်လည်း inac[illegible] hand တွင် ပါရှိခဲ့ပါက မသိစိတ်၏အ[illegible] ဆန္ဒများက active hand ၌ ထ[illegible] သောလမ်းကြောင်းများအဖြစ် မ[illegible] နိုင်သေးသည့်သဘောကို တွေ့[illegible]




www.burmeseclassic.com

www.burmeseclassic.com



A single union line shows an ability to be exclusive in a relationship.



The number of union lines and the spacing between them indicate attitudes toward forming a relationship.

### တစ်ကြောင်းတည်းသော Union Line

နှလုံးသားရေးရာအတွက် အဓိက အခြေခံသော Union Line သည် တစ်ကြောင်းတည်း ထင်ရှားစွာရှိနေပါက ဆက်ဆံပြောဆိုမှုကိစ္စများ၌ လေးနက်ခြင်း၊ သီးခြားကောင်းမွန်သော ချစ်ခရီး လမ်းလျှောက်ခွင့်ရခြင်း၊ မိမိချစ်သူအပေါ် လေးစားမြတ်နိုး၍ သစ္စာစောင့်သိတတ်ခြင်းသဘောကို ဖော်ပြပါသည်။

### Delia နှင့် Gerald တို့၏ Union Line များပါရှိပုံ

Delia နှင့် Gerald တို့ တစ်ဦးချင်းစီ၌ တစ်ကြောင်းတည်းသော Union Line ကိုယ်စီပါရှိကြသည်။ ၎င်းတို့နှစ်ဦး ပထမဆုံး ဆုံတွေ့ကြချိန်၌ Delia က အသက် (၃၂) နှစ်ဖြစ်ပြီး Gerald က (၃၈) နှစ် ဖြစ်သည်။ တွေ့တွေ့ချင်း ရုတ်တရက်ဆိုသလို ချစ်ကြိုက်မိသွားကြသည့် အကြောင်းရင်းမှာ ၎င်းတို့၏ Union Line တစ်ခုစီက လက်နောက်ကျောနေရာထိတိုင် ရောက်ရှိနေသောကြောင့် ဖြစ်သည်။ Delia နှင့် Gerald တို့ ချစ်သူမဖြစ်ကြမီ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မိတ်ဆက်ချိန်ကတည်းက ယခင်က ရင်းနှီးခဲ့ဖူးကြသလို ခံစားကြရသည်။ တစ်ဖန် Delia က Gerald နှင့်တွဲ၍ စန္ဒရားတီးသင်ယူစဉ် ၎င်းတို့နှစ်ဦးစလုံး ယခင်(အတိတ်ဘဝ)က ယခုကဲ့သို့ပင် စန္ဒရားတီးခဲ့ဖူးသလို ခံစားမှတ်မိနေကြသည်။





Delia and Gerald each have a single union line. This reflects their mutual attraction.

### Union Line များစွာပါရှိခြင်း

ပုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ Union Line (၄) ခု၊ (၅) ခု ပါရှိနေသော လက္ခဏာမျိုးကို တွေ့ရခဲသည်။ နမူနာလက်ဝါးပြင် (A) တွင် လက္ခဏာရှင်အနေဖြင့် တစ်သက်တာအတွင်း ဆက်ဆံရေးနယ်ပယ်မျိုးစုံ၌ ပတ်သက်ခဲ့ဖူးသည့်သဘောကို ကိုယ်စားပြုပြီး Union Line တစ်ခုနှင့်တစ်ခုကြား အကွာအဝေးက ဆက်ဆံရေးနယ်ပယ်၌ စိတ်နေစိတ်ထား မည်သို့ရှိသည်ကို ဖော်ပြပေးသည်။ နမူနာလက်ဝါးပြင် (B) တွင် ချစ်သူမြောက်မြားစွာထားရှိခြင်းအပေါ် ကျေနပ်ပျော်ရွှင်သော်လည်း တစ်ယောက်ကိုပင် တာဝန်ယူရန် အခက်အခဲရှိနေကြောင်း ဖော်ပြပါသည်။

### Harry၏လက်ဝါးပြင်

Harry သည် ငယ်ရွယ်နုပျို၍ လွတ်လပ်သူဖြစ်သည့်အပြင် ငွေကြေးချမ်းသာကြွယ်ဝသူတစ်ဦးလည်း ဖြစ်သည်။ သူ၏လက်ဝါးပြင်ပါ Union Line များက စိတ်ပျော်ရွှင်မှုနှင့် လောကစည်းစိမ်ခံစားမှုအတွက် ရှေ့တန်းတင်တတ်သည့်သဘော ကိုယ်စားပြုနေပါသည်။



Harry's numerous union lines indicate his need for stimulus and excitement.

အချစ်ရေးနှင့် ပတ်သက်၍ စိတ်အလိုဆန္ဒရှိသလို တစ်ယောက်ပြီးတစ်ယောက် (ထည့်လဲ) တွဲတတ်သူ ဖြစ်သည်။ သူ၏ များစွာသော Union Line များက စိတ်လှုပ်ရှားရင်ခုန်သည့်အတိုင်း (ထိန်းချုပ်မှုမရှိ) လွတ်လပ်စွာထွက်ပေါက်ရှာတတ်သည့်သဘောကို ဖော်ပြသည်။

### Union Line ရှည်လျားခြင်း

Union Line သည် ပုဒ္ဓဟူးဂြိုဟ်ခုံကိုဖြတ်လျက် တနင်္ဂနွေဂြိုဟ်ခုံအထိ



A long union line.



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိနေပါက လူမှုအသိုင်းအဝန်းအတွင်း ထင်ပေါ်ကျော်ကြားသူအား မိမိချစ်သူ (လက်တွဲဖော်) အဖြစ် ဆွဲဆောင်စည်းရုံးနိုင်သူ ဖြစ်ပါမည်။ ရှည်လျားသော Union Line က active hand နှင့် inactive hand နှစ်ဖက်စလုံးတွင် ပါရှိပါက အဆင့်မြင့်သော ဆက်ဆံရေးပုံစံမျိုးဖြင့် လူဝင်ဆံ့သူ ဖြစ်ပါသည်။

**အတည်တကျမရှိသော Union Line**



**A floation union line.**

Union Line သည် ဗုဒ္ဓဟူးဂြိုဟ်ခုံ၏အလယ်တွင်ပေါ်နေပါက သိစိတ်အနေဖြင့် အချစ်ရေး၌ နှောင်ကြိုးသစ်တစ်ခု ဖန်တီးလိုပါမည်။

**တစ်ခုနှင့်တစ်ခု နီးကပ်လျက် မျဉ်းပြိုင်သဖွယ်ရှိနေသော Union Line**

ပုံတွင်ပါရှိသည့်အတိုင်း Union Line တစ်ခုနှင့်တစ်ခု နီးကပ်ပြီး မျဉ်းပြိုင်သဖွယ်တန်းနေပါက ချစ်သူဘဝဆက်ဆံရေး၌ တာဝန်ယူစိတ်ရှိရန် ခဲယဉ်းနေပါမည်။ မိမိကိုယ်တိုင် ချစ်သူနှင့်အတူရှိနေချိန်မှာပင် အခြားချစ်သူတစ်ဦးအကြောင်း စဉ်းစားစိတ်ကူးယဉ်နေတတ်ပါမည်။ ထိုလက္ခဏာရှင့်အနေဖြင့် အိမ်



**Parallel union lines.**

ထောင်သည်ဘဝမကူးပြောင်းမီ ကြိုတင်ပြင်ဆင်ပြုပြင်မှုများလုပ်ရန် လိုပါသည်။ ချစ်သူနှစ်ဦးအနက် တစ်ဦးဘက်က မှုမမှန်ခြင်းကို ပြုပြင်၍ ကောင်းသွားနိုင်သော်လည်း နှစ်ဦးစလုံး မှန်ကန်မှုမရှိခဲ့ပါက သာယာသော ချစ်ခရီးလမ်း လျှောက်လှမ်းရန် အခွင့်သာမည် မဟုတ်ပေ။

**အပေါ်ဘက်ကွေ့တက်သွားသော Union Line**



**An upward-turning union line indicates anbiguity about having a partner.**

အထက်ပါ အနေအထားရှိသူ လက္ခဏာရှင်သည် ချစ်သူထားရှိရာ၌ စိတ်နှစ်ခွရှိနေသူ ဖြစ်ပါမည်။ Union Line အပေါ်ဘက် ကွေ့တက်သွားခြင်းကြောင့် အကန့်အသတ် အချုပ်အချယ်များမှလွတ်ကင်းနေသည့်သဘော၊ အလိုဆန္ဒရှိသလို လွတ်လပ်စွာ ပြုမူနေထိုင်နိုင်သည့်သဘောကို ဖော်ပြပါသည်။

**အောက်ဘက်နိမ့်ဆင်းသွားသော Union Line (mangli)**

Union Line သည် အင်္ဂါဂြိုဟ်ခုံ (အဖို)ရှိရာဆီသို့ နိမ့်ဆင်းသွားပါက ခွန်အားသုံးတတ်သည့်သဘော၊ ကြမ်းတမ်းခက်ထန်သည့်သဘောတို့ကို ဖော်ပြပါသည်။ အကယ်၍ မိမိလက္ခဏာ၌ အဆိုပါလမ်းကြောင်း ပါရှိခဲ့ပါက အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရာတွင် မိမိကဲ့သို့ ၎င်းလမ်းကြောင်းပါရှိသူကိုသာ ရွေးချယ်သင့်ပါသည်။ အိန္ဒိယ၌ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရာတွင် ၎င်း Union Line ပါရှိသူ အချင်းချင်းသာ လက်ဆက်ရန် အစဉ်အလာအတိုင်း စီစဉ်လေ့ရှိသည်။



**A mangli (downward-turning) union line indicates that you can overwhelm your partner.**

**Norman ၏လက်ဝါးပြင် (mangli)**



**Norman has an extremely mangli union line that descents deep into his hand.**

Norman ၏လက်ဝါးပြင်၌ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းနှင့် ဆက်နေသော mangli Union Line ပါရှိသည်။ Norman သည် ချစ်သူ ရုတ်တရက် သေဆုံးသွားရခြင်းကြောင့် စိတ်ဝေဒနာဖိစီးနှိပ်စက်ခြင်းခံနေရသူ ဖြစ်သည်။ Norman ၏ချစ်သူ Marie က Norman နှင့် လက်ထပ်မည့်ရက်မတိုင်မီ ရက်သတ္တနှစ်ပတ်ခန့်က ကွယ်လွန်သွားခဲ့သည်။ (စိတ်ဝေဒနာဖိစီးမှုကြောင့်) Marie က ၎င်းနှင့်အတူ ဆက်လက် နေထိုင်ဆဲရှိနေသေးသည်ဟု Norman က ယုံကြည်ထားသည်။ ဆေးဝါးကုသမှု ခံယူပြီးနောက်ပိုင်းမှသာ Norman ၏ ပုံမှန်အသိစိတ်ပြန်ဝင်လာပြီး လက်တွေ့အခြေအနေမှန်အပေါ် လက်ခံလာပါသည်။ ထိုအခါမှသာ ချစ်သူ Marie အား စိတ်အတွင်းမှ လုံးလုံးလျားလျားထုတ်ပစ်နိုင်ခဲ့သည်။

ဆရာသိန်းသန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

(မြစက်)

# ဦးကောဝိဒ

## စိတ်ကိုအရောင်မဆိုးကြပါနဲ့



ဘဝသံသရာဟာ ဘယ်ကလာပြီး ဘယ်ကိုသွားရမှန်းမသိတဲ့ ဝဏ်ပါလိုဘဲ ရှုပ်ထွေးလွန်းလှပါတယ်။ ရှုပ်ထွေးလွန်းတဲ့ ဘဝသံသရာမှာပဲ ကျင်လည်နေကြရပြီး ရှုပ်ထွေးတဲ့အသိုက်အမြုံမှာ ရှုပ်ထွေးတဲ့ သံယောဇဉ်တွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ကာ ရုန်းလို့မရတဲ့ နှောင်ကြိုးတွေနဲ့အတူ တဝဲလည်လည်နဲ့ သွားလာကျက်စားနေကြရပါတယ်။

တစ်နေ့ ဒကာကြီးတစ်ယောက် ကျောင်းကို ရောက်လာကာ စာရေးသူ သီတင်းသုံးတဲ့ ကျောင်းဆောင်ပေါ်ကို မော့ကြည့်ပြီး -

"အရှင်ဘုရား၊ ကျောင်းရဲ့မျက်နှာကြက်က ဘယ်ကလက်သမားနဲ့ လုပ်ထားတာလဲ ဘုရား"

လို့ မေးလာတယ်။

"ဒီလိုပါပဲ၊ မြို့ထဲကဒကာကြီးအဖွဲ့ကို ခေါ်ပြီး လုပ်ထားတာပါ။ သူတို့က အလုပ်လုပ်တဲ့နေရာမှာ လက်ရာသေသပ်တယ်"

ထိုအခါ ဒကာကြီးက -

"ဟုတ်တယ်ဘုရား။ လုပ်ထားတာတွေက အတော်သပ်ရပ်ပြီး ရှင်းရှင်းလင်းလင်းလေးလုပ်ထားတာ တပည့်တော် သဘောကျတယ်ဘုရား။ ဒီလိုရှင်းလင်းသပ်ရပ်မှလည်း စိတ်ထဲရှင်းတာဘုရား။ အချို့ကျောင်းတွေမှာ လုပ်ထားတာတွေက ရှုပ်ထွေးနေတာပဲ ဘုရား။ ဒီလိုရှုပ်ထွေးတာတွေကိုမြင်ရရင် စိတ်လည်းရှုပ်သွားတယ်ဘုရား၊ ဒီလိုစိတ်ရှုပ်မခံချင်လို့လည်း မိသားစုနဲ့တောင်မှ အရှုပ်မခံဘဲ ရှင်းအောင်နေတာပါ ဘုရား"

လို့ လျှောက်ထားလာပါတယ်။

ဩော် - လောကမှာ ရှင်းတာကိုမှ ကြိုက်တဲ့သူတွေလည်းရှိပါသေးလား။ အချို့ကတော့ သားသမီး၊ ဆွေမျိုးတွေကို သံယောဇဉ်ရှိပေမယ့် ပြတ်ပြတ်သားသားဆက်ဆံတယ်။ ကူညီစရာရှိကူညီ၊ ပေးစရာရှိပေး၊ ပြောစရာရှိပြောပြီး ကိုယ့်ဟာကိုယ် အေးအေးပဲနေတယ်လို့ ဆိုတယ်။ ဘယ်လိုပဲပြောဦးတော့ မြေးအလှည့် ရောက်လာတဲ့အခါမှာတော့ 'သားအချစ်၊ မြေးအနှစ်' ဆိုတဲ့အတိုင်း အရင်က ရှင်းရှင်းနေချင်တဲ့သူတွေ ဘာမှမပြောတဲ့အတိုင်းဘဲ မြေးကို ချစ်နေလိုက်ကြတာ ရှုပ်သွားချင်ရှုပ်သွားပါစေ၊ မြေးကိုတော့ မပစ်ထားနိုင်ဘူးဆိုပြီး တော့လည်း အဖြစ်သည်းတတ်ကြပါတယ်။ဒါဟာ သဘာဝပါပဲ။ ဘာကြောင့်ဆိုရင် ကာမနယ်ထဲကကာမဘုံသားတွေမို့လို့ပါပဲ။

အခုလည်း ဘယ်လောက်ပဲ ရှင်းအောင်နေတယ်ပဲပြောပြော ကာမနယ်ထဲကလူသားပေမို့ ကာမဂုဏ်နဲ့ကင်းရှင်းဖို့ဆိုတာ လွယ်မယောင်ယောင်နဲ့အလွန်ခက်လှပါတယ်။ ထိုဒကာကြီးပြောတာက သားသမီး၊ ဆွေမျိုးတွေနဲ့ ပြတ်ပြတ်သားသားရှင်းရှင်းနေတယ်ဆိုတာ စိတ်ရှုပ်မခံချင်လို့ဘဲ ဖြစ်ပါတယ်။ ဒကာကြီးဟာ ရှင်းလင်းရေးတရားကို တစ်သီကြီးပြောလိုက်ရလို့မောသွားဟန်တူပါတယ်။ ဒါနဲ့စပ်လို့ -

ပါဠိတော်မှာ ရှင်းရှင်းလေး သန့်သန့်လေးနေတယ်ဆိုတာရှိပါတယ်။ ဗုဒ္ဓစာပေမှာ ဒိဝါဝိဟာရလို့ အသုံးအနှုန်းတစ်ခုရှိတယ်။ အဓိပ္ပာယ်က နေ့သန့်စင်တယ်၊ နေ့သန့်တယ်လို့ ဆိုပါတယ်။ နေ့သန့်နေတယ်ဆိုတဲ့ စကားလုံးဟာ နေ့



www.burmeseclassic.com

www.burmeseclassic.com

အခါမှာ သန့်သန့်ရှင်းရှင်းလေးနေတာကို ပြောတာပါပဲ။ နားလည်အောင်ပြောရရင်၊ လူအများတွေ့ဆုံမိကြရင် အများအားဖြင့် လောကအကြောင်း၊ သားသမီးအကြောင်း၊ စီးပွားရေးအကြောင်း၊ လူမှုရေးအကြောင်း၊ သာရေး၊ နာရေး စတဲ့ ကာမဂုဏ်နဲ့စပ်တဲ့အကြောင်းတွေကိုပဲ ပြောဆိုကြတယ်။ ဒီလိုအသိုင်းအဝိုင်းထဲမှာနေရတယ်ဆိုရင် သန့်သန့်ရှင်းရှင်းတော့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အဖော်မပါ တစ်ယောက်တည်း သီးသန့်ရှင်းရှင်းလေးနေတာကို 'ကာယဝိဝေက' လို့ ခေါ်တယ်။

ပိဋကတ်တော်မှာ အရှင်ရဋ္ဌပါရအမည်ရတဲ့ရဟန်းတော်တစ်ပါး သာဝတ္ထိကနေ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ ထုလ္လကောဋ္ဌိကနိဂုံးသို့ကြွလာတော်မူတဲ့အခါ ရွာမရောက်မီ လမ်းမှာ ဆွမ်းချိန်ကျလို့ ဆွမ်းခံကြွကာ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ကောရဗျမင်းပိုင်တဲ့ မင်းဥယျာဉ်တော်မှာ နေ့သန့်တော်မူတယ်လို့ပါရှိပါတယ်။ ဒါဟာ နေ့အခါမှာ အဖော်မပါ တစ်ကိုယ်တည်းနေပြီး စိတ်ကိုလည်းရှင်းသထက်ရှင်းအောင် ဖလသမာပတ်ဝင်စားနေတော်မူတာကို နေ့သန့်တယ်လို့ ခေါ်ပါတယ်။

ပြောချင်ပါသေးတယ်။ အချို့က တစ်ယောက်တည်းတော့နေပါရဲ့။ ဒါပေမယ့် စိတ်မှာတော့ အဖော်တွေ အများကြီးရှိနေတယ်။ ကာမဂုဏ်နဲ့စပ်တဲ့အတွေးအကြံတွေဟာ မကောင်းတဲ့ စိတ်အဖော်တွေပါပဲ။ တစ်ယောက်တည်းနေတယ်ဆိုပေမယ့် မကောင်းတဲ့စိတ်အဖော်တွေ ရှိနေသမျှကာလပတ်လုံး ရှုပ်နေဦးမှာပဲ။

ဓမ္မပဒ အဋ္ဌကထာမှာ မေဃိယမထေရ်ဆိုတာရှိတယ်။ သူဟာ အဲဒီတုန်းက ဘုရားရှင်ရဲ့အလုပ်အကျွေးဖြစ်တယ်။ တစ်နေ့ သရက်ဥယျာဉ်ကြီးတစ်ခုကို မြင်ရတဲ့အခါ 'ငါဒီဥယျာဉ်မှာတစ်ပါးတည်းနေပြီး တရားရှုမှတ်လိုက်ရရင် ကောင်းမှာပဲ' လို့ တွေးပြီး ထိုသရက်ဥယျာဉ်မှာ တရားရှုမှတ်ရင်း ကျန်နေရစ်ခဲ့ဖို့ ဘုရားရှင်ကို လျှောက်တဲ့အခါ ဘုရားရှင်က ခဏနေပါဦးလို့ ပြောပေမယ့် မရဘူး။ နောက်ဆုံး ဘုရားရှင်ကိုခွင့်ပန်ပြီး ကျန်ရစ်ခဲ့တယ်။ မေဃိယထေရ်ဟာ သရက်ဥယျာဉ်ထဲ တစ်ပါးတည်း သီတင်းသုံးကာ ကျောက်ဖျာချပ်ကြီးတစ်ခုပေါ်မှာ တရားအားထုတ်နေပါတယ်။ ဖြစ်ချင်တော့ ထိုကျောက်ဖျာကြီးနေရာဟာ မေဃိယထေရ် အတိတ်ဘဝတွေတုန်းက ဘုရင်ဖြစ်ခဲ့ဖူးတဲ့နေရာ ဖြစ်နေပါတယ်။ တရားအားထုတ်နေပေမယ့် စိတ်က ကမ္မဋ္ဌာန်းအာရုံမှာ မထားနိုင်ဖြစ်နေတယ်။ လိုချင်ဖွယ်ရာကာမဂုဏ်နဲ့စပ်လို့ လောဘဖြစ်ဖွယ်အကြံအစည်တွေ၊ ဒေါသဖြစ်ဖွယ်အကြံအစည်တွေ၊ သူတစ်ပါးကို ညှဉ်းဆဲဖို့ အကြံအစည်တွေပဲ ဖြစ်နေပြီး စိတ်ရှုပ်ထွေးနေခဲ့ပါတယ်။

(ဒါဟာ အနေရှင်းပေမယ့် စိတ်မရှင်းဖြစ်နေတာ ဖြစ်တယ်။ ဒကာကြီးလည်း အနေရှင်းတယ်ဆိုပေမယ့် စိတ်မရှင်းဖြစ်တာကို သတိထားမိဟန်မတူပါဘူး။ တကယ်တော့ အနေလည်းရှင်း၊ စိတ်လည်းရှင်းဖို့ သတိထားရမှာပါ။)

နောက်တော့ ရဟန်းဟာ ဘုရားရှင်ထံသွားပြီး သူ့ရဲ့စိတ်ထဲမှာ အမျိုးမျိုးဖြစ်ပေါ်နေတဲ့အကြောင်းတွေ လျှောက်ထားပါတယ်။

အဲဒီအခါမှာ ဘုရားရှင်က -

"စိတ်ရဲ့ အလိုအတိုင်း မဖြစ်သင့်ဘူး။ စိတ်ဆိုတာ လျင်မြန်လှတယ်။ စိတ်က မိမိရဲ့အလိုကို ပါနိုင်အောင် စွမ်းဆောင်သင့်တယ်။ လေးသမားဟာ ကောက်နေတဲ့မြားကို ဖြောင့်အောင်ပြုစွမ်းနိုင်သလို ကာမဂုဏ်အာရုံနဲ့တွေ့တဲ့အခါ တုန်လှုပ်တတ်တဲ့စိတ်၊ လျှပ်ပေါ်လော်လီတတ်တဲ့စိတ်၊ ဆုံးမဖို့ရာ ခက်ခဲလှတဲ့စိတ်ကို ဖြောင့်အောင် ပြုစွမ်းနိုင်ရမယ်"

လို့ ဟောတော်မူပြီးတဲ့နောက် မေဃိယထေရ် တရားပြန်အားထုတ်လိုက်တဲ့အခါ သောတာပန်တည်သွားခဲ့ပါတယ်။ ဒီလိုအရိယာဖြစ်သွားတဲ့ မေဃိယဟာ ထိုအချိန်ကစလို့ အနေလည်းရှင်းသလို စိတ်လည်း ရှင်းလင်းသွားပါတော့တယ်။

ဒါကြောင့် လောကမှာ အရှုပ်ဆုံးဆုံးဟာ ကိလေသာတွေပါ။ ဘာကြောင့်ဆိုရင် ကိလေသာတရားတွေကို လက်ခံထားတဲ့သူတိုင်းဟာ ရှုပ်ထွေးပြီးနေရလို့ပါပဲ။ သားသမီး၊ ဆွေမျိုးတွေနဲ့ ဘယ်လောက်ပြတ်တယ်ပဲပြောပြော မိမိရင်ထဲက ကိလေသာတွေကို ပြတ်အောင်လုပ်ဖို့မေ့နေတတ်ကြတယ်။ ကိလေသာတွေမပြတ်သေးသမျှ သံသရာမှာ မဆုံးနိုင်တော့ဘဲ မရေရာမသေချာတဲ့ဘဝတွေကို ဖြတ်သန်းကြရဦးမှာပါ။ ကိလေသာကင်းပြီး တည်ကြည်တဲ့စိတ်ဟာ ဖြူစင်တယ်။ ဒီလိုဖြူစင်တဲ့စိတ်ဟာ အရောင်ထွက်တယ်လို့ စာပေမှာဆိုထားပါတယ်။

ကမ္ဘာဦးစ လူတွေရဲ့စိတ်ဟာ ကြည်လင်သန့်ရှင်းနေတဲ့အတွက် ဖြိုးဖြိုးဖြက်ဖြက် အရောင်တလက်လက်ထွက်ပြီး တောက်ပနေပါတယ်။ ကမ္ဘာဦးအစတုန်းက အခုလိုမျိုး နေ၊ လတို့ မပေါ်ထွန်းသေးပါဘူး။ ကမ္ဘာဦးလူသားများဟာ သူတို့ရဲ့စိတ်ကထွက်ပေါ်တဲ့အရောင်တွေနဲ့ပဲ သွားလာနေကြရတယ်။ နောက်ပိုင်းမှာ အရသာရှိလှတဲ့ မြေအဆီမြေအနှစ်တွေကို စားသုံးရာကနေ အရသာအပေါ် စွဲလမ်းတပ်မက်တဲ့ ရသတဏှာ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး လူသားတွေရဲ့စိတ်မှာ လောဘ စတဲ့ ကိလေသာအရောင်ဆွေ့ အဆိုးခံခဲ့ရပါတယ်။ အရောင်ဆိုးခံလိုက်ကြရတဲ့ စိတ်တွေကြောင့် သူတို့ရဲ့ခန္ဓာကိုယ်က အလင်းရောင်များလည်း မထွက်ပေါ်လာတော့ပါဘူး။ လောကကြီးတစ်ခုလုံးလည်း မှောင်နဲ့မည်းမည်း ဘယ်ကိုပဲကြည့်ကြည့် မှောင်မည်းနေတဲ့အတွက် ကမ္ဘာဦးလူသားများဟာ ကြောက်စိတ်တွေဝင်လာတယ်။

အဲဒါနဲ့ 'အရင်လို အလင်းရောင်များ ဖြစ်ပေါ်လာရင်တော့ ကောင်းမှာပဲ' လို့ သူတို့စိတ်မှာ ဆန္ဒတွေ ဖြစ်ပေါ်နေတယ်။ အဲဒီအချိန်မှာပဲ လတစ်စင်းထွက်ပေါ်လာတယ်။လရဲ့အလင်းရောင်ကြောင့် လူတွေအားလုံးလည်း ဆန္ဒပြည့်ဝတဲ့အတွက် ပျော်ရွှင်နေကြတယ်။ အဲဒီမှာ လရဲ့အလင်းရောင်ဟာ သူတို့ရဲ့ဆန္ဒကို ပြည့်ဝစေတဲ့အတွက် လကို 'ဆန္ဒ' လို့ အမည်မှည့်ခေါ်ကြတယ်။ နောက်ခေတ်ကာလ ရွေ့လျောလာတဲ့အခါ 'ဆန္ဒ' ကနေ 'စန္ဒ' ဖြစ်လာတယ်။ ပါဠိစာပေမှာလည်း လကို 'စန္ဒာ' လို့ ခေါ်ပါတယ်။

ဒီလိုနဲ့ အရသာရှိတဲ့ မြေဆီမြေလွှာတွေကို စားသောက်လာရာကနေ လောတဏှာကြောင့် မြေဆီတွေလည်း ပျောက်ကွယ်ခဲ့တယ်။ နောက်တော့ သလေးစပါးတွေကို စိုက်ယူစရာမလိုဘဲ ဒီအတိုင်း ခူးယူစားသုံးရခဲ့ကြရတယ်။ နောက်ပိုင်းမှာ သလေးစပါးကို သူပိုင်တယ်၊ ငါပိုင်တယ်ဆိုပြီး အငြင်းအခုံဖြစ်ကြ၊ ရန်တွေဖြစ်ကြရတယ်။ စိတ်မှာကြီးမားတဲ့ လောဘ၊ ကြီးမားတဲ့ ဒေါသအရောင်တွေ လွှမ်းမိုးလာခဲ့တယ်။ နောက်တော့ ငြင်းခုံရန်ဖြစ်ရာက ခိုက်ရန်တွေဖြစ်ကြတယ်။ ဒီလိုနဲ့ ဒီလိုငြင်းခုံရန်ဖြစ်နေလို့ အကျိုးမရှိဘူး။ ဒီပြဿနာကို ဖြေရှင်းပေးနိုင်တဲ့လူတစ်ယောက်တော့ထား မှရမှာပဲဆိုပြီး အားလုံးသဘောတူညီနိုင်တဲ့လူတစ်ယောက်ကို လူကြီး



www.burmeseclassic.com

www.burmeseclassic.com

သမုတ်ကြ(မြှောက်တင်ကြ)တယ်။ ဒီလို လူအများက ဝိုင်းပြီးသမုတ်ပေးလိုက်တဲ့ လူကြီးကို အခုအခါမှာတော့ သမတ (သမ္မတ) (သမုတ် = သမတ) လို့ခေါ်ကြတာပါ။

ပြောချင်တာကတော့ ကမ္ဘာဦးစ လူသားများရဲ့စိတ်ဟာ အစမှာ သန့်ရှင်းခဲ့ပေမယ့် နောက်ပိုင်းမှာ လောဘ၊ ဒေါသအရောင်တွေအဆိုးခံလိုက်ရတဲ့ အချိန်ကစလို့ ရိုးသားမှု၊ ဖြောင့်မတ်မှု ပြတ်သားမှုမရှိတော့ ပိုပြီးရှုပ်ထွေးလာပါတယ်။ ကိုယ်လိုချင်တဲ့အရာဆိုရင် တရားသော၊ မတရားသော နားမလည်။ ရအောင်ယူတတ်တဲ့အကျင့်တွေရှိလာတယ်။ လိုချင်တာမရရင် ဒေါသတွေဖြစ်လာတယ်။ ရအောင်ယူမယ်ဆိုတဲ့ မတရားလောဘကြောင့် လူမျိုးတစ်စုနဲ့တစ်စု ခိုက်ရန်တွေဖြစ်ကြရတယ်။ စစ်ပွဲကြီးတွေဖြစ်ကြရတယ်။ ဒါဟာ လူတွေရဲ့စိတ်ကို အရောင်ဆိုးလိုက်လို့ဖြစ်ရတာပါ။

အဲဒါနဲ့စပ်လို့ လူတွေရဲ့စိတ်ကို ပြောင်းလဲသွားစေတတ်တဲ့ အရောင်အချို့ကို ပြောချင်ပါသေးတယ်။

**(၁) ကာမစ္ဆန္ဒနီဝရဏ**

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဆိုတဲ့ ကာမဂုဏ်အာရုံအပေါ်မှာ နှစ်သက်လိုချင်နေတာတွေဖြစ်နေတာပါ။ နားလည်အောင်ပြောရရင် ဇနီး၊ မယား၊ သမီး၊ သား၊ လင်သား၊ ဆွေမျိုးဉာတိ၊ ပစ္စည်းဥစ္စာ၊ လယ်ယာကိုင်းကျွန်း၊ ဆင်၊ မြင်း စတဲ့ သက်ရှိသက်မဲ့တွေအပေါ်မှာ နှစ်သက်လိုချင်နေတာဖြစ်တယ်။ အရင်းစစ်တော့ လောဘအရောင်ပါပဲ။ ကာမဂုဏ်အာရုံမှာ နှစ်သက်လိုချင်နေပြီဆိုရင် လောဘက စိတ်ကို အရောင်ခြယ်ပေးလိုက်တာဖြစ်တယ်။

**(၂) ဗျာပါဒနီဝရဏ**

စိတ်ပျက်၊ စိတ်ဆိုး၊ အလိုမကျ အာဃာတ၊ စိတ်ညစ်တာတွေ ဖြစ်နေတာကို ပြောတာပါ။ အရင်းစစ်တော့ ဒေါသအရောင်ပါပဲ။ ဒါကလည်း ဒေါသဖြစ်ဖွယ်တွေနဲ့ကြုံရင် မိမိစိတ်ကို ဒေါသက အရောင်ခြယ်ပေးနေတာ ဖြစ်တယ်။

**(၃) ထိနမိဒ္ဓနီဝရဏ**

ထိုင်းမှိုင်း၊ ပျင်းရိတာတွေ ဖြစ်နေတာကို ဆိုတာပါ။ အရင်းစစ်တော့ မောဟအရောင်ပါပဲ။ ဒီလို ထိုင်းမှိုင်းပျင်းရိနေပြီဆိုရင် စိတ်ကို မောဟက အရောင်ခြယ်ပေးနေတာ ဖြစ်တယ်။

**(၄) ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ**

စိတ်ပျံ့လွင့်တာ၊ စိတ်လေတာ၊ ပူပန်တာတွေဖြစ်နေတာကို ပြောတာပါ။ အရင်းစစ်တော့ လောဘ၊ ဒေါသ စတဲ့ ကိလေသာတွေပါပဲ။ တစ်ခါတစ်ရံ စိတ်တွေမတည်ငြိမ်ဘဲ ဟိုရောက်ဒီရောက် ဟိုတွေးဒီတွေးဖြစ်နေတာတွေ၊ တစ်ခါတစ်ရံ မကောင်းတာတွေ ပြုလုပ်မိပြောမိတွေးမိထားတယ်ဆိုရင် အဲဒီပြုလုပ်ပြောဆိုတွေးတောထားတာတွေအပေါ် တွေးပြီး ပူပန်နေတယ်ဆိုရင် စိတ်ကို လောဘ၊ ဒေါသ စတဲ့ ကိလေသာ အရောင်ခြယ်ပေးနေတာ ဖြစ်တယ်။

**(၅) ဝိစိကိစ္ဆာနီဝရဏ**

သို့လောသို့လော ယုံမှားသံသယ ဖြစ်နေတာကို ဆိုတာပါ။ အရင်းစစ်တော့ မောဟပါပဲ။ ဒီလို ယုံမှားသံသယ ဖြစ်နေပြီဆိုရင် စိတ်ကို မောဟက အရောင်ခြယ်ပေးနေတာ ဖြစ်တယ်။ အချုပ်ပြောရရင် ကိလေသာအရောင်တွေလို့ ပြောရမှာပါ။

အထက်က ဆိုခဲ့တဲ့အတိုင်း စိတ်ဟာ ပကတိအတိုင်းဆိုရင် ဖြူစင်နေပေမယ့် ကိလေသာအရောင်များ အဆိုးခံရတဲ့အတွက် ရှုပ်ထွေးသွားရပါတယ်။ ဒါကြောင့် ရှင်းရှင်းနေချင်တဲ့ စာချစ်သူများလည်း အားလုံးနဲ့ ကင်းကင်းရှင်းရှင်း နေရုံမျှနဲ့တော့ ကင်းရှင်းပြီလို့ မဆိုနိုင်သေးပါ။ စိတ်အညစ်အကြေးတွေကင်းအောင် ဆေးကြောဖို့ လိုပါသေးတယ်။ ဒီအတွက်က ဘာဝနာတရားကို ကျင့်သုံးပေးဖို့ လိုအပ်ပါတယ်ဆိုတာ ပြောရင်း နားပါဦးမယ်။

*ရှင်လန်းချမ်းမြေ့ကြပါစေ*

ဦးကောဝိဒ (မြိတ်)

ဉာဏ်မြင့်

## ကြွက်နို့သတ်နည်း

စာရေးသူသည် သူရဇ္ဇမဂ္ဂဇင်းကို လစဉ်ဖတ်၏။ မိမိကိုယ်တိုင်က သူရဇ္ဇမဂ္ဂဇင်းတွင် စာရေးနေသည့်အတွက် တစ်ခါတစ်ရံ မိမိဆောင်းပါးပါလာလျှင် လက်ဆောင်ရ၍ဖတ်ရ၏။ မိမိဆောင်းပါး မပါသည့်လဆိုလျှင် မန္တလေးထွန်းဦးဆိုင်က ဝယ်ဖတ်ရ၏။ လစဉ်ဆိုသလို သူရဇ္ဇမဂ္ဂဇင်းကို စုဆောင်း သိမ်းဆည်းရ၏။ မဂ္ဂဇင်းတွင် မြန်မာဆေးနည်းတို့များ ပါဝင်သည်ကိုလည်း ဖတ်ရ၏။ ထိုအထဲတွင် ကြွက်နို့သတ်နည်းအမျိုးမျိုးလည်း ပါဝင်၏။

ဤစာရေးသူ၏ ကြွက်နို့သတ်နည်းကား အလွယ်ကူဆုံး၊ အကောင်းဆုံး မနာမကျင်ဘဲ သက်သောင့်သက်သာနှင့် ပျောက်ကင်းသည့်နည်း ဖြစ်၏။ မည်သည့်ပစ္စည်းမျှ မလို။ မိမိလက်ညှိုးဖြင့် ကြွက်နို့ပေါ်ကနေ တံမြက်စည်းနှင့် လှည်းချသလို ပွတ်သပ်ချရန် ဖြစ်၏။ သို့သော် မိုးရွာဖို့တော့ စောင့်ရမည် ဖြစ်၏။ အချိန်မရွေးလုပ်၍မရ။ မိုးကာလ မိုးရွာလျှင် လျှပ်စစ်လက်မည် ဖြစ်၏။ ဤကဲ့သို့ မိုးရွာတိုင်း၊ လျှပ်စစ်လက်တိုင်း အသက် (၇) ချက်အောင့်ပြီး -

'ဉ-တိရဲ'

ဟု အသက်ခုနစ်ချက်အောင့်ပြီး ပွတ်သပ်ချရန် ဖြစ်၏။ ဤကဲ့သို့ မိုးရွာတိုင်း၊ လျှပ်စစ်လက်တိုင်း အသက်ခုနစ်ချက်အောင့်ပြီး 'ဉ - တိရဲ' ဟု ရွတ်ဆို ပွတ်သပ်ချရန် ဖြစ်ပါသည်။

ဤသို့လုပ်နေပါက မကြာမြင့်မီအတွင်း ကြွက်နို့နှတ်ခမ်းသားများ အလိုလို ကြွတက်ယားယံလာမည် ဖြစ်သည်။ ထိုအခါ မိမိလက်သည်းဖြင့် ကြွက်နို့နှုတ်ခမ်းသားယားယံသည့်နေရာကို ကုတ်ဖဲ့ရင်းဖြင့် ကြွက်နို့များ ကြွေကျပျောက်ကင်းသွားမည် ဖြစ်ပါသည်။ အနာရွတ်ပင် မကျန်ရစ်ကြောင်းတွေ့ရပါလိမ့်မည်။ ယုံယုံကြည်ကြည် စိတ်ချလက်ချလုပ်ကြည့်ပါဟု တိုက်တွန်းလိုက်ပါသည် ခင်ဗျား။

*နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ*

ဉာဏ်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ သားအဖကို ငါးရွှေးလိုက်မုဆိုးများလို့ အရပ်ကအမည်ပေးထားပါတယ်။ အထူးသဖြင့် ကျွန်ုပ်ကို ငါးရွှေးလိုက် ဘသိုက်လို့ ခေါ်ကြတယ်။ ကျွန်ုပ်တို့ရွာမှာ ထန်းတက်သမား ဘသိုက်လည်းရှိတယ်။ သူ့ကိုတော့ ထန်းဘသိုက်လို့ ခေါ်ကြတယ်။ နောက် ကြက်တိုက်တဲ့ ဘသိုက်လည်း ရှိသေးတယ်။ သူ့ကိုတော့ ကြက်ဘသိုက်လို့ ခေါ်ကြတယ်။

ကျွန်ုပ်တို့ရွာဟာ ဧရာဝတီမြစ်ကမ်းနံဘေးက နောင်ရဲရွာကလေးပါ။ ဧရာဝတီမြစ်ရေကျချိန်ဆိုရင် ချောက်ကမ်းပါးအမြင့်ကြီး ဖြစ်လာတယ်။ ငါးရွှေးဆိုတဲ့ငါးက အဲဒီချောက်ကမ်းပါးအောက်မှာရှိတဲ့အချိုင့်တွေထဲမှာ အနေများတယ်။ နေရင်းလည်း အဖို၊ အမနှစ်ကောင်တွဲနေတတ်တယ်။ ငါးရွှေးဆိုးတဲ့အကောင်က စာချိုးနဲ့နေတာ။ ငါးရွှေးဟာ အန္တရာယ်ပေးတတ်လွန်းလို့ ကုန်းပေါ်မှာ မြွေပွေး၊ ရေထဲမှာ ငါးရွှေးလို့ တောင် ရှေးလူကြီးတွေက စာချိုးထားခဲ့တယ်။ ဟုတ်ပါတယ်။ ငါးရွှေးဟာ သိပ်အကောင်ကြီးရင် ခြောက်ပေ၊ ခုနစ်ပေလောက်ရှိတယ်။ ဧရာဝတီမြစ်ထဲမှာ ရေကူးနေတဲ့လူတွေကို ထိုးဟပ်ပြီး အရှင်လတ်လတ် မျိုတတ်တယ်။ ငါးရွှေးဟာ မိုးတွင်းအချိန်အခါမှာ သူတို့ပုန်းခိုရာက ထွက်လာပြီး ရေတက်လာတာနဲ့အမျှ သူတို့ဟာ ရေထဲမှာ စုန်ဆန်ကူးခပ်ရင်း ငါးအသေးလေးတွေနဲ့ လူတွေကိုပါကိုက်တော့တာပဲ။ ဒါကြောင့် ရေတက်ရင် ငါးရွှေးအန္တရာယ်ကိုကြောက်နေကြရတယ်။

ကျွန်ုပ်တို့ သားအဖကတော့ အန္တရာယ်များတဲ့ ငါးရွှေးကိုရွေးပြီးလိုက်တဲ့ ငါးရွှေးလိုက်မုဆိုးတွေပါပဲ။ ဘာကြောင့် ငါးရွှေးကိုလိုက်ရသလဲဆိုတော့ ငါးရွှေးဟာ ငါးအကောင်ကြီးမျိုးဖြစ်လို့ တစ်ကောင်ရရင်ကို မြိုးမြိုးမြက်မြက် ဈေးကောင်းရတာ။ နောက်ပြီး ရေကျချိန်မှာ ရေအောက်ကျောက်ဆောင်ချိုင့်တွေ မှာ ဖို၊ မ နှစ်ကောင်နေတတ်လို့ ရရင် နှစ်ကောင်တွဲ့ရတာ။ တိရစ္ဆာန်နဲ့ လူဟာ အသိဉာဏ်ချင်းကွာတဲ့အတွက် ကျွန်ုပ်တို့ သားအဖဟာ ငါးရွှေးရဲ့ ပျော့ကွက်ကို သိတယ်။ ငါးရွှေးဖမ်းချိန်ဟာ နွေရာသီမှာ အကောင်းဆုံးပါပဲ။

အခုလည်း နွေရာသီရဲ့ညနေခင်းမှာ ကျွန်ုပ်တို့သားအဖ ငါးရွှေးလိုက်ဖို့ လှေတစ်စင်းနဲ့ မြစ်ထဲဆင်းခဲ့ကြတယ်။ ကျွန်ုပ်တို့ ငါးရွှေးလိုက်တဲ့ မြစ်စကတော့ ဧရာဝတီမြစ်ရဲ့ မြစ်လက်တက်တစ်ခုပါပဲ။ ငါးရွှေးအသေးတွေကို ပိုက်နဲ့ ထောင်ဖမ်းလို့ရပေမယ့် ငါးရွှေးအကြီးကို ဖမ်းချင်ရင်တော့ ငါးမျှားကြိုးမှာ အစာတပ်ပြီး ဖမ်းတဲ့နည်းက အကောင်းဆုံးပါပဲ။ ငါးရွှေးဟာ အသားစားငါးမျိုး။ ငါးမျှားတံရဲ့ထိပ်မှာ ငါးရှဉ့်သေးသေးလေးတစ်ကောင်ကို အစာအဖြစ်နဲ့တပ်ထားတယ်။ ငါးရွှေးကဟပ်လိုက်ပြီဆိုရင် ငါးမျှားတံမှာ တပ်ထားတဲ့ နိုင်လွန်ကြိုးကလေးကို အလျှော့အတင်းလုပ်ပေးရုံပဲ။ ငါးရွှေးဟာ အာခေါင်မှာ ငါးမျှားချိတ်စူးနေတဲ့အတွက် ဝေးဝေးမပြေးနိုင်ပါဘူး။နောက်ဆုံး ငါးရွှေး မောသွားမှ အသာကလေး လှေပေါ်ကို ဆွဲတင်လိုက်ရုံပဲ။ ငါးရွှေးမျှားတာလည်း ကျွမ်းကျင်မှ ငါးမျှားလို့ရ တာ။

နေဝင်ချိန်ဖြစ်လို့ မြစ်ရိုးတစ် လျှောက်မှာ အိပ်တန်းတက်ဖို့ ပြန်လာကြတဲ့ ငှက်ကလေးတွေရဲ့ဆူညံတဲ့အသံ တွေ ကြားနေရတယ်။ နေလုံးကြီးလည်း တဖြည်းဖြည်း အနောက်ဘက်ကို နိမ့်ဆင်းလာနေတယ်။ အလင်းကလည်း မပျောက်သေး၊ အမှောင်လည်းမရောက်သေးတဲ့အချိန်ဟာ ငါးရွှေးလိုက်လို့ အကောင်းဆုံးအချိန်မှာပဲ။

အဲဒီအချိန်မှာ ရေကလည်း ရေ ကျချိန်။ လေကလည်း ခပ်ငြိမ်ငြိမ်။

"ဟော၊ ဟော ဟိုမှာ ငါးရွှေးတွေ"

ငါးရွှေးတစ်သိုက် ကူးခပ်နေတာကိုတွေ့လိုက်လို့ ကျွန်ုပ်က အဖေ့ကိုလှမ်းပြောလိုက်တယ်။

ဒီတော့ အဖေက-

"အေး - အဲဒီငါးရွှေးထဲက တစ်ကောင်ကောင်တော့ ငါးမျှားချိတ်ကိုလာ ဟပ်လိမ့်မယ်"

# ရီရီငွေး

## ငါးရွှေးလိုက် ဘသိုက်





www.burmeseclassic.com

www.burmeseclassic.com

အဖေက အဲဒီလိုပြောပြီး ငါးမျှားချိတ်ဟာ ငြိမ့်ခနဲလှုပ်သွားခဲ့တယ်။

"သားရေ၊ ငါးရွှေးတစ်ကောင်တော့ အစာလာဟပ်ပြီ"

လို့ ပြောပြီး ငါးမျှားချိတ်မှာတပ်ထားတဲ့ နိုင်လွန်ကြိုးကို လျှော့လိုက်၊ တင်းလိုက်၊ ပြန်တင်းလိုက်နဲ့ ဟိုဟိုဒီဒီ ကူးခပ်နေတယ်။

"အဖေ၊ ငါးရွှေးမောအောင်လုပ်နော်"

"အေးပါ သားရယ်၊ ဒါတွေက အဖေလုပ်နေကျအလုပ်ပါ"

ငါးရွှေးတွေဟာ ဒဏ်ရာရပြီးရင် သိပ်မကူးနိုင်တော့ဘူး။ မကြာခင်မှာ မောပန်းသွားပြီး ပါးဟက်ကိုဟစိဟစ်နဲ့ အသက်ရှူနေတယ်။အဲဒီအခါမှာ ကျွန်ုပ်ဟာ ရေထဲခုန်ဆင်းသွားပြီး ငါးရွှေးကို ခေါင်းကို လှော်တက်နဲ့ တအားကုန် လှဲရိုက်လိုက်တယ်။ ပြီးတော့ လှေပေါ်တင်လိုက်ရုံပဲ။ လှေပေါ်ရောက်တယ်ဆိုရင်ပဲ ပိုက်နဲ့ မိမိရရအုပ်ရတယ်။ နို့မို့ရင် သတိရတာနဲ့ ရေထဲခုန်ဆင်းသွားရော။ အဖေနဲ့ ကျွန်ုပ်ဟာ ငါးရွှေးလိုက်တာ ကြာပြီဖြစ်လို့ ငါးရွှေးအကြောင်း ကောင်းကောင်း သိကြတယ်။

ရွာရောက်ရင်ပဲ ငါးဒိုင်မှာ ငါးရွှေးကြီးကိုရောင်းလိုက်တယ်။ ကျွန်ုပ်တို့သားအဖနှစ်ယောက်မှာ ငါးရွှေးရောင်းရငွေနဲ့ အိတ်ဖောင်းပြီး အိမ်ကို ပြန်လာခဲ့တယ်။ အဖေက အိမ်ကိုတန်းမပြန်သေးဘဲ ဖိုးမိုရဲ့အရက်တဲဝင်ပြီးတော့ တစ်လုံးသောက်ပြီးမှ အိမ်ပြန်ခဲ့တယ်။ အိမ်ရောက်တာနဲ့ တစ်ပြိုင်နက် -

"ချစ်သက်ဝေ ငယ်မယား ဘယ်များသွားနေသလဲ။ ရော့ - ပိုက်ဆံ. . . ပိုက်ဆံ"

"ရှင်ဟာလေ၊ မူးလာတာနဲ့ ဘာတွေပြောမှန်းမသိဘူး"

"ငါးရွှေးရောင်းရလို့ ပိုက်ဆံတွေ အများကြီးရလာတယ်။ မနက်ဖြန်ကျရင် ငါ့သမီး ဘိုမနဲ့ မိသေးကို ဟင်းကောင်းကောင်းချက်ကျွေး။ ကြက်သား၊ ဘဲသား အကုန်ချက်"

"အင်းပါတော်"

"ချစ်သက်ထား ငယ်မယားလည်း ဝတ်ချင်တာဝယ်ဝတ်"

"ကျုပ်ကို ချစ်သက်ထားတွေ ငယ်မယားတွေမခေါ်နဲ့။ မသိတဲ့လူက မယား ငယ်လို့ ထင်ဦးမယ်။ ဒီလူနှယ်၊ မကြီး မငယ်နဲ့ ရှက်စရာကြီး"

"ပျော်လို့ စ,တာပါ မိန်းမရယ်"

အဖေက အရက်ဝင်ပြီဆိုတာနဲ့ နောက်နောက်ပြောင်ပြောင်ပြောတတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အမေကမခံချင်လို့ပြန်ပြောတော့ တဟားဟားနဲ့။ မိသားစုကို အတော်ချစ်ပြီး ပျော်ပျော်နေတတ်တဲ့ အဖေ။

ငါးရှေးလိုက်တယ်ဆိုတာ နေ့တိုင်း မလိုက်နိုင်ဘူး။ ငါးရှေးရပြီးရင် တစ်ရက်၊ နှစ်ရက်လောက်နားရတာမို့ နောက်နေ့တွေမှာ ကျွန်ုပ်အားလပ်နေတယ်။

ညနေမှာ ကျွန်ုပ်ရဲ့ချစ်သူ နှင်းနုနဲ့တွေ့ချင်လို့ ရွာလယ်က ရေတွင်းကြီးကို သွားခဲ့တယ်။ သိပ်မစောင့်ရပါဘူး။ ရေခပ်ဆင်းလာတဲ့ နှင်းနုနဲ့ အခန့်သင့်ပဲ တွေ့ရတယ်။

"နှင်းနု နင့်အတွက် ငါရေငင်ပေးမယ်"

လို့ပြောပြီး ကျွန်ုပ်က ရေငင်ပေးခဲ့တယ်။

"နင် ဒီနေ့ ငါးလိုက်မဆင်းဘူးလား"

"အေး - ဒီနေ့နားတယ်"

"နင့်ကိုပြောရပေါင်းများလို့ အပ်ကြောင်းထပ်နေပြီ ကိုသိုက်ရယ်။ နင် ငါးရှေးလိုက်တဲ့အလုပ်ကို မလုပ်ပါနဲ့တော့ဟာ။ နင်ဝဋ်လိုက်လိမ့်မယ်"

"ဘာဆိုင်လို့ဝဋ်လိုက်ရမှာလဲ"

"ငါးရှေးတွေဟာ ဖို၊ မစုံတွဲနေကြတာ။ နင်တို့ဖမ်းလို့ တစ်ကောင်သေသွားတော့ နောက်တစ်ကောင်က အဖော်ကွဲသွားရော။ ဒါကြောင့် လူကြီးသူမတွေကပြောတာ ငါးရှေးလိုက်တဲ့သူတွေဟာ အဖော်နဲ့ကွဲတတ်တယ်တဲ့"

"မယုံပါဘူးဟာ၊ လျှောက်ပြောနေတာပါ။ တခြားငါးတွေ ဖမ်းတော့ကော အဖော်မကွဲဘူးလား"

"နင်စကားတတ်တိုင်း လျှောက်မပြောနဲ့။ ငါက နင်နဲ့ကွဲရမှာစိုးလို့ပြောတာပါ"

"ခက်တာပဲ နှင်းနုရာ။ ငါက ငါးရှေးလိုက်တဲ့ ဦးကောင်းစံရဲ့ သားလေဟာ။ အဖေ့အလုပ်ကို ငါသားကြီးက မလုပ်ရင် ဘိုမတို၊ မိသေးတို့က လုပ်ရမှာလား။ ငါးရှေးလိုက်တယ်ဆိုတာ လိုက်တတ်ရင် လွယ်လွယ်နဲ့ငွေရတဲ့အလုပ်ဟ။ ငါတို့သားအဖက ဒီအလုပ်မလုပ်လို့ တခြားအလုပ်မှမလုပ်တတ်တာ"

"အေးလေ၊ ငါက နင့်အတွက် စိုးရိမ်လို့ပြောတာ၊ ပြောမရတော့လည်း မတတ်နိုင်ဘူး"

နှင်းနုက ပြောပြောဆိုဆို ရေအိုးကိုရွက်ကာ ထွက်သွားခဲ့တယ်။ ကျွန်ုပ်လည်း သက်ပြင်းချရုံမှတစ်ပါး ဘာမှ မပြောနိုင်တော့ပေ။

နောက်သုံးရက်ခန့် အကြာတွင် ကျွန်ုပ်နှင့်ဖခင်ဦးကောင်းစံတို့နှစ်ဦးမှာ ငါးရှေးလိုက်ရန် မြစ်လက်တက်အတွင်း လှေလှော်လာခဲ့တယ်။ ငါးရှေးလိုက်ရန် အကောင်းဆုံးအချိန်မှာ နံနက်စောစောနဲ့ ညနေခင်းဖြစ်တယ်။ အဖေကတော့ ညနေခင်းအချိန်ကို ပိုပြီးနှစ်သက်တယ်။ ဒါကြောင့် ဒီနေ့ညနေခင်းမှာ ငါးရှေးလိုက်ဖို့ လှေကို မြစ်ကြောင်းအတိုင်း လှော်ခတ်လာခဲ့တယ်။

ဒီအချိန် အိပ်တန်းတက်ဖို့ ပျံဝဲလာတဲ့ ငှက်ဆိုးတစ်ကောင်ဟာ အဖေရဲ့ ဦးခေါင်းပေါ်အရောက်မှာ -

"ဂစ်၊ ဂစ်"

ဆိုပြီး နှစ်ချက်ခန့် အော်မြည်ပြီး အဝေးကို ပျံသန်းသွားခဲ့တယ်။ အဖေက ငှက်ဆိုးကို မျက်မှောင်ကျုတ်ကြည့်လိုက်ပြီး -

"ဖွဟဲ့ ဖွဟဲ့ - မကောင်းတဲ့ကံဆိုး၊ ဘေးဆိုးတွေ မလာရောက်ပါစေနဲ့"

လို့ ပြောလိုက်တယ်။

ကျွန်ုပ်ကတော့ နဂိုကတည်းက အယူမသီးတဲ့သူမို့ ဘာမှခံစားချက်မရှိဘဲ လှေကိုလှော်နေလိုက်တယ်။တဖြည်းဖြည်း ကမ်းစပ်နဲ့ တော်တော်လေး ဝေးလာပါပြီ။ ရေပြင်ကျယ်ကြီးနားအရောက်မှာ အဖေက လှေကိုလှော်တာရပ်ပြီး ငါးမျှားတံကို ရေထဲကို ချလိုက်တယ်။နာရီဝက်လောက်အကြာမှာတော့ ငါးရှေးနှစ်ကောင် ရေထဲမှာ ကူးခပ်နေတာကို တွေ့လိုက်ရတယ်။

"အဖေ၊ ငါးရှေးလာပြီ"

"ငြိမ်ငြိမ်နေ၊ စကားမပြောနဲ့"

ငါးရှဉ့်ဆီမှ သွေးညှီနံ့ရလို့ထင်ပါရဲ့။ ငါးရှေးနှစ်ကောင်ပြန်ပေါ်မလာတော့ဘူး ခဏအကြာမှာတော့ ငါးရှေးဟာ ငါးမျှားချိတ်ကို ဟပ်လိုက်ပါပြီ။ ကျွန်ုပ်ဟာ နိုင်လွန်ကြိုးကို အလိုက်သင့်အလျှော့၊ အတင်းလုပ်ပေးပြီး အခြေအနေကို စောင့်ကြည့်နေခဲ့တယ်။

"အင်း-နောက်နာရီဝက်လောက်ဆိုရင် ငါးရှေးမောလောက်ပြီ"

ကျွန်ုပ်ဟာ ကိုယ့်အတွေးနဲ့ကိုယ် ပျော်နေမိတယ်။ ငါးရှေးအကောင်ကြီးကြီးရပါစေ။ ဒါမှပိုက်ဆံတွေအများကြီးရမှာ။ဒီလိုစိတ်ကူးယဉ်နေတုန်း ကံကြမ္မာဆိုးဟာ မမျှော်လင့်ဘဲ ထောင့်တစ်နေရာကနေ အမှတ်မထင်ဝင်ရောက်လာခဲ့တယ်။ အဲဒါကတော့ ကျွန်ုပ်ဟာ နိုင်လွန်ကြိုးကို အလျှော့၊ အတင်းလုပ်နေတုန်း အဖေရဲ့အနောက်မှာ ကြီးမားတဲ့အမြီးကြီးပေါ်လာပြီး တစ်စက္ကန့်အတွင်းမှာ -

"ဗုန်း"

"ဝုန်း"

ဆိုတဲ့ အသံကြီးနဲ့အတူ ငါးရှေးကြီးတစ်ကောင်ရဲ့အမြီးဟာ အဖေ့ကို ရိုက်ချလိုက်လို့ အဖေဟာ ရေထဲကို ဝုန်းခနဲ ပြုတ်ကျသွားခဲ့တယ်။ ကျွန်ုပ်မှာလည်း နိုင်လွန်ကြိုးကြီးကို ကိုင်ထားတဲ့အတွက် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့တယ်။

တစ်ခဏအကြာမှာ-

'ငါ့အဖေရေထဲကျသွားပြီ၊ အဖေ့ကို လိုက်ဆယ်မှပဲ'

ဟူ၍ အတွေးပေါ်လာပြီး လက်ထဲမှာကိုင်ထားတဲ့ နိုင်လွန်ကြိုးကို လွှတ်ချလိုက်တယ်။ လှေလှော်တဲ့တက်တစ်ချောင်းကိုကိုင်ပြီး ရေထဲကိုထိုးဆင်းလိုက်တယ်။

"ဗလုံး. . ."

"ဗလုံး. . ."

"ဝုန်း"

"ဝုန်း"

ဆိုတဲ့ အသံတွေနဲ့အတူ ငါးရှေးတစ်ကောင်နဲ့အဖေဟာ ရေထဲမှာ တိုက်ခိုက်နေကြတယ်။ ကျွန်ုပ်လည်း ကိုင်လာတဲ့တက်နဲ့ ငါးရှေးကိုရိုက်ပြီး အဖေ့ကို ကယ်တင်လာခဲ့တယ်။

အဖေရဲ့မျက်နှာ၊ လက်တွေ၊ ဗိုက်တွေမှာ ဒဏ်ရာတွေအပြည့်နဲ့ သွေးချင်းချင်းနီနေတယ်။ အဖေ့ကို လှုပ်ပြီးခေါ်လိုက်တော့ -

"ငါ့သား အဖေမနေရတော့ဘူး။ လှေကို အိမ်ရောက်အောင် မြန်မြန်လှော်"

"ဟုတ်ကဲ့ အဖေ"

ကျွန်ုပ်ဟာ အဖေရဲ့အမိန့်အတိုင်း လှေကို မြန်မြန်လှော်လိုက်တယ်။ ကမ်းစပ်ကိုရောက်တဲ့အခါတော့ အဖေဟာ အသက်မရှိတော့ဘူး။ ကုန်းပေါ်မှာ မြွေပွေး၊ ရေထဲမှာ ငါးရှေးတဲ့။ ငါးရှေးကြီးရင် ကြောက်ဖို့ကောင်းတယ်။ သူတို့ဟာ လူတွေကိုတောင် တိုက်ခိုက်တတ်တယ်။ ရေမှုဆိုးအဖေဟာ ရေထဲမှာပဲ အသက်ပျောက်ခဲ့ရပြီ။ ကျွန်ုပ်ဟာ အဖေ့ကိုထမ်းပြီး ရွာလမ်းအတိုင်း ပြန်လာခဲ့တယ်။

"အမေ၊ အမေ မြန်မြန်လာပါဦး"

"ဟဲ့-ငသိုက်ဘာဖြစ်လာတာလဲ၊ မထိတ်သာမလန့်သာနဲ့"

"အဖေ့ကိုလာကြည့်ပါဦး"

ကျွန်ုပ်က ငိုသံပါကြီးနဲ့ပြောလိုက်ပြီး အဖေ့ရဲ့အလောင်းကို ကွပ်ပျစ်ပေါ်မှာချလိုက်တယ်၊ အိမ်ခန်းထဲက အပြေးထွက်လာတဲ့ အမေဟာ သွေးအလိမ်းလိမ်းနဲ့ အဖေ့ကို မြင်တော့ -



www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်လေး ကိုကောင်းစံရဲ့၊ ဘယ်လိုဖြစ်တာတုံး"

"အဖေတော့ ငါးရွှေကိုက်လို့ ဆုံးပြီ"

လို့ တုံးတိတိဖြေလိုက်တယ်။

ကျွန်ုပ်ရဲ့စကားသံအဆုံးမှာ-

"အောင်မယ်လေး ကိုကောင်းစံရဲ့"

လို့ တစ်ခွန်းအော်ပြီး အမေဟာ သတိလစ်လဲကျသွားခဲ့တယ်။

အဲဒီအချိန်ကစပြီး ကျွန်ုပ်တို့ မိသားစုမှာ ရွှေတောင်ကြီးပြိုခဲ့ရပြီပေါ့။ တစ်ညလုံး အမေ့ကိုပြုစုရင်း မိုးလင်းခဲ့တယ်။ မနက်ရောက်တော့ အိမ်နီးနားချင်းတွေနဲ့ အမေ့ကိုအပ်ပြီး လှေသယ်ဖို့ မြစ်ဆိပ်ကိုလာခဲ့တယ်။ လှေနဲ့မနီးမဝေးမှာ ငါးမျှားတံတန်းလန်နဲ့ ငါးရွှေကြီးတစ်ကောင် သေနေတယ်။ အဲဒီအကောင်ရဲ့ အနီးမှ ဒဏ်ရာတွေနဲ့ ငါးရွှေတစ်ကောင် သေနေတာ တွေ့ရတယ်။ ကျွန်ုပ်လည်း ဒီငါးရွှေနှစ်ကောင်ကိုမြင်မှ မနေ့ညနေက ဇာတ်လမ်းကို ပုံဖော်ခဲ့မိပါတယ်။

ငါးမျှားချိတ်နဲ့မိတဲ့ ငါးရွှေဟာ အသိုက်ထဲမှ နှစ်ကောင် ဖို၊ မ အတူတူတွဲနေပုံရတယ်။ ငါးရွှေတစ်ကောင်ဟာ အစာရှာရင်း ရေပေါ်ကို ပေါ်အလာမှာ အဖေ့ရဲ့ ငါးမျှားချိတ်ကြောင့် မရှုမလှ ဖြစ်နေတာကို သူ့အဖော်ငါးရွှေကသိပုံ ရတယ်။ဒါကြောင့် ကျန်ငါးရွှေက အဖေ့ကို အမြီးနဲ့ရိုက်ပြီး ရေထဲရိုက်ချကာ ကိုက်ခိုက်ခဲ့တာ ဖြစ်တယ်။ အဖေ့ရဲ့ တိုက်ကွက်ကလည်း ပြင်းထန်တော့ အဲဒီ ငါးရွှေလည်း အဖေ့လက်ချက်နဲ့ မနက်မှာ သေတာ ဖြစ်မယ်။

ဒီလိုဖြစ်သွားတော့ နှင်းနုနဲ့ ရွာသားအချို့က ဝင့်လိုက်တာလို့ ပြောကြတယ်။ ကျွန်ုပ်တို့မိသားစုမှာတော့ အဖေဆိုတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခု ဆုံးရှုံးသွားတဲ့အတွက် လွန်စွာ ကြေကွဲဝမ်းနည်းခဲ့ရတယ်။ ဒါကြောင့် ဘယ်သူတွေ ဘာပဲပြောပြော အဖေ့ကို သတ်သွားတဲ့ ငါးရွှေတွေကို မုန်းတယ်။ ငါးရွှေတွေကို မျိုးတုံးအောင်သတ်မယ်ဆို တဲ့ အတွေးပေါ်လာခဲ့တယ်။

အဖေရက်လည်တဲ့နေ့နောက်ပိုင်း မှာ ကျွန်ုပ်ဟာ ငါးရွှေလိုက်ဖို့ ပြင်ဆင် ခဲ့တယ်။

အမေက ငိုကြီးချက်မနဲ့ -

"ဟဲ့ကောင်လေး ငသိုက်၊ နင့် အဖေ ကျွမ်းကျင်တဲ့ နင့်အဖေတောင် ငါးရွှေကိုက်လို့ သေရတာ။ နင်ကထပ် မ သေချင်လို့ ငါးရွှေလိုက်မှာလား မလိုက်ရဘူး"

"အမေမတားပါနဲ့။ အရင်တုန်းက ငါးရွှေလိုက်တယ်ဆိုတာ ဝမ်းစာအတွက် လိုက်တာ။ အခု ငါးရွှေလိုက်မှာက အဖေ့အတွက်သွေးကြွေးဆပ်ဖို့"

ကျွန်ုပ်လည်း ဤသို့ သွေးရူးသွေးတန်းနဲ့အော်ပြောပြီး လှေဆိပ်ကို အပြေးထွက်လာခဲ့တယ်။ အမေကတော့ ပြောမရတဲ့သားကိုကြည့်ပြီး -

"ကျွန်မတော့ သားကိုမနိုင်တော့ဘူး။ သဘာဝတရားကြီးက တားဆီးပေးပါ"

ဆိုပြီး ငူငူကြီးထိုင်နေခဲ့ပါတယ်။

"ငါးရွှေတွေ၊ ငါလာပြီဟေ့။ နင်တို့ကို တစ်နေ့တစ်ကောင်သတ်မယ်"

ကျွန်ုပ်က အဲဒီလိုကြုံးဝါးပြီး လှေကို လှော်လာခဲ့တယ်။ သိပ်မကြာခင်မှာ နှင်းနုကလည်း လှေတစ်စင်းကို လှော်ခတ်ပြီး ကျွန်ုပ်ရဲ့နောက်ကို လိုက်လာခဲ့တယ်။

"ကိုသိုက်ရေ၊ ရှင်ငါးရွှေမလိုက်တော့ဘူးလို့ဆုံးဖြတ်ရင် ရှင့်ကို ကျွန်မ ချက်ချင်းလက်ထပ်မယ်"

လို့ လှမ်းအော်ပြောခဲ့တယ်။

ဒေါသအဟုန်လွှမ်းခြုံနေတဲ့ ကျွန်ုပ်ဟာ အခုအချိန်မှာ ငါးရွှေမှတစ်ပါး အခြားဘာကိုမှစိတ်မဝင်စားခဲ့ဘူး။ ငါးရွှေပေါ်လာနိုးနဲ့ မြစ်ပြင်မှာ လှေလှော်ရင်း အချိန်ကောင်းကိုစောင့်နေမိတယ်။

ဒီညနေကစပြီး ညအထိစောင့်ခဲ့ပေမယ့် ငါးရွှေတစ်ကောင်မှမမိခဲ့ဘူး။ ဒါကြောင့် အဖေက ငါးရွှေတစ်ကောင်ရပြီးရင် တစ်ရက်၊ နှစ်ရက်လောက်နားခဲ့တာ။ ငါးရွှေဟာ နေ့တိုင်း လာတာ၊ မလာတာ ကျွန်ုပ်ရဲ့အလုပ်မဟုတ်ပါဘူး။ ညနေတိုင်း ငါးရွှေလိုက်ဖို့က ကျွန်ုပ်ရဲ့ အလုပ်ပဲ။ ငါးရွှေနဲ့ ကျွန်ုပ်ကတော့ တွေ့တဲ့နေရာမှာ သွေးကြွေးဆပ်ဖို့အသင့်ပါပဲ။ ဒီလိုနဲ့ သုံးရက်တိတိ ဘာငါးရွှေမှ မရခဲ့ပါ။

ဒီနေ့ လေးရက်မြောက်တဲ့နေ့ပါ။ ငါးရွှေဖမ်းဖို့ ငါးမျှားချိတ်ရယ်၊ အစာရယ်၊ ပိုက်ရယ် အမြဲတမ်း အဆင်သင့်လုပ်ထားတယ်။ ငါးရွှေဟာ မိလို့လှေပေါ် တင်ထားပေမယ့် ခုန်ပြီး ရေထဲကူးသွားနိုင်တာကြောင့် ပိုက်နဲ့အုပ်ထားရတယ်။

ဒီညနေခင်းမှာတော့ -

ငါးရွှေတစ်ကောင်တော့မိမှာပဲလို့ စိတ်ထဲက ထင်နေတယ်။ ဒါပေမယ့် ညကိုးနာရီလောက်အထိ ငါးရွှေမဟာပ် သေးဘူး။ ဒီညကလည်း လပြည့်ညမို့ မြစ်ပြင်တစ်ခုလုံးလင်းနေတယ်။ အထူးသဖြင့် လသာတဲ့ညအခါမှာ ငါးရွှေတွေ ထွက်လာတတ်တယ်။ ရေလယ်မှာ လှေကိုငြိမ်အောင်ကြိုးစားပြီး ငါးမျှားတံကို ရေထဲချထားတာ သုံးနာရီကျော်လောက်ရှိပြီ။

ဟော - ငါးမျှားတံလှုပ်ယမ်းသွားပြီ။

ကျွန်ုပ်ဟာ ဒီအလုပ်ကိုကျွမ်းကျင်ပြီးသားဖြစ်လို့ ငါးရွှေတစ်ကောင်တော့ ငါးစာကိုလာဟပ်ပြီဆိုတာသိလိုက်တယ်။ ဒါနဲ့ ကျွန်တော်လည်း နိုင်လွန်ကြိုးကို လျှော့ပေးလိုက်တယ်။ ကြိုးခွေဟာ တဖြည်းဖြည်း လျှော့လျှော့သွားပြီး နောက်ဆုံးကုန်ခါနီးဖြစ်လာတယ်။

"ဒီလောက် ကြိုးခွေအရှည်ကြီးဟာ တစ်ခါမှ ဒီလိုကုန်ခါနီးမဖြစ်ဖူးဘူး။ ငါးရွှေလိုက်တာများလှပြီ၊ ဒီကောင်တွေ ရေအောက်ငုပ်လိုက်၊ ပြန်ပေါ်လာလိုက်နဲ့ အနည်းဆုံး ကြိုးတစ်ဝက်လောက်တော့ ကျန်တာပဲ။ အခု ဘယ်လိုဖြစ်တာပါလိမ့်"

အဲဒီလိုတွေးနေတုန်း ကြိုးခွေကုန်ခါနီးဖြစ်လို့ ကျွန်ုပ်လည်း ကြိုးခွေအဆုံးကို လှမ်းကိုင်လိုက်တယ်။

အဲဒီအချိန်မှာ -

ဝုန်းဆိုတဲ့အသံနဲ့အတူ တစ်စုံတစ်ယောက်က ကြိုးကိုဆောင့်ဆွဲသလိုဖြစ်ပြီး ကျွန်ုပ်ဟာ ရေထဲကို ကျွမ်းပြန်ကျသွားခဲ့တယ်။ အဲဒါဟာ တစ်ခုခုတော့ ထူးခြားနေပြီ ဆိုတာ ကျွန်ုပ် သိလိုက်တယ်။ ကျွန်ုပ်ဟာ ကြိုးကို တင်းတင်းဆုပ်ကိုင်ပြီး ရေမျက်နှာပြင်ပေါ်ရောက်အောင် ကူးခပ်လိုက်ပါတယ်။ ရေမျက်နှာပြင်ပေါ်ရောက်တဲ့အခါမှာ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ဟာ ရေလွှာလျှောစီးသလို အင်အားတစ်ခုရဲ့ ဆွဲခေါ်ရာပါသွားတာကြောင့် ရေပြင်ပေါ်မှာ ဝမ်းလျားထိုးပါသွားခဲ့ပါတယ်။ ကျွန်ုပ်ရဲ့စိတ်ထဲမှာ ငါးစာမှာမိတဲ့ ငါးရွှေဟာ ကြောက်အားလန့်အားနဲ့ အရှိန်နဲ့ပြေးနေတာဖြစ်မယ်လို့ထင်ပြီး ကြိုးကိုလည်း မလွှတ်ရဲဘူး။ လွှတ်လိုက်ရင် ငါးရွှေပျောက်သွားမှာစိုးလို့။

ကျွန်ုပ်ဟာ ဒီလိုနဲ့ မြစ်ပြင်ထဲမှာ တရိပ်ရိပ်ပါသွားရင်း မကြာခင်မှာ အရာဝတ္ထုတစ်ခုက အရှိန်နဲ့ ဆောင့်ဆွဲလိုက်သလိုခံစားရပြီး ဝင်ပေါက်တစ်ခုကို ဖြတ်သန်းကာ အရှိန်နဲ့ မြေကြီးပေါ်ကို ဗုန်းခနဲမြည်ပြီး လဲကျသွားခဲ့ပါတယ်။

"ဟင်- ငါဘယ်ရောက်နေပါလိမ့်။ ဒီနေရာမှာ ငါးဖမ်းလာခဲ့တာကြာပြီ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com

နေရာမျိုးထဲကို တစ်ခါမှ မရောက်ဖူးပါဘူး။ ငါမိတဲ့ငါးရွှေးလည်း ဘယ်ရောက်သွားပါလိမ့်"

ကျွန်ုပ်မှာ လဲကျရာမှထပြီး ကြည့်လိုက်ရာ ကြီးမားလှသော ကျောက်ဂူကြီးအတွင်းသို့ ရောက်ရှိနေသည့်အတွက် တကယ်လေလား၊ အိပ်မက်လေလားလို့ပင် ထင်မိပါတယ်။ ကျောက်ဂူကြီးမှန်း သိပုံမှာလည်း ထိုဂူကြီးထဲတွင် ဆီမီးခွက်များ ထွန်းညှိထားတဲ့အတွက် ဂူကြီးတစ်ခုလုံး လင်းထိန်နေသဖြင့် သိခြင်း ဖြစ်ပါတယ်။ ဂူကြီးရဲ့အလယ်ရှိ ကျောက်ကလာပ်ပေါ်မှာ ရွှေဆင်းတုတော်တစ်ခုကို တွေ့ရှိရပြီး မကိုင်မှန့်စလွယ်မှာ နီလာ၊ စိန်ကျောက်၊ ပတ္တမြားကို ရွှေဖြင့်ပြုလုပ်ထားပါတယ်။ ဆင်းတုတော်မှာ တစ်တောင်ကျော်ခန့်ရှိပြီး ထူးဆန်းလွန်းလို့ အနီးကပ်ကြည့်နေတုန်း ကျောက်ဂူအတွင်းမှာ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားတဲ့အဘိုးအိုတစ်ဦး ထွက်လာတဲ့အတွက် ကျွန်ုပ်မှာ လွန်စွာ လန့်ဖျပ်သွားခဲ့ပါတယ်။

"လူကလေးမကြောက်ပါနဲ့။ အဘဟာ ရန်သူမဟုတ်ပါဘူး"

"ကျွန်တော်ဘယ်နေရာကိုရောက်နေတာလဲ အဘ"

"မင်းဟာ အင်ကြင်းကျောက်လိုဏ်ဂူထဲ ရောက်နေတာကွယ့်။ ဒါလည်း အကြောင်းရှိလို့ မင်းကို အဘကခေါ်လိုက်လို့ မင်းရောက်လာတာပဲ"

"ဘာအကြောင်းရှိလို့ခေါ်တာလဲ အဘ"

"မင်းဟာ မင်းအဖေကို ငါးရွှေးသတ်လို့ သေတယ်ဆိုပြီး ငါးရွှေးတွေကို မျိုးတုံးအောင်သတ်မယ်လို့ ကြိမ်းဝါးထားတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"အခုအချိန်ဟာ အကုသိုလ်လုပ်ရမယ့်အချိန်မဟုတ်တော့ဘူး။ မင်းဟာ ငါးရွှေးတွေကို ထပ်သတ်နေမယ်ဆိုရင် မင်းလည်း ငါးရွှေးကိုက်ခံရပြီး အသက်ဆုံးရှုံးလိမ့်မယ်"

"မဖြစ်နိုင်ဘူး အဘ"

"အေး - ဒါဆိုရင် ဒီဂူကြီးရဲ့အပြင်ကို ကြည့်လိုက်ပါ။ ဂူကြီးပတ်ပတ်လည်မှာ ငါးရွှေးတွေ အများကြီးကူးနေတာ မင်းမြင်ရလိမ့်မယ်။ အဲဒီအကောင်တွေဟာ မင်းဖမ်းတဲ့ ငါးရွှေးထက် ကြီးတဲ့အကောင်တွေချည်းပဲ။ မင်းလောက်ကို အသာလေးမျိုပစ်နိုင်တယ်"

ကျွန်ုပ်လည်း အဘ၏ စကားကို မယုံကြည်သဖြင့် ဂူကြီးအပြင်သို့ လှမ်းကြည့်လိုက်ရာ ဂူကြီးရဲ့ဝင်ပေါက်မှတစ်ပါး ဂူကြီးပတ်ပတ်လည်မှာ ငါးရွှေးအကောင်ကြီးများမှာ ရေစပ်မှာရော မလှမ်းမကမ်းမှာပါ ကူးခပ်နေတာကို တွေ့လိုက်ရပါတယ်။

"မင်းလည်း အချိန်ကျလို့ ဒီကို ရောက်လာတာပဲ။ ဒီဘုရားဟာ မင်းတစ်ခါက တစ်ဘဝမှာ ဘုရင်ဖြစ်တုန်းက ရွှေအစစ်နဲ့ သွန်းလုပ်ခဲ့တဲ့ဘုရားပဲ။ မင်းလူပြန်ဖြစ်ရင် ဒီဘုရားကို ဌာပနာပြီး စေတီတစ်ဆူ တည်ပါရစေလို့ ဆုတောင်းခဲ့တာ။ ဒီဘုရားကို အဘ စောင့်ရှောက်ခဲ့တာ ကြာပြီ။ အခု မင်းဆုတောင်းတဲ့အတိုင်း ဒီဘုရားကိုယူဖို့ အချိန်ကျပြီကွယ့်။ ဒီဘုရားကို ရွာဦးကျောင်းကိုယူသွားပါ။ ပြီးရင် ဒီဘုရားကို ဌာပနာပြီး စေတီတစ်ဆူတည်ပါ။ စေတီတည်ဖို့ ဒီမှာ ရွှေဒင်္ဂါးတစ်အိတ်ပါ ယူသွားပါ"

ကျွန်ုပ်မှာ ဆွံ့အနေသူတစ်ဦးပမာ ဘာစကားမှမပြောနိုင်ဘဲ အဘိုးအို စေခိုင်းတဲ့အတိုင်း ဘုရားနဲ့ ရွှေဒင်္ဂါးအိတ်ကို ယူဆောင်လာခဲ့တယ်။ အဘိုးအိုဟာ ကျွန်ုပ်ကို ဂူပေါက်ဝအထိ လိုက်ပို့ပြီး အဲဒီနေရာနဲ့ မလှမ်းမကမ်းမှာရှိတဲ့ လှေပေါ်ကို တင်ပေးလိုက်တယ်။ ကျွန်ုပ်လည်း လှေကို အရှေ့စူးစူးအရပ်ဆီလှော်ခတ်လာရာ ငါးရွှေးအုပ်ကြီးဟာ ဘာအန္တရာယ်မပြုဘဲ ကျွန်ုပ်ရဲ့ လှေနောက်မှ လိုက်လာခဲ့တယ်။ မကြာမီမှာ အချိုးအကွေ့ကလေးတစ်ခုရောက်ပြီး ကျွန်ုပ် ငါးများနေကျ မြစ်လက်တက်ဆီကို ပြန်ရောက်လာခဲ့တယ်။ အဲဒီအချိန်မှာ ငါးရွှေးအုပ်ကြီး ပျောက်ကွယ်သွားခဲ့တယ်။

"သြော် - ငါးရွှေးအုပ်က ငါ့ကို မြစ်လက်တက်အထိ လိုက်ပို့ပေးတာပဲ"

လို့ တွေးရင်း ကမ်းစပ်ရောက်အောင် လှော်ခတ်လာခဲ့တယ်။ ဒီနောက် ရွှေဘုရားနဲ့ ရွှေဒင်္ဂါးအိတ်ကိုယူဆောင်ပြီး အိမ်ကိုပြန်လာခဲ့တယ်။ ကျွန်ုပ်ဟာ အမေ့ကို ဖြစ်ကြောင်းကုန်စင်ပြောပြရာ-

"သားရယ်၊ အမေဖြင့် ဘယ်လိုမှ မယုံနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် ငါးရွှေးမလိုက်တော့ဘူးဆိုတော့ အမေစိတ်ချမ်းသာပါတယ်"

"အမေရယ်၊ အမေတင်မကပါဘူး။ သားကိုယ်သားလည်း မယုံနိုင်ပါဘူး"

"အမေရယ်၊ ဒီအကြောင်းကို နှင်းနုသိရင် ဘယ်လောက်ဝမ်းသာမယ် မသိဘူး"

"မနက်ဖြန်မနက်ကျရင် နှင်းနုကို သားသွားပြောလိုက်ဦး"

"ဟုတ်ကဲ့ပါ အမေ"

အဲဒီညတစ်ညလုံး ကျွန်ုပ်အိပ်မပျော်ပါ။ မိုးလင်းချိန်မှာ နှင်းနုဆီ... သွားခဲ့တယ်။ ကျွန်ုပ်ရဲ့ဖြစ်ကြောင်းကု... စင်ကို ပြောပြလိုက်တော့ -

"ဟယ်- အံ့ဩလိုက်တာ ကိုသိုက်... ရယ်။ နှင်းနုကတော့ ရွှေဒင်္ဂါးတွေရတာ... ထက် ကိုသိုက် ငါးရွှေးမလိုက်တော့ဘူး... ဆိုတဲ့စကားကို ကြားရတာ ပိုပြီး ဝမ်း... သာတယ်"

"ဘာဖြစ်လို့လဲ နှင်းနုရယ်"

"ငါးရွှေးတွေက စုံတွဲနေတာ... တော့ ကိုသိုက် ဝင်လိုက်ရင် နှင်းနုနဲ့... မှာစိုးလို့ပေါ့"

"ဝင်လိုက်စရာမလိုတော့ပါဘူး... ကိုသိုက်က ဒီရွှေဒင်္ဂါးတွေကို ထုခွဲ... ဘုရားတည်မယ်။ ဒါနဲ့ ငါးရွှေးမလိုက်... နှင်းနုက လက်ထပ်မယ်ဆိုတော့ နှင်း... က ကိုသိုက်ကို ဘယ်တော့လက်ထပ်... လဲ"

"ကိုသိုက်က လူကြီးစုံရာနဲ့ လာ... တောင်းတဲ့အချိန်ကျရင် လက်ထပ်မယ်"

"ဒါဆိုရင် စေတီတည်ပြီးတာနဲ့ လူ... ကြီးစုံရာနဲ့ လာတောင်းမယ်"

"ကောင်းပါပြီရှင်၊ နှင်းနုစောင့်... ပါ့မယ်"

ကျွန်ုပ်ဟာ ရွာဦးကျောင်းဆ... တော် ဦးနန္ဒာဘာသထံ သွားရော... ပြီး အကျိုးအကြောင်း ပြောပြခဲ့ပါတယ်။

ဆရာတော်က ဦးဆောင်... ကြားပြီး ရွှေစေတီတော်တစ်ဆူကို တ... ခဲ့ပါတယ်။

တစ်နှစ်ခန့်အကြာမှာတော့ -

ရွှေစေတီကိုလည်း တည်ခဲ့ပြီး... ပိုလျှံတဲ့ငွေနဲ့ ရွာအနီးတစ်ဝိုက်က လ... ယာမြေတွေကိုဝယ်ခဲ့တယ်။ ကျွန်ုပ်တို... တိုင် လယ်ယာမြေမှာ စိုက်ပျိုးထွန်ယ... ခဲ့တယ်။ ကိုယ်မလုပ်နိုင်တဲ့လယ်မြေ... ကို သီးစားချရင်း လယ်ပိုင်ရှင်အ... အသက်မွေးဝမ်းကျောင်းခဲ့တယ်။ အ... ကိုလည်း အိမ်ကြီးအိမ်ကောင်းနဲ့ထား... ကောင်းစွာ စောင့်ရှောက်နိုင်သလို ... နှစ်ယောက်ကိုလည်း ပညာသင်ပေး... တယ်။ နောက်တစ်နှစ်မှာတော့ ချ... စွာသော နှင်းနုနဲ့ လက်ထပ်ခပါတ... သာယာပျော်ရွှင်တဲ့ဘဝလမ်းကိုလျှော... လှမ်းရင်း စဋ္ဌလိုက်မှာ မကြောက်... ဘူးပေါ့။

ငါးရွှေးလိုက်ရင်း အသက်... သွားတဲ့အဖေ့အတွက် ကျွန်ုပ်တို့မိ... စုက ကုသိုလ်ပြု အမျှဝေရင်း က... လမ်းပေါ်မှာ လျှောက်လှမ်းနေပါ... တယ်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းမြင့်

# အဘကိုးမြို့ရှင်နတ်မောင်နှမနှင့် ကိုယ်တွေ့

အဘကိုးမြို့ရှင်နှင့် နှမတော် အမေပုလဲယဉ်နတ်မောင်နှမကို သိကြသူ၊ ကြားဖူးကြသူ အတော်များပါသည်။ မြို့တော်ရှင် နယ်တော်ရှင်အဖြစ် မြို့ရွာ နယ်ပယ်အတော်များများတွင် နတ်နန်းများဖြင့် ပူဇော်ကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် ကိုးမြို့ရှင်နတ်နန်းများရှိပြီး ရှမ်းပြည်နယ်တွင် ပို၍များပြားစွာရှိပါသည်။

အဘကိုးမြို့ရှင်နတ်မောင်နှမ၏ ရုပ်တုတော်တို့ကို ရှမ်းဝတ်စုံများဖြင့်တွေ့မြင်ရလေ့ရှိသော်လည်း သမိုင်းကြောင်းအရမှာ ဗမာ (မြန်မာ) ဘုရင်မျိုးနွယ် မောင်နှမများ ဖြစ်ကြောင်း ထူးခြားစွာ တွေ့ရပါသည်။ ကိုးမြို့ရှင်နတ်မောင်နှမ၏ သမိုင်းကြောင်းသည် ရှမ်း-ဗမာချစ်ကြည်ရင်းနှီးမှုကိုလည်း ဖော်ဆောင်ပါသည်။ ရေဝေးမြေခြားတိုင်းရင်းသားတို့ အရေးကြုံလာသည့်အခါ တစ်ဦးကိုတစ်ဦး လက်တွဲ၍စောင့်ရှောက်လေ့ရှိကြသည့် ဓလေ့ကိုလည်း တွေ့မြင်သုံးသပ်ရသည် ဖြစ်ပေသည်။ ရှမ်းလည်း ဗမာ၊ ဗမာလည်း ရှမ်း ဟူသော စကားတစ်ခွန်းရှိပါသည်။ ရှမ်းတို့ကလည်း 'တိုင်းတောမန်၊ မန်ကောတိုင်း' ဟု ဆိုရိုးရှိခဲ့ပါသည်။

ဟန်လင်း ပျူခေတ်မတိုင်မီကပင် ရှိခဲ့သော ပန်းတောင်းပြည့်ရှင် ဘုရင် မင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီတို့၏ သားတော်နှင့် သမီးတော်တို့ဖြစ်ကြောင်း နတ်သမိုင်းများတွင် လေ့လာသိရှိရပါသည်။ သားတော် အိမ်ရှေ့စံမင်းသား ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးစားအပိုင်ပေးသဖြင့် 'ကိုးမြို့ရှင်' ဟု ခေါ်တွင်ခဲ့ကြောင်း သိရှိရပါသည်။

နတ်သမိုင်းကြောင်း အသေးစိတ်ကို စာရေးသူ မဖော်ပြတော့ပါ။ နတ်သမိုင်းစာအုပ်များ၌ အသေးစိတ် ဖတ်ရှုနိုင်ပါသည်။ ရှမ်းပြည်နယ်မှ စော်ဘွားများက စစ်ရေးစစ်ရာအကူအညီများတောင်းခံလျှင် ကိုးမြို့ရှင် ဦးဆောင်သော အာစစ်သည်တော်တို့က သွားရောက်ကူညီပေးရသည်။ ရှမ်းစော်ဘွား၏သား လှမမည်များဖြစ်သော ခွန်ချို၊ ခွန်သာတို့ကို ကိုးမြို့ရှင်က မွေးဖွားခဲ့ကြောင်းလည်း သမိုင်းများတွင် လေ့လာသိရှိရပါသည်။

## အဘကိုးမြို့ရှင်ကို လေးစား ယုံကြည်မိသူ ကျွန်တော်

အလုပ်တာဝန်ဖြင့် ကျွန်တော် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သို့ ရောက်ရှိခဲ့ရပါသည်။ ကျွန်တော်ရောက်ရှိခါစတွင် သီတင်းဝါလကျွတ်ချိန်ဖြစ်ရာ မြို့လုံးကျွတ် ပဒေသာပင်လောင်းလှူပွဲကြီးကျင်းပချိန်နှင့် ကြုံပါသည်။ သီပေါမြို့တွင် သီတင်းကျွတ်လ၌ ပဒေသာပင် လှည့်လည်ပူဇော်ပွဲကို နှစ်စဉ် စည်ကားခမ်းနားစွာ လှည့်လည်ကျင်းပလေ့ရှိပါသည်။ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကမိသားစုများ၏ ပဒေသာပင်များမှာ အသေး၊ အကြီး တစ်ရာကျော်၊ နှစ်ရာမျှ ရှိပါသည်။ ထို့အပြင် ရပ်ရွာလူငယ်လေးများ၏ ရှမ်းရိုးရာယဉ်ကျေးမှုအက၊ ဗမာအက၊ ရှမ်းဓားသိုင်းအက၊ ဦးရွှေရိုးအက၊ ဟာသဖျော်ဖြေမှုများ၊ တိုးနရား၊ ရှမ်းအိုးစည်၊ ဗမာဒိုးပတ်တို့ဖြင့် ပဒေသာပင်များအကြား ကြားညှပ်ပါဝင်လှည့်လည် ဖျော်ဖြေမှုများကြောင့် ပဒေသာပင်လှည့်လည်ပွဲကြီးမှာ နေ့တစ်ပိုင်းမျှ အချိန်ကြာညောင်းသည့်အပြင် မြို့လုံးကျွတ် ပျော်ရွှင်ကြည်နူးရသည့်ပွဲတော်ကြီး ဖြစ်ပါသည်။

"ပဒေသာပင်တွေ စုံနေပြီပဲ။ ဘာကြောင့်မလှည့်သေးတာလဲ"

စုရပ်မှ ရပ်ကြည့်နေသော ကျွန်တော်က မြို့ခံမိတ်ဆွေတစ်ဦးကို မေးလိုက်ပါသည်။

"အဘကိုးမြို့ရှင် ပဒေသာပင် မရောက်သေးလို့ စောင့်နေတာပါ"

ဤသည်ကား အဘကိုးမြို့ရှင်၊ နှမတော် ပုလဲယဉ်တို့ကို ကျွန်တော့် အသိအာရုံတွင် စ၍သိရှိမှတ်သားရခြင်းအစပင် ဖြစ်ပါသည်။

သီပေါမြို့၏မြောက်ဘက်အထွက် မြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသော တုံစင့်ကျေးရွာတွင် အဘကိုးမြို့ရှင်နန်းကြီးတည်ရှိကြောင်း သိရှိရပါသည်။ မြို့လုံးကျွတ်ပဒေသာပင်ပွဲတော်တွင် အဘကိုးမြို့ရှင်နတ်မောင်နှမ၏ ပဒေသာပင်လည်းပါဝင်ကြောင်း နတ်မောင်နှမကိုယ်စား နန်းထိန်းကြီး(နတ်ထိန်းကြီး)က ပြုလုပ်ပြီး ပါဝင်လှည့်လည်လေ့ရှိကြောင်း သိရပါသည်။

မကြာမီ လူအများ လှုပ်လှုပ်ရွရွ ဖြစ်သွားသဖြင့် ကြည့်လိုက်ရာ တုံစင့်ရွာဘက်ဆီမှ အဘကိုးမြို့ရှင်နှင့် အမေပုလဲယဉ်တို့၏ ပဒေသာပင်ကို တွေ့ရပါသည်။ တုံစင့်ရွာသူရွာသားများက ယူဆောင်လာကြပါသည်။ နန်းထိန်းကြီး (နတ်ထိန်းကြီး) က ပိတ်ဖြူစင်ကြယ်ရှမ်းဘောင်းဘီအဖြူဖြင့် ကျိုင်းကို ကိုင်ကာ ရှေ့မှကြွရောက်လာပါသည်။

မြို့လုံးကျွတ် ပဒေသာပင်များ စီတန်းနေသည့် ရှေ့ဆုံးတွင် အဘကိုးမြို့ရှင်၏ ပဒေသာပင်က နေရာယူလိုက်ပါသည်။ ထို့နောက် လှည့်လည်ပွဲကို စတင်ကျင်းပပါတော့သည်။

ကျွန်တော်သည် ရင်းနှီးသော မြို့ခံ၊ ဒေသခံမိတ်ဆွေများအား သိလိုသည့်အချက်များ မေးလိုက်မိပါသည်။ အဘကိုးမြို့ရှင်သည် ရှမ်းပြည်နယ် မြို့ရွာလူအများကို ကောင်းစွာ စောင့်ရှောက်ကူညီ မ,စလေ့ရှိကြောင်း၊ တည်ကြည်သော စိတ်ဓာတ်ရှိကြောင်း၊ ရှမ်းစော်ဘွားကြီးများက ရိုသေလေးစား အလေးထားရသောပုဂ္ဂိုလ် ဖြစ်ကြောင်း သိရပေရာ ကျွန်တော့်အနေဖြင့် အဘကိုးမြို့ရှင်နန်းကို သွားရောက်လိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်ခဲ့ပါသည်။

မကြာမီ သီပေါသူနှင့် ကျွန်တော် အိမ်ထောင်ကျပါသည်။ ကျွန်တော်က 'အေး' ဟု ခေါ်ပါသည်။ အေးသည် ရှမ်းမျိုးနွယ်မှဆင်းသက်လာသူ ဖြစ်ပါသည်။

ကျွန်တော်တို့နေထိုင်သည့် အိမ်မှာ ရုံးဌာနပိုင်ဝန်ထမ်းအိမ်ရာဖြစ်သည်။ ဝန်ထမ်းအိမ်ရာဆိုသော်လည်း ဌာနက ဆောက်လုပ်သည့် အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘဲ ယခင် စော်ဘွား၏ ဆွေတော်မျိုးတော်တို့က နိုင်ငံတော်သို့ လှူဒါန်းပေးအပ်သဖြင့် လွှဲပြောင်းရယူရသော အိမ်ရာအဆောက်အအုံ ဖြစ်ပါသည်။

တစ်ညတွင် ကျွန်တော် ထူးဆန်းသောအိပ်မက်တစ်ခု မြင်မက်ပါသည်။

ရှေးဟောင်းဘုရားကြီးတစ်ဆူ၏ ပရိဝုဏ်တစ်ခုအတွင်းသို့ ကျွန်တော် ရောက်သွားပါသည်။ စေတီများရှိပါသည်။ စေတီအားလုံး ထုံးသင်္ကန်းနှင့်ဖြစ်ပါသည်။ လူသူအရောက်နည်းပါး၍ မြက်ရိုင်းများ၊ ဆူးခက်ဆူးနွယ်များဖြင့် သွားလာရခက်ခဲပါသည်။ တစ်နေရာတွင် သစ်ပင်ခြောက်တစ်ပင်ကို တွေ့ရပါသည်။ သစ်ပင်ခြောက်ခြေရင်းတွင် ကျောမှီလျက် အဘွားအိုတစ်ဦး ထိုင်နေပါသည်။ သက်ကြီးဝါကြီးတွေ့လျှင် လက်အုပ်ချီ ကန်တော့လေ့ရှိသူ ကျွန်တော်က အဘွားကို လက်အုပ်ချီသောအခါ အဘွားကပြုံးပြီး -

'ဟိုကိုကန်တော့၊ဟိုကိုကန်တော့'

ဟု ဆိုပါသည်။

အဘွားလက်ညှိုးညွှန်သောနေရာသို့ကြည့်လိုက်သောအခါ နတ်စင်တစ်ခုကို တွေ့ရပါသည်။ နတ်စင်မှာ ဟောင်းနွမ်းဆွေးမြည့်နေပြီး ရှေ့မျက်နှာစာတွင် သစ်သားချောင်းများ ကျဲကျဲရိုက်ထားသဖြင့် အတွင်းမှ ပန်းအိုးဟောင်းများကို လှမ်းမြင်ရသည်။ နတ်စင်ကို ကျွန်တော် လက်အုပ်ချီ ကန်တော့လိုက်ပါသည်။ ထို့နောက် အိပ်ရာမှနိုးလာခဲ့ပါသည်။

အိပ်ရာမှနိုးသောအခါ ဇနီးသည် အေးကို ပြောပြရာ အေးက -

"ဒါဆိုရင် တုံစင့်ဘိုးဘိုးကြီးနန်းကို လိုက်ပြပေးမှပဲ။ အစ်ကို့ကို ဘိုးဘိုးကြီးက လာစေချင်လို့ အိပ်မက်ပေးတာနေမှာ"

ဟု ပြောပါသည်။

မကြာမီ ရုံးအားရက်တွင် ကျွန်တော်နှင့် အေးတို့ ကန်တော့ဖွယ်ပစ္စည်းများနှင့်အတူသွားကြပါသည်။

သီပေါမှနမ္မတူသို့သွားသောလမ်းအတိုင်း မြောက်ဘက်သို့ စက်ဘီးကိုယ်စီဖြင့်လာခဲ့ကြရာ သီပေါမြို့အထွက် တုံစင့်ရွာတွင်ရှိသော နတ်နန်းကြီးသို့ရောက်ခဲ့ကြပါသည်။

သီပေါနယ်သူနယ်သားအများက အဘကိုးမြို့ရှင်ကိုပင် တုံစင့်ရွာမှာရှိ၍ တုံစင့်ဘိုးဘိုးကြီးဟု ခေါ် ဆိုကြပါသည်။ သို့သော် သမိုင်းရာဇဝင်များအရ တုံစင့်ဘိုးဘိုးကြီးကတစ်ဦး၊ အဘကိုးမြို့ရှင်က တစ်ဦးဖြစ်ကြောင်းသိရပါသည်။ နတ်နန်း





ကြီးသည် အလွန်ခမ်းနားလှပပါသည်။ အဘကိုးမြို့ရှင်၏ ဓားနှစ်လက်ကိုင် ရှမ်းဝတ်စုံနှင့် ရုပ်တုတော်၊ အမေပုလဲယဉ်၏ ဓားတစ်လက်ကိုင်ရှမ်းဝတ်စုံနှင့်ရုပ်တုတော်တို့မှာ လူတစ်ရပ်အမြင့်အတိုင်းရှိပြီး ချောမောလှပ ခံ့ညားကြပါသည်။ မောင်တော်တစ်ခန်း၊ နှမတော်တစ်ခန်းဖြစ်ပြီး အလယ်၌ ဘုရားဆောင်ခြားလျက်ရှိသည်။ ရုပ်တုတော်များ၏နောက်၌ ဇာချည်ရုံသလွန်တော်များရှိပြီး ခေါင်းအုံးတော်၊ မှီအုံးတော်များကို ဘုရားခန်းရှိရာဘက်သို့ ဦးတည်ထားရှိပါသည်။

တုံစင့်ဘိုးဘိုးကြီးနှင့် အဘကိုးမြို့ရှင်တစ်ဦးစီဟု ဆိုသော်လည်း တုံစင့်ဘိုးဘိုးကြီး၏ ရုပ်တုတော်နှင့် နတ်ကွန်းစင်တို့ကို မတွေ့ရပါ။ သို့သော် တုံစင့်ဘိုးဘိုးကြီး၏သမိုင်းကြောင်းကို ကျောက်စာကမ္ပည်းတိုင်စိုက်ထားသဖြင့် လေ့လာဖတ်ရှုရာ အဘကိုးမြို့ရှင်သမိုင်းနှင့်မတူကြောင်း သိရှိရပါသည်။

ကမ္ပည်းကျောက်စာအရ ပုဂံပြည်သမုဒ္ဒရာဇ်မင်းက မိမိရန်သူများကို နှိမ်နင်းရာ ခေတ်ပြိုင် အုန်းဘောင်စော်ဘွားကို စစ်ကူတောင်းခဲ့သည်။ အုန်းဘောင် (သီပေါ) စော်ဘွား (၉) ဆက်မြောက် ပေါ်အိုက်ဖြူက ပုဂံနယ်မြေရှိ ရန်သူ အနေအထားကို လေ့လာ အကဲခတ် ညီဖြစ်သူ ပေါ်ပန်းကို ပုဂံသို့စေလွှတ်ခဲ့ သည်။ ထို့နောက် အုန်းဘောင်စော်ဘွား က စစ်သည်ရဲမက်များ စေလွှတ်အကူ အညီပေးရာ အောင်မြင်မှုရရှိသည်။ ပေါ်ပန်းသည် ရှမ်း-ဗမာချစ်ကြည်ရေး သမိုင်းစဉ်တွင် ပထမဆုံးသော သံတမန် ကောင်းဖြစ်ခဲ့သည်။

ထို့နောက် အုန်းဘောင် (၁၀) ဆက်မြောက် စော်ဘွားကြီး ပေါ်ယု... လက်ထက်တွင် ပေါ်ယုန်း ကွယ်လွ... သဖြင့် ဦးလေးတော်စပ်သော ပေါ်ပ... က စော်ဘွားကြီး စဝ်ခမ်းပန် အမည်... သီပေါအုန်းဘောင်စော်ဘွားအဖြစ် ဆ... ဆောင်ရွက်ရာ ထိုစဉ်က သီပေါစော်ဘွား... တို့သည် မိုင်းမောစော်ဘွား၏ လ... အောက်ခံဖြစ်၍ မိုင်းမော၏ သဘော... ခွင့်ပြုချက်မရယူဘဲ မိမိ၏ သဘော... လျောက် စော်ဘွားအဖြစ် ဆောင်ရွ... သည့် ပေါ်ပန်းကို မိုင်းမောက ...



www.burmeseclassic.com

www.burmeseclassic.com

ရောက် တိုက်ခိုက်၍ ပေါ်ပန်း ကျဆုံးခဲ့တော့သည်။ ပေါ်ပန်း၏ မြန်မာလို ဘွဲ့မည်မှာ သူရိန်သတ္တ ဖြစ်ပါသည်။ ကျဆုံးသွားသော ပေါ်ပန်းသည် နတ်ဖြစ်၍ တုံစင့်ရွာကို အပိုင်စားရရှိရာမှ တုံစင့်ဘိုးဘိုးကြီးဟုခေါ်တွင်ခဲ့ကြောင်း ကျောက်စာတွင် ဖော်ပြထားပါသည်။ အချိန်ကာလအားဖြင့် သာသနာတော်နှစ် (၈၀၀) ပြည့်ခန့်က ဖြစ်ပါသည်။

ကမ္ပည်းကျောက်စာတိုင်ကို အငြိမ်းစား တောင်ပိုင်းနမ့်စန်မြို့ဝန်ကြီး ဦးဖူး (အေတီအမ်) ၏ အုန်းဘောင်သီပေါသမိုင်းမှတစ်ဆင့် စိုင်းထွန်းကြည်-ပညာရေးအငြိမ်းစားမှ ပြုစုမော်ကွန်းတင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျွန်တော့်အား အသေးစိတ် ရှင်းပြပြောဆိုပေးသော မြို့ခံ စာပေပညာရှင် ဦးလှမောင်လတ် (ယခုသီပေါမြို့နယ်စာရေးဆရာအသင်းဥက္ကဌ - သီပေါကိုလတ်) အားလည်း ကျေးဇူးတင်မိပါသည်။

သီပေါမြို့၌ တာဝန်ထမ်းဆောင်သည့် (၅) နှစ်မျှသော ကာလအတွင်း ကျွန်တော် နတ်နန်းသို့ အကြိမ်ကြိမ်ရောက်ခဲ့ပါသည်။ နန်းထိန်းကြီး (နတ်ထိန်းကြီး) အဆက်ဆက်နှင့်လည်း ရင်းနှီးခင်မင်ခဲ့သည်။ အဘကိုးမြို့ရှင်သည် အရက်သေစာသောက်စားမူးယစ်ခြင်းကို မကြိုက်။ တရားဓမ္မနှင့် မွေ့လျော်သူများကို စောင့်ရှောက် မ,စသည်။ ကတိတည်ခြင်း၊ သစ္စာရှိခြင်းကို ကြိုက်သည် ဟူသော ဂုဏ်ပုဒ်များနှင့် ကျော်ကြားထင်ရှားသောပုဂ္ဂိုလ်ဖြစ်ပေရာ ကျွန်တော့်ဘဝတွင် အခက်အခဲရှိတိုင်း အဘကိုတမ်းတ၍ ဆောင်ရွက်ပါသည်။ အခက်အခဲ ဟူသမျှ လွယ်ကူစွာ ပြေလည်သွားသည်သာ ဖြစ်ပါသည်။ ကျွန်တော်၏ အမှုထမ်းသက် နှစ် (၃၀) အတွင်း ရှမ်းပြည်နယ်၌ (၁၃) နှစ်ကျော်အောင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ဘေးအန္တရာယ်မရှိဘဲ လုပ်ငန်းများလည်း အဆင်ပြေခဲ့ပါသည်။

သီပေါမြို့မှ ၁၉၈၆ ခုနှစ်တွင် [illegible]မ်းလုံမြို့သို့ ပြောင်းရွှေ့ရပါသည်။ သီပေါမြို့မှ ပြောင်းရွှေ့ရတော့မည့်အချိန်ကျမှ လွန်ခဲ့သည့် (၅) နှစ်ခန့်တွင် သီပေါမြို့သို့ ရောက်ရှိခဲ့ပြီးနောက် အိပ်မက်ခဲ့သောဘုရားကို ကိုယ်တိုင် [illegible]ကျဖူးခဲ့ရပါသည်။ ထိုစဉ်က အိပ်မက်ထဲက ဘုရားဟုသာ သဘောထားခဲ့သည်။ ထိုဘုရား တကယ်ရှိနေမှန်း [illegible]ခဲ့ပါ။

ရှေးဟောင်းဘုရားဖြစ်ပြီး လူအရောက်အပေါက်နည်း၍ ချုံနွယ်များရှိနေသဖြင့် အေးတို့ဆွေမျိုးများနှင့် မြို့ခံမိတ်ဆွေတို့က ကျွန်တော့်ကို စကားမစပ်မိ လိုက်မပို့ဘဲနေခဲ့ကြပါသည်။ ဒေသပြောင်းရွှေ့အမိန့်စာရောက်ရှိသောအခါမှ မြို့ခံ သက်ကြီးဝါကြီးတစ်ဦးက -

“သီပေါမှာ ဘုရားတွေစုံအောင် ဖူးပြီးပြီလား”

ဟု မေးပါသည်။

ကျွန်တော်က ကျွန်တော်ရောက်ဖူးသော ဘုရားများကို ပြောပြရာ-

“ဒါဆို အနော်မာဘုရားကို မရောက်သေးဘူးပေါ့”

ကျွန်တော်က မရောက်ဘူးသေးကြောင်း ပြောလိုက်ပါသည်။

“အနော်မာဘုရားဟာ ရှေးကတည်းက တည်ထားခဲ့တာလေ။ စုံသွားအောင် သွားဖူးပေါ့။ ရှေးဟောင်းလည်းဖြစ်ပြီး လူအရောက်နည်းပါးလို့ နည်းနည်းတော့ သွားရခက်လိမ့်မယ်”

ဆိုပြီး လမ်းကို ပြောပြပါသည်။

သို့နှင့် ထိုဘုရားသို့ရောက်သောအခါမှ တစ်ချိန်က အိပ်မက်မက်ခဲ့သော ဘုရားမှန်း သိလိုက်ပါသည်။ ထုံးဖြူများနှင့် စေတီများရှိသည်။ တစ်နေရာတွင် သစ်ပင်ခြောက်တစ်ပင်ကိုတွေ့ရပါသည်။ အိပ်မက်ထဲကအတိုင်းပင် ဖြစ်ပါသည်။ သို့သော် အိပ်မက်ထဲကလို သစ်ပင်ခြောက်ကို မှီထိုင်နေသည့် အဘွားအိုကိုတော့ မတွေ့ရပါ။ အိပ်မက်ထဲက အဘွားအိုလက်ညှိုးထိုးပြသောဘက်သို့ကြည့်လိုက်ရာ အိပ်မက်ထဲကလိုပင် အမှန်တကယ် နတ်စင်ဟောင်းတစ်ခုရှိနေသည်ကို တွေ့ရပါသည်။ ထို့အပြင် အိပ်မက်ထဲကလိုပင် ရှေ့မှ သစ်သားချောင်းများ ကျဲကျဲရိုက်၍ ကာရံထားပြီး အတွင်းဘက်၌ ပန်းအိုးဟောင်းများကို တွေ့ရပါသည်။ အဘွားအို မရှိသည်မှလွဲ၍ အားလုံး အိပ်မက်ထဲကအတိုင်း ဖြစ်နေသောကြောင့် အံ့ဩမိပါတော့သည်။ အတော်လည်း ဝမ်းသာမိပါသည်။

‘ဩော် - ငါ့ကို အိပ်မက်ပေးတာ ဒီနေရာကပါလား’

ဟု သိရှိခံစားမိပါတော့သည်။

၁၉၉၄ ခုနှစ်၊ မတ်လအတွင်း ဖြစ်ပါသည်။

ဖြူးမြို့တွင် တာဝန်ထမ်းဆောင်သည့်ကာလတွင် ခွင့်ရက်ရရှိ၍ ဘုရားဖူးခရီးတစ်ခုကို ကျွန်တော်နှင့် အေးတို့ သွားကြပါသည်။ ပုပ္ပားတောင်နှင့် ပုဂံဘုရားများဖူးပြီး ပုဂံမှအပြန် မန္တလေးမှတစ်ဆင့် သီပေါမြို့သို့သွားပြီး အေး၏ မိဘဆွေမျိုးများနှင့်လည်း တွေ့မည်။ အဘကိုးမြို့ရှင်နန်းကိုလည်း မရောက်တာကြာပြီဖြစ်၍ ထီးရောက်နန်းရောက်ကန်တော့ဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့်သွားကြပါသည်။ ဖြူးမှ ကျောက်ပန်းတောင်းသို့ သွားနေသောအခါ ကားစီးရင်း အိပ်ငိုက်သွားခဲ့ပါသည်။ အိပ်မက်လည်းမဟုတ်ဘဲ အိပ်တစ်ဝက်နိုးတစ်ဝက်ရှိနေရာမှ နားထဲတွင် အသံတစ်ခုကြားလိုက်မိသည်။ အသံသြဇာကောင်းကောင်း၊ အသံအေးအေး၊ အသက်ကြီးကြီး ရှမ်းအမျိုးသားကြီးတစ်ဦး၏ ရှမ်းလို ပြောလိုက်သောစကားကို နားထဲတွင် ကြားလိုက်ရပါသည်။ စကားတိုတိုမဟုတ်ပါ။ ရှည်လျားသောစကား ဖြစ်ပါသည်။ ပီပီသသကြားရပါသည်။ သို့သော် ကျွန်တော် ရှမ်းစကားမတတ်၍ မည်သည့်အဓိပ္ပာယ်မှန်းမသိရပါ။ ကျွန်တော့်အတွင်းစိတ်ကတော့ ချက်ချင်းပင် အဘကိုးမြို့ရှင်၏အသံဟု သိနားလည်မိလိုက်ပါသည်။ အဓိပ္ပာယ်မှာ ဘာများဖြစ်နိုင်ပါသလဲ။ ဩော် - အဘက သူ့အမြဲတမ်း စောင့်ရှောက်ပေးနေတယ်။ ဒီခရီးစဉ်မှာလည်း သူစောင့်ရှောက်ပေးမယ်လို့ ဆိုလိုချင်တာပဲဖြစ်မယ်ဟု ခန့်မှန်း ဘာသာပြန်ဆိုနေမိပါသည်။

ကျောက်ပန်းတောင်းမှ ပုပ္ပားတောင်နှင့်ပုဂံဘုရားများဖူးကြပြီး အပြန်တွင် မန္တလေးသို့ကားစီးခဲ့ကြပါသည်။ ည (၁၁) နာရီအချိန်ခန့် ဖြစ်ပါသည်။ ရုတ်တရက် မမျှော်လင့်ဘဲ အန္တရာယ်တစ်ခု ဖြစ်ပေါ်လာပါသည်။ အမြန်မောင်းနေသည့် ကားအချင်းချင်း ရှေ့တူရူမှလာသောကားနှင့် ကျွန်တော်တို့ စီးသည့်ကား ပွတ်မိသွားပါသည်။ ကားနှစ်စင်း၏ နောက်ကြည့်မှန်အချင်းချင်း တိုက်မိသွားသဖြင့် ဂျိုင်း ဟူသော အသံကြီးကြောင့် အိပ်ငိုက်နေသော ခရီးသည်များလန့်သွားကြပါတော့သည်။ တစ်ချိန်တည်းမှာပင် ‘အောင်မယ်လေးဗျ၊ လုပ်ပါဦးဗျ’ စသည်ဖြင့် ခရီးသည်အချို့အော်သံများလည်း ကြားရပါသည်။ တစ်ဖက်ကားကမရပ်ဘဲ မောင်းပြေးသွားပါသည်။ ကျွန်တော်တို့ကားက လမ်းဘေးတွင်ရပ်လိုက်ပြီး ဘာဖြစ်သလဲကြည့်ကြပါသည်။ နောက်ကြည့်မှန်ပြုတ်ထွက်ပြီး မှန်ကွဲစများသည် ခရီးသည်အတက်၊ အဆင်းပေါက်မှတစ်ဆင့် အရှိန်ဖြင့်ဝင်ရောက်လာရာ ကားရှေ့ပိုင်းတွင် ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်များ မှန်ကွဲစများ စိုက်ဝင်ထိခိုက်ရှနာဖြစ်ကြပါသည်။ ကျွန်တော်တို့လည်း ကားရှေ့ပိုင်းတွင်ထိုင်၍ လိုက်ပါလာကြသော်လည်း ကျွန်တော်တို့ကိုမထိပါ။ ကျွန်တော်တို့ရှေ့မှထိုင်သူများ၊ ဘေးနှစ်ဖက်မှထိုင်သူများအားလုံး အနည်းနှင့်အများ ထိခိုက်ကြပါသည်။ ကျွန်တော်တို့ကိုကျော်၍လည်း နောက်ဘက်တွင်ထိုင်နေသူအချို့ထိရောက်ရှိပြီး စူးရှကြပါသည်။

ကျွန်တော် အဘကို အပြေးအလွှား သတိရလိုက်ပါသည်။ အဘကိုယ်တိုင် စောင့်ရှောက်ပေးသည်လည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် အဘ၏ ညွှန်းဆိုမေတ္တာရပ်ခံချက်ဖြင့် ထိုနေရာထိုဒေသရှိ ဆိုင်ရာပိုင်ရာများက စောင့်ရှောက်ပေးသည်လည်း ဖြစ်နိုင်ပါသည်။

အဘကိုးမြို့ရှင်နတ်မောင်နှမတို့နှင့် ပတ်သက်၍ ကျွန်တော့်ဘဝတွင် အံ့ဩဖွယ်အကောင်းဆုံးဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

ကျွန်တော် နတ်ကို ယုံကြည်သလို ဇနီးသည် အေးကလည်း နတ်ကို ယုံကြည်ပါသည်။ သို့သော် အေးက အရာရာကိုကြောက်တတ်ပါသည်။နတ်ကနားပွဲများကိုကြည့်ရန် ဝါသနာပါသော်လည်း ခပ်လှမ်းလှမ်းနောက်ကွယ်မှသာ ကြည့်တတ်ပါသည်။ နတ်ရုပ်တုများရှေ့ နီးနီးကပ်ကပ် မထိုင်ရဲပါ။ နတ်ဝင်သည်များအနီးတွင်လည်း မနေရဲပါ။

သို့သော် မနေရဲမထိုင်ရဲ၍မဖြစ်သော အကြောင်းတစ်ခုက ပေါ်လာပါသည်။ ၁၉၉၅ ခုနှစ်လောက်က ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်သို့ ကျွန်တော်တာဝန်ကျသောအခါ ဆောမြို့ခံ လူကြီး၊ လူငယ်များနှင့် ကျွန်တော်တို့ ရင်းနှီးကျွမ်းဝင်သွားခဲ့ပါသည်။ ဆောမြို့လယ်တွင် အဘကိုးမြို့ရှင်နတ်နန်း ရှိပါသည်။ ကျယ်ဝန်းသော ခြံကြီးအတွင်း သစ်ပင်ကြီးများနှင့် အရိပ်အာဝါသကောင်းလှပါသည်။ ကျွန်တော်တို့နှင့် ဝါသနာတူ စိတ်တူကိုယ်တူ နတ်ကိုယုံကြည်သည့် ဌာနဆိုင်ရာအရာရှိများ၊ ဇနီးများလည်းရှိပါသည်။

အားလုံး သဘောတူညီစွာဖြင့် နတ်ကနားပွဲတစ်ပွဲကျင်းပရန် စီစဉ်ကြပါသည်။ ထိုအခါ ကျွန်တော်ရောအေးပါ ပရိသတ်၏ရှေ့ဆုံးတွင် နေရာယူကြရပါသည်။ နတ်ရုတ်တုများနှင့်လည်း နီးကပ်ပြီး နတ်ဝင်သည်တို့နှင့်လည်း နီးကပ်စွာ ကြည့်ရှုရပါသည်။

အေးက ထိုသို့ တစ်ခါမျှ နီးနီးကပ်ကပ် မကြည့်ဘူးသဖြင့် ဣန္ဒြေဖြင့်ထိုင်နေရသော်လည်း ကျွန်တော့်ဘေးနားတွင် နောက်နည်းနည်းဆုတ်၍ ကပ်ထိုင်နေပါသည်။ သူ့ဘေးနားတွင် အရာရှိဇနီးတစ်ဦးက ကပ်၍ထိုင်နေပါသည်။

ထိုဇနီးမှာ ကျွန်တော်တို့ထက် အသက်ပိုကြီးပြီး နတ်ကနားကို အလွန်ဝါသနာပါသူဖြစ်ပါသည်။ သူသည် နတ်ကနားများကို ကိုယ်တိုင်ဝင်က,လေ့ ရှိပါသည်။

ထိုသို့နတ်ကိုယုံကြည်သော်လည်း နတ်ရုပ်တုများ၊ နတ်ဝင်နေသူ နတ်ဝင်သည်များဖြင့် နီးနီးကပ်ကပ်မနေခဲ့ဘူးသော အေးအဖို့ သူ၏ တစ်သက်တွင် တစ်ကြိမ်မျှ မကြုံဘူးခဲ့သော ထူးဆန်းသည့်အဖြစ်တစ်ခု ပေါ်ပေါက်ခဲ့ရပါတော့သည်။

အဘကိုးမြို့ရှင် ဝင်စီးနေသည့် နတ်ကတော်က ဓားနှစ်လက်ဖြင့် သိုင်းခတ်ကစားနေရင်း အေးနှင့် အေးဘေးနားက အမျိုးသမီးကြီးကို ခေါ်လိုက်ပါသည်။ အေးကထမသွားဘဲ ဆက်ထိုင်နေသော်လည်း အမျိုးသမီးကြီးကတော့ ဝါသနာပါရင်းရှိသည်မို့ ထ၍လိုက်သွားပါသည်။ ဘေးက အခြားနတ်ဝင်သည်များက နောက်ထပ်ဓားနှစ်လက်ကို ထိုအမျိုးသမီးကြီးအားလက်ကမ်းပေးလိုက်ပါသည်။ အမျိုးသမီးကြီးသည် နတ်ဝင်သည့် အလေ့အကျင့်ရှိသည်မို့ ဓားနှစ်လက် လက်ထဲရောက်ရောက်ချင်း နတ်ဝင်စီးကာ ဆိုင်းသံနှင့်အတူ ဓားသိုင်းခတ်ကစားပါတော့သည်။ အေးက သူ့ကိုခေါ်မှာစိုး၍ နောက်နည်းနည်းဆုတ်၍ ကိုယ်ကိုပုကာ ထိုင်နေသော်လည်း မလွတ်ပါ။ နတ်ဝင်စီးနေသည့် ထိုအမျိုးသမီးကြီးက ဓားသိုင်းခတ်ကစားနေရာမှရပ်ကာ အေးလက်ကို လာဆွဲခေါ်ပါတော့သည်။ အမျိုးသမီးကြီးလက်နှင့်ထိလိုက်သည်နှင့် အေးမှာ ချက်ချင်းပင်စိတ်ပြောင်းသွားပါတော့သည်။

အတင်းဆွဲမခေါ်ရပါဘဲ အေးအလိုက်သင့်ပါသွားပါသည်။ အံ့ဩစရာကောင်းလှပါသည်။ တစ်ခါမျှ နတ်ကလေ့မရှိခဲ့သူ အေးက လက်မြှောက်ခြေကြွဖြင့် စည်းချက်ညီညီ ကနေပါတော့သည်။ ဆက်လက်၍ နတ်ဝင်သည်တစ်ဦးက အေးကို ဓားနှစ်လက်ပေးလိုက်ပြန်ပါသည်။ အေးလည်း ဓားကိုလှမ်းယူ၍ သိုင်းခတ်ကစားပါတော့သည်။ သိုင်းပညာမတတ်သော အေးက အခုတော့ ဓားရေးကို ကျွမ်းကျင်စွာပြလျက် ကစားနေပါတော့သည်။ မြန်ဆန်သွက်လက်သည့် ဓားနှစ်လက်၏ ဓားချက်များက ကြည့်၍လည်း ကောင်း၊ အသည်းယားစရာလည်း ကောင်းပါသည်။ နတ်ကနားအခင်းအကျင်းမှာ သိပ်ကျယ်ဝန်းလှသည်မဟုတ်ပါ။ (၄) တောင်ပတ်လည်ခန့်မျှသာ ကျယ်ဝန်းသည့်နေရာအတွင်း အေးက ဓားရေးကို သွက်သွက်ခတ်ပြနေတော့ရာ ကျွန်တော့်မျက်နှာနှင့်တစ်တောင်ခန့်၊ တစ်ပေခန့်လောက်ထိ တဝိုးဝိုးတရွှမ်းရွှမ်းနှင့် အတော်ပင်ထိတ်လန့်စရာကောင်းလှသည်။ ကျွန်တော် ဣန္ဒြေမပျက် ဟန်ဖြင့်ကြည့်နေရသော်လည်း စိတ်ထဲကတော့ ကြောက်နေမိပါတော့သည်။ သို့သော် အဘကို ကောင်းစွာယုံကြည်မှုရှိပါသည်။ အဘပွဲကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော အဘ၏ သားသမီးများလိုဖြစ်နေသည့် ကျွန်တော်တို့ကို တစ်စုံတစ်ရာ ထိခိုက်စေလိမ့်မည်မဟုတ် ဟူသော အသိဖြင့် ပွဲပြီးအောင်သာ ကြည့်နေမိပါသည်။

သိုင်းခတ်ကစားပြီး ကျွန်တော့်ဘေးနားလာထိုင်နေသော အေးကို မေးလိုက်မိပါသည်။

“စိတ်ထဲမှာဘယ်လိုနေသလဲ”

“ရယ်ချင်သလိုလို၊ ပျော်သလိုလိုပဲ”

“မကြောက်ဘူးလား”

“စိတ်က ဘယ်လိုဖြစ်သွားသလဲမသိဘူး။ ဓားကိုင်ကစားရမှာ ကြောက်တဲ့စိတ်မျိုးမရှိတော့ဘူး”

“သတိလွတ်မသွားဘူးလား။ အသိစိတ်ကရှိနေတာလား”

“သတိလွတ်မသွားဘူး။ နတ်ဝင်တာမျိုးမဟုတ်ဘူး။ အသိစိတ်ကရှိနေတယ်။ လက်တွေကသာ ကိုယ့်သဘောနဲ့ကိုယ်မဟုတ်ဘဲ တစ်ယောက်ယောက်က စီးထားသလိုဖြစ်ပြီး ဓားကိုခတ်နေတော့တာ။ တကယ်အံ့ဩစရာပဲ”

ကျွန်တော့်တွင် ပါလာသည့်ကင်မရာဖြင့် မှတ်တမ်းဓာတ်ပုံကို အချိန်မီ ရိုက်ယူထားလိုက်နိုင်ပါသည်။ သို့သော် အေးလက်ထဲ ဓားမရောက်မီအစပိုင်းတွင်သာ ဓာတ်ပုံရိုက်လိုက်မိပါသည်။ လက်ထဲ ဓားရောက်သွားသောအခါ ကျွန်တော်လည်း ငြိမ်၍သာပုနေရပါသည်။ လက်မြှောက်၊ ခေါင်းထောင်မလုပ်ရဲတော့ပါ။

ကျွန်တော်၏ဘဝတစ်ကွေ့မှကိုယ်တွေ့များပင်ဖြစ်ပါလေတော့သတည်း။

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)

# အနောက်တိုင်းအဂ္ဂိရတ်ကျမ်းတို့၏ သဘောသဘာဝ

၃၇

ကမ္ဘာ့အဂ္ဂိရတ်ပညာ၏သမိုင်းကို အပြည့်အစုံမသိရမီ ၎င်းနယ်ပယ်တွင်ရှိသော လျှို့ဝှက်ထောင်ချောက်များကို သိရှိရန် ပို၍အရေးကြီးပေသည်။ အဂ္ဂိရတ်စာပေသမိုင်းသည် လက်တွေ့ပေါင်းအနန္တတို့၏မှတ်တမ်းများ ဖြစ်၏။ ၎င်းတို့အများစုမှာ ရှေးခေတ်မှတ်တမ်းများ ဖြစ်ပြီး အာရပ်ဘာသာ၊ ဂရိဘာသာ၊ လက်တင်ဘာသာတို့ဖြင့် ရေးသားထားခြင်းဖြစ်၏။ စာပေဆိုင်ရာအမွေအနှစ်ကျန်ရစ်ရန်မှာ လုံးဝမဖြစ်နိုင်သလောက်ရှိနေ၏။ အကြောင်းမှာ ထိုစာပေအားလုံး၏ အနည်းငယ်မျှသော အစိတ်အပိုင်းကိုသာလျှင် လေ့လာ သုံးသပ်နိုင်သောကြောင့် ဖြစ်၏။

ပထမကမ္ဘာစစ်ကြီးပြီးဆုံးသွားပြီးသည့်နောက် များမကြာမီ ဥရောပနိုင်ငံအများအပြားရှိ စာကြည့်တိုက်များမှ အဂ္ဂိရတ်ဆိုင်ရာကျမ်းများနှင့် စာရွက်စာတမ်းများကို စာစုစာရင်းအဖြစ် စုစည်းခဲ့၏။

ပညာရှင်ပေါင်းအမြောက်အမြားဖြင့် ဖွဲ့စည်းထားသော ထိုအဖွဲ့သည် ဆယ်စုနှစ်ပေါင်းများစွာကို ကျော်ဖြတ်ခဲ့သော်လည်း အကျိုးရလဒ်အဖြစ် ဘာတစ်ခုမှမရှိခဲ့ပေ။ အတိအကျဆိုရလျှင် ကျမ်းကြီး(၈)ကျမ်းကို ပြင်သစ်၊ အီတလီ၊ အင်္ဂလိပ်၊ ဂျာမန်၊ စပိန် စသည့် နိုင်ငံကြီးများ၏ စာကြည့်တိုက်တို့တွင် ထိုကျမ်း(၈)ကျမ်းကိုသာ တွေ့ရှိရ၏။

အများမျှော်လင့်စောင့်မျှော်နေသည့် နဝမမြောက်ကျမ်းကြီးမှာမူ ရုရှားတွင်ရှိနေပြီ ဖြစ်၏။ အခြားသော အဖိုးတန်အဂ္ဂိရတ်ကျမ်းများကို ရှာဖွေ စုဆောင်းလေ့လာရန် လိုပေသည်။ ထို့အပြင် ဂရိဘုန်းတော်ကြီးကျောင်းများတွင် ကျန်ရှိနေသောကျမ်းများကိုလည်း လေ့လာရန် လိုပေသေး၏။

အာရပ်၊ အဂ္ဂိရတ်ကျမ်းစာရင်းပြည့်စုံသော်လည်း လက်တင်အဂ္ဂိရတ်ကျမ်းစာရင်းမှာမူ နမူနာသာသာမျှသာရှိသေး၏။ နောက်ထပ်ကျမ်းတစ်ကျမ်းမှာ (၁၇) ရာစု၏ လက်ရေးမူကို ခြုံငုံမိပါသည်။ နောက်ထပ်သုံးကျမ်းမှာ ၁၇ ရာစုအကြိုကာလမှ ဗြိတိန်၊ အိုင်ယာလန်တို့၏ လက်ရေးမူများ ဖြစ်၏။

နိုင်ငံတကာ ယူနီယမ်အကယ်ဒမီအပြင် အခြားအဖွဲ့အစည်းများကလည်း နေရာဒေသ အချိန်ကာလအသီးသီးတွင် အဂ္ဂိရတ်လက်ရေးစာမူများကို စုဆောင်းရှာဖွေနေကြ၏။ ၎င်းတို့၏ ကြိုးပမ်းမှု၊ စိတ်ဝင်စားဖွယ်သက်ရောက်မှုကို ဖြစ်စေ၏။ သို့ရာတွင် ကြီးကျယ်သော ကွာဟချက်ရှိနေဆဲ ဖြစ်၏။ ဥပမာ အထူးအားဖြင့် ချက်ကိုစလိုဗက်ကီးယားတွင် လက်ရေးစာမူအသစ် (မတွေ့ဘူးသေးသော) များ ရှိနိုင်၏။ (၁၇) ရာစုအတွင်း ချက်ကိုစလိုဗက်ကီးယားသည် အဂ္ဂိရတ်ပညာလေ့လာရန် အရေးပါသော နိုင်ငံတစ်ခု ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်အထိ အင်္ဂလိပ်နှင့်ပတ်သက်၍ တရုတ်၊ အိန္ဒိယနှင့် အစ္စလာမ်နိုင်ငံများတွင် ရေရေရာရာမတွေ့ရသေးပေ။ အဆိုပါ လက်ရေးစာမူများသည် အများအားဖြင့် အက်ပီဂရပ်ခေါ် ရှေးဟောင်းစာမူများမှ ပြန်လည် ကူးယူထားသောစာများ ဖြစ်၏။ ကူးယူထားပုံမှာလည်း အတိအကျမဟုတ်ပေ။ ကူးယူသူကိုယ်တိုင်ကလည်း ကျွမ်းကျင်သော အင်္ဂလိပ်ပညာရှင် မဟုတ်ပေ။ အဆိုပါ စာကူးသူများသည် စာမူကို ကူးယူပြီး အချို့နေရာများတွင် လိုအပ်သည်ဟု ယူဆပါက ထပ်မံချဲ့ထွင်၍ရေးသားပြီး ဖြည့်စွက်လိုက်သည်များလည်းရှိ၏။ ဤနည်းဖြင့် ကျမ်းကူးသူသည် မူရင်းကျမ်းကို ဖြတ်တောက်ခြင်း၊ မွမ်းမံခြင်း၊ အစားထိုးခြင်းတို့ကို တစ်ကြောင်းတလေသာမက တစ်ပိုဒ်လုံး၊ တစ်ပုဒ်လုံး (ဥပမာ စမ်းသပ်မှုတစ်ခုလုံး) ကိုပင် ပြုလုပ်ခဲ့ကြခြင်းများရှိ၏။ ထို့ကြောင့် အဆိုပါ ပြန်ကူးထားသောစာမူတို့ကို မိတ္တူဟူ၍ပင် မခေါ်နိုင်တော့ပေ။ ၎င်းကို မူလစာမူဟူ၍လည်း မခေါ်နိုင်တော့ပေ။

စာမူတို့၏ခေါင်းစဉ်များကလည်း စိတ်မချရပေ။ လက်ရေးစာမူတစ်ခုလုံးကို ကူးယူပြီး နောက်ထပ် ခေါင်းစဉ်အသစ်တစ်ခုအဖြစ်လည်း ထွက်လာနိုင်ပေသည်။

ထို့အပြင် ကျမ်းတစ်ကျမ်းသည် နာမည်ကျော်ကြားလာပြီဆိုပါက ၎င်း၏ခေါင်းစဉ်သည် နောက်ထပ်ထွက်လာမည့် ကျမ်းအတွက် အနည်းနှင့်အများ လှုံ့ဆော်မှုတစ်ရပ် ဖြစ်သွားတတ်၏။ မြောက်မြားစွာသောဆင်တူယိုးမှားများကိုလည်း ထွက်ပေါ်စေ၏။

ထို့ကြောင့် ခေါင်းစဉ်တစ်ခုတည်းနှင့် အလားတူ ကျမ်းများပွားခြင်း သို့တည်းမဟုတ် ခေါင်းစဉ်ခြားနားသော်လည်း အတွင်းစာသားများတူနေခြင်းတို့မှာ ဤနည်းဖြင့်ဖြစ်ရကြောင်း ထင်ရှားပေသည်။ လောလောဆယ် အခိုင်အမာသတ်မှတ်ရန် ခဲယဉ်းခြင်းမှာ ထိုမြောက်မြားစွာသော ဆင်တူယိုးမှား လက်ရေးကော်ပီများကို စနစ်တကျလေ့လာခြင်း၊ စနစ်တကျ ခွဲခြားသတ်မှတ်ခြင်းတို့ မပြုနိုင်သောကြောင့် ဖြစ်၏။ အင်္ဂလိပ်ကျမ်းများ၊ လက်ရေးစာမူများ ထောင်နှင့်သောင်းနှင့်ချီ၍ရှိနေပြီး ၎င်းတို့ကို စနစ်တကျ စုစည်းထားရှိရန်မှာလည်း ပြဿနာတစ်ရပ်ပင် ဖြစ်၏။

၎င်းတို့ကို ရေတွက်သတ်မှတ်ရခြင်းသည်ပင်လျှင် ကောင်းကင်မှ ကြယ်များကို ရေတွက်ရသကဲ့သို့ တာဝန်ကြီးလှ၏။ တစ်ခုတလေမျှ ကျန်ခဲ့လျှင် အစမှပြန်၍ ရေတွက်ရသည့်ဒုက္ခကဲ့သို့ပင် ဖြစ်၏။ ပုံနှိပ်ခြင်းအတတ် ပေါ်ပေါက်လာသည်နှင့်အမျှ လက်ရေးစာမူများစွာတို့ကို စာအုပ်အဖြစ်သို့ ကူးပြောင်းနိုင်ခဲ့၏။ သို့သော် ဖြစ်စဉ်ကား ချက်ချင်းတော့မဟုတ်ပေ။

အကြောင်းမှာမူ အင်္ဂလိပ်ပညာရှင် အတော်များများက ၎င်းတို့၏ကျမ်းများကို လက်ရေးစာမူဘဝမှပုံနှိပ်အတတ်ပညာဖြင့် စာအုပ်ဘဝသို့ ကူးပြောင်းလိုက်လျှင် ပညာရပ်သည် သဘာဝမကျဖြစ်သွားလိမ့်မည် ထင်နေကြသောကြောင့် ဖြစ်၏။ ပထမဆုံးသော ပုံနှိပ်အင်္ဂလိပ်စာအုပ်မှာ COMPEDIUM ON THE SOUL ဟူသည့်ကျမ်း ဖြစ်၏။ ကျမ်းပြုစုသူမှာ အဗီဆင်းနား ဖြစ်၏။ နောက်နှစ်တွင် THE SUN OF PERFECTION ကျမ်းကို ထုတ်ဝေခဲ့၏။ ၎င်းတွင် BOOK OF THREE WORDS ပါဝင်၏။ ထိုကျမ်းကို ခါလစ် ရေးသားခဲ့သည်ဟု ဖော်ပြပြီး ရောမတွင် ပုံနှိပ်ခဲ့၏။ သို့သော် ထိုကိစ္စမှာ (၁၆) ရာစု၏ ဒုတိယကာလဝက်တွင်သာ ဖြစ်၏။ ဝိဇ္ဇာဒဿနကို စိတ်ဝင်စားသော ပြန်လည်ဖွံ့ဖြိုးရေးခေတ်တွင် ပုံနှိပ်ခြင်းအတတ်ပညာသည် အင်္ဂလိပ်လုပ်ငန်းကို စုစည်းစေသည့် အင်အားကြီးသော တန်ဆာပလာတစ်ခု ဖြစ်လာခဲ့၏။ အင်္ဂလိပ်စာအုပ်များကို တစ်အုပ်ချင်း၊ တစ်နိုင်ငံချင်းမဟုတ်တော့ဘဲ မည်သည့်ကျမ်းကိုမဆို ပုံနှိပ်ခြင်းပြုလာလေသည်။ အာရပ်နှင့် အလယ်ခေတ်လက်တင်မလေ့ထုံးစံများ၊ ထို့အပြင် အင်္ဂလိပ်ပညာရှင်များအား မကြုံစဖူးဖြစ်စေသော ထိုအခွင့်အရေးမှာ နာမည်ကျော်ပုဂ္ဂိုလ်များ၏ ကျမ်းလေးငါးစောင်ကို တွဲ၍ အင်္ဂလိပ်လေးစောင်တွဲကျမ်း၊ ငါးစောင်တွဲကျမ်းအဖြစ် ပုံနှိပ်ထုတ်ဝေကြခြင်းဖြစ်၏။

ပထမဦးဆုံးသော အင်္ဂလိပ်ကျမ်းပေါင်းစုမှာ A VOLUME OF WORK ON ALCHEMY ကျမ်း ဖြစ်၏။ ၁၅၄၁ ခုနှစ်တွင် ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့၌ထုတ်ဝေခဲ့၏။ နောက်ထပ် နှစ်ပေါင်း လေး၊ ငါးဆယ်ကြာပြီးမှ ဤသို့သောပုံနှိပ်ခြင်းမျိုးကို ကျယ်ကျယ်ပြန့်ပြန့်လုပ်လာခဲ့ကြ၏။ ၁၅၆၁ ခုနှစ်တွင် အင်္ဂလိပ်စာပေများကို တရားဝင်စုဆောင်းသူ ဂရာတာရိုလိုကပီးထရပ်ပါနာအား ထိုပုံနှိပ်လုပ်ငန်းကို ပြုလုပ်ရန် တာဝန်ပေးခဲ့၏။

ဥပမာအားဖြင့် -

OF THE ALCHEMY AND OF THE ART OF METAL WORK စာအုပ်တွင် ရှားပါးသည့် အင်္ဂလိပ်ကျမ်းပေါင်း (၅၃) ကျမ်း ပါဝင်ပြီး ၁၅၇၂ ခုနှစ်တွင် ထုတ်ဝေခဲ့၏။ ထိုမှတစ်ဆင့် (၁၈) ရာစုအလယ်ပိုင်းသို့ရောက်သည်တွင် DOCTRINE OF THE METALLIC ART THEY CALL ALCHEMY ကျမ်းကို ပုံနှိပ်ခဲ့၏။ ထို့နောက် ၁၅၉၃ ခုနှစ်တွင် OF THE AURIFEROUS ART ကို လည်းကောင်း၊ ၁၆၀၂ ခုနှစ်၌ CHEMICAL THERATURE ကို လည်းကောင်း၊ ၁၆၂၅ ခုနှစ်တွင် HERMETIC MUSEUM ကို လည်းကောင်း၊ ၁၆၅၂ ခုနှစ်တွင် ENGLISH CHEMICAL THERATURE ကို လည်းကောင်း၊ ၁၆၇၂ - ၇၃ ခုနှစ်တွင် LIBRARY OF THE PHILOSOPHER CHEMISTS ကျမ်းကို လည်းကောင်း၊ ၁၇၀၂ ခုနှစ်တွင် LIBRARY OF CUROUS CHEMICALS ကျမ်းတို့ကို ထုတ်ဝေခဲ့၏။ ၎င်းတို့အနက် ကျမ်းအချို့မှာ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ဓာတ်များ၊ သတ္တုများဆိုင်ရာအကြောင်းတို့ကိုလည်း ကျယ်ပြန့်စွာ သိလာရလေသည်။ ယနေ့ခေတ်တွင်ပင် ထိုကျမ်းများကို အင်္ဂလိပ်ပညာလိုက်စားလေ့လာသူများအနေဖြင့် မှီငြမ်း ကိုးကားနိုင်ရန် ထိန်းသိမ်းထားရှိရလေသည်။ ရှေးခေတ် ပုံနှိပ်ကျမ်းများသည် ဖတ်ရှုသူအတွက် အခက်အခဲနှစ်မျိုးကိုကြုံရ၏။ ပထမအချက်မှာ ပုံနှိပ်ခြင်း၏ မတိကျမှုဖြစ်၏။ ၎င်းတို့သည် စာမူတစ်ခုတည်းမှဖြစ်ပြီး ပုံနှိပ်ခြင်းကြောင့် ဖြစ်ရသည့်အမှားများ ဖြစ်သည်။ ၎င်းတို့မှာ မှီငြမ်းခြင်း၊ အတိုချုံ့ခြင်းနှင့် အခြားပြုပြင်ပြောင်းလဲထားသည့်အမှားများ ဖြစ်၏။

ဒုတိယပိုမိုကြီးမားသည့်ပြဿနာမှာ မူရင်းတွင်ပါရှိခဲ့သော ရောင်စုံသရုပ်ဖော်ပုံများသည် ပုံနှိပ်စာမူတွင်ပါရှိမလာသောကြောင့် ဖြစ်၏။

ထိုသရုပ်ဖော်ပုံများမှာ အလက်ဇန္ဒြီးယား၊ ဂရိနှင့် အာရပ်အင်္ဂလိပ်ပညာတို့တွင် အသုံးပြုခဲ့သည့်ပုံများ ဖြစ်၏။ ၁၄ ရာစုနှင့် ၁၅ ရာစုအဆုံးတွင် လက်တင် လက်ရေးလက်သား အလှစာလုံးစနစ်သည် ပျောက်ကွယ်သွားတော့၏။ ဆေးရောင်စုံဖြင့် သရုပ်ဖော်ပုံများဆွဲထားခြင်းမှာ အင်္ဂလိပ်ပညာရပ်ကို အလှဆင်ထားခြင်း မဟုတ်ပေ။ အပြန်အလှ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်ဆိုရပါမူ ၎င်းတို့ကို အလွန်အသေးစိတ်စွာဖြင့် ပုံစံပြုလုပ်ရ၏။ စာဖတ်သူအနေဖြင့် ပိုမိုနားလည်စေနိုင်ရန် အရောင်ကို ရွေးချယ်ခြင်း ဖြစ်၏။ အနီ-အရင့်ကို ရွေးချယ်ခြင်း၊ အသွေးကိုရွေးချယ်ခြင်းတို့ကို ပြုလုပ်ထားခြင်း ဖြစ်၏။ ကျော်ကြားသူများ၏ စာမူကို ပုံနှိပ်ရာတွင် ၎င်းမူရင်းပုံ၊ မူရင်းအရောင်တို့သည် လုံးဝပျောက်ကွယ်ခဲ့ရခြင်းပင် ဖြစ်တော့၏။ ၁၇ ရာစုသို့ ရောက်ရှိသောအခါတွင်မှ အဆိုပါ သရုပ်ဖော်ပုံများကို လှပခံ့ညားစွာ တွေ့မြင်လာတော့၏။

ဤကဲ့သို့ ပြန်လည် ဖော်ထုတ်ကြသူများမှာ ရိုစီကရူစီယန်လှုပ်ရှားမှုတွင် ပါဝင်ကြသူများ ဖြစ်၏။ မည်သို့ပင်ဖြစ်စေ အဂ္ဂိရတ်ပညာတွင် သရုပ်ဖော်ပုံများ မပါရှိသည့်တိုင်အောင်ပင် အကောင်းဆုံးသော နှိုင်းယှဉ်မှုကိုပြုနိုင်ခဲ့ကြပါသည်။

ဤမျှ ကြီးကျယ်သည့် အဂ္ဂိရတ်စာပေကို ပြုစုသူများသည် မည်သူဖြစ်ပါသနည်း။ ရှေးခေတ်ကျမ်းများကို စာရွက်ချင်းလှန်လှောကြည့်လျှင် ကျမ်းပြုသူ၊ ဒဿနပညာရှင် စာတတ်ပေတတ်ပုဂ္ဂိုလ်များ၊ ဘုရင်များ၊ သာသနာပိုင်များ၊ သူတော်စင်များ၊ ဓမ္မန္တရာယ်များ၊ သက်နက်ကိုင်များ၊ သိပ္ပံပညာရှင်များ ၎င်းတို့အားလုံးတို့သည် အဂ္ဂိရတ်ပညာနှင့် ပတ်သက်ပြီး အနည်းနှင့်အများ ရေးသားခဲ့ကြသူ ဖြစ်၏။ အမှန်အားဖြင့် ဤမျှ ကျော်ကြားသည့် အမည်များ အလွန်အမင်း ပေါ်များခြင်းမှာ တစ်ချိန်သောအခါက အဆိုပါပညာရပ်ကို မြင့်မြတ်သော အလုပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြခြင်းကြောင့် ဖြစ်၏။

ခေါင်းစဉ်အမှားနှင့် ပတ်သက်၍ ...ဂျာက ဤသို့ရှင်းပြ၏။ Psecolepi...phy ဆိုသည်မှာ ခေါင်းစဉ်အမှား ...၏ အလွဲတပ်၍ရေးသားသည့်စာအုပ် ...မဟုတ် စာတန်းကို ဆိုသည်။ စာရေး...သည် အမှန်ကို ဖော်ပြခြင်းထက် အလွဲကိုဖော်ပြခြင်း ဖြစ်၏။ ၎င်းမှား...မှုသည် မတော်တဆမှားယွင်းမှု...ည်း ဖြစ်နိုင်၏။ တမင်သက်သက် ...လွဲကို ဖော်ပြခြင်းလည်း ဖြစ်နိုင်၏။

ပထမအချက်မှာ မိတ္တူကူးသူများ...သည် ထိုနာမည်များကို ကူးရာ၌ မှား...၍ ကူးခြင်း ဖြစ်၏။ ရေးသူအမည် ...ရှိသည့် လက်ရေးစာမူများတွင် ရေး...နေရာ၌ နေရာလပ်မထားခဲ့ချင်၍ ...တစ်ခုခုကိုထည့်လိုက်ခြင်းလည်း ဖြစ်နိုင်၏။ ပုံစံတူရေးတတ်သူတစ်ဦး၏ အမည်ကို ထည့်သွင်းလိုက်ခြင်းလည်း ဖြစ်၏။ စာအုပ်၏အဖုံးပေါ်တွင် လည်းကောင်း၊ ရေခံပေါ်တွင် လည်းကောင်း ဖော်ပြသည့် အမည်ပိုင်ရှင်သည် ထိုစာအုပ်ပါ စာသားအားလုံးကို ရေးသားသူအဖြစ် သတ်မှတ်ခြင်းခံရသည်။

ဒုတိယအချက်မှာ စာရေးသူကိုယ်တိုင်က သူ့နာမည်အမှန်ကိုမထည့်ဘဲ သူ့ထက်ကျော်ကြားသူ၏ အမည်ကို ရေးထည့်လိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ဤသို့ ဖြစ်စေရန်မှာ အကြောင်းများစွာ ရှိ၏။ ဤဓလေ့မှာ ရှေးခေတ်ဆေးပညာနှင့် ဒဿနဂိုဏ်းဂဏများတွင် ထုံးတမ်းစဉ်လာဖြစ်၏။ အမှန်တကယ် တပည့်ဖြစ်သူကရေးပြီး ဆရာ၏ အမည်တပ်ခြင်းလည်းရှိ၏။ ထိုတပည့်ဖြစ်သူကို နာမ်လောကမှ ပုဂ္ဂိုလ်တစ်ဦးဦးက နာမ်ထိန်းခြင်း၊ ခတ်စီးခြင်းပြု၍ ထိုစာများကို ရေးသားခြင်းများလည်း ဖြစ်နိုင်၏။ သို့ရာတွင် အများစု၌ ဤသို့ဖြစ်ရခြင်းမှာ အမည်မသိပုဂ္ဂိုလ်တစ်ဦး၏ ရေးသားချက်ထက်ကား ပို၍သိက္ခာရှိပေသေး၏။

ဤကျမ်း၏ အရှေ့ပိုင်းအခန်းတွင် တွေ့ရှိခဲ့သည့်အတိုင်း ဒဏ္ဍာရီမှ နာမည်များဖြင့် ရေးသားထားသည်ကို တွေ့ရ၏။ ပါဝင်သူများမှာ ဘုရင်များ၊ သူတော်စင်များ၊ ဟာမီးစ်အိုင်စစ်၊ အိုဆီရစ်၊ အဂ္ဂါသိုဒက်မွန်၊ ကလီယိုပါထရာမိုးဇက်၊ သူ၏နမ မာရီယာ၊ ပရိုဖက်သီဇာ၊ ဒီမိုကရေးတပ်တို့ ဖြစ်၏။

အီတလီ၊ ဆီးရီးယား၊ အာရပ်အဂ္ဂိရတ်ပညာများကို ဤပုံစံဖြင့် စိတ်ပါဝင်စားကြ၏။ ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်အာခီလောတို့၏အမည်များကို ထည့်သွင်းထား၏။ အလယ်ခေတ်



အဂ္ဂိရတ်ပညာတွင် ၎င်းတို့သည် မှေးမှိန်၍ မထင်မရှားဖြစ်နေခဲ့၏။ လက်မှတ်ထိုးရာတွင် ထုံးစံတစ်ခုမှာ သမိုင်းတွင် ကျော်ကြားသူ၏အမည် ဖြစ်၏။ ဤသို့ဖြင့် ပညာရပ်၏လျှို့ဝှက်ချက် သို့မဟုတ် ဂမ္ဘီရကို ဖော်ပြရန် ပို၍ ခက်ခဲလာ၏။

အာရပ်အဂ္ဂိရတ်ပညာရှင် ဂျဗီး အဗ္ဗနေးဟာရန်၏ ဂုဏ်သတင်းသည် ၁၂ ရာစုတွင် အလယ်ခေတ်ဥရောပသို့ ပျံ့နှံ့ခဲ့၏။ သူ့လက်ရာအချို့မှာ KLTA-BALRAHMA အပါအဝင်ကို လက်တင်ဘာသာသို့ပြန်ဆိုခဲ့ရ၏။ ထိုလက်ရာများသည် အနောက်တိုင်း၌ ကျယ်ပြန့်စွာ ပျံ့နှံ့ခဲ့၏။ ဂျဗီး ဟူသော အမည်သည်လည်း လက်တင်ဘာသာ ဂျီဗား၊ ဂျဗား ဟူသော အမည်များဖြင့် ကျော်ကြားခဲ့၏။ နောက်ပိုင်း ရာစုနှစ်များတွင် အခြားခေါင်းစဉ်များသည် ဂျဗား၏ အမည်အောက်တွင် ထွက်ပေါ်ခဲ့၏။

၎င်းတို့ကို အဂ္ဂိရတ်ပညာရှင်များက စာရင်းဇယားပြု၍ထည့်သွင်းခြင်းဖြစ်၏။ အစ္စလာမ်အဂ္ဂိရတ်ပညာတွင် ကျော်ကြားသည့် သိပ္ပံနှင့် သမိုင်းပညာရှင်တို့က ထည့်သွင်းခဲ့ကြခြင်း ဖြစ်၏။ အကြီးအကျယ်လေ့လာမှုပြုခဲ့ကြ၏။ ထို့နောက် သူတို့က ကောက်ချက်ချသည်မှာ ထိုလက်ရာများကို စုစည်းတင်ပြသူမှာ အဂ္ဂိရတ်ပညာရှင်တစ်ဦးဖြစ်ပြီး စပိန်နိုင်ငံမှ ဖြစ်နိုင်ပေသည်။ လက်တင်ဂျီးယား (သို့) ဂျဗီးအတုသည် ကျော်ကြားသည့် ပညာရှင်တစ်ဦးဖြစ်ပြီး ထိုသူသည် အာရပ်စကားနှင့် အစ္စလာမ်အဂ္ဂိရတ်ကိုပါ ထုံးချွန်စွာ တတ်မြောက်သည့်သူ ဖြစ်၏။

ဤအတုများသည် အဂ္ဂိရတ်ပညာလောကတွင် ကာလအတန်ကြာ ရပ်တည်ခဲ့၏။ သို့သော် အဂ္ဂိရတ်ဆိုင်ရာ အတွေးအခေါ် ပညာရပ်များဖွံ့ဖြိုးမှုတွင် ပါဝင်လာခဲ့၏။ ဆူဒိုဂရပ်ပေါ် ပေါက်လာခြင်းသည် အဂ္ဂိရတ်ကျမ်းများပေါ် ပေါက်မှု၏အဟန့်အတားဖြစ်ရုံမျှမက အလယ်ခေတ်အဆုံးမှ စတင်၍ အဂ္ဂိရတ်ပညာရှင်များသည် နာမည်ဝှက်နာမည်တုများဖြင့် ၎င်းတို့၏ လက်မှတ်များကိုထိုးခဲ့ကြ၏။

ဤခေတ်အဆက်ဆက် အဂ္ဂိရတ်ပညာရပ်ဆိုင်ရာ မဟာဗျူဟာများစွာကို ပြင်သစ် အဂ္ဂိရတ်ပညာရှင် ဖူကန်နေးနှင့် သူ့တပည့် ယူဂျင်းကန်စီလက်တို့က ရှင်းပြခဲ့၏။ ဥပမာ BOOK OF THE TWELVE ကျမ်းကို ရေးသားသူ ဗာစီဗလင်တိုင်းသည် အများသိသည့်အတိုင်း ခရစ်ယာန်



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးတစ်ဦး မဟုတ်ပေ။ ၁၅ ရာစုအတွင်းက ခရစ်ယာန်ဘုန်းကြီးကျောင်းတွင် နေထိုင်ခဲ့သူသာ ဖြစ်၏။ သူသည် ၁၆ ရာစုနှစ်တွင် ကျော်ကြားသည့် အဂ္ဂိရတ်ပညာရှင် ဖြစ်၏။ သူ၏ နာမည်ကို အမည်ဝှက်ဖြင့် ဘာစီလပ် (ဘုရင်) ဟု ရေးထိုးခဲ့၏။ ဗေးလပ်သည် စွမ်းအားရှင်ဖြစ်၏။ SILENT BOOK ကျမ်းတွင် သရုပ်ပြပုံများသာ ပါဝင်၍ အော်ထပ်ဟူသော အဂ္ဂိရတ်ပညာရှင်တစ်ဦး၏ အမည်ဖြင့် ၁၆၇၇ ခုနှစ်တွင် ထုတ်ဝေခဲ့၏။

ဤမဟာဗျူဟာကို စာဖတ်သူ၏ စိတ်ဝင်စားမှုအတွက်မျှသာ ပြုလုပ်ပေးရမည် မဟုတ်။ အဂ္ဂိရတ်ပညာရှင်တစ်ဦးတွင် သူ၏အမည်ကို လျှို့ဝှက်ပြုပြင်ရာ၌ သာမန်အကြောင်းပြချက်ဖြင့် မလုံလောက်ပေ။ လောဘကြောင့် လည်းကောင်း၊ စပ်စုခြင်းကြောင့် လည်းကောင်း သူတို့၏ အမည်နာမကျဆုံးမည်ကို ကြောက်ကြပေမည်။ သမိုင်းတွင် မျက်နှာပျက်ရမည့်ကိစ္စကို ၎င်းတို့အနေဖြင့် ရှောင်ရှားလိုစိတ်ရှိပေမည်။

သူတို့က စာဒကတတ်ကြသည်မှာ ပညာရှင်တစ်ဦးသည် အမည်မဖော်လိုသူဘဝနှင့် နေထိုင်ရေးသားပါက ထိုသူတွင် ကိုယ်ပိုင်အခွင့်အရေးရှိပေသည်။ သမိုင်းတွင် သူစာများသည် တစ်ဦးတစ်ယောက်တည်းကရေးသည့်စာများ မဟုတ်တော့ဘဲ အများက ဝိုင်းဝန်းရေးသည့် စာများ ဖြစ်လာ၏။

အဂ္ဂိရတ်ပညာရပ်ကို စတင်ပြီး ပထမဆုံး လေ့လာသူအတွက် ရင်ဆိုင်ရသော ပြဿနာကား ဝေါဟာရများနှင့် အမည်နာမများကို ဖတ်ရမှတ်ရခြင်းမှာ အလွန်အားကုန်၍ ခေါင်းမူးနောက်ဖွယ်ကောင်းသည့် အခြေအနေများကို ဖတ်ရှုကြည့်ခြင်းဖြင့် သိနိုင်လေသည်။ ဥပမာအားဖြင့် -

'ရက်ပေါင်း (၂၀) အတွင်း မြည်း၏ ဝိညာဉ်ကို နုတ်ယူနည်း'

'မြည်းမ သို့မဟုတ် မြည်းထီးတစ်ကောင်ကိုယူပါ။ ၎င်းကိုပြင်းထန်စွာရိုက်ပါ'

ဟု ဆိုထား၏။

တစ်ဖန် -

'ကျွန်ုပ်သည် ရုပ်ဝတ္ထုကို လုံးဝဖော်ပြလိုပါသည်။ မရှင်းမလင်းမဆိုပါ'

ဟု ဆိုထား၏။

ထို့နောက် -

'ကျွန်ုပ် သင့်ကို အမိန့်ပေးမည်'၊ 'ခမ့်တော်၏သား'၊ 'ပြဒါးကို အေးခဲပါစေ' (၂)၊ (၃) နှင့် (၃)၊ (၁)၊ (၁) နှင့် (၃)၊ (၄)၊ (၄)၊ (၃)၊ (၂)၊ (၁) မှ (၄) ကို (၃) . . . စသည်ဖြင့် ရေးထား၏။

အဂ္ဂိရတ်ပညာရှင်အများစုသည် ကျမ်းများရေးသားခဲ့၏။ သူတို့ရေးသည့် ကျမ်းများကိုလည်း လူအများဖတ်စေလို၏။ သို့သော် ဖတ်သူတိုင်း နားလည်မည်ကိုလည်းစိုး၏။ ဤသို့လုပ်ရခြင်းမှာလည်း အဂ္ဂိရတ်ပညာသည် လျှို့ဝှက်ပညာဖြစ်သောကြောင့်တည်း။ လျှို့ဝှက်ချက်တို့ကို လျှို့ဝှက်ဖွင့်ဆိုချက်ဖြင့်ရရှိနိုင်ပြီး ကာကွယ်မှုကို လိုအပ်သောပညာရပ်ဖြစ်၏။ အဆိုပါ ကာကွယ်မှု ဆိုသည်မှာ မထိုက်တန်သူ၏ လက်သို့မရောက်ရန် ကာကွယ်ခြင်းကို ဆိုလိုခြင်း ဖြစ်၏။

ဟာမီးက သူ၏သားကို မှာခဲ့သည့် စကားမှာ -

"ငါ့ထံမှ သင်တတ်မြောက်သမျှပညာအားလုံးကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ပါ။ မည်သူ့ကိုမျှ ဤအကြောင်းများကို မပြောကြား မသင်ကြားလေနှင့်၊ ငါ မင်းကို ပေးပြီးပြီ။ ထို့ကြောင့် သင်သည် အတတ်ပညာမဲ့မဖြစ်နိုင်တော့ပြီ"

ကျမ်းကို ဖတ်သူသည်လည်း အတားအဆီးပေါင်း ရာထောင်မကကို ကြုံ၍ ဘာကိုမှနားမလည်နိုင်အောင်ဖြစ်စေမည်။ သူ့အား တမင်သက်သက် လမ်းမပြဘဲ လမ်းပျောက်အောင် ဖန်တီးခဲ့ခြင်း ဖြစ်၏။

အမှန်အားဖြင့် အဂ္ဂိရတ်ကျမ်းတိုင်းသည် ပညာရပ်၏ အဆင့်(၂)ခုကို လိုက်၍ နှစ်မျိုးဖတ်ရှုနိုင်၏။ အဂ္ဂိရတ်ပညာ၏ မျက်နှာစာနှစ်ဖက်အရ လူတိုင်းနားလည်နိုင်သော ထူးခြားမှုနှင့် ပြုစုသူသာ နားလည်နိုင်သည့် ထူးခြားချက် ဟူ၍ အပိုင်းနှစ်ပိုင်းရှိသည်။ အပြင်းပန်းအားဖြင့်ကြည့်လျှင် ထူးခြားသော သဘောဆောင်သော်လည်း တကယ့်အတွင်း သဘောအားဖြင့် မထူးခြားသည့် မျက်နှာစာလည်းရှိ၏။

ထို့ကြောင့် အမှန်တကယ် ကျွမ်းကျင်သော အဂ္ဂိရတ်ပညာရှင်သည် ပိုမိုနက်ရှိုင်းသော နားလည်မှုပေါ်တွင် လှုပ်ရှားဆောင်ရွက်ကြရ၏။ တစ်နေရာတွင် အဂ္ဂိရတ်ပညာ၏ အစစ်အမှန်ကို ဖော်ပြထား၏။ အဂ္ဂိရတ်လုပ်ငန်းမှန်သမျှသည် ဟာမီး၏စကားလုံးများတွင် ပုံတင်ထပ်မျှ ဖော်ပြနေ၏။

သို့သော် ဟာမီးက သူ၏ကျမ်း၌ ဆိုထားသည်မှာ -

"ကျွန်ုပ်၏ကျမ်းကို ဖတ်ခွင့်ကြုံသူ ဟူသမျှအတွက် ရေးဟန်သည် ရိုးစင်း၍ ရှင်းလင်းလှမည် ဖြစ်ပေသည်။ သို့သော်လည်း စကားလုံးတို့၏ သဘော သဘာဝနက်ရှိုင်းမှုကိုကား ဖုံးကွယ်ထား ရလေ၏"

ဟု ဆိုထာပါသည်။

ထေ့ငေါ့ခြင်းနှင့် စိန်ခေါ်ခြင်းတို့၏ စပ်ကြားလေသံရှိသော အဂ္ဂိရတ်ပညာရှင်တို့အနေဖြင့်မူကား ကျမ်းဖတ်ရှုသူတို့ကို လူတိုင်း နားလည်နိုင်သော ထူးခြားမှုနှင့် ကာယကံရှင်သာ နားလည်နိုင်သည့် ထူးခြားမှုတို့ကို ခွဲခွဲခြားခြား နားလည်ကြရန် သတိပေးထားကြသည်များလည်း ရှိ၏။ ထို့ကြောင့် တကယ့် အဂ္ဂိရတ်ပညာရှင်များက -

"ငါတို့၏အတတ်ပညာသည် မြင့်မြတ်သော အတတ်ပညာ ဖြစ်ကြောင်း သင်မသိပါသလော။ ထိုအတတ်ပညာသည် နှုတ်မှထွက်သော စကားလုံးများဖြင့်သာ ဖော်ပြရသည့် အတတ်ပညာဖြစ်သည်။ ၎င်းအတတ်ပညာသည် ဂမ္ဘီရ ပညာရပ်ဆိုင်ရာ လျှို့ဝှက်ချက်များ ပြည့်သော ပြည့်နေလေသည်။ သင်တို့တွင်ရှိသော ပညာမဲ့များက ငါတို့သည် ဤ ထိပ်တန်းလျှို့ဝှက်ပညာ၏ အနှစ်သာရများကို အလွယ်တကူ ဖော်ပြလိမ့်မည်ဟု ထင်နေကြပါသလော စိတ်ကောင်း တနာကောင်းဖြင့် ငါပြောမည်။ တစ် ပြောလိုသည်မှာ ငါသည် အခြားသော ဒဿနပညာရှင်၏ စကားလုံးများ တိုက်ရိုက် အဓိပ္ပာယ်ပြန်ဆိုသူသည် အမှောင်ဆုံးသောလမ်းတစ်ဝက်ပါ သူကိုယ်သူ လွတ်မြောက်မှုကို မည်သူ အခါတွင်မျှ ရရှိနိုင်မည် မဟုတ်ပေ"

အဂ္ဂိရတ်ကျမ်းများကို ရေးသား များအနေဖြင့်မူ ဆိတ်ဆိတ်နေခြင်းသည် ပင် အဓိပ္ပာယ်ရှိ၏။ ထိုအဓိပ္ပာယ် သည်မှာလည်း လိုသည်ထက်ပို၍ ဆိုမိစေရန် သတိထားရမည် ဖြစ်၏။ သို့မဟုတ်ဘဲ ကျော်လွန်ဖောက်ဖျက် က ကျမ်း၏ကတိသစ္စာကို ဖောက် ကျူးလွန်ရာရောက်ပြီး ခွင့်လွှတ်ဖွယ် သော သစ္စာမဲ့သည့်အခြေအနေသို့ ရောက်သွားစေပါတော့၏။ ဤကို ပတ်သက်၍ မူကန်နေးက ဤသို့ သားခဲ့၏။

အကယ်၍သာ ဇရာမဖိနှိပ် ချယ် ကန့်သတ်မှုများမရှိပါက သည် ထိုမျှမကပြောဆိုလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တို့သည် အင်္ဂလိပ်လုပ်ငန်း၏အကြီးမားဆုံး လျှို့ဝှက်ချက်ကို တွေ့ရှိခဲ့ပြီး ဖြစ်၏။ ကျမ်း၏သစ္စာကိုလည်း ထိန်းသိမ်းလိုပါသည်။ ကျမ်းသစ္စာ၏ အဓိပ္ပာယ်မှာ လုပ်ငန်း၏ နည်းပညာလျှို့ဝှက်ချက်ကို ဖော်ထုတ်ခြင်းမပြုရန် တပည့်ဖြစ်သူက ဆရာဖြစ်သူသို့ ပေးရသောကတိသည် ကျမ်းသစ္စာ ဖြစ်၏။ ၎င်းသည် ရှေးခေတ်ကတည်းကရှိခဲ့သောအစဉ်အလာဖြစ်ပြီး မှော်ပညာလောကတိုင်းတွင်လည်း ရှိနေပေသည်။ ထို့အတူ နက္ခလောကနှင့် အင်္ဂလိပ်လောကနှစ်ခုစလုံးတွင်ရှိခဲ့၏။ ရာစုနှစ်ပေါင်းများစွာ ကျော်လွန်လာသော်လည်း ကျမ်းသစ္စာ၏ အဓိပ္ပာယ်မှာ မပြောင်းလဲပေ။ ပြောင်းလဲမှုအချို့ဆိုသည်မှာလည်း အပြန်ပန်းလောက်သာ ဖြစ်ပေသည်။

ရှေးခေတ် ဂရိ၊ အီဂျစ်အင်္ဂလိပ်ကျမ်းများတွင် အိုင်စစ်နတ်သမီးက သူ့သား ဟိုးရပ်ကို ပြောကြားသည်မှာ -

ကောင်းကင်တမန် အန်မနေးက သူမအား အင်္ဂလိပ်ပညာ၏လျှို့ဝှက်ချက်ကို ပြောကြားခဲ့၏။ ထိုအခါတွင် အိုင်စစ်သည် အောက်ပါကျမ်းသစ္စာကို ဆိုခဲ့ရ၏။

၁။ ငါသည် သင့်အား မိုးကောင်းကင်၊ ကမ္ဘာမြေ၊ အလင်းအမှောင်တို့အား ပြသခဲ့ပြီး ဖြစ်၏။

၂။ ငါသည် သင့်အား ရေ၊ မြေ၊ လေ၊ မီး တည်းဟူသော ဓာတ်ကြီး (၄) ပါးကိုလည်း ပြသခဲ့ပြီး ဖြစ်၏။

၃။ ငါသည် သင့်အား ကောင်းကင်ဘုံကျယ်ဝန်းမှု၊ ပင်လယ်၏ နက်ရှိုင်းမှုနှင့် မြေအောက်ကမ္ဘာကိုလည်း ပြသခဲ့၏။

၄။ ငါသည် သင့်အား ဟာမီး၊ အန်နူဗစ်၊ ဆိုက်ဗရပ်၏ ကြေးညိုရောင်သံနှင့် အုပ်ထိန်းသည့် မြွေတို့၏ အကြောင်းကိုလည်း သင့်အား ပြောခဲ့ပြီး ဖြစ်၏။

၅။ ငါသည်သင့်အား မြေပြင်ကိုဖြတ်သန်းသည့် ကူးတို့ယဉ်နှင့် စစ်သားများကိုလည်း သင့်အားပြသခဲ့ပြီးဖြစ်၏။

၆။ ငါသည် သင့်အား ကျာပွတ်များ၊ ဓားရှည်များအတွက် လိုအပ်ချက် (၃) ရပ်ကိုလည်း ပြောခဲ့ပြီးပြီ

ဟူသော ကျမ်းသစ္စာကိုဆိုစေပြီးနောက် ဤပညာရပ်နှင့် ပတ်သက်၍ လျှို့ဝှက်ချက်ကို မိမိရင်သွေးမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေါက်ကြားရန် သစ္စာဆိုရလေသည်။

အိုင်စစ်အနေဖြင့် နောက်ဆုံးဆိုခဲ့ရသည့် သစ္စာစကားမှာ -

'ငါသည် သင်ဖြစ်ရမည်ဖြစ်ပြီး သင်သည်လည်း ငါဖြစ်ရမည်'

ဟူသည့် အဓိပ္ပာယ်ပင်ဖြစ်၏။

ဆိုလိုသည်မှာ သစ္စာဆိုပြီးသည်နှင့် သင်နှင့် ငါသည် တသီးတခြားစီမဟုတ်တော့ဘဲ တပေါင်းတစည်းတည်း၊ တစ်ခုတည်းဖြစ်သွားသည် ဟူသည့် သဘောပင်ဖြစ်ပေ။

ဗင်းနစ်မြို့တွင် ထိန်းသိမ်းထားသည့် ၁၂ ရာစု လက်ရေးမူတစ်ခုတွင် ဖော်ပြထားသည်မှာ နောင်လာမည့်နှစ်ပေါင်း (၁၀၀) အတွင်း ဤပညာ၏ လျှို့ဝှက်ချက်ကို သာမန်လူတို့၏ အမြင်မှ ကာကွယ်ရန် သုံးပါးတစ်ဆူဝါဒသည် ကျမ်းသစ္စာ ဖြစ်လာမည်ဟု ဆိုထား၏။

လျှို့ဝှက်ချက်၏ ဘောင်ခတ်မှုကို အင်္ဂလိပ်ကျမ်းပြုဆရာအများစုက လိုက်နာကြသော်လည်း အချို့သည် လျှို့ဝှက်ချက်ကို ဖော်ပြရာတွင် ပို၍ပွင့်လင်းမှုရှိကြောင်းကို တွေ့ရ၏။ ဤအချက်မှာလည်း ၎င်းတို့တစ်ဦးချင်းစီ၏ ပွင့်လင်းမှုပေါ်တွင်တည်လေ၏။ စာဖတ်သူတို့အား တွေဝေစေရန် အစွမ်းကုန် ကြိုးစားထားသည့် ကျမ်းပြုသူသည် ကျမ်းရေးသားမှုကို စိတ်မပါသူ သို့တည်းမဟုတ် ပညာကို ပိုင်ဆိုင်လိုစိတ်လွန်ကဲသူမျိုး ဖြစ်၏။ အချို့က ပညာရပ်ကို ရက်ရောစွာ ဖွင့်ဆိုပြကြလေ၏။ ထိုတွင်လည်း စေတနာဖြင့်ဖြစ်စေ၊ ဝါကြွားလို၍ဖြစ်စေ ဖော်ပြကြခြင်း ဖြစ်၏။ သို့သော်လည်း အထက်ပါနယ်ပယ်နှစ်ရပ်ကို တိတိကျကျ ခွဲခြားသတ်မှတ်ရန်မှာ မဖြစ်နိုင်ပေ။

ပမာအားဖြင့်ဆိုရပါမူ စာမျက်နှာတိုင်းတွင် စကားလုံးများကို ချန်လှပ်၍ ရေးသားသူတစ်ဦးသည် သူ၏တွန့်တိုမှုနှင့် လတ်တလောဝမ်းမြောက်မှု၏ဒဏ်ကို နောင်တစ်ချိန်တွင် နောင်တရပေလိမ့်မည်။ သူသည် စာဖတ်သူအား အင်္ဂလိပ်ပညာရပ်၏ အရေးကြီးသော စာပိုဒ်ကို ရှင်းပြခြင်းဖြင့် စာဖတ်သူအား ကျေနပ်နှစ်သိမ့်စေသင့်၏။ အပြန်အားဖြင့်မူ ပါးရည်နပ်ရည်ရှိသော စာရေးသူတစ်ဦးသည် စာသားများကြားတွင် သူ၏ ဖော်ပြချက်၏ အရေးပါသော စာကြောင်းများအတွင်း စာကြောင်းတစ်ကြောင်းခန့် ချန်ထားရုံဖြင့်ပင် လျှို့ဝှက်ချက်ကို ထိန်းသိမ်းရာရောက်စေပါသည်။

ထိုသို့ထိန်းပြီးရေးသားရာ၌ အသုံးပြုသည့် ဓာတ်ပစ္စည်းများကို ရှင်းလင်းစွာ ရေးသားထား၏။ ထို့အပြင် သူတို့သည် သီးသန့်ဆေးဝါးများ ချက်လုပ်ခြင်း သို့တည်းမဟုတ် သီးသန့်ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဖော်ပြကြ၏။ ဥပမာအားဖြင့် ဆာ့အယ်ကာလီ၊ ဆာ့အမိုးနီးယားတို့ဖြစ်၏။ သို့ရာတွင် ဤဓာတ်ပစ္စည်းကျမ်းများကလည်း အဓိပ္ပာယ်ပြန်ဆိုရန် မလွယ်ကူလှပေ။ အကြောင်းမှာမူ မူရင်းကျမ်းများတွင် တိရစ္ဆာန်ထွက်ပစ္စည်း၊ အပင်ထွက်ပစ္စည်းနှင့် ဓာတ်သတ္တုများ ဟူ၍ အမျိုးအစား များပြားလွန်စွာပင် ပါဝင်နေသောကြောင့် ဖြစ်၏။ ကျမ်းအများစု၏ ဖော်ပြထားပုံမှာလည်း ဝေဝါးနေသဖြင့် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေလေ၏။

ဂရိအင်္ဂလိပ်ပညာရပ်တွင် ဓာတ်ပစ္စည်းတစ်ခုကို အတိအကျ သိရှိ ဆုံးဖြတ်နည်း ပါရှိ၏။ ၎င်းလက်တင် အင်္ဂလိပ်တွင် သုံးစွဲထားသည့် စကားလုံးများမှာ အာရပ်အင်္ဂလိပ်ပညာမှ ယူထားခြင်းဖြစ်၏။ အထက်ပါ ဆာ့အမိုးနီးယားဆိုသည်မှာ သုံးစွဲနေကျ အမိုနီယမ်ကလိုရိုဒ် မဟုတ်ပေ။ ၎င်းကို ရရှိသည့်မူလမှာ အိုအေစစ်အော့အေမွန်ဖြစ်၏။ အာရပ်အဘိဓာန်တွင် အမိုနီယမ်ကလိုရိုဒ် ဟူသည့် ဝေါဟာရကို ဆာမိ (Salmiak) ဟူသော ဝေါဟာရမှ ဘာသာပြန်၍ယူထားခြင်း ဖြစ်၏။

အနောက်တိုင်းတွင်မူ ဆဒါ ဟူသော ဝေါဟာရမှာ ဆာ့အမိုနီယာတပ် ဟုရေးသားကြ၏။ ထိုဝေါဟာရမှတစ်ဆင့် အမိုနီယမ်ကလိုရိုဒ် (ဇဝက်သာ) ဖြစ်လာ၏။

ထို့အပြင် ပို၍ အရေးကြီးသော ပြဿနာတစ်ရပ်လည်းရှိသေး၏။ လုပ်နည်းတွင်ဖော်ပြထားသည့် ဓာတုဖြစ်စဉ်သည် ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်မဟုတ်ဘဲ နာမ်ပိုင်း၊ ဝိညာဉ်ပိုင်းဆိုင်ရာ ဖြစ်စဉ်မျိုးကို ဖော်ပြထားခြင်း ဖြစ်၏။ ထို့ကြောင့် နာမ်သဘောကို ရုပ်သဘောဖြင့်ကောက်ယူလျှင် လမ်းလွဲ၍ လိုရင်းရောက်တော့မည် မဟုတ်ပေ။

ထို့ကြောင့် လျှို့ဝှက်ချက်မှန်သမျှကို အလျင်အမြန်ဖော်ပြမည် ဟူသော ဝန်ခံကတိပေးသည့် ကျမ်းများသည် အင်္ဂလိပ်ပညာလောကတွင် ရှားပါးလှသည် မဟုတ်ပေ။ အရှင်းလင်းဆုံးနှင့် အရိုးသားဆုံး ဖော်ပြပေးမည် ဟူ၍ကား ဆိုကြ၏။

အာနေးဗလင်နိုဗာက သူ၏



www.burmeseclassic.com

www.burmeseclassic.com



ရိုဆာယမ်ဖီလိုဆိုဖာကျမ်း၌ ဤသို့ ရေးသားခဲ့၏။ ဤကျမ်း၏ အမည်မှာ ရိုဆာယမ် (ROSARIUM) ဖြစ်၏။ ဤဝေါဟာရကို ဒဿနိကကျမ်းတစ်ခုမှ ယူငင်ထားခြင်း ဖြစ်၏။ ထိုကျမ်းအား ကျမ်းပြုသူက ဖုံးကွယ်ခြင်း၊ အမှားအယွင်း၊ အလိမ်အညာမရှိ၊ အတိုချုံ့ခြင်းမရှိ၊ မိမိတို့၏ လုပ်ငန်းစဉ်ကို ပြီးပြည့်စုံစေရန် လိုအပ်ချက်မှန်သမျှကို ဤကျမ်းတွင် ဖော်ပြမည်ဟု ဖော်ပြထား၏။ သို့သော် အပြင်ပန်းအားဖြင့် ရိုးသားသည်ဟု ထင်ရသော်လည်း တကယ်တမ်းတွင်မူ ဤကျမ်းသည်လည်း စာဖတ်သူတို့အား တွေဝေစေသောကျမ်း ဖြစ်၏။

တကယ်တမ်းတွင်မူ အဂ္ဂိရတ်ပညာအတွက် လိုအပ်သည့် အချက်အလက်အားလုံးကို ပြည့်စုံစွာ ဖော်ပြထားသည့် အဂ္ဂိရတ်ကျမ်း ဟူ၍ မရှိပါ။ အများအားဖြင့် လုပ်နည်းကိုင်နည်းကိုသာ အသေးစိတ်ဖော်ပြပြီး အခြားအချက်များမှာမူ ဝိုးတိုးဝါးတားမျှသာ ဖြစ်၏။ မကြာခဏဆိုသလိုပင် စာပိုဒ်တစ်ပိုဒ်လုံးကို မြုပ်ထားချန်လှပ်ထားပြီး အချိန်ကာလမှတ်သားမှုနှင့်ပတ်သက်၍ ပြောင်းလဲသတ်မှတ်ချက်များလည်း ပေါ်များလှ၏။

အမှန်မှာမူ လုပ်ရတ်၏ နောက်ဆက်တွဲများသည် အတက်၊ အကျရှိနေပေသည်။ ထို့အပြင် အဂ္ဂိရတ်ပညာရှင်များကလည်း ပိုမိုရှုပ်ထွေးစေရန်အတွက် ဓာတ်ပစ္စည်းတစ်ခုတည်းကိုပင် အမည်အမျိုးမျိုးဖြင့် ဖော်ပြကြဟု ခေါ်ဆိုကြ၏။ သို့တည်းမဟုတ် အမည်နာမတစ်ခုတည်းကိုပင် ဓာတ်ပစ္စည်းအမျိုးမျိုးအတွက် အသုံးပြုတတ်ကြ၏။ ကျမ်းတစ်ကျမ်းမှာပင် ဤသို့သော အသုံးအနှုန်းမျိုးများစွာကို တွေ့ရ၏။

အဂ္ဂိရတ်ပညာရှင် အယ်ရီစီယပ်က သတိပေးခဲ့သည်မှာ -

ဤအတတ်ပညာနှင့် ပတ်သက်၍ သုတေသီများ သတိထားလော့။ အကြောင်းမှာမူ မနာလိုစိတ်ရှိသူများသည် အဂ္ဂိရတ်ဆိုင်ရာ ပဟေဠိပုဒ် စာတစ်ပုဒ်ကို အပိုင်းပိုင်းအစစဖြစ်အောင် ပြုလုပ်တတ်ကြ၏။ ဆိုလိုသည်မှာ ဒဿနိက၊ နက္ခတ္တ၊ မှော်ပညာတို့သည် ပြုတ်ရည်၊ ရေ၊ ရုပ်၊ စိတ်များ၊ ကျောက်များ၊ အဆီအနှစ်များကို သုံးစွဲခြင်းဖြင့် ဤကမ္ဘာမြေ၏ အဖိုးတန်ပစ္စည်းများကို ယုတ်လျော့ကုန်ခန်းစေ၏။ ၎င်းတို့သည် လက်တွေ့လုပ်ရပ်များစွာကို ပစ္စည်းကိရိယာများနှင့်တကွ ဖော်ပြပြီး စာဖတ်သူအား စိတ်ရှုပ်ထွေးတွေဝေစေ၏။

ဂျီဘီး၏တပည့်တစ်ယောက်က သူ၏ ဆမ်မားပါဖက်ရှင်းကျမ်း၏အဆုံး၌ စာဖတ်သူများအား သတိပေးထားသည်မှာ -

အဂ္ဂိရတ်ပညာ၌ သုတချည်းကိုသာ အားမကိုးရန် ဖြစ်၏။

ဂါဗာကလည်း ရေးသားခဲ့သည်မှာ -

"ကျွန်ုပ်သည် မနာလိုစိတ်ကိုမွေးမြူခဲ့ပါ။ ထို့ကြောင့် ကျမ်းပြုရာ၌ အပြန်လိုက်မရေးဘဲ အခန်းများခွဲ၍ ရေးသားခြင်း ဖြစ်၏။ ကျွန်ုပ် ဤသို့ပြုလုပ်ခဲ့ရသည့်အကြောင်းမှာ ကျွန်ုပ်သည် မည်သည့်နေရာတွင်မဆို ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းဖြင့် ထိုက်တန်သူရော မထိုက်တန်သူပါ မတွေဝေကြစေရန် ဖြစ်၏။ ကျွန်ုပ်သည် ပညာရပ်အကြောင်း အင်တိုက်အားတိုက်ပြောဆိုခြင်းထက် ပို၍ နားလည်အောင် ပြောဆိုထားပါသည်။

အရာခပ်သိမ်းကို သိမြင်တော်မူသော၊ စွမ်းဆောင်တော်မူသော ကောင်းမြတ်သော မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ထို အတတ်ပညာအား ကျွန်ုပ်၏စိတ်ထဲသို့ ထည့်ပေးဘိသကဲ့သို့ ကျွန်ုပ်က ထိုပညာကို စာဖြင့် ရေးသား၍ ဘုရားသခင်၏ ဂုဏ်တော်ဖြင့် ပြည့်ဝစေပါသည်။ ထို ဘုရားသခင်သည် ဉာဏ်အလင်းကို ပြည့်ဝစေပါသည်။ ပေးစွမ်းနိုင်၏။ ထိန်းချုပ်နိုင်၏။ မည်သူ့ကိုမဆို မည်သည့်နေရာမဆို အလိုဆန္ဒရှိတိုင်း စိတ်က ရှုံ ကို လှုံ့ဆော်ပေးနိုင်၏။ ထို့ကြောင့် စိတ် မပျက်ပါနှင့်။ အချို့သော နည်းများကို သဘောတရားမျှသာမဟုတ်ဘဲ သဘာ ဝလမ်းကြောင်းမှ သင်၏ကိုယ်ပိုင်သုတေ သနဖြင့်လက်တွေ့သိရှိရမည်။ တစ်ကိုယ် တည်း ရှာဖွေသူသည် ကိုယ်ပိုင်အသိ ဉာဏ်ဖြင့် တွေ့ရှိရလိမ့်မည်။ ကျမ်း အားကိုး၍ ရှာဖွေသူသည်ကား အ တန်ပညာရပ်ကို အချိန်နှောင်းမှ တွေ့ ရမည်ဖြစ်၏။

အဂ္ဂိရတ်ကျမ်းတစ်ခုတွင် ကျမ်း အချို့သော အစိတ်အပိုင်းများကို ပြ တောက်ထားသည့်အပြင် အမှန်တ ကို ဖုံးကွယ်ရန်အတွက် အခြားနည်းလ များကိုလည်း ကျင့်သုံးတတ်ကြသေး အရှုပ်ထွေးဆုံးနှင့် အဖြစ်အနည်းဆုံး ရပ်မှာ Cryptography ဖြစ်၏။ ၎င်း စကားလုံးတစ်လုံးကိုဖြစ်စေ၊ ဝါကျ ခုလုံးကိုဖြစ်စေ စာဝှက်ဖြင့် ရေးသာ ဖြစ်၏။ တစ်ခါတစ်ရံ ကိန်းဂဏန်း နှင့် အက္ခရာများ ရောပြွမ်း၍ ပ



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ထားသည်လည်း ရှိ၏။ ဥပမာ နာမည်ကို ပြောင်းပြန်ရေးသားဖော်ပြခြင်း၊ ထိုအမည်ထဲတွင် အက္ခရာစာလုံးအပိုကို ထည့်သွင်းထားခြင်း၊ လွန်ကဲစွာအတိုချုံးထားခြင်း။ ပမာအားဖြင့် Aroma philosopherum အစား Aroph ဟု ရေးသားထားခြင်းမျိုး ဖြစ်၏။ အချို့သောကျမ်းပြု ပညာရှင်များက အဓိက အရေးကြီးသည့် စကားလုံးများကို အဓိပ္ပာယ်မဲ့စကားလုံးများဖြင့် ပြောင်းလဲ အစားထိုးတတ်ကြသည်လည်းရှိ၏။ ထိုသူများသည်လည်း ပညာရှင်များကို များစွာမနာလိုဖြစ်တတ်ကြ၏။

ရောဂျာဘေကွန်၏ ကျမ်းတွင် ပါရှိသည်မှာ အချို့သောကျမ်းများတွင် ပါရှိသောစာပိုဒ်၏ခိုင်မာမှုကို ပညာရှင်တို့က မေးခွန်းထုတ်ကြ၏။ ဥပမာ ယမ်းမှုန့်တွင် ယမ်းစိမ်း၊ မီးသွေး၊ ကန့်တို့ ပါဝင်၏။ အဆိုပါစာပိုဒ်တွင် ဤသို့ဆို၏။

Sedtamen Salis Petroe Lu Ru Vapo Uircan Utriet Sulphuris; etsic facies trniturmet coruse atuonem Si Scias artficium ဟု ရေးထား၏။ ဤစာပိုဒ်ကို ဖတ်ကြည့်လျှင် ရှုပ်ထွေးနေသည်ကို တွေ့ရှိရမည် ဖြစ်၏။ အဆိုပါစာပိုဒ်သည် အမှန်တကယ်တွင်မူ လျှို့ဝှက်စကားလုံးများဖြင့် ရေးသားထားခြင်း ဖြစ်၏။ ၎င်းမှာ ဆေးနည်း၏ ပါဝင်သော အစိတ်အပိုင်း (၇) ခု ဖြစ်၏။ အထက်တွင်ဖေါ်ပြခဲ့သော အန်နာဂရမ်ဆိုသည့်စကားလုံးမှာ အဓိပ္ပာယ်မဲ့စကားလုံးဖြစ်၏။ ထိုစာပိုဒ်တွင် ဖော်ပြထားသည့် အဓိပ္ပာယ်အချို့မှာ Sultpetru (၇) ဆ၊ ဟေဇယ်ပင်ပျို၏ အသား (၅) ဆ၊ ကန့် (၅) ဆ ဟူ၍ ဖြစ်၏။ ဤနည်းဖြင့် အဂ္ဂိရတ်ကျမ်းတို့၏ လုပ်နည်းလုပ်ဟန်သဘောသဘာဝကို သိလျှင် မိုးကြိုးလည်းထစ်စေ၏။ လျှပ်စီးကိုလည်းလက်စေနိုင်၏။

ဖူကာန်နေးက သဒ္ဒကာဗလာနှင့် ပတ်သက်၍ ရှင်းလင်းချက်များစွာပေးထား၏။ ၎င်း၏အဆိုအရ ပြောရလျှင် စကားလုံးတစ်လုံး၏အဓိပ္ပာယ်ကို သိရှိရန်အတွက် ထိုစကား၏ စာလုံးပေါင်းထက် အသံထွက်ရသည့် အသံကို စစ်ဆေးရန် ပို၍ လိုအပ်၏။ ဆိုလိုသည်မှာ စာရှုသူအား မှားယွင်းကောက်ယူစေရန် ရည်ရွယ်ထားခြင်း ဖြစ်၏။ သဒ္ဒကာဗလာက ရှင်းပြသည်မှာ ဥပမာ အဂ္ဂိရတ်ပညာရပ်ဆိုင်ရာနယ်ပယ်သို့ ရောက်သောအခါ ခရစ္စတိုဖာကို ရည်ညွှန်းကြ၏။ ၎င်းမှာ ရေပြည့်နေသော မြစ်ကို ဖြတ်သန်း၍ ခရစ်တော် ကလေးငယ်ဘဝကသယ်ဆောင်ခဲ့သော လူသန်ကြီးဖြစ်၏။

ထို့ကြောင့် ခရစ္စတိုဖာသည် ဂရိဝေါဟာရဗေဒအရ ခရစ်တော်ကို သယ်ဆောင်သူဟု အဓိပ္ပာယ်ရိုးရိုးပင်ထွက်၏။ သို့သော် အဂ္ဂိရတ်ပညာရပ်ဆိုင်ရာနယ်ပယ်သို့ ရောက်သောအခါ ခရစ္စတိုဖာသည် အဓိပ္ပာယ်ညီမျှခြင်းအဖြစ်ရွှေကိုသယ်ဆောင်သူဟူသော သဘောကို ဖော်ဆောင်ခြင်း ဖြစ်လာ၏။

ဖူကာန်နေးသည် ၁၈ ရာစုတွင် ကျမ်းငယ်တစ်ခုကို ရေးသားခဲ့၏။ သူက ဤနည်းဖြင့် ကျွန်ုပ်တို့သည် အဂ္ဂိရတ်ကျမ်းများကိုရေးသားရာတွင် လူသစ်များနားလည်အောင် ရေးသားမည်ဟု ဆိုခဲ့ပါသည်။

၁၃ ရာစုနှစ်က ကျမ်းများတွင် အဂ္ဂိရတ် ဟူသည့်ဝေါဟာရကိုပင် AL-KIMINE ဟု သုံး၏။ ထိုမှတစ်ဆင့် AL-KEMIE ဖြစ်လာ၏။ ထိုမှ ALKMIE ဟု အဆင့်ဆင့်ပြောင်းလဲလာခဲ့၏။ ၎င်း၏ အဓိပ္ပာယ်မှာ ရှေးဦးရုပ်ဝတ္ထုများတွင် ပါရှိသည့် အနှစ်သာရများ၊ အသစ်စက်စက်အတွေးအခေါ်များဟု ဆိုလိုခြင်း ဖြစ်၏။

သူ၏ကျမ်းတွင် ကညာစင်၏ နို့ရည်ကို ရယူရန် လျှို့ဝှက်နည်းကို ဖော်ပြထား၏။ ဤကိစ္စအတွက် အဆင်ပြေကောင်းသည့် အဂ္ဂိရတ်ပညာရှင်ဟူ၍ မရှိသလောက်ပင် ဖြစ်၏။

ဖူကာန်နေး၏ကျမ်းကို ဤမျှကျော်ကြားစေသောအချက်မှာ 'သဒ္ဒကာဗလာ' ခေါ် အသံဆိုင်ရာ ကာဗလာပညာကြောင့် ဖြစ်၏။ တစ်ခါတစ်ရံ ဖူကာန်နေး၏ ကောက်ချက်များသည် ဘာသာဗေဒဆိုင်ရာ တိကျမှုမပါရှိသော်လည်း သူကသူကိုယ်ပိုင်သဘောတရားနှင့် ကိုက်ညီသည့်မှုကို ဇွတ်အတင်းရွေးချယ်အသုံးပြုခဲ့၏။ စာရှုသူသည် အချက်တစ်ခုကိုကား သတိပြုရမည် ဖြစ်၏။ ၎င်းမှာ ကျမ်းဆရာ ဖူကာန်နေးသည် ဘာသာဗေဒဝေါဟာရထက် သဒ္ဒကာဗလာကို ဦးစားပေးကြောင်း သတိပြုရမည်ဖြစ်၏။

ဖူကာန်နေး၏ကျမ်းတွင် အခန်းကြီးတစ်ခန်းလုံးကို ပဟေဠိများ၊ စကားလုံးများဖြင့် တည်ဆောက်ထားသော ဘာသာစကားတစ်ရပ်ကို ရည်ညွှန်းထားပေ၏။ ထိုဘာသာစကားကို သူက အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြန်လည်မွေးဖွားလာသည့် ဘာသာစကားတစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ထိုဘာသာစကားသည် ကာယကံရှင်များကသာ အသုံးပြုကြပြီး အခြားသူများအား ရှုပ်ထွေးစေသော ဘာသာစကားလည်းဖြစ်၏။

ဤနေရာတွင် ဖူကာန်နေးသည် ဂရိဒဏ္ဍာရီမှ ကျော်ကြားသော ဖြစ်ရပ်တစ်ခုကို ရည်ညွှန်း ကိုးကားထား၏။ ဒဏ္ဍာရီက ဤသို့ ဆို၏။

တီးရီးဆာသည် အေသီနာ နတ်သမီး ရေချိုးနေသည်ကို ကြည့်မိသောကြောင့် ပြစ်ဒဏ်အံနေဖြင့် နတ်သမီးက သူ့မျက်လုံးများကိုကွယ်စေ၏။ ပြစ်ဒဏ်ကို သက်သာစေရန်အတွက် နတ်သမီးက ထိုသူအား Ubird's Language ခေါ် ဘာသာစကားတစ်မျိုးကို နားလည်စေနိုင်သည့်ဉာဏ်ရည်ကို ပေးစေ၏။

တစ်နည်းဆိုရလျှင်မူ အနာဂတ်ကို ကြိုတင်ဟောပြောခြင်းဖြစ်၍ ထိုဘာသာစကား၏ အကြောင်းရပ်များကို မှတ်စလင်နှင့် ခရစ်ယာန်ထုံးထမ်းတွင်လည်း ပါရှိလေသည်။ ဥပမာ သူတော်စင်ကြီး စိန့်ဖရန်စစ်၏ ဇာတ်လမ်းတွင် ငှက်များအား တရားဟောခြင်း ဟူသည်ပင်ဖြစ်၏။ သဒ္ဒ၏သဘောပင် ဖြစ်၏။ အဆင့်မြင့်သောနားလည်သဘောပေါက်မှုကိုရရှိရန် အဆင့်မြင့်သောဘာသာစကားကို တတ်ကျွမ်းရန်ပင် ဖြစ်၏။ ကောင်းကင်ဘုံတွင်သုံးစွဲသောဘာသာစကားကို နားလည်ရန်ပင် ဖြစ်၏။ ထိုဘာသာစကားကို နားလည်သူသည် သဘာဝ၏ လျှို့ဝှက်မှု ထူးခြားမှုများကိုလည်း သိရှိနားလည်စေ၏။

ထို့အပြင် ဖူကာန်နေးသည် ရှုပ်ထွေးသော အဂ္ဂိရတ်ဇာတ်လမ်းတစ်ပုဒ်ကို ဖော်ပြခဲ့၏။ ထိုဇာတ်လမ်းမှာ ဘောဂျက်တိုလယ်လီမန်နန်းတော်မှ ဘုရားကျောင်းငယ်၏ နံရံတွင် ထုထွင်းထားသောဇာတ်လမ်းလည်း ဖြစ်၏။ ၁၆ ရာစုခေတ်ကဇာတ်လမ်း ဖြစ်၏။ ၎င်းကို ရာရီးရာ (RERE RER) ဟု သုံးခါရေးသွား၏။ ဖူကာန်နေး၏ အဆိုအရ လျှို့ဝှက်ချက်နေရာ၌ တစ်မျိုးတည်းကို သုံးခါလုပ်ရန် ညွှန်ကြားခြင်း ဖြစ်၏။ ထိုသို့လုပ်ရမည်ဆိုသည့်အလုပ်မှာလည်း ကန့်ကို ပြာချခြင်းကို (၃) ကြိမ်တိုင်လုပ်ရမည်ဟုဆိုခြင်း ဖြစ်၏။ ထို့နောက် ထူးဆန်းသောစကားကို ဤသို့ ရှင်းပြ၏။ RE RE (ရိရီ) သည် ဓာတ်နှစ်ခုပေါင်းထားသောအရာ ဖြစ်၏။ RE RE သည် (REBIS) ဖြစ်၏။ အဂ္ဂိရတ်ပညာတွင်



www.burmeseclassic.com

www.burmeseclassic.com

၎င်းသည် အဖိုဓာတ် ဖြစ်၏။ ခွဲခြား၍ မရသော ဆန့်ကျင်ဘက်သဘာဝနှစ်ခု ပေါင်းစပ်ထားခြင်း ဖြစ်၏။ ၎င်းကို ကျား၊ မ သဘာဝနှစ်မျိုးစလုံးပါရှိသော မကောင်းဆိုးဝါးဟု ပြန်ဆိုရမည်ဖြစ်၏။ RER တွင် R သည် RE ၏ ထက်ဝက် ဖြစ်၏။ ထို့ကြောင့် RER = one substance (တစ်ခု) + ½ substance (တစ်ဝက်) same or different အတူတူ သို့မဟုတ် မျိုးကွဲတစ်ခုခု ဖြစ်၏။

၎င်း၏ကျမ်းသည် ကျွန်ုပ်တို့အား ဤသို့ပညာပေး၏။ အင်္ဂါရတ်ပညာရှင်များသည် ၎င်းတို့၏ဉာဏ်ပညာကို ကျမ်းတစ်ခုတည်းတွင်သာ ထည့်သွင်းဖော်ပြသည် မဟုတ်ပေ။ တစ်ခါတစ်ရံတွင် သူတို့၏ဖော်ပြလိုရင်း အတွေးအခေါ် ဉာဏ်ပညာကို ကျောက်စိုင်ကျောက်သားများဖြင့် ထွင်းထုထားသော အရုပ်များဖြင့်လည်း ဖော်ပြတတ်ကြ၏။

ကျွန်ုပ်တို့၏ ဤပညာရပ်တွင် စာပေရေးသားမှုသာရှိသည်မဟုတ်။ သရုပ်ဖော်ထွင်းထုခြင်း ရှိ၏။ ထိုလုပ်ရပ်နှစ်မျိုးစလုံးသည် လူပိန်းများအတွက် တန်းတူစွမ်းအားရှိ၏။ DELIMPHESE ကျမ်း၌ ဤသို့တွေ့ရ၏။

ထိုနည်းလည်းကောင်းပင် ဓာတုဒဿနပညာရှင်များကလည်း လင်းယုန်ငှက်များ၊ နဂါးများ၊ မျက်ရည်များ၊ ကညာစင်နို့ရည်များ၊ လ၊ နေ၊ လက်ထပ်ခြင်း၊ တောင်တန်းများ၊ ပြန်လည်ရှင်သန်ခြင်း၊ ဝိညာဉ်များ၊ နာမ်နှင့် အခြားသော အရာများစွာကို အသုံးပြုထားခြင်း စသည့်နည်းလမ်းများဖြင့် မြင့်မြတ်သော ဤပညာရပ်ကို လူပိန်းများသိအောင် ပြုလုပ်ပေးရ၏။ ထိုအခါ အချို့သော လူပိန်းတို့က ရှုတ်ချကြပြီး အဆိုပါ ဒဿနများကို ရူးခြင်းတစ်မျိုးဟု သတ်မှတ်ကြ၏။ အသိပညာအားနည်းသူ လူအများစုကမူ ကောင်းမြတ်မှုနှင့် တရားမျှတမှုတို့ကို မည်သို့မည်ပုံဖြည့်စွမ်းရမည်ဟူသော နည်းလမ်းအား မသိရှိကြပေ။

**နမူနာများစွာကို တိရစ္ဆာန်လောကမှ ရယူခြင်း**

အင်္ဂါရတ်လောကတွင် တကယ့်တိရစ္ဆာန်များသာမက ဒဏ္ဍာရီထဲမှ တိရစ္ဆာန်များပင် ပါ၏။ ဒဏ္ဍာရီထဲမှ တိရစ္ဆာန်များမှာ ဖီးနစ်ငှက်၊ ယူနီကောင်း၊ နဂါးများ၊ မြင်းပျံများ စသည်တို့ပင် ဖြစ်၏။ ဤနမူနာအားလုံးတွင် တိကျသော အဓိပ္ပာယ်ရှိ၏။ အင်္ဂါရတ်လောက တိရစ္ဆာန်နိမိတ်ပုံတွင် အမျိုးတူပြီး လိင်ကွဲပြားလျှင် ပြဒါးနှင့် ကန့်ကို ဆိုလိုခြင်း ဖြစ်၏။

ကုန်းသတ္တဝါနှင့် အတောင်ပံပါသောသတ္တဝါဆိုလျှင် ပုံသေစွဲမြဲသော ဓာတ်နှင့် အငွေ့ပြန်ဓာတ်ကို ဆိုလို၏။ လိင်မတူသည့် တိရစ္ဆာန်နှစ်ကောင်ဖြစ်လျှင်တွဲဖက်မှုသည် လျှို့ဝှက်သောပေါင်းဖက်မှုကို ပြဆို၏။ ဓာတ်သေကို အငွေ့ပြန်က အနိုင်ရခြင်း၊ အငွေ့ပြန်ကို ဓာတ်သေက အနိုင်ရခြင်း ဖြစ်၏။

အတောင်ပံ ပါသော သတ္တဝါ အထူးသဖြင့် လင်းယုန်ငှက်ဖြစ်လျှင် အငွေ့ပြန်မှုကို ဖော်ပြခြင်းဖြစ်၏။ တောကြီးကန်းဖြစ်လျှင် ဓာတ်သည် မည်းကျသွားမည်။ အကယ်၍ ငန်း သို့မဟုတ် ချိုးငှက်ဖြစ်လျှင် ဓာတ်သည် ဖြူသွားမည် ဖြစ်၏။ ခြင်္သေ့ဖြစ်လျှင် ထိုဓာတ်သည် ကန့် ဖြစ်၏။ ဝံပုလွေ ဖြစ်လျှင် ခနောက်စိမ်း ဖြစ်၏။ အကယ်၍ ကိုယ့်အမြီးကိုကိုယ်ပြန်မျိုသည့် မြွေဖြစ်လျှင် ဓာတ်တို့၏ စုစည်းခြင်းကိုပြ၏။ ဖီးနစ်ငှက်ကိုမြင်လျှင် ဓာတ်သည် အနီရောင် ဖြစ်မည်။

တစ်ခါတစ်ရံ သင်္ကေတတွင် အဓိပ္ပာယ်နှစ်မျိုးထွက်နေ၏။ ငှက်ကြီးဝန်ပို ကဲ့သို့ဖြစ်၏။ တစ်မျိုးမှာ နှစ်လိုဖွယ်ကောင်း၏။ ကျက်သရေရှိ၏။ သားသမီးများကို စောင့်ရှောက်၏။ အင်္ဂါရတ်ပညာတွင် ငှက်ကြီးဝန်ပိုသည် ပြဒါးရှင်လုံးကို ကိုယ်စားပြု၏။ ၎င်းသည် ဆေးဖက်ဝင်ခြင်း ဖြစ်၏။ တစ်ခါတစ်ရံတွင် ငှက်ကြီးဝန်ပိုသည် ခရစ်တော်ကို ကိုယ်စားပြု၏။

**နက္ခတ်နှင့်အင်္ဂါရတ်**

နက္ခတ္တဗေဒသည် အင်္ဂါရတ်သင်္ကေတဝါဒတွင် အခြေခံဖြစ်၏။ ရှေးခေတ်ကတည်းကပင် ဂြိုဟ်များ၊ ကောင်းကင်ဘုံနှင့် သတ္တုများ၏ တူညီပုံကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်၏။ သို့သော် မည်သို့မည်ပုံ တူညီပုံကိုကား မသိရပေ၊ ၎င်းတို့သည် အင်္ဂါရတ်အစဉ်အလာ၏ အစိတ်အပိုင်းများ ဖြစ်လာကြ၏။ 'နေ' သည် အပိုအလိုဖြစ်၏၊ ရွှေ ဖြစ်၏။ 'လ' သည် ဒိုင်ယာနာ ဖြစ်၏၊ ဘော် ဖြစ်၏။ ဗုဒ္ဓဟူးသည် ဟာမီးဖြစ်၏၊ ပြဒါး ဖြစ်၏။ သောကြာသည် ကြေးနီ ဖြစ်၏။ အင်္ဂါသည် သံ ဖြစ်၏။ ကြာသပတေးသည် ဘင် ဖြစ်၏။ စနေ သည် နာ စသည်တို့ အသီးသီး ဖြစ်၏။

သန့်စင်မှုအဆင့်ကိုလိုက်၍ သတ်မှတ်၏။ သတ္တုမိသားစုတွင် နေနှင့် လ၊ နေသည် ရွှေဖြစ်၍ လသည် ဘော် ဖြစ်၏။ ၎င်းကို သတ္တုမိသားစုတွင် ဘုရင်နှင့် မိဖုရားဟု တင်စား ခေါ်ဝေါ်ကြ၏။ အောက်ဆုံးတွင် ရှိနေသော နာသည် အဆင့်မရှိသေးသောရွှေ ဖြစ်၏။ ရုပ်ဓာတ်ဖြစ်၏၊ (ဝါ) အဆင့်နိမ့်သော ရုပ်ဓာတ် ဖြစ်၏။ ရံခါ အနုစားသတ္တုဟုလည်း ခေါ်၏။ အင်္ဂါရတ်လုပ်ငန်း၏မျက်နှာစာ (၁၂) ခုနှင့် ဇာတာခွင်၏ ရာသီ (၁၂) ပါးသည် အံဝင်ခွင်ကျဖြစ်၏။ မျက်နှာစာတစ်ခုချင်း ပြုလုပ်ရမည့် ကာလကိုလည်း ပြဆိုထား၏။ ဘုန်းတော်ကြီး ပါနတိက ဤသို့ သတိပေးစကားပြောခဲ့၏။

ဆက်နွယ်မှုရှိသော်လည်း ရာသီခွင် (၁၂) ခုသည် ဂြိုဟ်များနှင့် အတိအကျတူညီသည် မဟုတ်ပေ။ ရာသီစက်၏ သင်္ကေတမှာ လုပ်ငန်း၏သတ်မှတ်အဆင့်ကို ဖော်ပြ၏။ အင်္ဂါရတ်ပညာရှင်သည် သူ၏ ကြိုးစားမှုဖြင့် ဆက်လက်လုပ်ကိုင်၏။ ဤအချိန်သည် သူ့လုပ်ငန်း၏ နောက်ဆုံးအချိန်ဖြစ်ပြီး လုပ်ငန်း၏ အသီးအပွင့်များကိုလည်း သူစုဆောင်းရိတ်သိမ်းရမည် ဖြစ်၏။

နက္ခတ္တဗေဒနှင့်မဆိုင်သောကိစ္စတွင် ၎င်းတို့က အင်္ဂါရတ်ကျမ်းကို ညွှန်းကြ၏။ အချို့က အခြားကိစ္စများထက်ပို၍ ဖြစ်ပေါ်ကြ၏။ ကြိုတင်ညွှန်ကြားသည့်အတိုင်း ၎င်းတို့သည် အလှဆင်မှု သက်သက်သာဖြစ်နေ၏။

ရေးသားထားသော စကားလုံးများကို တွဲဖက်၍ တန်ဆာဆင်ခြင်းသာ ဖြစ်၏။ မကြာခဏပင် ၎င်းတို့သည် ဤ လျှို့ဝှက်ချက်ကို ကြီးမားနက်ရှိုင်းစေ၏။ MUTU LIBERကျမ်း၌ သရုပ်ဖော်ပုံများသာ ပါရှိ၏။ ၎င်းကျမ်း၌ ပုံပေါင်း (၁၅) ပုံပါရှိ၏။ ပုံတစ်ပုံတွင် မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ လုပ်ငန်းကြီးတစ်ရပ် ပြီးမြောက်အောင် ကြိုးပမ်းကြပုံကို ဖော်ပြထား၏။ ထို့ကြောင့် ဤကျမ်းသည် အမြင်အားဖြင့် ရိုးစင်းသော်လည်း တကယ့်လက်တွေ့အခြေအနေတွင်မူ အလွန်ပြင်းထန်သည့် ဦးနှောက်ခြောက်စရာလည်း ဖြစ်၏။ ထို့အပြင် အဓိပ္ပာယ်ဖော်သူအတွက်ကား အကြီးအကျယ် ခေါင်းခဲစရာဖြစ်နေ၏။ အဆိုပါ သရုပ်ဖော်ပုံ (၁၅) ခုသည် ၎င်းတို့ လုပ်ငန်းစဉ်၏ လျှို့ဝှက်မှုအားလုံးကို ဖော်ပြထား၏။

လက်တင် အင်္ဂါရတ်ပညာရှင် သတ္တုတို့၏ ဓာတ်ပေါင်းခြင်းနှင့် ဓာတ်ပြု



www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့ကို ပြောင်းလဲမှုလက္ခဏာများဖြင့် ကိုယ်စားပြုဖော်ပြကြ၏။ ၎င်းတို့၏ မူလနှင့်ပတ်သက်၍ တျွန်ုပ်တို့ဘာမှမသိရပေ။ အလယ်ခေတ်တွင် ထိုကိစ္စနှင့် ပတ်သက်၍ အများစုကို မည်သို့မျှ မသိကြရပေ။ (၁၅) ရာစုနှောင်းပိုင်းသို့ ရောက်သောအခါတွင်မှ ပေါ်ထွက်လာခြင်းဖြစ်၏။ ထိုအချိန်မှစ၍ ၎င်းတို့သည် ပိုမိုရှုပ်ထွေးလာပြီး ပိုမိုများပြားလာခဲ့၏။ အသိပညာဖွံ့ဖြိုးပြီး စာပေထွန်းကားသောကာလ၌ ဒီတာရေ့နှင့် ဒီအယ်လမ်ဘတ်တို့လည်းဖြတ်၍ ၁၈ ရာစုအလယ်တွင် ပြီးစီးခဲ့သော စွယ်စုံကျမ်းတို့သည် အမျိုးအစား (၅၀၀) ခန့်ရှိ၏။

နောက်ဆုံးတွင် အဂ္ဂိရတ်ပညာရှင်များသည် သင်္ကေတများ၊ ကတ်တလောက်များဖြင့် ကစားခြင်းကို ရပ်တန့်လိုက်၏။ ထို့နောက်တွင် ရိုးစင်းသော ပုံစံ၊ တွဲတိုးနည်းများကို ကျင့်သုံးလာကြပြန်၏။ သို့ရာတွင် ပညာရပ်ဆိုင်ရာ စမ်းသပ်မှုအတွက် သူတို့အသုံးပြုသောဓာတ်ပစ္စည်းများမှာ ယခင်ကအတိုင်း မဟုတ်တော့ပေ။ ထိုနည်းဖြင့် သူတို့သည် အခရော့စတစ်များကို ဖန်တီးပြီး ကျေနပ်နေကြ၏။ အဆိုပါ အခရော့စတစ် ဆိုသည်မှာ အမည်တစ်ခု သို့မဟုတ် စာတမ်းဆောင်ပုဒ်တစ်ခု၏ ဝေါဟာရတစ်ခုချင်းစီမှ ထိပ်စီးစာလုံးများကိုစီတန်း၍ ယူငင်ထားသော ဝေါဟာရတစ်ခု ဖြစ်၏။

အတွင်းကမ္ဘာကိုကြည့်ပါ။ သန့်စင်လျှင် ဖုံးကွယ်ထားသောဓာတ်လုံးကို မြင်ရမည်။ အဆိုပါ ထိပ်စည်းစာလုံးများသည် အဂ္ဂိရတ်ပညာတွင် ဓာတ်ကို အရည်ပျော်စေနိုင်သောဓာတ်များ ဖြစ်၏။ ၁၈ ရာစုလက်ရေးစာမူတွင် အခရော့စတစ်များကို ပို၍များများတွေ့ရ၏။ ထိုသို့ ပုံစံသစ်တီထွင်ခြင်းသည် ဆော့စတက်ကျမ်းအရဖြစ်ပြီး ထိုကျမ်းကို ဘားနတ်ကိုကွန်ဒါက ၁၆၈၉ ခုနှစ် ထုတ်ဝေခဲ့၏။ ၎င်းကျမ်းတွင် အခရော့စတစ် (၁၂) မျိုး ပါဝင်ပြီး တစ်မျိုးစီအတွက် ထင်ရှား၏။ သရုပ်ဖော်ချက်များ ယှဉ်တွဲပါရှိ၏။ ဥပမာ ALCHIMIA ဟူသော ဝေါဟာရသည် စာလုံးတစ်လုံးချင်းအနေဖြင့် A= Ars, L= Labsiosa C= Convertens, H= Humiditate I= Ignea, M = Mettalla, I= In ဟူ၍ ဖြစ်၏။ ထိုထိပ်စည်းစာလုံးများကို စုလိုက်ပါက ALCHIMI ဟူသော အဂ္ဂိရတ်ဝေါဟာရသည် ပေါ်လာ၏။ ၎င်းကို တီထွင်သူမှာ ဘားနတ်ကိုကွန်ဒါဖြစ်၏။ ၎င်း



၏ အဓိပ္ပာယ်မှာ ပြဒါးကို အပူ၊ အအေး ပြောင်းလဲခြင်းဖြင့် အဆင့်မြင့်သတ္တုအဖြစ်သို့ ပြောင်းလဲပေးသော ခက်ခဲသည့် ပညာရပ် ဖြစ်၏။ ဥပမာ MERCURIUS သည် (Medicinam Ego Rubeam Creo Universalem Reglamque in Utero Solis ဖြစ်၏။ အဓိပ္ပာယ်မှာ 'နေမင်း၏ သားအိမ်ထဲတွင် ကျွန်ုပ်သည် နီမြန်း၍ အာနိသင်ထက်သော တစ်လောကလုံးဆိုင်ရာ ဆေးဝါးကို ဖန်တီးခဲ့ပြီးပြီ' ဟူ၍ ဖြစ်၏။ ဤကား မာကျူရီခေါ် ပြဒါး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်၏။ အခရော့စတစ်များသည် ကွန်ဒါတီထွင်ခဲ့သည့်အတိုင်းရှိနေပြီး ဓလေ့ထုံးတမ်းကို မည်သို့မျှ အကျိုးမပြုပေ။

ခရစ်ယာန်အဂ္ဂိရတ်ပညာရှင်များသည် ကျမ်းဂန်ကို ဦးစားပေးခဲ့ကြပြီး ထိုကျမ်းဂန်များတွင် ထိုလုပ်ငန်းနှင့် လိုက်လျောသည့် ကြီးကျယ်သော အချက်ကို ရှာဖွေကြ၏။ ကမ္ဘာဦးကျမ်းတွင် ပါရှိသည့် ဖန်ဆင်းမှုတွင် ပါရှိသော အချက်များသည် အဂ္ဂိရတ်ပညာအတွက် မှန်းဆချက်များဖြစ်ပြီး အာဒမ်သည်လည်း အဓိကပုဂ္ဂိုလ်ဖြစ်လာ၏။ အဂ္ဂိရတ်ပညာရှင်က .အညံ့စားသတ္တုများကို ရွှေဖြစ်အောင် ဖန်ဆင်းခြင်းနှင့် ဘုရားသခင်က မြေမှုန့်လက်တစ်ဆုပ်ကို အာဒမ် ဖြစ်အောင် ဖန်ဆင်းခြင်းတို့အား စင်ပြိုင်အတွေးအခေါ် ဖြစ်စေလေ၏။

အဲလီယပ်သည် မြင်းရထားဖြင့် ကောင်းကင်ဘုံသို့ သွားရောက်သည့် ဇာတ်လမ်းတွင် အဂ္ဂိရတ်ပညာရှင်ကို ရှာဖွေခဲ့၏။ သူတို့ရှာဖွေသူသည်လည်း နောက်ဆုံးတွင် ပျောက်ကွယ်သွားရမည်ဟု မျှော်လင့် ယုံကြည်ထားကြ၏။ ထို့ကြောင့်ပင် တမန်တော်အား မကြာခဏ အဂ္ဂိရတ်ပညာရှင်အဖြစ် ဖော်ပြကြ၏။ ခရစ်ယာန်အဂ္ဂိရတ်ကျမ်းများတွင် အဲလီယပ်ကို အဲလီယာအာတစ်စတာဟု ဖော်ပြကြ၏။ ထိုပုဂ္ဂိုလ်သည် အဂ္ဂိရတ်ပညာရှင်များကို ကာကွယ်စောင့်ရှောက်သူဟု ယူဆယုံကြည်ထားကြ၏။

လက်တင် အဂ္ဂိရတ်ခေတ်တွင် နှိုင်းယှဉ်မှုတစ်ရပ် ပေါ်လာ၏။ ၎င်းမှာ 'ကညာစင် မေရီမှ ဖွားမြင်သော ခရစ်တော်နှင့် အဂ္ဂိရတ်ပညာရှင်မှ မွေးဖွားလိုက်သော ပြဒါးရှင်လုံးသည် သဘောချင်း တူ၏' ဟု ဆိုကြ၏။

ဟာမစ်တစ်ရိုးရာဓလေ့ထုံးထမ်းအရ နောက်ထပ်စင်ပြိုင်နှိုင်းယှဉ်မှုတစ်ရပ်ကို ခရစ်ယာန်ဂမ္ဘီရတွင် တွေ့ရှိရ၏။ ဤအချက်ကို ၁၆၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော မိုက်ကယ်မေယာ၏ 'ရွှေသင်္ကေတ' ဟု အမည်ရှိသော ကျမ်းတွင် ပါရှိ၏။ ၎င်းကျမ်းတွင် အဂ္ဂိရတ်ပညာသည် လူထု၏ ကြီးကျယ်သော အခမ်းအနားဟု ဖော်ပြထား၏။ တစ်ဆက်တည်း ဖော်ပြထားသည်မှာ -

ဘုန်းတော်ကြီးသည် ဘုရားကျောင်း၏ ဘုရားခန်းရှေ့တွင် ဝတ်ပြုဆုတောင်းခြင်း၊ ရွတ်ဆိုဖတ်ရှုခြင်းတို့ဖြင့် သာမန်ဆေးပစ္စည်းကို လောကကြီးတစ်ခုလုံးအတွက် သက်ရှည်ကျန်းမာစေသည့် မဟာသြသဓဆေးတော်ကြီးအဖြစ်သို့ ရောက်ရှိစေခဲ့သည်မှာ ဘုရားသခင်၏ ဂုဏ်ရည်ကြောင့် ဖြစ်ပေ၏။ အဂ္ဂိရတ်ပညာရှင်မှာမူ ပြဒါးကို နည်းမျိုးစုံဖြင့် ကိုယ်တိုင်တီထွင်စမ်းသပ်၍ အပူ၊ အအေးပြောင်းလဲမှုကို ဖန်တီးခြင်းဖြင့် ပြဒါးရှင်လုံးကို ရရှိခဲ့၏။ ထိုပြဒါးရှင်လုံးသည် ကျန်းမာသက်ရှည်ရန်မျှမက ဆန္ဒရှိသမျှကို ပြည့်ဝစေနိုင်၏။ ထို့ကြောင့် ဤဖြစ်ရပ်နှစ်ခုသည် ဆင်တူသည် သို့မဟုတ် တူညီသည်ဟု သဘောထားကြ၏။ ထိုနည်းတူပင် သူတို့သည် ဂရိဒဏ္ဍာရီမှာ ထုတ်နုတ်ယူခဲ့ကြ၏။

ဂရိဒဏ္ဍာရီကို ခရစ်တိုဂရမ်တစ်ခုအဖြစ် ယူငင်၍ အသုံးပြုရန်မှာ မဖြစ်နိုင်ပေ။ သို့သော် ၁၆ ရာစုအလယ်သို့ ရောက်သောအခါ ဤအဓိပ္ပာယ်ဖြင့် ခိုင်မာသော အစဉ်အလာတစ်ခုရှိခဲ့၏။ ၁၅၄၈ ခုနှစ်တွင် ဂျိဗန်နစ် ရေးသား ပြုစုခဲ့သည့် TWO TALKS ON ALCHEMY ကျမ်းတွင် တွေ့ရှိရသည့်အတိုင်းဖြစ်၏။

ရှေးခေတ်ပုဂ္ဂိုလ်များက ဤပညာရပ်ကို ကဗျာဆန်သောဒဏ္ဍာရီ၏နောက်၌ ဖုံးကွယ်ထားခဲ့ကြ၏။ ဟာကြူလီနှင့်

www.burmeseclassic.com

အန်တီးယပ်တို့၏ ဒဏ္ဍာရီသည် ကန့်ပြုလုပ်မှုကို ကိုယ်စားပြု၏။ ဂျူပီတာသည် ရွှေမိုးရေထဲတွင် ရှိသည်ဟု ဖော်ပြခြင်းမှာ ဒဿနနည်းဖြင့် ရွှေပြုလုပ်ခြင်းကို ဆိုလို၏။

ဟီရားသည် ၎င်း၏ကိုယ်ပိုင်မျက်လုံးပေါင်း (၁၀၀)ကို ဒေါင်း၏အမြီးပေါ်မှ အကွက် (၁၀၀) တွင် တပ်ဆင်ပေးလိုက်၏။ ထို့ကြောင့် အဆိုပါ ဒေါင်းမြီးကွက်များသည် ကန့်ဓာတ်အကြွယ်ဝဆုံး အရာဝတ္ထုများ ဖြစ်သည်ဟု ဆို၏။

အော်ဖီးယပ်ဒဏ္ဍာရီက ရွှေကို မျိုနိုင်သည့်နည်းနှင့် ၎င်း၏ ချိုမြခြင်းကို ဖုံးကွယ်ထားၡ၏။ ဖရာနှင့် ဒျူကလီယန်တို့၏ဒဏ္ဍာရီများတွင် ရှေးခေတ်လူများသည် ၎င်းတို့ အတတ်ပညာ၏ လက်တွေ့ကျင့်ထုံးများကို လျှို့ဝှက်ထားကြ၏။

ဂေါ်ဂွန်၏ ဓာတ်လမ်းတွင် သူ့ကို ကြည့်သူများအား ကျောက်ရုပ် ဖြစ်စေသည့် အသက်ရှည်ဆေးကြီးအား ဖုံးကွယ်ထားသည်ဟု ဆို၏။ ဇီးယပ်ဇာတ်လမ်းတွင် ပေါင်းတိုက်သည့် နည်းစနစ်ကို လျှို့ဝှက်ထား၏။ ထို့အပြင် ဇီးယပ်သည် လင်းယုန်ငှက် အသွင်သဏ္ဌာန်ကို ဆောင်၍ လှပသော ကယ်မီဒီကို ခေါ်ဆောင်သွားခဲ့၏။ ဒိုင်ဒလပ်နှင့် သူ့သား အိုင်ကာရပ်တို့သည် ပုပ်သိုးခြင်း၊ ပုပ်ပွခြင်းနှင့် ပေါင်းတိုက်ခြင်းတို့ကို ကိုယ်စားပြုခဲ့၏။

၁၇ ရာစု၊ ၁၈ ရာစုနှစ်များတွင် ဟာမစ်တစ်မှ ဖော်ပြခဲ့သည့် ဒဏ္ဍာရီတို့မှာ ပို၍ အသေးစိတ်ပြီး ပို၍ ရှုပ်ထွေးလာ၏။ ခြွင်းချက်မရှိဘဲ ကျော်ကြားသည့် ပုဂ္ဂိုလ်တို့၏ ဇာတ်လမ်းပုံပြင်များကို ပြန်လည် ဖော်ပြ၏။ ဟာကျူလီ၏ The twelve labors ကို အဂ္ဂိရတ်ပညာ၏ ကြီးကျယ်မြင့်မြတ်သော အစုအဝေးအဖြစ် သတ်မှတ်ကြ၏။ ၎င်းကို ၁၆၅၆ ခုနှစ် ဂျိန်းပဲရီး၏ HERCULES LOVER OF CHEMISTRY ကျမ်း၌ ဖော်ပြခဲ့၏။

ဂျေဆင်နှင့် ရွှေသားရေချပ်ဇာတ်လမ်းပုံပြင်ကို အဂ္ဂိရတ်ပညာရှင်များက လက်ခံကြ၏။ သူတို့က ဤသို့ပြောကြ၏။

ပိုင်ရှင်ကို ကြီးကျယ် ခမ်းနားစေသော ထိုသိုးသားရေသည် ပြဒါးရှင်လုံး ဖြစ်၏။ ဂျေဆင်သည် အဂ္ဂိရတ်ပညာရှင် ဖြစ်၏။ သူသည် အစိုနည်းဖြင့် စွန့်စားခဲ့သူ ဖြစ်၏။ ဟက်ပရီဒက်၏ ဥယျာဉ်သည် အဂ္ဂိရတ်ဥယျာဉ် ဖြစ်၏။ ဥယျာဉ်၏ မြေပြင်အောက်တွင် ရွှေကိုဖွက်ထား၏။ ၎င်း၏တပည့်များသည် ဤလုပ်ငန်း၏ ကြီးကျယ်မြင့်မြတ်မှုကို ရရှိစေခဲ့ကြ၏။

ဟာမစ်၏ ဒဿနအရ ဤကိစ္စကို ရှင်းလင်းပြောပြရန် ၁၇ ရာစု၊ ၁၈ ရာစုအတွင်း တွေ့ရှိရသည့်အတိုင်းပင် ဖော်ပြခြင်း ဖြစ်၏။ ကျောင်းထိုင်ဘုန်းတော်ကြီး အန်တိုနေဂျိုးဇက် (၁၇၁၆ - ၁၈၀၁) က သူ၏ အီဂျစ်နှင့် ဂရိဒဏ္ဍာရီများအား ဖွင့်ဆိုခြင်းကျမ်း (၁၇၅၈) ၌ ဖော်ပြခဲ့၏။အဆိုပါပညာရှင်သည်ပင် ဒဏ္ဍာရီနှင့် ဟာမစ်တစ်အဘိဓာန်ကိုလည်း ပြုစုရေးသားခဲ့၏။

တစ်ခါတစ်ရံတွင် ဒဏ္ဍာရီမှ ကျမ်းလာစကားပိုဒ်၊ စကားရပ်များကို ထုတ်ယူ၏။ တစ်ခါတစ်ရံတွင် ၎င်းသည် ပို၍ ကိုယ်ရေးကိုယ်တာဆန်၏။ ထို့ကြောင့် အတ္ထုပ္ပတ္တိ (ဝါ) ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမျိုးဖြစ်ပြီး ၎င်းတွင် ဇာတ်လမ်းအမှန်ဖြစ်ကြောင်း သေချာသည့် အမှတ်အသားပါရှိ၏။ ထိုကျမ်းမျိုးမှာ အဂ္ဂိရတ်ပညာရှင် နီကိုလပ် ဖလာမေးလ်၏ HIEROGLYPHIC FIGURES ကျမ်းပင်ဖြစ်၏။

ဆရာမှ တပည့်သို့ နှုတ်တိုက်သင်ကြားပေးသည့်စနစ်သည် ဟာမစ်တစ်၏ ထုံးတမ်းစဉ်လာ သင်ကြားပေးနည်း ဖြစ်၏။ နောက်ပိုင်းတွင် ထိုစနစ်သည် ခေတ်ကုန်သွားပြီး ၎င်း၏ နေရာတွင် ကျမ်းပြု၍ ကျမ်းစာဖြင့် သင်ကြားခြင်း ဖြစ်လာ၏။ ကျမ်းပြုသင်ကြားသောအခါ၌လည်း မူရင်းအဓိပ္ပာယ်ကို ဖုံးကွယ်ထားခြင်းသည် မဟာဗျူဟာတစ်ရပ် ဖြစ်လာ၏။ ထိုကိစ္စနှင့် ပတ်သက်၍ ကျမ်းပြုသူတို့၏ အယူအဆမှာ ဤကျမ်းများသည် မထိုက်တန်သူတို့၏လက်သို့ ရောက်ရှိပါက အန္တရာယ်ရှိမည်ကို စိုးရိမ်သဖြင့် ဤကဲ့သို့ အဓိပ္ပာယ်ကို လျှို့ဝှက်၍ ရေးသားရခြင်း ဖြစ်ပါသည်။ ယခင်ခေတ်ကလိုပင် ယနေ့ခေတ်တွင်လည်း ဆရာတစ်ယောက်ယောက်၏ လမ်းညွှန်မှုမပါရှိဘဲ ရော်ရမ်းမှန်းဆ၍ လုပ်ကိုင်နေကြခြင်းသာ ဖြစ်၏။ ထိုလုပ်ငန်းအတွက် ရွှေစရာတော့မရှိ၊ တွေးစရာတော့ရှိပေ၏။

အဂ္ဂိရတ်ဆောင်ပုဒ်မှာ -

'ဆုတောင်းပါ၊ ဖတ်ပါ၊ ဖတ်ပါ၊ ဖတ်ပါ၊ ပြန်လည်၍ ဖတ်ပါ။ လက်တွေ့လုပ်ပါ တွေ့ပါလိမ့်မည်'

ဟူ၍ဖြစ်၏။

အမှန်မှာမူ ဤမဟာဗျူဟာများသည် အမှန်တရားနှင့် မထိုက်တန်သူများအတွက် လျှို့ဝှက်ထားခြင်းသာ မဟုတ်ပေ။ တတ္တနည်းကျ တွေးခေါ်မှုကို ရှုပ်ထွေးစေခြင်းဖြင့် စာဖတ်သူ၏ စိတ်၌ မှတ်ဉာဏ်ပိုင်းဆိုင်ရာကို ပြောင်းလဲစေခြင်းဖြင့် သိမှုဆိုင်ရာအစိတ်အပိုင်းကို ထုံထိုင်းစေခြင်းလည်း ဖြစ်၏။ ဤလုပ်ငန်းကြီး၏ အနှစ်သာရကို နားလည်နိုင်သည်မှာလည်း ဦးနှောက်၏ အဆိုပါ အစိတ်အပိုင်းသာ ဖြစ်၏။

သိပ္ပံသမိုင်းဆရာတို့ ယုံကြည်ထားကြသည့်အတိုင်း အဂ္ဂိရတ်ပညာသည် ဓာတုဗေဒ၏ အပိုင်းအစ အကြွင်းအကျန်ပညာရပ်လေး မဟုတ်ပေ။ ကြောင်းကျိုးနှင့် မဆက်စပ်သော တွေးခေါ်မှုဖြင့် အမှောင်ထုကို ဖြတ်သန်းကာ အလင်းပေါက်အောင် တွေးခေါ်ပြီး ကြံဆလုပ်ကိုင်သောပညာရပ် ဖြစ်၏။

သဘာဝအတွေးအခေါ်ကို ပြတ်တောက်ရန် လိုအပ်သောအခါ တက်ကြွသော စိတ်ဓာတ်ဖြစ်ပေါ်စေရန်အတွက် စာပေနှင့် သင်္ကေတများ ယှဉ်တွဲဖော်ပြထားခြင်းဖြင့် ဗျင်ဗုဒ္ဓဘာသာဒဿနမှ ကိုအန်သဘောတရားနှင့် ဆင်တူနေပေသည်။

၎င်းတို့သည် စိတ်၏သဘာဝဖြစ်စဉ်များကို ကုန်ခန်းစေသည့် ထောင်ချောက်များ ဖြစ်၏။ အမှန်တရားကို ကြားနိုင်၊ မြင်နိုင်စေရန် တံခါးကိုဖွင့်မည့် အနေအထားလည်း ဖြစ်၏။ အဂ္ဂိရတ်ပညာတွင် ကျော်လွှားရန် အခက်ဆုံး စကားဝှက်မှာ စာသား၏ ပြင်ပမှ စကား မဟုတ်ပေ။ နောက်ဆုံးတွင် ၎င်းကို ကျော်လွှားနိုင်ပေသည်။ သို့သော် အခက်အခဲအနည်းငယ်ကားရှိပေမည်။

အမှန်တကယ် မဖောက်ထွင်းနိုင်သော စကားဝှက်မှာ သမားရိုးကျမဟုတ်ဘဲ အမှန်တရားမှ ပေါ်ပေါက်လာခြင်းလည်း မဟုတ်ပေ။ ထိုအမှန်တရားကိုပင် ဖုံးကွယ်ရန် စီမံထားခြင်း ဖြစ်၏။ ထိုကိစ္စနှင့်ပတ်သက်၍ မိုက်ကယ်ဘူဒါက -

မည်သည့်အချက်ကို ဖုံးကွယ်ပြောင်းလဲလိုကြောင်း သိရှိအောင် ကြိုးပမ်းခြင်းမှာ ရည်ရွယ်ချက်မပီသကြောင်း ထင်ရှားလေသည်။ အရာခပ်သိမ်းသည် တစ်ချိန်တည်းမှာပင် လမ်းများကိုလည်း ညွှန်ပြ၏၊ အမှန်တရားကိုလည်း ဖော်ထုတ်၏။

ဆရာဦးဆက်ထွန်းငြိမ်း

(အဆိပ်ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားမှာ ကြီးပွားချမ်းသာကြပါစေ



ယနေ့ ခေတ်သစ်ကာလအတွင်းမှာ လူတိုင်းလူတိုင်း အိမ်ထောင်စု မိသားစုများသည် စားဝတ်နေရေး တည်းဟူသော အရေးအကြီးဆုံးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်တိုးတက်မှု ရရှိအောင် ကြိုးပမ်းဆောင်ရွက်လုပ်ကိုင်ကြရသည်။ ရှေးပဝေသဏီကာလမှစ၍ လူသားတို့သည် ထိုအရေးသုံးပါးအတွက် အဓိက လှုပ်ရှားခဲ့ကြရ၏။အကြံအစည်ထုတ်ခဲ့ကြရ၏။ အလုပ်အကိုင်များကို တီထွင်ဆန်းသစ်ခဲ့ကြရသည်။ လုပ်ကိုင်သော စီးပွားရေး ကြီးပွား တိုးတက်အောင်မြင်မှုများ ရရှိကြရန် နည်းမျိုးစုံတို့ကို ရှာဖွေအသုံးပြုလုပ်ဆောင်ရင်း လောကီပညာရပ်များကိုပါ ဆည်းပူးလေ့လာ အသုံးပြုလာကြသည်။ ယခုဖော်ပြသော ဓာတ်ဆင်ပုံမှာ အင်္ဂဝိဇ္ဇာဗေဒင်ပညာမှ အကြံအစည်၊အလုပ်အကိုင်များ အောင်မြင်စေရန် ဆောင်ရွက်ရမည့် လောကီအစီအရင်ဖြစ်သည်။

ယင်းအစီအရင်ကိစ္စကို ပြုလုပ်လိုသည့်နေ့သား၏ ခြောက်ခုမြောက် ဆပ္ပတ်နေ့သားက ကာယကံရှင်၏ကိုယ်စား ဆောင်ရွက်လုပ်ကိုင်ပေးရမည် ဖြစ်ပါသည်။

ဥပမာ ပြုလုပ်လိုသူတနင်္ဂနွေသား ဖြစ်လျှင် သူ၏ဆပ္ပတ် သောကြာသားက လုပ်ပေးပါ။

**ဓာတ်ဆင်ပုံ**

**၁။ တနင်္ဂနွေသားသမီးအတွက်**

ကြာသပတေးနေ့ နံနက်(၆)နာရီအချိန်တွင် နေအိမ်၏ အနောက်ဘက်ထရံမှာ နဂါးရုပ်က ဥသြငှက်ကို ပါးစပ်ထဲ ကိုက်ချီနေပုံကို ရေးဆွဲချိတ်ပါ။

**၂။ တနင်္လာသားသမီးအတွက်**

ဗုဒ္ဓဟူးနေ့ နံနက် (၆) နာရီအချိန်မှာ နေအိမ်၏တောင်ဘက်ထရံမှာ ဖျိုင်းက ငါးကလေးကို ကိုက်ထားပုံကို ရေးဆွဲပြီး ချိတ်ထားပါ။

**၃။ အင်္ဂါသားသမီးအတွက်**

သောကြာနေ့ နံနက်(၆)နာရီအချိန်မှာ အိမ်၏မြောက်ဘက်ထရံမှာ ယုန်ရုပ်က စာကလေးကို ကိုက်ထားပုံကို ရေးဆွဲချိတ်ထားပါ။

**၄။ ဗုဒ္ဓဟူးသားသမီးအတွက်**

တနင်္လာနေ့ နံနက်(၆)နာရီအချိန်တွင် နေအိမ်၏ အရှေ့ဘက် ထရံမှာ သိမ်းငှက်က လင်းဝက်ငှက်ကလေးကို ကိုက်ချီထားပုံရေးဆွဲပြီး ချိတ်ထားပါ။

**၅။ ကြာသပတေးသားသမီးအတွက်**

တနင်္ဂနွေနေ့ နံနက်(၆)နာရီအချိန်တွင် နေအိမ်၏ အရှေ့မြောက်ထရံမှာ ကျားက မျောက်ကို ကိုက်ချီနေပုံကို ရေးဆွဲ၍ ချိတ်ထားပါ။

**၆။ သောကြာသားသမီးအတွက်**

အင်္ဂါနေ့ နံနက်(၆)နာရီအချိန်တွင် မိမိနေအိမ်၏ အရှေ့တောင်ထောင့်ထရံမှာ ဝက်ဝံက သိုးငယ်ကို ကိုက်ချီနေပုံကို ရေးဆွဲချိတ်ထားပါ။

**၇။ စနေသားသမီးအတွက်**

ဗုဒ္ဓဟူးနေ့ နေ့လယ် (၁၂) နာရီကျော်အချိန်မှာ နေအိမ်၏ အနောက်မြောက်ထရံမှာ ဥသြငှက်က တီကောင်ကို ကိုက်ချီထားပုံကို ရေးဆွဲချိတ်ထားပါ။

ဓာတ်ဆင်ရန် နေ့သားအလိုက် ရုပ်ပုံကားချပ်များကို သေသေသပ်သပ် ပီပီသသ ပုံဆွဲပန်းချီဆရာများနှင့် ရေးဆွဲပါ။ ကတ်ပြားစက္ကူနှင့်ဖြစ်စေ၊ ဗီနိုင်းပြုလုပ်၍ဖြစ်စေပြုလုပ်ပြီး နေ့သားသမီးများ၏ ဆပ္ပတ်သမားများက အထက်ဖော်ပြပါနေ့များနှင့် အချိန်များ၊ နေရာများတွင် သူတို့ကိုယ်စား ချိတ်ဆွဲပေးကြရမည် ဖြစ်ပါသည်။

**ပြုလုပ်ပေးကြရမည့် ဆပ္ပတ်နေ့သားသမီးများ**

၁။ တနင်္ဂနွေသားသမီးအတွက် ပြုလုပ်ပေးရန် ဆပ္ပတ်သား - သောကြာနေ့သားသမီး။

၂။ တနင်္လာသားသမီးအတွက် ပြုလုပ်ပေးရန် ဆပ္ပတ်သား - စနေနေ့သားသမီး။

၃။ အင်္ဂါသားသမီးအတွက် ပြုလုပ်ပေးရန်ဆပ္ပတ်သား - တနင်္ဂနွေနေ့သားသမီး။

၄။ ဗုဒ္ဓဟူးသားသမီးအတွက် ပြုလုပ်ပေးရန်ဆပ္ပတ်သား - တနင်္လာနေ့သားသမီး။

၅။ ကြာသပတေးသားသမီးအတွက် ပြုလုပ်ပေးရန် ဆပ္ပတ်သား - အင်္ဂါနေ့သားသမီး။

၆။ သောကြာသားသမီးအတွက် ပြုလုပ်ပေးရန်ဆပ္ပတ်သား - ဗုဒ္ဓဟူးနေ့သားသမီး။

၇။ စနေသားသမီးအတွက် ပြုလုပ်ပေးရန် ဆပ္ပတ်သား - ကြာသပတေးနေ့သားသမီး။

*(ခုနစ်နေ့သားသမီးများအားလုံး ကောင်းကျိုးချမ်းသာအပေါင်းနှင့် ပြည့်စုံ ရရှိကြပါစေ)*

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



(မဥ္စလေး)

# ခင်မောင်အေး

## မုဆိုးတစ်ဦး၏ဒိုင်ယာရီ

စကော့တလန်တောင်ပိုင်း ရှိရှားရင်တန်အနီးတွင် ကျွန်တော် မွေးဖွားပါသည်။ နောက်ဆုံးရာစုနှစ်မကုန်မီ (၁၃) နှစ်အလို ဖြစ်ပါသည်။ ကျွန်တော်တို့ မျိုးရိုးစဉ်ဆက်တစ်ခုလုံး မုဆိုး (Hunter) ဟူသော နောက်ဆုံးအမည်ကို နှစ်ခြိုက်စွာ အသုံးပြုကြသည်။ မုဆိုးဝါသနာက ကျွန်တော်တို့၏သွေးများအတွင်း စီးဝင်နေသည့်အသွင်ပင်တည်း။ အချိန်ကာလ ဝေးကွာလှစေကာမူ ဘိုးဘေးအစဉ်အဆက်က ယင်းကဲ့သို့သော စိတ်လှုပ်ရှားဖွယ်ကောင်းလှသည့်အပန်းဖြေစရာကိုစွဲသည် ကျွန်တော့်အတွက်မူ စိတ်အဝင်စားဆုံးဝါသနာအဖြစ်ရောက်ရှိလာသည်ဟု မှချဆိုနိုင်ပါပေသည်။ ကလေးသာသာ လမ်းလျှောက်တတ်စအရွယ်မှာပင် ကျွန်တော်က အဖေ့နောက်မှ တကောက်ကောက်လိုက်ပါလျက် သူလွှင့်ပစ်ထားသည့် ပစ်ပြီးသား သေနတ်ကျည်ဆန်ခွံများကို လိုက်လံ ကောက်ယူတတ်ပါသည်။ ယင်းအပြင် ကျည်ဆန်ခွံတွင် စွဲကျန်နေဆဲ ယမ်းနံ့ကိုလည်း မက်မောနှစ်ခြိုက်စွာ ရှိုက်နမ်းနေတတ်ပါသည်။

ကျွန်တော် အရွယ်ရောက်လာသောအချိန်တွင် ဖခင်၏ အမဲပစ်သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်လျက် လိုချားမော့(စ်)ဟု အမည်ရှိသည့် ကျယ်ပြောလှသော နွံတောများ ဝန်းရံထားသည့်ရေအိုင်ကြီးတစ်ဝိုက်၌ တစ်နေကုန်အချိန်ဖြုန်းနေတတ်သည်။ ဤကျယ်ပြန့်လှသည့် နွံအိုင်ကြီးတစ်ဝိုက်တွင် တောဘဲများ၊ ဦးခေါင်းနက်နှင့် စင်ရော်ငှက်များ အုပ်သင်းဖွဲ့ကာ နေထိုင်ကျက်စားလျက်ရှိပြီး ဗျိုက်တောကြီးအတွင်း လမ်းလျှောက်ဝင်သွားသည့်အခါ ငှက်ဥများကို တက်မနင်းမိစေရန်ပင် အတော်ကြီးဂရုစိုက် လျှောက်လှမ်းရ၏။ သွားပါများလာပြီး အထာပေါက်လာသောအခါ နွံအိုင်ကြီးအတွင်း မျက်စိမှိတ်၍ပင်သွားနိုင်လာတော့၏။ ကျွန်တော်က ခါငှက်တွေကို သူတို့၏အစုအပုံလိုက်ရှိနေသည့် ဥများထက်မှ ဝုန်းခနဲ ထပျံသွားအောင် ခြောက်ထုတ်လိုက်သည့်အလားဖြစ်သွားစေသည်။ တောဝမ်းဘဲများကိုလည်း တစ်အုပ်ကြီး ထပျံသွားအောင်လုပ်မိသွားပါသည်။

ယင်းအပျော်ခရီးမှ အိမ်သို့ပြန်လာသောအခါ ကျွန်တော့်တစ်ကိုယ်လုံး ရေညှိတွေ ဖုံးလွှမ်းလျက်ရှိနေပြီး အဝတ်အစားများသည်လည်း ရွှံ့တွေနှင့် ရစရာမရှိလောက်အောင် ပေကျံနေတော့၏။ သနားစရာကောင်းလှသော ကျွန်တော့်အမေကမူ တစ်ဦးတည်းသော သားမို့လုံးဝ အပြစ်တင်စကားတစ်ခွန်းမျှမဆို။ စိတ်လက်ညစ်ညူးစွာဖြင့်သာ ကျွန်တော်၏တစ်ကိုယ်လုံး သန့်ရှင်းသွားအောင် ရေချိုးသန့်စင်ပေးတတ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုစဉ်က အတိတ်အကြောင်းအရာများကို လွှမ်းမောတသနေမိခဲ့သည်က အမှန်ပင်။

ကျွန်တော့်အသက် (၈)နှစ်အရွယ်သို့ ရောက်လာသောအချိန်တွင် အဖေမသိအောင် အဖေ့သေနတ်ကို တိတ်တဆိတ် ယူဆောင်ကာ ထွက်ခွာလာခဲ့၏။ ကျွန်တော့်ဖခင်ကိုင်စွဲသည့် သေနတ်က အမျိုးအစားကောင်းမွန်သော အမဲပစ်သေနတ် ဖြစ်သည်။ လူတို့လက်ဖြင့်လုပ်ထားသောသေနတ်များထဲတွင် အကောင်းဆုံး ဖြစ်သည်။ အဖေ၏ သူငယ်ချင်းတစ်ယောက်က လက်ဆောင်အဖြစ် အမြတ်တနိုးပေးသောသေနတ် ဖြစ်ပါသည်။ ကိုင်တွယ်ပစ်ခတ်ရသည်က စီးစီးပိုးပိုးလေးလေးပင်ပင်ရှိသည်။ ယင်းသေနတ်ကို မည်မျှအသုံးပြုခဲ့သည်လဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မပြောတတ်နိုင်။ နှစ်ပေါင်း (၁၀) ဂဏန်းသုံး၊ လေးခုထက်တော့ နည်းလိမ့်မည်မဟုတ်ပေ။

သေနတ်ကို ပထမဦးဆုံးယူဆောင်သွားခဲ့သောနေ့တွင် ကံကောင်းထောက်မစွာ ကိုယ့်ခြေထောက်ကိုယ် ပစ်မိတော့မတတ်ဖြစ်ရပါသည်။ ကိုင်းပင်တစ်ပင်အခြေ၌ ဝပ်နေသော ရေကြက်တစ်ကောင်ကို သဲကြီးမဲကြီး ချောင်းနေစဉ် သေနတ်မောင်းခလုတ်ကို အမှတ်မထင် ဆွဲလိုက်မိခြင်း ဖြစ်၏။ ယင်းဖြစ်ရပ်ကို ကျွန်တော်၏ဖခင် သိရှိသွားသည့်အခါ ကျွန်တော့်အား အပြစ်မယူဘဲ သေနတ်ကို မည်သို့ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်ရမည် ဆိုသည်ကိုသာ စနစ်တကျ သင်ကြား ပြသခဲ့ပေသည်။

ယင်းနောက်မှ ကျွန်တော်သည် ညစဉ်ညတိုင်း မိမိအခန်းအတွင်းအောင်းလျက် အဖေ့သေနတ်ကို တစ်စစီဖြုတ်၊ တစ်စစီပြန်တပ်၊ ဖလန်နယ်အစဖြင့် သေနတ်တိုက်ဆီသုတ်လိမ်းကာ ပြောင်လက်တောက်ပနေအောင်တိုက်ချွတ်နေတော့သည်။ သေနတ်ပြောင်းအတွင်းကိုလည်း ပြောင်းတိုက်တံဖြင့် ငွေရောင်အသွင်ရောက်လာသည်အထိတိုက်သည်။ ကျွန်တော် သေနတ်ကို တိုက်လွန်းလှသဖြင့် သေနတ်ကိုယ်ထည်ပေါ်မှအမှတ်တံဆိပ်များပင် ပျောက်လုမတတ်ဖြစ်သွားခဲ့ရ၏။

ကျွန်တော်သည် ဖခင်၏သေနတ်ကြီးဖြင့် ခြေထောက်ညိုငန်းများ၊ ဘဲမောက်တင်ကြီးများကို သင်းတို့က ရေစပ်ရှိ သဲနုန်းများအတွင်း အငမ်းမရ နှုတ်သီးဖြင့် တဆတ်ဆတ် ထိုးဖွ ရှာဖွေ စားသောက်နေကြစဉ် စောင့်ကြည့်ချောင်းမြောင်းနေမိ၏။ ငှက်များအစာစားသည့် အသံရပ်သွားပြီဆိုလျှင် သင်းတို့တစ်စုံတစ်ရာ သင်္ကာမကင်းဖြစ်ပြီး လည်ပင်းကြီးများဆန့်တန်း၍ ခေါင်းထောင်ကြည့်နေပြီဟု ကျွန်တော် နားလည်ထားပေသည်။

ညအချိန် အိပ်ရာထဲသို့ ကျွန်တော်ရောက်ပြီး ပက်လက်လှန်ကာ လဲလျောင်းနေခိုက် အိမ်အထက်ဟိုကောင်းကင်ထက်မှ တောဘဲငန်းကြီးများ ပြင်းပြင်းထန်ထန် တိုက်ခတ်နေသည့် လေပြင်းကို အန်တု၍ တောင်ဟုန်ပြင်းပြင်းခတ်ကာ ပျံသန်းသွားနေကြသံကို ကြားနေရပေသည်။ယင်းအသံများကား ကျွန်တော့်အတွက်မူ စကော့တလန်ရိုးရာ အိတ်ပလွေမှုတ်သံများနှယ် သာသောင့်သာယာရှိလှပါပေသည်။ ထိုအခါ ကျွန်တော်က အိပ်မောကျသွားခဲ့ပြီး နောက်တစ်နေ့ နံနက်စောစောမှာ အနိမ့်ပိုင်းနွံတောများအလယ်၌ ရွံ့ဗွက်ကို တစွပ်စွပ်နင်းကာ ငှက်ပစ်သွားနေခြင်းကို အိပ်မက်မက်နေမိလေသည်။

ငါးများခြင်းကိုလည်း ကျွန်တော်စိတ်ပါဝင်စားသည်။ တစ်ခါတစ်ရံ နေသာသည့်နေ့များ၌ လိုချားရေစမ်းတစ်လျှောက် ငါးမျှားတံတစ်ချောင်းဖြင့် ငါးထိုင်မျှားတတ်သည်။ ညအချိန် လူခြေတိတ်သည့်အခါ တုတ်မီးတစ်လက်နှင့် ချောင်းစပ်၌ အိပ်နေတတ်သော ဆော်လမွန်ငါးကြီးများကို မှိန်းတစ်လက်ဖြင့် လိုက်လံထိုးတတ်ပါသည်။ ခြေသွက်လက်သွက်လည်းဖြစ်၊ လျင်လည်းလျင်မည်ဆိုလျှင် သေချာပေါက် ငါးရရှိပါသည်။ မီးရောင်ကို အသုံးပြုရခြင်းဖြစ်သဖြင့် အလင်းယိုင်ထောင့်မှန်အနေအထားနှင့် မှိန်းအကွေးကိုမူ တွက်ဆတတ်ဖို့တော့ လိုပေသည်။

ကျွန်တော် အသက်တော်တော်ရလာသောအခါ၌ မိသားစုထဲမှ ဦးလေးသားချင်းတစ်ဦးက ကျွန်တော်တို့အရပ်ဒေသ ရိုးရာအားကစားလည်း မဟုတ်၊ အမဲလိုက်လုပ်ငန်းလည်း မဟုတ်သည့် ကစားနည်းတစ်မျိုးကို သင်ပြပေးခဲ့၏။ ယင်းကစားနည်းက လွယ်လွယ်ပြောရပါလျှင် သူတစ်ပါး၏ပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လျက် သားငါး၊ ကျေးငှက် ခိုးဖမ်းခြင်းပင် ဖြစ်ပါ၏။

လွယ်လွယ်ကူကူတော့ မဟုတ်ချေ။ ကျွမ်းကျင်ဖို့လိုပါသည်။ ဖျတ်လတ်သွက်လက်ရသည်။ တောင်ပိုင်း စကော့တလန်နယ်တစ်ခွင်တွင် အထက်တန်းစားခြံသူခိုးများစွာရှိသည့်အနက် အကျွမ်းကျင်ဆုံး၊ အလျင်ဆုံးကား ကျွန်တော်ပင်တည်း။ ကျွန်တော့်ကိုယှဉ်နိုင်သည့် ပြိုင်ဘက်တစ်ဦးမျှ မရှိပေ။ ငါးခိုးများမလား၊ ပိုက်ချမလား၊ ကျော့ကွင်းထောင်မလား၊ ထောင်ချောက်ဆင်မလား။ မည်သည့်ဘက်ကပင်ယှဉ်ယှဉ် ကျွန်တော့်ကို ယှဉ်နိုင်သူ တစ်ဦးမျှမရှိပေ။ ညဘက်များစွာ ကျွန်တော်က အမှောင်တွင်းမှာ ကြောင်တစ်ကောင်နှယ် လှုပ်ရှားလျက် ပိုးသားငါးဖမ်းပိုက်ကို လည်ပင်းတွင်ပတ်ကာ ခြံစောင့်များ၏ နှင်းခဲများ ဖုံးလွှမ်းနေသော မြေပြင်တွင် နင်းလာသည့်အသံကို နားစွင့်ထားပြီး အလုပ်လုပ်သည်။

သေနတ်ကိုင်လျက် ခြံအတွင်းတွင် ကင်းစောင့်လှည့်လည်ကာကွယ်နေသည့်ကြားမှ ရစ်ငှက်တစ်ကောင်၊ တစ်ခါတစ်ရံ ယုန်တစ်ကောင်ကို မရရအောင် ပစ်ခတ်ရသည့် ခံစားချက်ကား ဘာနှင့်မှမလဲနိုင်။ ယင်းအတွေ့အကြုံများကပင် ကျွန်တော်၏ နောက်ပိုင်းအမဲကြီးများကို လိုက်လံ ပစ်ခတ်လာသည့်အချိန်တွင် အလေ့အကျင့်ကောင်းများရရှိပြီး ဖြစ်နေစေပါသည်။

ခြံသူခိုးအလုပ်ကို တစိုက်မတ်မတ်လုပ်နေစဉ်အတွင်း ကျွန်တော်က ဂျစ်ပစီတစ်ယောက်ထံမှ လက်ဆောင်ရရှိထားသည့် အမဲလိုက်ခွေးတစ်ကောင်နှင့်ကောင်းစွာအလုပ်ဖြစ်နေလေသည်။ ဂျစ်ပစီခွေးကား အလွန်အကင်းပါး၏။ အမဲလိုက်ခွေးကောင်းတစ်ကောင်ပင်။ သခင်၏အထာကို သိသည်။ ခြံစောင့်များအနီးသို့ရောက်ရှိနေလျှင် ချက်ချင်းသတိပေးသည်။ ကျွန်တော်ပုန်းနေလျှင် အပါးမှာ ဝပ်ပြီးငြိမ်နေတတ်၏။

ထိုစဉ်ကအချိန်များသည် အသည်းလှုပ်လှုပ်ရင်တဖိုဖိုဖြစ်ခဲ့ရသော အချိန်များပင်။ ခြံစောင့်၏ အနောက်ဘက်မှ တိတ်တဆိတ် ချဉ်းကပ်လျက် ခြံစောင့် မရိပ်မိမသိရှိအောင် ယုန်တစ်ကောင်ကို ရအောင်ပစ်ခတ်ရသော အကျိုးရလဒ်ကား အာဖရိကတိုက် တန်ဇန်နီးယားဒေသတစ်ခွင်တွင် စွယ်စုံဆင်ကြီးများကို ရအောင်ပစ်ခတ်နိုင်ခြင်းပင် ဖြစ်ပါသည်။

ကျွန်တော့်မိဘတို့က ကျွန်တော့်ကို မိဘတို့၏လက်ငုတ်လုပ်ငန်းဖြစ်သော လယ်ယာအလုပ်ကို လုပ်စေလိုကြ၏။ သို့ပင်ဖြစ်စေကာမူ ကျွန်တော်ကိုယ်တိုင်က မိမိဝါသနာပါသော မုဆိုးအလုပ်ကို သာ နှစ်ခြိုက်နေမိပါသည်။ သို့သော်လည်း လယ်သမားအလုပ်က နေရာတ... ခုတွင် ကျောက်ချထားသည့်နှယ်ထိုင်နေရပြီး မွန်းကျပ်ပိတ်လှောင်ခံထားရသော စာရေးစာချီအလုပ်ထက်တော့ ကောင်းမွန်သည်ဟုယူဆကာ မိဘတို့အားမဆန့်ကျင်တော့ပါ။

ကျွန်တော် အသက် (၁၈) နှစ်ပြည့်သည့်အချိန်တွင် ကျွန်တော့်ထက် အသက်များစွာကြီးလှသည့် အမျိုးသမီးကြီးတစ်ဦးအား အရူးအမူးစွဲလမ်းမိသွားသည်တွင် မိဘတို့က ကျွန်တော့်ကို ... ဝေးတစ်နေရာသို့ပို့ဖို့ စိတ်ကူးရသွား... ၏။ ကျွန်တော့်ကို အာဖရိကတိုက် ... ဘီအနီး ကဲန်းယားဒေသတွင် နေ... လျက် ဥယျာဉ်လုပ်ငန်းလုပ်ကိုင်နေသော ဆွေမျိုးတစ်ဦးထံသို့ ပို့လိုက်ကြ၏။

"ဒီခရီးက မင်းအတွက် ...



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြစ်ပါလိမ့်မယ် ဗျွန်။ မင်းအတွက် မဟာစွန့်စားခန်းပဲ။ အာဖရိကဟာ ရေကြမ်းတယ်၊ မြေကြမ်းတယ်။ ဒါပေမယ် လို့ မင်း ကောင်းကောင်းမွန်မွန် ကျော်လွှားနိုင်မှာပါ။ အေး- မင်းအနေနဲ့ လက်မြှောက်အရှုံးပေးပြီး ပြန်မလာခဲ့နဲ့။ မင်းကို အဖေ တစ်သက်စကားမပြောတော့ဘူးလို့မှတ်။ ကိုင်း - မင်းဒီအချိန်ကစပြီး အကောင်းဆုံး ကြိုးစားသွားပေတော့ ငါ့သား"

ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ကျွန်တော် အာဖရိကအရှေ့ကမ်းရိုးတန်းတစ်လျှောက် သင်္ဘောဖြင့် ခရီးနှင်ခဲ့ရ၏။ ဖခင်ကြီးက ကျွန်တော့်အား နှစ်သိမ့်သောအားဖြင့် ကျွန်တော်၏ ဦးလေးတစ်ယောက်က ဘိုးဝါးစစ်ပွဲမှ အပြန် ယူဆောင်လာခဲ့သည့် ဒသမ ၂၇၅ မော်ဇာရိုင်ဖယ်သေနတ်တစ်လက်ကို လက်ဆောင်ပေးလိုက်ပါသည်။

ခရီးရှည်ရှည်လျားလျားသွားခဲ့ရပြီးနောက် မွန်ဘားဆားဆိပ်ကမ်းတွင် ကျွန်တော် စီးနင်းလာသည့် သင်္ဘောဆိုက်ကပ်သည်။

ခပ်နုံနုံ စကော့တလန်သားတစ်ယောက်ဖြစ်သည့် ကျွန်တော် ပသီပုံပြင်ထဲကလို ကန္တာရအလယ် ယောင်လည်လည်နှင့် ပစ်ချခံလိုက်ရသည့်နှယ်ပင်။ ကျွန်တော့်အတွက် တွေ့ရကြုံရသမျှသည် အသစ်အဆန်းများသာ ဖြစ်နေရ၏။ စွန်ပလွံပင်ကိုလည်း ပထမဆုံးမြင်ဖူးရသည်။ ညစျေးတန်းကလည်း ကျွန်တော့်အဖို့ အသွင်ဆန်းနေလေသည်။ ကျားသစ်အရေခွံတွေကိုရောင်းဖို့ ချိတ်ဆွဲထားသည်။ ကိုယ်ခန္ဓာအထက်ပိုင်းဗလာကျင်းထားသော ဌာနေတိုင်းရင်းသားတစ်ဦးစ၊ နှစ်ဦးစ တောတွင်းမှထွက်လာကြသည်ကိုလည်း မြင်တွေ့ရသည်။ ဝင်လယ်အော်တစ်လျှောက် အာရပ်ရွက်လှေကြီး သုံး၊ လေးစီး ရွက်လွှင့်သွားနေသည်ကိုလည်း တွေ့မြင်ရ၏။ အိန္ဒိယသမုဒ္ဒရာမှနေ၍ မွန်ဘိုင်းသို့ ဦးတည်နေခြင်းပင်။

နိုင်ရိုဘီခရီးစရန် ညနေခင်းတွင် မီးရထားပေါ်သို့ ကျွန်တော် တက်ခဲ့ပါသည်။ ခရီးစဉ်အစပထမတွင် အပူပိုင်းသစ်တောများကို ကျွန်တော်စီးနင်းလာသည့် မီးရထားက ဖြတ်သန်းလာခဲ့၏။ မီးရထားလမ်းဘေးတစ်မျှော်တစ်ခေါ်၌ အုပ်စုဖွဲ့လျက် ကျက်စားနေသော တောကောင်အုပ်ကြီးများကို ဟိုနားတစ်စုဒီနားတစ်စု မြင်တွေ့နေရသည်။ မုဆိုးတစ်ယောက်အတွက်မူ မဟာစွန့်စားခန်းကြီး စတင်ပါပြီ။ တိရစ္ဆာန်တွေက လည်ပင်းကြီးများကိုမော့၍ လှမ်းမျှော်ငေးမောကြည့်နေကြသည်ကို မြင်ရသည့်အခါ သေနတ်ကို အမှတ်မထင် ဆုပ်ကိုင်မိပါသည်။ မွန်းတည့်ချိန်တွင် နိုင်ရိုဘီသို့ ရောက်သည်။ ထိုစဉ်အချိန်က ရွှံ့များဖြင့် ဆောက်လုပ်ထားသည့် တဲအိမ်များပြည့်ကျပ်နေသော မြို့ဘူတာတွင် ရုတ်တရက်မူ အထီးကျန် ယောင်လည်လည်ဖြစ်နေရ၏။ ကျွန်တော်၏အစ်ကို လာရောက်ကြိုဆိုလိမ့်မည်ဖြစ်သောကြောင့် စင်္ကြံတစ်လျှောက် လျှောက်လှမ်းရင်း အစ်ကို့ကို စောင့်နေမိပါသည်။

ခဏမျှအကြာ ခန္ဓာကိုယ်ထွားကျိုင်းလှသည့် လူထွားကြီးတစ်ဦး ပေါ်လာသည်။ ဦးခေါင်းထက်တွင် ဆံပင်တွေက ဝဲ၊ ယာ လှုပ်ယမ်းခါနေသည်။ မုတ်ဆိတ်မွေးတွေကလည်း မေးတစ်ဝိုက်တွဲလောင်းကျနေသည်။ သူ့ခါးတစ်ဖက်တစ်ချက်တွင် ခြောက်လုံးပြူးတစ်လက်စီချိတ်ဆွဲထား၏။ သူက ကျွန်တော့်ထံလျှောက်လာခဲ့ပြီး အသံအောအောကြီးဖြင့်-

"ဂျွန်ဟန်းတား မဟုတ်လား"

"ဟုတ်ပါတယ်"

ကျွန်တော် စိတ်ပျက်အားလျော့စွာ အဖြေပေးလိုက်မိပါသည်။ စကတည်းက ယဉ်ပေသကိုး ဟူ၍လည်း စိတ်တွင်းက ထင်လိုက်မိပါ၏။ သို့ပေမယ့် ဖခင်ကြီး၏ အမှာစကားကို နားဝတွင် ကြားယောင်လိုက်မိ၏။

'အေး- လက်မြှောက်အရှုံးပေးပြီး ပြန်မလာခဲ့နဲ့'

မိုင်(၂၀)ခန့်ဝေးသည့် ကျွန်တော့်အစ်ကို၏ခြံသို့ ရောက်ရှိသွား၏။ လမ်းခရီးတစ်လျှောက်လုံး အစ်ကိုသည် ရမ်ပုလင်းတစ်လုံးကို မော့၍ သောက်လာသည်။ ရိုင်းစိုင်းကြမ်းတမ်းသောစကားလုံးအသုံးအနှုန်းများဖြင့် မရပ်မနားစကားတွေဖောင်လောက်အောင်ပြောလာသည်။ ကျွန်တော့်အစ်ကိုတော်၏အိမ်တွင် (၃) လခန့် ကြိတ်မှိတ်၍နေခဲ့ရပါသည်။အစ်ကို၏စရိုက်က ကျွန်တော်နှင့်မအပ်စပ်။ ရိုင်းစိုင်းကြမ်းတမ်းသည့်အပြင် ရက်လည်းရက်စက်သည်။ သူ၏အခိုင်းအစေ တိုင်းရင်းသားနီဂရိုးလေးများကို ထိုးကြိတ်ရိုက်နှက်ကန်ကျောက်တတ်သည်။ ဤသို့ ပြုလုပ်ရခြင်းကို ကျေနပ်နေပုံလည်းရပါသည်။

သို့ဖြစ်၍ ခင်မင်တတ်သည့် အိမ်နီးချင်း ခြံသမားတစ်ဦး၏ မော်တော်ယာဉ်ဖြင့် နိုင်ရိုဘီသို့ လိုက်ပါခဲ့လေသည်။ ကျွန်တော့်ထံတွင် စုဆောင်းထားခဲ့မိသမျှငွေများကို ဘဏ်တွင် အပ်ထားခဲ့သည်ဖြစ်ရာ သွားရောက် ထုတ်ယူရသည်။ငွေထုတ်ကောင်တာ၌ ကျွန်တော် ငွေရေတွက်နေခိုက် ကျွန်တော်၏ စကားပြောသံကိုကြားလိုက်ရသည့် ငွေကိုင်စာရေးက ပြည်တော်ပြန်မည် ဆိုသည်ကို သူက လက်မခံ။

"မင်းက စကော့လူမျိုးပဲ။ စကော့က ဘယ်တော့မှ အရှုံးမပေးတတ်ဘူး။ မင်းစိတ်ကူးမလွဲနဲ့။ မီးရထားဘက်က ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်။ မင်းအတွက် အလုပ်အကိုင်တစ်ခုလောက် ရှာပေးလိမ့်မယ်။ မင်းအဲဒီမှာလုပ်နေပြီးနောက်အလုပ်ပိုကောင်းတာတွေ့တော့လည်း ပြောင်းပေါ့"

သို့ဖြစ်၍ ကျွန်တော် မီးရထားဂါတ်ဗိုလ်အလုပ်ကို ဝင်လုပ်သည်။ မီးရထားဂါတ်ဗိုလ်အလုပ်ကိုလုပ်နေရင်း သေနတ်ကို ကောင်းကောင်းအသုံးချခွင့်ရရှိခဲ့ပါ၏။ မီးရထားခုတ်မောင်းသွားနေစဉ် မီးရထားကို ငေးမော ကြည့်ရှုနေသည့် တောကောင်ကြီးများဖြစ်ကြသော ခြင်္သေ့နှင့် ကျားသစ်များကို ရထားပြတင်းမှ သေနတ်ကိုထုတ်လျက်ချိန်ကာ ပစ်လိုက်နိုင်ပါသည်။ ပြီးနောက် ရထားကို ရပ်တန့်လျက် နီဂရိုးတစ်ယောက်ကို အဖော်လုပ်ပြီး သားကောင်၏အရေခွံကို ခွာလာခဲ့၏။ မီးရထားမောင်းသူသည်လည်း မုဆိုးဝါသနာအိုးဖြစ်ရကား လိုလိုလားလားပင် အကူအညီပေးသည်။

မီးရထားမောင်းနေခိုက် တောကောင်ကြီးများကို တွေ့မြင်ရသည်နှင့် ဥသြသံကို သံဖြတ်တစ်ချက်ပြုလျက် ကျွန်တော့်ကို သတိပေးပြီး ရထားအရှိန်ကို လျှော့ချပေးသည်။ နံနက်နေရောင်ခြည်လင်းလင်းအောက်တွင် ကိုင်းပင်ထူထူကြီးများအလယ်၌ အစာစားနေကြသည့် တောဆင်ရိုင်းတစ်အုပ်ကို မြင်တွေ့လိုက်ရသည်။ ယခင်က တောဆင်ကို ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိခဲ့။ ယခုသေသေချာချာမြင်တွေ့လိုက်ရသည်တွင် ကျွန်တော် တအံ့တသြဖြစ်သွားခဲ့ရပါ၏။ ရင်တုန်ပန်းတုန်လည်း အမှန်ဖြစ်သွားရ၏။

သို့နှင့် ကျွန်တော် အချိန်ကိုမဖြုန်းတော့ဘဲ သေနတ်ကိုဆွဲလျက် ရထားပေါ်မှ အပြေးအလွှား ဆင်းသွားလိုက်သည်။ စက်ခေါင်းမောင်းသမားကလည်း



www.burmeseclassic.com

www.burmeseclassic.com

# ဒူးနာ၊ ခါးနာ၊ ထုံနာ၊ ကျဉ်နာပျောက်တဲ့ဆေး

## စနေတွမ်း(မြစ်သား)

အခုတစ်လော အမျိုးသမီးတော်တော်များများဟာ ဒူးနာပြီး လမ်းကောင်းကောင်းမလျှောက်နိုင်ကြတာကို စာရေးသူအနေနဲ့ သတိပြုမိခဲ့ပါတယ်။ အထူးသဖြင့် စာရေးသူရဲ့နေအိမ်က လမ်းဘေးမှာဆိုတော့ ဈေးသွားရင်ပဲဖြစ်ဖြစ်၊ မြို့ထဲသွားရင်ပဲ ဖြစ်ဖြစ်၊ ကလေးကျောင်းကြို၊ ကျောင်းပို့သွားရင်ပဲဖြစ်ဖြစ် အမျိုးသမီးအများစုဟာ စာရေးသူရဲ့အိမ်ရှေ့ကပဲ ဖြတ်ပြီးသွားကြတာပါပဲ။

ဒီတော့ လမ်းသွားရင် ထော့နင်းထော့နင်းနဲ့သွားကြတဲ့ အမျိုးသမီးအချို့ကို စာရေးသူအနေနဲ့ မမြင်ချင်လည်း မြင်နေရတာပဲလေ။ တချို့များဆိုရင် ဈေးအပြန်မှာ စာရေးသူအိမ်ရှေ့ကကုန်းအတက်လမ်းကို ဆက်မလှမ်းနိုင်တော့လို့ စာရေးသူမိသားစုဖွင့်ထားတဲ့ဆိုင်ရှေ့ခုံတန်းမှာ တစ်အောင့်တစ်နားဝင်ထိုင်ပြီး နားကြသူတွေလည်း ရှိသေးတယ်။

ထိုင်တာကြာလို့ ထတော့မယ်ဆိုရင်လည်း လူတွဲမှထလို့ရတဲ့ အမျိုးသမီးတွေလည်းရှိသေးတယ်။ အဲဒီအမျိုးသမီးတွေထဲမှာ စာရေးသူရဲ့ဇနီးလည်း တစ်ယောက်အပါအဝင်ပေါ့။ အထူးသဖြင့် စာရေးသူရဲ့ဇနီးဟာ ရေအိမ်သာထိုင်ရပြီဆိုရင် သူ့ကို အထိုင်အထက ကောင်း

---

ကျွန်တော်၏နောက်မှ အပြေးအလွှားပင် လိုက်ပါလာလေသည်။ သူလိုက်ပါလာခြင်းက အဖော်အဖြစ်မဟုတ်။ ကျွန်တော် တောဆင်တွေကို မပစ်မိအောင် တားလို၍သာ ဖြစ်ပါသည်။

"ဟော့ဟော့- ဂျွန်၊ နေပါဦး။ ငါက မင်းကို တောဆင်မြင်ဖူးအောင်လို့ပြတာ။ အန္တရာယ်သိပ်ကြီးတယ်။ ပစ်တော့မပစ်ပါနဲ့"

သူက ပျာပျာသလဲ တားရှာပါ၏။ သို့သော် ကျွန်တော် မသိကျိုးကျွန်ပြုလျက် တောဆင်ရိုင်းများရှိနေရာနေရာ အနီးသို့ချဉ်းကပ်သွားခဲ့၏။ တောကောင်ကြီးများ၏လေအောက်မှသာ ကျွန်တော် ချဉ်းကပ်ရမည်ကို သတိမေ့မထားပါ။ သို့ဖြစ်၍ ဆင်ရိုင်းအုပ်က ကျွန်တော်တို့အား သတိမထားမိဘဲ နှာမောင်းများဖြင့် ကိုင်းမြက်များကို ရစ်ပတ်ဆွဲယူကာ စားသောက်နေကြ၏။ စားလည်းစား၊ သွားလည်းသွားနေကြသည့်ဆင်များ၏အနီးသို့ နီးသည်ထက်နီးအောင် ကျွန်တော်တို့ကလည်း လိုက်ပါချဉ်းကပ်သွားကြသည်။ တဖြည်းဖြည်း ရွေ့လျားသွားနေသော တောဆင်များသည် ကျွန်တော်တို့နှင့် ရထားအကြားသို့ ရောက်ရှိသွားသည်။

"ဟော့ - ဒီမှာ ဂျွန်၊ သွားပြီးတော့ မပစ်လိုက်ပါနဲ့နော။ သေနတ်သံကြောင့် ဆင်အုပ်လန့်သွားရင် ပြေးစရာနေရာမရှိဖြစ်သွားလိမ့်မယ်"

စက်မောင်းက အတန်တန်သတိပေးနေသည်။ ကျွန်တော်ကမူ သည်နေရာမှာ တောဆင်ရိုင်းတစ်ကောင်ကောင်ကို မှမပစ်ရလျှင် ရထားပေါ်သို့ ပြန်တက်ဖို့ လုံးဝစိတ်ကူးမရှိ။ တောဆင်ရိုင်း၏ သည်မျှကြီးမားလှသော ခန္ဓာကိုယ်တစ်နေရာရာတွင် ကျွန်တော်၏ ဒသမ ၂၇၅ အမဲပစ်ရိုင်ဖယ်သေနတ် မဖောက်ထွင်းနိုင်သောနေရာမရှိနိုင်ဟု ယုံကြည်ထားသည်။

သို့ဖြစ်၍ ကျွန်တော်က သေနတ်ကို သေသေချာချာချိန်လျက် တောဆင်ကြီး၏ တုတ်ခိုင်သောအစွယ်တစ်ဖက်၏ အရင်းသို့ ကျည်တစ်တောင့် ပစ်လွှတ်လိုက်လေသည်။ သေနတ်ကျည်ဖူးသည် ပစ်မှတ်ကို တိတိပပမှန်သွားသည်။ ဆင်အုပ်သည် ပြင်းထန်ကျယ်လောင်သော သေနတ်သံကြောင့် ဦးတည့်ရာသို့ ကြောက်လန့်တကြား ပြေးလွှားသွားကြသည်။ ကျွန်တော် နင်းထားသော မြေပြင်ပင် သိမ့်သိမ့်တုန်သွားသည်။ ဖုန်တွေကလည်းတထောင်းထောင်းထနေသည်။ တောဆင်များ ဝူးခနဲ ဝူးခနဲ ဝေါင်းခနဲ ဝေါင်းခနဲ ဟစ်အော်ပြေးလွှားသံများမှာ ငရဲပွက်သည့်နှယ် ဝန်းကျင်ပတ်ချာမှာ ဆူညံပွက်ရိုက်နေလေသည်။ အချို့ ဆင်တစ်ကောင်၊ နှစ်ကောင် ဆိုလျှင် ကျွန်တော်တို့နှစ်ယောက်အနီးမှ ကပ်လျက်ဖြတ်သွားသည်ဖြစ်ရာ ငါးမျှားတံတစ်ချောင်းဖြင့် လှမ်းရိုက်လိုက်လျှင်ပင် ထိလိမ့်မည်ထင်ပါသည်။ ဖုန်များ လွင့်ပါးပျောက်ကွယ်သွားသည့်အခါ မြင်ကွင်းက ကြည်ကြည်လင်လင်ဖြစ်ပါလေသည်။

"ကျွန်တော်တို့ စွတ်ကြောင်းနောက်ကိုလိုက်ကြည့်ရရင်ကောင်းမလားဟင်"

စက်ခေါင်းမောင်းသူအား ကျွန်တော် ပြောလိုက်မိ၏။

"ဘုရားသခင်ကျေးဇူးတော်ကြောင့် အသက်ဘေးက လွတ်သွားခဲ့ပါတယ်။ တော်ပါပြီ ဂျွန်၊ နောက်ဘယ်တော့မှ ဒီလောက်မိုက်မဲတဲ့အလုပ်မလုပ်တော့ပါဘူး"

သို့ပင်ဖြစ်စေကာမူ ကျွန်တော့်ပစ်ချက်က ထင်ထားသည်လောက် အခြေအနေမဆိုးလှပါ။ ခရီးစဉ်အတိုင်း ရထားခုတ်မောင်းသွားရာမှ ပြန်လာသည့်အခါ ကျွန်တော်ပစ်ထားခဲ့သောတောဆင်ကြီးသည် ပစ်မှတ်နှင့် များစွာ မကွာလှမ်းလှသည့်တစ်နေရာမှာ တုံးလုံးကြီးလဲလျက်သေနေသည်ကို မြင်လိုက်ရ၏။ သို့နှင့် မီးရထားကိုရပ်လျက် တောဆင်အသေကြီး၏အစွယ်တစ်စုံကို သွားရောက်ချွတ်ယူလိုက်ကြသည်။ တောဆင်ရိုင်းကြီး၏ အစွယ်တစ်စုံအတွက် (၃၇) ပေါင် ရရှိခဲ့ရာ ကျွန်တော်၏မီးရထားတွဲထိန်းလစာနှစ်လစာထက်ပင် ပိုနေပေသေး၏။

သို့ဖြစ်ရကား မုဆိုးတစ်ယောက်လုပ်ပြီး အသက်မွေးဝမ်းကျောင်းကောင်းကောင်းလုပ်နိုင်သည်ဟု ကျွန်တော် သဘောပေါက်နားလည်သွားမိပါသည်။ ယင်းအလုပ်က သက်စွန့်ဆံဖျား သည်းထိတ်ရင်ဖို ရင်ခုန်လှုပ်ရှား စိတ်ဝင်စားဖွယ်ရာကောင်းလှသည့် လုပ်ငန်းဖြစ်ကြောင်း ပထမဦးဆုံးအကြိမ် သိရှိလိုက်ပါသည်။

ခင်မောင်အေး (မန္တလေး)

*(J.A Hunter ၏ Scotland-John Hunter ကို ဆီလျော်အောင် ပြန်ဆိုသည်။)*



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကြီး ဒုက္ခပေးတော့တာပါပဲ။ ခု တော့ သံဖရိန်နဲ့လုပ်ထားတဲ့ ဘိုထိုင်ဆို တာလေးရှိနေလို့ အဆင်ပြေသလောက် တော့ ဖြစ်နေပါပြီ။

ဒါပေမယ့် လမ်းသွားရင်တော့ ထော့နင်း ထော့နင်းနဲ့ သွားရတာပါပဲ။ အထူးသဖြင့် ဈေးဆိုင်အပြင်ဘက်ကို ရောက်နေတုန်း ဈေးဝယ်သူလာသံကြား ရင် ဈေးဆိုင်ရှိရာဘက်ကို ထော့နင်း ထော့နင်းနဲ့ အလောတကြီး ပြေးသွား နေရတဲ့ သူ့ပုံသဏ္ဍာန်ကိုကြည့်ပြီး သူ့ အတွက် စာရေးသူ ရင်ထဲမှာမကောင်း မိတာတာ အမှန်ပါပဲ။

အမျိုးသမီးတွေ ဒူးနာတာနဲ့ပတ် သက်ပြီး တချို့ကတော့ အပေါ်ပိုင်းက ဝလွန်းအားကြီးတော့ အောက်ပိုင်းက ဒဏ်မခံနိုင်ဖြစ်ပြီး ဒူးနာတာလို့ပြောတဲ့ သူကလည်း ပြောကြပါတယ်။ ဗိန္ဒော ဆေးနဲ့ကုတဲ့ ပေတောရွာက ဆရာတော် ဆီ နှမ်းဆီနဲ့လိမ်းရတဲ့လိမ်းဆေး သွား ယူတော့ အောက်ပိုင်းကို လေကောင်း ကောင်းမလျှောက်လို့ ဒူးနာတာတဲ့။ နေ့ (၁၂) နာရီကျော်ရင် ရေမချိုးနဲ့၊ ကြာရင် လေဖြတ်လိမ့်မယ်လို့ သတိပေးလိုက်တာ ဆိုတော့ စာရေးသူမှာ နဂိုကမှေးနေတဲ့ မျက်လုံးဟာ ပြူးသွားတဲ့အထိ စိုးရိမ်ခဲ့ရ ပါတယ်။

ဘာလို့လဲဆိုတော့ စာရေးသူရဲ့ ဇနီးက ရေဆိုရင် သေခါမှသေ၊ နေ့ရယ်၊ ညရယ် သိပ်ရွေးနေတာမဟုတ်။ ပူလွန်း၊ အိုက်လွန်းတဲ့ရာသီဆိုရင် တစ်နေ့ (၂)ခါ တော့ရေချိုးလိုက်ရမှ စိတ်ကျေနပ်သူဆို တော့ ဘာပဲပြောပြော စာရေးသူအနေ နဲ့ ဇနီးဖြစ်သူအတွက် တွေးပူနေမိတာ အမှန်ပါပဲ။ ဒူးနာတာထက် လေဖြတ်မှာ ပိုစိုးရိမ်မိတာပါ။

ဒီကြားထဲမှာ ဒူးနာတာက ဂေါက် ရောဂါဖြစ်မလို့ စ,တာလို့ တချို့က ဆို ပြန်သေး၏။ တချို့ကလည်း ခြင်ဆီခန်း လို့နာတာဟု ပြောသူက ပြော၏။ မည် သည့်ရောဂါကြောင့် ဒူးနာတယ်ဆိုတာ ထို့ ရောဂါခေါင်းစဉ် မတပ်နိုင်သော် လည်း ဒူးနာရောဂါနှင့်ပတ်သက်၍ ပြော ဆာသမျှဆေးကို ဝယ်သောက်ရသည်၊ ဝယ်၍လိမ်းရ၏၊ ဆရာဝန်ညွှန်ကြားချက် အရ ဆေးထိုးရသေး၏။

ဆေးတွေသာစုံ၍ ငွေသာကုန် သည်၊ ဇနီးသည်၏ဒူးနာရောဂါက 'ဗေဒါ ပုံအံ့ကိုခဲ၊ ပန်းပန်လျက်ပဲ' လို့ ဆိုရ သောက်အောင် ဒူးနာခြင်းက မပျောက် ဘဲ ကြုံကြုံခဲ့နေဆဲ ဖြစ်၏။ အနာသိလျှင် ဆေးရှိသည်ဟု ဆိုစကားရှိခဲ့သော်လည်း ဇနီးသည်၏ဒူးနာရောဂါမှာ ဆေးမတွေ့ နိုင်အောင် ဖြစ်နေတော့၏။ အဲ-တွေ့ချင် တော့လည်း ဆေးကို ဝေးဝေးမှာသွားမ ရှာလိုက်ရဘဲ အိမ်တိုင်ရာရောက် လာ ပေးသူနှင့်ကြုံရ၏။ 'ကံနဲ့လူ မပူနဲ့' ဆို သောစကားသည် ယခုတော့ စာရေးသူ ၏ဇနီးအတွက် သွေးထွက်အောင်ပင် မှန် လွန်းနေ၏။

ဇနီးသည်၏ ဒူးနာရောဂါအတွက် ဆေးနည်းကို လက်ဆင့်ကမ်းပေးခဲ့သူမှာ စာရေးသူနှင့် တစ်လမ်းတည်းနေသော စာရေးကြီး ကိုကျော်ငြိမ်း ဖြစ်၏။ ကို ကျော်ငြိမ်းမှာ စာရေးဝန်ထမ်းမှ အငြိမ်း စားယူပြီးကတည်းက အိမ်မှာနေသည် ထက် ခန္တီးကြီးရွာအုပ်စုအတွင်းရှိ ခြံကြီး တွေ့ကျောင်းတွင် အနေများ၏။ ဆရာ တော်၏ ဝေယျာဝစ္စလုပ်ငန်းမှန်သမျှကို တာဝန်ယူဆောင်ရွက်ရင်း တရားအလုပ် ဖြင့် ပျော်မွေ့နေသူ ဖြစ်၏။

ကိုကျော်ငြိမ်းတစ်ယောက် ဆရာ တော်ကျောင်းမှ အိမ်ကို ခေတ္တပြန်လာ ခိုက်တွင် စာရေးသူ၏အိမ်သို့ ထုံးစံအ တိုင်းအလည်ဝင်ရောက်လာခြင်း ဖြစ်၏။ စာရေးသူနှင့် စကားစမြည်ပြောရင်းဆို ရင်းမှ စာရေးသူ၏ဇနီး ဒူးနာရောဂါ အကြောင်း စကားစပ်မိ၏။ သည်တွင် ကိုကျော်ငြိမ်းက ဆရာတော်ထံမှရသော ဒူးနာအတွက် ဆေးနည်းတစ်လက်ကို လိမ်းဆေးအဖြစ် ဖော်စပ်အသုံးပြုကြည့် ရန် တိုက်တွန်းရင်း ဆေးနည်းကိုပြောပြ ခြင်း ဖြစ်သည်။

စာရေးသူအနေနှင့် ဇနီးသည်၏ ဒူးနာရောဂါ ပျောက်မည်ဆိုလျှင် ဘယ် သူပေးတဲ့ဆေးဖြစ်ဖြစ် ရအောင်ရှာ၍ လိမ်းတန်လိမ်းစေ၏၊ သောက်တန်တာ ကို သောက်စေခဲ့၏။ ဇနီးသည်မှာ ဆေး မကြောက်တတ်သူမို့ တော်ပါသေး၏။ ယခု ကိုကျော်ငြိမ်းပေးခဲ့သော ဆေးမှာ လိမ်းဆေးအဖြစ်ဖော်စပ်၍ လိမ်းရန်ဖြစ် ပြီး ဆေးအမည်များမှာလည်း ရှာဖွေရ လွယ်သည်မို့ စာရေးသူအနေနှင့် တစ် ရက်အတွင်း ဆေးတစ်ပုလင်းစာရအောင် ဖော်နိုင်ခဲ့၏။

ဆေးဖော်ပြီးသည်နှင့် ဇနီးသည် အား ညအိပ်ရာဝင်တိုင်းလိမ်းရန် ဂရု စိုက်၍ အနီးကပ်ကြပ်မတ်ပြီး ညွှန်ကြား ရသည်မှာ စာရေးသူအတွက် နိစ္စဓူဝအ လုပ်တစ်ခုလို ဖြစ်လာတော့သည်။ တစ် ရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက်ကျော် ၍ တစ်ပတ်အတွင်းမှာပင် ဇနီးသည်၏ ဒူးနာမှာသက်သာစပြုလာသည်ကို မျက် ဝါးထင်ထင်တွေ့မြင်ရတော့ စာရေးသူ မှာ စိတ်ချမ်းသာရ၏။

'အနာနှင့်ဆေး တည့်အောင်ပေး က ပျောက်ရေးမခက်ပါ' ဟု ဆိုစကား ကရှိထားသည် မဟုတ်ပါလား။ ခုဆေး က ဇနီးသည်၏ဒူးနာရောဂါအတွက် ဆေးချက်မှန်ပုံရ၏။ အကြောင်းမှာ ယခင် ဒူးမကောင်း၍ ဟိုနား ဒီနားကိုပင် သွားရန် အင်မတန်ဝန်လေးသော စာ ရေးသူ၏ဇနီးသည်မှာ ခုတော့ ဈေးခြင်း ကိုဆွဲ၍ မြေးမနှင့်အတူ အိမ်နှင့်အတန် ဝေးသည့်ဈေးသို့ သွားနိုင်ပြီကို မြင်လိုက် ရ၍ ဖြစ်သည်။

ဇနီးဖြစ်သူ၏ဒူးနာပျောက်၍ လမ်း ကောင်းကောင်း လျှောက်လာနိုင်သည် ကိုမြင်ရသောစာရေးသူအနေနှင့် အခြား ဒူးနာဝေဒနာခံစားနေရသည့် အမျိုးသမီး များအတွက် ဆေးနည်းလက်ဆောင်ပေး ချင်လာ၏။ မိတ်ဆွေကောင်းတို့ မည် သည် ဟင်းကောင်းတစ်ခွက်စားရလျှင် ကိုယ့်အပေါင်းအသင်းကိုလည်း စားစေ ချင်သည်မှာ ဓမ္မတာဖြစ်ပေရာ စာရေးသူ ၏ ကိုယ်တွေ့ ဒူးနာပျောက်ဆေးနည်း တစ်လက်ကိုလည်း တိုက်ဆိုင်သူများအ သုံးပြုနိုင်ရန်အတွက် လက်ဆင့်ကမ်း ဖော်ပြပေးလိုက်ရပါတော့သည်။

**ဆေးနည်း**

| | | |
|---|---|---|
| ၁။ | တောအရက်ဦးရေ စစ်စစ် (တစ်လီတာ ပုလင်း) | ၁ ပုလင်း |
| ၂။ | ပရုတ်မှုန့် | ၁ ကျပ် |
| ၃။ | ငရုတ်ကောင်းမှုန့် | ၈ ပဲ |
| ၄။ | လေးညှင်း | ၂ ပဲ |
| ၅။ | နှမ်းဆီစစ်စစ် (ဟင်းစားဇွန်း) | ၂ ဇွန်း |
| ၆။ | ဇာတိပ္ဖိုလ်သီး (အမှုန့်ပြုလုပ်ရန်) | ၃ လုံး |

အထက်ပါဆေးအမည် (၆) မျိုး အား သမအောင် ရောစပ်ပြီးထားသော ဆေးပုလင်းကို နေပူတွင် (၃) ရက်ထား ပါ။ (၃) ရက်ပြည့်က ၎င်းဆေးရည်ကို ညအိပ်ရာဝင်တိုင်းလူးရန် ဖြစ်ပါသည်။

*(**မှတ်ချက်**။ ။ဆေးလိမ်းပြီးနောက် ပိုင်း ရေမထိရန် လိုအပ်ပါသည်။)*

**စနေထွန်း(မြစ်သား)**




www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

## ဆရာဒလမင်းခေါင်



**မကောင်းကျိုးပေးသော ကမ္မဂဏန်း (၁၆)**
**(Malific or karmic Number Sixteen)**

တားရော့ဂဏန်း (၁၆) က မျှော်စင် ဖြစ်ပြီး ပျက်စီးခြင်းကို ဖော်ပြသည်။ ပြိုကျနေသော မျှော်စင်က လူ၏ ဂုဏ်သိက္ခာကျခြင်း၊ အချည်းနှီးဖြစ်ခြင်းကို ဖော်ပြသည်။ အတ္တကို ဗဟိုပြု မိမိဆန္ဒအကြောင်းခံ၍ မသိနားမလည်ခြင်းအမှားတို့ဖြင့် တည်ဆောက်ထားသည်။ မှန်ကန်သောစိတ်တန်ခိုးကို နားမလည်သောကြောင့် အတွေးများမှားတတ်သည်။

(၁၆) ဂဏန်းသည် ထူးထူးခြားခြား အကြံအစည်ပျက်၊ ကျက်သရေယုတ်ခြင်း၊ အလိမ်ခံရခြင်း၊ ဆင်းရဲဒုက္ခရောက်စေခြင်းကိုဖြစ်စေသည်။ အချစ်ရေးမှာ မတော်တရော်လုပ်ခဲ့ခြင်းကို ဖော်ပြသည်။ (၁၆) ဂဏန်းသည် အကောင်းမြင်၍ယုံကြည်တတ်ခြင်းကိုလည်းဖော်ပြသည်။

အကယ်၍ (၁၆) ဂဏန်းသည် ဝိညာဉ်တွန်းအားစုစုပေါင်းဂဏန်းဖြစ်ပါက မိတ်ဆွေဆိုး၊ တလွဲစိတ်ကူးယဉ်အိပ်မက်ကို ဖော်ပြသည်။ ဘဝကံကြမ္မာဂဏန်းဖြစ်ပါက တန်ခိုးအာဏာ၊ ကံကောင်းခြင်း၊ ရာထူး၊ အမည်တို့ ဆုံးရှုံးမှုကို ဖော်ပြသည်။ ဘဝလမ်းကြောင်းဂဏန်းဖြစ်ပါက ချစ်သူဆုံးရှုံးခြင်း၊ ကျရှုံးခြင်း စသော အလွမ်းအဆွေးကို ဖော်ပြသည်။ ရုပ်ဝတ္ထုပစ္စည်းအပေါ် မငြိတွယ်သင့်ပါ။

**ကမ္မဂဏန်း (၁၉)**
**(karmic Number Nineteen)**

တားရော့ကတ် (၁၉) ဂဏန်းသည် နေမင်းကို ကိုယ်စားပြု၍ ပြန်လည် စုစည်းခြင်းဟုလည်း အဓိပ္ပာယ်ရှိသည်။ ၎င်းသည် သက်မဲ့မဟုတ်။ ရှင်သန်နေသောအင်အားစုဖြစ်သည်။ (၁၉) ဂဏန်းသည် ညီမျှခြင်း၊ ကောက်ခံသူဖြစ်ပြီး မျက်စိတစ်လုံးအတွက် မျက်စိတစ်လုံးလျော်ရမည်ဟု တောင်းဆိုသည်။ အပေါ်စီးကမနေ။ သည်းခံမှုကိုပေးသည့်ဂဏန်း ဖြစ်သည်။ အရင်က အယူရှိက ယခုပြန်ပေးရမည်။ ဤသည်မှာ ခံနိုင်ရည်ရှိမှုကို စမ်းသပ်ခြင်း ဖြစ်သည်။

အကယ်၍ ဝိညာဉ်တွန်းအားဂဏန်း စုစုပေါင်းသည် (၁၉) ဂဏန်းဖြစ်ပါက ဖုံးကွယ်နေသောဘဝ၏ လျှို့ဝှက်ချက်များ ယခုဆွဲထုတ်ရမည်။

အကယ်၍ ဘဝကံကြမ္မာစုစုပေါင်းဂဏန်း (၁၉) ဖြစ်ပါက ဘဝအဆုံးမှာ ပျောက်ဆုံးခဲ့သောအရာများ ရှာတွေ့မည်။

အကယ်၍ ဘဝလမ်းကြောင်းဂဏန်း စုစုပေါင်းသည် (၁၉) ဖြစ်ပါက ကျဆုံးမှုနှင့် တွေ့မည်။ ရသမျှယူမည်။ လွတ်လပ်မှုကိုကြိုက်သော်လည်း သူပိုင်ဆိုင်မှုကိုပေးမည်။

အကယ်၍ စုစုပေါင်းဂဏန်းသည် နှလုံးသားဆန္ဒ သို့မဟုတ် ကံကြမ္မာဂဏန်းဖြစ်ပါက ယခင်ဘဝက ကံအကျိုးဆက်ရှိသည်။ အစမ်းသပ်ခံဂဏန်းများ နေထိုင်ရပါက အကျင့်စရိုက်အားနည်းမှုဖြစ်စေသည်။

**ကမ္မဂဏန်းများအတူရှိသောသူများ လုပ်သင့်သောအရာ**
**(What you should do with your karmic Number)**

အကယ်၍များ မကောင်းသော ကမ္မဂဏန်း မည်သည့်နေရာတွင်တွေ့တွေ့ အရင်ကတင်ခဲ့သောဝဋ်ကြွေး ပြန်ဆပ်ရမည်။ ကမ္ဘာလောကမှာ မျှမျှတတ အကျိုးခံစားရသူ ဖြစ်သည်။ ဤလောကကြီးမှာ လွတ်လွတ်လပ်လပ်နေနိုင်ပြီး အောင်မြင်မှုကို အဟန့်အတားဖြစ်သော ကမ္မတာဝန်၊ အရင်ဘဝကကြွေးဆပ်စရာမရှိ။ မိမိအမည်ကို ကမ္မ အရင်ဘဝက ကြွေးရှိ၊ မရှိ တွက်ကြည့်ပါ။ ကမ္မဂဏန်းများကား ၁၃၊ ၁၄၊ ၁၆ နှင့် ၁၉ ဖြစ်သည်။ မမေ့ပါနှင့်။

### အခန်း (၁၇)
### နာမည်ထဲက ပထမဆုံး သရအက္ခရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟောကွက်များ
### (The Significance of the First Vowel in Your First Name)

မိတ်ဆွေဖြစ်ဖို့၊ ကလေးများထိန်းဖို့ခက်နေလျှင် နာမည်ထဲမှာ ပထမဆုံးသရအလုံးကို ရွေးထုတ်ဟောပါက အများ၏ အာရုံစိုက်မှုရမည်။ နာမည်ထဲက ပထမဆုံးတွေ့ရသော သရအလုံးသည် ထိုသူ၏ အပြုအမူ၊ စဉ်းစားပုံကို နာမည်ကြည့်၍ဟောနိုင်သောဟောကွက် ဖြစ်သည်။

**ပထမသရများ**
**(What The First Vowels Are)**

A, E, I, O, U နှင့် Y တို့သည် သရများ ဖြစ်သည်။ W ကတော့ သရအနေဖြင့် နာမည်အစမှာ မရပ်တည်နိုင်။ အခြားသရတစ်လုံးနောက်ကနေလိုက်ရသည်။ ဥပမာ EWELL ကဲ့သို့ သရမပီမသနေရာတနေ နေသည်။ ထို့ကြောင့် အခြားဂဏန်းဗေဒင်ဆရာများနှင့်မတူ တစ်မူကွဲပြားရခြင်းမှာ W ကို သရအနေဖြင့် မသုံး၊ အတွဲဖြင့်သုံး၍ ဖြစ်သည်။ ၎င်းချည်းလည်း မရပ်တည်နိုင်၊ တစ်လုံးတည်း အလုပ်မလုပ်နိုင်။ မည်သို့ပင်ဖြစ်ဖြစ် ဟောသည့်အခါ သရတစ်လုံးကဲ့သို့ သဘောထား၍ဟောနိုင်သည်။

သရများသည် ပုံစံ(၃)မျိုးရှိသည်၊ အသံတို၊ အသံရှည်နှင့် သရနှစ်သံထွက်သောသရ ဟူ၍ရှိသည်။ သရအသံရှည်ရှည်ထွက်ရပါက အသံပြင်းပြင်းထွက်ရသည်။ တိုသောသရ သံပြတ်ရသည်၊ နှစ်သံတွဲသရများ အခြားသရသံများနှင့်တွဲပြီး အတူထွက်ရသည်။

အမည်ထဲမှာပါသော ပထမဆုံးသရသည် တုံ့ပြန်မှုက တက်ကြွပြီးအပြု



www.burmeseclassic.com

www.burmeseclassic.com

အမှူ တွေးတောစဉ်းစားပုံကို ဖော်ပြသည်။

**သရအသံရှည်များ၏ပုံစံ**

Amy ထဲက A၊ Edith ထဲက E၊ အသံရှည် Ivan ထဲ I အသံရှည်၊ Joseph ထဲ O အသံရှည်၊ Judith ထဲက U၊ အသံရှည်၊ Byron ထဲက Y အသံရှည်၊ Wမှာ အသံရှည် မရှိပါ။

**သရအသံတိုပုံစံများ**

Cameron ထဲက A အသံတို၊ Nedson ထဲက E အသံတို၊ Virginia ထဲက I အသံတို၊ Ronald ထဲက O အသံတို၊ Ducan ထဲက U အသံတို၊ Lydia ထဲက Y အသံတို၊ W မှာ အသံတို မရှိ။

**နှစ်သံတွဲသရဥပမာ**

Pauline ထဲ A နှစ်သံတွဲ၊ Eunice ထဲက E နှစ်သံတွဲ၊ Diana ထဲက I နှစ်သံတွဲ။ Joan ထဲက O နှစ်သံတွဲ၊ Duane ထဲက U နှစ်သံတွဲ၊ Joyce ထဲက Y နှစ်သံတွဲ၊ Jewel ထဲက W နှစ်သံတွဲ။

**နာမည်ထဲကပထမသရအလုံးအဟော**
**(What your First Vowels Tell You)**

**A သရ**

A သရ၏ တန်ဖိုး (၁) ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာ အသွင်အပြင်ရှိသည်။ သို့ရာတွင် ခံစားချက်၊ စိတ်လှုပ်ရှားမှုရှိသည်။နာမည်တွင် သရအနေဖြင့် ပထမလုံးအဖြစ်တည်ရှိပါက တိုးတက်စွန့်စားလွတ်လွတ်လပ်လပ်နေသည်။ ရှေ့ဦးလုပ်ဆောင်လိုသောစိတ်ရှိပြီး ဦးဆောင်မှုပေးတတ်သည်။ အကယ်၍ နာမည်တွင် A ဖြင့် ပထမဆုံးအနေဖြင့်ရှိပါက အယူအဆအသစ်ကို စိတ်ဝင်စားသည်။ သို့ရာတွင် အခြားသူများထက် တီထွင်နိုင်သောစိတ်ကူးပိုကောင်းပြီး အခြားသူနှင့်မတူတာကို ပိုနှစ်သက်သည်။ဘယ်သူက ဆန့်ကျင်ပါစေ သူ၏ အယူအဆကိုတာကွယ်တတ်သည်။ ဘယ်သူက အားပေးပေး သူလက်မခံ။ သူနှင့် ယုံကြည်ချက်တူသောအကြံဉာဏ်ကို လက်ခံတတ်သည်။

A သရသည် ဆက်သွယ်မှုအသစ်၊ အခွင့်အရေးအသစ်၊ လှုပ်ရှားမှုအသစ်တွေကာ ပြောင်းလဲတတ်သည်။ အစဉ်အလာအဟောင်းများကို စွန့်ပယ်ကာ မသိသေးသော အကြောင်းအရာများကို သိချင်သွားလိုသည်။ A သည် ပထမဆုံးသရ ဖြစ်ပါက အပေါ်စီးက ဆက်ဆံသင့်။ ငါ့စကား နွားရမျိုး မပြောနဲ့။ တလွဲမာန မထားပါနှင့်။ သည်းခံပြီးနေပါ။ သိက္ခာ ကျအောင် ဘယ်တော့မှမနေသင့်ပါ။

**E သရ**

E သရ၏ တန်ဖိုးက (၅) ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာရှိသည်။ အာရုံငါးပါးနှင့် ဆက်နွယ်နေသည်။ ဘဝမျိုးစုံဖြစ်ပြီး အရာရာကို နှစ်သက်၍အပြောင်းအလဲသဘောရှိသည်။ လှုပ်ရှားနေရသည်ကို နှစ်သက်သည်။ အကယ်၍ E သည် နာမည်ထဲတွင် ပထမသရအလုံး ဖြစ်ပါက အရာရာကို လွတ်လပ်မှု လိုလားသော်လည်း ဥပဒေစည်းမျဉ်းကို မချိုးဖောက်ရဲကြသူများဖြစ်သည်။ E သရမှာ အတွေ့အကြုံများသော အက္ခရာဖြစ်၍ အခြားသော သရအက္ခရာများထက် ပိုတွေ့ရတတ်သည်။ E သရရှိသူများ ဥပဒေကို မချိုးဖောက်ရဲ။ အရေးကြီးသုတ်ပျာလှုပ်ရှားတတ်သောကြောင့် ပြဿနာနှင့်မကင်းကြပါ။ အများနှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး မကြာခဏခရီးသွားတတ်သည်။ တစ်မိနစ်အတွင်း ငွေအများအပြားရရှိအောင်လုပ်နိုင်သော်လည်း နောက်ခဏလေးအတွင်း ကုန်သွားတတ်သည်။ ၎င်းတို့သည် လွယ်လွယ်ရ၊ လွယ်လွယ်ဖြုန်းတတ်သူများ ဖြစ်သည်။ ဤကား E သရသဘော ဖြစ်သည်။

အိမ်ထောင်ရေးတွင် ခိုင်မြဲအောင် မလုပ်နိုင်ကြပါ။ အိမ်တွင်းရေးမှာ ၎င်းတို့က စိတ်တက်လိုက်ကျလိုက်နှင့် စိတ်လိုက်မာန်ပါလုပ်တတ်၍ဖြစ်သည်။ ဘဝအတွေ့အကြုံအများအပြားရှိပြီး ဖန်လုံအိမ်ထဲမှာ၊ ဇာတ်စင်ပေါ်မှာလို ပြုမူဆောင်ရွက်တတ်သည်။ အတွေ့အကြုံများကလည်း စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ ထို့ကြောင့် တွေ့ရသောအရာမှန်သမျှ ကြုံသလို ဖြေရှင်းတတ်သည်။ ဆန့်ကျင်ဘက်လိင်များနှင့် ပတ်သက်ပြီး အတတ်နိုင်ဆုံး လိုက်လျောသမျှ လိုက်လျောကာ သူတို့အကြိုက် လုပ်ဆောင်ပေးသင့်သည်။ အပြောင်းအလဲများ၊ ဇိမ်ခံလွန်ခြင်းကိုရှောင်။ အထူးသဖြင့် အချစ်ရေးကိစ္စ၌ ဆင်ခြင်နေသင့်သည်။

**I သရ**

I သရ၏ တန်ဖိုးဂဏန်းကို ဖြစ်သည်။ ၎င်းသည် မေတ္တာတရားနှင့် နားလည်မှုရှိခြင်းကို ပြသည်။ နာမည်၏ ပထမဆုံး သရသည် I ဖြစ်က စိတ်အားထက်သန်ပြီး စိတ်လှုပ်ရှားခံစားမှုကို လွယ်လွယ် အသုံးပြုနိုင်စွမ်းရည်ရှိသူ ဖြစ်သည်။ ကိုယ်တိုင်လည်း ဥပဒေအတိုင်း လိုက်နာတတ်သည်။ အမည်မှာ I သရ များများတွေ့ရပါက စိတ်ထိခိုက်လွယ်သည်။ သို့ရာတွင် သနားကရုဏာထားတတ်သူ ဖြစ်သည်။ ၎င်းတို့သည် လုပ်ကိုင်ရာတွင် နှေးကွေး၍ နှစ်ခါထက် မနည်း အကြိမ်ကြိမ်လုပ်တတ်သူ ဖြစ်သည်။ ဉာဏ်ကောင်းသူဖြစ်ဖြစ်၊ ထုံထိုင်းသူဖြစ်ဖြစ် ထင်ပေါ်သူ (သို့) ကြောက်တတ်သူများ ဖြစ်သည်။ ငြိမ်ငြိမ်နေပြီး ခွန်အားစိုက်၍ ကူညီတတ်သော်လည်း ပုံမှန်မဟုတ်ဘဲ ကိုယ်ကျိုးကြည့်သူ အတ္တသမားလည်းဖြစ်သည်။ I တစ်လုံးတည်း ဖြစ်က ပင်ကိုစွမ်းရည်ရှိသော်လည်း ထူးမခြား ငြီးငွေ့စရာဖြစ်တတ်သည်။ ၎င်းတို့သည် အပြောင်းအလဲ သဘောမကျမည်သည့်အသစ်အဆန်းမျှ မနှစ်သက်ကြပါ။ သိသမျှနှင့် ကျေနပ်နှစ်သက်ပြီး ထပ်တလဲလဲလုပ်တတ်သူ ဖြစ်သည်။

I ၏ စိတ်ကို ကြင်နာသော အသည်းနှလုံးက လွှမ်းမိုးတတ်သည်။ ဤသို့မဟုတ်ပါက အတ္တကြီးသူ၊ မိမိကိုယ်ကို အလိုလိုက်သူ ဖြစ်သည်။ သရ I သည် ကြွယ်ဝချမ်းသာမှုနှင့် ကာကွယ်မှုပေးနိုင်သည်။ နားလည်မှုစွမ်းရည်နှင့် အခြားသူများလိုအပ်ချက်ကို နားလည်ဖြစ်၍ အောင်မြင်မှု၊ ကံကောင်းခြင်းကို ပေးနိုင်သည်။ အကယ်၍ I သည် နိမ့်ကျကျဆုံးပါက အကောင်းမြင်လွန်းပြီး အမှားကျူးလွန်ခဲ့၍ ဖြစ်သည်။

အကယ်၍ ထိုးထွင်းသိမြင်သော ဉာဏ်ရှိသူဖြစ်ပါက ပင်ကိုစွမ်းရည်ရှိသူ ဖြစ်သည်။ အခွင့်အရေးကို မဆုံးရှုံးအောင်နှင့် အပြောင်းအလဲမြန်ခြင်း၊ စိတ်မာတက်ကျခြင်းကို ထိန်းသင့်ပါသည်။

**O သရ**

O သရ၏ ဂဏန်းတန်ဖိုးက (၆) ဖြစ်ပြီး အခြားသူများကို အကြံပေးနေရခြင်းကိုကအပျော်ဆုံးဖြစ်နေတတ်သည်။ O သည် ဆရာ သို့မဟုတ် မိဘများအဖို့ လိုအပ်၍ အသုံးတည့်သည်။

အကယ်၍ O သည် ပထမဆုံးသရဖြစ်က အရေးကြီးသောကိစ္စများကို တာဝန်ယူတတ်သည်။ အိမ်နှင့် အိမ်ပတ်ဝန်းကျင်ကို တိုးတတ်စေချင်သူ ဖြစ်သည်။ အငြင်းအခုံလုပ်ခြင်းကို ရှောင်သင့်သည်။

မိမိက မှန်ကန်သည်ဟုယူဆပါက တစ်ဖက်ရန်သူကို နားလည်မှုပေးတတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ၎င်းသည် ချက်ကောင်းသော စားဖိုးမှူးဖြစ်နေ၍ ဧည့်သည်များကို ဧည့်ခံပေးလေ့ရှိသည်။ ဤကဲ့သို့ ဧည့်ခံရသည်ကို စိတ်ဝင်စားသည်။

O သည် စီးပွားရေးလုပ်ငန်း ဟောင်း တည်ထောင်တတ်သည်။ ၎င်းနေရာမျိုးတွင် အခြေချချင်ကြသည်။ အတင်းတော့ မရွှေ့ပြောင်းပါ။ O အဖို့ သူ၏ပတ်ဝန်းကျင်တွင် အဆင်ပြေရန်နှင့် လှလှပပဖြစ်စေရန် လိုအပ်သည်။ ဥယျာဉ်ပန်းခြံထဲမှာ အလုပ်လုပ်သည်ကို သဘောကျသူ ဖြစ်သည်။ ပထမသရအလုံး O သည် အဖွဲ့အစည်းများ၌ ထမ်းဆောင်ရန် အခွင့်အရေးပေးသည်။ ရိုးရာမလေ့ထုံးစံကိုတော့ မကြာခဏ အကန့်အသတ်နှင့်လက်ခံသည်။ O သရအလုံးများများနှင့် တည်ဆောက်ထားသော အမည်ဖြစ်ပါက ကဗျာ၊ ဂီတ၊ အနုပညာဘက် ပင်ကိုစွမ်းရည်ရှိပါသည်။ O သရအလုံးများ များလွန်းပါက ခေါင်းမာခြင်း၊ နှေးခြင်းနှင့် မျှော်လင့်ချက်ကုန်ခြင်းတို့ ဖြစ်တတ်သည်။

**U သရ**

နာမည်တွင် ပထမသရအလုံးသည် U ဖြစ်ပါက ပျော်ပျော်ရွှင်ရွှင်နေတတ်သောသူ ဖြစ်သည်။ လိမ္မာပါးနပ်ပြီး အကျိုးရှိသောစကားလုံးများအသုံးချရာတွင် ပါရမီရှိသူ၊ ညစာစားပွဲ၊ စကားပြောကောင်းသူ၊ အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်။ လူအများက သဘောကျသလို မိတ်ဆွေကောင်းရှိသည်။ ၎င်းတို့သည် ဆွဲဆောင်မှုရှိပြီး ကိုယ်ချင်းစာတရားရှိသူ ဖြစ်သည်။ သဘာဝတရားကို မြတ်နိုးသူဖြစ်၍ ပန်းပင်များ၊ အခြားပင်များကို မြောက်မြားစွာ စိုက်ပျိုးလေ့ရှိသည်။ ရေမွှေး၊ ရှေးဟောင်းပစ္စည်းနှင့် ပတ်သက်၍ အကဲဖြတ်တော်သူများဖြစ်သည်။

U သရအချို့ပါက လေ့လာတတ်သူ၊ နာမ်ပိုင်းဆိုင်ရာ ဆန်းစစ်ဝေဖန်တတ်သူ ဖြစ်သည်။ အမည်သည် U နှင့်စပါက စိတ်လှုပ်ရှားတတ်သူ ဖြစ်သည်။ မိမိကိုယ်ကို ပေါ်လွင်စေတတ်ပြီး ၎င်းတို့ အနုပညာသမားများဖြစ်သည်။ လွန်ကဲသော စိတ်လှုပ်ရှားမှုကို ရင်ဆိုင်ကာ ခိုင်မာသော စိတ်စွမ်းအင်နှင့် ကြိုးပမ်းရမည်။

မကြာခဏဆိုသလို အချစ်ရေးကိစ္စ အဆင်မပြေ၍ လက်လျှော့တတ်သည်။ U သည် လုပ်ငန်းအမျိုးမျိုးလုပ်တတ်၍ တီထွင်ဖန်တီးမှုရှိသူဖြစ်ပြီး မိမိကိုယ်ကို တိုးတက်အောင် လုပ်ဆောင်ခြင်းသည် ၎င်းအတွက် အဓိကသော့ချက် ဖြစ်သည်။ အခြားသူများကို မိတ်ဆွေလို သဘောထားတတ်၍ လူအများ၏ ဆွဲဆောင်မှုခံရတတ်သည်။ U သည် အပြောင်းအလဲ မလိုလား။ အစကိုမရှာ။ တိုးတက်မှုမရှိသော U သည် လူသားအကျိုးမြှင့်တင်လိုသူဖြစ်ပြီး ဆန့်ကျင်ဘက်နေထိုင်ပါက ကိုယ်ကျိုးရှာသူ၊ စိတ်ဓာတ်ကျဉ်းမြောင်းသူ ဖြစ်သည်။

**Y သရ**

Y သရ၏ဂဏန်းတန်ဖိုးသည် (၇) ဖြစ်ပြီး ၎င်းကို သရအဖြစ်ရော ဗျည်းအဖြစ်ပါ သုံးနိုင်သည်။ ဗျည်းထဲမှာ သရမပါပါက Y သည် သရအဖြစ် လုပ်ဆောင်သည်။ ချုပ်ကိုင်မှု၊ လွတ်လပ်မှုကို သိပ်မလိုလားပါ။ ကာကွယ်မှုလိုသော်လည်း ကိုယ်တိုင်က ဖုံးကွယ်တတ်သည်။ Y သည် မိမိကိုယ်ကို ဆန်းစစ်တတ်သူဖြစ်ပြီး ထွင်းဖောက်ထိုးမြင်အားကောင်းသည်။ ၎င်းနောက်လိုက်သင့်သည်။ Y ၏အားက အသိဉာဏ်နှင့် ယုတ္တိရှိရှိ ဆန်းစစ်တတ်ခြင်း ဖြစ်သည်။ သဘာဝတရားနှင့် နီးစပ်သော်လည်း ၎င်းကို လွတ်လွတ်လပ်လပ် ဖော်ပြရန် ခက်ခဲသည်။ အမည်၏ ပထမဆုံး သရသည် Y ဖြစ်ပါက စကားပြောသူကို သိသလိုလိုနှင့် ငြိမ်ငြိမ်လေး နားထောင်ပြီး ဆက်ဆံမှုအတတ်ပညာ ကျွမ်းကျင်ပါးနပ်သူ ဖြစ်သည်။ နက်နဲသောစိတ်ပညာ သဘော၊ အသိပညာရပ်များကို နက်နက်နဲနဲ လေ့လာရသည်ကို နှစ်သက်သည်။ Y တစ်လုံးတည်းပါက ပြုစုပျိုးထောင်တတ်သည်။ ၎င်းတို့၏ စိတ်နေစိတ်ထားမှာ ၎င်းတို့ လျှို့ဝှက်ချက်ကို အရင်းနှီးဆုံးမိတ်ဆွေ၊ ဆွေမျိုးကိုတောင် မျှဝေပေးလေ့ မရှိ။ ၎င်းတို့သည် ငြိမ်ငြိမ်လေးနှင့် အချိန်ဖြုန်းတတ်သည်။ Y သည် ခံစားချက်ကို မျိုသိပ်ထားသည့်အတွက် နားလည်ရခက်သူများ ဖြစ်သည်။

၎င်းတို့သည် အသိဉာဏ်ထက်မြက်၍ နာမ်ပိုင်းဆိုင်ရာသတ္တိရှိသူ၊ မွေးထားသူ ဖြစ်သည်။ ၎င်းတို့သည် ခွဲခွဲခြားခြားသိမြင်ဆက်ဆံတတ်ရန်လိုသည်။ သို့မဟုတ်ပါက ပုံပန်းသဏ္ဌာန်ကြည့် ဆုံးဖြတ်က အလိမ်ခံရသူများ ဖြစ်သည်။ တိုးတက်သော Y သည် ငြိမ်ငြိမ်လေ့လာ၊ ဘုရားဆုတောင်း၊ စောင့်ကြည့်တတ်၊ တရားထိုင်တတ်သည်။ ဆန့်ကျင်ဘက်နေထိုင်ပြုမူပါက ပရိယာယ်ကြွယ်၊ ဝေဖန်ဆန်းစစ်မှုမရှိ အသိမဲ့သူဖြစ်မည်။

**EW သရ**

W သည် သရအဖြစ် ဘယ်အခါမှ ရှေ့ဆုံးမှာထား၍မသုံးစွဲပါ။ အခြားသောသရများနှင့် တွဲသုံးလေ့ ရှိသည်။ EW သည် ငါး နှစ်လုံး ဖြစ်၍ E က (၅)၊ W လည်း (၅) ဂဏန်းပင် ဖြစ်သည်။ နှစ်ခုပေါင်းက (၁၀)။ A တန်ဖိုး (၁) နှင့် ဆင်တူသည်။ (၅) နှစ်ခုပါသည့်အတွက် ဘဝမှာ ၎င်းတို့ ကြုံရွယ်ချက် အထမြောက်ရန် ဆန့်ကျင်လိင်ပေါ် မှီတည်သည်။ W ကို အတွဲသရအနေဖြင့် သုံးသောအခါ သဘာဝနှစ်မျိုး ရှိသည်။ တစ်ခုကအကောင်း၊ တစ်ခုက အဆိုး ဖြစ်သည်။ ၎င်းတို့သည် နောက်လိုက်ဖြစ်ပြီး ဦးဆောင်သူ မဟုတ်။

**သရကို ဧည့်ခံပွဲများမှာ ဧည့်သည်များကို ဟောပြောခြင်း**

**(How You can Entertain Guests At a party by playing the game of Vowel)**

ဘုရားကျောင်းမှာဖြစ်ဖြစ်၊ ပါတီပွဲမှာဖြစ်ဖြစ် သရအသုံးပြု၍ ဟောနိုင်သည်။

ဟောပုံမှာ -

ခဲတံနှင့်ရေးစရာယူပါ။ ဧည့်သည်ထဲမှ ၎င်းတို့ ပထမအမည်နှင့် နာမည်ပြောင် (nickname) ကို မေးပါ။ ၎င်းတို့၏ ပထမအမည်ထဲမှာပါသော ပထမဆုံး သရအလုံးကိုကြည့်၍ဟောပါ။ သရအကြောင်းကို သေချာလေ့လာထားပါက အဟောများသည် တိကျမှန်ကန်မှုရှိမည်။

## အခန်း (၁၈)
## ဂဏန်းဗေဒင်ပညာဖြင့် အနာဂတ်ကိုဟောဆိုခြင်း
## (How to Use Numerology to Predic the Future)

ဤစာအုပ်ကို ရေးသားရခြင်း၏ မူလ ရည်ရွယ်ချက်မှာ ဂဏန်းများနောက်ကွယ်၌ ဖုံးကွယ်နေသော ဟောကွက်များကို လူ့ဘဝအတွက် အသုံးချနိုင်အောင် ဖော်ထုတ် ရေးသားခြင်း ဖြစ်သည်။ ဤစာအုပ်တွင် တန်ဖိုးရှိသော အဟောပညာရပ်များပါသည်။ ဤကဲ့သို့ အဟောပညာရပ်များကို စာအုပ်အနေဖြင့် ဘယ်သူမှ မရေးဘူးသေးပါ။ ကျွန်ုပ်၏ (၂၅) နှစ်ကြာ ကြိုးစား လေ့လာ



www.burmeseclassic.com

www.burmeseclassic.com

သုတေသနပြုပြီး အမှားတွေရှာပြီးမှ ဤစာအုပ်ကို တင်ပြခြင်း ဖြစ်သည်။

**မှန်းဆဟောခြင်းမဟုတ်၊ ကံတရားအရ ဂဏန်းဗေဒင်ပညာရပ် အနာဂတ်ဟော ခြင်း**

**(No guess work or luck involved in numerlogy foretelling the future)**

ကျွန်ုပ်၏ ဂဏန်းဗေဒင်ပညာ အနာဂတ်အဟောများသည် မှန်းဆ ရော်ရမ်းဟောရသော ပညာမဟုတ်ဘဲ လျှို့ဝှက်ထားသော အန္တေဝါသိကပညာ ရပ်မှ အယူအဆများကို အခြေပြုထား သော ပညာရပ်များ ဖြစ်သည်။ ထာဝရ တည်မြဲပြီး မပြောင်းလဲနိုင်သော သဘော တရားဖြစ်သော ပြည့်စုံသော မွေးဖွားရာ ဘဝလမ်းကြောင်းကို တွက်ချက်ထား သည့်အတွက် ဆိုးကံ၊ ကောင်းကံ ဆို တာ မရှိပါ။ အဟောများ၏ အဓိက သော့ချက်ကို တားရော့ကတ်များတွင် တွေ့ရသည်။ ဂဏန်းဗေဒင်ပညာရပ်ကို အတွင်းကျကျ လေ့လာခြင်းအားဖြင့် တာဝန်သစ်တွေကို ထမ်းဆောင်ရမည့် ကာလကို သိရသမျှ အသိဉာဏ်နှောင့် နှေးမှု၊ ကျန်းမာရေးနှင့် စီးပွားရေးအ တွက် သတိထားရမည့်ကာလတွေ၊ စိတ် ညစ်စရာ၊ စိတ်ပျက်စရာကောင်းသော ကာလများကို ဂဏန်းဗေဒင်ပညာရပ်မှ သိနိုင်သည်။ ဘဝစက်ဝန်းထဲတွင် စနစ် တကျ အစီအစဉ်ကျကျ ဂဏန်းအသီး သီးသည် လှည့်ပတ်လှုပ်ရှားနေကြသည်။ ကမ္ဘာလောကကြီးမှာ ဖြစ်ပျက်သမျှ အဖြစ်အပျက်များမှာ မတော်တဆဖြစ် ရပ်များ မဟုတ်ပါ။ စွန့်စားရမည့်ကာလ၊ စိတ်ရှည်သည်းခံပြီး ငြိမ်ငြိမ်လေးနေရ မည့်ကာလများရှိသည်။ ဤသို့သော ကာလများကို မွေးနေ့တစ်ခုမှ နောက် မွေးနေ့အထိ တွက်ချက်သိရပါသည်။ ပြက္ခဒိန်နှစ်အရ မဟုတ်ဘဲ မွေးနေ့ကို အခြေခံ တွက်ချက်ရသည်။

ဥပမာ မေလမွေးသူတစ်ဦးသည် မေလမှ နောက်နှစ် မေလအထိယူရပြီး ပြက္ခဒိန်တွင် ဖော်ပြသော ဇန်နဝါရီလမှ ဇန်နဝါရီလကို မယူရပါ။ မိမိ၏ ဘဝ လမ်းကြောင်းဘဝတာကို (၃) ပိုင်း ခွဲ သည်။ (၃) ပိုင်းမှာ လ၊ ရက်နှင့် နှစ် တို့ဖြစ်ပြီး ၎င်းကို စရိုက်၏သော့ချက် ဂဏန်းများ ထပ်ပေါင်းရသည်။ ပထမ ဘဝစက်ဝန်းကို တစ်နှစ်တာအနေအ ထား (Overtone) က လွှမ်းမိုးချုပ်ကိုင် သည်။ နောက်ထပ် (၄) လစီ သုံးပိုင်း

Chaldean Numerology

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
|---|---|---|---|---|---|---|---|
| A | B | C | D | E | U | O | F |
| I | K | G | M | H | V | Z | P |
| J | R | L | T | N | W | | |
| Q | | S | | X | | | |
| Y | | | | | | | |

ပိုင်း၍ တစ်နှစ်တာအနေအထားဟန် (Overtone) ဖြင့် ညှိရသည်။ နောက်ဆုံး အနေဖြင့် မက်ဂီ (Magi) စနစ်ဖြင့် တွက် ချက်ထားသော အကျင့်စရိုက်၏ သော့ ချက်ကို ရသည်။

**အဓိကသော့ချက်ရှာနည်းဇယား**

**(How to consult the table to help you find the key)**

**သတိထားရမည့်မှတ်ချက်**

အဟောများ မြန်မြန်ဟောနိုင် ရန် ပြက္ခဒိန်မှ နေ့တိုင်း အကျင့်စရိုက် အဟောအတွက် သော့ချက်ဂဏန်း တွက်ချက်မှုသက်သာရန်အတွက် ဖော်ပြ ထားသည်။ မက်ဂီ (Magi) စနစ်အရ တွက်ချက်က ပျင်းစရာကောင်းသဖြင့် အသင့်လုပ်ပြီး ဇယားကြည့်ရုံနှင့် သိနိုင် အောင် ဖော်ပြထားသည်။ ၎င်းသော့ ချက်နည်းများကို သိပ္ပံနည်းကျကျ တည် ပြီး တစ်ဆင့်ပြီးတစ်ဆင့် တွက်နည်းကို တိတိကျကျပေးထားသည်။

**မဂ္ဂီ (Magi) စနစ်အရ အကျင့်စရိုက်နှင့် ပတ်သက်သောသော့ချက်ရှာနည်း**

**(System of the Magi: How to find your key to Character)**

ပုံစံအနေဖြင့်-

မွေးရက်သည် ဒီဇင်ဘာ ၁၁ ရက်။

မည်သည့်နှစ်မဆို ဒီဇင်ဘာ ၁၁ ရက် မွေးပါက ဒီဇင်ဘာလ၏ တန်ဖိုးကို (၃၁) သတ်မှတ်ထား။

၎င်းဒီဇင်ဘာလတန်ဖိုး (၃၁) မှ မွေးရက် နုတ်ပါက ၃၁ - ၁၁ = ၂၀ ရ သည်။ ၎င်း(၂၀)ကို တစ်လုံးတည်းကျန် အောင်ပေါင်းက ၂၀ = ၂ + ၀ = ၂ ရသည်။ ၎င်းသည် ဘဝလမ်းဂဏန်း ဖြစ်သည်။

၎င်းဘဝလမ်းဂဏန်းများမှ ၁၃၊ ၂၆၊ ၃၉၊ ၅၂ အစီအစဉ်အတိုင်း နုတ်ပြီး နုတ်ကြွင်းကို မှတ်ထားပါ။

ဘဝလမ်းနံပါတ် (၂၀) မှ (၁၃) နုတ်ပါက (၇)ကျန်သည်။ ၂၀-၁၃= ၇ မဂ္ဂီစနစ်ဂဏန်း ဖြစ်သည်။ မဂ္ဂီဂဏန်းမှ တွက်လိုသော ပဉ္စာဂဏန်း နုတ်ပါ။ မဂ္ဂီ စနစ်ဂဏန်းသည် အခြားသိလိုသော ပြဿနာဂဏန်းထက်ကြီးသည်။ ၇-၂= ၅ ၎င်းနုတ်ကြွင်းဂဏန်း (၅) ကို မွေးဒီဂရီ ဇယားတွင်ကြည့်ပါ။ ၅+၂၁ ဒီဂရီ= ၂၆။ ၎င်းကို တစ်လုံးတည်းရအောင်ပေါင်းက (၂ + ၆ = ၈) ၈ ရသည်။ အကျင့်စရိုက် သော့ချက်ဂဏန်းသည် (၈) ဖြစ်သည်။ မှန်၊ မမှန် စစ်ဆေးရန် ဒီဇင်ဘာ ၁၁ရက် ဇယားကိုကြည့်ပါ။ ဇယားမှာ (၈) ဖြစ် သည်ကို တွေ့ရမည်။

အခြားဥပမာကိုတွက်ကြည့်ပါက-

ဖေဖော်ဝါရီ ၂၇ ရက်။

၅၁ ဖေဖော်ဝါရီလအတွက်

- ၂၇ မွေးရက်ဂဏန်းနုတ်သည်

၂၄ ဘဝလမ်းဂဏန်း

၆ (၂၄ကိုတစ်ခုတည်းပေါင်း ၂+၄=၆)

၁၁ (ဘဝလမ်းဂဏန်း ၂၄ မှ ၁၃ နုတ်ထားခြင်း)မဂ္ဂီစနစ်ဂဏန်း

၅ (၁၁-၆=၅)

၁၄ မွေးဒီဂရီပေါင်းခြင်း (၅+၉=၁၄)

၅ (၁+၄=၅) အကျင့်စရိုက်အတွက် သော့ချက်ဂဏန်း

မည်သို့ပင်ဖြစ်စေ ဇယားကိုကြည့် ပြီး အကျင့်စရိုက် သော့ချက်ဂဏန်းကို ရှာနိုင်သည်။

**နည်းစနစ်တည်ဆောက်ခြင်း**

**(Step-up-process)**

လဂဏန်းမှ မွေးရက် နုတ်ပါက (၁၃) မနုတ်လောက်အောင် အကြွင်း ရလဒ်ငယ်လွန်းနေပါက ဘဝလမ်းအတွက် အသုံးပြုမည့်နည်းကို အသုံးပြုသည်။ ဂဏန်းရရန် မွေးရက်ကို ပေါင်းရမည်။ မွေးလဂဏန်းမှ မွေးရက် နုတ်ပြီး ကျန် သော အကြွင်းရလဒ်သည် မဂ္ဂီနည်းကို ရသည်။ ခါတိုင်းကဲ့သို့ ဆက်တွက်ပါ။

(ဆက်ရန်)

ဆရာဒလမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်နိုင် ကချင်မရှော့ဆေး

အောင်ဘုန်းမြင့်
(ကချင်မြေ)



**ကချင်ဆေး**

ကောင်းစွာ ကျင့်ကြံ ပြောဆိုဆောင်ရွက် နေထိုင်ခြင်းကို တရားဟု ခေါ်ကြပြီး စားသုံးလိုက်လျှင် ရောဂါတစ်မျိုးမျိုးကို သက်သာ ပျောက်ကင်းစေနိုင်သော အရာပစ္စည်းကို ဆေးဟု ခေါ်ဆိုကြလေသည်။

ကချင်ပြည်နယ်ထွက်ဆေးအမယ်ပေါင်း မြောက်မြားစွာရှိသည့်အနက် လူသိများ၍ အသုံးတွင်ကျယ်သော ဆေးများမှာ -

၁။ အကြောအခြင်ရောဂါများကို သက်သာ ပျောက်ကင်းစေနိုင်သော ကချင်တောင်ဆိတ်အဆီ၊
၂။ ရောဂါအမျိုးမျိုးအတွက် ထည်လဲသုံးနိုင်သော မချစ်ဥဆေး၊
၃။ နာတာရှည် အတွင်းဒဏ်များကို ကြေစေနိုင်၊ ပျောက်စေနိုင်သော ကျောက်ချင်းဥ၊
၄။ အာနိသင်ထူးကဲသော တောနက်ကြီးပျားရည်၊
၅။ အလွန်ရှားပါးသော ကျောက်သွေး၊
၆။ အဖျားအနာအမျိုးမျိုးနှင့် အဆိပ်အပြင်းဒဏ် ကင်းပစေနိုင်သော မရှော့ဆေး ဟူ၍ဖြစ်လေ၏။

**မရှော့ဆေးပင်**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များအတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သော ကချင်ရိုးရာဆေးပင် တစ်မျိုး ဖြစ်သည်။ မရှော့ဆေးပင်များသည် မြက်ပင်များအရွယ် အပင်ငယ်အပင်ပျော့မျိုးဖြစ်ပြီး တောနက်ကြီးများ၌ အလိုအလျောက် အလေ့ကျ ပေါက်ပွားတတ်သော ဆေးအပင်မျိုး ဖြစ်သည်။

ဆွမ်ပရာဘွမ်မြို့နယ်နှင့် မချမ်းဘောမြို့နယ်အတွင်းရှိ ကျေးလက်အိမ်တိုင်းလိုလို ဆေးပင်အဖြစ် အနည်းနှင့်အများ စိုက်ပျိုးထားလေ့ ရှိတတ်၏။ ကချင်အိမ်မှန်လျှင် မရှော့ဆေးပင် ရှိရမည်ဟူ၍ ဖြစ်သည်။ မရှော့ဆေးပင်၏ အရွက်များပေါ်တွင် ငွေရောင်အကြောဖြူများ ဖုံးအုပ်နေတတ်ပြီး ရွက်ထိပ်ချွန်၍ အရွက်ကြောတန်းများ ထင်ထင်ရှားရှား တွေ့မြင်နိုင်၏။ အရွက်ငယ်များ အပင်ထိပ်ဖျားတွင် စုပြုံနေတတ်ကာ အဝါရောင်အပွင့်ငယ်ကလေးများ စီစီရီရီ ဖူးပွင့်ဝေဆာလှပနေတတ်သည်။

အပွင့်ပွင့်ချိန်ရာသီ ကုန်ဆုံးသွားသည့်အခါ အစေ့ပါသောအသီးငယ်များ သီးတတ်ပြီး အသီးများရင့်မှည့်လာလျှင် အစေ့များကို ပျိုးထောင်ယူပြီး မျိုးပွားစိုက်ပျိုးယူရ၏။ အေးမြသောရာသီဥတုမျိုးတွင် ဖြစ်ထွန်းအောင်မြင်တတ်သည်။ မရှော့ပင်များတွင် ရွက်သေးနှင့် ရွက်ကြီးမျိုးဟူ၍ နှစ်မျိုးနှစ်စားရှိလေရာ ရွက်သေးပင်များသည် ဆေးစွမ်းပိုမိုထက်မြက်သဖြင့် ဆေးအသုံးများတတ်ပါသည်။

မရှော့ဆေးရွက်များသည် အေး၏။ အခါးဓာတ်ကဲ၏။ မရှော့ပင်၊ မရှော့ရွက်သည် ခါးသော ဂုဏ်သတ္တိရှိ၏။ မရှော့ပင်၏အမြစ်၊ အပင်၊ အရွက် ပဉ္စငါးပါးစလုံးသည် အဆိပ်ကို အလွန်နိုင်သောဆေး ဖြစ်သည်။

**ဒဏ္ဍာရီထဲက မရှော့ပင်**

ရှေးအခါက ကချင်တိုင်းရင်းသား ဦးမရှော့ မည်သော တောလိုက်မုဆိုးတစ်ယောက် ရှိခဲ့သည် ဟူ၏။ တစ်နေ့သ၌ မုဆိုးကြီး ဦးမရှော့သည် တောပစ်ရန်ထွက်ခဲ့ရာ အလွန်နက်သော တောတစ်ခုသို့ ရောက်ရှိနေစဉ် မျှောက်များ အုံဖွဲ့၍ အစာရှာဖွေစားသောက်ကြရင်း ပျော်မြူးနေကြသည်ကို တွေ့ရ၏။

ထိုစဉ် မုဆိုးကြီး ဦးမရှော့သည် ကချင်ဒူးလေးတွင် အဆိပ်ပြင်းများတင်၍ မိမိနှင့် အနီးဆုံးအရပ်တွင် ရှိနေသော မျောက်မကြီးကို ချိန်ပစ်လိုက်ရာ မျောက်မကြီး၏ ရင်ဝ မြားထိမှန်ကာ သစ်ပင်အမြင့်ပေါ်မှ အောက်မြေပြင်ပေါ်သို့ ပြုတ်ကျလာပါတော့သည်။ ထိုအခါ မျောက်မကြီး၏ နို့စို့ရွယ် မျောက်သားလေးသည် မိခင်မျောက်မကြီး၏ အနားသို့ ချဉ်းကပ်လာပြီး ဖက်တွယ်ငိုကြွေးနေသည်ကို တွေ့မြင်ရသည်ဟု ဆိုသည်။

အထက်ပါ အခြင်းအရာများကို မုဆိုးကြီးဦးမရှော့က ကွယ်ရာမှ ချောင်းကြည့်နေစဉ် အခြားမျောက်ကြီးတစ်ကောင်ရောက်ရှိလာပြီး မျောက်မကြီး၏ ရင်ဝတွင် စိုက်ဝင်နေသည့် အဆိပ်မြားကို ဆွဲနုတ်ယူလိုက်ပြီး နမ်းကြည့်သည်။ ထို့နောက် မနီးမဝေး မြေပေါ်တွင်ပေါက်ရောက်နေသော မြက်ပင်တစ်မျိုး၏ အရွက်များကို ခူးဆွတ်ယူဆောင်လာပြီး ကြေညက်သွားအောင်ဝါး၍ မျောက်မကြီး၏ အဆိပ်လူးမြားဒဏ်သင့်ထားသောဒဏ်ရာပေါ်တွင် အုံပေး၏။ အချို့ကို မျောက်မကြီး၏ ပါးစပ်ထဲ ခွံ့ထည့်ပေးလေ၏။ မျောက်တို့၏အကျင့်စရိုက်များသည် လူနှင့်အနီးစပ်ဆုံး တူညီလေ့ရှိတတ်သည်။အထူးသဖြင့် အချို့သောနေရာများ၌ လူကဲ့သို့ အလွန်အကင်းပါးတတ်သောသတ္တဝါမျိုး ဖြစ်ပါသည်။

မျောက်ကြီးက မျောက်မကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆေးကုပေးပြီး မကြာမီကာလအတွင်း မြေပေါ် လဲကျနေသော မျောက်မကြီးသည် အသာအယာထလာပြီး မျောက်သားလေးကို ပွေ့ချီ၍ ဆေးကုပေးသော မျောက်ကြီးနှင့်အတူ သစ်ပင်ကြီးပေါ်သို့ လျင်မြန် ပေါ့ပါးစွာဖြင့် တက်သွားကြသည်ကို ထူးခြားစွာ တွေ့မြင်ရသည်ဟု ဆိုသည်။

ဦးမရှော့သည် ပုန်းကွယ်နေရာမှ ထွက်လာပြီး မျောက်ကြီးက မျောက်မကြီးကို ဆေးကုသပေးခဲ့သော ဆေးပင်များကို မိမိအိမ်သို့ ယူဆောင်စိုက်ပျိုးထားလိုသဖြင့် ဆေးပင်များကို အမြစ်ပါအောင် တူးဆွယူပြီး အိမ်သို့ ယူဆောင်လာခဲ့သည် ဟူ၏။ လမ်းခုလပ်တောအုပ်တစ်ခုအရောက်တွင် တောဝက်ကြီးတစ်ကောင် တွေ့ပြန်သဖြင့် ဒူးလေးတွင် မြားတပ်ပစ်လေရာ တောဝက်ကြီးသည် မြားဆိပ်ဒဏ်ကြောင့် နေရာတွင်း၌ပင် ပစ်လဲကျသွားလေသည်။

မြားဒဏ်ကြောင့် လဲကျနေသော တောဝက်ကြီးသည် အရွယ်ပမာဏ ကြီးမားသဖြင့် မိမိတစ်ဦးတည်း သယ်ယူရန် မဖြစ်နိုင်သောကြောင့် တောဝက်ကြီး၏ ကိုယ်ပေါ်၌ မိမိတူးနုတ်ယူဆောင်လာသော ဆေးပင်များဖြင့် ဖုံးအုပ်ထားခဲ့ပြီး နေရာအသေအချာ မှတ်သားထား၍ ရွာသို့ ပြန်ခဲ့လေ၏။ တောဝက်ကြီးကို အဆိပ်ပယ်ဆေးနှင့် အုပ်ထားမိခဲ့သည်ကိုကား ဦးမရှော့ သတိထားမိဟန် မတူပေ။

ရွာသို့ရောက်သောအခါ အကျိုးအကြောင်း ရှင်းပြပြီး ဆေးပင်နှင့်အုပ်ထားခဲ့သော တောဝက်ကြီးကို ရွာသို့ သယ်ယူနိုင်ရန် ရွာသားအချို့တို့နှင့် တောဝက်ရှိရာသို့ ထွက်ခွာကြလေ၏။ ဆေးပင်များဖြင့်အုပ်ထားခဲ့သော တောဝက်ကြီးရှိရာ တောအရပ်သို့ ရောက်ရှိကြသောအခါ ဦးမရှော့သည် တောဝက်ကြီးပေါ် မိမိအုပ်ထားခဲ့သော ဆေးပင်များကို မ,ယူလိုက်ရာ မမျှော်လင့်ဘဲ တောဝက်ကြီးသည် မြားဆိပ်ပြယ်ပြီး ချက်ခြင်းထပြေးသွားသည် ဟူ၍ ဖြစ်လေသည်။ မရှော့ဆေးပင်များသည် ထိုမျှအထိ အဆိပ်နိုင်သော ဆေးပင်မျိုး ဖြစ်ပါသည်။

ဦးမရှော့သည် အဆိပ်နိုင်ဆေးပင် ကို အဦးဆုံးရှာဖွေတွေ့ရှိပြီး အိမ်သို့ယူဆောင် စိုက်ပျိုး ပြန့်ပွား ဖြစ်ထွန်းစေသူဖြစ်သည်ကို အကြောင်းပြု၍ အဆိပ်နိုင်ဆေးပင်ကို 'မရှော့ဆေး' ဟူသော အမည်တွင်ကျယ်လာခဲ့ခြင်း ဖြစ်သည် ဟူ၏။ နောင်အခါ မရှော့နွယ်ဝင်တို့၏ မူပိုင်ဆေး ဖြစ်လာခဲ့ဖူးသည်။

မရှော့ဆေးသည် မရှော့မျိုးနွယ်စု အင်္ဂီးဝါး ဆလံဝါး၊ ဒူဝါအဆင့်ဆင့်တို့၏ ရိုးရာဆေးဖြစ်ခဲ့သည်ဆိုသော်လည်း ယခုအခါ လူမျိုး၊ ဘာသာမရွေး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသုံးစွဲလျက်ရှိကြပြီ ဖြစ်သည်။

## မရှော့ပင်စိုက်ပျိုးနည်း

မရှော့ပင်များကို စိုက်ပျိုးမျိုးယူသည့်အခါ မြေကျင်းအနေတော်တူးထားရမည်။ မစိုက်ပျိုးမီ မြေကျင်းအောက်ပိုင်း၌ မြေကောင်းမြေသန့်ခံ၍ ရတနာခုနစ်ပါးတို့၏ ရတနာဖြုန်းခေါ် ရောင်စုံကျောက်နွယ်ဝင်များကို ရောင်စုံကျောက်အခင်း ခင်းပေးရသည်။ ထို့နောက် ရွှေရည်၊ ငွေရည် လောင်းပေးရမည်။ နေတက်လတက် မင်္ဂလာအခါကောင်း အချိန်ကောင်းကို ရွေးချယ်စိုက်ပျိုးရမည်။

စိုက်ပျိုးသည့်အခါ မိစုံဖစုံရှိသော အကြင်လင်မယား (သို့) သတို့သားလောင်းစုံတွဲက ဆန်လက်တစ်ဆုပ်စီ၊ သဲလက်တစ်ဆုပ်စီ၊ မြေလက်တစ်ဆုပ်စီ ထည့်၍ စိုက်ပျိုးမည့် မရှော့ပင်ကို လက်စုံကိုင်ထားပြီး အမျိုးသားက အရှေ့အရပ်နှင့် အမျိုးသမီးက တောင်အရပ်သို့ မျက်နှာမူ၍ စိုက်ပျိုးရမည်။ စိုက်ပျိုးနေစဉ် စိုက်ပျိုးသူများအားလုံးက ပြိုင်တူ 'ယခုစိုက်ပျိုးသော ဤဆေးပင်များသည် (၉၆) ပါးသော ရောဂါဝေဒနာမှန်သမျှကို ပျောက်ကင်းစေနိုင်သော ဆေးပင်များဖြစ်ပါစေ' ဟူ၍ ရွတ်ဆို ဆုတောင်းပြီး စိုက်ပျိုးရမည်။ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် ဆေးစွမ်းထက်မြက်စေနိုင်ပါသည်။

## ရိုးရာဆေးနည်း

ခွေးကိုက်ခံရလျှင် ဒဏ်ရာကို စင်ကြယ်အောင် သန့်စင်ပေးပြီး မရှော့ရွက်ကို ကြိတ်ယူ၍ ဒဏ်ရာပေါ် အုံပေးရမည်။ ပြီးလျှင် မရှော့ရွက်သုံးရွက် ဝါးစားစေခြင်းဖြင့် ကောင်းစေနိုင်သည်။ အရက်အလွန်အကျွံမူး၍ မထနိုင်ဖြစ်လျှင်၊ အစားအသောက်အဆိပ်သင့်လျှင်၊ မြွေတောက်ခံရလျှင် မရှော့ရွက် သုံးရွက်ညက်အောင် ဝါးစားရုံဖြင့် သက်သာပျောက်ကင်းနိုင်သည်။ အဆိပ်ရှိသော ပျား၊ ကင်း၊ ပိုးမွှား ကိုက်ခံရလျှင် မရှော့ရွက်ကို ဒဏ်ရာပေါ် ကြိတ်ယူအုံပေးပြီး မရှော့ရွက်သုံးရွက် ဝါးစားပေးပါက ပျောက်နိုင်၏။

မားရှ၊ သံစူးမိလျှင် လုံ (သို့) ချွန်ထက်အဆိပ်တက်သော အရာတစ်မျိုးမျိုးနှင့် ထိခိုက်ထိုးမိလျှင် ဒဏ်ရာကို ရေစင်ကြယ်အောင် ဆေးကြောပေးပြီး မရှော့ရွက် ကြိတ်အုံပတ်တီးစည်းပေးပြီး မရှော့ရွက်သုံးရွက် ဝါးစားပေးပါက ဒဏ်ရာများကို အမြန်ပျောက်ကင်းစေနိုင်သည်။ အကယ်၍ ဒဏ်ရာအကင်းမသေသေးပါက မရှော့ရွက်ကို မကြာမကြာ စားပေးရမည်။ ဆေးအဖြစ်စားသုံးလျှင် တစ်ရက်တစ်ကြိမ်သာ စားပေးရမည်။ မရှော့ရွက်သုံးရွက်ကို တစ်ရက်ခြား၊ နှစ်ရက်ခြား ထမင်းနှင့်အတို့အမြှုပ်အဖြစ် ထည့်စားပေးသော် အဆိပ်အတောက် အနာအဖျားကင်းစင်၍ ပြင်ပရောဂါဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

ပဥ္စင်းပါးကို အခြောက်လှန်း နုပ်နုပ်စဉ်းယူ၍ ကောက်ညှင်းအရက်သို့မဟုတ် ကချင်ပြောင်းအရက်ကောင်းကောင်းနှင့် အနည်ထိုင်အောင် စိမ်ထားပြီး နံနက်၊ ည နေ့စဉ် ထမင်းမစားမီ ဆေးဖြစ်ဝါးဖြစ် အနည်းငယ်စီ မှီဝဲပေးပါက ကျန်းမာနုပျို အသက်ရှည်စေနိုင်သည်။ သွေးသားလည်ပတ်မှုကောင်းစေ၍ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါတို့မှ သက်သာပျောက်ကင်းစေနိုင်ပါသည်။

သုံးဂဏန်းသည် အသက်ကယ်ဂဏန်းဖြစ်သောကြောင့် ဆေးသုံးခွက်တစ်ခွက်တင်ကျိုသောက်ခြင်း၊ ဆေးသုံးကြိမ်တိုက်ကျွေးခြင်း၊ ဆေးလုံးသုံးလုံး၊ ဆေးရွက်သုံးရွက် မှီဝဲအသုံးပြုစေခြင်း ဖြစ်သည်။ ပညာရှင်များက သုံးဂဏန်းသည် အသက်ပါသော မဟာ MAJOR ARCANA ဂဏန်းဖြစ်သည်ဟု ယုံကြည်ထားကြပါသည်။

*ပန်းလို စမ်းလို လမင်းလို*
*သာယာချမ်းမြေ့ကြပါစေ*

အောင်ဘုန်းမြင့် (ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ရိုးရာ နတ်ယုံကြည်မှုဓလေ့ (၂၂) တွင် ရွှေစစ်သင်နတ်နှင့် မယ်တော်ရွှေစကားနတ် ဟူ၍ ဖော်ပြခဲ့သည်။ ပင်းတလဲမင်း၏ စာရင်းတွင် ရွှေစစ်သင် သို့မဟုတ် ရွှေစစ်သည်နှင့် မြင်းဖြူရှင်တို့သည် သီးခြားတစ်ပါးစီ ဖြစ်၏။ ဝန်ကြီးပဒေသရာဇာစာရင်းမှစတင်ကာ အပြင်(၃၇)မင်းတွင် မြင်းဖြူရှင်ပါမလာတော့ဘဲ ရွှေစစ်သင် သို့မဟုတ် ရွှေစစ်သည်နတ်ကိုပင် မြင်းဖြူရှင်နတ်အဖြစ် ယူဆလာခဲ့ကြသည်။ မြင်းဖြူရှင်နတ် အယူအဆတွင် မြင်းဖြူရှင်(၄)ပါးအနေဖြင့်ပြ၏။ မြို့စောင့်၊ ရွာစောင့်နတ်ဖြစ်သည်။

မြင်းဖြူရှင်လေးပါးမှာ -

၁။ ယမားမြင်းဖြူရှင်
၂။ ကန္တီမြင်းဖြူရှင်
၃။ ရွှေပြည့်မြင်းဖြူရှင်
၄။ ရွှေစစ်သင်မြင်းဖြူရှင်
တို့ ဖြစ်သည်။

ထိုမြင်းဖြူရှင်လေးပါးအနက် မည်သူ့ကို မြို့စောင့်နတ်ဟု ကွဲကွဲပြားပြား မဖော်ပြထားသော်လည်း မြန်မာ့ဓလေ့နတ်ပသမှုနှင့် နတ်ကနားများတွင် ဝသပုံကိုကြည့်လျှင် မြို့စောင့်၊ ရွာစောင့်နတ်အနေဖြင့် ရွှေစစ်သင်မြင်းဖြူရှင်ကိုသာ လက်ခံကြသည်ကို သိသာပါသည်။ ထို့ကြောင့် အပြင်(၃၇)မင်းနတ်စာရင်းပါ မြင်းဖြူရှင်နတ်ဖြစ်သော ရွှေစစ်သင်နတ်နှင့်ပတ်သက်၍ မြန်မာ့နတ်ရိုးရာနတ်ယုံကြည်မှုဓလေ့ အခန်း (၂၂) တွင် ဖော်ပြပြီး ဖြစ်ပါသည်။ သို့ရာတွင် မြင်းဖြူရှင်လေးပါးအနေဖြင့် ဖော်ပြထားရာ ကျန်သုံးပါးအကြောင်းကို ဝန်း(၃၇)မင်းနတ်စာရင်းတွင်ထည့်၍ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**ယမားမြင်းဖြူရှင်**

ပုပ္ပားနယ်ရှိ (၉၉) ချောင်းပေါင်း၏ စီးကျ ဆင်တဲဝခေါ် ယမားချောင်းကို ပုပ္ပားတောင်ဆိဒ်မှ မိုးညို့လျှင် ခြေကျင်မဆိုထားနှင့်၊ မြင်းနှင့်ပင် အပြင်းဒုန်းစိုင်းပြီး မည်သူတစ်ဦးတစ်ယောက်မျှ ဖြတ်သန်းမကူးဝံ့ကြပေ။ ဖြတ်ကူးသူမှန်သမျှ ယမားရေယဉ်ကြောတွင် နစ်မြောပျက်စီးကြသည်။

ပုဂံနယ် (၉၉) ရွာတွင် မြင်းနှင့်ပတ်သက်လျှင် အသိဆုံး၊ အတတ်ဆုံး မြင်းစီးသောအတတ်မှာလည်း မြိုင်ဘက်မပေါ်ဝံ့အောင် အကောင်းဆုံးဖြစ်၍ 'မြင်းသည်ကျော်မြင်းသည်လှ' ဘွဲ့ရသော မြင်းကုန်သည်မျိုး 'ဖိုးကျော်လှ' ဆိုသူသည် တစ်နေ့သောအခါ လူအချို့တို့နှင့် အလောင်းအစားပြုပြီး မိုးညို့စဉ် သူ၏ အပြေးလျင်မြန်သော မြင်းဖြူကြီးကို စီးပြီး -

"၉၉ ချောင်းပေါင်း၍စီးကျ ဆင်တဲဝ၊ ၉၉ ရွာ ရှာမရ မြင်းသည်ကျော် မြင်းသည်လှပေါ့"

ဟု ကြိမ်းဝါးကာ မြင်းကို ကြိမ်သွင်းပြီး အပြင်းဒုန်းစိုင်းကာ ဖြတ်ကူးရာ ခွာလေးဖက်တွင် သုံးခွာလွတ်ပြီး ခွာတစ်ဖက်ကို အထက်က စီးကျလာသော ယမားရေမလွတ်သောကြောင့် မြင်းရော လူပါ လိမ့်ကျပါသွားပြီး ရေယဉ်ကြော



# မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့

# မြင်းဖြူရှင်လေးပါး

မောင်သန်းဆွေ(ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

နှစ်မျှောအနိုစ္စရောက်၍ မြင်းဖြူရှင်နတ် ဖြစ်သည်ဟု ဆိုသည်။ ၎င်းကို 'ယမား မြင်းဖြူရှင်နတ်' ဟု ခေါ်သည်။ အချို့ 'အညာနတ်' ဟုလည်း ခေါ်ကြသည်။ မင်းနှင့် သက္ကရာဇ် စုံစမ်း၍မရ။

**နတ်ချင်း ။ ။** ထိုးကွင်းမင်ကြောင် ဆေးနီစနှင့် လူယဉ်လှ ဖိုးထိပ်တင် မြင်းဖြူကြီးရှင်၊ ရွှေဖောင်းတော် နီလွင်လွင်နဲ့ နေဝင်လျှင် ပေါက္ကံရောက်အောင် မြင်းငေါက်လို့နှင်၊ ရောက်လိမ့်မယ် ပျို့မထင်နှင့်၊ မြင်းဖြူရှင် ဖိုးကျော်လှ (အချို့ မြင်းဖြူရှင် ရွှေရောင်ပွ) ဆေးနီတသသ။

**ကန္နီမြင်းဖြူရှင်**

ရာဇဗြိုဟ် အဇာတသတ်မင်း လက်ထက် ၎င်း၏ အဆက်အနွယ်တော် မင်းတစ်ပါးသည် ရာဇဝတ်အပြစ်ဒဏ် ပေး၍ နှင်ထုတ်လိုက်ရာ ကလေးအရပ်သို့ ရောက်ရှိသောအခါ တောင်များ ပတ်ဝိုင်း ကာရံနေသည်မှာ ရာဇဗြိုဟ်ပြည်နှင့် တူညီသောကြောင့် ထိုအရပ်တွင် မြို့တည်နေထိုင်ပြီး မြို့ကို 'ကလေးတောင်ညို ရာဇဗြိုဟ်' ဟု သတ်မှတ်လေသည်။

၎င်း၏ မြေး ဖိုးမင်းဖြူကို ဓားဘက် တန္နီအရပ်သို့လွှတ်၍ မြို့တည်ခိုင်းရာ ဖိုးမြင်းဖြူ တန္နီအရပ်သို့ ရောက်လာပြီး ချင်းတွင်းမြစ်ကမ်းပါးတောင်ထိပ်ပေါ်တွင်မြို့တည်နေထိုင်လေသည်။

ပုဂံမင်းက ကြား၍ လာရောက်တိုက်ခိုက်သောအခါ ပုဂံမင်း စစ်ရှုံး၍ လှည့်ပြန်သွားစဉ် ဖိုးမင်းဖြူ၏ မြို့သူ မိန်းမတစ်ယောက်က လှောင်ပြောင်ကာ ဖင်ကုန်းပြလေသည်။

ပုဂံမင်းစစ်သည်တော်တို့က နိမိတ်ကောင်းသည်ဟုဆိုကာ ပြန်လှည့်တိုက်သောအခါ ဖိုးမင်းဖြူဘက်မှ အရေးနိမ့်လေသည်။

ထိုအခါ ဖိုးမင်းဖြူက ရန်သူလက်မပါလိုသည်နှင့် ၎င်း၏ အခြွေအရံများနှင့်တကွ မြင်းကိုယ်စီစီးကြပြီး မြင်းခေါင်းမျက်စိတို့ကို ၎င်းတို့ ဝတ်ဆင်ထားသောပဝါ၊ အိတ်ထောင် စသည်တို့နှင့် ဖုံးအုပ်ပြီး တောင်ကမ်းပါးထိပ်မှ ချင်းတွင်းမြစ်အတွင်းသို့ မြင်းနှင့်တကွ ခုန်းစိုင်းချကြ၍ အနိစ္စရောက် နတ်ဖြစ်ကြသည်။

အလောင်းစည်သူမင်းကြီး တိုင်းခိုင်ငံလှည့်လာရာ ထိုအရပ်သို့ ရောက်သောအခါ ဖိုးမင်းဖြူနှင့်တကွ အခြွေအရံများက အစိမ်းနတ်ဘဝနှင့် မြင်းကိုယ်စီစီး၍ တောင်ထိပ်ပေါ်မှ ကိုယ်ထင်ရှားပြကာ ဘဝဖြစ်စဉ်ပြောပြ၍ မင်းကြီးက နတ်ကွန်း၊ နတ်နန်း ဆောက်လုပ်ပေးကာ နယ်ပယ်သတ်မှတ် အပိုင်စားပေးထားခဲ့သည်။



www.burmeseclassic.com

ကန္တီနယ်က ဖိုးမင်းဖြူနတ်၊ မင်းဖြူရှင်နတ်၊ ရွှေမြင်းဖြူနတ်ဟု ဦးတည်ရာ ခေါ်ဆိုကြသည်။ ခုနှစ်သက္ကရာဇ်နှင့် ပုဂံမင်းအမည်ကို ရှာဖွေ၍မရ။

မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) စာမျက်နှာ (၃၆၄) တွင် -

'ပုဂံပြည် အနော်ရထာမင်းလက်ထက် ကန္တီမြို့၌ မြို့စားထားရှိ၍ 'ကန္တီနော်ရထာဘွဲ့' နှင့် အုပ်ချုပ်စေခဲ့သည်။

တစ်ရံရောအခါ ကန္တီနော်ရထာ ပုန်ကန်သောကြောင့် ဘုရင့်တပ်သားများက လိုက်လံ တိုက်ခိုက်ရာ ကန္တီနော်ရထာသည် ကုန်းမြင့်ပေါ်မှ မြင်းဖြူကို ကဆုန်ချစီးပြီးလျှင် မြစ်တွင်းသို့ ဆင်းကာ မိမိကိုယ်ကို အဆုံးစီရင်လိုက်လေသည်။

မြန်မာနိုင်ငံတွင် ယခုအခါ ကျော်ကြားလျက်ရှိသော (၃၇)မင်းအပါအဝင် မြင်းဖြူရှင်နတ်မှာ 'ကန္တီနော်ရထာ' ဖြစ်သည်ဟု ဆိုကြသည်' ဟု ပါရှိသည်။

ကန္တီနယ်က ၎င်းဖိုးမင်းဖြူနတ်သို့မဟုတ် မင်းဖြူရှင်နတ်၊ ရွှေမြင်းဖြူနတ်၊ မြင်းဖြူရှင်နတ်ကို အလွန်ခန့်ညားရှိသေကြသည်။

## ရွှေပြည့်မြင်းဖြူရှင်

မြန်မာနှစ် ၅၃၃ ခုနှစ် ပုဂံပြည် အလောင်းစည်သူမင်းကြီး၏ မြေးတော် မင်းယဉ်နရသိင်္ခ ထီးနန်းစံသောအခါ မြင်စိုင်းဝက်ဝင်အရပ်မှ ပြောလူမျိုးတို့တောသို့ ထင်းခုတ်သွားရာတွင် ဝါးလုံးကြီးတစ်ခုအတွင်းမှ အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော မိန်းမတစ်ယောက်ကိုရ၍ မင်းကြီးအား ဆက်သရာ မစုံမက်၍ နားဖြက်ကျယ်သည်ဟုဆိုကာ ညီတော် နရပတိစည်သူကို ပေးလေသည်။

မယ်တော်မိဖုရားကြီးက မင်းသမီးကို ဝေဠုဝတီဟု အမည်ပေးပြီး နားကိုလည်း ကြည့်ကောင်းအောင် ဖြတ်ပေးလေသည်။

တစ်နေ့သောအခါ မယ်တော်မိဖုရားကြီးသည် ချွေးမတော်ကိုလက်ဆွဲပြီး နန်းတော်ထဲ ဝင်တော်မူသောအခါ မင်းယဉ်နရသိင်္ခသည် ခယ်မတော်ကို တိမ်းမက်ချစ်ကြိုက်သောစိတ်ရှိ၍ ညီတော် နရပတိစည်သူအား အထက်အညာ ငဆောင်ချမ်းအရပ်မှာ သူပုန်ထကြွသောင်းကျန်းသည်၊ ညီတော်ထွက်၍ နှိမ်နင်းရမည်ဟု လီဆယ် စစ်ချီခိုင်းလေသည်။

သစ်ဆိမ့်ရွာသို့ရောက်သောအခါ ငဆောင်ချမ်းမှာ အကြောင်းအလမ်း တစ်စုံတစ်ရာ ဘာမှမထူးခြားကြောင်း သိရ၍ နောင်တော် မကောင်းကြံမှန်း သိသောအခါ တပ်မတော်သားများနှင့် သွေးစည်းနေ၏။

ညီတော်သစ်ဆိမ့်အရပ်သို့ရောက်ကြောင်းကြားလျှင် နောင်တော်ဘုရင်က ဝေဠုဝတီကို နန်းတင်လေသည်။

အစောင့်ထားခဲ့သော မြင်းခံပြည့်သည် နံနက်အရုဏ်တက်ချိန်လောက်တွင် မြင်းသူတော်ကိုစီးပြီး ခရီးပြင်နှင်ခဲ့ရာ ပရိမ္မရွာကို မွန်းမတည့်မီ ရောက်လေသည်။

၎င်းမှ ဟန်လင်းကို မောင်းခဲ့ပြီး ငါးဘတ်ချောင်းကို နေဝင်ရီတရော အချိန်ရောက်လေရာ မြင်းတော်ပန်းသည်ကတစ်ရပ်၊ လင်းလပ်ကို ရေထင်မှတ်သည်ကတစ်ကြောင်း ချောင်းနံဘေး တောင်ခြေမှာ အပန်းဖြေအိပ်၍နေလေသည်။

မြင်းသူတော်ကလည်း ချောင်းတစ်ဘက်ကမ်းတွင်ရှိသော သူ၏သခင် နရပတိစည်သူ၏အနံ့ကိုရ၍ တစ်ညလုံး ဟီ၍နေလေသည်။

နရပတိစည်သူကလည်း မြင်းဟီသံကြား၍ တစ်ညဉ့်လုံး စက်တော်မခေါ်နိုင်ဘဲ -

"ငါ၏မြင်းသူတော်ဟီသံမှန်သော် ဤအုံးတော်သည် မုချအမြဲ မလွဲပေါက်စေသား"

ဟု အဓိဋ္ဌာန်ပြီး လက်တော်နှင့် သပ်လိုက်ရာ အုံးတော်ပေါက်သွားလေသည်။ ထိုအရပ်ကို ယခုတိုင် 'မလွဲအုံးပေါက်' ဟု တွင်သည်။

မြင်းခံပြည့်သည် စိုးရိမ်မကင်းနှင့် စောစောကြီးထလာခဲ့ရာ နရပတိစည်သူရှေ့တော်သို့ရောက်၍ ဖြစ်ပျက်သောအခြင်းအရာကို သံတော်ဦးတင်လေသည်။

"မောင်မင်း ညက ဘယ်မှာအိပ်သလဲ"

"အချိန်မလှသည်နှင့် တောင်ခြေမှာ အိပ်ပါသည် ဘုရား"

"ငါနေသောနေရာနှင့် အနီးကလေးရောက်မှ အိပ်ရမည်လော"

ဟု စစ်သူကြီး ဗိုလ်ကျော်စွာကို ကွပ်မျက်စေခိုင်းပြီး အလောင်းကို ရေမျှောလိုက်ရာ ကျွန်းတစ်ကျွန်းတွင် တင်နေသောကြောင့် ထိုကျွန်းမှာပင်သင်္ဂြိုဟ်သည်။

၎င်းကျွန်းကို 'ရွှေပြည်ရှင်ကျွန်း'၊ ပြည့်အိပ်သောတောင်ကို 'မြင်းလှည့်တောင်'၊ ပြည့်ကိုကွပ်မျက်သောနေရာကို 'ကွပ်တော်ရာ' ဟု ယခုတိုင် ခေါ်သည်။ ပြည့် နတ်ဖြစ်၍ 'မြင်းဖြူရှင်နတ်' ခေါ်သည်ဟု ဆိုကြသည်။

အထက်၌ မြင်းဖြူရှင်လေးပါး အနက် သုံးပါး၏ နတ်ဖြစ်စဉ်များကို ဖော်ပြပြီး ဖြစ်သည်။ မြင်းဖြူရှင်လေးပါး အပါအဝင် အပြင် (၃၇) မင်းနတ်စာရင်းဝင် ရွှေစစ်သင်မြင်းဖြူရှင်နှင့်ပတ်သက်၍ ဤနေရာတွင် အကြောင်းဆိုက်သဖြင့် ရွှေစစ်သင်မြင်းဖြူရှင်၏ အကြောင်းကို အကျဉ်းမျှ ဖော်ပြပါမည်။

## ရွှေစစ်သင်မြင်းဖြူရှင်

မြန်မာနှစ် ၆၈၉ ခုနှစ် နန်းတက်သော ပုဂံနောက်ဆုံးမင်း စောမွန်နစ်လက်ထက် ပြည်ရွာမငြိမ်မသက်ပုန်ကန်ထကြွသည့်အတွက် သားတော် ရွှေစစ်သင်ကို စစ်ချီခိုင်းရာ ချီတက်ခြင်းမပြုဘဲ ပေါ့လျော့စွာ လောင်းကစားပျော်ပါးနေသောကြောင့် ခမည်းတော်က အမျက်ထွက်ပြီး မြေတွင်းတူး၍ ကိုယ်တစ်ပိုင်းကို မြုပ်နှံ့ အကျဉ်းချထားသောကြောင့် ဝမ်းနည်းကြေကွဲစွာဖြင့် အနိစ္စရောက်၍ နတ်ဖြစ်သည်။ မဟေသရကျမ်း၌ ရွှေစစ်သင်နတ်ကို မြင်းဖြူရှင်နတ်ဟု ခေါ်ဆိုကြသည်။

## ရွှေစစ်သင်မြင်းဖြူရှင်ပင့်နတ်ချင်း

၁။ နေလိုဝန်းတဲ့ မြင်းဖြူရှင်၊ ခွာလေးဖက် စိန်စီတယ်၊ ဟန်ချီတဲ့နတ်မြင်း ရန်သူပေါ်ရင် ခွာစုံနဲ့နင်းမယ်၊ ဘိုးတော်ရဲ့မြင်း။

(လာချော့ပြီ၊ မြင်းများ၊ ခေါင်းတွေမှာလေ၊ ဖြိုးမျှကဲလွှန်း)၂

(နိမ့်သူဆုတ်ကြ၊ သွားလေစေ ငယ်လေ၊ တိမ်းလို့ လှမ်းရှား)၂

၂။ ပေါက္ကံတဲ့ရာဇာ၊ စည်ထီးပိုင် ခရိုင်နဲ့ နိုင်ငံမှာ သာဝပြောတယ်၊ စောမွန်နစ်မှာ၊ ချစ်ကြင်နာ၊ ဒေဝီလှစကား မြတ်သားတော် မြင်းဖြူစိုင်းတယ်၊ လှိုင်းတက်ရှင်ဘုရား။

မောင်သန်းဆွေ (ထားဝယ်)

**ကိုးကားချက် -**

၁။ မြန်မာ့မိရိုးဖလာဓလေ့နတ်သမိုင်း
ဘာသာပြန် ဦးထွေးဟန်၊
သုတေသီ ဦးဘညွှန့်
၂။ တောင်ပြုန်းနန်း၊ တောင်လှ
တောင်းဆောင်းကြီး ဦးဖိုးမောင်
ဘိုးတော်ကွသရိယတို့၏ပြောကြား
ချက်များ



www.burmeseclassic.com

www.burmeseclassic.com

# မြသလွန်ဘုရားကြီး၏မေတ္တာရိပ်ကြောင့် အသက်ဘေးကလွတ်မြောက်သွားသောနွားကလေး

**မကွေးလှမြင့်**

ဧပြီ ၁၂ ရက်၊ မွန်းလွဲ (၁)နာရီခန့်က နွား (၂၄) ကောင် တင်ဆောင်လာသော မော်တော်တစ်စီး မကွေးမြို့ ညောင်ကိုးပင်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာပြီး နွားကုန်သည်များသည် နွားများကို သားသတ်ရုံသို့ပို့ရန် ပြုလုပ်နေစဉ် နွားတစ်ကောင်မှာ ရုတ်တရက်ထွက်ပြေးသွားခဲ့သည်။

အဆိုပါနွားသည် ကမ်းနားလမ်းအတိုင်း မြောက်အရပ်သို့ဦးတည်၍ပြေးလျက်ရှိရာ နွားသမားများသည် မျက်ခြည်ပြတ်မခံဘဲ နွားနောက်သို့ အပြေးလိုက်သွားသည်။ နွားကလေးသည် မြသလွန်စေတီသာသနာ့ဗိမာန်တော်အားပတ်ပြေးလျက်ရှိပြီး ထိုမှ မြသလွန်စေတီ၏ ဆုတောင်းပြည့်ဘုရားကို လှည့်ပတ်ကာပြေးနေသည်။

ထိုစဉ် ဂေါပကအဖွဲ့ဝင်တစ်ဦးက လှည့်ပတ်ပြေးလွှားနေသော နွားကလေးအား မေတ္တာစာတ်ဖြင့် -

"မင်းပြေးရတာ မောနေပြီ။ မင်းနားတော့ကွယ်"

ဟု ပြောသောအခါ နွားကလေးမှာ အပြေးရပ်လျက် အမောဖြေနေ၏။ မြသလွန်ကုန်းတော်ပေါ်သို့ နွားတစ်ကောင်ပြေးနေကြောင်း သတင်းအရ လူအများ ရုတ်ရုတ်သဲသဲ အထူးအဆန်းဖြစ်နေစဉ် နောက်ကလိုက်ဖမ်းကြသော နွားသမားများ ရောက်ရှိလာပြီး နွားကလေးအား ပြန်ဖမ်းသောအခါ ငြိမ်သက်စွာ အဖမ်းခံခဲ့သည်။ သို့သော် နွားကလေး၏ မျက်လုံးအိမ်ထဲ၌ မျက်ရည်များဝဲနေကြောင်း ကိုယ်တွေ့မြင်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ နွားသမားများသည် နွားကလေးအား ဖမ်းပြီး နွားသတ်ကုန်းသို့ ခေါ်ဆောင်သွားကြသည်။

ထိုသတင်းသည် မြသလွန်စေတီပေါ်ရှိ လက်နှစ်ဖက်အအေးနှင့်ကဖီးဆိုင်ဖွင့်ထားသူ ဒေါ်သင်းသင်းယုထံ ရောက်ရှိသွားခဲ့သည်။ ဒေါ်သင်းသင်းယုသည် ဘာသာရေးကိုလိုက်စားပြီး ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်လှူဒါန်းသော အလှူဒါယိကာမကြီးတစ်ဦးလည်းဖြစ်သည်။

ဒေါ်သင်းသင်းယုသည် နွားသတ်ကုန်းသို့ ခေါ်ဆောင်သွားသည့် နွားလေးအပေါ် သနားကရုဏာများ ဝင်ရောက်သွားကာ မျက်ရည်များလည်လာသည်။ ချက်ချင်းဆိုသလို နွားသတ်ကုန်းသို့လိုက်သွားသည်။ နွားကုန်သည်များနှင့် တွေ့ဆုံပြီး အဆိုပါ နွားကလေးအား မသတ်ရန်၊ ဝယ်ယူလိုကြောင်း ဈေးညှိနှိုင်းခဲ့ရာ (၃၃၀,၀၀၀) ကျပ်ဖြင့် ဈေးတည့်သွားခဲ့သည်။

ဒေါ်သင်းသင်းယုသည် မကွေးမြို့နှင့် (၁၀) မိုင်ခန့်ကွာဝေးသော ညောင်ပင်ကျေးရွာရှိ သူ့အသိတစ်ဦးထံကို နွားလေးအားစောင့်ရှောက်ရန်၊ အစာကောင်းကောင်းကျွေးပြီး ဘေးမဲ့ပေးရန် အပ်နှံထားခဲ့သည်။ ယခုအခါ ထိုနွားကလေးသည် ကျန်းမာဝဖြိုးလျက် နွားအဖော်များနှင့် ပျော်ရွှင်စွာ နေထိုင်လျက်ရှိကြောင်း သိရသည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ ကိုယ်တွေ့ကြုံခဲ့ရသည့် ဆရာကြီး ဦးအောင်ချမ်းက -

"အချိန်ပိုင်းအတွင်းမှာ မုချသေရတော့မယ့် နွားလေးဟာ အသက်ဘေးကြောက်လွန်းတဲ့အတွက် နွားသမားတွေလက်ထဲက ရုန်းကန်ထွက်ပြေးခဲ့တယ်။ အခြားနေရာတွေ ထွက်မပြေးဘဲ မြသလွန်စေတီတော်ရှိရာ ထွက်ပြေးသွားပြီး ဦးတိုက်ကန်တော့ခဲ့တယ်။ ဘဝသံသရာကြီးမှာ ဘဝကံကြမ္မာတွေဟာ ဆန်းပြားလှပါတယ်။ အတိတ်ဘဝတွေက ဘဝရေစက်ပါရမီတွေ ဘယ်လိုရှိခဲ့တယ်မသိ။ သိမ်၊ ကျောင်း၊ ဇရပ်အလှူဒါယိကာမကြီး ဒေါ်သင်းသင်းယုက နွားကလေးရဲ့အသက်ကို ကယ်တင်ပြီး ဘေးမဲ့ပေးခဲ့တာကြောင့် ဒီသတင်းကြားရသူအပေါင်းက သာဓုအနုမောဒနာပြုကြတယ်။ တိရစ္ဆာန်ပင် ဖြစ်သော်လည်း ဘုရားရိပ်၊ တရားရိပ်မှာ ခိုလှုံမိတဲ့အတွက် အသက်ဘေးက လွတ်မြောက်သွားပုံလေးဟာ ဘုရားဖက်တော့ အသက်ရှည်ဆိုတဲ့ စကားရပ် မှန်ကန်ကြောင်း သက်သေပြလိုက်တာပဲ"

ဟု ဆင်ခြင်သုံးသပ်သွားခဲ့သည်။

မကွေးလှမြင့်



မြသလွန်စေတီတော်စောင်းတန်းလှေကားအတိုင်း တက်လာသည့် ထွက်ပြေးလာသော နွားကလေး



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ တို့နှစ်က မိမိ ရွာသို့ သွားရခြင်းအကြောင်းမှာ မိမိတို့ရွာသူ ရွာသားများသည် မိုးဦးခေါင်သောနှစ် ဆိုလျှင် အလွန်ရေရှားသည်။ အမှန်က မိမိတို့တစ်ရွာတည်းမဟုတ်။ မိမိတို့၏ ရခိုင်ပြည်နယ် ရမ်းဗြဲတစ်ကျွန်းလုံးသည် ကန်ရေကိုသာ အမှီသဟဲပြုနေကြရ၏။ ထို့ကြောင့် မိုးဦးခေါင်သောနှစ်များဆို လျှင် နှစ်စဉ်လိုလို မိမိတို့ရွာသာမက ပတ်ဝန်းကျင် ရွာသူရွာသားများသည်လည်း ရေပြဿနာကို ရင်ဆိုင်ကြရသည်။ သုံးရေ သောက်ရေကို တစ်မိုင်ကျော် နှစ်မိုင်နီးပါးဝေးသော ဘင်္ဂလားပင်လယ်ကမ်းခြေနားရှိ တောင်ခြေတွင် ရေသွားခပ်ကြရ၏။ ရေစမ်းတွင်း၊ ရေမျက်တွင်းရှိရာသို့ ကွင်းကျော်တောင်ကျော်သွားကြရသည်။ တောသူတောင်သားများမှာ နေ့ခင်းနေ့လယ်တွင် လုပ်ငန်းခွင်ဝင်နေကြရသဖြင့် သောက်ရေ သုံးရေကို ညဉ့်သာ သွားခပ်ကြရ၏။ ထိုအခါ မြွေပါးကင်းပါ အန္တရာယ်ရှိသလို မိန်းမသားတို့၏ အခြောက်အလှန့်ကိုလည်းခံကြရ၏။

ရေမျက်တွင်း၊ ရေစမ်းတွင်းသို့ ရောက်သောအခါမှာလည်း တန်းစီစောင့်ပြီး အလှည့်နှင့်ခပ်ကြရပြန်၏။ ထိုစမ်းတွင်း၊ ရေမျက်တွင်းရှိရာသို့ တစ်ခါတစ်ခါ လူကြီးပေါင်လုံးလောက်ရှိသော မြွေကြီးတွေလည်း ရေလာဆင်းသောက်သည်နှင့် ကြုံကြရသည်။ မြွေကြီးတွေ ရေသောက်ရန် ရေစိမ်ရန် လာခြင်း၊ မိန်းမတို့၏အခြောက်အလှန့်ကိုခံကြရခြင်းတို့ကြောင့် ပြေးကြလွှားကြရရာ ရေအိုးကွဲကြသူတွေမှာလည်း နှစ်စဉ်လိုလိုပင်။

ထို့ကြောင့် စရိယသုံးပါးဖြစ်သော လောကတ္ထစရိယနှင့် ဗုဒ္ဓတ္ထစရိယကိုမူ မတွေးဝံ့မတွေးရဲသော်လည်း ဉာတတ္ထစရိယဖြစ်သော မိမိ၏ အဆွေအမျိုး ရွာသူရွာသားများအတွက် ရေကန်တစ်ကန် ဆည်ပေးမှုဖြစ်တော့မည် ဟူသော အတွေးသဒ္ဓါစိတ်နှင့် မိမိရွာကို ရောက်သွားခဲ့ခြင်း ဖြစ်၏။

မိမိရွာကိုရောက်ပြီး နောက်တစ်နေ့မှာပင် ရေကန်ဆည်ရန်ကိစ္စကို ရွာလူကြီးများအပြင် ရွာကျောင်းဆရာတော်နှင့်လည်း တိုင်ပင်ရန်ပြောရ၏။ သို့သော် ရွာကျောင်းဆရာတော်က ယခု မိမိတို့ ချောင်းဝရွာကျောင်းတွင်မရှိဟု ရွာလူကြီးများက ပြော၏။

ကျောင်းထိုင်ဆရာတော်မှာ သံဃဝန်ဆောင်အဖွဲ့ထဲ ပါဝင်နေသဖြင့် ယခုအခါ ကျောက်ဖြူမြို့ နဂါးကျောင်း၌ အမျိုးသားစာမေးပွဲကြီးကြပ်ရေးအဖြစ် သွားနေရသည်။ နောက် သုံး၊ လေး၊ ငါးရက်ကြာမှ မိမိကျောင်းကိုပြန်ကြွနိုင်မည် ဖြစ်ကြောင်း သိရ၏။

မိမိမှာလည်း အချိန်များစွာမပေးနိုင်။ ကန်ဆည်မည့်ကိစ္စ အစီအစဉ်ချထားခဲ့ပြီး ငွေကိုလည်း ရွာလူကြီးများကို အပ်ထားခဲ့ရမည်။ ထိုအခါ အစဉ်အလာအရ ကန်ပန္နက်ရိုက်ရာတွင် ဆရာတော်သံဃာတော်တစ်ပါးပါမှဖြစ်မည်ဟု ရွာလူကြီးများက အကြံပြုကြသည်။

ထို့ကြောင့် မိမိတို့၏ရွာသား ဘုန်းကြီးတစ်ပါးဖြစ်သော ပြားချိန်ချောင်းဖျားရွာ ဆရာတော် ဘဒ္ဒန္တဉတ္တရကို သွားပင့်ရန် ဆရာတော်၏ညီ ဦးဉာဏ်သိန်းနှင့် ပြားချိန်ချောင်းဖျားကို တစ်မွန်းတည့်ခရီး ခြေကျင်လိုက်သွားရ၏။ တော်သေးသည်။ ဆရာတော်ကို ကျောင်း၌တွေ့ရဖူးရ၏။ ညနေတော့ တောင်ဘက်နယ်က ရွာတစ်ရွာကို ရှင်ပြု၊ ရဟန်းခံ ကြွရန်ရှိကြောင်း မိန့်ကြားသည်။ မိမိကန်ဆည်ရန်ကိစ္စကို ဆရာတော်အား လျှောက်ထားရာ ဝမ်းသာအားရ သာဓုအကြိမ်ကြိမ်ခေါ်၍ ရက်ကောင်းရက်မြတ်ရွေးကာ သူကိုယ်တိုင် နောက်တစ်နေ့ ကြွလာပြီး ဆည်ကန်ပန္နက်ရိုက်ပေးမည်ဟု မိန့်ကြား၏။

သည်လိုနှင့် ဆရာတော်ကျောင်းတွင် နေ့ဆွမ်းစားပြီး နေအေးမှ မိမိရွာ





www.burmeseclassic.com

www.burmeseclassic.com

# မိစ္ဆာမတို့အိမ်က ပြန်လာသူနှစ်ယောက်

ကို ပြန်မည်ဖြစ်၍ ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းပေါ်ကိုလည်း လှည့်ပတ်ကြည့်မိ၏။ ကျောင်းပေါ်ရှိ ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွများနှင့် မှန်စီရွှေချကျောင်းတိုင်များကိုလည်း လျှောက်ကြည့်၏။

နေ့ဆွမ်းမစားမီ ထိုသို့ လျှောက်ကြည့်နေရာတွင် ကျောင်းထဲဝရန်တာအပြင်ဘက်တစ်နေရာ၌ ကျောင်းကန်ဘုရားများတွင်မတွေ့ဘူးသော၊ ကျောင်းကန်ဘုရားများနှင့်လည်း လုံးဝမအပ်စပ်ဟုထင်သော မိန်းကလေးနှစ်ယောက်သစ်ကိုင်းတစ်ခုပေါ်တွင် ခြေတွဲလောင်းချကာထိုင်နေကြသော ပန်းချီပုံတစ်ပုံကိုသွားတွေ့၏။ ဒီမိန်းကလေးနှစ်ယောက်သည် ဤကျောင်းဒကာမများလားဟုထင်ပြီး မိမိထက် အသက်လည်းငယ်၊ တစ်ရွာတည်းသား ဆွေမျိုးနီးစပ်လည်းတော်သော ဘုန်းကြီးကို -

"ဘုန်းကြီး၊ စာရေးဆရာ ရန်ကုန်ကလာပြီး ငါ့ကို ဆရာလုပ်တယ်တော့ မထင်နဲ့နော်။ ဒီမိန်းကလေး ပန်းချီပုံက ဒီကျောင်းနဲ့ ဘယ်လိုများပတ်သက်နေလို့ အပြင်လူမြင်ကွင်းမှာချိတ်ထားရပါလဲ ဘုရား"

"ဆရာတော်က မိမိကို ပြုံးကြည့်ပြီး -

"စာရေးဆရာက ဘယ်လိုထင်လို့လဲ"

"ဩော် - ကျောင်းကန်ဘုရားနဲ့ ဒီမိန်းကလေးပုံက ဘယ်လိုပတ်သက်နေလို့လဲ။ ဒီမိန်းကလေးနှစ်ယောက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းဒကာမတွေလားထင်လို့ မေးလျှောက်ကြည့်တာပါဘုရား"

"အေး- ကျုပ်ကလည်း ဆွမ်းကွမ်းကိစ္စပြီးမှ စာရေးဆရာကြီးမမေးလည်း ပြောမလို့ပါ။ ဒီကျောင်းနဲ့တော့ မပတ်သက်ဘူးဆိုလည်းဟုတ်၊ ပတ်သက်တယ်ဆိုလည်း ဟုတ်တယ်ပေါ့ဗျာ။ ဒီကျောင်းဒကာ၊ဒကာမတွေတော့ မဟုတ်ပါဘူး။ ဒီရွာသူမိန်းကလေးနှစ်ယောက်ပုံပါ။ အဲဒီမိန်းကလေးနှစ်ယောက် ဒီနှစ်မိုးတွင်းကမှဖြစ်တဲ့ ဒီထူးထူးဆန်းဆန်းအဖြစ်အပျက်ကို နောက်လာနောင်သားတွေ သိရှိကြ





www.burmeseclassic.com

www.burmeseclassic.com

ရအောင် ဘုန်းကြီးကမှတ်တမ်းတင်ထားချင်လို့ ပန်းချီရေးခိုင်းပြီး လှူမြင်ကွင်းမှာ တမင်ကို ချိတ်ဆွဲထားတာ။ ကျောင်းကန်ဘုရားဆိုတာ လှူသူလေးပါအရောက်အပေါက်များကြတယ် မဟုတ်လား။ ဒီလောက် ထူးဆန်းတဲ့ အကြောင်းအရာကို ကျောင်းကို လာလာသမျှလူတွေကို သိစေချင်လို့ပဲ စာရေးဆရာကြီးရေ။ ခင်ဗျားကိုလည်း ဘုန်းကြီးဇာတ်ကြောင်းပြောပြ အဲ - ဘုန်းကြီးပြောပြတာထက် အဲဒီကလေးမနှစ်ယောက်ကို စာရေးဆရာကြီးကိုယ်တိုင်တွေ့ပြီး မေးကြည့်တာက ပိုကောင်းမယ်ထင်ပါတယ်"

"မှန်လှပါဘုရား၊ ဘယ်လောက်တောင် ထူးဆန်းလို့ပါလဲဘုရား။ ထူးထူးဆန်းဆန်းဆိုရင် တပည့်တော်လည်း အလွန်စိတ်ဝင်စားပါတယ်။ သိလည်းသိချင်ပါတယ်ဘုရား။ အဲဒီမိန်းကလေးနှစ်ယောက်နဲ့ ကိုယ်တိုင်တွေ့ရင်တော့ ပိုကောင်းတာပေါ့ ဘုရား"

သို့နှင့် ဆွမ်းဘုဉ်းပေးနေရင်းက ကျောင်းသားငယ်တစ်ယောက်အား ထိုမိန်းကလေးနှစ်ယောက်ကို ဆရာတော်က အခေါ်လွှတ်လိုက်၏။ မကြာမီ ထိုမိန်းကလေးနှစ်ယောက် ကျောင်းပေါ်ရောက်လာကြသည်။ ယခု စာအုပ်ထဲပါသော ပုံထဲမှ ရှေ့ဆုံးနှစ်ယောက်မှာ ထိုမိန်းကလေး၏ ပကတိပုံ ဖြစ်သည်။ ကျောင်းပေါ်တွင် ရေးဆွဲမှတ်တမ်းတင်ထားသောပုံ မဟုတ်ပါ။

မည်မျှ ထူးဆန်း၍ အံ့ဖွယ်ဘနန်းဖြစ်ရပုံကို စာဖတ်သူများ ဖတ်ကြည့်ကြပါကုန်။ မိန်းကလေးနှစ်ယောက်မှာ ရခိုင်ဖြစ်၍ ရခိုင်စကားအတိုင်း ရေးပြရလျှင် စာဖတ်သူများ နားမရှင်းမှာစိုး၍ သူတို့နှစ်ယောက်နှင့် မိမိတို့၏ အင်တာဗျူးကို စကားပြေနှင့် ပြန်လည် ရေးသား တင်ပြရခြင်း ဖြစ်သည်။

မည်မျှ ထူးဆန်း၍ အံ့ဖွယ်ဘနန်းဖြစ်ရပုံကို စာဖတ်သူများ ဖတ်ရှုကြည့်ကြပါကုန်။

*

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်။ ၂၆-၇-၂၀၀၄၊ တနင်္လာနေ့။

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ပြားချိန်ချောင်းဖျားရွာ၌ ဖြစ်သည်။ ပြားချိန်ချောင်းဖျားကျေးရွာမှာ အိမ်ခြေတစ်ရာနီးပါးရှိ၏။ ရွာရှိအကုန်သူတို့မှာ လယ်သမားယာသမားများ ဖြစ်ကြသည်။ ကျောက်ဖြူ-ရန်ကုန် ကားလမ်းပေါ်ရှိ မင်းပြင်ရွာ၊ ရေနံတောင်ရွာတို့က ခြေကျင်သွားလျှင် နှစ်နာရီကျော်သွားရ၏။

ထိုနေ့ထိုရက် နေ့လယ်ပိုင်းတွင် ရွာနှင့် ခြေကျင်နာရီဝက်ခန့် ဝေးသော ချိုင့်ကြီးချောင်းခေါ် ချိုင့်ကြီးချောင်းဖျားလယ်၌ (၁၆) နှစ်နှင့် (၁၈) နှစ်အရွယ်ရှိ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ နှစ်ယောက်သည် လယ်ပိုင်ရှင်မ ဒေါ်လှအေးနုနှင့်အတူ ပျိုးစိုက် (ကောက်စိုက်) နေကြ၏။ ဒေါ်လှအေးနုခင်ပွန်း ဦးထွန်းသာမှာ ပျိုးနုတ်၊ ပျိုးစည်းပေးထားခဲ့ပြီး ရွာကိုပြန်သွားသည်။

နေမွန်းစောင်းကြီးလောက်ရောက်သောအခါ လယ်ပိုင်ရှင်မ ဒေါ်လှအေးနုက စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ကို မိုးမချုပ်မီ ရွာပြန်လာကြရန် မှာကြားပြီး ညနေစာ ထမင်းဟင်းချက်ရန် ရွာပြန်သွားသည်။ ဤသည်မှာလည်း နေ့စဉ်နေ့တိုင်း ဤသို့ပင် ပြန်နေကျ ဖြစ်သဖြင့် ထူးဆန်းသည့်ကိစ္စမဟုတ်။

လယ်ပိုင်ရှင်မ ဒေါ်လှအေးနုက စောသန်းခင်နှင့် ခင်ခင်ဝင်းတို့အား မိုးမချုပ်မီ စောစောပြန်လာကြရန် မှာကြားခဲ့ခြင်းမှာ ဤလယ်မှာ ကြမ်းသည်၊ အစိမ်းသရဲရှိသည်ဟု အစဉ်အလာသမုတ်လာကြသလို နာမည်ကြီး မောက်စီတောင်နှင့်လည်း နီးသဖြင့် ဖြစ်၏။ မောက်စီတောင်နတ်ရှင်မမှာ တစ်စုံတစ်ခု ပြောမှားဆိုမှားရှိသည်နှင့် ရွာသူများကို မကြာမကြာဝင်ပူးတတ်သည်။

မောက်စီတောင်ရွာရှင်မ ဝင်ပူးလျှင် မုန့်ဖြူ မုန့်နီကို တင်ဆက်၍ ကြက်အရှင်တစ်ကောင်ကိုလည်း မောက်စီတောင်၌ သွားလွှတ်ကြရ၏။ ထို့ကြောင့် ဟိုလူလွှတ်ဒီလူလွှတ်နှင့် မောက်စီတောင်တွင် ကြက်တွေအများကြီးရှိ၏။

သို့သော် မောက်စီတောင်တွင် ဘေးမဲ့လွှတ်ထားသော မောက်စီတောင်ရှင်မကြက်များကို မည်သူမျှပင် ဖမ်းဆီးသတ်ဖြတ် မစားရဲကြ။ သူ့ကြက်များကို ဖမ်းဆီး သတ်ဖြတ်စားလျှင် ထိုစားသူသည် အကောင်းပကတိက တစ်စုံတစ်ခုရောဂါနှင့် သေလျှင်သေ၊ မသေလျှင်လည်း ဘေးဥပဒ်တစ်ခုခုဖြစ်တတ်ကြသည်။ ဥပမာ ထင်းခုတ်ရင်း ဓားအိမ်ကဓားကျွတ်၍ ထိခိုက်ဒဏ်ရာရတတ်တာမျိုး၊ ထိုကြက်သားကို စားပြီးသည်နှင့် မူးမေ့အော့အန်တာမျိုး၊ ဗိုက်နာဝမ်းကိုက်ဖြစ်တတ်တာမျိုး၊ အရူးတစ်ပိုင်းလိုကယောင်ကတမ်း ထ,ထအော်ဟစ်ပြီး လျှောက်ပြေးတတ်တာမျိုးဖြစ်တတ်သည်ဟု ကိုယ်တွေ့ရော သက်ကြီးစကားသက်ငယ်ကြားပါ အစဉ်အလာရှိကြ၏။ ထို့ကြောင့် မောက်စီတောင်ရှင်မကို အားလုံး ကြောက်လန့်ကြသည်။

ယနေ့၌ ထူးဆန်းနေသည်မှာ ယခင်နေ့များက လယ်ပိုင်ရှင်မ ဒေါ်လှအေးနုသည် ညနေစောင်း၍ ထမင်းဟင်းချက်ရန် ရွာပြန်သွားသောအခါ တစ်ခါမှ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ရှိရာ လယ်ယာမြေသို့ ပြန်မလာတတ်သော်လည်း ယနေ့ ကောက်စိုက်နေကြသော စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ရှိရာ လယ်တောကို တစ်ခေါက်ပြန်လာ၏။

လယ်တောပြန်လာသော လယ်ပိုင်ရှင်မ ဒေါ်လှအေးနုအား မလာစဖူး ပြန်လာသဖြင့် ခင်ခင်ဝင်းက -

"မမ၊ ထမင်းဟင်းချက်ပြီးခဲ့ပလား"

ဟု မေးရာ -

ဒေါ်လှအေးနုက 'အေး' ဟု တစ်ခွန်းသာ ပြောပြီး ခင်ခင်ဝင်းနှင့် စောသန်းခင်တို့နှင့်အတူ ပျိုး (ကောက်) ဝင်စိုက်သည်။

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့အထင်မှာ စောစောက မှာကြားထားခဲ့ပြီး ရွာပြန်သွားသော်လည်း သူ့လယ်ယာမြေအကြောင်းကိုသိသဖြင့် ကောင်မလေးနှစ်ယောက် မိုးချုပ်နေဝင် ကောက်စိုက်နေနေကြမည်ကို စိုးသဖြင့် သူတစ်ခေါက် ပြန်လိုက်လာသည်ဟု ထင်လိုက်ကြ၏။

ထို့နောက် လယ်ပိုင်ရှင်မ ဒေါ်လှအေးနု ရောက်လာပြီး ဘယ်လောက်မှ မကြာလိုက်။ လက်ဖျားကုန်းပေါ်ရှိ ဇိုက်ပင်ကြီးတစ်ပင်မှ အကိုင်းကြီးတစ်ကိုင်း ဝုန်းခနဲကျိုးကျသံကို ကြားမိလိုက်ကြသည်။ ရုတ်တရက် စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ လန့်ဖျပ်ပြီး လှမ်းကြည့်လိုက်ကြ၏။ ဇိုက်ပင်ကိုင်းကြီးကျိုးကျသည်မဟုတ်၊ လူကြီးတစ်ယောက်ဖက်ထက်ကြီးသော မည်းမည်းလုံးလုံးကြီးတစ်လုံး သစ်ပင်ပေါ်က ခုန်ချလိုက်သည်ကို ရိပ်ခနဲ မြင်လိုက်ကြရသည်။

ထိုအချိန်မှစပြီး စောသန်းခင်နှင့် ခင်ခင်ဝင်းတို့မှာ သူတို့နှစ်ယောက် အမြင်များအကြားများဖြစ်ခြင်းလားဟု ဇဝေဇဝါဖြစ်ကာ နီးနီးလေးဖြစ်သော သစ်ကိုင်း ကြီးကျိုးကျသံကြားရာ ကုန်းတပေါ်သို့ ပြိုင်တူလှည့်ကြည့်ကြသည်။

www.burmeseclassic.com

ကုန်းကမူပေါ်ရှိ ဇိုက်ပင်ကြီး၏ အကိုင်းအခက်များမှာ ကျိုးကျရန်မဆို ထားနှင့် လှုပ်ရှားယိမ်းယိုင်နေသည်ကိုပင် မမြင်ကြရ။ အကယ်၍ ဤမျှလောက် ကျယ်လောင်သော သစ်ကိုင်းကြီးတစ်ကိုင်းကျိုးကျပါကလည်း ကုန်းပေါ်ရှိကမူ၌ ထိုကျိုးကျသော သစ်ကိုင်းကြီးကို လှမ်းမြင်နိုင်သည်။ ကုန်းကမူပေါ်ရှိ သစ်ပင်ခြေရင်းတွင် ချုံနွယ်ပိတ်ပေါင်းများလည်း မရှိရ။ ဇိုက်ပင်ကြီးလောင်းရိပ်မိသဖြင့် မြက်ဖုတ်အနည်းငယ်သာရှိသည်။ အကယ်၍ ဇိုက်ပင်ကြီးပေါ်က သစ်ကိုင်းကြီးတစ်ကိုင်းသာ အမှန်တကယ်ကျိုးကျနေပါက ထိုးထိုးထောင်နှင့် ဇိုက်ပင်ကြီးခြေရင်းတွင် ထိုသစ်ကိုင်းကျိုးကိုလည်း မြင်ရမည်။ ယခုမူ သစ်ကိုင်းကျိုးကျသံကြီးကိုသာ ကြားလိုက်သော်လည်း ဇိုက်ပင်ကြီးခြေရင်းနှင့် ကုန်းကမူပေါ်တွင် ရှင်းနေသည်။

ထို့ကြောင့် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့အထင်မှာ အခြားတောတောင် တစ်နေရာရာက သစ်ကိုင်းကြီးတစ်ကိုင်း ကျိုးကျသော အသံသည် သူတို့အနားရှိ ဇိုက်ပင်ကြီးကို ပဲ့တင်လာရိုက်ခတ်သဖြင့် မြည်ဟည်းသွားသော အသံများလားဟုလည်း ဇဝေဇဝါဖြစ်သွားကြရပြန်၏။

ထူးခြားလာသည်မှာ ထိုအသံကြီးကို ကြားကတည်းက နှစ်ယောက်စလုံးမှာ ထုံထုံထိုင်းထိုင်းနှင့် ဘာကြောင့်ရယ်မသိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောချင်သလိုလည်း ခံစားလာကြရ၏။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စကားမပြောချင်ကြသလို လယ်ပိုင်ရှင်မ ဒေါ်လှအေးနုကိုလည်း 'မမ၊ မမ - ဟိုဇိုက်ပင်ကြီးက အကိုင်းကြီးတစ်ကိုင်းကျိုးကျပြီး မည်းမည်းအကောင်ကြီးတစ်ကောင် လန့်ထွက်ပြေးသွားတာ၊ မမ မမြင်လိုက်ဘူးလား' ဟု မမေးဒိကြ။ မေးရမှာလည်း ချက်ချင်းပင် သတိမရဖြစ်သွားကြ၏။

(ခင်ခင်ဝင်း၏ ပြောပြချက်အရ မိုးချုပ်ခါနီးလေ ပို၍ထုံထုံထိုင်းထိုင်းဖြစ်လာလေဟု ဆိုသည်။)

သူတို့နှစ်ယောက်အား ဒေါ်လှအေးနုသည် မည်သည့်အချိန်ကပင် အကဲခတ်ကြည့်သည် မသိ။ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ဘက် ကုန်းပြီး ကောက်စိုက်နေရာ ခါးဆန့်လှည့်ကြည့်ပြီး -

"ကောင်မလေးတို့၊ အိမ်အပြန်မှာ



စောသန်းခင် ခင်ခင်ဝင်း

ညနေချက်စားရအောင် ခရုတစ်ယောက်တစ်နပ်စာလောက် သွားကောက်ကြရအောင်"

ဟု ပြောလာ၏။

စောသန်းခင်နှင့် ခင်ခင်ဝင်းတို့က ဒေါ်လှအေးနုအပြောကို 'ဟုတ်ကဲ့' ဟုပင် မပြောချင်ကြသလိုနှင့် မိုးကာအင်္ကျီကိုသာ ကိုယ်မှာပတ်ချည်ကာ ခမောက် (ပက္ကလာ) ကို ကောက်ဆောင်းပြီး ဒေါ်လှအေးနုနောက် လိုက်လာကြသည်။

သူတို့တစ်တွေမှာ ယခင်ကလည်း လက်ဖျားချိုင့်ကြီးချောင်း၌ ခရုကောက်နေကျ၊ ရှာဖွေယူနေကျ ဖြစ်၏။ သူတို့ ခရုကောက်ရန် ဒေါ်လှအေးနုနောက် လိုက်လာကြရာတွင် မိုးမှုန်မိုးဖွားလိုလို နှင်းမှုန်နှင်းဖွားလေးတွေ ကျလာ၏။ သို့သော် စောစောက မိမိတို့ကိုယ်ပေါ် ကောက်ပတ်လာကြသော မိုးကာအင်္ကျီကို ဝတ်ရန်ပင် သတိမရကြတော့။

ချိုင့်ကြီးချောင်းနားအရောက်တွင် စောသန်းခင်၏ယောက်မတော်သူ စံဝေဦးလည်း သူတို့အနား ရောက်လာ၏။ ဘယ်ကဘယ်လိုကမြင်၍လိုက်လာသည်မသိ။ စံဝေဦးကလည်း ခရုကောက်ရန်ဟု လိုက်လာပြန်၏။ စံဝေဦးကို စောသန်းခင်နှင့် ခင်ခင်ဝင်းတို့က မမေးမိကြပြန်။

သည်လိုနှင့် ဒေါ်လှအေးနု၊ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ လေးယောက် ချိုင့်ကြီးချောင်းတွင် ခရုအတူကောက်ကြ၏။ ရသမျှ ခရုတွေကို ခါးပိုက်ထဲသာ ထည့်ကြပြီး တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းမျှ မပြောမိကြ။ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့မှာ ခရုကောက်ရင်း စိတ်ထပို၍ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်လာကြသည်။ တစ်ချက်တစ်ချက်တွင် အိပ်ငိုက်သလို မူးသလိုလည်း ဖြစ်လာကြ၏။ ထိုသို့ဖြစ်လာသည်ထိလည်း တစ်ယောက်နှင့်တစ်ယောက်စကားပြောချင်စိတ်မရှိကြသဖြင့် မည်သူ့ကိုမျှစကားမပြောမိကြ။

ထိုအချိန်တွင် ဒေါ်လှအေးနုက -

"ကဲ - မိုးချုပ်တော့မယ်။ တို့ခရုလည်း တစ်ယောက်တစ်နပ်စာရပြီပဲ။ အိမ်ပြန်ကြမယ်"

ဟု ပြောလိုက်၏။

ဒေါ်လှအေးနု ပြောသည်မှာ အမှန်ပင်။ အချိန်မှာ မှောင်ရီဖျိုးဖျပင်ရှိနေပြီ။ မူးမူးမော်မော်နှင့် ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေကြသော စောသန်းခင်နှင့် ခင်ခင်ဝင်းတို့မှာ လမ်းလျှောက်ရသည်ကိုပင် မဟန်နိုင်သလို ဖြစ်လာသည်။ ထိုအခါ ခင်ခင်ဝင်းက လယ်ပိုင်ရှင်မ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လှအေးနု၏နောက်က ခါးထဘီစကို အမှတ်တမဲ့ လှမ်းဆွဲလိုက်ကာ လိုက်လာရသလို စောသန်းခင်ကလည်း သူ့ယောက်မ စံဝေဦး၏ခါးက ထဘီစကို ဆွဲပြီး လိုက်လာမိ၏။ ထိုအချိန်အထိလည်း 'မမ၊ ယောက်မ - ကျွန်မတို့ မူးမော်သလိုဖြစ်လာပါလား။ ဘယ်လိုဖြစ်ပါလိမ့်' ဟူသော စကားကိုပင် မပြောတတ်သလို ဖြစ်လာကြ၏။

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ စိတ်ထဲမှာ မိမိတို့၏အိမ်ရှိရာ မိမိရွာကို ပြန်လာနေကြသည်ဟုသာ ထင်လာကြ၏။ ငှက်ပြင်ကြီးနားမရောက်မီ ညောင်ပင်ကြီးတစ်ပင်နား ရောက်လာကြ၏။ ခင်ခင်ဝင်းနှင့်စောသန်းခင်တို့မှာ ဒေါ်လှအေးနုနှင့် စံဝေဦးတို့ကို တစ်ယောက်စီဆွဲ၍ လိုက်မြဲလိုက်ပါနေကြရ၏။

တစ်နေရာအရောက်တွင် ဆင်ပုတ်ရွာဘက်မှ မော်ဟင်း (ငှက်ကြီးတောင်) ခူးပြီး ပြန်လာကြသော မိမိတို့ရွာသူ မသန်းမြ၊ မလှကြည်ရွှေ၊ မညိုခင်ဦးသုံးဦးတို့နှင့် မျက်နှာချင်းဆိုင်ဆုံမိကြ၏။ မော်ဟင်းခူးပြီးပြန်လာကြသော မိမိတို့ ရွာသူတွေမှန်း သိကြ၏။ သို့သော် ခါတိုင်းတွေ့နေကြသလို 'ယောက်မတို့၊ အစ်မတို့၊ ညီမတို့ မော်ဟင်းတော်တော်ရခဲ့ကြလား၊ ဘယ်ကပြန်လာကြတာလဲ' ဟု နှုတ်မဆက်မိကြ။ သူတို့နှစ်ယောက်ကို ခေါ်လာကြသော ဒေါ်လှအေးနုနှင့် စံဝေဦးတို့ကလည်း မိမိရွာသူတွေကို နှုတ်မဆက်ကြ။

ခါတိုင်းသာဆိုလျှင်-

'ဟေ့ကောင်မတွေ၊ နင်တို့ဘာတွေရလာလဲ။ မှန်းစမ်း၊ ငါကြည့်မယ်'

ဟု ဒေါ်လှအေးနုက လယ်ပိုင်ရှင်ပီပီ အပေါ်စီးကစပ်စုကြည့်နေကျ။ ယခုမူ မိမိရွာသူတွေကိုလှည့်၍မျှပင်မကြည့်။

ထိုအခါ မော်ဟင်းခူးပြန်လာကြသော မိန်းမသုံးယောက်ထဲက မသန်းမြသည် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို လှမ်းကြည့်ပြီး-

"ဟဲ့၊ နင်တို့နှစ်ယောက် မပြန်ကြသေးဘူးလား၊ မိုးချုပ်နေပြီနော်။ ဘယ်သွားကြဦးမလို့လဲ"

ဟု သွားရင်းမတ်တတ်က လှမ်းအော်မေးသွား၏။

မိုးချုပ်နေဝင်တွင် မိမိတို့ရွာသူ အပျိုလေးနှစ်ယောက်အတွက် မသန်းမြက စိုးရိမ်စိတ်နှင့်မေးလိုက်ခြင်း ဖြစ်၏။

ထူးဆန်းနေသည်မှာ မော်ဟင်းခူးပြန်လာကြသူတွေမှာ မိမိတို့ရွာသူ၊ မိမိတို့အသိဖြစ်ကြသော်လည်း ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က ဘာမှပြန်ပြောလိုစိတ်မရှိကြ။ ထို့ကြောင့်လည်း မိမိတို့၏ရွာသူတွေနှင့် ဆန့်ကျင်ဘက်အရပ်သို့သာ ဒေါ်လှအေးနုနှင့် စံဝေဦးတို့နောက် လိုက်မြဲလိုက်ပါနေကြ၏။

(နောင်တွင် သူတို့ ပြောပြချက်အရ ဆင်ပုတ်ရွာဘက်မှ မော်ဟင်းခူးပြီး ပြန်လာကြသော ပြားချိန်ချောင်းဖျားရွာသူ မသန်းမြတို့သုံးယောက်မှာ သူတို့ရွာသူ လယ်ပိုင်ရှင်မ ဒေါ်လှအေးနုနှင့် စံဝေဦးတို့ကို လုံးဝမမြင်ခဲ့ရဘဲ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကိုသာ တုတ်တစ်ယောက် တစ်ချောင်းကို တောင်ဝှေးကောက်သလို ကိုင်ထောက်ကာ ပြင်ကြီးတောင်နားဘက် ထွက်သွားကြသည်ကိုသာ မြင်ခဲ့ကြရသည်ဟု ဆိုသည်။)

အမှန်မှာ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ ကိုင်ထောက်သွားနေကြသော တုတ်ချောင်းနှစ်ချောင်းဟု မသန်းမြတို့က မြင်ခဲ့ကြပြီး စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ကတော့ ဒေါ်လှအေးနုနှင့် စံဝေဦးတို့၏ ခါးထဘီစကိုဆွဲပြီး ရွာဘက်ကို ပြန်လာကြသည်ဟုသာ အထင်ရောက်ခဲ့ကြ၏။ ထို့ကြောင့်လည်း သူတို့မမြင်ရသော ဒေါ်လှနုအေးနှင့် စံဝေဦးတို့ကိုသာ သူတို့အမြင်အတိုင်း နှုတ်ဆက်ခဲ့ကြခြင်း ဖြစ်သည်။

မော်ဟင်းခူးပြီး ပြန်လာကြသော မိမိရွာသူ မိန်းမသုံးယောက်က နှုတ်ဆက်ခဲ့ကြသော်လည်း ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က တစ်ခွန်းမှပြန်မပြောဘဲ တုတ်တစ်ချောင်းစီကိုထောက်ပြီး ထွက်သွားကြသည်ကို မသန်းမြတို့သုံးဦးမှာ အံ့ဩသွားကြသလို ပြန်မပြောကောင်းရလားဟု စိတ်ဆိုးပြီး ပြန်လာကြသည်။

ခင်ခင်ဝင်းမှာ ငယ်ပင်ငယ်သော်လည်း မြို့ပေါက်ပြည်ပေါက်မိန်းကလေးတစ်ယောက်ဟု ဆိုနိုင်၏။ ရန်ကုန်ရှိ အစ်မတစ်ယောက်ထံတွင် တစ်နှစ်ကျော်ကျော်သွားနေပြီး စက်ချုပ်သင်ခဲ့သော မိန်းကလေး ဖြစ်သည်။ ယခင်ကဆိုလျှင် သွက်လက်ချက်ချာ၍ အလွန် ရည်မွန်သော မိန်းကလေးလည်း ဖြစ်၏။ ရွာကမည်သူ့ကိုတွေ့တွေ့ သူကပင် စတင်၍ 'မမ၊ ညီမ၊ အရီး၊ ယောက်မ၊ အဘောင်ကြီး' နှင့် နှုတ်ဆက်နေကျဖြစ်သော်လည်း ယခုအခါ စကားမေးပင်မရဘဲထွက်သွားကြသည်ကို မော်ဟင်းခူးပြန်မိန်းမသူတွေက 'ဒီကောင်မ ရန်ကုန်က ပြန်ရောက်လာပြီး ဘဝင်မြင့်သွားလိုက်တာ' ဟုပင် ထင်ခဲ့ကြသည် ဆို၏။

ထို့နောက်တွင်တော့ မိန်းကလေးကလည်း မိမိရွာသူချည်း နှစ်ယောက်အဖော်ချင်း။ ရွာနှင့်လည်းများစွာမဝေး၊ နောင်တွင်လည်း ထိုကဲ့သို့သောထူးဆန်းအံ့ဩဖွယ်ရာဖြစ်လာကြမည်ကို မသိကြသဖြင့် သူ့လမ်းသူသွားနှင့်သာ မော်ဟင်းခူးမိန်းမသုံးယောက်က မိမိရွာကို ပြန်လာကြသည်။

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကမူ သူတို့စိတ်ထဲ၌ လယ်ပိုင်ရှင်မ ဒေါ်လှအေးနုနှင့် စောသန်းခင်၊ ယောက်မ စံဝေဦးတို့နှင့်အတူ မိမိရွာ မိမိအိမ်ကို ပြန်လာနေကြသည်ဟုအထင်ရောက်ကာ လိုက်ပါလာကြသည်။

*

ဦးထွန်းသာ၊ ဒေါ်လှအေးနုတို့ လယ်တောသို့ ပျိုးစိုက် (ကောက်စိုက်) လိုက်သွားသူ ခင်ခင်ဝင်းက အခုအချိန်ထိ မိမိအိမ်သို့ ပြန်ရောက်မလာသောအခါ အမေဖြစ်သူ ဒေါ်ဖြူနုက သမီးဖို့အတွက် ပူပန်မိ၏။ ဦးထွန်းသာ၊ ဒေါ်လှအေးနုတို့ ချိုင့်ကြီးချောင်လယ်မှာ မြေကြမ်းသည်၊ နေ့ခင်းနေ့လယ်၌ပင် တဲပေါ်အိပ်သူများကို ခြေဆွဲကိုယ်ပုတ်လှုပ်နှိုးတတ်သည်ဟုလည်း လယ်စာရင်းငှားသူတွေက ပြောတတ်ကြရာ ဒေါ်ဖြူနုမှာ သမီးခင်ခင်ဝင်းအတွက် ပိုမိုပြီးရတက်ပွားရတော့သည်။

မိန်းကလေးငယ်များကို မိုးချုပ်နေဝင် သူတို့လယ်တွင် ကောက်စိုက်ခိုင်းရမည်လားဟုလည်း ဒေါ်လှအေးနုကို စိတ်ဆိုးသည်။ သူတို့လောဘကြီးတိုင်း သူများသားသမီး မည်မျှမတော မိုးချုပ်နေဝင်ခိုင်းရမည်လားဟု ရန်တွေ့ရန် ဒေါ်ဖြူနုက ဒေါ်လှအေးနုအိမ်ကို လိုက်လာသည်။ အိမ်ပေါ်၌ ဒေါ်လှအေးနုကို မြင်လိုက်ရသောအခါ ပို၍ ဒေါသထွက်သွား၏။ သူကတော့ အိမ်မှာ အငြိမ့်သားနေပြီး မိန်းကလေးတွေကိုကျတော့ မိုးချုပ်နေဝင် ခိုင်းချင်တိုင်းခိုင်းထားခဲ့သည်ဟူသော ဒေါသနှင့် ဒေါ်လှအေးနုအား-

"ညည်းတို့အေ၊ ပျိုးစိုက်တာ မိုးချုပ်နေဝင်စိုက်ကြရတယ်လို့။ ညည်းတို့ လယ်ကျမှ ကြားဖူးပါတယ်တော်"

ဟု ရန်တွေ့ရန်အစချီလိုက်သည်။

ထိုအခါ ဘာမှန်းညာမှန်းမသိသေးသော ဒေါ်လှအေးနုခမျာမှာလည်း ကျိုးတိုးကြောင်တောင်ဖြစ်သွားကာ အကြောင်းစုံ မေးကြည့်လိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com

အခုထိ ခင်ခင်ဝင်းတစ်ယောက် အိမ်ပြန်မရောက်လာသေးသည်ကို သိရတော့သည်။

ထို့ကြောင့် ဒေါ်လှအေးနုက သူသည် နေမွန်းစောင်းကြီးကပင် ညနေစာထမင်းဟင်းချက်ရန်အိမ်ပြန်လာကြောင်း၊ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို မိုးမချုပ်မီပြန်လာကြရန်ကိုလည်း မှာထားခဲ့ကြောင်း ဒေါ်ဖြူနုအား တောင်းတောင်းပန်ပန် ပြောပြရသည်။

သည်လိုနှင့် ဒေါ်ဖြူနုနှင့် ဒေါ်လှအေးနုတို့က ပျိုးအတူစိုက်ကျန်ခဲ့ကြသော စောသန်းခင်တို့အိမ်ကို အပြေးတစ်ပိုင်းလိုက်လာကြရသည်။ စောသန်းခင်ကိုလည်း အိမ်၌ မတွေ့ကြရ၊ စောသန်းခင်အမေက ပြောသည်မှာ စောသန်းခင်သည် ခင်ခင်ဝင်းတို့အိမ်၌လည်း တစ်နေ့တလေ စားသောက်နေကြပြီး မိုးချုပ်မှ အိမ်ပြန်လာရာ ယနေ့၌လည်း ခင်ခင်ဝင်းတို့အိမ်၌ ရှိနေလိမ့်မည်ထင်သဖြင့် မခေါ်ခဲ့ကြကြောင်း ပြောပြကြ၏။

ထိုအခါမှ မိဘဆွေမျိုးများနှင့် တစ်ရွာလုံးရှိလူတွေမှာ အုတ်အော်သောင်းတင်းဖြစ်ကုန်ကြတော့၏။

ဆင်ပုတ်ရွာက မော်ဟင်းခူးပြီး ပြန်လာကြသော မသန်းမြတို့အမျိုးသမီးသုံးယောက်က ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို မှောင်ရီဖျိုးဖျအချိန်၌ ချိုင့်ကြီးချောင်ဖျားတွင် တွေ့ခဲ့ကြရကြောင်း။ သူတို့က မိုးချုပ်နေပြီဖြစ်သဖြင့် ရွာပြန်ရန် ခေါ်ခဲ့ကြကြောင်း၊ သို့သော် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို တုတ်တစ်ယောက်တစ်ချောင်းစီကို တောင်ဝှေးထောက်သလိုထောက်သွားပြီး မှောင်ရီဖျိုးဖျ၌ ချိုင့်ကြီးချောင်ဖျားတွင် တွေ့ခဲ့ကြရကြောင်း၊ သူတို့က မိုးချုပ်နေပြီ ဖြစ်သဖြင့် ရွာပြန်ရန် ခေါ်ခဲ့ကြကြောင်း၊ သို့သော် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က ဘာမှပြန်မပြောကြဘဲ ထွက်သွားကြကြောင်း၊ ရွာနှင့်နီးသည့်အပြင် အဖော်နှစ်ယောက်လည်း ဖြစ်သဖြင့် သူတို့စောင့်မခေါ်ခဲ့ကြကြောင်း ပြောပြကြ၏။

ထိုအခါ မိဘဆွေမျိုးများနှင့် တစ်ရွာလုံးရှိလူတွေမှာ ဦးထွန်းသာ၊ ဒေါ်လှအေးနုတို့ လယ်ရှိရာ ချိုင့်ကြီးချောင်ဖျားကိုပြေးလိုက်ကြပြီး ဓာတ်မီး၊ မီးတုတ်၊ မီးရှူးတွေနှင့် ပတ်ဝန်းကျင်ရှိ တစ်တောလုံးတစ်တောင်လုံးကို ပိုက်စိပ်တိုက်လိုက်ရှာကြရတော့သည်။ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့၏နာမည်ကို တကြော်ကြော် အော်ဟစ်ခေါ်ကြသည်။

ဒုတိယ ဝါဆိုလဆန်း လထွက်နေပြီဖြစ်သော်လည်း မိုးတိမ်ပါးလျလျများက ကောင်းကင်တစ်ခွင်တစ်ပြင်လုံးပြည့်နေသဖြင့် လရောင်က အားပျော့နေသည်။ မှုန်ရီမှုန်ဝါးလရောင်၌ တောတောင်အနှံ့ကို မီးတုတ်၊ ဓာတ်မီး၊ မီးရှူးတွေထွန်း၍ အခါခါအော်ခေါ် ရှာကြသည်။

ထူးဆန်းနေသည်မှာ ရှာဖွေသူများ က ခင်ခင်ဝင်းနှင့်စောသန်းခင်တို့နာမည်တွေကို ဖော်ထုတ်အော်ခေါ်ကြရာ 'ဟူး. . . ဟူး. . ' ဟု ထူးသံကြားရ၏။ ထူးသံကြားရာသို့ ပြေးလိုက်ကြသည်။ ထူးသံကြားရာသို့ရောက်၍ နာမည်ကို ထပ်ခေါ်ကြပြန်ရာ နောက်တစ်နေရာက ထူးသံကြားရပြန်၏။

သည်လိုနှင့် ထူးသံကြားရာ နောက်လိုက်ကြပြန်ရာ ထိုနေရာက ထူးသံပျောက်သွားပြီး နောက်တစ်နေရာက ကြားပြန်၏။ ထို့နောက် တစ်နေရာဆီ အပြေးလိုက်ကြပြန်၏။ သို့သော် ထိုနေရာကိုရောက်သောအခါ စောစောကမှ ထူးသံကြားရာမှ ထိုထူးသံသည် နောက်တစ်နေရာသို့ ရောက်သွားပြန်၏။ ထိုအခါ ထူးသံကြားရာတိုင်းကို လိုက်ကြရသဖြင့် လူတွေမှာ ဖတ်ဖတ်မောနေကြပြီ။

ထူးသံကြားရာမှ သူတို့လိုက်ရှာနေကြသည်ကို သိသဖြင့် စောသန်းခင်နှင့် ခင်ခင်ဝင်းတို့သည် ထိုသို့ ထူးသံပေးပြီး နောက်တစ်နေရာကို ထွက်ပြေးသွားကြသလား။ သို့မဟုတ် အော်ခေါ်ရှာနေကြသူများမှာလည်း လူစုခွဲ၍ ဟိုကတကြော်ကြော်အော်ခေါ်လိုက်၊ ဒီကတကြော်ကြော်အော်ခေါ်လိုက် ခေါ်နေကြသဖြင့် ခေါ်နေသူများ၏ အသံက ပဲ့တင်ပြန်ရိုက်ခတ်လာပြီး ရှာကြသူများကို ထိုထူးသံကပင်လှည့်စားနေတာလားဟူ၍ဝေခွဲမရဖြစ်ကုန်ကြသည်။ အကယ်၍ အော်ခေါ်နေကြသူများ၏ အသံဆိုလျှင် အော်ခေါ်နေကြသံက ပဲ့တင်ပြန်လာရမည်။ ယခုမူ သူတို့အော်ခေါ်နေကြသံမဟုတ်၊ ထူးသံသာ။

နောက်တစ်ကြောင်းမှာလည်း ဤမိန်းကလေးစလုံးမှာ (၁၆) နှင့် (၁၈) နှစ်အရွယ်အပျိုများ ဖြစ်ကြရာ သူတို့အဆက်နှင့်သူတို့ လင်နောက်လိုက်သွားကြသည်ကို သိနေသော ကာလသားအချို့က သူတို့အချိတ်အဆက်နှင့်သူတို့ တမင်ရှာမတွေ့အောင် လာရှာကြသူ ကာလသားထဲက တစ်ယောက်ယောက်များ ထူးသံပေး၍ ဓာတ်သိတစ်ယောက်ယောက်က လှည့်စားနေခြင်းလားဟုလည်း ပြောလာကြပြန်၏။

သို့သော် မိမိတို့သမီးအကြောင်းကို မိမိတို့သာ အသိဆုံး ဖြစ်သည်။ သူတို့၏သမီးနှစ်ယောက်သည် မိဘမောင်ဖွားများကို တစ်စုံတစ်ရာ အသိမပေးဘဲ ဘယ်နည်းနှင့်မျှ ယခုကဲ့သို့ ရပ်သိရွာသိဖြစ်ပြီး လိုက်ရှာကြရအောင် မမိုက်မဲကြဆိုသည်ကို အကြွင်းမဲ့ ယုံကြည်၏။

ထို့ကြောင့်လည်း ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို မတွေ့တွေ့အောင် ဆက်ရှာကြရန် တောင်းပန်ပြောကြားကြရသည်။ မိဘတို့၏ တောင်းပန်မေတ္တာရပ်ခံချက်ကြောင့် တစ်ရွာလုံးရှိ လူကြီးလူငယ်၊ မိန်းမသူပါမကျန် မီးတုတ်၊ ဓာတ်မီး၊ ဝါးခြောက်မီးရှူးတွေနှင့် ဦးထွန်းသာနှင့် ဒေါ်လှအေးနုတို့ ပတ်ဝန်းကျင်ရှိ တောတောင်တို့ကို ခြေရာချင်းထပ်လောက်အောင်ရှာကြတုန်းပင် ရှိနေကြသည်။

*

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့နှစ်ဦးအား လယ်ပိုင်ရှင်မ ဒေါ်လှအေးနုနှင့် စောသန်းခင်၏ယောက်မ စံဝေဦးအယောင်ဆောင်ကာ ခေါ်လာကြသော မိစ္ဆာမနှစ်ကောင်သည် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့အား မောက်စီတောင်နှင့် ခမောင်း (ပျဉ်းမ) တိန်တောင်ကြားရှိ အိမ်တစ်အိမ်ရှိ ခေါ်လာကြ၏။ ထိုအိမ်ကို စောသန်းခင်နှင့် ခင်ခင်ဝင်းတို့က မိမိတို့အိမ်အဖြစ် စိတ်ထဲက သိနေကြသည်။ အိမ်ရှေ့တက်ဝ လှေကားထိပ်တွင် သောက်ရေအိုးစင်ကလည်း မိမိတို့အိမ်မှာလို တွေ့ရ၏။ ခင်ခင်ဝင်းကမူ ရေပင် တစ်မှုတ် (တစ်ခွက်) ခပ်သောက်လိုက်သေး၏။

(ထိုနေရာအမှန်မှာ စည်ဟုံးပင်တစ်ပင်သာ ဖြစ်သည်ကို နောက်တော့မှ ရွာသူရွာသားတွေကသိကြရသည်။)

ထိုအိမ်ကို ရောက်သွားသည်နှင့် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့မှာ မိမိတို့၏စိတ်အစဉ်ကို မိမိတို့မသိဖြစ်သွားကြ၏။ စိတ်နှင့်ကိုယ်မကပ်ဖြစ်သွားကြ၏။ တစ်ယောက်နှင့် တစ်ယောက် စေ့စေ့ကြည့်ကာ ရယ်ချင်စရာချည်းမြင်နေပြီး ရယ်မောနေနေကြ၏။ ရယ်လိုက်ကြသည်မှ ခွက်ထိုးခွက်လန်ပင်။

ထူးခြားသည်မှာ သူတို့အိမ်၌မရှိ



www.burmeseclassic.com

www.burmeseclassic.com

### ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ခုနှစ်နေ့သားသမီးအတွက် အပွင့်အလန်း



ခုနစ်နေ့သားသမီးတို့အတွက် အပွင့်အလန်းဘက်တွင် အမျိုးမျိုးအဖုံဖုံ အသုံးပြုကြရန် အင်္ဂဝိဇ္ဇာပညာရပ်မှ 'ပဉ္စပွတ်ကိုဆောင်' ဟူသောစကားအရ မိမိမွေးနံနှင့်တွဲစပ်ကာ အဆောင်အဖြစ် အသုံးပြုပါလျှင် အကျိုးတရားများ တိုးပွားကြမည်ဖြစ်ပါသည်။ ဓာတ်အဆောင်ရုပ်များ ပြုလုပ်ကြရာတွင် နံသင့်အသားများကို ရိုးရိုးမဆောင်ကြဘဲ နံသင့်အလိုက် အရုပ်ထုလုပ်၍ဆောင်စေခြင်းမှာ ရုပ်ရှိလျှင် နာမ်ရှိမှတင့်တယ်၏။ ၎င်းရုပ်ဓာတ်ကို နာမ်ဓာတ်ပေါ်အောင် ပြုလုပ်စီမံပြီးဆောင်ကြလျှင် ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြောင်းကို ပညာရှိအပေါင်းက ထပ်လောင်း မိန့်ကြားခဲ့ပေသည်။

မိမိတို့မွေးနံနှင့်ဆိုင်သောပဉ္စပွတ်နံများကို တွဲစပ်ကာ အဆောင်အဖြစ် စီမံပြုလုပ်ရာတွင် ရန်ဖက်၊ ဓာတ်ဖက်၊ မိတ်ဖက်ကြိမ်သည် စသည်ဖြင့်အကြောင်းပြပြီး စောဒကတက်စရာ၊ တွေးတောစရာ မလိုကြောင်း ဆရာတော် အရှင်ဣန္ဒဝံသမထေရ်မြတ်က မိန့်မှာခဲ့သည်။

အဆောင်ရုပ်များနှင့်ပတ်သက်၍ နှစ်မျိုးဖော်ပြထားပါသည်။ မိမိတို့ နှစ်သက်ရာကို ပြုလုပ်ဆောင်နိုင်ပါ၏။ အချို့သော ဆရာကြီးများက ဂြိုဟ်ရုပ်များဖြစ်သော ဂဠုန်၊ ကျား၊ နဂါး၊ ကြွက်၊

သော (၅) နှစ်၊ (၆) နှစ်အရွယ် ကလေးမလေးနှစ်ယောက်ကို တွေ့ရအည်။ သို့သော် သူတို့အိမ်၌ ညီမငယ်၊ မောင်ငယ်များ မရှိသည်ကိုလည်း ထိုအချိန်၌ သတိမရမိကြ။ ကောင်မလေးနှစ်ယောက်သည် သူတို့အနားကို ရောက်လာကြသည်။

ထိုကောင်မလေးနှစ်ယောက်က သူတို့ကိုရယ်စရာချည်းလုပ်ပြကြသည်။ ကခုန်ပြကြသည်။ အဝတ်စအကျီစတွေနှင့်ပစ်ပေါက်လိုက်၊ ပြန်ကောက်ယူလိုက်၊ ပြန်ပစ်ပေါက်လိုက်၊ စလိုက်၊နှောက်လိုက်နှင့် အမျိုးမျိုး ရယ်စရာလုပ်ပြနေကြ၏။ ထိုကလေးမလေးနှစ်ယောက် ထိုသို့လုပ်ပြနေကြသည်ကို ခင်ခင်ဝင်းနှင့်စောသန်းခင်တို့မှာ အူတက်မတတ် တဟားဟားတခစ်ခစ် ရယ်မောနေကြရသည်။

ထိုကလေးမလေးနှစ်ယောက်မှာလည်း စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ ရောက်လာကြသဖြင့် အလွန်ပျော်ရွှင်နေကြပုံရ၏။ မိန်းကလေးနှစ်ယောက်မှာ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို အစ်မကြီးနှစ်ယောက် ပုံဖမ်း၍ ကပြကြ၊ နောက်ပြောင်ကြနှင့် နောင်တွင် အတူတကွနေကြရမည့်သဘော ပုံဆောင်နေကြ၏။

နောက်တော့ ဒေါ်လှအေးနု ရောက်လာ၏။

"မချေ(မိန်းကလေး)တို့၊ စောစောက ကောက်လာကြတဲ့ခရုတွေ ပေးစမ်း။ တို့ချက်စားကြရအောင်"

ဟု ပြောပြီး ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ခါးပိုက်ထဲက ခရုတွေကိုလာယူသွား၏။

(အမှန်တကယ်ကမူ သူတို့နှစ်ယောက် ခါးပိုက်ထဲကောက်ထည့်ယူလာကြသည်မှာ ခရုမဟုတ်။ ကျောက်ခဲအကြီးအသေးခရုအရွယ်သာဖြစ်၏။)

ငါးနှစ်၊ခြောက်နှစ်ရွယ် ကလေးမလေးနှစ်ယောက်နှင့် အိမ်ခန်းအပြင်ဘက်ဝရံတာတွင် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က ဆော့လိုက်၊ ရယ်လိုက်၊ စလိုက်၊ နောက်လိုက်နှင့် ပျော်နေကြစဉ် စောသန်းခင်တို့ယောက်မ စံဝေဦးရောက်လာပြီး -

"ယောက်မတို့၊ ထမင်းဟင်းကျက်ပြီ။ စားကြရအောင် လာကြ"

ဟု လာခေါ်သဖြင့် အိမ်ကြီး၏နောက်ဘက် မီးဖိုဆောင်ကို ထလိုက်လာကြ၏။

စားပွဲဝိုင်းတွင် ဒေါ်လှအေးနု၊ စံဝေဦး၊ ကလေးမလေးနှစ်ယောက်နှင့် ခင်ခင်ဝင်း၊ စောသန်းခင်တို့ ခြောက်ယောက်စလုံး ဝိုင်းထိုင်ကြသည်။ ထမင်းတွေမှာ မိမိတို့အိမ်မှာ တစ်ခါမှ မစားဘူး၊ မမြင်ဘူးသော ထမင်းမျိုး။ ကော့နေအောင် ချက်ထားသော ရှည်ရှည်စင်းစင်းကြီးတွေ ဖြစ်၏။

ထမင်းများကို ပန်ကန်ပြားများ၌ အပြည့်အမောက် ထည့်ပေးထားသည်။ ဟင်းက ဒေသအစားအစာဖြစ်သော လိပ်ကျောက်သားကျပ်တိုက်အပြင် ဒန့်ကွဲဟင်း (မိုးကျလက်ဖက်ရွက်) တစ်ခွက်လည်း ပါသေးသည်။

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့မှာ မိမိတို့အိမ်၌ တစ်ခါမှ မစားဘူးသော ကောက်ကြီးဆန်ချက် ထမင်းအလုံးရှည်စင်းစင်းကြီးကို ပထမဦးဆုံး ကောက်ဆုပ်ပြီး တစ်လုတ်၊ နှစ်လုတ် စားလိုက်ကြစဉ် တစ်စုံတစ်ယောက် အိမ်ပေါ် ပြေးတက်လာသံကြားလိုက်ကြရ၏။

(ဆက်ရန်)

ဝေယံလင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆင်၊ ပူး၊ ခြင်္သေ့များကိုဆောင်စေသည်။ ကျွန်ုပ်အား ပညာအမွေပေးခဲ့သော ကျေးဇူးရှင်ဆရာကြီး ဦးမြတ်ထင်က ဂြိုဟ်ရုပ်များအစား နတ်ရုပ်များကို အမည်နာမနှင့်တွဲစပ်ထုခိုင်းသည့်အမြင် နတ်အလိုက် အဆောင်ရုပ်များကို မန္တန်များနှင့် ထုံမွမ်းစေပါ၏။

## နေ့သားသမီးများအလိုက် အဆောင်ရုပ်ပြုလုပ်ရန်

**တနင်္ဂနွေသား**

ကြာသပတေးနေ့ နံနက်အရုဏ်တက်ချိန်မှ နံနက် (၆) နာရီအတွင်း အောင်မဲဖြူအသားကို ဗြဟ္မာရုပ် သို့မဟုတ် ကြွက်ရုပ်ထု။ ရေစင်ကြယ်စွာဆေးပြီး ရွှေသုံးထပ်ချပါ။

**တနင်္လာသား**

သောကြာနေ့နံနက် အရုဏ်တက်ချိန်မှစ၍ နံနက်(၆)နာရီအတွင်း ကသစ်သားကို သိကြားမင်းရုပ် သို့မဟုတ် ပူးရုပ်ထု။ ရေစင်ကြယ်စွာဆေး၍ ရွှေသုံးထပ်ချပါ။

**အင်္ဂါသား**

စနေနေ့နံနက် အရုဏ်တက်ချိန်မှ နံနက် (၆) နာရီအတွင်း စွယ်တော်သားကို နေနတ်သားရုပ်တု သို့မဟုတ် နဂါးရုပ်ထု။ ရေစင်ကြယ်စွာဆေး၍ ရွှေသုံးထပ်ချပါ။

**ဗုဒ္ဓဟူးသား**

တနင်္ဂနွေနေ့နံနက် အရုဏ်တက်ချိန်မှ နံနက်(၆)နာရီအတွင်း ဝင်အူသားကို အရိန္ဒမနတ်မင်းရုပ် သို့မဟုတ် ဂဠုန်ရုပ်ထု။ ရေစင်ကြယ်စွာဆေးပြီး ရွှေသုံးထပ်ချပါ။

**ကြာသပတေးသား**

တနင်္လာနေ့နံနက် အရုဏ်တက်ချိန်မှ နံနက်(၆)နာရီအတွင်း မန်ကျည်းသားကို ကုဝေရနတ်မင်းရုပ် သို့မဟုတ် ကျားရုပ်ထု။ ရေစင်ကြယ်စွာ ဆေးပြီး ရွှေသုံးထပ်ချပါ။

**သောကြာသား**

အင်္ဂါနေ့နံနက် အရုဏ်တက်ချိန်မှ နံနက်(၆)နာရီအတွင်း သစ်ဆိမ့်သားကို စကြာမင်းရုပ် သို့မဟုတ် ခြင်္သေ့ရုပ်ထု။ ရေစင်ကြယ်စွာဆေး၍ ရွှေသုံးထပ်ချပါ။

**စနေသား**

ဗုဒ္ဓဟူးနေ့နံနက် အရုဏ်တက်ချိန်မှ နံနက် (၆) နာရီအတွင်း ဒန့်သလွန်သားကိုဖြစ်စေ၊ ထင်းရှူးသားဖြစ်စေ လနတ်သားရုပ် သို့မဟုတ် ဆင်ရုပ်ထု။ ရေစင်ကြယ်စွာဆေး၍ ရွှေသုံးထပ်ချပါ။ အရုပ်များကို ရွှေချပြီးလျှင် ငါးပါးသီလ ခံယူဆောက်တည်ပြီး ရှေးဦးပထမ ဘုရားဂုဏ်တော်ကိုးပါး (၃၇) ခေါက်၊ ဒုတိယ မေတ္တာသုတ်ကို (၃၇) ခေါက် ရွတ်ဆို ပူဇော်ပါ။ ဂြိုဟ်ရုပ်တုဆောင်သူများအတွက် သွားလေရာတွင် ဆောင်သွားနိုင်ပါသည်။ နတ်ရုပ်တုများအတွက် ဂါထာမန္တန်ဖြင့်ရွတ်ဆိုပြီး -

(အင်္ဂဝိဇ္ဇာတိုင်မှ မွေးနံနှင့် ပဉ္စပွတ်နံတွဲစပ်ထားပုံ)

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ·၅ | ·၆ | ·၇ | ·၁ | ·၂ | ·၃ | ·၄ |
| | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| မွေးနံ- | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| | ၁ + ၅ | ၂ + ၆ | ၃ + ၇ | ၄ + ၁ | ၅ + ၂ | ၆ + ၃ | ၇ + ၄ |

| ၁-တနင်္ဂနွေသား | ၂-တနင်္လာသား | ၃-အင်္ဂါသား | ၄-ဗုဒ္ဓဟူးသား |
|---|---|---|---|
| ၁ + ၅ | ၂ + ၆ | ၃ + ၇ | ၄ + ၁ |
| အောင်မဲဖြူ | ကသစ် | စွယ်တော် | ဝင်အူ |
| ၅-ကြာသပတေးသား | ၆-သောကြာသား | ၇-စနေသား | |
| ၅ + ၂ | ၆ + ၃ | ၇ + ၄ | |
| မန်ကျည်း | သစ်စိမ့် | ဒန့်သလွန် သို့မဟုတ် ထင်းရှူး | |

**နတ်ရုပ်တုများကို ထုံမွမ်းရွတ်ဆိုရန် ဂါထာမန္တန်များ**

၁။ တနင်္ဂနွေသား-ဗြဟ္မာရုပ်အတွက်- 'ဉုံ တိပိ ကုဏ္ဍဋ္ဌေ သွာဟာ' (၃၇) ခေါက်။

၂။ တနင်္လာသား-သိကြားရုပ်အတွက်- 'ဉုံ တိပိ ကုဏ္ဍဋ္ဌေ သွာဟာ' (၃၇) ခေါက်။

၃။ အင်္ဂါသား - နေနတ်သားအတွက်- 'ဉုံ ရမ စန္ဒာ ကုနသ သွာဟာ' (၃၇) ခေါက်။

၄။ ဗုဒ္ဓဟူးသား - အရိန္ဒမနတ်အတွက်- 'ဉုံ နန္ဒာ တေဇော် ကုဏ္ဍဋ္ဌေ သွာဟုံ' (၃၇) ခေါက်။

၅။ ကြာသပတေးသား - ကုဝေရနတ်အတွက် - 'ဉုံ ဥတ္တရဇ္ဇ ဒိသာရာဇာ ကုဝေရော တံ ပဿတိ ယက္ခာနံ အဓိပတိ မဟာရာဇာ ယသဿိ နော' ။

၆။ သောကြာသား - စကြာမင်းရုပ်အတွက် - 'ဉုံ နန္ဒာ အရဟံ သွာဟာ' (၃၇) ခေါက်စီ။

၇။ စနေသား - လနတ်သားအတွက် - 'ဉုံ သုဘ စန္ဒာ ကုနသ စန္ဒာ သွာဟုံ' (၃၇) ခေါက်။

၁။ ပထမရွတ်ရန် - ဘုရားဂုဏ်တော်ကိုးပါး (၃၇) ခေါက်။

၂။ ဒုတိယရွတ်ရန် - မေတ္တာသုတ် (၃၇) ခေါက်။

၃။ တတိယရွတ်ရန်-အဆောင်နတ်ရုပ်ဆောင်သူများ နေ့သားအလိုက်ရွတ်ရန် မန္တန်ကို (၃၇) ခေါက် ထုံမွမ်းရွတ်ပြီးမှ ဆောင်ပါ။

ခုနစ်နေ့သားသမီးများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်စုံရရှိကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မိသားစုနှင့် အတူနေထိုင်ရာ ပြည်မြို့မှနေ၍ မိတ်ဆွေတစ်ဦး၏ အကူအညီတောင်းမှုကြောင့် ဗဟုသုတလေ့လာရေးအဖြစ်ဖြင့် ပရဟိတဘုန်းတော်ကြီးကျောင်းရန်ပုံငွေရှာဖွေရေး အလှူခံအဖွဲ့တစ်ခုတွင် လိုက်ပါ၍ ၁၉၉၅ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့သို့ရောက်ရှိခဲ့သည်။ ကြံခင်းမြို့နယ် သံဃာ့နာယက၏ခွင့်ပြုချက်နှင့် မြို့နယ်ကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်များ ရယူရန် မိမိတို့တွင်ပါလာသော တိုင်း၏ ထောက်ခံခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com

(ဝိဇ္ဇာဓရနှင့်ယခေးပညာ)

# ဦးထွန်းဝင်း

## ဦးညိုမောင်ကိုတွေ့လျှင် ပြောကြပါ

ချက်များကို တင်ပြပြီး မြို့နယ်၏ ခွင့်ပြုချက်ရရှိရန် ကျောင်းထိုင်ဆရာတော်ချင်း ဆက်သွယ်ပေးမှုဖြင့် ကြံခင်းမြို့ (၁၁) ထပ်ဘုရားအနီး ရွှေပြည်အေးကျောင်းတိုက်နှင့်ကပ်လျက်တည်ရှိသော ရွှေတောင်ကျောင်းတွင် တစ်ပတ်ခန့်တည်းခိုနေထိုင်ရပါသည်။

စာရေးသူသည် အင်္ဂရိတ်ပညာကို စာတွေ့ရောလက်တွေ့ပါ လုပ်ဆောင်နေသည်မှာ အနှစ် (၂၀) ခန့်ရှိပြီဖြစ်၍ ဓာတ်များ၏ ပညတ်သဘောနှင့်ပရမတ်သဘောပါ အတော်သိရှိနားလည်ဝေဖန်ပြောဆိုနိုင်သည့်အတွက် အင်္ဂရိတ်ဝါသနာပါသော ရွှေတောင်ကျောင်းဆရာတော်နှင့် ဓာတ်တို့၏ ဆန်းကြယ်ခြင်းအကြောင်းကို ဆွေးနွေး၍မကုန် အဖွဲ့ကျနေပါသည်။ စာရေးသူတို့ ရောက်ရှိသွားသောအချိန်မှာ ဝါတွင်းကာလဖြစ်သဖြင့် ဥပုသ်နေ့များတွင် ရပ်နီး၊ ရပ်ဝေးမှ လာရောက်၍ ဥပုသ်စောင့်ကြသောသူများထဲမှ ဆရာတော်နှင့် အလွန်ရင်းနှီးသော ဦးလှမြင့် ဆိုသည့် ပုဂ္ဂိုလ်တစ်ဦးလည်း မြန်အောင်မြို့နယ်မှလာ၍ (၇) ရက် ဥပုသ်ကြီးဝင်ပါသည်။ မြန်အောင်မြို့နယ် သမဝန်ထမ်းတစ်ဦး ဟူ၍သာ စာရေးသူ သိထားပါသည်။ ဆရာတော်နှင့် စာရေးသူတို့ ဓာတ်တို့၏အကြောင်းကို ဆွေးနွေးနေသည်ကို စိတ်ပါဝင်စားစွာ နားထောင်လေ့ရှိပြီး လေး၊ ငါးရက်ခန့်ရှိလျှင် သူတွေ့ကြုံခဲ့ရသော အကြောင်းအရာတစ်ခုကို တင်ပြပြောဆို၍ အမှား၊ အမှန် ဖြစ်နိုင်၊ မဖြစ်နိုင် ဝေဖန်ပေးပါရန် ဆရာတော်နှင့်တကွ အများရှေ့တွင်ပင် အကူအညီတောင်းပါသည်။

မိမိမှာ အင်္ဂရိတ်ပညာနှင့် ပတ်သက်၍ နကန်းတစ်လုံးမှ မသိကြောင်း၊ လေ့လာမှုလည်းမရှိခဲ့ပါကြောင်း၊ အလွန်ဆန်းကြယ်သည့် ကိုယ်တွေ့ကိစ္စဖြစ်၍လည်း အလွန်သိလိုပါကြောင်း။ ယခုမှ ဆရာတော်နှင့် စာရေးသူတို့ဆွေးနွေးနေသည့် လေး၊ ငါးရက်အတွင်း ဓာတ်တို့ကို ဝေဖန်ထောက်ဆပြချက်တို့မှာ ငြင်းဆိုစရာမရှိအောင်၊ အကြောင်းနှင့် အကျိုးတွဲစပ်လျက်ရှိသော လောကဓမ္မ ဗုဒ္ဓတရားနှင့် သွေဖည်ခြင်းမရှိ၊ နိယာမသဘောတရားကို ဉာဏ်မျက်စိတွင် စွဲထင်အောင် ရှင်းလင်းပြောဆိုနိုင်သည့်အတွက် အမှန်တရားပင်ဖြစ်သော်လည်း လူအများ လက်မခံနိုင်သော အကြောင်းတရားဖြစ်သည့်အတွက် အနှစ်သုံးဆယ်ကျော် ရင်ထဲနှုတ်ပိတ်နေခဲ့ရပါသည်ဟု အစချီ၍ ယခု ရေးသား တင်ပြသည့် အကြောင်းကို ဖော်ထုတ် ပြောကြားခဲ့ပါသည်။ ခုနှစ်သက္ကရာဇ် အနည်းအများ လွဲမှားခဲ့လျှင် စာရေးသူ၏ မှားယွင်းမှုသာ ဖြစ်ပါကြောင်း။

၁၉၆၂ ခု တော်လှန်ရေးအစိုးရတက်ရောက်လာခြင်းမပြုမီ ၁၉၅၈ ခုနှစ်တွင် ယခု တော်လှန်ရေးပန်းခြံနေရာ ရွှေတိဂုံဘုရား ကုန်းတော်ရာအနီးတွင် မင်းမနိုင်ကွက်သစ်(ဝါ)ကပ္ပလီကွက်သစ်ခေါ် ဆိုသည့် အနယ်နယ်အရပ်ရပ်မှ စစ်ပြေးဒုက္ခသည်များခိုလှုံရာ ရပ်ကွက်ကြီးတစ်ခုရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ကရင်သောင်းကျန်းသူ ကေအိုင်အိုတို့ကြောင့် မြန်မာကျေးရွာများ ရွာလုံးကျွတ် ဖျက်ဆီးသတ်ဖြတ်မှုခံရပါသည်။

အသက်လုပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရသော မြန်မာလူမျိုးအများစုလည်း ထိုရပ်ကွက်သို့ အသိမိတ်ဆွေများဖြင့် ဆက်သွယ်ရောက်ရှိလာပြီး ဖြစ်သလို နေထိုင်ကာ ဝမ်းရေးအတွက် ကြုံရာကျပန်း ရှန်းကန်လှုပ်ရှားသူများထဲတွင် မြန်အောင်မြို့နယ်အတွင်း ကျေးရွာတစ်ရွာမှ ထွက်ပြေး တိမ်းရှောင်လာရသော အထွေးလေး ဦးမြင့်ဟန်နှင့် ဒေါ်ဝိုင်းစိန်တို့မိသားစုတစ်စုလည်း အပါ





www.burmeseclassic.com

www.burmeseclassic.com

အဝင်ဖြစ်ပါသည်။ မိတ်ဆွေတစ်ဦး၏ အိမ်အနီး မြေကွက်လွတ်တွင် တဲအိမ်တစ်လုံးဆောက်၍ နေထိုင်ပြီး ဝမ်းရေးအတွက် ကြုံရာအလုပ်များကို လုပ်ကိုင်နေထိုင်ရပါသည်။

ထို ၁၉၅၈ ခုနှစ်တွင် တော်လှန်ရေးအစိုးရဖြစ်လာမည့် ဗိုလ်ချုပ်နေဝင်းက ရန်ကုန်မြို့လယ်တွင် ယခုကဲ့သို့ ပျံ့ကျဲရပ်ကွက်ရှိနေခြင်းမှာ မြို့တော်၏ ဂုဏ်သိက္ခာကိုထိခိုက်စေသည့်အတွက် တောင်ဥက္ကလာပမြို့သစ်၊ မြောက်ဥက္ကလာပမြို့သစ်၊ သာကေတမြို့သစ်တို့ကို တည်ဆောက်ခဲ့သည်။ ၎င်းကပ္ပလီကွက်သစ်တွင် နေထိုင်သော အိမ်ထောင်စုတစ်စုလျှင် မြေကွက်တစ်ကွက်ရယူစေ၍ ထိုနေရာတွင် တော်လှန်ရေးပန်းခြံအဖြစ် ပြောင်းလဲ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

ထိုအချိန်တွင် ဦးမြင့်ဟန်မှာ အလုပ်ပြောင်းလဲရှာဖွေလုပ်ကိုင်ရင်းဖြင့် ကျေးရွာတွင်နေစဉ်က လုပ်ကိုင်ခဲ့ဖူးသော စက်ဘီးလုပ်ငန်းကို အကြောင်းပြု၍ ကလေးစီးစက်ဘီးများ တီထွင်ထုတ်လုပ်၍ စီးပွားရေးအဆင်ပြေနေချိန် ဖြစ်သည့်အတွက် တောင်ဥက္ကလာပမြို့သစ်တွင် ရရှိထားသော ပေ(၄၀)×ပေ(၆၀)ရှိ မြေကွက်တွင် လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်ရန် ခြံခတ်ခြင်း၊ မြေညှိခြင်းကိစ္စများကိုလုပ်ကိုင်လျက်ရှိရာ မိမိရရှိထားသော မြေကွက်တွင် ယခင်က တောရိုင်းမြေဖြစ်သည့်အတွက် အလွန်ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်ပါရှိနေရာ မြို့သစ်တည်စဖြစ်သည်နှင့်အညီ သစ်ပင်များကို အခကြေးငွေဖြင့် ခုတ်လှဲဖြတ်တောက်ကာ မီးဖိုဝင်ထင်းများ ဖြစ်သည်အထိ ဆောင်ရွက်စေခဲ့သဖြင့် ဆယ်ရက်ခန့် လုပ်ကိုင်ကြရပါသည်။

ထိုသစ်ခုတ်အဖွဲ့တွင် အသက် (၆၀) နှစ်ခန့်ရှိသည့် ဦးညိုမောင် ဆိုသူ ဦးဆောင်၍ အသက် အစိတ်၊ သုံးဆယ် လူငယ်သုံးဦးနှင့်တကွ တိုးကြောင်ကလေးရွာဘက်မှနေပြီး နံနက်လင်းသည်နှင့် ထမင်းချိုင့်အသီးသီးဆွဲ၍ လာရောက်ကာ နေ့လယ် ထမင်းစားချိန်မှလွဲ၍ နေဝင်သည့်တိုင် မနားမနေ လုပ်ကိုင်ကြပါသည်။ ဦးမြင့်ဟန်တို့မိသားစုမှာလည်း တောသူတောင်သားများ ဖြစ်ကြသောကြောင့် အလုပ်ရှင်၊ အလုပ်သမား ဆိုသည့်သဘောမထားဘဲ ဆွေမျိုးရင်းချာများပမာ စေတနာအပြည့်ဖြင့် ထမင်းမှလွဲ၍ အခြား မုန့်ပဲသရေစာများနှင့် ရေနွေးပွဲမပြတ်ချပေးပြီး ဧည့်ခံကျွေးမွေးကြပါသည်။

ထိုသို့ အလုပ်ဆင်းချိန်တွင် ခေါင်းဆောင်ဖြစ်သူ ဦးညိုမောင်သည် လူငယ်များနှင့်တန်းတူ လုပ်ကိုင်ရုံမက နေ့လယ်ထမင်းစားပြီးစတွင် ငယ်သူများကို ခေတ္တနားနေစေကာ ၎င်းကိုယ်တိုင်ကမူ နားနေခြင်းမရှိ လုပ်ငန်းများကို ဆက်တိုက်လုပ်ကိုင်နေခဲ့သည်မှာ အလုပ်ခွင် ပြီးဆုံးရန် တစ်ရက်အလိုအထိဖြစ်၍ ဦးညိုမောင်၏ ကျန်းမာသန်စွမ်းမှုကို အံ့ဩမဆုံးမြင်တွေ့နေရသောကြောင့် အသက်မည်မျှရှိပြီဆိုသည်ကို ဦးမြင့်ဟန်မှ မေးရာ ကျွန်တော့်အသက်ကို ပြောလျှင် ဆရာတို့ ယုံကြမည်မဟုတ်ဟု ဆိုပါသည်။ ယုံပါသည် ပြောပါဟုဆိုလျှင် -

ယခုဆိုလျှင် ကျွန်တော့်အသက်မှာ (၁၁၈) နှစ်ရှိပါပြီဟု ဆိုပါသည်။ မွေးဖွားသည့် မြန်မာနှစ်မှာ ၁၂၀၂ ခုနှစ် ဖြစ်ပါသည်။ မွေးဖွားရာဒေသမှာ ပခုက္ကူခရိုင် မြိုင်မြို့နယ်မှ ရွာတစ်ရွာ ဖြစ်ပါသည်။ မွေးချင်း (၄) ယောက်ရှိပါသည်။ ညီအစ်ကိုသုံးယောက်၊ နှမတစ်ယောက် ရှိပါသည်။ ရွာတွင် စာသင်ကျောင်းမရှိပါ။ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်မှ သင်ပေးသဖြင့် ပရိတ်ကြီးကုန်အောင်သင်ခဲ့ရ၍ စာရေး၊ စာဖတ်တတ်ပါသည်။ ကျွန်တော်၏အဖေမှစ၍ ကျွန်တော်တို့ ညီအစ်ကိုအားလုံး ဘိုးဘေးဘားမားသစ်ကုမ္ပဏီမှ သစ်ခုတ်လုပ်သားများဖြစ်ကြပါသည်။ မင်းတုန်းမင်းကြီး ပဥ္စမသင်္ဂါယနာတင်သည့် ၁၂၃၅ ခုနှစ်တွင် မိမိကျေးရွာသူတစ်ဦးဖြင့် အိမ်ထောင်ကျပါသည်။ သားသမီးမထွန်းကားခဲ့ပါ။ သီပေါမင်းပါတော်မူသွားချိန်တွင် ကျွန်တော့်အသက်မှာ (၄၅) နှစ်ရှိပါပြီ။ ဇနီးသည် ကွယ်လွန်ပြီးနောက် အိမ်ထောင်ရေးကိုစိတ်ကုန်၍ ယခုအချိန်ထိ နောက်အိမ်ထောင်မပြုတော့ပါ။

ကျွန်တော် ပြောသည်ကို မည်သူမျှ မယုံကြည်ကြပါ။ ယခုမှ ဆရာသမားက တလေးတစား မေးသည့်အတွက် ပြောရခြင်း ဖြစ်ပါသည်။ ယခုလိုအသက်ရှည်ရခြင်းအကြောင်းမှာ သီပေါမင်းပါတော်မူသည့် ခရစ်နှစ် ၁၈၈၅ ခုနှစ် ဝန်းကျင်လောက်တွင် ကျွန်တော်တို့ရွာ ဘုန်းတော်ကြီးကျောင်းသို့ အာဂန္တု ဦးပဥ္စင်းလေးတစ်ပါး ရောက်ရှိလာပါသည်။ ဝါတွင်းကာလဖြစ်သည့်အတွက် ရွာမှ လူကြီး၊ လူငယ်များ လပြည့်၊ လကွယ် သီတင်းနေ့များတွင် ကျောင်း၌ တစ်နေကုန်နေပြီး သီလဆောက်တည်ကြရာ ကျွန်တော်တို့သားအဖမှာလည်း အလုပ်နား၍ ဥပုသ်စောင့်ကြပါသည်။ ကျောင်းသို့ရောက်ရှိလာသော အာဂန္တု ဦးပဥ္စင်းလေးမှ သီလပေးတရား ဟောကြားသည်။ တရားဟောအလွန်ကောင်းပါသည်။ ထို့ကြောင့် လပြည့်၊ လကွယ် မပျက် သီလဆောက်တည်ကြပါသည်။ ဘွဲ့တော်မှာ ဦးကေလာသဖြစ်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှဟု သိရပါသည်။ ဦးပဥ္စင်းလေးအား အလွန်ကြည်ညိုကြ၍ တတ်အားသမျှ လှူဒါန်းကြပါသည်။ ကျွန်တော်တို့ရွာသူရွာသားများထဲတွင် ကျွန်တော်နှင့် ဦးပဥ္စင်းလေးမှာ အရင်းနှီးဆုံး ဖြစ်ပါသည်။

တစ်နေ့ ကျွန်တော်တို့ သစ်ခုတ်ရာတောကြီးထဲတွင် ဦးပဥ္စင်းလေးအား တွေ့ရှိသဖြင့် တောထဲသို့ လာရခြင်းအကြောင်းကိုမေးရာ အဂ္ဂိရတ်ထိုးရန် မီးသွေးလာရောက်၍ဖုတ်ကြောင်း ပြောပါသည်။ ထိုအခါ ကျွန်တော်က ဦးပဥ္စင်းတစ်ဦးတည်း မလာသင့်ကြောင်း၊ တောကောင်များ၏အန္တရာယ်ရှိကြောင်း၊ ဤတောတစ်ဝိုက်တွင် ကျွန်တော်တို့ အမြဲသစ်ခုတ်နေရ၍ ဦးပဥ္စင်းလိုအပ်သော မီးသွေးကို ဖုတ်ပုံဖုတ်နည်းသာပြပါ။ လိုသလောက် တပည့်တော်ဖုတ်၍ ကျောင်းအရောက်ပို့ပေးပါမည်ဟု လျှောက်ထားကာ သစ်ခုတ်ရင်းတစ်ဖက်မှ မီးသွေးဖုတ်ထားပြီး အိမ်အပြန်တွင် ကျောင်းသို့ ဝင်ရောက် ပို့ဆောင်ပေးခဲ့ပါသည်။

တစ်ခါတစ်ရံ အလုပ်အားရက်များတွင် ကျောင်းသို့ သွားရောက်ကာ ဦးပဥ္စင်းလေးအား ဖိုဆွဲပေးခြင်း၊ ဖိုလုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးခြင်းများပြုလုပ် ဆောင်ရွက်ပေးခဲ့ပါသည်။ ဖိုထိုးခြင်းများကို ယခင်တုန်းက မမြင်ဘူးပါ။ ကျောင်းထိုင်ဆရာတော်လည်း ဖိုမထိုးပါ။အဘိုးတို့ပြောသံကိုသာ အနည်းငယ်ကြားခဲ့ဖူးပါသည်။ ဓာတ်ကြောင်းနှင့်ပတ်သက်၍ ဦးပဥ္စင်းလေးက ကျွန်တော့်အား ဘာမှမပြောကြားခဲ့ပါ။

ထိုကဲ့သို့ မီးသွေးဖုတ်၍ ပို့ပို့ပေးနေပြီး တစ်နှစ်လောက်ရှိချိန်၌ ဦးပဥ္စင်းလေးမှ စကားအဆန်းတစ်ခု ကျွန်တော့်အား နှစ်ကိုယ်ကြားပြောပါသည်။ မည်သူ့မျှမပြောရန်လည်း တားမြစ်ပါသည်။ ဦးပဥ္စင်းလေးမှာ ဓာတ်ကိစ္စမပြီးသေး၍ ခရီးဆက်လက်ထွက်ရမည်ဖြစ်ကြောင်း၊ နောင်တစ်ချိန်တွင် ဒကာကြီးနှင့် ပြန်လည် တွေ့ဆုံရန် အလွန်ခဲယဉ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သို့ပါ၍ ဒကာကြီး ကျေးဇူးဆပ်လို၍ ဒကာကြီး အလိုအပ်ဆုံးအရာတစ်ခုကို တောင်းပါဟု ဦးပဥ္စင်းလေးက ပြောပါသည်။

ထိုအခါ ကျွန်တော် စဉ်းစားမိသည်မှာ ကျွန်တော်တို့ ညီအစ်ကိုအားလုံး သစ်ခုတ်လုပ်သားများပီပီ ကျန်းမာသန်စွမ်းကြပါသည်။ ပျော်ပျော်ရွှင်ရွှင်ပင် လုပ်ကိုင်နေကြ၍ စားဝတ်နေမှုအတွက် မပင်ပန်းကြပါ။ မိမိဘဝအတွက် မိမိ ကျေနပ်ကြပါသောကြောင့် ကျန်းမာပြီး အသက်ရှည်ရှည်နေလိုကြောင်း လျှောက်ထားပါသည်။ ထိုဆန္ဒအတွက် အတည်ဖြစ်ရန် သုံးရက်စဉ်းစားခိုင်းပါသည်။ သုံးရက်လွန်မြောက်သောအခါ ဦးပဥ္စင်းလေးက နောက်တစ်ကြိမ် ထပ်မေးပါသည်။

ကျွန်တော်ကလည်း အသက်ရှည်ရှည်နေလိုကြောင်းသာ လျှောက်ထားသည့်အတွက် အသက်ရှည်ဆေးနှစ်ကြိမ်စားရန် ပြာတစ်မတ်သားခန့် ပုလင်းငယ်ဖြင့် ပေးပါသည်။ သို့သော်လည်း ထိုပြာမှာ အသက် (၆၀) ကျော်မှ စားရန်၊ ပြာတစ်ဝက်ကို ပျားရည်တစ်ပုလင်းတွင် ထည့်ပြီး သမအောင်မွှေကာ (၇) ရက်ကျော်မှ လက်ဖက်စားဇွန်းဖြင့် တစ်နေ့လျှင် တစ်ဇွန်းသာစားရမည်ဖြစ်ကြောင်း၊ ၎င်းဆေးကိုစားတော့ဆိုလျှင် (၆) လစာ ရိက္ခာအလုံအလောက်စုဆောင်းပြီး မိမိကျွမ်းကျင်သည့်တောတောင်တစ်နေရာတွင် တဲထိုး၍နေရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆေးသောက်ရက် တစ်ပတ်ကျော်သည်နှင့် အရေပြားအနာများဖြစ်၍ တစ်ကိုယ်လုံး အကြွင်းမရှိ အရေပြားများကွာပြီး အသစ်လဲပါလိမ့်မည်။ ဆေးထည့်ရန်မလိုပါ။ ဖန်ရည်ဆေးပေးရန်သာလိုပါသည်။ ထိုအချိန်တွင် ရပ်ရွာထဲနေလျှင် အနူရောဂါဟုထင်ကြပြီး ဝေးရာသို့ ရှောင်ရှားကြမည့်အတွက် တောတောင်တွင် တစ်ဦးတည်းနေခြင်းသာလျှင် အကောင်းဆုံးဖြစ်ကြောင်း၊ (၃) လတာမျှ အရေကွာ၍ နောက် (၃) လတွင်မူ မူလအသားရေထက် ကျစ်လျစ်သော အသားအရေဖြစ်ပြီးလျှင် နှစ်ပေါင်း(၂၀၀) ဖျားနာခြင်းမရှိ အိုမင်းရင့်ရော်ခြင်းမရှိဘဲ နေရမည်ဖြစ်ကြောင်း၊ အသက် (၂၀၀) နှစ်ပြည့်ခါနီးတွင် နောက်တစ်ကြိမ်စားရန် ပြာကို ဝရုစိုက်၍ သိမ်းထားဖို့ အထပ်ထပ်မှာကြားကာ ခရီးဆက်လက်ထွက်ခွာကြွသွားပြီး ယခုအချိန်အထိ ပြန်လည်မတွေ့ရတော့ပါ။ အသက်ရှည်ဆေးပြာတစ်ဝက်ကို ဦးပဥ္စင်းလေးမှာကြားခဲ့သည့်အတိုင်းနေထိုင်၍ ၁၉၀၅ ခုနှစ် အသက် (၆၅) နှစ်တွင် စားသုံးခဲ့သည့်အတွက် ယခုဆိုလျှင် မိမိအသက်သည် (၁၃၈)နှစ်ရှိပြီဖြစ်ကြောင်း အညာသားပီပီ ရိုးသားစွာ ဝန်ခံပြောကြားပါသည်။

ထိုအချိန်တွင် လုပ်ငန်းပြောင်းရွှေ့ရန် အကူခေါ်၍ တူဖြစ်သူ ဦးလှမြင့် ရန်ကုန်သို့ ရောက်ရှိနေချိန် ဖြစ်သောကြောင့် ဦးညိုမောင်နှင့် တရင်းတနှီးနေခဲ့ရပါသည်။ ပုံပန်းသဏ္ဌာန်မှာ အခြားသူများကဲ့သို့ပင် ထူးခြားမှုမရှိကြောင်း၊ သို့သော် အသားအရေမှာ အားကစားသမားတစ်ဦးကဲ့သို့ ကျစ်လျစ်မာကျောလျက်ရှိကြောင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းမရှိ။ ထမင်းလည်း သာမန်လူများကဲ့သို့ပင် ဆန်နို့ဆီဘူးတစ်လုံးခန့်သာ စားသောက်သည်ကိုတွေ့ရကြောင်းနှင့် ဦးညိုမောင်၏ ရိုးသားစွာ ဝန်ခံပြောကြားချက်များကို ဦးလှမြင့်ယုံကြည်ပါသော်လည်း အခြား မည်သူမျှ မယုံကြည်ကြပါ။ ဖြစ်နိုင်၊ မဖြစ်နိုင် ဟူ၍ပင် ဝေဖန်မှုမပြုနိုင်ကြပါဟု စာရေးသူအား ပြောပါသည်။

ကမ္ဘာပေါ်တွင် နိုင်ငံတကာသိပ္ပံပညာများ အဘက်ဘက်မှ တိုးတက်ထွန်းကားနေသဖြင့် သိပ္ပံပညာနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိဇ္ဇာပညာရပ်များကို မည်သူမျှ လက်ခံ ယုံကြည်ကြမည်မဟုတ်ပါ။ အမှန်တရားပင် ဖြစ်သော်လည်း ခက်ခဲနက်နဲလွန်းသဖြင့် ပေါက်မြောက်အောင် မကြံစည်နိုင်ကြပါ။ အကြောင်းကင်းသော အကျိုးတရားဖန်ဆင်းရှင်ဝါဒ မဟုတ်ပါ။ နက်နဲခက်ခဲသော ဓာတ်တို့ဖြစ်ပျက်မှုကို ဝိဇ္ဇာဉာဏ်ဖြင့် စီရင်နိုင်ပါလျှင် ယုံကြည်ရန် ခဲယဉ်းသော အကျိုးများကို ရရှိခံစားနိုင်ပါသည်။ သို့ပါသော်လည်း ဓာတ်ကျမ်းများတွင် 'တစ်သောင်းတစ်ယောက်၊ မရောက်ဧကန်၊ ရောက်လျှင်အောက် နိဗ္ဗာန်' ဟု ပြဆိုပါသည်။ ဆိုလိုသည့် သဘောမှာ အထက်သိဒ္ဓိငါးပါး မရနိုင်သော်လည်း အောက်သိဒ္ဓိငါးပါးထဲမှ မနသိဒ္ဓိကို တစ်သောင်းတွင်တစ်ယောက်ရရှိနိုင်ပါသည်။

'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဟု ဘုရားဟော လာရှိသည်နှင့်အညီ ကံ၊ စိတ်၊ ဥတု၊ အာဟာရပေါ်တွင် အကြောင်းခံ၍ ဖြစ်ပေါ်တည်ရှိရသော သတ္တဝါတို့၏ စိတ်အစဉ်ဆန္ဒတို့ကြောင့် သဘာဝဥတုများ ဖောက်ပြန်ပျက်ယွင်းရပါသည်။ ယင်းဖောက်ပြန်ပျက်ယွင်းနေသောဥတုများကိုမှီ၍ သီးပွင့်လာရသော အာဟာရတို့မှာ ဩဇာဓာတ်ညှံ့ဖျင်းလာသည်။ ထိုဩဇာဓာတ်ဆုတ်ယုတ်သော အာဟာရများကို မှီဝဲသုံးဆောင်နေရသည့်အတွက် လူတို့၏သက်တမ်းဆုတ်ယုတ်ရခြင်း ဖြစ်ပါသည်။ ဩဇာဓာတ်ပြည့်ဝသည့်အခါဟုဆိုရမည့် ဂေါတမဗုဒ္ဓ၏ ရှေ့မှ ပွင့်ထွန်းတော်မူခဲ့သော ကဿပဘုရားရှင်လက်ထက်တွင် လူတို့၏ သက်တမ်းမှာ အနှစ်နှစ်သောင်း ရှိပါသည်။ ထိုအချိန်တွင် ပွင့်တော်မူသော ကဿပမြတ်စွာဘုရားမှာလည်း အနှစ်နှစ်သောင်းပင် သက်တော်ရှည်၍ လူ၊ နတ်များအား ကယ်ချွတ်တော်မူခဲ့ပါသည်။

ဘုရားဖြစ်ရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းရပါသည်။ လျှော့၍မရပါ။ သတ္တဝါတို့၏ လောဘ၊ ဒေါသ၊ မောဟတရားတို့ လွှမ်းမိုး၍ ဥတုဖောက်ပြန်ကာ ဩဇာဓာတ်တို့ ဆုတ်ယုတ်ချိန်တွင် ပွင့်ထွန်းတော်မူရသဖြင့် ဗုဒ္ဓဂေါတမဘုရားသည် ကဿပဘုရားရှင်နှင့် မနှိုင်းသာအောင် သက်တမ်းကွာရခြင်း ဖြစ်ပါသည်။ အကျင့်တရားနှင့် ပါရမီနည်း၍မဟုတ်ပါ။ ထို့ကြောင့် ကမ္ဘာကြီးဖြစ်တည်မှုတွင် အရင်းခံ ပထဝီဖြစ်သော (၉) ပါးသောဓာတ်တို့ကို လူတို့၏ ရုပ်ခန္ဓာနှင့် သဟဇာတ သုခုမသဘောသို့ ရောက်ရှိရန် စီရင်နိုင်ပါလျှင် ရသာယန ဖြစ်ပါသည်။) ရွှေဓာတ်၊ ငွေဓာတ်၊ သံဓာတ်၊ ကျောက်ဓာတ်၊ ပြဒါးဓာတ်တို့၏ စိမ်းစိုသော အာမကဇာတိကို ကုန်ခန်းအောင် ချက်ပြုတ် ပြာပြုနိုင်ပါလျှင် ရသာယနဖြစ်ကြောင်း၊ ထိုရသာယနပြာကို မှီဝဲသုံးဆောင်ရလျှင် မအိုမနာ နှစ်ပေါင်း ထောင်သောင်းနေနိုင်ပါကြောင်း အင်္ဂုတ္တိုရ်ပါဠိတွင် ဘုရားဟောပါရှိပါသည်။

ဓာတ်တို့ကို မီးဖြင့် စီရင်ရသောပညာသည် အဂ္ဂိရတ်ပညာ ဖြစ်ပါသည်။ သို့ပါ၍ ဦးညိုမောင်၏ဖြစ်စဉ်မှာ ထူးခြားဆန်းပြားသော်လည်း ဒဏ္ဍာရီမဟုတ်ပါ။ မြန်မာပြည်၏ တစ်နေရာတွင် အမှန်တကယ် သက်ရှိထင်ရှားရှိနေပါသည်။ ယခုနှစ် ၂၀၁၃ ခုနှစ်တွင် ဦးညိုမောင်သည် (၁၇၃) နှစ်ရှိပြီ ဖြစ်သောကြောင့် နောက်တစ်ကြိမ် ဆေးစားရန် စီစဉ်ဆောင်ရွက်နေလောက်ပြီဖြစ်ပါကြောင်း စာရေးသူ ဝေဖန်ထောက်ဆ၍ တင်ပြလိုက်ပါသည်။

*ဝိဇ္ဇာပညာများ ထွန်းကားပါစေ*

ဦးထွန်းဝင်း

(ဝိဇ္ဇာဓရနေယဆေးပညာ)



www.burmeseclassic.com

www.burmeseclassic.com

# စစ်မှန်သောပုဂ္ဂိုလ်



ဒီခေတ်ကြီးထဲမှာ အစစ်နဲ့ အတု ဆိုရင် အတုတွေက ပေါမှပေါ။ အစား အစာတွေတောင် ဓာတုဆေးဝါးတွေသုံး ပြီး သဘာဝလွန်အသီးအနှံတွေဖြစ်နေ တယ်။ ဥပမာ ငှက်ပျောသီး၊ သင်္ဘောသီး နောက်ရက်မှည့်ချင်သလား။ လာခဲ့-မှည့် သွားစေရမယ်။ ဒီတော့ သဘာဝအသီး လို အရသာက မရှိတော့ဘူး။ လူတွေက အခုလို အရသာမရှိဘဲသီးလာတဲ့ အသီး အနှံတွေကို ဘာလုပ်တယ်မှတ်သလဲ။ ဆေးသကြားတို့၊ ဟင်းခတ်မှုန့်တို့၊ နွယ် ချိုမှုန့်တို့ကူပြီး ရောင်းကြစားကြတယ် လေ။

ဒါကြောင့် ဒီခေတ်ထဲမှာ ရာသီ ချိန်လည်း စောင့်ဖို့မလိုတော့ဘူး။ သူ့ ရာသီဟုတ်၊ မဟုတ် အချိန်မရွေးရနိုင် တယ်။ စားသုံးသူတွေ သတိလက်လွတ် မဖြစ်ရအောင် အစားတစ်မျိုးကို တင်ပြ ပေးချင်ပါတယ်။ ဒါကတော့ မြန်မာ့ အာဟာရမှာ ကောက်ညှင်းအဖြူပေါင်း နဲ့ ငချိပ်ပေါင်းကို အုန်းသီးလေးဖြူးစား လိုက်ရင် ကောင်းမှကောင်း၊ လူကြိုက် လည်း များပါတယ်။ အိမ်မှာ ကိုယ့်ဘာ သာ ပေါင်းစားတဲ့ ငချိပ်ပေါင်းကို မပြော လိုပါဘူး။

အခုပြောမယ့် ငချိပ်ပေါင်းက ဝိသမလောဘသားတွေရဲ့ လှို့ဝှက်နည်း ကိုပြောတော့မှာပါ။ စီးပွားရေးသမား တွေက ငချိပ်အစစ်ကိုမဝယ်ဘူး။ ဈေးက ကြီးတာကိုး။ ဒါကြောင့် ကောက်ညှင်း အဖြူကိုပဲ ဝယ်ပါတယ်။ နောက် အိမ် ရောက်တော့ ရက်ကန်းဆိုးဆေးနဲ့ စိမ် လိုက်တယ်။ ဒီလိုနဲ့ ငချိပ်ဆန်ဖြစ်သွား ပါလေရော။ ပြီးတော့မှ ကောက်ညှင်း အဖြူပေါင်းနဲ့ ငချိပ်ပေါင်းကို လှလှပပ ပြင်ပြီးရောင်းကြတာပါ။ လူတွေရဲ့ ဗိုက် ထဲကို ရက်ကန်းဆေးတွေ ဘယ်လောက် ဝင်သွားလဲ။ စားရင် စားသလောက် ဝင် မှာပေါ့လေ။ ဒါက အစားအစာနဲ့ ပတ် သက်တဲ့ အတုကို သတိမူမိအောင် တင် ပြတာပါ။

လူသားတွေကြားထဲမှာလည်း ဘိုး တော်အတု၊ ဘုရားတော်အတုတွေဖို့သတ် လို့မကုန်ပါဘူး။ အယောင်ဆောင်တွေ က များပါပေ့။ ကျွန်တော်ဘဝရဲ့ ထူးခြား ချက်က အမြဲတမ်းစစ်မှန်တဲ့ပုဂ္ဂိုလ်တွေ နဲ့ပဲ တွေ့တယ်လို့ ပြောရမယ်ဗျ။ ကြွား တာတော့ မဟုတ်ပါဘူး၊ တကယ် ပြော တာပါ။ ကျွန်တော် အဖြစ်အပျက်တစ်ခု ကို ပြန်ပြီးပြောရမယ်ဆိုရင် အဲဒီနေ့က အလုပ်ကိစ္စပြီးတာနဲ့ ရွှေတိဂုံစေတီတော် ပေါ် တက်လိုက်တယ်။ ရင်ပြင်တော် ရောက်တော့ ကျွန်တော်က အဓိဋ္ဌာန် တစ်ခုပြုလိုက်တယ်ဗျ။

ကျွန်ုပ်တွင်သီးခြားဖယ်ထားသည့် ငွေတစ်ထောင်တန်(၃)ရွက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ငှင်းငွေကိုစစ်မှန်တဲ့ပုဂ္ဂိုလ်အားလှူဖြစ်ပါစေသတည်း။ ထိုသို့စစ်မှန်သော ပုဂ္ဂိုလ်ဖြစ်ရန်မှာ ငွေသုံးထောင်အား လှူမည်ဖြစ်၍ သုံးဂဏန်းနှင့် ပတ်သက်သော ပစ္စည်းတစ်ခုခု ထိုပုဂ္ဂိုလ်ထံတွင် တွေ့ရပါကား စစ်မှန်သောပုဂ္ဂိုလ် ဖြစ်ပါစေသတည်း'

လို့ အမိဋ္ဌာန်ပြုလိုက်တယ်။ ဒီလိုသစ္စာပြုပြီးတော့ ကျွန်တော်က တာဝန်တစ်ခုပိုလာတယ်။တက်လာသမျှ ဘုရားဖူးတွေကို လေ့လာရ၊ အကဲခတ်ရတဲ့အလုပ်ပါပဲ။ ဒီလိုလေ့လာမှ သုံးဂဏန်းနဲ့ပတ်သက်လို့ ထူးခြားမှုရှိတယ်၊ မရှိဘူးကို သိရမှာကိုး။ အားမနာတမ်းပြောရရင် အဖြူဝတ်၊အညိုဝတ်တွေအများကြီးတော့ တွေ့ပါတယ်။ ဒါပေမယ့် ကျွန်တော် စိတ်ကြိုက်လူ ရှာမတွေ့သေးဘူး။

ကျွန်တော်ရဲ့သစ္စာပြုချက်ကို ပြန်ပြီးဆန်းစစ်ကြည့်လိုက်တော့ သုံးဂဏန်းတစ်မျိုးထဲက ရှာလို့တွေ့မှတွေ့ပါ့မလား။ မသကာ သုံးဂဏန်းနဲ့ပတ်သက်တဲ့ အင်္ဂါနံလို့ထည့်ပြောရင် အရှာရအဖွေရလွယ်ဦးမယ်။ ခုတော့ ရှာဖွေဖို့ အတော်ခက်တဲ့ကိစ္စမှန်း လက်တွေ့ကြုံမှသိလာတယ်။ သစ္စာအမိဋ္ဌာန်ပြုပြီးမှတော့မှ သုံးဂဏန်းနဲ့ ပတ်သက်တာကို မတွေ့တွေ့အောင်





www.burmeseclassic.com

www.burmeseclassic.com

စောင့်ပြီး ရှာရတော့မှာပေါ့လေ။

နာရီဝက်လောက်အကြာ အဘကြီးတစ်ယောက် လွယ်အိတ်နွမ်းနွမ်း၊ အင်္ကျီနွမ်းနွမ်းဝတ်ပြီး ကျွန်တော့်ဘက် လျှောက်လာတယ်။ အင်္ကျီအိတ်မှာက ဘောပင်သုံးချောင်းတော့တွေ့ပြီ။ လူတစ်ယောက်မှာ အများစုက နှစ်ချောင်းလောက် အများဆုံး ဆောင်တာပါ။ ဒီအဘကြီးကတော့ သုံးချောင်းတောင် စိုက်ထားတဲ့အတွက် ရှာဖွေတဲ့ ပုဂ္ဂိုလ်တွေ့ပြီလို့ ဝမ်းသာသွားတယ်ဗျ။

ဒါကြောင့် ကျွန်တော်က 'အဘခဏလောက်ရပ်ပါဦးခင်ဗျာ' လို့ ဆိုလိုက်တော့ ရပ်နေတယ်။ 'အဘလိုရာသုံးစွဲဖို့ ကန်တော့တာပါ' လို့ ရိုရိုသေသေပေးလိုက်တော့ ကျွန်တော့်ကို ကြည့်ပြီး သာဓု (၃) ကြိမ်ခေါ်ပါတယ်။ ပြီးတော့မှ ဆုတွေအားကြီးပေးလိုက်တယ်။ ကျွန်တော့်ဘဝမှာ စစ်မှန်တဲ့ပုဂ္ဂိုလ်နဲ့ပဲ တွေ့ဆုံခဲ့တယ်လို့ ကြွေးကြော်ခဲ့တယ်နော်။ အခုလှူလိုက်တဲ့ အဘကြီးကိုလည်း စစ်မှန်တဲ့ပုဂ္ဂိုလ်ဖြစ်မှန်း ဘယ်အချက်တွေနဲ့ မှတ်ကျောက်တင်မှာလဲလို့ စာဖတ်သူတွေ သိချင်မှာပါပဲ။

ကျွန်တော်ကလည်း ကိုယ်လှူလိုက်တဲ့အဘကြီးဟာ စစ်မှန်တဲ့ ပုဂ္ဂိုလ်ဖြစ်ကြောင်းသိပ်ပြီးတင်ပြချင်တဲ့လူပါဗျ။ အခုလို ဆုတွေပေးပြီး သိပ်မကြာပါဘူး။ သူက စပြီးစကားပြောလာတယ်။

"ဟိုမှာ ဓာတ်ပုံရိုက်နေတဲ့ နိုင်ငံခြားသား လင်မယားနှစ်ယောက်ကိုတွေ့သလား၊ နိုင်ငံခြားက သူလိုကိုယ်လိုလာတဲ့ တိုးရစ်လို့ထင်ရပေမယ့် မဟုတ်နိုင်ဘူး။ ဒီနှစ်ယောက်ဟာ သံတမန်အဆင့်ရှိနိုင်တဲ့ပုဂ္ဂိုလ်ထူးတွေကွ။ ဒီနှစ်ယောက်ကို ပုဂ္ဂိုလ်ထူးလို့ ဘာဖြစ်လို့ပြောရသလဲဆိုရင် ဒီလူတွေဟာ ဘာသာခြားဖြစ်ပေမယ့် မကြာမီအတောအတွင်းမှာ တို့ဘာသာကို ကူးပြောင်းလာလိမ့်မယ်။ မင်းသတင်းကို နားစွင့်နေလိုက်ပါ။ ဟုတ်တယ်ဆိုရင် စစ်မှန်တဲ့ပုဂ္ဂိုလ်နဲ့တွေ့တယ်လို့ မှတ်လိုက်ပေါ့" တဲ့။

ကဲ- အဲဒါပဲကြည့်၊ ကျွန်တော့်ရင်ထဲကစိတ်ကူးကို ဒီအဘကြီးက ထုတ်ဖော်ပြောသွားတာ။ သူပြောတဲ့အချိန်က ကျွန်တော် သစ္စာအဓိဋ္ဌာန်ပြုပြီးချိန် ပြောတာဆိုတော့ တိုက်ဆိုင်သွားပြီလေ။ ကျွန်တော်ကလည်း ဒီငွေလှူတဲ့အချိန်မှာ စစ်မှန်တဲ့ပုဂ္ဂိုလ်ကိုတော့ ရှာဖွေနေတာပါပဲ။ ဒါပေမယ့် အခုလိုပြောရုံ တွေ့ရုံနဲ့တော့ စစ်မှန်တဲ့ပုဂ္ဂိုလ်လို့တော့ မခေါ်



နိုင်သေးပါဘူး။ စိတ်ကူးနဲ့တိုက်ဆိုင်တဲ့ အဆင့်တော့ရှိသွားပါပြီ။

နောက် အဘကြီးပြောလိုက်တဲ့ စကားတွေ မှန်၊ မမှန် ကျွန်တော်က ဘယ်လိုလုပ်သိပါ့မလဲ။ အဘကြီးပြောသလို သတင်းစောင့်ပြီး နားထောင်ရဦးမှာပေါ့။ ဒီလိုနဲ့ လှူတဲ့ကိစ္စပြီးတာနဲ့ ဘုရားပေါ်ကပြန်ဆင်း ပုသိမ်ကားလက်မှတ်ဝယ် အချိန်မီ ပုသိမ်ပြန်ခဲ့တာပေါ့။ ကျွန်တော်က ရန်ကုန်မြေကိုနင်းတိုင်း ဘယ်လောက်ပဲ အလုပ်များများ ရွှေတိဂုံကို တစ်ခေါက်တော့ရောက်အောင်သွားလေ့ရှိပါတယ်။ ဘုရားမတက်ဘဲ ပြန်တဲ့ဓလေ့ကို မရှိပါဘူး။

ဘာပဲဖြစ်ဖြစ် ဘောလ်ပင် (၃) ချောင်းဆောင်တဲ့ အဘကြီးကို ငွေသုံးထောင် ကန်တော့လိုက်ပြီး ဒီဘကြီးက စစ်မှန်တဲ့ပုဂ္ဂိုလ်နဲ့တွေ့တယ်လို့မှတ်လိုက်လို့ နောက်ဆုံးပြောတဲ့ စကားလုံးကို အကြိုက်ဆုံးပဲ။ ပုသိမ်ပြန်ရောက်ပြီး စားပွဲမှာအလုပ်လုပ်နေတုန်း အမျိုးသမီးက ဂျာနယ်တစ်စောင် လာပေးတယ်။ ရန်ကုန်ကပြန်တဲ့ (၃) ရက်မြောက်နေ့မှာပါ။ နိုင်ငံခြားသတင်းစုံပါတဲ့ ဂျာနယ်ပါပဲ။ အမှတ်မဲ့ မျက်နှာဖုံးကပုံကိုကြည့်ပြီး ကျွန်တော် ကြက်သေသေသွားတယ်။ မြင်ဖူးသလိုလိုပါလား၊ ဘယ်မှာမြင်ဖူးပါလိမ့်လို့တွေးကြည့်တယ်။ ပြန်ပြီးစဉ်းစားတယ်။

ဟာ - သိပြီ သိပြီ၊ ရွှေတိဂုံရောက်တုန်းက မြင်လိုက်ရတဲ့ နိုင်ငံခြားသား ဇနီးမောင်နှံ။ သူတို့က ဘုရားကို ဓာတ်ပုံရိုက်နေတုန်း မြန်မာပြည်က သတင်းထောက်က လှျပ်တစ်ပြက်ရိုက်ထားတဲ့ပုံပဲ။ အဝတ်အစားအရောင်၊ ရိုက်ကွင်းနေရာ အားလုံးကို မှတ်မိတာပေါ့။ ပုံကိုမြင်ပြီး အောက်က ဘာစာတွေပါသလဲလို့ ဆက်ပြီးဖတ်ကြည့်လိုက်တယ်။

'ဧည့်သည်တော် သံအမတ်ကြီး ဇနီးမောင်နှံမှ ရွှေတိဂုံဘုရားအား အမှတ်တရ ဓာတ်ပုံရိုက်ယူနေစဉ်' လို့ ဖော်ပြထားတဲ့အတွက် အဘကြီး ဝေဖန်လိုက်သလို သာမန်တိုးရစ်တော့ မဟုတ်ဘူးကွ။ သံတမန်အဆင့်ရှိနိုင်တဲ့ ပုဂ္ဂိုလ်တွေပဲလို့ ပြောလိုက်တဲ့ စကားလေ။ အခုဆိုရင် ပထမစကားက သွေးထွက်အောင်မှန်သွားပြီဖြစ်လို့ စစ်မှန်တဲ့ပုဂ္ဂိုလ်လို့ သတ်မှတ်ရမှာပေါ့နော်။

ဒါပေမယ့် ဒီလောက်ကလေး သိတာနဲ့ကိစ္စက ပြီးမသွားသေးပါဘူး။ ကျန်နေပါသေးတယ်။ နောက် (၃) ပတ်အကြာမှာ ဒီလိုပဲ အလုပ်စားပွဲခုံမှာ အလုပ်လုပ်နေတုန်း ဂျာနယ်ရောင်းသမားက-

'ဒီမှာ သတင်းထူးပါတဲ့ ဂျာနယ်ဆရာ' ဆိုပြီးလာပေးတယ်။ ကျွန်တော်က သတင်းထူးထူး၊ မထူးထူး လပေးစနစ်နဲ့ယူထားလို့ မထူးလည်းယူပါတယ်။ ဂျာနယ်ရောင်းသူကလည်း ထူးထူး၊ မထူးထူးသတင်းပါတယ်ဆိုတဲ့ အပြောမျိုးက အကျင့်ပါပြီး ပြောနေတာပါ။

ဒါနဲ့ ကျွန်တော်က ဟိုလှန်ဒီလှန်နဲ့ အပျင်းပြေ လျှောက်ကြည့်နေတုန်း ခေါင်းစီးတစ်ခုကို စိတ်ဝင်စားသွားတယ်။ ဘာတွေရေးထားသလဲဆိုရင် -

'သံအမတ်ကြီး ဇနီးမောင်နှံမှ ဗုဒ္ဓ တက္ကသိုလ်အတွက် အလှူငွေ ပေးအပ်နေပုံ'ဆိုပြီး စာနဲ့ပုံနဲ့ကတစ်တွဲ၊ နောက်တစ်ပုံကတော့ သံအမတ်ကြီးဇနီးမောင်နှံက လက်အုပ်ချီပြီး ဘုန်းတော်ကြီးကို ရှိခိုးနေတဲ့ပုံနဲ့ စာမှာဘယ်လိုဖော်ပြထားသလဲဆိုရင် 'သံအမတ်ကြီးဇနီးမောင်နှံတို့ ဗုဒ္ဓဘာသာအဖြစ်ခံယူခြင်း' လို့ စာလုံးကြီးနဲ့ ဖော်ပြထားတာဗျ။ ဒီတော့မှ ရွှေတိဂုံက အဘကြီးနောက်ဆုံးပြောတဲ့ စကားကို သွားပြီးသတိရလာတယ်။ 'မင်း သတင်းစောင့်ပြီး နားထောင်နေလိုက်ပေါ့။ ဟုတ်တယ်ဆိုရင် စစ်မှန်တဲ့ ပုဂ္ဂိုလ်လို့' မှတ်ဆိုတာလေ။

ကျွန်တော်ဆိုတာ ဓာတ်ပုံကြည့်လိုက်၊ သတင်းဓာတ်ပုံအောက်ကစာ ပြန်ဖတ်လိုက်နဲ့ ကြက်သီးတွေတောင် ထသွားတယ်။ ဒါကြောင့် ကျွန်တော်က တကယ်ကို အမြတ်မ်း စစ်မှန်တဲ့ပုဂ္ဂိုလ် တွေနဲ့ တွေ့တဲ့လူဆိုတာ ယုံကြပြီ မဟုတ်လား။

စိုးထွန်း(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးပေးဖြာ တစ်နေ့တာလမ်းညွှန်

ဒေါက်တာခင်ဝါရှု (B.Sc)



**အောက်တိုဘာလ (၁) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း(၁)၊ (၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂)ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း(၂)၊ (၆)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၃) ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃)၊ (၅)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အစိမ်း၊ ဗေဒါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၄) ရက်၊ သောကြာနေ့-**လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၁)၊ (၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၅) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆)၊ (၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၆) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃)၊ (၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၇) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၆)၊ (၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညို၊ နံ့သာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ (၈) ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁)၊ (၄)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမော တဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၉) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၀)၊ (၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၀) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၀)၊ (၂)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၁)ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၁)၊ (၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်သို့လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၂) ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂)၊ (၄)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၃) ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅)၊ (၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနက်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ အောင်ပြီ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၄) ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁)၊ (၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၅) ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃)၊ (၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သားက တနလ်ာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၆) ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂)၊ (၃)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်၊ ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်ာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' ဟု (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၇) ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း(၂)၊ (၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၈)ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅)၊ (၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ (၁၉) ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂)၊ (၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်း၊ ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်ာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံဇိနော' ဟု (၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၀) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃)၊ (၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် ခရမ်းရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၁) ရက်၊ တနလ်ာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅)၊ (၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က လိမ္မော်ရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၂) ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇)၊ (၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်ာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၃) ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁)၊ (၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၄) ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂)၊ (၄)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အညို၊ အနီရောင်။ အကျိုးပေးနေ့သားက အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၅)ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁)၊ (၃)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၆) ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂)၊ (၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က နီညို၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ(၂၇)ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁)၊ (၅)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်ာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါနမော' ဟု (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၈) ရက်၊ တနလ်ာနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၀)၊ (၃)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၂၉) ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂)၊ (၆)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ (၃၀) ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁)၊ (၃)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ဟု ခါရွတ်ဆိုပါ။

**အောက်တိုဘာလ (၃၁) ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း(၂)၊ (၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါရွတ်ဆိုပါ။


ဒေါ်ခင်စံ... (B.S...



www.burmeseclassic.com

www.burmeseclassic.com

# ကံကောင်းပွင့် အစီအရင်



## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာတော်ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တောင်အရပ်မှအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ မကြာခဏသွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဿသဂါထာ ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - ဘုရားဖူးခရီးထွက်ပြီး လမ်းမှာ (သို့) ဘုရားမှာရောင်းသော ထီဆိုင်တွင်ထိုးပါ။

BURMESE CLASSIC .com

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်နှင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ ဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုး၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဇီဝိတဒါနလွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသော ထီကားလေးများတွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ စနေနာမည်အကျိုးနှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -စနေနံဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ မကြာမကြာသွား၍ ပဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်နှင့်နီးသောဘုရားစေတီကို ခြေကျင်လျှောက်သွားပြီး တံမြက်စည်း လှည်း၊ အမှိုက်ကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - တစ်ယောက်နှင့်တစ်ယောက်ဆုံတိုင်း အတိတ်ကြောင်းတွေ မပြောပါနှင့်။
**ကျန်းမာရေး** - ဓာရဏပရိတ်တော်ကို နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ကံစမ်းထားပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္ဂနွေနံဘွဲ့အမည်ပါရှိ ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေ ထောင့်တွင် ပဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဘုရားစေတီတစ်ဆူသို့သွားပြီး ဂြိုဟ်ရှစ်ခွင်လှည့်၍ ရေသပ္ပာယ်ပါ။ ဖြစ်ပြီးသားကိစ္စများအတွက် အစပြန်ဖော်ပြီး ပြောမနေပါနှင့်။
**လူမှုရေးအတိုက်အခံများသူများ** - တန်ဆောင်း၊ ရင်ပြင်တော်၊ စောင်းတန်းတော်တို့တွင် တံမြက်စည်း လှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် မဝတ်ပါနှင့်။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမသန်စွမ်းသူများကို ဆေး၊ အာဟာရ၊ ငွေကြေးထောက်ပံ့ပါ။
**ထီကံကောင်းလိုသူများ** - အိမ်၏ရှေ့မျက်နှာစာတွင် ထီသည်လာရပ်ပြီး ရောင်းပါက ဂဏန်းမရွေး ချက်ချင်းပြေးထိုးလိုက်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** -ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တိုင်း ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အချိုရည်ဘူးများလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်တစ်ဆုပ်ဖြင့် မကြာခဏ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့် တွင် ပဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ် များ မှတ်ပြီးရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်ထံမှ (၃) စောင်တွဲလေးများနိုင်သလောက် ထိုးထားပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးနှင့် ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီ အစချီသောဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းကြီးကုဋီများကိုရေဆေးခြင်း၊ ရေဖြည့်ခြင်းများဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ကလေးများကို မကြာမကြာအစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာ အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ဂဏန်းမရွေးပါနှင့်၊ ကြိုက်ရာထိုးလာပါစေ။ နိုင်သလောက်ထိုးထားလိုက်ပါ။

BURMESE CLASSIC .com

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** -ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း စသောသန့်ရှင်းရေးများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အဝါရောင်အင်္ကျီ မဝတ်ပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသူ လူနာများအတွက် ဆေး၊ ငွေကြေး၊ အာဟာရများနိုင်သ[illegible]လှူပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသောထီသည်ထံမှ မင်္ဂလာစုံတွဲလေးများနို[illegible]လောက် ထိုးထားပါ။

ယခုလတွင်-

ဗုဒ္ဓဟူးအစ- တနင်္လာပိတ်မှည့်ထားသူများအနေနှင့် အခြားသူများထက် ပိုမို ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။

ဥပမာ - ဝေကို၊ လှခန့်၊ ရှင်းကြည်

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

ရပ်ဝေးမြေခြားမှာ -

သွားရောက် အလုပ်လုပ်ကိုင်ကြသူတွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ မိဘ၊ သူတို့ရဲ့ညီအစ်ကိုမောင်နှမ၊ သူတို့ရဲ့ဇနီး၊ သူတို့ရဲ့ခင်ပွန်း ဆိုတဲ့ သူတို့နဲ့ သက်ဆိုင်ကြသူတွေ လာလာပြီး တိုင်ပင်ကြတဲ့အခါ၊ အကြံဉာဏ်ယူကြတဲ့အခါ -

ဒီကသက်ဆိုင်သူတွေက ပြုလုပ်ပေးလို့ရတာမျိုးရှိသလို ကိုယ်တိုင်ကိုယ်ကျပြုလုပ်မှ အဆင်ပြေနိုင်တာတွေကိုလည်း အများကြီးတွေ့ခဲ့ရပါတယ်။ တွေ့နေရပါတယ်။

ဉပမာ ကျွန်မယောက်ျားက ဟိုမှာရောက်နေတာ ခြောက်လရှိပြီ။ ဘာမှလဲအဆင်မပြေသေးဘူး။ အဲဒါ သူ့အတွက် ဘာများလိုနေသလဲလို့ ဆိုပြီး မေးပြောလာတာနဲ့ တွက်ကြည့်လိုက်သောအခါ ဘာသာတရားကိုင်းရှိုင်းမှု၊ ကျင့်ကြံအားထုတ်မှု၊ ဒီလိုမှမဟုတ်ရင် နွားကိုကရွှတ်ဖတ်နေမှ အဆင်ပြေနိုင်မယ့်ကံတွေကို သွားတွေ့ရော ဆိုပါတော့။ ဒီအခါမှာ သက်ဆိုင်သူကို မေးမယ်။ သမီးအမျိုးသားက ဘယ်လိုများရွှတ်တတ်ဖတ်တတ်ပါသလဲလို့ မေးလိုက်တာနဲ့ ပြုံးပြီး အဟင်း - သူက အရက်ကို တအားကြိုက်တာ။ ရွတ်မှာလည်း မဟုတ်ဘူးဆိုတာမျိုးတွေ တစ်ခါတစ်ခါမှာ ကြားရလေ့ရှိပါတယ်။

အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ တကယ်လည်း အဆင်မပြေပါဘူး။

တချို့ယောင်တောင်ပေါင်တောင်နဲ့ ဘယ်အချိန်ပြန်ရောက်လာလို့ ရောက်မှန်းတောင် မသိပါဘူး။

တချို့ ရောဂါတစ်ခုခုစွဲပြီးရောက်လာတာတွေ့ရှိပါတယ်။

အဲဒီလူတွေကို ကြည့်ရတာ တချို့ ရုပ်ကိုမပေါ်အောင် အိုစာသွားတာတွေ တွေ့နေရပါတယ်။ တော်တော်လေး ပင်ပန်းရှာတယ်နဲ့တူပါရဲ့။

အဲဒီလို အဆင်မပြေဘာမပြေဖြစ်ပြီး ပြန်ရောက်လာတဲ့ လူတစ်ယောက်နဲ့ တစ်နေ့ စကားစပ်မိတော့ -

ဟိုမှာက ဒီမှာလို ဘာအစီအရင်မှလုပ်လို့မရ၊ ဘာယတြာမှချေလို့မရဆိုတော့ တစ်ခုခုဆို လည်စင်းခံနေရသလို ခံနေရတော့တာပဲတဲ့။

သူကတော့ စကားဟိုပြောဒီပြောပြောရင်း ခပ်အေးအေးပဲပြောသွားတာပါ။ ဒါပေမယ့် အဲဒီစကားကို ကြားပြီးတဲ့နောက်ပိုင်း ရင်ထဲမှာတော်တော်လေး ခံစားရပါတယ်။ တစ်မျိုးကြီးကို ခံစားရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မြေ၊ ကိုယ့်ရေပေါ်ကသွားတဲ့သူတွေ ဖြစ်နေလို့ပါပဲ။

BURMESE CLASSIC .com

မိသားစုကို ရှာဖွေကျွေးမွေး… သွားကြရတဲ့ အိမ်ထောင်ဦးစီးတွေ … သလို -

မိဘကို ပြုစုလုပ်ကျွေးဖို့ စွန့်စား… ထွက်ခွာကြတဲ့ လူငယ်လေးတွေလည်း ရှိနေပါတယ်။

ဘာပဲဖြစ်ဖြစ် ကိုယ့်တိုင်းတိုင်… ပြည်ကို ပြန်လာတဲ့အခါ ရုပ်မပေါ်… ပြန်ခဲ့ရတာတို့၊ ရောဂါစွဲပြီးပြန်ခဲ့ရတာ… မဖြစ်စေချင်ပါဘူး။

ဒါကြောင့် -

ရပ်ဝေးမှာ သွားရောက် အလုပ်… လုပ်ကိုင်ကြသူတွေအတွက် အဆင်ပြေ… နိုင်မယ့်နည်းလမ်းတွေကို အချိန်ရှိသရွေ့… တွေးခဲ့ပါတယ်၊ စဉ်းစားခဲ့ပါတယ်။

ဧည့်… - ငါ့ဆီကို ရောက်လာ…



# နိုင်ငံခြားရောက်နေသူများ ဆောင်ရန်၊ ရှောင်ရန် သူရဿတီလက်ဆောင်

(ရင်ကိုအေးမြစေသား)

ဆရာဦးမောင်မောင်သန်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့သူတွေထဲက ရပ်ဝေးမှာရောက်နေကြတဲ့ သူတို့မိသားစုဝင်တွေအတွက် ဘယ်လိုလေးရွတ်လိုက်၊ ဘယ်လိုလုပ်လိုက်ဆိုပြီး လှမ်းပြောလို့၊ ဆောင်ဖို့၊ ရှောင်ဖို့ လှမ်းပြောလို့ရပေမယ့် မအားမလပ်ကြလို့ ငါ့ဆီ ရောက်မလာနိုင်ကြသူတွေရဲ့ မိသားစုဝင်တစ်ဦးဦးများ ဟိုမှာ အခက်အခဲကြုံရင်၊ ကိစ္စရှိရင်၊ တိုင်ပင်စရာများရှိရင် -

ဆိုတဲ့စိတ်တွေ တဖွားဖွားဖြစ်လာခဲ့ပါတယ်။

အဲဒီစိတ်တွေကြောင့် -

ဒီလမှာ ဒီသူရဲ့လက်ဆောင် ဖြစ်ပေါ်လာခဲ့ရပါတယ်။

ဒါဖြင့် -

ရပ်ဝေးမှာနေပြီး အလုပ်လုပ်နေကြသူတွေအတွက် အခုပဲ စလိုက်ရအောင်။

**တနင်္ဂနွေသားသမီးတွေ ဆိုပါစို့။**

ကိုယ့်နာမည်ဟာ တနင်္ဂနွေစပြီး ကြာသပတေး ပိတ်မှည့်ထားတဲ့ နာမည်မျိုးဖြစ်နေပြီဆိုရင် ဥပမာ အောင်မိုး၊ အေးမြ၊ အုန်းမင်း၊ အေးပို ဆိုတာမျိုး ဖြစ်နေရင် အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉ နှစ်တွေမှာလည်း ရောက်နေပါပြီ ဆိုရင် -


ကိုယ်အိပ်တဲ့အိပ်ရာနဲ့ ခေါင်းရင်းဘက်ကိုပဲလှည့်ပြီး ဘုရားရှင်ကို ရည်မှန်းအာရုံပြု ကန်တော့ပါ။

အိပ်ရာကနိုး၊ မျက်နှာသစ်ပြီးတာနဲ့ အဲဒီလို ခေါင်းရင်းဘက်လှည့်ပြီး ပုဆစ်တုပ်ထိုင် လက်အုပ်ချီ သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ပြီး ဦးခေါင်းတွေ သပ်၊ မျက်နှာတွေပွတ်သပ်လိုက်ပါ။

ကိုယ်ခေတ္တငှားနေတဲ့အိမ်မှာ ဘုရားဆောင်ရှိရင်တော့ ဘုရားဆောင်ရှေ့မှာ ရှိခိုးလို့ရပါတယ်။ မရှိခဲ့ရင် စိတ်မာတ်ကျစရာ မလိုပါဘူး။ ဦးခေါင်းပြုရာဟာ မြင့်မြတ်တဲ့နေရာပါပဲ။

ဆွမ်းတော်ကပ်လို့ပါ အဆင်ပြေမယ်ဆိုရင် -

မရရတာကို ကပ်လှူပါ။ သကြားဆွမ်းကပ်ပါ။ အဆင်သင့်ရင် သစ်သီးဆွမ်းကပ်ပါ။ ဒါပေမယ့် မနက်တိုင်းကိုတော့ ခုံမြင့်လေးတစ်ခုပေါ်မှာ ရေတစ်ဖန်ခွက်တင်ပြီး သောက်တော်ရေ ရည်မှန်းကပ်ပါ။





www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်၊ ကိုယ်နဲ့ ကံမစပ်တဲ့နာမည်တွေဟာ A.E.I.O.T. D.N အက္ခရာနဲ့စတဲ့သူတွေပါပဲ။ စကားမမှားပါစေနဲ့။

**တနင်္လာသားသမီးများ**

ကိုယ့်နာမည်ကိုကြည့်ပါ။ အသက် ၁၈၊ ၁၉၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅၊ ၄၂၊ ၄၃ နှစ်တွေကိုလည်းရောက်နေမယ်။ နာမည်ကလည်း တနင်္လာကစပြီး သောကြာပိတ်မှည့်တဲ့ ကောင်းသူ၊ ကေသွယ်၊ ကြည်သင်း၊ ခိုင်သောင်း၊ ချစ်သိန်း ဆိုတဲ့ နာမည်မျိုးလည်း မှည့်ထားတာဆိုရင် မနက်အိပ်ရာကနိုး မျက်နှာသစ်ပြီးတာနဲ့ ခေါင်းရင်းဘက်လှည့်ထိုင် လက်အုပ်ချီပြီး ၂၄-ပစ္စည်းကို (၂၄)ခေါက်ရအောင်ရွတ်ပါ။ အချိန်မရပါဘူးဆိုရင် စောစောလေးထရွတ်ပါ။ ဘယ်လိုမှအချိန်မရရင် စောစောလေးထပြီး (၁၁)ခေါက်ရွတ်ထားပါ။ ညအိပ်ခါနီးမှ ဖြည့်ရွတ်ပါ။ ကိုယ်နဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်တတ်တာက L.W.Y.R.U အက္ခရာနဲ့စတဲ့နာမည်ရှင်တွေပါပဲ။ စကားကိုအခြေအတင်မပြောပါနဲ့။ သူများကိုနေရာပေးရမယ့်နှစ်၊ သူများကို ချီးမွမ်းရမယ့်နှစ်ပါပဲ။ ဘာသာတရားမေ့လို့ မရပါဘူး။ ဒါဆို ကိုယ်လည်း အဆင်တွေပြေသွားပါလိမ့်မယ်။

နောက်ပြီး တနင်္လာစ ကြာသပတေးပိတ်မှည့်ထားတဲ့ ကံမြင့်၊ ကြည်ဖြူကျော်မြ၊ ချစ်မုန်း ဆိုတဲ့ နာမည်ရှင်မျိုးတွေဆိုရင် အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅ နှစ်တွေမှာ -

အိပ်ရာကနိုး၊ မျက်နှာသစ်ပြီးတာနဲ့ ပုဆစ်တုပ်ထိုင်၊ ခေါင်းရင်းဘက်လက်အုပ်ချီပြီး သရဏဂုံ-၃၀ကို (၁၁) ခေါက်ရအောင် ရွတ်ပါ။ ပြီးရင် ခေါင်းတွေ၊ မျက်နှာတွေကို လက်နဲ့သပ်ပါ။

သတိထားပြီး စကားကိုထိန်းပြောရမယ့် နာမည်မျိုးတွေကတော့ T . D . N . H အက္ခရာနဲ့စပြီးမှည့်ထားသူတွေပါပဲ။

**အင်္ဂါသားသမီးများ**

ကိုယ့်နာမည်ဟာ အင်္ဂါစ သောကြာပိတ်မှည့်ထားတဲ့ ဆောင်းသွယ်၊ စောသစ်၊ စန်းသူ၊ ညိုသောင်း၊ ဇင်သန့် ဆိုတာမျိုးဖြစ်နေပြီး အသက်ကလည်း ၂၁၊ ၂၉၊ ၃၇၊ ၄၅ နှစ်တွေမှာ ရောက်နေရင် အိပ်ရာကနိုး မျက်နှာသစ်ပြီးတာနဲ့ ဂုဏ်တော်(၉)ပါးကို သက်စေ့ရွတ်ပူဇော်ပါ။ မကြာပါဘူး။ ဒါပေမယ့် တစ်ခွန်းချင်းမှာ အာရုံမိနေအောင် စူးစိုက်ပြီး ရွတ်ပါ။ ဘုရားရှင်ကိုရည်မှန်းပြီး ဖန်ခွက်တစ်ခွက်နဲ့ သောက်တော်ရေ အမြဲကပ်လှူပါ။ ကံမစပ်တာက H အက္ခရာနဲ့စတဲ့ နာမည်တွေပါပဲ။

နောက်တစ်ခါ အင်္ဂါစပြီး စနေပိတ်မှည့်ထားတဲ့ ဇော်တိုး၊ ဆက်တင်၊ စူးထက်၊ ညိုနောင် ဆိုတဲ့ နာမည်ရှင်မျိုးတွေကတော့ အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃ ဆိုတဲ့နှစ်မျိုးတွေမှာ အိပ်ရာနိုးတာနဲ့ မျက်နှာသစ်ပြီးရင် ခေါင်းရင်းဘက်လက်အုပ်ချီ သမ္ဗုဒ္ဓေ သက်စေ့ရွတ်ပါ။ ဘယ်အာဟာရပဲဖြစ်ဖြစ်၊ ဘုရားကိုရည်မှန်းပြီး အာဟာရတစ်မျိုးမျိုးနဲ့ ပူဇော်ပါ။ သကြားဆွမ်းလွယ်ရင် သကြားဆွမ်းကပ်လှူပါ။

**ဗုဒ္ဓဟူးသားသမီးများ**

နာမည်က ဗုဒ္ဓဟူး စပြီး စနေပိတ်မှည့်ထားတဲ့ လှထိန်၊ ရန်တိုး၊ ဝင်းထက်၊ လှိုင်တင် ဆိုတဲ့ နာမည်ရှင်မျိုးလည်း ဖြစ်နေမယ်။ အသက်ကလည်း ၂၁၊ ၂၉၊ ၃၇၊ ၄၅ ဆိုတဲ့နှစ်တွေကိုရောက်နေမယ်ဆိုရင် ၂၄-ပစ္စည်းကို (၂၄) ခေါက် ရအောင်ရွတ်ပါ။ ဘယ်လိုမှအချိန်မပေးနိုင်ပါဘူးဆိုရင် အိပ်ရာနိုး မျက်နှာသစ်ပြီးရင် (၁၁) ခေါက်ရွတ်ထားပါ။ ညမှဖြည့်ရွတ်ပါ။ ဘုရားရှင်ကိုရည်မှန်းပြီး ဆွမ်းတော်ကပ်ဖို့ကတော့ ပေါင်မုန့်ပါပဲ။ ကြာသပတေးနံမှာ အလွယ်ဆုံးမုန့်ပါပဲ။

စိတ်သဘောထားချင်းမတိုင်ဆိုင်တတ်တဲ့ နာမည်ရှင်တွေကတော့ T.D. N.H အက္ခရာနဲ့ စမှည့်ထားသူတွေ ဖြစ်ပါတယ်။ စကားပြောဆင်ခြင်ပါ။ ဘာကိုပဲလုပ်လုပ် ဇွတ်မဖြစ်ပါစေနဲ့။

BURMESE CLASSIC .com

**ကြာသပတေးသားသမီးများ**

၂၀၊ ၂၈၊ ၃၆၊ ၄၄ နှစ်များ။

ကိုယ့်နာမည်ဟာ ကြာသပတေးစပြီး တနင်္ဂနွေပိတ်မှည့်ထားတဲ့ မျိုးဦး၊ ပြည့်ပြည့်အောင်၊ မင်းအုန်း ဆိုတဲ့နာမည်ထဲမှာ အကျုံးဝင်နေပြီဆိုရင် အိပ်ရာကနိုးတာနဲ့ ခေါင်းရင်းမှာ ဘုရားသောက်တော်ရေကပ်ပါ။ (မျက်နှာတွေဘာတွေသစ်ပြီးမှကပ်။) ပြီးရင် သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်။ ခေါင်းတွေ၊ မျက်နှာတွေသပ်။ S.Z.D.T.N အက္ခရာနဲ့စပြီး မှည့်ထားတဲ့နာမည်မှန်သမျှ သတိထားစကားပြော၊သတိထားအလုပ်လုပ်။ အလုပ်ချိန်ပြင်ပမှာ အနက်ရောင်ဖြောင်အကျီမဝတ်နဲ့။

နောက်တစ်ခါ ကြာသပတေးစပြီး တနင်္လာပိတ်မှည့်ထားတဲ့ မြတ်ကြည်၊ မျိုးချစ်ခိုင်၊ ပြည့်ကောင်း၊ ပုလဲကျော်လို နာမည်ရှင်မျိုးများ ၁၇၊ ၂၅၊ ၃၃၊ ၄၁ ဆိုတဲ့နှစ်တွေရောက်နေရင် D.T.N.L.W. Y . R . U အက္ခရာနဲ့စပြီးမှည့်ထားတဲ့ကုမ္ပဏီ တွေ၊ လူတွေအကျိုးမပေးပါဘူး။ စကားမမှားပါစေနဲ့။

အိပ်ရာက နိုးလို့ မျက်နှာသစ်ပြီးတာနဲ့ သရဏဂုံ-၃၀ ကို (၁၁) ခေါက် ရွတ်ပြီး ဘုရားဝတ်ပြုပါ။ ပြီးရင် ခေါင်းတွေ၊ မျက်နှာတွေသပ်ပါ။

**သောကြာသားသမီးများ**

ကိုယ့်နာမည်ဟာ သောကြာစပြီး တနင်္လာပိတ်မှည့်ထားတဲ့ သစ်ကျော်၊ သန်းခိုင်၊ သူသူခက်၊ ဟန်ချစ်၊ ဟိန်းခက် ဆိုတဲ့နာမည်မျိုးကလည်းဖြစ်နေ၊ ပြီးတော့ အသက်ကလည်း ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၆ ၃၇၊ ၄၄၊ ၄၅ နှစ်တွေမှာလည်း ရောက်နေဆိုရင်တော့ -

မနက်မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ရည်မှန်း လက်အုပ်ချီပြီး ၂၄-ပစ္စည်းကို (၂၄) ခေါက်ရွတ်ပါ။ ဘယ်လိုမှအချိန်မရနိုင်ဘူးဆိုရင် (၁၁) ခေါက် ရွတ်ပါ။ ပြီးမှ သွားရင်းလာရင်း ဒါမှမဟုတ် ညမှဖြည့်ရွတ်ပါ။ ဘုရားကို စနေနံနဲ့ ဆွမ်းတော်ကပ်ရမှာဖြစ်ပေမယ့် အခက်အခဲတွေရှိနေရင် သောက်တော်ရေ ကပ်လှူပါ။ ဘယ်သူနဲ့မဆို သတိထားပြီး ဆက်ဆံပါ။ သတိထားပြီး စကားပြောပါ။ မေတ္တာသာများများပွားပါ။ ရတနာမြတ် (၃) ပါးကို စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ဖြစ်နေအောင် လေ့ကျင့်ယူပြီး အမြဲရှိခိုးနေပါ။ အခက်အခဲတွေကြား ကထိုးဖောက်ပြီး အောင်မြင်မှုတွေရလာပါလိမ့်မယ်။ အရေးကြီးတာ ရတနာမြတ် (၃) ပါးကိုသာ မမေ့ပါနဲ့။ အလုပ်မှာဝတ်ရတာမျိုးကလွဲရင် အင်္ကျီအနီရဲရဲမဝတ်ပါနဲ့။

**စနေသားသမီးများ**

မှည့်ထားတဲ့နာမည်ဟာ စနေစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ ထွန်းဆိုင်၊ ထက်သံစဉ်၊ ထူးဇော်၊ နိုင်ဇွဲဆိုတဲ့ နာမည်တွေ မျိုးလည်းဖြစ်နေမယ်။ အသက်ကလည်း ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉ ဖြစ်နေမယ်ဆိုရင် မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သကြားဆွမ်း ဒါမှမဟုတ် သစ်သီးဆွမ်းနဲ့ ကပ်လှူပါ။ မဖြစ်လွန်းမှသာ သောက်တော်ရေကို မပြတ်ကပ်လှူပါ။ ပြီးရင် ခေါင်းရင်းဘက်လှည့် ပုဆစ်တုပ်



www.burmeseclassic.com

www.burmeseclassic.com

ထိုင် လက်အုပ်ချီပြီး သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရအောင် ရွတ်ပါ။ အချိန်ယူပြီး ရွတ်ပါ။ ပြီးရင် ခေါင်းတွေ၊ မျက်နှာတွေ သပ်ပါ။

သတိထားပြီး ဆက်ဆံရမယ့် လူနာမည်တွေ၊ အကျိုးမပေးတဲ့ ကုမ္ပဏီနာမည်တွေကတော့ T.D.N.S.Z အက္ခရာတွေနဲ့စထားတဲ့ နာမည်တွေပါပဲ။

နောက်တစ်ခါ စနေစပြီး ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ ထွန်းရှိ တင်လှ၊ တိုးဝေ၊ နိုင်ဝေ ဆိုတဲ့ နာမည်ရှင်မျိုးများဖြစ်နေပြီး အသက်ကလည်း ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂ ဆိုတဲ့နှစ်တွေကိုလည်းရောက်နေဆိုရင် မနက်မိုးလင်းလို့ မျက်နှာသစ်ပြီးတာနဲ့ ဘုရားကို ပေါင်မုန့်ကပ်လှူပူဇော်ပါ။ ပြီးရင် ပထမံဂါထာကို သက်စေ့ရွတ်ပါ။ ပြီးမှ ခေါင်းတွေ၊ မျက်နှာတွေသပ်ပါ။

သတိထားဆက်ဆံရမယ့်နာမည်တွေကတော့ T. D. N. L. W. Y. R. U အက္ခရာနဲ့ စမှည့်ထားတဲ့ လူတွေ၊ ကုမ္ပဏီတွေပါပဲ။ ဖြစ်နိုင်ရင် စကားကို လိုရင်းတိုလွှဲပြီး အပိုမပြောပါနဲ့။

ဒါကတော့-

(၇) ရက်သားသမီးတွေ နည်းနည်းညှိတတ်တဲ့ အသက်အပိုင်းအခြားနဲ့ နာမည်တွဲတွေပါပဲ။ နာမည်တွဲက ဖြစ်နေပေမယ့် အဲဒီအသက်အပိုင်းအခြားတွေမှာ မဟုတ်ဘူးဆိုရင် ပြဿနာမရှိပါဘူး။ ကြုံနေခဲ့ရင်သာ ပြုလုပ်ပါ။ ဆင်ခြင်ပါ။

ဘာမှခက်ခက်ခဲခဲမပါပါဘူး။

နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ အလုပ်လုပ်နေရင်း ပေါ့ပေါ့ပါးပါးနဲ့ အေးအေးဆေးဆေး ပြုလုပ်သွားနိုင်တဲ့ ဗေဒသိုလ်ဆက်နည်းလေးတွေချည်းပါပဲ။ အချိန်လည်းသိပ်ပေးစရာမလိုပါဘူး။

ဒီလိုနာမည်တွဲလည်းမဟုတ်-

ဒီလိုအသက်အပိုင်းအခြားလည်း မဟုတ် -

အမြဲတမ်းအန္တရာယ်ကင်းနေချင်ပါတယ်ဆိုရင်လည်း -

မနက်မိုးလင်းတာနဲ့ ဘုရားကို သောက်တော်ရေကပ်ပြီး ခေါင်းရင်းဘက်လှည့် ပုဆစ်ထုပ်ထိုင် လက်အုပ်ချီပြီး သမ္ဗုဒ္ဓေသက်စေ့ရွတ်ထားရင်တော့ အကောင်းဆုံးပါပဲ။ ၂၄-ပစ္စည်းရွတ်အားသန်တဲ့သူဆိုရင် ၂၄-ပစ္စည်းကို (၂၄) ခေါက်ရွတ်။ အဲဒီလိုတွေရွတ်ပြီး ဘုရားကိုပူဇော်ထား။

ငါဘာပဲလုပ်နေလုပ်နေ -

ငါဘယ်နေရာပဲသွားသွား -

ငါ့ရဲ့ဦးခေါင်းထက်မှာ ဘုရားရှိတယ်၊ တရားရှိတယ်၊ သံဃာရှိတယ်၊ ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော် ရှိနေတယ်ဆိုတာကို ယုံထားပါ။

ရတနာမြတ် (၃) ပါးကို ဦးထိပ်ရွက်ထားတဲ့အတွက် မဟုတ်တာမလုပ်မိတော့ပါဘူး။ မကောင်းစကားမပြောမိတော့ပါဘူး။ ကိုယ်နဲ့ဆိုင်တဲ့ ကိုယ့်အလုပ်အကြောင်းတွေကိုသာ ပြောဖြစ်သွားပါလိမ့်မယ်။

သတိကို တကယ်ထားလာပြီဆိုတာနဲ့ ကိုယ့်ရဲ့အမြတ်ဆုံးနေရာ ဦးခေါင်းထက်မှာ သုံးလူ့ထွတ်တင် ဘုရားရှင်သီတင်းသုံးတော်မူနေသလို စိတ်မှာဖြစ်လာပြီး မကောင်းတာမှန်သမျှ တဖြည်းဖြည်း ဝေးသွားတော့မှာ ဖြစ်ပါတယ်။

ရွတ်ရဖတ်ရတာက ဘယ်လောက်မှလဲ အချိန်မပေးရပါဘူး။

တစ်ခါက အဲဒီလိုပဲ နိုင်ငံရပ်ခြားမှာသွားအလုပ်လုပ်နေတဲ့လူတစ်ယောက်တော်တော့်ကို အဆင်မပြေနေလို့ ပြန်ရောက်လာပြီး ဆုံဖြစ်ပါတယ်။ သူ့ကိုလည်း လုပ်ဖော်ကိုင်ဖက်တွေက တွန်းလိုက်တိုက်လိုက်၊ အလုပ်ရှင်ကို သွားတို့လိုက်ဖြစ်နေလို့ဆိုပြီး ပြောပါတယ်။

များများရွတ်ခိုင်းတာ မဟုတ်ပါဘူး။ သူ့အသက် (၄၀) အတိုင်း သမ္ဗုဒ္ဓေအခေါက် (၄၀) ရွတ်ပြီး မနက်တိုင်းဘုရားဝတ်ပြုခိုင်းတာပါ။

(၁၅) မိနစ်တောင်မကြာတဲ့ ရှိခိုးခြင်းပါ။

ဒါကို သူကပြုံးပြီး ခေါင်းကုတ်လိုက်၊ သူ့မိန်းမကိုကြည့်လိုက်နဲ့ သူလုပ်ပေးလို့မရဘူးလားလို့ မေးတယ်။

ဘယ်လိုလုပ်ရနိုင်ပါ့မလဲ၊ ရန်များနေတာက သူကြုံနေရတာလေ။ မရဘူးလို့ ပြောလိုက်တယ်။

ကျွန်တော်က မအားဘူးတဲ့။

နည်းနည်းလေး စောစောထပြီး ရွတ်လိုက်ပါလား။ (၁၅) မိနစ်တောင်ကြာတာမှမဟုတ်တာ။ ဒါစည်းချသလိုလုံသွားစေဖို့ပဲဆိုတော့ အင်တင်တင်နဲ့။

ရတယ်။ မင်းရွတ်ရင် မင်းအန္တရာယ်ကင်းမယ်။ မင်းမရွတ်ရင် မင်းကံနဲ့မင်းပဲပေါ့။ ဒါ မင်းအတွက် ငါပြောတာလို့ ပြောလိုက်မှ သူ့မိန်းမက ရှင်ကလည်း မူးပြီး အိပ်သွားလောက်အောင် အရမ်းမသောက်နဲ့ပေါ့တဲ့။ ဒါဘယ်လောက်မှကြာတာလဲ မဟုတ်ဘူးတဲ့။ ဒီတော့မှ ရွတ်မယ်လုပ်တာ။

နောက်တော့လည်း ဒီလိုရွတ်လို့ ကောင်းမှန်း အန္တရာယ်ကင်းမှန်းသိသွားတဲ့နောက်ပိုင်း မရွတ်ပါနဲ့လို့တောင် ပြောရင် ရန်ဖြစ်လုပ်မလားဘဲ။ ခုထိ သူဟာ အန္တရာယ်ကင်းကင်းနဲ့ အလုပ်လုပ်နေပါပြီ။

ပြီးခဲ့တဲ့လက ပြန်လာတုန်းကတောင် ပြန်ရောက်ပြီးနောက်နေ့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဦးဆုံး သွားဦးတိုက်ရှိခိုးပူဇော်တာ အကြာကြီးပဲတဲ့၊ သူ့မိန်းမကပြောတယ်။သမ္ဗုဒ္ဓေဂါထာတော်ကို ခုဆို ပုတီးတစ်ပတ်တောင် နေ့စဉ်မပျက်စိပ်နေပါပြီတဲ့။ မျက်နှာတွေများကြည်လို့။

ဒါကြောင့် -

မအားဘူး ဆိုတာ မအားဘူးလို့ တွေးနေလို့ပါ။

ကိုယ်ပိုင်အချိန်ထဲက (၁၀) မိနစ်၊ (၁၅) မိနစ်ဖဲ့ပေးလိုက်တာနဲ့ ခုပြောနေတဲ့ အန္တရာယ်ကင်းစေအောင် ဝတ်ပြုရွတ်ဖတ်မှုတွေပြီးပါတယ်။

တချို့ ငှားနေကြရတယ်။

ဒီလို ငှားနေကြရတဲ့အခါ ဘုရားပူဇော်ဖို့၊ ဘုရားဝတ်ပြုဖို့ အဆင်ပြေချင်လည်းပြေမယ်၊ ခက်ရင်လည်းခက်မယ်။ ကိုယ်ပူဇော်ပြီးမှ သူ့ဟာသူ ခလုတ်တိုက်ရင် ကိုယ့်ကြောင့်ဖြစ်နေပြန်တတ်ပါတယ်။

အခြေအနေကြည့်ပြီး အဆင်ပြေရင်ပြေသလို ပူဇော်ပါ။

ခက်နေမယ်ထင်ရင် ရွတ်ဖတ်သရဇ္ဈာယ်ပြီး ကန်တော့တာကိုပဲ ပြုလုပ်ပါ။

တချို့ငှားနေရပေမယ့် ကိုယ့်အတွက် အခန်းလေးတစ်ခန်းသာရထားတယ်ဆိုရင်လည်း ဒီဆောင်းပါးရဲ့အစမှာ ပြောခဲ့တဲ့အတိုင်း မျက်နှာသစ်ပြီးတာနဲ့ အိပ်တဲ့ခေါင်းရင်းဘက်ကိုလှည့် ပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီး ရွတ်ဖတ်ပူဇော် ကန်တော့ပါ။ အိပ်တဲ့ခေါင်းရင်းမှာ ခုံလေးတစ်ခုံနဲ့ သောက်တော်ရေခွက်တင်ပြီး ပူဇော်လို့ရတာပဲ။

ရည်မှန်းပူဇော်ပါ။

ရတနာမြတ် (၃) ပါးကို အာရုံစူးစိုက်ကြည်ညိုလိုက်တာနဲ့ လက်တွေ့ထူးထူးခြားခြားကြုံရတာတွေကို ကိုယ်တိုင် ပီတိများစွာနဲ့ ခံစားရပါလိမ့်မယ်။

အရေးကြီးတာက -

အန္တရာယ်ကင်းချင်ပါတယ်ဆိုရင် အန္တရာယ်ကင်းအောင်နေဖို့ပါပဲ။

အန္တရာယ်ကင်းချင်ပါတယ်၊ ရွတ်ဖတ်နေပါတယ်ဆိုပြီး အန္တရာယ်များတဲ့



www.burmeseclassic.com

www.burmeseclassic.com

နေရာမျိုး သွားနေလို့မရပါဘူး။ ဒါသဘာဝပါ။ ကိုယ်ကလည်း နေတတ်မှ၊ ပြောတတ်မှ အန္တရာယ်ကင်းတာပါ။

ပါးစပ်ကသာရွတ်နေတာ၊ တစ်ဖက်သားကိုသွားပြီး လူ့မိုက်ကြည့်ကြည့်နေလို့ကတော့ အန္တရာယ်ကင်းဖို့မလွယ်ပါဘူး။

ဒီလိုပါပဲ။

မျက်နှာမြင် ချစ်ခင်ပြီး ဈေးရောင်းကောင်းအောင် အဆောင်တွေဘယ်လောက်ဆောင်ဆောင်၊ ဘာတွေလုပ်နေလုပ်နေ၊ ဝယ်ယူသူကို၊ စားသုံးသူကို မာရေကျောရေ ပြောဆို မျက်နှာထားတင်းတာမျိုး၊ ဂရုမစိုက်တာမျိုးလုပ်နေလို့ကတော့ ဘာပီယဆေးမှလဲ မစွမ်းနိုင်ပါဘူး။

အဓိကကိုယ့်ပေါ် မူတည်ပါတယ်။

ခုပြောခဲ့တဲ့ ရွတ်ဖတ်ပူဇော်မှုတွေကိုကြည့်ရင်း ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရတာချည်းပါပဲ။

ဟုတ်ပါတယ်၊ ကိုယ်လုပ်မှကိုယ်ရမှာပါ။

အန္တရာယ်ကင်းအောင်ဆိုပြီး အဆောင်တွေလျှောက်ဆောင်ရင်လည်း သိပ်စိတ်မချရပါဘူး။ အဆောင်ဆိုတာ ပျောက်သွားရင် ခက်ဦးမယ်။ ကိုယ်နဲ့လည်း ခာတ်တည့်ဦးမှ။

အဆောင်ဆောင်ပြီး လူကထင်ရာလုပ်နေကြသူတွေ -

အဆောင်ဆောင်ပြီး မူးနေကြသူတွေရှိပ့်။

တွေ့လည်း တွေ့ဖူးပါတယ်။

ခု ကိုယ်တိုင် ရွတ်ဖတ်ပြီး ကိုယ်တိုင် ဆင်ခြင်ခြင်း ဆိုတာ ဘယ်တော့မှ ပျောက်ပျက်မသွားတဲ့ကိုယ်ပိုင်အဆောင်ပါပဲ။

တန်ဖိုးသိလာပြီဆိုရင် တန်ဖိုးရှိလာပါလိမ့်မယ်။

ဒီထက်စွမ်းတာတော့ မရှိပါဘူး။

ဒါဟာ ကိုယ့်ကိုယ်ကိုယ်အားဖြည့်လိုက်တာပါပဲ။

ကိုယ့်ဘုန်း၊ ကိုယ့်ကံကို မြှင့်လိုက်တာပါပဲ။

အိမ်ကနေ အလုပ်ကိုသွားတော့မယ်ဆိုတာနဲ့ -

စက်ကြီး-၁၃ပါးကို ရွတ်ပြီး -

ဥုံ ဗုဒ္ဓစကြာ ကိုယ်လုံးခြုံစေသော်
ဥုံ ဓမ္မစကြာ ကိုယ်လုံးခြုံစေသော်
ဥုံ သံဃစကြာ ကိုယ်လုံးခြုံစေသော် -

ဆိုပြီး နှုတ်ကရွတ်ရင်း အလုပ်သွားလို့ရပါပြီ။

ဘယ်နှခေါက်ရွတ်ရွတ် ရွတ်နိုင်လေ ကောင်းလေပါပဲ။

ပြီးတော့ -

ကိုယ်နေရထိုင်ရ၊ အလုပ်လုပ်ရတဲ့ပတ်ဝန်းကျင်က မမြင်ရတဲ့ပုဂ္ဂိုဟ်တွေကို စိတ်နဲ့ မေတ္တာပို့ပါ။ အမျှဝေပါ။ မေတ္တာဓာတ်ရောက်ပါတယ်။ မေတ္တာပို့ပြီးရင် အမျှဝေပါ။ သူတို့သိပါတယ်၊ မသိဘူးမထင်ပါနဲ့။ ဒါလည်း အရေးကြီးပါတယ်။

ဘယ်အရာမဆို သတိလက်လွှတ်မနေပါနဲ့။

တချို့ရှိပါသေးတယ်။

ပြန်တော့ရောက်လာကြပါတယ်။ ဒါပေမယ့် ဘယ်လိုဖြစ်သွားလို့လဲ မသိပါဘူး။

ဘာတွေကို ဘယ်လိုအတုခိုးလာကြတယ် မသိပါဘူး။

မြန်မာစကားကို မြန်မာလူမျိုးတစ်ယောက်အနေနဲ့ သွက်သွက်လက်လက် ပြောနိုင်တာကို ရှက်များရှက်နေလို့လား မသိပါဘူး။

နာမည်ဘယ်သူလဲလို့ မေးလိုက်တာနဲ့ အာ. . . အာ. . . . ကျွန်တော့်နာမည်. . . အာ. . . . ဘယ်သူဆိုပြီး ပြန်ပြောပါတယ်။

အသက်ကိုမေးလို့ တအာအာဖြစ်နေတာထားပါတော့။ ခုနှစ်သက္ကရာဇ်ဆိုတာ တစ်ခါတစ်ခါမေ့တတ်ပါတယ်။

ဟိုမှာလုပ်တဲ့ ကုမ္ပဏီနာမည်ကို မေးလို့ တအာအာဖြစ်နေရင်လည်းထားပါ။ ကုမ္ပဏီနာမည်တို့ဘာတို့ဆိုတာ မေ့တတ်တဲ့သဘောမို့။

ခု ကိုယ့်နာမည်ကိုတောင်ကိုယ် တအာအာလုပ်နေတာကြီးက တစ်မျိုးကြီး။ ကိုယ့်နာမည်တော့ ကိုယ်မမေ့ကြလောက်ပါဘူး။

တချို့ဆို စကားပြောရင်းနဲ့ အာ. . . ဘယ်လိုပြောရမလဲ။ သူက ကျွန်တော့်ကို အာ. . . အလုပ်ထဲမှာ. . . အာ. . . ဆန့်ကျင်တယ်ပြောရမလား၊ တိုက်ခိုက်တယ်ပြောရမလား၊ သူနဲ့. . . အာ. . . ဘယ်လိုပြောရမလဲ' ဆိုပြီး တအာအာနဲ့လုပ်နေတာ မပြီးတော့ပါဘူး။

ဘာလဲ၊ သူနဲ့မသင့်တာမို့လားဆိုမှ အား. . . ဟုတ်တယ်၊ ဟုတ်တယ်တဲ့။ ဘေးကပါလာတဲ့ သူ့မိတ်ဆွေတွေရှေ့မှာ စပ်ဖြဲဖြဲနဲ့ မြန်မာစကားကို တည့်အောင် မပြောတတ်သလို အမူအရာလုပ်ပြနေ တာက နိုင်ငံခြားဆန်ဆန်။

သူသွားတာ (၂)နှစ်တောင်မပြည့်ချင်သေးပါဘူး၊ အဲ့သလိုမျိုးတွေလည်း ရှိပါတယ်။

ဒါကြောင့် -

မလိုအပ်တာတွေကို အတုခိုးတော့မယ်ဆိုရင် တဖြည်းဖြည်းနဲ့ ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော်ကို ဦးထိပ် ထားခြင်းမှာ လျော့ရဲရဲဖြစ်လာပြီး စိတ် မထားသင့်တာတွေ စိတ်ထားကုန်မှာစိုး လို့ပါ။

ဥပမာ ဘုရားရှိခိုးဖို့၊ ဘုရားစာ ရွတ်ဖို့ကိုပဲ ရွတ်တတ်ပါလျက်နဲ့ တကယ် မရွတ်တတ်သလိုလိုဘာလိုလိုတွေ ဟန် လုပ်တတ်လာမှာစိုးလို့ဆင်ခြင်နိုင်အောင် အကြံပြုလိုက်ရတာပါ။

ရတနာမြတ်(၃)ပါး မကွယ်ပါစေနဲ့။

တကယ်ကို ယုံယုံကြည်ကြည်နဲ့ ဦးထိပ်ပန်ဆင်ပြီး အာရုံပြုပါ။

ဘယ်အန္တရာယ်မှ မဖြစ်စေရဘူး ဆိုတာ ရဲရဲပြောလိုက်ပါတယ်။

ဒါဟာ -

ရပ်ဝေးမြေခြားမှာ အလုပ်လုပ် နေကြရသူတွေအတွက် ပေးချင်လွန်း တဲ့ သူရဇ္ဇလက်ဆောင်ပါပဲ။

သိပြီးရင် မသိသေးတဲ့သူကို တ ဆင့်ပြောပြပါ။

ဘယ်လိုရွတ်၊ ဘယ်လို အာရုံ ဆိုတာမျိုးကိုပေါ့။

လိုအပ်ရင် လိုအပ်တဲ့သူကို တ ဆင့်ပြောပြပေးပါ။

တစ်ဦးအန္တရာယ်ကင်းခြင်းက ဆက်ဆက်ပြီး အန္တရာယ်တွေကင်း ကြပါစေလို့ မေတ္တာများစွာ ပို့သရင်း သူရဇ္ဇလက်ဆောင်ပါးလိုက်ပါတယ်။

ဖြစ်နိုင်တာတွေကိုသာ ပေး တဲ့ သူရဇ္ဇရဲ့ထုံးစံအတိုင်း -

ဝေးရပ်မြေမှာအလုပ်သွားရော လုပ်ကိုင်နေကြရသူတွေအားလုံး ရတ မြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကို ဦး ပန်ဆင်ခြင်းဖြင့် ဘေးတွေရန်တွေ ကြပါစေ။ အန္တရာယ်တွေကင်းနေကြ စေ။ ကျန်းမာခြင်း၊ ချမ်းသာခြင်းများ ပြည့်စုံကြပါစေ။

ဆရာဦးမောင်မောင်
(ရင်ကိုအေးမြစေ



www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်ရက်သားသမီး ဟောတတ်တမ်း

## ဆရာဦးမောင်မောင်သန်း

### တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့်  တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံး အကျိုးပေးတတ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အထူးသဖြင့် ဆောင်ရွက်ရန်များမှာ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတော်၊ ဓမ္မစကြာ၊ ပရိတ်တော်များကို မပျက်မကွက်ရွတ်ပါ။ ရွတ်နိုင်တာကိုရွတ်ပါ။ ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်ထားသည့်အနေနှင့် အဓိဋ္ဌာန်တွေမကြာခဏဝင်ခြင်း၊ သီလတွေကို အတတ်နိုင်ဆုံး ဆောက်တည်နေထိုင်ခြင်း၊ မွေးနေ့တွင် သက်သတ်လွတ်စားခြင်း စသည့် ကောင်းမှုကုသိုလ်များကိုပြုပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများ စိတ်ချမ်းသာမှုရှိစေရန် စကားပြောဆင်ခြင်ပါ။ ပညာရေးကံတွေအထူးကောင်းနေမည်။ သင်တန်းများတက်ရတတ်သည်။ စာမေးပွဲများအောင်မည်။ လုပ်ငန်းခွင်အတွင်း ရာထူးတက်ရန်ကိစ္စများအတွက် အသံသာအရင်ကြားပြီး နည်းနည်းဆိုင်းနေတတ်ပါသည်။ ဘုရားစေတီပုထိုးတွေကို မကြာခဏသွားပါ။ ရင်ပြင်တော် တံမြက်စည်းလှည်း၊ သန့်ရှင်းရေးများပြုပါ။ အကြွေးအစည်ပြုဖို့ကိစ္စရှိတိုင်း အကျိုးအနိ ရောင်မဝတ်မိပါစေနှင့်။ ကျန်းမာရေးကောင်းနေစေရန်အတွက် လွန်ကဲစွာအဆာမခံပါနှင့်။ သွေးတက်စာ၊ ခေါင်းမူးစာတွေရှောင်ပါ။ ရင်၊ ဝမ်းနှင့်ပတ်သက်သော ဝေဒနာရှင်များကို ဆေးလှူပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ စကားအများမပါအောင်နေပါ။ အငြင်းအခုံတွေကို ဆင်ခြင်ပါ။ ချစ်သူအား နေ့စဉ် (၁၀) မိနစ်ခန့် မေတ္တာပို့ပါ။ ထီထိုးရန်အတွက် (၅)၊ (၇)၊ (၁) ဂဏန်းတွေ များများပါအောင်ရွေးထိုးပါ။ ကြာသပတေးနံထီဆိုင်နှင့် ကံစပ်နေပါသည်။

**ယတြာ ။ ။** ***အကြောနှင့်ဆိုင်သောဝေဒနာရှင်များကိုတွေ့တိုင်း ဆေး၊ ငွေ၊ အာဟာရလှူပါ။***

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို အခက်အခဲများရှိပါက ကြာသပတေးနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကြေးကိစ္စများ အရှုပ်အရှင်းများရှိတတ်၍ စာရင်းဇယားများနှင့် ဆောင်ရွက်ထားပါ။ အပူသောကနှင့်ဝင်လာမည့်ရွှေထည်ပစ္စည်းများ ရှောင်ပါ။ တရားဥပဒေကို ဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ အမှုဖြစ်နေသူများကို ညအိပ်လက်ခံမည်ဆိုပါက စဉ်းစားပါ။ အဓိဋ္ဌာန်ဝင်ခြင်း၊ သီလဆောက်တည်နေထိုင်ခြင်း၊ မွေးနေ့တွင် အသားစားရှောင်ခြင်းများဖြင့် အညံ့များလျော့နည်းသွားပြီး ဆံနွှများပြည့်ဝလာပါလိမ့်မည်။ ပညာရေးနှင့်ပတ်သက်သောကိစ္စမှန်သမျှ အောင်မြင်တတ်ပါသည်။ သင်တန်းများတက်ရတတ်ပြီး ရာထူးအတွက် အထောက်အကူရရှိမည်။ ကျန်းမာရေးကောင်းနေစေရန် အစာအိမ်နှင့်ပတ်သက်သောဝေဒနာရှင်များကို ဆေး၊ အာဟာရ၊ ဓာတ်စာများ တတ်အားသရွေ့လှူပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး၊ လူမှုရေးများ အတိုက်အခံများနေပါက နေ့စဉ် မေတ္တာသုတ်ကို ဖြိုဟ်သက်အလိုက်ရွတ်ပါ။ ချစ်သူများအနေနှင့် တစ်ယောက်နှင့်တစ်ယောက် စိတ်မချဖြစ်ပြီး စွပ်စွဲသလို စကားများမကျံပါစေနှင့်။ အနီရောင်၊ အနက်ရောင်အကျီများ ဝတ်ဆင်အကြံမပြုပါနှင့်။ ငှက်ကလေးတွေ၊ ခွေးကလေးတွေကို မကြာမကြာအစာကျွေးပါ။ ထီထိုးရန်အတွက် ကားနှင့်လှည့်ရောင်းသော ထီကားလေးများနှင့်ကြုံပါက (၅)၊ (၃)၊ (၂)၊ ၆) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဦးခေါင်းနှင့်ဆိုင်သောဝေဒနာရှိသူများကိုတွေ့တိုင်း ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အရှုပ်အရှင်းနှင့်ဝင်လာတတ်သော ကျောက်နီ၊ ပတ္တမြားတို့ကို လက်မခံပါနှင့်။ သူများငွေကို ကြားတအာမခံပေးခြင်း၊ တစ်ဆင့်ယူပြီး တစ်ဖက်မှာငွေတိုးပြန်ချေးခြင်းများ ရှောင်ပါ။ စပ်တူလုပ်ငန်းများလည်း အကျိုးမပေး၍ ရှောင်လိုက်ပါ။ ဘာသာရေးပိုလုပ်ရမည့်ကာလဖြစ်ပါသည်။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်နှင့် မေတ္တာသုတ်ကို မပျက်မကွက်ရွတ်ဖတ်ပူဇော်ပါ။ အကြံအစည်ပြုဖို့ကိစ္စတိုင်း အနီရောင်အကျီဝတ်မသွားပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးအတွက် စိတ်ချမ်းသာမှုရှိစေရန် နားလည်မှုများနှင့် မိသားစုအပေါ် ခွင့်လွှတ်ပေးလိုက်ပါ။ မကြာခဏ ဒေါသထွက်စရာကိစ္စရှိတတ်ပါသည်။ လူမှုကွဲနှင့်ဆိုင်သောကိစ္စများ အောင်မြင်မှုရရှိမည်။ စက်ပစ္စည်းများအတွက် ငွေကုန်ခံပြီး ပြင်မနေဘဲ ရောင်းထုတ်ခြင်း စွန့်ပစ်ခြင်းများသာ ပြုလုပ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ အိပ်ရေးလွန်စွာပျက်သည့်အထိမဖြစ်ပါစေနှင့်။ လုပ်ငန်းခွင်အတွင်း သင်တန်းတစ်ခုတက်ဖြစ်ပြီးမှ ရာထူးတက်ပါမည်။ လူငယ်တို့သဘာဝ ချစ်သူတွေ အဆင်ပြေနေအောင် ကြံတဲ့နေရာမှာ ငှက်ကလေးတွေကို အစာကျွေးပါ။ ထီကံကောင်းသောလဖြစ်ပါသည်။ (၇)၊ (၅)၊ (၁)၊ ၃) ဂဏန်းများနှင့် အကျိုးပေးပါသည်။ စနေနံထီဆိုင်မှာ နိုင်သလောက်ထိုးထားလိုက်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ရှင်သီဝလိဂါထာကို အဓိဋ္ဌာန်နှင့်ရွတ်ပါ။

ယတြာ ။ ။ *ခြေထောက်မကောင်းသူများကိုတွေ့တိုင်း ဆေး၊ ငွေ အာဟာရလှူဒါန်းပေးပါ။*

BURMESE CLASSIC .com

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ပြဿနာရှိတဲ့စက်ပစ္စည်းအဟောင်းများ၊ ရွှေထည်ပစ္စည်းများ မဝင်ပါစေနှင့်။ ငွေကြေးပြဿနာများရှိတတ်၍ ကင်းအောင်နေပါ။ လောင်းကစားကိစ္စများ၊ ဥပဒေနှင့်ဆန့်ကျင်သောကိစ္စများ ရှောင်ရပါမည်။ အမှုအခင်းဖြစ်နေတဲ့သူကို ညအိပ်လက်ခံမည်ဆိုလျှင် စဉ်းစားပါ။ အိမ်နှင့်အနီးဆုံး ဘုရားစေတီတစ်ဆူဆူကိုသွားပြီး တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ စာကလေးတွေ ဘေးမဲ့လွှတ်ပေးပါ။ ဆေးလှူပါ။ လမ်းများများလျှောက်ပါ။ ကျန်းမာရေးကောင်းနေပါလိမ့်မည်။ ရာထူးတိုးရန်အခြေအနေများရှိလာမည်။ သင်တန်းများတက်ခြင်း၊ စာမေးပွဲများဖြေခြင်းဖြင့် ဆင့်ကဲတိုးတက်မှုရှိလာမည်။ ပညာရေးကံများ ထူးချွန်နေမည်။ လူငယ်တို့သဘာဝ အချစ်ရေးကောင်းနေသော်လည်း တစ်ယောက်ကပြောလျှင် တစ်ယောက်က သည်းမခံတာမျိုး၊ နှိမ်တယ်လို့ထင်တာမျိုးဖြစ်တတ်၍ နှစ်ယောက်ဆုံလျှင် အကျီအနီရောင်ဝတ်ပြီး စကားအငြင်းအခုံလုပ်တာမျိုးရှောင်ပါ။ ဓာတ်ပုံလေးတွေကိုကြည့်ပြီး မေတ္တာပို့ပေးပါ။ လုပ်ငန်းခွင်အတွင်းရှိသူများဖြစ်ပါက စိတ်ဖိစီးမှုများပြီး အလုပ်ထွက်ချင်တာတို့၊ အလုပ်ပြောင်းချင်လာတာတို့ ဖြစ်တတ်ပါတယ်။ အကောင်းဆုံးကတော့ ဘာသာရေး မမေ့မလျော့ဘဲ မကြာမကြာ အဓိဋ္ဌာန်ဝင်ပြီး ပြောမှားဆိုမှားမဖြစ်အောင် ထိန်းပါ။ ထီကံစမ်းမည်ဟု စိတ်ကူးပါက (၅)၊ (၇)၊ (၆)၊ (၂) ဂဏန်းတွေ များများပါအောင်ရွေးပြီး ထိုးထားပါ။ ကြာသပတေးနံထီဆိုင်နှင့် အကျိုးပေးပါသည်။

ယတြာ ။ ။ *မျက်စိဝေဒနာရှင်များကို တွေ့တိုင်း ဆေး၊ ငွေ၊ အာဟာရများ လှူဒါန်းပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသည့်ကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ပါ။ ကောင်းသော အကြံအစည် ကောင်းသောအလုပ်အကိုင်များအတွက် လိုအပ်သောအကူအညီများပေးပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရပ်ဝေးမှာ အဆောက်အအုံဆောက်မည်ဆိုလျှင် စဉ်းစားပါ။ အကျႌအနီရောင်ဝတ်ပြီး မည်သည့်အလုပ်မှာမဆိုပါစေ၊ စိတ်ညစ်ချင် စရာ ခဏခဏကြုံရတတ်ပါသည်။ မကျေနပ်မှုများမဖြစ်ပါနှင့်၊ မည်သူနှင့်မျှထိပ်တိုက်မဖြစ်ပါနှင့်၊ ရန်ရှောင်ထိုင်ပါ။ လူမှု ရေးအတိုက်အခံများလျှင် သမ္ဗုဒ္ဓေဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ မည်သည့်အရပ်ကိုသွားသွား သက်ဆိုင်ရာ နယ်တော်ရှင်၊ မြို့တော်ရှင်တွေကို အမျှဝေ၊ မေတ္တာပို့ပါ။ ကျန်းမာရေးအတွက် သွားနှင့်ဆိုင်တဲ့ဝေဒနာတွေကို အထူးရှိခိုး ပါ။ ပရိမိတ္တဇာလသုတ်တော်ကို အဓိဋ္ဌာန်နှင့်ရွတ်ပါ။ လမ်းများများလျှောက်ပါ။ ပညာရေးကံများတောင်းနေပါသည်၊ အောင်မြင်မှုများရရှိပါမည်။ လုပ်ငန်းခွင်ဝင်နေသူများ၊ သင်တန်းတက်ရတတ်ပါသည်။ ရာထူးတိုးရန်အတွက် စတင်ခြင်းများ ဖြစ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးစိတ်မညစ်စေရန်အတွက် နားပူခြင်းနှင့် အထင်အမြင်လွဲမှုများမဖြစ်ပါစေနှင့်။ မေတ္တာသုတ်များစွာရွတ်ပါ။ နှလုံးသားရေးရာစိတ်ချမ်းသာလိုသူများ ကျီး၊ ခို၊ ခွေးအစာကျွေးပါ။ ထီထိုးရန်အတွက် (၇)၊ (၅)၊ (၃)၊ (၀) ဂဏန်းတွေချည်းပြည့်နေအောင်ထိုးပါ။ ဆုသေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ထီပေါက်ပါလိမ့်မည်။

ယတြာ ။ ။ *လေရောဂါဖြစ်နေသော၊ လေထိထားသောဝေဒနာရှင်များကိုတွေ့တိုင်း ဆေး၊ ငွေ၊ အာဟာရလှူဒါန်းပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများအတွက် အကောင်းဆုံးအကျိုးပေးသူများမှာ ကြာသပတေး နာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ အကူအညီများ၊ အကြံဉာဏ်များတောင်းပါ။ (၃) ဂဏန်း၊ (၆) ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ မကြာခဏစိတ်ဓာတ်ကျနေတတ်ပါသည်။ မခံချင်စရာကိစ္စများကြုံတိုင်း ကိုယ့်ကိုဘဝစာမေးပွဲစစ်နေ သည်ဟုသာ သဘောထားလိုက်ပါ။ အရာရာသည်းခံလေ အောင်မြင်လေဖြစ်လာပါလိမ့်မည်။ မိသားစုတွင်းမှာဖင် ကိုယ့်ကို ဘယ်လိုမှ အကောင်းမမြင်မဘူးလို့ဘဲခံစားရတတ်ပါသည်။ ကိုယ်ပြောသမျှစကားကို ဟန့်ခံရတာတွေများလာတော့ စကား ပြောချင်စိတ်တွေမရှိဖြစ်လာတတ်ပါသည်။ စိတ်တစ်ခါညစ်လျှင် အညံ့တစ်ကြိမ်ပြေပျောက်သွားပြီဆိုပြီး ဝမ်းသာပါ။ ရတနာ (၃) ပါး ဂုဏ်ကျေးဇူးကိုသာ အမြဲဦးထိပ်ထားအာရုံပြုနေပါ။ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ အိမ်နှင့်နီးသောဘုရားစေတီကို လမ်း လျှောက်သွားပြီး တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ အစာအိမ်ဝေဒနာရှိသူ၊ မျက်စိဝေဒနာရှိသူ၊ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူတွေကို ဆေး၊ ငွေ၊ အာဟာရများ ထောက်ပံ့ပေးပါ။ လှူပေးပါ။ အိမ်ထောင်ဖက်ကို အပြစ်မပြောပါနှင့်။ ချစ်သူ တွေလည်း တစ်ယောက်နှင့်တစ်ယောက် အပြစ်သိပ်မပြောပါနှင့်။ ခို၊ ကျီး ခွေးလေးများကို အစာကျွေးပါ။ ပညာရေးကံများ ဆက်ကာဆက်ကာကောင်းနေပါသည်။ ရာထူးတက်ရန်ရှိသူများ ရာထူးတက်ရန် သေချာပါပြီ။ အလုပ်ရချင်သူများရပါတော့ မည်။ ပဌာန်းကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပါ။ ထီထိုးရန်အတွက် (၇)၊ (၅)၊ (၁) ဂဏန်းတွေနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *ဗိုက်-အစာအိမ်ဝေဒနာခံစားနေရသူများကိုတွေ့တိုင်း ဆေး၊ ငွေ၊ အာဟာရ လှူဒါန်းပါ။*

BURMESE CLASSIC .com

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အခက်အခဲများရှိနေပါက စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများရယူပါ။ သူတို့အကြံဉာဏ်တွေကြောင့် အောင်မြင်သွားပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရွှေဟောင်း၊ ရွှေပျက် လုံးဝမဝင်ပါစေနှင့်။ အင်း၊ အဆောင်များဝင်လာလျှင် စိတ်ညစ်စရာများကြုံရတတ်ပါသည်။ ငွေအချေးအငှားများမလုပ်ပါနှင့်။ သီလဆောက်တည်ပါ။ ဘာသာတရားကျင့်ကြံ အားထုတ်ခြင်းဖြင့်လည်း အောင်မြင်မှုရရှိပါလိမ့်မည်။ အိမ်တွင်းရေးသာယာစေရန် မင်္ဂလာရှိရှိနေပါ။ အိမ်ပူတာ၊ အိမ်ဆူတာ တွေမရှိပါစေနှင့်။ ကျန်းမာရေးကောင်းစေရန် ရင်ပြည့်၊ ရင်ကယ်စေတဲ့အစားများရှောင်ပါ။ လေချုပ်၊ လေအောင့်စေတတ် သောအစားများလည်း ဆင်ခြင်ပါ။ ရေသတ္တဝါလေးတွေကို ကြုံသလို ဘေးမဲ့လွှတ်ပေးပါ။ ရင်၊ ဝမ်းရောဂါသည်တွေကို ဆေး၊ ငွေ၊ အာဟာရ မကြာမကြာလှူပါ။ လူမှုရေးအတိုက်အခံများရှိပါက ဘုရားစေတီတွေသွားပြီး တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ဘုန်းကြီးကျောင်းတွေရောက်လျှင် ကုဋီတွေရေစင်အောင်ဆေး၊ ရေဖြည့်ပေးပါ။ မည်သူနှင့်မျှဆန့်ကျင် ဘက်မဖြစ်ပါစေနှင့်။ ဂုဏ်တော်တွေကိုမပြတ်ရွတ်နေပါ။ အကောင်းဆုံးယတြာများ ဖြစ်ပါသည်။ ချစ်ရေးချစ်ရာကိစ္စများလည်း နှုတ်ကမလိုတဲ့စကားအပိုတွေမပြောမိအောင်နေပါ။ ခိုလေးများကို မကြာမကြာအစာကျွေးပါ။ မေတ္တာသုတ်ကိုရွတ်ပါ။ ပညာ ရေးကံတွေကောင်းပါသည်။ ပညာတော်သင်ခရီးများရှိနေပါသည်။ ထီထိုးရန်အတွက် (၇)၊ (၀)၊ (၅)၊ (၆)၊ (၃) ဂဏန်းတွေနှင့် ပြည့်နေအောင်ထိုးထားပါ။

ယတြာ ။ ။ *ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများ၊ ၄င်းဝေဒနာခံစားနေရသူများကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။*

ရ င် ကို ဒေ း မြ ဒေ စ သ ာ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၈၁၁၃ Y ၁၁၀၆၇၂) (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည် ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက် လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင် ကုသမရဘဲလျက် သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာတတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသော ရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သော ရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ဖျို့အန်၏။ အစားအစာများ စားချင်သောက်ချင်စိတ် မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါ ဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ယူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက်ဖြစ်လာတော့ အစာအိမ်ရောဂါလို့ ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများ ခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အန္တရာယ်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးက မိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ ခေါင်းခေါင်းခေါင်း မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သော ရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သော ဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်ဆီးမှုကို မြန်မြန်မပျက်ဆီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေလျှော့ချရုံမျှသာ စွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရ ခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်းတိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော်ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိကကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာ အဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်ကုသရင်း သုတေသနပြု




www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံယူသွားပြီး တစ်နေ့တစ်ကြိမ် ဆေး ၅ ပြား ၃ ကြိမ်သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန်အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက်နံရိုးအဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကိုသောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော်အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန်အသားအရေနှင့် နကိုယ်အတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင်သမားတော် ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကိုကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့ အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလိုကြားရတာဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော်တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော်ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလား ဆရာ" "အင်း . . . ဦးအိုက်စံရဲ့ အသည်းရောဂါသည်တွေ အပေါ်ထားတဲ့စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြားထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော် စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ. . . ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံ ထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာ ဆရာကပေးမှာလား?" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ. . . သမားတော်ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့နှိပ်စက်မှုကို ခံစားခဲ့ရသည်မှ လွတ်မြောက်၍ ရရှိခဲ့သောပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက်ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ဖျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော ရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေ သုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်၏ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

ဦးအိုက်စံ (လားရှိုး)

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း - မန်းရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၆၉၁၀၉၁

www.burmeseclassic.com